တိုကာယစာပေ

မဟာယာန ပုဒ္ဓဘာသာ

သမိုင်းဖြစ်စဉ် ဒဿနအမြင်နှင့် ဓမ္မကျင့်စဉ်များ



လပင်းထက်ငေါ့
စု စည်း လေ့ လာ တင် ပြ သည်


မျက်နှာမုံးပုံအကြောင်း

(ဝဇီရသတ္တ/Vajrasattva တိဗက် = ဒေါ်ရဲဆန်ပ)

ဝဇီရသတ္တသည် မဟာယာနတန္တရဗုဒ္ဓဘာသာ၏အဓိကကျသော စျာနိဗောဓိသတ္တတစ်ဆူဖြစ်၏။ အကွောဘဗုဒ္ဓနှင့် ဆက်စပ်သည် ဟုလည်း ဆို၏။ ဝဇီရသတ္တကို ပုံဖော်ရာတွင် အဖြူရောင်ကိုယ်ခန္ဓာ ဦးခေါင်းတစ်လုံး လက်နှစ်ဖက်ဖြင့် အလွန်ချောမောလှပသော မင်းဗျိုမင်းလွင် အသွင်ဖြင့်ဖော်ပြလေ့ရှိ၏။ သူ၏ ညာဖက်လက်တွင် စိန်မိုးကြိုးစက်လက်နက် (ဝဇီရ)ကို ကိုင်စွဲထားပြီး မဟာယာနတန္တရဗုဒ္ဓဘာသာ၏ နည်းဗေဒ (ဥပါယ)ကို ကိုယ်စားပြု၏။ သူ၏ ဘယ်ဖက်လက်တွင် ပက်လက်လှန်ထားသော ခေါင်းလောင်း (ဂန္ဓ)ကို ကိုင်စွဲထားပြီး သုညတာ သဘာဝကို ထိုးသွင်းသိမြင်သော ဉာဏ်ပညာကို ကိုယ်စားပြု၏။ ထို့ကြောင့် ဝဇီရသတ္တသည် နည်းဥပါယ်နှင့် ပညာဉာဏ်တို့ တစ်သားတည်း ပေါင်းစည်းနေသော အမြတ်ဆုံးစိတ်သဘာဝ၏ ပြယုဂ်ပင်ဖြစ်၏။ မင်းညီမင်းသားတို့၏ ဘယက်တန်ဆာ ဒွါဒရာတို့ကို ဆင်မြန်းထားသည့် ဝဇီရသတ္တသည် လဝန်းကောဇောအခင်းပေါ်တွင် ဝဇီရာသနဖြင့် ထိုင်နေပြီး သူ့အောက်တွင် ကြာမျှောက်ကြာလှန်များဖြင့် ဆင်ယင် ထုလုပ်ထားလေ့ရှိပါသည်။ ဝဇီရသတ္တသည် တန္တရယောဂီများအတွက် အလွန်အရေးပါသော ဗောဓိသတ္တတစ်ဆူဖြစ်ပြီး ဒေဝတာယောဂကျင့်စဉ်တွင် အသုံးပြုသော ယိဒမ်အနေဖြင့် သူ၏ရုပ်ပုံလွှာကို မဏ္ဍလများတွင် ထည့်သွင်းဖော်ပြလေ့ရှိသလို သီးခြားရုပ်ပုံ ရုပ်တုများဖြင့်လည်း ပူဇော်ကြပါသည်။ အေဒီ (၈)ရာစု ဝန်းကျင်ကာလတွင် အိန္ဒိယပြည်၌ ပေါ်ပေါက်ခဲ့သော သဗ္ဗတထာဂတတတ္တသင်္ဂဟကျမ်း ဝဇီရသေခါရတန္တရကျမ်း မဉ္ဇုသိရီနာမသင်္ဂီတိကျမ်းတို့တွင် ဝဇီရသတ္တကို စတင်တွေ့ရှိရကြောင်း ဗုဒ္ဓစာပေပညာရှင်တို့က ဆိုပါသည်။ ထိုကျမ်းများတွင် ဝဇီရပါဏိဟု အမည်ရသော ဝဇီရသတ္တသည် သကျမုနိဗုဒ္ဓကို ဝန်းရံထားသော ဗောဓိသတ္တသုံးဆူတွင် တစ်ဆူအပါအဝင်ဖြစ်အပြီး ကျန်ဗောဓိသတ္တတို့မှာ အဝလောကိတေသွာရနှင့် မဉ္ဇုသိရီတို့ဖြစ်ကြ၏။ အဝလောကိတေသွာရသည်ဘုရားရှင်၏ မဟာကရုဏာတော်ကို ကိုယ်စားပြု၏။ မဉ္ဇုသိရီသည် ဘုရားရှင်၏ အတုမရှိသော ဉာဏ်ပညာကို ကိုယ်စားပြု၏။ ဝဇီရသတ္တသည်ကား ဘုရားရှင်၏ အနန္တဘုန်းတန်ခိုးတော်ကို ကိုယ်စားပြု၏။ တိဗက်ဗုဒ္ဓဘာသာတွင် ဝဇီရသတ္တသည် **ဂုဟျဂဗ္ဘတန္တ္ရ**၏ ပရိဂ်ကျင့်စဉ်(နန်ဒရီ)အပိုင်းတွင် သန့်စင်ရေးအတွက် ကျင့်သုံးရသော ဘာဝနာအတွက်များစွာအရေးပါပြီး အက္ခရာအလုံး (၁၀၀) ပါဝင်သော ဝဇီရသတ္တမန္တန်သည် အထူးထင်ရှားပါသည်။ ဝဇီရသတ္တ၏အနှစ်ချုပ်မန္တန်မှာ (ဥမ် ဝဇီရသတ္တ ဟုမ်)ဖြစ်၏။ ဂျပန်နိုင်ငံမှ တန္တရဗုဒ္ဓဘာသာဖြစ်သော ရှင်ဂွန်းဂိုဏ်းတွင်လည်း ဝဇီရသတ္တသည်အရေးပါသော ဗောဓိသတ္တဖြစ်ပြီး ဂျပန်ဘာသာဖြင့် **ကွန်ဂိုဆတ္တ** (Kongosatta) ဟုခေါ်၏။ မဟာဝေရောစနဗုဒ္ဓထံမှ တန္တရကျင့်စဉ်များကို ဝဇီရသတ္တမှတဆင့် ချပေးသည်ဟု ယူဆကြ၏။ ရှင်ဂွန်းတန္တရ ဗုဒ္ဓဘာသာဂိုဏ်းတွင် အသုံးပြုသော ဂဇ္ဘဓာတုမဏ္ဍလနှင့် ဝဇီရဓာတုမဏ္ဍလနှစ်ခုစလုံးတွင် ဝဇီရသတ္တ၏ရုပ်ပုံလွှာကို အဓိကနေရာတွင် ထည့်သွင်းဖော်ပြထားသည်ကိုတွေ့ရ၏။ အိန္ဒိယနှင့် တိဗက်တန္တရဗုဒ္ဓဘာသာများ နည်းတူ ဂျပန် ရှင်ဂွန်း ဗုဒ္ဓဘာသာတွင်လည်း ဝဇီရသတ္တ သည် ဗုဒ္ဓရှင်တော်အားလုံး၏ **မဟျက်စီးနိုင်သော လွတ်မြောက်မှု(အကုပ္ပစေတောဝိမုတ္တိ)** နှင့် **သမ္မာသမ္ဗောဓိဉာဏ်တော်**တို့ကို ကိုယ်စားပြု၍ နေလေသည်။

ဂဒေတကယ်တွေ





မူပိုင်ခွင့် - ဦးအောင်ကျော်မိုး
အမှတ် ၅၃/၅၅၊ ၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၁၀၀၀ အုပ်

မျက်နှာဖုံးဒီဇိုင်း - နိုင်လင်း(စွယ်တော်)

ထုတ်ဝေသူ - ဦးမျိုးညွှန့်အောင်
စွယ်တော်စာပေ(မြ-၀၀၅၇၉)
အမှတ် ၉၀/၉၂၊ ၅၁-လမ်း(အလယ်)၊ ရန်ကုန်မြို့။

ပုံနှိပ်တိုက် - ဦးတင်အောင်ကျော်
စွယ်တော်ပုံနှိပ်တိုက်(မြ-၀၀၄၁၁)
အမှတ်-၁၄၇၊ ၅၁-လမ်း(အထက်)၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - (၁) တြိကာယစာပေ
ဖုန်း - ၀၉၄၂၀၇၄၈၄၉

(၂) သိမ့်ထိုက်စာပေ
ဖုန်း - ၀၉၅၀၅၉၂၁၄

တန်ဖိုး - ၁၀၀၀၀ ကျပ်

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

လင်းထက်ဆွေ ၂၉၄.၃

မဟာယာန ဗုဒ္ဓဘာသာ/လင်းထက်ဆွေ။ - ရန်ကုန်မြို့
စွယ်တော်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅။
၇၆၈ စာ၊ ၁၅.၃ စင်တီ × ၂၄.၆ စင်တီ
(၁) မဟာယာန ဗုဒ္ဓဘာသာ။

မဟာယာန ဂုဒ္ဓဘာသာ

သမိုင်းဖြစ်စဉ် ဒဿနအမြင်နှင့် ဓမ္မကျင့်စဉ်များ

လင်းထက်ဇော်

စု စည်း လေ့ လာ တင် ဖြ သည်




ဤသည်မှန်းချက်

မြကျွန်းသီလာ အေးရိပ်ဆာယာမှာ

ပညာဖွေရှာရင်း ကွန်းခိုနားခဲ့စဉ်က

ဒဿနဗေဒမျိုးစေ့ချပေးခဲ့ကြသည့်

ဆရာဦးထွန်းအောင်နှင့် ဆရာဦးသိန်းဇံတို့အတွက်။



မာတိကာ

• နိဒါန်း ကျမ်းပြုသူ၏ စကားဦး -က-

အခန်း (၁) ရှေးဦး ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများ ၁

အခန်း (၂) မဟာယာနဗုဒ္ဓဘာသာ ပေါ်ထွန်းခြင်း ၆၉

အခန်း (၃) မဇ္ဈိမိကဂိုဏ်း၏ သုညတာဒဿန ၁၃၉

အခန်း (၄) ယောဂါစာရဂိုဏ်း၏ ဝိညတ္တိမတ္တဒဿန ၂၀၁

အခန်း (၅) ဗုဒ္ဓ၏ ကာယ (၃) ပါး (တြိကာယ) အယူအဆ
နှင့် တထာဂတဂဗ္ဘ ၂၄၉

အခန်း (၆) ဟွာယင်း (အဝတ်သက) ဂိုဏ်း၏
သမန္တပရိပုဏ္ဏ ဒဿန ၂၉၁

အခန်း (၇) ဗောဓိသတ္တ ပါရမီ မဂ်လမ်းစဉ်နှင့် ဘူမိ (၁၀) ပါး ၃၄၇

အခန်း (၈) သုဒ္ဓဘူမိဂိုဏ်း ၏ သဒ္ဓါဓိကလမ်းစဉ် ၃၉၃

အခန်း (၉) ချန် (ဈာန်) ဗုဒ္ဓဘာသာ၏ အစိန္တာမယ မဂ်လမ်းစဉ် ၄၄၃

အခန်း(၁၀) ဝဇြရာယာန ဗုဒ္ဓဘာသာ၏ ယုဂနဒ္ဓလမ်းစဉ် ၅၀၃

နိဂုံး အိန္ဒိယ၌မဟာယာန ဗုဒ္ဓဘာသာပျောက်ကွယ်ခဲ့ရခြင်းနှင့်
သုံးသပ်ချက် ၅၇၇

နောက်ဆက်တွဲ (က)
ထေရဝါဒဗုဒ္ဓဘာသာနှင့်
မဟာယာနဗုဒ္ဓဘာသာ ကွာခြားချက် (၁၅)ချက် ၅၉၆

နောက်ဆက်တွဲ (ခ)
ရှေးအကျဆုံး ပိဋကတ် ရှာပုံတော် ၆၁၉

နောက်ဆက်တွဲ (ဂ)
မဟာယာနဗုဒ္ဓဘာသာ ခုနှစ်အလိုက်ဖြစ်စဉ်ပြဇယား ၆၈၇

Selected Bibliography

ရပ်ပုံများ အညွှန်း

- သကျမုနိဗုဒ္ဓ (မင် မင်းဆက် တရုတ်နိုင်ငံ) (စကားဦး)
- ဂန္ဓာရ ဗုဒ္ဓဆင်းတုတော် (အခန်း - ၁)
- ဂန္ဓာရဗုဒ္ဓနှင့် အနစိတ်လက်ရာ (အခန်း - ၁)
- မေတ္တေယျဗောဓိသတ္တ (အေဒီ ၂ ရာစု - ပါကစ္စတန်နိုင်ငံ) (အခန်း - ၂)
- ဆန်ချီစေတီတော် (အိန္ဒိယနိုင်ငံ) (အခန်း - ၂)
- ဗျာနမုဒြာ ဂန္ဓာရ ဗုဒ္ဓဆင်းတုတော် (အခန်း - ၃)
- ပညာပါရမိတာ ဒေဝီ (ဂျာဗား) (အခန်း - ၃)
- မေတ္တေယျဗောဓိသတ္တ (လဒတ် - အိန္ဒိယနိုင်ငံ) (အခန်း - ၄)
- အဝလောကိတေသွာရ ဗောဓိသတ္တ (နီပေါနိုင်ငံ) (အခန်း - ၄)
- ဇကဒသမုခ အဝလောကိတေသွာရ (၁၅ ရာစု - မွန်ဂိုလီးယား) (အခန်း - ၅)
- တာရာဒေဝီ (၂၀ ရာစု ကြေးလက်ရာ) (အခန်း - ၅)
- မဉ္ဇုသီရီ ဗောဓိသတ္တ (၂၀ ရာစု ကြွေထည်၊ တရုတ်နိုင်ငံ) (အခန်း - ၆)
- ကွမ်ရင်မယ်တော် (သစ်ထွင်းပန်းပု၊ တရုတ်နိုင်ငံ) (အခန်း - ၆)
- မဉ္ဇုသီရီ ဗောဓိသတ္တ (၂၀ ရာစု ရွှေပြားခတ်ကြေးလက်ရာ) (အခန်း - ၇)
- အဝလောကိတေသွာရ ဗောဓိသတ္တ (တိဗက်) (အခန်း - ၇)
- အမိတာဘ ဗျာနိဗုဒ္ဓ (၁၄ ရာစု - ကာမကူရ ဂျပန်) (အခန်း - ၈)
- မေတ္တေယျဗောဓိသတ္တ (တိဗက်) (အခန်း - ၈)
- ဗောဓိဓမ္မ (ဆုမိယဲ့ ပန်းချီ ဂျပန်) (အခန်း - ၉)
- ဒိုဂန် (အခန်း - ၉)
- ချက္ကရသံဝရနှင့် ဝဇီရဝါဟရီ (၁၅ ရာစု - တိဗက်) (အခန်း - ၁၀)
- ဝဇီရယောဂိနီ (အခန်း - ၁၀)
- ဓမ္မစက္က (ကိုနာက်ဘုရားကျောင်း - အိန္ဒိယနိုင်ငံ) (နိဂုံး)
- နာလန္ဒာတက္ကသိုလ် (နိဂုံး)
- သကျမုနိဗုဒ္ဓ (၁၂ ရာစု - တိဗက်) (နောက်ဆက်တွဲ - ၁)
- အမိတာယု ဗျာနိဗုဒ္ဓ (ချင်မင်းဆက် - တရုတ်ပြည်) (နောက်ဆက်တွဲ - ၁)
- အလောင်းတော်မြတ်ဒုက္ကရစရိယကျင့်ပုံ (အေဒီ ၂ ရာစု - ပါကစ္စတန်နိုင်ငံ) (နောက်ဆက်တွဲ - ၂)
- ဗျာနမုဒြာ ဂန္ဓာရ ဗုဒ္ဓဆင်းတုတော် (နောက်ဆက်တွဲ - ၂)
- ဝိတက္ကမုဒြာ ဂန္ဓာရဗုဒ္ဓဆင်းတုတော် (နောက်ဆက်တွဲ - ၃)
- မြောက်ဖက် တုရိုက်တိုင် (ဆန်ချီစေတီ - အိန္ဒိယ) (နောက်ဆက်တွဲ - ၃)
- ဒေဝပုတ္တမာရ်ကိုအောင်နိုင်ခြင်း (အေဒီ ၂ ရာစု - ပါကစ္စတန်နိုင်ငံ) (Selected Bibliography)
- ဓမ္မစကြာတရားဦးနှင့် မဟာပရိနိဗ္ဗာန် (အေဒီ ၂ ရာစု - ပါကစ္စတန်နိုင်ငံ) (Selected Bibliography)
- အာရှတိုက်တွင် ဗုဒ္ဓသာသနာပြန့်ပွားပုံ (မြေပုံ)



Keep me away from the Wisdom which does not cry, the Philosophy which does not laugh and the Greatness which does not bow before the children.

Khalil Gibran

နိဒါန်း

ကျမ်းပြုသူ၏ စကားဦး

ဗုဒ္ဓဘာသာသည် ကမ္ဘာ့လူဦးရေအများဆုံး ကိုးကွယ်သော ဘာသာကြီးများအနက် တစ်ခုဖြစ်ပြီး ၂၀၁၀ မှ ၂၀၁၃ အကြား ကောက်ယူရရှိသော ခန့်မှန်းခြေ လူဦးရေ စာရင်းအရ လူသားသန်းပေါင်း (၁၆၀၀) ခန့်သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး ၄င်းတို့ ၏ ၇၅% ခန့်ဖြစ်သော သန်းပေါင်း (၁၂၀၀) ခန့်မှာ မဟာယာနဗုဒ္ဓဘာသာဝင် များ ဖြစ်ကြလေသည်။[၁] အဆိုပါလူဦးရေတို့သည် အာရှတိုက်ကုန်းမြေကြီး၏ ၈၀% ခန့်တွင် ဖြန့်ကျက်ကာ သက်ရှင်နေထိုင်လျက် မဟာယာနဗုဒ္ဓဘာသာ ယုံကြည်မှုကို ဖော်ဆောင်နေခဲ့ကြသည်မှာ နှစ်ပေါင်း နှစ်ထောင်နီးပါး ရှိခဲ့ပြီဖြစ်ပါ၏။ ဤမျှ ကြီးကျယ်ခမ်းနားသော ကမ္ဘာ့ဗုဒ္ဓဘာသာကြီးဖြစ်လင့်ကစား မြန်မာနိုင်ငံတွင် မဟာ ယာန ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ သမိုင်းဖြစ်စဉ် ရှုထောင့် ဒဿနအမြင်ရှုထောင့် နှင့် ဓမ္မကျင့်စဉ်ရှုထောင့်များမှ ပိုင်းခြားစိတ်ဖြာ သုံးသပ်ဝေဖန် ရေးသားထား သော စာအုပ်စာတမ်းများ မရှိသလောက် ရှားပါးနေခဲ့ပြီး မဟာယာနဗုဒ္ဓဘာသာ

၁။ Dr. Daya Hewapathirane , World Buddhist Population: Pre-eminence of Mahayana Tradition , Asia Tribune, 2014-11-02, (Link: **http://www.asiantribune.com/node/85770**) see also: (**www.thedhamma.com/buddhists in the world.htm** 2010; "China Beliefs" Justchina.org.,2011; "China Culture Exploring Assistant", China business Interpreter.com,2011, CIA The World Fact book: Populations as of July 2013, The Dhamma Encyclopedia - Buddhism in the World).

နှင့် ပတ်သက်၍ မှန်မှန်ကန်ကန် အလိုအပို မပါဘဲ သိမြင်သူများမှာလည်း အရေအတွက် အလွန် နည်းပါးနေခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော် ငယ်စဉ်ကတည်းက မဟာယာန ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ အတန်သင့်ပြည့်စုံလုံလောက်သော အခြေခံ လက်စွဲကျမ်း ငယ်တစ်စောင်ကို မြန်မာဘာသာဖြင့် ရေးသား ထုတ်ဝေချင်သောဆန္ဒ ဖြစ်ပေါ်ခဲ့ပါသည်။ ဤသို့ ရေးသားချင်သောဆန္ဒ၏ နောက်ကွယ်တွင် အခြေခံ အကြောင်းတရား နှစ်ရပ်ရှိပါသည်။

ဓမ္မကျေးဇူးဆပ်ခြင်း

ပထမအကြောင်းတရားမှာ မိမိဘဝတွင် ဉာဏ်ပညာအလင်းရောင်နှင့် မျှော်လင့်ခြင်းတို့ကို ပေးအပ်ခဲ့သော ရှေးဟောင်း ဗုဒ္ဓဓမ္မအစဉ်အလာတစ်ရပ်ကို ပြန်လည် ကျေးဇူးဆပ်ရန်နှင့် မိမိ သိမြင်လေ့လာ နားလည်သဘောပေါက်သမျှကို မြန်မာ စာဖတ်ပရိတ်သတ်များကို မျှဝေပေးလိုသောဆန္ဒ ဖြစ်၏။ မဟာယာနဗုဒ္ဓဘာသာကို စတင် သိရှိခွင့်ရခဲ့သည်မှာ မိမိ အထက်တန်းကျောင်းသားဘဝတည်းက ဖြစ်၏။ ဖခင်၏ စာအုပ်စင်မှ မြန်မာ့စွယ်စုံကျမ်းထဲတွင် ရေးသားထားချက်များမှ တစ်ဆင့် မဟာယာန ဗုဒ္ဓဘာသာကို စတင် ရင်းနှီးခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။ ထို့နောက် သွေးသောက် မဂ္ဂဇင်းတွင် လစဉ် ဖော်ပြခဲ့သော ဆရာသက်လုံ၏ စေ့ထားသောတံခါးများ အခန်းဆက် ဆောင်းပါးတွင် မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်၍ အနည်းငယ် မြည်းစမ်းခွင့် ရခဲ့ပါသည်။ လူငယ်ဘဝက အရှေ့တိုင်းကိုယ်ခံပညာများကို သင်ယူလေ့လာခဲ့စဉ်ကလည်း တောက်ဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ အယူအဆတစ်ချို့ကို ဆဝေးကြည့်ခွင့်ရခဲ့ပါ၏။ ထိုနောက်ပိုင်းတွင် မိရိုးဖလာ ထေရဝါဒ ဗုဒ္ဓဓမ္မအပေါ် သက်ဝင်ယုံကြည်တိမ်းညွတ်မှုက အားကောင်းလာခဲ့သောကြောင့် နှစ်အနည်းငယ်မျှ မဟာယာန ဗုဒ္ဓဘာသာနှင့် ပြန်လည်ဝေးကွာခဲ့ရ၏။

ဤကာလအတွင်း ကြို့ကြားကြို့ကြား ဖတ်ရှုလေ့လာခွင့်ရခဲ့သော မြန်မာစာအုပ် အချို့ထဲမှလည်း မဟာယာန ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ သိမြင်လေ့လာခွင့်ရရှိခဲ့၏။ ထင်ရှားသော စာအုပ်များမှာ အမျိုးသားပညာဝန် ဦးဖိုးကျား၏ မြောက်ပိုင်း မဟာယာနဗုဒ္ဓဘာသာဂိုဏ်း ဆရာဦးသော်ဇင်၏ မဟာယာနဗုဒ္ဓဘာသာနှင့် နိဗ္ဗာန် စာအုပ်များ၊ ဆရာပါရဂူ၏ ဗျင်ဗုဒ္ဓဘာသာ၊ မြကေသီ (မဟာဝိဇ္ဇာ)၏ ဗျင်ကျင့်စဉ်နှင့် လက်တွေ့ဘဝ၊ ဒေါက်တာသင်းသင်း၏ ဇင်ဗုဒ္ဓဓမ္မခရီး၊ ဆရာမာယ၏ နိဗ္ဗာန်ဝါဒသမိုင်းနှင့် တိဗက် ဗုဒ္ဓဘာသာစာအုပ်များ၊ အရှင်ပညိန္ဒာဘိဝံသ၏ စင် ကြယ်သော ဗုဒ္ဓဘာသာ၊ ရှင်ဥက္ကဋ္ဌ၏ စင်ပြိုင်သာသနာနှင့် မဟာယာနဗုဒ္ဓဝင် စသည့်စာအုပ်များ

ဖြစ်၏။ မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်၍ အတော်အတန် ကျယ်ပြန့်သော အချက်အလက်များကို ဦးအေးမောင်၏ ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒ၊ မောင်အံ့ (မဟာဝိဇ္ဇာ-ဘုံဘော) ၏ ဗုဒ္ဓသာသနာ ၂၅၀၀ ခရီးနှင့် အရှင်ဇာဂရာဘိဝံသ ဘာသာ ပြန်ဆိုသော အိန္ဒိယစာပေသမိုင်း (ဗုဒ္ဓစာပေကဏ္ဍ) တို့တွင် ဖတ်ရှုရပါသည်။ အရှင်သံဝရာဘိဝံသ ပြုစုသော ဗုဒ္ဓနိုင်ငံတော် (သုံးကျမ်းတွဲ) တွင်လည်း မဟာယာန ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော သမိုင်းအချက်အလက် အချို့ကို လေ့လာ မှတ်သားခဲ့ရပါသည်။

ထိုသို့ လေ့လာဖတ်ရှုခွင့်ရခဲ့သော်လည်း မြန်မာစာပေလောကတွင် မဟာယာန ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ပြည်စုံညီမျှ ဟန်ချက်ကျသော ကျမ်းတစ်စောင် လိုအပ်နေသေးသည်ဟု ခံစားခဲ့မိ၏။ အထက်တွင် ဖော်ပြခဲ့သော အဆိုပါ စာပေကျမ်းဂန်များသည် မဟာယာနဗုဒ္ဓဘာသာ၏ သမိုင်းဖြစ်စဉ်နှင့် အခြေခံ ဒဿနအမြင်များ၊ ဓမ္မကျင့်စဉ်များကို ဖော်ပြရာတွင် အချက်အလက်ပိုင်းဆိုင်ရာ မပြည့်စုံသလို အတွေး အမြင်ပိုင်းဆိုင်ရာတွင်လည်း ထောင့်မစေ့သည်ကို တွေ့ရ၏။ ထို့အပြင် အချို့ စာအုပ်များတွင် မဟာယာနဗုဒ္ဓဘာသာအပေါ် ရှုမြင်ရာ၌ ဘက်လိုက်မှုနှင့် တရား မျှတမှု မရှိပဲ တစ်ဖက်သတ်နှိမ်ချလိုသော အဆိုးမြင်မှုများလည်း ရှိနေသည်ကိုလည်း မြင်တွေ့ရ၏။ ထို့ကြောင့် ဓမ္မအမြင်ရပ်တည်ချက်အရ အဂတိကင်းစွာဖြင့် ဘက်မလိုက်သော၊ အတွေးအခေါ် အယူအဆအရလည်း နှံ့စပ်ပြည့်စုံသော မြန်မာလို ရေးသားပြုစုထားသည့် မဟာယာနဗုဒ္ဓဘာသာ မိတ်ဆက်ကျမ်းတစ်စောင် မြန်မာစာပေလောကတွင် လိုအပ်နေသေးသည်ဟု ခံစားရမိခဲ့ခြင်းဖြစ်၏။

၁၉၈၃ ခုနှစ်တွင် ဒဿနိကဗေဒအထူးပြုတက္ကသိုလ်ကျောင်းသားအဖြစ် သို့ ကျွန်တော် ရောက်သောအခါတွင် အရှေ့တိုင်းဒဿနပညာကို စတင်လေ့လာ သင်ကြားခဲ့ရ၏။ ထိုအချိန်မှစတင်၍ မဟာယာနဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော အကြောင်းအရာများကို ပိုမိုကျယ်ပြန့်စွာ ထိတွေ့ခွင့်ရခဲ့ပြီး မဟာဝိဇ္ဇာတန်းတွင် အရှေ့တိုင်းဒဿနမှ မဟာယာန ဗုဒ္ဓဘာသာ-မဇ္ဈိမိက ဒဿနဂိုဏ်းနှင့်ပတ်သက်၍ အထူးပြုလေ့လာခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် မဟာသုတေသနဘွဲ့အတွက် သုတေသနစာတမ်း တင်သွင်းရန် ကြိုးစားရာ၌လည်း မဇ္ဈိမိကဒဿနဂိုဏ်းနှင့် ပတ်သက်သော ခေါင်းစဉ်ကိုသာ ရွေးချယ်ဖြစ်ခဲ့၏။ ထိုစဉ်အခါကာလက ရန်ကုန်တက္ကသိုလ်ပင်မစာကြည့်တိုက်နှင့် ဒဿနိကဗေဒဌာန၏ ဌာနစာကြည့်တိုက်တို့မှ မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာများကိုလည်း ဆက်လက်ဖတ်ရှု လေ့လာခွင့်ရခဲ့၏။

တက္ကသိုလ်ပြင်ပ စာကြည့်တိုက်များအနေဖြင့် ရန်ကုန် ဗောဓိဉာဏဓမ္မအသင်း စာကြည့်တိုက်၊ ရာမာခရစ်ရှန်မာမစ်ရှင်အသင်း စာကြည့်တိုက် ဗြိတိသျှကောင်စီ စာကြည့်

တိုက်နှင့် အမေရိကန်စင်တာ (ဘော်လ်ဒွင်စာကြည့်တိုက်) တို့သည်လည်း ကြီးမားသော အထောက်အပံ့ကို ပေးခဲ့ကြပါသည်။ ၄င်းစာကြည့်တိုက်များမှတစ်ဆင့် လက်လှမ်းမှီရန် ခက်ခဲသော မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ ရှားပါးကျမ်းဂန်များကို ထိတွေ့ခွင့် ရရှိခဲ့သောကြောင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား လုံး၏ ကျေးဇူးတရားကို ဤနေရာမှ အလေးအနက် အသိအမှတ်ပြု ဦးညွှတ်လိုက်ပါ၏။ ဆယ်စုနှစ် (၃) ခုမျှ မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ စာပေများကို လက်လှမ်းမှီသလောက် လေ့လာဆည်းပူးမိသောအခါ မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ ပုံနှိပ်စာအုပ်နှင့် အီလက်ထရွန်နစ် စာအုပ်ပေါင်း (၂၀၀၀)ခန့် စုဆောင်းမိခဲ့၏။ မိမိထံတွင် မဟာယာနဗုဒ္ဓဘာသာ မိတ်ဆက်ကျမ်း တစ်စောင် ရေးသားရန် လုံလောက်သော အသိပညာဗဟုသုတအခြေခံ ရရှိလာသလို ပြန်လည်ရေးသား တင်ပြမျှဝေပေးချင်သည့်ဆန္ဒလည်း ပြင်းပြင်းပြပြ ပေါ်ပေါက်ခဲ့ပါ၏။ မိမိ၏ဘဝတစ်သက်တာတွင် မဟာယာနဗုဒ္ဓဘာသာကို ရှာဖွေတွေ့ရှိခဲ့ခြင်းသည် ဘဝအတွက် တန်ဖိုးမဖြတ်နိုင်သော အတိဒုလ္လဘ တရားကြီးအဖြစ် မှတ်ယူ၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဓမ္မကို ကျေးဇူးဆပ်သည့်အနေဖြင့် မိမိလေ့လာ ဆည်းပူးထားသည့် မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်သော အသိဗဟုသုတတို့ကို အများသူ ငါအတွက် မျှဝေပေးလိုစိတ် ဖြစ်ပေါ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဤသည်ကား ပထမ အကြောင်းတရား ဖြစ်၏။

အသိအမြင်အမှားများကို ပြုပြင်ရန်

ဒုတိယ အကြောင်းတရားမှာ မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်၍ မှားယွင်းလွဲချော်နေသော အမြင်များကို ပြန်လည် တည့်မတ်ပေးရန်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး မိမိတို့ မြန်မာဘာသာရေးစာပေလောကနှင့် အွန်လိုင်း လူမှုကွန်ရက်တွင် အလွန်မှားယွင်းလွဲချော်နေသော အမြင်များနှင့် အရေးအသားများ ပျံ့နှံ့လျက်ရှိသည်ကို စိတ်မကောင်းဖြစ်ဖွယ်ရာ တွေ့ရလေသည်။ မိမိလေ့လာတွေ့ရှိရသလောက် အချုပ်အားဖြင့် ဆိုရလျှင် မဟာယာန ဗုဒ္ဓဘာသာအပေါ်တွင် အောက်ပါအတိုင်း ရှုမြင်သုံးသပ် ရေးသားကြ၏။

(၁) မဟာယာနဗုဒ္ဓဘာသာသည် မူလဗုဒ္ဓဘာသာ၏ ပိဋကတ်ကျမ်းဂန်စာပေတို့ကို မိမိတို့ ကြိုက်နှစ်သက်သလို ဖြည့်စွက် ပြင်ဆင်နှုတ်ပယ် ရေးသားထားသော အတုအယောင်ဗုဒ္ဓဘာသာ ဖြစ်သည်။ ဘုရားဟောမဟုတ်သော စိတ်ကူးယဉ်ဒဏ္ဍာရီ ဆန်ဆန် သုတ္တန်များကို တီထွင်ဖန်တီးထားသော လုပ်ကြံထားသည့် တရားအတုများ ဖြစ်ကြသည်။

(၂) မဟာယာနဗုဒ္ဓဘာသာသည် ဝိနည်းကို အလေးမထားသော ပရိယတ္တိ-ပဋိပတ္တိ-ပဋိဝေဓ သာသနာ (၃) ရပ် မရှိသော အတုအယောင်ဗုဒ္ဓဘာသာ ဖြစ်သည်။ မဟာယာနဗုဒ္ဓဘာသာ ရဟန်းသံဃာများသည် ရဟန်းဘဝနှင့် မလျော်ကန်သော အလင်္ကီဒုဿီလ အကျင့်ပျက်ကို ကျင့်သုံးနေသူများ ဖြစ်ကြသည်။

(၃) မဟာယာနဗုဒ္ဓဘာသာသည် အဆင့်မြင့် သမထ-ဝိပဿနာ ဘာဝနာ ကျင့်စဉ်များ မရှိမူပဲ အောက်တန်းစားဆန်သော အင်းအိုင် ခါးလှည့်လက်ဖွဲ့ အဆောင်ယုံကြည်မှုများ၊ ဂါထာမန္တန် ရွတ်ဆိုမှုများ၊ နတ်ဒေဝတာကိုးကွယ်မှုများဖြင့်သာ ပြည့်နှက်နေသော အတုအယောင် ဗုဒ္ဓဘာသာ ဖြစ်သည်။

(၄) မဟာယာနဗုဒ္ဓဘာသာသည် အခြေခံသမထကျင့်စဉ်လောက်ဖြင့် တန်ခိုးသတ္တိ အနည်းငယ်ရရှိနိုင်ပြီး အစစ်အမှန် လွတ်မြောက်ခြင်း ဝိမုတ္တိဉာဏဒဿန ကို မပေးစွမ်းနိုင်သော လူပြိန်းကြိုက် ကိုးကွယ်ယုံကြည် စွဲလမ်းမှုသာ ဖြစ်သည်။

(၅) မဟာယာနဗုဒ္ဓဘာသာသည် မေတ္တာကရုဏာတရားအား ဖြင့် လူထုကို ဆွဲဆောင်သလို သက်သတ်လွတ်စားခြင်းကို ကျင့်သုံးကြသောကြောင့် လူပြိန်းကြိုက် ဒေဝဒတ်၏ အယူဝါဒအမှားသာ ဖြစ်သည်။

(၆) မဟာယာနဗုဒ္ဓဘာသာသည် ထာဝရဖန်ဆင်းရှင် ဘုရားသခင်ကို ယုံကြည်သော ဘာသာတရားများကဲ့သို့ မိမိကိုယ်ကို အားမကိုးပဲ ပြင်ပမှ ကယ်တင်ရှင်ဘုရားရှင်နှင့် ပုဂ္ဂိုလ်ထူးတို့ကို အားကိုးအားထားပြုသော အယူဝါဒအမှားသာ ဖြစ်သည်။

(၇) မဟာယာနဗုဒ္ဓဘာသာသည် ဗုဒ္ဓဘာသာစစ်စစ်မဟုတ်ပဲ ဟိန္ဒူအယူဝါဒများ၊ ဒေသခံတို့၏ ရိုးရာထုံးစံဓလေ့များဖြင့် ရောနှောနေသော အတုအယောင် ဗုဒ္ဓဘာသာ ဖြစ်သည်။

(၈) မဟာယာနဗုဒ္ဓဘာသာသည် ဝေဒန္တဒဿန၏ မာယာဝါဒ (လောကအရှိတရားကို ငြင်းပယ်သောဝါဒ) နှင့် ပရမတ္ထမဝါဒ (အဆုံးစွန် တစ်ခုတည်းသော အရှိတရားကို လက်ခံသောဝါဒ) နှင့် အယူအဆချင်း မကွဲပြားသော ဟိန္ဒူဒဿန တစ်ခုသာ ဖြစ်သည်။

ဤ အရေးအသား အယူအဆများသည် မဟာယာန ဗုဒ္ဓဘာသာ၏ ပကတိ သဘာဝအမှန်နှင့် ဖြစ်ထွန်းတိုးတက်မှု သမိုင်းကြောင်းကို အမှန်အတိုင်း ခြေခြေမြစ်မြစ် ထိုးထိုးထွင်းထွင်း မသိမြင်ပဲ မိမိတို့၏ အတ္တနောမတိအစွဲများဖြင့် ဖော်ပြထားသော အယူအဆအရေးအသားများသာ ဖြစ်လေသည်။ ဤကဲ့သို့ အမှားမြင်၍ အမြင်မှားနေသော အချက်များကို ပြန်လည် တည့်မတ်ပေးလိုသော စိတ်ဆန္ဒသည် ဤကျမ်းကို ပြုစုရေးသားဖြစ်ခဲ့ရသော ဒုတိယအကြောင်းတရား ဖြစ်ပါ၏။ ဤကျမ်း

ကို ဖတ်ရှုပြီးသည့်အခါတွင် အထက်ပါ ရေးသားပြောဆိုချက်များသည် အမှန်တရားဟုတ်သည် မဟုတ်သည်ကို စာရှုသူတို့ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ကြရန် ဖြစ်ပါသည်။

ကြိုတင်ဝန်ခံချက်

ကျမ်းပြုသူအနေဖြင့် စာဖတ်သူတို့ကို ကြိုတင်ဝန်ခံလိုသော အချက်အနည်းငယ်ရှိပါ၏။ ပထမအချက်မှာ ကျမ်းပြုသူသည် မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူ သုတေသီပညာရှင် မဟုတ်သလို မဟာယာန ဗုဒ္ဓဘာသာကို အဆုံးစွန် အောင်မြင်ပေါက်မြောက်အောင် ကျင့်ကြံအားထုတ်ပြီးသူလည်း မဟုတ်ပါ။ သင်္ကတ၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ တိဗက်၊ မွန်ဂိုလီးယား စသော ဘာသာစကားရ စာပေများကို တတ်ကျွမ်းနားလည်သည့် မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ ပညာရှင်တို့၏ လေ့လာတွေ့ရှိ ရေးသားချက်များကို မိမိ၏ စိတ်ဆန္ဒနှင့် စေတနာကို အခြေခံ၍ လေ့လာစုဆောင်းပြီး ပြန်လည်တင်ပြခြင်းမျှသာ ဖြစ်ပါသည်။ အထူးသဖြင့် မဟာယာနဗုဒ္ဓဘာသာ မိတ်ဆက်အနေဖြင့် Paul Williams ရေးသားပြုစုသော Mahayana Buddhism: The Doctrinal Foundations အမည်ရှိ ကျမ်းကို ကျောရိုးမဏ္ဍိုင်ပြု၍ ရေးသားတင်ပြထားပါသည်။ ထို့ကြောင့် ကျမ်းပြုသူ၏ တင်ပြချက်များကို ကနဦးမိတ်ဆက် စာပေအရေးအသားများအဖြစ်သာ ယူဆ၍ ရည်ညွှန်းကျမ်းအဖြစ် ဖော်ပြထားသော သက်ဆိုင်ရာ မူရင်းကျမ်းများကို ဆက်လက်လေ့လာဆည်းပူးကြရန် တိုက်တွန်းလိုပါသည်။ နောင်တစ်ချိန်တွင် မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်၍ လက်ရင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီ မြန်မာသုတေသီ ရဟန်းရှင်လူ ပညာရှိများ ပေါ်ထွက်လာလိမ့်မည်ဟုလည်း မျှော်လင့်ယုံကြည်မိပါသည်။

ဒုတိယအချက်မှာ မိမိ၏ ထေရဝါဒပါဠိဗုဒ္ဓဘာသာ အခြေခံဖြစ်၏။ ကျွန်တော့်ဘဝ၏ ဘာသာရေးဒဿနအမြင်ကို သစ်ပင်တစ်ပင်ဖြင့် ပုံဖော်တင်စားရပါလျှင် ထေရဝါဒ ပါဠိဗုဒ္ဓဘာသာသည် ရေသောက်မြစ်နှင့် တူ၏။ မဟာယာန ဗုဒ္ဓဘာသာသည် ပင်စည်နှင့် တူ၏။ လွတ်လပ်တက်ကြွ၍ ဝေဖန်ဆန်းစစ်သော ဂိုဏ်းမစွဲ ဗုဒ္ဓဘာသာ (Non-Sectarian Critical Buddhism) သည် အခက်အရွက် အသီးအပွင့်များနှင့်တူ၏။ အဆိုပါ ဗုဒ္ဓဘာသာအမြင်များသည် ကျွန်တော့်ဘဝ၏ ဘာသာရေးဒဿန တိုးတက်ပွင့်ကားခဲ့မှု ဖြစ်စဉ်၏ ပုံရိပ်ကို ဖော်ပြနေသလို ကျွန်တော့် ဘာသာရေးယုံကြည်မှု နယ်ပယ်အလုံးစုံ သဘောကိုလည်း ထင်ဟပ်

နေပါသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှစတင်၍ လူငယ်ဘဝ အဆုံးအထိ နှစ်ပေါင်းများစွာ ထေရဝါဒဗုဒ္ဓဘာသာ မိသားစုနှင့် ယဉ်ကျေးမှု အသိုင်းအဝိုင်း၌ ကြီးပြင်းခဲ့ရသည့်အတွက် မိမိအဖို့ နားရည်ဝနေသော မိခင်ဘာသာတရားမှာ ထေရဝါဒ ပါဠိဗုဒ္ဓဘာသာပင် ဖြစ်၏။ မြန်မာစာပေအားဖြင့် လေ့လာဖတ်ရှုခဲ့ဖူးသမျှ ကျမ်းကြီးကျမ်းခိုင်ဟူသမျှမှာလည်း ထေရဝါဒပါဠိဘာသာခြေခံ စာပေများဖြစ်၏။ အထူးသဖြင့် လယ်တီဆရာတော်ဘုရားကြီးနှင့် မဟာစည် ဆရာတော်ဘုရားကြီးတို့၏ စာပေကျမ်းဂန်များက မိမိ၏ ငယ်ဘဝကို လွှမ်းမိုးနေခဲ့ပါသည်။ ထို့ကြောင့် လူလတ်လူရွယ်ပိုင်းဘဝရောက်မှ စတင်လေ့လာဖြစ်ခဲ့သော မဟာယာန ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် အသိအမြင်များသည် မိဘရိုးရာ ထေရဝါဒပါဠိ ဗုဒ္ဓဘာသာ၏ အရောင်ဆိုးလွှမ်းမိုးခြင်းကို ခံခဲ့ရသည်မှာ အဆန်းမဟုတ်ချေ။ ဤကျမ်းကို ရေးသားရာ၌လည်း မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ သက္ကတ ဝေါဟာရများကို ပါဠိအသံဖြင့် အနီးစပ်ဆုံး ဖလှယ်ယူကာ ရေးသားခဲ့ပါသည်။ ထိုသို့ ရေးသားရာတွင် ဆရာတော် ဒေါက်တာဦးဉာဏဝရ ရေးသားပြုစုသော မဟာယာန ဗုဒ္ဓဘာသာ မြန်မာ-အင်္ဂလိပ် စွယ်စုံအဘိဓာန် (၂၀၁၅) ဖြင့် တိုက်ဆိုင် စစ်ဆေးညှိနှိုင်းကာ ဖလှယ်ရေးသားခဲ့ပါသည်။ ပညာရပ်ဆိုင်ရာ ဝေါဟာရအများစုကို မြန်မာဘာသာဖြင့် ယေဘုယျသဘောပြန်ဆိုပြီး မူရင်းဝေါဟာရကို ပါဠိဘာသာဖြင့် အသံဖလှယ်ထားသောကြောင့် ပါဠိဘာသာနှင့် အကျွမ်းမဝင်သေးသော စာဖတ်ပရိသတ်ကို ကြိုတင် တောင်းပန်အပ်ပါသည်။

တတိယအချက်မှာ ဤကျမ်းကို ရေးသားရာတွင် ဝေဖန်ဆန်းစစ်လေ့လာသည့် ချဉ်းကပ်နည်း (Critical Appraisal Approach) ကို အသုံးပြု လေ့လာထားခြင်းဖြစ်၏။ နှစ်ဆယ်ရာစု၏ နောက်ဆုံး လေးပုံတစ်ပုံဖြစ်သော ၁၉၈၀ ခုနှစ် နောက်ပိုင်းတွင် အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားထားသော မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ သုတေသန ကျမ်းဂန်စာပေများ အလုံးအရင်းဖြင့် ထွက်ပေါ်လာခဲ့သလို မဟာယာန ဗုဒ္ဓဘာသာနိုင်ငံများဖြစ်ခဲ့သည့် အိန္ဒိယ၊ တရုတ်၊ တိဗက်၊ မွန်ဂိုလီးယား၊ ဂျပန်၊ နီပေါ၊ ဘူတန် စသော တိုင်းနိုင်ငံများတွင် လက်တွေ့ကွင်းဆင်း၍ လက်ရင်းသုတေသန လုပ်ငန်းများကို လုပ်ဆောင်ကြသော ပညာရှင်အများအပြား ပေါ်ထွန်းလာခဲ့ကြ၏။ မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်သော သုတေသနပညာရပ်ဆိုင်ရာ နယ်ပယ်ကြီးသည် တစ်နေ့ထက်တစ်နေ့ ကျယ်ဝန်းလာနေပြီး သစ်လွင်သော သုတေသန ပြုလုပ်ချက်များလည်း အစဉ်အမြဲ ထွက်ပေါ်နေခဲ့ပါသည်။ ထိုထို စာပေပညာရှင်တို့၏ သုတေသနလေ့လာချက်များကို လေ့လာရာတွင် အတွင်းယုတ္တိဗေဒ

ဆီလျော်မှုနှင့် ပြင်ပအထောက်အထား ခိုင်မာမှုတို့ကို စံနှုန်းပြု၍ အနီးစပ်ဆုံးမှန်ကန်နိုင်မည့် အကောက်အယူ ဆုံးဖြတ်ချက် အမြင်များကို ဝေဖန်ဆန်းစစ် ဖော်ပြထားပါသည်။

ထို့အပြင် ဤကျမ်းသည် တရားသေ အယူအဆများဖြင့် ပုံသေကားကျ ဘောင်ခတ် ယူဆထားသော အပိတ်ကျမ်းတစ်စောင် မဟုတ်ပါ။ ကမ္ဘာပေါ်တွင် မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်သော သုတေသနပညာရပ်ဆိုင် နယ်ပယ်ကြီးသည် တစ်နေ့တစ်ခြား ကြီးထွားကျယ်ပြန့်လာသည်နှင့်အမျှ အချက်အလက်အသစ်များ၊ ရှုထောင့်အသစ်များ အစဉ်အမြဲ တွေ့ရှိနေမည် ဖြစ်ပါသည်။ နောင်တစ်ချိန် ဤကျမ်းကို ထပ်မံတည်းဖြတ်ထုတ်ဝေခွင့် ကြုံခဲ့ပါလျှင် အသစ်လေ့လာတွေ့ရှိရသော အချက်အလက်အသစ်၊ အယူအဆသစ်များကို ဤကျမ်းတွင် ထပ်မံပြင်ဆင်ထည့်သွင်း၍ ပြည့်စုံသထက် ပြည့်စုံအောင် ကြံဆောင်ကြိုးပမ်း ရေးသားပြုစုသွားမည်ဖြစ်ကြောင်း အသိပေး ပြောကြားလိုပါသည်။ စာရှုသူ မိတ်ဆွေတို့အနေဖြင့်လည်း ဤကျမ်းတွင် မမှန်မကန်ဖြစ်နေသည်ဟု ယူဆရသော အချက်အလက်များ၊ အယူအဆများကို တွေ့ရှိခဲ့ပါလျှင် ပွင့်လင်းလွတ်လပ်စွာ ဝေဖန်ထောက်ရှု အကြံပြုနိုင်ကြောင်းကိုလည်း စာပေဂါရဝတရားဖြင့် လေးစားစွာ အသိပေးအပ်ပါသည်။

ကျမ်း၏ဖွဲ့စည်းပုံ

ကျမ်း၏ဖွဲ့စည်းပုံမှာ အပိုင်းမခွဲပဲ အခန်းလိုက် အခန်း (၁၀) ခန်းခွဲကာ တင်ပြထားပါသည်။ မဟာယာနဗုဒ္ဓဘာသာ၏ သမိုင်းစဉ်အတိုင်း အဆင့်ဆင့် တိုးတက်ပြန့်ကားမှုကို တင်ပြထားသောကြောင့် အခန်းများကို အစဉ်လိုက် ဖတ်ရှုလေ့လာရန် စီစဉ်ထားပါသည်။ အခန်း (၁) တွင် ရှေးဦး အိန္ဒိယဗုဒ္ဓဘာသာ ဂိုဏ်းကွဲများအကြောင်းကို ဖော်ပြထား၏။ ရှင်တော်ဗုဒ္ဓ မဟာပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် နှစ်ပေါင်း (၂၀၀) အတွင်း ကွဲထွက်ခဲ့သော ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးနှင့် ၄င်းတို့၏ ပေါ်လွင်ထင်ရှားသော အယူဝါဒများ ကို တင်ပြထားပါသည်။ ဤ ဗုဒ္ဓဘာသာဂိုဏ်းကွဲများအတွင်းတွင် အလွန် ထွေပြားကွဲယိုင်သော ဓမ္မအမြင်သစ်များ ပေါ်ပေါက်ခဲ့ပြီး မဟာယာန ဗုဒ္ဓဘာသာ ပေါ်ထွန်းရန်အတွက် ကြိုတင် လမ်းခင်းပေးထားကြပုံကို လေ့လာနိုင်ပါသည်။

အခန်း (၂) တွင် ရှေးဦးဗုဒ္ဓဘာသာ ဂိုဏ်းကွဲများကို အခြေခံ၍ မဟာယာန ဗုဒ္ဓဘာသာ ပေါ်ထွန်းခြင်းအကြောင်းကို တင်ပြထား၏။ ဤတွင် မဟာယာန ဗုဒ္ဓဘာသာ၏ မြစ်ဖျားခံပေါ်ပေါက်ရာ အခြေခံအကြောင်းနောက်ခံများကို ဆွေးနွေး

တင်ပြထားပါသည်။ စေတီကိုးကွယ်ခြင်း အလေ့အထနှင့် လူဥပသကာများ၏ အခန်းကဏ္ဍ မြင့်တက်လာမှုအပြင် တောနေ အရညဝါသီ ရဟန်းများ၏ ဘာဝနာ အတွေ့အကြုံများကို အခြေခံ၍ မဟာယာနဗုဒ္ဓဘာသာ၏ သုတ္တန်တရားတော်များ ပေါ်ထွန်းလာပုံနှင့် စာရေးသားခြင်း အတတ်ကြောင့် ၄င်းသုတ္တန်တို့ ပြန့်ပွားခဲ့ရပုံတို့ကို ဝေဖန် ထောက်ပြထားပါသည်။

အခန်း (၃) တွင် မဟာယာနဗုဒ္ဓဘာသာ၏ ဖခင်အဖြစ် သတ်မှတ်ကြသော အရှင်နာဂဇုန္နမထေရ်၏ မဇ္ဈိမက ဒဿနအမြင် (သုညတာဝါဒ)ကို အနုစိတ်ခွဲခြမ်း စိတ်ဖြာ သုံးသပ် တင်ပြထားပါသည်။ ဤအခန်းတွင် ဓမ္မတရား အမျိုးမျိုးတို့၏ မိမိတို့ ကိုယ်ပိုင်သတ္တိ - ပင်ကိုယ်သဘာဝ ကင်းဆိတ်ပုံကို ယုတ္တိအမျိုးမျိုးဖြင့် တန်ဆာဆင်၍ ဖော်ပြထားပုံကို တွေ့ရပါလိမ့်မည်။ မဇ္ဈိမက ဒဿနအမြင်၏ အားနည်းချက်များကို ထောက်ပြဝေဖန်၍ သုညတာ၏ အနက်အဓိပ္ပာယ်သစ်ကို ဖွင့်ဆိုခဲ့သော ယောဂါစာရ ဒဿနအမြင် (ဝိညတ္တိမတ္တဝါဒ) ၏ အယူအဆများ ကိုမူ အခန်း (၄) တွင် တင်ပြရေးသားထားသည်ဖြစ်၍ စာဖတ်သူတို့အနေဖြင့်လည်း ထိုအခန်းများကို အစဉ်အတိုင်း လေ့လာဖတ်ရှုရန် လိုအပ်ပါသည်။

အခန်း (၅) တွင် တင်ပြထားပါသည်။

အခန်း (၅) တွင်မူ ဗုဒ္ဓ၏ ကာယ (၃) ပါး (တြိကာယ) နှင့် တထာဂတဂဗ္ဘ ဆိုင်ရာ အယူအဆများကို ဖော်ပြထားပါသည်။ မဟာယာန ဗုဒ္ဓဘာသာ ဒဿန အမြင်၏ အထွတ်ထုပိကာဟု တင်စားခေါ်ဆိုကြသော ဟွာယင်း (အဝတ်ံသက) ကိုဏ်း၏ သမန္တဘဒ္ဒရိပုဏ္ဏာဒဿန အကြောင်းကို အခန်း (၆) တွင် လေ့လာနိုင်ပါလိမ့်မည်။ စင်စစ် အခန်း (၃) မှ အခန်း (၆) အထိ အခန်း (၄) ခန်းသည် မဟာယာန ဗုဒ္ဓဘာသာ၏ အခြေခံဒဿန အမြင်များကို ကျယ်ပြန့်စွာ လေ့လာနိုင်စေရန် အစဉ်လိုက် တင်ပြရေးသားထားသည်ဖြစ်၍ စာဖတ်သူတို့အနေဖြင့်လည်း ထိုအခန်းများကို အစဉ်အတိုင်း လေ့လာဖတ်ရှုရန် လိုအပ်ပါသည်။

အခန်း (၇) မှ အခန်း (၁၀) အထိ အခန်း (၄)ခန်းသည် မဟာယာနဗုဒ္ဓဘာသာ၏ ဓမ္မကျင့်စဉ်အပိုင်းကို အကျဉ်းအားဖြင့် တင်ပြထားသော အကြောင်းအရာများ ဖြစ်လေသည်။ အခန်း (၇) တွင် ဗောဓိသတ္တပါရမီ မဂ်လမ်းစဉ်နှင့် ဘူမိ (၁၀)ပါး၏ အကြောင်းကို ဝေဝေဆာဆာ ဖော်ကျူးထားပါ၏။ ပုထုဇဉ်ဘဝမှ ဗုဒ္ဓအဖြစ် ရရှိသည်အထိ ခရီးလမ်း၏ မြေပုံကို အဆင့်အလိုက် ဖော်ပြထားပါသည်။ အခန်း (၈) တွင် Pure Land Buddhism ဟု ထင်ရှားသော သုဒ္ဓဘူမိကဂိုဏ်း၏ သဒ္ဓါဓိက လမ်းစဉ်အကြောင်းကို တဖွဲ့တနွဲ့ တင်ပြထားပါသည်။ ဧင်ဗုဒ္ဓဘာသာဟု အများ ခေါ်ဆိုကြသော ချန် (ဇာန်) ဗုဒ္ဓဘာသာ၏ ခိပ္ပဘိညာလမ်းစဉ် သို့မဟုတ် သစ္စာတရား အလင်းရောင်ကို ရုတ်တရက် ထိုးထွင်းသိမြင်နိုင်သည့် ကျင့်စဉ်အကြောင်းကို အခန်း

(၉) တွင် သမိုင်းကြောင်းဖြစ်စဉ်နှင့်တကွ ဖော်ပြထားပါသည်။ ကျမ်း၏ နောက်ဆုံးအခန်းဖြစ်သည့် အခန်း (၁၀) တွင် နက်နဲလှိုင့်ဝှက် အသိဓက်လှသည့် ဝဓိရာယာန ဗုဒ္ဓဘာသာမှ ယုဂနဒ္ဓလမ်းစဉ်၏ စိတ်ဝင်စားဖွယ်ကောင်းသော ဓမ္မကျင့်စဉ်များ အကြောင်း ဆဝါး တင်ပြထားပါ၏။ မြန်မာမှုနယ်ပယ်တွင် လူသိနည်းသေးသော တန္တရဗုဒ္ဓဘာသာ၏ အတွေးအခေါ် အယူအဆများကို ဤအခန်းတွင် လေ့လာနိုင်ပေသည်။

နိဂုံးချုပ်အခန်းတွင် အိန္ဒိယနိုင်ငံ၌ မဟာယာနဗုဒ္ဓဘာသာ ပျောက်ကွယ်ခဲ့ရပုံနှင့် အကြောင်းတရားများကို လေ့လာထားပါသည်။ ထို့အပြင် မျက်မှောက်ခေတ် ကာလတွင် ပြန်လည် သက်ဝင်ရှင်သန်လာသော မဟာယာနဗုဒ္ဓဘာသာ၏ ဖြစ်ထွန်းမှုများဖြင့် အဆုံးသတ် တင်ပြထားပါသည်။ ဆုံးခန်းတိုင်အောင် လေ့လာဖတ်ရှုနိုင်ခဲ့သော စာဖတ်သူတို့အတွက် နောက်ဆက်တွဲကဏ္ဍတွင် ဆောင်းပါးနှစ်ပုဒ်ကို အပိုဆောင်း ဖြည့်စွက်ပေးထား၏။

ပထမ ဆောင်းပါးမှာ **ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာ ကွာခြားမှုအချက် (၁၅) ချက် (ကိုမင်းနှင့် ကိုလင်း ဆွေးနွေးခန်း)** ဖြစ်၏။ ဗုဒ္ဓဘာသာဂိုဏ်းကွဲကြီး နှစ်ရပ်အကြား အယူအမြင်နှင့် ကျင့်သုံးမှု မတူကွဲပြားမှုများကို ဓမ္မမိတ်ဆွေနှစ်ဦး အပြန်အလှန် ဆွေးနွေးခန်းအသွင်ဖြင့် သရုပ်ဖော်တင်ပြထားပါသည်။ ထေရဝါဒနှင့် နိုင်းယှဉ်လေ့လာရင်း မဟာယာနဗုဒ္ဓဘာသာ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရတို့ကို ပိုမို ပီပြင်ပြတ်သားစွာ ရှုမြင်နိုင်လာမည် ဖြစ်ပါသည်။

နောက်ထပ် တင်ပြထားသော ဆောင်းပါးတစ်ပုဒ်မှာ **ရွေးအကျဆုံး ပိဋကတ် ရာပုံတော်**ဟူသော ဆောင်းပါးဖြစ်၏။ အာဖဂန်နစ္စတန်နိုင်ငံ ဂန္ဓာရဒေသတွင် တူးဖော် တွေ့ရှိရသော ရွေးဟောင်းဂန္ဓာရီပိဋကတ် ကျမ်းစာများအကြောင်းနှင့် ရွေးအကျဆုံး လက်ရင်းမူလ ပိဋကတ်ကို ရာပုံတော်ဖွင့်ကြသည့်အကြောင်း ရေးသားထားသော ဆောင်းပါးတစ်ပုဒ် ဖြစ်ပါသည်။ ဗုဒ္ဓစာပေများအပေါ် ရှုမြင် သုံးသပ်နိုင်သည့် ရှုထောင့်အသစ်တစ်ရပ်ကို ဖော်ပြထားပါသည်။ နောက်ဆုံး နောက်ဆက်တွဲအနေဖြင့် မဟာယာနဗုဒ္ဓဘာသာ ခုနှစ်အလိုက် ဖြစ်စဉ်ပြဓယားကို စာရှုသူတို့ လေ့လာရန် ထည့်သွင်းဖော်ပြထားပါသည်။

ကျမ်းပြုသူအနေဖြင့် စာရှုသူမိတ်ဆွေများကို နောက်ဆုံးပန်ကြားစရာတစ်ခု ရှိပါသည်။ ပင်လယ်သမုဒ္ဒရာကြီးပမာ နက်ရှိုင်းကျယ်ပြောလှစွာသော မဟာယာနဗုဒ္ဓဘာသာစာပေတစ်ခုလုံးကို မခန့်မထည် အလွန်သေးငယ်လှစွာသော ဤကျမ်းစာငယ်ကလေးက အလုံးစုံ မထင်ဟပ်နိုင်၊ ကိုယ်စားမပြုနိုင်ကြောင်းကို ဝန်ခံပါသည်။

ထို့အပြင် ဤကျမ်းတွင် မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ အထင်ကရ အကြောင်းအရာ သုံးခုကို ချန်လှပ်ထားခဲ့ရပါသည်။ ပထမအကြောင်းအရာမှာ ဒိန္နာဂနှင့် ဓမ္မကိတ္တိ တို့၏ ဗုဒ္ဓဘာသာ ယုတ္တိဗေဒဂိုဏ်းအကြောင်းဖြစ်ပြီး မလိုအပ်ပဲ ကျမ်းလေးမည် စိုးသောကြောင့် ချန်လှပ်ခဲ့ပါသည်။ ဒုတိယအကြောင်းအရာမှာ တိဗက်ဗုဒ္ဓဘာသာ ညိန်မပဂိုဏ်း၏ ဇော့ချန်ကျင့်စဉ်အကြောင်းဖြစ်ပြီး ယင်းအကြောင်းအရာကို သီးခြား စာအုပ်တစ်အုပ်အဖြစ် ရေးသားပြုစုထုတ်ဝေရန် ရည်ရွယ်ထားသောကြောင့် ချန်လှပ် ခဲ့ပါသည်။ တတိယအကြောင်းအရာမှာ နီပေါဘုတန်၊ ကိုရီးယားနှင့် မွန်ဂိုလီယား နိုင်ငံတို့ရှိ မဟာယာနဗုဒ္ဓဘာသာသမိုင်းကြောင်း ဖြစ်၏။ ထိုနိုင်ငံများမှ မဟာယာန ဗုဒ္ဓဘာသာသည် လက်ဝေခံအဆင့်တွင်သာရှိပြီး ဝိသေသထူးခြားသော ဗုဒ္ဓဘာသာ ဂိုဏ်းများ မပေါ်ထွန်းခဲ့သောကြောင့် ချန်လှပ်ခဲ့ရခြင်း ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ယခု စာရှူသူ မိတ်ဆွေ၏ လက်ဝယ်တွင် ရှိနေသော မဟာယာနဗုဒ္ဓဘာသာသမိုင်းဖြစ်စဉ်နှင့် အခြေခံဒဿနအမြင်များ ကျမ်းသည် မြန်မာစာဖတ်ပရိသတ်အတွက် အလွယ်တကူ ဖတ်ရှုနားလည်နိုင်စေရန် အထူး ကြိုးပမ်းအားထုတ်ရေးသားထားသော်လည်း ဤကျမ်းသည် လူသစ်တန်းအတွက် ရည် ရွယ်သော စာအုပ်မဟုတ်ကြောင်း သိစေလိုပါ၏။ ဤကျမ်းတွင် ခက်ခဲနက်နဲသော ဒဿနသဘောတရားများ၊ သိမ်မွေ့နက်ရှိုင်းသော ဓမ္မသဘောတရားများနှင့် အတူ မြန်မာစာရှူသူတို့နှင့် အတန်ငယ် နားစိမ်းနေသေးသော ပါဠိနှင့် သင်္ကတဝေါဟာရ များ တင်းကြပ်ပါရှိနေသောကြောင့် အလွယ်တကူ ဖတ်ရှုနားလည်နိုင်သော အကြောင်း အရာများ မဟုတ်ကြောင်း ဝန်ခံပါသည်။ ဤကျမ်းစာသည် ကျမ်းပြုသူအနေဖြင့် ဆယ်စုနှစ် နှစ်ခုစာမကအောင် အပတ်တကုတ်လေ့လာဆည်းပူး ရေးသားခဲ့ရသော လုပ်ငန်းစဉ်၏ အသီးအပွင့် ဖြစ်သောကြောင့် စာရှူသူမိတ်ဆွေတို့ထံမှလည်း အလား တူ ကြိုးပမ်းအားထုတ် လေ့လာဆည်းပူးလိုမှုကို ပန်ကြား တောင်းခံလိုပါသည်။ ထို့အပြင် စာဖတ်သူထံတွင် ဗုဒ္ဓဒဿနနှင့် ပတ်သက်သော အခြေခံ အသိအမြင်နှင့် အထွေထွေဗဟုသုတ တစ်စုံတစ်ရာ အတိုင်းအတာအထိ ရှိပြီးဖြစ်နိုင်သည်ဟူသော ယူဆချက်ကို အခြေခံ၍ အားထုတ် ရေးသားတင်ပြထားခြင်း ဖြစ်လေရာ မဟာယာန ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ အသိအမြင် အယူအဆကို ပိုမိုချဲ့ထွင် တည်ဆောက်လို သော၊ အသိသစ်ရှာမှီးလိုသည့် ဝါရင့်စာဖတ်ပရိသတ်ကို ဦးတည်ချက်ထားသော ဓမ္မဒဿနကျမ်းတစ်စောင် ဖြစ်ပါ၏။ နောက်ဆုံးအနေဖြင့် တင်ပြလိုသည်မှာ ဤ ကျမ်းငယ်လေးသည် စာဖတ်သူတို့၏ အသိပညာ လင်းပွင့်တိုးတက်မှုအတွက် တစ် ထောင့် တစ်နေရာမှ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် အထောက်အကူ ဖြစ်စေပါက

ကျမ်းပြုသူအနေဖြင့် နှစ်ပေါင်းများစွာ အပင်ပန်းခံ၍ ရှာဖွေစုဆောင်း ရေးသားရ
ကျိုး နပ်ပြီဟု ပီတိသောမနဿ ဖြစ်မိပါကြောင်း လေးစားစွာ ပန်ကြားအပ်ပါသည်။

'စိတ္တံ ဂုတ္တံ သုခါ ဝဟံ။'

လင်းထက်ဆွေ
၁၀ ရက် ဇွန်လ ၂၀၁၅ ခုနှစ်၊
ရန်ကုန်မြို့
grandmaster76882@gmail.com



အခန်း (၁)

ရှေးဦး ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများ

မဟာယာနဗုဒ္ဓဘာသာသည် အိန္ဒိယဗုဒ္ဓဘာသာသမိုင်း၏ ရေခဲမြေခဲကို အမှီပြု၍ ပေါက်ဖွားလာသော ဖြစ်ထွန်းတိုးတက်မှုတစ်ခု ဖြစ်၏။ ထို့ကြောင့် မဟာယာန ဗုဒ္ဓဘာသာ၏ သမိုင်းအရင်းအမြစ်ကို လေ့လာရာတွင် ရှေးဦးဗုဒ္ဓဝါဒ၏ ပြောင်းလဲမှု ဖြစ်စဉ်နှင့် သီးခြားခွဲထုတ်၍ လေ့လာရန် မဖြစ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် မဟာယာနဗုဒ္ဓဘာသာ၏ အခြေခံအကျဆုံး လောကအမြင်၊ ဓမ္မအမြင်ဆိုင်ရာ အယူအဆများသည် ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းကွဲများ၏ စာပေကျမ်းဂန်များ၌ပင် သန္ဓေတည်နေခဲ့သောကြောင့် ဖြစ်၏။ အဆိုပါ အမြုတေသန္ဓေသည် အိန္ဒိယနိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှု ပတ်ဝန်းကျင်နှင့် အပြန်အလှန်အညမည ကျေးဇူးပြု တုန့်ပြန်ရင်း သမိုင်းစဉ်ခရီးစဉ်တစ်လျှောက် မဟာယာနဗုဒ္ဓဘာသာ၏ ပေါ်လွင်ထင်ရှားသော အသွင်သဏ္ဌာန်ကို ထုဆစ်ပုံဖော်ခဲ့သည်ဟုဆိုလျှင် မှားအံ့မထင်ပေ။ ထို့ကြောင့် ရှေးဦးဗုဒ္ဓဘာသာ ဂိုဏ်းကွဲများအကြောင်းကို စတင် လေ့လာကြည့်ကြပါစို့။

အိန္ဒိယနိုင်ငံတွင် ပေါ်ထွန်းခဲ့သော ဗုဒ္ဓဘာသာ၏ ပေါ်ထွန်းလာ ခေတ်ဦးကာလသမိုင်းကြောင်းကို ခေတ်အရပိုင်းခြားလျှင် အောက်ပါအတိုင်း အဓိက ခေတ် (၃) ခေတ် တွေ့ရမည်ဖြစ်၏။[၂]

(၁) ရှေးဦးဗုဒ္ဓဘာသာ (အာဒိဗုဒ္ဓဝါဒ) ခေတ် (ဘီစီ ၄၀၀ မှ ၃၅၀ အထိ)

ဤခေတ်တွင် ဗုဒ္ဓဘာသာသည် ရှေးခေတ်အိန္ဒိယနိုင်ငံ၏ အထင်ကရမြို့ကြီးများတွင် အခြေစိုက်တည်ရှိနေသောခေတ် ဖြစ်သည်။ သာဝတ္ထိ၊ ရာဇဂြိုဟ်၊ စမ္ပာဂယာ၊ ကာသိ

၂။ N. Dutt, Buddhist Sects in India, Motilal Barnarsidass, 1998, p-219

နာလန္ဒ၊ ပါဋလိပုတ္တ၊ ဝေသာလီနှင့် ဂဏန့်ငံငယ်ကလေးများဖြစ်သော လိဿဝီ၊ ဝဇ္ဇီ ဝေဒဟ၊ မလ္လာ၊ ဘဂ္ဂါ ကောလိယ စသောမြို့များတွင် သာသနာအလင်းရောင် ထွန်း ကားနေသောကာလ ဖြစ်၏။ ဗုဒ္ဓဓမ္မသည် ရဟန်းတော်များအတွက်သာ ပမာနဖြစ် နေခဲ့ပြီး လူဥပသကာများမှာ သာသနာတော်ကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ ချီးမြှောက်သော လုပ်ငန်းကိုသာ ဆောင်ရွက်ကြ၏။ ထိုကာလသည် ရှင်တော်ဗုဒ္ဓကို လူသားစစ်စစ်အဖြစ်သာ သတ်မှတ်ကာ လေးမြတ်ကြည်ညိုကြ၍ ရဟန္တာအဖြစ်ကို ရရှိပြီး ဘဝဆင်းရဲဒုက္ခတို့ ချုပ်ငြိမ်းရေးသည်သာ သာသနာ၏ ပန်းတိုင်ဖြစ်ခဲ့သော ကာလဖြစ်၏။ ပါရမီအယူအဆနှင့် ဘုရားလောင်းအယူအဆများ မဖြစ်တည်သေးသောကာလလည်း ဖြစ်သည်။ ရှေးဦးဗုဒ္ဓဘာသာ၏ အသွင်သည် သမဏအစဉ်အလာတစ်ခု၏ ရိုးရှင်းသောအသွင်အဖြစ်သာ ရှိနေခဲ့ပြီး ဗုဒ္ဓရုပ်ပွားဆင်းတု ကိုးကွယ်ခြင်းဓလေ့များလည်း မရှိသေးပေ။

(၂) ဗုဒ္ဓဘာသာဂိုဏ်းကွဲများ ခေတ် (ဘီစီ ၃၅၀ မှ ၁၀၀ အထိ)

ဤကာလသည် ဗုဒ္ဓဘာသာသမိုင်းအတွက် အလွန် အရေးပါသောကဏ္ဍ ဖြစ်သော်လည်း အထောက်အထား မှတ်တမ်းများ အလွန်ရှားပါးနေသောကြောင့် ဝိုးတဝါး သမိုင်းပုံရိပ်များသာ မြင်ရသည့်ကာလ ဖြစ်သည်။ ဗုဒ္ဓဓမ္မသည် ဂိုဏ်းကွဲပေါင်းများစွာအဖြစ် စိတ်မွာကွဲထွက်ရာကာလလည်း ဖြစ်သည်။ ထိုအချိန်က နိုင်ငံရေးအရ စုစည်းမှုမရှိသေးသော အိန္ဒိယပြည် မြောက်ပိုင်းတွင် မြို့ပြနိုင်ငံငယ် အသီးသီးကို အခြေခံ၍ ဒေသအလိုက် အယူဝါဒကွဲပြားမှုကြောင့် အဘိဓမ္မာဆိုင်ရာ အတွေးအခေါ်များနှင့် အဖွင့်အဋ္ဌကထာကျမ်းများ ခေတ်စားလာသောကာလလည်း ဖြစ်၏။ ဗုဒ္ဓကို မဟာလူသားအဖြစ် ရေးသားဖွဲ့ဆိုမှုများ၊ ရှေးဘုရားရှင်အဆူဆူအကြောင်းကို ရေးဖွဲ့သော ဗုဒ္ဓဝံသကျမ်းများ၊ ဇာတက အဋ္ဌကထာများနှင့် အဝဒါနကျမ်းများ စတင်ပေါ်ပေါက်လာသော ကာလလည်း ဖြစ်၏။ ရဟန်းတော်များသာမက လူဝတ်ကြောင် ဥပသကာများလည်း ဘာသာရေးတွင် ထဲထဲဝင်ဝင် လုပ်ရှားပါဝင်လာခဲ့ကြ၏။ ဂိုဏ်းကွဲအများအပြား ထွက်ပေါ်လာသောကာလ ဖြစ်သောကြောင့် အချင်းချင်း အပြိုင်အဆိုင် သာသနာပြုကြရသော ခေတ်ကာလလည်း ဖြစ်၏။ ပါရမီ အယူအဆလည်း ထင်ရှားစွာ ဖြစ်ထွန်း တည်တံ့လာရသောကာလဖြစ်ပြီး မဟာယာနဗုဒ္ဓဘာသာ ပေါ်ထွန်းရန်အတွက် အရှိန်အဟုန်ယူနေရသောကာလ ဖြစ်ပါသည်။ မဟာယာနဗုဒ္ဓဘာသာ၏ အခြေခံအယူအဆများ စတင်မွေးဖွားသန္ဓေတည်ရာ အချိန်လည်းဖြစ်၏။

(၃) မဟာယာနဗုဒ္ဓဘာသာစတင်ပေါ်ပေါက်သောခေတ် (ဘီစီ ၁၀၀ မှ အေဒီ ၃၀၀ အထိ)

အဓိကအကျဆုံး မဟာယာနသုတ္တန်များဖြစ်သော ပညာပါရမိတာသုတ္တန်၊ သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန်၊ အဝင်္သကသုတ္တန်၊ ဒသဘူမိကသုတ္တန်နှင့် သုခဝတီဗျူဟာသုတ္တန်များ ထင်ထင်ရှားရှား ပေါ်ပေါက်လာသောကာလ ဖြစ်၏။ ဗောဓိသတ္တဘုရားလောင်း အယူအဆ၊ ပါရမီအယူအဆနှင့် အတူ မဟာယာနဗုဒ္ဓဘာသာတိုးတက်ဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်များသဖွယ်ဖြစ်ကြသော မဇ္ဈိမိက ယောဂါစာရ စသော မဟာယာနဗုဒ္ဓဒဿနကိုဏ်းများ စတင်ထွက်ပေါ်ခဲ့သော ခေတ်ကာလလည်း ဖြစ်၏။

ဤအခန်းတွင် ဒုတိယခေတ်ကာလဖြစ်သော ရှေးဦး ဗုဒ္ဓဘာသာကိုဏ်းကွဲများ ခေတ်ကို အထူးပြုလေ့လာသွားမည် ဖြစ်၏။ မဟာယာန ဗုဒ္ဓဘာသာသည် အကြောင်းတရား အခြေခံမရှိပဲ ရုတ်တရက် ထွက်ပေါ်လာသည့် လူပ်ရှားမှုတစ်ခု မဟုတ်ပဲ အိန္ဒိယနိုင်ငံတွင် ပေါ်ထွန်းခဲ့သော ဗုဒ္ဓဘာသာ၏ သမိုင်းကြောင်းကို နောက်ခံပြုလျက်သာ ဖြစ်တည်လာရခြင်း ဖြစ်သောကြောင့် ဗုဒ္ဓဘာသာကိုဏ်းများကွဲထွက်ရသည့် အကြောင်းအရင်းနှင့် ဆက်လက်တည်တံ့ ပြန့်ပွားပုံများအပြင် မဟာယာန ဗုဒ္ဓဘာသာ စတင်ပေါ်ပေါက်ရန်အတွက် အထောက်အပံ့ဖြစ်စေခဲ့သော ထိုဗုဒ္ဓဘာသာ ဂိုဏ်းအသီးသီးမှ အယူအဆများအကြောင်းကို လေ့လာဆန်းစစ်တင်ပြသွားမည် ဖြစ်ပါသည်။

ဗုဒ္ဓသာသနာတော်စတင်ပြန့်ပွားခြင်း

ဗုဒ္ဓသာသနာတော်သည် ရှင်တော်ဗုဒ္ဓ၏ လက်ထက်တွင် အိန္ဒိယနိုင်ငံအတွင်း၌သာ ပျံ့နှံ့ခဲ့သည်ကို တွေ့ရ၏။ ဗုဒ္ဓရှင်တော် ဖွားမြင်တော်မူရာ လုမ္ဗိနီနှင့် မဟာပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံတို့သည် အိန္ဒိယပြည်မြောက်ပိုင်းတွင် တည်ရှိ၏။ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူသည့် ဗုဒ္ဓဂယာသည် အိန္ဒိယပြည် အလယ်ပိုင်း၏ တောင်ဘက်တွင် တည်ရှိ၏။ တရားဦး ဟောကြားတော်မူရာ မိဂဒါဝုန်တောသည် အိန္ဒိယပြည် အလယ်ပိုင်း၏ အနောက်ဘက်တွင် တည်ရှိ၏။ ဘုရားရှင်လွန်လေပြီး နောက်ကာလတွင် ဗုဒ္ဓသာသနာတော်သည် အနောက်ဘက်နှင့် မြောက်ဘက်သို့ ဦးတည်ရွေ့လျားခဲ့လေသည်။ ဗင်ဒျတောင်တန်းကြီးများက ဗုဒ္ဓသာသနာတော်ကို တောင်ဘက်သို့ မပေါက်ရောက်နိုင်အောင် ကာဆီးထားသလို အရှေ့ဘက်တွင်လည်း သဲကန္တာရက တားဆီးနေသောကြောင့် ဗုဒ္ဓသာသနာတော်သည် အရှေ့ဘက်နှင့် တောင်

ဘက် အရပ်ဒေသများသို့ ချက်ချင်းပျံနှံ့ခြင်း မရှိခဲ့ပေ။ ဗုဒ္ဓသာသနာတော်သည် အနောက်တောင်ဘက်အရပ်တွင် ပိုပြီးအောင်မြင်မှုများ ရရှိခဲ့ပြီး ဗြဟ္မဏဝါဒီတို့ ကြီးစိုးရာ အနောက်ဘက်အရပ်ဒေသတွင်မူ တစ်ဖြည်းဖြည်းသာ ပျံနှံ့ရောက်ရှိခဲ့သည်ကို တွေ့ရသည်။

အနောက်ဘက်အရပ်ရှိ အဝန္တီတိုင်းမှ ရှင်မဟာကောဋ္ဌိကမထေရ်သည် ဗုဒ္ဓ၏ ထင်ရှားသော မဟာသာဝကကြီးတစ်ပါးဖြစ်ပြီး မိမိ၏ မွေးရပ်မြေတွင် ဗုဒ္ဓသာသနာတော် ပျံပွားရေးအတွက် ဆောင်ရွက်ခဲ့၏။ ရှင်မဟာကောဋ္ဌိကမထေရ်သည် သောဏကောဋိကဏ္ဏမထေရ်ကို ရဟန်းပြုပေးပြီးနောက် ထိုမထေရ် ဗုဒ္ဓရှင်တော်ထံ ရောက်ရှိသည့်အခါတွင် ဝေးလံခေါင်ဖျားဒေသဖြစ်သော အဝန္တီတိုင်းအတွက် ဝိနည်းစည်းကမ်းဆိုင်ရာ အထူးခွင့်ပြုချက် (၅) ချက်ကို တောင်းခံခဲ့ကြောင်း ပါဠိစာပေ မှတ်တမ်းများတွင် တွေ့ရပါသည်။ ထာဝိရဂိဏ်း[၃]၏ ဝိနည်းစာပေ အလိုအရ သောဏကောဋိကဏ္ဏမထေရ်သည် ရှင်မဟာကောဋ္ဌိကမထေရ်၏တပည့် ဖြစ်သော်လည်း မဟာသံဃိကဂိဏ်း၏ အလိုအရ သောဏကောဋိကဏ္ဏမထေရ်၏ ဆရာမှာ အရှင်ပုဏ္ဏ ဖြစ်၏။ အရှင်ပုဏ္ဏာသည် သုနာပရန္တကတိုင်း သုပန္တကမြို့ (ယခု ဘုံဘေမြို့) မှ ဖြစ်၏။ အရှင်ပုဏ္ဏာသည်လည်း မိမိ၏ ဇာတိအရပ်တွင် သာသနာပြုရန် ပြန်လည် ကြွရောက်ခဲ့ကြောင်း ထင်ရှား၏။

ထို့အပြင် ပါရာယနဝဂ်၏ နိဒါန်းတွင် ဖော်ပြထားသည်မှာ ဗေဝရီပုဏ္ဏား၏ တပည့်ပုဏ္ဏားလုလင် ၁၆ ယောက်တို့သည် တပည့် ၁၀၀၀ စီ နှင့်အတူ ဂေါဓဝရီမြစ်မှ တောင်ဘက်သို့ ဆင်းရာလမ်းကြောင်းအတိုင်း ဥဇ္ဇေနိဝိဒိသာ၊ ကောသမ္ဗီနှင့် သာကေတမြို့များကို ဖြတ်သန်းလျက် ဘုရားရှင် သီတင်းသုံးရာ သာဝတ္ထိပြည်သို့ ရောက်ရှိလာခဲ့သည့်အကြောင်း ဖော်ပြထား၏။ ထို့ကြောင့် ဘုရားရှင်လွန်ပြီးသည့် အခါတွင်လည်း ဗုဒ္ဓသာသနာတော်သည် တောင်ဘက်အရပ်သို့ ဆက်လက် ပြန့်ပွားနိုင်ခဲ့သည်ဟု ယူဆနိုင်ပါ၏။

ဗုဒ္ဓ လက်ထက် သံဃာဂိဏ်းကွဲမှု ပြဿနာများ

ရှင်တော်ဗုဒ္ဓ သက်တော်ထင်ရှားရှိခဲ့စဉ်အခါကပင် သာသနာအတွင်း အယူအမြင် မတူညီမှုများ ပေါ်ပေါက်ခဲ့၏။ သုနက္ခတ္တ အမည်ရှိသော ရဟန်းတစ်ပါးသည် မြတ်စွာဘုရား၏ သာသနာမှထွက်ခွာရန် လာရောက်လျှောက်ထားရာတွင် ဘုရားရှင်

၃။ ထာဝိရဝါဒဂိဏ်းသည် ရှေးအကျဆုံး ဗုဒ္ဓသံဃာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး သီဟိုဠ်ထေရဝါဒ ဗုဒ္ဓဘာသာ၏ ရှေးဦးအနွယ်တော်အဖြစ် ပညာရှင်များက သတ်မှတ်ထားကြပါသည်။

က မထွက်ခွာရန် တားမြစ်သော်လည်း မရသဖြင့် ထွက်ခွာခွင့် ပေးတော်မူခဲ့၏။ အဆိုပါ ရဟန်းသည် သာသနာမှ ထွက်ခွာပြီးနောက်တွင် ဗုဒ္ဓရှင်တော်ကို မှားယွင်းသော စကားတို့ဖြင့် ဝေဖန်စွပ်စွဲပြောဆိုခဲ့သည်ဟုဆို၏။ ထို့အတူ ရှင်အာနန္ဒာ၏ တပည့်သာဝက (၃၀) ခန့်သည် သာသနာမှ စွန့်ခွာထွက်သွားလျက် မကောင်းမှုကိစ္စများတွင် မွေ့လျော်နေကြ၏။ ထိုနည်းတူ အရိဋ္ဌ မည်သော ရဟန်းတစ်ပါးသည် သာသနာတော်ဝယ် အမှန်တကယ် တားမြစ်ထားသည့်အရာ မရှိဟူသော အယူဝါဒဆိုးကို လက်ခံ ကျင့်သုံးနေကြောင်း မှတ်တမ်းတင်ထား၏။ ထို့နည်းတူ သာတိ အမည်ရှိသော ရဟန်းတစ်ပါးသည်လည်း ဝိညာဏ်သည် တည်မြဲ၍ ဘဝထိုထိုသို့ ပြေးသွားကျင်လည်ကြောင်း သဿတအယူမှားကို ခံယူထားကြောင်း တွေ့ရ၏။ ဗုဒ္ဓရှိစဉ် မိမိ၏ မျက်မှောက်၌ပင် ယင်း အယူဝါဒအမှားများကို ဗုဒ္ဓရှင်တော်ကိုယ်တိုင် သန့်စင် ရှင်းလင်းခဲ့ရသည်ကို တွေ့ရ၏။ ထို့အတူ တစ်ခါက ကောသမ္ဗီပြည်တွင် သုတ္တန်ဆောင်ရဟန်း (ဓမ္မဓရ) နှင့် ဝိနည်းဆောင်ရဟန်း (ဝိနယဓရ) တို့အကြား ဖြစ်ပွားခဲ့သော အငြင်းအခုန်ကိုလည်း မြတ်စွာဘုရားကိုယ်တော်တိုင် စေ့စပ် ဖြန်ဖြေသော်လည်း မပြေငြိမ်းနိုင်ခဲ့သဖြင့် ဘုရားရှင်ကိုယ်တိုင် ၄င်းတို့ကို စွန့်ထားခဲ့လျက် ပလလဲတောတွင် ဆင်များနှင့်အတူ ဝါကပ်သီတင်းသုံးခဲ့ရသော အဖြစ်အပျက်လည်း ရှိခဲ့၏။

အားလုံးထက် အကြီးမားဆုံးသော သံဃာဂိဏ်းခွဲရန်ကြိုးပမ်းမှုမှာ ယောကဖတော် ဒေဝဒတ်ရဟန်း၏ ကြိုးပမ်းမှုဖြစ်၏။ သာသနာနွယ်ဝင် ရဟန်းများကို တင်းကြပ် ခက်ခဲသော စည်းမျဉ်းများကို လိုက်နာရန် ဒေဝဒတ်က တောင်းဆိုသည်ကို ဗုဒ္ဓက မလိုက်လျောခဲ့ပေ။ ထိုအခါ ဒေဝဒတ်ရဟန်းသည် နောက်လိုက်နောက်ပါများနှင့်အတူ ဂယာသီသအရပ်သို့ ပြောင်းရွှေ့လျက် သီးခြားဂိဏ်းတစ်ဂိဏ်း ထူထောင်ခဲ့၏။ ရိုးစ်ဒေဗစ်၏ အမြင်အရ ဒေဝဒတ်၏ဂိဏ်းသည် နောက်ကာလ အတန်ကြာအောင် ဆက်လက် တည်ရှိနေခဲ့သေးသည်ဟု ယူဆ၏။ ဂေါတမက ဂိဏ်းဝင် ရဟန်းများသည် ဒေဝဒတ်၏ အနွယ်အဆက်များ ဖြစ်နိုင်သည်ဟု ဆိုပါသည်။ တရုတ်ခရီးသည် ဖာဟီယန်ကလည်း ယင်း **ဂေါတမကဂိဏ်းသား** (Gotamaka school) ရဟန်းများကို သာဝတ္ထိမြို့တွင် တွေ့ခဲ့ရကြောင်း မှတ်တမ်းတင်ထားလေသည်။

ပထမသင်္ဂါယနာတင်ခြင်း

ရှင်တော်ဗုဒ္ဓ မဟာပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် သုံးလခန့်အကြာ ဘီစီ ၄၈၇ ခုနှစ်တွင် ပထမသင်္ဂါယနာတင်ပွဲကြီးကို ကျင်းပခဲ့၏။ ပါဠိပိဋကတ် ခန္ဓက-

စုဥဝဂ်အလိုအရ သုဘဒ္ဒအမည်ရှိသော တောထွက်ရဟန်းကြီးတစ်ပါး၏ စည်းဝါးလွတ် လွတ်လွတ်လပ်လပ် နေချင်သလိုနေရေး ကြွေးကျော်ချက်ကို အကြောင်းပြု၍ မသူတော်တို့ မလွမ်းမိုးမီ၊ အားမကောင်းမီ ဘုရားရှင်၏ သာသနာတော်ကို ပျောက်ကွယ် ပျက်စီးမသွားစေရန်အတွက် ဓမ္မနှင့် ဝိနယကို စုပေါင်း ရွတ်ဆို မှတ်တမ်းတင်ကြရန်အတွက် သံဃဥဿျောင်ဖြစ်သော ရှင်မဟာကဿပမထေရ်ကြီးက စီစဉ်ခဲ့သည်ဟုလည်း ဆို၏။ သင်္ဂီယနာတင်ပွဲ၏ ဒါယကာအဖြစ် အဇာတသတ်မင်းကြီးက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ထိပ်တန်း ရဟန္တာ (၅၀၀) ကို ရွေးကောက် တင်မြှောက်လျက် ရာဇဂြိုဟ်မြို့တော်၏ အပြင်ဘက် သတ္တပါဏိလိုဏ်ဂူတော်ကြီးတွင် ဓမ္မနှင့် ဝိနယတို့ကို စုပေါင်းရွတ်ဆိုကာ မှတ်တမ်းတင်ခဲ့ကြ၏။ သရဝဏ်နက္ခတ်နှင့် စန်းယှဉ်သော ဝါဆိုလပြည့်နေ့တွင် စတင်၍ ရှင်ဥပါလိက ဝိနည်းပိဋကတ်၊ ရှင်အာနန္ဒာက သုတ္တန် ပိဋကတ်ကို ရွတ်ဆို မှတ်တမ်းတင်ခဲ့ကြ၏။[၄]

ပါဠိပိဋကတ်တွင် ဓမ္မနှင့် ဝိနယကို မှတ်တမ်းတင်ခဲ့ကြောင်း မှတ်သားခဲ့သောကြောင့် အဘိဓမ္မာပိဋကတ်ကို ဓမ္မအတွင်း ထည့်သွင်းရေတွက်ခဲ့ဟန် တူလေသည်။ သို့သော်လည်း မဟာသံဃိကဂိုဏ်း၏ ဝိနည်းမှတ်တမ်းများတွင် အဘိဓမ္မာပိဋကတ်ကို ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရ၏။ ထို့အတူ ရှေးဦးထာဝရဝါဒ၏ ဂိုဏ်းကွဲတစ်ခုဖြစ်သော မဟီသာသကဂိုဏ်းကလည်း အဘိဓမ္မာပိဋကတ်ကို မှတ်တမ်းတင်ခဲ့ကြောင်း ဖော်ပြထားခြင်း မရှိခဲ့ပေ။ ဓမ္မဂုတ္တကဂိုဏ်း၏ မှတ်တမ်းတွင် အဘိဓမ္မာပိဋကတ်ကို ဖော်ပြထားသော်လည်း မည်သူတို့က ရွတ်ဆိုမှတ်တမ်းတင်ခဲ့ကြောင်း မဖော်ပြခဲ့ပေ။ နောက်ပိုင်း သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ကျမ်းစာတစ်စောင်ဖြစ်သော အသောကဝဒါနကျမ်းတွင် ရှင်မဟာကဿပက ရှေးဦး အဘိဓမ္မာ၏ မာတိကာတို့ကို ဦးဆောင် ရွတ်ဆို မှတ်တမ်းတင်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရ၏။

ပထမသင်္ဂီယနာတင်သည့် နေရာဌာနကို အခြားဝိနည်းမှတ်တမ်းများတွင် မူကွဲအမျိုးမျိုး တွေ့နိုင်ပါသည်။ တိဗက်ဝိနည်း အလိုအရ နိဂြောဓလှိုဏ်ဂူတွင် ကျင်းပခဲ့သည်ဟုဆိုပြီး မဟာသံဃိကဂိုဏ်းကွဲတစ်ခုဖြစ်သော လောကုတ္တရာဝါဒီတို့ အလိုအရဆိုပါလျှင် ဝေဘာရတောင်၏ မြောက်ဘက်အရပ်တွင် ကျင်းပခဲ့သည်ဟုဆို၏။ မဟာယာန ဗုဒ္ဓစာပေပညာရှင် အသွယောသ၏ အလိုအရ ပထမသင်္ဂီယနာတင်သည့် နေရာဌာနမှာ ဂိဇ္ဈကူဋ်တောင်တွင်ရှိသော ဂုန္ဒြသာလလှိုဏ်ဂူ ဖြစ်သည်ဟုဆိုပါသည်။ ပထမသင်္ဂီယနာတင်သည့် အဖြစ်အပျက်အပေါ် သံသယဖြစ်သည့်

၄။ Mukherjee, Biswadeb (1994). The Riddle of the First Buddhist Council - A Retrospection, Chung-Hwa Buddhist Journal, pp.452-473

အိုလ်ဒင်ဘာဂ်ကဲ့သို့ ပညာရှင်အနည်းငယ် ရှိသော်လည်း ဗုဒ္ဓဘာသာဂိုဏ်းကွဲများအား လုံးက ပထမသင်္ဂါယနာကို တစ်ညီတစ်ညွတ်တည်း လက်ခံခဲ့ကြပေသည်။ အချို့မှတ်တမ်းများ၏ အလိုအရ အသောကမင်းကြီး နန်းတက်ခုနှစ်ဖြစ်သော ဘီစီ-၂၆၉ နှင့် ဘုရားရှင် မဟာပရိနိဗ္ဗာန်စံတော်မူရာ ကာလသည် (၂၁၈) နှစ် ကွာဝေးသည်ဟု ဆိုထားသောကြောင့် ဘုရားရှင် မဟာပရိနိဗ္ဗာန်စံတော်မူရာ ကာလသည် ဘီစီ-၄၈၇ ခုနှစ် ဖြစ်နိုင်၏။ ထိုအချိန်ကာလသည် အဇာတသတ်မင်း နန်းစံချိန်နှင့် လည်း ကိုက်ညီနေပါသည်။ ဤသို့ဆိုလျှင် ပထမသင်္ဂါယနာတင်ရာ အချိန်ကာလသည်လည်း ဘီစီ ၄၈၇ ခုနှစ်သာ ဖြစ်ရပေမည်။

ရှေးဦးထာဝိရဝါဒမှ ကွဲထွက်သော မဟီသာသကဂိုဏ်း၏ ဝိနည်းမှတ်တမ်းများအရ ဖြစ်စဉ်များအား လုံး တူညီပြီး သဘဒ္ဒရဟန်းကြီး၏ နေရာတွင် ဥပနန္ဒရဟန်းဟု မူကွဲဖော်ပြထားသည်ကို တွေ့ရ၏။ သင်္ဂါယနာတင်ပွဲပြီးဆုံးမှ ရောက်ရှိလာသော အရှင်ပုရာဏမထေရ်ကြီးကို ဓမ္မချင်း နှိုးနှောရန် ဖိတ်ကြားသော်လည်း မိမိကိုယ်တိုင် ဘုရားရှင်ထံပါးမှ ကြားခဲ့သလိုသာ ဆောင်ပါမည်ဟုဆို၍ ငြင်းဆန်ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရ၏။ မဟီသာသကဂိုဏ်း၏ အလိုအရ သေးငယ်သော ဝိနည်း အချက် (၇) ချက် တွင် အမြင်မတူညီကြောင်း သိရ၏။ ၄င်းတို့မှာ (၁) အတွင်းခန်းတွင် အစာသိုလှောင်ခြင်း၊ (၂) အတွင်းခန်းတွင် ချက်ပြုတ်ခြင်း၊ (၃) မိမိကိုယ်တိုင် ချက်ပြုတ်ခြင်း၊ (၄) သူတစ်ပါးကို မိမိအတွက် ချက်စေခြင်း၊ (၅) မိမိကိုယ်တိုင် စားသုံးရန်အတွက် အသီးကိုခူးခြင်း၊ (၆) ကန်ရေကို သောက်ခြင်း၊ (၇) အစေ့ကို ထုတ်ထားသော သစ်သီးကိုစားခြင်း စသော အချက်များ ပါဝင်၏။ ရှင်မဟာကဿပ၏ ရှင်းပြချက်အရဆိုလျှင် ၄င်းအချက်များမှာ ဝေဿာလီပြည်တွင် ဘုရားရှင် ယာယီခွင့်ပြုခဲ့သော ကင်းလွတ်ခွင့်များ ဖြစ်သည်ဟု ဆိုသော်လည်း ရှင်ပုရာဏမထေရ်က လက်မခံခဲ့ကြောင်း ယင်းမှတ်တမ်းများက ဆိုပါသည်။ ရှေးဦး ဗုဒ္ဓဝါဒဆိုင်ရာ သုတေသီများ ဖြစ်ကြသော ပရစ်ဇ်လပ်စကီ (Prizluski) နှင့် ဒတ် (Dutt) တို့ အလိုအရ အထက်ပါ ဝိနည်းမူကွဲ အချက်အလက်များကို ရှေးဦးထာဝိရဝါဒမှ ကွဲထွက်ခဲ့သော မဟီသာသကဂိုဏ်း၏ ဝိနည်းပိဋကတ်တွင် ထည့်သွင်းရေတွက် ဖော်ပြထားခဲ့ကြပြီး အရှင်ပုရာဏမထေရ်ကိုလည်း မဟီသာသကဂိုဏ်းကို တည်ထောင်ခဲ့သော အာစရိယဆရာအရှင်အဖြစ် သတ်မှတ်ကြကြောင်း တွေ့ရှိရ၏။

ပထမသင်္ဂါယနာသည် ဗုဒ္ဓဘာသာသမိုင်းတစ်ခုလုံးအတွက် ကြီးမားသော အပြောင်းအလဲဖြစ်၏။ ဗုဒ္ဓရှင်တော်ကိုယ်တိုင် သက်တော်ထင်ရှားရှိခဲ့စဉ်က ကောင်း

ဆိုး မှားမှန်ကို ဆုံးဖြတ်ပေးနိုင်သော ဗုဒ္ဓကိုယ်တိုင် သက်ရှိ ဓမ္မမှတ်ကျောက်သဖွယ် ရှိနေခဲ့သောကြောင့် အယူအဆကွဲများစွာ ပေါ်ထွန်းနိုင်ခြင်းမရှိပေ။ ဗုဒ္ဓရှင်တော်ကိုယ်တိုင်၏ ဦးဆောင်လမ်းညွှန် သင်ပြမှုအောက်တွင် သံဃာထုတစ်ခုလုံး တစ်စည်းတစ်လုံးတည်း တည်ရှိခဲ့၏။ ဂိုဏ်းခွဲထွက်ရန် ကြိုးပမ်းမှုများ ရှိခဲ့သော်လည်း အစုအမက် မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့၏။ ဗုဒ္ဓရှင်တော် မရှိတော့သည့် နောက်ကာလတွင် သင်္ဂါယနာတင် ရွတ်ဆိုခဲ့သော သုတ် ဝိနည်း ဓမ္မတရားများ၏ အစုအဝေးနှင့် ယင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်သော မထေရ်ကြီးများက သာသနာကို ဦးဆောင်ခဲ့ကြပြီး ဗုဒ္ဓရှင်တော်ကိုယ်စား ဗုဒ္ဓအလိုတော်ကို အနက်ဖွင့်ဖော်ဆောင်လျက် ဓမ္မမှတ်ကျောက်များအဖြစ် ဆောင်ရွက်ခဲ့ကြ၏။ ရှင်တော်ဗုဒ္ဓ လွန်ပြီးနောက် နှစ်ပေါင်း (၁၀၀) အတွင်း အိန္ဒိယနိုင်ငံအဝှမ်းတွင် သံဃာအဖွဲ့အစည်းများ ပုံနှံ့တည်ရှိခဲ့သော်လည်း ဂိုဏ်းကွဲသည့် အထောက်အထားကို ထင်ထင်ရှားရှား မတွေ့ခဲ့ရချေ။

မဂဓတိုင်း၏ အင်ပါယာချဲ့ထွင်မှု

ရှင်တော်ဗုဒ္ဓလက်ထက်တွင် မဂဓတိုင်းသည် အခြားသောတိုင်းနိုင်ငံများနှင့် ထီးပြိုင်နန်းပြိုင် တည်ရှိနေခဲ့သော မြို့ပြနိုင်ငံတော်တစ်ခုသာ ဖြစ်ဟန်တူခဲ့၏။ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပြီးနောက် ၃ နှစ်အကြာ (ဘီစီ ၄၈၃) တွင် မဂဓဘုရင် အဇာတသတ်မင်းသည် ဝဇ္ဇီ တိုင်းကို အောင်နိုင်ခဲ့လေ၏။ များမကြာခင် ကောသလနိုင်ငံတော်သည်လည်း မဂဓအင်ပါယာ၏ အောက်သို့ ကျရောက်ခဲ့ရပြန်သည်။ အဇာတသတ်မင်းကို သတ်၍ နန်းတက်လာသော သားတော် ဥဒါယီဘဒ္ဒဘုရင်သည် နေပြည်တော်ကို ပါဋလိပုတ်မြို့တော်သို့ ရွှေ့ပြောင်းခဲ့၏။ သို့သော်လည်း ဘီစီ ၄၁၀ ခန့်တွင် မဂဓမင်းဆက်များ၏ မတရားမှုများကို ပြည်သူတို့က မခံနိုင်တော့သဖြင့် တော်လှန်အုံကြွမှုကြီးတစ်ခု ဖြစ်ခဲ့လေသည်။ ထိုနောက်တွင် အမတ်ကြီးတစ်ပါးဖြစ်သော သိသုနာဂကို မင်းအဖြစ် တင်မြှောက်ခဲ့ကြ၏။ သိသုနာဂကိုယ်တိုင်မှာ ဝဇ္ဇီမျိုးနွယ်ဝင် မင်းသားတစ်ပါး ဖြစ်ခဲ့၏။ ထို့ကြောင့် ၄င်း၏မင်းဆက်တို့ကို သိသုနာဂမင်းဆက် (သို့မဟုတ် လိစ္ဆဝီမင်းဆက်) ဟူ၍လည်း ခေါ်ဆိုကြ၏။ ဘီစီ ၄၁၀ တွင် သိသုနာဂသည် အဝန္တိတိုင်းကို အောင်နိုင်ခဲ့ပြန်၏။ ထို့ကြောင့် မဂဓအင်ပါယာသည် အိန္ဒိယ မြောက်ပိုင်းတစ်ခွင်တွင် အနောက်မှသည် အရှေ့သို့ ကျယ်ပြန့်စွာလွှမ်းမိုးနိုင်သော ဧကရာဇ်နိုင်ငံတော်ကြီး အဖြစ်သို့ ရောက်ရှိခဲ့လေသည်။ နောင်အခါကာလတွင် မဂဓအင်ပါယာသည် ဗုဒ္ဓသာသနာတော် တိုးတက်ဖြစ်ထွန်းမှုအတွက် အရေးပါသော အခန်းကဏ္ဍတွင်

ပါဝင်လာခဲ့ပြီး ဝေသာလီနှင့် ပါဋ္ဌလိပုတ်မြို့တော်တို့သည် ဒုတိယသင်္ဂါယနာနှင့် တတိယ သင်္ဂါယနာတင်ရာ မြို့တော်များအဖြစ် ဗုဒ္ဓသာသနာသမိုင်းတွင် ထင်ရှားလာခဲ့လေသည်။

ဒုတိယသင်္ဂါယနာ အကြောင်း

ဒုတိယသင်္ဂါယနာ[1] ကို ဘုရားရှင်လွန်ပြီး ၁၁၀နှစ် မှ ၁၃၇ နှစ် အတွင်း တင်ဆောင်ခဲ့ကြ၏။ ဗုဒ္ဓ၏ ပိဋ္ဌကတ်တော်များကို ရဟန်းတော် (၇၀၀) က ဝေသာလီပြည်မှာ ရွတ်ဆိုခဲ့ပြီး သင်္ဂါယနာတင်သော ဒေသမှာ ဝါဋ္ဌုကာသံဃာရာမကျောင်းတိုက် ဖြစ်သည်ဟု ဆို၏။ တိဗက်သမိုင်းဆရာ ဘုတွန်၏ မှတ်တမ်းအရ ကုသုမပူရကျောင်းတိုက်တွင် ဖြစ်ခဲ့သည်ဟုဆို၏။ (မြို့အမည်နှင့် ကျောင်းတိုက်အမည် မှားယွင်းဖော် ပြခြင်း ဖြစ်နိုင်ပါသည်)

ထေရဝါဒ-စူဠဝဂ္ဂပါဠိတော် အလိုအရဆိုရလျှင် ဝေသာလီရဟန်းများသည် (၁) သားချိုဖြင့် သိမ်မွေးထားသော ဆားကို နေ့ကူး၍ သုံးဆောင်ခြင်း၊ (၂) နေလက်နှစ်သစ်ခန့် မွန်းတိမ်းချိန် ဆွမ်းစားခြင်း၊ (၃) တစ်ပါးသောရွာသို့ ကြွပြီးနောက် ပဝါရိုက်သင့်သော ရဟန်းသည် အတိရိတ်ဝိနည်းကံမပြုပဲ ဆွမ်းစားခြင်း၊ (၄) သိမ်တစ်ခုထဲတွင် သံဃာတစ်စုထက် ပို၍ ကံဆောင်ခြင်း၊ (၅) ဖိတ်ကြားထားသော ရဟန်းများ ရောက်အလာကို မစောင့်ဘဲ သံဃာကံပြုထိုက်သည်ဟု ယူဆခြင်း၊ (၆) ဥပဇ္ဈာယ်ဆရာ လုပ်ဆောင်သမျှ ဝိနည်းနှင့် အပ်စပ်သည်ဟု ယူဆခြင်း၊ (၇) နို့ဓမ်းအဖြစ် မရောက်သေးသောနို့ကို အတိရိတ်ဝိနည်းကံ မပြုပဲ သုံးဆောင်ခြင်း၊ (၈) သေရည်အနုစားကို သောက်အပ်သည်ဟု ယူဆခြင်း၊ (၉) အဆာမရှိသော နံသီဒိုင်သည် အပ်သည်ဟုယူဆခြင်း၊ (၁၀) ရွှေငွေကို အလှူခံခြင်း စသော ဝိနည်းဖြင့် မညီညွတ်သောအချက် (၁၀)ချက်ကို ကျူးလွန်ဆောင်ရွက်နေကြလေသည်။ ထို အချိန်တွင် ကောသမ္ဗီပြည်မှ ကြွလာသော အရှင်ယသမထေရ်က တွေ့ရှိရာတွင် ၄င်းတို့၏ အကျင့်အကြံ လုပ်ရပ်များသည် ဘုရားဟောနှင့် မညီသောကြောင့် မပြုလုပ်ကြရန် ကန့်ကွက်ခဲ့၏။ သို့သော်လည်း ဝေသာလီပြည်မှ ဝဇ္ဇီပုတ္တက ရဟန်းများသည် အရှင်ယသမထေရ်ကို ဥက္ခေပနီယကံပြုပြီး နှင်ထုတ်ခဲ့ကြသည်။ ထိုအခါ အရှင်ယသမထေရ်က လူထုထံမှ အကူအညီတောင်းခံသော်လည်း မရရှိခဲ့သောကြောင့် မိမိ၏ဈာတိ ကောသမ္ဗီပြည်သို့ ပြန်လည်ကြွရောက်ပြီး ထောက်ခံသူ သံဃာအင်အား

၅။ **Nalinaksha Dutt, Buddhist Sects in India, Motilal Banarsidass Publisher, New Dehli (1997), p-13-22.**

ကို ပြည်လည် စုစည်းခဲ့လေ၏။ တစ်ချိန်တည်းတွင် ပါထေယျတိုင်းနှင့် အဝန္တိတိုင်း များသို့ တမန်စေလွှတ် ဆက်သွယ်အကြောင်းကြားခဲ့သည့်အပြင် မိမိကိုယ်တိုင်လည်း အဟောဂင်္ဂါ တောင်ပေါ်သို့ ကြွရောက်၍ သမ္မာတသာနဝါသီ မထေရ်ကို တွေ့ဆုံပြီး အကူအညီ တောင်းခံခဲ့၏။ ပါထေယျတိုင်းမှ ရဟန်းသံဃာ ၆၀ နှင့် အဝန္တိတိုင်းမှ ရဟန်းသံဃာ ၈၀ တို့သည် အရှင်ယသမထေရ်နှင့် လာရောက်ပူးပေါင်းကြလေ၏။ ထို့နောက် ရဟန်းတော်အားလုံး သောရေယျတိုင်းသို့ ကြွရောက်ပြီး ရေဝတမထေရ်ကြီးအား သံဃာဥက္ကောင်အဖြစ် တင်မြှောက်၍ ဝိနည်းကံ အဓိကရဏ်းကို ပြေငြိမ်းစေပါကြောင်း တင်ပြကြ၏။

တစ်ချိန်တည်းတွင် ဝေသာလီရဟန်းတို့လည်း သောရေယျတိုင်းသို့ ရောက်ရှိလာကြပြီး ရေဝတမထေရ်ကြီးအား လာဘ်ထိုး၍ ၄င်းတို့ဖက်မှ လိုက်ပါဆုံးဖြတ်ရန် တောင်းဆိုကြရာ ရေဝတမထေရ်ကြီးက လက်မခံခဲ့ပေ။ ဝိနည်းကံ အဓိကရဏ်းကို ပြေငြိမ်းစေရေးအတွက် မထေရ်ကြီး (၈) ပါး ပါဝင်သော အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ကြ၏။

- အရှေ့တိုင်းဒေသဘက်မှ သဗ္ဗကာမိမထေရ်၊ သာဠ္ဠမထေရ်၊ ခုဇ္ဇသောဘိတမထေရ်နှင့် ဝါသဘဂါမိကမထေရ်။
- အနောက်တိုင်းဒေသဘက်မှ ရေဝတမထေရ်၊ သမ္မာတသာနဝါသီမထေရ်၊ ယသမထေရ်နှင့် သုမနမထေရ်။

အဆိုပါမထေရ်ကြီး ရှစ်ပါးက ဝေသာလီရဟန်းများ၏ အဓမ္မဝတ္ထုများကို ဝိနည်းအရ မှားယွင်းကြောင်း ဆုံးဖြတ်၍ အဓိကရဏ်းကို ပြေငြိမ်းစေခဲ့ကြ၏။ ဒီပဝင်နှင့် မဟာဝင်စသော ထေရဝါဒပါဠိသမိုင်းမှတ်တမ်းများ၏ အလိုအရ ဝိနည်းကံ အဆုံးအဖြတ်တွင် ရှုံးနိမ့်သွားသော ဝေသာလီရဟန်းများသည် ၄င်းတို့ဘာသာရဟန်းတော်အင်အား တစ်သောင်း ပါဝင်သော သံဃာစည်းဝေးပွဲကြီးတစ်ခုကို ကျင်းပပြုလုပ်၍ မဟာသံဃိကဂိုဏ်းဟူ၍ ကြေညာကြောင်း ဆိုထားပါသည်။ ရှေးဦး ဗုဒ္ဓဘာသာဂိုဏ်းကွဲများ အားလုံး၏ မှတ်တမ်းများတွင် ဤအကြောင်းအရာကို တူညီစွာ မှတ်တမ်းတင်ထားခဲ့ကြသည်ကို တွေ့ရှိရသောကြောင့် ဝေသာလီအဖြစ် အပျက်သည် ဂိုဏ်းများ ကွဲမထွက်ခင် အမှန်တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ထင်ရှား၏။ သို့သော်လည်း အဓမ္မဝတ္ထု (၁၀) ပါး ရေတွက်ပုံနှင့် ပတ်သက်၍ အနည်းငယ် ကွဲပြားမှု ရှိကြသည်ကို တွေ့ရပါသည်။ အေကဝါဒါး၏ အလိုအရ မဟာသံဃိကဂိုဏ်း၏ ဝိနည်းမှတ်တမ်းတွင် အဆိုပါ ဒုတိယ သင်္ဂါယနာတင်ကိစ္စ

နှင့် ပတ်သက်၍ အနည်းအပါးမျှသာ အကျဉ်းရုံးဖော်ပြထားခဲ့ပြီး အဓမ္မဝတ္ထု (၁၀) ပါးတို့ အနက် နောက်ဆုံးဖြစ်သော ရွှေငွေအလှူခံခြင်းကိုသာ ဖော်ပြထားသောကြောင့် မဟာသံဃိကတို့သည် ဝေဿာလီရဟန်းတို့နှင့် အဆက်အစပ်ရှိသောအုပ်စု သို့မဟုတ် ဝေဿာလီရဟန်းတို့အပေါ် သက်ညှာစွာ စဉ်းစားပေးလိုသော အုပ်စုများ ဖြစ်နိုင်ကြောင်း ကောက်ချက်ချထား၏။[၆]

ပထမ သံဃဘေဒ (ဂို့ကိုးကွဲမှု) ဖြစ်ပေါ်ခြင်း

အက်ဂါမွန့် (Eggermont) ၏ အလိုအရ ကာဠာသောက (ကာကဝဏ္ဏ) ဘုရင်သည် ဘီစီ ၃၉၆ မှ ၃၆၀ အထိ လွှမ်းမိုး စိုးစံခဲ့၏။ သမိုင်းမှတ်တမ်းတစ်ခု အလိုအရ ကာဠာသောက ဘုရင်သည် ဥပဋ္ဌေဒကကံဖြင့် နတ်ရွာစံခဲ့ပြီးနောက် ပြည်တွင်းပုန်ကန်မှုများ ဖြစ်ခဲ့၏။ သူ၏ သားတော်များကို မဟာပဒ္မနန္ဒက ထိန်းသိမ်းထားခဲ့၏။ မဟာပဒ္မနန္ဒသည် မိမိကိုယ်ကို မင်းအဖြစ်မြှောက်တင်လျက် နန္ဒမင်းဆက်ကို ထူထောင်ခဲ့၏။ မဟာပဒ္မနန္ဒသည် မဂဓအင်ပါယာကို တောင်ပိုင်းသို့ ဆက်လက်ချဲ့ထွင်ခဲ့၏။[၇]

၄င်းမင်း၏လက်ထက်တွင် ပထမဆုံး သံဃာဂိုဏ်းကွဲမှု (သံဃဘေဒ) ဖြစ်ပွားခဲ့သည်ဟု အေကေဝါဒါး က ယူဆ၏။ ထိုသို့ သံဃာဂိုဏ်းကွဲမှု (သံဃဘေဒ) ဖြစ်ပွားခဲ့သော အချိန်ကာလ အတိအကျနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာဂိုဏ်းကွဲများ အကြား အယူအဆကွဲပြားမှုများ ရှိနေခဲ့၏။ ဝိနည်းမှတ်တမ်းများသည်လည်း ဝေဿာလီ အဖြစ်အပျက်နှင့် ဒုတိယသင်္ဂါယနာအထိသာ မှတ်တမ်းတင်ခဲ့ကြပြီး ယင်းနောက် ဖြစ်ပွားသော အကြောင်းအရာများအတွက် တိကျသောမှတ်တမ်း မရှိခဲ့ချေ။ အထက်တွင် တင်ပြခဲ့သလို ထေရဝါဒ၏ ဒီပဝင်နှင့် မဟာဝင်စသော ပါဠိသမိုင်းမှတ်တမ်းများ၏ အလိုအရ ဝိနည်းကံ အဆုံးအဖြတ်တွင် ရုံးနိမ့်သွားသော ဝေဿာလီရဟန်းများသည် ၄င်းတို့ဘာသာ သီးခြား သံဃာစည်းဝေးပွဲကြီးတစ်ခုကို ကျင်းပပြုလုပ်၍ မဟာသံဃိကဂိုဏ်းအနေဖြင့် စတင်ခွဲထွက်ကြောင်း ဆို၏။ မဟာသံဃိကဂိုဏ်းသားတို့သည် မူလပိဋကတ်ကို အမျိုးမျိုး လိုတိုး ပိုလျှော့လုပ်လျက် ပြုပြင်ပြောင်းလဲခဲ့ကြကြောင်းလည်း ဒီပဝင်ဆရာက ဆိုထားပါ၏။ နိကာယသင်္ဂဟကျမ်းတွင် ပါဠလိပုတ်တွင် ကျင်းပသော သင်္ဂါယနာ အချိန်ကာလဖြစ်သော ဘီစီ ၂၅၀ ခန့်တွင် ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများ (၁၈) ခု အထိ တည်ရှိပြီးဖြစ်ကြောင်း ဆိုထား

၆။ Warder, A.K. Indian Buddhism.(2000). p-203-206.

၇။ K. A. Nilakanta: A History of South India, OUP 1958, 79ff. IKJL VI p. 30.

ပြန်သည်။ သို့သော်လည်း မဟာသံဃိကဂိုဏ်း၏ ဝိနည်းမှတ်တမ်းတွင်လည်း ဝေသာလီရဟန်းတို့၏ အဓမ္မဝတ္ထုများကို လက်မခံခဲ့ကြောင်း တွေ့ရှိရသောကြောင့် ဝေသာလီအရေးတော်ပုံဖြစ်ပြီး မကြာခင်ကာလအတွင်း သံဃာသင်းကွဲသည်ဟူ၍ ယူဆရန် ခက်ခဲနေပါသည်။ ထိုကာလအတွင်း သံဃာသည် တစ်စုတစ်စည်းတည်း ဆက်လက်တည်ရှိနေမည်ဟု ယူဆနိုင်ပေသည်။

သမ္မိတိယဂိုဏ်းဆိုင်ရာ အစဉ်အလာမှ ဘဗျ (ဘာဝဝိဝေက) ၏ မှတ်တမ်းနှင့် တိဗက်သာသနာဝင်ကျမ်းများ၏ အလိုအရ ပထမ သံဃာသင်းကွဲမှုသည် ဘီစီ ၃၄၉ ခန့်တွင် ဖြစ်ပွားခဲ့သည်ဟု ဆို၏။ ထိုအချိန်သည် နန္ဒနှင့် မဟာပဒ္မတို့ အုပ်ချုပ်နေသော အချိန်ကာလဖြစ်၏။ တစ်နည်းအားဖြင့် ကာဠာသောကမင်း၏ သား တော်တစ်ပါးသည် မဟာပဒ္မ၏ အစောင့်ရှောက်ခံဘဝဖြင့် စိုးစံနေစဉ်ကာလ သို့မဟုတ် မဟာပဒ္မ၏ သားတော်ဖြစ်သည့် ဓနနန္ဒ အုပ်စိုးနေသည့်ကာလ ဖြစ်နိုင်သည်ဟု ဆိုပါသည်။ ဤမှတ်တမ်းများ အလိုအရ ပါဋလိပုတ်နေပြည်တော်တွင် မဟာဒေဝ အမည်ရှိသော ရဟန်းတစ်ပါးသည် စောဒနာ (၅) ချက်ကို သံဃာကို တင်ပြလျှက် အဓိကရဏ်း ဖြစ်စေခဲ့ကြောင်းနှင့် ယင်း စောဒနာချက်များ အနက် အချက် (၄) ချက်မှာ ရဟန္တာပုဂ္ဂိုလ်နှင့် သက်ဆိုင်သော စောဒနာချက်များ ဖြစ်ကြ၏။ ဘုရင်များ၏ ထောက်ပံ့ အားပေးမှုဖြင့် သံဃာအများစုသည် ယင်း စောဒနာ ချက်များကို ထောက်ခံခဲ့ကြသောကြောင့် မိမိတို့၏ ကြီးမားသော ရဟန်းသံဃာ အစုအဝေးကြီးကို မဟာသံဃ (မဟာသံဃိက) ဟု ခေါ်ဆိုခဲ့ကြကြောင်း သိရပါသည်။ အဆိုပါ စောဒနာချက်များကို လက်မခံပဲ ရဟန္တာ၏ မပြောင်းလဲနိုင်သော ဖြူစင်သန့်ရှင်းမှုကို လက်ခံသော အနည်းစုဖြစ်သော မထေရ်ကြီးများသည် မိမိ ကိုယ်ကို ထာဝရဝါဒဂိုဏ်း (Staviravada School) အဖြစ် သတ်မှတ်ခဲ့ကြသည်ဟု ဆိုပါသည်။ အေကေ ဝါဒါး၏ ရှုမြင်သုံးသပ်မှုမှာ ထာဝရဝါဒဂိုဏ်းသည် အိန္ဒိယပြည် အနောက်ပိုင်းတွင် အားကောင်းပြီး အရှေ့ဘက်ဒေသဖြစ်သော ပါဋလိပုတ်တွင် မဟာသံဃိကဂိုဏ်းဝင်တို့ အားကောင်းနေသောကြောင့် ဖြစ်နိုင်ကြောင်း ဆိုပါ၏။

မဟာဒေဝ၏ အဆိုပါစောဒနာချက် (၅) ပါး မှာ =

(၁) ရဟန္တာသည် အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ မြို့ဆွယ် ဖွားယောင်းခြင်းကို ခံရနိုင်၏။

(၂) ရဟန္တာသည် အချို့သော ကိစ္စများကို မသိချေ။

(၃) ရဟန္တာသည် သံသယလွှမ်းမိုးခြင်း ခံရနိုင်၏။

(၄) ရဟန္တာသည် တစ်ပါးသူတို့ထံမှ သင်ကြားရ၏။

(၅) တရားထူးသိမြင်ချိန် (ဗောဓိဉာဏ် ရရှိချိန်) တွင် အာမေဋိတ်သံကို ပြု၏။

ပထမအချက်သည် ရဟန္တာတို့ အိပ်စက်နေစဉ် နတ်တို့ အစွမ်းဖြင့် အိပ်မက်ထဲတွင် မြူဆွယ်ဖြားယောင်းခြင်း ခံရနိုင်ပုံကို ရည်ညွှန်း၏။ ဒုတိယ တတိယနှင့် စတုတ္ထ စောဒနာချက်များမှာ ရဟန္တာတွင် အလုံးစုံကို သိမြင်သော သဗ္ဗညုတဉာဏ် မရှိကြောင်းကို ပြဆိုထားသော အချက်များသာ ဖြစ်၏။ နောက်ဆုံးအချက်မှာ ကမ္မဋ္ဌာန်းဘာဝနာ အားမထုတ်ပဲ တရားထူးရရှိနိုင်မှုနှင့် စပ်လျဉ်းသော အယူအဆ ဖြစ်လေသည်။ အနှစ်ချုပ်ဆိုရလျှင် အဆိုပါ စောဒနာချက်များသည် ရဟန္တာ အရိယာပုဂ္ဂိုလ်တို့၏ အဆင့်အတန်းကို နှိမ့်ချယူရန် ကြိုးပမ်းမှုဖြစ်နိုင်ကြောင်း သုံးသပ်လေ့လာသူတို့က ဆိုကြ၏။ ဤစောဒနာချက်များကို ထာဝရဝါဒီတို့က လက်မခံခဲ့ချေ။ အထူးသဖြင့် ရဟန္တာ၏ စိတ်ကို မည်သူမျှ မလွှမ်းမိုးနိုင်ကြောင်း အခိုင်အမာ လက်ခံကြ၏။ ဒုတိယ တတိယနှင့် စတုတ္ထအချက်များနှင့် ပတ်သက်၍ ရဟန္တာသည် အရိယာသစ္စာမှ လွဲသော အခြား မသက်ဆိုင်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ မိမိကိုယ်တိုင်မသိလျှင် တစ်ပါးသူကို မေးမြန်းရနိုင်ကြောင်းကိုမူ လက်ခံပေသည်။ နောက်ဆုံးအချက်သည်လည်း ဓမ္မဒေသနာ အရပ်ရပ်တို့နှင့် မကိုက်ညီကြောင်း ပြသ၍ ငြင်းပယ်ခဲ့ကြလေသည်။ အဆိုပါ အချက် ၅ ချက်နှင့် ပတ်သက်၍ ထာဝရဝါဒနှင့် မဟာသံဃိက ၏တို့အကြား မည်သို့မျှ စေ့စပ်ညှိနှိုင်းရန် မဖြစ်နိုင်တော့သောကြောင့် နောက်ဆုံးတွင် သံဃာဂိဏ်းကွဲမှု ဖြစ်ခဲ့ရသည်ဟု ဆိုပါသည်။[၀]

ရှေးဦး ဗုဒ္ဓဝါဒပညာရှင် ဘိဘူတိ ဘရုဝါး (Bibuti Barua) ၏ သုံးသပ်ချက်အရ အဆိုပါ အဖြစ်အပျက်နှစ်ခုသည် ဆက်စပ်မှု ရှိနိုင်ကောင်း၏။ ဝေသာလီမှ ဝဇ္ဇီတိုင်းသား ရဟန်းများ၏ မဟာသံဃိတိ အစည်းအဝေးကြီးတွင် အထက်ပါ မဟာဒေဝ၏ မူဝါဒ ၅ ချက်ကို ဆွေးနွေးအတည်ပြု လက်ခံခဲ့ခြင်းလည်း ဖြစ်နိုင်သည်ဟု ဆို၏။ ဤအဖြစ်အပျက်သည် ဝေသာလီအဖြစ်အပျက် ဖြစ်ပွားပြီးနောက် ဒုတိယသင်္ဂါယနာတင်ပြီးချိန်နှင့် အသောကမင်း စိုးစံချိန်အကြားတွင် ဖြစ်ပွားခဲ့သည်ဟု မှန်းဆနိုင်ပါသည်။

သံဃာဂိဏ်းကွဲပုံ မှတ်တမ်းများ

ဗုဒ္ဓဘာသာဂိဏ်းအစဉ်အလာ အသီးသီးတွင် သံဃာဂိဏ်းကွဲထွက်ပုံနှင့် စပ်လျဉ်း၍ မူကွဲ မှတ်တမ်းအမျိုးမျိုး ရှိနေခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရ၏။

၀။ **Nalinaksha Dutt, Buddhist Sects in India, Motilal Banarsidass Publisher, New Dehli (1997), p-22-23**

ထေရဝါဒ အစဉ်အလာ

ဒီပဝံသ၏ အလိုအရ ပထမဆုံးသံဃာဂိဏ်းကွဲမှုမှ ထာဝိရဝါဒဂိဏ်းနှင့် မဟာသံဃိက ဟူ၍ နှစ်ဂိဏ်းကွဲထွက်၏။ မဟာသံဃိကမှ ဂေါကုလိကဂိဏ်းနှင့် ဧကဗျာဟာရိက ဂိဏ်းဟူ၍ ထပ်မံကွဲထွက်၏။ ထို့နောက် ဂေါကုလိကဂိဏ်းမှ ဗဟုသုတိကဂိဏ်းနှင့် ပညတ္တိဝါဒဂိဏ်း ဟူ၍ ထပ်မံကွဲထွက်၏။ ထို့အပြင် စေတိယဂိဏ်း ဟူသော သီးခြားဂိဏ်းတစ်ခုလည်း မဟာသံဃိကဂိဏ်းမှ ထပ်မံ ကွဲထွက်ခဲ့၏။ မူလ မဟာသံဃိကဂိဏ်းနှင့် ထပ်မံခွဲထွက်သော ဂိဏ်းငါးဂိဏ်း စုစုပေါင်းနှင့် ဂိဏ်းကွဲခြောက်ခု ရရှိ၏။

ထို့အတူ ထာဝိရဝါဒဂိဏ်းမှ မဟိသာသကဂိဏ်းနှင့် ဝဇ္ဇီပုတ္တကဂိဏ်းတို့ ကွဲထွက်၏။ ဝဇ္ဇီပုတ္တကဂိဏ်းထံမှ ဓမ္မုတ္တရိကဂိဏ်း၊ ဘဒ္ဒယာနိကဂိဏ်း၊ ဆန္နဂိရိက ဂိဏ်းနှင့် သမ္မိတိယဂိဏ်း ဟူ၍ လေးဂိဏ်း ကွဲထွက်ပြန်၏။ မဟိသာသကဂိဏ်းမှ သဗ္ဗတ္ထိဝါဒနှင့် ဓမ္မဂုတ္တကဂိဏ်းတို့ ကွဲထွက်ကြ၏။ ကဿပိယဂိဏ်း သင်္ကန္တဝါဒီ ဂိဏ်းနှင့် သုတ္တန္တိကဂိဏ်းတို့သည် သဗ္ဗတ္ထိဝါဒမှ တစ်ဖန် ခွဲထွက်ကြပြန်၏။ မူလ ထာဝိရဂိဏ်းနှင့် ထပ်မံခွဲထွက်သော ဂိဏ်း (၁၁) ဂိဏ်း စုစုပေါင်းနှင့် ဂိဏ်းကွဲ (၁၂) ခု ရရှိ၏။ အားလုံး ပေါင်းရုံးရေတွက်သော် ရှေးဦး ဗုဒ္ဓဘာသာဂိဏ်းကွဲပေါင်း (၁၈) ဂိဏ်း ကွဲထွက်ခဲ့ကြောင်း ဒီပဝင်ကဆိုပါသည်။ ဒီပဝင်ကျမ်း၏ အမြင်တွင် ထေရဝါဒဂိဏ်းသည်သာ ပညောင်ပင်ကြီးကဲ့သို့တည်သော မူလဗုဒ္ဓဓမ္မ ဖြစ်၏။ ကျန်ရှိသော ဗုဒ္ဓဘာသာဂိဏ်းကွဲ (၁၇) ခုမှာ အဆိုပါ ပညောင်ပင်ကြီးတွင် တွယ်ကပ် ထိုးထွက်နေသော ဆူးညောင့်များ (ကဏ္ဏက)သာ ဖြစ်သည်ဟု ဆိုပါသည်။[၉]

ရှင်မဟာဗုဒ္ဓဃောသ၏ ကထာဝတ္ထုအဋ္ဌကထာတွင် နောက်ထပ် ဂိဏ်းကွဲများကိုပါ ဖော်ပြထား၏။ ၄င်းတို့မှာ ရာဇဂိရိကဂိဏ်း၊ သိဒ္ဓတ္ထိကဂိဏ်း၊ အပရသေလိယဂိဏ်း၊ ဟေမဝတဂိဏ်း၊ ဝဇ္ဇရိယဂိဏ်း၊ ဥတ္တရာပထကဂိဏ်း၊ ဟေတုဝါဒဂိဏ်းနှင့် ဝေတုလ္လဂိဏ်းများ ဖြစ်ကြ၏။ ပထမဂိဏ်း ၆ ဂိဏ်း၏ အမည်များ ကို ထေရဝါဒ မဟာဝံသကျမ်းတွင်လည်း မှတ်တမ်းတင်ထားသည်ကို တွေ့ရ၏။ ထို့ကြောင့် အရပ်ရပ် အထွေထွေ စုစုပေါင်း ဗုဒ္ဓဘာသာဂိဏ်းကွဲ (၃၀) နီးပါးခန့်. ရှိလိမ့်မည်ဟု ပညာရှင်တို့ ယူဆကြလေသည်။ အဆိုပါ ဂိဏ်းကွဲများသည် ဝိနည်းအယူအဆ ကွဲပြားသည်ထက် ဓမ္မအမြင်အချို့. ကွဲပြားသည့်အချက်အပေါ်တွင် အခြေခံသော ကြောင့် ပထဝီဒေသအလိုက် ကွဲပြားစွာ ရပ်တည်နေကြသော သံဃာအစုအဖွဲ့များ၊

၉။ **Dipavamsa, 4.90-91 cited in Bhikkhu Sujato. Sects and Sectarianism: The Origin of Buddhist Schools. Santi Forest Monastery,2006,p-i.**

အာစရိယဝါဒအုပ်စုများ ဖြစ်နိုင်သည်ဟုလည်း ပညာရှင်တို့က ကောက်ချက်ဆွဲကြပါ၏။

မဟာသံဃိက အစဉ်အလာ

အေဒီ ၃၁၇-၄၂၀ ဝန်းကျင်တွင် တရုတ်ဘာသာသို့ပြန်ဆိုခဲ့သော **သာရိပုတ္တရာပရိပုစ္ဆာ** အမည်ရှိသည့် ကျမ်းသည် မဟာသံဃိကဂိုဏ်း၏ ကျမ်းတစ်စောင်ဖြစ်ပြီး ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းကွဲများအကြောင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရ၏။ သာရိပုတ္တရာပရိပုစ္ဆာကျမ်းသည် ယခုအချိန်အထိ ရရှိရပြီးသော သုတေသနအထောက်အထားများအရ ရှေးအကျဆုံး ဝိနည်းကျမ်းတစ်စောင် ဖြစ်၏။ ထိုကျမ်းက ပထမဦးဆုံး သံဃာဂိုဏ်းကွဲမှုကို အသောကမင်းကြီး စိုးစံပြီးနောက် ရာစုတစ်ခုခန့်တွင် ဖြစ်ခဲ့ကြောင်း ဖော်ပြထား၏။ သာရိပုတ္တရာပရိပုစ္ဆာကျမ်း၏ အလိုအရ ထာဝိရဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းတို့သည် ရှေးဦးစွာ ကွဲထွက်သောဂိုဏ်းများ ဖြစ်ကြ၏။ ရှေးဦးမူလဝိနည်းကို စည်းကမ်းအသစ် အရေအတွက် တိုး မတိုးဟူသော ကိစ္စရပ်နှင့် ပတ်သက်၍ စတင် အယူအဆကွဲပြားကြကြောင်း ဆိုထား၏။ မဟာသံဃိကဂိုဏ်း မှတဆင့် ဧကဗျာဟာရိကဂိုဏ်း၊ လောကုတ္တရာဝါဒဂိုဏ်း၊ ဗဟုသုတိယဂိုဏ်းနှင့် ပညတ္တိဝါဒဂိုဏ်းတို့ ကွဲထွက်ကြ၏။ ထာဝိရဂိုဏ်းဖက်မှ ဝဇ္ဇီပုတ္တကဂိုဏ်း၊ ကဿပိယဂိုဏ်း၊ သုတ္တဝါဒ (သုတ္တန္တိကဂိုဏ်း) သို့မဟုတ် သင်္ကန္တိကဂိုဏ်းနှင့် သဗ္ဗတ္ထိဝါဒဂိုဏ်းတို့ ကွဲထွက်၏။ ဝဇ္ဇီပုတ္တကဂိုဏ်းမှ ဓမ္မောပကဂိုဏ်း၊ ဘဒ္ဒယာနိကဂိုဏ်း၊ သမ္မိတိယဂိုဏ်းနှင့် ဆန္နဂါရိကဂိုဏ်းတို့ ထပ်မံကွဲထွက်၏။ ထို့အတူ သဗ္ဗတ္ထိဝါဒဂိုဏ်းမှ မဟိသာသကဂိုဏ်း ဓမ္မဂုတ္တကဂိုဏ်းနှင့် သုဝါသကဂိုဏ်းတို့ ကွဲထွက်ခဲ့၏။[၁၀]

သဗ္ဗတ္ထိဝါဒ အစဉ်အလာ

အရှင်ဝသုမိတြပြုစုသော **သမယဘေဒဒါပရစမချက္ကရကျမ်း**သည် သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဝိနည်းကျမ်းတစ်စောင်ဖြစ်ပြီး ရှေးဦး ဗုဒ္ဓဘာသာဂိုဏ်းကွဲများအကြောင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရ၏။ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ကျမ်း ဖြစ် သောကြောင့် သဗ္ဗတ္ထိဝါဒဂိုဏ်းကို ဗဟိုချက်တွင်ထား၍ အရေးအပါဆုံးဂိုဏ်းအဖြစ် အရှင်ဝသုမိတြက မှတ်တမ်းတင်ထားခဲ့သည်ကို တွေ့ရ၏။ ယင်းကျမ်းကို တရုတ်နှင့် တိဗက်ဘာသာပြန်မူများအဖြစ် တွေ့ရှိရပြီး အေဒီ ၃၅၄ မှ ၄၃၁ အတွင်း ပြန်ဆိုခဲ့ကြောင်း ခန့်မှန်းကြ၏။[၁၁]

၁၀။ Dipavamsa, 4.90-91 cited in Bhikkhu Sujato. Sects and Sectarianism: The Origin of Buddhist Schools. Santi Forest Monastery,2006,p-i

၁၁။ Bhikkhu Sujato, Sects and Sectarianism: The Origin of Buddhist Schools, Santi ForestMonastery (2006),p-12

သမယဘေဒေါပရစမချက္ကရ၏ အလိုအရလည်း ပထမဆုံး ကွဲထွက်သော ဂိုဏ်းများမှာ ထာဝိရဝါဒဂိုဏ်းနှင့် မဟာသံဃိကတို့ပင် ဖြစ်ကြ၏။ မဟာသံဃိက ဂိုဏ်းဘက်မှ ဧကဗျာဟာရိကဂိုဏ်း၊ ကုက္ကုတိကဂိုဏ်း၊ ဗဟုသုတိယဂိုဏ်း၊ ပညတ္တိ ဝါဒဂိုဏ်း၊ စေတိကဂိုဏ်း၊ အပရသေလိယဂိုဏ်း၊ ဥတ္တရသေလိယဂိုဏ်း စသည်တို့ ကွဲထွက်ခဲ့၏။ ထာဝိရဂိုဏ်းဘက်မှ သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် ဟေမဝတဂိုဏ်းတို့ ကွဲထွက်၏။ သဗ္ဗတ္ထိဝါဒမှတဖန် ဝဇ္ဇီပုတ္တကဂိုဏ်း၊ မဟိသာသကဂိုဏ်း၊ သုဝါသိကဂိုဏ်း၊ ကဿပိယဂိုဏ်း၊ သုတ္တန္တိကဂိုဏ်း၊ ဥတ္တရိယဂိုဏ်းတို့ ခွဲထွက်၏။ ထို့အတူ ဝဇ္ဇီပုတ္တ ဂိုဏ်းထဲမှ ဓမ္မုတ္တရိကဂိုဏ်း၊ ဘဒ္ဒယာနိယဂိုဏ်းနှင့် ဆန္နာဂါရိကဂိုဏ်းတို့ ကွဲထွက် ခဲ့၏။

မူလသဗ္ဗတ္ထိဝါဒ အစဉ်အလာ

ယိချင်နှင့် ဝိနိတဒေဝတို့သည် မူလသဗ္ဗတ္ထိဝါဒ အစဉ်အလာကို ကိုယ်စားပြုခဲ့သော ရဟန်းတော်များဖြစ်ကြပြီး ၄င်းတို့၏ မှတ်တမ်းများတွင် မူလသဗ္ဗတ္ထိဝါဒ အစဉ်အလာ ၏ ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းများကွဲထွက်ပုံ အဆင့်ဆင့်ကို မှတ်တမ်းပြုစုထားသည်ကို မြင်တွေ့နိုင်၏။ တရုတ်ရဟန်းတော် ယိချင်၏ အလိုအရ မူလဗုဒ္ဓဝါဒမှ ထာဝိရဝါဒ ဂိုဏ်း၊ မဟာသံဃိကဂိုဏ်း၊ မူလသဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် သမ္မိတိယဂိုဏ်းဟူ၍ ဂိုဏ်း (၄) ဂိုဏ်း ကွဲပြားခဲ့၏။ ထို့နောက် မူလသဗ္ဗတ္ထိဝါဒဂိုဏ်းထဲမှ သဗ္ဗတ္ထိဝါဒဂိုဏ်း မဟိသာသကဂိုဏ်း၊ ဓမ္မဂုတ္တကဂိုဏ်းနှင့် ကဿပိယဂိုဏ်းတို့ ထပ်မံ၍ ကွဲထွက်ခဲ့၏။

ဝိနိတဒေဝ ၏ မှတ်တမ်းတွင်လည်း ယိချင်နည်းတူ မူလဗုဒ္ဓဝါဒမှ ထာဝိရ ဝါဒဂိုဏ်း၊ မဟာသံဃိကဂိုဏ်း၊ သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် သမ္မိတိယဂိုဏ်းဟူ၍ ဂိုဏ်း (၄) ဂိုဏ်း ကွဲပြား၏။ မဟာသံဃိကဂိုဏ်းဖက်မှ ပုဗ္ဗသေလိယဂိုဏ်း၊ အပရသေလိယ ဂိုဏ်း၊ ဟေမဝတဂိုဏ်း၊ လောကုတ္တရာဝါဒဂိုဏ်းနှင့် ပညတ္တိဝါဒဂိုဏ်းများ ဆက် လက် ကွဲပြားကြသည်ဟု ဆိုသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်းမှ မူလသဗ္ဗတ္ထိဝါဒဂိုဏ်း၊ ကဿပိယဂိုဏ်း၊ မဟိသာသကဂိုဏ်း၊ ဓမ္မဂုတ္တကဂိုဏ်း၊ ဗဟုသုတိယဂိုဏ်း၊ တမ္ဗ စေတိယဂိုဏ်း၊ ဝိဘဇ္ဇဝါဒဂိုဏ်း စသည်တို့ ပေါ်ထွက်လာခဲ့သည်။ ထေရဝါဒမှ ဧရာဝဏ်ဂိုဏ်း၊ အဘယဂီရိဝါသီဂိုဏ်းနှင့် မဟာဝိဟာရဝါသီဂိုဏ်းတို့ ပေါ်ပေါက် ခဲ့သည်ဟု ဆို၏။ နောက်ဆုံး သမ္မိတိယဂိုဏ်းမှ ကုရုကုလ္လကဂိုဏ်း၊ အဝန္တကဂိုဏ်း နှင့် ဝဇ္ဇီပုတ္တကဂိုဏ်းတို့ ပေါ်လာခဲ့သည်။

တာရာနာထ၏ သုံးသပ်ချက်များ

ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းများ အဆင့်ဆင့်ကွဲပုံသည် ရှုပ်ထွေးလွန်းပြီး မှတ်တမ်းအမျိုးမျိုး ဖြစ်နေသောကြောင့် ယင်းမှတ်တမ်းများက တိဗက်သမိုင်းပညာရှင် တာရာနာထက အနှစ်ချုပ် သတ္တုချ သုံးသပ်ပေးခဲ့၏။

(၁) ကဿပီယဂိုဏ်းနှင့် သုဝါသကဂိုဏ်းတို့သည် အတူတူ ဖြစ်၏။

(၂) သင်္ကန္တဝါဒ ဥတ္တရိယနှင့် တမ္ဗစေတီယဂိုဏ်းများသည် အတူတူဖြစ်၏။

(၃) မဟာဒေဝ၏ နောက်လိုက်များ ဖြစ်သော ပုဗ္ဗသလိယဂိုဏ်းနှင့် စေတိကဂိုဏ်းများသည် အတူတူဖြစ်၏။

(၄) လောကုတ္တရာဝါဒီဂိုဏ်းနှင့် ကုက္ကုတိကဂိုဏ်းတို့သည် တစ်ခုတည်းသော ဂိုဏ်း၏ အမည်ကွဲများ ဖြစ်ကြ၏။

(၅) ကေဗျာဟာရိကဂိုဏ်းသည် စင်စစ်အားဖြင့် မဟာသံဃိကဂိုဏ်းသာ ဖြစ်၏။

(၆) ကုရုကုလ္လကဂိုဏ်း၊ ဝဇ္ဇိပုတ္တကဂိုဏ်း၊ ဓမ္မုတ္တရိယဂိုဏ်း၊ ဘဒ္ဒယာနိယဂိုဏ်းနှင့် ဆန္နဂိရိကဂိုဏ်းတို့သည် အမည်ကွဲသော်လည်း တစ်ထပ်တည်း တူညီသော ဓမ္မအမြင်ကို ခံယူကြသည့်ဂိုဏ်းများ ဖြစ်ကြ၏။[၁၂]

ထိုနည်းတူစွာ ဗုဒ္ဓစာပေပညာရှင် အွန်ဒရေဘာရီး (André Bareau)ကလည်း အောက်ပါသုံးသပ်ချက်များကို တင်ပြခဲ့၏။

(၁) မဟီသာသကဂိုဏ်း၊ မဟာသံဃိကဂိုဏ်း၊ ဝိဘဇ္ဇဝါဒဂိုဏ်း၊ ဓမ္မဂုတ္တကဂိုဏ်းနှင့် အန္ဓကဂိုဏ်းများသည် အလွန်နီးစပ်သော ဆက်သွယ်မှု ရှိကြ၏။

(၂) သီဟိုဠ် ထေရဝါဒဂိုဏ်းနှင့် ကသ္မီရမှ သဗ္ဗတ္ထိဝါဒဂိုဏ်းတို့တွင် ဆင်တူသော အယူအဆများ ရှိကြ၏။

(၃) ဝဇ္ဇိပုတ္တကဂိုဏ်းနှင့် သမ္မတိယဂိုဏ်းတို့သည် ဆင်တူသော အယူအဆများ ရှိကြ၏။

(၄) ဒိဋ္ဌန္တိကဂိုဏ်းနှင့် သုတ္တန္တိကဂိုဏ်းတို့သည် တစ်အုပ်စုတည်း ဖြစ်ကြ၏။

အေ ဘာရိုး၏ သုံးသပ်ချက်တွင် အားနည်းချက်များ ပါဝင်နေသည်ကို တွေ့ရ၏။ ဥပမာ ထေရဝါဒမှ ဆင်းသက်သော မဟီသာသကဂိုဏ်းကို မဟာသံဃိကနှင့် တစ်အုပ်စုတည်းထားခြင်း၊ ထေရဝါဒနှင့် သဗ္ဗတ္ထိဝါဒကို ဆင်တူသော အယူ

၁၂။ **Baruah, Bibhuti. Buddhist Sects and Sectarianism. 2008. p. 19**

အဆဟု ဆိုခြင်းများဖြစ်၏။ ယခု မူလထာဝရသံဃာမှ စတင်ကွဲထွက်သော **အကြို့မဟာယာန** (Proto-Mahayana) ဟု သတ်မှတ်ခြင်းခံရသော မဟာသံဃိကဂိုဏ်း၏ အကြောင်းကို စတင်လေ့လာကြည့်ကြပါစို့။

မဟာသံဃိကဂိုဏ်း

မဟာသံဃိကဂိုဏ်းသည် ရှေးဟောင်း ဗုဒ္ဓဝါဒဂိုဏ်းတစ်ခုဖြစ်ပြီး ကြီးမားသော သံဃာအစုအဝေးဟူသော အနက်အဓိပ္ပာယ် ရှိ၏။ ဗုဒ္ဓစာပေပညာရှင်တို့ အလိုအရ ယင်း ဂိုဏ်း၏ ဝိနယ ပိဋကတ်သည် အစောဆုံး မှတ်တမ်းဝင်ဖြစ်ပြီး မဟာသံဃိကဂိုဏ်းသည် အကြို့မဟာယာန ဖြစ်သည်ဟု ယူဆကြလေသည်။[၁၃] ဂျပန်နိုင်ငံ မေဂျိုခေတ်မှ ဗုဒ္ဓစာပေပညာရှင်များကလည်း မဟာသံဃိကဂိုဏ်းကို မဟာယာန ဗုဒ္ဓဘာသာ၏ မြစ်ဖျားခံရာ မူလရင်းမြစ်အဖြစ် မှတ်ယူကြ၏။[၁၄] ဗုဒ္ဓဝါဒ သမိုင်းပညာရှင် အေကေဝါဒါး ကလည်း ထိုနည်းတူ ရှုမြင်ပါသည်။[၁၅] အေကေဝါဒါး၏ အလိုအရ မဟာယာနဗုဒ္ဓဘာသာသည် အန္ဓရတိုင်းတွင် အခြေခံ၍ ဖြစ်ထွန်းပေါ်ပေါက်ခဲ့၏။[၁၆] ရှရီပဒ္ဓမနှင့် အန်တိုနီဘာဘားတို့ အမြင်အရလည်း မဟာယာနဗုဒ္ဓဘာသာ၏ အဓိကတွေးခေါ်ရှင်များ ဖြစ်ကြသော နာဂဇုန်၊ ဒိန္နာဂ၊ စန္ဒြကိတ္တိ၊ အရိယဒေဝနှင့် ဘာဝဝိဝေကတို့သည် အန္ဓရတိုင်းရှိ ဗုဒ္ဓဘာသာကျောင်းတိုက်များတွင် သီတင်းသုံးနေထိုင်းရင်းဌင်းတို့၏ ဗုဒ္ဓဓမ္မကျမ်းဂန် စာပေများကို ရေးသားခဲ့ကြသည်ဟု ဆို၏။[၁၇]

သို့သော်လည်း ဗုဒ္ဓစာပေသုတေသီတို့အတွက် အားထားလောက်စရာ မဟာသံဃိကဂိုဏ်း၏ စာပေပိဋကတ်များ မကြွင်းကျန်ရစ်တော့သောကြောင့် မဟာသံဃိကဂိုဏ်း၏ ပုံရိပ်အမှန်မှာ အတန်ငယ် ဝေဝါးလျက် ရှိ၏။ မဟာသံဃိကဂိုဏ်း၏ ဩဝါဒပါတိမောက်ကို သက္ကတမူရင်းဖြင့် ရရှိထားပြီး ဌင်းဂိုဏ်း၏ ဝိနည်းပိဋကတ်ကို မဟာဝတ္ထုကျမ်း၏ အစိတ်အပိုင်းတစ်ခုအဖြစ်သာ ရရှိထား၏။ အဆိုပါ ပိဋကတ်အပိုင်းအစများနှင့် ဘာမီယန်ဒေသမှရရှိသော ရှေးဟောင်းဗုဒ္ဓစာပေ ပိဋကတ်အပိုင်းအစ အနည်းငယ်မှလွဲ၍ မဟာသံဃိကဂိုဏ်း၏ စာပေပိဋကတ်ကျမ်းစာများသည် လုံးဝပျောက်ဆုံးခဲ့ရပြီဖြစ်၏။

၁၃။ **Williams, Paul. The Origins and Nature of Mahāyāna Buddhism. 2004. p. 181-2**

၁၄။ **Williams, Paul. The Origins and Nature of Mahāyāna Buddhism. 2004. p. 380**

၁၅။ **Warder, A.K. Indian Buddhism. 2000. p. 11**

၁၆။ **Warder, A.K. Indian Buddhism. 2000. p. 313**

၁၇။ **Padma, Sree. Barber, Anthony W. Buddhism in the Krishna River Valley of Andhra. SUNY Press 2008, pg. 1.)**

ဗုဒ္ဓစာပေပညာရှင် အွန်ဒရေဘာရိုး၏ လေ့လာတွေ့ရှိချက်အရ မဟာယာန ဗုဒ္ဓဘာသာ၏ ရှိမူဗေဒဆိုင်ရာ အမြင်များကို မဟာသံဃိကဂိုဏ်းကွဲများ၏ အယူအဆများတွင် တွေ့ရှိရသည်ဟု ဆိုပါသည်။ ဩဒစ္စ၊ ကောသလ၊ ကောကဏ စသော ဒေသများတွင် ကျက်စားသော ဂိုဏ်းများတွင် ထိုအယူအဆများကို ပို၍ထင်ထင်ရှားရှား တွေ့မြင်ရကြောင်း ဗဟုသုတိယနှင့် ပညတ္တိဝါဒီဂိုဏ်းသားများသည် မဟာယာန အယူအဆများ ပြန့်ပွား စီးဆင်းလည်ပတ်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ လှုပ်ရှားခဲ့ကြောင်း ဆိုပါသည်။ ထို့အတူပင် တရုတ်ရဟန်းတော် ရွှင်ကျန်နှင့် ယီကျင်းတို့၏ ခရီးသွားမှတ်တမ်းများတွင်လည်း အေဒီ (၇) ရာစုတွင် မဟာသံဃိကဂိုဏ်းမှာ ကွယ်ပျောက်တိမ်မြုပ်ခဲ့ပြီဖြစ်ပြီး ၄င်းနေရာတွင် မဟာယာနဗုဒ္ဓဘာသာကျောင်းတိုက်များက အစားထိုး ဝင်ရောက်နေပုံကို မြင်တွေ့ခဲ့ရကြောင်း မှတ်တမ်းတင်ထားပါသည်။[၁၈]

ထို့အပြင် အေဒီ (၅) ရာစု တွင် အိန္ဒိယသို့ရောက်ရှိခဲ့သော တရုတ်ရဟန်းတော် ဖာဟီယန် (Fa Hien) ကလည်း ပါဋလိပုတ်မြို့တွင်ရှိသော မဟာယာနကျောင်းတိုက်တစ်ခုမှ မဟာသံဃိကဂိုဏ်း၏ ဝိနည်းပိဋကတ်တစ်စုံကို ရရှိခဲ့ကြောင်း မှတ်တမ်းတင်ထားခဲ့သည်ကို တွေ့ရ၏။[၁၉] မဟာသံဃိကဂိုဏ်း၏ မူလတည်နေရာမှာ မဂဓတိုင်းဖြစ်ပြီး နောက်ပိုင်း မထုရာနှင့် ကာလိဒေသများလည်း အရေးပါသော မဟာသံဃိကဂိုဏ်းနေရာများ ဖြစ်လာခဲ့လေ၏။ ၄င်း၏ ဂိုဏ်းကွဲများဖြစ်သော ကုက္ကုဋိကဂိုဏ်းသည် အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဗာရာဏသီနှင့် ပါဋလိပုတ်တို့တွင် အခြေတည်ကြသည်ကို တွေ့ရ၏။[၂၀]

၄င်းတို့အနက် ဧကဗျာဟာရိကနှင့် လောကုတ္တရာဝါဒဂိုဏ်းများသည် ပက်ရှ်ဝါတွင်၄င်း၊ (ဘီစီ ၂၀၀ ခန့်) ဗဟုသုတိယဂိုဏ်းသည် ကောသလတိုင်းတွင်၄င်း တည်နေခဲ့ကြလေသည်။ ထို့အတူ မဟာသံဃိကမှ ထပ်ဆင့်ကွဲပြားခဲ့သော စေတိကဂိုဏ်းသည် အန္ဓာရတိုင်းတွင်းရှိခဲ့ပြီး ၄င်း (အထူးသဖြင့် အမရဝတီနှင့် နာဂဇုနကုဏ္ဍ) ဒေသများတွင် ကျက်စားခဲ့ကြ၏။ ယင်းဂိုဏ်းတွင် ပုဗ္ဗသေလိယဂိုဏ်း၊ အပရသေလိယဂိုဏ်း၊ ရာဇဂိရိကဂိုဏ်းနှင့် သိဒ္ဓတ္ထိကဂိုဏ်းများ ပါဝင်ခဲ့ကြ၏။ ပညတ္တိဝါဒဂိုဏ်း

၁၈။ Ray, Reginald. Buddhist Saints in India: A Study in Buddhist Values and Orientations. 1999. p. 426

၁၉။ Walser, Joseph. Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture. 2005. p. 40

၂၀။ Warder, A.K. Indian Buddhism. 2000. p. 281

ကမ္ဘ မဏ္ဍဒေသ (မာဓျပရာဒက်ရှ်) တွင် ရှိနေခဲ့ကြ၏။[၂၁] အလွန်ဆန်းကြယ်လှပစွာ တန်ဆာဆင်ထားသော နံရံဆေးရေးပန်းချီများ တည်ရှိသည့် နာမည်ကျော် အာဂျန်တာလျိုဏ်ဂူ၊ ဧလိုရာလျိုဏ်ဂူနှင့် ကာလလျိုဏ်ဂူများသည် မဟာသံဃိကဂိုဏ်းနှင့် ပတ်သက် ဆက်နွယ်လျက် ရှိခဲ့၏။[၂၂] မဟာသံဃိကဂိုဏ်း၏ မူလ စတင်ရာကာလသည် ဒုတိယသင်္ဂါယနာတင်ကာလဟု ဆိုကြသော်လည်း စင်စစ် မည်သည့်အကြောင်းကို မူတည်၍ ဂိုဏ်းကွဲပြားသည့်အကြောင်းနှင့် ပတ်သက်၍ အယူအဆမတူကြသော်လည်း ယင်းကာလတွင် ထေရဝါဒနှင့် မဟာသံဃိကဂိုဏ်းတို့ စတင် ကွဲပြားခဲ့ကြောင်းကို ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက တညီတညွတ်တည်း ထောက်ခံကြ၏။[၂၃]

ရှေးဟောင်းဗုဒ္ဓစာပေပညာရှင် အန်ဒရူးစကိလ်တန် (Andrew Skilton)၏ အလိုအရဆိုလျှင် ဂိုဏ်းကွဲမှုအကြောင်း ရှေးအကျဆုံး ဝိနည်းမှတ်တမ်းဖြစ်သော မဟာသံဃိကဂိုဏ်း၏ သာရိပုတ္တရာပရိပုစ္ဆာကျမ်းကို လေ့လာကြည့်ခြင်းအားဖြင့် အမြင်ရှင်းနိုင်သည်ဟု ဆိုပါသည်။ ယင်းမှတ်တမ်း၏ အလိုအရ မဟာသံဃိကဂိုဏ်းသည် ထာဝိရဝါဒဂိုဏ်း၏ အသစ်တိုးချဲ့သော ဝိနည်းစည်းကမ်းများကို လက်မခံနိုင်သောကြောင့် ဂိုဏ်းကွဲပြားရကြောင်း ထာဝိရဂိုဏ်းသည် မူလသံဃာမှ ခွဲထွက်ခြင်းဖြစ်ကြောင်း အစဉ်အလာကို ဆန့်ကျင်နေသော အမြင်သစ်ဖြင့် တင်ပြထားသည်ကို တွေ့ရ၏။ ပညာရှင်တို့အလိုအရ ထာဝိရဝါဒဂိုဏ်း၏ ဝိနယသည် မဟာသံဃိက ဝိနယထက် ပိုလွန်၍ များပြားနေသောကြောင့် မဟာသံဃိကဝိနယသည် ရှေးအကျဆုံး ဝိနည်းဖြစ်နိုင်ကြောင်း ကြံစည်သုံးသပ်၍ ဆိုကြ၏။[၂၄]

မဟာသံဃိက ရဟန်းတို့၏ အသွင်အပြင်

အေဒီ ၁၄၈ နှင့် ၁၇၀ အကြားတွင် အန်ရှိဂေါင်အမည်ရှိသော ပါသီယန်ရဟန်းတော်တစ်ပါးသည် တရုတ်ပြည်သို့ရောက်ရှိ၍ ကာဆာယ (ဗုဒ္ဓရဟန်းတော်များ၏သင်္ကန်း) အမျိုးမျိုးနှင့်ပတ်သက်၍ မှတ်တမ်းပြုထားသော ကျမ်းတစ်စောင်ကို ဘာသာပြန်ဆိုခဲ့၏။[၂၅] မဟာသံဃိကဂိုဏ်း၏ သာရိပုတ္တရာပရိပုစ္ဆာကျမ်းတွင်လည်း မဟာသံဃိက

၂၁။ Elizabeth Cook. Light of Liberation: A History of Buddhism in India. Dharma Publishing, 1992. p. 242-243.

၂၂။ Padma, Sree. Barber, Anthony W. Buddhism in the Krishna River Valley of Andhra. SUNY Press 2008, pg. 2.

၂၃။ Skilton, Andrew. A Concise History of Buddhism. 2004. p. 47.

၂၄။ Skilton, Andrew. A Concise History of Buddhism. 2004. p. 47-48- 64.

၂၅။ Hino, Shoun. Three Mountains and Seven Rivers. 2004. p. 55.

ရဟန်းတို့၏ အသွင်အပြင်ကို မှတ်တမ်းတင်ခဲ့ရာတွင် ကျမ်းနှစ်ခုစလုံးက မဟာသံဃိကရဟန်းတို့သည် **အဝါရောင်အဆင်းရှိသောသင်္ကန်း**ကို ဆင်မြန်းကြကြောင်း ဆို၏။[၂၆] မဟာသံဃိကရဟန်းတို့သည် ကျမ်းဂန်စာပေကို အထူး ကိုင်းညွှတ် လိုက်စားကြကြောင်း၊ အဝါရောင်သင်္ကန်းတော်ကို လက်ဝဲဖက်သို့ တင်းရင်းစွာဝတ်ဆင်ကြကြောင်း ဖော်ပြထား၏။[၂၇] ဒုဂျုန်ရင်ပိုချို၏ အလိုအရ မဟာသံဃိကရဟန်းတို့၏ အပေါ်ရုံသင်္ကန်းသည် အနည်းဆုံး (၇) ခန်းမှ အများဆုံး (၂၃) ခန်း အထိ စပ်၍ ချုပ်လုပ်ရကြောင်း၊ သီရီဝစ္ဆ (အဆုံးမရှိသော ကြိုးထုံးသဏ္ဌာန်) နှင့် ခရုသင်း (သင်္ခ်) ကို သင်္ကေတအနေဖြင့် ထိုးထားလေ့ရှိကြောင်း သိရပါသည်။[၂၈]

တရုတ်ဗုဒ္ဓသမိုင်းပညာရှင် ကျိုဟွာယောင်၏ အလိုအရ ရှေးဦးဗုဒ္ဓဘာသာ ဂိုဏ်းများ၏ ကျမ်းစာများအတွက် အသုံးပြုသော ကျမ်းစာသုံး ဘာသာစကားများကို ကြည့်ရာတွင် မဟာသံဃိကဂိုဏ်းက ပြာကရစ်ဘာသာကို လည်းကောင်း၊ သဗ္ဗတ္ထိဝါဒ ဂိုဏ်းက သင်္ကာဘာသာကို လည်းကောင်း၊ ထာဝိရဝါဒဂိုဏ်းက ပေရာစီဘာသာကို လည်းကောင်း၊ သမ္မိတိယဂိုဏ်းက အပဘြမ္ဘာသာ လည်းကောင်း အသီးသီးကို အသုံးပြုကြသည်ကို သိရှိရကြောင်း ဆိုထား၏။[၂၉] ထို့ကြောင့် မဟာ သံဃိကဂိုဏ်းသည် မိမိတို့၏ ပိဋကတ်စာပေကို ထိုခေတ်ကာလက ပြည်သူအများ အသုံးပြုသော ပြာကရစ်ဘာသာစကားနှင့် မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရ၏။ မဟာသံဃိကဂိုဏ်းသည် (သမ္မုတိသစ္စာ နှင့် ပရမတ္ထသစ္စာ) သစ္စာနှစ်မျိုး ခွဲခြားသောအမြင်ကို လက်ခံခဲ့၏။[၃၀] ထို့အပြင် ရှင်တော်ဗုဒ္ဓ၏ တရားဓမ္မ အနက်ရှိုင်းဆုံး အဓိပ္ပာယ်သည် ဘာသာစကားဝေါဟာရ အကန့်အသတ်ကို ကျော်လွန်နေသည်ဟု ယူဆကြ၏။[၃၁]

ဗုဒ္ဓနှင့် ဗောဓိသတ္တများအပေါ်ရှုမြင်ပုံ

မဟာသံဃိကဂိုဏ်းသည် ဗုဒ္ဓနှင့် ဗောဓိသတ္တများကို လောကီလွန် (Transcendentals) များအဖြစ် ယုံကြည်ပြီး ရဟန္တာများ၏အဆင့် ပြန်လည် လျော့ကျနိုင်ခြင်းကို လက်ခံ

၂၆။ **Hino, Shoun. Three Mountains and Seven Rivers. 2004. p. 55**

၂၇။ **Bhikkhu Sujato. Sects & Sectarianism: The Origins of Buddhist Schools. 2006. p. i) + (Baruah, Bibhuti. Buddhist Sects and Sectarianism. 2008. p. 47.**

၂၈။ **Dudjom Rinpoche. Perfect Conduct: Ascertaining the Three Vows. 1999. p. 16.**

၂၉။ **Yao, Zhihua. *The Buddhist Theory of Self-Cognition*. 2012. p. 9.**

၃၀။ **Baruah, Bibhuti. *Buddhist Sects and Sectarianism*. 2008. p. 48.**

၃၁။ **Buescher, John. *Echoes from an Empty Sky: The Origins of the Buddhist Doctrine of the Two Truths*. 2005. p. 46.**

ကြလေသည်။ မဟာသံဃိကဂိုဏ်းနှင့် ယင်း၏ ဂိုဏ်းကွဲများ ဖြစ်ကြသော ဧကဗျာဟာရိက လောကုတ္တရာဝါဒနှင့် ကုက္ကုဋ္ဋိကဂိုဏ်းတို့နှင့် သက်ဆိုင်သော သမယဘေဒါပရစနချက္ကရကျမ်းတွင် ဖော်ပြထားသော အဆိုဝါဒ (၄၈) ပါး အနက် အပါး (၂၀) သည် ဗုဒ္ဓနှင့် ဗောဓိသတ္တများနှင့် သက်ဆိုင်နေသည်ကို တွေ့ရ၏။[၂၂] သမယဘေဒါပရစနချက္ကရကျမ်း၏ သဗ္ဗညုတဉာဏ်တော် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဗုဒ္ဓသည် အတိတ် ပစ္စုပ္ပန် အနာဂတ် အတွင်းအပြင် အနီးအဝေး ဓမ္မတရားအားလုံးကို မိမိ၏ ဉာဏ်အစွမ်းဖြင့် တစ်ပြိုင်နက်တည်း သိမြင်နိုင်ဟု ဆိုထားသည်ကိုတွေ့၏။ မဟာသံဃိကဂိုဏ်းသည် ရှင်တော်ဗုဒ္ဓ၏ ဉာဏ်တော်အနန္တကို လက်ခံထားသလို အောက်ပါအချက်များကိုလည်း လက်ခံထားကြောင်း သိရ၏။[၂၃]

- တထာဂတဘုရားရှင်၏ တန်ခိုးတော်တို့သည် အကန့်အသတ်မရှိ (ဘုန်းတော် အနန္တ)။
- တထာဂတဘုရားရှင်၏ အာယုသက်တမ်းသည် အကန့်အသတ် မရှိ (ကံတော်အနန္တ)။[၂၄]
- ရှင်တော်ဗုဒ္ဓ၏ ပကတိသဘာဝသည် မအိုမနာမသေနိုင်သော ဓမ္မကာယ ဖြစ်၏။
- ဂေါတမဗုဒ္ဓ အနေဖြင့် ပွင့်ပေါ်လာခြင်းသည် ယာယီဖော်ဆောင်မှု နိမ္မာနကာယ အသွင်သာဖြစ်၏။[၂၅]

မဟာသံဃိကဂိုဏ်းသည် အရပ်ဆယ်မျက်နှာတွင် အကန့်အသတ် မရှိသော ဗုဒ္ဓရှင်တော်များ ပြိုင်တူပွင့်ထွန်းနေခြင်း အယူအဆကို လက်ခံခဲ့၏။ လောကာနုဝတ္တာနုသုတ္တန်တွင် ရှင်တော်ဗုဒ္ဓသည် အကန့်အသတ်မရှိသော ဗုဒ္ဓရှင်တော်များ၏ တရားဓမ္မများကို သိမြင်နားလည်တော်မူကြောင်း၊ အားလုံးသော အကန့်အသတ်မရှိသော ဗုဒ္ဓရှင်တော်များသည် တရားကိုယ်အားဖြင့် တစ်ခုတည်းသော ဓမ္မကာယသာ ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရ၏။[၂၆] မဟာသံဃိကဂိုဏ်း၏ သမယ

၂၂။ **Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. p. 56.**

၂၃။ **Yao, Zhihua. *The Buddhist Theory of Self-Cognition*. 2005. p. 11.**

၂၄။ **Tanaka, Kenneth. *The Dawn of Chinese Pure Land Buddhist Doctrine*. 1990. p. 8.**

၂၅။ **Guang Xing. *The Concept of the Buddha: Its Evolution from Early Buddhism to the Trikaya Theory*. 2004. p. 53 Sree Padma. Barber, Anthony W. Buddhism in the Krishna River Valley of Andhra. 2008. pp. 59-60.**

36 **Guang Xing. *The Concept of the Buddha: It's Evolution from Early Buddhism to the Trikaya Theory*. 2004. p. 65**

ဘေဒေါပရစနချက်ကရက်ျမ်းတွင် ခပ်သိမ်းသော လောကဓာတ်စကြဝဠာ အသီးသီးတို့မှာ ဗောဓိသတ္တ အသီးသီးတို့သည် ဗုဒ္ဓအဖြစ်သို့ရောက်ရှိရေးအတွက် တစ်ပြိုင်နက်တည်း ကြိုးစားနေကြကြောင်းကို လည်းရေးသားဖော်ပြထား၏။[၃၇]

ရှေးအကျဆုံး မဟာယာနကျမ်းဂန်တစ်ဆူဖြစ်သည့် မဟာပညာပါရမီတာသျှတ္တရတွင် ဤအယူအဆများ၏ လွှမ်းမိုးမှုကို တွေ့ရှိရ၏။[၃၈] မဟာပညာပါရမီတာသျှတ္တရက ချယ်မှုန်းပြသသော ရုပ်ပုံလွှာမှာ သာဝတ္ထိပြည်ဇေတဝန်ကျောင်းကဲ့သို့သော ပတ်ဝန်းကျင်မျိုးမဟုတ်မူပဲ အနန္တစကြဝဠာ နောက်ခံကားချပ်ပေါ်တွင် အရေအတွက် အကန့်အသတ်မရှိအောင် များပြားလွန်းလှသော ရှင်တော်ဗုဒ္ဓအဆူဆူနှင့် ကျင့်ပြီး ကျင့်ဆဲ ဗောဓိသတ္တအဆူဆူတို့ ပါဝင်နေသော ရုပ်ပုံလွှာ ဖြစ်လေသည်။ အေဒီ (၇) ရာစုတွင် တရုတ်ရဟန်းတော် ရွှင်ကျန် (Xuanzang) သည် ဘာမီယန်ဒေသ (အာဖဂန်နစ္စတန်)ရှိ မဟာသံဃိက - လောကုတ္တရာဝါဒကျောင်းတိုက်တစ်ခုသို့ ရောက်ရှိခဲ့ပြီး ယခုအခါတွင် အဆိုပါကျောင်းတိုက်ကို ရှေးဟောင်းသုတေသီ ပညာရှင်တို့က တူးဖော်တွေ့ရှိပြီး ဖြစ်၏။ ထိုဒေသမှ သစ်ခေါက်ပေရွက်များပေါ်တွင် ဂန္ဓာရီဘာသာစကားဖြင့် ရေးသားထားသော ပိဋကတ်ကျမ်းစာများကို တူးဖော်တွေ့ရှိခဲ့ကြ၏။ အချို့ ကျမ်းစာများမှာ ခါရော့ဋ္ဌိ (Kharosthi) အက္ခရာဖြင့် ရေးသားထားပြီး အချို့ကျမ်းစာများမှာ သင်္ကတဘာသာကို ဂုပ္တ (Gupta) အက္ခရာဖြင့် ရေးသားထား၏။[၃၉] တွေ့ရှိရသော အဆိုပါ ပိဋကတ်ကျမ်းစာများကို လေ့လာကြည့်သောအခါတွင် အောက်ပါသုတ္တန်များ ပါဝင်နေသည်ကို တွေ့ရ၏။

- မဟာသံဃိက - လောကုတ္တရာဝါဒ၏ ပါတိမောက္ခဝိဘင်္ဂကျမ်း၊
- မဟာနိဒ္ဒာနသုတ္တန်၊
- စင်္ကီသုတ္တန်၊
- ဝဇီရစ္ဆေဒိကာ ပညာပါရမီတာသုတ္တန်၊
- ဘေသဇ္ဇဂုရု သုတ္တန်၊
- သီရီမာလာဒေဝီ သီဟနာဒသုတ္တန်၊
- ပဝါရဏာ သုတ္တန်၊
- သဗ္ဗဓမ္မပဝတ္တိနိဒ္ဒေသ သုတ္တန်၊

၃၇။ Guang Xing. *The Concept of the Buddha: It's Evolution from Early Buddhism to the Trikaya Theory*. 2004. p. 66

၃၈။ Guang Xing. *The Concept of the Buddha: It's Evolution from Early Buddhism to the Trikaya Theory*. 2004. pp. 65-66.

၃၉။ Schøyen Collection: Buddhism". Retrieved 23 June 2012.

- အဇာတသတ္တုကောတျဝိနောဒန သုတ္တန်၊
- သာရိပုတ္တရာ အဘိဓမ္မ သျှတ္တရ၊

ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းကွဲများအနက် မဟာသံဃိကဂိုဏ်းသည် အဘိဓမ္မာပိဋကတ်ကို ဘုရားဟောအဖြစ် လက်မခံသော ဂိုဏ်းကြီးအဖြစ် ထင်ရှားခဲ့၏။[၄၀] ထေရဝါဒဂိုဏ်း၏ ဒီပဝံသကျမ်း (ဒီပဝင်)တွင်လည်း မဟာသံဃိကဂိုဏ်းတွင် အဘိဓမ္မာပိဋကတ်မရှိကြောင်း အတည်ပြုထားခဲ့၏။ သို့သော်လည်း အခြားတွေ့ရှိရသော မှတ်တမ်းများအရ မဟာသံဃိကဂိုဏ်းတွင် အဘိဓမ္မာစာပေ လေ့လာမှုရှိကြောင်း သိရ၏။ အေဒီ (၅) ရာစုတွင် တရုတ်ခရီးသည် ရဟန်းတော် ဖာဟီယန်သည် ပါဋလိပုတ္တမြို့တော်တွင်ရှိသော ကျောင်းတိုက်တစ်ခုတွင် မဟာသံဃိကဂိုဏ်း၏ အဘိဓမ္မာစာပေကျမ်းဂန် အမြောက်အများ တွေ့ရှိခဲ့ကြောင်းဆို၏။[၄၁]

တရုတ်ရဟန်းတော် ရွှင်ကျန်ကလည်း မဟာသံဃိကဂိုဏ်း အားကောင်းသော ဓာညကဋက (Dhanyakataka) အရပ်သို့ ရောက်ရှိရာတွင် မဟာသံဃိကဂိုဏ်းကွဲတစ်ခုဖြစ်သော ပုဗ္ဗသေလိယဂိုဏ်းသား‌တို့နှင့် တွေ့ဆုံခဲ့ရကြောင်းကို အထူးသဖြင့် မှတ်တမ်းတင်ခဲ့၏။ သူသည် မဟာသံဃိက အဘိဓမ္မာကို ယင်းရဟန်းတော်များထံမှာ လပေါင်းများစွာ ဆည်းပူးလေ့လာခဲ့ကြောင်း၊ ၄င်း‌တို့ကလည်း ရွှင်ကျန်ထံမှ မဟာယာနသုတ္တန်တရားများနှင့် သျှတ္တရများကို ပြန်လည်လေ့လာသင်ယူခဲ့ကြောင်း မှတ်တမ်းပြုထား၏။[၄၂] နာဂဇုနကုဏ္ဍဒေသမှ ကျောက်စာအထောက်အထားများနှင့် အခြား ပိဋကတ်စာပေ အထောက်အထားများကို ထောက်ချင့်လျက် အချို့သော မဟာသံဃိကဂိုဏ်းခွဲများသည် ကျမ်း ၅ကျမ်း ၆ ကျမ်း ခန့် ပါဝင်နေသော ကိုယ်ပိုင် အဘိဓမ္မာစာပေ ရှိနေခဲ့သည်မှာ အသေအချာဖြစ်ကြောင်း မဟာယာန ဗုဒ္ဓစာပေ ပညာရှင် ဂျိုးဇက်ဝယ်လဆာ (Joseph Walser) က ကောက်ချက်ချခဲ့၏။[၄၃]

အေဒီ (၆) ရာစုခန့်တွင် ဥဂျာန် (ဥဇ္ဇေနီတိုင်း) မှ ရဟန်းတော် ပရမတ္ထမထေရ်က မဟာသံဃိကဂိုဏ်းနှင့် မဟာယာန ဗုဒ္ဓဘာသာတို့ ၏ လေးနက်စွာ ဆက်သွယ်နေမှုကို စတင်ဖော်ပြခဲ့၏။ ရှေးဦးမဟာယာန သုတ္တန်များကို မဟာသံဃိကဂိုဏ်းမှ စတင်

၄၀။ **"Abhidhamma Pitaka." Encyclopædia Britannica. Ultimate Reference Suite. Chicago: Encyclopædia Britannica, 2008.**

၄၁။ **Walser, Joseph. Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture. 2005. p. 213.**

၄၂။ **Baruah, Bibhuti. Buddhist Sects and Sectarianism. 2008. p. 437.**

၄၃။ **Walser, Joseph. *Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture.* 2005. pp. 212-213**

စုဆောင်းခဲ့ကြောင်း ဆိုဓ၏။[၄၄] ပရမတ္ထမထေရ်၏ အလိုအရ ရှင်တော်ဗုဒ္ဓ မဟာပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်ပေါင်း (၂၀၀) ခန့်အကြာတွင် မဟာသံဃိကဂိုဏ်းသည် ရာဇဂြိုဟ်မြို့တော်၏ မြောက်ဘက်သို့ ရွှေ့လျားခဲ့ကြ၏။ ထို့နောက် ၄င်းဂိုဏ်းတွင် မဟာယာနသုတ္တန်များကို လက်ခံ မခံ အရေးကိစ္စနှင့် ပတ်သက်၍ အယူအဆမတူညီပဲ ဂိုဏ်းသစ်များ ထပ်မံကွဲပြားကြ၏။ ပရမတ္ထမထေရ်၏ မှတ်တမ်းအရ မဟာသံဃိကဂိုဏ်းသည် မဟာယာနသုတ္တန်များကို အပြည့်အဝလက်ခံသည့်အုပ်စု၊ တစ်ချို့တစ်ဝက် လက်ခံသည့်အုပ်စုနှင့် လုံးဝ လက်မခံသည့်အုပ်စု ဟူ၍ အဓိက အုပ်စုကြီးသုံးခု ကွဲပြားခဲ့သည်ဟု ဆိုပါသည်။[၄၅] ပရမတ္ထမထေရ်၏ မှတ်တမ်းအရဆိုရလျှင် ကုက္ကုဋိကဂိုဏ်းသည် မဟာယာနသုတ္တန်များကို ဘုရားဟောအဖြစ် လက်မခံသော်လည်း လောကုတ္တရာဝါဒီများနှင့် ဧကဗျာဟာရိကဂိုဏ်းတို့ကမူ မဟာယာနသုတ္တန်များကို ဘုရားဟောအဖြစ် လက်ခံခဲ့ကြသည် ဟူ၏။[၄၆] ထို့ကြောင့် ရှေးဦး မဟာယာနသုတ္တန် ပိဋကတ်၏ သန္ဓေတည် မွေးဖွားရာသည် မဟာသံဃိကဂိုဏ်းပင် ဖြစ်နိုင်ကြောင်း တွေးဆနိုင်ပါသည်။

မဟာသံဃိကဂိုဏ်းမှခွဲထွက်သော ဗဟုသုတိယဂိုဏ်း ဖြစ်ပေါ်လာပုံကို ပရမတ္ထမထေရ်က မှတ်တမ်းတင်ထားပုံမှာ မှတ်သားဖွယ်ဖြစ်၏။ ဗဟုသုတိယဂိုဏ်းကို တည်ထောင်သူမှာ ယဇ္ဉဝလက္ခ (Yājñavalkya) အမည်ရှိ ရဟန်းတော်တစ်ပါး ဖြစ်၏။ ၄င်းရဟန်းတော်သည် ဗုဒ္ဓလက်ထက်တော်ကရဟန်းဖြစ်ပြီး ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူချိန်၌ နက်ရှိုင်းသော သမာဓိတစ်မျိုးသို့ ကပ်ရောက် ဝင်စားနေခဲ့၏။ သူ ပြန်လည်နိုးထလာချိန်ဝယ် ဘုရားရှင်လွန်ပြီးသည်မှာ နှစ်ပေါင်း ၂၀၀ ကျော်ခဲ့ပြီဖြစ်ပြီးလျှင် မဟာသံဃိကဂိုဏ်းမှ ဟောသော ဗုဒ္ဓဓမ္မမှာလည်း အပေါ်ယံ အနက်အဓိပ္ပာယ်မျှသာ ဖြစ်နေသည်ကို တွေ့ ရှိရ၍ တရားစစ်တရားမှန်ကို ပြန်လည်ဖော်ထုတ်ရန် အတွက် ဗဟုသုတိယဂိုဏ်းကို တည်ထောင်ခဲ့သည်ဟု ဆို၏။[၄၇]

ပရမတ္ထမထေရ်၏ အလိုအရ ယင်းဗဟုသုတိယဂိုဏ်းသည် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ နှစ်မျိုးစလုံးကို အညီအမျှ လက်ခံခဲ့သောကြောင့် မဟာယာနသုတ္တန်များကိုလည်း ပိုမိုကျယ်ပြန့်နက်ရှိုင်းသော ဗုဒ္ဓဓမ္မသင်ကြားချက်များအဖြစ် လက်ခံခဲ့

၄၄။ **Walser, Joseph. *Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture*. 2005. p. 50.**

၄၅။ **Walser, Joseph. Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture. 2005. p. 51**

၄၆။ **Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. p. 68.**

၄၇။ **Warder, A.K. *Indian Buddhism*. 2000. p. 267.**

သည်ဟု ဆိုပါသည်။[၄၈] ပညာရှင်အများစု၏ အလိုအရ မဟာယာနဗုဒ္ဓဘာသာ၏ အဓိကကျမ်းစာဖြစ်သော အဋ္ဌသဟဿိကာ ပညာပါရမိတာသုတ္တန် တရားတော်သည် မဟာသံဃိကဂိုဏ်းကွဲတစ်ခုဖြစ်သော စေတိယဂိုဏ်းတွင် စတင် မြစ်ဖျားခံထွက်ပေါ်ခဲ့သည်ဟုယူဆကြပြီး အန္ဓရတိုင်း ကရစ်ရှုနမြစ်ဝှမ်းဒေသတွင် ယင်းဂိုဏ်းများ ထွန်းကားခဲ့သည်ဟုဆို၏။[၄၉] ထို့အတူ တထာဂတဂဗ္ဘကျမ်းစာများတွင် ပဓါန ဖြစ်သော သိရီမာလာဒေဝီသုတ္တန်သည်လည်း အေဒီ (၃) ရာစု ဣက္ခွာကုမင်းဆက် (Īkṣvāku Dynasty) လက်ထက်တွင် စေတိယဂိုဏ်း (အန္ဓရတိုင်း) မှ ပေါ်ထွက်ခဲ့သည်ဟု ယူဆနိုင်ကြောင်း ပညာရှင် ဘရိုင်ယန် အက်ဒွပ်ဘရောင်း က ဆိုပါသည်။[၅၀]

ဘရောင်း၏ အယူအဆကို အဲလက်ဝေမန် (Alex Wayman) နှင့် အန်တိုနီ ဘာဘာ (Anthony Barber) တို့ကလည်း အပြည့်အဝထောက်ခံခဲ့ကြ၏။[၅၁] ပညာရှင် စတီဖင် ဟောဒ် (Stephen Hodge) ၏ အလိုအရဆိုလျှင် တထာဂတသုတ္တန်များဖြစ်ကြသော (မဟာယာန) အဂုံလိမာလ သုတ္တန် (မဟာယာန) မဟာပရိနိဗ္ဗာနသုတ္တန် မဟာဘေရိဟာရက ပရိဝတ္တသုတ္တန်တို့ကို လေ့လာရာတွင် ၄င်းတို့သည် အိန္ဒိယတောင်ပိုင်းတွင် စတင်ပျံ့နှံ့ပြီးနောက် အနောက်မြောက်ပိုင်းရှိ ကက်ရှမီးယား ဒေသဘက်ဆီသို့ တစ်ရွေ့ရွေ့ ရောက်ရှိခဲ့ကြောင်း တင်ပြကြလေသည်။ ထိုသုတ္တန်များ ပျံ့နှံ့ထွန်းကားရာကာလ (အေဒီ ၁ ရာစု မှ ၂ရာစု အတွင်း) သည် သာတာဝဟာနမင်းဆက်တို့ စိုးစံနေဆဲဖြစ်ပြီး ၄င်းမင်းဆက်တို့သည် အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းရှိ ကုရုန်မင်းဆက်တို့နှင့် အလွန်နီးကပ်စွာ ဆက်နွယ်မှုရှိခဲ့ကြကြောင်း သိရ၏။ သာတာဝဟာနမင်းတို့သည် ကာလလိုဏ်ဂူ၊ အာဂျန္တာလိုဏ်တို့တွင် ဗုဒ္ဓသာသနိကဆိုင်ရာ အဆောက်အဦများစွာကို လှူဒါန်းခဲ့ကြသော သာသနာပြုမင်းများ ဖြစ်၏။[၅၂]

မဟာသံဃိကဂိုဏ်းခွဲများဖြစ်ကြသော ပုဗ္ဗသေလိယနှင့် အပရသေလိယဂိုဏ်း

၄၈။ **Walser, Joseph. Nāgārjuna in Context: *Mahāyāna Buddhism and Early Indian Culture*. 2005. p. 52 and Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. p. 61.**

၄၉။ **Guang Xing. *The Concept of the Buddha: Its Evolution from Early Buddhism to the Trikaya Theory*. 2004. p. 66.**

၅၀။ **Brown, Brian Edward. *The Buddha Nature: A Study of the Tathāgatagarbha and Ālayavijñāna*. 2010. p. 3.**

၅၁။ **Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. pp. 153-154 155-156**

၅၂။ **Hodge, Stephen (2006). *"On the Eschatology of the Mahaparinirvana Sutra and Related Matters"*. Lecture delivered at the University of London, SOAS.**

တို့သည် ဗောဓိသတ္တပိဋကတ်များကိုလည်း လက်ခံကြကြောင်း၊ ထို့အတူ သီဒ္ဓတ္ထိက ဂိုဏ်းဝင်များသည် ဝိနယပိဋကတ်ကို အသုံးပြုကြကြောင်း၊ (၆) ရာစုခေတ် ဗုဒ္ဓဒဿနပညာရှင် အရှင်ဘာဝဝိဝေက က ဆိုခဲ့၏။[၃၃] မဟာသံဃိကဂိုဏ်းတွင် ကိုယ်ပိုင် ဝိနည်းပိဋကတ်ရှိပြီး အခြားသော ဂိုဏ်းကွဲများ၏ ဝိနည်းနှင့် မကွာခြားလှချေ။ အထူးသဖြင့် ဝိဘင်္ဂကဏ္ဍ (ရှင်းလင်းချက်အပိုင်း) ကို လေ့လာကြည့်လျှင် တူညီမှုများကို ပို၍ ထင်ရှားနေသည်ကို တွေ့ရပါသည်။ ပညာရှင်တို့အမြင်အရ မဟာသံဃိက ဝိနည်းသည် ကျစ်လစ်သိပ်သည်း နည်းပါးသဖြင့် ရှေးအကျဆုံး ဝိနည်းပိဋကတ်များထဲမှ တစ်ခုဖြစ်နိုင်ကြောင်း ဆိုကြ၏။ မဟာသံဃိကဝိနည်း၏ ဘိက္ခုပကိဏ္ဏက-ဘိက္ခုနီပကိဏ္ဏက - ဘိက္ခုအဘိသမာစာရိကဓမ္မအပိုင်းတို့သည် အကြမ်းဖျင်းအားဖြင့် ထေရဝါဒဝိနည်း၏ ခန္ဓကဝဂ်နှင့် ဆင်တူ၏။ မဟာသံဃိကဝိနည်း၏ အသွင်သဏ္ဌာန်သည် သိပ်သည်းကျစ်လစ်၍ အနှစ်ချုပ် မာတိကာများဖြင့်သာ ဖွဲ့စည်းထားပြီး အလားတူ မာတိကာစနစ်ကို ထေရဝါဒဂိုဏ်းကွဲများတွင်လည်း တွေ့မြင်ရ၏။ သို့သော်လည်း မဟာသံဃိကဝိနည်းလာ ပုံဝတ္ထုဇာတ်ကြောင်းများသည် အကျဉ်းချုပ်လွန်းပြီး အဆက်အစပ်လည်း မကောင်းမွန်ကြောင်း တွေ့ရ၏။ ထေရဝါဒဝိနည်းတွင်မူ ပိုမိုချိတ်ဆက်မိသော ဖွဲ့စည်းမှုကို တွေ့ရသောကြောင့် မဟာသံဃိက ဝိနည်းပိဋကတ်၏ ရှေးကျမှုကို သိရ၏။ ထို့နည်းတူ မဟာသံဃိကဝိနည်း၏ ပါတိမောက် စည်းမျဉ်းများသည်လည်း ပိုပြီး ရှေးကျရိုးရှင်းသော အသွင်သဏ္ဌာန်ရှိသည်ကို တွေ့ရ၏။

ပညာရှင် ရယ်ဂျီနယ်ရေး (Reginald Ray) ၏ အလိုအရ မဟာသံဃိက ဝိနည်းမှတ်တမ်းတွင် ဒေဝဒတ္တ (ဒေဝဒတ်) ၏ ပုံရိပ်ကို ထေရဝါဒဝိနည်းနှင့် မတူခြားနားသောအသွင်ဖြင့် ရေးသားတင်ပြထားသည်ကို စိတ်ဝင်စားဖွယ် တွေ့မြင်ရ၏။ ရှေးအကျဆုံး ဝိနည်းပိဋကတ်စာပေများထဲတွင် ဒေဝဒတ္တကို အကျင့်ပြင်းထန်သော၊ ထက်မြက်သော ရဟန်းသူမြတ်တစ်ပါး အသွင်ဖြင့်သာ ဖော်ပြထားသည်ဟုဆို၏။[၃၄] သို့သော်လည်း မဟာသံဃိက-လောကုတ္တရာဝါဒ ဗုဒ္ဓဝင်ဖြစ်သော မဟာဝတ္ထုကျမ်းတွင်မူ ထေရဝါဒနည်းတူ ဒေဝဒတ်ကို သာသနာကို ရန်ပြုသော အဓမ္မဗီလိန် လူဆိုး အသွင်ဖြင့် မြင်ရပြန်လေသည်။[၃၅]

မဟာသံဃိကဂိုဏ်း၏ ဗုဒ္ဓဓမ္မဆိုင်ရာ အယူအဆသည် စင်ပြိုင် ထေရဝါဒဂိုဏ်း

၃၃။ Walser, Joseph. *Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture*. 2005. p. 53.

၃၄။ Ray, Reginald. *Buddhist Saints in India: A Study in Buddhist Values and Orientations*. 1999. p. 168.

၃၅။ Bhikkhu Sujato. *"Santipada: Why Devadatta Was No Saint"*

နှင့် များစွာ မကွာခြားလှပေ။ သစ္စာ (၄) ပါး၊ မဂ္ဂင် (၈) ပါး၊ လက္ခဏာရေး (၃) ပါး၊ ပဋိစ္စသမုပ္ပါဒနှင့် မဂ်ဖိုလ်နိဗ္ဗာန် အယူအဆများ၊ (၃၇) ပါးသော ဗောဓိပက္ခိယတရား အယူအဆများသည် အတူတူပင်ဖြစ်၏။ မဟာသံဃိကတို့၏ ထူးခြားသော အယူအဆများမှာ ရှင်တော်ဗုဒ္ဓနှင့် အဓိက သက်ဆိုင်နေပေသည်။ ဗုဒ္ဓနှင့် ပတ်သက်သော မဟာသံဃိက အယူအဆများကို အောက်ပါအတိုင်း တွေ့ရ၏။

- ဗုဒ္ဓသည် လောကီလွန် - လောကုတ္တရာ သဘောသက်သက် ဖြစ်၏။
- ရှင်တော်ဗုဒ္ဓတို့တွင် အာသဝတရား လုံးဝ မရှိ၊ အာသဝကြောင့် ဖြစ်သော ခန္ဓာတရားများ မရှိချေ။
- ဗုဒ္ဓ၏ ရူပကာယတော် အာယုသင်္ခါရနှင့် ဘုန်းတန်ခိုးတော်တို့မှာ အကန့်အသတ် အတားအဆီး မရှိချေ။
- ဗုဒ္ဓသည် အိပ်စက်ခြင်း အိပ်မက် မက်ခြင်းမရှိ၊ အစဉ်အမြဲ သမာဓိ ဝင်စားတော်မူနေလျက် ရှိ၏။
- ဗုဒ္ဓသည် တစ်ခုတည်းသော စိတ်ခဏ (ဧကက္ခဏစိတ္တ) ဖြင့်သာ အရာခပ်သိမ်းကို သိမြင် နားလည်နိုင်၏။
- ဗုဒ္ဓသည် ခယဉာဏ် အနုပ္ပါဒဉာဏ်တို့ကို ပရိနိဗ္ဗာန်ပြုတော်မူချိန် အချိန်အထိ ပိုင်ဆိုင်တော်မူ၏။
- ဗုဒ္ဓသည် သာမန်လူသားတို့ကဲ့သို့ အဆင့်လေးဆင့် ပဋိသန္ဓေတည်နေမှု မရှိ = ဆင်ဖြူတော်အသွင်ဖြင့် ဝမ်းကြာတိုက်တွင် ကိန်းဝပ်စံပယ်ပြီးလျှင် လက်ယာနံပါးမှ ဖောက်ထွက်တော်မူခဲ့၏။
- ဗုဒ္ဓသည် ဝေနေယျသတ္တဝါတို့ အကျိုးစီးပွားအတွက် မည်သည့် အသွင် သဏ္ဌာန်ကိုမဆို ခံယူတော်မူနိုင်၏။
- ဝိညာဏ်စိတ် (၅) ပါး သည် ရာဂနှင့် တွဲယှဉ် (သရာဂစိတ္တ) မတွဲယှဉ် (ဝိရာဂစိတ္တ) နှစ်မျိုးစလုံး ဖြစ်ပေါ်နိုင်၏။
- ရူပိန္ဒြိယတရားများ ဖြစ်ကြသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့သည် ရုပ်တရားသက်သက်များ ဖြစ်ကြ၏။
- ပညာသက်သက်အားဖြင့် လွတ်မြောက်ခြင်းကို ရောက်ရှိပြီး ဒုက္ခအလုံးစုံ ချုပ်ငြိမ်းစေနိုင်၏။
- သောတာပန်သည် မိမိတရားအသိမှ ပြန်လည် လျှောကျနိုင်၏။
- သောတာပန်သည် ပဉ္စာနန္တရိယကံ (၅) ပါးမှ လွဲ၍ ကျန် ဒုစရိုက်များကို ကျူးလွန်နိုင်၏။

- ရဟန္တာသည် ပုဂ္ဂလသူညတာကို သိမြင်သော်လည်း ဓမ္မသူညတာကို မသိမြင်ချေ။
- ရဟန္တာသည် မိမိ၏ အရဟတ္တဖိုလ်မှ ပြန်လည်လျော့ကျနိုင်၏။
- ကုသိုလ် အကုသိုလ်တရားတို့ကို လက်ခံသော်လည်း အဗျာကတ တရားကို လက်မခံပေ။
- သေခြင်းနှင့် ပဋိသန္ဓေအသစ်ကာလအကြားရှိ ကြားဘဝ (အန္တရာဘဝ) ကို လက်မခံချေ။
- စိတ်၏ ပကတိမူလသဘာဝသည် စင်ကြယ်ကြောင်းနှင့် ယာယီ ကိလေသာ စေတသိက်များသည် စိတ်၏ ပင်ကိုယ်သဘောကို မဖျက်စီးနိုင်ကြောင်း ယူဆ၏။[၁၆]

မဟာသံဃိကဂိုဏ်း၏ ပိဋကတ်စာပေ

ဒီပဝံသကျမ်း၏ အလိုအရဆိုရလျှင် မဟာသံဃိကဂိုဏ်းသားတို့သည် ဝိနည်းစည်းမျဉ်း အသစ် (၁၀) ချက် (ဒသဝတ္ထု) ကို ထပ်မံထည့်သွင်းရုံမကဘဲ မူလပိဋကတ်တွင် မပါရှိသော ကျမ်းစာအသစ်များကိုလည်း ပါဠိလိပုတ်မြို့တော်တွင် ကျင်းပသော သံဃာအင်အား တစ်သောင်းပါဝင်သော စည်းဝေးပွဲ (မဟာသံဃီတိ) တွင် တီထွင်ထည့်သွင်းခဲ့ကြကြောင်း ဆိုထား၏။ ထို့အပြင် မဟာသံဃိကဂိုဏ်းသားတို့သည် ပါဠိပိဋကတ်မှ ပရိဝါရ အဘိဓမ္မပကာရဏ ပဋိသမ္ဘိဒါမဂ္ဂ နိဒ္ဒေသနှင့် ဇာတကတို့ကို ဘုရားဟောဗုဒ္ဓဝစန မဟုတ်ကြောင်း ငြင်းဆို၍ ၄င်းတို့၏ ပိဋကတ်တွင် မထည့်သွင်းခဲ့ကြောင်း သိရ၏။ ပါဠိစာပေပညာရှင်များ၏ အလိုအရလည်း ယင်းကျမ်းဂန်များမှာ ပိဋကတ်အတွင်းသို့ နောက်အကျဆုံး ရောက်ရှိလာသော စာပေများ ဖြစ်သည်ဟု ဆိုပါသည်။

ဤအချက်များက ညွှန်ပြနေသည်မှာ မဟာသံဃိကဂိုဏ်းတွင်လည်း ထေရဝါဒဂိုဏ်း၊ သဗ္ဗတ္ထိဝါဒဂိုဏ်းတို့ကဲ့သို့ အလားတူ ကိုယ်ပိုင် ပိဋကတ်စာပေတစ်ရပ်ရှိနေကြောင်း ထင်ရှား၏။ အမရဝတီနှင့် နာဂဇုနကုဏ္ဍ အရပ်ဒေသများတွင် ရေးထိုးခဲ့သော ကျောက်စာများတွင် မဟာသံဃိကဂိုဏ်း၏ ပိဋကတ်လာ ကျမ်းညွှန်းစာပိုဒ်များကို ဖော်ပြထားသည်ကို တွေ့ရ၏။ အမရဝတီထူပါ၏ အပြင်ဖက်တွင် စိုက်ထူထားသော ကျောက်စာတိုင်တွင် ဝိနယဓရ ဘိက္ခုနီများရှိကြောင်း မဟာဝန သေလိယ

၁၆။ **Nalinaksha Dutt, *Buddhist Sects in India*, Motilal Banarsidass Publisher, New Dehli (1997), p-71-76.**

ဂိုဏ်းရဟန်းတော်များထဲမှ ဝိနည်းကျမ်းအာဂုံဆောင် မဟာဝိနယဓရ ဘိက္ခုများ သံယုတ်ကျမ်းအာဂုံဆောင် သံယုတ္တဘာဏက ဘိက္ခုများ ရှိကြောင်း ရေးထိုးထား၏။ နာဂဇုနကုဏ္ဍ အရပ်ဒေသရှိ ကျောက်စာတိုင်အမှတ် ဃ ၁ နှင့် ဃ ၂ တွင် အလားတူ ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ် အာဂုံဆောင်ရဟန်းများ ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရ၏။[၁၇] အာဘိဓမ္မာ၏ အခြေခံ မာတိကာကျမ်း (၅) ကျမ်း (ပဋ္ဌမာတိကာ) ရှိကြောင်းလည်း အထောက်အထားကို တွေ့ရ၏။ လစ်လပ်နေသော ကျမ်းနှစ်ခုမှာ နောက်ပိုင်းမှ စုဆောင်းထည့်သွင်းအပ်သော ကထာဝတ္ထုနှင့် ပဋ္ဌာန်းကျမ်းတို့ ဖြစ်နိုင်ခြေရှိသည်ဟု ပညာရှင်တို့က ဆို၏။[၁၈] ထို့အပြင် မဟာသံဃိကဂိုဏ်းတွင် နောက်ပိုင်းခေတ် မဟာယာနဗုဒ္ဓစာပေအဖြစ် လက်ခံခဲ့သော သီရိမာလာဒေဝီသုတ္တန် (အေဒီ ၃ ရာစုခေတ်) ကိုလည်း လက်ခံစုဆောင်းထားသည်ကို တွေ့ရှိရကြောင်း ဒေါက်တာ ဘရိုင်ယန် အက်ဒဝပ်ဘရောင်းက ဆိုပါသည်။[၁၉]

မဟာသံဃိက၏ ဂိုဏ်းကွဲ (၂) ခု

မဟာသံဃိကဂိုဏ်းသည် မဂဓတိုင်းမှ တောင်ဘက်သို့ လမ်းတစ်ကြောင်း၊ မြောက်ဘက် အရပ်သို့ လမ်းတစ်ကြောင်း လမ်းကြောင်း (၂) သွယ်ဖြင့် အိန္ဒိယပြည်အတွင်း ပျံ့နှံ့ခဲ့၏။ မြောက်ဘက်သို့ ပျံ့နှံ့ခဲ့သော မဟာသံဃိကဂိုဏ်းသည် နောက်ထပ် ဂိုဏ်းကွဲ ၅ ခု ဖြစ်သော ဧကဗျာဟာရိကဂိုဏ်း၊ ကုက္ကုလိကဂိုဏ်း၊ ဗဟုသုတိယဂိုဏ်း၊ ပညတ္တိဝါဒဂိုဏ်းနှင့် လောကုတ္တရာဝါဒဂိုဏ်း ဟူ၍ ထပ်မံ ကွဲထွက်ခဲ့ပြန်လေသည်။ ယင်းတို့အနက်မှာ လောကုတ္တရာဝါဒဂိုဏ်းသည် မဟာယာနဗုဒ္ဓဘာသာ၏ ရှေးဦးအမြင်များကို ကိုယ်စားပြုသော ဂိုဏ်းတစ်ခုဖြစ်၏။ တောင်ပိုင်းသို့ဆင်းလာသော မဟာသံဃိကဂိုဏ်းသည် ယနေ့ခေတ် အန္ဓရပရာဒက်ရှ်ပြည်နယ် (အန္ဓရတိုင်း) တွင် အခြေကျခဲ့ပြီး အမရဝတီနှင့် ဓာညကဋကအရပ်များ၊ နာဂဇုနကုဏ္ဍဒေသရှိ တောင်စောင်း အရပ်များတွင် သီတင်းသုံး နေထိုင်ခဲ့ကြ၏။ ၄င်းထဲမှ ပုဗ္ဗသေလိယ၊ ဥတ္တရသေလိယ၊ အပရသေလိယ၊ သိဒ္ဓတ္ထိက ရာဇဂီရိကနှင့် စေတိယ စသော ဂိုဏ်းများအဖြစ်သို့ ထပ်မံ ကွဲထွက်ပြန်လေသည်။ ယင်းဂိုဏ်း အားလုံးကို ပေါင်းစည်း၍

၁၇။ Burgess, Buddhist Stupas of Amaravati and Jaggayyapeta (Arch. Sur. Of South India, p-37, 102.

၁၈။ Nalinaksha Dutt, Buddhist Sects in India, Motilal Banarsidass Publisher, New Dehli (1997), p-60

၁၉။ Brown, Brian Edward. *The Buddha Nature: A Study of the Tathāgatagarbha and Ālayavijñāna*. 2010. p. 3

အန္ဓကဂိုဏ်းများ ဟူ၍ ရှင်မဟာဗုဒ္ဓယောသ၏ ကထာဝတ္ထု အဖွင့် အဋ္ဌကထာတွင် ဖော်ပြထား၏။

ကေဗျာဟာရိကဂိုဏ်း

ဧကဗျာဟာရိကဂိုဏ်းသည် အသောကမင်းလက်ထက်တွင် မဟာသံဃိကဂိုဏ်းမှ ထပ်ဆင့်ကွဲထွက်သောဂိုဏ်း ဖြစ်၏။ အေဒီ (၆) ရာစုမှ ရဟန်းတော် အရှင်ပရမတ္ထ၏ အလိုအရ မဟာယာနသုတ္တန်များနှင့် ပတ်သက်၍ အယူအဆကွဲပြားရာမှ ဧကဗျာဟာရိကဂိုဏ်း ပေါ်ပေါက်လာသည်ဟု ဆိုပါသည်။ အရှင်ပရမတ္ထက ဆက်လက်တင်ပြရာတွင် ဧကဗျာဟာရိကဂိုဏ်းသည် မဟာယာနသုတ္တန်များကို လက်ခံခဲ့ကြောင်း သိရှိရ၏။[၆၀] တိဗက်သမိုင်းပညာရှင် တာရာနာထ၏ အလိုအရ ဧကဗျာဟာရိကဂိုဏ်း၊ လောကုတ္တရာဝါဒီဂိုဏ်းနှင့် ဂေါကုလိကဂိုဏ်းတို့သည် အမှန်စင်စစ် တစ်ဂိုဏ်းတည်း ဖြစ်သည်ဟုဆို၏။[၆၁] အေကေ ဝါဒါကလည်း ဧကဗျာဟာရိကဂိုဏ်း၏ အမည်သည် နောက်ပိုင်း သမိုင်းမှတ်တမ်းများတွင် မထင်ရှားတော့သောကြောင့် ဧကဗျာဟာရိကဂိုဏ်းသည် မဟာသံဃိကဂိုဏ်း၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်နိုင်ကြောင်း ဆိုခဲ့လေသည်။[၆၂] အရှင်ပရမတ္ထ၏ မှတ်တမ်းအရ ဘုရားရှင်လွန်ပြီးနောက် နှစ် (၂၀၀) ကာလအတွင်းတွင် မဟာသံဃိကဂိုဏ်းသည် ရာဇဂြိုဟ်မြို့တော်မှ ထွက်ခွာပြီး မြောက်ပိုင်းသို့ ရွှေ့ခဲ့ကြကြောင်းနှင့် ထိုအချိန်က တည်ရှိနေပြီးဖြစ်သော မဟာယာနသုတ္တန်များကို မိမိတို့၏ ပိဋကတ်စာပေတွင် ထည့်သွင်းမည့်ကိစ္စနှင့် ပတ်သက်၍ အယူအဆကွဲပြားပြီး ဂိုဏ်းအဆင့်ဆင့် ကွဲခဲ့ရကြောင်း ဆိုထား၏။[၆၃]

ကေဗျာဟာရိကဂိုဏ်း၏ အယူအဆများ

အရှင်ဝသုမိတြ၏ သမယဘေဒဒေါပရစနစက္ကကျမ်း အလိုအရ ဧကဗျာဟာရိကဂိုဏ်း၊ လောကုတ္တရာဝါဒီဂိုဏ်းနှင့် ဂေါကုလိကဂိုဏ်းတို့သည် အယူအဆပိုင်းအရ များစွာခြားနားမှုမရှိလှကြောင်းနှင့် ယင်းဂိုဏ်းအားလုံးသည် အဆိုဝါဒ (၄၈) ပါးကို တူ

၆၀။ Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. p. 68.

၆၁။ Baruah, *Bibhuti. Buddhist Sects and Sectarianism*. 2008. p. 48

၆၂။ Warder, A.K. *Indian Buddhism*. 2000. p. 281

၆၃။ Walser, Joseph. *Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture*. 2005. pp. 50-51.

ညီစွာ လက်ခံကြကြောင်း သိရ၏။[၆၄] ၄င်းတို့အနက်မှ အဆို၀ါဒ (၂၀) သည် ဗုဒ္ဓနှင့် ဗောဓိသတ္တာအရှင်တို့၏ လောကီလွန်-လောကုတ္တရာသဘာ၀ကို ဖော်ပြသော အဆိုများ ဖြစ်ကြ၏။[၆၅]

ဗုဒ္ဓစာပေပညာရှင် ကျိုဟွာယောင်၏ အလိုအရ အဆိုပါဂိုဏ်းများသည် ဗုဒ္ဓက တရားဓမ္မအားလုံးကို စိတ္တက္ခဏ တစ်ချက်တည်းတွင် သိရှိနိုင်ကြောင်း ယုံကြည်ကြ၏။ ဗုဒ္ဓတွင် အောက်ပါ လောကုတ္တရာဂုဏ်ရည်များရှိနေကြောင်း ဆိုပါသည်။[၆၆]

- ဗုဒ္ဓသည် လောကီလွန် လောကုတ္တရာသက်သက် ဖြစ်၏။
- ဗုဒ္ဓသည် ကိလေသာအာသ၀အားလုံးမှ စင်ကြယ်၏။
- ဗုဒ္ဓ ပြောဆိုသမျှ စကားအားလုံးသည် တရားဟောကြားခြင်းဖြစ်၏။
- ဗုဒ္ဓသည် မိမိ၏ နုတ်မြွက်တစ်ချက်ဟာရုံဖြင့် တရားအားလုံးကို သင်ကြားနိုင်၏။
- ဗုဒ္ဓသည် မှန်သောသစ္စာစကားကိုသာ ပြောဆို၏။
- ဗုဒ္ဓဘုရားရှင်၏ ရူပကာယတော်သည် အကန့်အသတ်မဲ့ အနန္တဖြစ်၏။
- ဗုဒ္ဓဘုရားရှင်၏ ဘုန်းတန်ခိုးတော်သည် အကန့်အသတ်မဲ့ အနန္တဖြစ်၏။
- ဗုဒ္ဓဘုရားရှင်၏ အာယုသက်တမ်းသည် အကန့်အသတ်မဲ့ အနန္တဖြစ်၏။
- ဗုဒ္ဓဘုရားရှင်သည် သတ္တ၀ါတို့ကို ကယ်ချွတ်ရာတွင် မောပန်းခြင်း မရှိချေ။
- ဗုဒ္ဓဘုရားရှင်သည် အိပ်စက်ခြင်း မရှိချေ။
- ဗုဒ္ဓဘုရားရှင်သည် အိပ်မက် မက်ခြင်း မရှိချေ။
- ဗုဒ္ဓဘုရားရှင်သည် အစဉ်အမြဲ သမာဓိ၀င်စားလျက် ရှိ၏။

ဧကဗျာဟာရိကဂိုဏ်း၏ အမြင်တွင် ဗုဒ္ဓသည် သစ္စာ (၄) ပါး မြတ်တရားကို တစ်ချက်တည်းသော ဗောဓိဉာဏ်ပညာဖြင့် ပိုင်းခြားထင်မြင် သိတော်မူကြောင်း ဆို၏။[၆၇] ဧကဗျာဟာရိကဂိုဏ်း၏ အယူအဆတစ်ခုမှာ ဝေနေယျ သတ္တ၀ါအားလုံး၏ မူလပကတိစိတ်သဘာ၀သည် အညစ်အကြေးမရှိ လုံး၀ဖြူစင် သန့်ရှင်းနေပြီး ယာယီ ကပ်ငြိလာသော ကိလေသာ အာသ၀ေါတရားတွေကြောင့် ဆင်းရဲဒုက္ခကို ခံစား

၆၄။ Walser, Joseph. *Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture*. 2005. p. 214

65 Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. p. 56.

၆၆။ Yao, Zhihua. *The Buddhist Theory of Self-Cognition*. 2005. p. 11.

၆၇။ Rockhill, William. The Life of Buddha And the Early History of His Order Derived from Tibetan. pp. 187-188.

ရကြောင်း ခံယူကြ၏။ ၄င်းအယူအဆသည် မဟာယာနဗုဒ္ဓဘာသာ၏ တထာဂတဂဗ္ဘ (သို့) **ဗုဒ္ဓသဘာဝ အယူအဆ** (Buddha Nature) ၏ ရှေ့ပြေးအယူအဆဟု ဆိုနိုင်ပါသည်။[၆၀]

လောကုတ္တရာဝါဒဂိုဏ်း

လောကုတ္တရာဝါဒဂိုဏ်းသည် ဧကဗျာဟာရိကဂိုဏ်း၊ ဂေါကုလိကဂိုဏ်းတို့နည်းတူ ဘုရားရှင်လွန်ပြီး သာသနာနှစ် ၂၀၀ အတွင်း ပေါ်ပေါက်ခဲ့သည့် ရှေးဦးဗုဒ္ဓဝါဒဂိုဏ်းကွဲတစ်ခု ဖြစ်၏။ ဘာဝဝိဝေက ဝိနီတဒေဝနှင့် အခြား မဟာယာန သာသနာဝင် ပညာရှင်များ အလိုအရ လောကုတ္တရာဝါဒဂိုဏ်းသည် မဟာသံဃိကဂိုဏ်း၏ ဂိုဏ်းကွဲတစ်ခုဖြစ်ပြီး ထိုဂိုဏ်းဝင်တို့သည် အရေအတွက် အကန့်အသတ်မရှိသော ဗုဒ္ဓရှင်တော်မြတ်များနှင့် ထိုဘုရားရှင်တို့၏ ဗုဒ္ဓခေတ်များကို ယုံကြည်ကြသည်ဟုဆို၏။[၆၉]

သမယဘေဒဒေါပရစနစက္ကနှင့် သာရိပုတ္တရာပရိပုစ္ဆာကျမ်းတို့ အလိုအရ လောကုတ္တရာဝါဒဂိုဏ်းသည် သည် ဧကဗျာဟာရိကဂိုဏ်းနှင့် ဂေါကုလိကဂိုဏ်းတို့မှ ထပ်ဆင့် ကွဲထွက်သောဂိုဏ်း ဖြစ်ကြောင်း သိရ၏။ မဟာသံဃိကဂိုဏ်းက ရှေးဦးကာလတွင် မဂဓတိုင်းတွင် ထွန်းကားခဲ့သော်လည်း လောကုတ္တရာဝါဒဂိုဏ်းသည် အနောက်မြောက်ပိုင်းတွင် ထွန်းကားခဲ့၏။[၇၀] ပရမတ္ထမထေရ်၏ အလိုအရ လောကုတ္တရာဝါဒဂိုဏ်းသည်လည်း မဟာယာနသုတ္တန်များကို လက်ခံခဲ့ကြောင်း သိရှိရ၏။[၇၁]

လောကုတ္တရာဝါဒဂိုဏ်း၏ ကျမ်းဂန်များအနက် ဝိနည်းကျမ်းတစ်စောင်ဖြစ်သော မဟာဝတ္ထုကျမ်းသည် အထူးထင်ရှားပြီး သက္ကတဘာသာမူရင်းဖြင့် ကြွင်းကျန်ရစ်ခဲ့လေသည်။ ယင်း မဟာဝတ္ထုကျမ်းတွင် ရှင်တော်ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ်ကို မှတ်တမ်းတင်ထား၏။ မဟာဝတ္ထုကျမ်းသည် နိပေါ မဟာယာနဗုဒ္ဓဘာသာဝင်တို့၏ အထူးအလေးအမြတ်ပြုအပ်သော ပိဋကတ်ကျမ်းစာတစ်စောင်ဖြစ်ခဲ့၏။[၇၂] အချို့ ဗုဒ္ဓစာပေပညာရှင်တို့က မဟာသုခဝတီဗျူဟာသုတ္တန်ကို ကုရုန်မင်းဆက်များ လွှမ်း

၆၀။ Baruah, Bibhuti. Buddhist Sects and Sectarianism. 2008. p. 90

၆၉။ Williams, Paul. *Mahāyāna Buddhism: The Doctrinal Foundations.* 2008. p. 20

၇၀။ Williams, Paul. *Mahāyāna Buddhism: The Doctrinal Foundations.* 2008. p. 20

၇၁။ Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra.* 2008. p. 68.

၇၂။ Warder, A.K. *Indian Buddhism.* 2000. p. 266

မိုးနေခဲ့သော အေဒီ ၁-၂ ရာစုများတွင် ဂန္ဓာရဒေသရှိ မဟီသာသကဂိုဏ်းဝင် ရဟန်းတော်များက စုဆောင်းခဲ့သည်ဟု ယူဆကြ၏။ သို့သော်လည်း ဂျပန်လူမျိုး ဗုဒ္ဓစာပေသုတေသီ နာကာမူရာဟာဂျီမဲ့ (Nakamura Hajime) ၏ အလိုအရ မဟာသုခဝတီ ဗျူဟာသုတ္တန်သည် လောကုတ္တရာဝါဒီတို့၏ကျမ်းဂန် ဖြစ်နိုင်သည်ဟု ဆိုပါသည်။[၃၃]

မဟာသုခဝတီဗျူဟာသုတ္တန်၏ ရှေးအကျဆုံး ဘာသာပြန်မူများကို ဂန္ဓာရတိုင်းရှိ ပြာကရစ်ဘာသာစကားဖြင့် ပြန်ဆိုခဲ့သည်ကိုတွေ့ရှိရကြောင်း ဒေါက်တာမူကာဂျီ၏ **ရှေးဟောင်းအာရှအလယ်ပိုင်းမှ အိန္ဒိယယဉ်ကျေးမှုကျမ်း**တွင် ဖော်ပြထား၏။[၃၄] အေဒီ (၇) ရာစုတွင် တရုတ်ရဟန်းတော် ခရီးသည် ရွှင်ကျန်သည် ဘာမီယန်ဒေသ (အာဖဂန်နစ္စတန်) ရှိ ရှေးဟောင်း ဗုဒ္ဓဘာသာကျောင်းတိုက်တစ်ခုသို့ ရောက်ရှိခဲ့ပြီး ယခုအခါ ထိုကျောင်းတော်ရာနေရာကို ရှေးဟောင်းသုတေသနပညာရှင်တို့က ပြန်လည် တူးဖော်တွေ့ရှိခဲ့ပြီဖြစ်၏။ ထိုနေရာတွင် သစ်ခေါက်ပုရပိုက်များပေါ်တွင် ရေးမှတ်ထားသော ပိဋကတ်ကျမ်းစာများကို တူးဖော်တွေ့ရပြီး ၄င်းတို့သည် ဂန္ဓာရီအက္ခရာ၊ ခရောဋ္ဌီ အက္ခရာများဖြင့် ရေးထိုးထားသည်ကို တွေ့ရ၏။ ထိုကျမ်းစာများတွင် ရှေးဦး မဟာယာနသုတ္တန်များလည်း ပါဝင်နေသည်ကိုတွေ့ရပြီး အချို့သော ကျမ်းစာများမှာ သက္ကတဘာသာကို ဂုပ္ပတခေတ်အက္ခရာများဖြင့် ရေးထားကြောင်းတွေ့ရပါသည်။[၃၅] ၄င်းကျမ်းစာများတွင် မဟာသံဃိက-လောကုတ္တရာဝါဒ၏ ပါတိမောက္ခဝိဘင်္ဂကျမ်း၊ မဟာယာန မဟာနိဗ္ဗာနသုတ္တန်၊ စင်္ကီသုတ္တန်၊ ဝဇိရစ္ဆေဒိကာ ပညာပါရမီတာသုတ္တန်၊ ဘေသဇ္ဇဂုရုသုတ္တန်၊ သိရိမာလာဒေဝီ သီဟနာဒသုတ္တန်၊ ပဝါရဏာသုတ္တန်၊ သဗ္ဗဓမ္မပဝတ္တိနိဒ္ဒေသသုတ္တန်၊ အဇာတသတ္တုကောတ္ဃဝိနောဒနသုတ္တန်နှင့် သာရိပုတ္တရာအဘိဓမ္မသျှတ္တရ စသည်တို့ပါဝင်နေကြောင်း သိရှိရ၏။

လောကုတ္တရာဝါဒဂိုဏ်း၏ အယူဆများ

လောကုတ္တရာဝါဒဂိုဏ်းသည် သုညတာနှစ်မျိုး အယူအဆကို စတင်ဖော်ထုတ်ခဲ့သော ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းတစ်ခု ဖြစ်၏။ ထို့အပြင် နောင်တွင် မဟာယာနဗုဒ္ဓဘာသာတွင် အရေးပါလာသည့် ပုဂ္ဂလသုညတာဟုခေါ်သည့် ပုဂ္ဂိုလ် သတ္တဝါသဘော ကင်းဆိတ်

၃၃။ Nakamura, Hajime. *Indian Buddhism: A Survey With Biographical Notes*. 1999. p. 205/ Williams, Paul. Mahāyāna Buddhism: *The Doctrinal Foundations*. 2008. p. 239.

၃၄။ Mukherjee, Bratindra Nath. *India in Early Central Asia*. 1996. p. 15.

၃၅။ "Schøyen Collection: Buddhism". Retrieved 23 June 2012.

ခြင်း သဘောနှင့် ဓမ္မသုညတာဟု ခေါ်သည့် ရုပ်နာမ်ဓမ္မတရားတို့တွင် အတွင်း အတွေ့ အမာခံ ဆိတ်သုဉ်းမှုသဘောတို့ကို ဟောခဲ့သော ဂိုဏ်းလည်းဖြစ်၏။ ၄င်း သုညတာအယူအဆသည် မဟာယာန ဗုဒ္ဓဘာသာ၏ အကြိုအယူအဆများ ဖြစ်ခဲ့၏။[၇၆]

လောကုတ္တရာဝါဒဂိုဏ်းသည် အခြား မဟာသံဃိကဂိုဏ်းကွဲများနည်းတူ ဗုဒ္ဓကို လောကုတ္တရာဟုယူဆပြီး လောကအတွင်း လူတို့မြင်သိရသော ဗုဒ္ဓသည် အသွင် မာယာဝိရူပမျှဖြစ်ကြောင်း ဆိုထားပါသည်။[၇၇] ထို့အပြင် ဤဂိုဏ်းသည် ရဟန္တာတို့၏ မပြည့်စုံမှုနှင့် အလုံးစုံမစင်ကြယ်မှုကိုလည်း ဖော်ပြခဲ့ကြသည်ကို တွေ့ရ၏။[၇၈] ဗောဓိသတ္တမဂ်လမ်းစဉ်နှင့် ပတ်သက်၍ လောကုတ္တရာဝါဒီဂိုဏ်း၏ အယူအဆမှာ မဟာဝတ္ထုကျမ်းတွင် တွေ့ရလမ်းစဉ် ၃ သွယ် ကိုဖော်ပြခဲ့ပြီး ဗောဓိသတ္တမဂ်လမ်းစဉ်၏ အဆင့် (၁၀) ဆင့်ကို ဖော်ပြခဲ့လေရာ နောက်ပိုင်း မဟာယာနဗုဒ္ဓဘာသာတွင် ပေါ်လွင်ထင်ရှားလာသော ဒသဘူမိကသုတ္တန်လာ ဗောဓိသတ္တမဂ်လမ်းစဉ်၏ အဆင့် (၁၀) ဆင့်နှင့် အမည်ခြင်း ကွဲပြားသော်လည်း အယူအဆခြင်း ဆင်တူမှုရှိသည်ကို တွေ့ရ၏။[၇၉]

လောကုတ္တရာဝါဒဂိုဏ်းသည် အရေအတွက် အကန့်အသတ်မရှိ များပြားလှသော ဗုဒ္ဓရှင်တော်မြတ်များနှင့် ထိုဘုရားရှင်တို့၏ ဗုဒ္ဓခေတ်များကို ယုံကြည်ကြ၏။ ထိုဘုရားရှင်များသည် အနန္တ ဝေနေယျသတ္တဝါများကို ကယ်တင်တော်မူကြောင်းကိုလည်း ယုံကြည်ကြ၏။[၈၀] မဟာဝတ္ထုကျမ်းထဲတွင် ဗုဒ္ဓရှင်တော်တို့၏ တူညီမှုကို ဖော်ပြထား၏။ တစ်ခုသောအခန်းတွင် နတ်ဒေဝတာများစွာတို့သည် ရှင်တော်ဗုဒ္ဓကို ထီးမိုးပေးဖို့ကြိုးစားကြပုံ၊ ဘုရားရှင်က ဒေဝတာအသီးသီး၏ထီးအရိပ်တွင် စံပါယ်နေဟန်ကို အဘိညာဉ်တန်ခိုးဖြင့် ဖန်ဆင်းလေရာ နတ်ဒေဝတာတိုင်းက မိမိတို့၏ ထီးအောက်တွင်သာ ဗုဒ္ဓရှင်တော်အစစ် တည်နေသည်ဟု ကျေနပ်ခြင်းဖြစ်ရပုံတို့ကို ဖော်ပြထားပါသည်။[၈၁] အလားတူမြင်ကွင်းမျိုးကို မဟာယာနသုတ္တန်တစ်ခုဖြစ်သော

၇၆။ **Baruah, Bibhuti. *Buddhist Sects and Sectarianism*. 2008. p. 461.**

၇၇။ **Baruah, Bibhuti. *Buddhist Sects and Sectarianism*. 2008. p. 461.**

၇၈။ **Baruah, Bibhuti. *Buddhist Sects and Sectarianism*. 2008. p. 446.**

၇၉။ **Baruah, Bibhuti. *Buddhist Sects and Sectarianism*. 2008. p. 463/ Williams, Paul. The Origins and Nature of Mahāyāna Buddhism. 2004. p. 182.**

၈၀။ **Williams, Paul. *Mahāyāna Buddhism: The Doctrinal Foundations*. 2008. p. 215**

၈၁။ **Pye, Michael. *Skillful Means: A Concept in Mahayana Buddhism*. 2004. p. 68**

သုရင်္ဂမသမာဓိသုတ္တန်တွင် တွေ့ရ၏။ မြတ်ဗုဒ္ဓသည် နတ်ဒေဝတာများစွာတို့ ဖန်ဆင်းပေးထားသော သီဟာသနပလ္လင်တော် အသီးသီးတွင် စံပါယ်နေဟန်ကို အာဘိညာဉ် တန်ခိုးဖြင့် ဖန်ဆင်းလေရာ နတ်ဒေဝတာတိုင်းက မိမိတို့၏ ပလ္လင်တော်တွင်သာ ဗုဒ္ဓရှင်တော်အစစ် တည်နေသည်ဟု ကျေနပ်ခြင်းဖြစ်ရပုံကို ဖော်ပြထား၏။ ရှင်တော် ဗုဒ္ဓက ဟောကြားတော်မူသည်မှာ ၄င်းဗုဒ္ဓကိုယ်ပွားတော် အသီးသီးသည် တူမျှသော ပုံရိပ် နိမ္မာနကာယများသာဖြစ်ကြောင်း၊ ဘုရားရှင်တို့၏ ပကတိသဘာဝ (သုညတာ) သည် အရာခပ်သိမ်း၏ ပကတိသဘာဝ (သုညတာ) နှင့် ကွဲပြားခြားနားမှု မရှိကြောင်း ဟောကြားတော်မူသည်ဟု ဆို၏။[၁၂]

စေတိက ဂိုဏ်း

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ တောင်တန်းများပေါ်တွင် ထွန်းကားခဲ့သော စေတိက ဂိုဏ်းသည် ရှေးဦးဗုဒ္ဓဘာသာ ဂိုဏ်းကွဲတစ်ခုဖြစ်ပြီး မဟာသံဃိကဂိုဏ်းကွဲလည်း ဖြစ်၏။[၁၃] ၄င်းဂိုဏ်းသည် အန္ဓရဒေသတွင် တည်ရှိသောကြောင့် ပါဠိစာပေများတွင် အန္ဓကဂိုဏ်းဟု ခေါ်ဆိုကြသည်။ စေတိကဂိုဏ်းသည် မဟာသံဃိက ဂိုဏ်းကွဲ တစ်ခုအဖြစ် ဘီစီ (၂) ရာစုဝန်းကျင်တွင် ထွက်ပေါ်လာခဲ့သည်ကို တွေ့ရ၏။[၁၄] မထုရာမြို့ရှိ မဟာသံဃိက ဂိုဏ်း၏ ကျောက်စာမှတ်တမ်းတွင် စေတိက ဂိုဏ်းသည် မဟာသံဃိက ဂိုဏ်းကွဲတစ်ခုအဖြစ် ဘီစီ (၁) ရာစုဝန်းကျင်တွင် ထွက်ပေါ်လာခဲ့ကြောင်း ရေးထိုးထားသလို သာရိပုတ္တရာပရိပုစ္ဆာကျမ်းတွင် စေတိကဂိုဏ်းသည် ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန် စံတော်မူပြီး သာသနာနှစ် ၃၀၀ ခန့်တွင် ပေါ်ထွန်းလာသည်ဟုဆို၏။[၁၅] သို့သော်လည်း ကရစ်ရုန်မာ ချိုင့်ဝှမ်းအနီမှပိုင်းဒေသမှ မထုရာနှင့် နာဂဇုန်နကုဏ္ဍ စသော ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက နေရာများတွင် တွေ့ရှိရသော အထောက်အထားများ အလိုအရ ဤဂိုဏ်းသည် ဘီစီ (၃) ရာစုထက် မစောနိုင်ကြောင်း ညွှန်ပြနေကြသည်။[၁၆] စေတိကဂိုဏ်းသည် အပရသေလိယနှင့် ဥတ္တရသေ

၁၂။ Pye, Michael. *Skillful Means: A Concept in Mahayana Buddhism*. 2004. p. 68

၁၃။ Sree Padma. Barber, *Anthony W. Buddhism in the Krishna River Valley of Andhra*. 2008. p. 35.

၁၄။ Baruah, Bibhuti. *Buddhist Sects and Sectarianism*. 2008. p. 48

၁၅။ Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. p. 43.

၁၆။ Padma, Sree. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. SUNY Press 2008, pg. 2.

လိယ ဟူ၍ အမည်နှစ်မျိုးဖြင့် ဂိုဏ်းထပ်ကွဲပြန်၏။[၇၇] ထို့အတူ ရာဇဂိရိကဂိုဏ်းနှင့် သိဒ္ဓတ္ထိကဂိုဏ်းတို့ကိုလည်း စေတိကဂိုဏ်း၏ ဂိုဏ်းကွဲများအဖြစ် အသိအမှတ်ပြုခဲ့၏။[၇၈]

စေတိက ဂိုဏ်းသည် အသောကမင်းကြီး တည်ထားခဲ့သော ဆန်ချီစေတီတော်ကို ထိန်းသိမ်းစောင့်ရှောက်သူများ ဖြစ်ကြ၏။[၇၉] အာဇန္တာလိုဏ်ဂူတွင် ရေးထိုးထားသော ကျောက်စာမှတ်တမ်းများတွင် ရှေးဦး ဗုဒ္ဓဘာသာဂိုဏ်းတစ်ခုအဖြစ် စေတိက ဂိုဏ်း၏ အမည်ကို ဖော်ပြထားသည်ကို တွေ့ရ၏။ မဟာသံဃိကတို့သည် ဗုဒ္ဓကို လူသားရုပ်သဏ္ဌာန်အသွင်ဖြင့် ဖော်ပြမှုကို စတင်ခဲ့သူများအဖြစ် မှတ်တမ်းတင်ခဲ့၏။[၈၀] တရုတ်ရဟန်းတော် ရွှင်ကျန်ကလည်း မဟာသံဃိကဂိုဏ်း အားကောင်းသော ဓာညကဋက (Dhanyakataka) အရပ်သို့ ရောက်ရှိရာတွင် မဟာသံဃိကဂိုဏ်းကွဲတစ်ခုဖြစ်သော ပုဗ္ဗသေလိယ ဂိုဏ်းသားတို့နှင့်တွေ့ဆုံခဲ့ရကြောင်းကို အထူးသဖြင့် မှတ်တမ်းတင်ခဲ့၏။ သူသည် မဟာသံဃိက အဘိဓမ္မာကို ယင်းရဟန်းတော်များထံမှာ လပေါင်းများစွာ ဆည်းပူးလေ့လာခဲ့ကြောင်း ၄င်းတို့ကလည်း ရွှင်ကျန်ထံမှ မဟာယာနသုတ္တန်တရားများနှင့် မဟာယာနသျှောရများကို ပြန်လည်လေ့လာ သင်ယူခဲ့ကြောင်း မှတ်တမ်းပြုထား၏။[၈၁]

စေတိကဂိုဏ်း၏ အယူဝါဒများ

စေတိကဂိုဏ်း၏ ပဓာနကျသော အယူအဆတစ်ခုမှ စေတီပုထိုးများ ဆောက်တည်လှူဒါန်းခြင်း စေတီပုထိုးတို့ကို သစ်သီးဝလံပန်းမာန် ဆီးမီးတို့ဖြင့် ပူဇော်သက္ကာရပြုခြင်းသည် အလွန်ကြီးမားသော ကုသိုလ်ကံအကျိုးပေးကို ဖြစ်စေသည်ဟု ယူဆခြင်းဖြစ်၏။ ထို့အပြင် မိမိကိုယ်တိုင် ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်တို့၏ အဖို့ဘာဂကို ဝေနေယျသတ္တဝါတို့အား အမျှအတန်း ပေးဝေနိုင်သည်ဟူသော အယူအဆကိုလည်း လက်ခံကြောင်း သိရ၏။ စေတိက ဂိုဏ်းသည် ရဟန္တာပုဂ္ဂိုလ်၏ အရိယာအဆင့်မှ ပြန်လည်လျော့ကျနိုင်ခြင်းကို လက်ခံခဲ့ကြပြီး ရဟန္တာတွင် မသိမှု အဝိဇ္ဇာ

၇၇။ Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. p. 43.

၇၈။ Warder, A.K. *Indian Buddhism*. 2000. p. 279

၇၉။ Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. p. 197

၈၀။ Malandra, Geri Hockfield. *Unfolding a Maṇḍala: The Buddhist Cave Temples at Ellora*. 1993. p. 133

၈၁။ Baruah, Bibhuti. *Buddhist Sects and Sectarianism*. 2008. p. 437

ကြွင်းကျန်သေးသည်ဟု အယူရှိကြ၏။ ထို့အပြင် ဗုဒ္ဓ၏ ရဟန္တာတို့ထက် သာလွန်ကြီးမြတ်မှု လောကီလွန်ဖြစ်မှု (လောကုတ္တရာ သဘာဝ) ကိုလည်း လက်ခံကြလေသည်။[၈၂] တရုတ်ရဟန်းတော်ရွှင်ကျန်၏ အလိုအရ မဟာသံဃိကဂိုဏ်းနှင့် စေတီကဂိုဏ်းတို့သည် မူလဝိညာဏကိုလက်ခံပြီး ယင်းအယူအဆသည် ယောဂါစာရဗုဒ္ဓအာဘိဓမ္မာ၏ အာလယဝိညာဏ အယူအဆနှင့် ဆင်တူကြောင်း မှတ်ချက်ပေးခဲ့၏။ မူလဝိညာဏ အယူအဆကို မဟာသံဃိက ပိဋကတ်တွင် ဖော်ပြထားကြောင်းလည်း ဆိုခဲ့၏၊ စေတီက ဂိုဏ်း၏ နိဗ္ဗာန်သည် ရုပ်နာမ်အလုံးစုံ ချုပ်ငြိမ်းမှုသက်သက် မဟုတ်ဘဲ သေခြင်းကင်းသော အခြေအနေ (အမတဓာတု) ဖြစ်သည်ဟု ဆိုပါသည်။[၈၃]

အေ ကေ ဝါဒါး၏ အလိုအရ မဟာယာနဗုဒ္ဓဘာသာသည် အိန္ဒိယပြည် တောင်ပိုင်းတွင် အခြေစိုက်ခဲ့ကြသော မဟာသံဃိက ဂိုဏ်းကွဲတစ်ခုဖြစ်သည့် စေတီကဂိုဏ်းမှ စတင်ခဲ့ခြင်း ဖြစ်နိုင်ကြောင်း ဆိုပါသည်။[၈၄] အန်တိုနီဘာဘား နှင့် ရှရီပဒ္မတို့ကလည်း မဟာယာနဗုဒ္ဓဘာသာကို ပျိုးထောင်ခဲ့ကြသော တွေးခေါ်ပညာရှင်များ ဖြစ်သည့် အရှင်နာဂဇုန အရှင်ဒိန္နာဂ အရှင်စန္ဒြကိတ္တိ အရှင်အရိယဒေဝနှင့် အရှင်ဘာဝဝိဝေကတို့သည် အန္ဓရတိုင်းရှိ ဗုဒ္ဓဘာသာကျောင်းတိုက်များတွင် သီတင်းသုံးနေထိုင်ရင်း မိမိတို့၏ ဗုဒ္ဓဒဿနအမြင်များကို ရေးသားသီကုံးခဲ့ကြကြောင်း ယူဆခဲ့ကြ၏။[၈၅] ထို့အပြင် ပညာရှင်အများစုက မဟာယာန ပညာပါရမီတာသုတ္တန် ပိဋကတ်ကို စေတီကဂိုဏ်းက စတင် စုဆောင်းခဲ့ကြောင်းနှင့် ကရစ်ရှနာချိုင့်ဝှမ်း အနိမ့်ပိုင်းရှိ အန္ဓရတိုင်းတွင် အဋ္ဌသဟသိက ပညာပါရမီတာ သုတ္တန်ကို စတင် စုဆောင်းခဲ့ခြင်း ဖြစ်နိုင်ကြောင်း တင်ပြကြ၏။[၈၆]

ဘရိုင်ယန် အက်ဒဝပ် ဘရောင်း၏ အလိုအရ တထာဂတဂဗ္ဘ အယူအဆ၏ မဏ္ဍိုင်ဖြစ်သော သိရီမာလဒေဝီသုတ္တန်သည် အေဒီ ၃ ရာစု ခေတ် အိန္ဒိယပြည် တောင်ပိုင်းတွင် အခြေစိုက်ခဲ့ကြသော မဟာသံဃိက ဂိုဏ်းကွဲများအတွင်းမှ စတင် ဖြစ်ထွန်းခဲ့ကြောင်း ဆိုခဲ့သည်။[၈၇] ဒေါက်တာအဲလက်ဝေမန်ကလည်း သိရီမာလဒေဝီ

၈၂။ **Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. p. 44=13**

၈၃။ **Cook, Francis (tr). *Three Texts on Consciousness Only*. 1999. p. 88**

၈၄။ **Warder, A.K. *Indian Buddhism*. 2000. p. 313**

၈၅။ **Padma, Sree. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. SUNY Press 2008, pg. 1.**

၈၆။ **Guang Xing. *The Concept of the Buddha: Its Evolution from Early Buddhism to the Trikaya Theory*. 2004. p. 66**

၈၇။ **Brown, Brian Edward. *The Buddha Nature: A Study of the Tathāgatagarbha and Ālayavijñāna*. 2010. p. 3**

သုတ္တန်တွင် ဟောကြားသော ဒေသနာအချက်များနှင့် မဟာသံဃိက ဂိုဏ်းလာ အယူအဆများအကြား တူညီချက် ၁၁ ချက်ကို ရှာဖွေ တင်ပြခဲ့၏။[၉၈] သိရီမာလဒေဝီ သုတ္တန်သည် သတ္တဝါတိုင်းတွင် ဗုဒ္ဓသဘာဝဓာတ် ကိန်းလျက်ရှိသည် ဟူသော မဟာယာန ဗုဒ္ဓဘာသာ၏ တထာဂတဂဗ္ဘ အယူအဆကို အဓိကဖော်ဆောင်ခဲ့သော သုတ္တန်တစ်ခု ဖြစ်လေသည်။[၉၉]

အန်တိုနီဘာဘား၏ အမြင်တွင် မဟာယာနဗုဒ္ဓဘာသာ၏ တထာဂတဂဗ္ဘ အယူအဆကို အန္ဓရတိုင်းရှိ မဟာသံဃိက-စေတိကဂိုဏ်း၏ အယူအဆများတွင် စတင်တွေ့ရှိခဲ့ရဟုဆို၏။[၁၀၀] အေဒီ (၆) ရာစုတွင် ပေါ်ထွန်းခဲ့သော မဟာယာန ဗုဒ္ဓဒဿန ပညာရှင် ဘာဝဝိဝေက က မဟာသံဃိက ဂိုဏ်းကွဲဖြစ်သော သိဒ္ဓတ္ထိကဂိုဏ်းတွင် ဝိဇ္ဇာဓာရ ပိဋကတ်ကို လက်ခံထားကြောင်း အပရသေလိယနှင့် ဥတ္တရသေလိယ(ပုဗ္ဗသေလိယ) ဂိုဏ်းများတွင် ဇောခိသတ္တ ပိဋကတ်ကို လက်ခံထားကြကြောင်း ဖော်ပြထားသည့်အတွက် မဟာသံဃိကဂိုဏ်းကွဲဖြစ်သော စေတိကဂိုဏ်းတွင်လည်း အလားတူ ပိဋကတ်များ ရှိနိုင်မည်မှာ သေချာ၏။[၁၀၁] အလားတူပင် အဝလောကိတရ်ဝတမထေရ်ကလည်း မဟာသံဃိကဂိုဏ်းတွင် မဟာအာဂမ ပိဋကတ်တော်များရှိပြီး မဟာယာနသုတ္တန်များနှင့် ပညာပါရမီတာသုတ္တန် ဒသဘူမိက သုတ္တန်တို့လည်း တည်ရှိနေပြီဖြစ်ကြောင်း အပရသေလိယနှင့် ဥတ္တရသေလိယ (ပုဗ္ဗသေလိယ) ဂိုဏ်းများတွင် အဆိုပါ သုတ္တန်များကို ရွတ်ဆိုကြကြောင်း မှတ်တမ်းတင်ထား၏။[၁၀၂]

ရှေးဟောင်း သီဟိုဠ်ကျမ်းတစ်စောင်ဖြစ်သည့် နိကာယသင်္ဂဟ ကျမ်းက မဟာယာနပိဋကတ်ဝင်ဖြစ်သည့် မဟာရတနာ ကူဋသုတ္တန် ကို အန္ဓကဂိုဏ်းသား (စေတိကဂိုဏ်း) တို့က စီရင်ကြောင်း ဆိုခဲ့၏။[၁၀၃] **မဟာရတနာကူဋသုတ္တန် တွင်**

၉၈။ **Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. pp. 153-154**

၉၉။ **Brown, Brian Edward. *The Buddha Nature: A Study of the Tathāgata-garbha and Ālayavijñāna*. 2010. p. 3**

၁၀၀။ **Sree Padma. Barber, Anthony W. Buddhism in the Krishna River Valley of Andhra. 2008. pp. 155-156**

၁၀၁။ **Walser, Joseph. Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture. 2005. p. 53**

၁၀၂။ **Walser, Joseph. *Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture*. 2005. p. 53)**

၁၀၃။ **Adikaram, E.W. *Early History of Buddhism in Ceylon. 1953. p. 100/ Paul, Diana. The Buddhist Feminine Ideal.*1980. p. 12**

မဟာယာန သုတ္တန်ပေါင်း ၄၉ သုတ်ပါဝင်နေပြီး တရုတ်ဘာသာပြန်မူတွင် ပေချပ်ရေ ၁၂၀ ခန့်ရှိသည်ဟု ဆိုပါသည်။[၁၀၄] ထို မဟာယာန ပိဋကတ်တွင် သိရီမာလာဒေဝီသီဟနာဒသုတ္တန် မဟာသုခဝတီဗျူဟာ သုတ္တန် အက္ခောဘဗျူဟာသုတ္တန်နှင့် ဗောဓိသတ္တပိဋကတ်များ ပါဝင်နေခဲ့၏။[၁၀၅]

ထေရဝါဒ မဟာဝိဟာရဝါသီဂိုဏ်းမှ အရှင်မဟာဗုဒ္ဓဃောသ၏ အလိုအရ စေတိကဂိုဏ်း အပါအဝင် ရာဇဂီရိကဂိုဏ်းနှင့် သိဒ္ဓတ္ထိကဂိုဏ်းတို့ကိုလည်း အန္ဓကဂိုဏ်းသားများအဖြစ် ပေါင်းစည်းခေါ်ဝေါ်ခဲ့၏။[၁၀၆] ကထာဝတ္ထုကျမ်းပြုဆရာ အရှင်မဟာမောဂ္ဂလိပုတ္တတိသ၏ ဓမ္မ အဓမ္မ ဝေဖန်ဆန်းစစ်မှု အများစုသည်လည်း ဤအန္ဓကဂိုဏ်းသားများကို ပစ်မှန် ဦးတည်ခဲ့သည်ကို တွေ့ရ၏။[၁၀၇] စေတိကဂိုဏ်းသည် ပရိဝါရကျမ်း ပဋိသမ္ဘိဒါမဂ်ကျမ်း၊ နိဒ္ဒေသကျမ်းနှင့် အခြို့သော ဇာတကတို့ကို အာသေဘကမင်းခေတ် နောက်ပိုင်းမှ ထည့်သွင်းထားသော စာပေကျမ်းဂန်များအဖြစ် သတ်မှတ်၍ လက်မခံခဲ့ပေ။[၁၀၈] စေတိကဂိုဏ်းသည် မိမိတို့ဂိုဏ်း၏ ဇာတကဝတ္ထုတို့ကိုသာ ဗုဒ္ဓဘာသာဂိုဏ်းများ မကွဲခင်ကတည်းက ရှိနေခဲ့သည့် စစ်မှန်သော စာပေအဖြစ် လက်ခံခဲ့ကြ၏။[၁၀၉] ထေရဝါဒ မဟာဝိဟာရဝါသီဂိုဏ်းနှင့် မဟာသံဃိက အန္ဓကဂိုဏ်းတို့၏ ကွဲလွဲချက်မှာ ဗုဒ္ဓရှင်တော်၏ ဟောကြားချက်များကို မည်သို့မည်ပုံ အဓိပ္ပာယ်ဖွင့်ဆိုရမည့် အကြောင်းအရာ ဖြစ်၏။ မဟာသံဃိက အန္ဓကဂိုဏ်းက ရှင်တော်ဗုဒ္ဓသည် လောကုတ္တရာ ဖြစ်သောကြောင့် သာမန်လောကီ အနောက်အဓိပ္ပာယ်မျှဖြင့် မလုံလောက်ဟု ယူဆ၏။ ဗုဒ္ဓ၏ဓမ္မသည် ဝေါဟာရစကားလုံးတို့ကို လွန်၍ တည်သည်ဟု ယူဆ၏။ ထေရဝါဒ မဟာဝိဟာရ ဝါသီဂိုဏ်းကမူ ဗုဒ္ဓ၏ ဟောကြားချက်များကို ပကတိသဘောအတိုင်း အနောက်ကောက်ယူရန်သာ ညွှန်ပြခဲ့၏။[၁၁၀]

၁၀၄။ "The Korean Buddhist Canon: A Descriptive Catalog (T 310)".)

၁၀၅။ Sangharakshita. *The Eternal Legacy: An Introduction to the Canonical Literature of Buddhism*. 2006. p. 168)

၁၀၆။ Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Āndhra*. 2008. p. 35)

၁၀၇။ Sujato, Bhikkhu. *Sects & Sectarianism: The Origins of Buddhist Schools*. 2006.

၁၀၈။ Sujato, Bhikkhu. *Sects & Sectarianism: The Origins of Buddhist Schools. 2006*. p. 51

၁၀၉။ Warder, A.K. *Indian Buddhism*. 2000. pp. 286-287

၁၁၀။ Buescher, John. *Echoes from an Empty Sky: The Origins of the Buddhist Doctrine of the Two Truths*. 2005. p. 46

ဗဟုသုတိယ ဂိုဏ်း

ဗဟုသုတိယဂိုဏ်းသည် ရှေးဦး ဗုဒ္ဓဘာသာဂိုဏ်းတစ်ခုဖြစ်ပြီး အရှင်ဝသုမိတြပြုစုသော သမယဘေဒေါပရစနချက္ကရက္ကမ်း အလိုအရ ၄င်းဂိုဏ်းသည် မဟာသံဃိကဂိုဏ်း၏ ဂိုဏ်းကွဲတစ်ခုဖြစ်၏။ ဗဟုသုတိယဂိုဏ်းဟူသော အမည်သည် များပြားကျယ်ပြန့်စွာ လေ့လာထားသောသူဆိုသည့် အနက်ရှိ၏။ တစ်နည်းအားဖြင့် တိပိဋကတ်စာပေကို ကျယ်ပြန့်စွာ လေ့လာခြင်း ဗုဒ္ဓတရားကို နက်နဲစွာ နားလည်သဘောပေါက်ခြင်း စသော အနက်များကိုလည်း ဆောင်ယူထား၏။ မဟာသံဃိကဂိုဏ်းမှ ခွဲထွက်သော ဗဟုသုတိယဂိုဏ်း ဖြစ်ပေါ်လာပုံကို ပရမတ္ထမဇေရ်က မှတ်တမ်းတင်ထားပုံမှာ မှတ်သားဖွယ်ဖြစ်၏။ ဗဟုသုတိယဂိုဏ်းကို တည်ထောင်သူမှာ ယဇ္ဉညဟလက္ယ (Yājñavalkya) အမည်ရှိ ရဟန်းတော်တစ်ပါးဖြစ်၏။ ၄င်းရဟန်းတော်သည် ဗုဒ္ဓလက်ထက်တော်က ရဟန်းဖြစ်ပြီး ဘုရားရှင် မဟာပရိနိဗ္ဗာန် စံတော်မူချိန်၌ နက်ရှိုင်းသော သမာဓိတစ်မျိုးသို့ ကပ်ရောက် ဝင်စားနေခဲ့၏။ အဆိုပါ သမာဓိမှ သူပြန်လည်နိုးထလာချိန်ဝယ် ဘုရားရှင် လွန်ပြီးသည်မှာ နှစ်ပေါင်း ၂၀၀ ကျော်ခဲ့ပြီ ဖြစ်ပြီးလျှင် မဟာသံဃိကဂိုဏ်းမှ ဟောသော ဗုဒ္ဓဓမ္မမှာလည်း အပေါ်ယံအနက်အဓိပ္ပာယ်မျှသာ ဖြစ်နေသည်ကို တွေ့ရှိရ၍ တရားစစ်တရားမှန်ကို ပြန်လည်ဖော်ထုတ်ရန်အတွက် ဗဟုသုတိယဂိုဏ်းကို တည်ထောင်ခဲ့သည်ဟု ဆို၏။[၁၁၁]

ပရမတ္ထမဇေရ်၏ အလိုအရ ယင်း ဗဟုသုတိယဂိုဏ်းသည် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ နှစ်မျိုးစလုံးကို အညီအမျှ လက်ခံခဲ့သောကြောင့် မဟာယာနသုတ္တန်များကိုလည်း ပိုမို ကျယ်ပြန့်နက်ရှိုင်းသော ဓမ္မသင်ကြားချက်များ အဖြစ် လက်ခံခဲ့သည်ဟု ဆိုပါသည်။[၁၁၂] ပရမတ္ထမဇေရ်၏ မှတ်တမ်းက ဖော်ပြထားသည်မှာ ဗဟုသုတိယဂိုဏ်းသည် ဟီနယာနနှင့် မဟာယာန ပိဋကတ် နှစ်ခုစလုံးကို လက်ခံခဲ့သော ဂိုဏ်းဖြစ်၏။[၁၁၃] ထို့အပြင် ဗဟုသုတိယဂိုဏ်းသည် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ နှစ်ခုစလုံး၏ အမှန်တရားကို အညီအမျှ လက်ခံခဲ့၏။[၁၁၄] ယင်းဂိုဏ်း

၁၁၁။ Warder, A.K. *Indian Buddhism*. 2000. p. 267

၁၁၂။ Walser, Joseph. *Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture*. 2005. p. 52 and Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. p. 61

၁၁၃။ Baruah, Bibhuti. *Buddhist Sects and Sectarianism. 2008*. p. 48

၁၁၄။ Walser, Joseph. *Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture*. 2005. p. 52

သည် မဟာယာန သုတ္တန်ဒေသနာများကိုလည်း အပြည့်အဝ လက်ခံခဲ့၏။[၁၁၅] ဗဟု သုတိယဂိုဏ်းသည် ဗုဒ္ဓ၏ အနိစ္စ ဒုက္ခ အနတ္တသုညတနှင့် နိဗ္ဗာန်တရားများကို လောကုတ္တရာတရားများအဖြစ် ယူဆပြီး ကျန်တရားများကို လောကီတရားများ အဖြစ် သတ်မှတ်ခဲ့၏။[၁၁၆] ဗဟုသုတိယဂိုဏ်းသည် မဟာသံဃိက ဂိုဏ်းကဲ့သို့ပင် ရဟန္တာပုဂ္ဂိုလ်တို့ ပြန်လည်လျှောကျနိုင်မှုကို ယုံကြည်ကြလေသည်။[၁၁၇]

ထာဝိရဝါဒဂိုဏ်းမှ ထပ်ဆင့်ကွဲထွက်သော ဂိုဏ်းများ

ဒုတိယ သင်္ဂါယနာတင်ပြီးချိန်နှင့် အသောကမင်း စိုးစံချိန်အကြားတွင် ဗုဒ္ဓသာသနာတော်၏ စုစည်းညီညွတ်မှုသည် ပြိုကွဲခဲ့ပြီး ဂိုဏ်းကွဲများ အစိတ်စိတ်အမွှာမွှာ ကွဲထွက်ခဲ့၏။ အဓိကအားဖြင့် ထာဝိရဂိုဏ်းမှ မဟိသာသကဂိုဏ်း၊ ဓမ္မဂုတ္တကဂိုဏ်း၊ ကဿပဂိုဏ်း၊ သဗ္ဗတ္ထိဝါဒဂိုဏ်း၊ ဝိဘဇ္ဇဝါဒဂိုဏ်း၊ တမ္ဗပဏ္ဏိယဂိုဏ်း စသဖြင့် ဂိုဏ်းကွဲများ ထပ်မံကွဲပြားခဲ့ကြ၏။ ဤနေရာတွင် ဂိုဏ်းကွဲဟု ဆိုရာတွင် နိကာယဟူသော ဝေါဟာရနှင့် အာစရိယဝါဒဟူသော ဝေါဟာရ နှစ်ခုကို ချိန်ဆလေ့လာသင့်၏။ နိကာယဟူသည်မှာ ဝိနည်းအကျင့်နှင့် ဓမ္မအမြင် တူညီသော သံဃာ အစုအဖွဲ့ကို ဆိုလို၏။ အာစရိယဝါဒ ဟူသည်မှာ ဆရာအရှင်တစ်ပါး၏ အမြင်ကို လက်ခံ၍ လိုက်နာကျင့်သုံးကြသော သံဃာအစုအဖွဲ့ကို ဆိုလို၏။ ထေရဝါဒ စာပေများ အလို အရ ထေရဝါဒဂိုဏ်းအတွင်းတွင် သီးခြားနိကာယများကို လက်ခံကြသော်လည်း ထေရဝါဒ မဟုတ်သော ကျန်ဂိုဏ်းကွဲများ အားလုံးကို အာစရိယဝါဒများဟု သတ်မှတ်ခဲ့သည်ကို တွေ့ရ၏။ အချို့သော ဂိုဏ်းကွဲများသည် ဓမ္မအမြင်တူလျက် ဝိနည်းအကျင့် အကောက်အယူ အနည်းငယ်ကွဲပြားကြ၏။ အချို့ကမူ ဝိနည်းအကျင့် တူသော်လည်း ဓမ္မအမြင် ကွဲပြားကြ၏။ အချို့မှာမူ ဝိနည်းအကျင့်ရော ဓမ္မအမြင်ပါ အတန်ငယ် ကွဲပြားခြားနားကြ၏။ သံဃာအဖွဲ့အစည်းတို့၏ တည်နေရာ ပထဝီရေမြေကိုလိုက်၍လည်း ဂိုဏ်းကွဲပြားကြသည်ကိုလည်း တွေ့ရပါသည်။ ရှေးဦးဗုဒ္ဓဝါဒ ထွန်းကားသောကာလတွင် အိန္ဒိယပြည်သည် နိုင်ငံရေးအရ တစ်စုတစ်စည်းတည်း မရှိသေးသလို ဘုရင်များကလည်း ဗုဒ္ဓဘာသာဂိုဏ်းတစ်ဂိုဏ်းကို အသားပေး

၁၁၅။ Sree Padma. Barber, Anthony W. *Buddhism in the Krishna River Valley of Andhra*. 2008. p. 61

၁၁၆။ Nalinaksha Dutt, *Buddhist Sects in India*, Motilal Banarsidass Publisher, New Dehli (1998)p. 117, Ramanan, K. Venkata. Nāgārjuna's Philosophy. 1998. pp. 62-63=9

၁၁၇။ Walser, Joseph. *Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture*. 2005. p. 218

ကိုးကွယ်မှုမျိုး မရှိခဲ့သောကြောင့် ဗုဒ္ဓဘာသာကိုဏ်းများ လွတ်လွတ်လပ်လပ် ကွဲပြားတည်ရှိခွင့် ရရှိခဲ့ကြသည်ဟု မှန်းဆနိုင်ပေသည်။

မဟီသာသက ဂိုဏ်း

မဟီသာသကဂိုဏ်းသည် ဒုတိယသင်္ဂါယနာနောက်ပိုင်းတွင် ထာဝိရဂိုဏ်းမှ စတင် ကွဲထွက်သော ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းကွဲ တစ်ခုဖြစ်၏။ ထို့အတူ ဘီစီ ၂ ရာစု ဝန်းကျင်တွင် ဓမ္မဂုတ္တကဂိုဏ်းသည် မဟီသာသကဂိုဏ်းမှ ထပ်မံ ကွဲထွက်သော ဂိုဏ်းဖြစ်သည်ဟု ဆို၏။ မဟီသာသကဂိုဏ်း ဖြစ်ထွန်းလာပုံ အယူအဆ နှစ်မျိုးရှိ ကြောင်း တွေ့ရ၏။ ထေရဝါဒဂိုဏ်း၏ ဒီပဝံသကျမ်းက မဟီသာသကဂိုဏ်းမှ သဗ္ဗတ္ထိဝါဒဂိုဏ်း ဖြစ်ပေါ်လာဟုဆို၏။ သို့သော်လည်း အရှင်ဝသုမိတြ၏ သာရိပုတ္တရာ ပရိပုစ္ဆာကျမ်းနှင့် သမယဘေဒေါပရစနာစက္ကကျမ်း နှစ်စောင်စလုံးက သဗ္ဗတ္ထိဝါဒ ဂိုဏ်းသည် ရှေးကျ၍ ၄င်းမှ မဟီသာသကဂိုဏ်း ဖြစ်ပေါ်လာဟုဆို၏။[၁၁၈] ဒေါက်တာ ဒတ်၏ အလိုအရ ထိုသို့ ကွဲလွဲချက် ဖြစ်နေရခြင်းမှာ မဟီသာသကဂိုဏ်းသည် ရှေးဦး မဟီသာသကဂိုဏ်းနှင့် နောင်းပိုင်း မဟီသာသကဂိုဏ်းဟူ၍ နှစ်ပိုင်းရှိရာ တွင် အရှင်ဝသုမိတြသည် ရှေးဦး မဟီသာသကဂိုဏ်းကို ထည့်သွင်းရေတွက်ရန် ကျန်ခဲ့သောကြောင့် ဖြစ်နိုင်၏။[၁၁၉]

မဟီသာသကဂိုဏ်းသည် အဝန္တိတိုင်းတွင် စတင်ပေါ်ပေါက်ခဲ့ပြီး အရှင်ပုရာဏ မထေရ်က တည်ထောင်ခဲ့သည်ဟု ဆို၏။ တရုတ်ဘာသာပြန်ဖြင့် ရှိနေသော မဟီ သာသကဂိုဏ်း၏ ဝိနည်းပိဋကတ်တွင် အရှင်ပုရာဏမထေရ်ကို အလွန် လေးမြတ် ကြည်ညိုစွာ ဖော်ပြထားသည်ကို တွေ့ရ၏။ အရှင်ပုရာဏမထေရ်သည် ရာဇဂြိုဟ် မြို့အနီးမှ ဒက္ခိဏာဂိရိတွင် သီတင်းသုံးသူဖြစ်ပြီး ပထမသင်္ဂါယနာတင်ပြီးမှ ရောက်ရှိ လာကြောင်း ရှင်မဟာကဿပမှ နှီးနှောရန် ဖိတ်ခေါ်ရာတွင် လက်မခံခဲ့ကြောင်း ဘုရားရှင်ထံတော်မှ မိမိကိုယ်တိုင် ကြားသိရသည့်အတိုင်း ဆောင်မည်ဖြစ်ကြောင်း ကို ပြန်ကြားခဲ့သည်ဟု ပါဠိပိဋကတ် စူဠဝဂ္ဂတွင် ဖော်ပြထားပါသည်။ မဟီသာသက ဂိုဏ်း၏ ဝိနည်းပိဋကတ်တွင်မူ အရှင်ပုရာဏမထေရ်နှင့် ရှင်မဟာကဿပတို့ အကြား အထူးဝိနည်းခွင့်ပြုချက် (၇) ချက်နှင့်ပတ်သက်၍ သဘောထား အမြင်မတူ ကွဲကြောင်း ဖော်ပြထားလေသည်။

၁၁၈။ **Baruah, Bibhuti (2000). *Buddhist sects and sectarianism (1st ed.)*. New Delhi: Sarup & Sons., p. 50**

၁၁၉။ **Nalinaksha Dutt, *Buddhist Sects in India*, Motilal Banarsidass Publisher, New Dehli (1998) p-121**

ဒတ်၏ အဆိုအရ မဟိသာသကဂိုဏ်းသည် ထာဝိရဝါဒနှင့် တူညီသော လမ်းကြောင်းအတိုင်း ပျံ့နှံ့ခဲ့ကြောင်း၊ ရာဇဂြိုဟ်ကို အခြေခံ၍ ကောသမ္ဗီ-ဘာရုကစ္ဆ လမ်းဆုံမှတစ်ဆင့် ပင်လယ်ဆိပ်ကမ်းရှိရာ မြို့များသို့ ရောက်ရှိခဲ့ကြောင်း နောက်ဆုံးတွင် သီရိလင်္ကာကျွန်းသို့တိုင်အောင် ရောက်ရှိခဲ့ကြောင်း သိရပါသည်။[၁၂၀] တရုတ်ခရီးသည် ရဟန်းတော် ရွှင်ကျန်၏ မှတ်တမ်းများ အရဆိုလျှင် မဟိသာသကဂိုဏ်းသည် အေဒီ (၄) ရာစုတွင် ကက်ရှမီးယား (ကသ္မီရ) အရပ်တွင်လည်း ထွန်းကားနေခဲ့ကြောင်းသိရှိရ၏။ ယောဂါစာရဂိုဏ်းကို တည်ထောင်ခဲ့သော အရှင်အသင်္ဂသည် မဟိသာသကဂိုဏ်းတွင် ရဟန်းပြုခဲ့သူဖြစ်ပြီး သူ၏ အဘိဓမ္မ သမုစ္စယကျမ်းတွင် မဟိသာသကဂိုဏ်း၏ အယူအဆများ လွှမ်းမိုးမှုကို တွေ့မြင်ရ၏။[၁၂၁]

ရှေးဦး ဗုဒ္ဓဝါဒသမိုင်းပညာရှင် အွန်ဒရေ ဘာရိုးက ဤသို့တင်ပြခဲ့၏။

အသင်္ဂသည် ငယ်စဉ်က မဟိသာသကဂိုဏ်းဝင် ရဟန်းတော်တစ်ပါး ဖြစ်ခဲ့သည်မှာ ထင်ရှား၏။ သူကိုယ်တိုင် မဟာယာနဗုဒ္ဓဘာသာ၏ ထိပ်တန်းတွေးခေါ်ရှင် ဖြစ်လာခဲ့သောအခါ မဟိသာသကဂိုဏ်း၏ အယူအဆများကို သူ့အဘိဓမ္မာဆိုင်ရာ ကျမ်းတွင် ဖော်ပြခဲ့သည်ကို တွေ့ရ၏။[၁၂၂]

မဟိသာသကဂိုဏ်းသည် အိန္ဒိယပြည် အနောက်မြောက်ဖက်ဒေသမှ တောင်ပိုင်းသို့ ရွှေ့လျားခဲ့ပြီး နာဂဇုန်နာကုဏ္ဍ နှင့် သီရိလင်္ကာကျွန်းသို့ တိုင်အောင်ရောက်ရှိခဲ့၏။[၁၂၃] အေကဝါဒါး၏ အလိုအရ မဟိသာသကဂိုဏ်းသည် သီရိလင်္ကာကျွန်းတွင် ထေရဝါဒဂိုဏ်းနှင့် အတူ ယှဉ်ပြိုင်ထွန်းကားခဲ့ပြီး နောက်ပိုင်တွင်း ထေရဝါဒအတွင်းသို့ စိမ့်ဝင်ပေါင်းစည်းလျက် ပျောက်ကွယ်ခဲ့၏။[၁၂၄] အေဒီ (၇)ရာစုတွင် အိန္ဒိယပြည်သို့ ရောက်ရှိခဲ့သော တရုတ်ခရီးသည် ရဟန်းတော် အိချင်၏ မှတ်တမ်းအရ မဟိသာသကဂိုဏ်း ဓမ္မဂုတ္တကဂိုဏ်းနှင့် ကဿပိယဂိုဏ်းတို့ကို သဗ္ဗတ္ထိဝါဒဂိုဏ်းကြီး၏ အသင်းအပင်းများအဖြစ် သတ်မှတ်ခဲ့ပြီး ဥဒ္ဒိယျာန ခိုတန်နိုင်ငံနှင့်

၁၂၀။ Nalinaksha Dutt, *Buddhist Sects in India*, Motilal Banarsidass Publisher, New Dehli (1998), p-122

၁၂၁။ Anacker, Stefan. *Seven Works Of Vasubandhu: The Buddhist Psychological Doctor*. 1984. p. 58

၁၂၂။ Sharma, Ram Karan, ed. (1993). Researches in Indian and Buddhist philosophy: essays in honour of Professor Alex Wayman. Delhi: Motilal Banarsidass. , p. 5

၁၂၃။ Nalinaksha Dutt, *Buddhist Sects in India*, Motilal Banarsidass Publisher, New Dehli (1998). pp. 122–123

၁၂၄။ Warder, A. K. (2000). *Indian Buddhism* (3rd rev. ed.). Delhi: Motilal Banarsidass Publishers Private Ltd., p. 280

ကုချာအရပ်တို့တွင် ထွန်းကားနေခဲ့ကြောင်း သိရ၏။[၁၂၁] ပါသီယန် ရဟန်းတော်တစ်ပါးဖြစ်သော အန်ရှီဂေါင်က တရုတ်ဘာသာပြန်သို့ ဆိုခဲ့သော တာ့ဘီကိဆန်ကျန်ဝေယိကျမ်း၏ အလိုအရ မဟိသာသကဂိုဏ်းဝင်တို့သည် **အပြာရောင်သင်္ကန်းကြီးများ**ကို ဝတ်ရုံကြကြောင်း သိရ၏။ ၄င်းတို့သည် ကမ္မဋ္ဌာန်းဘာဝနာ အကျင့်နာသော စျာနလာဘီပုဂ္ဂိုလ်များဖြစ်ကြပြီး နက်ရှိုင်းသော သမာဓိကို ဝင်စားလေ့ရှိကြကြောင်း သာရိပုတ္တရာ ပရိပုစ္ဆာကျမ်းက ဆိုပါသည်။[၁၂၆]

မဟိသာသကိုဏ်း၏ အယူအဆများ

မဟိသာသကိုဏ်းဝင်တို့၏ အယူအဆများကို အောက်ပါအတိုင်း သိရှိရပါသည်။

- သစ္စာ(၄)ပါး ကို စိတ်ဝိထိ တစ်ချက်တည်းတွင် သိမြင်ကြောင်း ယူဆ၏။[၁၂၇]
- တည်ရှိသမျှ အရာခပ်သိမ်းသည် ပစ္စုပ္ပန်ကာလမှာသာ တည်ရှိကြောင်း နှင့် သံယိုက အလျှူသည် ဗုဒ္ဓရှင်တော်ကို လှူဒါန်းခြင်းထက် ပိုလွန်မြင့်မြတ်ကြောင်း ယူဆ၏။[၁၂၈]
- အမျိုးသမီးများ ဘုရားအဖြစ်မရောက်နိုင်ဟု ယူဆ၏။[၁၂၉]
- ပုထုဇဉ် သတ္တဝါတို့၏ လောကီ သမ္မာဒိဋ္ဌိရှိကြောင်း လက်ခံ၏။
- သောတာပန်အရိယာသည် အရိယာအဖြစ်မှ ပြန်လည်လျော့ကျနိုင်၏။
- အနုသယကိလေသာသည် စိတ်လည်းမဟုတ် စေတသိက်လည်း မဟုတ်ကြောင်း ယူဆ၏။
- အနုသယကိလေသာသည် အာရုံတစ်ခုမဟုတ်ကြောင်း ယူဆ၏။
- အနုသယကိလေသာသည် ပျံ့နှံ့တည်ရှိသော ကိလေသာမျိုး မဟုတ်ကြောင်း ယူဆ၏။

၁၂၅။ Li, Rongxi, ed. (2000). *Buddhist monastic traditions of Southern Asia: a record of the inner law sent home from the South Seas.* Berkeley, CA: Numata Center for Buddhist Translation and Research: Numata Center for Buddhist Translation and Research. , p. 19

၁၂၆။ Hino, Shoun; Wada, Toshihiro, eds. (2004). *Three Mountains and Seven Rivers: Prof. Musashi Tachikawa's felicitaion volume.* Delhi: Motilal Banarsidass., p. 55

၁၂၇။ Potter, Karl. *The Encyclopedia of Indian Philosophies, Vol. IX: Buddhist philosophy from 350 to 600 AD. 2004.* p. 106

၁၂၈။ Willemen, Charles. *The Essence of Scholasticism.* 2006. p. 17

၁၂၉။ Kalupahana, David. *Buddhist Thought and Ritual.* 2001. p. 109

- ဓမ္မတရားအားလုံးသည် သတိပဋ္ဌာန်၏ အာရုံဖြစ်ကြောင်း ယူဆ၏။
- လောကုတ္တရာစျာန် ကို လက်မခံကြောင်း ယူဆ၏။
- အသန်္တ တရား (၉) ပါးကို လက်ခံ၏။ (ပဋိသန်ဓိနိရောဓ အပဋိသန်ဓိနိရောဓ အာကာသဓာတု အနုတ္တရကုသလ ဓမ္မတထတာ အကုသလ ဓမ္မတထတာ အဗျာကတဓမ္မတထတာ မဂ္ဂင်္ဂတာ ပဋိစ္စသမုပ္ပါဒတာ)
- ကြားကာလဘဝ (အန္တရာဘဝ) ကို လက်မခံချေ။
- နောက်ပိုင်း မဟိသာသကဂိုဏ်းဝင်များသည် သေပြီးကာလ ကြားဘဝ (အန္တရာဘဝ) ကို လက်ခံခဲ့ကြ၏။[၁၃၀]
- ဘဝတစ်ပါးသို့ ကူးပြောင်းနိုင်သော သန်ါရဓမ္မကို လက်မခံချေ။
- တိတ္ထိများ အဘိညာဉ် ၅ ပါး ကို မရနိုင်ကြောင်း ယူဆ၏။
- ယာနအားလုံး၏ လွတ်မြောက်ခြင်းပန်းတိုင် ဝိမုတ္တိသုခသည် အတူတူ ဖြစ်သည်ဟု ခံယူ၏။[၁၃၁]

ထေရဝါဒဂိုဏ်း၏ ဝါဒကြေညာစာတမ်းသဖွယ်ဖြစ်သော ကထာဝတ္ထုကျမ်းတွင် မဟိသာသကဂိုဏ်း၏ အယူအဆများကို အထူးပြု ဝေဖန်မှုမရှိသောကြောင့် ဤဂိုဏ်းသည် ထေရဝါဒီတို့နှင့် အများအားဖြင့် အယူဝါဒတူမျှမည်ဟု ဆုံးဖြတ်နိုင်၏။ မဟိသာသကဂိုဏ်းတွင် ကိုယ်ပိုင် ဝိနည်းပိဋကတ်တစ်ခုရှိပြီး အေဒီ ၄၃၄ တွင် ရဟန်းတော် ဗုဒ္ဓဇီဝနှင့် ဂူဒေါင်ရှန်တို့က တရုတ်ဘာသာသို့ ပြန်ဆိုခဲ့ကြောင်း သိရပါသည်။[၁၃၂] နောင်အခါ မဟာယာနဗုဒ္ဓဘာသာတွင် အထူးထင်ရှား အရေးပါလာမည့် အမိတာယုသုတ္တန်သည် မဟိသာသကဂိုဏ်းဝင် ရဟန်းတစ်ပါးက ကုရှန်မင်းဆက်လက်ထက် (အေဒီ ၁ရာစု) တွင် ဓရေးသားခဲ့ကြောင်းနှင့် ထိုကာလတွင် ဂန္ဓာရတိုင်းဌ် မဟိသာသကဂိုဏ်း ထွန်းကားခဲ့ကြောင်း သိရ၏။[၁၃၃]

၁၃၀။ Potter, Karl. *The Encyclopedia of Indian Philosophies, Vol. IX: Buddhist philosophy from 350 to 600 AD. 2004.* p. 106

၁၃၁။ Nalinaksha Dutt, *Buddhist Sects in India*, Motilal Banarsidass Publisher, New Dehli (1998) p-123

၁၃၂။ *Humanistic Buddhism: a blueprint for life* (Rev. ed.). Hacienda Heights, CA: Buddha's Light. 2008., p. 163

၁၃၃။ Nakamura, Hajime (1987). Indian Buddhism: a survey with bibliographical notes (1st Indian ed.). Delhi: Motilal Banarsidass.., p. 205/ Williams, Paul (2009). Mahāyāna Buddhism: the doctrinal foundations (2nd ed.). London: Routledge.., p. 239

ဓမ္မဂုတ္တက ဂိုဏ်း

ဓမ္မဂုတ္တကဂိုဏ်းသည် မဟီသာသကဂိုဏ်းမှ ထပ်မံကွဲထွက်ခဲ့သော ဂိုဏ်းဖြစ်၏။ ဓမ္မဂုတ္တကဂိုဏ်းသည် အာရှ အလယ်ပိုင်း ဗုဒ္ဓဘာသာနှင့် တရုတ်ဗုဒ္ဓဘာသာလောက အတွက် အလွန်အရေးပါခဲ့ပြီး ယနေ့ခေတ်ကာလအထိ ဘိက္ခုရဟန်းများနှင့် ဘိက္ခုနီများအတွက် လမ်းညွှန်ဝိနည်းအကျင့် ဖြစ်နေဆဲရှိလေသည်။ ထို့ကြောင့် ယနေ့ခေတ် တရုတ် ကိုရီးယား နှင့် ဂျပန်နိုင်ငံတို့မှ ရဟန်းများကို ဓမ္မဂုတ္တကဂိုဏ်းဝင် ရဟန်းများအဖြစ် ရှုမြင်နိုင်၏။ ဓမ္မဂုတ္တကဂိုဏ်းသည် ဗုဒ္ဓနှင့် သံဃာကို ခွဲခြားရှုမြင်ခဲ့၏။ သံဃာသည် အရိယာပုဂ္ဂိုလ်များ ပါဝင်သော်လည်း ဗုဒ္ဓဘုရားရှင်သည် သံဃာကို ကျော်လွန် တည်ရှိနေပြီး ရဟန္တာထက် ပိုမိုသာလွန်မွန်မြတ်သော သဘာဝရှိသည်ဟု ယူဆ၏။ ဓမ္မဂုတ္တကဂိုဏ်းသည် ဗောဓိသတ္တ မဂ်လမ်းစဉ်နှင့် သာဝကမဂ်လမ်းစဉ် တို့ကိုလည်း တစ်သီးတစ်ခြားစီ လျှောက်လှမ်းနိုင်သော လမ်းစဉ်များအဖြစ် ရှုမြင်ခဲ့၏။ ထို့အပြင် ဓမ္မဂုတ္တကဂိုဏ်းသည် ဗုဒ္ဓ၏ ဓာတ်တော် မွေတော်များကို ပူဇော်ဌာပနာထားရှိသော စေတီထူပါများကို ကိုးကွယ်မှုကိုလည်း အထူးပြုခဲ့၏။

ဒေါက်တာ ဘရူးဝါး၏ အလိုအရ ဓမ္မဂုတ္တကဂိုဏ်းသည် သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဝိနည်းကို လက်မခံခဲ့ကြောင်းသိရှိရ၏။[၁၃၄] ဓမ္မဂုတ္တကဂိုဏ်းသည် ပိဋကတ်ကို အင်္ဂါ (၁၂) ပါးဖြင့် ခွဲခြမ်းသည့်စနစ်ကို သုံးခဲ့၏။ ၄င်းတို့မှာ သုတ္တန်ဂေယျ ဗျာကရဏ ဂါထာ ဥဒါန နိဒါန ဇာတက ဣတိဝုတ္တက ဝေပုလ္လ အဗ္ဘုတဓမ္မ အဝဒါန နှင့် ဥပဒေသ တို့ဖြစ်ကြ၏။[၁၃၅] ပါသီယန် ရဟန်းတော်တစ်ပါးဖြစ်သော အန်ရှီဂေါင်၏ အလိုအရဓမ္မဂုတ္တက ရဟန်းတော်များသည် **အနက်ရောင်သင်္ကန်း**များကို ဝတ်ဆင်ကြ၏။[၁၃၆] ဓမ္မဂုတ္တကဂိုဏ်းသည် တန်မင်းဆက်ခေတ် တရုတ်ပြည်သို့ ရောက်ရှိပျံ့နှံ့သွားသည့်အခါတွင် တရုတ် ရဟန်းတော်များသည် မီးခိုးရောင်သန်းသော သင်္ကန်းအနက်များ ဝတ်ရုံကြကြောင်း သိရှိ၏။[၁၃၇] သို့သော်လည်း တရုတ်ပြည် ဆွန်မင်းဆက်ခေတ်မှ ရဟန်းတော် ဇန်နင် (အေဒီ ၉၁၉-၁၀၀၁) က ဟန်-ဝေ ခေတ်ဦးကာလတွင်

၁၃၄။ Baruah, Bibhuti. *Buddhist Sects and Sectarianism*. 2008. p. 52

၁၃၅။ Williams, Paul. *The Origins and Nature of Mahāyāna Buddhism*. 2004. p. 184

၁၃၆။ Hino, Shoun. *Three Mountains and Seven Rivers*. 2004. pp. 55-56

၁၃၇။ Kieschnick, John. *The Impact of Buddhism on Chinese Material Culture*. 2003. pp. 89-90

တရုတ်ပြည်သို့ ဓမ္မဂုတ္တကဂိုဏ်း ရောက်ရှိပုံနှံ့သွားသည့်အခါတွင် တရုတ်ရဟန်းတော်များသည် **အနိရောင်သင်္ကန်း**များကို ဝတ်ရုံကြကြောင်း မှတ်တမ်းတင်ခဲ့၏။[၁၃၈]

ရှေးဟောင်း သုတေသနပညာရှင် အများစုကဆိုကြသည်မှာ ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်ကျမ်းစာများကို အစောဆုံးမှတ်တမ်းတင်ခဲ့ရာတွင် ဂန္ဓာရီဘာသာစကား မရောရှင်္ခိုအက္ခရာတို့ဖြင့် ရေးသားခဲ့ခြင်းဖြစ်ပြီး ဓမ္မဂုတ္တကဂိုဏ်းနှင့် အဓိကဆက်စပ်လျက်ရှိကြောင်း သိရ၏။[၁၃၉] သို့သော်လည်း ဓမ္မဂုတ္တကဂိုဏ်းနှင့် ဂန္ဓာရီဘာသာစကားကို တရားသေ တွဲစပ်ခြင်းကို ပညာရှင်တိုင်းက လက်မခံကြပေ။ မဟာယာန အပါအဝင် ရှေးဦး ဗုဒ္ဓဘာသာဂိုဏ်းအားလုံးသည် ဂန္ဓာရီဘာသာစကားတစ်မျိုးမျိုးကို သုံးစွဲကြသလို ဓမ္မဂုတ္တကဂိုဏ်းကိုယ်၌က သက္ကတစာပေကို အသုံးပြုခဲ့သည်လည်း ရှိသောကြောင့် ဖြစ်၏။[၁၄၀]

အေကေဝါဒါဒ၏ အလိုအရ ဓမ္မဂုတ္တကဂိုဏ်း သည် အပရန္တတိုင်းတွင် စတင်ခဲ့သည်ဟုဆို၏။[၁၄၁] ဓမ္မဂုတ္တကဂိုဏ်းနှင့် ပတ်သက်၍ ဗုဒ္ဓသမိုင်းပညာရှင် ဘိက္ခုသုဇာတမထေရ်က ဤသို့ သုံးသပ်ခဲ့၏။

"(အာသောကမင်းလက်ထက်) သာသနာပြု မထေရ်မြတ်တစ်ပါး၏ ဘွဲ့အမည်မှာ ယောနက ဓမ္မရက္ခိတ မထေရ်ဖြစ်၏။ သူ့ဘွဲ့အမည်ကပင် သူသည် ဂရိအနွယ်ဝင်ဖြစ်ကြောင်း ဖော်ပြနေ၏။ ယောနက ဓမ္မရက္ခိတ မထေရ်သည် အလဆန္ဒ (အလက်ဇန်းဒရီးယား) အရပ်မှ ဖြစ်ကြောင်းသိရ၏။ ပါဠိစာပေ အလိုအရ ဤရဟန်းမြတ်သည် အာဠာဝီဘော်ဝင်စား နိုင်သူဖြစ်ပြီး အာဘိဓမ္မာစာပေတွင်လည်း ကျွမ်းကျင်၏။ ယောနက ဓမ္မရက္ခိတမထေရ်သည် ဂရိကိုလိုနီနယ်များရှိသော အီဒိုယပြည်အနောက်ပိုင်းသို့ ကြွရောက်ကာ သာသနာပြုခဲ့၏။ ပရိဝိုင်လုစကီနှင့် ဖရောင်ဝါလ်နာတို့က ယင်း ယောနက ဓမ္မရက္ခိတမထေရ်ကို ဓမ္မဂုတ္တကဂိုဏ်းကို ထူထောင်ခဲ့သူအဖြစ် အသိအမှတ်ပြုကြ၏။ ဓမ္မရက္ခိတနှင့် ဓမ္မဂုတ္တကဟူသော ဝေါဟာရများမှာ အနက်တူဖြစ်ပြီး တရားကိုစောင့်ရှောက်သူဟု အဓိပ္ပာယ်ရှိသောကြောင့် ဖြစ်လေသည်။ တွေ့ရှိရသော အထောက်အထားများကို လေ့လာကြည့်လျှင် ဤအချက်ကို ညွှန်ပြနေသည်ကို တွေ့ရ၏။ ပထမတစ်ချက်မှာ ဂန္ဓာရတိုင်းတွင်

၁၃၈။ **Kieschnick, John. *The Eminent Monk: Buddhist Ideals in Medieval Chinese Hagiography*. 1997. p. 29**

၁၃၉။ **Heirman, Ann. Bumbacher, Stephan Peter. *The Spread of Buddhism. 2007*. p. 97**

၁၄၀။ **Heirman, Ann; Bumbacher, Stephan Peter, eds. (2007). *The spread of Buddhism*. Leiden: Brill. p. 99.**

၁၄၁။ **Warder, A.K. *Indian Buddhism*. 2000. p. 278**

တူးဖော်တွေ့ရှိရသော ပိဋကတ်များမှာ ဓမ္မဂုတ္တကကိုဏ်းနှင့် ဆက်စပ်လျက်ရှိကြောင်း သက်သေပြနိုင်ခြင်းဖြစ်၏။ ဒုတိယအချက်မှာ သုဒဿန ဝိနယဝိဘာသာကျမ်းတွင် ဤ မထေရ်၏အမည်ကို ဓမ္မရက္ခိတဟုမဆိုဘဲ ဓမ္မဂုတ္တမထေရ်ဟု ဆိုထားသောကြောင့်ဖြစ်၏။"[၁၄၂]

ရှေးဟောင်း ဗုဒ္ဓစာပေသုတေသီ ပညာရှင် အန်နီမိုတို ဖုမီယို၏ အလိုအရ ဓမ္မဂုတ္တကကိုဏ်းသည် အစောပိုင်းကာလတွင် ဂန္ဓာရတိုင်းတွင် ခေတ်စားခဲ့ပြီး ကုရန်မင်းဆက် ထွန်းကားလာသည့် နောက်ပိုင်းတွင် သဗ္ဗတ္ထိဝါဒကိုဏ်းကို နေရာဖယ်ပေးခဲ့ရကာ ပျောက်ကွယ်သွားခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်ပါသည်။[၁၄၃] ဓမ္မဂုတ္တကကိုဏ်းသည် အာရှအလယ်ပိုင်းရှိ ခိုတန်နိုင်ငံသို့ သာသနာပြု ရောက်ရှိခဲ့ကြောင်း ပညာရှင်တို့က ကြံစည်ခဲ့ကြပါသည်။[၁၄၄]

အိန္ဒိယဗုဒ္ဓဘာသာသမိုင်းကျမ်းပြုသူ အေ ကေ ဝါဒါးက ဤသို့ ရေးသားခဲ့၏။

"အာရှတိုက်အလယ်ပိုင်းဒေသတွင် ရှေးဦးမဆွ သာသနာပြုခဲ့သည်မှာ ဓမ္မဂုတ္တကကိုဏ်း ဖြစ်၏။ အပရန္တတိုင်းမှ အနောက်မြောက်ဖက် အီရန်နိုင်ငံနှင့် သုဝတ္ထု ချိုင့်ဝှမ်းဒေသ (ဥဒ္ဒီယျာန) တို့ကို ရောက်ရှိခဲ့၏။ ဓမ္မဂုတ္တကကိုဏ်းသည် အေဒီ ၂ ရာစု မှ ၃ ရာစု ကာလအတွင်း အနောက်ဖက်တွင် ပါသီယန် ဒေသအထိ သာသနာအဆက်အနွယ်တို့ ခိုင်မာစေပြီးနောက် အရှေ့အနောက် ဝင်ရိုးသဖွယ် ဆက်တန်းနေသော ပိုးလမ်းမအတိုင်း အာရှတိုက်အလယ်ပိုင်းနှင့် တရုတ်ပြည်တွင် သာသနာကို အမြစ်တွယ်စေခဲ့၏။ ထိုလမ်းကြောင်းအတိုင်း မဟိသာသကကိုဏ်းနှင့် ကဿပိယကိုဏ်းတို့က လိုက်ပါပျံ့နှံ့ခဲ့၏။ တရုတ်ပြည်တွင် ဓမ္မဂုတ္တကကိုဏ်းသည် ရှေးအကျဆုံးရောက်ရှိခဲ့ပြီး ၄င်းတို့ ဝိနည်းသည် တရုတ် ဗုဒ္ဓသာသနာတော်တစ်ခုလုံး လိုက်နာကျင့်သုံးရသော ဝိနည်းဖြစ်လာခဲ့လေသည်။"[၁၄၅]

အေဒီ ၂၅၀ ဝန်းကျင်တွင် ဓမ္မဂုတ္တကကိုဏ်း၏ ရဟန်းအဆက်အနွယ်တို့သည် တရုတ်ပြည်တွင် အတော်ခိုင်မာခဲ့ပြီး အိန္ဒိယမှ ရဟန်းတော်များကိုလည်း ပင့်ဖိတ်၍

၁၄၂။ **Bhikkhu Sujato. *"Abstract: Sects & Sectarianism. The Origin of the three existing Vinaya lineages: Theravada, Dharmaguptaka, and Mula-sarvastivada"***

၁၄၃။ ***"The Discovery of 'the Oldest Buddhist Manuscripts"*** **Review article by Enomoto Fumio. The Eastern Buddhist, Vol NS32 Issue I, 2000, pg 161**

၁၄၄။ **Heirman, Ann. Bumbacher, Stephan Peter. *The Spread of Buddhism.* 2007. p. 98**

၁၄၅။ **Warder, A.K. *Indian Buddhism.* 2000. p. 278**

အားဖြည့်ပေးခဲ့၏။[၁၄၆] ထိုအချိန်တွင် ဝိနည်းပိဋကတ် အပြည့်အစုံ မရှိသေးချေ။ ရဟန်းခံရန်အတွက် ဓမ္မဂုတ္တကကမ္မဝါစာနှင့် မဟာသံဃိကပါတိမောက်ဝိနည်းမျှသာ ရှိခဲ့၏။ နောက်ပိုင်း တရုတ်ပြည်သို့ ဝိနည်းပိဋကတ်အပြည့်အစုံ ရောက်ရှိလာသည့်အခါ ဓမ္မဂုတ္တကဂိုဏ်း၏ ဝိနည်းကိုသာ တရုတ်ရဟန်းတော် အားလုံးကလိုက်နာခဲ့ကြ၏။[၁၄၇]

ဓမ္မဂုတ္တကဂိုဏ်း၏ ကျမ်းစာများ

ဒေါက်တာရစ်ချတ်ဆော်လမွန်၏ အလိုအရ အစောဆုံး ဗုဒ္ဓဘာသာပိဋကတ်တော်များကို ဂန္ဓာရဒေသတွင် တွေ့ရှိခဲ့ရာတွင် ယင်းတို့သည် ဓမ္မဂုတ္တကဂိုဏ်း၏ ကျမ်းစာများဖြစ်ကြောင်း ဆုံးဖြတ်ခဲ့၏။[၁၄၈] အေဒီ ၅ ရာစုတွင် ကက်ရှမီယမှ ဓမ္မဂုတ္တကရဟန်းတော်တစ်ပါးဖြစ်သော ဗုဒ္ဓယသမထေရ်က ဓမ္မဂုတ္တကဂိုဏ်း၏ ဝိနည်း ပိဋကတ်ကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့၏။ အဆိုပါ ရဟန်းတော်သည် ထိုသို့ပြန်ဆိုရာတွင် မိမိအာဂုံဆောင်ခဲ့သော မှတ်ဉာဏ်သက်သက်မှတစ်ဆင့် ပြန်ဆိုခဲ့သည်ဟု ဆို၏။[၁၄၉] ထိုသို့ ပြန်ဆိုပြီးသည့်နောက်ဝယ် ဓမ္မဂုတ္တကဝိနည်းသည် တရုတ်ပြည်တစ်ခွင်လုံး အသုံးပြုသော တစ်ခုတည်းသော ဝိနည်းပိဋကတ် ဖြစ်ခဲ့လေသည်။ ယနေ့ အချိန်အထိ အာရှအရှေ့ဖျား နိုင်ငံများဖြစ်ကြသော တရုတ် ကိုရီးယား ဗီယက်နမ် နှင့် ဂျပန်နိုင်ငံများတွင် ဓမ္မဂုတ္တကဝိနည်းကိုသာ ဆက်လက် အသုံးပြုကြဆဲဖြစ်၏။ တရုတ်ဘာသာအားဖြင့် စိဖန်းလျူ သင်္ကတဘာသာအားဖြင့် **စတုဝဂ္ဂိကဝိနယ** ဟု ခေါ်သော ဓမ္မဂုတ္တကဝိနည်းသည် အပိုင်းလေးပိုင်း ပါရှိသည်ဟု ဆိုပါသည်။

ပါဠိနိကာယ်ကျမ်းများနှင့် ဆင်တူသော အာဂမကျမ်းများကို ဓမ္မဂုတ္တကဂိုဏ်းကလည်း စုဆောင်းထားခဲ့ကြောင်း သိရ၏။ ဒီဃအာဂမသုတ္တန် အစုအဝေးတစ်ခု၏ တရုတ်ဘာသာပြန် အပြည့်အစုံကို ချင်မင်းဆက်နောက်ပိုင်း ခေတ်ကာလ အေဒီ ၄၁၃ တွင် အရှင်ဗုဒ္ဓယသမထေရ်နှင့် ဓူဖိန္နန်တို့ ပူးတွဲဘာသာ ပြန်ဆိုခဲ့လေသည်။

၁၄၆။ Mohr, Thea. Tsedroen, Jampa. ***Dignity and Discipline: Reviving Full Ordination for Buddhist Nuns*. 2010. p. 187**

၁၄၇။ **Mohr, Thea; Tsedroen, Jampa, eds. (2010). *Dignity & discipline: reviving full ordination for Buddhist nuns*. Boston: Wisdom Publications., pp. 187-189**

၁၄၈။ **Richard Salomon. *Ancient Buddhist Scrolls from Gandhāra: The British Library Kharosthī Fragments*, with contributions by Raymond Allchin and Mark Barnard. Seattle: University of Washington Press; London: The British Library, 1999. pg 181**

၁၄၉။ **Scharfe, Harmut. *Education in Ancient India*. 2002. pp. 24-25**

ထိုနည်းတူ အေဒီ ၃၈၄ တွင် အင်္ဂါတ္တရ အာဂမ ကိုလည်း ဓမ္မနန္ဒီမထေရ်က တရုတ်ဘာသာသို့ပြန်ဆိုခဲ့ပြီး ဂေါတမသံဃဒေဝမထေရ်က တည်းဖြတ်ပေးခဲ့၏။ အဘိဓမ္မာစာပေနှင့်ပတ်သက်၍ သာရိပုတ္တရာ အဘိဓမ္မာသင်္ဂတ္တရကျမ်းသည် ဓမ္မဂုတ္တကဂိုဏ်း၏ အဘိဓမ္မကျမ်းစာ ဖြစ်သည် ဟုဆိုပြီး တရုတ်ဘာသာပြန်အဖြစ် တည်ရှိနေပါသည်။ ယင်းကျမ်း၏ မူရင်း သင်္ကတအရေးအသားများကို အာဖဂန်နစ္စတန် ဘာမီယန် ဒေသတွင် တွေ့ရှိရပြီး ရှိုယန်း စုဆောင်းမှု ပိဋကတ်များတွင် သိမ်းဆည်းထားကြောင်း သိရ၏။ ဓမ္မဂုတ္တကဂိုဏ်းသည် သုတ်ဝိနည်း အဘိဓမ္မာအပြင် အခြား ပိဋကတ်နှစ်ခုကိုလည်း ပိုင်ဆိုင်ကြောင်း သိရ၏။ ၄င်းတို့မှာ ဗောဓိသတ္တ ပိဋကတ်နှင့် မန္တရပိဋကတ် (ဓာရဏီ ပိဋကတ်) တို့ ဖြစ်၏။[၁၅၀]

ထို့အပြင် ဓမ္မဂုတ္တကဂိုဏ်းတွင် **အဘိနိက္ခမနသုတ္တန်**ဟု အမည်ရသော ဗုဒ္ဓဝင် ကျမ်းတစ်စောင်လည်း ရှိနေခဲ့ကြောင်း သိရပြီး ယင်းကျမ်းကို အေဒီ ၃ရာစုမှ အေဒီ ၆ရာစု အတွင်း တရုတ်ဘာသာသို့ ပြန်ဆိုခဲ့၏။ ဂျန်နက်တီယား၏ အလိုအရ မဟာယာန ဥဂ္ဂပရိပုစ္ဆာသုတ္တန်သည် ဓမ္မဂုတ္တကဂိုဏ်းတွင် တည်ရှိ ပျံ့နှံ့ခဲ့ကြောင်း ဆိုပါသည်။ ယင်းသုတ္တန်တွင် ပိဋကတ် အစု (၄) ခု ကို ဖော်ပြထားပြီး ဗောဓိသတ္တပိဋကတ်ကိုပါ ထည့်သွင်းရေတွက်ထားသည်ကို တွေ့ရပါသည်။[၁၅၁] မဟာရတန ကူဋသုတ္တန်၏ အစိတ်အပိုင်းဖြစ်သော မဟာယာန ရတနရာသိဗျူဟသုတ္တန်သည်လည်း ဓမ္မဂုတ္တကဂိုဏ်းမှ ဆင်းသက်ကြောင်း အချို့သော ပညာရှင်များက ယူဆကြ၏။ ဂျိုးဇက် ဝယ်လ်ဆာ ၏ အလိုအရ ပဉ္စဝိ်သတိကာ ပညာပါရမိတာ သုတ္တန် (ဝါကျပေါင်း ၂၅၀၀၀) နှင့် သတသဟဿရ ပညာပါရမိတာသုတ္တန် (ဝါကျပေါင်း ၁၀၀၀၀၀) တို့သည် ဓမ္မဂုတ္တကဂိုဏ်းနှင့် ဆက်စပ်လျက် ရှိသည်ဟု ဆိုပါသည်။ အေဒီ ၆ ရာစု အိန္ဒိယရဟန်းတော် ပရမတ္ထမထေရ်၏ အလိုအရ ဓမ္မဂုတ္တကဂိုဏ်းသည် မဟာယာနဗုဒ္ဓဘာသာနှင့် အလွန်နီးကပ်သော ဆက်နွယ်မှု ရှိသည်ဟု ဆိုပါသည်။[၁၅၂]

သဗ္ဗတ္ထိဝါဒဂိုဏ်း

သဗ္ဗတ္ထိဝါဒဂိုဏ်းသည် ထာဝိရဂိုဏ်းမှကွဲထွက်ခဲ့သော ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းတစ်ခုဖြစ်ပြီး ဓမ္မတရားများအားလုံးသည် အတိတ်အနာဂတ်ပစ္စုပ္ပန် ကာလသုံးပါး

၁၄၀။ Baruah, Bibhuti. *Buddhist Sects and Sectarianism*. 2008. p. 52

၁၄၁။ Nattier, Jan. *A Few Good Men: Based on the Ugraparipṛcchā, a Mahāyāna Sūtra*. 2007. pp. 46-47

၁၄၂။ Walser, Joseph. *Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture*. 2005. p. 52

စလုံးတွင် တည်ရှိနေသည်ဟု ယူဆသောကိုဏ်းဖြစ်၏။[၁၃၃] သဗ္ဗတ္ထိဝါဒကိုဏ်း စတင်ပေါ်ပေါက်ပုံနှင့် ပတ်သက်၍ ဗုဒ္ဓစာပေသမိုင်းပညာရှင် ချားလ်စ်ပရီဘစ်ရှ်က ဤသို့သုံးသပ်ခဲ့၏။

"သဗ္ဗတ္ထိဝါဒကိုဏ်း စတင်ပေါ်ပေါက်ပုံနှင့်ပတ်သက်၍ လေ့လာကြည့်ရာတွင် အသိခက် လျှို့ဝှက်ဖုံးကွယ်မှုများကိုသာ တွေ့မြင်ရ၏။ အဆိုတစ်ခုမှာ အသောကမင်းကြီးလက်ထက် တတိယသင်္ဂါယနာတင်ပြီးနောက်ပိုင်းတွင် ဂိုဏ်းခွဲထွက်သော သံဃာတစ်စုသည် အိန္ဒိယပြည် အနောက်မြောက်ပိုင်းဖက်သို့ ရွှေ့ပြောင်းခဲ့ကြပြီး သဗ္ဗတ္ထိဝါဒကိုဏ်းအဖြစ် ပေါ်ပေါက်လာခဲ့သည်ဟူသော အဆိုဖြစ်၏။ အခြားတစ်ဖက်တွင်မူ အချို့ပညာရှင်တို့က ယူဆကြသည်မှာ အသောကမင်းလက်ထက် ဂန္ဓာရတိုင်းနှင့် ကက်ရှမီးယားသို့ သာသနာပြု စေလွှတ်ခြင်းခံရသော မဇ္ဈန္တိကမထေရ်ကို အကြောင်းပြု၍ ဤဂိုဏ်း ဖြစ်တည်လာရသည်ဟု ဆိုပြန်သည်။ နောက်ထပ် အစဉ်အလာတစ်ရပ်ကဆိုပြန်သည်မှာ သဗ္ဗတ္ထိဝါဒကိုဏ်းသည် မထုရာမြို့တွင် စတင်ပေါ်ပေါက်ခဲ့လျက် ဥပဂုတ္တမထေရ်က ဦးစီးခဲ့သည်ဟုဆိုပြန်သည်။ အချုပ်အားဖြင့်ဆိုရလျှင် ကနိရ္ဓကမင်းကြီး နန်းတက်စိုးစံရာ အေဒီ ၁ ရာစု ဆန်းချိန် မတိုင်ခင်အထိ သဗ္ဗတ္ထိဝါဒကိုဏ်း စတင်ပေါ်ပေါက်ပုံနှင့် ပတ်သက်၍ အယူအဆများမှာ ထွေပြားဝေဝါးလျက် ရှိပေသည်။"[၁၃၄]

ကနိရ္ဓကမင်းကြီးလက်ထက် ကုရုန်အင်ပါယာခေတ်တွင် သဗ္ဗတ္ထိဝါဒကိုဏ်းသည် တစ်ဟုန်ထိုး တိုးတက်ကြီးပွားလာခဲ့ပြီး အိန္ဒိယသမိုင်း၏ နှစ်ပေါင်း တစ်ထောင်ကျော်ကာလအတွင်း အားအကောင်းဆုံး ဂိုဏ်းတစ်ခုအနေဖြင့် ရပ်တည်ခဲ့၏။ အာရ္ယအလယ်ပိုင်းဒေသတွင် ဓမ္မဂုတ္တကဂိုဏ်း၊ သဗ္ဗတ္ထိဝါဒကိုဏ်း၊ မူလသဗ္ဗတ္ထိဝါဒကိုဏ်း၊ များက အစဉ်အဆက် စိုးမိုးခဲ့သည်ကို တွေ့ရ၏။[၁၃၅] ပါသီယန်ရဟန်းတော်အန်ရီဂေါင်၏ တာ့ဘီကိဆန်ကျန်ဝေယီ ကျမ်း၏အလိုအရ သဗ္ဗတ္ထိဝါဒ ရဟန်းတော်များသည် **အနီရင့်ရောင် သင်္ကန်းများ**ကို ဝတ်ဆင်ကြ၏။ ဓမ္မဂုတ္တက ရဟန်းတော်များသည်ကား အနက်ရောင်သင်္ကန်းများကို ဝတ်ဆင်ကြ၏။[၁၃၆] ယနေ့ခေတ် တိဗက် ရဟန်းတော်များသည် မူလသဗ္ဗတ္ထိဝါဒကိုဏ်း၏ ဝိနည်းပိဋကတ်ကို လက်ခံကျင့်သုံးကြသောကြောင့်

၁၃၃။ de La Vallée Poussin, Pruden: Abhidharma-kośa-bhāṣyām, Asian Humanities Press, 1988. Pg. 807

၁၃၄။ Buddhism: A Modern Perspective. Charles S. Prebish. Penn State Press: 1975, pg 42-43=4

၁၃၅။ Williman, Charles. Dessein, Bart. Cox, Collett. *Sarvastivada Buddhist Scholasticism.* 1997. p. 126

၁၃၆။ Hino, Shoun. *Three Mountains and Seven Rivers.* 2004. pp. 55-56

ငှင်းတို့ကို မူလသဗ္ဗတ္ထိဝါဒ ရဟန်းတော်များအဖြစ် ရှုမြင်နိုင်ပြီး အနီရောင်သင်္ကန်းကို ဝတ်ဆင်ကြသည်ကို တွေ့နိုင်၏။[၁၅၇] ပိဋကတ်ဘာသာစကားအနေဖြင့် မဟာသံဃိကတို့သည် ပြာကရစ်ဘာသာကို သုံးစွဲ၏။ သဗ္ဗတ္ထိဝါဒကိုကား သည် သင်္ကတဘာသာကို သုံးစွဲ၏။ ထာဝိရကိုကား သည် ပေရာစီ (ရှေးဟောင်းပါဠိ) ဘာသာကို သုံးစွဲ၏။ သမ္မိတိယကိုကား သည် အပဗြံသ ဘာသာကို သုံးစွဲ၏ ဟူ၍ တိဗက်သမိုင်းပညာရှင် ဘုတွန်ရင်ချန်ဒရဗ်က ဆိုပါသည်။[၁၅၈]

ဒဿနအမြင်အရ သဗ္ဗတ္ထိဝါဒကိုကား သည် ဝေဘာသိကကိုကား နှင့် သုတ္တန္တိကကိုကား ဟူ၍ နှစ်မျိုးပြား၏။ ဝေဘာသိကကိုကား သည် ဗုဒ္ဓအဘိဓမ္မာပိဋကတ်၏ အဖွင့်မဟာဝိဘာသာကျမ်းကြီးများကို လက်ခံသော ကိုကား ဖြစ်၏။ ဝေဘာသိကကိုကား၏ အဘိဓမ္မာဆိုင်ရာ အယူအဆများသည် အိန္ဒိယပြည်နှင့် ပြည်ပနိုင်ငံများဖြစ်သော တိဗက် တရုတ် စသော ဒေသများတိုင်အောင် ပျံ့နှံ့၏။[၁၅၉] သုတ္တန္တိကကိုကား မှာမူ ဘုရားတိုက်ရိုက်ဟောပြသော သုတ္တန်ဒေသနာတော်များကိုသာ လက်ခံသည့် ကိုကား ဖြစ်၏။ အရှင်ဝသုဗန္ဓုမထေရ်ပြုစုသော အဘိဓမ္မာကောသဘာသာကျမ်း၏ အလို အရဆိုလျှင် သုတ္တန္တိကကိုကား သည် စကြဝဠာအသီးသီးတွင် ရှင်တော်ဗုဒ္ဓများ ယှဉ်ပြိုင်ပွင့်ထွန်းနေမှုကို လက်ခံသောကိုကား ဖြစ်၏။[၁၆၀] သဗ္ဗတ္ထိဝါဒ-ဝေဘာသိကကိုကား သည် ယာနသုံးပါး အယူအဆကို လက်ခံ၏။ သတ္တဝါတို့သည် မိမိတို့၏ အစွမ်းသတ္တိရှိသလောက် သာဝကယာန ပစ္စေကယာန ဗောဓိသတ္တယာန ဟူသော လမ်းကြောင်းများဖြင့် ကျွတ်တမ်းဝင်ကြရလိမ့်မည်ဟု ယူဆ၏။[၁၆၁]

သဗ္ဗတ္ထိဝါဒကိုကား သည် ဗုဒ္ဓ၏ ရူပကာယ ကို ကိုးကွယ်ဆည်းကပ်ရန် မထိုက်သော အနုတ္တာအသုဘတရားအဖြစ် ရှုမြင်၏။ ဗုဒ္ဓ၏ ဓမ္မကာယ (တရားသင်ကြားချက်များ သွန်သင်မှုများ) နှင့် မွန်မြတ်သော လွန်မြောက်သော ကိုယ်ကျင့်တရားများသည်သာ ကိုးကွယ်ရာအစစ်ဖြစ်သည်ဟု ယူဆ၏။[၁၆၂] ဤနေရာတွင် သဗ္ဗတ္ထိဝါဒကိုကား

၁၅၇။ **Mohr, Thea. Tsedroen, Jampa. *Dignity and Discipline: Reviving Full Ordination for Buddhist Nuns*. 2010. p. 266**

၁၅၈။ **Yao, Zhihua. *The Buddhist Theory of Self-Cognition*. 2012. p. 9**

၁၅၉။ ***A Study of the Abhidharmahṛdaya: The Historical Development of the Concept of Karma in the Sarvāstivāda Thought*. PhD thesis by Wataru S. Ryose. University of Wisconsin-Madison: 1987 pg 3**

၁၆၀။ **Guang Xing. *The Concept of the Buddha: Its Evolution from Early Buddhism to the Trikaya Theory*. 2004. p. 66**

၁၆၁။ **Nakamura, Hajime. Indian Buddhism: *A Survey With Bibliographical Notes*. 1999. p. 189**

၁၆၂။ **Guang Xing. *The Concept of the Buddha: Its Evolution from Early Buddhism to the Trikaya Theory*. 2004. p. 49**

သည် ရှေးဦးထာဝိရဝါဒဂိုဏ်း၏ အယူအဆနည်းတူ မဟာသံဃိကဂိုဏ်း၏ လောကုတ္တရာဗုဒ္ဓ အယူအဆကို ဆန့်ကျင်ကြောင်း တွေ့ရ၏။ သို့သော်လည်း အေကဝေါဒါး၏ အလိုအရ သဗ္ဗတ္ထိဝါဒဂိုဏ်းသည် မဟာသံဃိကတို့နည်းတူ ရဟန္တာ၏ အရိယာအဆင့်မှ ပြန်လည်လျော့ကျနိုင်မှုသဘောကို ယုံကြည်ကြ၏။[၁၆၃] သဗ္ဗတ္ထိဝါဒဂိုဏ်း ပိဋကတ်လာ နာဂဒတ္တာသုတ္တန်တွင် ရဟန္တာ၏အဆင့်ကို နှိပ်ချ ပြောဆိုမှုကို ဤသို့ တွေ့ရ၏။ မာရ်နတ်သည် ဘိက္ခုနီ နာဂဒတ္တာ၏ ဖခင်အသွင်ဖြင့် ဖန်ဆင်း၍ ဘုရား အဖြစ်သို့ ရည်စူး၍ မကျင့်ရန် နားချပုံကို ဖော်ပြထား၏။ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား တို့ အဖြစ်သို့ရောက်ရှိရန်မှာ ကမ္ဘာပေါင်း အသင်္ချေ ပါရမီတော်များကို ဖြည့်ကျင့်ရသည်ဖြစ်ရာ မလွယ်ကူကြောင်း၊ လူအနည်းငယ်သာ ဘုရားဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ခက်ခဲသောလမ်းကို မရွေးချယ်ပဲ မျက်မှောက်ဘဝတွင်သာ ရဟန္တာဖြစ်အောင်ကျင့်၍ လွတ်မြောက်မှုကို ရယူသင့်ကြောင်း၊ ရရှိသည့် နိဗ္ဗာန်ပန်းတိုင်မှာလည်း အားလုံးအတွက် အတူတူပင်ဖြစ်ကြောင်း ဖျောင်းဖျသည်ဟုဆို၏။ ထိုအခါ ဘိက္ခုနီ နာဂဒတ္တာက ဘုရားရှင်တို့၏ ဉာဏ်ပညာသည် အဇ္ဈာအာကာသကြီးပမာ ကြီးမားကျယ်ပြန့်၍ အရပ်(၁၀) မျက်နှာကို အုပ်မိုးနိုင်ကြောင်းနှင့် ရဟန္တာ၏ ဗောဓိဉာဏ်သည် အဆင့်နိမ့်ကြောင်းတို့ကို ပြန်လည်တုံ့ပြန် ပြောဆိုကြောင်း တင်ပြထားလေသည်။[၁၆၄]

သဗ္ဗတ္ထိဝါဒဂိုဏ်းသည် ဗောဓိသတ္တလမ်းစဉ်ဖြင့် ဘုရားအဖြစ် ရောက်ရှိနိုင်ခြင်းကို ယုံကြည်၏။[၁၆၅] သို့သော်လည်း အများလက်ခံသော ပါရမီတရား (၆) ပါး၏ နေရာတွင် ပါရမီ (၄) ပါး ကိုသာ လက်ခံကြ၏။ အစဉ်အလာအားဖြင့် ဒါန ပါရမီ၊ သီလပါရမီ၊ ဝီရိယပါရမီ၊ ပညာပါရမီ၊ ခန္တီပါရမီနှင့် စျာနပါရမီ ဟူ၍ လက်ခံထားကြသော်လည်း သဗ္ဗတ္ထိဝါဒဂိုဏ်းသည် ခန္တီပါရမီနှင့် စျာနပါရမီကို သီးခြားအဖြစ်လက်မခံချေ။ ခန္တီပါရမီသည် သီလပါရမီတွင် ပါဝင်ပြီး ဖြစ်သလို စျာနပါရမီ မပါလျှင်လည်း ပညာပါရမီ မဖြစ်နိုင်သောကြောင့် သဗ္ဗတ္ထိဝါဒဂိုဏ်းသည် ဒါနပါရမီ သီလပါရမီ ဝီရိယပါရမီ ပညာပါရမီ စသည့် ပါရမီ (၄) ပါးကိုသာ လက်ခံကြ၏။[၁၆၆]

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဝိနည်းပိဋကတ်သည် တရုတ်ဘာသာပြန်အားဖြင့်

၁၆၃။ Warder, A.K. *Indian Buddhism. 2000.* p. 277

၁၆၄။ Kalupahana, David. *Buddhist Thought and Ritual.* 2001. p. 109

၁၆၅။ Baruah, Bibhuti. *Buddhist Sects and Sectarianism.* 2008. p. 456

၁၆၆။ Guang Xing. *The Concept of the Buddha: Its Evolution from Early Buddhism to the Trikaya Theory.* 2004. p. 48

အပြည့်အစုံရှိ၏။ တရုတ်နိုင်ငံ၏ ရှေးဦးဗုဒ္ဓဘာသာသမိုင်းတွင် သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဝိနည်းပိဋကတ်သည် အလွန်ကျယ်ပြန့်စွာ လက်ခံကျင့်သုံးကြသော ဝိနည်းဖြစ်၏။ နောင်ကာလများတွင် ဓမ္မဂုတ္တကဂိုဏ်း၏ ဝိနည်းကို ကျင့်သုံးကြလေသည်။ အေဒီ (၇) ရာစု က တရုတ်ရဟန်းတော်တစ်ပါးဖြစ်သော ယိချင်က တရုတ်ပြည်၏ ဒေသအသီးသီးတွင် ဝိနည်းမူကွဲအမျိုးမျိုးကို ကျင့်သုံးကြကြောင်း ဆိုခဲ့၏။ တရုတ်ပြည်အရှေ့ပိုင်းတွင် ဓမ္မဂုတ္တကဂိုဏ်း၏ ဝိနည်းကို ကျင့်သုံးကြ၏။ ချန်အန်အနီးမှာ ကွမ်ဒေါင်ဒေသတွင် မဟာသံဃိကဂိုဏ်း၏ ဝိနည်းကို ကျင့်သုံးကြ၏။ ယန်စီမြစ်ဝှမ်းဒေသနှင့် တောင်ဖက်ပိုင်းတွင် သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဝိနည်းကို ကျင့်သုံးကြ၏။[၁၆၇] ယိချင်နှင့် ဒေါင်အန်တို့က ထိုသို့ ဝိနည်းကျင့်သုံးမှုများ အကွဲကွဲအပြားပြား ဖြစ်နေသည်ကို ဝေဖန်၍ ဝိနည်းတစ်မျိုးတည်းကိုသာ ကျင့်သုံးသင့်ကြောင်း တင်ပြခဲ့ရာတွင် တန်ဧကရာဇ်မင်းကလက်ခံ၍ ဓမ္မဂုတ္တကဂိုဏ်း၏ ဝိနည်းကိုသာ အားလုံးကျင့်သုံးကြစေရန် အမိန့်ပြန်တမ်း ထုတ်ပြန်ခဲ့လေသည်။[၁၆၈]

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အဘိဓမ္မာ

ယခုအခါ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ပိဋကတ်တစ်ခုလုံးကို ပညာရှင်တို့ စုဆောင်းနိုင်ခဲ့ပြီဖြစ်၏။ ပါဠိ-ဒီဃနိကာယ်နှင့် အလားတူသော ဒီဃာဂမ၏ သုံးပုံနှစ်ပုံခန့်ကို အာဖဂန်နစ္စတန်နိုင်ငံတွင် တူးဖော်တွေ့ရှိခဲ့ပြီဖြစ်၏။ ပါဠိ-မဇ္ဈိမနိကာယ် သံယုတ္တနိကာယ်တို့နှင့် အလားတူသော မဇ္ဈိမာဂမနှင့် သံယုတ္တာဂမတို့ကို တရုတ်ဘာသာပြန်အဖြစ် ရရှိပြီး ဖြစ်၏။ သဗ္ဗတ္ထိဝါဒဂိုဏ်းတွင်လည်း ကိုယ်ပိုင်အဘိဓမ္မာ ပိဋကတ်တစ်ခုရှိနေခဲ့ပြီး အောက်ပါကျမ်းများ ပါဝင်နေပါသည်။

၁။ ဉာဏပဋ္ဌာန ကျမ်း ("Foundation of Knowledge")

၂။ ပကာရဏပါဒ ("Exposition")

၃။ ဝိညာဏကာယ ("Body of Consciousness")

၄။ ဓမ္မခန္ဓ ("Aggregation of Dharmas")

၅။ ဓာတုကာယ ("Body of Elements")

၆။ ပညတ္တိသ္သတ္တရ ("Treatise on Designations")

၇။ သင်္ဂီတိပရ္ယာယ ("Discourses on Gathering Together")

၁၆၇။ **Mohr, Thea. Tsedroen, Jampa. *Dignity and Discipline: Reviving Full Ordination for Buddhist Nuns*. 2010. p. 187**

168 Heirman, Ann. Bumbacher, Stephan Peter. *The Spread of Buddhism*. 2007. pp. 194-195

ယင်း အဘိဓမ္မာကျမ်းများကို ဂါထာတစ်သိန်းဖြင့် ဖွင့်ဆိုရှင်းပြသော မဟာဝိဘာသာကျမ်းကြီးများအပြင် ဝသုဗန္ဓုမထေရ်၊ သံဃဘဒြမထေရ်၊ ဓမ္မုတ္တရမထေရ် စသည်တို့ ရေးသားစီရင်သော အဖွင့်ဋီကာ အဋ္ဌကထာကျမ်းကြီးများလည်း ရှိ၏။ ထူးခြားချက်မှာ သဗ္ဗတ္ထိဂိုဏ်းသည် အဘိဓမ္မာကို ဘုရားဟော ဗုဒ္ဓဝစနအဖြစ် မယူဆဘဲ ရဟန္တာမထေရ်ကြီးများ၏ လက်ရာများအဖြစ်သာ ခံယူကြခြင်းဖြစ်၏။

(၁) ဉာဏပဋ္ဌာနကျမ်းကို စီရင်သူမှာ မဟာကစ္စာယနီပုတ္တမထေရ် ဖြစ်၏။ ယင်း၏ အဖွင့်ကောသကျမ်းတွင် မူရင်းဟောသူမှာ ရှင်တော်ဗုဒ္ဓကိုယ်တော်တိုင် ဖြစ်ပြီး မဟာကစ္စာယနီပုတ္တမထေရ်မှာ ဖွင့်ဆိုရှင်းပြသူသာဖြစ်ကြောင်း ဆိုထား၏။ ဉာဏပဋ္ဌာနကျမ်းကို တရုတ်ဘာသာသို့ နှစ်ကြိမ် ပြန်ဆိုခဲ့၏။ ပထမအကြိမ်မှာ အေဒီ ၄ ရာစုတွင် ဂေါတမ သံဃဒေဝမထေရ်နှင့် ချုဖိုချန်တို့၏ ဘာသာပြန်ဖြစ်ပြီး ဒုတိယအကြိမ်အနေဖြင့် အေဒီ ၇ ရာစုတွင် ဆရာတော် ရွှင်ကျန်က ထပ်မံ၍ ဘာသာပြန်ခဲ့သေး၏။ ဉာဏပဋ္ဌာနကျမ်းသည် အခန်း (၈) ခန်း ပါဝင်သောကြောင့် အဋ္ဌဂန္ထိဟူသော အမည်တစ်မျိုးကိုလည်း ရသေး၏။ ပထမအခန်းတွင် လောကီကဓမ္မတရားများဖြစ်သော ဉာဏ ပုဂ္ဂလ သဒ္ဓါ အဟိရိက ရူပ စသော တရားစုများအကြောင်း ဆွေးနွေးထား၏။ ဒုတိယအခန်းတွင် သံယောဇဉ်တရားနှင့် ကိလေသာ တရားများအကြောင်း အကျယ်တဝင့် တင်ပြ၏။ တတိယအခန်းသည် ဉာဏ်စဉ်အမျိုးမျိုးနှင့် သက်ဆိုင်၏။ စတုတ္ထအခန်းတွင် အကုသိုလ် ကမ္မတရားများနှင့် ၄င်းတို့၏ အကျိုးဝိပါက်တရားများကို တင်ပြထား၏။ ပဉ္စမအခန်းတွင် လူသား၏ ရူပက္ခန္ဓာနှင့် မဟာဘုတ်တရားများအကြောင်း ဖော်ပြပါရှိ၏။ ဆဋ္ဌမအခန်းတွင် ဣန္ဒြေ ၂၂ ပါး လောကမာတုသုံးပါးဖြစ်သော ကာမ ရူပ အရူပ တရားတို့ကို ရှင်းလင်းထား၏။ သတ္တမအခန်းတွင် သမာဓိအဆင့်အမျိုးမျိုး၊ သမာပတ်အမျိုးမျိုးနှင့် အရိယာပုဂ္ဂိုလ်တို့၏ အဆင့်အတန်း အမျိုးမျိုးတို့အကြောင်းကို ဖော်ပြထား၏။ နောက်ဆုံး အဋ္ဌမမြောက် အခန်းတွင် သတိပဋ္ဌာန်တရား (၄) ပါးနှင့် မိစ္ဆာဒိဋ္ဌိအမြင် အမျိုးမျိုးတို့ကို လင်းပြထားသည်ကို တွေ့ရပါသည်။

(၂) သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဒုတိယမြောက် အဘိဓမ္မာကျမ်းကို ပကာရဏပဒ ဟု ခေါ်တွင်ပြီးလျှင် ဝသုမိတြမထေရ် စီရင်သည်ဟု ဆိုပါသည်။ ပကာရဏပဒကျမ်းကိုလည်း တရုတ်ဘာသာသို့ နှစ်ကြိမ်ပြန်ဆိုခဲ့၏။ ပထမအကြိမ်မှာ ဂုဏဘဒြမထေရ်နှင့် ဗောဓိယသမထေရ်တို့ (အေဒီ ၄၃၅ မှ ၄၄၃ အတွင်း) အာရှအလယ်ပိုင်းတွင် ပြန်ဆိုခဲ့ခြင်းဖြစ်၏။ ဆရာတော်ရွှင်ကျန်က အေဒီ ၆၅၉ တွင် ဒုတိယအကြိမ် ပြန်ဆိုခဲ့၏။ ပကာရဏပဒကျမ်းတွင်လည်း အခန်း (၇) ခန်း ပါဝင်နေပြန်ပါသည်။

ပထမအခန်းတွင် ရုပ် စိတ် စေတသိက် စသော သင်္ခတတရားများ၊ စိတ္တဝိပ ယုတ်တရားများ၊ အသင်္ခတတရားများ အကြောင်းကို ဖော်ပြထားလေသည်။ ဒုတိယ အခန်းတွင် ဉာဏပဋ္ဌာနကျမ်း၏ စတုတ္ထအခန်းမှာ ဖော်ပြထားသော အကုသိုလ် ကမ္မတရားများနှင့် ၄င်းတို့၏ အကျိုးဝိပါက်တရားများအကြောင်းကို အသေးစိတ် ချဲ့ထွင်ဆွေးနွေးထား၏။ တတိယအခန်းတွင် အာရုံခံ ဒွါရတရားများအကြောင်း တင်ပြထား၏။ စတုတ္ထအခန်းတွင် ခန္ဓာ အာယတနဓာတု သစ္စာ မဟာဘူတ စသော ပရမတ္ထတရားများအကြောင်း ဖော်ပြထား၏။ ပဉ္စမအခန်းတွင် အနုသယကိလေသာ အကြောင်းကိုင်း၊ ဆဋ္ဌမအခန်းတွင် ဝိညေယျတရားများ၊ အနုမေယျတရားများ၊ အနာသဝတရားများကိုင်း ဖော်ပြထားပြီး နောက်ဆုံးဖြစ်သော သတ္တမအခန်းတွင်မူ အကွရာစဉ်အညွှန်းကို ပြုစုထားရှိခဲ့၏။

(၃) သဗ္ဗတ္ထိဝါဒဂိဏ်း၏ တတိယမြောက် အဘိဓမ္မာကျမ်းကို ဝိညာဏကာယ ဟု ခေါ်တွင်ပြီးလျှင် ဒေဝသာမ မထေရ် စီရင်သည်ဟု ဆိုပါသည်။ ယင်းကျမ်းကို ဆရာတော်ရွှင်ကျန်က အေဒီ ၆၄၉ တွင် တရုတ်ဘာသာသို့ ပြန်ဆိုခဲ့၏။ ဤကျမ်းကို အပိုင်းခြောက်ပိုင်း ခွဲခြားထား၏။ ပုဂ္ဂလ ဣန္ဒြိယ စိတ္တ ကိလေသာ ဝိညာဏ စသဖြင့် နာမ်ဓာတ်သဘာဝ အမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာ၍ ပြသထား၏။ ထို့အတူ ဘုံအမျိုးမျိုးမှ သတ္တဝါအမျိုးမျိုး၏ ရအပ်သော အာရုံအမျိုးမျိုး အကြောင်းကိုလည်း အကျယ်တဝင့် ဆွေးနွေးထား၏။

(၄) သဗ္ဗတ္ထိဝါဒဂိဏ်း၏ စတုတ္ထမြောက် အဘိဓမ္မာကျမ်းကို ဓမ္မခန္ဓဟု ခေါ် တွင်ပြီးလျှင် သာရိပုတ္တရာမထေရ် စီရင်သည် ဟုဆိုပါသည်။ ထေရဝါဒဂိဏ်း၏ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကဲ့သို့ သီလ သမာဓိ ပညာ အဆင့်ဆင့် မြင့်တက်လွတ်မြောက်ပုံ များကို ဖော်ပြထား၏။ သဗ္ဗတ္ထိဝါဒဂိဏ်း၏ အပိုင်း (၂၁) ပိုင်း ပါဝင်သော ကမ္မ ဋ္ဌာန်းဘာဝနာ အလင်းပြကျမ်းဟု ဆိုနိုင်၏။

(၅) သဗ္ဗတ္ထိဝါဒဂိဏ်း၏ ပဉ္စမမြောက် အဘိဓမ္မာကျမ်းကို ဓာတုကာယဟု ခေါ်တွင်ပြီးလျှင် ပုဏ္ဏာမထေရ် စီရင်သည်ဟု ဆိုပါသည်။ ယင်းကျမ်းကို ဆရာတော် ရွှင်ကျန်က အေဒီ ၆၆၃ တွင် တရုတ်ဘာသာသို့ ပြန်ဆိုခဲ့၏။ ဓမ္မတရား အမျိုးမျိုး တို့ကို သတ်မှတ်ရေတွက်ပုံကို ဆွေးနွေးထား၏။ ထေရဝါဒဂိဏ်း၏ ဓာတုကထာ ကျမ်းကဲ့သို့ပင် ယှဉ်တွဲဖြစ်ပွားသော သမ္ပယုတ်တရားများနှင့် သီးခြားစီဖြစ်သော ဝိပ္ပယုတ်တရားများအကြောင်း ဖွင့်ဆိုထားပါသည်။

(၆) သဗ္ဗတ္ထိဝါဒဂိဏ်း၏ ဆဋ္ဌမမြောက် အဘိဓမ္မာကျမ်းကို ပညတ္တိသ္သတ္ထရ ဟု ခေါ်တွင်ပြီးလျှင် မောဂ္ဂလာနမထေရ် စီရင်သည်ဟု ဆိုပါသည်။ ယင်းကျမ်းကို

ဓမ္မပါလမထေရ် က အေဒီ ၁၀၀၄ ခန့်တွင် တရုတ်ဘာသာသို့ ပြန်ဆိုခဲ့သော်လည်း ယခုအခါ အပြည့်အစုံ မကျန်ရစ်တော့ပေ။ တိဗက်ဘာသာပြန်မူတွင် လောကပညတ္တိ တရားများ ကရဏ ပညတ္တိတရားများနှင့် ကမ္မပညတ္တိတရားများ ဟူ၍ ဤကျမ်းကို သုံးပိုင်း ပိုင်း၍ မှတ်တမ်းတင်ထားသည်ကို တွေ့ရ၏။

(၇) သဗ္ဗတ္ထိဝါဒကိဏ်း၏ သတ္တမမြောက် အဘိဓမ္မာကျမ်းကို သံဂီတိပယျာယ ဟု ခေါ်တွင်ပြီးလျှင် မဟာကောဋ္ဌိက မထေရ်စီရင်သည်ဟု ဆိုပါသည်။

မဟာယာနဗုဒ္ဓဘာသာနှင့် ဆက်စပ်မှု

အဆိုပါ အဘိဓမ္မာကျမ်းများ၏ အဖွင့်ဝိဘာသာကျမ်းများကို ကနိဋ္ဌကမင်းကြီး လက်ထက် အေဒီ ၁၅၀ ဝန်းကျင်တွင် ရေးသားခဲ့ကြ၏။[၁၆၉] ၎င်းဝိဘာသာကျမ်းကြီးများတွင် နောက်ပိုင်း မဟာယာနဗုဒ္ဓဘာသာအပေါ် လွှမ်းမိုးသော အယူအဆများစွာ ပါဝင်နေသည်ကို တွေ့ရှိရ၏။[၁၇၀] ဝိဘာသာကျမ်းများသည် မဟာယာနသုတ္တန်များကို အနက်ဖွင့်ပေးသည့်အပြင် ထိုသုတ္တန်များ၏ ပိဋကတ်တော်အတွင်း ပါဝင်တည်ရှိမှုတို့ကိုပါ အခိုင်အမာပြုပေးခဲ့ပြီး မဟာယာနသုတ္တန်များကို ဝေပုလ္လသုတ္တန်များဟူ၍ အမည်ပေးခဲ့၏။ ဝေပုလ္လဟူသည်မှာ ကြီးမားကျယ်ပြန့်သောအရာ ဟူသော အနက်အဓိပ္ပာယ်ရှိသောကြောင့် ကြီးမားနက်နဲ ပြန့်ကျယ်သော တရားဓမ္မများကို ဖွင့်ဆိုရှင်းပြရာ ကျမ်းဂန်ဒေသနာတော်များဟူသော ဖွင့်ဆိုချက်ကို ပေးခဲ့ပါသည်။[၁၇၁]

မဟာယာနဗုဒ္ဓဘာသာ တိုးတက်ဖွံ့ဖြိုးမှုအတွက် သဗ္ဗတ္ထိဝါဒကိဏ်း၏ မဟာဝိဘာသာကျမ်းများက ပံ့ပိုးပေးခဲ့ကြောင်း ပညာရှင် ချားလ်ဝီလီယံ (Charles William) က ကောက်ချက်ဆွဲခဲ့၏။[၁၇၂] မဒ္ဓျသိရိမူလကပွကျမ်း၏ အလိုအရ ကနိဋ္ဌကမင်းကြီးသည် မဟာယာန ပညာပါရမီတာ သုတ္တန်အပါအဝင် ပိဋကတ်များ ရွတ်ဆိုမှတ်တမ်းတင်ပွဲတွင် ဦးစီးခဲ့ကြောင်း ဆို၏။[၁၇၃] ဗုဒ္ဓဝါဒ သမိုင်းပညာရှင် ပေါလ်ဝီလျံ (Paul Williams) ကလည်း မဟာပညာ ပါရမီတာသျှောရကျမ်းတွင်

၁၆၉။ Potter, Karl. *Abhidharma Buddhism to 150 A.D.* 1998. p. 112=24

170 Potter, Karl. *Abhidharma Buddhism to 150 A.D.* 1998. p. 117=25

171 Walser, Joseph. *Nāgārjuna in Context: Mahāyāna Buddhism and Early Indian Culture.* 2005. p. 156

172 William, Charles. Dessein, Bart. Cox, Collett. *Sarvastivada Buddhist Scholasticism.* 1997. p. 123

173 Ray, Reginald. *Buddhist Saints in India: A Study in Buddhist Values and Orientations.* 1999. p. 410

ဝေဘာသိကဂိုဏ်းနှင့် ဆက်စပ်မှုကို အထင်အရှား တွေ့ရကြောင်း မှတ်ချက်ပေးခဲ့၏။ [၁၇၄]

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဓမ္မဒဿနအမြင်

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အခြေခံအကျဆုံးသော အဘိဓမ္မာ အယူအဆမှာ မမ္မတရားများ အားလုံးသည် ၄င်းတို့၏ အနှစ်သည့် အသိမ်မွေ့ဆုံး အခြေအနေတွင် ကာလသုံးပါးစလုံး မပျက်မစီးဘဲ အမြဲတည်နေကြသည်ဟူသော အယူအဆပင်ဖြစ်၏။ သဗ္ဗ=ခပ်သိမ်းကုန်သော ရုပ်နာမ်ဓမ္မသင်္ခါရနှင့် အသင်္ခတနိဗ္ဗာန တရားဟူသမျှတို့သည် + အတ္ထိ= အတိတ် ပစ္စုပ္ပန် အနာဂတ်တည်းဟူသော ကာလသုံးပါးစလုံး မပျောက်မပျက် အမြဲအစဉ်ထာဝရ တည်ရှိနေကြသည်ဟူသော အယူဝါဒကို အစွဲပြု၍ ယင်းဂိုဏ်းကို သဗ္ဗတ္ထိဝါဒဂိုဏ်းဟု ခေါ်ဆိုခြင်းဖြစ်၏။

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အလိုအရ သစ်ပင် တောတောင်လူ တိရစ္ဆာန် အစရှိသော ပေါင်းစုတည်ရှိနေသော အရာများမှာ မတည်မြဲ (အနိစ္စ) အနှစ်သာရ မရှိ (အနတ္တ) ဟု ဆိုသော်လည်း ၄င်းတို့ကို ဖွဲ့စည်းတည်ဆောက်ထားသော အခြေခံ ဓမ္မတရားများမှာ ပြောင်းလဲမှုမရှိ အစဉ်တည်နေသည်ဟု ယူဆလေသည်။ ဥပမာ= ဝေဒနာသဘောသည် သုခ ချမ်းသာခြင်း၊ ဒုက္ခ ဆင်းရဲခြင်းနှင့် အလယ်အလတ်ဥပေက္ခာ သဘောဟူ၍ ကွဲပြားခြားနား ပြောင်းလဲနိုင်သော်လည်း ဝေဒနာ၏ ခံစားတတ်သောသဘောမှာ အမြဲတည်နေသကဲ့သို့ ဖြစ်လေသည်။ ဝေဒနာ၏ ခံစားတတ်သော သဘာဝသည် အတိတ် ပစ္စုပ္ပန်အနာဂတ်ဟူသော ကာလသုံးပါးစလုံးတွင် မပြောင်းမလဲ အမြဲတည်ရှိနေသည်ဟုလည်း ယူဆ၏။ ဤသို့ ယူဆခြင်းအားဖြင့် သဗ္ဗတ္ထိဝါဒဂိုဏ်းသည် ဓမ္မတရားတစ်ခုချင်းစီတွင် ပကတိအစစ်အမှန်ရှိနေသော အနှစ်သားသဘာဝ (သဘာဝသိဒ္ဓိ) အယူအဆကို တည်ဆောက်ခဲ့ပြီး ၄င်းတို့တွင် သီးခြားကိုယ်ပိုင်ရပ်တည်နိုင်သော စွမ်းအင် (သယံသိဒ္ဓ) လည်း ရှိနေကြောင်း အခိုင်အမာ ယူဆခဲ့သော ဂိုဏ်း ဖြစ်လာခဲ့ပါသည်။

ထာဝိရဝါဒဂိုဏ်းကမူ ဤအယူအဆကို လက်မခံပဲ အသင်္ခတနိဗ္ဗာနတရားမှ တစ်ပါး ကျန်သော တေဘူမကသင်္ခါရတရား ဟူသမျှတို့သည် အစဉ်အမြဲ ဖောက်ပြန်ပြောင်းလဲ ပျက်စီးနေကြသည် ဟူသော သဗ္ဗသင်္ခါရ အနိစ္စ အမြင်ကိုသာ လက်ခံ၏။ ထာဝိရဝါဒဂိုဏ်း၏ အဘိဓမ္မာကျမ်းတစ်စောင်ဖြစ်သော ကထာဝတ္ထုတွင် အရာ

၁၇၄။ **Williams, Paul, and Tribe, Anthony. *Buddhist Thought: A Complete Introduction to the Indian Tradition*. 2000. p. 100**

ခပ်သိမ်း အမြဲတည်ရှိနေသည်ဟူသော သဗ္ဗတ္ထိဝါဒ အယူအဆကို ဤသို့ ဝေဖန်ဆန်းစစ် ချေဖျက်ထားသည်ကို တွေ့ရ၏။

- အကယ်၍ သဗ္ဗတ္ထိဝါဒ အယူအဆအရ အရာခပ်သိမ်း အမြဲတည်ရှိနေသည် ဆိုပါက ဆန့်ကျင်ဘက်သဘောဆောင်သော အရာများလည်း အမြဲအတူတည်ရှိနေပါသလောဟု စောဒနာဖွယ်ရာရှိ၏။ အလင်းနှင့်အမှောင်သည် အမြဲအတူတည်ရှိနေသလော။ ကိလေသာ အကုသိုလ်တရားများနှင့် ကုသိုလ်တရားများ မဂ်ဉာဏ် ဖိုလ်ဉာဏ်တရားများသည် ယှဉ်ပြိုင်လျက် အမြဲတည်နေနိုင်သလောဟု စောကြောဝေဖန်ရန် ရှိပေသည်။ ဤဝေဖန်ချက်နှင့်ပတ်သက်၍ သဗ္ဗတ္ထိဝါဒဂိုဏ်းက အတိတ်နှင့် အနာဂတ်တို့သည် အမြဲတည်ရှိနေသည်ဟု ဆိုသော်လည်း ပစ္စုပ္ပန် တည်ရှိနေသကဲ့သို့ တည်နေခြင်း မဟုတ်ကြောင်း ပြန်လည် တုံ့ပြန်ဖြေဆိုခဲ့၏။
- အကယ်၍ သဗ္ဗတ္ထိဝါဒ အယူအဆအရ ပစ္စုပ္ပန်ကာလတွင် တည်ရှိသော ရုပ်တရားသည် အတိတ်ကာလအဖြစ်သို့ ပြောင်းရွှေ့သွားရသည့်အခါ ပစ္စုပ္ပန်ကာလသဘောကို စွန့်၍ အတိတ်ကာလသဘောကို ဆောင်ယူသည်ဆိုပါက ရုပ်တရားသည် မိမိ၏ ရုပ်တရားသဘောမှ ပြောင်းရွှေ့ပါသလောဟု စောကြောဖွယ်ရာရှိ၏။ အဖြူရောင် အဝတ်စတစ်ခုကို အနီရောင်ဆိုးလိုက်ပါက အဖြူရောင်ဖြစ်ခြင်းသဘောမှ ပြောင်းလဲ ဖောက်ပြန် ရွှေ့လျောသွားသော်လည်း ပိတ်စ၏ ပိတ်စဖြစ်နေခြင်း သဘောမှ မပြောင်းလဲသလိုပင် အတိတ်သို့ ပြောင်းရွှေ့သော ရုပ်တရားသည် မိမိ၏ ရုပ်တရားသဘာဝကိုမူ မစွန့်လွှတ်ပါဟု သဗ္ဗတ္ထိဝါဒီက ပြန်လည်ဖြေဆို၏။ ထိုအခါ ထာဝရဝါဒဂိုဏ်းက ဤသို့ ဖြစ်လျှင် ရုပ်တရား သဘာဝသည် အမြဲတည်နေသောကြောင့် ကာလဝိမုတ် ဖြစ်နေသောအရှိတရား (ထာဝရတည်နေသောတရား) တစ်ခုဖြစ်နေပြီး နိဗ္ဗာန်နှင့် အတူတူပင်လောဟု မေးခွန်းထုတ်ခဲ့၏။ ဤသို့ မဖြစ်နိုင်ပါ (ရုပ်တရားနှင့် နိဗ္ဗာန်တရား မတူညီနိုင်ပါ) ဟု သဗ္ဗတ္ထိဝါဒီက ပြန်လည် ဖြေဆိုခဲ့၏။
- ရုပ်တရားကဲ့သို့ပင် အခြားသော ဓမ္မတရားများ (အတိတ် အနာဂတ်နှင့် နာမ်ခန္ဓာများ) သည်လည်း မိမိတို့သဘာဝကို မစွန့်သောကြောင့် ကာလဝိမုတ်ဖြစ်နေသော အရှိတရား (ထာဝရတည်နေသောတရား) တစ်ခုဖြစ်နေပြီး နိဗ္ဗာန်နှင့် အတူတူပင်လော မေးခွန်းထုတ်လျှင် ဤသို့ မဖြစ်နိုင်ပါ။ (အခြားသော ဓမ္မတရားများ (အတိတ် အနာဂတ်နှင့် နာမ်ခန္ဓာများ) နှင့် နိဗ္ဗာန်တရား မတူညီနိုင်ပါ) ဟု သဗ္ဗတ္ထိဝါဒီက ပြန်လည် ဖြေဆိုခဲ့၏။

- အတိတ်တရားများလည်း အမြဲတည်ရှိနေသည်ဆိုပါက ရဟန္တာအရိယာသူတော်စဉ်များသည် မိမိတို့ပယ်ခဲ့သော အတိတ် ကိလေသာများ အမြဲတည်ရှိနေသည်ဟု ယူဆရဖွယ်ရှိသောကြောင့် ကိလေသာမငြိမ်းသေး (ပျက်စီးမချုပ်ငြိမ်းသေး) ဟု ဆိုရာရောက်နေကြောင်း ထာဝရဝါဒဂိုဏ်းက ဝေဖန်ထောက်ပြခဲ့၏။

ကဿပီယ ဂိုဏ်း

ထေရဝါဒ မဟာဝံသကျမ်း အလိုအရ ကဿပီယဂိုဏ်းသည် သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဂိုဏ်းကွဲတစ်ခုအဖြစ် ယူဆကြသည်။[၁၅] အသောကမင်းကြီးလက်ထက် ဟိမဝန္တာအရပ်သို့ သာသနာပြု စေလွှတ်ခြင်းခံရသော အရှင်ကဿပမထေရ်မြတ်၏ အနွယ်အဆက်များဟု ဆိုကြ၏။ ထို့ကြောင့် ယင်းဂိုဏ်းကို ဟေမဝတဂိုဏ်းဟုလည်း ခေါ်ဆိုကြ၏။[၁၆] ကဿပီယဂိုဏ်းသည် ဘီစီ ၁၉၀ ဝန်းကျင်မှစ၍ သီးခြားဂိုဏ်းတစ်ခုအဖြစ် ရပ်တည်ခဲ့သည်ကို တွေ့ရ၏။[၁၇] တရုတ်ခရီးသည် ရဟန်းတော်များဖြစ်ကြသော ရွှင်ကျန်နှင့် ယိချင်တို့၏ မှတ်တမ်းများအရ ဆိုရလျှင် ကဿပီယဂိုဏ်းသည် အေဒီ (၇) ရာစု အထိ တည်ရှိနေဆဲဖြစ်ကြောင်းနှင့် မဟာယာန ဗုဒ္ဓဘာသာအယူအဆများကို လက်ခံပြီးဖြစ်ကြောင်း သိရ၏။[၁၈]

ယိချင်က မဟိသာသကဂိုဏ်း ဓမ္မဂုတ္တကဂိုဏ်းနှင့် ကဿပီယဂိုဏ်းတို့ကို သဗ္ဗတ္ထိဝါဒ အနွယ်ဝင်ဂိုဏ်းများအဖြစ် အုပ်စုဖွဲ့ မှတ်တမ်းထားခဲ့၏။ ထိုဂိုဏ်းများသည် ဥဒ္ဒီယာန ခိုတန်ပြည်နှင့် ကုချာအရပ်ဒေသများတွင် ပျံ့နှံ့လွှမ်းမိုးကြောင်း ကိုလည်း ဆိုထား၏။[၁၉] ပါသီယန်ရဟန်းတော်တစ်ပါးဖြစ်သော အန်ရှီဂေါင် တရုတ်ဘာသာပြန်ဆိုခဲ့သော ရှေးခေတ် ဗုဒ္ဓရဟန်းတော်များ၏ သက်ဦးအရောင်အဆင်းကို ဖော်ပြထားသည့် တာ့ဘီကိဆန်ကျန်ဝေယိကျမ်း၏ အလိုအရ ကဿပီယဂိုဏ်းဝင် ရဟန်းတော်များသည် **တတိုင်းမွေးပန်း၏ အဆင်းရှိသောသင်္ကန်း**များကို ဝတ်ဆင်ကြ၏။[၂၀] ဝသုမိတြမထေရ်၏ သမယဘေဒေါပရစ္စနစ္စကက္ကရကျမ်း၏ အလိုအရ

၁၇၅။ See, e.g., *Mahāvaṃsa* (trans., Geiger, 1912), ch. 5, "The Third Council,

၁၇၆။ Warder, A.K. *Indian Buddhism*. 2000. p. 277)

၁၇၇။ Warder (1970/2004), p. 277.

၁၇၈။ Baruah, Bibhuti. *Buddhist Sects and Sectarianism*. 2008. p. 52

၁၇၉။ Yijing. Li Rongxi (translator). *Buddhist Monastic Traditions of Southern Asia*. 2000. p. 19

၁၈၀။ Hino, Shoun. *Three Mountains and Seven Rivers*. 2004. pp. 55-56)

ဟေမဝတကိုဏ်း (ကဿပိယကိုဏ်း) သည် ထာဝရကိုဏ်းနှင့် မဟာသံဃိကတို့၏ အယူအမြင်များကို ရောနှောပေါင်းစပ် ခံယူကြကြောင်း သိရ၏။[၁၈၁]

ထို့အပြင် ကဿပိယကိုဏ်းသားတို့သည် ပစ္စုပ္ပန်ခန္ဓာများတွင် အတိတ် တရားစုများ ကိန်းဝပ်တည်ရှိနိုင်မှုကို လက်ခံကြကြောင်း ထေရဝါဒ ကထာဝတ္ထု ကျမ်းက ဆို၏။[၁၈၂] အေကေဝါဒါး၏ အလိုအရဆိုရလျှင် ကဿပိယကိုဏ်းသားတို့သည် မဟာသံဃိကနှင့် သဗ္ဗတ္ထိဝါဒီတို့နည်းတူ ရဟန္တာပုဂ္ဂိုလ်သည် အရိယာအဆင့်မှ လျှောကျနိုင်သည်ဟု ယူဆသူများ ဖြစ်ကြ၏။ ဂန္ဓာရဒေသမှ ရှာဖွေတွေ့ရှိခဲ့သော ရွှေးဟောင်း ဗုဒ္ဓပိဋကတ်စာပေ အစုအဝေးထဲမှ ဓမ္မပဒကျမ်းသည် ကဿပိယကိုဏ်း၏ ကျမ်းစာအဖြစ် ပညာရှင်တို့ကယူဆကြ၏။ ထိုနည်းတူ တရုတ် ဗုဒ္ဓပိဋကတ်စာပေမှ သံယုတ္တအာဂမ ပိဋကတ်သည် သည်ကဿပိယကိုဏ်း၏ ကျမ်းစာဖြစ်ကြောင်း ဆိုကြပါသည်။[၁၈၃]

သမ္မိတီယ (ပုဂ္ဂလဝါဒီ) ဂိုဏ်း

ဘီစီ ၂၈၆ ဖြစ်သော သာသနာသင်္ဂါရာဇ်၏ ၂၀၀ ခန့်တွင် ဝဇ္ဇီပုတ္တအမည်ရှိ ရဟန်းတော်တစ်ပါးက အဘိဓမ္မာပိဋကတ်ကို ပြန်လည် တည်းဖြတ်သုတ်သင်ခဲ့ပြီး ယင်းပိဋကတ်ကို အရှင်သာရိပုတ္တရာနှင့် အရှင်ရာဟုလာတို့ထံမှတဆင့် ရရှိခဲ့ကြောင်း သူက ဆိုခဲ့၏။[၁၈၄] ဝဇ္ဇီပုတ္တ၏ အယူဝါဒကို ပုဂ္ဂလဝါဒဟုခေါ်ပြီး ဝဇ္ဇီပုတ္တ၏ နောက်လိုက်တပည့်များကို ဝဇ္ဇီပုတ္တကဂိုဏ်းသားများဟု ခေါ်ဆို၏။ ဝဇ္ဇီပုတ္တ၏ အလိုအရ (ထာဝရဝါဒက ယူဆသကဲ့သို့) သတ္တဝါတွင် ခန္ဓာ (၅) ပါး သက်သက်သာမက ပုဂ္ဂလဟူသော သီးခြား သဘောတရားတစ်ခုလည်း ရှိသေးသည်ဟု ဆို၏။ ပုဂ္ဂလသည် တိတ္ထိတို့ ယူဆသော အတ္တကဲ့သို့ ခန္ဓာ (၅) ပါးမှ ကင်းလွတ်၍ သပ်သပ်တည်နေသည့် အရာလည်း မဟုတ်သလို ခန္ဓာတို့နှင့် ထပ်တူလည်း မဟုတ်ကြောင်း ယုံကြည်ကြ၏။ ပုဂ္ဂလသည် ဘဝထိုထိုတွင် ပြေးသွားကျင်လည်နေတတ်သော ကောင်းဆိုး ကျိုးပြစ်များကို ခံစားနေရသော သတ္တဝါပင်ဖြစ်၏။ ခန္ဓာတို့ချုပ်ငြိမ်း၍ နိဗ္ဗာန်သို့ ဝင်စံရသည်မှာလည်း ဤ ပုဂ္ဂလတရားသာ ဖြစ်သည်ဟူ၍ ဝဇ္ဇီပုတ္တက တို့က ဆိုပါသည်။ ဤအယူအဆသည် တိတ္ထိဆရာတို့၏ တည်မြဲသော အတ္တ အယူ

၁၈၁။ Baruah, Bibhuti. *Buddhist Sects and Sectarianism.* 2008. p. 54

၁၈၂။ Malalasekera (2003), p. 556, entry for "Kassapiyā, Kassapikā"

၁၈၃။ Warder, A.K. *Indian Buddhism. 2000.* p. 6)

၁၈၄။ Lamotte HBI 209, 587. See Intro, to Nanamoli's Pirans., p. xxxii.)

အဆန့်၌ မထူးခြားလှကြောင်း ရှုမြင်၍ ထာဝရဂိုဏ်းအပါအဝင် ကျန်သော ဗုဒ္ဓဘာသာဂိုဏ်းများ အားလုံးက ဤအမြင်ကို လက်မခံခဲ့ကြပေ။ အထူးသဖြင့် ထေရဝါဒ ကျမ်းစာတစ်ဆူဖြစ်သော ကထာဝတ္ထုကျမ်းတွင် အဆိုပါ ပုဂ္ဂလ အယူအဆကို ခြေခြေမြစ်မြစ် ဝေဖန်ဆန်းစစ်၍ ငြင်းပယ်ထားသည်ကို တွေ့ရ၏။

ပါဠိစာပေနှင့် သက္ကတစာပေများမှ ရည်ညွှန်းချက်များအရဆိုရလျှင် ၄င်း သမ္မိတိယဂိုဏ်း ပေါ်ပေါက်ရာကာလသည် ဘီစီ ၃ ရာစု ဝန်းကျင်ဟု ဆိုနိုင်ပါ၏။ အထူးသဖြင့် ဟာရဝဒ္ဓမာန ဘုရင်လက်ထက် (အေဒီ ၆၀၆-၆၄၇) တွင် အကြီးအကျယ် အားကောင်းခဲ့သည်ဟု ဆို၏။ ဘုရင်မင်းမြတ်၏ နှမတော် ရာဇသိရီဒေဝီကိုယ်တိုင် ဘိက္ခုနီအဖြစ် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြောင်း သိရ၏။ မထုရာနှင့် ဆာရာနသ်ဒေသများတွင် တွေ့ရသော ကျောက်စာများတွင် ၄င်းဂိုဏ်းအကြောင်းကို ဖော်ပြထား၏။ မထုရာကျောက်စာ အမှတ် ၅ တွင် သမ္မိတိယဂိုဏ်း ရဟန်းများနေထိုင်သီတင်းသုံးခဲ့သော သိရီဝိဟာရအမည်ရှိသော ကျောင်းတိုက်တစ်ခု၏ အမည်ကို ဖော်ပြထား၏။ ထို့အပြင် ပြဝါရိကဝိဟာရ သုဝဏ္ဏကာရ ဝိဟာရနှင့် စုတ္တကဝိဟာရ စသော အခြားကျောင်းတိုက် ၃ ခု၏ အမည်များကိုလည်း တွေ့ရ၏။ ကုရှန်မင်းဆက်များလက်ထက် ရေးထိုးထားခဲ့သော ဗြဟ္မီဘာသာကျောက်စာများတွင်လည်း အဆိုပါဂိုဏ်းသည် ဆာရာနသ်ဒေသတွင် ကြီးပွားခဲ့ကြောင်း ဖော်ပြထား၏။ ဒတ်၏ အလိုအရ ဤဂိုဏ်းသား များသည် ဒုတိယသင်္ဂါယနာတင်ကာလက သံဃာအကြီးအကဲ မထေရ်ကြီးများ၏ ဝိနည်းအဆုံးကိုနာခံ၍ ထာဝရဝါဒဂိုဏ်းနှင့် အတူနေခဲ့သော ဝေဿာလီ ရဟန်းများ၏ အဆက်အနွယ်များ ဖြစ်နိုင်ကြောင်း ယူဆရ၏။[၁၈၅] သမ္မိတိယဂိုဏ်းသားတို့ကမူ မိမိတို့၏ ဂိုဏ်းစတင်ခဲ့ရသည့်ဒေသကို အဝန္တီတိုင်းဟုဆိုပြီး ၄င်းတို့၏ အကြီးအကဲမှာ မဟာကစ္စာယနမထေရ်ဖြစ်ကြောင်း ဆိုကြ၏။ ထို့ကြောင့် သမ္မိတိယဂိုဏ်းသည် ပါဠိဗုဒ္ဓဘာသာအစဉ်အလာနှင့် အလွန်နီးကပ်သော ဆက်သွယ်မှုရှိကြောင်း မှန်းဆနိုင်၏။

တရုတ်ရဟန်းတော် ခရီးသည် ရွှင်ကျန်က သမ္မိတိယဂိုဏ်း၏ ကျမ်းစာပေါင်း ၁၅ ဆူကို တရုတ်ပြည်သို့ သယ်ဆောင်ခဲ့သည်ဟု ဆိုထားသလို အခြားခရီးသည် ရဟန်းတစ်ပါးဖြစ်သော ယိချင်ကလည်း ဤဂိုဏ်းတွင် သီးခြား ဝိနည်းပိဋကတ်တစ်ခု ရှိကြောင်း မှတ်တမ်းတင်ထား၏။ ယနေ့ခေတ်အထိ တရုတ်ပိဋကတ်တွင် ကြွင်းကျန်ရစ်သော သမ္မိတိယသျှတ္တရအမည်ရှိ ကျမ်းသည် ဤဂိုဏ်း၏ အယူအဆ

၁၈၅။ Nalinaksha Dutt, Buddhist Sects in India, Motilal Banarsidass Publisher, New Dehli (1998), p-181

များကို ဖော်ပြထား၏။ သမ္မိတိယဂိုဏ်းသည် ထေရဝါဒီတို့ကဲ့သို့ပင် ရဟန္တာသည် မိမိ၏ အရိယာမဂ်မှ ပြန်လည်မလျှောကျ မဆုတ်ယုတ်နိုင်ကြောင်း ယုံကြည်ကြ၏။ သို့သော်လည်း ၄င်းတို့သည် မဟာသံဃိကဂိုဏ်း၏ တမလွန်ဘဝမကူးမီ ကြားဘဝ အယူအဆ (အန္တရာဘဝဝါဒ) တစ်ခုရှိကြောင်း ယုံကြည်ကြလေသည်။ ကျန်သော ဓမ္မဆိုင်ရာအမြင်များမှာ ထေရဝါဒ သဗ္ဗတ္ထိဝါဒ အယူအဆများနှင့် များစွာ မခြားနားလှသည်ကို တွေ့ရ၏။

သမ္မိတယဂိုဏ်း၏ အယူအဆများ

သမ္မိတယဂိုဏ်း၏ အယူအဆများအနက် အရေးအပါဆုံးနှင့် အထင်ရှားဆုံးမှာ သတ္တဝါတွင် ခန္ဓာ (၅) ပါး သက်သက်သာမက ပုဂ္ဂလဟူသော သီးခြားသဘောတရား တစ်ခုလည်း ရှိသည်ဟူသော အယူအဆ- ပုဂ္ဂလဝါဒ - ဖြစ်လေသည်။ ပုဂ္ဂလဝါဒ အယူအဆကို အကျဉ်းချုပ်လျှင် အောက်ပါအချက်များကို တွေ့ရ၏။

(၁) ပုဂ္ဂလသည် ခန္ဓာ ၅ပါး ကဲ့သို့သော တရားတစ်ခုမဟုတ် ခန္ဓာဖွဲ့အပ်သော တရားတစ်ခုမဟုတ်ချေ။

(၂) ပုဂ္ဂလသည် ခန္ဓာ ၅ ပါးနှင့် ကင်းလွတ်၍ တည်ရှိနေသော သဘောတရား တစ်ခုလည်း မဟုတ်ချေ။

(၃) ပုဂ္ဂလသည် ခန္ဓာ ၅ ပါး ၏ အပေါင်းအစည်းသဘောကို စွဲမှီ၍ ဖြစ်တည် နေရသော သဘောခံမူတစ်ခုဖြစ်၏။

(၄) ပုဂ္ဂလသည် ကုသိုလ်၊ အကုသိုလ်တရားများကို ပြုလုပ်သူဖြစ်ပြီး ၄င်း ကမ္မ တရားများ၏ အကျိုးဝိပါက်ကို ခံစားသူလည်း ဖြစ်၏။ (ကာရက ပုဂ္ဂလ-ဝေဒက ပုဂ္ဂလ-သာမီ ပုဂ္ဂလ)

(၅) ပုဂ္ဂလသည် ဘဝ ထိုထိုတွင် ပြေးသွားကျင်လည်လျက် ဒုက္ခဝန်ထုပ်ကို ထမ်းပိုးနေရသော သံသရာခရီးသည်ဖြစ်၏။ (ဒုက္ခပညတ္တိ ပုဂ္ဂလ)

(၆) ပုဂ္ဂလသည် ဘဝတစ်ခုမှ ဘဝတစ်ခုဆီသို့ ကူးပြောင်းတတ်သည်ဟုဆိုသော်လည်း ဘဝနှစ်ခု၏ ပုဂ္ဂလတို့သည် အတူတူလည်းမဟုတ်၊ သီးခြားစီလည်း မဟုတ်ပေ။ (န စ သော န စ အညော)

(၇) ပုဂ္ဂလသည် နိဗ္ဗာန်ဝင်လျှင် ချုပ်ပြတ်ရသော သဘောတရားလည်း ဖြစ်၏။ (နိရောဓပညတ္တိ ပုဂ္ဂလ)

(၈) ပုဂ္ဂလသည် ရုပ်တရားနာမ်တရားတို့ကဲ့သို့ သခ်ၤိတတရားလည်း မဟုတ်ပေ။

(၉) ပုဂ္ဂလသည် အာကာသ နိဗ္ဗာန်တို့ကဲ့သို့ အကြောင်းအကျိုးလွတ်သော အသခ်ၤိတတရားလည်း မဟုတ်ပေ။

(၁၀) ပုဂ္ဂလသည် တိတိကျကျ ပိုင်းဖြတ်၍ မရစကောင်းသော အဗျာကတတရား ဖြစ်၏။ သခ်ၤတတရားတို့ကဲ့သို့ ပြောင်းလဲ ပျက်စီးခြင်းသဘော (အနိစ္စ ဝယ) မရှိသောကြောင့် အတိတ် ပစ္စုပ္ပန် အနာဂတ်စသော အချိန်ကာလ သဘောများလည်း မရှိပေ။ သို့သော်လည်း သခ်ၤတတရားများ မရှိလျှင် ပုဂ္ဂလဟူ၍လည်း မရှိနိုင်ချေ။

(၁၁) သတ္တဝါ၏ ကမ္မသတ္တိ အမှတ်သညာနှင့် ပါရမီသဘောတရားများနှင့် ပတ်သက်၍ ပုဂ္ဂလအရှိတရားကို လက်မခံလျှင် မဖြေရှင်းနိုင်ချေ။ သတ္တဝါ၏ အသိတရားဟူသမျှသည် ပုဂ္ဂလကို သွယ်ဝိုက်သောနည်းဖြင့် ညွှန်ပြလျက် ရှိကြ၏။ မိမိနှင့် သူတပါးဟူသော သဘောများသည် အသိတိုင်းတွင် ပေါ်လွင်ထင်ရှားလျက်ရှိသော ပုဂ္ဂလသဘောများ ဖြစ်၏။ သမ္မိတိယဂိုဏ်းဝင်တို့ အမြင်အရ ပုဂ္ဂလ၏ ယာယီအရှိတရားကို လက်ခံမှသာ ဒုက္ခ သမုဒယ နိရောဓ နှင့် မဂ္ဂ စသော အရိယာသစ္စာတရားများကို အနက်ပေါ်လွင်အောင် ရှင်းပြနိုင်မည်ဟု ယူဆ၏။ သစ္စာလေးပါး လည်ပတ်မှုသည် ပုဂ္ဂလသဘော မပါသော ဓမ္မသက်သက်သဘောဟု ယူဆခြင်းသည် သစ္စာလေးပါး၏ အနက်ကို မှိန်ဝါးစေသည်ဟု ၄င်းတို့က ယူဆကြ၏။

ဗုဒ္ဓဘာသာဂိုဏ်းကွဲများနှင့် ပတ်သက်၍ အနှစ်ချုပ်သုံးသပ်ချက်

ဗုဒ္ဓဘာသာဂိုဏ်းကွဲများသည် ခေတ်ကာလ အခြေအနေပေးမှုကြောင့် ထွက်ပေါ်လာကြသည်ဟု ဆိုနိုင်သလို ဗုဒ္ဓဓမ္မတရား၏ နက်နဲသော အသိခက်သော သဘောတို့ကြောင့်လည်း အယူအမြင်အမျိုးမျိုး၊ ရပ်တည်မှု ရှုထောင့်အမျိုးမျိုး ဖြစ်ပေါ်လာရန် အကြောင်းပြုနေသည်ဟု ဆိုနိုင်၏။ ရှင်တော်ဗုဒ္ဓ သက်တော်ထင်ရှားရှိခဲ့စဉ်အခါက တည်းက ဆရာအလိုက်၊ ဒေသအလိုက် ကွဲပြားရပ်တည်နေသော သံဃာအဖွဲ့အစည်းများသည် အယူအဆရေးရာ အရသော် လည်းကောင်း၊ ဝိနည်း လိုက်နာကျင့်သုံးမှု အရသော် လည်းကောင်း၊ ကြီးမားသော ကွဲပြားမှု မရှိခဲ့သည်မှာ ထင်ရှား၏။ ဤသို့ ရှေးဦး သံဃာ အဖွဲ့အစည်းသည် ဘုရားရှင်လွန်ပြီးသည်နောက် နှစ်ပေါင်းတစ်ရာ ကျော်ခန့် သံဃာအစုအမက်မပျက်ဘဲ တည်ရှိခဲ့သော်လည်း သာသနာတော် တိုးတက်ပြန့်ပွားလာသည်နှင့်အမျှ အယူအဆကွဲပြားခြားနားရန် အခြေအနေလည်း တိုးတက်လာသည်ဟု ဆိုနိုင်လေသည်။ အသောကမင်းလက်ထက်မတိုင်ခင် အိန္ဒိယသည် နိုင်ငံရေးအရ တစ်စုတစ်စည်းတည်း တည်ရှိနေသည် မဟုတ်ဘဲ တိုင်းပြည်များ ဂဏာနိုင်ငံငယ်များ သီးခြားစီ ကွဲပြားလျက် တည်ရှိနေကြခြင်းသည်လည်း ဗုဒ္ဓဘာသာ

ဂိုဏ်းကွဲများ ပေါ်ထွန်းရန်အတွက် ရေခံမြေခံ ကောင်းတစ်ခုသဖွယ် ဖြစ်ခဲ့ပါသည်။

ထာဝရဝါဒဂိုဏ်းမှ ကွဲထွက်သော ရှေးဦးခေတ် ဗုဒ္ဓဘာသာဂိုဏ်းကွဲများသည် အိန္ဒိယမြေပေါ်တွင် ဆက်လက်ရှင်သန်နေသလို အသောကမင်းလက်ထက် အနယ်နယ်အရပ်ရပ်သို့ စေလွှတ်သော သာသနာပြုရဟန်းတော်များကြောင့် အိန္ဒိယနိုင်ငံပြင်ပတွင်လည်း ဆက်လက်ပြန့်ပွားခွင့် ရရှိခဲ့ကြ၏။ ယနေ့ခေတ် သီရိလင်္ကာ မြန်မာ ထိုင်း ကမ္ဘောဒီးယား လာအိုစသော နိုင်ငံများတွင် ဆက်လက်ထွန်းကားနေသည့် ထေရဝါဒဗုဒ္ဓဘာသာသည် ထာဝရဝါဒဂိုဏ်းမှ ဆင်းသက်လာသလို ဓမ္မဂုတ္တကဂိုဏ်း၏ ဝိနည်းအစဉ်အလာသည် အာရှအရှေ့ဖျား ဗုဒ္ဓဘာသာများ (တရုတ် ကိုးရီးယား ဂျပန်) တို့တွင် ဆက်လက် ထွန်းကားနေပါသည်။ ထို့အတူ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဝိနည်းအစဉ်အလာသည် တိဗက်ဗုဒ္ဓဘာသာ ထွန်းကားသော တိဗက်ဘူတန် နီပေါ လဒတ် ဆစ်ကင်း မွန်ဂိုလီယား စသော တိုင်းပြည်များတွက် ယနေ့ခေတ်အထိ ဆက်လက် ထွန်းကား ဆဲဖြစ်၏။ သဗ္ဗတ္ထိဝါဒ ဂိုဏ်း ၏ အဘိဓမ္မာစာပေသည် မဟာယာနဗုဒ္ဓဘာသာ၏ အခြေခံ အဘိဓမ္မာ ပိဋကတ်ဖြစ်သည့်အပြင် သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အယူအဆများကို တွန်းလှန်၍ မဟာယာနအတွေးအခေါ်များ ပေါ်ပေါက်ခဲ့ရသောကြောင့် သဗ္ဗတ္ထိဝါဒဂိုဏ်းသည်လည်း မဟာယာနဗုဒ္ဓဘာသာ၏ ဖြစ်ထွန်းတိုးတက်မှုတွင် ကြီးမားစွာ အထောက်အပံ့ပေးခဲ့၏။ ထို့အပြင် သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဓမ္မအစဉ်အလာကသာ သက္ကတပိဋကတ်နှင့် မဟာယာန သုတ္တန်များကို လက်ဆင့်ကမ်း မသယ်ဆောင်ခဲ့နိုင်လျှင် ယနေ့ခေတ် တရုတ် ဂျပန် ကိုရီးယား တိဗက် ဘူတန် နီပေါ စသည့် နိုင်ငံများတွင် မဟာယာနဗုဒ္ဓဘာသာဟူ၍ မတည်ရှိနိုင်သည်ကိုထောက်၍ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ မည်မျှအရေးပါခဲ့ပုံကို ထောက်ဆ သိရှိနိုင်၏။

မဟာသံဃိကဂိုဏ်းနှင့် ၄င်းမှ ထပ်မံကွဲထွက်ကြသော ဗုဒ္ဓဘာသာဂိုဏ်းကွဲများသည် အိန္ဒိယမြေပေါ်တွင် သမိုင်းခေတ် ကာလတစ်ခုအထိ ဆက်လက်ရှင်သန်ရပ်တည်ခဲ့ကြပြီးသော်လည်း ယနေ့ခေတ်ကာလတွင် ၄င်းတို့၏ဝိနည်း အစဉ်အလာကိုခံယူသော ဗုဒ္ဓဘာသာဂိုဏ်းဟူ၍ မကျန်ရှိတော့ပေ။ သို့သော်လည်း မဟာသံဃိကဂိုဏ်း၏ ဓမ္မအမြင်နှင့် အယူအဆများသည် နောက်ကာလတွင် ထွန်းကားလာမည့် မဟာယာနဗုဒ္ဓဘာသာဂိုဏ်းများတွင် ပြန်လည်သက်ဝင်၍ တိုးတက်ထွန်းကားခဲ့သောကြောင့် ယင်းဂိုဏ်းများသည်လည်း ယနေ့ခေတ်ကာလအထိ အသွင်သဏ္ဌာန် တစ်မျိုးဖြင့် ဆက်လက် တည်ရှိနေဆဲဖြစ်ကြောင်း သုံးသပ်နိုင်ပါသည်။ တစ်နည်းအားဖြင့် မဟာသံဃိကဂိုဏ်း၏ ဓမ္မအယူအဆသစ်များသည် ဗုဒ္ဓဘာသာ၏

အနာဂတ်သမိုင်းတစ်ခုလုံးကို ကြီးမားသောပြောင်းလဲမှုနှင့်အတူ ရေရှည်အကျိုးသက်ရောက်မှုကိုလည်း ဖြစ်ပေါ်စေခဲ့ကြောင်း ယုံမှားဖြစ်ဖွယ်မရှိချေ။ တင်ပြခဲ့ပြီးသော မဟာသံဃိကဂိုဏ်း၏ သဗ္ဗဓမ္မသုညတာ အယူအဆ လောကုတ္တရာ ဝါဒီဂိုဏ်း၏ လောကလွန်ဗုဒ္ဓရှင်တော်အယူအဆ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အတိတ် ပစ္စုပ္ပန် အနာဂတ် တရားများ အားလုံး တစ်ပြိုင်တည်း တည်ရှိနေခြင်းအယူအဆနှင့် သမ္မိတိယဂိုဏ်း၏ ပုဂ္ဂလအယူအဆတို့သည် မဟာယာန ဗုဒ္ဓဘာသာ ဖြစ်ထွန်းပေါ်ပေါက်လာရာတွင် ရှေ့ပြေး အယူအဆများအနေဖြင့် လမ်းခင်းပေးခဲ့သည်ကို တွေ့နိုင်ပါ၏။ အထူးသဖြင့် ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းကွဲများ၏ ရဟန္တာအရိယာပုဂ္ဂိုလ်၏ အရိယာအဖြစ်မှ ပြန်လည်လျော့ကျနိုင်ခြင်း အယူအဆနှင့် သာဝကယာနလမ်းစဉ်ကို ဝေဖန်ခဲ့ခြင်းများသည် **မဟာယာနဗုဒ္ဓဘာသာလှုပ်ရှားမှု** (Mahayana Buddhist Movement) ဖြစ်ထွန်းလာစေရန် နှပ်ကြောင်းပေးခဲ့ကြောင်းကို ရှေ့အခန်းတွင် ဆက်လက်လေ့လာ ဆန်းစစ်ကြည့်ကြပါစို့။

□ □ □

အခန်း (၂)

မဟာယာနဗုဒ္ဓဘာသာ ပေါ်ထွန်းခြင်း

ပြီးခဲ့သည့် အခန်းတွင် ဗုဒ္ဓဘာသာဂိုဏ်းကွဲများအကြောင်း လေ့လာပြီးသည့်နောက် မဟာယာနဗုဒ္ဓဘာသာသည် ယင်း ဗုဒ္ဓဘာသာဂိုဏ်းကွဲများကို အခြေခံ၍ သမိုင်း လိုအပ်ချက်အရ ပေါ်ထွန်းခဲ့ရသော ဘာသာရေးလှုပ်ရှားမှု တစ်ခုဖြစ်သည့်အကြောင်း ကို အိန္ဒိယနိုင်ငံ၏ နောက်ခံသမိုင်းကို စုန်ဆင်း၍ လေ့လာကြည့်ရန် လိုအပ်ပါသည်။ မဟာယာနဗုဒ္ဓဘာသာသည် မည်သည့် ဗုဒ္ဓဘာသာဂိုဏ်းကွဲတစ်ခုခုမှ သီးသန့်. ကိုယ်စားပြု၍ ထွက်ပေါ်လာခဲ့သည်မဟုတ်ဘဲ ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းအသီးသီး တွင် မဟာယာနဆန်သော အယူအဆများက ပံ့နှံ့ထွက်ပေါ်နေခဲ့သည်ကို မြင်ခဲ့ရပြီး ဖြစ်၏။ စင်စစ် မဟာယာနဗုဒ္ဓဘာသာသည် ရှေးဦးဗုဒ္ဓဘာသာဂိုဏ်း အသီးသီးအတွင်း မှ ရဟန်းတော်အချို့၏ တူညီသော လောကအမြင်သစ်၊ ဓမ္မအမြင်သစ်ကို ကိုယ်စား ပြုခဲ့သော ဘာသာရေးလှုပ်ရှားမှုတစ်ခုဆိုလျှင် မှားအံ့မထင်ပေ။ ထိုဘာသာရေး လှုပ်ရှားမှုသည် ဘီစီ ၂ ရာစုမှ စတင်ခဲ့ပြီး မပေါ်လွင်သော မြေအောက်လှုပ်ရှားမှုတစ်ခု အသွင်ဖြင့်သာ တည်ရှိနေခဲ့ပါသည်။ အေဒီ ၅ ရာစု နောက်ပိုင်းမှသာ မဟာယာန ဗုဒ္ဓဘာသာလှုပ်ရှားမှုသည် အင်စတီကျူးရှင်းခိုင်ခိုင်မာမာဖြင့် အားကောင်းစွာ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်လေသည်။ မဟာယာနဗုဒ္ဓဘာသာ၏သမိုင်းကို လေ့လာ လျှင် မောရိယမင်းဆက်များနှင့် အသောကမင်းကြီး၏ အကြောင်းကို ချန်လှပ်ထား၍ မဖြစ်နိုင်သောကြောင့် ၎င်းတို့ အကြောင်းကို ဆက်လက် လေ့လာစူးစမ်းကြည့်ရ မည် ဖြစ်၏။

မောရိယမင်းဆက်ထူထောင်ခြင်း

မောရိယမင်းဆက်ကိုထူထောင်သူ ချန္ဒရဂုပ္ပတ (စန္ဒဂုတ္တ) သည် မောရိယအနွယ်-ခတ္တိယမင်းမျိုးမှ ဆင်းသက်၏။ မောရိယဟူသည်မှာ နီပေါလ် နယ်စပ်တွင်ရှိခဲ့သော ရွှေးမြို့ပြနိုင်ငံငယ်ကလေးတစ်ခုဖြစ်ပြီး မြို့တော်မှာ ပိပ္ပလဝဏ္ဏ ဖြစ်၏။ ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် ဘုရားရှင်၏ဓာတ်တော်အချို့နှင့် မီးသွေးများကို အမွေခံရရှိသော တိုင်းနိုင်ငံဖြစ်ကြောင်း ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်တွင် ဖော်ပြထား၏။ မောရိယမင်းမျိုးတို့သည် သက္ကျသာကီဝင်တို့နှင့် ဆက်နွယ်မှုရှိပြီး ဝိဋ္ဌဋ္ဌဘကြောင့် သာကီဝင်တို့ ပျက်စီးရသောအခါ ဟိမဝန္တာအရပ်သို့ တိမ်းရှောင်ထွက်ပြေးခဲ့ကြရလေသည်။ ချန္ဒရဂုပ္ပတ(စန္ဒဂုတ္တ) သည် ထိုသို့ တိမ်းရှောင်စဉ် မွေးဖွားခဲ့သူဖြစ်ပြီး မယ်တော်မှာ မောရိယအနွယ်ဝင် မင်းသမီးတစ်ပါးဖြစ်၏။

ရောမသမိုင်းပညာရှင် ဂျပ်စတင်၏ မှတ်တမ်းတွင်မူ ချန္ဒရဂုပ္ပတ (စန္ဒဂုတ္တ) ကို ဆန်ဒရာကောတပ်စ်ဟူ၍ ဖော်ပြထား၏။ ထို့အတူ ဂျိန်းဘာသာဝင်တို့၏ မှတ်တမ်းတွင် ချန္ဒရဂုပ္ပတ (စန္ဒဂုတ္တ) သည် နန္ဒမင်းဆက်နှင့် ကျေးတောသူ မူရာတို့မှ ဆင်းသက်ဖွားမြင်ကြောင်း ဖော်ပြထား၏။ ထိုသို့ တိမ်းရှောင်နေရချိန်တွင် ချန္ဒရဂုပ္ပတ (စန္ဒဂုတ္တ) သည် စာဏက္ကအမတ်ကြီးနှင့် ဆုံဆည်းခဲ့ရ၏။ ဗစ်ရှနူးဂုပ္ပတ သို့မဟုတ် ကောတိလျ ဟူသော အမည်များဖြင့် လူသိများသော စာဏက္ကအမတ်ကြီးသည် တက္ကသီလာမြို့သား ဗြဟ္မဏ ပညာရှိအမတ်တစ်ဦးဖြစ်၏။ နန္ဒမင်းဆက်၏ နောက်ဆုံးဘုရင် ဓနနန္ဒ၏ နှိမ်ချစော်ကားမှုကြောင့် စာဏက္ကသည် ပါဋလိပုတ္တ နေပြည်တော်ကို စွန့်ခွာလာခဲ့ပြီး ဓနနန္ဒကို လက်စားချေရန် အခွင့်အခါကို စောင့်စားနေရင်း ချန္ဒရဂုပ္ပတ (စန္ဒဂုတ္တ) ကို တွေ့ရှိခဲ့ခြင်း ဖြစ်၏။ စာဏက္ကအမတ်ကြီးသည် ချန္ဒရဂုပ္ပတ (စန္ဒဂုတ္တ)ကို လေ့ကျင့်ပျိုးထောင်ရင်း လူသူလက်နက်စစ်မက်အင်အား စုစည်းလျက် ဓနနန္ဒဘုရင်ကို တော်လှန်ပုန်ကန်လေရာ ဘီစီ (၃၁၇)တွင် အနိုင်ရရှိပြီး နန္ဒမင်းဆက်ပြတ်၍ မောရိယမင်းဆက်ကို စတင်တည်ထောင်ခဲ့ပါသည်။ ချန္ဒရဂုပ္ပတ (စန္ဒဂုတ္တ)၏ စစ်သေနာပတိ ဘဒ္ဒသာလမှ ဦးဆောင်လျက် တိုက်ခိုက်ခဲ့ရသော နန်းသိမ်းတိုက်ပွဲသည် အလောင်းတောင် လိုပုံအောင် သွေးချောင်းစီး သတ်ဖြတ်တိုက်ခိုက်ခဲ့ရသော စစ်ပွဲကြီးအဖြစ် မိလိန္ဒပဉ္ဉာကျမ်းတွင် မှတ်တမ်းတင်ထားခဲ့၏။

ချန္ဒရဂုပ္ပတသည် အိန္ဒူမြစ်ရိုးတစ်လျှောက်တွင် ရှိနေခဲ့သော ဂရိကျူးကျော်သူများကို မောင်းထုတ်နိုင်ခဲ့ပြီး မဂဓအင်ပါယာကို ဘုန်းမီးနေလ တောက်စေခဲ့၏။ မဟာအလက်ဇန်းဒါး၏ ကျူးကျော်စစ်ဒဏ်ကို ခံခဲ့ရသောကြောင့် အားအင်ချိနဲ့နေသော ပန်ဂျပ်ဒေသမှ နိုင်ငံငယ်လေးများကိုပါ မဂဓ အင်ပါယာ၏အောက်သို့ သွတ်

သွင်းနိုင်ခဲ့လေသည်။ ရောမသမိုင်းပညာရှင် ပလူတာ့ခ်၏ အလိုအရ ဆန်ဒရာကောတပ်စ် (ချန္ဒရဂုပ္ပတ) သည် စစ်သည်တော် ၆၀၀၀၀၀ ပါဝင်သော စစ်တပ်ကို ကွပ်ကဲလျက် အိန္ဒိယနိုင်ငံ တစ်ခုလုံးကို သိမ်းပိုက် အောင်နိုင်ခဲ့သည်ဟု ဆိုပါသည်။ (Vita Ale_ .. LXII). ထို့နောက် ချန္ဒရဂုပ္ပတ (စန္ဒဂုတ္တ) သည် အိန္ဒိယပြည် အနောက်မြောက်ပိုင်းဒေသ (ပန်ဂျပ်) ကို မက်ဆီဒိုနီယန်း ဂရိတို့ လက်အောက်မှ ပြန်လည်သိမ်းပိုက်ခဲ့၏။ အဝန္တီနှင့် သုရတ္ထတို့ကိုလည်း ဆက်လက်သိမ်းပိုက် အောင်မြင်ခဲ့ပြန်၏။

ဘီစီ ၃၀၅-၃၀၃ ခန့်တွင် အလက်ဇန်းဒါးကို ဆက်ခံသူ ဆယ်လျူကောစ်နီကေတာသည် နောက်တစ်ကြိမ် အိန္ဒိယမြေကို ကျူးကျော်ရန် ကြိုးစားခဲ့ပြန်ရာ ချန္ဒရဂုပ္ပတားက အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့၏။ အိန္ဒိယ နယ်မြေများအပြင်ယနေ့ခေတ် အီရန်နိုင်ငံ၏ အစိတ်အပိုင်းတချို့ (အာရိယာ အာရာချိုစီယာ ဂက်ဒရိရှားစသည်) တို့ကို သိမ်းယူနိုင်ခဲ့၏။ ချန္ဒရဂုပ္ပတသည် နန္ဒမင်းဆက်တို့ ပိုင်ခဲ့သော နယ်မြေ၏ နှစ်ဆမကအောင် ကြီးမားကျယ်ပြန့်သော နိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့၏။ ချန္ဒရဂုပ္ပတ၏ မောရိယနိုင်ငံတော်ကို သား‌တော် ဗိန္ဒုသာရနှင့် မြေး‌တော် အသောကမင်းကြီးတို့က ပိုမိုကျယ်ပြန့်အောင် ဆက်လက်ချဲ့ထွင်နိုင်ခဲ့၏။ မောရိယ အင်ပါယာ ကြီးမားကျယ်ပြန့်လာခြင်းသည် အတိုင်းတိုင်းအပြည်ပြည်သို့ ဗုဒ္ဓသာသနာတော် ရောက်ရှိထွန်းလင်းရန်အတွက် အချက်အချာကျသော သမိုင်းဖြစ်ရပ်တစ်ခုဆိုလျှင် မှားအံ့မထင်ပေ။

အသောကမင်းကြီးနှင့် ဗုဒ္ဓသာသနာ

အသောက မောရိယ အသောက ဘုရင်ဟု လူသိများသူ မဟာအသောက သီရိဓမ္မာသောက ပီယဒဿီ စသော အမည်များဖြင့်လည်း ထင်ရှားသူ အသောကမင်းကြီးသည် ဘီစီ ၂၆၉ မှ ၂၃၂ အတွင်း မောရိယအင်ပါယာကို ကြီးကျယ်ခမ်းနားစွာ တည်ထောင်ဖန်ဆင်းခဲ့သော ဘုရင်ဖြစ်၏။ အသောကမင်းကြီးသည် အနောက်ဖက်တွင် ဟိန္ဒူကွတ်ရှ် တောင်တန်းများမှသည် အရှေ့ဖက်အရပ်တွင် ဘင်္ဂလား (ဝင်္ဂတိုင်း) အထိတိုင်အောင် လွှမ်းမိုးနိုင်ခဲ့၏။ တောင်ပိုင်းမှ တမီလ်နာဒူးနှင့် ကေရာလပြည်နယ်များမှလွဲ၍ အိန္ဒိယနိုင်ငံတစ်ခုလုံးကို အုပ်စိုးနိုင်ခဲ့သည့် မဟာဧကရာဇ်ကြီး ဖြစ်ခဲ့၏။

အသောကမင်းကြီးသည် မောရိယဘုရင် ဗိန္ဒုသာရမင်းနှင့် အဆင့်နိမ့်မိဖုရားဇယ် ဓမ္မာတို့မှ မွေးဖွားခဲ့သူဖြစ်သည့်အပြင် မောရိယအင်ပါယာကို စတင်ထူထောင်ခဲ့သော ချန္ဒရဂုပ္ပတ (စန္ဒဂုတ္တ) မင်းကြီး၏ မြေး‌တော်လည်း ဖြစ်၏။ အဝဒါနကျမ်းအလိုအရ အသောက၏ မိခင်သည် သုဘဒ္ဒရန်ဂီ ဖြစ်သည်ဟု ဆို၏။ သုဘဒ္ဒရန်ဂီ

မိဖုရားသည် စမွါမြို့မှ အာဇီဝကဂိုဏ်းဝင် ဗြဟ္မဏတစ်ဦး၏ သမီးဖြစ်ပြီး ဗိန္ဓုသာရ မင်းကြီး၏ နန်းတော်သို့ တော်ကောက်ခံ ရောက်ရှိခဲ့သော်လည်း နေရာမရဘဲ ဘေးသို့ ဖယ်ထားခြင်း ခံရလေသည်။ နောက်ဆုံးတွင် အကြောင်း တိုက်ဆိုင်စွာဖြင့် မင်းကြီးနှင့် ဆုံတွေ့ခွင့်ရခဲ့ပြီးလျှင် သားတော်လေး အသောကကို ကိုယ်ဝန်သန္ဓေ ရရှိခဲ့၏။ မိမိတွင် ပူပင်သောကများ မရှိတော့သောကြောင့် ရင်သွေးကို အသောက ဟု အမည်ပေးခဲ့၏။ ဤသို့ တူညီသော ဇာတ်လမ်းကို ဒီဗျာဝဒါနတွင်လည်း တွေ့ရ၏။ သို့သော် မိဖုရား၏အမည်မှာ ဇနပဒကလျာဏီဟုသာ ဖော်ပြထား၏။ အသောက သည် ငယ်ရွယ်စဉ်ကတည်းက တိုက်ခိုက်ရေး အတတ်ပညာများတွင် သူမတူအောင် ထက်မြက်သူဖြစ်ပြီး သားရဲခြင်္သေ့တစ်ကောင်ကို တင်းပုတ်ဖြင့် ရိုက်သတ်ခဲ့သူအဖြစ် ထင်ရှားခဲ့၏။ အဖေတူအမေကွဲ ညီနောင် မင်းသားများအကြား၌ ထင်ရှား ကျော်ကြားသူ ဖြစ်ခဲ့၏။ အဝန္တီတိုင်းတွင် ပေါ်ပေါက်ခဲ့သော တော်လှန်ပုန်ကန်မှုတစ်ခုကို နှိမ်နင်းရန်အတွက် ဖခမည်းတော် ဗိန္ဓုသာရဘုရင်ကြီး၏ စေလွှတ်ခံခဲ့ရသူ ဖြစ်ပြီး စစ်ပွဲတိုင်းတွင် အသောကသည် အကြင်နာတရား ကင်းမဲ့သော စစ်ဗိုလ်ချုပ်တစ်ဦး အဖြစ် လုပ်ဆောင်ခဲ့၏။

ဒီဗျာဝဒါန၏ အလိုအရ အသောကသည် မှူးမတ်ဒေချို့၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကို နှိမ်နင်းနှိုင်ခဲ့သောကြောင့် ဖခမည်းတော်၏ အမိန့်ဖြင့် ဥဇ္ဇေနီပြည်ကို အုပ်ချုပ်ခဲ့ရ၏။ ဘီစီ ၂၇၂ တွင် ခမည်းတော်မင်းကြီး ဗိန္ဓုသာရ သေဆုံးသော အခါ နန်းဆက်ခံမှုနှင့် ပတ်သက်၍ စစ်ပွဲဖြစ်ခဲ့၏။ ဗိန္ဓုသာရမင်းကြီးက အလိုရှိသော အိမ်ရှေ့စံ သုသိမကို မှူးမတ်တို့က မနှစ်သက်သောကြောင့် အသောကကို ထီးနန်း တင်ပေးခဲ့ကြ၏။ အသောကဝဒါနကျမ်း၏ အလိုအရ ရာဓာဂုတ္တအမည်ရှိသော အမတ်ကြီးသည် အသောကမင်းကြီး ထီးနန်းတက်နိုင်စေရန် အဓိက အခန်းကဏ္ဍမှ ကြိုးပမ်းပေးခဲ့ကြောင်း သိရ၏။ သုသိမာမင်းသားကို မီးကျီခဲတွင်းတစ်ခုထဲ ပစ်ချအဆုံးစီရင်ခဲ့၏။ ထို့ကြောင့် အသောကမင်း နန်းတက်လာသောအခါတွင် အကျိုးဆောင်ပေးခဲ့သော ရာဓာဂုတ္တကို အမတ်ချုပ်ကြီးအဖြစ် ခန့်ထားခဲ့၏။ ဒီပဝင်နှင့် မဟာဝင်ကျမ်းများတွင်မူ အသောကသည် ဝိတသောက (သို့မဟုတ်) တိဿ အမည်ရှိ ညီအရင်းတစ်ယောက်မှလွဲ၍ အဖေတူ အမေကွဲ ညီနောင်မင်းသား ၉၉ ပါးကို သတ်ဖြတ်လုပ်ကြံ၍ နန်းကို သိမ်းယူခဲ့ကြောင်း သိရ၏။ အဆိုပါ အဖြစ်အပျက်မှာ အမှန်တကယ် ဖြစ်ခဲ့ကြောင်း အခိုင်အမာ အထောက်အထား မရှိသော်လည်း ဘီစီ (၂၆၉) တွင် နန်းတက်ခဲ့သော အသောကမင်းကြီး၏ ဘုရင်အဖြစ် ရရှိခဲ့သော လမ်းခရီးမှာ ကြမ်းကြုတ်ရက်စက်မှုများဖြင့် ပတ်သက်နေနိုင်သည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

အသောကဘုရင်ကြီး၏ နေပြည်တော်မှာ ပါဋလိပုတ်ဖြစ်ပြီး အခြားမြို့ကြီးများမှာ တက္ကသီလာနှင့် ဥဒ္ဒေယျန ဖြစ်၏။ အသောကမင်းကြီးသည် ဘီစီ ၂၆၀ ခန့်တွင် ကာလိင်္ဂတိုင်းကို တိုက်ခိုက်အောင်မြင်နိုင်ခဲ့သော်လည်း လူပေါင်း ၁၀၀၀၀၀ သေဆုံး ၁၅၀၀၀၀ ကျော် စစ်ဘေးဒုက္ခသည်ဖြစ်ခဲ့သည့် စစ်၏ အနိဋ္ဌာရုံများကြောင့် ငြိမ်းချမ်းရေး လိုလားသူ ဖြစ်ခဲ့လေသည်။ နိဂြောဓသာမဏေ၏ တရားဟောပြမှုကြောင့် ဗုဒ္ဓဓမ္မကို သက်ဝင်ယုံကြည်သူ သာသနာ့ဒါယကာ ဖြစ်ခဲ့သည့်အတွက် ဗုဒ္ဓဓမ္မကို မိမိ၏အင်ပါယာ တိုင်းနိုင်ငံတော်အတွက် အခြေခံအုတ်မြစ်ဓမ္မ တရားအနေဖြင့် ခံယူသောကြောင့် အတိုင်းတိုင်းဌာနတို့သို့ သာသနာပြု ဓမ္မဒူတ တမန်များ စေလွှတ်ခဲ့၏။

ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းမှတ်တမ်းများတွင် ရှေးဦးပိုင်း အသောကမင်းကို အလွန်ရက်စက်ဆိုးသွမ်းသူအဖြစ် ပုံဖော်ထားခဲ့ကြ၏။ စုလစ်မွန်းချွန် ပန်းကနုတ်အပြောက်အမွမ်းတို့ဖြင့် အလွန် လှပဆန်းကြယ်စွာ တန်ဆာဆင်ထားအပ်သော အကျဉ်းထောင်များတွင် ရက်စက်လွန်းသော လူ့ငရဲခန်းများကို ဖန်တီးထားပြီး ဆန့်ကျင်သူ ရန်သူနှင့် အပြစ်ရှိသူများကို သတ်ဖြတ် နှိပ်စက်လေ့ရှိသောကြောင့် သူ့ကို စဏ္ဍာသောကဟု အနွှတ်သညာ အမည်ပေးခဲ့ကြ၏။ ပါမောက္ခ ဒရက်မီယား၏ အလိုအရမူ အသောကကို ဤသို့ ကြမ်းတမ်းရက်စက်သော မင်းဆိုးမင်းညစ်အဖြစ် သရုပ်ဖော်ထားခြင်းမှာ ဗုဒ္ဓဓမ္မ၏ စိတ်နှလုံးကို သိမ်မွေ့နူးညံ့အောင် ပြုပြင်ပြောင်းလဲစေနိုင်သော စွမ်းအားကို ပိုမိုပီပြင်စေရန် ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းမှတ်တမ်းများတွင် ရေးသားခဲ့ဟန်တူကြောင်း ဆိုပါ၏။[၁၈၆]

နန်းတက်ပြီး (၈) နှစ်အတွင်း အသောကမင်းကြီးသည် သူ့တိုင်းနိုင်ငံ နယ်နမိတ်ကို ကျယ်ပြန့်အောင် ချဲ့ထွင်သိမ်းပိုက်ခဲ့၏။ အရှေ့ဖက်အရပ်တွင် ယနေ့ အာသံပြည်မှ အနောက်ဖက် ယနေ့ အီရန်နိုင်ငံအထိ မြောက်ဖက်တွင် ပါမီယာတောင်ထုံးဒေသမှ တောင်ဖက်တွင် ယနေ့ခေတ် တမီလ်နာဒူးပြည်နယ်နှင့် ကေရာလပြည်နယ်များအထိ သူ့အင်ပါယာကြီးသည် ကျယ်ပြန့်ခဲ့လေ၏။ နန်းစံသက် ရှေးဦးကာလတွင် ရက်စက်ကြမ်းတမ်းခဲ့သော အသောကဘုရင်သည် ကာလိင်္ဂတိုင်း (ယနေ့ခေတ် ဩရိသနှင့် အန္ဓရာ ပရာဒက်ရှ် ပြည်နယ်များ)ကို စစ်ပြုတိုက်ခိုက်၍ သိမ်းပိုက်အောင်မြင်ပြီးသောအခါတွင် လူပေါင်း တစ်သိန်းကျော် သေကြေပျက်စီးကြရပုံကို မြင်သိရသောကြောင့် မိမိပြုခဲ့သော အမှုကိစ္စများအတွက် ကြီးစွာနောင်တရရှိခဲ့ပြီး စစ်ကို မုန်းတီးကျောခိုင်းခဲ့သော ငြိမ်းချမ်းရေးသမား ဘုရင်ကြီး ဖြစ်လာခဲ့၏။

၁၈၆။ **Charles Drekmeier (1962). Kingship and Community in Early India. Stanford University Press. pp. 173**

ဗုဒ္ဓဘာသာဆိုင်ရာ စာပေများတွင် နိုင်ကြာခသာမဏေကို အကြောင်းရင်းခံ၍ အသောကမင်းကြီး ဗုဒ္ဓဘာသာကို ကူးပြောင်း သက်ဝင်ယုံကြည်ခဲ့ကြောင်း ဖော်ပြထား၏။ အိန္ဒိယဗေဒပညာရှင် အေ အယ်လ် ဘက်ရှန်၏ အလိုအရ အသောကမင်းကြီး ဗုဒ္ဓဘာသာကို ကူးပြောင်း သက်ဝင်ယုံကြည်ခဲ့သည်မှာ ဖြစ်နိုင်သော်လည်း သူ့ကျောက်စာတိုင်များ ကျောက်စာများတွင် ဖော်ပြသော ဓမ္မဆိုသည်မှာ ဗုဒ္ဓဓမ္မတစ်ခုတည်းကို မဆိုလိုဘဲ အိန္ဒိယယဉ်ကျေးမှု တစ်ခုလုံးက ခံယူကြသော ဘာရတဓမ္မ၊ သနန္တနဓမ္မ ခေါ် သူတော်သူမြတ်တရားသာဖြစ်ကြောင်း တင်ပြထား၏။[၁၀၇] ရိုမီ လာသာပါ (Romila Thapar) ၏ အမြင်အရ အသောကမင်းကြီးသည် သူ၏ကိုယ်ပိုင်ဘာသာရေးယုံကြည်မှုကို မည်သည်နေရာတွင်မှ ပေါ်ပေါ်ထင်ထင် ရေးထိုးဖော်ပြခဲ့ခြင်း မရှိကြောင်း သိရ၏။[၁၀၈]

သို့သော်လည်း အသောကမင်းကြီး၏ ကြိုးပမ်းမှုကြောင့် ဗုဒ္ဓသာသနာ သည် မောရိယအင်ပါယာနှင့် အနီးအပါးမှ တိုင်းနိုင်ငံများတွင် ပျံ့နှံ့ရောက်ရှိခဲ့သည့်အချက်ကိုမူ မငြင်းနိုင်ပေ။ အသောကမင်းကြီး၏ အမွှာသားတော်နှင့် သမီးတော်များဖြစ်သော မဟိန္ဒနှင့် သံဃမိတ္တာတို့သည် မြတ်ဗုဒ္ဓ၏ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြပြီး သီဟိုဠ်ကျွန်းတွင် သာသနာပြုခဲ့ကြ၏။ မဟိန္ဒနှင့် သံဃမိတ္တာတို့သည် အသောကမင်းကြီး၏ မိဖုရားခေါင်ဖြစ်သော ဝိဒိသ မဟာဒေဝီ သက္ကကုမာရီ အသန္ဓမိတ္တာမှ မွေးဖွားခဲ့ကြသူများ ဖြစ်၏။ ထို့အပြင် အသောကမင်းကြီးကိုယ်တိုင် စိုက်ထူခဲ့သော ကျောက်စာတိုင်များတွင် ဗုဒ္ဓဓမ္မပိဋကတ်တော်မှ သုတ္တန်များ၏ အမည်များကိုသာ ဖော်ပြထားပြီး အခြား ဘာသာတရားများ၏ ကျမ်းဂန်စာပေများကို ရည်ညွှန်းထားခြင်း မရှိချေ။ အသောကမင်းကြီး၏ ဓမ္မအယူအဆမှာလည်း ဟိန္ဒူဘာသာလာဝေဒကျမ်း၏ ဓမ္မအယူအဆမျိုးမဟုတ်ဘဲ လူသားတိုင်း၏ ကိုယ်ကျင့်စရာတရားကို ရည်ညွှန်းသော ဓမ္မသာလျှင် ဖြစ်သည်ကို တွေ့ရ၏။ ထို့ကြောင့် အသောကမင်းကြီးသည် ဗုဒ္ဓဓမ္မအပေါ် အထူးကြည်ညို တိမ်းညွတ်မှု ရှိခဲ့သည်မှာ ယုံမှားဖြစ်ဖွယ်မရှိချေ။ မိမိကိုယ်တိုင် ရှင်တော်ဗုဒ္ဓနှင့်သက်ဆိုင်သော သံဝေဇနိယဌာနများကို ဘုရားဖူး ခရီးလှည့်လည်ခဲ့သည်ဆိုသော အချက်ကလည်း ဤ အယူအဆကို ခိုင်မာစေပါသည်။[၁၀၉]

အသောကမင်းကြီးသည် နှစ်ပေါင်း ၃၆ နှစ် ခန့် နန်းစံခဲ့၏။ နတ်ရွာစံပြီးနောက် သူ၏ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ရာတွင် ခုနစ်ရက် ခုနစ်လီ ကြာမြင့်ခဲ့ကြောင်း

၁၀၇။ *The Wonder That was India* : A.L. Basham page 56

၁၀၈။ *The Penguin History of Early India* : Romila Thapar p-180

၁၀၉။ Richard Robinson, *The Buddhist Religion:A Historical Introduction*,Wadsworth Publishing (1997) p-64

ဒဏ္ဍာရီဆန်ဆန် မှတ်တမ်းများက ဆို၏။ အသောကမင်းကြီး လွန်ပြီးသည့် နောက်တွင် မောရိယအင်ပါယာကြီးသည် နောက်ထပ် နှစ်ပေါင်း ၅၀ ကျော်ခန့် ဆက်လက် တည်တံ့နေခဲ့သေး၏။ ဘီစီ (၁၈၅) ခုနှစ်တွင် မောရိယအင်ပါယာ၏ နောက်ဆုံးမင်း ဆက်တစ်ပါးဖြစ်သော ဗြိဟဒ္ဒြတ္ထမင်းကို ၄င်း၏ စစ်သူကြီး (သေနာပတိချုပ်) ပုဂ္ဂမိတြ ဆုန်ဂ (ဘီစီ ၁၈၅-၇၅) က လုပ်ကြံသတ်ဖြတ်၍ နန်းတက်ခဲ့၏။ ပုဂ္ဂမိတြသည် ဆုန်ဂမင်းဆက်ကိုထူထောင်ပြီး မောရိယအင်ပါယာ၏ အစိတ်အပိုင်းအချို့ကို အုပ်ချုပ်ခဲ့၏။ ကျန်ရှိသော ဧရိယာများမှာ အင်ဒိုဂရိဘုရင်များ လက်အောက်သို့ ပြန်လည်ကျရောက်ခဲ့၏။

အသောကဝဒါနကျမ်းသည် အေဒီ ၂ ရာစု တွင် ပေါ်ပေါက်ခဲ့သော အသောကမင်းကြီး အတ္ထုပ္ပတ္တိ ကျမ်းတစ်စောင် ဖြစ်၏။ ယင်းကျမ်းကို တရုတ်ခရီးသည် ဖာဟီယန်က အေဒီ ၃၀၀ ခန့်တွင် တရုတ်ဘာသာသို့ပြန်ဆိုခဲ့၏။ ၄င်းသည် အခြေခံအားဖြင့် ဟီနယာနဗုဒ္ဓဘာသာ ကျမ်းတစ်စောင်သာဖြစ်ပြီး မထုရာနယ်နှင့် အိန္ဒိယပြည် အနောက်မြောက်ပိုင်းဒေသကို အခြေခံရေးသားထားသော ကျမ်းစာဖြစ်၏။ ဘုရင် ရဟန်း သံဃာနှင့် ပြည်သူတို့၏ ဆက်စပ်မှုကို ဖော်ပြထားသော ကျမ်းတစ်စောင်ဖြစ်၏။ ပါဠိစာပေတွင် မတွေ့ရနိုင်သော အချက်အလက်များစွာကို အသောကဝဒါနတွင် တွေ့ရှိနိုင်၏။ အသောကမင်းကြီး၏ ပိုမို စစ်မှန်သော အမှန်နှင့် အမှားတို့ ရောပြွမ်းနေသော လူသားသဘာဝ ပုံရိပ်ကို ခြယ်မှုန်းတင်ပြထားသော ကျမ်းဖြစ်လေသည်။ အသောကမင်းကြီးသည် ဗုဒ္ဓသာသနာကို သက်ဝင်ယုံကြည်သော မင်းတစ်ပါးဖြစ်သောကြောင့် ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို အားစိုက်ကြိုးပမ်း လုပ်ဆောင်ခဲ့၏။ ဗုဒ္ဓဓမ္မသည် လောကတစ်ခုလုံးအတွက် ငြိမ်းချမ်းသာယာ ကောင်းကျိုးဝေဆာနိုင်သောကြောင့် အရပ်ရပ်အနယ်နယ်တွင် ဓာတုစေတီတော်ပေါင်း (၈၄၀၀၀) ခန့် တည်ထားကိုးကွယ်စေခဲ့သည်ဟု အသောကဝဒါနကျမ်းက ဆိုပါ၏။ အရိယမဇ္ဈူသီရီကပ္ပကျမ်းတွင် ဖော်ပြထားသည်မှာ အသောကမင်းကြီးသည် ရတနာစီခြယ်သသော ရထားကို စီးနင်းလျက် သူ၏ တိုင်းနိုင်ငံတစ်ခုလုံးမှ ထူပါစေတီတော်များကို လှည့်လည်ဖူးမြော်ခဲ့သည်ဟု ဆို၏။

ကျောက်စာများမှ ဖော်ပြနေသော အသောကမင်းကြီး ၏ ဓမ္မဝါဒ

အသောကမင်းကြီးစိုက်ထူခဲ့သော ကျောက်စာချပ်များတွင် သူ၏ ဓမ္မဝါဒကို ဤသို့ ထင်ရှားစွာ တွေ့မြင်ရ၏။[၁၉၀]

၁၈၆။ အရှင်အာဒိစ္စဝံသ-အသောကမင်းတရားကြီး၏ ကျောက်စာတော်၊ စံရှားပုံနှိပ်တိုက် (၁၉၆၉)

- သားငှက်တိရစ္ဆာန်တို့ကို သတ်ဖြတ်ပြီး ယဇ်မပူဇော်ရ။ (ပထမ ကျောက်စာချပ်)
- အခမဲ့ လူနာဆေးခန်း တိရစ္ဆာန်ဆေးကုခန်းများ ထားရှိခဲ့၏။ လူတို့အတွက် တိရစ္ဆာန်တို့အတွက် အသုံးဝင်သော ပရဆေးပင်များကို စိုက်ပျိုးစေ၏။ ခရီးသွားတို့ နားခိုရန် အဆောင်ဧရပ်တို့ ဆောက်လုပ် လှူဒါန်းခဲ့၏။ (ဒုတိယ ကျောက်စာချပ်)
- လူတို့ ကောင်းမှုကုသိုလ်ပြုလုပ်ကြစေရန် အမိအဘာတို့ အားပြုစုလုပ်ကျွေးပြီး ရဟန်းသမဏာတို့ကို ပူဇော်သက္ကာပြုကြစေရန်အတွက် လက်အောက်ခံမင်းမှုထမ်းများသည် ၅ နှစ်လျှင်တစ်ကြိမ် နယ်လှည့်ပြီး တရားဟောပြောဆုံးမစေခဲ့၏။ (တတိယကျောက်စာချပ်)
- သတ္တဝါတို့အား သတ်ဖြတ်ညှင်းဆဲခြင်းမှ ရှောင်ကြဉ်၍ လူကြီးမိဘတို့၏ ဆိုဆုံးမမှုကို နာခံရန် ဆော်သြခဲ့၏။ (စတုတ္ထ ကျောက်စာချပ်)
- နန်းတက်ပြီးနောက် ၁၃ နှစ်မြောက်တွင် တရားကြီးကြပ်သူဓမ္မပါလက အမတ်များကို ခန့်ထားပြီး လူတို့ကို ကောင်းမှုပြုလုပ်ရန်နှင့် မကောင်းမှုမှ ကြဉ်ရှောင်နိုင်စေရန် ပံ့ပိုးအုပ်ချုပ်စေခဲ့၏။ (ပဉ္စမ ကျောက်စာချပ်)
- ပြည်သူ၏ အကျိုးစီးပွားအတွက် အလိုရှိလျှင် အချိန်မရွေး မိမိကို ဆက်သွယ်လျှောက်ထား တင်ပြနိုင်စေရန်အတွက် သတင်းကြား သံတော်ဆင့်အမတ်များကို ခန့်အပ်ခဲ့၏။ (ဆဋ္ဌမ ကျောက်စာချပ်)
- ဘာသာအယူဝါဒ တစ်ခုခုအပေါ် သက်ဝင်ယုံကြည်မှုသည် လူတို့အား မကောင်းမှုမှ မြစ်တား၍ ကောင်းမှုကို ကြိုးကုတ်အားထုတ်စေသောကြောင့် ဘာသာအယူတစ်ခုခုကို သက်ဝင်ယုံကြည်ကြရန် ဆိုမိန့်ထား၏။ (သတ္တမကျောက်စာချပ်)
- မိမိကိုယ်တိုင် ကျောင်းကန်ဘုရားများ လှူဒါန်းဆောက်လုပ် ဖူးမျှော်ခြင်း ရဟန်းသမဏာတို့ကို လှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ်အစုစုတို့ကို လူအများအတွက် ရည်စူးလျက် အမျှပေးဝေခဲ့၏။(အဋ္ဌမ ကျောက်စာချပ်)
- လောကီသုတမုတမဂ်လာ အစွဲအယူများ ထက်မြတ်သော ကိုယ်ကျင့်မဂ်လာတရားများဖြင့် ပြည်စုံအောင် တည်ဆောက်ကြစေလိုကြောင်း ဖော်ပြခဲ့၏။ (နဝမ ကျောက်စာချပ်)
- လောကသုံးပါးကို ကျော်လွန်၍ မြတ်သော နိဗ္ဗာန်သို့ ဆိုက်ရောက် မျက်

မှောက်ပြုစေနိုင်သော ဒါန သီလ တရားများကို ပြုရန်သာ ညွှန်ကြားခဲ့၏။ (ဒသမကျောက်စာချပ်)

- လောက၌ မိမိဆက်ဆံရသော အမိအဘဆရာသမားရဟန်းပုဏ္ဏားနှင့် သားသမီး ကျေးကျွန်တို့အား တရားသဖြင့် ကောင်းမွန်မျှတစွာ ဆက်ဆံခြင်းသည် ဓမ္မဒါနဖြစ်ကြောင်း ညွှန်ပြခဲ့၏။ (ဧကဒသမကျောက်စာချပ်)
- တိုင်းနိုင်ငံအတွင်း၌ တည်ရှိသော ဘာသာအယူဝါဒ ဂိုဏ်းဂဏ အပေါင်းတို့အပေါ် တစ်ပြေးညီတန်ဖိုးထား၍ ချီးမြှောက်ထောက်ပံ့ရန်အတွက် ညွှန်ကြားခဲ့၏။ (ဒွါဒသမကျောက်စာချပ်)
- ကာလိင်္ဂတိုင်းကို အောင်နိုင်သော်လည်း အောင်နိုင်ခြင်း အစစ်မမည်ကြောင်းနှင့် နောင်တသံဝေဂကြီးစွာ ရရှိကြောင်းကို ဖော်ပြခဲ့၏။ (တေရ သမကျောက်စာချပ်)

အထက်ပါ ကျောက်စာ အထောက်အထားများကိုကြည့်လျှင် အသောကမင်းကြီး၏ ဓမ္မဝါဒကို ဆဝါးသုံးသပ်နိုင်ပါလိမ့်မည်။

အသောကမင်းကြီးနှင့် တတိယသင်္ဂါယနာ

အသောကမင်းကြီး လက်ထက်တွင် ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားလာသောကြောင့် အညတိတ္ထိယဂိုဏ်းသားများသည် လာဘ်လာဘကို မျှော်ကိုး၍ သာသနာတွင်းသို့ ဝင်ရောက်လာကြလေရာ ရဟန်းကောင်းများနှင့် ရဟန်းဆိုးများအကြား ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ပြီး အချင်းချင်း အတူတူ ဥပုသ်မပြုဘဲ နေကြသည်ဟုဆို၏။ ထိုအခါ ရဟန်းများကို ဥပုသ်ပြုစေရန် မင်းအမိန့်ဖြင့် အမတ်တစ်ယောက်ကို စေလွှတ်၍ ခိုင်းစေသောအခါ ထိုပညာမဲ့သော အမတ်၏ တာဝန်မဲ့စွာ သတ်ဖြတ်မှုကြောင့် ရဟန်းကောင်းအများအပြား သေဆုံးကြရလေ၏။ မိမိတွင် အပြစ်ဖြစ်ပြီဟု ကြီးစွာသော နောင်တဖြင့် ပူပန်သောကြောင့် အသောကမင်းကြီးသည် မောဂ္ဂလိပုတ္တတိဿမထေရ်ကို ပင့်ဖိတ်၍ ပြဿနာကိုတင်ပြကာ အဆုံးအဖြတ်ကို ခံယူခဲ့၏။ ရဟန်းအစစ်နှင့် ရဟန်းတုကို ခွဲခြားနိုင်သော ဝါဒသဘောတရားများကိုလည်း သင်ကြားခဲ့ပြီး နောက် အသောကမင်းကြီးသည် အသောကာရုံကျောင်း၌ စည်းဝေးသဘင်ကြီးတစ်ခုကျင်းပပြုလုပ်သည်။ ထိုစည်းဝေးသဘင်၌ ကန့်လန့်ကာအကွယ်တွင် ရဟန်းတစ်ပါးစီအား မထေရ်နှင့် မင်းကြီးက "*အရှင်ဘုရား၊ မြတ်စွာဘုရား၏ ဝါဒသည် အဘယ်မည်သော ဝါဒဖြစ်သနည်း*" ဟူ၍ မေးသည်။ ရဟန်းများက သူတို့ ယူဆထားကြသည့်အတိုင်း သဿတဝါဒ စသော အယူဝါဒများကို ပြောပြကြသည်။ ထိုကဲ့သို့

သော ရဟန်းအားလုံးကို ဘုရင်မင်းကြီးသည် လူဝတ်လဲပေးလိုက်သည်ဟု ဆို၏။ သာသနာ့ဘောင်ထဲမှ ထုတ်ပစ်လိုက်သော ရဟန်းတို့၏ ဦးရေမှာ ၆၀,၀၀၀ အထိ ရှိသည်ဟုဆို၏။

ဤသို့ ရှင်တော်ဗုဒ္ဓလက်ထက်တော်ကပင် မရှိခဲ့ဘူးသော မင်းအာဏာစက် ဖြင့် ပုံပိုး၍ ဗုဒ္ဓသာသနာတော်သန့်စင်ရေးကို လုပ်ဆောင်ခဲ့ရာတွင် အသောကမင်းကြီးသည် အိန္ဒိယနိုင်ငံ၏ သမိုင်းတွင် ပထမဦးဆုံးဖြစ်ခဲ့ပြီး နောင်းကာလသမိုင်းတွင်လည်း နမူနာ အတုယူစရာလုပ်ဆောင်မှု ဖြစ်ခဲ့၏။ သာသနာပြုမင်းတစ်ပါး၏ ပုံရိပ်ကိုထုဆစ်ရာတွင် နောင်းကာလဘုရင်များသည် အသောကမင်းကြီးကိုစံပြ နမူနာထားကြပြီး ဗုဒ္ဓဓမ္မကို တိုင်းနိုင်ငံ တည်ထောင်အုပ်ချုပ်မှု၏ ခိုင်မာသော အခြေခံအုတ်မြစ်အဖြစ် ဆောင်ရွက်ရာတွင် အသောကမင်းကြီး၏ ကောင်းမြတ်သော အစဉ်အလာသည် အလွန်အတုယူဖွယ်ရာ ဖြစ်ခဲ့ပါ၏။ သို့သော်လည်း မောရိယမင်းဆက် ပျက်သုဉ်းပြီးနောက် သုင်္ဂမင်းဆက် (ဆုန်ဂမင်းဆက်) တက်လာသည့်အခါတွင် ဗုဒ္ဓဓမ္မကို မျက်နှာသာ မပေးခဲ့ခြင်းသည် ဤသို့ ဘာသာရေးကဏ္ဍတွင် မင်း၏ အာဏာစက်က ရောထွေးပါဝင်လာမှုကြောင့် ဖြစ်နိုင်ပါသည်။

သာသနာ့ဘောင်ထဲမှ ထုတ်ပစ်လိုက်သော ရဟန်းအားလုံး ပါဠိလိပုတ်မှ နာလန္ဒာသို့သွားပြီး အခြေစိုက်ကြသောကြောင့် ထိုအချိန်မှစ၍ နာလန္ဒာသည် သဗ္ဗတ္ထိဝါဒတို့၏ ဌာနချုပ်ဖြစ်လာသည် ဟုဆို၏။ ထို ဂိဏ်းဂဏဝင် ရဟန်းတော်တို့သည် နာလန္ဒာ၌ သီးခြား သင်္ဂါယနာ တင်ကြသည်။ သဗ္ဗတ္ထိဝါဒီ ဂိဏ်းသားများသည် နာလန္ဒာ တောင်ပိုင်းသို့ သွားကြသည်။ တောင်ပိုင်းမှတစ်ဖန် ကသ္မီရသို့ သွားပြန်သည်။ ထို့နောက် တစ်ဖန် အာရှအလယ်ပိုင်းနှင့် တရုတ်ပြည်သို့ ရောက်သွားကြသည်။ အုပ်စုတစ်စုမှာ မထုရာသို့ ရောက်သွားသည်။ ဘုရင်အသောကသည် ရဟန်းစစ်များအားလည်း အလားတူ မေးခွန်းကို မေးသည်။ ရဟန်းစစ်များက "မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒီဖြစ်ပါ၏" ဟူ၍ အဖြေပေးကြသည်။ ဘုရင်မင်းကြီးက မောဂ္ဂလိပုတ္တတိဿမထေရ်အား "မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒီဖြစ်၏" ဟု ဆိုသည်မှာ မှန်ပါသလားဟု မထေရ်၏ အဆုံးအဖြတ်ကို မေးသည်။ မထေရ်က မှန်ကြောင်း ပြောပြသည်။ သံဃာ့ဘောင် စင်ကြယ်သွားပြီဟု ယူဆပြီးလျှင် မင်းကြီးသည် နန်းတော် ပြန်သွားသည်။ ထို့နောက် သံဃာတော်များသည် ဥပုသ်ပြုကြသည်ဟု ဆို၏။

မောဂ္ဂလိပုတ္တတိဿမထေရ်သည် သံဃာတော်များထဲမှ အဘိညာဉ် ခြောက်ပါးနှင့် ပဋိသမ္ဘိဒါလေးပါး ရရှိပြီးသော ပိဋကတ္တယဓရ လက်ရွေးစင် ရဟန်းတော်

တစ်ထောင်ကို သင်္ဂါယနာတင်ရန် ရွေးချယ်ပြီးလျှင် အသောကာရုံကျောင်း၌ တတိယ သင်္ဂါယနာတင်သည်။ မောဂ္ဂလိ ပုတ္တတိဿမထေရ်သည် ထိုသင်္ဂါယနာတင်ပွဲ၌ အခြားအယူဝါဒများကို ချေဖျက်ရန်အတွက် ထေရဝါဒဂိုဏ်း၏ ဝါဒကြည်ဟာစာတမ်း သဖွယ်ဖြစ်သော ''ကထာဝတ္ထု ပကရဏ'' ကို ရေးသားစီရင်ခဲ့၏။ သင်္ဂါယနာတင်ပွဲသည် အသောက ရာဇဘိသိက် ခံယူပြီးနောက် ဆယ့်ခုနစ်နှစ်အကြာ ပဝါရဏာပွဲ၌ အပြီးသတ်သွားသည်။ ဘုရင်အသောက၏ ချီးမြှောက် ထောက်ပံ့မှုဖြင့် သံဃာတစ် ထောင်သည် ယင်းသင်္ဂါယနာပွဲကို ကိုးလတိုင်တိုင် တင်သည်။ သင်္ဂါယနာ တင်ပြီး သောအခါ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ဘုရင်မင်းကြီး၏ အကူအညီဖြင့် သာသနာ ပြန့်ပွားထွန်းကားစေရန် ကိုးတိုင်း ကိုးဌာနများသို့ သာသနာပြုများကို အောက်ပါအတိုင်း စေလွှတ်ခဲ့၏။

(၁) ကဿမိရ ဂန္ဓာရတိုင်းသို့ မဇ္ဈန္တိကမထေရ် အမှူးပြုသော သာသနာပြု ရဟန်းတော်များ စေလွှတ်ခဲ့၏။

(၂) မဟိသကမဏ္ဍလ(မိုက်ဆိုးနယ်) သို့ မဟာရေဝတမထေရ် အမှူးပြုသော သာသနာပြု ရဟန်းတော်များ စေလွှတ်ခဲ့၏။

(၃) ဒက္ခိဏာပထတောင်ပိုင်း ဝနဝါသိနယ်သို့ ရက္ခိတမထေရ် အမှူးပြုသော သာသနာပြု ရဟန်းတော်များ စေလွှတ်ခဲ့၏။

(၄) အပရန္တ အိန္ဒိယအနောက်ပိုင်း ဘောဇနယ်သို့ ယောနကဓမ္မရက္ခိတမထေရ် အမှူးပြုသော သာသနာပြု ရဟန်းတော်များ စေလွှတ်ခဲ့၏။

(၅) မဟာရဋ္ဌတိုင်း (ဘုံဘော) သို့ မဟာဓမ္မရက္ခိတ မထေရ် အမှူးပြုသော သာသနာပြု ရဟန်းတော်များ စေလွှတ်ခဲ့၏။

(၆) ယောနကတိုင်း ပါသိယန် ဂရိနိုင်ငံသို့ မဟာရက္ခိတမထေရ် အမှူးပြုသော သာသနာပြု ရဟန်းတော်များ စေလွှတ်ခဲ့၏။

(၇) ဟိမဝန္တာတိုင်းသို့ မဇ္ဈိမမထေရ် အမှူးပြုသော သာသနာပြု ရဟန်းတော်များ စေလွှတ်ခဲ့၏။

(၈) သုဝဏ္ဏဘူမိတိုင်းသို့ သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့ အမှူးပြုသော သာသနာပြု ရဟန်းတော်များ စေလွှတ်ခဲ့၏။

(၉) တမ္ဗပဏ္ဏို (သီဟိုဠ်ကျွန်း)သို့ မဟိန္ဒမထေရ် အမှူးပြုသော သာသနာပြု ရဟန်းတော်များ စေလွှတ်ခဲ့၏။

ထိုမှတစ်ပါး အခြားဒေသပေါင်း များစွာသို့လည်း သာသနာပြုများ စေလွှတ် ကြောင်းကို အသောက ကျောက်စာများအရ သိရှိရသည်။ အသောကမင်းကြီး၏

ကျောက်စာတစ်ချပ်တွင် ဖော်ပြထားသည်မှာ ဘီစီ ၂၅၅-၂၅၆ တွင် မင်းကြီးသည် ဂရိဘုရင်များအုပ်စိုးနေသည့် ဆီးရီးယား အီဂျစ် မက်စီဒိုနီးယားဆိုင်ရင်းနှင့် အိပိုင်းရပ်စ်ဒေသများသို့ ဗုဒ္ဓသာသနာပြု ဓမ္မဒူတမန်များ စေလွှတ်ခဲ့ကြောင်း မှတ်တမ်းတင်ထားဏ်။

စန္ဒဂုတ် (ချန္ဒရဂုပ္တ) ဘုရင်နှင့် ဗိန္ဒုသာရ ဘုရင်တို့သည် အနောက်နှင့် ဆက်သွယ်မှု ရှိကြသည်။ စန္ဒဂုတ်၏ နန်းတော်သို့ မက်စတိုင်းသည် သံတမန်အဖြစ် လာရောက်သည်။ ယင်းဆက်သွယ်မှုများကို ပိုခိုင်မာစေရန်အတွက် အသောကသည် အနောက်ဘက်နိုင်ငံများသို့ သာသနာပြုများကို လွှတ်သည်။ ထိုဓမ္မဒူတ သာသနာပြုများ၏ အမည်နာမများကို မသိရသော်လည်း ထိုသာသနာပြုများ ကြွရောက်ကြသော ဒေသများ၏ အနည်နာမများကိုမူ သိရှိရသည်။ ယောနက (ဂရိ) ဘုရင်သည် ယူဇနာရစ်ရာ အဝေးဌာနရှိ၏ ဟူ၍ ကျောက်စာ၌ ဆိုထားသည်။ ထိုဘုရင်၏ အမည်ကိုလည်း အင်တိယောက်ဟု ပြောပြထားသည်။ အသောက သာသနာပြုများ လွှတ်သော အခြားဒေသရှိ ဘုရင်လေးပါး တို့၏ အမည်နာမများကိုလည်း ဖော်ပြထားသည်။ ယင်းတို့ကား တုရမယ၊ အင်တိကိုန၊ မဂ၊ ဧလိက၊ ဆုန္ဒရတို့ ဖြစ်ကြသည်။ အလားတူပင် တောင်ပိုင်း ဒေသများ၌ ပဏ္ဍာ၊ တမ္ဗရ ပဏ္ဏိယတို့သို့လည်း သာသနာပြုများကို စေလွှတ်လေသည်။ ကမ္ဘောဇ၊ နာဘက၊ ဘောဇ၊ ပိတိနိယက၊ အန္ဓရ၊ ပုလိန္ဒကတို့သို့ သာသနာပြု စေလွှတ်ကြောင်း ကျောက်စာ၌ ညွှန်ပြထားသည်။[၁၉၁]

ထူးခြားချက်တစ်ရပ်မှာ အိန္ဒိယနိုင်ငံ၏သမိုင်းတွင် အသောကမင်းကြီးသည် စာရေးသားခြင်းအတတ်ကို ပထမဆုံး ကျယ်ပြန့်စွာ စတင်သုံးစွဲခဲ့သည့် မင်းဖြစ်၏။ အင်ပါယာတိုင်းနိုင်ငံတစ်ခုအနေဖြင့် စီမံအုပ်ချုပ်ရေးအတွက်သာမက ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများအတွက် စာရေးသားခြင်းအတတ်သည် မရှိမဖြစ် အရေးပါလာခဲ့၏။ စာရေးသားမှု ထွန်းကားလာသည်နှင့်အတူ နုတ်ဆုံအာဂုံဆောင်သော ပိဋကတ် အစဉ်အလာနှင့်အတူ ရေးသားမှတ်တမ်းတင်သော အစဉ်အလာတစ်ရပ်လည်း စင်ပြိုင်ပေါ်ထွန်းလာမည်မှာ ယုံမှားဖွယ်မရှိပေ။ ဒေါက်တာ ရစ်ချတ် ဂွန်းဘရစ်ချ်၏ အလိုအရ အသောကမင်းကြီးလက်ထက်တွင် စာရေးသားခြင်းအတတ်ပညာ ပေါ်ပေါက်လာခြင်းကြောင့် မဟာယာနသုတ္တန် တရားတော်များသည် ခေတ်အဆက်ဆက် မပျောက်မပျက် ဆက်လက်စီးဆင်း တည်တံ့လာခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ စာရေးသားမှုအတတ်သည် မဟာယာနပိဋကတ်ကို အခြေခံသော အဖွင့်ဋီကာ အဋ္ဌကထာနှင့် သျှတ္တရကျမ်းများ ပေါ်ပေါက်လာရန်လည်း အခြေ

၁၉၁။ ပါရဂူ၊ ရာဇာနှင့် သာသနာ-စာမျက်နှာ (၂၂-၂၃)

အနေပေးခဲ့သလို ကျမ်းစာကိုးကွယ်မှု ထွန်းကားလာခြင်းနှင့် ကျမ်းစာများကို ရေးကူးပူဇော် ထပ်ဆင့်ဖြန့်ဝေခြင်းအားဖြင့် အလွန်ကြီးမားသော ဓမ္မဒါနကောင်းမှု မျိုးစေ့ကို စိုက်ပျိုးနိုင်သည်ဟူသော သဒ္ဓါယုံကြည်မှု အားကောင်းလာသောအခါတွင် ဤဓလေ့သည် မဟာယာန သုတ္တန်တရားတော်များ ပြန့်ပွားရန်အတွက် အထောက်အကူ ဖြစ်စေသော အကြောင်းတရား ဖြစ်ခဲ့လေ၏။ ထို့ကြောင့် အသောကခေတ်သည် မဟာယာနဗုဒ္ဓဘာသာ ပြန့်ပွားစေရန် ကြီးမားသော အထောက်အပံ့ ဖြစ်စေခဲ့သည်ဟု ဆိုနိုင်လေသည်။[၁၈၂]

မဟာယာနဗုဒ္ဓဘာသာ၏ အရေးပါမှုအခန်းကဏ္ဍ

မဟာယာနဗုဒ္ဓဘာသာသည် ဘုရားရှင် လွန်ပြီးနောက် နှစ်ပေါင်း ၅၀၀ အတွင်း ပေါ်ထွန်းလာခဲ့သည်ဟု ပညာရှင်များ ယူဆကြ၏။ သို့သော်လည်း တိကျခိုင်လုံသော သမိုင်းအထောက်အထားများ ရှားပါးမှုကြောင့် မဟာယာနဗုဒ္ဓဘာသာ စတင်ရာ အချိန်ကာလသည် ဝိုးတဝါး အမှောင်ထဲတွင် ရှိနေဆဲလည်းဖြစ်၏။ ဘိဘူတိဘရူးဝါး၏ အလိုအရ ဗုဒ္ဓဝါဒ၏ သမိုင်းတွင် မဟာယာနဗုဒ္ဓဘာသာ သာမပေါ်ပေါက်ခဲ့ပါက ဗုဒ္ဓဘာသာသည် ကမ္ဘာ့ဘာသာတရားကြီးတစ်ခုအဖြစ် မတည်ရှိနိုင်သည့်အပြင် တိဗက် နီပေါ ဘူတန် တရုတ် ကိုရီးယား မွန်ဂိုးလီယား နှင့် ဂျပန်နိုင်ငံများသည်လည်း ဗုဒ္ဓဓမ္မ၏ လင်းရောင်ခြည်ကို ခံစားကြရမည် မဟုတ်ပေ။ ရှေးဦးဗုဒ္ဓဝါဒသည် အနှစ်သာရအားဖြင့် ရဟန်းတော်များအတွက်သာ ရည်ရွယ်ပြီး တစ်ကိုယ်ရည် လွတ်မြောက်ရေးအတွက် သက်သက်သာ ရှေးရှုသောကြောင့် လူထုကိုးကွယ်သော ဘာသာတရားတစ်ခုအသွင်ဖြင့် မရပ်တည်နိုင်ခဲ့ချေ။ မဟာယာန ဗုဒ္ဓဘာသာ၏ ဘုရားစေတီပုထိုး တည်ထားကိုးကွယ်မှုများနှင့် လူအများပါဝင်နိုင်သော ဘာသာတရားအသွင် ဆောင်ယူနိုင်ခဲ့ခြင်းများကြောင့်သာ အိန္ဒိယသမိုင်းတွင် ဗုဒ္ဓဓမ္မသည် အလွန်ကြီးမားသော အခန်းကဏ္ဍက ပါဝင်နိုင်ခဲ့ရခြင်းဖြစ်၏။ ထို့အပြင် အာရျအလယ်ပိုင်းနှင့် အာရျအရှေ့ဖျားဒေသမှ လူမျိုးများသည် အိန္ဒိယတိုက်သားတို့နှင့် နှိုင်းစာလျှင် ပို၍ လက်တွေ့ဆန်သော မြေကြီးနှင့် နီးစပ်သော လူမျိုးများ ဖြစ်သောကြောင့် ရှေးဦးဗုဒ္ဓဘာသာ၏ အနုစိတ်ခွဲခြမ်း လေ့လာသော အဘိဓမ္မာဂိုဏ်း အယူအဆများက ၄င်းတို့၏ စိတ်နှလုံးကို ကြာရှည်စွာ သိမ်းဆည်း ဆွဲဆောင်နိုင်မည် မဟုတ်

၁၈၂။ **Richard Gombrich, *How the Mahayana Begin, Buddhism: Critical Concepts in Religious Studies, Vol-3*, edited by Paul Williams, (2005) Routledge. P-74-83**

ချေ။ ယင်းဒေသမှ လူများသည် မဟာယာနဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်သက်ဝင်ရန် ကိုက်ညီသောသူများဖြစ်ကြောင်း တွေ့ရပေသည်။

အသောကမင်းလက်ထက်တွင် ဗုဒ္ဓသာသနာသည် အထွတ်အထိပ်သို့ရောက်အောင် ကျယ်ပြန့်စွာ တိုးတက်ထွန်းကားခဲ့ပြီး အတိုင်းတိုင်းအပြည်ပြည်သို့ သာသနာပြုတမန်များ စေလွှတ်ခဲ့သည်ဟု ဆိုသော်လည်း မောရိယမင်းဆက် ပြတ်တောက်ပြီး ဆုန်ဂ (သုင်္ဂ) မင်းဆက်များ တက်လာသည့်အခါတွင် ဗြဟ္မဏ ဘာသာတရားနှင့် ယဉ်ကျေးမှုကို ပြန်လည် ချီးမြှောက်ခဲ့ကြသောကြောင့် ဗုဒ္ဓသာသနာတော် အားအင်ချိနဲ့ခဲ့ရ၏။ ဂိုဏ်းကွဲပေါင်း ၃၀ ခန့်ဖြင့် အစိတ်စိတ်အမွှာမွှာ ဖြစ်နေသော ဗုဒ္ဓသာသနာသည် မင်းဧကရာဇ်တို့၏ ထောက်ခံအားပေးမှုကို ရရှိနေသော ဗြဟ္မဏ ဘာသာတရားကို မည်သို့မျှ မယှဉ်သာအောင် ဖြစ်နေခဲ့ရသည့် ကာလလည်းဖြစ်၏။ ရဟန်းတော် အများစုမှာလည်း နိုင်ငံရေးရာများနှင့် မပတ်သက် မဆက်နွယ်လိုပဲ လောကီနယ်ပယ်ကို စွန့်ခွာလျက် တစ်ကိုယ်တည်း လွတ်မြောက်ငြိမ်းအေးမှုအတွက်သာ အားထုတ်နေခဲ့ကြ၏။ ဤသို့သော နိုင်ငံရေး ဘာသာရေး နောက်ခံကားချပ်တွင် မဟာယာနဗုဒ္ဓဘာသာ ပေါ်ပေါက်လာရသည် မှာ ဗုဒ္ဓသာသနာကို တစ်စုတစ်စည်းတည်းသော အင်အားဖြင့်ပေါင်းစုမိပြီး ဗြဟ္မဏဘာသာတရားနှင့် ယှဉ်ပြိုင်ရပ်တည်နိုင်သော လူထု ဘာသာတရားတစ်ရပ်အဖြစ် ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုအဖြစ် ရှုမြင်နိုင်ပါသည်။ ဥရောပ ဘာသာရေး ပြုပြင်ပြောင်းလဲမှုကဲ့သို့ပင် မဟာယာနလူပ်ရှားမှုသည် ဗုဒ္ဓသာသနာကို အတွေးအမြင်သစ်များဖြင့် ကြွယ်ဝစေခဲ့ပြီး ယုံကြည်မှုဆိုင်ရာ အားခွန်များလည်း တိုးပွားစေခဲ့ပါ၏။ မဟာယာနဗုဒ္ဓဘာသာ၏ သုတ္တန်ဒေသနာများတွင် ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်စောင့်ရှောက်သော စံပြမင်းဧကရာဇ်များ၏ ဂုဏ်လက္ခဏာများကို ဖော်ကျူးထားလေရာ ဘာသာရေးနှင့် နိုင်ငံရေး ပေါင်းစည်းအားပြုမှု တည်တံ့ခိုင်မြဲနိုင်မည် ဟူသော အယူအဆသစ်ကို စတင်ခဲ့သလို ရှိပါသည်။

ဒေါက်တာ ဟီရုမိုတို မိုဂူမို၏ အမြင်။ (ဟီနယာန မဟာယာန ကွာခြားမှု ၆ချက်)

မဟာယာနဗုဒ္ဓဘာသာသည် ရှေးဦးဗုဒ္ဓဝါဒမှ ရုတ်တရက် သီးခြားခွဲထွက်၍ အထင်ကရဂိုဏ်းကြီးတစ်ရပ်အနေဖြင့် ချက်ချင်း ပေါ်ပေါက်လာခဲ့သည်ကားမဟုတ်ချေ။ မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ သုတ္တန်များ နှင့် အယူအဆများ တစ်စတစ်စ ပေါ်ပေါက်လာခဲ့ပြီး ၄င်း အယူအဆများကို လက်ခံကျင့်သုံးသော ရဟန်းများလည်း

ရှိလာခဲ့၏။ အဆိုပါ ရဟန်းများသည် မဟာယာနဗုဒ္ဓဘာသာကို တိမ်းညွတ်မှုရှိသည် မှအပ အခြားသော ရဟန်းများနှင့် ကျောင်းတိုက်တစ်ခုအတွင်း အတူသီတင်းသုံး နေထိုင်ရင်း သံဃာများကို အတူတူဆောင်ခဲ့ကြသောကြောင့် မဟာယာနဗုဒ္ဓဘာ သာကို သီးခြား ဗုဒ္ဓဘာသာ ဂိုဏ်းကွဲတစ်ခုမဟုတ်ဟု ဆိုနိုင်ခြင်းဖြစ်၏။ ယနေ့ ခေတ်အခါန်အထိ မဟာယာနဗုဒ္ဓဘာသာ၏ သီးခြား ဝိနည်းစာပေ ပိဋကတ် မရှိ ခြင်းက ဤအချက်ကို ထောက်ခံနေပါသည်။

သို့သော်လည်း သမိုင်းရေစီး ရွေ့လျားလာခဲ့သည်နှင့် ရှေးဦးဗုဒ္ဓဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာအကြား အယူအမြင် ကွာခြားချက်များလည်း တဖြည်းဖြည်း ကြီးမားလာခဲ့၏။ ရှေးအကျဆုံး မဟာယာနသုတ္တန်များဖြစ်ခဲ့သော ပညာပါရမိတာ သုတ္တန် ဝဇီရစ္ဆေဒိကာသုတ္တန်တို့တွင် ရှေးဦး ဗုဒ္ဓအဘိဓမ္မာဂိုဏ်းများ၏ ဓမ္မအရှိ တရားဝါဒကို ဝေဖန်ဆန်းစစ်သော ဒဿနအမြင်များကိုသာ ဖော်ပြခဲ့ကြသော် လည်း နောက်ပိုင်း ပေါ်ထွန်းလာသော ဝိမလကိတ္တိနိဒ္ဒေသ သုတ္တန်တွင် ရဟန်းပညာ ရှိနှင့် လူဗောဓိသတ္တပညာရှိတို့ကို နှိုင်းယှဉ် အကဲဖြတ်တင်ပြမှုများ ရှိလာ၏။ သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန်တွင် ရှေးဦးဗုဒ္ဓဝါဒ၏ သီးခြားကျင့်သုံးနိုင်သော ယာနသုံးပါး (သာဝကယာန ပစ္စေကဗုဒ္ဓယာန သမ္မာသမ္ဗုဒ္ဓယာန) ကို တစ်ခုတည်းသော ဧကယာန-ဗုဒ္ဓယာန (ဗောဓိသတ္တယာန) အဖြစ် ပြောင်းလဲ၍ လက်ခံစေခဲ့သည်ကို တွေ့ရ၏။ ရှေးဦး ဗုဒ္ဓဝါဒ၏ ရဟန္တာ အယူအဆနှင့် မိမိတို့၏ ဗောဓိသတ္တ အယူအဆ များကိုလည်း ပိုမို ကွဲပြားအောင် နှိုင်းယှဉ်ခြားနား တင်ပြလာခဲ့ပြီး တစ်ဦးတည်း လွတ်မြောက်ရေးလမ်းစဉ်ကို ဟီနယာန (နိမ့်သော နုံ့သောလမ်းစဉ်) ဟု ၄င်း ဝေနေယျသတ္တဝါအများ၏ လွတ်မြောက်ရေးလမ်းစဉ်ကို မဟာယာန (မြင့်သော မြတ်သော လမ်းစဉ်) ဟူ၍၄င်း ခွဲခြား ဖော်ပြခဲ့ကြပါသည်။ မဟာယာန ဗုဒ္ဓဘာသာ ၏ တစ်ခုတည်းသော ပဓာနအမှတ်သရုပ်မှာ မိမိ၏ တစ်ကိုယ်တော်အကျိုးကို စွန့်လွှတ်၍ အများဝေနေယျသတ္တဝါတို့အတွက် ဘုရားအဖြစ်သို့ ရောက်ရှိရန် အဓိဋ္ဌာန်ပြု တည်ဆောက်ခြင်း ဖြစ်သည့်အပြင် ရဟန္တာ-သာဝကနှင့် ပစ္စေကဗုဒ္ဓ အရှင်တို့သည်လည်း ဤ တစ်ကြောင်းတည်းသောလမ်း=ဧကယာနကို လျှောက်လှမ်း ရမည်ဟု ခံယူယုံကြည်ခြင်းဖြစ်၏။

ဗုဒ္ဓစာပေ ပညာရှင်တို့က မဟာယာနဗုဒ္ဓဘာသာ၏ ကြီးမြတ်မှုကို ပန်းတိုင် ၏ ကြီးမြတ်မှု၊ ဒဿနအမြင်၏ ကြီးမြတ်မှု၊ ကျင့်စဉ်၏ ကြီးမြတ်မှုတို့အားဖြင့် လည်း အနက်ဝိဂြိုဟ် ပြုကြသေးသည်။

(၁) **ပန်းတိုင်၏ကြီးမြတ်မှု** ဆိုသည်မှာ မဟာယာနဗုဒ္ဓဘာသာသည် မိမိအပါအဝင်

ဝေနေယျသတ္တဝါအားလုံးတို့၏ ဘဝလွတ်မြောက်ရေးကို ပန်းတိုင်အဖြစ် ဦးတည်သောကြောင့်ဖြစ်သည်။

(၂) **ဒဿနအမြင်၏ ကြီးမြတ်မှု** ဆိုသည်မှာ မဟာယာနဗုဒ္ဓဘာသာသည် ရုပ်နာမ်ဓမ္မ သခ်ါရနှင့် အသခ်ၤတဓမ္မတို့၏ လက္ခဏာ၊ ရသ၊ ကိစ္စ၊ သတ္တိ၊ ပကတိ၊ သဘာဝ၊ နိယာမ၊ ကာရဏာ၊ နိဿတ္တ၊ အနတ္တ၊ သမ္မုတိ၊ပရမတ္ထ စသည်တို့ကို ရှုပွားဆင်ခြင်၍၊ စူးစမ်း၍၊ ထွင်းဖောက်၍ အနိစ္စမသစ္စာနှင့် မဟာသန္တိသုခကို ဖော်ထုတ်ရာတွင် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တ-အတ္တနိယ ကင်းဆိတ်မှု (ပုဂ္ဂလသုညတာ) တွင်ရပ်တန့်မနေမူဘဲ ဓမ္မသဘာဝ အားလုံးတို့၏အတ္တ-အတ္တနိယ ကင်းဆိတ်မှု (ဓမ္မသုညတာ) သဘောနှင့် သိအပ်သော ဥယျဓမ်တရားဟူသမျှ၏ အတ္တ-အတ္တနိယမှ ကင်းဆိတ်မှု သဘော (အစ္စန္တသုညတာ) အထိ အမြင်ပေါက် အသိဉာဏ် သန့်ရှင်းစင်ကြယ်မှုကို ဖြစ်စေသောကြောင့် ဖြစ်သည်။

(၃) **ကျင့်စဉ်၏ ကြီးမြတ်မှု** ဆိုသည်မှာ မဟာယာနဗုဒ္ဓဘာသာသည် ဗောဓိသတ္တ၏ ပါရမီမက်လမ်းစဉ်ကို ဟောကြားသဖြင့် ဘုရားရှင်၏ အတုမရှိသော ရူပကာယတော်ကိုရောက်ရှိရန်အတွက် ပုညသမ္ဘာရ တရားများ ဖြည့်ဆည်းရခြင်း ဘုရားရှင်၏ အတုမရှိသော နာမကာယတော်ကို ရောက်ရှိရန်အတွက် ဉာဏသမ္ဘာရတရားများ ဖြည့်ဆည်းရခြင်း ဝေနေယျသတ္တဝါ အားလုံးတို့၏ ဘဝလွတ်မြောက်ရေးကို ချေချွတ်ရသောအခါဝယ် ဝေနေယျတို့၏ ဝါသနာ စရိုက် အလိုက်သင့်လျော်သော ကျင့်စဉ်အထူးထူးအပြားပြားကို ဟောကြားနိုင်ခြင်းကြောင့် ဖြစ်လေသည်။

မဟာယာနဗုဒ္ဓဘာသာပညာရှင် ဒေါက်တာ ဟီရမိုတို မိဇုမို (Dr. Hirumoto Mizumo) ၏ အမြင်အရ ဟီနယာနနှင့် မဟာယာန ကွာခြားမှု (၆) ချက်ကို အောက်ပါအတိုင်း အကျဉ်းအားဖြင့် တွေ့ရသည်။ အကျယ်ဖွင့်ဆိုမှုများကို နောက်ပိုင်း မဟာယာနဗုဒ္ဓဘာသာ၏ အယူအဆရေးရာများအပိုင်းတွင် ရှင်းလင်းဖော်ပြမည် ဖြစ်ပါသည်။

	ဟီနယာန	မဟာယာန
၁	ပန်းတိုင်=ရဟန္တာဖြစ်ခြင်း	ပန်းတိုင်=ဗောဓိသတ္တမှသည် ဘုရားဖြစ်ခြင်း
၂	ကံ-သံသရာကိုအဆိုးမြင် (ပျင်းမုန်းငြီးငွေ့ခြင်း)	ကံ-သံသရာကို အကောင်းမြင် (ပါရမီဖြည့်ခြင်း)

	ဟီနယာန	မဟာယာန
၃	တစ်ဦးချင်းလွတ်မြောက်မှုသို့ ဦးတည်	ဝေနေယျသတ္တဝါအများစု လွတ်မြောက်မှုသို့ ဦးတည်
၄	တရားသေ ကျမ်းဂန်ဝါဒ	လွတ်လပ်ဖန်တီးမှုဝါဒ
၅	ပရိယတ္တိ ဦးစားပေး	ပဋိပတ္တိ ဦးစားပေး
၆	ရဟန်းဘဝ ဦးစားပေး	ရဟန်းဘဝအပြင် ဥပသကာဗောဓိသတ္တဘဝ ဦးစားပေး

အထက်ဖော်ပြပါ အချက်များကို အကျဉ်းချုပ် ဆက်စပ်တင်ပြရပါလျှင် ရှေးဦးဗုဒ္ဓဝါဒ (ဟီနယာနဂိုဏ်းများ)သည် မိမိတို့၏ ဘာသာရေးပန်းတိုင်အဖြစ် ရဟန္တာအဖြစ်ရောက်ရှိကာ ဘဝသံသရာမှ ထွက်မြောက်စေရန်သာ ဦးတည်ကြ၏။ ထို့ကြောင့် ကိလေသာ ကမ္မနှင့် ဝိပါက်တရားများ တရစပ်လည်ပတ်နေရသော ကံ သံသရာကို ပျင်းမုန်းငြီးငွေ့ဖွယ်ရာ အခြေအနေအဖြစ် အဆိုးမြင်ကြ၏။ ထိုသို့မြင်သည့် အတိုင်းလည်း ဘဝသံသရာမှ မိမိတစ်ဦးတည်း ထွက်မြောက်နိုင်ရန်သာ ကြိုးပမ်းအားထုတ်ကြ၏။ ထိုသို့ အားထုတ်ရာတွင် ဘုရားဟော ကျမ်းဂန်များကို တစ်သဝေမတိမ်း လေ့လာသင်ကြားခြင်းဖြင့် အားထုတ်ကြ၏။ အိမ်ယာတည်ထောင်သော လူ့ဘောင်ဘဝကို စက်ဆုပ်ပြီး ရဟန်းသူမြတ် ဘဝဖြင့် သာ နေထိုင်ကျင့်ကြံကြလေသည်။

နိုင်းယှဉ်ချက်အားဖြင့် မဟာယာနဗုဒ္ဓဘာသာတွင်မူ နောက်ဆုံးပန်းတိုင်မှာ ဗောဓိသတ္တာအဖြစ်မှ ဘုရားအဖြစ်သို့ ရောက်ရှိခြင်း ဖြစ်၏။ ထိုသို့ ဘုရားအဖြစ် ရောက်ရှိရန်မှာ လုံလောက်သော ပါရမီတရားတို့ကို ဖြည့်ကျင့်ရန် လိုအပ်သောကြောင့် ကံ-သံသရာကို မိမိ၏ လေ့ကျင့်ရေးအလုပ်ရုံသဖွယ် သဘောထားပြီး ပါရမီ ဆည်းပူးဖြည့်ကျင့်မှုများကို ပြုလုပ်၏။ နောက်ဆုံးပန်းတိုင်မှာလည်း မိမိတစ်ဦးတည်း၏ လွတ်မြောက်မှုမဟုတ်ဘဲ ဝေနေယျသတ္တဝါအပေါင်း၏ လွတ်မြောက်ငြိမ်းအေးမှုအတွက် ဦးတည်ချက်ထား၏။ မဟာယာန ဗုဒ္ဓဘာသာတွင်သည် စာပေကျမ်းဂန်ကိုးကွယ်သည့် အယူအဆကို အားမပေးဘဲ ကိုယ်တိုင် အနက်ဖွင့်သိမြင်လျက် လက်တွေ့ ကျင့်ကြံအားထုတ်မှုကိုသာ အသားပေး၏။ ဓမ္မခရီးလမ်း လျှောက်လှမ်းမှုတွင် ရဟန်းသမဏဘဝကိုသာ ကန့်သတ်မထားဘဲ လူဥပသကာများ အသွင်ဖြင့်လည်း မဟာယာန ဗုဒ္ဓဘာသာကို ကျင့်ကြံအားထုတ်နိုင်ကြောင်း ယူဆ၏။

ဘိဘူတိဘရူးဝါး၏ သုံးသပ်ချက်အမြင်တစ်ရပ်မှာ မဟာယာနဗုဒ္ဓဘာသာသည် ရှေးဦးဗုဒ္ဓဝါဒအတွင်း သန္ဓေတည်ခဲ့သည်ဟု ယူဆနိုင်ခြင်းဖြစ်၏။ ရှေးဦးဗုဒ္ဓဝါဒ သင်ကြားချက်များမှာ ရှင်တော်ဗုဒ္ဓ၏ **သခ်ံတ တရားစုများနှင့် ပတ်သက်သော သိမြင်မှု** (Phenomenological Perception) ကို အခြေခံထားသည်ဟု ဆို၏။ လောကသုံးပါးကို ခန္ဓာ အာယတန ဓာတ်သစ္စာစသဖြင့် ခွဲခြမ်းစိတ်ဖြာလျက် ၄င်း သခ်ံတတရားစုတို့၏ အနိစ္စ ဒုက္ခ အနတ္တ အသုဘ လက္ခဏာများ အပေါ် လွန်ကဲသောဦးငွေ့မှု ဖြစ်ပေါ်လာစေရန် သွန်သင်ချက်များ ဖြစ်၏။ နှိုင်းယှဉ်ချက်အားဖြင့် မဟာယာန ဗုဒ္ဓဘာသာတွင်မူ ရှင်တော်ဗုဒ္ဓ၏ **အရှိတရားဆိုင်ရာ ထိုးထွင်းသိမြင်မှု** (Ontological/ Inspectional Perception) ကို အခြေခံထားသည်ဟု ဆို၏။ လောကသုံးပါးကို လွန်မြောက်သော အသခ်ံတတရားနှင့် ပတ်သက်သည့် သွန်သင်ချက်များ ဖြစ်သည်ဟု ဆို၏။[၁၉၃]

သမိုင်းဆိုင်ရာ ရှုထောင့်မှကြည့်လျှင် ရှေးဦးဗုဒ္ဓဝါဒသည် နှိုင်းယှဉ်ချက်အားဖြင့် မဟာယာနဗုဒ္ဓဘာသာထက် ကာလစောလျှင် ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်သော်လည်း ဓမ္မဆိုင်ရာရှုထောင့်မှကြည့်လျှင် ၄င်းတို့သည် ရှင်တော်ဗုဒ္ဓ၏ သိမှုနှင့် မကင်းကြောင်း တစ်ပြိုင်တည်း အတူတကွ တည်ရှိနေခဲ့ကြကြောင်း ဆိုနိုင်၏။ ရှေးဦးဗုဒ္ဓဝါဒမှ ဂိုဏ်းကွဲထွက်ခဲ့သော မဟာသံဃိကဂိုဏ်းတွင် အကြို-မဟာယာန အယူအဆများ(Proto-Mahayana Doctrines) ကိုတွေ့ရှိရကြောင်း ရှေ့အခန်းတွင် တင်ပြခဲ့ပြီးဖြစ်၏။ ထို့ကြောင့် ရှေးဦး မဟာယာနသုတ္တန်ပိဋကတ်သည် မဟာသံဃိကဂိုဏ်း၏ စုဆောင်းမှု ဖြစ်နိုင်ပြီး၊ ထိုပိဋကတ်ထဲတွင် ရှင်တော်ဗုဒ္ဓ၏ အရှိတရားဆိုင်ရာ ထိုးထွင်းသိမြင်မှု သဘောတရားများကို မှတ်တမ်းတင်ထားခြင်းဖြစ်နိုင်ကြောင်း ဘရူးဝါးက ယူဆပါသည်။ ထိုအယူအဆများသည် နောက်ကာလတွင် မဟာယာန ဗုဒ္ဓဘာသာအနေဖြင့် သမိုင်းတွင် ပေါ်ပေါက်လာခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်တင်ပြခဲ့ပါသည်။

မဟာယာန ဟူသော ဝေါဟာရ ဖြစ်ထွန်းပုံ

ဗုဒ္ဓဝါဒသမိုင်းကို လေ့လာဆန်းစစ်သော ပညာရှင်တို့အလိုအရ မဟာယာနဟူသော ဝေါဟာရသည် မဟာသံဃိကဂိုဏ်း ပေါ်ထွန်းပြီးနောက်မှ စတင်ပေါ်ပေါက်လာကြောင်း ဆိုကြ၏။ ထာဝိရဝါဒ (ရှေးဦးထေရဝါဒ) ၏ ဝိနည်းမှတ်တမ်းများတွင် ဂိုဏ်းခွဲ

၁၉၃။ **Ryukan Kimura, *A Historical Study of the Terms Hinayana and Mahayana and the Origin of Mahayana Buddhism*, University of Calcutta, (1927) p-86-113**

ထွက်သော မဟာသံဃိကတို့ကို ပါပဘိက္ခု (ရဟန်းဆိုးများ) အဓမ္မဝါဒီ (အယူလွဲများသူများ) စသော ခေါ်ဝေါ်သုံးနှုန်းမှုများ ရှိခဲ့၏။ ယင်းတို့ကို တုံ့ပြန်သောအားဖြင့် ထာဝိရဝါဒကို ဟီနယာန (နိမ့်သော ငယ်သော လမ်းစဉ်) ဟူ၍ မဟာသံဃိကတို့ဘက်မှ ပြန်လည်ခေါ်ဆိုခဲ့၏။ သို့သော်လည်း မိမိတို့၏ ဓမ္မလမ်းစဉ်ကို အမည်ပေးရာတွင် မဟာယာန (ကြီးမြတ်သောလမ်းစဉ်) ဟူ၍ ချက်ချင်းအမည်ပေးခဲ့သည်တော့ မဟုတ်ပေ။ မဟာယာနသုတ္တန်များတွင် အခြားသော အမည်နာမများကို တွေ့ရ၏။ ဧကယာန (တစ်ခုတည်းသောလမ်း) ဘဒ္ဒယာန (တင့်တယ်ကောင်းမြတ်သော လမ်းစဉ်) အဂ္ဂယာန (အထွတ်အထိပ်လမ်းစဉ်) ပရမတ္ထယာန (အဆုံးစွန်သောလမ်းစဉ်) ဗောဓိသတ္တယာန (ဘုရားလောင်းလမ်းစဉ်) ဗုဒ္ဓယာန (ဘုရားဖြစ်မြောက်ရေး လမ်းစဉ်) စသော ခြားနားသည့် အခေါ်အဝေါ် အသုံးအနှုန်းများကိုလည်း တွေ့ရှိရ၏။[၁၉၄]

ဧကယာနဟူသော အသုံးအနှုန်းသည် ပါဠိပိဋကတ်တွင်ရှိပြီး မဂ္ဂင်(၈)ပါး အကျင့်လမ်းကို တစ်ကြောင်းတည်းသော လမ်းအနေဖြင့် ဖော်ပြထားခြင်းဖြစ်၏။ သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန်ကဲ့သို့သော အကြိုမဟာယာနသုတ္တန်များတွင် ဧကာယာနဟူသော ဝေါဟာရကို သုံးစွဲလာကြကြောင်း တွေ့ရ၏။ ရှေးဦးပါဠိဗုဒ္ဓဘာသာမှ ကွဲပြားလိုသောကြောင့် ဧကယာနဟူသော ဝေါဟာရကို တွင်ကျယ်စွာ မသုံးခဲ့သည်ကို တွေ့ရ၏။ ဘဒ္ဒယာန အဂ္ဂယာန ပရမတ္ထယာန စသော အသုံးအနှုန်းများမှာလည်း ဧကယာနဟူသော ဝေါဟာရကဲ့သို့ပင် အကောင်းမြတ်ဆုံးဟူသော ဂုဏ်ရည်ကိုသာ ညွှန်းဆိုထားသောကြောင့် ထူးခြားလေးနက်သော အနက်ကို မဆောင်နိုင်တော့ပြန်ပေ။ မည်သည့် ဘာသာဓမ္မတရားမဆို မိမိတို့၏ ကိုယ်ပိုင်ဓမ္မတရားကို အကောင်းမြတ်ဆုံး အထွတ်အထိပ် အမှန်တရား၊ အဆုံးစွန်အမှန်တရားအဖြစ် ဖော်ပြကြသည်မှာ ဓမ္မတာ ဖြစ်သောကြောင့်ပေတည်း။ ထိုနည်းတူ ဗောဓိသတ္တယာနနှင့် ဗုဒ္ဓယာန စသော ဝေါဟာရများမှာ ဗုဒ္ဓဓမ္မတစ်ခုလုံးကို မခြုံငုံမိဘဲ ဗုဒ္ဓသက်သက်နှင့် သက်ဆိုင်နေသလို ဖြစ်နေပြန်လေသည်။ ထို့ကြောင့် ပန်းတိုင်အရ အကြီးမြတ်ဆုံး ဓမ္မဒဿနသဘောအရ အကြီးမြတ် အခမ်းနားဆုံး ကျင့်စဉ်အရ အကျယ်ပြန့် အနက်နဲဆုံး လမ်းစဉ်ဟူသော အနွတ္တသညာအားဖြင့် မဟာယာနဟူသော အသုံးအနှုန်းကိုသာ ဆက်လက်သုံးစွဲခဲ့ကြကြောင်း လေ့လာတွေ့ရှိရ၏။

ဟီနယာန-မဟာယာနဟူသော ဝေါဟာရများသည် မူလဗုဒ္ဓဘာသာ ဂိုဏ်းကွဲများခေတ်က ထာဝိရဝါဒဂိုဏ်းနှင့် စပ်လျဉ်း၍ မဟာသံဃိကဂိုဏ်းဘက်မှ

၁၉၄။ See also Ryukan Kimura, *A Historical Study of the Terms Hinayana and Mahayana and the Origin of Mahayana Buddhism*, University of Calcutta, (1927)

ခွဲခြား သုံးစွဲခဲ့သော အခေါ်အဝေါ်များဖြစ်သောကြောင့် ပါဠိစာပေမှတ်တမ်းများတွင် ဤ ဝေါဟာရများကို မတွေ့ရပေ။ အရှင်နာဂဇုန္နမှစတင်၍ နောက်ပိုင်းကာတွင်မူ ဟီနယာန၊ မဟာယာနဟူသော အသုံးအနှုန်းသည် မဟာသံဃိကဂိုဏ်း အပါအဝင် ရှေးဦး ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများ အားလုံးကို ခြုံငုံခေါ်ဆိုသည့် ဝေါဟာရ ဖြစ်လာခဲ့သည်ကို တွေ့ရ၏။ ထိုနည်းတူစွာ မဟာယာနဟူသော အသုံးအနှုန်းသည်လည်း အရှင်နာဂဇုန္နမှစတင်၍ နောက်ပိုင်းကာတွင် ပိုမို၍ ပေါ်လွင်ထင်ရှားစွာ အသုံးပြုလာခဲ့ကြကြောင်း တွေ့ရပါသည်။ ဟီနယာနနှင့် မဟာယာနဟူသော အသုံးအနှုန်းများသည် စတင်သုံးစွဲ ခဲ့စဉ်အခါက အယူအမြင် မတူမှုကိုသာ ဦးတည်ဖော်ပြခဲ့သော်လည်း အရှင်နာဂဇုန္နနှင့် အရှင်အသင်္ဃတို့၏ နောက်ပိုင်းခေတ်များတွင် ဟီနယာနကို စွန့်ပယ်၍ မဟာယာနကို လက်ခံရန်အတွက် ရည်ရွယ်ချက်ဖြင့် ဤဝေါဟာရများကို သုံးစွဲခဲ့ကြသောကြောင့် အနိမ့်အမြင့် နှိုင်းယှဉ်ဖော်ပြသော ဝေါဟာရများ ဖြစ်လာခဲ့လေ၏။ အိန္ဒိယဗုဒ္ဓဘာသာ၏ သမိုင်းတစ်လျှောက်လုံးတွင်လည်း ဤ ဝေါဟာရနှစ်ခုသည် အယူအဆချင်း ဆန့်ကျင်နေသော သံဃာအုပ်စုများကို ရည်ညွှန်းသည့်အပြင် မဟာယာန ဗုဒ္ဓဘာသာဝင်ဖြစ်ခြင်း၏ အဓိက အရည်အချင်း သတ်မှတ်ချက်သည် ဟီနယာနလမ်းစဉ်ကို လက်မခံခြင်း၊ အပြီးတိုင်စွန့်ပယ်ခြင်း ဖြစ်လာခဲ့လေသည်။

မဟာယာနဗုဒ္ဓဘာသာ၏ စတင်မြစ်ဖျားခံရာ

မဟာယာနဗုဒ္ဓဘာသာ၏ စတင်ဖြစ်ထွန်းရာနှင့် ပတ်သက်၍ သုတေသီပညာရှင်များ ယခုတိုင် သဘောတူညီသော အမြင်ကို မရနိုင်ကြသေးပါ။[၁၀၅] အစောဆုံး ပေါ်ပေါက်ခဲ့သော အမြင်များအရ မဟာယာနဗုဒ္ဓဘာသာသည် ဟီနယာနဂိုဏ်းများ ကွဲထွက်သော အချိန်ကာလတွင် ဟီနယာနဂိုဏ်းများနှင့်အပြိုင် ပေါ်ပေါက်လာသော ဂိုဏ်းဖြစ်ကြောင်း ဆိုကြလေသည်။ စင်စစ်အားဖြင့် ထေရဝါဒနှင့် နိုင်းယှဉ်ပါက မဟာယာန ဗုဒ္ဓဘာသာသည် မည်သည့်အခါကမှ အယူဝါဒရေးရာအရ တစ်စည်းတစ်လုံးတည်း တည်ရှိခဲ့သည် မဟုတ်ချေ။ မဟာယာန ဗုဒ္ဓဘာသာသည် သီးခြားဂိုဏ်းတစ်ခုအဖြစ်ထက် ကျယ်ပြန့်စုံလင်သော အရောင်အသွေး အမျိုးမျိုး၊ လောကအမြင် အမျိုးမျိုး ပါဝင်သော ဘာသာရေးလှုပ်ရှားမှုတစ်ခုဟု ဆိုပါက ပိုပြီး မှန်ကန်ပေလိမ့်မည်။

ပညာရှင်တို့၏ မှန်းဆတွေးတောချက်အရ မဟာယာနဗုဒ္ဓဘာသာ ပေါ်ထွန်းမှုသည် ရှေးဟောင်းအိန္ဒိယနိုင်ငံ၏ လူမှုရေး စီးပွားရေးနှင့် နိုင်ငံရေး ချိန်ခွင်လျှာ

၁၀၅။ Akira, Hirakawa (edited by Paul Groner) (1993. *A History of Indian Buddhism*. Delhi: Motilal Banarsidass: p. 260

ပြောင်းလဲမှုများ၏ ရလဒ်ဖြစ်သည်ဟု ဆိုကြ၏။ ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးသည် အချိန်တွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ကုန်စည်စီးဆင်းမှုနှင့် ငွေကြေးဖလှယ်မှု စနစ်အပေါ် အားပြုထားသော စီးပွားရေးဖြစ်ခဲ့၏။ ထိုအခါက ဗုဒ္ဓဘာသာကို အဓိက ထောက်ပံ့ခဲ့ကြသည့် လူဥပသကာများမှာ ငွေကြေး ချမ်းသာကြွယ်ဝသော အထက်တန်းလွှာများ ဖြစ်ခဲ့ပြီး ဗုဒ္ဓဝါဒ၏ ကမ္မဝါဒအယူအဆအရ ငွေကြေးရှာဖွေ စုဆောင်းနိုင်ခြင်းသည် အတိတ်၏ ဒါနကောင်းမှုကုသိုလ်ကံ အကျိုးပေးဖြစ်သလို ရဟန်းသံဃာတို့ကို ကောင်းမှုစိုက်ပျိုးရာ အမြတ်ဆုံးလယ်ယာမြေအဖြစ် ပြန်လည် လှူဒါန်းခြင်းသည် အနာဂတ်ဘဝများအတွက် အနုဂါမိကဥစ္စာကို မြုပ်နှံခြင်းဖြစ်သည်ဟု ဆိုသောကြောင့် စီးပွားရေးတိုးတက်မှု (ငွေကြေးဓနစုဆောင်းနိုင်မှု) နှင့် ဗုဒ္ဓဘာသာ၏ တိုးတက်မှုတို့သည် တိုက်ရိုက်အချိုးကျနေခဲ့၏။

ဂုပ္ပတခေတ် (ဂုတ္တခေတ်) သို့ ရောက်သောအခါတွင် အိန္ဒိယနိုင်ငံမြောက် ပိုင်းတစ်ခုလုံးကို နိုင်ငံရေးအရ စည်းလုံးနိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ကုန်စည် စီးဆင်းမှုနှင့် ငွေကြေးဖလှယ်မှုစနစ်ထက် မြေယာပိုင်ဆိုင်မှုအပေါ် ပို၍ အားထားလာခဲ့သော မြေရှင်ပဒေသရာဇ် စီးပွားရေးအသွင်ကို ကူးပြောင်းခဲ့၏။ ဗုဒ္ဓဘာသာ၏ ရပ်တည်နိုင်မှုသည် မြေယာပိုင်ဆိုင်နိုင်မှုနှင့် ဆက်စပ်နေသောကြောင့် မြေယာကို စီမံခန့်ခွဲခွင့်ရှိသော ဘုရင်ဧကရာဇ်နှင့် ဒေသန္တရ ပဒေသရာဇ်များ၏ အခန်းကဏ္ဍသည် အရေးပါလာခဲ့ပါသည်။ ရှေးဦးဗုဒ္ဓဘာသာအဖြစ်မှ မဟာယာနဗုဒ္ဓဘာသာအဖြစ် အသွင်ကူးပြောင်းမှုသည် ဗုဒ္ဓဘာသာကို ပြောင်းလဲခဲ့သော ခေတ်စနစ်နှင့် အံဝင်ခွင်ကျဖြစ်အောင် ရပ်တည်စေနိုင်ခဲ့သည်မှာ အမှန်ပင်ဖြစ်လေသည်။ ဘုရင်ဧကရာဇ်နှင့် ဒေသန္တရပဒေသရာဇ်များ၏ စိတ်ပိုင်းဘဝ လိုအပ်ချက်များကို မဟာယာနအမြင်သစ်များက ဖြည့်ဆည်းပေးခဲ့နိုင်ခြင်းကြောင့် ဘုရင်ဧကရာဇ်နှင့် ဒေသန္တရပဒေသရာဇ်များ၏ ကြီးမားသော ထောက်ပံ့အားပေးမှုကို ရရှိခဲ့ခြင်းဖြစ်၏။ မဟာယာနသုတ္တန်များတွင် ထီးရုံ့၊ နန်းရုံ့ သင်းပျဲနေသည်မှာ အထင်အရှားဖြစ်ပြီး ပညာပါရမီတာ သုတ္တန်တွင် ဗောဓိသတ္တတို့ကို မဟာယာန စစ်ရထားပေါ်မှ ပါရမီတရားတည်းဟူသော ချပ်မိန်ညို့ ဝတ်ဆင်ထားသည့် ဓမ္မသူရဲကောင်း စစ်သည်များအဖြစ် ပုံဖော်ထားခဲ့လေသည်။

ထို့ကြောင့် မဟာယာနဗုဒ္ဓဘာသာသည် သမိုင်းအချိုးအကွေ့တွင် ရုတ်တရက် ပေါ်ပေါက်လာသော သီးခြားဂိုဏ်းတစ်ခု မဟုတ်ဘဲ ရာစုနှစ်ပေါင်းများစွာအတွင်း တဖြည်းဖြည်း တရွေ့ရွေ့ တိုးတက်ပြောင်းလဲလာသော ဘာသာရေးလှုပ်ရှားမှု တစ်ခုသာဖြစ်ကြောင်း သိနိုင်၏။ ရှေးခေတ်အိန္ဒိယပြည်တွင် မဟာယာနဗုဒ္ဓဘာသာ

သည် သီးခြားဗုဒ္ဓဘာသာ ဂိုဏ်းကွဲတစ်ခုအနေဖြင့် မည်သည့်အခါကမျှ မရပ်တည်ခဲ့ချေ။ မဟာယာနဒဿနအမြင်များကို ရေးသားပြုစုသော ရဟန်းတော်များသည် အခြားဗုဒ္ဓဘာသာဂိုဏ်းဝင် ဟီနယာနရဟန်းတော်များနှင့် အသွင်အပြင်အရ တူညီသလို ဝိနည်းအလေ့အကျင့်တွင်လည်း ကွဲပြားမှုမရှိခဲ့ချေ။ စင်စစ် မဟာယာန ဗုဒ္ဓဘာသာ၏ တိုးတက်ဖြစ်ထွန်းမှုသည် မဟာယာန ဗုဒ္ဓဘာသာ၏ သုတ္တန်တရားတော်များ မဟာယာန ဗုဒ္ဓဘာသာ၏ ပိဋကတ်စာပေများ တိုးတက်ဖြစ်ထွန်းမှုနှင့် အပြိုင်ဖြစ်ခဲ့လေသည်။

မဟာယာနဗုဒ္ဓဘာသာ၏ ပိဋကတ်စာပေများဆိုင်ရာ အစောဆုံး အထောက်အထားကို အေဒီ (၁) ရာစုကာလဟု သတ်မှတ်ရသော **ဥဂ္ဂပရိပုစ္ဆာသုတ္တန်**တွင် စတင်တွေ့ ရှိရကြောင်း ပညာရှင်တို့ သတ်မှတ်ကြသည်။[၁၉၆] **ဥဂ္ဂပရိပုစ္ဆာသုတ္တန်**တွင် စတင်တွေ့ရသော မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ အယူအဆများများမှာ ရှေးဦးမူလ ဗုဒ္ဓဝါဒအယူများနှင့် များစွာ ကွာခြားခြင်းမရှိသေးဘဲ ဂေါတမမြတ်စွာဘုရားရှင်၏ အတုကိုယူလျက် ဘုရားဖြစ်ရန် ဆုပန်ကျင့်ကြံခြင်းဆိုင်ရာ အကြောင်းများသာ ဖြစ်လေသည်။ တစ်နည်းအားဖြင့် မဟာယာန ဗုဒ္ဓဘာသာဟူသည်မှာ ဗုဒ္ဓဘာသာ အသစ်တစ်မျိုး မဟုတ်မူဘဲ ဗုဒ္ဓဘာသာ၏ ကျင့်စဉ်ဟူသမျှကို တန်းကုန်ကမ်းကုန်ဌာန်ကုန်အောင် ကျင့်ကြံအားထုတ်ရန် ရည်သန်ခြင်းသာ ဖြစ်သည်ဟု ဥဂ္ဂပရိပုစ္ဆာသုတ္တန်က ညွှန်ပြခဲ့၏။

မဟာယာနဗုဒ္ဓဘာသာတွင် သီးခြား ဝိနည်းကျင့်ဝတ် မရှိခြင်းကလည်း ရှေးဦး မဟာယာနဗုဒ္ဓဘာသာ လူပ်ရှားမှုသည် သီးခြားဂိုဏ်းခွဲထွက်သော ဗုဒ္ဓဘာသာဂိုဏ်းခွဲ တစ်ခုမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားနေလေသည်။ မျက်မှောက်ခေတ် မဟာယာနဗုဒ္ဓဘာသာတွင် ကျင့်သုံးသော ဝိနည်းကျင့်ဝတ်များမှာ တိဗက်ပြည်တွင် မူလသဗ္ဗတ္ထိဝါဒ ဝိနည်း တရုတ် ကိုရီးယား ဂျပန် စသည်တို့တွင် ဓမ္မဂုတ္တက ဝိနည်းတို့ကို လိုက်နာကျင့်သုံးနေကြကြောင်း တွေ့နိုင်ပါသည်။[၁၉၇]

ခရစ်နှစ် (၇) ရာစုတွင် အိန္ဒိယသို့ ရောက်ခဲ့သော တရုတ်ရဟန်းတော်ယိချင်၏ မှတ်တမ်းများတွင်လည်း ဟီနယာန-မဟာယာန ရဟန်းတော်များအားလုံး ကျောင်းတိုက်တစ်ခုအတွင်းတွင် အတူတူ သီတင်းသုံး နေထိုင်ကြကြောင်း တူညီသော ဝိနည်းကျင့်ဝတ်ကိုသာ လိုက်နာကျင့်သုံးကြကြောင်း ဂရုဓမ္မသီလ-သစ္စာလေးပါး

၁၉၆။ **Nattier, Jan (2003), A few good men: the Bodhisattva path according to the Inquiry of Ugra: p. 193-194**

၁၉၇။ **Williams, Paul (2008) *Mahayana Buddhism: The Doctrinal Foundations:* pp. 4-5**

မဂ္ဂင်ရှစ်ပါးတို့ကို ကျင့်သုံးကြရာတွင် အတူတူဖြစ်ကြကြောင်း မှတ်တမ်းတင်ထားခဲ့သည်။ မဟာယာန ရဟန်းတော်များမှာ မဟာယာနဗုဒ္ဓဘာသာ၏ ပိဋကတ် စာပေများကို လေ့လာသင်ယူခြင်း ဗောဓိသတ္တများကို ကိုးကွယ်ပူဇော်ခြင်းပြုကြပြီး ဟီနယာနရဟန်းများကမူ ထိုကဲ့သို့ ပြုလုပ်ခြင်းမရှိကြကြောင်း တွေ့ရသည်ဟု ဆိုပါသည်။

မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်သော အစောဆုံးတွေ့ရသော ကျောက်စာအထောက်အထားမှာ ၅-၆ ရာစု ကာလဖြစ်သည်ကို တွေ့ရ၏။ မထုရာဒေသတွင် တူးဖော်တွေ့ရှိရသော အေဒီ (၁၈၀) ဝန်းကျင်ခန့်ဟု ယူဆရသော အမိတာဘဗုဒ္ဓဆင်းတုတော်တစ်ဆူတွင် မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် ရှေးအကျဆုံးတွေ့ရှိရသော ကျောက်စာ အရေးအသားများ ပါရှိလေသည်။ (မထုရာမြို့မှ ပြတိုက်တွင် တွေ့ရသော ရှေးဟောင်းသုတေသန အထောက်အထားတစ်ခုတွင် ဘုရင်ဟုဗိရုက နန်းစံသက် (၂၈) နှစ်တွင် ထုလုပ်-ဟူသောစာသားကို ဗြဟ္မီအက္ခရာဖြင့် ရေးထိုးထားသည်ကို တွေ့ရပါသည်)[၁၉၈]

ဗုဒ္ဓဘာသာ သမိုင်းပညာရှင် ဂရီဂိုရီ ရှိုပင် (Gregory Schopen) ၏ သုံးသပ်ချက်အရဆိုရလျှင် ခရစ်နှစ် (၅) ရာစု မတိုင်မီကာလအထိ အိန္ဒိယနိုင်ငံတွင် မဟာယာနဗုဒ္ဓဘာသာ၏ အသွင်အပြင်များ ထင်ရှားစွာ ပေါ်လွင်နေခြင်း မရှိသေးပေ။ ယင်းကာလတွင် မဟာယာနဗုဒ္ဓဘာသာ စတင်ပေါ်ပေါက်လာခဲ့ပြီဆိုလျှင်တောင် အိန္ဒိယနိုင်ငံ၏ ဗဟိုအချက်အချာကျသော နေရာများတွင် မဖြစ်နိုင်ဘဲ မထင်မရှားဝေးလံခေါင်ဖျား ကျောင်းတိုက်များတွင်သာ ဖြစ်ပေလိမ့်မည်ဟု ဂရီဂိုရီ ရှိုပင်က ယူဆပါသည်။

အချို့သောပညာရှင်များအလိုအရ ရှေးအကျဆုံးသော မဟာယာနသုတ္တန်များသည် ပညာပါရမိတာသုတ္တန်များ ဖြစ်နိုင်ပြီး ဘီစီ (၁) ရာစုဝန်းကျင်တွင် ယင်းသုတ္တန်များကို စုဆောင်းခဲ့ကြသည်ဟု ခန့်မှန်းသည်။[၁၉၉] မဟာယာန ဗုဒ္ဓဘာသာ၏ စတင်မြစ်ဖျားခံရာဒေသသည် မဟာသံဃိကဂိုဏ်း ကြီးပွားခဲ့သော အနွှရတိုင်းကရစ်ရှုများ မြစ်ဝှမ်းဒေသဖြစ်ပြီး ထိုဒေသတွင် အစောဆုံး ပညာပါရမိတာသုတ္တန်ကို စတင်စုဆောင်းခဲ့ခြင်းဖြစ်ကြောင်း ပညာရှင်တို့က သုံးသပ်ထားပါသည်။[၂၀၀] လောက

၁၉၈။ Neelis, Jason. *Early Buddhist Transmission and Trade Networks*. 2010. p. 141

၁၉၉။ Williams, Paul. *Buddhist Thought*. Routledge, 2000, pages 131.

၂၀၀။ Guang Xing. *The Concept of the Buddha: Its Evolution from Early Buddhism to the Trikaya Theory*. 2004. pp. 65-66

ကွေမအမည်ရှိသော ဂန္ဓာရတိုင်းသား ကုရုန်ရဟန်းတော်တစ်ပါးက တရုတ်ပြည်သို့ ရောက်ရှိခဲ့ပြီး ထိုအခါက တရုတ်နိုင်ငံ၏ မင်းနေပြည်တော်ဖြစ်သော လိုယန် (Luoyang) တွင် မဟာယာနသုတ္တန်များကို ဘာသာပြန်ဆိုခဲ့သည်။ ခရစ်နှစ် ၁၇၈ မှ ၁၈၉ ခုနှစ်အတွင်း ပြန်ဆိုခဲ့သော မဟာယာနသုတ္တန်များမှာ အဓိကအားဖြင့် အောက်ပါတို့ ပါဝင်လေသည်။[၂၀၁]

၁။ အဋ္ဌသာဟာရိကာ ပညာပါရမိတာသုတ္တန်
၂။ ဝိမလကိတ္တိ နိဒ္ဒေသ သုတ္တန်
၃။ မဟာ သုခဝတီဗျူဟာ သုတ္တန်
၄။ အက္ကောဘတထာဂတဗျူဟာ သုတ္တန်
၅။ ဥဂ္ဂပရိပုစ္ဆာသုတ္တန်
၆။ မဇ္ဈိသိရီပရိပုစ္ဆာသုတ္တန်
၇။ သုရဂ်မသုတ္တန်
၈။ ဘဒ္ဒပါလသုတ္တန်
၉။ အဇာတသတ္တုကောတ္စဝိနောဒနသုတ္တန်
၁၀။ ကဿပ ပရိဝတ္တသုတ္တန်
၁၁။ လောကာနုဝါတနသုတ္တန်
၁၂။ အဝဋ်ဋသကသုတ္တန် စသည်တို့ ဖြစ်ကြ၏။

မဟာယာန ဗုဒ္ဓဘာသာ စတင်ဖြစ်ထွန်းမှုဆိုင်ရာအယူအဆများ

မဟာယာန ဗုဒ္ဓဘာသာဖြစ်ထွန်းမှုသည် အိန္ဒိယနိုင်ငံ၏ ဘာသာရေးသမိုင်းတစ်ခုလုံးနှင့် ဆက်စပ်နေလေသည်။ မဟာယာန ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံ၏ ဘာသာရေးသမိုင်းတွင် ဗုဒ္ဓဘာသာနှင့် အခြားသော ဘာသာရေးဂိုဏ်းများ (အထူးသဖြင့် ဟိန္ဒူဝေဒန္တဂိုဏ်းနှင့် ညာယဝိသေသိကဂိုဏ်း) တို့အကြား ရုန်းကန်မှုများ၏ ရလဒ်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ဘာသာရေးသမိုင်းတွင် လိုက်ပါစီးမျောခဲ့ရသော မဟာယာန ဗုဒ္ဓဘာသာအနေဖြင့် မူလဗုဒ္ဓဘာသာ၏ အသွင်အပြင်နှင့် ခြားနားပြောင်းလဲလာခဲ့သည်မှာ ဓမ္မတာပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မူလဗုဒ္ဓဘာသာတွင် မပါဝင်ခဲ့သော အယူအဆသစ်များ မဟာယာန ဗုဒ္ဓဘာသာ နယ်ပယ်တွင် ပေါ်ပေါက်လာခဲ့သည်မှာ အမှန်ပင်ဖြစ်သော်လည်း ယင်း အယူအဆသစ်များမှာ မူလဗုဒ္ဓဘာသာမှ

၂၀၁။ **Akira, Hirakawa (translated and edited by Paul Groner) (1993. *A History of Indian Buddhism*. Delhi: Motilal Banarsidass: p. 248-251**

သွေဖည်ရန်မဟုတ်ဘဲ ဆန့်ကျင်ဘက် ဘာသာခြား ဘာသာရေး ဂိုဏ်းများအကြား ဆက်လက်ရှင်သန်နိုင်ရန် ရုန်းကန်ခဲ့ရမှု၏ ခြေရာများသာဖြစ်သည်ကို ယနေ့ခေတ် ပညာရှင်သုတေသီများ သိလာရပြီဖြစ်ပါသည်။

ဘာသာရေးဂိုဏ်းများအကြား ထိတွေ့ကူးလူး ဆက်ဆံမှုများကြောင့် ဟိန္ဒူ၊ ဝေဒန္တဂိုဏ်းနှင့် ညာယဝိသေသိက ဂိုဏ်းဆန်သော အယူအဆများ မဟာယာန ဗုဒ္ဓဘာသာအတွင်းသို့ စိမ့်ဝင်ရောက်ရှိခဲ့ သည်မှာ အမှန်ပင်ဖြစ်၏။ အိန္ဒိယနိုင်ငံ၏ ဘာသာရေးသမိုင်းအရ အလယ်ခေတ်တွင် ပေါ်ပေါက်လာခဲ့သော တန္တရယောဂ ကျင့်စဉ် အယူအဆများ လောကီသိဒ္ဓိဆိုင်ရာ အယူအဆများသည်ပင် မဟာယာန ဗုဒ္ဓဘာသာအတွင်းသို့ ဝင်ရောက်လာခဲ့လေသည်။ ထို့ပြင် မဟာယာန ဗုဒ္ဓဘာသာ တက္ကသိုလ်ကြီးများ ပေါ်ပေါက်လာခဲ့ခြင်းကလည်း ဤဖြစ်စဉ်ကို အားပေးခဲ့သည်။ မဟာယာန ဗုဒ္ဓဘာသာသည် တရုတ်ပြည် ဂျပန်ပြည် တိဗက်ပြည်တို့သို့ ပြန့်ပွားခဲ့သောအခါတွင်လည်း အဆိုပါတိုင်းနိုင်ငံများတွင် အားကောင်းစွာ ရှိနေနှင့်သော ရိုးရာအတွေးအခေါ်များ ယုံကြည်မှု ထုံးဓလေ့များနှင့် ရောယှက်ပေါင်းစပ်ရပြန်ရာ ပိုပြီး ပြောင်းလဲသောအသွင်ကို ဆောင်ယူလာခဲ့သည်မှာ အမှန်ပင်ဖြစ်လေသည်။ ဤဖြစ်စဉ်များကို ဆက်လက်၍ အသေးစိတ် ရေးသားဖော်ပြသွားပါမည်။ ယခု ဆက်လက်၍ မဟာယာန ဗုဒ္ဓဘာသာ စတင်ဖြစ်ထွန်းမှုနှင့် ပတ်သက်ပြီး ပညာရှင်တို့၏ အယူအဆများကို လေ့လာကြည့်ကြပါစို့။

မဟာယာန ဗုဒ္ဓဘာသာ လှုပ်ရှားမှု (Mahayana Buddhist Movement) ကို စေတီပုထိုးများ ကိုးကွယ်မှုနှင့် ဆက်စပ်ကာ ပေါ်ပေါက်လာသည်ဟု အချို့ပညာရှင်များက မှန်းဆကြသည်။ ဘီစီ (၃) ရာစုမှ အေဒီ (၃) ရာစုအတွင်း ကာလသည် အိန္ဒိယနိုင်ငံတွင် စီးပွားရေးတိုးတက်ဖွံ့ဖြိုးသော ကာလဖြစ်သလို ဗုဒ္ဓဘာသာလည်း ပျံ့ပွားနေသော ကာလဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘာသာဝင်များအကြား စေတီပုထိုးများ ကိုးကွယ်မှုလည်း ခေတ်စားနေခဲ့သော ကာလဖြစ်လေသည်။ ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုတော်မူပြီး နောက်ပိုင်းတွင် ရှင်တော်ဗုဒ္ဓကို မဟာပုရိသအနေနှင့် ကိုးကွယ်မှုများ ရှိလာခဲ့ပြီး ရှင်တော်ဗုဒ္ဓကို ရည်မှန်းလျက် ဓာတ်တော် မွေတော်များကို စေတီပုထိုးများ တည်ထားကိုးကွယ်မှုများလည်း ထွန်းကားခဲ့သည့်အချိန်လည်း ဖြစ်ပါသည်။ စေတီပုထိုးများသည် ဗုဒ္ဓရှင်တော်၏ ကိုယ်စားကိုယ်ပွားဖြစ်သော ဓာတုစေတီ၊ ပရိဘောဂစေတီများ ဖြစ်သောကြောင့် ရှင်တော်ဗုဒ္ဓကို သက်တော်ထင်ရှား မဖူးမြင်လိုက်ရသူများအတွက် စိတ်အာရုံဖြင့် ရည်မှန်းပူဇော်ရာ ဘုရားဖူးဌာနများ ဖြစ်လာခဲ့ကြ၏။ ထိုခေတ်ကာလက ဘုရင်ဧကရာဇ်များနှင့် ဒေသန္တရ ပဒေသရာဇ်

များအတွက် မိမိတို့၏ အုပ်ချုပ်စီမံရာဒေသတွင် ရှင်တော်ဗုဒ္ဓကို ကိုယ်စားပြုသော စေတီပုထိုးများရှိခြင်းသည် မိမိ၏ အာဏာစက်ကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်သလို စေတီပုထိုးများသည် ကြီးမားသော အလှူခံရာ ဌာနများလည်း ဖြစ်လာခဲ့သည်ကို တွေ့ရ၏။

အဆိုပါ စေတီပုထိုးများ၏ ပရဝုဏ်အတွင်းဝယ် ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းတိုက်များရှိခဲ့ပြီး ယင်းရဟန်းတော်များသည် စေတီပုထိုးများကို စောင့်ရှောက်ထိန်းသိမ်းခြင်း စေတီပုထိုးများကို ဝတ်ပြုပူဇော်ခြင်းတို့ကို ဦးစီးရွက်ဆောင်ရသူများ ဖြစ်လေသည်။ အဆိုပါ ရဟန်းတော်များမှ မဟာယာန ဗုဒ္ဓဘာသာလှုပ်ရှားမှု စတင်ခဲ့လေသလောဟုလည်း ပညာရှင်များ တွေးတောကြည့်ကြသည်။ ခေတ်ပြိုင်ဟိန္ဒူဘာသာတွင်လည်း ဗိသနိုးနတ်မင်းကြီးဝင်စားသော ရာမနှင့် ကရစ်ရှနား စသည့် အဝတာရဘုရားများကို ကိုးကွယ်သည့် ဘတ္တိလှုပ်ရှားမှု (Bhakti Movement) စတင်ပေါ်ပေါက်သည့်အချိန် (အေဒီ ၁ ရာစု) နှင့် တိုက်ဆိုင်နေသောကြောင့် ခေတ်၏လိုအပ်ချက်ကို ဗုဒ္ဓဘာသာဖက်မှ တုံ့ပြန်မှုတစ်ခုအနေဖြင့် မဟာယာနစာပေများ စတင်ထွန်းကားခဲ့သည်ဟု အချို့သော ပညာရှင်တို့က ယူဆကြ၏။

နောက်အယူအဆတစ်ခုမှာ မဟာယာန ဗုဒ္ဓဘာသာ လှုပ်ရှားမှု အိန္ဒိယနိုင်ငံတွင် ပေါ်ပေါက်လာချိန်မှာ ရှေးဦးဗုဒ္ဓဘာသာတွင် ဂိုဏ်းများ အစိတ်စိတ်အမွှာမွှာကွဲထွက်နေသောကာလ ဖြစ်တန်ရာသည်။ ဥရောပမှ ခရစ်ယာန်ပြုပြင် ပြောင်းလဲရေး လှုပ်ရှားမှုကဲ့သို့ မဟာယာန ဗုဒ္ဓဘာသာလှုပ်ရှားမှုသည်တွင် ဂိုဏ်းများအားလုံးပေါင်းစည်းညီညွတ်ရေးနှင့် ဗုဒ္ဓဘာသာ၏ ယုံကြည်မှု အနှစ်သာရကို ပြန်လည်ဖော်ဆောင်ရန် အားထုတ်ကြိုးပမ်းမှု တစ်အနေနှင့် မြင်နိုင်ပါသည်။ ခေတ်ပြိုင် ဟိန္ဒူဗြဟ္မဏဘာသာနှင့် ဟိန္ဒူဗြဟ္မဏဘာသာကို အားပေးသော ဘုရင်များ၏ ထိုးနှက်မှုများကို ကြံ့ကြံ့ခံနိုင်သော ဝါဒသဘောတရားရေးရာတစ်ရပ်အနေနှင့် ပေါ်ပေါက်ခဲ့ဟန်တူပါသည်။

ထိုခေတ်ကာလက ဗုဒ္ဓဘာသာဟီနယာနဂိုဏ်းများသည် မိမိတစ်ဦးတည်း၏ ဘဝလွတ်မြောက်ရေးကို ဦးတည်ချက်ထား၍ ကျင့်ကြံအားထုတ် နေကြသောကြောင့် နိုင်ငံရေးနှင့် ကင်းလွတ်နေလေသည်။ ရဟန်းတော်များသည် ကျောင်းတိုက်ကြီးများမှာ နေထိုင်ကာ တရားအားထုတ်ရင်း ပရိယတ္တိ စာပေလေ့လာမှုများ လုပ်နေခဲ့ကြသောကြောင့် လူအများနှင့် ကင်းကွာလာခဲ့ကြလေသည်။ မဟာယာန ဗုဒ္ဓဘာသာလှုပ်ရှားမှုကို စတင်ခဲ့ကြသော လူပုဂ္ဂိုလ်များ ရဟန်းတော်များကမူ ခေတ်ပြိုင် ဟိန္ဒူဗြဟ္မဏ အဖွဲ့အစည်းနှင့် ဆန့်ကျင်ရပ်တည်ခဲ့ကြပြီး ရဟန်းတော်များနည်းတူ

ဥပသကာတို့၏ အခန်းကဏ္ဍကိုလည်း ရှေ့တန်းတင်ခဲ့ကြလေ၏။ ဝိမလကိတ္တိ နိဒ္ဒေသသုတ်ကဲ့သို့သော သုတ္တန်များတွင် လူဥပသကာပညာရှိ၏ ဦးဆောင်မှု အခန်းကဏ္ဍကို ပေါ်လွင်စွာ မြင်တွေ့ရ၏။ သို့သော် အများအားဖြင့် ပညာတတ် မဟာယာန ဗုဒ္ဓဘာသာ ရဟန်းတော်များကသာ မဟာယာန ဗုဒ္ဓဘာသာ လူပ်ရှားမှုကို ဦးဆောင်မည်မှာ အသေအချာပင် ဖြစ်လေသည်။

ရက်ဂျီနယ်ရေး (Reginald Ray) ၏ အလိုအရ မဟာယာန ဗုဒ္ဓဘာသာ လူပ်ရှားမှုသည် အရည်ဝါသီတော်ရ ဆောက်တည်သော ရဟန်းများမှ စတင်ခဲ့ဟန် ရှိကြောင်း တင်ပြခဲ့၏။[၂၀၂] ရှေးဟောင်း မဟာယာနသုတ္တန်များကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့သော အရှင်လောကက္ခေမ၏ ဘာသာပြန်ဆိုချက်များတွင် တပအကျင့်၊ ယောဂအကျင့်၊ ကမ္မဋ္ဌာန်းအကျင့်များကို အသားပေး ဖော်ပြခဲ့သည်ကိုတွေ့ရသည်။ တပအကျင့်၊ ယောဂအကျင့်၊ ကမ္မဋ္ဌာန်းအကျင့်များအား ဖြင့် သာမန်ထက် ထူးကဲသော တန်ခိုးရခြင်း တိမ်မြုပ်ပျောက်ကွယ်နေသော ကျမ်းစာများ ဖော်ထုတ်ခြင်း ဒေဝလောကပရလောကနှင့် အဆက်အသွယ်ပြုလျက် အဆင့်မြင့် တရားဓမ္မဒေသနာများကို အသိရောက် ပေါက်မြောက်နိုင်ခြင်းတို့အား ဖြင့် မဟာယာန ဗုဒ္ဓဘာသာ လူပ်ရှားမှုကို တွင်ကျယ်စေခဲ့သည့်အပြင် လူအများ၏ လက်ခံယုံကြည်မှုကို တည် ဆောက်နိုင်ခဲ့သည်ဟု ဆိုပါသည်။ မဟာယာန ဗုဒ္ဓဘာသာလူပ်ရှားမှုသည် ဂါမဝါသီ ဂိုဏ်းများနှင့် ပြိုင်ဆိုင်ခဲ့ရဟန်တူသောကြောင့် ရှေးဟောင်း မဟာယာနသုတ္တန် များတွင် ပါဝင်နေသော အံ့ဖွယ်သရဲ တန်ခိုးသတ္တိထူးများမှာ စာပေအလင်္ကာသဘော အရ အလှတန်ဆာ ဆင်ရုံသက်သက်မဟုတ်ဘဲ ဂိုဏ်းချင်း၊ ဘာသာတရားချင်း အပြိုင်အဆိုင် စည်းရုံးရဟန်ဖြစ်သော ရုန်းကန်မှုများကို ညွှန်ပြနေခဲ့ပုံရလေသည်။

ဒေါက်တာ ဂရီဂိုရီ ရှိုပင်၏ အမြင်အရဆိုရလျှင် မဟာယာနဗုဒ္ဓဘာသာသည် ရှေးဦး ဗုဒ္ဓဘာသာဂိုဏ်းများနှင့် အစေးမကပ်ခဲ့သောကြောင့် ကျောင်းတိုက်ကြီးများ အတွင်း နေထိုင်သော မဟာယာနဝါဒီရဟန်းတော်များသည် အများနှင့်မတူ အပယ်ခံ အနှိမ်ခံဖြစ်နေရခြင်း တောရဆောက်တည် ကျင့်ကြံနေသော အရည်ဝါသီ မဟာယာန ဝါဒီရဟန်းတော်များကို ဂါမဝါသီဂိုဏ်းများမှ လက်မခံခြင်းတို့ကို တွေ့ရသည်။ မဟာယာနဝါဒနှင့် ပတ်သက်သော ကျောက်စာအထောက်အထားများ ရာစုနှစ်များ စွာတိုင်အောင် မရှိခဲ့ခြင်းက ဤအချက်ကို သက်သေထူနေသည်ဟု ဂရီဂိုရီ ရှိုပင် က သုံးသပ်ထားပါသည်။

၂၀၂။ **Reginald Ray in his 1994 book *Buddhist Saints in India*, and Paul Harrison (1995: 67 ff.)**

မဟာယာနလူပ်ရှားမှုကိုလူဥပသကာတို့ကစတင်ခဲ့ကြောင်းအယူအဆ

မဟာယာနလူပ်ရှားမှုကို လူဥပသကာတို့က စတင်ခဲ့ကြောင်း အယူအဆကို ပြင်သစ် လူမျိုး ဗုဒ္ဓဘာသာသမိုင်းပညာရှင် အေတျန်းလာမုတ် (Étienne Lamotte) က တင်ပြခဲ့၏။ လာမုတ်၏ အနုမာနအရ ရဟန်းတော်တို့၏ အတိမာနနှင့် ထောင်လွှားမှုကို လူဥပသကာတို့က တုံ့ပြန်ခြင်းအားဖြင့် ပေါ်ပေါက်ခဲ့သည်ဟု ဆိုပါသည်။ ဘုရားရှင်လွန်ပြီးနောက် နှစ်ပေါင်း ၅၀၀ အတွင်း ဗုဒ္ဓဘာသာသည် တိုးတက်ခဲ့သော်လည်း အတွင်းအပ အခက်အခဲများကို ရင်ဆိုင်ခဲ့ရလေသည်။ ပိဋကတ်ကျမ်းစာများ အပေါ် အမြင်မတူညီမှု ကျမ်းစာသစ်များ ထပ်တိုးလိုစေခြင်း ဝိနည်းကို လျှော့စေခြင်းစသော ကွဲပြားမှုများဖြင့် ရုန်းကန်ခဲ့ရာဝယ် လူဥပသကာတို့က ရဟန်းတော်များ၏ တရားသေ အနက်ဖွင့်ဆိုချက်များကို ဝေဖန်ဆန်းစစ်ရာမှ မဟာယာနလူပ်ရှားမှု စတင်ကြောင်း အေတျန်းလာမုတ်က တွေးဆခဲ့သည်။

စေတီထူပါ ကိုးကွယ်မှုကို အခြေခံပြီး မဟာယာနလူပ်ရှားမှုကို လူဥပသကာတို့က စတင်ခဲ့ကြောင်း အယူအဆကို ဂျပန်လူမျိုး ဗုဒ္ဓဘာသာသမိုင်းပညာရှင် အကိရဟိရကာဝ (Akira Hirakawa) က တင်ပြခဲ့ပါသည်။ ဘုရားရှင်လွန်ပြီးနောက် ကျန်ရစ်သော ဓာတ်တော်တော်မွေတော်များကို စေတီ ထူပါများ တည်ဆောက်ဌာပနာပြီး ကိုးကွယ်ခဲ့ကြသည်။ စေတီ ထူပါ တို့ကို လူဥပသကာ ဗုဒ္ဓဘာသာဝင်တို့က စောင့်ရှောက်ခဲ့ကြပြီး စေတီ ထူပါ ကိုးကွယ်မှုကို အခြေခံ၍ မဟာယာနဆိုင်ရာ အယူအဆများ တိုးတက်ထွန်းကားလာခဲ့ကြောင်း အကိရ ဟိရကာဝက ကောက်ချက်ဆွဲလိုဟန်တူပါသည်။ ထို့အပြင် နာမည်ကျော်ဝိမလကိတ္တိနိဒ္ဒေသ သုတ္တန်မှာ လူဥပသကာ ဝိမလကိတ္တိက အဆင့်မြင့်မားသော မဟာယာနဆိုင်ရာ တရားအသိဉာဏ်ကို ဖော်ကျူးခဲ့ပုံကို ထောက်ရှုပြီး မဟာယာနလူပ်ရှားမှုကို လူဥပသကာတို့က ဦးဆောင်မှုပြုခဲ့ကြောင်း မှန်းဆကြသည်။

ဘဒ္ဒကာရဗျာကရဏသုတ္တန်မှာ လူဗောဓိသတ္တက မဟာယာန တရားမကျင့်သုံးသော ရဟန်းထက် ပိုမြင့်မြတ်ကြောင်း ရေးသားထားချက်ကို တွေ့ရလေသည်။ ထူးခြားသော အဖြစ်အပျက်တစ်ရပ်ကို မှတ်တမ်းပြုထားပုံမှာ **အသောကဒတ္တာဗျာကရဏသုတ္တန်**တွင် အသောကဒတ္တာ အမည်ရှိ (၁၂) နှစ်အရွယ် ဘုရင့်သမီးတော်လေးက နန်းတော်ထဲဝင်လာသော ရဟန်းတော်များကို ရှိခိုးဦးချရန် ငြင်းဆန်ခဲ့ပုံ ခြင်္သေ့က တောခွေးများကို အရှိအသေပြုရန် မလိုအပ်သလို မဟာယာန လမ်းစဉ်ကို လိုက်နာသူက ဟီနယာန ရဟန်းများကို အရှိအသေပြုရန် မလိုအပ်ပါကြောင်း ဖခင်ဘုရင်ကြီးကို လျှောက်ထားပုံများ ပါဝင်နေသည်ကို ထောက်ချင့်၍ မဟာယာန

လူပ်ရှားမှုကို လူဥပသကာတို့က ရဟန်းတော်တို့ကို ဆန်.ကျင်ခဲ့ဟန်ကို တွေ့ရပေသည်။

သို့ရာတွင် ခေတ်ပညာရှင်များက စေတီ ထူပါ ကိုးကွယ်မှုကို အခြေခံပြီး မဟာယာနလူပ်ရှားမှုကို လူဥပသကာတို့က စတင်ခဲ့ကြောင်း အယူအဆကို လက်သင့်မခံလိုကြတော့ချေ။ ဂရီဂိုရီ ရှိုပင် (Gregory Schopen) ၏ ဝေဖန်ချက်မှာ ရှေးဟောင်း မဟာယာနသုတ္တန်များတွင် စေတီ ထူပါ ကိုးကွယ်မှုကို ပြင်းထန်စွာ ဆန်.ကျင်ထားချက်များကို တွေ့ရသောကြောင့် ဖြစ်လေသည်။ စေတီထူပါ ကိုးကွယ်မှုထက် မဟာယာနလမ်းစဉ်ကို ဖော်ကျူးထားသော ကျမ်းစာများ ကိုးကွယ်မှုကို အခြေခံပြီး မဟာယာနလူပ်ရှားမှုကို စတင်ခဲ့ကြောင်း ဂရီဂိုရီ ရှိုပင်က ဆိုခဲ့ပါသည်။

အဇိတသေနဗျာကရဏနိဒ္ဒေသ သုတ္တန်

ရှေးဟောင်း ဗုဒ္ဓဘာသာကိုဏ်းတစ်ခုမှ သုတ္တန်တစ်ခုဖြစ်နိုင်သည်ဟု ယူဆရသော **အဇိတ သေနဗျာကရဏနိဒ္ဒေသသုတ္တန်**တွင်လည်း မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ အယူအဆများ၏အစကို တွေ့ရ၏။ ဤသုတ္တန်သည် မဟာယာနဆိုင်ရာ သုတ်တစ်ခုဆိုသော်လည်း များစွာရှေးကျဖွယ်ရှိကြောင့် ပညာရှင်တို့ ခန့်မှန်းကြလေသည်။ ဤသုတ္တန်သည် အာဖဂန် နစ္စတန်နိုင်ငံ ဂီလ်ဂျစ် ဒေသမှ စေတီကုန်းတစ်ခုတူးဖော်ရာမှ တွေ့ရှိသော သင်္ကတသုတ္တန်ဖြစ်ပြီး ၆-၇ ရာစုခန့်က ရေးသားခဲ့ဟု ခန့်မှန်းကြသည်။ မဟာယာနဆိုင်ရာ သုတ်တစ်ခုနှင့် သိပ်မတူလှဘဲ အကြို မဟာယာန (Proto-Mahayana) ဆိုင်ရာ သုတ်တစ်ခုဟု ဆိုနိုင်သည်။ ဤသုတ္တန်တွင် လူဥပသကာများကို ဒါနပြုကြရန် ရဟန်းတော်များကို လှူဒါန်းကြရန် သွန်သင်ထားသည်ကို တွေ့ရ၏။ ဒါနပြုခြင်းအားဖြင့် အနာဂတ် ဘဝများအတွက် အနုဂါမိကဥစ္စာ မြုပ်နှံကြရန် တိုက်တွန်းထားပုံမှာ ယခုခေတ်ကာလ ဘာသာရေး ဟောပြောမှုများနှင့် ခြားနားချက် မရှိလှချေ။ ဤသုတ္တန်တွင်ပါသော ဇာတ်လမ်းမှာ သူတောင်းစား အမေအိုကြီး တစ်ယောက်သည် ဘုရားရှင်ကို လှူဒါန်းစရာမရှိသောကြောင့် မိမိကိုယ်ကို သတ်သေရန် ဆုံးဖြတ်ခဲ့ရာတွင် နတ်ဒေဝတာတစ်ပါးက သူမကို လှူဒါန်းစရာ ပေးလေ၏။ ဘုရားရှင်က ဤသို့ လှူဒါန်းသည်မှာ ယခုမှ မဟုတ်မူဘဲ အတိတ်ကာလကလည်း ရှေးဘုရားရှင်များကို အခုလို လှူဒါန်းခဲ့ဖူးကြောင်း အတိတ်ကိုဆောင် ဟောပြောလေသည်။ သူတောင်းစား အမေအိုကြီးအား ဘုရားရှင်က နောင်ပွင့်မည့် ဘုရားလောင်းအဖြစ် ဗျာဒိတ်ပေးတော်မူခဲ့သည်ဟု ဆိုပါသည်။

သုတ္တန်ထဲမှ အဓိကကျသော ဇာတ်ဆောင်တစ်ဦးမှာ ဘုရားရှင်၏ မဟာသာဝက တစ်ပါးဖြစ်သော အရှင်နန္ဒိမိတ္တ ဖြစ်၏။ ဘုရားရှင်က အရှင်နန္ဒိမိတ္တကို အဓိတသေနမင်းထံ ကလျာဏမိတ္တအနေဖြင့် စေလွတ်ပြီး တရားဟောစေခဲ့ရာတွင် အရှင်မြတ်က ဒါနပြုကြရန် ရဟန်းတော်များကို လှူဒါန်းကြရန် ဒါနပြုခြင်းအားဖြင့် အနာဂတ် ဘဝများအတွက် အနုဂါမိက ဥစ္စာ မြုပ်နှံကြရန် တိုက်တွန်းဟောပြောခဲ့၏။ ထိုအခါ မှာ သူတောင်းစားအမေအိုကြီး ကွယ်လွန်ပြီး အဓိတသေနမင်းထံမှာ သားတော်အဖြစ် ဖြင့် ပြန်လည်မွေးဖွားခဲ့လေသည်။ နောင်ကာလတွင် အဓိတသေနမင်းနှင့် သားတော် တို့သည် လူဘောင်ကိုစွန့်ခွာပြီး သာသနာတော်မှာ ရဟန်းပြုကြလေ၏။ ရဟန်းခံနေ စဉ်မှာပင် သားတော်သည် အာသဝေါကုန်ခမ်း ရဟန္တာဖြစ်ခဲ့ပြီး များစွာသော သုခဝတီ နှင့် အဘိရတိ စသော ဗုဒ္ဓခေတ် (Buddha-Fields) တို့ကို အဘိညာဉ်မျက်စိ အားဖြင့် တွေ့မြင်ရသည်ဟုဆို၏။ အရှင်နန္ဒိမိတ္တကိုလည်း မြတ်စွာဘုရားက နောင် ပွင့်လာမည့် ဘုရားလောင်းအဖြစ် ဗျာဒိတ်ပေးခဲ့လေ၏။

ဤသုတ္တန်မှာ ရှေးဦးထာဝရဂိုဏ်းအမြင်နှင့် ခြားနားသော အချက်ကို ထင်ရှား စွာတွေ့နိုင်၏။ ရဟန္တာဖြစ်ခဲ့ပြီးမှ ဘဝမချုပ်ငြိမ်းဘဲ ဘုရားလောင်းအဖြစ် ဗျာဒိတ် ပေးခံရခြင်း အယူအဆကို ထူးခြားစွာ တွေ့ရပါသည်။ ထို့အပြင် ရှင်တော်ဘုရား၏ တန်ခိုးနှင့် ဗုဒ္ဓ၏ နာမတော်ကို ရွတ်ဆိုပွားများခြင်းဖြင့် အပယ်မှလွတ်ကင်းနိုင်ပုံ များကိုပါ ဆက်လက် ဖော်ပြထားသည်ကို တွေ့ရ၏။ မဟာယာနသုတ္တန်များ၏ အစဉ်အလာအတိုင်း ဤသုတ္တန်ကို ဖြန်ဖြူးသူများ ကောင်းကျိုးခံစားရပုံ ဝေဖန် တိုက်ခိုက်သူများ အပယ်ငရဲသို့ လားရပုံတို့ပါ တစ်ဆက်တည်း ရေးသား ဖော်ပြထား ပါသည်။ ဤသုတ္တန်တွင် ရဟန္တာအဖြစ်ထက် ဘုရားအဖြစ်က မြင့်မားသာလွန်ပုံ လူတိုင်း ဘုရားဆုကို ပန်ဆင်နိုင်ပုံကို ဖော်ပြခဲ့သောကြောင့် အဓိတသေနဗျာကရဏ နိဒ္ဒေသ သုတ္တန်သည် မဟာယာန ဝေါဟာရ မပါရှိသော်လည်း မဟာယာန အမြင်သို့ စတင်ကူးပြောင်းလာမှု၏ အစ အဖြစ် တွေ့ရကြောင်း ပညာရှင်တို့ သုံးသပ်ကြသည်။

ရဋ္ဌပါလပရိပုစ္ဆာသုတ္တန် မှ ရှေးဦးမဟာယာနဗုဒ္ဓဘာသာ၏သွင်ပြင်

အေဒီ (၆) ရာစုတွင် မဟာယာနဗုဒ္ဓဘာသာသည် ပေါ်လွင်ထင်ရှားသော ဓမ္မနှင့် ဒဿန အစုအဝေးတစ်ရပ်အဖြစ် ရပ်တည်နိုင်လာသည့်တိုင်အောင် ၄င်းတည်ရှိနေ သောဒေသများမှာ ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းများ အားမကောင်းသည့် အရပ်ဒေသများသာ ဖြစ်နေခဲ့သည်ကို တွေ့ရသည်။ ရှေးဦးမဟာယာနဗုဒ္ဓဘာသာသည် မူလဗုဒ္ဓဘာသာ ၏ ပဋိပတ္တိလုပ်ငန်း အစဉ်အလာကို ပြန်လည် ဖော်ထုတ်ရန် ကြိုးပမ်းသောလုပ်ရပ်

ဖြစ်နိုင်သည်။ ရှေးဦး မဟာယာနဗုဒ္ဓဘာသာ ရဟန်းတော်များသည် ပဋိပတ္တိ လုပ်ငန်းနှင့် ဘုရားဖြစ်ရေးလမ်းစဉ်ကို ပြန်လည်ထွန်းညှိသူများ ဖြစ်နိုင်ပေသည်။

ယင်းအချက်နှင့်ပတ်သက် ရှေးဟောင်းမဟာယာနသုတ္တန်များဖြစ်သော ရဋ္ဌ ပါလပရိပုစ္ဆာသုတ္တန်(၂) ခု ဖြစ်သော **စူဠရဋ္ဌပါလ ပရိပုပုစ္ဆာသုတ္တန်နှင့် မဟာရဋ္ဌပါလပရိပုပုစ္ဆာသုတ္တန်** တွင် လေ့လာ တွေ့ရှိနိုင်လေသည်။ စူဠရဋ္ဌပါလ ပရိပုပုစ္ဆာသုတ္တန်ကို လေ့လာကြည့်လျှင် အစဉ်အလာ ရှေးဦးဗုဒ္ဓဝါဒဆန်သော သင်ကြားမှုများသာ တွေ့ရသည်။ ရဟန်းတော်များအတွက် ဝိနည်းကျင့်ဝတ်ကို လိုက်နာကြရန်နှင့် ပဋိပတ္တိလုပ်ငန်းကိုအားထုတ်ကြရန် သွန်သင်ဆုံးမချက်များကို တွေ့ရသည်။ မဟာရဋ္ဌပါလပရိပုပုစ္ဆာသုတ္တန်မှာ စူဠရဋ္ဌပါလ ပရိပုပုစ္ဆာသုတ္တန်ကို အခြေခံချဲ့ထွင်ထားဟန်ရှိပြီး ဗောဓိသတ္တရဟန်းများကို ရဟန်းကောင်းများအဖြစ် ဖော်ပြ၍ အမွမ်းတင်ထားသည်ကို တွေ့ရ၏။ ယင်းသုတ္တန်တွင် ဗောဓိသတ္တရဟန်းများအတွက် တောရဆောက်တည်ကျင့်သုံးရန် ညွှန်ကြားချက်များ-အပြစ်အာပတ်များကို ဖော်ပြထားပါသည်။ ထို့အပြင် ခေတ်ပြိုင် ဗုဒ္ဓဘာသာလောက၏ ကိုယ်ကျင့်တရား ယိုယွင်းပျက်စီးနေပုံများကို မီးမောင်းထိုးပြထားခဲ့ပြီး ရဟန်းဆိုး ရဟန်းညစ်တို့ ကြီးထွားနေဟန်အပြင် ရဟန်းဆိုးရဟန်းညစ်တို့၏ မှားယွင်းသော အကျင့်စရိုက်များကို ဖော်ပြထားပါသည်။ စျာန်မဂ်ဖိုလ်ကို ဆောက်တည်ကျင့်သုံးနေသော ဗောဓိသတ္တ ရဟန်းများကို ကျောင်းတိုက်မှ နှင်ထုတ်ပုံ၊ ရိုက်နှက်ပုံ၊ ရဟန်းဆိုး၊ ရဟန်းညစ်တို့ အပယ်ငရဲသို့သာ လားကြရမည့်အကြောင်းကိုလည်း တွေ့ရ၏။

မဟာရဋ္ဌပါလ ပရိပုစ္ဆာသုတ္တန်မှာ ရှေးဟောင်း ဇာတက (ဇာတ်တော်) များကို ကိုးကားပြီး ဗောဓိသတ္တရဟန်းများ ကျင့်သုံးရန် ဘုရားလောင်းကျင့်ဝတ်များကို ဖော်ညွှန်းထားခဲ့သည့်အပြင် ဗုဒ္ဓအဖြစ်သည် ရဟန္တာအဖြစ်ထက် အလွန်အကျူးသာလွန် ထူးမြတ်ကြောင်းကို ဖော်ပြထားလေသည်။ သက္ကမုနိ အလောင်းလျာဗောဓိသတ္တသည် မှားယွင်းသော အကျင့်စရိုက်များရှိသည့် ရဟန်းဆိုး ရဟန်းညစ်တို့နှင့် မည်မျှခြားနားကြောင်းကို အသားပေး ဖော်ပြထားလေသည်။ ထို့အပြင် ဗောဓိသတ္တ အရှင်သူမြတ်တို့၏ ထူးခြားလေးမြတ်ဖွယ် ဂုဏ်ရည်များစွာကိုလည်း မဟာရဋ္ဌပါလ ပရိပုပုစ္ဆာသုတ္တန်တွင် ဖော်ပြထား၏။ ဗောဓိသတ္တ အရှင်သူမြတ်တို့သည် မာရ်နတ်ကို အောင်နိုင်သူများ ဖြစ်ကြ၏။ ဓာရဏီတို့တွင် ကျွမ်းကျင်ကြ၏။ စျာန လာဘီ (စျာန်ဝင်စားလေ့ရှိသူများဖြစ်ပြီး) သမထကမ္မဋ္ဌာန်းကို အထူးဝသီဘော်နိုင်နင်းသူများလည်း ဖြစ်ကြ၏။ လောကီဘဝမှ ထွက်မြောက်၍ ဆိတ်ငြိမ်ရာတောအရပ်တွင် တစ်ကိုယ်တည်း ဇကစာ ဆောက်တည် ကျင့်သုံးလျက် ကြဲသတ္တဝါကဲ့သို့

ထီးတည်းနေနိုင်သူများလည်း ဖြစ်၏။ ဆိုခဲစေ မြွေစေ ဆိုဘိသကဲ့သို့ မိမိတို့ ဟော ပြောသည့်အတိုင်း ကျင့်ကြံနိုင်သူများ (ယထာဝါဒီ တထာကာရီ) လည်း ဖြစ်ကြ၏။ ပါရမီ ၆ ပါး ပုညကိရိယာ ၁၀ ပါးတို့ကိုလည်း အမြဲပွားများ အားထုတ်ကြ၏။ ပြင်းထန်ခေါင်းပါးသော တပအကျင့်မြတ်ဖြင့် မိမိတို့စိတ်ကို ချုန်းအုပ်ဆုံးမလျက် မာန်မာန မရှိ အလွန်ဝပ်တွား နှိမ်ချတတ်သူများလည်း ဖြစ်၏။ အလွန်သီလစင်ကြယ် သူများ ဖြစ်ကြသောကြောင့် ကိလေသာအမှုတို့ကို စိတ်ဖြင့်ပင် ကျူးလွန်အားထုတ် ခြင်း မရှိကြကြောင်း ဖော်ပြထားပါသည်။[၂၀၃]

နောက်သုတ္တန်တစ်ခုဖြစ်သော **သူရိယဂုတ္တသုတ္တန်**တွင် မှားယွင်းသော အကျင့် စရိုက်များ ကျင့်ကြံနေသော ဝိနည်း မလေးစားသော ရဟန်းဆိုးတို့ကို နှင်ထုတ်ရန် အတွက် လူဥပသကာများကို တိုက်တွန်းထားခဲ့လေသည်။ အကယ်၍ လူဥပသကာ များက ရဟန်းဆိုးတို့ဖက်က ရပ်တည်ခဲ့လျှင် ဗောဓိသတ္တရဟန်းများအနေဖြင့် ငြိမ်း ချမ်းစွာ ထွက်သွားရန်နှင့် တောရ ဆောက်တည်ကြရန် ဖော်ပြထားသည်ကို တွေ့ရပါ သည်။

ဂရိဂိုရီ ရှိုပင်၏ သုံးသပ်ချက် အမြင်အတိုင်း ဆိုရပါလျှင် ရဋ္ဌပါလ ပရိပုပ္ဆာ သုတ္တန်နှင့် ခေတ်ပြိုင် သံဃာအဖွဲ့အစည်းသည် ကမ္မဋ္ဌာန်းတရား အလုပ်အား‌ထုတ် ခြင်း မရှိလှဘဲ အလယ်ခေတ် ရောမကျောင်းတော်ကဲ့သို့ ပိုင်ဆိုင်မှုများဖြင့် ကြွယ်ဝ လျက် ကျောင်းတိုက်များတွင် ကျေးကျွန်များပါ အလုပ်အကျွေးပြုလျက်ရှိသလို ခေတ်ပြိုင်သံဃာအဖွဲ့အစည်းသည် ကမ္မဋ္ဌာန်းတရား အလုပ်အား‌ထုတ်ကြသော ရဟန်းများကို မျက်နှာသာပေးပုံမရဘဲ လူပြိန်းကြိုက် ဘာသာတရားတစ်ခု အသွင် ဖြစ်နေကြောင်း သုံးသပ်ထားသည်။[၂၀၄] ခေတ်ပြိုင်သံဃာအဖွဲ့အစည်းသည် ကမ္မဋ္ဌာန်း တရားအလုပ် အား‌ထုတ်ခြင်းကိစ္စများထက် ပရိယတ္တိ စာပေသင်ကြားခြင်း ဥပသကာ တို့၏ ဘာသာရေးဆိုင်ရာ လိုအပ်များကို ဝန်ဆောင်မှုပေးခြင်း စသော ကိစ္စရပ်များ တွင်သာ အချိန်ပေးလျက်ရှိပြီး ကမ္မဋ္ဌာန်းတရား အလုပ်အား‌ထုတ်ကြသော ရဟန်း များကို သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် တာဝန်မကျေပွန်သော ရဟန်း များအဖြစ် သတ်မှတ်ခဲ့သော ကာလလည်းဖြစ်၏။

ဥဂ္ဂပရိပုပ္ဆာသုတ္တန်တွင် လာသောလူဥပသကာ ဗောဓိသတ္တ၏ အခန်းကဏ္ဍ

ဥဂ္ဂပရိပုပ္ဆာသုတ္တန်မည်သော ရှေးဦး မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ သုတ္တန်တစ်ခု

၂၀၃။ Reginald Ray, *Buddhist Saints in India*, p-261-262

၂၀၄။ Schopen, G. (2004) *Buddhist Monks and Business Matters: Still More Papers on Monastic Buddhism in India*, Honolulu: University of Hawai'i Press.: 92–3

တွင်မူ ရဟန်းမဟုတ်သော လူဥပသကာ ဗောဓိသတ္တ၏ အခန်းကဏ္ဍကို ရှေ့တန်းတင်ကာ ဖော်ပြလာသည်ကို တွေ့ရ၏။ ဤနေရာတွင် လူဥပသကာ ဗောဓိသတ္တဟူသည်မှာ သာမန်ဗုဒ္ဓဘာသာဝင် ဥပသကာမဟုတ်မူဘဲ ကမ္ဘာန်းတရား အလုပ်အား‌ထုတ်ခြင်းကိစ္စများတွင် ဘဝကို အပြည့်အဝ နှစ်မြုပ်လျက် ကျင့်ကြံအား‌ထုတ်နေသော လူသူတော်စင်ပုဂ္ဂိုလ်မျိုးကို ဆိုလိုဟန်တူလေသည်။ လူဥပသကာ ဗောဓိသတ္တသည် လူသားတစ်ဦးအနေဖြင့် လူ့ဘောင်လောကတွင် နေထိုင်လျက်က မြတ်သောဗြဟ္မစရိယအကျင့်ကို ကျင့်သုံးသူဖြစ်သောကြောင့် စင်စစ်အားဖြင့် ဇနီးမယား ဟူသော မာတုဂါမသည် သူ့အတွက် ဗောဓိသတ္တ လမ်းစဉ်အတွက် အဟန့်အတား သဖွယ်ဖြစ်ရကြောင်း မိမိ၏ သားမယားအပေါ် စွဲလန်းနှစ်သက်တွယ်တာမှုအစား ဝေနေယျသတ္တဝါ အားလုံးအတွက် တူညီသော မေတ္တာ ကရုဏာကိုသာ ထားရှိသင့်ကြောင်းကို ထိုသုတ္တန်တွင် ဖော်ပြထားလေသည်။[၂၀၅]

လူဥပသကာ ဗောဓိသတ္တသည် ရဟန်းတော်များကို ချဉ်းကပ်ကာ ဗောဓိသတ္တလမ်းစဉ်ကို လေ့လာဆည်းပူး သင်ယူလေ့ကျင့်လျက် မိမိကိုယ်တိုင်လည်း ရဟန်းတော် ဗောဓိသတ္တတစ်ပါးအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်းအား‌ထုတ်ရန် လိုအပ်ကြောင်း ဥဂ္ဂပရိပုပုစ္ဆာသုတ္တန်က ညွှန်ပြထားလေသည်။ အဘယ်ကြောင့်ဆိုသော် သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရဟန်းတော် ဗောဓိသတ္တတစ်ပါးအဖြစ်မှသာ ရောက်ရှိနိုင်သောကြောင့် ဖြစ်ပေသည်။ ဥဂ္ဂပရိပုပုစ္ဆာသုတ္တန်သည် နှောင်းကာလ မဟာယာနအယူအဆဖြစ်သော ဧကယာနအယူအဆ (သတ္တဝါအားလုံး သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိခြင်းလမ်းစဉ်) နှင့် မတူညီခြားနားသော အမြင်ရှိကြောင်း တွေ့ရ၏။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိခြင်းလမ်းစဉ်သည် သတ္တဝါအားလုံးအတွက် မဟုတ်မူဘဲ ရှားပါးထူးချွန်ထက်မြက်သော မဟာပုရိသ လူနည်းစုအတွက်သာ ဖြစ်သည်ဟု တင်ပြထားလေသည်။

ဥဂ္ဂပရိပုပုစ္ဆာသုတ္တန်တွင် ရေးသားဖော်ပြချက်များအရ ကျောင်းအရာမ်တစ်ခုတွင် ဗောဓိသတ္တရဟန်းတော်များရှိသလို သာမန်သာဝကလမ်းစဉ်ကို ကျင့်သုံးသော ရဟန်းတော်များ ဓုတင်ဆောင်ရဟန်းတော်များလည်း အတူတကွ သီတင်းသုံးနေခဲ့ကြကြောင်း တွေ့ရ၏။ ဥဂ္ဂပရိပုပုစ္ဆာသုတ္တန်နှင့် ရဋ္ဌပါလပရိပုပုစ္ဆာသုတ္တန်တို့ ဖော်ပြသော ခေတ်ပြိုင် ဗုဒ္ဓဘာသာ၏ ပုံရိပ်များကွဲပြားနေပုံကို လေ့လာခြင်းအားဖြင့် မဟာယာန စတင်ပေါ်ပေါက်ခဲ့ချိန်မှာ မဟာယာနနှင့် မဟာယာန ဗုဒ္ဓဘာသာဝင်

၂၀၅။ **Nattier, J. (2003) A Few Good Men: *The Bodhisattva Path according to* The Inquiry of Ugra (Ugraparipvccha), Honolulu: University of Hawai'i Press. Pp-249–50**

မဟုတ်သော ရဟန်းများ အတူတကွ နေထိုင်ခဲ့ကြသော်လည်း နောက်ပိုင်းကာလများတွင် ရန်လိုစောင်းမြောင်းမှုနှင့် အယူအဆရေးရာ ပဋိပက္ခများ ပေါ်ပေါက်လာခဲ့ပုံကို ထောက်ဆသိရှိနိုင်လေသည်။ မည်သို့ပင်ဖြစ်စေကာမူ ဥဂ္ဂပရိပုပုစ္ဆာသုတ္တန်၏ အမြင်မှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရန်အတွက် လူ့ဘောင်လောကမှ စွန့်ခွာပြီး ရဟန်းအသွင် ဆောင်ယူလျက် တောရဆောက်တည်ပြီး ကျင့်ကြံရမည်ဖြစ်ကြောင်း ဖော်ပြထားရာ သက္ကမုနိဗုဒ္ဓရှင်တော်၏ လမ်းစဉ်အတိုင်း ထပ်တူဖြစ်ကြောင်း တွေ့ရလေသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ရှာဖွေတွေ့ရှိခဲ့သော ရှေးဟောင်း မဟာသံဃိကဂိဏ်းမှ သက္ကတဘာသာဖြင့် ရေးသားထားသည့် မဟာယာနသုတ္တန်တစ်ခုဖြစ်သော **သဗ္ဗဓမ္မပရိဝိတိန်ဒ္ဒေသသုတ္တန်**တွင် ဗောဓိသတ္တဝကျင့်စဉ်ကို မကျင့်သော မဟာယာနအမည်ခံ ရဟန်းများကို ပြစ်တင်ရှုတ်ချထားသည်ကို တွေ့ရသည်။ သဗ္ဗဓမ္မပရိဝိတိန်ဒ္ဒေသသုတ္တန်သည် သမိုင်းစဉ်အရ နောက်ကျသော သုတ္တန်ဖြစ်ပြီး ထိုသုတ္တန်ပေါ်ပေါက်ချိန်တွင် အရည်ဝါသီ တောရဆောက်တည်သော မဟာယာန ဗုဒ္ဓဘာသာသည် ကောင်းမွန်ထင်လင်းစွာ ရပ်တည်နေနိုင်ဟန် ရှိနေကြောင်း တွေးဆနိုင်လေသည်။

မဟာယာန ဗုဒ္ဓဘာသာ နွယ်သော သက္ကတ ဗုဒ္ဓဝင်ကျမ်းများ

မဟာယာနဗုဒ္ဓဘာသာ၏ တိုးတက်ဖြစ်ထွန်းမှုကို စေ့ဆော်ပေးခဲ့သည်ဆိုပါက မဟာယာန ဗုဒ္ဓဘာသာနွယ်သော သက္ကတဗုဒ္ဓဝင်ကျမ်းများကို ချန်လှပ်ထား၍ ဖြစ်ကောင်းသည်မဟုတ်ပေ။ ရှေးဟောင်း ဟီနယာနဂိဏ်းအသီသီးတွင် မြတ်ဗုဒ္ဓ၏ ဘဝဖြစ်စဉ်များကို မှတ်တမ်းတင်ထားသော ဗုဒ္ဓဝင်ကျမ်းများ ရှိလေသည်။ ထေရဝါဒဂိဏ်းတွင် အလေးအမြတ်ပြုအပ်သော ဗုဒ္ဓဝံသပါဠိတော်ရှိသလို ရှေးဟောင်း ဟီနယာနဂိဏ်းတစ်ခုဖြစ်သော မဟာသံဃိကဂိဏ်းတွင်လည်း **မဟာဝတ္ထု သို့မဟုတ် မဟာဝတ္ထုအဝဒါနကျမ်း**သည် မြတ်ဗုဒ္ဓ၏ ဘဝဖြစ်စဉ်များကို လေးနက်စွာရှသော ကြည်ညိုသဒ္ဓါတရားအားဖြင့် သီကုံးရေးသားထားသည်ကို တွေ့ရလေသည်။

မဟာဝတ္ထုအဝဒါနကျမ်းသည် ရှေးဟောင်း ဟီနယာနဂိဏ်းတစ်ခုဖြစ်သော လောကုတ္တရာဝါဒီဂိဏ်း၏ ဗုဒ္ဓရှင်တော်တို့သည် လောကကို ကျော်လွန်၍ မြင့်မားသောအဆင့်သို့ ရောက်ရှိပြီးသူများဖြစ်ကြ၍ လောကီသားတို့ကဲ့သို့ မွေးဖွားရှင်သန်စားသောက်နေထိုင်ခြင်းမှာ အစစ်အမှန် မဟုတ်မှာဘဲ အပေါ်ယံ ဟန်ပြသဘောသာဖြစ်သည်ဟူသော အယူအဆကိုလည်း ထင်ဟပ်ပြထားလေသည်။ မြတ်ဗုဒ္ဓ၏ ဘဝဖြစ်စဉ်များကို ရေးဖွဲ့ဖော်ကျူးရာ၌ သာမန်လူသားတို့အတွက် မဖြစ်စဖူး ထူးကဲ

လွန်းသော အံ့ဖွယ်သူရဲ အဖြစ်အပျက်များစွာဖြင့် ဝေဝေဆာဆာ ဝင့်ဝင့်ကြွားကြွား တန်ဆာဆင် ရေးသားထားသောကြောင့် လောကုတ္တရာဝါဒီဂိုဏ်း၏ တရားတော်တို့နှင့် လုံးဝ ကိုက်ညီနေပေသည်။ ဤအယူအဆများသည်ကား ဗုဒ္ဓဝံသပါဠိတော်ကိုပင် လွှမ်းမိုးဟန်ရှိခဲ့၍ မဟာယာနဗုဒ္ဓဘာသာ၏ ရှေ့ပြေးအယူအဆ (Proto-Mahayanic Idea) အဖြစ် ပညာရှင်အများ လက်ခံထားကြလေသည်။

ဗုဒ္ဓဝံသပါဠိတော်နည်းတူ မဟာဝတ္ထု အဝဒါနကျမ်းသည် မြတ်ဗုဒ္ဓ၏ ဘဝဖြစ်စဉ်များကို ပဋိသန္ဓေနေတော်မူခြင်း၊ ဖွားမြင်တော်မူခြင်း၊ တောထွက်တော်မူခြင်း ဘုရားအဖြစ်သို့ရောက်ရှိ၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိခြင်း တရားဟောကြားတော်မူခြင်း ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း စသည်တို့ကို အပိုင်း (၃) ပိုင်းခွဲ၍ ရေးသားထားလေသည်။ ပထမအခန်းသည် ဒီပင်္ကရာ ဘုရားရှင်လက်ထက်မှစတင်၍ နိယတဗျာဒိတ် ပန်ဆင်ခြင်းနှင့် ရှေးဘုရားများလက်ထက်တော်က ဖြစ်စဉ်များကို ဖော်ပြထားလေသည်။ ဒုတိယပိုင်းတွင် ဘုရားလောင်းနတ်သား တုသိတာ နတ်ပြည်တွင် စံတော်မူသည်မှ စတင်၍ မယ်တော်မာယာ၏ ဝမ်းကြာတိုက်ဝယ် ပဋိသန္ဓေ နေတော်မူခြင်း၊ တောထွက်တော်မူခြင်း မာရ်နတ်နှင့်စစ်သည်တို့ကို အောင်နိုင်တော်မူခြင်း ဘုရားအဖြစ်သို့ရောက်ရှိ၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခြင်းတို့ကို ဖော်ပြထားလေသည်။ နောက်ဆုံးပိုင်းတွင် ဓမ္မစကြာတရား ဟောတော်မူပုံနှင့် သံဃာအဖွဲ့အစည်း တည်ထောင်ပုံတို့ကို မှတ်တမ်းတင်ထားပါသည်။ သံဃာအဖွဲ့အစည်းတည်ထောင်ပုံကို ဖော်ပြထားသောကြောင့် မဟာဝတ္ထု အဝဒါနကျမ်းသည် မဟာသံဃိကဂိုဏ်း၏ ဝိနည်းပိဋကတ်တွင် သွတ်သွင်းထားခဲ့သော်လည်း ရဟန်းတော်များ လိုက်နာရန် ဝိနည်းပညတ်များကိုမူ ဖော်ပြထားခြင်း အလျင်းမရှိချေ။

မဟာဝတ္ထု၏ စာပေဖွဲ့စည်းမှုသည် ပါဠိစာပေမှ ဗုဒ္ဓဝံသကဲ့သို့ ရှင်းလင်းပြတ်သားမှုမရှိဘဲ ဇာတ်ကြောင်းများ ရှုပ်ထွေးနေသောကြောင့် ကျမ်းဝင်္ကပါဟု ခေါ်နိုင်လေသည်။ တူညီသော ဝတ္ထုကြောင်းများကို ထပ်ခါတလဲလဲ ဖော်ပြထားပြီး လျှင် အခြားသောအကြောင်းအရာများ ထူးထွေများပြားလှသော ဇာတကနိပါဂ် ဇာတ်လမ်းများဖြင့် မွှေနှောက်ရေးသား စီရင်ထားသည်ကို တွေ့ရ၏။ ရေးသားပုံမှာလည်း ဂါထာတစ်လှည့်၊ စကားပြေတစ်လှည့်နှင့် လျော့ရဲသော ဖွဲ့စည်းမှုဖြစ်နေကြောင်း ဖွားတော်မူခန်းဒဏ္ဍာရီကို လေးကြိမ်ခန့် ဖော်ပြထားကြောင်း တွေ့ရ၏။ မဟာဝတ္ထုသည် သင်္ကတစာပေ စစ်စစ်မဟုတ်ဘဲ ရောနှောသင်္ကတစာပေ (Hybrid Sanskrit) ဆန်သည့် ရေးဖွဲ့မှုမျိုးဖြစ်၏။ မဟာဝတ္ထုတွင် ဓမ္မစက္ကပဝတ္တနသုတ်-မဟာဂေါဝိန္ဒသုတ် (ဒီဃနိကာယ်) ဒီဃနခသုတ် (မဇ္ဈိမနိကာယ်) မာရသံယုတ်

(သံယုတ္တနိကာယ်) ဓမ္မပဒ သဟဿဝဂ် ခုဒ္ဒကပါဋ္ဌ သုတ္တနိပါတ် ဝိမာနဝတ္ထု ဗုဒ္ဓဝံသစသော ရှေးပါဠိနိကာယ်စာပေ၏ သဲလွန်စများ တွေ့ရသည်ကို ထောက်ချင့်၍ မဟာဝတ္ထုသည် ဗုဒ္ဓဘာသာဂိုဏ်းများ စတင်ကွဲပြားပြီး မကြာမြင့်သေးသော အချိန်တွင် ရေးဖွဲ့ခဲ့ဟန်ရှိလေသည်။

မဟာဝတ္ထုသည် ဟီနယာနဂိုဏ်းလာ ကျမ်းစာဖြစ်၍ ထေရဝါဒ ပါဠိပိဋကတ်တွင် ပါရှိသော အချက်အလက် အမြောက်အများ ပါဝင်လျက်ရှိသော်လည်း မဟာယာနဆန်သော အရေးအဖွဲ့များစွာကိုလည်း တွေ့ရ၏။ ဤသို့ ရောနှောနေရခြင်းမှာ မဟာဝတ္ထုသည် အကြိုမဟာယာနဂိုဏ်းများဖြစ်သော လောကုတ္တရာဝါဒီဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းတို့၏ အတွင်းမှထွက်ပေါ်လာသော ကျမ်းဖြစ်သောကြောင့် ဖြစ်နိုင်၏။ လောကုတ္တရာဝါဒီဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်း ဗုဒ္ဓအယူအဆသည် လူသားဗုဒ္ဓအဖြစ်မှ နတ်ဒေဝတာဆန်သော ဗုဒ္ဓအဖြစ်သို့ စတင်ကူးပြောင်းနေခဲ့သော ကာလဖြစ်သောကြောင့် ဖြစ်တန်ရာ၏။ ထို့ကြောင့် ဗောဓိသတ္တဝါတို့ ကျော်လွန်ဖြတ်သန်းရမည့် ဘူမိ (၁၀) ပါးကိုလည်း ကျယ်ဝန်းစွာ ဖော်ပြထားသည်ကို တွေ့ရ၏။

ကြည်ညိုသဒ္ဓါတရားကို နိုးထစေသော ရှေးဟောင်း ဟိန္ဒူပုရာဏ်ကျမ်းများကဲ့သို့ မဟာဝတ္ထုတွင် ဗုဒ္ဓ၏ ဂုဏ်ဒြပ်များကို အမွန်းတင်ထားသည်ကို တွေ့ရလေသည်။ ဗုဒ္ဓသည် အလွန် သန့်ရှင်းစင်ကြယ်တော်မူသောကြောင့် ဗုဒ္ဓအား ရှိခိုးပူဇော်ခြင်းသည် နိဗ္ဗာန်သို့ ပို့ဆောင်နိုင်သည်ဟူ၍လည်းကောင်း၊ စေတီ ရုပ်ပွားတို့ကို ပန်းမန်နံ့သာတို့ဖြင့် လုပ်ကျွေးပူဇော်ရခြင်းသည် မရေမတွက်နိုင်သော ကုသိုလ်အကျိုးတရားများကို ပေးစွမ်းနိုင်သည်ဟူ၍လည်းကောင်း ဗုဒ္ဓပြိုးတော်မူရာမှ ထွက်ပေါ်လာသော ရောင်ခြည်တော်တို့သည် ဗုဒ္ဓခေတ်တစ်ခုလုံးကို ထွန်းလင်းစေသည်ဟူ၍လည်းကောင်း ဘုရားအလောင်းတော် ဗောဓိသတ္တဝါတို့သည် လူသားမိဘနှစ်ပါး၏ သံဝါသပြု ပေါင်းဖော်မှုကြောင့် မွေးဖွားလာရသည် မဟုတ်ကြဘဲ မိမိတို့ ဖြည့်ကျင့်ဆည်းပူးခဲ့ကြသော ဘုန်းကံပါရမီတော်တို့၏ အစွမ်းဖြင့်သာ လူ့ဘဝကိုရခဲ့ကြောင်း ရေးသားထားပုံမှာ အမှန်ပင် မဟာယာန ဗုဒ္ဓဘာသာ ဆန်လှပေသည်။

မဟာဝတ္ထုသည် ဟီနယာနဆန်သော ဗုဒ္ဓဝင်ကျမ်းစာဟုဆိုပါလျှင် **လလိတာဝတ္ထာရကျမ်း** (ဗုဒ္ဓမြတ်စွာ၏ လူလောကသို့ ဆင်းသက်ပျော်စံတော်မူခြင်း အကြောင်း) သည်ကား မဟာယာနဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထား ဦးခိုက်ရာ ဗုဒ္ဓဝင်ကျမ်းတစ်ဆူပင် ဖြစ်လေသည်။ ဤကျမ်းတွင်ပါရှိသော ဗုဒ္ဓ၏ ရုပ်ပုံလွှာသည် ပကတိလူသားစစ်စစ်နှင့် လုံးဝ မတူတော့ဘဲ ကောင်းကင်ဘုံမှ တန်ခိုးတော်ရှင် နတ်ဒေဝါတစ်ပါးအသွင် ဖြစ်နေလေသည်။ ဤကျမ်းသည် ပါဠိနိကာယ်လာ သုတ္တန်များ

ကဲ့သို့ ဇဝံမေသုတံစကားဖြင့် အစချီထားသော်လည်း အဖွင့်နိဒါန်းဦးပင် ဗုဒ္ဓ၏ ရုပ်ပုံလွှာကို ရောင်ခြည်တော်များ တဖိတ်ဖိတ် တလက်လက် ကွန့်မြူးတောက်ပစေလျက် အလင်္ကာစာပန်းချီ ရေးချယ်ထားလေ၏။ မြတ်ဗုဒ္ဓ၏ အနီးအပါးတွင် ရဟန်းတော်ပေါင်း (၁၂၀၀၀) ခန့်နှင့် ဗောဓိသတ္တပေါင်း (၃၂၀၀၀) ခန့်တို့က အမြဲတစေ ဝန်းရံထားလေဟန် ဖော်ပြရေးသားထားလေသည်။ ဗုဒ္ဓ၏ အတိုင်းမသိ ထွန်းလင်းနေသော ရောင်ခြည်တော်များသည် ဒေဝလောက ဗြဟ္မာလောကများသို့ အဆင့်ဆင့် ထွင်းဖောက်၍ နတ်ဗြဟ္မာ အားလုံးကို လွှမ်းကဲသော ကြည်ညိုသဒ္ဓါတရားများ ဖြစ်ပေါ်စေကြောင်းနှင့် ဗြဟ္မဏတို့ ဆည်းကပ်ကိုးကွယ်ကြသော ဣသရ (ဤရွာရ) ဘုရားသခင်နှင့်တစ်ကွ သောင်းတိုက် စကြဝဠာများမှ နတ်ဗြဟ္မာတို့သည် ရှင်တော် ဗုဒ္ဓ၏ ခြေတော်ရင်း၌ ဝပ်တွားခယ ကြရလေဟန် ရေးသားသီကုံးထားလေသည်။

ထိုနည်းတူစွာပင် လလိတာဝတ္ထာရကျမ်းလာ ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ်သည် ပါဠိစာပေမှ ဗုဒ္ဓဝံသနှင့် မျှားစွာဆင်တူသော အောက်ပါဖြစ်ရပ်များဖြင့် ဖွဲ့စည်းထားလေ၏။

- ဘုရားအလောင်းတော်နတ်သား တုသိတာနတ်ပြည်၌ စံနေစဉ် နတ်ဒေဝတာတို့က လူ့ပြည်သို့ ဆင်းသက်တော်မူ၍ ဘုရားအဖြစ် ပွင့်တော်မူပါရန် တောင်းပန်တိုက်တွန်းကြပုံ။
- ဘုရားအလောင်းတော်နတ်သားက လောကကို ကြည့်ဖြင်း(၅) ပါးဖြင့် ကြည့်တော်မူပြီး မယ်တော်မာယာထံ ကိန်းဝပ်စံပယ်ရန် ဆုံးဖြတ်ပုံ။
- မယ်တော်မာယာသည် ဇမ္ဗူဒိတ်ကျွန်းတွင် ပြိုင်စံမမီ ဆင်ပြောင်တစ်သောင်းအား ကို ဆောင်သော အကျင့်သီလနှင့် ပြည့်စုံ ဖြူစင်သော တစ်ဦးတည်းသော မိန်းမမြတ်ဖြစ်ပုံ။
- မယ်တော်မာယာသည် အိပ်စက်နေစဉ် ဘုရားလောင်းသည် ဆင်ဖြူတော် အသွင်ဖြင့် မယ်တော့်ဝမ်းကြာတိုက်တွင် ဝင်စံကိန်းအောင်းတော်မူပုံ။
- ဘုရားလောင်းသည် မယ်တော့်ဝမ်းကြာတိုက်တွင် စံနေစဉ် အညစ်အကြေးတို့ မလိမ်းကြေစေနိုင်ရန် နတ်တို့က ရတနာပြာသာဒ်အိမ်တစ်ခုကို ဖန်ဆင်းပေးထားပုံ။
- ဤ ရတနာပြာသာဒ်အိမ်၌ ဘုရားလောင်း၏ ရူပကာယတော်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစွာ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူပုံ။
- ဘုရားလောင်း၏ ရူပကာယတော်မှ ပေါ်ထွက်လာသော ရောင်ခြည်တော်တို့သည် ထူးခြားသော အသွင်ဖြင့် မယ်တော့် ဝမ်းကြာတိုက်ကို ဖြတ်သန်း၍ ယူဇနာပေါင်းများစွာသို့ ပျံ့နှံ့ထွန်းလင်းနေပုံ။

- ဘုရားလောင်း၏ သန္ဓေကို လွယ်ထားစဉ်ကာလ၌ မယ်တော်သည် အနာရောဂါရှိသူတို့၏ ဦးခေါင်းကို ထိလိုက်လျှင် အနာရောဂါများ ပျောက်ကင်းချမ်းသာကြရပုံ။
- မယ်တော်သည် မိမိ၏ လက်ယာနံပါးကို ကြည့်သောအခါ ကြည်လင်သောမှန်ပြင်၌ မိမိ မျက်နှာကို ပြန်မြင်ရဘိသကဲ့သို့ သားအိမ်တွင်းမှာ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသော ဘုရားလောင်းကို မြင်ရပုံ။
- ဖွားမြင်တော်မူချိန်တွင် မယ်တော်သည် မတ်တပ်ရပ်လျက် အနေအထားဖြင့်သာ လက်ယာနံပါးမှ ဘုရားလောင်းကို ဖွားမြင်ပုံ။
- ဖွားမြင်တော်မူချိန်တွင် သောင်းတိုက်စကြဝဠာများမှ နတ်ဗြဟ္မာတို့ ရောက်ရှိလာ၍ အလုပ်အကျွေး ပြုစုကြပုံ။
- ဘုရားအလောင်းတော် သည် မြောက်ဖက်သို့ ခြေ (၇) လှမ်း လှမ်းစဉ် ခြေဖဝါးအောက်မှ ကြာပန်းများ ဖူးပွင့်လာကြပုံ။
- မိမိသာလျှင် လောက၌ အကြီးဆုံး အမြတ်ဆုံးဟု ဘုရားလောင်းက ကြုံးဝါးကြွေးကြော်ပုံ။
- ဖွားမြင်တော်မူချိန်တွင် မြေလှုပ်ခြင်းစသော ဖြစ်မြဲမဟုတာ အံ့ဖွယ်ထူးကဲမှုများ ဖြစ်ပွားပုံ စသည်တို့ကို ဖော်ပြထား၏။

လလိတာဝတ္ထာရကျမ်းတွင် ဘုရားလောင်း ထီးနန်းစည်းစိမ်ကို ခံစားတော်မူပုံ၊ နိမိတ်ကြီးလေးပါးမြင်၍ တောထွက်တော်မူပုံ၊ ဒုက္ကရစရိယ ကျင့်တော်မူပုံ၊ ဘုရားအဖြစ်သို့ ရောက်တော်မူပုံ၊ တရားဦးဟောကြားတော်မူပုံ အစရှိသည်တို့မှာ ပါဠိဗုဒ္ဓဝင်နှင့် များစွာ မထူးလှချေ။ ပါဠိဗုဒ္ဓဝင်တွင် မပါဝင်သော အခြား ထူးခြားသော အဖြစ်အပျက်များ (ဘုရားလောင်းကို ကျောက်ရပ်ထုများက ရှိခိုးပုံ၊ ဘုရားလောင်းကို ပညာသင်ပေးမည့် ဆရာ ချော်လဲကျပုံ၊ ဘုရားလောင်းကို မည်သူမျှ မသင်ကြားရဘဲ ပညာရပ်များ တတ်မြောက်နေပုံ) တို့ကိုပါ ထည့်သွင်း ရေးဖွဲ့ထားလေသည်။

သို့ရာတွင် လလိတာဝတ္ထာရကျမ်းသည် ဤမျှဖြင့် ကျေနပ်နှစ်သိမ့်ပုံ မရသေးဘဲ "ငါဘုရားအား ဆည်းကပ်ယုံကြည်သူ အားလုံးကို ငါဘုရားသည် အတုမဲ့သောကောင်းကျိုးကို ဆောင်တော်မူ၏။ ငါဘုရားအား ဆည်းကပ်ယုံကြည်သူ အားလုံးသည် ငါဘုရား၏ မိတ်ဆွေများ ဖြစ်ကြကုန်၏" စသဖြင့် ဖော်ကျူးရေးသားထားလေရာ ပါဠိ ဗုဒ္ဓဝင် ထက်ပင် ပိုမို၍ ဗုဒ္ဓကိုးကွယ်ဆည်းကပ်မှု (ဘတ္တိ) ကို အလေးအနက် ထားဟန်ရှိလေသည်။ ပါဠိ ဗုဒ္ဓဝင်နှင့် လလိတာဝတ္ထာရကျမ်းသည်

အချိန်ကာလခြင်း မရှေးမနှောင်း ပေါ်ပေါက်ခဲ့ဟန်ဖြစ်ရကား ၄င်းတို့ထက် ရှေးကျသော ဗုဒ္ဓဝင်စာပေ အစဉ်အလာတစ်ခုကို မှီငြမ်းပြုခဲ့ကြရဟန် တူကြောင်း ပညာရှင်များက သုံးသပ်ကြပါသည်။ လလိတာဝတ္ထာရကျမ်းသည် သုတ္တန်ပါတ်ကဲ့သို့သော ရှေးဟောင်းပိဋကတ်စာပေများမှ တိုက်ရိုက် ဆင်းသက်လာသည့် အလွန်လှပပြေပြစ်သော ဂါထာများဖြင့် ဖွဲ့စည်းထားသည်ဖြစ်ရာ ရှေးဟောင်းပိဋကတ်စာပေများ၏ ဇစ်မြစ်ကို ထောက်လှမ်းလိုသော သုတေသီတို့အတွက် ရတနာသိုက်သဖွယ်လည်း ဖြစ်နေပါ၏။[၂၀၆]

အဋ္ဌသာဟာရှရိကာ ပညာပါရမိတာသုတ္တန် မှ မဟာယာန အယူအဆများ

အေဒီ (၂) ရာစု ခန့်တွင် အိန္ဒိယပြည် မြောက်ပိုင်းတွင် ပညာပါရမိတာသုတ္တန်ကျမ်းများ ပေါ်ပေါက်လာခဲ့သည်။ မကြာခင်ကာလတွင် ၄င်းပညာပါရမိတာသုတ္တန်စာပေများကို တရုတ်ဘာသာသို့ ဘာသာပြန်ဆိုခဲ့ကြသည်။ နောက်ပိုင်းတွင် တိဗက်ဘာသာသို့လည်း ပြန်ဆိုခဲ့သည်။ မဟာယာနဗုဒ္ဓဝါဒီတို့သည် ပညာပါရမိတာသုတ္တန်များကို ဘုရားဟော (ဗုဒ္ဓဝစန) အစစ်အဖြစ် သတ်မှတ်ကာ လေးမြတ် ယုံကြည်ခဲ့ကြသည်။ ထို ပညာပါရမိတာသုတ္တန်များကို အရှင်နာဂဇုနက ပင်လယ် သမုဒ္ဒရာ အောက်အရပ် နဂါးပြည်မှ သယ်ဆောင်ခဲ့သည်ဟူ၍ ဒဏ္ဍာရီဆန်ဆန် ဖော်ပြထား၏။ အရာခပ်သိမ်း၏ အတွင်းအနှစ်သား ဆိတ်သုဉ်းမှုကို ထပ်တလဲလဲ ဖြစ်နေသော အဆိုပြုဝါကျများဖြင့် ဖော်ပြထားသော ဤသုတ္တန်ဒေသနာတော်သည် နက်ရှိုင်းသော ဘာဝနာ အတွေ့အကြုံကို ထင်ဟပ်ထားသော ဓမ္မကျမ်းစာတစ်ခု ဖြစ်တန်ရာ၏ ဟူ၍သာ ဆိုနိုင်ပေလိမ့်မည်။

ပညာပါရမိတာသုတ္တန်များနှင့် ပတ်သက်၍ အထူးပြုလေ့လာခဲ့သော ပညာရှင် အက်ဒဝပ်ကွန်ဇီ (Edward Conze) ၏ အလိုအရ ပညာပါရမိတာသုတ္တန်များသည် နှစ်ပေါင်း တစ်ထောင်အတွင်း တဖြည်းဖြည်း တရွေ့ရွေ့ တိုးတက်လာခဲ့လေသည်။ ဘီစီ (၁) ရာစု မှ အေဒီ (၁) ရာစု အတွင်း ပညာပါရမိတာသုတ္တန်များ၏ အခြေခံကို စတင်ခဲ့၏။ နောက် နှစ်ပေါင်း (၂၀၀) အတွင်း ၄င်းအခြေခံသုတ္တန်ကို ကောင်းစွာ တိုးချဲ့တည်ဆောက်လာခဲ့ကြောင်း၊ ထို့နောက် အေဒီ (၅) ရာစုအထိ ကာလသည် ရှည်လျားသော ပညာပါရမိတာသုတ္တန်များကို ပြန်လည် အတိုချုံးခဲ့ ဟန်ရှိကြောင်း၊ ၄င်း၏အဖွင့် အဋ္ဌကထာ ဋီကာကျမ်းများလည်း ဝန်းရံပေါ်ပေါက်ခဲ့ကြောင်း နောက်

၂၀၆။ မင်းကွန်းအရှင်သုန္ဒရာဘိဝံသ ဆရာတော်၊ သိရီလလိတဝိတ္ထာ ဘာသာပြန်ကျမ်း၊ မန္တလေးမြို့၊ ဟံသာဝတီ ပဋိကတ်စာပုံနှိပ်တိုက်။

ခေတ်ကာလဖြစ်သော အေဒီ (၆) ရာစု မှ အေဒီ(၁၂) ရာစုထိ ကာလတွင် ပညာပါရမိတာသုတ္တန်များအတွင်းသို့ တန္တရယောဂနှင့် မန္တရဆိုင်ရာ အယူအဆများ ဝင်ရောက်လာခဲ့ပုံရကြောင်း စသဖြင့် အက်ဒဝပ် ကွန်ဇီက အနုမာန ပြုခဲ့ပါသည်။ အက်ဒဝပ် ကွန်ဇီ၏ ခေတ်ပိုင်းခြားမှုကို အောက်ပါအတိုင်း တွေ့ ရပြီး ပညာရှင်အများလက်ခံကြပါသည်။

(၁) ရှေးအကျဆုံးဖြစ်သော **အဋ္ဌသာဟာရှရိကာ ပညာပါရမိတာသုတ္တန်** (ဂါထာ-၈၀၀၀) နှင့် ယင်း၏ အနှစ်ချုပ်ဖြစ်သော **ရတနဂုဏသံစယဂါထာ** ပေါ်ထွန်းခဲ့သည်။

(၂) ၄င်းအခြေခံသုတ္တန်ကို ကောင်းစွာတိုးချဲ့ တည်ဆောက်လာသောအားဖြင့် ဂါထာတစ်သိန်းပါသော **သတသာဟာရှရိကာ ပညာပါရမိတာသုတ္တန်** ဂါထာ (၂၅၀၀၀) ပါသော **ပဉ္စဝိံသတိသာဟာရှရိကာ ပညာပါရမိတာသုတ္တန်**နှင့် ဂါထာပေါင်း (၁၈၀၀၀) ပါဝင်သော **အဋ္ဌဒဿသာဟာရှရိကာ ပညာပါရမိတာသုတ္တန်**တို့ ဖြစ်ပေါ်လာခဲ့၏။

(၃) **စိန်သုတ္တန်** (Diamond Sutra) ဟု နာမည်ကျော်ကြားသော ဂါထာ (၃၀၀) ပါ **ဝဇိရဆေဒိကာ ပညာပါရမိတာသုတ္တန်**နှင့် (ဗောဓိသတ္တမေတ္တေယျ ပြုစုခဲ့သော) ပညာပါရမိတာသုတ္တန်အားလုံး၏ အခြေခံအဋ္ဌကထာသဖွယ်ဖြစ်သော **အာဘိသမယ လင်္ကာရသျှတ္တရကျမ်းကြီး** ပေါ်ပေါက်လာခဲ့၏။

(၄) နောက်ဆုံးခေတ်တွင် ပညာပါရမိတာသုတ္တန်စာပေ တစ်ခုလုံးကို ဓာရဏီမန္တာန်အနေဖြင့် အကျဉ်းချုပ်ထားသော ဂါထာ(၁၅၀) ခန့်ရှိသော **အဒ္ဓါဓါသတိကာပညာပါရမိတာသုတ္တန်** အသွင် ဖြစ်ပေါ်ခဲ့လေ၏။[၂၀၇]

မည်သို့ပင်ဖြစ်စေ အဋ္ဌသာဟာရှရိကာ ပညာပါရမိတာသုတ္တန် (တရုတ်ဘာသာပြန်) သည်ကား အစောဆုံးတွေ့ရသော မဟာယာနဆိုင်ရာ ကျမ်းစာတစ်ဆူ ဖြစ်ပေသည်။ အဋ္ဌသာဟာရှရိကာ ပညာပါရမိတာသုတ္တန်တွင် ရှေးဦးဗုဒ္ဓဝါဒနှင့် အာဘိဓမ္မာကျမ်းများနှင့် အယူအဆရေးရာအရ စတင်ကွဲပြားခြားနားမှုများကို တွေ့နိုင်သည်။ အယူအဆရေးရာ ခြားနားမှုများ အနက် (၁) သုညတဝါဒနှင့် (၂) ဗောဓိသတ္တမက်လမ်းစဉ်တို့မှာ အပေါ်လွင် အထင်ရှားဆုံး ဖြစ်လေသည်။

ရှေးဦးဗုဒ္ဓဝါဒနှင့် အာဘိဓမ္မာကျမ်းများတွင် သတ္တဝါတို့၏ အရှိတရားကို

၂၀၇။ **Paul Williams, *Mahayana Buddhism: The Doctrinal Foundations*, P.41**

ခန္ဓာ၊ အာယတန၊ ဓာတု၊ သစ္စာအဖြစ် ခွဲခြမ်းစိတ်ဖြာ ဝေဖန်သည်။ ယင်း ခန္ဓာ၊ အာယတန၊ ဓာတု၊ သစ္စာ စိတ် စေတသိက် ရုပ်တို့ကို စုရုံးခြင်း၊ ဝေဖန်ခြင်း၊ ဓာတ်ခွဲခြင်း၊ ပုဂ္ဂိုလ်ခွဲခြင်း၊ ဝါဒယှဉ်ခြင်း၊ စုံညီပြုခြင်း၊ ကြောင်းကျိုးဆက်ခြင်း စသော နည်းပေါင်းစုံဖြင့် ပုဂ္ဂလအတ္တနှင့် အတ္တနိယကို ပယ်ရှားနိုင်ခြင်းသည် ရှေးဦးဗုဒ္ဓဝါဒနှင့် အဘိဓမ္မာကျမ်းများ၏ ပန်းတိုင်ဖြစ်လေသည်။ သတ္တဝါတို့၏ အရှိတရားကို သမ္မုတိသစ္စာအဖြစ် သတ်မှတ်ပြီး ခန္ဓာ၊ အာယတန၊ ဓာတု၊ သစ္စာ စိတ် စေတသိက် ရုပ် စသည်တို့၏ အရှိတရားကို ပရမတ္ထသစ္စာအဖြစ် သတ်မှတ်သည်။

ပညာပါရမိတာသုတ္တန်တွင် ဟောကြားခဲ့သော သုညတဝါဒ အမြင်သည် ပုဂ္ဂလအတ္တနှင့် အတ္တနိယကို ပယ်ရှားရာတွင် ရှေးဦးဗုဒ္ဓဝါဒနှင့် အဘိဓမ္မာ ကျမ်းများအလိုနှင့် အမြင်ချင်းတူမျှပေသည်။ သို့ရာတွင် ခန္ဓာ၊ အာယတန၊ ဓာတု၊ သစ္စာ စိတ် စေတသိက် ရုပ်တို့ကို ပကတိ သဘာဝ အရှိတရားများ အနေနှင့်တော့ လက်မခံပါ။ ခန္ဓာ၊ အာယတန၊ ဓာတု၊ သစ္စာ စိတ် စေတသိက် ရုပ်တို့သည် အကြောင်းအခြေအနေတရားများကို မှီစွဲဖြစ်ပွားရသော တရားများဖြစ်သောကြောင့် ယင်း ခန္ဓာ၊ အာယတန၊ ဓာတု၊ သစ္စာ စိတ် စေတသိက် ရုပ်တို့တွင် ကိုယ်ပိုင် ဂုဏ်သတ္တိ၊ ကိုယ်ပိုင်လက္ခဏာ သဘာဝ မြဲမြံမျှပင်မရှိ ဟူ၍ ဟောကြားပါသည်။ သုညတဝါဒ အမြင်တွင် အရာခပ်သိမ်းတို့၏ ကိုယ်ပိုင် ဂုဏ်သတ္တိ၊ ကိုယ်ပိုင် လက္ခဏာ သဘာဝ ကင်းဆိတ်ခြင်းတည်းဟူသော သုညတ လက္ခဏာသည်သာလျှင် အဆုံးစွန်သော ပရမတ္ထသစ္စာအဖြစ် သတ်မှတ်ပါသည်။

ပညာပါရမိတာသုတ္တန်တွင် ဟောကြားသော ပညာပါရမီဟူသည် ရှေးခေတ် အဘိဓမ္မာကျမ်းတို့၏ ခန္ဓာ၊ အာယတန၊ ဓာတု၊ သစ္စာ စိတ် စေတသိက် ရုပ်တို့ကို ပကတိ သဘာဝ အရှိတရားများအဖြစ် သတ်မှတ်ခွဲခြမ်းစိတ်ဖြာပြီး အရာခပ်သိမ်း၏ ပကတိသဘောကို အသိရောက်စေသော ယထာဘူတဉာဏ် (၀၊) တရားသဘောများကို ပိုင်းခြားဝေဖန် စိတ်ဖြာသော ဓမ္မဝဝတ္ထာနဉာဏ်မျိုး မဟုတ်မူဘဲ အရာခပ်သိမ်းတို့၏ ကိုယ်ပိုင်ဂုဏ်သတ္တိ၊ ကိုယ်ပိုင်လက္ခဏာ သဘာဝ ကင်းဆိတ်ခြင်းတည်းဟူသော သုညတလက္ခဏာကို အမြင်ပေါက်ခြင်းသာ အဓိကဖြစ်လေသည်။

နောက်ထပ် အရေးကြီးလှသော အရွေ့တစ်ခုမှာကား ရှေးဦးဗုဒ္ဓဝါဒ၏ ပန်းတိုင်သည် ရဟန္တာ အဖြစ်သို့ ရောက်ရှိပြီး ဘဝအသစ်ဖြစ်ပေါ်မှု အကြွင်းမဲ့ချုပ်ငြိမ်းခြင်း (အနုပါဒိသေသနိဗ္ဗာန်) ပင် ဖြစ်သော်လည်း ပညာပါရမိတာသုတ္တန်တွင် ဟောကြားခဲ့သော ဗောဓိသတ္တမဂ်လမ်းစဉ်မှာမူ ရှေးဦးဗုဒ္ဓဝါဒ၏ ပန်းတိုင်ဖြစ်သည့်

ရဟန္တာအဖြစ်ကို သေးသိမ် ကျဉ်းမြောင်းသော ပုဂ္ဂလိကဆိုင်ရာ ပန်းတိုင်အနေဖြင့် သတ်မှတ်ပြီး အတုမရှိသော အနုတ္တရသမ္မာသမ္ဗောဓိ ဉာဏ်တော်ကို ရရှိပြီး ဝေနေယျသတ္တဝါအများကို ထုတ်ဆောင် ကယ်တင်နိုင်စွမ်းသော ဗုဒ္ဓအဖြစ်ကိုသာ မြင့်မြတ်သောပန်းတိုင်အဖြစ် သတ်မှတ်ခဲ့သည်ကို တွေ့ရ၏။

ပညာပါရမိတာသုတ္တန်သည် ရှေးဦးဗုဒ္ဓဝါဒ၏ ပါဠိပိဋကတ်မှ သုတ္တန်များနည်းတူ ဧဝံ မေ သုတံ (ကျွန်ုပ်သို့ ကြားနာခဲ့ရဖူးပါသည်။) ဟူသော ဝါကျဖြင့် အစပြုသည်ကို တွေ့ရသည်။ သုတ္တန်ကို ဟောကြားရာ အရပ်ဒေသ တရားနာပရိသတ် စသည်တို့ကို ဖော်ပြပုံမှာလည်း ပါဠိပိဋကတ်မှ သုတ္တန်များနည်းတူပင် ဖြစ်လေသည်။ သို့သော်လည်း ပါဠိပိဋကတ်မှ သုတ္တန်များနှင့် နှိုင်းစာလျှင် ပညာပါရမိတာသုတ္တန်သည် အလွန်ရှည်လျားဟန် ပေါ်လေသည်။ ရှေးဦးဗုဒ္ဓဝါဒ၏ ထင်ရှားသော ရဟန္တာမထေရ်ကြီးတစ်ပါးဖြစ်သော အရှင်သုဘူတိကိုလည်း ဗုဒ္ဓရှင်တော်နှင့် သုညတဝါဒ ရေးရာများ ပြန်လှန်ဆွေးနွေးသူအနေနှင့် ဖော်ပြထားသည်ကို တွေ့ရလေသည်။ အရှင်သုဘူတိသည် သုညတာဓမ္မနှင့် ပတ်သက် အသိရောက် အမြင်ပေါက်သူ သာဝကများအနက် အထူးမြတ်ဆုံးသော ဧတဒဂ်ပုဂ္ဂိုလ်အနေနှင့် သတ်မှတ်ခံရသူလည်း ဖြစ်ပေ၏။

ထို့အပြင် ပညာပါရမိတာသုတ္တန်ကို ဟောကြားတော်မူသော ရှင်တော်ဗုဒ္ဓ၏ အတုမရှိသော ကျက်သရေ ဘုန်းတန်ခိုးတို့ကိုလည်း အဆန်းတကြယ် အံ့ဖွယ်ဖော်ပြထားသည်ကို ဤသို့ တွေ့ရလေသည်။

"ကိုယ်တော်မြတ်သည် သမာပတ်ဝင်စားတော်မူရန် ကိုယ်ကို ဖြောင့်မတ်စွာ ပြုလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်တော်မူ၍ သမာပတ်အားလုံးကို အကြုံးဝင်သော သမာပတ်အားလုံးတို့၏ဘုရင် သာဂရမုဒ္ဒြာသမာဓိကို ဝင်စားတော်မူ၏။ ထို့နောက် ထင်သော သတိကြည်လင်သော စိတ်တော်ဖြင့် သမာပတ်မှ ထတော်မူ၍ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ဤဗုဒ္ဓခေတ် တစ်ခုလုံးကို သိမ်းကျုံးကြည့်ရှုတော်မူစဉ် ကိုယ်တော်၏ အင်္ဂါကြီးငယ် အားလုံးနှင့် အရေပြား မွေးတွင်းတော်တိုင်းမှ ရောင်ခြည်တော်ကို ကွန့်မြူးပျံထွက်စေတော်မူစေရာ ထိုရောင်ခြည်တော်များသည် စကြဝဠာများ အားလုံးကို ထွန်းလင်းတောက်ပစေကုန်၏။"

"ဤသို့ ကွန့်မြူးပျံထွက်စေသော ရောင်ခြည်တော်များကို တွေ့မြင်ကြကုန်သော သတ္တဝါအားလုံးတို့သည် ထိုရောင်ခြည်တော်အလင်းဖြင့် ဉာဏ်အမြင် သန့်ရှင်းခြင်းသို့ ရောက်ကုန်လျက် အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို ရရှိရန် အဓိဋ္ဌာန် ပြုကြလေကုန်၏။ ထို့နောက် ဗုဒ္ဓသည် ဖွင့်ထားသော ခံတွင်းမှ လျှာတော်ကို

မြင်စေလျက် ပြိုးတော်မူလေရာ ရာပေါင်းများစွာ ထောင်ပေါင်းများစွာ သန်းပေါင်းများစွာ အသချေ်ယျ အပွမေယျ ရောင်ခြည်တော်တို့သည် လျှာတော်မြတ်မှ ကွန့်မြူးပျံထွက်ကြကုန်၏။ ရောင်ခြည်တော်တစ်ခုစီတွင် အရောင်တလက်လက် ထွက်နေကုန်သော လှပတင့်တယ် ရွှချင်ဖွယ် ဖြစ်ကုန်သော သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်၍ ရွှေရောင်တောက်နေသော ကာစီလိန္ဒိက (ကာသိတိုင်းဖြစ်ပုဆိုး) ကဲ့သို့ နူးညံ့ပျော့ပြောင်းကုန်သော အထောင်မကသော ပွင့်ချပ်တို့ဖြင့် ရွှေရောင်ကဲ့သို့ ပြိုးပြိုးပြက် တောက်ပကုန်သော ရတနာကြာပွင့်တို့သည် ပေါ်ထွက်လာကြကုန်၏။”

“ဤ ရတနာကြာပွင့်များပေါ်ဝယ် တထာဂတန်မြတ်ဘုရားတော်များသည် ထိုင်တော်မူကြကုန်လျက် ပါရမီခြောက်ပါး တရားတော်ကို ဟောတော်မူကြကုန်၏။ ထိုတရားတော်ကို ကြားနာကြရကုန်သော သတ္တဝါအပေါင်းတို့သည် အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို ရရှိရန် ဆုတောင်းပတ္ထနာ ပြုကြလေ၏။ ဂျင်တော်ဗုဒ္ဓသည် သီဟဝိဇ္ဇမ္ဘီစာဟူသော သမာပတ်ကို တစ်ခါထပ် ဝင်စားတော်မူပြန်၏။ ဤခဏ၌ မရေမတွက်နိုင်သော စကြဝဠာတို့တွင်ရှိကြကုန်သော ငရဲ တိရစ္ဆာန်နှင့် ပြိတ္တာဘုံ အစရှိသည်တို့၌ ဒုက္ခခံစားနေရသော သတ္တဝါများသည် ချမ်းသာရာရကြကုန်လေ၏။”

“နတ်လူအားလုံးတို့သည် မိမိတို့၏ ရှေးရှေးဘဝများကို ပြန်ပြောင်း အောက်မေ့သတိရကြကုန်လျက် ဗုဒ္ဓထံတော်သို့ ချဉ်းကပ်၍ ရှိခိုးပူဇော်ကြကုန်၏။ ထိုခဏ၌ပင်လျှင် မရေမတွက်နိုင်သော စကြဝဠာတို့တွင် ရှိကြကုန်သော ပဋိသန္ဓေအားဖြင့် ကန်းသောသူ၊ ပင်းသောသူ၊ စိတ်မနှံ့သောသူတို့သည် မြင်ကြ ကြားကြ လူကောင်းပကတိ ဖြစ်လာကြကုန်၏။”

အသွဃောသ ၏ ဗုဒ္ဓစရိတ နှင့် အဝဒါန စာပေများ ထွန်းကားလာခြင်း

မဟာယာနဗုဒ္ဓဘာသာ စတင်မြစ်ဖျားခံ ပေါ်ပေါက်ရာသည် အရင်းအမြစ်အားဖြင့် အထက်တွင် ဖော်ပြခဲ့ပြီးသော ဗုဒ္ဓဝင်စာပေများ ဖြစ်ကြသည့် မဟာဝတ္ထုနှင့် လလိတဝိဇ္ဇာရကျမ်းများ ဖြစ်သော်လည်း ဤကျမ်းများတွင် ဗုဒ္ဓ၏ ဘဝဖြစ်စဉ်သည် အစီအစဉ်တကျမရှိသေးဘဲ ရှုပ်ထွေးမှုများရှိနေသေးသည်။ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်ကို သပ်ရပ်တိကျစွာ ကဗျာဉာဏ်ကွန့်မြူး၍ ရေးသားစီကုံးခဲ့သည်မှာ **ဗုဒ္ဓစရိတ** ကျမ်း ပြုဆရာ အသွဃောသ (Ashvagosha) ပင်ဖြစ်၏။

ဗုဒ္ဓစရိတ ကျမ်းပြုဆရာ အသွဃောသ သည်ကား သက္ကတစာပေ၏ အပြောင်မြောက် အထူးချွန်ဆုံးသော ကဗျာကဝိများအနက် ပါဝင်ကြောင်း စာပေပညာရှင်များ

သဘောတူသတ်မှတ်ကြ၏။ ရှေးဟောင်း အိန္ဒိယနိုင်ငံ၏ နေမင်းကြီးလေးဆူ (ကဗျာကဝိအဿယောသ၊ ဗုဒ္ဓဒဿနိကပညာရှင် နာဂဇုန၊ သင်္ကတသဒ္ဒါပညာရှင်ပါဏိနီနှင့် ယောဂသုတ္တကျမ်းပြုဆရာ ပတဉ္ဇလီ) အနက် ထည့်သွင်းရေတွက်ခံရသူလည်းဖြစ်ပါ၏။ ရှေးဟောင်းသင်္ကတ စာပေဝိဒူဖြစ်သော ကာလီဒါသဆရာကြီး အမျှားဆုံးကိုးကားရည်ညွှန်းရသူလည်းဖြစ်၏။ တိဗက်စာပေမှတ်တမ်းများအရ အဿယောသသည် အေဒီ (၂) ရာစုတွင် ပေါ်ထွန်းခဲ့ဟန်ရှိ၍ ကနိ၇ကဘုရင်ကြီးနှင့် ခေတ်ပြိုင်ဖြစ်သည်။ ပါသွနှင့် ၄င်း၏တပည့် ပုဏ္ဏယသကို အဿယောသ၏ ဆရာများအဖြစ် ယူဆကြလေသည်။ အဿယောသသည် အစဉ်အလာအားဖြင့် မဟာယာနဗုဒ္ဓဘာသာကို စတင်တည်ထောင်သူများအနေနှင့် အရှင်နာဂဇုန အရှင်အရိယဒေဝတို့နှင့်အတူ ယှဉ်တွဲဖော်ပြခြင်း ခံရသူလည်းဖြစ်၏။ အဿယောသသည် မဟာယာနဗုဒ္ဓဘာသာဂိုဏ်း အားလုံးက လေးမြတ်ကြည်ညိုခြင်းကို ခံရသော ပညာရှင်ဖြစ်ပြီး မဟာယာနသဒ္ဓေပ္ပါဒကဲ့သို့သော ကျမ်းမျိုးကိုပင် သူစီရင်ခဲ့သည်ဟု (မှားယွင်းစွာ) အမည်တပ်ခြင်း ခံရလောက်အောင်ပင် မဟာယာနစာပေလောကတွင် ကျော်ကြားသူဖြစ်ပါ၏။

အဿယောသ၏ ဘဝဇစ်မြစ် စစ်စစ်ပေါက်ပေါက်ကို သိရန် ခဲယဉ်းသော်လည်း သူသည် အမျိုးမြတ်ပညာတတ်သော ဗြဟ္မဏအနွယ်မှ ဆင်းသက်ပေါက်ဖွားခဲ့ကြောင်း သူ၏ မွေးရပ်ဒေသ သာကေတ သို့မဟုတ် ဗာရာဏသီ စသဖြင့် ဖော်ပြကြကြောင်း သူ့မိခင်၏အမည်မှာ သုဝဏ္ဏာကို့ဖြစ်ကြောင်းတို့လောက်သာ သိရှိနိုင်လေသည် ။ အဿယောသသည် မဟာယာန ဗုဒ္ဓဘာသာဝင် ဖြစ်မလာမီက ဗြဟ္မဏစာပေကျမ်းဂန်များကို အကုန်အစင် လေ့လာသင်ကြားခဲ့သည့်အပြင် မဟာယာန ဗုဒ္ဓဘာသာဝင် ဖြစ်မလာမီ သဗ္ဗတ္ထိဝါဒ ဂိုဏ်းသားတစ်ဦး ဖြစ်ခဲ့ဟန်တူ၏။ နောက်မှ ဗုဒ္ဓမြတ်စွာကို အထူးလေးမြတ် ပူဇော်ကြည်ညိုသော ဗုဒ္ဓဘက္တိကို များစွာတိမ်းညွတ်ခဲ့သူ ဖြစ်လေသည်။ တိဗက်ကျမ်းများက အဿယောသ၏ ပညာဉာဏ်ကို ချီးကျူးရာ၌ အဿယောသအတွက် မဖြေရှင်းနိုင်သော အမေးပုစ္ဆာ ပြဿနာဟူသည် မရှိ၊ မကျော်လွှားနိုင်သော ပြစ်တင်စောကြောမှုမျိုးသည်မရှိ သစ်ဆွေးသစ်ခြောက်ပင်များကို အားကြိုးသော လေမုန်တိုင်းသည် တစ်ခဏအတွင်း ချိုးဖဲ့ ဖျက်ဆီးနိုင်ဘိသကဲ့သို့ မိမိ၏ ဆန့်ကျင်ဘက်များကို အမြဲတမ်း အောင်နိုင်လေ့ရှိသူ စသဖြင့် ချီးကျူးထားခဲ့သည်ကို တွေ့ရပါသည်။

အဿယောသသည် မိမိ၏ အနုပညာစွမ်းအားဖြင့် ဓမ္မဂီတများစွာ ရေးသားသီးကုံးလျက် အနယ်နယ် အရပ်ရပ်သို့ လှည့်လည်၍ လူအများရှေ့မှောက် သီဆို

ဖျော်ဖြေခဲ့ခြင်းဖြင့် ဂီတအနုပညာမီဒီယာမှ ဗုဒ္ဓသာသနာပြုခဲ့ကြောင်း သိရ၏။ (ယခုခေတ် ခရစ်ယာန် ဇဝံဂေလိ သာသနာပြုများနှင့် များစွာခြားနားမည်မဟုတ်ချေ) အေဒီ ၆၇၁ မှ ၆၉၅ ကာလအတွင်း အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့သော တရုတ် ရဟန်းတော်ခရီးသည် ယိချင် (I-Tsing) ၏ မှတ်တမ်းတွင် အသွယောသသည် အရှင်နာဂဇုန၊ အရှင်အရိယဒေဝတို့နှင့်အတူ မဟာယာနလူပ်ရှားမှုကို စတင်ခဲ့သူ ဖြစ်ကြောင်း၊ ဤသို့သောပါရမီရှင် ပုဂ္ဂိုလ်ထူးများသည် တစ်ခေတ်တွင် တစ်ဦးစ နှစ်ဦးစသာ ပေါ်ထွန်းတတ်ကြောင်း၊ အိန္ဒိယနိုင်ငံ တစ်ဝှမ်းလုံးရှိ ဗုဒ္ဓဘာသာ ကျောင်းတိုက်များတွင် အသွယောသ၏ ဓမ္မဂီတများကို ကျူးရင့်ပူဇော်ကြကြောင်း မှတ်တမ်းပြုခဲ့လေသည်။

အသွယောသ၏ ဓမ္မစာပေလက်ရာမွန်များအနက် ရှင်တော်ဗုဒ္ဓ၏ ဖြစ်တော် စဉ်ကို ဖော်ပြရေးဖွဲ့သော ဗုဒ္ဓစရိတအမည်ရှိ ဗုဒ္ဓဝင်မဟာကဗျာကြီးသည် အပြောင် မြောက်ဆုံး အထင်ရှားဆုံး လက်ရာဖြစ်ခဲ့၏။ တရုတ်ရဟန်းတော်ခရီးသည် ယိချင် ၏ မှတ်တမ်းတွင် ဖော်ပြရေးဖွဲ့သော ဗုဒ္ဓစရိတ အမည်ရှိ ဗုဒ္ဓဝင် မဟာကဗျာကြီး သည် ကြီးမားကျယ်ဝန်းလှသော ကျမ်းကြီးဖြစ်ကြောင်း မြတ်စွာဘုရား၏ အရေး အကြီးဆုံး တရားတော်များနှင့် မင်းစည်းစိမ် စံစား ခံစားချိန်မှစတင်၍ ကုသိနာရုံ အင်ကြင်းတော၌ မဟာပရိနိဗ္ဗာန်စံဝင်တော်မူသည့်အချိန်အထိ တစ်သက်တာ ကာလ ပတ်လုံး လုပ်ဆောင်ချက်များကို ရေးသားဖော်ပြထားကြောင်း ဗုဒ္ဓစရိတကို အိန္ဒိယ နိုင်ငံ တစ်ဝှမ်းလုံးနှင့် ဗုဒ္ဓယဉ်ကျေးမှု ထွန်းကားသော တောင်အာရှနှင့် အရှေ့တောင် အာရှမှ တိုင်းနိုင်ငံများတွင် အနှံ့အပြား ရွတ်ဖတ် သီဆိုကြကြောင်း ဖော်ပြထားခဲ့ပါ သည်။ တရုတ်ရဟန်းတော် ခရီးသည်ယိချင်အနေဖြင့် ဗုဒ္ဓစရိတ၏ တရုတ်ဘာသာပြန် ကို ဖတ်ဖူးဖွယ်ရှိပြီး ဗုဒ္ဓစရိတကျမ်းသည် တိဗက်နှင့် တရုတ်ဘာသာပြန်များတွင် အခန်း (၂၈) ခန်းရှိ၍ ယခုတွေ့ရှိရသော သက္ကတမူရင်းတွင် အခန်း(၁၇)ခန်းသာ တွေ့ရှိရသောကြောင့် မူလကဗျာ၏ နောက်ပိုင်းအခန်းများ သက္ကတစာပေတွင် ပျောက်ဆုံးနေကြောင်းကို မှတ်သားမိပါ၏။

ပညာရှင်များ အလိုအရ ရှေးအကျဆုံး အခန်း (၁၃) ခန်းကိုသာ အသွယောသ ၏ လက်ရာအဖြစ် ယူဆကြလေသည်။ မည်သို့ပင်ဖြစ်စေ အသွယောသကိုယ်တိုင် ရေးဖွဲ့ခဲ့ကြောင်း အခိုင်အမာ အတည်ပြုနိုင်သော ရှေးအကျဆုံး အခန်း (၁၃) ခန်းကို ချင့်ချိန်ကြည့်ခဲ့လျှင်ပင် အသွယောသ၏ ဗုဒ္ဓစရိတ ဗုဒ္ဓဝင်မဟာကဗျာကြီးသည် သက္ကတစာပေ သဒ္ဒါနည်းစံနစ်များနှင့် ကောင်းစွာညီညွတ်သည့်အပြင် အလင်္ကာ ဆန်းကျမ်းများအရလည်း အနုပညာဂုဏ်မြောက်သော အရေးအဖွဲ့ဖြစ်၏။ လှပဆန်း

ကြယ်စွာ သီကုံးထားသော ဂါထာများတွင် လေးနက်သော တရားအမြှုပ်ကိုလည်း အချိုးညီညီ ပေါင်းစပ်ပေးခဲ့သော အနုကဗျာ စာပေလက်ရာမွန်တစ်ခု ဖြစ်ကြောင်း ထင်ရှားနေပါသည်။

အသွယောသသည် ဗုဒ္ဓစရိတအပြင် **သုန္ဒရနန္ဒ** (ညီတော်မင်းနန် ရဟန်း ပြုခြင်းအကြောင်း) **သာရိပုတ္တပကာရဏ** (ရှင်သာရိပုတ္တရာ တရားသိမြင်ခြင်းကြောင်း) စသော ကဗျာ ပြဇာတ်များလည်း ရေးခဲ့သိရပါသည်။ အခြေခံအားဖြင့် အသွယောသ၏ စာပေလက်ရာများသည် ဗြဟ္မဏဝါဒအယူကို စွန့်လျက် ဗုဒ္ဓသာသနာတော်ထဲ ကူးပြောင်း ခိုလှုံလာပုံ ဇာတ်လမ်းများကို ရေးဖွဲ့ထားသောကြောင်း သူ့စာပေလက်ရာများ၏ ဦးတည်ချက်သည် ဗုဒ္ဓဘာသာ သာသနာပြုရေးအတွက် ဦးတည်ကြောင်း ထင်ရှားနေပါသည်။

အသွယောသနှင့် မရှေးမနှောင်းသောကာလတွင် မဟာယာန ဗုဒ္ဓဘာသာ ဖြစ်ပေါ်ရန်အတွက် အရေးပါသော အဝဒါန (ပါဠိဘာသာ=အပါဒါန) အမည်ရှိသော စာပေပုံစံသစ်တစ်မျိုး ပေါ်ပေါက်လာခဲ့ပါသည်။ အဝဒါနစာပေသည် ဟီနယာန တစ်ဝက်၊ မဟာယာန တစ်ဝက် ရောယှက်နေသော စာပေဖြစ်သည်။ ရှေးဦးခေတ် အဝဒါနစာပေသည်ကား ပါဠိပိဋကတ်နှင့် ဟီနယာနဂိုဏ်းကွဲများတွင် ပါဝင်၍ နှောင်းခေတ် အဝဒါနစာပေသည် မဟာယာနသန့်သန့် စာပေမျိုးဖြစ်ကြောင်း ပညာရှင်များ သတ်မှတ်ကြပါသည်။ အဝဒါနဟူသော ဝေါဟာရသည် "အထူးတလည် မော်ကွန်းတင်ထိုက်သော ပြုမူလုပ်ဆောင်ချက်များ" သို့တည်းမဟုတ် "သူမတူ အောင် စွမ်းစွမ်းတမံ ဆောင်ရွက်ချက်" စသော အနက်အဓိပ္ပာယ်များ ရှိပေသည်။ အဝဒါနစာပေသည် ဗုဒ္ဓသာသနာတော်မှ ကြီးမြတ်သော ပုဂ္ဂိုလ်ထူးတို့အကြောင်း မှတ်တမ်းတင်ချက်များဖြစ် တစ်ခါတစ်ရံ ကျောင်းတိုက်ကြီးများသမိုင်းနှင့် လူဥပသကာတို့၏ ဖြစ်ရပ်များပါ ပါဝင်နိုင်လေသည်။ အဝဒါနစာပေသည် ဘာသာရေး တန်ဖိုးနှင့် ကျင့်စဉ်များကို လက်တွေ့ဘဝ ပတ်ဝန်းကျင်တွင် ကျင့်သုံးအောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်မြတ်များ၏ ဘဝအတ္ထုပ္ပတ္တိများကို ချီးကျူး ဂုဏ်ပြုရေးသားချက်များ ဖြစ်ကြ၏။ ကံ ကံ၏ အကျိုးတရားများ ဆန်းကြယ်စွာ ဆက်နွယ်နေပုံနှင့် မြင့်မြတ်သောဆုကို ပန်ဆင်ခဲ့သူ ဆုကြီးပန် အလောင်းအလျာ ပုဂ္ဂိုလ်များ၏ အားထုတ်ကြိုးပမ်းချက်များကို အသားပေး ဖော်ပြထားသော စာပေပုံစံ ဖြစ်လေသည်။ ခေတ်ပေါ် ဝတ္ထုဇာတ်လမ်းများကဲ့သို့ပင် အဝဒါနစာပေလာ ပုဂ္ဂိုလ်မြတ်များ၏ ဘဝအတ္ထုပ္ပတ္တိများသည် ရသစုံလင်စွာ ပေးသော အနုပညာလက်ရာများ ဖြစ်ကြ၏။

အဝဒါနစာပေသည် ဗုဒ္ဓဝင်စာပေ ဇာတကစာပေ နိပါတ်တော်စာပေ ပိဋကတ်

တော်လာ ထေရီထေရာများ၏ ဘဝအတွေ့ပ္ပတ္တိများအပြင် ရှေးဟောင်း အိန္ဒိယစာပေသိုက်ကြီးထဲမှ ပုံပြင် ဒဏ္ဍာရီဝတ္ထုများတွင် ပါရှိသော အကြောင်းအရာ ပေါင်းစုံကို ရောနှော ပေါင်းစပ်ရေးသားထားသော စာပေလက်ရာများဖြစ်သည်။ အဝဒါနစာပေ ခေတ်စားခဲ့သည် ကာလကို ဘီစီ (၂) ရာစု မှ အေဒီ (၃) ရာစုအတွင်း နှစ်ပေါင်း (၅၀၀) ခန့် ရှိခဲ့ကြောင်း သိရ၏။ ထို့အပြင် အိန္ဒိယနိုင်ငံ ပြင်ပမှ ဗုဒ္ဓဘာသာယဉ်ကျေးမှု အလွှမ်းမိုးခံရသော အခြားအာရှနိုင်ငံများသို့လည်း အဝဒါနစာပေ ပျံ့နှံ့ရောက်ရှိခဲ့ပြီး ဘာသာရေးဆိုင်ရာ နံရံဆေးရေးပန်းချီပါ ဇာတ်လမ်းများကို အဝဒါနစာပေက များစွာလွှမ်းမိုးခဲ့ကြောင်းကို သိရပါသည်။

အဝဒါနစာပေ၏ အတွင်းသာ ဖွဲ့စည်းပုံသည် ဇာတကစာပေပုံစံကဲ့သို့ပင် ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထု ဇာတ်ပေါင်းခန်း (သမာဝဒါန) ဟူ၍ အပိုင်း (၃) ပိုင်း ဖြင့် ဖွဲ့စည်းထားလေသည်။ ဇာတ်ပေါင်းခန်းတွင် အဓိက ပြောဆိုသူဖြစ်သော ဗုဒ္ဓနှင့် သာဝကတို့ က အတိတ်ဇာတ်ကြောင်းမှ မည်သူမည်ဝါသည် ပစ္စုပ္ပန်ဇာတ်လမ်းတွင် မည်သူမည်ဝါ ဖြစ်လာကြောင်းကို ထပ်တူပြု ဆက်စပ်ပြထားလေ၏။ အချို့ အဝဒါနဇာတ်လမ်းများတွင်မူ အဓိကပုဂ္ဂိုလ်ဖြစ်သူ၏ အနာဂတ် ဗျာဒိတ်ပေးချက် (ဗျာကရဏ) ကို ဖော်ပြပြီး မည်သူမည်ဝါသည် အနာဂတ်ကာလတွင် မည်သို့သော ဘဝကို ရရှိပြီးနောက် မည်သို့မည်ပုံ တရားထူးရ၍ ကျွတ်တမ်းဝင်လိမ့်မည်ဟူသော ဟောကိန်းများ ပါရှိလေသည်။ အကယ်စင်စစ်အားဖြင့် အဝဒါနစာပေသည်ကား မကောင်းမှုတို့သည် မကောင်းသောအကျိုးကိုပေး၍၊ ကောင်းမှုသည် ကောင်းကျိုးကိုပေးသည် ဟူသော အခြေခံ ကမ္မနိယာမ သဘောတရားကို ပြရန်နှင့် အတိတ်ပစ္စုပ္ပန် နှင့် အနာဂတ်ဘဝ ဖြစ်စဉ် သံသရာကို အခြေခံထားသည့် ကမ္မဝါဒကို ဟောကြားသင်ပြရန် ရည်ရွယ်ထားသည်မှာ ထင်ရှားလေသည်။

ပါဠိပိဋကတ် ခုဒ္ဒကနိကာယ်တွင် သွတ်သွင်းထားသော ထေရီထေရာ အပါဒါန်ကျမ်းများသည် အဝဒါနစာပေခေတ်၏ ရှေးအကျဆုံးသော လက်ရာများ ဖြစ်ဖွယ်ရှိပြီး ဘီစီ (၂) ရာစုဝန်းကျင်တွင် စုဆောင်းခဲ့ပုံရလေသည်။ ထေရီထေရာ အပါဒါန်ကျမ်းများသည် ရှင်တော်ဗုဒ္ဓ၏ အကြီးမြတ်ဆုံး ထိပ်တန်း မဟာသာဝကကြီးများ၏ အတိတ်ဇာတ်ကြောင်း ပါရမီဖြည့်ဆည်းခဲ့ကြပုံနှင့် ပစ္စုပ္ပန်ဘဝတွင် ရှင်တော်ဗုဒ္ဓကို ဖူးတွေ့ရပြီးနောက် အမြိုက်တရား ရပုံဇာတ်လမ်းများ ဖြစ်လေသည်။ နောက်ပိုင်းကာလ (အေဒီ ၁ ရာစု မှ ၄ ရာစု အတွင်း) ပေါ်ပေါက်ခဲ့သော အဝဒါနသတက (ပုဂ္ဂိုလ်ထူး ၁၀၀ ဇာတ်လမ်းများ) ကမ္မသတက (ကံ-ကံ၏ အကျိုးပြပုံဝတ္ထု ၁၀၀) နှင့် ဒိဗ္ဗာဝဒါန (နတ်ဒေဝလောကမှ ဇာတ်ဝတ္ထုများ) တို့သည်ကား ရဟန်းရှင်လူ

ပုဂ္ဂိုလ် အထူးထူးအထွေထွေတို့၏ ဇာတ်လမ်းများ ပါဝင်နေလေသည်။ အဝဒါနသတက နှင့် ကမ္မသတက ဇာတ်လမ်းများသည် အကျဉ်းချုပ် သဘောဆန်သော အရေးအသား များ ဖြစ်လေသည်။

အဝဒါနသတက ကျမ်းတွင် ရှေးဟောင်းရောမခေတ်သုံး ဒင်္ဂါးတစ်မျိုး (ဒီနာ ရ) ၏ အမည်ကို ဖော်ပြထားသောကြောင့် အေဒီ (၂) ရာစုထက် မစောနိုင်ဟု ပညာရှင်များ ယူဆကြ၏။ အဝဒါနသတကကျမ်းသည် အဝဒါန (၁၀) ခုစီ ပါဝင် သော ဝဂ် (၁၀)ခု ပါရှိပြီး ဝဂ်တစ်ခုလျှင် အကြောင်းအရာတစ်မျိုးစီ ဖော်ပြထား၏။ ပထမဝဂ်မှ စတုတ္ထဝဂ်အထိသည် ဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓတို့နှင့်ဆိုင်သော ပါရမီဖြည့်ပုံ ဇာတ်လမ်းများဖြစ်ပါသည်။ ပဉ္စမဝဂ်မှာ ပေတဝတ္ထုကဲ့သို့ အထူးထူး အထွေထွေ သော ပြိတ္တာမျိုးစုံတို့၏ ဇာတ်လမ်းများဖြစ်ပြီး ဆဋ္ဌမဝဂ်မှာမူ လူနှင့် တိရစ္ဆာန်တို့ ဒါန သီလမူများကြောင့် နတ်ပြည်လားကြရပုံများ ကောင်းမှု ကုသိုလ်၏ အကျိုး ပေးပုံများကို ဖွင့်ဆိုထားလေသည်။ ဤကျမ်း၏ နောက်ဆုံးဝဂ်လေးခုမှာ ရဟန္တာ တို့နှင့် သက်ဆိုင်သော ဇာတ်လမ်းများဖြစ်လေသည်။

ဒိဗျာဝဒါန (နတ်ဒေဝလောကမှ ဇာတ်ဝတ္ထုများ) မှာမူ အလွန်ရှုပ်ထွေးသော ဇာတ်လမ်းဇာတ်ကွက်များဖြင့် တန်ဆာဆင် ရေးဖွဲ့ထားလေသည်။ (အေဒီ ၆ ရာစု မှ ၈ ရာစုအတွင်း) ပေါ်ပေါက်ခဲ့သော ပါဠိဘာသာ အဋ္ဌကထာကျမ်းများနှင့် တရုတ်ဘာသာပြန် အဝဒါနကျမ်းများတွင် ဤဇာတ်ဝတ္ထုများကို တွေ့ရပါသည်။ ဟိန္ဒူကဗျာဆရာတို့ က မဟာဘာရတ ရာမယဏတို့ ကဲ့သို့သော မဟာကဗျာကျမ်းကြီး များ ရှေးဟောင်းပူရာဏ်ကျမ်းလာ ဇာတ်လမ်းဇာတ်ကွက်များကို မှီငြမ်း၍ ၄င်းတို့၏ သူရဲကောင်းဇာတ်လိုက်များကို ဖန်ဆင်းသည့်နည်းတူ ဗုဒ္ဓဘာသာ ကဗျာဆရာတို့ ကလည်း အဝဒါနစာပေကို ရေးသားပြုစုကြောင်း ခန့်မှန်းရပေသည်။ အေဒီ (၂) ရာစုတွင် ပေါ်ပေါက်ခဲ့သော ကုမာရလာတ ရေးသားသော ကပ္ပနာမဏ္ဍိဋီကာနှင့် ၄င်းနောက်ပေါ်ပေါက်သော အရိယသူရ ဟာရိဘဒ္တ ဂေါပဒတ္တ စသည့် ပညာရှိများ ပြုစုခဲ့ကြသော ဗောဓိသတ္တာဝဒါနမာလာ ဇာတကမာလာ အစရှိသော ကျမ်းများသည် ဘုရားလောင်း၏ ရှေးဘဝဇာတ်ကြောင်းများကို ရေးဖွဲ့ထားသော ကျမ်းစာများ ဖြစ်လေသည်။

ဤ ကျမ်းစာများ၏ အဓိကပစ်မှတ်မှာ သာမန်ပြည်သူလူထု၏ ဘာသာတရား အပေါ် ကြည်ညိုသဒ္ဓါစိတ်ကို တိုးတက် ဖြစ်ထွန်းစေရန် ဖြစ်သည်။ ဘုရားလောင်း နှင့် သာဝကလောင်းလျာတို့၏ ပါရမီဖြည့်ကျင့်ခဲ့ရသော အတိတ်ဘဝပေါင်းများစွာ ကို ရေးသားဖော်ပြခြင်းအားဖြင့် မြတ်စွာဘုရားနှင့် ရဟန္တာသာဝကများအပေါ်

အထူးလေးစား ကြည်ညိုစရာကောင်းအောင် ရေးသားထားခြင်း ဖြစ်လေသည်။ ဤဇာတ်လမ်းများကို အခြေခံ၍ ဘဝပေါင်းများစွာ ပါရမီဖြည့်ကျင့်ရသော လမ်းစဉ် (မဟာယာန ပါရမိတာလမ်းစဉ်) ဆီသို့ ဦးတည်ခဲ့သည်ဟု မှန်းဆနိုင်ပါ၏။

သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန်မှ မဟာယာန အယူအဆများ

သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန်[၂၀၈] သည် ရှေးအကျဆုံးသော မဟာယာန ဗုဒ္ဓဘာသာသုတ္တန်များအနက်မှ တစ်ခုဖြစ်ပြီး ဤသုတ္တန်မှ စတင်၍ မဟာယာန အယူအဆများ အပီအပြင် ထင်ရှားစွာ ပေါ်လွင်နေသည်ကို တွေ့ရလေသည်။ ဤသုတ္တန်သည် စကားပြေစုဏ္ဍိယတစ်ပိုင်း ဂါထာအဖွဲ့တစ်ပိုင်း ရေးဖွဲ့ထားလေသည်။ မဟာယာနန္ဒယ်သော ဗုဒ္ဓဝင်ကျမ်းစာများဖြစ်သည့် လလိတာဝတ္ထာရ မဟာဝတ္ထု စသည်တို့ ပေါ်ပေါက်ပြီး အေဒီ (၁) ရာစုဝန်းကျင်ခန့် ဖြစ်နိုင်ကြောင်း ပညာရှင်တို့ ခန့်မှန်းကြပါသည်။ အစောဆုံးတွေ့ရသော တရုတ်ဘာသာပြန်လက်ရာများကို အေဒီ(၂၈၆) တွင် ရဟန်းတော် ဓမ္မရက္ခမှ ၄င်းအေဒီ (၃၈၃) တွင် ရဟန်းတော် ကုမာရဇီဝမှ ၄င်းအေဒီ (၆၀၁) တွင် ဉာဏဂုတ္တနှင့် ဓမ္မဂုတ္တတို့က ၄င်းအသီးသီး ပြန်ဆိုခဲ့ကြလေ၏။ သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန်၏ အရေးပါမှုကို စကြိမ်၊ ဒုကြိမ်မက အထပ်ထပ် ဘာသာပြန်ခဲ့ကြသည်ကို ထောက်ဆလျှင် သိနိုင်လေသည်။ ယနေ့ခေတ်ကာလတိုင် တင်းဒိုင်နိုချိုရင် ဇာန်စသော ဂျပန်ဗုဒ္ဓဘာသာဂိုဏ်းများ၏ ကျောင်းတိုက်ကြီးများတွင် နေ့စဉ် အလေးအမြတ် ရွတ်ဆိုပူဇော်လျက် ရှိနေသော သုတ္တန်ဖြစ်လေသည်။

သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန်သည် ဟီနယာနမှ မဟာယာနသို့ အပြီးသတ် အသွင်ကူးပြောင်းမှုကို ဖော်ပြနေသော သုတ္တန်ဖြစ်၏။ ရှင်တော်ဘုရားသည် အသိဉာဏ်ပါရမီ အဆင့်နိမ့်သော သာဝကများအတွက် ဟီနယာနကို ဟောကြားခဲ့ရကြောင်းကို ရှည်လျားစွာ ဖော်ပြထားလေသည်။ ဟီနယာနလမ်းစဉ်သည် ဗောဓိပက္ခိယတရား (၃၇) ပါးကို ကျင့်သုံးခြင်းဖြင့် ကိလေသာရဝဏ (ကိလေသာ အတားအဆီး) တို့ကို ဖယ်ခွာနိုင်ပြီး အရိယသစ္စာ(၄)ပါးကို သိမြင်နိုင်ခြင်း ပုဂ္ဂလသုညတာကို သိမြင်နိုင်ခြင်း ပဋိစ္စသမုပ္ပါဒ်ကို သိမြင်နိုင်ခြင်း စသည့် အကျိုးတရားများ ရရှိနိုင်ပေသည်။ သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန် အလိုအရ ဟီနယာနလမ်းစဉ်ကို ပေါက်ရောက်အောင်မြင်ပြီးသော သာဝကများသည် ဗောဓိသတ္တ မဟာယာန ပါရမီလမ်းစဉ်ကို ဆက်လက်ဖြည့်ကျင့်ခြင်းအားဖြင့် ဥယျာဝရဏ (ဉာဏ်ပညာအတားအဆီး) ကို ဖယ်ခွာနိုင်ပြီးလျှင် ဓမ္မသုညတာကို ထိုးထွင်းသိမြင်ပြီး သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်ကို ရောက်ရှိနိုင်

---

၂၀၈ H. Kern, *Saddharmapundarika Sutra or The Lotus of the True Law* (1963) Dover Publication

သည်ဟု ဖော်ပြပါသည်။ သဒ္ဓမ္မပုဏ္ဏရိကာ သုတ္တန်၏ အဓိကအကျဆုံး အယူအဆမှာ ဧကယာန=ဗုဒ္ဓယာန=မဟာယာန ဖြစ်သည်။ ရှင်တော်ဘုရားသည် အသိဉာဏ်ပါရမီ အဆင့်နိမ့်သော သာဝကများအတွက် ဟီနယာနလမ်းစဉ်များ (သာဝကယာနနှင့် ပစ္စေကဗုဒ္ဓယာန) ကို ဟောကြားခဲ့ရသော်လည်း အဆုံးစွန်သော တစ်ခုတည်းသော လမ်းစဉ်သည် ဧကယာန= ဗုဒ္ဓယာန=မဟာယာန ဖြစ်သည်ဟု ဆိုပါသည်။

သဒ္ဓမ္မပုဏ္ဏရိကာသုတ္တန်သည် အခန်း (၂၇) ခန်း ပါဝင်သော ရှည်လျားသော သုတ္တန်ဖြစ်သည်။ ပထမအခန်းတွင် ဤသုတ်သည် ရှေးဘုရားရှင် အဆက်ဆက် ဟောကြားခဲ့သော မဟာဝေပုလ္လသုတ္တန်ဖြစ်ကြောင်း ဒီပင်္ကရာဘုရားရှင်ထံသို့ ဝရပြဘာ ဗောဓိသတ္တဆံမှတစ်ဆင့် ရောက်ရှိခဲ့ကြောင်း ဝရပြဘာ ဗောဓိသတ္တမှာ မဉ္ဇူသီရီ ဗောဓိသတ္တ၏ ရှေးဘဝဖြစ်ကြောင်းတို့ကို ဖော်ပြထားလေသည်။ ဒုတိယအခန်းတွင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ ၏ တရားအသိ (ဓမ္မာဘိသယ) ကို ဗောဓိသတ္တ ပစ္စေကဗုဒ္ဓ သာဝကများ မည်သို့မှ အသိမရောက်နိုင်ကြောင်း တတိယနှင့် စတုတ္ထ အခန်းများတွင် ဘုရားရှင်တို့၏ ကရုဏာသည် ဝေနေယျတို့ အပေါ် တစ်ပြေးညီကျရောက်စေကြောင်းကို ပုံပြဝတ္ထုနှစ်ပုဒ်ဖြင့် တင်ပြထားလေသည်။

ပဉ္စမအခန်းတွင် ရှင်တော်ဗုဒ္ဓသည် နေမင်း မိုးတိမ်တိုက်ကဲ့သို့ ဝေနေယျတို့ အပေါ် တူမျှညီညာစွာ ကျင့်သုံးကြောင်း သာဝကတို့ ရရှိသော နိဗ္ဗာန်သည် အဆုံးစွန်လွတ်မြောက်မှု မဟုတ်ကြောင်း ဘုရားရှင်တို့၏ တရားအသိနှင့် ရရှိသောနိဗ္ဗာန်သည် အဆုံးစွန် လွတ်မြောက်မှုဖြစ်ကြောင်းကို ဖော်ပြထားလေသည်။ သက္ကမုနိဘုရားရှင်က မိမိ၏ မဟာသာဝကများသည် တစ်ချိန်ကျလျှင် ဓမ္မသုညတာကို ထိုးထွင်းသိမြင်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ကို ရောက်ရမည်ဖြစ်ကြောင်း ဗျာဒိတ်ပေး ဟောကြားထားသည်ကို တွေ့ရသည်။ ရှင်တော်ဗုဒ္ဓက ဤ သဒ္ဓမ္မပုဏ္ဏရိကာသုတ္တန်ကို ရှေးဘဝပေါင်းတစ်ခုတွင် ဒေဝဒတ္တ အလောင်းရသေ့ထံမှ ကြားနာခဲ့ဖူးကြောင်း ဤသုတ္တန်ကို ကဲ့ရဲ့ရွဲတ်ချမည့်သူများ အနာဂတ်ကာလတွင် ပေါ်ပေါက်လာမည်ကို ကြိုတင်မြင်သိခဲ့ကြောင်း ဤသုတ္တန်ကို ကဲ့ရဲ့ရွဲတ်ချမည့်သူများ အပယ်ဝင်ရဲသို့ လားကြရမည့်အကြောင်း ဤသုတ္တန်ကို လေးမြတ်ကြည်ညိုရွတ်ဆိုပူဇော်ထိုက်ကြောင်း စေတီများနှင့်အတူ ဦးညွှတ်ရိုသေ ထိုက်ကြောင်းတို့ကို ဖော်ပြထားပါသည်။

နောက် အခန်း နှစ်ခန်းတွင်မူ ဘုရားရှင်၏ သက်တမ်းသည် အကန့်အသတ်မရှိ အနန္တ-ထာဝရ ဖြစ်ကြောင်း၊ လူ့လောကတွင် မွေးဖွား-ဘုရားဖြစ်-တရားဟော-ပရိနိဗ္ဗာန်ပြုသော ဖြစ်ရပ်များသည် ဘုရားရှင်၏အမှန်တကယ်ဖြစ်သော အဖြစ်အပျက်များ မဟုတ်မူဘဲ ဝေနေယျတို့ကို တရားပြလိုသောကြောင့် ဖန်တီးထားသော

မာယာဝိရူပမျှသာ ဖြစ်ကြောင်း၊ ဒီပင်္ကရာဗုဒ္ဓမှသည် ဂေါတမဗုဒ္ဓထိ ဘုရားရှင်ဟူသမျှသည် မိမိ၏အသွင်များသာ ဖြစ်ကြောင်း၊ ဟောကြားထားသောကြောင့် လောကီလွန် လောကုတ္တရာ ဘုရားရှင်မျိုးဖြစ်ကြောင်း အတည်ပြုပြောဆိုသော အခန်းများ ဖြစ်လေသည်။ ကျန်အခန်းများ အားလုံးသည်ကား ဤသုတ္တန်ကို လေးမြတ်ကြည်ညိုရွတ်ဆိုပူဇော်ခြင်းအား ဖြင့် ရရှိနိုင်မည့် အကျိုးတရားများကို ဝိတ္ထာရ ချဲ့ ရှင်းပြထားချက်များ ဖြစ်လေ၏။

ထူးခြားချက်မှာ အခန်း (၂၄) တွင် ဗောဓိသတ္တ အဝလောကိတေသွာရကို စတင်မိတ်ဆက် ဖော်ပြထားလေသည်။ ဗောဓိသတ္တ အဝလောကိတေသွာရကို ရည်မှန်းဆုတောင်း ပတ္ထနာပြုပါက ဘေးဥပါဒ်အန္တရာယ် အသွယ်သွယ်မှ လွတ်မြောက်နိုင်ကြောင်း သူသတ်သမား၏ ဓါးသည်ပင် အစိတ်စိတ်အမြွာမြွာ ကျိုးပဲ့ရကြောင်း လက်ထိတ် ခြေထိတ်တို့မှ ကျွတ်လွတ်ရကြောင်း သဘော်ဟုက်ခြင်း ဘေးဆိုးကန္တာရ ခိုးသူတို့၏ဘေး စသည်တို့မှ လွတ်မြောက်ရကြောင်းကို ဖော်ပြထားလေသည်။ ဤ အခန်းကို အခြေခံလျက် ဗောဓိသတ္တ အဝလောကိတေသွာရ၏ အကြောင်း သက်သက်ကိုသာ တစ်ကျမ်းလုံး ဖော်ပြထားသော ကာရဏ္ဍဗျူဟာ အမည်ရှိ ကျမ်းကြီးတစ်စောင် ပေါ်ပေါက်ခဲ့လေသည်။ ကာရဏ္ဍဗျူဟာသည်ကား ဖန်ဆင်းရှင် ဣသရဝါဒ ဆန်ဆန် ရေးသားထားဟန်ရှိလေသည်။

အေဒီ ၃၉၉ တွင် အိန္ဒိယသို့ရောက်လာခဲ့သော တရုတ်ရဟန်းတော် ဖာဟီယန်သည် သီဟိုဠ်မှ တရုတ်ပြည်သို့ သဘော်နှင့် အပြန်လမ်း မုန်တိုင်းမိရာတွင် အဝလောကိတေသွာရကို ဆုတောင်းရာ လိုင်းလေများ ချက်ချင်း ငြိမ်သက်သွားကြောင်း မှတ်တမ်းတင်ထားလေသည်။ အဝလောကိတေသွာရသည် လောကသားတို့ကို ကရုဏာဖြင့် ငုံကြည့်တော်မူနေသော အရှင်ဖြစ်သောကြောင့် သတ္တဝါအားလုံးကို ကယ်တင်၍ မပြီးမချင်း နိဗ္ဗာန်သို့ မဝင်စံရန် အဓိဋ္ဌာန်ပြုထားသော အရှင်ဖြစ်ပြီး ဘုရားရှင်ဟူသမျှတို့၏ မဟာကရုဏာဓာတ်ကို ကိုယ်စားပြုထားသော ဗောဓိသတ္တလည်း ဖြစ်၏။ ကာရဏ္ဍဗျူဟာ ရှေ့ပိုင်းတွင် အဝလောကိတေသွာရသည် အဝီစိငရဲ၌ အနှိပ်စက်ခံနေရသော သတ္တဝါများကို အပါယ်ဒုက္ခမှ ကင်းအောင် အဝီစိ ငရဲပြည်သို့ ဆင်းသက်ရာတွင် အဝလောကိတေသွာရ ရောက်သည်နှင့် ငရဲမီးတောက်များ ငြိမ်းခဲ့ကြောင်း၊ ထိုမှတဖန် သူ၏ မဟာကရုဏာအစွမ်းဖြင့် ပြိတ္တာများကို ငတ်မွတ်ပြေစေခဲ့ကြောင်း သီဟိုဠ်ကျွန်းမှလူများကို ဘီလူးရန် လွတ်စေခဲ့ကြောင်း ရေးသားထားလေ၏။

ကာရဏ္ဍဗျူဟာကျမ်းက ချယ်မှုန်းပြသသော အဝလောကိတေသွာရသည်

စကြဝဠာ ကမ္ဘာမိုးမြေကို တည်ထောင်သူ ဖန်ဆင်းရှင်ကြီးအသွင် ဆောင်နေ၏။ သူ၏ မျက်လုံးမှ နေနှင့် လ သူ၏ မျက်မှောင်မှ မဟေသရ နတ်မင်းသူ၏ ပုခုံးမှ နတ်ဗြဟ္မာကြီးများ သူ၏ စွယ်တော်မှ သူရဿတီနတ်ဒေဝီ သူ၏ ခံတွင်းမှလေနတ်မင်း သူ၏ ခြေထောက်မှ မြေထု သူ၏ အစာအိမ်မှ ဝရဏနတ်မင်း တို့ မွေးဖွားခဲ့ကြောင်း အလင်္ကာတန်ဆာဆင် ရေးသားထား၏။ ကာရဏ္ဍဗျူဟာ ကျမ်းတွင် အရေးအပါဆုံးမှာ အဝလောကိတေသွာရကို ရှိခိုးပူဇော်သော ဥမ် မဏိ ပဒ္မေ ဟုမ် ဂါထာ အကြောင်း ဖြစ်လေသည်။ ဤ အက္ခရာ (၆) လုံးမျှပါသော ဂါထာငယ်လေးသည် နှစ်ထောင်ချီ၍ မဟာယာန ဗုဒ္ဓဘာသာဝင် သန်းပေါင်းများစွာ၏ နှလုံးသားများကို စိုးမိုးခဲ့သည်။ တိဗက်မဟာယာနဗုဒ္ဓဘာ ယဉ်ကျေးမှု လွှမ်းမိုးသော နေရာတိုင်းတွင် ဥမ် မဏိ ပဒ္မေ ဟုမ် ဂါထာကို အမြတ်တနိုး အကြိမ် သိန်းသန်းချီ၍ ရွတ်ဆိုပူဇော်ကြသည်။ ဥမ် မဏိ ပဒ္မေ ဟုမ် ဂါထာနှင့် ပတ်သက်၍ ယင်းဂါထာသည် အလွန် တန်ခိုးအာနုဘော် ကြီးမားကြောင်း အဝလောကိတေသွာရ၏ တိုက်ရိုက် ကောင်းချီးပေးမှုကို ရနိုင်ကြောင်း မိမိသွေးကို မင်ပမာပြု၍၊ မိမိအရေကို ပုရပိုက်ပမာပြု၍၊ မိမိအရိုးကို ကလောင်ပမာပြု၍ ရေးသား ပူဇော်သင့်ကြောင်း ဥမ် မဏိ ပဒ္မေ ဟုမ် ဂါထာ တစ်ကြိမ်ရွတ်ဆိုမှုသည် ဂင်္ဂါ သဲစုထက် ပိုများပြားသော ကောင်းမှု ကုသိုလ်အစု ဖြစ်ကြောင်း ယုံကြည်ကြသည်။

မဟာယာနသုတ္တန်များသည် ဘုရားဟော (ဗုဒ္ဓဝစန) ဟုတ်-မဟုတ် သုံးသပ်ချက်

မဟာယာနသုတ္တန်များသည် ဘုရားဟော (ဗုဒ္ဓဝစန) ဟုတ်-မဟုတ် ငြင်းခုံစွပ်စွဲမှုများ ရှေးအခါကတည်း ရှိခဲ့လေသည်။ ယနေ့ခေတ်သုတေသီပညာရှင်တို့၏အမြင်တွင်လည်း မဟာယာနသုတ္တန်များသည် ဉာဏ်ပဋိဘာန်ထက်မြက်စူးရှသော ကဝိပညာရှိများ ရေးသားစီရင်ခဲ့ပုံပေါ်ကြောင်း သမိုင်းဝင်သက္ကမုနိ ဂေါတမဗုဒ္ဓကိုယ်တိုင် ဟောကြားခဲ့သော သုတ္တန် ဒေသနာများ မဖြစ်နိုင်ကြောင်း ယူဆကြ၏။ အဋ္ဌသာဟာရိကာ ပညာပါရမိတာသုတ္တန်တွင်မူ မဟာယာနသုတ္တန်များသည် ဘုရားဟော (ဗုဒ္ဓဝစန) မဟုတ်ဟူသော စွပ်စွဲမှုများကို ခုခံချေဖျက်ရန်နှင့် ထိုသို့စွပ်စွဲသူများကို မာရ်နတ်၏ ကျော့ကွင်းတွင် သက်ဆင်းမိသူများဟု ဆိုထားပုံကို ထောက်ရှုကာ မဟာယာန သုတ္တန်များသည် ဘုရားဟော (ဗုဒ္ဓဝစန) ဟုတ်-မဟုတ် စွပ်စွဲမှုများ၊ ငြင်းခုံမှုများ၊ ပြင်းထန်ခဲ့ကြောင်း သွယ်ဝိုက်ဆင်ခြင်သိနိုင်ပေသည်။[၂၀၉]

---

209 MacQueen, G. (2005) *'Inspired speech in early Mahayana Buddhism I', Religion* 11 (1981): 303–19. Repr. in Williams 2005b: vol. 3: 313; 1981: 304

ထိုသို့ဆိုခြင်းဖြင့် မဟာယာနသုတ္တန် မဟုတ်သော ရှေးဦးဗုဒ္ဓဘာသာ၏ သုတ္တန်အားလုံးကို ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်သည်ဟု အတည်ပြု ပြောဆိုခြင်းမဟုတ်ပေ။ ပါဠိပိဋကတ်သည်ပင်လျှင် အလုံးစုံကို ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်သည်ဟု အခိုင်အမာပြောဆိုရန် ခက်ခဲလှပေသည်။ စင်စစ်အားဖြင့် ဘုရားဟော (ဗုဒ္ဓဝစန) မဟုတ်သော သုတ္တန်များကို ဘုရားဟော (ဗုဒ္ဓဝစန) ကဲ့သို့ လက်ခံဆည်းကပ်ရန်မှာ ရှင်တော်ဗုဒ္ဓ ကိုယ်တော်တိုင်က အတည်ပြုပေးရန် လိုပါသည်။ မက်ကွင်း၏ အလို အရ ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်သည်ဟု အတည်ပြုပြောဆိုနိုင်ရန် အခြေအနေ (၃) ခုရှိ၏။ ယင်းတို့မှာ-

- သုတ္တန်ကို ဟောကြားပြီးသောအခါတွင် ရှင်တော်ဗုဒ္ဓ ကိုယ်တော်တိုင်က အတည်ပြုပေးခြင်း။
- သုတ္တန်ကို မဟောကြားမီ ရှင်တော်ဗုဒ္ဓ ကိုယ်တော်တိုင်က ကြိုတင် ဗျာဒိတ်ပေးအတည်ပြုပေးခြင်း။
- သုတ္တန်ကို ဟောကြားသည့် ပုဂ္ဂိုလ်ကို ရှင်တော်ဗုဒ္ဓ ကိုယ်တော်တိုင်က အတည်ပြုပေးခြင်း။

ဤအခြေအနေများနှင့် ပြည့်စုံနိုင်ရန်မှာ ရှင်တော်ဗုဒ္ဓ သက်တော်ထင်ရှား ရှိနေချိန်မှသာ ဖြစ်နိုင်ပေလိမ့်မည်။ ရှင်တော်ဗုဒ္ဓနှင့်တစ်ကွ ထိပ်တန်းသာဝက မထေရ်မြတ်ကြီးများ ပရိနိဗ္ဗာန် စံဝင်တော်မူကြပြီးသော ကာလတွင်မူ သဘောတရား အရ ပိဋကတ် သည် ထပ်မံဖြည့်စွက်ရန် မဖြစ်နိုင်တော့ချေ။

မဟာယာန ဗုဒ္ဓဘာသာဝင်များအနေဖြင့်မူ မဟာယာနသုတ္တန်များသည် ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်ကြောင်း ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူကြပြီးသော်လည်း ရှင်တော်ဗုဒ္ဓသည် အမိတာဘဗုဒ္ဓ အမိတာယုဗုဒ္ဓ စသည့် ရုပ်နယ်လွန် ဗုဒ္ဓဘုရားများ (Cosmic Buddhas) အသွင်ဖြင့် ဆက်သွယ်ဟောကြားခဲ့သည်ဟု ယုံကြည်ကြလေသည်။ မဟာယာန သုတ္တန်များသည် ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်ကြောင်း သက်သေပြသည့်အနေဖြင့် သကျမုနိရှင်တော်ဗုဒ္ဓ ကိုယ်တော်တိုင် တစ်ချိန်ချိန် တစ်နေရာရာတွင် အမှန်တကယ် ဟောတော်မူခဲ့ကြောင်း (၉၀ မေသုတံ) အစချီသော သုတ်နိဒါန်းများဖြင့် ဖော်ပြလေ့ရှိသော်လည်း သုတေသီပညာရှင်များအနေဖြင့် သမိုင်းအထောက်အထား ပိဋကတ်စာပေ အထောက်အထား မရှိသောကြောင့် မဟာယာနသုတ္တန်များသည် ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်ကြောင်း လက်ခံရန် ခက်ခဲပေလိမ့်မည်။

ဤသို့ဆိုသော်လည်း မဟာယာနသုတ္တန်များသည် နောက်ပိုင်း ရဟန်းတော်

များ၏ ထွင်လုံးသက်သက်ဟု မယူဆသင့်ပေ။ ဥပမာ-မဟာယာန ဗုဒ္ဓဘာသာ ဒဿနဂိုဏ်းတစ်ခုဖြစ်သော မဇ္ဈိမိကဂိုဏ်း၏ အခြေခံအယူအဆများကို ပါဠိပိဋကတ်မှ သံယုတ္တနိကာယ် သုတ္တနိပါတ် စသည်တို့တွင် တွေ့ရှိနိုင်သောကြောင့် ပညာပါရမိတာသုတ္တန်များက မဇ္ဈိမိကဂိုဏ်းက အခြေခံခဲ့သော ပညာပါရမိတာသုတ္တန်များသည် ဘုရားဟော (ဗုဒ္ဓဝစန)နှင့် လျော်ညီသော ဟောကြားသွန်သင်ချက်များ ဖြစ်ကြောင်းထောက်ဆနိုင်ပါသည်။

မဟာယာနသုတ္တန်များ၏ ဇစ်မြစ်ကို ရှေးကျသော မဟာယာနသုတ္တန် တစ်ခုဖြစ်သည်ဟု ယူဆရသော **ပစ္စုပ္ပန္နသုတ္တန်**တွင် တွေ့ရ၏။ ဤသုတ္တန်တွင် အမိတာယုစ္ဆာနိဗုဒ္ဓ၏ ရှုပါရုံကသိဏ်းကျင့်ပုံ အမိတာယုစ္ဆာနိဗုဒ္ဓ၏ ဗုဒ္ဓခေတ္တသို့ ကိန်းဝင်ရောက်ရှိပုံ အမိတာယုစ္ဆာနိဗုဒ္ဓထံတော်မှ တရားထူးများ နာကြားရပုံများ ဖော်ပြထားလေသည်။ ဗောဓိသတ္တရဟန်းတော်သည် သမာဓိဝင်စားချိန်မှာ ရုပ်နယ်လွန်စွာန်ဘုရားများနှင့် ဆက်သွယ်တွေ့ဆုံပြီးနောက် အဆင့်မြင့် မဟာယာနတရားတော်များ ကြားနာခဲ့ရပုံကို ဖော်ပြထားသည်။ ဤနည်းအားဖြင့် မဟာယာနသုတ္တန်များသည် ဗောဓိသတ္တ ရဟန်းတော်၏ နက်ရှိုင်းသော သမာဓိစိတ်အတွင်းဝယ် ဓမ္မဗျာဒိတ်တော်များ ဆန်ဆန်ပေါ်ပေါက် လာဟန်တူပေသည်။ ထို့ကြောင့် ပေါလ်ဟာရစ်ဆန် (Paul Harrison)၏ ထင်မြင်သုံးသပ်ချက်အရ မဟာယာနသုတ္တန်များသည် တောရဆောက်တည်နေသော အရည၀ါသီတောမှီ ဗောဓိသတ္တရဟန်းတော်များ၏ စွာန်သမာဓိဝင်စားဖော်ထုတ်မှုများ (Meditative Revelations) ဖြစ်နိုင်ပေသည်။[၂၁၀]

ရှေးကျသော မဟာယာနသုတ္တန် တစ်ခုဖြစ်သော **အရိယာသုပိနသုတ္တန်**တွင် အိပ်မက် (၁၀၈) ပါးကို ဖော်ပြထားပြီး ယင်းတို့အနက် အောက်ပါတို့မှာ မဟာယာနသုတ္တန်များ၏ ဇစ်မြစ်ကို အိပ်မက်လောကနှင့် ဆက်သွယ်ထားဟန်ရှိကြောင်း တွေးဆနိုင်ပေသည်။

အိပ်မက်အမှတ်စဉ် - (၂၂) - တရားတော်နာကြားရခြင်း။

အိပ်မက်အမှတ်စဉ် - (၂၄) - တွေ့ဖူးသော ရဟန်းကိုဖူးတွေ့ရပြီး တရားတော်နာကြားရခြင်း။

အိပ်မက်အမှတ်စဉ် - (၂၅) - မိမိကိုယ်တိုင် ဓမ္မာသနပလ္လင်တွင်ထိုင်ပြီး တရားတော်ဟောကြားခြင်း။

၂၁၀။ **Harrison, P. (2003) 'Mediums and messages: Reflections on the production of Mahayana sutras', The Eastern Buddhist, New Series 35 (1/2): 115–51.**

အိပ်မက်အမှတ်စဉ် - (၂၉) - ရှင်တော်ဗုဒ္ဓကို ဖူးတွေ့ရပြီး တရားတော်နာကြား ရခြင်း

အိပ်မက်အမှတ်စဉ် - (၅၆) - ဓမ္မကျမ်းစာ လက်ခံ ရရှိခြင်း။

အိပ်မက်အမှတ်စဉ် - (၆၂) - သုတ္တန်ကျမ်းစာများ ဖော်ထုတ်ရန် ပဏာမခါန အဓိ ဋ္ဌာန်ပြုခြင်း။

အိပ်မက်အမှတ်စဉ် - (၆၃) - ဓမ္မကျမ်းစာ ရတနာတစ်ဆူ၏ အမည်နာမကို ကြား သိရခြင်း။

အိပ်မက်အမှတ်စဉ် - (၆၄) - အခြားသောလောကဓာတ်တော်မှ ရှင်တော်ဗုဒ္ဓ တစ်ဆူ၏ အမည်နာမကို ကြားသိရခြင်း။

အိပ်မက်အမှတ်စဉ် - (၉၅) - မင်းပရိသတ်အစုံကို တရားတော် ဟောကြားခြင်း။

ပေါလ် ဟာရစ်ဆန်၏ သုံးသပ်ချက်မှာ စာပေကျမ်းဂန်သုတ္တန်လေ့လာမှုနှင့် ကမ္မဋ္ဌာန်းကျင့်စဉ် ပေါင်းစပ်မှုကြောင့် မဟာယာနလူပ်ရှားမှုကို စတင်ခဲ့ကြသော ရဟန်းတော်များသည် ထူးခြားဆန်းကြယ်သော အိပ်မက်များရရှိကာ ဓမ္မကျမ်းစာ သစ်များ ဖော်ထုတ်နိုင်ခြင်းဖြစ်ကြောင်း ယူဆလေသည်။

ဤသို့ဆိုလျှင် မဟာယာနသုတ္တန်များကို ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်ကြောင်း မည်သည့်အထောက်အထားဖြင့် လက်ခံရမည်နည်းဟူသော မေးခွန်းဖြစ်ပေါ်လာခဲ့ လေသည်။ အေဒီ (၈) ရာစုတွင် ပေါ်ထွန်းခဲ့သော မဟာယာန ရဟန်းတော် ဒဿန ပညာရှင် အရှင်သန္တိဒေဝမထေရ်၏ သိက္ခာသမုစ္စယကျမ်းတွင် မည်သည့်တရားကိုမဆို ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်ကြောင်း လက်ခံရန် အကြောင်းတရား (၄) ပါးကို ဖော်ပြထားခဲ့သည်ကို အောက်ပါအတိုင်း တွေ့နိုင်သည်။

(၁) သစ္စာဓမ္မကိုညွှန်ပြ ခြင်း နှင့် မိစ္ဆာဓမ္မကို ပယ်ရှားခြင်း၊

(၂) ဓမ္မဝါဒ ကို သင်ကြားခြင်း နှင့် အဓမ္မဝါဒ ကို မဟောကြားခြင်း၊

(၃) ကိလေသာတရား ခေါင်းပါးရေးကိုညွှန်ပြခြင်း နှင့် ကိလေသာတရား ပွားစီးရေးကို မညွှန်ပြခြင်း၊

(၄) နိဗ္ဗာန်နှင့် အလျော်ဖြစ်ခြင်းနှင့် သံသရာလည်မှုနှင့် ဆန့်ကျင်ခြင်း၊

ဤ လေးချက်နှင့် ကိုက်ညီလျှင် ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်ကြောင်း လက်ခံရန် လုံလောက်ကြောင်း ဆိုခဲ့၏။ ကောင်းမွန်စွာ အပြစ်ကင်းစွာ၊ အကျိုးရှိစွာ ဟောကြားအပ်သော သုဘာသိတ မှန်သမျှသည် ဘုရားဟော (ဗုဒ္ဓဝစန) အဖြစ် ခိုင်လုံနေပြီး ဖြစ်သောကြောင့် ထိုထိုသော မဟာယာနသုတ္တန်များကို ဤအချက် များနှင့် တိုက်ဆိုင်စစ်ဆေးလျက် ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်ကြောင်း လက်ခံနိုင်

ပေသည်။ ပါဠိပိဋကတ် အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်မှ ဥတ္တရဝိပတ္တိသုတ်တွင် အလားတူဟောခဲ့သည်ကို တွေ့ရပါသည်။ ဝိမုတ္တိဉာဏ်ကို ဆိုက်ရောက်စေနိုင်သော ဓမ္မဟူသမျှ ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်သည်ဟု ယူဆနိုင်ဖွယ်ရာ ရှိပါသည်။ ပါဠိပိဋကတ် အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်မှ မဟာပဒေသတရား (၄) ပါးတွင်လည်း ပေါ်ပေါက်လာသော တရားဟူသမျှကို ချက်ချင်း လက်ခံခြင်း၊ ငြင်းပယ်ခြင်း မပြုဘဲ ဘုရားရှင်ဟောတော်မူခဲ့ပြီးသော ဓမ္မဝိနယ ပိဋကတ်များတွင် သွတ်သွင်းတိုက်ဆိုင်စစ်ဆေးကြည့်ပြီးမှ လက်ခံခြင်း၊ ငြင်းပယ်ခြင်း ပြုကြရန် ဟောကြားချက် ရှိပါသည်။ မဟာယာနသုတ္တန်များကို ဤမဟာပဒေသတရား (၄) ပါး အချက်များနှင့် တိုက်ဆိုင်စစ်ဆေးလျက် ဘုရားဟော (ဗုဒ္ဓဝစန) ဟုတ်၊ မဟုတ် ဆဝေးကြည့်နိုင်ပါသည်။

ဝိမုတ္တိဉာဏ်သို့ ဆိုက်ရောက်စေနိုင်သော တရားဓမ္မဟူသမျှ ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်ကြောင်း မဟာယာနဗုဒ္ဓဝါဒီတို့က ခံယူခြင်းကြောင့် ကျယ်ပြန့်သော လွှပ်လပ်သော ဓမ္မဒဿနတွေ့ရှိချက်များ ဖြစ်ခွင့်ရှိခဲ့ပုံပေါ်ပါသည်။ မဟာယာနဗုဒ္ဓဘာသာရေးလှုပ်ရှားမှုသည် တောရဆောက်တည် တရားကျင့်သုံးအားထုတ်ကြသော ဗောဓိသတ္တဆုပန် ရဟန်းတော်များ၏ တွေ့ရှိချက်အသစ်များကို ကာလရွှေ့လျော်သောအခါ ဘုရားဟော (ဗုဒ္ဓဝစန) အဖြစ် ပြောင်းလဲလက်ခံခဲ့ကြဟန် တူလေသည်။ မဟာယာနဗုဒ္ဓ ဘာသာရေးလှုပ်ရှားမှုကို ဦးဆောင်ခဲ့သော ရဟန်းတော်များသည် သမိုင်းဝင်ဗုဒ္ဓ (Historical Buddha) အပေါ် သက်ဝင် ယုံကြည်မှုမှ စျာန်ဗုဒ္ဓများ (Cosmic Buddhas) အပေါ် သက်ဝင်ယုံကြည်မှုဆီသို့ ရွေ့လျားခဲ့သောအခါ သမိုင်းဝင်ဗုဒ္ဓမှ မဟာယာနသုတ္တန်များကို ဟောခြင်း၊ မဟောခြင်းကိစ္စသည် အရေးမပါတော့ချေ။ မဟာယာန ဗုဒ္ဓဝါဒီတို့အတွက် သမိုင်းဝင်ဗုဒ္ဓ၏ နိမ္မာနကာယထက် သမိုင်းနှင့် လောကီအချိန်ကာလ အတိုင်းအတာများကို ကျော်လွန်နေသော (စျာန်သမာဓိစိတ်ကို အခြေခံသော ပညာဉာဏ်မျက်စိဖြင့်သာ မြင်အပ်သော) ဗုဒ္ဓ၏ သမ္ဘောဂကာယ နှင့် ထာဝရ တည်ရှိနေသော ဗုဒ္ဓ၏ ဓမ္မကာယကို ပိုလွန်ပြီး အလေးအမြတ် ထားခဲ့သောကြောင့်သာ ဖြစ်ပေလိမ့်မည်။

မဟာယာနဗုဒ္ဓဘာသာ တိုးတက်ထွန်းကားလာခြင်း

ဗုဒ္ဓဘာသာ၏ အစောဆုံး နှစ် (၃၀၀) ကာလအတွင်းမှာ ဗုဒ္ဓဘာသာသည် လူ့လောကနှင့် များစွာ မဆက်စပ်သော ရဟန်းဗဟိုပြု ဘာသာတရားတစ်ခု အသွင်ဖြင့် ရှိခဲ့ပြီး မောရိယ အင်ပါယာကို ထူထောင်သော အသောကမင်းကြီး လက်ထက်မှ

စတင်၍ ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံ၏ပြင်ပသို့ ပြန့်ပွားရန် အားယူခဲ့နိုင်သည်ကို တွေ့ရသည်။ အိန္ဒိယပြည်တွင် ဗုဒ္ဓသာသနာတော်ကို ချီးမြှင့်ထောက်ပံ့သော သာသနာ့ဒါယကာ မောရိယမင်းဆက်ပြုတ်၍ ဗြဟ္မဏဘာသာဝင် ဘုရင်များ နန်းတက်ခဲ့သည်။ အသောကမင်းကြီး၏နောက်ပိုင်း သုန်ဂမင်းဆက်များနန်းတက်လာသော ဗုဒ္ဓဘာသာသည် မင်းချီးမြှောက်မှု မခံရတော့ချေ။ ပုဂ္ဂမိတြသုန်ဂမင်း (Pusyamitra Sunga) သည် ဗုဒ္ဓဘာသာကို များစွာ ဖိနှိပ်ခဲ့လေသည်။ ဗြဟ္မဏဘုရင်တို့၏ နှိပ်စက်မှုကြောင့် သဗ္ဗတ္ထိဝါဒကိဏ်းမှာ အိန္ဒိယအနောက်ပိုင်းသို့ ပြောင်းခဲ့ရ၍ ထေရဝါဒကိဏ်းမှာ အိန္ဒိယတောင်ပိုင်း ဆံချီဒေသသို့ ရွှေ့ခဲ့ရသည် ။ ဗြဟ္မဏဘုရင်တို့သည် သင်္ကတဘာသာစကားကို ဦးစားပေးသောကြောင့် သဗ္ဗတ္ထိဝါဒကိဏ်းသည် ဘုရားဟော ပိဋကတ်တော်များကို သင်္ကတဘာသာဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။

ဗြဟ္မဏမင်းများ လက်ထက်တွင် ဗုဒ္ဓဘာသာသည် ဖိနှိပ်ခံရသော်လည်း ပြည်သူတို့၏ ကြည်ညိုသဒ္ဓါတရားကြောင့် မမှေးမိန်ဘဲ ဆက်လက် တိုးတက်ခဲ့ပါသည်။ သုန်ဂမင်းဆက်ခေတ်ကာလ၌ပင် ဗုဒ္ဓဘာသာကို ပြည်သူတို့၏ လှူဒါန်းပူဇော်မှု အထောက်အထားများစွာ တွေ့ရှိရလေသည်။ ဘာရွတ်ထူပါ ဆန်ချီထူပါ ကာလလှိုဏ်ဂူစသော ကြီးမားသော သာသနိက အဆောက်အအုံများသည် သုန်ဂမင်းဆက်ခေတ်ကာလတွင် ပေါ်ထွန်းခဲ့သည်ကို ထောက်ချင့်လျက် ဗုဒ္ဓဘာသာသည် ဖိနှိပ်ခံရသော်လည်း ပြည်သူတို့၏ ကြည်ညိုသဒ္ဓါတရားကြောင့် မမှေးမိန်ဘဲ ဆက်လက် တိုးတက်ခဲ့ကြောင်း ထင်ရှားပါသည်။ ဤသို့ဖြင့် ဗုဒ္ဓဘာသာသည် တဖြည်းဖြည်း ရဟန်းဗဟိုပြု ဘာသာတရားတစ်ခု အသွင်မှ လူထုအများ ကိုးကွယ် သော ဘာသာတရားတစ်ခုအဖြစ်သို့ ရောက်ခဲ့သည်။ မာတ်တော်မွေတော် စေတီ ပုထိုး ဆင်းတု ကိုးကွယ်သော လူထု အများကြိုက် ဘာသာတရား ဖြစ်လာခဲ့လေသည်။

အိန္ဒိယပြည်မြောက်ပိုင်းမှာ ဂရိ ဘုရင် မိလိန္ဒကဲ့သို့သော ပုဂ္ဂိုလ်များသည်ပင် ဗုဒ္ဓဘာသာကို လက်ခံခဲ့ကြချိန်ဖြစ်၏။ ဂရိ ဘုရင် မိလိန္ဒသည် သာဂလနေပြည်တော်တည်ထောင်ပြီးသော် ဗုဒ္ဓဘာသာကို များစွာ ထောက်ပံ့ချီးမြှောက်ခဲ့သည်။ ပန်ဂျပ်ပြည်နယ် သာဂလမြို့တော်တွင် ဂရိနွယ်ဝင် မိလိန္ဒမင်းကြီး၏ အမေးကို ရဟန္တာအရှင်နာဂသိန်က ဖြေဆိုသော မိလိန္ဒပဉှာ ပါဠိတော်ကျမ်းကြီး ပေါ်ထွန်းခဲ့သည်ကိုလည်း တွေ့ရ၏။ ဗုဒ္ဓဘာသာကို အိန္ဒိယပြည်မြောက်ပိုင်းမှာ နေထိုင်သော ဂရိလူမျိုးများသည်ပင် ကိုးကွယ်ခဲ့ကြ၏။ ပါဠိစာပေ အထောက်အထားများအရ ကထာဝတ္ထုကျမ်းပြု အရှင်မောဂ္ဂလိပုတ္တ တိဿ မထေရ်ကြီးသည် ယာဝနတိုင်း (ဂရိဒေသ)သို့ သာသနာပြုရန် အရှင်ဓမ္မရိက္ခိတမထေရ်ကို စေလွှတ်ခဲ့သည်ဟု ဆို၏။ ထိုမထေ

ရ်သည် ယာဝနတိုင်း (ဂရိဒေသ)သာမက အပန္ဓကတိုင်းတွင်လည်း ဗုဒ္ဓသာသနာကို ထွန်းလင်းစေခဲ့ပါ၏။

ကနိရ္ဓကမင်းကြီးနှင့် ဗုဒ္ဓသာသနာ [၂၁၁]

မဟာယာနဗုဒ္ဓဘာသာသမိုင်း၌ အရေးပါသော အခန်းကဏ္ဍက ပါဝင်နေသည့် အခြားဘုရင်တစ်ပါးမှာ ကနိရ္ဓကဘုရင် ဖြစ်၏။ မဟာယာနဗုဒ္ဓဘာသာတွင် ထင်ရှားသည့် ပါရဿွ၊ မဟာကဝိ အဿဃောသ၊ ဗုဒ္ဓဒဿနဗေဒ မဟာပညာရှင် ဝသုမိတြစသော မဟာယာနဆိုင်ရာ ပညာရှိကဝိအမွန်တို့သည် ကနိရ္ဓကခေတ်၌ ထွန်းကားခဲ့ကြပြီး ကနိရ္ဓက မင်းကြီး၏ ကြိုးပမ်းမှုကြောင့် ဗုဒ္ဓဘာသာ သည် အာရျအလယ်ပိုင်းနှင့် အာရျအနောက်ပိုင်း၌ အောင်မြင်စွာ ထွန်းကားပြန့်ပွား သွားခဲ့သည်ဟုလည်းဆိုကြ၏။

ဘီစီ သုံးရာစု အလယ်ပိုင်းလောက်၌ နိုမရန့်နှင့် ပါဆတရလလူမျိုးအုပ်စုတို့သည် နေရာအပြောင်းအလဲ ပြုလုပ်ရန်အတွက်သော် လည်းကောင်း၊ မိမိတို့မွေးမြူထားသည့် တိရစ္ဆာန်များအတွက် အစာရေစာ အလျဉ်းသင့်သော နေရာကို ရှာမှီးရန်အတွက်သော်လည်းကောင်း အာရျအလယ်ပိုင်းမှ တောင်ပိုင်းနှင့် မြောက်ပိုင်းများသို့ ခရီးဖြန့်ကြသည်။ ယင်းလူမျိုးစုများသည် ဗက်ကတရိယား ဂရိနိုင်ငံအဝှမ်း၌ အလျင်အမြန် ပြန့်သွားကြသည်။ ထိုဒေသများ၌ မိမိတို့၏ အုပ်ချုပ်ရေးကို တည်ထောင်လိုက်ကြသည်။ ထိုလူမျိုးစုများကို အိန္ဒိယလူမျိုးများက သက (ရှက) ဟု ခေါ်ကြသည်။ သကလူမျိုးစုတို့သည် ဟိလမန်မြစ်ကိုဖြတ်လျက် ဆီဆတန်သို့ ရောက်လာကြသည်။ ယင်းဒေသသည် ကန္ဓဟာရ၏ အနောက်ဘက်၌ရှိသော ရှကဆတန်သို့မဟုတ် ရှကဒေသဟု ခေါ်သောဒေသဖြစ်သည်။ ရှကဘုရင်တို့သည် ဆောရာရှတရသို့မဟုတ် ကာထိယာဝါ၌လည်းကောင်း၊ ဂုဂျရတ်၌လည်းကောင်း အခြေချကြသည်။ နောက်ဆုံး၌ တက္ကသီလာနှင့် မထုရာသို့အထိ ရောက်လာကြသည်။ နိုမရလူမျိုးအခြားအုပ်စုတစ်စုမှာ ဗက်ကတရိယားသို့ ရောက်သွားသည်။ ထိုအုပ်စုမှ အုပ်စုခွဲတစ်ခုဖြစ်သော ကုရှန်လူမျိုးစုသည် ဟိန္ဒုကုရှ်တောင်ကို ဖြတ်ကျော်လျက် ခရစ်နှစ် ၄၈ ခုနှစ်လောက်တွင် ပန်ဂျပ်သို့ ရောက်လာသည်။ ယင်းလူမျိုးစုကို ဦးဆောင်သူမှာ တရုတ်သမိုင်း၌ ကျူးအီကျိဟုခေါ်သည့် ပထမ ကဒဖိဆ်ဖြစ်သည်။ ပထမ ကဒဖိဆ်နောက်ဆက်ခံသည့် ဒုတိယ ကာဒဖိဆ်သည် အင်ဒိုဂရိနှင့် ပါထီယန် မင်းညီမင်းသားများစွာတို့ကို နယ်ခြားဒေသ၌ အနိုင်တိုက်ပြီးလျှင် အိန္ဒိယ အနောက်မြောက်ဒေသ၌

၂၁၁။ ပါရဏ-ရာဇာနှင့် သာသနာ-စာ (၄၉-၆၆)

စိုးမိုးအုပ်ချုပ်သည်။ ထိုဒေသ၌ တူးဖော်ရရှိသည့် ဒင်္ဂါးများ အလိုအရ ခရစ်နှစ် ၇၈ ခုနှစ်တွင် ဒုတိယကဒဖိဆ် အဘိသိက်ခံသည့်အကြောင်း သိရှိရပါသည်။

ကုရုန်ဘုရင်များထဲတွင် ကနိရ္ဂက (ခရစ် ၇၈-၁၀၁ သို့မဟုတ် ၁၂၀) သည် အထူးခွန်ခံ့ဆုံး ဖြစ်သည်။ သူ၏ နေပြည်တော်မှာ ပုရုရှပူမရ (ပေရှာဝါ) ဖြစ်သည်။ ထိုနေပြည်တော်မှ ကာဗလ်၊ ကရှမိရ်နှင့် အိန္ဒိယမြောက်ပိုင်း ဒေသများကို အုပ်ချုပ်သည်။ သူ၏ အာဏာစက်သည် နမ္မဒါမြစ်အထိ ပြန့်ကောင်းပြန့်ပေလိမ့်မည်။ ပါမိရ်၏ အခြေအနေကို ပြုပြင်ပြောင်းလဲ ပစ်ရန်အတွက် ကနိရ္ဂကသည် နှစ်ပေါင်းများစွာ စစ်တိုက်နေရသည်။ တရုတ် သေနာပတိ ပန်ကျောက် (ခရစ် ၁၀၂) ကွယ်လွန်သွားပြီး နောက်၌ ကနိရ္ဂကသည် သူ၏ နိုင်ငံပိုင်နက်အတွင်းသို့ ကာရဂရနှင့် ခိုတန်၊ ယရကန္ဒ (ယခု တရုတ် တူရကီ စတန်၌)တို့ကိုလည်း သွတ်သွင်းလိုက်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် ပထမဦးဆုံး တရုတ်ပြည်တွင်း၌ ပြန့်ပွားသွားခြင်း ဖြစ်သည်။ ကာရဂရ၊ ယရကန္ဒ၊ ခိုတန်တို့ကို သိမ်းပိုက်ပြီးသောအခါ ကနိရ္ဂကသည် ရောမအနီးသို့ ရောက်သွားပြီးလျှင် ရောမနှင့် အဆက်အသွယ်ပြုသည်။ အာရှအလယ်ပိုင်း ကုန်ကူးသန်းရောင်းဝယ်မှု လမ်းမကြီးသည် သူ့ပိုင်နက်အတွင်း ရောက်လာသည်။ ထိုလမ်းမကြီးသည်ဗက်ကတရိယား၏ နေပြည်တော် ဗက်ကတရာမှ ကာရဂရသို့ သွားပြီး ထိုမှတစ်ဆင့် တရုတ်ပြည်သို့အထိ ပေါက်သည်။

မူလက ကနိရ္ဂကသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ခြင်း မရှိပေ။ ကံကံ၏အကျိုးကိုလည်း မယုံကြည်ပေ။ ဗုဒ္ဓဘာသာကို မကိုးကွယ်ရုံမျှမက ဗုဒ္ဓဘာသာအား ခါးခါးသီးသီးပင် ဆက်ဆံသည်။[၂၁၂] သို့ရာတွင် ကာရဂရ၊ ယရကန္ဒ၊ ခိုတန်စစ်ပများ၌ သွေးချောင်းစီးခဲ့ရပုံကို တွေ့မြင်သိရှိသွားသောအခါ ကနိရ္ဂကသည် အကြီးအကျယ် သံဝေဂရ သွားပြီးလျှင် ဗုဒ္ဓရုင်တော်ဘုရား၏ ငြိမ်းချမ်းရေးလမ်းစဉ်ကို လေးမြတ်စွာ ခံယူခဲ့၏။ နောက်ပိုင်း၌ မိလိန္ဒဘုရင်ကဲ့သို့ ကနိရ္ဂကလည်း ဗုဒ္ဓဘာသာဝင် ဖြစ်သွားသည်။ ပန်ဂျပ်တွင် လာရောက် အခြေချကြသော နိုင်ငံခြားမှ ဘုရင်များသည် ဗုဒ္ဓဘာသာကို စိတ်ပါဝင်စားသွားကြသည်။ တိုင်းရင်းသားမဟုတ်သည့် ထိုဘုရင်များအား စိတ်ပါဝင်စားစေသည့် ဗုဒ္ဓတရားထဲက အချက်အလက်များစွာထဲက တစ်ခုမှာ အမျိုးဇာတ် မခွဲခြားသည့် လူမှုစနစ်ဖြစ်သည်။

မိလိန္ဒဘုရင် လက်ထက်ကပင် သဗ္ဗတ္ထိဝါဒ ဗုဒ္ဓဘာသာဂိုဏ်းသည် ဂန္ဓာရတိုင်းသို့ ရောက်နှင့်နေပြီ။ ကနိရ္ဂကလက်ထက် ရောက်သောအခါ ဂန္ဓာရမှ သဗ္ဗတ္ထဝါဒီဆရာတော်များနှင့် ကရှမိရ်မှ ဆရာတော်များ၏အကြားတွင် သဘောထားကွဲလွဲမှု

၂၁၂။ Xuanzang, quoted in: Kumar (1973), p. 93.(Kumar, Baldev. 1973. *The Early Kuṣāṇas*. New Delhi, Sterling Publishers)

ဖြစ်ပေါ်လာသည်။ အသောကမင်းတရားကြီး လက်ထက်၌ ရဟန်းတော်များအကြား အယူအဆကွဲပြားမှုများ ဖြစ်ပေါ်လာသောကြောင့် မောဂ္ဂလိပုတ္တမထေရ်၏ ညွှန်ကြားချက်ဖြင့် တတိယသင်္ဂါယနာ တင်ခဲ့ရသည့်နည်းတူစွာ ဗုဒ္ဓသာသနာတော်အတွင်း ပေါ်ပေါက်နေသော အဘိဓမ္မာ အယူအဆ အမျိုးမျိုးကို စုစည်းလျက် အသွင်တစ်မျိုးတည်း ဖြစ်စေရန်အတွက် ပါရသွမထေရ်၏ ညွှန်ကြားချက်အရ ကနိ၇္ဌကဘုရင်သည် စတုတ္ထသင်္ဂါယနာကို ကနိ၇္ဌကပူရ (ကရှမီရ်)၌ တင်ခဲ့သည်။ ယင်း သင်္ဂါယနာတင်ပွဲတွင် ပါဝင်ဆင်နွှဲရန်အတွက် ပညာရှင်ရဟန်း အပါး ၅၀၀ ကို အိန္ဒိယနိုင်ငံ နေရာအသီးသီးမှ ပင့်ဖိတ်သည်။ ယင်းသင်္ဂါယနာတင်ပွဲ၌ ဝသုမိတြမထေရ်က သဘာပတိအဖြစ် လည်းကောင်း၊ သာကေတမှ ကြွရောက်လာသော မဟာကဝိအသွယောသမထေရ်က ဒုတိယ သဘာပတိအဖြစ်လည်းကောင်း အသီးသီး ဆောင်ရွက်ကြသည်။ သင်္ဂါယနာ၏ အဓိကလုပ်ငန်းမှာ အချင်းချင်း ဝါဒကွဲပြားနေခြင်းကို ပယ်ဖျောက်ရန် အတွက် ပိဋကတ်သုံးပုံနှင့် ပတ်သက်၍ ဝိဘာသာအမည်ရှိ ဋီကာကျမ်း ရေးသားပြုစုရန်ဖြစ်သည်။

တရုတ်ရဟန်းတော် ခရီးသည် ရွှင်ကျန်က ဤသို့ မှတ်တမ်းတင်ထားသည်။

အဆိုပါ စတုတ္ထသင်္ဂါယနာ၌ သုတ္တန်ကျမ်းများနှင့် ပတ်သက်၍ ဥပဒေသအမည်ဖြင့် ဂါထာပေါင်း ၁၀၀,၀၀၀ ရှိသော အဋ္ဌကထာကိုလည်းကောင်း၊ ဝိနည်းပိဋကတ်နှင့် ပတ်သက်၍ ဝိနယဝိဘာသာ သျှက်ကရအမည်ဖြင့် ဂါထာ ၁၀၀,၀၀၀ ရှိသော အဋ္ဌကထာကိုလည်းကောင်း၊ အဘိဓမ္မာ ပိဋကတ်နှင့် ပတ်သက်၍ ဝိဘာသာသျှတ္ထရအမည်ဖြင့် ဂါထာပေါင်း ၁၀၀,၀၀၀ ရှိသော အဋ္ဌကထာကိုလည်းကောင်း ရေးသားသည်။ သင်္ဂါယနာ တင်ပြီးသောအခါ ကနိ၇္ဌကဘုရင်သည် အဋ္ဌကထာကျမ်းအားလုံးကို ကြေးပြားပေါ်၌ ရေးထွင်းပြီးလျှင် ကျောက်အိုးများထဲတွင် ထည့်သည်။ ပုထိုးတစ်ဆူ တည်ပြီး ပုထိုးအတွင်း၌ အဋ္ဌကထာ ကျမ်းစာကြေးပြားများ ထည့်ထားသော ကျောက်အိုးများကို ဌာပနာ ထားလိုက်သည်ဟူ၍လည်း ရွှင်ကျန်က ဆိုထားသည်။ ဝိဘာသာကို လက်ခံကြသူများဖြစ်ခြင်းကြောင့် မူလသဗ္ဗတ္ထိဝါဒီတို့၏ ဒုတိယအမည်မှာ ဝေဘာသိကဟု တွင်နေသည်။

ကသ္မီရသမိုင်းဆရာ ကာလဟဏ၏ **ရာဇတရံဂိဏီ** ကျမ်းအဆိုအရ ကနိ၇္ဌကဘုရင်သည် ကျောင်းပေါင်းများစွာကို ဆောက်သည်။ စေတီပုထိုးပေါင်းများစွာကိုလည်း တည်သည်။ ကရှမီရ်၌ မြို့တစ်မြို့ တည်သည်။ ထိုမြို့၏အမည်မှာ ကနိ၇္ကပူရဟု တွင်သည်။ (ကရှမီရ်၌ရှိသော ယခုခေတ် ကနိဆပူ)။ ကနိ၇္ဌကမင်းကြီး တည်သော စေတီပုထိုးတစ်ဆူမှာ ဘုရင်မင်းကြီး၏ အမည်နာမဖြင့်ပင် ထင်ရှားသည်။

ထိုစေတီပုထိုး၏ အနောက်ဘက်၌ ကြီးမားသော ကျောင်းတိုက်ကြီး တစ်ဆောင် ဆောက်သည်။ ထိုကျောင်းတိုက်ကြီး၏ အမည်မှာလည်း ကနိရုက မဟာဝိဟာရဟု တွင်နေသည်။[၂၃၃]

ဗုဒ္ဓရုပ်ပွားတော်များ စတင်ထုလုပ်ကိုးကွယ်ခြင်း

ကနိရုက ဘုရင်မင်းကြီးမတိုင်မီက ဗုဒ္ဓရုပ်ပွားတော် ထုလုပ်ကိုးကွယ်သည့် ထုံးတမ်း စဉ်လာမရှိခဲ့ဘဲ သင်္ကေတ အမျိုးမျိုးဖြင့်သာလျှင် ဗုဒ္ဓကို ရည်ညွှန်းဖော်ပြကြသည်။ ယင်း၏သာဓကများမှာ ဗောဓိပင်အောက်က ဝဇြရာသနပလ္လင်၊ ကဏ္ဍကမြင်း၏ မြင်းကုန်းနှီးစသော ဆန်ချီပုထိုး စသည်တို့၌ရှိသည့် အနုပညာလက်ရာများ ဖြစ်ကြသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နောက် နှစ်ပေါင်းလေးရာကျော်အကြာ ကနိရုက ဘုရင်မင်းကြီး လက်ထက်ကမှ ဗုဒ္ဓရုပ်ပွားတော်ကို ထုလုပ်ကိုးကွယ်သည်။ မဟာယာန ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားလာသောအခါ ဗုဒ္ဓရုပ်ပွားတော်များကို ပူဇော်သည့် အလေ့အထ ပြန့်ပွားလာသကဲ့သို့ပင် ဗောဓိသတ္တာတို့၏ ရုပ်တုပေါင်း များစွာကိုလည်း ထုလုပ်ကြသည်။ ယင်း ဗောဓိသတ္တာများကို ဗြာဟ္မဏတို့၏ ဒေဝီ ဒေဝတာများကဲ့သို့ပင် ကိုးကွယ်ကြသည်။ မြတ်စွာဘုရား၏ ပထမဦးဆုံး ရုပ်ပွား တော်ကို ဂရိုနတ်ဘုရား 'အပိုလို' ကို နမူနာယူ၍ ထုလုပ်သည်ဟု ပညာရှင်များက ယူဆကြသည်။ ဂရိုနတ်ကို နမူနာယူ၍ ထုလုပ်သော ဗုဒ္ဓရုပ်ပွားတော်ကို ကနိရုက ဘုရင်၏ နန်းတော်၌ ကိုးကွယ်ထားသည်။ ယင်းရုပ်ပွားတော်ကို အတုယူပြီးလျှင် တရုတ်ပြည်နှင့် ဂျပန်ပြည်တို့၌လည်း ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်ကိုးကွယ်ကြသည်။ ယင်းအနုပညာ လက်ရာများကို ယခုခေတ်၌ပင် ပါကစ္စတန်နိုင်ငံရှိ လာဟိုးနှင့် အခြားပြတိုက်များ၌ သိမ်းဆည်းထားသည်ကို တွေ့ရသည်။ ယင်း အင်ဒို-ဂရိ အနုပညာ အစဉ်အလာကို ဂန္ဓာရအနုပညာဟူ၍ ခေါ်ကြသည်။

ကနိရုကမင်းကြီး၏ အကြီးမြတ်ဆုံးသော ကောင်းမှုတော်မှာ ပက်ရုဝါ (ပါကစ္စတန်) တွင် တည်ထားကိုးကွယ်ခဲ့သော ကနိရုကစေတီတော်ကြီး ဖြစ်၏။ ယင်းစေတီတော်ကြီးကို ရှေးဟောင်းသုတေသီများက ၁၉၀၈-၁၉၀၉ ခုနှစ်တွင် တူးဖော် တွေ့ရှိခဲ့ပြီး အချင်း ၂၈၆ပေ (၈၇ မီတာ) ကျယ်ဝန်းကြောင်း တွေ့ရ၏။ ရွှင်ကျန်၏ မှတ်တမ်းအရ တရုတ်လိပေါင်း ၆၀၀-၇၀၀ ခန့်မြင့်မားသောကြောင့် ဤစေတီတော်ကြီးသည် ၅၉၁ပေ-၆၈၉ပေ (၁၈၀-၂၁၀ မီတာ) ခန့်ကြီးမားသော မဟာစေတီကြီးတစ်ဆူဖြစ်ကြောင်း ခန့်မှန်းကြည့်နိုင်၏။ (ရွှေတိဂုံစေတီတော်ကြီး

၂၁၃။ ပါရဂူ-ရာဇာနှင့် သာသနာ စာ (၅၁)

၏ ဉာဏ်တော် ၃၂၆ ပေနှင့် နှိုင်းယှဉ်၍ စိတ်ကူးပုံဖော်ကြည့်နိုင်၏) ကနိ၇ကစေတီတော်ကြီးကို ရွှေစင်ရွှေသား ကျောက်မျက်ရတနာများဖြင့် ထုဆစ် ချယ်သထားသောကြောင့် ရှေးခေတ်သမိုင်း၏ အထင်ကရ အံ့ဖွယ် အဆောက်အဦများတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့၏။[၂၄၄]

အိန္ဒိယနိုင်ငံ၏ သမိုင်း၌ အသောကမင်းတရားကြီးနောက်ပိုင်းတွင် ကနိ၇က ဘုရင်အား အကြီးမားဆုံးသော ဗုဒ္ဓဘာသာ သာသနာ့ဒါယကာ ဘုရင်အဖြစ် အသိအမှတ်ပြုကြသည်။ အသောကမင်းတရားကြီးသည် တောင်ပိုင်းတိုင်းနိုင်ငံများ၌ ဗုဒ္ဓသာသနာတော်ကို ဖြန့်ဖြူးသည်။ ထိုနည်းအတူပင် ကနိ၇ကဘုရင်လည်း မြောက်ပိုင်းတိုင်းနိုင်ငံများ၌ ဗုဒ္ဓသာသနာ ပြန့်ပွားအောင်လုပ်သည်။ ထိုဘုရင်နှစ်ပါး၏ ကြိုးစားအားထုတ်မှုကြောင့် ဗုဒ္ဓသာသနာသည် အာရှတိုက် တစ်တိုက်လုံးလိုလို၌ ပြန့်ပွားသွားသည်။ ကနိ၇ကမင်းကြီး၏ တာရိမ်မြစ်ဝှမ်းဒေသသို့ နယ်ပယ်ချဲ့ထွင်ခဲ့ခြင်းသည် တရုတ်ပြည်သို့ မြတ်ဗုဒ္ဓသာသနာတော် ရောက်ရှိပြန့်ပွားရန် အကြောင်းရင် အခြေခံဖြစ်ခဲ့လေသည်။ အေဒီ ၂ ရာစု ကာလတွင် ဂန္ဓာရဒေသမှ ဗုဒ္ဓဘာသာရဟန်းတော်များသည် အာရှတိုက်မြောက်ပိုင်းနှင့် အလယ်အာရှဒေသများတွင် မြတ်ဗုဒ္ဓ၏ သာသနာတော်အလင်းရောင် ထွန်းလင်းတောက်ပစေရန် ကြိုးပမ်းခဲ့ကြ၏။ ကုရှန်ရဟန်းတော် လောကက္ခေမ (အေဒီ ၁၇၈) သည် တရုတ်မြို့တော် လိုယန်းတွင် မဟာယာနဗုဒ္ဓဘာသာပိဋကတ်ကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့သည့် ပထမဦးဆုံး ရဟန်းတော်တစ်ပါး ဖြစ်လာခဲ့သည်။ ကနိ၇ကဘုရင်၏ ခေတ်အခါက ဗုဒ္ဓစာပေသည် လမ်းကွေ့လမ်းကွဲအသစ်ကို ချိုးသွားသည်။ သင်္ကတဘာသာက ပါဠိဘာသာ၏ နေရာကို ယူလိုက်သည်။[၂၄၅] ရဟန်းပညာရှင်များသည် သင်္ကတပိဋကတ်နှင့် အခြားအာဘိဓမ္မာဆိုင်ရာ ကျမ်းဂန်များကို ရေးသားပြုစုကြသည်။ သဗ္ဗတ္ထိဝါဒကိုဏ်း၏ သင်္ကတပိဋကတ်တော်များကို တရုတ်ဘာသာ တိဗက်ဘာသာတို့သို့ ပြန်ဆိုခဲ့ကြသောကြောင့် မဟာယာန ဗုဒ္ဓဘာသာ၏ ပိဋကတ်စာပေ အခြေခံအုတ်မြစ်သည် သဗ္ဗတ္ထိဝါဒကိုဏ်းလာ စာပေများဖြစ်သည်ဟုဆိုလျှင် မှားအံ့မထင်ပေ။ တစ်နည်းအားဖြင့် မဟာယာန ဗုဒ္ဓဘာသာ၏ အဆင့်မြင့် ဒဿနကိုဏ်းများ ဖြစ်ကြသော မဇ္ဈိမိကကိုဏ်းနှင့် ယောဂစာရကိုဏ်းတို့၏ အမြင်များသည် သဗ္ဗတ္ထိဝါဒကိုဏ်း၏ အခြေခံအယူဝါဒရေးရာများကို ဝေဖန်ဆန်းစစ်တိုက်ခိုက်ရင်း ပေါ်ထွန်းလာခဲ့လေသည်။ ထို့ကြောင့် တိဗက် မဟာယာနဗုဒ္ဓဘာသာ၏ သင်ရိုးတွင် သဗ္ဗတ္ထိဝါဒကိုဏ်း၏

၂၁၄။ **Dobbins, K. Walton. (1971). *The Stūpa and Vihāra of Kanishka I.* The Asiatic Society of Bengal Monograph Series, Vol. XVIII. Calcutta**

၂၁၅။ ပါရဂူ-ရာဇာနှင့် သာသနာ စာ (၅၁)

အာဘိဓမ္မာ ကျမ်းများလာသော ဝေဘာသိက ဒဿနအမြင်သည် အခြေခံသင်ရိုးဖြစ်၍ မဇ္ဈိမိကဂိုဏ်းနှင့် ယောဂစာရဂိုဏ်းတို့၏ အမြင်များကို အဆင့်မြင့်သင်ခန်းစာများ အဖြစ် သင်ယူရလေသည်။ ဤအချက်သည် ရှေ့တွင် ရေးသားဖော်ပြလတ္တံ့သော မဇ္ဈိမိကဂိုဏ်းနှင့် ယောဂစာရဂိုဏ်းတို့၏ အမြင်များဆိုင်ရာ အခန်းများရောက်လျှင် ကောင်းစွာ ထင်ရှားလာပါလိမ့်မည်။

အေဒီ (၂) ရာစု ခန့်တွင် အရှင်နာဂဇုန နဟာန်းတော်သည် နဂါးပြည်မှ ပညာပါရမိတာပိဋကတ်များ ရရှိပင့်ဆောင်ခဲ့ပြီး မဇ္ဈိမိက သုညတ ဝါဒကျမ်းများကို ရေးသားသည်ဟု ဆို၏။ အရှင်နာဂဇုန ရဟန်းတော်သည်ကား အိန္ဒိယပြည်၏ နေမင်းကြီးလေးဆူဟု တင်စားခြင်းခံရသော မဟာပညာရှိ ကဝိအကျော်ပဂေးကြီး လေးပါးအနက် ပါဝင်သော ပုဂ္ဂိုလ်ကြီးဖြစ်ပြီး မဟာယာန ဗုဒ္ဓဘာသာလောကတစ်ခုလုံးက ဒုတိယဗုဒ္ဓတစ်ဆူအနေဖြင့် အလေးအမြတ်ပြုခြင်း ခံရသူဖြစ်၏။ ၄င်းမှ မဟာယာန ဗုဒ္ဓဘာသာကိုဏ်း ပေါ်ထွန်းခဲ့သည်ပြီးလျှင် အိန္ဒိယပြည်တစ်ပြည်လုံးတွင် မဟာယာန ဗုဒ္ဓဘာသာဝါဒ ပြန့်နှံ့သည်ဟု ဆိုကြ၏။ သီဟိုဠ်ကျွန်းတွင်မူ မဟာယာန ဗုဒ္ဓဘာသာသည် ကံမကောင်းခဲ့လှပဲ ဝေါဟရတိဿမင်းက မဟာယာန ဝေတုလ္လပိဋကတ (သဒ္ဓမ္မပုဏ္ဍရိကကျမ်း)ကို မီးရှို့ဖျက်ဆီး၍ မဟာယာနဂိုဏ်းကို တိုင်းပြည်မှ နှင်ထုတ်ခဲ့သည် ဟူ၏။ အေဒီ (၄) ရာစုလောက်တွင် မဟာယာနဗုဒ္ဓဘာသာ၏ ယောဂစာရဂိုဏ်းကို စတင်တည်ထောင်သော ကျမ်းပြုဆရာ အသင်္ဂနှင့် ဝသုဗန္ဓု တို့ညီနောင်နှစ်ပါး ပေါ်ထွန်းခဲ့သည်။ ထို့အတူ အိန္ဒိယပြည်တွင် ဂုတ္တမင်းများက နာလန္ဒာတက္ကသိုလ် စသော မဟာယာန တက္ကသိုလ်ကျောင်းကြီးများ တည်ထောင် ပေးသည်ကို တွေ့ရ၏။

မဟာယာန တက္ကသိုလ် ကျောင်းကြီးများ

မဟာယာန ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ရေးသားမည်ဆိုပါလျှင် မဟာယာန တက္ကသိုလ်ကျောင်းကြီးများ၏ အကြောင်းကို ချန်လှပ်ထားဖို့ မဖြစ်နိုင်ချေ။ တရုတ် ရဟန်းတော် ရွှင်ကျန် အိန္ဒိယပြည်တွင် ရောက်ရှိခဲ့စဉ်က အထင်ကရ တည်ရှိခဲ့သော မဟာယာန ဗုဒ္ဓဘာသာတက္ကသိုလ် ကျောင်းကြီးနှစ်ခုမှာ အိန္ဒိယပြည် အရှေ့ပိုင်းတွင် နာလန္ဒာတက္ကသိုလ်နှင့် အိန္ဒိယပြည် အနောက်ပိုင်းတွင် ဝါလာဗီတက္ကသိုလ်တို့ ဖြစ်သည်ဟု ဆိုပါသည်။ တရုတ်ရဟန်းတော် ရွှင်ကျန်သည် နာလန္ဒာတက္ကသိုလ်တွင် ပါမောက္ခချုပ်ဆရာတော် သီလဘဒြထံတွင် မဟာယာနဗုဒ္ဓဘာသာ၏ ယောဂစာရ အာဘိဓမ္မာနှင့် ပတ်သက်၍ လေ့လာသင်ကြားခဲ့လေသည်။

နာလန္ဒာတက္ကသိုလ်သည် ရဟန်းတော်များ ကျောင်းအိပ် ကျောင်းစား

သီတင်းသုံးနေထိုင်ကာ ပညာသင်ကြားနိုင်သော မဟာဝိဟာရ တက္ကသိုလ် အမျိုးအစားဖြစ်ပြီး ယနေ့ခေတ် ဗီဟာရ်ပြည်နယ် ပတ္တနားမြို့၏ တောင်ဖက် (၉၅) ကီလိုမီတာ အကွာအဝေးခန့်တွင် တည်ရှိခဲ့သော ကျောင်းတော်ကြီးဖြစ်၏။ နာလန္ဒာတက္ကသိုလ် ရှင်သန်လှုပ်ရှားခဲ့သော ကာလမှာ အေဒီ (၅) ရာစုမှ အေဒီ (၁၂) ရာစုအထိ နှစ်ပေါင်း (၇၀၀) ကျော်တည်ရှိခဲ့သော သမ္ဘာရင့် ရှေးဟောင်း တက္ကသိုလ်ကြီးတစ်ခုဖြစ်၏။ သမိုင်းကြောင်းအရကြည့်လျှင် နာလန္ဒာသည် မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်အနီးတွင် တည်ရှိခဲ့ပြီး ဗဟိုကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် အဓိကအချက်အချာကျသော ကျေးရွာတစ်ခုအဖြစ် ထင်ရှားခဲ့လေသည်။ ဂျိန်းဘုရားမဟာဝီရ နိဂဏ္ဌနာပုတ္တသည် နာလန္ဒာအရပ်တွင် ၁၄ နှစ်မျှ ဝါဆိုခဲ့ပြီး ရှင်တော်ဗုဒ္ဓကိုယ်တိုင် ဤဒေသတွင် ရှိခဲ့သော သရက်ဥယျာဉ်တွင် တရားတော်များ ဟောကြားခဲ့ဖူး၏။ ဗုဒ္ဓ၏ လက်ယာရံသာဝက အရှင်သာရိပုတ္တရာမှာလည်း နာလန္ဒာဇာတိဖြစ်၏။[၂၁၆]

နာလန္ဒာတက္ကသိုလ်သည် စာသင်ခန်းမကြီးများ စာကြည့်တိုက်ကြီးများနှင့် အတူ အဆင့်မြင့် စီမံအုပ်ချုပ်ရေးနှင့် နာလန္ဒာတက္ကသိုလ် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများပါ ပြည့်စုံစွာရှိကြောင်း မှတ်တမ်းတင်ခဲ့လေသည်။ နာလန္ဒာ တက္ကသိုလ်သည် ဆရာ ၁၅၀၀ ခန့်နှင့် ကျောင်းသား ၁၀၀၀၀ ကျော်ရှိကြောင်း ဗုဒ္ဓဘာသာ (မဟာယာနနှင့် ဟီနယာန ဂိုဏ်များ) ဗြဟ္မဏဘာသာဆိုင်ရာ စာပေကျမ်းဂန်များအပြင် အခြားလောကီ သိပ္ပံအတတ်ပညာများ (ဟေတုဝိဇ္ဇာ သဒ္ဒါဝိဇ္ဇာ အာထဗ္ဗဏဝေဒ စသည်) ကိုလည်း သင်ကြားကြောင်း ပါမောက္ခချုပ်ဆရာတော် သီလဘဒြမထေရ်သည် ဉာဏ်အထက်မြက်ဆုံးနှင့် ပညာအကြီးဆုံးဖြစ်ကြောင်းတို့ကို တရုတ်ရဟန်းတော် ရွှင်ကျန်က မှတ်တမ်းတင်ထားခဲ့လေသည်။[၂၁၇]

အခြား တရုတ်ရဟန်းတော်တစ်ပါးဖြစ်သော ယိချင်၏ Record of the Buddhist Religion (Chapter XXXIV) ကျမ်းစာတွင်မူ မဟာယာန တက္ကသိုလ်ကျောင်းကြီးများ၏ ပညာရေးစနစ်တွင် သက္ကတသဒ္ဒါသင်ကြားရေး အခြေခံကျပုံအကြောင်းကို အသေးစိတ်ချယ်မှုန်းထားသည်ကို တွေ့ရ၏။ သက္ကတသဒ္ဒါ သင်ကြားရေးတွင် ပါဏိနီ၏ သုတ္တကျမ်းများဖြစ်သော ဓာတုပါထ အဒ္ဓဓာတု ဥဏာဒိသုတ္တ ကာသိကာဝိထိအပြင် ဝေဒန္တဒဿနပညာရှင်ကြီး ဘာတြိဟာရိ၏ သျှတ္တရကျမ်းများ ဝါကျပဒီပ ဘေဒဝိထိတို့ကိုလည်း လေ့လာရသည်။ ဟေတုဝိဇ္ဇာ၊ သဒ္ဒါ

၂၁၆။ **Sastri, Kallidaikurichi Aiyah Nilakanta (1988).** ***Age of the Nandas and Mauryas***

၂၁၇။ **Mookerji, Radha Kumud (1998) [First published in 1951].** ***Ancient Indian Education: Brahmanical and Buddhist***

ဝိဇ္ဇာ ဆိုင်ရာကျမ်းများ သဗ္ဗတ္တိဝါဒ အဘိဓမ္မာပညာရှင် ဝသုဗန္ဓု၏ အဘိဓမ္မာကောသကျမ်း ညာယျ ဒွါရ တက္က သျတ္တရ စသော ရှေးဟောင်း အိန္ဒိယ ယုတ္တိဗေဒကျမ်းများ ဇာတကမာလာနှင့် ဝိနယဘာသာရပ်များကိုပါ ကျယ်ပြန့်စွာ လေ့လာသင်ကြားကြရလေသည်။

မဟာယာန တက္ကသိုလ်ကျောင်းကြီးများ၏ ပညာရေးစံနစ်တွင် အာဂုံလေ့ကျက်ခြင်းနည်းကို သုံးသည်သာမက ဆင်ခြေလျှောက်လဲခြင်း ပညာရပ်ကိုပါ လေ့ကျင့်ကြရလေသည်။ သက်ဆိုင်ရာ ပညာရပ်များ လေ့လာသင်ကြား ပြီးဆုံးသွားပါက ဘွဲ့အပ်နှင်းခြင်းလည်း ရှိသည်။ စာသင်ခန်းများတွင် ရေနာရီသုံး အချိန်မှတ်သားမောင်းတီး၍ အချိန်ကို ကြေညာပေးပြီး တစ်နေ့တာ သင်ကြားချိန် (၈) နာရီခန့်ရှိသည်ဟုဆို၏။ နာလန္ဒာတက္ကသိုလ်မှာ ဆင်ခြေလျှောက်လဲခြင်း ပညာရပ်တွင် အလွန်ကျော်ကြားပြီး စာသင်သားများအနေနှင့် ဆင်ခြေလျှောက်လဲခြင်းကို လေ့ကျင့်ကြခြင်းအားဖြင့် နေ့တာတိုသည်ဟူ၍တောင် ထင်ကြရကြောင်း လွတ်လပ်စွာ ဆင်ခြေတက် အဆိုအခြေများဖြင့် ငြင်းခုံကာ ပညာဆည်းပူး လေ့လာကြရကြောင်း ရေးသားထားလေသည်။ နာလန္ဒာတက္ကသိုလ်၏ ပညာသင်ကြားပုံသည် ရှေးခေတ် ဘုန်းတော်ကြီး ကျောင်းတိုက်များမှ အမေးအဖြေ (ကထာ) သင်ကြားနည်းကို အတုယူဟန် ရှိလေသည်။ နယ်အသီးသီးမှ လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ ကျောင်းသားများ တက်ရောက် လေ့လာသင်ကြားကြခဲ့သောကြောင့် ဗုဒ္ဓဘာသာကို ဗြဟ္မဏဘာသာနှင့် ထွေးရောယှက်တင် ပေါင်းစည်းစေရန် နာလန္ဒာတက္ကသိုလ် ပညာရေးက အခြေအနေပေးစေခဲ့ကြောင်း သမိုင်းပညာရှင်တို့က ကောက်ချက်ဆွဲကြ၏။

နာလန္ဒာတက္ကသိုလ် စာကြည့်တိုက်ကြီးများ အလွန်ကြီးကျယ်ကြောင်း တိဗက်သမိုင်းပညာရှင် တာရာနာထ၏ မှတ်တမ်းများတွင် ဖော်ပြထားသည်ကို တွေ့ရပြီး ယင်းတို့အနက် စာကြည့်တိုက်ကြီး (၃) ခု ထင်ရှားလေသည်။ ၄င်းတို့၏ အမည်များမှာ ရတနဒါဓိ (ရတနာပင်လယ်)၊ ရတနသာဂရ (ရတနာ သမုဒ္ဒရာ)၊ နှင့် ရတနာရဉ္ဇက (ရတနာ မျက်ချယ်) ဟူ၍ အသီးသီး ဖြစ်ကြ၏။ ထိုစာကြည့်တိုက်ကြီးများကို တူရကီစစ်သားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တိဗက်မှတ်တမ်းများက ဆိုရာတွင် လပေါင်းများစွာ မီးများလောင်နေခဲ့ကြောင်း ဂိုဏ်းပေါင်းစုံ ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းဂန်စာပေများ မီးသင့်ပျောက်ကွယ်ခဲ့ရကြောင်း သိရပါသည်။ နာလန္ဒာတက္ကသိုလ်ကြီးသည် (၆) ရာစု ခေတ်တွင် အကျော်ကြားဆုံးဖြစ်ခဲ့ပြီး နောက်နှစ်သုံးရာအတွင်း အသစ်ပေါ်ပေါက်လာခဲ့သော ဝိကြမသီလတက္ကသိုလ် မတိုင်ခင်ကာလထိ နာမည်ကျော် တက္ကသိုလ်ကျောင်းတိုက်ကြီး ဖြစ်ခဲ့လေသည်။ နာလန္ဒာတက္ကသိုလ်သည် အေဒီ (၁၁၉၇) ခုနှစ်တွင် ဘီဟာပြည်နယ်ကို မိုဟာမေဒင်

တို့ တိုက်ခိုက်သိမ်းပိုက်သည့်အခါတွင် ဂိုဏ်းပေါင်းစုံ ဗုဒ္ဓဘာသာ ရဟန်းတော်များ အသတ်ခံရပြီး လုံးဝပျက်သုဉ်းခဲ့လေသည်။

နာလန္ဒာတက္ကသိုလ်၏ ဗိသုကာလက်ရာသည် (၇) ရာစုခေတ်၏ အခမ်းနားဆုံးသော လက်ရာအဖြစ် အသိအမှတ်ပြုကြရလောက်အောင် ထည်ဝါခမ်းနားခဲ့လေသည်။ ဘုရင်ယသောဝါမာန် (Yasovarman) ရေးထိုးသော ကျောက်စာတွင် နာလန္ဒာတက္ကသိုလ်၏ မြင့်မားလှသော ဘုံနန်းထွတ်ဆောင်များသည် မိုးကောင်းကင်မှ တိမ်လွှာညွှန့်ဆိုင်များကိုပင် ထိတို့ နမ်းရှပ်နေလေဟန်ရှိကြောင်း ချီးကျူးရေးသားထားလေ၏။ နာလန္ဒာတက္ကသိုလ်နှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်များတွင် ထူးခြားချက် တစ်ခုကိုတွေ့ရ၏။ ဝင်္ကပိုင်းကို အုပ်စိုးခဲ့သော ပါလမင်းဆက်၏ တတိယမြောက် ပါလမင်းဖြစ်သော ဒေဝပါလမင်း (အေဒီ ၉၀၀ ခန့်) ရေးထိုးခဲ့သည်ဟု ယူဆရသော ကြေးပုရပိုက်ထဲတွင် သုဝဏ္ဏဘူမိ (သုမတြ) ကျွန်းကို စိုးစံသော ဘုရင် သိရီဗလပုတ္တဒေဝမင်း သည် နာလန္ဒာတက္ကသိုလ်ကြီးတည်တံ့စေရန် ရဟန်းတော်များ ချမ်းသာစွာပညာသင်ကြား နိုင်ကြစေရန် သီရိနာဂရခေါ် ပါဠလိပုတ်ခရိုင် နိုင်ငံအတွင်း ရွာ (၅) ရွာကို မိမိပိုင်ဆိုင်သည့် သုဝဏ္ဏဘူမိမှ ရွာ (၅) ရွာဖြင့် အစားထိုးပေးလှူကြောင်း ရေးထိုးထားသည်ကို ထောက်ချင့်၍ နာလန္ဒာတက္ကသိုလ်သည် အိန္ဒိယနိုင်ငံတွင် သာမကဘဲ သုဝဏ္ဏဘူမိ (သုမတြ) ကျွန်းကဲ့သို့သော ဝေးလံသော တိုင်းနိုင်ငံများထိအောင် ကျော်ဇောသတင်းပျံ့နှံ့ခဲ့သော တက္ကသိုလ်ကြီးဖြစ်ကြောင်း ထင်ရှားလေသည်။

သြဒန္တပူရီ ဝိဟာရတက္ကသိုလ်

သြဒန္တပူရီ ဝိဟာရတက္ကသိုလ်ကို ဂေါပါလမင်းက အေဒီ (၇) ရာစုတွင် တည်ဆောက်ခဲ့ပြီး ဘီဟာရ် ပြည်နယ် ဟီရည ပရဘတ္တ ပဗ္ဗတတောင်အနီး ပန်ချန်နန်မြစ်၏ ကမ်းပါးတွင် တည်ရှိခဲ့၏။ အိန္ဒိယ၏ ရှေးဟောင်း ဗုဒ္ဓဝိဟာရတက္ကသိုလ်များအနက် ဒုတိယ သက်တမ်းအရင့်ဆုံးဖြစ်၏။ တိဗက်သမိုင်းမှတ်တမ်းများအရ ရဟန်းစာသင်သား ၁၂၀၀၀ ခန့်ထိ တက်ရောက်သင်ကြားခဲ့ကြောင်း သိရ၏။ တိဗက်ဗုဒ္ဓဘာသာသက္ကပဂိုဏ်း၏ ဆရာအရှင် ဂျမ်ဂွန် အမ်ယေ ဇာဘ် (အေဒီ ၁၅၉၇-၁၆၅၉) ၏ မှတ်တမ်းတွင် သြဒန္တပူရီ ဝိဟာရတက္ကသိုလ်ကို ဆန်ဒပများ (တိဗက်ဘာသာအားဖြင့် သီရိလင်္ကာ ထေရဝါဒီ ရဟန်းများ) က အုပ်ချုပ်ခဲ့ကြောင်း ဖော်ပြထား၏။ သြဒန္တပူရီ ဝိဟာရတက္ကသိုလ်သည် နာလန္ဒတက္ကသိုလ်နှင့်အတူ ၁၁၉၃ တွင် အလီဘက္ကတိယာ ခီလ်ဂျီ၏ စစ်သားများက ဖျက်ဆီးခြင်းကို ခံခဲ့ရလေ၏။

ဝိက္ကြမသီလတက္ကသိုလ်

ဝိက္ကြမသီလတက္ကသိုလ်သည်ကား နာလန္ဒာတက္ကသိုလ် နောက် ပေါ်ပေါက်လာသော ကျောင်းတိုက်ကြီးဖြစ်လေသည်။ ဝင်္ဂဒိုင်း (ဘင်္ဂလား) ကို စိုးစံခဲ့သော ပါလ မင်းဆက်များ၏ အထောက်အပံ့ဖြင့် ပေါ်ထွန်းခဲ့သော ဗုဒ္ဓစာပေ တက္ကသိုလ်ကြီး ဖြစ်ပေသည်။ ဝိက္ကြမသီလတက္ကသိုလ် တည်နေရာကို ရှာဖွေရာတွင် ဂင်္ဂါမြစ် ယာဖက်ကမ်းမြစ်ကြီး မြောက်ဖက်အရပ်သို့ စီးဆင်းရာ မှာ တည်ရှိခဲ့ဟု ခန့်မှန်းသော်လည်း အတိအကျ မတွေ့ရသေးချေ။ ရှေးဟောင်း မှတ်တမ်းများအလိုအရ ဝိက္ကြမသီလတက္ကသိုလ်ကြီးဝယ် မုခ်တံခါး (၆) ပေါက် ရှိပြီးလျှင် မုခ်တံခါးပေါက်အသီးသီး၌ (၃၂ရ ပဏ္ဍိတ) ဟုခေါ်သော ပညာရှိကဝိကြီးများက စောင့်ရှောက်လျက်ရှိခဲ့ကြောင်းနှင့် စာသင်သားများ ပညာသင်ကြား ပြီးမြောက်ခဲ့ပါက ပဏ္ဍိတဘွဲ့ကို တက္ကသိုလ်မှ အပ်နှင်းကြောင်း ဖော်ပြထားလေသည်။

ဝိက္ကြမသီလတက္ကသိုလ်၏ မွေးပျိုသောဂုဏ်သတင်းသည် တိဗက်သို့ သာသနာပြုကြွရောက်တော်မူခဲ့သော အရှင်မြတ် ဒီပင်္ကရာ သိရီဉာဏ (Dipankara Srijnana) (အေဒီ ၉၈၀-၁၀၅၃) နှင့် အဓိက ဆက်စပ်လျက်ရှိခဲ့လေသည်။ အရှင်မြတ် ဒီပင်္ကရာ သိရီဉာဏ သည် ဩဒန္တပူရီ တက္ကသိုလ် တွင် ပညာလေ့လာဆည်းပူးခဲ့ပြီးနောက် (အေဒီ ၁၀၃၄-၁၀၃၈) တွင် ဝိက္ကြမသီလတက္ကသိုလ်၏ ပါမောက္ခချုပ်ဆရာတော်ကြီး ဖြစ်လာခဲ့ပြီး တိဗက်ဘုရင်၏ ပင့်ဖိတ်ချက်အရ တိဗက်ပြည်သို့ သာသနာပြု ကြွရောက်ချီးမြှင့်ခဲ့သော သာသနာ့ အာဇာနည် ဆရာတော်ကြီးတစ်ပါးဖြစ်၏။ အရှင်မြတ် ဒီပင်္ကရာ သိရီဉာဏသည် ကဒမ်ပကိုဏ်း (Kadampa School) ကို တည်ထောင်ခဲ့ပြီး တိဗက်ပြည်တွင် ဗုဒ္ဓဘာသာ ရောင်ဝါနေသို့ လင်းစေခဲ့သော ကျေးဇူးရှင်အဖြစ် တိဗက်ပြည်သူတို့က အထူးလေးမြတ်ကြည်ညိုခြင်းကို ခံရသူလည်းဖြစ်၏။ အရှင်မြတ်ဒီပင်္ကရာ သိရီဉာဏသည် (၁၃) နှစ်တိုင်အောင် တိဗက်ပြည်တွင် သာသနာပြုပြီး တိဗက်ပြည်၌ ပျံလွန်တော်မူခဲ့ လေသည်။

ဝိက္ကြမသီလတက္ကသိုလ်နောက် ထပ်မံပေါ်ပေါက်ခဲ့သော ဇဂဒ္ဒလနှင့် ဩဒန္တပူရီ တက္ကသိုလ်များသည်လည်း ထိုစဉ်က ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့ခဲ့ကြသည့် ပါလမင်းဆက်များပင် ထူထောင်ပေးခဲ့သော တက္ကသိုလ်များ ဖြစ်ပေ၏။ အေဒီ ၁၀၈၄ မှ ၁၁၃၀ ထိ စိုးစံခဲ့သော ရာမာပါလမင်း (King Ramapala) သည် ဂင်္ဂါမြစ်ဆုံဒေသ (ကာရာတိုဝါ) တွင် မင်းနေပြည်တော် တည်ထောင်၍ ရာမာဝတီမြို့တော် (Ramavati) ဟု အမည်ပေးခဲ့၏။ နေပြည်တော်၌ ဇဂဒ္ဒလ တက္ကသိုလ်ကိုလည်း တည်ထောင်ပေးခဲ့သည်။ ဇဂဒ္ဒလတက္ကသိုလ်သည် နှစ်ပါင်း (၁၅၀) ခန့်သာ

ရှင်သန်နိုင်ခဲ့ပြီး ဘီဟာပြည်နယ်ကို မိုဟာမေဒင်တို့ တိုက်ခိုက်ချိန်တွင် အခြားဗုဒ္ဓတက္ကသိုလ်ကြီးများ နည်းတူ ပျက်သုဉ်းခဲ့ရပြန်လေသည်။

သောမပူရ ဝိဟာရ

သောမပူရ ဝိဟာရသည် အရှေ့ပါကစ္စတန်(ယခု ဘင်္ဂလားဒေ့ရှ်) တွင် တည်ရှိပြီး ဒေဝပါလမင်း (အေဒီ ၈၁၀-၈၅၀) က တည်ဆောက်ခဲ့သည်ဟု ဆိုပါသည်။ ပါဟာပူရ်တွင် တူးဖော်တွေ့ရှိရသော တံဆိပ်များတွင် ``ရှရီ သောမပူရေ ရှရီ ဓမ္မပါလဒေဝ မဟာဝိဟာရိယျာယ ဘိက္ခု သံဃဿ'' ဟူသော ရေးထွင်းစာများကို တွေ့ရသောကြောင့် ဒုတိယ ပါလမင်းဆက် ဓမ္မဒေဝပါလက တည်ဆောက်ခဲ့သည်ဟု သိရပါသည်။ ဤ အဆောက်အအုံ၏ အပြိုအပျက်များကို စတုရန်းမိုင် တစ်မိုင် ပတ်လည်လောက်တွင် ရှာဖွေတွေ့ရ၏။ ကြီးမားသော မုခ်ဦးများနှင့် နံရံမြင့်မြင့်ကြီးများကိုလည်း တွေ့ရ၏။ ရဟန်းတော်များ နေထိုင်သော အဆောင်အခန်းပေါင်း ၁၇၇ ခန်း ခန့်နှင့် ဘုရားကျောင်းဆောင် အခန်းများကိုလည်း တွေ့ရ၏။ အဆောက်အအုံမှာ အထပ်သုံးထပ်ရှိပြီး နှစ်ပေါင်း ၇၅၀ တိုင်အောင် သက်တမ်းရှိတည်ရှိခဲ့သော ဝိဟာရဖြစ်၏။[၂၁၈]

ဇဂဒ္ဒလဝိဟာရတက္ကသိုလ်

ဇဂဒ္ဒလဝိဟာရတက္ကသိုလ်သည် အေဒီ ၁၁-၁၂ ရာစုများတွင် ထွန်းကားခဲ့သော ဗုဒ္ဓစာပေသင်ကြားသည် တက္ကသိုလ်ကျောင်းတော်ဖြစ်၏။ ယခုခေတ် ဘင်္ဂလားပြည်နယ် မြောက်ပိုင်း ဗေရန်ဒရအရပ်တွင် တည်ရှိသည်။[၂၁၉] အခြားသော ဗုဒ္ဓဘာသာတက္ကသိုလ်ကျောင်းတိုက်များနှင့် နှိုင်းစာလျှင် ဇဂဒ္ဒလဝိဟာရသည် လူသိနည်း၏။ နှစ်ပေါင်းများစွာ ယင်းကျောင်းတိုက်၏ တည်နေရာကို ရှေးဟောင်းသုတေသီပညာရှင်တို့ မရှာဖွေနိုင်ခဲ့ကြပေ။ နောက်ဆုံး နာဂိဝန် ဒီစတြိတ်မှ ဂျင်ဒါလ် အရပ်တွင် ရှေးဟောင်းအဆောက်အအုံ အပြိုအပျက်များကို တွေ့ခဲ့ရပြီး ဇဂဒ္ဒလဝိဟာရ တည်နေရာဖြစ် အတည်ပြု သတ်မှတ်ခဲ့၏။

ဇဂဒ္ဒလဝိဟာရသည် အခြားသော ဝိဟာရများနည်းတူ ပါလမင်းဆက်၏

၂၁၈။ Somapura Mahavihara (http://www.banglapedia.org /HT/S_0567.htm), Banglapedia: The National Encyclopedia of Bangladesh, Asiatic Society of Bangladesh, Dhaka, Retrieved: 2014-06-15

၂၁၉။ *Buddhist Monks And Monasteries Of India: Their History And Contribution To Indian Culture.* by Dutt, Sukumar. George Allen and Unwin Ltd, London 1962. pg 377

နောက်ဆုံးပိုင်းကာလတွင် ဓမ္မပါလမင်း (အေဒီ ၇၈၁-၈၂၁) ဆောက်လုပ်လှူဒါန်းခဲ့သော ဝိဟာရ ၅၀ အနက်တစ်ခုဖြစ်၏။ အချို့ကလည်း ရာမပါလမင်း (အေဒီ ၁၀၇၇-၁၁၂၀) က ဆောက်လုပ်ခဲ့သည်ဟု ယူဆကြ၏။ ဇဂဒ္ဒလ ဝိဟာရ အပါအဝင် နာလန္ဒ ဝိကြမသီလ သောမပူရ သြဒန္တပူရီ စသည် တက္ကသိုလ်ကြီးများသည် အချင်းချင်း ဆက်နွယ်မှုရှိခဲ့ပြီး နိုင်ငံတော်မှ စီမံထိန်းချုပ်ခဲ့သည်ဟု ယူဆရ၏။[၂၂၀] ဇဂဒ္ဒလ ဝိဟာရသည် တန္တ္ရရ ဝဇ္ဇရာယာန ဗုဒ္ဓဘာသာကို အထူးပြုသင်ကြားသော ကျောင်းတော်ကြီးဖြစ်၏။[၂၂၁] တိဗက် ပိဋကတ်၏ ကန်ဂျူ (ပိဋကတ်) နှင့် တန်ဂျူ (အဖွင့်အဋ္ဌကထာ) ကျမ်းများသည် ဇဂဒ္ဒလဝိဟာရတွင် စုဆောင်းခဲ့သော ကျမ်းများဖြစ်နိုင်ဖွယ်ရှိကြောင်း ပညာရှင်တို့ ယူဆကြ၏။[၂၂၂]

ကသ္မီရ ရဟန်းတော် ပညာရှိ သကျသီရိဘဒ္ဒသည် နာလန္ဒတက္ကသိုလ်၏ နောက်ဆုံး ပါမောက္ခချုပ်ဖြစ်ပြီး တိဗက်သို့ မဟာယာနဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများကို အဓိကလုပ်ဆောင်ခဲ့သူဖြစ်၏။ အေဒီ ၁၂၀၄ တွင် မိုဟာမေဒင်တို့ အိန္ဒိယ တက္ကသိုလ်များကို ဖျက်ဆီးတော့မည့် အရိပ်အယောင်များ ဆင်လာသည့် အခါ သကျသီရိဘဒ္ဒသည် ဇဂဒ္ဒလ ဝိဟာရမှ တိဗက်ပြည်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့၏။ ဇဂဒ္ဒလ ဝိဟာရသည် မိုဟာမေဒင်တို့ နောက်ဆုံး ဖျက်ဆီးခဲ့သည် ဝိဟာရတက္ကသိုလ်တစ်ခု ဖြစ်နိုင်ပေသည်။[၂၂၃]

မဟာယာနဗုဒ္ဓဘာသာ၏ မိုးကောင်းကင်တွင် အစဉ်ထာဝရ တောက်ပနေကြမည့် ကြယ်ပွင့်ကြီးများနှင့် အလားတူသော နာဂဇုန အရိယဒေဝ ဗုဒ္ဓပါလိတ ဘာဝဝိဓေက စန္ဒြကီတို့ အသင်္ဃ ဝသုဗန္ဓု ထိရမတိ ဓမ္မပါလ သန္တ္ရက္ခိတ ကမလာသီလ ကုမာရဇီဝ သီလဘဒ္ဒ စသည့် ဗုဒ္ဓဒဿနပညာရှင်များသည် ဤ မဟာယာန ဗုဒ္ဓဘာသာ တက္ကသိုလ်ကြီးများမှ ပေါက်ဖွား ပေါ်ထွန်းခဲ့ကြသောကြောင့် အဆိုပါ တက္ကသိုလ်ကြီးများသည် မဟာယာန ဗုဒ္ဓဘာသာ အစဉ်အလာကို မွေးထုတ်ပေးခဲ့သော ဘူမိနက်သန် ဖြစ်ခဲ့ကြောင်း ယူဆနိုင်ပါ၏။ အဆိုပါ အိန္ဒိယဗုဒ္ဓဘာသာ၏ နေမင်းကြီးများသည် ယနေ့ခေတ်တိုင်အောင် မဟာယာန ဗုဒ္ဓဘာသာ၏ မိုးကောင်း

၂၂၀။ **Ibid, pg 352-3**

၂၂၁။ ***Vajrayoginī: Her Visualizations, Rituals & Forms*** **by Elizabeth English. Wisdom Publications. p. 15**

၂၂၂။ ***Buddhist Monks and Monasteries Of India: Their History And Contribution To Indian Culture.*** **by Dutt, Sukumar. George Allen and Unwin Ltd, London 1962. pg 378**

223 ***Buddhist Monks and Monasteries of India: Their History and Contribution to Indian Culture.*** **by Dutt, Sukumar. George Allen and Unwin Ltd, London 1962- pg 379-80**

ကင်တွင် အစဉ်ထာဝရ ထွန်းလင်းတောက်ပလျက် အလင်းဆောင်နေဆဲဖြစ်၏။ သန်းပေါင်းများစွာသော မဟာယာန ဗုဒ္ဓဘာသာဝင်များအတွက် စိတ်ဝိညာဏ် ခွန်အားပေးဆဲ ဖြစ်၏။

အချုပ်အားဖြင့်ဆိုရသော် မဟာယာန ဗုဒ္ဓဘာသာသည် ရှေးဦး အာဂိမမ္မာ ဗုဒ္ဓဘာသာကို ဝေဖန်ဆန်းစစ်သည့် ပညာပါရမီတာသုတ္တန်များတွင် အစတည်ခဲ့ပြီး ဗုဒ္ဓရုပ်တော်ကို လောကီလွန်အဆင့်သတ်မှတ်၍ ဆည်းကပ်ကိုးကွယ်သော ရဟန်းရှင်လူဥပသကာတို့၏ ယုံကြည်မှုသဒ္ဓါလမ်းစဉ် စေတီပုထိုးကိုးကွယ်မှု စသည်တို့နှင့် ပေါင်းစပ်၍ သမိုင်းတွင် တရွေ့ရွေ့ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ဟန်ရှိသည်ဟုသာ ဆိုတန်ရာ၏။ တောရဆောက်တည်သော အရည ဝါသီ တောမှီ ရဟန်းတို့၏ စျာန်စိတ်အာရုံတွင် ထင်မြင်လာသော မဟာယာန သုတ္တန်ဒေသနာတော်များသည် အိန္ဒိယနိုင်ငံတွင် စာရေးသားခြင်းအတတ် ပေါ်ထွန်းလာသောအခါ အလျှင်အမြန် ကြီးထွားတိုးတက်လာပြီး ရှေးဦး ဗုဒ္ဓဘာသာ၏ အာဂုံဆောင် အစဉ်အလာ၏ အပြင်ဖက်တွင် အချိန်၏တိုက်စားမှုကို တွန်းလှန်နိုင်ခဲ့သော စာပေများအဖြစ် ကျန်ရှိခဲ့၏။ ယင်းစာပေ အစုအဝေးကြီးသည် နောင်အခါတွင် မဟာယာနဗုဒ္ဓဘာသာ၏ ပိဋကတ်စာပေဖြစ်လာခဲ့ပြီး ယင်းစာပေအပေါ်တွင် အနက်သစ်ဖွင့်ဆိုသော ပညာရှင်များ၏ ဋီကာကျမ်း၊ သျှတ္တရကျမ်း၊ ဒဿနကျမ်းများ ဆက်တိုက် ပေါ်ထွက်လာခဲ့သည် ဖြစ်လေရာ မဟာယာန ဗုဒ္ဓဘာသာ၏ ခိုင်မာသော ဒဿနအခြေခံအုတ်မြစ်များကို စိုက်ထူချမှတ်နိုင်ခဲ့၏။ ထို့ကြောင့် ရှေ့လာမည့် အခန်းများတွင် မဟာယာနဗုဒ္ဓဘာသာ၏ နက်ရှိုင်းကျယ်ပြန့်သော ဒဿနများကို ဆက်လက် လေ့လာ ဆန်းစစ်ကြည့်ကြပါစို့။

□ □ □



အခန်း (၃)

မဇ္ဈိမိကကိုဏ်း ၏ သုညတာဒဿန

မဟာယာနဗုဒ္ဓဘာသာ ၏ အခြေခံအုတ်မြစ် ကို ညွှန်ပြပါဆိုလျှင် ဘီစီ (၂) ရာစု ဝန်းကျင်တွင် စတင်ပေါ်ပေါက်လာသော ပညာပါရမီတာ သုတ္တန်များကိုသာ ညွှန်ပြ ရမည် ဖြစ်ပါသည်။ ပညာပါရမီတာ သုတ္တန်များသည် ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများ အဘိဓမ္မာစာပေများကို အပြိုင်အဆိုင်ပြုစုကြသော ခေတ်ကာလနှင့် တိုက်ဆိုင် လျက် မရွေးမနှောင်း ပေါ်ပေါက်လာခဲ့ပြီး အဘိဓမ္မာစာပေများထဲတွင် ပေါ်လွင်လာ သော ပရမတ္ထအရှိအမြင် (သ-ဘာဝ ဝါဒ) ကို ဝေဖန်သုံးသပ်ထားသော သုတ္တန် များ ဖြစ်သည်ကို တွေ့ ရ၏။ ပညာပါရမီတာ သုတ္တန်များကို အခြေခံ၍ ယင်းတို့၏ အဓိကအကျဆုံးသော သုညတာ သဘောကို အနှက်ဖွင့်ဆိုရာမှ မဇ္ဈိမိကဂိုဏ်း ပေါ် ပေါက်လာခဲ့ပါသည်။ မဇ္ဈိမိကဂိုဏ်းကို အိန္ဒိယ ဗုဒ္ဓဒဿနပညာရှင် ရဟန်းတော် အရှင်နာဂဇုန္နကာ အေဒီ (၁) ရာစုမှာ တည်ထောင်ခဲ့လေသည်။ ယောဂစာရဂိုဏ်းနှင့် အတူ မဟာယာနဗုဒ္ဓဘာသာရေးဆိုင်ရာ အခြေခံဒဿနအမြင် တစ်ရပ်အဖြစ် သတ် မှတ်ကြ၏။ အမှန်စင်စစ် မဇ္ဈိမိကဂိုဏ်း၏ ဓမ္မဒဿနအမြင်သည် မဟာယာန ဗုဒ္ဓ ဘာသာတစ်ခုလုံး၏ အခြေခံအုတ်မြစ်ဖြစ်၏။ နှလုံးသည်းပွတ် အသက်သွေးကြော

ဖြစ်၏။ မစ္ဆိမိကဂိဏ်း၏ ဓမ္မဒဿနအမြင်ကို နားမလည် သဘောမပေါက် လက်မခံနိုင်သေးသရွေ့ မဟာယာန ဗုဒ္ဓဘာသာ၏ အနက်အဓိပ္ပာယ်အစစ်ကို နားလည်သဘောပေါက် သိမြင်သည်ဟု မဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် မဟာယာန ဗုဒ္ဓဘာသာ၏ သမိုင်းတစ်လျောက် ပေါ်ပေါက်ခဲ့သမျှ ဗုဒ္ဓဘာသာဂိဏ်းဟူသမျှတို့သည် မစ္ဆိမိကဂိဏ်း၏ ဓမ္မဒဿနအမြင်ကို ဆပ်ွားချဲ့ထွင် ရှုမြင်ထားကြသော ဓမ္မအမြင်များသာ ဖြစ်ကြသောကြောင့်ပေတည်း။

မစ္ဆိမိကဂိဏ်းဟူသော အမည်နာမသည် သဿတဒိဋ္ဌိ (Eternalism) နှင့် ဥစ္ဆေဒဒိဋ္ဌိ (Annihilationism) ဟူသော အစွန်းတရား အမြင်နှစ်ပါးကို ငြင်းပယ်အလယ်လမ်းအမြင်ကို တင်ပြသောကြောင့် ဤသို့ ခေါ်ဆိုခြင်းဖြစ်၏။ ထို့အပြင် အရာခပ်သိမ်း၏ အတွင်းအနှစ်အသား အခိုင်အမာသဘော (အတ္တ) တည်ရှိမှုကို ငြင်းပယ်သောကြောင့် သုညတဝါဒဟုလည်း ခေါ်ဆိုကြလေသည်။ အရာခပ်သိမ်း၏ မိမိကိုယ်ပိုင် သဘာဝလက္ခဏာများမှ ကင်းဆိတ်ခြင်းကို လက်ခံသောကြောင့် နိဿဘာဝဝါဒဟုလည်း သတ်မှတ်ကြလေသည်။ လွန်ခဲ့သော ရာစုနှစ်ဝက်အတွင်း က အနောက်တိုင်း ပညာရှင်များသည် အရှင်နာဂဇုန၏ အတွေးအမြင်ကို နတ္ထိကဝါဒ (Nihilism) ဧကတ္တဝါဒ (Monism) အတက္ကဝါဒ (Irrationalism) အညာဏဝါဒ (Agnosticism) သံသယဝါဒ (Scepticism) ဝေဖန်ဆန်းစစ်မှု ဝိဘဇ္ဇဝါဒ (Criticism) ဒိုင်ယာလက်တစ် (Dialectics) ဂမ္ဘီရဝါဒ (Mysticism) သမုတိဝါဒ (Relativism) ပရမတ္ထဝါဒ (Absolutism) နာမပညတ္တိဝါဒ (Nominalism) စသဖြင့် အမျိုးမျိုး အဖုံဖုံ ဝိဂြိုဟ်ပြုခဲ့ကြလေသည်။ စင်စစ် မစ္ဆိမိကဂိဏ်း၏ အမြင်အရ အားလုံးသော တရားသဘောတို့၌ ကိုယ်ပိုင် လက္ခဏာ သဘာဝ ဟူ၍ စိုးစဉ်းမျှမရှိဟူ၍ မြင်သောကြောင့် အထက်ပါ အဆိုဝါဒများသည် မစ္ဆိမိကဂိဏ်း အတွက် အဓိပ္ပာယ် မရှိလှပေ။ လောကကို ပုံသေကားကျ စိတ်ကူးဘောင်များအားဖြင့် ပိုင်းခြားခြင်း (ဝိဘာဂ) ကြဲဆခြင်း (ကပ္ပနာ-ပရိကပ္ပ) တွေးခေါ် သုံးသပ်ခြင်း (တက္ကပရိယာ ဟတ) စသည့် ချဉ်းကပ်မှုများအားလုံးသည် ရေပေါ်တွင်ရေးသော အရုပ်များကဲ့သို့ အနှက်မထင် အသက်မဝင်သော အားထုတ်ကြိုးပမ်းမှုများအဖြစ် မစ္ဆိမိကဂိဏ်းက ရှုမြင်သောကြောင့် မစ္ဆိမိကဂိဏ်းကို ပုံသေအဓိပ္ပာယ်ဖွင့်ဆိုမှုသည် အကျိုးမပြီး အချည်းနှီးသာလျှင် ဖြစ်၏။

အရှင်နာဂဇုန ၏ ဘဝ

မစ္ဆိမိကဂိဏ်းကို တည်ထောင်ခဲ့သော အရှင်နာဂဇုနနှင့်ပတ်သက်၍ ပညာရှင်များသုံးသပ်ချက်အရ နာဂဇုန (၃) ယောက်ရှိခဲ့ပုံရသည်ဟူ၏။ ၄င်းတို့မှာ -

(၁) မဟာယာန ဗုဒ္ဓဘာသာ စတင်ပေါ်ပေါက်ချိန်မှာ ရှိခဲ့သော နာဂဇုန

(၂) အေဒီ ၂ ရာစု တွင် မဇ္ဈိမိကဂိုဏ်းကို အမှန်တကယ် တည်ထောင်ခဲ့သော အရှင်နာဂဇုန

(၃) အေဒီ ၈-၉ ရာစုတစ်ဝိုက်က ပေါ်ပေါက်ခဲ့သော အဂ္ဂိရတ်ပညာရှင် မဟာသိဒ္ဓိရှင် နာဂဇုနတို့ ဖြစ်ကြ၏။

တိဗက်ဗုဒ္ဓစာပေ အစဉ်အလာက ဤ နာဂဇုန (၃) ယောက်ကို တစ်ဦးတည်းသော ပုဂ္ဂိုလ်အဖြစ် လက်ခံယုံကြည်ကြ၏။ ရှေးဟောင်းဒဏ္ဍာရီ အဆိုအရ အရှင်နာဂဇုနသည် နာမည်ကျော် ဝိမလကိတ္တိနိဒ္ဒေသသုတ်တွင် မဟာယာန ဗုဒ္ဓဘာသာတရားတော်များ ဆွေးနွေးခဲ့သော လိစ္ဆဝီမင်းသား ပီယဒဿန ဖြစ်ခဲ့သည်ဟု ဆိုကြသေးသည်။ သကျမုနိဗုဒ္ဓရှင်တော်က မိမိပရိနိဗ္ဗာန် ပြုတော်မူပြီး နှစ်ပေါင်း (၄၀၀) ခန့်ကြာလျှင် တောင်ပိုင်းတွင် နာဂအမည်ဖြင့် ရဟန်းတော်တစ်ပါး ပေါ်ထွန်းလာမည် ဖြစ်ပြီး ဗုဒ္ဓတရားတော်များကို အနက်မှန် ပြန်ဖွင့်ဆိုမည်ဖြစ်ကြောင်းကို ဗျာဒိတ်ပေးတော်မူခဲ့ကြောင်း ယုံကြည်ကြလေသည်။

အရှင်နာဂဇုနသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ကောသလဝိဒါဗ္ဘမှာ ဗြဟ္မဏမိသားစုတစ်ခုတွင် မွေးဖွားခဲ့ပါသည်။ သူအသက် (၇) နှစ် အရွယ်တွင် ကွယ်လွန်မည်ဖြစ်ကြောင်း ပုဏ္ဏားတော်များက ဟောကြားခဲ့သောကြောင့် သူ့မိဘများ၏ သဘောတူညီမှုဖြင့် ငယ်ရွယ်စဉ်ကပင် သာသနာ့ဘောင်ကို ဝင်ရောက်ခဲ့ပြီး ဂင်္ဂါမြစ်ဝှမ်းဒေသတွင်ရှိသော နာလန္ဒာတက္ကသိုလ်သို့ သွားရောက်ပြီး ဂုဟုလာဘဒ္ဒမထေရ်ထံတွင် တပည့်ခံကာ ပညာသင်ကြားခဲ့သည်။ အရှင်နာဂဇုနသည် (သဗ္ဗတ္ထိဝါဒ) ဗုဒ္ဓဘာသာ၏ ပိဋကတ် (၃) ပုံကို တစ်ဖက်ကမ်းခတ် သင်ကြားတတ်မြောက်ပြီး အရှင်နာဂဇုန၏ ပညာဉာဏ် ဂုဏ်သတင်း ကျော်ကြားမှုသည် နာဂလောကထိ ရောက်ရှိခဲ့လေသည်။

အရှင်နာဂဇုနသည် နာဂလောကကို အစိုးရသော ဘုရင်၏ ဖိတ်ကြားချက်ကြောင့် သမုဒ္ဒရာအောက်လောကမှာ ရှိသော နာဂလောက (နဂါးပြည်) သို့ ရောက်ရှိသွားခဲ့ပြီး ပညာပါရမီတာသုတ္တန် ဂန္ဓဗျူဟာသုတ္တန် ရတနာကူဋသုတ္တန် စာပေများကို လူ့ပြည်သို့ သယ်ဆောင်ခဲ့ကြောင်း အစဉ်အလာ ယုံကြည်ကြ၏။ ထိုကာလမှစတင်၍ နာဂဇုန (နာဂတို့၏ အကူအညီဖြင့် အောင်မြင်ပြီးမြောက်သူ) ဟူသော နာမပညတ် တွင်ခဲ့ပါသည်။ အေ ကေ ဝါးဒါး၏ အလိုအရ အရှင်နာဂဇုနကို နှောင်းခေတ်ပညာရှင်တို့က မဟာယာနဗုဒ္ဓဘာသာကို စတင်ထူထောင်ခဲ့သူဟူ၍ ကင်ပွန်းတပ်ကြသော်လည်း အရှင်နာဂဇုနသည် ရှေးနိကာယ်လာ သုတ္တန်များကိုသာ

အားပြုညွှန်းဆိုခဲ့သောကြောင့် အရှင်နာဂဇုန်ကို မဟာယာန ဝါဒီဟူ၍ ခေါ်ဆိုခြင်း ထက် မူလအာဒိဗုဒ္ဓဝါဒကို ပြန်လည်ရှာဖွေ ဖော်ထုတ်သူဟူ၍သာ ခေါ်ဆိုသင့် ကြောင်း တင်ပြထားပါသည်။[JJ၄] ဒေါက်တာဒေးဗစ် ကာလုပဟာန၏ အမြင်အရ အရှင်နာဂဇုန်သည် ကထာဝတ္ထုကျမ်းပြုသူ ထာဝိရဝါဒီ အရှင် မောဂလ္လိပုတ္တ တိသမထေရ်ကြီးကဲ့သို့ပင် ရှင်တော်ဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါလမ်းစဉ် (သဿတဒိဋ္ဌိ အစွန်းနှင့် ဥစ္ဆေဒဒိဋ္ဌိအစွန်းတို့မှ လွတ်သောလမ်းစဉ်) ကို ပြန်လည် ဖော်ထုတ်သူ သာဖြစ်လေသည်။[JJ၁]

ရှေးခေတ် အိန္ဒိယစာပေ မှတ်တမ်းများအလိုအရ အရှင်နာဂဇုန်သည် သာတာ ဝဟာနဘုရင်နှင့် အလွန်ရင်းနှီးခဲ့ပြီး မင်းဆရာ ရာဇဂုရုဖြစ်ခဲ့သည်ဟု ဆို၏။ အမရ ဝတီအရပ်တွင်ရှိသော စေတီတော်ကြီးကို ပြုပြင်ခဲ့သည့် ဝါသိဋ္ဌပုတ္တဘုရင်သည် လည်း အရှင်နာဂဇုန်ကို ကြည်ညိုထောက်ပံ့ခဲ့သူအဖြစ် မှတ်တမ်းတင်ထားခဲ့၏။ သုလေခါနှင့် ရတနာဝလီ အမည်ရှိသော နီတိဒဿနကျမ်း နှစ်စောင်သည် သာတာဝ ဟာနဘုရင်အတွက် ရည်ရွယ်၍ ရေးသားသီကုံးခဲ့သော မေတ္တာစာများ ဖြစ်လေ သည်။[JJ၆]

မဇ္ဈိမိကဂိုဏ်း၏ အဓိကကျမ်းစာများ

အရှင်နာဂဇုန် ရေးသားခဲ့သော မဇ္ဈိမိကဂိုဏ်း၏ အဓိက ကျမ်းစာများကို အောက်ပါ အတိုင်း တွေ့ရပါသည်။

(၁) မူလမဇ္ဈိမိကကာရိကာ (အရှင်နာဂဇုန် ပြုစုတော်မူသော ပညာပါရမိတာ သုတ္တန် အဖွင့်ကျမ်းဖြစ်ပြီး ဗုဒ္ဓဝါဒ၏ အစွန်းပယ်သော အလယ်လမ်း စဉ်ကို ၄၄၉ ဂါထာပါ အခန်း-ပကာရဏပေါင်း ၂၇ ခု ဖြင့် လင်းပြထား လေသည်)

- မူလမဇ္ဈိမိကကာရိကာ၏ အဖွင့်ကျမ်းများ
  - (၂) အကုတောဘယ (နာဂဇုန်မထေရ် ပြုစုတော်မူသော အဋ္ဌကထာ)
  - (၃) မူလ မဇ္ဈိမိက ဝိထိ (ဗုဒ္ဓပါလိတမထေရ် ပြုစုတော်မူသော အဋ္ဌကထာ)
  - (၄) ပညာပဒီပ (ဘာဝဝိဝေကမထေရ် ပြုစုတော်မူသော အဋ္ဌကထာ)
  - (၅) ပရသန္နပဒ (စန္ဒကိတ္တိမထေရ် ပြုစုတော်မူသော အဋ္ဌကထာ)

JJ၄။ A K Warder, Indian Buddhism (2004), Delhi, p-356

JJ၅။ David Kalupahana, *Mulamadhyamakakarika of Nagarjuna: The Philosophy of the Middle Way*. Motilal Banarsidass, 2005, pages 2,5.

JJ၆။ A K Warder, Indian Buddhism (2004), Delhi, p-357

(၆) ဒွါဒသ ဒွါရသျှတ္တရ (အခန်း-ပကာရဏပေါင်း ၁၂ ခု ဖြင့်သုညတာဒဿန အမြင်ကို ရှင်းပြထား၏။)

(၇) သုညတ သတ္တတိ (ဂါထာ ၆၆ ပိုဒ်ဖြင့် သုညတာဒဿနအမြင်ကို ရှင်းပြထား၏။)

(၈) ဝိဂ္ဂဟာဗျာဗတ္တနီ (ဟိန္ဒူညာယဂိုဏ်း၏ ဝေဖန်ချက်များကို ပြန်လည် ချေပခြင်း)

(၉) ယုတ္တိသတ္တိကာ (ဂါထာ ၇၀ ဖြင့် သုညတာကို ယုတ္တိနည်းကဖွင့်ဆို ထား၏)

(၁၀) ဝေဒလ္လသုတ္တပကာရဏာ

(၁၁) မဟာပညာပါရမိတာဥပဒေသသျှတ္တရ

(၁၂) သုလေခါ

(၁၃) ရတနာဝလီ

(၁၄) မဟာယာနဝိံသိကာ

(၁၅) ပဋိစ္စသမုပ္ပါဒ ဟဒယ ကာရိကာ

(၁၆) စတုတတ္တ

(၁၇) ဗျာဗဟာရသိဒ္ဓိ (သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ နှစ်ပါး အလျော်ဖြစ် ကြောင်း ပြဆိုချက်)[၂၂၇]

အိန္ဒိယနိုင်ငံတွင် မလျှိမိက ဂိုဏ်း တိုးတက်ဖြစ်ထွန်းလာပုံ

အရှင်နာဂဇုန၏နောက်တွင် သူ့.ပညာအမွေကို ဆက်ခံသူဒဿနပညာရှင်မှာ အရှင် အရိယဒေဝ (အေဒီ ၁၇၀-၂၇၀) ဖြစ်သည်။ အရှင်အရိယဒေဝသည် သီဟိုဠ်ဘုရင် တစ်ပါး၏သားတော်အဖြစ် မွေးဖွားခဲ့သူဖြစ်သည်။ (ဒဏ္ဍာရီမှတ်တမ်းအရ ကြာပန်း အတွင်း ဖွားမြင်သူအဖြစ် မှတ်တမ်းတင်ထားသည်)။ အရှင်အရိယဒေဝသည် ငယ် ရွယ်စဉ်အခါကပင် ထီးနန်းအမွေကို ရရှိစိုးစံနိုင်ခဲ့သော်လည်း လောကီလူသား ဘဝ ကို စက်ဆုပ်ရွံရှာသောကြောင့် ထီးနန်းစည်းစိမ်နှင့် ပြည်သူကို စွန့်ခွာ၍ အိန္ဒိယ ပြည်တောင်ပိုင်းသို့ ရောက်ရှိလာပြီး တရားဓမ္မကို လှည့်လည်ရှာဖွေခဲ့၏။ အရှင်အရိယ ဒေဝသည် နာဂဇုနမထေရ်နှင့် တွေ့ဆုံ ရဟန်းပြုခဲ့သည်။ အရှင်အရိယဒေဝသည် နာဂဇုနမထေရ် ၏ တပည့်သာဝကများ အနက် အထူးချွန်ဆုံး ဖြစ်ခဲ့ပြီး ဆရာအရှင့်

၂၂၇။ **Lindtner, C. (1982). *Nagarjuniana: studies in the writings and philosophy of Nāgārjuna*, Copenhagen: p-11**

ခြေရာကိုပင် နင်းနိုင်သူအဖြစ် ဆိုကြ၏။ (အရှင်အရိယဒေဝသည် ကဏ္ဍရိပမည်သော မဟာသိဒ္ဓိရှင် ယောဂီဖြစ်သွားကြောင်းလည်း ဆိုကြပါသည်)

အရှင်အရိယဒေဝ၏ ဘဝဖြစ်စဉ်တွင် ထူးခြားသော ဖြစ်ရပ်မှာ ဗြဟ္မဏပညာရှင် အရိယသူရိယကို အနိုင်ရခဲ့ခြင်း ဖြစ်သည်။ အရိယသူရိယသည် သီဝနတ်ဘုရားကို ကိုးကွယ်သော ဗြဟ္မဏပညာရှင်ဖြစ်ပြီး ဗုဒ္ဓဝါဒနှင့် ဗြဟ္မဏဝါဒ နှစ်မျိုးစလုံး ကျွမ်းကျင်တတ်မြောက်သူဖြစ်သည်။ နာလန္ဒတက္ကသိုလ်ကို ရောက်ရှိလာ၍ ဗုဒ္ဓဝါဒီ ရဟန်းတော်များကို ဝါဒပြိုင်ဆိုင် အနိုင်ယူပြီး နာလန္ဒတက္ကသိုလ်ကို စိုးမိုးနေလေ၏။ ဗုဒ္ဓဝါဒီ ရဟန်းတော်များကိုလည်း ဗြဟ္မဏဝါဒကိုသာ လေ့လာ သင်ကြားစေလေရာ ရဟန်းတော်များ အလွန်စိတ်မချမ်းမြေ့ကြဘဲ အရှင်နာဂဇုန်ထံ အကြောင်းကြား အကူအညီ တောင်းကြလေ၏။ အရှင်နာဂဇုန်လည်း မိမိကိုယ်တိုင် မသွားရောက်လိုပဲ တပည့်ဖြစ်သူ အရှင်အရိယဒေဝကို နည်းနာ နိဿယများ လေ့ကျင့်သင်ကြား ပေးလျက် နာလန္ဒတက္ကသိုလ်ကို စေလွှတ်လိုက်လေ၏။ အရှင်အရိယဒေဝသည် လမ်းခရီးတွင် သူဖုန်းစားတစ်ဦးက မျက်စိကို အလှူခံရာတွင် မိမိ၏ ဗောဓိသတ္တ ကျင့်စဉ်အတိုင်း လှူလိုက်သောကြောင့် မျက်စိ တစ်ဖက်လပ် ဖြစ်ခဲ့ရသည်။ နာလန္ဒတက္ကသိုလ်ကို ရောက်ရှိသောအခါ အရှင်အရိယဒေဝသည် ဗြဟ္မဏပညာရှင် အရိယသူရိယကို ဝါဒအခြေအတင်ပြု အနိုင်ယူနိုင်ခဲ့သည်။ ဗြဟ္မဏဝါဒ၏ အားနည်းချက်များကို ဖော်ပြထိုးနှက်သော **စတုသတကကျမ်း**ကို ရေးဖွဲ့ကာ ဗုဒ္ဓဝါဒီ ရဟန်းတော်များကိုလည်း ဗုဒ္ဓ ဓမ္မကိုသာ ပြန်လည်လေ့လာ သင်ကြားစေခဲ့သည်ဟု ဆိုသည်။

ပရသင်္ကိုဏ်း နှင့် သတန္တရကိုဏ်း

တိဗက် ဗုဒ္ဓစာပေ ပညာရှင်များသည် အိန္ဒိယနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်ပေါ်ပေါက်ခဲ့သော မဇ္ဈိမိကကိုဏ်းကို ကိုဏ်းကွဲများ ကိုဏ်းလက်တက်များစွာအဖြစ် ခွဲခြမ်းစိတ်ဖြာတင်ပြထားပါသည်။ အရှင်နာဂဇုန်နှင့် အရှင်အရိယဒေဝတို့ နောက်ပိုင်းတွင် မူလမဇ္ဈိမိကကိုဏ်းမှ ပရသင်္ကိုဏ်းနှင့် သတန္တရကိုဏ်း (၂) ခု ကွဲပြားပြီး သတန္တရကိုဏ်းမှ တစ်ဆင့် သုတ္တန္တိက- သတန္တရကိုဏ်းနှင့် ယောဂစာရ- သတန္တရကိုဏ်း နှစ်ကိုဏ်း ထပ်မံကွဲပြားခဲ့သည်။ ပရသင်္ကိုဏ်းနှင့် သတန္တရကိုဏ်း (၂) ခု ကွဲပြားမှု၏ အခြေခံအချက်မှာ သတန္တရကိုဏ်းသည် သမ္မုတိတရားတို့၏ သဘာဝအရှိသဘောကို လက်ခံ၍ ဆန့်ကျင်ဘက်အမြင်များကို ဝေဖန်ရာတွင် ကိုယ်ပိုင်ရပ်တည်ချက် (သတန္တရ) ကို အခြေခံထား၍ ထိုးနှက်တိုက်ခိုက်၏။ ပရသင်္ကိုဏ်းမှာမူ သမ္မုတိယတရားနှင့် ပရမတ္ထတရား ဟူသမျှတို့၏ ပင်ကိုယ် သဘာဝအရှိသဘောကို လက်မခံသလို ဆန့်ကျင်ဘက်အမြင်များကို ဝေဖန်ရာတွင်လည်း ကိုယ်ပိုင်ရပ်တည်ချက် မစွဲကိုင်ဘဲ

ဆန့်ကျင်ဘက်အမြင်များ၏ မှားယွင်းဖောက်ပြန်သော ယုတ္တိအကျိုးဆက်များ (ပရသင်္ဂဟ) ကို လင်းပြခြင်းဖြင့် ချေမှုန်းပါသည်။

ပရသင်္ဂဟိကဏ်းကို စတင်တည်ထောင်ခဲ့သူမှာ ဗုဒ္ဓပါလိတ (အေဒီ ၄၇၀-၅၃၀) ဖြစ်လေသည်။ ဗုဒ္ဓပါလိတမထေရ် သည် အိန္ဒိယနိုင်ငံ တောင်ပိုင်း တမ္ဘာလဒေသမှ ပသန္နမူလမြို့တွင် နေထိုင်သော ဗြဟ္မဏအမိသားစုတစ်စုမှ ပေါက်ဖွားခဲ့သည်။ ဗုဒ္ဓပါလိတမထေရ်သည် နာဂမိတ္တမထေရ်၏ တပည့်ဖြစ်သော ဘိက္ခုဩဃရက္ခိတထံတွင် ပိဋကတ်စာပေများကို သင်ကြားခဲ့ပြီး အရှင်နာဂဒုန၏ မူလ မဇ္ဈိမိကကာရိကာကျမ်း၏ အဖွင့်ဋီကာကျမ်းတစ်စောင် ရေးခဲ့၏။ (ယင်းကျမ်းသည် တိဗက်ဘာသာပြန်ဖြင့်သာ ကျန်ရှိလေသည်)။ ဗုဒ္ဓပါလိတမထေရ်၏ နည်းစံနစ်မှာ ဝါဒပြိုင်သူကို မိမိဖက်မှ သီးခြား ယုတ္တိဆင်ခြေများ တည်ဆောက်တိုက်ခိုက်ခြင်းမပြုဘဲ တစ်ဖက်ဝါဒ၏ ယုတ္တိကွင်းဆက်အမှား (ပရသင်္ဂဟ) ကိုသာ ဖော်ဆောင်ချဖျက်သော နည်းဖြစ်၏။ ပရသင်္ဂဟနည်းဗေဒသည် နှောင်းကာလ မဇ္ဈိမိကဂိုဏ်းကို များစွာ လွှမ်းမိုးခဲ့လေသည်။

သတန္တရဂိုဏ်းကို ထူထောင်ခဲ့သူမှာ ဘာဝဝိဝေက (အေဒီ ၅၀၀-၅၇၀) ဖြစ်ပြီး ဗုဒ္ဓပါလိတမထေရ်၏ ပရသင်္ဂဟနည်းဗေဒကို တုန့်ပြန်ဝေဖန်၍ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရသည်။ ဘာဝဝိဝေကမထေရ်သည် အန္ဓာရတိုင်း (ဓညကတက အနီး) တွင် ဖွားမြင်ခဲ့သည်။ ဗုဒ္ဓပါလိတမထေရ်၏ ပရသင်္ဂဟိကဏ်းအမြင်ကို ဝေဖန်ထိုးနှက်ခဲ့သော ဘာဝဝိဝေကမထေရ်၏ စာပေလက်ရာ များ (ပညာပဒီပ-မဇ္ဈမက ဟဒယ-တက္ကဇ္ဇာလ စသော ကျမ်းဂန်များ) သည် တရုတ်နှင့် တိဗက် ဘာသာပြန်အနေဖြင့်သာ ကျန်ရှိခဲ့လေသည်။ ယင်းလက်ရာများကို လေ့လာလျှင် ဘာဝဝိဝေကမထေရ်သည် ဗြဟ္မဏမျိုးရိုးမှ ဆင်းသက်၍ ဗြဟ္မဏစာပေနှင့် ဒဿန ဝါဒများကို အထူး ကျွမ်းကျင်သူ ဖြစ်ကြောင်း တွေ့ရသည်။ ဤ ကျမ်းဂန်များတွင် ဘာဝဝိဝေကမထေရ်သည် ဗုဒ္ဓဝါဒ သာမက အခြားသော ခေတ်ပြိုင် အယူအဆ မျိုးစုံ၏ သမိုင်းကိုလည်း မှတ်တမ်းတင်ခဲ့လေသည်။ ဗုဒ္ဓပါလိတမထေရ်၏ ပရသင်္ဂဟိကဏ်းနှင့် ကွဲပြားခြားနားလျက် ဆန့်ကျင်ဘက်အမြင်များကို ဝေဖန်ရာတွင် ကိုယ်ပိုင်ရပ်တည်ချက် (သတန္တရ) ကို အခြေခံထားသော ဝေဖန်ဆန်းစစ်နည်းကို ဖော်ထုတ်ခဲ့သည်။

လမင်းပမာ ထွန်းလင်းတောက်ပခဲ့သူ စန္ဒကီတ္တိ

အရှင်ဘာဝဝိဝေက နောက်ပေါ်ပေါက်ခဲ့သော မဇ္ဈိမိကဂိုဏ်း ပညာရှင်ရဟန်းတော်များမှာ စန္ဒကီတ္တိမထေရ် (အေဒီ ၆၀၀-၆၅၀) ဖြစ်သည်။ မဟာယာနဗုဒ္ဓဒဿန

နယ်ပယ်တွင် အရှင်နာဂဇုန်နေသည် နေမင်းကြီးပမာဖြစ်လျှင် စန္ဒကိတ္တိမထေရ်သည် လမင်းကြီး ပမာ ထွန်းလင်းတောက်ပခဲ့သူ ဖြစ်လေသည်။ စန္ဒကိတ္တိမထေရ်သည် ဗုဒ္ဓပါလိတမထေရ်ကို ကာကွယ်၍ ဘာဝဝိဝေကမထေရ်ကို ပြန်လည်ဝေဖန်ခဲ့ပြီး လျှင် ပရသင်္ကိုဏ်းအမြင်ကို အတည်ဖြစ်စေခဲ့လေ၏။

စန္ဒကိတ္တိ သည်လည်း အခြားပညာရှင်များ နည်းတူ အိန္ဒိယပြည်တောင်ပိုင်း သား ဖြစ်၏။ သမန္တမည်သောအရပ်၌ မွေးဖွားခဲ့သည်။ စန္ဒကိတ္တိမထေရ်သည် ဗုဒ္ဓ ပါလိတမထေရ်၏ တပည့်သာဝကဖြစ်သော အရှင်ကမလဗုဒ္ဓိထံတွင် ရဟန်းပြုကာ ပိဋကတ်စာပေများကို သင်ကြားခဲ့သည်။ ထို့နောက် နာလန္ဒာတက္ကသိုလ်သို့ ရောက်ရှိ လာပြီးနောက် နာလန္ဒ၏ ပါမောက္ခချုပ် ရာထူးကို ရခဲ့၏။ ထိုတက္ကသိုလ်တွင် နေ ထိုင်စဉ် ယောဂစာရ ဒဿနပညာရှင် စန္ဒဂေါမိန္ဒနှင့် (၇) နှစ်ကြာ ဝါဒစစ်ထိုး ပြိုင်ဆိုင်ခဲ့၏။ စန္ဒကိတ္တိမထေရ်သည် ဒဿနပညာအပြင် အဘိညာဉ် တန်ခိုးရှင် အဖြစ်လည်း ကျော်ကြားသူဖြစ်သည်။ ပန်းချီ ရေးဆွဲထားသော နွားမပုံ ကားချပ် ထဲ မှ နွားနို့သွစ်ပြခဲ့သည်ဟု ဆို၏။ နာလန္ဒာတက္ကသိုလ်ကို လာရောက် ခြိမ်းခြောက် သော တူရကီစစ်တပ်ကိုလည်း ကျောက်ခြင်္သေ့ဖန်ဆင်း၍ တားဆီးကာကွယ်ခဲ့သည် ဟုဆို၏။ တောရဆောက်တည်လျက် ကမ္မဋ္ဌာန်းအားထုတ်နေစဉ် တောမီး လောင် ကျွမ်းရာ စန္ဒကိတ္တိမထေရ်၏ သင်္ကန်းကိုသော်မှ မီးမခဲ့သည်ဟု ဆို၏။

စန္ဒကိတ္တိမထေရ် ရေးသားဖွင့်ဆိုခဲ့သော ပဿန္နပဒ (မူလမဇ္ဈိမက ကာရိကာ ကျမ်း၏ အဖွင့်ဋီကာ) သည် မူရင်းသင်္ကတဘာသာနှင့် ကြွင်းကျန်ရစ်သော တစ်ခု တည်းသော လက်ရာဖြစ်လေသည်။ သူ၏ မဇ္ဈိမကာဝတာရနှင့် ယင်း၏ အဖွင့် ဘာသာဋီကာ ကျမ်းများသည့်ကား တိဗက် ဘာသာပြန်အနေနှင့်သာ ကျန်ရစ်တော့ ၏။ မဇ္ဈိမိကာဝတာရကျမ်းသည် မဇ္ဈိမိကဂိုဏ်း၏ သုညတာဒဿနအမြင်နှင့် မဟာ ယာနဗုဒ္ဓဘာသာ၏ ဗောဓိသတ္တာလမ်းစဉ်ကို ပေါင်းစပ် တင်ပြထားသော ကျမ်းစာဖြစ် ၏။ ယနေ့ခေတ်ကာလအထိ တိဗက် မဟာယာနဗုဒ္ဓဘာသာ၏ အမြင့်ဆုံးဓမ္မ အမြင် (Pinnacle View on Reality) ကို စန္ဒကိတ္တိမထေရ် ရေးသားဖွင့်ဆိုခဲ့သော ပဿန္နပဒကျမ်း၏ စံဖြင့် တိုင်းတာဆဲ ဖြစ်၏။ မွန်ဂိုလီယားမှ ကက်စပီယန်ပင်လယ်အထိ ကျယ်ပြန့်သော တိဗက် မဟာယာနဗုဒ္ဓဘာသာ ယဉ်ကျေးမှု နယ်မြေကြီး တခွင် လုံးတွင် မဇ္ဈိမိကဂိုဏ်း၏ ဗုဒ္ဓဒဿနအမြင်ကိုသာ ဓမ္မအသိဉာဏ်ပညာလှေခါး၏ အထွတ်အထိပ်အဖြစ် သတ်မှတ်ကာ လေ့လာဆည်းပူးနေကြပါသည်။

အရှင်စန္ဒကိတ္တိ နောက် ပေါ်ပေါက်သော ထင်ရှားသည့် ပရသင်္ကိုဏ်း အယူ ကို တင်ပြခဲ့သူမှာ အရှင်သန္တိဒေဝ (အေဒီ ၆၉၅-၇၄၃) ဖြစ်၏။ အရှင်သန္တိဒေဝ

သည် ဗောဓိသတ္တ၏ ပါရမီ (၁၀) ပါး ကျင့်စဉ်ကို ဖော်ပြသော **ဗောဓိစာရျာဝတာရ** ကျမ်းနှင့် **သိက္ခာသမုစ္စယ**ကျမ်းတို့ ပြုစုခဲ့၏။ မဇ္ဈိမကဂိုဏ်း၏ နောက်ဆုံး တိုးတက်ဖြစ်ထွန်းမှုကို အရှင်သန္တရက္ခိတနှင့် ၄င်း၏ တပည့် ကမလာသီလ (အေဒီ ၈ ရာစု) တို့၏ စာပေလက်ရာများ (မဇ္ဈိမကာလင်္ကာရ၊ မဇ္ဈိမကာလောကနှင့် ဘာဝနာကမ္မ) တွင် တွေ့ရလေသည်။ အရှင်သန္တရက္ခိတသည် ယောဂါစာရဗုဒ္ဓဝါဒအမြင်များကို မဇ္ဈိမကဂိုဏ်း၏ ဝေဖန်ပိုင်းဖြတ်စိတ်ဖြာမှု ဆိုင်ရာသဘောများနှင့် ပေါင်းစပ်ခဲ့သည်။ လောကသမ္မုတိယတရားများ၏ အရှိသဘောနှင့် ဖြစ်ပေါ်ပြောင်းလဲမှုအစဉ်ကို (ဗဟိဒ္ဓရုပ်လောကသည် အဈ္ဈတ္တ နာမ်တရားစုများကို တည်မှီနေကြောင်း) ယောဂါစာရ ဗုဒ္ဓဝါဒအမြင်များအား ဖြင့် ရှင်းပြခဲ့ပါ၏။ အရှင်သန္တရက္ခိတ၏ ဒဿနစနစ်တွင် မဇ္ဈိမကဒဿနသည် နောက်ဆုံးတံခါးပေါက်ဖြစ်ပြီး ယောဂါစာရဒဿနသည် ထိုတံခါးဝဆီသို့ တက်ရောက်စရာ လှေခါးဖြစ်၏။

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ သ-ဘာဝအရှိဝါဒ

မဇ္ဈိမကဂိုဏ်း၏ အမြင်ကို သိမြင်ရန်အတွက် သဗ္ဗတ္ထိဝါဒဂိုဏ်း၏ သ-ဘာဝအရှိဝါဒကို ဦးစွာ သဘောပေါက်ရန် လိုပါသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်းသည် ရှေးဟောင်းထေရဝါဒဂိုဏ်းမှ ကွဲထွက်လာသော ဟီနယာနဂိုဏ်းတစ်ခုဖြစ်ပြီး မထုရာနယ်တွင် အခြေစိုက်ကာ စည်ပင်ကြီးထွားခဲ့သော ဗုဒ္ဓဘာသာဂိုဏ်းကွဲ တစ်ခုဖြစ်၏။ သဗ္ဗတ္ထိဝါဒဂိုဏ်းဝင်တို့သည် ဝိဘာသာဟုခေါ်သော အဘိဓမ္မာနှင့် အဖွင့်ကျမ်းများစွာကို ရေးသားစီရင်၍ ထေရဝါဒဂိုဏ်းနှင့် မတူသော သီးခြားအဘိဓမ္မာ စာပေ အစဉ်အလာကို ထူထောင်ခဲ့ကြလေသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အဘိဓမ္မာအမြင်တွင် လောကအရှိတရားများကို ဤသို့ နယ်ပယ်နှစ်ရပ် ခွဲခြားသတ်မှတ်ထားသည်ကို တွေ့ရ၏။

- (၁) သမ္မုတိ (ပညတ္တိ) အရှိတရားများ (စားပွဲ ကုလားထိုင် သစ်ပင် လူ စသည်)
- (၂) ပရမတ္ထ (ဒဗ္ဗ) အရှိတရားများ (ပထဝီ အာပေါ တေဇော ဝါယော အာကာသ ဝိညာဏ စိတ္တ စေတသိက)

စားပွဲ ကုလားထိုင် သစ်ပင် လူ စသည့် သမ္မုတိ (ပညတ္တိ) အရှိတရားများသည် အမှန်စင်စစ်ရှိသော အရှိတရားများ မဟုတ်ဘဲ အစိတ်အပိုင်း သဘောများ ပေါင်းစပ်စုဝေးနေမှုကို နာမပညတ်တင် သတ်မှတ်ထားခြင်း ဖြစ်သည်။ ဥပမာ-ကုလားထိုင်တစ်လုံး ဆိုပါစို့။ ကုလားထိုင်ဟူသော အမည်နာမပညတ်နှင့် အသွင်သဏ္ဌာန်သည် ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ပါက အမှန်စင်စစ် အရှိတရား မဟုတ်

ကြောင်း တွေ့ရပေမည်။ ကုလားထိုင်ဟူသည် ခြေထောက်လေးချောင်း ထိုင်ရန် ပျဉ်ချပ်နှင့် နောက်မှီရန် ပျဉ်ချပ်တို့ကို ပေါင်းစပ်ဖွဲ့စည်းထားသော အစုအစည်း အသွင်သဏ္ဌာန်ဖြစ်သည်။ ကုလားထိုင်တွင် ပေါင်းစပ်ပါဝင်နေသော အစိတ်အပိုင်း များကို သီးခြားစီခွဲထုတ်လိုက်ပါလျှင် ကုလားထိုင်ဟူသော အရှိတရားကို သီးခြား ရှာဖွေ မတွေ့နိုင်ပေ။

ကုလားထိုင်၏ အရှိသဘောသည်

- ပေါင်းစပ်ပါဝင်နေသော အစိတ်အပိုင်းများ၏ ပြင်ပတွင်လည်းမရှိပါ။
- ပေါင်းစပ်ပါဝင်နေသော အစိတ်အပိုင်းများတစ်ခုချင်းစီ၏ အတွင်းထဲ တွင်လည်း မရှိပါ။
- ပေါင်းစပ်ပါဝင်နေသော အစိတ်အပိုင်းများကို စုပုံထားချင်းတွင်လည်း မရှိပါ။
- စင်စစ်အားဖြင့် ကုလားထိုင်ဟူသော အရာတွင် ပေါင်းစပ် ပါဝင်နေ သော အစိတ်အပိုင်းများ အချင်းချင်း တိကျသော ဆက်သွယ်ပေါင်းစပ်မှု အားဖြင့်သာလျှင် ကုလားထိုင် ဟူသော နာမပညတ် သတ်မှတ်ထားခြင်း ဖြစ်သည်။

ဆက်လက်၍ ခွဲခြမ်းစိတ်ဖြာလျှင် ပေါင်းစပ်ပါဝင်နေသော အစိတ်အပိုင်းများ ဖြစ်သော (ခြေထောက်လေးချောင်း ထိုင်ရန် ပျဉ်ချပ်နှင့် နောက်မှီရန် ပျဉ်ချပ်) စသည်တို့သည့်ပင် ပိုမို သေးငယ်သော ရုပ် အနုမြူများဖြင့် ပေါင်းစပ်ဖွဲ့စည်းထား ခြင်း ဖြစ်လေသည်။ ခြေထောက်လေးချောင်း ထိုင်ရန် ပျဉ်ချပ်နှင့် နောက်မှီရန် ပျဉ်ချပ်တို့သည်လည်း နာမ ပညတ်များသာဖြစ်ပြီး ပိုမို သေးငယ်သော ရုပ် အနုမြူ များကို အခြေခံ တည်ရှိနေရပေသည်။ ရုပ် အနုမြူများတွင် ပထဝီ အာပေါ တေဇော ဝါယော အာကာသ စသော မဟာဘုတ် ရုပ်တရားများနှင့် အဆင်း အနံ့ အရသာ အထိအတွေ့စသော ဥပါဒါ ရုပ်တရားများ ပါဝင်ဖွဲ့စည်းနေကြလေသည်။

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အဘိဓမ္မာ အမြင်တွင် ပထဝီ အာပေါ တေဇော ဝါယော အာကာသ စသော ပရမတ္ထ (၁၉) အရှိတရားများသည်သာ အဟုတ်ရှိ အမှန်ရှိ ပကတိရှိသော အစစ်အမှန်တရားများဖြစ်ပြီး ၄င်းတို့ကို တည်မှီ၍ နာမပညတ်တင် သတ်မှတ်ထားရသော အရာမှန်သမျှသည် အစစ်အမှန်အားဖြင့်မရှိသော သမ္မုတိ (ပညတ္တိ) အရှိတရားများသာ ဖြစ်သည်ဟု ဆိုပါသည်။ ထို့ကြောင့် သဗ္ဗတ္ထိဝါဒဂိုဏ်း ၏ အဘိဓမ္မာအမြင်တွင် အဟုတ်ရှိ အမှန်ရှိဖြစ်သော ပရမတ္ထသစ္စာတရားနှင့် အမည် နာမ ဝေါဟာရအားဖြင့်သာ ခေါ်ဝေါ်သမုတ်အပ်၍ အစစ်အမှန်မရှိသော သမ္မုတိ သစ္စာတရားဟူ၍ လောက (၂) ခု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

သဗ္ဗတ္ထိဝါဒ၏ ကာလသုံးပါး အရှိသဘော အမြင်

မူလဗုဒ္ဓဝါဒ၏ အဘိဓမ္မာ အမြင်တွင် ပထဝီ အာပေါ တေဇော ဝါယော အာကာသ စသော ပရမတ္ထတရားများသည် အကြောင်း အထောက်အပံ့တရားများ ပေါင်းဆုံမှု-ပစ္စယသာမဂ္ဂီသဘော-ကြောင့် ယာယီဖြစ်ပေါ်လာရသော သဘောမျှ (ကြိယာမတ္တ) ဖြစ်သောတရားများ ဖြစ်သည်။ ထိုပရမတ္ထတရားများသည် ဖြစ်လျှင်ဖြစ်ခြင်း တစ်ခဏမျှ လွန်အောင် တည်နေနိုင်စွမ်းသော အစွမ်းသတ္တိလည်း မရှိမူ၍ ခဏမဆိုင်း ချုပ်ပျက်ပျောက်ကွယ်ကြရသည့်တရားများ ဖြစ်၏။ သို့သော်လည်း သဗ္ဗတ္ထိဝါဒကိုဏ်း၏ အဘိဓမ္မာအမြင်တွင် ယင်း ပရမတ္ထတရားများသည် ကိုယ်ပိုင်ဂုဏ်သတ္တိ သဘာဝအားဖြင့် ကာလသုံးပါး (အတိတ်-ပစ္စုပ္ပန်-အနာဂတ်) တစ်လျှောက် ချုပ်ပျောက်ပျက်စီးမှု မရှိဘဲ မိမိ သဘာဝလက္ခဏာအတိုင်း အစဉ်အမြဲ တည်နေနိုင်သော ဓမ္မတရားများ ဖြစ်သည်ဟု ဆိုပါသည်။ ပစ္စုပ္ပန်ကာလတွင် တွေ့သိရသော ဓမ္မတရား တစ်ခုသည် ပစ္စုပ္ပန်သဘောလက္ခဏာကို ဆောင်ယူထားသည်ဖြစ်ပြီးဆို ဓမ္မတရားသည်ပင် ပစ္စုပ္ပန်ကာလမှ ရွေ့လျော၍ အတိတ်ဖြစ်သွားသောအခါ အတိတ်သဘော လက္ခဏာကို ပြောင်းလဲဆောင်ယူပြန်သည်။ ထိုနည်းတူစွာ ပစ္စုပ္ပန်ကာလသို့ ရောက်ရှိမလာသေးသော အနာဂတ်ကာလမှ ဓမ္မတရားများသည်လည်း အနာဂတ် သဘောလက္ခဏာကို ဆောင်ယူလျက် (ကြို့တင်) တည်ရှိနေကြသည်ဟု သဗ္ဗတ္ထိဝါဒကိုဏ်း၏ အဘိဓမ္မာကယူဆလေသည်။[၂၂၀]

ပိုမိုထင်ရှားစေရန် ဥပမာဖြင့်ပြစေဦးအံ့။ လမ်း၏ အကွေ့တစ်လျှောက် စိုက်ထူထားသော အကာအရံ ကျောက်တိုင်များကိုကား မီးရောင်ထိုးပုံကို စဉ်းစားကြည့်ပါ။ အကာအရံ ကျောက်တိုင်များသည် ညအမှောင်ကာလ ဖြစ်သော်လည်း ဆိုင်ရာမိမိတို့ နေရာအသီးသီး၌ ပကတိအမြဲ တည်ရှိနေသောအရာများ ဖြစ်လေသည်။ ကားမီးရောင်တန်း ကျရောက်သောအခါ အမှောင်ထုထဲမှ ပထမ ကျောက်တိုင် ပေါ်လွင်ထင်ရှားလာသည်။ ထို့နောက် ရွေ့လျားနေသော ကား၏ မီးရောင်ကြောင့် ဒုတိယကျောက်တိုင် ပေါ်လွင်ထင်ရှားလာပြီး ပထမ ကျောက်တိုင်မှာ အမှောင်ထု အတွင်း ပြန်လည်ငုပ်လှုံး ပျောက်ကွယ်သွားသည်။ ထို့အတူ ဆက်လက်၍ တတိယ ကျောက်တိုင် ပေါ်လွင်ထင်ရှားလာပြီး ဒုတိယကျောက်တိုင်မှာ အမှောင်ထုအတွင်း ပြန်လည်ငုပ်လှုံး ပျောက်ကွယ်သွားသည်။ ဤနည်းအားဖြင့် စတုတ္ထ ပဉ္စမ ဆဋ္ဌမ စသဖြင့် အကာအရံကျောက်တိုင်များသည် ပေါ်လွင်လာလိုက် ပျောက်ကွယ် သွား

၂၂၀။ **Nalinaksha Dutt, Buddhist Sects in India, Motilal Banarsidass Publisher, New Dehli (1998) p-148**

လိုက် ဖြစ်နေပုံကို တွေးကြည့်ပါ။ အကာအရံကျောက်တိုင်များသည် မီးရောင်အောက်တွင် အစီအရီ ပေါ်ပေါက်လာသော်လည်း ယင်းတို့သည် နဂိုမူလကတည်းက ထိုနေရာတွင် ပကတိရှိနေသော အရာများဖြစ်ကြလေသည်။ ထို့အတူ မီးရောင်လွန်သောအခါဝယ် အမှောင်ထုတွင်းသို့ ပျောက်ကွယ်သွားသော်လည်း ယင်းတို့သည် နဂိုမူလနေရာတွင် ပျောက်မသွားဘဲ ပကတိရှိနေသောအရာများ ဖြစ်ကြလေသည်။

ဤဥပမာအတိုင်း သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အဘိဓမ္မာအမြင်ကို နားလည်နိုင်သည်။ ရုပ်နာမ်ဓမ္မ သန်္ခတ အသန်္ခတ တရားစုများသည် အကာအရံ ကျောက်တိုင်များကဲ့သို့ ကာလသုံးပါးစလုံး အမြဲရှိ ပကတိရှိနေသော သ-ဘာဝတရားများ ဖြစ်သည်။ ဓမ္မတရားတစ်ခုသည် ရံခါ၌ အတိတ်အသွင်ကို ဆောင်သည်။ ထို့နောက် (ယင်းဓမ္မတရားသည့်ပင်) ပစ္စုပ္ပန်အသွင်ကို ဆောင်သည်။ ထို့နောက် (ယင်းဓမ္မတရားသည့်ပင်) အနာဂတ်အသွင်ကို ဆောင်သည်။ ကာလတရားသည် နှိုင်းရသဘော သမ္မုတိသဘော ဖြစ်ပြီး ပြောင်းလဲနေသော်လည်း ကာလသုံးပါးစလုံး အမြဲရှိ ပကတိရှိနေသော သ-ဘာဝတရားများ ရုပ်နာမ်ဓမ္မ သန်္ခတ အသန်္ခတ တရားစုများသည် မိမိ ကိုယ်ပိုင်သဘာဝ (Own Nature) အားဖြင့် အဟုတ်ရှိ တကယ်ရှိနေသော ပရမတ္ထတရားသဘောများ ဖြစ်ကြသည်ဟု သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အဘိဓမ္မာက ခံယူပါသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အဘိဓမ္မာသည် အဟုတ်ရှိ တကယ်ရှိနေသော ပရမတ္ထတရားသဘောများကို တူညီရာ ဓာတ်သဘာဝအားဖြင့် စုပေါင်းသိမ်းဆည်းရေတွက် ခြင်း၊ အသေးစိတ် ခွဲခြမ်းဝေဖန်ပြခြင်း၊ ဝါဒအမျိုးမျိုးနှင့် နှိုင်းယှဉ် ချိန်ထိုး ဝေဖန် ဆန်းစစ်ခြင်း၊ အစုံစုံ ပြန်စုပုံ၍ အကြောင်းအကျိုး ဆက်စပ်ပြခြင်း စသည်တို့ကို ပြုလုပ်ပါသည်။

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ မိမိ ကိုယ်ပိုင်သဘာဝ (Own Nature) ဟူသော အယူအဆ

ဤနေရာတွင် မိမိကိုယ်ပိုင်သဘာဝ (Own Nature) ဟူသော စကားစုကို ရှင်းပြရန်လိုပါသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အဘိဓမ္မာ အလိုအရ ရုပ်နာမ်ဓမ္မ သန်္ခတ၊ အသန်္ခတ တရားစုများသည် တစ်ခုချင်းစီတွင် သီးခြားပိုင်ဆိုင်သော မိမိ ကိုယ်ပိုင်သဘာဝ (Own Nature) ရှိကြသည်ဟု မြင်သည်။ ဥပမာ- ပထဝီဟူသော မဟာဘုတ်ရုပ်တရားသည် ခက်မာခြင်းဟူသော မိမိ ကိုယ်ပိုင်သဘာဝကို တစ်သီးတစ်ခြား ပိုင်ဆိုင်သည်။ ထို့အတူ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ စသော မဟာဘုတ် ရုပ်တရားများသည် ယိုစီးစေးဖွဲ့ခြင်း၊ လောင်မြိုက်ရင့်ကျက်ခြင်း၊ တွန်းထိုး ထောက်ကန်ခြင်း၊ အခုအခံမဲ့ခြင်း စသော ဆိုင်ရာ မိမိ ကိုယ်ပိုင်သဘာဝများ

ကို တစ်သီးတစ်ခြား ပိုင်ဆိုင်ကြသည်ဟု ယူဆပါသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အဘိဓမ္မာ အလိုအရ လောကသမ္မုတိယ တရားများဖြစ်သော အစုအဝေး သဘောများ (လူ သတ္တဝါ အရာဝတ္ထုပစ္စည်းများ) သည် မိမိ ကိုယ်ပိုင်သဘာဝ (Own Nature) မရှိသော အရှိယောင် အသွင်သဏ္ဌာန် ပညတ်တရားများ ဖြစ်ကြ၍ ရုပ် နာမ်ဓမ္မ သန်္ခတ အသန်္ခတ တရားစုများသည်သာ မိမိ ကိုယ်ပိုင်သဘာဝ (Own Nature) ရှိသော အဟုတ်အမှန်ရှိ ပညတ်ခံတရားများ (ဝါ) ပရမတ္ထအရှိ သဘာဝတရားများဖြစ်ကြပြီး ယင်းတို့သည် ကာလသုံးပါးစလုံး အမြဲတည်နေသည်ဟု ဆိုပါသည်။

မဇ္ဈိမိကဂိုဏ်း၏ အဓိကပစ်မှတ်သည့်ကား သဗ္ဗတ္ထိဝါဒဂိုဏ်း၏ မိမိကိုယ်ပိုင်သဘာဝ (Own Nature) ဟူသော အယူအဆ ဖြစ်လေသည်။ မိမိ ကိုယ်ပိုင်သဘာဝ (Own Nature) ဟူသော အယူအဆသည် မူလဗုဒ္ဓဓမ္မ၏ အမြင်မဟုတ်ဘဲ ဗြဟ္မဏ ဝါဒီတို့၏ ထာဝရခိုင်မြဲသော အတ္တ (Eternal Self) အမြင်ကိုသာ ကိုယ်စားပြုနေသည်ဟု မဇ္ဈိမိကဂိုဏ်းက မြင်ပါသည်။

မိမိ ကိုယ်ပိုင်သဘာဝ (Own Nature) ဟူသော စကားရပ်သည် အောက်ပါ အနက်အဓိပ္ပာယ်များကိုလည်း ရည်ညွှန်းနေပါသည်။

- အစစ်အမှန် တည်ရှိနေခြင်းဘော (Truly existing)
- အဆုံးစွန်သော သဘောဖြင့် တည်ရှိနေခြင်း သဘော (Ultimately existing)
- ပကတိ အနှစ်သာရအားဖြင့် တည်ရှိနေခြင်း သဘော (Inherently existing)
- အမှီအခို အထောက်အပံ့ကင်းလျက် တည်ရှိနေခြင်းသဘော (Independently existing)
- မပြောင်းမလဲသော သဘောအားဖြင့် တည်ရှိနေခြင်း သဘော (Absolutely existing)
- ဓမ္မဓိဌာန်သဘောအားဖြင့် တည်ရှိနေခြင်းသဘော (Existing from Its own side)
- အဟုတ်အမှန် သဘာဝအားဖြင့် တည်တံ့နေခြင်းသဘော (Really Established)

မဇ္ဈိမိကဂိုဏ်းသည် သဗ္ဗတ္ထိဝါဒဂိုဏ်း၏ မိမိ ကိုယ်ပိုင်သဘာဝ (Own Nature) ဟူသော အယူအဆကို ချေမှုန်းပယ်ရှားလျက် သိနိုင်သမျှသော ပညတ် ပရမတ် သန်္ခတ အသန်္ခတ ဘာဝ အဘာဝ တရားစုအားလုံး၏ သဗ္ဗတ္ထိဝါဒဂိုဏ်း၏

မိမိ ကိုယ်ပိုင်သဘာဝမှ ဆိတ်သုဉ်းမှုသဘော (Emptiness of Own Nature) နှင့် အရာခပ်သိမ်း၏ အပြန်အလှန် ထောက်ပံ့ စွဲမှီဖြစ်ပွားမှုသဘော (Interdependent Origination) အမြင်တို့ကို ထွန်းလင်းပြခဲ့ပါသည်။

မှားယွင်းဖောက်ပြန်စွာ သိမှု အလွာ (၂) ခု

မဇ္ဈိမိကဂိုဏ်း၏ ဒဿနအမြင်အရ မိမိ ကိုယ်ပိုင်သဘာဝ (Own Nature) ဟူသော အယူအဆသည် စွဲလမ်း တပ်မက်မှု မှန်သမျှ၏ အရင်းအမြစ်ဖြစ်သည်။ အဝိဇ္ဇာ၏ မှားယွင်းဖောက်ပြန်စွာ သိမှုဖြစ်သည်။ အရာခပ်သိမ်း၌ မိမိ ကိုယ်ပိုင်သဘာဝမှ ဆိတ်သုဉ်းမှုသဘော-သုညတာ (Emptiness of Own Nature) ကို "မြင်ခြင်း" သည် စွဲလမ်းတပ်မက်မှု မှန်သမျှ၏ အရင်းအမြစ်ကို ဖြတ်တောက်ပစ်သော ဝိဇ္ဇာဉာဏ်ပညာ ဖြစ်လေသည်။ နောင်းကာလ မဇ္ဈိမိကဒဿန ပညာရှင်များက မှားယွင်းဖောက်ပြန်စွာ သိမှုကို အလွာ (၂) ခု ခွဲသည်။

(၁) ပထမအလွာမှာ သတ္တဝါအားလုံး၏ သန္တာန်တွင် အနုသယသဘော အားဖြင့် ကိန်းဝပ်နေသော မှားယွင်းဖောက်ပြန်စွာ သိမှု (Innate Misconception) ဖြစ်သည်။

(၂) ဒုတိယအလွာမှာ မိစ္ဆာဒိဋ္ဌိ ဒဿနအမြင်များအရ ဆင်ခြင်မှုဖြင့် တည်ဆောက်ထားသော မှားယွင်းဖောက်ပြန်စွာ သိမှု (Acquired Misconception) ဖြစ်သည်။

ဒုတိယအလွာ မှားယွင်းဖောက်ပြန်စွာ သိမှုကို ဒဿနဗေဒနည်း ယုတ္တိဗေဒနည်းတို့ဖြင့် ပယ်ရှားနိုင်သော်လည်း ပထမအလွာတွင် နက်ရှိုင်းစွာ ရှိနေသော မှားယွင်းဖောက်ပြန်စွာ သိမှုကိုမူ ငြိမ်သက်ကြည်လင်သော စျာန်သမာဓိကို အခြေခံသော ပညာစက္ခုအားဖြင့်သာ ပယ်ရှားနိုင်လေသည်။

မဇ္ဈိမိကဂိုဏ်း၏ ဒဿနအမြင်အရ ရှိရှိသမျှသော ဓမ္မတရား ဟူသမျှသည် မိမိတို့၏ ပင်ကိုယ်သဘာဝ ကိုယ်ပိုင် လက္ခဏာစွမ်းအားများမှ ကင်းဆိတ်ကြပြီး ဤသို့ ကိုယ်ပိုင် ပကတိသဘာဝ မရှိခြင်း၊ ဆိတ်သုဉ်းခြင်းကို သုညတသဘာဝဟု ခေါ်ဆိုခြင်းဖြစ်၏။ ဗုဒ္ဓဝါဒဂိုဏ်းအသီးအသီး၏ အမြင်၌ ဓမ္မတရားဟူသမျှသည် (နိဗ္ဗာန်နှင့် အသန်္ခတဓာတုမှ လွဲ၍) အကြောင်းတရား အထောက်အပံ့ အခြေအနေများကို မှီစွဲ၍ မိမိတို့၏ ကိုယ်ပိုင်ဂုဏ်သတ္တိအစွမ်းအားဖြင့် ဖြစ်ပွားပေါ်ပေါက်ရစမြဲ ဖြစ်လေသည်။ သို့သော်လည်း မဇ္ဈိမိကဒဿန၏ ရှုထောင့်မှ ကြည့်ပါက အကြောင်းတရား အထောက်အပံ့ အခြေအနေများကို မှီစွဲ၍ ဖြစ်ပွားပေါ်ပေါက်ရ

သော ဓမ္မတရားဟူသမျှသည် ကိုယ်ပိုင် ပကတိသဘာဝ မရှိနိုင်သော သုညတဓမ္မတရားများသာဖြစ်၏။ တံလျှပ်အိပ်မက် မျက်လှည့်စသော အရာများသည် အကြောင်းအထောက်အပံ့တရားများကြောင့် အဟုတ်အမှန်ရှိသယောင် ထင်ရှားပေါ်ပေါက်လာသော်လည်း ၄င်းတို့၏ သဘာဝကို အတိအကျ လေ့လာ စူးစမ်းကြည့်ပါက အတွင်းသားအနှစ်သာရ အခိုင်အမာဖြင့် တည်ရှိနေသော အရာများ မဟုတ်သကဲ့သို့ ဓမ္မတရားဟူသမျှသည်လည်း ရှိပေါ်ဆောင်နေကြသော အတုအယောင် ဓမ္မတရားများသာ ဖြစ်ကြ၏။

အမှန်တကယ် မရှိသော တံလျှပ် အိပ်မက် မျက်လှည့် စသော အရာများကို အမှန်စင်စစ် အရှိတရားများအဖြစ် မှားယွင်း ဖောက်ပြန်စွာ ဆုပ်ကိုင်သုံးသပ်မိပါက တပ်မက်ခြင်း၊ မုန်းတီးခြင်း၊ ကြောက်လန့်ခြင်းစသော တုန့်ပြန်ခံစားမှုများ ဖြစ်ရသကဲ့သို့ အမှန်တကယ် မရှိသော ဓမ္မတရားတို့ကို ပကတိသဘာဝအတိုင်း ရှိနေသော အရှိတရား စစ်စစ်များအဖြစ် မှားယွင်းဖောက်ပြန်စွာ ဆုပ်ကိုင်သုံးသပ်မိပါလျှင် ကိလေသာ တဏှာ ဥပါဒါန် စသော တရားများ ဖြစ်ပွားနိုင်၏။ ကိလေသာ တဏှာ ဥပါဒါန် စသော တရားများသည်လည်း ၄င်းတို့ စွဲလမ်းတပ်မက်သော ဓမ္မတရားများနည်းတူ ပကတိ သဘာဝအတိုင်း အမှန်တကယ် မရှိသော ဓမ္မတရားတို့သာ ဖြစ်လေ၏။

အတွင်းသားအနှစ်သာရဆိတ်သုဉ်းခြင်း သုညတသဘော

မဇ္ဈိမိကဂုဏ်း၏ ဒဿန အမြင်အရ ပြင်ပအကြောင်း အထောက်အပံ့တရားများကို မှီစွဲ၍ ရပ်တည်ဖြစ်ပွားမှု သဘော= ပြောင်းလဲဖောက်ပြန်ခြင်းသဘော= အတွင်းသား အနှစ်သာရ ဆိတ်သုဉ်းခြင်း သုညတသဘောတရားများသည် အောက်ပါအတိုင်း အပြန်အလှန် ဆက်နွယ်နေကြ၏။

(၁) မိမိတို့၏ ပကတိသဘာဝအတိုင်း ရှိနေသော အရှိတရား စစ်စစ်များသည် ပြောင်းလဲဖောက်ပြန်ခြင်း မရှိနိုင်။

(၂) အဘယ်ကြောင့်ဆိုသော် မိမိတို့၏ ပကတိသဘာဝအတိုင်း ရှိနေသော အရှိတရားစစ်စစ်များသည် မည်သည့်ပြင်ပအကြောင်း အထောက်အပံ့တရားကိုမှ မမှီခိုဘဲ တည်နေနိုင်စွမ်းရှိသောကြောင့် ဖြစ်၏။

(၃) အတွေ့အကြုံဖြင့် တိုင်းတာသိရှိနေရသော ဓမ္မတရားဟူသမျှသည် ပြောင်းလဲဖောက်ပြန်ခြင်း ဖြစ်ပွားနေကြ၏။

(၄) အဘယ်ကြောင့်ဆိုသော် အတွေ့အကြုံဖြင့် တိုင်းတာသိရှိနေရသော

ဓမ္မတရားဟူသမျှသည် ပြင်ပအကြောင်း အထောက်အပံ့တရားများကို မှီစွဲ၍ ရပ်တည်ဖြစ်ပွားနေရသောကြောင့် ဖြစ်၏။

(၅) ထို့ကြောင့် အတွေ့အကြုံဖြင့် တိုင်းတာသိရှိနေရသော ဓမ္မတရား ဟူသမျှသည် မိမိတို့၏ ပကတိသဘာဝအတိုင်း ရှိနေသော အရှိတရားစစ်စစ်များမှ ကင်းဆိတ်သော သုညတဓမ္မများသာ ဖြစ်ကြ၏။

"မိမိတို့၏ ပကတိသဘာဝအတိုင်း ရှိနေသော အရှိတရားစစ်စစ်များသည် ပြင်ပအကြောင်း အထောက်အပံ့တရားများကို မှီစွဲ၍ ရပ်တည်ဖြစ်ပွားနေရသည်ဟု ဆိုခြင်းမှာ ယုတ္တိနှင့်မညီချေ။"

"ပြင်ပအကြောင်း အထောက်အပံ့တရားများကြောင့် ဖြစ်ပေါ်လာရသော အရှိတရားစစ်စစ် (သ-ဘာဝ) ဟူသည် ပြုလုပ်ဖန်တီးထားသော အရာသာ ဖြစ်ပေမည်။ သို့သော် မည်ကဲ့သို့ အရှိတရားစစ်စစ် (သ-ဘာဝ) ဟူသည် ပြုလုပ်ဖန်တီးထားသော အရာဖြစ်နိုင်ပေမည်နည်း။ အဘယ်ကြောင့်ဆိုသော် အရှိတရားစစ်စစ် (သ-ဘာဝ) ဟူသည် ပြုလုပ်ဖန်တီးထားသော အရာမဟုတ်မူဘဲ မည်သည့် ပြင်ပအကြောင်းတရားကိုမှ အမှီအခိုမရှိဘဲ မိမိ ကိုယ်ပိုင်စွမ်းအားသတ္တိဖြင့် ရပ်တည်နိုင်သောအရာ ဖြစ်သောကြောင့်ပေတည်း။"[၂၂၉]

အထက်ပါ စာပိုဒ်၏ အနက်ဖွင့်ဆိုချက်များကို အနှစ်ချုပ်ကြည့်ပါလျှင် အောက်ပါညီမျှခြင်း အဖြေများကို ရပေမည်။

- အရှိတရားစစ်စစ် (သ-ဘာဝ) = အမှီအခိုမရှိပဲ မိမိ ကိုယ်ပိုင်စွမ်းအား သတ္တိဖြင့် ရပ်တည်နိုင်သောအရာ၊
- အမှီအခိုမရှိဘဲ မိမိ ကိုယ်ပိုင်စွမ်းအားသတ္တိဖြင့် ရပ်တည်နိုင်သောအရာ = ပြင်ပအကြောင်းတရား အမှီအခိုမရှိသောအရာ၊
- ပြင်ပအကြောင်းတရား အမှီအခိုမရှိသောအရာ = ပြုလုပ်ဖန်တီးထားခြင်းမရှိသော အရာ၊

ထို့ကြောင့် အရှင်နာဂဇုန၏ အလိုအရ ကြောင်းကျိုးဆက်နွယ်မှုသဘောတရားနှင့် အရှိတရားစစ်စစ် (သ-ဘာဝ) သဘောတရားတို့သည် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေသော အရာများဖြစ်သည်ဟု ဆိုရပေမည်။ အရှိတရားစစ်စစ် (သ-ဘာဝ) သဘောတရားတို့သည့် မည်သည့် ပြင်ပအကြောင်းတရားကိုမျှ မမှီခိုဘဲ မိမိတို့၏ ကိုယ်ပိုင်စွမ်းအားဖြင့် တည်ရှိနိုင် (existing from their own side) ရမည်ဖြစ်သလို ထိုကဲ့သို့ ရပ်တည်နိုင်စွမ်းရှိသော အရှိတရားများသည် အကြောင်း-

---

၂၂၉။ **Nargajuna, Mula Madhyamika Karika 15.1-2**

အကျိုး ကွန်ယက်များ၏ အပတွင်သာ တည်ရှိရမည်ဟု နာဂဇုနက ဆိုလိုခြင်း ဖြစ်ပါသည်။

စွဲမှီဖြစ်ပွားတည်ရှိခြင်း သဘော

သို့သော်လည်း လောကတွင် တည်ရှိနေသည်ဟု ညွှန်ပြနိုင်သော မည်သည့်အရာမျှ ပြင်ပအကြောင်းတရားကိုမျှ မမှီခိုဘဲ မိမိတို့၏ ကိုယ်ပိုင်စွမ်းအားဖြင့် တည်ရှိနိုင်ခြင်း မရှိပေ။ ဥပမာ- စက္ကူတစ်ရွက်ကို ကြည့်ပါ။ စက္ကူသည် သစ်ဝါးစသော ပျော့ဖတ်များကို ဓာတုဆေးဝါများ ပေါင်းစပ်၍ ထုတ်လုပ်ထားသော အရာဖြစ်လေရာ သစ်ဝါးစသော ပျော့ဖတ်များ ကုန်ကြမ်းပစ္စည်းများ မရှိလျှင် မဖြစ်ပေါ်နိုင်ပေ။ ထို့ကြောင့် စက္ကူ၌ သစ်ဝါးစသော ပျော့ဖတ်များလည်းရှိနေသည်ဟု ဆိုနိုင်၏။ သစ်ဝါးစသော ပျော့ဖတ်များသည်လည်း သစ်ပင် ဝါးပင်များမှ ရရှိလေသောကြောင့် စက္ကူ၌ သစ်ပင်၊ ဝါးပင်များလည်း ရှိနေသည်ဟု ဆိုနိုင်၏။ တစ်ဖန် သစ်ပင်၊ ဝါးပင်တို့သည် နေရောင်ခြည် တိမ် မိုးရေ မြေဆီလွှာ စသော အကြောင်း အထောက် အပံ့တရားများအား ဖြင့် ဖြစ်ပေါ်လာရသောကြောင့် စက္ကူ၌ နေရောင်ခြည် တိမ် မိုးရေ မြေဆီလွှာစသော အရာများလည်း ရှိနေသည်ဟု ဆိုနိုင်၏။ စက္ကူဖြစ်ပေါ်ရန်အတွက် လူသားတို့၏ အကြံဉာဏ် လုပ်အားဖန်တီးမှုတို့ဖြင့် ပြုလုပ် ဖန်တီးရသောကြောင့် စက္ကူ၌ လူသားတို့၏ အကြံဉာဏ်လုပ်အား ဖန်တီးမှုများလည်း ရှိနေသည်ဟု ဆိုနိုင်၏။ စင်စစ်အားဖြင့် စက္ကူဟု ခေါ်ဝေါ်သတ်မှတ်အပ်သော အရာသည် ဆိုခဲ့ပြီးသော အကြောင်းအထောက်အပံ့ တရားများအား ဖြင့် ဖြစ်ပေါ်လာရသောကြောင့် စက္ကူ၌ အကြောင်းတရားကင်းသော အရှိတရား စစ်စစ်သဘော (သ-ဘာဝ) မရှိဟု ဆိုရပေမည်။

ဤသဘောတရားကို နာဂဇုနက ဤသို့ ဖော်ပြခဲ့၏။

အကယ်၍ အရာဝတ္ထုများ၌ အကြောင်းတရားကင်းသော အရှိတရား စစ်စစ် သဘော (သ-ဘာဝ) ရှိပါက ၄င်းအရာဝတ္ထုများသည် အကြောင်းအထောက်အပံ့ ကင်းစွာတည်ရှိသော အရာများသာ ဖြစ်ရပေမည်။ အရှိတရားစစ်စစ် သဘော (သ-ဘာဝ) ကို လက်ခံခြင်းအားဖြင့် အရာဝတ္ထုတို့၏ အကြောင်းအကျိုး ဆက်နွယ်မှု သဘော၊ ပြုလုပ်သူသဘော၊ ပြုလုပ်ခြင်း ကမ္မသဘော မွေးဖွားခြင်း၊ ပျက်စီးခြင်း အကျိုးသက်ရောက်ခြင်းသဘောများကိုပါ ငြင်းပယ်ရမည် ဖြစ်၏။[၂၃၀]

အရှင်နာဂဇုန၏ အလိုအရဆိုလျှင် လောကဌ် အကြောင်းအထောက်အပံ့

၂၃၀။ **Nargajuna, Mula Madhyamika Karika 24.16-17**

ကင်းစွာတည်ရှိသော အရာများမရှိသလို အကြောင်းအကျိုး ဆက်နွယ်မှုသဘောကို မှီစွဲ၍ ဖြစ်ပွားပေါ်ပေါက် ပျက်စီးရသောအရာများသည် နဂိုမူလသဘောအရ ငြိမ်းအေးသော သန္တိတရားများသာ ဖြစ်ကြလေသည်။[၂၃] ဗုဒ္ဓဓမ္မအမြင်၌ ဆင်းရဲခြင်း မငြိမ်းအေးခြင်းတို့၏ အကြောင်းတရားသည် အရာဝတ္ထုတို့၏ ပကတိသဘာဝအမှန် (ယထာဘူတဓမ္မ) ကို မသိမြင်မှုကြောင့် ဖြစ်၏။ အမှန်ကို မမြင်ဘဲ အမှားကိုမြင်၍ အရာဝတ္ထုတို့ကို ငှင်းတို့ပင် ကိုယ်စွမ်းအားသတ္တိဖြင့် တည်ရှိနေသော မြဲခိုင်သော အရှိတရားများအဖြစ် မှတ်ယူလျက် တပ်မက်စွဲလမ်းမှုကြောင့် ဆင်းရဲခြင်း၊ မငြိမ်းအေးခြင်းတို့ ဖြစ်ပေါ်လာရခြင်း ဖြစ်၏။

တရားသိမြင်သူသည် အရာဝတ္ထုတို့၏ ပကတိသဘာဝအမှန် (ယထာဘူတဓမ္မ) ဖြစ်သော ကြောင်းကျိုးဆက်နွယ် ဖြစ်ပွားမှု (သို့မဟုတ်) အရှိတရားစစ်စစ်သဘော (သ-ဘာဝ)ဆိတ်သုဉ်းမှုတည်းဟူသော သုညတာသဘောကို သိမြင်ခြင်းအား ဖြင့် တပ်မက်စွဲလမ်းမှုများ မပေါ်ပေါက်တော့ဘဲ ငြိမ်းအေးမှုချမ်းသာကို ရရှိသော ကြောင့် အကြောင်းအကျိုးဆက်နွယ်မှု သဘောကို မှီစွဲ၍ ဖြစ်ပွားပေါ်ပေါက် ပျက်စီးရသော အရာများသည် နဂိုမူလသဘောအရ ငြိမ်းအေးသော သန္တိတရားများသာ သည်ဟူ၍ ဆိုရခြင်းဖြစ်ပါ၏။

ပင်ကိုယ်စွမ်းအားသတ္တိဖြင့် တည်ရှိနေသော မြဲခိုင်သော အရှိတရားများသည် အကြောင်းအကျိုး ဆက်နွယ်မှုနှင့်သာမက ပြောင်းလဲမှုသဘောနှင့်လည်း အလျှော်အကန် မဖြစ်ချေ။

"အကယ်၍ အရာဝတ္ထုများ၌ အကြောင်းတရားကင်းသော အရှိတရား စစ်စစ်သဘော (သ-ဘာဝ) ရှိပါက ငှင်းအရာဝတ္ထုများသည် မွေးဖွားပေါ်ပေါက်ခြင်းမရှိသော၊ ချုပ်ငြိမ်းပျက်စီးခြင်း မရှိသော၊ ရွေ့လျားပြောင်းလဲခြင်း မရှိသော အရာများ ဖြစ်ရပေမည်။ လောကသည်လည်း ကာလတရား၏ ပြောင်းရွေ့မှု အဆင့်ဆင့်မရှိသော လောကသာ ဖြစ်ရပေတော့မည်။[၂၄]*"*

ဤနေရာတွင် အရှင်နာဂဇုန္နဒေ၏ ဒဿနအမြင်ကို ရှင်းလင်းပြတ်သားစွာ မြင်ရပါသည်။ ပြောင်းလဲမှုမှန်သမျှသည် ပြင်ပ အကြောင်းတရားတို့ကြောင့် ဖြစ်

၂၃။ **"That which arises dependently is tranquil [or "extinct," *Santa*] with regard to intrinsic nature *(svabhavatah)*."**
(Nargajuna, Mula Madhyamika Karika 7.16ab)

၂၄။ **It will be unborn and unceasing and immovable.**
If there is intrinsic nature, the world is devoid of various [temporal] stages.
(Nargajuna, Mula Madhyamika Karika 24.38)

သောကြောင့် ကြောင်းကျိုးဆက်နွယ် ဖြစ်ပွားမှုများမှ ကင်းလွတ်ရပ်တည်နေသော အရှိတရား စစ်စစ်သဘော (သ-ဘာဝ) တို့သည် မပြောင်းလဲနိုင်သော သဘောများသာ ဖြစ်ရပေမည်။ လောကကို ကြည့်ရှုလေ့လာကြည့်ပါက အရာဝတ္ထုမှန်သမျှ ပြောင်းလဲနေသောကြောင့် လောကဌ် အကြောင်းတရားကင်းသော အရှိတရား စစ်စစ်သဘော (သ-ဘာဝ) မရှိဟု ဆိုရပေမည်။[၂၃၃]

ပြောင်းလဲခြင်းသဘောသည်ပင် အစစ်အမှန်မရှိပုံ

အရှင်နာဂဇုန္နဒေ၏ ဒဿနအမြင် အရဆိုရပါလျှင် ပြောင်းလဲခြင်းသဘော ကိုယ်တိုင်သည်ပင် လောကဝေါဟာရအားဖြင့် သတ်မှတ်ခေါ်ဆိုထားချက်မျှသာ ဖြစ်ပြီး လောက၏ အရှိတရားစစ်စစ်သဘော (သ-ဘာဝ) အနေဖြင့် တည်ရှိနေသော အမှန်တရား မဟုတ်ပါချေ။ လောကသားတို့၏ အမြင်အရ ပြောင်းလဲခြင်း၏ နောက်ကွယ်တွင် ပြောင်းလဲနေသော အရာဝတ္ထု ပုဂ္ဂိုလ် သတ္တဝါ တစ်စုံတစ်ရာ တည်ရှိနေသည်ဟု ယုံကြည်ကြသည်။ ဥပမာ- ရွှေကို လက်ကောက်လုပ်ထားလျှင် ရွှေသည် လက်ကောက်အသွင်ဖြင့် တည်ရှိနေပေမည်။ အဆိုပါ ရွှေလက်ကောက်ကို ရွှေခြေကျင်းအဖြစ်သို့ ပြောင်းလဲ လုပ်ဆောင်လိုက်သော်အခါ ရွှေသည် ခြေကျင်းအသွင်ဖြင့် တည်ရှိနေပေမည်။ လောက ဝေါဟာရအားဖြင့် ပြောရလျှင် ရွှေလက်ကောက်သည် ရွှေခြေကျင်းအဖြစ်သို့ ပြောင်းလဲသွားခြင်း ဖြစ်လေသည်။ သို့သော်လည်း ပြောင်းလဲခြင်းသည် လက်ကောက်အသွင်မှ ခြေကျင်းအသွင်သို့ အသွင်ပြောင်းလဲခြင်းသာဖြစ်ပြီး ရွှေသားမှာမူ အတူတူ ဖြစ်သကဲ့သို့ လောက၏ ပြောင်းလဲခြင်းများ နောက်ဝယ် မပြောင်းလဲသော အရှိတရားစစ်စစ်များ တည်နေသည်ဟု လောကသားတို့က ယုံကြည်ကြပါသည်။

အရှင်နာဂဇုန္နဒေ၏ ဒဿနအမြင်အရ ဆိုရပါလျှင် ဤသို့မပြောင်းလဲသော အရှိတရားစစ်စစ်များ တည်နေသည်ဆိုသော ယုံကြည်မှုမှာ မဖြစ်နိုင်သောအရာကို စွဲလမ်းယုံကြည်နေမှု ဖြစ်လေသည်။ အရှင်နာဂဇုန္နဒေ၏ အလိုအရ အရှိတရားစစ်စစ်များ ဟူသည် မိမိ၏အရှိသဘောကို မိမိပိုင်ဆိုင်သောကြောင့် မိမိကိုယ်ပိုင်သဘာဝမှ ပြောင်းလဲရွေ့လျှောသွားရိုး မရှိနိုင်ချေ။ လူငယ်တစ်ယောက်သည် လူကြီးအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားသည်ဟု လောက ဝေါဟာရအရ ဆိုကြသည်။ ထို

၂၃၃။ **If there were existence by intrinsic nature,8 there would not [ever] be nonexistence of this [thing that exists by intrinsic nature],**
For alteration of intrinsic nature is never possible.
(Nargajuna, Mula Madhyamika Karika 15.8)

လူငယ်နှင့် လူကြီးသည် (ရွေလက်ကောက်မှ ရွေခြေကျင်းအဖြစ် ပြောင်းလဲသော ဥပမာကဲ့သို့) လူငယ်အသွင်မှ လူကြီးအသွင်သို့ ပြောင်းလဲသော်လည်း ပြောင်းလဲခြင်းဖြစ်ပွားရာ လူ-ပုဂ္ဂိုလ်မှာ တစ်ယောက်တည်း ဖြစ်သည်ဟု လောကဝေါဟာရအရ ဆိုကြသည်။ ထိုနည်းတူ နို့မှ နို့ဓမ်း ထောပတ် စသဖြင့် ပြောင်းလဲရာ၌လည်း ပြောင်းလဲခြင်းဖြစ်ပွားရာ ဝတ္ထုပစ္စည်းဖြစ်သော နို့ရည်သည် တစ်ခုတည်း ဖြစ်သည်ဟု လောက ဝေါဟာရအရ ဆိုကြသည်။

အရှင်နာဂဇုန၏ မဇ္ဈိမိက ဒဿနအမြင်အရ ဆိုရပါလျှင် ပြောင်းလဲခြင်းသဘော၏ နောက်ကွယ်၌ ပြောင်းလဲတတ်သော အရာဝတ္ထု ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိနိုင်ချေ။ လူငယ်သည် ပကတိ အရှိတရားစစ်စစ်အနေဖြင့် ရှိနေပါက လူကြီးအဖြစ်သို့ မပြောင်းလဲနိုင်ပေ။ လူငယ်သည် လူကြီးအဖြစ်သို့ ပြောင်းလဲသည်ဟူသော ဖြစ်စဉ်ကို စဉ်းစားကြည့်ပါ။ လူငယ်သည် မည်သည့်အချိန်ကာလ အတိုင်းအတာအထိ လူငယ်အနေဖြင့် ပကတိအရှိတရား စစ်စစ်သဘောအားဖြင့် တိတိကျကျရှိနေခဲ့ပြီး နောက်တွင် (ရုတ်တရက်) လူကြီးအဖြစ်သို့ ပကတိ အရှိတရားစစ်စစ် သဘောအားဖြင့် တိတိကျကျ ပြောင်းလဲသွားပါသနည်း။ လူငယ်သည် လူကြီးအဖြစ်သို့ ပြောင်းလဲသည်ဟူသော ဖြစ်စဉ်တွင် မည်သည့်အချိန်ကာလ အတိုင်းအတာအထိကို ဆုန်းဆုန်းဖြတ်ဖြတ် ဆုံးဖြတ်၍ ဤနေရာသည့်ကား လူငယ်အဖြစ် ကုန်ဆုံး၍ လူကြီးအဖြစ်သို့ အတိအကျ ရောက်ရှိပြီဟု ပြောဆိုသတ်မှတ်နိုင်ပါသနည်း။ စင်စစ် ပြောင်းလဲနေသော ဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ခုကို လောကဝေါဟာရအရ လူငယ်ဟု ခေါ်ဆိုသတ်မှတ်ပြီး အခြားသော အစိတ်အပိုင်းတစ်ခုကို လူကြီးအနေဖြင့် ခေါ်ဆိုသတ်မှတ်ခြင်းသာ ဖြစ်ပါ၏။ လူငယ်လူကြီး စသော သမ္မုတိပညတ်-အမည်နာမများသည် ပကတိအရှိတရားစစ်စစ် မဟုတ်သလို၊ ထို သမ္မုတိပညတ်-အမည်နာမများ သမုတ်ခေါ်ဆိုရာ ပြောင်းလဲနေသော ဖြစ်စဉ်သည်လည်း ခိုင်မာသော အနှစ်သာရဖြင့် တည်ရှိနေသည့် ပကတိအရှိတရားစစ်စစ်မျိုး မဟုတ်ပေ။[၂၄၄]

အရှင်နာဂဇုနက ဤသို့ အဓိပ္ပာယ်လေးနက်လှသော စကားကို ဆိုခဲ့၏။

"အကယ်၍ ပကတိအရှိတရားစစ်စစ်သဘာဝ မတည်ရှိလျှင် မည်သည့် အရာဝတ္ထုသည် ပြောင်းလဲသည်ဟု ဆိုနိုင်ပါအံ့နည်း။ အကယ်၍ ပကတိအရှိတရား

---

၂၄၄ **Of what would there be alteration if intrinsic nature does exist? Neither the alteration of that [thing] itself nor of what is different [from it] is logical, because a young man does not grow old [and] because an old man does not grow old. If there is alteration of that [thing itself], milk itself would become curds. What other than milk will become curds? (Nargajuna, Mula Madhyamika Karika 13.4-5-6)**

စစ်စစ် သဘာဝ တည်ရှိလျှင် မည်သည့်အရာဝတ္ထုသည် ပြောင်းလဲသည်ဟုဆိုနိုင်ပါအံ့နည်း။[၂၃]"

အထက်ပါ ဝါကျနှစ်ခု၏ အနက်သည် ရှင်းလင်းပြတ်သားလှပါ၏။ ပကတိသဘာဝအားဖြင့် အခိုင်အမာရှိနေသော အရိုတရား စစ်စစ် သဘောမရှိလျှင် အရာဝတ္ထုဟူ၍လည်း ပကတိသဘာဝအားဖြင့် အခိုင်အမာ မရှိနိုင်ချေ။ ထိုသို့ မရှိနိုင်လျှင် အရာဝတ္ထု၏ ပြောင်းလဲခြင်းဟူ၍လည်း မရှိနိုင်။ ဆန့်ကျင်ဘက်အားဖြင့် အရာဝတ္ထုဟူ၍ ပကတိသဘာဝအားဖြင့် အခိုင်အမာ တည်ရှိနေပါကလည်း ထိုကဲ့သို့တည်ရှိနေသော အရာဝတ္ထုသည် မပြောင်းလဲနိုင်ပေ။ ထို့ကြောင့် ပကတိ သဘာဝအားဖြင့် အခိုင်အမာရှိနေသော အရိုတရားစစ်စစ်သဘော ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြောင်းလဲခြင်းသဘောသည် အမှန်တကယ် မရှိနိုင်ကြောင်း အထက်ပါ ဝါကျနှစ်ခုက ဖော်ညွှန်းနေပါ၏။

ဖြစ်ပေါ်ခြင်း နှင့် ချုပ်ငြိမ်းခြင်း အမှန်တကယ် မရှိပုံ

ထိုနည်းတူစွာပင် ဖြစ်ပေါ်ခြင်း (Arising) နှင့် ချုပ်ငြိမ်းခြင်း (Ceasing)သဘောများကိုလည်း ပကတိသဘာဝအားဖြင့် အခိုင်အမာရှိနေသော သဘောများ မဟုတ်ကြောင်း အရှင်နာဂဇုနက ငြင်းဆိုပြခဲ့ပါသည်။ အကယ်၍ အရာဝတ္ထုများသည် အတွင်းအမာခံ အနှစ်သာရ အတ္တဆိတ်သုဉ်းသော သုညတာသဘောများ ဖြစ်ကြလျှင် (ဝါ) ပကတိသဘာဝအားဖြင့် အခိုင်အမာရှိနေသော အရိုတရားစစ်စစ်သဘောများ မဟုတ်ကြလျှင် အရာဝတ္ထုဟူ၍လည်း ပကတိသဘာဝအားဖြင့် အခိုင်အမာ မရှိနိုင်ချေ။ ထိုသို့ မရှိနိုင်လျှင် အရာဝတ္ထု၏ ဖြစ်ပေါ်ခြင်းနှင့် ချုပ်ငြိမ်းခြင်းသဘောများဟူ၍လည်း မရှိနိုင်ချေ။ ဖြစ်ပေါ်သော အရာဝတ္ထု မရှိပါဘဲနှင့် ဖြစ်ပေါ်ခြင်းဟူ၍ မရှိနိုင်သကဲ့သို့ ချုပ်ငြိမ်းသော အရာဝတ္ထု မရှိပါဘဲနှင့် ချုပ်ငြိမ်းခြင်းဟူ၍လည်း မရှိနိုင်ချေ။ ဆန့်ကျင်ဘက်အားဖြင့် အရာဝတ္ထုဟူ၍ ပကတိသဘာဝအားဖြင့် အခိုင်အမာ တည်ရှိနေပါကလည်း ထိုကဲ့သို့ တည်ရှိနေသော အရာဝတ္ထုသည် မိမိ၏ အတွင်းအနှစ်သာရ ကိုယ်ပိုင်စွမ်းအားဖြင့် တည်သောကြောင့် ဖြစ်ပေါ်ခြင်းလည်း မရှိနိုင်၊ ချုပ်ငြိမ်းခြင်းလည်းမရှိနိုင်ပေ။ ထို့ကြောင့် ပကတိ သဘာဝအားဖြင့် အခိုင်အမာရှိနေသော အရိုတရား စစ်စစ်သဘော ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အရာ

၂၃။ **If intrinsic nature does not exist, of what will there be alteration? If intrinsic nature does exist, of what will there be alteration? (Nargajuna, Mula Madhyamika Karika 15.9)**

ဝတ္ထုစု၏ ဖြစ်ပေါ်ခြင်းနှင့် ချုပ်ငြိမ်းခြင်း သဘောများဟူ၍ အမှန်တကယ် မရှိနိုင်ကြောင်းကို နာဂဇုနက တင်ပြခဲ့ပါသည်။[၂၄၆]

ထို့ကြောင့် အရှင်နာဂဇုန၏ မူလ မဇ္ဈိမိကကာရိကာ ကျမ်း၏ အဖွင့် ပူဇာဂါထာတွင် အကြောင်းကိုမှီစွဲ၍ အကျိုးတရားတို့ ဖြစ်ပွားရခြင်းသဘော (ပဋိစ္စသမုပ္ပါဒ ဓမ္မ) သည် အစွန်းတရား (၈) ပါးမှ ကင်းလွတ်သော အတွေးဝိဘာဂတရားမှန်သမျှ မတည်နိုင်သော သဘာဝအဖြစ် တင်ပြခဲ့ပါသည်။ အစွန်းတရား (၈) ပါးတို့သည် တွေးသိစိတ်မှ အရှိတရားအပေါ် မှားယွင်းဖောက်ပြန်စွာ စွဲလမ်း ဆုပ်ကိုင်ယူဆချက်များဖြစ်၏။ အရာဝတ္ထုတို့ကို ပကတိ အနှစ်သာရဖြင့် တည်ရှိနေသောအရာများ (သယံသိဒ္ဓ သဘာဝသိဒ္ဓ)အဖြစ် စွဲမှတ်ခံယူသောအခါတွင် ထိုအရာဝတ္ထုတို့၏ မွေးဖွားခြင်း ရပ်တန့်ခြင်း တည်မြဲခြင်း၊ ချုပ်ငြိမ်းခြင်း၊ ဆိုက်ရောက်လာခြင်း၊ ထွက်ခွာသွားခြင်း၊ ထပ်တူညီခြင်း၊ ကွဲပြားခြားနားခြင်း စသည့် အခြင်းအရာများဖြင့် ညွှန်ပြပြောဆိုနိုင်စရာ ရှိပေ၏။ သို့သော်လည်း ရှင်တော်ဗုဒ္ဓ ဟောတော်မူသော အကြောင်းကိုမှီစွဲ၍ အကျိုးတရားတို့ ဖြစ်ပွားရခြင်းသဘော (ပဋိစ္စသမုပ္ပါဒ ဓမ္မ) သည် အရာဝတ္ထုတို့ကို ၄င်းတို့၏ ပကတိအနှစ်သာရဖြင့် တည်ရှိနေသော အရာများ (သယံသိဒ္ဓ သဘာဝသိဒ္ဓ)အဖြစ် မရှုမြင်တော့သောကြောင့် ပဋိစ္စသမုပ္ပါဒ ဓမ္မ၏ နယ်ပယ်တွင် မွေးဖွားခြင်း၊ ရပ်တန့်ခြင်း၊ တည်မြဲခြင်း၊ ချုပ်ငြိမ်းခြင်း၊ ဆိုက်ရောက်လာခြင်း၊ ထွက်ခွာသွားခြင်း၊ ထပ်တူညီခြင်း၊ ကွဲပြားခြားနားခြင်း စသည့် အခြင်းအရာများဖြင့် ညွှန်ပြပြောဆိုနိုင်စရာအရာဟူ၍ မြူတစ်မှုံမျှ မရှိနိုင်ချေ။ မမွေးဖွားခြင်း (unborn) ၊ မရပ်တန့်ခြင်း (unceasing) ၊ မတည်မြဲခြင်း (non-permanent)၊ မချုပ်ငြိမ်းခြင်း(unannihilated)၊ မဆိုက်ရောက်ခြင်း (not coming)၊ မထွက်ခွာခြင်း (not going)၊ ထပ်တူမညီခြင်း (without identity)၊ မကွဲပြား မခြားနားခြင်း (without distinction) စသည့် အခြင်းအရာများသည်သာ ပဋိစ္စသမုပ္ပါဒ ဓမ္မတရား၏ ညွှန်းဆိုစရာ ဂုဏ်လက္ခဏာများ ဖြစ်လေသည်။[၂၄၇]

အရှင်နာဂဇုန၏ ဒဿနအမြင်၌ အကြောင်းကိုမှီစွဲ၍ အကျိုးတရားတို့ ဖြစ်ပွားရခြင်းသဘော (ပဋိစ္စသမုပ္ပါဒ ဓမ္မ) သည် အခြေခံအုတ်မြစ်ပမာ ဖြစ်၏။ အကြောင်းကိုမှီစွဲ၍ အကျိုးတရားတို့ ဖြစ်ပွားရခြင်းသဘော (ပဋိစ္စသမုပ္ပါဒ ဓမ္မ) ကို သိမြင်သူသည် အရိယာသစ္စာလေးပါးကို သိမြင်သူဖြစ်၏။ အကြောင်းကို မှီစွဲ၍

၂၄၆။ **Arising and ceasing are not possible for something empty.**
Arising and ceasing are not possible for something nonempty.
(Nargajuna, Mula Madhyamika Karika 21.9)

၂၄၇။ **Garfield, Jay L. (1995), *The Fundamental Wisdom of the Middle Way*, Oxford: Oxford University Press, P-100-102**

အကျိုးတရားတို့ ဖြစ်ပွားရခြင်းသဘော (ပဋိစ္စသမုပ္ပါဒ ဓမ္မ)ကို သိမြင်သူသည် အစွန်းတရားတို့မှ လွတ်သော အလယ်လမ်း (မဇ္ဈိမပဋိပဒါ) ကို မြင်သူဖြစ်၏။ အကြောင်းကို မှီစွဲ၍ အကျိုးတရားတို့ ဖြစ်ပွားရခြင်းသဘော (ပဋိစ္စသမုပ္ပါဒ ဓမ္မ) ကို သိမြင်သူသည် အရာခပ်သိမ်း၏ အတွင်းအနှစ်သား အတ္တ အတ္တနိယ ဆိတ်သုဉ်းခြင်း သဘော (သုညတာဓမ္မ) ကို သိမြင်သူ ဖြစ်၏။[၂၃၈]

ထို့ကြောင့် အရှင်နာဂဇုနအတွက် ပဋိစ္စသမုပ္ပါဒ ဓမ္မ- သုညတာဓမ္မ- မဇ္ဈိမပဋိပဒါနှင့် အရာဝတ္ထုတို့၏ ပကတိသဘာဝ ဆိတ်သုဉ်းခြင်း(နိဿဘာဝ) သဘောများသည် ရှုထောင့်နှင့် ဝေါဟာရကွဲသောလည်း တရားကိုယ်အနက်အားဖြင့် အတူတူပင် ဖြစ်ကြ၏။ အရာဝတ္ထုတို့သည် အတွင်းအနှစ်သာရ ဆိတ်သုဉ်းသောကြောင့် ပြင်ပအကြောင်း တရားများကို မှီခိုတည်ရှိကြရ၏။ အရာဝတ္ထုတို့သည် ပြင်ပအကြောင်းတရားများကို မှီခိုတည်ရှိကြရသောကြောင့် အတွင်းအနှစ်သာရ ဆိတ်သုဉ်းသောကြောင့် ကြောင်းကျိုးဆက်နွယ်မှု သဘောအရ ပြောင်းလဲကြရ၏။ ကြောင်းကျိုး ဆက်နွယ်မှုသဘောအရ ပြောင်းလဲကြရသောကြောင့် မဂ္ဂသစ္စာကို ကျင့်ခြင်းအားဖြင့် ဒုက္ခသစ္စာကိုသိခြင်း၊ ထိုသို့ ဒုက္ခသစ္စာကိုသိခြင်းကြောင့် ဒုက္ခသစ္စာ၏ အကြောင်းတရားဖြစ်သော သမုဒယသစ္စာကို ပယ်ခြင်း၊ ထိုသို့ သမုဒယသစ္စာကို ပယ်ခြင်းကြောင့် ဒုက္ခသစ္စာ၏ ချုပ်ငြိမ်းရာ နိရောဓသစ္စာကို မျက်မှောက်ပြုဆိုက်ရောက်နိုင်ခြင်း စသည့် အရိယာသစ္စာတရားများ ကျင့်ကြံအားထုတ် ဖြစ်ပွားခွင့်ရမည် ဖြစ်ပါသည်။ သုညတာ အခြေခံတွင်သာ သစ္စာလေးပါးတရားတို့ ချိတ်ဆက်လည်ပတ်နိုင်ပေလိမ့်မည်။

အကယ်၍သာ အရာဝတ္ထုတို့သည် ပြင်ပ အကြောင်းတရားများကို မမှီခိုဘဲ မိမိတို့၏ ကိုယ်ပိုင်သတ္တိဖြင့် တည်ရှိကြရလျှင်မူ ပြောင်းလဲမှု ဟူ၍လည်း မရှိနိုင်။ ထိုသို့ ပြောင်းလဲမှုမရှိနိုင်လျှင် အရိယာသစ္စာတရားများကို ကျင့်ကြံအားထုတ် ဖြစ်ပွားခွင့်လည်း ရရှိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် အရှင်နာဂဇုနက "သုညတာကို သိသူအတွက် အရာခပ်သိမ်း ပြီးမြောက်နိုင်၏။ သုညတာကို မသိသူအတွက် မည်သည့်အရာမျှ မပြီးမြောက်နိုင်ပေ။[၂၃၉]" ဟု ဆိုခဲ့လေသည်။

၂၃၈။ **One who sees dependent origination sees these [Four Noble Truths], Suffering, the origin [of suffering], the cessation [of suffering], and the path [to its cessation]. (Nargajuna, Mula Madhyamika Karika 24.40)**

What dependent origination is, that we call emptiness.That is designation dependently *(prajñaptir upadaya)*. Just that is the Middle Way. (Nargajuna, Mula Madhyamika Karika 24.18)

၂၃၉။ **Everything works for one for whom emptiness works.Nothing works for one for whom emptiness does not work. (Nargajuna, Mula Madhyamika Karika 24.14)**

စွဲမှီဖြစ်ပွားခြင်းသဘော၏ ရှုထောင့် (၃) မျိုး

စွဲမှီဖြစ်ပွားခြင်းသဘော (Dependent Arising) သည် အရှင်နာဂဇုန်၏ မဇ္ဈိမိက ဒဿနအမြင်အတွက် သော့ချက်အယူအဆ ဖြစ်၏။ စွဲမှီဖြစ်ပွားခြင်းသဘောကို ရှုထောင့် (၃) မျိုးမှ မြင်နိုင်၏။

(၁) အကြောင်းအထောက်အပံ့များအပေါ် စွဲမှီဖြစ်ပွားခြင်းသဘော (Existential Dependent Arising)

(၂) အစိတ်အပိုင်းများအပေါ် စွဲမှီဖြစ်ပွားခြင်းသဘော (Meological Dependent Arising)

(၃) ပညတ်သတ်မှတ်ချက်အပေါ် စွဲမှီဖြစ်ပွားခြင်းသဘော (Notional Dependent Arising)

(၁) အကြောင်း အထောက်အပံ့များအပေါ် စွဲမှီဖြစ်ပွားခြင်းသဘောမှာ အထက်တွင် ပေးခဲ့သောစကား၊ ဥပမာအတိုင်း အရာဝတ္ထုများ ဖြစ်ပွားရန်အတွက် လိုအပ်သော အကြောင်းအထောက်အပံ့များအပေါ် စွဲမှီဖြစ်ပွားခြင်းကို ဆိုလိုသည်။ အာဘိဓမ္မာစံနစ်များတွင် ပရမတ္ထတရားများအဖြစ် သတ်မှတ်သော ရုပ် စိတ် စေတသိက် တရားစုများလည်း ဤ စွဲမှီဖြစ်ပွားရခြင်း သဘောမှ မကင်းလွတ်နိုင်ပါချေ။ ထေရဝါဒ အာဘိဓမ္မာစာပေမှ အနုန္တနယ သမန္တ ပဋ္ဌာန်းကျမ်းသည် ဤသို့သော အကြောင်းအထောက်အပံ့များအပေါ် စွဲမှီဖြစ်ပွားခြင်း အမျိုးမျိုးအပေါင်းကို နည်းအဖုံဖုံဖြင့် တန်ဆာဆင်လျက် ဖွင့်ဆိုထားသောကျမ်း ဖြစ်လေ၏။[၂၄၀]

(၂) အစိတ်အပိုင်းများအပေါ် စွဲမှီဖြစ်ပွားခြင်းသဘောမှာ အစိတ်အပိုင်းများ ပေါင်းစည်းဆက်စပ်ခြင်းဖြင့် အစုအဝေး စံနစ်များ ဖြစ်ပေါ်၍ သက်ဝင်လှုပ်ရှားလာသော သဘောဖြစ်၏။ အစဉ်အလာ ဖော်ပြလေ့ရှိသော ဥပမာမှာ လှည်း ဥပမာ ဖြစ်၏။ လှည်းတစ်စီး၏ အစိတ်အပိုင်းများဖြစ်သော လှည်းဘီးဝင်ရိုး လှည်းအိမ် အမိုး စသည်တို့ ပေါင်းစည်း ဆက်စပ်ခြင်းဖြင့် လှည်းဟူသော အစုအဝေး စံနစ်များ ဖြစ်ပေါ်လာသည့် စွဲမှီဖြစ်ပွားခြင်းသဘောကို ဆိုလို၏။ လှည်း၏ ပုံပန်းသဏ္ဌာန်နှင့် လှည်းဟူသော ပညတ်ဝေါဟာရတို့သည် လှည်း၏ အစိတ်အပိုင်းများဖြစ်သော လှည်းဘီး ဝင်ရိုး လှည်းအိမ် အမိုး စသည်တို့အပေါ် တည်မှီနေရလေသည်။

(၃) ပညတ်သတ်မှတ်ချက်အပေါ် စွဲမှီဖြစ်ပွားခြင်း သဘောသည်ကား စွဲမှီဖြစ်ပွားခြင်းသဘောများအနက် အခြေခံအကျဆုံးနှင့် အသိမ်မွေ့ဆုံး စွဲမှီဖြစ်ပွား

၂၄၀။ **David Kalupahana, *Causality: The Central Philosophy of Buddhism.* The University Press of Hawaii, 1975, pages 96–97.**

ခြင်း သဘောဖြစ်၏။ သတ္တဝါတို့၏ စိတ်သန္တာန်သည် မသိမှု အဝိဇ္ဇာနှင့်တစ်ကွ တဏှာ မာန ဒိဋ္ဌိ စသော ပပဉ္စတရားများ၏ အရောင်ဆိုး ချယ်လှယ်မှုကြောင့် ပညတ်သတ်မှတ်ချက်များအပေါ် အမှန်တကယ်ရှိသော အရှိတရားများအဖြစ် မှောက် မှောက်မှားမှား ရှုမြင်သုံးသပ်ပါသည်။ ထိုသို့ ပညတ်သတ်မှတ်ချက်များအပေါ် အမှန်တကယ်ရှိသော အရှိတရားများအဖြစ် ရှုမြင်သုံးသပ်နေသော တဏှာ မာန ဒိဋ္ဌိ စသော ပပဉ္စတရားများသည် အရှိယောင် လောကကို ပကတိသဘာဝစစ်စစ် ဖြင့် ရှိနေသကဲ့သို့ မြင်စေပါသည်။ ပညတ်သတ်မှတ်ချက်အပေါ် စွဲမှီဖြစ်ပွားခြင်း သဘောသည် အလွန်ကျယ်ဝန်းသော နယ်ပယ်လည်း ဖြစ်ပါသည်။ လူသားတို့၏ ဘာသာစကားနှင့် သင်္ကေတစံနစ်များ အားလုံးကို လွှမ်းခြုံတည်ရှိနေသော သဘော လည်း ဖြစ်ပါသည်။ လောက၏ အရာဝတ္ထုများ အရှိသဘောများသည် ပညတ် ခြင်း မပြုခင် အရင်ကြိုတင်ရှိနေခြင်းလည်း မဟုတ်ပေ။ ပညတ်ခြင်းကြောင့် ဖြစ် ပေါ်လာသည်လည်း မဟုတ်ပေ။ သိစိတ်၏ ပညတ်ခြင်း အပြုအမူအားဖြင့် လောက အနေဖြင့် ထင်ရှားလာသော သဘောများသာ ဖြစ်လေသည်။ ထို့ကြောင့် ဘာသာ စကားနှင့် သင်္ကေတစံနစ်များအတွင်းရှိ ပညတ်များသည်လည်း အချင်းချင်း မှီတွယ် ဆက်စပ်တည်ရှိလျက် အနက်အဓိပ္ပာယ် ပေါ်လွင်ခွင့်ကို ရနေကြသော နှိုင်းရတရား များ ဖြစ်ကြလေသည်။ ဥပမာ ရှည်ခြင်း-တိုခြင်း၊ မြင့်ခြင်း-နိမ့်ခြင်း၊ ဝေးခြင်း-နီးခြင်း၊ အတွင်း-အပြင် စသော ဆန့်ကျင်ဘက်ပညတ်များ အားလုံးသည် အချင်းချင်း မှီတွယ် ဆက်စပ်မှသာ အနက်ပေါ်လွင်နိုင်သော ပညတ်များ ဖြစ်လေသည်။

ဤ ရှုထောင့် (၃) မျိုးကို ဥပမာဖြင့် ရှင်းပြရလျှင် နှင်းဆီပန်းတစ်ပွင့်ကို မြင်သည် ဆိုပါစို့။ ပထမ ရှုထောင့်မှကြည့်လျှင် အဆိုပါနှင်းဆီပန်းသည် မိမိ၏ တည်ရှိမှုအတွက် မိမိကို ဖြစ်ပေါ်စေခဲ့သော (မြေဩဇာ၊ မိုးရေ၊ နေရောင် ခြည်၊ စိုက်ပျိုးသူ) စသော အကြောင်း အထောက်အပံ့ တရားများစွာနှင့်ကင်းဝေ မဖြစ်တည်နိုင်ကြောင်း တွေ့ရပေမည်။ ဒုတိယရှုထောင့်မှ ကြည့်လျှင် အဆိုပါ နှင်းဆီပန်းသည် မိမိ၏တည်ရှိမှုအတွက် မိမိတွင်ပါဝင်နေသော အစိတ်အပိုင်းများ ဖြစ်သော (ပွင့်ဖတ်၊ ပွင့်ချပ်၊ ဝတ်မှုန်ရုံ့၊ အရွက်၊ ရိုးတံ၊ ဆူး) စသော အစိတ် အပိုင်းများနှင့် ကင်းဝေ မဖြစ်တည်နိုင်ကြောင်း တွေ့ရပေမည်။ တတိယ ရှုထောင့်မှ ကြည့်လျှင် အဆိုပါနှင်းဆီပန်းသည် မိမိ၏တည်ရှိမှုအတွက် မိမိကို နှင်းဆီပန်း အနေနှင့် နာမပညတ် သတ်မှတ်လျက် သိမှတ်ခံစား တုန့်ပြန်နေသော စိတ်စေတသိက် အစုအဝေး (သိသူ) နှင့် ကင်းဝေ မဖြစ်တည်နိုင်ကြောင်း တွေ့ရပေမည်။

သဗ္ဗဓမ္မာ သုညတာ ဖြစ်ခြင်းအကြောင်း

အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿန အမြင်အရ လောကီ လောကုတ္တရာ တရားဟူသမျှ သခ်ၤိတ အ-သခ်ၤိတ တရားဟူသမျှ အထက်ဖော်ပြပါ စွဲမှီဖြစ်ပွားခြင်း ရှုထောင့် (၃) မျိုး နှင့် ကင်း၍ မရှိနိုင်သောကြောင့် အရာခပ်သိမ်းသည် အတွင်း အနှစ်သာရ-အတ္တသဘော၊ ပကတိကိုယ်ပိုင်သဘာဝ သဘောများမှာ လုံးဝဆိတ်သုဉ်းနေသော သုညတဓမ္မများသာ ဖြစ်ကြ၏။ နာဂဇုန္နကု ''*စွဲမှီဖြစ်ပွားခြင်း သဘောနှင့် ကင်းသော ဓမ္မတရားဟူ၍ မရှိသောကြောင့် သုညတမဟုတ်သော ဓမ္မတရားဟူ၍လည်း မရှိနိုင်ချေ။*[၂၄၁]'' ဟု ဆိုခဲ့ပါ၏။

ဤနေရာ၌ အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿနအမြင်သည် အစဉ်အလာ ဗုဒ္ဓဒဿနအမြင် အဘိဓမ္မာအမြင်များနှင့် လမ်းခွဲထွက်ပုံကို မြင်ရပါ၏။ အစဉ်အလာ ဗုဒ္ဓဒဿနအမြင်၊ အဘိဓမ္မာအမြင်များ၏ အလိုအရ သခ်ၤိတဓမ္မတရားများသည် စွဲမှီဖြစ်ပွားခြင်းသဘော၊ အကြောင်းအကျိုးတရားသဘောတို့၏ နယ်ပယ်အတွင်း၌ရှိသော်လည်း အသခ်ၤိတဓမ္မတရားများဖြစ်သော အာကာသဓာတ် နိဗ္ဗာန် စသည်တို့သည်ကား စွဲမှီဖြစ်ပွားခြင်းသဘော၊ အကြောင်းအကျိုးတရားသဘောတို့၏ နယ်ပယ်အပြင်ဖက်၌ အမှန်တကယ် ပကတိရှိနေသော ထာဝရတည်မြဲသော ဓမ္မတရားများဖြစ်သည်ဟု ယူဆကြသောကြောင့် ဖြစ်၏။ အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿန အမြင်တွင် ဤသို့သော အထူးစပယ်ရယ် အရိုတရားစစ်စစ်များအတွက် နေရာမရှိချေ။ ဤအကြောင်းကို နာဂဇုန၏ မဇ္ဈိမိကဒဿနအမြင်၏ နိဗ္ဗာန်သုံးသပ်ချက်၌ ပိုမိုရှင်းလင်း ရေးသားပါမည်။

ဤနေရာတွင် အကျဉ်းအားဖြင့်ဆိုရလျှင် အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿန အမြင်အရ ပကတိအနှစ်သာရဖြင့် စစ်စစ်မှန်မှန်ရှိနေသော အရာဝတ္ထုဟူ၍ မရှိသောကြောင့် (ထိုမရှိသော အရာဝတ္ထု၏) ဖြစ်ပေါ်ခြင်း၊ ရပ်တည်ခြင်း၊ ချုပ်ပျက်ခြင်းစသော ဥပါဒ်-ဌီ-ဘင် သဘောများလည်း အစစ်အမှန် သဘောအနေနှင့် မရှိချေ။ ဤသို့ ဖြစ်ပေါ်ခြင်း၊ ရပ်တည်ခြင်း၊ ချုပ်ပျက်ခြင်း စသော ဥပါဒ်-ဌီ-ဘင် သဘောများ မရှိခြင်းကြောင့် ထို လက္ခဏာတရားများ ထောက်တည်ရာ သခ်ၤိတဓမ္မတရားသည်လည်း အစစ်အမှန် သဘောအနေဖြင့် မတည်ရှိကြချေ။ သခ်ၤိတဓမ္မတရားများ အစစ်အမှန် မတည်ရှိသောကြောင့် သခ်ၤိတ ဓမ္မတရားများကို ဆန့်ကျင်ဖက် သဘောတရား (ပရဘာဝ) အနေနှင့် တည်မှီနေရသော အသခ်ၤိတဓမ္မတရားများ

၂၄၁။ **Because there is not any dharma that is not dependently originated, therefore there is no dharma that is not empty. (Nargajuna, Mula Madhyamika Karika 24.19)**

သည်လည်း အစစ်အမှန် သဘောအနေဖြင့် မတည်ရှိကြချေ။ ထို့ကြောင့် အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿနအမြင်တွင် လောကီ-လောကုတ္တရာ ပညတ်-ပရမတ် သစ္စာ-အသစ္စာတ စသော တရားများသည် နိုင်းရတရားများအနေဖြင့်သာ တည်ရှိပြီး မိမိကိုယ်ပိုင်အနှစ်သာရ သဘာဝအားဖြင့် အစစ်အမှန် တည်ရှိသော အရှိတရားများ မဟုတ်ကြကြောင်း ရှုမြင်သည်ကို တွေ့ရပါ၏။[၂၄၂]

သုညတာသည် ဒွန္ဒသဘော တွေးတောကြံစည်မှု (ဝိကပ္ပ) ဆင်ခြင်သုံးသပ်ကြည့်ရှုခြင်း (တက္ကပရိယာဟတ) စသော သဘောများမှ ကျော်လွန်နေသောကြောင့် သုညတာကို မြင်ခြင်းသည် လောကရှိ အရာခပ်သိမ်းတို့၏ ဆုံးဆုံးဖြတ်ဖြတ် မဆုံးဖြတ်နိုင်သည့်သဘော (ဝါ) အတိအကျ ပိုင်းဖြတ်ဖော်ပြရန် မဖြစ်နိုင်သည့်သဘောကို သိခြင်းလည်း ဖြစ်၏။ ပကတိအရှိတရား (တတ္တ) ကို အနက်ဖွင့်ရာဝယ် မည်သည့်ပြင်အရာကိုမှ မမှီတွယ်ခြင်း (အပရပစ္စယ) ငြိမ်းအေးခြင်း (သန္တ) အပိုချဲ့ထွင်မှုမရှိခြင်း (နိပ္ပပဉ္စတာ) တွေးကြံမှုများ မရှိခြင်း (နိဝိကပ္ပ) စသော အရည်အချင်းများကို ဖော်ပြခဲ့၏။[၂၄၃]

ဤသို့သော သဘောများဖြင့် ပုံဖော်အပ်သော ပကတိအရှိတရား (တတ္တ) သည်လည်း အခြားမဟုတ် အရာခပ်သိမ်း၏ အတွင်းအနှစ်သား ဆိတ်သုဉ်းမှု (သဗ္ဗဓမ္မသုညတာ) သဘောသာလျှင်ဖြစ်၏။ အရှင်နာဂဇုန၏ ဝေဖန်သုံးသပ်မှုများကို သိသာထင်ရှားစေရန်အတွက် သူ၏ မူလမဇ္ဈိမိက ကာရိကာကျမ်းထဲမှာ ပါဝင်သော ဆင်ခြင်မှုပုံစံ အချို့ကို ထုတ်နုတ်ပြသပါမည်။

မူလမဇ္ဈိမိကကာရိကာ ကျမ်းသည် ဂါထာ ၄၀၀ ကျော်မျှဖြင့် အလွန်ကျစ်လစ် သိပ်သည်းစွာ ရေးဖွဲ့ထားသော အခန်းကဏ္ဍ (၂၇) ခု ပါဝင်သော ကျမ်းငယ်လေးတစ်ဆူ ဖြစ်လင့်ကစား မဇ္ဈိမိကဂိုဏ်းအတွက် အခြေခံအကျဆုံးသော ဗဟိုမဏ္ဍိုင်ပြုကျမ်းလည်း ဖြစ်၏။ အိန္ဒိယ တိဗက် တရုတ် မွန်ဂိုးလီယား ဂျပန် အင်္ဂလိပ်နှင့် အခြားသော ဥရောပသုံး ဘာသာစကားများစွာသို့ ပြန်ဆိုပြီး ပြန်ဆိုဆဲ ကျမ်းလည်း

၂၄၂။ **Because origination, duration, and cessation are not established, the conditioned does not exist.**
Since the conditioned has not been established, how will one establish the unconditioned? (Nargajuna, Mula Madhyamika Karika 7.33)

၂၄၃။ **Not ascertained from another, peaceful, not elaborated by conceptual elaborations,**
Without dualistic thoughts *(vikalpa)*, not something manifold: this is the definition of reality.
(Nargajuna, Mula Madhyamika Karika 18.9)

ဖြစ်သည့်အပြင် အထွေအထွေအရပ်ရပ် ဦးကာဖွင့်သော ကျမ်းပေါင်းလည်း ရာချီ ရှိနေခဲ့သော မဟာယာန ဗုဒ္ဓဒဿနတစ်ခုလုံး ဦးခိုက်ရာကျမ်းလည်း ဖြစ်ပေသည်။

ဤကျမ်းငယ်လေးတွင် ဗုဒ္ဓအဘိဓမ္မာဂိုဏ်းများ၏ အဓိက အယူအဆများ ဖြစ်သော အကြောင်းအကျိုး ဆက်နွယ်မှု သဘော၊ ရွေ့လျားပြောင်းလဲမှု သဘော၊ ခန္ဓာ အာယတန ဓာတု သစ္စာ နိဗ္ဗာန် ကာလ ဥပါဒ နိရောဓ တထာဂတ ပုဂ္ဂလ အတ္တ ပဋိစ္စသမုပ္ပါဒ ဒိဋ္ဌိ စသော အယူအမြင်ရေးရာများကို မဇ္ဈိမိက ဒဿန ရှုထောင့်မှ နည်းပေါင်းများစွာ တန်ဆာဆင်လျက် ဆွေးနွေးဝေဖန်ထားပါသည်။ ဆွေးနွေးဝေဖန်မှု အားလုံး၏ ဦးတည်ချက်မှာ အထက်ပါ အယူအဆများ ဝေါဟာရများ စိတ်ကူးအသိဘောင်-ဝိဘာဂများကို ပကတိအရှိ တရားစစ်စစ် (သ-ဘာဝ) အမြင်အားဖြင့် ဖွင့်ဆို၍မရနိုင်ကြောင်း ယုတ္တိနည်းကျကျ ပြသထားခြင်းပင်ဖြစ်၏။ ယင်းတို့အနက်မှ အချို့ကို လေ့လာကြည့်လျှင် အရှင်နာဂဇုန၏ မဇ္ဈိမိက ဒဿန နည်းဗေဒကို ဆဝါးနိုင်ပေလိမ့်မည် ဖြစ်၏။

ကြောင်းကျိုးဆက်နွယ်မှုတရား၏ သုညတာ သဘော

ကြောင်းကျိုးဆက်နွယ်မှုတရား (Causuality) သည် လူသားတို့၏ နေ့စဉ်ဘဝတွင် မရှိမဖြစ်ပါဝင်နေသော သိမှုဆိုင်ရာ ဝိဘာဂ ဖြစ်သလို ဒဿနစံနစ် အသီးသီးတွင်လည်း ကြောင်းကျိုးဆက်နွယ်မှုတရားကို မိမိတို့ သန်ရာရှုထောင့်အသီးသီးက ဖွင့်ဆိုကြရစမြဲ ဖြစ်၏။ ရှေးဟောင်း အိန္ဒိယတွင် တက္ကိုကဗေဒဆိုင်ရာ ရှုထောင့် (၄) မျိုး ဖွင့်ဆိုထားပြီး ၄င်းတို့ကို စတုကောဋိ (အဖို့အစု လေးပါး) ဟုခေါ်ကြ၏။

(၁) အကြောင် အရာ ၏ ရှိခြင်း (အတ္ထိ)

(၂) အကြောင် အရာ ၏ မရှိခြင်း (နတ္ထိ)

(၃) အကြောင် အရာ ၏ ရှိခြင်း နှင့် မရှိခြင်း နှစ်ပါးစလုံး ကို လက်ခံခြင်း အတ္ထိ စ နတ္ထိ စ)

(၄) အကြောင် အရာ ၏ ရှိခြင်း နှင့် မရှိခြင်း နှစ်ပါးစလုံး ကို ငြင်းပယ်ခြင်း (နေဝ အတ္ထိ နာ နတ္ထိ)

ဒဿနပြဿနာတိုင်းအတွက် ရှိရှိသမျှသော အမြင်ရှုထောင့်အားလုံးသည် ဤ အစုအဖို့ လေးပါးအနက် တစ်ခုခုသို့ ဝင်ရောက်ရသည်သာဖြစ်၏။ ကြောင်းကျိုးဆက်နွယ်မှုသဘောနှင့်ပတ်သက်၍ အယူအဆများ အားလုံးသည်လည်း ဤ အစုအဖို့ လေးပါးအနက် တစ်ခုခုသို့ ဝင်ရောက်ရသည်သာဖြစ်၏။

(၁) သခ်ၢဒဿနကဲ့သို့သော အယူအဆများက အကြောင်းနှင့်အကျိုး တရား

များသည် ထပ်တူဖြစ်သည်ဟု ယူဆကြ၏။ ထင်ရှားသောဥပမာမှာ နှမ်းဆီသည် အကျိုးတရားဖြစ်ပြီး ၄င်းသည် အကြောင်းတရား ဖြစ်သော နှမ်းစေ့အတွင်းမှာ ရှိနေသလို ဖြစ်၏။

(၂) ဗုဒ္ဓဘာသာ မှ ဝေဘာသိက (သဗ္ဗတ္ထိ) ဂိုဏ်းကဲ့သို့သော အယူအဆများက အကြောင်း နှင့် အကျိုး တရားများ သည် မတူခြားနားသော တရားများ ဖြစ်သည်ဟုယူဆကြ၏။ အကြောင်းကြောင့် အကျိုး ဖြစ်ပေါ်လာသည် မှန်သော်လည်း အကြောင်းတရားသည် ခဏတ္တယသဘောဖြင့် ဖြစ်ပေါ်ပြီးလျှင် ချုပ်ပျက်ခဲ့လေပြီ ဖြစ်သောကြောင့် အကျိုးတရားသည် လုံးဝ သီးခြား အသစ်ဖြစ်ပေါ်လာသော အရာဖြစ်သည်ဟု ရှုမြင်၏။

(၃) ဂျိန်းဘာသာ ကဲ့သို့သော အယူအဆများက အကြောင်းနှင့်အကျိုး တရားများသည် ထပ်တူဖြစ်သည် ဟုသော အမြင်နှင့် အကြောင်းနှင့်အကျိုး တရားများသည် မတူခြားနား သော တရားများ ဖြစ်သည် ဟူသော အမြင် နှစ်ရပ်လုံးကို ရှုထောင့်များအဖြစ်သတ်မှတ်ပြီး နှစ်ခုလုံး ကို လက်ခံ၏။ အနေကန္တဝါဒ (Indeterminism) ဟူ၍ခေါ်၏။

(၄) စာရဝက-ရပ်ဝါဒ ကဲ့သို့သော အယူအဆများက အကြောင်းအကျိုးတရားကို လုံးဝငြင်းပယ်သောကြောင့် ကျိုးကြောင်းမဲ့ ဖြစ်ပွားခြင်း (ယဒိစ္ဆာဝါဒ) ကို လက်ခံကြ၏။ လောကသည် အကြောင်းအကျိုးတရားကင်းလျက် မိမိ ဖြစ်ချင်သလို ဖြစ်နေသော သဘောအဖြစ် လက်ခံထားသော ရှုထောင့်ဖြစ်၏။

အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿနအမြင်အရ အထက်ဖော်ပြထားသော အကြောင်းနှင့်အကျိုး ဆက်စပ်မှုဆိုင်ရာ အယူအမြင် (၄) မျိုးစလုံးသည် ပကတိအရှိ အမှန်သဘောကို မထင်ဟပ်နိုင်သည့်အပြင် ၄င်းအယူအဆများ၌ အတွင်းယုတ္တိ ဝိရောဓိများ ရှိနေကြောင်းကို ပြသခဲ့၏။

(၁) အကြောင်းနှင့်အကျိုးကို ထပ်တူပြုသော အမြင် (သို့မဟုတ်) အကျိုး သည် အကြောင်းထဲ၌ နဂိုကတည်းက ကိန်းအောင်းတည်ရှိနေသည်ဆိုသော အမြင်၏ အတွင်းယုတ္တိဝိရောဓိမှာ ဤသို့ဖြစ်၏။ ဤ အမြင်အရ အကြောင်းထဲ၌ အကျိုးရှိနေသည်ဆိုလျှင် အကြောင်းသည် အကျိုးကို အမှန်တကယ် မဖြစ်ပေါ်စေနိုင်တော့ပေ။ နဂိုကတည်းက ကိန်းအောင်းတည်ရှိနေသည်ဆိုသော အကျိုးတရားသည် ရှိနေပြီးသား ဖြစ်သောကြောင့် အကျိုး ဖြစ်ပေါ်လာအောင် အကြောင်းပြုနိုင်သော စွမ်းအားသည် အကြောင်း၌ ရှိမနေနိုင်ဟုသာ ဆိုရပေမည်။ ရှိနေပြီးသား ဖြစ်သောအရာကို ရှိလာအောင် ဘာမျှထပ်လုပ်စရာ မလိုတော့သောကြောင့်ဖြစ်၏။ အကြောင်း၏ အကြောင်းသဘောဖြစ်ခြင်းသည် အပိုသက်သက်သာ ဖြစ်ရပေတော့မည်။

ထို့အပြင် အကျိုးသည် အကြောင်းထဲ၌ နဂိုကတည်းက ကိန်းအောင်းတည်ရှိနေသည်ဆိုသောအမြင်သည် အဆုံးမရှိ ထပ်ကျော့ရခြင်းသဘော (Infinite Regress) ကို ဖြစ်စေသည်။ အကြောင်းသည် အကျိုးကို ဖန်တီးရုံမကဘဲ မိမိကိုယ် မိမိလည်း ပြန်ဖန်တီးစေရပေမည်။ အကြောင်းနှင့်အကျိုးသည် ထပ်တူဖြစ်သည်ဟု ယူဆထားသောကြောင့် ဤသို့ မိမိကိုယ်မိမိ ပြန်ဖန်တီးနေခြင်း (self-creation)သည် အဆုံးမရှိ ထပ်ကျော့ရခြင်းသဘောဆီသို့ ဦးတည်သွားနိုင်ပေသည်။ ဥပမာ-မျိုးစေ့သည် အခြားအကြောင်းတရားများ မလိုဘဲ မိမိဘာသာ မိမိ ပြန်ဖန်တီးနိုင်ပါလျှင် မျိုးစေ့များမှလွဲ၍ အခြားဘယ်အရာကိုမျှ မဖန်တီးနိုင်တော့ပေ။ (အကြောင်းသည် အကျိုးနှင့် ထပ်တူဖြစ်သည်ဟု ယူဆထားသောကြောင့် ဖြစ်၏။)

(၂) ထို့အတူပင် အကြောင်းနှင့်အကျိုးတရားများသည် မတူခြားနားသော တရားများ ဖြစ်သည်ဟု ယူဆသော အမြင်သည်လည်း ယုတ္တိလွဲဟန်ရှိပေသည်။ အကြောင်းနှင့်အကျိုး တရားများသည် မိမိတို့၏ ပင်ကိုယ်သ-ဘာဝ သတ္တိများဖြင့် တစ်ခုနှင့်တစ်ခု လုံးဝ မတူခြားနားသော တရားများ ဖြစ်သည်ဟု ယူဆလျှင် အကြောင်းနှင့်အကျိုးသည် မဆက်စပ်သော သီးခြား အရှိတရားများအဖြစ် လက်ခံရာ ရောက်၏။ ဤသို့ဖြစ်လျှင် တစ်ခုနှင့်တစ်ခု လုံးဝ မတူခြားနားသော တရားများသည် အကြောင်းအကျိုးဖြစ်နိုင်သည်ဟု ဆိုရာရောက်သည်။ မီးနှင့်ရေသည် တစ်ခုနှင့်တစ်ခု လုံးဝ မတူခြားနားသော တရားများသောကြောင့် မီးဟူသော အကြောင်းတရားက ရေဟူသော အကျိုးတရားကို ဖြစ်စေနိုင်သည်ဟု ဆိုရမလို ဖြစ်သောကြောင့် ဤအမြင်သည်လည်း ယုတ္တိလွဲဟန်ရှိသော အယူအဆဟု ဆိုနိုင်၏။

(၃) အကြောင်းနှင့်အကျိုးတရားများသည် ထပ်တူဖြစ်သည်ဟူသော အမြင်နှင့် အကြောင်းနှင့်အကျိုးတရားများသည် မတူခြားနားသော တရားများဖြစ်သည်ဟူသော အမြင်နှစ်ရပ်လုံးကို ရှုထောင့်များအဖြစ် သတ်မှတ်ပြီး နှစ်ခုလုံးကို လက်ခံသော အယူအဆသည်လည်း ယုတ္တိဗေဒ၏ အလယ်ပုဒ်ထုတ်ပယ်ခြင်း ဥပဒေသ (The Law of Excluded Middle) ကို ဆန့်ကျင်နေသည်ကို တွေ့ရပေသည်။ လုံးဝဆန့်ကျင်နေသော ပုဒ်နှစ်ခုသည် တစ်ပြိုင်တည်း မမှန်နိုင်ပေ။ ဥပမာ - မောင်ဖြူသည် အသက်ရှင်သန်ဆဲ ဖြစ်သည်ဟူသော အဆိုနှင့် မောင်ဖြူသည် အသက်ရှင်သန်ဆဲ မဟုတ်တော့ဟူသော အဆိုနှစ်ခုသည် တစ်ပြိုင်နက်တည်း မမှန်ပေ။

ထို့အပြင် ပထမနှင့် ဒုတိယ အစုအဖို့များ၏ ယုတ္တိလွဲချော်မှုများကို သက်သေပြနိုင်ပြီးဖြစ်ရာ ပထမနှင့် ဒုတိယ အစုအဖို့များကို ပေါင်းထားသော အယူအဆဖြစ်သော ဤ အယူအဆသည်လည်း ယုတ္တိဗေဒ နည်းအရ မှားနေသော အယူအဆ

သာ ဖြစ်ရပေမည်။ အကြောင်းနှင့် အကျိုးတရားများသည် ထပ်တူဖြစ်သည်ဟူသော အခြေအနေနှင့် အကြောင်းနှင့် အကျိုးတရားများသည် မတူခြားနားသော တရားများ ဖြစ်သည်ဟူသော အခြေအနေ နှစ်ရပ်သည် တစ်ပြိုင်နက် ဖြစ်ပွားနိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါ၏။

(၄) လောကသည် အကြောင်းအကျိုးတရားကင်းလျက် မိမိ ဖြစ်ချင်သလို ဖြစ်နေသော သဘောအဖြစ် လက်ခံထားသော ရှုထောင့်သည့်ကား အထူးငြင်းဆို နေရန်ပင် မလိုအပ်ပေ။ လောကဌ် ဖြစ်ပေါ်လာသော အကျိုးတရား မှန်သမျှသည် အကြောင်းရင်းခံ ရှိကြသည်မှာ သမ္မုတိပညတ်တရား နယ်ပယ်ဌ်ပင် ထင်ရှားနေသော အရာဖြစ်၏။ လောကသည် အကြောင်းအကျိုးတရားကင်းလျက် မိမိ ဖြစ်ချင်သလို ဖြစ်နေပါလျှင် အမှောင်မှလည်း အလင်းဖြစ်ပေါ်လာနိုင်ပေမည်။ အဆိပ်ကို သောက်သော်လည်း အသက်အန္တရာယ်မဖြစ်ဘဲ ရှိနေပေမည်။ အမြဲမမှလည်း သားရတနာ မွေးဖွားနိုင်ပေမည်။ ဤသို့သော အယူအဆသည် မှားယွင်းနေကြောင်း ခက်ခဲစွာ ဝေဖန်ဆန်းစစ်နေရန်ပင် မလိုအပ်ပေ။

အကြောင်းတရားနှင့် အကျိုးတရားတို့ကို ကိုယ်ပိုင်သဘာဝဖြင့် စွဲမှတ်ယူဆနိုင်သော အရာများအဖြစ် ယူဆပါက အထက်ဖော်ပြပါ အစုအဖို့ (၄) ခုမှ တစ်ပါးအခြား မရှိချေ။ အထက်ဖော်ပြပါ အစုအဖို့ (၄) ခု ၏ ယုတ္တိနည်းအရ မှားနေသော အတွင်းဝိရောဓိများကို ထောက်၍ အကြောင်းတရားနှင့် အကျိုးတရားတို့ကို ကိုယ်ပိုင်သဘာဝဖြင့် စွဲမှတ်ယူဆနိုင်သော အရာများမဟုတ်ကြောင်း (၀၂) အကြောင်းတရားနှင့် အကျိုးတရားတို့သည် ကိုယ်ပိုင်သဘာဝ အနှစ်သာရ ဆိတ်သုဉ်းနေသော သုညတာ တရားများသာ ဖြစ်ကြောင်း ရှင်းလင်းပြတ်သားစွာ သိမြင်နိုင်ပါ၏။

ကြိုတင်ရှိနေသောအရာဝတ္ထု အမှန်တကယ်မရှိပုံ

သာမန်လူသားတို့သည် သဘာဝ အစွဲအလမ်းအားဖြင့် အာရုံသိမှု မဖြစ်ခင်ကတည်းက အသိခံအရာဝတ္ထုနှင့် သိသူပုဂ္ဂိုလ်တို့ အမှန်တကယ် ကြိုတင်ရှိနေကြသည်ဟု ယူဆကြ၏။ ဥပမာ- နှင်းဆီပန်းတစ်ပွင့်ကို မြင်သည်ဆိုပါစို့။ ဤသို့ မြင်ခြင်းကိစ္စ ဖြစ်ပေါ်ရန်အတွက် အမြင်ခံအရာဝတ္ထု (နှင်းဆီပန်း) နှင့် မြင်သူ (လူသားပုဂ္ဂိုလ်) တို့သည် အမှန်တကယ် ကြိုတင်ရှိနေကြသည်ဟု ယူဆကြ၏။ အဘိဓမ္မာ အယူအဆ အရလည်း အဆင်းအာရုံနှင့် စက္ခုဒွါရတို့သည် မြင်သိစိတ် မဖြစ်ခင်ကတည်းက အမှန်တကယ် ကြိုတင်ရှိနေကြသည်ဟု ယူဆကြ၏။ ဤသို့ ကြိုတင် မတည်ရှိနေပါကလည်း မြင်သိခြင်းကိစ္စ မဖြစ်နိုင်ဟု ယူဆကြ၏။

အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿနအလိုအရ ဤသို့ ကြိုတင်ရှိနေသော အရာဝတ္ထုနှင့် ပုဂ္ဂိုလ်အရှိတရားတို့ကို စွဲလမ်း ယုံကြည်နေခြင်းသည် အခြေအမြစ် မရှိချေ။ ရှိနေသည်ဟု ဆိုနိုင်သော အရာဟူသမျှသည် အသိတစ်ခုခုကို အခြေခံသောကြောင့် သိခြင်း၏ပြင်ပ (သို့မဟုတ်) သိခြင်း မဖြစ်ပေါ်ချိန်ကတည်းက ကြိုတင်တည်ရှိနေသော အရာဝတ္ထုဟူ၍ ပြောဆိုရန် အထောက်အထား မရှိပေ။ ကြိုတင်ရှိနေသော အရာဝတ္ထု အမှန်တကယ်မရှိပါက ထိုအရာကို သိသူ ပုဂ္ဂိုလ် အရှိတရားသည်လည်း အမှန်တကယ် မရှိဟုဆိုရာရောက်ပေ၏။ အဘယ်ကြောင့်ဆိုသော် သိသူမရှိသော အသိခံအရာ အသိခံအရာမဲ့နေသော သိသူဆိုသည်မှာ အနက်အဓိပ္ပာယ် ကိုးပျက်နေသော သဘောများ ဖြစ်သောကြောင့်တည်း။ အဆင်းအာရုံနှင့် စက္ခုဒွါရတို့၏ ကြိုတင်အရှိတရားကိုလည်း ဤနည်းတူ ငြင်းပယ်နိုင်သည်ဟု အရှင်နာဂဇုန်ကဆိုပါသည်။

ခဏိကအရှိဝါဒကို လက်ခံသော အချို့ဗုဒ္ဓဒဿနပညာရှင်တို့က စောဒကတက်သည်မှာ အဆင်းအာရုံနှင့် စက္ခုဒွါရတို့သည် တည်မြဲနေသော သဘောများ မဟုတ်ဘဲ ခဏတိုင်း ခဏတိုင်း ပြောင်းလဲပျက်စီးနေသော ခဏတ္တယတရားများ ဖြစ်ကြသောကြောင့် အဆင်းအာရုံ၏ ခဏတစ်ခုကို စက္ခုဒွါရ၏ ခဏတစ်ခုဖြင့် တိုက်ဆိုင်ထိတွေ့မှု ဖြစ်သောကြောင့် မြင်သိမှု ခဏတစ်ခု ဖြစ်နိုင်ကြောင်းဆိုကြ၏။ သို့သော်လည်း အရှင်နာဂဇုန်အတွက် ဤသို့ အရှိတရားကို ခဏငယ်လေးများ၏ အရှိတရားများအဖြစ် စိတ်ပိုင်းခွဲထုတ်ခြင်းကြောင့် ပြဿနာ ပြေလည်သွားနိုင်သည်မဟုတ်ဘဲ ကြိုတင်ရှိနေသော အရှိဟရားကို သက်သေမပြနိုင်ဘဲ ရှိနေဆဲဖြစ်၏။ အဆင်းအာရုံ၏ ခဏတစ်ခု၊ စက္ခုဒွါရ၏ ခဏတစ်ခုနှင့် မြင်သိမှု ခဏတစ်ခုတို့ဆိုသည်မှာ မိမိကိုယ်ပိုင် ဂုဏ်သတ္တိ အနှစ်သာရဖြင့် သီးခြားစီ တည်ရှိနေနိုင်သော အခြင်းအရာများ မဟုတ်ဘဲ အချင်းချင်း ဆက်စပ်မှီတွယ်၍ ညှိနှိုင်းပြောဆိုနိုင်သော သဘောများသာ ဖြစ်ကြ၏။ ထို့ကြောင့် ကြိုတင်ရှိ နေသော အဆင်းအာရုံ၏ ခဏတစ်ခုက ကြိုတင်ရှိနေသော စက္ခုဒွါရ၏ ခဏတစ်ခုနှင့် ထိတွေ့ တိုက်ခတ်လျက် အကျိုးတရားအနေဖြင့် သီးခြားဖြစ်တည်နေနိုင်သော မြင်သိမှု ခဏတစ်ခု ဖြစ်ပေါ်လာနိုင်သည်ဟု ဆိုရန်အကြောင်း မရှိချေ။[၂၄၄]

အတ္တ၏ အမှန်တကယ်မရှိခြင်း သုညတာ သဘော

ရှုးဟောင်း အိန္ဒိယဘာသာရေးနယ်ပယ်တွင် အတ္တနှင့် ပတ်သက်သော အယူအဆ

၂၄၄။ Garfield, Jay L. (1995), *The Fundamental Wisdom of the Middle Way*, Oxford: Oxford University Press, P-183-188

ရေးရာ ငြင်းခုံမှုများသည် အလွန်ထင်ရှား၏။ အချို့က အတ္တသည် အရှိတရား ဖြစ်ကြောင်း ယူဆသလို အချို့ကလည်း အတ္တမရှိကြောင်း ယူဆကြ၏။ အချို့က အတ္တသည် ခိုင်မာမြဲမြံသော ထာဝရ အရှိတရားအဖြစ် ယူဆ၍၊ အချို့က အတ္တသည် ပြောင်းလဲပျက်စီးနိုင်သော သဘောအဖြစ် သတ်မှတ်ကြ၏။ အချို့က အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် ထပ်တူဖြစ်သည်ဟု ထင်ကြသလို အချို့က အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် ကွဲပြားလျက် တစ်သီးတစ်ခြား တည်ရှိသည်ဟု ထင်ကြ၏။ အတ္တသည် အရှိတရားဖြစ်ကြောင်း ယူဆသူတို့က အတ္တသည် မြဲခိုင်သောအရာ (နိဝါသီ) ပိုင်ဆိုင်သူ (သာမီ) ခံစားသူ (ဝေဒက) ပြုလုပ်သူ (ကာရက) ဆုပ်ကိုင်စွဲမက်သူ (ဂါဟက) မိမိ ကိုယ်ပိုင်သဘာဝရှိသူ (သယံဝသီ) လွမ်းမိုးတည်တံ့သူ (အဓိဋ္ဌာန) ပိုင်စိုးသူ (ဝတ္တာန) စသဖြင့် အတ္တ၏ ဂုဏ်ရည်များကို သတ်မှတ်ကြ၏။

အတ္တနှင့် ပတ်သက်သော အယူအဆရေးရာ ငြင်းခုံမှုများကို အနှစ်ချုပ်လျှင် (၁) အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် ထပ်တူဖြစ်သည်ဟူသော အယူအဆနှင့် (၂) အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် ကွဲပြားလျက် တစ်သီးတစ်ခြား တည်ရှိသည်ဟူသော အယူအဆ နှစ်မျိုးကိုသာ တွေ့ရမည်ဖြစ်၏။ မဇ္ဈိမိက ဒဿနအမြင်အရ စိစစ်ကြည့်လျှင် အထက်ပါ အယူအဆနှစ်ခုလုံးသည် ထောက်တည်ရာကင်းမဲ့သော ယုတ္တိလွဲဟန်များသာ ဖြစ်ကြောင်း တွေ့ရပေမည်။

(၁)။ အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် ထပ်တူဖြစ်သည်ဟူ၍ ယူဆပါက အတ္တသည် ရုပ်နာမ်ခန္ဓာတို့နည်းတူ အကြောင်း အထောက်အပံ့များကြောင့် ဖြစ်ပေါ်တတ်သော အရာ၊ ပြောင်းလဲပျက်စီးနိုင်သော အရာ ဟူ၍ ဆိုရပေမည်။ အကြောင်း အထောက်အပံ့များကြောင့် ဖြစ်ပေါ်တတ်သော အရာ၊ ပြောင်းလဲပျက်စီးနိုင်သော အရာသည် အတ္တ မဟုတ်ဘဲ အနတ္တသာ ဖြစ်ရပေမည်။ ထို့ကြောင့် အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် ထပ်တူဖြစ်သည်ဟူသော အမြင်သည် ယုတ္တိမရှိပေ။

ထို့အပြင် အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် ထပ်တူဖြစ်သည်ဟု ယူဆပါက ရုပ်နာမ်ခန္ဓာတို့သည် အများသဘော (နာနတ္ထ) ကို ဆောင်နေသောကြောင့် အတ္တသည်လည်း အများသဘော ဖြစ်နေပေမည်။ အတ္တသည် သတ်မှတ်ချက်အရ တစ်ခုတည်းသဘော (ဧကတ္ထ) သာ ဖြစ်ရမည် ဖြစ်သောကြောင့် အများသဘောဆောင်နေသော အရာသည် အတ္တမဟုတ်ဘဲ အနတ္တသာ ဖြစ်ရပေမည်။ ထို့ကြောင့် အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် ထပ်တူဖြစ်သည်ဟူသော အမြင်သည် ယုတ္တိမရှိပေ။

(၂)။ ထိုနည်းတူစွာ အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် ကွဲပြားလျက် တစ်သီးတစ်ခြား တည်ရှိသည်ဟူသော အယူအဆသည်လည်း မမှန်ကန်နိုင်ပေ။ အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် ကွဲပြားလျက် တစ်သီးတစ်ခြား တည်ရှိသည် မှန်ပါက အတ္တ

၌ ရုပ်နာမ်ခန္ဓာတို့၏ လုပ်ဆောင်နိုင်မှု စွမ်းရည်သတ္တိများ တည်ရှိတော့မည် မဟုတ် သောကြောင့် အတ္တသည် သိမှတ်ခြင်း၊ ခံစားခြင်း၊ မှတ်သားခြင်း၊ တွန့်ပြန်လုပ်ဆောင် ခြင်း စသည် အမှုကိစ္စတို့ကို ဆောင်ရွက်ပြုလုပ်နိုင်တော့မည် မဟုတ်ချေ။ အတ္တ သည် အသက်ဝိညာဉ်ကင်းမဲ့သော အာကာသ ဟင်းလင်းပြင်ပမာ ဖြစ်ရပေတော့ မည်။ ထို့ကြောင့် အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် ကွဲပြားလျက် တစ်သီးတစ်ခြား တည်ရှိသည်ဟူသော အမြင်သည် ယုတ္တိမရှိပေ။

(၃)။ ဂျိန်းဘာသာဝင်တို့က ဤအမြင်နှစ်ရပ်ကို ပေါင်းလျက် အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် အတူတူလည်းဖြစ်၊ တစ်ကွဲစီလည်းဖြစ်ဟူ၍ ခံယူကြသလို ဗုဒ္ဓဘာသာ ဂိုဏ်းကွဲတစ်ခုဖြစ်သော သမ္မိတီယဂိုဏ်းက အတ္တသည် ရုပ်နာမ်ခန္ဓာတို့ နှင့် အတူတူလည်း မဟုတ်၊ တစ်ခြားလည်းမဟုတ် ဟူ၍ ခံယူကြသေး၏။ ဤ ရှုထောင့်များသည်လည်း အဓိပ္ပာယ်ကင်းမဲ့နေသော ယုတ္တိလွဲဟန်များသာ ဖြစ်ကြ ၏။ အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် အတူတူလည်းဖြစ်၊ တစ်ကွဲစီလည်းဖြစ် ဟူသော ဂျိန်းဘာသာဝင်တို့၏ အမြင်သည် အတွင်းဝိရောဓိဖြစ်နေသော အမြင်ဖြစ်သည်။ တစ်စုံတစ်ရာသည် ဆန့်ကျင်ဘက် ဂုဏ်ရည်များကို တစ်ပြိုင်နက်တည်း မပိုင်ဆိုင် နိုင်သောကြောင့် ဖြစ်၏။

(၄)။ ထို့အတူ အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် အတူတူလည်းမဟုတ်၊ တစ် ခြားလည်းမဟုတ် ဟူ၍ မြင်သော သမ္မိတီယဂိုဏ်း၏ အမြင်သည်လည်း ယုတ္တိဗေဒ စည်းမျဉ်းအခြေခံဖြစ်သော အလယ်ပုဒ် ထုတ်ပယ်ခြင်းဥပဒေသ (The Law of Excluded Middle) ကို ချိုးဖောက်နေပါသည်။ အလယ်ပုဒ် ထုတ်ပယ်ခြင်းဥပဒေသ အလိုအရ အစွန်းရောက်ဖြစ်ခြေ နှစ်ခုတည်းရှိနေသော အခြေအနေတွင် ကြားအခြေ အနေတစ်ရပ်ကို မရရှိနိုင်ပေ။ ဥပမာ မောင်ဖြူသည် အသက်ရှင်နေသည် (သို့မဟုတ်) မောင်ဖြူသည် အသက်မရှင်တော့ပေ ဟူသော အခြေအနေ၌ အဆိုပါ ဖြစ်ရပ်ခြေ နှစ်မျိုးအပြင် တတိယအခြေအနေကို မရအပ်ပေ။ အတ္တသည် ရုပ်နာမ်ခန္ဓာတို့နှင့် အတူတူလည်း ဖြစ်ချင်ဖြစ် (သို့မဟုတ်) တစ်ခြားစီလည်းဖြစ် ဟူသော အစွန်းရောက် ဖြစ်ခြေ နှစ်ခုတည်းရှိနေသော အခြေအနေတွင် ကြားအခြေအနေတစ်ရပ်ကို မရ ရှိနိုင်သော်လည်း သမ္မိတီယဂိုဏ်း၏ အမြင်သည် ယင်းမဖြစ်နိုင်သော ကြားအခြေ အနေကို လက်ခံထားခြင်း ဖြစ်လေရာ အလယ်ပုဒ် ထုတ်ပယ်ခြင်းဥပဒေသကို ချိုး ဖောက်နေသောကြောင့် ယုတ္တိလွဲနေသော အမြင်သာ ဖြစ်လေသည်။

ထို့ကြောင့် အတ္တကို ပကတိ ကိုယ်ပိုင်သဘာဝဖြင့် စွဲမှတ်နိုင်သောအရာ အဖြစ် ယူဆပါက အထက်ဖော်ပြပါ အစုအဖို့ (၄) ခုမှ တစ်ပါး အခြားမရှိချေ။ အထက်ဖော်ပြပါ အစုအဖို့ (၄) ခု၏ ယုတ္တိနည်းအရ မှားနေသော အတွင်းဝိရောဓိ

များကို ထောက်၍ အတ္တကို ပကတိ ကိုယ်ပိုင်သဘာဝဖြင့် စွဲမှတ်ယူဆနိုင်သော အရာမဟုတ်ကြောင်း (၀၊) အတ္တသည် ကိုယ်ပိုင်သဘာဝ အနှစ်သာရ ဆိတ်သုဉ်း နေသော သုညတာ တရားသာဖြစ်ကြောင်း ရှင်းလင်း ပြတ်သားစွာ သိမြင်နိုင် ပါ၏။[၂၄၁]

ခန္ဓာ အာယတန ဓာတု သစ္စာ များ၏ သုညတာ သဘော

သဗ္ဗတ္ထိဝါဒကိုဏ်း၏ အဘိဓမ္မာတွင် လောကကို သရုပ်ခွဲကြည့်ရာတွင် ခန္ဓာ အာယတန ဓာတု သစ္စာများ အနေဖြင့် ပိုင်းခြားစိတ်ဖြာ ကြည့်ရှု၏။ ခန္ဓာဟု ဆိုရာဝယ် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် စသော ခန္ဓာ (၅) ပါးဖြစ်၏။ အာယတနဟု ဆို ရာဝယ် အတွင်းအဆ်တ္တအနေဖြင့် ရှိနေသော မျက်စိ နား နှာ ကိုယ် လျှာ စိတ် ဟူ သော အတွင်း အာယတန (၆) ပါးနှင့် အပြင်ဗဟိဒ္ဓအနေဖြင့် ရှိနေသော အဆင်း အသံ အနံ့ အရသာ အတွေ့ ဓမ္မာရုံ ဟူသော အပြင်အာယတန (၆) ပါးတို့ကို ဆို လို၏။ ဓာတုဟု ဆိုရာဝယ် ဆိုခဲ့ပြီးသော အတွင်းအာယတန (၆) ပါးနှင့် အပြင် အာယတန (၆) ပါးတို့ အပြင် ၄င်းတို့ အချင်းချင်း ထိခတ်မှုကြောင့် ဖြစ်ပေါ်လာသော မြင်စိတ် ကြားစိတ် နံစိတ် အရသာသိစိတ် တွေ့ထိစိတ်နှင့် ကြဲသိစိတ် ဟူသော သိမှု သဘော (၆)ပါး အားဖြင့် စုစုပေါင်း ဓာတု (၁၈) ပါးကို ဆိုလို၏။ သစ္စာ ဟုဆိုရာတွင် ဒုက္ခ-သမုဒယ-နိရောဓ-မဂ္ဂ စသော အရိယာသစ္စာ (၄) ပါးကို ဆို လို၏။ လောကပညတ္တိ တရားအစုစုတို့ကို အဆုံးစွန်အထိ သရုပ်ခွဲကြည့်လျှင် အထက်ဖော်ပြပါ ဓမ္မတရားများမှလွဲ၍ အပိုအလိုမရှိဟု သဗ္ဗတ္ထိဝါဒကိုဏ်း၏ အဘိ ဓမ္မာက မြင်ပါသည်။

သဗ္ဗတ္ထိဝါဒကိုဏ်း၏ အဘိဓမ္မာ အလိုအရ ဤ ဓမ္မတရားများ သည် ကိုယ်ပိုင် အနှစ်သာရ လက္ခဏာ အသီးသီး ဖြင့် ရပ်တည်နေကြသော အဟုတ်ရှိ အမှန်ရှိနေသော ပရမတ္ထတရားများ ဖြစ်ကြ၏။ ဥပမာ ဖောက်ပြန်လွယ်ရှားသည့်သဘော၊ ခံစားတတ်မှု သဘော၊ မှတ်သားတတ်မှုသဘော၊ ပြုပြင်စီရင်တတ်မှုသဘော၊ သိမှု သဘောတို့သည် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် စသော ခန္ဓာ (၅) ပါး၏ ပကတိ ပိုင်ဆိုင်သော သီးခြားစီ ရပ်တည်နေကြသော ကိုယ်ပိုင်အနှစ်သာရ လက္ခဏာများ ဖြစ်ကြ၏။

အရှင်နာဂဇုန်သည် အဆိုပါ ဓမ္မတရားများ၏ စွဲမှီဆက်နွယ်ယှက်ဖွဲ့ ဖြစ်ပွား နေခြင်း သဘောကို လက်ခံသော်လည်း ၄င်းတို့သည် ကိုယ်ပိုင် အနှစ်သာရ လက္ခ ဏာ အသီးသီးဖြင့် ရပ်တည်နေကြသော အဟုတ်ရှိ အမှန်ရှိနေသော ပရမတ္ထတရား

၂၄၁။ **Hopkins, Jeffrey; Napper, Elizabeth (1996), *Meditation on Emptiness*, Snow Lion Publication**

များ ဖြစ်ကြသည်ဟူသော အချက်ကိုမူ ငြင်းဆန်ခဲ့ပါသည်။ ရှေ့စာမျက်နှာများတွင် ဖော်ပြခဲ့သလို စွဲမှီဆက်နွယ် ယှက်ဖွဲ့ ဖြစ်ပွားနေသော သဘောများသည် ကိုယ်ပိုင်အနှစ်သာရ မရှိနိုင်သော သဘောများသာ ဖြစ်လေသည်။ ရုပ် (ဖောက်ပြန် ပြောင်းလဲခြင်းသဘော) သည် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် စသော နာမ်ခန္ဓာများနှင့် ကင်းလွတ် သတ်မှတ်၍ မရစကောင်းသလို ရုပ်၏ အရှိသဘောသည် နာမ်ခန္ဓာများ၏ သိမှတ်ခံစား တုန့်ပြန်မှုများမပါဘဲနှင့် မတည်ရှိနိုင်ပေ။ စင်စစ် ခန္ဓာ (၅)ပါး စသော ဓမ္မတရား မှန်သမျှတို့သည် အတွေ့အကြုံဖြစ်စဉ်၌ ပါဝင်နေသော အဖို့ အစုများကို ဉာဏ်ဖြင့် လွှာထုတ်ပိုင်းခြားလျက် အမည်နာမဖြင့် ပညတ်တင်ထားခြင်းသာ ဖြစ်၏။

ဥပမာ-မျက်စိ (စက္ခာယတန) ကို ကြည့်ပါ။ အဆင်းကို မြင်နိုင်သော စွမ်းအားသည် မျက်စိ၏ အတွင်းသဘော၌ ကိုယ်ပိုင် အနှစ်သာရအနေဖြင့် တည်ရှိနေပါသလော။ လောကတွင် မျက်စိဖြင့်မြင်နိုင်သော အရာဝတ္ထု အဆင်း ဟူသမျှကို အပြီးတိုင် ဖယ်ထုတ်ထားခဲ့လျှင် မြင်စရာမရှိသော မျက်စိတွင် အဆင်းကို မြင်နိုင်သော စွမ်းအားသည် အတွင်းသဘော၌ ကိုယ်ပိုင် အနှစ်သာရအနေဖြင့် တည်ရှိနေသောကြောင့် မျက်စိသည် မိမိ ကိုယ်ကို (၀၊) မိမိ၏ မျက်စိအနေဖြင့် တည်ရှိမှုကို ပြန်လည်မြင်နိုင်စွမ်း ရှိရပေမည်။ သို့သော်လည်း လက်တွေ့အားဖြင့် ဤသို့ မမြင်နိုင်သည်မှာ ထင်ရှားသောကြောင့် မျက်စိသည် မိမိမဟုတ်သောအပ အရာဝတ္ထုများကို မိမိ ကိုယ်ပိုင်စွမ်းအားဖြင့် မြင်သည်ဟု မဆိုနိုင်တော့ချေ။ စင်စစ် မြင်ခြင်းသဘောသည် မျက်စိ အဆင်း အလင်းရောင် အရာဝတ္ထု မြင်သိစိတ် စသော ဓမ္မတရားပေါင်းများစွာ တိုက်ဆိုင် ပေါင်းဆုံမှုအခိုက်တွင် ပေါ်လွင်လာသော (အတွင်းအနှစ်သားဆိတ်သုဉ်းသည့်) သုညတာ သဘောမျှပင်ဖြစ်၏။ အဆင်းကို မြင်နိုင်သော စွမ်းအား-မြင်နိုင်ခြင်းသတ္တိသည် မျက်စိ အဆင်း အလင်းရောင် အရာဝတ္ထု မြင်သိစိတ် စသော ဓမ္မတရားများ တစ်ခုခြင်းစီ၏ အတွင်း အဏုတ္တများတွင် မရှိချေ။ ထို့ကြောင့် မျက်စိသည် မိမိ၏ ကိုယ်ပိုင် အနှစ်သား သဘောမရှိသော သုညတာ ဓမ္မတရားတစ်ခုသာ ဖြစ်ပေ၏။ ကျန်သော ခန္ဓာ အာယတန ဓာတု သစ္စာ တရားများကိုလည်း ဤပုံ နမူနာယူ၍ ကိုယ်ပိုင် အနှစ်သား သဘော မရှိသော သုညတာ ဓမ္မတရားများသာ ဖြစ်ကြောင်း သိအပ်၏။

ထိုနည်းတူစွာ မြင်သိမှု ဖြစ်စဉ်ကို လေ့လာကြည့်လျှင် ယုတ္တိလွဲဟန်များကို ဤသို့တွေ့ရ၏။ မြင်ခြင်းသည် မြင်ခဲ့ပြီးသော အရာတို့ကို မြင်သည်ဟု ဆိုလိုသလား မမြင်ရသေးသော(မြင်လတ္တံ့သော) အရာတို့ကို မြင်သည်ဟု ဆိုလိုသလား စဉ်းစား

ကြည့်ပါ။ မြင်ခဲ့ပြီးသော အရာတို့ကို မြင်သည်ဟု ဆိုခြင်းသည် ဆိုရန်မသင့်သော စကား ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော မြင်ခဲ့ပြီးသောအရာတို့ကို ထပ်မြင်ရန် အတွက် မြင်ခြင်းကိစ္စ မလိုအပ်တော့သောကြောင့်ပင် ဖြစ်၏။ မမြင်ရသေးသော (မြင်လတ္တံ့သော) အရာတို့ကို မြင်သည်ဟု ဆိုခြင်းမှာလည်း အဓိပ္ပာယ် မရှိချေ။ မမြင်ရသေးသော အချိန်တွင် မြင်ခြင်းကိစ္စ မရှိသောကြောင့် ဖြစ်၏။ ဤအခြေအနေနှစ်ရပ်ကို ကြဉ်၍ တတိယ အခြေအနေ ဟူ၍လည်း မရှိနိုင်သောကြောင့် မြင်ခြင်း၏ ကိုယ်ပိုင် အနှစ်သာရသဘောသည် ရှာဖွေလေ မတွေ့နိုင်လေသာဖြစ်၏။ ကျန်သော အာယတနများကိုလည်း ဤပုံ နမူနာယူ၍ ကိုယ်ပိုင် အနှစ်သား သဘော မရှိသော သုညတာ ဓမ္မတရားများသာ ဖြစ်ကြောင်း သိအပ်၏။

ထို့ပြင် တစ်ဝအဆင်းကြောင့် မြင်သိမှု ဖြစ်သည်ဟူ၍ ကြောင်းကျိုးဆက်သွယ် ပြမှုသည်လည်း အချည်းနှီးသာဖြစ်၏။ အသိခံရသော အဆင်းသည် မြင်သိစိတ် အလျင် ဖြစ်ပေါ်နေသလား သို့မဟုတ် သိတတ်သော မြင်သိစိတ်သည် အဆင်း အလျင် ဖြစ်ပေါ်နေသလား စိစစ်ကြည့်လျှင် အသိခံရသော အဆင်းနှင့် သိတတ်သော မြင်သိစိတ်သည် တစ်ခုမပါဘဲ ကျန်တစ်ခုက သီးသန့် အနက်မထင်နိုင်သော သဘောများသာ ဖြစ်သည်ကို တွေ့ရမည်ဖြစ်၏။ ထို့ကြောင့် တစ်ခုထက်တစ်ခု အလျင်ဖြစ်ပေါ်နေရန် မထိုက်သော တရားများသာ ဖြစ်လေသည်။ ဤသို့ ဖြစ်လျှင် အသိခံရသော အဆင်းနှင့် သိတတ်သော မြင်သိစိတ်သည် ပြိုင်တူ ဖြစ်ကြလေသလား ဟူ၍ ဆန်းစစ်ကြည့်လျှင် ပြိုင်တူဖြစ်ပေါ်သော အရာများသည် အကြောင်း အကျိုး သဘော ဆက်နွယ်မှု မရှိသဖြင့် အကြောင်းနှင့်အကျိုးများအနေဖြင့် ခံယူထားသော အသိခံရသော အဆင်းနှင့် သိတတ်သော မြင်သိစိတ်သည် ပြိုင်တူလည်း ဖြစ်ခွင့်မရှိသော သဘောများသာ ဖြစ်ကြလေသည်။ ကျန်သော အာယတနများကိုလည်း ဤပုံ နမူနာယူ၍ ကိုယ်ပိုင်အနှစ်သား သဘောမရှိသော သုညတာ ဓမ္မတရားများသာ ဖြစ်ကြောင်း သိအပ်၏။

သဒ်တတရားများ ၏ အမှန်တကယ်မရှိခြင်း သုညတာ သဘော

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အဘိဓမ္မာ အလိုအရ ဓမ္မတရားများသည် အကြောင်းအထောက် အပံ့များကို မှီစွဲ၍ ဖြစ်ပွားရသောကြောင့် အကြောင်းတရားတို့ ပြုပြင်စီရင်ဖန်တီး အပ်သော သဒ်တတရားများအဖြစ် သတ်မှတ်ထားပါသည်။ သဒ်တတရားများ၏ သဒ်တတရားများဖြစ်ကြောင်း ပြသနေသည့်လက္ခဏာမှာ ၄င်းတို့တွင် ဖြစ်ပေါ်ခြင်း (ဥပါဒ်) တည်တံ့ခြင်း (ဋ္ဌီ) နှင့် ပျက်စီးခြင်း (ဘင်) တို့ပင်ဖြစ်၏။ ဤသို့ ဖြစ်-

တည်-ပျက် လက္ခဏာများကို ပိုင်ဆိုင်သော သန်တတရားများသည် အဟုတ်အမှန် ရှိနေသော ဓမ္မတရားများဖြစ်ကြောင်း သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အဘိဓမ္မာက ထောက်ပြ၏။

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အဘိဓမ္မာက အဟုတ်ရှိအမှန်ရှိအဖြစ် လက်ခံသော ဖြစ်ပေါ်ခြင်း (ဥပါဒ်) တည်တံ့ခြင်း (ဋ္ဌီ) နှင့် ပျက်စီးခြင်း (ဘင်) စသော လက္ခဏာများ ကိုယ်တိုင်သည် ပကတိကိုယ်ပိုင် အနှစ်သာရဖြင့် တည်ရှိနေခြင်း မဟုတ်ကြောင်းကို အရှင်နာဂဇုနက ရှုထောင့်အမျိုးမျိုးက လင်းပြပြန်ပါ၏။ ဖြစ်ပေါ်ခြင်း (ဥပါဒ်) တည်တံ့ခြင်း (ဋ္ဌီ) နှင့် ပျက်စီးခြင်း (ဘင်) စသော လက္ခဏာများ ကိုယ်တိုင်သည် ပကတိကိုယ်ပိုင် အနှစ်သာရဖြင့် တည်ရှိနေခြင်းသာဖြစ်ပါက ၄င်းတို့သည် တစ်ခုနှင့်တစ်ခု မရောယှက်ဘဲ သီးခြားစီ ဖြစ်နေသော သဘောဓမ္မများ ဖြစ်ရပေမည်။ ဖြစ်ခြင်းသည်လည်း ဖြစ်ခြင်းသဘော၏ ပကတိကိုယ်ပိုင် အနှစ်သာရဖြင့် တည်ရှိနေသလို တည်ခြင်းနှင့် ပျက်ခြင်းသဘောတို့သည်လည်း ပကတိကိုယ်ပိုင်အနှစ်သာရဖြင့် တည်နေရပေမည်။ သို့သော်လည်း ဖြစ်ပေါ်ခြင်း (ဥပါဒ်) သဘောသည် မိမိရှေ့က ရှိခဲ့သော ပျက်စီးခြင်း (ဘင်) သဘောနှင့်ကင်း၍ မဖြစ်နိုင်ပေ။ အကြောင်းပစ္စည်းတို့ချုပ်မှ အကျိုးပစ္စယုပ္ပန်တရားများ ဖြစ်ပေါ်ခွင့်ရပေမည်။ ထို့အတူ တည်တံ့ခြင်း (ဋ္ဌီ) သည်လည်း ဖြစ်ပေါ်ခြင်းကို တည်မှီနေရလေသည်။ ဖြစ်ခြင်းမရှိလျှင် တည်ခြင်းလည်း မရှိနိုင်ပေ။ အလားတူပင် ပျက်စီးခြင်း (ဘင်) သည် ဖြစ်ခြင်း တည်ခြင်း စသော အရာများ၏ အကျိုးဆက်သာဖြစ်ပြီး မိမိဘာသာ သီးခြားအနက်မထင်သော သဘောဓမ္မဖြစ်သည့်ကို တွေ့ရပေမည်။ ဤသို့ လင်းပြပြန်ပါ၏။ ဖြစ်ပေါ်ခြင်း (ဥပါဒ်) တည်တံ့ခြင်း (ဋ္ဌီ) နှင့် ပျက်စီးခြင်း (ဘင်) စသော လက္ခဏာများသည် အချင်းချင်း အညမညမှီခိုလျက် အနက်ထင်ရသော အရာများဖြစ်သောကြောင့် သ-ဘာဝ တရားများ မဟုတ်ကြဘဲ နိဿဘာဝ (သုညတာ) သဘောများသာဖြစ်ကြောင်း တွေ့ရပေမည်။

ထို့အပြင် ဖြစ်ပေါ်ခြင်း (ဥပါဒ်) တည်တံ့ခြင်း (ဋ္ဌီ) နှင့် ပျက်စီးခြင်း (ဘင်) စသော လက္ခဏာများကို သီးခြားအရှိတရားများအနေဖြင့် လက်ခံထားလျှင် ရင်ဆိုင်ရမည့် အခက်အခဲတစ်ခုရှိသေး၏။ ဖြစ်ပေါ်ခြင်း (ဥပါဒ်) သည် သီးခြားအရှိသဘော ဖြစ်ပါက ၄င်း၏ ဖြစ်ပေါ်ခြင်း (ဥပါဒ်) တည်တံ့ခြင်း (ဋ္ဌီ) နှင့် ပျက်စီးခြင်း (ဘင်) သဘောတို့ ရှိရပြန်ပေဦးမည်။ တစ်ဖန် ဖြစ်ပေါ်ခြင်း၏ ဖြစ်ပေါ်ခြင်းအတွက် အခြားသော ဖြစ်ပေါ်ခြင်း (ဥပါဒ်) တည်တံ့ခြင်း (ဋ္ဌီ) နှင့် ပျက်စီးခြင်း (ဘင်) သဘောတို့ ရှိရပြန်ပေဦးမည်။ ဤသို့ဖြင့် အဆုံးမရှိထပ်ကျော့နေရခြင်း သဘော

ကိုမြင်လျှင် ဖြစ်ပေါ်ခြင်း (ဥပါဒ်) တည်တံ့ခြင်း (ဌီ) နှင့် ပျက်စီးခြင်း (ဘင်) စသော လက္ခဏာများကို သီးခြားအရှိတရားများအနေဖြင့် လက်ခံရန် မဖြစ်နိုင်ကြောင်း ထင်ရှား၏။

ဤကဲ့သို့ ဖြစ်ပေါ်ခြင်း (ဥပါဒ်) တည်တံ့ခြင်း (ဌီ) နှင့် ပျက်စီးခြင်း (ဘင်) စသော သင်္ဘောတရားများ၏ သီးခြားအရှိ ဖြစ်ခြင်းကို ငြင်းပယ်ခြင်းသည် သန်တာန တရားတို့၏ ပကတိ အရှိသဘောကိုလည်း ငြင်းပယ်ပြီးသားဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ဖြစ်ပေါ်ခြင်း (ဥပါဒ်) တည်တံ့ခြင်း (ဌီ) နှင့် ပျက်စီးခြင်း (ဘင်) စသော လက္ခဏာများမရှိဘဲနှင့် သန်တာန တရားကို အတည်မပြုနိုင်သောကြောင့် ဖြစ်၏။ သန်တာန တရားကို အတည်မပြုနိုင်လျှင် ၄င်း၏ ဆန့်ကျင်ဘက် အ-သန်တာန တရား၏ ပကတိအရှိသဘောကိုလည်း အတည်မပြုနိုင်တော့ချေ။ အ-သန်တာန တရား၏အနက်သည် သန်တာန တရားကို မှီခိုလျက် ဖွင့်ဆိုရခြင်းကြောင့် သန်တာန တရားကို အတည်မပြုနိုင်လျှင် ၄င်း၏ ဆန့်ကျင်ဘက် အ-သန်တာန တရား၏ ပကတိအရှိသဘောကိုလည်း အတည်ပြုပြောဆို၍ မရနိုင်ခြင်း ဖြစ်သည်။

အချိန်ကာလ ၏ သုညတ ဖြစ်ပုံ

အရှင်နာဂဇုန၏ အလိုအရ လူသားတို့သိနေသော အချိန်ကာလ၏ အစိတ်အပိုင်းများဖြစ်သည့် အတိတ် ပစ္စုပ္ပန် အနာဂတ်တို့သည် မိမိ၏ ကိုယ်ပိုင် ဂုဏ်သတ္တိဖြင့် တည်ရှိနေသော အခြင်းအရာများ မဟုတ်ကြပေ။ ၄င်းတို့သည် တစ်ခုကို တစ်ခု မှီတွယ်ဆက်စပ်လျက် တည်ရှိနိုင်သော အခေါ်အဝေါ် ပညတ်ဝေါဟာရများသာ ဖြစ်ပေ၏။ လူသားတို့၏ သိမှုရှုထောင့်မှ အစဉ်လိုက် ဖြစ်ပျက်နေသော အခြင်းအရာများကို ရှေ့နောက်အမည်ပေး မှတ်သားထားခြင်းမျှသာ ဖြစ်၏။

သင်္ခဿနကဲ့သို့သော အချို့ဒဿနအယူအဆများအရ အတိတ်ကာလသည် ပစ္စုပ္ပန်နှင့် အနာဂတ်တို့ ဖြစ်ပွားရန်အတွက် အခြေခံ အရှိတရားသဖွယ် ယူဆကြ၏။ နှမ်းဆီဟူသော အကျိုးတရားသည် နှမ်းစေ့တည်းဟူသော အကြောင်းတရားထဲတွင် ရှိနေရိုးအမှန် ဖြစ်သောကြောင့်တည်း။ ထိုနည်းတူ ပစ္စုပ္ပန်နှင့် အနာဂတ်တို့သည် အတိတ်ကို အခြေပြု၍ အမှန်တကယ် တည်ရှိနေကြသည်ဆိုပါက ၄င်းတို့သည် အတိတ်ကာလအတွင်းတွင် အတူတစ်ကွ တည်ရှိနေရမည် ဖြစ်လေသည်။ ပစ္စုပ္ပန် အနာဂတ်တို့သည် မိမိတို့၏ အဓိပ္ပာယ်သတ်မှတ်ချက်အရ ဤသို့ ပြိုင်တူမဖြစ်နိုင်သောကြောင့် ၄င်းတို့သည် အတိတ်ကို အခြေပြု၍ အမှန်တကယ် တည်ရှိနေကြသည်ဆိုမှာ မဖြစ်နိုင်ပေ။ ထိုနည်းတူစွာ အတိတ်နှင့် အနာဂတ်တို့သည် ပစ္စုပ္ပန်ကို

အခြေပြု၍ အမှန်တကယ် တည်ရှိနေကြသည်ဆိုပါက ၄င်းတို့သည် ပစ္စုပ္ပန်ကာလ အတွင်းတွင် အတူတစ်ကွ တည်ရှိနေရမည် ဖြစ်လေသည်။ အတိတ်နှင့် အနာဂတ်တို့သည် မိမိတို့၏ အဓိပ္ပာယ် သတ်မှတ်ချက်အရ ဤသို့ ပြိုင်တူမဖြစ်နိုင်သောကြောင့် ၄င်းတို့သည် ပစ္စုပ္ပန်ကို အခြေပြု၍ အမှန်တကယ် တည်ရှိနေကြသည်ဆိုမှာ မဖြစ်နိုင်ပေ။

ထို့အပြင် အချိန်ကာလကို တစ်စုံတစ်ရာ အရှိသဘောအဖြစ် ယူဆခြင်းသည်လည်း မသင့်လျော်ချေ။ အချိန်ကာလသည် တစ်စုံတစ်ရာ အရှိသဘောဖြစ်ပါက ၄င်းသည် တည်ငြိမ်သောအရာလော ပြောင်းလဲ ရွေ့လျားနေသောအရာလော ဟု စဉ်းစားရန်ရှိ၏။ အချိန်သည် တည်ငြိမ်နေသောအရာဖြစ်ပါလျှင် အချိန်ကာလ ဟူသော သဘာဝနှင့် ဆန့်ကျင်ဖက် ဖြစ်နေမည် ဖြစ်သောကြောင့် ဤသို့ မဖြစ်နိုင်ပေ။ အချိန်သည် ပြောင်းလဲရွေ့လျားနေသော တစ်စုံတစ်ရာ အရှိသဘောဖြစ်သည်ဟုဆိုပါက ထိုအချိန်ကာလသည် မည်သည့်အချိန်ကာလထဲ၌ ပြောင်းလဲ ရွေ့လျားနေပါသနည်းဟု မေးခွန်းထုတ်ရန်ရှိပေ၏။ အချိန်ကာလ ဖြစ်ပွားနေသောအချိန် (Super-time) ကို လက်ခံပါက ယင်း အချိန်ကာလ ဖြစ်ပွားနေသော နောက်ခံအချိန်ကာလ ရှိ-မရှိ ထပ်မံ မေးခွန်းထုတ်ရန်ရှိပြီး အဆုံးမသတ်နိုင်အောင် ထပ်ကျော့နေရသော ဖြစ်စဉ် (Infinite Regress) နှင့် ရင်ဆိုင်ရဖွယ်ရှိ၏။ ထို့ကြောင့် အချိန်ကာလကို တစ်စုံတစ်ရာ အရှိသဘောအဖြစ် ယူဆခြင်းသည် ယုတ္တိမရှိချေ။

နောက်ဆုံးအနေဖြင့် အချို့ပညာရှင်များ ယူဆသကဲ့သို့ အချိန်ကာလသည် ဖြစ်ပျက်ပြောင်းလဲနေသော အရာဝတ္ထုများကို အမှီပြုတည်ရှိနေသောကြောင့် မိမိကိုယ်ပိုင်သဘာဝဖြင့် အစစ်အမှန် တည်ရှိနေသော အရာဖြစ်သည်ဟု ဆိုခြင်းကို အရှင်နာဂဇုန်နက ငြင်းပယ်ခဲ့၏။ ဖြစ်ပျက်ပြောင်းလဲနေသော အရာဝတ္ထုများကိုယ်တိုင်က မိမိကိုယ်ပိုင်သဘာဝဖြင့် အစစ်အမှန် တည်ရှိနေသော အရာများ မဟုတ်ကြသောကြောင့် ၄င်းတို့ကို အမှီပြုတည်ရှိနေသည်ဆိုသော အချိန်ကာလသည်လည်း မိမိကိုယ်ပိုင်သဘာဝဖြင့် အစစ်အမှန်တည်ရှိနေသော အရာဟု ဆိုရန် မဖြစ်နိုင်ချေ။ စင်စစ် အချိန်ကာလဟူသည် အချင်းချင်း အညမည အကြောင်းခံ အကျိုးပြု ဆက်သွယ် ရပ်တည်ဖြစ်ပွားနေကြသော အဖြစ်အပျက် အခြင်းအရာများ၏ ဆက်နွယ်မှု သဘောသက်သက်မျှသာဖြစ်ပြီး အမှန်တကယ် အရှိတရား အမာထည်ဖြင့် တည်နေသော သဘောတစ်ခု မဟုတ်ကြောင်း အရှင်နာဂဇုန်နက ဆိုခဲ့ပါသည်။[၂၄၆]

၂၄၆။ **Garfield, Jay L. (1995), *The Fundamental Wisdom of the Middle Way*, Oxford: Oxford University Press, P-254-257**

အသခ်ံတတရား (နိဗ္ဗာန်) ၏ သုညတာ သဘော

အချိန်ကာလအပါအဝင် သခ်ံတတရားများကို အတည်မပြုနိုင်လျှင် ၄င်းတို့၏ဆန့်ကျင်ဘက်ဖြစ်သော အသခ်ံတတရား၏ ပကတိ အရှိသဘောကိုလည်း အတည်မပြုနိုင်ကြောင်းကို အထက်တွင် ပြဆိုခဲ့ပြီးဖြစ်လေသည်။ သခ်ံတ တရားစုတို့ကို သံသရာ (သို့မဟုတ်) သံသရာ၏ တည်မှီရာအဖြစ် မှတ်ယူပါလျှင် သခ်ံတ တရားစုတို့၏ အဟုတ်အမှန်သဘော -ပကတိသဘောအားဖြင့် မတည်ရှိမှုကို သက်သေပြနိုင်ခြင်းသည် သံသရာ၏ အဟုတ်အမှန်သဘော၊ ပကတိသဘောအားဖြင့် မတည်ရှိမှုကို သက်သေပြနိုင်ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်၏။ သံသရာ တည်ရှိမှုကို အခိုင်အမာ မပြုနိုင်လျှင် သံသရာ၏ ဆန့်ကျင်ဘက်တရားဖြစ်သော နိဗ္ဗာန် (၀၊) အသခ်ံတတရား (၀၊) သံသရာ၏ ချုပ်ငြိမ်းမှုသဘောကိုလည်း အဟုတ်အမှန် သဘော၊ ပကတိသဘောအားဖြင့် တည်ရှိနေကြောင်း အခိုင်အမာ မပြုနိုင်တော့ချေ။

ပကတိ သ-ဘာဝ အရှိတရားစစ်စစ်ကို လက်ခံသူတို့အတွက်လည်း နိဗ္ဗာန် (သံသရာ၏ ချုပ်ငြိမ်းမှုသဘော) သည် မလိုအပ်ချေ။ ပကတိ သ-ဘာဝ အရှိတရားစစ်စစ် မည်သည် ဖြစ်ပေါ်ခြင်းလည်းမရှိ၊ ပျက်စီးခြင်းလည်းမရှိ၊ ပြောင်းလဲ ရွေ့လျားခြင်းလည်း မရှိနိုင်သောကြောင့် သခ်ံတတရားစုတို့၏ လက္ခဏာများ မရှိနိုင်ပေ။ ထို့ကြောင့် မရှိသော သခ်ံတတရားစုတို့၏ ချုပ်ငြိမ်းမှုဆိုသည်မှာလည်း အဓိပ္ပာယ် မရှိသော အဆိုတစ်ရပ်သာ ဖြစ်ပေလိမ့်မည်။

အရှင်နာဂဇုန၏ အလိုအရ (လောက အရာဝတ္ထုများ ကဲ့သို့ပင်) နိဗ္ဗာန် သည်လည်း ရှိ-မရှိ၊ ဖြစ်-မဖြစ်၊ လာရောက်ခြင်း-ထွက်ခွာခြင်း၊ တည်မြဲခြင်း-ချုပ်ပျက်ခြင်းစသော အစွန်းရောက် ဝိဘာဂများဖြင့် သတ်မှတ်၍ မရနိုင်ပေ။ နိဗ္ဗာန်ကို အဖြစ်အရှိ-ဘာဝတရားအနေဖြင့် ယူဆပါက အဖြစ်အရှိ-ဘာဝတရား မှန်သမျှ မွေးခြင်း သေခြင်းနှင့် မကင်းနိုင်ပေ။ နိဗ္ဗာန်သည် မွေးခြင်းသေခြင်းတို့ ကုန်ရာချုပ်ရာ ဖြစ်သည်ဟု ထင်ရှားသောကြောင့် နိဗ္ဗာန်သည် အဖြစ်အရှိ-ဘာဝတရား သဘောတစ်ရပ် မဟုတ်နိုင်ချေ။

အချို့ကလည်း နိဗ္ဗာန်ကို မဖြစ်မရှိ-အဘာဝတရားအနေဖြင့် ယူဆကြ၏။ မဖြစ်မရှိ-အဘာဝတရားဟူသည် မွေးခြင်းသေခြင်းတို့ မရှိနိုင်သောကြောင့် အသခ်ံတတရား ဖြစ်သည်ဟု ယူဆလိုကြပုံရ၏။ သို့သော်လည်း မဖြစ်-မရှိ အဘာဝတရားသည် အရှိ အဖြစ်-ဘာဝတရားကို ထောက်မှီ၍ ပညတ်ရသော ဝိဘာဂသာဖြစ်ပြီး မိမိဘာသာ သီးခြားအနက် မထင်နိုင်သော သဘောဖြစ်လေသည်။ ထို့အပြင် မဖြစ်-မရှိ အဘာဝတရားကို အရှိတရားအနေဖြင့် ကြံဆ၍ စွဲလန်းခြင်းသည် ယုန်ချိ

လိပ်မွေး ပုဇွန်သွေး အမြှေးမ၏သား စသော မရှိသည့်အရာများကို အရှိပမာ ယူဆ၍ ရှာဖွေနေခြင်းပမာ ရူးသွပ်မှုသာ ဖြစ်၏။ နိဗ္ဗာန်သည် အရိယာ ပုဂ္ဂိုလ်များ ထူးကဲသော ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားဖြစ်သောကြောင့် မဖြစ်-မရှိ အဘာဝ တရားဟူ၍ မဆိုသင့်ပေ။

စင်စစ် နိဗ္ဗာန်သည် အရှိ-မရှိ အတ္ထိ-နတ္ထိ စသော အစွန်းရောက် ဝိဘာဂများ၏ ချုပ်ငြိမ်းမှု ၄င်းတို့ကြောင့်ဖြစ်သော အစွဲဥပါဒါန် ဟူသမျှတို့၏ ချုပ်ငြိမ်းမှုသာ ဖြစ်၏။ ဝေါဟာရ စကားလုံးများ စိတ်ကူးဘောင်များ အားလုံးကို လွန်မြောက်သောကြောင့် (သုညတာ အမြင် ကိုယ်တိုင် အပါအဝင်) အယူအမြင် (ဒိဋ္ဌိ) မှန်သမျှ ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်းပင်ဖြစ်၏။ အစွဲဥပါဒါန် ဟူသမျှတို့၏ ချုပ်ငြိမ်းမှုကြောင့် အစွဲဥပါဒါန်တို့ကို အကြောင်းပြု၍ ဖြစ်ပွားရသော ဒုက္ခဆင်းရဲမှု အစုစုတို့၏ ချုပ်ငြိမ်းခြင်းလည်းဖြစ်၏။

နိဗ္ဗာန်သည် ပရမာနတ္တရသုညတာကို သိမြင်ခြင်း

နိဗ္ဗာန်ကို အရှိတရားအနေဖြင့် ယူဆခြင်းသည် သဿတအစွန်းကို စွဲယူခြင်းဖြစ်သလို မရှိတရားအနေဖြင့် ယူဆခြင်းသည် ဥစ္ဆေဒအစွန်းကို စွဲယူခြင်းဖြစ်သည်ဟု ဆိုနိုင်၏။ လောက ဝေါဟာရပညတ်အားဖြင့် ဤအစွန်းများမှ လွတ်ကင်းအောင် ပြောနိုင်စွမ်းလည်း မရှိချေ။ ထို့ကြောင့် နိဗ္ဗာန်၏ အနက်မှန်ကို ဆိတ်ဆိတ်နေခြင်း (တုဏှီဘာဝ) အားဖြင့်သာ အနီးစပ်ဆုံး ဖော်ပြနိုင်ပေလိမ့်မည်။

သံသရာ ဟူသည် အရှိ-မရှိ အတ္ထိ-နတ္ထိ စသော အမြင်အစွဲများကို အခြေခံသော အချင်းအရာဖြစ်သောကြောင့် သံသရာ၏ ဆန့်ကျင်ဖက် နိဗ္ဗာန်သည် အရှိ-မရှိ အတ္ထိ-နတ္ထိ စသော အမြင်အစွဲများ၏ ချုပ်ဆုံးမှုမှလွဲ၍ အခြားမရှိပေ။ ဓမ္မ၏ ကြောင်းကျိုး ဆက်စပ်မှီတွယ်နေသောဖြစ်စဉ်ကို အရှိ-မရှိ အတ္ထိ-နတ္ထိ စသော အမြင်အစွဲများကို အခြေခံ၍ ရှုမြင်ပါက သံသရာဟု ခေါ်ဆိုနိုင်ပြီး ယင်းဖြစ်စဉ်၏ ပကတိအရှိတရားများ ဆိတ်သုဉ်းမှု-သုညတာကို မြင်၍ အရှိ-မရှိ အတ္ထိ-နတ္ထိ စသော အမြင်အစွဲများ၏ အနှောင်အဖွဲ့မှ လွတ်မြောက်မှုသည် နိဗ္ဗာန်ဟု ဆိုနိုင်ပေမည်။ ဤနည်းအားဖြင့် နိဗ္ဗာန်နှင့် သံသရာသည် ကြောင်းကျိုး ဆက်စပ်မှီတွယ်နေသောဖြစ်စဉ်အရ တစ်ထပ်တည်း တစ်သားတည်းဖြစ်လျက် သိမှုသဘောအရ လုံးဝပြောင်းပြန် ဆန့်ကျင်နေသော ရှုထောင့်နှစ်ခု ဖြစ်ကြလေသည်။ ထို့ကြောင့် အရှင်နာဂဇုန က "သံသရာ၏ အကန့်အသတ်သည်နှင့် နိဗ္ဗာန်၏ အကန့်အသတ်ပင်ဖြစ်သည်။ သံသရာနှင့် နိဗ္ဗာန်တို့အကြား ပိုင်းခြားထားသော သဘောတစ်စုံ

တစ်ရာမျှ မရှိချေ'' ဟု ဆိုခဲ့လေသည်။ အတ္တနှင့် လောကကို အဟုတ်ရှိ အမှန်ရှိ တရားများအဖြစ် မြင်မှားနေခြင်းသည် သံသရာဖြစ်၏။ *(သုညတာဓမ္မကို အတ္တနှင့် လောကအဖြစ် မြင်မှားနေခြင်းသည် သံသရာဖြစ်၏။)* အတ္တနှင့် လောကတို့၏ အတွင်းသရုပ်ဖြစ်သော အနှစ်သားဗလာ ဖြစ်ခြင်းသဘော (သုညတာဓမ္မ) ကို ထိုးထွင်းသိမြင် လွတ်မြောက်ခြင်းသည် နိဗ္ဗာန်ဖြစ်၏။ *(အတ္တနှင့် လောကကို သုညတာဓမ္မအဖြစ် အမှန်အတိုင်း ထိုးထွင်းသိမြင်ခြင်းသည် နိဗ္ဗာန်ဖြစ်၏)* ဤသို့ အနှစ်သား ဗလာဖြစ်ခြင်းသဘော (သုညတာဓမ္မ) ကို သံသရာနှင့် နိဗ္ဗာန် နှစ်ခုစလုံးက အခြေခံနေသောကြောင့် သံသရာနှင့် နိဗ္ဗာန်တို့အကြား ပိုင်းခြားထားသောသဘော တစ်စုံတစ်ရာမျှ မရှိချေဟု အရှင်နာဂဇုန္နကု ဆိုခဲ့ခြင်းဖြစ်ပါသည်။

ဤအဆိုကို အခြေခံ၍ အချို့ ဉာဏ်နည်းသူတို့က အရှင်နာဂဇုန္နု၏ မဇ္ဈိမိက ဒဿနအမြင်သည် သံသရာနှင့် နိဗ္ဗာန်ကို ထပ်တူဖြစ်သည်ဟု ဆိုခဲ့သယောင်ယောင် စွပ်စွဲပြောဆိုတတ်ကြ၏။ မဇ္ဈိမိကဒဿနအမြင်၏ အလိုအရ ထပ်တူညီခြင်း တစ်သီးတစ်ခြား ကွဲပြားခြင်းစသော ဆန့်ကျင်ဘက် ဝိဘာဂတရားတို့သည် လောက ပညတ်တရား နယ်ပယ်၌သာ ပြောဆိုစရာ ဖြစ်သောကြောင့် သံသရာနှင့် နိဗ္ဗာန်ကို ထင်တူဖြစ်သည်ဟုဆိုရန် အကြောင်းမရှိချေ။ စင်စစ် အရှင်နာဂဇုန္နု၏ မဇ္ဈိမိကဒဿနအမြင်အရ သံသရာနှင့် နိဗ္ဗာန်တို့သည် ထပ်တူခြင်း ခြားနားခြင်းစသော စွဲယူမှုများသည် အနက်အဓိပ္ပာယ် မရှိပေ။

အကယ်၍ သံသရာနှင့် နိဗ္ဗာန်ကို ထပ်တူဖြစ်သည်ဟု ဆိုပါက ဗုဒ္ဓ ဓမ္မ၏ သီလ သမာဓိပညာ အကျင့်တရားများ ကျင့်ရန် မလိုအပ်တော့ဟု ဆိုရမလို ဖြစ်နေပေမည်။ ရရှိရောက်ရှိပြီးသား နိဗ္ဗာန်ကို ရရှိရန် သံသရာမှ လွတ်မြောက်ခြင်းဟူ၍ မဖြစ်နိုင်သောကြောင့်ပင် ဖြစ်၏။ အကယ်၍ သံသရာနှင့် နိဗ္ဗာန်ကို တစ်သီးတစ်ခြား ကွဲပြားနေသော နယ်ပယ်နှစ်ခုအဖြစ် သတ်မှတ်ပါကလည်း ဗုဒ္ဓ ဓမ္မ၏ သီလ သမာဓိပညာ အကျင့်တရားများ ကျင့်ရန် မလိုအပ်တော့ဟု ဆိုရမလို ဖြစ်နေပေမည်။ သံသရာနယ်ပယ်သည် ဖြစ်ပျက်ပြောင်းလဲမှု ဆင်းရဲဒုက္ခများ၏ နေရာနယ်ပယ်ဖြစ်ပြီး နိဗ္ဗာန်သည် ဖြစ်ပျက်ပြောင်းလဲမှု ဆင်းရဲဒုက္ခများ မရှိရာ နေရာနယ်ပယ် ဖြစ်သောကြောင့် သဘာဝခြင်း လုံးဝခြားနားနေသော တစ်သီးတစ်ခြား ကွဲပြားနေသော နယ်ပယ်နှစ်ခုအကြား ကူးတက်ဆက်နွယ်မှု မရှိနိုင်ပေ။ သံသရာက သပ်သပ်၊ နိဗ္ဗာန်က သပ်သပ် ထာဝရ ပိုင်းခြား ဝေးကွာနေသော သဘောများ ဖြစ်ကြလျှင် မည်သို့မည်ပုံ သီလ သမာဓိ ပညာ အကျင့်တရားများ ကျင့်၍ သံသရာမှ ထွက်မြောက်နိဗ္ဗာန်သို့ ခရီးပေါက်နိုင်ပေမည်နည်း။

ဤနေရာတွင် အများမြင်သာထင်သာရှိစေရန် ဆိုရိုးပြုလေ့ရှိသော ကြိုးနှင့်မြွေ ဥပမာဖြင့် အနည်းငယ် ရှင်းပြလိုပါ၏။ ခရီးသွားတစ်ယောက်သည် မှောက်မိုက်သောညတစ်ညတွင် လမ်းပေါ်၌ ခွေနေသော မြွေတစ်ကောင်ကို တွေ့၏။ မြွေ ဟူသော အမှတ်သညာဖြင့် ကြောက်ရွံ့မှုဖြစ်သောကြောင့် တောင်ဝှေးဖြင့် ထိုမြွေကို လမ်းမပေါ်မှ ဖယ်ရှားရန် အားထုတ် လေ၏။ ထိုအချိန်တွင် လျှပ်စီးဝင်းလက်သောကြောင့် အလင်းရောင်အောက်ဝယ် မိမိ မြွေဟု ထင်မှတ်နေသောအရာသည် ကြိုးခွေတစ်ခုသာ ဖြစ်သည်ကို တွေ့လိုက်ရသောကြောင့် မြွေအမှတ်သညာလည်း ပျောက် ကြောက်စိတ်လည်း ကွယ်ပျောက် ချမ်းသာခြင်းကို ရလေ၏။

ဤ ဥပမာတွင် (၁) မြွေဟု ထင်မှတ်မှား မှု၊ (၂) ပကတိရှိနေသောကြိုးခွေနှင့် (၃) ကြိုးခွေဟု အမှန်မြင်ခြင်းကြောင့် မြွေဟု ထင်မှတ်မှားမှု ပျောက်ကွယ်ခြင်းနှင့် ကြောက်စိတ်ချုပ်ငြိမ်းခြင်း ဟူသော သဘောတရား သုံးခုကို ရအပ်၏။ ၄င်း သဘောတရား သုံးခုသည် ထပ်တူဖြစ်သလောဟု စဉ်းစားလျှင် ထပ်တူ မဟုတ်ကြောင်း သိသာထင်ရှား၏။ ၄င်း သဘောတရား သုံးခုသည် လုံးဝခြားနားနေသော တစ်သီးတစ်ခြား ကွဲပြားနေသော အရာများ ဖြစ်သလောဟု စဉ်းစားလျှင်လည်း တစ်သီးတစ်ခြား ကွဲပြားနေသော အရာများ မဟုတ်ကြောင်း သိနိုင်ပါ၏။ ပကတိရှိနေသောကြိုးခွေကို အပထား၍ မြွေဟု ထင်မှတ်မှားမှု မဖြစ်နိုင်ပေ။ ပကတိရှိနေသောကြိုးခွေကို အပထား၍ ကြိုးခွေဟု အမှန်မြင်ခြင်းကြောင့် မြွေဟု ထင်မှတ်မှားမှု ပျောက်ကွယ်ခြင်းနှင့် ကြောက်စိတ်ချုပ်ငြိမ်းခြင်းတို့လည်း မဖြစ်နိုင်ပေ။ မြွေဟု ထင်မှတ်မှားမှုကို အခြေမခံဘဲနှင့် မြွေဟု ထင်မှတ်မှားမှု ပျောက်ကွယ်ခြင်းလည်း မဖြစ်နိုင်ပေ။ ထို့ကြောင့် ဤတရားသုံးပါးသည် ထပ်တူလည်းမကျ တစ်သီးတစ်ခြား စီလည်းမဟုတ်ဘဲ ၄င်းတို့ အကြား အကြား ပိုင်းခြားထားသော သဘောတစ်စုံတစ်ရာမျှ မရှိဟူ၍သာ ဆိုရပေမည်။

ဤ ဥပမာနှင့် သံသရာ-နိဗ္ဗာန် ဆက်စပ်မှုကို ထင်ဟပ်ပြရလျှင် သံသရာဟူသည် မြွေဟု ထင်မှတ်မှားမှုနှင့် အလားတူ၏။ ကြောင်းကျိုးဆက်နွယ်မှီစွဲဖြစ်ပွားရသော ဓမ္မသဘောတို့သည် ပကတိရှိနေသော ကြိုးခွေနှင့် အလားတူ၏။ နိဗ္ဗာန်သည် ကြိုးခွေဟု အမှန်မြင်ခြင်းကြောင့် မြွေဟု ထင်မှတ်မှားမှု ပျောက်ကွယ်ခြင်းနှင့် ကြောက်စိတ်ချုပ်ငြိမ်းခြင်းတို့ပမာ အလားတူ၏။ ကြောင်းကျိုးဆက်နွယ်မှီစွဲဖြစ်ပွားရသော ဓမ္မသဘောတို့၏ ယထာဘူတ သဘောဖြစ်သော သုညတာဓမ္မကို မမြင်ဘဲ ပကတိ အရှိတရားစစ်စစ်များ၏ လောကအဖြစ် စွဲမှတ်ခြင်းသည် သံသရာဖြစ်၏။ ကြောင်းကျိုးဆက်နွယ်မှီစွဲ ဖြစ်ပွားရသော ဓမ္မသဘောတို့၏ ယထာဘူတ

သဘောဖြစ်သော သုညတာဓမ္မကို မြင်လျက် ပကတိ အရှိတရားစစ်စစ်များ အပေါ် စွဲလန်းမှုကို ပယ်သတ်နိုင်ခြင်းနှင့် အကျိုးဆက်အားဖြင့် ဆင်းရဲဒုက္ခတို့ ချုပ်ငြိမ်းရခြင်းသည် နိဗ္ဗာန်ဖြစ်၏။

ဤနေရာတွင် ကြိုးခွေ ဥပမာအရ ကြောင်းကျိုးဆက်နွယ် မှီစွဲဖြစ်ပွားရသော ဓမ္မသဘောတို့သည် ပကတိရှိနေသော ကြိုးခွေအလား အဟုတ်အမှန် ရှိနေ သယောင် ထင်မှတ်နိုင်သေး၏။ အထက်တွင်ဖော်ပြခဲ့သလို ကြောင်းကျိုးဆက်နွယ် မှီစွဲဖြစ်ပွားရသော ဓမ္မသဘောတို့သည် အရှိတရားများမဟုတ်ဘဲ သုညတာဓမ္မများသည် ဖြစ်သည့်အပြင် ၄င်းသုညတာဓမ္မကိုလည်း အရှိတရားစစ်စစ်အဖြစ် မသတ်မှတ်နိုင်သောကြောင့် နောက်ဆုံး တွေ့ကြုံရရှိသည့် နိဗ္ဗာန်သည် တွေ့ကြုံ-ရရှိမှု သဘောကို ကျော်လွန်နေသော အတုမရှိသည့် အဆုံးစွန်သော သုညတသဘော (ပရမာနတ္တာရသုညတာ) ဖြစ်၏။

သုညတာ ၏ သုညတာ သို့မဟုတ် အဒွယတာ (Non-duality)

အထက်တွင် ရေးသားဖော်ပြခဲ့သော ပိုင်းခြားစိတ်ဖြာ စိစစ်လေ့လာမှုများအရ ပုဂ္ဂိုလ်သတ္တဝါတို့၏ အရှိတရားသာမက ခန္ဓာ အာယတန ဓာတု သစ္စာ ပရမတ်တရားများနှင့် အသန်္ခတဓာတုဖြစ်သော အာကာသ နိဗ္ဗာန စသော ဓမ္မတရားများသည်ပင်လျှင် မိမိကိုယ်ပိုင် အနှစ်သာရ သဘာဝအားဖြင့် အစစ်အမှန် တည်ရှိသော အရှိတရားများမဟုတ်ကြဘဲ သုညတာတည်းဟူသော သဘောတရား၌ ပျော်ဝင် ပျောက်ကွယ်ရကြောင်းကို အထင်အရှား မြင်တွေ့ခဲ့ကြရပြီး ဖြစ်၏။

ဤသို့ဆိုလျှင် သုညတာတည်းဟူသော သဘောတရားသည် မည်သို့သော သဘောတရား ဖြစ်မည်နည်း။ ရှေးဟောင်း ဥပနိသျှဒ်ကျမ်း၊ ဘဂဝါဂီတကျမ်းတို့တွင်လာသော အာတ္မာန်-ဗြဟ္မာန် (Atman/Brahman) ကဲ့သို့ အရာဝတ္ထုအားလုံးကို ပေါင်းစည်းဆက်စပ်ပေးသော လောက၏ နောက်ကွယ်မှ ထာဝရတည်တံ့ခိုင်မြဲသော ကူဋဋ္ဌဘာယီ အရှိတရားစစ်စစ်တစ်မျိုး ဖြစ်လေသလော။ သုညတာတည်းဟူသော သဘောတရားကို ဤသို့ ထင်မြင်ယူဆလိုက်သည်နှင့် တစ်ပြိုင်နက် သုညတာသည် သုညတာ မဟုတ်တော့ဘဲ လူသားတို့ ကြံစည်စွဲလမ်းအပ်သော တက္ကိကဆန်သော အရှိတရားသာ ဖြစ်ပေတော့မည်။ ဤသို့သော အရှိတရားစစ်စစ် မျိုးသည် သုညတာသဘာဝနှင့် လုံးဝဆန့်ကျင်နေပြီး အရှင်နာဂဇုန၏ ဒဿနအမြင် တွင် မိမိ ကိုယ်ပိုင်အနှစ်သာရ သဘာဝအားဖြင့် အစစ်အမှန် တည်ရှိသော အရှိတရားမျိုးအတွက် နေရာမရှိပေ။

အရှင်နာဂဇုန၏ ဒဿနအမြင်တွင် လူသား၏ အာရုံထိုးထွင်းသိမြင်မှုကို ကျော်လွန်နေသော မည်သည့်တရား၏ အရှိသဘောကိုမျှ လက်ခံလိမ့်မည် မဟုတ်ချေ။ သုညတာသည် နိစ္စ ထာဝရမျိုးဖြစ်သော ရှိမှု အခြေခံတရားကြီးဖြစ်ပြီး အရာဝတ္ထုများသည် သုညတာမှ မွေးဖွားပေါ်ပေါက်လာကြပြီးနောက် သုညတာထဲတွင် ပြန်လည် ပျော်ဝင် ပျောက်ကွယ်သွားကြသည် ဟူသော တွေးလုံး ကြံလုံးသည် တက္ကိုကဆန်သော အစွဲအလမ်းသာလျှင်ဖြစ်ပြီး ဗုဒ္ဓဒဿနအမြင် စိုးစဉ်းမျှ မဟုတ်ဟု အရှင်နာဂဇုန်နက ယူဆပါသည်။ စင်စစ် သုညတာ သဘာဝ ဟူသည် လောကရှိ ပုဂ္ဂိုလ် သတ္တဝါနှင့် ပရမတ္ထဓမ္မတရားမှ ကင်းလွတ်၍ တစ်သီးတစ်ခြား တည်ရှိနေသော အရှိတရားလည်း မဟုတ်ပေ။ ယင်းတို့၏ အတွင်းသားဌ ထူးခြားဆန်းကြယ်စွာဖြင့် ကိန်းအောင်း တည်ရှိနေသည့် လျှို့ဝှက်နက်နဲသော အရှိတရားလည်း မဟုတ်ပေ။ သုညတာ သဘာဝဟူသည် ရှိရှိသမျှ ပညတ် ပရမတ် သခ်ၤတ အသခ်ၤတ လောကီ လောကုတ္တရာ ဓမ္မတရားဟူသမျှတို့ ၏ "**တည်ရှိနေပုံ ဟန်ပန်**" (Manner of Existing) သာ ဖြစ်လေသည်။ သုညတာသည် ဓမ္မတရားတို့၏ ပကတိသဘော (ဓမ္မ-တာ) မျှဖြစ်ပြီး ဓမ္မတရားတို့ မရှိလျှင် သုညတာဟူ၍လည်း မရှိနိုင်ပေ။ သိစိတ်၏ အစွန်းတရားများ ဝိဘာဂများကို ကျော်လွန်၍ ဓမ္မတရားတို့၏ ပကတိသဘောကို သိခြင်းသည်ပင် သုညတာကို သိခြင်းဖြစ်၏။ အပြန်အလှန်အားဖြင့် သုညတာသဘောကို သိစိတ်၏ အစွန်းတရားများ ဝိဘာဂများ တပ်ဆင်ပုံသွင်း၍ မြင်ခြင်းသည် ဓမ္မတရားများကို မြင်ခြင်းဖြစ်၏။ သုညတာသည် ဓမ္မတရားတို့ နှင့် တစ်ခဏသော်မျှ ကွဲကွာခြင်း မရှိပေ။ သုညတာသည် ဓမ္မတရားတို့ကို တည်မှီလျက် မိမိ အရှိသဘောကို ထင်ရှားဖြစ်စေသောကြောင့် သုညတာ ကိုယ်တိုင်သည့် ပင်လျှင် အတ္တဘာဝမှ ကင်းဆိတ်သော သုညသဘော ဖြစ်သည်ဟု ဆိုပါသည်။[၂၄၇]

ဓမ္မတရားတို့၌ ခိုင်မာသော အတွင်းသား အတ္တဘာဝတစ်ခု တည်ရှိနေသည် ဟူသော အစွဲအလန်းရှိမှသာ သုညတာ (ထို အတ္တဘာဝကို ငြင်းပယ်မှု) သည် အနက်အဓိပ္ပာယ် ရှိပေလိမ့်မည်။ အတ္တဘာဝအပေါ် ဆုပ်ကိုင်ထားသော အစွဲအလန်း မရှိတော့ပါက သုညတာ သဘောတရားလည်း မလိုအပ်တော့ပေ။[၂၄၈] တစ်နည်းဆိုရ

၂၄၇။ Garfield, Jay L. (1994), *"Dependent Arising and the Emptiness of Emptiness: Why did Nagarjuana start with causation?"*, Philosophy East & West, April 1994, Vol. 44 Issue 2

၂၄၈။ If there were something nonempty, there would be something empty;
But there is not anything nonempty, [so] how will something empty exist?
(Nargajuna, Mula Madhyamika Karika 13.7)

လျှင် သူညတာ သဘောသည် အတွင်းသား:အတ္တ မဆိတ်သုဉ်းသော အရာဝတ္ထု (ဘာဝ ဝတ္ထု) များ:၏ ပကတိအရှိသဘောကို ငြင်း:ခဲ့ပြီး ဖြစ်သောကြောင့် ထို အရာဝတ္ထုများ:၏ မရှိသဘော (ဝါ) မရှိသော အရာဝတ္ထု (အဘာဝ ဝတ္ထု) များ:၏ ပကတိအရှိသဘောကိုလည်း အခိုင်အမာ ပြုလုပ်၍ လက်ခံသိမ်း:ပိုင်ရန် မလိုတော့ပေ။[၂၄၉] သူညတာ ဓမ္မသည် ပကတိအရှိ အတ္တ အစွဲတို့ကို ချေခွတ်ရန် လက်နက်ကိရိယာ ဖြစ်သော်လည်း သူညတာ ဓမ္မကို အယူအမြင် တစ်ရပ်အနေဖြင့် သိမ်း:ပိုက်စွဲလမ်း:နေခြင်း:သည် အမှား:တကာတို့တွင် အဆိုး:ဝါး:ဆုံး: အမှား:ဖြစ်၏။[၂၅၀] ထို့ကြောင့် အရှင် နာဂဇုန္နေ၏ အမြင်၌ သူညတာသဘောသည် အတ္ထိ-ဘာဝ သဘော ဟူသော (သဿတ) အစွန်း:နှင့် နတ္ထိ-အဘာဝ သဘောဟူသော (ဥစ္ဆေဒ) အစွန်း:တို့ကို မကပ်ငြိဘဲ ကျော်လွန်လွတ်မြောက်နေသော သဘာဝဖြစ်ပြီး ယင်း သဘာဝသည် အကြောင်း:အထောက်အပံ့တရား:တို့ကို စွဲမှီလျက် အကျိုး:တရား:ဆက်များ: ဖြစ်ပွား:ရသည့် ပဋိစ္စသမုပ္ပါဒ သဘောကိုလည်း အခိုင်အမာ ပြုလုပ်၍ လက်ခံသိမ်း:ပိုင်ရန် မလိုတော့ပေ။[၂၅၁] သူညတာ ဓမ္မသည် ပကတိအရှိ အတ္တ အစွဲတို့ကို ချေခွတ်ရန် လက်နက်ကိရိယာ ဖြစ်သော်လည်း: သူညတာ ဓမ္မကို အယူအမြင် တစ်ရပ်အနေဖြင့် သိမ်း:ပိုက်စွဲလမ်း:နေခြင်း:သည် အမှား:တကာတို့တွင် အဆိုး:ဝါး:ဆုံး: အမှား:ဖြစ်၏။[၂၅၂] ထို့ကြောင့် အရှင် နာဂဇုန္နေ၏ အမြင်၌ သူညတာသဘောသည် အတ္ထိ-ဘာဝ သဘော ဟူသော (သဿတ) အစွန်း:နှင့် နတ္ထိ-အဘာဝ သဘောဟူသော (ဥစ္ဆေဒ) အစွန်း:တို့ကို မကပ်ငြိဘဲ ကျော်လွန်လွတ်မြောက်နေသော သဘာဝဖြစ်ပြီး ယင်း သဘာဝသည် အကြောင်း: အထောက်အပံ့တရား:တို့ကို စွဲမှီလျက် အကျိုး:တရား:ဆက်များ: ဖြစ်ပွား:ရသည့် ပဋိစ္စသမုပ္ပါဒသဘောကို မြင်ခြင်း:ဖြစ်ပြီး ဤကြောင်း:ကျိုး:ဖွဲ့.ယှက် ဆက်နွယ်ဖြစ်ပွား:နေသော ဓမ္မတာသဘောတွင် အထက်တွင်ဖော်ပြခဲ့သော ရှိခြင်း:=မရှိခြင်း:၊ ဖြစ်ခြင်း:=မဖြစ်ခြင်း:၊ ပေါ်ပေါက်လာခြင်း:=ပျောက်ကွယ်သွား:ခြင်း:၊ အတူတူဖြစ်ခြင်း:=တစ်ခြား:စီဖြစ်ခြင်း: တစ်ခုတည်း:သဘော (အစုအပေါင်း:) ဖြစ်ခြင်း:= အများ:သဘော (အစိတ်အပိုင်း:)

၂၄၉။ **If there is no establishment of an entity, a nonentity is indeed not established,**
For people call the alteration of an entity a nonentity.
(Nargajuna, Mula Madhyamika Karika 15.5)

၂၅၀။ **Emptiness was taught by the Victors as a remedy for all views,**
But they declared to be incurable those for whom emptiness is a view.
(Nargajuna, Mula Madhyamika Karika 13.8)

၂၅၁။ **Nāgārjuna, *Mūlamadhyamakakārikā* 24:18**

ဖြစ်ခြင်း စသော အစွန်းတရား အခြေအနေများအားလုံး လုံးဝဆိတ်သုဉ်း ချုပ်ငြိမ်းလျက် ရှိနေပါ၏။[၂၁၂]

သုညတာသည် နတ္ထိကဝါဒ မဟုတ်ကြောင်း[၂၁၃]

အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿန အလိုအရ သုညတာသည် နိစ္စ ထာဝရ အသန်တ အရှိတရားမျိုး မဟုတ်ကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ရာ အစွန်းရောက်မှုတွင် မွေ့လျော်သော ဒိဋ္ဌိသည် အစွန်းတစ်ဖက်ကို ဆုပ်ကိုင်စွဲလန်းပြန်၏။ ယင်းအမြင်မှားသည့်ကား သုညတာသည် လောကနှင့် အရာခပ်သိမ်းတို့ ဘိတ်ဘိတ်သား မရှိ ဘာဆို ဘာမှ မရှိသော မရှိတရား သက်သက်သာ ဖြစ်သည်ဟူသော နတ္ထိကဝါဒပင် ဖြစ်၏။

အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿန အလိုအရ သုညတာ ကို နတ္ထိကတရား အဖြစ် မြင်မိသည်ထက် ပိုမို ဆိုးဝါးသော အမှား မရှိချေ။ သုညတာကို နတ္ထိကတရား အဖြစ်ဆုပ်ကိုင်စွဲလမ်း မိသူ သည် အဆိပ်ပြင်းသော မြွေကို အမြီးမှ ဖမ်းကိုင်မိသူနှင့် အလားသဏ္ဌာန်တူ၏။ မြွေဆိုးကို မဖမ်းတတ်သူသည် မြွေကိုက်ခံရဘိသကဲ့သို့ သုညတာသဘောကို အမှန်အကန် ဉာဏ်မသက်ဝင်နိုင်သူ လူမိုက်သည် နတ္ထိကဝါဒ (ဘာမှမရှိ ဟူသော အယူမှား) ၏ ကိုက်ခဲမှုကို ခံရလေ၏။[၂၁၄] စင်စစ် နတ္ထိက-အဘာဝ သဘောသည် အတ္ထိက-ဘာဝ သဘော အလားတူ စွဲမှီဆက်နွယ်မှ တည်ရှိနိုင်သော စိတ်ကူးဘောင် ပညတ္တိတရားများသာ ဖြစ်ပါ၏။ အရှေ့ဟူသော အရပ်ကို ပယ်လိုက်သည်နှင့် အနောက်ဟူသောအရပ် (အရှေ့အရပ်၏ ဆန့်ကျင်ဖက်) ကိုပါပယ်ပြီး ဖြစ်သကဲ့သို့ အတ္ထိက-ဘာဝ သဘောကို ပယ်လိုက်ပြီးသည်နှင့် ၄င်း၏ ဆန့်ကျင်ဖက်ဖြစ်သော နတ္ထိက-အဘာဝသဘောကိုပါ ပယ်ပြီး ဖြစ်သည်ဟု သိအပ်ပါ၏။

အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿန အလိုအရ သုညတာကို နတ္ထိကတရား အဖြစ် မြင်မိခြင်းသည် သုညတာတရားက ပယ်အပ်သောဝတ္ထု (ပဟာတဗ္ဗဝတ္ထု) အပေါ် သဲကွဲစွာ မသိမြင်သောကြောင့်ဖြစ်၏။ အထက်တွင်ပြခဲ့သော နှင်းဆီပန်းကိုပင် ဥပမာအနေဖြင့် ပြန်လည်၍ ဆင်ခြင်ကြည့်ပါ။ နှင်းဆီပန်းနှင့်ပတ်သက်၍ သုညတာတရားက ပယ်အပ်သောဝတ္ထု (ပဟာတဗ္ဗဝတ္ထု)သည် လူသားတို့ အာရုံခံစား

---

[၂၁၂] Nagarjuna, Mula Madhyamika Karika, Introductory Verse

[၂၁၃] Garfield, Jay L. (2012), *Madhyamaka is not Nihilism* (PDF), smith College, University of melbourne

[၂၁၄] Emptiness wrongly seen destroys the slow-witted, Like a serpent wrongly grasped or a spell wrongly performed.(MMK 24.11)

သိရှိနေသော နှင်းဆီပန်းမဟုတ် သမ္မုတိ သဘောအားဖြင့် နှင်းဆီပန်းဟု ခေါ်ဝေါ်သမုတ်ထားသော အစိတ်အပိုင်း အင်္ဂါများပေါင်းစုထားသော နှင်းဆီပန်း မဟုတ်။ အကြောင်း အထောက်အပံ့များစွာကို စွဲမှီတည်ရှိနေသော နှင်းဆီပန်းမဟုတ်။ နှင်းဆီပန်းနှင့်ပတ်သက်၍ သုညတာတရားက ပယ်အပ်သောဝတ္ထု (ပဟာတဗ္ဗဝတ္ထု) သည်ကား နှင်းဆီပန်း၏ ပကတိပင်ကိုယ် သဘာဝ သတ္တိသက်သက်အားဖြင့် ရှိနေပုံ ဟန်ပန်သဘော **(its manner of existing intrinsically or existing from its own side or by its own power)** ကိုသာ ပယ်ရှားသည် ဖြစ်ပါ၏။

ဤအချက်သည် အလွန် အရေးကြီးသော အချက်ဖြစ်၍ မဇ္ဈိမိကဒဿနတစ်ခုလုံး၏ နှလုံးသည်းပွတ် ပမာလည်း ဖြစ်၏။ သုညတာတရားက ပယ်အပ်သောဝတ္ထု (ပဟာတဗ္ဗဝတ္ထု) ကို အတိအကျ မမြင်ဘဲ ပိုမိုပယ်ရှားမိပါက နတ္ထိကဝါဒအစွန်းသို့ ကျရောက်နိုင်သောကြောင့်ဖြစ်၏။ နှင်းဆီပန်းကဲ့သို့သော လောကအရာဝတ္ထုများတွင် အသိခံတရား နှစ်ပါးရှိပါသည်။ တစ်ခုမှာ သတ္တဝါတိုင်း ဗီဇစိတ်ဖြင့် စွဲနေသော အရာဝတ္ထု ပကတိပင် ကိုယ်သဘာဝသတ္တိ သက်သက်အားဖြင့် ရှိနေပုံ ဟန်ပန်သဘော ဖြစ်၏။ ယင်းသဘောသည် လောကအရာဝတ္ထုတို့၌ အမှန်တကယ် မရှိပါဘဲနှင့် သတ္တဝါတို့၏ အနုသယ အာသဝတရားများက မှားယွင်းဖောက်ပြန်စွာ မြင်မက်စွဲလမ်းနေသာ အတ္တဒိဋ္ဌိ ဖြစ်၏။ ဓမ္မအသိဉာဏ် မပေါက်ရောက်သေးသော သတ္တဝါမှန်သမျှသည် မိမိတို့၏ လောကကို အဟုတ်အမှန် အခိုင်အမာ ရှိနေသော အရာဝတ္ထုများ၏ လောကအဖြစ် ယုံကြည်လျက် စွဲလမ်းတပ်မက် ရှင်သန်နေကြခြင်းဖြစ်၏။ မိမိတို့ ကိုယ် မိမိတို့လည်း အခိုင်အမာရှိနေသော အရာဝတ္ထုများ၏ လောကထဲ၌ အခိုင်အမာ တည်ရှိရှင်သန်နေသော သတ္တဝါများအနေဖြင့် ယုံကြည်လျက် စွဲလမ်းတပ်မက် ရှင်သန်နေကြခြင်းဖြစ်၏။ ဤ စွဲလမ်းမှု အတ္တဒိဋ္ဌိနှင့် ယင်းအတ္တဒိဋ္ဌိမှ စွဲယူဆုပ်ကိုင်ထားသော (အမှန်တကယ်မရှိသည့်) ပကတိ အရှိတရားစစ်စစ်သဘောတို့သည်ကား သုညတာဖြင့် ပယ်ရမည့်တရားများ ဖြစ်ပါ၏။ မဇ္ဈိမိကဒဿန၏ အလိုအရ ပယ်သတ်ရမည့်တရားသည် အရာခပ်သိမ်းကို မိမိတို့ကိုယ်ပိုင် သဘာဝ ဂုဏ်သတ္တိစွမ်းအားဖြင့် ပကတိ တည်ရှိနေနိုင်သည်ဟူသော **သဘာဝသိဒ္ဓိ** အမြင် (View of Inherent Existence) သာလျှင်ဖြစ်၏။ ထို့ကြောင့် အရာခပ်သိမ်း၏ ပကတိသဘာဝအမှန်သည် **ကိုယ်ပိုင်ပကတိ သဘာဝမရှိခြင်းသဘော** (The Lack of Inherent Existence) ပင် ဖြစ်သည်ဟု မဇ္ဈိမိက ဒဿနပညာရှင် စန္ဒြကိတ္တိက ဆိုခဲ့လေသည်။[၂၁၁]

၂၁၁။ **David Burton, Emptiness Appraised,(1999),p-4**

ပယ်ရမည့်တရားများကို ပယ်လိုက်သောအခါ လောကနှင့် လောက အရာဝတ္ထုများသည် လုံးဝ ဘိတ်စတုံးမရှိဘဲ ပျောက်ကွယ်လျက် ဗလာနတ္ထိ ဟင်းလင်းပြင်အဖြစ်သို့ ရောက်ရသည် မဟုတ်ချေ။ လောကနှင့် လောက အရာဝတ္ထုများ ပုဂ္ဂိုလ်သတ္တဝါများသည် လောကနှင့် လောကအရာဝတ္ထုများ၊ ပုဂ္ဂိုလ်သတ္တဝါများအနေဖြင့် ကျန်ရှိနေဦးမည်သာ ဖြစ်ပါ၏။ သို့သော်လည်း သုညတာ ဓမ္မအသိဉာဏ် ပေါက်ရောက်ပြီးသူ၏ အာရုံတွင် ပကတိ အရှိတရားစစ်စစ်သဘော ဆိတ်သုဉ်းနေသော လောကနှင့် လောက အရာဝတ္ထုများ၊ ပုဂ္ဂိုလ်သတ္တဝါများသည် (၁) အိပ်မက် ပမာ (၂) မျက်လှည့်ပမာ (၃) တံလျှပ်ပမာ (၄) မြူခိုးမင်းလွင် ပမာ (၅) ကြေးမုံရိပ်သွင် ပမာ (၆) ပဲ့တင်သံ ပမာ (၇) မှော် တိုင်းပြည် ပမာ (၈) ရေပေါလအရိပ် ပမာ (၉) သက်တန့် ပမာ (၁၀) ရေမြုပ် ပမာ (၁၁) အမြင်မှောက်မှားခြင်း ပမာ (၁၂) လျှပ်ပန်းနွယ် ပမာ (၁၃) ကသိုဏ်းနိမိတ် ပမာသာလျှင် ပေါ်လွင်ထင်ရှားလာလေ၏။[၂၅၆]

ရှုပကအလင်္ကာအားဖြင့် ညွှန်ပြသော ဤ ဥပမာအားလုံး၏ ဆုံချက်တူညီမှုသဘောမှာ ငှင်းတို့အားလုံးသည် ပကတိ အပြည့်အဝရှိခြင်းလည်းမဟုတ်၊ လုံးဝ ဘိတ်စတုံး မရှိခြင်းလဲ မဟုတ်ဘဲ၊ ရှိ=မရှိ ယတိပြတ် ဆုံးဖြတ်သတ်မှတ်၍ မရနိုင်စကောင်းသော **အရှိယောင် အာရုံတရားများ** ဖြစ်နေကြခြင်းပင် ဖြစ်၏။ ဓမ္မတရားဟူသမျှတို့သည် ကြောင်းကျိုး ဆက်နွယ်မှု - မဆက်နွယ်မှု သဘောတို့၏ အစုအဝေးတို့သာဖြစ်၍ ငှင်းတို့ကို သီးခြားဝိသေသ သဘောဖြင့် ရပ်တည်နေသော အရှိတရားများအနေဖြင့် ထပ်တူစွဲ၍ မရနိုင်ပေ။ ထပ်တူစွဲ၍ မရနိုင်သောကြောင့် ငှင်းဓမ္မတရားတို့၌ အရှိသဘော (Being) အားဖြင့်ယူဆ၍ မရနိုင်ပေ။ အရှိသဘော (Being) အားဖြင့်ယူဆ၍ မရနိုင် သော ဓမ္မတရား တို့၏ မရှိသဘော (Non-Being) ကိုလည်း ယူဆ၍ မရနိုင်ပေ။ ကြောင်းကျိုးဆက်နွယ်မှု - မဆက်နွယ်မှု သဘောတို့၏ အစုအဝေး ဖြစ်သော ဓမ္မတရားတို့သည် **ဖြစ်ရပ်သဘော** (Event / Entity) များမဟုတ်ဘဲ **ဖြစ်စဉ်သဘော** (Process / Becoming) အနေဖြင့် ရှုမြင်နိုင်မှသာ ငှင်းတို့ကို ပကတိသဘောအတိုင်း အမှန်အကန်မြင်နိုင်သည်ဟုဆိုနိုင်ပေလိမ့်မည်။

လောက ကို ရှိ-မရှိ သဘောဖြင့် မြင်ခြင်းသည် ဗုဒ္ဓဓမ္မ၏ ကျင့်စဉ်တရားများအတွက် စိုးစဉ်းမျှ အကျိုးမပြုပေ။ လောကကို အရှိတရားအဖြစ် ဆုပ်ကိုင်သူအတွက် လောကသည် အခြေခံအားဖြင့် ပြောင်းလဲစရာ ဘာမျှမရှိသောကြောင့် ဓမ္မအကျင့်

၂၅၆။ **Like a magical illusion, like a dream, like a city of the *gandharvas*,**
So origination, so duration, so cessation are spoken of.
(Nargajuna, Mula Madhyamika Karika 7.34)

မြတ် ကျင့်သုံးခြင်းသည် အဓိပ္ပာယ် မရှိချေ။ ထိုနည်းတူစွာ လောကကို မရှိတရား အဖြစ်ဆုပ်ကိုင် သူအတွက် လောကသည် အခြေခံအားဖြင့် ပြောင်းလဲစရာ ဘာမျှမရှိ သောကြောင့် ဓမ္မအကျင့်မြတ် ကျင့်သုံးခြင်းသည် အဓိပ္ပာယ် မရှိချေ။ နာဂဇုန္နဒေ၏ မဇ္ဈိမိကဒဿန အလိုအရ လောကကို ရှိ-မရှိ သဘောအမြင်များ ထက်ကြောင်း ကျိုးဆက်နွယ်မှု - မဆက်နွယ်မှု သဘောတို့၏ ဖြစ်စဉ်အားဖြင့် မြင်နိုင်မှသာ ဗုဒ္ဓ ဓမ္မ၏ ကျင့်စဉ်တရားများဖြစ်သော အဓိသီလ အဓိစိတ္တ အဓိပညာတို့ကို အားထုတ် ပွားများ နိုင်ပေလိမ့်မည်။

ထို့ကြောင့် မဇ္ဈိမိကဗုဒ္ဓဘာသာအမြင်တွင် စွဲမှီတည်ရှိဖြစ်ပွားသော သမ္မုတိ သစ္စာ သဘောများနှင့် ပကတိအရှိ တရားဖြစ်သော သုညတာသဘော (ပရမတ္ထ သစ္စာ) တို့ကို ပိုင်းပိုင်းခြားခြား ကွဲကွဲပြားပြား နားလည်သိမြင်ရန် အရေးကြီး၏။ သမ္မုတိသစ္စာ သဘောများကို သိမြင်သော လောကီစိတ်များသည် သုညတာသဘော (ပရမတ္ထသစ္စာ) ကို မမြင်နိုင်သလို သုညတာသဘော (ပရမတ္ထသစ္စာ) ကို သိမြင်သော လောကုတ္တရာ ဉာဏ်ပညာသည်လည်း သမ္မုတိသစ္စာ သဘောများကို မမြင်ပေ။ သူ့အတွေနှင့်သူ သူ့အာရုံနှင့် သူ့ဉာဏ်နှင့်သူဆိုသော သဘောကို သိမြင်နိုင်မှ လောကီ လောကုတ္တရာ နှစ်ဖြာသောဌာနတို့တွင် ကောင်းစွာ အထာကျပေလိမ့်မည် ဖြစ်ပါ၏။ သို့သော်လည်း ပရမတ္ထသစ္စာဖြစ်သော သုညတာသည် သမ္မုတိသစ္စာ ဖြစ်သော လောကီလောကုတ္တရာ တရားစုတို့၏ အနှစ်သာရ သဘာဝဖြစ်သောကြောင့် သစ္စာနှစ်ပါးသည် အစဉ်ထာဝရ အတူတကွ တည်ရှိနေကြသည်ဟု အသိရောက် နားလည်သဘောပေါက်ရန် ဖြစ်၏။

သုညတာသည် ဖော်ထုတ်ပြောဆိုမရသော အနိဗ္ဗစနီယဓမ္မ

နာဂဇုန္နဒေ၏ မဇ္ဈိမိကဒဿနအမြင်၌ သုညတာဓမ္မ ပဋိစ္စသမုပ္ပါဒဓမ္မနှင့် အစွန်းလွတ် အလယ်လမ်းဖြစ်သော မဇ္ဈိမပဋိပဒါတရားတို့သည် အတူတူပင် ဖြစ်ကြောင်း ဆိုခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် သုညတာသဘော ဆောင်နေသော ကြောင်းကျိုးဆက်နွယ်မှု - မဆက်နွယ်မှု သဘောတို့၏ ဖြစ်စဉ်ကို ရူပကအလင်္ကာထက် ပိုမို၍ တိကျသေချာသော ဝိဘာဂများ (Concepts and Definitions) အားဖြင့် ပုံဖော်လိုပါက လေကိုဖမ်း၍ ကြိုးတန်းချည်ရဘိသကဲ့သို့ မဖြစ်နိုင်သောအရာ ဖြစ်သည်ဟု အရှင် နာဂဇုန္နဒေက ဆိုပါသည်။ ဘာသာစကားသည် ဆန့်ကျင်ဘက်ဖြစ်နေသည့် အစုံအစုံတွဲ နေသော ဒွန္ဒသဘောများ (Binary Opposites) ဖြင့် ဖွဲ့စည်းထားလေရာ ဆန့်ကျင်ဘက် အစွန်းဟူသမျှတို့မှ ကင်းလွတ်နေသော သုညတာသဘော (၀ါ) အစွန်းလွတ်

အလယ်လမ်း ဖြစ်သော မဇ္ဈိမပဋိပဒါသဘောကို ဘာသာစကားအားဖြင့် ဖွဲ့စည်းတည်ဆောက်ဖော်ထုတ်တင်ပြရန် အလျင်းမဖြစ်နိုင်ချေ။ တိပက်ဗုဒ္ဓဘာသာ ဆကျပဂိုဏ်းမှ မဇ္ဈိမိက ဒဿနပညာရှင် ဂိုရမ်ပဓ၏ အလိုအရလည်း အရာခပ်သိမ်း၏ ပကတိသဘာဝဖြစ်သော သုညတာသည် ဘာသာစကားဖြင့် ညွှန်ပြရန် မဖြစ်နိုင်ကြောင်း ဆိုခဲ့၏။[၂၁၇]

အကယ်စင်စစ်မှန်သော အမြင်ဟူသည် ရှိခြင်းနှင့် မရှိခြင်း အယူစွဲများမှ ကင်းလွတ်ကြောင်းကို ရှေးအကျဆုံးဖြစ်သော ပါဠိပိဋကတ် သံယုတ္တနိကာယ်လာ ကစ္စာနဂေါတ္တသုတ်တွင်ပင် ဤသို့ တွေ့ရ၏။

"ကစ္စာန ဤသတ္တဝါအပေါင်းသည် များသောအားဖြင့် ရှိသည်၏ အဖြစ်ကို လည်းကောင်း၊ မရှိသည်၏ အဖြစ်ကိုလည်းကောင်း နှစ်ပါးကို မှီ၏။ ကစ္စာန သခ်ါရလောက၏ ဖြစ်ပေါ်ကြောင်းကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်သော သူအား သခ်ါရလောကၱ မရှိဟူသော အယူသည် မဖြစ်။ ကစ္စာန သခ်ါရလောက၏ ချုပ်ငြိမ်းရာကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်သော သူအား သခ်ါရလောကၱ ရှိ၏ဟူသော အယူသည် မဖြစ်။

ကစ္စာန ဤသတ္တဝါအပေါင်းကို ကပ်ရောက်မှု 'ဥပယ'၊ ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်'၊ နှစ်မြုပ်စွဲးဝင်မှု 'အဘိနိဝေသ' တို့သည် သတ္တဝါအပေါင်းကို များသောအားဖြင့် နှောင်ဖွဲ့အပ်၏။ ဤအရိယာတပည့်သည်ကား စိတ်၏ တည်ရာ နှစ်မြုပ်စွဲးဝင်ရာ၊ ကိန်းအောင်းရာဖြစ်သော ထိုကပ်ရောက်မှု 'ဥပယ'၊ ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်' ကို "ငါ၏ အတ္တတည်း' ဟု မကပ်ရောက်၊ မစွဲလမ်း၊ မဆောက်တည်။ "ဖြစ်ခဲ့သော် ဆင်းရဲသာ ဖြစ်၏၊ ချုပ်ခဲ့သော် ဆင်းရဲသာ ချုပ်၏" ဟု ယုံမှားမှု မရှိ၊ တွေးတောမှု မရှိ။ ဤအရာ၌ ထိုပုဂ္ဂိုလ်အား သူတစ်ပါးကို အားထား၍ ယုံကြည်သည် မဟုတ်၊ (ကိုယ်တိုင်) သိခြင်းသာ ဖြစ်၏။ ကစ္စာန ဤမျှဖြင့် မှန်သော အမြင် 'သမ္မာဒိဋ္ဌိ' ဖြစ်၏။

ကစ္စာန "အလုံးစုံသည် ရှိ၏" ဟူသော ဤအယူသည် တစ်ခုသော အစွန်းပေတည်း၊ "အလုံးစုံသည် မရှိ" ဟူသော ဤအယူ သည်လည်း နှစ်ခုမြောက်ဖြစ်သော အစွန်းပေတည်း။ ကစ္စာန ဤနှစ်ပါးသော အစွန်းတို့ကို မကပ်ရောက်မှု၍ အလယ်အလတ်အားဖြင့် မြတ်စွာဘုရားသည် တရားဟောတော်မူ၏၊ မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုပြင်စီရင်မှု 'သခ်ါရ' တို့ ဖြစ်ကုန်၏၊ ပြုပြင်စီရင်မှု 'သခ်ါ

၂၁၇။ **Garfield, Jay L. (1995), *The Fundamental Wisdom of the Middle Way*, Oxford: Oxford University Press, p-102**

ရ ' အကြောင်းခံကြောင့် သိမှု 'ဝိညာဏ် ' ဖြစ်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပေါ်၏၊ မသိမှု 'အဝိဇ္ဇာ 'ဏ်သာလျှင် အရဟတ္တာမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ပြုပြင်စီရင်မှု 'သင်္ခါရ ' တို့ ချုပ်ကုန်၏၊ ပြုပြင်စီရင်မှု 'သင်္ခါရ ' တို့ ချုပ်ခြင်းကြောင့် သိမှု 'ဝိညာဏ် ' ချုပ်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုချုပ်၏ဟု (ဟောတော်မူ၏)။[၂၁၀]

ဒေရှင်နာဂဇွန်နှုန်၏ မဇ္ဈိမိကဒဿနအမြင်၏ အခြေခံဖြစ်သော ရှိ-မရှိ အစွန်းတရားများမှ ရှောင်ဖယ်သော ရပ်တည်ချက်သည် အထက်ပါ ကစ္စာနဂေါတ္တသုတ်လာ ရှင်တော်ဗုဒ္ဓ၏ အမြင်နှင့် တစ်ထပ်တည်း ဖြစ်၏။ ထို့ကြောင့် အရှင်နာဂဇွန်နှုန်၏ မဇ္ဈိမိကဒဿနသည် ရှေးဦးမူလ ဗုဒ္ဓဓမ္မကို ပြန်လည်ဖော်ထုတ်သော အမြင်အဖြစ် အချို့ပညာရှင်တို့က သတ်မှတ်ကြခြင်းဖြစ်၏။ အရှင်နာဂဇွန်နှုန်၏ အလိုအရ အရှိသဘောကို ဆုပ်ကိုင်ခြင်းသည် မြဲခိုင်၏ဟူသော သဿတအစွန်းဖြစ်ပြီး မရှိသဘောကို ဆုပ်ကိုင်ခြင်းသည် ပျောက်ဆုံးပျက်သုဉ်း၏ဟူသော ဥစ္ဆေဒအစွန်း ဖြစ်၏။ ထို့ကြောင့် ဓမ္မတရားတို့၏ ပကတိသဘာဝအမှန် (ဓမ္မသုညတာ)ကို မြင်သူသည် ရှိ-မရှိ ဟူသော အစွန်းတရားများမှ ရှောင်ဖယ်ကင်းလွတ်ရာ၌သာ ရပ်တည်၏။[၂၁၉]

အတ္တ-အနတ္တ အတ္ထိ-နတ္ထိ ဘာဝ-အဘာဝတို့ကို ကျော်လွန်နေသော သုညတာ

စဉ်ဆက်မပြတ်စီးဆင်းနေသော ကြောင်းကျိုးဆက်နွယ်မှု တရားသဘောတို့၏ ဖြစ်ပေါ်မှုနှင့် ချုပ်ငြိမ်းမှု တစ်လှည့်စီ ဖြစ်ပွားနေသော ဓမ္မသန္တတိအစဉ်တွင် သီးခြားရပ်တည်နိုင်သော ခိုင်မာမြဲမြံသော အနှစ်သာရအားဖြင့် ပကတိ တည်ရှိနေနိုင်သော

၂၁၀။ Thanissaro Bhikkhu (1997). SN 12.15 Kaccayanagotta Sutta: To Kaccayana Gotta (on Right View)

၂၁၉။ "It exists" is a grasping of permanence; "it does not exist" is a view of Annihilation.
Therefore one who sees clearly does not rely on existence and nonexistence. (Nargajuna, Mula Madhyamika Karika 15.10)
For what exists by intrinsic nature does not [ever] not exist; thus it is permanent.
"Now it does not exist; [but] it existed previously" thus annihilation follows. (Nargajuna, Mula Madhyamika Karika 15.11)
Whatever arises in dependence on something is, in the first place, not just that;
Nor is it different. Therefore it is neither annihilated nor permanent. (Nargajuna, Mula Madhyamika Karika 18.10)
Not one thing, not something manifold, without annihilation, without permanence:
This is the nectar of the teaching of the Buddhas, the protectors of the world. (Nargajuna, Mula Madhyamika Karika 18.11)

အရာဝတ္ထုဟူ၍ စိုးစိမ်မျှ မရှိပြီ။ ဤဖြစ်စဉ်၏ အစိတ်အပိုင်းများကိုလည်း ရှိ-မရှိ စသော ပုံသေကားကျ ထပ်တူပြု သတ်မှတ်ချက်များဖြင့် ဖော်ညွှန်းရန် မဖြစ်နိုင်ပေ။ အကြောင်းတရားနှင့် အကျိုးတရားများ ထပ်တူမညီသောကြောင့် (၀၊) တစ်သား တည်း မဖြစ်ခြင်းကြောင့် မြဲခိုင်တည်တံ့ခြင်းသဘောဟူ၍ မရှိသလို အကြောင်းတရား နှင့် အကျိုးတရားများ လုံး၀ တစ်သီးတစ်ခြား မဟုတ်ဘဲ ဆက်နွယ်နေကြသော ကြောင့် အလုံးစုံ ချုပ်ငြိမ်းခြင်းသဘောဟူ၍လည်း မရှိနိုင်ပေ။

စဉ်ဆက်မပြတ် စီးဆင်းနေသော ကြောင်းကျိုးဆက်နွယ်မှု တရားသဘောတို့၏ သဘောအမှန်ကို မြင်ခြင်းသည် ပဋိစ္စသမုပ္ပါဒ = အစွန်းလွတ် အလယ်လမ်း အမြင်ကို ရရှိခြင်းဖြစ်သည်။ အစွန်းလွတ် အလယ်လမ်းအမြင်ကို ရရှိခြင်းသည် အရာဝတ္ထုဟူသမျှ ဓမ္မတရား ဟူသမျှတို့၏ ပကတိငြိမ်းအေးနေသော သဘာ၀ (သုန္ဟဓမ္မ) ကို မျက်မှောက်ပြုရခြင်း ဖြစ်လေသည်။ ယင်းသို့ ပကတိငြိမ်းအေးနေ သော သဘာ၀(သုန္ဟဓမ္မ) ၌ ဖြစ်ပေါ်ခြင်း၊ ပျက်စီးခြင်း၊ တည်မြဲခြင်း၊ ပျက်သုဉ်း ခြင်း၊ လာရောက်ခြင်း၊ ထွက်ခွာခြင်း၊ တစ်ခုတည်းသဘောဖြစ်ခြင်း၊ အများသဘော ဖြစ်ခြင်း စသော သဘောတရားများ လုံး၀မရှိကြောင်းကိုလည်း အရှင်နာဂဇုနက ညွှန်ပြခဲ့ပါ၏။[၂၆၀]

သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့၏ အနက်အဓိပ္ပာယ်သစ်

မဇ္ဈိမိကဒဿန၏ ဝေဖန်သုံးသပ်မှု ဓမ္မစက်အောက်တွင် ရှိရှိသမျှသော လောကီ လောကုတ္တရာ သင်္ခတ အသင်္ခတ ပညတ် ပရမတ်တရား ဟူသမျှတို့၏ ကိုယ်ပိုင် ပကတိ အနှစ်သာရ သဘာ၀ဆိတ်သုဉ်းပုံကို ရှည်လျားစွာ ပြဆိုခဲ့ပြီး ဖြစ်ရာ မဇ္ဈိမိက ဒဿန၏ အမြင်ကို အကျဉ်းမျှ ဆ၀ါးနိုင်လောက်ပြီဟု ယူဆပါ၏။ ဤသို့ ဖြစ်လျှင် အရာခပ်သိမ်း သုညတာ ဖြစ်သောကြောင့် လောကသည် အရှိသဘော စိုးစဉ်းမျှ မရှိဘဲ ဘိတ်စတုံး နတ္ထိဟင်းလင်းလဟာ ဖြစ်ပါသလောဟု မေးပါလျှင်

---

[၂၆၀] **He who taught dependent origination, [which is] without cessation, without origination,**
Without annihilation, without permanence, not one thing, not some-thing manifold.(Nargajuna, Mula Madhyamika Karika 1.A)
Without coming, without going, the quiescence of conceptual elaboration *(prapañca)*, tranquil,[Is] the perfect Buddha. I pay homage to that best of speakers. (Nargajuna, Mula Madhyamika Karika 1.B)
The weak-minded who see the existence and nonexistence of Entities
Do not see the tranquil quiescence of the visible, (Nargajuna, Mula Madhyamika Karika 5.8)

ထိုသို့ မဟုတ်ကြောင်းကိုလည်း သုညတာဓမ္မသည် နတ္ထိကဝါဒ အယူအဆ မဟုတ်ကြောင်း ပြဆိုခဲ့ပြီးဖြစ်ပါ၏။

ဤသို့ဆိုလျှင် မဇ္ဈိမိကဒဿန၏ အမြင်၌ အဟုတ်အမှန်ရှိသော တရားသည် အဘယ်နည်း။ မှန်ကန်ခြင်း သစ္စာတရား အသိများကို မဇ္ဈိမိကဒဿန အလို အရ မည်သို့အနက် ဖွင့်ဆိုမည်နည်း။ ဤ မေးခွန်းများအတွက် မဇ္ဈိမိကဒဿနက သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာဟူ၍ သစ္စာအသိနှစ်မျိုး ခွဲခြားပြသခဲ့၏။ သမ္မုတိသစ္စာဟူသည်ကား လူအများ သဘောတူ သတ်မှတ်ပညတ်သော အမှန်မျိုးဖြစ်သလို တကယ့်အစစ်အမှန် သဘာဝကိုလည်း ဖုံးကွယ်ကာဆီးထားတတ်သော သဘောလည်း ရှိပေသည်။ ဆန့်ကျင်ဘက်အားဖြင့် ပရမတ္ထသစ္စာဟူသည်မှာ သမ္မုတိသစ္စာ၏ အဖုံးအကာများကို ခွာချလိုက်သောအခါတွင် ကျန်ရစ်သော ပကတိသဘာဝ အစစ်အမှန်သဘော နောက်ဆုံးသိမြင်ရသည့် အမှန်တကာ့ အမှန်ဆုံးသဘောကို ဆိုလိုပေသည်။[၂၆၁] သစ္စာအသိနှစ်မျိုး ခွဲခြားမသိသူသည် ဓမ္မ၏အနက်မှန်ကို သိသူ မဟုတ်ကြောင်းကိုလည်း ဖော်ပြခဲ့၏။ သမ္မုတိသစ္စာသည် အခြေခံဖြစ်၏။ နည်းလမ်းဖြစ်၏။ ပရမတ္ထသစ္စာသည် ပန်းတိုင်ဖြစ်၏ ပကတိအမှန်တရားဖြစ်၏။ ပရမတ္ထသစ္စာဆီသို့ ဆိုက်ရောက်ရန်အတွက် သမ္မုတိသစ္စာကို အသုံးမချဘဲ မရောက်နိုင်ကြောင်း မဇ္ဈိမိကဒဿနက ယူဆပါ၏။[၂၆၂]

မဇ္ဈိမိကဒဿနသည် သဗ္ဗတ္ထိဝါဒအဘိဓမ္မာနှင့် ကွဲပြားစွာ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့၏ အနက်အဓိပ္ပာယ်သစ်ကို ဖွင့်ဆိုခဲ့၏။ သဗ္ဗတ္ထိဝါဒအဘိဓမ္မာအလိုအရ ပရမတ္ထသစ္စာသည် ကာလသုံးပါးစလုံးတွင် အစစ်အမှန်တည်ရှိနေသော ဓမ္မတရားများ (ခန္ဓာ-အာယတန-ဓာတု-သစ္စာ) ဖြစ်ပြီး ယင်းဓမ္မတရားများအပေါ် နာမပညတ်တင် သတ်မှတ်ထားသော အစုအဝေးသဘောများ (လူ-သတ္တဝါ-အရာဝတ္ထု စသည်) မှာ သမ္မုတိသစ္စာ ဖြစ်သည်ဟုဆိုသည်။ ဤ ရှုထောင့်အမြင်မှ

---

[၂၆၁] **Geshe Tashi Tsering, Relative Truth, Ultimate Truth, Wisdom Publications(2008), p-108**

[၂၆၂] **The Dharma teaching of the Buddhas is based on two truths: The worldly superficial truth and the truth in the ultimate sense.(Nargajuna, Mula Madhyamika Karika 24.8)**
Those who do not know the distinction between these two Truths
Do not know the profound reality in the Buddha's teaching.
(Nargajuna, Mula Madhyamika Karika 24.9)
Without resorting to conventional expression, the ultimate truth cannot be taught.
Without arriving at ultimate truth, nirvaja cannot be attained.
(Nargajuna, Mula Madhyamika Karika 24.10)

ကြည့်လျှင် ပရမတ္ထသစ္စာနှင့် ခန္ဓာ-အာယတန-ဓာတု-သစ္စာ စသည့် ပရမတ္ထ အရှိ တရားတို့သည် သမ္မုတိသစ္စာတရားများနှင့် ကင်းလွတ်၍ မိမိကိုယ်ပိုင် သဘာဝ ဂုဏ်သတ္တိအားဖြင့် တည်ရှိနေကြသည့် ဓမ္မတရားများ (Inherently existing Dharmas) ဟု ယူဆသလို ဖြစ်ပါသည်။

မဇ္ဈိမိကဒဿန အမြင်အရ ခန္ဓာ-အာယတန-ဓာတု-သစ္စာ စသော ဓမ္မတရားများကို ကိုယ်ပိုင်သတ္တိ စွမ်းအားဖြင့်အစစ်အမှန် တည်ရှိနေသော သဘာဝတရားများအဖြစ် လက်မခံဘဲ အတွင်းသား အနှစ်သာရ မရှိသော သုညတဓမ္မ တရားစုများအနေဖြင့်သာ လက်ခံသောကြောင့် ၄င်းတို့သည်လည်း သမ္မုတိသစ္စာ၏ နယ်ပယ်အတွင်းသာ ဝင်ရောက်နေပေသည်။ အစုအဝေးသဘောများကို ခွဲခြမ်းစိတ်ဖြာလျှင် အစိတ်အပိုင်းသဘောများကိုရသလို ထိုအစိတ်အပိုင်းသဘောများကို ထပ်မံခွဲခြမ်းစိတ်ဖြာလျှင် နောက်ဆုံးကျန်ရှိသည်မှာ အတွင်းသားအနှစ်သာရ မရှိသောသဘော (သုညတာဘာဝ) သက်သက်သာ ဖြစ်သောကြောင့် မဇ္ဈိမိကဒဿန၏ အမြင်၌ ယင်း သုညတာဘာဝ သည့်ပင်လျှင် အဆုံးစွန်သော ပရမတ္ထသစ္စာ ဖြစ်လေသည်။ တစ်နည်းအားဖြင့် ပရမတ္ထသစ္စာဟူသည် သမ္မုတိသစ္စာတရားတို့မှ တစ်သီးတစ်ခြား ကင်းလွတ်တည်ရှိနေသည် မဟုတ်ဘဲ သမ္မုတိသစ္စာတရားတို့၏ သမ္မုတိဖြစ်ခြင်း သဘော (သမ္မုတိသစ္စာ၏ သုညတာဖြစ်မှု) ပင် ဖြစ်လေသည်။ သမ္မုတိသစ္စာတရားတို့ကို ဖယ်ကြဉ်၍ ငြင်းပယ်၍ ကျော်လွန်၍ ပရမတ္ထသစ္စာကို အရှိတရား တစ်ခု အနေဖြင့် မရနိုင်ပေ။ ထို့ကြောင့် ပရမတ္ထသစ္စာကို ထိုးထွင်းသိမြင်ခြင်း ဆိုသည်မှာ သမ္မုတိသစ္စာ တရားတို့၏ သမ္မုတိဖြစ်ခြင်းသဘောကို ကျော်လွန်၍ ညွှန်းဆိုစရာ ဆုပ်ကိုင်စရာ ပကတိအရှိတရား တစ်ခုမျှမရှိခြင်း သဘောကို မြင်ခြင်းဖြစ်၏။[၂၆၃]

ထို့ကြောင့် မဇ္ဈိမိကဒဿနသည် သိမှုအလွှာအမျိုးမျိုးကို လက်ခံသော်လည်း အရှိတရား သဘောတစ်မျိုးတည်းကို သာ လက်ခံ၏။ ယင်း အရှိတရားသည် တက္ကိကဗေဒ အမြင်များမှ ထွေထွေရာရာ ကြံဆဖန်တီးအပ်သော ကာလ-အာကာသ-ကြောင်းကျိုးတရားတို့ကို ကျော်လွန်၍ နိစ္စထာဝရ သဘောအားဖြင့် တည်နေသော တစ်ခုတည်းသော အဒွိတ္တ အရှိတရားမျိုးလည်း မဟုတ်သလို ကာလ-အာကာသ-ကြောင်းကျိုးတရားတို့၏ ဘောင်အတွင်းမှ မိမိ ကိုယ်ပိုင်ပကတိ အနှစ်သာရအားဖြင့် စစ်စစ်မှန်မှန် ရပ်တည်နေသော ဓမ္မအခြေခံတရားများလည်း မဟုတ်ချေ။ ပထမ အယူအဆသည် ဝေဒန္တဒဿန၏ အမြင်ဖြစ်ပြီး ဒုတိယ အယူအဆသည် ဂျိန်း

၂၆၃။ **Garfield, Jay. *Empty Words: Buddhist Philosophy and Cross-cultural Interpretation*, pp. 91.**

ညာယ-ဝိသေသိကနှင့် ရှေးဦးဗုဒ္ဓဝါဒ အဘိဓမ္မာဂိုဏ်းများ (အထူးသဖြင့် သဗ္ဗတ္ထိဝါဒဂိုဏ်း) တို့၏ အမြင်ဖြစ်၏။

မဇ္ဈိမိကဒဿနက လက်ခံသော အဆုံးစွန်အရှိတရားမှာ **အရာခပ်သိမ်း၏ ပကတိအနှစ်သာရ ဆိတ်သုဉ်းမှု** (သဗ္ဗဓမ္မ သုညတာ) သာလျှင် ဖြစ်ပြီး ၄င်းသည် အရာခပ်သိမ်း၏ စွဲမှီပေါင်းစပ်ဖြစ်ပွားရသည့် ပဋိစ္စသမုပ္ပါဒ သဘောနှင့် တရားကိုယ်အားဖြင့် အတူတူပင် ဖြစ်လေသည်။ ဤ သုညတာဓမ္မ = ပဋိစ္စသမုပ္ပါဒ သဘောသည်သာ မဇ္ဈိမိကဒဿနက လက်ခံသော အရှိတရား (၀၁) ပရမတ္ထသစ္စာ ဖြစ်၏။ ကျန်သော ဓမ္မတရားဟူသမျှကို သမ္မုတိသစ္စာ၏ နယ်ပယ်၌ ထည့်သွင်း ရေတွက်ခဲ့ပါသည်။ ၄င်းအရှိတရားသည် အတွေးဝိဘာဂ ပညတ်တရား အယူအမြင်များကို လွန်မြောက်လျက် ပကတိ အတိုင်းတိုင်း ရှိနေသော သဘောတရားဖြစ်သောကြောင့် **တထတာ** (Suchness) ဟုလည်း ခေါ်ဆို၏။[၂၆၄]

ထို့ကြောင့် မဇ္ဈိမိကဒဿန၏ သစ္စာနှစ်ပါးဆိုင်ရာ အမြင်သည် ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းတို့၏ အမြင်များနှင့် ကွဲပြားခြားနားနေခြင်းဖြစ်၏။ အထူးသဖြင့် သမ္မုတိသစ္စာအပေါ် ရှုမြင်မှုသည် အဓိက ခြားနားချက်ဖြစ်နေသည့်ကို တွေ့ရ၏။ သဗ္ဗတ္ထိဝါဒ စသော ရှေးဦး အဘိဓမ္မာဂိုဏ်းတို့၏ အမြင်အရ သမ္မုတိသစ္စာသည် လုံးလုံးမရှိသော အမှန်တကယ်မရှိသော သဘောဖြစ်၍ ပရမတ္ထသစ္စာ ပရမတ္ထဓမ္မတရားတို့သည်သာ အစစ်အမှန်ရှိသော ကိုယ်ပိုင်စွမ်းအားဖြင့် ရပ်တည်နေသော သဘောများ ဖြစ်ကြသောကြောင့် သမ္မုတိသစ္စာသည် ကျော်လွန်ရမည့် စွန့်ပယ်ရမည့် နယ်ပယ်တစ်ခုဖြစ်၏။ တစ်နည်းအားဖြင့် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့ကို တစ်သီးတစ်ခြားစီ တည်ရှိနေသော ရှိမှုနယ်ပယ်များ (Ontological Regions) အဖြစ် ယူဆထားခြင်းဖြစ်၏။ မဇ္ဈိမိကဒဿန၏ အမြင်တွင်မူ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့ကို တစ်ခုတည်းသော သဘာဝ၏ မျက်နှာစာနှစ်ခု (၀၁) ဘက်နှစ်ဖက် (Aspects/Isolates) အနေဖြင့် ရှုမြင်၏။ အရာဝတ္ထုတိုင်းတွင် သမ္မုတိသစ္စာသဘောဆောင်နေသော မျက်နှာစာရှိသလို ထိုသမ္မုတိသစ္စာကိုသိသော လောကီအသိစိတ်လည်းရှိ၏။ ထို့အတူ အရာဝတ္ထုတိုင်းတွင် ပရမတ္ထသစ္စာ သဘောဆောင်နေသော မျက်နှာစာလည်းရှိသလို ထိုပရမတ္ထသစ္စာကို သိမြင်သော လောကုတ္တရာဉာဏ်ပညာ သိစိတ်လည်းရှိ၏။ ဤသို့ သစ္စာနှစ်ပါးသည် တစ်ခုနှင့်တစ်ခု အလျှော်ဖြစ်လျက် တစ်ခုတည်းသော အရာဝတ္ထု၏ ခြားနားသော မျက်နှာစာများအဖြစ်

၂၆၄။ **Ganjin Nagao, *The Foundational Standpoints of Madhyamika Philosophy***

တစ်ပြိုင်နက် တည်ရှိနေကြ၏။ ထို့ကြောင့် မဇ္ဈိမိကဒဿန၏ ရှုထောင့်မှ အဆုံးစွန်အနေဖြင့်ဆိုရလျှင် အမှန်တကယ်ရှိနေသော အရာဝတ္ထုများမှာ သမ္မုတိအရာဝတ္ထုများ (၀၊) သမ္မုတိသစ္စာများသာ ဖြစ်ပြီး ၄င်းတို့၏ ပကတိအမှန်သဘော ဖြစ်သည့်အတွင်း အနှစ်သားအမာခံ ဆိတ်သုဉ်းခြင်း (သုညတာသဘာဝ) သည် ၄င်းတို့၏ ပရမတ္ထသစ္စာဖြစ်လေသည်။ ထို့ကြောင့် မဇ္ဈိမိကဒဿန၏အမြင်တွင် ကျော်လွန်ရမည့် တရားမှာ သမ္မုတိသစ္စာ၏ သာမန်အရှိတရား (mere existence)မဟုတ်ဘဲ သမ္မုတိသစ္စာနှင့် သမ္မုတိတရားများကို ပကတိအရှိတရားများ အဖြစ်မှားယွင်း စွဲယူနေခြင်းသဘော (The Mistaken belief in the Inherent Existence of conventional realities) ကိုသာ ကျော်လွန်ရန်ဖြစ်လေသည်။[၂၆၅]

မဇ္ဈိမိကဒဿနက အမြင်အရ ရှင်တော်ဗုဒ္ဓသည် ပထမအဆင့်အနေဖြင့် သမ္မုတိ သစ္စာအရ အရှိတရားများကို အခြေခံ အဖြစ်ဟောသည်။ ဒုတိယအဆင့်အနေဖြင့် ယင်းတို့၏ မရှိမူသဘောကို ဟောပြန်သည်။ တတိယအဆင့်အနေဖြင့် ရှိခြင်းနှင့် မရှိခြင်းတို့သည် အပြန်အလှန် ဆက်နွယ်နေသော ရှုထောင့်နှစ်ခုအဖြစ် ဟောသည်။ နောက်ဆုံး စတုတ္ထအဆင့်အနေဖြင့် ပရမတ္ထသစ္စာတရားသည် ရှိခြင်း၊ မရှိခြင်း စသော ဆန့်ကျင်ဘက် ဝိဘာဂတရားများကို ကျော်လွန်နေသည့် (တထတာ ဓမ္မ) အနေဖြင့် ဟောသည်။ ဤသို့လျှင် ဗုဒ္ဓဓမ္မသည် သမ္မုတိသစ္စာမှ စတင်၍ အလွှာလွှာ အဆင့်ဆင့် နက်ရှိုင်းလျက် နောက်ဆုံး ပရမတ္ထသစ္စာဆီသို့ ဆိုက်ရောက်ရကြောင်း မဇ္ဈိမိကဒဿနက လက်ခံထားပါသည်။[၂၆၆]

မဇ္ဈိမိကဒဿနသည် မူလဗုဒ္ဓဓမ္မ၏ လက်တွေ့အကျိုးရလဒ် အခြေပြု ချဉ်းကပ်နည်းကို ပြန်လည်ဖော်ထုတ်သည့် လှုပ်ရှားမှုအဖြစ် မြင်နိုင်သည်။ ဓမ္မသည် ဝိမုတ္တိတရားတည်းဟူသော တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးမည့် လှေဖောင်သဖွယ်သာဖြစ်ပြီး စွဲလန်းဆုပ်ကိုင်ရန်အတွက် မဟုတ်ပေ။ ဒုက္ခသစ္စာ၏ အကြောင်းတရားသည် သုညတာသဘာဝကို မသိသော အဝိဇ္ဇာ (မောဟ) ကြောင့် ဘဝနှင့်လောကကို အတ္တ-အတ္တနိယ(ငါ ငါ့ကိုယ် ငါ့ဥစ္စာ) အဖြစ် တဏှာ ဥပါဒါန်တို့ဖြင့် စွဲလမ်း

၂၆၅။ **The Cowherds, Moonshadows: *Conventional Truth in Buddhist Philosophy*, Oxford University Press, (2011),p-36**

၂၆၆။ **Everything is real, or not real, both real and not real, neither real nor not real: this is the progressive teaching of the Buddha. (MMK 18.8)**
"Self " has been designated; "nonself," too, has been taught.
"Neither [any] self nor any nonself," has also been taught by the Buddhas. (MMK 18.6)
"Empty" should not be said, nor should "nonempty,"
Both, or neither; but it is said for the sake of communication *(prajñapti)*. (MMK 22.11)

ခြင်း ဖြစ်၏။ သုညတာဓမ္မကို သိမြင်ခြင်းသည် ပကတိသဘာဝ အရှိတရားအပေါ် စွဲလမ်းဆုပ်ကိုင်မှုများကို အမြစ်ပြတ် ပယ်နုတ်ရန်အတွက် လက်နက် ကိရိယာသာ ဖြစ်သည့်အတွက် သုညတာဓမ္မကိုလည်း အမြင်တစ်ခုအနေနှင့် မစွဲလမ်းအပ်ပေ။ လေတိုက်၍ ပွတ်တိုက်သော သစ်ကိုင်းတို့သည် မိမိတို့ကြောင့် ဖြစ်ပေါ်သော မီး က မိမိတို့ကိုပါ ဝါးမျိုလောင်မြိုက်ဘိသကဲ့သို့ သုညတာဓမ္မကို သိမြင်သော ဗောဓိ ဉာဏ်သည် ကိလေသာ အရင်းအမြစ်ဖြစ်သော အဝိဇ္ဇာ အာသဝ မောဟ တရားများ ကို လောင်မြိုက်သည့်နည်းတူ မိမိကိုယ်ကိုလည်း မချွင်းမချန် လောင်မြိုက် ပျောက် ဆုံးစေ၏။ နောက်ဆုံး ကျန်ရစ်သည့်အရာမှာ တွေးစိတ်၏ (အဝိဇ္ဇာ-တဏှာ-ဥပါ ဒါန်တို့ဖြင့်) ဖန်ဆင်းမှု ဟူသမျှတို့ ငြိမ်းချုပ်နေသည့်(အတ္တ-အနတ္တ သုည-အသုည ဘာဝ-အဘာဝ နိစ္စ-အနိစ္စ သုခ-ဒုက္ခ စသည့်) ဆန့်ကျင်ဘက် ဝိဘာဂများအားဖြင့် မည္သွန်ပြစကောင်းသော လွတ်မြောက်ခြင်း သဘောသက်သက်မျှသာ ဖြစ်လေသည်။[၂၆၇]

အိန္ဒိယနိုင်ငံ ပြင်ပရောက် မဇ္ဈိမိကဒဿနဂိုဏ်း

အိန္ဒိယနိုင်ငံမှ မဇ္ဈိမိကဗုဒ္ဓဘာသာသည် တရုတ်ပြည်သို့ ရောက်ရှိသောအခါတွင် စံလွန်းဂိုဏ်း (ကျမ်းသုံးဆူဂိုဏ်း) ဟူသော အမည်ဖြင့် ထင်ရှားခဲ့၏။ အရှင်နာဂဇုန၏ မူလမဇ္ဈိမိကကာရိကာကျမ်း၊ ဒွါဒသဒွါရကျမ်းတို့နှင့် အရှင်အရိယဒေဝ၏ သတကသျှတ္တရကျမ်း သုံးကျမ်းကို အခြေတည်၍ ပေါ်ပေါက်လာသော ဂိုဏ်းဖြစ်၏။ အေဒီ (၅) ရာစုတွင် အရှင်ကုမာရဇီဝ မထေရ်သည် နာဂဇုန၏ မူလမဇ္ဈိမိကကာရိကာ ကျမ်းကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့ပြီး သူ၏ တပည့်သာဝကများ ဖြစ်သော တောက်ရှုန် တန်ချိန့် ဆန်လျှန်းတို့ကို ပို့ချပေးခဲ့၏။ ဆန်လျှန်းသည် တရုတ် မဇ္ဈိမိကဂိုဏ်း ကို အဓိက ပဓာနထူထောင်ခဲ့သူ ဖြစ်ခဲ့၏။[၂၆၈] အေဒီ (၆) ရာစုတွင် ဖလန်သည် စံလွန်းဂိုဏ်း၏ အကြီးအကဲဖြစ်ခဲ့ပြီး တပည့်သာဝက ၂၅ ဦး ကို လက်ဆင့်ကမ်း ဓမ္မအမွေပေးခဲ့၏။

၂၆၇။ **The quiescence of all [dualistic] apprehensions *(upalambha)* [of objects] is the tranquil quiescence of conceptual elaboration.**
No dharma has been taught by the Buddha to anyone anywhere. (MMK 25–24)
Because of the end of action *(karman)* and afflictive emotions *(klefa)*, there is liberation. Action and afflictive emotions are due to dualistic thoughts. Those are due to conceptual elaboration, but conceptual elaboration ceases in emptiness. (MMK 18.5)

၂၆၈။ **J. Takakusu, Essentials of Buddhist Philosophy, University of Hawaii Press (1947), p-102**

ဖလန်၏ တပည့်များအနက် ချိုဆန်သည် အထက်မြတ်ဆုံးဖြစ်ပြီး စံလွန်းဂိုဏ်း၏ အဓိကအကျဆုံး ဦးကာများကို ရေးသားခဲ့၏။ သူရေးသားခဲ့သော ကျမ်းများအနက် သစ္စာနှစ်ပါး (သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ) တို့ကို ဖွင့်ဆိုရှင်းပြထားသော ကျမ်းသည် အထူးထင်ရှား လူသိများသော ကျမ်းဖြစ်ကြ၏။ ချိုဆန်၏ တပည့်တစ်ဦးဖြစ်သည့် ကိုရီးယားအမျိုးသား ဟွိကွမ်သည် အေဒီ ၆၂၅ ခုနှစ်တွင် ကျပန်နိုင်ငံသို့ သွားရောက်၍ နာရာမြို့မှ ဂွမ်ဂိုဂျီး ကျောင်းတိုက်တွင် မဟာယာနမဇ္ဈိမိကဗုဒ္ဓဒဿန အမြင်ကို သင်ကြားပို့ချပေးခဲ့၏။ ကျပန်နိုင်ငံတွင် စံရွှန်းဟု အမည်တွင်သော မဇ္ဈိမိကဂိုဏ်းသည် သီးခြားဂိုဏ်းတစ်ခုအဖြစ် မရပ်တည်နိုင်ခဲ့ပေ။

မဇ္ဈိမိကဂိုဏ်း၏ အယူအဆများ အထူးစန်းပွင့်ခဲ့သည်မှာ တိဗက်ဗုဒ္ဓဘာသာနယ်ပယ်တွင်ဖြစ်၏။ တိဗက်ပြည်သို့ သာသနာပြုရောက်ရှိခဲ့သော သန္တရက္ခိတမထေရ်နှင့် အတိရှာ (ဒီပင်္ကရာသိရီဉာဏမထေရ်) တို့သည် သတန္တရ-မဇ္ဈိမိကဂိုဏ်း အယူအဆကို အထူးကျွမ်းကျင်ပိုင်နိုင်သူများဖြစ်ပြီး တိဗက်မဇ္ဈိမိကဂိုဏ်း အယူအဆများကို တိုးတက်စေခဲ့၏။ လက်ရှိ တိဗက်ဗုဒ္ဓဘာသာဂိုဏ်း အားလုံးတွင် မဇ္ဈိမိကဂိုဏ်းအမြင်သည် အဆုံးစွန်သော ဓမ္မအမြင်အဖြစ် လက်ခံထားကြ၏။ လားမားဆောင်ခပ၏ ဂီလုဂ်ပဂိုဏ်းတွင် စန္ဒြကိတ္တိမထေရ်၏ ပရသင်္ကမဇ္ဈိမိကဂိုဏ်းအမြင်ကို အခြေခံ၍ ဓမ္မသင်ရိုးညွှန်းတမ်း တည်ဆောက်ထားသည်ကို တွေ့ရလေသည်။ တိဗက်ရဟန်းတော် တာရာနာထ၏ ဂျိုနန်ပဂိုဏ်းတွင်မူ မဇ္ဈိမိကဂိုဏ်းအမြင်ကို တထာဂတဂဗ္ဘအမြင်[၂၆၉] နှင့် ပေါင်းစပ်၍ **ရှန်တောင်း မဇ္ဈိမိကဂိုဏ်း** (Shen Tong Madhyamika) ဟူ၍ ထွန်းကားခဲ့သည်ကို တွေ့ရပါသည်။ ရှန်တောင်းမဇ္ဈိမိကဂိုဏ်း၏ အလိုအရ အဆုံးစွန်သော အရှိတရားသည် လောကုတ္တရာဓမ္မဖြစ်သောကြောင့် ၄င်းတွင် လောကီတရားများ ဆိတ်သုဉ်းနေသော်လည်း လောကုတ္တရာဂုဏ်ရည်များ အပြည့်အဝရှိနေသည်ဟု ယူဆ၏။ အချို့ပညာရှင်တို့က ရှန်တောင်းမဇ္ဈိမိကဂိုဏ်း၏ အယူအဆသည် ဝေဒန္တဒဿန စသည်တို့နှင့် နီးစပ်ဟန်ရှိလာပြီး နာဂဇုန၏ မူလမဇ္ဈိမိကဂိုဏ်း၏ ဒဿနအမြင်မှ သွေဖည်ခဲ့ကြောင်း ထောက်ပြဝေဖန်ကြသည်ကိုလည်း တွေ့ရ၏။[၂၇၀]

မဇ္ဈိမိကဂိုဏ်း၏ ဒဿနအယူအဆများသည် မဟာယာနဗုဒ္ဓဘာသာ ကျင့်စဉ်အသီးသီး၏ အခြေခံအုတ်မြစ်သဖွယ် ဖြစ်ခဲ့၏။ နောက်လာမည့် အခန်းများတွင် တင်ပြမည့် သုဒ္ဓဘူမိဂိုဏ်း (Pure Land Buddhism)ဇာန်ဗုဒ္ဓဘာသာဂိုဏ်း (Zen

---

၂၆၉။ တထာဂတဂဗ္ဘဆိုင်ရာ အယူအဆများကို နောက်လာမည့်အခန်း (၅) တွင် ဖော်ပြဆွေးနွေးထားပါသည်။

၂၇၀။ David Burton, Emptiness Appraised, (1999) Curzon Press,p-218

Buddhism) တန္တရဗုဒ္ဓဘာသာဂိုဏ်း (Tantric Buddhism) တို့သည် ကျင့်စဉ်အရ မတူကွဲပြား ခြားနားကြသော်လည်း ၄င်းတို့အားလုံး၏ အခြေခံအမြင်မှာ မဇ္ဈိမိက ဂိုဏ်း၏ အယူအဆများသာလျှင်ဖြစ်ပြီး အရှိတရား (တတ္ထ) သည် အတ္တဆိတ်သုဉ်းမှု (သုညတ) သာလျှင်ဖြစ်ကြောင်း သိမြင်သည့် ဗောဓိဉာဏ်အမြင်ကိုသာ အခြေခံထား ကြောင်း တွေ့ရ၏။ မဇ္ဈိမိကဂိုဏ်း၏အမြင်သည် ဗုဒ္ဓဓမ္မ၏ အန္တိမသစ္စာအမြင် ဖြစ်သောကြောင့် သိမ်မွေ့နက်နဲလွန်း၏။ ၄င်းသည် မဟာယာန ဗုဒ္ဓဘာသာ၏ နက်ရှိုင်းသော ဓမ္မအစဉ်အလာ (The Lineage of Profound View) အဖြစ်သာ တည် ရှိပြီး ဘာဝနာ အကျင့်တရားနှင့် ဆက်စပ်ရန်အတွက် ယောဂါစာရဂိုဏ်း၏ ကျယ်ပြန့် သောဓမ္မအစဉ်အလာ (The Lineage of Vast Activity) နှင့် ပေါင်းစပ်ရန်လို၏။ ယောဂါစာရ၏ အဆုံးစွန်အမှန်တရားသည်လည်း မဇ္ဈိမိကဂိုဏ်း၏ အမြင်အတိုင်း သဗ္ဗဓမ္မ သုညတာအမြင်သာ ဖြစ်သော်လည်း ယောဂါစာရဒဿနသည် သိစိတ်၏ အလွှာအဆင့်အမျိုးမျိုးကို အနုစိတ် ခွဲခြမ်းစိတ်ဖြာ ဖော်ပြနိုင်လာ သည့် လက်တွေ့ အသုံးချ အဘိဓမ္မာတစ်ရပ် ဖြစ်လာခဲ့၏။ ထို့ကြောင့် နောက်လာမည့် အခန်းတွင် ယောဂါစာရဒဿနဆိုင်ရာ အယူအဆများကို လေ့လာကြည့်ကြပါစို့။

❐ ❐ ❐









အခန်း (၄)

ယောဂါစာရဂိုဏ်း၏ ဝိညတ္တိမတ္တဒဿန

ယောဂါစာရ (ဝိညတ္တိမတ္တ) ဂိုဏ်းသည် အေဒီ (၄) ရာစု ဝန်းကျင်တွင် မဟာယာန-မဇ္ဈိမိကဒဿနကို အခြေခံ၍ ပေါ်ပေါက်လာသော မဟာယာန ဗုဒ္ဓဒဿန ဂိုဏ်းတစ်ခုဖြစ်၏။ ယောဂါစာရ (ဝိညတ္တိမတ္တ)ဂိုဏ်း ပေါ်ပေါက်လာခြင်းအားဖြင့် မဟာယာနဗုဒ္ဓဘာသာ၏ ဘာသာရေးနှင့် ဒဿနဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများသည် အစွမ်းကုန် ဖူးပွင့်ထွန်းကားခြင်းသို့ ရောက်ခဲ့၏။ ယောဂါစာရ (ဝိညတ္တိမတ္တ)ဂိုဏ်းသည် မဟာယာန-မဇ္ဈိမိက ဒဿန၏ ယုတ္တိဗေဒနည်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများထက် ယောဂကျင့်စဉ် (ပဋိပတ္တိ ဓမ္မ)ကို ပိုမိုရှေ့တန်းတင် အသားပေးခဲ့သော မဟာယာန လူပ်ရှားမှုဖြစ်ခဲ့၏။ လူသား၏ ကိလေသာ အာသဝေါဖြင့် နစ်မြုပ်ညစ်နွမ်းနေသော သဘာဝကို ယောဂကျင့်စဉ် (ပဋိပတ္တိ ဓမ္မ) အားဖြင့် သန့်ရှင်း ဖြူစင်သော ဉာဏ်ပညာ စိတ်ဓာတ်သဘာဝဖြစ်အောင် ပြုပြင်ပြောင်းလဲရေးသည် ယောဂါစာရ (ဝိညတ္တိမတ္တ) ဂိုဏ်း၏ ပဓာန ပန်းတိုင်ဖြစ်၏။

ရှုထောင့်တစ်ခုမှ ဆိုရလျှင် ယောဂါစာရ (ဝိညတ္တိမတ္တ) ဂိုဏ်းသည် သာမန်လူတို့ ထောက်မမှီနိုင်လောက်အောင် နက်ရှိုင်းလွန်းသော မဟာယာန-မဇ္ဈိမိက ဒဿန၏ သဘာဝသုညတာ ဒဿနအမြင် (Profound View on Emptiness of the Inherent Existence/reality)ကို ကမ္မဋ္ဌာန်းဘာဝနာနှင့် စိတ္တဗေဒ ရှုထောင့် စရဏာတ္ထဗေဒရှုထောင့်တို့မှ လူသားတိုင်း လက်လှမ်းမီ နားလည်စေရန် အကျယ်ဖွင့်ပြသော ဂိုဏ်းဖြစ်သည်ဟု ဆိုနိုင်ပါ၏။ ယောဂါစာရဂိုဏ်းသည် စိတ်၏ ဖွဲ့စည်း

တည်ဆောက်ပုံနှင့် အလွှာအဆင့်ဆင့်သိမ်မွေ့နက်နဲမှုများကို ယုတ္တိဗေဒ သိမှုဗေဒ စိတ္တဗေဒနှင့် ဘာသာရေး ကျင့်စဉ် (ဘာဝနာကမ္မဋ္ဌာန်း) ရှုထောင့်အစုံမှ သိုင်းသိုင်းဝိုင်းဝိုင်း လေ့လာဖော်ထုတ်ခဲ့သော ဗုဒ္ဓ ဓမ္မဒဿန အမြင် တစ်ရပ်လည်း ဖြစ်၏။ ယောဂါစာရ (ဝိညတ္တိမတ္တာ) ဂိုဏ်း ဖြစ်ပေါ်တိုးတက်မှုကို လေ့လာလိုလျှင် မဟာယာန- မဇ္ဈိမိကဒဿန၏ သမိုင်းနှင့် ဆက်စပ်လေ့လာကြည့်ရမည် ဖြစ်၏။

မဇ္ဈိမိကဒဿနကို ထူထောင်ခဲ့သော အရှင်နာဂဇုန်နာသည် အေဒီ ၂-၃ ရာစုဝန်းကျင်တွင် ရှင်သန်ခဲ့ကြောင်း သိရပြီး ၄င်းသည် ဗဟိုအိန္ဒိယဒေသနှင့် အရှေ့ပိုင်း ဒက္ကာအထိ လွှမ်းမိုးခဲ့သော သာတာဝါဟန မင်းဆက်နှင့် ကျွမ်းဝင်မှု ရှိခဲ့၏။ ဘီစီ ၁ ရာစုမှ အေဒီ ၃ ရာစု အထိ နှစ်ပေါင်း ၄၀၀ အတွင်း အိန္ဒိယနိုင်ငံသည် ပြည့်မှ ကျူးကျော် ဝင်ရောက်တိုက်ခိုက်မှု အကြိမ်ကြိမ်ကို ခံခဲ့ရလေသောကြောင့် အရာခပ်သိမ်း၏ မတည်မြဲခြင်းသဘော အနှစ်သား အခိုင်အမာ မရှိမှု သဘောများကို စစ်ဘေးဒဏ်များက ပြသခဲ့ပါ၏။

အေဒီ ၄ ရာစုတွင် ဂုတ္တ (ဂုပ္တ)မင်းဆက် (Gupta Dynasty) ပေါ်ထွန်းလာခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု အခြေအနေများ ပြောင်းလဲခဲ့ပြီးလျှင် ဂုတ္တ (ဂုပ္တ)မင်းဆက် စိုးစံခဲ့သော နှစ်ပေါင်း ၂၀၀ အတွင်း ရွေးဟောင်း အိန္ဒိယနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုအခြေအနေများ အထွဋ်အထိပ်သို့ ရောက်ခဲ့လေ၏။ အိန္ဒိယ၏ ရိုတ်စပီးယားဟု တင်စားကြသော ကဗျာကဝိကြီး ကာလီဒါသသည် စန္ဒဂုတ္တ (ချန္ဒရဂုပ္တ- အေဒီ ၃၇၆-၄၁၅) ၏ ခေတ်တွင် ပေါ်ထွန်းခဲ့၏။ ဂုတ္တ (ဂုပ္တ) မင်းဆက် ထွန်းကားခဲ့သောကာလတွင် တရုတ်ပြည်မှ တရုတ်ရဟန်းတော်များ အိန္ဒိယသို့ ရောက်ရှိလာပြီး ဗုဒ္ဓဘာသာ ပိဋကတ်စာပေများကို တရုတ်ပြည်သို့ ဆောင်ယူ၍ တရုတ်ဘာသာပြန်ဆိုခြင်း လုပ်ငန်းကို စတင်ခဲ့ကြ၏။ တရုတ်ရဟန်းတော် ဖာယီဟန် အိန္ဒိယသို့ ရောက်ရှိလာသောကာလမှာ ဂုတ္တ (ဂုပ္တ) မင်းဆက် ကြီးကျယ်ခမ်းနားစွာ ထွန်းကားခဲ့သောကာလဖြစ်ပြီး တရုတ်ရဟန်းတော် ရွှင်ကျန် အိန္ဒိယသို့ ရောက်ရှိလာသော ကာလမှာ ဟာရ္ဝမင်းဆက် (Harsa Dynasty)-အေဒီ ၇ ရာစုခေတ်ဖြစ်ပြီး ရွှင်ကျန်၏ မှတ်တမ်းတွင် အိန္ဒိယတွင် ဗုဒ္ဓသာသနာတော် ဆုတ်ယုတ်နေကြောင်း မှတ်တမ်းတင်ခဲ့သည်ကို တွေ့ရ၏။ တရုတ်ရဟန်းတော် ရွှင်ကျန်၏ ခရီးသွား မှတ်တမ်းတွင် ဘီဟာပြည်နယ်ရှိ နာလန္ဒာတက္ကသိုလ်ကြီး၏အကြောင်း အသေးစိတ် မှတ်တမ်းတင်ခဲ့ရာဝယ် နာလန္ဒာတက္ကသိုလ်ကြီးသည် ရဟန်းတော်များစွာ ကျောင်းအိပ်ကျောင်းစား နေထိုင်လျက် ပညာဆည်းပူးလေ့လာရာ ဌာနကြီးဖြစ်ကြောင်း ဖော်ပြခဲ့၏။ နာလန္ဒာတက္ကသိုလ်ကြီးသည်ကား

ဗုဒ္ဓဝါဒဆိုင်ရာ ဒဿနဗေဒအပြင် ဟိန္နျုဘာသာကျမ်းများ လောကီ ပညာရပ်ဆိုင်ရာ ဖြစ်သော ဆေးပညာ နက္ခတ္တ ဗေဒပညာတို့ကိုပါ သင်ကြားပေးသော တက္ကသိုလ်ကြီး ဖြစ်လေ၏။

သမိုင်းရှုထောင့်အရ ပြောရလျှင် နာလန္ဒာတက္ကသိုလ်ကြီးသည် မဟာယာန ဗုဒ္ဓဘာသာကို မီးရှူးသန့်စင်ပေးခဲ့ရာ ဘုမိနက်သန် ဖြစ်သည့်အပြင် အာရှတိုက် အလယ်ပိုင်း တိဗက်နှင့် တရုတ်ပြည်တို့အထိ မဟာယာနဗုဒ္ဓဘာသာကို ဖြန့်ဖြူးပေးသော ဌာနချုပ် ဖြစ်ပါသည်။ နာလန္ဒာတက္ကသိုလ်ကြီးမှ ပညာရှင် အများအပြားတို့ တိဗက်ဒေသသို့ ကြွရောက်လျက် မဟာယာနဗုဒ္ဓဘာသာ၏ လင်းရောင်ခြည်ကို ဖြန့်ဝေခဲ့ကြပါ၏။ ဗုဒ္ဓဘာသာ သာမက ဟိန္နျုဘာသာ (ဝေဒန္တ ဒဿန) သည်လည်း ဂုတ္တ (ဂုပ္တ)မင်းဆက်ကာလတွင် စတင် ထွန်းကားခဲ့ကြောင်း သိရသဖြင့် မဟာယာန ဗုဒ္ဓဘာသာနှင့် ဟိန္နျုဘာသာ (ဝေဒန္တ ဒဿန) တို့၏ အချင်းချင်း အပြန်အလှန် လွှမ်းမိုးမှု၊ အားပြိုင်မှုများ၏ သဲလွန်စကိုလည်း ဆဝါးနိုင်ပါ၏။ မဟာယာန ဗုဒ္ဓဘာသာ၏ အဓိကဒဿနဂိုဏ်းကြီးနှစ်ခုအနက်မှ တစ်ခုဖြစ်သော ယောဂါစာရ ဒဿနဂိုဏ်းကို တည်ထောင်ခဲ့သော (အမေတ္တ အဖေကွဲ) ညီနောင်နှစ်ဦးဖြစ်ကြသည့် အရှင်အသင်္ဂနှင့် အရှင်ဝသုဗန္ဓုတို့သည် ဂုတ္တ (ဂုပ္တ) မင်းဆက်ကာလတွင် ပေါ်ထွန်းခဲ့ကြ၏။

မဟာယာနဗုဒ္ဓဘာသာ၏ တိုးတက်ဖြစ်ထွန်းမှုသမိုင်းကို ခြေရာကောက်ရာ၌ မဟာယာနဗုဒ္ဓဘာသာ၏ ပိဋကတ် ကျမ်းစာများက ရှေ့ဆုံးမှ ပေါ်ပေါက်ခဲ့ပြီး နောက်ခေတ်များတွင် အဖွင့် အဋ္ဌကထာ-ဋီကာများ ရေးသားစီရင်ကာ ဒဿနဂိုဏ်းများ ကွဲပြားခဲ့ကြသည်ဟု ယူဆလျှင် မှားပေမည်။ စင်စစ် မဟာယာန ဗုဒ္ဓဘာသာ၏ ပိဋကတ်ကျမ်းစာများသည် မဟာယာန ဗုဒ္ဓဘာသာ၏ တိုးတက်ဖြစ်ထွန်းမှု သမိုင်းတစ်လျှောက်လုံးတွင် တစ်ရွေ့ရွေ့ ဖြစ်ထွန်းပေါ်ပေါက်နေခဲ့၏။ ဥပမာပြဆိုရပါလျှင် ရှေးအကျဆုံးဟု သတ်မှတ်ထားသော ပညာပါရမီတာ သုတ္တန်များသည်ပင်လျှင် နှောင်းကာလ သုတ္တန်များနှင့် ယှဉ်ပြိုင်လျက် ရာစုနှစ်ပေါင်းများစွာ တရွေ့ရွေ့ ဖြစ်ထွန်းပေါ်ပေါက်နေခဲ့လေသည်။ ပိဋကတ်ကျမ်းစာများနှင့် အဖွင့် အဋ္ဌကထာ-ဋီကာများ သျှတ္တရကျမ်းများ ဘာသာကျမ်းများသည် မဟာယာနဗုဒ္ဓဘာသာ၏ သမိုင်းတစ်လျှောက် စင်ပြိုင်ပေါ်ထွက်နေခဲ့ဟန်ရှိကြောင်း ပညာရှင်များက ယူဆကြပါသည်။ ဥပမာ ယောဂါစာရဂိုဏ်း၏ ထင်ရှားသော ပိဋကတ်ဝင် သုတ္တန် ဖြစ်သည့် သံဓိနိမောစနသုတ္တန် (Samdhinimocana Sutra) သည် ယင်းဂိုဏ်း ၏ သျှတ္တရကျမ်း တစ်ဆူဖြစ်သော ယောဂါစာရဘူမိသျှတ္တရ (Yogacara Bhumi Sastras) ထက် နောက်ကျပြီးမှ ပေါ်ထွက်လာ ဟန်ရှိခဲ့ပါသည်။

သံဓိနိမောစနသုတ္တန်၏ အခန်း ၅-၆-၇ တို့တွင် ယောဂါစာရ မဟာယာန ဗုဒ္ဓဘာသာ၏ အခြေခံအကျဆုံးသော အမြင်များကို တွေ့ရပြီး ရှင်တော်ဗုဒ္ဓ၏ တရားစက် (ဓမ္မစက္က) လည်ခြင်း (၃) ပါးကို တင်ပြခဲ့၏။ ၄င်းတရားစက် (ဓမ္မစက္က) လည်ခြင်းခြင်း (၃) ပါးတို့မှာ=

(၁) **ပထမ ဓမ္မစက္က** = အရိယသစ္စာလေးပါး အခြေခံတရား (သာဝကယာန လမ်းစဉ်)

(၂) **ဒုတိယ ဓမ္မစက္က** = သဗ္ဗ ဓမ္မသုညတာ တရား-ပညာပါရမိတာသုတ္တန်များ (ဗောဓိသတ္တယာနလမ်းစဉ်)

(၃) **တတိယ ဓမ္မစက္က** = သံဓိနိမောစနသုတ္တန် လာ ယောဂါစာရ အမြင်

သံဓိနိမောစနသုတ္တန်၏ အလိုအရ ပထမနှင့် ဒုတိယ ဓမ္မစက္က နှစ်ပါးသည် တိုက်ရိုက်အနက် ယူအပ်သော နိတတ္ထဒေသနာ မဟုတ်ဘဲ ထပ်မံရှင်းလင်း ဖွင့်ဆိုရန် လိုအပ်သော နေယျတ္ထဒေသနာများသာဖြစ်ကြောင်း အထူးသဖြင့် သဗ္ဗ ဓမ္မသုညတာ တရား-ပညာပါရမိတာသုတ္တန်များကို ဟောကြားသော ဒုတိယ ဓမ္မစက္ကသည် ရှိရှိသမျှသော ရုပ် နာမ် သန်တ အသန်တ ပညတ် တရားဟူသမျှ၏ အချင်းချင်းမှီတွယ်ဆက်စပ်ရပ်တည်နေခြင်းသဘော (Interdependent Existence) နှင့် ကိုယ်ပိုင်သဘာဝ ပကတိအနှစ်သာရ ဆိတ်သုဉ်းမှုသဘော (Emptiness of Inherent Existence) တို့ကို ဖော်ထုတ်ဟောကြားသော ဒေသနာဖြစ်ရာ ပညာဉာဏ် အဆင့်နိမ့်ကျသူတို့အနေဖြင့် သဗ္ဗ ဓမ္မသုညတာ သဘောကို အရာခပ်သိမ်း ဘိတ်စတုံးမရှိခြင်း-နတ္ထိသဘာဝအနေဖြင့် မှားယွင်းစွာ အနက်ကောက်နိုင်သော အန္တရာယ်ရှိကြောင်းတို့ကို ဖော်ပြထား၏။ ထို့ကြောင့် သဗ္ဗ ဓမ္မသုညတာ အနက်သစ်ကို အရှိသဘော-အတ္ထိဘာဝအနေဖြင့် ဖွင့်ဆိုရှင်းပြသော ဒေသနာအနေဖြင့် သံဓိနိမောစနသုတ္တန်ကို ဟောကြားတော်မူခဲ့ရပြီးလျှင် သံဓိနိမောစနသုတ္တန်သည် ဗုဒ္ဓဓမ္မ၏ အဆုံးစွန်သော အနက်အဓိပ္ပာယ် ထပ်မံဖွင့်ဆိုရန် မလိုအပ်တော့သော ပကတိအမှန်တရား = နိတတ္ထဒေသနာသာဖြစ်ကြောင်းကိုလည်း ခိုင်မာစွာ ဆိုထားလေသည်။ ယောဂါစာရ၏ သမိုင်းကို လေ့လာလျှင် ထိပ်ဆုံးနေရာတွင် ရပ်နေသူမှာ အရှင်အသင်္ဂပင် ဖြစ်သောကြောင့် အရှင်အသင်္ဂ၏ ဘဝနှင့် စာပေများကို ဦးစွာ လေ့လာသင့်ပေ၏။

အရှင်အသင်္ဂ၏ဘဝ အတ္ထုပ္ပတ္တိ

အရှင်အသင်္ဂ၏ ဘဝအတ္ထုပ္ပတ္တိသည် ဒဏ္ဍာရီအရေးအသားများ လွှမ်းခြုံနေခဲ့လေသည်။ တိဗက်သမိုင်းပညာရှင် တာရာနာထ၏ အဆိုအရ အရှင်အသင်္ဂ၏ မိခင်သည်

ရှေးဘဝတစ်ခုက ပိဋကတ်သုံးပုံဆောင် ရဟန်းတော်တစ်ပါးဖြစ်ခဲ့ပြီး အခြားရဟန်းတော်တစ်ပါးနှင့် ပညာရည်ယှဉ်ပြိုင်ရာဝယ် အနိုင်ရခဲ့ပြီး ရှုံးနိမ့်သော ရဟန်းကို မိန်းမ ဦးနှောက်ပိုင်ရှင် လူညံ့ဖြစ်ကြောင်း နှိမ်ပြီးပုတ်ခတ်ပြောဆိုခဲ့သည်ဟူ၏။ ရှုံးနိမ့်သော ရဟန်းက အဝလောကီ တေသွာရ ဗောဓိသတ္တဝ်ထံ ဆုတောင်းရာ အဝလောကီတေသွာရက သူ၏ ကျူးလွန်ခဲ့သော ဝစီကံအတွက် ဘဝများစွာ အမျိုးသမီးဘဝကို ရရှိပြီး အပြစ်ပေးဆပ်ရမည်ဖြစ်ကြောင်း ဗျာဒိတ်ပေးခဲ့လေသည်။ အဆိုပါ (အရှင်အသင်္ဂ၏ မိခင် အလောင်းအလျာ) ရဟန်းသည် ဘဝများစွာ မိန်းမသားအဖြစ် ကျင်လည်ခဲ့ပြီး နောက် အေဒီ ၄ ရာစု တွင် ပုရသပပူရ (ယနေ့ ခေတ် ပက်ရှဝါ) မြို့ဝယ် ပြကသ္ဘရိလာ အမည်ရှိသော အမျိုးသမီးအနေဖြင့် ဖွားမြင်ခဲ့ပါ၏။ ပြကသ္ဘရိလာသည် ဗြဟ္မဏအမျိုးရိုးဖြစ်သော်လည်း ခတ္တိယနွယ်ဝင် အမျိုးသားတစ်ဦးနှင့် လက်ထပ်ကာ သားယောကျ်ားတစ်ဦး (အရှင်အသင်္ဂ) ကို ဖွားမြင်ခဲ့သည်။ နောက်ကာလတွင် ဗြဟ္မဏအမျိုးရိုးမှ အမျိုးသားတစ်ဦးနှင့် ဒုတိယအကြိမ် လက်ထပ်ကာ သားယောကျ်ားလေး နှစ်ဦး (ဝသုဗန္ဓု နှင့် ဝိရိဉ္စိဝသ) တို့ကို ထပ်မံ ဖွားမြင်ပြန်၏။

အရှင်အသင်္ဂသည် သူ၏ အမေတူအဖေကွဲ ညီငယ်များထက်ကြီးပြီး ခတ္တိယမျိုးရိုး၏ တာဝန်အရ စစ်သူရဲ လုပ်ရန်ဖြစ်သော်လည်း မိခင်ဖြစ်သူက ရဟန်းဘောင်သို့ဝင်ရောက်ရန်သာ တိုက်တွန်းခဲ့ပါ၏။ အရှင်အသင်္ဂသည် အပြာရောင် သင်္ကန်းဆင်မြန်းတော်မူကြသော ရှေးဟောင်း ဗုဒ္ဓဘာသာဂိုဏ်းကွဲတစ်ခုဖြစ်သည့် မဟီသာသကဂိုဏ်းသို့ ဝင်ရောက်ကာ ရဟန်းပြုခဲ့ပြီး ပိဋကတ် စာပေနှင့် မဟာယာနသုတ္တန်များကို လေ့လာဆည်းပူးခဲ့၏။ အရှင်အသင်္ဂ၏ မဟာယာန ဗုဒ္ဓဘာသာ လက်ရာဖြစ်သော အဘိဓမ္မသမုစ္စယကျမ်း၌ပင် မဟီသာသကဂိုဏ်းမှ အာဂမ ပိဋကတ်စာပေများ၏ လွှမ်းမိုးမှုကို အထင်အရှား တွေ့နိုင်လေသည်။[၂၇] မဟီသာသက ဂိုဏ်း၏ ကမ္မဋ္ဌာန်းဘာဝနာ နည်းစနစ်များကို အားထုတ်ခဲ့သော အရှင်အသင်္ဂသည် သူ့၏ဆရာဖြစ်သူနှင့် ဓမ္မသိမြင်မှု အဆင့်တူညီလာသောအခါ ကုက္ကုဋ္ဌပါဒ ဂုရိပပဗ္ဗတ ဂုရုပဒစသော တောတောင်လှိုဏ်ဂူများအတွင်းဝယ် လျှို့ဝှက် ကမ္မဋ္ဌာန်းဘာဝနာ နည်းစနစ်များကို ကျင့်ကြံခဲ့လေ၏။

အရှင်အသင်္ဂသည် တုသိတာနတ်ပြည်၌ စံနေတော်မူသော မေတ္တေယျ ဗောဓိသတ္တဝ်ကို ဖူးတွေ့နိုင်ရန် (၁၂) နှစ်တိုင်တိုင် ရည်စူး ကျင့်ကြံခဲ့ရာတွင် ဘာဝနာလုပ်ငန်း မအောင်မြင်မှုကြောင့် ပထမ (၃) နှစ်ပြည့်သော စိတ်ပျက်အားလျော့၍ ပြန်ရန်ဆုံးဖြတ်ရာ အသိုက်နေငှက်များ အတောင်ပံခတ် ရန်းကြွပျံသန်းပုံကို တွေ့မြင်

၂၇။ **Encylopedia of Buddhism, p-914, Yogacara School**

ရ၍ စိတ်အားပြန်တက်လာကာ မိမိ၏ ဘာဝနာလုပ်ငန်းကို ပြန်လည် အားထုတ်ခဲ့သည်ဟု ဆို၏။ ဒုတိယ (၃) နှစ်ပြည့်သောအခါတွင်လည်း ဘာဝနာလုပ်ငန်းက အောင်မြင်မှု မရှိပြန်သောကြောင့် အရှင်အသင်္ကန်မှာ စိတ်ပျက်အားလျော့ကာ ပြန်ရန် ဆုံးဖြတ်မိပြန်၏။ ဤတစ်ကြိမ်တွင်မူ ဂူမျက်နှာကျက်မှ တစ်စက်စက် ကျသောရေများက ကျောက်သားပြင်ကို ချိုင့်ဝင်စေသည်ကို တွေ့ရပြန်သော် အထပ်ထပ် အဖန်ဖန် ကြိုးစားအားထုတ်ခြင်း၏ အကျိုးကို ဆင်ခြင်မိပြန်သောကြောင့် စိတ်အားပြန်တက်လာကာ မိမိ၏ ဘာဝနာလုပ်ငန်းကို ပြန်လည် အားထုတ်ခဲ့လေသည်။

တတိယ (၃) နှစ်ပြည့်သောအခါတွင်လည်း ဘာဝနာလုပ်ငန်းက အောင်မြင်မှု မရှိပြန်သောကြောင့် အရှင်အသင်္ကန်မှာ စိတ်ပျက် အားလျော့ကာ ပြန်ရန် ဆုံးဖြတ်မိပြန်တော့သည်။ ဤတစ်ကြိမ်တွင်မူ အဖိုးအိုတစ်ဦးသည် သံတုံးကို အဝတ်စဖြင့် ပွတ်တိုက်၍ အပ်ဖြစ်အောင် ကြိုးစားနေသည်ကို တွေ့ရပြန်သောကြောင့် ယခင်နည်းအတိုင်း စိတ်အားပြန်တက်လာကာ မိမိ၏ ဘာဝနာလုပ်ငန်းကို ပြန်လည် အားထုတ်ခဲ့ပြန်၏။ နောက်ဆုံး သုံးနှစ်ခန့်ထပ်မံ ကျင့်ကြံအားထုတ်သော်လည်း မည်သို့မျှ မထူးခြားသောကြောင့် (၁၂) နှစ်ပြည့်ချိန်တွင် သူ၏ ဘာဝနာလုပ်ငန်းကို လုံးဝ အကြွင်းမဲ့ လက်လျှော့ စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

အရှင်အသင်္ကန်သည် စိတ်ညစ်ညူးစွာဖြင့် တောင်အောက်သို့ ဆင်းလာခဲ့ပြီး အနီးရှိ အစိန္တမြို့သို့ ဦးတည် ထွက်ခွာလာရာဝယ် လမ်းနံဘေးတွင် အနာပေါက်လောက် တစ်ဖွားဖွားကျနေသော ခွေးတစ်ကောင်ကို တွေ့လေ၏။ သူသည် ခွေး၏ ခံစားနေရရှာသော ဒုက္ခဝေဒနာကို သနားကရုဏာ သက်မိသော်လည်း လောက်များကိုလည်း မသေစေလိုသောကြောင့် အသင်္ကန်သည် မိမိ၏အသားကို လှီးဖြတ်၍ လောက်များကို ထိုအသားပေါ်သို့ ဖယ်ရှားပေးခဲ့သည်ဟု ဆိုပါသည်။ ဤသို့ ထူးမြတ်သော ဒါနဥပပါရမီကို ပြုလျှင်ပြုချင်း ခွေး၏သဏ္ဌာန်လည်း ပျောက်ကွယ်လျက် ရောင်ခြည်တော်အသွယ်သွယ် ထိန်ဝင်းလျက် အရိမေတ္တေယျ ဗောဓိသတ္တအရှင် အဖြစ် ပေါ်တော်မူလာခဲ့တော့၏။

မိမိ၏ဖြစ်အင်ကို တွေးမိသော အရှင်အသင်္ကန်က မျက်ရည်များစီးယိုကျလျက် အဘယ်ကြောင့် ဤသို့နှစ်ပေါင်းများစွာ ပုန်းကွယ်နေရပါသနည်းဟု မေးသောအခါ အရိမေတ္တေယျ ဗောဓိသတ္တအရှင်က မိမိသည် အရှင်အသင်္ကန် နှင့် အတူတကွ အမြဲရှိနေခဲ့ကြောင်း အရှင်အသင်္ကန်၌ လုံလောက်သော ကရုဏာဓာတ်နှင့် ပညာစက္ခု မရှိခဲ့သေးသောကြောင့်သာ မိမိကို မဖူးမြင်ခဲ့ရခြင်း ဖြစ်ကြောင်းတို့ကို ရှင်းပြပြီး လိုရာဆုကို တောင်းစေခဲ့၏။ အရှင်အသင်္ကာလည်း မိမိအလိုရှိသောအရာမှာ ဗုဒ္ဓဓမ္မ၏

အနက်ရှိုင်းဆုံး ဉာဏ်ပညာဖြစ်ကြောင်း ဆုပန်သောကြောင့် အရိမေတ္တေယျ ဗောဓိသတ္တအရှင်က အရှင်အသင်္ဂကို တုသိတာ နတ်ပြည်သို့ ဆောင်ကြဉ်းခဲ့ကာ ပညာပါရမိတာသုတ္တန်တို့၏ အနက်ရှိုင်းဆုံး အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်ကို သင်ကြားပို့ချပေးခဲ့လေသည်။

အရိမေတ္တေယျ ဗောဓိသတ္တအရှင်က သင်ကြားပေးခဲ့သော ကျမ်း (၅) ကျမ်းတို့မှာ-

(၁) အဘိသမယာလင်္ကာရ (ပညာပါရမိတာ သုတ္တန်အဖွင့်. ဋီကာ)

(၂) မဇ္ဈန္တဝိဘာဂ (အစွန်းတရားများနှင့် အစွန်းလွတ် အလယ်လမ်းတရား ခွဲခြားချက်)

(၃) ဓမ္မာဓမ္မတာဝိဘာဂ (ဓမ္မတရားများနှင့် ၄င်းတို့၏ ပကတိသဘာဝ ဓမ္မ-တာ ခွဲခြားချက်)

(၄) မဟာယာန သုတ္တာလင်္ကာရ (မဟာယာနသုတ်များကို တန်ဆာဆင် ဖွင့်ဆိုချက်)

(၅) ရတနဂေါတြ ဝိဘာဂ (ဥတ္တရ တန္တရ) (ဗုဒ္ဓသဘာဝနှင့် တထာဂတဂဗ္ဘ အကြောင်း ရှင်းပြချက်)

ပေါလ် ဝီလျှံ၏အမြင်အရ အဘိသမယာလင်္ကာရနှင့် ရတနဂေါတြ ဝိဘာဂ (ဥတ္တရ တန္တရ) တို့သည် ကျမ်းပြုသူ တစ်ဦးတည်း၏ လက်ရာ မဖြစ်နိုင်သော်လည်း ကျန်သော ကျမ်းစာများမှာ ကျမ်းပြုသူ တစ်ဦးတည်း၏ လက်ရာ ဖြစ်နိုင်ပေသည်။ ခေတ်သစ်ပညာရှင်များက အရှင်အသင်္ဂ၏ တုသိတာနတ်ပြည်သွားသော ဒဏ္ဍာရီဇာတ်လမ်းကို အယုံအကြည် မရှိကြသောကြောင့် ဤကျမ်းစာများမှာ အရှင်အသင်္ဂ ကိုယ်တိုင်ရေးသားပြုစုသော ကျမ်းစာများ ဖြစ်ချင်ဖြစ် သို့မဟုတ် ၄င်း၏ ဆရာဂုရုဖြစ်မည်ဟုယူဆရသော မေတ္တေယျနာထ အမည်ရှိသော ပုဂ္ဂိုလ်တစ်ပါးက ပြုစုခဲ့ဟန်ရှိကြောင်း ယူဆကြလေသည်။ အရှင်အသင်္ဂ ကိုယ်တိုင် ရေးသားပြုစုခဲ့သည်ဟု သေချာစွာဆိုနိုင်သော ကျမ်းစာမှာ အဘိဓမ္မသမုစ္စယကျမ်းဖြစ်ပြီး မဟာယာနယောဂါစာရဂိုဏ်း၏ အဘိဓမ္မာ အယူအဆများကို တင်ပြထား၏။ ၄င်းကျမ်းအပြင် မဟာယာန သင်္ဂဟကျမ်းနှင့် ယောဂါစာရ ဘူမိကျမ်းများကိုလည်း အရှင်အသင်္ဂ ကိုယ်တိုင် ရေးသားပြုစုခဲ့သည်ဟု အခိုင်အမာ ယုံကြည်လက်ခံကြပါသည်။[၂၅၂]

အထက်ပါ ကျမ်းစာများရေးသားပြီးနောက် အရှင်အသင်္ဂသည် ကျောင်းတိုက်

၂၅၂။ **Wayman, Alex. Untying the Knots in Buddhism: Selected Essays. 1997. p. 213**

များထူထောင်လျက် မဟာယာန ယောဂါစာရိုဏ်းကို တိုးတက်ကြီးပွားအောင် ကြိုးပမ်းခဲ့ရာတွင် အရှင်အသင်္ဂ၏ သီလ သမာဓိ ပညာဂုဏ်များနှင့် လူသာမန်တို့ ထက် ထူးကဲသော အဘိညာဉ် (ဥတ္တရိမနုဿဓမ္မ) တို့ကြောင့် ဂုဏ်သတင်းကောင်း များ ကျော်ဇောလာရာ ဂန္ဓိရပက္ခ မင်းကြီးက ကိုးကွယ်ပူဇော် ချီးမြှောက်ထောက်ပံ့ခဲ့ ပါသည်။ အရှင်အသင်္ဂသည် မိမိ၏ ညီတော် ဖြစ်သော အရှင်ဝသုဗန္ဓုကို သဗ္ဗတ္ထိဝါဒ-ဟီနယာနကိုဏ်းမှ ကျွတ်စေလျက် မဟာယာနသာသနာသို့ ကူးပြောင်းစေခဲ့၏။ မဟာယာနဗုဒ္ဓသာသနာ၏ အရိုန်အဝါ ထွန်းလင်းတောက်ပအောင် များစွာသော ပညာကရဏာတို့ဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ပြီးနောက်ဝယ် အရှင်အသင်္ဂသည် ပထမ သင်္ဂါယနာတင်ရာ ရာဇဂြိုဟ်မြို့တွင် ခန္ဓာဝန်ချခဲ့ရာ သူ၏ တပည့်သာဝက များက ကြွင်းကျန်ရစ်သော ဓာတ်တော်များကို အထိမ်းအမှတ် စေတီတော်တစ်ဆူ တည်ထားခဲ့ပါသည်။ အရှင်အသင်္ဂ လွန်ပြီးနောက် ယောဂါစာရ ဒဿနကို ဆက်လက် တိုးတက်ဖွံ့ဖြိုးစေခဲ့သူမှာ အရှင်အသင်္ဂ၏ ညီဖြစ်သူ အရှင်ဝသုဗန္ဓုပင် ဖြစ်ပါ၏။

အရှင်ဝသုဗန္ဓု ၏ ဘဝ အတ္ထုပ္ပတ္တိ

အရှင်ဝသုဗန္ဓုသည် နောင်တော် ဖြစ်သော အသင်္ဂကဲ့သို့ ခတ္တိယအနွယ်မဟုတ်ဘဲ ဗြဟ္မဏမျိုးရိုးမှ ဆင်းသက်ခဲ့သည်။ နောင်တော် အရှင်အသင်္ဂ ရဟန်းဘောင်သို့ တက်ရောက်ချိန်လောက်တွင် မွေးဖွားခဲ့မည်ဟု ယူဆကြပါသည်။ အရှင် ဝသုဗန္ဓုသည် ဗြဟ္မဏမျိုးရိုးမှ ဆင်းသက်သူဖြစ်သောကြောင့် ငယ်စဉ်က ဝေဒကျမ်းများကို လေ့လာ ဆည်းပူးခဲ့၏။ ကြီးပြင်း၍ အသိဉာဏ် ရင့်ကျက်လာသော် ဗြဟ္မဏဘာသာကို စွန့် လွှတ်၍ ဗုဒ္ဓဘာသာ ရဟန်းတော်အဖြစ်ကို ခံယူခဲ့၏။ အရှင်ဝသုဗန္ဓု ရဟန်းဖြစ်ချိန် တွင် သူ၏အစ်ကိုဖြစ်သူ အရှင်အသင်္ဂမှာ နာမည်ကျော်ကြား ထင်ရှားသော မဟာ ယာန ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါးအဖြစ် ရောက်ရှိနေပြီး မဟာယာန ယောဂါစာရ ဒဿနဆိုင်ရာ ကျန်းဂန်အများအပြား ရေးထုတ်ပြီးဖြစ်သော ကာလ ဖြစ်၏။

အရှင်ဝသုဗန္ဓုသည် ထိုခေတ်အခါက နာမည်ကျော် နာလန္ဒတက္ကသိုလ်ကြီး ဝယ် ပိဋကတ်စာပေများကို လေ့လာဆည်းပူးခဲ့သူ ဖြစ်သည်။ သူ၏ တောက်ပြောင် ထက်မြက်သော ဉာဏ်ပညာကြောင့် အစ်ကိုဖြစ်သူ အရှင်အသင်္ဂကဲ့သို့ ဓမ္မကျင့်စဉ် ဖက်သို့ မတိမ်းညွတ်ဘဲ ပရိယတ္တိစာပေ လေ့လာဆည်းပူးမှုကိုသာ ဇောက်ချလုပ် ဆောင်ခဲ့သည်။ ဝသုဗန္ဓုသည် ကသ္မီရ (ကက်ရှမီးယား) ဒေသသို့ ခရီးထွက်ခဲ့ပြီး နောက် ဆရာဖြစ်သူ သံဃဘဒ္ဒြနှင့် ဆုံတွေ့ခဲ့ပြီး နောက်ဝယ် သံဃဘဒ္ဒြက အရှင် ဝသုဗန္ဓုအား ရှေးဦးဗုဒ္ဓဘာသာဂိုဏ်း (၁၈) ဂိုဏ်း၏ ပိဋကတ်စာပေများကို လေ့လာ

ရန် တိုက်တွန်းခဲ့၏။ တိဗက်သမိုင်းပညာရှင်ဘုတွန် (Bu-Ton)၏ အလိုအရှု ပိဋကတ်စာပေများကို လေ့လာပြီး လတ်သော် ဝသုဗန္ဓုသည် နာလန္ဒတက္ကသိုလ်သို့ ပြန်လည် ရောက်ရှိခဲ့ပါ၏။

အရှင်ဝသုဗန္ဓုသည် သဗ္ဗတ္ထိဝါဒ (ဝေဘာသိက) ဂိုဏ်း၏ အဘိဓမ္မာ ဝိဘာသာ ကျမ်းများကို လေ့လာဆည်းပူးပြီး လတ်သော် ထိုကျမ်းများ၏ အနှစ်ချုပ် အဋ္ဌကထာ သဗ္ဗတ္ထိဝါဒ (ဝေဘာသိက) ဂိုဏ်း၏အနေဖြင့် အဘိဓမ္မာကောသကျမ်းကြီးကို စီရင်ခဲ့သည်။ ထိုကျမ်းသည် ယနေ့တိုင် မဟာယာနဗုဒ္ဓဘာသာလောကတွင် အဘိဓမ္မာ သံခိပ် ကျမ်းတစ်ဆူအဖြစ် ထင်ရှားနေဆဲ ဖြစ်သည်။ ဤကျမ်းတွင် ဝသုဗန္ဓုသည် သဗ္ဗတ္ထိဝါဒ (ဝေဘာသိက) ဂိုဏ်း၏ အယူအဆများစွာကိုလည်း စိစစ်ဝေဖန်ထိုးနှက်ခဲ့၏။ မိမိကိုယ်တိုင်ပင် အဘိဓမ္မာကောသကျမ်းကြီး၏ အဖွင့်ဦးကာဖြစ်သော အဘိဓမ္မာကောသဘာသာကျမ်းကို သုတ္တန္တိကဒဿနရှုထောင့်မှ ရပ်တည်၍ သဗ္ဗတ္ထိဝါဒ (ဝေဘာသိက) ဂိုဏ်း၏ အယူအဆများကို ဝေဖန်ခဲ့သူလည်း ဖြစ်သည်။

တိဗက်သမိုင်းပညာရှင် တာရာနာထက ထပ်မံဖြည့်စွက်ပြောဆိုခဲ့သည်မှာ အရှင်ဝသုဗန္ဓုသည် ပါဋိစာပေထွန်းကားရာ မဂဓတိုင်းတွင် နှစ်ပေါင်းများစွာ သီတင်းသုံးခဲ့သည်ဟုဆိုပါသည်။ အရှင်ဝသုဗန္ဓုသည် မဂဓတိုင်းတွင် နေထိုင်နေစဉ် ကာလအတွင်း နောင်တော် အရှင်အသင်္ဂ၏ ယောဂါစာရဘူမိ ကျမ်းကြီးကို ဖတ်ရှုပြီး သဘောမပေါက်နိုင် လောက်အောင်ဖြစ်ခဲ့ရ၏။ တုသိတာနတ်ပြည်သို့ အရှင်အသင်္ဂ ရောက်ရှိခဲ့သည်ဆိုသော ဇာတ်လမ်းကို အရှင်ဝသုဗန္ဓုလည်း ကြားခဲ့ပြီးဖြစ်ရာ= *အရှင်အသင်္ဂသည် ၁၂ နှစ်တိုင်အောင် တောရဆောက်တည်ပြီး ကျင့်ခဲ့သော်လည်း တရားထူးမရဘဲ ဆင်နဲ့ ထမ်းပိုးသယ်ဆောင်ရလောက်အောင် ကြီးမားများပြားတဲ့ ကျမ်းစာတွေသာ ရေးခဲ့တာပါကလား* = ဟူ၍မှတ်ချက်ပေး ခဲ့သည်ဟူ၏။

ထိုအကြောင်းကို အရှင်အသင်္ဂကြားလေသော ညီတော်ဖြစ်သူကို မဟာယာန ဓမ္မလမ်းစဉ်တော်ပေါ်သို့ရောက်အောင် ဆွဲဆောင်ခေါ်ယူရန် အချိန်တန်ပြီဟု ဆုံးဖြတ်ခဲ့လေ၏။ မိမိ စိတ်ကြိုက် လက်ရွေးစဉ် ရဟန်းတော်နှစ်ပါးကို ရွေးချယ်ကာ မဟာယာန သုတ္တန်နှစ်ခုကို သင်ပေးပြီး အရှင်ဝသုဗန္ဓုထံသို့ စေလွှတ်ခဲ့သည်။ ပထမ ရဟန်းက မဟာယာနဓမ္မလမ်းစဉ်၏ အခြေခံအယူအဆများကို ဖော်ပြသော သုတ္တန်ကို အရှင်ဝသုဗန္ဓုအား ရွတ်ဆိုပြရာ စိတ်ဝင်စားမှုရှိသော်လည်း အနည်းငယ်မျှ ယိမ်းယိုင်တုန်လှုပ်မှု မရှိခဲ့ပေ။ နောက်တစ်နေ့တွင် ဒုတိယရဟန်းက ဗောဓိသတ္တမင်္ဂလမ်းစဉ်၏ အဆင့် (၁၀) ခု ကို ဖော်ကျူးသော ဒသဘူမိက သုတ္တန်ကို ရွတ်ဆိုပြသောအခါမှသာ အရှင်ဝသုဗန္ဓု၏ နှလုံးသားကို ထိခိုက်ကြွေစေခဲ့တော့၏။

နောင်တော် အရှင်အသင်္ဂ၏ မဟာယာနဓမ္မလမ်းစဉ်အပေါ် စော်ကားနှိမ်ချ ပြောဆို ခဲ့မိသည်များအပေါ် အပြစ်နောင်တရ၍ မိမိ၏လျှာကိုဖြတ်ရန် စိတ်ကူးရာ အနားမှ သီတင်းဖော်ရဟန်းများက ဝိုင်းတားကြပြီး ထိုသို့ မလုပ်သင့်ကြောင်းနှင့် အပြစ် ကြွေးကြေရန် မည်သို့လုပ်သင့်ကြောင်း ကို နောင်တော် အရှင်အသင်္ဂ၏ အကြံဉာဏ် ကို ယူသင့်ကြောင်း ပြောဆိုကြသဖြင့် အရှင်ဝသုဗန္ဓုသည် နောင်တော် အရှင်အသင်္ဂ ထံသို့ သွားရောက်ခဲ့ပါသည်။ အသင်္ဂက ဝသုဗန္ဓုအား မိမိကိုယ်ကို မည်ဉီးဆဲရန်နှင့် မိမိ၏ ပညာဉာဏ်အလင်းရောင်ကို ဝေနေယျသတ္တဝါ အများအတွက် အကျိုးရှိရှိ အသုံးချသင်ကြောင်း ဆုံးမခဲ့ရာ အရှင်ဝသုဗန္ဓုသည် မဟာယာန ဗုဒ္ဓဘာသာဝင် အဖြစ်ကို ကူးပြောင်းခံယူခဲ့သည်ဟု ဆိုပါသည်။

သူ၏နောင်တော်ဖြစ်သူ အရှင်အသင်္ဂ၏ လမ်းညွှန်ပြမှုဖြင့် မဟာယာန ဗုဒ္ဓဓမ္မ လမ်းစဉ်ပေါ် ရောက်ရှိပြီးနောက် အရေးပါသော ယောဂါစာရဒဿန အဖွင့်ကျမ်း များကို ပြုစုခဲ့ရာတွင် ဝိသတိကာဝိညတ္တိမတ္တာသိဒ္ဓိ (၇ထာ ၂၀ ပါ ကျမ်း) နှင့် တိံသိကာ ဝိညတ္တိမတ္တာ (၇ထာ ၃၀ ပါ ကျမ်း) နှစ်ဆူသည် အထူးထင်ရှားခဲ့သည်။ ဝသုဗန္ဓုသည် အလွန်တရာ တိုတောင်း ကျစ်လစ်သိပ်သည်းလှသော ၇ထာ အနည်း ငယ်မျှဖြင့် ယောဂါစာရဒဿန၏ အနှစ်ရှိုင်းဆုံး၊ အခြေခံအကျဆုံး ဓမ္မအမြင်များကို စုစည်းဖော်ပြနိုင်ခဲ့သူ ဖြစ်လေသည်။[၂၇၃] အရှင်ဝသုဗန္ဓုကိုယ်တိုင် ရေးသားပြုစုခဲ့ သော ကျမ်းများအနက် အခြားထင်ရှားသော ကျမ်းစာများမှာ=

(၁) မဟာယာနသင်္ဂဟ အဋ္ဌအထာ

(၂) ဒသဘူမိက-ဘာသာ

(၃) စတုသာတကသျှတ္တရ

(၄) အမိတာယု သုတ္တောပဒေသ

(၅) မဟာယာန သတဓမ္မာ ပကာသမုခ သျှတ္တရ

(၆) သုဒ္ဓဝါသဘူမိ သျှတ္တရ

(၇) ဝိညတ္တိမတ္တာ သျှတ္တရ

(၈) ကမ္မသိဒ္ဓိ ပကာရဏ

(၉) ဝါဒ ဝိဓိ (ယုတ္တိဗေဒကျမ်း) တို့ ဖြစ်ကြ၏။

သချိဒဿနကို ငြင်းဆိုရန်အတွက် **ပရမတ္ထသတ္တတိ** အမည်ရှိသော ကျမ်းကို ဝသုဗန္ဓုက ပြုစုခဲ့ပြီး ဤကျမ်း၏ သင်္ကတ မူရင်းမှာ ပျောက်ဆုံးခဲ့ပြီဖြစ် တရုတ်

၂၇၃။ **Takakusu, J., trans. (1904). *The Life of Vasubandhu* by Paramartha, T'oung-pao 5, 269 - 296**

ဘာသာပြန်မူပဲ ကျန်ရစ်ခဲ့ကြောင်း သိရပါသည်။ အရှင်ဝသုဗန္ဓု လွန်ပြီးနောက် တွင် နှောင်းကာလ ယောဂါစာရဒဿန ဖြစ်ပေါ်တိုးတက်မှုများကို အုပ်စုကြီး (၃) စုအဖြစ် တွေ့ရ၏။ ၄င်းတို့မှာ-

(၁) အရှင်ထိရမတိနှင့် အရှင်ဓမ္မပါလတို့ ထူထောင်ခဲ့ကြသော ယောဂါစာရ အဘိဓမ္မာဆိုင်ရာ ကျမ်းများဖြစ်ပြီး ယောဂါစာရသည် တက္ကိုကနာမ်ဝါဒ တစ်ခု အသွင်သို့ ပြောင်းလဲသွားခဲ့သည်။

(၂) အရှင်ဒိန္နာဂနှင့် အရှင်ဓမ္မကိတ္တိတို့ ၏ သုတ္တန္တိက ယောဂါစာရ အမြင် ကို အခြေခံသော ဗုဒ္ဓယုတ္တိဗေဒပညာ (Buddhist Logic) ထွန်းကားလာခဲ့သည်။ ဒဿနစနစ်များနှင့် ယှဉ်ပြိုင်ချေပမှုများ ခေတ်စားခဲ့၏။

(၃) အရှင်သန္တရက္ခိတနှင့် ကမလာသီလမထေရ်တို့၏ ယောဂါစာရနှင့် မဇ္ဈိမိက ဒဿနအယူအဆများကို မဟာသမူဟသစ်အဖြစ် ပေါင်းစည်းပေးသော ဗုဒ္ဓဓမ္မသစ် ဖြစ်ပေါ်လာခဲ့ပြီး တိဗက် ဗုဒ္ဓဘာသာအပေါ် များစွာ လွှမ်းမိုးခဲ့လေသည်။ သန္တရက္ခိတ၏ အလိုအရ မဇ္ဈိမိကဒဿနသည် ဗုဒ္ဓဓမ္မ၏ အနှစ်ရှိုင်းဆုံး အထွတ် တင်အပ်သော အန္တိမသစ္စာတရားကို ဖော်ပြသော်လည်း ထိုသစ္စာတရားဆီသို့ ဆိုက် ရောက်ရန် ပေါင်းကူးတံတားအနေဖြင့် ယောဂါစာရ ဒဿနအမြင်နှင့် ဘာဝနာ ကျင့်စဉ်များ လိုအပ်သည်ဟု ဆိုပါသည်။[၂၇၄]

ယောဂါစာရ ဟူသော အမည် နှင့် ပညာရှင်များအမြင်

ယောဂါစာရဂိုဏ်းကို စိတ္တမတ္တ ဝိညတ္တိမတ္တ ဝိညာဏဝါဒ စသဖြင့် အမည်အမျိုးမျိုး ခေါ်ဆိုကြသည်ကို တွေ့ရ၏။ ခေတ်သစ်ဗုဒ္ဓစာပေပညာရှင်များသည် ယောဂါစာရ ဂိုဏ်းကို အရှင်နာဂဇုန၏ မဇ္ဈိမိကဂိုဏ်းကို ဆန့်ကျင်ရပ်တည်ခဲ့သော မဟာယာန ဂိုဏ်းအဖြစ် ရှုမြင်ကြလေသည်။ ဒေါက်တာ အက်ဒဝပ်ကွန်ဇ်၏ အမြင်တွင် ယင်း ဂိုဏ်းနှစ်ခုသည် တစ်ခုနှင့် တစ်ခု အဆက်မပြတ် ငြင်းခုံချေတင်ခဲ့ကြကြောင်းနှင့် တစ်ဂိုဏ်း၏ ဓမ္မကျမ်းစာကို တစ်ဂိုဏ်းက အသိအမှတ်မပြု လက်မခံကြောင်း ဖော် ပြခဲ့၏။[၂၇၅] ဤပန် မဟာယာနဗုဒ္ဓဘာသာသုတေသီ ဂန်ဂျင် နာဂါအိုကမူ ကွန်ဇ်နှင့် ဆန့်ကျင်လျက် ယင်းဂိုဏ်းနှစ်ခုသည် တစ်ခုနှင့်တစ်ခု အလျော်အကန် အသင့်အမြတ်

၂၇၄။ **Shantarakshita & Ju Mipham (2005) *The Adornment of the Middle Way* Padmakara Translation of Ju Mipham's commentary on Shantarakshita's root versus on his synthesis. pp.117-122**

၂၇၅။ **Conze, Edward. Thirty Years of Buddhist Studies. 1934-1972. San Francisco: Wheelwright Press, 1980, p. 102.**

ဖြစ်ခဲ့ကြောင်းဆိုခဲ့၏။ မဇ္ဈိမိကဂိုဏ်းကို နားလည် သဘောပေါက်မှ ယောဂါစာရ ကို အမှန်နားလည်နိုင်မည်ဖြစ်ကြောင်း ဂန်ဂျင်နာဂါအိုက ယူဆခဲ့၏။[၂၇၆]

စိတ္တမတ္တ (ကျိုတ္တမာတြ) ဟူသော ဝေါဟာရသည် လောကသုံးပါးသည် စိတ်သက်သက်သာဖြစ်ကြောင်း ခံယူသည့်အမြင်ကို ညွှန်းနေပြီး ဝိညတ္တိမတ္တဟူသော ဝေါဟာရသည် လောကသုံးပါးသည် ဝိညတ် (သိမှုပညတ်) သက်သက်သာ ဖြစ်ကြောင်း ခံယူသည့်အမြင်ကို ညွှန်းနေပါသည်။ ထို့ကြောင့် စိတ္တမတ္တ (ကျိုတ္တမာတြ) ဝိညတ္တိမတ္တဟူသော ဝေါဟာရများကို ရှေးဦး ယောဂါစာရစာပေများတွင် အလွန်နည်းပါးစွာ အသုံးပြုခဲ့သည်ကို တွေ့ရသည်။ အရှင်အသင်္ဂရေးသော အလွန်ရှည်လျားသည့် ယောဂါစာရဘူမိကျမ်းကြီးတွင် ဤ ဝေါဟာရများကို မတွေ့ရပေ။ လင်းဘတ် စမစ်ဟောင်ဆန်၏ အမြင်အရဆိုလျှင် ယောဂါစာရဂိုဏ်း၏ ရှေးဦးပိုင်း ကျမ်းစာများတွင် နောက်ပိုင်းခေတ်ကျမ်းများ၌ လိုင်လိုင်အသုံးပြုသော ဝိညတ္တိမတ္တ စိတ္တမတ္တ စသည့် ဝေါဟာရစကားလုံးများကို မတွေ့ရသလောက်ဖြစ်ပြီး တွေ့ရသော တစ်နေရာမှာလည်း ယောဂါစာရ အယူအဆအနေဖြင့်မဟုတ်ဘဲ ဆန့်ကျင်ဘက် ပရဝါဒီတစ်ဦး၏ အဆိုအနေနှင့် ဖော်ပြထား ပြင်ပလောကမရှိဘဲ စိတ်-ဝိညတ် သက်သက်ပဲ ရှိမရှိ ပြဿနာမဟုတ်ဘဲ စိတ်အပြင် အခြားသော ဝေဒနာ သဒ်္ဓါရ စသော စေတသိကတရားများလည်း လိုအပ်ကြောင်း ဆွေးနွေးချက်သာ ဖြစ်သည်ကို တွေ့ရလေသည်။[၂၇၇] သို့သော်လည်း သံဓိနိမောစနသုတ္တန်နှင့် မဟာယာနသင်္ဂဟ ကျမ်းများတွင် ဤဝေါဟာရများကို တွေ့ရှိရပြီး ၄င်းဝေါဟာရများမှာ လောက၏ ပကတိအရှိတရားကို ညွှန်ပြခဲ့ခြင်းမဟုတ်ဘဲ ကမ္မဋ္ဌာန်းဘာဝနာလုပ်ငန်း၏ အစိတ်အပိုင်းအနေဖြင့်သာ ဖော်ပြခဲ့ကြောင်း တွေ့ရ၏။[၂၇၈]

၂၇၆။ Nagao, Gadjin. *Madhyamika and Yogacara: A Study of Mahayana Philosophies*. Albany: State University of New York Press, 1991

၂၇၇။ Schmithausen, Lambert. *"On the Problem of the Relation of Spiritual Practice and Philosophical Theory in Buddhism,"* in German Scholars on India. Contributions to Indian Studies, vol. 2. Bombay: Nachiketa Publications, 1976, p.238.

၂၇၈။ See John Powers' edition and translation of the Samdhininnocana in Wisdom of Buddha: *The Samdhininnocana Mahayana Sutta: Essential Questions and Direct Answers for Realizing Enlightenment*. Berkeley: Dharma Publishing, 1994.) For the use of the terms *cittamiitra* and *vijiiaptimiitra* in the Mahayanasamgaha. see, for example, 2:7. {See Etienne Lamotte's edition and translation of the Mahayanasamuaha in La Somrne du Grand V Blicule d'Asail&a(Mahayanasamgaha). 2 vols. Louvain: Universite de Louvain, 1973.

အဆိုပါ သုတ္တန်တွင် သမာဓိဝင်စားနေစဉ်အခိုက် တွေ့မြင်ရသော အာရုံဝတ္ထုများသည် စိတ်မှ တခြားစီဖြစ်သလော စိတ်နှင့်ထပ်တူပင်ဖြစ်သလောဟု မေတ္တေယျဗောဓိသတ္တက ရှင်တော်ဗုဒ္ဓကို မေးမြန်းရာတွင် ရှင်တော်ဗုဒ္ဓက ၄င်း အာရုံဝတ္ထုများသည် စိတ်နှင့်ထပ်တူပင်ဖြစ်သည် (သို့မဟုတ်) စိတ်၏သိမှု ဝိညတ်အသွင်အပြင်များ သက်သက်သာဖြစ်ကြောင်း ဖြေကြားတော်မူခဲ့လေသည်။ ယောဂါစာရဒဿနသည် ဗုဒ္ဓဓမ္မ အမြင်တစ်ရပ်ဖြစ်သောကြောင့် စိတ်သည် လောက၏ အခြေခံအရှိတရား ဟုတ်-မဟုတ် စသည့် ရှိမှုဗေဒဆိုင်ရာ တက္ကိုကပြဿနာများကို စိတ်မဝင်စားချေ။ စိတ်၏ အလုပ်လုပ်ပုံနှင့် စိတ်၏ လှည့်စားမှု ဝိပွလ္လာသတရားများကို ကျော်လွှားလွန်မြောက်နိုင်မည့် နည်းလမ်းများကိုသာ စိတ်ဝင်စားသည့် ဒဿန အမြင်တစ်ရပ်ဖြစ်၏။

အရှင်အသင်္ဂနှင့် အရှင်ဝသုဗန္ဓုတို့လွန်ပြီး နှစ် ၂၀၀ ခန့် အကြာတွင် ယောဂါစာရဂိုဏ်းမှ ဂိုဏ်းကွဲစီးကြောင်းနှစ်ခု ကွဲထွက်လာခဲ့၏။ ဓမ္မပါလ ဦးဆောင်သော ဂိုဏ်းကို ဝိညာဏဝါဒ ဟူသော အမည်ဖြင့် ခေါ်ဝေါ်ခဲ့ပေသည်။ ယင်းဂိုဏ်းသည် ပြင်ပ ဗဟိဒ္ဓ လောကကို စိတ်၏ အသွင်သဏ္ဌာန်အဖြစ်သာ လက်ခံခဲ့သည့်အပြင် မူလ ပကတိအရှိတရား=ပရမတ္ထတရား စစ်စစ်မှာလည်း စိတ္တ (၀၊) ဝိညာဏ ဓာတုသာဖြစ်ကြောင်း လက်ခံခဲ့သောကြောင့် ဝိညာဏဝါဒ အမည်တွင်ခဲ့ရလေသည်။ ယောဂါစာရဟူသော မူလအမည်သည် ဝိညာဏဝါဒ စသည်တို့နှင့် မပတ်သက်ဘဲ ယောဂ (ဓမ္မကျင့်စဉ်) ကို အားထုတ်ရန်ဟူသော ဦးတည်ချက်သာ ရှိခဲ့ကြောင်း ထင်ရှား၏။ ဥပမာ-အေဒီ (၂) ရာစု က ဗုဒ္ဓစာဆိုတော်ကြီး အသွယောသ၏ စာပေများ၌ ယောဂါစာရဟူသော ဝေါဟာရကို သုံးခဲ့သော်လည်း ဒဿနဝါဒတစ်ရပ်ကို မရည်ညွှန်းဘဲ ဓမ္မအကျင့်ကို အားထုတ်ရန် သုံးခဲ့ခြင်း ဖြစ်၏။ မဇ္ဈိမိကဂိုဏ်း၏ နေမင်းကြီးတစ်ဆူဖြစ်သော အရှင်နာဂဇုန၏ အန္တေဝါသိက သာဝက အရိယဒေဝ၏ ကျမ်းအမည်မှာလည်း "ဗောဓိသတ္တ ယောဂါစာရ သျှတ္တရ စတုသတက ကာရိကာ" ကို ထောက်လျက် ယောဂါစာရဟူသော အသုံးသည် ပဋိပတ္တိ အကျင့်ဟူသော အနက်ထက် မပိုကြောင်း ထင်ရှားနေပါသည်။ သို့သော်လည်း အမ်-ဒေးဗစ် အက်ကဲလ်၏ အလိုအရ မဇ္ဈိမိကဂိုဏ်းနှင့် ယောဂါစာရတို့သည့် သော့ချက်ကျသော ဗုဒ္ဓဒမ္မဆိုင်ရာ ဝိဘာဂများနှင့်ပတ်သက်၍ ကွဲပြားခြားနားစွာ အနက်ဖွင့်ဆိုကြကြောင်းကို ဆိုထားသည်။[၂၇၉]

၂၇၉။ **Eckel, Malcolm David. *"Bhavaviveka's Critique of Yogacara Philosophy* in Chapter XXV of the Prajnapradipa." in Miscellanea Buddhica. Indiske Studier 5. Christian Lindtner, ed. Copenhagen: 1985, p. 25.**

အယ်လဗင်ဂျွန်းစ် အလိုအရဆိုလျှင် ဗုဒ္ဓဒဿနကို ရှိမှုဗေဒအမြင် (၃) မျိုး ပိုင်ခြားထားပါသည်။ ယင်းတို့မှာ=

(၁) ဓမ္မတရား အားလုံး အရှိသဘော ဖြစ်သော အမြင် (ဝေဘာသိကနှင့် သုတ္တန္တိက)

(၂) ဓမ္မတရားအားလုံး မရှိသဘော (သုညတ) ဖြစ်သော အမြင် (မဇ္ဈိမိက)

(၃) အချို့ ဓမ္မတရားများ အရှိသဘော ဖြစ်ပြီး အချို့ဓမ္မတရားများ မရှိသဘော (သုညတ) ဖြစ်သော အမြင် (ယောဂါစာရ)[၂၀၀]

ထို့ကြောင့် ယောဂါစာရ ဒဿန ကို ဗုဒ္ဓဒဿနသမိုင်း၏ အဆင့်အမြင့်ဆုံး ပွင့်ကားတိုးတက်မှု အဖြစ် ယူဆခဲ့၏။ အိန္ဒိယဗုဒ္ဓဘာသာပညာရှင်တစ်ဦး ဖြစ်သည့် တီ အာရ် ဗီ မူရ်တိ (T .R. V. Murti) လည်း ယောဂါစာရ အဒွယ- ဝိညာဏဝါဒသည် မဇ္ဈိမိကဒဿနကို အပြုသဘော အခြေခံများဖြင့် ဆန်းစစ်ပြုပြင် တည် ဆောက်ထားခြင်း ဖြစ်သည်ဟု သုံးသပ်၏။[၂၀၁] အလားတူစွာပင် ကေ အင်န် ချာတာဂျီ နှင့် သီအိုဒို ချာဗက်စကီ တို့က နာဂဇုန၏ ပညတ္တိ သက်သက်အမြင် သုညတဝါဒ အမြင်တို့သည် နတ္ထိကဝါဒ ဥစ္ဆေဒဝါဒဆန်လွန်းနေပြီး အိန္ဒိယဗုဒ္ဓဘာသာ၏ နောက်ဆုံး သမ္မဟပေါင်းစည်းမှုသည် အသင်္ဂနှင့် ဝသုဗန္ဓု ညီနောင်နှစ်ဦး၏ အဒွယ-ဝိညာဏဝါဒပင်ဖြစ်၏ ဟူ၍ ကောက်ချက်ချခဲ့ကြပါ၏။[၂၀၂]

ဒေါက်တာဆူဇူကီး၏ ဝေဖန်သုံးသပ်ချက်မှာမူ ဗုဒ္ဓစာပေပညာရှင်အများစုသည် မဇ္ဈိမိကဒဿနနှင့် ယောဂါစာရ ဒဿနနှစ်ခုကို တစ်သီးတစ်ခြား ရပ်တည်သော အချင်းချင်း ပြတ်သားစွာ ဆန့်ကျင်နေသော အယူအမြင် နှစ်ရပ်အဖြစ် ရှုမြင်ကြ၏။ မဇ္ဈိမိကဒဿနက လောက၏ ရှိသမျှ အရာအားလုံးကို အတွင်းအနှစ်သား ဆိတ်သုဉ်းသော သုညတာအဖြစ် မြင်သလို ယောဂါစာရဒဿနက လောက၏ ရှိသမျှ အရာအားလုံးကို အခြေခံပကတိ မူလစိတ္တ၏ ဖော်ဆောင်မှုများအဖြစ် ယူဆ၏။ ယင်းပညာရှင်များသည် သုညတာသဘောနှင့် အခြေခံပကတိ မူလ စိတ္တ သဘောတို့ကို

၂၀၀။ Jones, Elvin W. *"Buddhist Theories of Existents: The Systems of Two Truths" in Mahayana Buddhist Meditation: Theory and Practice.* Minoru Kiyota, ed. Honolulu: The University Press of Hawaii, 1978, p. 19

၂၀၁။ Murti, T.R.V. *The Central Philosophy of Buddhism.* Boston: Unwin Paperbacks, 1980,p. 104.)

၂၀၂။ Chatterjee, K.N. *Vasubandhu's Vijnaptimitratisiddhi with Sthiramati's Commentary.* Varanasi: Kishor Vidya Niketan, 1980, p. xxxvi = Stcherbatsky, Theodor. The Madhyanta-vibhaga: Discourse onDiscrimination Between Middle and Extremes. Leningrad: BibliothecaBuddhica vol. 30, 1936, p.

အချင်းချင်း ပြတ်သားစွာ ဆန့်ကျင်နေသော အယူအမြင် နှစ်ရပ်အဖြစ် ရှုမြင်ကြသည်မှာ သမိုင်းကြောင်းအရ မှန်ကန်သော အမြင်ဟု မဆိုနိုင်ပေဟု ဆိုခဲ့လေသည်။[၂၀၃]

ဒိုင်ယာနာ ပေါလ်၏ အလိုအရ ယောဂါစာရ ဒဿနသည် မဟာယာန မစ္ဈိမိကဒဿန၏ ပင်မကျောရိုးဖြစ်သော သုညတာ ဓမ္မကို ပုဂ္ဂလလူသား၏ အတ္တဘဝ ရှုထောင့် စိတ်ပညာရှုထောင့်တို့မှ အနက်သစ် ဖွင့်ဆိုရန်ကြိုးပမ်းမှု တစ်ခုသာဖြစ်ကြောင်း ဝိုကြိုဟ်ပြုပါသည်။[၂၀၄] ထို့အတူပင် အသင်္ဂနှင့် ဝသုဗန္ဓုတို့၏ ယောဂါစာရ ဒဿနဆိုင်ရာ တိုးတက်ထုတ်ဖော်မှုများသည် ၄င်းတို့ရှေ့မှ ပေါ်ပေါက်ခဲ့ကြသော မစ္ဈိမိကဒဿန ပညာရှင်များကို တိုက်ရိုက် မဆန့်ကျင်ခဲ့ဘဲရှိကြောင်း ဒေါက်တာ ရစ်ချတ် ကင်းမှ ယူဆခဲ့ပြန်သည်။[၂၀၅]

ပေါလ် ဂရစ်ဖစ်သ်၏ လေ့လာချက်အရ ယောဂါစာရဂိုဏ်း၏ တိုးတက်ပွင့်ကားမှု အဆင့် (၄) ခုရှိသည်ဟုဆို၏။

(၁) ပထမအဆင့်ကို အကြို ယောဂါစာရ Pre-Systematic ဟုခေါ်၏ (သံဓိနိမောစနသုတ် ၏ သင်ကြားချက်များ)

(၂) ဒုတိယအဆင့်ကို ရှေးဦး ယောဂါစာရ Early Systematic ဟုခေါ်၏။ (ယောဂါစာရဘူမိ-မဟာယာနသုတ္တာလင်္ကာရ-မစ္ဈိန္တဝိဘာဂ စသော ကျမ်းများ ခေတ်)

(၃) တတိယအဆင့်ကို ဂန္ဆဝင်ယောဂါစာရ (Classical Yogacara)ဟု ခေါ်၏။ (အသင်္ဂ၏ မဟာယာနသင်္ဂဟ အဘိဓမ္မသမုစ္စယနှင့် ဝသုဗန္ဓု၏ ဝိံ သတိကာ -တီ သိကာ- တြိသဘာဝနိဒ္ဒေသ စသော ကျမ်းများ ခေတ်)

(၄) စတုတ္ထနှင့် နောက်ဆုံး အဆင့်ကို အဠကထာဋီကာ ကျမ်းများခေတ် ဟုခေါ်၏။ (ဓမ္မပါလ ထိရမတိ အသဘာဝ စသည်တို့၏ ယောဂါစာရ အဠကထာဋီကာ ကျမ်းများ)[၂၀၆] စသည်တို့ဖြစ်ကြ၏။

၂၀၃။ **Suzuki. Daisetz Teitaro. *"The Lankavatara Sutra as a Mahayana Text. In Especial Relation to the Teaching of Zen Buddhism." EB 4 (1928) p. 255.***

၂၀၄။ **Paul, Diana Y. *Philosophy of Mind in Sixth-Century China: Paramartha's 'Evolution of Consciousness.'* Stanford: Stanford University Press, 1984, p. 5**

၂၀၅။ **King, Richard. *"Early Yogacara and its Relationship with the Madhyamaka School."* PEW 44:4 (1994) 659-683**

၂၀၆။ **Griffiths, P. J. (1986) *On Being Mindless*, La Salle, IL: Open Court.pp. 77-79.**

အလန် စပွန်းဘာ့ခ်၏ အလိုအရ ရှေးဦး ယောဂါစာရ ဒဿနပညာရှင်များသည် တြိသ-ဘာဝ အယူအဆကို ဖော်ထုတ်တင်ပြခြင်းအားဖြင့် အစဉ်အလာ မဈ္ဈိမိကဒဿန၏ သစ္စာနှစ်ပါးအမြင်ကို ထပ်ဆင့်တိုးချဲ့ခဲ့သည့်အပြင် သစ္စာနှစ်ပါးအမြင်၏ အကန့်အသတ်များကိုပင် ကျော်လွန်၍ ရှိမှုဗေဒ အသိအမြင ်များကို ဖော်ပြခဲ့ကြကြောင်း တင်ပြခဲ့ပါသည်။[၂၀၇]

မဟာယာနဗုဒ္ဓဘာသာအစ ယောဂါစာရ က

ယောဂါစာရကို လေ့လာလိုပါလျှင် မဈ္ဈိမိကဒဿနနှင့် ဆက်စပ်လျက်ရှိသော ယောဂါစာရ အယူအဆများမှ စတင် လေ့လာသင့်ပေသည်။ ယောဂါစာရသည် မဟာယာနဗုဒ္ဓဘာသာ၏ အခြေခံအကျဆုံးသော အယူအမြင်များ ဖြစ်သည့် ဗောဓိသတ္တ ဗုဒ္ဓသဘာဝ ဗုဒ္ဓ၏ ကာယသုံးပါး အာလယဝိညာဏ် စသော အကြောင်းအရာများစွာကို အခြေခံအုတ်မြစ်များအဖြစ် ဖော်ထုတ်ခဲ့သည့်အပြင် မဟာယာန ဗုဒ္ဓဘာသာသည်လည်း ပေါဦးသစ်စ ဘာသာရေးလှုပ်ရှားမှုအသစ် ဖြစ်ခဲ့သော ကာလဖြစ်သောကြောင့် ရှေးဦးယောဂါစာရဂိုဏ်း၏ ဒဿနပညာရှင်များသည် မဟာယာန ဗုဒ္ဓဘာသာကို ကာကွယ်ခုခံ ချေပခဲ့ကြဟန်တူလေသည်။

အရှင်အသင်္ဂ၏ မယာယာနသုတ္တာလင်္ကာရနှင့် မဟာယာနသင်္ဂဟ စသော ကျမ်းများဝယ် အခြားသော ခေတ်ပြိုင် (ဟီနယာန) ဗုဒ္ဓဘာသာဂိုဏ်းကွဲများနှင့် အခြေအတင် ငြင်းခုန်ပြောဆိုရေးသားခဲ့၏။ ယင်းကျမ်း၏ ပထမဆုံးသော အခန်းအမည်ကပင် မဟာယာနသိဒ္ဓိ အဓိကာရ ဖြစ်သောကြောင့် မဟာယာန၏ ပကတိအရေးပါမှုကို ရေးသားခုခံခဲ့ဟန်ရှိသည်ကို ထောက်လျက် မဟာယာနလှုပ်ရှားမှုသည် ခေတ်ပြိုင် ဟီနယာန ဗုဒ္ဓဘာသာဂိုဏ်းများနှင့် သူတင် ကိုယ်တင် အပြိုင်အဆိုင် ရုန်းကန်နေရသော ကာလဖြစ်မည်ဟု ခန့်မှန်းရပါ၏။ မယာယာနသုတ္တာလင်္ကာရကျမ်းတွင် မဟာယာနဗုဒ္ဓဘာသာ၏ ကြီးမြတ်မှုကို ဖော်ပြသော **ယာနာနုတ္တရ** (အမြတ်ဆုံးသောလမ်း) အမည်ရှိသော အခန်းနှင့် အဆုံးသတ်ထားသည်ကို တွေ့ရ၏။ မဟာယာနဗုဒ္ဓဘာသာ၏ စစ်မှန်မှုကို ကာကွယ်တင်ပြသောအားဖြင့် မဟာယာန ဗုဒ္ဓဘာသာသည် အသစ် ဖန်တီးတီထွင်မှုတစ်ခု မဟုတ်ကြောင်းကို အရှင်အသင်္ဂက အကျယ်တဝင့် ရေးသား ရှင်းလင်းခဲ့၏။

သူ့အလိုအရ ဆိုရပါလျှင်-

၂၀၇။ **Sponberg, Alan. *"The Trisvabhava* Doctrine in India and China: A Study of Three Exegetical Models. (1983) p. 97.**

- မဟာယာန ဗုဒ္ဓဘာသာသည် သာဝကယာန (ဟီနယာန) နှင့် တစ်ချိန်တည်းပင် စတင်ခဲ့ကြောင်း ရှင်တော်ဗုဒ္ဓ ကိုယ်တိုင် နုတ်မြွက်ဟောကြားခဲ့သော ဗုဒ္ဓဝစန ဖြစ်၏။
- မဟာယာန ဗုဒ္ဓဘာသာ၏ အမြင်များသည် အခြားသော ဘာသာရေးအုပ်စုများဖြစ်သည့် တက္ကိုက တိတ္ထိက ပရိဗိုဇ်တို့၏ အမြင်များနှင့် မတူညီကွဲပြားခြားနားနေပြီး ၄င်းတို့ကျက်စားရာ နယ်ပယ်၏အပ (အဂေါစာရ) ဖြစ်သော ဓမ္မတရားဖြစ်၏။
- မဟာယာန ဗုဒ္ဓဘာသာသည် ဗုဒ္ဓဝစနဖြစ်ရန် လိုအပ်သော အညွှန်းကိန်းများနှင့် ပြည့်စုံနေ၏။
- ဗုဒ္ဓဝစနသည် ဓမ္မနှင့် ဝိနယ ဖြစ်သောကြောင့် မဟာယာနဗုဒ္ဓဘာသာ ၏ ကိုယ်ပိုင် ဓမ္မနှင့် ဝိနယလည်း ရှိသောကြောင့် ဗုဒ္ဓဝစန ဖြစ်ပေ၏။
- ဗုဒ္ဓဝစနသည် ဓမ္မနိယာမနှင့်အညီ ဖြစ်ရမည်ဖြစ်သလို မဟာယာန ဗုဒ္ဓဘာသာ၏ တရားတော်များသည်လည်း ဓမ္မနိယာမနှင့်အညီ ဖြစ်၏။
- ဟီနယာနတရား အမြင်အရ သုညတာဓမ္မသည် ဗုဒ္ဓတရားမဟုတ်ကြောင်း တင်ပြတတ်ကြသော်လည်း အသင်္ဂနှင့် ဝသုဗန္ဓုတို့က ဆိုသည်မှာ သုညတာဓမ္မသည် ရှေးဦးဗုဒ္ဓ သုတ္တန်များတွင် ကွယ်ဝှက်သော အနက်အနေနှင့် ပါဝင်နေသော မူလတရားအမြင်သာ ဖြစ်၏။
- မဟာယာန ဗုဒ္ဓဘာသာ၏ တန်ဖိုးကို ညွှန်းဆိုရလျှင် ရောဂါပျောက်စေသော ဆေးဝါးသည် ခါးသက်ယောင်ရှိသော်လည်း စားကြည့်လျှင်ချိုသကဲ့ တန်ဖိုးမဖြတ်နိုင်သော မဏိဇောတရတနာသည် အသိဉာဏ်မဲ့သော သူအတွက် တန်ဖိုးမရှိသကဲ့သို့ ဖြစ်သော်လည်း ရတနာတန်ဖိုး ဖြတ်နိုင်သူတို့အတွက် အတုမရှိသော တန်ဖိုးကို ဆောင်ယူနေသကဲ့သို့ မဟာယာန ဗုဒ္ဓဘာသာသည်လည်း ဓမ္မအနက်ကို အကုန်အစင်မြင်သူတို့ တန်ဖိုးထားရာ ဓမ္မဖြစ်ပါ၏။

ဝိညတ္တိမတ္တဝါဒ အမြင်

ယောဂါစာရဗုဒ္ဓဘာသာ၏ ပင်မ ဗဟိုလောကအမြင်ကို **ဝိညတ္တိမတ္တဝါဒ** အမြင်ဟု ခေါ်ဆိုကြ၏။ ဝိညတ္တိဟူသော ဝေါဟာရသည် သိစေအပ်ခြင်း သို့မဟုတ် သိစေအပ်သောအရာ ဟူသော အနက်ရှိ၏။ ဝိညတ္တိမတ္တဝါဒ ဟူသည်မှာ လောက၌ ရှိရှိသမျှ အရှိတရားမှန်သမျှသည် စိတ်မှသိစေအပ်သောအရာများသာဖြစ်သည်ဟူသော အဆိုဝါဒဖြစ်၏။ ထို့ကြောင့် ဝိညတ္တိမတ္တဝါဒ အမြင်သည် ဗြိတိသျှဒဿန

ပညာရှင် ဂျော့ဘာကလေ (George Berkeley) ၏ **ရှိခြင်းသည် သိခြင်းပင် ဖြစ်သည်** (esse est percipi) ဟူသော အဆိုအမိန့်ကို သတိရစရာဖြစ်၏။ ဤအဆို အမိန့်အားဖြင့် ယောဂါစာရ ဝိညတ္တိမတ္တဝါဒနှင့် ဘာကလေ၏ နာမ်ဝါဒတို့သည် ပြင်ပဗဟိဒ္ဓလောကကြီးနှင့် အရာဝတ္ထုများ၏ သိစိတ်ကင်းလွတ် ပကတိအရှိတရား (Mind-Independent Reality-MIR) သဘောကို ယတိပြတ် ငြင်းပယ်သော အတွေးအမြင်များ ဖြစ်ကြသည်ကို တွေ့ရ၏။

လူသားတို့အတွက် ရှိသည်ဟု ဆိုနိုင်သမျှ အရာအားလုံးသည် လူသား၏ သိမှုနယ်ပယ်အတွင်းတွင် ဖြစ်ပျက်နေကြသောကြောင့် သိစိတ်နှင့် ကင်းလွတ်တည်ရှိနေသော အရာဟူ၍ မရှိနိုင်ဟု ဆိုခြင်းဖြစ်၏။ ဝိညတ္တိမတ္တဝါဒကို ရှေးရှုနေသော သုံးသပ်ချက် နှစ်ခုရှိ၏။ ပထမသုံးသပ်ချက်မှာ အသိခံ အရာဝတ္ထုမှန်သမျှသည် သိစိတ်တစ်ခုခုကို အခြေခံ၍ သိနေခြင်းဖြစ်သောကြောင့် အသိခံအရာနှင့် သိစိတ်တို့သည် အစဉ်အမြဲမခွဲဘဲ ဒွန်တွဲနေသော အခြင်းအရာများ ဖြစ်ကြလေသည်။ သိစိတ်က မသိသော အသိခံအရာဟူ၍ မရှိစကောင်းသောကြောင့် အသိခံအရာသည် သီးခြားဖြစ်တည်နေသော သိစိတ်ကင်းလွတ် ပကတိအရှိတရား (Mind-Independent Reality-MIR) မဖြစ်နိုင်တော့ချေ။ ဒုတိယ သုံးသပ်ချက်မှာ လူသား၏ ရှုထောင့်မှကြည့်လျှင် စိတ်ဖြင့်သိမြင်အနက်ဖွင့် နားလည်အပ်သော လောက (Representational World) နှင့် ပကတိရှိနေသော လောက (Actual World) နှစ်ရပ်ကို ခွဲခြားရန် မဖြစ်နိုင်သောကြောင့် လောကအရှိတရားဟူသည်မှာ စိတ်ဖြင့် သိမြင်အနက် ဖွင့်ဆိုနားလည်မှုတို့၏ အစုအဝေး သက်သက်သာ ဖြစ်သည် (လောကသည် စိတ်အသိသက်သက်သာ ဖြစ်သည်) ဟုဆိုနိုင်ပေသည်။ ရှေးဦးဗုဒ္ဓဝါဒ စာပေတို့တွင်လည်း စိတ်သည် အာရုံနှင့်တစ်ထပ်တည်း တစ်သားတည်း (အပ္ပနာဝီထိ) ဖြစ်နိုင်လျှင် စိတ်စေရာသို့ အာရုံက လိုက်ပါရကြောင်း ဆိုထားသည်ကို တွေ့ရ၏။

ဝိညတ္တိမတ္တဝါဒ အလိုအရ လောကအရှိတရားဟူသည်မှာ စိတ်ဖြင့် သိမြင်အနက် ဖွင့်ဆိုနားလည်မှုတို့၏ အစုအဝေး သက်သက်သာဖြစ်သည် (လောကသည် စိတ်အသိသာဖြစ်သည်) ဟူ၍ဆိုသော်လည်း မိမိသိစိတ်၏ပြင်ပတွင် အခြားသော သိစိတ်များ မရှိနိုင်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ယောဂါစာရ ဝိညတ္တိမတ္တဝါဒသည် Solipsism ဟုခေါ်သော မိမိတစ်ဦးတည်း၏ စိတ်အလျဉ်သာအရှိဝါဒမျိုး မဟုတ်ပေ။ ထို့အတူ ယောဂါစာရသည် သိစိတ်အားလုံးကို လွှမ်းခြုံ ပေါင်းစည်းထားသော **မဟာသိစိတ်ကြီးတစ်ခု** (One Universal Mind) ၏ အရှိတရားကို လက်ခံသော အကြွင်းမဲ့ အနန္တဝိညာဏ်တော်နာမ်ဝါဒလည်း မဟုတ်ပေ။ ယောဂါစာရ

ဝိညတ္တိမတ္တဝါဒသည် သတ္တဝါ တစ်ဦးချင်းစီ၏ သီးခြားစိတ်အလျဉ် (စိတ္တသန္တတိ) များကို လက်ခံသော အယူအဆဖြစ်၏။ သိစိတ်အစဉ်ကို ဖြစ်ပေါ်စေသောအကြောင်းတရားအဖြစ် ရုပ် (ရူပ) ၏ အရိုတရားကိုလည်း စိတ်အသိနှင့် ဆက်စပ်မှီတွယ်နေသော အရိုတရားအဖြစ် လက်ခံထားပါသည်။

ယောဂါစာရ ဝိညတ္တိမတ္တဝါဒတွင် သိသူအစား **ဆုပ်ကိုင်သူ** (ဂါဟက) ဟူ၍ လည်းကောင်း၊ အသိခံအရာအစား **အဆုပ်ကိုင်ခံအရာ- ဆုပ်ကိုင်အပ်သောအရာ** (ဂါဟျ) ဟူ၍ လည်းကောင်း ဝေါဟာရ အထူးပြု၍ သုံးစွဲထားသည်ကို တွေ့ရ၏။ ဆိုလိုချင်သည်မှာ လူသားသည် လောကကို သိမြင်သောအခါတွင် သိမှုသက်သက်အားဖြင့် သန့်ရှင်းစွာ သိခြင်းမဟုတ်ဘဲ လောကကို ဆုပ်ကိုင်ခံအရာအနေဖြင့် ဆုပ်ကိုင်သူ၏ ရူထောင့်မှ သိခြင်းဖြစ်၏။ စိတ်သည် လောကအရိုတရားကို မဖန်ဆင်းသော်လည်း စိတ်၏ အရောင်ဆိုးမှုအတိုင်း လောကသရုပ်သကန်သည် ပေါ်လွင်ထင်ရှားလာရလေသည်။ စိတ်သည် လောကကို အရောင်ဆိုးရာတွင် မိမိ၏ အတွင်းသန္တာန်၌ရှိသော လောဘ ဒေါသ မောဟတည်းဟူသော ရေသောက်မြစ် ကိလေသာတရားများ၏ စေစားချက်အတိုင်း အရောင်ဆိုးရခြင်း ဖြစ်၏။

ယောဂါစာရ ဒဿနအမြင်တွင် လောကအမြင်နှင့် စိတ်အရောင်ဆိုးမှုတို့ ဆက်စပ်နေသလို သတ္တဝါတို့ ပြုလုပ်သော ကံတရားများနှင့် ကံ၏အကျိုးဆက် (ကမ္မဝိပါက) တို့လည်း ဆက်စပ်နေကြ၏။ သတ္တဝါတို့သည် ကိလေသာတရားများက ဦးဆောင်သည့် လမ်းကြောင်းအတိုင်း ကမ္မအမှုများကို ကိုယ်နှုတ်နှလုံးတို့အားဖြင့် ပြုလုပ်နေကြရ၏။ ယောဂါစာရ ဒဿန အလိုအရ ကမ္မသတ္တိဖြစ်ပွားရန်အတွက် ပြုလုပ်စေသည့်တွန်းအား-ကိလေသာစိတ်အခြေခံ လိုအပ်သလို ပြုလုပ်နေစဉ် ကာလတွင် စိတ်စေတနာ ညွှတ်မှုသည်လည်း အရေးပါ၏။ တစ်နည်းအားဖြင့် ဆိုရလျှင် စိတ်အသိမဲ့၊ စေတနာမဲ့ ပြုမှုသော လုပ်ရပ်များတွင် ကမ္မသတ္တိမရှိသော်လည်း အသိစေတနာဖြင့် ပြုလုပ်ချက် အရာမှန်သမျှ နောက်ခံ ကိလေသာစွမ်းအားနှင့် ရောစပ်ပြီး ကမ္မသတ္တိ ဖြစ်လာလေသည်။ ထိုကမ္မသတ္တိတို့က စိတ်အသိကို လွှမ်းမိုးသည့်အတိုင်း စိတ်က လောကကို အရောင်ဆိုးပေးနေလေသည်။ စိတ်က (ကမ္မသတ္တိအလိုက်၍) လောကကို အရောင်ဆိုးပေးသည့်အတိုင်း လောက၏ ပြင်ပအသွင်သဏ္ဌာန်သည် ပေါ်လွင်ထင်ရှားလာရလေ၏။

ယောဂါစာရ ဒဿနအမြင်တွင် လောကဓာတ်စကြဝဠာနှင့် ဘုံသုံးပါး (၃၁ ဘုံ) တို့၏ အရိုတရားကို စိတ်မှ သိစေအပ်သော အရာများသာဖြစ်သည်ဟူသော ဝိညတ္တိမတ္တဝါဒကို လက်ကိုင်ထားသည်ကို တွေ့ရ၏။ သတ္တဝါတို့၏ အစွဲဥပါဒါန်

အတိုင်း ကမ္မသတ္တိများ ဖြစ်ပေါ်လာ၏။ ကမ္မသတ္တိများ၏ အရောင်ဆိုးချယ်လှယ်မှု အတိုင်း ကမ္မဇလေကို စီးနင်းသော စိတ်အသိက ဆိုင်ရာဘုံလောကကို အပြင်၌ အမှန်တကယ် ရှိနေဘိသည့်နှယ် ရှုမြင်ခံစားရ၏။ ဤကဲ့သို့ အမှန်တကယ် ရှိနေဘိ သည့်နှယ် ရှုမြင်ခံစားရခြင်းကြောင့်လည်း သတ္တဝါ၏ သန္တာန်တွင် မိမိ၏ အရှိတရား ကို အမြင်မှားမှု သို့မဟုတ် မိမိ၏ သီးခြားအတ္တကို အဟုတ်အမှန် ရှိနေသည်ဟူ၍ အမှားမြင်မှု (အတ္တဒိဋ္ဌိ) ကို ပိုမိုခိုင်မြဲစေ၏။ အတ္တဒိဋ္ဌိကြောင့်လည်း အစွဲဥပါဒါန် နှင့် ကမ္မသတ္တိများက တစ်ခါ ထပ်ဆင့် ဖြစ်ပေါ်ရပြန်လေ၏။ ထို့ကြောင့် ယောဂါစာရ ဝိညတ္တိမတ္တဒဿနတွင် အဆုပ်ကိုင်ခံ လောကသည်လည်း အရှိတရားမဟုတ်သလို ဆုပ်ကိုင်သူ အတ္တသည်လည်း အရှိတရားမဟုတ်ချေ။ အတ္တနှင့် လောကသည် ဝိညတ်အားဖြင့် ဆောက်တည်ထားသော အရှိယောင်တရားများ (Illusions) ဖြစ်ကြသောကြောင့် တစ်ခုကို ငြင်းပယ်လျှင် ကျန်တစ်ခုကိုလည်း ငြင်းပယ်ပြီးသား ဖြစ်၏။ ဝိညတ်အားဖြင့် ဆောက်တည်ထားသော အရှိယောင်တရားများကို ယောဂါ စာရဒဿနက ပရိကပ္ပိတသဘာဝတရားများဟု ခေါ်ဆိုပြီး အခြားဗုဒ္ဓဘာသာဂိုဏ်း များ၏ သမ္မုတိသစ္စာဟူသော အယူအဆနှင့် ဆင်တူ၏။

သစ္စာ (၂) ပါး နှင့် သဘာဝ (၃) ပါး အမြင်

ဗုဒ္ဓဝါဒ အစဉ်အလာများစွာတွင် ဓမ္မကို ဖွင့်ဆို ရှင်းပြရာ၌ သမ္မုတိသစ္စာနှင့် ပရ မတ္ထသစ္စာ (၂) ပါးကို အသုံးပြုလေသည်။ သစ္စာ (၂) ပါး အယူအဆသည် ဗုဒ္ဓရှင် တော် လက်ထက်ခဲ့၊ ပေါ်ပေါက်ခဲ့ခြင်း မရှိဘဲ နှောင်းကာလ အာဘိဓမ္မာစာပေများ ပေါ်ပေါက်လာချိန်မှ ထင်ရှားလာသော အယူအဆဖြစ်၏။ ရှေးဦးသုတ္တန်များတွင် တိုက်ရိုက်အနက် ကောက်ယူနိုင်သော နိတတ္ထဒေသနာနှင့် ထပ်ဆင့် ဖွင့်ဆိုရှင်း ပြရန်လိုအပ်သော နေယျတ္ထဒေသနာဟူ၍ ခွဲခြားမှု ရှိခဲ့သည်ကို အခြေခံ၍ သစ္စာ (၂) ပါး အယူအဆ ပေါ်ပေါက်လာဟန်ရှိပေသည်။

ဗုဒ္ဓဝါဒ အာဘိဓမ္မာစာပေများ ပေါ်ပေါက်လာချိန်တွင် သတ္တဝါ၏ ဖြစ်တည်မှု ကို ခန္ဓာ အာယတန ဓာတု သစ္စာ အသေးစိတ် ပိုင်းခြား ဝေဖန်ကြ၏။ ထိုသို့ ဝေဖန်ရာမှ ထွက်ပေါ်လာသော ခန္ဓာ အာယတန ဓာတု သစ္စာ တရားများသည် ပကတိ အမှန်ရှိသော အရှိတရားများအဖြစ် ယူဆသောကြောင့် ပရမတ္ထသစ္စာများ ဟု သတ်မှတ်ပြီး ယင်းတို့၏ ကိုယ်ပိုင်ပကတိ သဘာဝသည် ဖောက်ပြန်ပြောင်းလဲ ခြင်းမရှိ (အ-ဝိပရိတ) ဟု ယူဆကြ၏။ ဥပမာ ပထဝီဓာတ်သည် မိမိ၏ ကိုယ်ပိုင် ပကတိ သဘာဝအားဖြင့် ခက်မာခြင်း သဘောရှိပြီး ဤ ကိုယ်ပိုင်ပကတိသဘာဝ

သည် ပထဝီအတွက် မည်သည့်အခါမှ ဖောက်ပြန်ပြောင်းလဲခြင်း မရှိနိုင်ဟု ယူဆကြ၏။ ထို့ကြောင့် ပရမတ္ထတရားများ၏ ကိုယ်ပိုင်ပကတိ သဘာဝတို့သည် ကာလမရွေး ဒေသမရွေး ပုဂ္ဂိုလ်မရွေး အမြဲမှန်ကန် မဖောက်ပြန်သောကြောင့် ၄င်းတို့ကို ပရမတ္ထသစ္စာများဟု သတ်မှတ်ခြင်း ဖြစ်၏။ ထိုပရမတ္ထတရားများ စုပေါင်းဖွဲ့စည်း၍ ဖြစ်ပေါ်လာသော အစုအဝေးများကိုမူ စိစစ်ကြည့်လျှင် အမှန်တကယ် မတည်ရှိသော ပညတ်သက်သက်များသာ ဖြစ်သောကြောင့် သမ္မုတိသစ္စာများဟု သတ်မှတ်ခြင်း ဖြစ်၏။

ရှေ့အခန်း၌ တင်ပြခဲ့ပြီးသလို အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿနအမြင်သည် ခေတ်ပြိုင် ဗုဒ္ဓဝါဒ အာဘိဓမ္မာစာပေများ၏ ခန္ဓာ အာယတန ဓာတု သစ္စာ တရားများသည် ပကတိ အမှန်ရှိသော အရှိတရားများ အဖြစ်ယူဆသော ပရမတ်အရှိ အယူအဆကို တစ်စစီ ကြွေလွင့်ပျက်သုဉ်းအောင် ထိုးနှက်ခဲ့သည်ကို တွေ့ခဲ့ကြပြီး ဖြစ်ပေမည်။ အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿနအမြင်တွင် ပရမတ္ထသစ္စာဟူသည် ဓမ္မတရားတို့၏ အတွင်း အနှစ်သား သဘာဝ -မိမိ ကိုယ်ပိုင် ပကတိ သဘာဝဆိတ်သုဉ်းခြင်း (သုညတာ သဘာဝ) သာ ဖြစ်လေသည်။ ဤ သုညတာ သဘာဝမှလွဲ၍ ကျန် အရာအားလုံးကို အချင်းချင်း ကြောင်းကျိုး ဆက်နွယ်မှီတွယ်လျက် ပညတ်သဘော အရသာ ဖြစ်ပွားတည်ရှိခွင့်ရသော သမ္မုတိသစ္စာများအဖြစ် ရှုမြင်ခဲ့၏။

ထို့ကြောင့် သစ္စာနှစ်ပါးနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာ ဂိုဏ်းကြီးများဖြစ်သော သဗ္ဗတ္ထိဝါဒ (ဝေဘာသိက ဂိုဏ်း) သုတ္တန္တိကဂိုဏ်းနှင့် မဇ္ဈိမိကဂိုဏ်းတို့တွင် အောက်ပါအတိုင်း အမြင်ကွဲပြားနေပုံကို သိနိုင်ပါ၏။

ဗုဒ္ဓဘာသာဂိုဏ်းအမည်	သမ္မုတိ သစ္စာ နယ်ပယ်	ပရမတ္ထသစ္စာ နယ်ပယ်
ဝေဘာသိက ဂိုဏ်း	အစုအဝေးသဘော ပညတ်တရားများ	ပကတိရှိသော ရုပ်နာမ် ဓမ္မတရားများ
သုတ္တန္တိကဂိုဏ်း	ယောဂျသဘော ပညတ်တရားများ	ဝိသေသသဘော အဖြစ်တရားများ
မဇ္ဈိမိက ဂိုဏ်း	ပညတ်နှင့် မှီတွယ်ဆက်နွယ်သော တရားများ	သုညတာ သဘော

သဗ္ဗတ္ထိဝါဒ (ဝေဘာသိက ဂိုဏ်း) အလိုအရ လူ တိရစ္ဆာန် အိမ် လှည်းစသော အစုအဝေး သဘော ပညတ်တရားများသည် သမ္မုတိ သစ္စာ နယ်ပယ်၌သာ မှန်ကန်သော အရှိတရားများ ဖြစ်၏။ ကာလ (၃) ပါးစလုံးတွင် မဖောက်မပြန်

အမြဲတည်ရှိသော (၀၀) ပကတိရှိသော ရုပ်နာမ်ဓမ္မတရားများသည်သာ ပရမတ္ထသစ္စာ နယ်ပယ်တွင် အဟုတ်အမှန်ရှိသော အရှိတရားစစ်စစ်များ ဖြစ်ကြ၏။

သုတ္တန္တိကဂိုဏ်း၏ အမြင်ကမူ သိမှုနယ်ပယ်ကို အခြေခံလျက် သစ္စာနယ်ပယ်ကို ခွဲခြားခဲ့၏။ သုတ္တန္တိကဂိုဏ်း အမြင်အရဆိုလျှင် သဗ္ဗတ္ထိ၀ါဒက တရားကိုယ်ကောက်ယူပြသော ပညတ် ပရမတ် တရားဟူသမျှတို့သည် ယေဘုယျအမည် နာမပညတ် (Universals) များသာ ဖြစ်သောကြောင့် ၄င်းတို့သည် သမ္မုတိ သစ္စာနယ်ပယ်၌သာ မှန်ကန်သော အရှိတရားများ ဖြစ်၏။ ပရမတ္ထနယ်ပယ်တွင် အချိန်နေရာတစ်ခုခု၌ နေရာယူတည်ရှိနေသော ဝိသေသအရှိတရားများ (Particulars) သည်သာ တည်ရှိနေ၏ဟု သုတ္တန္တိက ဂိုဏ်းအမြင်က ယူဆ၏။

မဇ္ဈိမိကဂိုဏ်း၏ အမြင်ကမူ အထက်ပါ ဗုဒ္ဓဘာသာဂိုဏ်းနှစ်ခုလုံး၏ အမြင်နှင့် မတူပါ။ ပရမတ္ထသစ္စာဟူသည် ဓမ္မတရားတို့၏ အတွင်းအနှစ်သား သဘာဝ မိမိ ကိုယ်ပိုင် ပကတိ သဘာဝဆိတ်သုဉ်းခြင်း (သုညတာ သဘာဝ) သာ ဖြစ်လေသည်။ ဤသုညတာ သဘာဝမှလွဲ၍ ကျန်အရာအားလုံးကို အချင်းချင်း ကြောင်းကျိုးဆက်နွယ်မှီတွယ်လျက် ပညတ်သဘောအရသာ ဖြစ်ပွားတည်ရှိခွင့်ရသော သမ္မုတိသစ္စာများအဖြစ် ရှုမြင်ခဲ့၏။ သိစိတ်ဖြင့် သိအပ်သော ရှိရှိသမျှ ပညတ်တရား ပရမတ်တရား အစုစုတို့သည် မိမိ ကိုယ်ပိုင်ဂုဏ်သတ္တိအားဖြင့် တစ်သီးတစ်ခြား ရပ်တည်နိုင်မှုတည်းဟူသော သဘာဝသတ္တိမှ ကင်းဆိတ်သည် ဖြစ်သောကြောင့် ၄င်းတို့သည် သမ္မုတိသစ္စာနယ်ပယ်၌သာ မှန်ကန်သော အရှိတရားများ ဖြစ်၏။ ဤသို့ အရာခပ်သိမ်း၏ မိမိ ကိုယ်ပိုင်ဂုဏ်သတ္တိအားဖြင့် တစ်သီးတစ်ခြား ရပ်တည်နိုင်မှုတည်းဟူသော သဘာဝသတ္တိမှ ကင်းဆိတ်သည့် သုညတာသဘာဝသည်သာလျှင် ပရမတ္ထသစ္စာဟု ခေါ်ဆိုရန်ထိုက်သော သဘောဖြစ်ကြောင်း မဇ္ဈိမိကဂိုဏ်းက ခံယူပါ၏။

ဤ သစ္စာ (၂) ပါး နယ်ပယ်ကို အခြေခံလျက် ယောဂါစာရ ဂိုဏ်းကလည်း သဘာဝ (၃) ပါး အယူအဆ ကို အောက်ပါအတိုင်း ဖော်ထုတ်ခဲ့ကြောင်း တွေ့ရ၏။[၂၀၀]

(၁) သဘာဝ (၃) ပါးအနက် ပထမသဘာဝကို **ပရိကပ္ပိတသဘာဝ (Parikalpita Svabhava)** ဟုခေါ်၏။ သံဓိနိမောစနသုတ္တန်၏ အလိုအရ ပရိကပ္ပိတသဘာဝဟူသည် အမည်နာမ ပညတ်သက်သက်မျှ ရှိနေသော အသွင်အရှိသဘောများ

၂၀၀။ **Jeffery Hopkins, *Reflections on Reality*, University of California Press,(2002),p-163 to 269**

ကို ရည်ညွှန်း၏။ ဘာသာစကား၏ ရည်ညွှန်းရာ သင်္ကေတများ၊ အမည်နာမများ ယေဘုယျစိတ်ကူး ဝိဘာဂများ အားလုံးသည် ပရိကပ္ပိတသဘာဝဖြစ်ပြီး ၄င်းတို့သည် အမြဲမြဲမြံသားကဲ့သို့ လည်းကောင်း၊ ယုန်ချိုလိပ်မွေး ပုဇွန်သွေးကဲ့သို့ လည်းကောင်း ခေါ်ဝေါ်စရာ အမည်နာမအသံ သင်္ကေတသာရှိပြီး အမှန်တကယ် ရည်ညွှန်းခံ ဝတ္ထုမရှိသော သဘာဝ ဖြစ်ပါ၏။ ထို့ကြောင့် ယင်းသဘာဝတို့ကို အမှတ်သညာပြုသော ဝိညာဏ်သက်သက် အရှိတရား (ဝိညတ္တိမတ္တ) ဟူ၍လည်း ခေါ်ဆိုနိုင်ပါ၏။

ပရိကပ္ပိတသဘာဝအဆင့်တွင် အရှိတရားသည် နှစ်မျိုးနှစ်ခု ဒွိတ္တဘာဝ (Duality/Dualism) အသွင်ဖြင့် ပေါ်လွင်လာ၏။ အဓိကအကျဆုံး ဒွိတ္တဘာဝ အတွဲမှာ သိသူနှင့် အသိခံ (Knower and Known) ဆုပ်ကိုင်သူနှင့် ဆုပ်ကိုင်ခံ (Grasper and Grasped) အတွင်းအဖျားနှင့် အပြင်ဗဟိဒ္ဓဟူသော အတွဲဖြစ်၏။ ဤတရားများသည် တစ်ခုနှင့်တစ်ခု လုံးဝ သီးခြားကင်းလွတ် ရပ်တည်နေသော အရှိတရားများအဖြစ် ပရိကပ္ပိတသဘာဝအဆင့်တွင် သိရ၏။ ပရိကပ္ပိတသဘာဝသည် ပုထုဇဉ် သတ္တဝါတို့ နေ့စဉ် ရှင်သန်ရုန်းကန်နေရသော လောက၏ သရုပ်သကန်လည်း ဖြစ်၏။ သစ္စာဓမ္မကို ယထာဘူတ အရှိအတိုင်း မသိဘဲ စိတ်ကူးပုံရိပ် (ပရိကပ္ပ) များက ချယ်မှူန်းလှည့်စားသည့်အတိုင်း မြင်တွေ့နေရသော အတု အယောင် ပုံရိပ်လောက (ပဋိဗိမ္ဗ ဓမ္မ) လည်း ဖြစ်ပါ၏။ ဂရိဒဿနပညာရှင်ကြီး ပလေတို၏ အသွင်လောက ဝေဒန္တဒဿန၏ မာယာလောကနှင့် သဘောချင်းတူ၏။

(၂) ယောဂါစာရဂိုဏ်း၏ အမြင်အရ ဒုတိယသဘာဝကို **ပရတန္တ္ရ သဘာဝ (Paratantra Svabhava)** ဟု ခေါ်၏။ ပရတန္တ္ရဟူသော ဝေါဟာရသည် ပြင်ပ အကြောင်း အထောက်အပံ့တရားကို မှီစွဲ ဖြစ်ပွားရသော သဘာဝဟူသော အနက် ကိုဆောင်သောကြောင့် ပရတန္တ္ရ သဘာဝသည် ယောဂါစာရဂိုဏ်း၏ အမြင်အရ ပကတိရှိနေသော ယထာဘူတ ဓမ္မတရား ဖြစ်လေသည်။ ကြိုးကို မြွေဟု အမြင် မှောက်မှားမှု ဖြစ်ရာ၌ မြွေဟူသော အမြင်မှားသည် ကြိုးတည်းဟူသော ပကတိအရှိ တရားတစ်ခုကို တည်မှီနေသကဲ့သို့ ပရိကပ္ပိတသဘာဝသည် ပရတန္တ္ရ သဘာဝ ကို တည်မှီလျက်သာ ဖြစ်ပွားခွင့်ရလေ၏။ ထို့ကြောင့် ယောဂါစာရ အလိုအရ ပရတန္တ္ရ သဘာဝသည် စင်စစ် ပဋိစ္စသမုပ္ပါဒ၏ အမည်သာ ဖြစ်လေသည်။ ပဋိစ္စ သမုပ္ပါဒ ဖြစ်စဉ်ကို မှီတည် အခြေခံပြုလျက် အသွင်လောက အရှိတရားများကို ပညတ် စွဲလမ်းရသကဲ့သို့ ပရတန္တ္ရသဘာဝကို မှီတည် အခြေခံပြုလျက် သိသူနှင့် အသိခံ (Knower and Known) ဆုပ်ကိုင်သူနှင့် ဆုပ်ကိုင်ခံ (Grasper and

Grasped) အတွင်းအစ္ခရတ္တာနှင့် အပြင်ဗဟိဒ္ဓဟူသော ပရိကပ္ပိတ လောက၏ ဒွိစုံတရားများလည်း (အမှန်စင်စစ် မရှိပါဘဲလျက်) ထင်ယောင်ထင်မှား ဖြစ်ကာ ပေါ်လွင်ထင်ရှားလာကြရပေ၏။[၂၀၉]

ရူပကအလက််ာ ပုံရိပ်လွှာဖြင့် ပမာပြုတင်စားရလျှင် ပရတန္တရသဘာဝသည် တစ်သွင်သွင် စီးဆင်းနေသော မြစ်နဒီတစ်ခုနှင့် အလားသဏ္ဌာန်တူ၏။ မြစ်၌ ပါဝင်နေသော ရေစက်ရေပေါက်တို့သည် မိမိ ကိုယ်ပိုင်သဘောမရှိဘဲ အချင်းချင်း အပြန်အလှန် မှီတွယ်စပ်ယှက်ပေါင်းစည်းကာ စီးဆင်းနေရခြင်း ဖြစ်၏။ အတွင်း အနှစ်သား အတ္တသဘာဝ ဆိတ်သုဉ်းသော သုညတ သဘာဝများသာ ဖြစ်ပါ၏။ မြစ်ရေပြင်ပေါ်ကို လေပြင်းတိုက်သောအခါ လှိုင်းလုံးများ ဖြစ်ပေါ်လာရသလို တသွင်သွင် စီးဆင်းနေသော ပရတန္တရ သဘာဝပေါ်တွင် အဝိဇ္ဇာ-မောဟ၏ လေပြင်းတိုက်သောအခါ ပရိကပ္ပိတလောက၏ ဆုပ်ကိုင်သူနှင့် ဆုပ်ကိုင်ခံ သိသူနှင့် အသိခံစသော ဒွိစုံတရားတည်းဟူသော လှိုင်းလုံးများလည်း ဖြစ်ပေါ်လာရလေ၏။

တသွင်သွင် စီးဆင်းနေသော ပရတန္တရသဘာဝသည် ဘာသာစကား၏ သင်္ကေတစံနစ်များ ဝေါဟာရပညတ်များနှင့် ဆင်ခြင်သိ ယုတ္တိဗေဒအသိများမှ လွန်မြောက်နေသော နယ်ပယ် ဖြစ်၏။ ဘာသာစကား၏ သင်္ကေတစံနစ်များ ဝေါဟာရ ပညတ်များဟူသည် စီးဆင်းပြောင်းလဲနေသော ယထာဘူတ ဓမ္မကို ပုံဖျက်လျက် အမှားကို သိစေ၏။ အမှန်တကယ် မရှိသော ပညတ်သက်သက် အရာများကို အရှိယောင် ထင်မှားစေတတ်၏။ ဆုပ်ကိုင်သူနှင့် ဆုပ်ကိုင်ခံသိသူနှင့် အသိခံစသော ဒွိစုံတရားများအနေဖြင့် ပိုင်းခြားမရသော ပရတန္တရသဘာဝကို ဘာသာစကားနှင့် ပညတ်စနစ်များက ဒွိစုံတရားများအနေဖြင့် အမှားမြင်စေလျက် အမြင်မှောက်မှား ပရိကပ္ပိတလောကကြီးကို ထူထောင် ဖန်ဆင်းထားခြင်းသာ ဖြစ်ပါ၏။ ပရိကပ္ပိတ လောကကြီးသည် အဖန်ဆင်းခံဖြစ်လျှင် ပရတန္တရသဘာဝသည် ဖန်ဆင်းသော ဓမ္မတရားစု ဖြစ်ပေမည်။

ဤနေရာတွင် ယောဂါစာရ၏ သုညတအမြင်သည် မဇ္ဈိမိက၏ သုညတ အမြင်နှင့် ကွဲပြားခြားနားစွာ ရပ်တည်နေသည်ကို တွေ့ရ၏။ မဇ္ဈိမိကအမြင်၌ သမ္မုတိတရား အသွင်သဏ္ဌာန် မှန်သမျှသည် ကြောင်းကျိုးမှီစွဲဆက်စပ်ဖြစ်ပွား

၂၀၉။ Lamotte, É. (1935) Samdhinirmocana Sutra, Louvain: Université de Louvain. For an English trans. of this setra from Xuanzang's Chinese, see J. P. Keenan (trans.) (2000) The Scripture on the Explication of Underlying Meaning, BDK English Tripixaka 25-IV, Berkeley, CA: Numata Center for Buddhist Translation and Research.: 6: 5) (v. 2; Vasubandhu 1932–3).

ရသော ပဋိစ္စသမုပ္ပါဒဖြစ်စဉ်ကို အခြေခံရသောကြောင့် ၄င်းသမ္မုတိတရား အသွင်သဏ္ဌာန်တို့သည် သုညတ တရားများ ဖြစ်၏။ ထိုနည်းတူစွာပင် ပဋိစ္စ သမုပ္ပါဒ ဖြစ်စဉ်တွင် ပါဝင်နေသော ရုပ်နာမ်ဓမ္မ သခ်ါရတရားများသည်လည်း အဟုတ်အမှန် ရှိသော ပကတိတရားများ မဟုတ်ဘဲ အချင်းချင်း အပြန်အလှန် မှီတွယ်စပ်ယှက် ပေါင်းစည်းနေရသော အရှိယောင် သုညတ တရားများသာ ဖြစ်၏။ ထို့ကြောင့် မဇ္ဈိမိက အမြင်ကို အနှစ်ချုပ်လျှင် လောကဥ္စ ပကတိအရှိ တရားစစ်စစ် (Inherent Existence/Absolute Reality) ဟူ၍ မရှိဘဲ အချင်းချင်း အပြန်အလှန် မှီခိုနေသော သုညတ ဓမ္မများသာဖြစ်ပြီး ၄င်းတို့၏ အတည်ခံ အခြေခံရာ အမာခံ အနှစ်သာရတရား လုံးဝမရှိကြောင်း ယတိပြတ်ငြင်းဆိုထားသော အမြင်ဖြစ်လေသည်။

ယောဂါစာရဒဿန၏ အမြင်တွင် အခြေခံ အမာခံ အနှစ်သာရတရား လုံးဝမရှိကြောင်း အကြွင်းမဲ့ ယတိပြတ် ငြင်းဆိုထားသော မဇ္ဈိမိကဂိုဏ်း၏ အမြင်သည် အစွန်းရောက် နတ္ထိကဝါဒအမြင် (Nihilist View) ဖြစ်သည်ဟု ဝေဖန်သည်။ အသွင်လောကကို လက်ခံလျှင် အသွင်လောက တည်မှီရာ အစစ်အမှန်တရား တည် ရှိမှုကိုလည်း လက်ခံရမည်ဟု ဆိုသည်။ တစ်နည်းအားဖြင့် သုညတသဘာဝကို လက်ခံလျှင် ၄င်း၏ ဆန့်ကျင်ဘက်ဖြစ်သော အ-သုညတ သဘာဝ (ဝါ) ပကတိ အစစ်အမှန်တရား၏ အရှိသဘောကိုလည်း လက်ခံရမည်ဟု ဆိုသည်။ ပကတိ အစစ်အမှန်တရား၏ အရှိသဘောကို လက်မခံလျှင် အမှန်တကယ်မရှိသော အရှိ ယောင် လောကအတု၏ ဖြစ်ပေါ်တည်ရှိပုံကို ယုတ္တိရှိရှိ ရှင်းပြရန် မဖြစ်နိုင်ဟု ယောဂါစာရဂိုဏ်းက အခိုင်အမာ ခံယူခဲ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ယောဂါ စာရသည် အရာရာကို အရှိသဘောအဖြစ် လက်ခံသော သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အစွန်း (အတ္ထိ အစွန်း) နှင့် အရာရာကို မရှိသဘော-သုညသဘော အဖြစ် လက်ခံသော မဇ္ဈိမိကဂိုဏ်း၏ အစွန်း (နတ္ထိအစွန်း) တို့ကို ကွင်းရောင်ပယ်ရှားလျက် ပရိကပ္ပိတသဘာကို မရှိတရားအဖြစ် ပရတန္တရသဘာဝကို အရှိတရားအဖြစ် ရှုမြင် ခံယူသော အလယ်အလတ် လမ်းစဉ် (မဇ္ဈိမပဋိပဒါ) ကို ဖော်ထုတ်ခဲ့သည်ဟု ဆိုကြပါ၏။[၂၉၀]

(၃) ယောဂါစာရ ၏ တတိယ နှင့် နောက်ဆုံး သဘာဝမှာ **ပရိနိပ္ပန္နသဘာဝ (Parinispanna Svabhava)** ဖြစ်သည်။ ပရိနိပ္ပန္နဟူသည် ထက်ဝန်းကျင် ကောင်းမြတ်သန့်စင်ပြီး ပြည့်စုံခြင်းဟူသော အနက်အဓိပ္ပာယ်ရှိ၏။ သံဓိနိမောစန သုတ္တန်၏ အလိုအရ ပရိနိပ္ပန္နသဘာဝသည် ပရတန္တရသဘာဝမှ တစ်သီးတစ်ခြား

၂၉၀။ **Mahayanasangraha 2: 25; Asanga 1938**

(၁) အစစ်အမှန်မရှိသော ဝိညတ်သက်သက်လောက ၏ ပရိကပ္ပိတသဘာဝ တွင် ကိုယ်ပိုင်အနှစ်သာရ လက္ခဏာ ဟူသမျှ ဆိတ်သုဉ်းနေသောကြောင့် ၄င်းသည် **လက္ခဏာ-နိဿဘာဝ** ဖြစ်သည်။

(၂) အစစ်အမှန်ရှိသော်လည်း အပြန်အလှန် ဆက်နွယ်မှီစွဲဖြစ်ပွားနေသော ပရတန္တရ သဘာဝတွင် မိမိကိုယ်ပိုင်စွမ်းအားဖြင့် ဖြစ်ထွန်းပေါ်ပေါက်မှု သဘော ဆိတ်သုဉ်းနေသောကြောင့် ၄င်းသည် **ဥပတ္တိ-နိဿဘာဝ** ဖြစ်သည်။

(၃) ပရတန္တရ သဘာဝတွင် ပရိကပ္ပိတသဘာဝ တရားများ နဂိုမူလသဘော ကင်းဆိတ်နေသည့် ပရိနိပ္ပန္နသဘာဝတွင်မူ အဆုံးစွန် အရှိသဘောဓမ္မများ အကြွင်းမဲ့ ဆိတ်သုဉ်းနေသောကြောင့် ၄င်းသည် **ပရမတ္ထ-နိဿဘာဝ** ဖြစ်လေသည်။

သဘာဝ (၃) ပါး ၏ အပြန်အလှန် ထပ်တူညီ ဆက်စပ်တည်နေမှုသဘော

အထက်တွင် ဖော်ပြခဲ့သော သဘာဝ (၃) ပါးသည် ယောဂါစာရဒဿန၏ သိမှု ရှုထောင့်မှ ခွဲခြားဖော်ပြထားခြင်းသာဖြစ်ပြီး အရှိတရားသဘောအရ တစ်သီးတစ်ခြား စီ တည်ရှိနေသော အရာများ မဟုတ်ကြပေ။ ယင်း သဘာဝ(၃)ပါးသည် အရှိ-မရှိ သဘောများတွင်လည်း ထပ်တူညီနေကြသလို ၄င်းတို့၏ အရှိတရားအတွက်လည်း အချင်းချင်း ဆက်စပ်ဖြစ်တည်နေကြသည်ကို အရှင်ဝသုဗန္ဓု၏ တြိ-သဘာဝ နိဒ္ဒေသကျမ်းတွင် ဤသို့ဖော်ပြထား၏။[၂၉၄]

(၁) ပရိကပ္ပိတ-သဘာဝ သည် အရှိတရားရှုထောင့်မှ ကြည့်လျှင် ရှိသည်ဟု ပြောနိုင်သော သဘာဝဖြစ်၏။ မရှိတရားရှုထောင့်မှ ကြည့်လျှင် မရှိဟု ပြောနိုင်သော သဘာဝဖြစ်၏။ အရိယသစ္စာကို မသိမြင်သေးသော ပုထုဇဉ်လူသားတို့အတွက် ပရိကပ္ပိတသဘာဝသည် အဟုတ်အမှန်ရှိနေသော အရှိတရား (ဘာဝ) ဖြစ်၏။ ဗောဓိဉာဏ် နိုးကြားသိမြင်ပြီးသော အရိယာသူတော်စင်တို့အတွက် ပရိကပ္ပိတ သဘာဝသည် အဟုတ်အမှန် မရှိသော မရှိတရား (အဘာဝ) ဖြစ်၏။

(၂) ပရတန္တရ-သဘာဝ သည် အရှိတရားရှုထောင့်မှ ကြည့်လျှင် ရှိသည်ဟု ပြောနိုင်သော သဘာဝဖြစ်၏။ မရှိတရားရှုထောင့်မှ ကြည့်လျှင် မရှိဟု ပြောနိုင်သော သဘာဝဖြစ်၏။ ပရတန္တရသဘာဝသည် အချင်းချင်း ဆက်နွယ်မှီတွယ် ဖြစ်ပွားနေသော သဘောတရားအနေဖြင့် အရှိတရား (ဘာဝ) ဖြစ်၏။ သို့သော်လည်း ပရိကပ္ပိတ တရားအနေဖြင့် မှားယွင်းဖောက်ပြန်စွာ ပေါ်လွင်ထင်ရှားလာသော အစိတ်အပိုင်း သည် မရှိတရား (အဘာဝ) ဖြစ်၏။

၂၉၄။ **Thomas Wood, Mind Only: A Philosophical and Doctrinal Analysis of the Vijnanavada (University of Hawaii Press) (1991), p-33**

(၃) ပရိနိပ္ပန္န-သဘာဝသည် အရှိတရားရှုထောင့်မှ ကြည့်လျှင် ရှိသည်ဟု ပြောနိုင်သော သဘာဝဖြစ်၏။ မရှိတရားရှုထောင့်မှ ကြည့်လျှင် မရှိဟု ပြောနိုင်သော သဘာဝဖြစ်၏။ ဆန့်ကျင်ဘက်ဒွန္ဒတရား ဒွယတရားများကို ကျော်လွန်နေသော အဒွန္ဒ-အဒွယ ဓမ္မ အနေအားဖြင့် ပရိနိပ္ပန္န-သဘာဝသည် အရှိတရား (ဘာဝ) ဖြစ်၏။။ ၄င်း၏ ပကတိသဘောထဲတွင် ဆန့်ကျင်ဘက်ဒွန္ဒတရား ဒွယတရားများ နဂိုအားဖြင့် မရှိခြင်းဖက်မှကြည့်လျှင် ပရိနိပ္ပန္န -သဘာဝသည် မရှိတရား (အဘာဝ) ဖြစ်၏။

၄င်း သဘာဝ (၃) ပါးသည် အတွင်းသဘောအရ ဆက်နွယ်နေကြပြီး ထပ်တူဖြစ်နေကြသည်ကိုလည်း တွေ့ရ၏။ ပရိကပ္ပိတသဘာဝသည် ပရတန္တရသဘာဝကို မှီ၍ ထင်ရှားလာသော အရှိယောင် တရားဖြစ်သောကြောင့် တရားကိုယ်အား ဖြင့် ပရတန္တရနှင့် မကွဲပြားချေ။ ထိုနည်းတူ ပရိနိပ္ပန္နသဘာဝသည်လည်း ပရတန္တရ သဘာဝထဲတွင် ပရိကပ္ပိတသဘာဝ မရှိခြင်းဟူသော သဘောဖြစ်သောကြောင့် တရားကိုယ်အားဖြင့် ပရတန္တရနှင့် မကွဲပြားချေ။ ပရိကပ္ပိတနှင့် ပရိနိပ္ပန္နတို့သည် ပရတန္တရ၏ မျက်နှာစာ နှစ်ဖက်ကဲ့သို့ ဖြစ်နေကြောင်း သိမြင်နိုင်ပါ၏။

ဝိညာဏ ဓာတ် (၈) ပါး (သို့မဟုတ်) စိတ်၏ အလွှာအထပ် (၃) ပါး

အထက်တွင် ခင်းကျင်းပြသခဲ့ပြီးသော သဘာဝ (၃) ပါးအမြင်ကို မဇ္ဈိမိကဂိုဏ်း၏ သစ္စာ (၂) ပါး အမြင်နှင့် ချိန်ထိုးဆဝါး ကြည့်ပါလျှင် ယောဂါစာရဒဿန အမြင်သည် အဆုံးစွန်သော ပကတိအရှိတရား အလွှာတစ်ရပ်ကို လက်ခံထားသည်မှာ အထင်အရှားဖြစ်၏။ သို့သော်လည်း ယောဂါစာရသည် မဇ္ဈိမိကဒဿနကဲ့သို့ပင် ပညာပါရမိတာသုတ္တန်များမှ ဆင်းသက်လာသည် ဖြစ်သောကြောင့် ၄င်းအရှိတရားကို ဗြဟ္မဏတို့နှင့် အညတိတ္ထိယတို့ကဲ့သို့ မပြောင်းမရွေ့ ထာဝရ တည်မြဲခိုင်မာသော အတ္တဘာဝ အရှိတရားအနေနှင့် မယူဆခဲ့ပေ။ ယောဂါစာရက လက်ခံထားသော အဆုံးစွန်သော ပကတိအရှိတရား အလွှာတစ်ရပ်သည် အစဉ်ပြောင်းလဲ ရွေ့လျား စီးဆင်းနေသော ပရတန္တရသဘာဝသာ ဖြစ်ကြောင်းကိုလည်း အထက်တွင် ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်၏။ ဤသို့ဆိုလျှင် ပရတန္တသဘာဝကို အသေအချာ စေ့ငုလေ့လာ ဆန်းစစ်ရန် လိုအပ်ပါ၏။ အစဉ်ပြောင်းလဲ ရွေ့လျားစီးဆင်းနေသော ပရတန္တရ သဘာဝဟူသည် ဓမ္မကျင့်စဉ်အားဖြင့်သာ အသိရောက်နိုင်သောကြောင့် နာမ်တရား (စိတ္တ) ဖြစ်မည်မှာ မလွဲကောန်ပင် ဖြစ်၏။

ယောဂါစာရဂိုဏ်း၏ ဒဿနအမြင်ကို စိတ်သက်သက် အရှိဝါဒ (စိတ္တမတ္တ

၀၁၃) ဟု အများက အသိအမှတ်ပြုကြ၏။ တိဗက်လူမျိုး လားမားကုန်ချော့ ဂျစ်မေ ဝမ်ပိုက ယောဂါစာရဂိုဏ်း၏ ဒဿနအမြင်ကို ကြောင်းကျိုးမှီတွယ် ဆက်စပ်မှုများ ဖြင့် စီးဆင်းရွေ့လျားနေသော သိစိတ်နှင့် နာမ်ခန္ဓာများ၏ အရှိသဘောကို လက်ခံပြီး ဗဟိဒ္ဓရုပ်လောက၏ သီးခြား အရှိသဘောကို ငြင်းပယ်သော ဒဿန အမြင်တစ်ခု အဖြစ် ပုံဖော်ထား၏။[၂၉၁] တိဗက် လားမား မိဖန် (Mipham (1846–1914) ကလည်း ဒွိစုံဆန့်ကျင်ဖက်တရားများမှ ကင်းဆိတ်နေသော အဒွယစိတ္တ (Non-Dual Mind) သည်သာလျှင် အစစ်အမှန် ပရမတ္ထတရားအဖြစ် လက်ခံထားသောအမြင်ကို ယောဂါ စာရဂိုဏ်း၏ ဒဿနအမြင်ဖြစ်ကြောင်း အတည်ပြု ရေးသားထား၏။[၂၉၆]

ယောဂါစာရဂိုဏ်း၏ ဒဿနအမြင်ကို ထူထောင်ခဲ့သူဟု သတ်မှတ်ခြင်း ခံရသော မေတ္တေယျနာထ၏ မဇ္ဈန္တဝိဘာဂကျမ်း၏ အဖွင့်ဂါထာတွင် "အဘူတ ပရိကပ္ပ (Abhuta-parikalpa) ဟု ပညတ်သော အရှိယောင်တရားသည် (အရှိ ယောင် အနေအား ဖြင့်) ရှိ၏။ ယင်း အရှိယောင်တရား၌ ဒွိစုံဆန့်ကျင် ပက္ခတရား များသည် အမှန်စင်စစ်အား ဖြင့် မရှိ။ ယင်း အရှိယောင်တရား၌ ဒွိစုံ ဆန့်ကျင် ပက္ခတရားများ ကင်းဆိတ်ခြင်း (သုညတာ) သဘောသက်သက်သည်သာ ရှိ၏။" ဟု ရေးသားထားသည်ကို ကြည့်ပါက မရှိခြင်း=သုညတ၏ တည်မှီရာအဖြစ် အဒွယစိတ္တ ပကတိရှိနေကြောင်း အထင်အရှား ဖော်ပြထားသည်ကို တွေ့ရ၏။[၂၉၇]

အရှင်ဝသုဗန္ဓု၏ အလိုအရလည်း ယောဂါစာရ ဒဿနအမြင်၌ ဆိတ်သုဉ်းမှု (သုညတာ) ဟု ဆိုရာတွင် လုံးဝဘိတ်စတုံး မရှိ၊ နတ္ထိဘော သက်သက်ကို ဆိုလို သည် မဟုတ်ဘဲ တစ်စုံတခုတွင် အကြင် တစ်စုံတစ်ရာ၏ မရှိခြင်းကိုသာ ဆိုလို သည်ဟု ဆိုပါသည်။ ဥပမာ-အိုးထဲ၌ ရေမရှိဟု ဆိုရာ၀ယ် အိုး၏ အရှိတရားကို မူ ငြင်းဆို၍ မရချေ။ အိုး၏ အရှိသဘောကို မှီ၍သာလျှင် အိုးထဲ၌ ရေမရှိဟု ဆိုနိုင်ခွင့်ရှိသလို ပရတန္တရသဘာ၀ထဲတွင် ပရိကပ္ပိတသဘာ၀ မရှိဟု ဆိုရာ၌ ပရတန္တရသဘာ၀ သက်သက်၏ အရှိသဘောကိုမူ လက်ခံပြီး ပြောဆိုမှ အဓိပ္ပာယ် ရှိနိုင်ပေမည်။ ဤသို့လျှင် ယောဂါစာရ၏ သုညတာသည် မဇ္ဈိမိကဂိုဏ်း၏ သုည တာနှင့် အကောက်အယူ ကွဲပြား၏။ မဇ္ဈိမိကဂိုဏ်းအတွက် သုညတာဟူသည် ပကတိအရှိသဘော ဟူသမျှကို ငြင်းပယ်သော သုညတာ ဖြစ်သည်။ ယောဂါစာရ

၂၉၅။ Sopa, Geshe L. and Hopkins, J. (1976) *Practice and Theory of Tibetan Buddhism*, London: Rider.: p-107

၂၉၆။ Guenther, H. V. (1972) *Buddhist Philosophy in Theory and Practice*, London: Penguin.: 113

၂၉၇။ Maitreyanatha (?) (1937) *Madhyantavibhaga*, trans. D. L. Friedmann, see Sthiramati 1937.

အမြင်တွင်မူ သုညတာသည် ပရတန္တရ သဘာဝအရှိတရား၌ ဒွယသဘောများ၊ ဒွိစုံသဘောများကိုသာ ငြင်းဆိုပြီး ပရတန္တရ သဘာဝ၏ အရှိသဘောကိုမူ မငြင်းပဲ လက်ခံထားသော အမြင် ဖြစ်ပါသည်။[၂၉၈]

ထို့ကြောင့် ယောဂါစာရဂိုဏ်းသည် ပရတန္တရသဘာဝ၏ ရှိမှုဗေဒကို အခြေခံလျက် စိတ္တ၏ ကျယ်ဝန်းသော ဖြန့်ကျက် ပြန့်ကားမှုများကို အဘိဓမ္မာစံနစ်တည်ဆောက်၍ ရှင်းလင်းပြရန် ကြိုးစားခဲ့သည်ကို တွေ့ရပါ၏။ လောကသည် ပညတ်အသွင်အားဖြင့်သာ ရှိနေသော အတုအယောင် (ပဋိဗိမ္ဗ) စိတ်ကူးအားဖြင့် တည်ဆောက်မှု (စိတ္တ ပရိကပ္ပ) သာ ဖြစ်ပြီး လောက၏ ထောက်တည်ရာသည် ပရတန္တရသဘာဝဖြစ်သော တစ်သွင်သွင် စီးနေသည် စိတ္တ၏ အလျဉ်ပင် ဖြစ်လေရာ စိတ္တ၏ သဘာဝသည် ယောဂါစာရ ဒဿနအတွက် ဗဟိုချက်မတွင် အရေးပါသော အကြောင်းအရာတစ်ရပ် ဖြစ်လာခဲ့ပါသည်။

ယောဂါစာရ ဂိုဏ်းသည် စိတ်ဝိညာဏ်၏ အလွှာကို (၃) ဆင့် ခွဲခြား၍ တင်ပြခဲ့သည်။[၂၉၉]

(၁) ပထမအလွှာသည် အနက်ရှိုင်းဆုံး အလွှာဖြစ်ပြီး စိတ်ဖြစ်စဉ်တစ်ခုလုံး ရပ်တည်ပေါက်ဖွားရာ ရေခံမြေခံသဖွယ် အချက်အချာ ဖြစ်သောကြောင့် **အာလယ ဝိညာဏ် (Alaya-Vijnana/ Repository Consciousness)** ဟု အမည်ပေးသည်။ ၄င်း အခြေခံစိတ်သဘာဝနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာ အချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။

- အာလယဝိညာဏ်သည် ဟိန္ဒူဗြဟ္မဏဝါဒ၏ ဗြဟ္မာန်-အာတ္မာန် ကဲ့သို့ အများဆိုင်ဘုံ အရှိတရား မဟုတ်ဘဲ သတ္တဝါ တစ်ဦးချင်းစီအတွက် သီးခြားစီ တည်ရှိ၏။ ကိုယ့်အာလယဝိညာဏ်နှင့် ကိုယ် ရှင်သန်နေသည်ဟု ဆိုနိုင်ပါ၏။
- အာလယဝိညာဏ်သည် စက္ခုဝိညာဏ် သောတဝိညာဏ် စသည်တို့ကဲ့သို့ အာရုံဝတ္ထု တစ်မျိုးတည်းကိုသာ သိခြင်းမဟုတ်ဘဲ အာရုံခြောက်ပါးစလုံးကို အာရုံပြု သိမြင်နိုင်စွမ်းရှိ၏။ စိတ်၏ သဘာဝအတိုင်း စိတ်တိုင်းတွင် တွဲစပ်ပါဝင်ရမည်ဖြစ်သော ထိတွေ့ခြင်း (ဖဿ) ခံစားခြင်း (ဝေဒနာ) မှတ်သားခြင်း (သညာ) လှုံ့ဆော်ခြင်း (စေတနာ) နှင့် စူးစိုက်ခြင်း (ဧက

၂၉၈။ Skilton, Andrew (1994). *A Concise History of Buddhism.* Windhorse Publications, London:. pg 124

၂၉၉။ Tagawa Shunei, *Living Yogacara*, translated by Charles Muller, Wisdom Publications,(2009),p-16

ဂ္ဂတာ) စသော စေတသိက်တရားများလည်း ပေါင်းစပ် ပါဝင်နေကြ၏။ သို့သော်လည်း အာလယဝိညာဏ်သည် အခြား ဝိထိစိတ်များကဲ့သို့ အာရုံကို ပြတ်ပြတ်သားသား မသိနိုင် ဆုံးဆုံးဖြတ်ဖြတ် မဆုံးဖြတ်နိုင်သော မပိမပြင် အသိသက်သက်သာ ဖြစ်၏။

- အာလယဝိညာဏ်သည် ပကတိမူလ နဂိုသဘာဝအားဖြင့် အညစ်အကြေးကင်းစင်သော ပြိုးပြက်တောက်ပ သန့်ရှင်းသော သိမှုသဘော သက်သက် ဖြစ်၏။ ကုသိုလ် အကုသိုလ်တရားများ မပြုလုပ်နိုင်သော အဗျာကတ ဓမ္မတရား ဖြစ်၏။ သို့သော်လည်း သတ္တဝါတို့ ပြုလုပ်သမျှ ကောင်းမှု မကောင်းမှု ကံ စေတနာ သတ္တိတို့သည် ပျောက်ပျက်မသွားဘဲ ကံဗီဇမျိုးစေ့များအနေဖြင့် အာလယ ဝိညာဏ်၌ ကိန်းအောင်း ကပ်ငြိနေကြလေသည်။ ထို့ကြောင့် အာလယဝိညာဏ်သည် **သဗ္ဗဗီဇက** (အလုံးစုံသော ကမ္မ မျိုးစေ့များ ကိန်အောင်းရာ) ဟုလည်း အမည်ရသည်။ အာလယဝိညာဏ်သည် ခိုင်ခဲ့တည်မြဲသော သဘာဝရှိသောကြောင့် မုန်ညင်းစေ့က မုန်ညင်းဆီကို ကာလကြာရှည်စွာ ထိန်းသိမ်းထားနိုင်သကဲ့သို့ မိမိအတွင်း၌ကိန်းဝပ်နေသော ကံဗီဇမျိုးစေ့များကို အကျိုးပေးချိန်ရောက်သည်အထိ ထိန်းသိမ်းထားနိုင်စွမ်းရှိလေသည်။
- အာလယဝိညာဏ်သည် ဆိုင်ရာ သတ္တဝါ၏ ကံဗီဇမျိုးစေ့အားလျော်စွာ ဂတိလားရာနှင့် ဘုံဘဝ ပတ်ဝန်းကျင်များကို ဖန်ဆင်းပေး၏။ ယောဂါစာရအာဘိဓမ္မာ အမြင်အရ ကံဗီဇ မျိုးစေ့မတူညီသော သတ္တဝါများသည် မိမိတို့ ဘုံဘဝအလျောက် ခြားနားသော အာရုံသိမြင်မှုများကို ရရှိခံစားကြရလေ၏။ ဥပမာ လူသားတို့အမြင်တွင် တသွင်သွင် စီးဆင်းနေသော မြစ်သည် ရေဖြင့်အတိပြီး၏။ ထိုမြစ်ကိုပင် နတ်ဒေဝတာတို့က အမြိုက် သုဒ္ဓာအဖြစ်လည်းကောင်း၊ ပေတ (ပြိတ္တာ) တို့က ပြည်ပုပ်သွေးပုပ်များအဖြစ် လည်းကောင်း၊ ငရဲသားတို့က ချော်ရည်ပူမီးလျှံများအဖြစ် လည်းကောင်း အသီးသီး သိမြင်ခံစားကြရလေသည်မှာ ကံဗီဇမျိုးစေ့များ၏ ဖန်ဆင်းချက် ဖြစ်၏။ ထိုဖန်ဆင်းချက်များကို ပဋိဗိမ္ဗ (ပုံရိပ်တု လောက) ဟုလည်း ဆိုပါ၏။ အာလယဝိညာဏ်သည် သတ္တဝါတို့ သိမြင်ခံစားသော စကြဝဠာ ပုံရိပ်ယောင်ကို ဖန်ဆင်းသူဖြစ်၏။[၃၀၀]
- သတ္တဝါပြုသော ကုသိုလ် အကုသိုလ် ကံတရားတို့က အာလယဝိညာဏ်

၃၀၀။ **Trimsika, v. 5,see Vasubandhu 1984; cf. *Samdhinirmocana* 5: 5, see Lamotte 1935; Waldron 2003: 97–101, 138)**

အပေါ် ရနံ့စွဲစေ (Perfuming) ပြီးလျှင် စွဲထင်နေသော ကုသိုလ် အကုသိုလ် ကံတရားတို့၏ ကံမျိုးစေ့ ကမ္မဗီဇတို့ အလိုအရ သတ္တဝါသည် ကောင်းဆိုး နှစ်တန် အကျိုးပေးသော ကံဝိပါတ်များကို ဖြစ်ပေါ်စေသောကြောင့် ကံ မျိုးစေ့ အမွေခံသူ သတ္တဝါ၏ ဘဝဝယ် ချမ်းသာသုခနှင့် ဆင်းရဲဒုက္ခ အတွေ့အကြုံများကို ကြုံတွေ့ ခံစားလာရ၏။ ထို့ကြောင့် အာလယဝိညာဏ် အယူအဆသည် သတ္တဝါ၏ ချမ်းသာသုခနှင့် ဆင်းရဲဒုက္ခ အတွေ့အကြုံများသည် ပြင်ပဗဟိဒ္ဓ အကြောင်းတရားများကြောင့် ဖြစ်ရခြင်း မဟုတ်ကြောင်း ရှင်းပြရန် ကြိုးပမ်းချက် ဖြစ်နိုင်ကြောင်း ပညာရှင်များက သုံးသပ်ကြ၏။[၃၀၁]

- ဤသို့အားဖြင့် အာလယဝိညာဏ်၏ လုပ်ရှားပြောင်းလဲမှုကို တူရူ နှစ်ရပ် အဖြစ် တွေ့ရ၏။ ပထမတူရူမှာ အပြင်မှအတွင်းသို့ ပြောင်းလဲသော တူရူ ဖြစ်၏။ သတ္တဝါတို့ ကိလေသာအရပ်ရပ် လွှမ်းမိုးခံရသည်ဖြစ်၍ ပြုသမျှ သော ကောင်းမှု မကောင်းမှု ကမ္မဗီဇမျိုးစေ့များကို အကြောင်းတရားများ အဖြစ် ပြောင်းလဲသိမှီးခြင်း ဖြစ်၏။ ဟောတု ပရိဏာမဟု ခေါ်၏။ ဒုတိယ တူရူမှာ ကမ္မဗီဇမျိုးစေ့များမှ ဆိုင်ရာ အကျိုးပေးတရားများအဖြစ် ပြောင်းလဲ ပေါ်ထွန်းလာခြင်း ဖြစ်၏။ ဖလ ပရိဏာမဟု ခေါ်၏။
- အာလယဝိညာဏ်သည် ကမ္မဗီဇမျိုးစေ့များကို သိမှီးရာ ဖြစ်သည့်အပြင် အထုံ (ဝါသနာ) တို့၏ ကိန်းဝပ်တည်ရှိရာလည်း ဖြစ်ပေ၏။ ဝါသနာ မှာ (၂) မျိုးရှိ၏။ ပထမဝါသနာမျိုးမှာ ပိုအခြေခံကျပြီး သတ္တဝါ၏ ခန္ဓာ အစဉ်ကို ထိန်းကွပ်ထား၏။ ကံအကျိုးပေးမှုများ၏ အခြေခံဖြစ်သော ကြောင့် ဝိပါက-ဝါသနာဟု ခေါ်၏။ သတ္တဝါတစ်ကောင် မရဏဖြင့် သေဆုံး ချုပ်ငြိမ်းလျက် ခန္ဓာ ကြွေပျက်လေသော် ၄င်း ဝိပါက-ဝါသနာ စွမ်းအင်က ဘဝသစ်၏ အာလယဝိညာဏ်ကို အသစ်ဖန်တီး စီးဆင်းစေ ၏။ ဘဝများစွာကို သီကုံးထားသော ကြိုးသဖွယ် ဖြစ်၏။ ဒုတိယ ဝါသနာမျိုးမှာ ပစ္စုပ္ပန်ဘဝ၏ ပဝတ္တိတရားဘောင်အတွင်း သိမြင် ခံစားရ သော အတွေ့အကြုံများကို ဖြစ်စေ၏။ ကံ အကျိုးဆက်တရားများ ယိုစီး ထွက်ပေါ်စေသော သတ္တိရှိသောကြောင့် နိဿန္ဒ-ဝါသနာဟု ခေါ်၏။ ဝိပါက-ဝါသနာက ဘဝရေစီး၏ အခြေခံဖြစ်လျှင် နိဿန္ဒ-ဝါသနာက

၃၀၁။ see Griffiths, P. J. (1992) 'Memory in classical Indian Yogacara', in Gyatso 1992: 119–20

ပစ္စုပ္ပန်ဘဝ၏ ထွေရာလေးပါး အကောင်းအဆိုး အတွေ့အကြုံများကို ဖြစ်ပေါ်စေသည်ဟု ဆိုနိုင်ပါ၏။

- အာလယဝိညာဏ်သည် ဆိုင်ရာ သတ္တဝါ၏ ဘဝ သံသရာ တစ်လျှောက်လုံး အမျှင်အဆက် သွယ်တန်းလျက် ပြတ်တောက်ချုပ်ငြိမ်းသည် မရှိဘဲ အစဉ်အမြဲ စီးဆင်းလိုက်ပါလာ၏။ သတ္တဝါတို့ အိပ်ပျော်နေစဉ်နှင့် မိန်းမောနေစဉ်တွင်လည်း အာလယဝိညာဏ် ရှိနေ၏။ အသည်သတ် နာမ်မဲ့ဘုံတွင် ကပ်ရောက်နေသော ကာလတွင်လည်း အာလယဝိညာဏ် ရှိနေ၏။ နိရောဓ သမာပတ်ဝင်စားနေစဉ် ကာလတွင်လည်း အာလယဝိညာဏ် ရှိနေ၏။ အာလယဝိညာဏ်သည် အဟုန်ပြင်းသော မြစ်ရေယဉ်ပမာ တသွင်သွင် စီးဆင်းနေပြီး သတ္တဝါတစ်ဦးချင်းစီနှင့်သာ သီးသန့် သက်ဆိုင်လေသည်။ အားလုံးနှင့် ဘုံဆိုင် ဝိညာဏ်မျိုး မဟုတ်ပေ။ အာလယဝိညာဏ်သည် သက်ဆိုင်ရာသတ္တဝါ၏ အနုပါဒိ သေသနိဗ္ဗာန်သို့တိုင်အောင် မပြတ်မတောက်ဘဲ သန္တတိ အစဉ်တန်း ဆက်သွယ် စီးဆင်းနေသော သဘာဝ ဖြစ်လေသည်။[၃၅]
- အာလယဝိညာဏ်သည် စိတ္တ၏ အနက်ရှိုင်းဆုံးအသွင် ဖြစ်သောကြောင့် သိမှု ရှိသည်သာတည်း။ သို့သော်လည်း ဝိထိစိတ်များတွင် ဖြစ်သော သိမှုကဲ့သို့ သိစိတ်နှင့် အသိခံအရာတို့ ပြတ်ပြတ်သားသား ပိုင်းပိုင်းခြားခြား မရှိပေ။ အာလယဝိညာဏ်သည် မိမိ၏ အသိခံအာရုံနှင့် တစ်သားတည်း တစ်ဆက်တည်း တစ်ဖြတ်တည်း ပေါင်းနောသိသကဲ့သို့ တည်နေဟန် ရှိသည်ဟုသာ ဆိုရန်ရှိပေ၏။ အာလယဝိညာဏ်၏ အာရုံမှာလည်း ပကတိ ဓမ္မဓိဋ္ဌာန် သဘောသက်သက်သာဖြစ်ပြီး တိုင်းတာပိုင်းခြားမှုများ အလျင်းကင်းသော ဂုဏ်သတ္တိမဲ့ အာရုံမျိုးသာဖြစ်သောကြောင့် အပရိစ္ဆန္နာဘာဇနဓမ္မဟုသာ ခေါ်နိုင်၏။ သိစိတ်နှင့် အသိခံအရာ ပိုင်းပိုင်းခြားခြား မရှိသော်လည်း အာလယဝိညာဏ်သည် မိမိ၏ အာရုံ အပရိစ္ဆန္နာ ဘာဇနဓမ္မသဘောနှင့်လည်း အစစ်အမှန် ပကတိတစ်ခုတည်း ဖြစ်နေသည် မဟုတ်သောကြောင့် သိစိတ်နှင့် အသိခံ ဒွယသဘာဝက မျိုးစေ့အနေနှင့် ရှိနေခဲ့ပြီး ဖြစ်သည်ဟု ဆိုရပေမည်။[၃၆]

၃၀၂။ on *Madhyantavibhaga* 1: 3, see Maitreyanatha 1937; cf. *Mahayanasangraha* 1: 61, see Maitreyanatha 1970)

၃၀၃။ Walpola Rahula, quoted in Padmasiri De Silva, Robert Henry Thouless, *Buddhist and Freudian Psychology*. Third revised edition published by NUS Press, 1992 page 66

- အာလယဝိညာဏ်သည် သတ္တဝါ၏ ကောင်းဆိုးနှစ်တန် လောကဓံတရား များ ဖြစ်ပေါ်စေရန်ဖန်တီးနေသော မူလ အခြေခံတရား ဖြစ်သော်လည်း ရှေးဟောင်း ဥပနိသျဒ်ကျမ်းများ၏ အာတ္မာန် (Atman) နှင့် လုံးဝမတူပေ။ အဓိက ကွဲလွဲချက်များမှာ ==

(၁) အာတ္မာန် ၏ ပကတိအခြေခံလက္ခဏာ မှာ တည်မြဲခြင်း နိစ္စသဘော ဖြစ်ပြီး အာလယဝိညာဏ်၏ ပကတိ အခြေခံလက္ခဏာမှာ မတည်မြဲ ခြင်း အနိစ္စသဘော ပြောင်းလဲခြင်း ပရိဏာမသဘော ဖြစ်၏။

(၂) အာတ္မာန် ၏ သဘာဝသည် သက်သေပြုအသိသက်သက် (Bare witnessing) ဖြစ်သော်လည်း အာလယ ဝိညာဏ်၏ သဘာဝမှာ တက်ကြွစွာ ပါဝင်ဖန်တီးမှု သဘော ဖြစ်၏။

(၃) အာတ္မာန်သည် ကြောင်းကျိုးဆက်စပ်မှုများကို လွန်နေသော အဆုံး စွန်သော အစစ်အမှန်တရား ဖြစ်သော်လည်း အာလယဝိညာဏ် သည်ကား ကြောင်းကျိုးဆက်စပ်မှုများကို မှီတွယ်ဆက်နွယ် ဖြစ်ပွား နေရသော သခ်ါရတရားသာ ဖြစ်၏။

- ဓမ္မကျင့်စဉ်အားဖြင့် ပကတိ သန့်ရှင်း စင်ကြယ်သွားသော အာလယ ဝိညာဏ်ကိုမူ အာလယဝိညာဏ်ဟု မခေါ်တော့ဘဲ စင်ကြယ်သော ဝိညာဏ် (အမလ ဝိညာဏ်) ထောက်တည်ရာမဲ့ဝိညာဏ် (အပွင့်ဒီတိ ဝိညာဏ်) ဟု ခေါ်ဆိုပြီး ၄င်းသည် လောကုတ္တရာ အစစ် ဖြစ်လေသည်။ အာလယဝိညာဏ် သည် ပရတန္တရသဘာဝနှင့် အတူတူပင်ဖြစ်ပြီး ပရတန္တရ သဘာဝ သည်သာ ပကတိရှိနေသော အဒွယ-စိတ္တဘာဝ ဖြစ်၏။[၃၀၄]

(၂) စိတ္တ၏ ဒုတိယအလွှာကို **သံကိလိဋ္ဌ ဝိညာဏ် (Sankilistha Vijnana)** ဟု ယောဂါစာရ ဒဿနက အမည်ပေးထား၏။ အာလယဝိညာဏ်သည် မိမိ၏ ပကတိ သဘာဝကို အမှန်အတိုင်း မသိသောကြောင့် (အဝိဇ္ဇာမျိုးစေ့များက ဖုံးလွှမ်း ကာဆီးထားသောကြောင့်) မိမိကိုယ်ကို ပကတိအရှိ အတွာ အနေ အဖြစ် မှားယွင်း သုံးသပ်မိလေသောအခါ သံကိလိဋ္ဌ ဝိညာဏ်အသွင် ဖြစ်ပေါ်လာ၏။ သံကိလိဋ္ဌ ဝိညာဏ်သည် အတ္တမောဟ (အတ္တအမှောင်ဖုံးခြင်း) အတ္တဒိဋ္ဌိ (အတ္တအရှိအယူ) အတ္တမာန (မိမိဟူသော ထောင်လွှားခြင်း) အတ္တပေမ (မိမိကိုယ်ကို စွဲလမ်းခြင်း) စသော တရားတို့၏ ရသောက်မြစ်လည်းဖြစ်၏။

၃၀၄။ ***"With the non-apprehension of duality, the appearance of duality collapses, and with this collapse, the actual nature is realized as the non-existence of duality." — Trisvabhavanirdesa, verse 33.***

သံကိလိဒ္ဓ ဝိညာဏ်သည် စင်စစ် မူလ အ-ဝိဇ္ဇာတရား၏ အမည်ဖြစ်၏။ အာလယဝိညာဏ်သည် မိမိ၏ ပကတိ သဘာဝကို အမှန်အတိုင်း မသိသော အဝိဇ္ဇာတရားကြောင့် မိမိကိုယ်ကိုလည်း ပကတိအရှိ အတ္တသဘာဝအဖြစ် မြင်၏။ မိမိမှအပ အာရုံတရားကိုလည်း အတ္တပိုင်ဆိုင် ဆုပ်ကိုင်ရာ အတ္တနိယတရားအဖြစ် မြင်၏။ ယောဂါစာရ ဒဿနတွင် အတ္တ-အတ္တနိယကို ဂါဟ-ဂါဟက (ဆုပ်ကိုင်သူနှင့် ဆုပ်ကိုင်ခံတရားများ) အဖြစ် ယူဆပါ၏။ သံကိလိဒ္ဓ ဝိညာဏ်သည် ယောဂါစာရ ဒဿနတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေ၏။ သံသရာ ဖြစ်စဉ်တစ်ခုလုံး၏ လက်သည် တရားခံမှာ သံကိလိဒ္ဓ ဝိညာဏ် ဖြစ်သလို သံသရာမှ လွတ်မြောက်မှုဟူသည်မှာလည်း သံကိလိဒ္ဓ ဝိညာဏ်၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှုပင် ဖြစ်၏။ စင်စစ် သံကိလိဒ္ဓဝိညာဏ်သည် အာလယဝိညာဏ်မှ တစ်သီးတစ်ခြားတည်နေသော အရှိဓမ္မမဟုတ်ဘဲ အာလယဝိညာဏ၏ အတွင်းအဋ္ဌတ္တ မငြိမ်သက်မှုပင် ဖြစ်သည်ဟု ဆိုနိုင်သည်။

သံကိလိဒ္ဓဝိညာဏ်၏ လုပ်ငန်းတာဝန်မှာ နှစ်ရပ်ရှိ၏။ ပထမ လုပ်ငန်းတာဝန်မှာ စိတ်၏ သိမှတ်ခံစားတုန့်ပြန်မှု ဟူသမျှကို ကိလေသာတရားများဖြင့် အရောင်ဆိုးရန်ဖြစ်၏။ အစစ်အမှန်မရှိသော အတ္တနှင့် အတ္တပိုင်ဆိုင် ဆုပ်ကိုင်ရာ အတ္တနိယတရားများအဖြစ် ဒွိစုံဖြစ်အောင် ခွဲခြားပေးနေသလို ဆုပ်ကိုင်သူနှင့် ဆုပ်ကိုင်ခံတရားများအဖြစ်လည်း ပေါ်လွင်စေပါ၏။ ဤသို့အားဖြင့် သတ္တဝါတို့သိနေသော လောကအသီးသီးသည် ပေါ်လွင်လာပေ၏။

ဤသို့ အတွင်းနှင့်အပြင် သိသူနှင့်အသိခံ ဒွိစုံဖြစ်သော အတုအယောင် ပရိကပ္ပိတလောကကြီး ပေါ်လွင်လာစေရန် သံကိလိဒ္ဓ ဝိညာဏ်သည် အာလယဝိညာဏ်အဖြစ် သိမှီးသိမ်းဆည်းထားသော အတိတ်ကံမျိုးစေ့ (ကမ္မဗီဇ) များကို အသုံးချ၏။ အတိတ်ကံ မျိုးစေ့ (ကမ္မဗီဇ) ကွာခြားသလောက် ဆိုင်ရာသတ္တဝါတို့ သိရ မြင်ရ ရှင်သန်ရသော လောကအသီးသီးသည် ပေါ်လွင်လာပေ၏။ ဥပမာဆိုရလျှင် လူသားတို့က မိမိတို့၏ အတိတ်ကံ မျိုးစေ့ (ကမ္မဗီဇ) အရ မြစ်ကြီးတစ်စင်းဌ ရေများစီးဆင်းနေသည်ဟု တွေ့မြင်၏။ အဆိုပါမြစ်ကို နတ်ဒေဝတာတို့က ၄င်းတို့ အတိတ်ကံ မျိုးစေ့ (ကမ္မဗီဇ) အရ အမြိုက်သုဒ္ဓါရည်များအဖြစ် လည်းကောင်း၊ ပြိတ္တာတို့က ပြည့်ပ်သွေးပုပ်ရည်များအဖြစ် လည်းကောင်း၊ ငရဲသတ္တဝါတို့က ချော်ရည်ပူမီးကျီများအဖြစ် လည်းကောင်း အသီးသီး တွေ့မြင်ကြရမည်ဖြစ်၏။ ထိုထို သတ္တဝါအသီးသီးတို့သည် မိမိတို့ သိရ မြင်ရ ရှင်သန်ရသော လောကတို့သည် အာလယဝိညာဏ်အဖြစ် သိမှီးသိမ်းဆည်းထားသော အတိတ်ကံမျိုးစေ့ (ကမ္မဗီဇ) များကို

ကုန်ကြမ်းသဖွယ်ပြု၍ သံကိလိဋ္ဌ ဝိညာဏ်က လှည့်စားဖန်ဆင်းထားသည်ကို မသိလေဘဲ အဟုတ်ရှိ အမှန်ရှိ လောကများအဖြစ် စွဲလမ်း၍ နေပြန်လေသည်။

သံကိလိဋ္ဌ ဝိညာဏ်၏ ဒုတိယလုပ်ငန်းတာဝန်မှာ သတ္တဝါတို့သည် မိမိတို့၏ မသိမှုဖြင့် သံကိလိဋ္ဌ ဝိညာဏ်က လှည့်စားဖန်ဆင်းထားသော လောကအပေါ် တပ်မက်ခြင်း ရယူသိမ်းပိုက်လိုခြင်း စွဲလမ်းခြင်း စူးနစ်ကျွံဝင်ခြင်းများ ဖြစ်လျက် ကောင်းမှု (ကုသိုလ်တရား) နှင့် မကောင်းမှု (အကုသိုလ်တရား) များကို ကမ္မပထ မြောက်အောင် ပြုလုပ်စေခြင်း ဖြစ်၏။ ထိုသို့ပြုမိသော ကမ္မတရားများအပေါ် စွဲလမ်းသိမ်းပိုက်လိုသော ဇောစေတနာတို့အားဖြင့် သံကိလိဋ္ဌ ဝိညာဏ်သည် ပစ္စုပ္ပန်ကံမျိုးစေ့ (ကမ္မဗီဇ) များကို ဖန်တီးဖြစ်ပေါ်စေလျက် အာလယဝိညာဏ်အဖြစ် သိမ်းဆည်းထားပြန်၏။ ထိုထို ကုသိုလ် အကုသိုလ် ပစ္စုပ္ပန် ကံမျိုးစေ့ (ကမ္မဗီဇ) များသည်လည်း အနာဂတ်ကာလတွင် ဆိုင်ရာ လောက အတွေ့အကြုံများအဖြစ် အကျိုးပေးပေလိမ့်မည် ဖြစ်၏။

ဤသို့လျှင် သံကိလိဋ္ဌ ဝိညာဏ်သည် အတိတ်ကံမျိုးစေ့ (ကမ္မဗီဇ) များအရ ပစ္စုပ္ပန်လောက၏ အာရုံခံစားမှုများကို ဖန်ဆင်းတည်ဆောက်နေသလို ထို အာရုံခံစားမှုများကို အမှန်သဘာဝအတိုင်း မမြင်သောကြောင့် ဖြစ်ပေါ်လာသော ကိလေသာနှင့် ပစ္စုပ္ပန် ကောင်းမှု မကောင်းမှုများကို ပစ္စုပ္ပန်ကံမျိုးစေ့ (ကမ္မဗီဇ) များအဖြစ် သိမှီးခြင်းကိုလည်း တစ်ပြိုင်နက် ပြုလုပ် ဆောင်ရွက်နေလေ၏။ စင်စစ် ဗောဓိမဏ္ဍိုင်တွင် တဏှာယောကျ်း လက်သမား (ဂဟ ကာရက) ဟူ၍ ဘုရားရှင်ကျူးရင့်သည်မှာ ဤ သံကိလိဋ္ဌ ဝိညာဏ်ပင် ဖြစ်ပါ၏။ ၄င်းကို သိမြင်ပယ်သတ်နိုင်ခြင်း သည်သာ ဘဝသံသရာကို အရင်းအမြစ်မှ သုတ်သင်ရှင်းလင်းနိုင်သည် မည်ပါ၏။

(၃) စိတ္တ၏ တတိယအလွှာမှာမူ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ် အရသာသိစိတ်၊ တွေ့ထိသိစိတ်နှင့် တွေးသိစိတ်များဖြစ်သော ဝီထိစိတ်အလွှာ ဝိညာဏ (၆) ပါးဖြစ်၏။ နက်ရှိုင်းသော အာလယစိတ္တ၏ တုန်ခါမှု စီးကြောင်းများအဖြစ် ဖြာထွက်လာသောကြောင့် ပရဝိထိဝိညာဏဟူ၍လည်း ခေါ်လေ၏။ သတ္တဝါ၏ အာရုံသိ လောကတစ်ခုလုံးသည် ပရဝိထိ ဝိညာဏတို့၏ နယ်ပယ်ပင် ဖြစ်၏။

ဤနေရာတွင် ယောဂါစာရဂိုဏ်း၏ ဒဿနအမြင်သည် ရှေးဦးဗုဒ္ဓဝါဒ အဘိဓမ္မာဂိုဏ်းများ၏ အမြင်များနှင့် လုံးဝခြားနားနေသည်ကို တွေ့ရလေသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အမြင်တွင် ဝိညာဏ (၆) ပါး ဖြစ်ပေါ်လာပုံမှာ အတွင်းဒွါရများဖြစ်သော မျက်စိ နား နှာ လျှာ ကိုယ် စိတ် (မနော) တို့နှင့် အပြင်အာရုံများဖြစ်သော အဆင်း အသံ အနံ့ အရသာ အထိတွေ့နှင့် ဓမ္မာရုံများ တိုက်ခတ်မိရာမှ ဖြစ်ပေါ်လာ

ပြီး သိစိတ်သည် မိမိ၏ ဗဟိဒ္ဓရှိ အာရုံကို ပကတိအတိုင်း သိရှိခြင်းဖြစ်၏။ ထို့ကြောင့် သိစိတ်နှင့် ဒွါရများရှိသလို ပြင်ပ အာရုံလောကကြီးလည်း ပကတိ တည်ရှိနေသည်ဟု သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အမြင်ကဆိုသည်။ ယင်းအမြင်ကို ယောဂါစာရဂိုဏ်း၏ ဒဿနအမြင်က လက်မခံပေ။ ယောဂါစာရဂိုဏ်း၏ ဒဿနအမြင်တွင် ပြင်ပ ဗဟိဒ္ဓလောကကြီးသည် စိတ်သဘာဝနှင့် ကင်းလွတ်၍ သီးခြားပကတိ ရှိနေသည် မဟုတ်ပေ။ အထက်တွင် ဆိုခဲ့သည့်အတိုင်း အာလယဝိညာဏ်အတွင်း၌ ကိန်းဝပ်တည်ရှိနေသော ကံမျိုးစေ့များက သံကိလိဋ္ဌ ဝိညာဏ်ကြောင့် ဖူးပွင့်ပေါက်ဖွားလာရာတွင် သိမှုခဏတိုင်း အတွင်းဒွါရများနှင့် ပြင်ပအာရုံများအနေဖြင့် အစုံအစုံ ပေါ်ပေါက်နေခြင်း ဖြစ်၏။

ယောဂါစာရဂိုဏ်းက ဤဖြစ်စဉ်ကို အိပ်မက်နှင့် ရူပကအလင်္ကာ တင်စားပြလေသည်။ အိပ်မက် မက်သူသည် မိမိ အိပ်မက်အတွင်းဝယ် ပြင်ပအာရုံ လှုံ့ဆော်မှုမပါဘဲနှင့် တောတောင်ရေမြေကိုလည်း မြင်တွေ့ရသလို နန်းတော်ကြီးများကိုလည်း တွေ့မြင်နိုင်သည်။ အိပ်မက် ပတ်ဝန်းကျင်နှင့် အိပ်မက်လူသားသည် စင်စစ် အိပ်မက်သူ၏ စိတ်တွင်း၌ ကိန်းအောင်းနေသော အမှတ်သညာနှင့် ခံသားမှုများ၏ ရုပ်လုံးများသာ ဖြစ်သကဲ့သို့ သတ္တဝါတို့ သိမြင်နေသော အာရုံ ၆ ပါး လောကသည်လည်း စင်စစ် သိစိတ်၏ ပြင်ပတွင် ရှိနေသော ဗဟိဒ္ဓတရားများ မဟုတ်ပေ။ ပြင်ပဗဟိဒ္ဓလောကဟူ၍ မရှိသောကြောင့် အတွင်းအစ္ဈတ္တဟူ၍လည်း မရှိနိုင်ပေ။ သိသူ (သိစိတ်) နှင့် အသိခံ (ပြင်ပလောက) ဟူသည်မှာ အာလယ ဝိညာဏ်နှင့် သံကိလိဋ္ဌဝိညာဏ်တို့က အယောင်ဆောင် ပြသသော အတုအယောင် (ပဋိဗိမ္ဗ) လောကသို့မဟုတ် ကံလွှမ်းမိုးချက်ခံရသည့် စိတ်အတွေးက ဖန်ဆောင်သော ပရိကပ္ပိတသဘာဝသက်သက်အနေဖြင့်သာ ဖြစ်တည်နေကြောင်း ယောဂါစာရဂိုဏ်းက ဆိုပါသည်။

ပိုမို ရှင်းလင်းအောင် အများသိလွယ် မြင်လွယ်သော ဥပမာဖြင့် ပြပါဦးမည်။ ရုပ်ရှင်ဖလင် ကြိုးခွေကို ပြစက်မှ မီးဖြင့်ထိုး၍ ပိတ်ကားအဖြူပေါ် ထင်စေသော အခါ အရုပ်သဏ္ဌာန်များ လှုပ်ရှားမှုများ ပေါ်လာရပုံနှင့် ဥပမာ စပ်ဟပ်ကြည့်ပါ။ ဤ ဥပမာတွင် ရုပ်ရှင်ပြစက်မှ ထွက်လာသောမီးရောင်သည် မူလ သန့်စင်သော အာလယဝိညာဏ်နှင့် အလားတူ၏။ ထို မီးအလင်းဓာတ်သည် ဖလင်ကော်ပြားပေါ်မှ ထွေထွေရာရာ ရုပ်ပုံများကို ဖြတ်သွားသော်အခါဝယ် မူလ အလင်းစစ်ကဲ့သို့ မသန့်စင်နိုင်တော့ပြီ။ ဤနေရာတွင် ဖလင်ကော်ပြားကို သံကိလိဋ္ဌဝိညာဏ်ကဲ့သို့ မှတ်ယူနိုင်၏။ ရုပ်ရှင်ဖလင် ကြိုးခွေကို ပြစက်မှ မီးဖြင့်ထိုး၍ ပိတ်ကားအဖြူပေါ်

ထင်စေသောအခါ ပေါ်ပေါက်လာသော အရုပ်သဏ္ဌာန်များ လူပ်ရှားမှုများကိုမူ ဝိညာဏ (၆) ပါးနှင့် ယင်းတို့၏ တွဲဖက်အာရုံ (၆) ပါး လောကကဲ့သို့ မှတ်ယူနိုင်၏။

ရှေးဟောင်း ယောဂါစာရ ဆိုင်ရာ စာပေများ တွင်လည်း ဤ ဝိညာဏ (၃) ပါး၏ ဆက်သွယ်မှုကို ပင်လယ်သမုဒ္ဒရာ၏ လှိုင်းလုံးများနှင့် ဥပမာ ဆောင်လေ့ရှိ၏။ ပင်လယ်သမုဒ္ဒရာ၏ မူလ သဘာဝသည် တည်ကြည်ငြိမ်သက်သော သဘာဝ ဖြစ်၏။ ပကတိ တည်ငြိမ်သော ပင်လယ်သမုဒ္ဒရာ၏ သဘောသည် အာလယဝိညာဏ်နှင့် အလားတူ၏။ လေပြင်းမုန်တိုင်းများ ကျရောက်လေသောအခါ ပကတိ တည်ငြိမ်သော ပင်လယ်သမုဒ္ဒရာ၏ သဘောသည် ဖောက်ပြန် ရွေ့လျောကာ မတည်မငြိမ်ဘဲ လှိုင်းတံပိုးများ ထကြွလူပ်ရှား လာကြဘိသကဲ့သို့ သံကိလိဋ္ဌဝိညာဏ်တည်းဟူသော လေပြင်း မုန်တိုင်းများ ကျရောက်လေသောအခါ ပကတိ တည်ငြိမ်သော အာလယဝိညာဏ်သည် ခြောက်ခုံသော သိစိတ်နှင့် အသိခံ လှိုင်းတံပိုးများအဖြစ်သို့ ပြောင်းလဲထကြွလူပ်ရှား လာကြလေသည်။

ယောဂါစာရဒဿန၏ ကံနှင့် ဘုံလောက အမြင်

ဆိုခဲ့ပြီးသော အာလယဝိညာဏ် သံကိလိဋ္ဌဝိညာဏ်နှင့် ပရဝိထိဝိညာဏ်များကို ရှေးဦးဗုဒ္ဓဝါဒမှ ကိလေသာ-ကမ္မ-ဝိပါက ဝဋ်များ လည်ပတ်ပုံနှင့်လည်း ထပ်တူပြုလေ့လာနိုင်ပါ၏။ အာလယဝိညာဏ် သံကိလိဋ္ဌဝိညာဏ်တို့သည် ကိလေသာဝဋ်သဖွယ်ဖြစ်၏။ ယင်းတို့ လူပ်ရှားသက်ဝင်မှုကြောင့် ဖြစ်ပေါ်နေရသော ပရဝိထိဝိညာဏ်များသည် ရှုထောင့်တစ်ခုက ကြည့်လျှင် အကျိုးဆက်တရားများဖြစ်သောကြောင့် ဝိပါကဝဋ်ဟု ဆိုနိုင်ပြီးနောက် ရှုထောင့်တစ်ခုက ကြည့်လျှင် ကမ္မမျိုးစေ့အသစ်များကို ဖန်တီးနေသောကြောင့် ကမ္မဝဋ်ဟုလည်း ခေါ်နိုင်ပါ၏။ အရှင် ဝသုဗန္ဓုသည် ရှေးဦး ဗုဒ္ဓဝါဒ၏ ရိုးရှင်းသော ကမ္မနိယာမ အယူအဆကို ယောဂါစာရ-ဝိညတ္တိမတ္တာဒဿန၏ အမြင်ဖြင့် ချဲ့ထွင်၍ သတ္တဝါတစ်ဦးချင်းစီ၏ ကမ္မနိယာမနှင့် ဘုံလောကသားအားလုံး၏ ကမ္မနိယာမ ဆက်စပ်နေမှုကိုပါ ဖော်ပြခဲ့၏။ စေတနာဇောအဟုန်ဖြင့် ပြုသမျှ ကမ္မသတ္တိတို့သည် ပျောက်ပျက်မသွားဘဲ အာလယဝိညာဏ်အနေဖြင့် ဖြစ်တည်နေကြကြောင်းကို အထက်တွင်ပြဆိုခဲ့ပြီး ဖြစ်၏။ အာလယဝိညာဏ်တွင် ကိန်းနေသော ကမ္မသတ္တိများသည် ကမ္မဗီဇမျိုးစေ့များအနေဖြင့် တည်နေပြီး သက်ဆိုင်ရာ အာရုံအသွင် (အာဘာသ) ကို ဖြစ်ပေါ်ကြောင်းလဲ ဆိုခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် အရှင်ဝသုဗန္ဓု၏အမြင်တွင် လူသားနှစ်ယောက် သစ်ပင်တစ်ပင်

ကို မြင်ကြသည်ဆိုရာ၌ (အေ) မြင်သော သစ်ပင်သည် (သစ်ပင်-အေ) ဖြစ်၍ (အေ)၏ ကမ္မဗီဇအတိုင်း မြင်ရခြင်းဖြစ်၏။ ထိုနည်းတူ (ဘီ) က မြင်ရသော သစ်ပင်သည် (သစ်ပင်-ဘီ) ဖြစ်၍ (ဘီ) ၏ ကမ္မဗီဇအတိုင်း မြင်ရခြင်းဖြစ်၏။ ဤ ကဲ့ကြောင့်မြင်ရသော (သစ်ပင်-အေ) နှင့် (သစ်ပင်-ဘီ) တို့ကို ဖယ်ကြဉ်၍ သိစိတ်နှင့် ကဲ့စွမ်းအင်တို့မှ ကင်းလွတ်နေသော (ပကတိ ဓမ္မဓိဋ္ဌာန် သစ်ပင်) ဟူ၍ မရှိနိုင်ဟု အရှင်ဝသုဗန္ဓုက ဆိုပါ၏။

ဤနေရာတွင် အဘယ်ကြောင့် (အေ) နှင့် (ဘီ) တို့သည် ဆင်တူသော တစ်ပင်တည်းသော သစ်ပင်ကို မြင်ကြပါသနည်းဟု မေးစရာ ရှိ၏။ အရှင်ဝသုဗန္ဓု၏ အဖြေမှာ (အေ) နှင့် (ဘီ) တို့သည် ဆင်တူသော ကဲ့အကြောင်းတရားများကို ပြုခဲ့ကြသည့်အတွက် ဆင်တူသော ကမ္မဗီဇမျိုးစေ့များကို သယ်ဆောင်ထားကြသူများဖြစ်သောကြောင့် ဆင်တူသော သစ်ပင်နှစ်ပင်ကို မြင်ကြရခြင်း ဖြစ်သည်ဟုဆို၏။ ထို့ကြောင့် (အေ) မြင်သော (သစ်ပင်-အေ) နှင့် (ဘီ) မြင်ရသော (သစ်ပင်-ဘီ) တို့သည် ပြင်ပတွင် အဟုတ်တကယ် ရှိနေသော (ပကတိ ဓမ္မဓိဋ္ဌာန် သစ်ပင်) ဟူသည့် အမြင်မှောက်မှားမှုကို ဖြစ်စေသည်ဟု အရှင်ဝသုဗန္ဓုက ဆိုပါသည်။ စင်စစ် (၃၁) ဘုံသော လောက အသီးသီးတို့သည် သတ္တဝါတို့၏ စိတ်ပြင်ပတွင် အစစ်အမှန်ရှိသည် မဟုတ်ဘဲ ကဲ့အကျိုးပေးတူညီသော သတ္တဝါတို့က ဆင်တူသော ကဲ့ဝိပါက်များကို ပြိုင်တူမြင်ကြ ခံစားကြ၍ ကဲ့ဗီဇမောတ်တို့က တည်ထောင်ဖန်ဆင်းသော အတူအယောင် ပဋိဗိမ္ဗလောကကြီး ပေါ်ပေါက်လာရသည်ဟု အရှင် ဝသုဗန္ဓုက ဆိုပါသည်။

ယောဂါစာရဒဿနသည် ဗုဒ္ဓဝါဒအမြင် ဖြစ်သောကြောင့် ဟိန္ဒူဝေဒန္တဒဿန၏ တစ်ခုတည်းသော အာတ္မာစိတ်ကြီး အယူအဆကို လက်မခံပေ။ သတ္တဝါတိုင်း၏ စိတ်အလျဉ်သည် ပုဂ္ဂလဓိဋ္ဌာန်သာဖြစ်၍ အချင်းချင်း ဆက်သွယ်ပေါင်းစပ် ထင်ဟပ်နေခြင်းသာဖြစ်နိုင်ပြီး ပုဂ္ဂလိကစိတ်များသည် တစ်ခုတည်းသော အခြေခံသိစိတ်ကြီး၏ ရောင်ပြန်ဟပ်ချက်များသာ ဖြစ်သည်ဟူသော အနန္တဝိညာဉ်တော်ဝါဒ (Absolute Idealism) ကိုလက်မခံချေ။ ဥပမာ ဆီမီးတောက်များ ရာထောင်ချီ၍ တစ်နေရာတည်းတွင် ထွန်းညှိထားသောအခါဝယ် ဆီမီးတစ်ခုချင်းစီမှ ထွက်သော အလင်းရောင်များ ပေါင်းစည်း၍ တစ်ခဲနက် တစ်ခုတည်းသော အလင်းရောင်ကဲ့သို့ ဖြစ်ပေါ်နေသော်လည်း ၄င်းဆီမီးတို့သည် မိမိတို့ဘာသာ မိမိတို့ သီးခြားလင်းနေကြသည့် အရာများ ဖြစ်လေသည်။ ဤနည်းတူစွာပင် ဝေနေယျသတ္တဝါတို့သည် တူညီသော အာရုံသိလောကကို တူညီစွာမျက်မှောက်ပြု၍ အသိရောက်နေကြသော်လည်း

၄င်းတို့သည် သီးခြားစီ စီးဆင်းနေသော စိတ္တသန္တတိ (စိတ်စီးဆင်းမှုအလျဉ်များ) ဖြစ်ကြပြီး တစ်ခုတည်းသော မဟာစိတ်ကြီး၏ အစိတ်အပိုင်းများ မဟုတ်ကြပေ။ မကောင်းမှုအကုသိုလ်များကို လုပ်ဆောင်ကျူးလွန်ကြသော သတ္တဝါများသည် ငရဲဘုံသို့ကျရောက်ရသည်ဟု ဆိုရာတွင် ယောဂါစာရဒဿနအမြင်အရ ငရဲဘုံ အဆင့်ဆင့်တို့သည် ရုပ်အရှိတရားသဘောဖြင့် ပြင်ပရုပ်ကမ္ဘာတွင် အမှန်တကယ် ရှိနေသည်မဟုတ်ဘဲ ငရဲသူ ငရဲသား‌တို့၏ ကမ္မဇဓာတုမျိုးစေ့တို့က ဖော်ဆောင်သည့် ငရဲလောကအသွင်များကို မြင်တွေ့ ခံစားရခြင်း ဖြစ်လေသည်။ ငရဲထိန်းများ (နာရက-ပါလ) ၏ အသွင်သဏ္ဌာန် လူပ်ရှားဟန်များနှင့် ငရဲ အဆောက်အဦ ငရဲအာရုံဟူသမျှသည်သက်ဆိုင်ရာ သတ္တဝါတို့၏ ကံမျိုးတူရာ အဆင့်အလိုက် ငရဲဘုံအသီးသီးကို ဖန်တီးပေးထားကြပြီး ငရဲသားများကို တူညီသော နှိပ်စက်သတ်ဖြတ်မှုကို ပြုလုပ်နေကြသည်ဟု ယောဂါစာရက မြင်ပါသည်။ ငရဲဘုံနည်းတူ ကျန်အပယ်ဘုံဘဝများနှင့် ကာမသုဂတိဘုံဘဝများ နတ်ဗြဟ္မာဘုံဘဝများ အားလုံးကိုလည်း သက်ဆိုင်ရာ သတ္တဝါတို့၏ စုပေါင်းကမ္မသတ္တိ အစုအဝေးကြီးက စုပေါင်းဖန်ဆင်း တည်ထောင်နေနိုင်ပုံကို တွေးမြင်ကြည့်နိုင်ပါ၏။[၃၀၅]

ယောဂါစာရဗုဒ္ဓဘာသာ၏ မဂ်လမ်းစဉ် (၅) ဆင့်

ယောဂါစာရဂိုဏ်းသည် မိမိ၏ နာမပညတ်အမည် နှင့် ကိုက်ညီစွာပင် တရားအားထုတ်မှုနှင့် ဗောဓိဉာဏ်နိုးကြားမှုကို အသားပေးသော ဗုဒ္ဓဒဿနဖြစ်၏။ စိတ်၏ သမာဓိတည်ကြည်မှုကို တည်ဆောက်၍ စိတ်နှင့် အာရုံခံစားမှုဖြစ်စဉ်တို့ကို သတိဝိရိယ ပညာတို့ဖြင့် လက်တွေ့ သုံးသပ်လေ့လာရ၏။ မိမိ၏ ခန္ဓာတွင် အသိဉာဏ်ရောက်အောင် လေ့ကျင့်သောအခါတွင် ယောဂါစာရဒဿန၏ အခြေခံဖြစ်သော သိသူနှင့် အသိခံ (အာရုံနှင့် အာရမ္မဏိက တရား) တို့၏ တစ်သီးတစ်ခြားစီ မတည်ရှိဘဲ အမြဲတန်း ပေါင်းစည်းဆက်စပ် တည်နေမှုသဘောကို မြင်လာရ၏။ ထိုမှတစ်ဆင့် ထိုဒွိစုံတရားတို့၏ အတွင်းအမာခံ အနှစ်သား ကင်းဆိတ်ပုံ အချင်းချင်း အပြန်အလှန် စွဲမှီတည်ရှိ ဖြစ်ပွားနေရပုံများကို မြင်ရသောအခါတွင် မိမိ၏ အာလယဝိညာဏ်ထဲတွင် စွဲမြဲနေသော အတ္တဒိဋ္ဌိအစွဲကို ဖြတ်တောက်၍ သစ္စာတရားဆီသို့ ဦးတည်ကိုင်းညွတ်သောစိတ် ဖြစ်ပေါ်လာလေ၏။ ဤသို့ဖြစ်ခြင်းကို **အာသယ-ပရိဝတ်** (စိတ်အခြေခံ၌ တော်လှန် ပြောင်းလဲခြင်းဖြစ်စဉ်) ဟုခေါ်၏။ စိတ်သည် အသွင်လောက

၃၀၅။ **Thomas Wood, *Mind Only: A Philosophical and Doctrinal Analysis of the Vijnanavada* (University of Hawaii Press) (1991), p-164-165**

အပိုင်းပိုင်းခြားနားနေသော သိသူနှင့် အသိခံ (အာရုံနှင့် အာရမ္မဏိက တရား) တို့၏ ဒွိစုံသဘောမှ လွန်မြောက်၍ ပကတိ တစ်ပြန့်တည်းတစ်သားတည်း လုံးစည်းတည်ရှိနေသော မူလပကတိ သန့်စင်နေသော စိတ္တသဘာဝ အရှိတရားဆီသို့ ဆိုက်ရောက်ရလေ၏။[၃၀၆]

ယောဂါစာရဗုဒ္ဓဘာသာသည် သတ္တဝါတို့၏ စိတ္တသန္တာန (Mind Stream) တွင် ပိတ်ဆို့ဖုံးကွယ်နေသော ကိလေသာ အာသဝတရားများကို လေ့လာဆန်းစစ်လျက် သန့်စင်အောင်ဖယ်ရှားခြင်းအားဖြင့် အမြတ်ဆုံး အတုမရှိသော ဗောဓိဉာဏ်အထူးကို ရရှိနိုင်သည်ဟု ယူဆ၏။ ယောဂီပုဂ္ဂိုလ်သည် မကောင်းသော အကုသိုလ်ကမ္မဗီဇမျိုးစေ့များကို သုတ်သင် ရှင်းလင်း ဖယ်ရှား၍ ကောင်းသော ကုသိုလ်ကမ္မဗီဇမျိုးစေ့များကို များသထက်များအောင် ပွားများအားထုတ်စေ၍ ရင့်ကျက်စေရ၏။ ဤနည်းအားဖြင့် ကိလေသာ အညစ်အကြေးများ အားနည်းလာပြီး သူတော်ကောင်းဓာတ် တရားမြတ်တို့ ကြီးပွားတိုးတက် အားကောင်းလာပေလိမ့်မည်။ ယောဂါစာရဗုဒ္ဓဘာသာ၏ စာပေတွင် ဘာဝနာကျင့်စဉ် အဆင့်ဆင့် ခွဲပုံအမျိုးမျိုးကို ပြဆိုထား၏။ ယောဂါစာရဘူမိကျမ်းတွင် ဉာဏ်စဉ် (၁၇) ဆင့် ဖော်ပြထားသလို **ဒသဘူမိက သုတ္တောပဒေသကျမ်း**တွင် အဆင့် (၁၀)ဆင့် ရေတွက်ပြသထား၏။ **မဟာယာန သင်္ဂီဟကျမ်း**နှင့် ရွှင်ကျန်၏ **ချန်ဝေရှီလွန်းကျမ်း**တို့တွင် မဂ်အဆင့် (၅) ဆင့် ဖော်ပြထား၏။

(၁) **သမ္ဘာရာဝတ္ထာ** ဟူသည်မှာ မဂ်လမ်းခရီးစဉ်အတွက် လိုအပ်သော ကုသိုလ် ကမ္မပထတရားများကို စတင်စုဆောင်းသော အဆင့်ဖြစ်၏။ မဂ်လမ်းခရီးကို စိတ်အားထက်သန်စွာ ကိုင်းညွှတ်ခြင်း မဂ်ခရီးအဆုံးအထိ ရောက်အရောက် လျှောက်လှမ်းမည့် စိတ်မြတ်ကို မွေးမြူခြင်းနှင့် အဓိဋ္ဌာန်ပြု တည်ဆောက်ခြင်းတို့ ပါဝင်၏။ ဗောဓိစိတ္တဟုခေါ်ဆိုသော ဗောဓိဉာဏ် ရရှိရေးအတွက် စိတ်ပိုင်းဖြတ်ခြင်းသည် ဤအဆင့်တွင် စတင် ဖြစ်ပေါ်လာ၏။ မိတ်ကောင်းဆွေကောင်း (ကလျာဏမိတ္တ) ရှိခြင်း အတိတ်ကံ အကြောင်းဆက်ရှိခြင်း စူးစိုက်တည်ကြည်သော သမာဓိရှိခြင်းနှင့် ပညာဉာဏ်နှင့် ကောင်းမှုကုသိုလ်တို့ဖြင့် ပြည့်စုံခြင်းတို့သည် သမ္ဘာရာဝတ္ထာ အဆင့်အတွက် လိုအပ်သော အရည်အချင်းများ ဖြစ်ကြ၏။

(၂) **ပယောဂါဝတ္ထာ** ဟူသည်မှာ ဗုဒ္ဓဓမ္မတွင်ရှိသော ဒဿနအမြင်များနှင့် ဓမ္မကျင့်စဉ်များကို စုဆောင်းလေ့လာပြီး စမ်းသပ်ကျင့်သုံးကြည့်သော အဆင့်ဖြစ်၏။

၃၀၆။ King, Richard (1998). *"Vijnaptimatrata and the Abhidharma context of early Yogacara". Asian Philosophy* 8 (1): 5–18.

ပယောဂဟူသော ဝေါဟာရသည် ကြီးမားသောအားထုတ်မှုဟု အဓိပ္ပာယ်ရှိ၏။ ယောဂီပုဂ္ဂိုလ်သည် သမာဓိတည်ကြည်မှု၏ အဆင့်လေးဆင့် (၁။ ကနဦးတည်ကြည်ငြိမ်သက်မှု၊ ၂။ တိုးတက် မြင့်မားလာသော တည်ကြည်ငြိမ်သက်မှု၊ ၃။ ရတ်ခြည်းထွန်းလင်းတောက်ပမှု၊ ၄။ သမာဓိတည်ကြည်မှုကို မလျှော့ကျအောင် ထိန်းသိမ်းနိုင်မှု) တို့ကို တန်းကုန်ကမ်းကုန်အောင် အားထုတ်ကျင့်ကြံရသော အဆင့်ဖြစ်၏။ ဤအဆင့်တွင် ယောဂီသည် ဆုပ်ကိုင်သူ-ဆုပ်ကိုင်ခံ (ဂါဟက-ဂါဟျ) အစွဲကို ဖိနှိပ်ချိုနဲ့အောင် စွမ်းဆောင်နိုင်လာခဲ့၏။ ဘာသာစကား တွေးသိစိတ်နှင့် ပြင်ပအရာဝတ္ထုတို့၏ အတွင်းသဘော ဆက်နွယ်မှုကိုလည်း စတင်သိမြင်လာခဲ့၏။

(၃) **ပဋိဓေဓါဝတ္ထာ** ဟူသည်မှာ အထက်ပါမဂ်နှစ်ဆင့်ကို ကြိုးကုတ်လေ့ကျင့်၍ ဘာဝနာလုပ်ငန်း စိမ့်ထုံလာသောအခါတွင် အသိဉာဏ်ပညာ၏ နက်ရှိုင်းမှုအဆင့် (**ပဋိဓေဓါဝတ္ထာ**)သို့ ရောက်ရှိလာခဲ့၏။ အချို့ကျမ်းဂန်များတွင် ဤအဆင့်ကို သစ္စာတရား မြင်သိသော မဂ်လမ်းအဆင့် (ဒဿနမဂ်) ဟူ၍ ခေါ်ဆိုကြ၏။ ယောဂီ၏ စိတ်သန္တာန်တွင် ပုဂ္ဂလသုညတာနှင့် ဓမ္မသုညတာ နှစ်မျိုးစလုံးကို ထိုးထွင်းသိမြင်လာပြီး ကိလေသာ အဆို့အပိတ်နှင့် ပညာဉာဏ် အဆို့အပိတ် နှစ်ခု (ကိလေသာဝရဏနှင့် ဉေယျာဝရဏ) နှစ်ခုစလုံးကို အားအင်ချိုနဲ့ လာစေခဲ့၏။ ဤအဆင့်တွင် သင်္ကေတနိမိတ် သဏ္ဌာန နိမိတ် ဝေါဟာရပညတ်များမှ လွန်မြောက်နေသော **နိဝိကပ္ပဉာဏ**ကို စတင် သိမြင်လာခဲ့၏။

(၄) **ဘာဝနာမဂ္ဂဟူ**သည်မှာ အထပ်ထပ် ရှုပွားကျင့်ကြံရသော အဆင့်ဖြစ်၏။ သင်္ကေတနိမိတ်၊ သဏ္ဌာနနိမိတ် ဝေါဟာရ ပညတ်များမှ လွန်မြောက်နေသော နိဝိကပ္ပဉာဏ်သည် ပိုမိုနက်ရှိုင်းလာခဲ့၏။ ဆုပ်ကိုင်သူ-ဆုပ်ကိုင်ခံ (ဂါဟက-ဂါဟျ) အစွဲကို အပြီးသတ် ချေမှုန်းဖယ်ရှားနိုင်ခဲ့ပြီ ဖြစ်၏။ ပညာဉာဏ် အဆို့အပိတ် အတားအဆီးတို့ကို အပြီးသတ် ဖယ်ရှားပြီး၍ ယောဂီ၏ စိတ်သန္တာန် အတွင်းဝယ် **အာသယ-ပရိဝိထိ** (စိတ်အခြေခံ၌ တော်လှန် ပြောင်းလဲခြင်းဖြစ်စဉ်) ဟူသော အဆင့်ကို ရောက်ရှိပြီးဖြစ်လေ၏။ လွတ်မြောက်သောစိတ်သည် စိတ်ဟူ၍ပင် မခေါ်ထိုက်သောကြောင့် **အ-စိတ္တ (No Mind)** ဟူ၍သာ ခေါ်ဝေါ်ပညတ်အပ်သော အဆင့်ကို ရောက်ရှိလာခဲ့၏။

(၅) **နိဋ္ဌာဝတ္ထာ** ဟူသည်မှာ ယောဂါစာရဗုဒ္ဓဘာသာ ကျင့်စဉ်၏ နောက်ဆုံးပိုင်းဖြစ်၏။ မိမိရရှိသော ဉာဏ်အလင်းရောင်ဖြင့် ဝေနေယျသတ္တဝါများကိုလည်း ကိလေသာအမှောင်ထုမှ ဆွဲထုတ်ရန် အားအင်အပြည့်ဖြစ်နေသော အနှိမ်အဆင့်ဖြစ်၏။ ဗုဒ္ဓ၏ ကာယသုံးပါး (တြိကာယ) ဖြစ်သော ဓမ္မကာယ သမ္ဘောဂကာယ

နှင့် နိမ္မာနကာယတို့ကို အပြည့်အဝ ဖော်ဆောင်လာနိုင်သော ပန်းတိုင်အဆင့် ဖြစ်လေသည်။[၃၀၇]

ယောဂါစာရ ဒဿနသည် နာမ်ဝါဒ မဟုတ်ကြောင်း

လောကသံသရာဟူသည် ဤ ဝိညာဏ အလွှာ (၃) ပါးတွင် ကိလေသာ-ကမ္မ-ဝိပါက ဝဋ်ဆိုးများ တရစပ် ဖန်ဆင်း လည်ပတ်နေသော ဖြစ်စဉ်သာ ဖြစ်၏။ သတ္တဝါ အသီးသီးတို့၏ သုခ ဒုက္ခ ခံစားရာ ထွေထွေရာရာ ဘုံဘဝ ဌာနတို့သည်လည်း ဂန္ဓဗ္ဗနတ်တို့ ဖန်ဆင်းအပ်သော အတုအယောင် မာယာလောက များးကဲ့သို့ စိတ်ဖန်ရပ်သွင် အရိပ်အယောင် သက်သက် ဝိညတ်သက်သက်များသာ ဖြစ်ကြပါ၏။ ထို့ကြောင့် ယောဂါစာရ ဒဿနကို ဝိညတ္တိ မတ္တဝါဒဟု ခေါ်ဆိုခြင်းသည် သင့်လျော်၏။ လောကသုံးပါးနှင့် အနန္တသတ္တဝါတို့သည် စိတ်ဖန်ရပ်သွင် အရိပ်အယောင် သက်သက် ဝိညတ် သက်သက်များသာဖြစ်ကြောင်း အတည်ပြုပြောဆိုခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် အရှိယောင် အသွင်လောကသည် စိတ်ကဖန်တီးသော စိတ်ဖန်ရပ်သွင်မှုရာများသာဖြစ်ပြီး ပကတိ အစစ်အမှန်တရား၌ ပင်ကိုယ်သဘောအားဖြင့် အတ္တ အတ္တနိယ ဆိတ်သုဉ်းနေသည့် သုညတာဓမ္မသာ ဖြစ်လေသည်။[၃၀၈]

ယောဂါစာရ ဒဿန၏ အဘိဓမ္မာတွင် စိတ်ဖန်ရပ်သွင် အရိပ်အယောင် သက်သက် လောကကို ဖွဲ့စည်းထားသော အခြေခံယူနစ် ဓမ္မတရားများကို အမျိုးအစားပေါင်း (၁၀၀) အထိ အသေးစိတ် ခွဲခြမ်းစိတ်ဖြာမှုများ ပြုခဲ့၏။ အကျဉ်းအားဖြင့် ရေတွက်ဖော်ပြရလျှင် အောက်ပါအတိုင်း ဖြစ်၏။

- ဝိညာဏဓာတ် (၈)ပါး (စက္ခု-သောတ-ဃာန-ဇိဝှာ-ကာယ-မန-သံကိလိဋ္ဌ-အာလယဝိညာဏ် စသည်...)
- သာမည စေတသိက် (၅) ပါး (ဖဿ-မနသိကာရ-ဝေဒနာ-သညာ-သဒ်္ခါရ စေတနာ)
- ဝိသေသ စေတသိက် (၅) ပါး (ဆန္ဒ-အဓိမောက္ခ-မှတ်ဉာဏ်-သမာဓိ-ပညာ)
- ကုသိုလ် စေတသိက် (၁၁) ပါး (သဒ္ဓါ-ဟီရိ-ဩတပ္ပ-အလောဘ-အဒေါသ-အမောဟ-ဝီရိယ-ဓီတိ-ဥပေက္ခာ-အဟိ သာ စသည်...)

၃၀၇။ **Encyclopedia of Religion, Yogacara.**

၃၀၈။ **Kochumuttom, Thomas A. (1999), *A buddhist Doctrine of Experience. A New Translation and Interpretation of the Works of Vasubandhu the Yogacarin*, Delhi: Motilal Banarsidass-p 6**

- အကုသိုလ်စေတသိက် (၆) ပါး (လောဘ-ဒေါသ-မောဟ-မာန-ဝိစိကိစ္ဆာ-မိစ္ဆာဒိဋ္ဌိ)
- အရံ အကုသိုလ်စေတသိက် (၂၀) (ကောဓ-ကွသာ-မစ္ဆရိယ-မာယာ-သာထေယျ-မုသာ-ဟိ သာ-မာန-အဟိရိက- အနောတပ္ပ-ဥဒ္ဒစ္စ-ထိန-မိဒ္ဓ-သံသယ-မဒ္ဒ-ကုက္ကစ္စ-အမနသိကာရ စသည်...)
- အနေကဋ္ဌ စေတသိက် (၄) ပါး (ဆောင်တ-ဒိုက်မြဲးခြင်း-ပြန်လည်သုံးသပ်ခြင်း-စူးစမ်းခြင်း)
- ရူပ (၁၁) ပါး (မျက်စိ နား နှာခေါင်း ကိုယ် လျှာ အဆင်း အသံ အနံ့ အထိတွေ့ အရသာ စိတ်ဖန်ရုပ်သွင်)
- စိတ္တဝိပ္ပယုတ္တ တရား (၂၄) ပါး (ပညတ်တရားစုများ)
- အသင်္ခတ ဓမ္မ (၆) ပါး (အာကာသ- ပဋိသင်္ခါနိရောဓ-အပဋိသင်္ခါနိရောဓ-သဘာဝနိရောဓ-နိဝိကပ္ပနိရောဓ-တထတာ)

အထက်ဖော်ပြပါ ဓမ္မတရားတို့သည် အရှင်အသင်္ဂီ၏ အဘိဓမ္မသမုစ္စယ ကျမ်းကြီး၏ အလိုဖြစ်ပြီး ၄င်းတို့အားလုံးသည် ပရိကပ္ပတိ-ပရတန္တရ-ပရိနိပ္ပန္န သဘာဝ (၃) ပါး အတွင်းတွင် အကျုံးဝင်နေသော တရားစုများ ဖြစ်ကြလေသည်။ ထို့အပြင် ယောဂါစာရ ဒဿနကို စိတ္တမတ္တဝါဒဟု ခေါ်ဆိုခြင်းသည် ၄င်းကို နာမ်ဝါဒ ဖြစ်သည်ဟု မထင်မှတ်သင့်ပေ။ နာမ်ဝါဒ၏ သဘောမှာ မူလနာမ်စွမ်းအင် တရားကြီးတစ်ခုသည် မပြောင်းမလဲ အမြဲတည်နေပြီး ၄င်းမှ မိမိ ကိုယ်ပိုင် စွမ်းအင် သတ္တိအားဖြင့် လောကသုံးပါးနှင့် အနန္တသတ္တဝါတို့ကို ဖန်ဆင်းခဲ့သည် ဟူသော အမြင်မျိုး ဖြစ်၏။ လောကရှိ ထာဝရဘုရားရှိဝါဒ (Theism) များ အားလုံးသည် အဆိုပါ နာမ်ဝါဒမျိုး ဖြစ်ကြ၏။ ဘာကလေ ဟောဂယ် ဘရက်ဒလေ စသော အနောက်တိုင်း ဒဿနပညာရှင်များ၏ တက္ကိုကနာမ်ဝါဒ (Metaphysical Idealism) များသည်လည်း အဆိုပါ နာမ်ဝါဒမျိုး ဖြစ်ကြ၏။ တက္ကိုကနာမ်ဝါဒဟူသည် သဿတဝါဒ တစ်မျိုးသာ ဖြစ်သောကြောင့် ဗုဒ္ဓဝါဒ အခြေခံသော ယောဂါစာရ ဒဿန အနေဖြင့် လက်ခံနိုင်သော အမြင်မဟုတ်ပေ။ လောကမာယာသည် စိတ်ပန်းချီ၊ စိတ်ပန်းပု စိတ်ဂီတသာ ဖြစ်ကြောင်းကို သိမှုဗေဒအမြင်ဖြင့်သာ ချဉ်းကပ်ပြခြင်း ဖြစ်၏။

ယောဂါစာရဒဿန အမြင်တွင် စိတ္တ၏ သရုပ်သကန်ကို အလွန်ဝေဝေဆာဆာ ချဲ့ထွင်ရှင်းပြထားပြီး စိတ္တသည် အမြဲ ပြောင်းလဲစီးဆင်း လှုပ်ရှားနေသော အစဉ် (Dynamic Process) အဖြစ်သာ မြင်လေသည်။ ထို စိတ္တ၏ အနှစ်သာရမှာလည်း ပကတိ အရှိတရားသဘောများ ဆိတ်သုဉ်းခြင်း ဟူသော ပရမတ္ထ-နိဿဘာဝ

(သို့) ပရိနိဗ္ဗန် သဘာဝ (သို့) သုညတာ သာဖြစ်လေသည်။ ယောဂါစာရ၏ အမြင်၍ ယင်းသုညတာသဘာဝသည်သာလျှင် အဆုံးစွန်သော အရှိတရား (Absolute Reality) ဖြစ်ပြီး သုညတာကို ပကတိ သူ့သဘာဝအတိုင်း သူရှိနေသော အတိုင်း တိုင်း သဘော (တထတာ) ဟူ၍လည်း ခေါ်ဆိုနိုင်ကြောင်း တင်ပြခဲ့၏။ ဓမ္မတရား ဟူသမျှတို့၏ ဖြစ်မြဲနိယာမ သဘောသဖွယ် ဖြစ်သောကြောင့် ဓမ္မ-တာ ဟူ၍လည်း ခေါ်ဆိုနိုင်ကြောင်း တင်ပြခဲ့၏။ ဤ အယူအဆများသည် နှောင်းကာလတွင် တထာဂတ-ဂဗ္ဘ သုတ္တန်များအဖြစ် ပေါ်ထွက်လာခဲ့ပြီး ပီပြင်ထင်ရှားသော မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ အယူအဆများအဖြစ်သို့ ပွင့်ကား တိုးတက်ခဲ့၏။ (တထာဂတ-ဂဗ္ဘ သုတ္တန်များ အကြောင်းကို ''ဗုဒ္ဓ၏ကာယ (၃) ပါး (တြိကာယ) အယူအဆနှင့် တထာဂတဂဗ္ဘ'' အခန်းတွင် ဆက်လက် တင်ပြပါမည်။) တထတာကို မျက်မှောက်ပြုသိမြင်နိုင်ရန် မှာ ကမ္မဋ္ဌာန်းဘာဝနာ-ယောဂကျင့်စဉ် အားထုတ်ခြင်းမှအပ မရှိကြောင်း အသင်္ဂ၏ ယောဂါစာရဘူမိ ကျမ်းကြီးကလည်း ညွှန်ပြနေပါ၏။ မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ ကမ္မဋ္ဌာန်းဘာဝနာ-ယောဂကျင့်စဉ် အားထုတ်ခြင်းနှင့် ဗောဓိသတ္တ မဂ်ကျင့်စဉ်၏ တက်စဉ်များကို ရှေ့တွင် ရေးသား ဖော်ပြလတ္တံ့သော ''ဗောဓိသတ္တပါရမီမဂ်လမ်းစဉ်နှင့် ဘူမိ (၁၀) ပါး'' အခန်းတွင် ပိုမို ရှင်းလင်းစွာ အသေးစိတ် ရေးသား ဖော်ပြသွားမည် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံပြင်ပရောက် ယောဂါစာရဗုဒ္ဓဘာသာ

အိန္ဒိယယောဂါစာရဒဿနသည် စတင်ပေါ်ထွန်းပြီး နှစ်အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံ၏ ပြင်ပသို့ ခရီးဆန်. ရောက်ရှိခဲ့၏။ အေဒီ ၅ ရာစုတွင် ဂုဏဘဒြမထေရ်က ယောဂါစာရဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းဂန်စာပေများကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့ရာတွင် ချန်ဗုဒ္ဓဘာသာ၏ အခြေခံဖြစ်သော လင်္ကာဝတာရသုတ္တန် ပါဝင်ခဲ့၏။ အေဒီ ၆ ရာစုတွင် တရုတ်ပြည်သို့ ပရမတ္ထမထေရ် ရောက်ရှိလာခဲ့ပြီး ယောဂါစာရဗုဒ္ဓဘာသာကို ဟောပြောဖြန့်ဖြူးခဲ့၏။ သံဃိန်မောစနသုတ္တန် မဇ္ဈန္တိကဘာဂ ကာရိကာတီ သတိကာဝိညတ္တိမတ္တ မဟာယာနသင်္ဂဟ စသည့် ကျမ်းများကို ဘာသာပြန်ဆိုခဲ့၏။[၃၀၉]

ယောဂါစာရဗုဒ္ဓဘာသာ သည် တရုတ်ပြည်၏ ဒေသအသီးသီးသို့ ကျယ်ပြန့်

၃၀၉။ **Paul, Diana. Philosophy of Mind in Sixth-Century China: Paramartha's Evolution of Consciousness, Stanford University Press 1984, pp. 32-33**

စွာ ရောက်ရှိခဲ့သော်လည်း အခိုင်မာဆုံး အမြစ်တွယ်တည်ရှိလာစေရန် ဆောင်ရွက်နိုင်ခဲ့သူမှာ ဆရာတော်ရွှင်ကျန်သာလျှင် ဖြစ်၏။ ဆရာတော်ရွှင်ကျန်သည် သက်တော် (၃၃) နှစ်တွင် တရုတ်ပြည်မှ အိန္ဒိယသို့ ပိဋကတ်စာပေကျမ်းဂန်များ ရယူနိုင်ရန်အတွက် အလွန်ခဲယဉ်း ငြိုငြင်လှသော ခရီးကြမ်းကြီးကို ဖြတ်သန်း၍ ရောက်ရှိခဲ့၏။ ရဟန်းတော်ရွှင်ကျန်သည် အိန္ဒိယပြည်တွင် (၁၀) နှစ်တာမျှ နေထိုင်ခဲ့ပြီး နာလန္ဒာတက္ကသိုလ်၏ အဓိပတိအရှင် သီလဘဒြမထေရ်ကြီးထံတွင် ပညာရင်နှီ့ သောက်စို့ခဲ့၏။ ထို အချိန်က သီလဘဒြ မထေရ်ကြီးသည် သက်တော် (၁၀၆) နှစ်ခန့်သို့ပင် ရောက်ရှိနေခဲ့ပြီဟု ဆို၏။ ပညာလေ့လာခြင်း ပြီးဆုံးသောအခါတွင် ဆရာတော် ရွှင်ကျန်သည် ပိဋကတ်ကျမ်းစာပေပေါင်း ၆၅၇ ကျမ်းခန့် သယ်ဆောင်ခဲ့သည်ဟု ဆို၏။ ထိုကျမ်းများအနက် အရိယာ အသင်္ဂ၏ ယောဂါစာရဘူမိသျှတ္တရ ကျမ်းကဲ့သို့သော ကျမ်းကြီးများလည်း ပါဝင်၏။[၃၁၀] ဆရာတော်ရွှင်ကျန်သည် ယောဂါစာရ ဝိညတ္တိမတ္တ ဒဿနနှင့် ပတ်သက်၍ အဖွင့်ဋ္ဌကာ ကျမ်းကြီးတစ်စောင်ဖြစ်သော **ချန်ဝေရှိလွန်း** (စိတ်သက်သက် တည်ရှိမှုအကြောင်း ဝေဖန်ဆန်းစစ်ခြင်း) ကို ရေးသားပြုစုခဲ့၏။ တပည့်သာဝက တစ်ဦးဖြစ်သည့် ကွိချီ၏ တောင်းပန်လျှောက်ထားမှုကို အကြောင်းပြု၍ ရေးသားပြုစုခဲ့ရသော ဤကျမ်းသည် အရှင်ဝသုဗန္ဓု၏ တီ သတိကာ ဝိညတ္တိမတ္တကျမ်းကို အခြေခံကျော်ရိုး အခိုင်အမာပြု၍ တင်ပြထားသည်ကို တွေ့ရ၏။ ချန်ဝေရှိလွန်းကျမ်းသည် အာရှအရှေ့ဖျား ယောဂါစာရ ဗုဒ္ဓဘာသာ၏ အခြေခံအုတ်မြစ်ကျမ်းတစ်ဆူဖြစ်ခဲ့၏။[၃၁၁]

အချိန်ကာလ ရွှေလျှားလာသည်နှင့်အမျှ တရုတ်ပြည်တွင် ယောဂါစာရဂိုဏ်း၏ လွှမ်းမိုးမှုသည် ချည့်နဲ့လာခဲ့ပြီး အခြား တရုတ် ဗုဒ္ဓဘာသာဂိုဏ်းများဖြစ်သော တိယင် တိုင်းဂိုဏ်း ဟွာယင်းဂိုဏ်း ချန်ဗုဒ္ဓဘာသာဂိုဏ်း သုဒ္ဓဘူမိဗုဒ္ဓဘာသာဂိုဏ်းတို့က ယောဂါစာရ အယူအဆများကို သိမ်းသွင်းယူခဲ့ကြသည်ကို တွေ့ရ၏။ ယောဂါစာရ ဗုဒ္ဓဘာသာကို စတင် မိုးစေ့ပေးခဲ့သည့် မေတ္တေယျနာထကိုလည်း တုသိတာနတ်ပြည်တွင် စံနေတော်မူသော အရိမေတ္တေယျ ဘုရားအလောင်းတော်အဖြစ် မှတ်ယူခဲ့ကြပြီး အရိမေတ္တေယျ ကိုးကွယ်မှုသည် တရုတ်ပြည်တွင် ကျယ်ပြန့်ခိုင်မာစွာ ဖြစ်ထွန်းခဲ့၏။[၃၁၂]

၃၁၀။ **Liu, Jee Loo. An Introduction to Chinese Philosophy: From Ancient Philosophy to Chinese Buddhism. 2006. p. 220**

၃၁၁။ **Liu, JeeLoo. An Introduction to Chinese Philosophy: From Ancient Philosophy to Chinese Buddhism. 2006. p. 221**

၃၁၂။ **Tagawa, Shun'ei (2009). Charles Muller, ed. Living Yogacara: An Introduction to Consciousness-Only Buddhism. Wisdom Publications. p. xx-xxi (forward).**

ယောဂါစာရဗုဒ္ဓဘာသာသည် တရုတ်ပြည်မှ တစ်ဆင့် ဂျပန်ပြည်သို့ ရောက်ရှိသောအခါတွင် ဟောရှို ဂိုဏ်း (Hossō sect) ဟူသော အမည်သစ်ဖြင့် ထင်ရှားခဲ့၏။ ဆရာတော်ရွှင်ကျန်၏ သာဝကဖြစ်သည့် ကွိချီသည် ရှေးဦးတည်ထောင်သူများအနက် တစ်ဦးပါဝင်ခဲ့၏။ ဟောရှိဂိုဏ်းသည် ဂျပန်နိုင်ငံတွင် ယနေ့အထိ ဂိုဏ်းငယ်တစ်ခုအဖြစ်တည်ရှိခဲ့ပြီး တရုတ်နှင့် ကိုရီးယားနိုင်ငံများတွင်မူ ကွယ်ပျောက်ချုပ်ငြိမ်းခဲ့ပြီဖြစ်၏။ ဟောရှိဂိုဏ်း ခေတ်ကောင်းခဲ့စဉ်အခါက ခေတ်ပြိုင် ရှင်ဝန်းဂိုဏ်းတည်ထောင်သူ ကုကိုင်နှင့် တင်းဒိုင်းဂိုဏ်းတည်ထောင်သူ ဆိုင်ချို့တို့သည် ဟောရှိဓမ္မပညာရှင် တို့အိဆုနှင့် အစဉ်အမြဲ ဝါဒရေးရာဆွေးနွေးပွဲများဖြင့် ပညာနှီးနှောဖလှယ်ခဲ့ကြ၏။ အထူးသဖြင့် ဟောရှိဂိုဏ်းသည် ရှင်ဝန်းဂိုဏ်းနှင့် နီးကပ်စွာဆက်သွယ်မှုရှိပြီး ရှင်ဝန်းဂိုဏ်း၏ တန္တရဓမ္မကျင့်စဉ်များကို ဟောရှိဂိုဏ်းတွင် အသုံးချကျင့်ကြံခဲ့၏။ ယောဂါစာရ အဘိဓမ္မာနှင့် ပတ်သက်သော ဒဿနအမြင်များကိုလည်း ဟောရှိဂိုဏ်းမှ ရှင်ဝန်းဂိုဏ်းသို့ ပြန်လည်ပို့ချ သင်ကြားပေးခဲ့ရသည်များလည်း ရှိ၏။ ထိုနည်းတူ ဂျိုဒို့ရှူဂိုဏ်းကို တည်ထောင်ခဲ့သည့် ဟိုနန်သည် ငယ်စဉ်အခါက ဟောရှို အယူအဆများကို လက်ခံသင်ကြားခဲ့ပြီး နောင်အခါ ကိုယ်ပိုင်ဘာသာရေးဂိုဏ်း တည်ထောင်သည့်အခါတွင် ဟောရှိဂိုဏ်း၏ အယူအဆများကို ဝေဖန်ခဲ့၏။ ဂျိုကိုင်အမည်ရှိ ဟောရှိဂိုဏ်း ဓမ္မဆရာသည် ဟိုနန်၏ သုခဝတီဘုံအယူအဆကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူ ဖြစ်သော်လည်း ဟိုနန်ကဲ့သို့ပင် ဗုဒ္ဓဝါဒကို လူအများ လက်ခံနိုင်အောင် ဆွဲဆောင်နိုင်မည့် နည်းလမ်းကို ရှာဖွေခဲ့၏။ ယောဂါစာရဒဿန၏ မူပိုင်ရှင်သည် အရိမေတ္တေယျသခင် အဖြစ်ယူဆခဲ့သောကြောင့် ဟောရှိဂိုဏ်းကျင့်စဉ်ကို အားထုတ်ခြင်းဖြင့် မေတ္တေယျ ဘုရားလောင်း၏ တုသိတာနတ်ပြည်တွင် ပြန်လည်မွေးဖွားခွင့် ရနိုင်ကြောင်း ဂျိုကိုင်က ဟောပြောခဲ့လေသည်။ ဂျိုကိုင်သည် ဂျပန်နိုင်ငံတွင် ဝိနယ အစဉ်အလာ ပြန်လည်ထွန်းကားလာအောင် ကြိုစည်ကြိုးပမ်းခဲ့သည့် ဗုဒ္ဓဘာသာ ခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့ပါသည်။ ယနေ့ ဂျပန်နိုင်ငံတွင်ရှိသော ကိုဖုကုဂျိ ဘုရားကျောင်းနှင့် ယာကုရှိဂျိ ဘုရားကျောင်းတို့သည် ဟောရှိဂိုဏ်းမှ ဆက်လက် စီမံခန့်ခွဲအုပ်ချုပ်နေသော ဗုဒ္ဓဘာသာ အဆောက်အဦများ ဖြစ်ကြလေသည်။

□ □ □





အခန်း (၅)

ဗုဒ္ဓ၏ ကာယ (၃) ပါး (တြိကာယ) အယူအဆနှင့်

တထာဂတဂဗ္ဘ

မဟာယာန ဗုဒ္ဓဘာသာ၏ ဒဿနအမြင်များ တိုးတက်ဖွံ့ဖြိုးမှုကို လေ့လာခဲ့ပြီး သလောက် ပြန်လည် သတ္ထုချုကြည့်လျှင် ဟီနယာနကိုဏ်းတစ်ခုဖြစ်သော မူလသဗ္ဗ တ္ထိဝါဒ၏ အဘိဓမ္မာစာပေလာ ပရမတ္ထအရှိဝါဒကို အရှင်နာဂဇုန္နန၏ မဇ္ဈိမိကဒဿနက ဝေဖန်သုံးသပ်ခဲ့ပုံနှင့် အရာခပ်သိမ်း (သံသရာ နိဗ္ဗာန် တရားများ) ၏ ပကတိအတွင်း အနှစ်သားသဘာဝ ဆိတ်သုဉ်းမှု =သုညတာဓမ္မကို ထွန်းလင်းပြပုံတို့ကို ဖော်ပြပြီး ဖြစ်၏။ မဇ္ဈိမိကဒဿန၏ နတ္ထိကအစွန်းကို ဟန်ချက်မျှပေးသည့်အနေဖြင့် ယောဂါစာရ (ဝိညတ္တိမတ္တ ဂိုဏ်း) သည် စိတ္တ၏ ပကတိသဘာဝ သဘော အာလယဝိညာဏ်က သတ္တဝါတို့၏ အနုသယကိလေသာကို အခြေခံ၍ ကံနှင့် ဝိပါက်တို့၏ အဖန်တလဲလဲ လည်ပတ်နေရသော အမိုက်သံသရာနှင့် ထိုသံသရာမှ လွတ်မြောက်သော ပကတိထွန်းလင်းတောက်ပသော အပွင့်ဒီတဝိညာဏ်တို့၏ သဘောများကိုလည်း ဖော်ပြပြီး ဖြစ်၏။

ယခုတစ်ဖန် ယောဂါစာရ (ဝိညတ္တိမတ္တ ဂိုဏ်း) ၏ အမြင့်ဆုံး တိုးတက်ဖြစ် ထွန်းမှုအနေဖြင့် ဗုဒ္ဓ၏ ကာယ (၃) ပါး (တြိကာယ) အယူအဆနှင့် တထာဂတဂဗ္ဘ ဒဿနအမြင် (Buddha-Nature) ကို ဆက်လက် ဖော်ပြပါဦးမည်။ မဇ္ဈိမိကဒဿန

နှင့် ယောဂါစာရဒဿနတို့သည် မဟာယာနဗုဒ္ဓဘာသာ၏ အခြေခံအုတ်မြစ်များ ဟုဆိုခဲ့လျှင် ဗုဒ္ဓ၏ ကာယ (၃) ပါး (တြိကာယ) အယူအဆနှင့် တထာဂတဂဗ္ဘ ဒဿနအမြင် (Buddha-Nature) တို့သည် အဆိုပါ အခြေခံ အုတ်မြစ်အပေါ်တွင် ဆောက်တည်ထားသော အဆောက်အဦ ဖြစ်ကြ၏။ ယင်းအမြင်များ၏ မြစ်ဖျားခံရာသည် ရှေးဦး မူလဗုဒ္ဓဝါဒ၏ စာပေအတွင်းဌ်ပင် ဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ရှေးဦးဗုဒ္ဓဝါဒ ၏ ဗုဒ္ဓအမြင်

ရှေးဦးအာဒိဗုဒ္ဓဝါဒ (Early Buddhism) သည် ဘာသာတရား တည်ထောင်သူ အလင်းရှင် ဂေါတမဗုဒ္ဓ မြတ်စွာဘုရားသခင်၏ ပကတိလူသားအသွင်ကို ကောင်းမွန်စွာ ထိန်းသိမ်းထားခဲ့သည်မှာ ဂေါတမဗုဒ္ဓ လွန်ပြီးနောက် ရာစုနှစ် ၂ ခု တိုင် အောင်ဖြစ်၏။ ဂေါတမဗုဒ္ဓသည် လူသား မိဘ နှစ်ပါးမှ မွေးဖွားသော မဟာလူသား တစ်ဦးသာ ဖြစ်ပြီးလျှင် အရဟံ အစ ဘဂဝါ အဆုံး (၉) ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံသော ဥတ္တမပုရိသ (အမြတ်ဆုံး လူသား) အဖြစ်သာ ဖော်ပြခဲ့လေသည်။ အဆိုပါ ဂုဏ်တော်များ သည် ဗုဒ္ဓကို သဘာဝလွန် ထာဝရဘုရားတစ်ဆူ ဖြစ်အောင် မချီးမြှောက်ခဲ့ပေ။

မဇ္ဈိမနိကာယ်တွင် တွေ့ရသည်မှာ ရှင်အာနန္ဒာက အကယ်၍ သာဝက ရဟန္တာများသည် ဗုဒ္ဓ ရောက်ရှိသော ပန်းတိုင် (နိဗ္ဗာန်) ကို ဗုဒ္ဓနည်းတူ ရောက်ရှိကြသည်ဟုဆိုလျှင် ရှင်တော်ဗုဒ္ဓသည် အဘယ်ကြောင့် သာဝက ရဟန္တာများထက် လွန်မြတ်သူ ဖြစ်ပါသနည်းဟု မေး၏။ ဗုဒ္ဓက မိမိ ရအပ်ရောက်အပ်သော အရာမှန်သမျှ မိမိ၏ သာဝက ရဟန္တာများလည်း မိမိ နည်းတူ ရရှိကြကြောင်း သာဝက ရဟန္တာများ မရရှိနိုင်သော မိမိ တစ်ပါးတည်းနှင့် သီးခြား သက်ဆိုင်သော ဓမ္မတရား မရှိကြောင်း မိမိကို လမ်းကို စတင်တွေ့ရှိသူ ဖော်ထုတ်ညွှန်ပြသူအဖြစ်ဖြင့်သာ သာဝက ရဟန္တာများထက် ပိုမို ထူးကဲသူဖြစ်ကြောင်းကို ပြန်လည်ရှင်းပြတော်မူခဲ့၏။ ဤအချက်ကို ထောက်လျှင် ရှေးဦးဗုဒ္ဓဘာသာသည် ဗုဒ္ဓကို ပကတိ လူသား စင်စစ် တစ်ဦးအဖြစ်ထက်ပို၍ မရှုမြင်သည်မှာ ထင်ရှားလှ၏။[၃၃] သို့သော်လည်း အချို့သော ပါဠိပိဋကတ်လာ ဟောပြောသွန်သင်ချက်များသည် စိတ်ဝင်စားဖွယ်ကောင်းလှ၏။

(၁) ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော ဝေါ မံ အစ္စယေန သတ္ထာ-အာနန္ဒာ၊ ငါလွန်သော အခါဝယ် ငါဟောပြောသွန်သင်

၃၃။ Majjhima, 111, p. 8.

ခဲ့သော ဓမ္မနှင့် ဝိနယသည် ငါ၏ ကိုယ်စား သင်တို့၏ ဆရာသဖွယ် ဖြစ်လိမ့်မည်။[၃၄] ထိုနည်းတူပင် ဂေါပကမောဂ္ဂလာန ပရိဗိုဇ်က ရှင်အာနန္ဒာအား ဗုဒ္ဓကို ဆက်ခံမည့် ခေါင်းဆောင် ရှိမရှိ မေးရာ ရှင်အာနန္ဒာက ဘုရားရှင်လွန်သောအခါဝယ် ဘုရားရှင် ဟောပြောသွန်သင်ခဲ့သော ဓမ္မနှင့် ဝိနယသည် မိမိတို့၏ ဆရာသဖွယ် ရှိနေမည် ဖြစ်ကြောင်း ဓမ္မပဋိသရဏာ=တရားသာလျှင် ကိုးကွယ်ရာဖြစ်ကြောင်း ဖြေကြားခဲ့ ပါသည်။[၃၅]

(၂) ဗြဟ္မဏော ပုတ္တော သြရသော မုခတော ဇာတော ဗြဟ္မဇော ဗြဟ္မနိမ္မတော ဗြဟ္မဒါယာဒေါ ဘဂဝတောသ္မိ ပုတ္တော သြရသော မုခတော ဇာတော ဓမ္မဇော ဓမ္မနိမ္မိတော ဓမ္မဒါယာဒေါ ဣတိ တံ ကိစ္စ ဟေတု တထာဂတသ ဟေတံ ပဓိဝစနံ ဓမ္မကာယော ဣတိ ပိ ဗြဟ္မကာယော ဣတိ ပိ ဓမ္မဘူတော ဣတိ ပိ တိ။

(ဗြဟ္မဏသည် ဗြဟ္မာ၏ ရင်သွေးဖြစ်သကဲ့သို့ ဗြဟ္မာ၏ ခံတွင်းမှ မွေးဖွား လာပြီး ဗြဟ္မာ၏ ကိုယ်ပွား ဗြဟ္မာ၏ အမွေခံ ဖြစ်သကဲ့သို့ ဗုဒ္ဓ၏ တပည့်သာဝက ရဟန်းသည်လည်း ဗုဒ္ဓ၏ ရင်သွေးဖြစ်သကဲ့သို့ ဗုဒ္ဓ၏ ခံတွင်းမှ မွေးဖွားလာပြီး ဗုဒ္ဓ၏ ကိုယ်ပွား ဗုဒ္ဓ၏ အမွေခံ ဖြစ်ထိုက်သူ ဖြစ်ကြောင်း မိန့်ကြားချက် ဖြစ်လေ သည်။)

(၃) ဗုဒ္ဓက မိမိ၏ ရူပကာယကို တပ်မက်စွဲလန်းနေသော ဝဏ္ဏလိ ရဟန်းကို (အလံ ဝဏ္ဏလိ ကိ ံ တေ ပုတိကာယေန ဒိဋ္ဌေန ယော ခေါ ဝဏ္ဏလိ ဓမ္မ ပဿတိ သော မံ ပဿတိ ယော မံ ပဿတိ သော ဓမ္မံ ပဿတိ= အချင်း ဝဏ္ဏလိ ငါ၏ ပုပ်စပ်တတ်သော ရူပ ကာယကို ရှုမြင်နေခြင်းဖြင့် အချည်းနှီးသာတည်း။ ဓမ္မကို မြင်သူသည် ငါဘုရားကို မြင်သူဖြစ်၏။ ငါဘုရားကို မြင်သူသည် ဓမ္မကို မြင်သူ ဖြစ်၏) ဟု ဟောကြားခဲ့သည်ကို ထောက်၍ ဗုဒ္ဓ၏ဟူသည်မှာ ပုပ်စပ်တတ်သော ရူပကာယ မဟုတ်ကြောင်း ဓမ္မသာဖြစ်ကြောင်း ညွှန်ပြထား၏။[၃၆]

(၄) အင်္ဂုတ္တိရ် နိကာယ် ဒေါဏိသုတ်တွင် ဒေါဏိ ပုဏ္ဏားက ဗုဒ္ဓ၏ ခြေတော်ရာမှ ပုံတောင်း အကန့်အထောက် အပြည့်နှင့် စကြာလက္ခဏာတော်ကို

၃၁၄။ Digha 11, p. 154; Mil, p. 99.

၃၁၅။ Majjhima, Gopaka-Moggalldna Sutta (No. 108) . Cf. Saddhamma Sarigaha (JPTS., 1890), ch. x, p. 65 : Buddha says "84,000 dhamm-akkhandhas have been preached by me in 45 years, I alone only pass away while there are 84,000 dhammakkhandas, which like 82,000 Bud-dhas (Buddha-sadisa) will admonish you."

၃၁၆။ Nalinaksha Dutt, Mahayana Buddhism, Motilal Banarsidass, (1978), p-139

တွေ့မြင်သောအခါ ရဟန်းဂေါတမ သင်သည် လူလော နတ်လော ဂန္ဓဗ္ဗလောဟု မေးရာ ဗုဒ္ဓက မိမိသည် လူလည်းမဟုတ်၊ နတ်လည်းမဟုတ်၊ ဂန္ဓဗ္ဗလည်း မဟုတ် ကြောင်း မိမိသည် ဘဝသစ်အဆုံးကို ပြုပြီးသော လားရာဂတိ မရှိတော့သည့် တထာဂတသာ ဖြစ်ကြောင်း ပြန်လည် ဖြေကြားခဲ့၏။

(၅) အဋ္ဌသာလိနီ အဋ္ဌကထာတွင် ဗုဒ္ဓက အဘိဓမ္မာ ဒေသနာတော်ကို တာဝတိံသာ နတ်ပြည်တွင် ဟောကြားရာ၌ မြောက်ကျွန်းသို့ ဆွမ်းခံရန် ဆင်းကြွသက်တော်မူလေတိုင်း ကိုယ်ပွား နိမ္မိတကာယ တစ်ဆူကို ဖန်ဆင်းလျက် ထားခဲ့ကြောင်းနှင့် အဆိုပါ နိမ္မိတကာယကို အဆင့်မြင့်သော နတ် ဗြဟ္မာ များသာ ဖူးမြင်နိုင်ကြောင်း ရေးသားထား၏။ အထက်ပါ အချက်များကို ထောက်ဆလျှင် ရှေးဦး ဗုဒ္ဓဝါဒသည် ဗုဒ္ဓရှင်တော်ကို လူသားစင်စစ်အသွင်ဖြင့် လက်ခံသော်လည်း သာမန် လူသားလွန် တန်ခိုးသတ္တိရှင်အဖြစ် ဖော်ပြခဲ့သည့်ကို တွေ့ရ၏။[၃၁၇]

မဟာသံဃိက ဂိုဏ်း၏ ဗုဒ္ဓကာယ အမြင်

ရှင်တော်ဗုဒ္ဓ၏ အသွင်သဏ္ဌာန်ကို ဤမျှ အဆန်းတကြယ် ရေးဖွဲ့သီကုံးမှုမှာ နောက်ပိုင်း မဟာယာနစာပေများ၏ ပဓာန လက္ခဏာ တစ်ရပ်သဖွယ် ဖြစ်နေပြီး ယင်းကို ရှေးဦး မဟာသံဃိကဂိုဏ်းမှ အမွေဆက်ခံခဲ့ပုံရ၏။ ရှင်တော်ဗုဒ္ဓ၏ အသွင်သဏ္ဌာန် နှင့်ပတ်သက်၍ ရှေးဦး မဟာသံဃိကဂိုဏ်းသည် ရှေးဦးဗုဒ္ဓဝါဒနှင့် ကွဲပြားခြားနား စွာ တင်ပြလာခဲ့သော ဂိုဏ်းဖြစ်သည်ကို အောက်ပါအတိုင်း တွေ့ရ၏။

(၁) ရှေးဦးဗုဒ္ဓဝါဒတွင် ဗုဒ္ဓသည် လောကီအာရုံ ဖြစ်၏။ ဗုဒ္ဓသည် မိမိ ကိုယ်တိုင်လောကကို မကပ်ငြိသော်လည်း လောကသားတို့ကမူ ဗုဒ္ဓကို တဏှာဥပါဒါန်အားဖြင့် စွဲလမ်းနိုင်သေးသောကြောင့် အာသဝ တရားတို့၏ ရင်းမြစ်အဖြစ်မှ မလွန်မြောက်နိုင်သေးဟု ခံယူ၏။ မဟာသံဃိကဂိုဏ်းအတွက်မူ ဗုဒ္ဓသည် လောကုတ္တရာ အာရုံဖြစ်၏။ ဗုဒ္ဓသည် ကိလေသာ အာဝရဏတရား မှန်သမျှကို သုတ်သင်ဖယ်ရှားသန့်စင်ပြီးသူ ဖြစ်သောကြောင့် ဗုဒ္ဓ၏ လောကတွင်း တည်ရှိနေမှုသည် အပြစ်ဒေါသ မှန်သမျှ ကင်းစင်နေ၏။ လောကသားတို့၏ တဏှာဥပါဒါန်အားဖြင့် စွဲလမ်းမှုအားလုံးမှလည်း လွန်မြောက်နေပေသည်။

(၂) ရှေးဦးဗုဒ္ဓဝါဒတွင် ဗုဒ္ဓသည် ဝိမုတ္တာဉာဏ်နှင့် လောကုတ္တရာ တရားဓမ္မများ ကို သင်ကြားပို့ချသည့်နည်းတူ သတ္တဝါတို့ ပါရမီအလိုက် ဆိုင်ရာ လောကီ ကထာများ ဒါန သီလ ဆိုင်ရာများကိုလည်း လိုအပ်သလို ဟောကြားတတ်၏။

၃၁၇။ See Prof. La Vallee Poussin's Buddhisme,pp 232f

မဟာသံဃိက ဂိုဏ်း အမြင်အရမူ ဗုဒ္ဓ၏ ဟောသမျှ ဝစန မှန်သမျှသည် ဝိမုတ္တာဉာဏ်နှင့် လောကုတ္တရာ တရားဓမ္မများသာ ဖြစ်ကြ၏။

(၃) ရှေးဦးဗုဒ္ဓဝါဒတွင် ဗုဒ္ဓသည် သာမန်လူများထက် သာလွန်သော မဟာပုရိသဖြစ်ပြီး မိမိ၏ သီးခြား အာဝေဏိက ဂုဏ်တော်များ စွမ်းရည်များ ရှိသော်လည်း ဗုဒ္ဓ၏ စွမ်းအားသည် အကန့်အသတ် ရှိ၏။ မဟာသံဃိကဂိုဏ်းအတွက်မူ ဗုဒ္ဓ၏ ရူပကာယတော်နှင့် တန်ခိုးပြာဋိဟာတို့၏ စွမ်းအားသည် အကန့်အသတ် လုံးဝ မရှိချေ။

(၄) ရှေးဦးဗုဒ္ဓဝါဒတွင် ဗုဒ္ဓသည် ကိလေသာကုန်ပြီးသော ရဟန္တာ ဖြစ်သောကြောင့် အိပ်မက်မြင်မက်မှု မရှိသော်လည်း ဗုဒ္ဓ၏ ရူပကာယတော် အခြား လူသားများနည်းတူ ပင်ပန်းနွမ်းနယ်မှုကြောင့် အနားယူ အိပ်စက်ရန် လိုအပ်၏။ မဟာသံဃိက ဂိုဏ်းအတွက်မူ ဗုဒ္ဓ၏ ရူပကာယတော်သည် ပင်ပန်းနွမ်းနယ်မှု မရှိနိုင်သလို အိပ်စက်ရန်လည်း မလိုဟု ယူဆကြ၏။

(၅) ရှေးဦးဗုဒ္ဓဝါဒတွင် ဗုဒ္ဓသည် မိမိ၏ သဗ္ဗညုတဉာဏ်အစွမ်းဖြင့် အရာရာကို ပိုင်းခြားဆင်ခြင် ထိုးထွင်းသိမြင်နိုင်သော်လည်း ဝေနေယျသတ္တဝါများအား ကယ်ချွတ်ရာတွင် မည်သို့မည်ပုံ ကယ်ချွတ်သင့်သည့် နည်းလမ်းကိုမူ တွေးတောဆင်ခြင်ရသေးသည်ဟု ယူဆ၏။ မဟာသံဃိကဂိုဏ်းအတွက်မူ ဗုဒ္ဓသည် တွေးတောဆင်ခြင်မှု ကြိုစည် သုံးသပ်တွက်ချက်မှုတို့ကို လွန်ပြီးသူဖြစ်သောကြောင့် မိမိ၏ သဗ္ဗညုတဉာဏ်အစွမ်းဖြင့် အရာရာကို အားထုတ်စရာ အထူးမလိုဘဲ အလိုအလျောက် တုန့်ပြန်နိုင်စွမ်းရှိသည်ဟု ယူဆလေသည်။ ထိုအချက်များက ညွှန်ပြနေခဲ့သည်မှာ မဟာသံဃိကဂိုဏ်း၏ ဗုဒ္ဓအမြင်သည် ရှေးဦးဗုဒ္ဓဝါဒမှ သိသာထင်ရှားစွာ ကွဲပြားခြားနားနေပြီး မဟာယာနဗုဒ္ဓဘာသာ၏ ဗုဒ္ဓကာယ (၃) ပါး၏ ရှေ့ပြေးအမြင်တစ်ရပ်ဖြစ်သည်ကို တွေ့နိုင်ပါ၏။

သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဗုဒ္ဓကာယ အမြင်

သဗ္ဗတ္ထိဝါဒသည် မူလရှေးဦးဗုဒ္ဓဝါဒမှ ကွဲထွက်သော ဂိုဏ်းတစ်ခုဖြစ်သည့် အားလျော်စွာ ဗုဒ္ဓကာယဆိုင်ရာ အမြင်နှင့် ပတ်သက်၍ ရှေးဦးဗုဒ္ဓဝါဒနှင့် များစွာမကွာခြားချေ။ ယင်းဂိုဏ်း၏ သက္ကတပိဋကတ် အပြည့်အစုံမှာ ပျောက်ဆုံးခဲ့ပြီဖြစ် သောကြောင့် တရုတ်ပိဋကတ်ဘာသာပြန်ကိုသာ ထောက်ထား၍ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဗုဒ္ဓကာယ အမြင်ကို လေ့လာနိုင်မည်ဖြစ်ပါ၏။ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဗုဒ္ဓကာယ အမြင်သည် ရှေးဦးဗုဒ္ဓဝါဒကဲ့သို့ပင် ဗုဒ္ဓ၏ ရူပကာယနှင့် ဓမ္မကာယကို

ခွဲခြားရှုမြင်၏။ ယင်းဂိုဏ်းအတွက် ဓမ္မကာယ ဟူသည် ဗုဒ္ဓဟောကြားတော်မူခဲ့သော ဓမ္မဒေသနာ စာပေတို့၏ အစုအဝေးပင်ဖြစ်၏။ သဗ္ဗတ္ထိဝါဒဂိုဏ်း၏ ဗုဒ္ဓကာယအမြင်ကို ယင်းဂိုဏ်း၏ ဗုဒ္ဓဝင်ကျမ်းဖြစ်သော ဒိဗျာဝဒါနတွင် အနည်းငယ်တွေ့နိုင်ပေသည်။[၃၁၈]

ဒိဗျာဝဒါနကျမ်းတွင် ရှင်တော်ဗုဒ္ဓ၏ ကာယနှစ်ပါး (ရူပကာယနှင့် ဓမ္မကာယ) တို့နှင့်ပတ်သက်၍ ပါဠိဗုဒ္ဓဘာသာနည်းတူ မိန့်ဆိုထားချက်များရှိ၏။ သောဏကောဋိကဏ္ဏမထေရ်သည် သူ့ဆရာ၏ကျေးဇူးဖြင့် ဗုဒ္ဓ၏ဓမ္မကာယကို ဖူးမြင်ပြီးဖြစ်ကြောင်းနှင့် ဗုဒ္ဓ၏ ရူပကာယတော်ကို ဖူးတွေ့လိုသော ဆန္ဒရှိကြောင်း ဒိဗျာဝဒါနတွင် မှတ်တမ်းတင်ထားသည်ကို ထောက်၍ ဗုဒ္ဓ၏ ကာယနှစ်ပါး အယူအဆ စတင် တည်ရှိနေပြီဖြစ်ကြောင်း သိရ၏။[၃၁၉] ထိုနည်းတူစွာ ရှင်ဥပဂုတ္တာမထေရ်သည် မာရ်နတ်ကို ပြောကြားရာ၌ မိမိသည် ဗုဒ္ဓ၏ ဓမ္မကာယကို ဖူးမြင်ပြီးဖြစ်သော်လည်း ရူပကာယတော်ကို ဖူးမြင်လိုသောကြောင့် (ဗုဒ္ဓကို သက်ရှိထင်ရှား ဖူးတွေ့ခဲ့ရသော) မာရ်နတ်ကို ဗုဒ္ဓ၏ အသွင်သဏ္ဌာန်ကို ဖန်ဆင်းပြရန် တောင်းဆိုကြောင်း မာရ်နတ်ကလည်း ရှင်ဥပဂုတ္တာမထေရ် တောင်းဆိုသည့်အတိုင်း မဟာပုရိသလက္ခဏာ ၃၂ ပါးနှင့် ပြည့်စုံနေသော ရူပကာယတော်ကို တန်ခိုးဖြင့် ဖန်ဆင်းပြခဲ့ကြောင်း ရေးသားထား၏။[၃၂၀] ရှင်အာနန္ဒာမထေရ်၏ ဓာတ်တော်များကို ဌာပနာထားသော စေတီကို ဖူးမြင်ရသောအခါတွင် အသောကမင်းကြီးက ရှင်ဥပဂုတ္တာမထေရ်အား လျှောက်ထားရာတွင် ရှင်အာနန္ဒာမထေရ်သည် ဗုဒ္ဓဝစန တရားတော်များကို အာဂုံဆောင်၍ ထိန်းသိမ်းခဲ့သောကြောင့် ဗုဒ္ဓ၏ ဓမ္မကာယကို မွေးဖွားပေးသူဖြစ်ကြောင်း၊ ထို့ကြောင့် စေတီတည်ရန် ထိုက်တန်ပါကြောင်း လျှောက်ထားပုံကို ဒိဗျာဝဒါန ကျမ်းတွင် ဖော်ပြထားလေသည်။[၃၂၁]

မဟာယာန ဗုဒ္ဓဘာသာဆန်သော ဂါထာအချို့ကိုလည်း ဒိဗျာဝဒါနကျမ်းတွင် တွေ့ရသေး၏။ ရုဒ္ဒယာဏာဝဒါန အခန်းတွင် ရှင်တော်ဗုဒ္ဓက ပြုံးတော်မူသော အခါတွင် ခံတွင်းတော်မှ လင်းရောင်ခြည်များ ဖြာထွက်ပေါ်ပေါက်လာပြီး နတ်ဗြဟ္မာလောကနှင့် ငရဲဘုံတို့ကို ထွန်းလင်းတောက်ပစေကြောင်း ရေးသားထားလေသည်။ ရှင်မဟာဗုဒ္ဓယောသမထေရ် ပြုစုသော အဋ္ဌသာလိနီ အဋ္ဌကထာတွင် ဗုဒ္ဓရှင်တော်၏ ရောင်ခြည်တော် (ဗုဒ္ဓရံသီ) ၆ ပါး အကြောင်း ဖော်ပြလာသည်ကို တွေ့ရသော

၃၁၈။ Nalinaksha Dutt, Mahayana Buddhism, Motilal Banarsidass, (1978), p-142

၃၁၉။ Divyavadana, p-19

၃၂၀။ Divyavadana., p-360

၃၂၁။ Ibid., p-366

ကြောင့် ဗုဒ္ဓ၏ ထူးခြားတင့်တယ်သော ရူပကာယနှင့် ပတ်သက်၍ ဂိုဏ်းအသီးသီးတွင် အဆိုပါ အယူအဆ ပုံနှံ့နေပြီဖြစ်ကြောင်း ရိပ်စားသိရှိနိုင်လေသည်။[၂၂၂]

လလိတာဝတ္ထာရကျမ်းမှ ဗုဒ္ဓကာယ အမြင်

လလိတာဝတ္ထာရကျမ်းမှ ဗုဒ္ဓကာယအမြင်တွင် ဗုဒ္ဓသည် ပကတိလူသားထက် ပို လွန်နေသော သဘာဝလွန် ပုဂ္ဂိုလ်ထူးအသွင် စတင်ဖြစ်ပေါ်လာသောလည်း မဟာယာန ဗုဒ္ဓဘာသာ၏ ဗုဒ္ဓကာယ (၃) ပါး အယူအဆများနှင့်မူ အတန်ငယ် ဝေးကွာနေသေးသည်ဟု ဆိုနိုင်ပါ၏။ လလိတာဝတ္ထာရကျမ်းမှ နောက်ဆုံး အခန်း (၂) ခန်းတွင်မူ တထတာ အယူအဆကို ဖော်ပြထားသည်ကို တွေ့ရ၏။ လောကာနုဝတ္တန (သတ္တလောကသို့ အစဉ်လိုက်ခြင်း၊ သတ္တလောက၏-အလေ့အကျက်-အကျင့်-သို့ အစဉ်လိုက်ခြင်း) သဘောအရ မြတ်စွာဘုရားသည် လူသားလောက၌ ပွင့်ထွန်းလာခြင်းဖြစ်ပြီး မိမိအလိုတော်ရှိပါက မြင့်မြတ်သော ဘုံဌာနများတွင် သီးသန့်နေသန့်စင်လျက် သီတင်းသုံးပြီး နိဗ္ဗာန်စံဝင်နိုင်ကြောင်းကိုလည်း လလိတာဝတ္ထာရကျမ်းမှာ ဖော်ပြထားပါ၏။ ကျမ်း၏ တစ်နေရာ၌ မိမိသည် မိခင်ဖြစ်သူ မာယာဒေဝီ၏ ဝမ်းကြောတိုက်ဝယ် စံနေစဉ်က အများသတ္တဝါတို့ကဲ့သို့ ဝမ်းတွင်း အညစ်အကြေးများ လိမ်းကျံလျက်မနေဘဲ ရတနာ ရွှေကြုတ်တော်အတွင်း စံနေကြောင်း ဗုဒ္ဓကရှင်အာနန္ဒာကို ဟောပြာန် ရေးဖွဲ့ထား၏။ လလိတာဝတ္ထာရကျမ်း၏ နောက်ဆုံး အခန်းတွင် ဗုဒ္ဓ၏ ဂုဏ်တော်များကို ဖော်ကျူးရာ၌ ဗုဒ္ဓသည် ဓမ္မကာယ အသိဉာဏ်ကို ပိုင်ဆိုင်သောကြောင့် ကြီးမြတ်သောသစ်ပင် (မဟာဒါရုမ) ဟုခေါ်နိုင်ကြောင်း ဖော်ပြထား၏။[၂၂၃]

အဘိဓမ္မာကောသ ကျမ်းမှ ဗုဒ္ဓကာယ အမြင်

အရှင်ဝသုဗန္ဓု စီရင်သော သဗ္ဗတ္ထိဝါဒအဘိဓမ္မာ အနှစ်ချုပ် အဘိဓမ္မာကောသကျမ်းတွင် ဗုဒ္ဓကာယအမြင်ကို ရူပကာယနှင့် ဓမ္မကာယ ခွဲခြားဖော်ပြခဲ့၏။ သရဏာဂုံ (၃) ပါးနှင့် စပ်လျဉ်း၍ ဗုဒ္ဓ ဓမ္မနှင့် သံဃတို့၏ အနှစ်သာရတရားကိုယ် အနက်များကို ဖွင့်ဆိုရှင်းပြခဲ့၏။ ဗုဒ္ဓဟူသည်မှာ ဓမ္မ၏ ပကတိ အမှန်သဘောကို သိသူဟူသော အဓိပ္ပာယ်ကို ဆောင်သကဲ့သို့ ဓမ္မ ဟူသည်မှာလည်း ကိလေသာကုန်ဆုံးမှုကို သိမြင်ခြင်း (ဓယဉာဏ) ဘဝသစ် ဆင်းရဲ မဖြစ်ပေါ်ဘဲ ချုပ်ငြိမ်းမှုကို သိမြင်ခြင်း

၂၂၂။ **Attasalini, p-16**

၂၂၃။ **Nalinaksha Dutt, Mahayana Buddhism, Motilal Banarsidass, (1978), p-144**

(အနုပ္ပါဒဉာဏ)တို့သာ ဖြစ်၏။ အဆိုပါ ဓမ္မများ၏ တည်ရာဖြစ်သည့် သန့်စင်သော လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၏ နိဿရဏာဓာတ်များသည် သံဃာ၏ အနက်အဓိပ္ပာယ် ဖြစ်၏။ ဤသို့လျှင် ဗုဒ္ဓ ဓမ္မနှင့် သံဃာတို့သည် အတွင်း သဘော ဆက်နွယ်မှု ရှိနေကြ၏။ ကောင်းမွန်မြင့်မြတ်သော ဓမ္မတရား အစုအဝေးသည် ဓမ္မ ကာယပင်ဖြစ်ကြောင်း အရှင်ဝသုဗန္ဓုက သက်သေပြခဲ့၏။ အဘိဓမ္မာကောသကျမ်း၏ အလိုအရ ဗုဒ္ဓအဖြစ်ကို ရရှိခြင်းကြောင့် ဗောဓိသတ္တ၏ ရူပကာယတွင် မည်သည့် ပြောင်းလဲမှုမှ မဖြစ်ပေါ်သောကြောင့် ရူပကာယသည် ကိုးကွယ်အားထားရာ မဟုတ်ဘဲ ဗုဒ္ဓ၏ ဉာဏ်တော်နှင့် ဂုဏ်တော်များသည်သာ ဓမ္မကာယဖြစ်၍ ကိုးကွယ်အားထားရာ ဖြစ်ကြောင်းကို တင်ပြခဲ့လေသည်။[၃၂၄]

သစ္စသိဒ္ဓိဂိုဏ်း၏ ဗုဒ္ဓကာယအမြင်

ရှေးဦး ဗုဒ္ဓဘာသာဂိုဏ်းကွဲ တစ်ခုဖြစ်သော သစ္စသိဒ္ဓိဂိုဏ်း၏ ဗုဒ္ဓကာယအမြင်သည် ပြဆိုခဲ့လေပြီးသော သဗ္ဗတ္ထိဝါဒဂိုဏ်း၏ အမြင်နှင့် များစွာ ခြားနားမှု မရှိချေ။ သစ္စသိဒ္ဓိဂိုဏ်း၏ အလိုအရ ဓမ္မကာယ ဟူသည်မှာ သီလ သမာဓိ ပညာ ဝိမုတ္တိနှင့် ဝိမုတ္တိဉာဏဒဿနတို့၏ အစုအဝေးသာဖြစ်၏။ ယင်းအမြင်ကို ရှင်မဟာဗုဒ္ဓဃောသ အရှင်နာဂဇုန်နှင့် မိလိန္ဒပဉ္ဉာတို့ကလည်း ထောက်ခံ၏။[၃၂၅] သီလ သမာဓိ ပညာ ဝိမုတ္တိဉာဏ ဒဿနတို့အားဖြင့် ဗုဒ္ဓ၏ ခန္ဓာ ၅ ပါးတို့သည် သန့်စင်လွတ်မြောက်မှုကို ရသောကြောင့် ဖလူပစာရအားဖြင့် ၄င်းတို့သည် ဓမ္မကာယ ဖြစ်ကြ၏။ သို့သော်လည်း ဤသို့သော် ဂုဏ်ရည်များသည် ရဟန္တာတိုင်းတွင် အညီအမျှရှိသောကြောင့် ဘုရားရှင်များနှင့်သာ စပ်ဆိုင်သော သီးသန့် အာဝေဏိက ဂုဏ်တော်များကို ရေတွက်ဖော်ပြခဲ့၏။ ယင်းဂုဏ်တော်တို့အနက် ဗုဒ္ဓ၏ အားတော် (၁၀) ပါး ဒဿဗလ ရဲရင့်ခြင်း (၄) ပါး အာဝေဏိက ဂုဏ်တော် (၁၈) ပါး စသဖြင့် ဖော်ပြထားသည်ကို တွေ့ရ၏။

မဟာယာနဗုဒ္ဓဘာသာ၏ ကာယသုံးပါးအမြင် ပေါ်ထွန်းခြင်း

မဟာယာနဗုဒ္ဓဘာသာ၏ အဓိကကျသော ထူးခြားချက်တစ်ခုကို ပြပါဆိုလျှင် ရှေးဦးဗုဒ္ဓဝါဒ၏ ဗုဒ္ဓရှင်တော်ကို လူသားစစ်စစ်အဖြစ် ယူဆခဲ့မှုမှ သီသာထင်ရှားစွာ

၃၂၄။ **Nalinaksha Dutt, Mahayana Buddhism, Motilal Banarsidass, (1978), p-145**

၃၂၅။ **Vir. M., p. 234; M. *Vr.* (as opinion of non-Madhyamikas), p. 423; *Mil.*, p. 98.**

လမ်းခွဲထွက်လာခဲ့ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ရှေးဦးဗုဒ္ဓဝါဒ၏ သုတ္တန်များစွာတွင် ကျွန်ုပ် ဤသို့ ကြားနာခဲ့ရဖူးပါ၏။ (ဇဝံ မေ သုတံ) ဟူသော ဝါကျဖြင့် အစချီပြီးနောက် သာမန် လူ့လောက ဝန်းကျင်အတွင်းမှ ဗုဒ္ဓ၏ ဟောကြားသင်ပြမှုများကို တွေ့ရမည်ဖြစ်သော်လည်း မဟာယာန သုတ္တန်များတွင်မူ ဗုဒ္ဓကို သာမန်လူသားထက် လွန်ကဲမြင့်မားနေသော ထာဝရဘုရားရှင် အသွင်ဖြင့် ဖူးမြင်ရပေမည်။ အောက်ပါ မဟာယာန ဝေပုလ္လ တထာဂတဂဗ္ဘ သုတ္တန်၏ အဖွင့်ရေးသားချက်ကို လေ့လာကြည့်လျှင် သိနိုင်၏။

"ကျွန်ုပ် ဤသို့ ကြားနာခဲ့ရဖူးပါ၏။ အခါတစ်ပါးတွင် မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်မြို့ ဂိဇ္ဈကူဋ် တောင်တော်ဝယ် တည်ရှိသော စန္ဒနာ၏ ရတနာစင်္ကြံပြာသာဒ်ပြိုင်၌ သီတင်းသုံးတော်မူနေ၏။ ထိုကာလသည်ကား ဘုရားအဖြစ်သို့ ရောက်တော်မူပြီး (၁၀) ဝါမြောက်သော ကာလဖြစ်၏။ တစ်သိန်းမျှ အရေအတွက်ရှိသော ဘိက္ခုရဟန်းများနှင့် ဂင်္ဂါသဲစု၏ အဆပေါင်း ၆၀ ပမာဏမက များပြားစွာသော ဗောဓိသတ္တ-မဟာသတ္တ အပေါင်းတို့သည်လည်း မြတ်စွာဘုရားသခင်ကို ဖူးမြော်ခစားလျက်သာ နေကြကုန်၏။

ယင်း ဗောဓိသတ္တ-မဟာသတ္တ အပေါင်းတို့သည် ကြီးမားများပြားလှစွာသော ဓမ္မဗလများ ပိုင်ဆိုင်ကြ၏။ နိယုတ ကုဋေ တစ်ထောင်မကသော ရှင်တော်ဗုဒ္ဓ အဆူဆူတို့အား လည်း ဖူးမျှော်ပြီးသူများ ဖြစ်ကုန်၏။ ပြန်လည်မလျှောကျနိုင်သော ဓမ္မစက်ကို လည်ပြီးစေသူများ ဖြစ်ကြကုန်၏။ ယင်း ဗောဓိသတ္တ-မဟာသတ္တ အပေါင်းတို့၏ ဘွဲ့နာမတော်များကို ကြားဖူးရုံမျှနှင့်ပင် သမ္မာသမ္ဗောဓိဉာဏ် အထူးကို ရရှိနိုင်ရန်အကြောင်း အထောက်အပံ့ ဖြစ်နိုင်ချေသေး၏။ ၄င်းတို့၏ ဘွဲ့နာမတော်များမှာ (၅၀ မက များပြားသော ဗောဓိသတ္တ-မဟာသတ္တအပေါင်းတို့၏ ဘွဲ့အမည်များကို ရေတွက် ပြထားလေသည်...)

ဂင်္ဂါသဲစု၏ အဆပေါင်း ၆၀ ပမာဏမက များပြားစွာသော ဗောဓိသတ္တ-မဟာသတ္တ အပေါင်းတို့နှင့်အတူ ယင်းတို့၏ အလုပ်အကျွေးများ အခြေအရံများ ဖြစ်သော မရေမတွက်နိုင်ကုန်သော ဒေဝတာများ၊ နဂါးများ၊ ရက္ခိုက်များ၊ ဂန္ဓဗ္ဗများ၊ အသုရာများ၊ ဂဠုန်များ၊ ကိန္နရာများနှင့် မဟောရာဂများတို့သည်လည်း မြတ်စွာဘုရားသခင်ကို ဖူးမျှော်ခစားလျက်သာ နေကြကုန်၏။ ဤသို့လျှင် ကြီးကျယ်များပြားလှစွာသော ပရိသတ် အပေါင်းတို့သည် လောကသုံးပါးထိပ်ပန် မြတ်စွာဘုရားသခင်ကို ဖူးမျှော်ခစားလျက်သာ နေကြကုန်၏။။။

ထိုအခါ၌ စန္ဒနာ၏ ရတနာစင်္ကြံ ပြာသာဒ်ပြိုင်၌ သီတင်းသုံးတော်မူနေသော

မြတ်စွာဘုရားသခင်သည် ဓမ္မပလ္လင်တော်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော် မူလျက် တစ်ခုသော မဟာသမာဓိကို ဝင်စားတော်မူလျက် ဆန်းကြယ်လှစွာသော တန်ခိုးပြာဋိဟာတို့ကို ပြသတော်မူလေ၏။ လှည်းဘီးအဝန်း ပမာဏခန့်ကြီးမား သော ပွင့်ချပ်များရှိကြသည့် ထောင်ပေါင်းများစွာသော ကြာပန်းများ ဖူးပွင့်လာလေ ၏။ အချို့သော ကြာဖူးများမှာ မပွင့်အာသေးဘဲ ဒေဝဒတ္တာန်မှ ဒေဝတာများစွာကို ဖုံးကွယ်ထားလေ၏။ ထို ကြာပန်းများသည် အလွန်လှပ မွေးပျံ့ကြိုင်သင်းလျက် ရှိပြီး မိုးကောင်းကင်ထက်သို့ မြင့်မားစွာ ငွားစွင့်ပွင့်အာကြလျက် အချို့သော ကြာဖူး ကြာငုံတို့သည်ကား မြေပြင်ဖက်သို့ တွဲရွဲ့ ပန်ဆိုင်းဆွဲလျက် တည်နေပုံမှာ ပုလဲရတနာ အတိပြီးသော ကောင်းကင် ဗိတာန်ကျက်ထားသည့်ပမာနယ်သာ ဖြစ် ကုန်၏။ ထိုကြာပန်းများသည် အဆုံးအပိုင်းအခြားကင်းသော ရောင်ခြည်အသွယ်ကို ထုတ်လွှတ်လျက် ပို၍ ပို၍သာ ကြီးထွားရှင်သန်လာကြလေ၏။ သို့သော်လည်း မြတ်စွာဘုရားသခင်၏ အနှိုင်းမဲ့ တန်ခိုးတော်အားဖြင့် ထို ကြာပန်းများသည် သွေ့ ခြောက်ညှိုးလျော့လျက် ပျောက်ကွယ်သွားကြပြီးလေလျှင် အတွင်း၌ ကိန်းဝပ်စံပယ် နေသော ဗောဓိသတ္တမများ မဟာသတ္တမများနှင့် ဒေဝတာများသည် မိမိတို့၏ အဆုံး အပိုင်းအခြားကင်းသော ရောင်ခြည်အသွယ်ကို ထုတ်လွှတ်လျက် ပေါ်ထွက်လာကြ လေကုန်၏။”

အထက်ဖော်ပြပါ သုတ္တန်ကိုးကားချက်ကို လေ့လာကြည့်လျှင် မဟာယာန ဗုဒ္ဓဘာသာ၏ ဗုဒ္ဓအမြင်သည် ရှေးဦးဗုဒ္ဓဝါဒ၏ လူသားဗုဒ္ဓအသွင်မှ လုံးဝကွဲပြား ခြားနားစွာ ဖော်ကျူးထားပုံကို တွေ့မြင်နိုင်၏။ နှောင်းခေတ် ပါဠိ အဋ္ဌကထာစာပေ များတွင် တွေ့ရသော ရှင်တော်ဗုဒ္ဓကို အတိသယဝတ္ထိအားဖြင့် သဘာဝယုတ္တိလွန် အောင် ဖွဲ့ဆိုရေးသားမှုများသည်လည်း ဤသို့သော မဟာယာနသုတ္တန်များကို ထင် ဟပ်နေပေသည်။

နိမ္မာနကာယ

မဟာယာနဗုဒ္ဓဘာသာ၏ ကာယသုံးပါးအမြင်သည် ရှေးဦးဗုဒ္ဓဝါဒ ဂိုဏ်းများ၏ ရူပကာယနှင့် ဓမ္မကာယအမြင်ကို အမွေခံယူကာ တိုးချဲ့တင်ပြထားသည်ကို တွေ့ရ၏။ ရူပကာယနှင့် ဓမ္မကာယတို့အပြင် သမ္ဘောဂကာယကိုပါ ထည့်သွင်းရေတွက် ထားသည်ကို တွေ့ရ၏။ ရှေးဦးဗုဒ္ဓဝါဒ၏ အသွေးအသားနှင့် ဖြစ်တည်သော လူသား ဗုဒ္ဓအယူကို ပယ်လျက် ဗုဒ္ဓသည် လောကသားတို့ အကျိုးငှာ လောကတံထွာ အတိုင်း အစဉ်လိုက်၍ (လောကာနုဝတ္တာနအားဖြင့်) လူသား သဏ္ဌာန် ဆောင်ပြ

ထားခြင်းသာဖြစ်သည်ဟု ဆိုပါသည်။ ရူပကာယနှင့် သက်ဆိုင်သော မဟာယာန အမြင်သည် မဟာသံဃိကဂိုဏ်း၏ အမြင်နှင့် ထပ်တူဖြစ်၏။

မဟာသံဃိကတို့အမြင်အရ သကျမုနိဗုဒ္ဓသည် မိဘနှစ်ပါး၏ သံဝါသအား ဖြင့် မွေးဖွားလာသည်မဟုတ်ဘဲ မိမိအလိုတော်အားဖြင့်သာ ဖွားမြင်တော်မူလာရသော **ဥပပါဒုကမျိုး**ဖြစ်သည်ဟု ဆို၏။ ဗောဓိသတ္တတို့သည် ကာမစ္ဆန္ဒ (ကာမကို တပ်မက်မှု) မရှိသောကြောင့် သားတော်ရာဟုလာသည်ပင်လျှင် ဥပပါဒုကပဋိသန္ဓေ ဖြစ်ကြောင်း ယုံကြည်ကြလေသည်။[၃၂၆] ရှေးဦးမဟာယာနသုတ္တန်ဖြစ်သော ပဉ္စဝိသတိကာ ပညာပါရမိတာသုတ္တန်တွင် ဗောဓိသတ္တတို့သည် ကာလကြာမြင့်စွာ ပါရမီတော်များကို ဖြည့်ဆည်းပြီးနောက် သမ္မာသမ္ဗုဒ္ဓဘုရားများ ဖြစ်လာကြရာဝယ် လောကဓာတုအပေါင်းသို့ မိမိတို့၏ နိမ္မာနိကကာယများကို ဖန်ဆင်းစေလွှတ်လျက် တရားမိုးကို သွန်းဖြိုးစေကြောင်း ဟောကြားထားသည်ကို တွေ့ရ၏။[၃၂၇]

သဒ္ဓမ္မပုဏ္ဍရီကာသုတ်တွင် မေတ္တေယျက လုလင်တစ်ဦးအသွင်ဖြင့် ဗုဒ္ဓကို မေးမြန်းလျှောက်ထားပုံကို ဖော်ပြထား၏။ ထိုလုလင်က နှစ်ပေါင်း အနည်းငယ် အတွင်း ဗုဒ္ဓရှင်တော်၏ ဆောင်ရွက်ချက်များ မည်သို့ များပြားကျယ်ပြန့်စွာ အောင်မြင်ခဲ့ကြောင်းကို မေးမြန်းလျှောက်ထားရာ ဗုဒ္ဓရှင်တော်က ပြန်လည် ဖြေကြားတော်မူရာတွင် မိမိသည် ရှေးအတိတ်ဘဝကပင် ဗောဓိဉာဏ်ကို ရရှိပြီးဖြစ်ကြောင်း ဒီပင်္ကရာဘုရားရှင်ထံမှ စတင်၍ ပါရမီ ဖြည့်ကျင့်ရသော ဘဝများစွာတို့ ဆိုသည်မှာ ဝေနေယျသတ္တဝါများ နားလည် သဘောပေါက်စေရန် အလံ်ကာတန်ဆာဆင်၍ ဟောပြချက်များသာ ဖြစ်ကြောင်း (ဥပါယကောသလ္လ ဓမ္မဒေသနာဘိနိဟာရ နိမိတ္တာနိ) မိမိ၏ ဖွားတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ ဒုက္ကရစရိယာ ကျင့်တော်မူခြင်း၊ ဘုရားဖြစ်တော်မူခြင်း၊ ဓမ္မစကြာလည်စေခြင်း နှင့် နောက်ဆုံး မဟာပရိနိဗ္ဗာန်စံဝင်တော်မူခြင်း စသည် ဖြစ်တော်စဉ်တို့မှာလည်း ဝေနေယျသတ္တဝါ ကုသိုလ်ကမ္မပထတရားများ တိုးတက်ပွားစီးစေရန် ဆောင်ယူပြသော စိတ်ဖန်ရပ်သွင်များသာ ဖြစ်ကြောင်း တင်ပြထားလေသည်။ သို့ရာတွင် ဝေနေယျသတ္တဝါတို့အတွက် တထာဂတ ဘုရားရှင်က ဟောမြွက်ပြဆိုမှုများ အမှန်ပင်ဖြစ်သော်လည်း ဝေနေယျသတ္တဝါတို့၏ ကံပါရမီ အကန့်အသတ်တို့အားဖြင့်သာ ဓမ္မကို သိမြင်ရကြောင်းနှင့် ဝေနေယျသတ္တဝါတို့က သိရှိဖူးမြင်ရသော ဗုဒ္ဓဟူသည်မှာ ပကတိဗုဒ္ဓအစစ် (ဓမ္မကာယ) မဟုတ်ဘဲ ဝေနေယျသတ္တဝါ တို့ ကံအားလျော်စွာ အာရုံ၌ ဖော်ပြလာသော နိမ္မာနကာယ ရုပ်သွင်များသာ ဖြစ်ကြောင်း တင်ပြထား၏။

၃၂၆။ **Nalinaksha Dutt, Mahayana Buddhism, Motilal Banarsidass, (1978), p-150**

၃၂၇။ **Patica. (Cambr. ms.), leaf 343c.**

ထိုနည်းတူ **သုဝဏ္ဏပဘာသုတ်** တွင်လည်း ရုစိရကေတု နှင့် ကောဏ္ဍိလ္ယ မည်သော ဗောဓိသတ္တ နှစ်ဦးက ဗုဒ္ဓရှင်တော်သည် များစွာသော ကုသိုလ်ကံပါရမီ အဆောက်အဦရှိသော်လည်း အဘယ်ကြောင့် သက်တော် တိုတောင်းရသနည်း ဟူ၍ မေးမြန်းသည်ကို ဖော်ပြထား၏။ ကောဏ္ဍိလ္ယ ဗောဓိသတ္တသည် မုန်ညင်းစေ့ ပမာဏ ခန့်မျှသော် ဗုဒ္ဓ၏ဓာတ်တော်ကို ဖူးမျော်ပူဇော်ရန် ရှာဖွေနေသူ ဖြစ်၏။ ရုစိရကေတု ကို သောင်းတိုက်သော စကြာဝဠာတို့မျှ ဗုဒ္ဓအရှင်တို့က သက္ကမုနိ ဗုဒ္ဓရှင်တော်၏ သက်တော်ကို ခန့်မှန်းရန်အလုပ်မှာ မဟာသမုဒ္ဒရာအတွင်းမှ ရေစက်ပေါက်ပမာဏ ကို ခန့်မှန်းရန် ကြိုးစားနေဘိသကဲ့သို့ဖြစ်ကြောင်း မြင့်မိုရ်တောင်ကို အမှုန့်ကြိတ် ချေလျက် ရရှိသော အမှုန်တို့ကို ရေတွက်နေသကဲ့သို့ ဖြစ်ကြောင်းနှင့် လောကရှိ မည်သည့်လူ နတ် ဗြဟ္မာမျှ ဤသို့ရေတွက်ခြင်းငှာ မစွမ်းနိုင်ကြောင်း ဟောပြကြ လေ၏။ ကောဏ္ဍိလ္ယဗောဓိသတ္တကိုလည်း မုန်ညင်းစေ့ ပမာဏခန့်မျှသော် ဗုဒ္ဓ၏ ဓာတ်တော်ကို ဖူးမျော်ပူဇော်ရန် ရှာဖွေနေခြင်းသည် စင်စစ် အချည်းနှီးသာ ဖြစ် ကြောင်း ရှင်းပြကြဟန် ဖော်ပြထားလေသည်။ တထာဂတဟူသည် အစမရှိ အနာဒိ အဆုံးမရှိ အနန္တဖြစ်သောကြောင့် ပကတိ အမှန်တကယ်မရှိသော ရူပကာယ၏ ဓာတ်တော်ဟူ၍ မရှိနိုင်ကြောင်းနှင့် နိမ္မာနကာယ ဟူသည် ဝေနေယျတို့ အလို့ငှာ သာယာယီ ဖန်ဆင်းထားသော ရုပ်သွင်ဖြစ်ကြောင်း အမှန်တကယ်အားဖြင့် ဗုဒ္ဓ= တထာဂတဟူသည် ဓမ္မကာယသာဖြစ်ကြောင်း၊ ဓမ္မဓာတုသာဖြစ်ကြောင်း ဟောပြ ကြလေသည်။[၃၂၀]

အရှင်နာဂဇုန၏ **မဟာပညာပါရမိတာသျှတ္တရကျမ်း**တွင်မူ ဗုဒ္ဓတွင် ရူပကာယ နှင့် ဓမ္မကာယရှိကြောင်းကို တင်ပြပြီးလျှင် ရူပကာယသည် လူသားမိဘ နှစ်ပါးမှ ပေါက်ဖွားလာသော လူသားစစ်စစ် ကိုယ်ကာယ ဖြစ်ပြီး လူသားဘဝ၏ ဝေဒနာများ ကို ခံစားရကြောင်း ဓမ္မကာယမှာမူ ရာဇဂြိုဟ်တွင် စတင်ပေါ်ထွန်းလာခဲ့ကြောင်း တင်ပြထားသည်ကို တွေ့ရ၏။[၃၂၁] **ဝိညတ္တိမတ္တတာသိဒ္ဓိ**ကျမ်းကို ပြုစုသော ဝသုဗန္ဓု က ဗုဒ္ဓ၏ နိမ္မာနကာယကို ဖန်ဆင်းရခြင်းမှာ သာဝကများ ပစ္စေကဗုဒ္ဓများနှင့် အဆင့်နိမ့်သော ဗောဓိသတ္တများအတွက်သာဖြစ်ကြောင်း၊ တထာဂတသည် မိမိ ကိုယ်မိမိ နှစ်သက်သောအသွင် မာယာဝိရူပဖြင့် ဖော်ဆောင်နိုင်ကြောင်း၊ သက္ကမုနိ အသွင်ဖြင့် ဖြစ်စေ၊ ရှင်သာရိပုတ္တရာ ရှင်သုဘူတိ စသော သာဝကများ၏ အသွင်

၃၂၀။ Nalinaksha Dutt, Mahayana Buddhism, Motilal Banarsidass, (1978), p-113

၃၂၁။ Ibid., p-150

ဖြင့် ဖြစ်စေ ဖော်ဆောင်နိုင်ကြောင်း၊ ထို့ကြောင့်သာလျှင် ရံခါ၌ သုတ္တန်များတွင် ရှင်သာရိပုတ္တရာ ရှင်သုဘူတိ စသော သာဝကများက (မိမိတို့အစွမ်းဖြင့် မသိအပ်သော) မဟာယာနတရားတော်များကို ဖွင့်ဆိုရှင်းပြ ဟောကြားနေခြင်းမှာ ဤနိမ္မာနကာယတော်၏ တန်ခိုးသာလျှင် ဖြစ်သည်ဟု ဆိုပါသည်။

အဘိသမယလင်္ကာရကာရိကာကျမ်း အလိုအရမူ တထာဂတ၏ ကာယကို (၄) ပါးခွဲထား၏။ ၄င်းတို့မှာ နိမ္မာနကာယ သမ္ဘောဂကာယ ဓမ္မကာယနှင့် ယင်းတို့အားလုံးကို လွှမ်းခြုံသော သဘာဝိကကာယတို့ ဖြစ်လေသည်။ သဘာဝိကကာယသည်သာ အဆုံးစွန် အရှိတရားဖြစ်ပြီး ကျန်ကာယများသည် သမ္မုတိနယ်ပယ်တွင် အကျုံးဝင်ကြောင်းနှင့် ယင်းတို့သည် သာဝကများနှင့် ဗောဓိသတ္တများ အပါအဝင် ဝေနေယျသတ္တဝါတို့အတွက်သာဖြစ်ကြောင်း ဖော်ပြထားလေသည်။ ဤကျမ်း၏ အလိုအရ နိမ္မာနကာယသည် ပကတိသဘာဝတ္ထ ကိုယ်ခန္ဓာနှင့်မခြား မပြားသော်လည်း လောကီသံသရာမှ လွန်မြောက်နေသော တရား (အ-သံသာရ ဓမ္မ) ဖြစ်၏။ နိမ္မာနကာယမှ ဖော်ဆောင်သော (၃၇)ပါးသော ဗောဓိပက္ခိယတရားစုတို့သည် စင်စစ် ဓမ္မကာယ၏ ပကတိအစွမ်းဖြင့်သာ ပေါ်ပေါက်လာရသည်ဟု ဆို၏။ ထို တရားများ၏ အစဉ်လိုက်အဆင့်များကိုလည်း အောက်ပါအတိုင်းဖော်ပြထား၏။

(၁) ကုသိုလ် အကုသိုလ်တို့၏အကြောင်း အကျိုးများကို မသိသေးသော ကာလတွင်ပြုသော ကမ္မသတ္တိအလျောက် တိရစ္ဆာန်ဘဝ လူ နတ်ဘဝများကို ကျရောက်ရခြင်း။ (၈တိပရရှမ)

(၂) သင်္ဃဘဝတ္ထု (၄) ပါးကို ကျင့်သုံးဆောက်တည်ခြင်း။

(၃) သုတမယပညာကို ဆည်းပူးလျက် ကုသိုလ် အကုသိုလ်တို့၏ အကြောင်းအကျိုးများကို သိမြင်လာခြင်းနှင့် အများအကျိုးကို ဆောင်ရွက်ထမ်းပိုးခြင်း။

(၄) ဗောဓိသတ္တိ ပါရမီ (၆) ပါးကို ဖြည့်ကျင့်ခြင်းနှင့် သန့်စင်ခြင်း ၃ ပါး တြိမဏ္ဍလဝိသုဒ္ဓကို ရခြင်း။

(၅) ဝေနေယျတို့ကို ကုသလ ကမ္မပထတရားများ ပြုစေရန် ဆောင်ခြင်း။

(၆) အရာခပ်သိမ်း၏ အတွင်းအနှစ်သား အတ္တ အတ္တနိယ ဆိတ်သုဉ်းမှုကို သိမြင်ရန် အားထုတ်ခြင်း

(၇) အရာခပ်သိမ်း၏ နှစ်ခုမပြား တစ်သားတည်းဖြစ်ခြင်း (အဒွယတာ) နှင့် တထတာ၏ လုံးစုံပျံ့နှံ့ရပ်တည်ခြင်း (သဗ္ဗဗျာပီ ဘာဝ) ကို သိမြင်၍ တထဂတ ဘူမိသို့ ဆိုက်ရောက်ခြင်း။

အဘိသမယလင်္ကာရ၏ အမြင်တွင် နိမ္မာနကာယဟူသည် ဗောဓိသတ္တ၏ ဘဝအသရေ်ကို တစ်ဆက်တစ်ဖြတ်တည်း ဖြစ်စေသော ဓမ္မကာယနှင့် တစ်သားတည်းဖြစ်ပြီး ယင်း နိမ္မာနကာယသည်ပင် ဓမ္မဓာတုဖြစ်၏ဟု ဆိုပါ၏။

လင်္ကာဝတာရသုတ္တန်ကလည်း နိမ္မာနကာယနှင့် ဓမ္မကာယတို့၏ ဆက်နွယ်မှုကို အဘိသမယလင်္ကာရကာရိကာ နည်းတူ ရှင်းပြ၏။ ၄င်း၏ အလိုအရ နိမ္မိတဗုဒ္ဓတို့သည် ကံက ဖန်ဆင်းသော ကမ္မဇတရားများမဟုတ်၊ တထာဂတသည် နိမ္မိတဗုဒ္ဓတို့နှင့် တစ်ခြားစီလည်း မဟုတ်၊ အတူတူလည်းမဟုတ် (သဗ္ဗေ ဟိ နိမ္မိတဗုဒ္ဓါ နကမ္မပဘာဝါ နတေသု တထာဂတော နစာညတြ တေဘယ တထာဂတာ) ဟု ဆို၏။[၃၃၀] အလုံးစုံသော လောကဓာတုသည် ပကတိစိတ္တနှင့် တစ်သားတည်းဖြစ်နေခြင်းကို သိမြင်သောအခါတွင် နိမ္မိတကာယသည် တမင်ဖန်တီး ပြုလုပ်ခြင်း သဒ်္ဓါရနှင့် အလိုလိုဖြစ်ခြင်း ကြိယာသဘောများမှ လွတ်ကင်းပေမည်ဟု လင်္ကာဝတာရသုတ္တန်က ဆိုပါ၏။

သမ္ဘောဂကာယ

ဗုဒ္ဓ၏ ကာယသုံးပါး အယူအဆတွင် နိမ္မာနကာယနှင့် ဓမ္မကာယဆိုင်ရာတို့သည် နားလည်သဘောပေါက်ရန် လွယ်ကူ၏။ နိမ္မာနကာယသည် မွေး အို နာ သေ အဆင့်များ ပေါ်လွင်သော သဘာဝတ္ထကိုယ်ခန္ဓာဖြစ်ပြီး လူသား ပကတိ ကိုယ် ကာယဖြစ်၏။ ဓမ္မကာယသည် ဗုဒ္ဓ၏ တရားတော် (သို့မဟုတ်) သဘာဝနိယာမ သစ္စာတရားတို့၏ အစုအဝေးဖြစ်ပြီး လောကီဓမ္မ သဘောတို့မှ ကင်းစင်လွန်မြောက်နေသော ပရမတ္ထသစ္စာအစစ် ဖြစ်၏။ သမ္ဘောဂကာယမှာမူ ရူပကာယ အတွင်းဝင်သော်လည်း နိမ္မာနကာယကဲ့သို့ သတ္တဝါအားလုံး မြင်တွေ့နိုင်သည် မဟုတ်ဘဲ ကိလေသာအာသဝများ သန့်စင်ပြီးကြကုန်သော ဗောဓိသတ္တများသာ ဖူးမြင်နိုင်၏။ အာဘယ်ကြောင့်ဆိုသော် ဝေနေယျသတ္တဝါတို့သည် မိမိတို့ ဘုန်းကံပါရမီ ရှိသလောက် မိမိကမ္မသတ္တိက ထိုက်တန်သလောက် အတိုင်းအတာဖြင့်သာ ဗုဒ္ဓကို ဖူးမြင်ရသောကြောင့် သမ္ဘောဂကာယကို များသောအားဖြင့် မဖူးတွေ့ရပေ။ သမ္ဘောဂကာယကို မြင်နိုင်စွမ်းမရှိသော ဝေနေယျသတ္တဝါအပေါင်းမှာမူ ဗုဒ္ဓရှင်တော်၏ နိမ္မာနကာယကိုသာလျှင် ဖူးတွေ့နိုင်၏။ မိမိကိုယ်တိုင်၏ သမ္ဘောဂကာယ သန့်စင်နေသူ သာဝကများသာ ဗုဒ္ဓရှင်တော်၏ သမ္ဘောဂကာယကို ဖူးတွေ့နိုင်ပေ၏။[၃၃၁]

၃၃၀။ *Lankavatara Sutra.*, p. 242.

၃၃၁။ Nalinaksha Dutt, *Mahayana Buddhism*, Motilal Banarsidass, (1978), p-154

ဥပမာဆိုရလျှင် ကြည်လင်သန့်စင်နေသော ရေခွက်သည် လမင်းကို ပကတိ အရိပ်ထင်ဟပ်စေနိုင်သကဲ့သို့ မိမိကိုယ်တိုင်၏ သမ္ဘောဂကာယ သန့်စင်နေသူ သာဝကများသာ ဗုဒ္ဓရှင်တော်၏ သမ္ဘောဂကာယကို ဖူးတွေ့နိုင်ကြလေသည်။ ညစ်ထေးနောက်ကျိနေသော ရေခွက်သည် လမင်းကို မပီမပြင် ဝိုးတိုးဝါးတားပုံရိပ်သာ ထင်စေနိုင်သလို သမ္ဘောဂကာယကို မြင်နိုင်စွမ်းမရှိသော ဝေနေယျသတ္တဝါအပေါင်းမှာမူ ဗုဒ္ဓရှင်တော်၏ နိမ္မာနကာယကိုသာလျှင် ဖူးတွေ့နိုင်၏။ ရှင်တော်ဗုဒ္ဓသည် သတ္တဝါအပေါင်း၏ စရိုက် ဝါသနာအလျောက် သင့်လျော်သော တရားဓမ္မကို သင်ကြားပို့ချပေးရာတွင် နိမ္မာနကာယကို အသုံးပြုသလို သမ္ဘောဂကာယကို အသုံးပြု၍ အမြဲမှန်ကန်နေသော ပရမတ္ထဒေသနာများကိုသာ ဟောကြားတော်မူကြောင်း မဟာယာနဗုဒ္ဓဝါဒီတို့က လက်ခံ!ယုံကြည်ကြ၏။[၃၂၂]

သမ္ဘောဂကာယကို **ပါရသမ္ဘောဂကာယနှင့် သ-သမ္ဘောဂကာယ**ဟူ၍ နှစ်မျိုးခွဲထားချေသေး၏။ သ-သမ္ဘောဂကာယသည် ဗုဒ္ဓဘုရားရှင်တို့ အချင်းချင်းသာ မြင်နိုင်သော သမ္ဘောဂကာယ ဖြစ်၏။ ပါရသမ္ဘောဂကာယမှာ မဟာယာန သုတ္တန်ဒေသနာများကို ဟောကြားသော ဗုဒ္ဓ၏ကာယဖြစ်ကြောင်း ယင်းကာယကို ဗောဓိသတ္တများ ဖူးတွေ့နိုင်ကြောင်း မဟာယာနဗုဒ္ဓဝါဒီတို့က လက်ခံယုံကြည်ကြ၏။

သမ္ဘောဂကာယ၏ ဂုဏ်သတ္တိ လက္ခဏာ (၅) ပါး ကို အောက်ပါအတိုင်း တွေ့ရ၏။

(၁) ဗုဒ္ဓ၏ အကန့်အသတ် အပိတ်အဆို့ အတားအဆီးမရှိသော ဝစနတော်။

(၂) ဗုဒ္ဓ၏ အကန့်အသတ် အပိတ်အဆို့ အတားအဆီးမရှိသော ရူပကာယတော်၏ ဖော်ဆောင်ချက်များ။

(၃) ဗုဒ္ဓ၏အကန့်အသတ် အပိတ်အဆို့ အတားအဆီးမရှိသော မဟာကရုဏာတော်။

(၄) ဗုဒ္ဓ၏အကန့်အသတ် အပိတ်အဆို့ အတားအဆီးမရှိသော ကာယဝစီမနော ကမ္မအမှုများ။

(၅) သတ္တဝါအပေါင်း၏ စရိုက် ဝါသနာ အလျောက် သင့်လျော်သော ရူပါရုံအသွင်ဖြင့် ဗုဒ္ဓ၏ ဖော်ဆောင်ချက်များ။

သမ္ဘောဂကာယတွင် ဝရဇိန်မိုးကြိုးသွား စက်လက်နက်ပမာဖြစ်သော အား

၃၂၂။ Ibid., p-156

တော် (၁၀) ပါး (ဒသဗလ) တည်ရှိ၏။[၂၂၂] ကသရာဇာ ခြင်္သေ့မင်းပမာ တူသော ရဲရင့်မှု (၄) ပါး (စတု ဝေသာရဇ္ဇပတ္တာ) လည်း တည်ရှိနေ၏။ သာဝက ပစ္စေကဗုဒ္ဓတို့နှင့် မဆက်စပ်သော အာကာသဟင်းလင်းပြင်ပမာ အာဝေဏိက ဂုဏ်တော် ၁၈ ပါး လည်းရှိ၏။[၂၂၃] ကြည်စင်လင်းပ ရွှန်းမြ လပမာ= မဟာပုရိသ လက္ခဏာ (၃၂)

၂၂၂။ ၁။ အကြောင်းဟုတ်၊ မဟုတ်ကို အမှန်တိုင်း ကွဲကွဲပြားပြား သိမြင်ခြင်း၊

၂။ အတိတ် အနာဂတ် ပစ္စုပ္ပန်အား ဖြင့် အလုံးစုံသော ကံတို့၏အကျိုးကို အမှန်အတိုင်း ကွဲကွဲပြားပြား သိမြင်ခြင်း။

၃။ ဘုံဘဝအားလုံးသို့ လာရောက်ကြောင်းအကျင့်တို့ကို အမှန်အတိုင်း ကွဲကွဲပြားပြား သိမြင်ခြင်း။

၄။ များစွာသော ဓာတ်သဘော အမျိုးမျိုးသော ဓာတ်သဘောရှိသည့် လောကကို အမှန်အတိုင်း ကွဲကွဲပြားပြားသိမြင်ခြင်း။

၅။ သတ္တဝါတို့၏ အလို အရာသအမျိုးမျိုးကို အမှန်အတိုင်း ကွဲကွဲပြားပြား သိမြင်ခြင်း။

၆။ သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိမြင်ခြင်း။

၇။ စျာန် သမာဓိ သမာပတ်တို့၏ ညစ်ညူးခြင်း၊ ဖြူစင်ခြင်း၊ ထမြောက်ခြင်းတို့ကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိမြင်ခြင်း။

၈။ သတ္တဝါတို့၏ ကံအားလျော်စွာ သေခြင်း ဘဝသစ်၌ ဖြစ်ခြင်းကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိမြင်နိုင်ခြင်း။

၉။ မိမိဖြစ်ခဲ့ဖူးသည့် ဘဝများစွာတို့ကို ပြန်ပြောင်းအောက်မေ့နိုင်ခြင်း။

၁၀။ အာသဝေါကင်းသော စေတောဝိမုတ္တိ ပညာဝိမုတ္တိကို မျက်မှောက်ပြု၍ နေနိုင်ခြင်း။

၂၂၃။ *အာဝေဏိက ဂုဏ်တော် ၁၈ ပါး*

၁။ အတိတ်အဖို့၌

၂။ အနာဂတ်အဖို့၌

၃။ ပစ္စုပ္ပန်အဖို့၌

ဉာဏ်တော်၏ အပိတ်အပင် အတားအဆီးမရှိခြင်း။

၄။ ကာယကံမှ အလုံးစုံ၌

၅။ ဝစီကံမှ အလုံးစုံ၌

၆။ မနောကံမှ အလုံးစုံ၌

ဉာဏ်တော်သာလျှင် ရှေ့သွားရှိခြင်း၊ ဉာဏ်တော်သို့သာ အစဉ်လိုက်ခြင်း။

၇။ အလိုဆန္ဒတော်

၈။ အားထုတ်မှုဝီရိယ

၉။ သမာဓိတော်

၁၀။ ပညာတော်

ပါး ဖြင့်လည်း တန်ဆာဆင်အပ်ပါ၏။

မဟာပုရိသ လက္ခဏာ (၃၂) ပါး

မဟာပုရိသ လက္ခဏာ (၃၂) ပါးသည် မဟာယာနစာပေ၌ သမ္ဘောကာယအဖြစ် သတ်မှတ်၏။ ထေရဝါဒစာပေများတွင်မူ ရူပကာယတော်၏ လက္ခဏာများအဖြစ် သတ်မှတ်၏။ မဟာယာန အလိုအရ ရူပကာယတွင် နိမ္မာနကာယနှင့် သမ္ဘောဂကာယများ ပါဝင်လေသောကြောင့် အမြင်ချင်း မဆန့်ကျင်ဟု ဆိုနိုင်သည်။

ပါဠိပိဋကတ်၏ ဒီဃနိကာယ် လက္ခဏသုတ်တွင် မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့အား ယောက်ျားမြတ်တို့၏ လက္ခဏာ (၃၂) ပါး ဖော်ပြသည့် လက္ခဏသုတ်ကို ဟောကြားတော်မူပါသည်။ ဤလက္ခဏာများ ရရှိခြင်းသည် ရှေးကာလ၊ ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက ကောင်းမှုကုသိုလ်ကံများကို ပြုခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ လက္ခဏာ (၃၂) ပါးကို ဖော်ပြရာ၌ ဤသို့ရရှိသည့် အကြောင်းဖြစ်သော ကုသိုလ်ကံတို့ကို ယှဉ်တွဲဖော်ပြအပ်ပါသည်။

(၁) အညီအညွတ် ကောင်းစွာထိသော ခြေဖဝါးရှိခြင်း၊ ရှေးဘဝတို့တွင် ကုသိုလ်တရားကို မြဲမြံစွာဆောက်တည်ခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်ဆောက်တည်ခြင်း၊ မိဘဆရာ သက်ကြီးဝါကြီး ရဟန်းတော်များအား ရိုသေသမှု ပြုဖွယ်ဝတ်တို့ကို ပြုခြင်းတို့ကြောင့် ရရှိခြင်းဖြစ်ပါသည်။

(၂) အောက်ခြေဖဝါးပြင်တို့၌ စက်ဝန်းများဖြစ်ပေါ်လာခြင်း၊ ရှေးဘဝတို့၌ လူဖြစ်စဉ် လူအများ၏ချမ်းသာကိုဆောင်ခြင်း၊ ထိတ်လန့်တုန်လှုပ်ဖွယ် ဘေးတို့ကို ပယ်ဖျောက်ပေးခြင်း၊ တရားနှင့်လျော်စွာ စောင့်ရှောက်မှု၊ ကာကွယ်မှု၊ လုံခြုံစေမှုတို့

၁၁။ တရားဟောရာ၌

၁၂။ ဝိမုတ္တိတရားအဖို့၌
ယုတ်လျော့အားနည်းမှု မရှိခြင်း။

၁၃။ ပြက်ရယ်ပြုမှု မြူးတူးမှုမရှိခြင်း။

၁၄။ ချွတ်ချော်တိမ်းပါးမှုမရှိခြင်း။

၁၅။ ဉာဏ်တော်နှင့် မတွေ့ထိသော အရာဟူ၍မရှိခြင်း။

၁၆။ အဆောအလျင်ပြုရသည်၏ အဖြစ်မျိုးမရှိခြင်း။

၁၇။ ကြောင့်ကြမဲ့စိတ်မျိုးမရှိခြင်း။

၁၈။ ပညာဉာဏ်မဆင်မခြင် ရွေလှေ့မရှိခြင်း။

ကို စီရင်ပေးခြင်း၊ အခြံအရံနှင့်တကွသော အလှူပေးခြင်းစသော ကုသိုလ်ကံများကို ပြုလုပ်ခဲ့သည့် အကျိုးကျေးဇူးကြောင့် ရရှိသည်။

(၃-၅) ရှည်သောဖနောင့်၊ ရှည်သွယ်သောလက်ချောင်းနှင့် ခြေချောင်းများ၊ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သောကိုယ်ရှိခြင်း။ ရှေးဘဝ လူဖြစ်စဉ်အခါများက အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မကောင်းမှုမှုရက်တတ်ခြင်း၊ သနားခြင်း၊ သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားခြင်း စသော ကုသိုလ်ကံကောင်းမှုတို့ကြောင့် ရရှိသည်။

(၆) လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ ပခုံးစွန်းနှစ်ဖက်၊ လည်ကုပ်တို့၌ ဖြိုးမောက်သောအသားရှိခြင်း။ ရှေးဘဝတို့၌ လူဖြစ်စဉ်အခါက မွန်မြတ်သော၊ အရသာရှိသော စားဖွယ်သောက်ဖွယ်တို့ကို ပေးလှူခြင်းစသော ကုသိုလ်ကောင်းမှုကြောင့် ရရှိသည်။

(၇-၈) နူးညံ့နုနယ်သော ခြေဖဝါး၊ လက်ဖဝါး၊ ကွန်ရက်ပမာညီညာသော လက်ခြေ စသည်တို့ရှိခြင်း။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ပေးကမ်းစွန့်ကြဲခြင်း၊ ချစ်ဖွယ်သောစကားကိုဆိုခြင်း၊ အကျိုးစီးပွားကိုကျင့်ဆောင်ခြင်း၊ မိမိနှင့်တန်းတူ ရည်တူ ဆက်ဆံခြင်းတို့၏ အကျိုးကျေးဇူးကြောင့် ဤလက္ခဏာတော်တို့ကို ရရှိသည်။

(၉-၁၀) မြင့်သောဖမျက်နှင့် အထက်သို့ကော့တက်သော မွေးညင်းတို့ ရှိခြင်း။ ရှေးဘဝတို့၌ လူဖြစ်စဉ်က အကျိုးရှိ၍ ကုသိုလ်တရားနှင့် စပ်ဆက်သော စကားကိုဟောလျက် လူအများ၏အကျိုးစီးပွားကို ပြုခဲ့ခြင်း၊ သတ္တဝါတို့၏အကျိုးစီးပွားချမ်းသာကို ဆောင်ကြဉ်းပေးခြင်း၊ ဝန်တိုမှုကင်းမဲ့ခြင်း၊ တရားအလှူကိုပေးလှူခြင်းတို့ကြောင့် ဤလက္ခဏာနှစ်ပါးကို ရရှိသည်။

(၁၁) ဧဏီသားကောင်ကဲ့သို့ ပြေပြစ်သော သလုံးမြင်းခေါင်းရှိခြင်း။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ဝိန္ဓာ၊ သိပ္ပံပညာများကို လည်းကောင်း၊ အကျင့်သီလနှင့် ကမ္မဿကတာပညာကို လည်းကောင်း လျင်မြန်စွာသိမြင်အောင် ဟောပြောပို့ချပေးခဲ့ခြင်း စသည့် ကုသိုလ်ကံတို့ကြောင့် ရရှိသည်။

(၁၂) ချောမွေ့သော အသားအရေရှိခြင်း၊ ရှေးဘဝတို့၌ လူဖြစ်စဉ်က ရဟန်း၊ ပုဏ္ဏားတို့ထံချဉ်းကပ်၍ အဘယ်တရား ကုသိုလ်မည်၍၊ ဘယ်တရားသည် အကုသိုလ်မည်ပါသနည်း၊ ဘယ်တရားကိုမှီဝဲ၍၊ ဘယ်တရားကို မမှီဝဲသင့်ပါသနည်းဟု အဖန်ဖန် မေးမြန်းခဲ့သည့်ကံကြောင့် ရရှိသည်။

(၁၃) ရွှေအဆင်းနှင့်တူသော အသားအရေရှိခြင်း။ ရှေးဘဝတို့၌ လူဖြစ်စဉ်က အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ ရန်ငြိုးထားခြင်းများကို မပြုခဲ့၊ သိမ်မွေ့သော အဝတ်အထည်များကို ပေးလှူခြင်း စသည့်ကံတို့ကြောင့် ရရှိခြင်းဖြစ်သည်။

(၁၄) အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိခြင်း။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ကြာမြင့်စွာ ပျောက်ကွယ်နေသော၊ ကြာမြင့်စွာ ကွဲကွာနေသော ဆွေမျိုးမိတ်ဆွေတို့ကို ပေါင်းဆုံညီညွတ်စေပြီး ဝမ်းမြောက်စေမှုကြောင့် ရရှိသည်။

(၁၅-၁၆) အလုံးနှင့်အရပ် ညီညွတ်လျက် ပညောင်ပင်ကဲ့သို့ လုံးဝန်းသော ကိုယ်နှင့် မကိုင်းမညွတ်ဘဲ ရပ်လျက်ပင် နှစ်ဖက်သော လက်ဝါးအပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်ဆုပ်နယ်နှိုင်ခြင်း။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ဤသူသည် ဤအလှူကို ခံထိုက်၏ဟူ၍ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို ခွဲခြားသိမြင်ပြီး ထိုက်တန်လျောက်ပတ်စွာ ပေးလှူတတ်ခြင်းကြောင့် ရရှိသည်။

(၁၇-၁၉) ခြသေ့၏ ကိုယ်အရှေ့ပိုင်းနှင့်တူသော ကိုယ်၊ လက်ပြင်နှစ်ဖက်ကြား၌ တစ်ပြင်တည်းညီလျက် ပြည့်ဖြိုးသော အသားနှင့် ညီညာစွာလုံးသော လည်ပင်း လည်တိုင် စသည်တို့ရှိခြင်း။ ရှေးဘဝတို့၌ လူဖြစ်စဉ်က လူအများ၏ယုံကြည်မှု (သဒ္ဓါ)၊ အကျင့်(သီလ)၊ စာပေသင်ကြားမှု (သုတ)၊ စွန့်ကြဲလှူဒါန်းမှု (စာဂ) စသော တရားများနှင့်တကွ ပစ္စည်းဥစ္စာ ချမ်းသာစည်းစိမ် တိုးပွားအောင်မြင့်ခြင်းကို လိုလားတောင့်တမှုတို့ကြောင့် ဤလက္ခဏာတို့ကို ရရှိသည်။

(၂၀) အရသာကိုဆောင်သော အလွန်ကောင်းမြတ်သော အကြောရှိခြင်း။ ရှေးဘဝတို့၌ လူဖြစ်စဉ်က လက်၊ တုတ်၊ ဓား လက်နက်တို့ဖြင့် သတ္တဝါတို့ကို ညှင်းဆဲနှိပ်စက်ခြင်း မပြုခဲ့သော ကုသိုလ်ကံကြောင့် ရရှိသည်။

(၂၁-၂၂) အလွန်ညီသောမျက်လုံးနှင့် နွားငယ်မျက်တောင်နှင့် တူသောမျက်တောင် စသည်တို့ရှိခြင်း။ ရှေးဘဝတို့၌ လူဖြစ်စဉ်က သူတပါးကို အမျက်ထွက်သဖြင့် မျက်လုံးပြူး၍ ကြည့်ခြင်း၊ မျက်စောင်းထိုး၍ ကြည့်ခြင်း၊ လျှို့ဝှက်စွာ ကြည့်ခြင်းများကို မပြုခဲ့၊ ရိုးဖြောင့်သော စိတ်ရှိသည်ဖြစ်၍ ရိုးဖြောင့်စွာသာ ကြည့်ရှုခဲ့ခြင်း၊ မေတ္တာဓာတ်ကိန်းသော မျက်စိဖြင့်သာ လူအများကို ကြည့်ရှုခဲ့ခြင်း စသည်တို့ကြောင့် ရရှိသည်။

(၂၃) သင်းကျစ် တပ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းရှိခြင်း။ ရှေးဘဝတို့၌ လူဖြစ်စဉ်က ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက် စသည်တို့ကို ပြုကျင့်ခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ အမိအဖတို့ကို ချစ်ခင်မြတ်နိုးခြင်း၊ ရဟန်းပုဏ္ဏားတို့ကို ကြည်ညိုလေးစားခြင်း၊ အသက်ကြီးသော ဆွေမျိုးတို့ကို ရိုသေခြင်း စသော ကုသိုလ်တရားတို့၌ လူအများ၏ အကြီးအမှူး ရှေ့ဆွားခေါင်းဆောင်ဖြစ်ခဲ့ခြင်း စသည့် ကံတို့ကြောင့် ရရှိသည်။

(၂၄-၂၅) တစ်ပင်ချင်းပေါက်သော မွေးညင်းနှင့် မျက်မှောင်နှစ်ဖက်ကြားဌ်ဌ နူးညံ့၍လဲဝါဂွမ်းနှင့်တူသော၊ ဖြူစင်သော ဥဏ္ဏာလုံမွေးရှင် စသည်တို့ ပေါက်ခြင်း၊ ရွေးဘဝတို့ဌ်ဌ လူဖြစ်စဉ်က မုသားပြောခြင်းမှရှောင်ကြဉ်၍ မှန်သောစကား၊ စွဲမြဲတည်တံ့သောစကားကိုသာ ပြောတတ်ခြင်း၊ တစ်ဖက်သားအား လိမ်လည်လှည့်စားခြင်းကို ပြုလေ့မရှိခြင်း စသော ကံတို့ကြောင့် ရရှိသည်။

(၂၆-၂၇) သွားတော် ၄၀ နှင့် မကဲ့သောသွားတို့ ရှိခြင်း။ ရွေးဘဝတို့ဌ်ဌ လူဖြစ်စဉ်က ကုန်းချောစကားပြောခြင်းကို ရှောင်ကြဉ်၍ ကွဲပြားနေသူတို့ကို ညီညွတ်အောင် စေ့စပ်ပေးခြင်း၊ ညီညွတ်နေသူတို့ကိုလည်း ပို၍ညီညွတ်အောင် အားပေးခြင်းများ ပြုခဲ့သည့် ကံတို့ကြောင့် ရရှိသည်။

(၂၈-၂၉) ကြီးမားရှည်လျား နူးညံ့သော လျှာနှင့် ဗြဟ္မာ့အသံ၊ ကရဝိက်ငှက်အသံနှင့်တူသော အသံတို့ရှိခြင်း။ ရွေးဘဝတို့ဌ် လူဖြစ်စဉ်က ကြမ်းတမ်းသောစကားပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ အပြစ်ကင်းသော၊ နားချမ်းသာသော၊ ယဉ်ကျေးသိမ်မွေ့၍ လူအများနှစ်လိုဖွယ်စကားတို့ကိုသာ ပြောဆိုခဲ့ခြင်း စသည့်ကံတို့ကြောင့် ရရှိသည်။

(၃၀) ခြသေ့မေးနှင့် တူသောမေးရှိခြင်း။ ရွေးဘဝတို့ဌ် လူဖြစ်စဉ်က ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ မှန်ကန်၍ အကျိုးစီးပွားနှင့် စပ်သောစကားကိုသာ အခါအခွင့်အားလျော်စွာ ပြောဆိုခြင်းတို့ကြောင့် ရရှိသည်။

(၃၁-၃၂) ညီညာသောသွားနှင့် အလွန်ဖြူစင်သော စွယ်တော်လေးချောင်းတို့ရှိခြင်း။ ရွေးဘဝတို့ဌ် လူဖြစ်စဉ်က မကောင်းသော အသက်မွေးခြင်းကိုပယ်၍ ကောင်းသောအသက်မွေးခြင်းဖြင့် အသက်မွေးခြင်း၊ အသပြာတုပြု၊ အချိန်အတွယ်အတိုင်းအတာတို့ကို ကောက်ကျစ်စဉ်းလဲစွာ ချိန်တွယ်တိုင်းတာခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ သတ်ဖြတ်နှောင်ဖွဲ့ခြင်း၊ ခရီးသွားတို့ကို လုယက်ခြင်း၊ ပြည်ရွာကို ဖျက်ဆီးခြင်း၊ အနိုင်အထက် နှိပ်စက်ခြင်းတို့မှ ရှောင်ကြဉ်ခြင်းတို့ကြောင့် ရရှိသည်။

မြတ်စွာဘုရား ပါရမီဖြည့်သည့် (လူ့)ဘဝအဆက်ဆက်တို့တွင် အကျင့်သီလနှင့် ပြည့်စုံစွာကျင့်ကြံနေထိုင်ခြင်း၊ ကုသိုလ်ကောင်းမှု အလှူဒါနများစွာ ပြုလုပ်ခြင်း၊ လူအများအပေါ် ကြင်နာထောက်ထားစွာ ဆက်ဆံပြောဆို ကူညီ ဆောင်ရွက်ပေးခြင်း စသည့် ကောင်းသောကံများ ပြုလုပ်ခဲ့သည့် အကျိုးကြောင့် ယခုဘုရားဖြစ်မည့်ဘဝတွင် ယောကျ်ားမြတ်တို့၏ မဟာပုရိသလက္ခဏာ ၃၂ ပါးကို ရရှိခြင်းဖြစ်ကြောင့် သိရှိနိုင်စေရန် ဤလက္ခဏာသုတ်ကို ဟောရခြင်း ဖြစ်သည်ဟု ဆိုပါသည်။ မဟာယာန ဗုဒ္ဓဘာသာတွင် အဆိုပါ မဟာပုရိသလက္ခဏာ ၃၂ ပါးတို့သည် ဗုဒ္ဓ၏ သမ္ဘောဂကာယတွင် တည်နေကြသည်ဟု ယုံကြည်ကြပါသည်။

သမ္ဘောဂကာယ၏ လက္ခဏာတော် ၁၃ ပါး

မဟာယာနဆိုင်ရာ အနုပညာလက်ရာများ၌ သမ္ဘောဂကာယကို အသွင်သဏ္ဌာန် အားဖြင့် ဖော်ပြသောအခါတွင် လက္ခဏာတော် (၁၃) ပါးအားဖြင့် ဖော်ပြကြ၏။ နိမ္မာနကာယအသွင်တွင် ဗုဒ္ဓကို ရဟန်းအသွင် သမဏအသွင်ဖြင့် ဖော်ပြသော်လည်း သမ္ဘောဂကာယကို ဖော်ပြရာတွင် ကြွယ်ဝချမ်းသာသော ငယ်ရွယ်နုပျိုသော မင်းညီ မင်းသား အသွင်ဖြင့် ဖော်ပြလေ့ရှိ၏။ (၁) ဦးရစ်တော် (၂) အပေါ်ဝတ်ရုံလွှာ (၃) ပုဝါရှည် (၄) ခါးစည်းကြိုး (၅) အောက်ပိုင်းဝတ်ရုံလွှာ (၆) သရဖူမှ ကျောက်မျက် ရတနာ (၇) နားဆောင်း (၈) ဘယက်လည်ဆွဲ (၉) လက်ကောက် (၁၀) ဆွဲကြိုးရှည် (၁၁) လက်ပတ် (၁၂) ခြေကျင်း (၁၃) လက်စွပ်များစသည် ဒွါဒရာ အဆင်အယင် အပြည့်အစုံဖြင့် ရေးဆွဲဖော်ပြလေ့ရှိ၏။ နိမ္မာနကာယနှင့် သမ္ဘောဂကာယ ဟူသည် မှာ ဓမ္မကာယကို မျက်မှောက်ထင်ထင် သိမြင်သော အခိုက်ဝယ် စိတ္တကို ဖုံးကွယ် ထားသော အဖုံးအကာ အာဝရဏတရားများ ကွာကျသွားသောကြောင့် ယောဂီ၏ သဏ္ဌာန်၌ ပေါ်ထွက်လာသော ကာယများ ဖြစ်ကြ၏။

မဟာယာန ဗုဒ္ဓဘာသာ၏ အလိုအရ သမ္ဘောဂကာယ၏ သီးခြားဂုဏ်ရည် လက္ခဏာ (၄) ပါးရှိ၏။

(၁) သမ္ဘောဂကာယသည် အစဉ်အမြဲ မဟာပုရိသ လက္ခဏာတော်ကြီး ၃၂ ပါး လက္ခဏာတော်ငယ် ၈၀ တို့ဖြင့် ပြည့်စုံနေခြင်း။

(၂) သမ္ဘောဂကာယသည် မဟာယာန ဓမ္မဒေသနာတော်တို့ကိုသာ အစဉ် အမြဲ ဟောကြားတတ်ခြင်း။

(၃) သမ္ဘောဂကာယသည် ဆိုင်ရာ ဗုဒ္ဓခေတ္တာ (Buddha-Land) တစ်ခုတွင် အစဉ်အမြဲ စံပျော်နေထိုင်ခြင်း။

(၄) သမ္ဘောဂကာယသည် မိမိ၏ သမာပတ်သုခများဖြင့် မွေ့လျော်နေထိုင် ခြင်းတို့ဖြစ်၏။

သမ္ဘောဂကာယ၏ ဝသီဘော် နိုင်ခြင်း (၈) ပါး

သမ္ဘောဂကာယသည် ဗုဒ္ဓနှင့် ဗောဓိသတ္တာတို့၏ ဓမ္မစွမ်းအင် အာနုဘော်ကို ဖော်ပြ နေသော နာမကာယ ဖြစ်၏။ ထို နာမကာယသည် အဖန်ဖန် အထပ်ထပ် ကြာရှည် လေးမြင့်စွာ ကျင့်သုံးဆောက်တည်ထားသော ယောဂအကျင့်တို့၏ အပြည့်အဝ ဖူးပွင့်မှုလည်း ဖြစ်သောကြောင့် ဘာဝနာလုပ်ငန်းတွင် ဝသီဘော် နိုင်နင်းထက်မြတ်ခြင်း (၈) ပါး ရှိသည်ဟူ၍ မဟာယာနကျမ်းဂန်များက ဖော်ပြကြ၏။ ၄င်းတို့မှာ--

(၁) မိမိ၏ ရူပကာယ အသွင်ကို လိုအပ်သလို ဖန်ဆင်းပြောင်းလဲနိုင်ခြင်း ဝသီဘော်

(၂) မိမိ၏ ဝါစန-စကား အသွင်ကို ၆၄ ပါးသော သဒ္ဒဂုဏ်ရည်တို့ မွမ်းထုံစေလျက် ဓမ္မစကြာများကို လည်ပတ်နိုင်ခြင်း ဝသီဘော်

(၃) မိမိ၏ မနောဒွါရကို စေစားနိုင်နင်းလျက် မဟာကရဏာဓမ္မဖြင့် ပြည့်လျမ်းစေနိုင်ခြင်း ဝသီဘော်

(၄) ပိတ်ဆို့တွန့်လိပ်ထစ်ငေါ့ခြင်း အလျှင်းမရှိသော တန်ခိုး ဣဒ္ဓိပါဒ်တို့ဖြင့် ပြည့်စုံခြင်း ဝသီဘော်

(၅) ကာမဂုဏ်အာရုံ အပေါင်းနှင့် ဆုံဆည်းသော်လည်း တုန်လှုပ်ခြင်းအလျှဉ်း မရှိ ပကတိငြိမ်သက်ခြင်း ဝသီဘော်

(၆) အလိုခပ်သိမ်း ပြည့်ဝစေသော စိန္တာမဏိရတနာကဲ့သို့ ဝေနေယျတို့ အလိုဆန္ဒအပေါင်းအား ဖြည့်ဆည်းနိုင်ခြင်း ဝသီဘော်

(၇) လောကသုံးပါးအား အုပ်စိုးပိုင်သတော်မူသော ဓမ္မရာဇာအဖြစ် အကန့်၌ ဘုံတွင် စံပျော်နေခြင်း ဝသီဘော်

(၈) နိဗ္ဗာန်နှင့် သံသရာ ဆန့်ကျင်ဘက်တရားများကို တစ်ခုတည်းသော ဧကရသအဖြစ် ဝင်စားသိမ်းဆည်းနိုင်ခြင်း ဝသီဘော် စသည်တို့ ဖြစ်ကြ၏။

ထိုထိုအထူးထူး အပြားပြားသော အစိန္တေယျ အပုဗ္ဗမေယျ အနန္တ ဂုဏ်လက္ခဏာတော်များဖြင့် ပြည့်စုံသော ဗုဒ္ဓ၏ သမ္ဘောဂကာယသည် ယောဂါဝစာရ တရားကျင့်သူ၏ ဉာဏ်မျက်လွှာဝယ် အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် ဂုဏ်တော် အသီးသီးကို ကိုယ်စားပြုလျက် ပေါ်ထွန်းလာတတ်၏။ ယင်းအသွင်တို့အနက် ထင်ရှားသည်မှာ= ပညာပါရမိတာ (ဗောဓိဉာဏ်) အဝလောကိတေသွာရ (ကရုဏာ) ဝဇိရပါဏိ (တန်ခိုးပြာဋိဟာ) မဉ္ဇုသိရီ (ပညာဉာဏ် ဝိဘဇ္ဇဉာဏ်) တာရာဒေဝီ (အခက်အခဲကျော်လွန်မှု) ယမန္တက (သေခြင်းဘောင်နိုင်မှု) ဝဇိရာသတ္တ (အညစ်အကြေး သန့်စင်မှု) = စသည်တို့ ဖြစ်ကြ၏။

ဓမ္မကာယ

ဓမ္မကာယသည် ဗုဒ္ဓ၏ ကာယများအနက် အသိမ်မွေ့ အနက်ရှိုင်းဆုံးဖြစ်၏။ အာရုံငါးပါးဖြင့် မြင်နိုင်သော တရားမဟုတ်သလို ကြံစည် တွေးတောစဉ်းစားခြင်းအားဖြင့်လည်း မသိအပ်သော တရားဖြစ်၏။ ဖြစ်ခြင်းပျက်ခြင်း နိမိတ်လက္ခဏာများ

မရှိသောကြောင့် အဗျာကတလည်း ဖြစ်၏။ ပြုလုပ်စီရင်ခံရသော အရာမဟုတ်သောကြောင့် အကတ ဖြစ်ပေါ်မွေးဖွားခြင်းမရှိသောကြောင့် အဇာတ အကြောင်းတရားတို့ကို မတည်မှီသောကြောင့် အပရပစ္စယစသည့် နာမဝိသေသနများအား ဖြင့်လည်း ဝိဂြိုဟ်ပြုနိုင်ပါ၏။ သခ်ၤါရတရားမျိုး မဟုတ်သောကြောင့် အမြဲ ထာဝရတည်နေသော နိစ္စ ဓုဝ သဿတ တရားဖြစ်၏။ ဗုဒ္ဓ၏ ကာယများအနက် အသိမ်မွေ့ အနက်ရှိုင်းဆုံး ဖြစ်လေသောကြောင့် ဘုရားရှင်တို့ ကျက်စားရာ ဗုဒ္ဓဝိသယသာ ဖြစ်၏။ သာဝကတို့ ဉာဏ်ဖြင့် ထောက်မှီ ကျက်စားရာမဟုတ်သလို ပုထုဇဉ်အနရိယာတို့၏ တဏှာဥပါဒါန် ဒိဋ္ဌိ စသည်တို့ ထောက်တည် ဆွဲကိုင်နိုင်သော အာရုံလည်းမဟုတ်။

ဓမ္မကာယသည် သန့်စင်မှု (၂) ပါး၏ ပေါင်းစုရာ ဖြစ်၏။

(၁) ပထမ သန့်စင်မှု ကို စိတ္တ၏ ပကတိ သဘော နဂိုသဘောအရ အညစ်အကြေးစွန်းထင်းမှုမရှိ၊ သန့်စင်နေမှု= ပကတိပရိသုဒ္ဓ သဘောဖြစ်၏။ ၎င်းကို သဘာဝိကကာယ ဟုခေါ်နိုင်၏။

(၂) ဒုတိယသန့်စင်မှုကို ပါရမီအကျင့်တရားနှင့် သီလ ဘာဝနာတို့၏ အစွမ်းအားဖြင့် အထူးစင်ကြယ်စေမှု = ဝိသုဒ္ဓ ဖြစ်၏။ ၎င်းကို ဉာဏကာယဟု ခေါ်နိုင်၏။

အားထုတ်စရာမလိုဘဲ နဂိုသန့်စင်မှုနှင့် အားထုတ်မှ ရရှိပေါ်ပေါက်လာသော ဉာဏ်ပညာ၏ သန့်စင်မှုတို့သည် ဓမ္မကာယတည်းဟူသော အရှိတရား၌ တစ်သားတည်း တည်နေကြသောကြောင့် ဓမ္မကာယသည် သန့်စင်မှု (၂) ပါး၏ ပေါင်းစုရာ ဖြစ်၏ဟု ဆိုရခြင်း ဖြစ်ပါသည်။

စိတ္တဗေဒသဘော အားဖြင့် ဥပမာဆောင်ရပါမူ ဓမ္မကာယ သည် အနက်ရှိုင်းဆုံး အိပ်မက်မဲ့အိပ်စိတ် (Dreamless Sleep) ပမာဖြစ်၏။ အိပ်မက်မဲ့အိပ်စိတ် အတွင်းမှာ အိပ်မက်များ ဖြစ်ပေါ်ရသလို သမ္ဘောဂကာယအသွင်များသည်လည်း ဓမ္မကာယမှ ကွန်မြူးပေါ်ထွက်လာကြ၏။ နိမ္မာနကာယမှာမူ နိုးသောစိတ် (waking consciousness) ပမာဖြစ်ပြီး အာရုံငါးပါဗဟိဒ္ဓတရား ဖြစ်လေသည်။ သာဝကများသည် နိမ္မာနကာယကိုသာ မြင်နိုင်၏။ သမ္ဘောဂကာယနှင့် ဓမ္မကာယကို မမြင်နိုင်ချေ။ ဗောဓိသတ္တများသည် သမ္ဘောဂကာယကိုသာ ဖူးမြင်နိုင်၍ ဓမ္မကာယကို တိုက်ရိုက်မကျက်စားနိုင်ပေ။ ရှင်တော်ဗုဒ္ဓတို့သာလျှင် ဓမ္မကာယ နယ်ပယ်ကို ကျက်စားသက်ဝင်နိုင်လေသည်။ ဓမ္မကာယ၏ တည်ရှိနေမှုသည် ယုတ္တိပညာနှင့် ဒဿနအတွေးအမြင်တို့ကို ကျော်လွန်နေသောကြောင့် ဓမ္မကာယနှင့် ပတ်သက်၍ အဆိုများ အားလုံးသည် ယုတ္တိလွဲဟန်များ ဖြစ်နေမည်မှာ အမှန်ပင်။ ထို့ကြောင့်-

= ဓမ္မကာယသည် အရာခပ်သိမ်းကို ဖြစ်ပေါ်စေသည်ဟူ၍လည်း ဆိုနိုင်၏။
= ဓမ္မကာယသည် အရာခပ်သိမ်း၏ မွေးဖွားရာ ပြန်လည်စိမ့်သက်ရာ ဟူ၍လည်း ဆိုနိုင်၏။
= ဓမ္မကာယသည် ကာလ အာကာသ ပယောဂ ဝိညတ္တိတို့ကို ကျော်လွန်နေသည် ဟူ၍လည်း ဆိုနိုင်၏။
= ဓမ္မကာယသည် အရာခပ်သိမ်း၌ စိမ့်ဝင်ကိန်းဝပ်နေသည် ဟူ၍လည်း ဆိုနိုင်၏။
= ဓမ္မကာယသည် အရာခပ်သိမ်းပင် ဖြစ်သည်ဟူ၍လည်း ဆိုနိုင်၏။
= ဓမ္မကာယသည် အရာခပ်သိမ်းကို ကျော်လွန်နေသည် ဟူ၍လည်း ဆိုနိုင်၏။
= ဓမ္မကာယ သည် အရာခပ်သိမ်း၏ ချုပ်ငြိမ်းမှု ဖြစ်သည် ဟူ၍လည်း ဆိုနိုင်၏။

ဓမ္မကာယ၏ အနှစ်သာရ(Essence) သည် သုညတာ ဖြစ်၏။ ဓမ္မကာယ၏ သဘာဝတ္တ (Nature) သည် နဂိုပကတိ သန့်စင်ကြည်လင်သော စိတ္တဖြစ်၏။ ဓမ္မကာယ၏ ကိစ္စနှင့် ရသ (Activity) သည် အပိတ်အဆို့ အတန့်အရပ်မရှိသော ဓမ္မတရားများ၏ စီးဆင်းနေမှုသာ ဖြစ်၏။ ဓမ္မကာယ၏ သဘောသဘာဝသည် နှောင်းကာလဝယ် ပေါ်ထွန်းခဲ့ကြသော တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) အယူအဆ ဆိုင်ရာ သုတ္တန်များတွင် ပိုမို၍ အနုစိတ်စွာ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရ၏။ ထို့ကြောင့် တထာဂတဂဗ္ဘသုတ္တန်များနှင့် ယင်းတို့၏ အဖွင့် သျှတ္တရကျမ်းများ၏ အယူအဆများကို လေ့လာသင့်ပါ၏။

တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) အယူအဆ

တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) အယူအဆ၏ ရှေးဦး သဘောတရားများကို ပါဠိနိကာယ် စာပေများတွင်ပင် တွေ့ရပေ၏။ အင်္ဂုတ္တိရ် နိကာယ်တွင် နဂိုသဘာဝ ပြိုးပြက်တောက်ပသော ဝိညာဏ် (ပဘဿရ စိတ္တ) နှင့် ထောက်တည်ဆွဲကိုင်ရာ အာရုံ မရှိသော ပကတိ တည်ရာမဲ့ဝိညာဏ် (အပ္ပဋိဋ္ဌိတံ ဝိညာဏ) များ ရှိကြောင်း ဟောကြားသည့် သုတ္တန်များကို တွေ့ရပေ၏။ မဟာသံဃိကဂိုဏ်းက ထို ဝိညာဏ် အယူအဆကို မူလဝိညာဏ အယူအဖြစ် တိုးချဲ့တည်ဆောက်ခဲ့၏။

တထာဂတဂဗ္ဘ ဒဿနအမြင်ကို မဇ္ဈိမိကနှင့် ယောဂါစာရ ဒဿနဂိုဏ်းများကဲ့သို့ သီးခြားရပ်တည်နေသော မဟာယာန ဗုဒ္ဓဘာသာ ဒဿနအမြင်တစ်ရပ်အဖြစ် ယူဆလျှင် မမှန်ကန်ပေ။ တထာဂတဂဗ္ဘ ဒဿနအမြင်၏ အခြေခံ ကျောရိုးကျမ်းစာ ဖြစ်သော **ရတနဂေါတ္တဝိဘာဂသျှတ္တရသည်** အေဒီ (၅) ရာစုခန့်က အိန္ဒိယတွင် ပေါ်ပေါက်ခဲ့၏။ တိဗက် မဟာယာန ဗုဒ္ဓဘာသာတွင် မဇ္ဈိမိကနှင့် ယောဂါစာရ

ဒဿနကိုဏ်းများသာ အထင်ကရ တွင်တွင်ကျယ်ကျယ် ရပ်တည်ကြပြီး ကိုဏ်းနှစ်ရပ်စလုံးက ရတနဂေါတ္တဝိဘာဂသျတ္တရကို မိမိတို့ သန်သလို ရှုထောင့်များမှ အနက်ဖွင့်ဆိုကြ၏။ တရုတ် မဟာယာနဗုဒ္ဓဘာသာတွင်မူ တထာဂတဂဗ္ဘ ဒဿနအမြင်သည် အလွန်အရေးပါသော အဓိက ကဏ္ဍတွင် ရပ်တည်နေ၏။ အေဒီ (၇) ရာစုတွင် ပေါ်ထွန်းခဲ့သော တရုတ် မဟာယာန ဗုဒ္ဓဘာသာ ပညာရှင် ဖဇန် (Fa-tsang) က တထာဂတဂဗ္ဘ ဒဿနအမြင်ကို မဇ္ဈိမိကနှင့် ယောဂါစာရ ဒဿနကိုဏ်းများနှင့် မတူဘဲ သီးခြားရပ်တည်နေသော မဟာယာန ဗုဒ္ဓဘာသာ ဒဿနအမြင် တစ်ရပ်အဖြစ် ယူဆခဲ့၏။ တထာဂတဂဗ္ဘ သုတ္တန်များကို စတုတ္ထမြောက် ဓမ္မစက္ကာလည်ပတ်ခြင်း[၃၁]ဟုပင် သူက အမွန်းတင်ခဲ့၏။

တထာဂတဂဗ္ဘ သုတ္တန်များကို လေ့လာကြည့်သော် ယောဂါစာရ ဒဿနတွင် အဓိကပါဝင်သော သဘာဝသုံးပါး အယူအဆနှင့် အာလယဝိညာဏ် အယူအဆများကို မတွေ့ရသောကြောင့် ယောဂါစာရ ဒဿနနှင့် သီးခြား ရပ်တည်နေသော ဒဿနအမြင် ဖြစ်နိုင်ကြောင်း ပညာရှင်များ ယူဆကြ၏။ ဂျပန်လူမျိုး မဟာယာနဗုဒ္ဓဘာသာ သုတေသီ တာကာဆာကီ (Takasaki) ၏ အလိုအရ တထာဂတဂဗ္ဘ သုတ္တန်များသည် သီးခြားရင်းမြစ်များမှ ထွက်ပေါ်လာဟန် ရှိခဲ့ပြီး ယင်းသုတ္တန်များပါ အယူအဆများသည် ယောဂါစာရ ဒဿနကိုဏ်းများအတွင်းသို့ တရွေ့ရွေ့ စိမ့်ဝင် ပေါင်းစည်းခဲ့ဟန်တူကြောင်း ကောက်ချက်ချပါသည်။ ယောဂါစာရ ဒဿနကိုဏ်းများ၏ အာလယဝိညာဏ်နှင့် တထာဂတဂဗ္ဘတို့ကို တစ်ခုတည်းသော အရှိဓမ္မအဖြစ် ရှုမြင်ခြင်းအားဖြင့် တရွေ့ရွေ့ စိမ့်ဝင် ပေါင်းစည်းမှုသည် အပြီးတိုင်ခြင်းသို့ ရောက်ခဲ့၏။

တထာဂတဂဗ္ဘ ဟူသော ဝေါဟာရ၏ အနက်

တထာဂတဂဗ္ဘ ဟူသော ဝေါဟာရ၏ အနက်သည်ပင် ပညာရှင်များအကြား ထွေပြားနေ၏။ မဟာယာနဗုဒ္ဓဘာသာ သုတေသီ မိုက်ကယ် ဇင်မာမန်း (Michael Zimmermann) က "တထာဂတဂဗ္ဘ" ကို တထာဂတ ဘုရားရှင် ကိန်းဝပ်တော်မူရာ (Containing a Tathagata) ဟုသာ ရိုးရိုးရှင်းရှင်း အနက်ဖွင့်၏။ ဝေနေယျ

၃၁။ ပထမဓမ္မစက္ကာသည် ရှေးဟောင်း ဗုဒ္ဓဘာသာသုတ္တန်များဖြစ်၏။ ဒုတိယဓမ္မစက္ကာဟူသည် မဇ္ဈိမိကဒဿနက အခြေခံသော ပညာပါရမီတာ သုတ္တန်များဖြစ်၏။ တတိယဓမ္မစက္ကာ ဟူသည် ယောဂါစာရဒဿနက အခြေခံသော သံဝိနိမောစနသုတ္တန်ဖြစ်၏။

သတ္တဝါတို့သည် ပဒုမ္မာ ကြာပန်းပွင့်များသဖွယ် ဖြစ်၍ တထာဂတဘုရားရှင်သည် ယင်းတို့၏ အနက်ရှိုင်းဆုံး ဟဒယနှလုံးသားတွင် ကိန်းဝပ်စံပယ်နေဟန် ဝိဂြိုဟ်ပြု၏။ ဤနေရာတွင် သက္ကတဝေါဟာရ (ဂဗ္ဘ=Garbha) ဟူသည်မှာ သားအိမ် (Matrix/Womb) မျိုးစေ့သန္ဓေသား (Seed/Embryo) အနှစ်သား (Innermost Part) ဟူသော အနက်ပွားများလည်း ထွက်၏။ ထို့ကြောင့် တထာဂတဂဗ္ဘ ဟူသော ဝေါဟာရ၏ အနက်သည် ဝေနေယျသတ္တဝါတို့၏ အနက်ရှိုင်းဆုံး ဟဒယနှလုံးသားတွင် ကိန်းဝပ်နေသော တထာဂတ ဘုရားရှင်ဟူသော တိုက်ရိုက်အနက်ကို ညွှန်ပြနေပါ၏။ ရှုထောင့်တစ်ခုမှ အနက်ဖွင့်ရလျှင် ဝေနေယျသတ္တဝါတို့သည် အနက်ရှိုင်းဆုံး ဟဒယနှလုံးသားတွင် တထာဂတဘုရားရှင်များ ဖြစ်ကြ၏ဟူ၍ပင် ဆိုနိုင်ပါ၏။ ဤအယူအဆသည် မဟာယာန ဗုဒ္ဓဘာသာတစ်ခုလုံး၏ ဗဟိုချက်မဟုတ်ကျသော အယူအဆ ဖြစ်လာပါသည်။ ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းများမှ ကြိုးစားက ဘုရားဖြစ်နိုင်သည်ဟူသော အယူအဆနှင့် အလားတူ ဖြစ်၏။ သတ္တဝါတိုင်းတွင် ဘုရားမျိုးစေ့ (ဗုဒ္ဓကိုရ=ဘုရား အညွှန့်. အညှောက်) ရှိသည်ဟူသော အမြင်မှသည် သတ္တဝါတိုင်းတွင် ဗုဒ္ဓ ဓာတ်သဘာဝ (The Buddha-Nature) ကိန်းဝပ်သည်ဟူသော အမြင်ထိအောင် တိုးတက်သွားခဲ့၏။

တထာဂတဂဗ္ဘသုတ္တန် (Tathagatagarbha Sutra)

သတ္တဝါတိုင်းတွင် ဗုဒ္ဓ ဓာတ်သဘာဝ (The Buddha-Nature) ကိန်းဝပ်သည် ဟူသော တထာဂတဂဗ္ဘ အယူအဆကို အစောဆုံး တွေ့ရသည်မှာ တထာဂတဂဗ္ဘသုတ္တန် ဖြစ်ပြီး ယင်းသုတ္တန်တွင် သတ္တဝါတိုင်းတွင် ဗုဒ္ဓ ဓာတ်သဘာဝ) ကိန်းဝပ်နေပုံကို ရူပကအလင်္ကာများဖြင့် တန်ဆာဆင် ဖော်ပြထားပါ၏။ ယင်းသုတ္တန်၏ တရုတ်ဘာသာပြန်မူတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်ကို တွေ့ရ၏။

ဝေနေယျသတ္တဝါအပေါင်းတို့သည် လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတရားတို့နှင့် လုံးထွေးရစ်ပတ် ကျင်လည်နေရသော်လည်း ၄င်းတို့၏ အဋ္ဌတ္တာသန္တာန်၌ ဗုဒ္ဓဉာဏ်တော် ဗုဒ္ဓစက္ခုနှင့် ဗုဒ္ဓကာယတို့ စံပယ်ကိန်းဝပ်နေ၏။ ဘဝသံသရာ ရေအယဉ်ကြောဝယ် အာသဝေါတရားတို့ စီးပွားလျက် မျောပါနေရသော်လည်း ၄င်းတို့သည် သန့်စင်မွန်မြတ်သော ကုသိုလ်မူလတရားအပေါင်းတို့နှင့် ပြည့်စုံသော တထာဂတဂဗ္ဘကို ပိုင်ဆိုင်ကြလျက် ငါဘုရားနှင့် ကွဲပြားမှု မရှိပေ။ ယင်း အမှန်သစ္စာကို သိမြင်တော်မူသော မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါအပေါင်းတို့၏ ဗုဒ္ဓဉာဏ်တော် ဗုဒ္ဓစက္ခုနှင့် ဗုဒ္ဓကာယထံသို့ နှိုးကြားထ

မြောက်စေခြင်း အလို့ငှာ တထာဂတဂဗ္ဘ သုတ္တန်ဒေသနာကို ဟောကြားတော်မူလေ၏။[၃၃၆]

တထာဂတဂဗ္ဘသုတ္တန်၏ အလိုအရ သတ္တဝါတိုင်းတွင် ကိန်းဝပ်နေသော တထာဂတဂဗ္ဘ ဗုဒ္ဓ ဓာတ်သဘာဝသည် ရှင်တော်ဗုဒ္ဓတို့ ပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ ထာဝရမြဲမြံသော နိယတတရား သနန္တနတရား ဖြစ်၏။ တထာဂတဂဗ္ဘ သုတ္တန်ဒေသနာကို ဟောတော်မူသည်ဖြစ်စေ၊ ဟောတော်မမူသည် ဖြစ်စေ၊ သတ္တဝါတိုင်းတွင် အစဉ်ထာဝရ မဖောက်မပြန် မှန်ကန်စွာ ကိန်းဝပ်နေသော အန္တိမသစ္စာတရားလည်း ဖြစ်သည်ဟု ဤသုတ္တန်က ဆိုထားပါသည်။[၃၃၇]

တထာဂတဂဗ္ဘ သုတ္တန်ဒေသနာသည် စင်စစ် စနစ်တကျ ဖွဲ့စည်းထားသော သုတ္တန်မျိုးမဟုတ်ဘဲ ဗုဒ္ဓဘာသာဝင်တို့ကို ဓမ္မအကျင့်လမ်း၌ အားမလျှော့စေရန် အားပေးသော သုတ္တန်မျိုး ဖြစ်၏။ သတ္တဝါတိုင်းတွင် အစဉ်ထာဝရ မဖောက်မပြန် မှန်ကန်စွာ ကိန်းဝပ်နေသော ဗုဒ္ဓသဘာဝကို သက်ဝင် ယုံကြည်စေခြင်းအားဖြင့် သတ္တဝါတို့မှ အရိယာများ ဘုရားများ ဖြစ်နိုင်ပုံကိုလည်း ထွန်းလင်းပြ၏။ တထာဂတဂဗ္ဘ သုတ္တန်ဒေသနာသည် မဟာယာနဗုဒ္ဓဘာသာ၏ ပင်မရေစီး အမြင်ဖြစ်သော သတ္တဝါဟူသမျှ ဘုရားဓာတ် ဘုရားဉာဏ်ကိန်းသည့်အပြင် အားလုံး ဗုဒ္ဓအဖြစ်သို့ ရောက်ရှိပန်းဝင်ကြရမည် ဟူသော တစ်ကြောင်းတည်းသော လမ်းစဉ် (ဧကယာန) အယူအဆ၏ အခြေခံလည်း ဖြစ်ပါ၏။ တထာဂတဂဗ္ဘ သုတ္တန်ဒေသနာကို နက်ရှိုင်းသော အနက်ဖွင့်ချက် ရှုထောင့်မှကြည့်လျှင် သတ္တဝါဟူသမျှတို့သည် ပကတိ ပင်ကိုယ်သဘောအရပင်လျှင် ဗုဒ္ဓဘုရားများ ဖြစ်နေနှင့်ပြီးကြပြီဟူသော အမြင်ကို ဟော၏။ နှမ်းဆီသည် နှမ်းစေ့အတွင်း၌ ပြကတော့သဘောအားဖြင့် ကိန်းဝပ်နေသကဲ့သို့ သတ္တဝါ ဟူသမျှတို့သည်လည်း ပကတိ ပင်ကိုယ်သဘောအရပင်လျှင် ဗုဒ္ဓဓာတ်ကို ပိုင်ဆိုင်ပြီးသားဖြစ်ကြ၏။ သတ္တဝါတို့နှင့် အရိယာသူတော်စင်တို့ ခြားနားချက်မှာ အရိယာသူတော်စင်တို့သည် ထိုနှမ်းဆီနှင့်တူသော ဗုဒ္ဓဓာတ်ကို ကို အပြည့်အဝ ဖော်ထုတ်ပြီးသူများသာ ဖြစ်ကြ၏။

၃၃၆။ **Takasaki, J. (1958) 'The Tathagatotpattisatbhava-nirdeza of the Avatatsaka and the Ratnagotravibhaga', *Journal of Indian and Buddhist Studies* (Tokyo) 7 (1): 48–53.**

၃၃၇။ **Zimmermann, M. (2002) *A Buddha Within: The Tathagatagarbha Sutra – The Earliest Exposition of the Buddha-Nature Teaching in India*, Bibliotheca Philologica et Philosophica Buddhica VI, Tokyo: The International Research Institute for Advanced Buddhology, Soka University.: 76**

ဥပမာထပ်၍ ဆိုရပါလျှင် ပြောင်လက်သန့်စင်အောင် တိုက်ချွတ်ထားသော ကြေးလင်ပန်းတစ်ချပ်နှင့် မတိုက်မချွတ် ရသေးသော ညစ်ထေးပေကျံနေသည့် ကြေးလင်ပန်းတစ်ချပ်ကို နှိုင်းယှဉ်ကြည့်ပါ။ ယင်းတို့၏ ပကတိသဘာဝ အစစ်သည် ကြေးဖြစ်ခြင်းဟူသော သဘာဝပင် ဖြစ်၏။ တောက်ပပြောင်လက်ခြင်းသဘောသည် ကြေးသတ္တုု၏ ပကတိပိုင်ဆိုင်သော သဘာဝဖြစ်သောကြောင့် ယင်း ကြေးလင်ပန်းနှစ်ချပ်သည် အနှစ်သာရအားဖြင့် အတူတူပင်သာ ဖြစ်၏။ မတိုက်မချွတ်ရသေးသော ညစ်ထေးပေကျံနေသည့် ကြေးလင်ပန်းသည်လည်း တိုက်ချွတ်ဆေးကြော သန့်စင်လိုက်လျှင် မိမိ၏ တောက်ပပြောင်လက်ခြင်း သဘောသည် ပေါ်လွင်ထင်ရှားလာမည်သာ ဖြစ်ပါ၏။ ထိုနည်းတူစွာပင် ရှင်တော်ဗုဒ္ဓမျာသည် ဝေနေယျသတ္တဝါတို့၏ သန္တာန်တွင် နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိကြ၏။ နှမ်းစေ့ကို ကြိတ်လျှင် နဂိုတည်းက တည်ရှိနေသော နှမ်းဆီကို ရရှိသကဲ့သို့ စပါးခွံကို ခွာလိုက်လျှင် နဂိုတည်းကတည်ရှိနေသော သလေးဆန်ကို ရဘိသကဲ့သို့ ပုထုဇဉ်သဘာဝကို ခွာချနိုင်လျှင် နဂိုတည်းက ကိန်းဝပ်တည်ရှိနေသော အရိယာသဘာဝဗုဒ္ဓသဘာဝကို ရရှိနိုင်ပေလိမ့်မည်။

သီရီမာလာဒေဝီသုတ္တန် (Sri Mala Devi Sutra)

မဟာယာန ဗုဒ္ဓဘာသာစာပေပညာရှင်များ အလိုအရ တထာဂတဂဗ္ဘ အယူအဆနှင့် ပတ်သက်၍ အထင်ရှားဆုံး မဟာယာန သုတ္တန်တစ်ခုမှာ သီရီမာလာဒေဝီသုတ္တန် ဖြစ်၏။ ဤ သုတ္တန်သည် အေဒီ (၃) ရာစုဝန်းကျင်တွင် အန္ဓာရဒေသ ၌ ပေါ်ပေါက်ခဲ့သော မဟာယာန သုတ္တန်တစ်ခုဖြစ်ပြီး ရှေးဟောင်း မဟာသံဃိကဂိုဏ်းနှင့် ဆက်စပ်နေသော သုတ္တန်ဖြစ်၏။ သီရီမာလာဒေဝီသုတ္တန်၏ ဗဟိုချက်မ အယူအဆမှာ တထာဂတဘုရားရှင်တို့နှင့် ပစ္စေကဗုဒ္ဓ ရဟန္တာတို့၏ သိမှုနယ်ပယ်များ ကွာခြားမှုဖြစ်၏။ ပစ္စေကဗုဒ္ဓနှင့် ရဟန္တာအရိယာတို့၏ သိမှုနယ်ပယ်သည် မစင်ကြယ်သေးသော ကံဝိပါက်များနှင့် အသိဉာဏ်ကို ပိတ်ဆို့သော အာဝရဏတရားတို့ကြောင့် တထာဂတဘုရားရှင်တို့၏ သိမှုနယ်ပယ်အထိသို့ ရောက်ရှိအောင် မထိုးဖောက်နိုင်ပေ။ ထို့ကြောင့် သီရီမာလာ ဒေဝီသုတ္တန်၏ အလိုအရ တထာဂတဂဗ္ဘသည် တထာဂတဘုရားရှင်တို့၏ သိမှုနယ်ပယ်အတွက် သီးသန့်သာဖြစ်သည်ဟု ဆိုသည်။[၃၁] တထာဂတဂဗ္ဘသည် ဓမ္မကာယ အစစ်ဖြစ်ပြီးလျှင် ၄င်းသည် = အစမရှိ

၃၁။ Wayman, A. and Wayman, H. (trans.) (1974) *The Lion's Roar of Queen Srimala: A Buddhist Scripture on the Tathagatagarbha Theory*, New York/London: Columbia University Press.: 80 ff 96.).

(အနာဒိ) အဆုံးမရှိ (အနန္တ) ဖန်ဆင်းခံမဟုတ် (အကတ) မွေးဖွားခြင်းမရှိ (အဇာတ) သေဆုံးခြင်းမရှိ (အမတ) ပြောင်းလဲခြင်းမရှိ (ထာဝရ နိစ္စ ဓ္ရုဝ သဿတ) မလျှပ်ရှား (အစလ) ငြိမ်သက် (သန္တ) မူလပကတိဖြူစင်သန့်ရှင်း (ပရိသုဒ္ဓ) စသော ဂုဏ်ရည်များဖြင့် ပြည့်စုံ လေ၏။ အဆိုပါဂုဏ်များဖြင့် ပြည့်စုံသော ဓမ္မကာယ အစစ်သည် ယာယီ အာဂန္တုကိလေသာ အညစ်အကြေးများနှင့် ကပ်ငြိနေသော အခြေအနေကို တထာဂတဂဗ္ဘဟူ၍ ခေါ်ဆိုလေသောကြောင့် တထာဂတဂဗ္ဘနှင့် ဓမ္မကာယတို့သည် တရားကိုယ်အားဖြင့် တစ်ခုတည်းသော ဓမ္မတရား ဖြစ်၏။[၃၃၉]

တထာဂတဂဗ္ဘနှင့် ဓမ္မကာယတို့သည် ရေနှင့် ရေခဲတို့ပမာ ဖြစ်၏။ ရေနှင့် ရေခဲတို့သည် အသွင်အားဖြင့် အရည်နှင့် အစိုင်အခဲ ခြားနားသော်လည်း တရားကိုယ်မှာ ရေပင်ဖြစ်သလို တထာဂတဂဗ္ဘ၏ အသန့်စင်ဆုံး ပကတိသဘာဝကို ဓမ္မကာယဟု ခေါ်ဆိုပြီး ဓမ္မကာယ၏ ကိလေသာများ အဖုံးလွှမ်းခံနေရသော ယာယီ အခြေအနေကို တထာဂတဂဗ္ဘဟု ခေါ်ဝေါ်ခြင်း ဖြစ်၏။ တထာဂတဂဗ္ဘ (ဓမ္မကာယ) ကို ရှုထောင့်တစ်ခုကကြည့်လျှင် သုညတ တရားဟု ဆိုနိုင်၏။ ယင်း၏ ပကတိသဘောထဲတွင် ကိလေသာညစ်ထေးမှုသဘောတို့ မကပ်ငြိပဲ ပကတိဆိတ်သုဉ်းနေသောကြောင့် ဖြစ်၏။ တထာဂတဂဗ္ဘ (ဓမ္မကာယ) ကို နောက်ထပ် ရှုထောင့်တစ်ခုက ကြည့်လျှင် အ-သုညတ တရားဟု ဆိုနိုင်၏။ ယင်း၏ ပကတိသဘောထဲတွင် ဂင်္ဂါသဲစုမက များပြားသော ဗုဒ္ဓဂုဏ်တော်များ ကိန်းဝပ်နေသည့်အတွက် အ-သုညတ တရားဟု ဆိုနိုင်ခြင်းဖြစ်၏။[၃၄၀] တထာဂတဂဗ္ဘ (ဓမ္မကာယ) သည် မိမိ၏သဘာဝမှ အမြဲတမ်း မပြောင်းမလဲ မဖောက်မပြန် မှန်ကန်စွာ ရပ်တည်နိုင်သောကြောင့် ထာဝရ နိစ္စတရား ဖြစ်၏။ အမြဲတည်သော ဓ္ရုဝ-သဿတ တရားဖြစ်၏။[၃၄၁]

ပင်လယ်သမုဒ္ဒရာ ရေထုသည် လှိုင်းတံပိုးတို့၏ အောက်ခြေအမာခံ အရှိတရားဖြစ်ဘိသကဲ့သို့ တထာဂတဂဗ္ဘ (ဓမ္မကာယ) သည် ဘဝသံသရာ၏ အောက်ခြေအမာခံ အရှိတရားလည်းဖြစ်၏။ ဘဝသံသရာနှင့် ဘဝသံသရာ၏ ဆန့်ကျင်ဖက် ချုပ်ငြိမ်းမှု နိဗ္ဗာန်-ဝိမုတ္တိတရားတို့သည် ငွေဒင်္ဂါးပြား၏ ခေါင်းနှင့် ပန်းပမာ

၃၃၉။ Wayman and Wayman 1974: 98)

၃၄၀။ [T]he Tathagatagarbha is void of all the defilement-stores, which are discrete and knowing as not liberated [or 'apart from knowledge which does not lead to liberation'; Chang 1983: 378] . . . the Tathagatagarbha is not void of the Buddha *dharmas* which are nondiscrete, inconceivable, more numerous than the sands of the Ganges, and knowing as liberated. (*ibid.*: 99)

၃၄၁။ *ibid.*: 104–5).

တထာဂတဂဗ္ဘ (ဓမ္မကာယ) ၏ မျက်နှာစာနှစ်ခု ဖြစ်၏။ လှိုင်းတံပိုးတို့အနေဖြင့် တထာဂတဂဗ္ဘ (ဓမ္မကာယ) ကို ကြည့်လျှင် သံသရာအသွင်ကို မြင်ရမည်ဖြစ်ပြီး လှိုင်းတံပိုးတို့၏ အောက်ခြေအမာခံ အရိုတရားဖြစ်သော ပင်လယ် သမုဒ္ဒရာရေထု အနေဖြင့် ကြည့်လျှင် တထာဂတဂဗ္ဘ (ဓမ္မကာယ) ကို ချုပ်ငြိမ်းမှု နိဗ္ဗာန်-ဝိမုတ္တိတရား၏ အသွင်အဖြစ် တွေ့ရမည် ဖြစ်၏။

ထို့ကြောင့် ဘဝသံသရာသည် အသွင်ရှိရှိနေသလို ဘဝသံသရာ၏ ဆန့်ကျင်ဖက် ချုပ်ငြိမ်းမှု နိဗ္ဗာန်-ဝိမုတ္တိတရားတို့သည်လည်း အသွင်ရှိရှိနေခြင်းသာ ဖြစ်၏။ ယင်း ဆန့်ကျင်ဖက် အသွင်နှစ်မျိုးစလုံး (နိဗ္ဗာန်နှင့် သံသရာ) တို့သည် တရားကိုယ်အားဖြင့် ပကတိသဘာဝအားဖြင့် တထာဂတဂဗ္ဘ (ဓမ္မကာယ) သာဖြစ်၏။ တစ်ခုတည်းသော အဒွိတ္တ-အဒွယ တရားဖြစ်သော တထာဂတဂဗ္ဘ (ဓမ္မကာယ) ကို ရှုထောင့်အမြင်ကိုလိုက်၍ ဆန့်ကျင်ဖက် အသွင်နှစ်မျိုး (နိဗ္ဗာန်နှင့် သံသရာ) အနေဖြင့် မြင်နေရခြင်း ဖြစ်ပါ၏။ တစ်နည်းအားဖြင့်ဆိုရသော တထာဂတဂဗ္ဘ (ဓမ္မကာယ) သည် သံသရာ လောကဓာတ်ကြီး၏ အမျိုးမျိုး အပြားပြား ဖြစ်ပွား ပျောက်ဆုံးနေသော အသွင်များ၏ နောက်ကွယ်မှာ အစဉ်ထာဝရ တည်ရှိနေသော မွေးခြင်းသေခြင်းကင်းသော အမတအရိုတရားလည်း ဖြစ်သည်ဟု သိရှိမာလာဒေဝီ သုတ္တန်က ဆိုပါသည်။[၃၄၂]

သံသရာလောကတွင် အစွဲဥပါဒါန်တရားများကို အခြေခံ၍ ဖြစ်ရသော ဒုက္ခတရားများကို ငြီးငွေ့မှု လွတ်မြောက်လိုသော ဆန္ဒတို့သည် တထာဂတဂဗ္ဘ (ဓမ္မကာယ) ကြောင့်သာ ဖြစ်ရခြင်းဖြစ်၏။ တထာဂတဂဗ္ဘ (ဓမ္မကာယ) သာ မရှိလျှင် သတ္တဝါတို့သည် သံသရာဒုက္ခများမှ လွတ်မြောက်ချင်သော ဓမ္မဆန္ဒ ဖြစ်ပေါ်မည်မဟုတ်ပေ။ ငြိမ်းအေးမှု သန္တိသုခကို တောင့်တခြင်း (Spiritual Longing) ကို ဖြစ်ပေါ်စေသော စွမ်းအင်သည် တထာဂတဂဗ္ဘ (ဓမ္မကာယ) သာလျှင်ဖြစ်၏။ တထာဂတဂဗ္ဘ (ဓမ္မကာယ)သည် ထာဝရတည်တံ့သော တရားဖြစ်သောကြောင့် အနိစ္စဒုက္ခ အနတ္တ တရားစုများ ဖြစ်ကြသော သခ်ါရတရားတို့၏ အနှစ်သာရမဲ့ပုံနှင့် သတ္တဝါကို တရိုက်ဂျား နှိပ်စက်ပုံကို သိမြင်ခံစားနိုင်စွမ်းရှိ၏။ အနိစ္စဒုက္ခ အနတ္တ တရားစုများ ဖြစ်ကြသော သခ်ါရတရားတို့သည် တရစပ်ပြောင်းလဲနေသောကြောင့် မိမိတို့၏ မတည်မြဲသော သဘောကို မသိနိုင်ပေ။ တည်မြဲနေသော တထာဂတဂဗ္ဘ (ဓမ္မကာယ) သည်သာ အနိစ္စဒုက္ခ အနတ္တ တရားစုများ ဖြစ်ကြသော

၃၄၂။ **Brian Edward Brown, The Buddha Nature: A Study of the Tathagata-barbha and Alayavijnana, Motilal Banarsidass Publishers(2004), p-4-5**

သခ်ၤါရတရားတို့၏ သဘော သဘာဝအမှန်ကို သိမြင်နိုင်သည်ဟု သိရှိမာလာဒေဝီသုတ္တန်က သင်ကြား၏။

တထာဂတဂဗ္ဘ (ဓမ္မကာယ)သည် ဗြဟ္မဏဝါဒီ တို့ ၏ ဥပနိသျှဒ်ကျမ်းများက ပြောသော အတ္တ (အာတ္မ) မဟုတ်ကြောင်း သိရှိမာလာဒေဝီသုတ္တန်က ရှင်းလင်းပြတ်သားစွာ ငြင်းချက်ထုတ်ထား၏။ သို့သော်လည်း သိရှိမာလာဒေဝီသုတ္တန်က တထာဂတဂဗ္ဘ၏ ဂုဏ်ရည်များကို သံသရာလောကနှင့် ဆန့်ကျင်ဘက်အနေနှင့် ဖော်ပြထား၏။ တထာဂတဂဗ္ဘသည် အမြဲထာဝရတည်သောကြောင့် နိစ္စ ဖြစ်၏။ သံသရာလောက၏ ဆင်းရဲဒုက္ခ အပေါင်းမှ ကင်းဆိတ်သောကြောင့် သုခ ဖြစ်၏။ မိမိကိုယ်ပိုင် အနှစ်သာရဖြင့် အစိုးရစွာ ရပ်တည်နေသောကြောင့် သာရတ္ထ ဖြစ်၏။ ကျက်သရေ တင့်တယ် ဖြိုးဝေသော တရားဖြစ်သောကြောင့် သုဘလည်းဖြစ်၏။ လှုပမူအပေါင်း၏ အထွဋ်အထိပ်ဖြစ်သောကြောင့် သုန္ဒရလည်းဖြစ်၏။ ထို့ကြောင့် တထာဂတဂဗ္ဘသည် အစဉ်တည်မြဲခြင်း(နိစ္စ)၊ မသေဆုံးခြင်း(အမတ)၊ အစမရှိခြင်း(အနာဒိ)၊ အဆုံးမရှိခြင်း(အနန္တ)၊ ချမ်းသာခြင်း(သုခ)၊ အနှစ်သားရှိခြင်း(သာရတ္ထ)၊ သန့်စင်ကောင်းမြတ်ခြင်း(သုဘ)၊ လှုပတင့်တယ်ခြင်း (သုန္ဒရ) တည်းဟူသော အမြတ်ဆုံးဂုဏ်ရည်များဖြင့် အတိုပြီးသော အကောင်းမြတ်ဆုံးသော ဓမ္မ ဖြစ်ပါ၏။

တထာဂတဂဗ္ဘသည် စင်စစ် ယောဂါစာရဒဿန အမြင်ကပြောသော အစင်ကြယ်ဆုံးစိတ် အမလဝိညာဏ (The Stainless Consciousness) နှင့် သဘောတရားခြင်း အတူတူပင်ဖြစ်၏။ ယင်း စိတ်ဝိညာဏ်သည်-

- အစမသိ အဆုံးလည်းမရှိသော အနာဒိအနန္တ ထာဝရမျိုး ဖြစ်၏။
- နဂိုမူလအားဖြင့် ထက်ဝန်းကျင် အလိုလို စင်ကြယ်ပြီးသားဖြစ်သော ပကတိပရိသုဒ္ဓတရား ဖြစ်၏။
- ကိလေသာ အာသဝတရားတို့သည် ယင်း အစင်ကြယ်ဆုံးစိတ်ကို အနှစ်သာရအားဖြင့် မညစ်နွမ်းစေနိုင်ဘဲ ယာယီအားဖြင့်သာ ဖုံးလွှမ်းနိုင်သော ဧည့်သည် အာဂန္တုကဓမ္မတရားများ ဖြစ်၏။
- အစင်ကြယ်ဆုံးစိတ်သည် ပုဂ္ဂိုလ်အတ္တဇီဝမျိုးမှ ဆိတ်သုဉ်းသော သုညတာဓမ္မ ဖြစ်၏။ အတ္တဒိဋ္ဌိ ကျော့ကွင်းဝယ် မိနေသော လောကသားတို့၏ ကျက်စားရာနယ်မြေ ဂေါစရာမ် မဟုတ်ပေ။
- အစင်ကြယ်ဆုံးစိတ်သည် ကောင်းမြတ်သော ကုသလဂုဏ်ရည် အနန္တဖြင့် တင့်ဝေဖြိုးမောက်နေသောကြောင့် အရာရာပြီးပြည့်စုံနေသော ပရိပုဏ္ဏ ဓမ္မ အနှစ်သာရ မဆိတ်သုဉ်းသော အ-သုညတာဓမ္မလည်း ဖြစ်၏။

- တထာဂတဂဗ္ဘသည် အနက်ရှိုင်းဆုံးသော သစ္စာတရား ဖြစ်သောကြောင့် သဗ္ဗညူ တထာဂတ ဘုရားရှင်တို့နှင့် အဆင့်အမြင့်ဆုံး ဗောဓိသတ္တာတို့သာ အပြည့်အစုံ အကုန်အလင် သိစပ်မြင်နှံ့နိုင်သော အရာဖြစ်၏။[၃၄၃]

တထာဂတဂဗ္ဘ သည် သုည-အသုည တစ်ပြိုင်တည်းဖြစ်ခြင်း

သိရီမာလာဒေဝီသုတ္တန်၏ အလိုအရ တထာဂတဂဗ္ဘသည် သုည-အသုည တစ်ပြိုင်တည်း ဖြစ်နေပါသည်။ ရှေးဦးဗုဒ္ဓဝါဒ စာပေများတွင် အမြင့်ဆုံး အဆင့်တရားသိမြင်မှုကို ငြင်းဆိုမှုများဖြင့်သာ ဖော်ကျူးထားကြသည်ကို တွေ့ရ၏။ ချုပ်ငြိမ်းမှု၊ ပြတ်စဲမှု၊ ရပ်ဆိုင်းမှု၊ ပျောက်ကွယ်မှု၊ ပျက်စီးမှု၊ ဆိတ်သုဉ်းမှု၊ ဖြတ်တောက်မှု၊ ပယ်ရှားမှု စသဖြင့် ငြင်းပယ်အဆိုများဖြင့်သာ ပြည့်နှက်နေသည်ကို တွေ့ကြရမည်ဖြစ်၏။ သိရီမာလာဒေဝီသုတ္တန်ကမူ အမြင့်ဆုံး အရှိတရားဖြစ်သော တထာဂတဂဗ္ဘကို ရရှိအပ်သော ရောက်ရှိအပ်သော အရှိသဘာဝ တစ်ရပ်အနေဖြင့် ဖော်ကျူးထားသည်ကို တွေ့ရ၏။ တထာဂတဂဗ္ဘသည် ဓမ္မကာယပင် ဖြစ်သောကြောင့် အရှိသဘာဝပင် ဖြစ်ရမည်ဟု သိရီမာလာဒေဝီ သုတ္တန်က ဆိုထားပါသည်။

မည်ကဲ့သို့ တထာဂတဂဗ္ဘသည် သုည-အသုည တစ်ပြိုင်တည်းဖြစ်နေပါသနည်း။ ဤနေရာတွင် မိုးတိမ်လွှာနှင့် ကောင်းကင်ပြာကို ဥပမာထားကြည့်ပါလျှင် မိုးတိမ်လွှာသည် ကောင်းကင်၌ ခဏတည်သော ယာယီသဘော ဖြစ်၏။ မိုးသားကင်းစင်သည်နှင့် တစ်ပြိုင်နက် ကောင်းကင်၏ ပြာလွင်လွတ်လပ်သော ပကတိသဘာဝသည် သူ့အလိုလို ပြန်လည် ထွန်းပေါ်လာရစမြဲဖြစ်၏။ ဤနေရာတွင် မိုးတိမ်ကင်းမဲ့နေသော ကောင်းကင်ပြာသည် သုညသဘောအားဖြင့် မိုးတိမ်များ မရှိတော့သော်လည်း မိမိ၏ ပြာလွင်လွတ်လပ်သော ပကတိသဘာဝသည် အသုညသဘောအားဖြင့် ထင်ရှားရှိနေဘိသကဲ့သို့ဖြစ်၏။ ထိုနည်းတူစွာပင် လောကီ ကိလေသာ အာသဝတရားတို့၏ ရှုထောင့်မှကြည့်လျှင် တထာဂတဂဗ္ဘသည် သုညဖြစ်၏။ မိမိအတွင်းသဘောတွင် တထာဂတဂဗ္ဘသည် ကိလေသာအာသဝတရားတို့မှ ကင်းဆိတ်ငြိမ်းချမ်းနေသောကြောင့်ဖြစ်၏။ လောကုတ္တရာ ရှုထောင့်မှကြည့်လျှင် တထာဂတဂဗ္ဘသည် အသုည ဖြစ်၏။ မိမိအတွင်းသဘောတွင် တထာဂတဂဗ္ဘသည် ဗုဒ္ဓသဘာဝ၏ လောကုတ္တရာဂုဏ်ရည်များ ဗုဒ္ဓ၏ ဉာဏ်တော်များ မဟာကရုဏာတရားတော်

၃၄၃။ **Wayman, A. and Wayman, H. (trans.) (1974) *The Lion's Roar of Queen Srimala: A Buddhist Scripture on the Tathagatagarbha Theory*, New York/London: Columbia University Press.: 106**

များဖြင့် မကင်းဆိတ်ဘဲ အစဉ်အမြဲ ပြည့်စုံနေသောကြောင့်ဖြစ်၏။ ဤ အယူအဆသည် နောင်အခါတွင် တိဗက်ဗုဒ္ဓဘာသာ နယ်ပယ်တွင် **ရှန်တောင်း မဇ္ဈိမိကဒဿန အမြင်** (Shengtong Madhyamaka) သို့မဟုတ် **မဟာမဇ္ဈိမိက ဒဿနအမြင်** (Great Madhyamaka) ဟူသော အမည်နာမဖြင့် လွန်စွာထင်ရှားခဲ့ပြီး ညီနှမပ ဂိုဏ်းနှင့် ကာဂျုပဂိုဏ်းတို့၏ တရားဝင် လက်ခံထားသော အဆင့်အမြင့်ဆုံး ဓမ္မ ဒဿနအမြင်လည်း ဖြစ်၏။[၃၄၄]

မဟာယာန မဟာပရိနိဗ္ဗာန သုတ္တန်

ပါဠိပိဋကတ်နည်းတူ မဟာယာနဗုဒ္ဓဘာသာ စာပေတွင်လည်း မဟာပရိနိဗ္ဗာန သုတ္တန်အမည်ဖြင့် သုတ္တန်တစ်ခု ရှိ၏။ ဤသုတ္တန်သည် အလွန်ရှည်လျားသော သုတ္တန်တစ်ခုဖြစ်ပြီး မဟာယာနဗုဒ္ဓဘာသာ စာပေတွင် ယင်းသုတ္တန်၏ တိုးတက် ဖွံ့ဖြိုးမှုသမိုင်းသည် အလွန်ရှုပ်ထွေးခဲ့၏။ ဤ သုတ္တန် (မဟာယာန မဟာပရိနိဗ္ဗာန သုတ္တန်) ၏ အလိုအရ သတ္တဝါတိုင်းဝယ် တရားဓမ္မအလင်းဓာတ်ကို သိမြင်နိုင်သည့် ဗောဓိဉာဏ်မျိုးစေ့ ကိန်းဝပ်နေကြောင်း အဆိုးသွမ်း အရက်စက် အယုတ်မာဆုံး ဗာလအန္ဓများသည်ပင် ဗောဓိဉာဏ်မျိုးစေ့ကို ပိုင်ဆိုင်ကြောင်းကို ဖော်ပြထား၏။ ထူးခြားချက်တစ်ခုမှာ မဟာယာန မဟာပရိနိဗ္ဗာန သုတ္တန်တွင် တရားဓမ္မအလင်း ဓာတ်ကို သိမြင်နိုင်သည့် ဗောဓိဉာဏ်မျိုးစေ့ကို အတ္တ (အာတ္မ) ဟူသော အမည်ဖြင့် ပေါ်ပေါ်ထင်ထင် ခေါ်ဝေါ်သုံးစွဲလာမှု ဖြစ်၏။ ဗုဒ္ဓဓာတုဟူ၍လည်း သုံးစွဲခေါ်ဝေါ် ခဲ့၏။[၃၄၁]

သို့သော်လည်း မဟာယာန မဟာပရိနိဗ္ဗာန သုတ္တန်တွင် အတ္တ (အာတ္မ) ကို ထည့်သွင်း ဖော်ပြခြင်းသည် အခြားသော တိတ္ထိတို့၏ အတ္တအရှိအယူနှင့် မတူ ကြောင်းကို မဟာယာန မဟာပရိနိဗ္ဗာန သုတ္တန်က အလေးအနက် ဖော်ပြခဲ့၏။ ဗုဒ္ဓ သည် အနတ္တတရားကို ဟောကြားခဲ့ခြင်းမှာ သာမန်လူသား၏ လောကီအတ္တစွဲ ကို ပယ်မြစ်လိုသောကြောင့် ဖြစ်၏။ ယင်းတို့ကို အနိစ္စ ဒုက္ခ အနတ္တ အသုဘစသော

၃၄၀။ Brian Edward Brown, *The Buddha Nature: A Study of the Tathagata-barbha and Alayavijnana*, Motilal Banarsidass Publishers(2004), p-31

၃၄၁။ Zimmermann, M. (2002) *A Buddha Within: The Tathagatagarbha Sutra – The Earliest Exposition of the Buddha-Nature Teaching in India*, Bibliotheca Philologica et Philosophica Buddhica VI, Tokyo: The International Research Institute for Advanced Buddhology, Soka University.: 83, n. 176

လက္ခဏာများကို ဟောခဲ့သည်မှာ လောကီတရားများကို နိဗ္ဗ သုခ အတွေ့ သုဘ စသည်အားဖြင့် မှားယွင်းစွာ စွဲလမ်းမည် ဖြစ်သောကြောင့် ဖြစ်၏။ ထို့အတူ မဟာယာန မဟာပရိနိဗ္ဗာန သုတ္တန်တွင် ဗုဒ္ဓက အတ္တ(အာတ္မ) ကို ဟောခဲ့ခြင်းသည် နတ္ထိကအယူကို ပယ်မြစ်ပြီး တစ်ပါးသောအယူရှိသော အညတိတ္တိယတို့ကို ချေဖျက်လိုသောကြောင့် ဖြစ်သည်ဟု ဆို၏။ ဗုဒ္ဓသည် နည်းပရိယာယ် ကျင်လည်သော ဥပါယကောသလ္လဉာဏ် ပိုင်ရှင်ဖြစ်သည့် အားလျော်စွာ မိမိ ချေဖျက်ရမည့် သတ္တဝါ အလိုက် အတ္တနှင့် အနတ္တဟူသော သညာ ဝေါဟာရများကို သင့်တော်သလို သုံးစွဲ သင်ကြားခြင်းသာဖြစ်၏။

မဟာယာန မဟာပရိနိဗ္ဗာန သုတ္တန်တွင် သတ္တဝါတို့၏ အမှား ဝိပ္ပလ္လာသ တရား ၃ ပါး ကို ဖော်ပြထားသည်ကို တွေ့ရ၏။ ယင်းတို့မှာ-

(၁) အနတ္တတရားဖြစ်သော ခန္ဓာ အာယတန တရားစုတို့ကို အတ္တဟု မြင်ခြင်း၊

(၂) အတ္တ(အာတ္မ) ဖြစ်သော တထာဂတဂဗ္ဘ ကို အနတ္တ ဟု မြင်ခြင်း၊

(၃) လောကီသားတို့က အတ္တဟု ယူဆသော အရာကို အနတ္တဟု ရှုနေခြင်းတို့ ဖြစ်ကြ၏။

မည်သို့ပင်ဖြစ်စေ မဟာယာန မဟာပရိနိဗ္ဗာန သုတ္တန်တွင် အတ္တဟူသော ဝေါဟာရကို ထင်ထင်ရှားရှား သုံးစွဲလာသည်ကို တွေ့ရသောကြောင့် အစဉ်အလာ အရ အနတ္တ-သုညတ တရားများကိုသာ ရှေ့တန်းတင်ခဲ့သော ရှေးဦးဗုဒ္ဓဘာသာ၏ သဘောတရားများကို ပြတ်ပြတ်သားသား ခြားနားတင်ပြခဲ့ပုံပေါ်၏။ သို့သော်လည်း အတ္တ(အာတ္မ) ဖြစ်သော တထာဂတဂဗ္ဘသည် ပုဂ္ဂလအတ္တ မဟုတ်ကြောင်း အတ္တ ဥပါဒါန်တရားတို့ မထောက်တည်နိုင်ရာ ဖြစ်ကြောင်းကိုလည်း ဖော်ပြခဲ့ကြလေသည်။ ပညာရှင်များအမြင်တွင်မူ ဤသို့ အခြားသော အိန္ဒိယဒဿနဂိုဏ်းများ၏ အတ္တအယူများနှင့် ကွဲပြားအောင် ဖော်ပြရန် ကြိုးပမ်းခဲ့သော်လည်း အတ္တ၏ အငွေ့အသက် အမြင်များစွာကို တွေ့ရလေသည်။ အဘယ်ကြောင့်ဆိုသော် တထာဂတဂဗ္ဘသုတ္တန်များသည် ဂုပ္ပတဆေတ်တွင် ပေါ်ပေါက်ခဲ့သောကြောင့် ဗြဟ္မဏ (ဟိန္ဒူ) ဓမ္မအမြင် အငွေ့အသက်များ လွှမ်းခြုံနေခဲ့မည်မှာ ယုံမှားဖွယ်ရာ မရှိချေ။ အမှန်စင်စစ်အားဖြင့် ဗြဟ္မဏ (ဟိန္ဒူ) ဓမ္မအမြင်က လွှမ်းမိုးသည်ဟု ဆိုခြင်းထက် မဟာယာန ဗုဒ္ဓဘာသာ၏ တိုးတက် ပွင့်ကားမှုများသည် ဗြဟ္မဏ (ဟိန္ဒူ) ဓမ္မအမြင်များနှင့် အလျော်ဖြစ်လောက်အောင် ပြောင်းလဲလာသည်ဟုသာ ဆိုသင့်ပေသည်။ ခေတ်၏ အတွေးအမြင် လမ်းကြောင်းကိုယ်တိုင်က မူလဗုဒ္ဓဝါဒအတွင်း၌ ရှိနေနှင့်သော

တက္ကိုကဆန်သော ဗုဒ္ဓနှင့် နိဗ္ဗာနမမှဆိုင်ရာ အမြင်များကို ပိုမို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား တိုးတက်ခွင့်ပေးခဲ့သလို ဖြစ်ပေလိမ့်မည်။

ယင်း တက္ကိုကဆန်သော ဗုဒ္ဓနှင့် နိဗ္ဗာနမမှဆိုင်ရာ အမြင်များသည် ဓမ္မကျင့်စဉ်များ အားထုတ်နေသော ရဟန်းတော်များ၏ ကမ္မဋ္ဌာန်းဆိုင်ရာ အတွေ့အကြုံထူးများနှင့် ပေါင်းစပ်လိုက်လေသောအခါဝယ် တထာဂတဂဗ္ဘသုတ္တန်များအနေဖြင့် ပေါ်ပေါက်လာခဲ့ဟန်တူ၏။ အချို့ ပညာရှင်တို့ကမူ တထာဂတဂဗ္ဘသုတ္တန်များသည် ဗြဟ္မဏ (ဟိန္ဒူ) ဓမ္မအမြင် ဆိုင်ရာ ဗဟိုချက်အမြင်ဖြစ်သော အတ္တ(အာတ္မာ)ဟူသော ဝေါဟာရကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာခြင်းမှာ ဗုဒ္ဓဘာသာဝင်မဟုတ်သော ဗြဟ္မဏ (ဟိန္ဒူ) ပရိသတ်ကို ဦးတည် ပြောဆိုနေဟန်ရှိကြောင်း သုံးသပ်ကြ၏။

ရတနဂေါတြဝိဘာဂသျှတ္တရတွင် လာသော တထာဂတဂဗ္ဘ အယူအဆ

မဟာယာန ဗုဒ္ဓစာပေနယ်ပယ်တွင် ရတနဂေါတြဝိဘာဂသျှတ္တရသည် ဗောဓိသတ္တမေတ္တေယျ၏ လက်ရာအဖြစ် ယုံကြည်ကြပြီး ယင်း၏ အဖွင့်ဋ္ဌကာကို အသင်္ဂက ရေးသားခဲ့လေသည်။ ရတနဂေါတြဝိဘာဂသျှတ္တရကို တရုတ်ပြည်တွင် အေဒီ ၅၁၁ တွင် ဘာသာပြန်ခဲ့ပြီး တရုတ်ပြည်တွင်မူ ရတနဂေါတြ ဝိဘာဂ သျှတ္တရ၏ ရေးသူကို သာရမတိ (Saramati) ဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။ ရတနဂေါတြဝိဘာဂ သျှတ္တရ၏ ရပ်တည်ချက်နှင့် ဒဿနအမြင်သည် ယောဂါစာရ ဒဿနနှင့် ဆင်တူသော်လည်း ယောဂါစာရဒဿန အဝန်းအဝိုင်းမှ ထွက်ပေါ်လာသည့်ကျမ်း ဖြစ်သည်ဟု မယူဆနိုင်ပေ။

အရှေ့ဖျား ဗုဒ္ဓဘာသာစာပေလောကတွင် ရတနဂေါတြဝိဘာဂသျှတ္တရသည် လွန်စွာ အရေးပါသော အခန်းကဏ္ဍတွင် မရှိခဲ့သော်လည်း တိဗက် ဗုဒ္ဓဓမ္မ နယ်ပယ်တွင်မူ အလွန် အဓိကကျသော နေရာကို ယူထားခဲ့၏။ တိဗက်ဗုဒ္ဓဘာသာဂိုဏ်းအားလုံး၏ ပရိယတ္တိ သင်ကြားမှု နယ်ပယ်တွင် ရတနဂေါတြဝိဘာဂသျှတ္တရသည် မလွဲလာ၍ မရသော ပဓါန ဓမ္မကျမ်းစာ ဖြစ်၏။

ရတနဂေါတြဝိဘာဂသျှတ္တရတွင် တထတာ နှစ်မျိုးကို ပြခဲ့သည်ကို တွေ့ရ၏။

(၁) ကိလေသာတို့ဖြင့် စွတ်စိုရောယှက်နေသော တထတာ

(၂) မူလပကတိသဘာဝအားဖြင့် သန့်ရှင်းစင်ကြယ်နေသော တထတာ

ကိလေသာတို့ဖြင့် စွတ်စိုရောယှက်နေသော တထတာကို တထာဂတဂဗ္ဘဟု အမည်ပေးခဲ့သည့် နည်းတူ မူလပကတိ သဘာဝအားဖြင့် သန့်ရှင်းစင်ကြယ်နေ

သော တထတာကို ဓမ္မကာယဟု အမည်ပေးခဲ့၏။ တထတာသည် ညစ်ထေးခြင်း သန့်စင်ခြင်းဟူသော အသွင် နှစ်ပါးကွဲသော်လည်း အနှစ်သာရတရားကိုယ်အားဖြင့် တစ်မျိုးတည်းသော သဘာဝသာ ဖြစ်သည့်အပြင် ယင်း၏ အဓိက ဂုဏ်လက္ခဏာများကို ဤသို့လျှင် ဖော်ကျူး၏။

- တထတာသည် မိမိ၏ မူလပကတိသဘာဝမှ ပြောင်းလဲရွေ့လျောမှုမရှိ။
- တထတာသည် အံ့ဩစ်အကြေးဟူသမျှတို့ မကပ်ငြိဘဲ ပကတိသန့်စင်၏။
- တထတာသည် မွန်မြတ်ခမ်းနားထည်ဝါမှု အပေါင်းတို့၏ ရင်းမြစ်ဖြစ်၏။
- တထတာသည် သန့်ရှင်းစင်ကြယ်စွာ ပြိုးပြက်တောက်ပသော မူလပကတိဌီတိ ဝိညာဏ် = အဒွယဓမ္မ ဖြစ်၏။
- တထတာကို သာမန်ပုထုဇဉ်တို့ မမြင်နိုင်ဘဲ ယုံကြည်မှုဖြင့်သာ သိနိုင်၏။ ဓမ္မစက္ခုရှင်တို့ အရာသာ ဖြစ်၏။[၃၄၆]

သင်္ဂါသတ္တဝါ အားလုံး၏ သန္တာန်ဝယ် ကိလေသာတို့ဖြင့် စွတ်စိုရောယှက်နေသော တထတာ=တထာဂတဂဗ္ဘ တည်ရှိ၏။ ယင်း ကိလေသာတို့ဖြင့် စွတ်စိုရောယှက်နေသော တထတာ=တထာဂတဂဗ္ဘသည် ဝိညာဏဓာတ် စင်စစ်ဖြစ်သလို ယင်း ဝိညာဏဓာတ်သည်ပင် အနှစ်သာရအားဖြင့် မူလပကတိသဘာဝအားဖြင့် သန့်ရှင်းစင်ကြယ်နေသော ဓမ္မကာယ ဖြစ်လေသည်။ ဤသို့လျှင် ကိလေသာတို့ဖြင့် စွတ်စိုရောယှက်နေသော တထတာ တထာဂတဂဗ္ဘနှင့် ဓမ္မကာယတို့သည် အနှစ်သားအားဖြင့် တစ်ခုတည်း သဘောကို ဆောင်နေပါ၏။

- ဓမ္မကာယသည် သင်္ဂါသတ္တဝါ အားလုံး၏ သန္တာန်ဝယ် ကိလေသာတို့ဖြင့် စွတ်စိုရောယှက်နေပြီး ၄င်းသည် သစ္စာအလင်းရောင်၏ မျိုးဗီဇ ဖြစ်သောကြောင့် တထာဂတဂဗ္ဘဟူသော အမည်ကို ရ၏။
- ဓမ္မကာယသည် ဗောဓိသတ္တအရှင်မြတ်တို့၏ သန္တာန်ဝယ် တစ်ဝက် ညစ်ထေးတစ်ဝက် သန့်စင်နေ၏။
- ဓမ္မကာယသည် ရှင်တော်ဗုဒ္ဓတို့၏ သန္တာန်ဝယ် အပြည့်အဝ သန့်ရှင်းစင်ကြယ်နေ၏။ အနန္တဂုဏ်တော်အပေါင်း ခညောင်းကိန်းဝပ်ရာလည်း ဖြစ်၏။
- ဓမ္မကာယသည် ပကတိသဘောအားဖြင့် ထက်ဝန်းကျင်ပြီး ပြည့်စုံနေသော တရား (ပကတိ ပရိပုဏ္ဏာ ဓမ္မ) ဖြစ်သောကြောင့် ထပ်၍ ဖြည့်စွက်စရာ မရှိသလို နုတ်ပယ်စရာလဲ မရှိ ပကတိ အတိုင်းတိုင်း သဘောအားဖြင့် ကောင်းမြတ်ပြည့်စုံငြိမ်းချမ်းသော မဟာ အသဒ်္ဓတ ပရမတ္ထ ဓမ္မတရား ဖြစ်ပါ၏။

၃၄၆။ **The Highest Truth of the Buddhas/ Can be understood only by faith, / Indeed, the eyeless one cannot see/ The blazing disc of the sun. (Takasaki 1966: 296; cf. pp. 380 ff.)**

ရတနဂေါတြဝိဘာဂသျွတ္တရ မှ တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ဆိုင်ရာ ဥပမာများ

ရတနဂေါတြဝိဘာဂသျွတ္တရ ကျမ်းတွင် အသင်္ချသည် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ဆိုင်ရာနှင့် ပတ်သက်၍ မြောက်များလှစွာသော ဥပမာ ဥပမေယျများဖြင့် တန်ဆာဆင်လျက် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ၏ သဘောသဘာဝကို ဖော်ကျူးခဲ့၏။[၃၄၇]

(၁) တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် သဘာဝလက္ခဏာအားဖြင့် ကျောက်မျက်ရတနာ ကောင်းကင်ဝဠာနှင့် ရေတို့ပမာ ဖြစ်၏။ တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် ကျောက်မျက်ရတနာကဲ့သို့ ဖြစ်ရခြင်းမှာ ယင်း၏ ပကတိ သန့်စင်ပြီးမည်သည့် အညစ်အကြေးမှ မစိမ့်ဝင် မကပ်ငြိနိုင်သောကြောင့် ဖြစ်၏။ ကျောက်မျက်ရတနာသည် ဘုန်းတန်ခိုး အာနုဘော်ကြီးမား၍ ဘဝ၏ ပြီးပြည့်စုံခြင်း ပျော်ရွှင်ချမ်းမြေ့ခြင်းများကို ဆောင်ကြဉ်းနိုင်ဘိသကဲ့သို့ တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည်လည်း သတ္တဝါတို့၏ အဆုံးစွန်သော ဝိမုတ္တိသုခနှင့် ဘဝ၏ အမြင့်ဆုံး ဂုဏ်ကျက်သရေများကို ဆောင်ကြဉ်းလာနိုင်ပေ၏။

တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် ကောင်းကင်ဝဠာကဲ့သို့ ဖြစ်ရခြင်းမှာ ကောင်းကင်၏ ပကတိ ဟင်းလင်းဗလာ လွတ်လပ်မှု သဘောနှင့် ထပ်တူဖြစ်သောကြောင့် ဖြစ်၏။ တိမ်သားတိမ်စိုင်တို့ ခဏမျှ တည်နေနိုင်သော်လည်း ယင်းတို့သည့် ကောင်းကင်၏ ပကတိ သန့်ရှင်းမှု လွတ်လပ်မှုသဘောများကို မဖုံးလွှမ်းနိုင်သကဲ့သို့ ယာယီပေါ် ကိလေသာများသည်လည်း တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ကို ပကတိ မဖုံးလွှမ်းနိုင်ပေ။ ထို့အတူ ကောင်ကင်းဝဠာသည် ပြောင်းလဲမှုမရှိသော နိစ္စမျိုး ဖြစ်၏။ မြေပြင်ပေါ်မှ အရာဝတ္ထုများ သတ္တဝါများ တောတောင်ရေမြေများ မတည်မငြိမ် ပြောင်းလဲကြရသော်လည်း ကောင်းကင် ဟင်းလင်းပြင်သည်ကား မိမိ၏ လွတ်လပ်ခြင်း သန့်ရှင်းခြင်း သဘာဝမှ ရွေ့လျော ဖောက်ပြန်ပျက်စီးသည်ဟူ၍ မရှိတတ်ပဲ အမြဲထာဝရ တည်မြဲခိုင်ခဲ့နေပေသည်။ တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည်လည်း ကောင်းကင်သဘာဝနှင့်အတူ မပြောင်းမလဲ ထာဝရမြဲလေ သဖော နိစ္စ ဓုဝ အသင်္ခတ တရားမျိုး ဖြစ်လေ၏။

တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် ရေဇလာနှင့် တူရခြင်းမှာ ရေသည် အညစ်အကြေးတို့ဖြင့် နောက်ကျိ ညစ်ထေးနိုင်သောလည်း မိမိ၏ ပကတိသဘာဝမှာ

၃၄၇။ **Brian Edward Brown, The Buddha Nature: A Study of the Tathagatabarbha and Alayavijnana, Motilal Banarsidass Publishers(2004), p-125-134**

သန့်စင်လေသည့်နည်းတူ ယာယီပေါ် ကိလေသာများသည်လည်း တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ကို မစွန်းထင်း မညစ်ပတ်စေနိုင်ပေ။ ထို့အပြင် ရေစာတ်သည် မိမိ၏ အစိုဓာတ်ဖြင့် အပင်များ သတ္တဝါများကို သက်ရှင်ကြီးထွားအောင် ထောက်ပံ့နေသကဲ့သို့ တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည်လည်း သတ္တဝါတို့ သန္တာန်ဝယ် ပုညကိရိယာ ကုသိုလ် ကမ္မပထတရားများ စရဏတရားများ (ဒါန သီလ ဘာဝနာ) နှင့် ပါရမီတရားများ ပြန့်ပြောပွားစီး ရှင်သန်အောင် ထောက်ပံ့နေလေသည်။

(၂) တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် သတ္တဝါတို့၏ ဓမ္မလမ်းခရီး အတွက် အားကြီးသော အကြောင်းတရားကို ဖြစ်ပေါ်စေနိုင်၏။ အချို့သော သတ္တဝါတို့သည် လောကီ သာယာမှုတို့ကို ခုံမင်၏။ ဥစ္စာပစ္စည်း နှင့် ရာထူးအာဏာတို့ကို မက်မောစွဲလမ်း၏။ ထို သတ္တဝါတို့သည် လောကမှ ထွက်မြောက်ကြောင်း ဓမ္မတရားတို့ကို မနှစ်သက်တတ်ချေ။ ဤသို့သော သတ္တဝါမျိုးအတွက် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် သံသရာဘေးကို ထိတ်လန့်စေရန်နှင့် ဓမ္မလမ်းခရီးကို လျှောက်စေရန် ဆင့်ခေါ်လှုံ့ဆော်ပေးတတ်၏။

အချို့သော သတ္တဝါတို့သည် အတ္တ၏ အရှိတရားကို များစွာ နှစ်သက်စွဲလမ်းကြ၏။ ထိုသတ္တဝါတို့သည် လောကမှ ထွက်မြောက်ကြောင်း ဓမ္မတရားတို့ကို ကျင့်ကြံအားထုတ်ကြစေဦးတော့ ယင်းတို့သည် မိမိ အတ္တကိုသာ ဗဟိုပြုလျက် ကျင့်ကြကုန်၏။ မိမိအတ္တ၏ လွတ်မြောက်ရေးဟူသော အစွဲအလမ်းလည်း ရှိကြပေ၏။ ဤသို့သော သတ္တဝါမျိုးအတွက် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် သတ္တဝါ အားလုံးသန္တာန်တွင် အညီအမျှ ကိန်းဝပ်တည်ရှိနေသော ဗောဓိဉာဏ်မျိုးစေ့ကို ညွှန်ပြလျက် မိမိအတ္တ ဗဟိုပြုသော အမြင်ကျဉ်း ဘာဝနာအကျင့်ကို ပယ်ခွာပေးနိုင်၏။

အချို့သော သတ္တဝါတို့သည် လောကမှ ထွက်မြောက်ကြောင်း ဓမ္မတရားတို့ကို မိမိအတ္တအတွက်သာမက အများအတွက် ကျင့်ကြံလိုသော စေတနာ ရှိကြသော်လည်း ဘဝသံသရာ၏ ဒုက္ခအဖုံဖုံကို ကြောက်ရွံ့တတ်ကြ၏။ မဟာယာန ဓမ္မတရား၏ ပါရမီလမ်းစဉ်ကို မြင်လျှင် တုန်လှုပ်ခြောက်ခြား တွန့်ဆုတ်တတ်ကြလေ၏။ ဤသို့သော သတ္တဝါမျိုးအတွက် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် ဒုက္ခဆင်းရဲမှုတရားတို့ အတွင်းအနှစ်သား မခိုင်မြဲပုံနှင့် သံသရာဆင်းရဲ၏ အနှစ်သာရသည် ဗုဒ္ဓသဘာဝ၏ ဉာဏ်ပညာနှင့် ငြိမ်းချမ်းမှုတို့သာ ဖြစ်ကြောင်း ညွှန်ပြ၏။

အချို့သော သတ္တဝါတို့သည် ဘဝသံသရာ၏ ဒုက္ခအဖုံဖုံကို ကြောက်ရွံ့တတ်

ကြသောကြောင့် အများဝေနေယျကို ကူညီကယ်တင်ရန် အလိုမရှိကြတော့ဘဲ မိမိ၏ အတ္တချုပ်ငြိမ်းရေး သံသရာဆက် ပြတ်တောက်ရေးကိုသာ ဦးတည်လျက် ကျင့်ကြံကြလေသည်။ ဤသို့သော သတ္တဝါမျိုးအတွက် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် အများနှင့် သက်ဆိုင်သော သာမညဓမ္မဖြစ်ကြောင်းကို ပြည့်ဆွန်နေပါ၏။

(၃) တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် ဓမ္မဘာဝနာတို့၏ အမြင့်မြတ်ဆုံးသော အကျိုးဖလအဖြစ်ကိုလည်း ထင်လင်းစွာပြ၏။ လောကသည် မသန့်ရှင်းမစင်ကြယ်သော ဘရားများ (အကုသိုလ်နှင့် အကျိုး ဒုက္ခ) ရှိသလို သန့်ရှင်းစင်ကြယ်သောတရားများ (ကုသိုလ်နှင့် အကျိုးသုခ) လည်း ရှိကြ၏။ ဘာဝနာရှင်သည် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ကို ဆိုက်ရောက်လေသော် လောက၏ သန့်စင်ခြင်း-မသန့်စင်ခြင်းတည်းဟူသော ဒွိစုံအစွန်းတရားများမှာ လွန်မြောက်လျက် လောကုတ္တရာဓမ္မ၏ ပကတိ သန့်စင်ခြင်း အစစ် (အနှိုင်းမဲ့သန့်စင်ခြင်း) ကို ရရှိစေ၏။

ထိုနည်းတူ လောကသည် အတ္တဘာဝ (မိမိဖြစ်ခြင်း၊ ကိုယ်ပိုင်ဖြစ်ခြင်း၊ အစိုးရခြင်း) ရှိသလို အနတ္တဘာဝ (မိမိ မဖြစ်ခြင်း၊ မိမိ မပိုင်ခြင်း၊ အစိုးမရခြင်း) တို့လည်း ရှိကြ၏။ ဘာဝနာရှင်သည် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ကို ဆိုက်ရောက်လသော် လောက၏ အတ္တဘာဝ-အနတ္တဘာဝတည်းဟူသော ဒွိစုံအစွန်းတရားများမှာ လွန်မြောက်လျက် လောကုတ္တရာဓမ္မ၏ ပကတိ အတ္တဘာဝ (အနှိုင်းမဲ့တည်ရှိခြင်း) ကို ရရှိစေ၏။

ထိုနည်းတူ လောကသည် နိစ္စဘာဝ (တည်မြဲခြင်း၊ ခိုင်မာခြင်း၊ မရွေ့လျောခြင်း) ရှိသလို အနိစ္စဘာဝ (မတည်မြဲခြင်း၊ မခိုင်မာခြင်း၊ ရွေ့လျောခြင်း) တို့လည်း ရှိကြ၏။ ဘာဝနာရှင်သည် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ကို ဆိုက်ရောက်လေသော် လောက၏ နိစ္စဘာဝ-အနိစ္စဘာဝတည်းဟူသော ဒွိစုံအစွန်းတရားများမှာ လွန်မြောက်လျက် လောကုတ္တရာဓမ္မ၏ ပကတိ နိစ္စဘာဝ (အနှိုင်းမဲ့ခိုင်မြဲခြင်း) ကို ရရှိစေ၏။

(၄) တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ကို ဟင်းလင်းပြင် အာကာသနှင့် တူကြောင်း ဆိုခဲ့ပြီ။ အာကာသဓာတ်သည် နေရာခပ်သိမ်း၌ ပျံ့နှံ့တည်ရှိနေသလို တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) လည်း နေရာတိုင်း၌ တည်နေသော သဗ္ဗဗျာပီဓမ္မဖြစ်၏။ စိတ်၏ မူလပကတိသဘာဝနှင့် ထပ်တူဖြစ်သော တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် အနှစ်သာရအားဖြင့် သုညတာဖြစ်သလို ယင်းသုညတာသည် သိမှုလက္ခဏာရှိသော တရားလည်း ဖြစ်၏။ ဤ သဘာဝနှစ်ရပ် (သုညတာနှင့် ထင်လင်းသိမှု) တို့သည် သတ္တဝါတိုင်း၏ သန္တာန်တွင် ကိန်းသော အမတေ တရားများ

ဖြစ်လေသောကြောင့် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ကို နေရာတိုင်း၌ တည်နေသော သဗ္ဗဗျာပီဓမ္မဟူ၍ ဆိုရခြင်း ဖြစ်၏။

ထိုနည်းတူပင် ဟင်းလင်းပြင် အာကာသသည် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးနှင့် အတွင်းအပြင် အနီးအဝေး အယုတ်အမြတ်တွင် ရှိသမျှသော ဖြစ်ပျက်ပြောင်းလဲမှုတို့၏ အဆုံးစွန်သော တည်ရာ (Ultimate Locus) ဖြစ်ဘိ သကဲ့သို့ တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) လည်း ခန္ဓာ အာယတန ဓာတ် သစ္စာ လောကီ လောကုတ္တရာ ဓမ္မတရား အားလုံးတို့၏ အဆုံးစွန်သော တည်ရာ ဖြစ်ပါ၏။ သတ္တဝါတို့၏ မွေးဖွားခြင်း၊ ရင့်ကျက်ခြင်း၊ သေဆုံးခြင်း၊ ဓမ္မကို ကျင့်သုံးဆောက် တည်ခြင်း၊ ဓမ္မကိုသိမြင်ခြင်း၊ နိဗ္ဗာန်ဝင်စံခြင်း စသော အဖြစ်အပျက် အစုအပေါင်း ဟူသမျှတို့သည် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ၏ ရင်ခွင်အတွင်း၌ ဖြစ်ခွင့်ရသော အရာများသာဖြစ်၏။ လိုင်းတို့ မည်သည် မဟာသမုဒ္ဒရာ၏ နယ်နမိတ်အတွင်း၌ သာ ဖြစ်ရိုးပျက်ရိုး ထုံးစံရှိသကဲ့သို့ ဖြစ်၏။

မြေထုသည် ရေထုပေါ် တည်နေ၏ ရေထုသည် လေထုပေါ်တည်နေ၏ လေထုသည်ကား ဟင်းလင်းပြင် အာကာသ၌တည်နေပြီး ဟင်းလင်းပြင် အာကာသ သည် အရာခပ်သိမ်း၏ အဆုံးစွန်သော တည်ရာ ဖြစ်နေပုံကို ရူပကအလ်ကာအဖြစ် ဖြင့် ဖော်ပြရလျှင် ခန္ဓာ အာယတနဓာတ်တရားတို့သည် ကမ္မသတ္တိပေါ် တည်နေ၏။ ကမ္မသတ္တိသည် ကိလေသာတရားတို့အပေါ် တည်နေ၏။ ကိလေသာတရားတို့ သည် အာသဝတရားတို့ ပေါ်တည်နေ၏။ အာသဝတရားတို့သည်ကား တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ၌ တည်နေ၍ တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် အဆုံးစွန်သော တည်ရာ ဖြစ်ပါပေ၏။ ဤနည်းအားဖြင့် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) သည် လောကီ လောကုတ္တရာ သန်တ အသန်တ တရားစု အပေါင်းတို့ တည်မှီရာ မူလ အရှိတရားအခြေခံ (Ground of Being) သဖွယ် ဖြစ်ပါ၏။

(၅) တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ၏ ဂုဏ်ရည် အပေါင်းသည် စင်စစ် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ၏ ကွဲပြားသော အမည်နာမများသာ ဖြစ်၏။ တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ကို ဓမ္မကာယ ဓမ္မဓာတု မူလစိတ္တ ပကတိသဘာဝ သုညတာ တထတာ နိဗ္ဗာန အာဒိဗုဒ္ဓစသော အမည်များဖြင့် ခေါ်ဝေါ်နိုင်သော်လည်း တကယ့် တရားကိုယ်အစစ်မှာ မကွဲမပြား တစ်သားတည်းတစ်ခုတည်းသာ ဖြစ်ပါ၏။

(၆) သတ္တဝါတို့၏ သန္တာန်ဝယ် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ၏ ဂုဏ်ရည် အပေါင်း ကိန်းဝပ်ခညောင်း နေသော်လည်း သတ္တဝါတို့သည် အဝိဇ္ဇာ အာသဝနှင့် ကိလေသာ အမှောင်တိုက် မောဟတရားတို့ မှေးယှက်ပိတ်ဖုံးနေမှုကြောင့် မသိမမြင် နိုင် ဖြစ်နေရပုံကို ဥပမာ ၉ ပါးဖြင့် ဆောင်ပြခဲ့၏။ မီးခိုးကိုမြင်လျှင် မီးရှိကြောင်း

ဆင်ခြင်နိုင်သကဲ့သို့ တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ၏ ဂုဏ်ရည်ကို မြင်လျှင် တထာဂတဂဗ္ဘ (ဗုဒ္ဓ သဘာဝ) ၏ ကိန်းဝပ်နေမှုကို ဆင်ခြင်နိုင်ပါ၏။

(က) ပထမဥပမာမှာ တင့်တယ်သပ္ပာယ်လှပသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို အကျည်းတန်ညှီးနွမ်းသော ကြာပန်းက ငုံအုပ်ဖုံးကွယ်ထားပုံပမာ ဖြစ်၏။ ကိလေသာတို့သည် အကျည်းတန်ညှီးနွမ်းသော ကြာပန်းဖြစ်၍ ဗောဓိဉာဏ်သဘာဝသည် တင့်တယ်သပ္ပာယ်လှပသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပမာ ဖြစ်၏။

(ခ) ဒုတိယဥပမာမှာ ရသမွေးပျံသင်းကြိုင်သော ပျားရည်ရိုရာ ပျားလဘို့ကို အန္ဓရာယ်ပျားကောင်အုပ်စုက ဝန်းရံကာဆီးနေပုံပမာ ဖြစ်၏။ ကိလေသာတို့သည် အန္ဓရာယ် ပျားကောင်အုပ်စုဖြစ်၍ ဗောဓိဉာဏ် သဘာဝသည် ရသမွေးပျံ သင်းကြိုင်သော ပျားရည်ပမာ ဖြစ်၏။

(ဂ) တတိယဥပမာမှာ အဆီအနှစ်ပြည့်ဝသော သလေးဆန်သည် စပါးခွံအဖုံးအကာအောက်တွင် ရောက်ရှိနေသည့် ပုံပမာဖြစ်၏။ ကိလေသာတို့သည် စပါးခွံအဖုံးအကာဖြစ်၍ ဗောဓိဉာဏ်သဘာဝသည် အဆီအနှစ် ပြည့်ဝသော သလေးဆန်ပမာ ဖြစ်၏။

(ဃ) စတုတ္ထဥပမာမှာ ခရီးသွားတစ်ဦးသည် ရွှေအသပြာထုပ် ချောက်ထဲကျရောက်ပျောက်ဆုံးလေရာ ရွှေအသပြာထုပ်ကို တောနွယ်ချုံပုတ် ပိတ်ပေါင်းတို့က ဖုံးကွယ်ပျောက်ဆုံးနေစေသည့် ပုံပမာဖြစ်၏။ ကိလေသာတို့သည် တောနွယ် ချုံပုတ်ပိတ်ပေါင်းတို့ပမာဖြစ်၍ ဗောဓိဉာဏ်သဘာဝသည် ရွှေအသပြာထုပ်ပမာ ဖြစ်၏။

(င) ပဉ္စမဥပမာမှာ သူဆင်းရဲတစ်ဦးသည် ဘဝဝမ်းစာကို တရိုက်ရှားရှာဖွေရှာနေရသော်လည်း သူ၏ အိမ်စုတ်ကလေးအောက်တွင် ရတနာရွှေအိုးကြီး ရှိနေခဲ့သည့် ပုံပမာ ဖြစ်၏။ ကိလေသာတို့သည် သူဆင်းရဲတစ်ဦးသည် ဘဝဝမ်းစာကို တရိုက်ရှားရှာ ဖွေရှာနေရခြင်းဖြစ်၍ ဗောဓိဉာဏ်သဘာဝသည် အိမ်စုတ်ကလေးအောက်တွင် ရှိနေသော ရတနာရွှေအိုးကြီးပမာ ဖြစ်၏။

(စ) ဆဋ္ဌမဥပမာမှာ ဧရာမကြီးမားလာမည့် ပညောင်ပင်ကြီး၏သဏ္ဌာန်နှင့် အရိုတရားသည် အလွန်သေးငယ်လှသော ပညောင်မျိုးစေ့ကလေးထဲတွင် ဆန်းကြယ်စွာ ကိန်းအောင်းတည်ရှိနေသည့် ပုံပမာ ဖြစ်၏။ ကိလေသာတို့သည် သေးငယ်လှသော ပညောင်မျိုးစေ့ဖြစ်၍ ဗောဓိဉာဏ်သဘာဝသည် ဧရာမကြီးမားလာမည့် ပညောင်ပင်ကြီးပမာ ဖြစ်၏။

(ဆ) သတ္တမဥပမာမှာ ရတနာမျိုးစုံ စီခြယ်မွမ်းမံအပ်သော ရုပ်ပွားတော်တစ်ဆူကို ညစ်ပေစုတ်ပြတ်သော အဝတ်စတို့ဖြစ် ပတ်ရစ်ဖုံးလွှမ်းထားသည့် ပုံပမာ ဖြစ်၏။ ကိလေသာတို့သည် ညစ်ပေစုတ်ပြတ်သော အဝတ်စတို့ဖြစ်၍ ဗောဓိဉာဏ်သဘာဝသည် ရတနာမျိုးစုံ စီခြယ်မွမ်းမံအပ်သော ရုပ်ပွားတော်တစ်ဆူပမာ ဖြစ်၏။

(ဇ) အဋ္ဌမဥပမာမှာ ကူကယ်သူမဲ့နေသော အရုပ်ဆိုး သူတောင်းစားမတစ်ယောက်သည် အနာဂတ်ကာလတွင် ရေမြေသနင်း ဧကရာဇ်မင်းဖြစ်မည့် ဘုန်းကံရှင် သားရတနာတစ်ပါးကို သန္ဓေလွယ်ထားသည့် ပုံပမာ ဖြစ်၏။ ကိလေသာတို့သည် ကူကယ်သူမဲ့နေသော အရုပ်ဆိုး သူတောင်းစားမ ဖြစ်၍ ဗောဓိဉာဏ်သဘာဝသည် ဧကရာဇ်မင်းဖြစ်မည့် ဘုန်းကံရှင် သားရတနာပမာ ဖြစ်၏။

(စျ) နဝမ ဥပမာမှာ ရန်သူတို့ လုယက်ယူငင်မည့် ဘေးကြောင့် ရွံစေးတို့ဖြင့် ဖုံးအုပ် လိမ်းကျံလျက်ထားရသော ရွှေစင်သားအတိပြီး ဗုဒ္ဓရုပ်ပွားတော် တစ်ဆူ၏ ပုံပမာ ဖြစ်၏။ ကိလေသာတို့သည် ရွံစေးတို့ဖြင့် ဖုံးအုပ် လိမ်းကျံလျက်ထားရသော အခြေအနေဖြစ်၍ ဗောဓိဉာဏ် သဘာဝသည် ရွှေစင်သားအတိပြီး ဗုဒ္ဓရုပ်ပွားတော် တစ်ဆူပမာ ဖြစ်၏။

အထက်ပါဥပမာ (၉) မျိုးကို ကြည့်လျှင် မွန်မြတ်ကောင်းမွန်သော တန်ဖိုးကို အပေါ်ယံ ညစ်နွမ်းသော အခြေအနေက ဖုံးကွယ်ထားသော ဥပမာများ ဖြစ်၏။ ညစ်နွမ်းမှု ဆင်းရဲနိမ့်ကျမှုတို့သည် အမှန်တရား မပေါ်ပေါက်သေးခင် ယာယီမျှသာ ဖြစ်သကဲ့သို့ သတ္တဝါတို့၏ ကိလေသာဖြင့် လိမ်းကျံနေရသော အခြေအနေမှာလည်း ယာယီမျှသာ ဖြစ်ပါ၏။ တထာဂတဂဗ္ဘ၏ ဗုဒ္ဓသဘာဝက ထွန်းလင်းတောက်ပလာသောအခါတွင် မကောင်းသော ဂုဏ်ရည်များအားလုံး ကွယ်ပျောက် လွင့်စင်ရမည်သာ ဖြစ်ပါ၏။ တထာဂတဂဗ္ဘသည် ကိလေသာအပေါင်းမှ စင်ကြယ်သောကြောင့် အဝိနိမုတ္တ ကိလေသာကောသ ဖြစ်သည်ဟုလည်း ဆိုပါ၏။

မဟာယာနသဒ္ဓေါ့ပါဒ သ္သတ္တရ (Awakening of Faith) တွင် လာသော တထာဂတဂဗ္ဘနှင့် တထတာ

မဟာယာနသဒ္ဓေါ့ပါဒ သ္သတ္တရသည် တရုတ်မဟာယာန ဗုဒ္ဓဘာသာတွင် အရေးပါပြီး ယင်းကျမ်းကို ဗုဒ္ဓဓမ္မ ကဗျာဆရာကြီး အဿဃောသက ရေးသားစီရင်ခဲ့

သည်ဟု ယုံကြည်ကြလေသည်။ သို့သော်လည်း ယနေ့ခေတ် ဗုဒ္ဓဝါဒ စာပေပညာရှင် အများကမူ ဤအချက်ကို လက်မခံဘဲ မဟာယာနသဒ္ဓေပ္ပါဒ သျှတ္တရသည် တရုတ်ပြည်ထွက် လက်ရာဖြစ်ကြောင်း သတ်မှတ်ကြ၏။ မဟာယာနစာပေ ပညာရှင် ဝေါ်လတာ လီဘန်ထယ် (Walter Liebenthal) ၏ အလိုအရ ဒေါင်ချန်းဟု အမည်ခံသော ကွန်ဖြူးရှပ်ဝါဒီ ပညာရှင်တစ်ဦးက အေဒီ - ၅၃၄ ခန့်တွင် ရေးသားခဲ့ဟုဆိုပါသည်။[၃၄] မဟာယာနစာပေ ပညာရှင် ဝီလီယံ့ ဂရော့စနစ် (William H Grosnick) ကမူ မဟာယာနသဒ္ဓေပ္ပါဒ သျှတ္တရသည် အိန္ဒိယ မဟာယာနရဟန်းတော် ပရမတ္ထမထေရ်၏ လက်ရာဖြစ်သည်ဟု ဆိုပြန်သည်။ ပရမတ္ထမထေရ်သည် တရုတ်ပြည်တွင် ဗုဒ္ဓသာသနာပြုခဲ့သော အိန္ဒိယ ရဟန်းတော်တစ်ပါး ဖြစ်၏။

ဤသို့ ပညာရှင်များ အယူအဆကွဲပြားနေသော မဟာယာနသဒ္ဓေပ္ပါဒ သျှတ္တရသည် အိန္ဒိယဆန်သော ဒဿနအမြင်များကို တရုတ် အတွေးအခေါ်များနှင့် ပေါင်းစပ် ရောမွှေထားဟန်တူသော လက်ရာဖြစ်ပြီး ယောဂါစာရ ဒဿနနှင့် တထာဂတဂဗ္ဘဆိုင်ရာ အယူအဆများကို ပေါင်းစည်းဆက်စပ်ပြထားသော အမြင်သစ်ကို တွေ့ရလေသည်။ မူလ တထာဂတ ဂဗ္ဘဆိုင်ရာ အယူအဆများမှာ သတ္တဝါတို့၏ သိမှုအခြေခံသဘောနှင့် လွတ်မြောက်ခြင်း ဉာဏ်အမြင် (ဝိမုတ္တိဉာဏဒဿန) တို့ဘက်ကို အလေးပေးထားသည်နှင့် နှိုင်းစာလျှင် မဟာယာနသဒ္ဓေပ္ပါဒ သျှတ္တရသည် တက္ကိုက အမြင် လွန်ကဲနေသောကျမ်း ဖြစ်သည်။ စကြဝဠာ ဖန်ဆင်းဖြစ်ပေါ်ပုံကို နာမ်ဝါဒဆန်ဆန် တင်ပြထားသည်ကို တွေ့ရ၏။

မဟာယာနသဒ္ဓေပ္ပါဒ သျှတ္တရ၏ အလိုအရဆိုရလျှင် လောကီ လောကုတ္တရာနှစ်ဖြာသော နယ်ပယ်တို့၌ ရှိရှိသမျှ ခပ်သိမ်းကုန်သောဓမ္မသဘောတို့သည် တထတာ (တထာဂတဂဗ္ဘ) က ဖော်ဆောင် ထုတ်ပြသော အရာများသာ ဖြစ်သည်။ အရှိဓမ္မတရား၏ တစ်လုံးတစ်ဝတည်း ပေါင်းစည်းဖြစ်တည်နေမှု သဘောသည် မဟာယာနသဒ္ဓေပ္ပါဒ သျှတ္တရ၏ အခြေခံ အကျဆုံးသော အမြင် ဖြစ်သည်။ ဒင်္ဂါးပြားတစ်ချပ်၏ သတ္တုသားသည် ခေါင်းဘက်နှင့် ပန်းဘက်တို့၏ အောက်ခြေအမာခံ အရှိတရားသဖွယ် ဖြစ်ဘိသကဲ့သို့ တထာဂတဂဗ္ဘသည် နိဗ္ဗာန်နှင့် သံသရာတို့၏ အောက်ခြေအမာခံ အရှိတရားသဖွယ်ဖြစ်ကြောင်း မဟာယာနသဒ္ဓေပ္ပါဒ သျှတ္တရက ဆိုပါသည်။[၃၅]

၃၄။ Liebenthal, W. (1959) 'New Light on the Mahayana-Sraddhotpada shastra', *T'oung Pao* 46 (3–5): 155–216.

၃၅။ Hakeda, Y. S. (1967) *The Awakening of Faith*, New York: Columbia University Press.p-32,77,78

မဟာယာနသဒ္ဓေပ္ပါဒ သျှတ္တရ၏ အလိုအရ တထာဂတဂဗ္ဘ၏ ပင်ကိုယ် သဘာဝသည် တထတာဖြစ်၏ နိဗ္ဗာန် ဖြစ်၏ အမတ တရားဖြစ်၏။ တထာဂတဂဗ္ဘ သည်အစ မွေးဖွားခြင်းမရှိသော အနာဒိ-အဇာတ တရားဖြစ်၏။ ဘာသာဗေဒနှင့် ပညတ်လောကကို ကျော်လွန်နေလေသည်။ လောက၏ အမျိုးမျိုး အဖုံဖုံ ကွဲပြားခြားနားမှု နာနတ္တတရားများသည် မာယာ လှည့်စားမှုမျှသာဖြစ်ပြီး တထတာသည် လောက၏ အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားမှု နာနတ္တတရားများမှ ကင်းဝေး သုဉ်းဆိတ်သောကြောင့် သုညတာဓမ္မဖြစ်သည်ဟုလည်း မဟာယာန သဒ္ဓေပ္ပါဒ သျှတ္တရက ယူဆသည်။ သို့သော် တထတာသည် စစ်မှန်ခြင်း၊ ခိုင်မာမြဲမြံခြင်း၊ မွန်မြတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းစသော တန်ဖိုးများနှင့် ပြည့်ဝနေသောကြောင့် အ-သုည (ပရိ ပုဏ္ဏ ဓမ္မ) ဟုလည်း ခေါ်ပါသည်။

တထာဂတဂဗ္ဘကို စကြဝဠာ ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်၏ အခြေခံမောင်းနှင်အားအနေဖြင့် ယူဆထားသည်ကို တွေ့နိုင်ပါသည်။ မဟာယာန သဒ္ဓေပ္ပါဒ သျှတ္တရ၏ အလိုအရ မူလပကတိစိတ္တ (သို့မဟုတ်) တထာဂတဂဗ္ဘသည် (၁) ဗောဓိဉာဏ် သဘာဝလည်းရှိ (၂) အဝိဇ္ဇာသဘာဝလည်း ရှိလေသည်။ ဗောဓိဉာဏ်သဘာဝကို = သဘာဝတ္ထ ဗောဓိဉာဏ်သဘာဝ= အားထုတ်ကြိုးပမ်းရရှိသော ဗောဓိဉာဏ်သဘာဝ ဟူ၍ နောက်ထပ် ၂ မျိုး ထပ်ခွဲထားပါသည်။

(၁) သဘာဝတ္ထ ဗောဓိဉာဏ်သဘာဝ ဟူသည်မှာ စိတ်၏ ပကတိသဘာဝ ဖြစ်သော ကိလေသာအညစ်အကြေးတို့မှ သန့်စင်ကင်းပလျက် ထာဝရတည်တံ့နေခြင်း (ပရိပုဏ္ဏာ ကူဋဋ္ဌာယီနိစ္စ) နေရာခပ်သိမ်းဝယ် ပျံ့နှံ့တည်ရှိခြင်း (သဗ္ဗဗျာပီ) အာကာသဟင်းလင်းပြင်ကဲ့သို့ အပိတ်အဆို့ အတားအဆီး မရှိခြင်း (အပ္ပဋိဃာတ) အရာခပ်သိမ်းကို သိမြင်နိုင်ခြင်း (သဗ္ဗဒဿီ) စသည့် ဂုဏ်အင်အပေါင်းကို ဆိုပါ၏။

မူလဘူတအရင်းခံ ပညာဟူသည်မှာ အခြားမဟုတ် စိတ်၏ ပကတိသဘာဝသာဖြစ်ပြီး ၄င်းသည်တွေးကြံသိတို့မှ လွန်မြောက်ပြီးပြည့်စုံသော သဘောရှိ၏။ ဟင်းလင်းပြင်ကဲ့သို့ နေရာမလပ် ပျံ့နှံ့တည်ရှိပြီး ကြေးမုံကဲ့သို့ ပုံရိပ် ထင်သော်လည်း အတွင်းသား ဆိတ်သုဉ်းနေသော သဘာဝလည်း ဖြစ်၏။ ယင်း မူလဘူတအရင်းခံပညာသည် ဓမ္မကာယ ဖြစ်ပါ၏။

(၂) စိတ်၏ မူလအရင်းခံသဘာဝ အတွင်းမှာ မသိမှု အဝိဇ္ဇာဓာတ် ကိန်းဝပ်နေခဲ့ပြီး ထို သိမ်မွေ့နူးညံ့လှသော အဝိဇ္ဇာသည် ပြိုးပျက်တောက်ပစင်ကြယ်သော စိတ်၏ မူလအရင်းခံသဘာဝကို အတ္တအဖြစ် မှောက်မှားထင်မြင်လေရာမှ သံသရာသည် စခဲ့ပါ၏။ အဝိဇ္ဇာဓာတ်ကို အခြေခံသော သညာအစုအဝေးတို့ကြောင့် ပရမတ်

အရှိတရားတို့ကို ပညတ္တိတရားမျိုးတို့က ဖုံးလွှမ်းသွားလေသော အခါဝယ်မရှိသော အရှိယောင် လောကတရားတို့အပေါ် သတ္တဝါတို့၏ ကိလေသာ တရားများက ပူးကပ်နှိပ်စက်စေ၏။ မရှိသော အရာကို အရှိ မမြဲသောအရာကို တည်မြဲဆင်းရဲသော အရာကို ချမ်းသာအနေဖြင့် လှည့်စားခံရသော သတ္တဝါတို့သည် လောက သံသရာဝယ် ကျင်လည်နေကြရကြောင်းနှင့် မူလဘူတ အရင်းခံပညာ ပေါ်ပေါက်စေရန် ကျင့်စဉ်မှာ တွေးကြံသိတို့မှ လွန်မြောက်ရန်အတွက် အတွေးအကြံ မှန်သမျှကို သိမှတ်ပိတ်ဆို့ တားဆီးနိုင်ရန်အတွက် ကျင့်သုံးရမည် ဖြစ်ကြောင်း မဟာယာနသဒ္ဓေပ္ပါဒ သျှတ္တရကျမ်းက အဆိုပြုထား၏။[၃၀]

တွေးသိစိတ်အလျှင်ကို ဖြတ်တောက် ပစ်လိုက်ခြင်းအားဖြင့် စိတ်၏ မူလသဘာဝ အခြေအနေသို့ ပြန်လည်ရောက်ရှိစေနိုင်ပြီးလျှင် ကြေးမုံပြင် တစ်ချပ်[၃၁] ကဲ့သို့ အညစ်အကြေး လုံးဝကင်းစင်နေပြီး သန့်စင်တောက်ပနေသော စိတ်၏ ပကတိ သဘာဝကို မျက်မှောက်ပြုနိုင်ပေလိမ့်မည် ဖြစ်၏။ ယင်းသည်ကား ဓမ္မကာယ အစစ်သာ ဖြစ်တော့၏။ ထို့ကြောင့် ဓမ္မကျင့်စဉ် အားထုတ်မှုမှန်သမျှသည် အဆိုပါ စိတ်သဘာဝကို ဖုံးကွယ်ထားလေသော ယာယီအာဂန္တုက ကိလေသာ အညစ်အကြေး များ လွင့်စင်သွားစေရန်သာ ဖြစ်၏။ သို့မှသာလျှင် သန့်စင်တောက်ပနေသော စိတ် ၏ ပကတိ သဘာဝသည် သူ့အလိုလို ရုတ်တရက် ဖြိုးဖျတ် တောက်ပ ပေါ်လွင်လာ မည် ဖြစ်ပေသည်။

မဟာယာန သဒ္ဓေပ္ပါဒ သျှတ္တရ၏ အမြင်သည် တာအိုဝါဒီ ဟွေနန်ဇူ (Huai Nan Tsu) ၏ သန့်စင်တောက်ပနေသော စိတ်၏ ပကတိ သဘာဝ အယူအဆနှင့် ဆင်တူ၏။ တာအိုဝါဒီ ဟွေနန်ဇူက အောက်ပါအတိုင်း ဆိုခဲ့၏။

"လူသား၏ မူလဘူတ ပကတိသဘာဝ သည် သန့်ရှင်းစင်ကြယ်ပြီး အညစ်အကြေးမရှိဘဲ တောက်ပနေ၏။ လူ့စိတ်သည် ထိုထိုရာရာ လောကီဝတ္ထုများနှင့် တွေ့ထိလျက် တဏှာရာဂ စိတ်နှင့် ခံစားမှု ဝေဒနာများ ဖြစ်ပေါ်လာသောအခါဝယ် ယင်းနကိုသဘာဝသည် အဖုံးကွယ် ခံလိုက်ရပေသည်။ တိမ်တိုက်မဲတို့သည် ကြယ်တာရာတို့ကို ဖုံးကွယ်ထားသည့်နည်းတူ လူ၏ ပင်ကိုယ်ကောင်းမြတ်သော သဘာဝကို ယာယီဖြစ်ပေါ်လာသော တဏှာရာဂ စိတ်နှင့် ခံစားမှု ဝေဒနာများက ဖုံးကွယ်လို့ ထားလေသည်။"

၃၀။ Hakeda, Y. S. (1967) *The Awakening of Faith*, New York: Columbia University Press.p-50

၃၁။ Wilhelm, R. (1985) *Lao Tzu: Tao Te Ching*, English trans. by H. G. Ostwald, London: Routledge & Kegan Paul.; *108–9*

နိဂုံးချုပ်သုံးသပ်ရလျှင် တထာဂတဂဗ္ဘ အယူအဆသည် အာရှအရှေ့ဖျား ဒေသရှိ တရုတ်နှင့် ဂျပန် မဟာယာနဂိုဏ်းများအတွက် ဗဟိုချက်မ အရေးပါသော မဏ္ဍိုင်ပြုဒဿန တစ်ရပ် ဖြစ်လာခဲ့၏။ ချန်(ဈာန်) တိယင်တိုင်း (တင်ဒိုင်း) ဟွာယင်း (ကီဝွန်း) နှင့် ရှင်ဝွန်းဂိုဏ်းများတွင် အထွဋ်အထိပ်တင် ဆွေးနွေးခဲ့ကြ၏။ ရှေ့အခန်းတွင် ဟွာယင်း (ကီဝွန်း) ဂိုဏ်း၏ တထာဂတဂဗ္ဘ အယူအဆနှင့် အဝဋ်သက သုတ္တန်ကို အခြေခံသော အရာခပ်သိမ်း၏ စိမ့်ဝင်နှယ်ယှက် ပေါင်းစည်းဆက်စပ်ခြင်း သဘောဓမ္မ (The Doctrine of the Interdependence and Interpenetration of All) ကို စေ့ငလေ့လာ ကြည့်ကြပါစို့။

❐ ❐ ❐





အခန်း (၆)

ဟွာယင်း (အဝဋ်သက) ဂိုဏ်း၏ သမန္တပရိပုဏ္ဏ ဒဿန

မြင့်ခေါင်ဝေသီသော ဟိမဝန္တာတောင်တန်းကြီးများ မြန်မာသစ်တောကြီးများက ကာဆီးထားသောကြောင့် သမိုင်းပညာရှင်များသည် ယေဘုယျအားဖြင့် အိန္ဒိယ ယဉ်ကျေးမှုနှင့် တရုတ်ယဉ်ကျေးမှုကို တစ်ခန်းတစ်ကဏ္ဍစီအဖြစ် သီးသန့်. ခွဲခြား ရှုမြင်လေ့ရှိ၏။ စင်စစ် ဤသမိုင်းအမြင်သည် ပါစင်အောင်လွဲနေ၏။ အဘယ်ကြောင့် ဆိုသော် ဤ ရှေးဟောင်း ယဉ်ကျေးမှုကြီးနှစ်ရပ်သည် အာရှအလယ်ပိုင်းဒေသတွင် ဆုံတွေ့ကြသည်သာဖြစ်၏။ အိန္ဒိယမှ သကျမုနိ ဂေါတမဗုဒ္ဓ၏ သာသနာတော်သည် ကက်ရှမီးယားနှင့် အာဖဂန်နစ္စတန်ဒေသများကို ဖြတ်သန်းလျက် တရုတ်ပြည်သို့ ရောက်ရှိခဲ့၏။

အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်ဝှမ်းလွင်ပြင်၏ အနောက်မြောက်ဖက်ဒေသမှ အစပြု သော လမ်းမသည် ရှရီနာဂါနှင့် လေ(လဒတ်) တို့ကို ဖြတ်လျက် ကာရာကိုရမ်မှ တစ်ဆင့် တက္ကလာမာကန် သဲကန္တာရအစပ်ရှိ ယာခနသို့တိုင်အောင် ပေါက်၏။ ကုန်သွယ်လမ်းများသည် တက္ကလာ မာကန် သဲကန္တာရကို တောင်ဖက်နှင့် မြောက်ဖက်တို့မှ ကွေ့ရောင် ဖြတ်ကျော် ပြီးလျှင် အနောက်ဖက်တွင် ကက်ရှဂါမြို့ အရှေ့ဖက်တွင် ထွန်းဟွမ်မြို့များသို့ အသီးသီး ဆိုက်ရောက်ကြရာတွင် ယာခန်သည် တောင်ဖက်လမ်းတွင်ရှိသလို ကုချနှင့် တုဖန်မြို့များသည် မြောက်ဖက်လမ်းပေါ်တွင် ရှိကြ၏။ အဆိုပါမြို့များ အားလုံးသည် ချန်အန်(တရုတ်ပြည်) မှ အနောက်ဖက်စူးစူး

မြေထဲပင်လယ်ဒေသမှ အနှံတီရော့နှင့် တိုင်ယာမြို့များကို ဆက်သွယ်ထားသော ကမ္ဘာကျော်ပိုးလမ်းမကြီးပေါ်တွင် ရှိကြလေသည်။

ဘီစီ ၄ ရာစု ခေတ်က မဟာအလက်ဇန်းဒါးဘုရင်သည် အိန္ဒိယ အနောက်မြောက်ဒေသကို ထိုးဖောက်သိမ်းပိုက်ပြီးလျှင် ဘက်ထရီးယားဒေသ (ယခု အာဖဂန်နစ္စတန် မြောက်ပိုင်း) တွင် ဂရိကိုလိုနီများ တည်ထောင်ခဲ့ပြီး ဂရိဘုရင်များသည် ရံခါဆိုသလို ဂင်္ဂါမြစ်ဝှမ်းဒေသကို တိုက်ခိုက်ခဲ့ကြသည်။ အများသိကြပြီးဖြစ်သည့် အတိုင်း ပါဋ္ဌိပိဋကတ်မှ နာမည်ကျော် မိလိန္ဒမင်းကြီးသည် ဂရိဘုရင်တစ်ပါးဖြစ်ပြီး ဗုဒ္ဓဓမ္မ ကို အထူးစိတ်ဝင်စားစွာ လေ့လာပြီး မိမိ ကိုယ်တိုင်ပင် ရဟန်းပြုခဲ့ကြောင်း ရဟန်းကိစ္စပြီးမြောက်ခဲ့ကြောင်း ဗုဒ္ဓစာပေ မှတ်တမ်းများတွင် ဖော်ပြခဲ့သည်ကို ထောက်၍ ယဉ်ကျေးမှုချင်း ကူးလူး ဆက်ဆံမှု ကို သိနိုင်ပါသည်။ အဆိုပါ ဒေသ (ဂန္ဓာရတိုင်း) တွင် ဂရိ လက်မှုအနုပညာလက်ရာများ ထွန်းကားမှုကြောင့် ပထမ ဆုံးသော လက်ရာမြောက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို စတင်သွန်းထုခဲ့ကြောင့် တွေ့ရ၏။ ဘီစီ (၁) ရာစု အကုန်တွင် အိရန်နွယ်ဖွား လူမျိုးစုများသည် ဂရိတို့ကို ဘက်ထရီးယားနှင့် အိန္ဒိယ အနောက်မြောက်ပိုင်း ဒေသများမှ မောင်းထုတ်ကာ ကုရှန် (ကုရဏ) မင်းဆက်ကို တည်ထောင်ခဲ့ကြလေသည်။

ကုရှန်မင်းဆက်သည် ဘက်ထရီးယားကို ဗဟိုပြုလျက် အေဒီ (၁) ရာစု တွင် အိန္ဒိယပြည် မြောက်ပိုင်းတစ်ခုလုံးကို အပြည့်အဝ ထိန်းချုပ်နိုင်ခဲ့ကြ အာရှ အလယ်ပိုင်း ဒေသများကိုလည်း ကုရှန်အင်ပါယာ လက်အောက်တွင် သိမ်းသွင်း နိုင်ခဲ့၏။ ကုရှန်မင်းတို့သည် ဗုဒ္ဓသာသနာတော်ကို အထူးလေးစားကြည်ညိုသော သာသနာ့ဒါယကာမင်းများ ဖြစ်ခဲ့ကြပြီးလျှင် ဂင်္ဂါမြစ်ဝှမ်းဒေသမှ အာရှတိုက် အလယ်ပိုင်းမှ ပိုးလမ်းမကြီးတိုင်အောင် ကျယ်ပြန့်သော ကုရှန်မင်းဆက်၏ အင်ပါယာ နိုင်ငံတော်သည် ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ထောက်ကူပေးခဲ့ပါသည်။ ခရီးသွား ရဟန်းသံဃာများနှင့် ကုန်သည်များမှ တစ်ဆင့် သကျမုနိဗုဒ္ဓ၏ ဓမ္မရောင်ခြည်စက်ဝန်းသည် ကျယ်ပြန့်စွာ လင်းချင်း ခွင့်ရခဲ့ကြောင်း လေ့လာတွေ့ရှိရ၏။ တစ်ချိန်တည်းတွင် တရုတ်ပြည်မကို ကြီးစိုးနေသော ဟန်မင်းဆက်သည် ပိုးလမ်းမမှတစ်ဆင့် အိန္ဒိယယဉ်ကျေးမှုနှင့် ထိတွေ့ဆက်ဆံ ခွင့် ရခဲ့သောကြောင့် အာရှအလယ်ပိုင်းမှ မြို့ပြများကို အခြေပြုလျက် ဗုဒ္ဓသာသနာသည် တရုတ်ပြည်သို့ ရောက်ရှိခဲ့ပါသည်။ တရုတ်ပြည်သို့ ရောက်ရှိခဲ့သော မဟာယာန ဗုဒ္ဓဘာသာသည် မိမိ၏ မူလပကတိအနှစ်သာရကို မစွန့်သော်လည်း တရုတ် ရေခံမြေခံမှ ယဉ်ကျေးမှု ဒဿန အယူအဆများနှင့် ပေါင်းစပ်လျက် ဗုဒ္ဓဓမ္မ၏

အသွင်သစ်များ ဖူးပွင့်လာခဲ့သည်ကိုတွေ့ရ၏။ ဤသို့ အသစ်ဖြစ်ထွန်းလာသော ဒဿနများအနက် အရာခပ်သိမ်း၏ ပြီးပြည့်စုံစွာ ပေါင်းစည်းဆက်သွယ်မှု (သမန္တ ပရိပုဏ္ဏာသဘာဝ) ကို လင်းပြခဲ့သော ဟွာယင်း ဒဿနအမြင်သည် အနက်နဲဆုံး အပြည့်စုံဆုံး ဖြစ်သည်ကို တွေ့ရပါသည်။

တရုတ်ပြည်သို့ ဗုဒ္ဓသာသနာ ရောက်ရှိပုံ

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ဟန်မင်းဆက်ခေတ်တွင် ပိုးလမ်းမကြီးမှ တစ်ဆင့် အာရှအလယ်ပိုင်းကို ဖြတ်ကျော်၍ တရုတ်ပြည်သို့ ဗုဒ္ဓသာသနာ စတင်ရောက်ခဲ့သည်။ ဟန်မင်းဆက်ခေတ် (အေဒီ ၂၅-၂၂၀) တွင် ပေါ်ထွန်းခဲ့သော မင်း(Ming) ဘုရင် (အေဒီ၅၈-၇၅) သည် မိမိ၏ အိပ်မက်ထဲတွင် ရှင်တော်ဗုဒ္ဓ၏ ရူပါရုံကို ဖူးတွေ့ရသည်ဖြစ်ရာ ဗုဒ္ဓဓမ္မကို စိတ်ဝင်စားသောကြောင့် အိန္ဒိယသို့ သံတမန်စေလွှတ်ကာ လေ့လာစေခဲ့သည်။ အေဒီ ၆၇ ခုနှစ်တွင် ယင်း သံအဖွဲ့နှင့်အတူ ပိဋ္ဌကတ်စာပေများနှင့်အတူ ကဿပနှင့် ဓမ္မရက္ခအမည်ရှိ ရဟန်းတော် (၂) ပါးကို ပင့်ဆောင်လာခဲ့ပြီးနောက် အဆိုပါရဟန်းတော်များက ပိဋ္ဌကတ်စာပေအချို့ကို တရုတ်ဘာသာသို့ ပြန်ဆိုပေးခဲ့၏။ ယင်းတို့အနက်မှ (၄၂)ခန်း သုတ္တန် (The Sutra of 42 Sections) သည် ယနေ့တိုင် ရေပန်းစားနေဆဲ သုတ္တန်တစ်ခုဖြစ်သည်။[၃၅]

အေဒီ (၁) ရာစု အကုန်လောက်တွင် တရုတ်ပြည် လိုယန်မြို့တော်တွင် ဗုဒ္ဓဘာသာဝင်များ အခိုင်အမာ ရှိနေပြီဖြစ်သည်။ ထိုအချိန်ကာလ ဟန်မင်းဆက်ခေတ်တွင် တရုတ်ပြည်၌ ကွန်ဖြူးရှပ်ဝါဒ အားကောင်းနေချိန်ဖြစ်ပြီး ကွန်ဖြူးရှပ်ဝါဒသည် လူသား၏ လောကီဘဝ ကို အခြေပြုသော လူသားဝါဒမျိုး ဖြစ်သောကြောင့် ဗုဒ္ဓသာသနာကို များစွာ မနှစ်သက်ချေ။ တရုတ်ပြည်တွင် ကွန်ဖြူးရှပ်ဝါဒ အပြင် ရှိနေသည်မှာ တောက်ဝါဒ (Taoism) ဖြစ်၏။ တောက်ဝါဒကမူ လူသားနှင့် စကြဝဠာကို လွှမ်းမိုးနေသော တောက်=ဓမ္မနိယာမတရားကို အခြေပြုသော လောကီလွန်သစ္စာဒဿနတစ်ရပ် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓသာသနာနှင့် နေရာများစွာတွင် တူညီမှုများရှိသောကြောင့် တောက်ဝါဒီများ၏ လက်ခံမှုကို ရခဲ့၏။ သက္ကတ ပိဋ္ဌကတ်ကို ရှေးဦးစွာ တရုတ်ဘာသာသို့ ပြန်ဆိုရာတွင် တောက်ဝါဒဆိုင်ရာ ဝေါဟာရများစွာကို ငှားယူသုံးစွဲခဲ့ရပြီး ဟန်မင်းဆက်လက်ထက်တွင် လူနည်းစုသာ ဗုဒ္ဓ ဓမ္မကို ယုံကြည်သက်ဝင် ကျင့်သုံးခဲ့ကြသည်ဟု ဆိုနိုင်သည်။

၃၅။ **Hill, John E. (2009) *Through the Jade Gate to Rome: A Study of the Silk Routes during the Later Han Dynasty, 1st to 2nd Centuries CE.* John E. Hill. BookSurge, Charleston, South Carolina.**

အေဒီ ၂၂၀ တွင် ဟန်မင်းဆက်ပျက်သုဉ်းပြီးနောက် တရုတ်ပြည် တစ်ပြည်လုံး မင်းမဲ့ကာလဆိုးကြီး ကြုံခဲ့ရ၏။ တရုတ်ပြည်မြောက်ပိုင်းကို တရုတ်မဟုတ်သော လူမျိုးစုများကို သိမ်းပိုက်အုပ်စိုးခဲ့ပြီး တရုတ်ပြည်တောင်ပိုင်းဒေသတွင် ချိုနဲ့အားနည်းသော မင်းဆက်များသာ စိုးစံခဲ့၏။ နိုင်ငံရေး ပြိုကွဲမှု၏ အကျိုးဆက်အနေဖြင့် ကွန်ဖြူးရှပ်ဝါဒလည်း အားလျော့လာခဲ့လေသည်။ ခေတ်ပျက်ချိန်ကာလတွင် လူအများသည် မိမိတို့၏ အဓ္ဓမ္မတ္တဉ်မိမ်းအေးမှု ဖက်လှည့်ခဲ့ကြချိန်တွင် တောက်ဝါဒနှင့် အတူ ဗုဒ္ဓဝါဒသည်လည်း လူကြိုက်များလာခဲ့၏။ ပညာတတ် တရုတ် သူကောင်းမျိုးများအကြား ဗုဒ္ဓဘာသာ ရေပန်းစားလာခဲ့သလို ကိုယ်ပိုင်ပညာဉာဏ်ကို အလေးထားသော တောက်ဝါဒ၏ လွှမ်းမိုးမှုကြောင့် မဟာယာနဗုဒ္ဓဘာသာကို တရုတ်ပညာတတ်အသိုင်းအဝိုင်းက ပိုမိုနှစ်သက်ခဲ့သည်ကို တွေ့ရပါသည်။ အထူးသဖြင့် ဗုဒ္ဓဝါဒ၏ ကမ္မဋ္ဌာန်းဘာဝနာ နည်းစံနစ်များက ဆွဲဆောင်ခဲ့၏။

ဗုဒ္ဓပိဋကတ်စာပေကျမ်းဂန်များကို အိန္ဒိယဘာသာစကားများမှ တရုတ်ဘာသာသို့ စတင်တင်ပြန်ဆိုချိန်မှာ အေဒီ ၁၄၈ ခုနှစ်တွင် ပါသီယန်ရဟန်းတော် အန်ရှီဂေါင် တရုတ်ပြည်သို့ ရောက်ရှိလာသောအခါတွင်ဖြစ်၏။ အန်ရှီဂေါင်သည် တရုတ်နေပြည်တော် လိုယန်မြို့တွင် ဗုဒ္ဓဘာသာဘုရားကျောင်းများစွာ ဆောက်လုပ်ခဲ့ပြီး ပိဋကတ်စာပေဘာသာပြန် လုပ်ငန်းကို စတင်ခဲ့၏။ ပါသီယန်ဥပသကာတစ်ဦးဖြစ်သည့် အန်ရွှင် (An Xuan) ကလည်း အန်ရှီဂေါင်၏ ပိဋကတ်စာပေဘာသာပြန် လုပ်ငန်းကို ကူညီဆောင်ရွက်ပေးခဲ့၏။ အေဒီ (၂) ရာစုအတွင်းတွင် ဗုဒ္ဓဘာသာပိဋကတ်စာပေများကို သက္ကတဘာသာမှ တရုတ်ဘာသာသို့ ပိုမိုကျယ်ပြန့်စွာ ဘာသာ ပြန်ဆိုခဲ့ကြ၏။ အေဒီ ၁၆၈ ခုနှစ်တွင် မဟာယာန ရဟန်းတော်တစ်ပါးဖြစ်သော လောကက္ခေမ မထေရ်သည် စူဋ္ဌပညာ ပါရမီတာသုတ္တန်နှင့် သုခဝတီဗျူဟာသုတ္တန်များကို တရုတ်ဘာသာသို့ ဘာသာပြန်ဆိုခဲ့ပြီးနောက် ပထမဆုံးသော ဗုဒ္ဓဘာသာ ကျောင်းတိုက်တစ်ခု ဆောက်တည်နိုင်ခဲ့၏။[၃၇] ဗုဒ္ဓဓမ္မ၏ မျိုးစေ့သည် တရုတ်မြေဆီလွှာ၌ အမြစ်တွယ်လျက် အပင်ပေါက်နိုင်ခြင်းအတွက် ပထမ ခြေလှမ်းသဖွယ် ဖြစ်ပေသည်။ ထို့အပြင် ဓမ္မရက္ခမထေရ်သည် မဟာပညာ ပါရမီတာသုတ္တန်နှင့် သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန်တို့အပြင် အခြား မဟာယာန သုတ္တန်များစွာကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့ပါသည်။ အေဒီ (၄) ရာစု တွင် သီရိလင်္ကာကျွန်းမှ ဘိက္ခုနီသာသနာပြုအဖွဲ့တစ်ခု တရုတ်ပြည်သို့ ဆိုက်ရောက်လာသောကြောင့် ဖေါ

၃၇။ **Williams, Paul.** ***Mahāyāna Buddhism: The Doctrinal Foundations.*** **2008. p. 30**

တုတန်သည် (အေဒီ ၃၁၇) တွင် ဘိက္ခူနီသာသနာကို တရုတ်ပြည်တွင် စတင်ခဲ့လေသည်။ တရုတ်ပြည်သို့ အိန္ဒိယ ဗုဒ္ဓဘာသာရောက်ရှိလာသည့်အချိန်တွင် ရှေးဦး ဗုဒ္ဓဝါဒဂိုဏ်းများက စတင်ဝင်ရောက်ခဲ့ကြပြီး ၄င်းတို့အနက် ဓမ္မဂုတ္တကဂိုဏ်း၊ မဟီသာသကဂိုဏ်း၊ ကဿပိယဂိုဏ်း၊ သဗ္ဗတ္ထိဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းတို့သည် အထူးထင်ရှားခဲ့၏။ ၄င်းတို့အနက် ဓမ္မဂုတ္တကဂိုဏ်း၏ ကြိုးပမ်းမှုသည် အလွန်အောင်မြင်ခဲ့ပြီး တရုတ်နှင့် အာရှအရှေ့ဖျား ဗုဒ္ဓဘာသာလောကတစ်ခုလုံးတွင် ဓမ္မဂုတ္တကဝိနည်းသည် တစ်ခုတည်းသော ဝိနယအစဉ်အလာ ဖြစ်ခဲ့လေသည်။[၃၅၄]

နာမည်ကျော် အရှင်ကုမာရဇီဝ မထေရ် (အေဒီ ၃၃၄-၄၁၃) နှင့် ဟွိယွမ် (အေဒီ ၃၄၄-၄၁၆) တို့လည်း မဟာယာန သုတ္တန်များစွာကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့ကြ၏။ အရှင်ကုမာရဇီဝမထေရ်သည် ကုချာနိုင်ငံတော်မှ ဖြစ်ပြီး စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခံရပြီး တရုတ်ပြည်သို့ ခေါ်ဆောင်ခြင်းခံခဲ့ရ၏။ အေဒီ ၄၁၀ တွင် အရှင်ကုမာရဇီဝမထေရ်သည် အကျဉ်းသားအဖြစ်မှ လွတ်မြောက်လာခဲ့ပြီး မိမိ၏ သီလ သမာဓိ ပညာ ဂုဏ်တို့ကြောင့် တရုတ်ပြည်တွင် ကျော်ကြား ထင်ရှားလာခဲ့ပြီး အနောက်ပြည်မှ ဆရာအရှင်ဟူသော ဘွဲ့ထူးဝိသေသကိုပါ ရရှိခဲ့၏။ ချင်းပြည်နယ်မှ တရုတ်ဧကရာဇ် ယောင်ကျင်း (Yao Xing) က အရှင်ကုမာရဇီဝမထေရ်ကို အထူးကြည်ညို လေးမြတ်ခဲ့ပြီး မင်းဆရာဂုရုအဖြစ် မြှောက်စားခဲ့၏။ အေဒီ ၄၀၂ မှ ၄၁၃ ခုနှစ်အထိ အရှင်ကုမာရဇီဝမထေရ်သည် ပိဋကတ်စာပေ ဘာသာပြန်လုပ်ငန်းကို အားသွန်ခွန်စိုက်ကြိုးပမ်း၍ ဆောင်ရွက်တော်မူခဲ့ရာတွင် အရေးအသားအရာ၌ ရှင်းလင်းပြေပြစ်၍ အနက်အဓိပ္ပာယ်အရလည်း သိမ်မွေ့နက်ရှိုင်းသော တန်းမြင့်ပိဋကတ် ဘာသာပြန် လက်ရာများကို ထုတ်လုပ်နိုင်ခဲ့၏။ အရှင်ကုမာရဇီဝ၏ ဘာသာပြန် လက်ရာများအနက် စိန်သုတ္တန်ဟုခေါ်ဆိုကြသော ဝဇီရဆေဒိကာပညာပါရမိတာသုတ္တန်၊ အမိတာဘသုတ္တန်၊ သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန်၊ ဝိမလကိတ္တိနိဒ္ဒေသသုတ္တန်၊ မူလမဇ္ဈိမိကကာရိကာသျတ္တရနှင့် အဋ္ဌသဟာသာရိကာ ပညာပါရမိတာ သုတ္တန်တို့သည် အထူးကျော်ကြား ထင်ရှား၏။

အေဒီ (၅) ရာစု တွင် ဝေမင်းဆက် တက်လာချိန်တွင် တရုတ်ပြည် တောင်ပိုင်းနှင့် မြောက်ပိုင်းကို ပေါင်းစည်းနိုင်ခဲ့ရာတွင် အေဒီ ၄၄၆ တွင် ဝေမင်းဆက် ဘုရင် တစ်ပါးဖြစ်သူ တိုင်ဝူ (Tai Wu) သည် ဗုဒ္ဓဘာသာကို နှိပ်ကွပ် ဖျက်ဆီးခဲ့၏။ အဆိုပါဘုရင်သည် ဗုဒ္ဓဘာသာ ကျောင်းတိုက်များ မီးရှို့ခြင်း၊ ကျမ်းဂန်စာပေများကို ဖျက်ဆီးခြင်း၊ ရဟန်းတော်များကို ကွပ်မျက်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့၏။ အေဒီ ၄၅၂ တွင် တိုင်ဝူ ကွယ်လွန်ပြီးနောက် ဆက်ခံသော ဧကရာဇ်ဘုရင် ဝမ်ချန်း

၃၅၄။ Warder, A.K. *Indian Buddhism*. 2000. p. 281-278-489

(Wen Cheng) သည် ဗုဒ္ဓဘာသာ အပေါ်ဖိနှိပ်မှုများကို ရပ်တန့်ခဲ့ပြီး သာသနာကို ပြန်လည် ပံ့ပိုးခဲ့ကြောင်း တွေ့ရ၏။ တရုတ်ပြည်မှ နာမည်ကျော် ယွန်အန် လှိုဏ်ဂူမှ ရုပ်ပွားတော်များသည် ဧကရာဇ်ဘုရင် ဝမ်ချန်း၏ ဒါနများ ဖြစ်ပါ၏။

တရုတ်ခရီးသည် ရဟန်းတော် ဖာရှိယန် (Fa-Hsien) သည် ၃၉၉-၄၁၄ ထိ ၁၅ နှစ်တာ အိန္ဒိယသို့ ခရီးလှည့်လည်ခဲ့သည်။ အေဒီ ၄၀၂ တွင် အမိတာဘဗုဒ္ဓကို ကိုးကွယ်သော သုခဝတီဂိုဏ်း စတင်ပေါ်ပေါက်ခဲ့ပြီးလျှင် ယင်း ဂိုဏ်း၏ ပထမ သာသနာပိုင်ဆရာတော်သည် တန်ရွန် (အေဒီ ၄၇၆-၅၄၂) ဖြစ်၏။ ထိုနည်း တူစွာပင် ဟွိဝမ်က တိယန်တိုင်းဂိုဏ်း (T`ien Tai School) ကို အေဒီ ၄၇၀ တွင်တည်ထောင်ခဲ့သည်။ တိယန်တိုင်း ဂိုဏ်းသည် ကြာပန်း သုတ္တန် (သဒ္ဓမ္မပုဏ္ဍရိကာ သုတ္တန်) ကို ဗဟိုပြုထားသော ဂိုဏ်း ဖြစ်လာခဲ့ပါသည်။ အဆိုပါ အေဒီ (၅) ရာစု ကာလ (၄၇၀-၅၄၃) တွင် အိန္ဒိယမှ ဗုဒ္ဓဝါဒီ သူတော်စင်ယောဂီကြီး အရှင်ဗောဓိဓမ္မ တရုတ်ပြည်သို့ ရောက်ရှိလာခဲ့ပြီး ဟီနန်ခရိုင်ရှိ ရှောင်လင်ကျောင်းတိုက်ကြီးတွင် သီတင်သုံးခဲ့၏။ ထိုအရှင်မြတ်သည် သမထယာနိက ကမ္မဋ္ဌာန်းကို အားပြုသော ချန် (ဇာန်) ဂိုဏ်းကို ထူထောင်ခဲ့လေသည်။ အရှင်ဗောဓိဓမ္မ၏ ချန် (ဇာန်ဂိုဏ်း) အကြောင်းကို နောင်အခန်းများတွင် သီးခြားလေးနက်စွာ ရေးသာတင်ပြပါဦးမည်။

တရုတ်ဗုဒ္ဓသာသနာ၏ အဆင့်အမြင့်ဆုံး ဒဿနဖော်ဆောင်မှုကို ဟွာယင်း ဂိုဏ်းတွင် တွေ့ရသည်ဟုဆိုလျှင် မှားအံ့ မထင်ပေ။ တုရုန် (အေဒီ ၅၅၇-၆၄၀) ချိုယန် (အေဒီ ၆၀၂-၆၆၈) နှင့် ဖဆန် (အေဒီ ၆၄၃-၇၁၂) ဟူသော ဆရာတော်ကြီး (၃) ပါး က ဟွာယင်းဂိုဏ်း၏ ဒဿနအမြင်ကို သွန်းလောင်းထုဆစ်ခဲ့၏။ ဝေ မင်းဆက်လွန်ပြီး နှောင်းကာလ တန်မင်းဆက်ခေတ်တွင် ဟွာယ်င်းဂိုဏ်း၏ ဒဿန အမြင်သည် ချန်(ဇာန်) ဂိုဏ်းအတွင်းသို့ စိမ့်ဝင်ပေါင်းစည်း သွားခဲ့ပါသည်။

တန်မင်းဆက်ခေတ် မှ တရုတ်ဗုဒ္ဓသာသနာ

တန်မင်းဆက်ခေတ် (အေဒီ ၆၁၈-၉၀၇) သည် တရုတ်ပြည် ဗုဒ္ဓသာသနာ သမိုင်း၏ ရွှေခေတ်ဟု ဆိုနိုင်ပါ၏။ တန်မင်းဆက် ခေတ်ဦးပိုင်းဖြစ်သော အေဒီ ၆၂၉ မှ ၆၄၅ ခုနှစ်အတွင်း တရုတ်ရဟန်းတော် ရွှင်ကျန် (Xuanzang) သည် ဂန္ဓဝင်မြောက် အိန္ဒိယခရီးရှည်ကြီးကို သွားရောက်ခဲ့၏။ သူ၏ခရီးစဉ်တစ်လျှောက် မြို့ပြနိုင်ငံ ပေါင်း တစ်ရာကျော်ကို ဖြတ်သန်းခဲ့ရပြီး ၄င်းအတွေ့အကြုံများကို အသေးစိတ် မှတ်တမ်းပြုထားခဲ့ရာ နှောင်းခေတ်သုတေသီတို့အတွက် အလွန်တန်ဖိုးရှိသော သမိုင်းမှတ်တမ်းဖြစ်ခဲ့၏။ ရဟန်းတော် ရွှင်ကျန်သည် အိန္ဒိယပြည်တွင် နာမည်ကျော် နာလန္ဒာတက္ကသိုလ်ကြီးတွင် ပညာသင်ကြား လေ့လာခဲ့ပြီး အိန္ဒိယတစ်နိုင်ငံလုံးသို့

ဘုရားဖူးလှည့်လည်ခဲ့၏။ ပြည်တော်ပြန်ခရီးတွင် ဗုဒ္ဓပိဋကတ်စာပေများ ရုပ်ပွား ဆင်းတုတော်များနှင့် ဓာတ်တော်မွေတော်များကို မြင်း (၂၂) ကောင်ဖြင့် တင်၍ ပင့်ဆောင် ယူလာခဲ့သည်ဟု ဆိုပါသည်။[၃၁၁]

တန်ဇကရာဇ်၏ အားပေးကူညီမှုဖြင့် ဆရာတော်ရွှင်ကျန်သည် ချန်အန်မြို့တော်တွင် ဗုဒ္ဓပိဋကတ်စာပေဘာသာပြန်ဌာန ဖွင့်လှစ်၍ တပည့်သာဝကများစွာဖြင့် ဘာသာပြန်လုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ပိဋကတ်စာပေ-ပေထုပ်ပေါင်း ၁၃၃၀ ကျော်ကို တရုတ်ဘာသာသို့ ပြန်ဆိုနိုင်ခဲ့၏။ ဆရာတော်ရွှင်ကျန်၏ ယောဂါစာရ ဒဿနအမြင်ကို တင်ပြထားသော **ချန်ဝေရှိလွန်း** (Chen Wei Shih Lun) ကျမ်း (ဝိညတ္တိမတ္တတာသိဒ္ဓိသျှတ္တရ) သည် တရုတ်ယောဂါစာရ ဗုဒ္ဓဘာသာဂိုဏ်းတွင် ဓမ္မအလင်းရောင်ကိုပြသော မီးရှူးတန်ဆောင်တစ်ခုသဖွယ် ဖြစ်ခဲ့၏။

ဤခေတ်တွင် တရုတ်ပြည်၏ အာဏာစက်သည် အာရှအလယ်ပိုင်းသို့ ပြန်လည် သက်ရောက်စိုးမိုးခဲ့သော်လည်း အနောက်ဖက်မှ ရွှေ့လျားလာသည့် အစ္စလာမ်ဘာသာနှင့် တိုးတိုက်ထိခတ်မှုများ စတင် ဖြစ်ခဲ့ပါသည်။ အေဒီ ၇၅၁ တွင် တလာစ်မြစ်(ယခု တာကစ္စတန်) ဒေသတွင် ဖြစ်ခဲ့သော စစ်ပွဲတွင် တန်-စစ်တပ်သည် အာရပ်တို့ကို ရှုံးနိမ့်ခဲ့သလို ၄င်း၏ အကျိုးဆက်အနေဖြင့် အာရှအလယ်ပိုင်း ဒေသ၏ အနောက်ဖက်ပိုင်းတွင် ဗုဒ္ဓသာသနာ၏ အနာဂတ်က မှိန်ဖျော့ ဝေဝါးလာခဲ့ပါသည်။ သို့သော်လည်း တန်နေပြည်တော်နှင့် တရုတ်ပြည်မဒေသတွင်မူ ဗုဒ္ဓသာသနာဆိုင်ရာ တိုးတက်မှု များစွာ ဖြစ်ထွန်းခဲ့၏။ ပိဋကတ်ကျမ်းစာများ ဘာသာပြန်ခြင်း သံဃာများ သီတင်းသုံးနေထိုင်ရန် ကျောင်းတိုက်များ ဆောက်လုပ်လှူဒါန်းခြင်းတို့အပြင် ဗုဒ္ဓတရားတော်များသည်လည်း ဒေသခံ တောက်ဝါဒ၏ စာပေဝေါဟာရများမှ ကျွတ်လွတ် ဝေးကွာ သီးခြား ရပ်တည် လာနိုင်ခဲ့ကို တွေ့ရ၏။

တန်မင်းဆက်ခေတ်တွင် မဟာယာန ဗုဒ္ဓဘာသာသည် လူထုအကြား ရေပန်းအစားဆုံးဖြစ်ခဲ့ပြီး နာမည်ကျော် သာသနိက အဆောက်အဦများ လှိုဏ်ဂူကျောင်းကန် ဘုရားများစွာ ထွန်းပေါ်ခဲ့သောခေတ်ဖြစ်၏။ ကန်စုပြည်နယ် ထွန်းဝမ်ဒေသတွင် ရှိသော မိုဂေါင် လှိုဏ်ဂူများ ဒီနန်ပြည်နယ် လိုယန်ဒေသတွင်ရှိသော လောင်မန်းနံရံဆေးပန်းချီများ ရှန်ချီပြည်နယ် ဒါတောင်ဒေသတွင်ရှိသော ယွန်ဂန် ဆေးရေးပန်းချီလက်ရာများသည် ဗုဒ္ဓဘာသာသာသနိက အဆောက်အအုံ လက်ရာများအဖြစ် ထင်ရှားလှ၏။ တန်ခေတ်တွင်ထုလုပ်ခဲ့သော မြစ်သုံးစင်းကို အပေါ်မှ စီးမိုးငုံကြည့်နေဟန်ဖြင့် ကျောက်တောင် နံရံကိုထွင်းထုထားသော လေရှုန်းဧရာမ ဗုဒ္ဓရုပ်ပွား

၃၁၁။ **Jerry Bentley, *"Old World Encounters: Cross-Cultural Contacts and Exchanges in Pre-Modern Times"* (New York: Oxford University Press, 1993), 81.**

တော်ကြီး (Leshan Giant Buddha) သည်ကား ကမ္ဘာပေါ်တွင် အကြီးမား‌ဆုံး ကျောက်သား‌ဆင်းတုတော်ကြီး‌အနေဖြင့် အံ့မခန်း တည်ရှိနေခဲ့ပါသည်။ တန်မင်း‌ဆက်ခေတ်တွင် ဗုဒ္ဓသာသနာအတွက် ထူး‌ခြား‌ချက်တစ်ရပ်မှာ သစ်ထွင်းပုံနှိပ်အတတ်ပညာ ပေါ်ထွန်း‌လာခဲ့ခြင်း ဖြစ်၏။ ပိဋကတ် ကျမ်း‌စာများကို လက်ရေးဖြင့် ကူး‌ရေး‌စရာမလိုတော့ဘဲ သစ်သား‌ရုပ်စေး‌နှင့် သတ္တုအမျိုး‌မျိုး‌ကို ထွင်း‌ထု၍ ပုံနှိပ်သော အတတ်ပညာ ထွန်း‌ကား‌လာခဲ့၏။ ၁၉၀၇ ခုနှစ်တွင် ထွန်းဝမ်ဒေသရှိ မိုဂေါင် လှိုဏ်ဂူများ‌အတွင်း ရှာဖွေတွေ့ရှိခဲ့သော ဝဓီရစ္ဆေဒိကာ ပညာပါရမိတာသုတ္တန် (စိန်သုတ္တန်) ကျမ်း‌စာအုပ်သည် အေဒီ ၈၆၈ ခုနှစ်တွင် ပုံနှိပ်ခဲ့ပြီး လူသား‌၏ သမိုင်း‌တွင် ပထမဦး‌ဆုံး‌သော ပုံနှိပ်စာအုပ်လည်း ဖြစ်သည်ဟု ဆိုပါသည်။[၃၅၆]

အမှန်စင်စစ် တန်မင်း‌ဆက်ခေတ်တွင် ဗုဒ္ဓသာသနာသည် အား‌ကောင်း‌လွန်း‌သောကြောင့် ခေတ်ပြိုင် ကွန်ဖြူး‌ရှပ်ဝါဒီများနှင့် တောက်ဝါဒီများ၏ အစဉ်တစိုက် ဝေဖန်မှုကို ခံခဲ့ရလေ၏။ ဘုရင်နန်း‌တော်တွင်း၌ပင် ဘာသာရေး‌အုပ်စုဖွဲ့ ပြိုင်ဆိုင်မှုများ ကြီး‌ထွား‌စွာ ဖြစ်ပေါ်လာပြီး အေဒီ ၈၄၅ တွင် ပဋိပက္ခ၏ အထွဋ်အထိပ်သို့ ရောက်ရှိခဲ့၏။ ကွန်ဖြူး‌ရှပ်ဝါဒဖက်သို့ မဲတင်း‌သော တန်ဧကရာဇ်ဘုရင်က ဗုဒ္ဓဘာသာကို စတင်ဖိနှိပ် ဖျက်ဆီး‌ခဲ့ပြန်လေသည်။ ဘုန်း‌ကြီး‌ကျောင်း‌တိုက် ပေါင်း (၄၀၀၀) ကျော်ခန့်နှင့် စေတီပုထိုး‌နှင့် ဘာသာရေး‌ဆိုင်ရာ အထိမ်း‌အမှတ် ၄၀၀၀၀ ခန့် ဖျက်ဆီး‌ဖြိုချခံခဲ့ရကြောင်း သမိုင်း‌မှတ်တမ်း‌များက ဆိုပါသည်။ ထို့နောက်ပိုင်း‌တွင် ဗုဒ္ဓသာသနာသည် တရုတ်မြေတွင် ကောင်း‌စွာပြန်လည် နာလန်မထူနိုင်တော့ချေ။ သုခဝတီဂိုဏ်း‌နှင့် ချန်(ဈာန်) ဂိုဏ်း‌တို့မှအပ ကျန် ဗုဒ္ဓဘာသာဂိုဏ်း‌များ အား‌လုံး နိဋ္ဌိတံ တစ်ခန်း‌ရပ်ခဲ့ကြရ၏။ သုခဝတီ ဂိုဏ်း‌သည် ဂျပန်နိုင်ငံသို့ ရောက်သော် ဂျိုဒိုဂိုဏ်း‌အဖြစ် လည်း‌ကောင်း၊ ချန်(ဈာန်) ဂိုဏ်း‌သည် ဈာန်ဂိုဏ်း‌အဖြစ် လည်း‌ကောင်း၊ တိယန်တိုင်း‌ဂိုဏ်း‌သည် တင်း‌ဒိုင်း‌ဂိုဏ်း‌အဖြစ် လည်း‌ကောင်း ဟွာယင်း‌ဂိုဏ်း‌သည် ကိုဝွန်း‌ဂိုဏ်း‌အဖြစ် လည်း‌ကောင်း ဆက်လက်ရှင်သန် ရပ်တည်သွား‌ကြသည်ကို တွေ့ရသည်။

ဟွာယင်း‌ဒဿနအမြင်၏ အခြေခံဖြစ်သော အဝံသကသုတ္တန်

အဝံဋ်သကသုတ္တန်သည် သမ္မာကျမ်း‌စာထက် များ‌စွာ ပိုမို‌ရှည်လျား‌သော စာပေအစုအဝေး‌ကြီး‌ဖြစ်၏။ ခေါင်း‌စဉ်တစ်ခုတည်း ဖြစ်သောကြောင့် တစ်ခုတည်း‌သော သုတ္တန်ဟု မမှတ်ယူသင့်ပေ။ ၄င်း‌သည် များ‌ပြား‌လှသော သုတ္တန်ဒေသနာ ပေါင်း‌စုံ၏

၃၅၆။ *"Diamond Sutra". Landmarks in Printing.* **The British Library. Archived from *the original* on 2008-04-22. Retrieved 2008-09-12.**

အစုအဝေးအဖြစ်သာ မြင်ရပါသည်။ ဒေါက်တာ သောမတ်စ်ကလာရီ၏ အင်္ဂလိပ် ဘာသာပြန်သည်ပင်လျှင် စာမျက်နှာ ၁၆၀၀ ကျော် ဖြစ်သောကြောင့် ယင်းသုတ္တန် သည် ပါဠိနိကာယ် တစ်ခုစာမျှမက ရှည်လျားသည်ကို ထောက်ဆ သိရှိနိုင်ပေ သည်။ အဝဋ်သကသုတ္တန်၏ စာပေများအနက် မူရင်းလက်ရာနှစ်ခု သာ သက္ကတဘာသာ ဖြင့် ကျန်ရစ်ကြောင်းကို သိရ၏။ ယင်းတို့မှာ ဗောဓိသတ္တ၏ ဘူမိအဆင့်များကို ဖော်ပြထားသော ဒသဘူမိကသုတ္တန်၏ အစိတ်အပိုင်းများနှင့် ဂန္ဓဗျူဟာသုတ္တန်တို့ ဖြစ်ကြ၏။

ယင်းသုတ္တန်ကို တရုတ်ဘာသာသို့ အေဒီ (၃) ရာစု ခန့်တွင် ပြန်ဆိုခဲ့ ပါသည်။ အဝဋ်သကသုတ္တန်၏ ဘာသာပြန်ဆိုချက် အပြည့်အစုံကို အေဒီ ၄၁၈ မှ ၄၂၁ အထိ ၃ နှစ်တာ ကာလအတွင်း အရှင်ဗောဓိဘဒ္ဒြက ပြန်ဆိုခဲ့၏။ ထိုထက် ပိုမိုကျယ်ဝန်းသော ဘာသာပြန်ဆိုချက်ကို ခိုတန် ရဟန်းတော်တစ်ပါး ဖြစ်သည့် သိက္ခာနန္ဒက အေဒီ (၇) ရာစု ဝန်းကျင်တွင် ပြန်ဆိုခဲ့၏။ သိက္ခာနန္ဒ၏ ဘာသာပြန် သည် ဗောဓိဘဒ္ဒြ၏ ဘာသာပြန်ထက် ၁၀% ခန့် ပိုမိုရှည်လျားနေသောကြောင့် ခေတ်အလိုက် မဟာယာနသုတ္တန်တို့၏ တိုးတက်ပြောင်းလဲတတ်သည့် သဘာဝကို ဆက်လက် ကြည့်နိုင်ပေသည်။

အိန္ဒိယ မဟာယာန အဝဋ်သကသုတ္တန်သည် ခိုတန်ပြည်မှတဆင့် တရုတ် ပြည်သို့ ရောက်ရှိခဲ့ပါသည်။ အဝဋ်သကသုတ္တန်၏ ပဓာန အကြောင်းအရာမှာ ဗုဒ္ဓဘုရားရှင်နှင့် အဆင့်မြင့် ဗောဓိသတ္တတို့၏ စကြဝဠာအပေါ် အာရုံသိမြင် ခံစား မှုကို ရေးဖွဲ့ထားခြင်းဖြစ်သောကြောင့် ဆန်းကြယ်လှပသော အဆင်တန်ဆာ ချယ်မှုန်း သော အရေးအသားများဖြင့် တောက်ပနေသော ကျမ်းစာဖြစ်၏။ အဝဋ်သကသုတ္တန် ကျမ်းစာတစ်ခုလုံး၏ နှလုံးသည်းပွတ်ပမာဖြစ်သော အစိတ်အပိုင်းကို ဂန္ဓဗျူဟာ သုတ်ဟု ပညာရှင်များက သတ်မှတ်ကြပါသည်။ ဂန္ဓဗျူဟာသုတ်တွင် မဟာယာန ဗုဒ္ဓဘာသာ၏ အကျယ်ပြန့် အနှက်ရှိုင်းဆုံး တက္ကိုကဗေဒ ဒဿနအမြင်ကို တွေ့ရ ၏။ ဂန္ဓဗျူဟာသုတ်တွင် ဖော်ပြသော မဟာယာနဒဿနအမြင်သည် မဇ္ဈိမိကနှင့် ယောဂါစာရအမြင် နှစ်ရပ်စလုံး၏ ပေါင်းစည်းမှု ဖြစ်၏။[၃၇]

ယောဂါစာရ ဒဿနအမြင်အရ အရာခပ်သိမ်း၏ အနှစ်သာရသည် အမလ-စိတ္တခေါ် အညစ်အကြေးမရှိ ပကတိကင်းစင်သော မူလသိစိတ်သဘာဝ ဖြစ်၏။ ယင်း အမလ-စိတ္တမှ အဝိဇ္ဇာနှင့် ကမ္မတရားများ ဖြစ်ပေါ်လာ၏။ ထို့နောက်

၃၇။ **Gómez, L. O. (1967) 'Selected Verses from the Gauravyeha', unpubd doctoral thesis, Yale University.: lxxviii**

ကမ္မတရား၏ စွမ်းအင်ကြောင့် အကျိုးဆက်ဝိပါက်တရားများ ဖြစ်ပေါ်လာခဲ့၏။ ထို့ကြောင့် လောက ၃ ပါး သည် ယောဂါစာရ ဒဿနအမြင်အရ စိတ္တသဘာဝ ဖြင့်သာ ပြီး၏။ အဆိုပါ အမလ-စိတ္တသည်လည်း အတွင်းအနှစ်သား အမာခြုပ် ဆိတ်သုဉ်းသော သုညတာဓမ္မသာလျှင် ဖြစ်၏။ အတွင်းအနှစ်သား အမာခြုပ် ဆိတ်သုဉ်းသော သုညတာဓမ္မဖြစ်သည့် အမလ-စိတ္တ၏ ကွန့်မြူးဝင်စားချက်ဖြစ်သော လောကသည် အိပ်မက်ပမာဖြစ်ပြီး ထိုလောကသည် အမာခံ အစိုင်အခဲ အပိတ် အဆို့ အတားအဆီး အငြိအတွယ် ကင်းမဲ့သော ဟင်းလင်းပွင့်လောကသာ ဖြစ်ကြောင်း ဂန္ဓဗ္ဗုဟာ သုတ္တန်က ဖွင့်ဆိုပြလေသည်။ ခိုင်မာမြဲမြံသော ခြုပ်သား အနှစ်မရှိသော ဟင်းလင်းပွင့် သုညတာလောကသည် ဗောဓိသတ္တအတွက် အပိတ် အဆို့ အတားအဆီး အငြိအတွယ်မရှိဘဲ စိတ်စေစားရာသို့ သက်ရောက်ဝင်စားနိုင်သော ဓမ္မဓာတုလည်း ဖြစ်သည်ဟု ဆို၏။ ဂန္ဓဗ္ဗုဟာသုတ်သည် အတွေးအခေါ် ဒဿန တက္ကိုက အယူအဆ သက်သက် မဟုတ်ဘဲ ဗုဒ္ဓရှင်တော်တို့၏ အာရုံခံစားမှု ဖြင့် သိအပ်သော လောကအမြင်ဟု ဆိုထားသောကြောင့် ဗုဒ္ဓ၏ ဉာဏ်တော် သက်ဝင်ဖြန့်ကျက်သော လောကအမြင်ဟုလည်း ဆိုနိုင်ပါ၏။[၃၁၀]

ရှင်တော်ဗုဒ္ဓနှင့် ဗောဓိသတ္တအရှင်သူမြတ်တို့သည် စျာန် အဘိညာဉ် တန်ခိုးသတ္တိအရာ၌ လိမ္မာကျွမ်းကျင်၍ နှစ်သက်သလို ဝင်ဘော်ဝင်စားနိုင်ကြကုန်သည် ဖြစ်သောကြောင့် မိမိတို့အလိုရှိရာ စိတ်ဖန်ရုပ်သွင်များကို ဖန်ဆင်းတည်ထောင်နိုင်သည်။ မဟာယာန ဗုဒ္ဓဘာသာအလိုအရ ထိုသို့ ဖန်ဆင်းတည်ထောင်ခြင်းမှာ လည်း အချည်းနှီးမဟုတ်ဘဲ သတ္တဝါတို့အတွက် ထားအပ်သော ကြီးမားပြန့်ပြောသော မဟာကရုဏာဓာတ်ကြောင့်သာ ဖြစ်လေသည်။ အဘိညာဉ်အားဖြင့် ဖန်ဆင်းသည်ဟု ဆိုသော်လည်း ရှင်တော်ဗုဒ္ဓနှင့် ဗောဓိသတ္တ အရှင်သူမြတ်တို့၏ စျာန် အဘိညာဉ် တန်ခိုးသတ္တိအားဖြင့် ဖန်ဆင်းတည်ထောင်သော စိတ်ဖန်ရုပ်သွင်များသည် ပကတိနေ့စဉ်လောကမှ အရာဝတ္ထုများနည်းတူ (သမ္မုတိသစ္စာ အရ) အဟုတ်အမှန် ရှိနေသော အရာဝတ္ထုများ ဖြစ်ကြ၏။ ထို့အတူပင် မဇ္ဈိမိကနှင့် ယောဂါစာရဆိုင်ရာ မဟာယာန ဒဿနအမြင်များအရ ပကတိနေ့စဉ်လောကမှ အရာဝတ္ထုများသည် အိပ်မက် တံလျှပ်မြုံခိုးတို့ အရိုတရား အလားဖြစ်သည့် မာယာရုပ်သွင်များဖြစ်သောကြောင့် ဗုဒ္ဓနှင့် ဗောဓိသတ္တအရှင်သူမြတ်တို့၏ စျာန်အဘိညာဉ် တန်ခိုးသတ္တိအားဖြင့် ဖန်ဆင်းတည်ထောင်သော စိတ်ဖန်ရုပ်သွင်များနှင့် အနှစ်သာရ မထူးခြားလှချေ။ ထို့ကြောင့် စျာန် အဘိညာဉ် တန်ခိုးသတ္တိအားဖြင့် ဖန်ဆင်းတည်ထောင်သော စိတ်

၃၁၀။ George J. Tanabe, Jr has said of the AvataTsaka (1992: 11)

ဖန်ရုပ်သွင်များသည် အရာခပ်သိမ်း၏ သုညတာသဘာဝကို ပိုမို ဖော်ပြနေသော အရာများဖြစ်ကြောင်း ဂန္ဓဗျူဟာသုတ်က ထွန်းလင်းပြခဲ့လေသည်။[၃၁၉]

ဓမ္မသည် ဗုဒ္ဓ – ဗုဒ္ဓသည်ပင်လျှင် ဓမ္မ ဖြစ်ပုံ

ဤနေရာတွင် ဗုဒ္ဓရှင်တော်အပေါ် ရှုထောင့် ၂ မျိုးဖြင့် မြင်ရပုံကို (၁) ဗုဒ္ဓ၏ ပကတိသဘာဝအစစ်နှင့် (၂) ဗုဒ္ဓကို ဝေနေယျသတ္တဝါတို့ဘက်မှ ဖူးတွေ့မြင်ရပုံများ အနေနှင့် ကွဲပြားခြားနားစွာ သိမြင်နိုင်ပါ၏။ ဗုဒ္ဓ၏ ပကတိ သဘာဝအစစ်မှာ အဆုံးအစ မရှိသော ထာဝရ သစ္စာတရားများဖြစ်သည့် သုညတာ တထတာ ဓမ္မကာယ ဓမ္မ ဓာတုစသော အရှိဓမ္မများနှင့် တစ်ထပ်တည်းဖြစ်ပြီး ဖောက်ပြန်ပြောင်းလဲမှု အလျဉ်း မရှိချေ။ အဝဋ်သကာ သုတ္တန်သည် ဗုဒ္ဓ၏ ပကတိသဘာဝအစစ် ရှုထောင့်မှ မြင်တွေ့ရသော လောကနှင့် စကြဝဠာအသွင်ကို တင်ပြထားခြင်းဖြစ်၏။ တရားကိုယ်ကောက်ယူစိစစ်ကြည့်လျှင် သုညတာ- တထတာ - ဓမ္မကာယ- ဓမ္မ ဓာတု စသည်တို့သည်ကား ဗုဒ္ဓ၏ ပကတိ သဘာဝအစစ်ဖြစ်သလို လောကနှင့် စကြဝဠာတို့၏ မူလဘူတ တရားကိုယ်သဘောအစစ်လည်း ဖြစ်ကြ၏။ ဂန္ဓဗျူဟာသုတ်က ဓမ္မဓာတု လောကကို သန့်စင်သော အရိပ်မဲ့သော အလင်းသက်သက် စကြဝဠာအဖြစ် တင်စား ဖော်ပြထားပါသည်။

ဓမ္မဓာတုသည် တရားဘာဝနာ အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ ကမ္မဋ္ဌာန်းအာရုံဝယ် ထင်မြင်လာသော အတိုင်းအတာ အကန့်အသတ်မဲ့သည့် အပွဓာဏစိတ် သဘာဝ (Infinite Nature of Mind) ဖြစ်၍ ထိုစိတ်သဘာဝထဲတွင် သီးခြားသဘော ဖြင့် တည်ရှိနေသော အရာဝတ္ထုများ၊ သတ္တဝါများ၏ အသီးအခြားသဘော (individuality) သည် တဖြည်းဖြည်း ပျော်ဝင်ပျောက်ကွယ်လျက် အလင်းဓာတ်သက်သက် သိစိတ်သက်သက်အဖြစ် ပကတိအတိုင်းတိုင်း တည်နေကြကြောင်း အဝဋ်သကာ သုတ္တန်က ဖွင့်ဆိုထားပါ၏။ ဤသို့ အလင်းဓာတ်သက်သက်၊ သိစိတ်သက်သက် အဖြစ် အတိုင်းတိုင်း တည်နေသော စိတ်သဘာဝသည်ပင်လျှင် ဓာတ်ကြီးလေးပါး၏ ထောက်တည်ခွင့်မရသော အသန်စိတဓာတ်ဖြစ်သည်ဟု ဆိုနိုင်၏။ သခ်ၤါရဝိညာဏ် မှန်သမျှ အာသဝေါတရားမှန်သမျှ ချုပ်ငြိမ်းရာဖြစ်သည်ဟူ၍လည်း ဆိုနိုင်ပါ၏။[၃၂၀]

ရှေးဦး ပါဠိဗုဒ္ဓစာပေများ၌ပင် ဓမ္မကို မြင်သူသည် ဗုဒ္ဓကို မြင်သူဖြစ်ကြောင်း

၃၁၉။ Gómez, L. O. (1967) 'Selected Verses from the Gauravyeha', unpubd doctoral thesis, Yale University.: lxxix; cf. lxxxv).

၃၂၀။ Suzuki, D. T. (1968) On Indian MahAyAna Buddhism, ed. E. Conze, New York: Harper Torchbook: 149–50~199 n.

ညွှန်ပြချက်များ ရှိ၏။ အဝဋ်သကသုတ္တန်၏ အနက်ရှိုင်းဆုံး အမြင်တစ်ရပ်မှာလည်း ဤမဟာစကြဝဠာသည်ပင်လျှင် အတွင်းအစ္ဆတ္ထအားဖြင့် ဗုဒ္ဓရှင်တော် ကိုယ်တိုင်ဖြစ်သည်ဟု ရှုမြင်ခြင်း ဖြစ်ပါသည်။ အရိုတရား၏ တစ်ခုတည်းသော လက္ခဏာသည် သုညတာ=တထတာဖြစ်သလို အရိုတရားကို မြင်ခြင်းသည်ပင် ဗုဒ္ဓရှင်တော် ဘုရားကို ဖူးမြင်ရခြင်းဖြစ်ကြောင်း ဤအမြင်က ဆိုပါသည်။[၃၆]

ဤမဟာစကြဝဠာအတွင်းရှိ ခပ်သိမ်းသော အရာတို့သည် သိမှုရှုထောင့်အရ သီးခြားရှိနေသော အသွင်သဏ္ဌာန်များ ဖြစ်သလို ရှိမှုရှုထောင့်အရ အတွင်းအနှစ်သား အတ္တဆိတ်သုဉ်းနေသော သုညတာသဘာဝများသာ ဖြစ်ကြလေသည်။ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ (ဝါ) လောကနှင့် သုညတာ သံသရာနှင့် နိဗ္ဗာန်တို့သည် ဓမ္မတရားကိုယ်သဘောအရ တစ်ခုတည်းသောရသ ရှိကြ၏။ ထို့ကြောင့် ယင်းတို့အားလုံးကို အသွင်သဏ္ဌာန်နှင့် သုညတာတို့ တစ်သားတည်း ပေါင်းစည်းနေမှုအဖြစ် ရှုမြင်နိုင်ပေ၏။ တစ်နည်းအားဖြင့် ၄င်းတို့သည် အိပ်မက်လောကမှ အသွင်များကဲ့သို့ပင် အစစ်အမှန်မရှိသော ဓမ္မတရားများသာ ဖြစ်သောကြောင့် ယင်းတို့သည် အလင်းမာတ်သက်သက်၊ သိစိတ်သက်သက် သဘာဝ၏ လှုပ်ရှားသက်ဝင်နေသောအရိပ်များသာဖြစ်ကြ၏။ အလင်းမာတ်သက်သက်၊ သိစိတ်သက်သက်သဘာဝသည် ဤမဟာစကြဝဠာအတွင်းရှိ ခပ်သိမ်းသော အရာတို့နှင့် နှစ်ခုမပြား တစ်သားတည်းရှိနေသောကြောင့် ၄င်းတို့သည်ပင် စိတ်သဘာဝ = စိတ်သဘာဝသည်ပင် (အတွေးဝိတက် ဝိကပ္ပ တို့အားဖြင့်) စကြဝဠာအတွင်းရှိ ခပ်သိမ်းသော အရာတို့အနေဖြင့် ပေါ်လွင်ထင်ရှားလာပြန်၏။ ထို့ကြောင့် ဘာဝနာလုပ်ငန်း၏ အမြင့်ဆုံးစိတ်သဘာဝသည် အရာခပ်သိမ်းကို အတားအဆီးအပိတ်အဆို့ လုံးဝမရှိဘဲ ဖောက်ထွင်း စိမ့်ဝင်ဖြန့်ကျက်တည်ရှိနိုင်ကြောင်း သိမှုနယ်ပယ်နှင့် ရှိမှုနယ်ပယ် နှစ်ခုလုံးသည် ထပ်တူထပ်မျှတည်နေကြောင်း ဤသုတ္တန်က အတည်ပြုရှင်းပြခဲ့၏။

ဗောဓိသတ္တသုဓန ၏ သစ္စာရှာမှီးခြင်းခရီးစဉ်

ဗုဒ္ဓရှင်တော်တို့၏ ပကတိသဘာဝအမြင်တွင် ထူးခြားလေးနက်ပေါ်လွင်နေသော သဘောလက္ခဏာမှာ အပြန်အလှန် ဖောက်ထွင်းစိမ့်ဝင် ဖြန့်ကျက်တည်ရှိနေခြင်း သဘော (Interpenetration) ဖြစ်လေသည်။ ဘုရားရှင်တို့၏ ဆန်းကြယ်သော သိမှုပမာဏနယ်ပယ်သည် အမာခံ အပိတ်အပင် မရှိသောလောက၊ အရိပ်မဲ့အလင်း

၃၆။ **Clearly to know that all dharmas/Are without any self-essence at all;/ To understand the nature of dharmas in this way/ Is to see Vairocana. (13)**

သဏ္ဌာန်တို့၏ လွတ်လပ်စွာ စီးမျောနေသောလောကဝယ် အရာခပ်သိမ်းသည် အချင်းချင်း အပြန်အလှန်ဖောက်ထွင်း စိမ့်ဝင်ဖြန့်ကျက် တည်ရှိနေကြပုံကို အသိရောက်မျက်မှောက်ပြုနေသော ဉာဏ်တော် (သဗ္ဗညုတဉာဏ်တော်) ဖြစ်သည်ဟု ဆိုပါ၏။[၃၆၂] ပုထုဇဉ်လူသားတို့အတွက်ဆိုလျှင် ဓမ္မဓာတု = အလုံးစုံသော အရာခပ်သိမ်း၏ အချင်းချင်း အပြန်အလှန် ဖောက်ထွင်း စိမ့်ဝင် ဖြန့်ကျက် တည်ရှိခြင်း သဘောသည် သာမန်အားဖြင့် စိတ်ကူးပင် မယဉ်နိုင်လောက်အောင် ဆန်းကြယ်သော လောကဖြစ်ပြီး ဗုဒ္ဓတို့၏ သန့်စင်သောလွတ်မြောက်သော စိတ်အားဖြင့်သာ မျက်မှောက်ပြုနိုင်သော အမြင်ဖြစ်၏။[၃၆၃]

ဂန္ဓဗျူဟာသုတ်သည် အဝင်္ဆံသကာဒေသနာ တစ်ခုလုံး၏ အထွဋ်အထိပ်အပိုင်းဖြစ်သည်။ သုတ္တန်၏ အဓိကပုဂ္ဂိုလ်ဖြစ်သူ ဗောဓိသတ္တ သုဓနသည် မဇ္ဈူသိရီ၏ လမ်းညွှန်ချက်အရ အိန္ဒိယပြည်တစ်ခွင် လှည့်လည်၍ ဆရာ ရှာဖွေခဲ့လေသည်။ သူ၏ ဓမ္မလမ်းခရီးဝယ် (၅၃) ယောက်သော လူမျိုးစုံ ဆရာမျိုးစုံနှင့် ဆုံခဲ့ပြီး အားလုံးမှာ ဗောဓိသတ္တအသီးသီး ဖြစ်ကြ၏။ အထူးခြားဆုံးဆရာမှာ ဝသုမိတြာမည်သော ပြည့်တန်ဆာမ တစ်ဦးဖြစ်သည်ဟု ဆို၏။ ဝသုမိတြာသည်လည်း အဆင့်မြင့် ဗောဓိသတ္တတစ်ပါးဖြစ်ပြီး သစ္စာဉာဏ်အလင်းကို ဖြန့်ဝေနေသူ ဖြစ်ကြောင်း ဖော်ပြထား၏။[၃၆၄] ခရီးလမ်း၏ အဆုံးသတ်တွင် သုဓနသည် ဗောဓိသတ္တ မဇ္ဈူသိရီ ပြဿသော ဝေရောစန မျှော်စင်ကို မြင်တွေ့ရလေသည်။ ယင်းမျှော်စင်သည် အမြင့်မြတ်ဆုံးသော ဓမ္မကာယကို ကိုယ်စားပြုနေသည်။ မဇ္ဈူသိရီ ပြဿသော ဝေရောစန မျှော်စင်အတွင်းသို့ သုဓန ဝင်ရောက်သွားလေသော် အလွန်ဆန်းကြယ်သော အာရုံနိမိတ်များကို တွေ့ကြုံခံစားခဲ့ရ၏။

ဝေရောစန မျှော်စင်၏ အတွင်းဖက်သည် ကောင်းကင်ပြင်ကြီးတမျှ အဆုံးအစမဲ့ ကျယ်ပြန့်နေပြီး ၄င်းတွင် သိန်းပေါင်းများစွာသော မျှော်စင်များကို တွေ့ရလေသည်။ ယင်းမျှော်စင်တို့သည် အသီးသီး လှပဆန်းကျယ်စွာ တန်ဆာဆင်ထားသော်လည်း ထူးခြားချက်မှာ တစ်ခုကိုတစ်ခု ပိတ်ဆို့တားဆီး ဖုံးကွယ်မှုမရှိခြင်း ဖြစ်သည်။ သုဓနသည် မဇ္ဈူသိရီနှင့်တကွ များစွာသော ဗောဓိသတ္တအရှင်တို့ကိုလည်း ဖူးမြင်ရပြီးထို အရှင်တို့၏ မွေးညင်းပေါက်များဆီမှ နိမ္မာနကာယ ဗုဒ္ဓရှင်တော်များစွာ ထွက်ပေါ်လာပုံကို မြင်တွေ့ရလေသည်။ ယင်း ဗုဒ္ဓရှင်တော်မြတ်တို့ထံမှ သာယာငြိမ့်

၃၆၂။ Gómez, L. O. (1967) 'Selected Verses from the Gauravyeha', unpubd doctoral thesis, Yale University.: lxxxviii

၃၆၃။ Suzuki, D. T. (1968) *On Indian Mahayana Buddhism*, ed. E. Conze, New York: Harper Torchbook-p 157

၃၆၄။ Wilson in Paul 1979: 161.

ညောင်းသော ဓမ္မဒေသနာ ဟောကြားတော်မူသောအသံများ ကြားရပြီး တစ်ချိန်တည်း မှာပင် သူသည် အရိမေတ္တေယျ ဘုရားရှင်နှင့် အခြားသော ဗောဓိသတ္တအဆူဆူတို့ သမာဓိဝင်စားနေကြလေသည်ကို လည်းကောင်း၊ ယင်းတို့၏ ကိုယ်ကာယတော် များရှိ မွေးညင်းပေါက်များမှ ရောင်ခြည်တော်များ ဖြာထွက်ကွန့်မြူးနေသည်ကို လည်းကောင်း မြင်တွေ့ရ၏။ အဆိုပါ ဗောဓိသတ္တ အရှင်မြတ်များ၏ မွေးညင်းပေါက် များမှ သာယာငြိမ့်ညောင်းသော ဓမ္မဒေသနာ ဟောကြားတော်မူသောအသံများ ထွက်ပေါ်လာနေသည်ကိုလည်း သူကြားနေရပြန်လေ၏။

လမ်းခရီး၏ နောက်ဆုံးတွင် အလွန်မြင့်မားသော ကြီးမားကျယ်ပြန့်သော အဆန်းတကြယ် လှပခမ်းနားသော မျှော်စင် တစ်ခုပေါ်သို့ သူတက်ရောက်သွား ရာဝယ် တစ်ချက်သော အကြည့်၌ပင် ကုဋေကုဋာ များပြားလှစွာသော စကြဝဠာ တိုက်များကို မြင်တွေ့ရ၏။ အသီးသီးသော စကြဝဠာတိုက်တစ်ခုစီ၌လည်း အရိ မေတ္တေယျဘုရားရှင်၏ လောကသို့ ဆင်းသက်တော်မူပုံ၊ ဖွားမြင်တော်မူပုံနှင့်တကွ အသေးစိတ် ဗုဒ္ဓဝင်ဖြစ်တော်စဉ်များကို သူ ဖူးမြင်ရ၏။ သုဓန ကိုယ်တိုင်လည်း မိမိ၏ ဗောဓိသတ္တ မင်္ဂလမ်းစဉ်တစ်လျှောက် တက်စဉ်နှင့် ပြောင်းလဲမှုများကို ကိုယ် တိုင်ပြန်လည် မြင်တွေ့ရပြီး နောက်ဆုံး ဗောဓိသတ္တဘူမိဖြစ်သော ဓမ္မမေဃဘူမိ တွင် သူသည် အမြင့်ဆုံး စျာနိဗုဒ္ဓဖြစ်သော သမန္တဘဒြကို ဖူးမြင်ရပါတော့သည်။

ထိုသို့ ဖူးမြင်ရရန်အတွက် သုဓနသည် များစွာသော ပုညသမ္ဘာရ၊ ဉာဏသမ္ဘာရ အဆောက်အဦတို့ကို ထုထုထည်ထည် တည်ဆောက်ခဲ့ရပြီးနောက် ပါရမီတရားစုတို့ ၏ ရင့်ကျက်ပြည့်စုံခြင်း အဆင့်သို့ရောက်သောအခါတွင် သုဓနသည် အနန္တအာကာသ ဟင်းလင်းပြင်ပမာ အကန့်အသတ် အပိတ်အဆို့ မရှိသော ကိလေသာမှ လွတ်မြောက် ပြီးသည့် စိတ်၏ သန့်စင်ငြိမ်သက်မှုကို မျက်မှောက်ပြုခဲ့ရ၏။ ဓမ္မခရီး၏ မင်္ဂလာ နိမိတ် (၁၀) ပါးနှင့် အလင်းရောင် (၁၀) ပါးတို့ မြင်တွေ့ရပြီး နောက်ဆုံးအဆင့်တွင် ဗောဓိသတ္တသုဓန ကိုယ်တိုင် သမန္တဘဒြ၏ တည်ရှိမှုဘာဝနှင့် တစ်သားတည်း ပေါင်းစည်းလျက် အနန္တစကြဝဠာ လောကဓာတ်တစ်ခုလုံးနှင့် ပေါင်းစည်းကာ သမတာ ဖြစ်သွားကြောင်း ဖော်ပြလျက် ဂန္ဓဗျူဟာသုတ်ကို နိဂုံးချုပ်ထားသည်ကို တွေ့ရ၏။

တရုတ်ပြည်တွင် ဟွာယင်းဂိုဏ်းပေါ်ထွန်းလာပုံ

တရုတ်ပြည်တွင် ပေါ်ပေါက်ခဲ့သော ဟွာယင်းဂိုဏ်းသည် အထက်ဖော်ပြပါ အဝဋ်သ ဂသုတ္တန်ကို အသေးစိတ် အနက်ဖွင့်ဆိုလျက် ချဲ့ထွင်ပွားများရာမှ ဖြစ်ထွန်း ပေါ်ပေါက်လာသော မဟာယာန ဗုဒ္ဓဒဿနဂိုဏ်း တစ်ခုဖြစ်၏။ အစဉ်အလာအား

ဖြင့် တရုတ်ပြည်တွင် ဟွာယင်းဂိဏ်းကို တည်ထောင်ခဲ့သူ ဂိဏ်းချုပ် ဆရာတော် (၅) ပါးရှိသည်ဟူ၍ သတ်မှတ်ကြ၏။ ၎င်း ဆရာတော်တို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။[၃၆၅]

(၁) တုရှုန် (အေဒီ ၅၅၇-၆၄၀)
(၂) ချိုယန်(အေဒီ ၆၀၂-၆၆၈)
(၃) ဖဆန် (အေဒီ ၆၄၃-၇၁၂)
(၄) ချန်ကွမ်း (အေဒီ ၇၃၈-၈၃၉)
(၅) ဆွန်မိ (အေဒီ ၇၈၀-၈၄၁)

ဆရာတော်တုရှုန်သည် ဟွာယင်း၏ မိုးစေ့ကို စတင်ချပေးခဲ့သူ ဖြစ်သော်လည်း ယင်းတို့အနက် ဆရာတော် ဖဆန်ကိုသာ ဟွာယင်းဂိဏ်းကို ထင်ရှားပေါ်လွင်စွာ တည်ထောင်ခဲ့သူအနေဖြင့် ဆိုနိုင်လေသည်။ ဆရာတော် ချန်ကွမ်း၏ လက်ထက်တွင် ဟွာယင်းဂိဏ်းဟူသော အမည်နာမနှင့်တကွ ထင်ရှားလာခဲ့လေသည်။ စင်စစ် ဟွာယင်းဂိဏ်းကို ဒဿန၀ါဒဂိဏ်းတစ်ခုထက် ဓမ္မဓာတုသဘောကို ဖွင့်ဆိုရှင်းပြသော အဋ္ဌကထာဂိဏ်းတစ်ခုအဖြစ် ပိုမြင်ရလေသည်။ ဒဿနဆန်ဆန် ဆင်ခြေများထက် အတည်ပြုပြောသော အဆို၀ါဒများနှင့်သာ တည်ဆောက်ထားပြီး အိန္ဒိယဗုဒ္ဓဘာသာ၏ တက္ကိုကအယူအဆများအပေါ် တရုတ်၏ ရိုးရာပညာဉာဏ်ဖြင့် သက်၀င်ဖွင့်ဆိုထားသောကြောင့် ဟွာယင်းဒဿနသည် အိန္ဒိယဗုဒ္ဓဘာသာနှင့် တရုတ်ဗုဒ္ဓဘာသာ နှစ်ရပ်၏ အမြင့်ဆုံးသော ပေါင်းစည်းမှုအဖြစ် သတ်မှတ်နိုင်ပါသည်။

ဟွာယင်းဂိဏ်းကို တည်ထောင်ခဲ့သူ ဆရာတော်တုရှုန်ကို ဒဿနပညာရှင် တစ်ဦးထက် မော်တန်ခိုးရှင် ဝိဇ္ဇာမိုရ်တစ်ပါးအဖြစ် ပိုပြီး အသိအမှတ် ပြုခဲ့ကြပြီး တန်ခိုးဖြင့် ဆေးကုသပေးခြင်းတွင် နာမည်ကြီးသူဖြစ်၏။ တစ်ခါက ဆရာတော် တုရှုန်သည် လိတောင်ပေါ်တွင် တပည့်ရဟန်းများနှင့် နေထိုင်စဉ် အင်းဆက်ပိုးမွှားများကြောင့် စိုက်ပျိုးရေးကို လုပ်ရန်ခက်ခဲနေခဲ့ရာ တုရှုန်က မေတ္တာရပ်ခံသောကြောင့် အင်းဆက်များတောင်ပေါ်မှ ထွက်ခွာသွားခဲ့ကြကြောင်း အံ့ချီးဖွယ်ရာ မှတ်တမ်းတင်ထား၏။ ဒေသတစ်ခုသို့ ဆရာတော်တုရှုန် ရောက်ရှိလာသောအခါ ထိုဒေသတွင် ကြီးစိုးသောင်းကျန်းနေသော နဂါးတစ်ကောင် ထွက်ခွာသွားကြောင်း ဖော်ပြထားပြန်၏။ ယုံကြည်သက်၀င်သူတို့က ဆရာတော်တုရှုန်ကို မဉ္ဇုသြရီ ဗောဓိသတ္တ၏ ၀င်စားဖော်ဆောင်မှုအနေနှင့် ယုံကြည်ကြလေသည်။ ဆရာတော်တုရှုန်သည် ဆင်းရဲသား ပြည်သူအများနှင့် နီးကပ်စွာနေထိုင်လျက် အများပြည်သူတို့ကို

၃၆၅။ **Cook, Francis H (1977), Hua-Yen Buddhism: The Jewel Net of Indra, Penn State Press, p-24**

ကူညီစောင်မခဲ့သော သူတော်စင်ပုဂ္ဂိုလ်အဖြစ်ကြည်ညိုလေးစားကြ၏။ ယေရှုခရစ်တော်ကဲ့သို့ပင် ဆရာတော်တုရှန်သည် အလှူတစ်ခုတွင် လူအများ စားသောက်ရန် အစားအစာများကို တန်ခိုးဖြင့် ဖန်ဆင်းပေးခဲ့သည်ဟုဆိုသော ပါးစပ်ရာဇဝင်များလည်းရှိလေသည်။

ဟွာယင်းဂိုဏ်းကို အခြေတည်စေခဲ့သော ဆရာတော် ဖဆန်မှာမူ အသက် ၂၈ နှစ်အထိ လူဝတ်ကြောင်ဘဝဖြင့် တိုင်ပိုင်တောင်ပေါ်တွင် နေထိုင်ခဲ့သည်။ ဖဆန်သည် ဟွာဟင်း ဒုတိယသာသနာပိုင် ဆရာတော် ချိုယန်ထံတွင် ရဟန်း ပြုခဲ့သည်။ ဆရာတော်ဖဆန်အတွက် တန်မင်းဆက် ဧကရီဘုရင်မ ဝူဆီတျန်းက ကျောင်းသစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့၏။ မှတ်တမ်းများအရ ဆရာတော်ဖဆန်နှင့် ပတ်သက်၍ အံ့ဖွယ်ထူးကဲသော ဖြစ်ရပ်များ ရှိခဲ့သည်ဟုဆို၏။ ဥပမာ-သူတရား ဟောနေချိန်တွင် သူ့နှုတ်ခမ်းမှ အလင်းရောင်များထွင်ပေါ်ခြင်း၊ မြေလှုပ်ခြင်း စသည်တို့ဖြစ်ကြောင်း ၄င်းမှတ်တမ်းများက ဆို၏။[၃၆၆]

ဟွာယင်းဂိုဏ်း၏ ဖြစ်တည်မှုသည် တရုတ်နိုင်ငံ၏ တန်မင်းဆက် သမိုင်းနှင့် များစွာဆက်စပ် နေခဲ့ပြီး နာမည်ကျော် တရုတ် ဧကရီဘုရင်မကြီး ဝူ (Empress Wu(c.625–705) နှင့် များစွာသက်ဆိုင်နေခဲ့၏။ ဝူ ဧကရီဘုရင်မသည် ကွန်ဖြူးရှပ်ဝါဒီပညာရှင်များ က ပုံဖျက်တိုက်ခိုက်ခံ ခဲ့ရသော တရုတ်နိုင်ငံ၏ တစ်ဦးတည်းသော အမျိုးသမီး ဘုရင်မ ဖြစ်ခဲ့လေသည်။ အဆိုပါကာလက ဗုဒ္ဓဘာသာသည် ကွန်ဖြူးရှပ်အယူဝါဒနှင့် ယှဉ်ပြိုင်နေရချိန် ဖြစ်လေသည်။ ဝူ ဘုရင်မ၏ မိခင်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပြီး ဘာသာရေး ကိုင်းရှိုင်းသော ဝူ ဘုရင်မကြီးသည် ဗုဒ္ဓဘာသာကို နိုင်ငံတော်၏ တရားဝင်ဘာသာတရားအဖြစ် သတ်မှတ်ခဲ့သူဖြစ်၏။ ဝူဘုရင်မကြီးသည် ဗုဒ္ဓဘာသာကို မိမိ၏ နိုင်ငံရေး မျှော်မှန်းချက်အတွက် အသုံးချခဲ့ဟန်ရှိ၏။ ရှေးဟောင်း ကွန်ဖြူးရှပ်ဝါဒ၏ အမြင်အရ အမျိုးသမီးများ ရာဇပလ္လင်ကို စိုးပိုင်မှုကို ခွင့်မပြုလေသောကြောင့် ဝူ ဘုရင်မကြီးသည် ဗုဒ္ဓဓမ္မနယ်ပယ်မှ အမျိုးသမီးများ ရာဇပလ္လင်ကို ဆက်ခံပိုင်ခွင့်ကို ရရှိဖွေခဲ့ဟန်တူလေသည်။ ဗုဒ္ဓဘာသာ၏ ယေဘုယျ သဘောတရားအရ အမျိုးသမီးများကို အခွင့်အရေး တန်းတူနီးပါးပေးခဲ့သည် ဖြစ် သည့်အပြင် မဟာယာနဗုဒ္ဓဘာသာ၏ ဗောဓိသတ္တာအယူအဆတွင် လောက အကျိုး စီးပွားအတွက် ဗောဓိသတ္တာတစ်ပါးသည် အမျိုးသမီးသဏ္ဌာန်အားဖြင့် လောကသို့ ဆင်းသက်နိုင်ကြောင်း ဖော်ပြသဖြင့် ယင်းအချက်ကို ဝူ ဘုရင်မက အသုံးပြုလိုခဲ့ ဟန်ရှိလေသည်။ ထို့ကြောင့် မိမိကိုယ်ကို ပွင့်တော်မူမည့် အရိမေတ္တေယျ

၃၆၆။ Chang, Garma, C. C. (1971) *The Buddhist Teaching of Totality*, University Park, PA: Pennsylvania State University Press: 237–8

ဗောဓိသတ္တ အရှင်၏ ဖော်ဆောင်ဝင်စားမှုအနေဖြင့် ဂူ ဘုရင်မကြီးက ယုံကြည်ခဲ့၏။ ထို့အပြင် မိမိကိုယ်ကို စကြဝတေးမင်းအဖြစ် သတ်မှတ်လျက် လောကအလုံးစုံကို အောင်နိုင် အစိုးရမည့် မဟာဧကရီဘုရင်မကြီးအဖြစ် ခံယူခဲ့၏။ သတ္တဝါတို့မှာ အနှစ်သာရအားဖြင့် တူညီသော ဗုဒ္ဓ၏ ဗောဓိဉာဏ် ဓာတ်သဘာဝဖြစ်ပြီး ကျား မ ကွဲပြားမှုမှာ အပေါ်ယံ အသွင်အပြင်မျှသာဖြစ်ကြောင်း အတည်ပြုသော တထာဂတဂဗ္ဘ အယူအဆကိုလည်း ဂူဘုရင်မကြီးက နှစ်သက် လက်ခံခဲ့လေသည်။ မဟာယာန ဗုဒ္ဓဘာသာသည် မိမိ၏ ဘုရင်ဖြစ်မှုနှင့် နိုင်ငံရေးအာဏာကို ထောက်ခံအားပေးသော လောကအမြင်တစ်ရပ်အဖြစ် သူက ရှုမြင်ခဲ့လေသည်။ ဆရာတော် ဖဆန်သည် မင်းဧကရီ၏ဆရာဂုရုဖြစ်လာခဲ့ပြီး ဟွာယင်းဒဿနကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်း၏ အခြေခံအုတ်မြစ် လောကအမြင်အဖြစ် ဂူ ဘုရင်မကြီးကို တင်ပြနိုင်ခဲ့၏။

ဆရာတော် ဖဆန်သည် တရားဟောကောင်းသူဖြစ်ပြီး ခက်ခဲ နက်နဲသော မဟာယာန ဗုဒ္ဓဘာသာ၏ သဘောတရားရေးရာများကို တရုတ်ယဉ်ကျေးမှု၏ လက်တွေ့ဆန်သော ဥပမာများဖြင့် ရှင်းပြနိုင်သူ ဖြစ်ပေသည်။ ဟွာယင်း ဒဿန၏ အပြန်အလှန် ထွင်းဖောက်ရပ်တည်ခြင်း (Interpenetration) သဘောကို ဂူဘုရင်မကြီး နားလည်သဘောပေါက်အောင် ရှင်းပြရာတွင် ဖယောင်းတိုင်နှင့် ကြည့်မှန် (ကြေးမုံ) များကို အသုံးပြုခဲ့၏။ ထွန်းညှိထားသော ဖယောင်းတိုင်မီး၏ ထက်အောက် ရှေ့နောက် ဝဲယာ အရပ်မျက်နှာ အဖက်ဖက်တွင် ကြည့်မှန် (ကြေးမုံ) များကို နေရာချထားလိုက်ခြင်းအားဖြင့် ဖယောင်းတိုင်၏ ပုံရိပ်များ အပြန်အလှန် ထင်ဟပ်ပုံဖြင့် သရုပ်ပြပြီး ဟွာယင်းဒဿန၏ အပြန်အလှန် ထွင်းဖောက်ရပ်တည်ခြင်း (Interpenetration) သဘောကို ရှင်းပြခဲ့ရာတွင် ဂူ ဘုရင်မကြီးက များစွာ နှစ်ခြိုက်ခဲ့၏။

ဆရာတော်ဖဆန်၏ ရွှေခြင်္သေ့မင်း ဒေသနာ

ဆရာတော် ဖဆန်၏ ဟွာယင်းဒဿနကျမ်းများအနက် ထင်ရှားသော ကျမ်းတစ်ဆူမှာ ရွှေခြင်္သေ့မင်းကျမ်း (Treatise on the Golden Lion) ဖြစ်၏။ ဤ ကျမ်းစာငယ်လေးဝယ် ဗုဒ္ဓဓမ္မ၏ အခြေခံသဘောတရားများဖြစ်သော လောကီနှင့် လောကုတ္တရာ သစ်္ခတနှင့် အသစ်္ခတ ပညတ်ဓမ္မနှင့် ပရမတ်ဓမ္မတို့၏ အပြန်အလှန် ထွင်းဖောက်ရပ်တည်ခြင်း သဘာဝ (Interpenetration)ကို ရှင်းပြခဲ့သော ကျမ်းငယ်လေးတစ်ဆူဖြစ်သည်။ ဆရာတော်ဖဆန်သည် ဥပမာ အလင်္ကာအနေဖြင့် နန်းတော်ဆောင်ရှေ့မှ ရွှေခြင်္သေ့မင်းရုပ်တုကို ဥပမာထား ရှင်းပြခဲ့ပါသည်။

ဆရာတော်ဖဆန်၏ အလိုအရ ဓမ္မဓာတုကို သရုပ်ခွဲကြည့်ရာတွင် ပညတ် ဓမ္မနှင့် ပရမတ်ဓမ္မ ဟူ၍ (၂) မျိုး ခွဲခြားနိုင် သည်။ တစ်နည်းအားဖြင့် ပညတ်သည် ပုံသဏ္ဌာန်ဖြစ်ပြီး ပရမတ်သည် အတွင်းသရုပ်ဖြစ်၏။ ဤသို့ ပညတ် ပရမတ် ခွဲခြားမှုသည် အစဉ်အလာ ဗုဒ္ဓအဘိဓမ္မာ ဂိုဏ်းများတွင်ရှိသလို ရှေးဟောင်း တောက်ဝါဒ အယူအဆတွင်လည်း အလားတူ ရှိနေခဲ့ပါသည်။ တရုတ်ဘာသာ စကားအားဖြင့် ပညတ်-ပုံသဏ္ဌာန် ကို ရှိ(Shih) ပရမတ်-အတွင်းသရုပ်ကို လီ (Li) ဟု သတ်မှတ်ထားကြသည်။ ဆရာတော်ဖဆန်က နန်းတော်ဆောင်ရှေ့မှ ရွှေခြသေ့မင်း ရုပ်တုကို ဥပမာပေး ရှုမြင်ရာတွင် ခြသေ့ဟူသော အသွင်သည် (ရှိ) ဖြစ်ပြီး ရွှေသားသတ္တု သည် (လီ) ဖြစ်သည်ဟု ဆိုနိုင်ကြောင်း စတင်ဖော်ပြသည်။ ယင်းသို့ ခွဲခြမ်းစိတ်ဖြာမှုမှာ အတွင်းသရုပ် (လီ) နှင့် အပြင်ပုံသဏ္ဌာန် (ရှိ) တို့သည် အစဉ်အလာ တရုတ်ဒဿန ပညာနယ်ပယ်တွင် အရေးပါသော ဒဿနဝါဟာရများ ဖြစ်ကြောင့် တရုတ်ဗုဒ္ဓဘာသာဝင်တို့အတွက် နားမစိမ်းသော ဝေါဟာရများ ဖြစ်ခဲ့၏။ ထို့ကြောင့် ဆရာတော် ဖဆန်က (လီ) နှင့် (ရှိ) ဆိုင်ရာ အမြင်များကို ဟွာယင်းဒဿနကို ရှင်းပြရန် သုံးခဲ့ခြင်းဖြစ်၏။

ဖဆန်၏ ဟွာယင်းဒဿန အမြင်အရ (လီ) သည် ပရမတ္ထသစ္စာဖြစ်ပြီး (ရှိ) သည် သမ္မုတိသစ္စာ ဖြစ်သည်ဟု ဆို၏။ (လီ) သည် (ရှိ) ၏ နောက်ကွယ်တွင် ရုပ်တည်နေသော အခြေခံဝတ္ထု မဟုတ်သလို (လီ) သည် (ရှိ) ကို ကွန်မြူးဖန်ဆင်းပေးသော (ရှိ) မှ သီးခြားဖြစ်တည်နေသည့် အရာမဟုတ်ချေ။ (လီ) သည် ဖန်ဆင်းသူ (ရှိ) သည် ဖန်ဆင်းခံဟူသော သဘောမျိုး လုံးဝ မဟုတ်ပေ။ (လီ) သည် (ရှိ) အတွင်း၌ စိမ့်ဝင်ပျံနှံ့လျက် (ရှိ) နှင့် တစ်သားတည်း ဖြစ်နေသော တရားကိုယ် အနှစ်သာရသဘော ဖြစ်သည်။ ရွှေခြသေ့ရုပ်တု ဥပမာတွင် ရွှေသည် (လီ) ဖြစ်ပြီး ခြသေ့အသွင်သဏ္ဌာန်သည် (ရှိ) ဟု ဆိုခဲ့ပြီး ဖြစ်သည်။ ရွှေသည် ခြသေ့ရုပ်တုမှ သီးခြားမရှိသောကြောင့် ရွှေသည်ပင် ခြသေ့ရုပ်တု ဖြစ်၏။ ရွှေမပါသော ခြသေ့ရုပ်တု အသွင်သဏ္ဌာန် သက်သက်ဟူ၍လည်း သီးခြားမရှိသောကြောင့် ရွှေခြသေ့ရုပ်တု ဥပမာတွင် ရွှေ (လီ) နှင့် ခြသေ့ရုပ်တု အသွင်သဏ္ဌာန် (ရှိ) တို့သည် အပြန်အလှန် စိမ့်ဝင်ထွင်းဖောက် ရပ်တည်နေကြသည်ဟု ဆိုနိုင်သည်။

ဆရာတော်ဖဆန် ၏ အလိုအရ (လီ)=အတွင်းသရုပ်ဟူသည် အခြားမဟုတ်ဘဲ မဇ္ဈိမိကဒဿနက ညွှန်ပြသည့် အရာခပ်သိမ်း၏ အတွင်းအနှစ်သား ဆိတ်သုဉ်းသောသဘော (သဗ္ဗဓမ္မသုညတသဘာဝ) သာ ဖြစ်လေ၏။ ထို့အတူ (ရှိ)=ပြင်ပသဏ္ဌာန်ဟူသည်မှာ သုညတဓမ္မ၏ ဖော်ဆောင်မှုများဖြစ်သော အာရုံ (၆) ပါး လောကတရား

များသာ ဖြစ်ကြပါ၏။ ရွှေသည် မည်သည့်သဏ္ဌာန်ကို ဆောင်ယူသည်ဖြစ်စေ ရွှေဖြစ်ခြင်းသဘာဝကို မစွန့်သလို လောကခပ်သိမ်း၏ ပညတ် ပရမတ် တရား ဟူသမျှတို့သည်လည်း အတွင်းအနှစ်သား သဘာဝအနေဖြင့် သုညတချည်းသာ ဖြစ်ကြောင်း ဆိုပါသည်။

ပကတိသဘာဝသည် ရွှေသာဖြစ်သောကြောင့် ခြသေ့ရုပ်တု ဖြစ်တည်လာချိန်ဝယ် အမှန်စင်စစ် ဖြစ်တည်လာသည်ကား ရွှေသာလျှင် ဖြစ်ဘိသကဲ့သို့ လောကဓမ္မတရားများ ဖြစ်တည်လာချိန်ဝယ် ၄င်းတို့၏ ပကတိ သဘာဝစစ်စစ်ကား သုညတဓမ္မသာလျှင် ဖြစ်ပေတော့သည်။ လောကဓမ္မတရားများသည် မိမိတို့၏ အနှစ်သာရဖြစ်သော သုညတာသဘာဝနှင့် တစ်ခဏမျှပင် မကွဲမကွာဘဲ အတူရှိနေကြသည်ဟု ဆိုနိုင်၏။ ရွှေသည် ပုံသဏ္ဌာန်တစ်မျိုးမျိုးဖြင့် တည်ရှိနေသောကြောင့် ရွှေကို ခြသေ့သဏ္ဌာန်အဖြစ် ပြုပြင်လိုက်လျှင် မူလကရှိနေသော ရွှေချောင်း ရွှေပြား စသည် ပုံသဏ္ဌာန်များမှ ရွှေလျော ပြောင်းလဲသွားသော်လည်း ရွှေ၏ မူလ ပကတိသဘာဝမှာ ပြောင်းလဲရိုးထုံးစံ မရှိဘိသကဲ့သို့ လောကဓမ္မတရားများ ပြောင်းလဲကြသော်လည်း ၄င်းတို့၏ ပကတိသဘာဝဖြစ်သော သုညတာသဘာဝမှ အစဉ်မပြောင်းလဲပေ။

ထို့ကြောင့် အဆုံးစွန်သော ပရမတ္ထ သစ္စာရှုထောင့်မှဆိုရလျှင် အရာဝတ္ထု (လောကဓမ္မတရား) တို့သည် အမှန်စင်စစ် မွေးဖွားပေါ်ပေါက် ဖြစ်တည်လာခြင်းလည်း မရှိ၊ အမှန်စင်စစ် သေဆုံးပျက်စီး ပျောက်ကွယ်သွားခြင်းလည်း မရှိပေ။ မွေးဖွားပေါ်ပေါက်ခြင်း၊ သေဆုံးပျောက်ကွယ်ခြင်း သဘောတို့သည် အသွင်သဏ္ဌာန်သဘော သက်သက်မျှဖြစ်ပြီး အနှစ်သာရအားဖြင့် တစ်စုံတစ်ခု၏ အရှိတရားကို ဆုပ်ကိုင်ပြသ မရအပ်သောကြောင့် ပကတိသဘာဝဖြစ်သော သုညတာသဘာဝ၌ ဖြစ်ခြင်း၊ ပျက်ခြင်း၊ လာခြင်း၊ သွားခြင်း၊ တစ်ခုတည်းဖြစ်ခြင်း၊ အများဖြစ်ခြင်း စသော ပညတ္တိတရားများ အမှန်စင်စစ် မရှိပေ။ ဟွာယင်းဒဿနပညာရှင် ဒေါက်တာ ဖရန်စစ် ကွတ်ခ် (Dr,Francis Cook) ကလည်း ဤ အယူအဆသဘောကို ထောက်ခံခဲ့ပါသည်။ ဒေါက်တာဖရန်စစ် ကွတ်ခ်၏ အမြင်ဝယ် ဟွာယင်း ဒဿန အမြင်ဟူ၍ တသီးတခြား မရှိဘဲ အမှန်စင်စစ် ဟွာယင်း ဒဿနသည် အရှင်နာဂဇုန၏ မဇ္ဈိမိကသုညတဒဿနအမြင်ကို တရုတ်ယဉ်ကျေးမှု၏ ရိုးရာ သဘာဝအခြေပြု ဝါဒနှင့် လိုက်လျောညီထွေဖြစ်အောင် ပေါင်းစပ်ထားခြင်းမျှသာ ဖြစ်ကြောင်း တင်ပြခဲ့လေသည်။[၃၆]

၃၆။ Cook, F. H. (1977) *Hua-yen Buddhism: The Jewel Net of Indra*, University Park, PA: Pennsylvania State University Press.

ဒေါက်တာပေါလ်ဝီလျှံ့၏ အမြင်ကမူ ဟွာယင်းဒဿနအမြင်သည် အရှင်နာဂဇုန၏ မဇ္ဈိမိကသုညတာဒဿန အမြင် သက်သက်မျှမဟုတ်ဘဲ ရှေ့တွင်ဖော်ပြခဲ့ပြီးသော တထာဂတဂဗ္ဘ (ဗုဒ္ဓသဘာဝ) အမြင် မျိုးဖြစ်ကြောင်းဆိုခဲ့၏။ တရုတ် ဗုဒ္ဓဘာသာလောကတွင် အရှင်အသွယောသ ပြုစုသည်ဟု ယူဆထားခဲ့ကြသည့် မဟာယာန သဒ္ဓါပ္ပါဒကျမ်း(The Awakening of Faith) ၏ သြဇာလွှမ်းမိုးမှုက ကြီးမားသည့်အပြင် အရှင်နာဂဇုန ကိုယ်တိုင်က မဟာယာန သဒ္ဓါပ္ပါဒ၏ အဖွင့်ဋ္ဌကာကို ရေးသားခဲ့သည်ဟု အယူရှိကြသောကြောင့် ဤ ဗုဒ္ဓဒဿန အမြင်နှစ်ရပ်မှာ အလွန်နီးစပ်နေသည်ဟု ခံယူကြသည်။ ထို့အပြင် ဆရာတော် ဖဆန်အပေါ်တွင်လည်း မဟာယာနသဒ္ဓါပ္ပါဒကျမ်း၏ တထာဂတဂဗ္ဘ = ဗုဒ္ဓသဘာဝအမြင်က လွှမ်းမိုးခဲ့သောကြောင့် ဖဆန်အတွက် ပရမတ္ထသစ္စာ (လီ=Li) ဟူသည်မှာ မဇ္ဈိမိကသုညတာဒဿနအမြင်၏ အတ္တကင်းဆိတ်မှုသဘာဝ သက်သက် မဟုတ်ဘဲ တစ်လုံးတစ်ဝတည်းသော စိတ်သဘာဝ (ဧကစိတ္တ)= One Mind = ဖြစ်ကြောင်း ဒေါက်တာပေါလ်ဝီလျှံက တင်ပြခဲ့၏။

ထို့ကြောင့် ဟွာယင်းဒဿနသည် အိန္ဒိယ ယောဂါစာရဒဿနနှင့် တထာဂတဂဗ္ဘ=ဗုဒ္ဓသဘာဝ အယူအဆများကဲ့သို့ လှိုင်းနှင့် ပင်လယ် ဥပမာကို အသုံးပြု၍ လောကီနှင့်လောကုတ္တရာ သစ္စာတနှင့် အသစ္စာတ အယူအဆများကို တင်ပြခဲ့ခြင်းဖြစ်သည်။ တစ်လုံးတစ်ဝတည်းသော စိတ်သဘာဝ (ဧကစိတ္တ)=One Mind သည် ငြိမ်သက်သော ပင်လယ်ပမာ ဖြစ်သလို လောကဓမ္မတရားတို့၏ အသွင်သဏ္ဌာန်များ ဖြစ်ပျက်ပြောင်းလဲမှုသည် လှုပ်ရှားသော လှိုင်းများပမာ ဖြစ်လေသည်။ လှိုင်းနှင့်ပင်လယ်သည် တစ်သားတည်းတစ်ခုတည်း ဖြစ်သကဲ့သို့ လောကဓမ္မတရားတို့သည်လည်း တစ်လုံး တစ်ဝတည်းသော စိတ်သဘာဝ (ဧကစိတ္တ)=One Mind နှင့် တစ်သားတည်းတစ်ခုတည်းသာ ဖြစ်သည်ဟု ဟွာယင်း ဒဿနက ယူဆကြောင်း ပညာရှင်များက သုံးသပ်ခဲ့ကြပါသည်။[၃၆၀]

ဟွာယင်းဒဿနအမြင် ၏ ဝါဒကထာ (၁၀) ပါး

ဟွာယင်းဒဿန ပညာရှင်များ၏ အလိုအရဆိုလျှင် ဟွာယင်းဗုဒ္ဓဒဿနအမြင်သည် ဗုဒ္ဓဝါဒသမိုင်း တစ်လျှောက်လုံး၌ အမြင့်မားဆုံးနှင့် အပြီးပြည့်စုံဆုံး ဓမ္မ

၃၆၀။ Cleary, T. (1983) *Entry into the Inconceivable, Honolulu*: University of Hawai'i Press. 152, and in Gregory, P. N. (1983b) 'The place of the sudden teaching within the Hua-yen tradition: An investigation of the process of doctrinal change', *Journal of the International Association of Buddhist Studies* 6 (1): 31–60. Repr. in Williams 2005b, vol. 8.

အမြင်ဖြစ်သည်။ မဇ္ဈိမိက ယောဂါစာရနှင့် တထာဂတဂဗ္ဘ အမြင်များသည် မြင်မင်းဓရာကြီးများ ဖြစ်သည်ဟု ဆိုလျှင် ၄င်းတို့သည် နောက်ဆုံး ဟွာယင်း ဗုဒ္ဓဒဿနအမြင်တည်းဟူသော မဟာ သမုဒ္ဒရာကြီးအတွင်းသို့ သက်ဆင်းပေါင်း စည်းကြရသည်ဟု ဆိုလေသည်။ ဟွာယင်းဒဿနပညာရှင်များ၏ အလိုအရ ဗုဒ္ဓ ဓမ္မ၏ အဆင့်ဆင့် ပွင့်ကားတိုးတက်ဖြစ်ထွန်းမှုကို အောက်ပါအဆင့်များအတိုင်း ခွဲခြမ်းတင်ပြထား၏။

(၁) အတ္တနှင့် ဓမ္မ၏ အရှိတရားကို လက်ခံသော ဝါဒကထာ (ဗုဒ္ဓဘာသာ မဟုတ်သော ဂိုဏ်းများနှင့် ဝဇ္ဇီပုတ္တကဂိုဏ်း)

(၂) အတိတ်အနာဂတ် ပစ္စုပ္ပန် ကာလ ၃ ပါးစလုံးမှ ဓမ္မတရားတို့၏ အရှိကို လက်ခံသော်လည်း အတ္တ၏ အရှိကို လက်မခံသော ဝါဒအမြင် (သဗ္ဗတ္ထိဝါဒ ဂိုဏ်း)

(၃) ဓမ္မတရားတို့၏ ပြောင်းလဲမှု၊ ရွေ့လျားမှု သဘောကို လက်မခံ အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလ ၃ ပါးစလုံးမှ ဓမ္မတရားတို့၏ အရှိသဘော ကို လက်မခံသောဝါဒအမြင် (မဟာသံဃိက ဂိုဏ်း)

(၄) ပစ္စုပ္ပန် ဓမ္မတရားတို့၏ ရှိ-မရှိ သဘော နှစ်ခုစလုံး လက်ခံ ခန္ဓာ ၅ ပါး၏ စစ်မှန်သော အရှိသဘောကို လက်ခံသော်လည်း အာယတန ၁၂ ပါးနှင့် ဓာတု ၁၈ ပါးကို သမုတိပညတ်အဖြစ် လက်ခံသော အမြင် (ပညတ္တိဝါဒဂိုဏ်း)

(၅) လောကီတရားများ အားလုံး အမှန်တကယ် မရှိသော အမှားတရားများ ဖြစ်ကြပြီး လောကုတ္တရာ ပရမတ္ထသစ္စာ တရားများသည်သာ အစစ်အမှန် ဖြစ်သည်ဟုဆိုသော ဝါဒအမြင် (လောကုတ္တရာဝါဒ)

(၆) လောကီလောကုတ္တရာ ဓမ္မတရားဟူသမျှ အစစ်အမှန် မရှိဘဲ နာမ ပညတ်များ သက်သက်သာ ဖြစ်သည်ဟူသော ဝါဒအမြင် (ဧကုတ္တိယ ဂိုဏ်း)

(၇) လောကီ လောကုတ္တရာ ဓမ္မတရားဟူသမျှ မိမိတို့၏ ကိုယ်ပိုင်ဂုဏ်သတ္တိ ဖြင့် ရပ်တည်နိုင်စွမ်းရှိပဲ မိမိကိုယ်ပိုင် အမှတ်သရုပ်လက္ခဏာများမှ ကင်းဆိတ်သည်ဟူသော ဝါဒအမြင် (သုညတဝါဒ-မဇ္ဈိမိကဂိုဏ်း)

(၈) ပကတိ အစစ်အမှန် ပရမတ္ထတရားသည် သုညတာ သက်သက်မဟုတ်ဘဲ အကန့်အသတ်မဲ့သော အနန္တဂုဏ်ရည်များ စုဝေးကိန်းဝပ်တည်ရှိရာ ထထာတာ=တထာဂတ ဂဗ္ဘ ဖြစ်သည်ဟူသော ဝါဒအမြင် (တိယင်တိုင်း=တင်းဒိုင်း ဂိုဏ်း)

(၉) ဗဟိဒ္ဓနှင့် အဏ္ဏတ္ထ သိသူနှင့် အသိခံဟူသော ဆန့်ကျင်ဘက် ဒွန္ဒတရား များ အလုံးစုံ ပေါင်းစည်းချုပ်ငြိမ်းသော အခြေအနေသည် တက္ကကို ကျော်လွန်နေသော အတက္ကာဝစာရသဘော ဖြစ်သည်ဟူသော အမြင် (ချန်=ဇာန်ဂိုဏ်း)

(၁၀) ထက်ဝန်းကျင်တောက်ပထွန်းလင်း ပြီးပြည့်စုံသော သမန္တ ပရိပုဏ္ဏာ ဒဿန အမြင် (ဟွာယင်း ဂိုဏ်း)[၃၆၉]

ဟွာယင်းဒဿနအမြင်၏ စကြာဝဠာ အမြင် (၄) မျိုး

ဟွာယင်းဒဿနအမြင်သည် ပြီးပြည့်စုံသော တက္ကိုက အမြင်တစ်ရပ်ဖြစ်သည့် အားလျော်စွာ အရာရာကို သိမ်းရုံးယူငင်လျက် ဖွဲ့စည်းထားသော အတွေးအမြင် စနစ်တစ်ရပ်ဖြစ်၏။ အရှိဓမ္မတရား နယ်ပယ်တစ်ခုလုံးကို လောကအလွှာ (Realm) လေးခုခွဲကာ ရှင်းပြခဲ့ပါ၏။ ၄င်းတို့ကို ဟွာယင်းဒဿန၏ ဓမ္မဓာတုလေးပါး ဟူ၍ လည်း ခေါ်ဆို၏။

(၁) အာရုံသိဖြင့် သိနိုင်သော သီးခြား သဘောဆောင်သော အရာဝတ္ထု အဖြစ်အပျက်များ (ရှိ) တည်ရှိသော လောက

ဤ လောကအလွှာသည် (ရှိ) တရားများ၏ လောကအလွှာ ဖြစ်သည်။ သီးခြား သဘောဆောင်သော သော လူ သစ်ပင် ကျောက်တုံး တော တောင်ရေမြေ သဘာဝလောက၏ သမ္မုတိ-အစုအရှိတရားများ အားလုံး ပါဝင်သည့် အလွှာဖြစ် သည်။ ဤလောကအလွှာတွင် အရာခပ်သိမ်းသည် မိမိတို့၏ ဝိသေသလက္ခဏာ များဖြင့် တစ်ခုနှင့်တစ်ခု မတူညီဘဲ သီးခြားတည်နေကြဟန်ရှိ၏။ သာမန်သတ္တဝါ တို့၏ အာရုံခံစားမှုဖြင့် သိနိုင်သော လောကအလွှာဖြစ်၏။

(၂) နိယာမ ဥပဒေသများ (လိ) တည်ရှိသော လောက

ဤ လောကအလွှာသည် (လိ) သဘောဓမ္မ တရားများ၏ လောကအလွှာ ဖြစ်သည်။ သီးခြား သဘောဆောင်သော သောသမ္မုတိ-အစုအရှိတရားများသည် သက်ဝင်လှုပ်ရှားရာတွင် မိမိတို့၏ သက်ဆိုင်ရာ နိယာမဥပဒေသများ (လိ) ၏ ဦးဆောင်ထိန်းချုပ်မှုအတိုင်း သက်ဝင်လှုပ်ရှားရသည်။ ဩကာသလောကတွင် ဥတုနိယာမ သတ္တလောကတွင် ဗီဇနိယာမ စိတ္တနိယာမ သန်္ဓိရလောကတွင်

၃၆၉။ **Junjiro Takakusu, *The Essentials of Buddhist Philosophy*, Asia Publishing House.(1956) , p-119**

ကမ္မနိယာမ ဓမ္မနိယာမ စသဖြင့် နိယာမ အသီးသီးဖြင့် ဆက်သွယ်ထိန်း ကျောင်းနေပေသည်။ ၄င်းနိယာမတရားတို့ အချင်းချင်းလည်း အပြန်အလှန် ဆက်စပ်တည်ရှိနေသည့် လောကအလွှာ ဖြစ်သည်။ နိယာမတရားတို့အနက် အနက်ရှိုင်းဆုံးနှင့် အလွှမ်းခြုံ အသိမ်းအုပ်နိုင်ဆုံးသော ဓမ္မတရားမှာ သုညတာ (အံနတ္တာ) တရားသာလျှင် ဖြစ်၏။ ဤ လောကအလွှာသည် သာမန်အာရုံ အသိနယ်ပယ်ကို ကျော်လွန်နေပြီး ဆင်ခြင်ဉာဏ်ဖြင့်သာ ရိပ်စားမိနိုင်သော လောကအလွှာဖြစ်၏။

(၃) သီးခြား သဘောဆောင်သော အရာဝတ္ထု အဖြစ်အပျက်များနှင့် နိယာမ ဥပဒေသများ အပြန်အလှန်စိမ့်ဝင် ထွင်းဖောက် တည်ရှိသော လောက (လိ-ရှိ ဝုအိုက်)

ဤ လောကအလွှာသည် တရုတ်ဘာသာစကားဖြင့် (လိ-ရှိ-ဝုအိုက် = Li-Shi-wu-ai) ဟုခေါ်သည်။ သီးခြားဝိသေသအရာများနှင့် ၄င်းတို့၏ နိယာမတရားများမှာ ခွဲမရအောင် တွဲစပ်စိမ့်ဝင် ပေါင်းစည်းနေကြ၏။ (လိ) ဟူသော နိယာမတရားများ မရှိလျှင် (ရှိ)ဟူသော သီးခြားဝိသေသအရာများအတွက် သက်ဝင်လှုပ်ရှားရန် စနစ်ကျမှု ရှိမည်မဟုတ်ဘဲ ရှုပ်ထွေးမှုသက်သက်သာ ရှိနေမည်ဖြစ်၏။ လောကတွင် ဖြစ်ပျက်ပြောင်းလဲနေသော အရာဝတ္ထုများသည် သက်ဆိုင်ရာ နိယာမတရားများနှင့် ဥပဒေသများ၏ ထိန်းကျောင်းမှုအတိုင်း ဖြစ်ပွားနေကြသဖြင့် (ရှိ) ဟူသော သီးခြားဝိသေသအရာများသည် (လိ) ဟူသော နိယာမတရားများနှင့် အစဉ်မခွဲဘဲ ဖြစ်ပွားနေကြောင်း ထောက်ဆသိနိုင်၏။ ထိုနည်းတူ (လိ) ဟူသော နိယာမတရားများသည် (ရှိ)ဟူသော သီးခြားဝိသေသအရာများ မရှိပါက အတွင်းသရုပ်မပါသော ပုံသဏ္ဌာန် သက်သက် သဘောမျှဖြစ်ပြီး အနက်အဓိပ္ပာယ်မရှိသော ဒြပ်မဲ့စိတ်ကူးထည်သက်သက်များသာ ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် (ရှိ) ဟူသော သီးခြားဝိသေသအရာများနှင့် (လိ) ဟူသော နိယာမတရားများသည် တစ်လွှာကို တစ်လွှာက အပြန်အလှန် ထွင်းဖောက်စိမ့်ဝင် ဖြစ်တည်နေရသော သဘောကို (လိ-ရှိ ဝု အိုက်) ဟုခေါ်ဆိုရခြင်း ဖြစ်ပါ၏။ ဆရာတော် တုရှန်သည် သူ၏ **ဓမ္မဓာတုအလင်းပြကျမ်း**တွင် (ရှိ) နှင့် (လိ) တို့၏ အပြန်အလှန် ဆက်နွယ်ပုံ (၁၀) မျိုးကို အောက်ပါအတိုင်း အနုစိတ် ဖော်ပြခဲ့၏။

- (လိ) သည် နိယာမတရား ဖြစ်သောကြောင့် အကန့်အသတ် မရှိချေ။ ထို့ကြောင့် မိမိနှင့်သက်ဆိုင်သော (ရှိ) မှန်သမျှကို ထွေးဖက်လွှမ်းခြုံထားနိုင်၏။
- (ရှိ) သည် အကန့်အသတ်ရှိသော အရာဝတ္ထုများဖြစ်သော်လည်း မိမိတို့၏ တည်ရှိမှုတွင် (လိ) ၏ ဓမ္မတာသဘော တို့ကို ပေါ်လွင်နေစေ၏။

- (လိ) ဟူသော နိယာမတရားတို့ကြောင့် (ရှိ) ဟူသော အကန့်အသတ်ရှိ အရာဝတ္ထုများဖြစ်ပေါ်လာရ၏။
- (ရှိ) ဟူသော သီးခြားအရာဝတ္ထုတို့ကြောင့် (လိ) ၏ ဖြစ်မြဲဖြစ်လေ့ရှိသော ဓမ္မနိယာမ သဘော ထင်ရှားနေ၏။
- (လိ) ဟူသော နိယာမတရားတို့ကြောင့် (ရှိ) ဟူသော သီးခြားဝတ္ထုတို့၏ သီးခြားဖြစ်မှုသဘော ကွယ်ပျောက်ရ၏။
- (ရှိ) ဟူသော သီးခြားအရာဝတ္ထုတို့သည် မိမိတို့၏ ဝိသေသသဘောများ ထင်ရှားစေခြင်းအားဖြင့် ယေဘုယျ သဘောဖြစ်သော (လိ) နိယာမများကို မမြင်နိုင်အောင် ဖုံးကွယ်ထားတတ်၏။
- (လိ) အစစ်အမှန်ဖြစ်လျှင် (ရှိ) နှင့် သဘောခြင်းထပ်တူဖြစ်၏။ (လိ) မရှိဘဲ (ရှိ) မဖြစ်နိုင်ချေ။
- (ရှိ) အစစ်အမှန်ဖြစ်လျှင် (လိ) နှင့် သဘောခြင်းထပ်တူဖြစ်၏။ (ရှိ) မပါဘဲ (လိ) ၏ သဘာဝ မထင်ရှားနိုင်ပေ။
- အဆုံးစွန်သဘောတွင် (လိ) သည် နိယာမဖြစ်သောကြောင့် အကန့်အသတ်မဲ့ဖြစ်ပြီး ဒြပ်ရှိယောင်ထင်ရသော (ရှိ) တို့နှင့် မတူညီသော သဘာဝရှိ၏။
- အဆုံးစွန်သဘောတွင် (ရှိ) သည် အမျိုးမျိုးပြားနေသော ဝိသေသတရားများဖြစ်သောကြောင့် ဒြပ်မဲ့နိယာမ တရားများဖြစ်သည့် (လိ) နှင့် မတူညီသော သဘာဝရှိ၏။

ဤကဲ့သို့ (လိ) နှင့် (ရှိ) တို့၏ အပြန်အလှန် ဆက်နွယ် စိမ့်ဝင်ထွင်းဖောက်တည်ရှိနေပုံနှင့် ထပ်တူညီပုံ ကွဲပြားခြားနားပုံတို့ကို ရေထုနှင့် လှိုင်းဟူသော ရူပက အလင်္ကာဖြင့် တင်စားမြင်ယောင်ကြည့်လျှင် ပိုမိုရှင်းလင်းနိုင်မည် ဖြစ်ပေသည်။ ရေထုသည် နဂိုရှိအခြေခံသဘော ဖြစ်သောကြောင့် (လိ) ဟု တင်စားနိုင်ပြီး လှိုင်းတို့သည် ရေထု၏ လှုပ်ရှားမှုအသွင်များ ဖြစ်သောကြောင့် (ရှိ) ဟူ၍ ယူဆကြည့်ပါ။ ရေထုသည် လှိုင်းတို့ကို ထွေးပွေ့လွှမ်းခြုံထားသလို လှိုင်းတို့ကလည်း ရေထုနှင့် တစ်ခဏမျှပင် မကွဲကွာကြချေ။ ဤသို့အားဖြင့် ရေထုနှင့် လှိုင်းတို့သည် အပြန်အလှန် ထွေးဖက်ထားကြဟန်ရှိ၏။ လှိုင်းဟူ၍ ဖြစ်ပေါ်လာရခြင်းသည် ရေထုတည်းဟူသော အခြေခံအကြောင်းတရားကြောင့် ဖြစ်သလို ရေထု၏ အသွင်သဏ္ဌာန်ကိုလည်း လှိုင်းက သရုပ်ဖော်နိုင်၏။ လှိုင်းကို အာရုံစိုက်နေမိပါက ရေထုကို လှိုင်းအသွင်က ဖုံးကွယ်ထားသယောင် ရှိသလို ရေထုကို အာရုံစိုက်ကြည့်မိပါကလည်း လှိုင်းအသွင် ပျောက်ဆုံးသွားတတ်၏။ အကယ်စင်စစ် ရေထုသည်ပင်လျှင် လှိုင်းဖြစ်

သလို လှိုင်းသည်ပင်လျှင်လည်း ရေထုဖြစ်နေပြန်ပါ၏။ အကယ်စင်စစ် ရေထု၏ သဘာဝသည် စိုစွတ်ခြင်း၊ စေးဖွဲ့ခြင်း သဘောသာဖြစ်ပြီး လှိုင်း၏ ရှန်းကြွလှုပ်ရှားခြင်း သဘာဝ မရှိချေ။ ထို့အတူ လှိုင်း၏ သဘာဝသည်လည်း ရှန်းကြွ လှုပ်ရှားခြင်း သဘောသာဖြစ်ပြီး ရေထု၏ စိုစွတ်ခြင်း၊ စေးဖွဲ့ခြင်း သဘာဝမရှိချေ။ ဤရှုထောင့် မှကြည့်လျှင် ရေထုသည် လှိုင်းမဟုတ်-ရေထုသာဖြစ်၏။ ထို့အတူ လှိုင်းသည်လည်း ရေထုမဟုတ်-လှိုင်းသာဖြစ်၏။[၃၇]

(၄) အာရုံသိဖြင့် သိနိုင်သော အရာဝတ္ထု အဖြစ်အပျက်များ သီးခြားသဘော မဆောင်တော့ဘဲ အရာခပ်သိမ်း အပြန်အလှန် စိမ့်ဝင်ထွင်းဖောက် တည်ရှိသော လောက (ရှိ-ရှိ ဝုအိုက်)

ဤ လောကအလွှာသည် တရုတ်ဘာသာစကားဖြင့် (ရှိ-ရှိ-ဝု-အိုက် = shih-shih-wu-ai) ဟုခေါ်သည်။ ရှိရှိသမျှ အရာခပ်သိမ်း အပိုင်းအခြား အတား အဆီး အဆို့အပိတ်မရှိဘဲ အရာခပ်သိမ်း အပြန်အလှန် စိမ့်ဝင်ထွင်းဖောက် တည်ရှိသော လောကဖြစ်သည်။ ဗုဒ္ဓနှင့် အဆင့်မြင့်ဗောဓိသတ္တာတို့ မြင်တွေ့ရသော လောကအလွှာ ဖြစ်၏။ ဟွာယင်းဒဿနအမြင်၏ အလိုအရ ရှိ-ရှိ ဝု-အိုက်အလွှာသည်သာ ပကတိ အစစ်အမှန်တည်ရှိနေသော အဆုံးစွန်အရှိတရား-ပရမတ္ထသစ္စာဖြစ်၏။ ရှေ့က ဖော်ပြခဲ့သော ဓမ္မဓာတုလောက (၃) ပါးသည် ရှိ-ရှိ ဝု-အိုက် အလွှာသို့ရောက်ရှိအောင် တစ်ဆင့်ချင်း ပို့ဆောင်ပေးသော သိမှုအမြင် အလွှာအဆင့်များ ဖြစ်ကြ၏။ မဟာယာနဗုဒ္ဓဒဿနဌ် သဗ္ဗဓမ္မသုညတာ ဘူတတထတာ စသဖြင့် ခေါ်ဆိုကြသော သဘောတရားသည် ဤ ရှိ-ရှိ ဝု-အိုက် အလွှာကို ရည်ညွှန်းနေသည်ချည်းသာ ဖြစ်လေသည်။ ရှိ-ရှိ ဝု-အိုက် (အရာခပ်သိမ်း၏ အပြန်အလှန် စိမ့်ဝင်ထွင်းဖောက်လျက် တည်ရှိခြင်း) ဟူသည်မှာ ဥပါဒါန်အစွဲများ ကင်းလွတ်ပြီး နောက် မြင်သိခံစားရသည့် နေ့စဉ်ဘဝ လောကပင်ဖြစ်လေသည်။

ဟွာယင်းဒဿနအမြင်၏ အနက်နဲဆုံး ဂမ္ဘီရဓမ္မ အမြင် (၁၀) ပါး

ရှိ-ရှိ ဝု-အိုက် အလွှာကို အသေးစိတ်ချဉ်းကပ်ရာတွင် ဟွာယင်းဒဿနအမြင်၏ အလိုအရ လောကဓာတ်စကြဝဠာ၏ အနက်နဲဆုံး ဂမ္ဘီရဓမ္မအမြင်များကို အောက်ပါအတိုင်း တွေ့ရမည်ဟုဆို၏။ အဆိုပါ အနက်နဲဆုံး ဂမ္ဘီရဓမ္မ အမြင်များကို

၃၇။ Chang, Garma, C. C. (1971) *The Buddhist Teaching of Totality*, University Park, : Pennsylvania State University Press:p-152

လေ့လာခြင်းအားဖြင့် ရှိ-ရှိ ဝု-အိုက် အလွှာကို ပိုမို သိမြင်သဘောပေါက်နိုင်သောကြောင့် ၄င်းတို့ကို အကျယ်ဖွင့်ဆို ရှင်းလင်းချက်များနှင့်တကွ လေ့လာကြည့်ရန် ဖြစ်ပါသည်။[၃၈]

(၁) အရာခပ်သိမ်း၏ အချင်းချင်း စိမ့်ဝင်ယှက်ဖောက်ကာ အပြန်အလှန် ထောက်မှီဆက်သွယ်မှု ဂမ္ဘီရဓမ္မ အမြင်

လောကရှိ အတွင်းအပြင် အကြမ်းအနု အယုတ်အလတ် အမြတ်အကောင်း အဆိုးတရား မှန်သမျှသည် မိမိဘာသာ သီးခြားမရပ်တည်နိုင်ချေ။ အတိတ် အနာဂတ် ပစ္စုပ္ပန် စသော ကာလ၏ အဓွန့်တရား (၃) ပါးတို့သည်လည်း တစ်ခုမရှိလျှင် ကျန်နှစ်ခုမှာ အဓိပ္ပာယ်မရှိချေ။ အရာခပ်သိမ်း တစ်ခုနှင့်တစ်ခု အပြန်အလှန် ထောက်မှီဆက်သွယ်လျက် ရပ်တည်နေကြပုံကို မြင်သော တရားနက် ဂမ္ဘီရဓမ္မ အမြင် ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သော ဆရာတော်ဖဆန်၏ ရွှေခြသေ့ရပ်တူ ဥပမာဖြင့် ပြန်လည်ချိန်ထိုး သုံးသပ်ကြည့်ပါက ရွှေအသားထည် (ရှိ) နှင့် ခြသေ့ပုံသဏ္ဌာန် (လိ) တို့သည် အပြန်အလှန် ထောက်မှီဆက်သွယ်၍ တည်ရှိနေကြပုံကို မြင်ကြည့်နိုင်ပါသည်။ အပြန်အလှန် ထောက်မှီဆက်သွယ်၍ တည်ရှိနေကြပုံသဘောတရားသည် မဇ္ဈိမိကဒဿန၏ ဓမ္မတရားများ (ရှိ) နှင့် ၄င်းတို့၏ သုညတာသဘာဝ (လိ) တို့သည် အချင်းချင်း စိမ့်ဝင်ယှက်ဖောက်ကာ အပြန်အလှန် ထောက်မှီ ဆက်သွယ်တည်ရှိနေခြင်း သဘောနှင့် အတူတူပင် ဖြစ်သည်ကို တွေ့နိုင်၏။ လောကဌ်ရှိသော အကြီး အသေး အနိမ့် အဝေး အတွင်း အပြင် အယုတ် အမြတ် အတိတ် ပစ္စုပ္ပန် အနာဂတ် စသော တရားစုများအားလုံးသည် အချင်းချင်း စိမ့်ဝင်ယှက်ဖောက်ကာ အပြန်အလှန် ထောက်မှီဆက်သွယ်၍ တစ်ပြိုင်တည်း တစ်ဆက်တည်း တစ်သားတည်း တည်ရှိနေကြပုံကို ဤအမြင်က ညွှန်ပြနေပါသည်။ ဤ ဂမ္ဘီရဓမ္မအမြင်သည် အမြင်အားလုံး၏ အခြေခံ အုတ်မြစ်သဖွယ်ဖြစ်ပြီး ကျန် ဂမ္ဘီရ ဓမ္မအမြင် (၉) ပါးမှာ ဤဂမ္ဘီရဓမ္မအမြင်ကို ချဲ့ထွင်ဖော်ပြထားသော အမြင်များသာ ဖြစ်ကြောင်း ဟွာယင်းဒဿနက ဆိုပါ၏။

(၂) အရာခပ်သိမ်း၏ ပကတိလွတ်လပ်ခြင်းသဘာဝ ဂမ္ဘီရဓမ္မ အမြင်

အရာခပ်သိမ်းသည် ပကတိသဘာဝအရ လွတ်လပ်ခြင်းကို ဖော်ဆောင်နေကြသည်။ အရာအားလုံးကို ထိန်းချုပ်နေသော ဓမ္မနိယာမတရားဟူသည် အရာရာနှင့် တစ်သီး

၃၇။ Ibid., p-140

တစ်ခြား ရှိနေသော အရာဝတ္ထုမဟုတ်ဘဲ အရပ်ခပ်သိမ်း၏ သက်ဝင်လှုပ်ရှား ရှင်သန်မှု ဖြစ်စဉ်နှင့် တစ်သားတည်း ပေါင်းစည်းနေသော သဘောဖြစ်သည်။ ဓမ္မနိယာမတရားအလိုအရ အရာခပ်သိမ်း ဖြစ်ပျက်ကြသည်ဟူ၍ ဆိုရာတွင် အရာခပ်သိမ်းသည် ပကတိလွတ်လပ်စွာ ဖြစ်ပျက်ပြောင်းလဲနေကြသည်ဟု ဆိုလိုရင်း ဖြစ်သည်။ ဤသို့ အရာခပ်သိမ်း၏ ပကတိလွတ်လပ်ခြင်းသဘာဝကို ထိုးထွင်းသိမြင်သော တရားနက် ဂမ္ဘီရဓမ္မအမြင်ကို ဆိုလိုပါသည်။

(၃) အရာခပ်သိမ်း၏ အပြန်အလှန် စိမ့်ဝင်ထွင်းဖောက်တည်ရှိခြင်း ဂမ္ဘီရဓမ္မ အမြင်

ဟွာယင်းဒဿန၏ သော့ချက်အယူအဆ သည် အတားအဆီးမဲ့ခြင်းသဘော (Non-Obstruction) ဖြစ်သည်။ အရပ်ခပ်သိမ်းသည် အချင်းချင်း အပြန်အလှန် စွဲမှီဖြစ်ပွား ရသော ကြောင်းကျိုးဆက်နွယ်တရားများ ဖြစ်သောကြောင့် ၄င်းတို့သည် တစ်ပြိုင်နက် အပြန်အလှန် ထောက်တည်ဖြစ်ပေါ်စေခြင်း (Simultaneous Mutual Arising/ t'ung-shih chii-ch'i) ကို ဖော်ဆောင်နေသလို တစ်ခု၏ ရှိခြင်းသဘော သည် အခြားတစ်ခု၏ အရှိကို မငြင်းပယ်သောကြောင့် ၄င်းတို့သည် တစ်ပြိုင်နက် အပြန်အလှန် အတားအဆီးမဲ့ခြင်းသဘော (Simultaneous Mutual Non-Obstruction/ t'ung-shih wu-ai) ကိုလည်း ဖော်ပြနေပါသည်။

ဥပမာ- နှင်းဆီပန်းတစ်ပွင့်ကို ပန်းရောင်းသူက ကုန်ပစ္စည်းအဖြစ် မြင်သလို ပန်းချီဆရာကလည်း အနုပညာဖန်တီးရန် ဝတ္ထုအဖြစ်မြင်သည်။ ရက္ခဗေဒပညာရှင် အတွက်မူ သိပ္ပံဆိုင်ရာလေ့လာမှုအတွက် နမူနာအဖြစ် မြင်ပေလိမ့်မည်။ ဟုတ်တစ်ကောင်အတွက်မူ အစာအာဟာရအနေဖြင့် တွေ့ရပေလိမ့်မည်။ ဤ နှင်းဆီပန်းဟု ပညတ်နိုင်သော အရှိတရားတွင် လောက အမျိုးမျိုး တစ်ပြိုင်နက် ရှိနေကြသည်။ နှင်းဆီပန်းသည် တစ်ပြိုင်နက်တည်း ကုန်ပစ္စည်း အနုပညာဝတ္ထု သိပ္ပံဆိုင်ရာလေ့လာမှု အတွက် နမူနာ အစားအစာ စသည့် သဘောများ ဖြစ်နေပါသည်။ ၄င်းတို့သည် တစ်ခုအရှိကို တစ်ခု မငြင်းပယ်သည့်အပြင် အပြန်အလှန် စိမ့်ဝင်ထွင်းဖောက်တည်ရှိနေကြပုံကို ထိုးထွင်းသိမြင်သော တရားနက် ဂမ္ဘီရဓမ္မအမြင်ကို ဆိုလိုပါသည်။

(၄) အရာခပ်သိမ်း၏ အပြန်အလှန် ထပ်တူဖြစ်ခြင်း ဂမ္ဘီရဓမ္မ အမြင်

ဟွာယင်းဒဿနသည် မဇ္ဈိမိကဂိုဏ်း၏ သဗ္ဗဓမ္မသုညတာ အမြင်ကို ခံယူသောကြောင့် အရာဝတ္ထုတို့၏ ပကတိ ယတိပြတ် ခြားနားခြင်းသဘောကို ငြင်းပယ်ပါသည်။

ပညာပါရမိတာ-ဟဒယ သုတ်မှ ရုပ်သည် သုညတာဖြစ်၏။ သုညတာသည်လည်း ရုပ်ဖြစ်၏။ ရုပ်သည် သုညတာသဘာဝမှ တစ်သီးတစ်ခြား မဟုတ်။ သုညတာသဘာဝသည်လည်း ရုပ်မှ တစ်သီးတစ်ခြား မဟုတ် ဟူသော အဆိုအမိန့်ကိုလည်း ထင်ဟပ်နေပါသည်။

(၁) မဇ္ဈိမိကကိုဏ်း၏ သုညတာသည် တစ်စုံတစ်ခု၏ တစ်နေရာရာတွင် မရှိခြင်းကို ဆိုလိုသည်မဟုတ် = ဥပမာ ဤအခန်းထဲတွင် မောင်ဖြူမရှိဟု ဆိုရာတွင် မောင်ဖြူသည် ဤအခန်းထဲတွင် မရှိသောလည်း အခြား တစ်နေရာတွင် ရှိနေနိုင်ပေသေး၏။

(၂) မဇ္ဈိမိကကိုဏ်း၏ သုညတာသည် တစ်စုံတစ်ခု၏ အဖြစ်သဘော ရုပ်စဲချုပ်ငြိမ်းသွားခြင်း ဆိုလိုသည်မဟုတ်= ဥပမာ အသက်ရှင်သန်ခဲ့သော မောင်ဖြူသေဆုံး၍ မောင်ဖြူအဖြစ်သဘော ရုပ်စဲချုပ်ငြိမ်းသွားခြင်းကို ဆိုရာတွင် မောင်ဖြူသည် သေပြီးနောက် မရှိတော့ပြီဖြစ်သော်လည်း မသေခင်ကတော့ မောင်ဖြူအနေနဲ့ ရှိနေနိုင်ပေသေး၏။

ထို့ကြောင့် သုညတာဟူသည် မောင်ဖြူ ဤနေရာတွင် မရှိခြင်း (Absence) ကို ဆိုလိုသည် မဟုတ်သကဲ့သို့ မောင်ဖြူအဖြစ်မှ ပျက်စီးချုပ်ငြိမ်းသွားခြင်း (Annihilation) လည်း မဟုတ်ပေ။ ဤအချိန် ဤနေရာတွင် မောင်ဖြူအသက် ရှင်သန်နေလျက်အချိန်မှာပင် မောင်ဖြူသည် ကိုယ်ပိုင်ဂုဏ်သတ္တိ ကိုယ်ပိုင်ဖြစ်တည်မှု အနှစ်သား ဆိတ်သုဉ်းနေသော အရှိယောင် မောင်ဖြူသာ ဖြစ်သည်ဟု ဆိုလိုသည်။ ထို့ကြောင့် အရှိယောင် မောင်ဖြူ (ရှိ) နှင့် မောင်ဖြူ၏ သုညတာသဘော (လို) တို့သည် တစ်ခုကိုတစ်ခု အပြန်အလှန် ငြင်းဆန်ဖယ်ထုတ်နေသော အရာများမဟုတ်ဘဲ ဆန့်ကျင်ဘက် အသွင်ရှိသော်လည်း အပြန်အလှန် ထပ်တူဖြစ်နေသော ဓမ္မတရားများ ဖြစ်ကြပါ၏။ လောကဌ် ဆန့်ကျင်ဘက်အသွင်ရှိသော်လည်း အပြန်အလှန် ထပ်တူဖြစ်နေသော အရာများစွာရှိကြောင်းကို အောက်ပါအချက်များက ဖော်ပြနေပါသည်။

(၁) အရာခပ်သိမ်းသည် ခဏတ္တယ တစ်ခုစာမျှပင် တည်မနေဘဲ တစ်ဖွဲဖွဲ တစ်သဲသဲ ပျက်စီးရွေ့လျောနေ၏။ ဤကဲ့သို့ မတည်ယိမ်းယိုင်ဖောက်ပြန်ပြောင်းလဲနေခြင်းက ၄င်းတို့တွင် ကိုယ်ပိုင်သဘာဝ အတွင်းအနှစ်သား အမာထည်မရှိမှုသဘော (Lack of Inner Core) ကို ပြနေခြင်းပင်ဖြစ်၏။ ဥပမာ-နေ့သည်လည်းည ဆီသို့ ဦးတည်ပြောင်းလဲနေ နုပျိုခြင်း (ခွန်အား အလှအပနှင့် ကျန်းမာမှု) တို့သည် အိုမင်းခြင်း (အားယုတ်ခြင်း အကျည်းတန်ခြင်းနှင့် အနာရောဂါ) ဆီသို့ ဦး

တည် ပြောင်းလဲနေသည်ကို ကြည့်ပါ။ ပြောင်းလဲခြင်း သစ္စာတရား၏ ရှုထောင့်မှ ကြည့်လျှင် နေ့သည်လည်း ည ဖြစ်သလို၊ ညသည်လည်း နေ့ဖြစ်သည်ဟု ဆိုနိုင်သည်။ ဒီနေ့သည်လည်း မနက်ဖြန် ဖြစ်သလို မနက်ဖြန်သည်လည်း ဒီနေ့ဖြစ်သည်။ နှပျို့ခြင်းသည်လည်း အိုမင်းခြင်း ဖြစ်သလို၊ အိုမင်းခြင်း သည်လည်း နှပျို့ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

(၂) အရာခပ်သိမ်းသည် မိမိဘာသာ လျှောက်လှားဘာသာ ဖြစ်ပေါ်နိုင်ခြင်း မရှိဘဲ အကြောင်းအခြေခံ အထောက်အပံ့တရားတို့ကို အမှီပြု၍ ဖြစ်ပေါ်ရိုးသာရှိ နေခြင်းက ၄င်းတို့တွင် ကိုယ်ပိုင်သဘာဝ အတွင်းအနှစ်သား အမာထည် မရှိမှုကို ပြနေပေသည်။ ထိုသို့ အတွင်ခြုပ်သား အမာခံမရှိသော အရာများသည် စင်စစ် ပကတိ ကွဲပြားခြားနားသော အရာများ မဟုတ်ကြပေ။ ထိုသို့ ပကတိ ကွဲပြားခြားနားမှု မရှိသောအရာများသည် တရားကိုယ်အားဖြင့် သုညတာဓမ္မချည်းသာ ဖြစ်သောကြောင့် ထိုသဘောတရားအမှန်ကို ထိုးထွင်းသိမြင်သော ဉာဏ်ကို အရာခပ်သိမ်း၏ အပြန်အလှန် ထပ်တူဖြစ်ခြင်း ဂမ္ဘီရဓမ္မအမြင်ဟု ဆိုလိုပါသည်။

(၅) အရာခပ်သိမ်း၏ အပြန်အလှန် ဖြည့်စွက်ပံ့ပိုးမှု ဂမ္ဘီရဓမ္မ အမြင်

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း အရာခပ်သိမ်းသည် (၁) ဖောက်ပြန်ပြောင်းလဲမတည်မြဲ (၂) အတ္တ အမာခံအတွင်းသား မရှိ (၃) အကြောင်းတရား အထောက်အပံ့တို့ကို မှီခိုနေကြဟူသော လက္ခဏာများ ရှိသောကြောင့် ၄င်းတို့သည် ထီးတည်း မရပ်တည်နိုင်ကြပေ။ တစ်ခုကိုတစ်ခု အပြန်အလှန် ဖြည့်စွက်ပံ့ပိုးမှုအားဖြင့်သာ တည်နေနိုင်ကြလေသည်။ လောက ဥပမာတစ်ခုဖြင့် ပြဆိုရလျှင် သစ်တောနှင့် မြေဆီလွှာတို့၏ အပြန်အလှန် ဖြည့်စွက်ပံ့ပိုးမှုကို အာရုံယူကြည့်ပါ။ မြေဆီလွှာမရှိလျှင် သစ်တောများ မပေါက်နိုင်သလို သစ်တောများ မရှိပါလျှင်လည်း ရေတိုက်စားလေတိုက်စားမှုကြောင့် မြေဆီလွှာပြုန်းတီး၍ သဲကန္တာရ ဖြစ်သွားနိုင်ပေသည်။ ဤသို့လျှင် ရှိရှိသမျှသော အရာဝတ္ထုတို့ တစ်ခုကိုတစ်ခု ထောက်ပံ့အားပြု တည်နေကြပုံကို သိမြင်သောဉာဏ်ကို အရာခပ်သိမ်း၏ အပြန်အလှန် ဖြည့်စွက်ပံ့ပိုးမှု ဂမ္ဘီရဓမ္မအမြင်ဟု ဆိုလိုခြင်း ဖြစ်ပါ၏။

(၆) အရာခပ်သိမ်း၏ အပြန်အလှန် တည်ထောင်ဖန်ဆင်းမှု ဂမ္ဘီရဓမ္မ အမြင်

လောကဓမ္မတရားများသည် ဖန်ဆင်းရှင်ကဲ့သို့ မူလတည်ထောင်ဖန်ဆင်းသူ မရှိဘဲ အချင်းချင်း အပြန်အလှန် ထောက်တည်ဖန်ဆင်းကြရသည်။ ပထဝီ အာပေါ တေဇော

ဝါယော အာကာသတည်းဟူသော မဟာဘူတဓာတ်ကြီး (၅)ပါးသည်လည်း မူလတည်ထောင်ဖန်ဆင်းသူ မရှိဘဲ အချင်းချင်း အပြန်အလှန် ထောက်တည် ဖန်ဆင်းကြရသည်။ အာပေါ တေဇော ဝါယော အာကာသတို့၏ အထောက်အကူမရဘဲ ပထဝီသည် မိမိ၏ ခက်မာခြင်း ထိုးဖောက်မရခြင်း သဘာဝ ကို မဆောင်ယူနိုင်ချေ။ ကျန် မဟာဘူတများလည်း ထိုနည်းတူဖြစ်သည်။ စိတ်နှင့် စေတသိကတရား တို့မှာလည်း ထိုနည်းတူ ဖြစ်၏။ လောက (၃) ပါး တရားစုတို့လည်း ထိုနည်းတူပင် ဖြစ်ကြ၏။

(၇) အရာခပ်သိမ်း၏ အပြန်အလှန် ရောင်ပြန်ဟပ်ဖော်ဆောင်မှု ဂမ္ဘီရဓမ္မ အမြင်

ဟွာယင်းဒဿနအမြင်၏ အထင်ရှားဆုံးသော ရူပက အလင်္ကာ နိမိတ်ပုံမှာ ‘‘ဣန္ဒြ ဒေဝနတ်မင်း၏ ကျောက်မျက် ရတနာ ကွန်ယက်’’ (The Jewel Net of Indra) ပင်ဖြစ်၏။ ဣန္ဒြဒေဝနတ်မင်း၏ တစ်ဖျတ်ဖျတ် တစ်လက်လက် တောက်ပနေသော ကျောက်မျက်ရတနာများဖြင့် စီချယ်ပြုလုပ်ထားသည့် ‘‘ကျောက်မျက်ရတနာ ကွန်ယက်’’ ပေါ်မှ ရတနာများသည် တစ်ပွင့်ကိုတစ်ပွင့် အရောင်ဟပ်နေသည်။ တစ်ပွင့်ကိုတစ်ပွင့် အရိပ်ထင်စေလျက် ပိုမိုဝင်းလက် တောက်ပစေသည်။ တစ်ပွင့်၏ အလှပဿဒနှင့် ရောင်ခြည်သည် အခြားသော ရတနာပွင့်များအတွင်းသို့ စိမ့်ဝင် ထွင်းဖောက်လျက် တည်နေသလို အလုံးစုံသော ရတနာ အစုစုတို့၏ အလှပဿဒနှင့် ရောင်ခြည်သည်လည်း တစ်ပွင့်တည်းသော ကျောက်မျက်ရတနာအတွင်းသို့ စိမ့်ဝင်ထွင်းဖောက်လျက် တည်နေပေသည်။ ထိုနည်းတူစွာ ဓမ္မတရားတစ်ခု၏ အရိပ်နှင့် လွှမ်းမိုးသက်ရောက်မှုသည် အလုံးစုံသော ဓမ္မတရားအစုစုတို့၏ အတွင်းသို့ စိမ့်ဝင်ထွင်းဖောက်လျက် တည်နေသလို အလုံးစုံသော ဓမ္မတရား အစုစုတို့၏ အရိပ်နှင့် လွှမ်းမိုးသက်ရောက်မှုသည်လည်း တစ်ခုတည်းသော ဓမ္မတရား၏ အတွင်းသို့ စိမ့်ဝင်ထွင်းဖောက်လျက် တည်နေပုံကို မြင်သော အမြင်ကို အရာခပ်သိမ်း၏ အပြန်အလှန် ရောင်ပြန်ဟပ် ဖော်ဆောင်မှု ဂမ္ဘီရဓမ္မအမြင်ဟု ဆို၏။

(၈) အရာခပ်သိမ်း၏ အပြန်အလှန် ထွန်းလင်းပြခြင်း ဂမ္ဘီရဓမ္မ အမြင်

ဟွာယင်းဒဿနအမြင်၏ အလိုအရ အရှိဓမ္မကို ပညတ်-သမ္မုတိနယ်ပယ်နှင့် ပရမတ္ထနယ်ပယ်နှစ်ခုအဖြစ် ခွဲခြားထားပုံကို ဖော်ပြခဲ့ပြီး ဖြစ်၏။ ၄င်းတို့ကို (ရှိ) နှင့် (လိ) ဟု တရုတ်ဒဿန ဝေါဟာရအားဖြင့် ဖလှယ်သုံးစွဲခဲ့ပုံကိုလည်း တင်ပြခဲ့ပြီးဖြစ်၏။ အရာခပ်သိမ်းဟုဆိုလျှင် (ရှိ) နှင့် (လိ) တရားတို့မှအပ မရှိနိုင်ပေ။ (ရှိ) သည်

သီးခြားတည်ရှိ ယောင်ရှိသော ဓမ္မတရားများအဖြစ်နှင့် (လို) ၏ အတွင်းအနှစ်သာရ အမှန်သဘောကို ထွန်းလင်းပြနေ၏။ ထို့အတူ (လို) သည်လည်း ယေဘုယျနိယာမ သဘောတရားအနေနှင့် (ရှိ) ဟူသမျှတို့တွင် သက်ဝင်ကိန်းဝပ်တည်ရှိလျက် (ရှိ) တို့၏ တစ်ခုချင်းစီ သီးခြားဖြစ်တည်မှုသဘောကို ထွန်းလင်းပြနေပါသည်။

(၉) ဆယ်ပါးသော အဓွန့်ကာလတို့ ပေါင်းစည်းနေမှု ဂမ္ဘီရဓမ္မ အမြင်

သမ္မုတိသစ္စာ၏ နယ်ပယ်တွင် ကာလအဓွန့်ကို ၃ ပါး ခွဲထားသည်။ ဖြစ်ပြီးခဲ့သည့် ကာလကို အတိတ် ဖြစ်ဆဲကာလကို ပစ္စုပ္ပန် ဖြစ်လတ္တံ့ ကာလကို အနာဂတ်ဟု သတ်မှတ်ထားပါသည်။ အဆိုပါ ပညတ်သဘောတို့သည် မိမိတို့အတွင်း၌ ကျန် ကာလအဓွန့် ပညတ်များကိုပါ ပါဝင်ဖွဲ့စည်းထားပါသည်။ အတိတ်သည် ပစ္စုပ္ပန် အတွက် အတိတ်သဘော ဆောင်သလို မိမိအတွက်တော့ ပစ္စုပ္ပန်ဘဲ ဖြစ်သည်။ မိမိထက် ပိုရှေ့ကျခဲ့သော ကာလအတွက်ဆိုလျှင် အတိတ်သည် အနာဂတ် ပညတ် သဖွယ် ဖြစ်သည်။ ထို့ကြောင့် အတိတ်ထဲတွင် အတိတ် ပစ္စုပ္ပန် အနာဂတ် ဟူသော ကာလ ၃ ပါး စလုံး ရှိနေသည်။ ထိုနည်းတူ ပစ္စုပ္ပန်တွင်လည်း အတိတ် ပစ္စုပ္ပန် အနာဂတ် ဟူသော ကာလ ၃ ပါး စလုံး ရှိနေသည်။ အနာဂတ်တွင်လည်း အတိတ် ပစ္စုပ္ပန် အနာဂတ် ဟူသော ကာလ ၃ ပါး စလုံး ရှိနေသည်။ ထို့ကြောင့် ကာလအဓွန့် ၉ ပါး ဖြစ်သည်။ ယင်းကာလ ၉ ပါးကို ပေါင်းစည်း၍ တစ်ခုတည်းသော ကာလ ပမာဏအဖြစ် ပညတ်လိုက်သောအခါတွင် ဆယ်ပါးသော အဓွန့်ကာလတို့ ဖြစ်လာပါသည်။ ထိုဆယ်ပါးသော အဓွန့်ကာလတရားတို့သည် တစ်ခုနှင့်တစ်ခု ခွဲထုတ်မရအောင် ပေါင်းစည်းစပ်တွဲနေမှုကို သိမြင်ခြင်းကို ဆယ်ပါးသော အဓွန့်ကာလတို့ ပေါင်းစည်းနေမှု ဂမ္ဘီရဓမ္မအမြင်ဟု ဆိုပါသည်။

(၁၀) အရာခပ်သိမ်း၏ အပြန်အလှန် ဦးဆောင်ပဲ့ကိုင်မှု ဂမ္ဘီရဓမ္မ အမြင်

ဤသဘောတရားသည် ပါဠိပိဋကတ်ရှိ အဘိဓမ္မာလာ အဓိပတိပစ္စည်းနှင့် အလားတူ၏။ တစ်ခုသော ဓမ္မတရားက အားကြီးစွာဖြင့် ဦးဆောင်ဦးရွက်ပြုရသော အခါ ဆယ် ကျန်ဓမ္မတရားအလုံးစုံက ခေါင်းဆောင်ဓမ္မနောက်သို့ အစူအစဉ်အတိုင်း လိုက်ပါ ဖြည့်ဆည်းကြရသည့် သဘော ဖြစ်၏။ ခေါင်းဆောင်ဓမ္မသည် နောက်လိုက်ဓမ္မတို့၏ အထောက်အပံ့ကို ရရှိသလို နောက်လိုက်ဓမ္မတရားတို့ကလည်း ခေါင်းဆောင်ဓမ္မ၏ လွှမ်းမိုးပဲ့ကိုင် ဆွဲဆောင်မှုကို ရရှိကြပုံကို ထိုးထွင်း သိမြင်သည့်အမြင်ကို အရာခပ်သိမ်း၏ အပြန်အလှန် ဦးဆောင်ပဲ့ကိုင်မှု ဂမ္ဘီရဓမ္မအမြင်ဟု ဆို၏။

ဓမ္မအားလုံး၏ သဘာဝလက္ခဏာ (၆) ပါး

ထို့အပြင် ဟွာယင်းဒဿနအမြင် တွင် ဓမ္မအားလုံး၏ သဘာဝလက္ခဏာ (၆) ပါး ကို ဖော်ပြထား၏။

(၁) **ယေဘုယျလက္ခဏာ** (လူသားအားလုံး ခန္ဓာ ငါးပါး ရှိကြပုံ ယေဘုယျ တူညီ၏)

(၂) **ဝိသေသလက္ခဏာ** (လူသားတစ်ဦးချင်း၏ ခန္ဓာစွမ်းရည်သတ္တိများ ဝိသေသသဘောအရ မတူညီကြ)

(၃) **ဆင်တူမှုလက္ခဏာ** (မတူညီသော ခန္ဓာများမှာလည်း တူညီသော လုပ်ဆောင်ချက်များ ရှိကြ၏)

(၄) **ကွဲပြားမှုလက္ခဏာ** (တူညီသော လုပ်ဆောင်ချက်ရှိသောလည်း အင်္ဂါများအသွင် ကွဲပြားကြ၏)

(၅) **တစ်စည်းတစ်လုံးတည်းဖြစ်မှု လက္ခဏာ** (ကွဲပြားသောအင်္ဂါများသည် စုစည်းလျက် ခန္ဓာအဖြစ်ဆောင်ကြ၏)

(၆) **တစ်သီးတစ်ခြားစီဖြစ်မှု လက္ခဏာ** (ခန္ဓာ၏ အင်္ဂါတစ်ခုသည် အခြားအင်္ဂါတစ်ခု၏ လုပ်ငန်းကို မဆောင်ရွက်နိုင်)

သဘာဝလက္ခဏာ (၆) ပါး၏ အပြန်အလှန်ချေ အပြန်အလှန် ထေကြပုံကို လေ့လာခြင်းအားဖြင့် အယူဝါဒ အစွန်းထွက်ခြင်းကို ရှောင်ကြဉ်ပယ်ရှားနိုင်သည်ဟု ဆိုပါသည်။

အပြန်အလှန် စိမ့်ဝင်ထွင်းဖောက်ခြင်းနှင့် အပြန်အလှန် ထပ်တူညီခြင်းသဘော

ဆိုခဲ့ပြီးသော ဟွာယင်းဒဿနအမြင်ကို တရားကိုယ် အနှစ်ချကြည့်ပါက အပြန်အလှန် စိမ့်ဝင်ထွင်းဖောက်ခြင်းသဘော (Interpenetration) နှင့် အပြန်အလှန် ထပ်တူညီခြင်းသဘော (Mutual Identity) နှစ်ရပ်ကိုသာ တွေ့နိုင်လေသည်။ **အပြန်အလှန် စိမ့်ဝင်ထွင်းဖောက်ခြင်းသဘော**ဟူသည်မှာ တရားကိုယ်အားဖြင့် ပဋိစ္စသမုပ္ပါဒ (စွဲမှီဖြစ်ပွားခြင်းသဘော) ပင်ဖြစ်သည်။ မည်သည့်အရာမှ သီးခြားရပ်တည်နိုင်သော ကိုယ်ပိုင်အစွမ်း သတ္တိမရှိကြသည့် သဘောအရာအားလုံး အပြန်အလှန် မှီခိုရပ် တည်ကြရသည့် သဘောသာဖြစ်သည်။ ယင်းကို အရာခပ်သိမ်း၏ သုညတာဓမ္မဟုလည်း ဆိုနိုင်သည်။[၃၅၂]

၃၅၂။ Chang, Garma, C. C. (1971) *The Buddhist Teaching of Totality*, University Park,: Pennsylvania State University Press:p-121

အပြန်အလှန် ထပ်တူညီခြင်းသဘောမှာ သမ္မုတိပညတ်နှင့် ပရမတ် လောကနှင့် လောကုတ္တရာ အတ္တနှင့် အနတ္တ စသော ဆန့်ကျင်ဘက် ဒွန္ဒတရားများ၏ ပေါင်းစည်းတည်နေခြင်း သဘောဖြစ်သည်။ ၄င်းတို့သည် တစ်ခုတည်းသော အရှိတရား (တထတာ) ၏ မျက်နှာစာများဟု ဆိုလိုပါသည်။ ခေါင်းနှင့် ပန်းသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်သလို တစ်ခုမရှိလည်း တစ်ခုကို မရနိုင်ပေ။ တစ်ခုကို တစ်ခုကလည်း မငြင်းပယ်ပေ။ ဒဂ်ါးပြားတစ်ခု၏ ခေါင်းဟု မြင်ရချိန်တွင် အခြား တစ်ဖက်၌ ပန်းရှိနေသကဲ့သို့ တထတာ၏ တစ်ဖက်တွင် လောက သမ္မုတိပညတ် အရှိများကို မြင်ရခိုက် တထတာ၏ အခြားတစ်ဖက်ဝယ် ပရမတ်အမြင်နှင့် လောကုတ္တရာသစ္စာများ ရှိနေပေသည်။

ဤ အခြေခံ သဘောတရားနှစ်ခုကို မူတည်၍ ဟွာယင်းဒဿနက တိုးချဲ့ဖော်ထုတ်ခဲ့သော သဘောတရား (၃) ရပ်မှာ =

(၁) တစ်ပြိုင်နက်တည်း အပြန်အလှန် ဖြစ်ပေါ်စေခြင်း

(၂) တစ်ပြိုင်နက်တည်း အပြန်အလှန် စိမ့်ဝင်ထွင်းဖောက်ခြင်း

(၃) တစ်ပြိုင်နက်တည်း အပြန်အလှန် ဖြည့်စွက်ပြည့်ဝစေခြင်း

တို့ဖြစ်ကြ၏။[၃၇၃]

ဥပမာအားဖြင့်ပြရလျှင် ရေတစ်ခွက်ကို ကြည့်ပါ။ ရေသည် သတ္တဝါတို့၏ မွတ်သိပ်မှုကို ဖျောက်စေနိုင်သော အရည်တစ်မျိုးဟုလည်း ဆိုနိုင်သည်။ ဓာတုဗေဒပညာ အလိုအရ ဟိုက်ဒရိုဂျင်အက်တမ် ၂ လုံး နှင့် အောက်ဆီဂျင် အက်တမ် ၁ လုံးတို့ ပေါင်းစပ်နေသော မော်လီကျူးဟုလည်း ဆိုနိုင်သည်။ အမှုန်ရူပဗေဒပညာ အလိုအရ အက်တမ် အောက်ငယ်သော ကွမ်တမ်အမှုန်များဖြင့် ဖွဲ့စည်းထားသည်ဟုလည်း ဆိုနိုင်သည်။ မဇ္ဈိမိကဒဿန အလိုအရ ရုပ်သဘာဝနှင့် အတ္တ ဆိတ်သုဉ်းမှု-သုညတာတို့၏ နှစ်ခုမပြား တစ်သားတည်းဖြစ်မှုဟုလည်း ဆိုနိုင်သည်။ ၄င်း အဆိုသတ်မှတ်ချက်များ အားလုံးသည် မတူညီသော ရှုထောင့်အမြင်များ ဖြစ်သော်လည်း တစ်ခုကိုတစ်ခု မငြင်းပယ်သော အချင်းချင်း အလျော်ဖြစ်ကြသော အဆိုသတ်မှတ်ချက်များ ဖြစ်ကြသည်ဟု ဆိုရပေမည်။ ၄င်းတို့သည် ရေဟူသော သဘောတရား တစ်ခု၌ တစ်ပြိုင်နက် ယှဉ်တွဲစိမ့်ဝင်ပေါင်းစပ်ကာ တည်နေကြသည်ဟု ဆိုနိုင်ပါသည်။ တစ်ခု၏ အရှိတရားသည် အခြားတစ်ခုကို အနှောက်အယှက် မပြုပေ။ တစ်ခုနှင့်တစ်ခုလည်း ပဋိပက္ခ မဖြစ်ကြပေ။ ဤဥပမာ အတူသာလျှင် လောက၏ ခပ်သိမ်းသော အရာတို့သည် တစ်ခုကိုတစ်ခု မငြင်းပယ်သော အချင်းချင်း

၃၇၃။ **Chang, Garma, C. C. (1971) *The Buddhist Teaching of Totality*, University Park, : Pennsylvania State University Press:p-124**

အလျော်ဖြစ်ကြသော အရာများဖြစ်ကြသည်။ တစ်ခု၏ အရိုတရားသည် အခြားတစ်ခုကို အနှောက်အယှက်မပြုကြသော အရာများဖြစ်ကြသည်။ တစ်ခု၏ အတွင်းသန္တာန်ဝယ် တစ်ခုက ထွင်းဖောက်လျက် တစ်ပြိုင်နက် ယှဉ်တွဲစိမ့်ဝင်ပေါင်းစပ်ကာ တည်နေကြသည့် အရာများ ဖြစ်ကြသည်။

ဤသဘောတရားကို အခြားဥပမာတစ်ခုဖြင့် ပိုမိုထင်ရှားအောင် ပြန်ဝင်ပါသည်။ အခန်းတစ်ခုထဲတွင် ရောင်စဉ် ခုနှစ်သွယ် မီးပုံးရောင်စုံ (၇) လုံး ချိတ်ဆွဲထားသည် ဆိုပါစို့။ မီးပုံးများမှာ ဖြာထွက်လာသော အနီ၊ အဝါ၊ လိမ္မော်၊ အစိမ်း၊ အပြာ၊ မရမ်း၊ ခရမ်းစသည့် ရောင်စဉ်တန်းများသည် ခြောက်ဖက်သော အကာအရံများပေါ်သို့ ရိုက်ခတ် ကျရောက်နေပုံကို စိတ်ကူးကြည့်ပါ။ ယင်း ရောင်စဉ်တန်းတို့သည် တစ်ခုကိုတစ်ခု မငြင်းပယ်သော အချင်းချင်း အလျော်ဖြစ်ကြသော ရောင်စဉ်တန်းများဖြစ်ကြသည်။ ရောင်စဉ်တန်းတစ်ခု၏ အရိုတရားသည် အခြား ရောင်စဉ်တန်းများကို အနှောက်အယှက် မပြုပေ။ ရောင်စဉ်တန်းတစ်ခု၏ အတွင်းသန္တာန်ဝယ် အခြား ရောင်စဉ်တန်းများက ထွင်းဖောက်လျက် တစ်ပြိုင်နက် ယှဉ်တွဲစိမ့်ဝင်ပေါင်းစပ်ကာ တည်နေကြသည်ကိုလည်း တွေ့ရပေမည်။

ဗောဓိသတ္တ၏ ဉာဏ်ပညာ (၁၀) ပါး မှ ရရှိလာသော အဘိဉာဉ်အထူး (၁၀)ပါး

ဤသို့ အရာခပ်သိမ်း၏ ပေါင်းစည်းဆက်စပ်မှုနှင့် အပြန်အလှန် ထောက်တည်စိမ့်ဝင် ထွင်းဖောက်တည်နေမှုသဘောကို အသိကြီး သိမြင်သော ဗောဓိသတ္တာသည် အောက်ပါ အဘိညာဉ်ထူး ၁၀ ပါးကို ဝသီဘော်နိုင်နင်းကြောင်း ဟွာယင်းဒဿန က ဆိုပါ၏။

(၁) အလုံးစုံသော စကြဝဠာတို့ကို ဆံချည်မျှင်တစ်ခုအတွင်းသို့ သွတ်သွင်းခြင်းနှင့် ဆံချည်မျှင်တစ်ခုကို အလုံးစုံသော စကြဝဠာတို့အတွင်းသို့ သွတ်သွင်းခြင်း။

(၂) အလုံးစုံသော သတ္တဝါတို့၏ ကိုယ်ကာယတို့ကို သတ္တဝါတစ်ကောင်၏ ကိုယ်ကာယ အတွင်းသို့ သွတ်သွင်းခြင်း နှင့် သတ္တဝါတစ်ကောင် ၏ ကိုယ်ကာယကို အလုံးစုံသော သတ္တဝါတို့၏ ကိုယ်ကာယတို့အတွင်းသို့ သွတ်သွင်းခြင်း။

(၃) အလုံးစုံသော အသင်္ချေယျကမ္ဘာတို့ကို မျက်မှောက်ပစ္စုပ္ပန်ခဏ အတွင်းသို့ သွတ်သွင်းခြင်း နှင့် မျက်မှောက်ပစ္စုပ္ပန် ခဏ ကို အလုံးစုံသော အသင်္ချေယျကမ္ဘာတို့အတွင်းသို့ သွတ်သွင်းခြင်း။

(၄) အလုံးစုံသော ဗုဒ္ဓရှင်တော်တို့ဟောတော်မူသော ဓမ္မကွန္ဓာတို့ကို တစ်ခုတည်းသော ဓမ္မတရားအတွင်းသို့ သွတ်သွင်းခြင်းနှင့် တစ်ခုတည်းသော ဓမ္မတရား

ကို အလုံးစုံသော ဗုဒ္ဓရှင်တော်တို့ ဟောတော်မူသော ဓမ္မက္ခန္ဓာတို့အတွင်းသို့ သွတ်သွင်းခြင်း။

(၅) အလုံးစုံသော မရေမတွက်နိုင်သော အရပ်ဒေသတို့ကို တစ်ခုတည်းသော အရပ်ဒေသအတွင်းသို့ သွတ်သွင်းခြင်းနှင့် တစ်ခုတည်းသော အရပ်ဒေသကို အလုံးစုံသော မရေမတွက်နိုင်သော အရပ်ဒေသတို့အတွင်းသို့ သွတ်သွင်းခြင်း။

(၆) အလုံးစုံသော မရေမတွက်နိုင်သော အာရုံခံအင်္ဂါတို့ကို တစ်ခုတည်းသော အာရုံခံအင်္ဂါအတွင်းသို့ သွတ်သွင်းခြင်းနှင့် တစ်ခုတည်းသော အာရုံခံအင်္ဂါကို အလုံးစုံသော မရေမတွက်နိုင်သော အာရုံခံအင်္ဂါတို့အတွင်းသို့ သွတ်သွင်းခြင်း။

(၇) အလုံးစုံသော မရေမတွက်နိုင်သော အာရုံခံအင်္ဂါတို့ကို တစ်ခုတည်းသော အာရုံခံအင်္ဂါမဲ့သဘောအတွင်းသို့ သွတ်သွင်းခြင်းနှင့် တစ်ခုတည်းသော အာရုံခံအင်္ဂါမဲ့ သဘောကို အလုံးစုံသော မရေမတွက်နိုင်သော အာရုံခံအင်္ဂါတို့အတွင်းသို့ သွတ်သွင်းခြင်း။

(၈) အလုံးစုံသော မရေမတွက်နိုင်သော အတွေးဝိတက်တို့ကို တစ်ခုတည်းသော အတွေးဝိတက်အတွင်းသို့ သွတ်သွင်းခြင်းနှင့် တစ်ခုတည်းသော အတွေးဝိတက်ကို အလုံးစုံသော မရေမတွက်နိုင်သော အတွေးဝိတက်တို့အတွင်းသို့ သွတ်သွင်းခြင်း။

(၉) အလုံးစုံသော အသံနှင့် ဘာသာစကားတို့ကို တစ်ခုတည်းသော အသံနှင့် ဘာသာစကားအတွင်းသို့ သွတ်သွင်းခြင်းနှင့် တစ်ခုတည်းသော အသံနှင့်ဘာသာစကားကို အလုံးစုံသော အသံနှင့် ဘာသာစကားတို့အတွင်းသို့ သွတ်သွင်းခြင်း။

(၁၀) အလုံးစုံသော အချိန်ကာလတို့ကို တစ်ခုတည်းသော အချိန်ကာလအတွင်းသို့ သွတ်သွင်းခြင်းနှင့် တစ်ခုတည်းသော အချိန်ကာလကို အလုံးစုံသော အချိန်ကာလတို့အတွင်းသို့ သွတ်သွင်းခြင်း စသည်တို့ ဖြစ်ကြ၏။

ဟွာယင်းဒဿနအမြင် ကို ကြေးမုံရိပ်သွင် ဥပမာဖြင့် ဖော်ပြရှင်းလင်းခြင်း

အသိခက်နက်နဲသော ဟွာယင်းဒဿနကို ရှင်းပြဖွင့်ဆိုရာတွင် ဟွာယင်းဒဿပညာရှင်တို့သည် ကြည့်မှန် (ကြေးမုံ) ကို ပမာနဥပမာ အဖြစ် အသုံးပြုလေ့ရှိကြ၏။ ကြေးမုံဥပမာဖြင့် အဆင့်ဆင့် ဆင်ခြင်ပုံမှာ ဤသို့ဖြစ်၏။

(၁) ခပ်သိမ်းသောအရာတို့သည် အစစ်အမှန် ပကတိအရှိသဘော မဟုတ်သော စိတ်ဖန်ရပ်သွင်များ ဖြစ်ကြသောကြောင့် ယင်းတို့သည် သုညတ မမွတရားများ ဖြစ်ကြလေသည်။

(၂) ကြေးမုံပြင်ပေါ်တွင် ပေါ်လွင်ထင်ရှားလာသော ပုံရိပ် ထောင်သောင်းမက များစွာတို့သည် တစ်စုတစ်ဝေးတည်း တစ်ပြိုင်နက်တည်း ပေါ်ပေါက်ထင်ရှားလာ ကြသောကြောင့် ၄င်းတို့ကို ပြိုင်တူဖြစ်ပေါ်သော အနန္တ ဓမ္မတရားများ (Tung-shih tun-chi) အဖြစ် ရှုမြင်နိုင်၏။

(၃) ကြေးမုံပြင်တို့သည် အချင်းချင်း အရိပ်ထင်ပြန် ထွန်းလင်းပြသလို ခပ်သိမ်းသောအရာတို့သည်လည်း တစ်ခုကိုတစ်ခု လင်းပထွန်းတောက်စေသော အတားအဆီး အပိတ်အပင် ကင်းသော အနန္တ ဓမ္မတရားများ (T'ung-shih hu-she) အဖြစ် ရှုမြင်နိုင်၏။

ယောဂါစာရဗုဒ္ဓဒဿန နည်းတူ ဟွာယင်းဒဿန အလိုအရလည်း ပကတိဗုဒ္ဓ သဘာဝ (ဗောဓိစိတ္တ) ကို အဆုံးမရှိအောင် ကျယ်ပြောသော မဟာသမုဒ္ဒရာကြီး ပမာ တင်စားနိုင်ပေသည်။ စိတ်ကို ကပ်၍ ဖိစီးနှိပ်စက်တတ်သော ကိလေသာ ပပဉ္စတရားများ ကင်းကွာငြိမ်သက်သွားသောအခါတွင် စိတ်သည် လှိုင်းလေငြိမ် သက်သော မဟာသမုဒ္ဒရာကြီးပမာ နက်ရှိုင်း ကြည်လင်သန့်စင်သော အခြေအနေ (သဘဂရမုခြာ သမာဓိ) ကို ဆိုက်ရောက်တည်နေကြပြီးလျှင် အလုံးစုံသော အနန္တ ဓမ္မတရားများအားလုံး ဤစိတ်သဘာဝပေါ်တွင် ပကတိသဘောအတိုင်း အရိပ်ထင် လာကြရလေသည်။

ဤ နက်နဲသောအချက်ကို ထင်ရှားစေရန် ပြသသော ဥပမာမှာ ရဟန်းတစ်ပါး သည် မှန်အပြည့်ကာထားသော အခန်းတစ်ခုထဲတွင် တပည့်ရဟန်းတစ်ပါးကို ဓမ္မဒေသနာ သင်ကြားပို့ချနေပုံကို ဆင်ခြင်ကြည့်ပါ။ ကြေးမုံမှန် ၊ ဆရာရဟန်း နှင့် တပည့်ရဟန်းတို့သည် စိတ်၏ပကတိသဘာဝ၊ ဗုဒ္ဓရှင်တော်နှင့် တပည့်သာဝက တို့ကို ကိုယ်စားပြုနေလေသည်။ ကြေးမုံသည် မိမိရှေ့တွင်ရှိနေသော လူသား နှစ်ဦး၏ ပုံရိပ်ကို ထင်ဟပ်ပေါ်လွင်နေစေ တစ်ဦးက သင်ကြားပို့ချသူ ဆရာတစ်ဦး က လေ့လာဆည်းပူး သင်ယူသူ တပည့်သာဝက ဖြစ်၏။ ဤ မြင်ကွင်းကို ပုံဖော်ပြော ဆိုရာတွင်-

(၁) မှန်ထဲက အရိပ်ဆရာသည် မှန်ထဲက အရိပ်တပည့်ကို သင်ကြားနေသည် (သို့မဟုတ်) မှန်ထဲက အရိပ်တပည့်သည် မှန်ထဲက အရိပ်ဆရာထံမှ လေ့လာသင် ယူနေသည်။

(၂) မှန်ထဲက အရိပ်ဆရာသည် အပြင်လောကထဲက တပည့်ကို သင်ကြား နေသည် (သို့မဟုတ်) မှန်ထဲက အရိပ် တပည့်သည် အပြင်လောကထဲက ဆရာ ထံမှ လေ့လာသင်ယူနေသည်ဟူ၍ ဆိုနိုင်ကြောင်း တွေ့ရမည်ဖြစ်သည်။

ထို့အတူပင် ဗုဒ္ဓက သာဝကကို ဓမ္မဒေသနာ ဟောပြောရာတွင် နှစ်ကြောင်းသွား အပြန်အလှန် ဆက်သွယ်မှုမျိုးမျှ မဟုတ်ဘဲ **လေးကြောင်းသွား အပြန်အလှန် ဆက်နွယ်မှု** ဖြစ်သည်ကို တွေ့ရပါ၏။ သာဝက၏ စိတ်သန္တာန်တွင်ရှိသော ဗုဒ္ဓက ဗုဒ္ဓ၏ စိတ်သန္တာန်တွင်ရှိနေသော သာဝကကို သင်ကြားနေသလို ဗုဒ္ဓ၏ စိတ်သန္တာန်တွင် ရှိနေသော သာဝက ကလည်း သာဝက၏ စိတ်သန္တာန်တွင် ရှိသော ဗုဒ္ဓ၏ ဟောပြောသင်ပြမှုကို နာယူနေသည်ဟု ဆိုနိုင်သောကြောင့်ဖြစ်၏။

ဟွာယင်း ဒဿနအလိုအရ အလုံးစုံသဘော (သဗ္ဗတ္ထဘာဝ) သည် သာမန်ပုထုဇဉ် လူသားတို့အတွက် မြင်နိုင်ခဲသော ဓမ္မဖြစ်၏။ ပကတိအရှိတရားကို စွဲယူထားသော သတ္တဝါတို့၏ သိမှုဘောင်သည် တစ်ကြိမ်သိလျှင် တစ်ဖက်သောမျက်နှာစာ တစ်ခုသောအကြောင်းအရာကိုသာ သိနိုင်ပြီး ကျန်မျက်နှာစာများအားလုံး ကျန်အကြောင်းအရာများအားလုံးကို မမြင်နိုင် မသိနိုင်ပေ။ လောကသည် သူ့အတွက် ရေခဲတောင်ပမာ ဖြစ်၏။ ရေမျက်နှာပြင်ပေါ်တွင် ပေါ်နေသော ရေခဲတောင်၏ ထိပ်ဖျားစွန်းကလေးကိုသာ မြင်နိုင်ပြီး ရေထုထဲတွင် ပုန်းကွယ်နေသော ရေခဲတောင်ထုထည်ကြီးကို မမြင်နိုင်သကဲ့သို့ပင်ဖြစ်၏။

ပေါ်လွင်ထင်းပသော ဗျာကတတရားနှင့် ပုန်းကွယ်နက်နဲသော အဗျာကတတရား

ဟွာယင်းဒဿနအမြင်၌ အရာဝတ္ထုတို့၏ ပေါ်လွင်ထင်ရှားနေသော အပိုင်းကို ပေါ်လွင်ထင်ရှားမှု-**ရှဲန် (hsien)** သို့မဟုတ် အိမ်ရှင်-**ချူ (chu)** ဟုခေါ်သည်။ ဖုံးကာကွယ်ဝှက်နေသော အပိုင်းကို ပုန်းကွယ်မှု-**ယင် (yin)** သို့မဟုတ် ဧည့်သည်-**ပဲင် (pin)** ဟုခေါ်လေသည်။ သတ္တဝါတို့သည် သိမှုအကန့်အသတ်ကြောင့် လောက၏ ရှဲန်-ချူ အပိုင်းကိုသာ အာရုံသိရှိ ခံစားကြရပြီး ပုန်းကွယ်နေသော ယင်-ပဲင် အပိုင်းကို မသိနိုင်ကြဟု ဆိုသည်။ အရာအားလုံး၏ မျက်နှာစာအားလုံး အစိတ်အပိုင်း အားလုံးကို သိနိုင်သော ဉာဏ်ပညာမှာမူ သတ္တဝါတို့အတွက် အလှမ်းဝေးလှပေသည်။[၃၇]

ဥပမာ- (၃) ရက်လ ခုံးမျက်စသဖွယ် လခြမ်းသေးသေးလေးကို ကြည့်ပါ။ လူတို့မြင်နေရသော လ၏ အစိတ်အပိုင်းသည် လင်းလက် တောက်ပနေသောလည်း အမှောင်ထဲတွင် ကျန်လ ကိုယ်ထည်တစ်ခုလုံး ရှိနေပေသည်။ တောက်ပနေသော

၃၇။ **Chang, Garma, C. C. (1971) *The Buddhist Teaching of Totality*, University Park, : Pennsylvania State University Press:p-128**

လခြမ်းလေးသည် လ၏ အရှိတရား ကို ဖော်ဆောင်နေပြီး လ၏ ပုန်းကွယ်နေသော အစိတ်အပိုင်းကို မငြင်းပယ်ပေ။ ထိုနည်းတူစွာပင် လူတို့သိရသော တစ်စုံတစ်ခု ဆိုသည်မှာ ၄င်း၏ အလုံးစုံသဘောမဟုတ်ပေ။ မသိနိုင်သော မျက်နှာစာ များစွာ သူ့အသိမှ ပုန်းကွယ်နေပေလိမ့်မည်။ တောက်ပသော လခြမ်းကလေး ပေါ်လွင် ထင်ရှားလာခိုက်တွင် အမှောင်ထုထဲမှာ လ၏ အရှိတရားတစ်ခုလုံး မပျောက်ပျက် သကဲ့သို့ လောကကို သိမြင်ရသော အစိတ်အပိုင်း ဟူသမျှသည် အကန့်အသတ် ဘောင်ထဲက အရှိ အပိုင်းအစမျှသာ ဖြစ်ပြီး လောက၏ အလုံးစုံသဘော (သဗ္ဗတ္ထ) မဟုတ်သည်ကို အသိရောက်ရန်ဖြစ်သည်။

ထိုနည်းတူစွာ မိမိတို့ ကြည့်မြင်သော ရှုထောင့်ကိုလိုက်၍ အရှိပမာဏခြင်း ကွာခြားနေပေမည်။ ကမ္ဘာနေ လူသားအဖို့ လကိုကြည့်လျှင် လင်ပန်းငယ် အရွယ် ပမာဏမျှရှိသော အလင်းစက်ဝိုင်းလေးတစ်ခုသဖွယ် မြင်တွေ့ရပေမည်။ သို့သော် လပေါ်နေသတ္တဝါအတွက်မူ လသည် အလွန်တရာ ကျယ်ပြန့်ကြီးမားသော မြေထု အစိုင်အခဲကြီး ဖြစ်ပေမည်။ ကမ္ဘာနေ လူသားအဖို့ လ၏ (အလွန်တရာ ကျယ်ပြန့် ကြီးမားသော မြေထုအစိုင်အခဲကြီး) ဟူသော မျက်နှာစာသည် ပုန်းကွယ်နေ သကဲ့သို့ လပေါ်နေသတ္တဝါအတွက်လည်း လ၏ (လင်ပန်းငယ် အရွယ် ပမာဏမျှ ရှိသော အလင်းစက်ဝိုင်းလေး) ဟူသော မျက်နှာစာသည် ပုန်းကွယ်နေပေလိမ့်မည်။

အငြင်းဝါကျများဖြင့် အစွန်းရောက်အမြင်ပယ်ခြင်းကို ပြဆိုပုံ

ဟွာယင်းဒဿန၏ အမြင်သည် ယုတ္တိဗေဒအတွေးကို ကျော်လွန်နေသော အတက္ကာဝစာရ သစ္စာတရား ဖြစ်သော်လည်း ဟွာယင်းဒဿနပညာရှင်များသည် ယုတ္တိနည်းကျ အငြင်းဝါကျ အတည်ပြု အဆိုဝါကျများအားဖြင့်လည်း ဟွာယင်းဒဿနကို ဤသို့ ပုံဖော်ခဲ့ပါ၏။ ၄င်းကို ဘက်စုံ ထောင့်စုံမှ ချဉ်းကပ်သော **ပရိပုဏ္ဏာဓမ္မ** (The Round Doctrine) ဟု ဆိုခဲ့၏။

မေး။ ။ ပရမတ္ထဓမ္မတရားများသည် အကြောင်းကို မှီစွဲဖြစ်ပေါ်ရသောကြောင့် ၄င်းတို့သည် အရှိသဘောလား မရှိသဘောလား။

ဖြေ။ ။ ၄င်းတို့သည် အရှိသဘောများ မဟုတ်ကြပါ။ ၄င်းတို့သည် မိမိ ကိုယ်ပိုင် အတ္တသဘောမှ ကင်းဆိတ်ကြကုန်သောကြောင့်ဖြစ်၏။ အကြောင်းကို မှီစွဲဖြစ် ပေါ်ရသော ပရမတ္ထဓမ္မတရားများသည် အနတ္တအသာရ ဖြစ်သောကြောင့် ၄င်းတို့ သည် မိမိ ကိုယ်ပိုင်အတ္တသဘောမှ ကင်းဆိတ်ပေ၏။

မေး။ ။ ဤသို့ဆိုလျှင် ၄င်းတို့သည် ပကတိမရှိသော ဗလာသက်သက် သုညတ နတ္ထိတရားများ သက်သက်ဖြစ်သလား။

ဖြေ။ ။ မဟုတ်ကြပါ။ ၄င်းတို့သည် အကြောင်းကို မှီစွဲဖြစ်ပေါ်ရသောကြောင့် ပကတိအစမရှိသော ကြောင်းကျိုး ဆက်နွယ်ရှိတရားများ ဖြစ်ပါသည်။ ပကတိ မရှိသော ဗလာသက်သက် သုညတ နတ္ထိတရားများ မဟုတ်ပါ။

မေး။ ။ ဤသို့ဆိုလျှင် ၄င်းတို့သည် တစ်ပြိုင်နက်တည်း အရှိ (အတ္ထိဘာဝ) နှင့် မရှိ (နတ္ထိဘာဝ) များ ရှိနေကြပါသလား။

ဖြေ။ ။ မဟုတ်ကြပါ။ ၄င်းတို့ သည် ယင်းသဘော နှစ်ခုစလုံးမှ ကင်းလွတ်နေသော အကြောင်းကို မှီစွဲဖြစ်ပေါ်ရသော ပရမတ္ထဓမ္မတရားများသာ ဖြစ်ကြပါသည်။ ထို တရားများ၏ အကြောင်းမှီအရှိသဘောနှင့် ပကတိ အတ္တသဘာဝမရှိခြင်း (အနတ္တ-အသာရ-သုညတ) တို့သည် နှစ်ခုမပြား တစ်သားတည်းဖြစ်နေသော သဘောများ ဖြစ်ပါသည်။

မေး။ ။ ဤသို့ဖြစ်ပါလျှင် ၄င်းတို့သည် အရှိ (အတ္ထိဘာဝ) နှင့် မရှိ (နတ္ထိဘာဝ) နှစ်ခုစလုံး မဟုတ်သော အခြားသဘာဝတစ်ခု ဖြစ်ပါသလား။

ဖြေ။ ။ မဟုတ်ကြပါ။ အရာခပ်သိမ်း၏ အကြောင်းမှီအဖြစ်သဘော=ဘာဝနှင့် အတ္တအနှစ်သား ဆိတ်သုဉ်းခြင်း သဘော= သုညတာတို့သည် တစ်ခုကိုတစ်ခု မခြင်းဆန် မဖယ်ထုတ်ဘဲ အတူတကွ ရှိနေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်း၏ အညမည သဟဇာတ ဂုဏ်သတ္တိကြောင့် ၄င်းတို့သည် အချင်းချင်း အပြန်အလှန် စွဲမှီထောက်တည်-စိမ့်ဝင်ပေါင်းစည်းလျက် ဖြစ်တည်နေနိုင်သော သဘောများ ဖြစ်ကြပါသည်။

မေး။ ။ ကောင်းပါပြီ။ ဤသို့ဆိုပါလျှင် အရာခပ်သိမ်းသည် သုညတဓမ္မချည်း သက်သက်ပဲဟု ဆိုလို့ရနိုင်ပါသလား။

ဖြေ။ ။ မရနိုင်ပါ။ ခွဲခြမ်းစိတ်ဖြာထိုးထွင်မြင်သော ပညာစက္ခုအားဖြင့်သာ အရာခပ်သိမ်းသည် သုညတဓမ္မချည်း သက်သက်ပဲဟု ဆိုနိုင်ပါသည်။ သာမန်အာရုံတွေ့သိရှုမြင်ခံစားသော လောကဝယ် အရာခပ်သိမ်းသည် သုညတဓမ္မချည်း သက်သက်ပဲ မဟုတ်ကြပါ။ အကြောင်းကို မှီစွဲထောက်တည်လျက်ရှိနေသော ဓမ္မတရားများ ဖြစ်ပါသည်။

အတည်ပြုဝါကျများဖြင့် အစွန်းရောက်အမြင်ပယ်ခြင်း ကို ပြဆိုပုံ

မေး။ ။ အကြောင်းကို မှီစွဲဖြစ်ပေါ်ရသော ပရမတ္ထ ဓမ္မတရားများသည် အရှိတရားများ ဖြစ်ပါသလား။

ဖြေ။ ။ ဟုတ်ပါ၏။ အကြောင်းကို မှီစွဲဖြစ်ပေါ်ရသော ပရမတ္ထ ဓမ္မတရားများသည် တံလျှပ်အရိပ်ပမာ အရှိတရားများ ဖြစ်ပါ၏။

မေး။ ။ ဤသို့ဖြစ်လျှင် ၄င်းတို့သည် မိမိ ကိုယ်ပိုင်အတ္တသဘောမှ ကင်းဆိတ်သော သုညတမမှတရားများ ဖြစ်ပါသလား။

ဖြေ။ ။ ဟုတ်ပါ၏။ အကြောင်းကို မှီစွဲဖြစ်ပေါ်ရသော ပရမတ္ထ ဓမ္မတရားများသည် အနတ္တ အသာရ ဖြစ်သောကြောင့် ၄င်းတို့သည် မိမိ ကိုယ်ပိုင်အတ္တသဘောမှ ကင်းဆိတ်ပေ၏။

မေး။ ။ ဤသို့ဖြစ်လျှင် ၄င်းတို့သည် အကြောင်းမှီအဖြစ်သဘော=ဘာဝနှင့် အတ္တ အနှစ်သားဆိတ်သုဉ်းခြင်း သဘော= သုညတာ တစ်ပြိုင်နက်တည်း ဖြစ်နေကြပါသလား။

ဖြေ။ ။ ဟုတ်ပါ၏။ အကြောင်းမှီအဖြစ်သဘော=ဘာဝနှင့် အတ္တအနှစ်သားဆိတ်သုဉ်းခြင်းသဘော= သုညတတို့သည် တစ်ခုနှင့်တစ်ခု အလျော်ဖြစ်ကြပြီး အပြန်အလှန် ငြင်းဆန်ပယ်ထုတ်နေကြသော တရားများ မဟုတ်သောကြောင့် ဖြစ်၏။

မေး။ ။ ဤသို့ဖြစ်ပါလျှင် ၄င်းတို့သည် အရှိ (အတ္ထိဘာဝ) နှင့် မရှိ (နတ္ထိဘာဝ) နှစ်ခုစလုံးမဟုတ်သော အခြားသဘာဝတစ်ခု ဖြစ်ပါသလား။

ဖြေ။ ။ ဟုတ်ပါ၏။ ၄င်းတို့သည် အရှိ (အတ္ထိဘာဝ)နှင့် မရှိ (နတ္ထိဘာဝ) နှစ်ခုစလုံး မဟုတ်သော စွဲမှီဖြစ်ပွားခြင်း သဘာဝ (ပဋိစ္စသမုပ္ပါဒ သဘာဝ) သာ ဖြစ်ကြပါ၏။ စွဲမှီဖြစ်ပွားခြင်းသဘာဝ (ပဋိစ္စသမုပ္ပါဒ သဘာဝ) အားဖြင့် ရှုထောင့်တစ်ခုမှ အရာခပ်သိမ်းကို ရှိသည်ဟူ၍လည်း ဆိုနိုင်၏။ ရှုထောင့်တစ်ခုမှ အရာခပ်သိမ်းကို မရှိဟူ၍လည်း ဆိုနိုင်၏။ ရှုထောင့်တစ်ခုမှ အရာခပ်သိမ်းကို ရှိလည်းမရှိ- မရှိလည်းမရှိ ဟူ၍လည်း ဆိုနိုင်၏။ ရှုထောင့်တစ်ခုမှ အရာခပ်သိမ်းကို ရှိသည်လည်း မဟုတ်၊ မရှိသည်လည်းမဟုတ် ဟူ၍လည်း ဆိုနိုင်၏။ အဘယ်ကြောင့်ဆိုသော် စွဲမှီဖြစ်ပွားခြင်းသဘာဝ (ပဋိစ္စသမုပ္ပါဒ သဘာဝ) သည် မိမိ၏ ပင်ကိုယ်ပကတိ သဘာဝအားဖြင့် အစွန်းတရား ကောင်္ဘာသမျှတို့မှ လွတ်မြောက်နေသောကြောင့် ပေတည်း။[၃၅]

ဟွာယင်းဒဿနအမြင် ၏ ဓမ္မကျင့်စဉ်အပေါ်သက်ရောက်မှု

ဟွာယင်း ဒဿနအမြင်သည် ကျင့်စဉ်အားဖြင့် ချန် (ဈာန်) ဓမ္မတရား၏ ရုတ်ချည်း ထိုးထွင်းသိမြင်မှု (ခိပ္ပဘိညာ ဉာဏ) အမြင်၏ အခြေခံအုတ်မြစ် အယူအဆဖြစ်လာခဲ့

၃၅။ **Chang, Garma, C. C. (1971) *The Buddhist Teaching of Totality*, University Park, : Pennsylvania State University Press:p-130**

လေသည်။ ဟွာယင်း ဒဿနအမြင်သည် စကြဝဠာ အနန္တ၌ တစ်ပြန့်တည်း တစ်သားတည်း ကိန်းဝပ်တည်ရှိနေသော ဗုဒ္ဓသဘာဝ=တထာဂတဂဗ္ဘ သဘောကို အခြေခံသည့်အပြင် ၄င်း၏ အရာခပ်သိမ်း၏ အပြန်အလှန် စိမ့်ဝင်ထွင်းဖောက်တည်ရှိခြင်း ဂမ္ဘီရဓမ္မအမြင် သဘောအရ ပထမ ဗောဓိသတ္တဘုမိ၌ပင် နောက်ဆုံးဘုမိအဆင့်၏ သစ္စာအလင်းရောင်က ထွန်းလင်းပြီးဖြစ်သည်။ အတိတ် (ခရီးအစ) သည် အနာဂတ် (ခရီးပန်းတိုင်) အတွင်း၌ ကိန်းဝပ်တည်နေသကဲ့သို့ အနာဂတ်သည်လည်း အတိတ်ကာလအတွင်း သိမှီးတည်ရှိပြီး ဖြစ်၏။

ထို့ကြောင့် ဟွာယင်းဒဿနအမြင်အရ ဗောဓိသတ္တသည် မိမိ၏ နဂိုမူလ ဗုဒ္ဓသဘာဝကို သိရှိပြီးဖြစ်သောကြောင့် မိမိကိုယ်ကို ဗုဒ္ဓရှင်တော်တစ်ဆူပမာ နေထိုင်ကျင့်သုံး ရှင်သန်လေသည်။ ဗုဒ္ဓရှင်တော်အဖြစ်ဟူသော ပန်းတိုင်ကို မမှိတ်မသုံ ယုံကြည်ခြင်းသည်ပင်လျှင် ဗောဓိသတ္တလမ်းစဉ်တစ်ခုလုံး၏ အဆုံးသတ်ပမာ ဖြစ်တော့၏။ ဟွာယင်း ဒဿနပညာရှင် ဥပဿကာ လိတောင်စွမ် (Li T'ung-hsüan; 635–730) ၏ အယူအဆ အလိုအရ မိမိ၏ သစ္စာဉာဏ်အလင်းရောင်ပွင့်ထွန်းနိုင်ခြေကို ယုံကြည်ခြင်းသည်ပင်လျှင် သစ္စာဉာဏ်အလင်းရောင်၏ ဖြစ်တည်ခြင်းသဘော ဖြစ်သည်ဟု ဆိုပါသည်။

ဆရာတော် ဖဆန်၏ အလိုအရဆိုလျှင် ရုတ်ချည်း သစ္စာဉာဏ်အလင်းပွင့်ခြင်းသည် မြင်နိုင်သော အမှန်တရားဖြစ်၏။ ပကတိပရမတ္ထသစ္စာတရား (တထတာ) သည် ဘာသာစကားနှင့် တွေးဉာဏ်၏ အကန့်အသတ်ဟူသမျှတို့ကို ကျော်လွန်နေသောကြောင့် တထတာဆီသို့ ရောက်အောင်သွားနိုင်သော မဂ်ဉာဏ် အဆင့် မလိုအပ်ချေ။ တထတာ ဟူသည် ဖန်တီးပြုလုပ်၍လည်း မရစကောင်းသလို အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်နိုင်သော အကျိုးတရားတစ်ခုလည်း မဟုတ်သောကြောင့် တထတာကို အသိကြီးသိမြင်၍ သစ္စာဉာဏ်အလင်းရောင် ပွင့်ထွန်းနိုင်ခြေမှာ ရုတ်ချည်း သစ္စာဉာဏ်အလင်းပွင့်ခြင်းမှတစ်ပါး အခြားနည်းမရှိချေ။ ဥပမာ အိပ်မက် မက်နေသူသည် မိမိ ကိုယ်ပိုင်အဇ္ဈတ္တလောကအတွင်းမှ စိတ်ဖန်ရုပ်သွင်များဖြင့် နေထိုင်နေခြင်းဖြစ်ပြီး သူ အိပ်မက်မှ နိုးထလာခြင်းသည် ရုတ်တရက် နိုးထလာခြင်းပင်ဖြစ်သည်။ သူ အိပ်မက်မှ နိုးထလာသောအခါဝယ် ပကတိအမှန်ရှိနေသော ဗဟိဒ္ဓလောကကြီးကို ရုတ်ချည်း မြင်တွေ့ရသည်ဟုဆိုရာဝယ် အိပ်မက်မှ နိုးထလာခြင်းသည် ပကတိအမှန်ရှိနေသော ဗဟိဒ္ဓလောကကြီးကို ပြုလုပ်ဖန်တီးသည်ဟု မဆိုနိုင်ပေ။ ထို့အတူ တထတာကို သိမြင်ခြင်းသည် မရှိသော အရာကို အရှိဖန်တီးလုပ်ယူပြီး သိခြင်းမျိုးမဟုတ်ဘဲ ပကတိ နဂိုအရှိတရားအပေါ် ဖုံးကာထားသော အကွယ်အကာများကို ခွာချခြင်းသာ ဖြစ်၏။

လောက ရှုထောင့်ဘက်မှ ဖော်ပြသော မဂ်ဉာဏ်အဆင့်ဆင့် တိုးတက်ခြင်းသည် အမှန်စင်စစ် လောကလွန် သစ္စာတရား၏ ရှုထောင့်ဘက်မှ ကြည့်လျှင် အဓိပ္ပာယ် အလျဉ်းမရှိချေ။ တထတာတည်းဟူသော လောကလွန် သစ္စာတရား၏ ရှိမှု နယ်ပယ်တွင် နိမ့်ခြင်း၊ မြင့်ခြင်း၊ ယုတ်ခြင်း၊ မြတ်ခြင်း၊ ညစ်ထေးခြင်း၊ သန့်စင်ခြင်း၊ မသိခြင်း နှင့် သိခြင်း စသော ဆန့်ကျင် ဒွန္ဒတရားများ မရှိသောကြောင့် ဖြစ်၏။ နှစ်ခုမပြားသော အဒွယတာ-တရားသည် နုတ်ပယ်စရာမရှိသလို ဖြည့်စွက်ပေးစရာလည်း နတ္ထိဖြစ်သော ပကတိအတိုင်းတိုင်း ပြီးပြည့်စုံနေသော ဧကောဓမ္မော ဖြစ်ပါပေ၏။

သိဒ္ဓတ္ထဝတ္ထုမှ ပြောသော ဟွာယင်းဓမ္မဒေသနာ

ယခုအထိ တစ်ခုတ်တစ်ရ ဆွေးနွေးခဲ့သော ဟွာယင်းဓမ္မဒေသနာကို ကျားစီးဖားစီး အားထုတ်ဖတ်ရှုခဲ့သော စာရှူသူ မိတ်ဆွေ၏ ဇဲ့နပဲသတ္တိကို ချီးကျူးမိပါ၏။ စင်စစ် ဟွာယင်းဓမ္မဒေသနာသည် အလွယ်တကူ နားလည်၍ အသိရောက်နိုင်သော ဒဿန အမြင်မျိုးမဟုတ်ဘဲ မဇ္ဈိမိကဒဿနနှင့် ယောဂါစာရဒဿန အမြင်များကို ကြေကြေညက်ညက် နားလည်ပြီးမှသာ ကောင်းမွန်မှန်ကန်စွာ အသိရောက် သဘောပေါက်နိုင်သော တရားနက်ဒဿနမျိုးဖြစ်၏။ ဤတရားနက် ဒဿနကို ဝတ္ထုအသွင်ဖြင့် ဖော်ကျူးသီဖွဲ့ရာဝယ် ဂျာမန် စာရေးဆရာကြီး ဟာမန်ဟက်စ်၏ Siddhartha ဝတ္ထု (ပါရဂူ မြန်မာပြန်ဆိုသော သိဒ္ဓတ္ထဝတ္ထု) ကို မထည့်သွင်း မဖော်ပြလျှင် ပြည့်စုံအံမထင်ပေ။

ဝတ္ထုစောတ်လမ်းအရ သိဒ္ဓတ္ထသည် လူချောလူလှ ဇာတိဥစ္စလုလင် တစ်ယောက်ဖြစ်၏။ ရိုးရာဘာသာရေး ဓလေ့ထုံးစံများကို ငြီးငွေ့သောကြောင့် သစ္စာတရား ရှာမှီးရန်အတွက် သူငယ်ချင်းဖြစ်သူ ဂေါဝိန္ဒနှင့်အတူ မိသားစုဘဝကို စွန့်ခဲ့ပြီး တပကျင့်သော သမဏသူတော်စင်များထံ တပည့်ခံခဲ့ကြ၏။ တပအကျင့်၏ အကျိုးမပြီးပုံကို သိမြင်ကြသောကြောင့် သမဏများကို စွန့်ခွာလျက် ဂေါတမ ဗုဒ္ဓရှင်တော်ထံသို့ ရောက်ရှိခဲ့ကြ၏။ သူငယ်ချင်းဖြစ်သူ ဂေါဝိန္ဒက ဗုဒ္ဓ၏ သာဝက ဖြစ်ခဲ့သော်လည်း အတွေးနက်သမား သိဒ္ဓတ္ထကမူ ဗုဒ္ဓနှင့် စကားစစ်ထိုး၍ အမြင် မတူညီခဲ့ဘဲ သူငယ်ချင်းနှင့်လမ်းခွဲခဲ့၏။

သိဒ္ဓတ္ထသည် ယောဂီဘဝကို စွန့်လျက် ကချေသည် မိန်းမလှလေး ကမလာနှင့် တွေ့ဆုံချစ်ကျွမ်းဝင်ခဲ့၏။ ကုန်သည် ကာမဆွာမိထံတွင် လောကရေးရာ အတတ်ပညာများ သင်ယူခဲ့၏။ ကိလေသာ ညွှန်ပျောင်းသို့ သက်ဆင်းခဲ့သော်လည်း ဘဝငြိမ်းချမ်းမှုကို မတွေ့ပြန်သဖြင့် ကမလာထံမှလည်း စွန့်ခွာခဲ့ပြန်ရာ နောက်ဆုံး

မြစ်ကြီးတစ်စင်းအနားမှ ကူးတို့ ဆရာကြီး ဝါသုဒေဝနှင့် ခင်မင်ရင်းနှီးခဲ့၏။ ဝါသုဒေဝသည် ဗုဒ္ဓကဲ့သို့ ဓမ္မဒေသနာများကို တိုက်ရိုက် မဟောကြားသော်လည်း သိဒ္ဓတ္ထကို စာနာနားလည်မှုဖြင့် ဘဝ၏ နက်နဲမှုကို သင်ပြပေး၏။ ဝါသုဒေဝ၏ ဆရာသခင်သည်ကား တစ်သွင်သွင်စီးနေသော မြစ်ကြီးသာလျှင်ဖြစ်၏။ မြစ်၏ တေးသံကို စူးနစ်ဝင်စားရင် သိဒ္ဓတ္ထ တရားသိမြင်ပုံကို ဤသို့လှပစွာ ရေးဖွဲ့ထား၏။

"သိဒ္ဓတ္ထသည် ကြိုးစားပြီး သေသေချာချာ နားထောင်ကြည့်သည်။ သူ့ဖခင်၏ ရုပ်ပုံ၊ သူကိုယ်တိုင်၏ရုပ်ပုံ၊ သူ့သား၏ ရုပ်ပုံတို့သည် အားလုံးပင် တစ်ခုနှင့်တစ်ခု ရောနေကြသည်။ ကမလာ၏ရုပ်ပုံလည်း ပေါ်လာပြီး စီးသွားလေသည်။ ဂေါဝိန္ဒနှင့် အခြားပုဂ္ဂိုလ်များ၏ ရုပ်ပုံများလည်းပေါ်လာပြီး စီးရာပါသွားကြလေသည်။ သူတို့ အားလုံးသည် မြစ်၏အစိတ်အပိုင်းများ ဖြစ်သွားကြသည်။

ယင်းအချက်သည် သူတို့အားလုံး၏ ရည်မှန်းချက်ဖြစ်သည်။ တမ်းတခြင်း၊ တောင့်တခြင်း၊ ဒုက္ခခံစားခြင်းများ ဖြစ်ကြသည်။ မြစ်၏အသံသည် တောင့်တခြင်း အပြည့်ရှိသည်။ နာကျင်သော ဒုက္ခဝေဒနာအပြည့် ရှိနေသည်။ မတင်းတိမ် မရောင့်ရဲသော အလိုဆန္ဒ အပြည့်ရှိနေသည်။ မြစ်သည် သူ၏ရည်မှန်းချက်ရှိရာသို့ စီးသွားနေသည်။ သိဒ္ဓတ္ထသည် မြစ်အား သွက်လက် လျင်မြန်စွာ စီးဆင်းနေသည်ကို တွေ့ရသည်။ မြစ်၏ကိုယ်ထည်ကို သူကိုယ်တိုင်ဖြင့် လည်းကောင်း၊ သူ့ဆွေမျိုး မိတ်သင်္ဂဟများဖြင့် လည်းကောင်း၊ သူတွေ့မြင်ခဲ့သော လူတို့ဖြင့် လည်းကောင်း ပြုလုပ်ဖန်တီးထားသည်ကိုလည်း တွေ့ရသည်။ အားလုံးသော ရေတို့သည် သွက်လက်လျင်မြန်စွာ စီးဆင်းနေကြသည်။

ဆင်းရဲဒုက္ခကို ခံစား၍ ရည်မှန်းချက်များ ရှိရာသို့ စီးဆင်းနေကြသည်။ များစွာသော ရည်မှန်းချက်များ ရှိရာသို့ လည်းကောင်း၊ ရေတံခွန်သို့ လည်းကောင်း၊ သမုဒ္ဒရာသို့လည်းကောင်း စီးဆင်းနေ ကြသည်။ အားလုံးသော ရည်မှန်းချက်များသို့ ရောက်ရှိကြသည်။ ရည်မှန်းချက်တစ်ခုအပြီးတွင် တစ်ခုပေါ်လာသည်။ ရေသည် ရေငွေ့အဖြစ် ပြောင်းလဲသည်။ အပေါ်သို့ တက်သည်။ မိုးဖြစ်ပြီး တစ်ဖန်အောက်သို့ ပြန်ကျလာသည်။ စိမ့်စမ်း ဖြစ်လာသည်။ ချောင်းငယ်၊ မြောင်းငယ် ဖြစ်လာသည်။ မြစ် ဖြစ်လာသည်။ အသစ်တစ်ဖန် ပြောင်းလဲလာသည်။ အသစ်တစ်ဖန် စီးဆင်းလာသည်။ လိုလားတောင့်တနေသည့် အသံကမူ ပြောင်းလဲမသွားပေ။ ရှာမှီးနေသော ထိုအသံသည် ကြင်နာဖွယ် ပဲ့တင်ထပ်နေတုန်းပင် ရှိသည်။ သို့ရာတွင် အခြားသောအသံများလည်း ထိုအသံနှင့် အတူတကွပင် ပေါင်းစုနေကြသည်။ ဝမ်းနည်းသံ၊ ဝမ်းသာသံ၊ ကောင်းသံ၊ ဆိုးသံ၊ ရယ်သံ၊ ငိုသံ၊ အသံပေါင်းတစ်ရာ၊ အသံပေါင်း အထောင်တို့ ပေါင်းစုနေကြသည်။

သိဒ္ဓတ္ထာ နားထောင်နေသည်။ ယခုအခါ၌ သူသည် အတွေးအာရုံစိုက်ပြီး နားထောင်နေသည်။ မိမိကိုယ်ကိုပင် မိမိမေ့လျော့နေသည်။ သုညဖြစ်နေသည်။ အရာဝတ္ထုဟူသမျှကို မိမိနှင့် တစ်သားတည်းဖြစ်အောင် သွတ်သွင်းနေသည်။ သူသည် ယခုအခါတွင် နားထောင်နည်းအတတ်ပညာကို ပိုင်နိုင်စွာ နားလည်တတ်မြောက်ပြီဟု သတိပြုမိလေသည်။ ယင်းအရာအားလုံးကို မြစ်ထဲတွင်ရှိသော ယင်းအသံမျိုးစုံကို သူသည် ယခင်အခါကလည်း မကြာခဏ ကြားခဲ့ဖူးသည်။ သို့ရာတွင် ယနေ့ထိုအသံများသည် တစ်မျိုးတစ်ဖုံ မြည်နေကြသည်။ သူသည် အသံများကို တစ်သံနှင့်တစ်သံ မခွဲခြားတတ်တော့ပေ။ ရယ်သံနှင့်ငိုသံတို့သည် လည်းကောင်း၊ ကလေးဆန်သည့်အသံနှင့် လူကြီးဆန်သည့်အသံတို့သည် လည်းကောင်း၊ တစ်သံတည်း လိုလိုပင် ဖြစ်နေကြသည်။ ထိုအသံအားလုံးတစ်ခုသည် အခြားတစ်ခု၏ အင်္ဂါအစိတ်အပိုင်း ဖြစ်နေကြသည်။ မျှော်လင့်တမ်းတလျက်ရှိသော ပုဂ္ဂိုလ်တို့၏ ညည်းတွားသံသည် လည်းကောင်း၊ ပညာရှင်တို့၏ ရယ်မောသံသည် လည်းကောင်း၊ နာကြည်းသူတို့၏ ကြိမ်းဝါးသံသည် လည်းကောင်း၊ အလောသုံးဆယ် ဖြစ်နေသူတို့၏ ညည်းညူသံတို့သည် လည်းကောင်း အားလုံးသောအသံတို့သည် တစ်ခုနှင့် တစ်ခု ဆက်စပ်နေကြသည်။ တစ်ခုနှင့်တစ်ခု ယှက်နေကြသည်။ အရာအထောင်သောနည်းလမ်းများဖြင့် တစ်ခုနှင့်တစ်ခု ရစ်ပတ်လိမ်တွယ်နေကြသည်။ ယင်းအသံအားလုံးသည် ယင်း ရည်မှန်းချက်အားလုံးသည် ယင်းမျှော်မှန်းတမ်းတချက် အားလုံးသည် ယင်း ဝမ်းနည်းမှု အားလုံးသည်၊ ယင်း ဝမ်းသာမှု အားလုံးသည်၊ ယင်း အကောင်းနှင့်အဆိုး အားလုံးသည် တစ်ခုနှင့်တစ်ခု ပေါင်းစပ်ပြီး ကမ္ဘာလောကဖြစ်နေခြင်းဖြစ်သည်။ ယင်းအရာအားလုံး ပေါင်းစပ်ပြီး အဖြစ်အပျက်များ၏ အစဉ်အတန်း ဖြစ်နေခြင်းဖြစ်သည်။ ဘဝ၏ တူရိယာ ဖြစ်နေခြင်း ဖြစ်သည်။

သိဒ္ဓတ္ထာသည် အာရုံစူးစိုက်စွာဖြင့် မြစ်ကို နားထောင်နေသောအခါ၊ ဤအရာအထောင်သောအသံများ၏ သီချင်းသံ ဆိုသံကို နားထောင်နေသောအခါ၊ ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းကို နားထောင်ရပ်လိုက်သောအခါ၊ မိမိ၏စိတ်နှလုံးကို အသံတစ်သံတည်း၌သာလျှင် ချုပ်နှောင်မထားတော့ဘဲ အသံအားလုံးကို နားထောင်သောအခါ၊ အပြည့်အစုံကို နားထောင်ကြည့်သောအခါ၊ ပေါင်းစည်းဆက်စပ်ခြင်းကို နားထောင်ကြည့်သောအခါ၊ ထိုအရာအထောင်သော အသံတို့၏ မဟာသီချင်းကီတသံတို့ဖြင့် 'ဥံ' ဟူသော၊ ပြည့်စုံခြင်းဟူသောစကား တစ်လုံးဖြစ်နေသည်ကို ကြားရလေ၏။[၃၇]

၃၇။ ပါရဂူ၊ သိဒ္ဓတ္ထ စာမျက်နှာ-(၁၈၀)

မြစ်ကမ်းပါးမှ သိဒ္ဓတ္ထ ထိုးထွင်းသိမြင်လိုက်ရသော အရာခပ်သိမ်း၏ ပေါင်းစည်းဆက်စပ်မှုတရား (ဥဒ္ဒါ) သည် စင်စစ် ဟွာယင်းဒဿနမှ ဆိုခဲ့ပြီးသော (ရှိ-ရှိ-ဝု-အိုက်=အရာအားလုံး အပြန်အလှန် ထွင်းဖောက်စိမ့်ဝင်နေမှုသဘာဝ) သာလျှင် ဖြစ်ပါ၏။ သိဒ္ဓတ္ထ၏ ဘဝခရီးကို ဗောဓိသတ္တ သုဓန၏ တရားရှာ ခရီးနှင့် စပ်ဟပ်ရှုမြင်ကြည့်လျှင် ပိုအဓိပ္ပာယ် ပေါ်လွင်ပေလိမ့်မည်။ စင်စစ် သိဒ္ဓတ္ထ သိမြင်ရသော ဓမ္မသည် ဆန့်ကျင်ဘက်သဘောများ အပြန်အလှန် ထပ်တူဖြစ်နေကြသော ဇကော ဓမ္မောပင် ဖြစ်၏။ နောက်ဆုံး ဇာတ်ဝင်ခန်းတွင် မိတ်ဆွေ ဂေါဝိန္ဒနှင့် ပြန်လည်ဆုံတွေ့ချိန်တွင် မိမိ၏ တရားအသိအမြင်ကို သိဒ္ဓတ္ထက ဤသို့ လင်းပြ၏။

*"နား‌ထောင် မိတ်ဆွေ၊ ငါလည်း‌ပဲ အပြစ်မကင်း‌တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တယ်၊ မင်း‌လည်း အပြစ်မကင်း‌တဲ့ ပုဂ္ဂိုလ် တစ်ယောက်ဖြစ်တယ်၊ သို့‌ပေမယ့် အပြစ်မကင်း‌တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာလည်း တစ်ဖန်ဗြဟ္မာ ဖြစ်မှာပဲ၊ တစ်နေ့ကျရင် နိဗ္ဗာန်ကို ရမှာပဲ၊ တစ်နေ့ကျရင် ဗုဒ္ဓတစ်ဉီး ဖြစ်မှာပဲ။ အခုအခါမှာတော့ အဲဒီ 'တစ်နေ့ကျရင်' ဆိုတာဟာ စိတ်ကူးယဉ်မျှသာ ဖြစ်တယ်၊ နှိုင်းယှဉ်ချက်မျှသာ ဖြစ်တယ်၊ အပြစ်မကင်း‌တဲ့ ပုဂ္ဂိုလ်ဟာ ဗုဒ္ဓနဲ့တူတဲ့ အဆင့်သို့သွား‌တဲ့ လမ်း‌မပေါ်မှာ သွား‌မနေဘူး၊ တိုး‌တက်မနေဘူး၊ သို့‌ပေမယ့် ငါတို့ရဲ့အတွေး‌အကြံကတော့ အဲဒါက လွဲပြီး တခြား‌အရာဝတ္ထုကို တွေး‌ခေါ်‌ကြံဆခြင်း‌ကိုတောင်မှ မလုပ်နိုင်ပေဘူး၊ ဟင့်အင်း၊ အဲဒီလို မဟုတ်ဘူး၊ အမှန်တကယ် ဖြစ်လတ္တံ့ဖြစ်တဲ့ ဗုဒ္ဓဟာ အပြစ်မကင်း‌တဲ့ပုဂ္ဂိုလ်မှာ မဆွေးတည်း‌က ကိန်း‌အောင်း‌နေတယ်၊ အနာဂတ်ဟာ ယခင်ကတည်း‌က ထိုနေရာမှာ တည်ရှိနေတယ်၊ သူ့‌မှာရော မင်း‌မှာရော လူတိုင်း‌မှာကိန်း‌အောင်း‌နေတဲ့ ဖြစ်လတ္တံ့ဖြစ်တဲ့ ဗုဒ္ဓကို အသိအမှတ် ပြုရလိမ့်မယ်၊ **ဂေါဝိန္ဒ၊ ဒီကမ္ဘာလောကဟာ မပြည့်စုံတာ မဟုတ်ဘူး၊ ပြည့်စုံမှုကို တဖြည်း‌ဖြည်း‌ တစစ တိုး‌သွား‌နေတာလည်း မဟုတ်ဘူး၊ ဒီကမ္ဘာလောကဟာ ခဏတိုင်း ခဏတိုင်း‌မှာ ပြည့်စုံမှုရှိတယ်၊** အပြစ်ဟူသမျှရဲ့ အတွင်း‌မှာလည်း ဂုဏ်ကျေး‌ဇူး‌ရှိနေတယ်၊ ကလေး‌သူငယ်အား‌လုံး‌ဟာ ဖြစ်လတ္တံ့ လူကြီး‌များ ဖြစ်ကြတယ်၊ နို့စို့ကလေး‌တစ်ယောက်ရဲ့အတွင်း‌မှာ သေခြင်း‌သဘောတရား ကိန်း‌အောင်း‌နေတယ်၊ သေသူမှန်သမျှရဲ့အတွင်း‌မှာလည်း ထာဝရ အသက်ဇီဝိန် ရှိနေတယ်၊ ပုဂ္ဂိုလ်တစ်ဦး‌ဦး‌အနေဖြင့် အခြား‌ပုဂ္ဂိုလ်တစ်ဦး‌ကို လမ်း‌ခရီး‌မှာ ဘယ်လောက်ဝေး‌ဝေး ရောက်နေပြီလဲလို့ ကြည့်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ဓား‌ပြနဲ့ ကြွေအန်လောင်း‌ကစား‌သမား‌မှာလည်း ဗုဒ္ဓကိန်း‌အောင်း‌နေတယ်၊ မြင့်မြတ်စင်ကြယ်တဲ့ ဗြဟ္မဏမှာလည်း ဓား‌ပြ ပုန်း‌ကွယ်နေတယ်၊ ကမ္မဋ္ဌာန်း‌ဘာဝနာကို အတွင်း‌နှိုက်ပြီး ပွား‌များနေတဲ့အခါမှာဆိုရင် အချိန်ကာလ အဖုံး‌ကိုဖွင့်ပြီး အတိတ်၊*

ပစ္စုပ္ပန်၊ အနာဂတ်ကို တစ်ပြိုင်နက်တည်းမှာ ကြည့်နိုင်တယ်၊ အဲဒီအခါမှာဆိုရင် အရာဝတ္ထုဟူသမျှဟာ ကောင်းတယ်၊ ပြည့်စုံတယ်၊ အရာဝတ္ထုဟူသမျှဟာ ဗြဟ္မာဖြစ်တယ်၊ အဲဒါကြောင့် ငါ သဘောပေါက်တာကတော့ ရှိရှိသမျှ အရာဝတ္ထုဟာ ကောင်းတယ်၊ သေခြင်းရော၊ အသက်ရှင်ခြင်းရော၊ ကောင်းမှုရော၊ မကောင်းမှုရော၊ ပညာရှိခြင်းရော၊ မိုက်မဲခြင်းရော အားလုံးကောင်းတယ်၊ အရာဝတ္ထုဟူသမျှဟာ လိုအပ်တယ်၊ အရာဝတ္ထုဟူသမျှနဲ့ ငါသဘောချင်း ကိုက်ညီဖို့ပဲလိုတယ်၊ ငါ့ရဲ့လက်ခံမှု၊ ငါ့ရဲ့မေတ္တာရှေ့ထားတဲ့ နားလည်မှုပဲလိုတယ်၊ အဲဒါတွေရှိရင် ငါ့အတွက် ဘာမဆို ကောင်းမှာပဲ၊ ဘယ်အရာဝတ္ထုမှ ငါ့ကို အကျိုးယုတ်အောင် မလုပ်နိုင်တော့ဘူး၊ ငါဟာ မိမိရဲ့ကိုယ်ခန္ဓာနဲ့ အတ္တမှတစ်ဆင့် ဘယ်လို သင်ကြားတတ်မြောက်သလဲဆိုရင် ငါ့အတွက်မကောင်းမှုကို ကျူးလွန်ခြင်းဟာလည်း လိုအပ်တာပဲ။ ငါ့အတွက် ကာမဂုဏ်အာရုံကို ခံစား စံစားခြင်းလည်းပဲ လိုအပ်တာပဲ။ ပစ္စည်းဥစ္စာရရှိရေးအတွက် ကြိုးပမ်းအားထုတ်ခြင်းတို့၊ စိတ်ပျက်အားလျော့ခြင်း အတွေ့အကြုံတို့လည်း လိုအပ်တာပဲ၊ ဘာဖြစ်လို့လဲဆိုရင် အဲဒီလိုဖြစ်မှ ငါ အဲဒါတွေကို မဆန့်ကျင်ဖို့ နားလည်သဘောပေါက်နိုင်မယ်။ ကမ္ဘာလောကကြီးကို ချစ်ဖို့ နားလည်သဘောပေါက်နိုင်မယ်။ အဲဒါမှငါ ဒီကမ္ဘာလောကကို လိုလား မျော်မှန်းနေတဲ့ စိတ်ကူးယဉ် ကမ္ဘာလောကတစ်မျိုးမျိုးနဲ့ဖြစ်စေ၊ ပြည့်စုံမှုရဲ့ စိတ်ကူးယဉ် အသွင်အပြင် တစ်မျိုးမျိုးနဲ့ဖြစ်စေ နိုင်းယှဉ်ဖို့မလိုတော့ဘဲ သူ့အတိုင်း လက်ခံနိုင်တဲ့၊ ချစ်နိုင်တဲ့၊ သူ့အစိတ်အပိုင်းဖြစ်သွားနိုင်တဲ့ စွမ်းရည်သတ္တိမျိုး ငါ့မှာ ပေါ်လာနိုင်မယ်။။

ဂေါဝိန္ဒ၊ အခု ပြောပြတာတွေဟာ ငါ့စိတ်ထဲမှာ ရှိနေတဲ့ အတွေးအခေါ်တချို့ ဆိုပါတော့ "သိဒ္ဓတ္ထသည် အောက်ဘက် ငုံ့ပြီး မြေကြီးပေါ်မှ ကျောက်ခဲတစ်လုံးကို ကောက်ယူပြီးလျှင် လက်ထဲ၌ ကိုင်ထားလေ၏။ ထို့နောက် ကျောက်ခဲကို မှောက်ချည် လှန်ချည်လုပ်ပြီး ဆက်ပြောလေ၏။

"ဒီဟာ ကျောက်ခဲတစ်ခုဖြစ်တယ်။ အချိန်ကာလရဲ့တိုင်းတာ သတ်မှတ်ချက်တစ်ခု အတွင်းမှာဒီကျောက်ခဲဟာ မြေကြီးဖြစ်သွားဖို့ ရှိတယ်။ ပြီးတော့ မြေကြီးကနေ သစ်ပင်၊ တိရစ္ဆာန်၊ လူလည်းပဲ ဖြစ်လာလိမ့်မယ်။ အဲဒီမတိုင်ခင်ဆိုလျှင် ဒီကျောက်ခဲဟာ ကျောက်ခဲတစ်ခုမျှသာ ဖြစ်တယ်။ ဘာတန်ဖိုးမျှမရှိ။ မောဟတည်းဟူသော ကမ္ဘာလောကရဲ့ အရာဝတ္ထုတစ်ခုသာ ဖြစ်တယ်လို့ ငါဆိုရလိမ့်မယ်။ သို့ပေမယ့် ပြောင်းလဲမှု စက်ရဟတ်အတွင်းမှာပဲ တစ်နေ့ လူ သို့မဟုတ် အတ္တာဖြစ်ကောင်းဖြစ်လာနိုင်တဲ့အတွက် ဒီကျောက်ခဲဟာ တန်ဖိုး မသေးပေဘူး။ အဲဒါ ငါ့အနေနဲ့ စဉ်းစားသင့်တဲ့ အချက်ပဲ။ သို့ပေမယ့် ငါ စဉ်းစားကြည့်တယ်။ ဒီ ကျောက်ခဲဟာ

ကျောက်ခဲဖြစ်တယ်။ တိရစ္ဆာန်လည်းဖြစ်တယ်။ ဘုရားသခင်လည်းဖြစ်တယ်၊ ဗုဒ္ဓလည်းဖြစ်တယ်၊ ငါ ဒီကျောက်ခဲကို လေးစားတာ ချစ်တာဟာ ကျောက်ခဲဟာတစ်ချိန်မှာ အရာဝတ္ထုတစ်ခုဖြစ်ပြီး တစ်ချိန်ကျတော့ တခြားအရာဝတ္ထုတစ်ခု ဖြစ်လိမ့်မယ် ဆိုတဲ့အတွက်ကြောင့် မဟုတ်ဘူး။ အရာဝတ္ထုအားလုံးဖြစ်ခဲ့ပြီး အခါခပ်သိမ်း အရာဝတ္ထုအားလုံး ဖြစ်နေတဲ့အတွက်ကြောင့်ဖြစ်တယ်။ ငါ ဒီကျောက်ခဲကို ချစ်တာဟာ ကျောက်ခဲတစ်ခဲဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်။ ယနေ့အခု ဒီကျောက်ခဲကို ကျောက်ခဲလို့ပဲ ငါထင်တဲ့အတွက်ကြောင့် ဖြစ်တယ်။ သူ့ရဲ့လှပတဲ့ အပြောက်တိုင်း အပြောက်တိုင်းမှာ၊ အခေါင်းတိုင်း အခေါင်းတိုင်းမှာ၊ သူ့ရဲ့အဝါရောင်မှာ ညို့မှိုင်းတဲ့ အရောင်မှာ ခေါက်လိုက်တဲ့အခါ တွေ့ရတဲ့၊ မာကျောတဲ့ သဘောနဲ့ မြည်တဲ့အသံမှာ၊ သူ့အပေါ်လွှာမှာ ရှိတဲ့ ခြောက်သွေ့တဲ့သဘော သို့မဟုတ် စိုထိုင်းတဲ့ သဘောမှာ တန်ဖိုးကို အနှက်အဓိပ္ပာယ်ကို ငါမြင်ရတယ်။ ဆီ သို့မဟုတ် ဆပ်ပြာလို့ထင်ရတဲ့ ကျောက်ခဲများလည်း ရှိတယ်။ သစ်ရွက် သို့မဟုတ် သဲလို့ ထင်ရတဲ့ ကျောက်ခဲများလည်းရှိတယ်။ အဲဒီကျောက်ခဲတွေထဲက ကျောက်ခဲတိုင်းဟာ တစ်ခုနဲ့တစ်ခုမတူဘဲ ကိုယ့်နည်းနဲ့ကိုယ် 'ဥ၊' ကို ပူဇော်ကြတယ်။ ကျောက်ခဲတိုင်း ကျောက်ခဲတိုင်းဟာ ဗြဟ္မာဖြစ်တယ်။ တစ်ပြိုင်နက်တည်းမှာ ကျောက်ခဲလည်းပဲ ဖြစ်တယ်။ ဆီ သို့မဟုတ် ဆပ်ပြာလို၏ ချွဲပျစ်လည်း ချွဲပျစ်တယ်။ အဲဒါကြောင့် ငါသူ့ကိုကြည့်ပြီး ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်တာပေါ့။ အဲဒါကြောင့် ငါ သူ့ကို အံ့သြစရာကောင်းတယ်။ ပူဇော်စရာကောင်းတယ်လို့ထင်တာပေါ့။ သို့ပေမယ့် ဒီအကြောင်းနဲ့ ပတ်သက်ပြီး ငါ ထပ်မကြာတော့ဘူး။ စကားလုံးတွေဟာ အတွေးကို ကောင်းကောင်း မဖော်ပြကြပါဘူး။ အတွေးဟာ စကားလုံးနဲ့ ဖော်ပြလိုက်ရင် နည်းနည်းဖြစ်ဖြစ် ကွဲပြားခြားနားသွားတယ်။ နည်းနည်းဖြစ်ဖြစ် ဖောက်ပြန်သွားတယ်။ မိုက်မဲသွားတယ်။ သို့ပေမယ့် ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ တန်ဖိုးထားတဲ့ အသိဉာဏ်နဲ့ ယှဉ်တယ်လို့ ထင်ကဲ့ အရာဝတ္ထုတစ်ခုဟာ အခြားပုဂ္ဂိုလ်တစ်ယောက်အဖို့မှာ အဓိပ္ပာယ်မရှိ ဖြစ်နေတာကို တွေ့ရတဲ့အတွက်လည်း ကျေနပ်နှစ်သက်ခြင်း ဖြစ်မိတယ်'[၃၇၇]

သိဒ္ဓတ္ထရှင်းပြသော ဓမ္မသည် ပကတိအတိုင်းတိုင်း ဖန်တီးဖြည့်စွက်စရာမလိုဘဲ ပြီးပြည့်စုံနေသော သမန္တပရိပုဏ္ဏဓမ္မ ဖြစ်၏။ ဟွာယင်းဗုဒ္ဓဓမ္မ အမြင်အစစ်ဖြစ်၏။ သိဒ္ဓတ္ထက ကျောက်ခဲလေးတစ်လုံးဖြင့် ဥပမာထား ရှင်းပြခဲ့၏။ ခပ်သိမ်းသော အရာဝတ္ထုတို့ အရာအထောင်သောနည်းများဖြင့် စပ်ယှက်ဆက်နွယ် စိမ့်ဝင်ပေါင်းစည်းနေကြသော လောကဓာတ်တစ်ခုလုံး၌ ကျောက်ခဲသည် ကျောက်ခဲ ဖြစ်သကဲ့သို့

---

၃၇၇ ပါရဂူ၊ သိဒ္ဓတ္ထ စာမျက်နှာ (၁၉၂)

ကျောက်ခဲသည် အရာခပ်သိမ်းလည်း ဖြစ်၏။ အရာခပ်သိမ်းသည် ကျောက်ခဲအတွင်း၌ တည်နေသကဲ့သို့ ကျောက်ခဲသည်လဲ အရာခပ်သိမ်း၏ အတွင်း၌ တည်နေ၏။ ကျောက်ခဲကို အခြားသော အရာခပ်သိမ်းမှ တစ်သီးတစ်ခြား တည်ရှိနေသော အရာအဖြစ် မြင်နေခြင်းသည် ဝေါဟာရစကားလုံးနှင့် ပညတ်သင်္ကေတများ၏ မာယာဖုံးလွှမ်းနေခြင်းမျှသာ ဖြစ်၏။ ထို မာယာဝိပွလ္လာသ တရား၏ အဖုံးအကာကို ဆွဲခွာချလိုက်လျှင် အရာခပ်သိမ်း၏ ပေါင်းစည်းညီညွတ်မှု (ရှိ-ရှိ-ဝု-အိုက်) သဘောကို မျက်မှောက်ထင်ထင် သိမြင်ရမည်သာဖြစ်၏။

သို့သော်လည်း မိတ်ဆွေဖြစ်သူမှာ အသိမရောက် သဘောမပေါက်နိုင်သဖြင့် သိဒ္ဓတ္ထက ဘာသာစကားကို လွန်သော သင်ကြားချက်တစ်ခုကို ပြခဲ့၏။ သိဒ္ဓတ္ထက သူ့နဖူးကို နမ်းရန် မိတ်ဆွေ ဂေါဝိန္ဒကို တောင်းဆိုသည့်အခါ ဂေါဝိန္ဒကလည်း သိဒ္ဓတ္ထ တောင်းဆိုသလို သိဒ္ဓတ္ထ၏ နဖူးကို နမ်းခဲ့၏။ ဤ အခိုက်တစ်ခဏဝယ် ဂေါဝိန္ဒ၏ ဉာဏ်အလင်းတံခါးကြီး ပွင့်ထွက်သွားပုံ လင်းချင်းသိမြင်သွားပုံကို ဟွာယင်းဒဿန ဆန်ဆန် လှပပြောင်မြောက်စွာ ဤသို့ ရေးဖွဲ့ပြထားပါသည်။

"သို့ရာတွင် ချစ်ခင်လွန်း၊ မြတ်နိုးလွန်းလှသဖြင့် သိဒ္ဓတ္ထခိုင်းသလို မလုပ်ဘဲ နေ၍မဖြစ်ပေ။ သူသည် အနီးသို့ ကပ်သွားပြီး သိဒ္ဓတ္ထ၏ နဖူးကို နူတ်ခမ်းများဖြင့် ထိလိုက်သည်။ ထိုခဏ၌ ထူးခြား အံ့သြဖွယ်အရာတစ်ခု သူ့တွင်ဖြစ်ပေါ်လာသည်။ သိဒ္ဓတ္ထ၏ ဆန်းကြယ်သည့် စကားများကို တွေးတောလျက်ပင် ရှိသေးစဉ် ခဏ၌ပင်၊ အချိန်သမယနှင့် ပတ်သက်သည့် အယူအဆကို ဖျောက်ဖျက်ပစ်ရန် အချည်းနှီး အလဟဿ ကြိုးပမ်းနေစဉ် ခဏ၌ပင်၊ နိဗ္ဗာန်နှင့် လောကသံသရာကို တစ်ခုတည်း ဖြစ်၏ဟု တွေးတောနေစဉ်ခဏ၌ပင်၊ မိမိမိတ်ဆွေ၏ စကားအား ရုံရှာ မုန်းတီးခြင်းနှင့် မိမိမိတ်ဆွေအား ချစ်ခင်ခြင်း၊ မြတ်နိုးခြင်းတို့ တစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်နေကြစဉ် ခဏ၌ပင် ယင်း ထူးခြားအံ့သြဖွယ်အရာသည် သူ့တွင် ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။

သူ့မိတ်ဆွေ သိဒ္ဓတ္ထ၏ မျက်နှာကို သူမမြင်ရတော့ပေ။ သိဒ္ဓတ္ထ၏ မျက်နှာအစား အခြားမျက်နှာများ၊ များစွာသော မျက်နှာများ၊ အလျင်မပြတ်သော မျက်နှာအလျဉ်တို့၏ ရှည်လျားလှသောအစဉ်အတန်းများ၊ ရာပေါင်းများစွာသော ထောင်ပေါင်းများစွာသော မျက်နှာများကို မြင်ရသည်။ ထိုမျက်နှာများသည် အားလုံးရောက်လာကြသည်။ ပျောက်ကွယ်သွားကြပြန်သည်။ သို့ရာတွင်အားလုံးပင် တစ်ပြိုင်တည်းမှာ ထိုနေရာ၌ ရှိနေသည်ဟု ထင်ရသည်။ အားလုံးပင် အစဉ်မပြတ် ပြောင်းလဲနေသည်။ အသစ်အသစ် ဖြစ်နေသည်။ သို့ရာတွင် အားလုံးပင် သိဒ္ဓတ္ထ ဖြစ်ကြသည်။ သူသည်

ငါးတစ်ကောင်၏ မျက်နှာကို မြင်ရသည်။ ပါးစပ်ကို မသက်မသာ ဟထားသော ငါးသိုင်းတစ်ကောင်၏ မျက်နှာကို မြင်ရသည်။ မျက်စိအလင်းရောင် မှုန်တိမှုန်မှား ဖြစ်နေသော သေမည့်ဆဲဆဲ ငါးတစ်ကောင်၏မျက်နှာကို မြင်ရသည်။ သူသည် အုဝဲဟုအော်တော့မည့် တွန့်ကြောင်းအပြည့်နှင့် မွေးကင်းစ နီတာရဲကလေး တစ်ယောက်၏ မျက်နှာကိုမြင်ရသည်။ လူတစ်ယောက်၏ ကိုယ်ခန္ဓာအတွင်း ဓားမြောင်ဖြင့် ထိုးစိုက်နေသော လူသတ်သမားတစ်ယောက်၏ မျက်နှာကိုမြင်ရသည်။

တစ်ပြိုင်နက်တည်းမှာပင် ထိုတရားခံ လူသတ်ကောင်သည် ပါးကွက် အာဏာသား၏ရှေ့မှာ လက်ထိပ်ခတ်လျက်သား ဒူးထောက်ပြီး ဦးခေါင်း အဖြတ်ခံသွားရသည်တို့ မြင်ရသည်။ ကာမဂုဏ် အပျော်ကြူးနေကြသည့် မိန်းမနှင့်ယောကျ်ား နှစ်ဦး၏ ကိုယ်လုံးတီး ကိုယ်ကာယများကို မြင်ရသည်။ မလှုပ်မယှက်ဖြစ်နေသော၊ အေးစက်နေသော၊ သုညဖြစ်နေသော အလောင်းများစွန့်စွန့်ကြီး ဖြစ်နေသည်ကို မြင်ရသည်။ တိရစ္ဆာန်တို့၏ ဦးခေါင်းများကို လည်းကောင်း၊ တောဝက်၊ မိကျောင်း၊ ဆင်၊ နွားထီး၊ ၄ က်တို့၏ ဦးခေါင်းများကို လည်းကောင်း မြင်ရသည်။ အားလုံးသော ယင်းပုံသဏ္ဌာန်နှင့် မျက်နှာများသည် ထောင်ပေါင်းများစွာသော ဆက်သွယ်ခြင်းဖြင့် တစ်ခုနှင့်တစ်ခု ဆက်သွယ်နေကြသည်ကို မြင်ရသည်။ အားလုံး တစ်ဦးနှင့်တစ်ဦး ကူညီနေကြသည်ကို လည်းကောင်း၊ ချစ်ခင်ကြင်နာကြသည်ကို လည်းကောင်း၊ ရွံမုန်းကြသည်ကို လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး ဖျက်ဆီးသုတ်သင်ကြသည်ကို လည်းကောင်း၊ ပြန်ပြီး အသစ်တစ်ဖန် မွေးလာကြသည်ကို လည်းကောင်း မြင်ရသည်။ အားလုံးသည် ပျက်စီးတတ်သော သဘောရှိ၏။ အနိစ္စသဘောတရား၏ မသက်သာသော ပြယုဂ်ပုံစံများဖြစ်၏။ သို့ရာတွင် သူတို့ထဲက မည်သူမျှ သေဆုံးမသွားပေ။ သူတို့သည် ပြောင်းလဲရုံသာလျှင် ပြောင်းလဲသည်။ သူတို့သည် အခါခပ်သိမ်း အသစ်တစ်ဖန် မွေးဖွားနေကြသည်။ အစဉ်မပြတ် အသစ်အသစ်ဖြစ်သော မျက်နှာရှိနေကြသည်။ မျက်နှာတစ်ခုနှင့် တစ်ခုအကြားတွင် အချိန်ကာလသည်သာလျှင် ခြားနားနေသည်။ ယင်းအားလုံးသော အသွင်များနှင့် မျက်နှာများသည် ရပ်နားနေကြသည်။ စီးဆင်းနေကြသည်။ ပုံစံသစ်များ ပေါ်ထွက်လာကြပြန်သည်။ ကူးခတ်နေကြသည်။ တစ်ခုနှင့်တစ်ခု ရောနှောပေါင်းစပ်သွားကြသည်။

၄င်းတို့အားလုံး၏အပေါ်၌ အစဉ်မပြတ် အရာတစ်ခုရှိနေသည်။ ထိုအရာသည် ပါးလွာသည်။ စစ်မှန်သော အရာမဟုတ်။ သို့သော်လည်း တည်ရှိနေသည်။ ပါးလွာသော ဖန် သို့မဟုတ် ရေခဲလွှာကဲ့သို့ လည်းကောင်း၊ တိုးလျှိုးပေါက်မြင်ရသော အရေပြား၊ ခရုခွံ၊ ရေ၏အသွင် သို့မဟုတ် ရေမျက်နှာဖုံးကဲ့သို့ လည်းကောင်း

အပေါ်၌ လွှမ်းနေသည်ကို တွေ့ရသည်။ ယင်းမျက်နှာဖုံးများ ထိုခဏ၌ ဂေါဝိန္ဒနှုတ်ခမ်းဖြင့် ထိလိုက်သော သိဒ္ဓတ္ထ၏ ပြုံးနေသည့်မျက်နှာဖြစ်နေသည်။ ထို့ပြင် ထိုမျက်နှာဖုံးနှင့်တူသောအပြုံးသည် စီးဆင်းနေသော ပုံသဏ္ဌာန်တို့၏ အပေါ်၌ရှိသော ထိုပေါင်းစည်းဆက်စပ်ခြင်းအပြုံးသည် ထောင်ပေါင်းများစွာသော ဇာတိနှင့် မရဏာတို့၏အပေါ်၌ တစ်ပြိုင်နက်တည်း ပြန့်နေသော သိဒ္ဓတ္ထ၏ ထိုအပြုံးသည် သူအကြိမ်ရာပေါင်းများစွာ ကြောက်ရွံ့ရိုသေစွာဖြင့် တွေ့ကြုံခဲ့ဖူးသည့် ဂေါတမဗုဒ္ဓ၏ မျိုးပေါင်းတစ်ထောင် ပြားသော အပြုံးကဲ့သို့ တစ်ထပ်တည်း၊ တစ်ပုံစံတည်းပင် ငြိမ်းအေးကြောင်း၊ နူးညံ့ကြောင်း၊ ထွင်းဖောက်နိုင်ခဲ့ကြောင်း၊ သနားငဲ့ညှာဟန်ရှိကြောင်း၊ သရော်ဟန်ရှိကြောင်းကို ဂေါဝိန္ဒ တွေ့မြင်ရသည်။ ဂေါတမဗုဒ္ဓ ပြုံးသည့်အပြုံးမျိုးပင် ဖြစ်သည်ဟု ဂေါဝိန္ဒ သိရလေသည်။

အချိန်ကာလသည် တည်ရှိနေသလော၊ သို့မဟုတ် မတည်ရှိဘူးလော ဟူ၍ လည်းကောင်း၊ ယင်းမြင်ကွင်းသည် တစ်မိနစ်မျှသာ ခံမည်လော သို့မဟုတ် နှစ်တစ်ရာအထိ ခံမည်လောဟူ၍လည်းကောင်း၊ သူ့ရှေ့တွင် သိဒ္ဓတ္ထ ရှိနေသလော၊ သို့မဟုတ် ဂေါတမ ရှိနေသလော၊ သို့မဟုတ် မိမိရှိနေသလော၊ တစ်ပါးသူ ရှိနေသလော ဟူ၍လည်းကောင်း သတိမရတော့ဘဲ လောကအပြင်ဘက်က ကောင်းကင်ဘုံမြားချက်သင့်သည်ဖြစ်၍ ထိုမြားချက်ကြောင့် ပီတိဖြစ်နေသည့် ဂေါဝိန္ဒသည် သိဒ္ဓတ္ထ၏ ငြိမ်းချမ်းသော မျက်နှာအား ဦးညွတ် အရိုအသေ ပြုနေလေသည်။ ထိုမျက်နှာကို သူ ယခုပင် နမ်းရှုပ်ခဲ့သည်။ ထိုမျက်နှာသည် ယခုပင် အားလုံးသော ပစ္စုပ္ပန်နှင့်အနာဂတ် ပုံသဏ္ဌာန်တို့၏ အခြေအနေ ဖြစ်ခဲ့လေသည်။ အရာအထောင်ပြားသော ပုံပန်းသဏ္ဌာန် ကြေးမုံ ပျောက်ကွယ်သွားသည့် နောက်၌လည်း သူ၏ မျက်နှာသည် ပြောင်းလဲမသွားပေ။ သူသည် ငြိမ်းအေးစွာ ညင်သာစွာ ပြုံးနေသည်။ သူ၏အပြုံးသည် သရော်သည့်ဟန် ပေါ်နေသည်။ ဂေါတမပြုံးသည့် အပြုံးမျိုးပင် ဖြစ်လေသည်။"[၃၇]

အထက်တွင် ဆိုခဲ့သလို ဟွာယင်းဒဿနသည် မဟာယာနဗုဒ္ဓဘာသာ၏ ဒဿနအမြင်ဆိုင်ရာ ပြန့်ကားဖြန့်ကျက်မှုအရ အစဉ်အလာ မဟာယာနအယူအဆများဖြစ်သော မဇ္ဈိမိက ယောဂါစာရနှင့် တထာဂတဂဗ္ဘ (ဗုဒ္ဓသဘာဝ) စသည့် အယူအဆများကို ဖွဲ့ယှက်ပေါင်းစည်းလျက် ဖြစ်တည်ခဲ့သည်ကို တွေ့ရ၏။

(၁) မဇ္ဈိမိကဒဿနအမြင်က အသီးအခြား ကိုယ်ပိုင်သဘာဝစစ်စစ်ဖြင့် ရပ်တည်နေသော အရာဝတ္ထုများ၏ အရှိတရားကို သုညတာဓမ္မအဖြစ်သို့ ချေဖျက်ခဲ့၏။

၃၇။ ပါရဂူ၊ သိဒ္ဓတ္ထ စာမျက်နှာ (၁၉၈)





(၂) ယောဂါစာရဒဿနက ထိုထို သုညတာ၏ အရိုယောင်အသွင်ဆောင်နေသော အရာခပ်သိမ်းသည် အနှစ်သာရအားဖြင့် ပကတိစိတ္တသဘာဝ၏ ကွန်မြူးလူပ်ခတ်မှုများအဖြစ် ပြသခဲ့၏။

(၃) တထာဂတဂဗ္ဘ(ဗုဒ္ဓသဘာဝ) ဒဿနအမြင်ကမူ ထိုထို များပြားလှသော ကွန်မြူးလူပ်ခတ်မှုများသည် တစ်ခုတည်း သော ဗုဒ္ဓဘာဝ၏ ဝင်စားဖော်ပြချက်များအဖြစ် လင်းပြခဲ့၏။

ဟွာယင်းဒဿနသည် အဆိုပါ မဟာယာန ဒဿနအမြင်ကြီး (၃) ရပ် ကို ပေါင်းစည်းလျက် တစ်ခုတည်းသော ဓမ္မဒဿနအမြင်အဖြစ် ထုတ်ဖော်ခဲ့ပါသည်။ အတွင်းအပ လောကီ လောကုတ္တရာ ပညတ် ပရမတ် သင်္ခတ အသင်္ခတ အားလုံးကို တစ်ခုတည်းသောစနစ် တစ်ခုတည်းသော အဒွယတာအရိုတရားအဖြစ် ရှုမြင်သည့် အခါ ထွက်ပေါ်လာသည့် ကိုယ်ကျင့်စရဏအမြင်နှင့် ဓမ္မကျင့်စဉ်သည် အတွာမဖက် သော လောကအတွက် သက်သက်ကျင့်သော ဗောဓိသတ္တ မဂ်လမ်းစဉ်ပင် ဖြစ်ပါ၏။ ပညာတည်းဟူသော မြေဆီလွှာမှ ပေါက်ဖွားသည်မှာ အနန္တ မိခင်-ဝေနေယျသတ္တဝါတို့[၃၉] အပေါ်မပြတ် ကြင်နာသော မဟာကရုဏာတည်းဟူသော ပဒုမ္မာကြာပန်းပင်ဖြစ်လေသည်။

ဝေနေယျသတ္တဝါတို့ဟူသည် တစ်သီးတစ်ခြား တစ်ကွဲတစ်ပြား ဖြစ်တည်နေကြသည် မဟုတ်ဘဲ ဟွာယင်းဒဿန သဘောအရ အရာအထောင်သောနည်းများဖြင့် စပ်ယှက်ဆက်နွယ် စိမ့်ဝင်ပေါင်းစည်းနေကြသောကြောင့် ဗောဓိသတ္တသည် လောက၏ ဆင်းရဲဒုက္ခဟူသမျှ ပြဿနာဟူသမျှတို့ကို မိမိ၏ ဖြစ်တည်မှုနှင့် တစ်ပေါင်း တစ်စည်းတည်း ရှုမြင်၏။ မိမိ၏ ကြိုးပမ်းအားထုတ်မှုအားလုံး၏ အဆုံးစွန်သော အသီးအပွင့်တို့ကို မိမိတစ်ဦးတည်း၏ လွတ်မြောက်ငြိမ်းချမ်းမှုအတွက်မျှ မဟုတ်ဘဲ အနန္တ မိခင် - ဝေနေယျသတ္တဝါတို့၏ လွတ်မြောက်ငြိမ်းချမ်းမှု အတွက် သာလျှင် ရည်စူးကျင့်ကြံ အားထုတ်၏။ မဟာယာန ဗုဒ္ဓဘာသာ၏ အခြေခံအုတ်မြစ်သဖွယ် ဖြစ်သော ဓမ္မဒဿနအမြင်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြမှုသည် ဤမှာပင် အဆုံးသတ်ခြင်းသို့ ရောက်ပြီဖြစ်၏။ ရှေ့လာလတ္တံ့သော အခန်းများတွင် မဟာယာန ဗုဒ္ဓဘာသာ၏ ဗောဓိသတ္တ မဂ်လမ်းစဉ်အကြောင်းနှင့် ဘုမိတက်စဉ်များအကြောင် ကို ဆက်လက်ဆွေးနွေး တင်ပြမည်ဖြစ်ပါ၏။

❐ ❐ ❐

၃၉။ ရှည်လျားလှစွာသော ဘဝသံသရာခရီးဝယ် မိမိ၏ မိခင်မဖြစ်ဖူးသူ မရှိသောကြောင့် အနန္တ မိခင်-ဝေနေယျသတ္တဝါများဟု သုံးနှုန်းပါသည်။

အခန်း (၇)

ဗောဓိသတ္တပါရမီ မဂ်လမ်းစဉ်နှင့် ဘုံဓိ (၁၀) ပါး

ဗောဓိသတ္တဟူသည်မှာ မိမိတစ်ဦးတည်း ရအပ် ရောက်အပ်သော နိဗ္ဗာန်ငြိမ်းချမ်းမှုကို စွန့်လွှတ်ပြီးလျှင် သံသရာ လောကဓာတ်အတွင်း ဆက်လက်ရှင်သန်ကျင်လည်ပြီး အထူးထူးအပြားပြားသော ပါရမီတရားများကို ဖြည့်ကျင့်လျက် အမြင့်ဆုံး အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ် အထူးကို ရရှိပေါက်မြောက်အောင် အားထုတ်သူကို ဆိုလို၏။ ဗောဓိသတ္တကျင့်စဉ်နှင့် ပန်းတိုင်တို့သည် မဟာယာနဗုဒ္ဓဘာသာ၏ ဗဟို အချက်အချာတွင် နေရာယူထားသည်ကို တွေ့ရ၏။ ရှေးဦးဗုဒ္ဓဝါဒီတို့၏ ပန်းတိုင်သည် မိမိတို့ တစ်ဦးချင်းစီ၏ ဘဝသံသရာရေအယဉ်မှ လွတ်မြောက်ငြိမ်းချမ်းရာ နိဗ္ဗာန်ဖြစ်၏။ သို့သော်လည်း မဟာယာန ဗုဒ္ဓဘာသာ၏ အဓိကပန်းတိုင်သည် ရဟန္တာပုဂ္ဂိုလ်တို့၏ လွတ်မြောက်ခြင်း မဟုတ်တော့ဘဲ မိမိတစ်ဦးတည်း လွတ်မြောက်ရန်အတွက်ဟူသည့် ကျဉ်းမြောင်းသောအကျိုးကို ပယ်စွန့်၍ အများဝေနေယျသတ္တဝါတို့အတွက် ကြိုးပမ်း ကျင့်ကြံအားထုတ်သော ဓမ္မသူရဲကောင်းဟူသော ဗောဓိသတ္တပန်းတိုင် ဖြစ်လာခဲ့၏။ ထို့ကြောင့် မဟာယာန ဗုဒ္ဓဘာသာ၏ အဓိကပန်းတိုင်ဖြစ်သော ဗောဓိသတ္တကျင့်စဉ်တွင် အများဝေနေယျ သတ္တဝါတို့အတွက် ရည်စူးသော မဟာကရုဏာတရားသည် အရေးပါသော ဓမ္မတန်ဖိုးတစ်ရပ် ဖြစ်လာခဲ့ပါသည်။

ဗောဓိသတ္တပန်းတိုင်သည် ရှေးဟောင်း အိန္ဒိယယဉ်ကျေးမှုတွင်ရှိသော တစ်ဦး ချင်းလွတ်မြောက်ရေး အားထုတ်ကြသော သမဏများ တပသီများ ပရိဗိုဇ်များနှင့် မတူသလို တရုတ်ယဉ်ကျေးမှုတွင်ရှိသော ကွန်ဖြူးရှပ်၏ ပညာရှိ လောင်ရှု၏ တောက်သူတော်စင်တို့မှလည်း ကွဲပြားစွာ ခြားနားပေါ်လွင်လာခဲ့လေသည်။ အဆိုပါ သူတော်သူမြတ်များသည်လည်း အခါအခွင့်ကြုံလျှင် ဝေနေယျသတ္တဝါတို့အတွက် အကျိုးဆောင်ရွက်တတ်သော်လည်း ထိုသို့ ဆောင်ရွက်ခြင်းသည် ၄င်းတို့အတွက် ပဓာနလုပ်ငန်း မဟုတ်ချေ။ ဗောဓိသတ္တအတွက်မူ ဝေနေယျသတ္တဝါတို့အတွက် ဆောင်ရွက်ခြင်း မိမိအကျိုးကို စွန့်ပယ်ခြင်း စသော သဘောတရားများသည် ၄င်းတို့၏ ပဓာနကျသော ဓမ္မကျင့်စဉ်ဖြစ်လေ၏။

ဗောဓိစိတ္တ သို့မဟုတ် မဟာယာနမဂ်လမ်းစဉ်၏ အခြေခံအုတ်မြစ်

တိဗက်သို့ သာသနာပြုကြွရောက်တော်မူခဲ့သော အိန္ဒိယ ရဟန်းတော် အတိရာ၏ အလိုအရ သတ္တဝါတို့ကို အယုတ် အလတ် အမြတ် (ဟီန မဇ္ဈိမ ပဏီတ) ဟူ၍ အဆင့် (၃) ဆင့် ခွဲခြားထား၏။ အယုတ်အဆင့်ဖြစ်သော သတ္တဝါတို့သည် လောကီ ကာမဂုဏ်အာရုံများတွင် နစ်မွန်းနေသော လောကီ လူသားများ ဖြစ်ကြ၏။ အလယ်အဆင့်ဖြစ်သော သတ္တဝါတို့သည် ကာမဂုဏ်အာရုံတို့မှ လွတ်အောင်ရုန်းထွက်ပြီး မိမိတို့ တစ်ဦးချင်းစီ၏ လွတ်မြောက်မှုပန်းတိုင်ကို ရှာဖွေသူများ ဖြစ်ကြ၏။ ၄င်းတို့၏ အမြင့်ဆုံးပန်းတိုင်မှာ ကိလေသာ အာသဝတရားများ ခမ်းခြောက်ကုန်ဆုံးပြီး နောက် ဘဝဇာတ်သိမ်း ချုပ်ပြတ်ငြိမ်းရေးသာဖြစ်၏။ သို့သော်လည်း အမြတ်ဆုံး အဆင့် သတ္တဝါတို့သည်ကား မိမိတစ်ဦးတည်း လွတ်မြောက်ရေးအတွက်မကဘဲ အများဝေနေယျသတ္တဝါအားလုံး ငြိမ်းအေး လွတ်မြောက်ရေးအတွက် ဦးတည်ကျင့်ကြံသော ဗောဓိသတ္တများ ဖြစ်ကြ၏။

မဟာယာန ဗုဒ္ဓဘာသာလမ်းစဉ်နှင့် အခြားသော ဗုဒ္ဓဘာသာလမ်းစဉ်များ အကြား အဓိကခြားနားချက်သည် လောကအမြင် ဓမ္မအမြင်စသော အယူအဆ ရေးရာများလည်း မဟုတ်သလို သင်္ကန်းဝတ်ရုံပုံနည်းစနစ်နှင့် ဝိနည်းကျင့်သုံး လိုက် နာမှုလည်း မဟုတ်ချေ။ မိမိတစ်ဦးတည်း လွတ်မြောက်ရေးအတွက်သာမကပဲ အများဝေနေယျ သတ္တဝါအားလုံး ငြိမ်းအေး လွတ်မြောက်ရေး အတွက် ရည်စူးသော စိတ်စေတနာ ဧောဆန္ဒ (Motivation/ Inspiration) သည်သာ အဓိက ခြားနားချက် ကြီးဖြစ်၏။ တစ်စုံတစ်ယောက်သောသူသည် မဟာယာန ဗုဒ္ဓဒဿန အမြင်များဖြစ် သော မဇ္ဈိမိကဒဿနဖြစ်စေ၊ ယောဂါစာရဒဿနဖြစ်စေ၊ ဟွာယင်း (အဝတ်ံသက)

ဒဿနဖြစ်စေ လက်ခံစွဲကိုင်ထားသော်လည်း မဟာယာနဝါဒီ စစ်စစ်ဟု မဆိုနိုင်ချေ။ မည်သည့် ဗုဒ္ဓဒဿနအမြင်ကို လက်ခံသည်ဖြစ်စေ အများဝေနေယျ သတ္တဝါအားလုံး ငြိမ်းအေး လွတ်မြောက်ရေးအတွက် ရည်စူးသော စိတ်စေတနာ ဈာဆန္ဒ ရှိသူကိုသာလျှင် မဟာယာနဝါဒီစစ်စစ် (ဗောဓိသတ္တ) ဟူ၍ ဆိုနိုင်၏။[၃၀၀]

အရှင်သန္တိဒေဝ၏ **ဗောဓိစာရဝတာရကျမ်း**တွင် ဤသို့ ရေးသားထားသည်ကို တွေ့ရ၏။

"ရာပေါင်းများစွာသော ဘဝထိုထို၏ ဝိုကြွေးပူပန်ရသော ဆင်းရဲခြင်းတို့မှ လွတ်မြောက်လိုသူတိုင်း၊ ဝေနေယျသတ္တဝါအပေါင်းတို့၏ ဒုက္ခဆင်းရဲတို့မှ ကင်းပအောင် ဆောင်မကယ်တင်လိုသူတိုင်း၊ ငြိမ်းချမ်းရွှင်လန်းသာယာမှုအပေါင်းကို တွေ့ကြုံခံစားလိုသူတိုင်း မြတ်သော ဗောဓိစိတ္တကို မစွန့်လွှတ်ကြချေ။"[၃၀၁]

မဟာကရုဏာတရားသည် ဗောဓိသတ္တမဂ်လမ်းစဉ်၏ အခြေခံအကျဆုံး အုတ်မြစ်သဖွယ်ဖြစ်၏။ ကမလာသီလ၏ အလိုအရ ရှင်တော်ဗုဒ္ဓများသည် မဟာကရုဏာတရားကို အခြေခံပြုလျက် အမြတ်ဆုံးသော ဗောဓိဉာဏ်ပညာကို ရရှိခဲ့ကြခြင်း ဖြစ်သည်ဟု ဆိုပါသည်။[၃၀၂] စုဒ္ဒသမမြောက် ဒလိုင်းလားမား အရှင်မြတ်၏ အလိုအရ လူသားတို့သည် မိမိတို့၏ နှလုံးသားဝယ် သံမှိုစွဲနှက်ထားဘိသကဲ့သို့ မဟာကရုဏာတရားကို အခိုင်အမာ ဖြစ်အောင် ဆောက်တည်ထားရန်လို၏။ အဆိုပါ ကရုဏာတရားသည် မိမိနှင့် သပ္ပါယမျှတသော ဆွေမျိုး မိတ်သင်္ဂဟများသာ မကပဲ စကြဝဠာ တစ်ခုလုံးတွင် ရှိရှိသမျှသော ဝေနေယျ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားကို ဦးတည်ရန်လည်း လိုအပ်၏။[၃၀၃] ဤသို့ နက်ရှိုင်းသော ဗောဓိစိတ္တကို တည်ဆောက်နိုင်သူသည် သာမန် သတ္တဝါအဖြစ်မှ ရပ်စဲပြီး ဘုရားရှင်၏ သားသမီး အဖြစ်သို့ ပြောင်းလဲရောက်ရှိလာမည် ဖြစ်၏။[၃၀၄] ဗောဓိစိတ္တသည် စိတ်လှုပ်ရှားဖွယ်

၃၀၀။ **The centrality of generalized compassion *(karuna)* for all beings in Mahayana may have increased over the centuries. Nattier (2003a: 145–6) argues that it is not a central theme in the Bodhisattva path as described in the early *Ugraparipuccha Sūtra (although maitri*, loving kindness, is recommended).**

၃၀၁။ **Verses 8–9; trans. from the Sanskrit by Crosby and Skilton (1995).**

၃၀၂။ **Beyer, S. (1974) *The Buddhist Experience: Sources and Interpretations*, Encino and Belmont, CA: Dickenson.: p-100**

၃၀၃။ **Gyatso, T. (1979) Fourteenth Dalai Lama, *Aryasutra's Aspiration and A Meditation on Compassion, trans.* B. Beresford et al., Dharamsala, India: Library of Tibetan Works and Archives.p-111**

၃၀၄။ ***Bodhicaryavatara* 1: 9; see Shantideva 1960**

ရာကောင်းသော အပျင်းပြေ အတွေးတစ်ခုမျှသာ မဟုတ်ဘဲ ဘာဝနာ၏ အစွမ်းအား ဖြင့် အကြိမ်ကြိမ် အထပ်ထပ် ပွားများတည်ဆောက်ရသော မဟာကုသိုလ် စိတ်မြတ် တစ်ခု ဖြစ်၏။

တိဗက်လားမားဆောင်ခပ၏ အလိုအရ ဗောဓိစိတ္တာကို တည်ထောင်လိုသူသည် ရှေးဦးစွာ ကိလေသာတရားတို့ကို ပယ်ခွာသော ဘာဝနာတရားတို့ကို ဖြည့်ကျင့်ရန် လို၏။ လူသားဘဝဖြစ်တည်မှုကို ရရှိခြင်း၏ ထူးမြတ်မှုနှင့် အရာခပ်သိမ်း၏ မတည်မြဲမှု သဘော၊ သေခြင်းတရား၏ အစဉ်အမြဲ နီးကပ်နေမှု သဘောတို့ကို ဘာဝနာပွားရန်ဖြစ်၏။ ဓမ္မလမ်းစဉ်၏ အခြေခံတရား သုံးပါးဖြစ်သော နိုက္ခမတရား၊ ကရုဏာတရားနှင့် သုညတတရားတို့ကို အစဉ်အတိုင်း ဖြည့်ကျင့် တည်ဆောက်ရန် ဖြစ်ပါ၏။ ထို့ကြောင့် ကရုဏာတရားကို အခြေခံသော ဗောဓိစိတ္တာကို မတည်ဆောက်ခင် ကိလေသာတရားများကို စွန့်လွှတ်ပယ်ခွာသော နိုက္ခမတရားကို ရှေးဦးစွာ အရင်အောင်မြင်စေရမည်ဟု လားမား ဆောင်ခပ အရှင်မြတ်က ဆို၏။[၃၅၅]

တတိယမြောက်ဒလိုင်လားမား ဆိုနမ်ဂျက်ဆိုက ဤသို့မိန့်ကြားခဲ့၏။

ဗောဓိသတ္တာပုဂ္ဂိုလ်သည် ပြီးပြည့်စုံသော ဗောဓိဉာဏ်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်ရေးကိုသာ အဆုံးစွန်ဆုံးသော ပန်းတိုင်အဖြစ် ထားရှိသင့်၏။ မိမိတစ်ဦး တည်း၏ အကျိုးသာမက ဝေနေယျသတ္တဝါအများ၏ အကျိုးအတွက်လည်း ဆောင် ကြဉ်းရမည်ဖြစ်၏။ သင်ကိုယ်တိုင် သံသရာဆင်းရဲဒုက္ခ သမုဒ္ဒရာကြီးထဲသို့ ကျ ရောက်နေရသည့်နည်းတူ အခြား သတ္တဝါအားလုံးလည်း ကျရောက်နေရ၏။ သင် ကဲ့သို့ပင် အနှီ သတ္တဝါအပေါင်းသည်လည်း စိတ်ပူပန်ဖိစီးမှု သောက၏ နှိပ်စက် ကလှုပ်ပြုခြင်းကို ခံနေရ၏။[၃၅၆]

ဗောဓိစိတ္တာကို ပြုစုပျိုးထောင်ရန်အတွက် နည်းလမ်း ၂ သွယ်

တိဗက်ဗုဒ္ဓဘာသာလမ်းညွှန်ချက်အရ ဗောဓိစိတ္တာကို ပြုစုပျိုးထောင်ရန်အတွက် ဘာဝနာ နည်းလမ်း ၂ သွယ်ရှိ၏။ ပထမ ဘာဝနာနည်းလမ်းမှာ အကြောင်းတရား ၆ ပါးဖြင့် တစ်ပါးတည်းသော အကျိုးရလဒ်ကို ဖြစ်ပေါ်စေသည့် ဘာဝနာနည်း (the six causes and one effect) ဖြစ်၏။ အဆိုပါဘာဝနာကို အရှင်ကမလာသီလ၏ ဘာဝနာကမ္မကျမ်း အတိရှာ၏ ဗောဓိပထပဒီပကျမ်းအဖွင့်တို့တွင် တွေ့ရှိရ၏။

၃၀၅။ See Tsong kha pa's *Three Principal Aspects of the Path*, in Wangyal 1978: 127 ff., and Thurman 1982: 57–8.

၃၀၆။ Gyatso, S. (1982) Third Dalai Lama, *Essence of Refined Gold*, trans. G. Mullin, New York: Gabriel/Snow Lion.: p-109–10

ဤကျင့်စဉ်အရ ရှေးဦးစွာ မိမိ၏ စိတ်အနေကို အဗျာကတစိတ် (ချစ်မုန်းကင်းမဲ့သော ဥပေက္ခာစိတ်) ဖြစ်အောင် ထားရှိရန်လို၏။ မိမိကိုချစ်ခင်သူ မိမိကို မုန်းတီးသူ မိမိနှင့် မပတ်သက်သူ သုံးဦးစလုံးအပေါ်တွင် တူမျှသော လျစ်လျူရှုသော စိတ်ဖြင့် သုံးသပ်ရ၏။ အလွန်ရှည်ကြာလှသော ဘဝသံသရာ အဆက်ဆက်တို့တွင် ဆွေမျိုး မတော်စပ်ဖူးသူဟူ၍ မရှိစကောင်းသောကြောင့် ယင်းတို့ ၃ ဦးစလုံးသည် ချစ်ခင်သူ မချစ်ခင်သူများအဖြစ် မိမိနှင့် ကြုံတွေ့ခဲ့ရဖူးမည်မှာ အသေအချာပင်ဖြစ်၏။

(က) အလွန်ရှည်ကြာလှသော ဘဝသံသရာ အဆက်ဆက်တို့တွင် ဆွေမျိုး မတော်စပ်ဖူးသူဟူ၍ မရှိစကောင်းသောကြောင့် ဝေနေယျသတ္တဝါတိုင်းသည် မိမိ၏ မိခင်အဖြစ်တော်စပ်ခဲ့ဖူးမည်မှာ အကြိမ်ကြိမ်ဖြစ်၏။

(ခ) အဆိုပါ မိခင်ဖြစ်ခဲ့ဖူးသော ဝေနေယျသတ္တဝါတို့သည် မိမိအပေါ်တွင် (မိခင်စိတ်ဖြင့်) အလွန်ချစ်ခင် ကြင်နာခဲ့ကြဖူးမည် ဖြစ်၏။

(ဂ) လောကသံသရာထဲတွင် ကျင်လည်နေကြကုန်သော မိခင်-ဝေနေယျသတ္တဝါများသည် အလွန်ကြီးမားသော အိုနာသေဘေး ဒုက္ခတရားတို့ဖြင့် ကြုံတွေ့နေကြရကုန်၏။ မိမိအပေါ် မိခင်အနေဖြင့် ကျေးဇူးကြွေးတင်ရှိခဲ့ဖူးသော မိခင်-ဝေနေယျသတ္တဝါများ၏ ကျေးဇူးတရားကို ပြန်လည်ပေးဆပ်သည့်အနေဖြင့် ယင်းတို့၏ ကောင်းကျိုးအတွက် မိမိ တတ်စွမ်းနိုင်သလောက် ဆောင်ရွက်ပေးရမည် ဖြစ်၏။

တတိယမြောက် ဒလိုင်လားမားက ဤသို့မိန့်ဆိုခဲ့၏။

ချောက်ကမ်းပါးဆီသို့ဦးတည် သွားနေကြကုန်သော အရက်မူးသမားတစ်စု သဖွယ် ဝေနေယျသတ္တဝါ အပေါင်းတို့သည် မကောင်းမှုတည်းဟူသော ချောက်ကမ်းပါးမှ တစ်ဆင့် နိမ့်ပါးသော ဂတိဘဝများသို့ ကျရောက်နေကြ၏။ သူတို့ကို ငါမကယ်လျှင် မည်သူက ကယ်တင်မည်နည်းဟူ၍ တွေးကြည့်ပါ။ မိမိတစ်ကိုယ်တည်း လွတ်မြောက်ရေးအတွက် သူတို့ကို ကျော်ခိုင်းပစ်ပယ်သည်မှာ ကိုယ်ကျင့်တရားအရ တရားမျှတရာ ကျပါ၏လောဟူ၍ စဉ်းစားကြည့်ပါ။[၃၀၇]

(ဃ) ဤအချက်များကို အခြေခံ၍ ဘာဝနာပွားသူသည် မိခင်ဝေနေယျသတ္တဝါအားလုံး ချမ်းသာသုခရရှိကြပါစေ။ ချမ်းသာသုခ၏ အကြောင်းအထောက်အပံ့တရားများကိုလည်း ပွားများနိုင်ကြပါစေဟူ၍ မေတ္တာဓာတ်ကို စေလွှတ်ရာ၏။

(င) ဤအချက်များကို အခြေခံ၍ ဘာဝနာပွားသူသည် မိခင်ဝေနေယျ

၃၀၇။ **Gyatso, S. (1982) Third Dalai Lama, *Essence of Refined Gold*, trans. G. Mullin, New York: Gabriel/Snow Lion.: p-116**

သတ္တဝါအားလုံး ဆင်းရဲဒုက္ခအပေါင်းမှ ကင်းဝေး လွတ်မြောက်ကြပါစေ။ ဆင်းရဲဒုက္ခကို ဖြစ်ပေါ်စေသော အကြောင်းတရားများကိုလည်း ပယ်ရှားနိုင်ကြပါစေ ၂၇၍ ကရဏာဓာတ်ကို စေလွှတ်ရာ၏။

(စ) နောက်ဆုံးအနေဖြင့် ဘာဝနာပွားသူသည် မိမိကိုယ်တိုင် ဆောင်ရွက်ကူညီရန် စိတ်ကို ပိုင်းဖြတ်၏။ အားလုံးသော ဝေနေယျသတ္တဝါတို့ကို ကူညီစောင်မရှုန့်ဆိုသည်မှာ အမြင့်မြတ်ဆုံးသော ဘုရားရှင်အဖြစ်ကို ရောက်ရန်ရန် လိုအပ်ကြောင်းကိုလည်း ဆင်ခြင်မိလာခဲ့၏။ ဤသို့အားဖြင့် အကြောင်းတရား ၆ ပါးကို ဆင်ခြင်လျက် "ဗောဓိစိတ္တ" တည်း ဟူသော တစ်ခုတည်းသော ရလဒ်ကို ထူထောင်နိုင်ပေသည်။

ဗောဓိစိတ္တထူထောင်သည့် ဒုတိယမြောက် ဘာဝနာနည်းကို မိမိကိုယ်နှင့် သူတစ်ပါး လဲလှယ်ခြင်း (Exchanging self and others) ဟု ခေါ်ဆို၏။ အရှင်သန္တိဒေဝ၏ ဗောဓိစာရဝတာရကျမ်း- အခန်း (၈) တွင် ယင်း ဘာဝနာနည်းကို အကျယ်တဝင့် ပြဆိုထားသည်ကိုတွေ့ရ၏။

"တစ်ပါးသူတို့၏ ဆင်းရဲဒုက္ခကို ပယ်ရှားရန် ငါ ဆောင်ရွက်သင့်၏။ အဘယ်ကြောင့်နည်းဆိုသော် သူတို့ခံစားရသော ဒုက္ခသည် ငါကိုယ်တိုင် ခံစားရသော ဒုက္ခတရားတို့နှင့် ထပ်တူသဘော ဖြစ်သောကြောင့်တည်း။ တစ်ပါးသူတို့ကို ငါ ကူညီဆောင်ရွက်ပေးသင့်၏။ အဘယ်ကြောင့်နည်းဆိုသော် သူတို့တည်ရှိမှုနှင့် ငါ၏ တည်ရှိမှုသည် တရားကိုယ်အနှစ်သားအရ ထပ်တူသဘော ဖြစ်သောကြောင့် တည်း။

တစ်ပါးသူတို့ နည်းတူ ငါကိုယ်တိုင်လည်း ချမ်းသာသုခကို နှစ်သက်သည် ဆိုပါလျှင် အဘယ်ကြောင့် မိမိ တစ်ဦးတည်း၏ ချမ်းသာသုခ ရရှိရေးအတွက်ကိုသာ ဦးတည်ကြိုးပမ်းသင့်မည်နည်း။

ငါ့နည်းတူ တစ်ပါးသူတို့သည်လည်း ဆင်းရဲဒုက္ခကို ကြောက်ရွံ့ကြမည်ဆိုပါလျှင် အဘယ်ကြောင့် မိမိတစ်ဦးတည်းအတွက် ဆင်းရဲဒုက္ခမကျရောက်အောင် ကာကွယ်တားဆီးရန် ဦးတည်ကြိုးပမ်းသင့်မည်နည်း။"[၃၀၀]

ထိုကဲ့သို့ မိမိနှင့် တစ်ပါးသူတို့ စိတ်အလိုသဘာဝချင်း ထပ်တူညီမှုကို ဆင်ခြင်ပြီးသောအခါတွင် တစ်ယောက်နှင့် အများသဘောကိုလည်း ဆင်ခြင်ရာ၏။

၃၀၀။ *BodhicaryAvatAra* 8: 94– 6. **Any answer to Shantideva's question must be given in egoistic terms, and the ego is the cause of my suffering. Thus the development of *bodhicitta* requires and is a corollary of the teaching of not-Self and emptiness.**

မိမိသည် တစ်ဦးတည်း ဖြစ်သော်လည်း ဝေနေယျသတ္တဝါတို့မှာ အသချေ် အနန္တ ဖြစ်သောကြောင့် အရေအတွက်အားဖြင့် အလွန်ကွာခြား၏။ အရေအတွက်အရ ကွာခြားသလို ခံစားရသော သုခ-ဒုက္ခ တရားတို့၏ ထုထည်ပမာဏမှာလည်း အလွန်ပင်ကွာခြားနေမည် ဖြစ်၏။ ထို့ကြောင့် မိမိတစ်ဦးတည်း၏ အကျိုးစီးပွားထက် အရေအတွက်အရ ပိုမိုများပြားပြီး သုခ ဒုက္ခ ထုထည်ပိုမို ကြီးမားနေသော မိခင် ဝေနေယျသတ္တဝါများ၏ အကျိုးအတွက် ဆောင်ရွက်သင့်သည်ဟု ဘာဝနာပွားများရာ၏။ ထို့နောက် ဘာဝနာပွားသူသည် ဝေနေယျသတ္တဝါအားလုံးအပေါ်တွင် တူမျှညီညာသော ဥပေက္ခာတရားဖြင့် ပြန်လည် ဖြန့်ကျက်သိမ်းဆည်းရာ၏။ မိမိကိုယ်ကို သူတစ်ပါးထက်ပိုပြီး တန်ဖိုးထားခြင်း၏ အပြစ်ဒေါသများကိုလည်း ဆင်ခြင် သုံးသပ်ရမည်ဖြစ်၏။ သန္တိဒေဝ၏ အလိုအရ မိမိကိုယ်ကို သူတစ်ပါးထက်ပို၍ တန်ဖိုးထားခြင်းကြောင့် သတ္တဝါတို့သည် အကုသိုလ်ဒုစရိုက်မှုတို့ကို ပြုမိသည်လည်းရှိ၏။ အကုသိုလ်၏ ဝိပါက်အကျိုးအဖြစ် ဆင်းရဲဒုက္ခများကို ပြန်လည်ခံစားကြရ၏။ ထို့အတူ အများအကျိုးကို ရှေ့တန်းတင်၍ မိမိ ကိုယ်ကျိုးကို စွန့်လွှတ်နိုင်သူများသည်သာ ကုသိုလ်ကောင်းမှုများကို ဆောင်ရွက်နိုင်ကြ၏။ ကောင်းမှုကုသိုလ်၏ ဝိပါက်အကျိုးအဖြစ် ချမ်းသာသုခများကို ပြန်လည်ခံစားကြရ၏။ ဤသို့ အလေးအနက် ဆင်ခြင်ခြင်းကြောင့် ဘာဝနာပွားများသူ၏ စိတ်သန္တာန်တွင် ဗောဓိစိတ္တကို တည်ထောင်နိုင်ပါသည်။[၃၈၉]

ဤနေရာတွင် ဗောဓိစိတ္တ တိုးတက်ကြံ့ခိုင်ရေးအတွက် တိဗက်ဗုဒ္ဓဘာသာမှ **တောင်းလန်းကျင့်စဉ်** အကြောင်း အနည်းငယ် တင်ပြချင်ပါ၏။ တောင်းလန်းကျင့်စဉ်ကို မေတ္တာပေး ဒုက္ခခံယူသောကျင့်စဉ်ဟု ဆိုနိုင်သည်။ ဘာဝနာပွားသူသည် မိမိ၏ ရှေ့မှောက်တွင် ဆင်းရဲဒုက္ခတို့ဖြင့် ရစ်ပတ်ငြိတွယ်နေသော သတ္တဝါတို့ကို အာရုံပြုလျက် မိမိ အသက်ရှူသွင်းသည့်အခါတွင် လေနှင့်အတူ၊ ၄င်း ဆင်းရဲဒုက္ခများကို မိမိ ကိုယ်ခန္ဓာအတွင်းသို့ ရှူသွင်းဘိသည့်အလား ဘာဝနာပွားရမည် ဖြစ်၏။ ယင်း ဆင်းရဲဒုက္ခတို့ကို မိမိ စိတ်အတွင်းသန္တာန်တွင် စင်ကြယ်စေလျက် မေတ္တာစွမ်းအားများအဖြစ် ပြောင်းလဲစေလျက် မိမိ အသက်ရှူထုတ်သည့်အခါ လောကအတွင်းသို့ ပြန်လည် ဖြန့်ထုတ်ပစ်ရမည် ဖြစ်၏။ တိဗက်ဗုဒ္ဓဘာသာဝင်တို့ အလိုအရ တောင်းလန်းကို ပိုင်နိုင်စွာကျင့်နိုင်သော ဗောဓိသတ္တသည် တစ်ပါးသူတို့၏ ဆင်းရဲဒုက္ခ

၃၈၉။ Shantideva (1960) *BodhicaryAvatAra;* see Prajñakaramati 1960. For trans. from Sanskrit, see K. Crosby and A. Skilton (trans.) (1995) *Shantideva: The BodhicaryAvatAra*, Oxford/New York: Oxford University Press. P-129

ကို အမှန်တကယ်ပင် မိမိ ကိုယ်ခန္ဓာဆီသို့ ပြောင်းရွှေ့ခံယူနိုင်ကြောင်း ယုံကြည်ကြ၏။[၃၉၀]

ဤနည်းအားဖြင့် ဗောဓိသတ္တမဂ်လမ်းကို လျှောက်လှမ်းမည့်သူ၏ စိတ်ဝယ် ဗောဓိစိတ္တ နိုးကြားလာလေ၏။ ဆရာ အရှင်တစ်ပါး ရှေ့မှောက်တွင် ဗောဓိစိတ္တ တည်ဆောက်ပုံ အစီအရင်ကို အတိရာက ဤသို့ဖော်ပြထား၏။ အမှန်စင်စစ် ဗောဓိသတ္တ ဆုပန်သူသည် ရှင်တော်ဗုဒ္ဓတစ်ဆူဆူ၏ ရှေ့တော်မှောက်တွင် ဆုပန်နိုင်ကြောင်း ဆိုပါသည်။[၃၉၁]

"ဆယ်ပါးသော အရပ်မျက်နှာတို့ဝယ် စံပယ်တော်မူနေကြသော ဗုဒ္ဓရှင်တော်မြတ်ဘုရားတို့နှင့် ဗောဓိသတ္တ အရှင်သူမြတ်တို့အားလုံး တပည့်တော် ရှိသေစွာ တင်လျှောက်အပ်ပါ၏။ နာတော်မူကြပါအရှင်ဘုရား။ ဆရာအရှင် သူမြတ်ကို လည်း ရှိသေစွာဖြင့် ပန်ကြားပါ၏။ ဘုရားတပည့်တော်သည် ဒါနပါရမီ သီလပါရမီ စွာနပါရမီအစရှိသော ပါရမီတော်မြတ်တရားတို့အား ရှိသေလေးမြတ်စွာ ဖြည့်ကျင့်ခဲ့ပါ၏။ ဖြည့်ကျင့်ဆဲလည်း ဖြစ်ပါ၏။ ဆက်လက် ဖြည့်ကျင့်ဦးမည်လည်း ဖြစ်ပါ၏။ ရှေးအခါက ပွင့်တော်မူပြီးကြကုန်သော ဘုရားရှင်များ ကျင့်ဆဲ ဗောဓိသတ္တ အရှင်သူမြတ်များနည်းတူ တပည့်တော်သည်လည်း အမြင့်ဆုံးသော သမ္မာသမ္ဗောဓိ ဆုမြတ်ကြီးကို ဦးထိပ်ပန်ဆင်ပါ၏။ အမှတ်မရှိ များပြားလှကုန်သော ဝေနေယျသတ္တဝါအပေါင်းကို ခေမာသောင်ကမ်းဆီသို့ အရောက်ပို့ဆောင် ပေးစေနိုင်ရေး အတွက် ဘုရားဆုကို ပန်ဆင်ပါ၏။"[၃၉၂]

ဤသို့ ဗောဓိစိတ္တတည်ထောင်ခြင်း အခမ်းအနား ပြီးဆုံးလေသော် ဗောဓိသတ္တ အဖြစ်သို့ ရောက်ရှိသူသည် ဗောဓိသတ္တတစ်ပါး၏ အခြေခံ ကျင့်ဝတ်သိက္ခာများကို အလေးအနက် ဆောက်တည်ရန်လိုအပ်၏။ ဝေနေယျသတ္တဝါများ၏ ဆင်းရဲဒုက္ခကို

၃၉၀။ **It is said that the Eighth Karma pa (1507–54) died of leprosy after clearing an area of the disease.**

၃၉၁။ **Atisha 1983: 42 ff. Cf. Kamalashila, trans. in Beyer 1974: 103. For greater details, see Gyaltsen 1982: 26 ff. On vows (and their absence) in the early *Ugraparipaccha Sutra*, see Nattier, J. (2003a) *A Few Good Men: The Bodhisattva Path according to* The Inquiry of Ugra (Ugraparipvccha), Honolulu: University of Hawai'i Press. 147–51 (cf. Pagel 1995: 107). On the Bodhisattva vows in the *Maharatnakutha* collection, see Pagel 1995: 106–7.**

၃၉၂။ **Gyaltsen, Sakya Dragpa (1982) *Candragomin's Twenty Verses on the Bodhisattva Vow and its Commentary*, trans. M. Tatz, Dharamsala, India: Library of Tibetan Works and Archives.p-30**

လျစ်လျူမရှုရန်နှင့် မဟာယာနလမ်းစဉ်ကို စွန့်ပယ်၍ အနိမ့်စား သာဝကလမ်းစဉ်များသို့ ပြန်လည် လျှောကျခြင်း မရှိစေရန် အဓိကထား ဆောက်တည်ရန်လိုပါသည်။

ဗောဓိသတ္တ၏ စိတ်နေစိတ်ထားနှင့် ပတ်သက်၍ အရှင်သန္တိဒေဝက ဤသို့ဖော်ကျူးထားသည်ကို တွေ့ရ၏။[၃၉၃]

"ငါသည် နာဖျားမကျန်းသူတို့အတွက် ဆေးဝါးဖြစ်၏။ သူတို့ ပြန်လည် ကျန်းမာလာချိန်အထိ ငါသည် သူတို့အတွက် သမားတော်လည်းဖြစ်သလို သူနာပြုလည်းဖြစ်၏။

ငါသည် အစာငတ်မွှ ရေမွတ်သိပ်မွှတို့၏ ဆင်းရဲခြင်းဝေဒနာကို အစာရေစာမိုးရွာချစေ၍ ပြေပျောက်စေလတ္တံ့။

အစာရေစာ ငတ်မွတ်ခေါင်းပါးသော ကာလဆိုးကြီးများတွင် ငါသည် သူတို့အတွက် အစာ ရေစာ ဖြစ်ပါရစေသား။

ငါသည် ဆင်းရဲတွင်းနက်လှသူတို့အတွက် မကုန်ခမ်းနိုင်သော ရတနာသိုက်ကြီး ဖြစ်ပါစေ။ ငါသည် လှူဒါန်းမှုဝတ္ထုအစုစုတို့ဖြင့် သူဆင်းရဲတို့ကို အမြဲစောင့်ကြိုနေနိုင်ပါစေသား။

ကြည့်ပါလော့။ ဝေနေယျသတ္တဝါအားလုံး၏ ကောင်းကျိုးချမ်းသာအတွက် ငါသည် နောင်တတစ်ဖန် ပူပန်ရခြင်း အလျှည်းမရှိဘဲ ငါ၏ကိုယ်ခန္ဓာ ငါ၏ စည်းစိမ်သုခ ငါ၏ ကောင်းမှုကုသိုလ် အလုံးစုံတို့ကို လိုအပ်နေသူများအတွက် ပေးလှူရပါစေသား။"

မဟာယာနဗုဒ္ဓဘာသာကျမ်းဂန်များ အလိုအရ ဗောဓိစိတ္တ ဖြစ်ပေါ်ရန်အတွက် မေတ္တာ ကရုဏာစိတ်မာတ် တစ်ခုတည်းနှင့် မလုံလောက်ချေ။ ကရုဏာတရားသည် သုညတာသစ္စာကို သိမြင်သော ဉာဏ်ပညာ၌ အခြေတည်နေရန်လည်း လိုပေ၏။ ပညာနှင့် ကရုဏာတို့ အချိုးညီစွာ ပေါင်းစပ်နိုင်မှသာ စစ်မှန်သော ဗောဓိစိတ္တ ဖြစ်ပေါ်နိုင်ပါသည်။

ရှေးအကျဆုံး မဟာယာနသုတ္တန်တစ်ခုဖြစ်သော **သံဓိနိမောစနသုတ္တန်**တွင် ဗောဓိစိတ္တ နှစ်မျိုးခွဲခြမ်းပြဆိုထား၏။ ၄င်းတို့မှာ **ပရမတ္ထဗောဓိစိတ္တ** (The Absolute Bodhicitta) နှင့် **သမ္မုတိဗောဓိစိတ္တ** (The Relative/ Conventional Bodhicitta) တို့ဖြစ်၏။ ပရမတ္ထဗောဓိစိတ္တ အဆုံးစွန်သော ပန်းတိုင်သဖွယ်ဖြစ်၏။ လောကုတ္တရာ ဓမ္မတရားဖြစ်၏။ ဝေါဟာရစကားလုံးတို့အားဖြင့် မဖော်ပြနိုင်

၃၉၃။ **Shantideva (1960) *BodhicaryAvatAra*; see Prajñakaramati 1960. For trans. from Sanskrit, see K. Crosby and A. Skilton (trans.) (1995) *Shantideva: The BodhicaryAvatAra*, Oxford/New York: Oxford University Press. P-7–10)**

သော အနိဗ္ဗာစနီယတရား ဖြစ်၏။ တွေးတောကြံစည်ခြင်းကို လွန်သော အတက္ကာဝစာရတရား ဖြစ်၏။ အလွန်နက်ရှိုင်းသော အတိဂမ္ဘီရတရား ဖြစ်၏။ ကိလေသာခပင်းမှ အလုံးစုံကင်းစင်သောကြောင့် ထက်ဝန်းကျင် တောက်ပသော အလင်းဓာတ်သဘာဝလည်း ဖြစ်၏။[၃၄၄]

သံဓိနိမောစနသုတ္တန်သည် ယောဂါစာရဒဿနအမြင်ကို အခြေခံသော သုတ္တန်ဖြစ်သောကြောင့် ပရမတ္ထဗောဓိစိတ္တကို ပကတိ အညစ်အကြေး ကင်းစင်နေသော စိတ်အလင်းသဘာဝ (အမလ-ဝိညာဏ) အဖြစ် ယူဆတင်ပြထားသည်ကို တွေ့ရ၏။ ထိုနည်းတူစွာ ယောဂါစာရဒဿနပညာရှင် ထိရာမတိ၏ အလိုအရ ပရမတ္ထဗောဓိစိတ္တသည် အရှိတရားအနေအားဖြင့် ဓမ္မကာယနှင့် အတူတူပင် ဖြစ်သည်ဟု ဆိုပါသည်။ တစ်နည်းအားဖြင့် ပရမတ္ထဗောဓိစိတ္တသည် လူ၏ စိတ်နှလုံးထဲတွင် ဓမ္မကာယ၏ ထွန်းလင်းဖော်ဆောင်မှုတစ်ရပ် ဖြစ်သည်ဟု ထိရာမတိက ဆို၏။[၃၄၅] သို့သော်လည်း မရှိမိကဒဿန အလိုအရဆိုလျှင်မူ ပရမတ္ထဗောဓိစိတ္တသည် ဗုဒ္ဓ သို့မဟုတ် ဗောဓိသတ္တာအရှင်မြတ်တို့၏ သန့်ရှင်းစင်ကြယ်သော မဟာကရုဏာတရားဖြင့် စိမ့်ထုံနေသော စိတ်သန္တာန်အလျဉ်တွင် သုညတာကို သိမြင်သော ဉာဏ်ပညာသာ ဖြစ်သည်ဟု ဆိုပါသည်။[၃၄၆]

သမ္မုတိဗောဓိစိတ္တကို အဆင့်နှစ်ဆင့် ခွဲနိုင်၏။ ၎င်းတို့မှာ (၁) **ရည်စူးမှုဗောဓိစိတ္တနှင့် (၂) ကြိုးပမ်းအားထုတ်မှု ဗောဓိစိတ္တတို့** ဖြစ်ကြ၏။

အရှင်သန္တိဒေဝက ဤသို့ ရှင်းပြ၏။

ဗောဓိစိတ္တကို နှစ်မျိုး နားလည်နိုင်၏။ အတိုချုပ်အားဖြင့် ဗောဓိ ဉာဏ်ပညာကို ရည်စူးဆုပန်သော ဗောဓိစိတ္တနှင့် ထိုသို့ ရည်စူးသည့်အတိုင်း အမှန်တကယ် ကြိုးပမ်းအားထုတ်သည့် ဗောဓိစိတ္တတို့ ဖြစ်ကြ၏။ ယင်း နှစ်ခု၏ ခြားနားချက်ကို ဤသို့လျှင် နားလည်အပ်၏။ (ပန်းတိုင်အရပ်သို့) သွားရန် ရည်စူးသူနှင့် အမှန်တကယ် သွားသူတို့ ကဲ့သို့တည်း။[၃၄၇]

၃၄၄။ **Samdhinirmocana Sutra, Trans. by Guenther from the quotation in sGam po pa 1970: 114.**

၃၄၅။ **Suzuki, D. T. (1963) *Outlines of Mahayana Buddhism*, New York: Schocken.: 299; cf. the tathagatagarbha**

၃၄၆။ **Hopkins, J. (1984) *The Tantric Distinction*, London: Wisdom: p-56**

၃၄၇။ **Shantideva (1960) BodhicaryAvatAra; see Prajñakaramati 1960. For trans. from Sanskrit, see K. Crosby and A. Skilton (trans.) (1995) *Shantideva: The BodhicaryAvatAra, Oxford/*New York: Oxford University Press. P- (1: 15–16):**

ကမလာသီလကလည်း အလားတူစွာ ဤသို့ဆိုခဲ့၏။

ဤကဲ့သို့ ဗောဓိဉာဏ်ပညာကို ရည်စူးခြင်းသည် ဗုဒ္ဓအဖြစ်သို့ ရောက်ရှိရေးတွက် ပဏာမ တောင်တမှုပင်ဖြစ်၏။ ငါသည် ဝေနေယျသတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိအောင် အားထုတ်သင့်လှ၏ ဟူသော တောင်တရည်စူးချက် ဖြစ်ပေါ်ခြင်းပေတည်း။ ဤသို့ တောင်တမိသည့်အတိုင်း ဗုဒ္ဓအဖြစ်သို့ အမှန်တကယ် ရောက်ရှိရန် အဓိဋ္ဌာန်ပြု တည်ဆောက်ခြင်းဆိုင်ရာ ပါရမီတရားများကို ဖြည့်ကျင့်ခြင်းသည်ကား ဗုဒ္ဓအဖြစ်သို့ ရောက်ရှိရေးအတွက် အမှန်တကယ် ကျင့်ကြံအားထုတ်ခြင်းပေတည်း။[၃၉၀]

ဗောဓိစိတ္တ၏ ဂုဏ်လက္ခဏာများ

တိဗက်ဗုဒ္ဓဓမ္မဆရာအရှင် ဂမ်ပိုပ၏ **ဝိမုတ္တိသုခရတနာ** (The Jewel Ornament of Liberation) ကျမ်းတွင် ဗောဓိစိတ္တ၏ ဂုဏ်လက္ခဏာများကို ဤကဲ့သို့ ဖော်ပြ ထားသည်ကိုတွေ့ရ၏။

- ဗောဓိစိတ္တသည် မြေကြီးကဲ့သို့ ဖြစ်၏။ ဝေနေယျ သတ္တဝါအားလုံး၏ ထောက်တည်မှီခိုရာ အခြေခံသဖွယ် ဖြစ်စေ၏။
- ဗောဓိစိတ္တသည် ရွှေစင်ရွှေသားပမာ ဖြစ်၏။ ရွှေသည် မည်သည့်အကြောင်းကြောင့်မှ မိမိ၏ ရွှေအဖြစ်ကို မစွန့်သကဲ့သို့ ဗောဓိစိတ္တသည်လည်း မပြောင်းလဲတတ်ချေ။
- ဗောဓိစိတ္တသည် ဆန်းသစ်စ သော်တာလမင်းကဲ့သို့ ဖြစ်၏။ အစဉ်သဖြင့် တိုးတက်ပြည့်ဝနေ၏။
- ဗောဓိစိတ္တသည် လောင်မြိုက်သောမီးကဲ့သို့ ဖြစ်၏။ မကောင်းမှု အကုသိုလ် ဒုစရိုက်တရားများ အားလုံးကို လောင်မြိုက်ဖျက်ဆီး၏။
- ဗောဓိစိတ္တသည် အဖိုးထိုက်ရတနာကဲ့သို့ ဖြစ်၏။ ဒါနပါရမီနှင့် ယှဉ်သော်အခါဝယ် ကြီးမားသော အကျိုးတရားကို ဖြစ်ပေါ်စေ၏။
- ဗောဓိစိတ္တသည် ရတနာစုပုံသော သိုက်ကဲ့သို့ ဖြစ်၏။ သီလပါရမီနှင့် ယှဉ်သောအခါဝယ် ကောင်းမြတ်သော ကိုယ်ကျင့်တရား ရတနာများကို မိမိသန္တာန်တွင် စုဝေးစေ၏။

၃၉၀။ **Beyer, S. (1974) *The Buddhist Experience: Sources and Interpretations*, Encino and Belmont, CA: Dickenson. 103; cf. Tsong kha pa, in Dargyay, L. (1981) 'The view of bodhicitta in Tibetan Buddhism', in Kawamura 1981b: 95–109: 97.**

- ဗောဓိစိတ္တသည် မဟာသမုဒ္ဒရာကဲ့သို့ ဖြစ်၏။ ခန္တီပါရမီနှင့် ယှဉ်သော အခါဝယ် မိမိအပေါ် လွန်ကျူးမှုအစုစုကို မဟာသမုဒ္ဒရာ၏ ကြမ်းပြင်သဖွယ် တိတ်ဆိတ်စွာ ခံယူတတ်၏။
- ဗောဓိစိတ္တသည် စိန်ကျောက်မျက်ကဲ့သို့ ဖြစ်၏။ ဝီရိယ ပါရမီနှင့် ယှဉ်သောအခါတွင် စိန်ကျောက်ကဲ့သို့ အတား‌အဆီးဟူသမျှကို ချိုးဖျက်ဖောက်ထွက်တတ်၏။
- ဗောဓိစိတ္တသည် တောင်မင်းသေလာကဲ့သို့ ဖြစ်၏။ စျာနပါရမီနှင့် ယှဉ်လေသော တောင်ကြီးကဲ့သို့ အာရုံ လေမုန်တိုင်းတို့ ကျရောက်လေလျှင် မတုန်လှုပ်တတ်ချေ။
- ဗောဓိစိတ္တသည် နတ်ဆေးဩသဓကဲ့သို့ ဖြစ်၏။ ပညာပါရမီနှင့် ယှဉ်လေသောအခါ မိစ္ဆာဒိဋ္ဌိအယူဝါဒ ရောဂါဆိုး‌အပေါင်းမှ ငြိမ်းပျောက် ထမြောက်စေနိုင်၏။
- ဗောဓိစိတ္တသည် မိတ်ကောင်းဆွေမွန်ကဲ့သို့ ဖြစ်၏။ ဥပါယပါရမီနှင့် ယှဉ်သောအခါတွင် မိတ်ဆွေကောင်းပမာ အကျိုးစီးပွားကို ဆောင်ကြဉ်းပေတတ်၏။
- ဗောဓိစိတ္တသည် အလိုပြည့်စေသော စိန္တာမဏိ ရတနာကဲ့သို့ ဖြစ်၏။ အဓိဋ္ဌာန ပါရမီနှင့် ယှဉ်သောအခါတွင် မိမိ ဦးတည်ရာ ပန်းတိုင်ကို ရောက်ရှိစေနိုင်၏။
- ဗောဓိစိတ္တသည် နေမင်းရာဇာကဲ့သို့ ဖြစ်၏။ ဗလပါရမီနှင့် ယှဉ်သော အခါတွင် လွှမ်းမိုးနိုင်သော မိမိအစွမ်းသတ္တိကို ပြတတ်၏။
- ဗောဓိစိတ္တသည် ဂီတ တေးသွားကဲ့သို့ ဖြစ်၏။ စိတ်ကို ငြိမ်သက် နူးညံ့စေ၏။
- ဗောဓိစိတ္တသည် ဇကရာဇ်မင်းကဲ့သို့ ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်း၏ အကျိုးစီးပွားကို အစဉ်ကာကွယ်စောင့်ရှောက်ပေးတတ်၏။
- ဗောဓိစိတ္တသည် ဘဏ္ဍာတိုက်ကဲ့သို့ ဖြစ်၏။ ပါရမီစွမ်းအား‌တို့ကို သိုလှောင်ထား၏။
- ဗောဓိစိတ္တသည် အဝေးပြေးလမ်းမကြီးကဲ့သို့ ဖြစ်၏။ တစ်ခုတည်းသော ဗောဓိစိတ္တ လမ်းမြတ်မဟာမှ သူတော်သူမြတ်အား‌လုံး‌တို့ လျှောက်လှမ်းခဲ့ကြကုန်၏။
- ဗောဓိစိတ္တသည် ယာဉ်ရထားကဲ့သို့ ဖြစ်၏။ သမထနှင့် ဝိပဿနာတည်းဟူသော ယာဉ်ရထားများဖြင့် ဆိုက်ရောက်ရာသို့ ပို့ဆောင်ပေးနိုင်၏။

- ဗောဓိစိတ္တသည် သိုလှောင်ကန်ကြီးကဲ့သို့ ဖြစ်၏။ မည်သည့်အခါမျှ မကုန်ခမ်းနိုင်သော စိတ်စွမ်းအားများ၏ တည်ရာဖြစ်၏။
- ဗောဓိစိတ္တသည် ပဲ့တင်သံကဲ့သို့ ဖြစ်၏။ ပါရမီမြင့်မြတ်သူတို့ အားလုံး ဦးခိုက်နာကြားခြင်းကို ဖြစ်စေ၏။
- ဗောဓိစိတ္တသည် မြစ်မင်းဧရာကဲ့သို့ ဖြစ်၏။ တစ်ဖက်တည်းသော ဦးတည်ရာတူရှိသို့ စီးဆင်းတတ်ပြီး ဝေနေယျသတ္တဝါ အပေါင်းတို့၏ နှလုံးစိတ်ဝမ်းကို အေးချမ်းကြည်မွေ့စေ၏။
- ဗောဓိစိတ္တသည် မိုးတိမ်ကဲ့သို့ ဖြစ်၏။ အေးမြသော မေတ္တာကရုဏာမိုးကို ရွာသွန်းပေးတတ်၏။

ဗောဓိသတ္တ၏ ပါရမီတာ (၆) ပါး

ဗောဓိစိတ္တကို ထူထောင်၍ ဝေနေယျသတ္တဝါအားလုံးကို ကယ်တင်ရန် သစ္စာအဓိဋ္ဌာန် ပြုပြီးသော ဗောဓိသတ္တသည် ပါရမီ (၆) ပါးကို ကျင့်ကြံဖြည့်ဆည်းရမည်ဖြစ်၏။ ယင်းတို့မှာ ဒါန-သီလ-ခန္တီ-ဝီရိယ-ဈာန-ပညာ တို့ဖြစ်ကြပြီး ဗုဒ္ဓတစ်ဆူ၏ အနှစ်သာရ အရည်အသွေးများ ဖြစ်ကြ၏။ နောင်အခါတွင် ဗောဓိသတ္တ ဘူမိ (၁၀)ပါးနှင့် ကိုက်ညီစေရန်အတွက် ပါရမီဆယ်ပါး ပြည့်စေရန် ဥပါယ-အဓိဋ္ဌာန-ဗလ-ဉာဏ ပါရမီ ၄ ပါးကို ထပ်ပေါင်းထည့်ခဲ့သည်ကို တွေ့ရ၏။[၃၉၉]

(၁)။ ဒါနပါရမီ

အတ္တကြီးမှုနှင့် ရုပ်ဝတ္ထုပစ္စည်းများကို တပ်မက်တွယ်တာစိတ် လျှော့ပါးစေရန် ကျင့်သုံးရသော ပါရမီကို ဒါနပါရမီဟု ခေါ်၏။ ဗောဓိသတ္တမဂ်လမ်းစဉ်ကို အားထုတ်သောသူသည် အများအတွက် အမှန်တကယ်လိုအပ်သော အရာဝတ္ထုများကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြစ်ပြီး ဒါနပါရမီကို ပြည့်စုံအောင် ကျင့်သူသည် မိမိ ကိုယ်အင်္ဂါအစိတ်အပိုင်းများနှင့်တကွ မိမိအသက်ကိုပါ ပေးဆပ်ရန် အသင့်ရှိရမည်ဖြစ်၏။

မဟာယာနသုတ္တန်များအလိုအရ ဒါနပါရမီ၏ ရည်ရွယ်ချက်သည် ပေးကမ်းစွန့်လှူနိုင်စွမ်းကို လေ့ကျင့်သည်မဟုတ်၊ ပေးနိုင်သည့် အရေအတွက် ပမာဏကို များသထက်များအောင် ကျင့်ကြံသည်မဟုတ်ဘဲ ဗောဓိသတ္တ၏ စွန့်လွှတ်သော

၃၉၉။ **The last four perfections will be discussed in connection with the seventh through tenth bodhisattva levels.**

စိတ်ဓာတ် ရပ်ဝတ္ထုတို့၌ မတွယ်တာသောစိတ်ဓာတ်နှင့် ဝေနေယျတို့အပေါ် အစဉ်သနားကြင်နာသော စိတ်ဓာတ်ကို လေ့ကျင့်ခြင်းသာ ဖြစ်လေသည်။ ထိုသို့မဟုတ်ပါက ပွင့်ပြီး ပွင့်ဆဲ ပွင့်လတ္တံ့. ဗုဒ္ဓရှင်တော် အဆူဆူ ဗောဓိသတ္တာအဆူဆူ ရှိနေသော်လည်း လောကဓါ ဆင်းရဲမွဲတေခြင်း မကုန်ဆုံးမှုသည် ပြဿနာ ဖြစ်နေပေလိမ့်မည်။ သံဓိနိမောစနသုတ္တန်တွင် အဝလောကိတေသွာရဗောဓိသတ္တာက "အရှင်ဘုရား အကယ်၍ ဗောဓိသတ္တာတို့၏ ဒါနပါရမီ အရင်းအမြစ်တို့သည် မကုန်မခမ်းနိုင်အောင် အနန္တဖြစ်ခဲ့ပါလျှင် ဗောဓိသတ္တိအရှင်မြတ်တို့၏ မဟာကရုဏာတရားသည် အဆုံးအပိုင်း အခြားမရှိ ဖြစ်ခဲ့ပါလျှင် လောကဓါ သတ္တဝါတို့သည် အဘယ်ကြောင့် ဆင်းရဲဒုက္ခရောက်မြဲရောက်လျက်ပင် ဖြစ်နေကြပါသနည်း" ဟူ၍ ရှင်တော် ဗုဒ္ဓကို မေးမြန်းလျှောက်ထားခဲ့၏။ ဘုရားရှင်က = ဗောဓိသတ္တာတို့၏ ဒါနပါရမီ အရင်းအမြစ်တို့သည် မကုန်မခမ်းနိုင်အောင် အနန္တဖြစ်ခဲ့သော်လည်း ဗောဓိသတ္တာ အရှင်မြတ်တို့၏ မဟာကရုဏာတရား သည်အဆုံး အပိုင်းအခြားမရှိ ဖြစ်ခဲ့သော်လည်း လောကဓါ သတ္တဝါတို့သည် ဆင်းရဲဒုက္ခ ရောက်မြဲရောက် လျက် ရှိကြရသည်မှာ ဝေနေယျသတ္တဝါတို့၏ ကျူးလွန်ခဲ့သော ကံအမှားတို့ကြောင့် သာဖြစ်ကြောင်း ဘုရားရှင်က ပြန်လည် ဖြေဆိုတော်မူခဲ့၏။ ဥပမာအားဖြင့် ဆာလောင် မွတ်သိပ်မှုနှိပ်စက်အပ်သော ပြိတ္တာသတ္တဝါသည် ရေဆာလွန်း၍ မြစ်ချောင်းတို့ဆီကို ချဉ်းကပ်ပါသော်လည်း မိမိ၏ အတိတ်အကုသိုလ် အာနုဘော်ကြောင့် ရေတစ်စက်တစ်ပေါက်မှပင် မမြင်ရရှာလေသကဲ့သို့ဖြစ်ကြောင်း ဥပမာ ဆောင်ပြတော်မူပါသည်။[၄၀၀]

ဤရှုထောင့်မှကြည့်လျှင် ပကတိဓမ္မတရားသည် အကောင်းလည်းမဟုတ် အဆိုးလည်းမဟုတ်သော အဗျာကတ သဘော သက်သက်သာဖြစ်၏။ ဆိုင်ရာသတ္တဝါတို့၏ ပြုခဲ့သော အတိတ်ကံ အကျိုးပေးတည်းဟူသော မျက်မှန်တပ်ကြည့် လိုက်သောအခါတွင်မှ အကောင်းအဆိုး သဘောများကွဲပြားသွားခြင်း ဖြစ်လေသည်။ မိမိဘဝ၏ အကောင်းအဆိုး အတွေ့အကြုံများသည် မိမိပြုခဲ့သမျှ ရောင်ပြန်ဟပ်ခြင်း မိမိစိုက်ပျိုးခဲ့သမျှ ပြန်လည် ရိတ်သိမ်းရခြင်းဟုသာ ဆိုနိုင်ပေ၏။ ထို့ကြောင့် ဒါနပါရမီဟူသည် အရာဝတ္ထုတို့အပေါ် မစွဲလမ်းမတပ်မက်သော စိတ်အနေကို ရရှိအောင် ကျင့်ဆောင်ခြင်းသာဖြစ်ပြီး လောက၏ ပြဿနာအပေါင်းကို ဖြေရှင်းပေးခြင်းမဟုတ်ဆိုသောအချက်ကို သတိမူရမည်။[၄၀၁]

ထို့အပြင် ဒါနအရာတွင် ရပ်ဝတ္ထုပစည်းကို လှူဒါန်းသော အာမိသဒါန အသက်ရှင်သန်ခွင့်ကို လှူဒါန်းသော ဇီဝိတဒါနနှင့် တရားအလင်းရောင်ကို လှူဒါန်း

၄၀၀။ ***Sutra Explaining the Thought*, Stog Palace edition, p. 134.5.**

၄၀၁။ ***Entry into the Bodhisattva Deeds*, chapter V. 9–10, pp. 74–75.**

သော ဓမ္မဒါနဟူ၍ ရှိရာတွင် ဓမ္မဒါနသည်သာ အမြတ်ဆုံးဖြစ်၏။ အခြားသော ဒါန အမျိုးအစားများမှ ရရှိသော ချမ်းသာသုခများသည် ပြန်လည်ဆုံးရှုံးနိုင်သော်လည်း ဓမ္မဒါနကပေးသည် အသိဉာဏ်နှင့် လွတ်မြောက်ခြင်း ဝိမုတ္တိတရားများသည် တစ်ဖန်ပြန်လည် မဆုံးရှုံးနိုင်စကောင်းသော အမြဲတက်ရတနာများ ဖြစ်ပါ၏။ ကဿပ ပရိဝတ္တသုတ်တွင် ဤသို့မိန်ဆိုထားပါသည်။

ပြန်လည်ရရှိလာမည့် ဒကျိုးဝိပါက်ကို မမျှော်ကိုးဘဲ ကိလေသာအညစ်အကြေး ကင်းစင်သောစိတ်နှင့် ပြုအပ်သည့် တရားဓမ္မအလှူကို ဘုရားရှင်တို့ လွန်စွာချီးမွမ်းကြကုန်၏။[၄၀၂]

(၂) သီလပါရမီ

သီလပါရမီကို ဖြည့်ကျင့်ခြင်းသည် မဟာယာန ဓမ္မတရားလမ်းစဉ်အတွက် မရှိမဖြစ် လိုအပ်သော ပါရမီတစ်ပါးဖြစ်၏။ သီလပါရမီ၏ အခြေခံ အဆင့်အနေဖြင့် မိမိ၏ ကိုယ်နုတ်အပြုအမူ လွန်ကျူးမှုများမဖြစ်အောင် ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြစ်၏။ အကုသိုလ် အတွေးစိတ်များကြောင့် တစ်ပါးသူတို့ နာကျင်မှုမဖြစ်စေရန် သတိဖြင့် ကျင့်ကြံနေထိုင်ရန်ဖြစ်၏။ နောက်တစ်ဆင့်အနေဖြင့် အကုသိုလ်ကံများကို ဖြစ်ပေါ်စေသော အတွင်းကိလေသာ စိတ်ဆိုး စိတ်မိုက်များကို ဆုံးမပယ်ရှားရန် ဖြစ်၏။ အကျိုးတရားအနေဖြင့် အဆင့်အတန်းမြင့်မားသော ဘဝများကို ရရှိပြီး စိတ်ကြည်လင် တည်ငြိမ်မှု သမာဓိအတွက် အထောက်အကူ ဖြစ်စေနိုင်၏။ သီလကြောင့် သမာဓိကို အားကောင်းစေသလို သမာဓိ အားကောင်းလာသော ကြောင့် သီလစင်ကြယ်ရေးအတွက် အထောက်အကူ ပြုနေလေသည်။ သီလ၏ အကာအကွယ်ကို မရသောစိတ်သည် ကိလေသာလေပြင်းတို့ တိုက်ခတ်သောကြောင့် လူးလွန့်လှုပ်ရှားနေရသော ဖယောင်းတိုင်မီးကဲ့သို့ ဖြစ်နေပေလိမ့်မည်။ မကောင်းမှုမှန်သမျှကို ရှောင်ကြဉ်ပယ်ခွာနိုင်သော စိတ်သည် မိမိ၏ အမှုကိစ္စတို့ကို အနှောင့်အဖွဲ့ ကင်းရှင်းစွာ ပေါ့ပါးလွတ်လပ်စွာဖြင့် ဆောင်ရွက်နိုင်သလို ကျန်ပါရမီတရားများကိုလည်း ဤ သီလပါရမီက အားဖြည့်ပေးနိုင်၏။

အရှင်သန္တိဒေဝက ယခုကဲ့သို့ ရေးဖွဲ့ခဲ့၏။

"ကျင့်စဉ်ကို ထိန်းသိမ်းစောင့်ရှောက်ချင်သူသည် စိတ်ကို ထိန်းသိမ်း စောင့်ရှောက်ရမည်။

လှုပ်ရှား ယိမ်းယိုင်နေသောစိတ်ကို မထိန်းသိမ်းနိုင်သူသည် ကျင့်စဉ်ကိုလည်း မကာကွယ်နိုင်ချေ။

၄၀၂။ **Gunther, The Jewel Ornament of Liberation (1970), cited on page.157**

သဘာဝဆင်ရိုင်းတို့ မည်မျှသောင်းကျန်းဖျက်ဆီးသော်လည်း ၄င်းတို့ ဖျက်ဆီးမှုများသည် စိတ်ဆင်ရိုင်းတစ်ကောင်ကြောင့် အဝီစိနှင့် အခြားသောငရဲများကို ကျရောက်ရခြင်းဒုက္ခကို မမီနိုင်ချေ။

အကယ်၍ စိတ်ဆင်ရိုင်းကို သတိပဋ္ဌာန်တရားတည်ဟူသော ထူးကြိုးဖြင့် ချည်နှောင် ဖမ်းဆီးနိုင်ခဲ့ပါလျှင် အန္တရာယ်ခပင်း ပျောက်ငြိမ်းလျက် အောင်မြင်ခြင်း အပေါင်း ခညောင်းပေနိုင်လိမ့်မည်။"[၄၀၃]

ဗောဓိသတ္တသည် ဒါနပါရမီကို မဂ်လမ်းစဉ်၏ အစအဖြစ် စတင်ကျင့်ကြံသော်လည်း ဒါနပါရမီသက်သက်ဖြင့် မလုံလောက်ပေ။ ဒါနပါရမီသည် ကြီးမားသော အကျိုးတရားကို ပေးစွမ်းသော်လည်း ကိုယ်ကျင့်သီလမပါရှိပါက ကောင်းမြတ်သော လားရာဂတိများသို့ မရောက်ရှိနိုင်ပေ။ အရှင်စန္ဒြကိတ္တိ၏ မဇ္ဈိမိကဝတာရကျမ်းတွင် ဤသို့ဖော်ပြထား၏။

အကြင်အခါ၌ လူတစ်ယောက်သည် မိမိ၏ အခြေနှင့်တူသော သီလတရားကို ရိုက်ချိုးဖျက်ဆီး၏။ ထိုသူသည် မည်မျှပင် ဒါနပုညအစုစုတို့ လုပ်ဆောင်ထားသည်ဖြစ်စေ မိမိ၏ သီလကင်းမဲ့မှုကြောင့် အပယ်ဘုံဘဝများသို့ ကျရောက်ရမည်ဖြစ်ပေ၏။[၄၀၄] ထိုနည်းတူစွာ သန္တိဒေဝ၏ သိက္ခာသမုစ္စယကျမ်းတွင် မျက်ကန်းတစ်ယောက်သည် အဆင်းသဏ္ဌာန်ကို မမြင်နိုင်သကဲ့သို့ သီလကင်းမဲ့သူသည် သစ္စာတရားကို မမြင်နိုင်ကြောင်း ပြဆိုထားပါသည်။

ဗောဓိသတ္တသည် ရဟန်းတော်တစ်ပါးဖြစ်ပါက ရဟန်းတို့ကျင့်အပ်သော ဝိနယနှင့် ပါတိမောက္ခသံဝရသီလတရားများကို စောင့်ထိန်းရမည်ဖြစ်၏ ဗောဓိသတ္တသည် အိမ်ရာထောင်သည့် လူဥပသကာဖြစ်ပါက အခြေခံ ဂရုဓမ္မသီလတရားများအပြင် မိမိ၏ လူမှုရေးအဆင့်အတန်းအရ ကျင့်သုံးရမည့် ကျင့်ဝတ်သီလများကိုလည်း စောင့်ထိန်းရမည်ဖြစ်၏။ သို့သော်လည်း သီလပါရမီတရားများ ဖြည့်ကျင့်မှု၏ ပန်းတိုင်သည် မိမိအတွက်မဟုတ်ဘဲ ဝေနေယျသတ္တဝါတို့၏ အကျိုးကို ဆောင်ကြဉ်းရန် ဗောဓိဉာဏ်ရရှိရန် အလို့ငှာသာဖြစ်ကြောင်း **နာရာယနပရိပုစ္ဆာ သုတ္တန်**တွင် ဤသို့ဖော်ပြထားပါသည်။

သီလပါရမီ ဖြည့်ဆည်းခြင်းသည် ဘုရင်စကြာဇ်အဖြစ်ကို ရရှိရန်လည်း မဟုတ်။ နတ်စည်းစိမ်ချမ်းသာ အလို့ငှာလည်း မဟုတ်။ သိကြား ဗြဟ္မာ ရာထူးကြီးများ ရရှိရန်အတွက်လည်း မဟုတ်။ လောကီ စည်းစိမ်ဥစ္စာ ရာထူး ဂုဏ်သိန်တို့အတွက်လည်း မဟုတ်။ သီလပါရမီ ဖြည့်ဆည်းခြင်းသည် အပယ်ငရဲကို ကြောက်ရွံ့

၄၀၃။ ***Entry into the Bodhisattva Deeds*, V.1–3, p. 73.**

၄၀၄။ **Gunther, The Jewel Ornament of Liberation 1970, p-163**

သောအတွက်ကြောင့်လည်း မဟုတ်သလို တိရစ္ဆာန်ဘဝသို့ ယမမင်း၏ အသင်းအပင်းအဖြစ်သို့ ကျရောက်ရမည်ကို စိုးရိမ်သောကြောင့်လည်း မဟုတ်။ အမှန်စင်စစ် သီလပါရမီဖြည့်ဆည်းခြင်းသည် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိပြီး ဝေနေယျသတ္တဝါတို့ကို ခေမာကမ်းသောင်သို့ ထုတ်ဆောင်ကယ်တင်နိုင်ရန် အလို့ငှာသာ ဖြစ်ပါ၏။[၄၀၅]

ဗောဓိသတ္တတို့အတွက် အထူးစောင့်စည်းရမည့် ကျင့်ဝတ်များမှာ အောက်ပါတို့ဖြစ်ကြ၏။

- ဗုဒ္ဓဓမ္မသံဃတည်းဟူသော ရတနာသုံးပါးကို ရည်စူး၍ လှူဒါန်းထားသော ဝတ္ထုပစ္စည်းတို့ကို မခိုးယူရ။
- ဘာဝနာတရားအားထုတ်နေသူ၏ ပစ္စည်းလေးပါးကို မခိုးယူရ။
- သူတစ်ပါးတို့၏ အလှူဒါနအမှုတို့ကို တားဆီးပိတ်ပင်ခြင်း မပြုရ။
- ပဉ္စာနန္တရိယကံကြီး (၅) ပါးကို မကျူးလွန်ရ။
- မိစ္ဆာဒိဋ္ဌိအယူဝါဒများကို ဟောကြားဖြန့်ဖြူးခြင်း မပြုရ။
- လူနေအိမ်ခြေ မြို့ရွာ အဆောက်အဦများကို မဖျက်ဆီးရ။
- ပါရမီ မရင့်ကျက် အဆင်သင့် မဖြစ်သေးသူများကို သုညတာဓမ္မနှင့် ပတ်သက်၍ မဟောကြားရ။
- မိမိကိုယ်ကိုသော် လည်းကောင်း၊ တစ်ပါးသူကိုသော် လည်းကောင်း မဟာ ယာနလမ်းစဉ်မှ မဆုတ်နစ်စေရ။
- သာဝကလမ်းစဉ်ကို ကျင့်သုံးနေသူတို့အား ၄င်းတို့၏ ဓမ္မလမ်းစဉ်မှ မဆုတ်နစ်စေရ။
- မိမိကိုယ်ကို ချီးမြှောက်ပြီး တစ်ပါးသူကို စော်ကားနှိမ်ချခြင်း မပြုရ။
- မိမိ အမှန်တကယ် မရရှိသေးသော တရားအသိများ ဘူမိများကို လိမ်ညာသက်သေမခံရ။
- သူတစ်ပါးမပြုလုပ်သော အပြစ်ဒုစရိုက်အားဖြင့် မတရားစွပ်စွဲမှု မရှိစေရ။[၄၀၆]

(၃) ခန္တီပါရမီ

အာရုံတို့၏ အကောင်းအဆိုး အကျိုးအပြစ် ရလဒ်များအပေါ် အညီအမျှ လျစ်လျူရှုသော ဥပေက္ခာတရား၏ အမြင့်ဆုံးသော အသွင်သဏ္ဌာန်သည် ခန္တီပါရမီပင် ဖြစ်ပေလိမ့်မည်။ အရှင်သန္တိဒေဝ၏အလိုအရ အမျက်ဒေါသသည် ဘဝပေါင်း မြောက်

၄၀၅။ Gunther, The Jewel Ornament of Liberation 1970, p-165

၄၀၆။ Gunther, The Jewel Ornament of Liberation 1970, p-166

များစွာ ကျင့်ကြံစုဆောင်းထားသော ပါရမီအထုအထည်ကို တမဟုတ်ချင်း ဖျက်ဆီးပစ်နိုင်စွမ်း ရှိသောကြောင့် ဗောဓိသတ္တာသည် ဒေါသကို အဓိက ထိန်းချုပ်ရန်လိုသည်။ ဒေါသအစား ဥပေက္ခာစိတ်ထားဖြင့် သည်းခံတုံ့ပြန်ရန်သာ ကျင့်ရမည် ဖြစ်၏။

"ကပ်ကမ္ဘာပေါင်းများစွာ ဖြည့်ဆည်းကျင့်ဆောင်ခဲ့သော ဒါန အစရှိသည့် ပါရမီတရားများနှင့် ရှင်တော်ဗုဒ္ဓ အဆူဆူကို ကြည်ညိုသဒ္ဓါ ညွှတ်နူးစွာဖြင့် ဆည်းကပ်ခဲ့သော ကောင်းမှုအစုစုတို့သည် ဒေါသမီးလျှံ၏ တခဏတာသော အချိန်မျှနှင့်ပင် ပျက်စီးခြင်းအတိသို့ ရောက်ရလေ၏။

ဒေါသနှင့်တူသော ဖျက်စီးတတ်သည့် အကုသိုလ် ဒုစရိုက်တရားဟူ၍ မရှိသလို ခန္တီနှင့်တူသော မွန်မြတ်သည့် ဓမ္မကျင့်စဉ်လည်း မရှိချေ။

ထို့ကြောင့် ခန္တီပါရမီတရားကို အားသွန်ကြိုးကုတ် အားထုတ်ကျင့်ကြံရာ၏။"[၄၀၇]

ခန္တီပါရမီတွင် အစိတ်အပိုင်း (၃) ပါရှိ၏။ (၁) မိမိအပေါ်တွင် မကောင်းသော အမှုများ ကျူးလွန်သူကို သည်းခံခြင်း၊ (၂) မိမိအပေါ်ကျရောက်သော မကောင်းသည့် ဒုက္ခဆင်းရဲဝေဒနာများကို သည်းခံခြင်း၊ (၃) အရာခပ်သိမ်း၏ သဘာဝအမှန်ကို သိမြင်အောင် ကြိုးပမ်းအားထုတ်၍ သည်းခံခြင်းဟူ၍ဖြစ်၏။

(၁) မိမိအပေါ်တွင် မကောင်းသော အမှုများ ကျူးလွန်သူကို သည်းခံခြင်းကို ကျင့်သုံးရာတွင် ဗောဓိသတ္တာသည် လူသားတိုင်း၏ မိမိကိုယ်ကို မိမိ မပိုင်ဆိုင်သည့် သဘောကို ဆင်ခြင်၏။ မိမိအပေါ်တွင် မကောင်းသောအမှုများ ကျူးလွန်သူသည် တစ်ပါးသူ၏ ကျေးကျွန်လည်း ဖြစ်နိုင်၏။ အခစားသူလည်း ဖြစ်နိုင်၏။ သူ၏ စိတ်ဆိုး စိတ်ယုတ်များကို မတွန်းလှန်နိုင်သော အားနည်းသူလည်း ဖြစ်နိုင်၏။ ဤသို့ ပြင်ပအကြောင်းတရားများ၏ လွှမ်းမိုးမှုကြောင့်သာလျှင် မိမိအပေါ်တွင် မကောင်းသောအမှုများ ကျူးလွန်ရခြင်းဖြစ်သည်ဟူ၍ ဗောဓိသတ္တာသည် မှန်ကန်စွာ ဆင်ခြင်သုံးသပ်ပြီး ခန္တီပါရမီကို ဖြည့်ဆည်းပါသည်။

(၂) မိမိအပေါ်ကျရောက်သော မကောင်းသည့် ဒုက္ခဆင်းရဲဝေဒနာများကို သည်းခံခြင်းကို ကျင့်သုံးရာတွင် ဗောဓိသတ္တာသည် မိမိ၏ ရုပ်နာမ်ခန္ဓာများကြောင့်သာလျှင် မကောင်းသည့် ဒုက္ခဆင်းရဲဝေဒနာများကို ခံစားနေရခြင်းဖြစ်ကြောင်း ဆင်ခြင်၏။ မိမိ၏ အတိတ်ကာလမှပြုခဲ့သော အကုသိုလ်ကမ္မတရားတို့၏ ဝိပါက်အကျိုးကိုသာ မိမိခံစားနေရခြင်း ဖြစ်သည်ဟု ဆင်ခြင်၏။ ထို့အပြင် အဆိုပါ ဆင်းရဲဒုက္ခ

၄၀၇။ ***Entry into the Bodhisattva Deeds.*** **VI.1–2, 8-9, pp. 120–121.**

ဝေဒနာများသည် မိမိအတွက် ခန္ဓာပါရမီဖြည့်ဆည်းရန်အတွက် မရှိမဖြစ် လိုအပ်နေသော ကုန်ကြမ်းပစ္စည်းများသဖွယ် ဖြစ်နေကြောင်းကိုလည်း ဆင်ခြင်ပြီး ၄င်းတို့၏ တည်ရှိမှုကို ချီးမွမ်းရာ၏။

(၃) အရာခပ်သိမ်း၏ သဘာဝအမှန်ကို သိမြင်အောင် ကြိုးပမ်းအားထုတ်ပြီး သည်းခံခြင်းဟုဆိုရာတွင် မကောင်းသည့် ဒုက္ခဆင်းရဲ ဝေဒနာများသည် အခြားသော အရာဝတ္ထုများနည်းတူ ကိုယ်ပိုင်အနှစ်သာရမရှိသော သုညတာသဘောများ ဖြစ်သောကြောင့် အမြဲမတည်ရှိနိုင်ကြောင်း မိမိကိုအစဉ်သဖြင့် မနှိပ်စက်နိုင်ကြောင်းကိုလည်း ဆင်ခြင်၏။ ဗောဓိသတ္တာသည် လောကကို ပညာဉာဏ်ဖြင့် ကြည့်ရှုသောအခါ အရာခပ်သိမ်း၏ ပေါင်းစည်းဆက်နွယ်နေမှု သဘောကို သိမြင်၏။ အကြောင်းတရားတို့ကို မှီစွဲဖြစ်ပွားရသော အကျိုးတရားတို့ကို မြင်၏။ ထို့ကြောင့် မည်သည့် အရာမှ ပင်ကိုယ်ပကတိ ကိုယ်ပိုင်သဘာဝမရှိကြောင်းကိုလည်း သိမြင်၏။ အကောင်းတရား အဆိုးတရားတို့သည်လည်း ပင်ကိုယ်ဂုဏ်သတ္တိမရှိသော စွဲမှီဖြစ်ပွားထင်ပေါ်သော တရားများသာဖြစ်ကြောင်းကို သိမြင်လေသောကြောင့် ဗောဓိသတ္တာသည် အကောင်းကိုလည်း မသာယာမတွယ်တာ အဆိုးကိုလည်း မပစ်ခွာမရှံရှာဘဲ အညီအမျှ ရှုလျက် သည်းခံနေထိုင်၏။ ဤသို့အားဖြင့် ဗောဓိသတ္တာသည် ချစ်သူမုန်းသူ နှစ်မျိုးစလုံးအပေါ်တွင် တူမျှသော မေတ္တာကို ပွားလျက် မတုန်လှုပ်သောစိတ်ဖြင့် နေထိုင်နိုင်၏။

(၄) ဝီရိယပါရမီ

ဗောဓိသတ္တ၏ မဂ်လမ်းစဉ်ကို မတွန့်ဆုတ်သောစိတ် ခိုင်မာသော ဇွဲသတ္တိတို့ဖြင့် ဆက်လက်လျှောက်လှမ်းနေနိုင်ရန်အတွက် ဝီရိယပါရမီလိုအပ်ပေသည်။ ဗောဓိသတ္တ၏ မဂ်လမ်းစဉ် အလွန်ကြာရှည်သော ကာလ (စိရံကာလ) အပိုင်း အခြားအားဖြင့် ကျင့်ကြံအားထုတ်ရသောကြောင့် မဆုတ်မနစ် ရဲရင့်ပြတ်သားသော စိတ်နေစိတ်ထားလိုအပ်၏။

အရှင် သန္တိဒေဝမထေရ်၏ ဗောဓိသတ္တာဝစာရ ကျမ်းတွင် ဤသို့ ဖော်ပြထား၏။

"ခန္ဓီတရားကိုကျင့်သုံးပြီးသူ ဗောဓိသတ္တာသည် ဝီရိယပါရမီကို ဆက်လက်ဖြည့်ကျင့်ရမည်။

အဘယ်ကြောင့်ဆိုသော် ဗောဓိဉာဏ်ဖြစ်ထွန်းရေးအတွက် ဝီရိယသည် မပါမဖြစ် အရေးကြီးသောကြောင့်တည်း။

လေမတိုက်လျှင် မည်သည့်အရာမှ မရွေ့လျားနိုင်သလို ဝီရိယပါရမီ မရှိပါလျှင် ကောင်းမှုကုသိုလ်တရားတို့ မဖြစ်ထွန်းနိုင်ချေ။

ဝီရိယပါရမီဟူသည် အဘယ်နည်း။ ကောင်းမှုကုသိုလ်တရားတို့အတွက် အပတ်တကုတ် ကြိုးစားအားထုတ်ခြင်းပင်တည်း။

ဝီရိယ၏ ဆန့်ကျင်ဘက်တရားကား အဘယ်နည်း။ ပျင်းရိခြင်း၊ ထုံထိုင်းခြင်း၊ မိမိကိုယ်ကိုစက်ဆုပ်နေခြင်း၊ မိစ္ဆာတရားတို့၌ စွဲလမ်းခြင်း သဘောပေတည်း။

ပျင်းရိခြင်းသည် ဆုတ်နစ်သောစိတ်ဖြစ်၏ လေးပင်ဖင့်နွဲခြင်းမှ လာ၏။ ကာမဂုဏ်အာရုံတို့ကို တပ်စွန်းခြင်း အိပ်စက်ခြင်းနှင့် သူတစ်ပါးအပေါ် မှီခိုလိုစိတ်တို့ကို အခြေခံနေ၏။

သံသရာဝဋ်ဆင်းရဲအပေါ်တွင် ထုံထိုင်းခြင်း ခံစားချက် ကင်းမဲ့ခြင်းတို့ကြောင့် ပျင်းရိခြင်း ဖြစ်ပေါ်လာရ၏။

မောပန်းနွမ်းနယ်မှုတို့ကို အဝေးသို့ပစ်လွှင့်တတ်သည့် ဗောဓိစိတ္တတည်းဟူသော မြင်းရထားထက်သို့ တက်လှမ်း ပျော်ရွှင်ခြင်းမှ ပျော်ရွှင်ခြင်းသို့ သုခမှသုခသို့ ခရီးနှင်သူအတွက် အဘယ်မှာ စိတ်ပျက်အားငယ်စရာ ရှိပေလိမ့်နည်း။

သဒ္ဓါတရား သမာဓိတည်ကြည်မှု ပီတိသုခနှင့် စွန့်လွှတ်သော နိက္ခမတရားတို့၏ အစွမ်းဖြင့် ဝေနေယျသတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်ပေ၏။ သံသရာဝဋ်ဆင်းရဲ အပေါ်တွင် ကြောက်ရွံ့ခြင်းနှင့် ၄င်း၏ ကောင်းချီးမင်္ဂလာတို့ကို နှလုံးသွင်းလှမ်း ဗောဓိစိတ္တကို မွေးမြူကြီးထွားစေအပ်၏။ ဆန့်ကျင်ဘက် အကုသိုလ်တရားများကို နုတ်ပယ်လှမ်း သဒ္ဓါ ပီတိသုခ နိက္ခမတရားတို့အားဖြင့် မိမိ၏ ဝီရိယပါရမီကို တိုးမြှင့်ဖြည့်ကျင့်ရမည်ဖြစ်၏။"[၄၀၈]

ဝေနေယျသတ္တဝါတို့၏ အကျိုးစီးပွားအတွက် ရည်စူးသောစိတ်နှင့် ကရုဏာတရားတို့သည် ဗောဓိသတ္တ၏ အဓိဋ္ဌာန်ကို ခိုင်မာစေ၏။ သံတောင်ကြီးကို အပ်ဖြစ်အောင် သွေးမည်ဟူသော ထက်မြက်ပြင်းပြသော ဇွဲမာန်လုံ့လနှင့် ဝီရိယသတ္တိမျိုးကို အထူးလိုအပ်၏။ မဟာယာန ဗုဒ္ဓဘာသာစာပေတို့၌ ဝီရိယပါရမီ၏ တန်ဖိုးကို အထူးချီးမွမ်း ဖော်ပြထားသည်ကို တွေ့ရ၏။ သာဂရမတိ ပရိပုစ္ဆာသုတ္တန်တွင် ပျင်းရိသောသူ၊ ဝီရိယမရှိသောသူသည် ဓနချမ်းသာကိုလည်းမရနိုင် ဒါနပါရမီကိုလည်း မဖြည့်ဆည်းနိုင် အသိပညာကိုလည်း မတိုးတက်စေနိုင်ဘဲ ရှိကြောင်းနှင့် မြတ်သောဗောဓိဉာဏ် ပညာရရှိရန် အလှမ်းဝေးနေကြောင်း ဖော်ပြထား၏။ ထို့အပြင် ပညာပါရမီတာ သံစယဂါထာတွင်လည်း ဝီရိယပါရမီရှိမှသာ ကုသိုလ်

၄၀၈။ ***Entry into the Bodhisattva Deeds*, VII.1–3, 30–32, pp. 174–175, 186–187.**

ကောင်းမှုတရားများ တိုးပွားစေနိုင်ကြောင်းနှင့် လောကတွင်ရှာ အလင်းရောင်နှင့် လွတ်မြောက်ခြင်းကို ဝိရိယပါရမီက ဆောင်ကြဉ်းနိုင်ကြောင်း ဆိုထားပါသည်။[၄၀၉]

(၅) စျာနပါရမီ

ဝေနေယျသတ္တဝါအများအတွက် ရည်စူးသော ဗောဓိစိတ္တကို ထူထောင်ပြီး လောက ကို မကပ်ငြိ မတွယ်တာသော နိကွမ စိတ်မြတ်ဖြစ်ပေါ်လာပြီးသည့်အခါတွင် ဗောဓိ သတ္တသည် စိတ်ကို မယိမ်းယိုင် မလှုပ်ရှားအောင် စျာန်သမာဓိ တည်ဆောက်ရမည် ဖြစ်၏။ စျာနပါရမီ ဟူသည်မှာ တစ်ခုတည်းသော အာရုံကို စိုက်စိုက်စူးစူး တည်စေ လျက်မဝေဝါး မပျံ့လွင့်စေဘဲ မြဲခိုင်သော စိတ်၏ တည်ကြည်မှုကို တည်ဆောက် ကျင့်ကြံခြင်းဖြစ်၏။ ဗောဓိသတ္တ မဂ်လမ်းကို ကျင့်သူသည် လောကီ အနှောင်အဖွဲ့ တရားများကို ချန်ထားရစ်လျက် အထီးတည်းဇကစာကျင့်လျက် သမထ ဘာဝနာ တရားကို ပွားများ အားထုတ်ရ၏။ စျာန်သမာဓိ အဆင့်ဆင့်ကို ဖြစ်ပေါ်စေရ၏။ စိတ်သန္တာန်အတွင်း ကိလေသာမြူခိုးတို့ မထကြွအောင် ဖိနှိပ် အားထုတ်ရာ၏။

အရှင် သန္တိဒေဝမထေရ်၏ ဗောဓိသတ္တာဝစာရကျမ်းတွင် ဤသို့ ဖော်ပြ ထား၏။

"ဗောဓိဉာဏ်အလို့ငှာ စိတ်မြတ်ကို မွေးမြူပြီးသည့်နောက်တွင် ဗောဓိသတ္တ သည် စိတ်ကို တည်ကြည်ခိုင်ခံ့အောင် ကျင့်ရပေမည်။

အဘယ်ကြောင့်ဆိုသော် မတည်ကြည် မခိုင်ခံ့သော စိတ်သည် ကိလေသာ အညစ်အကြေးများ၏ အစွယ်တို့ အောက်ဝယ် နစ်မွန်းလျက် ရုပ်တည်နေရပေလိမ့် မည်။

မိမိကိုယ်နှင့် စိတ်ကို စည်းကမ်းကလနားဖြင့် ထိန်းသိမ်းခြင်းအားဖြင့် စိတ်၏ ဝိတက်အတွေးတို့ မပျံ့လွင့်တော့ပေ။

ထို့ကြောင့် လောကီအစွဲအလမ်းဟူသမျှတို့ကို စွန့်ပစ်ခါထွက်၍ ပျံ့လွင့် သော အတွေးစိတ်တို့ကို သိမ်းအုပ်လေလော့။

ထို့ကြောင့် ငါသည် ကာယဝိဝေကရှိသော ဇကစာရီဘဝကိုသာ ရွေးချယ် နေထိုင်ပေတော့အံ့။

ပီတိချမ်းသာနှင့် ဆန့်ကျင်ဘက်ရုန်းကန်မှုများမှ ကင်းဝေးသော လွတ်လပ် သူ၏ဘဝကိုသာ ထူထောင်ပေတော့အံ့။

ဤသို့ ငြိမ်းချမ်းသောဘဝဖြင့် နေထိုင်ခြင်းသည်သာလျှင် ထွေထွေရာရာ လွင့်ပျံ့သောစိတ်ကို ထိန်းအုပ်နိုင်မည်ဖြစ်၏။

၄၀၉။ Gunther, The Jewel Ornament of Liberation, p-181

စိတ်ကို အာရုံတစ်ခုတည်းတွင် စွဲကပ် စိုက်တည်နေစေခြင်းအားဖြင့် စျာနပါရမီကို ငါဖြည့်ကျင့်ပေတော့အံ့။"[၄၁၀]

ဗောဓိသတ္တသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် ရုပ်ပတ်ဝန်းကျင် အနှောက်အယှက်တို့မှ လွတ်မြောက်သော ကာယ ဝိဝေကတရားကို အရင်တည်ဆောက်၏။ ထို့နောက် စျာန်သမာပတ်များကို လေ့ကျင့်ပွားများခြင်းအားဖြင့် ကိလေသာ အညစ်အကြေးများမှ လွတ်မြောက်သော စိတ္တဝိဝေကတရားကို ရရှိ၏။ စိတ္တဝိဝေကကို အခြေခံ၍ သခ်ၤါရလက္ခဏာတို့မှ ကင်းဆိတ်ရာဖြစ်သော ဥပဓိဝိဝေကတရားကို ရရှိနိုင်ရန်အတွက် စျာနပါရမီကို ဖြည့်ကျင့်ရ၏။

(၆) ပညာပါရမီ

အရှင်သန္တိဒေဝ၏ အလိုအရ ပညာပါရမီသည် အားလုံးသော ပါရမီကုသိုလ်တရားတို့၏ အထွတ်အမြတ် သရဖူ မကိုင်ဦး ဥဿောင်သဖွယ်ဖြစ်၏။ မြတ်စွာဘုရားသည်ဤ ပညာပါရမီအလို့ငှာ သဒ္ဓမ္မတရားမြတ်ကို ဟောတော်မူခဲ့ခြင်း ဖြစ်၏။ ဒုက္ခဆင်းရဲအပေါင်းကို တစ်ဖန်ပြန်မဖြစ်သော ထာဝရငြိမ်းအေးခြင်းဖြင့် ငြိမ်းအေးစေနိုင်သည်မှာလည်း ပညာပါရမီသာဖြစ်၏။[၄၁၁]

ပညာပါရမီဆိုသည်မှာ လောကီ နှင့် လောကုတ္တရာ ဓမ္မတရားတို့ ကို အဝိဇ္ဇာမဖက် မောဟမစွက်ပဲ သူတို့၏ ပကတိ အတိုင်းတိုင်း ယထာဘူတအရှိတရားအတိုင်းမြင်နိုင်စွမ်း (ယထာဘူတဒဿန) ပင်ဖြစ်လေသည်။ ယထာဘူတအရှိတရားအတိုင်း သိမြင်သည်ဆိုသည်မှာ အရာခပ်သိမ်း၏ အတွင်းအမာခံ အနှစ်သားဆိတ်သုဉ်းခြင်း အတ္တ-အတ္တနိယ ဆိတ်သုဉ်းခြင်းဟူသော သုညတာသဘာဝကို သိမြင်ခြင်းပင်ဖြစ်၏။ ယင်း သစ္စာတရားကို မသိမြင်လေသော ဝေနေယျ သတ္တဝါအပေါင်းတို့သည် အတ္တနှင့် လောကကို ပကတိ အရှိတရားစစ်စစ်များအဖြစ် စွဲထင်လျက် လောဘ ဒေါသ မောဟ တရားများ ဖြစ်ပွားရပြီး ဒုက္ခသံသရာ လည်ပတ်နေမှုမှ မလွတ်မြောက်ကြတော့ပေ။ ထို့ကြောင့် ဘဝဆင်းရဲ၏ ဒုက္ခသစ္စာ ချုပ်ငြိမ်းစေရန်အတွက် အဓိကအကြောင်းရင်းဖြစ်သော ပညာပါရမီကို ဖြည့်ကျင့်ရမည်ဖြစ်၏။ **ကန်ရှလက်ခ်ဒန်** (Kensur Lekden) ၏ အလိုအရ သုညတာ ကို ပိုင်ပိုင်ကြီးမသိသေးသော်လည်း အတ္တနှင့် လောကတို့၏ အရှိတရားကို သံသယဖြစ်သည့် ဆိုရုံမျှနှင့်ပင် လောကတရားစုတို့အပေါ် တပ်မက်စွဲလမ်းမှုတို့ များစွာ လျော့ပါးသွား

၄၁၀။ Ibid., VIII.1–2, 38–39, pp. 206, 220–221.

၄၁၁။ Ibid., IX.1, p. 262.

ဖို့ ဖြစ်နိုင်၏။ လောက၏ အရှိတရားဟု သတ်မှတ်ထားသော အရာဝတ္ထုများ သတ္တဝါများသည် ခွဲခြမ်းစိတ်ဖြာကြည့်ပါလျှင် အစိတ်အပိုင်းတို့ စုစည်းထားသော အစုအဝေးများ ဖြစ်ကြောင်းနှင့် ၄င်း အစိတ်အပိုင်းတို့ ကိုယ်တိုင်ကလည်း အတည် မမြဲ ပြောင်းလဲဖောက်ပြန် ပျက်စီးနေသော အနိစ္စ ခယဝယတရားများသာ ဖြစ် ကြောင်း မြင်သိသည်နှင့် ဘဝကို တပ်မက်စွဲလမ်းသော ဥပါဒါန်တို့ မှန်သမျှ လဲပြို၍ လွတ်မြောက်ခြင်းကို ရောက်ရပေမည်။[၄၁၂]

ဗောဓိသတ္တတို့သည် ပညာပါရမီအားဖြင့် လောကနှင့် သတ္တဝါတို့ကို အတွင်း အနှစ်သား ဆိတ်သုဉ်းနေသော သုညတာ ဓမ္မများအဖြစ် သိမြင်နေခြင်းကြောင့် ဝေနေယျသတ္တဝါတို့အပေါ် ထားရှိသော မေတ္တာကရုဏာတရားများ ခမ်းခြောက် သွားစေနိုင်သလောဟု ဝေဖန်စောဒကြောရန်ရှိ၏။ ပညာပါရမီသည် သတ္တဝါတို့ကို ဘိတ်စတုံးလုံးလုံးမရှိဟု နတ္ထိကအမြင်ဖြင့် ယတိပြတ် ငြင်းဆိုခြင်းမဟုတ်ဘဲ သတ္တ ဝါတို့၏ ကိုယ်ပိုင်သတ္တိဖြင့် ပကတိ ရှိနေမှုသဘောကိုသာ ငြင်းခြင်းဖြစ်၏။ ထို့ ကြောင့် သတ္တဝါတို့ကို အကြောင်းတရားတို့ကို စွဲမှီ၍ ဖြစ်ပွားနေရသော အကျိုး တရားစုများ (ပဋိစ္စသမုပ္ပါဒ တရားများ) အနေဖြင့် လက်ခံထားပါ၏။ ထိုသို့ ဖြစ် နေရခြင်း၏ ဆင်းရဲခြင်းအတိုပြီး နေမှုကိုလည်းမြင်သောကြောင့် ဝေနေယျ သတ္တဝါ တို့ အကျိုးငှာ ပါရမီတို့ ကျင့်သုံးဆောက်တည်နေရခြင်းဖြစ်၏။

ဗောဓိသတ္တဘူမိ (၁၀) ပါး နှင့် မဂ်လမ်းစဉ် (၅) ပါး

အထက်တွင်တင်ပြခဲ့သော ပါရမီတရား (၆) ပါးကို ဖြည့်ကျင့်သော ဗောဓိသတ္တ သည် ဘူမိတစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်၍ နောက်ဆုံးတွင် အတုမရှိသော အနှိုင်းမဲ့ ဘုရားအဖြစ်ကို ရောက်ရ၏။ ထိုဗောဓိသတ္တဘူမိများကို အနိမ့်အမြင့် အလိုက် (၁၀) ဆင့် ခွဲခြားထားရှိ၏။ ဗောဓိသတ္တဘူမိ (၁၀)ပါး (Ten Bodhisattva Levels) ဟုခေါ်၏။ ရှေးဦးဗုဒ္ဓဘာသာတွင် မဂ် ၄ ဆင့် ဖိုလ် ၄ ဆင့် ခွဲခြားထား သလိုပင် ဗောဓိသတ္တဘူမိများသည် တစ်ဆင့်ပြီးမှ တစ်ဆင့် အစဉ်လိုက် မြင့်တက် သိမြင်ရမည့် တရားအဆင့်များ ဖြစ်ကြ၏။ အဆိုပါ ဗောဓိသတ္တဘူမိ (၁၀) ကိုပင် မဂ်အဆင့် ၅ ပါးဖြင့် ကန့်သတ် ပိုင်းခြားထားသည်ကိုတွေ့ရ၏။

ပထမမဂ်သည် **သမ္ဘာရမဂ်**ဖြစ်၏။ ကုသိုလ်ကောင်းမှုများကို စုဆောင်းသော အဆင့်ဖြစ်၏။ ဒုတိယမဂ်သည် **ပယောဂမဂ်** ဖြစ်၏။ ဗောဓိသတ္တမဂ်လမ်းစဉ်ကို

၄၁၂။ In *Compassion in Tibetan Buddhism*, p. 51. His statement is based on a common Mah›-y›na aphorism, which may be found in firyadeva's *Catu.Ïataka*, v. 180.

ကျင့်ကြံရန် အားထုတ်သော ကာလဖြစ်၏။ ပယောဂမဂ်၏ ရရှိအပ်သောအဆင့်မှာ ပထမဘူမိဖြစ်ပြီး ပထမဘူမိကို **ဒဿနမဂ်**ဟု ဆို၏။ သဗ္ဗဓမ္မသုညတာကို ထိုးထွင်းသိမြင်သော အဆင့်ဖြစ်၏။ ဒုတိယ ဗောဓိသတ္တဘူမိမှ စတင်၍ နောက်ဆုံး ဒသမဘူမိအထိတိုင်အောင်ရှိသော အဆင့်များကို **ဘာဝနာမဂ်**အဆင့်များအဖြစ် သတ်မှတ်ထားပါသည်။ ဗောဓိသတ္တသည် ပထမဘူမိတွင် ထိုးထွင်းသိမြင်ခဲ့ရသော သုညတာဓမ္မအမြင်ကို ဆက်လက် အသုံးချ ပွားများရန်ဖြစ်၏။ ဗုဒ္ဓဘုရားရှင် အဖြစ်သို့ ရောက်တော်မူသောအခါဝယ် လမ်းဆုံးသို့ ရောက်ရှိပြီဖြစ်သောကြောင့် **အသေက္ခမဂ်**ကို ရောက်ရှိသည်ဟု ဆိုပါသည်။

ဗောဓိသတ္တသည် သမ္မာရမဂ်လမ်းစဉ်တွင် စုဆောင်းမှု နှစ်ပါး- သမ္မာရတရားနှစ်ပါးကို စတင်ဖြည့်ကျင့်ပါသည်။ ၄င်းတို့မှာ **ကောင်းမှုကုသိုလ် စုဆောင်းခြင်း (ပုညသမ္ဘာရ)** နှင့် **အသိပညာစုဆောင်းခြင်း (ဉာဏသမ္ဘာရ)** တို့ဖြစ်ကြ၏။ ယင်းတို့အနက် ကောင်းမှုကုသိုလ် စုဆောင်းခြင်း (ပုညသမ္ဘာရ) ဟူသည်မှာ ကောင်းကျိုးဝိပါက် ရလဒ်ဖြစ်ပေါ်စေနိုင်သော ကိုယ်နုတ်စိတ် ကံသုံးပါး၌ ကောင်းမှုကုသိုလ်တရားများ ပွားများစေခြင်းဖြစ်၏။ အသိပညာ စုဆောင်းခြင်း (ဉာဏသမ္ဘာရ) ဟူသည်မှာ ဝေနေယျသတ္တဝါတို့ အကျိုးစီးပွားကို ရည်မှန်းလျက် လောကီလောကုတ္တရာ အသိပညာရပ်များ ဆည်းပူးရှာဖွေခြင်းဖြစ်၏။ ဤမဂ်လမ်းစဉ်ကို စတင်ဝင်ရောက်ရာတွင် ဗောဓိသတ္တသည် ဝေနေယျသတ္တဝါတို့ အကျိုးစီးပွားကို ရည်မှန်းလျက် ဗောဓိဉာဏ်ပညာကို ရရှိစေရန် စိတ်ပိုင်းဖြတ်ခြင်းတည်းဟူသော ဗောဓိစိတ္တ (mind of awakening) ကို ထူထောင်ရပါသည်။

ဗောဓိသတ္တသည် သုညတာဘာဝနာ၏ အစွမ်းအားဖြင့် စျာန်သမာဓိကို ထူထောင်နိုင်လာသည့်အချိန်ကို မဂ်လမ်းအဆင့် (၅) ဆင့်၏ ဒုတိယအဆင့် ပယောဂမဂ္ဂ/ Path of Preparation သို့ ဆိုက်ရောက်ပြီဖြစ်ကြောင်း ဖော်ပြထားလေသည်။ ကမလာသီလ၏ ဘာဝနာကမ္မက္ကမ်းအလိုအရ ဤအဆင့်တွင် ဗောဓိသတ္တသည် အရိယာအဖြစ်ကို မရောက်သေးသော ပုထုဇဉ် ဖြစ်နေသေးသော်လည်း သာမန် အသိအမြင်ကန်းသော အန္ဓပုထုဇဉ် မဟုတ်တော့ပြီ။

ပယောဂမဂ္ဂ ကိုလည်း အဆင့် (၄) ဆင့် (တပ၊ သီသ၊ ခန္တီ နှင့်လောကုတ္တရာ/ eat, peak, patience (or endurance) and supreme mundane *dharmas*) များအဖြစ် ခွဲခြားထား၏။ ဤအဆင့်အလွှာများသည် သုညတာဘာဝကို အဆင့်ဆင့် နက်ရှိုင်းစွာ နားလည်သိမြင်သဘောပေါက်မှုကို ထင်ဟပ်နေသော အဆင့်များ ဖြစ်သည်။ ဤအဆင့်ကို ရောက်သည့်အခါတွင် ဗောဓိသတ္တသည် အဆင့်နိမ့် အပါယ်ဘုံဘဝများတွင် မွေးဖွားခြင်း မရှိတော့ပြီဟု ဆိုပါသည်။

ဗောဓိသတ္တမဂ်ကျင့်စဉ်ကို အားထုတ်သူ ယောဂီသည် မိမိ၏ သမထဘာဝနာ (စိတ်၏ ဖြူစင်သန့်ရှင်းငြိမ်သက်ခြင်း-သမာဓိ ထူထောင်မှု) နှင့် ဝိပဿနာဘာဝနာ (သုညတာသဘာဝကို ပညာဉာဏ်အားဖြင့် သုံးသပ်မှု) တို့ အထွတ်အထိပ်သို့ ရောက် ရှိပြီး ပေါင်းစည်းနိုင်ပါလျှင် **ပရိကမ္မ မဂ်လမ်းစဉ်**သို့ ရောက်ရှိဟု ဆိုနိုင်သည်။ ဤအဆင့်တွင် **သမ-တာ သဘာဝ** (Suchness) အပေါ် အတွေးဝိတက် ကြံဆမှုများမပါဘဲ တိုးတက်နားလည် သိမြင်လာပုံကို အဆင့် (၄) ဆင့်ဖြင့် အောက် ပါကဲ့သို့ ဖော်ပြထား၏။

(၁) Heat / အပူဓာတ်ထွန်းပခြင်း

သုညတာဓမ္မကို သိမြင်သောဉာဏ်ပညာ၏ အစွမ်းကြောင့် အပူဓာတ်ထွန်းပခြင်း စတင်ဖြစ်ပေါ်ခဲ့၏။ သစ်ကိုင်းနှစ်ခုကို ပွတ်သောအခါ ထွက်ပေါ်လာသော အပူ ဓာတ်သည် နောက်ဆုံးရလာဒ်ဖြစ်သော မီးတောက်၏ အကြိုဖြစ်ကဲ့သို့ ၄င်းအပူ ဓာတ်ထွန်းပခြင်းသည် အတုမရှိသော မပျက်စီးနိုင်သော ဒဿနမဂ်ဉာဏ်၏ ရှေးဦး အကြို ဖြစ်လေသည်။

(၂) Peak / အထွတ်အထိပ်သို့ရောက်ရှိခြင်း

ဘဝများစွာကတည်ဆောက်ခဲ့သော ကုသိုလ်ပါရမီကံတရားတို့သည် ဆုတ်ယုတ်မှု မရှိတော့ပဲ ခိုင်မာစွာတည်တံ့နေခဲ့၏။ ပညာဖြင့် သုညတာသစ္စာတရားကို ပိုင်းခြား သိမြင်သုံးသပ်မှု သဘောများ တိုးတက်ဖြစ်ပွားလာခဲ့ရ၏။ ဒဿနမဂ်တွင် ရရှိမည့် သစ္စာကို ကိုယ်ပိုင်ဉာဏ်အားဖြင့် တိုက်ရိုက်ထိုးထွင်းသိမြင်ခြင်းဟူသော ယောဂီပစ္စ ကွဲပမာဏ အသိ၏ ရှေးဦး အကြိုသဖွယ် ဖြစ်လေသည်။

(၃) Patience/ သည်းခံကျင့်ကြံခြင်း

သုညတာဘာဝနာကို ကြောက်ရွံ့မှု မရှိတော့သလို မိမိ၏ ဓမ္မအသိမြင့်တက်လာမှု ကြောင့် ဗောဓိသတ္တသည် နိမ့်ကျသော အပါယ်ဘဝမျိုးသို့ မကျရောက်နိုင်တော့ချေ။ အသိဉာဏ်နှင့် အသိခံ သုညတာဘာဝကို ပိုင်းပိုင်းခြားခြား ကွဲပြားစွာ သိမြင်လာ သော အဆင့်ဖြစ်၏။

(၄) Supreme/ အမြတ်ဆုံးအဆင့်

နောက်ဆုံးအဆင့်တွင် လောကုတ္တရာ သစ္စာဉာဏ်ကို ရရှိရန်အတွက် ပြီးပြည့်စုံ သော အဆင့်ကိုရောက်ရှိပြီးလျှင် တစ်သီးတစ်ခြား တည်ရှိနေသောသိသူ ရှုထောင့်

လုံးဝပျောက်ကွယ် အသိခံ ဓမ္မတရားတို့နှင့် တစ်သားတည်းဖြစ်သည့် အဆင့်ကို ရောက်ရှိလာခဲ့ပါ၏။ ဗောဓိသတ္တသည် ပထမဘူမိ (ဒဿနမဂ်)၏ တံခါးဝသို့ ဆိုက်ရောက်လာခဲ့ပြီဟု ဆိုနိုင်ပေသည်။

အဆိုပါမဂ် ၅ပါး နှင့် ဗောဓိသတ္တဘူမိ ၁၀ ပါးတို့ ချိတ်ဆက်ပုံကို အောက်ပါ ပုံပြဇယားဖြင့် လေ့လာနိုင်၏။

မဂ်လမ်းစဉ် (၅) ပါး	ရရှိမှု Attainment	ရောက်ရှိမှုအဆင့်	သက်ဆိုင်သော ဘူမိ
သမ္မာရမဂ်	ကောင်းမှုနှင့် ဉာဏ်ပညာ စုဆောင်းခြင်း		
ပရိကမ္မမဂ်	သမထနှင့် ဝိပဿနာ ဘာဝနာ ပေါင်းစည်းမှုကို ရောက်ရှိခြင်း	1. Heat (အပူဓာတ်) 2. Peak (အထွတ်) 3. Patience (ခန္တီ) 4. Supreme (အမြတ်ဆုံး)	
ဒဿနမဂ်	၁။ သုညတာဓမ္မတရားကို နက်ရှိုင်းစွာ သိမြင် ၂။ အတ္တ အတ္တနိယ သဘောများအပေါ် စွဲလန်းမှုကို ဖယ်ရှားနိုင်ခြင်း ၃။ နှစ်မျိုးနှစ်ပြားမြင်သော	အနန္တရ မဂ်များ ဝိမုတ္တ မဂ်များ	ပထမ ဗောဓိသတ္တ ဘူမိ
	ဒုန္နအမြင် ကို ကျော်လွှန်		
ဘာဝနာမဂ်	အနုသယစွဲနေသော အတ္တဒိဋ္ဌကို ပယ်ခွာခြင်း	အနန္တရ မဂ်များ ဝိမုတ္တ မဂ်များ	ဒုတိယဘူမိမှ ဒဿ မဘူမိ

မဂ်လမ်းစဉ် (၅) ပါး	ရရှိမှု Attainment	ရောက်ရှိမှုအဆင့်	သက်ဆိုင်သော ဘူမိ
အသေက္ခမဂ်	အနက်ရှိုင်းဆုံး အတွေ့စွဲနှင့် အထုံ ဝါသနာများကို စွန့်ပယ်ခြင်း	ကိလေသာရဝဏနှင့် ဥပ္ပာဝရဏ တရားများ ပယ်စွန့်နိုင်ခြင်း	ဘုရားအဖြစ်ကို ရောက်ရှိခြင်း

(၁) ပထမ ဗောဓိသတ္တဘူမိ (ပရမုဒိတာ/Very Joyous)

ပထမ ဗောဓိသတ္တ ဘူမိကို **ပရမုဒိတာ (အလွန်ရွှင်လန်းဝမ်းမြောက်ခြင်း)** ဟုခေါ်ဆို ရသည်မှာ သုညတာသဘာဝကို ပထမဆုံး ထိုထွင်းသိမြင်ရခြင်းနှင့် ထို အသိပညာကြောင့် ရွှင်လန်းဝမ်းမြောက်ခြင်း ထူးကဲစွာ ဖြစ်ပေါ်ရသောကြောင့် ဖြစ်၏။ ဤအဆင့်မှစတင်၍ ဗောဓိသတ္တာသည် ပုထုဇဉ်အနွယ်ကို ဖြတ်တောက် အရိယာအနွယ်သို့ ရောက်ရှိသည် ဖြစ်သောကြောင့် ရှေးဦးဗုဒ္ဓဘာသာ၏ ပထမမဂ်ဖြစ်သော သောတာပတ္တိမဂ်နှင့် အလားတူဖြစ်သည်ဟု ဆိုနိုင်သည်။ ၄င်းသည် ဓမ္မမဂ်လမ်းစဉ်၏ တတိယအဆင့် ဖြစ်သော **ဒဿနမဂ်** (The path of seeing) နှင့် ထပ်တူလည်း ဖြစ်ပေသည်။

ပထမဘူမိဌိတည်သော ဗောဓိသတ္တာသည် ဒါနပါရမီကို ကမ်းကုန်လမ်းကုန် ဖြည့်ကျင့်နိုင်သောအဆင့်လည်း ဖြစ်၏။ ဗောဓိသတ္တာသည် သုညတာဓမ္မဒဿန အမြင်ကို ရရှိပြီးဖြစ်သောကြောင့် မိမိကိုယ်ကိုနှင့် လောကကို အတ္တ-အတ္တနိယ အဖြစ် မစွဲလန်းတော့သောကြောင့် ဗောဓိသတ္တာသည် အရာရာကို လွတ်လွတ်ကျတ်ကျတ် စွန့်လှူနိုင်စွမ်းလည်း ရှိလာ၏။ ပစ္စည်းတို့ကိုလှူဒါန်းခြင်း ကြောက်ခြင်းကင်းမှု (ရဲရင့်ခြင်း) ကို လှူဒါန်းခြင်း ဓမ္မအသိဉာဏ်ကို လှူဒါန်းခြင်းစသော လှူဒါန်းမှု အသွင် (၃) မျိုးစလုံးကို အပြည့်အဝ ဆောင်ရွက်နိုင်လာသည့်အပြင် လှူဒါန်းသူ အလှူခံပုဂ္ဂိုလ်နှင့် လှူဒါန်းသည်ဝတ္ထုပစ္စည်း စသည်တို့သည်လည်း အတွင်းအနှစ် အသား တစ်စုံတစ်ရာဖြင့် ခိုင်ခိုင်မာမာ အဟုတ်ပကတိ မတည်ရှိကြောင်း သိမြင်သော သုညတာဉာဏ်ပညာကို အခြေခံ၍ လှူဒါန်းလာနိုင်ခဲ့၏။ မိမိ၏ ကောင်းမှု အဖို့ဘာဂကို ဝေနေယျသတ္တဝါအားလုံး တရားထူးရစေခြင်းနှင့် လွတ်မြောက်စေခြင်း အကျိုးအတွက် ရည်စူး အမျှပေးဝေခြင်းများကိုလည်း ပြုလုပ်ရမည်ဖြစ်၏။ အရာ ခပ်သိမ်း၏ မမြဲခြင်း ဆင်းရဲခြင်း အစိုးမရခြင်း အတ္တမဟုတ်ခြင်းတို့ကို သိမြင်သောကြောင့် ဗောဓိသတ္တာသည် မကောင်းမှု အကုသိုလ် မှန်သမျှကို ရှောင်ကြဉ်ပြီး

အဓိသီလသိက္ခာကို ပြည့်စုံစေခဲ့လေသည်။[၄၁၃] ပထမဘူမိတွင် သုညတာဓမ္မဒဿန ကို ရောက်ရှိပြီးဖြစ်သည်ဟု ဆိုသော်လည်း ဗောဓိသတ္တ၏ စိတ်သန္တာန်သည် ယုံကြည်မှု သဒ္ဓါတရားဖြင့်သာ စွတ်စိုပြည့်လျှမ်းလျက် ရှိနေလေသည်။ သီလသိက္ခာ ပြည့်စုံစေခြင်းဖြင့် နောက်ဘူမိများတွင် ရရှိမည့် လောကီ စွာန်သမာပတ်များအတွက် ကြိုတင်ပြင်ဆင်ပြီးသား ဖြစ်ခဲ့ကြောင်းတွေ့ရ၏။

ပထမဘူမိဖြစ်သော ပရမုဒိတာ အဆင့်နှင့်ပတ်သက်၍ ဒသဘူမိကသုတ္တန်ကဆိုသည်မှာ ဤအဆင့်တွင် ဖူးသစ်စ ဗောဓိသတ္တာသည် အောက်ဖော်ပြပါ အဓိဋ္ဌာန် (၁၀) ပါးကို ဆောက်တည်သည်ဟု ဆိုပါသည်။

(၁) ရှင်တော်ဗုဒ္ဓမှန်သမျှကို အကြွင်းမရှိ ရှိခိုးကော်ရော်ပူဇော်ရန် အဓိဋ္ဌာန်ပြုခြင်း၊

(၂) ရှင်တော်ဗုဒ္ဓမှန်သမျှ ဟောညွှန်ပြသော သီလသိက္ခာပုဒ် မှန်သမျှ အကြွင်းမရှိ စောင့်ထိန်းရန် အဓိဋ္ဌာန်ပြုခြင်း၊

(၃) ရှင်တော်ဗုဒ္ဓတစ်ဆူ၏ လောကပါရမီဖြည့် အတွေ့အကြုံတိုင်းကို သိမြင်ရန် အဓိဋ္ဌာန်ပြုခြင်း၊

(၄) ဗောဓိစိတ္တကို အကြွင်းမဲ့ နားလည်သိမြင်ပြီး ပါရမီတရားတို့ကို ပွားများ ဖြည့်ဆည်းရန် အဓိဋ္ဌာန်ပြုခြင်း၊

(၅) အားလုံးသော ဝေနေယျသတ္တဝါတို့ကို အသိအမြင် ရင့်ကျက်စေလျက် ဗုဒ္ဓထံတွင် ယုံကြည်သက်ဝင်စေရန် အဓိဋ္ဌာန်ပြုခြင်း၊

(၆) စကြဝဠာ လောကတစ်ခုလုံးကို ထွင်းဖောက်သိမြင်ရန် အဓိဋ္ဌာန်ပြုခြင်း၊

(၇) ဗုဒ္ဓခေတ်မှန်သမျှကို သန့်ရှင်းစင်ကြယ်စေရန် အဓိဋ္ဌာန်ပြုခြင်း၊

(၈) မဟာယာနဓမ္မကို သက်ဝင်ယုံကြည်လျက် ဗောဓိသတ္တာအားလုံး၏ ရည်ရွယ်ချက်နှင့် တစ်သားတည်းဖြစ်ရန် အဓိဋ္ဌာန်ပြုခြင်း၊

(၉) ကာယကံ ဝစီကံ မနောကံတရားအားလုံးကို အကျိုးရှိစေ၊ အောင်မြင်စေရန် အဓိဋ္ဌာန်ပြုခြင်း၊

(၁၀) အမြင့်မြတ်ဆုံး အနုတ္တရသမ္မာသမ္ဗောဓိဉာဏ်ကို ရရှိပြီး ဓမ္မဒေသနာများ ဟောညွှန်ပြသနိုင်ရန် အဓိဋ္ဌာန်ပြုခြင်းတို့ ဖြစ်ကြ၏။

အထူးသဖြင့် ပထမဘူမိ ပရမုဒိတာတွင် ဗောဓိသတ္တာသည် ဒါနပါရမီကို

၄၁၃။ *See Compassion in Tibetan Buddhism*, pp. 140–142.

ပြီးပြည့်စုံအောင် ဖြည့်ကျင့်ရ၏။ သို့သော်လည်း ကျန်သော ပါရမီတရားများကိုလည်း ဖြည့်ကျင့်မှ၌ မပျက်ကွက်ချေ။ ဒသဘူမိကသုတ္တန်တွင် ဘူမိဆယ်ပါးနှင့် ပါရမီဆယ်ပါးတို့ကို စပ်ဟပ်၍ ရှင်းပြထားခဲ့၏။ ဘူမိ (၁၀)ပါးကို ရှင်းပြနိုင်ရန်အတွက် ပါရမီ (၆)ပါးမှ (၁၀)ပါး အထိ တိုးတက်ချဲ့ထွင်ခဲ့သည်ဟုယူဆရပေသည်။ ဒသဘူမိကသုတ္တန်၏အလိုအရ ဗောဓိစိတ္တ နိုးကြားပြီးသော ဗောဓိသတ္တသည် ဗောဓိသတ္တမဂ်လမ်းစဉ်၏ ပထမဦးဆုံးဘူမိ(ပရမုဒိတာ=Joyous)သို့ ဝင်ရောက်ပြီဟု ဆိုနိုင်၏။ မဟာယာန ဗုဒ္ဓဘာသာ၏ ဖြစ်ထွန်းတိုးတက်မှုသမိုင်းတွင် ဗောဓိသတ္တမဂ်လမ်းစဉ်မှ အမျိုးမျိုးရှိခဲ့နိုင်သည်ဟု ပညာရှင်များက မှန်းဆခဲ့ကြ၏။ သမိုင်းစဉ်တစ်လျှောက် တရွေ့ရွေ့နှင့် စံနစ်တိကျသော လမ်းစဉ်ပုံသဏ္ဌာန် ဖြစ်ပေါ်လာသည်ကို ကမလာသီလ၏ ဘာဝနာကမ္မကျမ်းနှင့် တိဗက်ဂီလုဂ်ပ စာပေများတွင် အထင်အရှား တွေ့ရှိလာရလေသည်။ ကမလာသီလ၏ ဘာဝနာ ကမ္မကျမ်း အလိုအရဆိုရလျှင် ဗောဓိသတ္တတစ်ပါး၏ စိတ်သန္တာန်ဝယ် ဗောဓိစိတ္တနိုးကြားလာရုံနှင့် ပထမ ဗောဓိသတ္တဘူမိကို ရောက်ရှိပြီဟု မဆိုနိုင်ကြောင်း သူသည် ဉာဏ်ပညာနှင့် နည်းဥပါယ်တို့တွင် ဆက်လက် လေ့ကျက်ကြိုးပမ်း အားထုတ်ရဦးမည်ဖြစ်ကြောင်း တင်ပြထားလေသည်။ ဤနေရာတွင် နည်းဥပါယ်ဟုဆိုရာ၌ ဒါန သီလ ခန္တီ ဝီရိယနှင့် ဈာန စသော ပါရမီများကို ဆိုလိုပြီး ဉာဏ်ပညာဆိုသည်မှာ ပညာပါရမီကို ရည်ညွှန်းပါသည်။

သဒ္ဓါ ဝီရိယ သတိ သမာဓိ နှင့် ပညာဟူသော စွမ်းအား(၅)ပါး (ဗိုလ် ၅ ပါး) ကိုလည်း ပိုင်နိုင်စွာ ကျင့်သုံးပြီး ဖြစ်လေသည်။ စိတ်၏ စွမ်းအားသတ္တိများ တိုးတက်ပြည့်စုံလာပြီး သုညတာလက္ခဏာကို အတွေးသိ ဆင်ခြင်သိ မဟုတ်ဘဲ ဘာဝနာသိ ပစ္စက္ခအသိအားဖြင့် ကိုယ်တိုင် ထိုးထွင်း သိမြင်နိုင်သောအခါတွင် ဗောဓိသတ္တသည် ဒဿနမဂ္ဂ/The Path of Insight သို့ ရောက်ရှိခဲ့ပါ၏။ ထိုသို့ ရောက်ရှိခြင်းကိုသာ ပထမဗောဓိသတ္တဘူမိသို့ အစစ်အမှန် ဝင်ရောက်နိုင်ခြင်းဖြစ်ကြောင်း ကမလာသီလနှင့် အခြား မဟာယာနကျမ်းဂန်များက အတည်ပြုထား၏။ ဤအဆင့်တွင် ဗောဓိသတ္တသည် ပုထုဇဉ်အနွယ်ကို ဖြတ်တောက်၍ အရိယာသူတော်စင်အဖြစ် ရောက်ရှိလာသည့်အပြင် မိမိ၏ အနာဂတ်သံသရာကို ပဲ့ကိုင်ထိန်းကျောင်းနိုင်စွမ်းကို ရရှိလာခဲ့၏။ အောက်ဖော်ပြပါ ထူးကဲသော အဘိညာဉ်တန်ခိုးသတ္တိထူးများကိုလည်း ရရှိဟု ဆို၏။[၄၅]

၄၁၄။ **Dhargyey, N. (1976) *Tibetan Tradition of Mental Development*, 2nd edn, Dharamsala, India: Library of Tibetan Works and Archives.: p-197**

ဗောဓိသတ္တ၏ သမာပတ် (၁၂) ပါး

(၁) ရှင်တော်ဗုဒ္ဓ တစ်ရာကို ဖူးမြင်နိုင်၏။
(၂) ရှင်တော်ဗုဒ္ဓ တစ်ရာ၏ ကောင်းချီးမင်္ဂလာကို ခံယူနိုင်၏။
(၃) ဗုဒ္ဓခေတ် တစ်ရာကို ရောက်ရှိနိုင်၏။
(၄) ၄င်း ဗုဒ္ဓခေတ်များကို ထွန်းလင်းစေနိုင်၏။
(၅) စကြဝဠာ လောကဓာတ်တစ်ရာကို တုန်လှုပ်စေနိုင်၏။
(၆) ကပ်ကမ္ဘာ တစ်ရာအထိ အသက်ရှင်နေနိုင်၏။
(၇) ကပ်ကမ္ဘာ တစ်ရာကို ထုတ်ချင်းပေါက် မြင်နိုင်၏။
(၈) ဘာဝနာသမာပတ် တစ်ရာသို့ ဝင်စားနိုင် ထမြောက်နိုင်၏။
(၉) ဒေသနာနည်းတစ်ရာ ဟောကြားနိုင်၏။
(၁၀) သတ္တဝါ တစ်ရာကို နိုးကြားစေနိုင်၏။
(၁၁) မိမိ ကိုယ်ပွားတစ်ရာ ဖန်ဆင်းနိုင်၏။
(၁၂) မိမိ ကိုယ်ပွားတစ်ရာ၏ ကိုယ်ပွားတစ်ခုစီတိုင်းတွင် ဗောဓိသတ္တတစ်ရာ စီ ဝန်းရံစေနိုင်၏။

ဤသမာပတ်အစွမ်း ၁၂ ပါး၏ စွမ်းအားသည် ဗောဓိသတ္တဘူမိတစ်ခုမြင့် သွားတိုင်း ဆယ်ဆတိုးသွားသည်ဟု ဆိုပါသည်။[၄၁]

(၂) ဒုတိယ ဗောဓိသတ္တဘူမိ (ဝိမလာ/The Stainless)

ဗောဓိသတ္တသည် ဒုတိယ ဗောဓိသတ္တဘူမိတွင် သီလပါရမီကို ကမ်းကုန်အောင် ဖြည့်ကျင့်ပါသည်။ ဗောဓိသတ္တသည် အိပ်မက်ထဲ၌ပင် မကောင်းသော စိတ်ထား မကောင်းသော အတွေးအကြံများ မဖြစ်စေအောင် ထိန်းသိမ်းစောင့်ရှောက်၏။ အပု ည ကိရိယာတရားဆယ်ပါးဖြစ်သော သတ်ခြင်း ခိုးခြင်း လွန်ကျူးခြင်း လိမ်လည်ခြင်း ကုန်းတိုက်ခြင်း ကြမ်းတမ်းသော စကားဆိုခြင်း သိမ်ဖျင်းစကားဆိုခြင်း လိုချင် တပ်မက်ခြင်း ဝန်တိုခြင်း အယူမှားခြင်းတို့မှ ဝေးစွာ ရှောင်ရှားပြီး ဖြစ်ခဲ့၏။[၄၂] ထို့ကြောင့် ဤ ဒုတိယဘူမိတွင် ဗောဓိသတ္တသည် သီလပါရမီကို အထွတ်တင်၍ အဓိသီလသိက္ခာဖြစ်အောင် အထူးဖြည့်ကျင့်သည်ဟု ဆိုနိုင်၏။ မိမိ၏ ကိုယ်နှုတ် နှလုံး ဒွါရသုံးပါးစလုံးကို အထူးကြပ်မတ် စောင့်ကြည့် ထိန်းသိမ်းနေသောကြောင့် ဗောဓိ သတ္တသည် မကောင်းမှု ဒုစရိုက်တရား ၁၀ ပါး စလုံးကို ပယ်ရှားနိုင်လာခဲ့၏။

၄၁။ Hopkins, J. (1983) *Meditation on Emptiness*, London: Wisdom.p-100
၄၂။ Hopkins, J. (1983) *Meditation on Emptiness*, London: Wisdom.p-193-194

ဤသို့ ဒုစရိုက်တရားများမှ ရှောင်ရှားပြီးဖြစ်သော ဗောဓိသတ္တ၏ စိတ်သန္တာန်သည် သန့်စင်ပြီးဖြစ်သောကြောင့် အဆင့်မြင့် လောကီ စျာန်သမာပတ်များ (ရူပစျာန် အရူပစျာန် စသည်) ကျင့်ပွားရန်အတွက် လုံလောက်ပြီးဖြစ်၏။ မိမိကိုယ်တိုင် အကုသိုလ် ဒုစရိုက်တရားများမှ ရှောင်ရှားရုံမက အခြားသူများကိုလည်း မကောင်းမှုရှောင်၍ ကောင်းမှု ဆောင်ကြရန် သင်ကြားပေး၏။ ဝေနေယျသတ္တဝါတို့၏ သီလပျက်ယွင်းမှုကြောင့် ဆင်းရဲဒုက္ခ သံသရာလည်ပတ်နေရပုံ၊ ခံစားနေရပုံများကို ပိုမိုသိမြင်လာရသောကြောင့် ဗောဓိသတ္တ၏ စိတ်သန္တာန်တွင် ဝေနေယျသတ္တဝါတို့အပေါ် ကြီးမားသော ကရုဏာတရားလည်း တိုးတက်ဖြစ်တည်လာခဲ့၏။

(၃) တတိယ ဗောဓိသတ္တဘူမိ (ပရဘာကာရီ/ The Shining)

တတိယ ဗောဓိသတ္တဘူမိသို့ရောက်သော ဗောဓိသတ္တသည် စျာန်သမာပတ်များနှင့် တကွ ဖြဟ္မဝိဟာရတရား ၄ ပါး အဘိညာဉ်ခြောက်ပါးတို့ကိုပါ ပြည့်စုံစေခဲ့၏။ ဉာဏ်ပညာ၏ မီးလျှံသည် မကောင်းသော အကုသိုလ် အညစ်အကြေးများနှင့် အယူအမြင်မှားများကို လောင်ကျွမ်းဖျက်ဆီးပြီးဖြစ်သောကြောင့် သန့်စင်ဝင်းလက်တောက်ပသူ = ပရဘာကာရီဟု ခေါ်ဆို၏။[၄၇]

ဤအဆင့်တွင် ဗောဓိသတ္တသည် ခန္ဓီပါရမီနှင့်အတူ ဥပေက္ခာတရားကို ရွပ်ရွပ်ချွဲချွဲ ဖြည့်ကျင့်၏။ နှစ်ကာလ ကြာရှည်စွာ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို တစ်ခုချင်း ဖြတ်တောက်၍ တရိရှားရှား နှိပ်စက်ညှင်းပန်းသော်လည်း ဗောဓိသတ္တသည် ရန်သူကို ဥပေက္ခာပြုထားနိုင်သည့် အဆင့်ကို ရောက်ရှိလာ၏။ ပြုသူအသစ်ဖြစ်သူအဟောင်းဟု ဆိုသကဲ့သို့ ဗောဓိသတ္တသည် မိမိ၏ နာကျင်မှု ဆင်းရဲဝေဒနာများကို မိမိ၏ အတိတ်ကမ္မသတ္တိများ ဖုံးပွင့်မှုအဖြစ် ဥပေက္ခာစိတ်ထားနိုင်သလို ဒေါသဖြင့် ဖိစီးအပ်သော နှိပ်စက်သူ၏ ကံတရားနှင့် အနာဂတ်အကျိုးဆက်တို့အတွက် ကြင်နာသနားဒေါသမပွားစေဘဲ မေတ္တာထားနိုင်လာပါသည်။[၄၈]

ဂမ်ပိုပ၏ အလိုအရ တတိယဘူမိရောက်ဗောဓိသတ္တသည် သူတစ်ပါးကို နာကျင်စေလိုမှုနှင့် မိမိခံစားရသည်များအတွက် ပြန်လည် ကလဲ့စားချေလိုမှုများကင်းပျောက်ခဲ့ပြီဖြစ် ဆင်းရဲခြင်းဟူသမျှကို ခန္ဓီပါရမီအပြည့်ဖြင့် ရင်ဆိုင် ခံယူနိုင်လာ၏။ မိမိ၏ အစွန်းရောက်သော လောဘဒေါသ မောဟ မာန်မာနတရားများကို

၄၁၇။ Hopkins, J. (1983) *Meditation on Emptiness*, London: Wisdom. p. 204.

၄၁၈။ Hopkins, J. (1983) *Meditation on Emptiness*, London: Wisdom.p-206.

ခဝါချခဲ့ပြီဖြစ်၏။[၄၁၉] ဗောဓိသတ္တသည် မည်သို့ပြင်းထန်သော လောကဓံတရားများနှင့် ကြုံတွေ့ရသည်ဖြစ်စေ မိမိ၏ စိတ်ကို လောကဓံတရားများက လွှမ်းမိုးခြင်းမပြုနိုင်အောင် တည်ကြည်ခိုင်ခဲ့သော စိတ်အထူး (အဓိစိတ္တ) ကိုလည်း တည်ထောင်နိုင်သူဖြစ်လာပါသည်။ ဒဿဘူမိက သုတ္တန်အလိုအရဆိုပါလျှင် တတိယဘူမိသို့ ရောက်ရှိပြီးသော ဗောဓိသတ္တသည်သာ ရူပစျာန် အရူပစျာန် သမာပတ်များ အပွမာဏ ဇြဟ္မဝိဟာရ သမာပတ်များ (မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ) တို့နှင့် အာဘိညာဉ် အသိထူးများကို ရရှိသည်ဟု ဆိုပါသည်။

(၄) စတုတ္ထ ဗောဓိသတ္တဘူမိ (အစရိမတိ/ The Radiant)

စတုတ္ထ ဗောဓိသတ္တဘူမိသို့ ရောက်ရှိသော ဗောဓိသတ္တသည် ဝီရိယပါရမီကို အထွဋ်တင်၍ ဖြည့်ဆည်းရမည်ဖြစ်၏။ အစဉ်သဖြင့် ဉာဏ်ပညာလင်းရောင်ခြည်ကို ထုတ်လွှတ်နေသောကြောင့် ဤဘူမိကို အစရိမတိဟု ခေါ်ဆို၏။ ကိလေသာအနှောင်အဖွဲ့မှန်သမျှကို ဖျက်ဆီးနိုင်သောကြောင့် သဗ္ဗညုတဉာဏ်တော်အတွက် တားဆီးထားသော အာဝရဏ တရားများကို သုတ်သင်ရှင်းလင်းနိုင်ပြီဖြစ်၏။[၄၂၀]

ထူးခြားချက်မှာ စတုတ္ထ ဗောဓိသတ္တဘူမိရောက် ဗောဓိသတ္တသည် ဗောဓိပက္ခိယတရား (၃၇) ပါး ကို ပြီးပြည့်စုံအောင် ဖြည့်ကျင့်ခဲ့ပြီးဖြစ်၏။ ၄င်းတို့မှာ သတိပဋ္ဌာန်တရား ၄ ပါး သမ္မပဓာန်တရား ၄ ပါး ဣဒ္ဓိပါဒ် (၄) ပါး ဣန္ဒြေ (၅) ပါး ဗိုလ် ၅ ပါး ဗောဇ္ဈင် ၇ ပါး မဂ္ဂင် ၈ ပါး တို့ဖြစ်ကြ၏။ ဗောဓိပက္ခိယတရားများတွင် ဝီရိယသည် နေရာ ၁၄ နေရာတွင် ပါဝင်နေသောကြောင့် ဤအဆင့်တွင် ဗောဓိသတ္တသည် ဝီရိယပါရမီ၏ အစွမ်းသတ္တိဖြင့် ပျင်းရိဆုတ်နစ်ခြင်း အမျိုးမျိုးကို အောင်နိုင်လာခဲ့၏။ မိမိ၏ စိတ်ဓာတ် ခွန်အားကြီးမားမှုအပေါ်တွင်လည်း လေးနက်လွန်ကဲသော ယုံကြည်မှုသဒ္ဓါတရား ထင်ထင်ရှားရှား ဖြစ်ပေါ်လာခဲ့၏။

(၅) ပဉ္စမ ဗောဓိသတ္တဘူမိ (သုဒုဇယ/ The Invincible)

ပဉ္စမဘူမိကို အောင်မြင်ကျော်လွန်ရန် ခက်ခဲသောအဆင့် (သုဒုဇယ) ဟုခေါ်ဆို၏။ ဆန့်ကျင်ဖက် မာရ်အပေါင်း ရန်အပေါင်းတို့က အောင်မြင်ကျော်လွန်ရန် ခက်ခဲနေသော သူတော်မြတ်အဖြစ်ကို ရောက်ရှိခြင်းကို ဖော်ပြနေသည်။ ဗောဓိသတ္တသည် မိမိ၏ ဉာဏ်ပညာနှင့် ကရုဏာတရားတို့ အားကြီးခိုင်မြဲမှုကြောင့် မတုန်လှုပ်

၄၁၉။ sGam po pa (1970) *The Jewel Ornament of Liberation*, trans. H. V. Guenther, London: Rider.: 175

၄၂၀။ Wonch'uk, vol. *thi* [119], p. 527.5.

သော အဖြစ်ကို ရောက်ရှိခဲ့ပြီ ဖြစ်၏။ ပဥ္စမ ဗောဓိသတ္တဘူမိနှင့်ပတ်သက်၍ အရှင် နာဂဇုန္နကာ ယခုလို ရေးဖွဲ့ခဲ့၏။

"ပဥ္စမဘူမိသည် အောင်မြင်ကျော်လွန်ရန် ခက်ခဲသူဟု ဆိုပါ၏။ အဘယ်ကြောင့်ဆိုသော မကောင်းသော မိစ္ဆာဓာတ်ယုတ်များသည် အရိယာသစ္စာတရားများကို သိမြင်ပြီး ပညာဉာဏ်ကြီးမားပြည့်လျှမ်း ကရုဏာပန်းကို ဆင်သော ဗောဓိသတ္တ အရှင်မြတ်ကို အောင်မြင်ကျော်လွှားရန် မဖြစ်နိုင်သောကြောင့်တည်း။"[၄၂]

ပထမဘူမိမှ စတုတ္ထဘူမိတိုင်အောင် ဖြည့်ကျင့်ခဲ့ရသော ဒါနပါရမီ သီလပါရမီ၊ ခန္တီပါရမီနှင့် ဝီရိယပါရမီတို့သည် ပဥ္စမဘူမိတွင် ဗောဓိသတ္တကို စွာန်သမာဓိဘာဝနာပွားများနိုင်ရန် အကြောင်းအထောက်အပံ့ အခြေခံအုတ်မြစ်များ ချထားပေးခဲ့သလိုဖြစ်၏။ ထို့ကြောင့် ပဥ္စမဗောဓိသတ္တဘူမိသို့ ဆိုက်ရောက်သော ဗောဓိသတ္တသည် စွာန ပါရမီကို အထူးပြု ရှုပွားကျင့်ကြ၏။ နိဝိရဏတရားတို့ကို ဖယ်ခွာ၍ တစ်ခုတည်းသောအာရုံ၌ စိုက်တည်မှု ဧကဂ္ဂတာကို ပွားများ ကျင့်ကြံသောကြောင့် သဗ္ဗကိလေသာသမထ (အလုံးစုံသော ကိလေသာတို့ကို ငြိမ်ဝပ်ပိပြားစေခြင်း) အကျိုးကို ရရှိခဲ့၏။ ဉာဏ်အမြင်၏ ရင့်ကျက်မှုကြောင့် အရိယာသစ္စာ လေးပါး သမ္မုတိသစ္စာ ပရမတ္ထသစ္စာဟူသော စိတ်ကျက်စားရာ ဂေါစရသစ္စာ နှစ်ပါးတို့အပေါ် နားလည် သိမြင်သဘောပေါက်သည့်အပြင် ပဥ္စမဘူမိက ဗောဓိသတ္တသည် လောကီ သိပ္ပအတတ်ပညာများကိုလည်း ဝေနေယျတို့အကျိုးအတွက် လေ့လာဆည်းပူးသူ ဖြစ်လာ၏။ စိတ်သည်လောကကိုပင် ဦးဆောင်နိုင်သော တရားဖြစ်သောကြောင့် စိတ်ကို ပဲ့ကိုင်ထိန်းချုပ်နိုင်လာသော ဗောဓိသတ္တသည် လောကကို ဦးဆောင် စေစားနိုင်သော အစွမ်းသတ္တိများကို ရရှိလာခဲ့၏။

ဗောဓိသတ္တသည် မိမိ၏ စွာန်သမာဓိ တရားခိုင်မာမှုကို အခြေခံ၍ ဝိပဿနာ ဉာဏ်စဉ်များကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ထိုးဖောက်ရောက်ရှိခဲ့၏။ သမထ၏ တည်ငြိမ်ကြည်လင်မှုနှင့် ဝိပဿနာ၏ နက်နဲစွာ သုံးသပ်မှုများကို ပေါင်းစပ်လျက် ဗောဓိသတ္တသည် စိတ်၏ မာယာ ဝိပ္ပလ္လာသတရားများက လိမ်ညာဖုံးကွယ်ထားသော လောက၏ အတုအယောင် သဘောကို ထိုးထွင်းသိမြင်လာခဲ့၏။ လောကသည် အစဉ်တည်မြဲသည် ချမ်းသာသုခပြည့်ဝသည် မိမိကိုယ်မိမိ စိုးပိုင်သည်ဟူသော အထင်များမှာ လုံးဝမှားယွင်းနေကြောင်း သိမြင်လာခဲ့၏။

(၆) ဆဋ္ဌမ ဗောဓိသတ္တဘူမိ (အဘိမုခီ/The Manifest)

ဆဋ္ဌမဘူမိကို အဘိမုခီ ဟုခေါ်ဆိုခြင်းအကြောင်းမှာ ဤဘူမိတွင် ဗောဓိသတ္တသည်

၄၂။ *The Precious Garland*, p. 85.

ပဋိစ္စသမုပ္ပါဒ= စွဲမှီဖြစ်ပေါ်ခြင်း သဘာဝကို အဆုံးစွန်အထိ သိမြင်သောကြောင့် အရာခပ်သိမ်း၏ နိမိတ်သဏ္ဌာန် ကင်းမဲ့နေသည့် အနိမိတ္တသဘာဝ/The Signless nature ကို ထိုးထွင်းသိခဲ့ပြီဖြစ်၏။

အနိမိတ္တစေတောသမာဓိ (အရာခပ်သိမ်း၏ နိမိတ်သဏ္ဌာန် ကင်းမဲ့နေသည့် အနိမိတ္တသဘာဝတွင် ဉာဏ်သက်ဝင်ခြင်း) ဟူသည်မှာ ရှိရှိသမျှ ပညတ်ပရမတ်အရာခပ်သိမ်းတို့၏ ဂုဏ်လက္ခဏာများသည် ယင်းတို့ ကိုယ်ပိုင်မဟုတ်ဘဲ စိတ်က ဖန်ဆင်းတည်ထောင် သတ်မှတ်သော စိတ္တပရိကပ္ပ စိတ္တပဋိဗိမ္ဗ တရားများသာဖြစ်ကြောင်း သိမြင်ခြင်း ဖြစ်လေသည်။ ဤသို့ သိမြင်သော ဗောဓိသတ္တသည် သံသရာနှင့် နိဗ္ဗာန်ဟူသော တရားစု အားလုံးတို့ အပေါ်စွဲလမ်းခြင်း ကုန်ဆုံးပြီးဖြစ်၏။ သို့သော်လည်း ဗောဓိစိတ္တကို ထူထောင်ခဲ့သော မဟာကရုဏာဓာတ်၏ စွမ်းအားကြောင့် ဗောဓိသတ္တတို့သည် ချုပ်ငြိမ်းမှု နိဗ္ဗာန်သို့ မဝင်စံဘဲ လောကဝယ်နေယျ သတ္တဝါတို့ အကျိုးကို ဆောင်ရွက်ထမ်းပိုးရန် ဆုံးဖြတ်ခဲ့၏။

ဤ ဆဋ္ဌမဘူမိသည် ဗောဓိသတ္တ၏ ပညာပါရမီကို အချုပ်မြအစုးရအထက်မြက်ဆုံးဖြစ်အောင် သွေးရသော ဘူမိလည်း ဖြစ်၏။ မဟာယာန ဗုဒ္ဓဘာသာတွင် ပညာပါရမီကို နှစ်မျိုးနှစ်စားခွဲခြားထား၏။ ပထမ အမျိုးအစားမှာ အကြောင်းတရား **အထောက်အပံ့ဖြစ်စေသော ပညာပါရမီ (ဟေတုဘူတပညာ)** ဖြစ်ပြီး ဓမ္မကျမ်းဂန် ပရိယတ္တိစာပေများ လေ့လာသင်ကြားခြင်းနှင့် တရားသဘောများကို စူးစမ်းဆင်ခြင်သုံးသပ်ခြင်းများ ပါဝင်နေ၏။ လေ့လာသူနှင့် လေ့လာသည့် အကြောင်းအရာတို့ နှစ်ခုခြားနားကွဲပြားနေသော အဆင့်ဖြစ်၏။ ဒုတိယ အမျိုးအစားမှာ **အကျိုးတရား အဖြစ် ပွင့်ထွန်းလာသော ပညာပါရမီ (ဖလဘူတပညာ)** ဖြစ်၏။ တွေးတောစဉ်းစားမှုနှင့် ဝေါဟာရပညတ်များကို လွန်၍ မိမိကိုယ်တိုင် ထိုးထွင်းသိမြင်မျက်မှောက်ပြုအပ်သော ယောဂီပစ္စက္ခအသိ ဖြစ်၏။ ပတ္တမြောင်းရတနာကို လက်ဖဝါးပေါ်တင်ပြီး ကြည့်မြင်ရဘိသကဲ့သို့ဖြစ်ပြီး လေ့လာသူနှင့် လေ့လာသည့် အကြောင်းအရာတို့ နှစ်ခုခြားနား ကွဲပြားခြင်းမရှိတော့ဘဲ တစ်ခုတည်းသော အဒွယဓမ္မအဖြစ် ပေါင်းစည်းနေသော အသိလည်းဖြစ်ပေသည်။

ဗောဓိသတ္တသည် ဆဋ္ဌမဘူမိတွင် ပညာပါရမီကို ကမ်းကုန်တန်းကုန်အောင် ဖြည့်ကျင့်ပြီး အသွင်သဏ္ဌာန်ဟူသမျှကို မာယာအရှိတရားများအဖြစ် ရှုမြင်ကာ လွတ်မြောက်သောစိတ်ဖြင့် နေထိုင်နိုင်လာ၏။ အတ္တ-အတ္တနိယ (ငါ ငါ့ဥစ္စာ) အရှိမရှိ (အတ္တ-နတ္ထိ) စသော အစွန်းတရားများမှလည်း လွန်မြောက်နေသလို မွေးခြင်းသေခြင်းတို့၏ လောကတွင် ကျင်လည်နေရသော သတ္တဝါတို့နှင့် အရာဝတ္ထုတို့သည် အမှန်တကယ် မတည်ရှိသောကြောင့် ဖြစ်ပေါ်လာသည်လည်း မဟုတ်၊

ပျောက်ကွယ်သွားသည်လည်းမဟုတ် ဟူသော တထတာသဘောကိုလည်း သိမြင်နေခဲ့၏။ ဗောဓိသတ္တာတို့၏ စိတ်သည် တစ်ပြန့်တည်း တစ်သားတည်း တည်နေသော တထတာသဘာဝ (Suchness) တွင် စံပယ်ကိန်းဝပ်နေခဲ့၏။

(၇) သတ္တမ ဗောဓိသတ္တဘူမိ (ဒူရင်္ဂါမိ / The Gone Far)

သတ္တမ ဗောဓိသတ္တဘူမိ ရောက်ရှိသော ဗောဓိသတ္တသည် အနိမိတ္တစေတောသမာဓိကို စဉ်ဆက်မပြတ် ဝင်စားနိုင်လာလေသည်။ အောက်အဆင့်ဘူမိများတွင် ရောက်ခဲ့ဖူးသော ရှုပါရှုပ စျာန်သမာပတ်များကို ကျွမ်းကျွမ်းကျင်ကျင် ဝသီဘော်နိုင်နင်းစွာ ဝင်စားနိုင်သည့် အဆင့်ရောက်ရှိလာခဲ့၏။ ဤအဆင့်တွင် သာဝကဘူမိနှင့် ပစ္စေကဗုဒ္ဓဘူမိတို့ကို ကျော်လွန်လာခဲ့ပြီဖြစ်၏။ ထို့ကြောင့် အဝေးသို့ရောက်သူ **ဒူရင်္ဂါမိ** ဟူသော အမည်ကို ဆောင်ယူနိုင်ခဲ့ပါသည်။

အရှင် နာဂဇုနု၏ မြင့်မြတ်သော ပန်းကုံးမာလာ (ရတနာဝလီ) ကျမ်းမဟာတွင် ဤသို့ဖော်ပြခဲ့၏။

"သတ္တမဘူမိသည် အဝေးသို့ရောက်ရှိခြင်းဟု မည်တွင်၏။ အဘယ်ကြောင့်နည်း။ ဗောဓိသတ္တ၏ ဂုဏ်ရည်များ မြင့်တက်လာပြီး နိဗ္ဗာနသမာပတ်ဝင်စားနိုင်ရန်အဖြစ်သို့ တရွေ့ရွေ့ ဝင်ရောက်သွားခြင်းကြောင့် ဖြစ်၏။"[၄၂၂]

သတ္တမဘူမိ၏ ထူးခြားချက်မှာ ဥပါယပါရမီကို ထူးကဲစွာဖြည့်ကျင့်နိုင်ခြင်းပင်ဖြစ်၏။ သတ္တဝါတို့၏ အတွင်း အပြာသယကိုလိုက်၍ စရိုက်ဝါသနာအသီးသီးနှင့် သင့်လျော်သော ဓမ္မဒေသနာကို ဟောကြားနိုင်လာ၏။ သူတစ်ပါး၏ စိတ်အကြံကို သိနိုင်သော ပရစိတ္တဝိဇာနန အဘိညာဏ်လည်း ထွန်းပေါက်လာခဲ့၏။ အချိန်တိုင်း ခဏတိုင်းတွင် ပါရမီ အားလုံးကို ဖြည့်ကျင့်နိုင်လာခဲ့၏။ အတွေးဝိတက်မှန်သမျှတို့ကိလေသာလောင်းရိပ်မှ ကင်းလွတ်ပြီးဖြစ်သောကြောင့် များဝေနေယျသတ္တဝါတို့၏ အကျိုးကို အတိုင်းထက်အလွန် ဆောင်ကြဉ်းနိုင်လာခဲ့၏။ သတ္တမဘူမိတွင် ဗောဓိသတ္တ၏ ပညာနှင့် ကရုဏာတို့သည် ချိန်ခွင်လျှာ ညီမျှနေသည့် အဆင့်ကို ရောက်ရှိလာခဲ့ပါသည်။ ကရုဏာအစွမ်းဖြင့် ဝေနေယျ သတ္တဝါတို့ကို ကယ်တင် ထုတ်ဆောင်ရန် ပါရမီဖြည့်ဆည်းနေသော်လည်း ပညာအားဖြင့် သတ္တဝါနှင့် သံသရာ ဟူသည်မှာ အဟုတ်အမှန်မရှိသော သုညတ-ပဋိဗိမ္ဗ တရားများသာဖြစ်ကြောင်း သိမြင်နေခဲ့၏။ သံသရာ အရှိတရားနှင့် နိဗ္ဗာန် အရှိတရား နှစ်ခုလုံးကို မစွဲလမ်းတော့သောကြောင့် တည်မီရာမဲ့သော လွတ်မြောက်မှု (အပ္ပဋိဋ္ဌိတဝိမုတ္တိ) ကို ရရှိခဲ့ပါ၏။

၄၂၂။ ***The Precious Garland*, p. 86.**

(၈) အဋ္ဌမ ဗောဓိသတ္တဘူမိ (အစလ / The Immovable)

အဋ္ဌမဘူမိသို့ ဆိုက်ရောက်သော ဗောဓိသတ္တသည် သစ်္ခါရနိမိတ်အားလုံးမှ ကင်းလွတ်သောစိတ်ဖြင့် မည်သည့်အရာကိုမျှ တပ်မက်တွယ်တာခြင်း မရှိတော့ဘဲ ဓမ္မတရားဌိသာ အစဉ်အမြဲ တည်ကြည်ငြိမ်သက်နေသောကြောင့် အစလ = မတုန်မလှုပ် တည်နေသူဟု ဆိုပါသည်။

အရှင်နာဂဇုန်နာက ဤသို့ ဖွဲ့ဆိုခဲ့၏။

"အဋ္ဌမဘူမိသည်ကာ မတုန်လှုပ် မရွေ့လျားနိုင်သော အဆင့်ဖြစ်၏။ သန်မာနုပျို့ခြင်းပမာဖြစ်၏။

ဆင်ခြင်ခြင်းအတွေးသိကို လွန်မြောက်လေသောကြောင့် သူ၏စိတ်သည် မယိမ်းမယိုင် မြဲခိုင်တည်၏။

သူ၏ ကာယ ဝစီ မနောတည်းဟူသော နယ်ပယ်တို့သည် ကြံစည်စိတ်ကူးခြင်းမှ လွတ်မြောက်နေ၏။"[၄၂]

အနိမိတ္တစေတော သမာဓိကြောင့် ဗောဓိသတ္တသည် နိမိတ်သဏ္ဌာန်တို့အားဖြင့် မချောက်ချားစေနိုင်သော အဆင့်သို့ ရောက်ရှိခဲ့၏။ နောက်ပြန်မလှည့်တော့သည်သဘောဖြင့် အဆုံးစွန်သော ဗောဓိဉာဏ်သို့ဦးတည်နေပြီး အဓိဋ္ဌာန်ပါရမီကို အစွမ်းကုန်အောင် ဖြည့်ကျင့်နေခဲ့လေသည်။[၄၃]

အနုပတ္တိကဓမ္မခန္တီ (forbearance regarding nonarisen phenomena) ကိုထိုးထွင်းသိပြီးဖြစ်သောကြောင့် သစ်္ခတ အသစ်္ခတ-ပညတ် တရား အားလုံးတို့ကို အရှိဟုလည်း မစွဲလန်း- မရှိဟုလည်း မယူဆ- အကြောင်းကြောင့်ဖြစ်သည့် အရာများဟုလည်း မခံယူ- အကြောင်းမဲ့ဖြစ်သော အရာများဟူ၍လည်း မတွေးကြံဘဲ-စိတ်သည် **အဖြစ်အပျက်မှ ကင်းဆိတ်သော ပကတိသဘော** (Original Unborn Nature) တွင် တည်နေလေသည်။ ဗောဓိသတ္တတို့သည် လောကရှိ ဝေနေယျသတ္တဝါတို့၏ ကောင်းကျိုးအတွက် မေတ္တာကရုဏာစိတ်ထားအပြည့်ဖြင့် ဆောင်ရွက်သော်လည်း သတ္တဝါတို့ကို ပကတိ အရှိတရားများဟု မခံယူပေ။ အရှိတရား၏ ပကတိအတိုင်းတိုင်းသဘော (တထတာ)သည် ကောင်း-ဆိုး မှန်-မှား စသော ဆန့်ကျင်ဘက် တရားများကို လွန်မြောက်နေသလို ယင်း ဆန့်ကျင်ဘက်တရားများသည်ပင် တထတာ၏ ဖော်ဆောင်ချက် အသွင်အပြင်များ ဖြစ်ကြ၏။ ဗောဓိသတ္တ

၄၂။ *The Precious Garland,* p. 86.

၄၃။ This explanation is found in the *Compendium of Mahayana* (Etienne Lamotte, tr., *La Somme du Grand Vehicule d'Asanga;* Louvain-la-neuve: Universite de Louvain, 1973), p. 208.

သည် တထတာ သဘောကို ကမ်းကုန်လမ်းကုန်အောင် သိမြင်ပြီးဖြစ်သောကြောင့် အရာခပ်သိမ်း၏ အတွင်းအနှစ်သား ဆိတ်သုဉ်းမှု(သုညတာ) ကို လွယ်ကူစွာ အာရုံပြုနိုင်လေသည်။ အဋ္ဌမဘူမိကိုရောက်ရှိသော ဗောဓိသတ္တာသည် အိပ်မက်သော ယောကျ်ား နိုးသည့်အလားကဲ့သို့ ဖြစ်နေလေသည်။ သူသိမြင်သမျှ အရာရာအပေါ်တွင် ဤအသိဉာဏ်က အရိပ်ထိုးနေသောကြောင့် ဗောဓိသတ္တာသည် အိပ်စက်နေစဉ်ပင် ပါရမီတော်များကို ဆက်လက်ဖြည့်ကျင့်နိုင်သည် ဟူ၏။ ဗောဓိသတ္တာသည် အနှိုင်းမဲ့ သဗ္ဗညုတဉာဏ်တော်ကို ရရှိရန် ဦးတည်ကျင့်ကြံလာခဲ့ပြီး ဝေနေယျသတ္တဝါအများ၏အကျိုးအတွက် လိုအပ်လျှင် မည်သည့် အသွင်သဏ္ဌာန်ဖြင့် ဖြစ်စေ ဖော်ပြနိုင်စွမ်း ရှိလာခဲ့ပါသည်။[၄၅]

အဋ္ဌမဘူမိသည် အောက်အဆင့်နိမ့်သော သာဝကယာန ပစ္စေကယာနများနှင့် အတိအကျ လမ်းခွဲသော မှတ်တိုင်ဖြစ်သောကြောင့် ဤအဆင့်သို့ရောက်လျှင် နောက်ပြန်လှည့်ရန် မဖြစ်နိုင်တော့ဘဲ ဘုရားအဖြစ်ကို ရောက်ရှိအောင် ကျင့်ကြံရန် မှလွဲ၍ အခြားနည်းလမ်း မရှိတော့ချေ။ ပညာနှင့် ကရုဏာတရားတို့၏ အထွတ်အထိပ်ပြည့်စုံမှုကြောင့် မိမိ၏ ဗောဓိသတ္တာ မဂ်လမ်းစဉ်သည် မိမိဘက်က ကြိုးစားအားထုတ်ရသော ပုဂ္ဂလဗျာပါရသဘော မဟုတ်တော့ဘဲ ဓမ္မနိယာမတရားများအရ သူ့သဘောသူဆောင် ဖြစ်ပျက်တိုးတက်နေသော ဓမ္မဗျာပါရသဘောကို ဆောင်လာသည်ဟု ဆိုပါသည်။[၄၆]

(၉) နဝမ ဗောဓိသတ္တာဘူမိ (သာဓုမတီ/ The Good Intelligence)

နဝမဘူမိမှ စတင်၍ ဗောဓိသတ္တာ၏ ဓမ္မကျင့်စဉ်တိုးတက်မှုများ လျင်မြန်စွာ တိုးတက်ဖြစ်ပွားလာခဲ့သောကြောင့် ဗောဓိသတ္တာသည် ချည်ကြိုးပြတ်၍ လေဟုန်မိသော ရွက်လှေကြီးပမာ ခရီးနှင်နိုင်ခဲ့၏။ သုံးပါးသော ယာနတို့ကိုလည်း အသေးစိတ် သိမြင်နားလည်လာခဲ့၏။ သံဓိနိမောစနသုတ္တန်အလိုအရ = နဝမဘူမိသည်ကား ဓမ္မဒေသနာတော်၏ လျှို့ဝှက်နက်နဲမှု မှန်သမျှကို ဖွင့်ထုတ်ဖော်ပြပြီးဖြစ်သောကြောင့် ကောင်းမြတ်သော ဉာဏ်ပညာဟု ခေါ်တွင်လေသည်။[၄၇]

၄၄။ cf. Honda, M. (1968) 'Annotated translation of the Dazabhemikasetra', in D. Sinor (ed.) *Studies in South, East and Central Asia,* Delhi: Sata-Pitaka Series 74.: 208; Cleary 1984–7, Vol. 2: 71

၄၅။ Honda, M. (1968) 'Annotated translation of the Dazabhemikasetra', in D. Sinor (ed.) Studies in South, East and Central Asia, Delhi: Sata-Pitaka Series 74: 220; Cleary 1984–7, Vol. 2: 78

၄၆။ *Sutra Explaining the Thought*, p. 116.3.

နဝမဗောဓိသတ္တဘူမိတွင် ဗောဓိသတ္တသည် ပဋိသမ္ဘိဒါဉာဏ် (၄) ပါး (အတ္ထ-ဓမ္မ-နိရုတ္တိ-ပဋိဘာန) တို့ကို လေ့ကျက်နိုင်လာ၏။ သတ္တဝါတို့ကို တရား ဒေသနာ ဟောပြောပို့ချမှုတွင် ကျွမ်းကျင်ပိုင်နိုင်မှု ရှိလာခဲ့၏။ သူတို့၏ ပညာဉာဏ် အစွမ်းသည် လူနတ်တကာတို့ထက် သာလွန်မြင့်မြတ်လာခဲ့သလို ဘာသာစကား တို့၏ ပရိယာယ်နှင့် အသုံးပြုပုံတို့ကို လေးလေးနက်နက် သိမြင်သဘောပေါက်လာ ခဲ့၏။ ဗောဓိသတ္တသည် မေးခွန်းမှန်သမျှကို ဖြေဆိုနိုင်လာခဲ့၏။ ဗလပါရမီကို ဖြည့်ဆည်းသောကြောင့် တိုးတက်လာသော ပဋိသမ္ဘိဒါဉာဏ် (၄) ပါး အစွမ်း ဘာဝနာမယ ဉာဏ်အစွမ်းတို့အားဖြင့် ပါရမီ (၆) ပါးကို စွမ်းအား ပြည့်ပြည့်ဝဝ ကျင့် သုံးနိုင်လာခဲ့၏။ ဗောဓိသတ္တ မဂ်လမ်းစဉ်တွင် မောပန်းနွမ်းနယ်မှု မရှိဘဲ တိုးတက် လာခဲ့လေသည်။[၄၂၈]

(၁၀) ဒသမ ဗောဓိသတ္တဘူမိ (ဓမ္မမေဃ/ The Cloud of Doctrine)

နောက်ဆုံးအဆင့်ဘူမိဖြစ်သော ဒသမဗောဓိသတ္တဘူမိတွင် ဗောဓိသတ္တသည် မိမိ သန္တာန်၌ ကြွင်းကျန်သော အသိမ်မွေ့ အနုးညံ့ဆုံး ကိလေသာ အာသဝေါတရားများ ကို ပယ်ရှားနိုင်သူဖြစ်လာ၏။ ဉာဏပါရမီဖြင့် ပြည့်စုံသောကြောင့် ကမ္ဘာမြေပြင် အနှံ့ ရွာချသော မိုးရေကဲ့သို့ မိမိသိမြင်သော တရား မိုးရေစက်တို့ကို အရပ်ဆယ်မျက် နှာသို့ ဖြန့်ကျက် သွန်းဖြိုးနိုင်သူဖြစ်လာ၏။

"ဒသမဘူမိသည် ဓမ္မမေဃ (တရားမိုးတိမ်) ဟုခေါ်ဆိုရခြင်းမှာ ဗောဓိ သတ္တသည် ရှင်တော်ဗုဒ္ဓတို့၏ အလင်းရောင်ဖြင့် ဘိသိက်သွန်းခံရပြီး အတုမရှိ သော အနန္တိုင်းမဲ့ဓမ္မဒေသနာများကို ဖြန့်ချိလေသည်။"

ဟု အရှင်နာဂဇုနက ရေးဖွဲ့ခဲ့၏။[၄၂၉]

ဤ ဘူမိအဆင့်တွင် ဗောဓိသတ္တသည် သမာပတ်များကို နက်ရှိုင်းသည်ထက် နက်ရှိုင်းအောင် လေ့ကျင့်ပွားများ၍ မည်သူမျှ မရနိုင် မရောက်နိုင်သော အဘိညာဉ် နှင့် တန်ခိုးပြာဋိဟာများကို ပိုင်နိုင်ကျွမ်းကျင်လာခဲ့၏။ ပညာပါရမီ၏ အထွတ် အထိပ်ကိုရောက်ရှိပြီး အတုမဲ့သော ပညာဉာဏ်ကြောင့် ကျန်သော ပါရမီများလည်း ပြည့်ဝတိုးတက်လာခဲ့၏။[၄၃၀]

ပြည့်ဝစုံလင်သော ကြန်အင်လက္ခဏာမြတ်တို့နှင့် ပြည့်စုံသော ရူပကာယ

၄၂၈။ See *La Somme du Grand Vehicule d'Asa°ga*, p. 208. (Honda 1968: 244 ff.; Cleary 1984–7, Vol. 2: 92

၄၂၉။ *The Precious Garland*, p. 87.

၄၃၀။ *La Somme du Grand Vehicule d'Asaanga*, pp. 208–209.

တော်ကို ရရှိလာပြီးလျှင် စိတ်၏ အညစ်အကြေး အထွေးအရှုပ်များကို ဝါသနာနှင့် တကွ စွန့်ပယ်နိုင်လာခဲ့၏။ အနီးအဝေး အကြီးအသေး အလေးအပေါ့ ဟူသမျှကို အတိုင်းအဆမရှိ ဖန်ဆင်းနိုင်လာ၏။ **မဟာဝဇိရသမာပတ္တိ သမာဓိ** (vajralike meditative stabilization) ကို ဝင်စားနိုင်ပြီး နောက်ဆုံး ကြွင်းကျန်သမျှ ကိလေသာ အာသဝ အာဝရဏတရားဆိုးဟူသမျှ မြူမျှမကျန်အောင် ဖျက်ဆီးပြီးလျှင် ဘုရားအဖြစ်ကို ရောက်ရှိကြလေသည်။ ကပ်ကမ္ဘာအသွေ့်တိုင်အောင် မိမိဖြည့်ဆည်းခဲ့ရသော ပုညသမ္ဘာရ ဉာဏသမ္ဘာရ ပါရမီကုသိုလ်တရားအပေါင်းတို့ ပြီးပြည့်စုံခြင်းသို့ ရောက်ရှိခဲ့ပြီလည်း ဖြစ်သောကြောင့် လောကသုံးပါး၏ အထွတ်အထိပ်ဆရာ အရှင်မြတ်အဖြစ်သို့ ရောက်ရှိရပါသည်။

ဗုဒ္ဓရှင်တော်အဖြစ် ပွင့်ထွန်းခြင်း

ဒသမဘူမိကို လွန်လေသော် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ရောက်ရှိလေပြီဖြစ်၏။ မဂ်လမ်းစဉ်၏ နောက်ဆုံးအပိုင်းဖြစ်သော **အသေက္ခမဂ်** (ထပ်မံကျင့်ပွားရန် မရှိသော မဂ်) သို့ ရောက်ရှိခဲ့ပြီဖြစ်၏။ ဟွာယင်း အဝတ်ံသကသုတ်အရဆိုလျှင် ဗုဒ္ဓသဘာဝသည် ဝေနေယျသတ္တဝါတိုင်းတွင် ကိန်းအောင်းနေလေသောကြောင့် ဗောဓိသတ္တသည် **မိမိ၏ နဂိုမူလ ဘုရားအဖြစ်** (Original Buddhahood) ကို ပြန်လည်ရှာဖွေတွေ့ရှိခြင်းသာဖြစ်သည်ဟု ဆိုနိုင်၏။ ဗုဒ္ဓရှင်တော်တို့သည်သာ ဗုဒ္ဓရှင်တော်များဖြစ်လာကြ၏ဟု **ဒိုဂန်** (Dogen) က ဆိုခဲ့လေသည်။[၄၃၃]

အရှင်နာဂဇုန်၏ အလိုအရ ရှင်တော်ဗုဒ္ဓတစ်ဆူ၏ အဖြစ်ကို ဝေါဟာရ စကားလုံးများဖြင့် ဖော်ပြရန်မဖြစ်နိုင်ပေ။ ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်တို့သည် အဆုံးအပိုင်း အခြားမရှိသော ရေ မြေ လေ မီးအာကာသဟူသော ဓာတ်များပမာဖြစ်၏။ ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်တို့ကို မည်သည့် အတိုင်းအတာဖြင့် ကန့်သတ်သော်လည်း မရနိုင်ကြောင်း သူ၏ ရတနာဝလီကျမ်းတွင် ဖော်ပြထားလေသည်။[၄၃၄]

မဂ်လမ်းခရီး၏ အဆုံးစွန်သော ပန်းတိုင်ကို ရောက်ရှိပြီးသော ဗောဓိသတ္တ၏ သန္တာန်တွင် ဗုဒ္ဓရှင်တော်မြတ်၏ ကာယ (၃) ပါး ဖြစ်ပေါ်လာခဲ့လေသည်။

(၁)။ **ဓမ္မကာယ/ the truth body** ဟူသည်မှာ ဗုဒ္ဓ၏ အသိမ်မွေ့အနက်ရှိုင်းဆုံး အရှိတရားဖြစ်၏။ ဓမ္မကာယကို **သဘာဝတ္ထ ဓမ္မကာယ**/ the nature truth body (သဘာဝိက ကာယ) နှင့် **ဉာဏ်ပညာ ဓမ္မကာယ**/ the wisdom truth

---

၄၃၃။ **Cook, F. H. (1977) Hua-yen Buddhism: The Jewel Net of Indra, University Park,: Pennsylvania State University Press.: p-115**

၄၃၄။ ***The Precious Garland*, p. 87.**

body (ဉာဏကာယ) ဟူ၍ နှစ်ပိုင်း ခွဲနိုင်၏။ သဘာဝိကကာယတွင်လည်း အသွင်နှစ်ခု ရှိပြန်၏။ သဘာဝိကကာယ၏ ပထမအသွင်သည်ကား ဗုဒ္ဓရှင်တော်၏ စိတ်သန္တာန် ဖြစ်စဉ်တွင်ရှိသော (ထိုစိတ်သန္တတိဖြစ်စဉ်၏) အတွင်းအနှစ်သား ဆိတ်သုဉ်းမှု-သုညတာသဘာဝဖြစ်၏။ အဆိုပါ အတွင်းအနှစ်သားဆိတ်သုဉ်းမှု-သုညတာသဘာဝသည် အမြဲထာဝရ တည်မြဲနေသော နိစ္စဓုဝ အရှိသဘာဝတရား ဖြစ်သည်ဟု ဆိုနိုင်ပြီး ၄င်းသည် အချိန်ကာလ နေရာဒေသအားလုံးတွင် အမြဲ လွှမ်းခြုံစိမ့်ဝင်တည်ရှိနေသော ပကတိပရမတ္ထ သဘာဝတရား ဖြစ်လေသည်။ သဘာဝိကကာယ၏ ဒုတိယအသွင်သည်ကား ဗုဒ္ဓရှင်တော်၏ စိတ်သန္တာန်ဖြစ်စဉ်တွင်ရှိသော (ထိုစိတ်သန္တတိဖြစ်စဉ်၏) ကိလေသာ အာသဝတရားများ ဝါသနာနှင့်တကွ အကြွင်းမရှိလုံးဝဥဿုံ စင်ကြယ်ဖြူဖွေးနေခြင်း ဖြစ်လေ့သည်။ ထိုသို့ ကြည်လင်သန့်စင်နေသော စိတ်ကြောင့် ဗုဒ္ဓရှင်တော်သည် သိအပ်သော ဥယျမမ္မတရားအားလုံးကို တစ်ခုမကျန် ဒိုးယိုပေါက် ထိုးထွင်းသိမြင်နိုင်ခြင်း ဖြစ်လေသည်။

ဉာဏ်ပညာဓမ္မကာယ (ဉာဏကာယ) ဟူသည် ဗုဒ္ဓ၏ သိအပ်စရာ ဖြစ်သော အလုံးစုံသော တရားသဘောတို့ကို ပိတ်ဆို့ဆီးတားခြင်းမရှိ ပကတိကြည်လင်သန့်ရှင်းစွာဖြင့် ထိုးထွင်းသိမြင်သော သဗ္ဗညုတဉာဏ်တော်ဖြစ်၏။ မဟာယာန ဗုဒ္ဓဘာသာ၏ အလိုအရ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်သည် လောကီ တရားစုများနှင့် လောကုတ္တရာ ပရမတ္ထသစ္စာ ဖြစ်သော သုညတာသဘာဝတို့ကို တစ်ပြိုင်နက်တည်း သိရှိနိုင်စွမ်းရှိ၏။ ဗုဒ္ဓမဟုတ်သော အခြားသတ္တဝါများနှင့် အရိယာပုဂ္ဂိုလ်များသည် လောကီ တရားစုများနှင့် လောကုတ္တရာ ပရမတ္ထသစ္စာ ဖြစ်သော သုညတာသဘာဝတို့ကို တစ်ပြိုင်နက်တည်း မသိနိုင်ဘဲ တစ်ခုချင်းစီသာ အစဉ်အတိုင်းခွဲ၍ သိမြင်နိုင်စွမ်းရှိ၏။ ဤအချက်တွင် ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်သည် အတုမရှိသော အခြားသတ္တဝါများထက် ထူးကဲ မွန်မြတ်သာလွန်သောအဖြစ်ကို မဟာယာန ဗုဒ္ဓဘာသာက ခံယူပါသည်။[၄၃၃] မဟာယာန ဗုဒ္ဓဘာသာ၏ အလိုအရ ဗောဓိသတ္တဝါတို့သည် အဆုံးစွန်သော ပန်းတိုင်ကို ဤမြေကမ္ဘာတွင် မရောက်ရှိကြဘဲ လောကသုံးပါး၏ အထွတ်အထိပ်ဖြစ်သော အကနိဋ္ဌဘုံတွင်သာ ရောက်ရှိကြသည်ဟု မှတ်သားရပါသည်။[၄၃၄]

(၂)။ အဆုံးစွန်သော ပန်းတိုင်ကို ရောက်ရှိခဲ့သည် ဗောဓိသတ္တဝါတို့သည် ဗုဒ္ဓ

၄၃၃။ see Hopkins, J. (1983) *Meditation on Emptiness*, London: Wisdom.: 119–21; cf. Dalai Lama (1985) *Opening the Eye of New Awareness, trans*. D. S. Lopez, Jr, London: Wisdom: 99–100.

၄၃၄။ see Cozort, D. (1986) *Highest Yoga Tantra*, New York: Snow Lion.: 108. Cf. also Gyatso, K. (1982) *Clear Light of Bliss: Mahamudra in Vajrayana Buddhism*, London: Wisdom Publications.: 215–16.

အဖြစ်သို့ ရောက်သောအခါတွင် မိမိ၏ ပါရမီ အထုအထည် ရှိသည့်အားလျော်စွာ **သမ္ဘောဂကာယ/The Enjoyment Body** ကို ရရှိကြ၏။ ထို သမ္ဘောဂကာယသည် မဟာပုရိသလက္ခဏာတော်များဖြင့် ပြည့်စုံပြီး သန့်စင်သော ဗုဒ္ဓခေတ်တစ်ခု (A Buddha Land) နှင့် ဗောဓိသတ္တ အရိယာသာဝကစသော အခြွေအရံများကိုလည်း ရရှိ၏။ ယင်း ဗုဒ္ဓခေတ်သည် ရုပ်ကြွမ်းသဘာဝရှိသော နေရာဌာန ဘုံဌာနတစ်ခု မဟုတ်ဘဲ ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်အစွမ်းဖြင့် ဖန်ဆင်းအပ်သော စိတ်ဖန်ရုပ်သွင် နယ်မြေတစ်ခုသာဖြစ်၏။ ဗုဒ္ဓ၏ သမ္ဘောဂကာယနှင့် သူ၏ ဗုဒ္ဓခေတ်တို့သည် နှစ်ခုနှစ်ပါး သီးခြားကွဲပြားနေသော ဒွယတရားများ မဟုတ်ဘဲ တစ်လုံးတစ်ဝတည်း ဖြစ်နေသော အသိနှင့် အသိခံ တစ်ထပ်တည်း ပေါင်းစည်းနေသော အဒွယတရား (Non-dual reality) သာဖြစ်၏။

(၃)။ ဗုဒ္ဓ၏ သမ္ဘောဂကာယသည် ဝေနေယျသတ္တဝါတို့ကို ဆင်းရဲဒုက္ခမှ ထုတ်ဆောင်ကယ်တင်ရန်အတွက် ကာလဒေသ အသီးသီးတွင် ရုပ်ကြွမ်းသဘာဝရှိသော **နိမ္မာနကာယများ**/The Emanation Bodies ကို ဖန်ဆင်းစေလွှတ်နိုင်သည်ဟု မဟာယာနဗုဒ္ဓဘာသာက ယူဆ၏။ ရုပ်ကြွမ်းသဘာဝရှိသော နိမ္မာနကာယများသည် ရုပ်တရားတို့၏ အကန့်အသတ်အတိုင်း ကံစိတ်ဥတုအာဟာရတရား အထောက်အပံ့များ မရရှိသောအခါတွင် ချုပ်ငြိမ်းပျက်စီးကြရ၏။ ရုပ်ကြွမ်းသဘာဝ မဟုတ်သော သမ္ဘောဂကာယများသည် သတ္တဝါတို့ကို ကူညီရန်အတွက် နိမ္မာနကာယများ ဖန်ဆင်းစေလွှတ်ရန် လိုအပ်သောကြောင့် ဝေနေယျသတ္တဝါတို့ ဆင်းရဲဒုက္ခမှ မလွတ်မြောက်သေးသမျှ ကာလပတ်လုံး တည်ရှိနေကြ၏။ ဗုဒ္ဓ၏ ဓမ္မကာယသည်ကား အချိန်နေရာ အကြောင်းအကျိုးတရားနှင့် ဝေါဟာရပညတ်တို့ကို ကျော်လွန်နေသော အလွန်. အလွန် သိမ်မွေ့နက်ရှိုင်းသော ဓမ္မသဘာဝဖြစ်သောကြောင့် အစဉ်ထာဝရ တည်ရှိနေပါသည်။[၄၃]

မဟာယာန ဗုဒ္ဓဘာသာ၏ နိမ္မာနကာယများသည် အသွင်အမျိုးမျိုး၊ အဆင့်အတန်းအမျိုးမျိုးဖြင့် ပေါ်ပေါက်နိုင်သည်ဟု ယူဆ၏။ သက္ကမုနိဂေါတမ ဗုဒ္ဓရှင်တော်မြတ်ဘုရားကဲ့သို့ လောကသုံးပါး၏ အထွတ်အထိပ် သဗ္ဗညုဘုရားရှင်မျိုးလည်းပွင့်ထွန်းတတ်သလို အခြားသော အသိပညာရှင်များ လက်မှုပညာသည်များ အနုပညာရှင်များ အသွင်ဖြင့်လည်း ဖော်ဆောင်နိုင်သည်ဟု ဆို၏။ ဥပမာဆိုရလျှင် မိမိ၏ စောင်းအတတ်တွင် အလွန်မာနကြီးနေသော နတ်ဒေဝတာတစ်ပါးကို ချွေချွတ် ဆုံးမရန်အတွက် ဗုဒ္ဓသည် သူ့ထက်ပိုတော်သော ဂီတပညာရှင်တစ်ယောက်အသွင်ဖြင့်

၄၃။ **Hopkins, J. (1983) Meditation on Emptiness, London: Wisdom.: 121–2; Dalai Lama (1985) *Opening the Eye of New Awareness*, trans. D. S. Lopez, Jr, London: Wisdom: 101**

ရောက်ရှိလာသည့် ဇာတ်လမ်းတစ်ပုဒ်ရှိ၏။ သူတို့နှစ်ဦး ပညာပြိုင်ကြရာတွင် စောင်းတူရိယာကို အပြိုင်တီးခတ်ကြ၏။ ကြိုးတစ်ချောင်းပြီး တစ်ချောင်း လျှော့ပြီး တီးခတ်ကြရာတွင် နတ်ဒေဝတာက နောက်ဆုံး စောင်းကြိုးတစ်ချောင်းတည်းဖြင့် အလွန်သာယာ ငြိမ့်ညောင်းသော တေးဂီတကို ဖန်တီးပြ၏။ ဗုဒ္ဓက နောက်ဆုံးကြိုး တစ်ချောင်းကိုပါ ဖြုတ်လိုက်ပြီး ကြိုးလုံးဝမရှိသော စောင်းဖြင့် နတ်ဒေဝတာထက် သာအောင် တီးခတ်ပြလေရာ နတ်ဒေဝတာမှ အရှုံးပေးခဲ့ရကြောင်း ဆိုပါ၏။[၄၃၆]

တစ်ခါတစ်ရံ ဗောဓိသတ္တဝါတို့သည် တိရစ္ဆာန်အသွင်ဖြင့် ပေါ်ပေါက်လာသော်လည်း ရှိသလို အဆင့်မြင့် နတ်ဒေဝတာ ဘုံဌာနများတွင် ထွန်းပေါ်လာသည်လည်း ရှိ၏။ ဥပမာဆိုရပါလျှင် ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက မကြာမီပွင့်တော်မူမည့် ရှင်တော် ဗုဒ္ဓအဖြစ် ယုံကြည်ကြသော အရိမေတ္တေယျ ဗုဒ္ဓမြတ်စွာ အလောင်းတော် ဗောဓိသတ္တသည် တုသိတာနတ်ပြည်တွင် စံတော်မူနေသကဲ့သို့ဖြစ်၏။[၄၃၇]

ဗောဓိသတ္တ၏ နိဗ္ဗာန်

ရှေးဦး ဗုဒ္ဓဘာသာဂိုဏ်းတို့နည်းတူ မဟာယာနဗုဒ္ဓဘာသာ၏ အဆုံးစွန်သော ပန်းတိုင်သည်လည်း နိဗ္ဗာန်တရားပင်ဖြစ်၏။ သို့သော်လည်း ဗောဓိသတ္တတို့အတွက် ရည်စူးသော နိဗ္ဗာန်တရားသည် သာဝကယာန လမ်းစဉ်များမှ ချမှတ်ထားသော နိဗ္ဗာန်တရားနှင့် ခြားနားမှု ရှိသည်ကို တွေ့ရ၏။ ရှေးဦး ဗုဒ္ဓဘာသာဂိုဏ်းတို့အလိုအရ နိဗ္ဗာန်ဟူသည်မှာ ဘဝထိုထိုကို အစဉ်မပြတ်အောင် ချုပ်စပ်ပေးတတ်သော တဏှာ ဥပါဒါန်တရားတို့၏ အကြွင်းမဲ့ချုပ်ငြိမ်းမှု ဖြစ်၏။ နိဗ္ဗာန ဟူသော ဝေါဟာရသည် နိ+ဝါန (ဝါနဟုခေါ်သော ချုပ်စပ်တတ်သောတရား မရှိတော့)ခြင်း (ငြိမ်းခြင်း) ဟူသော အနက်အဓိပ္ပာယ်ရှိသလို၊[၄၃၈] အချို့ကလည်း အသိပညာကို ပိတ်ဆို့တားမြစ်ထားသော မသိမှုအဝိဇ္ဇာတရား (ဝရ) မရှိတော့ခြင်း ငြိမ်းခြင်း ဖြစ်သည်ဟု ကြံဆကြပါသည်။[၄၃၉] မည်သို့ပင်ဖြစ်စေ နိဗ္ဗာန်သည် မူလဘူတအကြောင်းတရားများဖြစ်သော

၄၃၆။ Dhargyey, N. (1976) *Tibetan Tradition of Mental Development*, 2nd edn, Dharamsala, India: Library of Tibetan Works and Archives.: 208

၄၃၇။ Dalai Lama (1985) *Opening the Eye of New Awareness:* 102 ff.;

၄၃၈။ Cousins, L.S. (1998), "Nirvana", in Craig, Edward, *Routledge Encyclopedia of Philosophy. Volume 7: Nihilism to Quantum Mechanics,* Taylor & Francis

၄၃၉။ Swanson, Paul L. (1997), "Why They Say Zen Is Not Buddhism. Recent Japanese Critiques of Buddha-Nature", in Hubbard, Jamie; Swanson, Paul L., *Pruning the Bodhi Tree: The Storm over Critical Buddhism,* University of Hawai'i Press

အဝိဇ္ဇာ တဏှာ ဥပါဒါန်တရားများ၏ ချုပ်ငြိမ်းပြတ်စဲမှုဟု အနက် ကောက်ယူနိုင်၏။။

တစ်နည်းအားဖြင့် နိဗ္ဗာန်သည် ဘဝသံသရာ၏ မူလဘူတ အကြောင်းတရားများဖြစ်သော အဝိဇ္ဇာ တဏှာ ဥပါဒါန် တရား များ မရှိတော့သောကြောင့် ၄င်းတို့၏ အကျိုးဝိပါက် ခန္ဓာအသစ်များ ရုပ်နာမ်တရားများ အသစ်မံ မဖြစ်ပေါ်တော့ဘဲ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းခြင်းသဘော ဖြစ်သည်ဟူ၍လည်း ဆိုနိုင်၏။ လက်ရှိဘဝ၏ ရုပ်နာမ်ခန္ဓာအစဉ် အပြီးသတ် ပြိုကွဲ ပျက်စီးချုပ်ငြိမ်းရသလို ဘဝသစ်ဖြစ်စေတတ်သော အကြောင်းတရားများကိုလည်း နှုတ်ပယ်ပြီးဖြစ်သောကြောင့် ရုပ်နာမ် ခန္ဓာအစဉ်အသစ် (ဘဝသစ်) လည်း ထပ်မံ မဖြစ်ပွားတော့ခြင်းကို ထက်ဝန်းကျင် အလုံးစုံချုပ်ငြိမ်းခြင်း (ပရိနိဗ္ဗာန) ဟူ၍ ခေါ်ဆိုနိုင်၏။ ထို့ကြောင့် အကြောင်းကိလေသာတရားများ ချုပ်ငြိမ်းခြင်းကို ကိလေသာပရိနိဗ္ဗာန်ဟူ၍ ခေါ်ဆိုသလို အကျိုး ခန္ဓာသစ်ဘဝသစ်များ ထပ်မံဖြစ်ပွားခွင့် မရတော့ဘဲ ဘဝသံသရာဖြစ်စဉ် ရပ်စဲပြတ်တောက်ခြင်းကို ခန္ဓာပရိနိဗ္ဗာန် ဟူ၍လည်း ခေါ်ဆိုကြပါသည်။ တစ်နည်းအားဖြင့် အကြောင်း ကိလေသာတရားများ ချုပ်ငြိမ်းခြင်းကို ပစ္စုပ္ပန် ရုပ်နာမ်ဝိပါက်ခန္ဓာများ အကြွင်းရှိနေသေးသော သဥပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုပြီး အကျိုး ခန္ဓာသစ်ဘဝသစ်များ ချုပ်ငြိမ်းခြင်းကို ပစ္စုပ္ပန်ရုပ်နာမ်ဝိပါက်ခန္ဓာများ အကြွင်းမရှိတော့သော အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုကြသေး၏။

ထို့ကြောင့် သဒ္ဓါရခန္ဓာများ၏ ရှုထောင့်သက်သက်မှကြည့်လျှင် နိဗ္ဗာန်သည် အလုံးစုံ ချုပ်ငြိမ်းမှုဖြစ်၏။ မိုးကြိုးထိခသော ထန်းပင်ငုတ်တိုပြတ်သည် အသစ်တစ်ဖန် ပြန်လည် မဖြစ်ပေါ်တော့သကဲ့သို့ အဝိဇ္ဇာ တဏှာ ဥပါဒါန်တရားများကို အရဟတ္တမဂ်ဉာဏ် မိုးကြိုးစက်ဖြင့် ဖြတ်တောက်ဖျက်ဆီးပြီးသူ ရဟန္တာအရိယာသည် ဘဝအသစ်တစ်ဖန် မဖြစ်ပေါ်တော့ဘဲ ရုပ်နာမ်တရားများ အလုံးစုံပြတ်တောက် ချုပ်ငြိမ်းခဲ့ရပြီ ဖြစ်လေသည်။ သို့သော်လည်း နိဗ္ဗာန်သည် ချုပ်ငြိမ်းမှု သဘော သက်သက်မျှမဟုတ်ဘဲ အရှိတရားတစ်ခုဖြစ်ကြောင်း ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းများ၏ နိကာယ်များတွင် ဖော်ပြထားသည်ကိုလည်း တွေ့ရပြန်၏။ အဆိုပါ နိကာယ်များတွင် နိဗ္ဗာန်ကို အပြုသဘော အရှိသဘောဆောင်သော ဝိသေသနအထူးများဖြင့် ရည်ညွှန်း ဖော်ပြထားသည်ကို တွေ့ရ၏။[၄၄၀]

အနှစ်ချုပ်ဆိုရလျှင် ရှေးဦး ဗုဒ္ဓဘာသာဂိုဏ်းများသည် နိဗ္ဗာန်ကို အရှိတရားအဖြစ် လက်ခံသော်လည်း သံသရာ အရှိတရား၏ ဆန့်ကျင်ဘက် အရှိတရား (၀၀)

၄၄၀။ **Bhikkhu Bodhi (2007), *Nibbana*, Hong Kong Insight Meditation Society**

သံသရာ၏ ချုပ်ငြိမ်းရပ်စဲမှုအဖြစ် ရှုမြင်ကြသည်ကို တွေ့ရ၏။ ဤအယူအဆအရ ဘဝသံသရာနှင့် နိဗ္ဗာန်တရားတို့သည် နေ့နှင့်ည၊ အလင်းနှင့်အမှောင်တို့ကဲ့သို့ တစ်ခုကိုတစ်ခု အပြန်အလှန် ငြင်းဆန် ဖယ်ထုတ်နေကြသည့် ဆန့်ကျင်ဘက်တရား များအဖြစ် ရှုမြင်ကြ၏။ ထို့အပြင် ဘဝသံသရာမှ လွတ်မြောက်၍ နိဗ္ဗာန် စံဝင်သွား သည့် အရိယာသူတော်စင်တို့သည် ဘဝသံသရာအတွင်းသို့ ပြန်လည်ဝင်ရောက် လာရိုးထုံးစံ မရှိတော့ချေ။

ဗောဓိသတ္တ၏ မဟာယာနနိဗ္ဗာန်သည် ဤသို့ သံသရာ၏ ဆန့်ကျင်ဘက် အရှိတရားမျိုး မဟုတ်ချေ။ ဗောဓိသတ္တအတွက် နောက်ဆုံး ဆိုက်ရောက်ရသော ပန်းတိုင်သည် ပန်းတိုင်တစ်ခုပင် မဟုတ်တော့ဘဲ ဓမ္မတရားအား လုံး ၏ ပေါင်းစည်း ဆက်စပ် တည်ရှိနေခြင်းသဘော (ဓမ္မကာယ) သာ ဖြစ်လေသည်။ အရှင် နာဂဇုန်၏ မူလမဇ္ဈိမက ကာရိကာကျမ်းတွင် နိဗ္ဗာန်ကို ဤသို့ ဖွင့်ဆိုထား၏။

အကြင်အရာသည် လိုချင်တပ်မက်ခြင်းလည်း မရှိ။ တောင့်တရာမှီးခြင်းလည်း မရှိ။ ကုန်ဆုံးပြတ်တောက်ခြင်းလည်း မရှိ။ ဆက်လက်ဖြစ်ပေါ်ခြင်းလည်း မရှိ။ ဖြစ်ထွန်းမွေးဖွားခြင်းလည်း မရှိ။ ပျက်စီးချုပ်ငြိမ်းခြင်းလည်း မရှိ။ ထိုအရာသည်ပင် နိဗ္ဗာန်ဖြစ်၏။[၄၄]

ဤ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်အရ နိဗ္ဗာန်သည် ဘာဝ-အဘာဝ အတ္ထိ-နတ္ထိ စသော ဆန့်ကျင်ဘက် ဝိဘာဂတရားများ၏ လွန်မြောက်ရာ သဘောဓမ္မတစ်ခု ဖြစ်သည်ကို တွေ့ရ၏။ စန္ဒြကိတ္တိကလည်း သူ၏ မူလ မဇ္ဈိမကကာရိကာကျမ်း အဖွင့်ဋီကာဖြစ်သော ပသန္နပဒကျမ်းတွင် နိဗ္ဗာန်ကို အလုံးစုံသော ပိုင်းဖြတ်သတ် မှတ်ချက်များကို ကျော်လွန်တည်ရှိနေသော တရား (သဗ္ဗ ကပ္ပနာခယ ရူပံ) အနေ ဖြင့် အလားတူ တင်ပြထားသည်ကို တွေ့ရ၏။[၄၅]

ထို့ကြောင့် မဟာယာနဗုဒ္ဓဘာသာတွင် နိဗ္ဗာန်ဟူသော ဝေါဟာရသည် ဓမ္မကာယ ဓမ္မဓာတု ဘူတတထတာ သုညတာ စသော ဝေါဟာရများနှင့် တရား ကိုယ်အနက် အတူတူပင်ဖြစ်၏။ ရှေးဦးဗုဒ္ဓဝါဒ၏ ဆန့်ကျင်ဘက်ဝိဘာဂများ ဖြစ် သော သံသရာနှင့် နိဗ္ဗာန်တို့သည် မဟာယာန ဗုဒ္ဓဘာသာ၏ ဓမ္မကာယ အရှိတရား တွင် ပေါင်းစည်းလျက် တစ်ခုတည်းသော အရှိတရား (ဧကောဓမ္မော) ၏ အသွင်နှစ် ရပ်အဖြစ် တည်ရှိနေကြသည်ဟု ဆိုနိုင်သည်။

ဤအခြေအနေကို ဥပမာအလင်္ကာ အမျိုးမျိုးဖြင့် ဖော်ပြရာတွင် ဒဂ်ါးပြား တစ်ချပ်၏ မျက်နှာပြင် နှစ်ဖက်ကဲ့သို့ တင်စား ဖော်ပြကြ၏။ သံသရာနှင့် နိဗ္ဗာန်တို့

၄၄။ **Nargajuna, Mula Madhyamika Karika,**

၄၅။ **DT Suzuki, *Outlines of Mahayana Buddhism* (1963) page-346**

သည် အသွင်အနေဖြင့် ကျောချင်းကပ်ကာ ဆန့်ကျင်ဘက်တူရှသို့ ရပ်တည်နေကြသောလည်း တစ်ခုတည်းသော အရာဝတ္ထု၏ မျက်နှာပြင်နှစ်ဖက်မျှသာ ဖြစ်ဘိသကဲ့သို့ တည်း။ ထို့အတူ သံသရာနှင့် နိဗ္ဗာန်ကို လိုင်းနှင့် ရေ၊ တိမ်ထုနှင့် မိုး ကောင်းကင်၊ အိုးအတွင်းမှ အာကာသပညတ်နှင့် ပကတိအဇ္ဈာအာကာသ စသည့် ဥပမာများဖြင့်လည်း တင်စားဖော်ပြကြရာ ရည်ညွှန်းချက်မှာ အလားတူပင်ဖြစ်၏။ လိုင်းတိမ်တိုက်နှင့် အိုးအတွင်းမှ အာကာသပညတ်တို့သည် ယာယီအရှိတရားများ ဖြစ်သော်လည်း ရေမိုးကောင်းကင်နှင့် ပကတိ အာကာသတို့မှာ ထာဝစဉ်တည်သော အရှိတရားများသဖွယ် ဖြစ်သည့်အပြင် လိုင်းနှင့် ရေ၊ တိမ်ထုနှင့် မိုးကောင်းကင်၊ အိုးအတွင်းမှ အာကာသပညတ်နှင့် ပကတိအဇ္ဈာအာကာသတို့သည် ၄င်းတို့အချင်းချင်းလည်း မည်သည့်အခါမျှ ကွဲကွာမှု မရှိသည့် ပုံပမာဖြစ်၏။ ဘဝသံသရာသည် အစမသိသော်လည်း အဆုံးနိဗ္ဗာန်ရှိ၏။ နိဗ္ဗာန်သည် အစပြုရာရှိသောလည်း အဆုံးမရှိပေ။ ထို့ကြောင့် သံသရာနှင့် နိဗ္ဗာန် တစ်ဆက်တည်း တစ်သားတည်း ပေါင်းစည်း နေသော ဓမ္မကာယ (၀၀) ဘူတတထတာ အရှိတရားသည် အစလည်းမရှိ၊ အဆုံးလည်း မရှိ အချိန်ကာလ နေရာဒေသ ကြောင်းကျိုးဆက်နွယ်မှုနှင့် ဝေါဟာရ ပညတ်တို့ကို လွန်မြောက်နေသော မဟာပရမတ္ထ အရှိသဘာဝတရားကြီး ဖြစ်သည်ဟု မဟာယာန ဗုဒ္ဓဘာသာက ခံယူပါသည်။[၄၄၃]

ကရုဏာတရားဖြင့် မွေးမွားအပ်သော ပညာ

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဗောဓိသတ္တအတွက် သံသရာနှင့် နိဗ္ဗာန်သည် တစ်သီးတစ်ခြားစီ မဟုတ်ဘဲ အတွင်းသဘောအရ ပေါင်းစည်းဆက်စပ်တည်ရှိနေသော တရားများဖြစ်သောကြောင့် မည်သည့်အရာကိုမျှ ပိုမိုလွန်ကဲ တန်ဖိုးထားခြင်း မရှိပေ။ မဟာယာန ဗုဒ္ဓဘာသာတွင် နိဗ္ဗာန်နှင့် သံသရာ ထပ်တူညီကြသည်ဟု ဆိုရာတွင် ထူးကဲသော ဝိသေသအနက်ကို နားလည်ရန်လိုပါသည်။ နိဗ္ဗာန်နှင့် သံသရာတို့သည့် အနှစ်သာရအားဖြင့် ပကတိအတွင်း အနှစ်သား အရှိတရားကင်းမဲ့သော သုညတာ သဘောများသာ ဖြစ်သောကြောင့် နိဗ္ဗာန်နှင့် သံသရာ ထပ်တူညီကြသည်ဟု ဆိုခြင်းဖြစ်၏။ ထို့အပြင် နိဗ္ဗာန်နှင့် သံသရာတို့သည် တစ်ခုတည်းသော ဓမ္မကာယ၏ မျက်နှာစာ နှစ်ဖက်ဖြစ်သောကြောင့်လည်း နိဗ္ဗာန်နှင့် သံသရာတို့သည် ထပ်တူညီကြသည်ဟု ဆိုရခြင်းဖြစ်ကြောင်း အနက်ထူးဖြင့် သိရှိနားလည်ရန်ဖြစ်၏။

၄၄၃။ **Garma C.C. Chan, *The Buddhist Teaching of Totality* (1971). P-xvii**

ဗောဓိသတ္တသည် မိမိ၏ မဟာယာနမဂ်လမ်းစဉ်ကို စတင်လျှောက်လှမ်းစဉ် ကတည်းက အများဝေနေယျ သတ္တဝါတို့အပေါ် လွန်မြတ်သော သနားကရုဏာ စိတ်ကို အခြေခံ၍ ဗောဓိစိတ္တကို ထူထောင်ခဲ့သူဖြစ်၏။ မိမိအနေဖြင့် လက်တစ်ကမ်း တွင် ရရှိနိုင်သော တစ်ဦးချင်း လွတ်မြောက်မှု (သာဝကယာန) ကို စွန့်လွှတ်ပြီး ခဲယဉ်းလွန်းသော ပါရမီလမ်းစဉ်ကို ရွေးချယ် လျှောက်လှမ်းခဲ့သူလည်း ဖြစ်၏။ ထို့ကြောင့် ဗောဓိသတ္တ၏ စိတ်သန္တာန်တွင် မဟာကရုဏာတရားဖြင့် စိုစွတ်နေပြီး ဗောဓိဉာဏ် ပညာမျိုးစေ့သည် ကရုဏာတည်းဟူသော ရေမြေအာဟာရကို မှီတွယ် လျက် ကြီးထွား ပွင့်လန်းခဲ့ရခြင်းဖြစ်၏။

ဗောဓိသတ္တမဂ်လမ်းစဉ်သည် မဟာကရုဏာကို အခြေခံသောကြောင့် ဝေနေ ယျသတ္တဝါတို့နှင့် လောကီဘဝသံသရာကို ပစ်ပယ်ခြင်းမရှိဘဲ မိမိ၏ ပါရမီတရားများ ဖြည့်ဆည်းရာ ရိပ်မြုံအဖြစ်သာ ခံယူ၏။ ထို့အပြင် ဘဝသံသရာ နယ်ပယ်အတွင်း၌ သာ ဝေနေယျသတ္တဝါတို့ကို မိမိ၏ ကရုဏာအနွေးဓာတ်ဖြင့် ကယ်တင်နိုင်သော ကြောင့် ဗောဓိသတ္တသည် ဘဝသံသရာကို ပစ်ပယ်ခြင်းမရှိပေ။ သန့်စင်မွန်မြတ်လှ သော ပဒုမ္မာကြာပန်းသည် အညစ်အကြေးတို့ဖြင့် ပြည့်နှက်သော နုံးနွံကို အခြေပြု၍ ပေါက်ပွားရှင်သန်ရသလို ဗောဓိသတ္တ၏ ပညာသည်လည်း လောကသံသရာတည်း ဟူသော နုံးနွံကို ကရုဏာ အစိုဓာတ်ဖြင့် အားဖြည့်စေလျက် ဖူးပွင့်ပေါ်ပေါက် ခဲ့ရခြင်းဖြစ်၏။ ထို့ကြောင့် ဗောဓိစိတ္တ၏ ပြီးပြည့်စုံမှုသည် ပညာသက်သက်လည်း မဟုတ်။ ကရုဏာသက်သက်လည်း မဟုတ်။ ကရုဏာကို အခြေခံသော ပညာ၏ အစွမ်းကုန် ပွင့်ထွန်းမှုသာဖြစ်၏။ အရှင်ဝသုဗန္ဓု၏ အလိုအရ ဗောဓိသတ္တသည် ပညာအားဖြင့် အတ္တဒိဋ္ဌိအစွဲကို ဖျက်ဆီးသလို ကရုဏာအားဖြင့် အများအကျိုး (လောကတ္ထစရိယ) ကို ပြည့်စုံစေ၏။ ပညာအားဖြင့် စိတ်ကြမ်းအလွှာထဲမှ အစွဲဥပါ ဒါန်တို့ကို ချုပ်ငြိမ်းစေသလို ကရုဏာအားဖြင့် သာဝကယာန၏ တစ်ဦးတည်း လွတ်မြောက်ခြင်းလမ်းကို စွန့်ပယ်၏။ ပညာအားဖြင့် လောကုတ္တရာကို ဦးခိုက်ပြီး ဗုဒ္ဓမမ္မကို ပြည့်ဝစေသလို ကရုဏာအားဖြင့်လည်း သံသရာအတွင်း ထင်ရှားစွာ ပေါ်လွင်လာပြီး ဝေနေယျသတ္တဝါတို့ကို ဗောဓိမမ္မလမ်းတွင် ရှင့်ကျက်စေပါသည်။[၄၄]

❑ ❑ ❑

၄၄။ D T Suzuki, Outlines of Mahayana Buddhism, p-360





အခန်း (၈)

သုဒ္ဓဘူမိဂိုဏ်း၏ သဒ္ဓါဓိက မဂ်လမ်းစဉ်

ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်များကို ကြည်ညိုပူဇော်သက္ကာရပြုခြင်းအားဖြင့် ဘာဝနာဆောက်တည်သော ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်းသည် ဗုဒ္ဓဝါဒ ရှေးကျသလောက်ပင် ရှေးကျလေသည်။ ပါဠိပိဋကတ်၏ ရှေးအကျဆုံးအပိုင်းဖြစ်သော သုတ္တနိပါတ် ပါဠိတော်တွင် ဗုဒ္ဓါနုဿတိဘာဝနာ၏ အခြေခံ အယူအဆများကို တွေ့ရ၏။ ပိဋကိယအမည်ရှိသော ဗြဟ္မဏ တစ်ဦးက မိမိခံစားရသော ကြည်ညိုမှုကို ဤသို့လျှင် ဖော်ထုတ်ခဲ့သည်ကို တွေ့ရ၏။

၁၁၃၈။ (ပိဋကိယသည် ဤသို့ပြောဆို၏) -

မြတ်စွာဘုရား ဟောတော်မူသော ပါရာယနသုတ်ကို အတုယူ၍ ဟောပြပါဒဲ့၊ အညစ်အကြေးကင်းတော်မူသော မြေကြီးကဲ့သို့ ကျယ်ပြန့်သော ပညာရှိတော်မူသော ကာမမှထွက်မြောက်ပြီးသော (ကိလေသာ) တော ကင်းတော်မူပြီးသော ရဟန္တာဖြစ်တော်မူသော မြတ်စွာဘုရားသည် အကြင်ဉာဏ်တော်ဖြင့် မြင်တော်မူ၏။ ထိုဉာဏ်ဖြင့် ဟောကြားတော်မူ၏။ အဘယ့်ကြောင့် ချုတ်ယွင်းသောစကားကို မြတ်စွာဘုရား ဟောကြားလိမ့်မည်နည်း။

၁၁၃၉။ တွေဝေမှု 'မောဟ' အညစ်အကြေးကို ပယ်ပြီးသော ထောင်လွှားမှု 'မာန' ကျေးငှားချေဖျက်မှု 'မက္ခ'ကို ပယ်ပြီးသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့် စပ်ယှဉ်သော တရားစကားကို ယခုအခါ အကျွန်ုပ်ပြောကြားပါအံ့။

၁၁၄၀။ ဗာဝရီမည်သော ဆရာပုဏ္ဏား မြတ်စွာဘုရားသည် အမှိုက်တိုက်ကို ပယ်ဖျက်ပြီး ဖြစ်၏။ ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ဉာဏ်မျက်စိ ရှိတော်မူ၏။

လောကအဆုံးသို့ ရောက်တော်မူ၏။ ဘဝအားလုံးကို လွန်မြောက်တော်မူ၏။ အာသဝေါ ကင်းတော်မူ၏။ ဆင်းရဲအားလုံးကို ပယ်ပြီးသူ ဖြစ်၏။ (ဗုဒ္ဓဟူသော) အမည်မှန် ရှိတော်မူ၏။ (ထိုမြတ်စွာဘုရားကို) အကျွန်ုပ်သည် ဆည်းကပ်ခဲ့ပြီ။

၁၁၄၃။ ဂေါတမအနွယ်ဖြစ်သော ထိုမြတ်စွာဘုရားသည် ပြုံငြိဖက်မပြု တစ်ဆူတည်း ဖြစ်တော်မူ၏။ အမိုက်တိုက်ကို ဖျက်ဆီး၍ နေတော်မူတတ်၏။ တန်ခိုးရှိတော်မူ၏။ ပညာအရောင်ကို ပြုံတော်မူတတ်၏။ ဂေါတမနွယ် ဖြစ်တော်မူ၏။ ပညာတံခွန်ရှိတော်မူ၏။ မြေကြီးအထုနှင့်တူသော ပညာရှိတော်မူ၏။

၁၁၄၄။ အကြင်မြတ်စွာဘုရားသည် ကိုယ်တိုင် သိမြင်အပ်သော အခါမလင့် အကျိုးပေး၍တပ်မက်မှု 'တဏှာ'၏ ကုန်ရာဖြစ်သော ဘေးရန်မရှိသောတရားကို အကျွန်ုပ်အား ဟောတော်မူ၏။ ယင်းနိဗ္ဗာန်တရားအား တစ်စုံတစ်ခုသော နှိုင်းယှဉ်စရာ ဥပမာမရှိ၊ ဂေါတမနွယ် ဖြစ်တော်မူသော ပညာတံခွန်ရှိတော်မူသော မြေကြီးအထုနှင့် တူသော ပညာရှိတော်မူသော ထိုဂေါတမ မြတ်စွာဘုရားမှ တစ်မှုဟုတ်မျှပင် ကင်း၍ အကျွန်ုပ်မနေနိုင်ပါ။

၁၁၄၅။ ဆရာပုဏ္ဏား ထိုမြတ်စွာဘုရားကို ပြကတော့မျက်စိဖြင့် မြင်ရသကဲ့သို့ မမေ့မလျော့မူ၍ နေ့ရောညဉ့်ပါ အကျွန်ုပ်စိတ်ဖြင့် မြင်နေပါ၏။ ညဉ့်အခါ၌ ရှိခိုးလျက် နေပါ၏။ ထို့ကြောင့်သာလျှင် ကင်းဝေးမနေဟု အကျွန်ုပ်ထင်ပါ၏။ (၁၂)

၁၁၅၀။ အကျွန်ုပ်၏ ယုံကြည်မှု 'သဒ္ဓါ'သည် လည်းကောင်း၊ နှစ်သိမ့်မှု 'ပီတိ' သည်လည်းကောင်း၊ သိမှု 'မန'သည် လည်းကောင်း၊ အောက်မေ့မှု 'သတိ' သည်လည်းကောင်း ဂေါတမသာသနာမှ မဖဲမရွေ့ကြပါကုန်၊ မြေကြီးနှင့်တူသော ကျယ်ပြန့်သော ပညာရှိသော မြတ်စွာဘုရားသည် အကြင်အကြင်အရပ်သို့ ကြွတော်မူ၏။ ထိုအကျွန်ုပ်သည် ထိုထို (မြတ်စွာဘုရားရှိရာ) အရပ်သို့သာလျှင် ညွတ်ကိုင်းသူဖြစ်ပါ၏။

၄၄၅။ သုတ္တနိပါတ-ပါရာယနဝဂ် (Trans. by Saddhatissa 1985: vv. 1133, 1136. Cf. the translation by Norman (Sutta Nipata1984).

၁၁၅၁။ ဗာဝရီမည်သောဆရာပုဏ္ဏား အိုမင်း၍ ခွန်အားနည်းသော အကျွန်ုပ်၏ကိုယ်သည် ထိုသို့ ခွန်အားနည်းသောကြောင့်သာလျှင် ထိုမြတ်စွာဘုရားရှိရာသို့ မသွားရောက်နိုင်ပါ၊ စိတ်အကြံဟူသော သွားခြင်းဖြင့်သာလျှင် အကျွန်ုပ်သည် အမြဲ သွားရောက်ပါ၏။ အကျွန်ုပ်၏စိတ်သည် ထိုမြတ်စွာဘုရားနှင့် ယှဉ်စပ်နေပါ၏။ (၁၄)

၁၁၅၂။ အကျွန်ုပ်သည် ကာမဂုဏ်ညွှန်ထဲ၌ အိပ်လျက် ထက်ဝန်းကျင် တုန်တုန်လှုပ်လှုပ် မှီခိုရာကျွန်းတစ်ခုမှ မှီခိုရာကျွန်းတစ်ခုသို့ မျောပါနေပါ၏။ ထိုအခါ သံသရာအယဉ် 'ဩဃ'ကို လွန်မြောက်တော်မူပြီးသော အာသဝေါကင်းတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရပါ၏။

၁၁၅၃။ ပိင်္ဂိယ ဝက္ကလိသည် လည်းကောင်း၊ ဘဒ္ဒြာဝုဓသည် လည်းကောင်း၊ အာဠဝီပြည်သား ဂေါတမသည် လည်းကောင်း ယုံကြည်မှု 'သဒ္ဓါ' တရားကို (နိဗ္ဗာန်သို့) စေလွှတ်လော့၊ ဤသို့ စေလွှတ်သည်ရှိသော် သင်သည် သေမင်းတည်ရာ သံသရာ၏ တစ်ဖက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ ရောက်ရလတ္တံ့ဟု မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ကြွလာ၍ ဟောတော်မူ၏။

၁၁၅၄-၁၁၅၅။ ထိုအကျွန်ုပ်သည် မုနိဖြစ်တော်မူသော မြတ်စွာဘုရား၏ စကားတော်ကိုကြား၍ အလွန်ကြည်လင်ပါ၏။ ဝဋ်ဟူသော အမိုးကို ဖွင့်ပြီးသော ငြောင့်ကင်းတော်မူပြီးသော ဆင်ခြင်ဉာဏ် (ပဋိဘာန်) ရှိတော်မူသော အမေးပြဿနာ၏ အဆုံးကို ပြုတော်မူသော ယုံမှားခြင်းရှိသည် ဖြစ်ကုန်လျက် ယုံမှားကင်း၏ ဟု ဝန်ခံသူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် သမ္မုတိနတ် ဥပပတ္တိနတ် တို့ထက် လွန်ကဲထူးမြတ်သော ဝိသုဒ္ဓိနတ်တို့ကို ထူးသောဉာဏ်ဖြင့် သိတော်မူ၍ မိမိသူတစ်ပါး နှစ်ပါးစုံ၏ ဝိသုဒ္ဓိနတ်အဖြစ်ကို ပြုတတ်သော တရားအားလုံးကို လည်း သိတော်မူပြီ။

၁၁၅၆။ အကြင်နိဗ္ဗာန်တရားအား တစ်စုံတစ်ခု နှိုင်းယှဉ်စရာ ဥပမာမရှိ၊ မရွေ့လျား မပျက်စီးနိုင်သော ထိုနိဗ္ဗာန်သို့ မချုတ်သွားရတော့ခဲ့၊ ဤနိဗ္ဗာန်သို့ သွားရာ၌ အကျွန်ုပ်အားယုံမှားမှု မရှိတော့ပါ၊ အကျွန်ုပ်ကို ကိလေသာမှ လွတ်မြောက်သော စိတ်ရှိသူဟူ၍ မှတ်တော်မူပါလော့။[၄၄၆]

အထက်ပါ ပါဠိတော်စာပိုဒ်များကို တိုက်ရိုက်အနက်ဖွင့်ဆိုရန် ခဲယဉ်းလှပါသည်။ ဤ ဒေသနာတော်များသည် နှောင်းကာလတွင် ပေါ်ပေါက်ခဲ့သော သုဒ္ဓဘူမိကိုဏ်း၏ သဒ္ဓါဓိက မဂ်လမ်းစဉ်၏ အနှစ်သာရနှင့် ထပ်တူဖြစ်သည်ဟု ဆိုရန်ကား

၄၄၆။ သုတ္တနိပါတ-ပါရာယနဝဂ်

ပိုမိုခက်ခဲနေပါလိမ့်မည်။ သို့သော်လည်း ဗုဒ္ဓဘာသာ၏ အလွန်ရှေးကျသော ကာလတည်းက ယုံကြည်မှု သဒ္ဓါတရား၏ အဓိကအရေးပါမှုကို ဤ သုတ္တန်ဒေသနာတော်၏ အဆိုအမိန့်များက ညွှန်ပြနေပါသည်။

ထေရဝါဒ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ မထေရ်၏ နာမည်ကျော် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းတွင်လည်း ဗုဒ္ဓါနုဿတိဘာဝနာ၏ အရေးပါပုံနှင့် ကျင့်ကြံပုံများကို အသေးစိတ်ဖော်ပြထား၏။ ဗုဒ္ဓါနုဿတိဘာဝနာကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ဗုဒ္ဓရှင်တော်၏ ဂုဏ်တော်များကို ဆင်ခြင်ပွားများရကြောင်း ဆိုပါသည်။ ဗုဒ္ဓ၏ ဂုဏ်တော်များမှာ ကိလေသာအညစ်အကြေး ကင်းစင်၍ ရန်ဟူသမျှ အောင်နိုင်သူ မိမိကိုယ်တိုင် သစ္စာ သိမြင်သူ အကျင့်နှင့် အသိပညာ ပြည့်စုံသူ၊ ကောင်းသောစကားကိုဆိုသူ၊ လောကအကြောင်း သိမြင်သူ လူတို့ကို ထိန်းကျောင်းသူရထား မှူး လူနတ်ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်သူ သစ္စာလေးပါးကို ထိုးထွင်းနိုးကြားသိမြင်သူ ဘုန်းကျက်သရေတို့ဖြင့် ပြည့်ဝစုံလင်သူ စသည့် ကိုးပါးသော ဂုဏ်တော်တို့ဖြစ်ပြီး ယောဂီပုဂ္ဂိုလ်သည် ယင်း ဂုဏ်တော်တို့ကို အဖန်ဖန်အထပ်ထပ် ပွားများရန် ဖြစ်လေသည်။[၄၄၇]

အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ အလိုအရ ဤသို့ ဗုဒ္ဓါနုဿတိဘာဝနာပွားသူသည် ယုံကြည်မှုသဒ္ဓါတရား အားကောင်းပြည့်ဝလာခြင်း၊ သတိပဋ္ဌာန်တရားတိုးတက် ခိုင်မာလာခြင်း၊ ပညာတိုးပွားမြင့်တက်လာခြင်းနှင့် ကုသိုလ်ကောင်းမှု ရရှိခြင်းစသည့် အကျိုးတရားများကို ရရှိသည်ဟုဆို၏။ ကြောက်ရွံ့ခြင်းတရားကို ကျော်လွှားအောင်မြင်ပြီး မိမိသည် ရှင်တော်ဗုဒ္ဓ၏ ရှေ့တော်မှောက်တွင် ရောက်ရှိနေရသည့်ပမာ ခံစားရစေသည်ဟုဆို၏။ ယောဂီ၏ ရုပ်ကာယခန္ဓာသည်ပင်လျှင် ဗုဒ္ဓ၏ ဂုဏ်တော်များကိန်းဝပ်ရာ စေတီတော်သဖွယ်အလား ဖြစ်စေပြီးလျှင် ယောဂီ၏ စိတ်သည် ဘုရားရှင်တို့ တည်ရှိရာသို့ အစဉ်ကိုင်းညွှတ်နေစေတတ်သည်ဟုလည်း တင်ပြထား၏။ မကောင်းမှုကို ပြုရန် ကြံရွယ်မိသည့်တိုင်အောင် မိမိနှင့်အတူ ရှင်တော်ဗုဒ္ဓ ရှိနေသည်ဟူသော ခံစားချက်ကြောင့် ဒုစရိုက်အမှုများကို ပြုလုပ်ရန် တွန့်ဆုတ်မိနေစေသည့် အကျိုးကျေးဇူးကိုလည်း ရရှိစေသည်။[၄၄၈]

၄၄၇။ *Visuddhimagga* 7: 2, in Buddhaghosa 1975, quoting from the standard formula found in the Pali Canon. Harrison 1992a: 228–31 argues that *anusmVti* is better understood as 'commemoration' than simply 'recollection'.

၄၄၈။ Buddhaghosa (1975) *The Path of Purification (Visuddhimagga)*, trans. Bhikkhu Ñauamoli, Kandy, Sri Lanka: Buddhist Publication Society: 230. Cf. Harrison, P. (1992a) 'Commemoration and identification in *buddhAnusmVti*', in Gyatso 1992: 215–38. 218.

မဟာယာနသုတ္တန်တစ်ခုဖြစ်သော ဂန္ဓဗျူဟာသုတ္တန်တွင် ဤသို့ ဆိုထား ပါ၏။။

"ကပ်ကမ္ဘာ အသင်္ချေတိုင်အောင်ပင် ဘုရားရှင်တစ်ဆူ၏ တရားတော်ကို ကြားနာရခွင့်သည် အလွန်ပါးရှား ပါဘိတော်း။

ထို့အတူ ရှင်တော်ဗုဒ္ဓတို့၏ ရူပကာယတော်မြတ်ကို ဖူးတွေ့ရခွင့်သည် သာလွန်ခက်ခဲပေလိမ့်မည်ဖြစ်၏။ ဘုရားရှင်တစ်ဆူကို ဖူးမြင်ရခွင့်သည် အကုသိုလ် အပိတ်အဆို့တို့ကို ဖယ်ရှားပေနိုင်၏။ ထို့ကြောင့် ကြောက်မက်ဖွယ်ရာ ကောင်းလှသော ငရဲဆိုးကမ္ဘာတို့၏ ဆင်းရဲခြင်းဒုက္ခ အဖန်ဖန် ကျက်ရခြင်းထက် ဘုရားရှင်ကို မဖူးတွေ့ရခြင်းသည် သာလွန်၍ ဆင်းရဲလှပေ၏။ ဘုရားရှင်တော်မြတ်ကို ဖူးမြင်ရခြင်းသည် ဆင်းရဲဒုက္ခအပေါင်းကို ကင်းပကွယ်ပျောက်စေနိုင်သလို ဘုရားရှင်တို့ ကျက်စားတော်မူရာ ဗုဒ္ဓဝိသယသို့လည်း ပညာဉာဏ်သက်ဝင်ဖွယ်ရာ ဖြစ်စေနိုင် ပါ၏။။"[၄၄]

ဗုဒ္ဓစာပေပညာရှင် ပေါလ်ဟာရစ်ဆန်၏ အလိုအရ ဗုဒ္ဓဘာသာ၏ ဓမ္မကျင့်စဉ်များတွင် အနုဿတိကျင့်စဉ်များ ပုံစံအမျိုးမျိုးဖြင့် ပါဝင်နေပြီး ၄င်းတို့အနက် ဗုဒ္ဓဓမ္မနှင့် သံဃတည်းဟူသော ရတနာ ၃ ပါး ကို အာရုံပြုရသော ဘာဝနာလုပ်ငန်းများမှာ အထူးထင်ရှား၏။ ၄င်းတို့အနက် ဘုရားရှင်၏ ဂုဏ်တော်များကို ရည်မှန်းပူဇော်ပွားများကျင့်ကြံရသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် အထင်ရှားဆုံး ဖြစ်၏။ ရှေးအခါက လူတို့သည် ရှင်တော်ဗုဒ္ဓကို အတုယူကျင့်ကြံစရာ စံပြနမူနာကောင်း တစ်ခုအဖြစ် ရှုမြင်ခဲ့ကြသော်လည်း တဖြည်းဖြည်းနှင့် ဗုဒ္ဓသည် ကြည်ညိုကိုးကွယ်အားထားရာ ဖြစ်လာခဲ့လေ၏။[၄၅]

ဤသို့ ကြည်ညိုကိုးကွယ်အားထားရာမှ တစ်ဆင့်တက်၍ ဘုရားရှင် သက်ရှိထင်ရှားရှိခဲ့စဉ်အခါကကဲ့သို့ ထိတွေ့ဆက်ဆံရန် ရည်သန်ခဲ့ကြပေလိမ့်မည် ဖြစ်၏။ ဗုဒ္ဓဘာသာ တိုးတက်ထွန်းကား ပြန့်ပွားလာသည်နှင့်အမျှ လူတို့အတွက် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များဖြစ်သည့် လုံခြုံမှု၊ နွေးထွေးမှု ဖြေဆည်ရာသဘောတို့လည်း လိုအပ်လာသည့်အပြင် ထိုလိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်တော်ဗုဒ္ဓထံမှ ဆုမွန်တောင်းဆိုမှုများလည်း တိုးတက်ဖြစ်ထွန်းလာခဲ့ကြ၏။

၄၄။ **Conze, E., Homer, I. B., Snellgrove, D. and Waley, A. (1964) *Buddhist Texts through the Ages*, New York: Harper & Row.: 188–9**

၄၅။ **Harrison, P. M. (1978) 'Buddhanusmvti in the *Pratyutpannabuddhasamukhavasthitasamadhi-Sutra*, *Journal of Indian Philosophy* 9: 35–57. Repr. in Williams 2005b, vol. 3.: 37**

ဗုဒ္ဓဘာသာ၏သမိုင်း၌ ရှေးဦးကာလကတည်းကပင် ဗုဒ္ဓ၏ ဂုဏ်တော်များကို ပွားများသည့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအပြင် ယင်းနှင့်ဆက်စပ်၍ ရှင်တော်ဗုဒ္ဓ၏ ရူပါရုံကို စိတ်ညွှတ် အာရုံပြုလျက် ဖန်တီးအားထုတ်ရသည့် ကသိုဏ်းဆန်ဆန် ဘာဝနာလုပ်ငန်းများလည်း ရှိခဲ့မည်ဖြစ်၏။ ဤသို့သော ကျင့်စဉ်များမှနေ၍ ဘာဝနာအာရုံထဲတွင် ဗုဒ္ဓနှင့် တိုက်ရိုက်ဆက်သွယ်မှု ရရှိသည်ဟု ခံစားလာရပြီး ရှင်တော်ဗုဒ္ဓကိုယ်တော်တိုင် ဟောမြွက်သော တရားဒေသနာတော်များကို မိမိ၏ အတွင်းနား ဖြင့် ကြားနာရသည်ဟူသော အမြင်များလည်း ဖြစ်ပေါ်ခဲ့မည်မှာ ယုံမှားဖွယ်မရှိချေ။ မဟာယာန သုတ္တန် တရားတော်များ စတင်ဖြစ်တည်ပုံမှာ ဤသို့သော ဘာဝနာကမ္မ အာရုံများမှ ဖြစ်နိုင်သည်ဟူ၍ ပညာရှင်တို့က ယူဆကြ၏။[၄၁]

တရုတ်ဘာသာပြန် ပိဋကတ်တော် ဧကောတ္တရာဂမကျမ်းတွင် ဗုဒ္ဓါနုဿတိ ဘာဝနာနှင့် ပတ်သက်၍ အလွန်အသေးစိတ် ဖော်ပြထားသော သုတ္တန်တစ်ခုကို တွေ့ရပြီး ဤကဲ့သို့ ရေးသားဖော်ပြချက်မျိုးကို ပါဠိပိဋကတ်တွင် မတွေ့ရချေ။ ဟာရစ်ဆန်၏ အလိုအရ ဤသုတ္တန်တွင် ဗုဒ္ဓါနုဿတိဘာဝနာကို ကျင့်သုံးခြင်းအား ဖြင့် သာမန်ထက်ထူးကဲသော တန်ခိုးစွမ်းအင်များ ရရှိစေနိုင်သည့်အပြင် နိဗ္ဗာန်မဂ် ဖိုလ်သို့တိုင်အောင် ပေါက်ရောက်နိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရ၏။[၄၂]

မဟာယာန ဗုဒ္ဓဘာသာထွန်းကားလာသောအခါတွင် အရပ်ဆယ်မျက်နှာရှိ အနန္တစကြဝဠာတို့တွင် အရေအတွက်ကို လွန်သော အနန္တ ဗုဒ္ဓဘုရားရှင်များ တည်ရှိနေသည်ဟူသော အယူအဆလည်း ထွန်းကားလာခဲ့၏။ ဗုဒ္ဓါနုဿတိ ဘာဝနာသည် ထိုထို အနန္တဗုဒ္ဓဘုရားရှင်များနှင့် တိုက်ရိုက် အာရုံသိဆက်သွယ်မှုရရှိစေရန် အရေးပါသော ကဏ္ဍမှ ပါဝင်လာပြန်သည်ကို တွေ့ရ၏။ သတ္တသဟဿရိကာ ပညာပါရမိတာသုတ္တန်တွင် တစ်ခုတည်းသော ဗုဒ္ဓအာရုံကို စိုက်စိုက်စူးစူး အာရုံပြု အားထုတ်ရသည် ဧကဂ္ဂတာသမာဓိကျင့်စဉ်နှင့် ပတ်သက်၍ ဤသို့ ဖော်ပြထား၏။

ဘာဝနာအားထုတ်မည့် ယောဂီသည် အထီးတည်းဆိတ်ငြိမ်ရာသို့ ရှေးရှုချဉ်းကပ်ရန်လို၏။ အတွေးဝိတက်များနှင့် အာရုံငါးပါးတရားစုများ၏ အသွင်သဏ္ဌာန်တို့ကိုလည်း လစ်လျူရှုထားရမည်ဖြစ်၏။ မိမိ၏စိတ်အာရုံကို ဗုဒ္ဓတည်းဟူသော ကမ္မဋ္ဌာန်းအာရုံတွင် စုစုစည်းစည်း တင်ထားရန်လို၏။ သမာဓိ၌ တည်သောစိတ်အားဖြင့်

၄၁။ Sponberg, A. and Hardacre, H. (1988) *Maitreya, the Future Buddha*, Cambridge/New York/New Rochelle, NY/Melbourne/ Sydney: Cambridge University Press: 101

၄၂။ Harrison, P. M. (1978) 'Buddhanusmvti in the *Pratyutpannabuddhasamukhavasthitasamadhi-Sutra*, *Journal of Indian Philosophy* 9: 35–57. Repr. in Williams 2005b, vol. 3.:: 38

ရှင်တော်ဗုဒ္ဓ၏ နာမတော်ကို အထပ်ထပ် အဖန်ဖန် ရွတ်ဆိုပွားများရန်ဖြစ်၏။ ဘာဝနာ အားထုတ်မည့် ယောဂီသည် မိမိ၏ ရုပ်ကာယကို ဖြောင့်မတ်စွာ ထားရမည့်အပြင် မိမိအာရုံပြုသော ရှင်တော်ဗုဒ္ဓ တည်နေရာအရပ်မျက်နှာဖက်သို့ ဦးတည်လှည့်ထား ရမည်ဖြစ်၏။ ဘာဝနာအားထုတ်မည့် ယောဂီသည် မိမိ၏ စိတ်ကို စဉ်ဆက်မပြတ် ဗုဒ္ဓအာရုံတွင် စူးစိုက်ထားနိုင်ပါက အတိတ် ပစ္စုပ္ပန်အနာဂတ် ကာလသုံးပါးစလုံး တွင် စံနေတော်မူကြသော ရှင်တော်ဗုဒ္ဓအားလုံးကို ဖူးမြင်နိုင်မည်ဖြစ်၏။[၄၁၃]

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စတင်မြစ်ဖျားခံရာ ဒေသကို ကက်ရှမီးယား (ကသ္မီရ) ဟု ပညာရှင်တို့ ဆိုလေ့ရှိကြ၏။ စင်စစ် ကက်ရှမီးယား (ကသ္မီရ) ဒေသသည် အိန္ဒိယတွင် ကမ္မဋ္ဌာန်းဘာဝနာဂိုဏ်းများ စတင်ပေါ်ပေါက်ရာ ဌာနေတစ်ခုအဖြစ် အလွန်နာမည်ကျော်ကြား၏။ အာရှအလယ်ပိုင်းဒေသနှင့် တရုတ်ပြည်တို့တွင် ကက် ရှမီးယား (ကသ္မီရ) မှ ကြွလာသော ကမ္မဋ္ဌာန်း နည်းပြဆရာများလည်း ထင်ရှားစွာ ရှိခဲ့ကြ၏။ စိတ်ဖန်ရုပ်သွင် ဘာဝနာအာရုံများကို စိတ်ဖြင့်ရွူပွားရသော ကမ္မဋ္ဌာန်း နည်းစနစ်များသည် ကက်ရှမီးယား (ကသ္မီရ) တွင် အလွန်ခေတ်စားခဲ့ကြပြီး အေဒီ ၅ ရာစုခန့်တွင် တရုတ်ပြည်သို့ ပျံ့နှံ့ရောက်ရှိခဲ့ကြသည်ဟု ပညာရှင်တို့ ယူဆကြ၏။[၄၁၄]

တရုတ်ပြည်တွင် ပြည်ပမှရောက်ရှိလာသော ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ တရုတ်လူမျိုးတို့သည် ရှုပ်ထွေးခဲနက်နဲသော ကမ္မဋ္ဌာန်း ဘာဝနာကျင့်စဉ်များကို များစွာ စိတ်ဝင်စားကြ၏။ ကုန်ပြည်မှ တရုတ်ပြည်သို့ ရောက်ရှိခဲ့သူ ဗုဒ္ဓရဟန်းတော် အရှင်ကုမာရဇီဝ မထေရ်ကိုယ်တိုင် ကက်ရှမီးယား (ကသ္မီရ) တွင် နေထိုင်ခဲ့ဖူးပြီး ဗုဒ္ဓနုဿတိ ကမ္မဋ္ဌာန်းကိုလည်း များစွာစိတ်ဝင်စားမှုရှိခဲ့၏။ ထို့အတူ တရုတ်ရဟန်း တော်တစ်ပါးဖြစ်သည့် ဟွီယွမ် (အေဒီ ၃၃၄-၄၁၆) သည်လည်း ပစ္စုပ္ပန္နသမာဓိ ဟု ခေါ်သည့် အလွန်ပြင်းထန်သည့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတစ်မျိုးကို အားထုတ် ခဲ့သည်ဟုဆို၏။

ပစ္စုပ္ပန္နသမာဓိကျင့်စဉ်နှင့် ဟွီယွမ်

ပစ္စုပ္ပန္နသုတ္တန်ကို လောကက္ခေမက အေဒီ ၁၇၉ တွင် တရုတ်ဘာသာသို့ ပြန်ဆိုခဲ့ ၏။ ၄င်းသည် တရုတ်ဘာသာပြန် သက္ကတပိဋကတ်သုတ္တန်များအနက် အစောဆုံး

၄၅၃။ **Trans. in Chang 1983: 110. From the Chinese. Cf. the translation by Conze 1973b: 101.**

၄၅၄။ **Demiéville, P. (1954) 'La Yogacarabhumi de Saógharakwa', Bulletin de l'École Française d'Extrême-Orient XLIV, fasc. 2: 339–436: 360 ff.;**

ဖြစ်၏။ ယင်းသုတ္တန်တွင် အမိတာယု (အမိတာဘ) စျာနိဗုဒ္ဓနှင့် ၄င်း၏ သုဒ္ဓဘူမိ (သုခဝတီဘုံ) တို့ အကြောင်းနှင့်ပတ်သက်၍ ပထမဆုံးတွေ့ရှိရ၏။[၄၁၁]

ပစ္စုပ္ပန္နသုတ္တန်တွင် ပစ္စုပ္ပန္နသမာဓိကျင့်စဉ် အကြောင်း အသေးစိတ်ဖော်ပြပါရှိပြီး ၄င်းသမာဓိကျင့်စဉ်သည် သုတ္တန်၏ အဓိက အပိုင်းကဏ္ဍဖြစ်၏။ ပစ္စုပ္ပန္နသမာဓိကျင့်စဉ်၏ အခြေခံသည် အလွန်ဖြူစင်သန့်ရှင်းသော ကိုယ်ကျင့်သီလဖြစ်သောကြောင့် ရဟန်းဖြစ်စေ၊ လူဝတ်ကြောင်ဖြစ်စေ မိမိတို့နှင့် သက်ဆိုင်သော ကိုယ်ကျင့်သီလသိက္ခာကို ပွတ်သစ်စ ခရသင်းကဲ့သို့ အလွန်စင်ကြယ်ဖြူဖွေးအောင် ကျင့်သုံးဆောက်တည်ရ၏။ ထို့နောက် ပစ္စုပ္ပန္နသမာဓိကျင့်စဉ်ကို အားထုတ်မည့် ယောဂီသည် ဆိတ်ငြိမ်ရာတောအရပ်သို့ ချဉ်းကပ်ပြီးလျှင် အမိတာယု စျာနိဗုဒ္ဓဘုရားရှင် ကိန်းအောင်း မွေ့လျော်ရာ အနောက်ဖက်အရပ်သို့ တူရူပြုလျက် မိမိ၏ကျင့်စဉ်ကို ဆင်ခြင်သုံးသပ်ရာ၏။ ရှင်တော်ဗုဒ္ဓသည် ဓမ္မာသန ပလ္လင်တော်ပေါ်တွင် ဝေနေယျသတ္တဝါတို့ကို တရားရေအေးတိုက်ကျွေးနေသည့် ပုံဟန်ကို စွဲထင်နေအောင် အာရုံပြု ပွားများရမည်ဖြစ်၏။ ဘုရားရှင်၏ မဟာပုရိသ လက္ခဏာတော်ကြီးငယ်များအားလုံးကို ထင်ပေါ်အောင် ပွားများရန်ဖြစ်၏။[၄၁၆]

ပစ္စုပ္ပန္နသမာဓိကျင့်စဉ်သည် ရှေးပါဠိဋီကာယ်များတွင် တွေ့ရသော မောနေယျ အကျင့်သဖွယ် အလွန်ပြင်းထန်သော အကျင့်မျိုးဖြစ်၏။ အားထုတ်မည့် ယောဂီပုဂ္ဂိုလ်သည် ဤမမ္မကျင့်စဉ်ကို ကျင့်သုံးဆောက်တည်နေသော သုံးလ (ရက်ပေါင်း ၉၀) ကာလအတွင်း မအိပ်စက်ရ။ ကျင်ကြီး ကျင်ငယ်စွန့်ချိန်မှလွဲ၍ မထိုင်ရ။ ကာလတစ်လျှောက်လုံး ရပ်ခြင်းနှင့် လမ်းလျှောက်ခြင်းတည်းဟူသော လူပ်ရှားဟန်နှစ်မျိုးဖြင့်သာ နေထိုင်ရမည်ဖြစ်၏။ ယောဂီသည် ရက်သတ္တပတ်လုံး အမိတာယုဗုဒ္ဓရှင်တော်ကို ပြင်းပြသော ကြည်ညိုသဒ္ဓါတရားဖြင့် အာရုံစူးစိုက်၍ ဂုဏ်တော်ပွားလတ်သော် ကိုယ်တော်၏ ရူပါရုံကို ထိုက်တန်စွာ ဖူးမြင်ရမည်ဟု ဆို၏။[၄၁၇]

ထိုသို့ ဖူးမြင်ရလတ်သော် ယောဂီသည် အမိတာယုဘုရားထံမှ တရားတော်များကို နာကြားနိုင်သလို လေးမြတ်သော ပူဇော်သက္ကာရကိုလည်း ပြုနိုင်တော့၏။

၄၁၁။ **The actual expression 'Pure Land' translates the Chinese *jingtu (ching-t'u; Japanese: jodo)*, and as such appears to have been coined in China.**

၄၁၆။ **See also Harrison, P. M. (1978) 'Buddhanusmvti in the *Pratyutpannabuddhasamukhavasthitasamadhi-Sutra*, *Journal of Indian Philosophy* 9: 35–57. Repr. in Williams 2005b, vol. 3.: 37.**

၄၁၇။ **Harrison, P. (1990) *The Samadhi of Direct Encounter with the Buddhas of the Present: An annotated English translation of the Pratyutpanna-Buddhasanmukhavasthita-Samadhi-Sutra*, Tokyo: The International Institute for Buddhist Studies: 45**

ဤသို့ ဖူးမြင်ရခြင်းသည် ပဉ္စလက်အတတ်ကြောင့်လည်း မဟုတ်သလို လူသာမန်တို့ထက်ပိုလွန်သော ဒိဗ္ဗစက္ခု အာဘိညာဉ် အထူးကြောင့် မြင်တွေ့ရခြင်းလည်း မဟုတ်ပေ။ ပစ္စုပ္ပန္နသုတ္တန်တွင် ယောဂီ၏ အတွေ့အကြုံကို အိပ်မက်အတွေ့အကြုံနှင့် ခိုင်းနှိုင်းဖော်ပြထားသည်ကို တွေ့ရ၏။ အရာခပ်သိမ်းသည် အတွင်းအနှစ်သားဆိတ်သုဉ်းသော သုညတာတရားများ ဖြစ်သည့်အပြင် ယောဂါစာရအဘိဓမ္မာအရ အတွေ့အကြုံ အသိတရားတို့၏ အခြေခံသည် စိတ်ဖန်ရုပ်သွင် အရှိယောင်တရားများသာ ဖြစ်ကြသောကြောင့် အမိတာယုဘုရားရှင်၏ ရှုပါရုံကို ဘာဝနာအာရုံထဲတွင် ဖူးတွေ့ရခြင်းသည် မဆန်းကြယ်လှချေ။[၄၅၈]

တရုတ်ရဟန်းတော် ဟွီယွမ်သည် အေဒီ ၄၀၂ စက်တင်ဘာလတွင် လျူတောင်ပေါ်မှ လျူရှန်းကျောင်းတိုက်ရှိ အမိတာယု ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ရှေ့မှောက်တွင် သီတင်းဖော် ၁၂၃ ဦးနှင့်အတူ အဓိဋ္ဌာန်ပြုခဲ့ကြ၏။ အဆိုပါ ကျောင်းတိုက်တွင် ဟွီယွမ်သည် အသက်ထက်ဆုံး နေထိုင်သွားခဲ့၏။ ဟွီယွမ်တို့၏အဖွဲ့သည် အချင်းချင်း ထောက်ပံ့ကူညီသော အဖွဲ့ငယ်လေးတစ်ခုဖြစ်ပြီး သုခဝတီဘုံတွင် မွေးဖွားခွင့်ရရှိစေရန် အားထုတ်ကျင့်ကြံခဲ့ကြသူများ ဖြစ်လေသည်။[၄၅၉] ၄င်းတို့၏ ဘာသာရေးအစုအမက်လေးကို **ကြာပန်းဖြူအဖွဲ့** (White Lotus Soceity) ဟု အမည်ပေးခဲ့ပြီး တရုတ်ပြည်တွင် ပထမဆုံး ပေါ်ပေါက်ခဲ့သော **သဒ္ဓါမိက သုဒ္ဓဘူမိ ဗုဒ္ဓဘာသာဂိုဏ်း** (Pure Land Buddhism) ဖြစ်၏။[၄၆၀]

ဗုဒ္ဓစာပေပညာရှင် ပေါလ်ဝီလျံ၏ အလိုအရ တရုတ်ပြည်တွင် သဒ္ဓါမိက သုဒ္ဓဘူမိ ဗုဒ္ဓဘာသာဂိုဏ်း ပေါ်ပေါက်ခဲ့ရခြင်းသည် ဆိုးဝါးနေသော လူမှုရေး၊ နိုင်ငံရေး အခြေအနေများကြောင့်လည်း ဖြစ်နိုင်သည်ဟုဆို၏။ တန်မင်းဆက်ခေတ် အေဒီ ၆၁၈ မတိုင်မီ ရှိခဲ့သော ရာစုနှစ်ကာလများတွင် လူမှုဘဝကို အဆိုးမြင်သော အယူအဆများနှင့် နိုင်ငံရေးဝန်းကျင်မှ ထွက်ပြေး ချင်သော ဆန္ဒများကြီးစိုးနေသော ကာလဖြစ်ခဲ့ဟန်တူ၏။ အဆိုပါ ခေတ်ကြပ်ကြီးထဲတွင် ဟွီယွမ်ကို မွေးဖွားခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် အဖက်ဖက်မှ ပြည့်စုံနေသော သုခဝတီဘုံဘဝမျိုးသည် တရုတ်ပြည်သူတို့အတွက် ဆွဲဆောင်မှု ရှိနေခဲ့သည်မှာ မဆန်းပါချေ။ သုဒ္ဓဘူမိ ဗုဒ္ဓဘာသာ

၄၅၈။ Harrison, P. M. (1978) 'Buddhanusmvti in the *Pratyutpannabuddhasamukhavasthitasamadhi-Sutra*, *Journal of Indian Philosophy* 9: 35–57. Repr. in Williams 2005b, vol. 3.: 37: 46 ff.; 1990: 38–43

၄၅၉။ Zürcher, E. (1972) *The Buddhist Conquest of China*, 2 vols, Leiden, Netherlands: E. J. Brill. First pubd 1959.: 220; cf. text of Huiyuan's biography (ibid.: 244–5), and Tsukamoto 1985: 844 ff.

၄၆၀။ Zürcher, E. (1972) *The Buddhist Conquest of China*, 2 vols, p-220

ဂိုဏ်း၏ ကိုယ်ကျင့်တရား ဖြူစင်မှုအပေါ် အလေးထားခြင်းသည်လည်း ဟွီယွမ်ကို ဆွဲဆောင်စေခဲ့သော အချက်တစ်ချက်ဖြစ်၏။ အစားအသောက်နှင့် ပတ်သက်သော ဝိနည်းစည်းကမ်းနှင့် ကိုယ်ကျင့်သီလတရားများကို ဟွီယွမ်သည် အသက်နှင့်လဲ၍ စောင့်စည်းခဲ့၏။ နာမကျန်းဖြစ်သည့်အခါတွင် အရက်ဖြင့် ဖော်စပ်ထားသည့် ဆေးကိုတိုက်ရာ ဟွီယွမ်က သောက်ရန်ငြင်းဆန်ခဲ့သည်ဟု မှတ်တမ်းတင်ထားသည်ကို တွေ့ရလေသည်။[၄၆၁]

သုဒ္ဓဘူမိ ဗုဒ္ဓဘာသာဂိုဏ်း၏ ထာဝရတည်နေသော သုခဝတီဘုံ အယူအဆမှာ တရုတ်လူမျိုးတို့အတွက် အထူးဆွဲဆောင်မှု တစ်ရပ်ဖြစ်ခဲ့၏။ ရှေးဟောင်းတရုတ်ယဉ်ကျေးမှု၏ တောက်ဝါဒတွင် မအိုမနာ မသေစေနိုင်သော ရသာယနဆေးကို တောင့်တ ရှာမှီးကြသည့် အစဉ်အလာရှိခဲ့ရာ ဤသို့ တရုတ်လူမျိုးတို့၏ ထာဝရ မသေဆေး ရှာပုံတော်ကြောင့် သုခဝတီသုဒ္ဓဘုံက ဆွဲဆောင်မှုရှိခဲ့လေသည်။ ပယောဂနည်း လောကီဆေးပညာနည်း အဂ္ဂိရတ်ပညာနည်းများဖြင့် ရရှိအပ်သော မသေဆေးသည် အစဉ်ထာဝရ မသေအောင် မစွမ်းနိုင်ဘဲ လူ့သက်တမ်းကို ကြာရှည်အောင် ဆွဲဆန့်ထားရန်သာ တတ်နိုင်လိမ့်မည်ဖြစ်၏။ ဗုဒ္ဓရှင်တော်အပေါ် ယုံကြည်သက်ဝင်မှုကို အခြေခံ၍ ရရှိအပ်သော သုခဝတီဘုံမှ အသွင်ပြောင်းဘဝသည် များစွာ သာလွန်ကောင်းမွန်နေမည်မှာ ယုံမှားဖွယ်မရှိချေ။[၄၆၂]

ဗုဒ္ဓခေတ် အယူအဆအကြောင်း

ဗုဒ္ဓဘာသာ၏ စကြဝဠာတည်နေဟန်အယူအဆတွင် အရပ် (၁၀) မျက်နှာစလုံးတွင် အတိုင်းအတာ အကန့်အသတ် မရှိသော အနန္တစကြဝဠာ များစွာတစ်ပြိုင်နက် တည်နေလေသည်။ ယင်း စကြဝဠာများသည် အတိုင်းအတာ အကန့်အသတ်မရှိ ကျယ်ပြောလှစွာသော အဇဋာအာကာသ ကောင်းကင်ဟင်းလင်းပြင်ကြီး အတွင်းဝယ် ယှဉ်ပြိုင်တည်ရှိနေကြ၏။ ထို စကြဝဠာများအနက် အချို့သောစကြဝဠာများသည် ဗုဒ္ဓခေတ်များဖြစ်ကြလေရာ ဤနေရာတွင် ဗုဒ္ဓခေတ်ဟူသည်မှာ ဗုဒ္ဓရှင်တော်မြတ်တစ်ဆူ၏ ပညာနှင့် ကရုဏာ သက်ဝင်ကျက်စားလုပ်ဆောင်ရာ နေရာဌာနဟူသော အနက်အဓိပ္ပာယ်ကို ဆောင်နေပါသည်။ ပါဠိစာပေတွင်လည်း အလားတူ အယူအဆမျိုးကို တွေ့ရ၏။ ဗုဒ္ဓခေတ် အပိုင်းအခြား (၃) ပါး ခွဲခြားထားပြီး ဗွားမြင်တော်မူရာ ဇာတိ

၄၆၁။ Zürcher, E. (1972) *The Buddhist Conquest of China*, 2 vols, p-28

၄၆၂။ Matsumoto, S. (1986) '*The modern relevance of Donran's Pure Land Buddhist thought*', *Pacific World*, New Series 2: 37; cf. Corless, R. J. (1987) 'T'an-luan: Taoist sage and Buddhist bodhisattva', in Chappell 1987:p-36–8

ခေတ် (စကြဝဠာတစ်သောင်း) ဓမ္မဝိနယ အာဏာစက်တည်ရာ အာဏာခေတ် (စကြဝဠာ ကုဋေတစ်သိန်း) နှင့် သဗ္ဗညုတ ဉာဏ်တော်ကွန်ယက် ဖြန့်ကျက်ရာ ဝိသယခေတ် (အနန္တစကြဝဠာ) ဟူ၍ ပိုင်းခြားထားလေရာ မဟာယာန ဗုဒ္ဓဘာသာ၏ ဗုဒ္ဓခေတ် အယူအဆနှင့် နှိုင်းယှဉ်လေ့လာဖွယ်ရာဖြစ်၏။

အမှန်စင်စစ် ဗုဒ္ဓခေတ် အယူအဆသည် လောကုတ္တရာဝါဒီဂိုဏ်း၏ ဗုဒ္ဓဝင်ကျမ်းဖြစ်သော မဟာဝတ္ထုတွင် စတင် တွေ့ရှိရပြီဖြစ်၏။ မဟာဝတ္ထု၏ အလိုအရ စကြဝဠာလောကဓာတ် အများစုသည် ဗုဒ္ဓဘုရားရှင်များမှ ဆိတ်သုဉ်းနေသော အချည်းနှီးလောကဓာတ်များဖြစ်၏။ သို့သော်လည်း စကြဝဠာ လောကဓာတ်တစ်ခုတွင် ဘုရားရှင်တစ်ဆူသာ ပွင့်ထွန်းခွင့်ရှိနိုင်၏။ စကြဝဠာ လောကဓာတ်တစ်ခုတွင် ဘုရားနှစ်ဆူ တစ်ပြိုင်တည်း ပွင့်ပါလျှင် ဘုရားရှင်တို့၏ ပညာကရုဏာ အစွမ်းသတ္တိက မလုံလောက်ဟူသော အနက်အဓိပ္ပာယ် ဖြစ်နေသောကြောင့် ဘုရားရှင် တစ်ဆူသာ ပွင့်ထွန်းခွင့် ရှိနိုင်ခြင်းဖြစ်၏။ အနန္တများပြားလှသော ရှင်တော်ဗုဒ္ဓတို့က အနန္တများပြားလှသော ဝေနေယျသတ္တဝါတို့ကို ကယ်တင်ပြီး ဖြစ်သော်လည်း သံသရာလောကထဲတွင် အနန္တများပြားလှသော သတ္တဝါများ ဆက်လက် ကျန်ရှိမြဲ ကျန်ရှိနေရခြင်းမှာ သနဲ်ပါသဘောအရ အနန္တထဲမှ အနန္တကို နုတ်ယူလျှင် အကြွင်းမှာလည်း အနန္တဖြစ်နေမည် ဖြစ်သောကြောင့် ဖြစ်၏။[၄၆၃]

ရှင်တော်ဗုဒ္ဓတစ်ဆူ၏ ပဓာနလုပ်ငန်းတာဝန်သည် မိမိ၏ ဗုဒ္ဓခေတ်အတွင်းမှ ဝေနေယျသတ္တဝါများကို ဆင်းရဲဒုက္ခမှ လွတ်မြောက်အောင် ကယ်တင်ထုတ်ဆောင်ရန်ဖြစ်၏။ စင်စစ် ဗုဒ္ဓခေတ်ဟူသည် ဗုဒ္ဓဘုရားရှင်တစ်ဆူ ဖွားမြင်တော်မူရာ တရားဟောရာ စကြဝဠာ လောကဓာတ်ကိုတင်မကဘဲ မိမိ၏ ဗောဓိသတ္တ မဂ်လမ်းစဉ်တစ်လျှောက် ပါရမီသမ္ဘာရတရားများ ဖြည့်ကျင့်ရင်း တစ်စထက်တစ်စ မွန်မြတ်သန့်ရှင်း စင်ကြယ်လာအောင် လုပ်ဆောင်ပေးရသော နေရာဌာန အဝန်းအဝိုင်းလည်းဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရသော ဗောဓိသတ္တ မဂ်လမ်းစဉ်တစ်လျှောက် ပါရမီသမ္ဘာရတရားများကို ဖြည့်ကျင့်ခြင်းကြောင့် ဗုဒ္ဓခေတ်များ ပေါ်ထွန်းလာရခြင်းဖြစ်သည်ဟု ဆိုနိုင်၏။ ထိုကြောင့် ဘုရားရှင်တို့၏ မဟာကရုဏာ စိတ်မြတ်တို့ဖြင့် တည်ထောင် ဖန်ဆင်းအပ်သော လောကဓာတ် စကြဝဠာများကို ဗုဒ္ဓခေတ်ဟု ခေါ်ဆိုခြင်းဖြစ်လေသည်။[၄၆၄]

မဟာယာန ဗုဒ္ဓဘာသာ၏ အလိုအရ ဗုဒ္ဓခေတ်များသည် သန့်စင်သောဗုဒ္ဓ

၄၆၃။ *Mahavastu* 1949–56: I, p-96 ff.

၄၆၄။ Fujita, K. (1996a) 'The origin of the Pure Land', trans. Rebecca Otowa, *The Eastern Buddhist,* New Series 29 (2):: p-34–5

ခေတ်များ မသန့်စင်သောဗုဒ္ဓခေတ်များနှင့် အရောအနှော ဗုဒ္ဓခေတ်များဟူ၍ သုံးမျိုး ရှိ၏။ ယင်းတို့အနက် သန့်စင်သောဗုဒ္ဓခေတ်များသည်သာ အကောင်းမြတ်ဆုံးဖြစ်ပြီး ဓမ္မအသိဉာဏ် တိုးတက်ရေးအတွက် အထောက်အပံ့ ကြီးမားစွာ ဖြစ်ပေါ်စေနိုင်ပေသည်။ မသန့်စင်သော ဗုဒ္ဓခေတ်များတွင် အပယ်ဘုံများ မကောင်းမှုဒုစရိုက်များ မာရ်နတ်များဖြင့် အနှောက်အယှက် ကြီးမားစွာ ရှိနေသောကြောင့် ဓမ္မအသိဉာဏ် တိုးတက်ရေးအတွက် အထောက်အပံ့ ကောင်းစွာ မရရှိနိုင်ပေ။[၄၅] ဓမ္မာကရ (အမိတာဘဗုဒ္ဓ) ၏ ဗုဒ္ဓခေတ်-သုခဝတီမှာ သန့်စင်သောဗုဒ္ဓခေတ် ဖြစ်သောကြောင့် ဓမ္မအသိဉာဏ် တိုးတက်ရေးအတွက် အထောက်အပံ့ ဖြစ်စေနိုင်သော နေရာဌာနဖြစ်လေသည်။ ဗောဓိသတ္တတို့သည် မိမိ၏ ဗုဒ္ဓခေတ်သန့်စင်ရေးအတွက် အားထုတ်ကြိုးပမ်းရသည့်နည်းတူ အခြားရှင်တော်ဗုဒ္ဓတစ်ဆူ၏ ဗုဒ္ဓခေတ်တွင်လည်း မွေးဖွားပေါ်ပေါက် ပြီး ဗုဒ္ဓ၏ရှေ့တော်မှောက်တွင် ပါရမီတရားများ ဖြည့်ကျင့်နိုင်၏။ မိမိ၏ စိတ်အာရုံအားဖြင့်လည်း အခြားဗုဒ္ဓခေတ်များသို့ လှည့်လည် ရောက်ရှိနိုင်ပေသည်။[၄၆]

အမိတာဘဗုဒ္ဓ၏ သန့်စင်သော ဗုဒ္ဓခေတ် (သုခဝတီ) သည် မကောင်းမှုအညစ်အကြေးနှင့် အယူဖောက်ပြန် မှားယွင်းမှုများ လုံးဝမရှိသော သန့်စင်နယ်မြေဖြစ်၏။ တောင်တန်းချို့ငဲ့ဝှမ်းများမရှိဘဲ ညီညာပြန့်ပြူးသော မြေပြင်တွင် ရတနာစီချယ်သော သစ်ပင်များ လမ်းတစ်လျှောက် ပေါက်ရောက်နေကြ၏။ ဆူးညောင့်ခလုတ်နှင့် အဆိပ်ရှိသော သတ္တဝါများ စိုးစဉ်းမရှိဘဲ နေရာခပ်သိမ်းသည် ရွှေရောင်ဝင်းပလျက် သန့်ရှင်းစင်ကြယ်နေကြ၏။ ဤနေရာဌာနသည် ဗောဓိသတ္တများ ပါရမီဖြည့်ရန် အသင့်လျော်ဆုံးနေရာဖြစ်ပြီး မာရ်နတ်ကဲ့သို့သော အဓမ္မဝါဒီ အနှောက်အယှက်ဆိုးများလည်း မတည်ရှိချေ။[၄၇]

သန့်စင်သောဗုဒ္ဓခေတ် (သုဒ္ဒဘူမိ) တွင် ဘုရားရှင်တို့သည် အစဉ်ထာဝရ စံနေတော်မူကြပြီး ဝေနေယျသတ္တဝါတို့ကို စွန့်ခွာခြင်းမရှိဘဲ အစဉ်ကြင်နာသနားခြင်းဖြင့် ကူညီပေးနေကြလေသည်။ တစ်နေ့လျှင် သုံးကြိမ်ခန့် ရှင်တော်ဗုဒ္ဓသည် မိမိ၏ ဗုဒ္ဓခေတ်အတွင်းမှ ပါရမီရင့်ကျက်၍ ကယ်ချွတ်ရန်အသင့်ဖြစ်နေသော ဝေနေယျသတ္တဝါရှိမရှိ ဗုဒ္ဓခေတ်တစ်ခုလုံးကို ဖြန့်ကျက်သုံးသပ် ရှာဖွေလေ့ရှိ၏။ ဗုဒ္ဓခေတ်သည် မိရိုးဖလာ ဗုဒ္ဓဘာသာ၏ သံသရာအယူအဆမှ ၃၁ ဘုံတွင် မပါရှိသောကြောင့် နတ်ပြည် နတ်လောကမျိုး (သဂ္ဂဘုံ) မဟုတ်ချေ။ နတ်ပြည်၊ နတ်

၄၅။ *Samdhinirmocana Sutra*, in Lamotte 1962: p-397.

၄၆။ Rowell, T. (1935) 'The background and early use of the Buddha-Kwetra concept, chs. 2–3', *The Eastern Buddhist* 6 (4):p-385 ff., p-406 ff.

၄၇။ *Lotus Sutra*, in Hurvitz 1976: p-120

လောကကဲ့သို့ ကာမဂုဏ်စည်းစိမ် ခံစားမှုလည်းမရှိဘဲ ဗုဒ္ဓခေတ်တွင် မွေးဖွားသော သတ္တဝါများသည် မြတ်သောနိဗ္ဗာန်နှင့် ဗောဓိဉာဏ်ရရှိရေး တစ်ခုတည်းအတွက်သာ ရှင်သန်နေကြခြင်းဖြစ်၏။[၄၆၈]

သို့သော်လည်း ပါဠိပိဋကတ်စာပေတွင် ဗုဒ္ဓခေတ်နှင့်ဆင်တူသော ဇြဟ္မာဘုံများရှိ၏။ အနာဂါမ်အရိယာအဖြစ်ဖြင့် သေဆုံးသော သတ္တဝါသည် ရူပဘုံ ၁၆ ဘုံ၏ အမြင့်ဆုံး သုဒ္ဓါဝါသ (၅)ဘုံတွင် မွေးဖွားရ၏။ သုဒ္ဓါဝါသဘုံများသို့ ရောက်ရှိသော အရိယာပုဂ္ဂိုလ်သည် ကာမဘုံသို့ ပြန်လာရိုးမရှိ၊ အဆင့်နိမ့် ရူပဘုံများသို့လည်း ဆင်းသက်ရိုးမရှိ၊ အရူပဘုံများသို့လည်း ရောက်ရှိခြင်းမရှိဘဲ သုဒ္ဓါ ဝါသဘုံများတွင်သာ ဘုံစဉ်စံလျက် ရဟန္တာအရိယာဖြစ်ကာ ပရိနိဗ္ဗာန် ပြုကြရသည်ဟု ဆို၏။ သို့သော်လည်း ရှေးဦးဗုဒ္ဓဝါဒ၏ သုဒ္ဓါဝါသဘုံ အယူအဆမှာ မိမိတို့၏ ကိုယ်ပိုင်ကြိုးပမ်း အားထုတ်မှုကြောင့် ရရှိသည့် အနာဂါမိမဂ်၏ အစွမ်းကြောင့် ရရှိသော အခြေအနေဖြစ်ပြီး သုခဝတီနှင့် လုံးလုံးမတူညီပေ။ သုခဝတီဘုံတွင် မွေးဖွားခွင့်ရသူတို့မှာ မိမိတို့၏ ကိုယ်ပိုင်ကြိုးပမ်းအားထုတ်မှုကြောင့် မဟုတ်ဘဲ အမိတာဘ ဗုဒ္ဓဘုရားရှင်၏ သစ္စာအဓိဋ္ဌာန်နှင့် မဟာကရုဏာတရားတို့၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်သာ ဖြစ်လေသည်။

ဒေါက်တာပေါလ် ဝီလျံ၏ သုံသပ်ချက်အရဆိုရလျှင် သုခဝတီဘုံ၏ ဆွဲဆောင်မှုသည် သက္ကမုနိဗုဒ္ဓလွန်ပြီး နှောင်းကာလတွင် အိန္ဒိယပြည်၌ ဘာသာရေးအရ မျှော်လင့်ချက် ကင်းမဲ့လာရသော အနေအထားများကြောင့် ဖြစ်နိုင်သည်ဟု ကောက်ချက် ဆွဲ၏။ ဗုဒ္ဓရှင်တော် မရှိတော့သည့်အတွက် ဓမ္မကို အဆုံးအဖြတ် ပေးနိုင်သော လမ်းညွှန်ပုဂ္ဂိုလ် ကင်းမဲ့နေခဲ့သည့် အခြေအနေဖြစ်၏။ ပိဋကတ်စာပေများမှာလည်း ဂိုဏ်းအသီးသီးမှ အယူအဆအမျိုးမျိုးဖြင့် အသွင်ကွဲပြားစွာ လက်ခံထားကြသည့် အခြေအနေဖြစ်၏။ ဤသို့သော အခြေအနေတွင် သုခဝတီဘုံတွင် အမိတာဘ ဗုဒ္ဓရှင်တော်နှင့် ဖူးတွေ့ရပြီး နိဗ္ဗာန်ရောက်ကြောင်းတရားကို တိုက်ရိုက်နာယူနိုင်ခွင့်ရှိမည်ဆိုသည့် အချက်မှာ ယုံကြည်သူတို့အတွက် အလွန်ကြီးမားသော ဆွဲဆောင်မှုကြီးတစ်ခု ဖြစ်နေခဲ့မည်ဟု မှန်းဆကြည့်နိုင်ပါသည်။[၄၆၉]

၄၆၈။ See Ducor 2004: 380–1. On the similarities and dissimilarities of Sukhavatc with a heaven, in the light of Japanese understandings of Amitabha's Pure Land as a 'world of another dimension', in fact i.e. enlightenment itself, see Fujita, K. (1996a) 'The origin of the Pure Land', trans. Rebecca Otowa, *The Eastern Buddhist*, New Series 29 (2):: 44–8, cf. Fujita, K. (1996b) 'Pure Land Buddhism in India', trans. T. Unno in Foard *et al.* 1996:: p-26.

၄၆၉။ Paul Williams, *Mahayana Buddhism: Doctrinal Foundations*: p-23

သန့်စင်သော ဗုဒ္ဓခေတ်နှင့်ပတ်သက်၍ အတန်ငယ်ကွဲပြားသော အယူအဆများလည်း ရှိသေး၏။ ဝိမလကီတ္တိနိဒ္ဒေသ သုတ္တန်၏ အလိုအရ လောကဓာတ်သဘာဝသည် စင်ကြယ်သည်လည်း မဟုတ်၊ ညစ်နွမ်းသည်လည်း မဟုတ်ဘဲ သူ့အတိုင်းတိုင်း သဘောအားဖြင့် ကိုယ်ပိုင် ဂုဏ်လက္ခဏာကင်းမဲ့သော သုညတာသဘာဝသက်သက်သာ ဖြစ်၏။ ရှုမြင်ခံစားသူ၏ စိတ်သန္တာန်တွင် ညစ်နွမ်းနေပါက ညစ်နွမ်းသောလောကဓာတ်ကို မြင်တွေ့ရမည်ဖြစ်၏။ စင်ကြယ်နေပါက စင်ကြယ်သော လောကဓါတ်ကို မြင်တွေ့ရမည်ဖြစ်၏။ ထို့ကြောင့် သန့်စင်သော ဗုဒ္ဓခေတ်ဟူသည် သတ္တဝါတစ်ဦးချင်းစီ၏ အတွင်းသန္တာန်နှင့်သာ သက်ဆိုင်နေသည်ဟူသော ယောဂါစာရ ဗုဒ္ဓဒဿနဆန်ဆန် အမြင်မျိုးဖြစ်၏။[၄၇]

နောက်အယူအဆတစ်ခုမှာ နီချိရင်ဂိုဏ်း (ဂျပန်ပြည်) မှ အယူအဆဖြစ်ပြီး လူမှုဆက်ဆံရေး ဟန်ချက်ပြေလွင်ညီညွတ်မှုကို အခြေခံသော အမြင်ဖြစ်၏။ သန့်စင်သောဗုဒ္ဓခေတ်ဟူသည် အနောက်ဖက် အာကာသတစ်နေရာမှ ထူးဆန်းသော ဘုံဌာနတစ်ခုလည်းမဟုတ် သတ္တဝါတစ်ဦးချင်းစီ၏ အတွင်းသန္တာန်နှင့်သာ သက်ဆိုင်နေသည်ဟူသော စိတ္တဇဆန်ဆန် သဘောမျိုးလည်းမဟုတ်ဘဲ လူနှင့် လူအကြား ရိုးသားဖြူစင် ဖြောင့်မတ်သော ကိုယ်ကျင့်တရားတန်ဖိုးများဖြင့် ပြေလွင် ညီညွတ်အောင် နေထိုင်ရှင်သန်နိုင်သည့် လူ့ဘောင်လောကတစ်ခု (A Harmonious Soceity) သာ ဖြစ်သည်ဟူသော အမြင်ဖြစ်၏။[၄၈]

အမိတာဘဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်သော သုဒ္ဓဘူမိဗုဒ္ဓဘာသာဂိုဏ်းသည် တရုတ်ပြည်တွင် စတင်ထွန်းကားပြီးနောက် ဂျပန်နိုင်ငံအထိအောင် ရောက်ရှိပျံ့နှံ့လျက် အာရှအရှေ့ဖျား ဒေသကြီးတစ်ခုလုံးကို လွှမ်းမိုးသွားခဲ့၏။ မျက်မှောက်ခေတ် ဂျပန်နိုင်ငံ၏ မဟာယာန ဗုဒ္ဓဘာသာအများစုသည် အမိတာဘဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်သော ဂိုဏ်းများသာဖြစ်ကြ၏။ သုဒ္ဓဘူမိ ဗုဒ္ဓဘာသာဂိုဏ်း၏ အဆင့်ဆင့် ဖြစ်ထွန်းတိုးတက်မှုနှင့် ပတ်သက်၍ ဂျပန်ဗုဒ္ဓစာပေ ပညာရှင် ကက်နက်တာနာကာက အဆင့်အပိုင်း (၅) ခုခွဲ၍ ရှင်းပြခဲ့၏။

၄၇။ **Thurman, R. A. F. (1976) *The Holy Teaching of VimalakCrti*, University Park, PA: Pennsylvania State University Press.: 18–19; cf. Rowell, T. (1937) 'The background and early use of the Buddha-Kwetra concept, ch. 4, plus appendices and bibliography', *The Eastern Buddhist* 7 (2): p-142 ff**

၄၈။ **The Pure Land here is not the pure mind as such, nor is it the world as seen by a pure mind. Rather, it is the properly ordered society that results from the activities of those with pure minds (i.e. rightthinking Buddhists). This view of the Pure Land also has links with East Asian Buddhist millenarianism (see, e.g., Overmyer 1976: 157).**

(၁) ပထမအဆင့်ကာလသည် သက္ကမုနိဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန် ပြုပြီးကာလ ဖြစ်၏။ ထိုကာလတွင် ယခု ဗုဒ္ဓဘုရားရှင်မတိုင်မီ အတိတ်ကာလတွင် ဘုရားရှင် အဆူဆူ ရှိခဲ့ဖူးလိမ့်မည်ဟူသော ယုံကြည်ချက်နှင့်အတူ အနာဂတ်ကာလတွင်လည်း အလားတူ ဘုရားရှင်များ ထပ်မံ ထွက်ပေါ်လာလိမ့်ဦးမည်ဟူသော ယူဆချက် ဖြစ်ပေါ်လာခဲ့၏။ ဘီစီ ၂ ရာစုဝန်းကျင်တွင် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ ဗုဒ္ဓဘုရားရှင်ကို မျှော်မှန်းတမ်းတ ကိုးကွယ်မှု ထွန်းကားလာခဲ့၏။

(၂) ဒုတိယအဆင့်တွင် အပိုင်းအခြား အကန့်အသတ်မရှိသော စကြဝဠာ အနန္တတို့သည် အရပ် ၁၀ မျက်နှာစလုံး တွင်ရှိနေသည်ဟူသော အယူအဆ ပေါ်ထွက်လာခဲ့၏။ ရှင်တော်ဗုဒ္ဓတို့သည် ဤစကြဝဠာတွင်သာ အတိတ် အနာဂတ်ကာလများတွင် များစွာရှိသည်မဟုတ်ဘဲ အခြား အခြားသော စကြဝဠာများစွာတွင်လည်း ပစ္စုပ္ပန်ကာလတွင် တစ်ပြိုင်တည်း တည်ရှိနေနိုင်သည်ဟူသော အယူအဆ ပေါ်ပေါက်လာပါသည်။ မဟာသံဃိကဂိုဏ်းတွင် ဤ အယူအဆကို တွေ့ရ၏။ လက်ရှိကမ္ဘာတွင် ဗုဒ္ဓတစ်ဆူ မပွင့်ပေါ်သေးသော်လည်း ဗောဓိသတ္တများစွာ ရှိနေနိုင်ပြီး ယင်းဗောဓိသတ္တတို့က ဝေနေယျသတ္တဝါများကို အကူအညီ ပေးနေနိုင်သည်ဟူသော ယုံကြည်မှုလည်း ပေါ်ထွက်လာခဲ့၏။

(၃) တတိယအဆင့်မှာ အေဒီ ၁ ရာစုခန့်တွင် အမိတာဘ-အမိတာယု စျာန်ဗုဒ္ဓများကို ယုံကြည်ကိုးကွယ်မှု ရှေ့တန်းသို့ ရောက်လာခဲ့၏။ ခေတ်ပြိုင် ဟိန္ဒူဘာသာ ယဉ်ကျေးမှုတွင်လည်း ဗိသ္ဏှုဒေဝ၏ အဝတာရ ကိုးကွယ်ယုံကြည်မှု စတင်ထွန်းကားလာသောအချိန်နှင့်လည်း တိုက်ဆိုင်၍ နေပါသည်။ ထို စျာန်ဗုဒ္ဓများနှင့် သက်ဆိုင်သော မဟာယာန သုတ္တန်များကိုလည်း ဤကာလတွင် စတင်စုဆောင်းမိနေပြီဟု ဆိုနိုင်၏။

(၄) စတုတ္ထအဆင့်အနေဖြင့် အမိတာဘဗုဒ္ဓကို ကိုးကွယ်ယုံကြည် ဆည်းကပ်သူများသည် ဗုဒ္ဓါနုဿတိဘာဝနာကို စတင် အားထုတ်လာကြပြီဖြစ်ပြီး အေဒီ ၄ ရာစုထဲတွင် အမိတာဘဗုဒ္ဓ၏ အမည်နာမကို အဖန်ဖန် ရွတ်ဆို၍ ရူပါရုံကို စိတ်တွင် အာရုံပြုရသော ကမ္မဋ္ဌာန်းကျင့်စဉ်များ ပိုမိုထွန်းကားလာခဲ့၏။ အာရှတိုက် အလယ်ပိုင်းဒေသနှင့် တရုတ်ပြည်တို့တွင် အမိတာဘသုတ္တန်များ ပိုမိုခေတ်စားလာခဲ့ပြီး တရုတ်ဘာသာသို့ ပြန်ဆိုလှဲလာမှုများလည်း ရှိလာခဲ့၏။

(၅) နောက်ဆုံးဖြစ်သော ပဉ္စမအဆင့်တွင် သုဒ္ဓဘူမိ ဗုဒ္ဓဘာသာသည် ဂိုဏ်း တစ်ခုအနေဖြင့် ထင်ရှားစွာ ပေါ်ပေါက်လာသော အချိန်ဖြစ်ပြီး မူရင်းသုတ္တန်တို့၏ အဖွင့်ဦးကာ အဋ္ဌကထာကျမ်းများလည်း ပေါ်ပေါက်လာသော ကာလဖြစ်လေသည်။

တာနာကာ၏ အလိုအရ ရှေးခေတ်အိန္ဒိယတွင် သုခဝတီဗျူဟာသုတ္တန်များ ပေါ်ထွန်းခဲ့သော်လည်း ၄င်းတို့၏ အဖွင့်ဦးကာ အဋ္ဌကထာစာပေများမှာ မရှိသလောက်ပင် ရှားခဲ့သည်ဟုဆို၏။[၄၇၂]

တရုတ်ပြည်မှ သုဒ္ဓဘူမိဗုဒ္ဓဘာသာ

တရုတ်ပြည်တွင် သုခဝတီ သုဒ္ဓဘူမိ ဗုဒ္ဓဘာသာဂိုဏ်းကို စတင်တည်ထောင်ခဲ့သူမှာ ဟွီယွမ်ဖြစ်သည်ဟု မှတ်ယူကြသော်လည်း ဂျပန် သုခဝတီဂိုဏ်းတွင် သူ့ကို သာသနာပိုင်တစ်ပါးအဖြစ် အသိအမှတ် မပြုပေ။ ဤသို့ အသိအမှတ် မပြုရခြင်း၏ အကြောင်းအချက် နှစ်ခုရှိ၏။ ပထမအချက်မှာ ဟွီယွမ်၏ ဘာသာရေးလှုပ်ရှားမှုသည် ပြည်သူအများအပြား ပါဝင်နေသော လှုပ်ရှားမှုမဟုတ်ဘဲ လူတစ်စု၏ အားထုတ်မှုသာ ဖြစ်သောကြောင့်တည်း။ ဒုတိယအချက်မှာ ဟွီယွမ်သည် သူ၏ အယူအဆများကို သုခဝတီဗျူဟာသုတ္တန်များအပေါ် အခြေခံခဲ့ခြင်းမဟုတ်ဘဲ ပစ္စုပ္ပန္နသုတ္တန်အပေါ်တွင်သာ အခြေခံခဲ့သောကြောင့်ဖြစ်၏။ ထို့ကြောင့် ဟွီယွမ်သည် မိမိ၏ ကြိုးပမ်းအားထုတ်မှုကိုသာ မူတည်၍ ဓမ္မကို ကျင့်သုံးခဲ့သူ ဖြစ်သောကြောင့် အမိတာဘဗုဒ္ဓ၏ မေတ္တာကရုဏာတို့ကိုသာ လုံးဝပုံအပ်၍ ယုံကြည်ရသော သုဒ္ဓဘူမိသဒ္ဓါဓိကဂိုဏ်းကို ထူထောင်ခဲ့သူမဟုတ်ဟူ၍ ငြင်းဆိုကြခြင်းဖြစ်၏။ ဟွီယွမ်နောက် ပေါ်ပေါက်ခဲ့သည့် တန်လွမ်ကိုသာ သုဒ္ဓဘူမိသဒ္ဓါဓိကဂိုဏ်းကို ထူထောင်ခဲ့သူဟူ၍ ဆိုကြ၏။

မည်သို့ပင်ဖြစ်စေ သုဒ္ဓဘူမိသဒ္ဓါဓိကဂိုဏ်း၏ မူလဘူတ ဆင်းသက်ရာမှာ သကျမုနိ ရှင်တော်ဗုဒ္ဓထံတော်မှ ဖြစ်သည်ဟု လက်ခံယုံကြည်ကြသည့်အပြင် နာဂဇုန္နဝသုဗန္ဓု အစရှိသော ရှေးဦး မဟာယာန ဗုဒ္ဓဒဿန ပညာရှင်များကိုလည်း သုဒ္ဓဘူမိ သဒ္ဓါဓိကဂိုဏ်း၏ ပရမ္မရ ဆရာအစဉ်အဆက်အဖြစ် သတ်မှတ်ကြ၏။ အထူးသဖြင့် နာဂဇုန္နပြုစုခဲ့သည်ဟု ယူဆခဲ့ကြသော ဒသဘူမိကဝိဘာသာသျှောက်ကျမ်း (ဒသဘူမိကသုတ္တန်၏ အဖွင့်ဦးကာ) တွင် ခက်ခဲသော မဂ်လမ်းစဉ်နှင့် လွယ်ကူသော မဂ်လမ်းစဉ်နှစ်ပါး ခွဲခြားတင်ပြခဲ့သောကြောင့် ဖြစ်၏။ ဤကျမ်းတွင် အချို့သော ဗောဓိသတ္တဝါတို့သည် ပင်ပန်းဆင်းရဲ ခက်ခဲလှစွာသော ပါရမီဖြည့်ကျင့်ရသောလမ်းစဉ်ကို ကျင့်ကြံကြသော်လည်း အချို့မှာ ယုံကြည်မှုသဒ္ဓါတရားကို အခြေခံသော လွယ်ကူလျှင်မြန်သည့် လမ်းတိုကို လိုက်လျောက်ကြကြောင်း ဖော်ပြထား

၄၇၂။ **Tanaka, K. K. (1990) The Dawn of Chinese Pure Land Buddhism: Ching-ying Hui-yüan's Commentary on the Visualization Sutra, Albany, NY: State University of New York Press.: p-13**

လေသည်။ အရှင်နာဂဇုန္နသည် အရပ်ဆယ်မျက်နှာရှိ ဗုဒ္ဓများစွာရှိသည့်အနက် အမိတာဘ ဗုဒ္ဓတစ်ဆူတည်းကိုသာ အထူးပြု၍ ဖော်ပြထားပြန်သောကြောင့် နာဂဇုန္နကို သုဒ္ဓဘူမိဗုဒ္ဓဘာသာ ထူထောင်ခဲ့သူ ဖခင်ကြီးတစ်ဆူအနေဖြင့် သတ်မှတ်ကြခြင်း ဖြစ်တန်ရာ၏။[၄၇၈]

သို့သော်လည်း ယောဂါစာရဒဿနကို ထူထောင်ခဲ့သည့် အရှင်အသင်္ဂအနေဖြင့်မူ ယုံကြည်မှုသက်သက်ဖြင့် ကြိုးစား အားထုတ်မှုမပါဘဲ လွတ်မြောက်မှုကို ရရှိနိုင်သည့် လွယ်ကူသောလမ်း အယူအဆကို လက်မခံခဲ့ချေ။ လောကီဘဝတွင် တွယ်ငြိနေသော လူအများနှင့် ပျင်းရိဆုတ်နစ်သော ရဟန်းတို့ကို စိတ်အင်အား တက်ကြွလာစေရန်အတွက် ရည်သန်၍ ဟောကြားခဲ့ခြင်းသာဖြစ်သည်ဟု အရှင်အသင်္ဂက ယူဆ၏။[၄၇၉]

အရှင်အသင်္ဂ၏ ဝေဖန်ချက်ကို နှောင်းကာလတွင် သုဒ္ဓဘူမိဗုဒ္ဓဘာသာဂိုဏ်းကို ဝေဖန်ခဲ့ကြသည့် တရုတ်ယောဂါစာရ ဒဿန ပညာရှင်များက ဆက်ခံအသုံးပြုခဲ့ကြသေး၏။ သို့သော်လည်း သာမန်လူသားတို့၏ နှုန်းစံဖြင့် တိုင်းတာကြည့်လျှင် သုဒ္ဓဘူမိဗုဒ္ဓဘာသာဂိုဏ်း၏ သဒ္ဓါဓိကမဂ်လမ်းစဉ်သည် လွယ်ကူသော လမ်းစဉ်ဖြစ်သည်ဟု မဆိုသာချေ။ မျက်မှောက်ခေတ် တိုင်ဝမ်နိုင်ငံတွင် သုဒ္ဓဘူမိ ဗုဒ္ဓဘာသာဂိုဏ်း၏ သဒ္ဓါဓိကမဂ်လမ်းစဉ်ကို တရားစခန်းဝင်၍ လေ့လာခဲ့သည့် ချားလ်ဘီဂျုံးဆိုသူ၏ အတွေ့အကြုံအရ ယင်း သဒ္ဓါဓိကမဂ်လမ်းစဉ်သည် စောစီးစွာ အိပ်ရာထရခြင်း နေ့လုံးပေါက် ရွတ်ဖတ်သရဇ္ဈာယ်မှုများ တရားထိုင်မှုများအပြင် အစားအသောက်နှင့် နေထိုင်မှုကို ခြိုးခြံချွေတာစွာ ကျင့်ကြံရပုံများကို ထောက်ချင့်လျှင် သာမန်လူသားတို့အတွက် လွယ်ကူချောင်ချိသောလမ်းစဉ်ဟု ဆိုရန်ခက်ခဲလှပေသည်။ သုံးနှစ်ခန့် အခန်းပိတ်၍ သုဒ္ဓဘူမိ ဗုဒ္ဓဘာသာဂိုဏ်း၏ သဒ္ဓါဓိကမဂ်လမ်းစဉ်ကို ကျင့်ကြံသည်ဆိုလျှင်မူ ဆိုဖွယ်ရာ မရှိတော့ပေ။[၄၈၀]

၄၇၃။ **There is considerable doubt about its attribution to Nagarjuna, however, and it survives only in a Chinese version. It does not appear to be known elsewhere in Sanskrit or Tibetan sources.**

၄၇၄။ **Asanga 1938: vol. 2, 130, Tibetan text ibid: vol. 1, 41. Cf. Keenan 1992: 55. The same criticism can be traced in the *Mahayanasutralankara*. See also Fujita 1996b: 33–4.**

၄၇၅။ **See Jones, C. B. (2004) 'Buddha One: A one-day Buddha-recitation retreat in contemporary Taiwan', in Payne and Tanaka 2004: 264–80. As a result of one day of intensive practice, Jones himself had a brief but distinct vision of what would seem to have been the Pure Land of Sukhavati, see Stevenson, in Lopez, D. S., Jr (ed.) (1995b) *Buddhism in Practice*, Princeton, NJ: Princeton University Press.: p-367).**

အမှန်စင်စစ်အားဖြင့် သုဒ္ဓဘူမိဂိုဏ်း၏ သဒ္ဓါဓိကမဂ်လမ်းစဉ်ကို လွယ်ကူသော လမ်းစဉ်တစ်ခုအနေဖြင့် ဆိုရခြင်းမှာ အလွန်တရာ ခက်ခဲငြိုငြင်လှသော လေးအသရေ်ျ ကမ္ဘာတစ်သိန်းမက ရှည်ကြာလှသောကာလတွင် အခက်တကာ့ အခက်ခဲဆုံးသော စွန့်လွှတ်မှုများ (မိမိမျက်လုံးကို ဖောက်လှူခြင်း မိမိကိုယ်ကို ကျားစာကျွေးခြင်း မိမိ၏ ရင်သွေးတို့ကို သူတစ်ပါးကို ပေးလှူပစ်ခြင်း) နှင့် နှိုင်းစာလျှင် လွယ်ကူသောလမ်းဟု ဆိုလိုခြင်းသာဖြစ်၏။ ဗုဒ္ဓဝံသအဋ္ဌကထာ စရိယာ ပိဋကတ် ဇာတကအဋ္ဌကထာနှင့် အပါဒါန်ကျမ်းများတွင် လာသော ပါရမီဖြည့်ဆည်းခြင်း လမ်းစဉ်သည် ရှင်တော်ဗုဒ္ဓတစ်ဆူ၏ အလွန်အလွန် ထူးမြတ်လှသော အနှိုင်းမဲ့ကြီးမားသည့် ဂုဏ်ဒြပ်ကို ဖော်ညွှန်းလိုခြင်းအတွက်သာဖြစ်ပြီး ဗုဒ္ဓဓမ္မကို ယုံကြည်သူများအတွက် အားကြိုးသော သဒ္ဓါတရားဖြစ်ပေါ်စေရန် အကြောင်းအထောက်အပံ့ဖြစ်စေ၏။ ဤလမ်းစဉ်မျိုးသည် သာမန် လူသား‌တို့အတွက် မဖြစ်နိုင်လောက်အောင်ပင် ခက်ခဲလွန်းနေမည်မှာ အမှန်ဖြစ်၏။

သို့သော်လည်း မဟာယာနဗုဒ္ဓဘာသာ ပီပြင်စွာ ဖြစ်ထွန်းလာသောအခါတွင် ဗောဓိသတ္တမဂ်လမ်းစဉ်သည် လူစွမ်းကောင်း အနည်းစုအတွက်သာမကတော့ဘဲ ဘာသာဝင်လူတိုင်းအတွက် ဖြစ်လာသောကြောင့် ဤမျှခက်ခဲ ကြာရှည်လွန်းသော မဂ်လမ်းစဉ်ကို လက်တွေ့ဘဝတွင် အမှန်တကယ် လက်ခံကျင့်သုံး ရန်ခက်ခဲပေလိမ့်မည်။ ထို့ကြောင့် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာတွင် ဆုတ်ခေတ်ဖြစ်နေသောကာလတွင် ဗောဓိသတ္တမဂ်လမ်းစဉ်ကို လျှော့လျှမ်းရန်အတွက် အမိတာဘဗုဒ္ဓကို ယုံကြည်သက်ဝင်မှုကဲ့သို့သော သဒ္ဓါဓိကလမ်းစဉ်များသည် လိုအပ်ချက်တစ်ရပ်အနေဖြင့် ထွက်ပေါ်လာရခြင်းဖြစ်၏။ မဟာယာန ဗုဒ္ဓဘာသာကို တစ်ခုတည်းသော မဂ်လမ်းစဉ်အဖြစ် ကျင့်သုံးကြသူများအတွက်လည်း အလွန်မခက်ခဲလွန်းလှသော လက်တွေ့ဘဝတွက် အမှန်တကယ် ကျင့်သုံးနိုင်သော ဓမ္မကျင့်စဉ် တစ်ခုဖြစ်လာသည့်အပြင် ကျင့်သုံးသူ ယောဂီများသည် မျက်မှောက်ဘဝတွင်သာမက တမလွန်ဘဝတွင်လည်း မိမိတို့၏ အတ္တအရှိတရားကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းထား‌နိုင်သော အခြေအနေမျိုးလည်း ရှိလာပေသည်။[၄၇] ထို့ကြောင့် မာခ်ဘလန်၏ အလိုအရ သုဒ္ဓဘူမိဂိုဏ်းသည် မဟာယာနဗုဒ္ဓဘာသာကို အာရှအရှေ့ဖျားဒေသမှ ဗုဒ္ဓဘာသာဝင်များအား‌လုံး ကျင့်သုံးနိုင်ရန် အနာဂတ်ဖွင့်ဖြည့်ဆည်းပေးသကဲ့သို့ ဖြစ်သည်ဟု ဆိုခဲ့

၄၇၆။ Nattier, J. (2003b) 'The Indian roots of Pure Land Buddhism: Insights from the oldest Chinese versions of *the Larger Sukhavativyuha'*, *Pacific World: Journal of the Institute of Buddhist Studies*, Third Series, 5: p-194)

ပါသည်။[၄၇၇]

အရှင်ဝသုဗန္ဓုကို သုဒ္ဓဘူမိဂိုဏ်း ဆရာအရှင်တစ်ပါးအဖြစ် လက်ခံရခြင်းမှာ တရုတ်ဘာသာပြန်အဖြစ် တည်ရှိခဲ့ပြီး သက္ကတဘာသာစကားသို့ ပြန်လည်ပြန်ဆို တည်ဆောက်ထားသော သုခဝတီဗျူဟာပဒေသကျမ်းကို ရေးသား စီရင်ခဲ့သူမှာ ဝသုဗန္ဓုဖြစ်သည်ဟု ယူဆကြသောကြောင့် ဖြစ်၏။ ပညာရှင်တို့အလိုအရ ယင်းကျမ်းကို အိန္ဒိယနှင့် တိဗက်ပိဋကတ် စာပေစာရင်းများတွင် မတွေ့ရသောကြောင့်တရုတ်ပြည်တွင် ရေးသားစီရင်ခဲ့သော ကျမ်းတစ်စောင် ဖြစ်လိမ့်မည်ဟု မှန်းဆကြ၏။ မည်သို့ပင်ဖြစ်စေ ၄င်းကျမ်းသည် တန်လွမ်၏ ဘာသာရေးအမြင်တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်အောင် အထောက်အပံ့ပေးခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ ယုံကြည်ခြင်း၏ တံခါးပေါက် (၅) ခုကို ဝသုဗန္ဓု၏ကျမ်းတွင် ဖော်ပြထားလေသည်။ ၄င်းတို့မှာ မိမိကိုယ်ခန္ဓာဖြင့် ရှိခိုးကော်ရော်ပူဇော်ခြင်း အမိတာဘ ဗုဒ္ဓရှင်တော်၏ နာမတော်ကို ရွတ်ဆိုခြင်း သုခဝတီဘုံတွင် မွေးဖွားခွင့်ရရှိစေရန် အမိဋ္ဌာန်ခြင်း အမိတာဘဗုဒ္ဓနှင့် သုခဝတီဘုံကို စိတ်ဝယ်ရည်မှန်း အာရုံပြုခြင်း မိမိရရှိသော ကုသိုလ်တရားတို့ကို အနုမောဒနာပြုခြင်း ဝေမျှခြင်းတို့ ဖြစ်ကြ၏။[၄၇၈]

အေဒီ (၄) ရာစုကာလတွင် တရုတ်ပြည်တွင် အမိတာဘကိုးကွယ်မှု သိပ်မရှိသေး ကြောင်း သိရသော်လည်း အေဒီ ၅၁၉ တွင် တရုတ်ပြည် မြောက်ပိုင်းလောင်းမင်ဒေသ၌ အမိတာဘဗုဒ္ဓ ဆင်းတုတော်တစ်ဆူကို စတင်တွေ့ခဲ့ပြီဖြစ်၏။ ၄င်းရှေ့ ရာစုနှစ်က တရုတ်ပြည် တောင်ပိုင်းတွင် အမိတာဘ ကိုးကွယ်မှုရှိခဲ့၏။ အေဒီ ၎ရာစုကာလထိအောင် သကျမုနိ ဆင်းတုတော် ၅၀ အရိမေတ္တေယျ ဆင်းတုတော် ၃၅ ဆူ ရှိနေသည့်အချိန်တွင် အမိတာဘဗုဒ္ဓ ဆင်းတုတော်မှာ ၉ ဆူသာ ရှိခဲ့သေးသည်ကို တွေ့ရ၏။ သို့သော်လည်း အေဒီ ၇ရာစုမှာ ကြီးမားသော အပြောင်းအလဲဖြစ်လာခဲ့လေသည်။ ထိုကာလတွင် သကျမုနိ ဆင်းတုတော်နှင့် အရိမေတ္တေယျဆင်းတုတော် ၂၀ ခန့် ထုလုပ်သည့်အချိန်တွင် အမိတာဘနှင့် အဝလောကိတေသွာရဆင်းတုတော်မှာ ၁၄၄ ဆူခန့် ရှိခဲ့ကြောင်းသိရ၏။[၄၇၉]

ဤ ပြောင်းလဲမှုများဖြစ်ပေါ်သည့်အချိန်တွင် တန်လွမ် တောက်ချို (၅၆၂-

---

၄၇၇။ Blum, M. L. (2002) *The Origins and Development of Pure Land Buddhism: A Study and Translation of Gyonen's* Jodo Homon Genrusho, Oxford/New York: Oxford University Press.: p-49).

၄၇၈။ Kiyota, M. (1978a) 'Buddhist devotional meditation: a study of the Sukhavativyehopadesa', in Kiyota 1978b: 249–96.: p-278;

၄၇၉။ Chappell, D. W. (1977) 'Chinese Buddhist interpretations of the Pure Lands', in Saso and Chappell 1977:p-24.

၆၄၅) ရှုန်တောက် (၆၁၃-၆၈၁) စသည့် ပညာရှင်များ ပေါ်ပေါက်ခဲ့သောအချိန် ဖြစ်၏။ ထိုအချိန်က တရုတ်ဗုဒ္ဓဘာသာဝင်များသည် သုဒ္ဓဘူမိလမ်းစဉ်ကို အပြည့် အဝ ကျင့်သုံးကြသူများရှိသလို ဇာန်(ချန်) ဗုဒ္ဓဘာသာကျင့်စဉ်နှင့် တွဲဖက်ဖြည့်စွက် ကျင့်သုံးသူများလည်း ရှိ၏။ မည်သို့ပင်ဖြစ်စေ ကာလ သုဒ္ဓဘာမိဗုဒ္ဓ ဘာသာဝင်များအတွက် တန်လွမ် တောက်ချို နှင့် ရှုန်တောက်တို့သည် သုဒ္ဓဘူမိ ဗုဒ္ဓဘာသာကို ပြုစုပျိုးထောင်ပေးခဲ့ကြသော ဆရာအရှင်မြတ်များဖြစ်၏။

တန်လွမ်

တန်လွမ်၏ အဓိကလက်ရာဖြစ်သော ဓမ္မကျမ်းစာသည် **သုခဝတီဗျူဟောပဒေသ အဋ္ဌကထာ** ဖြစ်၏။ တန်လွမ်၏ အလိုအရ သူ၏ ခေတ်ကာလသည် ဘာသာရေး အသိပညာတိုးတက်ဖွံ့ဖြိုးရန် အခြေအနေ မပေးတော့သော ကာလဖြစ်၏။ အတိတ်က ရွှေခေတ်ကြီးမှာ ကုန်ဆုံးခဲ့ပြီဖြစ်၍ ရှင်တော်ဗုဒ္ဓနှင့် အရိယာသူတော်စင်ပုဂ္ဂိုလ်များမှာလည်း နိဗ္ဗာန်သို့ စံဝင်ခဲ့ကြပြီဖြစ်၏။ မိမိကိုယ်ကို အားကိုး၍ နိဗ္ဗာန်ရောက်ရှိအောင် ကျင့်ကြံအားထုတ်ရန်ဆိုသည်မှာ မဖြစ်နိုင်လောက်အောင် ခက်ခဲလှသောကိစ္စဖြစ်သည်ဟူ၍ တန်လွမ်က ခံယူခဲ့၏။ တန်လွမ်သည် နာဂဇုန်၏ ခက်ခဲသောလမ်းစဉ်နှင့် လွယ်ကူသောလမ်းစဉ် နှစ်မျိုး ရှိသည်ဟူသော အယူအဆကို လက်ခံ၍ သူ့ခေတ်အခါနှင့် ကိုက်ညီသော ဘာသာဓမ္မတရားတစ်ခု ဖန်တီးပေးရန် စိတ်အားထက်သန်ခဲ့၏။ ထိုဘာသာတရားမျိုးသည် မိမိကိုယ်ကို အားကိုးရသော ခက်ခဲသည့် လမ်းစဉ်မျိုးမဟုတ်ဘဲ လောကီလွန်စျာနိဗုဒ္ဓတို့၏ အကူအညီကို ခံယူရသည့် ပြင်ပ စွမ်းအားကို အားကိုးရသော ဓမ္မလမ်းစဉ်မျိုးသာ ဖြစ်၏။ အဓိတာဘဗုဒ္ဓ၏ သစ္စာအဓိဋ္ဌာန်များနှင့် မဟာကရုဏာတရားတို့ကို အခြေခံ၍ သုခဝတီဘုံတွင် မွေးဖွားခွင့်ရရှိခြင်းသည်သာ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်သည်ဟု တန်လွမ်က ယူဆခဲ့လေ၏။ ပြင်ပစွမ်းအားကို အားကိုးယုံကြည်ရသော သဒ္ဓါဓိကလမ်းစဉ်သည် လွယ်ကူသော လမ်းစဉ်တစ်ရပ်အဖြစ် ရှုမြင်နိုင်သော်လည်း သာမန်လူသားတစ်ယောက်၏ အားနည်းချိနဲ့သော အခြေအနေမှ လောကုတ္တရာအဆင့်များသို့ မည်သို့ မည်ပုံ ပြောင်းလဲရောက်ရှိနိုင်သည်ဟူသော အချက်ကိုရှင်းပြရန်မှာ ခက်ခဲနက်နဲသော ကိစ္စဖြစ်နေလေသည်။[၄၀၀]

ရှေးဦးဗုဒ္ဓဝါဒတွင် နိဗ္ဗာန်ဟူသည်မှာ သံသရာ၏ ချုပ်ငြိမ်းမှု သဘောမျှသာဖြစ်သောကြောင့် နိဗ္ဗာန်သည် သံသရာနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်၍ နေခဲ့သော်

၄၀၀။ Bloom, A. (1965) *Shinran's Gospel of Pure Grace*, Tucson, Azmf University of Arizona Press.:p-10–11

လည်း အရှေ့အာရှတွင် ခေတ်စား‌ခဲ့သော ဗုဒ္ဓသဘာဝအယူအဆ တထာဂတဂဗ္ဘ အယူအဆများအရဆိုလျှင် နိဗ္ဗာန်ဟူသည် ဗုဒ္ဓသဘာဝ၏ ပကတိ အခြေအနေဖြစ်ပြီး သံသရာဆိုသည်မှာ ၄င်း ဗုဒ္ဓသဘာဝ (တထာဂတဂဗ္ဘ) မှ ကွန့်မြူးသော အရိပ် အယောင် စွမ်းအင်သာ ဖြစ်လေသည်။ ထိုအခါ အရိပ်အယောင် လောကမှ ပကတိ အရှိတရားဆီသို့ မိမိစွမ်အား‌သက်သက်ဖြင့် ခုန်ကူးလွတ်မြောက်ရန်မှာ ယုတ္တိနည်း အရ မဖြစ်နိုင်သည့် ကိစ္စတစ်ရပ် ဖြစ်လာခဲ့၏။ အကြောင်းမှာ မိမိစွမ်းအားဟူသည် အရိပ်အယောင်လောက၏ အစိတ်အပိုင်းဖြစ်နေသည့်အပြင် ယင်းစွမ်းအားတို့သည် ပင်လျှင် ပကတိအရှိတရားထံမှ ကွန့်မြူးလာသော လက်ဝေခံသဘောများ ဖြစ်သော ကြောင့်တည်း။ ထို့ကြောင့် မိမိ၏လွတ်မြောက်မှုသည် မိမိကိုယ်ပိုင် အားထုတ်ကြိုး ပမ်းမှုပေါ်တွင် မူမတည်ဘဲ မိမိ၏ပြင်ပမှ ပကတိ အရှိတရား၏ စွမ်းအားကိုသာ ယုံကြည်ကိုးစားဖွယ် ရှိတော့သည်ဟု သုဒ္ဓဘူမိ ဗုဒ္ဓဘာသာဂိုဏ်းက ယူဆခဲ့ပါ သည်။

တန်လွမ်သည် အရှင်ဝသုဗန္ဓုမထေရ်၏ ကျင့်စဉ် ၅ ပါးကို စိတ်ဝင်စားမှု ရှိခဲ့ပြီး စိတ်အာရုံတွင် ပုံဖော်၍ အားထုတ်ရသော ကျင့်စဉ်ကို အထူးနှစ်သက်ခဲ့၏။[၄၈] ထိုအပြင် တန်လွမ်၏အမြင်တွင် အမိတာဘဗုဒ္ဓရှင်တော်၏ နာမတော်ကို ရွတ်ဆိုပွား များခြင်းကြောင့် ရရှိလာမည့် ကောင်းမှုကုသိုလ်သည် အလွန်အားကြီးကြောင်း ယူဆခဲ့၏။ အမိတာဘဟူသော အမည်နာမတွင် အမိတာဘဗုဒ္ဓ၏ စွမ်းအင်များ ကိန်းဝပ်နေသည်ဟု တန်လွမ်က ရှုမြင်ခဲ့၏။ အမိတာဘ (အဆုံးမရှိသော အလင်း ရောင်) ဟူသည့် အနက်အဓိပ္ပာယ်သည်ပင် ဘုရားရှင်၏ ဉာဏ်ပညာအလင်းဓာတ် ကို ကိုယ်စားပြု ဖော်ပြနေသည်ဟူ၍ တန်လွမ်က ခံယူခဲ့လေသည်။[၄၉]

သုခဝတီ ဗျူဟာသုတ္တန်များတွင် ဖော်ပြထားသော အမိတာဘ၏ အမည်နာမ တော်ကို (၁၀) ကြိမ် ရွတ်ပွားရမည်ဟုဆိုခြင်းမှာ ကိန်းဂဏန်းသဘောအရ အကြိမ် ရေ (၁၀) ကြိမ်ကို ဆိုလိုခြင်းမဟုတ်ဘဲ (၁၀) ဂဏန်း၏ ပရိယာယ်အနက်ဖြစ် သော ပြီးပြည့်စုံခြင်းကိုသာ ရည်ညွှန်းခြင်းဖြစ်သောကြောင့် ပြီးပြည့်စုံသော ယုံကြည် မှုခွန်အားဖြင့် ရွတ်ဆိုပွားများရမည်ဟု ဆိုလိုရင်းသာဖြစ်၏။ ထိုသို့ပြည့်ဝစွာ ယုံ ကြည်အပ်နှံဆက်ကပ်ခြင်းအားဖြင့်သာ အမိတာဘဗုဒ္ဓရှင်တော်၏ သုခဝတီဘုံနန်း သို့ ဝင်ရောက်စံမြန်းနိုင်ပေလိမ့်မည်။ ရွတ်ဆိုပွားများခြင်းကို မိမိ၏အားထုတ်မှု မဟုတ်တော့ဘဲ အမိတာဘဗုဒ္ဓ ရှင်တော်ထံမှ ရရှိခံစားရသော မဟာကရုဏာဓာတ်

၄၈။ Corless, R. J. (1987) 'T'an-luan: Taoist sage and Buddhist bodhisat-tva', in Chappell 1987:p-39

၄၉။ Corless, R. J. (1987) 'T'an-luan: Taoist sage and Buddhist bodhisat-tva', in Chappell 1987:p-40

၏အင်အားဖြင့် ရွတ်ဆိုပွားများမှသာလျှင် အတ္တမပါသော အနတ္တလမ်းစဉ် ဓမ္မဗျာပါဂလမ်းစဉ် ဖြစ်နိုင်ပေလိမ့်မည်။ အနန္တရိယကံကြီးများကို ကျူးလွန်ထားသည့် ဒုစရိုက်အပြစ်သားပင် ဖြစ်သော်လည်း ယုံကြည်မှုသာ သန့်ရှင်းစင်ကြယ်ပါက အမိတာဘဗုဒ္ဓ၏ လောကတ္ထစရိယလုပ်ငန်းတော်ကြီးတွင် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပြီး သုခဝတီမှနေ၍ပင် ဆောင်ရွက်နိုင်စွမ်းရှိကြပေသည်။ တန်လွမ်၏အမြင်သည် သုဒ္ဓဘူမိအယူအဆထဲတွင် တရုတ်ရိုးရာ တောက်ဝါဒ၏ အင်္ဂေ့အသက်များ ရောယှက်လွှမ်းမိုးနေကြောင်း ပညာရှင်တို့က သုံးသပ်ကြ၏။[၄၈၄]

တန်လွမ်သည် မိမိ၏ သုဒ္ဓဘူမိဗုဒ္ဓဘာသာကို မိမိကိုယ်တိုင် ကျင့်သုံးရုံမျှမကဘဲ ရဟန်းရှင်လူ ပြည်သူအများတို့ကို လှည်းနေ လှေအောင်းမြင်းစောင်းပါ မကျန်အောင် လိုက်လံ ဟောကြားလေသည်။ တန်လွမ်၏ သုဒ္ဓဘူမိဗုဒ္ဓဘာသာသည် အရည်အချင်း ကန့်သတ်ချက် မရှိသောကြောင့် လူသားအားလုံးအတွက် ဘာသာတရားတစ်ခုသဖွယ် ဖြစ်နေခဲ့၏။ တစ်နည်းအားဖြင့် မိမိကိုယ်ကို အားကိုးနိုင်စွမ်းမရှိဘဲ ကိလေသာအမှောင်ထုတွင် စုံးစုံးနစ်မြုပ်ကာ နေကြရသော လူအများစုအတွက် မျှော်လင့်ချက် ရောင်ခြည်ကို ပေးသော အများကြီးက် ဘာသာတရားတစ်ခု ဖြစ်လာခဲ့၏။[၄၈၅]

တောက်ချေ

တန်လွမ်၏နောက်မှ ပေါ်ပေါက်လာသော သုဒ္ဓဘူမိဗုဒ္ဓဝါဒီ တောက်ချေသည် တန်လွမ်ကဲ့သို့ပင် သုဒ္ဓဘူမိဗုဒ္ဓဘာသာအပေါ် ဝေဖန်ချက်များကို ခုခံတုန့်ပြန်ခဲ့သူ

၄၀၃။ Kiyota, M. (1978a) 'Buddhist devotional meditation: a study of the Sukhavativyehopadesa', in Kiyota 1978b: p-274

၄၀၄။ Corless, R. J. (1987) 'T'an-luan: Taoist sage and Buddhist bodhisattva', in Chappell 1987, p-40

၄၀၅။ Matsumoto, S. (1986) 'The modern relevance of Donran's Pure Land Buddhist thought', *Pacific World*, New Series 2: p-38

ဖြစ်၏။ ဇတာက်ချူသည် တရုတ်ပြည်၏ ခေတ်ကြီးပျက်စီးယိုယွင်းချိန်ကို ကောင်းစွာသိမီလိုက်သူဖြစ်၏။ လူရိုင်းတို့၏ ကျူးကျော်တိုက်ခိုက် လုယက်ခြင်း စစ်ပွဲ၏ အနိဋ္ဌာရုံများနှင့် သေခြင်းတရား ငတ်မွတ်ခါင်းပါးမှုနှင့် ရောဂါဘယများအပြင် မိစ္ဆာမင်းဆိုးမင်းညစ်တို့မှ ဗုဒ္ဓသာသနာတော်ကို ဖိနှိပ်ဖျက်ဆီးမှုများကိုလည်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူဖြစ်၏။ တောက်ချူအတွက် မျက်မှောက်ခေတ်ပြိုင်ကာလသည် တရားကင်းမဲ့ကာ အဓမ္မဝါဒီများ ကြီးစိုးနေသော ကာလဖြစ်၏။ အဖက်ဖက်မှ ပျက်စီးယိုယွင်းနေသော ဝိပတ္တိခေတ်ပျက်ကာလကြီး ဖြစ်သောကြောင့် သာသနာပျောက်ကွယ်လုနီးဖြစ်နေရသော နောက်ဆုံးခေတ်ကာလလည်းဖြစ်၏။ ဤသို့သော ခေတ်မျိုးတွင် ရှေးယခင်က ဖြစ်နိုင်စွမ်းရှိခဲ့သော သီလ သမာဓိ ပညာ ဒဿန ဝိမုတ္တိတရားများ ဆိတ်သုဉ်းနေခဲ့ပြီးဖြစ်သောကြောင့် မည်မျှ မိမိခွန်အားဖြင့် အားထုတ်သူဖြစ်ပါစေ သစ္စာဉာဏ်အလင်းရောင်နှင့် လွတ်မြောက်ခြင်းတို့ကို ရရှိရန် မဖြစ်နိုင်တော့ပေဟူ၍ တောက်ချူက ယူဆခဲ့၏။[၄၀၆] ဤသို့သော ဝိပတ္တိခေတ်ဆိုးကြီးတွင် ဗုဒ္ဓဘုရားရှင်ကို ကြည်ညိုလေးမြတ်စွာ ဆက်ကပ် ယုံကြည် အားကိုးခြင်း ဘုရားရှင်၏ နာမတော်နှင့် ဂုဏ်တော်များကို နှလုံးသွင်းပွားများခြင်း ဟူသော ကျင့်စဉ်များမှတစ်ပါး အခြားလုပ်ဆောင်နိုင်စရာ ဘာမျှမရှိတော့ကြောင်း တောက်ချူက ယူဆခဲ့လေသည်။[၄၀၇]

ဗုဒ္ဓဘာသာဝင်တို့ အများစုယုံကြည်ကြသည် သံသရာ အယူအဆအရဆို လျှင် သတ္တဝါတိုင်းတွင် ဗုဒ္ဓသဘာဝကိန်းနေပြီး မိမိတို့အားလုံးသည်လည်း ရှင်တော် ဗုဒ္ဓအဆူဆူနှင့် တွေ့ကြုံဖူးမြင်ခဲ့ကြရပြီး ဖြစ်ကြ၏။ သို့သော်လည်း မိမိတို့ အားလုံးလည်း သံသရာအတွင်းမှ မလွတ်မြောက်နိုင်ကြသေးချေ။ သတ္တဝါအများစုမှာ သုဂတိဘုံဘဝထက် အပယ်ဒုဂ္ဂတိဘုံဘဝများသို့သာ သက်ဆင်းကျရောက်နေကြရသည့် များလှ၏။ ထို့ကြောင့် သုဒ္ဓဘူမိဂုံဏ်း၏ လွယ်ကူသောလမ်းစဉ်ကို ကျင့်သုံး၍ သုခဝတီဘုံသို့ ရောက်ရှိခြင်းမှအပ အခြားရွေးချယ်စရာလမ်းမရှိကြောင်း တောက်ချူက သုံးသပ်တင်ပြခဲ့၏။[၄၀၈]

ရှန်တောက်

တောက်ချူသည် ရှန်တောက်၏ ဆရာဖြစ်ပြီး ရှန်တောက်သည် အမိတာဘဗုဒ္ဓ

၄၀၆။ Chappell, D. W. (1996) 'The formation of the Pure Land movement in China: Tao-ch'o and Shan-tao',p-146

၄၀၇။ Suzuki, D. T. (1953) Essays in Zen Buddhism (2nd series), London: Rider: p-157

၄၀၈။ Chappell, D. W. (1996) 'The formation of the Pure Land movement in China: Tao-ch'o and Shan-tao': p-149 ff.

ကိုယ်တော်တိုင်ဖော်ဆောင်သော နိမ္မာနကာယ အသွင်အဖြစ် သူ၏ တပည့်များ (ဟိုနန် စသည်) က ယုံကြည်ခြင်းကို ခံရသူလည်းဖြစ်၏။ ရှုန်တောက်သည် တရုတ်ပြည်၏ မင်းနေပြည်တော် ချန်အန်တွင် နေထိုင်ခဲ့ပြီး ရွှင်ကျုန် ဖဆန် စသောနာမည်ကျော် တရုတ်ရဟန်းတော်များနှင့်လည်း ခေတ်ပြိုင်ရှင်သန်ခဲ့သူဖြစ်၏။ ရှုန်တောက်သည် အခြားပညာရှိ ရဟန်းတော်များကဲ့သို့ ဘုရင့်နန်းတွင်းကို ချဉ်းကပ်သူမဟုတ်ဘဲ သုဒ္ဓဘူမိဗုဒ္ဓဘာသာနှင့် သုခဝတီတရားကို သာမန်ပြည်သူများအကြား ပြန့်နှံ့ရောက်ရှိအောင် ဟောပြော စည်းရုံးနိုင်ခဲ့သူဖြစ်၏။ ရှုန်တောက်အပါအဝင် သူ၏နောက်လိုက် သာဝကအချို့သည် သုခဝတီသို့ အမြန်ဆုံး ရောက်ရှိစေရန်အတွက် ရုပ်ကြွမ်းခန္ဓာကိုယ်ကို အချိန်မတိုင်မီ ခွာချစွန့်လွှတ်ခဲ့ကြ (မိမိကိုယ်ကို အဆုံးစီရင်ခဲ့ကြ) သော်လည်း ရှုန်တောက်ကိုယ်တိုင်က ဤသို့ပြုလုပ်ရန် အများပြည်သူကို မတိုက်တွန်းခဲ့ချေ။[၄၈၉] ရှုန်တောက်ပြုခဲ့သော ကောင်းမှု ကုသိုလ်တစ်ခုမှာ သုခဝတီဘုံဟာသုတ္တန်များကို မိတ္တူပွား ထောင်ချီရေးကူး၍ ဓမ္မဒါနပြုခဲ့ခြင်းနှင့် သုခဝတီဘုံကို သရုပ်ဖော်ထားသော ပန်းချီကား အချပ်ပေါင်း ၃၀၀ ကျော် ရေးဆွဲထားရစ်ခဲ့ခြင်းဖြစ်၏။[၄၉၀] ဤနည်းအားဖြင့် ရှုန်တောက်သည် စာတတ်သူ၊ စာမတတ်သူ နှစ်မျိုးစလုံးအတွက် ဓမ္မသစ်၏လမ်းကို ဖွင့်ပေးခဲ့သူဖြစ်၏။

သုဒ္ဓဘူမိဗုဒ္ဓဓမ္မလမ်းစဉ်နှင့်ပတ်သက်၍ ရှုန်တောက် ရေးသားပြုစုခဲ့သည်မှာ အမိတာယုစျာနသုတ္တန်၏ အဖွင့်ဋ္ဌီကာ လေးကျမ်းတွဲ ဖြစ်၏။ ရှုန်တောက်၏ အမြင်အရ သုတ္တန်ထဲတွင် တရားနာပုဂ္ဂိုလ်အဖြစ် ပါဝင်နေသော ဝေဒဟီမိဖုရားကြီးသည် ဗောဓိသတ္တလည်းမဟုတ်၊ ရဟန်းလည်းမဟုတ်သော သာမန်ပုထုဇဉ်လူသားမျှဖြစ်၏။ ထို့ကြောင့် ဤသုတ္တန်သည် သာမန်ဝေနေယျ သတ္တဝါအများအတွက် ရည်စူးသော သုတ္တန်တစ်ခုဖြစ်၏။[၄၉၁]

ရှုန်တောက်၏ သုဒ္ဓဘူမိအယူအဆတို့သည် သူ့ဆရာ တောက်ချူနှင့် ဘာမျှထူးခြားနားချေ။ လူသားတို့သည် ဒုဖက်ဖက်မှ ဆုတ်ယုတ်ကျဆင်းနေသော ဆုတ်ကပ်ခေတ်ကြီးတွင် မွေးဖွားလာရသူများ ဖြစ်သောကြောင့် အတိတ် ရွှေခေတ်၏ မိမိကိုယ်ကို အားကိုးသော ဓမ္မသူရဲကောင်းလမ်းစဉ်နှင့် မထိုက်တန် မသင့်လျော်တော့သည့် ခေတ်ပတ်ဝန်းကျင်သို့ ရောက်နေရသူများ ဖြစ်ကြသည်ဟု ဆို၏။ ဤသို့သော

၄၈၉။ Benn, J. A. (2007a) *Burning for the Buddha: Self-Immolation in Chinese Buddhism*, Honolulu: University of Hawai'i Press.: pp-98, 216

၄၉၀။ Ch'en, K. (1964) *Buddhism in China*, Princeton, NJ: Princeton University Press: p-347.

၄၉၁။ Bloom, A. (1965) *Shinran's Gospel of Pure Grace*, Tucson, Azmf University of Arizona Press.: p-13.

ခေတ်အခြေအနေတွင် မိမိပြင်ပမှ မွန်မြတ်သော ဓမ္မစွမ်းအားတစ်ခု၏ ကယ်မထုတ် ဆောင်ခြင်း သက်သက်ကိုသာ အခြေခံသော လမ်းစဉ်သည်သာ လူအများအတွက် ဖြစ်နိုင်ခြေရှိသော လက်တွေ့ကျသော လမ်းစဉ်ဖြစ်ပေလိမ့်မည်ဟု ရှုန်တောက်က ဆို၏။

အစမမြင်နိုင်သော ဘဝသံသရာသည် ရှည်လျားလှသည်ဖြစ်သောကြောင့် မိမိတို့ မပြုဖူးသော အကုသိုလ်အမှုလည်း မရှိနိုင်ချေ။ လူသားတိုင်းသည် အမိသတ်ခြင်း၊ အဖသတ်ခြင်း စသော အနန္တရိယကံကြီးများကို တစ်ခုမဟုတ်တစ်ခု ကျူးလွန်ခဲ့ကြဖူးသူချည်း ဖြစ်နိုင်သလို ဘုရားရှင်ပေါင်း အသချေ်အနန္တနှင့်လည်း တွေ့ဆုံခဲ့ဖူးပြီးသား ဖြစ်နိုင်ကြပေသည်။ သို့တိုင်အောင် သတ္တဝါတို့သည် တရားမရ မလွတ်မြောက်သေးဘဲ သံသရာလည်ရဆဲသာ ဖြစ်သောကြောင့် မိမိကိုယ်ကို အားကိုး၍ လွတ်မြောက်အောင် ကြိုးပမ်းနိုင်ရန်ဆိုသည့်ကိစ္စမှာ မဖြစ်နိုင်လောက်အောင် ခက်ခဲသည်ဟု ရှုန်တောက်က ယူဆခဲ့၏။ ထို့ကြောင့် အမိတာဘဗုဒ္ဓ၏ သစ္စာ အဓိဋ္ဌာန်တန်ခိုးနှင့် ပါရမီတော်တို့ကို ရိုးသားစွာ အားကိုးရန် ယုံကြည်ဆက်ကပ်ရန်မှတစ်ပါး အခြားထွက်ပေါက်နည်းလမ်း မရှိနိုင်ဟူ၍ ရှုန်တောက်က သင်ကြားခဲ့၏။

ရှုန်တောက်သည် သုဒ္ဓဘူမိဗုဒ္ဓဓမ္မလမ်းစဉ်ကို ရူပကအလင်္ကာဖြင့် ပုံဆောင်၍ ဖော်ပြခဲ့ ရာ **အဖြူရောင်လမ်းမတော်** ဟူ၍ ထင်ရှား၏။ ယောကျ်ားတစ်ယောက်သည် အနောက်ဖက်အရပ်သို့ ခရီးသွားလေသောအခါ လမ်းတွင် မြစ်ကြီးနှစ်စင်းနှင့် တွေ့ကြုံရ၏။ မြစ်တစ်စင်းမှာ မီးလျှံမြစ်ဖြစ်ပြီး သူ့ကို လောင်မြိုက်ဝါးမျိုပစ်ရန် စောင့်ဆိုင်းနေ၏။ နောက်တစ်ဖက်မှ မြစ်တစ်စင်းမှာ ရေအလျဉ်စီးသောမြစ်ဖြစ်ပြီး သူ့ကို ဆွဲချနှစ်သတ်ရန် စောင့်ဆိုင်းနေ၏။ အဆိုပါ အန္တရာယ် မြစ်ကြီးနှစ်သွယ်၏အကြား တွင် လေး-ငါး လက်မခန့်သာ ကျယ်သော အဖြူရောင်လမ်းမတော် ရှိလေသည်။ အရှေ့ဖက်ကမ်းမှ အနောက်ဖက်ကမ်းသို့ လျှောက်သွားရန်မှာ ခြေလှမ်း ၁၀၀ ခန့် ရှိလေသည်။ သူရပ်တည်နေရာ အရှေ့ဖက်ကမ်းတွင် လူဆိုးသူခိုးအုပ်စုနှင့် တိရစ္ဆာန်ရိုင်းများက သူ့ကို သတ်ဖြတ်ရန် ရှာဖွေနေကြလေ၏။ ကြောက်ရွံ့တုန်လှုပ်နေရသော ယောကျ်ားသည် မည်သို့ပင်ဖြစ်စေကာမူ အဖြူရောင်လမ်းမတော်ကို ဖြတ်ကူးရန် ဆုံးဖြတ်ခဲ့၏။ ထိုအချိန်တွင် သူရပ်နေရာ ကမ်းပါးဖက်မှ ထွက်ပေါ်လာသော စကားသံတစ်ခုကို သူကြားလိုက်ရ၏။ *"မိတ်ဆွေ မကြောက်ပါနဲ့ ရဲရဲဝံ့ဝံ့သာ ဖြတ်ကူးပါလေ။ ဒီမှာဖက်ကမ်းသည် သင့်အတွက် ဘေးဘျမ်းအန္တရာယ် ထူပြောလွန်းလှပေ၏။"* ထို့အတူ သူဦးတည်ရာ အနောက်ဖက်ကမ်းမှလည်း ခေါ်သံတစ်ခုကို သူကြားရပြန်၏။ *"ရည်မှန်းချက်ကို မြဲမြံဆုပ်ကိုင် စိတ်ကို တစ်ဖြောင့်တည်းထား ပြီး ကူးမြောက်ခဲ့ပါလေလော့။ သင့်ကို ငါ အကာအကွယ် ပေးနိုင်ပေ၏။ မီးလျှံ*

နှင့် ရေထုတို့ကိုလည်း မကြောက်ရွံ့လေလင့်။" ထိုအချိန်တွင် လူရမ်းကာ အုပ်စုကလည်း သူ့ကို ပြန်လာခဲ့ရန်နှင့် သူတို့ အန္တရာယ် မပေးမည့်အကြောင်းကို အော်ဟစ်ပြောဆိုကြလေ၏။ မည်သို့ပင်ဖြစ်စေကာမူ ယောကျ်းသည် စိတ်ကို ယတိပြတ်ဆုံးဖြတ်လျက် အဖြူရောင်လမ်းမတော်ကို ဖြတ်သန်းကူးမြောက်၍ အနောက်ဖက်ကမ်းသို့ ဆိုက်ရောက်ခဲ့လေ၏။ မိတ်ဆွေကောင်းများနှင့် ဆုံဆည်းရ၍ လုံခြုံမှုအေးငြိမ်းချမ်းသာမှုတို့ကိုလည်း ရရှိခဲ့လေ၏။[၄၂၂]

ဤ ရူပကအလင်္ကာ နိဗ္ဗိတ်ပုံကို အနက်ဖွင့်ဆိုပြရလျှင် ဤမှာ ဖက်ကမ်းဟူသည်မှာ သံသရာ ငရဲဆိုးဖြစ်၏။ ဘေးကင်းလုံခြုံရာ တစ်ဖက်ကမ်း ဟူသည်မှာ အနောက်အရပ်ရှိ သုခဝတီဘုံ ဖြစ်၏။ လူဆိုးသူခိုးအုပ်စုနှင့် တိရစ္ဆာန်ရိုင်းများ ဆိုသည်မှာ အာရုံခြောက်ပါးနှင့် ဝိညာဏတရားများ ဖြစ်ကြ၏။ မီးလျှံမြစ်ဟူသည်မှာ အမျက်ဒေါသ ဖြစ်၏။ ရေစီးကြမ်းသောမြစ် ဟူသည်မှာ လောဘ ရာဂ တရားများဖြစ်၏။ အဖြူရောင်လမ်းမတော်ဟူသည်မှာ ယုံကြည်မှုကို အခြေခံရသော သုဒ္ဓဘူမိသဒ္ဓါဓိက မဂ်လမ်းစဉ် ဖြစ်၏။ ဤမှာ ဖက်ကမ်းမှနေ၍ တိုက်တွန်းသော အသံဟူသည်မှာ သကျမုနိ ဗုဒ္ဓရှင်တော်ကို ကိုယ်စားပြု၏။ တစ်ဖက်ကမ်းမှ ဖိတ်ခေါ်နေသော အသံဟူသည်မှာ အမိတာဘ ဗုဒ္ဓရှင်တော်ကို ကိုယ်စားပြု၏။

ဟိုနန်ရှိုနင်၏ အကြောင်း

ဟိုနန် (၁၃ မေ ၁၁၃၃ - ၂၉ ဖေဖော်ဝါရီ ၁၂၁၂) သည် ဂျပန်မဟာယာန ဗုဒ္ဓဘာသာလောက ကို တစ်ခေတ် ဆန်းသစ် ခဲ့သူဖြစ်ပြီး ဂျပန်နိုင်ငံတွင် သုဒ္ဓဘူမိဗုဒ္ဓဘာသာဂိုဏ်းတစ်ခုဖြစ်သော ဂျိုဒိရှူကို စတင်တည်ထောင်ခဲ့သူလည်း ဖြစ်၏။ သူ့ကို သုဒ္ဓဘူမိဗုဒ္ဓဘာသာဂိုဏ်း၏ သတ္တမမြောက် သာသနာပိုင်အဖြစ် သတ်မှတ်ကြ၏။ တင်းဒိုင်း ရဟန်းတော်တစ်ပါးအဖြစ် စတင်ခဲ့သော ဟိုနန်သည် တင်းဒိုင်း ဗုဒ္ဓဘာသာကို အားမရ လက်မခံနိုင်ခဲ့တော့သည့်အတွက် လမ်းသစ်ရှာဖွေရင်း တရုတ်ရဟန်းတော် ရှန်တောင် ရေးသားထားသည့် သုဒ္ဓဘူမိဂိုဏ်းကျမ်းစာတစ်ခုကို ဖတ်ရှုမိရာမှ ဓမ္မလမ်းသစ်တွေ့ရှိခဲ့ပြီး ဂျပန်သုဒ္ဓဘူမိဂိုဏ်းကို တည်ထောင်ခဲ့ခြင်း ဖြစ်လေသည်။

ဂျပန်နိုင်ငံတွင် ဟိုနန်မတိုင်မီကတည်းက အမိတာဘဗုဒ္ဓကို ကိုးကွယ်မှုရှိခဲ့၏။ အေဒီ ၇ ရာစုမှ ၁၂ ရာစုအတွင်း အမိတာဘဗုဒ္ဓကိုးကွယ်မှုသည် အထူးရေပန်းစားခဲ့သည်ကို တွေ့ရ၏။ သို့သော်လည်း အမိတာဘဗုဒ္ဓ၏ နာမတော်ကို ရွတ်ဆိုခြင်း သက်သက်ဖြင့် တရားရအောင် ကျင့်ကြံမှုကို ဟိုနန်က စတင် မိတ်ဆက်ပေး

၄၂၂။ **Translation in de Bary *et al.* 1972: 205–6; cf. the Japanese paintings of the parable in Okazaki 1977: 148–9.**

ခဲ့ကြောင်း သိရပါသည်။ ဟိုနန်၏ နောက်ပိုင်းကာလ ဂျပန်ဗုဒ္ဓဘာသာတွင် သုဒ္ဓဘူမိဂိုဏ်းအယူအဆသည် လူဝတ်ကြောင်များအကြား ပို၍ရေပန်းစားခဲ့သည်ကို တွေ့ရပါသည်။

ဂျပန်နိုင်ငံ၏သမိုင်းတွင် ဟိုင်အန်ခေတ် (၇၉၄-၁၁၈၅) နှင့် ကာမကူရခေတ် (၁၁၈၅-၁၃၃၃) အကြား ခေတ်အကူးအပြောင်းကာလတွင် ပြည်တွင်းစစ်ဘေးဒုက္ခနှင့်အတူ အစာရေစာ ငတ်မွတ်မှု၊ ရောဂါထူပြောမှုနှင့် အထွေထွေဆင်းရဲဒုက္ခများကြောင့် သုဒ္ဓဘူမိ ဗုဒ္ဓဘာသာထွန်းကားရန် အခြေအနေပေးခဲ့သလို ဖြစ်ခဲ့၏။ သာသနာ၏ နောက်ဆုံးနေ့ရက်များကို ရောက်ရှိနေပြီး အထွေထွေ ဆုတ်ကပ်ကာလကြီးသို့ ရောက်ရှိနေသောကြောင့် ဘုရားရှင်ထံ ယုံကြည်စွာ ဆက်ကပ်အပ်နှံခြင်းတည်းဟူသော လမ်းဖြင့်သာ တရားထူးရရှိနိုင်သည်ဟု ယုံကြည်နေခဲ့ကြသော ခေတ်ကာလလည်း ဖြစ်လေသည်။[၄၉၃] ဤသို့သော ခေတ်ကာလအတွက် အကောင်းဆုံးသော တုန့်ပြန်မှုအဖြစ်မှာ အရိုးစင်းဆုံးနှင့် အထိရောက်ဆုံး ကျင့်စဉ်တစ်ခုခုကို ကျင့်ကြံအားထုတ်ခြင်းပင် ဖြစ်ပေလိမ့်မည်။ လူအများစု၏ စိတ်ပိုင်းဘဝ လိုအပ်ချက်များအတွက် အကောင်းဆုံး ဘာသာရေးအဖြေကို သုဒ္ဓဘူမိ ဗုဒ္ဓဘာသာကသာ ပေးစွမ်းနိုင်လိမ့်မည်ဖြစ်၏။

ဟိုနန်သည် မိမာဆက ခရိုင် ကုမဲမြို့တွင်နေထိုင်သော ချမ်းသာကြွယ်ဝသည့် မိသားစုတွင် ဖွားမြင်ခဲ့၏။ သူ့ဖခင်၏အမည်မှာ ဥရုမနော တိုအိကုနိဖြစ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်ပြီး မိခင်မှာ ဟာဒမျိုးနွယ်မှ ဆင်းသက်လာသူဖြစ်ပြီး တရုတ်ပြည်မှ ပိုးကုန်သည်မျိုးရိုး အသိုင်းအဝန်းတွင် ကြီးပြင်းခဲ့ရသူဖြစ်၏။ ၁၁၄၁ တွင် ဟိုနန်၏ဖခင်ဖြစ်သူမှာ ဆဒအာကိရဆိုသူ၏ လုပ်ကြံတိုက်ခိုက်ခြင်းကို ခံရပြီး သေဆုံးခဲ့ရာ မသေခင်တွင် ဖခင်ဖြစ်သူက ဟိုနန်ကို သူ့သေခြင်းတရားအတွက် လက်စားမချေရန်နှင့် လောကီဘဝမှရုန်းထွက်ပြီး သာသနာ့ဘောင်သို့ ဝင်ရောက်ရန် မှာကြားခဲ့လေ၏။[၄၉၄]

ဖခင်၏မှာကြားချက်အတိုင်း ဟိုနန်သည် အသက် (၉) နှစ်အရွယ်တွင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့၏။ ဟိုနန်သည် ကျိုတိုမြို့တော်အနီးမှ ဟိအိုင်တောင်ပေါ်သို့ သွားရောက်ခဲ့ပြီး တင်းဒိုင်းဂိုဏ်းတွင် ၁၂ နှစ်တိုင်တိုင် ဗုဒ္ဓဓမ္မစာပေများ

၄၉၃။ **Andrews, A. A. (1994) 'Hdnen and popular Pure Land piety: Assimilation and transformation',**
***Journal of the International Association of Buddhist Studies* 17 (1): 99–100**

၄၉၄။ ***"Life of Honen, Jodo Shu homepage"*. Retrieved 2008-11-23.**

ကို လေ့လာခဲ့၏။ ထိုအချိန်တွင် သူ၏မမွေးဆရာသခင်မှာ ဂန်ကို ကိုယန် အိကျူ တို့ဖြစ်ကြပြီး ဂန်ကိုထံတွင် တင်းဒိုင်း ရဟန်းတော်တစ်ပါးအဖြစ် ရဟန်းခံခဲ့သလို အိကျူက သူ့ကို ဟိုနန်ဘွဲ့အမည်ကို ပေးခဲ့လေသည်။ ဟိအိုင်တောင်ပေါ်တွင် တင်းဒိုင်းဓမ္မစာပေများကို လေ့လာဆည်းပူးခဲ့သော ဟိုနန်သည် ကောင်းစွာ ကျေနပ်မှု မရခဲ့သောကြောင့် အသက် ၂၄ နှစ်တွင် ဆာဂါ နာရာ စသောမြို့များသို့ သွားရောက်ခဲ့ပြီး ကိုဖူးကုဂျီး တိုဒိုင်ဂျီး စသော ကျောင်းတိုက်ကြီးများတွင် လှည့်လည်၍ တရားဓမ္မ ရှာဖွေခဲ့၏။ ထို့နောက် ဟိုနန်သည် မိမိနေရင်းဖြစ်သော ဟိအိုင်တောင်သို့ ပြန်လည်ရောက်ရှိလာပြီး ဗုဒ္ဓဓမ္မ ပိဋကတ်စာပေများကို ထပ်မံလေ့လာခဲ့လေသည်။[၄၁၁]

ဟိုနန်သည် ဂန်ရှင် (၉၄၂-၁၀၁၇) ၏ သုဒ္ဓဘူမိဂိုဏ်းစာပေများကို စတင် လေ့လာခဲ့၏။ ဂန်ရှင်သည် တင်းဒိုင်း ရဟန်းတော်တစ်ပါးဖြစ်ပြီး တင်းဒိုင်းဂိုဏ်း၏ ဘောင်အတွင်းမှ သုခဝတီဘုံ အယူအဆများကို တင်ပြခဲ့သူဖြစ်၏။ ဂန်ရှင်၏ အရေးအသားများသည် ဟိုနန်အတွက် ကြီးမားသော လွှမ်းမိုးမှုဖြစ်ခဲ့သော်လည်း ဟိုနန်သည် ဂန်ရှင်၏ အာရုံပြုပုံဖော်မှု ကျင့်စဉ်ကို လက်မခံခဲ့ပေ။ အာရုံပြု ပုံဖော်မှုကျင့်စဉ်သည် ခက်ခဲနေသည့်အပြင် သုဒ္ဓဘူမိဗုဒ္ဓဘာသာ၏ အခြေခံအယူအဆနှင့်လည်း ဆန့်ကျင်နေသည်ဟု ဟိုနန်က မြင်ခဲ့၏။ ဟိုနန်၏ အလိုအရ အာရုံပြုပုံဖော်မှုကျင့်စဉ်သည် ကျင့်သုံးသူ၏ အကန့်အသတ်ရှိနေသောကြောင့် ကလေးငယ်တစ်ဦးပုံဖော်သည့် သုခဝတီသည် အရွယ်ရောက်ပြီးသူ ပန်းချီ အနုပညာရှင်တစ်ဦး၏ ပုံဖော်ရေးဆွဲချက်ကို မှီနိုင်မည်မဟုတ်ပေ။ စိတ်ကူးယဉ်လောကမှ ပန်းမာလ်တို့သည် သုခဝတီဘုံမှာရှိသော ပန်းမာလ်အစစ်များအတိုင်း တူညီနိုင်မည် မဟုတ်ပေ။[၄၁၂]

ဟိုနန်သည်ဗုဒ္ဓပိဋကတ်တော်ကို ငါးကြိမ်တိုင်တိုင် အစအဆုံး ဖတ်ရှုလေ့လာခဲ့သောဟူ၏။ ထိုသို့ လေ့လာဆည်းပူးနေရင်း ဟိုနန်သည် တရုတ်ဆရာတော် ရှုန်တောင် ရေးသားစီရင်အပ်သော အမိတာယုဈာနသုတ္တန်၏ အဖွင့်အဋ္ဌကထာ ကျမ်းတစ်စောင်ကို ဖတ်ရှုမိခဲ့၏။ ထိုကျမ်းတွင် ဤသို့ရေးသားဖော်ပြ၏။

"သင်၏ စိတ်နှလုံးတစ်ခုလုံးပုံ၍ အမိတာဘဗုဒ္ဓ၏ နာမတော်ကို ရွတ်ဆိုပွားများပါလော့။ ထိုင်နေသည်ဖြစ်စေ၊ ရပ်နေသည်ဖြစ်စေ၊ လျောင်းနေသည်ဖြစ်စေ၊ သွားနေသည်ဖြစ်စေ တခဏမျှ မရပ်နားဘဲ ကျင့်ကြံပွားများပါလော့။ ရှင်တော်ဗုဒ္ဓ

၄၁၁။ **Hattori, Sho-on (2000). *A Raft from the Other Shore: Honen and the Way of Pure Land Buddhism*. Jodo Shu Press. pp.-13**

၄၁၂။ **Matsunaga, D. and Matsunaga, A. (1974/6) *Foundations of Japanese Buddhism*, 2 vols, Los Angeles/Tokyo: Buddhist Books International.: II, 59**

၏ သစ္စာအဓိဋ္ဌာန် တန်ခိုးတော်အားဖြင့် ဤကျင့်စဉ်သည်သာ အဆုံးစွန်လွတ်မြောက်ခြင်းဆီသို့ ပို့ဆောင်ပေးပေလိမ့်မည် ဖြစ်၏။"

ဟိုနန်၏ အမြင်တွင် (အမိတာဘဗုဒ္ဓ၏ နာမတော်ကို ရွတ်ဆိုရသော) နန်ဘုဆု ကျင့်စဉ်သည်သာ သုခဝတီဘုံသို့ ရောက်စေနိုင်သည့်ကျင့်စဉ်ဖြစ်ကြောင်း ဤစာပိုဒ်က ညွှန်ပြနေသည်ဟု နားလည်ခဲ့၏။ ရှေးယခင်က နန်ဘုဆုကျင့်စဉ်ကို အခြားဓမ္မကျင့်စဉ်များနှင့် တွဲဖက်၍ ကျင့်ရသောနည်းစနစ်တစ်ခုအဖြစ် လက်ခံခဲ့ကြ၏။ ရှန်တောင်ကသာ နန်ဘုဆုသက်သက်ဖြင့် သုခဝတီဘုံသို့ ရောက်ရှိနိုင်ကြောင်း ယူဆခဲ့သူဖြစ်၏။ ဤအယူအဆသစ်က ဟိုနန်ကို လွှမ်းမိုးခဲ့သောကြောင့် ဟိုနန်သည် ၁၁၇၅ တွင် တင်းဒိုင်းဗုဒ္ဓဘာသာကို စွန့်လွှတ်ခဲ့ပြီး တင်းပြည့်ကျပ်ပြည့် သုဒ္ဓဘူမိ ဗုဒ္ဓဘာသာ လမ်းစဉ်ကို စတင်ကျင့်သုံးခဲ့တော့၏။

ထို့နောက် ဟိုနန်သည် အိုတာနီရပ်ကွပ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီးလျှင် လူ့အဖွဲ့အစည်း၏ အောက်ဆုံးအလွှာမှ အပယ်ခံ လူသားများကို တရားဟောကြားခဲ့ရာတွင် နောက်လိုက်နောက်ပါ ယုံကြည်သူများစွာ ရရှိလာခဲ့၏။ သူ၏ တပည့်သာဝကထဲတွင် မုဆိုးတံငါသည် မိန်းမရွှင် ဓားပြလူထွက် ဆာမူရိုင်း စသဖြင့် အောက်ခြေအလွှာ လူတန်းစားများ ပါဝင်လာကြ၏။ ကျိုတိုမြို့တော်တွင် လူသိများထင်ရှားကျော်ကြားသော ဟိုနန်သည် အထက်တန်းလွှာမှ ရဟန်းသံဃာများနှင့် အုပ်ချုပ်သူ လူတန်းစားများကိုလည်း စည်းရုံနိုင်ခဲ့၏။ ကုဂျိုကာနေဇာနေး အမည်ရှိ ဘုရင်ခံ (၁၁၄၉-၁၂၀၇) ကိုပင် စည်းရုံးနိုင်ခဲ့၏။ ထောက်ခံသူ အများအပြားရှိသလို သူ၏ နန်ဘုဆုသက်သက် လမ်းစဉ်ကို ဝေဖန်ဆန့်ကျင်သူများလည်း ရှိခဲ့ကြ၏။

နောက်လိုက် သာဝကများလာသည်နှင့်အမျှ ဟိုနန်၏ တပည့်သာဝကအချို့မှာ ဗုဒ္ဓတရားတော်ကို မိမိတို့အလိုရှိသလို အတွေးနောမတိ ဖွင့်ဆိုမှုများပြုလုပ်ကာ လူအများ လက်မခံနိုင်သော အပြုအမူ အကျင့်အကြံများ လုပ်ကိုင်လာကြသောကြောင့် အများ၏ ဝေဖန်မှုကို ပိုမိုခံလာရပြန်သည်။ ၁၂၀၄ ခုနှစ်တွင် ဟီအိုင်တောင်ပေါ်မှ ရဟန်းတော်များက နန်ဘုဆုကျင့်စဉ်နှင့် ဟိုနန်၏နောက်လိုက်များကို သာသနာတော်မှ ကြဉ်ပစ်ရန် ဂိုဏ်းချုပ်ဆရာတော်ကြီးကို လျှောက်ထား တောင်းပန်ခဲ့ကြ၏။ ထိုနည်းတူစွာပင် ၁၂၀၅ ခုနှစ်တွင် နာရာမြို့တော်မှ ကိုဖုကုဂျီးကျောင်းတိုက်သည် ဟိုနန်နှင့် သူ၏ သာဝကများကို အဓမ္မဝါဒီများအဖြစ် သတ်မှတ်ပေးပါရန် ဧကရာဇ် ဘုရင် ဂိုဝတိုဘထံ အကြောင်းကြား တောင်းဆိုခဲ့ကြ၏။ တောင်းဆိုချက်ထဲတွင် ဟိုနန်၏ သုဒ္ဓဘူမိ နန်ဘုဆုဂိုဏ်းသည် အခြားခေတ်ပြိုင် ဗုဒ္ဓဘာသာဂိုဏ်းကြီး

(၈) ဂိုဏ်းနှင့် စေ့စပ်ညှိနှိုင်း မရနိုင်သည့်အချက် ၉ ချက် တွင် ကွဲပြားနေကြောင်းလည်း ဖော်ပြထားလေသည်။ ထိုစွဲဆိုချက်များကို အုပ်စုခွဲကြည့်လျှင် အုပ်စုနှစ်ခု တွေ့ရ၏။ ပထမအစုမှာ ဟိုနန်၏ဂိုဏ်းသည် နန်ဘုဆုကျင့်စဉ်ကိုသာ အလုံးစုံပုံ၍ ယုံကြည်သောကြောင့် ကျန်ဗုဒ္ဓဘာသာကျင့်စဉ်များအားလုံးကို အသုံးမဝင်အပြစ်မြင်ကာ ပစ်ပယ်သည်ဟူသော စွဲချက်ဖြစ်၏။ အမိတာဘ ဗုဒ္ဓတစ်ဆူတည်းကို ကိုင်းရှိုင်းကိုးကွယ်ခြင်းကြောင့် ရိုးရာကာမိနတ်များကိုလည်း ပစ်ပယ်သည် ဟူသော စွဲချက်ဖြစ်၏။ ဒုတိယအစုမှာ ဟိုနန်၏ဂိုဏ်းသည် လူဝတ်ကြောင်နှင့် ရဟန်းသံဃာကို တစ်ပြေးတည်းထား မခွဲခြားသည်ဟူသော စွဲချက်ဖြစ်၏။ လူ့အဖွဲ့အစည်း၏ အနိမ့်ကျဆုံးသော အပယ်ခံများသည်ပင် ပညာရှိ အထက်တန်းလွှာများနှင့် တစ်တန်းတစ်စားတည်း သတ်မှတ်ခံရခြင်းသည်လည်း စွဲချက်တင်စရာ အကြောင်းတစ်ခုဖြစ်ခဲ့၏။[၄၉၇]

အဆိုပါစွဲချက်များကို တုန့်ပြန်သည့်အနေဖြင့် ဟိုနန်နှင့် သူ့တပည့်သာဝကများသည် ရိုချိုကာဂျူကိုရှောမွန် (အချက်ခုနှစ်ချက်ပါသော ပဋိညာဉ်) ကို လက်မှတ်ရေးထိုးခဲ့ကြရ၏။ အခြားသော ဗုဒ္ဓဘာသာဂိုဏ်းများကိုလည်း လေးစားမှုဖြင့် ဆက်ဆံပါမည့်အကြောင်းတည်း ဝန်ခံကတိ ပြုခဲ့ကြရ၏။ သို့သော်လည်း ၁၂၀၇ ခုနှစ်တွင် ဇကရာဇ်ဂိုတိုဘသည် ဟိုနန်၏ နန်ဘုဆု သက်သက်ကျင့်စဉ်ကို တားမြစ်အမိန့်ထုတ်ခဲ့ရန် အကြောင်းပေါ်လာခဲ့၏။ အကြောင်းမှာ ဟိုနန်၏ တပည့်သာဝကနှစ်ဦးသည် နန်ဘုဆုကျင့်စဉ်ကို အကြောင်းပြု၍ လိင်မှုဆိုင်ရာ အမြွတ်ထုတ်ခဲ့ကြသည်ဟူသော စွဲချက်ထွက်ပေါ် လာခဲ့သောကြောင့် ဖြစ်လေသည်။ ဟိုနန်နှင့် ထိပ်တန်းသာဝကကြီးများကို ပြည်နှင်ဒဏ်ပေးခဲ့ပြီး ဂျူရန်နှင့် အန်ရကုဘို အမည်ရှိ သာဝကနှစ်ဦးကို ဘုရင့်အမိန့်ဖြင့် ကွပ်မျက်ခဲ့ကြ၏။

ဟိုနန်သည် ဘုရင့်ပြည်နှင်ဒဏ်ကြောင့် တိုဆာဒေသသို့ ပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း ကျိုတိုရှိသူ၏ သုဒ္ဓဘူမိဂိုဏ်း လူပ်ရှားမှုမှာ အားလျော့သွားခြင်းမရှိချေ။ ဟိုနန်သည် သူ၏ ပတ်ဝန်းကျင်ဒေသရှိ တံငါသည် ပြည့်ဆန်ဆာ လယ်သမားစသည့် အောက်ခြေလူတန်းစားများကို ဆက်လက်၍ သာသနာပြုခဲ့ရာ များစွာ အောင်မြင်ခဲ့၏။ အေဒီ ၁၂၁၁ ခုနှစ်တွင် နန်ဘုဆု သက်သက် ကျင့်စဉ်ကို တားမြစ်ထားသော အမိန့်ကို ပယ်နှုတ်၍ ပြန်လည်ခွင့်ပြုခဲ့၏။ နောက်တစ်နှစ်ဖြစ်သော အေဒီ ၁၂၁၂ တွင် ကျိုတိုမြို့တော်၌ ဟိုနန် ကွယ်လွန်ခဲ့၏။ တစ်မျက်နှာမိန့်မှာချက် (အိချိမိုင် ကိုရှောမွန်) ဟူသော အရေးအသားသည် ဟိုနန်၏ နောက်ဆုံးစာပေလက်ရာ

၄၉၇။ **Bowring, Richard. Religious Traditions of Japan: 500-1600. Cambridge: Cambridge University Press, 2005. 247**

ဖြစ်လေသည်။ တစ်မျက်နှာမိန့်မှာချက်၏ တစ်ခုတည်းသော အနှစ်သာရ သင်ကြားချက်မှာ သုခဝတီဘုံသို့ ဝင်ရောက်နိုင်ရန် နန်ဘုဆု ဘုရားရှိခိုးဂါထာကို စဉ်ဆက်မပြတ် ရွတ်ပွားခြင်း သက်သက်တည်းဟူသော တစ်ကြောင်းတည်းသောလမ်းသာရှိပြီး အခြားသော ကမ္မဋ္ဌာန်းဘာဝနာနည်းများမှာ အသုံးလည်းမဝင်သလို၊ လိုလည်းမလို အပ်ဟူသော အမြင်ဖြစ်လေသည်။[၄၉၀]

ဟိုနန်၏ ဓမ္မစာပေလက်ရာများအနက် ထင်ရှားသည့်ကျမ်းမှာ အေဒီ ၁၁၉၈ ခုနှစ်တွင် ရေးသားခဲ့သည့် ဆန်ချကု ဟွန်ဂန် နန်ဘုဆုရှူ အမည်ရှိသော သုဒ္ဓဘူမိဗုဒ္ဓဘာသာကျမ်း ဖြစ်၏။ သူ့ကို ထောက်ပံ့သည့် ကုဂျို ကာနေဇာနေ (၁၁၄၈-၁၂၀၇)၏ တောင်းပန်လျှောက်ထားမှုကြောင့် ဤကျမ်းကို ရေးသားခဲ့ခြင်းဖြစ်သည်ဟု ဆို၏။ ဟိုနန်၏ အလိုအရ နန်ဘုဆုကို ရွတ်ရာတွင် မိုးကောင်းကင်ပမာ မြင့်မားသော မြေကြီးပမာ နက်ရှိုင်းသော ယုံကြည်မှုသဒ္ဓါတရားကို အဓိကစွမ်းအားအဖြစ် အခြေခံ၍ ရွတ်ဆိုရမည်ဖြစ်၏။ ဤမျှ ကြီးမားနက်ရှိုင်းသော သဒ္ဓါတရားသည်သာလျှင် အမိတာဘ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ မူလသစ္စာအဓိဋ္ဌာန်တို့၏ စွမ်းအားများနှင့် ဆက်သွယ်မှု ရရှိနိုင်ပြီး သုခဝတီဘုံသို့ မွေးဖွားဝင်ရောက်ခွင့် ရရှိပေလိမ့်မည်။[၄၉၉]

ဟိုနန်၏ အလိုအရ နန်ဘုဆုကျင့်စဉ်သည် ယုံကြည်သက်ဝင်မှုအပြည့်ဖြင့် ကျင့်သုံးပါက မည်သူမဆို အကျိုးတရား ခံစားရရှိနိုင်သည့် ကျင့်စဉ်ဖြစ်၏။ မည်မျှပင် မကောင်းမှုဒုစရိုက်တရားများဖြင့် ပြွမ်းတီးရောယှက်နေခဲ့သူ ဖြစ်စေကာမူ နန်ဘုဆုကို ယုံကြည်စွာ ရွတ်ဆိုပါက မကောင်းမှုအားလုံးမှ လွန်မြောက်နိုင်ပေလိမ့်မည်ဖြစ်၏။ ဟိုနန်၏ တပည့်သာဝကများတွင် တံငါသည်များလည်း ပါဝင်ပြီး သူတို့ပြုခဲ့ရသည့် မကောင်းမှုအကုသိုလ်များကြောင့် စိတ်အားလျော့ကာ ထိတ်လန့်နေကြ၏။ ဟိုနန်၏ လမ်းပြပေးမှုကြောင့် သူတို့သည် နေ့ဖက်အချိန်တွင် တံငါသည်အလုပ်ကို လုပ်ကြသော်လည်း ညဖက်အချိန်တွင် နန်ဘုဆုကို ရွတ်ဆိုကျင့်ပွားကြလေသည်။ ဤသို့သောသူများပင် နန်ဘုဆု၏ အကျိုးကို ခံစားရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အမိတာဘ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ မဟာကရုဏာတော်မြတ်သည် မည်သူ့ကိုမျှ ခွဲခြားမှု ပစ်ပယ်မှုမရှိသောကြောင့်ပင် ဖြစ်၏။[၅၀၀]

၄၉၀။ Translation of the 'One Page Document' in Eliot 1935: 267. For another translation, see Hirota 1989: 71–2. For translations of Honen's *Senchakushu*, see Augustine and Kondd 1997, and *Senchakushu* English Translation Project 1998.

၄၉၉။ From a letter trans. by Coates and Ishizuka, quoted in Burtt 1955: 214.

၅၀၀။ Burtt, E. A. (1955) The Teachings of the Compassionate Buddha, New York: Mentor: 213–16

နန်ဘုဆု၏ အကျိုးသက်ရောက်မှုသည် အကန့်အသတ်မရှိကြောင်း ဟိုနန်က ဆိုခဲ့၏။ မိမိ၏ အသက်မွေးမှု မစင်ကြယ်ခြင်းကြောင့် စိတ်အားငယ်နေရသော ပြည်တန်ဆာတစ်ဦးဖြစ်သည့် နန်ဘုဆုကို ယုံကြည်စွာ ရွတ်ဆိုခဲ့ခြင်းကြောင့် လွတ်မြောက်မှုကို ရရှိခဲ့၏။ ဤသို့သော ဒုစရိုက်နွံတွင် နှစ်မြုပ်နေသူများမှာ အမိတာဘဗုဒ္ဓရှင်တော်၏ အထူးဧည့်သည်တော်များ ဖြစ်သည်ဟူ၍လည်း ဟိုနန်က ဆိုခဲ့၏။[၁၀၁] ဂျွန်ဂန်းအမည်ရှိသော ရဟန်းတစ်ပါးသည် မိမိ၏ သမီးရင်းနှင့် မှောက်မှားမိသော်လည်း နန်ဘုဆုကို ယုံကြည်စွာ ရွတ်ဆိုခဲ့ခြင်းကြောင့် အမိတာဘဗုဒ္ဓ၏ ကရုဏာကို ခံယူနိုင်ပြီး သုခဝတီဘုံသို့ ရောက်ရှိနိုင်ခဲ့ကြောင်း ဖော်ပြထား၏။ ဟိုနန်၏ သုဒ္ဓဘူမိ သင်ကြားချက်များတွင် ကိုယ်ကျင့်တရားဖြူစင် သန့်ရှင်းမှုထက် အမိတာဘဗုဒ္ဓအပေါ် သက်ဝင်ယုံကြည်မှုကသာ ပို၍ အရေးပါကြောင်း နောက်ဆုံး အဆုံးအဖြတ်ကို ပေးနိုင်ကြောင်း တင်ပြထားသည်ကို တွေ့ရ၏။[၁၀၂]

ဟိုနန်သည် မိမိ၏ နှစ်လိုဖွယ်ကောင်းသော အသွင်အပြင်နှင့် ရိုးသားနှိမ့်ချမှုကြောင့် လူချစ်လူခင် ပေါများသူလည်း ဖြစ်၏။ မိမိကိုယ်တိုင်လည်း အသားငါးမစား အရက်သေစာရှောင်ကြဉ်ပြီး ဝိနည်းကို တင်းကြပ်စွာ လိုက်နာခဲ့၏။ ဟိုနန်၏ အမြင်တွင် ကိုယ်ကျင့်တရား သန့်ရှင်းဖြူစင်မှုသည် သုခဝတီဘုံသို့ မရောက်ရှိစေနိုင်သော်လည်း လူ့ဘောင်လောကတွင် နေထိုင်ချိန်တွင် အကျိုးများသော တရားဖြစ်၏။ မိမိ၏ ကိုယ်ကျင့်တရားဖြူစင်ခြင်းသည် မိမိ၏ဘဝကို ငြိမ်းချမ်းစေ၏။ မိမိ၏ ဘဝနေဟန် ငြိမ်းချမ်းပါမှသာ နန်ဘုဆုကို အေးချမ်းစွာ ကျင့်သုံးဆောက်တည်နိုင်မည်ဖြစ်၏။ ထို့ကြောင့် ကိုယ်ကျင့်တရားကောင်းမွန်အောင် ကျင့်သုံးခြင်းသည် သုဒ္ဓဘူမိကျင့်စဉ်အတွက် သွယ်ဝိုက်သောနည်းအားဖြင့် အထောက်အကူ ပြုနိုင်သည်ဟူ၍ ဟိုနန်က ဆိုခဲ့ပါသည်။[၁၀၃]

ကိုယ်ကျင့်တရား ဖြူစင်မှုကြောင့် အနှောက်အယှက် ဘေးကင်းသော ငြိမ်းချမ်းသော ဘဝနေဟန်ကိုရရှိပြီး နန်ဘုဆုကို ရွတ်ပွားကျင့်ကြိုနိုင်ခြင်းအားဖြင့် မိမိ၏ မကောင်းမှု ဒုစရိုက်များလည်း ဆေးကြောသန့်စင်ပြီး ဖြစ်လေရာ ကိုယ်ကျင့်တရားနှင့် နန်ဘုဆုရွတ်ပွားမှုတို့သည် အပြန်အလှန် အညမည အကျိုးပြုနေကြ

၁၀၁။ Machida, S. (1999) Renegade Monk: *HDnen and Japanese Pure Land Buddhism*, trans. I. Mentzas, Berkeley, CA/Los Angeles/London: University of California Press.: p-12

၁၀၂။ Payne, R. K. and Tanaka, K. K. (eds) (2004) *Approaching the Land of Bliss: Religious Praxis in the Cult of AmitAbha*, Honolulu: University of Hawai'i Press.: p-97

၁၀၃။ *Senchaku*- English Translation Project 1998: pp-13–14

လေသည်။ ဟိုနန်ကိုယ်တိုင် တစ်ရက်လျှင် နန်ဘုဆု အကြိမ် ၆၀၀၀၀ ခန့် ရွတ်ဆိုလေ့ရှိပြီး သူ၏ ထိပ်တန်းသာဝကတစ်ဦးမှာ တစ်ရက်လျှင် အကြိမ် ၈၄၀၀၀ အထိ ရွတ်ဆိုနိုင်သော ဟူ၏။[၁၀၄] သို့သော်လည်း အမှန်စင်စစ် နန်ဘုဆုရွတ်ဆိုမှု၏ အကြိမ်ရေထက်ပို၍ အရေးကြီးသည်မှာ ရွတ်ဆိုသူ၏ စိတ်နေစိတ်ထားဖြစ်၏။ အမိတာဘဗုဒ္ဓရှင်တော်ကိုသာ လုံးဝပုံအပ်၍ သက်ဝင်ယုံကြည်သောစိတ်ထားဖြင့် တစ်ကြိမ်မျှ ရွတ်ပွားနိုင်သည်ဆိုလျှင်ပင် ထိရောက်သော အကျိုးတရားကို ပေးစွမ်းနိုင်ပေသည်။[၁၀၅]

ဂျပန်နိုင်ငံတွင် အမိတာဘဗုဒ္ဓကို ယုံကြည်သူတစ်ဦး သေဆုံးခါနီးသော အခါတွင် သူမြင်နိုင်သည့်နေရာတွင် အမိတာဘဗုဒ္ဓ၏ ပုံတော်ကို ထားရှိခြင်းနှင့် သေခါနီးလူနာနှင့် ပုံတော်ကို အရောင်ငါးပါး ပါဝင်သောကြိုးဖြင့် ဆက်သွယ်ထားပေးခြင်းတို့ကို ပြုလုပ်ပေးရသည့် ထုံးဓလေ့ရှိ၏။ သို့သော်လည်း ဟိုနန် သေဆုံးချိန်တွင် ဤ အဆောင်အယောင် ပစ္စည်းများ မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော သူ့ဘဝ၏ နောက်ဆုံးကာလ ဆယ်နှစ်တာအချိန်တွင် သူ့အမြင် အာရုံပြင်တွင် အမိတာဘ ဗုဒ္ဓနှင့် သုခဝတီဘုံကို မပြတ် မြင်နေရပြီး ဖြစ်သောကြောင့်တည်း။ ဟိုနန်ကို သူ၏ ဓမ္မတရားက သူ့ခရီးလမ်းအဆုံးအထိ လမ်းပြသယ်ဆောင်သွားပေလိမ့်မည်ဖြစ်၏။

ရှင်ရန် ရှိုနင် (၂၁ မေ ၁၁၇၃- ၁၆ ဇန်နဝါရီ ၁၂၆၃)

ရှင်ရန်သည် ဟီနိုအရပ်(ဖုရှိမိ-ကျိုတို) တွင် မွေးဖွားခဲ့သော ဂျပန်ရဟန်းတော်တစ်ပါးဖြစ်၏။ ရှင်ရန်မွေးဖွားချိန်သည် ဟိုင်အန်ခေတ်၏ လှိုင်းတံပိုးများ ပြီးဆုံးပြီးနောက် ကာမကူရခေတ် စတင်သည့်ကာလဖြစ်၏။ ရှင်ရန်သည် ကျိုဒိုရှုဂိုဏ်း (သုဒ္ဓဘူမိဂိုဏ်း) ကို ဂျပန်နိုင်ငံတွင် စတင်တည်ထောင်ခဲ့သော ဟိုနန်၏ ထိပ်တန်းတပည့်သာဝကကြီးတစ်ပါး ဖြစ်၏။ ဟိုနန်မရှိတော့သည့်နောက်တွင် ကျိုဒိုရှု ဂိုဏ်းခွဲအသစ်ဖြစ်သော ကျိုဒို ရှင်ရှုဂိုဏ်းကို တည်ထောင်ခဲ့သူလည်း ဖြစ်လေသည်။

ရှင်ရန်ကို ဖူဂျိဝါရမျိုးစုဝင် အရိနိုရိ နယ်စားကြီးတို့ဇနီးမောင်နှံမှ ၂၁ မေ ၁၁၇၃ တွင် မွေးဖွားခဲ့ပြီး ဖွားမြင်ပြီး နောက်ပေးခဲ့သောအမည်မှာ မတ်ဆဝါကမာ

၁၀၄။ **Blum, M. L. (2002) The Origins and Development of Pure Land Buddhism: A Study and Translation of GyDnen's Jddo Hdmon Genrushd, Oxford/New York: Oxford University Press.: p-31**

၁၀၅။ **Burtt, E. A. (1955)** ***The Teachings of the Compassionate Buddha*****, New York: Mentor: p-215**

ရော ဖြစ်၏။ သူငယ်စဉ်ကပင် မိဘနှစ်ပါးစလုံး ကွယ်လွန်ခဲ့ကြ၏။ သေခြင်းတရား အပေါ် ကြောက်ရွံ့တုန်လှုပ်မိသောကြောင့် သူ့အသက် (၉) နှစ်အရွယ်တွင် ရှိရင်နှင် ကျောင်းတိုက်သို့ ၁၁၈၁ တွင် ဝင်ရောက်ခဲ့၏။ မနက်ဖြန်အတွက် နှလုံးသား၏ စိတ်အကြိုများသည် ချယ်ရီပန်းတို့ပုံပမာ ပျက်စီးကြွေလွင့်လွယ်ဘိ၏ ဟူ၍ သူ၏ ကဗျာတစ်ပုဒ်တွင် ရေးသားထားလေသည်။ နောက်ထပ် နှစ်ပေါင်း ၂၀ တိတိ ရှင်ရန်သည် ဟီအိုင်တောင်ပေါ်တွင် တရားဓမ္မကို ကျင့်ကြံအားထုတ်ခဲ့၏။[၁၀၆]

ထိုသို့ ကျင့်ကြံခဲ့ပါသော်လည်း သူလိုချင်ခဲ့သော သစ္စာဉာဏ်အလင်းရောင်ကို မရရှိခဲ့သောကြောင့် ရှင်ရန်သည် ရိုကညာကု-ဒို ဘုရားကျောင်းသို့ ရောက်ရှိသွားခဲ့ပြန်လေသည်။ အဆိုပါ ဘုရားကျောင်းတွင် အားထုတ်၍ မကြာမီတွင် ရှင်ရန်သည် အဝလောကိတေသွာရ ဗောဓိသတ္တ့အရှင်၏ ရူပါရုံကို ရှိုတိုကုမင်းသားကြီးအသွင် ဖြင့် တွေ့မြင်ရပြီး ရှင်ရန်ကို တင်းဒိုင်းရဟန်းတော် ဟိုနန်နှင့်တွေ့ဆုံရန် ညွှန်ကြားခဲ့သည်ဟုဆို၏။[၁၀၇] ထို့ကြောင့် ၁၂၀၁ ခုနှစ်တွင် ရှင်ရန်သည် ဟိုနန်နှင့် တွေ့ဆုံခဲ့ပြီး နောက် ဟိုနန်၏ တပည့်သာဝကတစ်ဦး ဖြစ်လာခဲ့၏။ ဟိုနန်၏ လမ်းပြမှုဖြင့် ကျင့်ကြံခဲ့ရာ သူ့အသက် ၂၉ နှစ်တွင် ရှင်ရန်သည် သူတောင့်တခဲ့သော ဉာဏ်အလင်းရောင်ကို ရရှိခဲ့လေသည်။ ဆရာအရှင် ဟိုနန်၏ လျှို့ဝှက် ကျမ်းစာတစ်စောင်ဖြစ်သော ဆန်ချာကုရူကျမ်း၏ လက်ရေးမူတစ်ခုကိုလည်း ဟိုနန်ထံမှ ရှင်ရန်ရရှိခဲ့၏။

ရှင်ရန်သည် သုဒ္ဓဘူမိတရားကို အစွန်းရောက် အနက်အဓိပ္ပာယ် ဖွင့်ဆိုခဲ့သူ ဖြစ်သောကြောင့် အမိတာဘဗုဒ္ဓအရှင်ကိုသာ လုံးဝပုံအပ်၍ ယုံကြည်မှုကို အသားပေးခဲ့၏။ အကျိုးဆက်အနေဖြင့် မိမိကိုယ်ကို အားကိုးသော ကျင့်စဉ်မှန်သမျှကို ပယ်ရှားခဲ့၏။ မိမိ၏ ရဟန်းဘဝကို စွန့်လွှတ်၍ အိမ်ထောင်ပြုခြင်း ရဟန်းများအတွက် အစဉ်အလာ တားမြစ်ထားသော အသားစားဓလေ့ကို ပြန်လည်ကျင့်သုံးခြင်းတို့ကို ပြုလုပ်ခဲ့၏။ အမိတာဘ ဗုဒ္ဓရှင်တော်၏ ကယ်တင်ခြင်းသည် ရဟန်းတော်များအတွက်သာမဟုတ်ဘဲ လူသားအားလုံးနှင့် သက်ဆိုင်နေသည်ဟူသော သဘောတရားကို လက်တွေ့ပြသခြင်း ဖြစ်သည်ဟူ၍ သူက ဆိုခဲ့လေသည်။ ရှင်ရန်သည် အိရှင်နိ အမည်ရှိသော အမျိုးသမီးတစ်ဦးကို လက်ထပ်ခဲ့ပြီး သားသမီး ခြောက်ယောက် ထွန်းကားခဲ့၏။

အေဒီ ၁၂၀၇ တွင် ကျိုတိုမြို့တော်ရှိ ရဟန်းသံဃာတို့က နန်ဘုဆုကျင့်စဉ်ကို တား မြစ်မိန့်ထုတ်ပေးရန်အတွက် ဘုရင်ဇကရာဇ်ကို တင်ပြခဲ့ကြသောကြောင့်

၁၀၆။ Bloom, Alfred (1968). *"The Life of Shinran Shonin: The Journey to Self-Acceptance". Numen* 15 (1): 6.

၁၀၇။ *Shinran's Biography* Nishi Honganji Homepage

ရှင်ရန် သည် ဆရာဖြစ်သူ ဟိုနန်နှင့်ကဲ့သို့ပင် ပြည်နှင်ဒဏ်ကို ခံခဲ့ရလေ၏။ ရှင်ရန်ကို အိမ်ချိုဂိုအရပ်သို့ နှင်ထုတ်သောကြောင့် ထိုအချိန်မှစတင်၍ ရှင်ရန်သည် ဟိုနန်ကို ထပ်မံ မတွေ့ဆုံရတော့ပေ။ ဟိုနန်မှာ အေဒီ ၁၂၁၂ တွင် ကွယ်လွန်ခဲ့၏။[၁၀၈]

ပြည်နှင်ဒဏ်ခံရသည့် ကာလသည် ရှင်ရန်အတွက် ကြီးမားသော အချိုးအကွေ့ အလှည့်အပြောင်း ဖြစ်ခဲ့၏။ ရဟန်းဘဝကို စွန့်လွှတ်ခဲ့ပြီးဖြစ်သောကြောင့် ရှင်ရန်သည် မိမိ၏ အမည်ကို ဂူတိုကု (ထိပ်ပြောင်အရှူး) ဟု ပြောင်းလဲခဲ့၏။ အမည်သစ် ဘဝသစ်တွင် ရှင်ရန်သည် မိမိကိုယ်ကို ရဟန်းလည်း မဟုတ်၊ လူဝတ်ကြောင်လည်း မဟုတ်သည့် အနေမျိုးဖြင့် နေထိုင်ခဲ့လေ၏။ ပြည်နှင်ဒဏ်ခံရသည့်ကာလတွင် ရှင်ရန်သည် ဟိုနန်၏ မပြီးပြတ်ခဲ့သော သာသနာပြုလုပ်ငန်းကို ဆက်လက် ဆောင်ရွက်ခဲ့၏။ ရှင်ရန်၏ သုဒ္ဓဘူမိအယူအဆများသည် ဟိုနန်နှင့် အနည်းငယ် ကွဲပြားခြားနားသောကြောင့် သူ၏ နောက်လိုက်များက ရှင်ရန်၏ တရားဓမ္မကို **ဂျိုဒိုရှင်ရှူ** (စစ်မှန်သော သုဒ္ဓဘူမိတတရားတော်) ဟူသော အမည်သစ်ဖြင့် ခေါ်ဝေါ်ခဲ့ကြလေသည်။

အိမ်ချိုဂိုအရပ်တွင် ငါးနှစ်တာမျှ ပြည်နှင်ဒဏ်ခံရပြီးသည့်အခါတွင် နန်ဘုဆုကျင့်စဉ်အပေါ် တားမြစ်ကန့်သတ်ချက်များကို ရုတ်သိမ်းပေးခဲ့သောကြောင့် ရှင်ရန်၏အပေါ်တွင် ရှိနေခဲ့သည့် ပြည်နှင်ဒဏ်လည်း ပျက်ပြယ်သွားခဲ့၏။ သို့သော်လည်း ရှင်ရန်သည် ကျိုတိုမြို့တော်သို့ မပြန်တော့ဘဲ တိုကျိုမြို့၏ မြောက်ဖက်ရှိ ကန်တိုခရိုင်မှ အိနာဒအရပ်သို့ ပြောင်းရွှေ့ခဲ့၏။ ၁၂၂၄ ခုနှစ်တွင် ရှင်ရန်သည် **ကျိုကိုရှင်ရှူ** အမည်ရှိ ကျမ်းကို ပြုစုခဲ့ပြီး ယင်းကျမ်းသည် သူ့ဓမ္မတရားသစ်အတွက် အရေးအပါဆုံးသော အရေးအသားတစ်ခု ဖြစ်လာခဲ့၏။ **ကျိုကိုရှင်ရှူ**သည် ရှင်တော်ဗုဒ္ဓ၏ သုတ္တန်တရားတော်များကို အနက်ဖွင့်ထားသော ကျမ်းတစ်စောင်ဖြစ်၏။

၁၂၃၄ ခုနှစ်တွင် ရှင်ရန်သည် ကန်တိုခရိုင်မှ ကျိုတိုမြို့တော်သို့ သမီးဖြစ်သူ ကာကုရှိနှင့်အတူ ပြန်လည် ရွှေ့ပြောင်းခဲ့၏။ ကန်တိုခရိုင်တွင် ကျန်ရစ်ခဲ့သည့် ရှင်ရန်၏သားဖြစ်သူ ဧင်ရန်သည် ဖခင်၏ တရားဓမ္မမှ သွေဖည်ဖောက်ပြန်သော အဓမ္မဝါဒများကို ဟောကြားခဲ့ကြောင့် ရှင်ရန်က သားဖြစ်သူကို သတိပေးဟန့်တားသော်လည်း မနာခံခဲ့သဖြင့် ဧင်ရန်၏ အဓမ္မဝါဒဂိုဏ်းသည် မကြာခင် နိဋ္ဌိတံသွားခဲ့လေ၏။ ၁၂၆၃ ခုနှစ်တွင် ရှင်ရန် ကွယ်လွန်ခဲ့ပြီး သူကွယ်လွန်ချိန်တွင် အသက် (၉၀) ခန့် ရှိနေပြီဖြစ်၏။ ရှင်ရန်၏သမီးဖြစ်သူ ကာကုရှင်နိ က ရှင်ရန်၏ ဂူဗိမာန်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့်အပြင် သူ တည်ထောင်ခဲ့သော ဂျိုဒိုရှင်ရှူဂိုဏ်း

၁၀၈။ ***Popular Buddhism In Japan: Shin Buddhist Religion & Culture*** **by Esben Andreasen, pp. 13,14,15,17 University of Hawaii Press 1998**

ကိုလည်း တိုးတက်ကြီးပွားအောင် ဆက်လက်ဆောင်ရွက်ခဲ့၏။ ဂူဗိမာန်အနီးရှိ ဟွန်ဂန်ဂျီ ဘုရားကျောင်း၏ နာယကပုဂ္ဂိုလ်အနေဖြင့်လည်း ဆောင်ရွက်ခဲ့ပါသည်။

ရှင်ရန်၏ အနတ္တလမ်းစဉ်

ရှင်ရန်၏ အလိုအရ မိမိတို့ လူသားဘဝသည် တဏှာဥပါဒါန်တရားများဖြင့် ဖိနှိပ်ပြဋ္ဌာန်းခြင်းကိုခံနေရပြီး မိမိကိုယ်ကို မိမိ စင်ကြယ်စေခြင်းငှာ မစွမ်းသာပေ။ အမိတာဘ ဗုဒ္ဓရှင်တော်မြတ်၏ သစ္စာအဓိဋ္ဌာန်မှာလည်း ထိုသို့ တဏှာရာဂနှံအတွင်း၌ နစ်မြုပ်နေရသော ဒုစရိုက်အပြစ်သားတို့အား မိမိ၏ အမည်နာမကို "တ" လိုက်သည်နှင့် ကယ်တင်ခြင်းကို ရရှိစေရန်သာ ဖြစ်လေသည်။[၁၀၉] ရှင်ရန် ကိုယ်တိုင်က မိမိကိုယ်ကို တဏှာပေမရာဂ တရားဆိုး ပင်လယ်တွင် မျောပါနေသော ဒုက္ခိတ တစ်ဦး အောင်မြင်ကျော်ကြားမှု တောင်တန်းကြီးပေါ်တွင် လမ်းပျောက်နေရသူ တစ်ဦးအဖြစ် ပုံဖော်ခဲ့ပါသည်။[၁၁၀]

ဟိုနန်ကဲ့သို့ပင် ရှင်ရန်သည် မိမိ၏ အပြစ်ဒုစရိုက်သဘာဝနှင့် အားနည်းချက်များကို လူသားဘဝ ဖြစ်တည်မှု၏ အပြစ် ဒုစရိုက်သဘာဝနှင့် အားနည်းချက်အနေဖြင့် ပုံသွင်းရှုမြင်ခဲ့၏။ လူသားအားလုံး မိမိတို့ကိုယ်ကို ပြန်လည် ကယ်တင်နိုင်စွမ်းမရှိဟူသော အယူအဆကိုသာ လက်ကိုင်ထားခဲ့ပါသည်။ လူသည် ကံကြမ္မာ၏ တစ်ဖက်သတ်ပြဋ္ဌာန်းမှုအတိုင်း လိုက်လျောက်နေရသော အပြဋ္ဌာန်းခံ သတ္တဝါဖြစ်လေသောကြောင့် ပြင်ပမှ စွမ်းအားတစ်ခုခုက ကြားဝင်ကူညီဆောင်ရွက်ခြင်း မရှိပါက လူသားတို့အတွက် လွတ်လမ်းမရှိနိုင်ပေဟု ရှင်ရန်က ရှုမြင်သုံးသပ်ခဲ့လေသည်။[၁၁၁]

ရှင်ရန်၏ အမြင်တွင် ဤသို့ ပြင်ပတန်ခိုးရှင်၏ ကယ်တင်ခြင်းကို တမ်းတခြင်း မိမိကိုယ်ကို အပြည့်အဝ ချွင်းချက်မရှိ ဆက်ကပ်အပ်နှံလိုက်ခြင်းသည်သာ ဗုဒ္ဓဓမ္မ၏ အနတ္တသဘော- သုညတာသဘောနှင့် အဆုံးအထိ ကိုက်ညီမှုရှိသည်ဟု ဆို၏။ နှမ်းတစ်စေ့မျှ မိမိဖက်မှ ကြိုးစားအားထုတ်မှုကို အားကိုးနေဦးမည်ဆိုလျှင် နှမ်းတစ်စေ့မျှသော အတ္တ မာန ကြွင်းကျန်ရစ်နေမည်ဖြစ်ပြီး အဖြူစင် အသန့်ရှင်းဆုံးသော

၁၀၉။ Hirota, D. (trans.) (1982) TannishD: *A Primer*, Kyoto: Ryukoku University. A version of essentially the same trans. is in Shinran 1997: 661 ff.: p-27

၁၁၀။ Bloom, A. (1965) Shinran's Gospel of Pure Grace, Tucson, Azmf University of Arizona Press.: p-29

၁၁၁။ Hirota, D. (trans.) (1982) *TannishD: A Primer*, Kyoto: Ryukoku University: p-32 ff.

အနတ္တသဘောကို ဆိုက်ရောက်နိုင်လိမ့်မည် မဟုတ်ဟု ရှုင်ရန်က ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော အမိတာဘဗုဒ္ဓသည် အပြစ်သား ဒုစရိုက်သမားတို့ကိုလည်း ချွင်းချက်မထားဘဲ တူမျှစွာ ကယ်တင်တော်မူသောကြောင့်ပေတည်း။[၁၁၂]

ယိုရိဖုမိ ဥအေဒါက ဤသို့ ရှင်းပြခဲ့၏။

"ရှင်ရန်၏ ဗုဒ္ဓဘာသာတွင် ဗုဒ္ဓရှင်တော်၏ တန်ခိုးတော်မြတ်ကြောင့် သတ္တဝါ၏ စိတ်သန္တာန်သည် ပြောင်းလဲဖြူစင်လာရ၏။ ထိုနည်းဖြင့် ဗုဒ္ဓ၏ ဉာဏ်တော်အရိပ်ကို ခိုလှုံခွင့် ရရှိနိုင်၏။ ဤသို့သော နက်ရှိုင်းစွာ ဆက်ကပ်ယုံကြည်မှုမျိုးကို ရှင်ဂျင်ဟု ခေါ်ဆို၏။ ရှင်ဂျင်ဟူသည်မှာ လူသား၏ ယုံကြည်မှုကို တစ်ဆင့် ပြီးတစ်ဆင့် ပြောင်းလဲမြှင့်တက်အောင် အားထုတ်ကြိုးစားရင်းဖြင့် နောက်ဆုံးတွင် မြတ်စွာဘုရား၏ စိတ်တော်နှင့် တစ်သားတည်း ပေါင်းစည်းရမျိုး မဟုတ်ပေ။ ဤနေရာ၌ ရှင်ဂျင်ယုံကြည်မှုနှင့် လူသားတို့၏ သာမန်ယုံကြည်မှုတို့အကြား ကွဲပြားခြားနားမှုကို နားလည်သင့်လှ၏။ စင်စစ် ရှင်ဂျင်ယုံကြည်မှုဆိုသည်မှာ မိမိတို့၏ တစ်သီးပုဂ္ဂလ စိတ်ကူးစိတ်သန်းများနှင့် ကြိုးစားအားထုတ်မှု မှန်သမျှတို့၏ အချည်းနှီးဖြစ်ပုံ အနှစ်သာရ ကင်းမဲ့ပုံတို့ကို သဘောပေါက် နားလည်သိမြင်လာသောကြောင့် အတ္တကို ဗဟိုပြုထားသော စွဲလမ်းခုံမင်မှုအားလုံးကို အပြတ်စွန့်လွှတ်ပစ်ချလိုက်ခြင်း သဘောပင်ဖြစ်၏။ ထိုသို့ စွန့်လွှတ်ပစ်ချလိုက်မှုကြောင့် မိမိတို့၏ အကန်းစိတ်ရိုင်း သဘာဝသည် ပညာ-ကရုဏာဖြင့် ပြည့်ဝသော ဗုဒ္ဓသဘာဝအဖြစ် ပြောင်းလဲ၍ သွားနိုင်၏။ ရှင်ဂျင်ယုံကြည်မှုအားဖြင့်သာ လူသားတို့သည် မိမိတို့၏ ပကတိသဘာဝအမှန်ကို အတိုင်းတိုင်း သိမြင်နိုင်ပါ၏။ လူသားတို့သည် သစ္စာမသိသော အကန်းအမိုက် သတ္တဝါများဖြစ်သလို ရှင်တော်ဗုဒ္ဓ၏ မူလသစ္စာအဓိဋ္ဌာန်ဖြင့်သာ ကယ်တင်ခြင်းကို ရရှိမည့် သတ္တဝါများဖြစ်ကြောင်းကိုလည်း ရှင်းလင်းစွာ သိမြင်နိုင်ပေလိမ့်မည်။"[၁၁၃]

သို့သော်လည်း ဤနေရာတွင် သတိချပ်ရန်မှာ ရှင်ရန်သည် လူသားတို့ကို ကိုယ်ကြိုက်သည့်အရာ ကိုယ်လုပ်ကြရန် တိုက်တွန်းနေခြင်း မဟုတ်ပေ။ ဗုဒ္ဓဝါဒီတစ်ဦးဖြစ်သော ရှင်ရန်သည် ကုသိုလ် အကုသိုလ်တို့၏ သဘောနှင့် ကမ္မနိယာမကို ယုံကြည်သူဖြစ်သည့်အပြင် မကောင်းမှုဒုစရိုက်ကို အားပေးသူ မဟုတ်ပေ။

၁၁၂။ Hirota, D. (trans.) (1982) *Tannisho: A Primer*, Kyoto: Ryukoku University: p-34

၁၁၃။ Ueda, Y. (1984b) 'The Mahayana structure of Shinran's thought: Part 2', trans. D. Hirota, *The Eastern Buddhist*, New Series XVII (2): 30–54.: 49.

ဒုစရိုက်ပြုလုပ်သူတို့သည် ဆင်းရဲဒုက္ခကို တစ်ဖန် ပြန်လည် ခံစားကြရမည်မှာ အမှန်ပင်ဖြစ်၏။ ထို့ကြောင့် သူ၏ ပေးစာတစ်စောင်တွင် **ဖြေဆေးရှိသည်ကို အား ကိုး၍ အဆိပ်ကို မသောက်နှင့် ဟူ၍** ဆိုထားသည်ကို တွေ့ရ၏။[၁၁၄]

ရှင်ရန်၏အမြင်၌ အတ္တကို ဗဟိုပြု၍ ဆောင်ရွက်သော ကောင်းမှု ကုသိုလ်များကိုသာ မပြုလုပ်ရန် တိုက်တွန်းထားသည်ကို တွေ့ရ၏။ အတ္တကို ဗဟိုပြု၍ ဆောင်ရွက်သော ကောင်းမှုကုသိုလ်ဟူသည်မှာလည်း အတွင်းဝိရောဓိဖြစ်နေသော စကားလုံးဖြစ်၏။ အမှန်စင်စစ် သန့်ရှင်းဖြူစင်သော ကောင်းမှုဟူသည်မှာ ပကတိ သဘာဝအတိုင်း အားမစိုက်ရဘဲ ဓမ္မဗျာပါရအလျှောက် ဖြစ်ပေါ်ရိုးတရားသာဖြစ်၏။ နန်ဘုဆုကို နက်ရှိုင်းစွာ ရွတ်ဆိုရာတွင် မိမိ၏ အတ္တသိစိတ်က ရွတ်ဆိုခြင်းမဟုတ်ဘဲ မိမိနှလုံးသားအတွင်းမှ ထွက်ပေါ်လာသော အမိတာဘဗုဒ္ဓရှင်တော်၏ အသံတော်ကိုယ်တိုင်ဖြင့် ရွတ်ဆိုနေခြင်းသာ ဖြစ်လေသည်။ ထို့ကြောင့် ရှင်ရန်၏ အလိုအား ဖြင့် မိမိ၏စွမ်းအားဆောင်ရွက်မှုကို လုံးဝ စွန့်ပယ်ထားသူသည် မကောင်းမှုကိုလည်း ပြုလုပ်မည့်သူမဟုတ်ဘဲ အမိတာဘ ဘုရားရှင်ကိုသာ အလုံးစုံပုံအပ်သူ ဖြစ်နိုင်ပေလိမ့်မည်။[၁၁၅]

ဤနေရာတွင် ရှင်ရန်၏ အနုတ္တလမ်းစဉ်သည် လွယ်ကူလွန်းသဖြင့် အမှန် တကယ် ဖြစ်နိုင်ပါမည်လားဟု စောဒကတက်ဖွယ် ရှိ၏။ သို့သော်လည်း ရှင်ရန်၏ အလိုအရ မိမိအတ္တလုံးဝ မပါဝင်ဘဲ ဘုရားရှင်၏ ကရုဏာ စွမ်းအားသက်သက်ကိုသာ အားကိုးရခြင်းသည် အတ္တစွဲဖြင့် ကပ်ငြိနေသော လူသားတို့အတွက် အခက် တကာ အခက်ခဲဆုံး အလုပ်ဖြစ်၏။ မိမိဘက်က အားမထုတ်ရန်ဟူသည့် တောင်းဆိုမှုသည် အတ္တကို အခြေခံသော လူ့သဘာဝနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိနေ၏။ မိမိကိုယ်တိုင်၏ အသိစိတ်ဓာတ်အားဖြင့် မိမိကိုယ်မိမိ စွန့်ပယ်ခြင်း ဘုရားကို အားကိုးခြင်းသည် အမှန်စင်စစ် မိမိကိုယ်မိမိ စွန့်ပယ်ခြင်း ဘုရားကို အားကိုးခြင်း မဖြစ်နိုင်ပေ။ မိမိဆန္ဒတွန်းအားဖြင့် မိမိကိုယ်မိမိ စွန့်ပယ်ခြင်းသည် မိမိကိုယ်မိမိ စွန့်ပယ်ခြင်းအစစ် မမည်သောကြောင့် ယင်းသည် လူသားတို့အတွက် အခက်တကာ အခက်ခဲဆုံး အလုပ်ဖြစ်ကြောင်း ရှင်ရန်က ဆိုခဲ့ခြင်းဖြစ်၏။[၁၁၆]

၁၁၄။ Hirota, D. (trans.) (1982) *Tannisho: A Primer*, Kyoto: Ryukoku University; p- 34

၁၁၅။ See Shigematsu, in Foard, J., Solomon, M. and Payne, R. K. (eds) (1996) *The Pure Land Tradition: History and Development*, Berkeley, CA: Institute of Buddhist Studies, University of California: 307

၁၁၆။ Shinran 1997, Vol. 1: 344; Bloom, A. (1965) *Shinran's Gospel of Pure Grace*, Tucson, Azmf University of Arizona Press: 41

ထို့ကြောင့် ရှင်ရန်သည် ရှန်တောက်၏ သင်ကြားချက်ဖြစ်သော မိမိကိုယ်မိမိ စွန့်ပယ်ခြင်းသည် မနောကံ အပြုအမူတစ်ခုမဟုတ်ဘဲ စိတ်နေစိတ်ထား (မနသိကာရ) သာ ဖြစ်သည်ဟူသော အယူအဆကို အခိုင်အမာ စွဲကိုင်ခဲ့၏။[၁၁၇] ဤစိတ်နေစိတ်ထား များအနက် ရိုးသားဖြောင့်မတ်ဖြူစင်မှုနှင့် အမိတာဘဘုရားရှင်ကို အတွေ့မဲ့ယုံကြည်မှုတို့သည်သာ အခရာကျ၏။ တစ်နည်းအားဖြင့် မိမိကိုယ်မိမိ စွန့်ပယ်ခြင်းသည် ပကတိရှိနေသော ဗုဒ္ဓသဘာဝ၏ အလိုအလျောက် ကွန့်မြူးဖော်ဆောင်မှုသာ ဖြစ်ရမည်ဟု ရှင်ရန်ကဆို၏။[၁၁၈]

ရှင်ရန်၏ အနတ္တလမ်းစဉ်နှင့် ပတ်သက်၍ တိုင်တတ်ဆု အုန္နောက ဤသို့ ရှင်းပြခဲ့၏။[၁၁၉]

ရှင်ဂျင် သို့မဟုတ် မိမိကိုယ်မိမိ စွန့်ပယ်ခြင်းဆိုသည်မှာ မိမိပြင်ပမှာရှိသော စွမ်းအင်ကို အားကိုးခြင်းမဟုတ်ဘဲ မိမိ၏ အကန့်အသတ်ရှိသော အတ္တဘာဝနှင့် မိမိအတွင်းသားတွင် ကိန်းဝပ်နေသော ဗုဒ္ဓသဘာဝတို့၏ ဆက်စပ်နေမှုကို သိမြင်နားလည်ခြင်းသာ ဖြစ်၏။ သုဒ္ဓဘူမိဗုဒ္ဓဘာသာတွင် ပြင်ပစွမ်းအားဟု ပြောဆိုသည့်အခါတွင် ပကတိ ဓမ္မမိဋ္ဌာန်ကျကျ တည်ရှိနေသော ပြင်ပသဘောကို ဆိုလိုခြင်းမဟုတ်ဘဲ အားလုံးအကြုံးဝင်နေသော စကြဝဠာလုံးဆိုင်ရာ မူလဘူတ စွမ်းအင်ကြီးကို ဆိုလိုခြင်း ဖြစ်လေသည်။ ကျွန်ုပ်တို့သည် မူလဘူတ အစကတည်းက မလွတ်မြောက်ခဲ့ပါက မည်သို့မျှ မလွတ်မြောက်နိုင်ချေ။ ကျွန်ုပ်တို့သည် မူလဘူတ အစကတည်းက ဗုဒ္ဓရှင်တော်များ မဟုတ်ခဲ့ပါက မည်သို့မျှ ဗုဒ္ဓရှင်တော်များ မဖြစ်နိုင်ချေ။ ကျွန်ုပ်သည် အတ္တ၏စွမ်းအားဖြင့် အနတ္တသဘောကို မသိနိုင်ပေ။ ကျွန်ုပ်တို့ကို အမိတာဘ ဗုဒ္ဓ၏ မဟာ ကရုဏာတရားကသာ ကယ်တင်နိုင်မည်ဟု ဆိုခြင်းမှာ ကျွန်ုပ်တို့၏ အနက်ရှိုင်းဆုံးသော မူလပကတိ သဘာဝ ကိုယ်တိုင်သည်ပင်လျှင် အမိတာဘဗုဒ္ဓ၏ မဟာကရုဏာတရား ဖြစ်နေသောကြောင့်ပေတည်း။

နောက်ဆုံးအနေဖြင့် ဆွေးနွေးရန်ရှိသည်မှာ ရှင်ရန်၏ အနတ္တလမ်းစဉ် (ရှင်ဂျင်) သည် မဟာယာန ဗုဒ္ဓဘာသာ ဖြစ်ပါ၏လောဟူသော မေးခွန်းဖြစ်၏။ ရှင်ရန်၏ အလိုအရ ရှင်ဂျင်စိတ်နေစိတ်ထားသည် အတ္တကို အဆုံးစွန်စွန့်ပယ်သော လမ်းစဉ်ဖြစ်သောကြောင့် မဟာယာန ဗုဒ္ဓဘာသာ၏ အသဲနှလုံးပမာဖြစ်သော သုညတာမမှ

၁၁၇။ Bloom, A. (1965) *Shinran's Gospel of Pure Grace*, Tucson, Azmf University of Arizona Press 38

၁၁၈။ Shinran 1997, Vol. 1: 97 ff.; Bloom 1965: 39 ff.

၁၁၉။ Taitetsu Unno (in Foard, J., Solomon, M. and Payne, R. K. (eds) (1996) *The Pure Land Tradition: History and Development*, Berkeley, CA: Institute of Buddhist Studies, University of California: 319–20):

နှင့်အညီ ဖြစ်၏။ မိမိကိုယ်ကို စွန့်ပယ်ခြင်းသဘောသည် အနတ္တ သုညတာ သဘောတရား၏ ဖော်ဆောင်ချက်ဖြစ်ပြီး ဤနေရာတွင် သုဒ္ဓဘူမိဟူသည် အမြင့်ဆုံးအဆင့်ဖြင့် တထတာသဘော ဓမ္မကာယသဘောတို့နှင့် အတူတူပင်ဖြစ်ကြောင်း ဆိုနိုင်ပေသည်။ တစ်နည်းအားဖြင့် ရှင်ဂျင်စိတ်နေစိတ်ထားတွင် အဆုံးအပိုင်းအခြား မရှိသော မဟာကရုဏာဓာတ်ဆီသို့ မိမိအတ္တကို စွန့်ပယ် ဆက်ကပ်ခြင်းသည် ဗုဒ္ဓသဘာဝကို တွေ့ရှိခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း ဆိုနိုင်ပေ၏။[၁၂၀] ထို့အပြင် သုခဝတီဘုံတွင် မွေးဖွားရန်ဆိုသည်မှာ မိမိအတွက်မဟုတ်ဘဲ ဝေနေယျသတ္တဝါများအတွက်သာဖြစ်ကြောင်း သုခဝတီမှ ဗောဓိသတ္တများသည် ဝေနေယျသတ္တဝါတို့အတွက် လိုအပ်လျှင် လောကအတွင်းသို့ ပြန်လည်ကြွလာတော်မူတတ်သောကြောင့် ရှင်ရန်၏ သုဒ္ဓဘူမိလမ်းစဉ်သည် မဟာယာန ဗုဒ္ဓဘာသာဖြစ်ကြောင်း ရှင်ရန်က ဆိုခဲ့ပါသည်။[၁၂၁]

အဝလောကိတေသွာရ

တိဗက်ဘာသာဖြင့် ချန်ရီဇစ် (အစဉ်မပြတ် ကြည့်ရှုနေသော မျက်လုံးတော်) ဟုခေါ်သည့် အဝလောကိတေသွာရ ဗောဓိသတ္တသည် မဟာယာန ဗုဒ္ဓဘာသာ၏ ဗောဓိသတ္တများအနက် လူသိများ အထင်ရှားဆုံးနှင့် ကျယ်ပြန့်စွာ အကိုးကွယ်ခံရဆုံးသော ဗောဓိသတ္တဖြစ်၏။ အဝလောကိတေသွာရဟူသော ဝေါဟာရသည် လောကကို ကရုဏာဖြင့် ငုံ၍ ကြည့်တော်မူသော အရှင်ဟူသည့် အဓိပ္ပာယ်ကို ဆောင်သည့်အတိုင်း အဝလောကိတေသွာရ ဗောဓိသတ္တသည် ရှင်တော်ဗုဒ္ဓ အားလုံးတို့၏ ကြီးမြတ်သော မဟာကရုဏာတရားကို ကိုယ်စားပြု၍ ရပ်တည်နေပါသည်။ အဝလောကိ တေသွာရ ဗောဓိသတ္တသည် ယဉ်ကျေးမှု လူ့အဖွဲ့အစည်းအမျိုးမျိုးတွင် ကျား၊ မ ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ဖော်ပြခြင်းခံရ၏။ တရုတ်ပြည်တွင် အဝလောကိတေသွာရ ဗောဓိသတ္တသည် အမျိုးသမီးအသွင်ဖြင့် ဖော်ဆောင်ပြီး ကွမ်ယင် (ကွမ်ရှိယင်) ဟု ခေါ်ဆိုသလို ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့တွင် လောကေသွာရ လောကနာထ စသည့် အမည်များဖြင့် ထင်ရှားလေသည်။ အဝလောကိတေသွာရဟူသည့် စကားလုံးကို အဝလောကိတာသွာရအနေဖြင့် အနက်ဖွင့်ဆိုလျှင် အာသွာရ= သတ္တဝါတို့၏ ငိုမြည်းတမ်းတသံကို အဝလောကိတ = ကြင်နာစွာငုံ့ကြည့်သူ

၅၂၀။ Foard, J., Solomon, M. and Payne, R. K. (eds) (1996) *The Pure Land Tradition: History and Development*, Berkeley, CA: Institute of Buddhist Studies, University of California.: 345).

၅၂၁။ Shinran 1997, Vol. 1: 167–70, esp. 168

ဟူသည့် အနက်ပေါ် ထွက်လာပေလိမ့်မည်။ ဤအနက်ဖွင့်ဆိုချက်သည် တရုတ်ဘာသာစကား ကွမ်ယင်၏ တိုက်ရိုက် အနက်အဓိပ္ပာယ်ပင် ဖြစ်လေသည်။ ထို့အတူ ကုမာရဇီဝမထေရ် ဘာသာပြန်ဆိုခဲ့သော ကွမ်ရှိယင်ဟူသည့် အသုံးအနှုန်းမှာလည်း လောက၏ ဆင်းရဲဒုက္ခများကို ငုံ့ကြည့်တော်မူနေသော အရှင်ဆိုသည့် အနက်ပင် ဖြစ်၏။[၁၂၂]

မူလဘွဲ့အမည်ဖြစ်သည့် အဝလောကိတ (လောကကိုငုံ့ကြည့်သူ) ဟူသည်မှာ မဟာယာနဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် ကိုက်ညီသည်ဟု ဆိုနိုင်၏။ ဗောဓိသတ္တ၏ မဟာကရုဏာဓာတ်ကို ပေါ်လွင်ထင်ရှားစေ၏။ ဤသွာရ=အရှင်သခင်ဟူသော အသုံးအနှုန်းမှာမူ ဟိန္ဒူဘာသာ သီဝဂိုဏ်းမှာ ကူးစက်လာသော အခေါ်အဝေါ် ဖြစ်နိုင်ကြောင်း ပညာရှင်တို့က ကြံစည်ကြ၏။ ဟိန္ဒူဘာသာတွင် ဗိဿနိုးနှင့် သီဝနတ်ဘုရားတို့ကိုလည်း ဤသွာရဟူသောအမည်ဖြင့် ခေါ်ဆိုသောကြောင့် ဖြစ်၏။ အိန္ဒိယတွင် အေဒီ (၇) ရာစုအထိ အဝလောကိတေသွာရ ဟူသော အခေါ်အဝေါ် မပေါ်ပေါက်သေးကြောင်း သိရ၏။[၁၂၃]

အဝလောကိတေသွာရသည် ဟိန္ဒူယုံကြည်မှုများနှင့် ဆက်စပ်နေသည့်အပြင် အဓိက နတ်ဘုရားများကိုပင် ဖန်ဆင်းသူဖြစ်ကြောင်း အချို့ကျမ်းများတွင် ဖော်ပြထားလေသည်။ ဦးခေါင်း ၁၁ လုံး နှင့် လက်ရုံးတစ်ထောင်ရှိသော အဝလောကိ တေသွာရ၏ မျက်လုံးများမှ လနှင့်နေတို့ ဖြစ်ပေါ်လာ၏။ သူ၏ နဖူးမှ မဟေသွာရ (သီဝ) ဖြစ်ပေါ်လာ၏။ သူ၏ ပုခုံးများမှ ဗြဟ္မာ ဖြစ်ပေါ်လာ၏။ သူ၏ နှလုံးသားမှ နာရာယန (ဗိဿနိုး) ဖြစ်ပေါ်လာ၏။ သူ၏ သွားများမှ သူရဿတီ ဖြစ်ပေါ်လာ၏။ သူ၏ ခံတွင်းမှ လေနတ်သား ဖြစ်ပေါ်လာ၏။ သူ၏ ခြေထောက်တို့မှ မြေနတ်သား ဖြစ်ပေါ်လာ၏။ သူ၏ ဝမ်းဗိုက်မှ ဝရုဏနတ်မင်းဖြစ်ပေါ်လာ၏။ ထိုသို့ ဖြစ်ပေါ်လာပြီးလတ်သော် အားလုံးက မဟေသွာရ (သီဝ) ကို စကြဝဠာတစ်ခုလုံးကို အုပ်စိုးရန် ပြောဆိုကြ၏။ မသူတော်တရားထွန်းကားသော ကလိယုဂ်ခေတ်တွင် အသင်သာ အုပ်ချုပ်ပါလေ၏ ဆိုကြ၏။ သင့်အမည်သည် နတ်ဒေဝတာတို့အနက် အဦးအမွန်အစ ဖြစ်လေသောကြောင့် အာဒိဒေဝဟု ခေါ်ဆိုကြရမည်ဟု သတ်မှတ်ကြလေသည်။[၁၂၄]

၁၂၂။ Pine, Red. *The Heart Sutra: The Womb of the Buddhas* (2004) Shoemaker 7 Hoard. pg 44-45

၁၂၃။ Alexander Studholme: *The Origins of Om Manipadme Hum.* Albany NY: State University of New York Press, 2002

၁၂၄။ Thomas, E. J. (1952) *The Perfection of Wisdom,* London: John Murray: 76–7

နှင့်အညီ ဖြစ်၏။ မိမိကိုယ်ကို စွန့်ပယ်ခြင်းသဘောသည် အနတ္တ သုညတာ သဘောတရား၏ ဖော်ဆောင်ချက်ဖြစ်ပြီး ဤနေရာတွင် သုဒ္ဓဘူမိဟူသည် အမြင့်ဆုံးအဖြင့် တထတာသဘော ဓမ္မကာယသဘောတို့နှင့် အတူတူပင်ဖြစ်ကြောင်း ဆိုနိုင်ပေသည်။ တစ်နည်းအားဖြင့် ရှင်ဂျင်စိတ်နေစိတ်ထားတွင် အဆုံးအပိုင်းအခြား မရှိသော မဟာကရုဏာဓာတ်ဆီသို့ မိမိအတ္တကို စွန့်ပယ် ဆက်ကပ်ခြင်းသည် ဗုဒ္ဓသဘာဝကို တွေ့ရှိခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း ဆိုနိုင်ပေ၏။[၁၂] ထို့အပြင် သုခဝတီဘုံတွင် မွေးဖွားရန်ဆိုသည်မှာ မိမိအတွက်မဟုတ်ဘဲ ဝေနေယျသတ္တဝါများအတွက်သာဖြစ်ကြောင်း သုခဝတီမှ ဗောဓိသတ္တများသည် ဝေနေယျသတ္တဝါတို့အတွက် လိုအပ်လျှင် လောကအတွင်းသို့ ပြန်လည်ကြွလာတော်မူတတ်သောကြောင့် ရှင်ရန်၏ သုဒ္ဓဘူမိလမ်းစဉ်သည် မဟာယာန ဗုဒ္ဓဘာသာဖြစ်ကြောင်း ရှင်ရန်က ဆိုခဲ့ပါသည်။[၁၃]

အဝလောကိတေသွာရ

တိဗက်ဘာသာဖြင့် ချန်ရီဇစ် (အစဉ်မပြတ် ကြည့်ရှုနေသော မျက်လုံးတော်) ဟုခေါ်သည့် အဝလောကိတေသွာရ ဗောဓိသတ္တသည် မဟာယာန ဗုဒ္ဓဘာသာ၏ ဗောဓိသတ္တများအနက် လူသိများ အထင်ရှားဆုံးနှင့် ကျယ်ပြန့်စွာ အကိုးကွယ်ခံရဆုံးသော ဗောဓိသတ္တဖြစ်၏။ အဝလောကိတေသွာရဟူသော ဝေါဟာရသည် လောကကို ကရုဏာဖြင့် ငုံ၍ ကြည့်တော်မူသော အရှင်ဟူသည့် အဓိပ္ပာယ်ကို ဆောင်သည့်အတိုင်း အဝလောကိတေသွာရ ဗောဓိသတ္တသည် ရှင်တော်ဗုဒ္ဓ အားလုံးတို့၏ ကြီးမြတ်သော မဟာကရုဏာတရားကို ကိုယ်စားပြု၍ ရပ်တည်နေပါသည်။ အဝလောကိ တေသွာရ ဗောဓိသတ္တသည် ယဉ်ကျေးမှု လူ့အဖွဲ့အစည်းအမျိုးမျိုးတွင် ကျား၊ မ ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ဖော်ပြခြင်းခံရ၏။ တရုတ်ပြည်တွင် အဝလောကိတေသွာရ ဗောဓိသတ္တသည် အမျိုးသမီးအသွင်ဖြင့် ဖော်ဆောင်ပြီး ကွမ်ယင် (ကွမ်ရှိယင်) ဟု ခေါ်ဆိုသလို ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့တွင် လောကေသွာရ လောကနာထ စသည့် အမည်များဖြင့် ထင်ရှားလေသည်။ အဝလောကိတေသွာရဟူသည့် စကားလုံးကို အဝလောကိတာသွာရအနေဖြင့် အနက်ဖွင့်ဆိုလျှင် အာသွာရ= သတ္တဝါတို့၏ ဒိုမြည်းတမ်းတသံကို အဝလောကိတ = ကြင်နာစွာငုံ့ကြည့်သူ

၅၂၀။ Foard, J., Solomon, M. and Payne, R. K. (eds) (1996) *The Pure Land Tradition: History and Development*, Berkeley, CA: Institute of Buddhist Studies, University of California.: 345).

၅၂၁။ Shinran 1997, Vol. 1: 167–70, esp. 168

ဟူသည့် အနက်ပေါ် ထွက်လာပေလိမ့်မည်။ ဤအနက်ဖွင့်ဆိုချက်သည် တရုတ်ဘာသာစကား ကွမ်ယင်၏ တိုက်ရိုက် အနက်အဓိပ္ပာယ်ပင် ဖြစ်လေသည်။ ထို့အတူ ကုမာရဇီဝမထေရ် ဘာသာပြန်ဆိုခဲ့သော ကွမ်ရှိယင်ဟူသည့် အသုံးအနှုန်းမှာလည်း လောက၏ ဆင်းရဲဒုက္ခများကို ငုံ့ကြည့်တော်မူနေသော အရှင်ဆိုသည့် အနက်ပင် ဖြစ်၏။[၁၂၂]

မူလဘွဲ့အမည်ဖြစ်သည် အဝလောကိတ (လောကကိုငုံ့ကြည့်သူ) ဟူသည်မှာ မဟာယာနဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် ကိုက်ညီသည်ဟု ဆိုနိုင်၏။ ဗောဓိသတ္တ၏ မဟာကရုဏာဓာတ်ကို ပေါ်လွင်ထင်ရှားစေ၏။ ဤသွာရ=အရှင်သခင်ဟူသော အသုံးအနှုန်းမှာမူ ဟိန္ဒူဘာသာ သီဝဂိုဏ်းမှာ ကူးစက်လာသော အခေါ်အဝေါ် ဖြစ်နိုင်ကြောင်း ပညာရှင်တို့က ကြံစည်ကြ၏။ ဟိန္ဒူဘာသာတွင် ဗိသနိုးနှင့် သီဝနတ်ဘုရားတို့ကိုလည်း ဤသွာရဟူသောအမည်ဖြင့် ခေါ်ဆိုသောကြောင့် ဖြစ်၏။ အိန္ဒိယတွင် အေဒီ (၇) ရာစုအထိ အဝလောကိတေသွာရ ဟူသော အခေါ်အဝေါ် မပေါ်ပေါက်သေးကြောင်း သိရ၏။[၁၂၃]

အဝလောကိတေသွာရသည် ဟိန္ဒူယုံကြည်မှုများနှင့် ဆက်စပ်နေသည့် အပြင် အဓိက နတ်ဘုရားများကိုပင် ဖန်ဆင်းသူဖြစ်ကြောင်း အချို့ကျမ်းများတွင် ဖော်ပြထားလေသည်။ ဦးခေါင်း ၁၁ လုံး နှင့် လက်ရုံးတစ်ထောင်ရှိသော အဝလောကိ တေသွာရ၏ မျက်လုံးများမှ လနှင့်နေတို့ ဖြစ်ပေါ်လာ၏။ သူ၏ နဖူးမှ မဟေသွာရ (သီဝ) ဖြစ်ပေါ်လာ၏။ သူ၏ ပုခုံးများမှ ဗြဟ္မာ ဖြစ်ပေါ်လာ၏။ သူ၏ နှလုံးသားမှ နာရာယန (ဗိသနိုး) ဖြစ်ပေါ်လာ၏။ သူ၏ သွားများမှ သူရသတီ ဖြစ်ပေါ်လာ၏။ သူ၏ ခံတွင်းမှ လေနတ်သား ဖြစ်ပေါ်လာ၏။ သူ၏ ခြေထောက်တို့မှ မြေနတ်သား ဖြစ်ပေါ်လာ၏။ သူ၏ ဝမ်းဗိုက်မှ ဝရုဏနတ်မင်းဖြစ်ပေါ်လာ၏။ ထိုသို့ ဖြစ်ပေါ်လာပြီးလတ်သော် အားလုံးက မဟေသွာရ (သီဝ) ကို စကြဝဠာတစ်ခုလုံးကို အုပ်စိုးရန် ပြောဆိုကြ၏။ မသူတော်တရားထွန်းကားသော ကလိယုဂ်ခေတ်တွင် အသင်သာ အုပ်ချုပ်ပါလေ၏ ဆိုကြ၏။ သင့်အမည်သည် နတ်ဒေဝတာတို့အနက် အဦးအမွန်အစ ဖြစ်လေသောကြောင့် အာဒိဒေဝဟု ခေါ်ဆိုကြရမည်ဟု သတ်မှတ်ကြလေသည်။[၁၂၄]

၁၂၂။ Pine, Red. *The Heart Sutra: The Womb of the Buddhas* (2004) Shoemaker 7 Hoard. pg 44-45

၁၂၃။ Alexander Studholme: *The Origins of Om Manipadme Hum.* Albany NY: State University of New York Press, 2002

၁၂၄။ Thomas, E. J. (1952) *The Perfection of Wisdom,* London: John Murray: 76–7

မဟာယာနဗုဒ္ဓဘာသာ၏အလိုအရ အဝလောကိတေသွာရသည် ဝေနေယျသတ္တဝါအားလုံးကို ကယ်တင်ရန် သစ္စာအဓိဋ္ဌာန်ပြုထားသော ဗောဓိသတ္တဖြစ်၏။ တစ်နည်းအားဖြင့် အဝလောကိတေသွာရသည် ဗုဒ္ဓရှင်တော်တို့၏ မဟာ ကရုဏာတရား၏ ကိုယ်ပွားပြယုဂ်ပင်ဖြစ်၏။ မိမိ၏ လွတ်မြောက်မှုကို စွန့်ပယ်၍ ဝေနေယျသတ္တဝါတို့အတွက် အကျိုးဆောင်ပေးမည်ဟူသော လောကတွစရိယ စိတ်မြတ်၏ ဖော်ဆောင်ချက်လည်း ဖြစ်၏။ အထင်ကရ မဟာယာနသုတ္တန်များဖြစ်သော သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန် ကာရဏ္ဍဗျူဟာသုတ္တန် ပညာပါရမိတာဟဒယသုတ္တန် မဟာကရုဏာ ဓာရဏီ သုတ္တန် (နီလကန္ဌဓာရဏီ) အဝလောကိတေသွာရ ဧကာဒါသမုခ ဓာရဏီသုတ္တန် စုန္ဒီဓာရဏီသုတ္တန်တို့တွင် အဝ လောကိ တေသွာရ၏ အမည်နာမကို ထင်ထင်လင်းလင်း တွေ့မြင်ရ၏။

သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန်သည် အဝလောကိတေသွာရနှင့် ပတ်သက်၍ ရှေးအကျဆုံး သုတ္တန်တစ်ခုဖြစ်၏။ အခန်း ၂၅ တွင် အဝလောကိတေသွာရနှင့် ပတ်သက်၍ အသေးစိတ် ဖော်ပြထားချက်များ ပါဝင်သောကြောင့် ယင်းအပိုင်းကို သီးခြား သုတ္တန်တစ်ခုအသွင်ဖြင့်ပင် အာရုအရှေ့ဖျား ဗုဒ္ဓဘာသာဝင်တို့ ရွတ်ဆိုကြ၏။ ဤသုတ္တန်ထဲတွင် အမျိုးသမီး အသွင်သဏ္ဌာန် အပါအဝင် အဝလောကိတေသွာရ၏ ဖော်ဆောင်ချက် အသွင် ၃၃ မျိုးကို အနုစိတ် တင်ပြထားလေသည်။[၁၂၁]

အေဒီ ၄ ရာစုတွင် အိန္ဒိယပြည် မထုရာဒေသသို့ ရောက်ရှိခဲ့သော တရုတ်ခရီးသည် ရဟန်းတော် ဖာဟီယန်၏ အဆိုအရ အဝလောကိတေသွာရကို ပူဇော်သက္ကာရပြုသော ရဟန်းများရှိခဲ့ကြောင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရ၏။ ထိုနည်းတူ တရုတ်ရဟန်းတော် ရှင်ကျန်ကလည်း သူကိုယ်တိုင် အိန္ဒိယသို့ ရောက်ရှိလှည့်လည်ခဲ့သော အေဒီ ၇ ရာစုတွင် အိန္ဒိယပြည်တွင် အဝလောကိတေသွာရ ဗောဓိသတ္တကိုးကွယ်မှုသည် ဘုရင်မှအစ ကျေးတောသားအဆုံး လူတန်းစား အလွှာအသီးသီးတွင် ကျယ်ပြန့်စွာ လက်ခံကျင့်သုံးနေကြကြောင်း ရေးသားခဲ့လေသည်။ အဝလောကိတေသွာဂ ကိုးကွယ်မှုသည် ၁၂ ရာစုတွင် အိန္ဒိယမြေမှ ဗုဒ္ဓဘာသာ ပျောက်ကွယ်သွားသည့် အချိန်အထိအောင် အိန္ဒိယပြည်တွင် ထွန်းကားနေခဲ့သေးသည်ဟု ဆို၏။[၁၂၆]

အရှေ့အာရုဒေသ တရုတ်ပြည်တွင် စုန္ဒီဟုခေါ်သည့် လက်(၁၈)ချောင်းပါ အဝလောကိတေသွာရ၏ အသွင်ကို ကိုးကွယ်မှု အလွန်ခေတ်စားခဲ့၏။ စုန္ဒီသည်

၁၂၅။ **Baroni, Helen (2002). *The Illustrated Encyclopedia of Zen Buddhism:* p. 15**

၁၂၆။ **Ko Kok Kiang. *Guan Yin: Goddess of Compassion*. 2004. p. 10**

အိန္ဒိယတန္တရဗုဒ္ဓဘာသာနှင့် ဆက်စပ်နေခဲ့ပြီး စုန္ဒီဘဂဝတီဟုလည်း ခေါ်ဆို၏။ အေဒီ ၇ ရာစုမှ ၈ရာစုအတွင်း စုန္ဒီဓာရဏီသုတ္တန်ကို သင်္ကတဘာသာမှ တရုတ်ဘာသာသို့ သုံးကြိမ်ပြန်ဆိုခဲ့သည်ကို ထောက်၍ စုန္ဒီကိုးကွယ်မှု မည်မျှခေတ်စား ခဲ့ကြောင်း မှန်းဆနိုင်၏။[၁၂၇] ပညာရှင်တို့အလိုအရ ယင်းစုန္ဒီ ကိုးကွယ်မှုသည် တရုတ် ပဒေသရာဇ် နောက်ပိုင်းခေတ်ကာလများအထိ ဆက်လက်ထွန်းကားနေခဲ့ကြောင်းနှင့် အထူးသဖြင့် လူကုံထံအလွှာများတွင် ပို၍ ပြန့်ပွားကြောင်းတွေ့ရ၏။[၁၂၈] တရုတ် တိယင်တိုင်း ဗုဒ္ဓဘာသာကိုဏ်းတွင် အဝလောကိတေ သွာရ၏ အသွင် (၆) ပါးကို ကိုးကွယ်ပြီး ဘုံဌာန ၆ ပါး (နတ် လူ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ငရဲ) တို့တွင် ကျင်လည်နေကြရသော ဝေနေယျသတ္တဝါအပေါင်းတို့ကို ကယ်တင်ရန် အတွက် ဖြစ်သည်ဟု ဆိုပါသည်။

တိဗက်ဗုဒ္ဓဘာသာ အစဉ်အလာတွင် အဝလောကိတေသွာရနှင့် ပတ်သက်၍ ယူဆပုံနှစ်မျိုးရှိ၏။ တစ်မျိုးမှာ လောကီ သမ္မုတိယ အဖွင့်မျိုးဖြစ်ပြီး ရှေးကပ်ကမ္ဘာ ပေါင်းများစွာက ကရဏာစိတ်နိုးကြားသော ရဟန်းတစ်ပါးသည် ဗောဓိသတ္တမဂ် လမ်းစဉ်ကို ကျင့်သုံးခဲ့ပြီး မျက်မှောက်ကမ္ဘာတွင် အဝလောကိတေသွာရ ဗောဓိသတ္တ အဖြစ် ပွင့်ထွန်းလာသည်ဟု ယူဆ၏။ လောကုတ္တရာ အသိစံတသဘောအနေဖြင့် အဝလောကိတေသွာရသည် မဟာကရဏာဓာတ်၏ ကိုယ်ထင်ပြမှု ဖြစ်သည်ဟု ယူဆ၏။ ထို့အပြင် သက္ကမုနိဗုဒ္ဓရှင်တော်ကို တရားဟောကြားတော်မူရန် တိုက်တွန်းသော သဟမ္ပတိဗြဟ္မာသည်ပင်လျှင် အဝလောကိတေသွာရဖြစ်သည်ဟု တိဗက်ဗုဒ္ဓဘာသာဝင်တို့က ယုံကြည်ကြလေသည်။ တိဗက်ဗုဒ္ဓဘာသာတွင် အဝလောကိတေသွာရ၏ အသွင် (၇)မျိုး ကို တွေ့ရ၏။ (၁) အမောဃပါသ (၂) သဟဿရဘူဇ လောကေသွာရ (လက်ရုံးတစ်ထောင် မျက်လုံးတစ်ထောင်) (၃) ဟာယဂီဝါ (မြင်းဦးခေါင်းပါ) (၄) မျက်နှာ ၁၁ ခုပါ ဧကာဒသမုခ (၅) စုန္ဒီ (၆) စိန္တာမဏိစက္က (၇) အရိယအဝလောကိတေသွာရ စသည်တို့ဖြစ်ကြ၏။[၁၂၉]

ထေရဝါဒဗုဒ္ဓဘာသာကို လက်ခံကျင့်သုံးသောသီရိလင်္ကာ မြန်မာ-ထိုင်း

၁၂၇။ **Studholme, Alexander (2002). The Origins of Oṃ Maṇipadme Hūṃ: A Study of the Kāraṇḍavyūha Sūtra: p. 175**

၁၂၈။ **Jiang, Wu (2008). *Enlightenment in Dispute: The Reinvention of Chan Buddhism in Seventeenth-Century China*: p. 146**

၁၂၉။ **Elisabetta Chiodo, *The Mongolian Manuscripts on Birch Bark from Xarbuxyn Balgas in the Collection of the Mongolian Academy of Sciences, Vol I*, Otto Harrassowitz Verlag, 2000, p. 137 Lokesh Chandra, The Thousand-armed Avalokiteśvara, Vol 1, Abhinav Publications, 1988, p.43**

စသော နိုင်ငံများတွင်လည်း အဝလောကီ တေသွာရ ယုံကြည်ကိုးကွယ်မှု ရှိခဲ့သည်ကို တွေ့ရ၏။ သီရိလင်္ကာတွင် နာထ (လောကနာထ) ဟူသော အမည်ဖြင့် ထုလုပ်ထားသည့် အဝလောကီတေသွာရ ရုပ်တုတော်များ တွေ့ရှိရ၏။[၁၃၀] ယင်းရုပ်တုတော်ကို အရိမေတ္တေယျ ဘုရားလောင်း၏ ရုပ်ပွားတော်အဖြစ် ခေတ်သစ်ထေရဝါဒီပညာရှင်တို့က ဖွင့်ဆိုလိုကြသော်လည်း ရုပ်တု၏ မကိုင်ဆုံသရဖူပေါ်တွင် အမိတာဘဗုဒ္ဓ၏ ပုံတော်ပါရှိသောကြောင့် ၄င်း နာထ ဆင်းတုတော်သည် အဝလောကီတေသွာရ ဗောဓိသတ္တပင်ဖြစ်ရမည်ဟု တထစ်ချ ဆိုနိုင်ပေသည်။[၁၃၁]

ဗုဒ္ဓဝါဒသမိုင်းပညာရှင် အန်ဒရူးစကိလ်တန်၏ အလိုအရ သီရိလင်္ကာနိုင်ငံသည် စစ်မှန်သော ထေရဝါဒ သက်သက်ကိုသာ သန့်စင်စွာ ကိုးကွယ်ယုံကြည်ခဲ့ကြသည်ဟု ဆိုသော်လည်း မဟာယာန ဗုဒ္ဓဘာသာသည် သီရိလင်္ကာနိုင်ငံတွင်လည်း ပျံ့နှံ့ရောက်ရှိခဲ့ဖူးကြောင်းကို ရှေးဟောင်းသုတေသနရုပ်တုလေ့လာချက်များအရ အခိုင်အမာ သိရှိနိုင်ပေသည်။ ထိုအတူ သီရိလင်္ကာ၏ ထေရဝါဒ ဗုဒ္ဓဘာသာ အစဉ်အလာ ပြန့်ပွားခဲ့သော အရှေ့တောင်အာရှ၏ နိုင်ငံများတွင်လည်း နာထ (အဝလောကီတေသွာရ) ကိုးကွယ်မှုရှိခဲ့မည်မှာ အသေအချာပင် ဖြစ်၏။ နာထ (အဝလောကီတေသွာရ) ကို မြန်မာနိုင်ငံတွင် လောကနတ် ထိုင်းနိုင်ငံတွင် လောကေသွာရအမည်များဖြင့် ခေါ်ဝေါ်ခဲ့သည်ကိုလည်း တွေ့ရ၏။[၁၃၂]

ဂျပန် ဗုဒ္ဓစာပေပညာရှင် ရှူဟီကိုဆာက၏ အလိုအရ ရှေးဟောင်း တမီလ်စာပေ အထောက်အထားများတွင် အဝလောကီ တေသွာရ၏ နေထိုင်စံတော်မူရာပေါတာလက တောင်တော်သည် တမီလ်နာဒူး ပြည်နယ် တီရုနယ်ဝေလီ ခရိုင် အမ်ဘဆမ်မုဒြန်အရပ်တွင် အမှန်တကယ်ရှိနေသော ပိုတိကိုင် (ပိုတိယိလ်) တောင် ဖြစ်ကြောင်း တင်ပြထား၏။[၁၃၃] ဟီကိုဆာက၏ အလိုအရ ဟိုးရှေးပဝေသဏီတည်းက ပိုတိကိုင် (ပိုတိယိလ်) တောင်ကို တောင်ပိုင်း အိန္ဒိယလူမျိုးတို့က အလွန်မြင့်မြတ်သော တောင်အဖြစ် သတ်မှတ်ခဲ့ကြ၏။ ဘီစီ ၃ ရာစု အသောကမင်းကြီးလက်ထက်မှစတင်၍ ပိုတိကိုင် (ပိုတိယိလ်) တောင်သည် ဗုဒ္ဓဘာသာဝင်များအတွက်လည်း မြင့်မြတ်သော နေရာဌာနအဖြစ် သတ်မှတ်ခဲ့ကြပြီး တောင်၏အနီးတွင် ကျောင်းသစ်မ်းများ ဆောက်လုပ်နေထိုင်ခဲ့ကြ၏။ ဒေသခံပြည်သူများသည် ဟိန္ဒူဘာသာဝင်

၁၃၀။ Baruah, Bibhuti. *Buddhist Sects and Sectarianism.* 2008. p. 137

၁၃၁။ "Art & Archaeology - Sri Lanka - Bodhisattva Avalokiteshvara"

၁၃၂။ Skilton, Andrew. *A Concise History of Buddhism.* 2004. p. 151

၁၃၃။ Hirosaka, Shu. *The Potiyil Mountain in Tamil Nadu and the origin of the Avalokiteśvara cult*

များအဖြစ် ဆက်လက် တည်ရှိခဲ့ကြသော်လည်း ဟိန္ဒူ-ဗုဒ္ဓဘာသာ ရောနှော ယဉ်ကျေးမှုသည် တစ်ရွေ့ရွေ့နှင့် အဝလောကိတေသွရ ယုံကြည်မှုကို ဖြစ်ထွန်း ပေါ်ပေါက်စေခဲ့သည်ဟု အချို့ပညာရှင်တို့က သုံးသပ်ပါသည်။[၁၃၄]

ဗုဒ္ဓဘာသာ ဇာတ်လမ်းတစ်ခုအရ အဝလောကိတေသွာရသည် ဝေနေယျသတ္တဝါအား လုံး မလွတ်မြောက်မချင်း သူသည်လည်း နိဗ္ဗာန်သို့ မဝင်ရောက်ရန် အဓိဋ္ဌာန်ပြုထား သည်ဟု ဆို၏။ သတ္တဝါတို့၏ ဆင်းရဲဒုက္ခဖြင့် ငိုကြွေးမြည်တမ်း နေသံကို ကြားရသောအခါ ပြင်းပြထက်သန်လွန်းသော မဟာကရုဏာတော်ကြောင့် သူ၏ ဦးခေါင်းသည် ၁၁ လုံးအဖြစ် ကွဲထွက်ခဲ့၏။ သူ၏ လက်နှစ်ဖက်သည်လည်း လက်ပေါင်းတစ်ထောင်အဖြစ်သို့ ပြောင်းလဲခဲ့၏။ ဤသို့အားဖြင့် အရပ်မျက်နှာ ခပ်သိမ်းမှ ဆင်းရဲဒြင်း ခံစားနေရသော ဝေနေယျသတ္တဝါအပေါင်းကို ကယ်တင် ဆောင်မနိုင်သည့် အစွမ်းကို ရရှိခဲ့လေ၏ဟု ဆိုပါသည်။[၁၃၅] တရုတ်နိုင်ငံ အနောက် မြောက်ပိုင်း စီချွမ်ပြည်နယ်တွင်ရှိသော ဘောင်အန်ဘုရားကျောင်းတွင် မင်မင်းဆက် လက်ထက်က ထုလုပ်ကိုးကွယ်ခဲ့သော လက်ရုံးတစ်ထောင် အဝလောကိတေသွာရ ရုပ်ပွားတော် တစ်ဆူရှိပြီး ဝေနေယျသတ္တဝါတို့ကို ကယ်တင်မည့်ဟန်ကို အလွန် လက်ရာမြောက်စွာ ထုလုပ်ထားသည်ကို တွေ့နိုင်ပါသည်။[၁၃၆]

တိဗက်ဗုဒ္ဓဘာသာအယူအဆတွင် တာရာဒေဝီသည် အဝလောကိတေသွာရ၏ မျက်ရည်များမှ မွေးဖွားလာသည်ဟု အဆိုရှိကြ၏။ အဝလောကိတေသွာရ၏ မျက်ရည်များသည် မြေအပြင်သို့ ကျရောက်သောအခါတွင် ရေကန်ကြီးတစ်ခု ဖြစ် သွားခဲ့ပြီး ၄င်းရေကန်အတွင်းတွင်ရှိနေသော ကြာပန်းထဲမှ တာရာဒေဝီ မွေးဖွား ခဲ့သည်ဟု ဆိုကြ၏။ တာရာဒေဝီသည် အဝလောကိတေသွာရ၏ မဟာကရုဏာ တော်ကို ကိုယ်စားပြုသော ဒေဝီတစ်ပါးအဖြစ် တိဗက်ဗုဒ္ဓဘာသာဝင်တို့က ယုံကြည် ကြလေသည်။[၁၃၇] အဝလောကိတေသွာရ၏ မန္တန်သည် တိဗက်ဗုဒ္ဓဘာသာ လောက

၁၃၄။ **Läänemets, Märt (2006). "Bodhisattva Avalokiteśvara in the Gandavyuha Sutra". *Chung-Hwa Buddhist Studies*. Retrieved 2009-09-12.**

၁၃၅။ **Venerable Shangpa Rinpoche. *"Arya Avalokitesvara and the Six Syllable Mantra"*. Dhagpo Kagyu Ling.**

၁၃၆။ **Guxi, Pan (2002). *Chinese Architecture -- The Yuan and Ming Dynasties* (English Ed). Yale University Press. pp. 245–246.**

၁၃၇။ **Sakyapa Sonam Gyaltsen (1996). *The Clear Mirror: A traditional account of Tibet's Golden Age*. Snow Lion Publications. pp. 64–65. Miranda Eberle Shaw (2006). *Buddhist goddesses of India*. Princeton University Press. p. 307. Bokar Rinpoche (1991). Chenrezig Lord of Love - Principles and Methods of Deity Meditation. San Francisco, California: Clearpoint Press.**

တွင် အလွန်ထင်ရှားသော အကွရာ (၆)လုံး ပါဝင်သည့် ဥမ္မိ မဏိ ပဒ္မမေ ဟုမ် ဟူသော မန္တန်ဖြစ်၏။

မေတ္တေယျ ဗောဓိသတ္တ

မေတ္တေယျ ဗောဓိသတ္တသည် အဝလောကိတေသွာရနောက် အထင်ရှားဆုံး ဗောဓိသတ္တတစ်ပါးဖြစ်ပြီး မဟာယာန ဗုဒ္ဓဘာသာတွင်သာမက ထေရဝါဒနိုင်ငံများတွင်လည်း မေတ္တေယျဗောဓိသတ္တ ကိုးကွယ်ယုံကြည်မှုများ ရှိခဲ့လေသည်။ သက္ကတဘာသာဖြင့် မေတြေယ ပါဠိဘာသာဖြင့် မေတ္တေယျဟု ခေါ်ဆိုသည့် ဗောဓိသတ္တအရှင်မြတ်ကို သီရိလင်္ကာတွင် မေထရီ တိဗက်တွင် ဂျမ်ပ ဗီယက်နမ်တွင် ဒီလက်စသဖြင့် ခေါ်ဆိုကြ၏။ မဟာယာန သုတ္တန်ဒေသနာများဖြစ်သော အမိတာဘသုတ္တန် သဒ္ဓမ္မပုဏ္ဍရိကာ သုတ္တန်တို့တွင်လည်း မေတ္တေယျ ဗောဓိသတ္တသည် အဇိတဘွဲ့အမည်ရှိသော ရဟန်းတစ်ပါးအသွင်ဖြင့် ထင်ပေါ်ခဲ့လေ၏။

ဗုဒ္ဓဘာသာအစဉ်အလာယုံကြည်မှုအရ မေတ္တေယျ ဗောဓိသတ္တသည် သကျမုနိဂေါတမဗုဒ္ဓ၏ နောက်တွင် ပွင့်တော်မူမည့် ရှင်တော်ဗုဒ္ဓတစ်ဆူ ဖြစ်သောကြောင့် အနီးကပ်ဆုံးသော အနာဂတ်တွင် ပေါ်ပေါက်လာမည့် ဘုရားရှင်အဖြစ် မျှော်လင့်ယုံကြည်ကြလေသည်။ ထေရဝါဒ မဟာယာနနှင့် ဝဇြရယာန ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးအတွက် မေတ္တေယျ ဗောဓိသတ္တသည် သကျမုနိဂေါတမဗုဒ္ဓ၏ သာသနာတော် ပျောက်ကွယ်သွားပြီးသည့်နောက်တွင် ဝေနေယျသတ္တဝါတို့အား ပျောက်ဆုံးခဲ့သော ဓမ္မလမ်းစဉ်ကို ပြန်လည်ထွန်းလင်းပြမည့် အရှင်အဖြစ် စောင့်မျှော်နေကြခြင်းဖြစ်၏။[၁၃၀]

မေတ္တေယျ ဗောဓိသတ္တသည် အရိမေတ္တေယျဗုဒ္ဓဘွဲ့အမည်နှင့် ပွင့်တော်မူမည့်အကြောင်းကို ပါဠိပိဋကတ် ဒီဃနိကာယ် စက္ကဝတ္တိသုတ်တွင် ဖော်ပြထားသလို ဗုဒ္ဓဝံသ အခန်း (၂၈) တွင်လည်း ထို ဘုရားရှင်၏ အသေးစိတ်အချက်အလက်များကို ဖော်ပြထားသည်ကိုတွေ့ရ၏။ ဒေါက်တာ ရစ်ချတ်ဂွန်းဘရစ်ချ်၏ အလိုအရ စက္ကဝတ္တိသုတ်၏ ဖွဲ့စည်းပုံနှင့် ရေးသားတင်ပြပုံသည် အခြားသော ရှေးကျသည့် သုတ္တန်များနှင့်မတူဘဲ တစ်မူထူးခြားနေသော အသွင်အပြင်ကြောင့် နောက်ကျသော သုတ္တန်တစ်ခုဖြစ်နိုင်ကြောင်း ဆိုထားပါသည်။[၁၃၁] အချို့သောပညာရှင်တို့က ရှေးဟောင်း

၁၃၀။ Horner (1975), *The minor anthologies of the Pali canon*, p. 97.

၁၃၁။ Richard Gombrich, Theravada Buddhism*: A Social History from Ancient Benares to Modern Colombo*. Routledge and Kegan Paul, 1988, pages 83-85.

အီရန်ပြည်မှ မိတြ ကိုးကွယ်မှုနှင့် မေတ္တေယျဗောဓိသတ္တ ဆက်စပ်မှု ရှိနိုင်ကြောင်း ကြံစည်ကြသော်လည်း အမည်ချင်း ဆင်တူမှုသာ ဖြစ်ပေလိမ့်မည်။[၁၄၀]

ဂန္ဓာရအနုပညာလက်ရာများ ပေါ်ထွန်းလာသည့် အေဒီ (၁) ရာစုတွင် မေတ္တေယျဗောဓိသတ္တ၏ ရုပ်တုများကို သကျမုနိ ရုပ်ပွားတော်များနည်းတူ အများအပြား တွေ့ရှိရသောကြောင့် မေတ္တေယျကိုးကွယ်မှုမှာ စတင်အမြစ်တွယ်နေပြီ ဖြစ်ကြောင်း သိရ၏။ အေဒီ ၆-၇ ရာစု တရုတ်ပြည်တွင် ဗုဒ္ဓအနုပညာလက်ရာများသည် မေတ္တေယျဗောဓိသတ္တနှင့် သကျမုနိ ရုပ်ပွားတော်တို့ကို ရောထွေးထုလုပ်ကြကြောင်း သိရ၏။[၁၄၁]

မေတ္တေယျဗောဓိသတ္တ ကို ပုံဖော်ရာတွင် တင်ပလ္လင်ခွေထိုင်နေဟန် သို့မဟုတ် ခြေတစ်ဖက် လွဲချထိုင်နေဟန်ဖြင့် ဖော်ပြတတ်ပြီး မိမိ ပွင့်တော်မူရမည် အနာဂတ်အချိန်ကို စောင့်ဆိုင်းနေသည့် အသွင်ဖြင့် ဖော်ပြကြ၏။ များသောအားဖြင့် ဝတ်စားဆင်ယင်ပုံမှာ ရှေးအိန္ဒိယ မင်းညီမင်းသားတစ်ပါးအသွင်ဖြင့် ဖော်ပြကြ၏။ ဗောဓိသတ္တ၏ ဦးခေါင်းပေါ်တွင် မာတုစေတီတစ်ဆူရှိပြီး ရှေးဘုရားရှင်တို့၏ မာတ်တော်မွေတော်များကို ဌာပနာထား၏။ မိမိသည် ဗုဒ္ဓဘုရားရှင်တို့၏ အနွယ်တော်ဖြစ်ကြောင်း ပြသမှုပင် ဖြစ်၏။ ဂန္ဓာရဒေသတွင် တူးဖော်တွေ့ရှိရသော ဂရိ-ဗုဒ္ဓဘာသာလက်ရာ ဆင်းတုတော်များတွင် မေတ္တေယျဗောဓိသတ္တကို အာရှအလယ်ပိုင်း ကြေးရတတ်အနွယ်တစ်ဦး၏ အသွင်ဖြင့် ထုလုပ်ထားသည်ကို တွေ့ရ၏။ လက်တော်တွင် ကုမ္ဘရေအိုးကိုကိုင်လျက် ပုံစံဖြင့် ထုလုပ်ကြ၏။ အသင်္ကန်း ဝသုဗန္ဓု ညီနောင်နှစ်ပါးကို အနီးတွင် ခြံရံလျက်လည်း တွေ့မြင်ရ၏။

မဟာယာနဗုဒ္ဓဘာသာ၏ အလိုအရ မေတ္တေယျ ဗောဓိသတ္တအရှင်သည် အရှိမေတ္တေယျဗုဒ္ဓအဖြစ်သို့ ရောက်ရှိသောအခါတွင် ကေတုမတီ အမည်ရှိသော ဗုဒ္ဓခေတ်ကို ထူထောင်ဖန်ဆင်းလျက် အုပ်စိုးလိမ့်မည်ဟု ဆို၏။ ထေရဝါဒ ဗုဒ္ဓဘာသာ၏ အလိုအရဆိုလျှင် ဤဘဒ္ဒကမ္ပာတွင် ဘုရား ငါးဆူပွင့်မည်။ ယခုအခါလေးဆူပွင့်ပြီးဖြစ်၍ အရှိမေတ္တေယျ ဘုရားတစ်ဆူပွင့်ရန် ကျန်ပါသေးသည်။ အရှိ

၁၄၀။ **Tiele, CP (1912). "Appendix: some Buddhistic parallels". *The religion of the Iranian peoples*. I. (from the German) with Darmesteter's sketch of "Persia" and Goldziher's "Influence of Parsism on Islam (1st ed.). Bombay: The Parsi Publishing Co. p. 159. No one who has studied the Zoroastrian doctrine of the Saoshyants or the coming saviour-prophets can fail to see their resemblance to the future Maitreya.**

၁၄၁။ **Angela Falco Howard et al., *Chinese Sculpture*, Yale University Press, 2006, p. 228**

မေတ္တေယျ ရှင်တော်ဗုဒ္ဓသည် လူတို့၏အသက် တစ်သိန်းတမ်းတွင် ပွင့်ပါမည်။ ယခု လူတို့၏ အသက်တမ်းသည် ၇၅ နှစ်တမ်း ဖြစ်သည်။ ထိုမှ ၁၀ နှစ်တမ်းအထိ ဆုတ်သွားမည်။ တစ်ဖန် ၁၀ နှစ်တမ်းမှ မရေမတွက်နိုင်အောင် အသချေ်ယျတမ်း အထိ တက်သွားဦးမည်။ ၄င်း အသချေ်ယျတမ်းမှ တဖြည်းဖြည်း ပြန်ဆုတ်လာရာ လူတို့၏အသက်တမ်း တစ်သိန်းတမ်းတွင် ပွင့်တော်မူမည်။ အသက် တစ်သိန်းတမ်း ရှိရာတွင် အရိမေတ္တေယျ ဘုရားရှင်သည် ဘုရားရှင်တို့၏ မမွှတာအတိုင်း အသက်တမ်း၏ ၅-ပုံပုံ ၄-ပုံ (အနှစ် ရှစ်သောင်း) အသက်ရှည်မည်ဟု ဆိုထားလေသည်။[၁၄၂]

တစ်ကမ္ဘာ၏ သက်တမ်းသည် အသချေ်ယျ လေးကပ်ရှိသည်။ အသချေ်ယျ တစ်ကပ်သည် အန္တရကပ်ပေါင်း ၆၄ ကပ် ရှိပါသည်။ အန္တရကပ်တစ်ကပ်၏အချိန် အတိုင်းအတာမှာ လွန်စွာ ကြာညောင်းလှသည်။ လူတို့၏ သက်တမ်းသည် အမြဲမရှိ၊ ဆုတ်သည့်အခါ ဆယ်နှစ်တမ်းအထိဆုတ်၍ တက်သည့်အခါ မရေမတွက်နိုင်အောင် (အသချေ်ယျတိုင်အောင်) တက်သွားသည်။ (အသချေ်ယျမှ ၁၀ နှစ်တမ်းအထိ၊ ၁၀ နှစ်တမ်းမှ အသချေ်ယျအထိ) ဆုတ်ကပ် တက်ကပ်တစ်စုံကို အန္တရကပ်တစ်ကပ်ဟု ဆိုပါသည်။ အန္တရကပ်တစ်ကပ်တွင် ဘုရားတစ်ဆူသာ ပွင့်ပါသည်။ ဤဘဒ္ဒကမ္ပာတွင် ရှေးဦး အန္တရကပ်ရှစ်ကပ်တွင် ဘုရားမပွင့်သေးဘဲ၊ ကိုးခုမြောက် အန္တရကပ်တွင် ကကုသန်ဘုရား၊ ၁၀-ခုမြောက် အန္တရကပ်တွင် ကောဏာဂုံဘုရား၊ ၁၁-ခုမြောက် အန္တရကပ်တွင် ကဿပဘုရား၊ ယခုရောက်ဆဲ ၁၂-ခုမြောက် အန္တရကပ်တွင် အသက် ၁၀၀-တမ်း၌ ဂေါတမဘုရားရှင် ပွင့်တော်မူပါသည်။ လာမည့် ၁၃-ခုမြောက် အန္တရကပ်၏ အသက်တစ်သိန်းတမ်းတွင် အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူမည်ဟု ပဏ္ဍိတဝေဒနီယကျမ်းက ဆိုပါသည်။

ယခုအခါ မေတ္တေယျဘုရားလောင်း ဘယ်ဘုံ၊ ဘယ်ဌာန၊ ဘယ်ပုဂ္ဂိုလ်အဖြစ် ရောက်ရှိနေသည်ကိုကား ကျီးသဲ လေးထပ်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော မဟာဝင်ဝတ္ထုနှာ-၃၇၆၊ ဒုဋ္ဌဂါမဏိမင်းကြီး နတ်ရွာစံခန်း၌ ဖော်ပြထားပါသည်။ ဒုဋ္ဌဂါမဏိမင်းကြီး နတ်ရွာစံခါနီးတွင် နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်းတို့ ဆိုက်ရောက်လာရာ မင်းကြီးသည် အဘယမထေရ်ရဟန္တာ အရှင်မြတ်ကို အောက်ပါအတိုင်း မေးလျှောက်တော်မူပါသည်။ "အရှင်ဘုရား၊ ခြောက်ပါးသော နတ်ပြည်တို့တွင် အဘယ်နတ်ပြည်သည် သာ၍ မွေ့လျော်ဖွယ် ရှိပါသနည်း" ဟု မေး၏။ မထေရ်မြတ်လည်း "မြတ်သောမင်းကြီး၊ ဘုရားဖြစ်ထိုက်သောအခါကို ကြည့်မျှော်ကာနေသော ကြီးသော ကရဏာတော်ရှိသော မေတ္တေယျဘုရား အလောင်း

---

542 ဒီဃနိကာယ်၊ ပါထိကဝဂ်၊ နှာ ၆၃ (အသီတိ ဝဿ သဟဿယုကေသု ဘိက္ခဝေ မနုဿေသု မေတ္တေယျောနာမ ဘဂဝါလောကေ ဥပ္ပဇ္ဇိဿတိ)

သည် တုသိတာနတ်ပြည်၌ နေ၏။ ထို့ကြောင့် တုသိတာနတ်ပြည်သည် မွေ့လျော်ဖွယ်ရှိသည်ဟူ၍ သူတော်ကောင်းတို့ ချီးမွမ်းကြသည်'' ဟုဆိုပေ၏။ မင်းကြီးလည်း မထေရ်မြတ်၏ စကားကို ကြားရသော် မဟာစေတီကို ရွှမျှော်ကာ လျှောင်းလျက် သာ မျက်စိမှိတ်တော်မူ၏။ ထိုခဏာ၌ စုတေ၍ တုသိတာနတ်ပြည်မှလာသော ရထား၌ ဥပပါတ်နတ်၏ ကိုယ်သည်ထင်ရှား ဖြစ်လေ၏။

''ဒုဋ္ဌဂါမဏိမင်းကြီးသည်ကား မေတ္တေယျဘုရားရှင် ပွင့်တော်မူသောအခါ လက်ယာရံ အဂ္ဂသာဝက မထေရ်ကြီးဖြစ်လတ္တံ့၊ မင်း၏ ညီတော်သဒ္ဓါတိဿမင်းကား လက်ဝဲရံအဂ္ဂသာဝက ဖြစ်လတ္တံ့ ၊ မင်း၏ခမည်းတော် ကာကဝဏ္ဏတိဿမင်းကား မေတ္တေယျဘုရား၏ ခမည်းတော် ဖြစ်လတ္တံ့၊ မင်း၏ မယ်တော်ဝိဟာရဒေဝီမိဖုရားကား မေတ္တေယျဘုရား၏ မယ်တော် ဖြစ်လတ္တံ့၊ ဒုဋ္ဌဂါမဏိမင်းကြီး၏သားတော် သာလိကုမာရမင်းသားကား မေတ္တေယျဘုရားအလောင်း၏သားတော် ဖြစ်လတ္တံ့။ ဤသို့ ရဟန္တာအရှင်မြတ်တို့ ဗျာဒိတ်သံကို ခံရသော ပုဂ္ဂိုလ်တို့တည်း'' ဟု ဖော်ပြထားသည်။ ထို့ကြောင့် မေတ္တေယျဘုရားလောင်းသည် တုသိတာနတ်ပြည်၌ ရှိသည်ဟုဖြေရပါမည်။

တစ်ဖန်- ဒီပဲရင်း ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် မေတ္တေယျဘုရားရှင်နှင့် ပတ်သက်သော 'အနာဂတဝင်' ကျမ်းတွင် မေတ္တေယျဘုရားလောင်းသည် ဂေါတမဘုရားရှင်လက်ထက်က အဇာတသတ်မင်းနှင့် ကဉ္စနဒေဝီမိဖုရားတို့က မွေးဖွားသော အဇိတမင်းသားဖြစ်သည်။ နောင်အခါ ရဟန်းပြု၍ အဇိတမထေရ်ဟု ထင်ရှားသည်။ ထိုမထေရ်သည် မေတ္တေယျ ဘုရားလောင်းဖြစ်ကြောင်း ဝေဠုဝန်ကျောင်းတော်၌ မိန့်တော်မူသည်ဟု ပါရှိသည်။ လူတို့၏ အနှစ်တစ်သိန်းတမ်း၌ မေတ္တေယျဘုရားလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ ကေတုမတီပြည်၊ သုဇြဟ္မာအမည်ရှိသော ပုဏ္ဏားပညာရှိကြီးနှင့် ဗြဟ္မဏဝတီ မည်သော ပုဏ္ဏေးမတို့၏ သားတော်ဖြစ်သည်။ စည်းစိမ်အမျိုးမျိုးခံစား၍ တောထွက်ရဟန်းပြုပြီး ဒုက္ကရစရိယ ခြောက်ရက်ကျင့်ကာ ကံ့ကော်ဗောဓိပင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူမည်ဟု ဖော်ပြပါရှိပါသည်။[၅၄၃]

ပါဠိစာပေမှတ်တမ်းများကဆိုသည်မှာ အရိမေတ္တေယျမြတ်စွာဘုရား လက်ထက်တွင် သတ္တဝါတို့၏ အရွယ်အစားသည် သကျမုနိဗုဒ္ဓခေတ်ကာလမှ အရွယ်အစားထက် အဆပေါင်းများစွာ ကြီးမားနေလိမ့်မည်ဟုဆို၏။ ယခုခေတ်ကာလမှ လူတို့၏ ဦးခေါင်းသည် အင်းဆက်ပိုးမွှား တစ်ကောင်လောက်သာရှိလိမ့်မည်ဖြစ်ပြီး ဘုရားရှင်

၅၄၃။ (မြတ်မင်္ဂလာဘာသာရေးအမေးအဖြေများ စာအုပ်မှ)

၏ သင်္ကန်းတော်သည် ထို ခေတ်ကာလ လူသားများအတွက် လက်နှစ်လုံးအရွယ်သာ ရှိပေလိမ့်မည်။ အရှင်မဟာကဿပမထေရ်မြတ်၏ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ရာတွင် အရိုမေတ္တေယျမြတ်စွာဘုရားရှင်၏ လက်ဖဝါးတော်ပေါ်တွင် တင်ထားနိုင်လောက်သည်အထိ သေးကွေးနေလိမ့်မည်ဟူ၏။[၁၄၄]


မဟာယာနဗုဒ္ဓဘာသာ၏ ယောဂါစာရဒဿနတွင် မေတ္တေယျဗောဓိသတ္တကို အရှင်အသင်္ဂ၏ ဆရာအရှင်အဖြစ် သတ်မှတ်ထား၏။ ယောဂါစာရအဘိဓမ္မာကို အခြေခံသောကျမ်း(၅)ဆူကို တုသိတာနတ်ပြည်တွင် မေတ္တေယျဗောဓိသတ္တက အရှင်အသင်္ဂကို သင်ကြားပို့ချခဲ့သည်ဟု အဆိုရှိလေသည်။ ထို့အတူ ဂျပန်မဟာယာန ဗုဒ္ဓဘာသာ နိချိုရင်ဂိုဏ်း၏ အယူအဆတွင်လည်း မေတ္တေယျဗောဓိသတ္တ၏ အခန်းကဏ္ဍ အရေးပါနေပုံကို တွေ့ရ၏။ မေတ္တေယျ ဗောဓိသတ္တသည် သဒ္ဓမ္မပုဏ္ဍရိကာသုတ္တန်ကို စောင့်ရှောက်မှုပေးရသည့်အပြင် ဝေနေယျသတ္တဝါတို့ကို ထိန်းကျောင်းပေးရသည့် အခန်းကဏ္ဍတွင် ရှိနေကြောင်း နိချိုရင်ဂိုဏ်းက ယူဆပါသည်။[၁၄၅]

❐ ❐ ❐

၁၄၄။ John S. Strong (2007). *Relics of the Buddha*. p. 220.

၁၄၅။ "SGI Library Online - *The Writings of Nichiren Daishonin*". Sgilibrary.org. Retrieved 2012-08-15





အခန်း (၉)

ချန် (ဇာန်) ဗုဒ္ဓဘာသာ၏ အစိန္တာမယမဂ်လမ်းစဉ် [၁၄၆]

မဟာယာနဗုဒ္ဓဘာသာနယ်ပယ်တွင် သုဒ္ဓဘူမိဂိုဏ်း သည် မိမိကိုယ်ကို မကယ်တင်နိုင်သော လူသားတို့အတွက် မျှော်လင့်ချက် အလင်းရောင်ကိုပေးခဲ့၏။ အမိတာဘ ဗုဒ္ဓရှင်တော်၏ ကရုဏာအရိပ်ကို ခိုလှုံ၍ သုခဝတီဘုံသို့ စံဝင်ခွင့်ရရှိပြီး လွတ်မြောက်ခြင်းကို ရရှိစေနိုင်၏။ သို့သော်လည်း သုဒ္ဓဘူမိဂိုဏ်း၏ အယူအဆသည် မူရင်းဗုဒ္ဓ

၁၄၆။ ရှေးအခါက မြန်မာစာပေနယ်ပယ်တွင် **Zen Buddhism** ကို ရေးထုံးအမျိုးမျိုးဖြင့် အသံလှယ်ခဲ့ကြသည်ကို တွေ့ရ၏။ အများအားဖြင့် ဇင်ဗုဒ္ဓဘာသာဟူ၍ ရေးကြသည်ကို တွေ့ရ၏။ ဆရာပါရဂူကမူ ဈာန်ဟူသော ပါဠိသက်စကားလုံးနှင့် နီးစပ်အောင် ဈင်ဗုဒ္ဓဘာသာဟု ပြန်ဆိုပူး၏။ မိမိအနေဖြင့် (ဇင်) (ဈင်) ဟူသော အသံထွက်သည့် အင်္ဂလိပ်အသံဖလှယ်ထားသော **Zen** ၏ အသံထွက်နှင့် မတူညီကြောင်း လေ့လာတွေ့ရှိရ၏။ **Zin** ဖြစ်မှသာ အဆိုပါ မြန်မာသံဖလှယ်မှုများနှင့် ကိုက်ညီနိုင်မည်ဖြစ်၏။ မိမိအနေဖြင့် ဈာန်ဟူသော ပါဠိသက်စကားလုံးကိုလည်း ရှောင်ရှားလိုရသည့် အကြောင်းမှာ **Zhen** ဟု ရေးထားမှသာ ဂရုသံဖြစ်သော ဈာန်ဟူ၍ အသံဖလှယ်သင့်သည့်အပြင် ဈာန်-အဘိညာဉ်စသော ပါဠိဗုဒ္ဓဘာသာဆိုင်ရာ အယူအဆများနှင့် မရောထွေးစေလိုသောကြောင့် ဖြစ်၏။ စင်စစ် **Zen** ဟူသော အသံသည် ဇင်လည်း မဟုတ်သလို ဇန်လည်း မဟုတ်ချေ။ ယင်း (ဇင်နှင့် ဇန်) နှစ်ခုအကြားမှာရှိသော အသံမျိုးဖြစ်၏။ ထို့ကြောင့် ဇာန်ဟူ၍ သံရှည်ဆွဲပြီး နဇယ်သတ်လိုက်ပါသည်။ (မာန်) (ဌာန်) စသော ပါဠိသက်စာလုံးများ၏ အသံထွက်ပုံနည်းအတိုင်း ဇာန်ကို အသံထွက်နိုင်သောကြောင့် **Zen Buddhism** ကို (ဇာန်ဗုဒ္ဓဘာသာ) ဟူ၍ ရေးထုံးပြုပြင်ခဲ့ပါသည်။

ဓမ္မ၏ ပင်ကိုယ်အယူအဆဖြစ်သော မိမိကိုယ်ကို အားကိုးရေးလမ်းစဉ် (အတ္တဒီပ အတ္တသရဏ)မှ သွေဖည်နေသလို ဖြစ်နေခဲ့၏။ ဗုဒ္ဓအပါအဝင် ရှေးဟောင်းသမဏ လမ်းစဉ်ကို ကျင့်သုံးခဲ့ကြသော မဟာဝီရ အစရှိသည့် ပုဂ္ဂိုလ်များသည် မိမိကိုယ်ကို အားကိုးရေးလမ်းစဉ်ကိုသာ ဖော်ထုတ်ခဲ့ကြ၏။ ထို့ကြောင့် မဟာယာနဗုဒ္ဓဘာသာ၏ နယ်ပယ်တွင် ရှေးသူဟောင်းတို့၏ မိမိကိုယ်ကို အားကိုးရေးလမ်းစဉ်ကို ပြန်လည်ဖော်ထုတ်သည့် လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့၏။ ၄င်းတို့မှာ ချန်(ဇာန်) ဗုဒ္ဓဘာသာလမ်းစဉ် နှင့် ဝဇိရာယာန (တန္တရ) လမ်းစဉ်တို့ဖြစ်ကြ၏။ ဤအခန်းတွင် ရှေးဦးစွာ ချန်(ဇာန်) ဗုဒ္ဓဘာသာ လမ်းစဉ် နှင့် ပတ်သက်၍ လေ့လာကြည့်ကြပါစို့။

ရှေးဦးတရုတ်ဗုဒ္ဓဘာသာမှ ချန်(ဇာန်) ဆန်သော အမြင်များ

ချန် (ဇာန်) ဗုဒ္ဓဘာသာဂိုဏ်းသည် တရုတ်ပြည်တွင် ရှိခဲ့သော ရေခဲမြေခဲ တောက် ဝါဒ၏ ဘဝအမြင်များနှင့် ပြင်ပမှ ရောက်ရှိလာသော အိန္ဒိယဗုဒ္ဓဘာသာတို့ အကြား အပြန်အလှန်ကူးလူးဆက်ဆံမှုများမှ နေ၍ ပေါက်ဖွားလာခဲ့ခြင်းဖြစ်၏။ ချန် (ဇာန်) ဗုဒ္ဓဘာသာ၏ အနှစ်သာရသည် လောကီ အချိန်နေရာတို့ကို ကျော်လွန်နေသော လောကုတ္တရာ သစ္စာတရား ဖြစ်သော်လည်း ချန် (ဇာန်) ဗုဒ္ဓဘာသာ၏ ဖြစ်ထွန်းတိုးတက်မှုသည် တရုတ်ဗုဒ္ဓဘာသာ၏ သမိုင်းကြောင်းနှင့် ကင်း၍ မဖြစ်နိုင်ချေ။ သို့သော်လည်း ရှေးဦး တရုတ်ဗုဒ္ဓဘာသာ၏ သမိုင်းကြောင်းထဲတွင်ရှိသော ချန် (ဇာန်) ဗုဒ္ဓဘာသာဂိုဏ်းနှင့် ပတ်သက်သည့် သမိုင်းဆိုင်ရာ အထောက်အထား သဲလွန်စများသည် နည်းပါးလွန်းသည့်အပြင် ဝေဝေဝါးဝါးဖြင့် ပုံဖော် မရနိုင်အောင် ဖြစ်နေခဲ့လေသည်။

တရုတ်ပြည်သို့ အိန္ဒိယမှ ဗုဒ္ဓဘာသာရောက်ရှိလာချိန်မှာ ဘီစီ ၁ ရာစုခန့်ဟု သတ်မှတ်ကြပြီး အေဒီ ၄ ရာစုလောက်တွင် ဗုဒ္ဓဘာသာသည် တရုတ်ရေခဲမြေခဲတွင် အမြစ်တွယ်လျက် အတန်ကြီးပွားတိုးတက်နေသော ဘာသာတရားတစ်ခုအဖြစ်သို့ ရောက်ရှိနေခဲ့ပြီဖြစ်၏။ ဗုဒ္ဓဘာသာ စတင်ရောက်ရှိချိန်မှ အစပြု၍ အိန္ဒိယနိုင်ငံသား ရဟန်းတော်များနှင့် တရုတ် ရဟန်းတော်များသည် များပြားလှစွာသော ပါဠိနှင့် သက္ကတ ပိဋကတ်ကျမ်းများ ဦးကာ အင်္ဂကထာ သျှတ္တရ ကျမ်းများကို တရုတ်ဘာသာ စကားသို့ ဘာသာပြန်ဆိုသည့် လုပ်ငန်းကြီးကို အားသွန်ခွန်စိုက် လုပ်ခဲ့ကြ၏။ ထို စဉ်က တရုတ်ပြည်တွင် မူလတည်းက ရှိနေနှင့်ပြီးဖြစ်သော တောက်ဝါဒ (Daoism) ၏ သဘာဝတ္တအမြင် ကွန်ဖြူးရှပ်ဝါဒ၏ လူမှုကျင့်ဝတ်ဆိုင်ရာ အမြင်များသည် အသစ်ရောက်ရှိလာသော ဗုဒ္ဓဓမ္မနှင့် ဟပ်နေသည့်အတွက် ဗုဒ္ဓဘာသာ အခြေခံ

ခိုင်မာစွာ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ တောက်ဝါဒ၏ အယူအဆဖြစ်သော **မူလ-မရှိတရား အခြေခံ** (ပင်းဝူ Pen Wu) သဘောတရားသည် ဗုဒ္ဓဓမ္မ၏ အနှစ်သာရ သုညတ နိဗ္ဗာန စသော သဘောတရားများနှင့် ထင်ဟပ်နိုင်သလို တောက်ဝါဒမှ **အပိုဆာဒါး မလုပ်ခြင်းသဘော** (ဝု ဝေ Wu Wei) သဘောတရားသည် ဗုဒ္ဓဓမ္မ၏ မဂ္ဂင်ကျင့်စဉ်များနှင့် ဆင်တူမှုများ ရှိခဲ့သောကြောင့် ဖြစ်၏။[၁၄၇]

တရုတ်ဗုဒ္ဓဘာသာတွင် ရှေးအကျဆုံးသော ကမ္မဋ္ဌာန်းကျင့်စဉ် နှစ်မျိုးမှာ အမိတာဘဗုဒ္ဓကို ရှိခိုးပူဇော်သည့် သုဒ္ဓဘူမိ ဗုဒ္ဓဘာသာကျင့်စဉ်ဖြစ်ပြီး နောက်တစ်မျိုးမှာ မဇ္ဈိမိကဂုဏ်း၏ ပညာပါရမိတာ သုညတာကမ္မဋ္ဌာန်း ဖြစ်၏။ သုဒ္ဓဘူမိ ဗုဒ္ဓဘာသာကျင့်စဉ်နှင့် ပတ်သက်၍ တောက်အန်နှင့် ဟွိယွမ်တို့၏ ကျင့်စဉ်များအကြောင်းကို ပြီးခဲ့သော အခန်း (၈) တွင် အသေးစိတ်ဖော်ပြခဲ့ပြီးဖြစ်၏။ မဇ္ဈိမိကဂုဏ်း၏ ပညာပါရမိတာ သုညတာကမ္မဋ္ဌာန်းနှင့် ပတ်သက်၍ အောဒီ (၅) ရာစု အစပိုင်းတွင် တရုတ်ပြည်သို့ ရောက်ရှိခဲ့သော အိန္ဒိယရဟန်းတော် ကုမာရဇီဝမထေရ်မှ စတင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။

ကုမာရဇီဝမထေရ်သည် တရုတ်ပြည် ချန်အန်မြို့သို့ အောဒီ ၄၀၃ တွင် ရောက်ရှိခဲ့ပြီး သူသေဆုံးချိန် အောဒီ ၄၁၃ အထိ ဆယ်နှစ်တိုင်အောင် ပိဋကတ်ဘာသာပြန်လုပ်ငန်းကို ဆောင်ရွက်ခဲ့သည့်အပြင် မိမိကိုယ်တိုင်ကလည်း မဇ္ဈိမိကဂုဏ်း၏ ပညာပါရမိတာ သုညတာကမ္မဋ္ဌာန်းနှင့် အခြေခံအုတ်မြစ်ချပေးခဲ့၏။ ကုမာရဇီဝနောက် ပေါ်ထွက်လာသည့် အရှင် ဗုဒ္ဓဘဒြမထေရ်သည် ကုမာရဇီဝမထေရ်ထက် ၁၅ နှစ်မျှ ပိုငယ်သော်လည်း ဆရာထက် လက်စောင်းထက်သော တပည့်သာဝကဖြစ်ခဲ့၏။ အရှင် ဗုဒ္ဓဘဒြမထေရ်သည် ချန်အန်တွင် အရှင်ကုမာရဇီဝ နှင့် အတူနေထိုင်ခဲ့သော်လည်း အဆင်မပြေမှုများ ကြုံလာရသောကြောင့် နောက်လိုက် လေးဆယ်ခန့်နှင့်အတူ ဟီယွမ် နေထိုင်ရာ လျှူတောင်ပေါ်တွင် သွားရောက်ခိုလှုံခဲ့၏။ အရှင် ဗုဒ္ဓဘဒြမထေရ်သည် ရှေးဦးဗုဒ္ဓဝါဒဂိုဏ်းများ၏ သမထဝိပဿနာကျင့်စဉ်များကို အားထုတ်နေခဲ့သူဖြစ်ပြီး **ဗုဒ္ဓါဝတမာသက မဟာဝေပုလ္လသုတ္တန်**ကို တရုတ်ဘာသာသို့ ပြန်ဆိုပေးခဲ့လေသည်။ ထိုသုတ္တန်သည် တရုတ်ပြည်တွင် နောက်ပိုင်းကာလတွင်ပေါ်ပေါက်လာမည့် ဟွာယင်း(ကိုဂွန်း) ဗုဒ္ဓဘာသာအတွက် အရေးပါသော ကျမ်းစာတစ်စောင် ဖြစ်ခဲ့၏။ အရှင် ဗုဒ္ဓဘဒြမထေရ်သည် လျှူတောင်ပေါ်မှခွာပြီး ချိယန်ကန်းမြို့သို့ ရောက်ရှိခဲ့ပြီး ထိုမြို့တွင်ပင် သူ ခေါင်းချခဲ့၏။[၁၄၈]

၁၄၇။ **Heinrich Dumolin, *A History of Zen Buddhism*, (1963), Beacon Press, P-54**

၁၄၈။ **Heinrich Dumolin, *A History of Zen Buddhism*, (1963), Beacon Press, P-57**

အေဒီ (၁)ရာစုတွင် တရုတ်ပြည် ဗုဒ္ဓဘာသာ၏ ရွှေခေတ်တွင် နာမည်ကျော်ကြားခဲ့သည့် ကမ္ဘဇာနစရိယ ဆရာအရှင်မှာ ဆန်ချောင် (၃၈၄-၄၁၄) ဖြစ်သည်ဟု ဆိုနိုင်သည်။ ဆန်ချောင်သည် အရွယ်မတိုင်မီ ရုတ်တရက် သေဆုံးခဲ့ရသော အရှင် ကုမာရဇီဝမထေရ်၏ အထင်ရှားဆုံး တပည့်သာဝကများထဲမှ တစ်ဦးဖြစ်ပေသည်။ ဆန်ချောင်သည် တရုတ်ရိုးရာ တောက်ဝါဒ အယူအဆများ ကွန်ဖြူးရှပ်ဝါဒသစ် အယူအဆများကို မဟာယာန ဗုဒ္ဓဘာသာနှင့် ပေါင်းစပ်၍ ဓမ္မလမ်းသစ် ဖေါက်လုပ်ခဲ့သူဖြစ်၏။ သူ့အလိုအရ သစ္စာတရားဟူသည် ကိုယ်ပိုင်ဉာဏ်အမြင်ဖြင့် မျက်မှောက်ပြုရမည့် သဘောဖြစ်ပြီး ဝေါဟာရစကားလုံးများဖြင့် ဖော်ပြ၍မရသလို စာပေကျမ်းဂန်များတွင်လည်း မတည်ရှိပေ။ သစ္စာသိမြင်ရန် သူတစ်ပါးအထံမှ လေ့လာသင်ကြားဆည်းပူး၍ မရနိုင်ဘဲ မိမိကိုယ်ပိုင် အတွေ့အကြုံဖြင့်သာ သိမြင်နိုင်မည်ဖြစ်၏။ ဘဝ၏ ထူးခြားစွာ လင်းပွင့်သော အခိုက်အတန့် ခဏများတွင်သာ သစ္စာမြင်သိမှု သဘော (သစ္စိကတ ဘာဝ) သည် ဖြစ်နိုင်ပေလိမ့်မည်။[၁၄၉]

ဆန်ချောင်သည် သူ့အသက် ၂၃ နှစ်အရွယ်တွင်ပင် နာမည်ကျော်ကျမ်းတစ်စောင်ကိုပြုစုခဲ့၏။ ကျမ်း၏အမည်မှာ **ဗဟုသုတ မဟုတ်သော ဗောဓိဉာဏ်ပညာ** (On Prajna which is not Knowledge) ဖြစ်၏။ ဆန်ချောင်၏ တင်ပြချက်မှာ ဗောဓိဉာဏ်ပညာ ဆိုသည်မှာ တစ်စုံတစ်ရာကို ဂုဏ်ဝိသေသ လက္ခဏာအားဖြင့် ကွဲကွဲပြားပြား သိနေခြင်း သဘောမျိုးမဟုတ်ဘဲ ထိုသို့ ပိုင်းဖြတ်ခွဲခြားသော အသိဗဟုသုတများအားလုံး ဆိတ်သုဉ်းနေသည့် အခြေအနေသာဖြစ်သည်ဟု ဆို၏။ ဗောဓိဉာဏ်ပညာ ရရှိပြီးသောကြောင့် လောကသုံးပါးမှ လွတ်မြောက်ခဲ့ပြီဖြစ်သော သူတော်စင် ပုဂ္ဂိုလ်သည် ကောင်းမှု မကောင်းမှုတို့ကို မကျူးလွန်တော့ဘဲ ပြုဖွယ်ရှိအပ်သည်တို့ကို ပြုရုံပြုကာမတ္တ (ကြိုယာစိတ်) သက်သက်ဖြင့် ပြုမူဆောင်ရွက်လေသည်။ ဤသည်မှာ တောက်ဝါဒ သဘောတရားဖြစ်သော အပိုဆာဒါးမလုပ်ခြင်း (ဝုဝေ Wu Wei) သဘောပင်ဖြစ်သည်ဟု ဆန်ချောင်က ဆို၏။ တရုတ် တောက်ဝါဒီသူတော်စင်ကြီး ချွမ်ဇူဆိုသကဲ့သို့ လွတ်မြောက်သူ၏ အသိစိတ်သည် ဝေါဟာရစကားလုံးတို့ဖြင့် တိုင်းတာ၍မရနိုင်အောင် နက်ရှိုင်းနေပြီး ကြေးမုံပြင်တစ်ချပ်ကဲ့သို့ လောကဖြစ်စဉ်များကို ဆုံးဖြတ်ချက်တန်ဖိုးဖြတ်ချက်မပါဘဲ ပကတိအတိုင်းတိုင်း ထင်ဟပ်၍ နေလေသည်။[၁၅၀]

၁၄၉။ Liebenthal, (tr.). *"The Book of Chao.* A Translation from the Original Chinese, with Introduction, Notes and Appendices," Series Monumenta Serica Monographs No. 14. Peking, 1948. p-8

၁၅၀။ Fung Yu-lan. *A History of Chinese Philosophy*, II. Princeton, 1953.p-269

ဆန်ချောင်၏ အယူအဆများသည် ချန် (ဇာန်) ဗုဒ္ဓဘာသာ အမြင်ဆန်လှပေသည်။ ဆန်ချောင်က ဝေါဟာရစကားလုံးများဖြင့် ဖမ်းဆုပ်မရနိုင်သော အတုမဲ့သစ္စာတရားသည် တွေးခေါ်စဉ်းစားမှု အစွန်းတရားများမှ လွန်မြောက်နေပြီး ကိုယ်တိုင် မျက်မှောက်ပြုရသော အသိထူးဖြင့်သာ သိမြင်ရပြီး ထိုသို့လင်းပွင့်သိမြင်ခြင်းထဲတွင် မာယာနှင့် အစစ်အမှန်တရားတို့သည် တစ်သားတည်း ပေါင်းစည်းနေကြသည်ဟု ဆို၏။[၁၁၁] သို့သော်လည်း ဆန်ချောင်သည် ချန်ဗုဒ္ဓဘာသာကဲ့သို့ ရုတ်ခြည်းဉာဏ်အလင်း ရရှိမှုထက် တဖြည်းဖြည်း တစ်ဆင့်ချင်း တိုးတက်ပြောင်းလဲသော ဖြစ်စဉ်ကိုသာ ရွေးချယ်ခဲ့၏။ သုတ္တန်ဒေသနာတစ်ခုကဆိုသကဲ့သို့ မြားသုံးစင်းဖြင့် ပစ်မှတ်ကိုပစ်သည့်အခါ စိုက်ဝင်မှုခြင်းတူသော်လည်း ဗဟိုချက်နှင့် အကွာအဝေးချင်း မတူညီပေ။ စိုက်ဝင်သော အနက်ချင်းလည်း မတူညီပေ။ ပစ်လွှတ်သူတို့၏ အချိန်အဆ ကျွမ်းကျင်မှုနှင့် စိုက်ထုတ်သော အားပမာဏ တို့တွင် မူတည်၍ ကွဲပြားခြားနားကြပေမည်။ ထို့အတူ တိရစ္ဆာန်သုံးကောင် မြစ်ကိုဖြတ်ကူးရာတွင် တစ်ဖက်ကမ်းသို့ ရောက်ရှိပုံခြင်း တူညီသော်လည်း လျှင်မြန်မှုခြင်း မတူသလို ကူးခတ်သည့် အနက်ချင်းလည်း မတူညီပေ။ ကူးခတ်သော သတ္တဝါတို့၏ အတွေ့အကြုံနှင့် အားခွန်ဗလ စိုက်ထုတ်မှုတို့ကို မူတည်၍ ကွဲပြားကြပေလိမ့်မည်။ ဤဥပမာအတိုင်းပင် သစ္စာတရားကို သိမြင်မှုခြင်း တူသော်လည်း သိပုံသိနည်းနှင့် နက်ရှိုင်းမှုတို့မှာ မတူကြပေ။[၁၁၂]

ဆန်ချောင်နောက် ထင်ရှားလာသော ကမ္မဋ္ဌာန်းဆရာတစ်ဆူမှာ တောက်ရှုန် (အေဒီ ၃၆၀-၄၃၄) ဖြစ်၏။ တောက်ရှုန်သည်လည်း ဆန်ချောင်ကဲ့သို့ပင် အရှင်ကုမာရဇီဝမထေရ်၏ တပည့်ကြီးတစ်ယောက် ဖြစ်၏။ တောက်ရှုန်သည် တရုတ်ဗုဒ္ဓဘာသာတွင် ရုတ်ခြည်း သစ္စာဉာဏ်အလင်းပွင့်မှုကို စတင်ဟောပြောသူ ဖြစ်သောကြောင့် တရုတ်ဒဿန သမိုင်းပညာရှင် ဖန်ယုလန်က တရုတ်ချန်ဗုဒ္ဓဘာသာမြစ်ဖျားခံရာသည် တောက်ရှုန်ဖြစ်၏ဟု ဆိုခဲ့၏။ တောက်ရှုန်သည် ငယ်စဉ်ကပင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့၏။ ချိုယန်ကန်းမြို့ရှိ ကျောင်းတိုက်တစ်ခုတွင် သူကြီးပြင်းခဲ့ပြီး သူ၏ဆရာဖြစ်သူမှာ သာမန် ဉာဏ်ရည် ဉာဏ်သွေးသာရှိသော ဘုန်းကြီးတစ်ပါးဖြစ်၏။ တောက်ရှုန်သည် အရာခပ်သိမ်းတွင် ဗုဒ္ဓ၏ ဗောဓိဉာဏ်ဓာတ်

၁၁၁။ Liebenthal, (tr.). "*The Book of Chao.* A Translation from the Original Chinese, with Introduction, Notes and Appendices," Series Monumenta Serica Monographs No. 14. Peking, 1948. p-130

၁၁၂။ Liebenthal, (tr.). "*The Book of Chao.* A Translation from the Original Chinese, with Introduction, Notes and Appendices," Series Monumenta Serica Monographs No. 14. Peking, 1948. p-138

သဘာဝ ကိန်းဝပ်နေသည်ဟူသော တထာဂတဂဗ္ဘ အယူအဆကို အကြွင်းမဲ့ ယုံကြည်ခဲ့သူ ဖြစ်လေသည်။[၁၁၃]

တောက်ရှုန် အရွယ်ရောက်လာသောအခါ လျှူတောင်ပေါ်သို့ ရောက်ရှိခဲ့ပြီး ထိုအချိန်က နာမည်ကြီးနေသော သုဒ္ဓဘူမိဂိုဏ်းဆရာတော် ဟွိယွမ်နှင့် ဆုံတွေ့ခဲ့၏။ သုဒ္ဓဘူမိဗုဒ္ဓဘာသာနှင့် ကျမ်းစာများကို လေးစားမှုရှိသော်လည်း တောက်ရှုန်သည် မိမိကိုယ်တိုင် သုဒ္ဓဘူမိ ဂိုဏ်းဝင်တစ်ယောက် မဖြစ်ခဲ့ချေ။ လျှူတောင်မှနေ၍ ချန်အန်မြို့ကို ရောက်ရှိပြီး အရှင်ကုမာရဇီဝထံတွင် ပရိယတ္တိ စာပေပညာများကို သင်ကြားခဲ့၏။ လေးနှစ်ခန့် (အေဒီ ၄၀၅ မှ ၄၀၈ အထိ) နေထိုင်ပြီးသည့်နောက် တွင် တောက်ရှုန်သည် မိမိနေရပ်ဖြစ်သော ချိုယန်ကန်းသို့ ပြန်ရောက်ရှိခဲ့၏။ ချိုယန်ကန်းတွင်နေထိုင်ရင်း တောက်ရှုန်သည် အရေးပါသော ကျမ်းနှစ်စောင်ကို ပြုစုခဲ့၏။ တစ်စောင်မှာ ကမ္မဝိပါက်တရားနှင့်ဆိုင်၏။ ကောင်းမြတ်သန့်စင်သော ကမ္မအမှုများသည် အကျိုးဝိပါက်တရားတို့ကို လွန်မြောက်နေကြောင်း ရှင်းပြထားသည့် ကျမ်းဖြစ်၏။ နောက်ကျမ်းတစ်စောင်မှာ ရုတ်ခြည်း သစ္စာဉာဏ် အလင်းပွင့်မှုအကြောင်း ရှင်းလင်းတင်ပြထားသော ကျမ်းဖြစ်၏။

တောက်ရှုန်၏ အလိုအရ အဆုံးစွန်သော အသခ်ံတ ပရမတ္ထသစ္စာတရားသည် အချိန်ကာလ-နေရာဒေသနှင့် ကြောင်းကျိုးဆက်နွယ်မှုများကို ကျော်လွန်နေသော အရှိတရားဖြစ်သောကြောင့် ၄င်းသည် တစ်လုံးတစ်ဝတည်း တည်ရှိနေသော ဓမ္မတာ-သဘောဖြစ်ပြီး ၄င်းကို အစိတ်အပိုင်းအလိုက်ခွဲပြီး အဆင့်ဆင့်သိရှိရန် မဖြစ်နိုင်ပေ။ သစ်သီးတစ်လုံးသည် ရင့်မှည့်သောအချိန်ရောက်လျက် တစ်ချက် တည်းကြွေကျသကဲ့သို့ သစ်ခုတ်သမား၏ ပေါက်ဆိန်သည် သစ်ပင်ကို နောက်ဆုံး တစ်ချက်တည်းဖြင့် ဖြတ်ချသကဲ့သို့ တောင်ထိပ်သို့ရောက်သူသည် လွင်ပြင်ရှုခင်းကို တစ်ခုလုံး တစ်ပြိုင်နက် တွေ့မြင်ရဘိသကဲ့သို့ သစ္စာတရားကို သိမြင်မှုသည်လည်း တစ်ချက်တည်း အပြီးသတ် ဖြစ်ပေါ်ရသည်ဟု တောက်ရှုန်က ရေးသားခဲ့၏။[၁၁၄]

ဒေါက်တာ ဆူဇူကီး၏ အလိုအရ ချန် (ဈာန်) ဗုဒ္ဓဘာသာသည် သကျမုနိဗုဒ္ဓ ရှင်တော်လက်ထက်ကတည်းက စတင်ခဲ့ကြောင်း မဟာယာနသုတ္တန်ကို အကိုးအကား ပြု၍ ဆိုထားလေသည်။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဂိဇ္ဈကူဋ်တောင်တွင် ရဟန်းတို့ကို တရားဟောကြားနေခိုက်တွင် ဗြဟ္မရာဇာ (ဗြဟ္မာမင်းကြီး) ရောက်ရှိ

၁၁၃။ Fung Yu-lan. *A History of Chinese Philosophy*, II. Princeton, 1953.p-388

၁၁၄။ Liebenthal, (tr.). "*The Book of Chao*. A Translation from the Original Chinese, with Introduction, Notes and Appendices," Series Monumenta Serica Monographs No. 14. Peking, 1948. P-80

လာပြီး မြတ်စွာဘုရားရှင်ကို ရွှေအဆင်းရှိသော ဥပုလကြာပန်းတစ်ပွင့် ဆက်ကပ်လေသည်။ ဘုရားရှင်က ကြာပန်းကို လက်တော်ဖြင့်ကိုင်လျက် ပရိသတ်ရှေ့တွင် မြှောက်ပြရာ ရှင်မဟာကဿပ ကိုယ်တော်ကြီးမှလွဲ၍ မည်သူမျှ နားမလည်ချေ။ ရှင်မဟာကဿပမထေရ်သည်သာ ပြုံးတော်မူ၍ မိမိကိုယ်ကို အနည်းငယ်ကိုင်းညွှတ်ကာ ဘုရားရှင်ကို မိမိ သိမြင်နားလည်ကြောင်းကို ဝန်ခံ၏။ ထိုအခါ ဘုရားရှင်က ဤသို့မိန့်တော်မူလေ၏။

"ငါသည် အံ့ဖွယ်ဆန်းကြယ်နက်နဲသော တွေးခေါ်မျော်မြင်ကြံစည်တတ်သူတို့၏ အရာမဟုတ်သော မိမိကိုယ်တိုင် ထူးကဲသော ဓမ္မစက္ခုအမြင်ဖြင့်သာ မျက် မှောက်ပြုအပ်သော အရိယသစ္စာတရားတို့၏ ပိုင်ရှင်ဖြစ်ပေ၏။ ယခုအခါ ငါသည် ထိုအရိယသစ္စာတရားကို ငါ၏ သာဝကကြီးဖြစ်သော ရှင်မဟာကဿပ မထေရ် ထံသို့ အမွေလွှဲပြောင်း ပေးအပ်ခဲ့ချေပြီ။"

ရှင်မဟာကဿပမထေရ်မှ အစပြု၍ ဓမ္မအမွေအနှစ်ကို လက်ဆင့်ကမ်းသယ်ဆောင်ခဲ့ကြရာတွင် ဆရာစဉ်ဆက် (၂၈) ဆက်တိုင်အောင် ကြာမြင့်ခဲ့၏။ ၄င်းဆရာအရှင်တို့မှာ (၁) ရှင်မဟာကဿပ မထေရ် (၂) အရှင် အာနန္ဒာ (၃) အရှင် သနဝါသ (၄) အရှင် ဥပဂုတ္တ (၅) အရှင် ဒတ္တာက (၆) အရှင် မိဿက (၇) အရှင် ဝသုမိတြ (၈) အရှင် ဗုဒ္ဓနန္ဒ (၉) အရှင် ဗုဒ္ဓမိတြ (၁၀) အရှင်ပါသွ (၁၁) အရှင်ပုညယသ (၁၂) အရှင် အသွယောသ(၁၃) အရှင် ကပိမာလ(၁၄) အရှင် နာဂဇုန (၁၅) အရှင်ကာဏဒေဝ (၁၆) အရှင် ရာဟုရတ (၁၇) အရှင် သံဃနန္ဒ (၁၈) အရှင် ကာယသတ (၁၉) အရှင် ကုမာရတ (၂၀) အရှင် ညာယတ (၂၁) အရှင် ဝသုဗန္ဓု (၂၂) အရှင် မနုရ (၂၃) အရှင် ဟက္ခလေဏာ (၂၄) အရှင် သီဟ (၂၅) အရှင် ဘဂသိတ (၂၆) အရှင် ပုညမိတြ (၂၇) အရှင် ပညာတာရာ (၂၈) အရှင် ဗောဓိဓမ္မတို့ ဖြစ်ကြ၏။[၁၁၁]

ချန်ဗုဒ္ဓဘာသာ၏ ဖခင် အရှင်ဗောဓိဓမ္မ

ချန်ဗုဒ္ဓဘာသာ၏ သမိုင်းတွင် ဦးထိပ်နေရာမှ ထီးထီးမားမားကြီး ပေါ်လွင်ထင်ရှားနေသူမှာ တရုတ်ပြည်သို့ ရောက်ရှိ လာသော အိန္ဒိယ ရဟန်းတော် အရှင်ဗောဓိဓမ္မဖြစ်၏။ ဗောဓိဓမ္မအရှင်၏ ရုပ်ပုံလွှာကို တရုတ်နံရံဆေးရေး ပန်းချီလက်ရာများတွင် မျက်လုံးအပြာနှင့် ကြောက်မက်ဖွယ် စူးရဲခက်ထန်သော မိလက္ခလူရိုင်းအသွင်ဖြင့် ဖော်ပြထား၏။

၁၁၁။ D.T. Suzuki, Studies in Zen, P-13

ဗောဓိဓမ္မ၏ ဓမ္မအမြင် အနှစ်ချုပ်ကို ဝါကျလေးကြောင်းပါဝင်သော အောက်ပါ အဆိုအမိန့်တွင် တွေ့ရ၏။

"ဗောဓိဉာဏ်ပညာ အစဉ်အလာသည် စာပေပရိယတ္တိကျမ်းဂန်တို့၏ ပြင်ပ၌ ရှိ၏။"

"ဝေါဟာရ နှင့် ဘာသာစကားကို သစ္စာသိမြင်မှုအတွက် အသုံးပြုရန် မလို အပ်ချေ။"

"သစ္စာတရားကို ကိုယ်တွေ့ရှာဖွေနိုင်ရန် တိုက်ရိုက်ညွှန်ပြသော နည်းကိုသာ အသုံးပြု၏။"

"မိမိ၏ ပကတိသဘာဝအမှန်ကို ထိုးထွင်းသိမြင်ခြင်းကြောင့် ဗုဒ္ဓအဖြစ်ကို ရရှိ၏။" [၁၁၆]

အဆိုပါ ဝါကျများ၏ အနှစ်သာရသည် အထက်တွင်ဖော်ပြခဲ့သော သက္ကမုနိ ဗုဒ္ဓရှင်တော်မှ ကြာပန်းကို ကိုင်လျက် မိမိ၏ ဓမ္မစက္ခုအမြင်ကို အရှင်မဟာကဿပ မထေရ်ကို လက်ဆင့်ကမ်းခဲ့သည်ဟူသော သဘောတရား အခြေခံပင်ဖြစ်၏။ ဝေါဟာရစကားလုံးမပါသော ဆက်သွယ်မှုနှင့် တိုက်ရိုက်ညွှန်ပြမှုကို ထိုးထွင်းသိမြင်ခြင်းသဘောတရားတို့ကို ဖော်ပြနေလေသည်။

ဗောဓိဓမ္မ၏ ဘဝဇာတ်ကြောင်းသည် လျှို့ဝှက်နက်နဲစွာ ဝေဝါးနေသည့်အပြင် ဤ လူထူးဆန်းဓမ္မဆရာအရှင်မြတ်၏ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များကိုလည်း ပုံပြင်ဒဏ္ဍာရီသဖွယ် မှတ်တမ်းတင်ထားသည်များကို တွေ့ရ၏။ ဗောဓိဓမ္မသည် အိန္ဒိယတောင်ပိုင်းမှ ဗြဟ္မဏအနွယ်ဝင်ဖြစ်သလို ထီးသွေးနန်းသွေးလည်း ပါသူဖြစ်သည်ဟုဆို၏။ တရုတ်ဧကရာဇ်ဝူတိ (၅၀၂-၅၅၀) နှင့် တွေ့ဆုံသည့် အကြောင်းကို မှတ်တမ်းတင်ထားချက်ကိုကြည့်လျှင် ဗောဓိဓမ္မ၏ စိတ်အနေနှင့် အပြုအမူ တရားသိမြင်မှုအဆင့်အတန်းကို မှန်းဆနိုင်၏။

ဧကရာဇ်ဝူတိ။ ။ အရှင်ဘုရား၊ တပည့်တော်သည် သာသနာတော်ကို ကြည်ညိုသောကြောင့် ကျောင်းကန်ဘုရားများ ဆောက်လုပ်လှူဒါန်းခဲ့ပါ၏။ ပိဋကတ်တော် အမြောက်အများလည်း ကူးယူပူဇော်ခဲ့ပါ၏။ ဘိက္ခု ဘိက္ခုနီများစွာကိုလည်း ဥပသမ္ပဒါကံဆောင် စေကာ ချီးမြှောက်ခဲ့ပါ၏။ ဤမျှသော အလုပ်အဆောင် ဖြည့်ဆည်းမှုတို့၏ အကျိုးတရားအနေဖြင့် မည်မျှကြီးမားသော ရလဒ်ကို တပည့်တော် ရရှိနိုင်မည်နည်း။

၁၁၆။ D.T. Suzuki, *Essays in Zen Buddhism, First Series- I.* Grove Press Inc. (1961), p-176

ဗောဓိဓမ္မ။ ။ မင်းကြီး မည်သည့် ရုရှိမှုမှ မရှိချေ။

ဧကရာဇ်ဂူတိ။ ။ အရှင်ဘုရား သိမြင်သော မွန်မြတ်သည့် တရားတော်၏ အနက် ရှိုင်းဆုံး သစ္စာတရားသည်ကား အဘယ်နည်း။

ဗောဓိဓမ္မ။ ။ မင်းကြီး အလွန်ကျယ်ပြန့်နက်ရှိုင်းသော သုညတာဓမ္မတရား သာလျှင်ဖြစ်၏။ ဤ သုညတာ၌ မွန်မြတ်ခြင်းဟူ၍ စိုးစဉ်းမျှမရှိချေ။

ဧကရာဇ်ဂူတိ။ ။ တပည့်တော်၏ ရှေ့မှောက်တွင် ရောက်ရှိနေသော အရှင်ဘုရား၏ ဘွဲ့တော်အမည်မှာ မည်သူနည်း။

ဗောဓိဓမ္မ။ ။ မင်းကြီး၊ ငါ မသိချေ။[၁၁၇]

အထက်ပါ အချီအချ ပြောဆိုမှုကို ကြည့်လျှင် ဂူတိဘုရင်သည် သမားရိုးကျ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ဦးဖြစ်၏။ မိမိ၏ အာဏာစက်နှင့် ချမ်းသာကြွယ်ဝမှုတို့ကို အသုံးပြု၍ သာသနာကို ချီးမြှောက် ထောက်ပံ့ခဲ့သူဖြစ်၏။ သို့သော်လည်း ဗောဓိဓမ္မနှင့် တွေ့သောအခါ သူ့မေးခွန်းများအတွက် သူမျှော်လင့်သော အဖြေကို မရရှိသည့်အပြင် ဗောဓိဓမ္မ၏ တရားအမြင်သည် သူ မသိနားမလည်သော အလွှာတစ်ခုမှ ဖြစ်နေခဲ့၏။ ပညတ်သမားက ပရမတ်စကားကို နားမလည် သဘောမပေါက်သကဲ့ သို့ပင်ဖြစ်၏။ ဗောဓိဓမ္မ၏ အမြင်သည် အတ္တဒိဋ္ဌိကို ခွာချထားပြီးသူ၏ အမြင်ဖြစ်လေရာ အတ္တနှင့် လုံးထွေးရစ်ပတ်နေရသော ဘုရင်ဂူတိအတွက် ဆန်းကြယ်သော စကားထူးတို့သာ ဖြစ်နေခဲ့ပေလိမ့်မည်။

ဗောဓိဓမ္မသည် ဧကရာဇ်ဂူတိနှင့် ဆုံတွေ့ပြီးနောက်တွင် ဘုရင်ကြီးက သူ၏ ဓမ္မကို နားမလည်သောကြောင့် ယန်စီမြစ်ကြီးကို ကောက်ရိုးတစ်မျှင်ဖြင့် ဖြတ်ကူးခဲ့သည်ဟုဆို၏။ ဗောဓိဓမ္မနှင့်ပတ်သက်သည့် သမိုင်းအထောက်အထားများမှာ လွန်စွာမှ ရှားပါးနေပြီး အတည်မပြုနိုင်သော ဖြစ်ရပ်များလည်း ပါဝင်နေခဲ့၏။ သူ၏ တရားဓမ္မကို ဆန့်ကျင်သူများက သူ့အသက်ကို ခြောက်ကြိမ်တိုင်အောင် အဆိပ်ခတ်လုပ်ကြံသော်လည်း သေဘေးမှ လွတ်မြောက်ခဲ့သည်ဟုဆို၏။ ဗောဓိဓမ္မသည် တရုတ်ပြည်တောင်ပိုင်းတွင် အတန်ကြာအောင် နေထိုင်ခဲ့ပြီးနောက် တရုတ်ပြည် မြောက်ပိုင်းတွင် အနှစ်လေးဆယ်ခန့် နေထိုင်၍ ချန်ဗုဒ္ဓဓမ္မကို အခြေချစေခဲ့သည်ဟု ဆိုကြ၏။ အေဒီ ၅၁၆ မှ ၅၂၆ အထိ လိုယန် ဒေသအနီးမှ ယွန်နင်ရှုကျောင်းတိုက်တွင် သီတင်းသုံးခဲ့သေးကြောင်း သိရှိရ၏။ ထို့နောက် ဝေပြည်နယ်ရှိ ရှောင်

၁၁၇။ D.T. Suzuki, *Essays in Zen Buddhism, First Series*- I. Grove Press Inc. (1961), p-189

လင်ကျောင်းတိုက်သို့ ရောက်ရှိခဲ့ပြီး ကျောက်နံရံကြီးကို ကိုးနှစ်တိတိ မမှိတ်သောမျက်လုံးတို့ဖြင့် စိုက်ကြည့်ကာ ကမ္မဋ္ဌာန်းဘာဝနာပွားခဲ့လေရာ သူ၏ ခြေထောက်များပင် သိမ်လှီခဲ့ရသည်ဟု ဆိုလေသည်။ ဗောဓိဓမ္မသည် သက်တော် (၁၅၀) ခန့် ကြီးရင့်ချိန် အေဒီ ၅၃၄ ဝန်းကျင်တွင် ကွယ်လွန်ခဲ့နိုင်ကြောင်း သူ၏ အတ္ထုပ္ပတ္တိ ဆရာတောက်ရှုန်က ဆိုထားပါသည်။[၁၁၈]

ချန်ဗုဒ္ဓဘာသာ သာသနာပိုင်များ

ဗောဓိဓမ္မထံမှ ချန်ဗုဒ္ဓဓမ္မတရားကို ဆက်ခံရရှိခဲ့သူမှာ ရှုန်ကွမ်းအမည်ရှိ ကွန်ဖြူးရှပ်ဝါဒီ အရာရှိတစ်ဦးဖြစ်၏။ ရှုန်ကွမ်းသည် ဗောဓိဓမ္မထံမှာ တပည့်ခံ၍ ဗုဒ္ဓဓမ္မ၏ အနှစ်သာရကို လေ့လာသင်ယူရုန် ရက်ပေါင်းများစွာ စောင့်ဆိုင်းနေခဲ့၏။ နှင်းများ ကျဆင်းနေသည့်တိုင်အောင် သူ၏ ထောက်ထားသော ဒူးခေါင်းမြုပ်သည်အထိ ဧရိယပဲကြီးစွာ ဆရာအရှင်၏ တုန့်ပြန်မှုကို စောင့်စားနေခဲ့၏။ နောက်ဆုံး ဗောဓိဓမ္မက ရှုန်ကွမ်းကို မေးမြန်းခဲ့၏။

ဗောဓိဓမ္မ။ ။ သင် ဘာကိုအလိုရှိသောကြောင့် စောင့်ဆိုင်းနေဘိသနည်း။

ရှုန်ကွမ်း။ ။ ဆရာအရှင်၏ သွန်သင်မှုကို ခံယူရုန်အတွက် တပည့်တော် စောင့်ဆိုင်းနေခဲ့ပါသည်။ အရှင်ဘုရား၏ ကရုဏာတံခါးကို ဖွင့်လှစ်တော်မူပါ အရှင်ဘုရား။

ဗောဓိဓမ္မ။ ။ ဓမ္မကျင့်စဉ်တို့၏ လမ်းတို့မည်သည် ခက်ခဲ၏။ ကာလရှည်ကြာစွာ ကျင့်ကြံအားထုတ်ပြီး သူတို့အတွက်သာ စွမ်းနိုင်သော ကိစ္စဖြစ်ချေ၏။ လူပျင်း လူညံ့တို့၏ အရာမဟုတ်ချေ။

ထိုအခါ ရှုန်ကွမ်းသည် မိမိ၏ဆောင်ခားဖြင့် မိမိ၏ ဘယ်ဖက်လက်ကို ဖြတ်ပြီး ဗောဓိဓမ္မအရှင်ကို ဆက်ကပ်လိုက်သည်ဟူ၏။

ဗောဓိဓမ္မ။ ။ ဤမျှနှင့်တော်သင့်ပေပြီ။ ငါ့တပည့်အဖြစ်ရရှိရုန်အတွက် နောက်တစ်ဖက် မလိုအပ်တော့ပြီ။

ရှုန်ကွမ်း။ ။ အရှင်ဘုရား တပည့်တော်၏ စိတ်ဝိညာဉ်သည် မငြိမ်းချမ်းနိုင်ပါ။ ငြိမ်းချမ်းအောင် ဆောင်ရွက်ပေးတော်မူပါ။

ဗောဓိဓမ္မ။ ။ သင်၏ စိတ်ဝိညာဉ်ကို ငါထံသို့ ဆောင်ယူလာလေလော့။ သင့်စိတ်ဝိညာဉ်ကို ငြိမ်းချမ်းအောင် ငါလုပ်ပေးမည်။

ရှုန်ကွမ်း။ ။ တပည့်တော်၏ စိတ်ဝိညာဉ်ကို တပည့်တော်ရှာဖွေနေခဲ့သည်မှာ

၁၁၈။ D.T. Suzuki, *Essays in Zen Buddhism, First Series*- I. Grove Press Inc. (1961), p-185

နှစ်ပေါင်းများစွာ ခဲ့သော်လည်း ယနေ့ထက်ထိတိုင်အောင် ရှာဖွေ၍ မတွေ့နိုင်သေးပါ အရှင်ဘုရား။

ဗောဓိဓမ္မ။ ။ သင့်၏စိတ်ကို သင် ရှာဖွေမတွေ့လျှင် အခုပင် သင့်စိတ်ဝိညာဉ်ကို ငြိမ်းချမ်းအောင် ငါလုပ်ပေးခဲ့ပြီး၊ပြီ။[၁၁၉]

ဗောဓိဓမ္မ၏ စကားအဆုံးတွင် ရုန်ကွမ်းသည် ဗောဓိဉာဏ်အလင်းပွင့်၍ တပည့်သာဝကအစစ်အဖြစ်သို့ ရောက်ရှိခဲ့လေ၏။ ဗောဓိဓမ္မက သူ့ကို ဟွိကီဟူသော အမည်သစ်ကိုပေးခဲ့၏။ ဤသို့နှင့် အချိန်ကာလ ကိုးနှစ်တာ ကြာညောင်းခဲ့လေ၏။ ဗောဓိဓမ္မနှင့် အတူနေထိုင်ကျင့်ကြံလျက်ရှိသော ဟွိကီလည်း တရားအသိဉာဏ်များ တိုးတက်လာခဲ့လေသည်။ ဗောဓိဓမ္မသည် မိမိနေရပ်သို့ ပြန်ကြွခါနီးတွင် သူ့၏ တပည့်သာဝကများကို ခေါ်တွေ့ပြီး ၄င်းတို့၏ တရားထူးအသိဉာဏ်မည်မျှရင့်ကျက် ခိုင်မာနေကြပြီဖြစ်ကြောင်း စစ်ဆေးမေးမြန်းခဲ့လေ၏။

တောက်ဖူ အမည်ရှိသော တပည့်က ဤသို့ဖြေကြား၏။

'အရှင်ဘုရား တပည့်တော်၏အမြင်တွင် အဆုံးစွန်သော သစ္စာတရားသည် အတ္ထိနှင့် နတ္ထိလက်ခံခြင်းနှင့် ငြင်းပယ်ခြင်း စသော အစွန်းတရားများမှ လွန်မြောက်လျက်ရှိနေပါသည်။'

ဗောဓိဓမ္မက 'သင် ငါ၏ အရေပြားကို ရရှိခဲ့ပြီ' ဟု မှတ်ချက်ပေး၏။

နောက်တစ်ဖန် ဆွန်ချီ အမည်ရှိသော ဘိက္ခုနီတစ်ပါးက ဤသို့ ဖြေကြား၏။

'အရှင်ဘုရား တပည့်တော်၏အမြင်တွင် အဆုံးစွန်သော သစ္စာတရားသည် အကွောဘဗုဒ္ဓရှင်တော်၏ အဘိရတိမည်သော ဗုဒ္ဓခေတ်ကို ရှင်အာနန္ဒာ ဖူးတွေ့ရသကဲ့သို့ ဖြစ်၏။ တစ်ကြိမ်သာ မြင်တွေ့နိုင်ပြီး နောက်ထပ်တစ်ကြိမ် ဖြစ်ပွားရိုးမရှိပါ။'

ဗောဓိဓမ္မက 'သင် ငါ၏အသားကို ရရှိခဲ့ပြီ' ဟု မှတ်ချက်ပေး၏။

နောက်တစ်ဖန် တောက်ယျ။အမည်ရှိသော တပည့်က ဤသို့ဖြေကြားပြန်၏။

'အရှင်ဘုရား တပည့်တော်၏ သိမြင်နားလည်မှုတွင် မဟာဘုတ်ဓာတ်ကြီးလေးပါးသည် အတွင်းအနှစ်သားမရှိ ပကတိ သုညတာတရားများသာ ဖြစ်ပါသည်။ ငါးပါးသော ဥပါဒါနက္ခန္ဓာ တို့သည်လည်း အမှန်တကယ် မတည်ရှိနေပါ။'

ဗောဓိဓမ္မက 'သင် ငါ၏ အရိုးကို ရရှိခဲ့ပြီ' ဟု မှတ်ချက်ပေး၏။

နောက်ဆုံးအလှည့်သည် ဟွိကီ အတွက်ဖြစ်၏။ ဟွိကီသည် စကားလည်းမဆိုပဲ ဗောဓိဓမ္မကိုသာ ငြိမ်သက်စွာ ရှိခိုးဦးချပြီး တိတ်ဆိတ်စွာ ထိုင်နေခဲ့၏။

၁၁၉။ **D.T. Suzuki, *Essays in Zen Buddhism, First Series*- I. Grove Press Inc. (1961), p-190**

ထိုအခါ ဗောဓိဓမ္မက 'သင် ငါ၏ ရိုးတွင်းချဉ်ဆီကို ရရှိခဲ့ပြီဟု မှတ်ချက်ပေးခဲ့လေ၏။ ထို့အပြင် ဗောဓိဓမ္မသည် ဟွိကီကို ချန်ဗုဒ္ဓဘာသာ၏ ဒုတိယသာသနာပိုင်အဖြစ် မိမိ၏သင်္ကန်းနှင့် သပိတ်ကို လွှဲပြောင်းပေးအပ်ခဲ့၏။ ဟွိကီသည် ဗောဓိဓမ္မမရှိတော့သည့်ကာလတွင် ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာနေသော ဘိက္ခုရဟန်းတစ်ပါးအဖြစ် ရှင်သန်ခဲ့၏။ ဟွိကီသည် ဗောဓိဓမ္မထံမှ သင်ကြားရရှိခဲ့သော လင်္ကာဝတာရသုတ္တန်ကို အခြေခံ၍ အရာခပ်သိမ်းသည် အခြေခံ မနောဓာတ် တစ်ခုတည်းမှ ဖြစ်ပေါ်လာသည်ဟူသော ဧကတ္ထဝိညာဏဝါဒအမြင်ကို သင်ကြားပေးခဲ့လေသည်။ ဟွိကီသည် မိမိ၏ အယူအမြင် မတူညီမှုကြောင့် အကွပ်မျက်ခံခဲ့ရသည်ဟု ဒေါက်ဆာဆူဇူကီးက ဆိုပါသည်။ သူကွယ်လွန်ချိန်တွင် ဟွိကီသည် သက်တော် (၁၀၇) ရှိနေခဲ့ပြီ ဖြစ်လေသည်။[၅၆၀]

ဆန်ဇန်သည် ဟွိကီကိုဆက်ခံခဲ့သော တတိယမြောက် ချန်ဗုဒ္ဓဘာသာ သာသနာပိုင်ဖြစ်၏။ ဆန်ဇန်သည် လူဝတ်ကြောင်ဘဝက နူနာရောဂါစွဲကပ်နေသော လူတစ်ယောက်ဖြစ်ခဲ့၏။ သူသည် ဟွိကီနှင့် ဆုံတွေ့သောအခါ သူ့ထံတွင် ခံစားနေရသော ဝေဒနာနှင့် အပြစ်ဒုစရိုက်များကို ဆေးကြောသန့်စင်ပေးပါရန် တောင်းပန်ခဲ့၏။ ဟွိကီက သူ၏ အပြစ်ဒုစရိုက်များကို သူ့ထံယူလာရန် မေးသောအခါ ဆန်ဇန်က သူမယူနိုင်ကြောင်း သူ၏အပြစ်များကို ရှာဖွေမတွေ့ကြောင်း ဖြေကြား၏။ သင်၏ အပြစ်ဒုစရိုက်များကို သင်ရှာမတွေ့နိုင်လျှင် ၄င်းအပြစ်ဒုစရိုက်တို့ကို ငါ ဆေးကြော သန့်စင်ပေးပြီးပြီဟု ဟွိကီက ဖြေကြားခဲ့လေရာ ထိုစကားတစ်ခွန်းတည်းနှင့်ပင် ဆန်ဇန်လည်း ဉာဏ်အလင်းရခဲ့လေသည်။ သူ၏ နူနာရောဂါမှလည်း ပျောက်ကင်းခဲ့၏။ ဟွိကီက ဆန်ဇန်ကို ဗုဒ္ဓ ဓမ္မနှင့် သံဃဟူသော ရတနာသုံးပါးတွင် ထောက်တည်ရန် ညွှန်ကြားခဲ့၏။ စိတ်၏ ပကတိသဘာဝသည်ပင် ဗုဒ္ဓနှင့် ဓမ္မဖြစ်ကြောင်းကိုလည်း လင်းပြခဲ့၏။ ဟွိကီသည် ဆန်ဇန်ကို ရဟန်းပြုပေးခဲ့ပြီးနောက် သာသနာပိုင် အရိုက်အရာကို လွှဲပေးခဲ့လေသည်။ ဆန်ဇန်၏ ဟောကြားသွန်သင်ချက်များအနက် **ရှင်ရှင်မင်း** (စိတ်၏ ပကတိသဘာဝ၌ သက်ဝင်ယုံကြည်ခြင်း) ဟူသော ကဗျာရှည်ကြီးသည် အလွန်ထင်ရှားပြီး ချန်ဗုဒ္ဓဓမ္မ၏ အဆိုအနှစ်ဟူသမျှကို စုစည်းထားသကဲ့သို့ ဖြစ်လေ၏။[၅၆၁]

စတုတ္ထမြောက် ချန်ဗုဒ္ဓဘာသာ၏ သာသနာပိုင်မှာ တောက်ဆင် (အေဒီ ၅၈၀-၆၅၁) ဖြစ်သည်။ တောက်ဆင်၏ လက်ထက်တွင် ချန်ဗုဒ္ဓဘာသာ၏ အသွင်

၅၆၀။ D.T. Suzuki, *Essays in Zen Buddhism, First Series*- 1. Grove Press Inc. (1961), p-192

၅၆၁။ D.T. Suzuki, *Essays in Zen Buddhism, First Series*- 1. Grove Press Inc. (1961), p-196-201

မှာ ပြောင်းလဲခဲ့၏။ တောက်ဆင်သည် ရှေးယခင်က ချန်သာသနာပိုင်များကဲ့သို့ ဒေသစာရီ ကြွချီလှည့်လည်နေခြင်း မပြုတော့ဘဲ တစ်နေရာတည်းတွင် စတင် အခြေချနေထိုင်ခဲ့သည် ပထမဆုံး ချန်သာသနာပိုင် ဖြစ်လေသည်။ သူ့ဆရာသခင် ဆန်ဇန်နှင့် ခွဲခွာပြီးနောက် တောက်ဆင်သည် လှူဖူတောင်ပေါ်တွင် (၁၀) နှစ်တာ ကာလခန့် သီတင်းသုံး နေထိုင်ခဲ့သေး၏။ တောက်ဆင်သည် ရောင်ဖန်းတောင်ပေါ်သို့ နောက်ဆုံး ပြောင်းရွှေ့သီတင်းသုံးကာ နှစ်ပေါင်း ၃၀ ခန့်နေထိုင်ပြီး ချန်ဗုဒ္ဓဘာသာ ရဟန်းတော် ၅၀၀ ခန့်ကို လေ့ကျင့်သင်ကြားပေးခဲ့၏။

တောက်ဆင်သည် အလွန်သန်စွမ်းမာကျောသော ကိုယ်ရည်ကိုယ်သွေးရှိသူ အဖြစ် သမိုင်းမှတ်တမ်းများက ဆိုကြ၏။ တောက်ဆင်၏ လက်ထက်တွင် ချန်သာသနာသည် အတည်တကျ နေထိုင်သော ကျောင်းတိုက်များရှိလာသဖြင့် မြို့နေလူတန်းစားများနှင့်လည်း ထိတွေ့ဆက်ဆံမှုများ ရှိလာသလို ချန်ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင် ကျင့်ကြံသူလည်း တိုးတက်လာခဲ့၏။ ရဟန်းသံဃာ ဦးရေတိုးတက်လာသည့်အတွက် အစားအသောက်အတွက် အခက်အခဲ ကြုံလာသောကြောင့် ရဟန်းတော်များသည် ပြင်ပလောကသို့ထွက်၍ အလုပ်လုပ်ကိုင်လျက် ကျောင်းတိုက်များကို ထောက်ပံ့ရသည့် အခြေအနေ ဖြစ်လာခဲ့၏။ ထိုအခါ ချန်ဗုဒ္ဓဘာသာ၏ အသွင်သဏ္ဌာန်သည် လောကီလူမှုဘဝအတွင်းဌိပင် ရှင်သန်နိုင်သော ဓမ္မတရား တစ်ခုအဖြစ် ပြောင်းလဲလာခဲ့လေသည်။ ရဟန်းများသည် ချန်ဗုဒ္ဓဘာသာ ဘာဝနာတရားများကို ကျောင်းတိုက်အတွင်းတွင်သာမက အလုပ်လုပ်ကိုင်နေရသော လူမှုဘဝထဲတွင်ပင် အသုံးချကာ သတိဖြင့် နေထိုင်ကျင့်ကြံနိုင်သူများ ဖြစ်လာခဲ့လေသည်။

တောက်ဆင်သည် နှောင်းကာလ ဂျပန်ဇာန်ဗုဒ္ဓဘာသာတွင် ထွန်းပြောင်ခဲ့သော ဒိဂန်ကဲ့သို့ပင် ကမ္မဋ္ဌာန်းဘာဝနာ၌ အထူးမွေ့လျော်သူဖြစ်၏။ တောက်ဆင်သည် နှစ်ပေါင်းခြောက်ဆယ်တိုင်အောင် တစ်ကြိမ်တစ်ခါမျှ လျောင်းစက်နားနေခဲ့ဖူးခြင်း မရှိကြောင်း မှတ်တမ်းများက ဖော်ပြကြလေသည်။ တောက်ဆင်နှင့် သူ၏ တပည့်သာဝကတစ်ဦးတို့ တွေ့ဆုံပုံမှာ မှတ်သားဖွယ်ကောင်းလှ၏။ ဖဂ္ဂုန်ဆိုသည့် ရသေ့တစ်ပါးသည် နိတူတောင်ပေါ်တွင် သီတင်းသုံးနေထိုင်ပြီး ထိုရသေ့သည် အကျင့်ပြင်းထန်ကြောင်း ကျော်ကြားထင်ရှားသူလည်း ဖြစ်လေသည်။ ဖဂ္ဂုန်သည် မိမိ တရားထိုင်နေရာမှ မည်သူလာလာ မထပဲ ဂရုမစိုက်ဘဲ ထိုင်မြဲထိုင်နေတတ်သူ ဖြစ်၏။ တောက်ဆင် ရောက်ရှိလာသော်လည်း ရသေ့ကြီးဖဂ္ဂုန်သည် အလျင်းဂရုမပြုဘဲ ထိုင်မြဲထိုင်နေလေသည်။ တောက်ဆင်က အသင်ရသေ့ ဘာလုပ်နေသနည်း

ဟုမေးသောအခါ ဖဂ္ဂုန်က စိတ်၏ပကတိသဘာဝကို အာရုံပြုနေကြောင်း ဖြေကြားခဲ့၏။ တောက်ဆင် က တရားရှုမှတ်နေသူသည် ဘယ်သူနည်း အရှုမှတ်ခံ စိတ်၏ ပကတိသဘာဝသည် အဘယ်အရာနည်းဟူ၍ ထပ်ဆင့်မေးခွန်းထုတ်လေရာ ဖဂ္ဂုန်လည်း ဤသူသည် သာမညောင်ညလူသားတော့ မဟုတ်တန်ရာဟုယူဆပြီး မိမိအဓိဋ္ဌာန်ကိုဖျက်၍ ထိုင်ရာမှ ထလာ၏။ တောက်ဆင်ကိုလည်း နေရာထိုင်ခင်းပေးပြီး မိတ်ဆက်စကား ပြောကြရာမှ နာမည်ကြီး ချန်သာသနာပိုင် တောက်ဆင်မှန်းသိရှိသွားလေ၏။ ဖဂ္ဂုန်၏ ကျောင်းသခ်ိမ်းတွင် ကျားများ၊ ကျားသစ်များ၊ ဝံပုလွေများ ဥဒဟို ဝင်ထွက်သွားလာနေပုံကို တောက်ဆင်မြင်လေသောအခါ လက်ကိုမြှောက်၍ ကြောက်ရွံ့ဟန်ပြု၏။ ဖဂ္ဂုန်က တောက်ဆင်ကို သင့်ထံမှာ ဤအရာရှိနေသေးသလား ဟု မေးခွန်းထုတ်သောအခါ သင်ဘာကိုမြင်သနည်းဟု တောက်ဆင်ကပြန်မေး၏။ ထိုမေးခွန်ကို ဖဂ္ဂုန်က ဘာမျှပြန်မပြောချေ။ ထို့နောက် တောက်ဆင်သည် ဖဂ္ဂုန်တရားထိုင်ရာကျောက်တုံးပေါ်တွင် ဗုဒ္ဓဟူသော စာလုံး ရေးထွင်းထားသည်ကို တွေ့ရလေသောအခါ အံ့သြဟန်ဖြင့် ဖဂ္ဂုန်ကို သင့်ထံမှာ ဤအရာရှိနေသေးသလားဟု (ဖဂ္ဂုန်မေးသည့်အတိုင်း) မေးလေ၏။ မေးခွန်း၏ အနက် အဓိပ္ပာယ်ကို ဖဂ္ဂုန်က နားမလည်ချေ။ မိမိကို ဗုဒ္ဓဓမ္မ၏ အနက်ရှိုင်းဆုံး အဓိပ္ပာယ်ကိုသာ သင်ကြားပေးရန် တောက်ဆင်ကို တောင်းပန်ခဲ့လေသည်။ ဤသို့ဖြင့် ဖဂ္ဂုန်သည် တောက်ဆင်၏ သာဝက တစ်ပါးဖြစ်လာခဲ့ပြီး နိတူ ချန်ဗုဒ္ဓဘာသာ ဂိဏ်းကွဲတစ်ခုကို တည်ထောင်သူဖြစ်လာခဲ့၏။ နိတူဂိဏ်းမှာ ကြာရှည်စွာ မတည်ရှိဘဲ ပျောက်ကွယ်ခဲ့သောဂိဏ်းတစ်ခုဖြစ်၏။[၅၆၂]

သို့သော်လည်း ဤဂိဏ်းကို ဂျပန်ဘုန်းတော်ကြီး ဒန်ဂျိုဒိုင်းရှိ (၇၆၇-၈၂၂) က ဂျပန်ပြည်သို့ ဆောင်ယူလာခဲ့ပြီး ဆက်လက်ရှင်သန်ခဲ့သည်။ ဤဂိဏ်း၏ အဓိကကျင့်စဉ်မှာ အရှင် နာဂဇုန၏ သုညတာ ဒဿနကို အခြေခံသည့် သုညတဝါဟာရဘာဝနာ (အတွင်းအနှစ်သား ဆိတ်သုဉ်းမှုသဘာဝကို ရှုပွားသော ကမ္မဋ္ဌာန်း) ဖြစ်၏။[၅၆၃]

ဆဋ္ဌမမြောက်ချန်သာသနာပိုင် ဟွိုနင်း

တောက်ဆင်ထံမှ ချန်ဗုဒ္ဓသာသနာပိုင် အရိုက်အရာကိုဆက်ခံသူမှာ ပဉ္စမမြောက်ချန်သာသနာပိုင် ဟွန်ဂျင်း (အေဒီ ၆၀၁-၆၇၄) ဖြစ်၏။ ဟွန်ဂျင်းသည် ချန်ဗုဒ္ဓဓမ္မနှင့် ပတ်သက်၍ ဝဇိရစ္ဆေဒိကာ ပညာပါရမိတာသုတ္တန်ကို အခြေခံ၍ ဖွင့်ဆိုခဲ့သော

၅၆၂။ D.T. Suzuki, *Essays in Zen Buddhism, First Series*- I. Grove Press Inc. (1961), p-202-203

၅၆၃။ Heinrich Dumoulin, *A History of Zen Buddhism*. Boston,1963, p-81

ပထမဆုံးသာသနာပိုင် ဖြစ်သည့်အပြင် သူ၏လက်ထက်တွင် ကိုအန် အမေးပုစ္ဆာများဖြင့် တရားပြသည့် နည်းစနစ် စတင် ထွန်းကားခဲ့၏။ ဟွန်ဂျင်းသည် အသက် (၆) နှစ် အရွယ် လူမမယ် ကလေးဘဝကပင် တောက်ဆင်၏ ကျောင်းတိုက်သို့ ရောက်ရှိကာ သာသနာ့ဘောင်သို့ဝင်ရောက်ခဲ့၏။ ဆရာအရှင်တောက်ဆင် မရှိတော့သည့် နောက်တွင် ဟွန်ဂျင်းသည် ပင်းယွန်တောင်သို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။ ဟွန်ဂျင်းလက်ထက်တွင် ချန်ဗုဒ္ဓဘာသာအတွင်း ဂိုဏ်းကွဲမှုများစတင် ဖြစ်ပွားခဲ့သည်ဟု ဆိုကြ၏။

ရင်ပြင်တော်သုတ္တန်ဒေသနာ၏ အလိုအရ ဟွိနင်းသည် အဆင့်မြင့် မင်းမှူထမ်း အမတ်ကြီးတစ်ပါး၏ သားဖြစ်၏။ သူငယ်စဉ်ကပင် သူ၏ ဖခင်မှာ ရာထူးမှဖယ်ရှားခံရပြီး နောက်မကြာခင် သေဆုံးခဲ့ရ၏။ ဖတဆိုးလေး ဟွိနင်းသည် မိခင်မုဆိုးမကြီးနှင့် အတူ တရုတ်ပြည်တောင်ပိုင်းတွင် ဆင်းရဲချို့ငဲ့စွာ ထင်းရောင်းရင်း အသက်မွေးရရှာ၏။ စာမတတ်သော်လည်း ဘဝအတွေ့အကြုံ အသိအမြင်များက သူ့ကို ရင့်ကျက်စေခဲ့၏။ တစ်နေ့သ၌ လူစိမ်းတစ်ဦး ရွတ်ဆိုနေသော ဝဇိရစ္ဆေဒိကာ ပညာပါရမိတာသုတ္တန်ကို ကြားနာမိရင်း သူ့စိတ်နှလုံးဝယ် သစ္စာတရားကို ထိုးထွင်းသိမြင်သော ဉာဏ်အမြင် ဖြစ်ပေါ်ခဲ့၏။ ထိုလူစိမ်းသည် ပဉ္စမမြောက် ချန်သာသနာပိုင်ဆရာတော်ကြီး ဟွန်ဂျင်း၏ တပည့်သာဝကတစ်ဦး ဖြစ်မှန်းသိရသောအခါ ဟွိနင်းသည် ဟွန်ဂျင်းကို ဖူးမြင်လိုစိတ် ပြင်းပြစွာဖြစ်ခဲ့သဖြင့် မိခင်ကို နှုတ်ဆက်ထားရစ်ခဲ့ပြီးနောက် ဟွန်ဂျင်း ဆရာတော် သီတင်းသုံးနေထိုင်ရာ ဟွားမေကျောင်းတိုက်သို့ ခရီးထွက်ခဲ့လေသည်။ ဟွိနင်းနှင့် ဟွန်ဂျင်းတို့ နှစ်ဦးသား တွေ့ဆုံခန်းသည် စိတ်ဝင်စားဖွယ်ကောင်းလှ၏။

ဟွိနင်းက မိမိကိုယ်ကို ဤသို့စတင်မိတ်ဆက် ခဲ့၏။

"အရှင်ဘုရား တပည့်တော်၏ အမည်မှာ ဟွိနင်း ဖြစ်ပါသည်။ ရှင်ချို့အရပ်မှ လယ်သမားတစ်ဦး ဖြစ်ပါသည်။ ဗောဓိဉာဏ်ရရှိရန် ရည်စူး၍ အရှင်ဘုရား၏ ကျောင်းတိုက်သို့ ရောက်ရှိလာရခြင်း ဖြစ်ပါသည် အရှင်ဘုရား။"

ထိုအခါ ဟွန်ဂျင်းက *"ကောင်းပြီ။ သင်သည် တောင်ပိုင်းသားတစ်ဦး ဖြစ်ပေ လိမ့်မည်။ အမှန်စင်စစ် တောင်ပိုင်းသားတို့တွင် ဗုဒ္ဓသဘာဝ မကိန်းဝပ်နိုင်ပေ။ ထို့ကြောင့် တောင်ပိုင်းသားဖြစ်သော သင်သည် မည်သို့ ဗောဓိဉာဏ် ရရှိနိုင်ပေမည်နည်း။"* ဟု ပြန်ပြောလေ၏။

ဟွိနင်း က ဤသို့ပြန်လည်လျှောက်ထားခဲ့လေ၏။

"အရှင်ဘုရား လောကီသဘာဝတွင် တောင်ပိုင်းသားနှင့် မြောက်ပိုင်းသား

ဟူ၍ ခွဲခြားနိုင်ပါသည်။ သို့သော် လောကုတ္တရာဖြစ်သော ဗုဒ္ဓသာဘာဝထဲတွင် တောင်ပိုင်းသားနှင့် မြောက်ပိုင်းသား ဟူ၍ ကွဲပြားခြင်း အလျှင်းမရှိနိုင်ပါ။"

ဟွိုနင်း၏ ရဲရဲတောက်အဖြေကို ကြားရသောအခါ ဟွန်ဂျင်းလည်း ကျေနပ်သွားပြီး တောက်မည့်မီးခဲ တရဲရဲ ဆိုသကဲ့သို့ အသိပညာ ထက်မြက်သော ဟွိုနင်းကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးရန် ဆုံးဖြတ်ခဲ့လေ၏။

တစ်နေ့တွင် ဟွန်ဂျင်းသည် မိမိ ကျောင်းတိုက်အတွင်းရှိ တပည့်သာဝကများကို မိမိတို့ တရားအသိအမြင်ကို ထင်ဟပ်သည့် ကဗျာများ ရေးစပ်သီကုံးကြရန် အမိန့်ထုတ်ခဲ့၏။ ချန်ဗုဒ္ဓသာသနာကို ဆက်ခံနိုင်မည့် အရည်အသွေးရှိသော တပည့်ကို ရှာဖွေလိုသောကြောင့်လည်းဖြစ်၏။ ထိုအချိန်၌ ဟွန်ဂျင်းထံတွင် ပညာဆည်းပူးနေသော ရှန်ရှူအမည်ရှိ တပည့်သာဝကတစ်ဦး ရှိလေသည်။ ရှန်ရှူသည် အသိဉာဏ်ထက်မြက်ပြီး တရားဓမ္မအသိအမြင်လည်း အလွန်နက်ရှိုင်းသူ ဖြစ်ကြောင်း အများက လက်ခံကြသူဖြစ်၏။ ရှန်ရှူက အောက်ပါ ဓမ္မကဗျာလေးကို ရေးသား၍ နံရံပေါ်တွင် ကပ်ထားခဲ့၏။

"ကိုယ်ခန္ဓာသည် ဗောဓိပင် ဖြစ်၏။
စိတ်သည်ကား ကြေးမုံတစ်ချပ်ဖြစ်၏။
စိတ်ကြေးမုံကို အမြဲတိုက်ချွတ်သန့်စင်စေခြင်းဖြင့်
မြူတစ်မှုံမျှ မကပ်ငြိအောင် အားထုတ်ပါလေ။"[၅၆၄]

ကျောင်းတိုက်ရှိ ရဟန်းတော်အများက ရှန်ရှူ၏ ကဗျာကို နှစ်သက်ကြသည့်အပြင် ဆဋ္ဌမမြောက်ချန် သာသနာပိုင် အရိုက်အရာကိုလည်း ရှန်ရှူ ကိုသာလွဲပြောင်းပေးလိမ့်မည်ဟု ထင်မှတ်ခဲ့ကြ၏။ ဟွန်ဂျင်းကိုယ်တိုင်လည်း ရှန်ရှူ၏ ကဗျာကို လူပုံအလယ်တွင် ချီးကျူးခဲ့၏။ သို့သော်လည်း ရှန်ရှူအနေဖြင့် တရားအသိအမြင် တိုးတက်အောင် ဆက်လက် ကြိုးစားရန် လိုနေသေးကြောင်း နှစ်ကိုယ်ကြား မိန့်မြွက်ခဲ့လေ၏။

ထိုအချိန်တွင် ဟွန်ဂျင်း၏ ကျောင်းတိုက်တွင် ရောက်ရှိနေသော ဟွိုနင်းအတွက် အခွင့်အရေးတစ်ရပ် ဖြစ်ပေါ်လာခဲ့လေ၏။ ဟွိုနင်းသည် စာပေမတတ်သော ကျေးတောသားလေးဖြစ်ပြီး ကျောင်းတိုက်သို့ရောက်နေသည်မှာ တစ်နှစ်ပင် မပြည့်တတ်သေးပေ။ ထင်းခွဲရေခပ် မောင်းထောင်းဆန်ဖွတ်စသော အလုပ်ကြမ်းမျိုးစုံလုပ်ရ၏။ ဤ ကျေးတောသားလေးသည် စာမတတ်သော်လည်း ပညာဉာဏ် ပဋိဘာန်ကြီးကြောင်း ဟွန်ဂျင်းက လေ့လာမိထားပြီးဖြစ်၏။ ဟွိုနင်းသည် လူအများ

၅၆၄။ **D.T. Suzuki, *Essays in Zen Buddhism, First Series*- I. Grove Press Inc. (1961), p-206**

အုံးအုံးကြွက်ကြွက် ချီးမွမ်းကြသော ရှုန်ရှု၏ ဓမ္မကဗျာကို စာမဖတ်တတ်သောကြောင့် အဓိပ္ပာယ်နားမလည်ပေ။ ထို့ကြောင့် ရဟန်းတစ်ပါးကို ဖတ်ခိုင်း၍ ဓမ္မကဗျာ၏ အနှက်ကို သဘောပေါက် နားလည်လာရ၏။ ရှင်ရှုကို ဟွန်ဂျင်းက ရှုမြင်သကဲ့သို့ ဟွိုနင်းကလည်း ရှုမြင်၏။ ရှုန်ရှု၏ တရားအသိဉာဏ်သည် တိုးတက်ရန်လိုသေးကြောင်း သဘောပေါက်၍ ဤကဗျာကို တုန့်ပြန်သည့်အနေဖြင့် သူလည်း ကဗျာတစ်ပုဒ် ရေးလိုက်၏။ စာရေးတတ်သော ရဟန်းကပင် သူ့ကို ကူညီရေးသားပေးပြီး ရှုန်ရှု၏ ကဗျာနံဘေးတွင် ကပ်ထားခဲ့၏။ ကျေးတောသားလေး ဟွိုနင်း၏ ဓမ္မကဗျာအသစ်မှာ ဤသို့ဖြစ်၏။

"ဗောဓိ ဉာဏ်ပညာဟူသည် သစ်ပင်တစ်ပင်မဟုတ်ချေ။
စိတ်ကြေးမုံဟူသည်လည်း မည်သည့်နေရာတွင်မှ တည်မနေပေ။
နဂိုမူလအစကတည်းက မည်သည့်အရာမျှ အမှန်တကယ်မရှိသည်မို့
မည်သည့်နေရာတွင် ဖုန်မှုန့်များ ကပ်ငြိနိုင်ပေလိမ့်မည်နည်း။"[၅၆၅]

ထိုကဗျာကို တွေ့သောအခါ ဟွန်ဂျင်းသည် ဟွိုနင်းရေးသားကြောင်း ကောင်းစွာ ရိပ်မိသောကြောင့် ညဖက်တွင် သူ့အခန်းသို့ တိတ်တဆိတ် ခေါ်ယူတွေ့ဆုံပြီး ဟွိုနင်းကို သာသနာပိုင် အရိုက်အရာဆက်ခံရန် သင်္ကေတများဖြစ်သော သပိတ်နှင့် သင်္ကန်းတို့ကို ပေးခဲ့၏။ ရှုန်ရှုနှင့် အပေါင်းအပါ ရဟန်းများက ရန်ပြုမည်ကို စိုးရိမ်သောကြောင့် မိုးမလင်းခင် ယန်စီမြစ်ကို ဖြတ်ကူး၍ တောင်ဖက်သို့ သွားရန်လည်း မှာကြားခဲ့၏။

ဟွန်ဂျင်း၏ကျောင်းတိုက်မှ ဟွိုနင်းထွက်ခွာသွားပြီး သုံးရက်ခန့်ကြာသော အခါ ဟွိုနင်းကို သာသနာပိုင် အရိုက်အရာကို လွှဲအပ်လိုက်ကြောင်း ရဟန်းများ သိရှိသွားကြ၏။ မင်း အမည်ရှိသော ရဟန်းတစ်ပါးက ဦးဆောင်၍ အုပ်စုဖွဲ့ကာ ဟွိုနင်းကို လိုက်လံရှာဖွေခဲ့ကြရာတွင် တောင်ကြားလမ်းတစ်ခုတွင် ဟွိုနင်းနှင့် ဆုံတွေ့ခဲ့ကြ၏။ မင်း ရဟန်းတော်က ဟွိုနင်းထံမှ ဗောဓိဓမ္မ၏ သင်္ကန်းကို ပြန်လည်တောင်းယူသောအခါ ဟွိုနင်းက သင်္ကန်းကို ကျောက်တုံးတစ်တုံးပေါ်တွင် တင်ထားလိုက်ပြီး "ဤသင်္ကန်းသည်ကား ချန်သာသနာ၏ အရိုက်အရာကို ဆက်ခံသည့် သင်္ကန်းမြတ် ဖြစ်၏။ သင်နှင့် ထိုက်တန်ပါက သင်ယူသွားပါလေ" ဟု ပြောဆိုခဲ့၏။ မင်း ရဟန်းတော်လည်း သင်္ကန်းကို ကြိုးစား၍ မ-ယူသော်လည်း သင်္ကန်းမှာ တောင်ကြီးတစ်လုံးပမာ လေးလံနေသောကြောင့် မယူရန် မဖြစ်နိုင်ပေ။ ထိုအခါမှ မင်း ရဟန်းတော်နှင့် နောက်လိုက် နောက်ပါတို့သည် ဆဋ္ဌမသာသနာပိုင် ဟွိုနင်း

၅၆၅။ D.T. Suzuki, *Essays in Zen Buddhism, First Series*- I. Grove Press Inc. (1961), p-207

ကို ဦးညွှတ်အရိုအသေပြုကြပြီး မိမိတို့၏အပြစ်ကို ခွင့်လွှတ်ပေးပါရန်နှင့် ဓမ္မတရားများ ဟောကြားပေးတော်မူပါရန် လျှောက်ထား တောင်းပန်ခဲ့ကြ၏။ ဟွိနင်းက *"သင်တို့ မကောင်းမှုကိုလည်း မစွဲလမ်းကြနှင့်။ ကောင်းမှုကိုလည်း မစွဲလမ်းကြနှင့်။ သင်တို့ မမွေးဖွားမီကတည်းက တည်ရှိနေခဲ့သော သင်တို့၏ ပကတိ မူလမျက်နှာကိုသာ တွေ့မြင်အောင် ရှာဖွေကြပါလေ"* ဟူ၍ မိန့်ကြားခဲ့၏။ ဟွိနင်း၏ တရားမှာ တိုတောင်းသော်လည်း အလွန်ကြွယ်ဝနက်နဲသော ဓမ္မအဓိပ္ပာယ်တို့ဖြင့် ပြည့်နေလေ၏။ အဆုံးစွန်သော အရှိတရားကို ကိုယ်စားပြုနေသည့် **"မမွေးဖွားမီကတည်းက တည်ရှိနေခဲ့သော သင်တို့၏ ပကတိမူလမျက်နှာ"** ဟူသော နိမိတ်ပုံ အသုံးအနှုန်းသည် ချန်ဗုဒ္ဓဘာသာ၏ သမိုင်းတစ်လျှောက် ယနေ့ခေတ်အထိတိုင်အောင် ဆက်လက်ပဲ့တင်ထပ်နေခဲ့ပါ၏။ အမှန်စင်စစ် မိမိ၏ ပကတိမူလမျက်နှာ ဆိုသည်မှာ ယောဂါစာရဗုဒ္ဓဒဿန၏ **အမလဝိညာဏ်**ပင် ဖြစ်လေသည်။

ဟွိနင်း၏ လက်ထက်မှစတင်၍ ချန်ဗုဒ္ဓဘာသာသည် တရုတ်လူမှုအဖွဲ့အစည်းတွင် လူသိများထင်ရှားလာခဲ့၏။ ဟွိနင်းဟောကြားခဲ့သည့် ရင်ပြင်တော်သုတ္တန် **ဒေသနာ**ဟု အမည်ရသော တရားတော်သည် အထူးထင်ရှား၏။ ဤသုတ္တန်ဒေသနာတွင် ဟွိနင်းသည် သမာဓိနှင့် ပညာ (သမထ နှင့် ဝိပဿနာ) တို့ကို အစုံလိုက်ပြိုင်တူရင့်ကျက်အောင် ပွားများရမည့်အကြောင်း ဟောကြားခဲ့၏။

ဓမ္မပြဿနာများနှင့် ပတ်သက်၍ ဟွိနင်း၏ ချဉ်းကပ်ပုံမှာ ထူးခြားလှ၏။ တစ်ခါက ယင်ဆွန်း အမည်ရှိ ပညာတတ် ရဟန်းတော်တစ်ပါးသည် နိဗ္ဗာနသုတ္တန်ကို ဟောပြောပို့ချနေခဲ့၏။ ပရိသတ်ထဲမှ ရဟန်းအချို့က လေတိုက်၍ လှုပ်ရှားနေသောအလံနှင့် ပတ်သက်၍ အချေအတင် ငြင်းခုန်နေကြလေ၏။ ရဟန်းတစ်ပါးက လှုပ်နေသောအရာမှာ အလံဖြစ်ကြောင်း ပြော၏။ နောက်ရဟန်းတစ်ပါးက သဘောမတူချေ။ အလံသည် လှုပ်တတ်သော အရာမဟုတ် လေတိုက်သောကြောင့်သာ လှုပ်ဟန်ပြုနေခြင်းဖြစ်သောကြောင့် အမှန်တကယ် လှုပ်နေသည်မှာ လေဖြစ်ပြီး အလံမဟုတ်ဟု ဆို၏။ နောက်ရဟန်းတစ်ပါးက အလံရော လေပါ သက်မဲ့ပစ္စည်းများဖြစ်သောကြောင့် လှုပ်ရှားမှုဆိုသည်မှာ မဖြစ်နိုင်သော အရာဟုဆို၏။ အခြားရဟန်းတစ်ပါးကမူ လှုပ်ရှားခြင်းဟူသည်အကြောင်း အထောက်အပံ့တရားများ ရှိမှဖြစ်နိုင်ပါလိမ့်မည်ဟု သီအိုရီထုတ်ပြ၏။ ဤသို့ အငြင်းအခုန် ဖြစ်နေချိန်တွင် ဟွိနင်း ရောက်ရှိသွားပြီး သူက ပြဿနာ၏အဖြေကို ဤသို့ ဖြေရှင်းခဲ့၏။ လှုပ်ရှားနေသောအရာသည် အလံလည်းမဟုတ်၊ လေလည်းမဟုတ် စိတ်သဘာဝသာ ဖြစ်သည် ဟူသတည်း။[၅၆]

၅၆။ **D.T. Suzuki, *Essays in Zen Buddhism, First Series*- I. Grove Press Inc. (1961), p-212**

ဟွီနင်း၏ တစ်ချက်လွှတ်အဆုံးသတ်ပေးသော အဖြေကိုကြားရလေသော အခါ ယင်ဆွန်းသည် စိတ်ဝင်စားပြီး ဟွီနင်း မည်သူမည်ဝါ ဖြစ်သည်ကို စုံစမ်းမေးမြန်းသောအခါတွင် ဟွန်ဂျင်း၏ တပည့် ဆဋ္ဌမမြောက် ချန်သာသနာပိုင် ဖြစ်ကြောင်း သိရှိသွား၏။ ထိုအခါ ယင်ဆွန်းသည် ဟွီနင်းကို ဟွန်ဂျင်း၏ တရားဓမ္မအနှစ်ချုပ်ကို ဟောပြောပို့ချပေးပါရန် တောင်းပန်ခဲ့တော့၏။ ယင်ဆွန်းကို ဟောပြောမိန့်ကြားခဲ့သော ဟွီနင်း၏တရားသည် ရှေးဦးချန်ဗုဒ္ဓဘာသာ၏ အနှစ်ချုပ် ဓမ္မရတနာသဖွယ် ဖြစ်၏။ ဟွီနင်း၏ အလိုအရ အဆုံးစွန်သော ပရမတ္ထသစ္စာတရားသည် တစ်ပြန့်တည်း တစ်သားတည်း တစ်လုံးတစ်ဝတည်း ရှိနေသော စိတ်၏မူလပကတိသဘာဝ ဖြစ်သောကြောင့် ထိုအရှိတရားသည် မိမိ၏ ပင်ကိုယ်သဘာဝအားဖြင့် ဆန့်ကျင်ဘက် ဒွိတ္တသဘောများကို ကျော်လွန်နေ၏။ လူသား၏ ဘာသာစကားနှင့် ဝေါဟာရမှန်သမျှတို့သည် ဆန့်ကျင်ဘက်ဒွိတ္တသဘောများဖြင့် ဖွဲ့စည်းထားလေရာ အဆုံးစွန်သော ပရမတ္ထ သစ္စာတရားကို ဘာသာစကားအားဖြင့် ဆက်သွယ်ဖော်ပြရန် ကြိုးပမ်းမှု ဆိုသည်မှာ ပကတိ ဟင်းလင်းပြင်သဘာဝကို ကြိုးဖြင့် ချည်နှောင်ရန် ကြိုးစားဘိသကဲ့သို့ ဖြစ်ပေလိမ့်မည်။ သစ္စာတရားသည် လူတို့တီထွင်သုံးစွဲသော ဘာသာစကားနှင့် လူတို့ မှတ်တမ်းတင်ရေးသားထားသော အက္ခရာစာလုံးများ စာပေကျမ်းဂန်များ၏ အပြင်ဖက်တွင်သာ တည်ရှိနေပေလိမ့်မည်ဖြစ်၏။ ထို့ကြောင့် ချန်ဗုဒ္ဓဓမ္မသည် စာပေပရိယတ္တိ လေ့လာမှု တွေးခေါ်စဉ်းစားမှုများထက် တိုက်ရိုက် ကြည့်ရှုမှု ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်ကိုသာ အားပေး၏။

"ငါ၏ ဓမ္မသွန်သင်ချက်များ အားလုံးသည် (သတ္တဝါတို့၏) မူလပကတိသဘာဝ အရှိတရားကို အခြေခံသည်သာဖြစ်၏။ ဤ သစ္စာတရား၏ ပြင်ပြမှ ဟောပြောမှုမှန်သမျှသည် အမှန်ကိုမသိမှု (မောဟ) ကိုသာ ရောင်ပြန်ဟပ်နေပေလိမ့်မည်။ သီလ သမာဓိ ပညာ ဟူ၍ သုံးရပ်သော သိက္ခာအကျင့်တို့ ရှိသည်ဟုဆိုရာတွင် မူလပကတိသဘာဝ အရှိတရား၏ ပင်ကိုယ်သဘောအားဖြင့် ဒုစရိုက်မှ ကင်းလွတ်နေခြင်းသည် သီလသိက္ခာဖြစ်၏။ မူလပကတိသဘာဝ အရှိတရား၏ ပင်ကိုယ်သဘောအားဖြင့် မသိမှုမောဟမှ လွန်မြောက်နေခြင်းသည် ပညာသိက္ခာ ဖြစ်၏။ မူလပကတိသဘာဝ အရှိတရား၏ ပင်ကိုယ်သဘောအားဖြင့် စိတ်ကိုတုန်လှုပ်စေတတ်သော ကိလေသာတရားတို့မှ ကင်းပနေခြင်းသည် သမာဓိသိက္ခာဖြစ်၏။

ဟွီနင်း၏သင်ကြားချက်များ အနက် ချန်ဗုဒ္ဓဘာသာ၏ **သိမှတ်မဲ့ စိတ်သဘာဝ** (No-Mind / Wu-Nien) သည် အထင်ရှားဆုံးဖြစ်၏။ သိမှတ်မဲ့စိတ်ဟူသည်မှာ အသိသညာများ၊ အတွေးများ၊ အစွဲများ အစွန်းများမှ လွတ်မြောက်နေသော စိတ်၏

ပကတိသဘာဝကို ဆိုလို၏။ ရှေးဦးဗုဒ္ဓဝါဒတွင်ရှိသော နိဗ္ဗာန်ဝင်သည့် တံခါးပေါက် (၃) ချပ် ဖြစ်သည့် အနိမိတ္တ (သဒ်္ဓါရုံနိမိတ်ကင်းခြင်း) အပ္ပဏိဟိတ (အလိုတက်မက်မှုကင်းခြင်း) နှင့် သုညတ (အတ္တစွဲယူမှုကင်းခြင်း) တို့နှင့် တရားကိုယ်သဘော အတူတူပင်ဖြစ်၏။ သိမှတ်မဲ့စိတ်သဘာဝသည် သိစရာ အာရုံလည်းဖြစ်သလို အာရုံကို သိမှုလည်းဖြစ်၏။ ထို့ကြောင့် သိမှတ်မဲ့စိတ်သဘာဝအတွင်း၌ အသိခံနှင့် သိစိတ်တို့သည် နှစ်ခုမဟုတ်ဘဲ တစ်သားတည်း အဒွယ ဖြစ်နေကြလေသည်။ သိမှတ်မဲ့စိတ်သဘာဝသည် သမာဓိနှင့် ပညာတို့၏ ထပ်တူကျ တစ်လုံးတစ်ဝတည်း ဖြစ်နေမှုသဘောလည်း ဖြစ်ပေသည်။ ဟွိနင်း၏ အလိုအရ စျာန်သမာဓိစိတ်သည် ပညာ၏ ကိုယ်ထည်ဖြစ်၏။ ပညာသည် စျာန်သမာဓိစိတ်၏ သက်ဝင်လှုပ်ရှား ဖော်ဆောင်မှု ဖြစ်၏။ စျာန်သမာဓိကို သိသူသည် ပညာကို သိ၏။ ပညာကို သိသူသည် စျာန်သမာဓိကို သိ၏။ ၄င်းတို့နှစ်ခုသည် တစ်ခုတည်းသော ဓမ္မသဘော (ဗောဓိဉာဏ်)၏ မျက်နှာစာနှစ်ဖက် ဖြစ်ကြ၏။

ဟွိနင်းအတွက် သိမှတ်မဲ့စိတ်သဘာဝသည် အဆုံးစွန်သော အရှိတရား ဓမ္မကာယပင်ဖြစ်သလို သတ္တဝါတိုင်း၏သန္တာန်တွင် ကိန်းဝပ်နေသော ဗုဒ္ဓသဘာဝလည်း ဖြစ်၏။ အာရုံသိမှုနှင့် သညာမှတ်သားမှုတို့ကြောင့် အထူးထူးအပြားပြားသော အရာဝတ္ထုတို့ကို ပကတိသဘောဖြင့် ရှိနေဘိသည့်အလား မှောက်မှားစွာ သိမှတ်မြင်မှားကြသောကြောင့် သတ္တဝါတို့သည် ကိလေသာနှောင်အိမ်မှ မလွတ်မြောက်နိုင်ဘဲ ဖြစ်နေရ၏။ ထို့ကြောင့် အာရုံသိမှုနှင့် သညာမှတ်သားမှုတို့ကို ကျော်လွန်တည်ရှိနေသော သိမှတ်မဲ့စိတ်သဘာဝကို ထိုးထွင်းသိမြင်မှသာ လောကကို တပ်မက် တွယ်တာတတ်သော တဏှာ ဥပါဒါန်တရားတို့၏ စက်ကွင်းမှ လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း ဟွိနင်းက ဟောပြောခဲ့ပါ၏။[၁၆၇]

သိမှတ်မဲ့စိတ်သဘာဝသည် အလိုရမက်တို့မှ ကင်းစင်နေသောကြောင့် အားထုတ်ခြင်း၊ ကြောင့်ကြစိုက်ခြင်း သဘောများ မရှိချေ။ အားထုတ်ခြင်း၊ ကြောင့်ကြစိုက်ခြင်း သဘောများမရှိသောကြောင့်လည်း အချိန်ကာလ နေရာဒေသတို့မှ လွတ်မြောက်နေ၏။ သိမှတ်မဲ့စိတ်သဘာဝသည် အဆုံးစွန်သော အရှိတရားဖြစ်သောကြောင့် မိမိ၏ ပကတိငြိမ်သက်သော သဘောတွင်သာ နားနေပြီး ဖြစ်ခြင်း၊ ပျက်ခြင်း၊ လာခြင်း၊ သွားခြင်း စသော အစွန်းတရားတို့လည်း မရှိတော့ပေ။ တစ်နည်းအားဖြင့်ဆိုရလျှင် သိမှတ်မဲ့စိတ်သဘာဝသည် အသိစိတ်ကင်းမဲ့ပြီး ဘိတ်စတုံး မရှိတရား (နတ္ထိဘာဝ) ဖြစ်နေသည် မဟုတ်ဘဲ အချိန်နှင့် နေရာတို့၏ အကန့်အသတ်ထဲမှ

၁၆၇။ **D.T. Suzuki, *Essays in Zen Buddhism, First Series*- I. Grove Press Inc. (1961), p-213**

ဖြစ်ခြင်းပျက်ခြင်း သဘောများကို ကျောခိုင်းလျက် ပကတိ အဆုံးစွန်သော ပရမတ္ထ သစ္စာတရားနှင့် နှစ်ခုမပြား တစ်သားတည်းဖြစ်နေမှု အခြေအနေသာ ဖြစ်လေသည်။ သိမှတ်မဲ့စိတ် သဘာဝဟူသည် စိတ်၏ ပကတိသဘာဝသက်သက်က မိမိကိုယ်ကို သိနေခြင်းသဘော် သို့မဟုတ် ပြင်ပအာရုံဝတ္ထု မရှိသော သိစိတ်သက်သက်သဘော စွဲတည်မှီခိုစရာမရှိသော သိစိတ်သက်သက် အခြေအနေသာလျှင် ဖြစ်လေသည်။

ဟွိနင်း၏ အမြင်တွင် ဗောဓိဉာဏ်ပညာဟူသည် တစ်ဆင့်ပြီးတစ်ဆင့် တရွေ့ရွေ့ မြင့်တက်ပြောင်းလဲရန် မဖြစ်နိုင်ချေ။ မသိမှုမှ သိမှုသို့ လောကီမှ လောကုတ္တရာသို့ ကူးပြောင်းရာတွင် ရုတ်ခြည်း ကူးပြောင်းသွားခြင်း ဖြစ်၏။ သိမှတ်မဲ့စိတ် သဘာဝကို ဖုံးကွယ်ထားသော အရာများ ကွာကျသွားသည်နှင့် တစ်ပြိုင်နက် သိမှတ်မဲ့စိတ်သဘာဝကို အပြည့်အဝ သိမြင်မှုသည် ရုတ်ခြည်း ပေါ်ပေါက်လာသည်ဟု ဟွိနင်းက ဆိုပါသည်။ ဥပမာဆောင်၍ ဆိုရသော် အနန္တသဘောသည် ကိန်းဂဏန်းတစ်ခု မဟုတ်ပေ။ ကိန်းစဉ်တန်းတစ်ခု၏ အဆုံးတွင် အနန္တရှိ မနေပေ။ အကြီးဆုံးကိန်း၏ နောက်ကိန်းတစ်လုံးသည် အနန္တ မဟုတ်ပေ။ ရေတွက်မှုသဘောရှိနေသည့် ကိန်းစဉ်တန်းကို လွန်မြောက်သွားမှသာ အနန္တသို့ ရောက်ရှိနိုင်မည်ဖြစ်၏။ ထိုသို့ လွန်မြောက်မှုသည် ကိန်းစဉ်တန်းအတိုင်း အဆင့်ဆင့် မြင့်တက် ဆက်စပ်၍ လွန်မြောက်ခြင်း မဟုတ်ပေ။ ကိန်းတန်း အစဉ်သဘောနှင့် မတူကွဲပြားသော ပမာဏအသစ်သို့ ရုတ်ခြည်း ကူးပြောင်းသွားခြင်းသာ ဖြစ်သကဲ့သို့တည်း။

ထို့ကြောင့် ဟွိနင်းအတွက် ဗောဓိဉာဏ်လင်း ပွင့်လွတ်မြောက်ခြင်းဟူသည်မှာ အသန်္ခတသဘာဝသို့ ဆိုက်ရောက်ခြင်းဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရသော် ဆိုက်ရောက်ခြင်း မမည်သော ဆိုက်ရောက်ခြင်း ဖြစ်၏။ ဗောဓိဉာဏ် လင်းပွင့်လွတ်မြောက်ခြင်းဟူသည်မှာ မရှိသေးသော တရားထူးအသစ်ကို ရရှိခြင်းလည်းမဟုတ်၊ ပျောက်ဆုံးသွားသော အရာတစ်ခုကို ပြန်လည်ရရှိခြင်းလည်းမဟုတ်။ မိမိနှင့်အတူ အစဉ်ထာဝရအတူရှိနေသော မူလပကတိသဘာဝအမှန်ကို ရုတ်ခြည်း ထိုးထွင်းသိမြင်သွားရခြင်း သဘောသာ ဖြစ်လေသည်။[၁၆၈] ဟွိနင်းက ဤသို့ဆိုခဲ့၏။

"ပညာအလင်းရောင်က စိတ်၏ အခြေခံသဘာဝကို ထိုးထွင်းသိသောအခါ စိတ်၏ အတွင်းနှင့်အပြင် နှစ်ဌာနစလုံး ထိန်ထိန်လင်းသွားလေသည်။ အရာခပ်သိမ်းသည် ဒိုးယိုပေါက် လင်းလင်းချင်းချင်းဖြစ်နေပြီး မိမိ၏ အနက်ရိုင်းဆုံး စိတ်သဘာဝကို မြင်သိရလေ၏။ ထိုသို့ သိမြင်ခြင်းသည်ပင်လျှင် လွတ်မြောက်ခြင်း မည်ပေ၏။ ဖြစ်ခြင်းပျက်ခြင်းတို့ အတွင်း၌ပင် လွတ်မြောက်ခြင်း ရသကို ရရှိနေပေတော့၏။"

၁၆၈။ **Heinrich Dumoulin, *Zen Enlightenment:Origins and Meaning*, Shambhala Publication (2007),p-50**

ချန်ဗုဒ္ဓဘာသာဂိုဏ်း ၅ ဂိုဏ်း

ဟွိနင်းလွန်ပြီးနောက်တွင် တရုတ်ပြည်တောင်ပိုင်းတွင် ချန်ဗုဒ္ဓဘာသာ ဆက်လက်ထွန်းကားခဲ့ရာ ဂိုဏ်း ၅ ဂိုဏ်းအထိ ဖြစ်ပေါ်တိုးတက်ခဲ့၏။ အေဒီ ၈၄၅ တွင် တရုတ်ပြည်၌ ဗုဒ္ဓဘာသာကို အပြင်းအထန်နှိပ်ကွပ်ခဲ့ရာတွင် နှစ်နှစ်တာ ကာလအတွင်း ကျောင်း တိုက်ကြီး ၅၀၀၀ နှင့် ကျောင်းတိုက်အငယ် ၄၀၀၀၀ ခန့် ဖျက်ဆီးခံရ၏။ ရဟန်းသံဃာ ၅ သိန်းခန့် လူဝတ်လဲခံခဲ့ရ၏။ တန်မင်းဆက် ခေတ်ပျက်သုဉ်းချိန်တွင် ချန်ဗုဒ္ဓဘာသာဂိုဏ်းတစ်ခုသာ ရှင်ကျန်ရစ်တော့၏။ ယင်းဂိုဏ်းတို့မှာ ဂိုဏ်းဟုဆိုသော်လည်း ချန်ဗုဒ္ဓဘာသာ အယူအဆရေးရာ ကွဲပြားသည်မဟုတ်ဘဲ အသုံးပြုသည့် တရားပြနည်းစနစ်များ ကွဲပြားခြင်းကို အခြေခံ၍ ဂိုဏ်း ၅ ဂိုဏ်းဟုဆိုရခြင်းဖြစ်လေသည်။

(၁) ပထမဂိုဏ်းမှာ **ဝေ-ယန် ဂိုဏ်း**ဟုခေါ်သောဂိုဏ်းဖြစ်ပြီး နှစ်အနည်းငယ်သာ ရှင်သန်ခဲ့၏။ ဝေနှင့် ယန်ဟူသော တောင်နှစ်လုံးကို အစွဲပြု၍ ဝေ-ယန်ဂိုဏ်းအမည်တွင်ခဲ့၏။ ဤဂိုဏ်းကို ဝေရှန် (အေဒီ ၇၇၁-၈၅၃) က ဦးဆောင်ခဲ့၏။ ဤဂိုဏ်း၏ တရားပြနည်းမှာ မြေကြီးပေါ်တွင် စက်ဝိုင်းများရေးဆွဲ၍ သမာဓိထူထောင်ကျင့်ကြံရသည့် နည်းစနစ်မျိုးဖြစ်ပြီး ပါဠိဗုဒ္ဓဘာသာမှ ကသိဏ်းကျင့်စဉ်နှင့် ခပ်ဆင်ဆင်တူသည်ဟု ဆိုနိုင်၏။[၁၆၉]

(၂) ဒုတိယဂိုဏ်းမှာ **ယွန်းမင်ဂိုဏ်း**ဟုခေါ်၏။ ဂိုဏ်းတည်ထောင်သူ ချန်ဗုဒ္ဓဓမ္မဆရာ ယွန်းမင်(အေဒီ ၉၄၉ တွင် ကွယ်လွန်) ကို အစွဲပြု၍ ဂိုဏ်းအမည်ပေးထား၏။ ယွန်းမင်တရားထူးရပုံမှာ ထူးဆန်း၏။ သူ့ဆရာသည် နာမည်ကျော် ချန်ဆရာတော်ကြီး ဟွမ်ပို၏ တပည့်ရင်းဖြစ်သူ မုချိုဖြစ်၏။ ယွန်းမင်သည် ဆရာမုချိုထံမှ သစ္စာတရားကို လင်းပြရန် သုံးကြိမ် တောင်းပန်ခဲ့၏။ နောက်ဆုံးတစ်ကြိမ်တွင် ဆရာမုချိုက အဖြေမပေးသည့်အပြင် သူ့ကို အခန်းထဲမှမောင်းထုတ်၍ တံခါးကို ဆောင့်ပိတ်လိုက်ရာတွင် ယွန်းမင်၏ ခြေထောက်တစ်ဖက်မှာ တံခါးရွက်နှင့်ညပ်ပြီး သွင်သွင်ကျိုးသွားခဲ့၏။ ဒဏ်ရာကြောင့် အလွန်နာကျင်နေမိသည့်အချိန်၌ပင် ယွန်းမင်သည် တရားထူးအလင်းရောင် ရခဲ့သည်ဟူ၏။

ယွန်းမင်ဂိုဏ်း၏ တရားပြနည်းစနစ်မှာ မေးခွန်းမှန်သမျှကို စကားလုံးတစ်လုံး အမူအယာတစ်ခုဖြင့်သာ တုန့်ပြန်သည့်နည်းဖြစ်၏။ ဥပမာ - စစ်မှန်သော သစ္စာတရားဟူသည် အဘယ်အရာနည်းဟုမေးလျှင် နေရာတိုင်းမှာဟု ပြန်ဖြေခြင်းမျိုးဖြစ်၏။[၁၇၀]

၁၆၉။ Heinrich Dumoulin, *A History of Zen Buddhism*. Boston,1963, p-107

၁၇၀။ Heinrich Dumoulin, *A History of Zen Buddhism*. Boston,1963, p-108-9

(၃) တတိယဂိုဏ်းမှာ **ဖယန်ဂိုဏ်း**ဟုခေါ်၏။ အရိုတရား၏ အပြန်အလှန် ထွင်းဖောက်စိမ့်ဝင်တည်နေသော သဘောများကို ရှုမြင်သုံးသပ်သော ဂိုဏ်းဖြစ်၏။ ဤဂိုဏ်းကို တည်ထောင်သူမှာ ချန်ဗုဒ္ဓဓမ္မဆရာ ဖယန် (အေဒီ ၈၈၅-၉၅၈) ဖြစ်၏။ ဟွာယင်းဂိုဏ်း၏ အဝင့်သက အဘိဓမ္မာကို အခြေခံသော ဂိုဏ်းဖြစ်၏။[၁၇၀]

(၄) စတုတ္ထဂိုဏ်းမှာ **ဆောင်ထွန်းဂိုဏ်း** ဟုခေါ်၏။ ဂျပန်နိုင်ငံသို့ရောက်သော အခါ ဆိုတိုဂိုဏ်းဟု ဖြစ်လာခဲ့၏။ ထွန်းရှန် (အေဒီ ၈၀၇-၈၆၉) နှင့် ဆောင်ရှန် (အေဒီ ၈၄၀-၉၀၁) ဟူသော ဆရာအရှင်နှစ်ဦးက ထူထောင်ခဲ့သဖြင့် သူတို့အမည်များကို အစွဲပြု၍ ဆောင်ထွန်းဂိုဏ်းဟု ခေါ်ဆိုခြင်းဖြစ်၏။ ဤဂိုဏ်း၏ တရားဥာဏ်စဉ်တက်ပုံကို အဆင့် ၅ ဆင့်ဖြင့် ရှင်းပြထားသည်ကို တွေ့ရ၏။ ပထမအဆင့်ကို သမ္မုတိသစ္စာနယ်ပယ်တွင် ပရမတ္ထသစ္စာ ကိန်းအောင်းနေခြင်းသဘောကို ရှုပွားရ၏။ ဒုတိယအဆင့်တွင် ပရမတ္ထသစ္စာထဲတွင် သမ္မုတိလည်း ပါဝင်နေရပုံသဘောကို ရှုပွားရ၏။ တတိယအဆင့်တွင် ပရမတ္ထသစ္စာ သက်သက်ကို ရှုပွားရ၏။ စတုတ္ထအဆင့်တွင် သမုတိသစ္စာ သက်သက်ကို ရှုပွားရ၏။ နောက်ဆုံးအဆင့်တွင် သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့ တစ်သားတည်း ဖြစ်နေခြင်းသဘောကို ရှုပွားရ ၏။[၁၇၁]

(၅) ပဉ္စမမြောက်ဂိုဏ်းမှာ **လင်းချိဂိုဏ်း**ဖြစ်၏။ ဤဂိုဏ်းသည် အရေးအပါဆုံးဂိုဏ်းအဖြစ် ရပ်တည်ခဲ့ပြီး နောက်ပိုင်း ချန်ဗုဒ္ဓဘာသာကိုလည်း အကြီးအကျယ် လွှမ်းမိုးခဲ့သော ဂိုဏ်းဖြစ်၏။ ဤဂိုဏ်းကို တည်ထောင်သူ လင်းချိမှာလည်း ဆရာတော်ကြီးဟွမ်ပိုး၏ တပည့်သာဝကတစ်ဦးဖြစ်၏။ လင်းချိတရားထူးရပုံမှာလည်း ယွန်းမင်ကဲ့သို့ အလားတူပင်ဖြစ်၏။ ဓမ္မ၏ အနှစ်သာရကို ဆရာအရှင် (ဟွမ်ပို) ကို သုံးကြိမ်တိုင်အောင် မေးသော်လည်း အဖြေမရသည့် အပြင်တုတ်ဖြင့် အချက် ၂၀ ခန့် ရိုက်နှက်မောင်းထုတ်ခြင်း ခံရလေ၏။ လင်းချိသည် သာဝကခေါင်းဆောင်မှုချို့ကို အဖြစ်အပျက်များကို ပြန်ပြောပြသည်အခါ မုချိုကိုယ်တိုင်လိုက်လာပြီး ဆရာတော်ကြီးဟွမ်ပိုထံ မေးမြန်းလျှောက်ထားခဲ့လေရာ ဟွမ်ပိုက လင်းချိကို အခြားချန် ဗုဒ္ဓဓမ္မဆရာတစ်ပါးဖြစ်သော တာ့ယျှ ထံသို့စေလွှတ်ခဲ့၏။

လင်းချိ သည် တာ့ယျှထံသို့ရောက်သော် အကြောင်းစုံ ပြောပြလေ၏။ တာ့ယျှက လင်းချိကို ဖျောင်းဖျပြောဆိုခဲ့၏။ ဆရာတော်ကြီးဟွမ်ပိုမှာ မည်မျှ မေတ္တာကရုဏာကြီးမားကြောင်းနှင့် လင်းချိကို တရားထူးအမြင် ရစေလိုကြောင်း

၁၇၀။ Heinrich Dumoulin, *A History of Zen Buddhism.* Boston,1963, p-110-111

၁၇၁။ Heinrich Dumoulin, *A History of Zen Buddhism.* Boston,1963, p-112-117

များပြောလေ၏။ ထိုအခါ လင်းချို၏ စိတ်သဘာဝထဲတွင် နိုးကြားလင်းပွင့်မှုဖြစ်ပေါ်လာခဲ့၏။ အရာရာကို အသွင်သစ် အဖြစ်မြင်လာရသောကြောင့် လင်းချိုသည် တာ့ယျှုကို ကျေးဇူးတင်မိသည့်အပြင် လင်းချိုက ဟွမ်ပို၏တရားသည် ဘာမျှ မထူးဆန်းလှကြောင်း ပြောလေရာတွင် တာ့ယျှုက သူ့ကို ရိုက်နှက်လေသည်။ မကြာသေးမီကပင် ဟွမ်ပို၏တရားကို နားမလည်နိုင်အောင် ဖြစ်ရပါသည်ဟု စောဒကထက်ပြီး ယခုကျပြန်တော့ လွယ်လွန်းလိုက်တာဟု ဝေဖန်သူသည် မည်သည့် လူ့အန္ဓပေနည်းဟူ၍လည်း မြည်တမ်းလေ၏။ လင်းချိုလည်း အားကျမခံ တာ့ယျှု၏ နံပါးကို သုံးချက်ထိုးလေရာ တာယျှုလည်း လင်းချို၏ သိမြင်လင်းပွင့်မှုကို ကျေနပ်အားရသောကြောင့် ဆရာတော် ဟွမ်ပိုထံသာပြန်ရန် မှာကြားလေသည်။

လင်ချိုသည် ဟွမ်ပိုထံသို့ ပြန်ရောက်လေသောအခါတွင် တာ့ယျှု ပြောသောမှတ်ချက်များကို ပြောပြခဲ့လေရာ ဟွမ်ပိုက ဤအဖိုးကြီးတာ့ယျှုသည် ငါ၏ တုတ်စာကို မြည်းစမ်းလိုသည့်ပုံ ရှိပေ၏ဟု မှတ်ချက်ပေး၏။ လင်းချိုလည်း ဟွမ်ပို၏ မှတ်ချက်ကိုကြားလေသောအခါ စောင့်စရာမလိုပါဘူး ဆရာသခင် အခုပင် လုပ်၍ ရနိုင်ပါသည် ဟုဆိုလျက် ဟွမ်ပို၏ပါးကို ရိုက်ချလိုက်လေ၏။ သည်အရူးအနှမ်းဟာကျား၏ နှုတ်ခမ်းမွေးကိုမှ လာဆွဲပေသည်ဟု ဟွမ်ပိုက ဆိုလေလျှင် လင်းချိုလည်း ပါးစပ်မှ ကတ်ဆုဟူ၍ အသံနက်ကြီးဖြင့် အော်မြည်ဟစ်ကြွေးလေ၏။ ထိုအခါ ဟွမ်ပိုက တပည့်များကို ခေါ်ယူ၍ လင်းချိုကို ခမ်းမဆောင်သို့ ပို့ဆောင်စေပြီး တပည့်သာဝကများ အားလုံးကို စုရုံးစေ၍ လင်းချိုကို မိမိ၏ အရိုက်အရာကို လွဲအပ်ကြောင်း ကြေညာခဲ့လေသည်။

လင်းချိုဂိုဏ်းက အသုံးပြုသော နည်းစနစ်မှာ အတန်ငယ် ကြမ်းတမ်းသည်ဟုဆိုနိုင်၏။ အသံဖြင့်ဟစ်အော်ခြင်း၊ ထုထောင်းရိုက်ပုတ်ခြင်းများကို အသုံးပြု၍ တပည့်ဖြစ်သူ၏ အတွေးဝိတက်အစဉ်ကို ဖြတ်တောက်ရန် ကြိုးစား၏။ ပြင်းထန်သော ထိခတ်တုန့်ပြန်မှုကြောင့် ရုတ်ခြည်းဆိုသလို အတ္တ၏ အဖုံးအကာများ ကွာကျပြီး ပကတိစိတ်သဘာဝကို တိုက်ရိုက်မြင်တွေ့နိုင်အောင် ဗျူဟာမြောက် စီရင်ထားသည့် နည်းစနစ်များ ဖြစ်လေသည်။

လင်းချို၏အလိုအရ လူသားတို့သည် အတွေးဝိတက်တို့၏ ကွင်းဆက်ဖြစ်စဉ်မှာ မျောပါနေကြ၏။ လောက်လန်းကောင်သဖွယ် အတွေးစတစ်ခုမှ နောက်အတွေးစတစ်ခုဆီသို့ ဦးတည်ရာမရှိဘဲ ဆက်နွယ်ကူးတက်နေကြ၏။ အတွေးဝိတက်သည် ဖန်တီးထားသော အာရုံအသွင်များကိုသာ ခံစားစေပြီး နောက်ကွယ်၌ ရှိနေသော

စိတ်၏ ပကတိသဘာဝအမှန်ကို ဖုံးကွယ်ထား၏။ သစ္စာတရားကို ထိုးထွင်းသိမြင်မှု ဆိုသည်မှာ အတွေးကွင်းဆက်များမှတစ်ဆင့် ဖြစ်ပေါ်လာသော အရာမဟုတ်ဘဲ အတွေးရေစီးကို တိုခနဲ ဖြတ်တောက်ခွာချနိုင်မှသာ သိမြင်ရမည့်, အမှန်တရားဖြစ်၏။ ဗောဓိဉာဏ်လင်းပွင့်မှုသည် အစဉ်တစ်စိုက် လေ့လာကျင့်ကြံအားထုတ်ခဲ့မှုများကို အခြေခံသော်လည်း တကယ်ဖြစ်ပွားချိန်တွင် ရုတ်တရက် ပေါက်ကွဲသလို ဖြစ်ပွားခြင်းဖြစ်၏။ ချန်ခမ္မဆရာက တပည့်ဖြစ်သူ၏ အတွေးဝိတက်ကို ချက်ချင်း ရပ်တန့်, ဖြတ်တောက်နိုင်စေရန်အတွက် ပြင်ပမှ ကူညီပေးခြင်းသာ ဖြစ်လေသည်။ လင်းချိုက သူ၏ ဟစ်အော်သံကို ခမ္မရာဇာ၏ ပတ္တမြား ကျောက်စီမားဟုတင်စား၏။ တစ်ခါတစ်ရံတွင် ခုန်အုပ်ရန်ဝပ်နေသော ခြင်္သေ့အဖြစ်လည်း တင်စား၏။

လင်းချို၏ အလိုအရ ဆရာအရှင်၏ ရုတ်တရက် ရိုက်နှက်မှု အော်ဟစ်မြည်ကြွေးသံတို့သည် အကြောင်းအထောက်အပံ့များ ရင့်ကျက်ပြည့်စုံနေသည့်အခိုက်တွင် တပည့်ဖြစ်သူ၏ သာမန်အတွေး ရေစီးကြောင်းအတွင်းမှ သိသူ-အသိခံ ဒွန်တွဲနေသည့်သဘောကို ရုတ်တရက် ရိုက်ချိုးဖျက်ဆီးပစ်လိုက်ပြီး အတွင်းနှင့်အပြင်၊ သိသူနှင့်အသိခံ၊ အတွင်နှင့်လောက စသည့် ဒွိစုံသဘောများကို ကျော်လွန်နေသည့် ပကတိစိတ်သဘာဝကို မြင်ရစေသည်ဟု ဆို၏။[၁၇၃]

လင်းချိုဂိုဏ်းတွင် ကိုအန် ပုစ္ဆာကျင့်စဉ် ပေါ်ထွန်းလာခြင်း

ဆွန်မင်းဆက် ဗုဒ္ဓဘာသာကို နှိပ်ကွပ်ဖျက်ဆီးသော ကာလတွင် ချန်ဗုဒ္ဓဘာသာဂိုဏ်း (၅) ဂိုဏ်း အနက် ဂိုဏ်း (၃) ဂိုဏ်း သည် တဖြည်းဖြည်းချင်း ကွယ်ပျောက်ခဲ့၏။ ယွန်မင်းဂိုဏ်းနှင့် ဖယန်ဂိုဏ်းတို့သည် ဆွန်မင်းဆက် ခေတ်အလယ်လောက်တည်းက ကွယ်ပျောက်ခဲ့ပြီး ဝေ-ယန်ဂိုဏ်းမှာ ထိုထက်ပင်စောလျှင် ကွယ်ပျောက်ခဲ့တန်ရာ၏။ ဆွန်မင်းဆက် နောက် တန်မင်းဆက်လက်ထက်တွင် ဗုဒ္ဓဘာသာကို ပြန်လည်ထောက်ပံ့မှုများ ရှိခဲ့သောအခါ ဆောက်-ထွန်းဂိုဏ်းမှာ ပြန်လည် နာလံထူလာခဲ့ပြီး ရပ်တည်နိုင်လောက်သော အခြေအနေသို့ ရောက်ရှိခဲ့၏။ သို့သော်လည်း လင်းချိုဂိုဏ်း၏ တိုးတက်ထွန်းကားလာသော အရှိန်အဟုန်ကိုမူ မနှိုင်းယှဉ်သာပေ။ အေဒီ ၁၀ ရာစု အလယ်လောက်တွင် လင်းချိုဂိုဏ်းသည် တရုတ်ပြည် တစ်ခုလုံးနီးပါးကို လွှမ်းမိုးခဲ့လေ၏။ များမကြာခင် ရာထောင်များစွာသော လင်းချိုဂိုဏ်းအနွယ်ဝင် ချန်ဗုဒ္ဓဘာသာကျောင်းတိုက်များ တရုတ်ပြည်တစ်ဝှမ်းလုံးတွင် ပေါပေါက်လာခဲ့လေသည်။

၁၇၃။ **Heinrich Dumoulin, *A History of Zen Buddhism.* Boston,1963, p-118-122**

လင်းချိုနောက်ပိုင်း မိုးဆက်ခုနှစ်ဆက်မြောက်တွင် လင်းချိုဂိုဏ်းသည် ဂိုဏ်းကွဲနှစ်ခုအဖြစ် ကွဲထွက်ပြီး ယင်းဂိုဏ်ကွဲများကို ဟွမ်လွန်း (အေဒီ ၁၀၀၂-၁၀၆၉) နှင့် ယန်ချို (အေဒီ ၉၉၂-၁၀၄၉) တို့က အသီးသီး ဦးဆောင်ခဲ့ကြ၏။ ဟွမ်လွန်း၏ လင်းချိုဂိုဏ်းကွဲသည် ဂျပန်ပြည်သို့ ဦးစွာရောက်ရှိပျံ့နှံ့ခဲ့သော်လည်း တရုတ်ပြည်တွင်မူ မိုးဆက်လေးငါးဆက်အတွင်း ကွယ်ပျောက်ခဲ့၏။ ယန်ချို၏ဂိုဏ်းကွဲ ကသာ လင်းချိုဂိုဏ်း၏ ချန်ဗုဒ္ဓဘာသာကို အမြင့်ဆုံးသို့ရောက်အောင် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်၏။

ယန်ချို၏ နောက်လိုက်များ အနက် ယွမ်ဂူ (၁၀၆၃-၁၁၃၅) နှင့် တာ့ဟွီ (၁၀၈၉-၁၁၆၃) တို့ လက်ထက်တွင် ကိုအန်ပုစ္ဆာဖြင့် တရားပြသော နည်းစနစ် ထင်ရှားလာခဲ့လေသည်။ ရှေးဦး ချန်ဗုဒ္ဓဘာသာတည်ထောင်သူ သာသနာပိုင် ဆရာတော်ကြီးများ၏ ဖြစ်ရပ်များသည် ဘာဝနာပွားစရာ အကြောင်းအရာများအဖြစ် မှတ်တမ်းတင်ခဲ့ကြရာမှ ဤနည်းစနစ် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်နိုင်ပေသည်။ ကိုအန် (ကွန်-အန်) ဟူသည်မှာ လူသိထင်ရှား ဖြစ်ရပ်မှတ်တမ်း (A Public Case) ဟူသော အနက်အဓိပ္ပာယ်ရှိ၏။ ဆရာအရှင်က တပည့်ဖြစ်သူကို အဖန်ဖန် အထပ်ထပ် ပွားများဆင်ခြင် သုံးသပ်နေရန်အတွက် အမေးအဖြေတစ်စုံ သို့မဟုတ် အဖြစ်အပျက် မှတ်တမ်းတစ်ခုကိုပေးကာ ဘာဝနာပွားစေခြင်း ဖြစ်၏။ ဆရာစဉ် အဆက်ဆက် လက်ဆင့်ကမ်းလာသော ဤ ကိုအန်ပုစ္ဆာများကို စုစည်းထားသော ကျမ်းများလည်း ပေါ်ပေါက်လာခဲ့၏။ ယင်း ကိုအန်ပုစ္ဆာပေါင်းချုပ်ကျမ်းများအနက် ပိယန်လျှု (The Blue Cliff Records) နှင့် ဝုမင်းကွမ် (The Gateless Gate) တို့သည် အထူးထင်ရှားလူကြိုက်များ၏။ ထိုကျမ်းတို့၏ ဖွဲ့စည်းပုံမှာ ရှေးဖြစ်ပေါ်ခဲ့သော ဇာတ်လမ်းတစ်ခုကို ဖော်ပြပြီး ထိုဖြစ်ရပ်နှင့်ဆိုင်သော ဂါထာ ကဗျာတစ်ပုဒ်ကို ဖော်ပြထား၏။ ထို့နောက် အဖွင့်ရှင်းပြချက်ကို ရေးသားထား၏။ ပိယန်လျှုတွင် ကိုအန်ပုစ္ဆာ (၁၀၀) ပါဝင်ပြီး ဝုမင်းကွမ်တွင် ကိုအန်ပုစ္ဆာ (၄၈) ခု ပါဝင်၏။

ကိုအန်ပုစ္ဆာများကို လေ့လာရာတွင် သတိထားရန် အချက်နှစ်ချက်ရှိ၏။ ပထမအချက်မှာ ၄င်းတို့သည် ဗောဓိဉာဏ် လင်းပွင့်ရန်အလို့ငှာ တီထွင်ဖန်တီးထားသော ဘာဝနာ ကိရိယာများမျှသာ ဖြစ်သည်ဟူသောအချက် ဖြစ်၏။ ကိုအန်များကို အမှန်တကယ် သစ္စာသိမြင်မှုနှင့် မရောထွေးအပ်ပေ။ ဒုတိယအချက်မှာ ကိုအန်ပုစ္ဆာများသည် သမားရိုးကျ ဆင်ခြင်တုံတရား ယုတ္တိဗေဒစည်းမျဉ်းတို့ဖြင့် နားမလည်နိုင်သော ပြောဆိုချက်များ ဖြစ်ကြခြင်း ဖြစ်၏။ ကိုအန်သည် တရားရှာမှီးသူ ချန် ယောဂီကို အသိဗဟုသုတ နားလည်မှုတစ်ခု ပေးရန်မဟုတ်ဘဲ ဆင်ခြင်တုံတရား

နှင့် ယုတ္တိဗေဒကို ကျော်လွန်နေသော ပကတိ အသိစိတ်ပရမတ္ထသစ္စာတရားကို မျက်မှောက်ပြုရေးအတွက် အထောက်အကူ လက်နက်ကိရိယာတစ်ခုသာလျှင် ဖြစ်ပေသည်။ ကိုအန်ပုစ္ဆာများသည် ချန်ဗုဒ္ဓဘာသာ၏ ပန်းတိုင်ဖြစ်သော လွတ်မြောက်မှုအတွက် အသုံးချသောစနစ်များသာဖြစ်သောကြောင့် ဉာဏ်စဉ်မြင့်မားသော ရှေးဦး ချန်ဗုဒ္ဓဘာသာ သူတော်စင်ကြီးများခေတ်က မလိုအပ်ခဲ့သော်လည်း နောက်ပိုင်း ကာလတွင် လူအများ ချန်ဓမ္မတရားကို ကျင့်သုံးရရှိနိုင်ရန်အတွက် ကိုအန်ပုစ္ဆာများသည် မရှိမဖြစ် လိုအပ်ချက် ဖြစ်လာခဲ့၏။ အကယ်၍ ကိုအန်ပုစ္ဆာများကိုသာ မဖန်တီးခဲ့ပါက ချန်ဗုဒ္ဓဘာသာသည် နှစ်အနည်းငယ်အတွင်း ကွယ်ပျောက်သွားခဲ့နိုင်ဖွယ်ရာရှိပေသည်ဟု ဒေါက်တာ ဆူဇူကီးက သုံးသပ်ထားပါသည်။[၁၇၄]

ကိုအန်ပုစ္ဆာများ၏ အထင်ရှားဆုံးလက္ခဏာမှာ ယုတ္တိလွဲဟန်ရှိနေခြင်း အတွင်း ဝိရောဓိဖြစ်နေခြင်းနှင့် အဆက်အစပ် ကင်းမဲ့ခြင်းတို့ ဖြစ်လေသည်။ တစ်ခါတစ်ရံ မေးခွန်းကတခြား၊ အဖြေကတခြား ဖြစ်နေဟန်လည်းရှိ၏။ တစ်ခါက တပည့်တစ်ဦးက ချန်ဓမ္မဆရာတစ်ဦးကို ဗုဒ္ဓဓမ္မ၏ အနှစ်သာရကို ရှင်းပြရန် မေးလျှောက်ခဲ့၏။ ဆရာ၏ အဖြေမှာကား ကြမ်းတိုက်ဖယောင်းခဲသုံးပေါင် ဟူ၍ဖြစ်၏။ ဤသည်ကား ကိုအန်တစ်ခုဖြစ်၏။ ဤသို့တပည့်ဖြစ်သူက ဒြပ်မဲ့သော စိတ္တဇဆန်သော သီအိုရီ မေးခွန်းများကို မေးတိုင်း ဆရာက လတ်တလော ပစ္စုပ္ပန်တည့်တည့်ကို ပြန်လည် ရည်ညွှန်းလေ့ရှိ၏။ တပည့်ဖြစ်သူရှာနေသော အဖြေကို သွယ်ဝိုက် အဖြေမမေးဘဲ လတ်ဆတ်သော လက်ရှိဘဝ အတွေ့အကြုံဆီသို့သာ ပြန်လည် တည့်မတ်ညွှန်ပြပေး၏။

နောက်ထပ်လူသိများသော ကိုအန်များမှာ အောက်ပါတို့ဖြစ်ကြ၏။

- သင်မမွေးမီက သင့်မျက်နှာသည် မည်သည့်အသွင်ရှိသနည်း။
- လက်ခုပ်တစ်ဖက်တည်း တီးလျှင် မည်သည့်အသံ ထွက်မည်နည်း။
- ထိပ်ဝကျဉ်းသော ပုလင်းကြီးတစ်လုံးထဲမှ ငန်းတစ်ကောင်ကို ပုလင်း မကွဲစေဘဲ မည်သို့ထုတ်ယူမည်နည်း။
- တံခါးပေါက်မရှိခြင်းသည် သစ္စာတရားသို့ ဝင်ရောက်ရာတံခါးဝဖြစ်၏။ တံခါးပေါက်မဲ့တံခါးမှ သင်မည်သို့ ဝင်ရောက်မည်နည်း။
- ဘုရားရှင်သည် ၄၅ ဝါတိုင်တိုင် တရားဟောခဲ့၏။ သို့သော်လည်း ကိုယ်တော်၏ လျှာသည် အဘယ်ကြောင့် မလှုပ်ရှားခဲ့သနည်း။
- သင့်ထံတွင် တုတ်တစ်ချောင်းရှိလျှင် သင့်ကို တုတ်တစ်ချောင်းပေး

၁၇၄။ **D.T. Suzuki, *Essays in Zen Buddhism, First Series*- I. Grove Press Inc. (1961), p-270-271**

မည်။ သင့်ထံတွင် တုတ်တစ်ချောင်းမရှိလျှင် သင့်ထံမှ တုတ်တစ်ချောင်းကို ယူမည်။

- ယနေ့ ယွေပြည်နယ်သို့ ခရီးထွက်ခဲ့၍ မနေ့က ယွေပြည်နယ်သို့ ဆိုက်ရောက်ခဲ့သည်။

အချို့သော ကိုအန်ပုစ္ဆာများသည် လူတို့၏ သာမန်စဉ်းစားဉာဏ်ကို ကျော်လွန်နေ၏။ တစ်ခါက ချန်ဆရာသခင် နန်ဆန်သည် ကြောင်လေးတစ်ကောင်ကို သူပိုင် ငါပိုင် အငြင်းပွားနေရာ နေရာသို့ရောက်လာ၏။ သူက ကြောင်လေးကို ကိုင်မြှောက်လျက် အငြင်းအခုန်ဖြစ်နေသူတို့ကို ဤသို့ဆို၏။ ဤအရာကို သင်တို့ကြောင်ဟု ဆိုမည်လော၊ ကြောင်မဟုတ်ဟု ဆိုမည်လော။ ကြောင်ဟုဆိုလျှင်လည်း ဤကြောင်ကို သတ်ပစ်မည်။ ကြောင်မဟုတ်ဟုဆိုလျှင်လည်း ဤကြောင်ကို သတ်ပစ်မည်။ သင်တို့ တစ်စုံတစ်ခုဆိုကြလော့။ အငြင်းအခုန်ဖြစ်နေသူများ အားလုံး ကြောင်အမ်းအမ်း ဖြစ်နေပြီး မည်သူမှ အဖြေမပေးနိုင်သောကြောင့် နန်ဆန်သည် ကြောင်လေးကို သတ်ပစ်လိုက်ရ၏။ ညနေဖက်တွင် နန်ဆန်၏ တပည့်ဖြစ်သူ ဂျိုရှု ရောက်ရှိလာရာ နန်ဆန်က နေ့လည်က အဖြစ်အပျက်ကို ပြန်ပြောပြခဲ့၏။ ထိုအခါတွင် ဂျိုရှုသည် သူ၏ ကောက်ရိုးဖိနပ်တစ်ဖက်ကို ခေါင်းပေါ်တင်လျက် ထွက်ခွာသွားလေရာ နန်ဆန်က ဂျိုရှုကို ဤသို့လှမ်းပြောလိုက်၏။ သင်သာ နေ့လည်က ရှိနေခဲ့ပါလျှင် ကြောင်လေး အသက်ရှင်ခွင့်ရမည် ဖြစ်ပေ၏ဟူသတည်း။[၁၇၅]

ဤသို့ ကိုအန်ပုစ္ဆာများသည် ယုတ္တိဗေဒနည်းကျသော အဖြေမရှိဘဲ လူသား၏ ဆင်ခြင်ဉာဏ်ကို ချွတ်ခြုံကျစေရန် မောပန်းစေရန်အတွက် ဗျူဟာမြောက်စွာ စီရင်ထား၏။ တစ်ခါတစ်ရံတွင် အော်ဟစ်ငေါက်ငမ်းမှုများ ရိုက်ပုတ်မှုများကိုပင် လုပ်၍ တပည့်ဖြစ်သူ၏ မသိစိတ်ကို ပြင်းထန်သောနည်းလမ်းများဖြင့် လှုပ်နှိုးတတ်သေး၏။ အစပထမတွင် တပည့်ဖြစ်သူသည် ဆရာပေးသော ကိုအန်ကို မိမိ၏ ဆင်ခြင်ဉာဏ်ကို အသုံးပြုပြီး ဖြေရှင်းနိုင်ရန် ကြိုးစားလေ့ရှိ၏။ မိမိ တွေးတောစဉ်းစား၍ ရသမျှ အဖြေကို ဆရာထံတင်ပြသည်အခါတိုင်း ခါးခါးသီးသီး ငြင်းပယ်ခြင်းကိုသာကြုံရ၏။ ဆရာက ယုတ္တိနည်းကျ အဖြေကိုလက်မခံဘဲ ကိုအန်ကိုသာ ဆက်လက် ကြိုးစားရန်းကန်ရန် တိုက်တွန်းပြန်၏။ ဤသို့ဖြင့် တပည့်ဖြစ်သူမှာ ထွက်ပေါက်မရှိသော အလုံပိတ် အခန်းတစ်ခုထဲတွင် ရုန်းကန်နေရသူကဲ့သို့ စိတ်အိုက်ကာ မွန်းကြပ်လာ၏။ ရုန်သူတစ်ယောက်နှင့် အသေအလဲ သတ်ပုတ်ကာ အသက်လုနေရသကဲ့သို့လည်း ဖြစ်၏။ မိမိကို မီးပင်လယ်ကြီးက ဝိုင်းနေသလိုမျိုး

၁၇၅။ **D.T. Suzuki, *Essays in Zen Buddhism, First Series*- I. Grove Press Inc. (1961), p-276**

မိမိ၏လည်မျိုထဲတွင် ရဲရဲနီသော သံပူလုံးကြီးကို မြိုထားရဘိသကဲ့သို့လည်း ဖြစ်နေပါ၏။ ကြိုးစားရင်း ဆင်ခြင်တုံတရားနှင့် ယုတ္တိဗေဒအဖြေများ ကို မယုံကြည်စိတ်က တိုးလျှိသာလာလေသည်။ ဤသို့ စိတ်တင်းကြပ် ပိတ်ဆို့နေရသော အခြေအနေသည် ရက်အနည်းငယ်မှသည် လချီ နှစ်ချီ၍လည်း ကြာတတ်၏။ ထွက်ပေါက်တစ်ခုခုကို အမြန်ဆုံးရှာဖွေရန် အပူတပြင်း လိုအပ်နေခဲ့ပြီဖြစ်၏။

မျောက်စေးနဲ့တွင် ကပ်ငြိနေသော မျောက်သည် ကြိုးစာခွာလေလေ၊ ပိုကပ်လေလေ ဖြစ်နေသကဲ့သို့ ချန်ယောဂီတပည့်သည် ပိုမိုအားစိုက်ကြိုးစားလေလေ အဖြေနှင့်ဝေးလေလေ ဖြစ်လာခဲ့၏။ သူ့ အတ္တအတွက် အားထုတ်ကြိုးပမ်းလေလေ ပြဿနာကို ပိုမိုခက်ခဲလာလေလေဖြစ်သလို သူ့ အတ္တကို လွတ်ချရန် ကြိုးစားပြန်သော အခါ ထိုအတ္တကပင် အရိပ်လို လိုက်ပါနေပြန်၏။ အတော်ဆုံး လေးပစ်သမားသည် မြားကို ချိန်ရွယ်စွန့်လွှတ်ရာတွင် မိမိသဘောဆန္ဒဖြင့်မဟုတ်ဘဲ သဘာဝအတိုင်း ညွှတ်သွားစေကာ ပစ်လွှတ်သကဲ့သို့ ကိုအန်ပုစ္ဆာကို ဖြေရှင်းနေသူ ချန်ဓမ္မယောဂီသည်လည်း မိမိဖက်က အားမစိုက်ဘဲ ပြဿနာ၏ အထုံးအဖွဲ့က သူ့သဘာဝအတိုင်း ဖြေလွှတ်သွားရန်အချိန်ကိုသာ စိတ်ကို ဖြေလျှော့ပြီး စောင့်ဆိုင်းရမည်ဖြစ်၏။ ဒေါက်တာ ဆူဇူကီးက အဆိုပါ စိတ်ပိုင်းဆိုင်ရာဖြစ်စဉ်ကို စုဆောင်းခြင်း ရင့်ကျက်ခြင်းနှင့် ပေါက်ကွဲထွက်ခြင်းဟူသော အဆင့် ၃ ခု ဖြင့် ဥပမာဆောင်၏။ ရေကာတာတစ်ခုထဲတွင် ရေများ တဖြည်းဖြည်း စီးဝင်စုဆောင်းမိလာပြီး ပြည့်လျှံလာကာ နောက်ဆုံး ရေကာတာ၏ နံရံများ ကျိုးပေါက်၍ ရေထုကြီးက တစ်မဟုတ်ခြင်း လွှတ်မြောက်သွားရပုံကို စိတ်ထဲ မြင်ယောင်ကြည့်ပါလျှင် ဤကိုအန်ပုစ္ဆာ လေ့ကျင့်ခန်းတို့ အလုပ်လုပ်ပုံကို မှန်းဆနိုင်သည့်အပြင် ဖြစ်နိုင်သည့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ကိုလည်း ချင့်တွက်သင့်ပေ၏။ အချိန်မတိုင်မီ မရင့်ကျက်ခင် ပေါက်ကွဲထွက်ခြင်းသည် ယောဂီပုဂ္ဂိုလ်အတွက် အန္တရာယ်ကြီးလှပေသည်။ အစွန်းတစ်ဖက်သို့ရောက်လုအောင် ဆင်ခြင်တုံတရားကို ဖြိုလဲခြင်းသည်လည်း ပြန်လည်ကုစား၍ မရနိုင်သော စိတ်ပိုင်းဘဝ ယိုယွင်းပျက်စီးမှု ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ကိုအန်ပုစ္ဆာ ကျင့်စဉ်သည် တတ်သိနားလည်သော ချန်ဗုဒ္ဓဓမ္မ ဆရာအရှင်များ၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုဖြင့်သာ အားထုတ်သင့်၏။

ဆွစ်လူမျိုး စိတ်ပညာရှင် ကားလ်ယွန်း၏ အလိုအရ ကိုအန်ကျင့်စဉ်၏ ရည်ရွယ်ချက်မှာ လူသား၏ သိစိတ်နှင့် မသိစိတ်ကို ပိုင်းခြားထားသည့် အရံအတားများကို ချိုးဖျက်ပစ်စေပြီး တစ်လုံးတစ်ဝတည်းဖြစ်သော သိစိတ်အခြေအနေသို့ ရောက်အောင် ဖန်တီးခြင်းဟူ၍ ဆိုပါသည်။ အနောက်တိုင်းသားများ၏ စိတ်ပိုင်းဆိုင်ရာ

ဖွဲ့စည်းပုံသည် အရှေ့တိုင်းသားများနှင့် မတူသောကြောင့် အနောက်တိုင်းသားများအနေဖြင့် အရှေ့တိုင်း ဘာသာရေးကျင့်စဉ်များကို သတိထား လေ့ကျင့် အားထုတ်ကြရန်လည်း ယွန်း က အကြံပြုထား၏။[၁၇၆]

မွန်ဒို (အမေး အဖြေ) နည်းစနစ်အကြောင်း[၁၇၁]

ကိုအန်နည်းစနစ်ကဲ့သို့ပင် ဇာန်ဗုဒ္ဓဓမ္မကျင့်စဉ်တွင် အရေးပါသည့် နည်းစနစ်တစ်ခုမှာ ဆရာနှင့်တပည့် အပြန်အလှန် အမေးအဖြေ (မွန်ဒို) နည်းစနစ်ပင် ဖြစ်၏။ မွန်ဒိုသည် သာမန်ယုတ္တိဗေဒလောကအတွင်းမှ အမေးအဖြေများကဲ့သို့ ယုတ္တိအဆက်အစပ် မရှိသလို ဒဿနအတွေးအခေါ်တစ်ရပ်ကိုလည်း ကိုယ်စားမပြုပေ။ မွန်ဒိုသည် လောကီအမေးအဖြေများကဲ့သို့ ကျယ်ဝန်းရှည်လျားခြင်းမရှိဘဲ တိုတိုပြတ်ပြတ်နှင့် လိုရင်းကို တိတိပပ ညွှန်းဆိုသော အမေးအဖြေများဖြစ်၏။ ဇာန်ဓမ္မ အတွေ့အကြုံသည် ဆင်ခြင်တုံတရားနှင့် ဘာသာစကားတို့ကို ကျော်လွန်နေသော ပစ္စက္ခအသိ ဖြစ်သောကြောင့် ဝေါဟာရပညတ်တင်၍ မဖော်ပြ မဆက်သွယ်နိုင်ပေ။ ဓမ္မအတွေ့အကြုံ မရှိဖူးသူကို ပြောကြားခဲ့လျှင်လည်း မှားယွင်းသော အနက်ချဲ့ထွင်ဖွင့်ဆိုချက်များ ဖြစ်နိုင်သောကြောင့် ဇာန်ဓမ္မဆရာတို့သည် အမေးနှင့်အဖြေကို စကားလုံး အနည်းဆုံးဖြင့်သာ အသုံးပြုဆက်သွယ်ကြသည်ကို တွေ့ရ၏။ ထို့ကြောင့် မွန်ဒိုတို့သည် အသိရခက်ခဲ နက်နဲလှစွာသော သိုက်စာတိုနှန့်နှန့်များသဖွယ် ဖြစ်နေခဲ့လေသည်။ **ဓမ္မအလင်းရောင် ပြန့်ပွားပုံသမိုင်း** (The Transmission of the Lamp-Dentoruku) တွင် ဖော်ပြထားသော အောက်ပါ မွန်ဒိုတစ်ခုကို လေ့လာကြည့်ပါ။

တပည့်။ ။ အကယ်၍ မူလအစကတည်းက သန့်ရှင်းစင်ကြယ်ခြင်း ရှိနေခဲ့ပါလျှင် အဘယ်ကြောင့် တောင်များ၊ မြစ်များနှင့်တကွ ဤမြေကြီးမားသော မြေပထဝီကြီးသည် ဖြစ်တည်လာပါသနည်း။

ဆရာ။ ။ အကယ်၍ မူလအစကတည်းက သန့်ရှင်းစင်ကြယ်ခြင်း ရှိနေခဲ့ပါလျှင် အဘယ်ကြောင့် တောင်များ၊ မြစ်များနှင့်တကွ ဤမြေကြီးမားသော မြေပထဝီကြီးသည် ဖြစ်တည်လာပါသနည်း။

အဆိုပါ မွန်ဒို၌ တပည့်ဖြစ်သူ၏ မေးခွန်းသည် ဒဿနဆန်သောမေးခွန်းဖြစ်

၁၇၆။ See in Foreward by C.G.Jung in D.T. Suzuki, *An Introduction to Zen Buddhism*, Rider.(1974)

၁၇၇။ D.T. Suzuki, *Studies in Zen*, Rider.(1957), ff 165-175

၏။ မူလအစကတည်းက သန့်ရှင်းစင်ကြယ်ခြင်း ဟူသည်မှာ ပကတိအရှိတရား-ပရမတ္ထတရား အသစ်တတရားကို ဆိုလို၏။ တောင်များ၊ မြစ်များနှင့် မြေပထဝီတို့သည် သစ်တလောကကြီးကို ဆိုလို၏။ ထို့ကြောင့် ဤမေးခွန်းသည် ဒဿနပညာ၌ အနက်နဲဆုံး မေးခွန်းဖြစ်သည့် အစစ်အမှန် အရှိတရားမှ အသွင်လောက မည်သို့ ဖြစ်ပေါ်လာပါသနည်းဟူသော မေးခွန်းဖြစ်၏။ ဒဿနပညာ၏ သမိုင်းတစ်လျှောက် ကျမ်းဂန်ပေါင်းရာထောင်ချီ၍ ဤမေးခွန်းကို မေးလည်းမေးခဲ့ဖူးကြသလို ထွေထွေရာရာ အဖြေများလည်း ဖြေဆိုပေးခဲ့ကြပြီး ဖြစ်လေသည်။ သို့သော်လည်း ဇာန်ဓမ္မဆရာ၏ အဖြေကား အဖြေဟူ၍ပင်မမည်သော အဖြေဖြစ်၏။ စင်စစ်အဖြေမဟုတ်ဘဲ တပည့်ဖြစ်သူ၏မေးခွန်းကို ပြန်လည်ရွတ်ဆိုပြသလိုသာ ဖြစ်၏။ သို့သော်လည်း ဤအဖြေကိုကြားသိရလျှင် တပည့်ဖြစ်သူသည် တမဟုတ်ချင်း ဗောဓိညာဏ် အလင်းဓာတ် (ဆတိုရီ) ပွင့်လင်း လွတ်မြောက်ခဲ့ကြောင်းကို ဓမ္မအလင်းရောင် ပြန့်ပွားပုံသမိုင်းတွင် မှတ်တမ်းတင်ထားသည်ကို ထောက်၍ ဤ အဖြေ၏ လေးနက်မှုကို မှန်းဆနိုင်၏။

ဇာန်ဆရာသခင်၏ အဖြေသည် တပည့်ဖြစ်သူ၏မေးခွန်းကို ပဲ့တင်ထပ် တုန့်ပြန်ခြင်းအားဖြင့် တပည့်ဖြစ်သူကို မိမိကိုယ်ကို ကြေးမုံပြင်တွင် ပြန်မြင်ရသလို ထိရောက်မှုကို ပေးခဲ့ခြင်းဖြစ်၏။ တပည့်ရှာဖွေနေသော မျှော်လင့်နေသော အဖြေသည် သူ့မေးခွန်းအတွင်းမှာပင် ရှိနေကြောင်း တိုက်ရိုက်ပြသခြင်းလည်း ဖြစ်၏။ မူလပကတိ သန့်စင်သောအရှိတရားမှ အသွင်လောက မည်သို့ ဖြစ်ပေါ်လာပါသနည်းဟူသော တပည့်၏ဒဿနပြဿနာသည် ဆရာ၏ အဖြေတွင် စိတ္တဇေဒ ပြဿနာအဖြစ်သို့ ပြောင်းလဲသွားခဲ့၏။ အဖြေသည် မေးခွန်းကိုမည္သွန်းဘဲ မေးခွန်းမဖြစ်ပေါ်မီက ရှိနေသော မူလအစကတည်းက သန့်ရှင်းစင်ကြယ်နေသော စိတ်၏ ပကတိသဘာဝကိုသာ ညွှန်ပြလိုက်ခြင်းဖြစ်လေသည်။ စိတ်သည် မိမိ၏ ပကတိသဘာဝတွင် သန့်စင်စွာတည်နေပါလျှင် မေးခွန်းအဖြစ်သို့ ဖောက်ပြန်ရွေ့လျောလာစရာ အကြောင်းမရှိပေ။ မေးခွန်းကို မေးခွန်းအဖြစ် ပြန်မြင်ရသော တပည့်၏ စိတ်အဖုံးအကာတို့သည် ကွာကျ၍ မူလပကတိ သန့်ရှင်းစင်ကြယ်နေသော စိတ်သဘာဝကို သူ ထိုးထွင်းသိမြင်နိုင်ခဲ့ပြီ ဖြစ်လေ၏။ မူလသန့်စင်သောစိတ်မှ မေးခွန်းအဖြစ် ထွက်ပေါ်လာခဲ့ပါလျှင် အဖြေသည် ပဲ့တင်သံ တုန့်ပြန်မှုဖြစ်၏။ ထို့ကြောင့် လောကသစ်တတရားတို့သည် ပကတိသန့်စင်သော အသစ်တ မူလပကတိစိတ်သဘာဝ၏ ရောင်ပြန်အရိပ် သို့မဟုတ် ပဲ့တင်သံသာလျှင် ဖြစ်၏ဟူသော တရားနက်ကိုလည်း မြင်ပြီး ဖြစ်လေသည်။

နောက်ထပ် တွေ့ရသောမွန်ဒိုတစ်ခုကို လေ့လာကြည့်ပါဦး။ ဇာန်ဆရာတစ်ပါးနှင့် တပည့်တစ်ဦးတို့ ဝါးရုံတောထဲတွင် ရှိနေကြ၏။

တပည့်။ ။ ဗောဓိဓမ္မအရှင်မြတ် တရုတ်ပြည်သို့ ကြွလာရခြင်းကား အဘယ်ကြောင့်နည်း။

ဆရာ။ ။ ဝါးပင်တွေကို ကြည့်ပါလေ။ အချို့ဝါးပင်တို့သည် တို၏။ အချို့ဝါးပင်တို့သည် ရှည်၏။

ဤမွန်ဒိုကို ကြည့်လျှင်လည်း အမေးတခြား၊ အဖြေတခြား ဖြစ်နေပုံပေါက်၏။ တပည့်၏မေးခွန်းသည် ပရိယာယ်ဖြင့် မေးသော မေးခွန်းဖြစ်၏။ ဗောဓိဓမ္မအရှင်မြတ် တရုတ်ပြည်သို့ ကြွလာရခြင်းဟု ဝိုင်္ဂြိဟ်ပြုထားခြင်း၏ အနက်မှန်သည် ဇာန်ဗုဒ္ဓဓမ္မ၏ အနှစ်သာရသည်ကား အဘယ်နည်းဟူ၍ မေးလိုခြင်းဖြစ်၏။ သာမန်ဗုဒ္ဓဘာသာ အဘိဓမ္မာ ဆရာတစ်ယောက်ဆိုလျှင် ရုပ် စိတ် စေတသိက် နိဗ္ဗာန် ပညတ် စသဖြင့် ဓာတ်သရုပ် အမျိုးမျိုးခွဲခြမ်း ဖွင့်ဆိုပြပေလိမ့်မည်။ သာမန် ကမ္မဋ္ဌာန်း နည်းပြဆရာတစ်ယောက်ဆိုလျှင်လည်း ရုပ်နာမ်ဖြစ်ပျက်တို့ကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာများတင်၍ သုံးသပ်ပုံကို ရှင်းပြပေလိမ့်မည်။ သာမန် ဗုဒ္ဓဒဿန ပညာရှင် တစ်ဦးဆိုခဲ့လျှင်လည်း သစ်တနှင့် အသစ်တ တရားတို့၏ တစ်သားတည်း ဖြစ်မှု အဒွယတာ သဘော အရာခပ်သိမ်း၏ အတိုင်းတိုင်းဖြစ်မှု-တထတာ သဘော စသည်တို့ဖြင့် ဝေဝေဆာဆာ ဖြေကြားပေလိမ့်မည်။ သို့သော်လည်း ဇာန်ဆရာ၏ အဖြေမှာ ပရိယတ် ပဋိပတ်ဉာဏ်မပါဘဲ ရိုးရိုးစင်းစင်း အဖြေဖြစ်ပြီး အမေးတခြား အဖြေတခြားဆိုသလို ဝါးပင် အတိုအရှည်များအကြောင်း ပြောပြသလို ဖြစ်နေပေသည်။ အမှန်စင်စစ် ဇာန်ဆရာ၏ အဖြေသည် တိုက်ရိုက်အသိကို ဖြေဆိုခြင်းဖြစ်ပြီး တပည့်၏ လွှင့်ဝဲနေသောစိတ်ကို ပစ္စုပ္ပန် အခိုက်အတန့်သို့ ပြန်ဆွဲကပ်ပေးခြင်းသာဖြစ်၏။ ဓမ္မကာယသည် အရာခပ်သိမ်းပင်ဖြစ်သောကြောင့် အတို အရှည် ဝါးပင်များသည်လည်း ဓမ္မကာယပင် ဖြစ်လေသည်။ ဇာန်ဗုဒ္ဓဓမ္မ၏ အနှစ်သာရသည် အနုစိတ်ခွဲခြမ်းစိတ်ဖြာသော အဘိဓမ္မာနှင့် ဒဿနများတွင် မရှိသလို ကမ္မဋ္ဌာန်း ဘာဝနာကျင့်စဉ်များ၏ အသေးစိတ်ဝင်စား သုံးသပ်မှုများတွင်လည်း မရှိချေ။ မျက်မှောက် တိုက်ရိုက်သိရသော နေ့စဉ်ဘဝ၏ အရာဝတ္ထုများအပေါ် တန်ဖိုးမဖြတ်မခွဲခြမ်း မစိတ်ဖြာဘဲ ပကတိ ယထာဘူတအတိုင်း သိမြင်ခြင်းတွင်သာ ဇာန်ဗုဒ္ဓဓမ္မ၏ အနှစ်သာရသည် ထင်ဟပ်နေလေသည်။[၁၇၈]

၁၇၈။ ဤသဘောတရားကို ဝိမိုနားလည်နိုင်ရန်အတွက် ဟွာယင်းဒဿနအမြင်တွင် တင်ပြခဲ့သော ရှိ-ရှိ ပု-အိုက် အကြောင်းကို ပြန်လည်ဖတ်ရှုလေ့လာရန်ညွှန်းပါသည်။

ချန်ဗုဒ္ဓဘာသာ ရေစီးကြောင်း နှစ်သွယ်

တရုတ်ပြည် ဆွန်မင်းဆက်ခေတ်တွင် လင်းချိုဂုဏ်း၏ ကိုအန်ပုစ္ဆာကျင့်စဉ်သည် တရုတ်ချန်ဗုဒ္ဓဘာသာလောကကို လွှမ်းမိုးခဲ့၏။ တစ်ချိန်တည်းမှာပင် ဆောက်-ထွန်း ဂုဏ်းသည်လည်း ၄င်း၏ အရေးပါမှုကို ထိန်းသိမ်းထားနိုင်ခဲ့၏။ ထွန်းရှန်၏ နောက် မျိုးဆက် ၆ ဆက်ခန့်တွင် ပေါ်ထွန်းခဲ့သော တာ့ယန် (၉၄၃-၁၀၂၇) လက်ထက်တွင် ဆောက်-ထွန်းဂုဏ်းသည် ပြန်လည်ထင်ရှား အသက်ဝင်လာခဲ့၏။ တာ့ယန်၏ တပည့်များအနက် တူဇု (၁၀၃၂-၁၀၈၃) တန်ရှာ (၁၁၁၉ ကွယ်လွန်) ဖုဂျန်(၁၁၁၈ ကွယ်လွန်) တို့သည် ထင်ရှားခဲ့၏။ ဆောက်-ထွန်း ဂုဏ်း အစဉ်အလာသည် အထက်တွင် ဖော်ပြခဲ့သော ဆရာတော် ထွန်းရှန်၏ ဓမ္မဉာဏ်စဉ် (၅) ပါး အယူအဆကိုပင် ထပ်မံ အကျယ်ခဲ့ ဖွင့်ဆိုခဲ့ကြပြီး လင်းချိုဂုဏ်း၏ ကိုအန်နည်းစနစ် နှင့်မတူသော **တိတ်ဆိတ်စွာလင်းပွင့်ခြင်း** (တုံဏှိဘာဝ ကမ္မဋ္ဌာန်း) နည်းစနစ်ကို ဖော်ထုတ်ခဲ့ကြ၏။ တရုတ်ဘာသာအားဖြင့် မိုချို့ကန် (ဂျပန်ဘာသာအားဖြင့် မိုကုရိုကန်) ဟုခေါ်သည့် ပကတိ တိတ်ဆိတ်စွာ ကမ္မဋ္ဌာန်းဘာဝနာပွားရသည့် ကျင့်စဉ်ကို အမြင့်ဆုံး ဖော်ဆောင်ခဲ့သူမှာ ဆရာတော်ဟွန်ချိဟု ဂုဏ်ပြု အမည်ပေးခြင်းခံရသော တိယန်ထွန်း (၁၀၉၁-၁၁၅၇) ဖြစ်၏။

တိယန်ထွန်းသည် ဆောက်-ထွန်းဂုဏ်း၏ချန်ဗုဒ္ဓဓမ္မကို တိုးတက်မြင့်မားအောင် လုပ်ဆောင်ခဲ့ရာတွင် ဆန့်ကျင်ဝေဖန်မှုများလည်း ကြုံခဲ့ရ၏။ လင်းချိုဂုဏ်းဘက်မှ အထင်ကရခေါင်းဆောင်တစ်ဦးဖြစ်သူ တာ့ဟွိက ဆောက်-ထွန်းဂုဏ်း၏ ချန်ဗုဒ္ဓဓမ္မကို မိစ္ဆာမက်လမ်းစဉ်အဖြစ် ဝေဖန်တိုက်ခိုက်ခဲ့၏။ စိတ်ကို ဗလာချည်းစည်းထား၍ ငုတ်တုတ်ထိုင်နေသည့် ကမ္မဋ္ဌာန်းမျိုးမှာ မည်သည့်အကျိုးမျှ မရှိနိုင်ကြောင်း ဟောပြော၏။ သို့သော်လည်း တိယန်ထွန်း၏ အလိုအရ တိတ်ဆိတ်စွာ လင်းပွင့်ခြင်း (တုံဏှိဘာဝ ကမ္မဋ္ဌာန်း) နည်းစနစ်သည် ရှေး အရိယာသူတော်ကောင်းများနှင့် ချန်ဗုဒ္ဓဘာသာ သာသနာပိုင်ကြီးများ၏ အနှစ်သာရ ကျင့်စဉ်ဖြစ်သည်ဟု ဆို၏။ စိတ်၏ ပကတိသဘာဝသည် ပင်ကိုသဘောအားဖြင့် တိတ်ဆိတ်စွာ တောက်ပလင်းဖြာနေသော သဘောမျိုးဖြစ်သောကြောင့် တိတ်ဆိတ်စွာ ကမ္မဋ္ဌာန်းထိုင်နေခြင်းသည် အဆုံးစွန်သော ပရမတ္ထအရှိတရားနှင့် အတူပေါင်းစည်းနေခြင်းလည်း ဖြစ်သည်ဟု ဆို၏။ ၄င်းသဘောတရားကို **မထိတွေ့ဘဲ သိမြင်ခြင်း အသွင်သဏ္ဌာန် မဖွဲ့စည်းဘဲ တောက်ပလင်းဖြာခြင်း** ("knowing without touching the thing (known), and as shining without forming an object.") ဟူ၍ သူက အနှစ်တွာသညာပေးပါသည်။ စိတ်ကို ကြေးမုံတစ်ချပ်ကဲ့သို့ တိတ်ဆိတ်ငြိမ်သက်စွာ ရောင်ပြန်တောက်ပ

နေခြင်းသည်ပင်လျှင် သတ္တဝါတိုင်းတွင် ကိန်းအောင်းနေသော ဗုဒ္ဓသဘာဝ ဖြစ်သည်ဟူ၍ တိယန်ထွန်းက ဆိုခဲ့သည်။

တုန့်ပြန်ဝေဖန်ချက်အနေဖြင့် တိယန်ထွန်းက တာ့ဟ္ဂိတို့၏ ကိုအန်နည်းစနစ်ကိုလည်း ဝေါဟာရစကားလုံးများကို ငေးစိုက်ကြည့်နေခြင်းသာဖြစ်ပြီး မည်သည့် တရားထူးမှ မရစေနိုင်သည့် ကျင့်စဉ်ဖြစ်ကြောင်း ပြန်လည်ဝေဖန်ခဲ့၏။ ယုတ္တိကင်းမဲ့သော စကားလုံးပုစ္ဆာများထဲတွင် စားစားသွားသွား အခြေအနေတိုင်းစိတ်မှာ စွဲကပ်နေအောင် ကျင့်ခြင်းသည် အကျိုးမရှိနိုင်ကြောင်း သူကဝေဖန်ခဲ့၏။ မည်သို့ပင်ဖြစ်စေ လင်းချိုဂျော်နှင့် ဆောက်-ထွန်းဂိုဏ်းတို့သည် ကိုအန်ကျင့်စဉ်နှင့် ကမ္မဋ္ဌာန်းကျင့်စဉ်တို့ကို သန်ရာသန်ရာ အားပေးသင်ကြားခဲ့ကြပြီး တရုတ်ပြည်၏ ချန်ဗုဒ္ဓဘာသာလှုပ်ရှားမှုကို အားကောင်းစေခဲ့ကြသည်မှာ အမှန်ပင်ဖြစ်၏။တရုတ်ပြည်မှ ချန်ဗုဒ္ဓဘာသာသည် ဂျပန်ပြည်သို့ရောက်ရှိကာ ဇာန်ဗုဒ္ဓဘာသာအဖြစ် ရပ်တည်ခဲ့သည့် အခါတွင်လည်း ဤကွဲပြားမှုကို ဆက်လက်ထိန်းသိမ်းခဲ့ကြ၏။ လင်းချိုဂျော်၏ အနွယ်အဆက်ဖြစ်စော ရင်ဇိုင်းဂိုဏ်းသည် တက်ကြွနိုးကြားသော ကိုအန်ပုစ္ဆာများကို လေ့ကျင့်ရာတွင် အားသန်ကြသလို ဆောက်-ထွန်းဂိုဏ်းမှ ဆင်းသက် သည့် ဆိုတိုဂိုဏ်းသည်လည်း တိတ်ဆိတ်ငြိမ်သက်စွာ တရားထိုင်သည့်နည်းစနစ်ကို အသားပေးသင်ကြားခဲ့သည်ကို တွေ့ရ၏။

ဂျပန်ပြည်သို့ ချန်ဗုဒ္ဓဘာသာရောက်ရှိခြင်း

အာရှဗဟိုကုန်းမြေမှ ဂျပန်နိုင်ငံသို့ ဗုဒ္ဓဘာသာရောက်ရှိချိန်မှာ ဂျပန်နိုင်ငံ၏ သမိုင်းအစကတည်း ကဖြစ်ခဲ့၏ ဂျပန်ရာဇဝင် မှတ်တမ်းများအရ ကိုရီးယားနိုင်ငံ ကုဒရမှ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဂျပန်ဧကရာဇ် ကိမ္မေအိ လက်ထက် (အေဒီ ၅၅၂) တွင် စတင်ပင့်ဆောင်ခဲ့ဖူး၏။ မိရိုးဖလာ ကိုးကွယ်ယုံကြည်မှုဖြစ်သော ရှင်တိုဘာသာ၏ တွန်းကန်ဆန့်ကျင်မှုကို ကြုံရသော်လည်း ဗုဒ္ဓဓမ္မ၏ ရောင်ခြည်တော်သည် ဂျပန်နိုင်ငံတွင် စတင်ထွန်းလင်းခွင့်ရခဲ့၏။

ရှေးခေတ် ဂျပန်နိုင်ငံသမိုင်းတွင် ထင်ရှားခဲ့သော ရှိုတိုကုမင်းသားကြီး (၆၂၁ ကွယ်လွန်) သည် ဗုဒ္ဓသာသနာတော်ကို အလွန်ကြည်ညိုလေးစားအားပေးခဲ့သူဖြစ်၏။ ရှိုတိုကု မင်းသားကြီးသည် ဗုဒ္ဓဓမ္မကို မိမိကိုယ်တိုင် သင်ဝင် ယုံကြည်သည့်အပြင် မိမိ၏ နိုင်ငံအုပ်ချုပ်ရေးတွင်လည်း ရှင်တော်ဗုဒ္ဓ၏ အဆုံးအမများနှင့်အညီ ဂျပန်ပြည်သူတို့ကို ချမ်းမြေ့သာယာစေခဲ့သူဖြစ်၏။ ရှိုတိုကုမင်းသားကြီးသည် မဟာယာနသုတ္တန်များအနက် ဝိမလကိတ္တိနိဒ္ဒေသသုတ္တန်ကို အလွန် ကြည်ညို

ယုံကြည်သက်ဝင်သူဖြစ်ပြီး ယင်းသုတ္တန်သည် နှောင်းကာလတွင် ပေါ်ထွန်းလာမည်ဖြစ်သော ဇာန်ဗုဒ္ဓဘာသာအတွက်လည်း အလွန်အရေးကြီးစွာ လွှမ်းမိုးခဲ့သော သုတ္တန်တစ်ခုဖြစ်၏။

အေဒီ ဖ၅၃ တွင် ဒိုရှိုအမည် ဂျပန်ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးသည် တရုတ်ပြည်တွင် ဆရာတော်ရှင်ကျန်ထံမှ ယောဂါစာရဗုဒ္ဓ အဘိဓမ္မာကို လေ့လာသင်ယူခဲ့ပြီး ဒိုရှိုသည် ထိုစဉ်က တရုတ်ပြည်တွင် ခေတ်စားနေသော ချန်ဗုဒ္ဓဘာသာကို စိတ်ဝင်စားမှု ရှိခဲ့၏။ ဒုတိယချန်သာသနာပိုင် ဟွိုကီ ကြောင့် ချန်ဗုဒ္ဓဘာသာသည် တရုတ်ပြည်တွင် စတင် ထင်ရှားလာနေသော ကာလလည်းဖြစ်ခဲ့၏။ ဒိုရှိုသည် ဂျပန်ပြည်သို့ ပြန်သောအခါတွင် ဟော့ဆိုဂိုဏ်း (ယောဂါစာရ) ကို တည်ထောင်ပြီး တရုတ်ချန်ကျင့်စဉ်များကိုလည်း မိမိ၏ ဂိုဏ်းတွင် စတင် သင်ကြားပေးခဲ့သည် ဟုဆို၏။

နောက်ရာစုနှစ်တစ်ခုတွင် ပထမဆုံး တရုတ်ချန်ဗုဒ္ဓဓမ္မဆရာ တောက်ရှန်သည် ဂျပန်ပြည်သို့ ရောက်ရှိလာခဲ့၏။ တောက်ရှန်သည် ရှန်းရှုတည်ထောင်ခဲ့သော တရုတ်ပြည်မြောက်ပိုင်း ချန်သာသနာ၏ အနွယ်အဆက် ဖြစ်ပေ၏။ ဂျပန် ရဟန်းတော်များ၏ ဖိတ်ကြားချက်အရ တောက်ရှန်သည် နာရာမြို့တွင် နေထိုင်ခဲ့ပြီးလျှင် တမ်ပို့ခေတ်(၇၂၉-၇၄၉) တစ်လျှောက်လုံး ဂျပန်ယဉ်ကျေးမှု တိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်းခဲ့၏။ တောက်ရှန်သည် ကိုဂွန်းဂိုဏ်း ရစ်ဆု (ဝိနယ) ဂိုဏ်းတို့နှင့် အဆက်အသွယ်ရှိခဲ့ပြီး ဇာန်ကမ္မဋ္ဌာန်းကျင့်စဉ်ကို ဂျူဟျူကို သင်ကြားပေးခဲ့၏။ ဂျူဟျူမှ တစ်ဆင့် တင်ဒိုင်းဂိုဏ်းကို တည်ထောင်ခဲ့သူ ဆိုင်ချူ (ဒန်ဂျူဒိုင်းရှိ ၇၆၇-၈၂၂) ကို ထပ်ဆင့် သင်ကြားပေးခဲ့၏။

ထိုနည်းတူ ရှီးဝခေတ် (၈၃၄-၈၄၈) တွင် လင်းချိုဂိုဏ်းမှ ချန်ဆရာသခင် ယိကွန်းသည် ဂျပန်ဧကရာဇ်ဆာဂ နှင့် ဂျပန်ဧကရီမိဖုရားကြီး တာချိဘာန ကာချိကိုတို့၏ ဖိတ်ကြားချက်အရ ဂျပန်ပြည်သို့ ရောက်ရှိလာခဲ့ပြီး ချန်ဗုဒ္ဓဘာသာကို သင်ကြားပို့ချပေးခဲ့ရ၏။ ကျူတိုမြို့တော်ရှိ ဒန်ရင်ဂျီးကျောင်းတိုက်တွင် ချန်(ဇာန်) တရားများကို ဟောကြားခဲ့သော်လည်း ယိကွန်းသည် ဂျပန်ပြည်တွင် ချန်ဗုဒ္ဓဘာသာကို အမြစ်တွယ်အောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

ဟိုင်အန်ခေတ်(အေဒီ ၇၉၄-၁၁၈၅) တွင် တင်ဒိုင်းဂိုဏ်းနှင့် ရှင်ဂွန်းဂိုဏ်း (မန္တရဂိုဏ်း) ကြီး နှစ်ဂိုဏ်းက အလွန်တရာ အင်အားကြီးမားစွာဖြင့် ဂျပန်ဗုဒ္ဓဘာသာလောကကို ဦးဆောင်လွှမ်းမိုးနေခဲ့သောကြောင့် ဂျပန်ပြည်တွင် ချန်ဗုဒ္ဓဘာသာသည် ထင်ရှားလာခြင်း မရှိခဲ့သေးချေ။ ကမ္မဋ္ဌာန်းထိုင်သောလုပ်ငန်းထက် သိမ်မွေ့

နက်နဲသော အဘိဓမ္မာ သဘောတရားများ လေ့လာခြင်းနှင့် မန္တရဂိုဏ်း၏ ဂန္ဓာရီဆန် ဆန်ကျင့်စဉ်များကသာ ကြီးစိုးနေခဲ့သောကာလဖြစ်၏။

ဂျပန်ပြည်တွင် ကာမကူရခေတ်(၁၁၈၅-၁၃၃၃) သို့ရောက်သောအခါတွင် ဂျပန်ဗုဒ္ဓဘာသာလောကကြီး တစ်ခေတ်ဆန်း ပြောင်းလဲတိုးတက်မှုများကို တွေ့မြင်လာကြရ၏။ ဟောဆို ကိုဂန်း တင်ဒိုင်းနှင့် ရှင်ဂန်း အစရှိသည့် ရှေးဟောင်း ဂျပန်ဗုဒ္ဓဘာသာဂိုဏ်းများသည် အယူအဆဒဿနရေးရာတွင် အလွန်သိမ်မွေ့နူးညံ့ နက်ရှိုင်းလှသော အဆင့်အလွှာများအထိ ရောက်ရှိလာကြသောကြောင့် သာမန်ပြည်သူအများနှင့် ကင်းကွာလာခဲ့လေသည်။ သာမန်ပြည်သူတို့အတွက်လည်း ဗုဒ္ဓဘာသာဟူသည်မှာ မန္တန်များ ရွတ်ဆိုပူဇော်ခြင်းနှင့် မော်ဂန္ဓာရီကျင့်စဉ်များ ကျင့်ကြံခြင်းသာ ဖြစ်နေခဲ့၏။

ဟိုနန် (၁၁၃၃-၁၂၁၂) နှင့် ရှင်ရန်(၁၁၇၃-၁၂၆၅) တို့ကလည်း အမိတာဘ ဗုဒ္ဓကို သက်ဝင်ယုံကြည်သော သုဒ္ဓဘူမိ (သုခဝတီ) ဂိုဏ်းကို တည်ထောင်ပြီး အများပြည်သူ လက်လှမ်းမီနိုင်သော ဗုဒ္ဓဘာသာတစ်မျိုးကို ဟောကြားနေခဲ့သောကာလဖြစ်၏။ နိချီရင် (၁၂၂၂-၁၂၈၂) ကလည်း သဒ္ဓမ္မပုဏ္ဍရိကာ (ကြာပန်း) သုတ္တန်ကို အခြေခံ၍ ဆင်းရဲသား လူတန်းစားအလွှာကို အားပြုပြီး နိချိရင်ဂိုဏ်းကို ထူထောင်ကာ ရဲရဲတောက်တရားများ ဟောကြားခဲ့၏။ အသစ်ဖြစ်ထွန်း ပေါ်ပေါက်လာသော ဆာမူရိုင်းသူရဲကောင်းအလွှာသည်လည်း လက်တွေ့ကျသော ဇာန်ဗုဒ္ဓဘာသာဆိုင်ရာ ကျင့်စဉ်များ သင်ကြားမှုများတွင် မိမိတို့၏ ခိုလှုံရာဓမ္မကို ရှာဖွေတွေ့ရှိစပြုချိန်လည်းဖြစ်၏။

အီဆိုင် ၏ ရင်ဂိုင်း ဇာန်ဗုဒ္ဓဘာသာဂိုဏ်း

၁၂ရာစု အလယ်တွင် ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဗုဒ္ဓဘာသာဆိုင်ရာ ကူးလူးဆက်ဆံမှုများစွာ ဖြစ်ခဲ့၏။ အီဆိုင် (၁၁၄၁-၁၂၁၅) သည် တရုတ်ပြည်မှ ချန်ဗုဒ္ဓဘာသာကို ပထမဦးဆုံး စနစ်တကျ စတင်သယ်ဆောင်လာသူဖြစ်ပြီး ဂျပန်နိုင်ငံတွင် ဇာန်ဗုဒ္ဓဘာသာကို စတင်တည်ထောင်သူအဖြစ် သတ်မှတ်ကြ၏။

အီဆိုင်သည် ဘစ်ချူခရိုင် (ယနေ့ခေတ် အိုကာယာမ) တွင် မွေးဖွားခဲ့ပြီး ငယ်ရွယ်စဉ်ကပင် တင်ဒိုင်းဂိုဏ်းတွင် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့၏။ အေဒီ ၁၁၆၈ တွင် အီဆိုင်သည် တရုတ်ပြည်တွင် တရားစစ်တရားမှန် ရှာဖွေရန်ဟူသော ရည်ရွယ်ချက်ဖြင့် တရုတ်ပြည်သို့ ရောက်ရှိခဲ့ပြီး တိယင်တိုင်း ဂိုဏ်းရှိရာနေရာများသို့ သွားရောက် လေ့လာခဲ့၏။ တရုတ်ပြည်တွင် ချန်ဗုဒ္ဓဘာသာထွန်းကားနေသည့် အတွက် အီဆိုင်သည် တိယင်တိုင်းဂိုဏ်းတွင် ချန်တရားတချို့ကို လေ့လာခဲ့ပြီး

ဂျပန်သို့ပြန်ခဲ့၏။ အေဒီ ၁၁၈၇ တွင် ဒုတိယအကြိမ်အဖြစ် တရုတ်ပြည်သို့ ထပ်မံသွားရောက်ခဲ့ပြီး လင်းချိုဂုဏ်း၏ ချန်ဗုဒ္ဓဘာသာဆိုင်ရာ ကျင့်စဉ်များကို လေ့လာဆည်းပူးခဲ့၏။

ချန်ဗုဒ္ဓဓမ္မဆရာဖြစ်အောင်လက်မှတ်ကိုရရှိပြီးသောအခါ အီဆိုင်သည် ၁၁၉၁ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ပြန်ခဲ့ပြီး သူနှင့်အတူ ဓမ္မကျမ်းစာများနှင့် လက်ဖက်ပင်မျိုးစေ့များကို ယူဆောင်လာခဲ့၏။ အီဆိုင်သည် ကျွှေးကျွန်းတွင် ပထမဆုံး ဂျပန်ဇာန် ဗုဒ္ဓဘာသာကျောင်းတိုက်တစ်ခုဖြစ်သော ရှိဖုကုဂျိုးကျောင်းတိုက်ကို တည်ထောင်ခဲ့၏။ နောက်ပိုင်းတွင် သူ့တရားကို ဆန့်ကျင်သူများပြားလာသောကြောင့် ကျွှေးကျွန်းမှ ကာမာကူရ အရှေ့မြောက်ဖက်ဒေသသို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။ ထိုဒေသမှ ရှိဂန်က အီဆိုင်ကို ကြိုဆို လက်ခံခဲ့ပြီး ကာမကူရဒေသရှိ ပထမဦးဆုံး ဇာန်ဗုဒ္ဓဘာသာ ကျောင်းတိုက်ဖြစ်သော ဂျုဖုကုဂျိုး ကျောင်းတိုက်ကို တည်ထောင်လှူဒါန်းခဲ့၏။ ထိုနည်းတူ ကျိုတိုမြို့တော်တွင် ဆောက်လုပ်ထားသော ကန်နင်ဂျိုး ဘုရားကျောင်း၏ နာယကအဖြစ်လည်း အီဆိုင်ကို အပ်နှင်းခဲ့၏။ ဇာန်ဗုဒ္ဓဘာသာကို ပြုစုပျိုးထောင်ရန်အတွက် အီဆိုင်သည် **နိုင်ငံတော်ကာကွယ်ရေးအတွက် ဇာန်ဓမ္မတရား ပြန့်ပွားခြင်း** အမည်ရှိသော ကျမ်းတစ်စောင် ပြုစုခဲ့၏။ ဇာန်ဗုဒ္ဓဘာသာကို သီးခြား ဗုဒ္ဓဘာသာဂိုဏ်း တစ်ခုအဖြစ် အသိအမှတ်ပြုခံရရေးအတွက် ကြိုးစားခဲ့သော်လည်း တင်ဒိုင်းဂိုဏ်းနှင့် ရှင်ဂွန်းဂိုဏ်းတို့သည် ဘုရင့်နန်းတော် ကို စိုးမိုးနေဆဲဖြစ်သောကြောင့် အီဆိုင်အတွက် အခွင့်မသာဘဲ ဖြစ်နေခဲ့၏။

မူလက ကန်နင်ဂျိုးဘုရားကျောင်းသည် ဇာန်ဗုဒ္ဓဘာသာကျောင်းတိုက်တစ်ခုမဟုတ်သော်လည်း ဇာန်ကမ္မဋ္ဌာန်းတရားအားထုတ်ရန် ခန်းမဆောင်တစ်ခုကို ထည့်သွင်းထားခဲ့၏။ တစ်နေရာတည်းတွင်ပင် တင်ဒိုင်းဂိုဏ်းနှင့် ရှင်ဂွန်းဂိုဏ်းတို့၏ ပူဇော်သက္ကာရ အစီအစဉ်များကိုလည်း ကျင့်သုံးခဲ့၏။ အီဆိုင်ကိုယ်တိုင်လည်း မိမိကိုယ်ကို တင်ဒိုင်း ရဟန်းတော်တစ်ပါး အသွင်ဖြင့်သာ နေထိုင်ခဲ့၏။ အီဆိုင်သည် အေဒီ ၁၂၁၅ ခုနှစ် သက်တော် (၇၄) နှစ်တွင် ပျံလွန်တော်မူခဲ့ပြီး သူ၏ရုပ်ကလာပ်ကို ကန်နင်ဂျိုးဘုရားကျောင်းဝင်းအတွင်း၌ မြုပ်နှံခဲ့လေသည်။[၁၇၉]

ဒိုဂန် ၏ ဆိုတို ဇာန်ဗုဒ္ဓဘာသာဂိုဏ်း

ဒိုဂန် (၁၂၀၀-၁၂၅၃) သည် ဂျပန်ဗုဒ္ဓဘာသာ လောကတစ်ခုလုံးတွင် အတောက်ပဆုံး ကြယ်ပွင့်တစ်ပွင့်သဖွယ် အစဉ်ထာဝရ လင်းလက်နေခဲ့ပြီး ယနေ့ခေတ်အထိ

၁၇၉။ **Heinrich Dumoulin, *A History of Zen Buddhism*. Boston, 1963, p-141**

ခေတ်မီနေဆဲ ဘာသာရေးဒဿနအမြင်များကို ကိုယ်စားပြုနေသည့် ပါရမီရှင်ပုဂ္ဂိုလ်ထူး ဖြစ်၏။ သူထူထောင်ခဲ့သော ဆိုတိုဇာန်ဗုဒ္ဓဘာသာဂိုဏ်းတွင်သာမက ဂျပန်ဗုဒ္ဓဘာသာ ဂိုဏ်းအသီးသီးက ဗောဓိသတ္တာအဖြစ် အလေးအမြတ်ပြုရသည့် သူလည်းဖြစ်၏။ ထို့အပြင် ဒိုဂန်သည် ဂျပန်နိုင်ငံ၏ ဘာသာရေး ယဉ်ကျေးမှု သမိုင်းတစ်လျှောက်လုံးတွင် အထူးခြားအနက်နဲဆုံး ဗုဒ္ဓဓမ္မဒဿန ပညာရှင် ကမ္မဋ္ဌာန်းနည်းပြဆရာကြီး တစ်ဆူလည်း ဖြစ်နေပြန်၏။

ဒိုဂန်သည် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူဖြစ်၏။ သူ၏ဖခင်မှာ ကုဂမိချိချိက ဆိုသူဖြစ်ပြီး နန်းတွင်း အရာထမ်း တစ်ဦးဖြစ်သည်။ မိခင်ဖြစ်သူမှာ ဖုဂျီဝါရ မျိုးရိုးမှဆင်သက်ပြီး ဂျပန်ဇကရာဇ်များ တော်ကောက်လေ့ရှိသော မင်းသွေးအဆက်အနွှစ်မျိုး ဖြစ်၏။ ဒိုဂန်ကို ငယ်စဉ်ကတည်းက ဖခင်ဖြစ်သူက တရုတ်ယဉ်ကျေးမှုစာပေကို ရှေးဂျပန်ရိုးရာထုံးစံအတိုင်း သင်ကြားပေခဲ့ရာ ပါရမီရှင်လေး ဒိုဂန်သည် လေးနှစ်သားအရွယ်ကတည်းက သူ့ပထမဆုံး တရုတ်ကဗျာကို ရေးတတ်နေခဲ့ပြီဟုဆို၏။ ဒိုဂန်သည် အလွန်ငယ်ရွယ်စဉ်ကတည်းက မိဘမဲ့ဖြစ်ခဲ့၏။ သူ့အသက် နှစ်နှစ်အရွယ်တွင် ဖခင်ကွယ်လွန်ခဲ့ပြီး သူ့အသက်ခုနစ်နှစ်အရွယ်တွင် မိခင်ဆုံးပါးခဲ့၏။ ငယ်ရွယ်စဉ်ကတည်းက လောကကြီး၏ ဆင်းရဲဒုက္ခအပေါင်းကို ထိတ်လန့်ခံစားခဲ့ရသော ဒိုဂန်သည် အရာခပ်သိမ်း၏ မတည်မြဲမှု အနှစ်သာရ ကင်းမဲ့မှုသဘောကို အရွယ်နှင့်မမျှအောင် သိရှိခဲ့ရ၏။ မိခင်ဖြစ်သူက သေဆုံးခါနီးတွင် ဒိုဂန်ကို သာသနာ့ဘောင်သို့ ဝင်ရန်တိုက်တွန်းခဲ့၏။ မိခင်ကွယ်လွန်ပြီးသောအခါ ဒိုဂန်သည် ဦးလေးဖြစ်သူနှင့် အတူနေခဲ့ရ၏။ ဦးလေးက သူ့ကို လောကီဘဝသို့ ဝင်ရောက်ရန် ကြိုစည် လုပ်ဆောင်ခဲ့သော်လည်း ဒိုဂန်သည် (၁၂) နှစ်သားအရွယ်တွင် အိမ်မှထွက်ပြေး၍ ဟိအိုင်တောင်ခြေတွင်နေထိုင်သော ဆွေမျိုးမကင်းသည့် ရသေ့တစ်ပါးဆီသို့ ထွက်ပြေးခဲ့၏။ ထို့နောက် ဒိုဂန်သည် ၁၂၁၃ တွင် တင်ဒိုင်းဗုဒ္ဓဘာသာဂိုဏ်းသို့ ဝင်ရောက်ခဲ့၏။ သူ၏ သာမဏေပြု ဥပဇ္ဈာယ်ဆရာမှာ တင်ဒိုင်းဗုဒ္ဓဘာသာဂိုဏ်းချုပ် ကိုယန် ဖြစ်၏။[၁၈၀]

ဒိုဂန်သည် ဟိအိုင်တောင်ပေါ်မှ ကျောင်းတိုက်တွင် တင်ဒိုင်း ဗုဒ္ဓဘာသာဂိုဏ်းဝင်ရဟန်းအဖြစ် နေထိုင်ရင်း ပရိယတ် ပဋိပတ်တရားများကို ကျင့်ကြံကြိုးကုတ်အားထုတ်နေခဲ့၏။ ဤသို့ နေထိုင်ရင်း ဒိုဂန်၏ နှလုံးသားဝယ် ဖြေရှင်းမရသော ဓမ္မပဟေဠိပုစ္ဆာတစ်ခုက အမြစ်တွယ်ကာ နှိပ်စက်လာတော့၏။ မဟာယာန ဗုဒ္ဓဘာသာ ဒဿနအမြင်အရ သတ္တဝါတိုင်းတွင် ဗောဓိဉာဏ်ဓာတ်သဘာဝ (ဗုဒ္ဓသဘာဝ)

၁၈၀။ **Heinrich Dumoulin, *A History of Zen Buddhism*. Boston,1963, p-152**

ကိန်းအောင်းတည်ရှိနေပြီးသား ဖြစ်၏။ ဤသို့ဆိုလျှင် ဗောဓိသတ္တများနှင့် ဗုဒ္ဓရှင်တော်တို့သည် အဘယ်ကြောင့် ကမ္ဘာပေါင်းအသင်္ချေကြာအောင် ပါရမီတရားတို့ကို ဖြည့်ကျင့်နေရပါသနည်း ဆိုသော မေးခွန်းပုစ္ဆာ ဖြစ်၏။ ဤ အမေးပုစ္ဆာသည် လွယ်မယောင်နှင့်ခက် တိမ်မယောင်နှင့်နက်သော ပုစ္ဆာဖြစ်၏။ ယုတ္တိနှစ်စွန်း ထွက်နေသော ဝိရောဓိပြဿနာမျိုးလည်းဖြစ်၏။ အကယ်၍ သတ္တဝါတိုင်းတွင် ဗောဓိဉာဏ် ဓာတ်သဘာဝ (ဗုဒ္ဓသဘာဝ) ကိန်းအောင်းတည်ရှိနေပြီးသား ဖြစ်နေပါလျှင် ဘုရား ဖြစ်အောင် ကျင့်နေခြင်းသည် အပိုအလုပ်သာ ဖြစ်ပေလိမ့်မည်။ ရပြီးသား ရှိပြီးအရာကို ရှိအောင်ရအောင် ထပ်လုပ်ရမည်ဆိုသည်မှာ အဓိပ္ပာယ်မရှိချေ။ ထိုနည်းတူ သတ္တဝါတိုင်းတွင် ဗောဓိဉာဏ်ဓာတ်သဘာဝ (ဗုဒ္ဓသဘာဝ) ကိန်းအောင်း တည်ရှိနေပြီး သားမဟုတ်ဟု ဆိုပါလျှင်လည်း ဘုရားဖြစ်အောင် ကျင့်နေခြင်းသည် အပိုအလုပ်သာ ဖြစ်ပေလိမ့်မည်။ ဆီမရှိသော ကျောက်ခဲကို မည်မျှကြိတ်ချေပါစေ ဆီတစ်စက်မှ ထွက်မလာနိုင်သကဲ့သို့ ဘုရားသဘာဝမရှိသော သတ္တဝါတို့သည် မည်မျှ ကျင့်သည်ဖြစ်စေ ဘုရား မဖြစ်နိုင်ချေ။ ဤ ယုတ္တိနှစ်စွန်းထွက်နေသော ဝိရောဓိပြဿနာကို မိမိဘာသာလည်း မဖြေရှင်း နိုင်သော ဒိဂန်သည် ဟိအိုင်တောင်ပေါ် ကျောင်းတိုက်တွင်ရှိသော ပညာတတ် ရဟန်းသံဃာများကို ချဉ်းကပ် မေးမြန်းကြည့်ရာတွင် မည်သူမှသူ၏ ဓမ္မပဟေဠိပုစ္ဆာကို အဖြေမပေးနိုင်ခဲ့ကြပေ။

ထိုကြောင့် ဒိဂန်လည်း ပိဝါ ရေကန်ကြီးအနီးမှ တင်ဒိုင်းဗုဒ္ဓဘာသာ ဘုရားကျောင်းတွင်နေထိုင်သော နာမည်ကျော် ရဟန်းတော် ကိုအင် (၁၁၄၅-၁၂၁၆) ထံသို့ သွားရောက်ခဲ့လေ၏။ ကိုအင် သည် တစ်ဘဝလုံး သစ္စာတရားကို မွတ်သိပ်ရှာဖွေခဲ့သည့် ဓမ္မခရီးသည်တစ်ဦးဖြစ်ပြီး သူငယ်စဉ်က လေ့လာခဲ့သော စာပေကျမ်းဂန်များ အားလုံးကို မီးရှို့ဖျက်ဆီးပစ်ခဲ့ပြီး အမိတာဘဗုဒ္ဓကို ကိုးကွယ်ယုံကြည်သူ ဖြစ်နေခဲ့၏။ ကိုအင်က ဒိဂန်ကို ရင်ဖိုင်းဇာန်ဗုဒ္ဓဘာသာ ထူထောင်သူ အိဆိုင်ကို သွားရောက်တွေ့ဆုံမေးမြန်းရန် အကြံပေးခဲ့၏။ သို့သော်လည်း အိဆိုင်ထံသို့ ဒိဂန် ရောက်ခဲ့ခြင်း ရှိမရှိ မသေချာပေ။ ခိုင်မာတိကျသော မှတ်တမ်းလည်း မတွေ့ရချေ။

မည်သို့ပင်ဖြစ်စေ ဒိဂန်သည် ဇာန်ဗုဒ္ဓဓမ္မကို စိတ်ဝင်စားမှု ရှိခဲ့သောကြောင့် ရင်ဖိုင်းဇာန်ဗုဒ္ဓဘာသာ ကျောင်းတိုက် တစ်ခုဖြစ်သည် ကန်နင်ဂျီးကျောင်းတိုက်သို့ ရောက်ရှိခဲ့၏။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကန်နင်ဂျီး ကျောင်းတိုက်သည် ရှင်ဝန်းတန္တရကျင့်စဉ်များနှင့် ဇာန်ဗုဒ္ဓဓမ္မ နှစ်မျိုးလုံးသင်ကြားပေးနေသော နေရာဖြစ်၏။ ဒိဂန် ရောက်ရှိချိန်တွင် ကျောင်းထိုင်နေသော ဇာန်ဆရာတော်မှာ မျိုဇန် ဖြစ်၏။ မျိုဇန်၏ ရင်ဖိုင်းဇာန်တရား သင်ကြားမှုမှာ ဒိဂန်အတွက် အထူးအဆန်းဖြစ်

နေ၏။ ဟိအိုင်တောင်ပေါ်တွင် တင်ဒိုင်းတရားဓမ္မနှင့် ရှင်ဂွန်း တန္တရကျင့်စဉ်များ အကြောင်း ကောင်းစွာသိသော်လည်း ရင်ဇိုင်းဇာန်၏ ထုထောင်းရိုက်နှက်ခြင်း၊ ဟစ်အော်ခြင်း စသည်တို့မှာ ဒိဂန်အတွက် လုံးဝ အသစ်အဆန်း ဖြစ်၏။ သို့သော် လည်း ဒိဂန်၏ စိတ်သန္တာန်တွင် ရှိနေသော ဓမ္မပဟေဠိမှာ အဖြေညှိ၍ မရနိုင်သေးဘဲ လိပ်ခဲတည်းလည်း ဖြစ်နေဆဲပင် ဖြစ်၏။ ထို့ကြောင့် ဒိဂန်သည် တရုတ်ပြည်သို့ သွားလိုကြောင်း ဆရာဖြစ်သူ မျူဇန်ထံတွင် ခွင့်ပန်ခဲ့ရာ မျူဇန်က သူလည်းလိုက်ပါ မည့်အကြောင်း ပြောလေ၏။ ဤသို့နှင့် ဆရာတပည့် နှစ်ဦးသား တရုတ်ပြည်သို့ အေဒီ-၁၂၂၃ တွင် ခရီးထွက်ခဲ့ကြလေသည်။

ခက်ခဲလှသော ပင်လယ်ခရီးကြမ်းကို ဖြတ်သန်းပြီး ဒိဂန်တို့သည် တရုတ်ပြည် အလယ်ပိုင်း ဆိပ်ကမ်းမြို့တစ်ခုသို့ ရောက်ခဲ့ကြ၏။ အစပိုင်းတွင် ဒိဂန်သည် လှေ ပေါ်မှမခွာသေးဘဲ အကဲခတ်နေခဲ့၏။ ဤသို့ စောင့်ဆိုင်းနေချိန်တွင် ချန်ဗုဒ္ဓဘာသာ ကျောင်းတိုက်တစ်ခုမှ မီးဖိုဆောင်ပစ္စည်းထိန်း ရဟန်းတစ်ပါးနှင့် သူဆုံတွေ့ခဲ့ပြီး ချန်ဓမ္မတရားကို စတင်အထင်ကြီး လေးစားမိခဲ့၏။ များမကြာမီ ဒိဂန်သည် တရုတ် ချန်ဗုဒ္ဓဘာသာ၏ အငွေ့အသက်ကို ကိုယ်တိုင် ကြုံတွေ့ စမ်းသပ်ခွင့်ရခဲ့၏။ ချန်ဆရာ တော် ဝုချိဉီးစီးသော တိယင်ထွန်းဇူကျောင်းတိုက်သို့ ဝင်ရောက်ခွင့် ရရှိခဲ့ပြီး ချန်ဗုဒ္ဓ ဘာသာ၏ ကျင့်စဉ်များနှင့် ထိတွေ့ရင်းနှီးခွင့်ရခဲ့၏။ သို့သော်လည်း ဒိဂန်သည် သူမျှော်လင့်သလို တရားထူးအမြင်သစ် မရရှိသေးပေ။ ထို့ကြောင့် ဒိဂန်သည် တရုတ်ပြည် တစ်နံတစ်လျားရှိ ကျောင်းတိုက်ပေါင်းများစွာရှိ ဂိုဏ်းအသီးသီးတွင် နည်းအမျိုးမျိုးကို လေ့လာခဲ့သော်လည်း ရေသာများ၍ ငါးမတွေ့ခဲ့ချေ။ ထိုအချိန် တွင် တိယင်ထွန်းဇူ ကျောင်းတိုက်မှ ဆရာတော် ဝုချိလည်း ပျံလွန်တော်မူခဲ့ပြီ ဖြစ် သောကြောင့် ဒိဂန်သည် ဂျပန်ပြည်သို့ ပြန်ရန်သာ ဆုံးဖြတ်ခဲ့၏။

သို့သော်လည်း တိယင်ထွန်းဇူ ကျောင်းတိုက်သို့ ရောက်ရှိလာသော ကျောင်း ထိုင်ဆရာတော်အသစ် ဂျူချင်း (၁၁၆၃-၁၂၆၈) က ဒိဂန်၏ ဓမ္မခရီးကို လုံးဝပြောင်း လဲစေခဲ့၏။ ဂျူချင်းသည် ဒိဂန်ကို ကျောင်းတိုက်တွင် ဆက်လက် နေထိုင်ရန် လက်ခံ ခဲ့ပြီး သူ့ထံသို့လည်း အချိန်မရွေး ဝင်ရောက်တွေ့ဆုံး ဆွေးနွေးမေးမြန်းခွင့်ကို ပေး ခဲ့၏။ ဂျူချင်းသည် မင်းအာဏာကို စက်ဆုပ်၍ လာဘသက္ကာရကို မကပ်ငြိသော အာဇာနည်ရဟန်းမြတ်တစ်ပါး ဖြစ်၏။ ရိုးရှင်းသော နေထိုင် စားသောက်မှုပုံစံဖြင့် အလွန်ခြိုးခြံစွာ နေထိုင်သည့် သီလဝန္တမထေရ်တစ်ပါးဖြစ်၏။ တပည့်ရဟန်းများကို တင်းကြပ်သော ဝိနည်းစည်းမျဉ်းများဖြင့် အုပ်ချုပ်သော်လည်း သူတို့၏ ဓမ္မအလင်း ရောင်တိုးတက်ရေးကို အထူးဂရုစိုက်သူလည်း ဖြစ်၏။ ဂျူချင်း၏ တရားပြဝါးတုတ်၏ အောက်တွင် ရဟန်းတော်တို့မှာ ကျားကုပ်ကျားခဲ တရားအားထုတ်ကြရသောဟူ၏။

တိယင်ထွန်းရှေ ကျောင်းတိုက်တွင် ဒိဂန်သည် အခြားရဟန်းများနည်းတူ ချုန် မမွတရားကို အသဲအမဲ အားထုတ် ကြိုးပမ်းခဲ့လေရာတွင် တရားထူးအလင်းရောင် ရရှိရန်အတွက် အဆင်သင့်ဖြစ်နေခဲ့၏။ တစ်ခုသော ညတွင် ရဟန်းများ စုဝေးတရား ထိုင်နေကြချိန်တွင် အိပ်ငိုက်နေသော ရဟန်းတစ်ပါးကို ဂျူချင်းက မောင်းမဲသံကို ဒိဂန်ကြားရ၏။ **အသင်ရဟန်း ချုန်မမွတရားတွင် ကိုယ်ခန္ဓာနှင့် စိတ်ကို ပစ်ချခြင်း သည် အခရာဖြစ်၏။ အဘယ်ကြောင့် သင် အိပ်ငိုက်၍ နေဘိသနည်း** ဟူသောမြည်တွန် တောက်တီးသံ ဖြစ်၏။ထိုအသံကို ကြားရသည့်အခိုက် ဒိဂန်၏ စိတ်နှလုံးတို့သည် ဟင်းလင်းပွင့်ကုန်၏။ သူ့စိတ်ကို ချုပ်နှောင်ထားသော အဝိဇ္ဇာ၏ နှောင်ကြိုးသည် လည်း ရုတ်တရက် ပြတ်တောက်၍ လွတ်မြောက်ခဲ့၏။ သူ့ကို နှိပ်စက်နေခဲ့သော ဗုဒ္ဓသဘာဝနှင့်ပတ်သက်သည့် ဓမ္မပဟေဠိပုစ္ဆာ၏ အဖြေကိုလည်း သူတွေ့ရှိခဲ့လေ ပြီဖြစ်၏။ ဒိဂန်၏ တရားအသိ၌ ဗုဒ္ဓသဘာဝသည် ပြောင်းလဲနေသောအရာများ၏ အတွင်းသန္တာန်တွင် သီးခြားအရာဝတ္ထုတစ်ခုပမာ ကိန်းအောင်းနေသည်လည်း မဟုတ်သလို ဗုဒ္ဓသဘာဝသည် ပြောင်းလဲနေသောအရာများ၏ အောက်ခြေအမာခံ အရိုတရားလည်း မဟုတ်ပေ။ ပြောင်းလဲနေသောအရာများ၏ ပကတိအနှစ်သား သဘာဝသည် အတ္တဆိတ်သုဉ်းသော သုညတာ သဘောသာလျှင်ဖြစ်ပြီး ထိုသုည တာနှင့် ဗုဒ္ဓသဘာဝသည် အတူတူပင်ဖြစ်သောကြောင့် **ပြောင်းလဲခြင်းတရား ကိုယ် တိုင်သည်ပင်လျှင် ဗုဒ္ဓသဘာဝဖြစ်၏။** (Impermanence is the Buddha-Nature) ဟုဆိုနိုင်၏။ ဤအသိအမြင်သည် မမြဲသောအချိန်ကာအတွင်း၌ပင် ထာဝရအရိုတရား ကို မြင်ခြင်းဖြစ်၏။ သံသရာအတွင်း၌ပင် နိဗ္ဗာန်ကို မြင်ခြင်းဖြစ်၏။ သာမန်လောက အတွင်း၌ပင် မြင့်မြတ်ခြင်းတရားကို ရှာဖွေတွေ့ရှိခြင်းဖြစ်၏။ ဤအဒွယ သစ္စာ တရားကို သူကိုယ်တိုင် သိမြင်ခဲ့ရသောကြောင့် ဒိဂန်သည် သူ့စိတ်ကို အစဉ်လွှမ်းမိုး နှောက်ယှက်နေခဲ့သော ဓမ္မပဟေဠိပုစ္ဆာ၏ နှစ်စွန်းထွက်ဆူးညောင့်များမှ လွတ် မြောက်ခဲ့ပြီ ဖြစ်၏။

ထို့နောက် ဒိဂန်သည် ကြည်နူးခြင်းအပြည့်ဖြင့် ဘုရားဆောင်သို့သွားလျက် မိမိ၏ တရားထူးအသိကို ဘုရားရှင်ထံပူဇော်မှု ပြုလေ၏။ ဂျူချင်းလည်း ဒိဂန် အလင်းဉာဏ်ပွင့်ပြီဖြစ်သည်ကို သိမြင်သောကြောင့် ဒိဂန်ကို ဆိုတိုဇာန်ဂိုဏ်း၏ အနာဂတ် သာသနာပိုင်အဖြစ် အသိအမှတ်ပြုခဲ့၏။ ထိုနောက် နှစ်နှစ်ခန့် တိယန်ထွန်း ရှေ ကျောင်းတိုက်တွင် ဇာန်တရားဓမ္မတို့ကို ဆက်လက်လေ့လာခဲ့ပြီးနောက် ဒိဂန်သည် ဂျပန်ပြည်သို့ တစ်ကိုယ်တည်း ပြန်ခဲ့၏။ သူ့ဆရာ မျူဇန်မှာမူ ကွယ်လွန်ခဲ့ပြီ ဖြစ် လေသည်။ တရုတ်ပြည်တော်ပြန် ဒိဂန်သည် မိမိနှလုံးသားအတွင်းမှာ တည်သော

ဗောဓိဉာဏ်အလင်းမှလွဲ၍ အခြားကျမ်းစာများ ရုပ်ပွားဆင်းတုတော်များ ဓာတ်တော်မွေတော်များ ယူဆောင်လာခြင်းမရှိခဲ့ချေ။ ဂျပန်ပြည်သို့ ရောက်သောအခါ ကန်နင်ဂျီးကျောင်းတိုက်သို့သွား၍ သူ့ဆရာ မျူဇန်၏ အရိုးအိုးကို မြုပ်နှံခဲ့၏။ မိမိကိုယ်ပိုင်ဂိုဏ်းတစ်ခု ထူထောင်ချင် စိတ်မရှိဘဲ ဒိုဂန်သည် ဗုဒ္ဓ၏ ဓမ္မရတနာအစစ်ကိုသာတည်တံ့ပြန့်ပွားစေလိုသော ဆန္ဒမွန် ဖြစ်ပေါ်နေခဲ့၏။ ထိုဆန္ဒကို အကောင်အထည်ဖော်သည့်အနေဖြင့် ဒိုဂန်သည် **ဖူကန်ဇောန်ဂျီ** (ဇောန်ကမ္မဋ္ဌာန်းဘာဝနာ အခြေခံအလင်းပြကျမ်း) ကို တရုတ်အက္ခရာစာလုံး (၁၀၀၀) ခန့်ဖြင့် အလွန်သိပ်သည်းကျစ်လစ်စွာ ရေးသားခဲ့၏။

ဒိုဂန်သည် မျူဇန်မရှိတော့သည့်နောက်ပိုင်းတွင် အခြေအနေ ယိုယွင်းယိုင်နဲ့လာသော ကန်နင်ဂျီးကျောင်းတိုက်တွင်လည်း ဆက်မနေလိုတော့ဘဲ ၁၂၃၀ တွင် ဖူကာကုဆုဒေသရှိ အန်ယိုရင်အမည်ရှိ တောကျောင်းတစ်ခုသို့ ပြောင်းရွှေ့ခဲ့၏။ များမကြာမီ ဒိုဂန်၏ တောကျောင်းလေးသည် လူစည်ကားလာပြန်၏။ ဇောန်ကမ္မဋ္ဌာန်းနည်းစနစ်ဖြင့် မိမိတို့၏ ဗုဒ္ဓသဘာဝကို သိမြင်လိုသည့် တရားရှာမှီးလိုသူရဟန်းရှင်လူအများသည် ဒိုဂန်ထံသို့ ရောက်ရှိလာကြ၏။ ထို့နောက် များပြားတိုးတက်လာသော တပည့်သာဝကပရိသတ်ကြောင့် ဒိုဂန်သည် ကျောင်းတိုက်များ တစ်ခုပြီးတစ်ခု တိုးချဲ့ဆောက်လုပ်ခဲ့ရ၏။ ကန်နွန်ဒိုရင်ဂျီးကျောင်းတိုက် ကိုရှိုဟိုရင်ဂျီးကျောင်းတိုက်တို့မှာ အထူးထင်ရှားခဲ့၏။ ကိုရှိုဟိုရင်ဂျီး ကျောင်းတိုက်တွင် နေထိုင်သီတင်းသုံးစဉ်ကာလတွင် ဒိုဂန်၏ ကျော်ကြားမှုသည် အထွတ်အထိပ်သို့ရောက်ခဲ့ပြီး သူ၏ အရေးအပါဆုံးလက်ရာဖြစ်သည့် **ရှိဘိုဂန်ဇို (သစ္စာအမြင်ဓမ္မစက္ခု ရတနာအနှစ် အဆိတ်ကျမ်း)** ကိုလည်း စတင်၍ ပြုစုနိုင်ခဲ့၏။

ဒိုဂန်၏ ဆိုတိုဇာန် ကမ္မဋ္ဌာန်းရိပ်သာများသည် အလွန်စည်းကမ်း တင်းကြပ်ပြီး တရားကျင့်ယောဂီများသည် ကမ္မဋ္ဌာန်းရိပ်သာတွင် စာပေကျမ်းဂန်လေ့လာခြင်း တရားဆွေးနွေးခြင်း သုတ္တန်ရွတ်ဖတ်ခြင်း အမိတာဘဗုဒ္ဓကို ရှိခိုးပူဇော်ခြင်း စသည်တို့ကို လုပ်ခွင့်မပြုပေ။ အောင်မြင်မှုနှင့်အတူ လိုက်ပါလာသော မနာလိုမှုများနှင့် တိုက်ခိုက်မှုများကြောင့် ဒိုဂန်သည် အိချိုဇန်ခရိုင်တွင်ရှိသော တောင်ပေါ်ကျောင်းတိုက်လေးတစ်ခုသို့ ပြောင်းရွှေ့ခဲ့ပြန်၏။ ၁၂၄၅ ခုနှစ်တွင် သူ၏ နောက်ဆုံးကျောင်းတိုက်ဖြစ်သော **အိဟိုင်ဂျီး (အနန္တသန္တိသုခ)** ကျောင်းတိုက်သို့ အခြေချ သီတင်းသုံးခဲ့၏။ ၁၂၄၈ တွင် ရှိုဂန် ဟိုဂျို တိုကိယိုရိ၏ ဖိတ်ကြားချက်ဖြင့် ကာမကူရသို့ ခေတ္တရောက်ရှိခဲ့သောလည်း သူ၏ အနန္တ သန္တိသုခရိပ်မြုံလေးသို့ပင် ပြန်လာခဲ့၏။ ထို့နောက်ပိုင်းတွင် သူ့ကျန်းမာရေး တစ်စစနှင့် ယိုယွင်းလာခဲ့၏။ သူ့ရေးလက်စ

ရှိဘိုဂန်ဇီ၏ နောက်ဆုံးအခန်း (ဟာချိုဒိုင်နင်ကာကု-ဗုဒ္ဓနှင့် ဗောဓိသတ္တဝါတို့ လေ့ကျင့်ပို့ချသင်ကြားသည့် ဓမ္မဝိဝါဒက် ရှစ်ပါး) ကို ရေးသားခဲ့၏။ ဒိုဂန်သည် အဆုပ်ရောင်ရောဂါဝေဒနာဖြင့် ၁၂၅၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် သူ့ခန္ဓာဝန်ကို စွန့်လွှတ်ခဲ့လေသည်။[၁၈၁]

ဒိုဂန်၏ ဇဏန်ကမ္မဋ္ဌာန်း ကျင့်စဉ်

ဒိုဂန်၏ အလိုအရ ဗုဒ္ဓဓမ္မလမ်းစဉ်တစ်ခုလုံး၏ အဆီအနှစ်သည် ငြိမ်ဆိတ်စွာ တရားထိုင်ခြင်း (ဇဏန်ကမ္မဋ္ဌာန်း ကျင့်စဉ်) ဖြစ်၏။ တရားထိုင်ခြင်းသည်သာ ရှင်တော်ဗုဒ္ဓနှင့် သာသနာပိုင်ဆရာတော်ကြီးများ၏ မြတ်မြင့်သော အစဉ်အလာဖြစ်၏။ ဗုဒ္ဓဓမ္မတွင် မည်သို့ပင် ဂိုဏ်းကွဲအယူအဆ ကွဲစေကာမူ ငြိမ်ဆိတ်စွာ တရားထိုင်ခြင်း (ဇဏန်ကမ္မဋ္ဌာန်း ကျင့်စဉ်) ကို မည်သည့် ဗုဒ္ဓဘာသာဂိုဏ်းကမှ ပစ်ပယ်၍ မရနိုင်စေကောင်းပေ။

ဇဏန်ကမ္မဋ္ဌာန်းကို အားထုတ်သူ ယောဂီတို့သည် **ဈာန်ဒိုဟုခေါ်**သည့် တရားရိပ်သာ ခန်းမဆောင်ကြီးထဲတွင် တန်းစီ အားထုတ်ကြရ၏။ **ဇာဘူတွန်**ဟုခေါ်သည့် မြက်ဖျာပေါ်တွင် တရားထိုင်ရာ ခေါင်းအုံး (**ဇဖူး**) ကို တင်ပြီးထိုင်ရ၏။ ဇဖူးသည် ယောဂီ၏ ကျောရိုးကို ဖြောင့်မတ်စွာထားနိုင်ရန် အထောက်အကူပေးပြီး ဒူးခေါင်းနှင့် ခြေထောက်များအပေါ်တွင် ကိုယ်ခန္ဓာ၏ ဖိအားသက်ရောက်မှုကို လျှော့ချစေခြင်းကြောင့် ကြာမြင့်စွာ တရားထိုင်နိုင်ရန် အကူအညီပေးလေသည်။ ဆိုတိုဈာန် ရိုးရာအစဉ်အလာအရ တရားထိုင်ယောဂီတို့သည် တရားမထိုင်မီ မိမိထိုင်မည့်နေရာနှင့် အခြားတရားထိုင်ဖက်များကို **ဂက်ရှိ**နည်းဖြင့် ဦးညွှတ် အရိုအသေပြုရ၏။ ဇဈာန်ကမ္မဋ္ဌာန်း စတင်ပြီးဆိုလျှင် ခေါင်းလောင်းသုံးချက် တီးခြင်း (**ရှိဂိုရှိ**) ဖြင့် သင်္ကေတပြုပြီး ဇဈာန်ကမ္မဋ္ဌာန်းပြီးဆုံးချိန်တွင် ခေါင်းလောင်းတစ်ချက် သို့မဟုတ် နှစ်ချက် (**ဟိုဇန်ရှိ**) တီးရ၏။

ဇဈာန်ကမ္မဋ္ဌာန်းထိုင်တွင် ကိုယ်နေဟန်ထား စနစ်ကျမှုသည် အသက်တမျှ အရေးကြီး၏။ ယောဂီသည် ကိုယ်ခန္ဓာကို တည့်မတ်စွာထားရှိ၍ ကျောရိုးမကို ဖြောင့်တန်းနေစေရ၏။ တင်ပလ္လင်ခွေထိုင်ရာတွင် **ကက္ကာဖုဇု**ဟုခေါ်သည် အပြည့် ပဒုမ္မာသန (မဟာပလ္လင်ထိုင်နည်း) ဟန် **ကဖုဇု** ဟုခေါ်သည့် တစ်ဝက် ပဒုမ္မာသန ထိုင်နည်း ဗမာတင်ပလ္လင်ခွေ ထိုင်နည်းနှင့် **ဆိုင်ဇ**ဟုခေါ်သည့် ပုဆစ်ဒူးတုပ်ထိုင်နည်းများအနက်မှ မိမိနှစ်သက်သည့် သက်တောင့်သက်သာ အနေအထားဖြင့် ထိုင်နိုင်၏။

၁၈၁။ Heinrich Dumoulin, *A History of Zen Buddhism*. Boston,1963, p-159

လက်နှစ်ဖက်ကို စျာန်မုဒ္ဒြာဟန်ဖြင့် လက်ယာဖက် လက်ဖဝါးပေါ်တွင် လက်ဝဲဖက် လက်ဖမိုးကိုထိကပ်လျက် လက်မနှစ်ခုကို ထိတွေ့စေလျက် တင်ထားရ၏။ လျှာကို မိမိ၏ အာစောက်တွင် ထောက်ထားရပြီး မျက်လုံးများမှာမူ အပြည့်အဝမပိတ်ဘဲ တစ်ဝက်တစ်ပျက် ပွင့်လျက် ရှိနေစေရမည် ဖြစ်၏။[၁၅၂]

ငြိမ်ဆိတ်စွာတရားထိုင်ခြင်း-ဇောန်ကမ္မဋ္ဌာန်း နည်းစနစ်တွင် အစိတ်အပိုင်းသုံးခုပါဝင်၏။ ၄င်းတို့မှာ သမာဓိထူထောင်ခြင်း ကိုအန်ပုစ္ဆာကို ဘာဝနာပွားခြင်းနှင့် **ရှိကန်တဇေဟုခေါ်သည့်** ဆိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေခြင်းဟူသော အစိတ်အပိုင်းများ ဖြစ်၏။ သာမန်အားဖြင့် ရင်ဇိုင်းဇာန်ဂိုဏ်းက ကိုအန်ကျင့်စဉ်ကို အဓိကထား လေ့ကျင့်သလို ဆိုတိုဇာန်ဂိုဏ်းက ဇောန်ကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်၏။ သို့သော်လည်း ယနေ့ ဇာန်ကျောင်းတိုက်များတွင် ဤနည်းစနစ်နှစ်ခုကို သင့်လျော်အောင် ပေါင်းစပ်၍ လေ့ကျင့်သင်ကြားနေသည်ကို တွေ့ရ၏။ ဆိုတိုဂိုဏ်းကို ထူထောင်သူ ဒိဂန်ကိုယ်တိုင် ကိုအန်ပုစ္ဆာ ၃၀၀ ခန့်ကို စုစည်းထားသည့် ကိုအန်ပေါင်းချုပ်ကျမ်းတစ်ဆူ ပြုစုခဲ့ဖူးပါသည်။

သမာဓိထူထောင်ခြင်းကို လေ့ကျင့်ရာတွင် ဇောန်ကမ္မဋ္ဌာန်းသည် ရှေးဦးဗုဒ္ဓဘာသာ၏ အာနာပါနဿတိကျင့်စဉ်နှင့် များစွာ မကွာခြားချေ။ ယောဂီသည် မိမိ၏ အသက်ရှူမှုဖြစ်စဉ်ကို သဘာဝအတိုင်း စောင့်ကြည့်ရန်ဖြစ်၏။ အသက်ရှူသွင်းရှုထုတ် လုပ်သည့်အခါတွင် ဂျပန်ဘာသာဖြင့် **ဟာရဟုခေါ်သော** ချက်တိုင်သကျည်အရပ်ကို အာရုံပြု၍ ထိုနေရာမှ ရှူသွင်းရှုထုတ် ပြုလုပ်ရ၏။ သမာဓိတိုးတက်စေရန် အတွက် **ဆုဆိုကုကန်ဟုခေါ်သည့်** ရေတွက်နည်းဖြင့် အသက်ရှူသွင်းရှုထုတ် အကြိမ်ရေကို ရေတွက်မှတ်သား ကျင့်ကြံရသည်ဖြစ်ရာ ပါဠိစာပေတွင် ရှိသော ဂဏနနည်းနှင့် အလားတူပင် ဖြစ်လေသည်။ သမာဓိ အဆင့်မြင့်မားလာလျှင် တစ်ခုတည်းသော အာရုံ၌ ရပ်တည်လာနိုင်သည့် ဧကဂ္ဂတာသမာဓိအဆင့်ကို ရောက်ရှိလာပြီး အခြားသော ဇောန် ကမ္မဋ္ဌာန်းကျင့်စဉ်များကို ကူးပြောင်း လေ့ကျင့်နိုင်ပါသည်။

တည်ကြည်ခိုင်ခံ့လာသော စိတ်၏ သမာဓိစွမ်းအားကို အခြေခံ၍ ဆရာအရှင် ချပေးသော ကိုအန်ပုစ္ဆာကို အထပ်ထပ်ဆင်ခြင်ပြီး ဘာဝနာပွားရ၏။ အထက်တွင် ဖော်ပြခဲ့သလို ကိုအန်ပုစ္ဆာများသည် ဆင်ခြင်ခြင်းကို အသုံးပြုရသော ယုတ္တိဗေဒဖြင့် ကိုင်တွယ်၍ မရသော နှစ်စွန်းထွက် ယုတ္တိဝိရောဓိများ ဖြစ်ကြလေသည်။ ဆန့်ကျင်ဘက်ဒွိတ္ထတရား အစုံဖွဲ့၍ ရှုမြင်တတ်သော ဆင်ခြင်သိ၏ စွမ်းအားများ

၁၅၂။ **Ford, James Ishmael (2006). *Zen Master Who?: A Guide to the People and Stories of Zen*. Wisdom Publications. 32**

ပါးလျအားလျော့သွားစေရန် ကိုအန်ပုစ္ဆာများကို ဘာဝနာပွားရခြင်း ဖြစ်၏။

ဇောန်ကမ္မဋ္ဌာန်း၏ နောက်ဆုံးအဆင့်မှာ ငြိမ်သက်စွာတရားထိုင်နေခြင်း သို့မဟုတ် ထိုင်ရုံသက်သက်ကလေး ထိုင်နေခြင်းတည်းဟူသော ရိုကန်တဇ ကျင့်စဉ်ဖြစ်၏။ ရိုကန်တဇသည် ဇောန်ကမ္မဋ္ဌာန်း၏ အနှစ်အသား ဖြစ်၏။ ပန်းတိုင်လည်း ဖြစ်၏။ ဇောန်ကမ္မဋ္ဌာန်းသည် ပန်းတိုင်တစ်ခုသို့ ရောက်ရှိအောင် အသုံးပြုရသော နည်းလမ်းတစ်ခု မဟုတ်ချေ။ ဇောန်ကမ္မဋ္ဌာန်း ကိုယ်တိုင်သည်ပင် ဆိုက်ရောက်ရမည့် ပန်းတိုင်ဖြစ်၏။ ဤသို့ နည်းလမ်းနှင့် ပန်းတိုင် တစ်ထပ်တည်း ကျနေခြင်းသည် ဇောန်ကမ္မဋ္ဌာန်း သို့မဟုတ် ရိုကန်တဇ၏ ထူးခြားသော အနက်အဓိပ္ပာယ် ဖြစ်လေသည်။ ဤနေရာတွင် ဇောန်ကမ္မဋ္ဌာန်း၏ သဘောသဘာဝသည် ကြားခံ နည်းလမ်း အဖြစ်သာ အသုံးပြုရသော ကိုအန်များနှင့် လုံးဝခြားနား၍ နေလေသည်။ ဆိုတိဇာန် ဂိုဏ်း၏ ဖခင် ဒိဂန်က ရိုကန်တဇ၏ အနှစ်သာရကို ဤသို့ဆိုခဲ့၏။

"ဗောဓိဉာဏ် လင်းပွင့်ခြင်းဆီသို့ သွားရာလမ်းဟူသည်မှာ မိမိကိုယ်ကို လေ့လာခြင်းဖြစ်၏။

မိမိကိုယ်ကို လေ့လာခြင်းဟူသည်မှာ မိမိကိုယ်ကို မေ့ပျောက်ခြင်းဖြစ်၏။

မိမိကိုယ်ကို မေ့ပျောက်ခြင်းဟူသည်မှာ အရာခပ်သိမ်းအား ဖြင့် ဗောဓိဉာဏ် လင်းပွင့်ခြင်းပင်ဖြစ်၏။"

ရိုကန်တဇ၏ အနက်ဖွင့်ကို အမျိုးမျိုးပြဆိုကြ၏။ စတီဗ် ဟောဂန်၏ အလိုအရ ရှိ-ကန်-တ-ဇ ဟူသော ဂျပန်အက္ခရာ လေးလုံးသည် ထူးခြားလေးနက်သော အဓိပ္ပာယ်ရှိကြ၏။ (ရှိ) ဟူသည်မှ တိတ်ဆိတ်ငြိမ်သက်ခြင်းဖြစ်၏။ (ကန်) ဟူသည်မှ သိမှုသဘော သတိပဋ္ဌာန်တရား ဖြစ်၏။ (တ) ဟူသည်မှ ပစ်မှတ်ကို တိုက်ရိုက်ထိမှန်ခြင်း ဖြစ်သည်ဟုဆို၏။ (ဇ) ဟူသည်မှာ ထိုင်နေခြင်းကို ဆိုလို၏။ ထို့ကြောင့် ရိုကန်တဇဟူသည်မှာ ပစ်မှတ်ကို တိုက်ရိုက် ထိမှန်စေရန်အတွက် သတိဝိရိယ အပြည့်ဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေခြင်း ဖြစ်လေသည်။[၁၈၃]

ချန်ဓမ္မဆရာတော် ရှန်ယန်ကမူ ဤသို့မိန့်ဆို၏။

တရုတ်ဘာသာစကားတွင်ရှိသော ကျိကွမ်ဒဇူ ဟူသည်မှာ ထိုင်ရုံသက်သက် ထိုင်နေခြင်း သို့မဟုတ် ထိုင်နေခြင်းကို နှလုံးသွင်း၍ ထိုင်နေခြင်းဟု ဆိုနိုင်၏။ ၄င်းသည် ဂျပန်ဘာသာစကားမှ ရိုကန်တဇနှင့် အနက်တူပင်ဖြစ်ပြီး ကိုယ့်အလုပ် ကိုယ်လုပ် ကိုယ့်ကိစ္စကိုယ် အာရုံစိုက်ဟူသော သဘောကိုဆောင်၏။ တစ်နည်းအားဖြင့် မိမိ၏ ထိုင်နေခြင်း သက်သက်ကို သတိကပ်ထားရသည့် ထိုင်နေခြင်း သက်

၁၈၃။ **Hagen, Steve (2007). *Meditation Now Or Never*. HarperOne. p. 189.**

သက် ဖြစ်၏။ ၄င်းသည် ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းတစ်ခုခုကို ကွက်၍ အာရုံပြု ရသည်မဟုတ်ဘဲ မိမိ၏ အရှိတရားတစ်ခုလုံးကို သတိမြှုပ်ထားသော ရေကန်ကြီး ထဲတွင် နှစ်ထားရသည့်အလား ဖြစ်လေသည်။ ဥပမာအားဖြင့် ဆရာတော်ဗောဓိမမွှ အရှင်သူမြတ်သည် ရှောင်လင်ကျောင်းတိုက်တွင် ကျောက်သား နံရံကို ၉ နှစ် တိတိ စိုက်ကြည့်နေခဲ့သည်ဟူသော စကားသည် ဤ ရှိကန်တဇ အခြေအနေကို ရည်ညွှန်း၏။[၁၀၄]

ဇောန်ကမ္မဋ္ဌာန်းထိုင်ချိန် တစ်ခုနှင့်တစ်ခုအကြား**တွင် ကင်ဟင်ဟုခေါ်**သည် စကြိန်လျှောက်၍ တရားမှတ်သည့်ကျင့်စဉ်ကို အားထုတ်ရ၏။ ကင်ဟင်လျှောက်ပုံမှာ ယောဂီများအားလုံး တန်းစီ၍ ခန်းမဆောင်အတွင်း လက်ယာရစ်လှည့်၍ လျှောက်ကြရ၏။ လက်သီးဆုပ်ကို လက်ဝါးဖြင့် အုပ်ကိုင်ထားသည့် **ရှုရှုဟုခေါ်**သည့် သဏ္ဌာန်ဖြင့် လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တွင် ထားရပြီး အသက်ရှူသွင်း ရှုထုတ် စည်းချက် အတိုင်း နှေးနှေး သို့မဟုတ် မြန်မြန် လျှောက်ကြရလေသည်။ လမ်းလျှောက်လေ့ကျင့် နေချိန်တွင်လည်း မိမိ၏ အသက်ရှူမှု သို့မဟုတ် ဘာဝနာပွားနေသော ကိုအန်ပုစ္ဆာ ကို သတိအစဉ်ကပ်၍ နေရန်လိုပေသည်။

ဒိဂန်သည် ဇောန်ကမ္မဋ္ဌာန်းကျင့်စဉ်ကို အမြတ်ဆုံး အဓိသီလသိက္ခာဖြင့် ထောက်ပံ့ကျားကန်ရန် ညွှန်ကြားခဲ့၏။ သူ၏ တပည့်သာဝကများကို အလွန်ခြိုးခြံစွာ နေထိုင်ကြရန်နှင့် အတည်မမြဲသော လောကီအရာဝတ္ထုများအပေါ် တွယ်တာ တပ်မက်မှုမရှိရန် သွန်သင်ခဲ့၏။ ဇာန်ရဟန်းတော်တစ်ပါးအတွက် နံနက်စာနှင့် ညနေစာသည် တန်သင့်ရုံ ထမင်းအနည်းငယ်မျှ ဖြစ်၏။ နေ့လယ်စာအဖြစ် ဂျုံဆန် ပြုတ်ကို အသီးအရွက်များဖြင့် စားသုံးကြရ၏။ အသား ငါး ဥအမျိုးမျိုးနှင့် နို့ထွက် ပစ္စည်းများကို စားသုံးခြင်း မပြုရချေ။ သင်္ကန်းအဝတ်အထည်မှာလည်း ရိုးစင်းပေါ့ ပါးသော ချည်ထည်များသာ ဖြစ်ကြ၏။ နွေရာသီနှင့် ဆောင်းရာသီတွင် အထူးဘာ သာရေးကျင့်စဉ်များကို ကျင့်ကြံကြရပြီး ကျောင်းတိုက်ပြင်ပသို့ သွားခွင့်မရှိပေ။ တစ်နေ့တာကာလတွင် ည ကိုးနာရီမှ နံနက် သုံးနာရီအထိ နေ့စဉ် ၆ နာရီခန့်သာ အိပ်စက်ကြရပြီး ကျန်ရှိသောအချိန်များတွင် ဇောန် (ရှိကန်တဇ) ကမ္မဋ္ဌာန်းနှင့် ကင်ဟင် စကြိန်လျှောက်ခြင်းတို့ကို အလှည့်ကျ တရစပ် လေ့ကျင့်နေကြရလေသည်။

ဇောန်ယောဂီသည် တရားသားတက်လာသည်နှင့်အတူ ဘာဝနာလုပ်ငန်း၏ အနှောက်အယှက်များကုိလည်း ကြုံလာရတတ်သေး၏။ အနှောင့်အယှက်တစ်မျိုး မှာ မိုဆိုဟုခေါ်သော သာမန်အနှောင့်အယှက်များဖြစ်၏။ ညောင်းညာကိုက်ခဲ

၁၀၄။ **Zhang, Shengyen (2008). *The Method of No-Method: The Chan Practice of Silent Illumination*. Shambhala.p- 9**

လာခြင်း အလွန်နာကျင်လာခြင်း ကိုယ်တွင်းအပူချိန် လွန်ကဲမြင့်တက်လာခြင်းစသည့် ဇီဝကမ္မအနှောင့်အယှက်များအပြင် စိတ်ပိုင်းဆိုင်ရာ အနှောင့်အယှက်များဖြစ်သော စိတ်ဓာတ်ကျခြင်း၊ စိတ်အားငယ်ခြင်း၊ စိတ်လွှင့်ပျံ့ခြင်း စသည်တို့ကိုလည်း ကြုံရတတ်၏။ နောက်ထပ် အနှောင့်အယှက်တစ်မျိုးမှာ **မာကျိုး**ဟုခေါ်သော မာယာလှည့်စားမှုများဖြစ်၏။ မာကျိုးအတွေ့အကြုံတို့သည် အကောင်းအဆိုး ပုံသဏ္ဌာန်မျိုးစုံဖြင့် တွေ့ရတတ်၏။ တစ်ခါတစ်ရံ ဘုရားရဟန္တာများ ကြွတော်မူလာဟန်တို့ကို မြင်ရသလို အရောင်အလင်းများ ပီတိသောမနဿများနှင့် စိတ်၏ သမာဓိ အမျိုးမျိုးကိုလည်း တွေ့ရတတ်၏။ တစ်ခါတစ်ရံ ကြောက်မက်ဖွယ် နတ်မိစ္ဆာ ဘီလူးသဘက်များ အသွင်ဖြင့်လည်း တွေ့ရ၏။ မာကျိုကို တွေ့ကြုံရသော ယောဂီသည် ၄င်းတို့ကို အမှန်ဟု မစွဲယူဘဲနှင့် ပယ်ရှားစွန့်ပစ်ရ၏။ ထို့ကြောင့် သင့်ကမ္မဋ္ဌာန်း ဘာဝနာလမ်းမှာ ရှင်တော်ဗုဒ္ဓကို ဖူးတွေ့ရလျှင်တောင် ပယ်သတ် ဖယ်ရှားပစ်ပါလေဟုဆိုသည့် ဇာန်ဗုဒ္ဓဘာသာ ဆိုထုံးရှိနေခြင်းဖြစ်၏။ မာကျိုး၏ လှည့်စားမှုကို ခံရသော ဇာန်ယောဂီသည် ဗောဓိဉာဏ်လမ်းကြောင်းပေါ်သို့ မရောက်ရှိဘဲ အာရုံလှည့်စားမှုတို့၏ ဝင်္ကပါတွင် တစ်ဝဲဝဲ လည်နေလေသည်။ ဤအနှောင့်အယှက်များ၏ လှည့်စားမှုကို မခံရလေအောင် ဆရာဖြစ်သူက အနီးကပ် သွန်သင်ညွှန်ပြလျက် ကျော်လွန်စေရ၏။

ဆတိုရီ (ကန်ရှို) -သစ္စာဉာဏ်အမြင်လင်းပွင့်ခြင်း

ဇာန်ကမ္မဋ္ဌာန်းနှင့် ကိုအန်ကျင့်စဉ်တို့၏ သီးပွင့်သောရလဒ်သည် ဆတိုရီ သို့မဟုတ် ကင်ရှိုဟု ဂျပန်ဘာသာအားဖြင့် ခေါ်ဆိုသော သစ္စာဉာဏ်အမြင် လင်းပွင့်ခြင်း ဖြစ်၏။ ဆတိုရီဟူသော ဝေါဟာရသည် ဂျပန်ဘာသာစကား၌ ဆတိုရ (သိမြင်ခြင်း) ဟူသော ရင်းမြစ်မှ လာ၏။ ထို့အတူ ကန်ရှိုဟူသော ဝေါဟာရသည်လည်း ကန် (အနှစ်သာရတရား ဓမ္မတရားကိုယ် ပရမတ်သဘော) နှင့် ရှို (တည့်တည့်စိုက်ကြည့်ခြင်း ရှုမြင်ခြင်း) ဟူသော စကားလုံးများကို ပေါင်းစည်းထားခြင်း ဖြစ်လေရာ ကန်ရှိုဟူသည် မိမိ၏ ပကတိ မူလသဘာဝအမှန်တရား ပရမတ်တရားစစ်စစ်ကို မြင်ခြင်းဟု ဆိုနိုင်လေသည်။[၁၀၅]

ဗုဒ္ဓစာပေပညာရှင်များကလည်း ဆတိုရီ (ကန်ရှို) ကို အနက်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ကြသောလည်း တရားကိုယ် အနှစ်သားမှာ အတူတူပင်ဖြစ်၏။ ဒေါက်တာဆူဇူ

၁၀၅။ **Hori, Victor Sogen (2000), *Koan and Kensho in the Rinzai Zen Curriculum*. In: Steven Heine and Dale S. Wright (eds)(2000): "The Koan. Texts and Contexts in Zen Buddhism, Oxford: Oxford University Press, p. 287.**

ကီး၏ အလိုအရ ဆတိုရီ (ကန်ရှို) ဟူသည်မှာ မိမိ၏ အမှန်သဘာဝကို အတွင်းသိ အစဉ်းသိ မြင်လိုက်ရခြင်းဖြစ်ပြီး ဘဝနှင့် လောကအပေါ် ရှုထောင့်အသစ် ပြောင်းလဲသွားခြင်းလည်း ဖြစ်သည်ဟု ဆို၏။[၁၀၆] ဇာန်ဗုဒ္ဓဘာသာသမိုင်းပညာရှင် ဒူမိုလင် ကလည်း ဆတိုရီ (ကန်ရှို) ဟူသည်မှာ မိမိ၏ သဘာဝနှင့် အရာခပ်သိမ်း၏ သဘာဝကို ထာဝရပစ္စုပ္ပန်တွင် ထပ်တူသိမြင်မိခြင်း ဖြစ်၏။ ဤအသိအမြင်တွင် လောက၏ အမျိုးမျိုး အပြားပြား ကွဲပြားခြားနားနေသော သဘောများ မရှိပေ။ ဟကုဝင်၏ အလိုအရ ဆတိုရီ (ကန်ရှို) ဟူသည်မှာ မိမိသန္တာန်တွင် ကိန်းဝပ်တည်ရှိနေသော ဗုဒ္ဓသဘာဝ-ဗောဓိဓာတ်ကို လင်းပွင့်သိမြင်ခြင်း ဖြစ်လေသည်။[၁၀၇]

ဒေါက်တာ ပီတာဟာဗေးကမူ စိတ်အရှိတရား ရှုထောင့်မှ အနက်ဖွင့်ခဲ့၏။ ဆတိုရီ (ကန်ရှို) ဟူသည်မှာ မိမိ၏ အတွင်းအဖျတ္ထသဘာဝဖြစ်သော ပကတိ သန့်ရှင်းစင်ကြယ်သည့် စိတ်အရှိတရားကို သုခအပြည့်ဖြင့် ထိုးထွင်းသိမြင်ခြင်း ဖြစ်၏။ ၄င်းကို **တောက်ပလင်းဖြာနေသော သုညတာတရား** (Luminous Emptiness) **ပကတိအရှိအတိုင်းတိုင်းတရား** (Absolute Suchness) စသဖြင့် ခေါ်ဆိုကြပြီး ၄င်းသည် ရုန်းပြန်လှုပ်ရှားနေသော သဘောအားဖြင့် လောကအတွင်းတည်၍ ဖော်ပြနေလေသည်ဟု ဆို၏။[၁၀၈] ဆတိုရီ (ကန်ရှို) သည် အမှန်စင်စစ် သာမန်သိစိတ်၏ အစိတ်အပိုင်းများဖြစ်သော သိစိတ် (အတွင်း) နှင့် အသိခံအာရုံ (အပြင်) တို့သည် နှစ်ခုမဟုတ်ဘဲ တစ်သားတည်းသော အရှိတရားဖြစ်သည်ကို သိမြင်ခြင်းဖြစ်၏။ သိစိတ် (အတွင်း) နှင့် အသိခံအာရုံ (အပြင်) တို့သည် တစ်ခုအတွင်းသို့ တစ်ခု တိုးဝင် ပျောက်ကွယ်လျက် တစ်ပြန့်တည်းသော မူလပကတိ သိစိတ်သဘာဝ သက်သက်အဖြစ် တည်ရှိနေသော သဘောကို ထိုးထွင်းသိမြင်လိုက်ခြင်းပင် ဖြစ်၏။[၁၀၉]

ဆတိုရီ (ကန်ရှို) သည် ရုတ်ခြည်းလင်းပွင့်သိမြင်မှုဖြစ်သော်လည်း တဖြည်းဖြည်း တိုးတက်ရင့်ကျက်ရသော သဘောလည်းရှိ၏။ မဟာယာနဗုဒ္ဓဘာသာ၏ အဆုံးစွန် အရှိတရားဖြစ်သော သုညတာ တထတာ တထာဂတဂဗ္ဘစသော သဘာဝတရားများကို ထိုးထွင်းမြင်သိရသည့် ကနဦးအသိတရားကို နက်ရှိုင်းအောင် အဖန်ဖန်

၁၀၆။ Suzuki, D.T. (1994), *Essays in Zen Buddhism*, Grove Press, p. 229.

၁၀၇။ Dumoulin, Heinrich (2005-B), *Zen Buddhism: A History. Volume 2: Japan*, World Wisdom Books, p. 380.

၁၀၈။ Harvey, Peter (1990). An Introduction to Buddhism: Teachings, History and Practices. Cambridge University Press. p. 275-276.

၁၀၉။ Hori, Victor Sogen (1994), *Teaching and Learning in the Zen Rinzai Monastery*. In: Journal of Japanese Studies, Vol.20, No. 1, (winter, 1994), 5-35, p. 30.

ရှုမြင်သုံးသပ်ရခြင်းလည်း ဖြစ်၏။ ဒဿနမဂ် ဘာဝနာမဂ် အသေကွမဂ် စသဖြင့် အဆင့်ဆင့် ပြောင်းလဲသိမြင် တိုးတက်သကဲ့သို့ ဇာန်ဗုဒ္ဓဘာသာ၏ ဆတိုရီ (ကန်ရှို) သည်လည်း တစ်ဆင့်ပြီးတစ်ဆင့် ရင့်ကျက်ပြောင်းလဲရ၏။ တစ်ခုတည်းသော အမှန်တရားကိုပင် တစ်လွှာပြီးတစ်လွှာ မြင့်သော ပိုမိုနက်ရှိုင်းသော ရှုထောင့် အသစ်များမှ တိုးတက်သိမြင်ရခြင်းလည်း ဖြစ်၏။[၁၉၀]

ဆတိုရီ လင်းပွင့်မှုသည် တရားရာယောဂီတို့၏သန္တာန်တွင် ရုတ်ခြည်း ဖြစ်ပွားရသည်သာဖြစ်၏။ ဇာန်ဗုဒ္ဓဘာသာ စာပေများတွင် ဤသို့ အာရုံလင်းပွင့်မှုများကို အများအပြား မှတ်တမ်းတင်ထားလေ၏။ တိုကုဆန် (၇၇၉-၈၆၅) သည် ပိဋ္ဌကတ်ဆောင် ပညာတတ်ရဟန်းဖြစ်၏။ တစ်နေ့တွင် သူခရီးထွက်ရင်း တည်းခိုနားနေရာကို ရှာဖွေရာတွင် တည်းခိုဆောင်တစ်ခုရှိရာသို့ ရောက်ခဲ့၏။ ထိုတည်းခိုဆောင်ပိုင်ရှင် အမျိုးသမီးကြီးမှာ နှယ်နှယ်ရရမဟုတ်ဘဲ ဇာန်ဗုဒ္ဓဓမ္မကို ပေါက်မြောက်ပြီးသော ဓမ္မအလင်းရှင်ဖြစ်၏။ တိုကုဆန်က သူ့အတွက် လက်ဖက်ရည်အိုးတည်ခိုင်းရာတွင် လက်ဖက်ဟူသော တရုတ်စကားလုံး၏ အနက်ပွားသည် စိတ်ကို လန်းဆန်းစေသောအရာ ဟူသော အဓိပ္ပာယ်ရှိ၏။ ဤအချက်ကို ကောက်ယူ၍ တည်းခိုဆောင်ပိုင်ရှင် အမျိုးသမီးကြီးက တိုကုဆန်ကို ဓမ္မပဟေဠိတစ်ခုဖြင့် စိန်ခေါ်ခဲ့၏။

သင်သည် ပိဋ္ဌကတ် စာပေပညာရှင်ဖြစ်ပါလျှင် ကျွန်ုပ်၏ မေးခွန်းကို ဖြေဆိုပါလေ။ ပိဋ္ဌကတ်စာပေတွင် ဤသို့ ဖော်ပြထား၏။ အတိတ်စိတ်တို့သည် မရှိတော့ချေ ပျက်သုဉ်း ပျောက်ကွယ်ခဲ့ပြီးဖြစ်၏။ အနာဂတ်စိတ်တို့သည်လည်း ရောက်ရှိမလာသေးချေ။ ထို့အတူ ပစ္စုပ္ပန်စိတ်တို့သည်လည်း အစဉ်သဖြင့် ပျက်စီးပျောက်ကွယ်နေကြ၏။ ထို့ကြောင့် သင်သည် ကျွန်ုပ်ထံမှစိတ်ကို လန်းဆန်းစေသောအရာ (လက်ဖက်ရည်) ကို တောင်းဆိုသည်ဆိုလျှင် သင်သည် သင်၏ မည်သည့်စိတ်ကို လန်းဆန်းအောင် ပြုလုပ်နိုင်မည်နည်း။

ပိဋ္ဌကတ်ဆောင် ပညာတတ်ရဟန်းဖြစ်သော တိုကုဆန်သည် အမျိုးသမီးကြီး၏ မေးခွန်းကို မဖြေနိုင်ဘဲ ရှိလေ၏။ ထိုအခါ အမျိုးသမီးက တောင်ပေါ်တွင်ရှိသော သူ့ဆရာသခင် ရုတန်ဆီသို့ လမ်းညွှန်ခဲ့၏။ တိုကုဆန်လည်း သူ့စာပေကျမ်းဂန်များကို ဖျက်ဆီးပြီး တောင်ပေါ်ရှိကျောင်းသစ်မ်းတွင် ဇာန်ဆရာသခင် ရုတန်ထံပါးတွင်

၁၉၀။ **Harvey, Peter (1990). An Introduction to Buddhism: Teachings, History and Practices. Cambridge University Press, p. 275-276. Hori, Victor Sogen (1994), Teaching and Learning in the Zen Rinzai Monastery. In: Journal of Japanese Studies, Vol.20, No. 1, (winter, 1994), 5-35, p. 31.**

နေထိုင်၍ ဇာန်ဗုဒ္ဓ ဓမ္မအလင်းရောင် ထွန်းလင်းမည့်အချိန်ကို စောင့်စားနေခဲ့လေသည်။ တစ်နေ့တွင် တိုကုဆန်သည် ကျောင်းသခင်မ်း၏ အပြင်ဖက်တွင်ထိုင်၍ လျှို့ဝှက်နက်နဲလွန်းသော ဇာန်သစ္စာတရားအကြောင်း တွေးနေခဲ့၏။ ဆရာအရှင် ရုတန်က တိုကုဆန်ကို ကျောင်းသခင်မ်း၏ အတွင်းသို့ လာရန်ခေါ်သောအခါ တိုကုဆန်က မှောင်နေကြောင်း ပြောလေသည်။ ရုတန်က ဖယောင်းတိုင်ကို မီးညှိ၍ တိုကုဆန်ဆီသို့ လှမ်းပေးလိုက်၏။ မီးတိုင်ကို တိုကုဆန်က လှမ်းယူလိုက်သည့် အခိုက်တွင် ရုတန်က ဖယောင်းတိုင်မီးကို မှုတ်၍ ငြိမ်းလိုက်၏။ ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်အတိ ကျသွားသည့်အခိုက်ဝယ် တိုကုဆန်၏ နှလုံးသားတွင် ဇာန်ဗုဒ္ဓဓမ္မအလင်းရောင် ထွန်းလင်းကာ ဆတိုရီသို့ ဆိုက်ရောက်ခဲ့လေတော့၏။[၁၉၁]

ထိုနည်းတူ ဟျကုဂျို (၇၂၄-၈၁၄) ထံသို့ ဆတိုရီ (ကန်ရှို) လင်းပွင့်ပုံမှာလည်း မှတ်သားဖွယ်ဖြစ်၏။ တစ်နေ့တွင် ဟျကုဂျို သည် သူ့ဆရာ ဗဆိုနှင့်အတူ လမ်းလျှောက်လာခဲ့၏။ ထိုအချိန်တွင် အုပ်လိုက်ပျံသန်းသွားကြသော ငန်းရိုင်းများကို တွေ့သောအခါ ဗဆိုက ဟျကုဂျိုကို မေးလေ၏။

ဟျကုဂျို ဘာသတ္တဝါတွေ များပါလိမ့်။

ငန်းရိုင်းများ ဖြစ်ကြပါ၏ အရှင်ဘုရား။

သူတို့ အဘယ်ဆီသို့ ပျံသန်းကြလေသနည်း။

သူတို့ပျံသန်းသွားကြပါပြီ အရှင်ဘုရား။

ထိုအခါတွင် ဗဆိုက ဟျကုဂျို၏ နှာခေါင်းကို ဆွဲယူ၍ လိမ်ပစ်လိုက်လေ၏။ ဟျကုဂျိုလည်း နာကျင်စွာဖြင့် အော်ဟစ်လေ၏။ သူတို့ ပျံသန်းသွားကြပါပြီဟု သင်ဆိုဘိ၏။ အမှန်စင်စစ် သူတို့အားလုံး နဂိုကတည်းက ဤနေရာတွင် ရှိနေမြဲ ရှိနေခဲ့သည် မဟုတ်လော။ ဟူ၍ ဗဆိုက ဆို၏။ သူ့ဆရာသခင်၏ မှတ်ချက်ကို ကြားသောအခိုက်တွင် ဟျကုဂျိုလည်း စိတ်ကို ဖုံးအုပ်ထားသော အရံအကာများ ဟင်းလင်းပွင့်ထွက်၍ ဆတိုရီသို့ ဆိုက်ရောက်ခဲ့လေသည်။[၁၉၂]

ဆတိုရီ (ကန်ရှို) ၏ ဂုဏ်အင်လက္ခဏာများနှင့်ပတ်သက်၍ ဒေါက်တာဆူဇူကီးက အောက်ပါအချက်များ ကိုအကျဉ်းချုပ် ဖော်ပြခဲ့၏။[၁၉၃]

- ဆတိုရီသည် မိမိကိုယ်ကို လှည့်စားသော အတွေး မဟုတ်ချေ။ လှည့်စားတတ်သော ဝိတက်အတွေးတို့ကို ရိုက်ချိုးဖျက်ဆီးပြီးနောက် သစ္စာတရားကို ပကတိအတိုင်းသိမြင်ခြင်းဖြစ်၏။ အတွေးဝိတက်တို့သည် ရုပ်ရှင်ပြ

၁၉၁။ Suzuki, D.T. (1994), Essays in Zen Buddhism, Grove Press, p. 239.

၁၉၂။ Suzuki, D.T. (1994), Essays in Zen Buddhism, Grove Press, p. 240

၁၉၃။ Suzuki, D.T. (1994), Essays in Zen Buddhism, Grove Press, p. 260-266

စက်ပမာ ပကတိ စိတ်သဘာဝတည်းဟူသော ပိတ်ကားပြင်ပေါ်တွင် အရုပ်များထင်စေ၏။ ရုပ်ရှင်ပြစက် အလုပ်မလုပ်တော့သည့်အခါ အရုပ် အသွင်လှုပ်ရှားမှုတို့ ပျောက်ကွယ်၍ ပိတ်ကားပြင် ထိုးထိုးကျန်ရှိသကဲ့ သို့ အတွေးဝိတက်တို့ ချုပ်သောအခါ ဆန့်ကျင်ဘက် ဒွန်တွဲလောက လည်းချုပ်၍ ပကတိ စိတ်သဘာဝသက်သက်သာ ကျန်ရှိ၏။ ထိုစိတ် သဘာဝသည် ဆတိုရီက ထိုးထွင်းသိမြင်လိုက်ရသော သစ္စာတရား ဖြစ် လေသည်။

- ဆတိုရီသည် ရုတ်ချည်း လင်းပွင့်လွတ်မြောက်မှု ဖြစ်၏။ ဘဝနှင့် လောကကို အမြင်သစ် ရှုထောင့်အသစ်မှ မြင်နိုင်လာခြင်းဖြစ်သလို အပို အလိုမပါ ပကတိ သဘာဝသက်သက်နှင့် လျော်ညီသော တုန့်ပြန်မှုများ ကို ဖြစ်စေ၏။ ဆုပ်ကိုင်စွဲလန်းသူ၏ ရှုထောင့်မှ အဆုပ်ကိုင်ခံ လောက ကို ရှုမြင်မှုမျိုးကို ရုတ်တရက် ကျော်လွှန်၍ ဆုပ်ကိုင်သူ-အဆုပ်ကိုင်ခံ မရှိသော သိမှုသဘောဆီသို့ လွတ်မြောက်ခြင်း ဖြစ်၏။ ဆတိုရီ အတွေ့ အကြုံတွင် ယောဂီတို့သည် မိမိတို့၏ အန္တိမတရား အတွေ့အကြုံကို ဖော်ပြရာတွင် ရေခဲပြင်တစ်ချပ်ကို ရိုက်ခွဲလိုက်သလို ကျောက်စိမ်း နန်း တော်ဆောင် ရုတ်ချည်းပြိုကျသလို ခံစားရပြီး ရှိရှိသမျှ သံသယ တရား များအားလုံး နေရောင်အောက်တွင် အရည်ပျော် ပျောက်ကွယ်သော နှင်းတို့ပမာ ကြုံတွေ့ကြရ၏။ ဝေါဟာရစကားလုံးနှင့် ဓမ္မကျမ်းစာဟူ သမျှတို့သည်လည်း အနှစ်မဲ့သလို ခံစားရ၏။[၁၉၄]
- ဆတိုရီသည် ဇာန်၏ အနှစ်သားဖြစ်၏။ ဆတိုရီ မရှိလျှင် ဇာန်လည်း မတည်ရှိနိုင်ပေ။ ဆတိုရီကြောင့် မသိမှု အမှောင်ဓာတ် ပြိုကွဲ၏။ လူ၏ စိတ်ကို ချုပ်နှောင်ထားသော အယူအမြင်စွဲ အကျင့်စွဲများ၏ နှောင်ကြိုး တို့ကို ဆတိုရီက ဖြတ်တောက် ပယ်ရှားပေးနိုင်၏။ ဇာန်ဗုဒ္ဓဘာသာ၏ သမိုင်းသည် ရှင်တော်ဗုဒ္ဓမှစတင်၍ ဆတိုရီ (ဗောဓိဉာဏ်အလင်းဓာတ်) ကို ဆရာတပည့်အဆင့်ဆင့် မီးကူးလက်ဆင့်ကမ်းပေးခဲ့သော အစဉ်အလာ ဖြစ်၏။ ဆတိုရီ မပါသော ဇာန်ဗုဒ္ဓဘာသာ၏ သမိုင်းသည် အနှစ်မပါ ဗလာချည်းစီး ကျိုးအာသီးကဲ့သို့ အလားဖြစ်၏။
- ဆတိုရီသည် စိတ်ငြိမ်သက်မှု စျာန်မဟုတ်။ ဆတိုရီသည် စိတ်မူးမိုက် ထုံထိုင်းမှု မဟုတ်။ တန့်သေနေသော သမာဓိမျိုးမဟုတ်ဘဲ သဘာဝတရား

၁၉၄။ **Albert Low, Hakuin on Kensho, Shambhala Publications, (2006),p-7**

သက်သက်ကို စိတ်၏ အရောင်ချယ်ဆေးဆိုးမှုများ မပါဘဲ ပကတိ သက်သက် မြင်ခြင်းဖြစ်၏။ ဗျာန်သမာဓိစိတ်တို့သည် စိတ်၏ အတွင်းသားတွင်ရှိသော အချင်းအရာများကို တဖြည်းဖြည်း လျော့ပါးသထက် လျော့ပါးအောင် ဖယ်ထုတ်ရာမှ ရရှိလာသော တည်ငြိမ်မှုဖြစ်၏။ စိတ်၏ အင်္ဂါလက္ခဏာများ အနည်းဆုံးဖြစ်သည့်အခါတွင် စိတ်သည့် အလုပ်မလုပ်တော့ဘဲ ဝီထိမှန်သမျှ ရပ်တန့်ချုပ်ငြိမ်းရသည့် စိတ္တ ဝီထိ နိရောဓအဆင့်သို့ ဆိုက်ရောက်ရ၏။ ဤသို့ စိတ်အတွင်း ဗလာကျင်းခြင်းသည် ဆတိုရီ မဟုတ်ပေ။ ဆတိုရီ သည် လောကနှင့် ဘဝအပေါ် အတ္တစွဲဖြင့် မြင်နေသော အမြင်ဟောင်းကို ပြောင်းပြန်လှန်လျက် အနတ္တ-သုညတ အမြင်ဖြင့် ရှုမြင်နိုင်သော ဉာဏ်ပညာဖြစ်၏။

- ဆတိုရီသည် ဘုရားသခင်ကို မြင်ခြင်း မဟုတ်ပေ။ ဘာသာရေးအစွဲဟူသမျှမှ ကျော်လွန်ခြင်းသာဖြစ်၏။ ဘုရားရှိဝါဒများသည် ဘုရားသခင်နှင့် ဖန်ဆင်းခံလောက ထာဝရအရှိတရားနှင့် ယာယီလောကီ ကောင်းမှုသမ္မာတရားနှင့် အဆိုးမိစ္ဆာတရား စသဖြင့် ဆန့်ကျင်ဘက်အတွဲများကို အခြေခံ၏။ ဆတိုရီသည် ဤသို့သော ဝိရောဓိသဘောမှန်သမျှကို လွန်မြောက်၍ လင်းပွင့်သိမြင်သောကြောင့် ဆတိုရီတွင် ထာဝရဘုရားသခင် အတွက် နေရာမရှိပေ။ မည်မျှမြင့်မားထူးမြတ်သည့်အရာပင် ဖြစ်စေ အစွဲ ဥပါဒါန်လောကနှင့် မကင်းသောကြောင့် ဘာသာရေး အစွဲအလမ်းဟူသမျှသည်လည်း ဆတိုရီ၏ လွတ်မြောက်မှုသဘောနှင့် ဆန့်ကျင်နေမည်သာဖြစ်၏။
- ဆတိုရီသည် ပုဂ္ဂလိက အတ္တေ့အကြုံ ဖြစ်၏။ ဘာသာစကားဖြင့် ပြန်လည်ပြောဆို ရှင်းပြနိုင်သောအရာ မဟုတ်ချေ။ ဘာသာစကားဟူသည် လူမှုပတ်ဝန်းကျင်၌ ဆက်သွယ်ခြင်းသဘောဖြစ်ပြီး အများတူညီလက်ခံထားသော ဝေါဟာရနှင့် ပညတ်သင်္ကေတများကို အသုံးပြု၍၏။ ဆတိုရီမှာမူ မိမိကိုယ်တိုင်၏ စိတ်အတွင်းအဖျတ္တသဘာဝတွင် ထိုးထွင်းသိမြင်ရသော ပုဂ္ဂလိက အတ္တေ့အကြုံဖြစ်သောကြောင့် ဘာသာစကားဖြင့် အပြည့်အဝ ပြန်လည် မဖော်ပြနိုင်သော သဘောဖြစ်၏။ စကားမဲ့ တိတ်ဆိတ်ခြင်းသည်သာ ဆတိုရီ၏ အနှစ်သာရကို ဖော်ပြနိုင်၏။
- ဆတိုရီသည် ဆင်ခြင်တုံတရားဖြင့် သိခြင်းမဟုတ်ဘဲ စိတ်၏အနက်ရှိုင်းဆုံးအလွှာတွင် ထိုးထွင်းသိမြင် ပြောင်းလဲခြင်း ဖြစ်၏။ သာမန်သိစိတ်

သည် မိမိကိုယ်ကို အတ္တ (Ego) အဖြစ်ပြန်သိသောအခါ စိတ်၏ အနက်ရှိုင်းဆုံး အတွင်းသန္တာန်တွင် သိသူအတ္တနှင့် အသိခံအတ္တ (I and Me) ဟူ၍ ကွဲပြားခြားနားခဲ့၏။ ဤ အခြေခံစိတ်အတွင်း ကွဲပြားမှုသည် ပြင်ပတွင် အရိပ်ထင်သောအခါတွင် သိသူနှင့် အသိခံဆုပ်ကိုင်သူနှင့် အဆုပ်ကိုင်ခံ အတွင်း အတ္တသိစိတ်နှင့် ပြင်ပလောက စသည့် ခြားနားမှုများကို ဖြစ်စေခဲ့၏။ စိတ်၏ အတွင်းသန္တာန်တွင် သိသူအတ္တသည် အသိခံအတ္တကို မိမိနှင့် တစ်သားတည်းဖြစ်စေအောင် မည်မျှပင်ကြိုးပမ်းအားထုတ်သော်လည်း မဖြစ်နိုင်ချေ။ အသိခံအတ္တကို မိမိနှင့် တစ်သားတည်း ဖြစ်စေအောင် ကြိုးစားလေလေ ပိုပြီးခြားနားလေလေဖြစ်၏။ အတ္တ၏ လုပ်ရပ်မှာ မိုးကုပ်စက်ဝိုင်းရှိရာသို့ အရောက်ပြေးလွှားသော်လည်း မိုးကုပ်စက်ဝိုင်း အသစ်အသစ်တို့ကိုသာ ထပ်မံတွေ့နေရသော ယောကျ်ားကဲ့သို့ လည်းကောင်း၊ မိမိအရိပ်ကိုမိမိ လိုက်ဖမ်းနေသော သူရူးကဲ့သို့ လည်းကောင်း၊ မိမိအမြီးကို မိမိဖမ်းကိုက်နိုင်အောင်ကြိုးစားနေသော ကြောင်တစ်ကောင်ကဲ့သို့ လည်းကောင်း အကျိုးမပြုးအချည်းနှီး မောပန်းခြင်းဖြင့်သာ အဆုံးသတ်ရ၏။ မိမိ၏ မောဟက ဖန်တီးထားသော စိတ်ဖန်ရုပ်သွင်လောကကို ပကတိအရှိဟု ထင်မှတ်လျက် လောကကို အချစ်အမုန်းအမိုက်တရားတို့ဖြင့် တုန့်ပြန်ရင်း အလွန်မောပန်း ဆင်းရဲနေရ၏။ ဆတိုရီသည် ဤ စိတ်၏ အတွင်းဝိရောဓိသဘောကိုမြင်သိ၍ အတ္တ၏ အနက် အဓိပ္ပာယ်မဲ့ အကျိုးမဲ့အားထုတ်မှု မှန်သမျှကို လွှတ်ချခြင်း လွှတ်မြောက်ခြင်း ဖြစ်၏။

- ဆတိုရီသည် ဘဝကို အပြည့်အဝ လက်ခံခြင်းဖြစ်၏။ ဆန့်ကျင်ဘက်တရားတို့၏ ရင်းမြစ်တွင် ရှိနေသော အဒွယသဘော (Non-duality) ကို သိမြင်ခြင်းဖြစ်၏။ အရာခပ်သိမ်းသည် အတွင်းသဘောအရ အပြန်အလှန် စိမ့်ဝင်ပေါင်းစည်းလျက် မှီတွယ်ဆက်နွယ်နေကြသောကြောင့် တစ်ခုခုကို ရရှိဖို့အတွက် တစ်ခုခုကို ငြင်းပယ်ခြင်းသည် အနက်အဓိပ္ပာယ်မရှိချေ။ သုခနှင့်ဒုက္ခသည် အတွင်းသဘောအရ အပြန်အလှန် စိမ့်ဝင်ပေါင်းစည်းလျက် မှီတွယ် ဆက်နွယ်နေကြသောကြောင့် ဒုက္ခကို စွန့်ပယ်လျှင် သုခရရှိလိမ့်မည်ဟု ထင်မြင်ခြင်းသည် မမှန်ပေ။ သုခ၏ အတွင်းသဘောထဲ၌ပင် ဒုက္ခက ကိန်းအောင်းတည်ရှိနေသောကြောင့်ဖြစ်၏။ လောကရှိ ဆန့်ကျင်ဘက် ဝိရောဓိအရာမှန်သမျှကို ဤနည်းအတိုင်း ရှုမြင်နိုင်သော

ကြောင့် ဆတိုရီဉာဏ်အလင်းရသူသည် **တန်ဖိုးဖြတ် ရွေးချယ်မှု မလုပ်တော့သော အသိသက်သက်** (Choiceless Awareness) အားဖြင့်သာ ရှင်သန်နေတော့၏။ ဤသို့ ရှင်သန်ခြင်းကို **အနာဘောဂစရိယာ** (မသိမ်းဆည်း မဆုပ်ကိုင် မရွေးချယ်သော နေထိုင်ရှင်သန်ခြင်း) ဟူ၍လည်း ခေါ်ဆိုကြ၏။ **ကျွန်ုပ် ဆာလောင်သောအခါ ကျွန်ုပ် ထမင်းစား၏ ကျွန်ုပ် ရေငတ်သောအခါ ကျွန်ုပ် ရေသောက်၏** ဟူ၍ ဇာန်ဆရာအရှင်တို့က ဆိုလေ့ရှိသည်မှာ ဤသဘောကို ညွှန်းဆိုနေခြင်းဖြစ်၏။

ဆတိုရီ ဉာဏ်အလင်းရောင် ထွန်းလင်းတောက်ပပြီးသူတို့၏ လောကအမြင် ဘဝအမြင်သည် **အရာခပ်သိမ်း၏ ပေါင်းစည်းနေမှုသဘော**တွင် အပြည့်အဝတည်နေပြီး သာမန်အားဖြင့် ခွဲခြားရှုမြင်လေ့ရှိကြသော လောကီနှင့် လောကုတ္တရာ၊ ကျင့်စဉ်နှင့်ပန်းတိုင်၊ သံသရာနှင့် နိဗ္ဗာန်စသည့် **ဆန့်ကျင်ဘက် ဒွိစုံသဘောများ**၏ ထပ်တူဖြစ်မှုသဘောကိုသာ အသိရောက်၍ နေလေသည်။ တထတာ သုညတာ ဗောဓိစိတ္တ ဗုဒ္ဓသဘာဝစသော အရှိတရားများသည် အကန့်အသတ်မဲ့ (အနာဒိအနန္တ) သဘောများဖြစ်လျှင် ၄င်းတို့သည် မြင်သိနေရသောလောကနှင့် သတ္တဝါများနှင့် ထပ်တူပင်ဖြစ်ရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အကန့်အသတ်မရှိ အနာဒိအနန္တဖြစ်သော တရား၏ပြင်ပတွင် တည်ရှိနေသောအရာဟူ၍ မရှိစကောင်းသောကြောင့်ဖြစ်၏။

ဇာန်ဗုဒ္ဓဓမ္မ၏ အလိုအရဆိုရပါလျှင် သတ္တဝါတို့၏ သန္တာန်တွင် ဗုဒ္ဓသဘာဝကိန်းအောင်းနေသည်ဟု ဆိုသည်ထက် သတ္တဝါများသည်ပင် ဗုဒ္ဓသဘာဝနှင့် ထပ်တူ ဖြစ်၏ ဟုဆိုခြင်းက ပိုမှန်ပေလိမ့်မည်။ ထို့ကြောင့် ဆတိုရီသည် နေ့စဉ်ဘဝအရှိတရားကို ကျော်လွန်နေသော လောကုတ္တရာမမှ တစ်ခုခုကို သိမြင်ခြင်း မဟုတ်ဘဲ **နေ့စဉ်ဘဝအရှိတရား၏ နဂို လောကုတ္တရာ ဖြစ်နေမှုသဘော**ကို သိမြင်ခြင်းသာ ဖြစ်၏။ ပကတိအရှိတရား (တထတာ) ကို သူ့အတိုင်းတိုင်း မထားပဲ စိတ်ကူးဝိတက်တို့ဖြင့် အရောင်ဆိုးသောကြောင့် လောကသရုပ် ပီပြင်လာရ၏။ ပကတိ အရှိတရား (တထတာ) ကို သူ့ပကတိ သဘာဝအတိုင်းတိုင်းထားလျက် စိတ်ကူးဝိတက်တို့ဖြင့် အရောင်မဆိုးသောအခါတွင် နေ့စဉ်ဘဝ အတွေ့အကြုံအားလုံး၏ ပင်ကိုယ် ပကတိသဘာဝအားဖြင့် လွတ်မြောက်ပြီးသား ဖြစ်နေသည့်သဘောကိုသာ ထိုးထွင်းမြင်သိရပေလိမ့်မည် ဖြစ်၏။ ဤဓမ္မအမြင်မှကြည့်လျှင် နေ့စဉ်ဘဝ အရှိတရားသည်ပင် ဗုဒ္ဓသဘာဝဖြစ်၍ မိမိတို့ကိုယ်တိုင်သည် ပကတိဗုဒ္ဓများ ဖြစ်နေကြသည်ကို ထိုးထွင်းသိမြင်ရမည်ဟု ဆိုပါသည်။

ဇာန်ဓမ္မခရီး တက်စဉ်-နွားကျောင်းသား ရုပ်ပုံလွှာ (၁၀) ဆင့်

ဇာန်ဗုဒ္ဓဓမ္မသည် ရုတ်ခြည်း သိမြင်ပြောင်းလဲမှုသဘောကို ဦးတည်သော်လည်း အခြားဗုဒ္ဓဘာသာဂိုဏ်းများနည်းတူ အသိဉာဏ်အဆင့်ဆင့် မြင့်တက်သည့် ဖြစ်စဉ်ကို လုံးလုံးပစ်ပယ်၍ မရစကောင်းချေ။ ထို့ကြောင့် ဇာန်ဓမ္မခရီးတက်စဉ်ကို နွားကျောင်းသားရုပ်ပုံလွှာ (၁၀) ပုံဖြင့် သင်္ကေတပြု ဖော်ပြခဲ့ကြသည်ကို စိတ်ဝင်စားဖွယ်ရာတွေ့ရ၏။ ဇာန် ကမ္မဋ္ဌာန်း တရားအားထုတ်ခြင်းကို နွားကျောင်းခြင်းနှင့် ဥပမာတင်စားခြင်းမှာ ရှေးပါဠိပိဋကတ်တော်ထဲ၌ပင် တွေ့ရှိနိုင်၏။ မဇ္ဈိမနိကာယ် **မဟာဂေါပလကသုတ္တန်နှင့် မဟာသတိပဋ္ဌာနသုတ္တန်၏ အဖွင့်အဋ္ဌကထာတို့တွင် ဤဥပမာကို** တွေ့ရှိနိုင်၏။ ဇာန်ဓမ္မခရီး တက်စဉ်-နွားကျောင်းသား ရုပ်ပုံလွှာ (၁၀) ဆင့်နှင့်ပတ်သက်၍ တရုတ်ပြည်တွင် ၁၂ ရာစုခန့်က စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်၏။ ဒေါက်တာဆူဇူကီး၏ အလိုအရ တရုတ်ပြည်တွင် နွားကျောင်းသားရုပ်ပုံလွှာ ပန်းချီကားလေးမျိုး ပေါ်ပေါက်ခဲ့သည်ဟုဆို၏။ ၄င်းတို့အနက် ကုအန်ရိုဝမ်၏ ပန်းချီကားများက ရေပန်းအစားဆုံးဖြစ်ခဲ့၏။ ပန်းချီကားအားလုံးသည် နွားပျောက်ရှာသော နွားကျောင်းသားလုလင်၏ ဖြစ်စဉ်ကို အဆင့်အလိုက် ရေးဆွဲထားပြီး ၄င်းတို့သည် ဇာန် ကမ္မဋ္ဌာန်းတက်စဉ် အဆင့်ဆင့်ကို ကိုယ်စားပြုနေသည်ဟုဆို၏။[၁၉၁]

(၁) ပထမ နွားကျောင်းသား ရုပ်ပုံလွှာကို (**နွားကို ရှာဖွေခြင်း**/The Search f or the Ox) ဟူ၍ အမည်ပေးထား၏။ နွားကျောင်းသား လူငယ်တစ်ယောက် နှင်တံကိုကိုင်လျက် နွားပျောက်ရှာနေသည်ဟန် ပုံဖော်ထား၏။ နွားကျောင်းသားလေးသည် တောတောင်ထဲတွင် မျက်စိလည်လမ်းပျောက်လျက် ရေဆာ ရေငတ်ကာ ပင်ပန်း၍နေ၏။ ဘယ်ဆီကို လိုက်ရမှန်းလည်းမသိဘဲ ရှေ့အနှာဂတ် ဝိုးတိုးဝါးတား ဖြစ်နေရသော အခြေအနေဖြစ်၏။ မေပယ်လ်သစ်တောထဲမှာ ပုရစ်ငယ်တို့၏ အော်မြည်သံကိုသာ သဲ့သဲ့ကြားနေရလေ၏။ ဤအဆင့်သည် ဇာန်ဓမ္မခရီးစဉ်၏ အစပြုရာဖြစ်၏။ နွားဖြင့် သင်္ကေတပြုထားသည့် ပကတိ စိတ်သဘာဝသစ္စာတရားကို စတင်ရှာဖွေရန် ကြိုးပမ်းသော အဆင့်ဖြစ်၏။ သို့သော်လည်း နွားကို အရိပ်အယောင်မျှပင် မတွေ့မြင်ရသေးပေ။ လောကီဒုက္ခသံသရာ ချားရဟတ်ထဲတွင်သာလည်ပတ်နေရတုန်းဖြစ်၏။ မိမိ၏ ဖြစ်တည်မှု ကို မကျေနပ်ဘဲ ဒုက္ခမှလွန်မြောက်ရာ လောကုတ္တရာပန်းတိုင်ဆီသို့ အာသီသပြင်းပြနေခဲ့၏။

(၂) ဒုတိယ နွားကျောင်းသား ရုပ်ပုံလွှာကိုမူ (**နွား၏ ခြေရာကောက်မိခြင်း**/

၁၉၁။ **Suzuki, D.T. (1994), *Essays in Zen Buddhism*, Grove Press, p-371-376**

Seeing the Traces) ဟူ၍ အမည်ပေးထား၏။ ရုပ်ပုံလွှာထဲတွင် နွားကျောင်းသားလေးက စမ်းချောင်းနံဘေးတွင် တွေ့ရသော နွားခြေရာများကို သဲလွန်စ ရှာဖွေတွေ့ရှိနေဟန် သရုပ်ဖော်ထား၏။ မြက်ရိုင်းတောကြီး၏ တစ်ဖက်မှ တောင်တန်းများအပေါ်တွင် မိမိရှာဖွေနေသော နွားကို တွေ့လိမ့်နိုးနိုး မျှော်လင့်ချက်ရောင်ခြည် သန်းလာခဲ့၏။ ဤအဆင့်တွင် တရားရှာယောဂီသည် သုတ္တန်ပရိယတ္တိစာပေ အသိပညာအချို့ ရရှိလာသောကြောင့် မိမိရှာဖွေနေသော သစ္စာတရားနှင့် ပတ်သက်၍ ရိပ်စားမိလာ၏။ ဒုက္ခ၏ အကြောင်းတရားနှင့် ဒုက္ခချုပ်ငြိမ်းရာကို ရေးတေးတေး သိမြင်ရာခဲ့၏။ အတ္တဒိဋ္ဌိ အစွဲအလမ်းတို့ကြောင့် ဆင်းရဲဒုက္ခ ဖြစ်ပွားရပုံကိုလည်း သိမြင်လာခဲ့၏။

(၃) တတိယ နွားကျောင်းသားရုပ်ပုံလွှာ (**နွားကို တွေ့ရှိခြင်း**/Seeing the Ox) ဟူ၍ အမည်ပေးထား၏။ နွားကျောင်းသားလေးသည် ပူနွေးသော နေရောင်အောက်တွင်ရှိသော စားကျက်တွင် ရှာဖွေရင်း စိမ်းလန်းသော မြက်ခင်းတွင် အစားစားနေသည့်နွားကို တွေ့မြင်ခဲ့၏။ ဦးချိုကျော့ကျော့လည် တမော့မော့နှင့် နွားချောနွားလှ သည် အဖော်မပါ အထီးတည်းသာ လွင်ပြင်ကျယ်တွင် ရုပ်တည်နေခဲ့လေသည်။ တရားရှာယောဂီသည် မိမိ၏ ကမ္မဋ္ဌာန်းအာရုံရှိရာကို ကောင်းစွာ ဆိုက်ရောက်ခဲ့ပြီဖြစ်၍ အရာရာသည် ပြေလွင်ညီညွတ် ချောမွေ့လာသယောင် ထင်ရလေ၏။

(၄) စတုတ္ထ နွားကျောင်းသား ရုပ်ပုံလွှာကို (**နွားကိုဖမ်းမိခြင်း**/Catching the Ox) ဟူ၍ အမည်ပေးထား၏။ ပုံထဲတွင် ဖော်ပြထားသည်မှာ နွားကျောင်းသားလုလင်သည် နွားကို နဖားကြိုးမှ ဖမ်းမိထားသည်ပုံ ဖော်ပြထား၏။ သို့သော်လည်း နွားမှာ အမိန့်နာခံခြင်းမရှိဘဲ ငြင်းဆန်ရုန်းကန်လျက်ရှိပုံကို တွေ့ရ၏။ ထိုနည်းတူ တရားရှာယောဂီသည်လည်း မိမိတွေ့မြင်ရသော ကမ္မဋ္ဌာန်းအာရုံကို ဆုပ်ကိုင်မိသော်လည်း အတည်မမြဲ ဖြစ်နေခဲ့၏။ စိတ်များမှာ ချည်တိုင်တွင် တည်လိုက်ပျံ့လွင့်ထွက်ရန် ကြိုးစားလိုက်နှင့် တစ်လှည့်စီ ဖြစ်ပေါ်နေလေသည်။

(၅) ပဉ္စမ နွားကျောင်းသား ရုပ်ပုံလွှာကိုမူ (**နွားကိုယဉ်ပါးစေခြင်း**/Herding the Ox) ဟူ၍ အမည်ပေးထား၏။ နွားကျောင်းသားလုလင်သည် မိမိ၏ ကြာပွတ်နှင်တံ စသည်တို့ဖြင့် နွားကို ကောင်းစွာယဉ်ကျေးအောင်ဆုံးမပြီး မိမိစေလိုရာ သို့စေနိုင်လာ၏။ နွားသည်လည်း အချည်အနှောင်မရှိဘဲ ပကတိသဘာဝအတိုင်း နွားကျောင်းသား၏ စေ့ဆွန်းရာသို့ လိုက်ပါလာခဲ့၏။ တရားရှာသူယောဂီလည်း တစ်ခုပြီးတစ်ခု အတောမသတ်နိုင်သော အတွေးဝိတက်လှိုင်းများကို ကောင်းစွာ ထိန်းချုပ်နိုင်လာပြီဖြစ်၏။ ဝိတက်၏ပင်ရင်းကို သိမြင်လာသောကြောင့် ပြင်ပ

လောကကို မှီခိုစရာမလိုတော့ဘဲ မိမိအတွေးအစဉ်ကို ချုန်းအုပ်နိုင်လာခဲ့ပြီဖြစ်၏။

(၆) ဆဋ္ဌမ နွားကျောင်းသား ရုပ်ပုံလွှာကို (**နွားနှင့်အတူ အိမ်ပြန်လာခြင်း**/Coming Home on the Ox's Back) ဟူ၍ အမည်ပေးထား၏။ ရုပ်ပုံလွှာကားချပ်ပေါ်တွင် နွားကျောင်းသားလုလင်သည် မိမိထိန်းသိမ်းခဲ့ပြီးဖြစ်သော နွားကို စီး၍ အိမ်ကို ပြန်လာနေသည့်ပုံကို ဖော်ပြထား၏။ ညနေခင်း၏ မြူနှင်းငွေ့ငွေ့အောက်တွင် သူ၏ပုလွေသံသဲ့သဲ့မှာ တဖြည်းဖြည်း တိမ်ဝင်ပျောက်ကွယ်လု ဖြစ်နေခဲ့၏။ တရားရှာယောဂီလည်း မိမိ၏ ကမ္မဋ္ဌာန်းအာရုံသည် မိမိအလိုရှိရာသို့ ဆွဲငင်လိုက်ပါလာပြီး သက်တောင့်သက်သာ အရှိဆုံး ပကတိအခြေအနေသို့ ဆိုက်ရောက်လာခဲ့၏။

(၇) သတ္တမ နွားကျောင်းသား ရုပ်ပုံလွှာကို (**နွားကို မေ့ပျောက်ပြီး လူသက်သက်ကျန်ရစ်ခြင်း**/ The Ox Forgotten Leaving the Man Alone) ဟူ၍ အမည်ပေးထား၏။ အိမ်ပြန်ရောက်လာပြီဖြစ်သော နွားကျောင်းသားသည် တည်ငြိမ်အေးဆေးစွာ အနားယူမှေးစက်နေ၏။ နွားကို သူမေ့လျော့နေခဲ့ပြီး သူ့စိတ်မှာ ပကတိလွတ်လပ် ပေါ့ပါး၍နေပုံကို ရေးခြယ်ထား၏။ ကောက်ရိုးဖြင့်မိုးထားသော အမိုးအောက်တွင် သူနှင့်အတူ နှင်တံလေးလည်း လျောင်းစက် အနားယူနေတော့၏။ ထိုနည်းတူ တရားရှာယောဂီသည် ကမ္မဋ္ဌာန်းအာရုံ၌ ကြောင့်ကြစိုက်ရခြင်း မရှိတော့ဘဲ မိမိ၏ သိမှုဖြစ်စဉ် သက်သက်ကလေးသာ ကျန်ရှိနေဘိသည့်အလား ငြိမ်းချမ်းငြိမ်သက်နေခဲ့၏။

(၈) အဋ္ဌမ နွားကျောင်းသား ရုပ်ပုံလွှာကို (**နွားရောလူပါ မြင်ကွင်းမှပျောက်ကွယ်ခြင်း**/The Ox and the Man Both Gone out of Sight) ဟူ၍ အမည်ပေးထား၏။ ပန်းချီကား၏ စက်ဝိုင်းအတွင်း၌ မည်သည့် ရုပ်ပုံသဏ္ဌာန်မျှ မတွေ့ရတော့ပဲ ပကတိ ဗလာဟင်းလင်း ဖြစ်နေ၏။ မီးပုံကြီးထဲသို့ နှင်းပွင့်နှင်းစက်များ မကျရောက်နိုင်သကဲ့သို့ ဤအဆင့်တွင် ရောက်ရှိနေသော ယောဂီ၏ စိတ်သန္တာန်တွင် မည်သည့်အရာဝတ္ထု အသွင်သဏ္ဌာန်မျှ ကပ်ရောက်တည်ရှိနိုင်ခြင်း မရှိပေ။ လောဘ ဒေါသ မောဟ စသော ကိလေသာတရားများလည်း ချုပ်ငြိမ်းနေကြပြီး သန့်စင်မွန်မြတ်သည်ဟူသော အတွေးအထင်ပင်လျှင် မတည်ရှိနိုင်ပေ။ ပကတိကျယ်ပြန့်နက်ရှိုင်းလှစွာသော တိတ်ဆိတ်ငြိမ်သက်သော ဟင်းလင်းပြင် ဖြစ်၏။

(၉) နဝမ နွားကျောင်းသား ရုပ်ပုံလွှာကို (**မူလအရင်းအမြစ်ဆီသို့ ပြန်ရောက်ခြင်း**/ Returning to the Origin) ဟူ၍ အမည်ပေးထား၏။ ရုပ်ပုံကားချပ်ထဲတွင် နွားကျောင်းသားလုလင်၏ သဏ္ဌာန်ပြန်လည် ပေါ်ပေါက်လာခဲ့၏။ နွားကျောင်းသား

သည် မည်သည့်အမှုကိစ္စမျှ အထူးအထွေ လုပ်ဆောင်ရန်မလိုဘဲ သူကန်းတစ်ယောက်ပမာ ထိုင်နေခဲ့၏။ ထို့အတူ တရားရှာယောဂီသည်လည်း စိတ်၏ ရင်းမြစ်မူလ ပကတိသဘာဝ၏ ရှင်းသန့်ကြည်လင်မှုထဲတွင် ကိန်းအောင်းစံပယ်နေခဲ့၏။ လက်ခံခြင်း၊ ငြင်းဆန်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းစသော အစွန်းတရားဟူသမျှထံမှ လွတ်မြောက်သော ဥပေက္ခာစိတ်ထားဖြင့် လောကကို ပကတိအတိုင်းတိုင်း ရှုမြင်နေခဲ့လေသည်။

(၁၀) ဒသမ နွားကျောင်းသား ရုပ်ပုံလွှာ (**ချမ်းသာသုခ ဆောင်ကြဉ်းပေးရန် မြို့တွင်းသို့ဝင်ရောက်လာခြင်း**/ Entering the City with Bliss-Bestowing Hands) ဟူ၍ အမည်ပေးထား၏။ နွားကျောင်းသားလုလင်သည် လက်ဗလာ ခြေဗလာဖြင့် အများပြည်သူရှိရာ ဈေးထဲသို့ ရောက်ရှိလာ၏။ နတ်ဒေဝတာတို့၏ တန်ခိုးသတ္တိမလိုအပ်ဘဲ သူထိုကိုင်သမျှ သစ်ပင်တို့သည်ပင် ပြန်လည်သက်ဝင်ရှင်သန်လာသည်ကို တွေ့ကြရ၏။ တရားသိမြင်ပြီးသော ယောဂီသည်လည်း တစ်ကိုယ်တည်း အထီးကျန် မွေ့လျော်မနေဘဲ အများဝေနေယျ သတ္တဝါတို့အတွက် လောက အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူ (အဝတာရ) ဖြစ်ခဲ့လေသည်။ မိမိ၏ အသိတရားကို ဝေမျှသူ ဗုဒ္ဓဖြစ်လာရလေသည်။

ဇာန်ဗုဒ္ဓဓမ္မ၏ နယ်ပယ်တွင် ၄င်းအဆင့်များကို အောက်ပါ အဆိုဝါကျသုံးခု ဖြင့် အနှစ်ချုပ်ဆိုလေ့ရှိ၏။

(၁) တရားစတင်ရှာမှီးသူအတွက် တောင်များသည် တောင်များဖြစ်ကြ၏။ မြစ်များသည်လည်း မြစ်များဖြစ်ကြ၏။

(၂) တရားတွေ့မြင်သူအတွက် တောင်များသည် တောင်များမဟုတ်ကြတော့။ မြစ်များသည်လည်း မြစ်များ မဟုတ်ကြတော့။

(၃) တရားဖြင့် လွတ်မြောက်သူအတွက် တောင်များသည်တောင်များဖြစ်ကြ၏။ မြစ်များသည်လည်း မြစ်များဖြစ်ကြ၏။

ပထမဝါကျသည် နွားကျောင်းသားရုပ်ပုံလွှာ အမှတ် (၁) မှ အမှတ် (၇) အထိ ပြောင်းလဲမှုတက်စဉ်ကို ကိုယ်စားပြုနေ၏။ ဤအဆင့်များတွင် တရားရှာသူ ယောဂီသည် မိမိ၏အရှိတရားနှင့် လောက၏အရှိတရားကို အမှန်တကယ် အတွင်းသား အနှစ်သာရဖြင့် အခိုင်အမာတည်ရှိနေသော အရှိတရားများအဖြစ် ရှုမြင်၏။ သူ့အတွက် တောင်များသည် အမှန်တကယ် တောင်များဖြစ်၏။ မြစ်များသည်လည်း အမှန်တကယ် မြစ်များဖြစ်ကြ၏။ သူတို့ဘက်မှ သူတို့ကိုယ်ပိုင်စွမ်းအားဖြင့် ရပ်တည်ပေါ်လွင်နေကြသော အရှိသဘာဝတရားများ ဖြစ်ကြ၏။ တရားကို မသိသေးသော

ပုထုဇဉ်လူပြိန်းအမြင်ကို တွေ့ရ၏။ လောကကို ပရမတ္ထသစ္စာအဖြစ် ရှုမြင်နေသော ကာလဖြစ်၏။

ဒုတိယဝါကျသည် နွားကျောင်းသားရုပ်ပုံလွှာ အမှတ်(၈) ကို ထင်ဟပ်နေ၏။ ဤအဆင့်တွင် တရားရှာသူယောဂီသည် မိမိ၏ အရှိတရားနှင့် လောက၏အရှိတရားကို အမှန်တကယ် အတွင်းသား အနှစ်သာရဖြင့် အခိုင်အမာ မတည်ရှိသော သုညတ တရားများ အဖြစ်ရှုမြင်၏။ သူ့အတွက် တောင်များသည် အမှန်တကယ် တောင်များ မဟုတ်တော့သလို၊ မြစ်များသည်လည်း အမှန်တကယ် မြစ်များမဟုတ်ကြတော့ချေ။ တောင်များ၊ မြစ်များသည် သူတို့ဘက်မှ သူတို့ကိုယ်ပိုင်စွမ်းအား ဖြင့် ရပ်တည်ပေါ်လွင်နေကြသော အရှိသဘာဝတရားများ မဟုတ်ကြဘဲ ဆက်နွယ် မှီတွယ်ခြင်းသဘောဖြင့် ရှိယောင် ထင်ရသော အနှစ်မဲ့သည့် သုညတာတရားများ ဖြစ်ကြသည်ကို ထိုးထွင်းသိမြင်သော အဆင့်ဖြစ်၏။ တရားကို သိမြင်သော အရိယာ သူတော်စင်၏အမြင်ကို တွေ့ရ၏။ လောကကို သုညတာအဖြစ် သမ္မုတိသစ္စာအဖြစ် သာ ရှုမြင်သော ကာလဖြစ်၏။

တတိယဝါကျသည် နွားကျောင်းသားရုပ်ပုံလွှာ အမှတ်(၉) နှင့် (၁၀) ကို ဖော်ဆောင်နေ၏။ သူ့အတွက် တောင်များသည် အမှန်တကယ် တောင်များ မဟုတ် မှန်းသိသော်လည်း တောင်ဟုပေါ်လွင်နေသော သမ္မုတိသဘောကိုလည်း မပယ်ဘဲ၊ မတွယ်ဘဲ လက်ခံထား၏။ ထိုနည်းတူ မြစ်များသည်လည်း အမှန်တကယ် မြစ်များ မဟုတ်မှန်းသိသော်လည်း မြစ်ဟုပေါ်လွင်နေသော သမ္မုတိသဘောကိုလည်း မပယ်ဘဲ၊ မတွယ်ဘဲ လက်ခံထား၏။ အိပ်မက်ပမာ၊ တံလျှပ်ပမာ၊ သက်တံ့ပမာ၊ မြူခိုးမင်းလွင်ပမာ၊ မျက်လှည့်ပမာ၊ ဂန္ဓဗ္ဗနတ်တို့ဖန်ဆင်းအပ်သော မရှိမြို့တို့ပမာ လောကကို ရှုမြင်သော်လည်း သမ္မုတိအရှိတရားကို မငြင်းပယ်ဘဲ ဝေနေယျသတ္တဝါ တို့၏အကျိုးကို မဟာကရုဏာစိတ်ဖြင့် ဆောင်ရွက်သော ဗောဓိသတ္တ၏ အမြင်ကို တွေ့ရ၏။ လောကကို သမ္မုတိသစ္စာ ပရမတ္ထသစ္စာ နှစ်မျိုးစလုံးနှင့် အလျှော်ဖြစ်သော ပကတိလွတ်မြောက်မှု ဝိမုတ္တိအဖြစ်သာ ရှုမြင်သော ကာလဖြစ်၏။ ဓမ္မခရီး၏ အဆုံးစွန်ပန်းတိုင်သို့ ဆိုက်ရောက်ခြင်းဖြစ်၏။

ထို့အတူ အထက်ပါ ပန်းချီကားချပ်များက ဖော်ပြနေသည့် အသိပြောင်းလဲမှု အဆင့်ဆင့်သည် ရှေး ပါဠိပိဋကတ်တွင်ရှိသော အသိပညာတက်စဉ် အဆင့်များနှင့် ဆင်တူနေသည်ကို သတိပြုနိုင်၏။ မဇ္ဈိမနိကာယ် မူလပရိယာယသုတ်တွင် အများသဘော (နာနတ္တ) တစ်ခုတည်းသောသဘော (ဧကတ္တ) အလုံးစုံသဘော (သဗ္ဗတ္တ) နှင့် လွတ်မြောက်ခြင်း သဘော (နိဗ္ဗာန) ဟူ၍ အသိဉာဏ် အဆင့်ဆင့် မြင့်တက်ရပုံကို

ဖော်ပြထား၏။ ပထမပန်းချီကားချပ်မှ သတ္တမပန်းချီကား အဆင့်အထိသည် အများသဘော (နာနတ္တ) ကို ထင်ဟပ်ဖော်ပြသည်ဟု ဆိုနိုင်၏။ အဋ္ဌမမြောက် ပန်းချီကားသည်တစ်ခုတည်း သောသဘော (ဧကတ္တ) ကို ထင်ဟပ်ဖော်ပြ၏။ နဝမမြောက် ပန်းချီကားသည် အလုံးစုံသဘော (သဗ္ဗတ္တ)ကို ထင်ဟပ်ဖော်ပြနေ၏။ နောက်ဆုံး ဒသမမြောက်ပန်းချီကားချပ်သည် လွတ်မြောက်ခြင်းသဘော (နိဗ္ဗာန)ကို ဖော်ပြနေလေသည်။ ဤနေရာတွင် လွတ်မြောက်ခြင်းဟူသည်မှာ ပြောင်းလဲနေသော စကြဝဠာ၏ ပြင်ပတစ်နေရာသို့ လွတ်မြောက်ခြင်း မဟုတ်ဘဲ **ပြောင်းလဲနေသော စကြာဝဠာအတွင်းသို့လွတ်မြောက်ခြင်း** ဖြစ်၏။ ဟွာယင်းဒဿနတွင် မြင်တွေ့ခဲ့ရသော အရာခပ်သိမ်း၏ အချင်းချင်း အပြန်အလှန် စိမ့်ဝင်ထွင်းဖောက် ဆက်နွယ်တည်ရှိနေသော **ရှိ-ရှိ-ဝု-အိုက်ဖြစ်စဉ်စကြဝဠာ** (Process Universe as a Dynamic Whole) အတွင်းသို့ လွတ်မြောက်သွားခြင်း ဖြစ်လေသည်။

□ □ □





အခန်း (၁၀)

ဝဇီရယာန ဗုဒ္ဓဘာသာ၏ ယုဂနဒ္ဓလမ်းစဉ်

အိန္ဒိယနိုင်ငံတွင် ပေါ်ထွန်းခဲ့သော မဟာယာနဗုဒ္ဓဘာသာ၏ နောက်ဆုံး တိုးတက်ပွင့်ကားမှုသည် ဝဇီရယာန ဗုဒ္ဓဘာသာ ဖြစ်သည်ဟု ဆိုကြ၏။ ဝဇီရယာနဗုဒ္ဓဘာသာသည် မဟာယာနဒဿနအမြင်များကို အခြေခံ၍ ပေါ်ပေါက်လာရသော ဓမ္မကျင့်စဉ်နည်းစနစ် အစုအဝေးကြီးတစ်ရပ်ဖြစ်၏။ အရှင်နာဂဇုန၏ မဇ္ဈိမိကဒဿနက ခပ်သိမ်းသောအရာတို့၏ အတွင်းအနှစ်သား ဆိတ်သုဉ်းမှုသဘော (သုညတာ) ကို လင်းပြခဲ့၏။ အရှင်အသင်္ဂမထေရ်၏ ယောဂါစာရ ဒဿနက စိတ်၏ အလွှာအဆင့် အမျိုးမျိုးနှင့် အသွင်ပြောင်းမှုများအကြောင်းကို စေ့ငုခဲ့၏။ သိသူနှင့် အသိခံတည်းဟူသော ဒွယသဘောများ ကင်းဆိတ်နေသော ပကတိ စင်ကြယ်သန့်ရှင်းသည့် စိတ် (အမလ-ဝိညာဏ) သဘောကို လှစ်ဟပြခဲ့၏။ အဝဋ်သက (ဟွာယင်း)ဒဿန အမြင့်လည်း အရာခပ်သိမ်း၏ ပေါင်းစည်းဆက်စပ်နေမှု အပြန်အလှန် ထိုးဖောက်စိမ့်ဝင် တည်ရှိနေမှုသဘောကို တင်ပြခဲ့၏။ မဟာယာနဗုဒ္ဓဘာသာ၏ ဒဿနစနစ်များသည် ရေပက်မဝင် ပြီးပြည့်စုံနေသလို လက်တွေ့ကျင့်ကြံအားထုတ်ရန် ဗောဓိသတ္တမက်ကျင့်စဉ် (ပါရမီတာယာန လမ်းစဉ်) ကိုလည်း အပြည့်အစုံ ဖော်ပြခဲ့ပြီးဖြစ်၏။ သို့သော်လည်း ပါရမိတာယာနလမ်းစဉ်သည် ကမ္ဘာပေါင်း အသင်္ချေ မရေမတွက်နိုင်အောင် များပြားလှသော ဘဝဖြစ်စဉ်များတွင် ကြာရှည်လေးမြင့်စွာ ဖြည့်ကျင့်ဆည်းပူးရန် လိုအပ်နေပေသည်။ ဤအခြေအနေတွင် မျက်မှောက်တစ်ဘဝ

သို့မဟုတ် ဘဝအနည်းငယ်ဖြင့် လိုအပ်သော ကျင့်ကြံအားထုတ်မှုများကို ပြီးမြောက်စေနိုင်သည့် လမ်းစဉ်တစ်ရပ်ကို ရှာဖွေရင်း ဝဇီရယာန ဗုဒ္ဓဘာသာ ပေါ်ထွန်းခဲ့သည်ဟု ယူဆနိုင်ပါသည်။

တစ်ချိန်က ဝဇီရယာန ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အကြောင်းအရာများမှာ အလွန်အသိခက် လျှို့ဝှက်နက်နဲခဲ့၏။ ဝဇီရယာန ဗုဒ္ဓဘာသာ ထွန်းကားသော တိဗက်နိုင်ငံသည်လည်း ရာစုနှစ်ပေါင်းများစွာ ပြင်ပကမ္ဘာကြီးနှင့် အဆက်ပြတ်နေခဲ့သောကြောင့် ဝဇီရယာန ဗုဒ္ဓဘာသာ၏ ကျမ်းဂန်အချို့ကိုသာ ပညာရှင်တို့လက်လှမ်းမီခဲ့ကြပြီး မပြည့်စုံသော အရေးအသားတချို့ကိုသာ တွေ့ရှိရ၏။ ၁၉၅၉ ခုနှစ်တွင် တရုတ်တပ်နီတော်မှ တိဗက်ဒေသကို သိမ်းပိုက်ခဲ့ပြီးသည့်နောက်တွင် ဝဇီရယာန ဗုဒ္ဓဘာသာ၏ အခြေအနေမှာ လုံးဝပြောင်းလဲလာခဲ့လေသည်။ စုဒ္ဒသမမြောက် ဒလိုင်လားမား အရှင်မြတ်ခေါင်းဆောင်လျက် ထိပ်တန်းလားမား နှစ်ရာကျော်ခန့်သည် တိဗက်ပြည်ကို စွန့်ခွာထွက်ပြေးခဲ့ကြပြီး အိန္ဒိယနယ်စပ်တွင် လွတ်မြောက်ခဲ့ကြရ၏။ ၄င်းတို့နှင့်အတူ တန်ဖိုးမဖြတ်နိုင်သော တိဗက် ပိဋကတ်စာပေဋီကာ အဋ္ဌကထာ သျှတ္တရ ကျမ်းဂန်များလည်း အမြောက်အများ သယ်ဆောင်လာနိုင်ခဲ့ပြီး အိန္ဒိယမှတစ်ဆင့် အနောက်ကမ္ဘာ၏ နိုင်ငံအသီးသီးသို့ ရောက်ရှိခဲ့ကြရာတွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတိုက်သည် တိဗက်ဗုဒ္ဓဘာသာ လားမားဆရာအရှင်များ အများဆုံး ရောက်ရှိခြေချနေထိုင် သာသနာပြုသော နေရာများ ဖြစ်လာခဲ့၏။

ယနေ့ခေတ်ကာလတွင်မူ ဝဇီရယာနဗုဒ္ဓဘာသာနှင့် ပတ်သက်သော အကြောင်းအရာများကို ပိုမို၍ လင်းလင်းချင်းချင်း သိမြင်လေ့လာခွင့် ရရှိခဲ့ပြီဖြစ်၏။ တိဗက်လားမားဆရာအရှင်များ ကိုယ်တိုင်က ပို့ချသော ဓမ္မရိပ်သာ ဓမ္မသင်တန်းများရှိသလို အနောက်တိုင်းပညာရှင်များက လေ့လာ၍ ကမ္ဘာကျော်တက္ကသိုလ်ကြီးများ၌ပင် ဝဇီရယာနဗုဒ္ဓဘာသာကို သင်ရိုးညွှန်းတမ်းဖွဲ့စည်း၍ ပါရဂူဘွဲ့အဆင့်အထိ သင်ကြားပေးနေကြပြီဖြစ်၏။ သို့သော်လည်း ဝဇီရယာနဗုဒ္ဓဘာသာနှင့် ပတ်သက်သော အနက်နဲဆုံး သင်ကြားချက်များမှာ လျှို့ဝှက်နေဆဲဖြစ်၏။ အာဂုံဆောင်အစဉ်အလာဖြင့် ဆရာထံမှ တပည့်က အဆင့်ဆင့် လက်ဆင့်ကမ်းလေ့လာခဲ့ကြပြီး စာပေအက္ခရာမတင်သော အန္တေဝါသိက အတွင်းလမ်းတရားဓမ္မများလည်း ရှိနေသေး၏။ ထို့ကြောင့် ဤအခန်းတွင် ပြဆိုအပ်သည့် ဝဇီရယာနဗုဒ္ဓဘာသာနှင့် ပတ်သက်သော အကြောင်း အရာများမှာ ပြီးပြည့်စုံမှု ရှိသည်ဟု မဆိုနိုင်ပါ။ အရပ်ရပ်အထွေထွေမှ လေ့လာဆည်းပူးရသော ဝဇီရယာန ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အရေးအသား

မှတ်တမ်းများကို အခြေခံ၍ ပြုစုတင်ပြထားခြင်းသာ ဖြစ်ပါသည်။ အထူးသဖြင့် တိဗက်ရဟန်းတော် ဂရွေ တာရှီး ဆားရင်း (Geshe Tashi Tsering) ၏ ဂုဟ္ယသမဇ တန္တရကို အခြေခံသော Tantra: The Foundation of Buddhist Thought-Volume 6 ကို အဓိက မဏ္ဍိုင်ကျောရိုးပြု၍ ရေးသားတင်ပြထားပါသည်။ ၄င်းအပြင် ဒေါက်တာ ဂျက်ဖရီ ဟောပ်ကင်း (Dr, Jeffery Hopkins) ၏ တိဗက်ဂီလုဂ်ပ ဗုဒ္ဓဘာသာနယ်ပယ်မှ တန္တရဗုဒ္ဓဘာသာနှင့်ဆိုင်သော ကျမ်းဂန်အချို့ကိုလည်း အခြေခံထားပါသည်။

ဝဇီရယာန၏ အနက်အဓိပ္ပာယ်

ဝဇီရယာန ဗုဒ္ဓဘာသာသည် မဟာယာနဗုဒ္ဓဘာသာနှင့် သီးခြားကင်းလွတ် တည်ရှိနေသည့် ဓမ္မလမ်းစဉ်မဟုတ်ဘဲ မဟာယာနဗုဒ္ဓဘာသာကို ဓမ္မအမြင်ကို ဖော်ဆောင်ပေးသည့် ဓမ္မနည်းဗေဒကျင့်စဉ်များ ဖြစ်သည်ဟုဆိုနိုင်၏။ ဒေါက်တာ အေကဝါဒါး၏ အလိုအရ ဝဇီရယာနဗုဒ္ဓဘာသာသည် လောကအမြင်အားဖြင့် ရှေးဗုဒ္ဓဘာသာကိုဏ်းများနှင့် မဟာယာန ဗုဒ္ဓဘာသာနည်းတူ အနတ္တာ-သုညတ ဓမ္မကို အခြေခံသော လောကအမြင်သာဖြစ်ပြီး ဓမ္မကို အကောင်အထည်ဖော်သော နည်းစနစ်ပိုင်းတွင်သာ အခြား ဗုဒ္ဓဘာသာကိုဏ်းများနှင့် အယူအဆ ခြားနားနေခဲ့၏။[၁၉၆]

ဤနေရာတွင် ဝဇီရ၏ အနက်ကို ဖွင့်ဆိုရှင်းပြရန် လိုပေလိမ့်မည်။ ဝဇီရဟူသော ဝေါဟာရသည် စိန်ကျောက် သို့မဟုတ် စိန်ကဲ့သို့ မာကျောခိုင်မြဲသော အရာဆိုသော အနက်ရှိ၏။ ဝဇီရ (စိန်) ၏ အနက်ပွားနှစ်ခုကို ဤကဲ့သို့ တွေ့ရ၏။ အရာခပ်သိမ်း၏ အနှစ်သာရ အခြေခံသဘောဖြစ်သော သုညတာ (အတွင်းအနှစ်သားဆိတ်သုဉ်းခြင်း) သည် လောကဌ္ဌ အစဉ်သဖြင့် မပြောင်းမလဲ တည်မြဲနေသော အမြဲမှန်ကန်နေသည့် ပရမတ္ထသစ္စာ ဖြစ်သောကြောင့် သုညတာသဘာဝသည် စိန်ကျောက်ကဲ့သို့ ခိုင်ခဲ့တည်နေသည်ဟူသော ရူပကအလင်္ကာ တင်စားချက်လည်း ဖြစ်၏။ ထို့အပြင် စိန်သည် အရာခပ်သိမ်းတို့အနက် အမာကျောဆုံး ဂုဏ်သတ္တိရှိသောကြောင့် မည်သည့်အရာကိုမဆို စိန်လက်နက်ဖြင့် ဖြတ်တောက်နိုင်၏။ မည်သည့် အဆို့အပိတ် အဖုံးအကာကိုမဆို စိန်လက်နက်က ထွင်းဖောက်ဖြတ်ကျော်နိုင်စွမ်းရှိ၏။ ထိုနည်းတူစွာ အမြတ်ဆုံးသော ဗောဓိဉာဏ်ပညာသည် အဝိဇ္ဇာတဏှာဥပါဒါန် စသော တရားတို့က မနှောက်ယှက် မထိပါးနိုင်အောင် ကျစ်လစ်မာ

၁၉၆။ **Wardner, A.K. (1999), *Indian Buddhism*, Delhi: Motilal Banarsidass Publishers-p-477**

ကျောသည့်အပြင် ၄င်းကိလေသာ တံတိုင်းနံရံများကိုလည်း ထွင်းဖောက်ဖျက်ဆီး နိုင်စွမ်းရှိ၏။ ထို့ကြောင့် စိန် ကျောက်ပမာ ခိုင်ကျည်သော ဉာဏ်ပညာဖြင့် စိန် ကျောက်ပမာ ထာဝစဉ်မပြောင်းမလဲ အမြဲတည်နေသော အတုမရှိ အလွန်မြတ်သော ပရမာနုတ္တရ သုညတာ အစစ်အမှန်တရားကို ထိုးထွင်းသိမြင်အောင် အားထုတ်ရသော ကျင့်စဉ်ကို ဝဇီရယာနဟူ၍ ခေါ်ဆိုလေသည်။[၁၉၇]

ဝဇီရယာန၏ ထူးခြားချက်မှာ အစဉ်အလာ မဟာယာနဗုဒ္ဓဘာသာကဲ့သို့ လောကီတရားစုများကို ပစ်ပယ်ခြင်း၊ စွန့်ပယ်ခြင်းမဟုတ်ဘဲ လောကီတရားများကို လောကုတ္တရာအကျိုးအတွက် အသုံးချ အသွင်ပြောင်းပစ်နိုင်ခြင်းဖြစ်၏။ မြွေဆိပ် ဖြေဆေးသည် မြွေဆိပ်ကို အခြေခံ၍ ဖော်စပ်ရသလို ရောဂါကာကွယ်ဆေးသည် ဆိုင်ရာ ရောဂါပိုးကို အသုံးပြုအသွင်ပြောင်းရသလို လောကုတ္တရာဖြစ်ရန် လောကီ တရားများ ဖြစ်သော အဆင်း အသံ အနံ့ အတွေ့ အရသာ နှင့် စိတ်အတွေးအကြံ တို့ကိုပင် ပြန်လည် အသုံးချတတ်ရန်လိုအပ်ကြောင်း ဝဇီရယာနက သင်ကြား၏။ ကိလေသာကို ကုစားနိုင်သော ဉာဏ်ပညာသည် ကိလေသာများအတွင်း၌ပင် တည်ရှိနေသည်ဟု ဝဇီရယာနဗုဒ္ဓဘာသာက ယူဆ၏။ ထို့ကြောင့် အစဉ်အလာ ဘာသာရေး အယူအဆအရ ယုတ်နိမ့်သော လောကီလူသားတို့ ကျင့်သုံးရာလိင်မှု သုခကိုပင် ဝဇီရယာနဗုဒ္ဓဘာသာက သစ္စာတရားသို့ ဆိုက်ရောက်စေရာတွင် အထောက်အကူဖြစ်စေသော နည်းလမ်းတစ်ခုအဖြစ် အသုံးချခဲ့ခြင်း ဖြစ်တန်ရာ၏။ ကုသိုလ်နှင့် အကုသိုလ် ဉာဏ်ပညာနှင့် ကိလေသာတို့ကို တစ်ခုတည်းသော အခြေခံ ဓမ္မစွမ်းအင်၏ ဘက်နှစ်ဘက်အဖြစ် ရှုမြင်သောကြောင့် လူသားတို့၏ လောဘ ဒေါသ မောဟ ဟူသော အကုသိုလ်တရားများကို မေတ္တာ ကရုဏာ ပညာ စသော ကုသိုလ်တရားများအသွင်သို့ ပြောင်းယူနိုင်သည့် နည်းလမ်းသည် ဝဇီရယာနပင် ဖြစ်၏။ သာမန်လူသား၏ ကာယက် ဝစီက် မနောက်တို့ကို ရှင်တော်ဗုဒ္ဓ၏ နိမ္မာန ကာယ သမ္ဘောဂကာယ နှင့် ဓမ္မကာယများ ဖြစ်အောင် ပြောင်းလဲဖန်တီး ရေးသည် ဝဇီရယာန၏ ပန်းတိုင်ဖြစ်၏။

ဝဇီရယာန၏ အမည်ကွဲများ

ဝဇီရယာန၏ အခြားသော အမည်နာမများလည်း ရှိသေး၏။ ၄င်းတို့မှာ တန္တြရယာန မန္တြရယာန ဂုဟ္ယယာန နယယာန ဖလယာန စသည်တို့ဖြစ်ကြ၏။ တန္တြရ၏ အနက်

၁၉၇။ **Geshe Tashi Tsering, *Tantra: The Foundation of Buddhist Thought-Vol 6* (2012), Wisdom Publications. P-6**

အဓိပ္ပာယ်သည် (တန်) ရစ်ဖောက်ခြင်း ရက်ခြင်း ဆက်နွယ်ခြင်း စသော အနက်များမှ ဆင်းသက်လာသောကြောင့် တန္တရဟူသည် ဆရာအရှင်တို့ထံမှ တပည့် သာဝကများထံသို့ မကျိုးမပြတ်ဘဲ အစဉ်အဆက် စီးဆင်းလာသော ဓမ္မတရားဟူသော အနက်ရှိ၏။ ထို့ကြောင့် တန္တရယာန၏ အဓိပ္ပာယ်မှာ ဆရာစဉ်သမားစဉ် အဆက်ဆက် ပို့ချလာသော ကျင့်စဉ် ဟူ၍ဖြစ်၏။

ထို့အတူ မန္တရ၏ အနက်အဓိပ္ပာယ်သည် (မန်=စိတ်) + (တရ=ထိန်းသိမ်းစောင့်ရှောက်ခြင်း) ဟူသော ဝေါဟာရရင်းမြစ်များမှ လာသောကြောင့် စိတ်ကို စောင့်ရှောက်စေတတ်သော ဓမ္မတရားလမ်းစဉ်ဟူသော အဓိပ္ပာယ်ကို ဆောင်၏။ ဝဇ္ဇရယာနကို ဂုဟ္ယယာန ဟုခေါ်ဆိုရခြင်းမှာ ယင်းလမ်းစဉ်၏ လျှို့ဝှက်နက်နဲ့ သိန့်ဝှင်ခဲသော သဘောကြောင့် ဖြစ်၏။ ဝဇ္ဇရယာန စတင်ပေါ်ထွန်းစဉ်က ဆန့်ကျင်ဘက်ပြုသူတို့၏ အန္တရာယ် အလွယ် အနက်ဖွင့် တလွဲသုံးမည့်သူတို့၏ အန္တရာယ်တို့ကြောင့် အထူးသိပ်သည်းလျှို့ဝှက်စွာ လက်ဆင့်ကမ်း လေ့လာဆည်းပူးခဲ့ကြရ၏။ ထို့ကြောင့် လျှို့ဝှက်လမ်းစဉ် (ဂုဟ္ယယာန) ဟု အမည်တွင်နေခြင်း ဖြစ်၏။

ဝဇ္ဇရယာနကို နယယာန ဟုခေါ်ဆိုရခြင်းမှာ အမျိုးမျိုးအဖုံဖုံ ကုံလုံကြွယ်ဝသော ယောဂနည်းစနစ်များကို ကျင်လည်စွာ အသုံးပြုလျက် မိမိအလိုရှိအပ်သော အမြင့်ဆုံးဗောဓိဉာဏ်အထူးကို အတိုဆုံးအချိန်ကာလတွင် အမြန်ဆုံး ရရှိနိုင်ရန် အတွက် လမ်းပြသောကြောင့်ဖြစ်၏။ မဟာယာနဗုဒ္ဓဘာသာ၏ လမ်းရိုးဟောင်းဖြစ်သော ပါရမီတာယာနတွင် ဗောဓိသတ္တသည် ကပ်ကမ္ဘာပေါင်း အသင်္ချေ မရေမတွက်နိုင်အောင် ပါရမီတရားအစုစုတို့ကို ဖြည့်ကျင့်ပြီးမှ ဘုရားအဖြစ်ကိုရရှိ၏။ ဝဇ္ဇရယာနတွင်မူ ယောဂနည်းစနစ်များကို အသုံးပြုလျက် မိမိကိုယ်ခန္ဓာ၏ ပရာဏဓာတ်နှင့် ကုဏ္ဍလိနီစွမ်းအင်တို့ကို စေစားလျက် မိမိအလိုရှိရာပန်းတိုင်သို့ မျက်မှောက်တစ်ဘဝတည်းတွင် ရောက်ရှိနိုင်သည်ဟူ၏။ ထို့ကြောင့် နည်းစနစ်ကို အသားပေး ဖော်ပြသင်ကြားသောကြောင့် နယယာနဟု ခေါ်ဆိုကြ၏။ နောက်ဆုံးအနေဖြင့် ဝဇ္ဇရယာနကို ဖလယာနဟုလည်း ခေါ်ကြပြန်သေး၏။ ပါရမီအလီလီ စုံညီစွာဖြည့်ကျင့်ရသော လမ်းကို အကြောင်းတရားပြည့်စုံအောင် အားထုတ်ပေးရသောကြောင့် ဟေတုယာနဟုခေါ်၏။ ဝဇ္ဇရယာနတွင်မူ အကျိုးတရားဖြစ်သော ဗောဓိဉာဏ်ကိုပင် အသုံးချစရာ နည်းလမ်း အစပြုရာ တာထွက်အနေဖြင့် ကျင့်သုံးသောကြောင့် ဖလယာန ဟု ခေါ်လေသည်။[၁၉၈]

၁၉၈။ **Geshe Tashi Tsering, Tantra(2012), The Foundation of Buddhist Thought Vol-6,(Wisdom Publication, p-8**

သုံးကြိမ်လည်သော ဓမ္မစကြာ

ဝဇီရယာနဗုဒ္ဓဘာသာ၏အလိုအရ ဗုဒ္ဓ၏ဓမ္မစကြာသည် သုံးကြိမ်တိုင်အောင် လည် ပတ်ခဲ့သည်ဟုဆို၏။ ရှင်တော်ဗုဒ္ဓသည် အဆင့်ဆင့် မြင့်တက်သွားသော ဓမ္မ လမ်းစဉ်များကို ဟောကြားသည်ဟု ဆိုလိုရင်းဖြစ်လေသည်။ **ပထမဓမ္မစကြာကို** မိဂဒါဝုန်တောတွင် ပဉ္စဝဂ္ဂီ (၅) ပါး အား သစ္စာလေးပါးတရား မဂ္ဂင်ရှစ်ပါးတရား ဒေသနာများ ဟောကြားသည့်အခါတွင် လည်စေခဲ့ပြီး သာဝကယာန ဖြစ်ပေါ်လာခဲ့ ၏။ ရပ်နာမ်တရားတို့ကို ကုသိုလ် အကုသိုလ် အဗျာကတဟူ၍ သုံးစွဲ၍ ၄င်းခန္ဓာ အာယတန ဓာတု သစ္စာသဖြင့် အမျိုးအစားခွဲခြား၍ လည်းကောင်း၊ ထိုတရားအသီး သီးတို့၏ အချင်းချင်း အပြန်အလှန် ဆက်နွယ်ပုံများကို ဟောတု အာရမ္မဏ အဓိပတိ အနန္တရ စသော ကြောင်းကျိုးဆက်သွယ်မှုများအားဖြင့် လည်းကောင်း ပိုင်းခြားစိတ်ဖြာ ဝေဖန်ပြသသည့် အဘိဓမ္မာတရားတော်များကိုလည်း ဟောကြားခဲ့၏။ သာဝကယာန၏ ပန်းတိုင်မှာ သံသရာဝဋ်ဆင်းရဲမှ မိမိတစ်ဦးတည်း လွတ်မြောက်နိုင်စေရန်အတွက် ဖြစ်၏။

ဒုတိယဓမ္မစကြာကို ရာဇဂြိုဟ်မြို့တော်အနီးရှိ ဂိဇ္ဈကူဋ်တောင်ပေါ်တွင် ဟောကြားခဲ့ပြီး ပညာပါရမိတာသုတ္တန်ဒေသနာများ ဖြစ်ကြလေသည်။ ဒုတိယ ဓမ္မစကြာတွင် အရာခပ်သိမ်းတို့၏ အတွင်းအနှစ်သားဆိတ်သုဉ်းမှုသဘော (သဗ္ဗဓမ္မသုညတာ) ကို နည်းလမ်းပေါင်း မြောက်များစွာဖြင့်တန်ဆာဆင်၍ ဟော ပြောခဲ့၏။ ရပ်နာမ်ခန္ဓာတို့၌ ပုဂ္ဂိုလ်သဘာဝ ကင်းဆိတ်ပုံ (ပုဂ္ဂလသုညတာ) ကို လည်း ဟောပြခဲ့သလို ရုပ်တရားနာမ်တရား အသီးသီးတို့၏ ကိုယ်ပိုင်လက္ခဏာ ကိုယ်ပိုင် စွမ်းအားသဘာဝကင်းဆိတ်ပုံ (ဓမ္မသုညတာ) ကိုလည်း လင်းပြခဲ့၏။ ထို့အပြင် ဤ သုညတသဘောတရား ကိုယ်တိုင် လည်း မိမိကိုယ်ပိုင် သဘာဝမရှိဘဲ အတ္တအတ္တနိယ ဆိတ်သုဉ်းနေရပုံ (သုညတသုညတာ) ကိုလည်း ဟောကြားခဲ့ သည့်အပြင် ဗောဓိသတ္တမဂ်လမ်းစဉ်ကိုလည်း ထုတ်ဖော်ပြသခဲ့ပါသည်။

တတိယဓမ္မစကြာ မှာ ဝေသာလီမြို့တော်အနီး မာလာရတောင်ပေါ်တွင် ဟောကြားခဲ့ပြီး ဗုဒ္ဓ-သဘာဝကို ညွှန်ပြသော တထာဂတဂဗ္ဘသုတ္တန်များ ပါဝင်သည့် ဓမ္မစကြာဖြစ်၏။ လင်္ကာဝတာရသုတ္တန် သံဓိနိမောစနသုတ္တန် သိရီမာလဒေဝီ သုတ္တန် မဟာယာနမဟာပရိနိဗ္ဗာန သုတ္တန် အဝဋ်ဆံသက (ဂန္ဓဗျူဟာ) သုတ္တန် စသည့်ထိပ် တန်းသုတ္တန်များ ပါဝင်နေသည့် တတိယဓမ္မစကြာသည် သုညတာသဘောကို ကျော်လွန်တည်ရှိနေသည့် ထာဝရ အမတ ဗောဓိဉာဏ်သဘာဝကို ညွှန်ပြနေသည့် နောက်ဆုံး အဆင့်ဓမ္မတရား ဖြစ်၏။ ယောဂါစာရ ဗုဒ္ဓဒဿန ဟွာယင်းဒဿန

စသည်တို့သည် တတိယ ဓမ္မစက္ကြာ ခေတ်၏ အသီးအပွင့်များ ဖြစ်ကြ လေသည်။ အဆုံးစွန်သော ပရမတ္ထသစ္စာတရားသည် အတ္တ-အတ္တနိယ ကင်းဆိတ်ရုံမျှမကဘဲ ကောင်းမြတ်ငြိမ်းအေးသော သန္တိသဘာဝ နိုးကြားသိမြင်သော ဗောဓိသဘာဝ များ ဖြစ်ကြသည် ဟူသော နောက်ဆုံးအဆင့်ဓမ္မအမြင်ကို ဖွင့်လှစ်ပြသခြင်းဖြစ်၏။ ဝဇီရယာန ဗုဒ္ဓဘာသာသည် နောက်ဆုံးအဆင့် ဗုဒ္ဓဓမ္မ၏ တတိယဓမ္မစက္ကြာကို အခြေခံထားသော လမ်းစဉ်ဖြစ်သည်ဟု ဆိုပါသည်။[၁၄၉]

အိန္ဒိယနိုင်ငံတွင် ဝဇီရယာန ပေါ်ထွန်းလာပုံသမိုင်းအကျဉ်း

တန္တြရဗုဒ္ဓဘာသာဆိုင်ရာ စာပေများ ပေါ်ထွန်းချိန်ကို ပညာရှင်များက အေဒီ ၃ ရာစုမှ အေဒီ ၁၂ ရာစု အတွင်း သတ်မှတ်ထားကြ၏။[၆၀] ဗုဒ္ဓစာပေပညာရှင် ဟိရကာဝအကိရ၏ အလိုအရ ဝဇီရယာနဗုဒ္ဓဘာသာသည် အေဒီ ၆-၇ ရာစုဝန်းကျင် က စတင် ပေါ်ထွန်းခဲ့ကြောင်း နှင့် အေဒီ ၈ရာစုတွင် ဝဇီရယာန ဟူသောဝေါဟာရကို တွင်ကျယ်စွာ သုံးစွဲနေကြပြီဖြစ်ကြောင်း သိရ၏။[၆၁] ဝဇီရယာနဗုဒ္ဓဘာသာသည် အခြား ဗုဒ္ဓဘာသာဂိုဏ်းများနည်းတူ ရှေးကျကြောင်း ဆိုကြသော်ငြားလည်း ၄င်းသည် အိန္ဒိယ ဗုဒ္ဓဘာသာသမိုင်း၏ ခေတ်နှောင်းပိုင်းမှ ပေါ်ပေါက်လာသည်ဆိုသော အချက်ကို ယုံမှားဖွယ်မရှိချေ။ ဝဇီရယာန ဗုဒ္ဓဘာသာသည် မဟာသန္နိပါတနှင့် ရတနာကေတုမာရဏီ စသောကျမ်းများ နောက်မှ ပေါ်ပေါက်လာသည်ဟု အချို့ ပညာရှင်တို့က သုံးသပ်ကြ၏။[၆၂] အချို့သောပညာရှင်များကမူ ခြားနားသော အယူအဆ များရှိကြ၏။ ၄င်းတို့က ဝဇီရယာန ဗုဒ္ဓဘာသာသည် ဘင်္ဂလားဒေသ ဥဒ္ဒျာန်ဒေသ (ယနေ့ခေတ် ပါကစ္စတန်နိုင်ငံ ဆွာတ် တောင်ကြားဒေသ) တို့တွင် စတင်ပေါ်ထွန်းခဲ့ခြင်း ဖြစ်နိုင်ကြောင်း ဆိုကြ၏။[၆၃]

ဒေါက်တာ ရစ်ချတ် ရော်ဘင်ဆန်၏ အလိုအရ ဝဇီရယာနဗုဒ္ဓဘာသာသည် ဟိန္ဒူသီဝဂိုဏ်းကွဲတစ်ခုဖြစ်သော **ကပလိကာ ဂိုဏ်း** (Karpalika school)

၁၄၉။ **Reginald Ray, Indestructible Truth, (2000) Shambhala Publication, p-363 to 477**

၆၀။ **Williams, Paul; Tribe, Anthony (2000), *Buddhist Thought: A complete introduction to the Indian tradition*, Routledge p-194**

၆၁။ **Akira, Hirakawa (1993), Paul Groner, ed., *History of Indian Buddhism*, Translated by Paul Groner, Delhi: Motilal Banarsidass Publishers p-9**

၆၂။ **Wardner, A.K. (1999), *Indian Buddhism*, Delhi: Motilal Banarsidass Publishers-p–459-461**

၆၃။ **Banerjee, S. C. (1977), *Tantra in Bengal: A Study in Its Origin, Development and Influence*, Manohar,**

နှင့်ဆက်နွယ်မှု ရှိသည်ဟုဆိုထား၏။ သီဝဂိုဏ်းသည် အေဒီ (၁) စုဝန်းကျင်တွင် စတင် ပေါ်ပေါက်ခဲ့ပြီး အိန္ဒိယယဉ်ကျေးမှုနှင့် အတွေးအခေါ်ကို ကြီးမားစွာ လွှမ်းမိုးခဲ့သည့်အပြင် မိမိပတ်ဝန်းကျင်တွင် ရှိနေနှင့်သော အယူအဆများကိုလည်း မိမိ၏ ကိုယ်ပိုင်စနစ်အတွင်းသို့ စုပ်ယူ ပေါင်းစည်းနိုင်စွမ်းကြီးမား၏။ သီဝဂိုဏ်း၏ ကြီးထွားလာမှုအပေါ်တွင် ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းများက အကွာအဝေးတစ်ခုတွင် တစ်သီးတစ်သန့် နေခဲ့သော်လည်း မဟာယာန ဗုဒ္ဓဘာသာဂိုဏ်းများကမူ သီဝဂိုဏ်း အယူအဆများနှင့် ယောဂကျင့်စဉ်များကို မဟာယာနဗုဒ္ဓဒဿနအမြင်ကို အခြေခံသော ကျင့်စဉ်တစ်ရပ် တည်ထောင်ကြရာမှ ဝဇီရယာနဗုဒ္ဓဘာသာ အစပျိုးခဲ့သည်ဟု ဒေါက်တာ ရော်ဘင်ဆန်က ယူဆပါသည်။[၆၀၄]

ဒေါက်တာ ရော်နယ် ဒေဗစ်ဆန်၏အမြင်အရ ဆိုရလျှင် အိန္ဒိယ တန္တြရဗုဒ္ဓဘာသာ (ဝဇီရယာန) သည် အိန္ဒိယနိုင်ငံ၏ အလယ်ခေတ်ကာလ (အေဒီ ၅၀၀-၁၂၀၀) ၏ လူနေမှုဘဝနှင့် နိုင်ငံရေးအခြေအနေကို ထင်ဟပ်တုန့်ပြန်သော ဘာသာရေး လှုပ်ရှားမှုဖြစ်သည်ဟု ဆို၏။ အဆိုပါ ခေတ်ကာလတွင် ဘုရင်ဇကရာဇ်များသည် နတ်ဒေဝတာတို့၏ အသွင်ကို ယူလာကြသလို ဘာသာရေး ကဏ္ဍတွင်လည်း ဗုဒ္ဓနှင့် ဗောဓိသတ္တာတို့ကို လောကသုံးပါးကို အုပ်ချုပ်စိုးစံသော ဓမ္မရာဇာဓိရာဇာများအဖြစ် ပုံဖော် ကိုးကွယ်လာကြသည်ကို တွေ့ရ၏။ ထိုခေတ်ကာလမှ ယောဂီသူတော်စင်တို့သည် မိမိတို့၏ ယောဂကျင့်စဉ်ကို ပဒေသရာဇ်ခေတ်၏ သရုပ်သကန်ဖြင့် ခြယ်မှုန်းရှု မိမိတို့ကိုယ်ကို နာမ်လောက၏ ဘုရင် ဇကရာဇ်များအသွင်ဖြင့် စကြဝဠာလောကဓာတ်တစ်ခုလုံးကို စိုးမိုးလေဟန် မဏ္ဍလသင်္ကေတများဖြင့် ကျင့်ကြံ အားထုတ်ခဲ့ကြသည်ကို တွေ့ရသည်ဟု ဆိုပါသည်။ ဘုရင်ဇကရာဇ်တို့၏ စစ်မက်အင်္ဂါရပ်များနှင့် နန်းတွင်း အသုံးအဆောင်များကိုလည်း တန္တြရကျင့်စဉ်၏ အသွင်အဖြစ် ထပ်တူပုံပွားကာ ပေါ်လွင်ထင်ရှားစေခဲ့၏။ ဒေါက်တာဒေဗစ်ဆန်၏ အလိုအရ ဟာသ္ဝဝဒ္ဓနမင်းကြီး ကွယ်လွန်သည့်ကာလ အေဒီ ၆၄၇ နောက်ပိုင်း ဂုပ္တတအင်ပါယာခေတ် ပြိုကွဲသွားသည့်အခါတွင် ဗုဒ္ဓဘာသာကို အဓိက ထောက်ပံ့နေခဲ့သော မင်းမျိုးမင်းနွယ်နှင့် လူကုံထံအထက်တန်းလွှာတို့လည်း ဆုတ်ယုတ်ပျက်ပြားခဲ့ရလေသည်။ ဗုဒ္ဓဒဿန၏ ဂန္ဓဝင်ခေတ်ကာလ နိဂုံးချုပ်လျက် ခေတ်ပြိုင်ပေါ်ထွန်းလာသော ဟိန္ဒူ တန္တြရယောဂ ကျင့်စဉ်များနှင့် အနောက်ဖက်မှ အစ္စလာမ်ကျူးကျော်သူများ၏ ရန်အန္တရာယ်ကို ကာကွယ်ရန် တန္တြရဗုဒ္ဓဘာသာ (ဝဇီရယာန) ပေါ်ထွက်လာခဲ့သည်ဟု ဒေါက်တာ ဒေဗစ်ဆန်က သုံးသပ်ခဲ့၏။ တန္တြရဗုဒ္ဓဘာသာ (ဝဇီရယာန)သည် ဘုရင်ဇကရာဇ်တို့၏ ရာဇဂိုဏ်းဆန်သော အသွင်ကို ယူနိုင်ခဲ့

၆၀၄။ Richard Robinson, The Buddhist Religion, p 119

ခြင်းအားဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်ပြည်၊ ဂျပန်ပြည် တိဗက်နှင့် ဟိမဝန္တာ ဒေသများဆီသို့ ထိုးဖောက်ပျံ့နှံ့ရန် အားကြိုးသော ဆွဲဆောင်မှုနှင့် အထောက်အပံ့ ဖြစ်စေခဲ့သည်ဟုဆို၏။[၆၅]

ဝဇ္ဇရယာနဗုဒ္ဓဘာသာ ကျမ်းစာများသည် အေဒီ ၄ ရာစုနောက်ပိုင်းတွင် အားကောင်းကောင်းနှင့် ပေါ်ထွက်လာခဲ့ပြီး အေဒီ ၇ ရာစု နောက်ပိုင်းမှစတင်၍ အိန္ဒိယဗုဒ္ဓဘာသာလောကကို အားကြိုးစွာ လွှမ်းမိုးခဲ့လေ၏။ အိန္ဒိယနိုင်ငံ အရှေ့ဖက်တွင်ရှိခဲ့သော နာလန္ဒာတက္ကသိုလ်သည် ဝဇ္ဇရယာနဗုဒ္ဓဘာသာ ထွန်းကားရေးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှ ထောက်ပံ့ပေးခဲ့သည်ဟုဆို၏။ အေဒီ (၇) ရာစုမှ စတင်၍ တန္တြရနည်းစနစ်များသည် ဗုဒ္ဓဘာသာကျင့်စဉ်များအပေါ် လွှမ်းမိုးမှုများ ရှိလာခဲ့၏။ အိန္ဒိယနိုင်ငံ၏ ရှေးအလွန်ကျသော ဘာသာရေးကျင့်ကြံမှုဆိုင်ရာ နည်းစနစ်များသည် မဟာယာန ဗုဒ္ဓဘာသာအတွင်းသို့ စိမ့်ဝင်ရောက်ရှိခဲ့၏။ အကျိုးဆက်ရလဒ်အားဖြင့် တန္တြရဗုဒ္ဓဘာသာ သို့မဟုတ် ဝဇ္ဇရယာန ဗုဒ္ဓဘာသာတစ်ခု မွေးဖွားလာခဲ့လေသည်။[၆၀၆]

ဝဇ္ဇရယာနဗုဒ္ဓဘာသာ၏ ထူးခြားချက်တစ်ရပ်မှာ ရှေးခေတ်အိန္ဒိယနိုင်ငံတွင် ယဉ်ကျေးမှု အပယ်ခံဖြစ်သော မိန်းမသားများနှင့် ဇာတ်နိမ့်သူများအတွက် ဘာသာရေး အသိအမြင် ထုတ်ဖော်ရန် နေရာပေးလာခဲ့ခြင်းဖြစ်၏။ သရဟ ဟဒိပ ဒုမ္ဘီတန္တြိပ လုဝိပ စသော ဝဇ္ဇရယာန ဗုဒ္ဓဘာသာသူတော်စင်ကြီးများသည် ဇာတ်နိမ့်အနွယ်ဝင်များ ဖြစ်ကြသည်ကို တွေ့ရ၏။ ပတ္တနားအရပ်ဒေသတွင် လူအများယုံကြည်ကိုးကွယ်ကြသော တန္တြရဗုဒ္ဓဘာသာ အမျိုးသမီးသူတော်စင်များ ဖြစ်သော ညီအမ ခုနှစ်ဖော် (ဂျန်နာဒေ မာလုနီ၊ လုဟကုတီ၊ လုဟုရဏီ၊ နိတေမိုဘာနီ၊ သုကုတီ ချာမာရဏီ ပါတြပိဓိ သဘာရဏီ ဂန်ဂီ ဂေါဒုဏီနှင့် သွာတေလုနီ) တို့ ပေါ်ပေါက်ခဲ့ပြီး ၄င်းတို့မှာလည်း အပယ်ခံ ဇာတ်နိမ့်များ ဖြစ်ကြလေသည်။[၆၀၇]

အိန္ဒိယမှ မဟာသိဒ္ဓသူတော်စင်ကြီးများ

ဤ အပယ်ခံ ဇာတ်နိမ့်များအနက်မှ အေဒီ ၈ ရာစုမှ ၁၂ ရာစုအတွင်း အိန္ဒိယ ဘာသာရေးနယ်ပယ်တွင် ထင်ရှားကျော်ကြားလာကြသူများမှာ မဟာသိဒ္ဓ သူတော်

---

[၆၀၅] Ronald M. Davidson, Indian Esoteric Buddhism: A Social History of the Tantric Movement. New York: Columbia University Press, 2002. P-144

[၆၀၆] Kitagawa, Joseph Mitsuo (2002), The Religious Traditions of Asia: Religion, History, and Culture, Routledge-p-80

[၆၀၇] Mishra, Baba; Dandasena, P.K. (2011), *Settlement and urbanization in ancient Orissa*

စင်များ ဖြစ်ကြ၏။ မဟာသိဒ္ဓသူတော်စင်တို့သည် ဘာသာရေး ဂိုဏ်းဂဏတစ်ခုခု ကို အမှီမပြုဘဲ လွတ်လပ်စွာ လှည့်လည် သွားလာနေထိုင်ကြသော အိုးမဲ့အိမ်မဲ့ ကျောင်းသခိမ်းမဲ့ ခြေသလုံးအိမ်တိုင် ယောဂီသူတော်စင်များ ဖြစ်ကြပြီး ၄င်းတို့၏ ဘဝနောက်ကြောင်းများကို လေ့လာကြည့်လျှင် သူဖုန်းစား၊ သူခိုးဓားပြ၊ တံငါသည်၊ မုဆိုး၊ ပြည့်တန်ဆာမှအစ ဘုရင်ဧကရာဇ်များ မင်းညီမင်းသားများအထိ အလွှာစုံ အတန်းအစားမျိုးစုံ ပါဝင်နေသည်ကို တွေ့ရလေသည်။ မဟာသိဒ္ဓသူတော်စင်တို့ သည် သာမန်လောကီတန်ခိုးများကို အောင်မြင် ပေါက်မြောက်သူများဖြစ်၍ လူ သာမန်တို့အတွက် အံ့ဖွယ်သူရဲကိစ္စများကိုလည်း လုပ်ပြနိုင်ကြသည်ဟု ဆို၏။ နေမင်းကို ရပ်တန့်နိုင်သော ဝိရူပမဟာသိဒ္ဓသူတော်စင်ကြီး သတ္တုအရည်ပူကို ခံနိုင် သော သရဟမဟာသိဒ္ဓသူတော်စင်ကြီးတို့သည် ထင်ရှားကြ၏။ သို့သော်လည်း ဤလောကီ စိတ်တန်ခိုးသတ္တိများမှာ မဟာသိဒ္ဓသူတော်စင်တို့၏ ပင်မဂုဏ်ရည် မဟုတ်ဘဲ သူတို့၏ သစ္စာဓမ္မတရားသိမြင်မှု (အဘိသမယ) ၏ ဘေးထွက်အကျိုး ဆက်မျှသာဖြစ်၏။ ဝဇီရယာန တန္တရကျင့်စဉ်များကို ကမ်းကုန် လမ်းကုန် အောင် မြင်ပေါက်မြောက်ပြီး အရာခပ်သိမ်း၏ သုညတာသဘောကို ထိုးထွင်းသိမြင် လွတ်မြောက်ပြီး ဖြစ်ခြင်းသည်သာ မဟာသိဒ္ဓသူတော်စင်တို့၏ စစ်မှန်သော တန်ဖိုး ဖြစ်လေသည်။[၆၀ စ]

မဟာသိဒ္ဓသူတော်စင်တို့၏ ဘဝဇာတ်ကြောင်းများနှင့် သူတို့၏ တရားဓမ္မ များကို တင်ပြထားသော ၁၂ ရာစုခေတ် အိန္ဒိယသမိုင်းဆရာ အဘယဒတ္တ၏ **စတုရာသီတိသိဒ္ဓပဝတ္တိ ကျမ်း** (မဟာသိဒ္ဓသူတော်စင် ၈၄ ပါး၏ အတ္ထုပ္ပတ္တိ) သည် အထူးထင်ရှားပြီး တိဗက်ဘာသာပြန်မူလည်း ရှိ၏။[၆၀ ဍ] ထိုနည်းတူစွာ တိဗက်သမိုင်းဆရာ တာရာ နာထ (၁၅၇၅-၁၆၃၄) ၏ ဆရာစဉ် သမားစဉ် ခုနစ်ဆက်ကို ပြဆိုသောကျမ်း (ကဘက်ဒွန်ဒမ်) တွင်လည်း မဟာသိဒ္ဓသူတော်စင်တို့၏ စစ်မှန်သော တန်ဖိုး ဖြစ်လေသည်။

မဟာသိဒ္ဓသူတော်စင်တို့၏ ဘဝဇာတ်ကြောင်းများနှင့် သူတို့၏ တရားဓမ္မ များကို တင်ပြထားသော ၁၂ ရာစုခေတ် အိန္ဒိယသမိုင်းဆရာ အဘယဒတ္တ၏ **စတုရာသီတိသိဒ္ဓပဝတ္တိ ကျမ်း** (မဟာသိဒ္ဓသူတော်စင် ၈၄ ပါး၏ အတ္ထုပ္ပတ္တိ) သည် အထူးထင်ရှားပြီး တိဗက်ဘာသာပြန်မူလည်း ရှိ၏။[၆၀ ဎ] ထိုနည်းတူစွာ တိဗက်သမိုင်းဆရာ တာရာ နာထ (၁၅၇၅-၁၆၃၄) ၏ ဆရာစဉ် သမားစဉ် ခုနစ်ဆက်ကို ပြဆိုသောကျမ်း (ကဘက်ဒွန်ဒမ်) တွင်လည်း မဟာသိဒ္ဓသူတော်စင်တို့၏ စစ်မှန်သော တန်ဖိုး ဖြစ်လေသည်။[၆၀ စ]

သော ဓမ္မဖခင်ဖြစ်သလို ဂီလုဂ်ပဂိုဏ်းကလည်း ကာလချက္ကရ တန္တြရကို နာရောပ ထံမှ ဆက်ခံရရှိခဲ့သည်ဟုဆို၏။ မဟာသိဒ္ဓသူတော်စင်တို့၏ ပဓာနကျင့်စဉ်ကို မဟာမုဒြာကျင့်စဉ်ဟုဆိုပြီး ယင်းကျင့်စဉ်၏ ပန်းတိုင်မှာ ပညာနှင့် ကရုဏာ သုည တာနှင့် ဗောဓိဉာဏ်စသည့် တရားတို့ကို **အတူတွဲစပ် ပေါင်းစည်းခြင်း (ယုဂနဒ္ဓ)** အဖြစ်ကို ရောက်ရှိလွတ်မြောက်ခြင်းပင် ဖြစ်လေသည်။ ဤအခန်း၏ နောက်ဆုံး အပိုင်းတွင် မဟာမုဒြာကျင့်စဉ်အကြောင်း ဖော်ပြသွားမည် ဖြစ်ပါသည်။

တိဗက်သို့ ဝဇြယာနဗုဒ္ဓဘာသာရောက်ရှိခြင်း

တိဗက်မြေသို့ မဟာယာနဗုဒ္ဓဘာသာ စတင်ရောက်ရှိချိန်သည် အေဒီ (၇) ရာစု ဝန်းကျင်ခန့် ဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ကြ၏။ ထိုအချိန်က ခေတ်ပြိုင် အိန္ဒိယနိုင်ငံတွင် ထွန်းကားနေခဲ့သော ဗုဒ္ဓဘာသာသည် မဟာယာနဗုဒ္ဓဘာသာ အမျိုးအစားဖြစ်ပြီး တန္တြရအယူအဆများ စိမ့်ဝင်လွှမ်းမိုးလာမှုကြောင့် ဝဇြရယာန ဗုဒ္ဓဘာသာအဖြစ်သို့ စတင်ကူးပြောင်းနေသည့် အချိန်သမယလည်းဖြစ်၏။ ထို့ကြောင့် တိဗက်ပြည်သို့ ရောက်ရှိခဲ့သော မဟာယာနဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံ တွင် ဗုဒ္ဓဘာသာ အစွမ်းကုန် ပွင့်ကားတိုးတက်ဖွံ့ဖြိုးခဲ့သည့် နောက်ဆုံးပုံသဏ္ဌာန် ဖြစ်ကြောင်း ယုံမှားဖြစ်ဖွယ် မရှိပေ။

ထိုအချိန်ကာလတွင် တိဗက်ပြည်တွင် ရိုးရာ ဘွန် - ကိုးကွယ်ယုံကြည်မှု ထွန်းကားနေသည့်အချိန်ဖြစ်သောကြောင့် မဟာယာန ဗုဒ္ဓဘာသာသည် တိဗက်ပြည် သို့ ဝင်ရောက်နိုင်ရန်အတွက် အလွန်ကြီးမားသော အတားအဆီးများကို ဖြတ်ကျော် ခဲ့ရ၏။ ဗုဒ္ဓဘာသာရောက်ရှိခြင်းနှင့်ပတ်သက်၍ အစောဆုံးတွေ့ရသောမှတ်တမ်း မှာ အေဒီ(၃)ရာစုတွင် တိဗက်ဘုရင် လတိုတိုရိမင်းကြီး၏ နန်းရင်ပြင်သို့ ကောင်းကင် မှ ဗုဒ္ဓစာပေကျမ်းဂန်များ ကျလာခဲ့ဖူးသည်ဟူသော အဆိုရှိ၏။ ထိုအချိန်က တိဗက် သည် အာရှတိုက်အလယ်ပိုင်းတွင် အင်အားကြီး စစ်မက်နိုင်ငံတစ်ခုဖြစ်ခဲ့ပြီး ဝန်း ကျင်ဒေသတွင်ရှိသော ခိုတန် နီပေါ အိန္ဒိယ တရုတ်စသော ဗုဒ္ဓဘာသာထွန်းကား သည့်နိုင်ငံများနှင့် ကူးလူးဆက်သွယ်မှုများ ရှိခဲ့မည်မှာ အသေအချာပင်ဖြစ်၏။

တိဗက်ပြည်သို့ ဗုဒ္ဓဘာသာ တရားဝင် စတင်ရောက်ရှိလာချိန်မှာ တိဗက်ဧက ရာဇဘုရင်ကြီး ရွန်စံဂမ်ပို (Sron Btsan Sgam Po) (အေဒီ ၆၁၅-၆၅၀ နန်းတက် နှစ် အေဒီ ၆၄၂) ၏ နန်းစံရာကာလအတွင်းဖြစ်၏။ တိဗက်ဧကရာဇဘုရင်ကြီး ရွန်စံဂမ်ပိုသည် မိမိနှင့် စစ်မက်အင်္ဂါဖြစ်ပွားတတ်သော ပတ်ဝန်းကျင်နိုင်ငံများဖြစ် သည့် နီပေါ အိန္ဒိယ တရုတ်စသော နိုင်ငံများနှင့် ယဉ်ကျေးမှုချင်း ဆက်သွယ်ခဲ့၏။

နီပေါနိုင်ငံသို့စစ်ချီတက်ရာမှ နီပေါဘုရင်က မိမိ၏ သမီးတော် ဘရကူတိကို နှင်းဆက်ခဲ့ရာတွင် မင်းသမီးနှင့်အတူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူသည် တိဗက်မြေပေါ်သို့ ရောက်ရှိခဲ့၏။ ရွှန်စံဂမ်ပိုသည် နီပေါမင်းသမီး ကြင်ယာတော်ကို မြတ်နိုးတော်မူသောကြောင့် ဂျိုခမ်းဘုရားကျောင်း (Jokhang Temple) ကို ဆောက်လုပ် လှူဒါန်းခဲ့၏။ ထိုနည်းတူစွာ တရုတ်ဧကရာဇ်မှလည်း တရုတ်မင်းသမီးဝမ်ချန်းကို ပေးဆက်ခဲ့ရာတွင် တရုတ်မင်းသမီးနှင့်အတူ အက္ခောဘဗျာနီဗုဒ္ဓ သကျမုနိဗုဒ္ဓနှင့် အဝလောကိတေသွာရဗောဓိသတ္တ ရုပ်ပွားတော်များ ပင့်ဆောင်လာခဲ့သောကြောင့် ၄င်းတို့ကိုလည်း ဂျိုခမ်းဘုရားကျောင်း၌ပင် ထားရှိ၍ ပူဇော်ခဲ့၏။

ရွှန်စံဂမ်ပိုသည် ဗုဒ္ဓသာသနာတော်ကို အထူးကိုင်းရှိုင်း ကြည်ညိုသည့် သာသနာပြုမင်းတစ်ပါးဖြစ်ပြီး ပြည်သူတို့၏ လူမှုရေး ဘာသာရေး တိုးတက်မှုများအတွက် မနားမနေ လုပ်ဆောင်ခဲ့သူလည်းဖြစ်၏။ တိဗက်ပြည်သူတို့ က ၄င်းတို့၏ ဘုရင်ကြီးကို အဝလောကိတေသွာရဗောဓိသတ္တ၏ ကိုယ်ထင်ပြ ဝင်စားမှုတစ်ရပ်အနေဖြင့် ယုံကြည်ခဲ့ကြလေ၏။ ရွှန်စံဂမ်ပိုသည် တိဗက် လူငယ်အများအပြားကို အိန္ဒိယနိုင်ငံသို့ ပညာတော်သင်စေလွှတ်ခဲ့ပြီး လောကီလောကုတ္တရာဆိုင်ရာ သက္ကတစာပေကျမ်းဂန်များကို သယ်ဆောင်လာစေခဲ့၏။ ရွှန်စံဂမ်ပို၏လက်ထက်တွင် ထူးခြားချက်တစ်ရပ် ဖြစ်ပွားခဲ့သည်မှာ အပြောသက်သက် ဘာသာစကားဖြစ်သော တိဗက်ဘာသာအတွက် စာရေးသားနည်း အတတ်ပညာကို တီထွင်နိုင်ခဲ့ခြင်း ဖြစ်၏။ ရွှန်စံဂမ်ပို၏ အမတ်တစ်ပါးဖြစ်သော ထွန်းမိသမ္ဘောတသည် အိန္ဒိယပြည်သို့ ပညာသင်ရောက်ရှိခဲ့ပြီး ထိုခေတ်က ခေတ်စားနေခဲ့သည့် ဂုပ္ပတခေတ် အက္ခရာများကို အခြေခံကာ တိဗက်အက္ခရာစာလုံးများကို တီထွင်နိုင်ခဲ့၏။ အမတ်ကြီး ထွန်းမိသမ္ဘောတ ဦးဆောင်၍ သက္ကတပိဋကတ်ကို တိဗက်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်းနှင့် သက္ကတ-တိဗက်အဘိဓာန်ဖြစ်သော မဟာဗျုပ္ပတ္တိကျမ်းကြီးကို ပြုစုနိုင်ခဲ့၏။

ရွှန်စံဂမ်ပို၏လက်ထက်မှ စတင်၍ တိဗက်မြေတွင် ဗုဒ္ဓသာသနာရောင်ခြည် ထွန်းလင်းခဲ့ပြီဖြစ်သောကြောင့် တိဗက်ပြည်သူတို့သည် ဗုဒ္ဓတရားတော်၏ အဆုံးအမနှင့်အညီ ယဉ်ကျေးသိမ်မွေ့လာကြသည့်အပြင် တိဗက်နိုင်ငံသည်လည်း စစ်မက်လိုလားသော တိုင်းပြည်မဟုတ်တော့ဘဲ ပတ်ဝန်းကျင်နိုင်ငံများနှင့် ငြိမ်းချမ်းစွာသဟဇာတဖြစ်စွာ နေထိုင်ဆက်ဆံနိုင်လာခဲ့၏။ သို့သော်လည်း ရိုးရာယုံကြည်မှုဖြစ်သော ဘွန်-ဝါဒမှာ ပြည်သူများအကြား အားကောင်းနေဆဲဖြစ်ပြီး ဗုဒ္ဓဓမ္မသည် နက်ရှိုင်းစွာ အမြစ်မတွယ်နိုင်သေးပေ။

ခရီရွန်ဒတ်ဆန်၏ သာသနာပြုလုပ်ငန်းများ

ရွန်စံဂမ်ပိုနောက် ဆက်ခံသော ခရီရွန်ဒတ်ဆန် (Khri Sron Debtsan) (အေဒီ ၇၅၅-၇၉၇) ၏လက်ထက်တွင် ဗုဒ္ဓသာသနာ တစ်ခေတ်ဆန်း၍ ပြန်လည်တောက်ပထွန်းလင်းခွင့်ရခဲ့၏။ ခရီရွန်ဒတ်ဆန်ကို မဉ္ဇုသြီရီ ဗောဓိသတ္တ၏ ဝင်စားဖော်ဆောင်ချက်အဖြစ် တိဗက်ပြည်သူတို့က ယုံကြည်ကြ၏။ မိမိ၏ မူးမတ်များက ဘွန်ဘာသာတရားကို ယုံကြည်ကြသော်လည်း ခရီရွန်ဒတ်ဆန်သည် ဗုဒ္ဓဓမ္မကို ပြန်လည်အားပေးချီးမြှောက်ခဲ့၏။ ထိုအချိန်က အိန္ဒိယဗုဒ္ဓဘာသာလောက၏ နေမင်းကြီး တစ်ဆူသဖွယ်ဖြစ်သော မဟာပဏ္ဍိတ် အရှင်သန္တရက္ခိတမထေရ်မြတ်ကို တိဗက်သို့ ပင့်ဆောင်၍ သာသနာပြုတော်မူစေခဲ့၏။ အရှင်သန္တရက္ခိတမထေရ်မြတ်သည် ဘုရင်မင်းမြတ်၏ အားပေးထောက်ပံ့မှုဖြင့် သက္ကတဗုဒ္ဓစာပေဋီကာ အဋ္ဌကထာတို့ကို တိဗက်ဘာသာသို့ ပြန်ဆိုတော်မူခဲ့သည့်အပြင် ရဟန်းရှိမှ သာသနာ အမြစ်တွယ်နိုင်မည်ဖြစ်သောကြောင့် တိဗက်ရဟန်းတော်များ သီတင်းသုံးနိုင်ရန် **ဆမ်ယဲ့** (Samye) ကျောင်းတိုက်ကို ဆောက်လုပ်ရန် အားထုတ်တော်မူခဲ့၏။

ဘွန်ဝါဒီမှူးမတ်များက ဝိုင်းဝန်းဆန့်ကျင်ခဲ့ကြပြီး ဆမ်ယဲ့ကျောင်းတိုက် ဆောက်လုပ်မှုကိုလည်း ဟန့်တား နှောက်ယှက်ခဲ့ကြ၏။ မြေဘုတ်ဘီလူးနှင့် ဗုဒ္ဓသာသနာကို မကြည်ညိုသော ပရလောကသားများကို အသုံးပြုကာ ဆမ်ယဲ့ကျောင်းတိုက်ကို ဖြိုဖျက်ခဲ့ကြသည်ဟုဆို၏။ အရှင်သန္တရက္ခိတမထေရ်မြတ်၏ အသက်အန္တရာယ်ကိုပါ ခြိမ်းချောက်ခံလာရသောကြောင့် နီပေါပြည်သို့ ခေတ္တတိမ်းရှောင်တော်မူခဲ့ရ၏။ ထိုအခါ ခရီရွန်ဒတ်ဆန်သည် ဘွန်ယုံကြည်ကိုးကွယ်မှုကို အားပေးနေသော မိမိ၏ဦးရီးတော်ဖြစ်သူကို ပြည်နှင်ဒဏ်ပေးခဲ့ပြီး ဘွန်ဝါဒကို အင်အားချိနဲ့စေခဲ့၏။ အရှင်သန္တရက္ခိတမထေရ်မြတ်ကိုလည်း နီပေါပြည်မှ ပြန်လည်ပင့်ဆောင်ခဲ့၏။

တိဗက်ပြည်သူတို့၏ ကြမ်းတမ်းသောစရိုက်နှင့် အမြစ်တွယ်နေသော ဘွန်ယုံကြည်မှုကြောင့် ဗုဒ္ဓသာသနာ ထွန်းလင်း ရန်ခက်ခဲနေကြောင်းကို သိမြင်တော်မူသောကြောင့် အရှင်သန္တရက္ခိတမထေရ်မြတ်သည် ဘွန်ဝါဒီများကို နှိမ်နင်းရန်အတွက် အိန္ဒိယနိုင်ငံ ဥဒျာန်ဒေသမှ ပဒ္မသမ္ဘဝအရှင်သူမြတ်ကို ဖိတ်ကြားရန် ခရီရွန်ဒတ်ဆန်မင်းကြီးကို တိုက်တွန်းခဲ့၏။ ပဒ္မသမ္ဘဝအရှင်သူမြတ်သည် ဒုတိယဗုဒ္ဓရှင်တော်ဟု တိဗက်တို့က မြတ်နိုးယုံကြည်ကြသည့် ဝဇ္ဇရယာန ဗုဒ္ဓဘာသာ ဆရာအရှင်မြတ်ဖြစ်၏။ ခရီရွန်ဒတ်ဆန်၏ ပင့်ဆောင်မှုကြောင့် ပဒ္မသမ္ဘဝ အရှင်သူမြတ်သည် တိဗက်သို့ ရောက်ရှိလာခဲ့ပြီး ဘွန်ပရလောကစွမ်းအားများကို မိမိ၏ အဘိညာဉ်တန်ခိုး

အစွမ်းဖြင့် နှိမ်နင်းကာ အနိုင်ယူခဲ့၏။ နတ်ဆိုးမိစ္ဆာ အပေါင်းတို့ကိုလည်း ဗုဒ္ဓဓမ္မကို သက်ဝင်ယုံကြည်စေလျက် သာသနာတော်ကို စောင့်ရှောက်သော ဓမ္မပါလ နတ်ကောင်း နတ်မြတ်များ ဖြစ်စေခဲ့၏။ ဆောက်လုပ်၍ မပြီးစီးနိုင်ခဲ့သော ဆမ်ယဲ့ကျောင်းတိုက်ကို ဆက်လက် ဆောက်လုပ်ပြီးစီးစေနိုင်ခဲ့ပြီး မူလသဗ္ဗတ္ထိဝါဒကိုဏ်း၏ ဝိနည်းအစဉ်အလာအတိုင်း တိဗက်လူငယ်များကို ရဟန်းခံပေးနိုင်ခဲ့၏။

အရှင်သန္တရက္ခိတနှင့် ပဒ္မသမ္ဘဝအရှင်သူမြတ်တို့ ပူးပေါင်းကြိုးပမ်းမှုကြောင့် တိဗက်ပြည်တွင် ဗုဒ္ဓသာသနာ တည်တံ့ခိုင်မြဲခဲ့၏။ ဝိနည်းအဆက်အနွယ်နှင့်တကွ မဟာယာနဗုဒ္ဓဘာသာ၏ ပရိယတ္တိစာပေကို အရှင်သန္တရက္ခိတမထေရ်က ထွန်းပြောင်စေခဲ့သလို ပဒ္မသမ္ဘဝအရှင်သူမြတ်ကလည်း ယောဂကျင့်စဉ် ပဋိပတ္တိ သာသနာနှင့် ဝဇီရယာန ဗုဒ္ဓဘာသာကို တိဗက်ပြည်တွင် ထွန်းကားစေခဲ့၏။ တိဗက်ရဟန်းတော်များထဲမှ ဝိမလမိတြနှင့် ဝေရောစန ဘွဲ့အမည်ရှိ ရဟန်းတော်နှစ်ပါးက ပဒ္မသမ္ဘဝအရှင်သူမြတ်၏ သာသနာပြုလုပ်ငန်းကို များစွာ ကူညီပေးခဲ့ကြ၏။

ခရီရွှန်ဒတ်ဆန်၏ ခေတ်တွင် တိဗက်ဗုဒ္ဓဘာသာ၏ အထင်ရှားဆုံး ဆမ်ယဲ့ဝါဒပြိုင်ပွဲကြီးဖြစ်ပွားခဲ့၏။ အိန္ဒိယမှ ကြွလာသော အရှင်သန္တရက္ခိတ၏ တပည့်ဖြစ်သည့် ကမလာသီလမထေရ်နှင့် တရုတ်ပြည်မှကြွလာသော ဆရာတော် ဟွာရှန်းတို့၏ ဝါဒပြိုင်ပွဲဖြစ်၏။ ကမလာသီလမထေရ်သည် အိန္ဒိယမဟာယာန ဗုဒ္ဓဘာသာ၏ ဉာဏ်စဉ် အဆင့်ဆင့် မြင့်တက်သိမြင် ပြောင်းလဲမှုသဘောကို ဟောကြားသလို ဆရာတော်ဟွာရှန်းကလည်း ချန်ဗုဒ္ဓဘာသာ၏ ရုတ်ခြည်း ထိုးထွင်းသိမြင်မှု သဘောကို ဟောကြား၏။ ဝါဒပြိုင်ပွဲတွင် ကမလာသီလမထေရ်၏ အိန္ဒိယ မဟာယာန ဗုဒ္ဓဘာသာက အနိုင်ရရှိခဲ့သောကြောင့် ခရီရွှန်ဒတ်ဆန်မင်းကြီးသည် တိဗက်တွင် အိန္ဒိယမဟာယာန ဗုဒ္ဓဘာသာကို ဟောကြား ကျင့်သုံးကြရန် အမိန့်ထုတ်လိုက်ပြီး ဆရာတော်ဟွာရှန်း၏ နောက်လိုက်များမှာ နန်းတော်မှ ရုံးနိမ့် ထွက်ခွာခဲ့ကြရလေသည်။ အချို့ပညာရှင်များ၏ အယူအဆအရ ခရီရွှန်ဒတ်ဆန်သည် အိန္ဒိယနှင့် ပိုမိုနီးကပ်သော နိုင်ငံရေး ဆက်နွယ်မှု ပြုလုပ်လိုသောကြောင့် ကမလာသီလမထေရ် အနိုင်ရခဲ့ခြင်းဖြစ်နိုင် ကြောင်းဆိုကြ၏။ ဆမ်ယဲ့ဝါဒပြိုင်ပွဲ အဆုံးအဖြတ်ပြီးနောက်တွင် အိန္ဒိယမဟာယာန ဗုဒ္ဓဘာသာသည် တိဗက်ပြည်တွင် ပိုမိုအားကောင်းလာခဲ့ပြီး နာလန္ဒာတက္ကသိုလ်အပါအဝင် အခြား အိန္ဒိယဗုဒ္ဓတက္ကသိုလ်ကြီးများမှ ပညာရှိ ရဟန်းသံဃာများ တိဗက်ပြည်သို့ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိကာ သာသနာပြုခဲ့ကြ၏။ သက္ကတပိဋကတ်စာပေ ဘာသာပြန်လုပ်ငန်းသည်လည်း ဆက်လက်အားကောင်းစွာ စီးဆင်းနေခဲ့ပြီး နောက်ထပ် အနှစ်လေးရာတိုင်တိုင် အေဒီ ၁၂ ရာစု

အထိ ဆက်လက် တည်ရှိနေခဲ့လေသည်။

ရွှန်စံဂမ်ပိုနှင့် ခရီရွှန်ဒတ်ဆန်တို့ပြီးနောက် ထင်ရှားသော သာသနာပြုမင်း တစ်ပါးမှာ ရေပချန် (Repalchan) ဖြစ်၏။ ရေပချန်သည် သူ့ရှေ့က မင်းနှစ်ပါး ဆောင်ရွက်ခဲ့သော သာသနာပြုလုပ်ငန်းများကို ဆတိုး လုပ်ဆောင်ခဲ့၏။ တိဗက် ဘာသာစကားကို တိုးတက်အောင် ထပ်မံမွမ်းမံ၍ ဘာသာပြန်လုပ်ငန်းကိုလည်း ဆက်လက်လုပ်ဆောင်စေခဲ့၏။ သံဃာအစည်းအဝေး ကျင်းပပြီး သာသနာတော် တည်တံ့ထွန်းကားရေးအတွက် ဆွေးနွေးစေခဲ့၏။ ဘာသာရေးဆိုင်ရာ ဓမ္မကျမ်းဂန်များ အပြင် အခြားလောကီပညာရပ်ဆိုင်ရာ သက္ကတကျမ်းများကိုလည်း တိဗက်ဘာသာ သို့ပြန်ဆိုစေခဲ့၏။ ရေပချန်၏ သာသနာပြုလုပ်ငန်းများကို မနှစ်မြို့သော ဘွန်ဝါဒီမှူး မတ်တို့က ရေပချန်ကို လုပ်ကြံသတ်ဖြတ်ခဲ့ကြ၏။ ရေပချန်ကို သတ်ဖြတ်ခဲ့သည့် လန်ဒါးမားဆိုသူက ကိုယ်တိုင် နန်းသိမ်းပြီး အေဒီ ၈၄၀တွင် ဘုရင်ဖြစ်လာခဲ့လေသည်။ လန်ဒါးမား၏ လက်ထက်တွင် တိဗက်ဗုဒ္ဓဘာသာသည် များစွာ နှိပ်ကွပ်ခြင်းခံခဲ့ရ၏။ လန်ဒါမားကိုယ်တိုင်လည်း တိဗက်ရဟန်းတစ်ပါး၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရလေသည်။

တိဗက်ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများ

(၁) ညိန်မပ ဂိုဏ်း

လန်ဒါးမား သေဆုံးခဲ့ပြီးနောက် တိဗက်ဘုရင်များသည် အင်အားချိနဲ့. လာခဲ့၏။ အရှင်သန္တရက္ခိတမထေရ်နှင့် ပဒ္မသမ္ဘဝတို့ တည်ထောင်ပေးခဲ့သော ညိန်မပ တိဗက် ဗုဒ္ဓဘာသာဂိုဏ်းသည်သာ အားကောင်းလာခဲ့၏။ ညိန်မပဟူသည်မှာ ရှေးကျသူ များဟူ၍ အဓိပ္ပာယ်ရ၏။ ညိန်မပဗုဒ္ဓဘာသာဂိုဏ်း၏ ဖွဲ့စည်းပုံသည် အစဉ်အလာ ဗုဒ္ဓဘာသာ အဖွဲ့အစည်းများ၏ ပုံသဏ္ဌာန်နှင့် အတော်အတန်ခြားနား၏။ လူဝတ် ကြောင် ဥပသကာ ဓမ္မဆရာကြီးများသည် ရဟန်းသံဃာများနည်းတူ အလေးအမြတ် ပြုခံရသလို အမျိုးသမီး ဓမ္မဆရာမကြီးများလည်းရှိကြ၏။ ဓမ္မအမွေကို မိသားစု အလိုက် ထိန်းသိမ်းစောင့်ရှောက်ကြပုံမှာ ဂျူးဘာသာ အစဉ်အလာကဲ့သို့ပင် ဖြစ်လေသည်။

ညိန်မပဗုဒ္ဓဘာသာသည် တရားဓမ္မ ဆင်းသက်ရာ အစဉ်အလာကို (၃) မျိုး ခွဲခြားထား၏။ အဆင့်ဆင့် သင်ကြားပို့ချပြီး စာပေ ပိဋကတ်ဖြင့် မှတ်တမ်းတင်ထား သော တရားဓမ္မများကို ကာမာ (Kama) ခေါ်၏။ ရှေးဆရာတို့ လျှို့ဝှက်စွာ ထားသို မြုပ်နှံခဲ့ပြီး နောက်ခေတ်များကျမှ ပြန်လည် တူးဖော်ရာဖွေတွေ့ရှိရသော တရား

ဓမ္မများ ကို တာမာ (Terma) ဟုခေါ်၏။ ဆရာအရှင်မှ မိမိ၏ တပည့်သာဝကထံသို့ စိတ်စိတ်ချင်း မနောဓာတ်ဖြင့်ဆက်သွယ်၍ သင်ကြားပို့ချသော တရားဓမ္မများကို ဒမ်နဂ် (Damnag) ဟုခေါ်၏။

အကြမ်းအားဖြင့် ညိန်မပဂိုဏ်းသည် လက်တွေ့ကျင့်ကြံအားထုတ်မှု ပဋိပတ်ကို စာပေပရိယတ်သင်ကြားမှုထက် ပိုပြီး အလေးထား၏။ ကိုယ်တွေ့သိမြင်မှု (ပဋိဝေဓ) ကို တွေးခေါ်စဉ်းစားဆင်ခြင်မှု (တက္ကနယ) ထက်ပို၍ တန်ဖိုးထား၏။ ဆရာစဉ်သမားစဉ်ကို သံဃာအဖွဲ့အစည်းထက်ပို၍ အသားပေး၏။ စိတ်နှလုံး၏ ပင်ကိုယ် ဖြူစင်သန့်ရှင်းမှုကို ပုံသေကားကျ လိုက်နာကျင့်သုံးရသော ဝိနည်းစည်းကမ်းထက်ပို၍ အလေးပေးသည်ကို တွေ့ရ၏။ ယနေ့မျက်မှောက်ခေတ်အထိ ညိန်မပဂိုဏ်း၏ သာသနာပိုင်ရာထူးသည် ရဟန်းတော်များက ဆက်ခံသည့်နည်းတူ လူပုဂ္ဂိုလ်သာ လားမား ဆရာအရှင်ကြီးများကလည်း ဆက်ခံလေ့ရှိကြောင်း တွေ့ရ၏။

(၂) ကဒမ်ပ ဂိုဏ်း

ရှေးဦး တိဗက်ဗုဒ္ဓဘာသာဂိုဏ်းတစ်ခုဖြစ်သော ညိန်မပဂိုဏ်းအစဉ်အလာသည် စာပေပရိယတ်နှင့် ကိုယ်ကျင့်သီလတို့ကို အလေးမမူခဲ့မှုကြောင့် ကာလအတန်ကြာလေသော် တိဗက်ဗုဒ္ဓသာသနာသည် အတန်ငယ် လျော့ရဲ့ပျက်ယွင်းလာပြီး တစ်ဦးကောင်း တစ်ယောက်ကောင်း ကျင့်ကြံမှုများ ဖြစ်ပေါ်လာပြီး ဘာသာတရား၏ နှုန်းစံပျက်ယွင်းလာခဲ့၏။ အစစ်တစ်ယောက် အတုတစ်ထောင် အယောင်ဆောင်တစ်သိန်းဟူသော စကားကဲ့သို့ ဗုဒ္ဓသာသနာတော် မသန့်ရှင်းသည့် အခြေအနေကို ရောက်ရှိလာခဲ့၏။ ထိုအခါ ပညာရှိသူတော်ကောင်းတို့သည် ဗုဒ္ဓသာသနာ ရေရှည်တည်တံ့ ဖွံ့ဖြိုးစည်ပင်စေခြင်းအကျိုးငှာ အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ်ကြီးမှ မဟာပဏ္ဍိတ်ပညာရှိရဟန်းတော် အရှင်ဒီပင်္ကရာ သိရီဉာဏ မထေရ် (အတိရာ) ကို ပင့်ဆောင်ပြီးလျှင် သာသနာတော်သန့်ရှင်းစင်ကြယ်ရေးအတွက် အားထုတ်ဆောင်ရွက်ခဲ့ကြ၏။ အရှင်ဒီပင်္ကရာ သိရီဉာဏမထေရ်သည် တိဗက်သို့ အေဒီ ၁၀၄၂ တွင် ရောက်ရှိခဲ့ပြီး ထိုလင်းကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်တော်မူခဲ့၏။ အရှင်မြတ်၏ ကြီးမားပြန့်ကျယ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ်တို့ကြောင့် သာသနာပြု လုပ်ငန်းအောင်မြင်ခဲ့လေသည်။ အရှင်ဒီပင်္ကရာ သိရီဉာဏမထေရ်သည် ကဒမ်ပဂိုဏ်းကို တည်ထောင်ခဲ့ပြီး ၄င်းဂိုဏ်းသည် နောင်းကာလတွင် ပိုမိုကြီးပွားတိုးတက်လာပြီး လားမား ဆောင်ခပလက်ထက်တွင် ဂီလုဂ်ပဂိုဏ်းအဖြစ် ပေါ်ထွက်လာခဲ့လေသည်။

အရှင်ဒီပင်္ကရာ သိရီဉာဏ မထေရ် သည် ဗုဒ္ဓဓမ္မတစ်ခုလုံးကို ခြုံငုံ၍ အနှစ်ချုပ်ကျင့်စဉ် ကျမ်းတစ်စောင် ရေးဖွဲ့ခဲ့၏။ ယင်းကျမ်းတွင် မိမိတစ်ဦးတည်းသံသရာမှ လွတ်မြောက်ရေးလမ်းစဉ် (ဟီနယာန) ဝေနေယျသတ္တဝါအများအတွက် လွတ်မြောက်စေသော လမ်းစဉ် (မဟာယာန) နှင့် လျှို့ဝှက်နက်နဲသော တန္တြရဗုဒ္ဓဘာသာလမ်းစဉ် (ဝဇြရယာန) တို့ကို အစဉ်လိုက် အဆင့်ဆင့် ဖော်ကျူးတင်ပြထားခဲ့၏။ သူ၏ ကဒမ်ပဗုဒ္ဓဘာသာသည် လမ်းရိုးဟောင်းဖြစ်သော အကျင့်သီလ ဖြူစင်မှုနှင့် သဒ္ဓါတရားကို အခြေခံသော ပါရမီဖြည့် မဂ်လမ်းစဉ်မျိုးပင်ဖြစ်၏။ ဤလမ်းစဉ်တွင် စာပေကျမ်းဂန် လေ့လာမှုကိုလည်း မပစ်ပယ်ခဲ့ဘဲ တရားဘာဝနာအားထုတ်မှုနှင့် ဟန်ချက်ညီအောင် ချိန်ကိုက်ထားသည်ကို တွေ့ရ၏။

(၃) ကာဂျူပ ဂိုဏ်း

အရှင်ဒီပင်္ကရာ သိရီဉာဏ မထေရ်၏ စွမ်းဆောင်မှုကြောင့် တိဗက်မဟာယာန ဗုဒ္ဓဘာသာသည် ပြန်လည် သန့်စင် အားကောင်းလာခဲ့၏။ ညီနှမပဂိုဏ်းဝင်တို့သည်ပင် ပရိယတ္တိစာပေသင်ကြားမှုနှင့် ဝိနည်းလေးစားလိုက်နာမှု၏ တန်ဖိုးကို သိမြင်လာကြပြီး ဗုဒ္ဓဘာသာ ဉာဏ်သစ်လောင်းသော ခေတ်ကို ရောက်ရှိခဲ့လေသည်။ ထို့ကြောင့် ခေတ်ပြိုင် အိန္ဒိယနိုင်ငံတွင် ထွန်းလင်းဆဲဖြစ်သော မဟာယာနဗုဒ္ဓဘာသာ၏ စစ်မှန်သန့်စင်သော ဒဿနအခြေခံများနှင့် ဓမ္မကျင့်စဉ်များကို ပြန်လည်ရှာဖွေလာခဲ့ကြ၏။ အိန္ဒိယပြည်မှ ဗုဒ္ဓဘာသာပညာရှိ ရဟန်းတော်များလည်း တိဗက်သို့ ထပ်မံရောက်ရှိလာခဲ့ပြီး အားဖြည့်ကူညီပေးခဲ့ကြ၏။

ထိုကာလတွင် မာပဆရာအရှင် ပေါ်ထွန်းခဲ့ခြင်းဖြစ်၏။ မာပသည် ဘာသာပြန်ဓမ္မဆရာကြီးဖြစ်၏။ စစ်မှန်သော ဗုဒ္ဓဝမ္မ၏ မူလကျမ်းရင်းများကို ရရှိနိုင်ရန် အတွက် အိန္ဒိယသို့ သုံးခေါက်တိတိ သွားရောက်ခဲ့ပြီး ဆရာပေါင်း တစ်ရာကျော်ထံတွင် တပည့်ခံ၍ လေ့လာခဲ့သည်ဟူ၏။ နောက်ဆုံး နာလန္ဒာတက္ကသိုလ်တွင် အဓိပတိဖြစ်ခဲ့ဖူးသည့် အိန္ဒိယယောဂီ သူတော်စင်ကြီး နာရောပ နှင့် ဆုံတွေ့ပြီး မဟာမုဒြာကျင့်စဉ်နှင့် ဆဋ္ဌယောဂကျင့်စဉ်များကို ရရှိခဲ့၏။ မာပဆရာ အရှင်သည် ပိဋကတ်ကျမ်းစာများကိုလည်း တိဗက်သို့ ဆောင်ယူလာခဲ့ပြီး ထပ်မံ ဘာသာပြန်သည့် လုပ်ငန်းကို ဆောင်ရွက်ခဲ့၏။ မာပကို ကာဂျူပဂိုဏ်းကို တည်ထောင်သူ ဖခင်အနေဖြင့် သတ်မှတ်ထားကြပြီး ကာဂျူပဟူသည်မှာ ဆရာစဉ် သမားစဉ် အဆက်အနွယ်ကို လိုက်သူဟူသော အနက်ရှိ၏။

မာပ၏ တပည့်များအနက် ထင်ရှားသူမှာ ယောဂီသူတော်စင်ကြီး မိလရေပ ဖြစ်၏။ မိလရေပသည် အလွန်ဆိုးဝါးသော ငယ်ဘဝ အတွေ့အကြုံများ ရှိခဲ့၏။

မိမိ၏ မိခင်ကို နှိပ်စက်သော ဆွေမျိုးများကို ကလဲ့စားချေရန်အတွက် မှော်ပညာကို သင်ယူခဲ့ပြီး ဆွေမျိုး (၃၇) ယောက်ကို သတ်ဖြတ်ခဲ့၏။ မိမိ၏ အပြစ်ဒုစရိုက်များအပေါ် သတိသံဝေဂ ရရှိလာပြီးနောက်တွင် မာပဆရာ အရှင်၏တပည့် ဖြစ်လာခဲ့၏။ မိလရေပသည် ရှေးသူတော်စင်များနည်းတူ ကြံ့ဖိုးချိုကဲ့သို့ တစ်ကိုယ်တည်း ဇကစာကျင့်သုံးနေထိုင်လေ့ရှိ၏။ မိမိ၏ တရားအကျင့် အောင်မြင်မှုကြောင့် ကိုယ်တွင်းတေဇောဓာတ်ကို လိုသလို ထိန်းချုပ်နိုင်ပြီး အလွန်အေးချမ်းသော ရေခဲတောင်များပေါ်၌ပင် အဝတ်အထည် မလိုအပ်ပေ။ ပိတ်ဖြူနံငယ်ပိုင်း (မိလ) ဖြင့်သာ နေလေ့ရှိသောကြောင့် မိလရေပဟူသော အမည်တွင်နေခြင်း ဖြစ်လေသည်။

ကဒမ်ပဂိုဏ်းဝင် ရဟန်းတော်တစ်ပါးဖြစ်သော ဂမ်ပိုပသည် မိလရေပ၏ တပည့် သာဝကဖြစ်လာခဲ့သည့်အခါတွင် ကာဂျုပဂိုဏ်းသည် ရဟန်းသံဃာ ဗဟိုပြုသော ဗုဒ္ဓဘာသာအဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့၏။ ကာဂျုပဂိုဏ်းသည် ဓမ္မအသိပညာရင့်ကျက်မှုနှင့် ဝိနည်းသီလလိုက်နာမှုတို့ကို ဟန်ချက်ညီအောင် နေထိုင်ကျင့်ကြံသည့် ဗုဒ္ဓဘာသာဂိုဏ်းတစ်ခု ဖြစ်လာလေသည်။ ဂမ်ပိုပ ရေးသားခဲ့သော ဝိမုတ္တိဓမ္မရတနာကျမ်းသည် ဆရာတော်အတိရာ၏ ကျမ်းကဲ့သို့ပင် ဗုဒ္ဓဓမ္မတစ်ခုလုံးကို အနှစ်ချုပ်တင်ပြထားပြီး ပါရမီခြောက်ပါးကို ပြည့်စုံစေရန် မည်သို့မည်ပုံဖြည့်ကျင့်ရမည့် အကြောင်းကို တင်ပြထားလေသည်။ ကာဂျုပဂိုဏ်းတွင် ဂိုဏ်းကွဲများစွာရှိပြီး ၄င်းတို့အနက် ကာမကာဂျုပ (နီပေါနိုင်ငံ) ဒရိကွန်း ကာဂျုပ (ဘူတန်နိုင်ငံ) ရှန်ပ ကာဂျုပ (တိဗက်ပြည်) တို့မှာ အထူးထင်ရှား၏။

(၄) ဆကျပ ဂိုဏ်း

အေဒီ ၁၁ ရာစုတွင် ကာဂျုပဂိုဏ်းနှင့် ခေတ်ပြိုင်ဖြစ်သော ဆကျပဂိုဏ်း ဖြစ်တည်လာခဲ့၏။ ဆကျပအမည်တွင်ပုံမှာ ဤဂိုဏ်း စတင်တည်ထောင်ရာ ကျောင်းတိုက်တည်ရှိသည့် နေရာသည် မီးခိုးရောင်မြေသား (ဆကျ) များစွာ တွေ့ရသောကြောင့် ဖြစ်သည်ဟုဆို၏။ ဆကျပဂိုဏ်းကို စတင်တည်ထောင်သူမှာ ရော့ဂ်မီ (Brog Mi အေဒီ ၉၉၂-၁၀၇၂) ဖြစ်၏။ ဆကျပဂိုဏ်းသည်လည်း ကဒမ်ပဂိုဏ်းကဲ့သို့ လျော့ရဲနေသောဗုဒ္ဓသာသနာကို ပြန်လည်ပြုပြင် တည့်မတ်လိုသောကြောင့် ပေါ်ထွန်းလာခြင်းဖြစ်၏။ ဗုဒ္ဓသာသနာတော်၏ အသက်သွေးကြောသည် ပရိယတ္တိစာပေဟူ၍ ခံယူသောကြောင့် ပညာရေးကဏ္ဍကို ပြန်လည်မြင့်တင် အလေးပေးခဲ့သောဂိုဏ်းဖြစ်ပြီး ယနေ့အထိ အထူးချွန်ဆုံး စာပေပညာရှင်များကို မွေးထုတ်ပေးလျက်ရှိ၏။

အေဒီ ၁၂၂၀ ခန့်တွင် ဆကျပဂိုဏ်း၏ အရှိန်အဝါသြဇာမှာ အလွန်ကြီးမားနေ

ခဲ့ပြီး ဆကျပဂိုဏ်းချုပ် ကွန်ဂ ဂျက်ဆန် (Kunga Jetsun) သည် ဓမ္မနှင့် ဒဿန စာပေ စွယ်စုံထူးချွန်သော မဟာပဏ္ဍိတ်ပဂေးကြီး ဖြစ်၏။ အာရှအလယ်ပိုင်းတွင် မွန်ဂိုဘုရင်များ စိုးမိုးလာသောခေတ်တွင် ဂင်ဂျစ်ခန်မင်းကြီးရှိမြေးတော် ဂိုဒန်ခန် သည် ကွန်ဂ ဂျက်ဆန် (ဆကျပဏ္ဍိတ) ကို မိမိ၏ နန်းတော်သို့ပင့်၍ မိမိနှင့်တကွ မွန်ဂိုပြည်သူများကိုပါ ဗုဒ္ဓဓမ္မကို ခံယူစေခဲ့၏။ ဤသို့ဖြင့် မွန်ဂိုအင်ပါယာနှင့် တိဗက်ယဉ်ကျေးမှုတို့ ပေါင်းထုပ်ခွင့်ရခဲ့ပြီး ဂူဗလာခန် ဘုရင်ကြီးလက်ထက်တွင် ကွန်ဂဂျက်ဆန်၏ တူဖြစ်သူ ဖက်ဂ်ပကို မင်းဆရာဂုရု တင်မြှောက်ခဲ့သောကြောင့် ဆကျပဂိုဏ်းသည် အလွန်သြဇာကြီးသော ဘာသာရေးအဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့ ၏။ ဂူဗလာခန်သည် ဆကျပဂိုဏ်းကို တိဗက်ဒေသကို အုပ်ချုပ်သည့် နိုင်ငံရေး အာဏာကိုပင် အပ်နှင်းခဲ့သောကြောင့် ဆကျပသာသနာပိုင်များသည် တိုင်းပြည်ကို အုပ်ချုပ်သူများ ဖြစ်လာခဲ့၏။

တိဗက်ပြည်၏ ပထမဆုံး ရဟန်းမင်းဖြစ်လာသော ဖက်ဂ်ပသည် မိမိ၏ သကျပဂိုဏ်းနည်းတူ ကျန်ဗုဒ္ဓဘာသာဂိုဏ်း အသီးသီးကိုလည်း တန်းတူချီးမြှောက် အားပေးခဲ့၏။ ဆကျပဂိုဏ်း၏ တန်ခိုးအာဏာသည် အေဒီ ၁၃၂၆ မှစတင်၍ ကျဆင်းခဲ့သော်လည်း ယနေ့ခေတ်ထိတိုင်အောင် ဆကျပဂိုဏ်းကြီးသည် တိဗက်ဗုဒ္ဓ ဘာသာလောကတစ်ခုလုံးက ရှိန်ဝါလေးစားရသော ဓမ္မဂိုဏ်းတစ်ခု ဖြစ်လာခဲ့၏။ ဆကျပဂိုဏ်း၏ အကြီးမြတ်ဆုံးသော အားထုတ်အောင်မြင်မှုမှ တိဗက်ပိဋကတ်တော်ကို သန့်စင်အောင် တည်းဖြတ်သုတ်သင်၍ စုဆောင်းနိုင်ခဲ့ခြင်း ဖြစ်လေသည်။ ဗုဒ္ဓ ဝစနတော် ဖြစ်သော ကန်ဂျူ-ပိဋကတ် ၁၀၈ ကျမ်းနှင့် အဖွင့်ဋ္ဌကာ အဋ္ဌကထာ သျှတ္တရများပါဝင်သော တန်ဂျူ-ပိဋကတ် ၂၂၅ ကျမ်းတို့ကို စုဆောင်းဖော်ထုတ် နိုင်ခဲ့သောကြောင့် တိဗက်ပြည်တွင် ဗုဒ္ဓဓမ္မ၏ ပရိယတ္တိသာသနာ ကောင်းမွန်စွာ အမြစ်တွယ်စေနိုင်ခဲ့လေသည်။ ပိဋကတ် စုဆောင်းရေးလုပ်ငန်းကို ကြီးကြပ်ဦးဆောင် သူမှာ ဆကျပရဟန်းတော် ဘုတွန် (၁၂၉၀-၁၃၆၄) ဖြစ်၏။ ဘုတွန်ကဲ့သို့သော ဆကျပရဟန်းတော်တစ်ပါးဖြစ်သည့် အရှင်တာရာနာထသည် အိန္ဒိယဗုဒ္ဓဘာသာ သမိုင်းကျမ်းတစ်ဆူ ပြုစုတော်မူခဲ့၏။

(၅) ဂီလုဂ်ပ ဂိုဏ်း

တိဗက်ပြည်တွင် ဆကျပဂိုဏ်း၏ အရှိန်အဝါ မှေးမှိန်လာသောအချိန်တွင် ဗုဒ္ဓသာ သနာတော်လည်း ပြန်လည် ဆုတ်ယုတ် ယိုယွင်းလာခဲ့ပြန်လေရာ ထိုအခြေအနေဆိုး မှ ပြန်လည်ထုတ်ဆောင်ပေးမည့် သာသနာ့အာဏာနည်တစ်ပါး ပေါ်ထွန်းလာခဲ့လေ

သည်။ ကြက်သွန်ခင်းများစိုက်ပျိုးရာ ဆောင်ခအရပ်မှ ပေါ်ထွန်းလာသည့်အတွက် ဆောင်ခပ (Tsong Kha Pa) ဟု အမည်တွင်ခဲ့သော အာဇာနည် ရဟန်းတော်သည် အတိရှာ (ဒီပင်္ကရာသိရီဉာဏ) ထူထောင်တော်မူခဲ့သော ကဒမ်ပဂိုဏ်းဝင် ရဟန်းတစ်ပါးဖြစ်ခဲ့၏။ လားမားဆောင်ခပသည် အတိရှာ၏ မူဝါဒဖြစ်သော ပရိယတ္တိကို အခြေခံ၍ သီလ သမာဓိ ပညာ ဒဿန ဝိမုတ္တိ အဆင့်ဆင့် ပြောင်းလဲတိုးတက်ရသော ဓမ္မအစစ်အမှန်ကို ပြန်လည် ဖော်ထုတ်ရန်အတွက် ကြိုးစားခဲ့သူဖြစ်၏။

အေဒီ ၁၃၅၇ တွင် မွေးဖွားခဲ့သော လားမားဆောင်ခပသည် ငယ်စဉ်ကတည်းက အလွန်ထူးချွန်ထက်မြက်သည့် ပါရမီရှင်ဖြစ်၏။ ဆောင်ခပသည် တိဗက်ဗုဒ္ဓဘာသာကိုဏ်းအသီးသီးမှ ထိပ်တန်းပညာရှိ လားမား ဆရာအရှင်များထံတွင် ပညာလေ့လာသင်ကြားခွင့်ရခဲ့ပြီး ဘာသာရေးစာပေသာမက တန္တရကျမ်းများ လောကီသိပ္ပံအတတ်ကျမ်းများကိုလည်း လေ့လာခွင့်ရခဲ့သောကြောင့် ပညာသမုဒ္ဒရာကြီးအလား ဗဟုသုတ ပြည့်စုံကြွယ်ဝသူလည်းဖြစ်၏။ ထိုခေတ်က အမြင့်ဆုံး ပရိယတ္တိစာပေဘွဲ့ထူးဖြစ်သည် ဓမ္မပါရဂူဘွဲ့ကို ဆွတ်ခူးခဲ့သူလည်းဖြစ်၏။

လားမားဆောင်ခပသည် မဟာယာနဗုဒ္ဓဘာသာ၏ ကျောချင်းကပ် ရပ်တည်လျက်ရှိသော ခြသေ့ကြီးနှစ်ကောင်ဟု တင်စားခေါ်ဆိုကြသည့် မဇ္ဈိမိကဒဿနနှင့် ယောဂါစာရဒဿနများကို အထူးကြည်ကွဲစွာ လေ့လာခဲ့ပြီး မိမိ၏ ကိုယ်ပိုင်အမြင်ဖြင့် အနက်သစ် ဖွင့်ဆိုနိုင်ခဲ့သူလည်းဖြစ်၏။ အထူးသဖြင့် မဟာယာနဗုဒ္ဓဘာသာတစ်ခုလုံး၏ အမတေ ဒဿနဖြစ်သော သုညတာဓမ္မနှင့် ပတ်သက်၍ နတ္ထိကအစွန်းသဿတအစွန်း နှစ်ပါးစလုံးမှ လွတ်၍ သမ္မုတိသစ္စာ ပရမတ္ထသစ္စာ နှစ်ပါးစလုံးနှင့် အလျော်ဖြစ်သည့် အယူအဆတစ်ရပ်ကို ထူထောင်နိုင်ခဲ့ခြင်းဖြစ်၏။ ဤအယူအဆ၏ အခြေခံအုတ်မြစ်မှ တန္တရကျင့်စဉ်ကို ဖွင့်ဆိုရှင်းပြခဲ့သောကြောင့် လားမားဆောင်ခပ၏ ဝဇြရယာနဗုဒ္ဓဘာသာသည် သီလဖြူစင်သန့်ရှင်းမှု ဝိနည်းစည်းကမ်းလိုက်နာမှု၏ ဘောင်အတွင်းမှ တန္တရကျင့်စဉ်ကို ပုံဖော်ယူသည့် ဓမ္မလမ်းစဉ် တစ်ရပ်ဖြစ်လာခဲ့လေသည်။

လားမားဆောင်ခပသည် သက်တော် (၆၂) နှစ် အေဒီ ၁၄၁၉ ခုနှစ်တွင် တစ်ဘဝခန္ဓာဝန် ချုပ်ငြိမ်းခဲ့၏။ ဆောင်ခပ အရှင်သူမြတ်၏ စွမ်းဆောင်မှုကြောင့် ဂီလုဂ်ပဂိုဏ်းကြီး ပေါ်ထွန်းလာခဲ့ပြီး ဗုဒ္ဓသာသနာပြန်လည် ထွန်းလင်းတောက်ပခဲ့ရသလို အနာဂတ်တိဗက် ဗုဒ္ဓသာသနာတစ်ခုလုံး၏ အသွင်သဏ္ဌာန်ကိုလည်း ဆောင်ခပ၏ ဓမ္မသင်ကြားချက်များက ပုံသွင်းဖော်ဆောင်ပေးခဲ့လေသည်။ ဆောင်ခပသည် တိဗက်ဗုဒ္ဓဘာသာဂိုဏ်းအားလုံး၏ အကောင်းမြတ်ဆုံး ဓမ္မတရားများကို

ပေါင်းစည်းညီညွတ်စေ၍ ဓမ္မလမ်းအသစ်ကို ဖွင့်လှစ်ခဲ့သူလည်း ဖြစ်၏။ ညိန်မပ ဂိုဏ်းနှင့် ကာဂျုပဂိုဏ်းတို့၏ ကမ္မဋ္ဌာန်းဘာဝနာအပေါ် အလေးထားမှု ကဒမ်ပဂိုဏ်း၏ ဝိနည်းသီလ ဖြူစင်သန့်ရှင်းမှု အခြေခံ ဆကျပဂိုဏ်း၏ ပရိယတ္တိစာပေ ထက်မြက်ထူးချွန်မှုစသော တန်ဖိုးများ အားလုံး အချို့ညီညီ ပေါင်းစပ်ပါဝင်နေသည့် တိဗက် ဝဇြရယာန ဗုဒ္ဓဘာသာကို တည်ထောင်ခဲ့၏။

လားမားဆောင်ခပ၏ ဂီလုဂ်ပဂိုဏ်းကြီးသည် အရှေ့ဖက်တွင် မွန်ဂိုလီးယား နိုင်ငံ အနောက်ဖက်တွင် ဘူရိယတ်နိုင်ငံအနီးမှ ဗော်လဂါမြစ်ကြီးသည် ကက်စပီယန် ပင်လယ်အတွင်း စီးဝင်သည့်ဒေသအထိ ကျယ်ပြန့်သော လွင်ပြင်ကြီးတစ်ခုလုံးကို လွှမ်းမိုးခဲ့သည့် ဘာသာရေးဂိုဏ်းကြီးတစ်ခု ဖြစ်လာခဲ့၏။ ဂီလုဂ်ပဂိုဏ်း၏ သာသနာပိုင် (ဂီဒန်ထရီပ) ရာထူးကို ငါးနှစ်လျှင် တစ်ကြိမ် ရွေးကောက်ကာ လက်ဆင့်ကမ်းခဲ့ကြ၏။ ဆောင်ခပ၏ တပည့်ကြီးဖြစ်သူ (ဂန်ဒန်ဒရပ်ပ အေဒီ ၁၃၁၁-၁၄၇၄) ၏ ပြန်လည်ဝင်စားမှုအဖြစ် ဒလိုင်လားမား အစဉ်အဆက်ကို ပြဋ္ဌာန်းတည်ထောင်ခဲ့ရာ ဒလိုင်လားမား (၁၄) ဆက်အထိ ရှိခဲ့ပြီဖြစ်၏။ ပဉ္စမမြောက် ဒလိုင်လားမား လက်ထက်တွင် မွန်ဂိုဘုရင်ဂူရှီခန်က သမုဒ္ဒရာကဲ့သို့ ကြီးမြတ်တော်မူသော ဆရာ (ဒလိုင်လားမား)ဟူသော ဘွဲ့ကို စတင်ချီးမြှင့် အပ်နှင်းခဲ့သည်ဟုဆို၏။ ထိုအချိန်မှ စတင်၍ ဂီလုဂ်ပဂိုဏ်းသည် တိဗက်ပြည်၏ လောကီ လောကုတ္တရာ (နိုင်ငံရေးနှင့် ဘာသာရေး) နယ်ပယ်နှစ်ခုစလုံးတွင် အချုပ်အခြာအာဏာ ပိုင်စိုးသော အဖွဲ့အစည်း ဖြစ်လာခဲ့ပါသည်။

ဝဇြရယာနဗုဒ္ဓဘာသာဆိုင်ရာ အယူအဆများ

မိမိတို့ မြန်မာမှုဝန်းကျင်တွင် တန္တြရ မန္တြရဟု ဆိုလိုက်သည်နှင့် ဘိုးတော်မယ်တော် အင်းအိုင် ခါးလှည့်လက်ဖွဲ့ ဗေဒင်ယတြာ စသည့် လောကီ ဂုတ္တဝိဇ္ဇာ ပညာရပ်များကိုသာ လူအများစု၏ မျက်စိထဲ မြင်ယောင်မိတတ်ကြ၏။ သို့တည်းမဟုတ် တန္တြရဟူသည်မှာ ပုဂံခေတ် အရည်းကြီး ရဟန်းဆိုးတို့၏ ယုတ်မာညစ်ငြမ်းသော လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှု လုပ်ငန်းစဉ်ဟု အထင်သေး အမြင်သေး ဖြစ်တတ်ကြ၏။ အမှန်စင်စစ် မန္တန်စွမ်းအင်၊ အသံစွမ်းအင်၊ အလင်းစွမ်းအင်၊ အရောင်စွမ်းအင် ဓာတ်ကြီး ၅ပါး စွမ်းအင် နှင့် လိင်မှုဆိုင်ရာ ကာမသုခကို အသုံးချမှုများ ရှိနေသောကြောင့် ဝဇြရယာန ဗုဒ္ဓဘာသာ၏ တန္တြရကျင့်စဉ်များသည် အပေါ်ယံ အသွင်အားဖြင့် လောကီ ဂုတ္တဝိဇ္ဇာ ပညာရပ်များနှင့် ဆင်တူနေသော်လည်း အခြားမဟာယာနဗုဒ္ဓဘာသာ ကျင့်စဉ်များကဲ့သို့ မိမိကိုယ်တိုင်လွတ်မြောက်ရန်နှင့် ဝေနေယျသတ္တဝါတို့ကို သံသရာ ချောက်ကမ်းပါးမှ ထုတ်ဆောင် ကယ်တင်ရန်ဟူသော

ရည်မှန်းချက်ပန်းတိုင်သာလျှင် ရှိသောကြောင့် လောကီပညာရပ်များကဲ့သို့ တစ်ဘဝကောင်းစားရေး ဖြတ်လမ်းနည်းများ မဟုတ်ဘဲ ဗုဒ္ဓဓမ္မ၏ လောကုတ္တရာ မဂ်လမ်းစဉ်များသာ ဖြစ်ကြ၏။

ဝဇ္ဇရယာနဗုဒ္ဓဘာသာ၏ တန္တရကျင့်စဉ်များသည် ဂိုဏ်းအသီးသီး ကွဲပြားသည်နှင့်အမျှ အမျိုးအမည်လည်း ထွေပြားလှ၏။ ဉာဏ်ပညာကို အခြေပြုသော အမိတန္တရကျင့်စဉ် (Mother-Tantra) နည်းစနစ်ကို အခြေပြုသော အဖတန္တရကျင့်စဉ် (Father-Tantra) နှင့် အဒွိတ္တ တန္တရကျင့်စဉ် (Non-Dual Tantra) စသဖြင့် အမျိုးကွဲများလည်း ရှိ၏။ တန္တရကျင့်စဉ်၏ အဓိက ဒေဝတာ၏ အမည်ကို အစွဲပြု၍ ဂုဟ္ယသမဇ တန္တရ၊ ကာလချက္ကရ တန္တရ၊ ဟေဝဇြရ တန္တရ၊ ချက္ကရသံဝရ တန္တရ စသည်ဖြင့် အခေါ်အဝေါ် အပြားပြားလည်း ရှိလေရာတွင် ဤနေရာ၌ ဆောင်ခပ၏ ဂီလုဂ်ပဂိုဏ်းတွင် အဓိကထား ကျင့်ကြံအားထုတ်ကြသော ဂုဟ္ယသမဇ တန္တရ၊ ကာလချက္ကရ တန္တရ စသည်တို့ကို မဏ္ဍိုင်ပြု၍ ဝဇ္ဇရယာနဗုဒ္ဓဘာသာ၏ တန္တရကျင့်စဉ် အစိတ်အပိုင်းများကို (ကိုယ်တိုင် ဖတ်ရှု လေ့လာကျင့်သုံးရန်အတွက် မဟုတ်ပဲ) အသိပညာ ဗဟုသုတအလို့ငှာ တင်ပြရပေဦးမည်ဖြစ်၏။

ဤ တန္တရယောဂ ကျင့်စဉ်များကို လေ့လာသုံးသပ်ရာတွင် အရေးကြီးသော အချက်နှစ်ချက်ကို စိတ်ထဲတွင် စွဲမှတ်ထားရန်လို၏။ ပထမအချက်မှာ တန္တရယောဂ ကျင့်စဉ်များကို အစဉ်အလာ ယဉ်ကျေးမှု ဘာသာရေး တန်ဖိုးနှုန်းစံများဖြင့် အကဲမဖြတ်မိစေရန်ဖြစ်၏။ တန္တရယောဂ၏ နယ်ပယ်သည် လောကဓမ္မတို့ကို စွမ်းအင်သက်သက် ရှုထောင့်မှ ချဉ်းကပ်သည့် ရှေးဟောင်း သိပ္ပံနည်းပညာတစ်မျိုးဖြစ်သောကြောင့် အစဉ်အလာ ယဉ်ကျေးမှုဘာသာရေး၏ ကိုယ်ကျင့်တရား နှုန်းစံအခြေပြုသော ချဉ်းကပ်မှုများနှင့် ကွဲပြားခြားနားနေမည်ဖြစ်သည်မှာ သဘာဝကျပေသည်။ အမှန်စင်စစ် ဝဇ္ဇရာယာန တန္တရဗုဒ္ဓဘာသာသည် အစဉ်အလာ မဟာယာနဗုဒ္ဓဘာသာနှင့် အခြေခံလောကအမြင်လည်း တူ၏။ အစစ်အမှန် ပရမတ္ထအရှိတရားကို သဗ္ဗဓမ္မသုညတာသဘာဝအဖြစ် ရှုမြင်ကြသည်ချည်းဖြစ်၏။ ဆိုက်ရောက်ရာ ပန်းတိုင်လည်းတူ၏။ ဝေနေယျသတ္တဝါတို့၏ အကျိုးအတွက် အမြတ်ဆုံးသော အတုမရှိသည့် ဗောဓိဉာဏ်ပညာစခန်းသို့ ဆိုက်ရောက်ရန်သာဖြစ်ကြ၏။ အဓိကခြားနားချက်မှာ တန္တရယောဂသည် မဟာယာနကဲ့သို့ ကပ်ကမ္ဘာပေါင်း အသင်္ချေတိုင်အောင် ဖြည့်ကျင့်ရမည့် ပါရမီတာယာန လမ်းစဉ်မျိုးမဟုတ်ဘဲ အန္တရာယ်အကြီးမားဆုံးလမ်း အတိုတောင်းဆုံးလမ်းမှ အမြန်ဆုံးခရီးဖြင့် ပန်းတိုင်သို့ ရောက်ရှိအောင် စွန့်စားအားထုတ်ရသော နည်းလမ်းသစ်ဖြစ်ခြင်းဟူသော အချက်သာ ဖြစ်လေသည်။ ဒုတိယအချက်မှာ တန္တရယောဂသည် အောင်မြင်ပေါက်မြောက်ပြီးသော ဆရာအရှင်ဂုရု

တစ်ပါး၏ ခြေတော်ရင်းတွင် လေ့လာကျင့်ကြံ အားထုတ်ရသော အန္တေဝါသိက အတွင်းတရားဖြစ်၏။ သင်ကြားချက်များတွင် သင်္ကေတနိမိတ်ပုံများစွာ ပါဝင်နေပြီး ၄င်းတို့၏ စစ်မှန်သော အနက်ဖွင့်ဆိုမှုမှာ ဆရာအရှင်ထံမှ တိုက်ရိုက်ကူးပြောင်း ရယူနိုင်သော နားလည်မှုမျိုးသာ ဖြစ်၏။ ထို့ကြောင့် တန္တရယောဂ၏ ကျင့်စဉ်များကို ဆရာအရှင်၏ ပံ့ပိုးကူညီမှု မပါရှိဘဲ မိမိဘာသာ စိတ်ကြိုက် အတွေ့အကြုံမတိ အဓိပ္ပာယ် ဖွင့်ဆိုကျင့်ကြံမှုများ မပြုလုပ်သင့်ပေ။ ဤအချက်များကို စိတ်ဝယ် စွဲယူ မှတ်သား၍ ဝဇ္ဇရယာနဗုဒ္ဓဘာသာ၏ တန္တရယောဂကို လေ့လာကြည့်ကြပါစို့။

အပြည့်အဝသန့်စင်ခြင်း လေးပါး

ဝဇ္ဇရယာနကျင့်စဉ်တစ်ခုလုံးတွင် သန့်စင်ခြင်းသဘောသည် အလွန်အရေးပါ၏။ သန့်စင်သော အခြေအနေသည် မိမိ၏ ပင်ကိုယ်စွမ်းအားသတ္တိများ အပြည့်အဝ ဖော်ထုတ်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အခြေအနေဖြစ်၏။ ထို့ကြောင့် အပြည့်အဝသန့်စင်ခြင်း လေးပါးကို အထူးဂရုစိုက်ရန် လိုအပ်၏။ ၄င်းတို့မှာ=

၁။ **ပတ်ဝန်းကျင်၏ အပြည့်အဝသန့်စင်ခြင်း** (Complete Purity of Environment) ဟူသည်မှာ မိမိ အာရုံပြုအားထုတ်သော ဒေဝတာ၏ ပတ်ဝန်းကျင်ကို ပုံဖော်ထားသော မဏ္ဍာလ၏ အပြည့်အဝ သန့်စင်ခြင်း ရှိအောင် အားထုတ်ရန်ဖြစ်၏။

၂။ **ကိုယ်ခန္ဓာ၏ အပြည့်အဝသန့်စင်ခြင်း** (Complete Purity of Body) ဟူသည်မှာ မိမိ အာရုံပြုအားထုတ်သော ဒေဝတာ၏ စိတ်ဖန်ရုပ်သွင်ကို ပုံဖော်ထားသော ရူပကာယ၏ အပြည့်အဝသန့်စင်ခြင်း ရှိအောင် အားထုတ်ရန်ဖြစ်၏။

၃။ **ရင်းမြစ်တို့၏ အပြည့်အဝသန့်စင်ခြင်း** (Complete Purity of Resources) ဟူသည်မှာ မိမိ၏ ဒေဝတာထံသို့ ဆက်ကပ်ပူဇော်သော ပန်း ဆီမီး သစ်သီး စသည့် လှူဖွယ်ဝတ္ထုအစုစုတို့ကို အပြည့်အဝသန့်စင်ခြင်း ရှိအောင် အားထုတ်ရန်ဖြစ်၏။

၄။ **ကမ္မအမှုတို့၏ အပြည့်အဝသန့်စင်ခြင်း** (Complete Purity of Activity) မိမိ၏ စိတ်ဖန်ရုပ်သွင် ဖြစ်သော ဒေဝတာ၏ သက်ဝင်လှုပ်ရှားမှုများကို အပြည့်အဝ သန့်စင်ခြင်းရှိအောင် အားထုတ်ရန်ဖြစ်၏။[၆၁၀]

၆၁၀။ **Geshe Tashi Tsering, *Tantra: The Foundation of Buddhist Thought-Vol 6* (2012), Wisdom Publications. P-10-12**

ဒေဝဒတယောဂ

ဆောင်ခပ၏အလိုအရ ဝဇီရယာနလမ်းစဉ်တွင် ဒေဝဒတယောဂသည် အသက်သွေးကြော ပမာနကျင့်စဉ်ဖြစ်၏။ ဒေဝဒတယောဂ ရှိနေခြင်းကြောင့် ဝဇီရယာနသည် အခြားသော ယာနများဖြစ်ကြသည့် သာဝကယာန ပါရမိတာယာန စသည်တို့နှင့် မတူကွဲပြားနေခြင်းဖြစ်၏။ ဒေဝဒတယောဂ မတည်ရှိပါက ဝဇီရယာန၏ ပန်းတိုင်သို့ ဆိုက်ရောက်ရန် မဖြစ်နိုင်ချေ။ ဒေဝဒတယောဂဆိုသည်မှာ မိမိရွေးချယ်ထားသော ဒေဝတာ၏ ပုံသွင်သဏ္ဌာန်ကို စိတ်အာရုံဝယ် ထင်မြင်လာအောင် ဖန်တီးအားထုတ်ခြင်းဖြစ်၏။ ဒေဝတာဆိုရာတွင် ဗုဒ္ဓများ ဗောဓိသတ္တများကို ဆိုလို၏။ ဗုဒ္ဓများ ဗောဓိသတ္တများကို စိတ်အာရုံတွင် ပုံဖော်ဖန်တီး ပွားများခြင်းအားဖြင့် ၄င်း ဗုဒ္ဓများ ဗောဓိသတ္တများ၏ သီလ သမာဓိ ပညာ ဒဿန ဝိမုတ္တိ စသော ဂုဏ်များကို ပွားစည်းခံယူခြင်း ဖြစ်လေသည်။ သမာဓိ အားကောင်းလာသည်နှင့်အမျှ မိမိ၏ ဒေဝတာ ပုံရိပ်သည် ပိုမို ထင်းပရှင်သန်သက်ဝင်လာပြီး မိမိ၏ စိတ်မနောဓာတ်နှင့် နီးသထက် နီးကပ်လာပေလိမ့်မည်ဖြစ်၏။ သမာဓိစွမ်းအား လုံလောက်စွာ ပြည့်ဝသော အခါတွင် မိမိ၏စိတ်အသိက ၄င်း ဒေဝတာပုံရိပ်အတွင်း သက်ဆင်းတည်နေသလို ရှုမြင်နိုင်လာမည်ဖြစ်၏။ တစ်နည်းအားဖြင့် မိမိကိုယ်တိုင် ဒေဝတာ၏ စိတ်ဖန်ရုပ်သွင်ခန္ဓာဖြင့် အသက်ဝင်နေသလို ခံစားနိုင်ရန်ဖြစ်၏။ ထိုသို့ခံစားလာခြင်းအားဖြင့် မိမိ၏ သာမန် အသိစိတ်သန္တာန်မှ စိတ်အညစ်အကြေးများကို သန့်ရှင်း ၄င်ကြယ်စေနိုင်မလေ၏။ ဒေဝတာယောဂ၏ ရည်ရွယ်ချက်မှာ ဘာဝနာပွားသူသည် ဒေဝတာ၏ အသွင်ကို ဆောင်ယူခြင်းအားဖြင့် မိမိကိုယ်တိုင် ဒေဝတာ၏ သဘာဝ ဂုဏ်ရည်များ ထင်ဟပ်ကူးစက်လာစေရန် အားထုတ်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ဝဇီရယာနဗုဒ္ဓဘာသာ၏ အလိုအရ ဒေဝတာယောဂတွင် အာရုံပြုရသော ဒေဝတာသည် မိမိသိစိတ်သဘာဝပြင်ပမှာ ရှိနေသော အရာမဟုတ်ဘဲ မိမိ၏ ပကတိစိတ်သဘာဝ (ဗောဓိဉာဏ်သဘာဝ) အတွင်း၌ပင် တည်ရှိသော အသွင်ဖြစ်၏။ မိမိ၏ ပကတိစိတ်သဘာဝ (ဗောဓိဉာဏ်သဘာဝ) သည် သိသူနှင့် အသိခံအရာ ဟူသော ဆန့်ကျင်ဘက်သဘောများအနေဖြင့် မကွဲပြားသေးသော မူလဘူတ ရင်းမြစ် သိစိတ် (မနောဓာတ်) ဖြစ်သောကြောင့် ဘာဝနာပွားသူ ယောဂီသည် မိမိစိတ်သဘာဝအတွင်းထဲသို့ ပြန်ကြည့်နေသည်ဟုသာ ဆိုနိုင်ပေလိမ့်မည် ဖြစ်၏။

ဗုဒ္ဓဒဿနအလိုအရ အစွဲဥပါဒါန်တရားတို့သည် ကမ္မဘဝနှင့် ဇာတိကို ဖြစ်ပေါ်စေ၏။ မသန့်စင်သော အစွဲများသည် မသန့်စင်သော ကမ္မဘဝအသွင်များနှင့်

ဇာတိများကို ဖြစ်ပေါ်စေသလို ကောင်းမြတ်သော ကုသိုလ်စိတ်ထားများကလည်း ကောင်းမြတ်သော ဘဝကို ဖန်တီးနိုင်၏။ ဤ ကမ္မနိယာမတရားမှာ အလွန်ရိုးစင်းသလောက် မှန်လည်းမှန် လက်တွေ့လည်း အသုံးဝင်သော သဘောတရားဖြစ်၏။ ယင်း နိယာမကို အသုံးပြု၍ ဝဇီရယာနကျင့်စဉ်တွင် ဒေဝတာ၏ အသွင်ကို အစွဲဥပါဒါန်တစ်ခုနီးပါး ဖြစ်ပေါ်စေအောင် ပို့ဆောင်ရယူခြင်းဖြစ်သည်ဟု သုံးသပ်မိပေသည်။ မိမိရွေးချယ်ထားသော ဒေဝတာအပေါ် အဖန်တလဲလဲ ရွတ်ဖွားခြင်းအားဖြင့် သာမန် လောကီဥပါဒါန်တရားများကို အစားထိုး ဖယ်ရှားပစ်နိုင်၏။ မိမိကိုယ်ကို ဒေဝတာအစစ်ဖြစ်သည်ဟု ထင်မြင်ခံစားလာရခြင်းသည် **ဒေဝတာမာန** (The Divine Pride) ကို ရရှိလာခြင်းပင် ဖြစ်လေသည်။

ဒလိုင်းလားမား၏ အလိုအရ ဒေဝတာမာန၏ လုပ်ငန်းဆောင်တာ နှစ်ရပ်ရှိ၏။ ၄င်းတို့မှာ မိမိကိုယ်ကို ဒေဝတာအဖြစ် အသိဝင်လာခြင်းနှင့် မိမိ၏အသွင်သည် ဒေဝတာ၏ အသွင်သဏ္ဌာန်အဖြစ် ဖော်ဆောင်လာခြင်းဖြစ်၏။ ဒေဝတာမာနအားဖြင့် မိမိ၏ သာမန်သတ္တဝါဖြစ်မှု အစွဲကို ပယ်ထားနိုင်သည်ဟုဆို၏။ ဒေဝတာမာနသည် သာမန်လောကီ ကိလေသာ မာနစိတ်မျိုး မဟုတ်ပေ။ ဝေနေယျသတ္တဝါအများကို ကယ်တင်ရန် ရည်သန် အဓိဋ္ဌာန်သော ဗောဓိစိတ္တနှင့် သဗ္ဗဓမ္မ သုညတာကို သိသော ဉာဏ်အမြင်တို့ကို ကျေးဇူးတော်နောက်ခံ ပြုထားသောကြောင့် ဒေဝတာမာနသည် ဘာဝနာလုပ်ငန်း၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းသာ ဖြစ်၏။ ဘာဝနာပွား သူသည် မိမိကိုယ်ကို ဒေဝတာ၏ အသွင်သဏ္ဌာန်အဖြစ် မြင်သော်လည်း ထိုအသွင်သဏ္ဌာန်သည် အစစ်အမှန်အရှိတရား မဟုတ်ကြောင်း အတွင်းသိ အစဉ်းသိ သိမြင်ခဲ့ပြီးဖြစ်၏။ ဒေဝတာ၏အသွင်သဏ္ဌာန်သည် မိမိ၏ သိစိတ်သဘာဘအားဖြင့် ဖန်တီးဖော်ဆောင်ထားသော စိတ်ဖန်ရုပ်သွင်တစ်ခုသာ ဖြစ်ကြောင်း သိမြင်ပြီးဖြစ်၏။ ထိုနည်း တူစွာ ဘာဝနာပွားသူသည် မိမိ၏ ဒေဝတာမာနအားဖြင့် ရှုမြင်ရသော အာရုံဟူသမျှတို့ကိုလည်း အစစ်အမှန်အရှိ တရား-အတ္တ အတ္တနိယများ အဖြစ် မသုံးသပ်ဘဲ ဗုဒ္ဓရှင်တော်၏ သိမှုအလွှာအတွင်းမှ အရှိယောင်တရားများအဖြစ်သာ ရှုမြင်လေသည်။[၆၁၁]

ဒေဝတာယောဂ၏ ယုဂနဒ္ဓလမ်းစဉ်

ဝဇီရယာနဗုဒ္ဓဘာသာ၏ အလိုအရ ဒေဝတာယောဂသည် မဟာယာနဗုဒ္ဓဘာသာ၏ အခြေခံ အစိတ်အပိုင်းများဖြစ်သော နည်းဗေဒနှင့် ပညာဉာဏ် (ပညာနှင့် ကရုဏာ)

၆၁၁။ **Geshe Tashi Tsering, *Tantra: The Foundation of Buddhist Thought-Vol 6* (2012), Wisdom Publications. P-14-20**

တို့ကို တစ်သားတည်း ပေါင်းစည်နိုင်စေသော ယုဂနဒ္ဓကျင့်စဉ်ဖြစ်၏။ ပါရမီတာယာနကျင့်စဉ်တွင် နည်းဗေဒနှင့် ပညာဉာဏ် (ပညာနှင့် ကရုဏာ) တို့ကို သပ်သပ်စီသီးသန့်ကျင့်ကြံရ၏။ ကရုဏာကို အခြေခံသော ပါရမီများ ဖြည့်ကျင့်နေချိန်တွင် ပညာကို ဖြည့်ကျင့်၍မရသလို ပညာကို ဖြည့်ကျင့်နေရသည် အချိန်တွင်လည်း အခြားပါရမီများကို ဖြည့်ကျင့်မရပေ။ တစ်ခုပြီးမှတစ်ခု အစဉ်အတိုင်းဖြည့်ကျင့်ရ၏။ ထို့ကြောင့် ပါရမီတာယာနလမ်းစဉ်သည် ပြီးဆုံးအောင်မြင်ရန်အတွက် မရေမတွက်နိုင်အောင် ကြာမြင့်သော အချိန်ကာလ လိုအပ်နေရခြင်းဖြစ်၏။ ဒေဝတာယောဂကျင့်စဉ်တွင်မူ နည်းဗေဒနှင့် ပညာဉာဏ် (ပညာနှင့် ကရုဏာ) တို့ကို ဘာဝနာပွားသူ ယောဂီ၏ စိတ်သန္တာန်တိုဖြစ်စဉ်တစ်ခုတည်း၌ တစ်ပြိုင်တည်း ပြည့်စုံအောင် ကျင့်သုံးနိုင်စွမ်းရှိ၏။ ထို့ကြောင့် တစ်ဘဝ အသက်တာတစ်ခုအတွင်း မိမိအလိုရှိရာ ပန်းတိုင်သို့ ပေါက်ရောက်စေနိုင်၏။ ဤနေရာတွင် ပညာဟူသည် သုညတာဓမ္မကို သိမြင်သော စိတ်သဘာဝဖြစ်ပြီး နည်းဗေဒဟူသည်မှာ ဝေနေယျသတ္တဝါတို့အကျိုးအတွက် ဥပါယ်တံမျည် နည်းအဖုံဖုံ အသုံးချ၍ အကျိုးဆောင်နိုင်သော ကရုဏာတရားပင်ဖြစ်၏။

ဘာဝနာပွားသူ ယောဂီပုဂ္ဂိုလ်သည် မိမိကိုယ်ကို ဒေဝတာအဖြစ် (စျာနိဗုဒ္ဓအဖြစ်) စိတ်အာရုံတွင်စျာန်သွင်း၍ သက်ဝင်ရှင်သန်စေပြီးမှ ထိုစိတ်၏ သန္တာန်ဖြစ်စဉ်ထဲ၌ပင် သုညတာဓမ္မကို ထိုထွင်းမြင်အောင် ကြည့်ရသောကြောင့် အချိန်တို အတွင်း အကျိုးနှစ်ပါးစလုံး ပြီးမြောက်အောင်မြင်နိုင်လေသည်။ ဤနည်းအားဖြင့် ဗုဒ္ဓ၏ ရူပကာယနှင့် ဓမ္မကာယ တစ်ခုစလုံး တစ်ပြိုင်နက်တည် ပြည့်စုံနိုင်ပေ၏။ ထို့ကြောင့် ဝဇီရယာနဗုဒ္ဓဘာသာတွင် ဒေဝတာယောဂကျင့်စဉ်ကို အကျိုးတရားနှစ်ခုစလုံး တစ်ပြိုင်တည်း တွဲစပ်ပြီးမြောက်စေသော **ယုဂနဒ္ဓလမ်းစဉ်**အဖြစ် သတ်မှတ်ထားခြင်းဖြစ်၏။

စျာနိဗုဒ္ဓ (၅) ပါး နှင့် သက်ဆိုင်ရာများ

ဒေဝတာယောဂကို အားထုတ်ရာတွင် စျာနိဗုဒ္ဓများနှင့် ၄င်းတို့နှင့်သက်ဆိုင်သော အချင်းအရာများကို သိရှိထားရန်လို၏။ ဝဇီရယာနဗုဒ္ဓဘာသာ၏ အမြင့်အရ စျာနိဗုဒ္ဓများသည် သမိုင်းတွင် သွေးသားခန္ဓာဖြင့် ရှင်သန်သော ဗုဒ္ဓများမဟုတ်ဘဲ တန္တရယောဂီပုဂ္ဂိုလ်၏ ကမ္မဋ္ဌာန်းအာရုံတွင်သာ ထင်မြင်လာနိုင်သော ဘာဝနာ အထောက်အကူပြု စိတ်ဖန်ရုပ်သွင်များ ဖြစ်ကြ၏။ စျာနိဗုဒ္ဓတို့နှင့် ပတ်သက်သော အသေးစိတ်ဖော်ပြချက်များကို အောက်ပါဇယားကွက်တွင် လေ့လာနိုင်၏။

ဗုဒ္ဓမိသားစု	ဗုဒ္ဓ	ကာမ	ပဒ္မ	ရတန	ဝဇိရ
စျာနိဗုဒ္ဓအမည်	ဝေရောစန-ဗုဒ္ဓ	အက္ခောဘ-ဗုဒ္ဓ	အမိတာဘ-ဗုဒ္ဓ	ရတနသမ္ဘဝ-ဗုဒ္ဓ	အမောဃ-သိဒ္ဓိဗုဒ္ဓ
ထင်ရှားသကဲ့တ	ဓမ္မစက္ကာ	မိုးကြိုးကြက်ခြေ	ကြာပန်း	ရတနာ	မိုးကြိုးစိန်သွား
အရပ်မျက်နှာ	အလယ်ဗဟို	အရှေ့	အနောက်	တောင်	မြောက်
ကြင်ယာတော်	တာရာဖြူ	လောစနာ	ပန္ဒရ	မာမကီ	တာရာစိမ်း
ဗောဓိသတ္တာ	သမန္တဘဒ္ဒ	ဝဇ်ရပါဏိ	အဝလောကိ-တေသွာရ	ရတနပါဏိ	ဂိသဝပါဏိ
ဗုဒ္ဓခေတ်အမည်	ဂန္ဓဟ္ထိဟာ	အဘိရတိ	သုခဝတီ	သိရိမတိ	ပရကုဋ္ဌ
ဇိဇမန္တန်	ဥပ်မ်	ဟုမ်	ဟရီ	တရာ	အာ
အရောင်သကဲ့တ	အဖြူရောင်	အပြာရောင်	အနီရောင်	အဝါရောင်	အစိမ်းရောင်
မဟာဘုတ်သကဲ့တ	အာကာသ	အာပေါဓာတ်	တေဇောဓာတ်	ပထဝီဓာတ်	ဝါယောဓာတ်
ရာသီဥတု	-	ဆောင်းရာသီ	နွေရာသီ	ဆောင်းဦးရာသီ	နွေဦးရာသီ
ကိလေသာ	အဝိဇ္ဇာ	ဒေါသ	အတ္တ	မာနလောဘ	ဣဿာမစ္ဆရိယ
ခန္ဓာ	ရူပက္ခန္ဓာ	ဝိညာဏက္ခန္ဓာ	သညက္ခန္ဓာ	ဝေဒနက္ခန္ဓာ	သင်္ခါရက္ခန္ဓာ

ဒေဝတာယောဂ ကျင့်စဉ်အရ မဏ္ဍလများနှင့် သက်ဆိုင်ရာ စျာနိဗုဒ္ဓများကို အာရုံဝင်စားလေ့ကျင့်ရာတွင် အထက်ပါအတိုင်း ၎င်းပြသတ်မှတ်ထားသော သကဲ့တ အရောင်အဆင်း ဗီဇမန္တန်အရပ်မျက်နှာနှင့် ကြင်ယာတော်တို့ကို စိတ်အာရုံ ဖော်ဆောင်လေ့ကျင့်ပွားရန်ဖြစ်၏။ သက်ဆိုင်ရာဗောဓိသတ္တများမှာ ၄င်းစျာနိဗုဒ္ဓများ၏ သမ္ဘောဂကာယ အသွင်များ ဖြစ်ကြပြီး ၄င်းတို့ စံပယ်တော်မူသော ဗုဒ္ဓခေတ် အမည်များကိုလည်း ဖော်ပြထား၏။ တန္တရယောဂကျင့်စဉ်၏ စွမ်းအားဖြင့် ပြဒါးကဲ့သို့ နိမ့်ကျသောသတ္တုများနှင့်တူသည့် ဥပါဒါန်ခန္ဓာများ ကိလေသာအာသဝတရားများသည် ရွှေစင် သတ္တုနှင့်တူသော စျာနိဗုဒ္ဓများ ဗုဒ္ဓ၏ ကာယများအဖြစ်သို့ ပြောင်းလဲနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုတရားစုများ၏ အခြေခံသဘောမှာ တစ်ခုတည်းသောသဘော တထတာ (သဗ္ဗဓမ္မသုညတာ) သည်သာ ဖြစ်သောကြောင့်တည်း။

ဆရာ-တပည့် ဆက်ဆံရေး နှင့် ဂုရုယောဂ/Guru Yoga

ဝဇ်ရယာနဗုဒ္ဓဘာသာတွင် ဆရာဂုရု၏ အခန်းကဏ္ဍသည် သေရေးရှင်ရေးတမျှ

အရေးပါ၏။ ဝဇီရယာနလမ်းစဉ်သည် အန္တရာယ် ဘေးဘျမ်းတို့ ပြွမ်းတီးသော လမ်း မတ်စောက်ခက်ခဲသော လမ်းဖြစ်သောကြောင့် ဆရာဂုရု၏ စဉ်ဆက်မပြတ် အနီးကပ် လမ်းညွှန်ပြသမှုသည် မရှိမဖြစ် လိုအပ်၏။ ဝဇီရယာနလမ်းစဉ်ကို သက်ရှိ ဆရာဂုရုတစ်ပါး၏ သွန်သင်ပြသမှုမရှိဘဲ ကျနမှန်ကန်စွာ ကျင့်ကြံရန် မဖြစ်နိုင်သောကြောင့် တန္တရကျမ်းဂန်များကို အဆင့်မမှီသူ၊ မဆိုင်သူတို့ မဖတ်ရှုစေရန် အတွက် ကျိန်စာတိုက်၍ တားမြစ် ပိတ်ပင်ထားသည်မှာလည်း ဝဇီရယာန ဗုဒ္ဓဘာသာ၏ ထူးခြားချက်တစ်ရပ်ဖြစ်၏။ တန္တရကျမ်းဂန်စာပေတို့တွင် ဆရာအရှင် ဖြစ်ထိုက်သူတို့၏ ဂုဏ်ရည်လက္ခဏာများကို ထင်ရှားစွာ ဖော်ပြထားရာတွင် ဆရာဂုရုအဖြစ် ခံယူထိုက်သူသည် ဗုဒ္ဓမမှန့် ယာနအားလုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ သိမြင် လေ့ကျက်ပြီးသူဖြစ်ခြင်း၊ သီလစင်ကြယ်သူဖြစ်ခြင်း၊ ရတနာသုံးပါးကို အထူးကိုင်းရှိုင်းရိုသေသူဖြစ်ခြင်း တပည့်သာဝက၏ အကျိုးကိုသာ အစဉ်မျှော်ကိုး၍ မိမိအတွက် ကိုယ်ကျိုးရှာတတ်သူမဟုတ်ခြင်း တပည့်၏စိတ်သဘာဝကို တစ်ထပ် တည်းသိမြင်၍ အစဉ်လမ်းပြပေးနိုင်သူဖြစ်ခြင်း မိမိကိုယ်တိုင် တန္တရဘာဝနာများကို ဆရာအဆင့် ဆင့်ထံမှ ခံယူကျင့်သုံးဆောက်တည်ပြီးသူဖြစ်ခြင်း မဟာယာန၏ တရားကို သိမြင်ပြီးသူဖြစ်ခြင်း စသည့် ဂုဏ်အင်လက္ခဏာများနှင့် ပြည်စုံရန် လိုပေသည်။ လားမားဆောင်ခပက ဆရာအရှင် ဂုရု စစ်မစစ်ကို (၁၂) နှစ်တိုင်အောင် စောင့်ကြည့်လေ့လာပြီးမှ ယတိပြတ် ဆုံးဖြတ်ချက်ချရန်ဖြစ်ကြောင်းပင် ဆိုခဲ့သည် ဟူ၏။ ဆရာအရှင် ဂုရုကို ရွေးချယ်ပြီးခဲ့ပြီ ဖြစ်လျှင်လည်း တပည့်သာဝကအနေဖြင့် ဆရာအရှင် လမ်းဆုံနပြသော တန္တရယောဂလမ်းကို တစ်သဝေမတိမ်းအောင် နာခံ လျှောက်လမ်းရေးသည် ဝဇီရာယာန၏ ထူးခြားချက် ဖြစ်၏။ အခြားသော ယာနများတွင် ဤမျှ စူးရှလေးနက်သော နာခံမှုမျိုးကို တောင်းဆိုထားခြင်း မရှိသည်ကို တွေ့ရ၏။ တန္တရလမ်းစဉ်တွင် မိမိ၏ ဆရာအရှင်အား ရှင်တော်ဗုဒ္ဓနှင့် ထပ်တူ လေးမြတ်ကြည်ညိုတန်ဖိုးထားအပ်သောကြောင့်ဖြစ်၏။

ထိုသို့ ဆရာအရှင်ကို ရွေးချယ်သတ်မှတ်ပြီးသောအခါတွင် ဆရာထံမှ သမယဟုခေါ်သည့် မိမိကို တန္တရ အနွယ်အဆက်အဖြစ် လက်ခံပေးပါရန် ကတိကဝတ်ဖြင့် ခံယူရ၏။ ဤ တန္တရသမယသည် ရဟန်းခံခြင်းမျိုးနှင့်မတူဘဲ ပြန်လမ်းမရှိသော ဆောက်တည်မှုမျိုးဖြစ်၏။ ဆရာအရှင်သည် ရွေးဆရာသခင် အဆက်ဆက်၏ တန္တရ = အနွယ်အဆက် အစဉ်အလာ (တိဗက် ဘာသာအားဖြင့် ဂျု/Gyu) ကို ကိုယ်စားပြုနေသောကြောင့် မိမိခံယူ ဆောက်တည်လိုက်သော သမယသည် မိမိ၏ ဆရာအရှင်တစ်ဦးတည်းနှင့်သာမဟုတ်ဘဲ ဂိုဏ်းသမားစဉ်တစ်ခုလုံးနှင့် ပဋိညာဉ်ချုပ်

ဆိုသည့် သဘောသက်ရောက်သောကြောင့် အထူးလေးနက်လှပေသည်။ သို့ရာတွင် ဤသို့ ဆရာအရှင်ထံတွင် ကတိကဝတ်ကို ခံယူဆောက်တည်ပြီး ဓမ္မအာဘိသေက (ဓမ္မဘိသိက်) ခံယူပြီးသော တပည့်သာဝကတို့သည် ပျော်ရွှင်ဝမ်းမြောက်ကြ၏။ ဆရာအရှင်၏ လမ်းညွှန်မှုဖြင့် မိမိတို့သည် အချိန်တိုကာလအတွင်း ဗုဒ္ဓဓမ္မလမ်းခရီး၏ အဆုံးသို့ရောက်ရန်အတွက် အခွင့်အလမ်းများကို ရရှိခဲ့သောကြောင့် ကြည်နူးဝမ်းမြောက်ကြခြင်းဖြစ်၏။ ဓမ္မသိသိက်ခံယူသောအချိန်တွင် တပည့်ဖြစ်သူကို ဆရာက စိတ်၏ ပကတိသဘာဝအမှန်ကို လှစ်ဟပြလေ့ရှိ၏။ ဤနေရာတွင် စိတ်၏ မူလသဘာဝ ဆိုသည်မှာ သန့်ကြည်ဝင်းပသော ဗုဒ္ဓ-သဘာဝပင် ဖြစ်လေသည်။

ဆရာအရှင်နှင့် တပည့် နှစ်ဦးစလုံးတွင် စိတ်၏ မူလသဘာဝ (ဗုဒ္ဓသဘာဝ) သည် အတူတူပင်ဖြစ်သောကြောင့် ဆရာတပည့် ဆက်ဆံရေးသည် သခင်နှင့် ကျေးကျွန်ဆက်ဆံရေးမဟုတ်ဘဲ ပရမတ္ထအရှိတရားကို အခြေခံသော အလွန် မွန်မြတ်သည့် ဆက်နွယ်မှုဖြစ်၏။ ဆရာအရှင်က ဖွင့်လှစ်ပြသော ဓမ္မအမြင်သစ်သည် တပည့်သာဝက၏ အယူအစွဲ အမြင်ဟောင်းတို့ကို ခွာချပစ်ပြီး လောကအမြင်သစ်ကို ရရှိစေ၏။ တပည့်သာဝက ယောဂီ၏အမြင်တွင် ကြုံရသမျှ အရာရာသည် အတွင်းအနှစ်သားဆိတ်သုဉ်းပြီး အချင်းချင်း အပြန်အလှန် ဆက်နွယ်တည်ရှိနေကြသလို မရေရာ မသေချာမှု ဖြစ်နိုင်ခြေတရားများနှင့် စိန်ခေါ်မှုများစွာ ရှိနေသော လောကအဖြစ် ရှုမြင်လာစေပါသည်။ ဆရာအရှင်၏ စိတ်သန္တာန်နှင့် မိမိ၏ စိတ်သန္တာန်ကို စိတ်၏မူလသဘာဝ အသိတရားပေါ်တင်၍ အမြဲပေါင်းဖည်စေနှောင်ခြင်းသည် ဂုရုယောဂဖြစ်၏။ မိမိစိတ်၏ မူလသဘာဝ မိမိ၏ဒေဝတာနှင့် မိမိ၏ဆရာဂုရုတို့သည် ဂုရုယောဂကျင့်စဉ်တွင် တစ်သားတည်း ပေါင်းစည်းနေသော အစစ်အမှန်တရားများဖြစ်သည်ကို အာရုံစွဲထင်အောင် ကျင့်ပွားရ၏။ ဤသို့ဖြင့် မိမိ၏ ဆရာဂုရုကို ဒေဝတာအသွင်ဖြင့် ခံစားသိမြင်လာရသလို ၄င်း ဒေဝတာအသွင်သည် မိမိစိတ်၏ပကတိသဘာဝမှ တခြားမဟုတ်ကြောင်းကိုလည်း တစ်ပြိုင်နက် သိမြင်နေပါသည်။

အဘိသေက (ဓမ္မဘိသိက် သွန်းလောင်းခြင်း)

ဝဇီရယာနသည် လျှို့ဝှက်လမ်းစဉ်တစ်ခုဖြစ်သောကြောင့် ကျင့်စဉ်များကို မကျင့်မီ ဆရာအရှင်တစ်ပါးပါးထံမှ ဓမ္မဘိသိက် ခံယူရန်လိုအပ်၏။ တန္တရယာန လမ်းစဉ်သည် ဆရာလိုအပ်သည့်အပြင် လူသားတိုင်းအတွက်လည်း မသင့်တော်သောကြောင့် အချို့သူများအတွက် တန္တရကျင့်စဉ်သည် ကောင်းကျိုးထက် ဆိုးကျိုးကို ဖြစ်စေနိုင်ပေသည်။ ထိုကြောင့် ဝဇီရယာနကျင့်စဉ်များမှာ အထူးသိပ်သည်းစွာ လျှို့ဝှက်

ထားရကြ၏။ ထို့အပြင် ဆရာမရှိဘဲ ကျင့်ကြံမှုကလည်း မိမိအတွက် ကြီးမားသော အန္တရာယ်ဖြစ် စေနိုင်၏။ အဘယ်ကြောင့်ဆိုသော ဝဇီရယာနသည် စွမ်းအင်များကို ကိုင်တွယ်အသုံးချသော ပါဝါကျင့်စဉ်များ ဖြစ်နေသောကြောင့်ပင် ဖြစ်၏။ မသက် ဆိုင်သူတွေ့ မသိစေရန် သင်ကြားချက်များကို လျှို့ဝှက်ထားရန်ဖြစ်၏။ ဝဇီရယာန သည် လျင်မြန်ထက်မြက်စွာ အကျိုးထူးပြီးစေနိုင်သောလမ်းစဉ် ဖြစ်သော်လည်း သင့်လျော်သော အရည်အချင်းနှင့်ပြည့်မီ သူတို့သည်သာ ကျင့်သုံးရန်ဖြစ်၏။ ထို့ ကြောင့် တပည့်သာဝကဖြစ်သူ၏ စိတ်ဓာတ်နှင့် စေတနာ မှန်မမှန် ဆရာအရှင်တို့ က စစ်ဆေးပြီးမှ တန္တရကျင့်စဉ်ကို ကျင့်သုံးခွင့်ပြုလေ့ရှိ၏။ တန္တရကျင့်စဉ်ကို လက်ခံကျင့်သုံးမည့် တပည့်သာဝကသည် မိမိဓမ္မတရားကို မည်သူ့ကိုမှ ပွင့်လင်းစွာ မထုတ်ဖော်ဘဲ လျှို့ဝှက်ထားရန် ကတိကဝတ်(သမယ) ပြုထားရသည့်အပြင် ဆရာ ထံသို့ အပ်နှံထားသော သမယကို ချိုးဖောက်မှုသည် အလွန်အပြစ်ကြီးပြီး သာမန် ငရဲထက် အဆပေါင်းများစွာ ပြင်းထန်ဆိုးရွားသော ဝဇီရငရဲတွင် ကျရောက် ခံစားရ မည်ဟု ယုံကြည်ကြလေသည်။

ဝဇီရယာနဗုဒ္ဓဘာသာအလိုအရ ဓမ္မဘိသိက် ခံယူသောအခါတွင် အခြေခံလို အပ်သော သရဏဂုံဆောက်တည်မှုနှင့် ကတိကဝတ် (သမယ)တို့ကို ဆရာအရှင်ထံမှ ခံယူရ၏။ ထို့နောက် သက်ဆိုင်ရာ ဒေဝတာမဏ္ဍလတို့နှင့် သာဝကကို မိတ်ဆက် ပေး၏။ မဏ္ဍလ၏ ဖွဲ့စည်းတည်ဆောက်ပုံကို အသေးစိတ်ရှင်းပြ၍ သင်္ကေတများ ၏ အနှက်အဓိပ္ပာယ်ကို ဖွင့်ဆိုပြ၏။ ထို့နောက် ဗောဓိဉာဏ်၏ သင်္ကေတဖြစ်သော ကုရုမြို့က်ပင်ကို ပေးအပ်၏။ လုပ်ငန်းစဉ်တစ်ခုလုံးတွင် သာဝက၏ မျက်လုံးတို့ကို ပိတ်စနီဖြင့် စည်းနှောင်ထားပြီး နောက်ဆုံးမှ ပကတိ မဏ္ဍလ၏ ပုံသွင်ကို မြင်နိုင်စေ ရန် ဖွင့်ပြလေ့ရှိ၏။ အခြေခံ တန္တရကျင့်စဉ်များအတွက် အောက်ပါအဘိသေကများ ကို ဆောင်ရွက်ကြရ၏။

(၁) **ရေဖြန်းဘိသိက်** (Water Initiation) တွင် မိမိနှင့် သက်ဆိုင်သော ပဌာန်းဆက်ရှိသော ဒေဝတာ ကို ပန်းပစ်ချ၍ ရွေးချယ်ရ၏။ ထို့နောက် ရေဖြင့် ကိုယ်ခန္ဓာကို သွန်းဖြန်းသန့်စင်စေ၏။

(၂) **မကိုဋ်ဆောင်းဘိသိက်** (Crown Initiation) တွင် စျာနဗုဒ္ဓ ပုံတော်များ ဗောဓိသတ္တပုံတော်များ ရေးဆွဲထားသော မကိုဋ်ဦးသရဖူကို သာဝကဖြစ် သူအား ဆောင်းပေး၏။

(၃) **ပုဝါချည် ဘိသိက်** (Ribbon Initiation) တွင် ပုဝါကို ဦးခေါင်းတွင် စည်းပေးပြီး သာဝက၏ ဝစီကံကို သန့်စင်စေ၏။

(၄) **ခေါင်းလောင်းဘိသိက်** (Vajra Bell Initiation) တွင် ခေါင်းလောင်းငယ်၏ အသံဖြင့် သာဝကု၏ မနောကံကို သန့်စင်စေ၏။

(၅) **အမည်ပေးဘိသိက်** (Name Initiation) တွင် သာဝကု၏ ဓမ္မအမည်ကို အပ်နှင်း၍ ကမ္မအမှုကိစ္စတို့ကို သန့်စင်စေ၏။

(၆) **ဝဇိရဂုရုဘိသိက်** (Vajra Master Initiation) တွင် သာဝကကို အလားတူ ဘိသိက်မျိုး အခြားသူများကို ထပ်ဆင့် ဘိသိက်ဆောင်ပေး နိုင်ရန် ဆောင်ရွက်ခွင့်ကို အပ်နှင်းပေး၏။[၆၁]

ကိရိယတန္တရ (Action Tantra)

ဝဇိရယာနဗုဒ္ဓဘာသာ၏ တန္တရကျင့်စဉ်တွင် အဆင့်လေးဆင့်ရှိပြီး ၄င်းတို့ကို လို အပ်ချက်အရ သီးခြားစီလည်း လေ့ကျင့်နိုင်သလို တစ်ဆင့်ပြီးတစ်ဆင့်လည်း လေ့ကျင့်နိုင်လေသည်။ ၄င်းတန္တရအဆင့်များမှာ (၁) ကိရိယတန္တရ (၂) စရိယတန္တရ (၃) ယောဂတန္တရနှင့် (၄) အနုတ္တရယောဂ တန္တရတို့ ဖြစ်ကြလေသည်။

၄င်းတို့အနက် ကိရိယတန္တရကို ပြင်ပ ဘာသာရေး အစီအရင် ထုံးစံများဖြင့် စိတ်ဝင်စားသူများအတွက် ရည်ရွယ်ထားသည်ကို တွေ့ရ၏။ အချို့သူများမှာ တွေးခေါ်စဉ်းစားဆင်ခြင်ဉာဏ်နှင့် အသိပညာ အားနည်းသော်လည်း ဘာသာရေး ကျင့်ဝတ်များကို ယုံကြည်စွာ လိုက်နာလိုသူများအတွက် ကိရိယတန္တရသည် အသုံးဝင်သော ကျင့်စဉ်ဖြစ်သလို အဆင့်မြင့်တန္တရ ယောဂကျင့်စဉ်များအတွက်လည်း အခြေခံဖြစ်စေ၏။ ကိရိယယောဂသည် ပြင်ပ ဘာသာရေး အစီအရင် ထုံးစံများဖြင့် မိမိ၏ ကာယကံ ဝစီကံကို ဖြူစင်သန့်ရှင်းအောင် လုပ်ဆောင်သည့် ကျင့်စဉ်ဖြစ်ပြီး ဤကျင့်စဉ်တွင် မိမိကိုယ်ကို ဒေဝတာ၏ အစေခံအဖြစ် သဘောထားပြီး ကျိုးနွံစွာ ဝတ်ပြု ပူဇော်ခြင်း ပြုလုပ်ဆောင်ရွက်ရ၏။ ရုပ်ပွား ဆင်းတုတော်များကို ပူဇော်ပသခြင်း မိမိကိုယ်ကို သန့်စင်အောင် ရေချိုးခြင်း စသော ဆောင်ရွက်မှုများသည် ကိရိယတန္တရတွင် အကြိုးဝင်နေပါသည်။[၆၂]

မန္တန်(မန္တရ)များ ရွတ်ပွား သရဏျာယ်ခြင်း

မန္တန် (မန္တရ) များသည် ဝဇိရယာနဗုဒ္ဓဘာသာတွင် အရေးပါသော အခန်းကဏ္ဍမှ

၆၁။ Geshe Tashi Tsering, *Tantra: The Foundation of Buddhist Thought-Vol 6* (2012), Wisdom Publications. P-30-41

၆၂။ Geshe Tashi Tsering, *Tantra: The Foundation of Buddhist Thought-Vol 6* (2012), Wisdom Publications. P-61

ပါဝင်နေ၏။ စျာန်ဗုဒ္ဓများ ဗောဓိသတ္တများ ဒါကိနီများ ကို ပင့်ဖိတ်ထုတ်ဖော်ရန် အတွက် မန္တန်တို့ကို အသုံးချကြ၏။ ယောဂီသည် သက်ဆိုင်ရာ မန္တန်တစ်ခုကို အထပ်ထပ်အဖန်ဖန် ရွတ်ဆိုခြင်းအားဖြင့် မိမိနှင့် ဒေဝတာတို့ အကြား လေးနက်ခိုင်မာ သော ဆက်သွယ်မှု တစ်ရပ်ကို ဖြစ်ထွန်းစေ၏။ မန္တန်က ကိုယ်စားပြုထားသော ဒေဝတာ၏ ဂုဏ်တော်များကိုလည်း မိမိသန္တန်တွင် ထင်ရှားစေပြီး ဖြစ်စေနိုင်၏။ ဥပမာ အဝလောကိလေသွာရ ဗောဓိသတ္တ၏ မန္တန် ဥုမ် မဏိ ပဒ္မေ ဟုမ်ကို အဖန်ဖန် ရွတ်ဆိုခြင်းအားဖြင့် ယင်းဗောဓိသတ္တ၏ ဝေနေယျသတ္တဝါတို့အပေါ် မခွဲခြားဘဲ ထားရှိအပ်သော မဟာကရုဏာဓာတ်စွမ်းအင်ကို မိမိသန္တန်တွင် ဖော် ထုတ်ရာ ရောက်နိုင်လေသည်။

ဥုမ် မဏိ ပဒ္မေ ဟုမ် ၏ အနက်ဖွင့်ဆိုချက်ကို ဒလိုင်းလားမား အရှင်သူ မြတ်က ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့၏။ ဥုမ် ဟူသော အသံသည် ဗုဒ္ဓ၏ ဓမ္မကာယ သမ္ဘောဂကာယ နိမ္မာနကာယ စသော ကာယသုံးပါးကို ကိုယ်စားပြု၏။ မဏိ (ကျောက်မျက်ရတနာ) ဟူသည်မှာ ကရုဏာတရား၏ ကိုယ်စားပြုသကေ်တဖြစ်၏။ ကျောက်မျက်ရတနာသည် ဆင်းရဲမွဲတေခြင်းကို ပယ်ဖျောက်နိုင်သကဲ့သို့ ကရုဏာ တရားသည်လည်း ဝေနေယျသတ္တဝါတို့၏ ဆင်းရဲဒုက္ခဟူသမျှတို့ကို ပယ်ဖျောက် ပေးတတ်၏။ ပဒ္မေ (ကြာပန်း) ဟူသည်မှာ ဉာဏ်ပညာကို ကိုယ်စားပြု၏။ ကြာပန်းတို့မည်သည် နုန်းနှံ့ အညစ်အကြေးကို အခြေခံ၍ ပေါက်ဖွားလာဘိသကဲ့သို့ ပညာဉာဏ်သည် လောကီသံသရာကို အခြေခံ၍ ဖြစ်ပေါ်ရစမြဲ ဖြစ်လေသည်။ ဟုမ် ဟူသော အဆုံးသတ်အသံ သည်ကား ပညာကြာပန်းနှင့် ကရုဏာ ရတနာတို့ နှစ်ခုမပြား တစ်သားတည်း ပေါင်းစည်းနေမှုကို သရုပ်ဖော်သလို အဆုံးတိုင်ပြီး မြောက်ခြင်း၏ သကေ်တလည်း ဖြစ်၏။ ထို့ကြောင့် ဥုမ် မဏိ ပဒ္မေ ဟုမ်ကို ရွတ်ဖွားခြင်းအားဖြင့် မိမိ၏ ညစ်ထေးသော ကာယကံ ဝစီကံ မနောကံတို့ကို ဗုဒ္ဓ၏ ဓမ္မကာယ သမ္ဘောဂကာယ နိမ္မာနကာယ စသော ကာယသုံးပါးအဖြစ် သန့်စင်အောင် ပြောင်းလဲပေးရန်ဖြစ်သည်ဟု ဒလိုင်းလားမားက ဖွင့်ဆိုပါသည်။

သို့သော်လည်း တိဗက်ဗုဒ္ဓစာပေပညာရှင် ဒေးဗစ်စနဲလ်ဂရဗ်ကမူ မန္တန်များ တွင် ဤသို့ ဖွင့်ဆိုနိုင်သော အဓိပ္ပာယ်များ မရှိကြောင်းဆို၏။ မန္တန်တစ်ခုသည် သီးခြားသဘောဆောင်သော အသံဆိုင်ရာ ဖွဲ့စည်းမှုသက်သက် ဖြစ်ပြီး သက်ဆိုင်ရာ ဓမ္မကျင့်စဉ်တစ်ခုခု၏ ဘောင်ထဲတွင်သာ အနက်အဓိပ္ပာယ်ရှိနိုင်ပြီး ယေဘုယျ အနက်သဘောများ မရှိနိုင်ကြောင်း ဆိုထားပါသည်။ ကာလုရင်ပိုချီ ကမူ မန္တန်ဟူသည် အသံစွမ်းအင်သက်သက်ဖြစ်ပြီး ၄င်းစွမ်းအင်၏ တရားကိုယ် အနှစ်သာရမှာလည်း

ကိုယ်ပိုင်ဂုဏ်သတ္တိ လက္ခဏာမရှိသော အတ္တဆိတ်သုဉ်းမှု သုညတာ သဘောပင် ဖြစ်သည်ဟုဆို၏။ မန္တန်ကို ကျင့်ကြံခြင်းအားဖြင့် အသံလောကအပေါ် စွဲလမ်း တပ်မက်မှု မှန်သမျှကို ပယ်ခွာနိုင်ပြီး လွတ်မြောက်စိတ်ကို ဖော်ဆောင်နိုင်ကြောင်း ဆိုပါ၏။

မန္တန် ဟူသော ဝေါဟာရ ကိုယ်တိုင်က မန် = စိတ် + တရ =စောင့်ရှောက်ခြင်းဟု ဆိုခဲ့သောကြောင့် မန္တန်များသည် စိတ်ကို ထိန်းကျောင်း၍ ဘာဝနာတရား၏ ပန်းတိုင်ဖြစ်သော လုံးဝလွတ်မြောက် နိုးကြားခြင်းဆီသို့ ပို့ဆောင်ပေးနိုင်သော ကိရိယာများ ဖြစ်၏။ မန္တန်တို့သည် စိတ်၏ သမာဓိကို ထက်မြက်စေပြီး မစင်ကြယ်သော ခန္ဓာများကို စင်ကြယ်စေနိုင်ပါသည်။ တန္တ္ရ ဗုဒ္ဓဘာသာသည် ဟိန္ဒူ တန္တ္ရတို့ကဲ့သို့ အသံ၏ ပင်ကိုယ်စွမ်းအင် ရှိခြင်းသဘောကို အယုံအကြည်မရှိချေ။ အသံစွမ်းအင်သည် အကြောင်းတရားတို့ဖြင့် ဖန်တီးအပ်သောကြောင့် အနှစ်သားမဲ့သော သုညတာဓမ္မသာလျှင် ဖြစ်၏။ အဆုံးစွန်သော စင်ကြယ်လွတ်မြောက်ရေးအတွက် အသုံးချခံမျှသာ ဖြစ်သည်ဟု ခံယူပါသည်။ မန္တန်၏ အသံစွမ်းအင်သည် ဆိုင်ရာ ဒေဝတာကို ဖော်ထုတ်ပေါ်လွင်စေရာတွင် အသုံးပြု၏။ တန္တ္ရဗုဒ္ဓဘာသာ၏ လောကတွင် **ဝဇီရသတ္တမန္တန်** ဟုခေါ်သည့် အက္ခရာ စာလုံး (၁၀၀) ပါဝင်သည့် မန္တန်သည် အထူးထင်ရှား အသုံးများ၏။ ဝဇီရသတ္တမန္တန်သည် ယောဂီ၏ အတိတ်က အပြစ်ကြွေးများ အကုသိုလ်ကံမျိုးစေ့များကို ဖျက်ဆီးနိုင်ပြီး တန္တ္ရသမယကိုလည်း ပိုမို၍ ခိုင်မာ အားကောင်းစေသည်ဟု ဆိုပါသည်။ အဆိုပါ မန္တန်များကို အကြိမ်ရေ သိန်းသန်းချီအောင် ရွတ်ပွား သရဇ္ဈာယ်ရသောကြောင့် မန္တန်ဖြင့် ကြိုတင်ပြင်ဆင်မှု (နန်ဒရိကျင့်စဉ်) သည် အများအားဖြင့် ဆယ်စုနှစ်တစ်ခုစာမကလည်း ကြာမြင့်နေတတ်၏။ မန္တန်ရွတ်ဆိုမှုနှင့် တွဲဖက်၍ **ကိုယ်ခန္ဓာတစ်ခုလုံး ဝပ်တွားလျက် နဖူးမြေကျ ဦးခိုက် ပူဇော်ခြင်း** (Full Body Prostration) ကိုလည်း အကြိမ်ရေ သိန်းချီ၍ ကျင့်ကြံပွားများကြသည်ကို တွေ့ရ၏။

မဏ္ဍလများဖြင့် ပူဇော်ခြင်း

မဏ္ဍလ ဟူသော ဝေါဟာရစကားလုံးသည် အဝန်းအဝိုင်း ဟူသော အနက်အဓိပ္ပာယ် ရှိ၏။ ပကတိ စက်ဝိုင်းသဏ္ဌာန်ကို ခေါ်ဆိုနိုင်သလို မိမိ၏ ပတ်ဝန်းကျင် အဝန်းအဝိုင်း ဟူသော အနက်ကိုလည်း ရည်ညွှန်းပါသည်။ အမှတ်စင်စစ်အားဖြင့် မဏ္ဍလသည် စျာနိဗုဒ္ဓနှင့် ဗောဓိသတ္တတို့၏ မြင့်မြတ်သန့်စင်သော စိုးစံရာဘုံနန်း (sacred celestial palace)ကို ဖော်ကျူးထားသော ရုပ်ပုံလွှာများဖြစ်၏။ ထို့ကြောင့် မဏ္ဍလ

များတွင် ဆိုင်ရာ ဗျာနိဗုဒ္ဓနှင့် ဗောဓိသတ္တာတို့၏ မြင့်မြတ် သန့်စင်သော ဂုဏ်အင်လက္ခဏာများ ကိန်းဝပ်တည်ရှိနေကြသည်ဟု ဆိုသည်။ ဒလိုင်းလားမား၏အလိုအရ မဏ္ဍာလများကို အာရုံပြု၍ ဘာဝနာပွားများခြင်းသည် အလွန်ကြီးမားသော အကျိုးကို ဖြစ်ပေါ်စေနိုင်ပြီး ကိလေသာအညစ်အကြေးများကို သန့်စင်စေရာတွင် အထောက်အကူ ဖြစ်စေနိုင်သည်ဟု ဆိုပါသည်။

တိဗက်ဗုဒ္ဓဘာသာ၏ အလိုအရ သဗ္ဗညုတဉာဏ်ကို ပိတ်ဆို့တားဆီးစေသော အရာများမှာ ကိလေသာရဝဏတရားများနှင့် ညေယျဝရဏတရားများ ဖြစ်ကြလေသည်။ မဏ္ဍာလသည် ထိုအတားအဆီးများကို ကျော်လွှား အောင်မြင် နိုးကြားသန့်စင်ပြီးသော စိတ်ကို ကိုယ်စားပြုထားသော သင်္ကေတဖြစ်သောကြောင့် မဏ္ဍာလကို အာရုံပြု ဘာဝနာပွားခြင်းသည် မိမိ၏ အဆုံးစွန်သောပန်းတိုင်ကို အာရုံပြု ဘာဝနာပွားနေခြင်းပင်ဖြစ်၏။

မဏ္ဍာလများ၏ ယေဘုယျအသွင်သဏ္ဌာန်သည် အလယ်ဗဟိုတွင် ဗျာနိဗုဒ္ဓနှင့် ဗောဓိသတ္တာတို့ ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋီတိုက် စက်ဝိုင်းရှိပြီး ၄င်းစက်ဝိုင်းကို စက်ဝိုင်းများ အထပ်ထပ် ရုစ်ပတ်ထား၏။ စက်ဝိုင်းအလွှာတိုင်းတွင်လည်း တွဲဖက်ပါဝင်ရသော ဒေဝတာများ ဒါကိနီများကို ဖော်ပြထား၏။ စက်ဝိုင်း အဆင့်ဆင့်ကို လေးထောင့်စတုရန်း နံရံက ပတ်ခွေကာရံထားပြီး စတုရန်း၏ အရှေ့ အနောက်တောင် မြောက် အရပ်မျက်နှာလေးဖက်စီတွင် မုခ်တံခါးများ ရှိကြ၏။ ထိုမုခ်တံခါးများကို ဖြတ်သွားရသော လမ်းများသည် အလယ်ဗဟိုမှ ဂန္ဓကုဋီတိုက်သို့ ဦးတည်ထားကြသည်ကို တွေ့ရ၏။ စတုရန်းနံရံများ၏ အပြင်ဖက်တွင် ကြီးမားသော စက်ဝန်းကြီးကို အနားသတ် နယ်နိမိတ်အဖြစ် ရေးဆွဲထားပြီး မီးလျှံဖြင့် အတိုပြီးသော နံရံ၏သဏ္ဌာန် ရေးဆွဲထားသည်ကို မြင်တွေ့နိုင်၏။ မဏ္ဍာလများ၏ ယေဘုယျအသွင်သဏ္ဌာန်သည် အလယ်ခေတ်အိန္ဒိယပြည်မှ ဘုရားကျောင်းများ၏ အခြေခံကို ယူထားသည်ဟု ဆိုကြသလို အချို့ပညာရှင်တို့ကလည်း ဘုရင်ဧကရာဇ်တို့၏ နန်းဆောင်များကို ပုံပမာယူ ရေးဆွဲထားသည်ဟု ဆိုကြ၏။ အချို့ ပညာရှင်တို့၏ အလိုအရမူ မဏ္ဍာလ သည် စကြဝဠာတည်နေပုံကို အခြေပြုသည်ဟုဆိုကြပြန်၏။

မဏ္ဍာလတို့သည် သုံးဘက်မြင် အဆောက်အဦတစ်ခု (three-dimensional structure) ကို အပေါ်စီးက ကြည့်မြင်ဟန်ဖြင့် ရေးဆွဲထားခြင်းဖြစ်၏။ နံရံများ မုခ်ဦးတံခါးများကို အချပ်လိုက် လှဲချထား၍ မြင်တွေ့ရသောနှစ်ဖက်တိုင်း ပမာဏပုံ (two-dimensional form) ဖြင့် ပုံဖော်ထားသည်ကို တွေ့နိုင်၏။ မဏ္ဍာလ၏ ဖွဲ့စည်းမှုသည် ဓမ္မနှင့်သက်ဆိုင်သော သင်္ကေတများကို ထည့်သွင်းဖော်ပြထားပြီး

တစ်ခါတစ်ရံ ဒေဝတာတို့ကို ကိုယ်စားပြုသော ဗီဇမန္တန်များကို စက်ဝိုင်းပတ်လည်တွင် ရေးထိုးထားသည်ကိုလည်း တွေ့နိုင်၏။ မဏ္ဍာလတစ်ခုလုံးသည် ဆိုင်ရာ ဗျာနိုဗုဒ္ဓ သို့မဟုတ် ဗောဓိသတ္တ၏ ဗုဒ္ဓခေတ် (Buddha-Field) ကို ကိုယ်စားပြု သရုပ်ဖော်ပြီး နိုးကြား လွတ်မြောက်သန့်စင်သောစိတ်၏ ဖန်ဆင်းကွန့်မြူးမှုပင် ဖြစ်လေသည်။ ထို့ကြောင့် ဆေးပင်ဝါးပင်များကို ဘေသဇ္ဇဂုရုဗုဒ္ဓ၏ မဏ္ဍာလတွင် မြင်ရသလို ကျမ်းဂန် စာပေလေ့လာမှုနှင့် သက်ဆိုင်သော အထိမ်းအမှတ်သင်္ကေတများကို မဉ္ဇု သိရီဗောဓိသတ္တ၏ မဏ္ဍာလတွင် တွေ့နိုင်ပေသည်။

တန္တရယောဂ ဘာဝနာပွားသူ ယောဂီသည် မဏ္ဍာလ ရုပ်ပုံလွှာကို မိမိစိတ်သန္တာန်တွင် ဖန်ဆင်းသည့်အခါ ဗျာနိဗုဒ္ဓများနှင့် ဒေဝတာများ ဗောဓိသတ္တများကို အဟုတ်အမှန်တကယ် ရှိနေသော အရှိတရားစစ်စစ်များ အဖြစ်မယူဆဘဲ စိတ်ဖန်ရုပ်သွင်များအဖြစ်သာ ရှုမြင်ရန်လိုအပ်၏။ ၄င်းတို့သည်လည်း သိစိတ်၏ အတွေ့အကြုံ အာရုံလောကအတွင်းရှိ အခြား အရာဝတ္ထုများနည်းတူ အတွင်းအနှစ်သားအမာခံဒြပ် အရှိတရား ကင်းဆိတ်နေသော သုညတာဓမ္မများသာ ဖြစ်လေသည်။ ဗျာနိဗုဒ္ဓများနှင့် ဒေဝတာများ ဗောဓိသတ္တများသည် မိမိစိတ်စွမ်းအင်ဖြင့် ဖန်တီးသော မိမိစိတ်၏ မြင့်မြတ်သော ဂုဏ်လက္ခဏာများ အရည်အသွေးများကို ကိုယ်စားပြုသည့် သက်ဝင်သင်္ကေတများသာ ဖြစ်သည်ကို သိရှိနေရန် လိုပါသည်။ ထို့အတူ ကြမ်းတမ်းသော မာန်ပြင်းဒေဝတာများ ဓမ္မပါလက ဘီလူးရက္ခိုသ်များသည် မိမိစိတ်၏ ခက်ထန် ကြမ်းတမ်းသော ဂုဏ်လက္ခဏာများ အရည်အသွေးများကို ကိုယ်စားပြုသည့် သက်ဝင်သင်္ကေတများသာ ဖြစ်ကြောင်းကိုလည်း သတိမူအပ်၏။

ဤနည်းအားဖြင့် မဏ္ဍာလသည် လူသား၏ ကိုယ်တွင်းစကြဝဠာနှင့် ပြင်ပစကြဝဠာတို့၏ ထပ်တူဖြစ်မှု ဆက်နွယ်မှုတို့ကို ကိုယ်စားပြုထားသော ရုပ်ပုံကားချပ်များ ဖြစ်လာလေသည်။ မဏ္ဍာလများကို ပိတ်စများ နံရံများပေါ်တွင် ရေးဆွဲကြသလို အရောင်ဆိုးထားသော သဲဖြင့် ပြုလုပ်ထားသည့် သဲမဏ္ဍာလများလည်း ရှိလေသည်။ အသုံးပြုရန် လိုအပ်သော အကြောင်းအရာကို မူတည်၍ မဏ္ဍာလများကို ဖန်တီးကြ၏။ တန္တရ အဘိသေကပွဲများတွင် သဲမဏ္ဍာလကို သုံးလေ့ရှိပြီး ဘာဝနာပွားရန် အထောက်အကူအဖြစ် အဝတ်စပေါ်တွင် မဏ္ဍာလပုံများကို ရေးဆွဲ၍ သုံးစွဲကြသည်ကို တွေ့ရ၏။ မဏ္ဍာလကို သုံးဖက်မြင် အဆောက်အဦသဏ္ဌာန် ဆောက်လုပ်၍ ဓမ္မဘိသိက်ပွဲသဘင်များကို ကျင်းပလေ့ရှိကြပါသည်။

ကိရိယာ တန္တရကို ပွားများသူ ယောဂီသည် အလွန်ကြီးမား အားကောင်းသော မှတ်ဉာဏ်ရှိရန်လိုအပ်ပြီး မိမိမှတ်သားထားသော မဏ္ဍာလ၏ အခြင်းအရာများကို စိတ်အာရုံပြင်ပေါ်တွင် အသေးစိတ် ပုံဖော်ရှုမြင်နိုင်ရန်လို၏။ ကာလစက္ကမဏ္ဍာလ

ကဲ့သို့သော မဏ္ဍာလမျိုးတွင် ယောဂီသည် မုန်ညင်းစေ့ခန့် သေးငယ်သော နေရာအာကာသတွင် (၇၇၂) ပါးသော ဒေဝတာတို့ကို ပြတ်သားထင်လင်းစွာ ရုပ်သွင်ဖော်ဆောင်ရွမြင်နိုင်အောင်ပင် လေ့ကျင့်ရ၏။ ထိုသို့ စိတ်ကူးအာရုံဖြင့် ဖော်ဆောင်ပြီးသော စိတ်ဖန်ရုပ်သွင်မဏ္ဍာလ (Visualized Mandala) ကို မိမိ၏ ဆရာဂုရုထံသို့ စိတ်အာရုံဖြင့် ဆက်ကပ်ပူဇော်ရပါသည်။

မုဒြာ (Mudra)

တန္တရယောဂနှင့် ပတ်သက်၍ တင်ပြရာတွင် မုဒြာဟုခေါ်ဆိုသော လက်ဟန်မူရာအနေအထားများအကြောင်း မပါလျှင် ပြီးပြည့်စုံနိုင်မည် မဟုတ်ပေ။ တန္တရယောဂသည် ယောဂီ၏ ကိုယ်နှုတ်စိတ်နှလုံး သုံးပါးစလုံးကို ဒေဝတာ၏ ကိုယ်နှုတ်နှလုံးများအဖြစ်သို့ အသွင်ပြောင်းရယူသော ကျင့်စဉ်ဖြစ်၏။ မန္တန်သည် ဒေဝတာ၏ ဝစီကံစွမ်းအင်ကို ကိုယ်စားပြု၏။ မဏ္ဍာလသည် ဒေဝတာကို စိတ်ဖန်ရုပ်သွင်အဖြစ် ပုံဖော်သောကြောင့် မနောကံ၏ နယ်မြေဖြစ်သည်။ မုဒြာဟု ခေါ်ဆိုသော လက်ဟန်မူရာ အနေအထားများမှာမူ ဒေဝတာ၏ ကာယကံနယ်ပယ်ကို ကိုယ်စားပြုထား၏။ တန္တရယောဂီသည် မုဒြာမန္တဝန်နှင့် မဏ္ဍာလတို့ကို အချိတ်အဆက် မိမိ တွဲဖက်ကျင့်သုံးနိုင်ခြင်းအားဖြင့် မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံ စွမ်းအားတို့ကို ဒေဝတာ၏ ကာယကံ၊ ဝစီကံ၊ မနောကံများအဖြစ် သို့ အသွင်ပြောင်းယူနိုင်သည်ဟုဆို၏။

ခေတ်သစ်ဇီဝသိပ္ပံပညာ၏ တွေ့ရှိချက်ကဲ့သို့ပင် တန္တယောဂကလည်း လက်၏ အရေးပါပုံနှင့် အာရုံခံစားမှုများ ကျယ်ပြန့်စွာ ရှိနေပုံကို လက်ခံထား၏။ လက်ချောင်းတစ်ချောင်းစီနှင့် သက်ဆိုင်သော ချက္ကရစွမ်းအင်များရှိသလို လက်ဖဝါးတွင်ရှိသော နေရာအစိတ်အပိုင်းများ၏ သက်ဆိုင်ရာ ချက္ကရနှင့် နဒီစွမ်းအင်စုစည်းချက်များကိုလည်း လက်ခံယူဆထား၏။ ထို့ကြောင့် မုဒြာဟုခေါ်ဆိုသော လက်ဟန်မူအရာအနေအထားများသည် မိမိ၏အတွင်းစိတ်အခြေအနေကို ဖော်ပြနိုင်သော အသွင်သဏ္ဌာန်များဖြစ်သလို မိမိရရှိလိုသော စိတ်အခြေအနေအဆင့်အတန်းအတွက် ကိုယ်စားပြုနေသော ပြယုဂ်များဖြစ်လေသည်။ ဥပမာ လူ့သဘာဝအရ ဒေါသထွက်သည့်အခါ စိတ်ဆိုးသည့်အခါ အံကြိတ်၍ လက်သီးဆုပ်သည်ဟု ဆိုကြပါစို့။ ဤအခြေအနေတွင် ဆုပ်ထားသော လက်သီး (မုဒြာ) သည် ဒေါသစိတ် (အတွင်းစိတ် အခြေအနေ) ကို ကိုယ်စားပြုနေလေသည်။ ထို့ကြောင့် ဒေါသမထွက်သော သူတစ်ယောက်သည်ပင် အံကြိတ်၍ လက်သီးဆုပ်ကာ မုဒြာအနေအထားကို ထပ်ဖန်တလဲလဲ ကျင့်ကြံပါက ဒေါသထွက်နေသော စိတ်အခြေအနေကို ဖန်တီးနိုင်ပေလိမ့်မည်။ ထိုနည်းတူစွာ

အဘယမုဒြာဟုခေါ်ဆိုသည့် ညာဖက်လက်ဝါးကို ဖြန့်၍ မတ်မတ်ထောင်ထားသော လက်ဟန်သည် အတွင်းစိတ်၌ ကြောက်ရွံ့မှုကင်း ရဲရင့်ခြင်းသဘောကို ထပ်ဟပ်ပြသနေသော လက်ဟန်အမူအရာဖြစ်သောကြောင့် ဤမုဒြာကို စွဲမြဲစွာ ကျင့်သုံးသည့် ယောဂီသည်လည်း မိမိ၏ အတွင်းစိတ်သန္တာန်တွင် ရဲရင့်စိတ်ကို ဖန်တီးမွေးမြူနိုင်ပေလိမ့်မည် ဖြစ်၏။ ယောဂီဖြစ်သူသည် ဒေဝတာ၏ အတွင်းအနှစ်သာရကို ဖော်ပြသော သက်ဆိုင်ရာ မုဒြာများကို မနှန်ရွတ်ခြင်း မဏ္ဍာလ အာရုံပြုခြင်းတို့ဖြင့် တွဲဖက်ကျင့်ကြံသောအခါတွင် ဒေဝတာ၏ သဘာဝအတိုင်း မိမိ၏သန္တာန်တွင် ဖြစ်ပေါ်လာစေ၏။

အောက်ပါဇယားတွင် ဖော်ပြထားသော မုဒြာလက်ဟန်များနှင့် ၄င်းတို့က ဖော်ပြသော အနက်အဓိပ္ပာယ်များကို လေ့လာကြည့်လျှင် မုဒြာနှင့် စိတ်၏ ဆက်စပ်မှုကို နားလည်သိမြင်နိုင်ပါ၏။

မုဒြာအမည်	လက်ဟန်အမူအရာ	အနက်အဓိပ္ပာယ်
အဘယမုဒြာ	ညာဖက်လက်ဝါးကို ဖြန့်၍ မတ်မတ်ထောင်ထားပြီး အပြင်ဖက်သို့ လက်ဖဝါး လှည့်ထားသော ဟန်	ကြောက်ခြင်းကင်းမှု
ဘူမိဖဿမုဒြာ	ညာဖက်လက်ခုံကို မှောက်လျက် အနေအထားဖြင့် လက်ခလယ်က မြေကြီးကို ထိတွေ့ထားသည့် ဟန်	မာရ်နတ်ကို အောင်မြင်ခြင်း
ဈာနမုဒြာ	ပက်လက်လှန်ထားသော ညာဖက်လက်ဖဝါးပေါ်တွင် ဘယ်ဖက်လက်ဖဝါးကို ထပ်တင် ၍ လက်မချင်း ထိထားသော ဟန်	စိတ်၏တည်ကြည် စူးစိုက်မှု
ဝိတက္ကမုဒြာ	ညာဖက်လက်ဝါးကို ဖြန့်၍ မတ်မတ်ထောင်ထားပြီး လက်ညိုးကို ကွေး၍ လက်မနှင့် ထိထားသောဟန်	တွေးခေါ်သုံးသပ်ခြင်း
ဉာဏမုဒြာ	လက်ညိုးကို ကွေး၍ လက်မနှင့်ထိထားပြီး လက်ဖဝါးဖက်ကို အပေါ်သို့လှန်ထားဟန်	သစ္စာတရားကို သိမြင်ခြင်းသဘော

မုဒြာအမည်	လက်ဟန်အမူအရာ	အနက်အဓိပ္ပာယ်
ဝရဒမုဒြာ	ညာဖက်လက်ဝါးကို ဖြန့်၍ အောက်စိုက် ချထားပြီး အပြင်ဖက်သို့ လက်ဖဝါးလှည့် ထားသော ဟန်	ဆုပေးခြင်းသဘော
နမက္ကာရမုဒြာ	လက်ဖဝါးနှစ်ဖက်ကို ထိကပ်၍ လက် ချောင်းများအပေါ်သို့ ထောင်ထားသည့် ဟန်	ပူဇော်လေးမြတ်ပြုခြင်း
တဇ္ဇနီမုဒြာ	လက်ညိုးကိုဆန့်လျက် ကျန်လက်ချောင်း များကို လက်မဖြင့် ဖိထားဟန်	ခြောက်လှန့်စေခြင်း
ကရဏမုဒြာ	လက်ခလယ်နှင့် လက်သူကြွယ်တို့ကို လက်မဖြင့် ဖိထားဟန်	ပါပအမိုက်တရားတို့ကို နှင်ထုတ်ခြင်း
ဓမ္မစက္ကမုဒြာ	ညာဖက်လက်ဝါးကို ဖြန့်၍ မတ်မတ် ထောင်ထားပြီး လက်ညိုးကိုကွေး၍ လက်မနှင့် ထိထားသလို ဘယ်ဖက်လက် ဖဝါးကို ပက်လက်လှန်၍ လက်ညိုးကို ကွေး၍ လက်မနှင့် ထိထားပြီး ထို လက်မ လက်ညိုးကွင်းနှစ်ခုကို ထိကပ် ထားသည့် ဟန်	ဓမ္မဒေသနာများ ဟောကြားခြင်း
ဘူတဒမာရမုဒြာ	လက်နှစ်ဖက်စလုံးကို လက်သူကြွယ်ကို ခေါက်၍ လက်မဖြင့် ဖိထားပြီးလျှင် လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တွင် ကြက် ခြေခတ်ထားဟန်	ပြင်ပရန် ကာကွယ် တားဆီးခြင်း
ဥတ္တရဗောဓိမုဒြာ	လက်မနှင့် လက်ညိုးမှအပ လက်နှစ်ဖက် စလုံး၏ လက်ချောင်းများကို ယှက်ဖွဲ့ ပူးကပ်ထားပြီး လက်ညိုးနှစ်ချောင်းကို အဖြောင့်အတိုင်း မတ်မတ်ထောင်၍ ပူးကပ်ထားဟန်	အမြတ်ဆုံးသော ဗောဓိဉာဏ် နိုးကြားမှု

မုဒ္ဒြာအမည်	လက်ဟန်အမူအရာ	အနက်အဓိပ္ပာယ်
ယောနိမုဒ္ဒြာ	လက်နှစ်ဖက်စလုံး၏ လက်မနှင့်လက်ညိုးများကို ထိကပ်လျက် သံလျက် သဏ္ဌာန် ပြုလုပ်ကာ အောက်သို့စိုက်ထားဟန်	မဓာတ်စွမ်းအင်ကို လှုံ့ဆော်ခြင်း
ခေပနမုဒ္ဒြာ	ဥတ္တရဗောဓိမုဒ္ဒြာအတိုင်း ပြုလုပ်၍ လက်ညိုးများကို အောက်သို့ စိုက်ချထားသော လက်ဟန်	ဗောဓိဉာဏ်အမြိုက်ရည်ကို ဖြည့်ဆည်းပေးခြင်း
မုကုလမုဒ္ဒြာ	လက်ချောင်းအားလုံးတို့၏ ထိပ်ကို စုစည်း၍ ကြာဖူးသဏ္ဌာန်ဖြစ်စေခြင်း	အသစ် မွေးဖွားခြင်း စတင်ခြင်း
သန်းမုဒ္ဒြာ	လက်ဝဲလက်မကို လက်ယာလက်ချောင်းများက ဖုံးအုပ်ဆုပ်ကိုင်ထားချိန်တွင် လက်ဝဲလက်ညိုးကို လက်ယာလက်မဖြင့် ထိကပ်ထားကာ ခရာသင်းသဏ္ဌာန် ပြုလုပ်ခြင်း	ဘုန်းကျက်သရေဓာတ်
ကလေသွာရမုဒ္ဒြာ	လက်မနှင့် လက်ခလယ်မှအပ ကျန်လက်ချောင်းတို့ကို ပထမအဆစ်အထိ ခေါက်၍ လက်ခေါက်ချင်းထိကပ်ထားပြီး လက်မနှင့်လက်ခလယ်တို့ကို လက်ထိပ်ချင်း ထိကပ်ထားဟန်	သောက ပူပန်မှုကို အောင်နိုင်ခြင်း သဘော
မဏိဓာရမုဒ္ဒြာ	ရတနာအိုးကို လက်နှစ်ဖက်ဖြင့် ပင့်၍ မထားဟန်	ဓမ္မ၏ ပြည့်စုံကြွယ်ဝခြင်း
ဝဇီရမုခ မုဒ္ဒြာ	လက်ကောက်ဝတ်နှစ်ခုကို ရင်ဘတ်ရှေ့တွင် ကြက်ခြေခတ်လျက်ထား၍ ညာဖက်တွင် ဝဇီရလက်နက် ဘယ်ဖက်တွင် ခေါင်းလောင်းကို ဆုပ်ကိုင်ထားဟန် (လက်ဖမိုး အပြင်ဖက်လှည့်)	ပညာနှင့် ကရုဏာ (ဥပါယ)တို့၏ ပေါင်းစည်းမှုသဘော

မုဒြာအမည်	လက်ဟန်အမူအရာ	အနက်အဓိပ္ပာယ်
ဒွယလောက မုဒြာ	လက်နှစ်ဖက်စလုံး၏ လက်ညိုးကို ကွေး၍ လက်မနှင့် ထိထားပြီး ကျန် လက်ချောင်းများကို တစ်ဖက်ပေါ်တစ် ဖက် တရားထိုင်ဟန်ကဲ့သို့ တပ်ထား သော လက်မလက်ညိုးကွင်းနှစ်ခုကို ထိကပ်ထားသည့် ဟန် (လက်ညိုး နှစ် ချောင်း လက်မ နှစ်ချောင်းထိပ်များ တစ်နေရာတည်းတွင် ဆုံနေရမည်)	သမ္မုတိ သစ္စာနှင့် ပရ မတ္ထသစ္စာတို့ ပေါင်း စည်းမှု

တန္တြရယောဂကျမ်းများ အလိုအရ ဗျာနိဗုဒ္ဓတစ်ဆူစီတွင်လည်း သက်ဆိုင် ရာ မုဒြာ အသီးသီးရှိကြသည်ဟု ဆို၏။ ဝေရောစန ဗျာနိဗုဒ္ဓကို ဓမ္မစက္ကမုဒြာဖြင့် ဖော်ပြ၏။ ရတနသမ္ဘဝ ဗျာနိဗုဒ္ဓကို ဝရဒမုဒြာဖြင့် ဖော်ပြ၏။ အက္ခောဘ ဗျာနိဗုဒ္ဓကို ဘူမိဖဿမုဒြာဖြင့် ဖော်ပြ၏။ အမိတာဘ ဗျာနိဗုဒ္ဓကို ဗျာနမုဒြာဖြင့် ဖော်ပြ၏။ အမောဃသိဒ္ဓိ ဗျာနိဗုဒ္ဓကို အဘယမုဒြာဖြင့် ဖော်ပြ၏။ ထို့အပြင် ညာဖက်လက် ချောင်း ငါးချောင်းကို ဗျာနိဗုဒ္ဓများကို ကိုယ်စားပြုသော သင်္ကေတများအဖြစ် သတ် မှတ်ပြီး ဘယ်ဖက်လက်ချောင်း (၅) ချောင်းကို ဒေဝီများကို ကိုယ်စားပြုသော သင်္ကေတများအဖြစ် ယူဆ၏။ ထိုနည်းတူစွာ လက်နှစ်ဖက်တွင် ညာဖက်လက်ကို ဥပါယ၏ သင်္ကေတ ဘယ်ဖက်လက်ကို ပညာ၏ သင်္ကေတအဖြစ်လည်း သတ်မှတ် ထား၏။ အခြားသော ဒေဝတာများတွင်လည်း မိမိတို့၏ ကိုယ်ပိုင်သင်္ကေတ အမှတ် အသားအဖြစ် မုဒြာများ ကိုယ်စီရှိကြလေ၏။ ဒေဝတာယောဂကို ကျင့်သည့် တန္တြ ရယောဂီသည် မိမိ၏ ဒေဝတာနှင့် သက်ဆိုင်သော မုဒြာများကို အသုံးပြု၍ ဒေဝတာ ယောဂကို ကျင့်ကြံအားထုတ်ရပါသည်။ ကာယက်အနေဖြင့် မုဒြာဟန်ပန်များကို ကျင့်သုံးနေချိန်တွင် ဝစီကံအားဖြင့်ဆိုင်ရာ ဒေဝတာနှင့် ဗျာနိဗုဒ္ဓတို့၏ မန္တြန်များကို ရွတ်ဆိုပူဇော်နေရလေသည်။ မနောကံအားဖြင့်လည်းမဏ္ဍလရုပ်ပုံလွှာများကို စိတ် ဖြင့် ဖန်ဆောင်၍ တစ်ပြိုင်တည်း ဘာဝနာကျင့်ကြံအားထုတ်ရပါသည်။

စရိယတန္တြ (Performance Tantra)

စရိယတန္တြသည် ကိရိယတန္တြကဲ့သို့ပင် ပြင်ပ ဝတ်ပြုပူဇော်ကိုးကွယ် ဆည်းကပ်မှု နှင့် အစေခံမှုတို့ကို ဆက်လက်ပြုလုပ်သော်လည်း မိမိ၏ စိတ်သန္တာန်ကို ဖြူစင်သန့်

ရှင်းအောင် ဘာဝနာဖြင့် တိုက်ချွတ်ဆေးကြောသည့် လုပ်ငန်းကိုလည်း ပူးတွဲလုပ်ကိုင်ခဲ့၏။ ဒေဝတာကို အရှင်သခင် မိမိကိုယ်ကို ကျေးကျွန်အစေခံလို မဆက်ဆံတော့ပဲ မိမိနှင့် ဒေဝတာအကြား တန်းတူရည်တူ မိတ်သဟာယဖွဲ့ခြင်း သဘောမျိုးကို ပြောင်းလဲကျင့်သုံးလာခဲ့လေသည်။ မိမိကိုယ်ကို ဒေဝတာ၏ ရှေ့မှောက်တွင် တည်ရှိနေဟန်ကို စိတ်အာရုံစူးစိုက်ပုံဖော်ပြီး ဒေဝတာနှင့် ညီအကိုရင်းချာသဖွယ် ဆက်ဆံမှုကိုပြုလေသည်။

ဤနေရာတွင် သ-နိမိတ္တယောဂ (Yoga with Sign) နှင့် အ-နိမိတ္တယောဂ (Yoga without Sign) ဟူ၍ အသွင်နှစ်မျိုးရှိနေသည်ကို တွေ့ရ၏။သ-နိမိတ္တယောဂဆိုသည်မှာ ဒေဝတာ၏ ရူပါရုံ သို့မဟုတ် သင်္ကေတတစ်ခုခု အက္ခရာစာလုံး တစ်ခုခုကို အစွဲပြု၍ ဘာဝနာပွားခြင်းဖြစ်၏။ အ-နိမိတ္တယောဂ ဆိုသည်မှာ အဆိုပါ မနော အာရုံများ၏ အတွင်းအနှစ်သား ဆိတ်သုဉ်းနေခြင်း-သုညတာ သဘောကို ဘာဝနာပွားခြင်းဖြစ်၏။ စရိယတန္တရကို အောင်မြင်သူသည် လူသားဘဝ (၇) ဘဝ အတွင်း ဝဇီရဓာရ (ဝိဇ္ဇာဓိရ်) အဖြစ် ရရှိနိုင်ဟု ဆိုပါသည်။

ယောဂတန္တရ (Yoga Tantra)

ယောဂတန္တရ ကျင့်စဉ်တွင် ဘာဝနာပွားသူသည် ဒေဝတာကို အရှင်သခင် မိတ်ဆွေစသည်တို့အနေဖြင့် မရှုမြင်တော့ဘဲ မိမိနှင့် ဒေဝတာတို့ကို တစ်ခုတည်းသော အရှိတရားအဖြစ် ရှုမြင်နိုင်စေရန် ကြိုးပမ်းရသော အဆင့်ဖြစ်၏။ ယောဂီသည် ယောဂတန္တရတွင် မိမိ၏ အတွင်းသန္တာန်ကို အာရုံစိုက်၍ ရှုပွားရန်ဖြစ်၏။ ပထမ အဆင့်အနေဖြင့် ဒေဝတာ၏ အသွင်အပြင်ကို မိမိကိုယ်ခန္ဓာပြင်ပတွင် ပုံဖော်ပြီးမှ မိမိအရှိတရားထဲသို့ ပေါင်းစည်းစေရ၏။

အမြင့်ဆုံး ယောဂတန္တရ ကျင့်စဉ်အပိုင်းတွင် မိမိ၏ ရုပ်နုခန္ဓာတွင်ရှိသော ဗီန္ဒု ပရာဏဓာတ်နှင့် ၄င်းတို့ စီးဆင်းရာ (၇၂၀၀၀) သော နဒီကြောများကို ကိုင်တွယ်၍ အလိုရှိသလို စေစားကျင့်ကြံရန်ဖြစ်၏။ ဘာဝနာပွားသူသည် မိမိကိုယ်ကို ဗုဒ္ဓ၏ စိတ်ဖန်ရုပ်သွင် (နိမ္မာနကာယ) အဖြစ် စိတ်ညွှတ်ဖော်ဆောင်ပြီး ဗုဒ္ဓရှင်တော်တစ်ဆူ၏ ပညာဉာဏ်နှင့် စွမ်းအင်များ ပြည့်ဝနေသည်ဟု ခံယူရန်အချက်သည် ယောဂတန္တရတွင် အရေးပါသော အချက်တစ်ရပ်ဖြစ်၏။ ယောဂတန္တရကို အားထုတ်နေသော ယောဂီသည် အရာခပ်သိမ်းကို အတွင်းအနှစ်သား ဆိတ်သုဉ်းသော အသွင်သဏ္ဌာန်များအဖြစ်သာ ရှုမြင်ပြီး စိတ်ကူးဝိတက်မှ ပညတ်သော အရာများအနေဖြင့် ရှုမြင်ရပေသည်။ မိမိ တွေ့ကြုံသိမြင်သမျှ အရာရာကို ဒေဝတာ၏ မဏ္ဍလအသွင်အဖြစ်သာ ခံယူပြီး ဘာဝနာပွားရ၏။

ယောဂတန္တရတွင်လည်း စရိယတန္တရကျင့်စဉ်ကဲ့သို့ သ-နိမိတ္တယောဂ (Yoga with Sign) နှင့် အ-နိမိတ္တယောဂ (Yoga without Sign) ဟူ၍ အသွင်နှစ်မျိုးရှိပြန်သည်။ သ-နိမိတ္တယောဂကျင့်စဉ်တွင် ဗောဓိညာဏ်နိုးကြားမှု၏ သင်္ကေတ ၅ ပါး ဖြင့် အားထုတ်ရ၏။ (၁) အရှိတရား၏ ပကတိသန့်စင်သောသဘာဝကို ကိုယ်စားပြုနေသော ဝန်းပြည့်လမင်း (၂) ဒေဝတာတို့၏ ဗီဇမန္တန် (၃) ဗုဒ္ဓရှင်တော်တို့၏ သန့်စင်သော စိတ်တော်ကို ကိုယ်စားပြုနေသော ဒေဝတာတို့ ကိုင်စွဲရာ အစီအရင် လက်နက်ကိရိယာများ (၄) ဒေဝတာ၏ ပြီးပြည့်စုံသော မဏ္ဍာလပုံ (၅) ရှင်တော်ဗုဒ္ဓ၏ လွတ်မြောက်ငြိမ်းချမ်းသော စိတ်ကို ကိုယ်စားပြုနေသည့် ပညာပါရမိတာ တရားစသည်တို့ ဖြစ်ကြ၏။

ဒေဝတာကို အထက်တွင်ဖော်ပြပါ ဂုဏ်ရည်များအားဖြင့် အာရုံပြုပုံဖော်ပြီးသောအခါတွင် မိမိအတွင်း အဋ္ဌတ္တ စိတ်သန္တာန်တွင် ဆွဲယူပေါင်းစည်းလိုက်ရန် အတွက် ယောဂတန္တရကျင့်စဉ်က ညွှန်ကြားထား၏။ အနိမိတ္တ-ဘာဝနာ နည်းစနစ်တွင်မူ ပြင်ပလောကမှ သင်္ကေတ ရုပ်ပုံများ အသွင်သဏ္ဌာန်များကို အာရုံမစိုက်ရဘဲ သူ့သဘာဝ အတိုင်းတိုင်း ရှိနေသော အစစ်အမှန်တရား- အရှိတရား (တထတာ) ကို တိုက်ရိုက်အာရုံညွှတ်ထားရန်ဖြစ်၏။ ပေါ်ပေါက်လာသမျှ ဒေဝတာအာရုံတို့သည် တထတာသဘာဝတွင် အလိုလို ပျော်ဝင်ပေါင်းစည်းသွားကြပုံကို အာရုံဝင်စားရန် ဖြစ်၏။ ယောဂတန္တရကျင့်စဉ်ကို အောင်မြင်ပြီးစီးသူသည် အနည်းဆုံး လူသားဘဝ သုံးခုအားဖြင့် ဗောဓိညာဏ်ကို ရရှိနိုင်သည်ဟု ဝဇီရယာန ဗုဒ္ဓဘာသာက ဆိုပါသည်။

အမြင့်ဆုံးယောဂတန္တရ (Highest Yoga Tantra)

အမြင့်ဆုံး ယောဂတန္တရ ကျင့်စဉ်တွင်လည်း အဆင့်နှစ်ဆင့် ခွဲခြားထား၏။ ၄င်းတို့မှာ-

(၁) ဖန်တီးခြင်းအဆင့် (ဥပပတ္တိကမ္မ)

(၂) ပြီးမြောက်ခြင်းအဆင့် (သမ္မန္နကမ္မ) တို့ဖြစ်ကြ၏။

ဖန်တီးခြင်းအဆင့် (ဥပပတ္တိကမ္မ) ဟူသည်မှာ အမြင့်ဆုံး ယောဂတန္တရကျင့်စဉ်၏ အခြေခံအုတ်မြစ်ဖြစ်၏။ အဆောက်အဦတစ်ခုကို ဆောက်လုပ်ရာတွင် ဗိသုကာအင်ဂျင်နီယာသည် ဒီဇိုင်းရေးဆွဲခြင်း ပုံစံငယ် အတူပြုလုပ်ခြင်းတို့ကို အရင်ဆောင်ရွက်ပြီးမှ အမှန်တကယ် ဆောက်လုပ်ခြင်းကို ဆောင်ရွက်ရသကဲ့သို့ ဖြစ်၏။ ဖန်တီးခြင်းအဆင့် (ဥပပတ္တိကမ္မ) အဆင့်တွင် ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသကဲ့သို့ ယောဂီသည် အမြင့်ဆုံး အနုတ္တရာယောဂ တန္တရကျင့်စဉ် တစ်ခုလုံးကို စိတ်ဖြင့်

မှတ်သားဖန်တီး၍ လေ့ကျင့်ရခြင်းဖြစ်၏။ ပြီးမြောက်ခြင်းအဆင့် (သမ္ပန္နကမ္မ) ဟူသည်မှာ ရေးဆွဲထားသော ဒီဇိုင်းနှင့် ပုံစံတူအတိုင်း တစ်သဝေမတိမ်း ဖြစ်အောင် အမှန်တကယ် တည်ဆောက်ရခြင်းနှင့် အလားတူပေသည်။ ပြီးမြောက်ခြင်းအဆင့် (သမ္ပန္နကမ္မ) အဆင့်တွင် ယောဂီသည် စိတ်ဖြင့် မှတ်သားဖန်တီးခဲ့သော ကျင့်စဉ်အတိုင်း မိမိ၏ ပကတိ သွေးသားကိုယ်ခန္ဓာနှင့် စိတ်မနောဓာတ်တို့တွင် ပြောင်းလဲမှု ဖြစ်စေရန် ကျင့်ကြံရခြင်း ဖြစ်၏။

၄င်းအဆင့်နှစ်ခုလုံးသည် ယောဂီပုဂ္ဂိုလ်ကို သာမန်လူသား၏ ကာယကံဝစီကံ မနောကံတို့မှ ဗုဒ္ဓရှင်တော်၏ နိမ္မာနကာယ သမ္ဘောဂကာယ ဓမ္မကာယ တည်းဟူသော ကာယသုံးပါးအဖြစ်သို့ ပြောင်းလဲစေနိုင်၏။ အမြင့်ဆုံး ယောဂတန္တရကျင့်စဉ်ကို အားထုတ်နိုင်ရန်အတွင် လိုအပ်သော ဓမ္မဘိသိက်များကို ခံယူခဲ့ကြရမည်ဖြစ်ပြီး မဟာယာန ဗုဒ္ဓဘာသာ၏ အနှစ်သားဖြစ်သော ဗောဓိစိတ္တ (ဝေနေယျသတ္တဝါတို့အကျိုးကို ဆောင်ကြဉ်းလိုသော စေတနာ ဆန္ဒ) ကိုလည်း ထူထောင်ထားရမည်ဖြစ်ပါသည်။

အမြင့်ဆုံးယောဂတန္တရကျင့်စဉ်၏ ပန်းတိုင်သည် အနူးညံ့ အသိမ်မွေ့ဆုံးသော ပရာဏမာတ် (ကုဏ္ဍလိနီ) တို့ကို ဗဟို နဒီကြောအတွင်းသို့ စုရုံးဝင်ရောက်စေပြီး နှလုံးအိမ်ချက္ကရ နေရာတွင် တည်နေသော ဗိန္ဒု (သိမှု ဗဟိုချက်) နှင့် ပေါင်းစည်းစေနိုင်ရန်ဖြစ်၏။ ဤသို့ ပေါင်းစည်းလတ်သော ယောဂီ၏ စိတ်သန္တာန်တွင် သန့်ကြည်ဝင်းပသော **အလင်းစိတ်** (Clear Light Mind) ကို ဖြစ်ပေါ်လာ၏။ ယောဂီသည် ထိုအလင်းစိတ်ဖြင့် သုညတာဓမ္မကို သိမြင်ပြီး ထိုအသိပညာနှင့် မိမိဖန်ဆင်းခဲ့သော စိတ်ဖန်ရုပ်သွင် ဒေဝတာခန္ဓာတို့ကို ပေါင်းစည်းပေးနိုင်သောအခါတွင် ပန်းတိုင်၏ အဆုံးဖြစ်သော ဗုဒ္ဓသဘာဝကို ဖော်ထုတ်နိုင်ပြီး အပြည့်အဝ ဘုရားအဖြစ်သို့ ရောက်ရှိနိုင်ပေလိမ့်မည် ဖြစ်၏။

ဥပတ္တိကမ္မ/ The Generation Stage

ဥပတ္တိကမ္မ အဆင့်တွင် တန္တရယောဂီသည် မိမိ၏ အတွင်းအဂျွတ္တစိတ်သန္တာန်တွင် စိတ်ကူးပုံဖော်အာရုံပြုသော နည်းဖြင့် စိတ်ဖန်ရုပ်သွင်များ ဖန်တီးရသောအဆင့်ဖြစ်၏။ စျာနိဗုဒ္ဓများ ဒေဝတာများ ဗောဓိသတ္တများကို ၄င်းတို့နှင့် သက်ဆိုင်သော ရူပကာယ လက္ခဏာများဖြင့် ပြည့်စုံအောင် စိတ်ဉာဏ်ပွားများရန် ဖြစ်၏။ ဘာဝနာကို ကောင်းစွာ ဝသီဘော်ဝင်စားနိုင်လာသော ယောဂီသည် မိမိစိတ်အာရုံတွင် စျာနိဗုဒ္ဓများ ဒေဝတာများ ဗောဓိသတ္တများကို အဟုတ်အမှန်ရှိနေသယောင် ဖြစ်သော

အသွင်ဖြင့် မြင်လာရသည်အထိ ကြိုးစားအားထုတ်ရန် ဖြစ်လေရာ တန္တရဗုဒ္ဓဘာသာ၏ ကသိဏ်းကျင့်စဉ်အထူးတစ်ခုဟုပင် ခေါ်ဆိုထိုက်၏။ သမ္ဘန္ဓကမ္မ အဆင့်ရောက်လေသောအခါ ဤအဆင့်တွင် တည်ဆောက်ခဲ့သော စျာန်ဗုဒ္ဓများ ဒေဝတာများ ဗောဓိသတ္တများကို မိမိနှင့်ထပ်တူ တစ်သားတည်းဖြစ်အောင် အပြီးသတ်ပွားများရန် ဖြစ်လေသည်။

ဥပပတ္တိကမ္မအဆင့်ကို လေ့ကျင့်မည့် ယောဂီသည် တန္တရယောဂ၏ ဇီဝကမ္မ စနစ်နှင့် သေခြင်းဖြစ်စဉ်ကို ဦးစွာ နားလည်ထားရန်လို၏။ သို့မှသာ ပရာဏဓာတ်၏ အလုပ်လုပ်ပုံ စိတ်နှင့် ဆက်စပ်နေပုံ နဒီကြောများအတွင်းစီးဆင်းပုံ ချက္ကရများနှင့် ဆက်သွယ်ပုံတို့ကို သိမြင်လာနိုင်ပြီး သေဆုံးချိန်တွင် ပရာဏ အဆင့်ဆင့်ချုပ်၍ သန့်ကြည်ဝင်းပသိစိတ် ပေါ်ထွန်းလာပုံအထိ အသိရောက်နိုင်ပေလိမ့်မည်။ ထို့အပြင် ဘဝသစ်ဖြစ်ပွားမှု ဘာဒိုအဆင့်တွင် မနောမယဒန္ဓာ ရရှိပုံနှင့် ဘဝကူးပုံတို့ကို ပါသိမြင်ပါမှ သမ္ဘန္ဓကမ္မ အဆင့်ရောက်လေသောအခါတွင် အဆုံးစွန်သော ဗုဒ္ဓ၏ နိမ္မာနကာယ သမ္ဘောဂကာယတို့ကို ဖော်ဆောင်နိုင်ရာတွင် အထောက်အကူ ပြုပေလိမ့်မည်။ ဥပပတ္တိကမ္မအဆင့်တွင် ၄င်းဖြစ်စဉ်များကို စိတ်ကူးအာရုံဖော်လေ့ကျင့်ပြီး သမ္ဘန္ဓကမ္မအဆင့်တွင် မိမိကိုယ်တိုင် လက်တွေ့ခံစား ဖြတ်သန်းနိုင်ရန် အားထုတ်ရ၏။ သေခြင်းဖြစ်စဉ်၏ စိတ္တနိယာမအတိုင်း သန့်ကြည်ဝင်းပ သိစိတ်အထိ ရောက်အောင်ဆင်းသက်၍ ထိုသိစိတ်အတွင်းမှ မနောမယဒန္ဓာ (Illusory Body) ကို ဖန်တီးဖော်ဆောင်ရန် ဖြစ်လေသည်။[၆၁၄]

သေခြင်းတရားဖြစ်စဉ် အဆင့်ရှစ်ဆင့်

ဝဇီရယာနဗုဒ္ဓဘာသာသည် စိတ်၏ အကြမ်းဆုံးအလွှာမှ အနုစ်ညှဲ့ အသိမ်မွေ့ဆုံး အလွှာအထိ အဆင့်ဆင့် ပြောင်းလဲမှုကို အခြေခံ၍ ကျင့်ကြံအားထုတ်ရသော ကျင့်စဉ်ဖြစ်၏။ ဤသို့ စိတ်အဆင့်ဆင့် ပြောင်းလဲနက်ရှိုင်းမှု သဘောကို လူသား၏ သေဆုံးခြင်းနှင့် ဘဝအသစ်တစ်ဖန်ပြန်ဖြစ်သော ဖြစ်စဉ်တွင် တွေ့ရှိရ၏။ ဝဇီရယာန ဗုဒ္ဓဘာသာ၏အလိုအရ သေခြင်းတရား ဖြစ်စဉ်ကို အဆင့်ရှစ်ဆင့် ခွဲခြားထား၏။

(၁) ပထမအဆင့်တွင် **မြေဓာတ်ပြိုကွဲ၍ ရေဓာတ်အဖြစ်သို့ ကူးပြောင်းရောက်ရှိခြင်း**ဖြစ်၏။ သေခါနီးလူနာသည် အားအင် ဆုတ်ယုတ်လာ၏။ အမြင်အာရုံများလည်း မှုန်ဝါးလာပြီး အရာရာကို မပြတ်မသား မသဲမကွဲဖြစ်လာ၏။ ကိုယ်တွင်း

၆၁၄။ **Geshe Tashi Tsering, *Tantra: The Foundation of Buddhist Thought-Vol 6* (2012), Wisdom Publications. P-93-110**

အရည်များကို မထိန်းသိမ်းနိုင်ဘဲ ယိုစီးမှုများ ဖြစ်ပေါ်လာ၏။ ဤအဆင့်တွင် စိတ်၌ ထင်ပေါ်လာသောအာရုံမှာ တံလျှပ်အသွင်သဏ္ဌာန် ဖြစ်၏။

(၂) ဒုတိယအဆင့်တွင် **ရေခဲတိုက်ခဲ၍ မီးခဲတိုအဖြစ်သို့ ကူးပြောင်းရောက်ရှိခြင်း** ဖြစ်၏။ ကိုယ်ခန္ဓာရှိ ရေခဲတိုများ အားလုံးခန်းခြောက်လာပြီး အကြားအာရုံလည်း ချို့ယွင်းပျက်စီးလာ၏။ ဝေဒနာကွန္ဓာ ပျက်စီးမှုကြောင့် ကောင်းဆိုး သုခဒုက္ခဝေဒနာများကို မခံစားနိုင်တော့ပြီဖြစ်လာ၏။ ဤအဆင့်တွင် စိတ်၌ထင်ပေါ်လာသော အာရုံမှာ မီးခိုးငွေ့ အသွင်သဏ္ဌာန် ဖြစ်၏။

(၃) တတိယအဆင့်တွင် **မီးခဲတို ပြိုကွဲ၍ လေခဲတိုအဖြစ်သို့ ကူးပြောင်းရောက်ရှိခြင်း** ဖြစ်၏။ သေခါနီးလူနာ၏ ကိုယ်တွင်း အပူခဲတိုများ ဆုတ်ယုတ်ပျောက်ကွယ်၍ အေးစက်လာသောအဆင့်ဖြစ်၏။ အနံ့ခံအာရုံများလည်း ပျက်စီးလာခဲ့ပြီး သညကွန္ဓာ ပျက်စီးမှုကြောင့် မှတ်ဉာဏ်များ ပျောက်ကွယ်ခဲ့ပြီဖြစ်၏။ ဤအဆင့်တွင် စိတ်၌ထင်ပေါ်လာသော အာရုံမှာ မီးပွား မီးပွင့် အသွင်သဏ္ဌာန် ဖြစ်၏။

(၄) စတုတ္ထအဆင့်တွင် **လေခဲတို ပြိုကွဲ၍ အာကာသဓာတ်အဖြစ်သို့ ကူးပြောင်းရောက်ရှိခြင်း**ဖြစ်၏။ ကိုယ်ခန္ဓာအတွင်းရှိ ပရာဏဓာတ်များ ဆုတ်ခွာပြီး နှလုံးသားချက္ကရအရပ်တွင် စုဝေးချိန်ဖြစ်ပြီး လူနာမှာ အသက်ရှူ ရပ်တန့်သွားခဲ့၏။ အရသာခံစားနိုင်သော အာရုံ ပျက်စီးသလို သခ်ၤါရကွန္ဓာ လည်း အလုပ်မလုပ်တော့ပေ။ ဤအဆင့်တွင် စိတ်၌ထင်ပေါ်လာသော အာရုံမှာ ထောပတ်ဆီမီး၏ လျှံတက်သော မီးညွှန့်အသွင်သဏ္ဌာန် ဖြစ်၏။

(၅) ပဉ္စမအဆင့်တွင် **အာကာသဓာတ်ပြိုကွဲ၍ ဝိညာဏဓာတ်အဖြစ်သို့ ကူးပြောင်းရောက်ရှိခြင်း** ဖြစ်၏။ နှလုံး ချက္ကရတွင်ရှိနေသော ပရာဏဓာတ်များက ဦးခေါင်းအရပ်ဆီသို့ ဆက်လက်ဆန်တက်လာ၏။ လူနာ၏ ကြမ်းတမ်းသော စိတ်ဖြစ်စဉ်များ ရပ်တန့်သွားခဲ့ပြီဖြစ်၏။ ဤအဆင့်တွင် စိတ်၌ထင်ပေါ်လာသော အာရုံမှာ ဖြူဖွေးသော ရောင်ခြည်များကို သွန်းဖြန်းနေသော လမင်းအသွင်သဏ္ဌာန် ဖြစ်၏။ **အဖြူရောင်ပေါ်ထွက်ခြင်း** (White Appearance) ဟုလည်း ခေါ်ဆို၏။

(၆) ဆဋ္ဌမအဆင့်တွင် နှလုံးချက္ကရ အောက်ဖက်တွင်ရှိနေသော စုန်ဆင်းသော ပရာဏဓာတ်များက မြီးညှောင့်ချက္ကရအထိ ရောက်အောင် သက်ဆင်းလာခဲ့၏။ ဤအဆင့်တွင် စိတ်၌ထင်ပေါ်လာသော အာရုံမှာ နီမြန်းသော ရောင်ခြည်များကို သွန်းဖြန်းနေသည့် ဝင်လုဆဲ နေမင်းအသွင်သဏ္ဌာန် ဖြစ်၏။ ဤအဆင့်ကို **အနီရောင်မြင့်တက်ခြင်း** (Red Increase) ဟုလည်း အမည်ပေးထား၏။

(၇) သတ္တမအဆင့်တွင် လူနာ၏ သိစိတ်များအားလုံး ချုပ်ဆုံးသည့်နှယ် ဖြစ်၍ ဤအဆင့်တွင် စိတ်၌ထင်ပေါ်လာသော အာရုံမှာ ထူထဲမည်းနက်သော ကန့်

လန့်ကာအသွင်သဏ္ဌာန် ဖြစ်၏။ နောက်ဆုံးအဆင့်သို့ ရောက်လုနီးဖြစ်သောကြောင့် **ရောက်လုနီး အနက်ရောင်ရှိခြင်း** (Black Near-Attainment) ဟုခေါ်ဆို၏။

(၈) အဋ္ဌမအဆင့်သည် သေခြင်းဖြစ်စဉ်၏ နောက်ဆုံးအဆင့်ဖြစ်ပြီး လူနာအမှန်တကယ် သေဆုံးချိန်ရောက်ရှိလာခဲ့၏။ အလွန်နူးညံ့သိမ်မွေ့လှန်းသော ပရာဏဓာတ်များလည်း ချုပ်ငြိမ်းပြီး နှလုံးချက်ရပ်တွင် ရှိနေသော **အမတောဗိန္ဒု** (The Immortal Drop) ဆီသို့ သက်ဝင်ပေါင်းစည်းချိန်တွင် အသက်ဇီဝိန်လည်း ချုပ်တော့၏။ အနက်ရောင် ကန့်လန့်ကာကို ထွင်းဖောက်၍ **သန့်ကြည်ဝင်းပ အလင်းဓာတ်** (Clear Light) ကို မျက်မှောက်ပြုရလေသည်။[၆၁] သန့်ကြည်ဝင်းပသိစိတ် ချုပ်ငြိမ်းပြီးသောအခါတွင် သေဆုံးသူသည် မိမိကိုယ်ကို မနောမယကိုယ်ခန္ဓာအနေဖြင့် မြင်ရပြီး ဘာဒို (ကြားကာလစခန်း) သို့ ဆိုက်ရောက်ရ၏။

အထက်ပါ သေဆုံးခြင်းဖြစ်စဉ်သည် ဝဇီရယာန တန္တရယောဂီအတွက် အလွန်အရေးပါသော ဖြစ်စဉ်တစ်ရပ်ဖြစ်၏။ ယောဂီသည် မိမိ၏စိတ်အဆင့်ဆင့် နူးညံ့သိမ်မွေ့လျက် ချုပ်ငြိမ်းပြီး သန့်ကြည်ဝင်းပအလင်းသို့ ဆိုက်ရောက်သည့် ဖြစ်စဉ်အတိုင်း ဥပဟတ်ကမ္မယောဂ အဆင့်တွင်လည်း ဝသီဘော်နိုင်အောင် ကျင့်ပွားရ၏။ သန့်ကြည်ဝင်းပ အလင်းဓာတ် ချုပ်ငြိမ်းလျက် နောက်ဆုံး **မာယာဒေဟဟု** ခေါ်ဆိုကြသည့် အရှိယောင်ခန္ဓာကို ဖော်ထုတ်နိုင်သည့်အဆင့်ကို သေခြင်းဖြစ်စဉ်နှင့် အတူပွား၍ ထပ်တူထပ်မျှ လေ့ကျင့်နိုင်ပါလျှင် ဥပဟတ်ကမ္မယောဂအဆင့်ကို ကောင်းစွာ အောင်မြင်ပြီး ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုအခါ ယောဂီသည် ကျင့်စဉ်၏ အဆုံးသတ်ပိုင်းဖြစ်သော သမ္ဘန္နယောဂအဆင့်ကို ဆက်လက်ကျင့်သုံး ဆောက်တည်ရန် အဆင်သင့်ဖြစ်လေပြီဟု ဆိုနိုင်၏။

ပရာဏ (ပါဏ) ဓာတ် နဒီ နှင့် ချက္ကရများ

ဝဇီရယာနဗုဒ္ဓဘာသာ၏ ဇီဝကမ္မဗေဒ အလိုအရ ပရာဏဓာတ်သည် သာမန် ဝါယောဓာတ် (လေ) မဟုတ်ဘဲ လူ၏ အတွင်းအပြင် လှုပ်ရှားမှုများအားလုံးကို ထိန်းချုပ်နေသောစွမ်းအင်ဖြစ်၏။ အသက်ရှူခြင်း၊ အစာခြေခြင်း၊ သွေးလည်ပတ်ခြင်း၊ အညစ်အကြေး စွန့်ခြင်းစသော လုပ်ငန်းဆောင်တာများသည် ပရာဏကို အမှီသဟဲပြုနေရ၏။ ထို့အတူ စိတ်၏ အာရုံသိမှု ဖြစ်စဉ်တွင်လည်း ပရာဏသည် မပါလျှင် မဖြစ်သော အခြေခံအကြောင်းတရားဖြစ်၏။ ထို့ကြောင့် စိတ်ကို မျက်စိမြင်သော

၆၁။ **Geshe Tashi Tsering, *Tantra: The Foundation of Buddhist Thought-Vol 6* (2012), Wisdom Publications. P-82-86**

ဒုက္ခိတနှင့် ဥပမာဆောင်ပြီး ပရာဏမာတ်ကို ကျန်းမာသန်စွမ်းသော သူကန်းတစ်ယောက်အနေဖြင့် ဥပမာပေးလေ့ရှိ၏။ စိတ်နှင့် ပရာဏတို့ အတူပူးပေါင်းဆောင်ရွက်မှသာ သိမှုဖြစ်ပေါ်နိုင်သည်ဟု ဆိုပါသည်။ ပရာဏမာတ်သည် ဦးတည်ရာမရှိရွေ့လျားတတ်သောကြောင့် ပရာဏ၏ လှုပ်ရှားမှုများသည် စိတ်အပေါ်တွင် လာပြီး အကျိုးသက်ရောက်မှု ရှိစေနိုင်၏။ စိတ်သည် ပရာဏမာတ်၏ ရွေ့လျားမှုအတိုင်း စီးနင်းလိုက်ပါ၍ ဖြစ်ပွားနေရသောကြောင့် စိတ်ကို ထိန်းချုပ်ရန်အတွက် ပရာဏမာတ်ကို ထိန်းချုပ်ရန် အလွန်အရေးကြီး၏။ ပရာဏကို အောက်ပါအတိုင်း အမျိုးအစားများ ခွဲထား၏။

(၁) ရှင်သန်စေသော ပရာဏ (အသက်ရှူမှု)

(၂) ကိုယ်ကာယတွင် ပြန့်နှံ့တည်ရှိသော ပရာဏ (ခြေလက်အင်္ဂါ လှုပ်ရှားမှု)

(၃) အထက်သို့ဆန်တက်သော ပရာဏ (စကားပြောခြင်း ပို့ုအံ့ခြင်း)

(၄) အောက်သို့ စုန်ဆင်းသော ပရာဏ (ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ သုတ်လွှတ်ခြင်း)

(၅) ပါစကမီးကို အားပေးသော ပရာဏ (အစာချေဖျက်ခြင်း)

ပရာဏမာတ်ကို နူးညံ့သိမ်မွေ့သော ပရာဏမာတ်နှင့် ကြမ်းတမ်းသော ပရာဏမာတ်ဟူ၍ ခွဲခြားနိုင်သေး၏။ ကြမ်းတမ်းသော ပရာဏမာတ်ဆိုသည်မှာ လူသားတို့ သက်ဝင်ရှင်သန် လှုပ်ရှားနိုင်ရန်အတွက် ဇီဝကမ္မစက်ကို မောင်းနှင်ပေးရသော ပရာဏနှင့် အခြေခံ အာရုံသိမှုကို ဖြစ်စေသော ပရာဏဖြစ်၏။ နူးညံ့ သိမ်မွေ့သော ပရာဏမာတ် ဆိုသည်မှာ အဆင့်မြင့်သိမှုဖြစ်စဉ်နှင့် အမြင့်ဆုံးဖြစ်သော သန့်ကြည်ဝင်းပ အလင်းဓာတ်သိမှုကို ဖြစ်စေသော ပရာဏ ဖြစ်၏။ နူးညံ့သိမ်မွေ့သော ပရာဏမာတ်တို့သည် ကြမ်းတမ်းသော ပရာဏမာတ်တို့ ချုပ်ငြိမ်းနေချိန်တွင်သာ ပေါ်လွင်ထင်ရှား လာနိုင်လေသည်။

ကိုယ်ခန္ဓာအတွင်းရှိ ပရာဏမာတ်များသည် (၇၂၀၀၀) အရေအတွက်ရှိသော နဒီများအတွင်း စီးဆင်းနေလေသည်။ ယင်းတို့အနက် လူသား၏ကိုယ်ခန္ဓာတွင် အဓိက ပင်မနဒီကြောကြီး သုံးခုရှိ၏။ ၎င်းတို့မှာ ဗဟိုနဒီကြောနှင့် လက်ဝဲလက်ယာ နဒီကြောများ ဖြစ်ကြ၏။ ဗဟိုနဒီကြောကို အဝဒူတိ-နဒီ ဟုခေါ်ပြီး သာမန်လူတို့တွင် ပရာဏမာတ် လှုပ်ရှားမှု မရှိသေးသော အခြေအနေတွင်ရှိနေ၏။ လက်ယာဖက် နဒီကြောကို ရသန-နဒီဟုခေါ်ပြီး အနီရောင်အဆင်းရှိ၏။ နေစာတ် အာရုံသိမှုနှင့် ဘာသာစကားတို့ကို ကိုယ်စားပြုနေ၏။ လက်ဝဲဖက်နဒီကြောကို လလန-နဒီ ဟုခေါ်ဆိုပြီး အဖြူရောင် အဆင်းရှိ၏။ လဓာတ်နှင့် စိတ်ခံစားမှုတို့ကို

ကိုယ်စားပြုနေ၏။ ၄င်းနဒီကြောတို့ စတင်ရာအရပ်သည် နှာသီးအရပ်ဖြစ်ပြီး ထိုမှ တစ်ဆင့် ငယ်ထိပ်ရှိရာသို့ မြင့်တက်သွား၏။ ထို့နောက် နဒီကြောတို့သည် ငယ်ထိပ်မှ စတင်၍ မြီးညှောင့်ရိုးအထိ သွယ်တန်း ဆင်းသက်လာပြီး လိင်အင်္ဂါထိပ်ဖျားတွင် အဆုံးသတ်၏။ ထိုသို့ ဆင်းသက်ရာတွင် တစ်ခုနှင့်တစ်ခု ယှက်ဖြာလိမ်ရစ်နေသော အထုံးနေရာများရှိကြ၏။ ၄င်းနေရာတို့ကို နဒီကြောများစွာ ဆုံဆည်း ဖြာထွက်ရာနေရာများ ဖြစ်ပြီး အသွင်သဏ္ဌာန်မှာလည်း စက်ဝိုင်းပုံ ဖြာထွက်သောကြောင့် ချက္ကရ (စက္က) ဟုခေါ်ဆို၏။ သာမန်သတ္တဝါများတွင် ပရာဏာဓာတ်သည် လက်ဝဲနှင့် လက်ယာနဒီ နှစ်ခုဖြစ်သော ရဿန နှင့် လလန နဒီများမှတစ်ဆင့် ကိုယ်ခန္ဓာအနှံ့ပြန့်ကျဲ လှုပ်ရှားနေကြသောကြောင့် သတ္တဝါတို့သည် နှစ်မျိုးနှစ်ခု ခွဲခြားရှုမြင်သော **ဒွိတ္တာအမြင်** (Dualistic View) ၏ နှောင်ကြိုးအောက်တွင် နေကြရ၏။ တန္တရယောဂ၏ လုပ်ငန်းသည် ၄င်းပရာဏာဓာတ်များကို လက်ဝဲလက်ယာ နဒီများထဲမှာ ဆွဲထုတ်ပြီး ဗဟိုပင်မနဒီအတွင်းသို့ သက်ဆင်းစေနိုင်ရန်ဖြစ်၏။ ပရာဏာဓာတ်အားလုံး ဗဟိုနဒီအတွင်းသို့ ရောက်ရှိချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် ယောဂီသည် ဒွိတ္တာအမြင်မှ လွန်မြောက်ပြီး တစ်ပြန့်တည်း တစ်သားတည်း တစ်ဆက်တည်း ရှိနေသော **မူလသန့်ကြည်ဝင်းပသိစိတ်** (Original Clear Light Mind) ပေါ်ထွန်းလာလေသည်။

တန္တရဗုဒ္ဓဘာသာ၏ ခန္ဓာဗေဒအရ ချက္ကရများ၏ တည်နေရာများမှာ နဖူးထိပ်မျက်မှောင်နေရာ ငယ်ထိပ်နေရာ လည်မျိုနေရာ နှလုံးသားနေရာ ချက်တိုင်နေရာ မြီးညှောင့်နေရာ လိင်အင်္ဂါထိပ်ဖျားနေရာတို့ ဖြစ်၏။ နဖူးထိပ် မျက်မှောင် နေရာသည် နဒီကြောများစတင်ရာ အရပ်ဖြစ်ပြီး လိင်အင်္ဂါထိပ်ဖျားနေရာသည် နဒီကြောများအဆုံးသတ်ရာ ဖြစ်လေသည်။ ချက္ကရတစ်ခုစီတွင် နဒီများ ဖြန့်ကျက်ယှက်ဖြာနေသော ပွင့်ချပ်သဏ္ဌာန်များ ရှိကြ၏။ ငယ်ထိပ်ချက္ကရတွင် ပွင့်ချပ်ပေါင်း (၃၂)ခု လည်မျိုချက္ကရတွင် ပွင့်ချပ်ပေါင်း (၁၆) ခု နှလုံးချက္ကရတွင် ပွင့်ချပ်ပေါင်း(၈) ချက်တိုင်ချက္ကရတွင် ပွင့်ချပ်ပေါင်း (၆၄) ခု မြီးညှောင့်ချက္ကရတွင် ပွင့်ချပ်ပေါင်း (၃၂) လိင်အင်္ဂါထိပ်ဖျားချက္ကရတွင် ပွင့်ချပ်ပေါင်း (၈) ခု စသည်ဖြင့် အသီးသီး ရှိကြ၏။ ပရာဏာဓာတ်သည် ယင်းချက္ကရများမှ အလျဉ်းသင့်သလို ဝင်ထွက်ရွေ့လျားနိုင်၏။ သို့သော်လည်း ချက္ကရတိုင်းတွင် ဗန္ဓဟုခေါ်သော အထုံးများ ရှိနေပြီး ၄င်းတို့၏လုပ်ငန်းမှာ ပရာဏာဓာတ်က ချက္ကရများကို ဖောက်ထွက် ဖြတ်စီးမသွားနိုင်စေရန် တားဆီးထိန်းချုပ်ထားကြရန် ဖြစ်၏။ ဗန္ဓအထုံးတို့သည် သတ္တဝါတို့၏ စိတ်၏သန္တာန်အတွင်း၌ ဘဝဆက်ပေါင်းများစွာက အနယ်ချခဲ့သော ကမ္မဗီဇများ၏

ရလဒ်ဖြစ်ကြ၏။ တန္တရခန္ဓာဗေဒအမြင်အရ ချက္ကရတို့၏ တည်နေရာ အသွင်သဏ္ဌာန် နဒီအရေအတွက်နှင့် အရောင်အဆင်းကွဲပြားမှုကို အောက်ပါအတိုင်း တွေ့ရပါသည်။

ချက္ကရတည်နေရာ	ချက္ကရအမည်	အသွင်သဏ္ဌာန်	နဒီကြော အရေအတွက်	အရောင်အဆင်း
ငယ်ထိပ်ချက္ကရ	မဟာသုခချက္ကရ	သုံးမြောင့်ပုံ	၃၂	အဖြူ
လည်မျိုချက္ကရ	ပျော်စံမှုချက္ကရ	အဝိုင်းပုံ	၁၆	အနီ
နှလုံးချက္ကရ	အာရုံသိမှုချက္ကရ	အဝိုင်းပုံ	၈	အဖြူ
ချက်တိုင်ချက္ကရ	နိမ္မာနကာယချက္ကရ	သုံးမြောင့်ပုံ	၆၄	အနီ
မြီးညောင့်ချက္ကရ	မဟာသုခအသုံးချ	အဝိုင်းပုံ	၃၂	အနီ

ပရာဏဓာတ်များအားလုံး ဗဟိုပင်မအလယ်နဒီကြောထဲသို့ ဝင်ရောက်လာခြင်း၏ သင်္ကေတမှာ အသက်ရှူသွင်းမှုနှင့် အသက်ရှူထုတ်မှု အတိုင်းအရှည်များညီညာလာခြင်းနှင့် လက်ဝဲလက်ယာ နှာပေါက်များမှ ဝင်ထွက်နေသော လေ၏ ပမာဏ ညီမျှလာခြင်း ဖြစ်လေသည်။ အလယ်နဒီကြောအတွင်းသို့ ပရာဏဓာတ်များ ပိုမိုစီးဝင်လာလေလေ အသက်ရှူမှု ပြင်းအားသည် နုံ့နဲ့သိမ်မွေ့လာပြီး နောက်ဆုံးတွင် လုံးဝ ချုပ်ငြိမ်းရပ်တန့်နေလေတော့၏။ ပရာဏဓာတ်က ချုပ်ငြိမ်း ရပ်တန့်သွားသောအခါ ပရာဏကို တည်မှီဖြစ်ပွားနေသော အကြမ်းအလတ်အနု စိတ်အလွှာအသီးသီးမှာလည်း သူ့အဆင့်နှင့်သူ ရပ်တန့်ချုပ်ငြိမ်းကြရ၏။ နောက်ဆုံး အနုးညံ့အသိမ်မွေ့ဆုံး စိတ်အလွှာဖြစ်သော သန့်ကြည်ဝင်းပ သိစိတ်တစ်ခုသာ ကြွင်းကျန်ရစ်ပြီး ဤစိတ်၏ စွမ်းအင်ဖြင့် သုညတာသဘောကို သိမြင်ရန်ဖြစ်လေသည်။[၆၁၆]

သမ္ပန္နကမ္မ/ The Completion Stage

သမ္ပန္နကမ္မအဆင့်သို့ ရောက်သောအခါတွင် ယောဂီသည် ဥပ္ပတ္တိကမ္မအဆင့်က တည်ထောင်ခဲ့သော စိတ်ဖန်ရပ်သွင် စွာနိဗုဒ္ဓအဖြစ်သို့ အမှန်စင်စစ် ရောက်ရှိပေါင်းစည်းရန် ကြိုးပမ်းရ၏။ ပရာဏဓာတ်နှင့် ချက္ကရများကို ကျွမ်းကျင် လိမ္မာပြီးသော ယောဂီသည် မိမိ၏ ပရာဏအားလုံးကို ဗဟိုနဒီကြောအတွင်းသို့ ဝင်ရောက်စေပြီး နှလုံးချက္ကရအရပ်တွင် ရှိသည့် မိခင်အနှစ်သာရ(အနီရောင်ဗိန္ဒု) နှင့် ဖခင်အနှစ်သာရ (အဖြူရောင် ဗိန္ဒု) တို့ ပေါင်းစည်းမှုကြောင့်ဖြစ်တည် နေရသော **အမတေဗိန္ဒု** (the indestructible drop) အရပ်တွင် စုဝေးချုပ်ငြိမ်းစေ၏။ ဤသို့ ချုပ်ငြိမ်းရလေ

၆၁၆။ **Geshe Tashi Tsering, *Tantra: The Foundation of Buddhist Thought-Vol 6* (2012), Wisdom Publications. P-111-131**

သောကြောင့် အကျိုးဆက်အားဖြင့် အလွန်ကြီးမားသော သုခချမ်းသာ (မဟာသုခ) တွေ့ကြုံခံစားရပြီး စိတ်အလွှာများလည်း တဖြည်းဖြည်း သိမ်မွေ့နူးညံ့သွားလေရာ အံ့ဆုံးစွန်ဆုံးသော စိတ်အလွှာဖြစ်သည့် သန့်ကြည်ဝင်းပသိစိတ်အလွှာ (Clear Light Mind) သို့ရောက်ရှိလေသည်။ သန့်ကြည်ဝင်းပ သိစိတ်အလွှာသည် မိမိကိုယ်တိုင်အပါအဝင် အရာခပ်သိမ်း၏ အတွင်းအနှစ်သား အတွက်ကင်းဆိတ်သည့် သုညတာသဘာဝကို ထိုးထွင်းသိမြင်ရန်အတွက် အကောင်းဆုံး အခြေခံ ဖြစ်၏။ အမှန်စင်စစ် သန့်ကြည်ဝင်းပသိစိတ်သည် သတ္တဝါတို့၏ သန္တာန်တွင် အမြဲရှိနေသောအိမ်ရှင်သဖွယ် ဖြစ်၏။ အိပ်စက်ခြင်းနှင့် သေဆုံးခြင်းဖြစ်စဉ်တို့တွင် သတ္တဝါအားလုံးသည် သန့်ကြည်ဝင်းပသိစိတ်အလွှာကို ဆိုက်ရောက်ဖြတ်သန်းကြရစမြဲဖြစ်၏။ စိတ္တက္ခဏ၏ လျင်မြန်လွန်းသောအဟုန်ကြောင့် အများစုမှာ ဤသို့ ဆိုက်ရောက် ဖြတ်သန်းမှန်းပင် မသိကြချေ။ တန္တရယောဂီသည် မိမိ၏ သတိ ဝီရိယ သမာဓိ ပညာ စသော ဣန္ဒြေများကို ထက်သန် ရင့်ကျက်အောင် ကျင့်ကြံထားပြီးဖြစ်သောကြောင့် ဘာဝနာလုပ်ငန်းတွင်လည်း သန့်ကြည် ဝင်းပသိစိတ်ကို ကောင်းစွာ သိရှိဝင်စားနိုင်သလို သေဆုံးချိန်တွင်လည်း သန့်ကြည် ဝင်းပသိစိတ်ကို အသုံးချနိုင်ပေသည်။

ဒလိုင်းလားမား၏ အလိုအရ တန္တရယောဂ၏ နောက်ဆုံးပန်းတိုင်သည် မဏ္ဍာလ (စျာနိဗုဒ္ဓ နှင့် ဒေဝတာများ) ကို အာရုံပြုပုံဖော်လျက် မိမိကိုယ်တိုင်နှင့်တစ်သားတည်း ဖြစ်စေသလို တစ်ပြိုင်နက်တည်းတွင်လည်း မိမိရရှိထားသော သန့်ကြည်ဝင်းပသိစိတ်ဖြင့် သုညတာဓမ္မကို မြင်နိုင်စေရန်ဖြစ်၏။ ဤသို့ ပညာနှင့် ဥပါယတရားတို့ သိစိတ်သန္တာန်တစ်ခုတည်းတွင် တစ်ပြိုင်တည်း ဖြစ်ပွားလျက် တစ်ခုတည်းသော ဧကရသဖြစ်သည့် လွတ်မြောက် သန့်စင်နိုးကြားသော ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိရန်ဖြစ်သည်ဟု ဆိုပါသည်။

သမ္ဗန္ဓယောဂ ၏ အဆင့် (၆) ဆင့်

ဝဇီရယာနဗုဒ္ဓဘာသာ၏ အမြင့်ဆုံး အနုတ္တရယောဂတန္တရ ၏ သမ္ဗန္ဓကမ္မ တွင် အဆင့် (၆) ဆင့်ရှိ၏။ ၄င်းတို့မှာ=(၁) ကာယက်တရား သီးခြားကွဲကွာခြင်း (၂) ဝစီက်တရား သီးခြားကွဲကွာခြင်း (၃) မနောက်တရား သီးခြားကွဲကွာခြင်း (၄) စိတ်ဖန်မနောမယခန္ဓာဖြစ်ပေါ်ခြင်း (၅) သန့်ကြည်ဝင်းပသိစိတ်အစစ် ပေါ်ထွန်းခြင်း (၆) နောက်ဆုံး ပေါင်းစည်းခြင်း= စသည့်အဆင့်များ ဖြစ်ကြ၏။ ယောဂီ၏ ဓမ္မအသိနှင့် အတွေ့အကြုံသည် ဤအဆင့်များအတိုင်း အတိအကျ မြင့်တက်ရ၏။

(၁) **ကာယက်တရား သီးခြားကွဲကွာခြင်း** (Physical Isolation)ဟူသော

အဆင့်တွင် ယောဂီသည် မိမိ၏ ပရာဏာယမ ကျင့်စဉ်အားဖြင့် ပရဏာဓာတ်များကို စုစည်း၍ နှလုံးချက္ကရတွင်တည်နေသော မူလဗိန္ဓုနှင့် ပေါင်းစည်း ပျော်ဝင်စေနိုင်သော အဆင့်ဖြစ်၏။ ထိုအခါ အလွန်သိမ်မွေ့နူးညံ့သော စိတ်အလွှာတစ်ခုထွက်ပေါ်လာမည်ဖြစ်၏။ ယောဂီသည် မိမိ၏ သဘာဝရုပ်ကြွမ်းခန္ဓာကို စွန့်ခွာ ကျော်လွန်ပြီး ဒေဝတာ၏ သန့်စင်သော ကာယတွင် ပေါင်းစည်းသက်ဝင်နိုင်သော အဆင့်ဖြစ်၏။ ဤ အဆင့်တွင် ကြုံတွေ့ရသော **ဗလာကျင်းမှုအဆင့်လေးပါး** (Four Empties) နှင့်ပတ်သက်၍ တန္တရကျမ်းများတွင် ဤသို့တွေ့ရ၏။

- ဖခင်ထံမှရရှိသောအဖြူရောင်ဗိန္ဓု ပျော်ကျ၍ ပရာဏာတ်တို့ ဗဟို ပင်မနာဒီကြောအတွင်း ဆင်းသက်ခြင်းအဆင့်ကို သာမန်ဗလာကျင်းခြင်း (Empty) ဟု ခေါ်ဆို၏။
- နှလုံးချက္ကရနှင့် မြီးညှောင့်ချက္ကရတို့မှ ပရာဏာတ်တို့ ဗဟိုပင်မနာဒီကြောအတွင်း ဆင်းသက်ခြင်းအဆင့်ကို အထူးဗလာကျင်းခြင်း (Very Empty) ဟု ခေါ်ဆို၏။
- သေခြင်းဖြစ်စဉ်မှ အနာဂတ်ရောင်ရရှိခြင်း အဆင့်ကိုရောက်ရှိပြီး ချက္ကရများကို ထုံးနှောင်ထားသော အထုံးအဖွဲ့ ဗန္ဓများ ပြုတ်ထွက်ပွင့်ထွက်ခြင်းအဆင့်ကို ကြီးမားသောဗလာကျင်းခြင်း (Great Empty) ဟုခေါ်ဆို၏။
- မိခင်၏ အနှစ်သားဖြစ်သော အနီရောင်ဗိန္ဓုနှင့် ဖခင်၏ အနှစ်သားဖြစ်သော အဖြူရောင်ဗိန္ဓုတို့နှလုံးအိမ် ချက္ကရတွင် ဆုံတွေ့ပေါင်းစည်း ပျော်ဝင်သော အခါ အမတေဗိန္ဓုအဖြစ်ကို ရောက်ရှိ၍ သန့်ကြည်ဝင်းပသိစိတ် ဖြစ်ပေါ်လာ၏။ ဤအဆင့်ကို အလုံးစုံဗလာကျင်းခြင်း (All Empty)ဟုခေါ်ဆို၏။

တမ်မိုယောဂ (Tummo Yoga)

တမ်မိုယောဂသည် ပရာဏာတ်ကို ထိန်းကျောင်းစေစားနိုင်သော တန္တရယောဂတစ်မျိုးဖြစ်ပြီး ဝဇီရယာနကျင့်စဉ်တွင် မရှိမဖြစ်အရေးပါသော ဓမ္မကျင့်စဉ်ဖြစ်၏။ ကိုယ်ခန္ဓာအနံ့မှ နေနှင့် မီးပုံရိပ်များကို ဘာဝနာပွားရသော တမ်မိုယောဂသည် လက်တွေ့ အပူမြင့်တက်ကြောင်း ပညာရှင်များ သုတေသနပြုထားကြောင်း သိရှိရ၏။[၆၁]

၆၁။ **Dr. Herbert Benson in "*Mind/Body Interactions including Tibetan Stud-***

တမ်မိုယောဂသည် ကိုယ်ခန္ဓာအတွင်းရှိ ပရာဏဓာတ် နဒီများတွင် စီးဆင်းမှုကို ထိန်းချုပ် အသုံးချပြီးနောက် ဗောဓိစိတ္တဟုခေါ်သည့် ကုဏ္ဍလိနီစွမ်းအင်ကို ဗဟိုနဒီအတွင်းသို့ စီးဆင်းစေရန် လုပ်ဆောင်ရသည့် လုပ်ငန်းတွင် အဓိက ဓာတ် ဆောင်ကျင့်စဉ်လည်းဖြစ်၏။ ကုဏ္ဍလိနီစွမ်းအင် သည် မြီးညှောင့်ချက္ကရနေရာတွင် သိုမှီးထားသော ပရာဏစွမ်းအင်တစ်မျိုးဖြစ်ပြီး ကျင့်စဉ်ကြောင့် ၄င်းစွမ်းအင် ချက္ကရများကို ဖြတ်သန်း မြင့်တက်သည့်အခါ အပူနှင့် အလင်းရောင်ကို ခံစားရခြင်းဖြစ်၏။ တမ်မိုယောဂသည် စိတ်၏ ပကတိသဘာဝကို သိမြင်အောင်အားထုတ်ခြင်းသာဖြစ်ပြီး အပူထုတ် ကမ္မဋ္ဌာန်း မဟုတ်ချေ။ ပကတိ မူလစိတ်သဘာဝ၏ သန့်စင်မှုကြောင့်သာ ယောဂီသည် အပူနှင့် အလင်းရောင်တို့ကို ခံစားသိရခြင်းဖြစ်သည်ဟု ဆိုပါသည်။

တမ်မိုကျင့်စဉ်နည်းအမျိုးမျိုး ရှိသည့်အနက် တစ်ခုမှာ ဤသို့ဖြစ်၏။ ယောဂီသည် မိမိ၏ချက်တိုင်မှာ အရပ်လေးမျက်နှာ မီး လေးဖက်လေးတန် ကို စိတ်ကူးထားပြီး အသက်ကို ရှူသွင်းကာ ချက်တိုင်အရပ်တွင် အောင့်ထားရ၏။ ထိုအခါ လေနှင့် မီး ပေါင်းစပ် အပူဓာတ်နှင့် သုခဝေဒနာကို ခံစားရလေသည်။ နောက်နည်းတစ်ခု - နဒီများ ဆုံဆည်းရာအရပ်တွင် နေဝန်းနီ ကို စိတ်ကူးရ၏။ နေပေါ်မှာ (ရာမ်) ဆိုသည့် အက္ခရာကို ပုံဖော်ပြီး ယခင်နည်းအတိုင်း အသက်ရှူလေ့ကျင့်ခန်းနှင့် ပေါင်းစပ်၍ (ရာမ်) အက္ခရာမှ အပူနဲ့အလင်း ဖြစ်ပေါ်စေနိုင်ပေသည်။ တမ်မိုကို လေ့ကျင့်သူသည် ပရာဏစွမ်းအင်ကို စေစားနိုင်လာပြီး တန္တရယောဂ၏ အခြား ကျင့်စဉ်များကိုလည်း ထိထိရောက်ရောက် ထိန်းကျောင်း လေ့ကျင့်နိုင်စွမ်း ရှိလာလေသည်။ တမ်မို၏ အပူဓာတ်စွမ်းအားဖြင့် အဖြူရောင်ဗိန္ဒု (ဖခင်) နှင့် အနီရောင်ဗိန္ဒု (မိခင်) တို့ကို နှလုံးအိမ်ချက္ကရတွင် ဆုံတွေ့ပေါင်းစည်းကာ သန့်ကြည်ဝင်းပ အလင်းသိစိတ် (Ultimate Meaning Clear Light Mind) ဖြစ်ပေါ်အောင် အားထုတ်ရန် ဖြစ်လေသည်။

(၂) **ဝစီကံတရား သီးခြားကွဲကွာခြင်း** (Verbal Isolation) ဟူသောအဆင့်တွင် ယောဂီသည် မိမိ၏ ပရာဏာယမ ကျင့်စဉ်အားဖြင့် ပရဏာဓာတ်များကို စုစည်း၍ ဗဟိုနဒီကြောတွင်းသို့ ထည့်သွင်းနိုင်သောအဆင့်ဖြစ်၏။ မိမိ၏ သဘာဝ

---

ies," in Mind Science, H.H. the Dalai Lama et al. (Boston: Wisdom, 1991), pp. 37–48. See also Benson et al., "*Body Temperature Changes during the Practice of gTum-mo (Heat) Yoga," Nature* 295 (1982), pp. 234–236, and M.S. Malhotra et al., "*Three Case Reports of the Metabolic and Electroencephalographic Changes during Advanced Buddhist Meditative Techniques," Behavioral Medicine* 16 (1990), pp. 90–95.

အသက်ရှူသွင်းရှူထုတ်ပုံမှ စွန့်ခွာကျော်လွန်ပြီး အလွန်သိမ်မွေ့နူးညံ့သော အသက်ရှူသွင်းရှူထုတ်ပုံ ဖြစ်လာ၏။ ဤအဆင့်တွင် ယောဂီသည် (အ-အက္ခရာ ကဲ့သို့သော) ဗီဇမန္တန်ကို နှလုံးချက္ကရတွင် စိုက်တည်၍ ရွတ်ဆိုပွားများရသော ကျင့်စဉ်ကို လေ့ကျင့်ရ၏။ သို့မဟုတ် အလင်းစက်ဗိန္ဒုတစ်ခုကို အသုံးပြု၍လည်း လေ့ကျင့်နိုင်၏။ ဦးတည်ချက်မှာ ပရာဏာဓာတ်ကို ထိန်းချုပ်၍ ဗဟိုနဒီကြောအတွင်းသို့ ပို့ဆောင်ရေးသာဖြစ်လေသည်။

(၃) **မနောကံတရား သီးခြားကွဲကွာခြင်း** (Mental Isolation)ဟူသောအဆင့်တွင် ယောဂီသည် မိမိ၏ ပရာဏာယမကျင့်စဉ်အားဖြင့် ပရဏာဓာတ်များကို စုစည်း၍ နှလုံးချက္ကရတွင် တည်နေသော မူလဗိန္ဒုနှင့် ပေါင်းစည်း ပျော်ဝင်စေနိုင်သော အဆင့်ဖြစ်၏။ စိတ်သည် အတွေးဝိတက်နှင့် သိမှုဝိဘာဂများကို ကျော်လွန်ပြီး သန္တိသုခနှင့် သုညတာတို့ တစ်ပေါင်းတစ်စည်းတည်းဖြစ်မှု (Union of Bliss and Emptiness) (သို့မဟုတ် အေးငြိမ်းနေသော စိတ်သန္တာန်တွင် အရာခပ်သိမ်း၏ အတွင်းအနှစ်သား ဆိတ်သုဉ်းမှုကို သိမြင်နေခြင်း သဘော) ပေါ်ထွန်းလာ၏။ ဤအဆင့်သည် မာယာဒေဟဟုခေါ်သော စိတ်ဖန်မနောမယခန္ဓာ ဖြစ်ပေါ်လာရန် အတွက် ကနဦး အခြေခံသဖွယ် ဖြစ်၏။

တန္တရမုဒြာများ (ကမ္မမုဒြာနှင့် ဉာဏမုဒြာ)

ဝဇြရယာနဗုဒ္ဓဘာသာ၏ သမ္ပတ္တိယောဂ အဆင့်မြင့်ကျင့်စဉ်များတွင် လိင်စွမ်းအင်ကို အသုံးချသော ယောဂကျင့်စဉ်များ ပါဝင်လာသည်ကို တွေ့ရ၏။ မုဒြာဟုခေါ်သော တွဲဖက်ကျင့်သူ အမျိုးသမီးယောဂီတစ်ဦး ပါဝင်ပတ်သက်လာလေ့ရှိ၏။ တန္တရယောဂီသည် မိမိကိုယ်ကို နှင့် ကျင့်ဖက်အမျိုးသမီး ကို ဒေဝတာနှင့် ဒေဝီများအဖြစ် စိတ်ဖန်ရုပ်သွင် ဖန်တီးအာရုံပြုပြီး အားထုတ်ရသည်ဟုဆို၏။ ဤသို့အားထုတ်ခြင်းကြောင့် အလွန်နူးညံ့သိမ်မွေ့သော စိတ်အရှိတရား၏ အလွှာများသို့ ဆိုက်ရောက်စေနိုင်ကြောင်း ယုံကြည်ကြ၏။ တန္တရကျင့်စဉ်အယူအဆအရ လိင်သုခချမ်းသာ (ရတိသုခ) ၏ အထွတ်အထိပ် အဆင့် အခြေအနေတွင် ကြမ်းတမ်းသော စိတ်အလွှာများ ကွာကျဝေးလွင့်သွားနိုင်ကြောင်း ယူဆကြသောကြောင့်ဖြစ်၏။ လိင်သုခချမ်းသာ (ရတိသုခ) ၏ အထွတ်အထိပ်တွင် ခံစားရသော သုခကို တန္တရယောဂ၏ နည်းပညာများကို အသုံးပြု၍ ဗဟိုနဒီကြောမအတွင်းသို့ သွတ်သွင်းလိုက်သောအခါတွင် အမည်မဖော်ပြနိုင်သော ဝေဒယိတသုခကို ခံစားရပြီး သုညတာ ဓမ္မကိုလည်း သိမြင်နိုင်ကြောင်း တန္တရကျမ်းများက ဖော်ပြကြ၏။ တွဲဖက်

ကျင့်သူ အမျိုးသမီးယောဂီကို မုဒြာ (တံဆိပ် - Seal) ဟုခေါ်ဆိုရခြင်းမှာ ခပ်သိမ်းသောအရာတို့သည် သုညတာနှင့် မဟာသုခတို့၏ ပေါင်းစည်းမှု-ယုဂနဒ္ဓ (Union of Bliss and Emptiness) တည်းဟူသော တံဆိပ်ခတ်နှိပ်ထားသကဲ့သို့ ဖြစ်သောကြောင့်တည်း။

မိမိနှင့် တွဲဖက်ကျင့်ဆောင်ရသော မုဒြာသည် ပြင်ပ အထောက်အကူပြု အခြေအနေဖြစ်ပြီး လိင်သုခချမ်းသာခံစားမှု၏ ဖိအားဖြစ်စဉ်သည် မိမိကိုယ်တွင်း အထောက်အကူပြု အခြေအနေဖြစ်၏။ ဤအထောက်အပံ့တရားများကို အခြေခံ၍ မနောမယခန္ဓာကို ဖန်ဆောင်နိုင်ပြီး ထိုမနောမယခန္ဓာ သည် သက်တံ့တစ်ခုကဲ့သို့ ကြည်လင်တောက်ပနေသော သဘောရှိ၏။ အာကာသထဲသို့ အလွယ်တကူ ပျောက်ကွယ်ပျော်ဝင်သွားနိုင်သော တိမ်စိုင်တစ်ခုကဲ့သို့ မနောမယခန္ဓာသည် ပကတိ စိတ်၏ သဘာဝထဲသို့ ပျော်ဝင်သွားသောအခါတွင် မနောမယခန္ဓာနှင့် သန့်ကြည်ဝင်းပ စိတ်တို့သည် နှစ်ခု မပြားတော့ဘဲ တစ်သားတည်း တစ်ဆက်တည်း တစ်ဖြတ်တည်း ဖြစ်နေသည့် အဒွိတ္တာသဘာဝကို သိမြင်ရပေလိမ့်မည်။ ဤသို့သိမြင်မှုသည် ယောဂီ၏ စိတ်သန္တာန်ဝယ် စွဲထင်နေသော အတ္တဒိဋ္ဌိအစွဲကို အမြစ်ပါမကျန်အောင် နှုတ်ပယ်ပစ်ပေလိမ့်မည်။ ဆန့်ကျင်ဘက်တို့၏ ပေါင်းစည်မှု (ယုဂနဒ္ဓဘာဝ) ကြောင့် ဖြစ်ပေါ်လာရသော မဟာသုခချမ်းသာကို သုညတာဓမ္မအမြင်နှင့် တွဲဖက်ထားနိုင်သည့်အခါတွင် ဗောဓိဉာဏ်၏အမြင့်ဆုံး အနှစ်သာရကို တွေ့ရှိခြင်းဖြစ်ကြောင်း တန္တရကျမ်းများက ဆိုကြ၏။ ဤဉာဏ်အမြင်သည် အရာခပ်သိမ်းကို မူလပကတိ လင်းဖြာမှုသဘောနှင့် သုညတာသဘောတို့၏ လူပ်ရှားကွန့်မြူးချက်များအဖြစ် ရှုမြင်နိုင်သောကြောင့် အမျိုးမျိုးပြားသော အရာများစွာ၏ ပြောင်းလဲမှုကြောင့် မတုန်လှုပ်တော့ချေ။

တန္တရယောဂကျင့်စဉ်တွင် ပရာဏမယစွမ်းအားဖြင့် ယောဂီ၏ သုတ်သွေးကို ပြင်ပသို့ မထွက်စေဘဲ ထိန်းချုပ်ဆို့ပိတ်ထားသော ယောဂကျင့်စဉ်၏ အစိတ်အပိုင်းများပါဝင်ပြီး ၄င်း (ထိန်းချုပ်ထားသော သုတ်သွေးဓာတ်) ကို ဗောဓိစိတ္တဟူ၍ အနွတ္တာသညာအားဖြင့် ခေါ်ဆိုကြသည်ကို တွေ့ရ၏။ ကမ္မမုဒြာ၏ ကူညီပံ့ပိုးမှုကို ရရှိပြီးဖြစ်သော တန္တရယောဂီသည် တန္တရယောဂ၏စွမ်းအားဖြင့် မိမိ၏ပရာဏစွမ်းအင်ကို ရန်းကြွစေပြီး ၄င်းကို ပိတ်ဆို့ ထိန်းချုပ်ထားသည့်အခါ ကိုယ်ခန္ဓာအောက်ပိုင်းတွင်ရှိသော ချက္ကရများတွင် အလွန်ပြင်းထန်သော အတွင်းရန်းပြန်ဖိအားတစ်ရပ် ဖြစ်တည်လာလေ၏။ ယင်းရန်းပြန်ဖိအား သတ္တိစွမ်းအင်ကို ကိုယ်ခန္ဓာအတွင်းဖက်သို့ ပြန်လည်ဆန်တက်စေသောအားဖြင့် ချက္ကရများပွင့်ထွက်ခြင်း ဗန္ဓ

အထုံး အပိတ်အဆို့များ ပွင့်ထွက်ခြင်းနှင့်အတူ အလွန်ကြီးမားသော မဟာသုခကို ဖြစ်ပေါ်စေပြီး သန့်ကြည်ဝင်းပ စိတ်အသိကို ဆိုက်ရောက်စေအောင် အားထုတ်ရသော လမ်းစဉ်ဖြစ်၏။ ထို့ကြောင့် တန္တရယောဂကျင့်စဉ်တွင် ပါဝင်နေသော လိင်မှုဆိုင်ရာများကို သာမန်လောကီဘဝ အကြမ်းစားလိင်ဆက်ဆံမှု သုခများနှင့် မရောထွေးသင့်ကြောင်း တန္တရကျမ်းဂန်များက သတိပေးကြသည့်အပြင် တန္တရယောဂကျင့်စဉ်ကို လိင်ရမက် အာသာဖြေဖျောက်ရန်အလို့ငှာ အလွဲသုံးစား လုပ်ခြင်းသည် အမှားကြီး မှားကြောင်းကိုလည်း ထောက်ပြထားကြ၏။ အမှန်စင်စစ် တန္တရယောဂမှ တမ်မိုကျင့်စဉ်ကို အလွန်အဆင့်မြင့်စွာ အောင်မြင်ပြီးသော ယောဂီများအတွက်သာ ခွင့်ပြုထားပြီး မသက်ဆိုင်သူ အရည်အချင်း မပြည့်မီသူတို့အတွက် မဟုတ်ကြောင်း သိအပ်၏။ အကယ်စင်စစ် တန္တရယောဂ လမ်းစဉ်သည် လောကဓံ အစွန်းတရားများအား လုံး၏ သဘယာဖွယ် စက်ဆုပ်ဖွယ်ဟူသမျှတို့အပေါ် မတုန်လှုပ်သော တာဒိဂုဏ်နှင့် ပြည့်စုံသူ လူစွမ်းကောင်း အနည်းငယ်အတွက်သာ ဖြစ်သည်ဟု ဆို၏။ တန္တရယောဂသည် လိင်မှုနှင့်ပတ်သက်သော ကျင့်စဉ်ဖြစ်သော်လည်း လိင်စိတ်ရမ္မက်ဆန္ဒကို ပယ်ခွာနိုင်သူအတွက်သာ ဖြစ်၏။ ဤကဲ့သို့သော အဆင့်မြင့် အရည်အချင်းရှိသူ ယောဂီအရေအတွက်မှာ အလွန်ပင် နည်းပါးနေလိမ့်မည်ဆိုသော အချက်သည် ယုံမှားဖြစ်စရာ မရှိချေ။

လားမားဆောင်ခပ၏ အလိုအရ ကမ္မမုဒ္ဒြာနှင့် ဉာဏမုဒ္ဒြာဟူ၍ နှစ်မျိုးရှိ၏။ ကမ္မမုဒ္ဒြာဟူသည်မှာ သက်ရှိသွေးသားဖြင့် ရှင်သန်ဖြစ်တည်နေသော အမျိုးသမီးတန္တရယောဂီသူတော်စင်ဖြစ်ပြီး ၄င်း ကမ္မမုဒ္ဒြာကိုယ်တိုင်လည်း တမ်မို (စဏ္ဍာလီ ယောဂ) ကို ပေါက်မြောက်အောင်မြင်သူ ပရာဏဓာတ်ကို နိုင်နင်းစေစားနိုင်သူ ဖြစ်ရန် လို အပ်ပေသည်။ ဉာဏမုဒ္ဒြာ ဟူသည်မှာ သက်ရှိယောဂီမဟုတ်ဘဲ တန္တရယောဂကို ကျင့်သူ၏ စိတ်အာရုံတွင် မိမိ၏ ပရာဏစွမ်းအင်ဖြင့် ဖန်တီး ဆောင်ယူထားသော မနောမယခန္ဓာ တစ်မျိုးပင်ဖြစ်၏။ ဉာဏမုဒ္ဒြာဖြင့် ကျင့်ကြံခြင်းသည် ကာမမုဒ္ဒြာဖြင့် အားထုတ်ရန် ကြိုတင်ပြင်ဆင်မှုမျှသာဖြစ်ပြီး တန္တရယောဂ၏ ပြီးမြောက်မှုအတွက် ကမ္မမုဒ္ဒြာဖြင့် လေ့ကျင့်မှုသည် မရှိမဖြစ် လိုအပ်ချက်ဖြစ်၏။

တိဗက်ဗုဒ္ဓဘာသာ ရဟန်းတော်များသည် ဝိနည်းကို စောင့်ထိန်းရသော သာသနာ့ဓလေ့ဝင် ပုဂ္ဂိုလ်များ ဖြစ်သောကြောင့် သက်ရှိကမ္မမုဒ္ဒြာဖြင့် လေ့ကျင့်ခွင့်မရှိပေ။ မိမိ၏ ကမ္မဋ္ဌာန်း ဘာဝနာအာရုံတွင် ထင်မြင်လာသော ဉာဏမုဒ္ဒြာဖြင့်သာ လေ့ကျင့်ရပြီး သေခြင်းတရား ဆိုက်ရောက်လာမည့်အချိန်ကိုသာ စောင့်စားနေကြရ၏။ သေဆုံးချိန်တွင် ကမ္မမုဒ္ဒြာနှင့်အတူ ကျင့်သည့်အတိုင်း ပရာဏဓာတ်နှင့် ကုဏ္ဍလိနီ နိုး

ကြားခြင်း ချက္ကရများ ပွင့်ခြင်းနှင့် ဗဟိုနဒီကြောအတွင်း ပရာဏဓာတ်များ စုစည်း ချုပ်ငြိမ်းရခြင်း ဖြစ်စဉ်များ အဆင့်ဆင့်ဖြစ်ပေါ်ရသောကြောင့် ဤအခါအခွင့်ကို စောင့်စားရင်း ဉာဏမုဒြာဖြင့်သာ ကျင့်ကြံအားထုတ်နေရခြင်းဖြစ်၏။ အချို့ တန္တရ ပညာရှင်များ အလိုအရ ပါရမီဘုန်းကံ အလွန်ကြီးမားသည့်သူ အချို့သည် ကမ္မမုဒြာ မလိုအပ်ဘဲ ဉာဏမုဒြာသက်သက်ဖြင့် တန္တရယောဂကို အောင်မြင်ပြီးစီးနိုင်ကြသည်ဟု ဆိုပါသည်။ ဂီလုဂ်ပဂိဏ်းကို တည်ထောင်ခဲ့သော လားမားဆောင်ခပသည် မိမိကိုယ်တိုင် ကမ္မမုဒြာဖြင့် ကျင့်ကြံရန် လုံလောက်သော ပြည့်ဝရင့်ကျက်မှု ရရှိနေပြီဖြစ်သော်လည်း တပည့်သာဝကတို့ကို ငဲ့ညှာသောအားဖြင့် တစ်သက်လုံး ဉာဏမုဒြာဖြင့်သာ အနုတ္တရယောဂတန္တရကို ကျင့်ခဲ့ပြီး သေဆုံးချိန်အခိုက်အတန့်ကို စောင့်ဆိုင်းနေခဲ့သည်ဟု ဆိုပါသည်။

(၄) **စိတ်ဖန်မနောမယခန္ဓာဖြစ်ပေါ်ခြင်း** (Illusory Body) ဟုဆိုရာတွင် မာယာဒေဟဟုခေါ်ဆိုသော စိတ်ဖန်ရုပ်သွင် မနောမယခန္ဓာသည် ယောဂီသူတော်စင်၏ မိမိစိတ်သဘာဝကို အခြေခံ၍ စိတ်စွမ်းအားဖြင့် အာရုံပြုဖန်တီးသော ခန္ဓာဖြစ်၏။ ယင်း မနောမယခန္ဓာကို အနူးညံ့အသိမ်မွေ့ဆုံး ပရာဏဓာတ်ဖြင့် ပြုလုပ်ထားပြီး ဒေဝတာ၏အသွင်ဖြင့် ပေါ်ထွက်လာ၏။ ဤအဆင့်တွင် ယောဂီသည် မိမိနှင့် တွဲဖက်ကျင့်ကြံရမည့် **ကမ္မမုဒြာ** (သက်ရှိကျင့်ဖော် အမျိုးသမီး တန္တရယောဂီ) နှင့် အတူကျင့်ကြံရမည်ဖြစ်ပြီး ပရာဏစွမ်းအင်များကို ဗဇ္ဇြအတွင်း ပေါင်းစည်းပျော်ဝင်နိုင်စေရန် အတူအားထုတ်ရမည်ဖြစ်၏။ မိမိ၏အသွင်သည် အဖြူရောင်အဆင်းရှိသော စျာနိဗုဒ္ဓအသွင် သို့မဟုတ် ဒေဝတာ၏ အသွင်ဖြင့် ပေါ်လွင်လာပြီး ကမ္မမုဒြာကိုလည်း စျာနိဗုဒ္ဓနှင့် ဒေဝတာတို့၏ ဆိုင်ရာကြင်ယာတော် ဒေဝီအသွင်ဖြင့် အာရုံပြုထားရန်ဖြစ်၏။ ယောဂီပုဂ္ဂိုလ်သည် ကိလေသာတို့မှ မစင်ကြယ်သေးသောကြောင့် ဤအဆင့်တွင် ပေါ်ပေါက်လာသော မနောမယ ကိုယ်ခန္ဓာကို **မစင်ကြယ်သေးသော စိတ်ဖန်မနောမယခန္ဓာ** (Impure Illusory Body) ဟု သတ်မှတ်ခေါ်ဆိုသည်။ ယောဂီ၏ စိတ်သန္တာန်တွင် ဒေဝတာမာနလည်း ပေါ်ပေါက်လာလေ၏။

(၅) **သန့်ကြည်ဝင်းပသိစိတ်အစစ် ပေါ်ထွန်းခြင်း** (Clear Light Mind) ဟု ဆိုရာတွင် ယောဂီသူတော်စင်သည် အခြေခံ အကျဆုံး သိစိတ်အလွှာသို့ ရောက်ရှိသွားပြီး ပကတိသဘာဝအားဖြင့် သန့်ရှင်းစင်ကြယ် ကြည်လင်ဝင်းပနေသော သိမှုသက်သက်အဆင့်ကို မျက်မှောက်ပြုနေခြင်းဖြစ်၏။ သန့်ကြည်ဝင်းပသိစိတ်သည် တန္တရယောဂီမဟုတ်သော အချို့လူသားများ မတော်တဆ တွေ့မြင်ရလေ့ရှိပြီး အထူးသဖြင့် သေဆုံးချိန် အိပ်စက်ချိန် မှေ့မျောချိန်တို့တွင် ကြုံတွေ့ရတတ်၏။ ဤ

အဆင့်ကို တန္တရယောဂီသည် မိမိ၏ ဘာဝနာအကျင့်စွမ်းအားဖြင့် အချိန်အခါမရွေး ရောက်ရှိနိုင်၏။ ပရာဏဓာတ်များ အားလုံးအဆင့်ဆင့် ချုပ်ငြိမ်း ရပ်စဲသောအခါတွင် နောက်ဆုံးအနေဖြင့် သန့်ကြည်ဝင်းပသိစိတ်အစစ် ထွန်းပေါ်လာပြီး စိတ်၏ပကတိ သဘာဝအရှိတရားနှင့် သုညတာညာဏ်ပညာတို့ ပေါင်းစည်းမိသော အဆင့်ဖြစ်၏။

(၆) **သေက္ခကျင့်ဆဲယောဂီ၏ပေါင်းစည်းခြင်း** (Learner's Union) ဟူသော အဆင့်တွင် ပရာဏဓာတ်များ ပြန်လည်နိုးထ သက်ဝင်လာပြီး ယောဂီသည် မိမိကိုယ်ကို စိတ်ဖန်မနောမယခန္ဓာထဲတွင် တွေ့မြင်ရ၏။ သန့်ကြည်ဝင်းပ သိစိတ်အစစ်ကို ဖြတ်သန်းခဲ့ပြီးဖြစ်၍ ယောဂီ၏ စိတ်သန္တာန်တွင် ကိလေသာ အညစ်အကြေးများ စင်ကြယ်ပြီး ဘဝသံသရာမှ လွတ်မြောက်သော အဆင့်ကို ရောက်ရှိခဲ့ပြီဖြစ်၏။ ဤအဆင့်တွင် ဒေဝတာ၏အသွင်ဖြင့် ပေါ်ထွက်လာသော မနောမယခန္ဓာကို သန့်စင်သောမနောမယခန္ဓာ (Pure Illusory Body) ဟု ခေါ်နိုင်၏။ အဆိုပါ သန့်စင်သော မနောမယခန္ဓာသည် အလွန်. အလွန် သိမ်မွေ့နူးညံ့လွန်းသော ပရာဏဓာတ်ဖြင့် ဖွဲ့စည်းထားပြီး သန့်ကြည်ဝင်းပစိတ်နှင့်လည်း အလွန်နီးစပ်သော ဆက်သွယ်မှု ရှိနေလေသည်။ သေက္ခကျင့်ဆဲယောဂီ၏ ပေါင်းစည်းခြင်းအဆင့်သည် ဒုတိယ ဗောဓိသတ္တဘူမိသို့ ရောက်ရှိခြင်းဖြစ်ပြီး ဘာဝနာမဂ်သို့ ရောက်ရှိခြင်းလည်း ဖြစ်၏။ ဗောဓိသတ္တမဂ်ကျင့်စဉ် အဆင့်ဆင့် နက်ရှိုင်းလာသည့်အခါတွင် သဗ္ဗညုတညာဏ်၏ အတားအဆီးများကို ဖယ်ရှားနိုင်ပြီး ကိစ္စပြီးမြောက်သော အ-သေက္ခ ယောဂီ၏ ပေါင်းစည်းခြင်းအဆင့် (Non-Learner Union) အထိ ဦးတည် တိုးတက်သွားနိုင်လေသည်။

သေက္ခကျင့်ဆဲယောဂီ၏ ပေါင်းစည်းခြင်းအဆင့်မှ အ-သေက္ခကျင့်ဆဲယောဂီ၏ ပေါင်းစည်းခြင်းအဆင့်သို့ ကူးပြောင်းရောက်ရှိရာတွင် အောက်ပါ ဝဇီရလေးပါး (Four Vajras) ပြည့်စုံဖို့ လိုအပ်သည်ဟု တန္တရကျမ်းများက ဆိုကြ၏။

- နဒီဝဇီရ (Channel Vajra) (ယောဂီနှင့် ကမ္မမုဒ္ဒြာ၏ ဗဟိုနဒီ ထိပ်ဖျားများ ဆက်သွယ်ပေါင်းစည်းခြင်း)
- ပရာဏ ဝဇီရ (Wind Vajra) (ယောဂီနှင့် ကမ္မမုဒ္ဒြာ၏ အောက်သို့စုန်ဆင်းသည့်ပရာဏစွမ်းအင်အချင်းချင်း ပေါင်းစည်းခြင်း)
- ဗိန္ဒု ဝဇီရ (Drop Vajra) (ယောဂီနှင့် ကမ္မမုဒ္ဒြာ၏ ဗိန္ဒုများ အချင်းချင်း ပေါင်းစည်းမိခြင်း)
- မဟာသုခသုညတာ ဝဇီရ (Vajra of great bliss and emptiness) (ယောဂီ၏ စိတ်သန္တာန်တွင် မဟာသုခနှင့် သုညတာသဘာဝတို့ရောယှက်စိမ့်ဝင် ပေါင်းစည်းတည်နေခြင်း)

ဤသို့ ဝဇီရလေးပါးနှင့် ပြည့်စုံသောအခါ တန္တရယောဂီသည် သန့်စင်သော မနောမယခန္ဓာဖြင့် ခပ်သိမ်းသော နေရာဒေသတို့တွင် ဝေနေယျသတ္တဝါတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရင်း အလွန်ကြီးမားသော ကောင်းမှုကုသိုလ်-ပုညသမ္ဘာရ တရားတို့ကို စုဆောင်းနိုင်ခဲ့မည်ဖြစ်၏။ ပါရမီသမ္ဘာရတရားတို့ ပြည့်စုံသောအခါတွင် တန္တရယောဂီသည် ကိလေသာ-အာသဝ-ဝါသနာအထုံ အပေါင်းတို့ကို စွန့်ပယ်ပြီး ဘုရားအဖြစ်ကို ရောက်ရှိနိုင်သည်ဟု ဝဇီရယာန ဗုဒ္ဓဘာသာဝင်တို့က ယုံကြည်ကြ၏။ အသေကွပုဂ္ဂိုလ်၏ ပေါင်းစည်းမှုတွင် အောက်ပါအချက်(၇)ချက် ပါဝင်နေ၏။

၁။ တန္တရယောဂီ၏ သမ္ဘောဂကာယသည် မဟာပုရိသလက္ခဏာကြီး (၃၂) ပါး လက္ခဏာငယ် (၈၀) တို့ဖြင့် ပြည့်စုံနေ၏။

၂။ တန္တရယောဂီ၏ သမ္ဘောဂကာယ သည် ဉာဏမုဒြာနှင့် ပွေ့ဖက် ပေါင်းစည်းနေဟန်ရှိ၏။

၃။ တန္တရယောဂီ၏ စိတ်သည် မဟာသုခ၌ တည်နေ၏။

၄။ တန္တရယောဂီ၏ မဟာသုခသည် သုညတာကို သိမြင်သော ဉာဏ်ပညာနှင့် တစ်ပေါင်းတစ်စည်းတည်းဖြစ်နေခဲ့၏။

၅။ တန္တရယောဂီ၏ စိတ်သည် မဟာကရုဏာတရားဖြင့် အစဉ်စိုစွတ်နေ၏။

၆။ တန္တရယောဂီ၏ ကာယအစဉ်သည် မည်သည့်အခါမျှ မချုပ်ငြိမ်းတော့ပေ။

၇။ တန္တရယောဂီ၏ သမ္ဘောဂကာယသည် ဝေနေယျသတ္တဝါတို့၏ အကျိုးစီးပွားကို အစဉ်သဖြင့် ဆောင်ရွက်နေ၏။[၆၁၈]

ယောဂီသည် ကိလေသာတို့ကို ဝါသနာနှင့်တကွ အရင်းအမြစ်မှ ပယ်ရှားနိုင်ပြီး အပြည့်အဝနီးကြားသော ဘုရားအဖြစ်သို့ ရောက်ရှိလေသည်။ သန့်ကြည်ဝင်းပသိစိတ်အစစ်ကိုလည်း အပြည့်ဝဆုံး လန်းပွင့်နေသည့် အခြေအနေကို ရရှိလေ၏။[၆၁၉]

တန္တရယောဂကျင့်စဉ်၏အဆုံးစွန်သောပန်းတိုင်

ဝဇီရယာနလမ်းစဉ်ကို အဆုံးထိပေါက်အောင် လိုက်လျှောက်ခဲ့သော တန္တရိကယောဂီသည် ကမ္မမုဒြာ၏ အကူအညီဖြင့် မိမိ၏ ပရာဏဓာတ်အားလုံး ကို နှလုံးချက္ကရ၏

၆၁၈။ Daniel Cozort, Hight Yoga Tantra, Snow Lion Publication. (2005), p-112

၆၁၉။ Geshe Tashi Tsering, *Tantra: The Foundation of Buddhist Thought-Vol 6* (2012), Wisdom Publications. P-133-153

ဗဟိုချက်ဗိန္ဒုတွင် စုစည်းပျော်ဝင်နိုင်သောအခါတွင် သေခြင်းဖြစ်စဉ်အတိုင်း သန့်ကြည်ဝင်းပ အလင်းဓာတ် သိစိတ်နှင့် မဟာသုခ (Clear Light Mind and Bliss) တို့ ဖြစ်ပေါ်လာလေသည်။ ထိုအဆင့်ကို ကျော်လွန်လျှင် ကျော်လွန်ချင်း (သေခြင်း၏ အဆန်းဖြစ်စဉ်အတိုင်း) သန့်ကြည်ဝင်းပ အလင်းဓာတ်သိစိတ်နှင့် မဟာသုခတို့အထဲမှ မနောမယခန္ဓာ (Illusory Body) ပေါ်ထွက်လာခဲ့၏။ အဆိုပါ မနောမယခန္ဓာသည် အသွင်သဏ္ဌာန်အားဖြင့် ယောဂီ အခြေခံ အာရုံယူကျင့်ကြံခဲ့သော ဒေဝတာ၏ ပုံဟန်သွင်ပြင်အတိုင်း ထွက်ပေါ်လာခြင်း ဖြစ်သလို ထိုမနောမယခန္ဓာ၏ အာရုံပြုရာမှာလည်း သန့်ကြည်ဝင်းပ အလင်းဓာတ်သိစိတ်က အာရုံပြုခဲ့သော သုညတာသဘာဝပင် ဖြစ်လေသည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း တန္တရယောဂကျင့်စဉ်၏ အဆုံးစွန်သော ပန်းတိုင်မှာ အမြတ်ဆုံး ဗောဓိဉာဏ်ကို အတိုတောင်းဆုံးကာလအတွင်း ရရှိပြီး အများဆုံးသော ဝေနေယျသတ္တဝါတို့အကျိုးကို ဆောင်ရွက်သာ ဖြစ်သည်ဟူ၍ တန္တရကျမ်းဂန်များက ညွှန်ပြကြ၏။ ကျင့်စဉ်၏ အဆုံးတွင်ရောက်ရှိရသော သုညတာကို သိမြင်သည့် သန့်ကြည်ဝင်းပ စိတ်သဘာဝသည် စိန်ကျောက်ကဲ့သို့ ခိုင်မာပြီး ဆန့်ကျင်ဘက်ကိလေသာတရားတို့က မဖျက်ဆီးနိုင်သောကြောင့် ဝဇီရသမာဓိ (vajralike meditative stabilization) ဟူ၍လည်း ခေါ်ဆိုကြပါသည်။ အလွန်အားကြီးခိုင်မာသော သမာဓိစိတ်သည် ထိုးထွင်းရှုမြင်သုံးသပ်နိုင်သော ဉာဏ်ပညာနှင့် ပေါင်းစပ်သည့် အခါတွင် အနုမြူလက်နက်ပမာ တန်ခိုးထက်မြက်လာလေသည်။ ယင်းသမာဓိအထူးသည် သဗ္ဗညုတ ဉာဏ်ပညာ၏ အတားအဆီး အပိတ်အဆို့မှန်သမျှကိုလည်း မြူတစ်မှုံမျှ မကျန်ရစ်အောင် ဆေးကြောသန့်စင်နိုင်စွမ်းလည်း ရှိ၏။ ဤအဆင့်ကို ထပ်မံ၍ လေ့လာသင်ယူစရာ မရှိတော့သည့် **အသေက္ခအဆင့်** (No-More Learning Stage) ဟုလည်းခေါ်ပြီး (၁) သန့်ကြည်ဝင်းပ သိစိတ် (၂) ထိုသိစိတ်တွင် တည်သော ဉာဏမုဒြာနှင့် (၃) မဟာသုခ (၄) ထိုသိစိတ်က အာရုံပြုနေသော သဗ္ဗဓမ္မသုညတာသဘာဝ စသည့် လေးခုသောတရားတို့သည် တစ်သားတည်း ရောစပ်ပေါင်းစည်းလျက်တည် နေကြလေသည်။ ဤသို့ လွတ်မြောက်သောစိတ်သည် သမ္ဘန္နကမ္မအဆင့်တွင် ဖန်တီးထားပြီးသော ဒေဝတာမနောမယ ကိုယ်ကာယနှင့် တစ်သားတည်း တည်နေခြင်းအားဖြင့် တန္တရကျင့်စဉ်၏ ပန်းတိုင်သို့ ရောက်ရှိအောင်မြင်ကာ ဘုရားအဖြစ် ကိုရောက်ရှိကြောင်း ဝဇီရယာန ဗုဒ္ဓဘာသာက ယုံကြည်ပါသည်။[၆၂၀]

၆၂၀။ **Geshe Tashi Tsering, *Tantra: The Foundation of Buddhist Thought-Vol 6* (2012), Wisdom Publications. P-154**

သာမန်လူသားတို့၏ သေခြင်းဖြစ်စဉ်၊ ကြားဘဝဘာဒိကာလဖြစ်စဉ်နှင့် ဘဝသစ်တစ်ဖန် မွေးဖွားသောဖြစ်စဉ်တို့သည် အမြင့်ဆုံးယောဂတန္တရ၏ ပန်းတိုင်သို့ ရောက်ရှိသည့်တိုင်အောင် အဆင့်ဆင့် သက်ဆိုင်ထင်ဟပ်နေသည်ကို တွေ့ရ၏။ နှလုံးချက္ကရတွင် ကြမ်းတမ်းသော လောကီပရာဏာဓာတ်များ အလုံးစုံချုပ်ငြိမ်း၍ သန့်ကြည်ဝင်းပသိစိတ် ပေါ်ထွန်းလာပြီး ထိုစိတ်၏ ဝဇီရသမာဓိဖြင့် သဗ္ဗဓမ္မသုညတာကို ထိုးထွင်းသိမြင်ခြင်းသည် **ဓမ္မကာယသို့ ဆိုက်ရောက်ခြင်း** ဖြစ်၏။ ဤအဆင့်သည် သာမန်လူသားတို့၏ သေဆုံးခြင်းသဘောနှင့် အလားတူလေသည်။ ယောဂီ၏ သန့်ကြည်ဝင်းပ သိစိတ်အတွင်းမှ သန့်စင်သော မာယာဒေဟ (မနောမယခန္ဓာ) ထွက်ပေါ်လာခြင်းသည် **သမ္ဘောဂကာယသို့ဆိုက်ရောက်ခြင်း** ဖြစ်၏။ ထို မနောမယခန္ဓာသည် မိမိဖန်ဆင်းခဲ့သော ဒေဝတာ၏ရုပ်ပုံလွှာအတိုင်း မဟာပုရိသလက္ခဏာများနှင့် ပြည့်စုံပြီးဖြစ်၏။ ထို မနောမယခန္ဓာကို မိမိ၏ အမိမွေးခဲ့သော ရုပ်ကြမ်းကိုယ်ခန္ဓာတွင်းဌ သွတ်သွင်း၍တည်စေခြင်းသည် **နိမ္မာနကာယသို့ ဆိုက်ရောက်ခြင်း** ဖြစ်၏။ ဤသို့လျှင် တန္တရယောဂကျင့်စဉ်၏ ပန်းတိုင်သည် ဗုဒ္ဓ၏ ကာယသုံးပါးအဖြစ် ရရှိခဲ့ပြီဟု ဆိုနိုင်ပါသည်။[၆၂]

မဟာမုဒြာ ကျင့်စဉ်

အထက်တွင်ပြဆိုခဲ့သော တန္တရယောဂကျင့်စဉ်သည် အဆင့်ဆင့်အားထုတ်ရသော ယောဂကျင့်စဉ်ဖြစ်ပြီး ပရာဏစွမ်းအင်ကို ထိန်းချုပ်ကျင့်ကြံရသောကြောင့် **စွမ်းအင်ယောဂ** (Energy Yoga) ဟုခေါ်ကြ၏။ မိမိ၏ ပကတိစိတ်သဘာဝအမှန်ကို တိုက်ရိုက်ထိုးထွင်းသိမြင်အောင် ကျင့်ကြံအားထုတ်ရသော မဟာမုဒြာကျင့်စဉ်ကို **စိတ်သက်သက်ယောဂ** (Mind Yoga) ဟုခေါ်ကြ၏။ မဟာမုဒြာကျင့်စဉ်သည် တိဗက် ဝဇီရယာနဗုဒ္ဓဘာသာတွင် အထူးအရေးပါ ထင်ရှားသော ကျင့်စဉ်ဖြစ်ပြီး ကာဂျုပ ဂိုဏ်း၏ အဆင့်အမြင့်ဆုံး ကျင့်စဉ်တစ်ရပ်လည်းဖြစ်၏။ နဝမမြောက်ကာမပအရှင် ရေးသား ပြုစုတော်မူခဲ့သော The Ocean of the Definitive Meaning ကျမ်းကြီးသည် မဟာမုဒြာကျင့်စဉ်ကို အနုစိတ် ချယ်မှုန်းထားသော လမ်းစဉ်ပြ ကျမ်းတစ်ဆူဖြစ်၏။ ဤနေရာတွင် စာမျက်နှာ အကန့်အသတ်ရှိသောကြောင့် မဟာမုဒြာကျင့်စဉ်၏ အကြောင်းကို အကျဉ်းရုံး၍ သိသာရုံမျှ တင်ပြပေးမည် ဖြစ်ပါသည်။

မဟာမုဒြာ ဟူသည်မှာ စိတ်၏မူလပကတိ သဘာဝဖြစ်သော အနှစ်သားကင်းဆိတ်သည့် **သုညတာဓမ္မ**(Emptiness) နှင့် သန့်ကြည်ဝင်းပနေသော ပဘာ

၆၂။ Daniel Cozort, Hight Yoga Tantra, Snow Lion Publication. (2005) p-114

သရသဘာဝ (Luminosity) တို့ တစ်သားတည်း ပေါင်းစည်းနေမှု အခြေအနေ ဖြစ် လေသည်။ ၄င်းသည် မဟာမုဒြာဖြစ်သောကြောင့် ရှိရှိသမျှ ရပ်နာမ်ဓမ္မ သခါရ တရား ဟူသမျှတို့သည် ယင်းမူလသဘာဝ၏ ဖော်ဆောင်မှုများ ဖြစ်ကြ၏။ ဘုရင် ဧကရာဇ်၏ တံဆိပ်တော်သည် တိုင်းပြည်အဝှမ်း အာဏာလွှမ်းဘိသကဲ့သို့ စိတ်၏ ပကတိသဘာဝ **သန့်ကြည်ဝင်းပသုညတာဓမ္မ** (Luminous Emptiness) တည်း ဟူသော မဟာမုဒြာသည်လည်း ရှိရှိသမျှ ခပ်သိမ်းသောအရာတို့ကို လွှမ်းခြုံထား သော တစ်ခုတည်းသော လက္ခဏာ ဖြစ်လေသည်။ မဟာမုဒြာကျင့်စဉ်သည် အဆိုပါ စိတ်၏ ပကတိသဘာဝ သန့်ကြည်ဝင်းပသုညတာဓမ္မကို တိုက်ရိုက်သိမြင် အောင် အားထုတ်ရသော ယောဂကျင့်စဉ်တစ်ရပ်ဖြစ်၏။ ဤကျင့်စဉ်သည် တန္တရ ယောဂ ကျင့်စဉ်ကဲ့သို့ပင် သက်ရှိဆရာအရှင်တစ်ဦး၏ လမ်းညွှန်ပြသပေးမှု မရှိမဖြစ် လို အပ်၏။ ဆရာအရှင်ကိုယ်တိုင်က မိမိသန္တာန်တွင် သန့်ကြည်ဝင်းပသုညတာ ဓမ္မကို တိုက်ရိုက်သိမြင်အောင် အားထုတ်ပြီးသူဖြစ်ရမည် ဖြစ်သလို တပည့်သာဝကဘက် မှလည်း ဆရာအရှင်အပေါ် အလုံးစုံ ပုံအပ်ယုံကြည်ဖို့ လိုပေသည်။ ထိုယုံကြည်မှုကို အခြေခံ၍ စိတ်၏ ပကတိသန့်စင်သော သဘာဝကို တပည့်ဖြစ်သူ သိမြင်အောင် ဆရာအရှင်က တိုက်ရိုက်မိတ်ဆက်ပေးသော ဓမ္မအတွေ့အကြုံဖြင့် မဟာမုဒြာကျင့် စဉ်ကို အစပျိုးရပါသည်။

မဟာမုဒြာကျင့်စဉ်ကို **ဓမ္မအခြေခံ** (Ground) **ဓမ္မမဂ်လမ်းစဉ်** (Path) နှင့် **ဓမ္မအသီအမြင်** (Result) ဟူ၍ သုံးပိုင်း ခွဲခြားထား၏။ ဓမ္မအခြေခံ = ဟူသည်မှာ သတ္တဝါများ အပါအဝင် အရာခပ်သိမ်း၌ ကိန်းဝပ်နေသော သန့်ကြည်ဝင်းပ သုည တာဓမ္မသဘော ဖြစ်၏။ ထိုအရိုတရားကို နားလည်သိမြင်ခြင်းသည် ဓမ္မအခြေခံ ဖြစ်၏။ ဓမ္မမဂ်လမ်းစဉ်= ဟူသည်မှာ ဓမ္မအခြေခံမှပေးသော အသိကို ပိုမိုနက်ရှိုင်း ခိုင်မြဲစေရန် အထပ်အထပ်အဖန်ဖန် ထိတွေ့ဝင်စား အားထုတ်ရှုပွားခြင်း ဖြစ်၏။ ဓမ္မအသီအမြင်=ဟူသည်မှာ ဓမ္မမဂ်လမ်းစဉ်၏ လမ်းဆုံးပန်းတိုင်သို့ ရောက်ရှိခြင်း အကျိုး ရလဒ် ဖြစ်၏။ ယောဂီသည် မိမိ စိတ်သဘာဝတွင် ကိန်းဝပ်နေသော ဗုဒ္ဓ အဖြစ်သို့ ရောက်ရှိခြင်း ဖြစ်၏။

မဟာမုဒြာကျင့်စဉ်၏ ဓမ္မမဂ်လမ်းစဉ်တွင် သမထ (Calm Abiding) နှင့် ဝိပဿနာ (Higher Insight) နှစ်ခုစလုံး ပါဝင်နေသည်ကို တွေ့ရ၏။ သမထပိုင်း သည် ရှေးဦးဗုဒ္ဓဝါဒ၏ သမထကျင့်စဉ်နှင့် အခြေခံခြင်း မခြားနားလှပေ။ ဝိပဿနာ ပိုင်းသည် စိတ်၏ ပကတိသဘာဝကို ထိုးထွင်းသိမြင်အောင် ရှုပွားရသောကြောင့် ရှေးဦး ဗုဒ္ဓဝါဒ၏ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကျင့်စဉ်နှင့် ဆင်တူသလိုရှိ၏။ သို့

သော်လည်း စိတ်၏ ပကတိ သဘာဝအမှန်ဖြစ်သော သန့်ကြည်ဝင်းပ သုညတာဓမ္မကို သိမြင်ရေးသည် မဟာမုဒြာကျင့်စဉ်၏ ထူးခြားချက်ဖြစ်သည်ဟု ဆိုနိုင်၏။ သန့်ကြည်ဝင်းပ သုညတာဓမ္မသည် သိသူ-အသိခံ ဆုပ်ကိုင်သူ-အဆုပ်ကိုင်ခံ စသော ဒွိယံသဘောများကို လွန်မြောက်နေသော သဘာဝဖြစ်သောကြောင့် မဟာမုဒြာသည် မဟာယာန ယောဂါစာရဒဿနအမြင်ကို ထင်ဟပ်နေသော ယောဂကျင့်စဉ်ဖြစ်ကြောင်း မှန်းဆနိုင်လေသည်။

မဟာမုဒြာသမထကျင့်စဉ်တွင် ပြင်ပဝတ္ထုတစ်ခုခုကို မှီ၍ကျင့်ရသော **သနိမိတ္တကျင့်စဉ်**နှင့် ပြင်ပဝတ္ထုတစ်ခုခုကို မှီခိုစရာမလိုဘဲ စိတ်၏ မူလပကတိ သဘာဝတွင်သာ စူးစိုက်နားနေသည့် **အနိမိတ္တကျင့်စဉ်**ဟူ၍ နှစ်မျိုး ရှိလေသည်။ ပြင်ပဝတ္ထုတစ်ခုခုကို မှီ၍ကျင့်ရသော သနိမိတ္တကျင့်စဉ်ဟူသည် မဇ္ဈိမ ကသိဏ်းဝန်း ဒေဝတာနိမိတ်ပုံ မိမိ၏ အသက်ရှူမှု အထိအတွေ့ စသည် အာရုံတစ်ခုခုကို ရှေးရှုပွားများခြင်းဖြစ်၏။ စိတ်ကို တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ ငိုက်မျည်းခြင်း၊ ရုန်းဆန်ပုံ့လွှင့်ခြင်း၊ ပူပန်သောကဖြစ်ခြင်း စသော အနှောက်အယှက် အညစ်အကြေးများ မဖြစ်ပေါ်စေပဲ ပကတိ တည်ကြည် ငြိမ်သက်စွာ ရှိနေနိုင်ရန် အားထုတ်ရခြင်းဖြစ်၏။

အားထုတ်ကာစတွင် စိတ်သည် ရေတံခွန်ကြီးတစ်ခုကဲ့သို့ ရေများ တဖွားဖွားနှင့် အားကောင်းစွာ ကျဆင်းနေပုံနှင့် တူ၏။ ထိုနောက် ကျင့်စဉ်တိုးတက်လာသော အခါတွင် တောင်ကျချောင်းရေကဲ့သို့ ရေစီးသန်ပြင်းထန်သော်လည်း ကမ်းပါးများဖြင့် ကောင်းစွာ ထိန်းသိမ်းထားပြီးသကဲ့သို့ ဖြစ်၏။ ထိုမှတစ်ဆင့်ဆက်၍ မြေပြန့်တွင် စီးဆင်းသော မြစ်တစ်စင်းပမာ ငြိမ့်ငြိမ့်လေး စီးဆင်းနေသလို ဖြစ်၏။ နောက်ဆုံးအဆင့်တွင် မြစ်သည် ပင်လယ်သမုဒ္ဒရာထဲသို့ စီးဝင်ပျောက်ကွယ်၍ ပကတိငြိမ်သက်နေသော ရေထုကြီးအဖြစ်သာ တည်ရှိနေသလို စိတ်သည်လည်း သမထ၏ အာရုံတွင် ပကတိ ငြိမ်သက်စွာ တည်နေလေသည်။ မိမိ၏ စိတ်အလျဉ်ကို မတိမ်းမပါး မရွေ့မလျားစေဘဲ တစ်ခုတည်းသော အာရုံတွင် စူးစူးစိုက်စိုက် တည်နေနိုင်လျှင် ဧကဂ္ဂတာကျ၍ ဥပစာရသမာဓိကို ရရှိလေ၏။ ဤအဆင့်သည် မဟာမုဒြာသမထကို ပြီးပြည့်စုံစေခြင်းဖြစ်၏။ မဟာမုဒြာယောဂ၏ အဆင့်လေးဆင့်အနက် ပထမအဆင့်ဖြစ်သော **တစ်ခုတည်းသောအာရုံ၌ စူးစိုက်ခြင်းယောဂ** (The Yoga of One-Pointedness) ကို အောင်မြင်ပြီးဖြစ်၏။

မဟာမုဒြာဝိပဿနာ ဟူသည်မှာ သမထဖြင့် ထူထောင်ပြီးသော ဥပစာရသမာဓိ ကို အခြေခံ၍ စိတ်၏ ပကတိသဘာဝ အမှန်ကို ဆင်ခြင်သုံးသပ် လေ့လာခြင်း

ဖြစ်၏။ ကြေးမုံပြင်အလား ကြည်လင်သန့်ရှင်းနေသော စိတ်သည် မိမိ၏ သဘာဝ အမှန်ကို အရိပ်ထင်ပေါ်လွင်စေနိုင်၏။ ပုဂ္ဂလသုညတာဟုခေါ်သည့် ပုဂ္ဂိုလ်တို့တွင် အတ္တဆိတ်သုဉ်းပုံနှင့် ဓမ္မ သုညတာဟုခေါ်သည့် ရုပ်နာမ်သခ်ါရ ဓမ္မတရားတို့တွင် အတ္တဆိတ်သုဉ်းပုံတို့ကို ကွင်းကွင်းကွက်ကွက် အမြင်ရောက်စေရန် ဖြစ်၏။ စိတ်၏ သဘာဝနှင့် အလုပ်လုပ်ပုံကို လေ့လာရာတွင် အောက်ပါနယ်ပယ်များကို အထူးပြု စောင့်ကြည့်လေ့လာရ၏။

- ငြိမ်သက်နေသောစိတ်ကို စောင့်ကြည့်လေ့လာခြင်း (စိတ်၏ တည်ကြည်နေပုံ အတွေးမဲ့ပုံ အတွေးများ ဖြစ်ပေါ်လာတတ်ပုံ ပြန်လည်ငြိမ်သက်သွားပုံ စသည်တို့ကို လေ့လာရန်ဖြစ်၏)
- လှုပ်ရှားနေသောစိတ်ကို စောင့်ကြည့်လေ့လာခြင်း (အတွေးဝိတက်များ ဖြစ်ပေါ်လာပုံ၊ ပျောက်ကွယ်ပုံ၊ ကူးတက်ဆက်နွယ်ပုံ နှင့် ဝိတက်စိတ်၏ သဘာဝစသည်တို့ကို လေ့လာရန်ဖြစ်၏)
- အာရုံပြု နေသောစိတ်ကို စောင့်ကြည့်လေ့လာခြင်း (ပြင်ပအာရုံများ အတွင်းဒွါရတို့တွင် ရိုက်ခတ်ပုံ အသိဖြစ်ပေါ်ပုံ စိတ်ဝီထိတို့ တုန်ခါရွေ့လျားပုံ စသည်တို့ကို လေ့လာရန်ဖြစ်၏)
- ရုပ်ကိုယ်ကာယနှင့် ဆက်စပ်နေသောစိတ်ကို စောင့်ကြည့်လေ့လာခြင်း (ရုပ်နှင့်စိတ် အရှိတရားတို့ အပြန်အလှန် အကြောင်းအကျိုး ဆက်သွယ်နေပုံ တစ်ခုကိုတစ်ခု လွှမ်းမိုးပုံ အထောက်အပံ့ပြုနေပုံ စသည်တို့ကို လေ့လာရန်ဖြစ်၏)
- ငြိမ်သက်နေသော စိတ်နှင့် လှုပ်ရှားနေသောစိတ်တို့ကို ပူးတွဲ၍ စောင့်ကြည့်လေ့လာခြင်း (ငြိမ်သက်နေသောစိတ်မှ အတွေးဝိတက်တို့ ဖြစ်ပေါ်ပုံ အတွေးဝိတက်တို့ချုပ်ငြိမ်း၍ သမာဓိစိတ်ဖြစ်တည်လာပုံ စသည်တို့ကို လေ့လာရန်ဖြစ်၏)

မဟာမုဒြာ ဝိပဿနာကျင့်စဉ်ဖြင့် စိတ်ကိုလေ့လာသောအခါတွင် အောက်ပါအချက်များကို သိမြင်လာခဲ့ရ၏။

- ခပ်သိမ်းသော (အတွင်း အပြင် အနီး အဝေး အတိတ် ပစ္စုပ္ပန် အနာဂတ် အနု အကြမ်း အယုတ် အလတ် အမြတ် အကောင်း အဆိုး) အရာတို့သည် စိတ်၏ ရောင်ပြန်ဟပ်ကွန့်မြူးချက်များ ဖြစ်ကြ၏။ စိတ်၏ဖော်ဆောင်သွင်ပြင်များ ဖြစ်ကြ၏။ (All things are made up of the Mind)
- စိတ်၏ ပင်ကိုယ်သဘာဝကို လေ့လာကြည့်သောအခါ စိတ်သည် အထည်

ဒြပ် အနှစ်သားအမာခံမရှိသော သုညတာသဘာဝရှိသည့် သဘောဖြစ်ကြောင်း သိရ၏။ (Mind is empty of mind)

- စိတ်သည် အနှစ်သားအမာခံ အရိုတရားမဟုတ်သော်လည်း လုံးလုံးမရှိသည့် နတ္ထိတရားမဟုတ်ဘဲ ရောင်ပြန်ဟပ် သိမြင်တတ်သော သန့်ကြည်ဝင်းပသည့် အလင်းဓာတ်ဖြစ်သည်ကိုလည်း တွေ့ရ၏။ (The Nature of the Mind is Clear Light)

အဆိုပါအချက်များကို သိမြင်လာသော ယောဂီသည် မဟာမုဒ္ဒြာယောဂ၏ အဆင့်လေးဆင့်အနက် ဒုတိယအဆင့်ဖြစ်သော **အခြေခံရိုးရှင်းမှုကို သိမြင်သော ယောဂ** (The Yoga of Simplicity) ကို ရောက်ရှိလာပြီဖြစ်၏။ အရာခပ်သိမ်း၏ ဝိသေသ လက္ခဏာများကို အသိမရောက်တော့ဘဲ အခြေခံတူညီသည့် သာမညလက္ခဏာများကိုသာ အာရုံပြု သိမြင်နေနိုင်သော အဆင့်ဖြစ်၏။

အခြေခံရိုးရှင်းမှုကို သိမြင်သော ယောဂအဆင့်ဆင့် မြင့်တက်ရင့်ကျက်လာသောအခါတွင် မဟာမုဒ္ဒြာယောဂီ၏ ဉာဏ်စဉ်သည် **တစ်ခုတည်းသော ဧကရသဖြစ်ခြင်းယောဂ** (The Yoga of One-Taste) အဖြစ် ကူးပြောင်း ရောက်ရှိသွား၏။ ယောဂီပုဂ္ဂိုလ်သည် အရာရာကို သူ့သဘာဝအတိုင်းတိုင်း မခွဲခြားမဆုံးဖြတ်ဘဲ သိမြင်နေ၏။ ဖြစ်ခြင်း၊ ပျက်ခြင်း၊ လာခြင်း၊ သွားခြင်း၊ ပြတ်တောက်ခြင်း၊ ဆက်ဖြစ်ခြင်း စသော အစွန်းတရားများကိုလည်း မစွဲကိုင်တော့ဘဲ ငြိမ်းအေးခြင်း သန့်ရသတစ်ခုတည်းဖြင့်သာ နေထိုင်သူဖြစ်လာ၏။ ယောဂီ၏ သမာဓိတည်ကြည်မှုသည်လည်း ဦးသစ်ပြီးစရွှေစင်ကဲ့သို့ စေလိုရာ စေစားနိုင်လာပြီး အချိန်ကာလကြာမြင့်စွာ မပင်မပန်းတည်နိုင်သော အဆင့်ဖြစ်လာ၏။ သိမြင်ရသော အရာတိုင်း၏ သုညတဖြစ်ပုံနှင့် သန့်ကြည်အလင်းဓာတ်ဖြစ်ပုံတို့ကို အားမစိုက်ရဘဲ အလိုလို အသိရောက်နေနိုင်၏။ သံသရာဓမ္မနှင့် နိဗ္ဗာနဓမ္မ သခ်ံတ (လောကီ) နှင့် အသခ်ံတ (လောကုတ္တရာ) တို့၏ ကွဲပြားခြားနားမှုလည်း ပျောက်ကွယ်ပြီး တစ်ပြန့်တည်း တစ်သားတည်း ပကတိရှိနေသော တောက်ဖြာလင်းပ သုညတာသဘာဝ၏ တစ်ခုတည်းသော ဓမ္မရသ (သန္တိသုခ) ကိုသာ သိမြင်နေရသော အဆင့်ဖြစ်လာခဲ့၏။

မဟာမုဒ္ဒြာယောဂ၏ နောက်ဆုံးအဆင့်သည် တမင်အားထုတ်ကြိုးပမ်းစရာမလိုတော့ဘဲ ပကတိ သဘာဝအတိုင်းတိုင်း ဖြစ်နေသော **အဘာဝနာယောဂ** (The Yoga of Non-Meditation) ဖြစ်၏။ အဘာဝနာယောဂသည် ဧကရသယောဂ၏ ဖူးပွင့်မှုအဆင့်ဖြစ်၏။ **ဒွိတ္တသဘော** (Dualism) ကို ကျော်လွန်ပြီးခဲ့သောကြောင့်

ယောဂီသည် ရွေးချယ်မှု ဦးစားပေးမှု အထူးပြုတန်ဖိုးထားမှု စသည့် သဘောတို့ကို ခဝါချခဲ့ပြီးဖြစ်၏။ အရာခပ်သိမ်းသည် သူ့သဘောသူဆောင်လျက် သူ့နေရာတွင် သူ အံဝင်ခွင်ကျစွာ ပြီးပြည့်စုံနေပြီဖြစ်သလို အဘာဝနာယောဂီအတွက် လေကဲ့သို့ လွတ်လပ်ပေါ့ပါးသော ရသကို မျက်မှောက်ပြုနေရပြီဖြစ်လေသည်။ ယောဂီသည် တရားအားထုတ်ချိန်နှင့် တရားအားမထုတ်သည့်အချိန်တို့ ကွဲပြားခြားနားခြင်း မရှိတော့သလို အိပ်စက်ခြင်းနှင့် နိုးထခြင်း၊ ရှင်သန်ခြင်းနှင့် သေဆုံးခြင်းတို့ကိုလည်း ပကတိသဘာဝအတိုင်း လက်ခံထားနိုင်သည့် လွတ်မြောက်မှုကို ထိုးထွင်းသိမြင်ခဲ့ပြီဖြစ်၏။

မဟာမုဒြာယောဂ၏ ဓမ္မအကျိုးတရား ရလဒ်သည် ဗုဒ္ဓရှင်တော်၏ ကာယသုံးပါးကို ရရှိခြင်း ဖြစ်၏။

- **ဓမ္မကာယ**အနေဖြင့် ယောဂီသည် အတွင်းအနှစ်သားဆိတ်သုဉ်းမှု-သုညတာဓမ္မကို သိမြင်ခဲ့၏။ ၄င်းသုညတာ ဓမ္မသည် ဖြစ်ခြင်း၊ ပျက်ခြင်း ဆက်ခြင်း၊ ပြတ်ခြင်း၊ လာခြင်း၊ သွားခြင်း၊ ထွက်ခွာခြင်း၊ ရောက်ရှိခြင်း စသည့် အစွန်းတရားများ မရှိသော တထတာဓမ္မလည်းဖြစ်၏။ ယင်း ဓမ္မကာယ (တထတာ-သုညတာ) သည် အတွေးဝိတက်-ဝိဘာဂတရားများ ခဝါကျနေသော **လုံးတီးသိမှုသဘောသက်သက်** (Naked Awareness) လည်း ဖြစ်၏။
- **သမ္ဘောဂကာယ**အနေဖြင့် ယောဂီသည် လင်းဖြာတောက်ပသော သန့်ကြည်ဝင်းပ အလင်းဓာတ်ကို သိမြင်ခဲ့၏။ စျာန်ဗုဒ္ဓများ ဗောဓိသတ္တများ ဒေဝတာများ၏ စိတ်ဖန်ရုပ်သွင်များကိုလည်း မျက်မှောက်ပြုရ၏။ **အဆုံးမရှိ ငြိမ်းချမ်းသော သုခ** (Infinite Bliss) ကိုလည်း ခံစားရ၏။ ငယ်ရွယ်နုပျိုသော အသွင်ကိုလည်း ဆောင်နိုင်လာ၏။
- **နိမ္မာနကာယ**အနေဖြင့် ယောဂီသည် လင်းဖြာတောက်ပသော သန့်ကြည်ဝင်းပ အလင်းဓာတ်၏ အဆုံးမရှိသော စွမ်းအင်ဖော်ဆောင်မှုများကို သိမြင်လာရသလို အံ့ဖွယ်ထူးကဲသော စေလိုရာစေ တန်ခိုးအာဏာများကိုလည်း ဖော်ဆောင်နိုင်လာခဲ့၏။ ယောဂီသူတော်စင်သည် အရာခပ်သိမ်း၏ ဝိသေသဆန်းကြယ်မှု သဘောများကို သူတို့သဘော အတိုင်းတိုင်း မသိမ်းပိုက် မဆုပ်ကိုင်ဘဲ လက်ခံရုံသက်သက် လက်ခံနိုင်သူ ဖြစ်လာခဲ့၏။

ချော့ဒ် ကျင့်စဉ်

ချော့ဒ်/Chöd ကျင့်စဉ်သည် တိဗက်ဗုဒ္ဓဘာသာ ညီနောမပနှင့် ကာဂျူပဂိုဏ်းတို့တွင် ကျင့်လေ့ရှိသော တန္တရကျင့်စဉ် တစ်ခု ဖြစ်၏။ မဟာမုဒြာကျင့်စဉ်၏ တွဲဖက်ကျင့်စဉ်တစ်ရပ်လည်းဖြစ်၏။ မဇ္ဈိမိကဂိုဏ်း၏ ပညာပါရမိတာ သုညတာ ဒဿနကို အခြေခံသော ဓမ္မကျင့်စဉ်တစ်ခုဖြစ်၏။ တိဗက်ဘာသာအားဖြင့် ချော့ဒ်ဟူသော ဝေါဟာရသည် သင်္ကတဘာသာစကား ဆေဒသာဓနာ (ဖြတ်တောက်ခွဲဖောက်သော ကျင့်စဉ်) မှဆင်းသက်လာပြီး အတ္တနှင့် အတ္တပိုင် (အတ္တနီယ) တရားများအပေါ် တပ်မက်စွဲလမ်းနေမှုကို ဖြတ်တောက်ပစ်သော ကျင့်စဉ်တစ်ရပ်ဖြစ်၏။[၆၂၂]

လူသူမနေသော သုသာန်သချိုင်းကုန်းများတွင် လေ့ကျင့်ရသော ချော့ဒ်ကျင့်စဉ်သည် အရာခပ်သိမ်း၏ အတွင်းအနှစ်သား ဆိတ်သုဉ်းမှုကို သိမြင်ရသော သုည တာဒဿနအမြင်နှင့် တန္တရကျင့်စဉ် အစီအရင်တချို့ကို ပေါင်းစပ်တွဲဖက် ကျင့်ကြံရသော ကျင့်စဉ်မျိုးဖြစ်ပြီး ရှေးဦးဗုဒ္ဓဝါဒရှိ သုသာန်ဓုတင် အကျင့်မျိုးနှင့် ဆင်ဆင်တူ၏။ ချော့ဒ် ယောဂီပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်ခန္ဓာကို စိတ်ကူးအာရုံဖြင့် ဖြတ်တောက်ခွဲခြားပြီး ဝေနေယျ သတ္တဝါ (နာနာဘာဝ) များကို ကျွေးမွေးရန် ဖိတ်မန်ရ၏။ မိမိကိုယ်ကို အကြောက်တရား၏ အဆုံးစွန်ကို တွန်းပို့ပြီး သုညတာကို အကြွင်းမရှိ သိမြင် နားလည်နိုင်ရန် ကြိုးပမ်းမှုလည်း ဖြစ်လေသည်။[၆၂၃]

ချော့ဒ်ကျင့်စဉ်ကို စတင်ထူထောင်ခဲ့ကြသူများမှာ အေဒီ ၁၀ ရာစုမတိုင်ခင် ထင်ရှားခဲ့ကြသော အိန္ဒိယ မဟာသိဒ္ဓ သူတော်စင်ကြီးများ ဖြစ်ကြ၏။ ချော့ဒ်ကျင့်စဉ်တွင် အဖကျင့်စဉ်နှင့် အမိကျင့်စဉ်ဟူ၍ နှစ်မျိုးခွဲထား၏။ ဒမ်ပ ဆန်ဂျေ၏ ချော့ဒ်ကို ဖခင်ချော့ဒ်ကျင့်စဉ်အဖြစ် သတ်မှတ်ပြီး **မာချစ်လက်ဒ်ရွန်** ၏ ချော့ဒ်ကို မိခင်ချော့ဒ်ကျင့်စဉ် ဖြစ်သည် ဟုဆို၏။[၆၂၄] ချော့ဒ်ကျင့်စဉ်သည် ရဟန်းသံဃာတို့ ကျင့်ကြံကြသော်လည်း မူလအစက ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများ၏ ပြင်ပတွင် စတင်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်၏။ ချော့ဒ်ကျင့်စဉ်ကို အားထုတ်သူသည် မိမိ၏အသက် ဇီဝနှင့် ကိုယ်ခန္ဓာအပေါ် တပ်မက် တွယ်တာနေမှုများကို ဖြတ်တောက်ပြီး မိမိကိုယ်ကို စွန့်လွှတ်ခြင်းဖြစ်သောကြောင့် အောင်နိုင်ခြင်းနှင့် မကြောက်ရွံ့ မတုန်လှုပ်ခြင်းတို့ကို ကိုယ်စားပြုထားလေသည်။ ချော့ဒ်သူတော်စင်များ ကိုင်စွဲကြသော တံခွန်အလံ

---

[၆၂၂] Chaoul, M Alejandro (2009). *Chod practice in the Bon tradition*. Ithaca, N.Y.: Snow Lion Publications.

[၆၂၃] Harding, Sarah (2003). *Machik's Complete Explanation: Clarifying the Meaning of Chod*. Snow Lion. p. 55.

[၆၂၄] Edou, Jérôme (1996). *Machig Labdrön and the Foundations of Chöd*. Snow Lion Publications.

သည် ပညာဉာဏ်ကို ကိုယ်စားပြု၍ မှော်အစီအရင်များသည် အတ္တအစွဲကို ဖြတ်တောက်နိုင်ခြင်း၏ သင်္ကေတဖြစ်၏။ မာချစ်လက်ဒ်ရွန်၏ အလိုအရ ချော့ဒ်ကျင့်စဉ်၏ အနှစ်သာရမှာ ရန်သူကို မိတ်ဆွေပမာ သဘောထားနိုင်ရန်ဖြစ်၏။[၆၂]

ချော့ဒ်သူတော်စင်တို့သည် လူမှုအသိုင်းအဝန်း၏ အပြင်ဖက်မှ နေထိုင်သူများဖြစ်သောကြောင့် သူတို့ကို ဓာတ်ကြောင်ယောဂီများဟုလည်း ခေါ်ဆိုကြ၏။ ရှေးခေတ်အိန္ဒိယတွင်ရှိခဲ့သော **အဝဓူတ (ဘုရားသခင်၌ရူးသွပ်သူ)** ဟုခေါ်သည့် အိန္ဒိယယောဂီဆန်းတို့အလားဖြစ်ပြီး ၄င်းတို့၏ ပြုမူဆောင်ရွက်ပုံများသည် သာမန် လူသားတို့ နားမလည်နိုင်သော အခြေအနေတွင်ရှိ၏။ တိဗက်ယဉ်ကျေးမှု ပညာရှင် ဂျယ်ရမီ အေဒို၏အလိုအရ ချော့ဒ်သူတော်စင်များသည် ရှားမန်းနတ်ဆရာများ ပယောဂဆရာများအသွင် ပေါက်နေပြီး ၄င်းတို့ကို လူတို့က ရိုသေကြောက်ရွံ့ ခံညားကြရသည်ဟု ဆို၏။[၆၂၆]

ချော့ဒ်ကျင့်စဉ်ကို အားထုတ်သော ယောဂီသူတော်စင်တို့သည် ကန်ဂလင်းဟုခေါ်သော လူ့ပေါင်အရိုးဖြင့် ပြုလုပ်ထားသည့် နဲပုလွေကို မှုတ်ကြ၏။ ဒမာရူဟုခေါ်သော ဗုံငယ်လေးကို တီးခတ်ကြ၏။ ကဋ္ဋိတလဟုခေါ်သည့် လခြမ်းသဏ္ဌာန် အသားလွှာ ဓားကောက်ကွေးကို သုံးကြ၏။ အဆိုပါ အသားလွှာ အရေခွာဓားကောက်သည် မိမိ၏ ရုပ်နာမ်တရားတို့ကို ပကတိစိတ်သဘာဝ အရှိတရားမှ ဆွဲခွာ ဖယ်ထုတ်နိုင်ခြင်းကို သင်္ကေတပြုထား၏။ သို့တည်းမဟုတ် လောကီ သမ္မုတိသစ္စာ၏ အဖုံးအကာများကို ဖယ်ခွာ၍ ပရမတ္ထသစ္စာကို တိုက်ရိုက် ထိုးထွင်းသိမြင်မှုကို ဖော်ပြနေ၏။[၆၂၇]

ချော့ဒ်ကျင့်စဉ်ကို အားထုတ်သည့် ချော့ဒ်ယောဂီသူတော်စင်တို့သည် မိမိတို့၏ ရုပ်ပိုင်းဘဝကို အလေးမထား မပြုမပြင် နေထိုင်ကြသူများ ဖြစ်ကြပြီး လူသူမနီးသော တောနက်များ သင်္ချိုင်းသုသာန်များတွင် နေထိုင်ကြ၏။ အဆိုပါ နေရာများသည် လူသား၏ အတွေ့မာန ပြိုကွဲပျက်စီးရာနေရာများ ဖြစ်ကြပြီး အရာခပ်သိမ်း၏ အတွင်းအနှစ်သား ဆိတ်သုဉ်းမှု သုညတာ သဘောကို ထင်လင်းစွာ လှစ်ဟပြနေသော နေရာများလည်း ဖြစ်၏။ ချော့ဒ်ယောဂီသူတော်စင်တို့သည် အန္တရာယ် ရန်စွယ်ပြွမ်းတီးသော နေရာများတွင် အဖော်မပါ တစ်ကိုယ်တည်း ကျက်စားခြင်းအား

---

၆၂၅ Edou, Jérôme (1996). *Machig Labdrön and the Foundations of Chöd.* Snow Lion Publications. p. 43.

၆၂၆ Edou, Jérôme (1996). Machig Labdrön and the Foundations of Chöd. Snow Lion Publications.

၆၂၇ "Keith Dowman / Buddhist Guide to the Kathmandu Valley". keith-dowman.net. Retrieved 2014-09-25.

ဖြင့် မိမိ၏ အကြောက်တရားကို အဆုံးစွန်အခြေအနေအထိ ရင်ဆိုင်ကျော်ဖြတ်ရန် စိတ်ပိုင်းဖြတ်ပြီးကြသူများလည်းဖြစ်၏။ မည်မျှ ကြောက်မက်ဖွယ်ကောင်းသော အာရုံဖြစ်စေကာမူ အတွင်းအမာခံ အနှစ်သားမရှိသော စိတ်ကူးအာရုံဖြင့် ဖန်ဆင်းအပ်သော သူညတဓမ္မများသာ ဖြစ်ကြောင်းကိုလည်း ချော့ဒ်ယောဂီသူတော်စင်တို့သည် အသိရောက်လွတ်မြောက်ပြီးဖြစ်ကြ၏။

အကြောက်တရားကို အနိုင်ယူကျော်လွန်ပြီးသော ချော့ဒ်ယောဂီ သူတော်စင်တို့သည် ရောဂါဝေဒနာတို့ကို သူမတူအောင် ခံနိုင်စွမ်းရှိသည့်အပြင် မိမိတို့စွမ်းအားဖြင့် ရောဂါဝေဒနာခံစားနေရသူများကို ကုသပျောက်ကင်းစေနိုင်၏။ ချော့ဒ်ယောဂီသူတော်စင်တို့သည် ကပ်ဆိုးရောဂါများကိုလည်း ရပ်တန့်နိုင်စွမ်းရှိသည်ဟု ယုံကြည်ကြ၏။ ပြင်ပလောကမှ မကောင်းဆိုးဝါး မိစ္ဆာအမှောင်စွမ်းအားများကို တိုက်ရိုက်ရင်ဆိုင်အောင်နိုင်ရန်အတွက် မိမိတို့၏ အတွင်းသန္တာန်မှ မကောင်းဆိုးဝါး မိစ္ဆာအမှောင်စွမ်းအားများဖြစ်သော လောဘ ဒေါသ မောဟ စသော ကိလေသာတရားများကို အောင်နိုင်ရန်လို၏။ ဤနေရာ၌ ချော့ဒ်ယောဂီသူတော်စင်တို့၏ ဗဟိုလက်နက်တို့သည် မဇ္ဈိမိကဒဿန၏ သုညတာဓမ္မအမြင်သာလျှင် ဖြစ်၏။ အတွင်းအပြင် မိစ္ဆာတရားများကို အနှစ်သား အမာခံမရှိသော အသွင်ယောင်များအဖြစ် ရှုမြင်နိုင်ခြင်းကြောင့် ချော့ဒ်ယောဂီသူတော်စင်တို့သည် မိမိတို့၏ လောဘ ဒေါသ မောဟ တရားများကို အမြစ်က နှုတ်ပယ်နိုင်သော အသိပညာစွမ်းအားကို ရရှိနိုင်ခြင်းဖြစ်၏။

ချော့ဒ်ကျင့်စဉ်သည် မိမိကိုယ်ကို အစားအစာအဖြစ် သတ်မှတ်ထင်မြင်ပြီး မိမိကိုယ်တိုင် ဖြတ်တောက်ကျွေးမွေးရသော လုပ်ငန်းဖြစ်ကြောင်း ဆိုခဲ့ပြီးဖြစ်ရာ ဤသို့ ကျွေးမွေးပုံနှစ်မျိုးရှိ၏။ ပထမတစ်မျိုးကို **အနီရောင်စားတော်ပွဲ** (Red Feast) ဟုခေါ်၏။ မိမိ၏ အသွေးအသားများကို စိတ်ကူးဖြင့် လှီးဖြတ်တုံးတစ်၍ သားစား ဘီလူး နာနာဘာဝ ဝိနာဘာဝ သတ္တဝါများကို ဖိတ်ခေါ်ကျွေးမွေးခြင်းဖြစ်၏။ ဒါန ပါရမီကို စိတ်ဖန်ရုပ်သွင်အားဖြင့် အစွန်းဆုံးအဆင့် ဖြည့်ကျင့်ခြင်းဖြစ်ပြီး မိမိ၏ သဏ္ဌာန်တွင် မည်သည့်အရာမျှ စွဲလမ်းသိမ်းပိုက်ရန် မကျန်တော့သည်အထိ စွန့်လွှတ်ခြင်းဖြစ်၏။ ဒုတိယအမျိုးအစားမှာ **အဖြူရောင်စားတော်ပွဲ** (White Feast) ဟုခေါ်၏။ မိမိ၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို အဖြူရောင် အမြိုက်နတ်သုဒ္ဓါအဖြစ် အသွင်ပြောင်းဖန်တီးလျက် ဒေဝတာများကို ဖိတ်ခေါ်ကျွေးမွေးခြင်းဖြစ်၏။

ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို အသွင်ပြောင်းရာတွင် စကြဝဠာလောကဓာတ် သင်္ကေတများအနေဖြင့် ရည်မှန်း၍ အသွင်ပြောင်းရသည်ဟုဆို၏။ ဦးစွာပထမ

စိတ်အာရုံပြင်ထဲတွင် သားလိုးဓားကောက်ဝိုင်းဖြင့် ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို ခွဲခြားဖြတ်တောက်ရ၏။ အရေပြားကို လွှာထုတ်၍ ၄င်းအရေပြားပေါ်တွင် မိမိ၏ ကိုယ်ကာယ အစိတ်အပိုင်းများကို စုပုံတင်ထားရ၏။ အရေပြားပြင်သည် ရွှေအဆင်း ရှိသော မြေကမ္ဘလာဖြစ်၏။ သွေးနှင့် အရည်ကြည်တို့သည် အမြိုက်ချို သုဒ္ဓါရည် ရှိသော ရေအိုင်ကြီးများ ဖြစ်၏။ လက်ချောင်း ခြေချောင်းများသည် ဝန်းရံ ပတ်ထား သော သံမဏိတောင်တန်းများဖြစ်၏။ ကိုယ်လုံးသားသည် ဗဟိုမှတောင်မကြီးဖြစ် ၏။ လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်တို့သည် ကျွန်းကြီးလေးကျွန်း ဖြစ်၏။ ဦးခေါင်း သည် နတ်တို့စံပျော်ရာ တာဝတိံသာဖြစ်၏။ မျက်လုံးတို့သည် နေနှင့် လတို့ ဖြစ် ကြ၏။ နှလုံးသားသည် အလိုပြည့်စေသော စိန္တာမဏိရတနာ ဖြစ်၏။ ကိုယ်တွင်း ကလီစာများသည် သမာပတ်ရှစ်ပါး ဖြစ်၏ စသဖြင့် သင်္ကေတအသွင်ပြုကာ စိတ် ကူးပုံဖော်ပြီး စွန့်ကြဲလှူဒါန်းရ၏။

အနီနှင့် အဖြူ စားတော်ပွဲ နှစ်မျိုးစလုံးတွင် ချော့ဒ်ယောဂီသည် ရှေးဦးစွာ မိမိ၏ နာမ်ခန္ဓာကို ရုပ်ကြမ်းကိုယ်ကာယမှ ဆွဲထုတ်ခွာထွက်ရ၏။ ထို့နောက် မိမိ နာမ်ခန္ဓာကို မနောမယကာယအသွင်ဖြင့် စိတ်ဆောင်ဖော်ထုတ်ပြီး ကျွန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ဖြတ်တောက်စွန့်လှူရန် လုပ်ဆောင်ရ၏။ ချော့ဒ်ကျင့်စဉ်သည် ဒေဝတာတို့၏ စိတ်ဖန်ရုပ်သွင်သဏ္ဌာန်များကို ဖန်တီးဖော်ဆောင်ရသောကြောင့် တန္တရယောဂ နည်းစနစ်များနှင့် အလွန်နီးကပ်စွာ ဆက်စပ်လျက်ရှိနေကြ၏။ အထူး သဖြင့် တန္တရယောဂ ဒေဝီတစ်ပါးဖြစ်သော **ဝဇီရယောဂိနီ ဒေဝီ** (Vajrayogini) ဖြစ်ပြီး ၄င်းဒေဝီသည် အလွန် ကြောက်မက်ဖွယ်ပြင်းထန်သော အဆင်းသဏ္ဌာန်ဖြင့် ဖော်ဆောင်လေ့ရှိသည်ကို တွေ့ရ၏။ ချော့ဒ်တန္တရယောဂ ကျင့်စဉ်ကို ကာဂျုပဂိုဏ်း က ပဓာနကျင့်ဆောင်သော်လည်း အခြား တိဗက်ဗုဒ္ဓဘာသာဂိုဏ်းများကလည်း တန်ဖိုးထား ကျင့်ဆောင်ကြသည်ကို တွေ့ရ၏။ ဂီလုဂ်ပဂိုဏ်းမှ ပဒ္မသမ္ဘော်ဒလိုင်း လားမားသည် ချော့ဒ်ကျင့်စဉ်ကို တာဒက်လင်းပ (Terdak Lingpa) ထံမှ တပည့်ခံ လျက် နည်းယူကျင့်ကြံခဲ့၏။ အိန္ဒိယမှ ဗြဟ္မဏပညာရှိများ တိဗက်သို့ ရောက်ရှိလာ သောအခါတွင် မာချစ်လက်ဘ်ဒရွန်ထံတွင် တပည့်ခံ၍ ချော့ဒ်တန္တရ ယောဂကျင့်စဉ် ကို သင်ယူကာ အိန္ဒိယတွင် ပြန်လည်ဖြန့်ဝေခဲ့ကြောင်း အထောက်အထားကိုလည်း တွေ့ရလေသည်။

အိန္ဒိယနိုင်ငံပြင်ပရောက် ဝဇီရယာနဗုဒ္ဓဘာသာ

ဝဇီရယာနဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံတွင် ပါလမင်းဆက်များလက်ထက်တွင် အထွတ်အထိပ်သို့ ရောက်အောင် တိုးတက်ခဲ့၏။ အိန္ဒိယနိုင်ငံ၏ နယ်နိမိတ်ကို

ကျော်လွန်၍ အာရုတိုက် အလယ်ပိုင်းရှိ တိဗက်သို့ ပြန့်ပွားရောက်ရှိခဲ့ပုံကို တင်ပြခဲ့ပြီးဖြစ်၏။ ဤနေရာတွင် ဝဇိရယာနဗုဒ္ဓဘာသာသည် တရုတ်ပြည်နှင့် ဂျပန်ပြည်စသော အာရှအရှေ့ဖျား တိုင်းနိုင်ငံများသို့ ရောက်ရှိခဲ့ပုံကို အကျဉ်းမျှ ဖော်ပြရပေဦးမည် ဖြစ်၏။

အေဒီ (၄) ရာစု အစောပိုင်းကာလကတည်းက ဝဇိရယာနကျမ်းတစ်ချို့ကို ကုရနိုင်ငံသား ရဟန်းတော် သိရီမိတြက တရုတ်ဘာသာသို့ပြန်ဆိုခဲ့၏။ သို့သော်လည်း ယင်းကျမ်းဂန်များသည် အဆင့်မြင့် ဝဇိရယာနကျင့်စဉ်များမဟုတ်ဘဲ အခြေခံလောကီပညာရပ်ဆိုင်ရာ မန္တန်များသာဖြစ်၏။ စစ်မှန်သော ဝဇိရယာနဗုဒ္ဓဘာသာသည်ကား တရုတ်နိုင်ငံ၏ တန်မင်းဆက်ခေတ် (အေဒီ ၇၁၃-၇၆၅) တွင် အိန္ဒိယတန္တရဗုဒ္ဓဘာသာဝင် ရဟန်းတော် သုံးပါးကြွရောက်လာသော အချိန်မှ စတင်ခဲ့၏။ တရုတ်ပြည်သို့ ပထမဆုံးရောက်ရှိလာသော သုဘာကရသိဟမထေရ် (အေဒီ ၆၃၇-၇၃၅) သည် ဩရိဿပြည် ၏ ဘုရင်တစ်ပါးဖြစ်ခဲ့ပြီး နာလန္ဒာတက္ကသိုလ်တွင် ရဟန်းအဖြစ် ပညာသင်ကြားခဲ့၏။ သုဘာကရသိဟ မထေရ်သည် ကသ္မီရ (ကက်ရှမီယား) နှင့် တိဗက်ပြည်သို့လည်း ရောက်ရှိခဲ့ပြီး အေဒီ-၇၁၆ တွင် တရုတ်နိုင်ငံ ချန်အန်မြို့တော်သို့ ရောက်ရှိလာခဲ့၏။ တရုတ်ဓကရာဇ်ဘုရင် ဆွမ်ဆွန်း (အေဒီ ၆၈၅-၇၆၂) က သုဘာကရသိဟ မထေရ်ကို ကောင်းမွန်စွာ ကြိုဆိုလက်ခံခဲ့၏။ သုဘာကရသိဟမထေရ်သည် တရုတ်ရဟန်းတော် ယိချင်နှင့်အတူ မဟာဝေရောစန သုတ္တန်ကို အေဒီ ၇၂၅ တွင် တရုတ်ဘာသာသို့ ပြန်ဆိုခဲ့၏။

တရုတ်ပြည်သို့ ဒုတိယမြောက်ရောက်ရှိလာသော အိန္ဒိယ ဝဇိရယာန ရဟန်းတော်မှာ ဝဇိရဗောဓိမထေရ် (အေဒီ ၆၆၃-၇၂၃) ဖြစ်၏။ ဝဇိရဗောဓိမထေရ်သည် အိန္ဒိယနိုင်ငံတောင်ပိုင်းသားဖြစ်ပြီး နာလန္ဒာတက္ကသိုလ်တွင် ရဟန်းပြုခဲ့၏။ ဝဇိရဗောဓိ မထေရ် သည် အရှင်ဓမ္မကီတ္တိ၏ ခြေတော်ရင်းဝယ် ဗုဒ္ဓဘာသာယုတ္တိဗေဒပညာကိုသင်ကြားခဲ့၏။ နာလန္ဒာတက္ကသိုလ်တွင် ဝဇိရဗောဓိမထေရ်သည် ဝိနည်းပိဋကတ် မဏ္ဍိမိကဒဿန ယောဂါစာရဒဿနတို့ကိုလည်း ဆက်လက်လေ့လာ သင်ကြားခဲ့၏။ အေဒီ (၇၂၀) တွင် ဝဇိရဗောဓိမထေရ်သည် တရုတ်ပြည် ချန်အန်မြို့တော်သို့ ရောက်ရှိခဲ့ပြီး ဝဇိရယာန ကျမ်းစာ အမြောက်အများကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့၏။ ဤသို့ဘာသာပြန်ဆိုခဲ့သော ကျမ်းစာများတွင် **ဝဇိရသေခရယောဂသုတ္တန်**ကဲ့သို့သော ကျမ်းစာများလည်း ပါဝင်၏။ ဝဇိရဗောဓိမထေရ်သည် အေဒီ ၇၄၁ တွင် အိန္ဒိယသို့ ပြန်ခဲ့ရာ လိုယန်မြို့တွင် ကွယ်လွန်ခဲ့လေသည်။

တရုတ်နိုင်ငံသို့ရောက်ရှိခဲ့သော တတိယမြောက် ဝဇိရယာနရဟန်းတော်မှာ ဝဇိရဗောဓိမထေရ်၏ တပည့်ဖြစ်သူ အမောဃဝဇိရမထေရ် (အေဒီ ၇၀၅-၇၇၄)

ဖြစ်၏။ အမောယဝဇီရမထေရ်သည် အိန္ဒိယပြည်မြောက်ပိုင်းသား ဖြစ်၏။ အသက် (၁၅) နှစ်တွင် ရှင်သာမဏေဖြစ်ခဲ့ပြီး တရုတ်ပြည် ကွမ်းတုန်မြို့သို့ ရောက်ရှိခဲ့၏။ အမောယဝဇီရမထေရ်သည် ဆရာဖြစ်သူ ဝဇီရဗောဓိမထေရ်ထံမှ တန္တြရယာနဗုဒ္ဓဘာသာကျင့်စဉ်များကို ဆရာကွယ်လွန်ချိန်အထိ သင်ယူ လေ့ကျင့်ခဲ့၏။ သူ့ဆရာ ကွယ်လွန်ပြီးနောက်တွင် အမောယဝဇီရမထေရ် သည် သီဟိုဠ်ပြည်သို့ ရောက်ရှိခဲ့ပြီး ဝဇီရယာနဂုရု တစ်ဆူဖြစ်သည့် သမန္တဘဒြမထေရ်ထံတွင် ဝဇီရသေခရယောဂသုတ္တန်နှင့် မဟာဝေရောစနဂဗ္ဘကောသကျမ်းတို့ကို တပည့်ခံ သင်ယူခဲ့၏။ အမောယဝဇီရမထေရ်သည် အေဒီ ၇၄၆ တွင် တရုတ်ပြည် ချန်အန်မြို့တော်သို့ ပြန်လည် ရောက်ရှိခဲ့၏။ အမောယဝဇီရမထေရ်သည်ကား အထင်ကရ ပုဂ္ဂိုလ်တစ်ပါးဖြစ်ပြီး တရုတ်ဧကရာဇ် သုံးပါး (ဆွမ်ဆွန်း ဆုဆွန်းနှင့် တိုင်ဆွန်း) တို့၏ မင်းဆရာတစ်ဆူ ဖြစ်ခဲ့၏။ အမောယဝဇီရမထေရ်သည် ဝဇီရယာနဗုဒ္ဓဘာသာ ပိဋကတ် ကျမ်းစာများ အနက် အရေးပါသော ကျမ်းဂန်ပေါင်း ၁၁၀ ကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့၏။ ၄၄်းကျမ်းစာများအနက် ဝဇီရ သေခရ တတ္တ သင်္ဂဟ ဝဇီရသီရ စသော တန္တြရ ကျမ်းဂန်များမှာ အထူးထင်ရှား၏။

ကျပန်နိုင်ငံမှ ရှင်ဝန်းဂိုဏ်း

အမောယဝဇီရမထေရ်၏ တပည့်သာဝကများထဲမှ ကျပန်ရဟန်းတော် ကုကိုင်သည် ဝဇီရယာနဗုဒ္ဓဘာသာကို လေ့လာသင်ယူခဲ့ပြီး ရှင်ဝန်းဗုဒ္ဓဘာသာဂိုဏ်းကို တည်ထောင်သော ကျပန်ရဟန်းတော် ကုကိုင် (ကိုဘိဒိုင်းရှိ) ဖြစ်လာခဲ့၏။ အေဒီ ၈၀၄ တွင် ကုကိုင်သည် ကျပန်ဘုရင်မင်းမြတ်၏ အမိန့်ဖြင့် တရုတ်ပြည်သို့ ရေလမ်းခရီးမှ သွားရောက်ခဲ့၏။ လှေသင်္ဘော (၄) စင်းဖြင့် ထွက်ခွာလာခဲ့ကြရာ ပထမသင်္ဘော်တွင် ကုကိုင်လိုက်ပါလာခဲ့ပြီး ဒုတိယသင်္ဘော်တွင် တင်းဒိုင်းဂိုဏ်းကို တည်ထောင်မည့် ရဟန်းတော် ဆိုင်ချို့ လိုက်ပါခဲ့၏။ ထိုသင်္ဘော်နှစ်စင်းသာ တရုတ်ပြည်သို့ ရောက်ရှိခဲ့ပြီး တတိယ သင်္ဘော်မှာ မုန်တိုင်းမိ၍ ပြန်လှည့်ခဲ့ရ၏။ စတုတ္ထသင်္ဘော်မှာ ပင်လယ်ပြင်တွင် ပျောက်ဆုံးခဲ့၏။ ကုကိုင်နှင့်အဖွဲ့သည် အတားအဆီး အခက်အခဲများကို ကြိုးစားဖြတ်သန်း၍ နောက်ဆုံး ချန်အန်မြို့တော်သို့ ရောက်ရှိခဲ့၏။ ကုကိုင်သည် ကျိုမင်းရှိ ဘုရားကျောင်းတွင် သီတင်းသုံးနေထိုင်ပြီး ဂန္ဓာရရဟန်းတော် ပညာမထေရ်(၇၃၄-၈၁၀) ထံမှ သက္ကတဘာသာနှင့် ဗုဒ္ဓဓမ္မစာပေများကို သင်ကြားလေ့လာခဲ့၏။ ဂန္ဓာရရဟန်းတော် ပညာမထေရ်သည် နာမည်ကျော် နာလန္ဒာတက္ကသိုလ် ကျောင်းထွက် ပညာရှိပဏ္ဍိတ်တစ်ဆူဖြစ်သည်ဟု ဆိုပါသည်။ အေဒီ ၈၀၅ တွင် ကုကိုင်သည် သူ၏ မူလဂုရုဖြစ်မည့် ဆရာတော် ဟွိုကို (၇၄၆-၈၀၅) နှင့်

တွေ့ဆုံခဲ့ပြီး ကုကိုင်ကို မဟာဝေရောစန တန္တရကျင့်စဉ်တွင် ဘိသိက်တင်ပေးခဲ့ကာ ပညာအမွေ လွှဲပေးခဲ့၏။[၆၂၀]

အရှေ့အာရှ တန္တရဗုဒ္ဓဘာသာ၏ အဋ္ဌမမြောက် သာသနာပိုင်အဖြစ်ကုကိုင်သည် ဂျပန်နိုင်ငံသို့ အေဒီ ၈၀၆ တွင် ပြန်လည် ရောက်ရှိလာခဲ့ပြီး သက္ကတဘာသာသိဒ္ဓမ်အက္ခရာရေးသားနည်း တရုတ်စာရေးသားနည်းနှင့် ကဗျာစာပေတို့ကို ဆက်လက် လေ့လာနေခဲ့၏။ ဂျပန်ဘာသာစကားတွင် ခန်းဂျီးအက္ခရာနှင့် ကန အသံထွက် အက္ခရာများကို ပေါင်းစပ်ပြီး ရေးသားရသည့် နည်းစနစ်ကို ကုကိုင်က တီထွင်ပေးခဲ့သည်ဟု ဆိုပါသည်။ အေဒီ ၈၁၀ တွင် ကုကိုင်သည် လူသိများ ထင်ရှားလာခဲ့ပြီး နာရာမြို့မှ တိဒိုင်ဂျီးကျောင်းတိုက်တွင် ကျောင်းထိုင်ခဲ့၏။ နောက်နှစ်နှစ်ခန့်အကြာတွင် ကုကိုင်သည် ဆိုင်ချူကိုပါ တန္တရဘိသိက်တင်ပေးခဲ့ပြီး ဂျပန်နိုင်ငံ၏ အကြီးမြတ်ဆုံး ဝဇိရယာန ဆရာဂုရုကြီး ဖြစ်လာခဲ့၏။ 'မျက်မှောက်ဘဝတွင် ဗောဓိဉာဏ်အလင်းပွင့်ခြင်း' 'အသံဝေါဟာရနှင့် အရိုတရားတို့၏ အနှက်အဓိပ္ပာယ်' 'ဟုမ် အသံ၏ အနှက်အဓိပ္ပာယ်' စသော ကျမ်းများသည် ကုကိုင်၏ ထင်ရှားသော ကျမ်းများဖြစ်ကြ၏။

အေဒီ ၈၁၆ တွင် ကုကိုင်သည် ဆာဂါ ဘုရင်မင်းမြတ်၏ ခွင့်ပြုချက်ဖြင့် ကိုယဆန် တောင်ပေါ်တွင် တောရဆောက်တည်ကာ တရားကျင့်ခဲ့၏။ ကုကိုင် အတွက် ကိုယဆန်တောင်သည် အထူးသန့်စင်မြင့်မြတ်သော မြေဖြစ်ပြီး ရှင်ဂွန်း ဗုဒ္ဓဘာသာ၏ မဏ္ဍလ (၂)ခု ကို ကိုယ်စားပြုနေသည်ဟု ဆို၏။ တောင်၏ အလယ် ကုန်းမြေမြင့်ကို **ဂဗ္ဘမဏ္ဍလ**က ကိုယ်စားပြုထားပြီး နံဘေးမှ ဝန်းရံနေသော တောင်ကလာပ်များက ကြာပန်း၏ ပွင့်ဖတ်ပွင့်ချပ်များကဲ့သို့ ဖြစ်နေလေသည်။ ယင်း ကုန်းမြေမြင့်၏ ဗဟိုချက်မအတွင်းသားတွင် **ဝဇိရမဏ္ဍလ** တည်ရှိပြီး ထိုနေရာတွင် ကွန်ကိုဘုဂျီး ကျောင်းတိုက်ကို ဆောက်လုပ်ထား၏။ အဆိုပါ ကျောင်းတိုက်တွင် အလွန်တရာကြီးမားသော မဟာဝေရောစန ဗုဒ္ဓရုပ်ပွားတော်ကြီးကို ထုလုပ်ပူဇော်ထားပြီး မဟာဝေရောစန ဗုဒ္ဓအရှင်သည် ရှင်ဂွန်းဗုဒ္ဓဘာသာတွင် အဆုံးစွန်သော ပရမတ္ထသစ္စာတရားကို ကိုယ်စားပြုထားသည်ဟု ဆို၏။

အေဒီ ၈၃၀ တွင် ကုကိုင်သည် သူ၏ အကောင်းဆုံးလက်ရာဖြစ်သော **ဂျူဂျုရှင်ရွန်** (စိတ် အဆင့်ဆင့်မြင့်တက်ခြင်း အဆင့် ၁၀ ဆင့်) ကျမ်းကို ရေးသားခဲ့၏။ ဤ ကျမ်းစာအုပ်သည် ရှည်လျားလွန်းသောကြောင့် မည်သည့် ဘာသာစကားသို့မျှ ပြန်ဆိုနိုင်ခဲ့ခြင်း မရှိခဲ့ချေ။ ထိုကျမ်း၏ အကျဉ်းချုပ်သံဓိပ်အနေဖြင့် ဟိဇိဟိုယကု

၆၂၀။ Abe, Ryuichi (1999). *The Weaving of Mantra: Kukai and the Construction of Esoteric Buddhist Discourse*. Columbia University Press.

(လျှို့ဝှက်ရတနာတိုက်ကို ဖွင့်ရန်သော့) အမည်ရှိသော ကျမ်းငယ်တစ်ခုကို ထပ်မံရေးသားခဲ့၏။ အေဒီ ၈၃၁ တွင် ကုကိုင်၏ ကျန်းမာရေးမှာမျှားစွာ ဆုတ်ယုတ်ခဲ့ပြီး အငြိမ်းစားယူရန် ဘုရင်မင်းမြတ်ထံ ခွင့်ပန်ခဲ့သော်လည်း ဘုရင်မင်းမြတ်က ကုကိုင်ကို အနားယူခွင့်သာပေးခဲ့၏။ အေဒီ ၈၃၂ မှစတင်၍ ကုကိုင်သည် ကိုယဆန်တောင်ပေါ်တွင်သာ အသက်ထက်ဆုံး နေထိုင်ခဲ့လေ၏။ အေဒီ ၈၃၄ တွင် ကုကိုင်၏ တောင်းဆိုမှုကြောင့် ရှင်ဝန်းဗုဒ္ဓဘာသာ ဘုရားကျောင်းတစ်ခုကို နန်းတော်အတွင်း ဆောက်လုပ်ခွင့်ရရှိခဲ့ပြီး ရှင်ဝန်းဗုဒ္ဓဘာသာသည် နိုင်ငံတော်၏အပေါ် ကျရောက်မည့် မကောင်းသော ဘေးရန်အန္တရာယ်တို့ကို တားဆီး ကာကွယ်သည့် အစီအရင်နှင့် ဝတ်ပြုကိုးကွယ်မှုများကို နှစ်စဉ်လုပ်ဆောင်ခွင့်ကို ရရှိခဲ့လေသည်။

သူ့ဘဝ၏ နောက်ဆုံးအချိန်နီးကပ်လာသည့်အခါတွင် ကုကိုင်သည် အစာရေစာစားသောက်ခြင်းကို ရပ်တန့်ခဲ့ပြီး အချိန်ပြည့် ကမ္မဋ္ဌာန်းဘာဝနာ အာရုံတွင်သာ စူးစူးနစ်နစ် စိုက်တည်နေခဲ့၏။ သက်တော် (၆၂) နှစ်အရွယ် ရောက်ရှိချိန် အေဒီ ၈၃၅ ခုနှစ် တတိယမြောက်လ၏ ၂၁ ရက်နေ့တွင် ကုကိုင်သည် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့၏။ ကုကိုင်၏ ရုပ်ကလာပ်ကို ကိုယဆန်တောင်၏ အရှေ့ဖက်ထိပ်တွင် ဂူသွင်းခဲ့၏။ နောင်အခါတွင် သူ၏သချိုင်းဂူသည် ပွင့်ခဲ့ပြီး ကုကိုင်ကို ပကတိအိပ်မောကျနေသည့်အလား ဖူးတွေ့ကြရသည်ဟု ဆို၏။ ရုပ်ကလာပ်၏ အသားအရေနှင့် အရောင်အဆင်းမှာလည်း ပြောင်းလဲခြင်းမရှိဘဲ ဆံတော်များပင် ရှည်ထွက်လာခဲ့ကြောင်း ပြောစမှတ်ရှိကြလေသည်။ ယနေ့အချိန်အထိ နှစ်ပေါင်း (၁၂၀၀) နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော ကုကိုင်၏ရုပ်ကလာပ်တော်သည် ကိုယဆန်တောင်ပေါ် တွင် တည်ရှိနေပြီး ထိပ်တန်း ရှင်ဝန်းရဟန်းတော်များက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်ဟု သိရ၏။ ကုကိုင် အသက်ထက်ဆုံး သီတင်းသုံး နေထိုင်ခဲ့သော ကိုယဆန်တောင်သည် နောင်အခါတွင် ရှင်ဝန်းဗုဒ္ဓဘာသာ၏ အချက်အချာ အကျဆုံး နေရာဖြစ်ခဲ့ပြီး ကုကိုင်၏ ဥတုဇရုပ်ကလပ်ကို ယနေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ထားရှိ၏။ ရှင်ဝန်းဗုဒ္ဓဘာသာဝင်တို့ သည် ကုကိုင်ကို သေဆုံးပြီးသူဟုမယူဆဘဲ ကုကိုင်သည်အလွန်နက်ရှိုင်းသော သမာဓိအဆင့်တွင် ဝင်စားလျက် အရိမေတ္တေယျဗုဒ္ဓ ဘုရားရှင် ပွင့်ထွန်းမည်အချိန်ကို စောင့်ဆိုင်းနေသည်ဟု ယုံကြည်ကြလေသည်။[၆၂၉]

❐ ❐ ❐

၆၂၉။ **Casal, U. A. (1959), *The Saintly Kōbō Daishi in Popular Lore (A.D. 774-835)* and Yusen Kashiwahara, Koyu Sonoda "Shapers of Japanese Buddhism", Kosei Pub. Co. 1994.**





နိဒါန်း

အိန္ဒိယပြည်မှ မဟာယာနဗုဒ္ဓဘာသာ ကွယ်ပျောက်ခဲ့ရခြင်းနှင့် သုံးသပ်ချက်

စာရှူသူဖြတ်သန်းခဲ့ပြီးသော စာမျက်နှာများမှ ရေးခြယ်ပြသခဲ့သည်မှာ ရှင်တော်ဗုဒ္ဓ မဟာပရိနိဗ္ဗာန်ပြုပြီးသည့် ကာလမှစတင်၍ နှစ်ပေါင်း (၁၅၀၀) ခန့်အထိ အိန္ဒိယပြည်တွင် ဗုဒ္ဓဘာသာဂိုဏ်းများ ကွဲပြားပုံ မဟာယာနဗုဒ္ဓဘာသာ စတင်ပေါ်ထွန်းလာပုံနှင့် အဆင့်ဆင့် တိုးတက်ပြန့်ကားခဲ့ပုံတို့၏ အကျဉ်းချုပ်ကောက်ကြောင်းပုံရိပ်များ ဖြစ်လေသည်။ မဟာယာန ဗုဒ္ဓဘာသာသည် အလွန်ခေတ်ရှေ့ပြေးသော ခမ္မဒဿနအမြင်များကို ဖော်ထုတ်တင် ပြနိုင်ခဲ့သည့်နည်းတူ တန္တရကျင့်စဉ်ကို အခြေခံ၍ ဝဇ္ဇရယာနဗုဒ္ဓဘာသာကဲ့သို့ ထူးခြားဆန်းကြယ်သော ဘာသာတရားလမ်းစဉ်မျိုးကိုလည်း ဖန်တီးဖော်ဆောင်နိုင်ခဲ့ကြောင်း စာရှူသူတို့ တွေ့မြင်ခဲ့ရပြီးဖြစ်၏။ ဤမျှ အားအင်အပြည့်ဖြင့် အရှိန်အဟုန် ကြီးမားစွာ ထွန်းတောက်ခဲ့ရသော ဗုဒ္ဓဓမ္မသည် မူရင်းပေါ်ထွန်းရာ အိန္ဒိယနိုင်ငံတွင် တဖြည်းဖြည်း အင်အားချိနဲ့လာခဲ့ရပြီး အေဒီ ၁၆ ရာစု နောက်ပိုင်းတွင် လုံးဝအစအန ရှာမရအောင် ကွယ်ပျောက်ခဲ့ရသည်မှာ အတွေးရခက်သော သမိုင်းပုစ္ဆာတစ်ရပ်ဖြစ် နေခဲ့လေသည်။ ထို့ကြောင့် ဤနိဂုံးပိုင်းတွင် အိန္ဒိယပြည်မှ ရှင်တော်ဗုဒ္ဓ၏ ဓမ္မလင်း ရောင်ခြည်ကွယ်ပျောက်ခဲ့ရပုံ အကြောင်းရင်းများကို စေ့ငုလေ့လာကြည့်ကြပါစို့။

အိန္ဒိယပြည်မှ (မဟာယာန) ဗုဒ္ဓဘာသာ ကွယ်ပျောက်ခဲ့ရခြင်း

အေဒီ (၆၀၀) ဘုရင် ဟာရ္ဝဝဒ္ဓန လက်ထက် အိန္ဒိယပြည်မှ (မဟာယာန) ဗုဒ္ဓဘာသာ စတင်ကျဆင်းခဲ့ကြောင်း သမိုင်း ပညာရှင်များက သတ်မှတ်ကြသည်။ ဟာရ္ဝဝဒ္ဓနမင်း

သည် အာသောကမင်းကြီးကဲ့သို့ အိန္ဒိယပြည်ကို စုစည်းနိုင်ခဲ့သော ဘုရင်ဖြစ်၏။ ဗုဒ္ဓသာသနာကို ချီးမြှောက်ခဲ့သလို စင်ပြိုင် ဟိန္ဒူဘာသာနှင့် ဂျိန်းဘာသာတို့ကိုလည်း ထောက်ပံ့ခဲ့သူဖြစ်၏။ တရုတ်ရဟန်းတော် ရွှင်ကျန် အေဒီ ၆၃၃ တွင် အိန္ဒိယပြည်တစ်ဝှမ်းသို့ ရောက်ရှိခဲ့ရာဝယ် သာဝတ္ထိကပိလဝတ် ကုသိနာရာ ဗာရာဏသီ ဝေသာလီ ပါဋလိပုတ် ဗုဒ္ဓဂယာ စသည့် နေရာများသို့ ဘုရားဖူးရောက်ရှိခဲ့လေသည်။ တရုတ်ရဟန်းတော် ရွှင်ကျန်၏မှတ်တမ်းတွင် စွန့်ပစ်ထားသော ဗုဒ္ဓဘာသာ ဘုရားကျောင်းများစွာ တွေ့ခဲ့ကြောင်း အဆိုပါဒေသများတွင် ဗုဒ္ဓသာသနာဆိုင်ရာ ကျောင်းတော်များထက် ဟိန္ဒူဘာသာဝင်တို့၏ နတ်ကွန်း (မန္ဒာလိ) များကို ပိုမိုများပြားစွာ တွေ့ခဲ့ရကြောင်း ဟိန္ဒူဘာသာနှင့် နှိုင်းစာလျှင် ဗုဒ္ဓဘာသာသည်များစွာ အင်အားချိနဲ့နေခဲ့ပြီးဖြစ်ကြောင်း ရေးသားဖော်ပြထားလေ၏။ တရုတ်ရဟန်းတော် ရွှင်ကျန်သည် ဗုဒ္ဓဂယာမှာ မြေကြီးထဲ တစ်ဝက်နစ်မြုပ်ဝင်နေသော အဝလောကိတေသွာရ ဗောဓိသတ္တ ရုပ်ပွားတော်တစ်ဆူတွေ့ခဲ့ပြီး ယင်း ဗောဓိသတ္တ ရုပ်ပွားတော်ကွယ်ပျောက်ချိန်တွင် ဗုဒ္ဓဘာသာလည်း ကွယ်ပျောက်လိမ့်မည်ဟူသော တဘောင်စာချိုးရှိခဲ့ကြောင်းကို မှတ်တမ်းတင်ခဲ့ပါသည်။ အေဒီ ၅ ရာစု အတွင်းက ရောက်ရှိခဲ့သော တရုတ်ခရီးသည် ဖာဟီယန်၏ မှတ်တမ်းတွင်မူ အိန္ဒိယပြည်မြောက်ပိုင်း ဥတ္တရာပဒေသမှ နာဂရဟာရ ကျောင်းတိုက်ကြီးတွင် ရဟန်းတော် ၇၀၀ ခန့် သီတင်းသုံးနေထိုင်ခဲ့ကြောင်း တွေ့ရပြီး ဆရာတော်ရွှင်ကျန်၏ မှတ်တမ်းတွင်မူ ဤ ကျောင်းတိုက်အကြောင်း မတွေ့ရတော့ချေ။ ဤကြားကာလ နှစ် ၂၀၀ ခန့်အတွင်း ထိုဒေသတွင် ဗုဒ္ဓဘာသာ ဆုတ်ယုတ်ခဲ့သည်မှာ အထင်အရှားဖြစ်၏။

အိန္ဒိယပြည်မှ (မဟာယာန) ဗုဒ္ဓဘာသာ ကွယ်ပျောက်ခဲ့ရခြင်းသည် အဓိကအားဖြင့် ဟိန္ဒူဘာသာ၏ သိမ်းသွင်း ဝါးမြိုမှုကြောင့်ဖြစ်ပြီး ပြင်ပမှ ကျူးကျော်ဝင်ရောက်လာသော စစ်မက်ရေးရာနှင့် ပတ်သက်မှု မရှိလှကြောင်း ပညာရှင်တို့ ယူဆကြသည်။ အိန္ဒိယပြည်မှ (မဟာယာန) ဗုဒ္ဓဘာသာ ကွယ်ပျောက်ခဲ့ရခြင်း၏ ပင်မအကြောင်းတရားများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

(၁) ဗုဒ္ဓဘာသာ ရဟန်းသံဃာတို့ ၏ ဝိနည်းအကျင့် လျော့ရဲပျက်ပြားခဲ့ကြခြင်း

တရုတ်ရဟန်းတော် ရွှင်ကျန်၏ မှတ်တမ်းတွင် အေဒီ ၆-၇ ရာစု ကာလများတွင် အိန္ဒိယပြည်ရှိ ဗုဒ္ဓဘာသာ ရဟန်းသံဃာတို့၏ ဝိနည်းအကျင့် လျော့ရဲပျက်ပြားခဲ့ကြခြင်းအကြောင်းကို မှတ်တမ်းတင်ထားလေသည်။ ဘိုလာနှင့် ဘော်လတီ (Bolor and Balti) အရပ်တွင် ရှိသော ဗုဒ္ဓဘာသာ ရဟန်းသံဃာတို့သည် ဝိနည်းအကျင့်ကို

မလေးစားကြကြောင်း စာပေပရိယတ်ကိုလည်း ကောင်းစွာ သင်ယူလေ့လာမှု မရှိကြကြောင်း ဆင်းဒ် (Sindha) ဒေသမှာ သမိုတိယဂိုဏ်းသား ဗုဒ္ဓဘာသာ ရဟန်းသံဃာတို့သည် ရဟန်းတို့နှင့် မအပ်စပ်သော လောကီကာမဂုဏ်တရားများကို ခံစားကြသည့်အပြင် သားသတ်ခြင်း၊ အိမ်ထောင်သားမွေးအလုပ်များ လုပ်ခြင်းတို့ကိုပါ ရဲရဲဝံ့ဝံ့ ကျူးလွန်သူများပင် တွေ့ခဲ့ရကြောင်းကို တရုတ်ရဟန်းတော် ရွှင်ကျန်က မှတ်တမ်းတင်ထားလေသည်။

ရွှင်ကျန် နည်းတူစွာ ကသွီရမှ သမိုင်းပညာရှင် ကာလ်ဟာဏ (Kalhana) ၏ သမိုင်းမှတ်တမ်းတွင်လည်း မေဃဝါဟနမင်း၏ မိဖုရားယူကဒေဝီ ဆောက်လုပ်လှူဒါန်းသော ဝိဟာရကျောင်းတော်တွင် သီတင်းသုံးသော ရဟန်းတော်များအနက် တစ်ဝက်ခန့်သည်သာ ဝိနည်းအကျင့်ကို တင်းရင်းညီညွတ်စွာ ကျင့်သုံးကြကြောင်း ကျန်တစ်ဝက်မှာ ဝိနည်းအကျင့်ကို မလေးစားသော အလဇ္ဇီ ဒုဿီလ ရဟန်းများဖြစ်ကြကြောင်း မှတ်တမ်းတင်ခဲ့လေသည်။ အေဒီ ၇-၈ ရာစုများတွင် ပေါ်ပေါက်ခဲ့သော စာပေမှတ်တမ်းများအရလည်း လောကီရေး၊ နိုင်ငံရေးကိစ္စများ၌ တက်တက်ကြွကြွ ပါဝင်ခဲ့ကြကြောင်း သိရ၏။ ဘဝဘူတိ ရေးသားစီရင်သော မာလာတိမာဓဝ ဝတ္ထုတွင် ကာမန္ဒာကီ အမည်ရှိသော ဘိက္ခုနီမကြီး တစ်ပါးသည် ချစ်သူတို့ ပေါင်းဖက်ရန် အောင်သွယ်တမန် လုပ်ခဲ့ကြောင်း ရေးသားထားသည်ကို တွေ့ရ၏။ ကာမန္ဒာကီ အမည်ရှိသော ဘိက္ခုနီမကြီး အစစ်အမှန် ရှိခဲ့သည်ဖြစ်စေ စာရေးသူ၏ စိတ်ကူးယဉ်သက်သက် ဖြစ်သည် ဖြစ်စေ၊ ထိုကာလဝန်းကျင်တွင် ဗုဒ္ဓဘာသာရဟန်းသံဃာတို့၏ ဝိနည်းအကျင့် လျော့ရဲပျက်ပြားနေပြီ ဖြစ်ကြောင်း ထောက်ဆသိနိုင်ပေသည်။

ထို့အတူ စာဆိုတော်ဒန္တီ ရေးသားသီကုံးသော ဒသကုမာရစရိတတွင်လည်း ဘိက္ခုနီတို့ အောင်သွယ်တမန်ပြုကြပုံ လောကီရေးတွင် ထွေးထွေးရှုပ်ရှုပ် ပတ်သက်ကြပုံများကို ဖော်ပြခဲ့လေသည်။ ကာလီဒါသဆရာ၏ မာလဝိကာဂနိမိတ္တတွင် ဗုဒ္ဓဘာသာ ရဟန်းသံဃာတို့ ဖောက်ပြန်ပျက်စီးပုံများနှင့် ဗုဒ္ဓစာပေ နုတ်ဆုံဆောင်ခြင်း (ဘာဏ) ဟူသော ဝေါဟာရကို ယုတ်မာနိမ့်ကျသော ကာမဂုဏ်ခံစားမှုဖြင့် တင်စားရေးဖွဲ့ထားမှုများကိုပင် တွေ့ရလေသည်။ အေဒီ ၈ ရာစုလက်ရာ တစ်ခုဖြစ်သော စာတုဘာဏီတွင် ကချော်သည်ပြည့်တန်ဆာများထံသို့ မင်းညီမင်းသားများ ဗြဟ္မဏာပုရောဟိတ်များအပြင် ဗုဒ္ဓဘာသာဝင် ရဟန်းများပင် သွားရောက်လည်ပတ်ကြကြောင်း ဖော်ပြထားလေ၏။

(၂) ဗုဒ္ဓဘာသာ ဂိုဏ်းကွဲပြားမှုများကြောင့် အင်အားချိနဲ့ခဲ့ရခြင်း

ဗုဒ္ဓဘာသာ၏ သမိုင်းသည် ဂိုဏ်းကွဲပြားမှုများ၏ သမိုင်းဟု ဆိုရမလောက်ပင် သာသနာနှစ် ၃၀၀ အတွင်း ဂိုဏ်းများ အစိတ်စိတ်အမွှာမွှာ ကွဲထွက်ခဲ့ရလေသည်။ ဗုဒ္ဓလက်ထက်တော်ကတည်းက ယောက်ဖတော် ဒေဝဒတ်၏ ဂိုဏ်းခွဲထွက်မှု ရှိခဲ့သည်ကို ထောက်၍ ဂိုဏ်းကွဲပြားမှုများ၏ ဇာစ်မြစ်သည် ဗုဒ္ဓဘာသာ၏ အတွင်းသဏ္ဌာန်ဝယ် နက်ရှိုင်းစွာ သန္ဓေတည်ခဲ့ဟန်ရှိလေသည်။ ဒေဝဒတ်၏ နောက်လိုက် နောက်ပါ ရဟန်းများ အေဒီ (၇) ရာစုထိ ရှင်သန်တည်ရှိနေခဲ့ပြီး ကာဇာ သုဝဏ္ဏာတွင် ဘိက္ခုနီကျောင်းများ ထူထောင်ခဲ့ကြောင်း မှတ်တမ်းများရှိလေသည်။[၆၃၀]

ရှေးဦး ဗုဒ္ဓဘာသာမှ ထာဝိရဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းများ စတင်ကွဲထွက်လေသည်။ မဟာသံဃိကဂိုဏ်းမှ ဂေါကုလိက၊ ဧကောဗျာဟာရိက၊ စေတိယ၊ ဗဟုသုတိယ၊ ပညတ္တိဝါဒ၊ ဂိုဏ်းကွဲ ၅ခု ထွက်ပေါ်ခဲ့၍ ထာဝိရဝါဒဂိုဏ်းမှ မဟိသာသက၊ သဗ္ဗတ္ထိဝါဒ၊ ဟေမဝတ၊ဝဇ္ဇီပုတ္တက၊ ဓမ္မဂုတ္တက၊ ကဿပိယ၊ သုတ္တန္တိက၊ သမ္မိတိယ၊ ထေရဝါဒ(ဝိဘဇ္ဇဝါဒ) စသည်ဖြင့် ၁၁ ဂိုဏ်းကွဲထွက်ပြန်သည်။ ဂိုဏ်းကွဲအသေးအဖွဲများကိုပါ ထည့်သွင်းရေတွက်ပါက သံဃာဂိုဏ်းပေါင်း ၃၀ အထက် အကွဲအပြဲ ခေတ်စားခဲ့သည်။ တရုတ်ရဟန်းတော် ရှွင်ကျန်၏ မှတ်တမ်းတွင် ခေတ်ပြိုင်သံဃာဂိုဏ်းပေါင်း (၁၈) ဂိုဏ်းတည်ရှိကြောင်းကို ဖော်ပြထားလေသည်။ ဗုဒ္ဓဘာသာတရားတော်၏ သန့်စင်မှုနှင့် ညစ်နွမ်းမှုတို့သည် သက်ဆိုင်ရာဂိုဏ်းနှင့်သာ သက်ဆိုင်ကြောင်း သံဃာဂိုဏ်းပေါင်း (၁၈) ဂိုဏ်းစလုံးကလည်း မိမိတို့ဂိုဏ်းတရားသည်သာ စစ်မှန်သော ဗုဒ္ဓဘာသာတရားတော်ဖြစ်ကြောင်း ဝန်ခံပြောဆိုကြကြောင်း အချင်းချင်းလည်း အညီအညွတ်မရှိ ငြင်းခုန်နေကြကြောင်း ဟီနယာနနှင့် မဟာယာနရဟန်းတော်များလည်း အယူအမြင် ကွဲပြားခြားနားနေကြကြောင်းကို ပုံဖော်ရေးချယ်ခဲ့လေသည်။

ဟီနယာနဂိုဏ်းမှ ပညာဂုတ္တ အမည်ရှိသောရဟန်းတော်တစ်ပါးက ဂါထာ (၇၀၀) ပါရှိသော ကျမ်းတစ်စောင်ဖြင့် မဟာယာန အယူဝါဒ ကို တိုက်ခိုက်ခဲ့ကြောင်း မဂဓဒေသမှ မဟာယာနဗုဒ္ဓဘာသာ ရဟန်းတော်များ၏ အားပေးတိုက်တွန်းမှုကြောင့် တရုတ်ရဟန်းတော် ရှွင်ကျန်က ဂါထာ (၁၆၀၀) ပါသော တန်ပြန်ကျမ်းတစ်ဆူ ရေးသားစီရင်၍ ဟီနယာနဂိုဏ်း အယူအဆကို နှိပ်ကွပ်ခဲ့ရကြောင်း မဟာယာန အယူဝါဒကို ထွန်းလင်းပြခဲ့ရကြောင်း မှတ်တမ်းပြုထားလေသည်။ မဟာယာနဗုဒ္ဓဘာသာ၏ ပညာရှိကဝိအကျော်အမော်များ ဖြစ်ကြသော သန္တိဒေဝ စန္ဒြကိတ္တိ သန္တ

၆၃၀။ I-tsing pp-6-7,

ရက္ခိတစသော ရဟန်းတော်များသည် ဟီနယာနကိုဏ်း အယူအဆများကို ဝေဖန်ထိုးနှက်သော ဓမ္မကျမ်းစာများ စီရင်ရေးသားခဲ့ကြလေသည်။ ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများအကြား ဝိဝါဒကွဲပြားပြိုင်ဆိုင်မှုသည် ဗုဒ္ဓဘာသာနှင့် အခြားဘာသာဝါဒများ အကြားရှိသော ဝိဝါဒကွဲပြား ပြိုင်ဆိုင်မှုများထက် ပို၍ ပြင်းထန်ခဲ့ပါသည်။ ဤသို့ ဂိုဏ်းကွဲပြားမှုများကြောင့် ဗုဒ္ဓဘာသာသည် အင်အားချိနဲ့ခဲ့ရခြင်း ဖြစ်သည်ဟူ၍ သုတေသီများ တွေးဆခဲ့ကြပါသည်။

(၃) ဗုဒ္ဓဘာသာ နှင့် ဟိန္ဒူဘာသာ အသွင်သဏ္ဌာန်ခြင်း ရောနှောလာခဲ့ခြင်း

မဟာယာနဗုဒ္ဓဘာသာသည် ဟိန္ဒူဘာသာဝင်လူထုကို သိမ်းသွင်းနိုင်ရန် ဟိန္ဒူဘာသာမှ နတ်ဒေဝတာများ ကို ဗုဒ္ဓဘာသာ နယ်ပယ်သို့ သွတ်သွင်းခဲ့လေသည်။ သီဝဗိသနိုး ကာလီ စသော ဟိန္ဒူနတ်ဒေဝတာများသည် အဝလောကိတေသွာရ တာရာဒေဝီစသော ဗုဒ္ဓဘုရားများအသွင်ကို ဆောင်လာခဲ့လေသည်။ ကာလရွှေ့လျားလာသောအခါတွင် ဟိန္ဒူဘာသာဝင် လူထုက ဗုဒ္ဓဘာသာကို ဟိန္ဒူဘာသာ၏ အကိုင်းအခက်တစ်ခုအနေနဲ့သာ မြင်ခဲ့ကြလေတော့သည်။ ဗုဒ္ဓကို ဟိန္ဒူဘာသာ၏ ဗိသနိုး ဆင်းသက်သော နဝမမြောက် အဝတာရအသွင် ဘုရားအနေဖြင့် ကိုးကွယ်လာခဲ့ကြလေသည်။ မဟာယာနဗုဒ္ဓဘာသာသည် ဟိန္ဒူဘာသာဝင်လူထုကို သိမ်းသွင်းနိုင်ရန် ကြိုးစားရင်း တိုင်းရင်းသားရိုးရာ ယုံကြည်မှု ထုံးဓလေ့များ၏ တန်ပြန်ဝါးမြိုခြင်းကို ခံခဲ့ပုံရကြောင်း ဗုဒ္ဓဘာသာသမိုင်းပညာရှင်များက ကောက်ချက်ဆွဲကြပါသည်။

တန္တရယောဂကျင့်စဉ်များ မဟာယာနဗုဒ္ဓဘာသာအတွင်း ရောနှောပေါင်းစပ်လာခြင်းသည်လည်း မဟာယာနဗုဒ္ဓဘာသာ ဆုတ်ယုတ်ခဲ့စေကြောင်း လူထုအများကိုးကွယ်သော မဟာယာနဗုဒ္ဓဘာသာသည် ဗောဓိသတ္တများကို ယုံကြည်ကိုးကွယ်မှုနှင့် မဟာယာနသုတ္တန်များကို ရွတ်ဆိုပူဇော်မှု သက်သက်အဆင့်သို့ ဆုတ်ယုတ်ခဲ့ကြောင်း ယိချင်၏မှတ်တမ်းတွင် ဖော်ပြထားသည်ကို တွေ့ရ၏။ အမှန်စင်စစ် တန္တရယောဂကျင့်စဉ်သည် အနှစ်သာရအားဖြင့် အလွန်နက်ရှိုင်းသော စွမ်းအင်သဘာဝတရားများကို စေစားထိန်းကျောင်း ကျင့်ကြံရသည့် ဓမ္မကျင့်စဉ်ဖြစ်ပြီး စစ်မှန်သော ဆရာဂုရု၏ လမ်းပြပေးမှုလိုအပ်၏။ သို့သော်လည်း တန္တရကျင့်စဉ်၏ သံဝရသီလများနှင့် သမယပဋိညာဉ်များကို အမှန်တကယ် မလေးစား မလိုက်နာဘဲ ဖောက်ပြန်ကျင့်ကြံသူများ အမြတ်ထုတ်သူများ ဝင်ရောက်လာသောအခါတွင် တန္တရယောဂကျင့်စဉ်၏ စစ်မှန်သောသဘော ပျက်စီးခဲ့ရ၏။ ထို့အတူ ရုပ်ပွားဆင်းတု ကိုးကွယ်မှု ဂါထာမန္တန်များ ရွတ်ဖတ်ခြင်း၊ ဆုတောင်း ပတ္ထနာပြုခြင်းတို့သည် မူလပါရမီကျင့်စဉ်

များ၏ နေရာတွင် အစားယူလာကြကာ တိုင်းရင်းသားရိုးရာ ယုံကြည်မှု ထုံးဓလေ့ များနှင့် အသွင်သဏ္ဌာန်အားဖြင့် ရောနှောခဲ့သည်မှာလည်း ဗုဒ္ဓဓမ္မ အားအင်ချည့်နဲ့စေ ခဲ့သော အကြောင်းတရားတစ်ခု ဖြစ်လေသည်။

(၄) ဖြဟ္မဏ တို့ ဗုဒ္ဓဘာသာ ကိုမုန်းတီးမှုနှင့် ဖြဟ္မဏဝါဒ ပြန်လည် နိုးထလာခဲ့ခြင်း

အိန္ဒိယပြည်မှ (မဟာယာန) ဗုဒ္ဓဘာသာ ကွယ်ပျောက်ခဲ့ရခြင်း၏ ပြင်ပအကြောင်း တရားများအနက် ဗြဟ္မဏတို့ ဗုဒ္ဓဘာသာကိုမုန်းတီးမှုသည် ထိပ်ဆုံးမှ ပါဝင်နေ သည်။ ရှင်တော်ဗုဒ္ဓ လက်ထက်အခါကတည်းက ဗြဟ္မဏတို့နှင့် ထိပ်တိုက်တွေ့ ရခြင်းများ ရှိခဲ့လေသည်။ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်တွင် ပဋ္ဌသာလဟူသော ဗြဟ္မဏရွာနိဂုံး သို့ ဆွမ်းခံကြွခဲ့ရာဝယ် ဆွမ်းတစ်လုတ်စာမျှ မရခဲ့ကြောင်း မှတ်တမ်းရှိလေသည်။ ဗြဟ္မဏတို့သည် ဗုဒ္ဓဘာသာ ရဟန်းများကို ဦးပြည်းယုတ် သူတောင်းစား စသဖြင့် နှိမ်ချခေါ်ဆိုမှုများ ရှိခဲ့သည့်အပြင် ဗုဒ္ဓ၏ အနတ္တဝါဒ ကမ္မဝါဒ အနိဿရဝါဒနှင့် ပဋိစ္စသမုပ္ပါဒဝါဒများအပေါ် ဗြဟ္မဏတို့ မျက်မုန်းကျိုးခဲ့လေသည်။ ဗုဒ္ဓ၏ အနတ္တ ဝါဒသည် ဗြဟ္မဏဝါဒ အတ္တဝါဒ (အာတ္မဝါဒ)ကို အခြေအမြစ်မှ တူးဖြို ဖျက်စီးခဲ့ သောကြောင့် ဤမျှ မျက်မုန်းကျိုးခဲ့ရခြင်းဖြစ်ပါ၏။ ဗြဟ္မဏဝါဒ တွေးခေါ်ရှင် ယာဇ္ဉဝလ္ကျ အလိုအရ ဗုဒ္ဓဘာသာ ရဟန်းများကို အိပ်မက်ထဲတွင် ဆုံတွေ့ရလျှင် သော်တောင် အမင်္ဂလာကြီးဖြစ်ကြောင်း ဆိုထားပါသည်။

ဗြဟန္နာရာဒီယ ပူရာဏ်ကျမ်း ဗြဟ္မဏတစ်ယောက်အတွက် အကြီးမားဆုံး သော အပြစ်သည် ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေအိမ်အတွင်းသို့ (အတိဒုက္ခ ရောက် ရှိချိန်တွင်၌ပင်) ဝင်ရောက်မိခြင်းဖြစ်သည်ဟု ဆို၏။ အဂ္ဂနိပူရာဏ်တွင် သုဒ္ဓေါဓန မင်း၏သား (ဂေါတမဗုဒ္ဓ) သည် ဗြဟ္မဏဝါဒီများကို သွေးဆောင်၍ ဗုဒ္ဓဘာသာ ဝင်ဖြစ်စေခဲ့ကြောင်း ရေးသားပါရှိလေသည်။ ဗုဒ္ဓဘာသာ ရဟန်းတော်တို့ကို နှိမ်ချ ၍ ''ဖြူစင်သောသွား ထိန်းချုပ်သောမျက်လုံးများ အနီရောင်သင်္ကန်းကို ဝတ်ဆင် လျက် ဦးပြည်းကတုံးတို့သည် ဘာသာရေး အမှုတို့ ပြုကြကုန်၏'' ဟူ၍ ဝါယုပူ ရာဏ်တွင် ရေးထားလေ၏။ ဗိဿနိုးပူရာဏ်တွင်မူ ဂေါတမဗုဒ္ဓသည် ဖျားယောင်း လှည့်စားတတ်သူဟု စွပ်စွဲထားပေသည်။ ၄င်းကျမ်းစာ၌ပင် ဆက်လက်၍ ဂေါတမ ဗုဒ္ဓသည် ကြီးမားသော အမိုက်အမှောင် (မဟာမောဟ) ဖြစ်သည်ဟူ၍ ရက်ရက် စက်စက် ထောမနာပြုထားလေ၏။ ဂေါတမဗုဒ္ဓသည် မည်းဆဲမူ (အဟိသာဓမ္မ) နှင့် ငြိမ်းအေးမှု (နိဗ္ဗာန) တရားများဟောကြား၍ ဝေဒ ယဉ်ကျေးမှု အစဉ်အလာများ

ကို ဖျက်ဆီးသူဖြစ်ပြီး ဤ ကြီးမားသော အမိုက်အမှောင် (မဟာမောဟ) ၏ နောက်လိုက် (ဗုဒ္ဓဘာသာဝင်များ) ကို နတ်ဒေဝတာများက အပြစ်ဒဏ် ခတ်လိမ့်မည်ဖြစ်ကြောင်း သတိပေးထားသေး၏။

ဗြဟ္မဏဝါဒီ ကုမာရိလသည် ဗုဒ္ဓဘာသာဝင်များကို အလွန်ရွံရှာစက်ဆုပ်မုန်းတီးခဲ့ကြောင်း 'ရှလောကဝါတ္တိက' တွင် ဖော်ပြထား၏။ ကုမာရိလသည် ဥဇ္ဇေနီမင်းကို ဗုဒ္ဓဘာသာဝင်များအား သတ်ဖြတ်သုတ်သင်ရန် တိုက်တွန်းခဲ့ကြောင်း (ဤအချက်နှင့်ပတ်သက်၍ ပညာရှင်အများ လက်မခံ-ခိုင်လုံသောသမိုင်း အထောက်အထား မတွေ့ရကြောင်း) ကုမာရိလ နည်းတူ ဗုဒ္ဓဘာသာဝင်များကို ခါးခါးသီး မုန်းတီးသူမှာ ဝေဒန္တဒဿနပညာရှင် ရှန်ကာရဖြစ်၏။ အေဒီ ၇၈၈ တွင် မွေးဖွားခဲ့သော ရှန်ကာရ၏ ဗုဒ္ဓဘာသာဝင်များကို နှိပ်စက်ခဲ့မှုများမှာ သမိုင်းတွင်ခဲ့၏။ သူသည် ဗုဒ္ဓဘာသာဝင်များ ကို မတရားလက်နက် ခါးလက်နက် စကားလက်နက်များဖြင့် တိုက်ခိုက်ခဲ့သူဖြစ်၏။ ရှန်ကာရသည် ဗုဒ္ဓဘာသာဝင် ရဟန်းတော်များကို မင်းအမိန့်အာဏာဖြင့် အတင်းအဓမ္မ ဝါဒပြိုင်စေ ရှုံးသူတို့ကို ဗုဒ္ဓဘာသာအယူကို စွန့်လွှတ်စေခြင်း မလိုက်နာသူများကို ရာဇဝတ်သားများပမာ သတ်မှတ်၍ ကျက်ကျက်ပူသော ထောပတ်ဆီအိုးတွင် နှစ်သက်စေခြင်း စသော အကုသိုလ်များ ကျူးလွန်ခဲ့လေသည်။ ထို့ကြောင့် တိဗက်အစဉ်အလာ မှတ်တမ်းများအရ ဗုဒ္ဓဘာသာဝင် ရဟန်းတော်များသည် ရှန်ကာရ၏ အသံကိုကြားရလျှင်ပင် လွန်စွာ ထိတ်လန့် တုန်လှုပ် ချောက်ချားကြရကြောင်း ရေးသားထားသည်ကို ထောက်ချင့်၍ ရှန်ကာရ၏ ဗုဒ္ဓဘာသာဝင်များအပေါ် ရက်စက်ကြမ်းကြုတ်ခဲ့မှုများကို သိရှိနိုင်ပါသည်။ ရှန်ကာရ ရေးသားသော 'ဗြဟ္မသုတ္တဘာသ' တွင် ဂေါတမဗုဒ္ဓသည် ပြည်သူတို့၏ ရန်သူဖြစ်ကြောင်း အတွင်းသဘော ဝိရောဓိ ဆန့်ကျင်နေသော ရှုပ်ရှုပ်ထွေးထွေး တရားများကိုသာ ဟောပြောသူဖြစ်ကြောင်း ဖော်ပြထားလေသည်။

ဤသို့ ဗုဒ္ဓဘာသာဝင်များကို သတ်ဖြတ်နှိပ်စက်နေခဲ့သည့် တစ်ချိန်တည်းမှာပင် ဗြဟ္မဏဝါဒ ပြန်လည် နိုးထလာခဲ့ခြင်းလည်း ဖြစ်ပေါ်နေခဲ့၏။ ဥဒ္ဒေါတကာရ ကုမာရိလဘဒ္ဒ ရှန်ကာရ ဥဒါယန ဝါစာပတိ မိရှရစသော အကျော်ဒေးယျ ဗြဟ္မဏ ပညာရှင်များ ထွန်းတောက်နေခဲ့ချိန်လည်းဖြစ်ရာ ဗြဟ္မဏဝါဒကို ပိုမို ခိုင်မာသော အခြေခံသစ်များဖြင့် အားယူတည်ဆောက်နေခဲ့သော ကာလဖြစ်၏။ ဗုဒ္ဓဘာသာကို လှောင်ပြောင်သရော်လေ့ရှိသော ပူရာဏ်ကျမ်းများကို မြင့်မြတ်သော မုက္ခပတ်ဘာသာရေး ကျမ်းစာများအဖြစ် တရားဝင် အတည်ပြုပေးခဲ့သည်ကို တွေ့ရ၏။ ထိုစဉ် အခါက အိန္ဒိယပြည် တောင်ပိုင်းနှင့် အလယ်ပိုင်းတို့ကို စောဠမင်းတို့ အုပ်စိုးပြီး

ဝင်္ကပိုင်းကို သေနမင်းတို့ အုပ်ချုပ်နေခဲ့၏။ ထိုမင်းတို့သည် ဟိန္နျူဘာသာ၏ပြဟ္မဏ ဝါဒကို ချီးမြှောက်ထောက်ပံ့အားပေးခဲ့ပြီး ဗုဒ္ဓဘာသာကို ဖိနှိပ်ခဲ့သူများ ဖြစ်သောကြောင့် ထိုကာလများသည် ဗုဒ္ဓသာသနာတော်အတွက် ကံဆိုးမိုးမှောင် ကျခဲ့ရသော ကာလများဖြစ်ခဲ့၏။ ရှုန်ကာရ၏ ဝါဒပြိုင်ပွဲများ ဗုဒ္ဓဘာသာ ရဟန်းတော်များကို ဓားမိုး၍ အတင်းအကြပ် ဘာသာကူးပြောင်းစေခဲ့ခြင်းများသည် ဤခေတ်ကာလများတွင် ဖြစ်ပေါ်ခဲ့၏။

ဂုတ္တခေတ်နှင့် နောက်ပိုင်းကာလတွင် ခေတ်စားလာခဲ့ကြသော ဘဂဝတ (ဗိသနိုးဂိဏ်း) နှင့် သီဝဂိဏ်းတို့၏ လွှမ်းမိုးမှုများကလည်း ဗုဒ္ဓဘာသာကို များစွာ မှေးမှိန်စေခဲ့၏။ ဗုဒ္ဓဘာသာ၏ ဝေဒကျမ်းများအပေါ် မယုံကြည်မှု ဇာတ်ခွဲခြားရေးစံနစ်ကို လက်မခံမှုနှင့် ဗြဟ္မဏသျှတ္တရ ကျမ်းပြုဆရာတို့၏ စစ်မှန်သောတန်ဖိုးကို လက်မခံခြင်းများသည် ဗုဒ္ဓဘာသာ အပေါ် ဗြဟ္မဏတို့အနေဖြင့် ပို၍ မုန်းတီးစရာဖြစ်ခဲ့၏။ အသောက ကနိဂ္ဂက ဟာရဝဒ္ဓန စသော ဗုဒ္ဓဘာသာ သာသနာပြုမင်းများကြောင့် ဗုဒ္ဓဘာသာ ကောင်းစားခဲ့စဉ်က ဗြဟ္မဏတို့အနေဖြင့် နောက်ဆုတ်ကာ ခပ်ရိုရိုလေးနေခဲ့ရသည်ကို မမေ့နိုင်ဘဲ အသာစီးရခိုက်ဝယ် ဗုဒ္ဓဘာသာကို လက်စားချေတော့၏။ ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သော ဝေဒကျမ်းများအပေါ် အကြွင်းမဲ့ ယုံကြည်မှု ဇာတ်ခွဲခြားရေးစံနစ်နှင့် အိမ်ရာထောင်သော လူ့ဘောင်ဘဝ၏ တာဝန်ကျပွန်မှုတရားများကို အဓိကပေါ်လွင်အောင် ဟောပြောခဲ့ကြလေသည်။ ဗြဟ္မဏတို့၏ တရားဓမ္မကို ဆန့်ကျင်၍ သမဏလမ်းစဉ် (အိမ်ယာစွန့်ခွာရေးလမ်းစဉ်) ကို လိုက်နာကျင့်သုံးသူတို့အား ကြီးလေးသော ပြစ်ဒဏ်များပေးရန် သတ်မှတ်ခဲ့လေသည်။

(၅) ဗုဒ္ဓဘာသာကို ဗြဟ္မဏဘုရင်များ၏ နှိပ်ကွပ်ဖျက်စီးမှု

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်ခဲ့ရခြင်း၏ အဓိက အကြောင်းတရားများအနက် ဗုဒ္ဓဘာသာကို ဗြဟ္မဏဘုရင်များ၏ နှိပ်ကွပ်ဖျက်စီးမှုသည် အရေးပါသော အကြောင်းတရားတစ်ခု ဖြစ်လေသည်။ ရွှင်ကျန်၏ မှတ်တမ်းတွင် ဗုဒ္ဓဒဿနပညာရှင် ဝသုဗန္ဓု၏ ဆရာဖြစ်သော မနောရဋ္ဌမထေရ်ကို ဘုရင် ဝိကြမာဒိတ္တ၏ အနိုင်ကျင့် နှိပ်စက်မှုကို ဖော်ပြထား၏။ တစ်ခါက မနောရဋ္ဌသည် သူ၏ ဆတ္တာသည်ကို လုပ်အားခ အဖိုးတစ်သိန်း ပေးသည်ဟူ၏။ ထိုသတင်းကို ဘုရင်ဝိကြမာဒိတ္တ ကြားလတ်သော မနောရဋ္ဌအပေါ် ကြီးစွာသော မနာလိုစိတ် ဖြစ်လေသည်။ ဝိကြမာဒိတ္တသည် မနောရဋ္ဌမထေရ်၏ ဂုဏ်သိက္ခာကို ကျဆင်းစေလျက် ဗိုလ်ပုံအလည်တွင် အရှက်ရစေရန် မနောရဋ္ဌမထေရ် ကို မင်းအမိန့်အာဏာ

ဖြင့် နန်းတော်သို့ ဆင့်ခေါ်စေလျက် မိစ္ဆာဝါဒီ (၁၀၀) ဖြင့် ဝါဒ အခြေအတင် ပြိုင်ဆိုင်စေခဲ့၏။ အကယ်၍ ဝါဒပြိုင်ဆိုင်မှုတွင် ရှုံးနိမ့်ခဲ့ပါလျှင် အသတ်ခံရမည်ဖြစ်ကြောင်း မတရားအမိန့်ထုတ်လေ၏။ မနောရဋ္ဌမထေရ်သည် မိစ္ဆာဝါဒီ (၉၉) ယောက်ကို အနိုင်ယူခဲ့ပြီးသောအခါ ကောက်ကျစ်ယုတ်မာသော ဘုရင်ဝိကြမာဒိတျသည် မိစ္ဆာဝါဒီတို့နှင့်အတူ ပွဲသဘင်ကို ပျက်အောင် ဆူညံသောင်းကျန်း နှောက်ယှက်စေ၏။ ထိုအခါ မနောရဋ္ဌ မိမိလျှာကို ကိုက်ဖြတ်၍ တပည့်ဖြစ်သူ ဝသုဗန္ဓုအား ဂုဏ်းဂဏအားကိုးဖြင့် အနိုင်ကျင့်သူများအလယ်တွင် တရားမျှတစစ်မှန်မှုဟူသည် မရှိပေ-ဟု စာဖြင့်ရေးသားပြောခဲ့လျက် ကွယ်လွန်ခဲ့ရလေသည်။ ရွှင်ကျန်က ထပ်လောင်းဖြည့်စွက် ရေးသားခဲ့ရာတွင် ဘုရင်ဝိကြမာဒိတျ ထီးနန်းကျ၍ သူ့အရိုက်အရာကို ဆက်ခံသော မင်းသစ်သည် ပညာရှိ ပဏ္ဍိတများကို လေးစားမှုရှိသူဖြစ်သောကြောင့် ဗုဒ္ဓဒဿနပညာရှင် ဝသုဗန္ဓုမထေရ်သည် ထိုဘုရင်၏လက်ထက်တွင် ဗုဒ္ဓဘာသာ၏ ဂုဏ်ကို ပြန်လည် ဆောင်ကြဉ်းခွင့် ရခဲ့လေသည်။

ဤ ဇာတ်ကြောင်းသည် ဒဏ္ဍာရီဆန်ဆန် ဖြစ်နေသော်လည်း တကယ်ဖြစ်ရပ်မှန် သမိုင်းနောက်ခံ အကြောင်းအရာများပေါ် အခြေခံခဲ့ပုံရ၏။ ဘုရင်ဝိကြမာဒိတျဆိုသူသည် အေဒီ (၅) ရာစုကာလက စိုးစံခဲ့သော ဂုတ္တမင်းဆက်မှ ဘုရင်ခန္ဒဂုတ္တဖြစ်နိုင်ကြောင်း မှန်းဆကြ၏။ ဘုရင်ခန္ဒဂုတ္တသည် ဗုဒ္ဓဘာသာကို မုန်းတီးသူအဖြစ် နာမည်ကျော်ခဲ့၍ သူ့နန်းဆက်ကို ဟူဏ (ဟုဏ်း) လူမျိုးတို့က ဖျက်ဆီးခဲ့ပြီးနောက်တွင် ဗုဒ္ဓဘာသာကို ထောက်ပံ့ချီးမြှောက်သော ဘုရင်နရသီဟဂုတ္တ ဗာလာဒိတျနန်းတက်ခဲ့လေသည်။ နရသီဟဂုတ္တသည် ဟူဏ (ဟုဏ်း) လူမျိုးတို့ကို မောင်းထုတ်နိုင်ခဲ့၏။

ဗုဒ္ဓဘာသာကို နှိပ်ကွပ်ဖျက်စီးမှုအရာတွင် ဗြဟ္မဏဘုရင်များအနက် စံတင်လောက်သူမှာကား ဟူဏ (ဟုဏ်း) လူမျိုး ဘုရင်မိဟိရကုလ ဖြစ်၏။ ဤဘုရင်၏ ဗုဒ္ဓဘာသာကို ရက်စက်စွာ နှိပ်ကွပ်ဖျက်စီးမှု အကြောင်းများကို ကသ္မီရသမိုင်းပညာရှင် ကာဠဏဏက မှတ်တမ်း တင်ထားခဲ့သလို ရွှင်ကျန်၏ မှတ်တမ်းများကလည်း ထောက်ခံအတည်ပြုနေ၏။ မိဟိရကုလသည် ငရဲပြည်ကို အစိုးရသော ယမမင်းကြီးနှင့် အလားတူဖြစ်ကြောင်း ဤမင်းဆိုးမင်းညစ်၏ အကုသိုလ် ဒုစရိုက်မှုများကို ပြောဆိုရသောလျှာသည်ပင် ညစ်ထေးယုတ်ညံ့ရကြောင်း သမိုင်းပညာရှင် ကာဠဏဏက ရေးသားခဲ့၏။ ကသ္မီရသမိုင်းပညာရှင် ကာဠဏဏ၏ အလိုအရ မိဟိရကုလသည် ဗြဟ္မဏဘာသာကို များစွာချီးမြှောက်၍ ဗြဟ္မဏပညာရှိများကို သူကောင်းပြုခဲ့၏။ မိဟိရကုလသည် သီဝနတ်မင်းကို ကိုးကွယ်၏။ သူ့အမည် မိဟိရ (=မိတြ) သည် နေမင်းနတ်ဘုရားနှင့် ဆက်စပ်မှုရှိကြောင်း ထောက်ဆ၍ ဤအချက် မှန်ကန်ကြောင်း

သက်သေထူနေပါသည်။ တစ်ခါက ဘုရင်မိဟိရကုလသည် ဗုဒ္ဓဘာသာကို လေ့လာသင်ကြားရန် ရဟန်းတော်တစ်ပါး စေလွှတ်ပေးရန် တောင်းဆိုရာ ဝါနည်းသော ရဟန်းငယ်တစ်ပါးကိုသာ စေလွှတ်ခဲ့သောကြောင့် ဗုဒ္ဓဘာသာကို များစွာ အမျက်သို ခဲ့သည်ဟု ဆိုပါသည်။ မိမိ အုပ်ချုပ်မင်းလုပ်သော အာဏာစက် ဖြန့်ကျက်ရာ တိုင်းပြည် မြို့ရွာအနှံ့တွင် လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ရှိရှိသမျှသော ဗုဒ္ဓဘာသာဝင် ရဟန်း သံဃာတော်မှန်သမျှ တစ်ပါးမကျန် သုတ်သင်သတ်ဖြတ်ရန် မင်းအမိန့်အာဏာ ပြဋ္ဌာန်းခဲ့သည်ဟု ဆို၏။

ထိုအခါ မဂဓတိုင်းမှ ဗုဒ္ဓဘာသာကို ထောက်ပံ့ချီးမြှောက်သော ဘုရင်နရသီဟ ဂုတ္တ ဗာလာဒိတျက မိဟိရကုလ၏ အမိန့်ကို ဆန့်ကျင်ကန့်ကွက်ခဲ့သဖြင့် မင်းနှစ်ပါး စစ်မက်ဖြစ်ပွားခဲ့ရလေသည်။ မိဟိရကုလ စစ်ရှုံး၍ ဘုရင်နရသီဟဂုတ္တ၏ အကျဉ်းစံ ဖြစ်ရလေသည်။ သို့သော်လည်း အချုပ်အနှောင်မှ လွတ်မြောက်၍ မိဟိရကုလသည် ကသ္မီရတိုင်းသို့ ရောက်ရှိ ခိုလှုံခဲ့၏။ ကျေးဇူးကန်းသော မိဟိရကုလသည် ကသ္မီရ ဘုရင်ကို သတ်ဖြတ်၍ ထီးနန်းကို လုခဲ့ပြန်သည်။ ထိုအချိန်က ကသ္မီရတိုင်းတွင် ဗုဒ္ဓဘာသာ ထွန်းကားနေဆဲဖြစ်လေရာ မိဟိရကုလသည် ဗုဒ္ဓဘာသာ ကို ဖျက်ဆီးရန် အခွင့်ရလေ၏။ ကျောင်းကန်ဘုရားစေတီပေါင်း (၁၆၀၀) ခန့်ကို မြေလှန်ဖျက်ဆီးခဲ့၏။ ဗုဒ္ဓဘာသာဝင် ဥပသကာပေါင်း သိန်းသန်းချီ၍ သုတ်သင်သတ်ဖြတ်ခဲ့၏။ မိဟိရကုလသည် ဗုဒ္ဓဘာသာဝင် သုံးကုဋေခန့် သတ်ဖြတ်ပြီးနောက် မိမိကိုယ်လည်း အဆုံးစီရင်လျက် ငရဲလမ်းသို့ ကြွမြန်းခဲ့လေတော့၏။ မိဟိရကုလသည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ မြတ်ဗုဒ္ဓ၏ သပိတ်တော်ကိုလည်း ရိုက်ခွဲ ဖျက်ဆီးခဲ့ကြောင်း ပုဏ္ဏာရိကမုခ သုတ္တန်တွင် မှတ်တမ်းတင်ထားလေသည်။

မိဟိရကုလ နည်းတူ ဥဇ္ဇေနီမင်း သုမာဝန် ဟူဏ (ဟုဏ်း) လူမျိုး ဘုရင်တော ရမာဏ ဂေါဒ ဘုရင်ရှရှန်ကတို့သည်လည်း ဗုဒ္ဓဘာသာကို အငြိုးအတေးကြီးစွာ တိုက်ခိုက်ဖျက်ဆီးခဲ့ကြသော ဗြဟ္မဏဘုရင်များ ဖြစ်လေသည်။ တောရမာဏဘုရင်၏ တံဆိပ်တော်တစ်ခုကို ကောသမ္မီကျောင်းတိုက် အပျက်အစီးများအကြား တွေ့ရှိရသဖြင့် ဤကျောင်းတိုက်ကို ဖျက်ဆီးခဲ့သူတို့မှာ တောရမာဏဘုရင်နှင့် ဆက်စပ်နေသူများ ဖြစ်နိုင်ကြောင်း ခန့်မှန်းကြ၏။ အေဒီ (၆) ရာစုတွင်(ဟုဏ်း) လူမျိုးဗြဟ္မဏ ဝါဒီ ဘုရင်တို့၏ နှိပ်စက်သတ်ဖြတ်မှုကြောင့် အိန္ဒိယမှ တရုတ်ပြည်သို့ ထွက်ပြေးခိုလှုံလာသော ဗုဒ္ဓဘာသာ ရဟန်းတော် ပေါင်း (၃၀၀၀) ခန့်ရှိသည်ဟူ၍ ဂျိုးခက် အက်ဒ်ကင်က မှတ်တမ်းတင်ခဲ့၏။ ထိုနည်းတူစွာပင် ဂေါဒဘုရင်ရှရှန်ကသည်လည်း ဗုဒ္ဓဘာသာကို ဖိနှိပ်စော်ကားခဲ့ရာတွင် ထူးချွန်ပြောင်မြောက်ခဲ့၏။ ရှရှန်ကသည်

ပါဋ္ဌလိပုတ်မြို့တော်မှ ရှင်တော်ဗုဒ္ဓ၏ ခြေတော်ရာတစ်ဆူကို ဂင်္ဂါမြစ်ထဲသို့ လွှင့်ပစ်စေခဲ့၏။ ဗုဒ္ဓဂယာမှ မြင့်မြတ်သော မဟာဗောဓိပင်ကို ခုတ်လဲ မီးရှို့ဖျက်ဆီးခဲ့၏။ မဟာဗောဓိစေတီတော်မှ ဗုဒ္ဓရုပ်ပွားတော်ကို ဖယ်ရှား၍ သီဝနတ်မင်းကြီး၏ ရုပ်တုနှင့် အစားထိုးခဲ့၏။[၆၃၁]

(၆) ကျူးကျော်ဝင်ရောက်လာသော တူရကီတို့က ဗုဒ္ဓဘာသာကို သုတ်သင်ဖျက်စီးခဲ့ကြခြင်း

ခေတ်ပြိုင် သမိုင်းမှတ်တမ်းများအရ မိုဟာမက်ဂေါရီဟူသော အာဖဂန်စစ်ဗိုလ်ချုပ်သည် အေဒီ ၁၁၉၁ တွင် အိန္ဒိယထဲ ဝင်ရောက်တိုက်ခိုက် နယ်မြေများသိမ်းပိုက်ခဲ့၏။ ၃ ပုံ ၂ ပုံ ခန့်သော နယ်မြေများ သိမ်းခဲ့ရာတွင် ဗာရာဏသီထိ သိမ်းပိုက်ခဲ့ပြီး ဟိန္ဒူ နှင့် ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရားများစွာ မီးရှို့ဖျက်ဆီးခဲ့သောကြောင့် ဗာရာဏ သီမြို့ကြီး ၁၅ ရက် တိုင်တိုင် မီးတဟုန်းဟုန်း လောင်ကျွမ်းခဲ့ကြောင်း ဖော်ပြထား၏။

ထိုနည်းတူစွာပင် မဂဓတိုင်း ပါဋ္ဌလိပုတ်မြို့တွင်ရှိသော ဗုဒ္ဓသာသနာသည်လည်း မိုဟာမေဒင်တို့၏ စီနင်းတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရ၏။ အေဒီ ၁၂၀၇ တွင် ဘတ်တီယာ ခီလ်ဂျီ (Bakhtiyar Khilji) ခေါင်းဆောင်သော စစ်သည်တို့သည် အင်အား(၂၀၀) ခန့်ဖြင့် ပါဋ္ဌလိပုတ်မြို့တော်ကို စီးနင်း တိုက်ခိုက်ခဲ့ကြ၏။ အသောကမင်းကြီး၏ ကောင်းမှုတော်ဖြစ်သော အသောကာရာမ ကျောင်းတိုက်ကြီး အပါအဝင် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများစွာ မီးရှို့ဖျက်ဆီးခံခဲ့ရ၏။ ရဟန်းတော် မှန်သမျှ မဲမဲမြင် သုတ်သင်ခံခဲ့ရ၏။ အသက်ဘေးမှလွတ်မြောက်သော ဗုဒ္ဓဘာသာ ရဟန်းတော်များသည် အနီးအပါးမှ တိုင်းပြည်များဖြစ်သော တိဗက် နီပေါနှင့် အိန္ဒိယပြည်တောင်ပိုင်းသို့ ထွက်ပြေးခိုလှုံခဲ့ရလေသည်။ ထိုနှစ်ကာလပိုင်းတွင်ပင် ရှင်တော် ဗုဒ္ဓသီတင်းသုံးတော်မူခဲ့သော ရာဇဂြိုဟ်မြို့ကိုလည်း အက္ကတိယာရုဒ္ဒိန် (Ikhtiyarud-din) သည် စစ်သည် ၂၀၀၀ အင်အားဖြင့် ဝင်ရောက်ချေမှုန်းဖျက်ဆီးခဲ့၏။

တူရကီစစ်သည်တို့ ဖျက်ဆီးခဲ့သော ဗုဒ္ဓဘာသာ သာသနိက အဆောက်အအုများမှာ

- မိဂဒါဝုန်မှာ စေတီငယ် ၅၂ ဆူ၊ ကျောင်းတိုက်ပေါင်း ၄၅
- မိဂဒါဝုန်မှာ ကျောက် ခန္ဓီ စေတီနှင့် ကစ်တိုးကျောင်းတော်ကြီး

၆၃၁။ **Kanai Lal Hazra, *The Rise and Decline of Buddhism in India*, (1995), Munshiram Manoharlal Publishers.p-389-391**

- မိဂဒါဝုန်မှာရှိသော ဓမ္မာရာဇိက စေတီတော်ကြီး
- မိဂဒါဝုန်မှာ နန္ဒိယ ကျောင်းတော် ဓမ္မစက္ကဇိနဝိဟာရ ကျောင်းတိုက်ကြီး
- မိဂဒါဝုန်မှာရှိသော ဓမ္မေခစေတီကြီး
- ကုသိနာရုံ ကျောင်းတော်ကြီး
- သာဝတ္ထိနှင့် ပါဋလိပုတ်မှ ကျောင်းတိုက်များ
- ရာဇဂြိုဟ်မှ ဝေဠုဝန်ကျောင်းတော်နှင့် ပိပ္ပလိလိုဏ်ဂူ စသည်တို့ ဖြစ်ကြ၏။

တူရကီစစ်သည်တို့၏ ကျူးကျော်စစ်ပွဲများသည် ဟိန္ဒူဘာသာကြောင့် အင်အားချိနဲ့နေပြီဖြစ်သော ဗုဒ္ဓဘာသာကို အပြီးသတ် ထိုးနှက်ချက်ပေးခဲ့လေသည်။ တူရကီတို့ ကျူးကျော်ဝင်ရောက်လာချိန် အေဒီ (၁၀၀၀) ဝန်းကျင်ခန့်တွင် ဗုဒ္ဓဘာသာသည် အလွန်အားနည်းနေခဲ့ပြီး အဆုံးသတ်လုနီးအခြေကို ရောက်နေသော အနေအထား ဖြစ်လေသည်။ တူရကီစစ်သည်တို့အတွက် အိန္ဒိယပြည် မြောက်ပိုင်းမှ ဗုဒ္ဓဘာသာ ကျောင်းတော်ကြီးများ တက္ကသိုလ်ကြီးများသည် ထင်ရှားစွာတည်နေသော ပစ်မှတ်များ ဖြစ်ခဲ့၍ တိုက်ခိုက်ဖျက်ဆီးခံခဲ့ရ၏။ စူလတန် မာမွတ် ရှာဘဒ္ဒင် ဂိုရီ (Mahmud Shabuddin Ghori/Muhammad Ghori-1162–1206) သည် ၁၁၉၇ တွင် နာလန္ဒာတက္ကသိုလ်ကို လည်းကောင်း၊ ၁၂၀၃ တွင် ဝိက္ကြမသီလတက္ကသိုလ်ကို လည်းကောင်း မီးရှို့ဖျက်ဆီးခဲ့၏။ ဗုဒ္ဓဘာသာသည် ဟိန္ဒူဘာသာကဲ့သို့ ရပ်ရွာအခြေပြုဘာသာမဟုတ်ဘဲ တက္ကသိုလ်ကြီးများကို အခြေပြုသော ဘာသာဖြစ်သောကြောင့် ဗုဒ္ဓဘာသာ ကျောင်းတော်ကြီးများ တက္ကသိုလ်ကြီးများ ပျက်စီးသည်နှင့် တစ်မဟုတ်ချင်း ချုပ်ငြိမ်းခဲ့ရလေတော့၏။

တူရကီတို့ ဖျက်ဆီးပြီးသည့်နောက် အိန္ဒိယပြည်တွင် ဗုဒ္ဓဓမ္မသည် များစွာအားအင်ချိနဲ့ခဲ့သော်လည်း လုံးဝ ကွယ်ပျောက်သွားခဲ့သည် မဟုတ်ဘဲ အေဒီ ၁၆ ရာစုလောက်အထိ အိန္ဒိယပြည်၏ အရှေ့ပိုင်း တောင်ပိုင်းနှင့် မြောက်ပိုင်း အစွန်အဖျား ဒေသများတွင် ကြွင်းကျန်ရစ်လျက် ရှိနေခဲ့သေး၏။ ကက်ရှမီးယား (ကသ္မီရတိုင်း) တွင် လိုဟာရမင်းဆက် (၁၁၀၁-၁၃၃၉) ကာလတစ်လျှောက် မဟာယာန ဗုဒ္ဓဘာသာသည် ချီးမြှောက်ထောက်ပံ့ခြင်းကို ခံခဲ့ရပြီး ကက်ရှမီးယားဒေသသည် ဝဇ္ဇရယာန ဗုဒ္ဓဘာသာကို တိဗက်သို့ တင်ပို့ခဲ့သည့် ဖြစ်စဉ်တွင် အလွန်အရေးပါသော အခန်းကဏ္ဍက ပါဝင်ခဲ့၏။ အေဒီ ၁၃၃၉ တွင် ရှားမီဇရ (Shah Mizra) ကက်ရှမီးယား ကို သိမ်းပိုက်လိုက်သောအခါမှစ၍ ဗုဒ္ဓဓမ္မရောင်ခြည်သည် ကက်ရှမီးယားတွင် ကွယ်ပျောက်ခဲ့ရသော်လည်း နောင် နှစ်ပေါင်း ၁၀၀ ခန့် ဆက်လက် ကျန်ရှိနေ

သေးခဲ့၏။ သို့သော်လည်း ဟိန္နျဘာသာ၏ သီဝတန္တရကျင့်စဉ်များနှင့် ရောနှော ပေါင်းစည်းလျက်ရှိသော အသွင်သဏ္ဌာန်အဖြစ်သာ တည်ရှိနေခဲ့လေသည်။[၆၃၂]

အိန္ဒိယမဟာယာနဗုဒ္ဓဘာသာသမိုင်း အနှစ်ချုပ်သုံးသပ်ချက်

ဘီစီ (၂) ရာစုခန့်တွင် အစပျိုးခဲ့လျက် အေဒီ (၂) ရာစုတွင် အထင်အရှား ပေါ်ထွန်းလာခဲ့သော အိန္ဒိယမဟာယာန ဗုဒ္ဓဘာသာသည် နှစ်ပေါင်း (၁၀၀၀) ခန့် တိုးတက်ထွန်းကားခဲ့ပြီးနောက်တွင် အမျိုးမျိုးအဖုံဖုံသော အတွင်းရန် အပြင်ရန်တို့ကြောင့် ချုပ်ငြိမ်းခဲ့ရလေသည်။ အိန္ဒိယ မဟာယာနဗုဒ္ဓဘာသာ၏ နှစ်ပေါင်း (၁၀၀၀) သမိုင်းကို အနှစ်ချုပ် သုံးသပ်ကြည့်ပါလျှင် အောက်ပါအချက်များကို တွေ့ရပေမည်။

(၁) မဟာယာနဗုဒ္ဓဘာသာသည် ရှင်တော်ဗုဒ္ဓ ထွန်းညှိတော်မူခဲ့သော သစ္စာအလင်းရောင်ကို ထောင်စုနှစ်တစ်ခုတိုင် အိန္ဒိယပြည်မြေပေါ်၌ ဆက်လက်ထွန်းလင်းတောက်ပစေနိုင်ခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာသည် သာသနာပြုမင်းများ မရှိသည့်နောက် ဘီစီ (၂) ရာစုဝန်းကျင်တွင် အိန္ဒိယပြည်မြေပေါ်၌ ဆက်လက်မတောက်ပနိုင်တော့ဘဲ များစွာ အားလျော့ခဲ့သည်။ ရှင်မဟိန္ဒ အမှူးပြုသော သာသနာပြုရဟန်းတော်များစွာ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာသည် သီဟိုဠ်ကျွန်းနှင့် အခြားအရှေ့တောင်အာရှနိုင်ငံများတွင် ဓမ္မလင်းရောင်ခြည်ကို ဆောင်နိုင်ခဲ့ပေသည်။ အိန္ဒိယပြည် မြေပေါ်၌ ဆက်လက်ကျန်ရစ်သော မဟာယာန ဗုဒ္ဓဘာသာ သည် ရံဖန်ရံခါ သာသနာပြုမင်းများနှင့် ကြုံတွေ့ခဲ့ရသလို ဗုဒ္ဓဘာသာကို နှိပ်စက်ဖျက်ဆီးသော မင်းဆိုးမင်းညစ်များ၏ ဓားထက်မှုကိုလည်း ခံခဲ့ရသည်။ သီဟိုဠ်ကျွန်းနှင့် အခြား အရှေ့တောင်အာရှနိုင်ငံများတွင် သာသနာပြုမင်းများနှင့် အဆက်မပြတ် ကြုံတွေ့ကာ ချီးမြှောက်ထောက်ပံ့မှုကြောင့် ထေရဝါဒဗုဒ္ဓဘာသာသည် များစွာ စည်ပင်တိုးတက်ခဲ့ချိန်တွင် မဟာယာန ဗုဒ္ဓဘာသာသည် ဗြဟ္မဏပညာရှိ ပဏ္ဍိတများ၏ ထိုးနှက်ဝေဖန်မှုကို အလူးအလဲ ခံစားခဲ့ရပုံပေါ်သည်။ ဗြဟ္မဏဘာသာနှင့်အပြိုင် သာသနာပြုရင်း မဟာယာနဗုဒ္ဓဘာသာသည် အပေါ်ယံကြောသဘောအရ မိမိ၏ ပြိုင်ဘက်နှင့် တဖြည်းဖြည်း ဆင်တူလာခဲ့သည်ကို တွေ့ရ၏။ ယင်းအချက်သည်ပင် မဟာယာနဗုဒ္ဓဘာသာအတွက် အားနည်းချက် ဖြစ်စေခဲ့သည်ကို သမိုင်းအရ တွေ့ရပါသည်။

(၂) မဟာယာနဗုဒ္ဓဘာသာသည် အိန္ဒိယပြည်၏ ပညာရေးနှင့် ဘာသာရေးဒဿနပညာရပ်များကို များစွာ တိုးတက်စေခဲ့သည်။ အထက်တွင် ရေးသားဖော်ပြ

၆၃၂။ **Noble Ross Reat, Buddhism: *A History*, (1994), Jain Publications Company. P-78-79**

ခဲ့ပြီးသော မဟာယာနဗုဒ္ဓဘာသာ တက္ကသိုလ်ကျောင်းတိုက်ကြီးများ အစီအရီ ပေါ်ထွန်းခဲ့ခြင်းက ဤအချက်ကို မီးမောင်းထိုးပြနေလေသည်။ မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ သုတ္တန်များကို အဖွင့်အဋ္ဌကထာ ဋီကာများ ရေးသားပြုစု ဖွင့်ဆိုတော်မူခဲ့ကြသော မဟာယာနဗုဒ္ဓဘာသာ ဗောဓိသတ္တ္ဝရဟန်းတော်များစွာ၏ အလွန်ကြီးမားသော ဉာဏ်ပညာနှင့် ဇွဲလုံ့လ ဝီရိယတို့ကြောင့် မဟာယာနဗုဒ္ဓဘာသာ တိုးတက်ပွင့်လန်းခဲ့ရသည်ဟုဆိုလျှင် မှားအံ့မထင်ပေ။ နာဂဇုန၊ အရိယဒေဝ၊ အသင်္ဂ၊ ဝသုဗန္ဓု၊ ဗုဒ္ဓပါလိတ၊ ဘာဝဝိဝေက၊ စန္ဒြကီတ္တိ၊ ဒိန္နာဂ၊ ဓမ္မကီတ္တိ၊ သန္တိဒေဝ၊ သန္တရက္ခိတစသည့် မဟာယာနဗုဒ္ဓဘာသာ ဗောဓိသတ္တ္ဝရဟန်းတော်များစွာတို့၏ အမည်နာမများသည် အိန္ဒိယပြည်၏ ပညာရေးနှင့် ဘာသာရေးဒဿန ပညာရပ်ဆိုင်ရာ သမိုင်းကျောက်သားပြင်ထက် ကမ္မည်းတင်နိုင်ခဲ့သော အမည်နာမများ ဖြစ်ကြပါသည်။ ဗြဟ္မဏဘာသာသည်ပင် မဟာယာနဗုဒ္ဓဘာသာနှင့် တိုးတိုက်ထိတွေ့ အားပြိုင်ခဲ့မှုများကြောင့် များစွာပြောင်းလဲခဲ့ရပါသည်။ ရှုန်ကာရာစာရိယကဲ့သို့သော ဝေဒန္တပညာရှင်မျိုးသည် မဟာယာနဗုဒ္ဓဘာသာ၏ အထောက်အပံ့ကျေးဇူးမရှိဘဲ ဖြစ်ပေါ်လာနိုင်စရာ အကြောင်းမရှိပေ (ရှုန်ကာရာစာရိယကို ဗြဟ္မဏဘာသာဝင် ယောင်ဆောင်ထားသော ဗုဒ္ဓဝါဒီဟု စွပ်စွဲခဲ့ကြသည်ကို ထောက်၍ ဤအချက် မှန်ကန်ကြောင်း သိနိုင်ပါ၏) ထေရဝါဒ ဗုဒ္ဓဘာသာသည် မြတ်ဗုဒ္ဓပေးခဲ့သော ဓမ္မအမွေကို အထိခိုက် အပွန်းပဲ့မခံဘဲ ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည်ဟု ဆိုပါလျှင် မဟာယာနဗုဒ္ဓဘာသာသည် မြတ်ဗုဒ္ဓပေးခဲ့သော ဓမ္မအမွေကိုအရင်းတည်၍ ဆပွားတိုးတက် ပြည့်စုံအောင် ထူထောင် ချဲ့ထွင်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဤအချက်သည် မဟာယာနဗုဒ္ဓဘာသာ၏ ဒဿနအမြင်နှင့် ဓမ္မကျင့်စဉ်များ အကြောင်းလေ့လာခဲ့ပြီးဖြစ်သောကြောင့် ပိုမို၍ ပီပြင်ထင်ရှားလာပြီး ဖြစ်ပေလိမ့်မည်။

(၃) မဟာယာနဗုဒ္ဓဘာသာ လူပ်ရှားမှုကြောင့် ဗုဒ္ဓဘာသာသည် သာမန်ကမ္မဋ္ဌာန်း အခြေပြုဘာသာတရား (Yogic/Ascetic Religion) အဖြစ်မှ လူအများနှင့်သက်ဆိုင်သော လောကီလွန်ဘာသာတရားကြီးတစ်ခု (Transcendental/Theistic Religion) အဖြစ်သို့ ရောက်ရှိခဲ့လေသည်။ အိန္ဒိယပြည် အနောက်မြောက်ပိုင်းဒေသတွင် ဂရိဘုရင်ခံများ အုပ်စိုးခဲ့ချိန်ကစ၍ ဂန္ဓာရတိုင်းတွင် ဗုဒ္ဓရုပ်ပွားဆင်းတုများ စတင် ထုလုပ်ကိုးကွယ်ခဲ့ကြလေသည်။ ရှင်တော်ဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ်နှင့်တကွ ဇာတကစာပေ အဝဒါနစာပေတို့သည် ပန်းပု ပန်းချီ ပြဇာတ်စာပေ အနုပညာရှင်တို့ကို ဆွဲဆောင်ခဲ့၏။ မဟာယာန ဗုဒ္ဓဘာသာဝင် အနုပညာရှင်တို့၏ ဖန်တီးမှုလက်ရာကြောင့် မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ အယူအဆများသည်

သာမန်ပြည်သူများအတွင်းသို့ နက်ရှိုင်းစွာ စိမ့်ဝင် ပျံ့နှံ့ခဲ့ပါသည်။ စေတီတည်ထား ကိုးကွယ်မှု ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ဗောဓိသတ္တရုပ်ပွားတော်များ ထုလုပ်မှု ကြောင့် ပဋိမာသိပ္ပံပညာ (Buddhist Iconography) လည်း များစွာ တိုးတက်ခဲ့ လေသည်။ စေတီတည်ထားကိုးကွယ်မှု ဗုဒ္ဓပွားဆင်းတုတော်များ ဗောဓိသတ္တရုပ် ပွားတော်များ ထုလုပ်ကိုးကွယ်မှုသည် ဗြဟ္မဏဘာသာဝင်များအကြားတွင်ပင် ထိုး ဖောက်ကာ ဟိန္ဒူနတ်ကွန်းများ နတ်ဒေဝတာ ရုပ်ပွားဆင်းတုများကို ထုလုပ် ကိုး ကွယ်ကြလေသည်။ ဤသို့သော ရုပ်ပွားဆင်းတုများ ကိုးကွယ်ခြင်းနှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်နိုင်ခဲ့ခြင်းကြောင့် ဗုဒ္ဓဘာသာ၏ ခက်ခဲနက်နဲသော ဓမ္မသဘောများတွင် ဉာဏ်ဖြင့် မသက်ဝင် မထိုးထွင်းနိုင်သော ဥပသကာဗုဒ္ဓ ဘာ သာဝင်တို့အတွက် ဘာသာရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ခွင့်ရခဲ့ သည်။ သာသနာ့ ဒါယကာ ခံယူကြသော မင်းများအနေနှင့် မဟာယာနဗုဒ္ဓဘာသာ ပျံ့နှံ့ရောက်ရှိရာတွင် ကြီးကျယ်ခမ်းနားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်နိုင်ခဲ့ကြလေသည်။ ဘာမီယန်ဒေသမှ ဗုဒ္ဓဆင်းတုတော်ကြီး ဂျာဗား ကျွန်းမှ ဗောရောဗုဓေါ ပုထိုးတော်ကြီး အိန္ဒိယနိုင်ငံမှ အာဂျန်တာနှင့် ဧလိုရာ လိုဏ်ဂူကြီးများမှ နံရံဆေးရေးလက်ရာများကို ကြည့်လျှင် ထိုအချက်သည် အလွန် ထင်ရှားနေပါသည်။

(၄) မဟာယာနဗုဒ္ဓဘာသာ ထွန်းကားလာခဲ့ခြင်းသည် အိန္ဒိယနိုင်ငံ၏ နိုင်ငံ ရေးနှင့် လူမှုရေး အယူအဆများ အပေါ်များစွာ လွှမ်းမိုးခဲ့သည်ကို တွေ့ရပါသည်။ မူလဗုဒ္ဓဝါဒသည် အိန္ဒိယ မြောက်ပိုင်းမှ ဂင်္ဂာ ဒီမိုကရက်တစ်နိုင်ငံငယ်လေးများ၏ မိုဒယ်အတိုင်း နမူနာယူပြီး သံဃအဖွဲ့အစည်းကို ထူထောင်ခဲ့သည့်အပြင် ရှင်တော် ဗုဒ္ဓက အဖွဲ့အစည်းတို့ မဆုတ်ယုတ်ကြောင်း အပရိဟာနိယတရား (၇) ပါးကို ဖော်ထုတ်ခဲ့သည်။ မိမိ၏ သံဃအဖွဲ့အစည်းသည်လည်း မဆုတ်ယုတ်ကြောင်း အပ ရိဟာနိယတရား (၇) ပါးကို ကျင့်သုံးကြလျှင် သာသနာ အစွန့်ရှည်စွာ တည်နိုင် ကြောင်း ဟောကြားခဲ့သည်။ မူလဗုဒ္ဓဝါဒသည် သီလဖြူစင်မှုကို အခြေခံသော ဒါနအားဖြင့် ပိုင်ဆိုင်မှုကို မျှဝေခံစားသော အဆင့်မြင့် လူ့ဘောင်အဖွဲ့အစည်းတစ်ခု ၏ စံနမူနာကို ပြသခဲ့သည်။ နိုင်ငံရေးနှင့် လူမှုရေးကဏ္ဍများတွင် ရာဇဓမ္မ (၁၀) ပါးနှင့်အတူ နိုင်ငံအာဏာစီးဆင်းပုံကို အများတင်မြောက်သည့် သမ္မတမင်းစနစ် အစပြုပုံကို ညွှန်ပြခဲ့ခြင်းအားဖြင့် ဗြဟ္မဏဝါဒ၏ ဇာတ် (ဝဏ္ဏ) ခွဲခြားရေးဝါဒကို ထိုးနှက်ခဲ့သည်ကို တွေ့ရပါသည်။ မင်္ဂလသုတ် သင်္ဂါလောဝါဒသုတ် စသည်တို့တွင် လူမှုရေး လမ်းညွှန်ချက်များကို ညွှန်ပြခဲ့ရာ နောက်ပိုင်းခေတ် နီတိသတ္တရုကျမ်း များ ကို လွှမ်းမိုးခဲ့လေသည်။

အမွေဌသုတ်တွင် ဗြဟ္မဏ အနွယ်တို့၏ ယုတ်ညံ့သော မျိုးဆက်အကြောင်းကို ဟောခဲ့သည့်အပြင် ဒေါဏပုဏ္ဏားကို ဟောကြားရာတွင် ဗြဟ္မဏ (၅) မျိုးအကြောင်းနှင့် ခေတ်ပြိုင်ဗြဟ္မဏများသည် အနိမ့်ဆုံးအဆင့်ကို ပင်မမှီကြောင်း ထောက်ပြခဲ့သည်။ ထူးခြားသောအချက်မှာ မွေးရာဇာတိအားဖြင့် လူသား၏ အလုပ်အကိုင်ကို မသတ်မှတ်ဘဲ မိမိ၏ စွမ်းဆောင်နိုင်ရည်ပေါ် အခြေခံ၍ အလုပ်အကိုင်အဆင့်အတန်းကွဲပြားမှုကို သတ်မှတ်သော အယူအဆကို ဖော်ထုတ်ခဲ့သည်။ ရှေးအကျဆုံးသော မယ်ရစ်တိုရေစီ (meritocracy) ခေါ် တော်သူအုပ်စိုးရေးဝါဒကို စတင်ခဲ့သည်ဟုပင် ဆိုနိုင်လေသည်။ ဆုန်ဂမင်းဆက်ကို ထူထောင်ခဲ့သော ပုဂ္ဂမိတြဘုရင်ကဲ့သို့သော ဗြဟ္မဏဇာတ်အနွယ်ဝင်များပင် မင်းအဖြစ်ကို ရနိုင်လာခဲ့၏။ ကောတိလျ၏ အတ္ထသ္သတ္ထရ ရဒြဒါမန်ဘုရင်ရေးထိုးသော ဂျူနာဂါရ်ကျောက်စာများအရ အေဒီ ၁၂ ရာစုထိ အချို့သော ပြည်နယ်များတွင် အများတင်မြောက်သည့် သမ္မတမင်းစနစ် ကျင့်သုံးဆဲဖြစ်ကြောင်း အထောက်အထားများ တွေ့ရပါသည်။

မဟာယာနဗုဒ္ဓဘာသာ၏ ဗောဓိသတ္တပါရမီဖြည့်သော လမ်းစဉ်သည် ဘုရင်များစွာကို ဘုရားလောင်းများအဖြစ် သတ်မှတ်စေခဲ့ပြီး နိုင်ငံသားများကို တရားနှင့်အညီ စီရင်အုပ်ချုပ်စေနိုင်ခဲ့သည်။ မင်းအဖြစ် တာဝန်ယူရခြင်းသည် ဗောဓိသတ္တပါရမီဖြည့်သောလမ်းစဉ်၏ အသွင်ဖြစ်ကြောင်း ခံယူခဲ့ကြသည်ကို တွေ့ရသည်။ အသောကမင်းကြီးမှစတင်၍ - ကနိ၇က ကရိ၇်နှ ဗုဒ္ဓဂုတ္တ တထာဂတဂုတ္တ နရသီဟဂုတ္တဘာလဒိတျ ပုဏ္ဏ ဝါမန်(မဂဓတိုင်း) ရာဇဘာတ (ဝင်္ဂတိုင်း) ရာဇျဝဒ္ဓန ဟာရ၇ဝဒ္ဓန (ဌာနေသွာရ) ဒရ္ဓဝါသေန သီလဒိတျ (မာလ္လဝ) မေဃဝါဟန (ကသ္မီရတိုင်း) သုဘာကရ (ဩရိ သ) စသော မရေမတွက်နိုင်သော မင်းအပေါင်းသည် မဟာယာနဗုဒ္ဓဘာသာ၏ လမ်းပြဦးဆောင်မှုဖြင့် တိုင်းနိုင်ငံ စည်ပင်သာယာဝပြောအောင် အုပ်ချုပ်နိုင်ခဲ့ကြသည့်အပြင် သာသနာကိုလည်း များစွာ ထောက်ပံ့ ချီးမြှောက်ခဲ့ကြလေသည်။ အသောကမင်းကြီးလက်ထက်မှစ၍ ဗုဒ္ဓဘာသာဝင် ဘုရင်များသည် လောကရေး နှင့် ဓမ္မရေးကို ခွဲခြားထားသော စနစ်နှင့် ဘာသာရေး အယူဝါဒပေါင်းစုံကို တစ်ပြေး ညီ သဘောထားကြီးစွာ မျှတစွာ အုပ်ချုပ်မှုကို စံပြဖော်ဆောင်သည်ကို တွေ့ရသဖြင့် ဗုဒ္ဓဘာသာဝင်ဘုရင်များသည် ဘာသာရေးလွတ်လပ်ခွင့်ကို ကောင်းစွာ ကျင့်သုံးခဲ့ကြပုံရပါသည်။ ဘာသာရေး နှိပ်စက်သတ်ဖြတ်မှုများပြုခဲ့သော ဗြဟ္မဏ ဘုရင် မင်းဆိုးမင်းညစ်များကဲ့သို့သော ဗုဒ္ဓဘာသာဝင် ဘုရင် တစ်ပါးတစ်လေမျှ အိန္ဒိယနိုင်ငံ၏သမိုင်းမှတ်တမ်းတွင် မတွေ့ရသည်ကိုထောက်ဆ၍ လွတ်လပ်ခြင်း၊ မျှတခြင်း၊ ချစ်ကြည်စွာ အတူတကွ နေထိုင်ခြင်း၊ အကြမ်းမဖက်ခြင်း စသော

တန်ဖိုးများမှာ မဟာယာန ဗုဒ္ဓဘာသာ၏ မဟာကရုဏာတန်ဖိုးကို အခြေခံခဲ့ကြောင်း ထင်ရှားနေပါသည်။ မဟာယာနဗုဒ္ဓဘာသာ၏အမြင်၌ သံဃာအဖွဲ့အစည်းဟူသည် အိမ်ရာ မတည်ထောင်သော ရဟန်းတော်များကိုသာ ဆိုသည်မဟုတ်ဘဲ ရတနာ (၃) ပါးနှင့်တကွ မြတ်ဗုဒ္ဓ၏ အဆုံးအမ၌ တည်သူအားလုံးပါဝင်ကြောင်း ကျယ်ပြန့်စွာ အနက် ဖွင့်ဆိုခဲ့သောကြောင့် ဘာသာရေးယုံကြည်မှုကို အခြေခံ၍ ကောင်းမြတ်သော လူ့ ဘောင်လောက တည်ထောင်နိုင်ကြောင်း လက်တွေ့ပြသနိုင်ခဲ့ပါသည်။

ရှေးဟောင်း အိန္ဒိယနိုင်ငံမှ မဟာယာနဗုဒ္ဓဘာသာ ကွယ်ပျောက်ခဲ့ရခြင်းသည် အိန္ဒိယနိုင်ငံအတွက် ကြီးမားလှသော ဘာသာစာပေယဉ်ကျေးမှုဆိုင်ရာ ဆုံးရှုံးမှုကြီးတစ်ရပ် ဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။ ထိုသို့ ပျောက်ကွယ်ခဲ့သော်လည်း အိန္ဒိယနိုင်ငံပြင်ပတွင် မဟာယာနဗုဒ္ဓဘာသာ၏ မိုးစေ့များက ဆက်လက်ရှင်သန်ခဲ့၏။ အေဒီ(၁) ရာစုတွင် တရုတ်ပြည်သို့ လည်းကောင်း၊ အေဒီ (၄) ရာစုတွင် ကိုရီးယားပြည်သို့ လည်းကောင်း၊ အေဒီ (၆) ရာစုတွင် ဂျပန်ပြည်သို့ လည်းကောင်း၊ အေဒီ (၇) ရာစုတွင် အင်ဒိုနီးရှား (ဆုမားတြား နှင့်ဂျာဗား) သို့ လည်းကောင်း၊ အေဒီ (၈) ရာစုတွင် တိဗက်သို့ လည်းကောင်း အသီးသီး ရောက်ရှိခဲ့သော မဟာယာန ဗုဒ္ဓဘာသာသည် သက်ဆိုင်ရာ တိုင်းပြည်အသီးသီးများတွင် ရှိနေနှင့်သော နောက်ခံအမျိုးသားယဉ်ကျေးမှု ဓလေ့များနှင့် လျော်ညီစွာ ပေါင်းစပ်ဖွဲ့စည်းလျက် မဟာယာန ဗုဒ္ဓဘာသာ၏ အသွင်သစ်များ ဖူးပွင့်ဝေဆာ ထွက်ပေါ်လာခဲ့ကြောင်း တွေ့ရပါသည်။ (အသေးစိတ်ဖြစ်စဉ်များကို နောက်ဆက်တွဲ-(ဂ) တွင် ရှုစားပါရန်။)

ဤသို့ အမျိုးမျိုး အပြားပြား ခြားနားသော မဟာယာနဗုဒ္ဓဘာသာ၏ အသွင်သစ်များသည် အရှေ့သို့လားသော် ဂျပန်ကျွန်းစုများအထိ အနောက်သို့လားသော် ကယ်လမတ်လူမျိုးတို့ နေထိုင်ရာ ဘူရိယတ်ပြည်ထောင်စုအထိ တောင်သို့ လားသော် နီပေါ ဘူတန်နှင့် အိန္ဒိယနိုင်ငံများအထိ ကျယ်ဝန်းလှသော အာရှကုန်းမြေကြီးပေါ်တွင် နှစ်ပေါင်း ၂၀၀၀ကျော် ရှင်သန်ဖွံ့ဖြိုးလျက် လူသားသန်းပေါင်းများစွာတို့ အတွက် ဘဝလမ်းညွှန်အဖြစ် ဓမ္မအလင်းရောင်ကို ပေးနေဆဲ ဖြစ်၏။ အေဒီ ၁၉၀၇ ခုနှစ်တွင် ဒေါက်တာ ဆူဇူကီးရေးသားခဲ့သော The Outlines of Mahayana Buddhism ကျမ်းနှင့် အေဒီ ၁၉၁၂ တွင် ယာမာကာမိဆိုဂန်း ရေးသားခဲ့သော Systems of Buddhist Thought ကျမ်းတို့ ထွက်ပေါ်လာပြီးသည့်နောက်တွင် အနောက်တိုင်းနိုင်ငံများတွင်လည်း မဟာယာနဗုဒ္ဓဘာသာကို စိတ်ဝင်စားသူများ တိုးတက်များပြားလာခဲ့၏။ ထို့နောက် ဂျပန်ဇာန်ဗုဒ္ဓဘာသာဆိုင်ရာ အရေးအသားများနှင့် ဇာန်ဓမ္မရိပ်သာများ အုံနှင့်ကျင်းနှင့် ပေါ်ထွက်လာခဲ့ကြပြီး ၁၉၈၀ ခုနှစ်

များ အထိအောင် အနောက်တိုင်းစာပေနှင့် လူ့လောကကို လွှမ်းမိုးခဲ့၏။ ၁၉၅၉ ခုနှစ်တွင် တိဗက်ဒေသကို တရုတ်တပ်နီတော်မှ ဝင်ရောက်သိမ်းပိုက်ခဲ့ပြီးသောအခါတွင် ဒလိုင်လားမားနှင့် ထိပ်တန်း တိဗက်ဗုဒ္ဓဘာသာဆရာ အရှင်များ အိန္ဒိယနှင့် နီပေါဘူတန်စသော တိုင်းပြည်များသို့ တိမ်းရှောင်ခဲ့ရ၏။ ထိုမှတစ်ဆင့် ဥရောပနှင့် အမေရိကတိုက်ရှိ အနောက်နိုင်ငံများသို့ ရောက်ရှိခဲ့ကြသောကြောင့် နှစ်ထောင်ချီ၍ ကမ္ဘာက မသိခဲ့ရသော တိဗက်မဟာယာန ဗုဒ္ဓဘာသာ၏ ရုပ်လုံးအမှန်နှင့် နက်ရှိုင်းသော တရားဓမ္မများကို အများပြည်သူ သိမြင်လေ့လာရန် အခွင့်သာလာခဲ့လေသည်။ ထို့ကြောင့် တိဗက်ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော သုတေသနကျမ်းများနှင့် ဓမ္မကျင့်စဉ် ကျမ်းများသည် ၁၉၈၀ နောက်ပိုင်းတွင် အလွန်ကျယ်ပြန့်စွာ ထွက်ပေါ်လာခဲ့ပြီး အနောက်တိုင်း တက္ကသိုလ်များနှင့် သုတေသန ပညာရပ် ဆိုင်ရာနယ်ပယ်များအတွင်းသို့ပင် အားကောင်းစွာဖြင့် ထိုးဖောက်ချဉ်းနင်း ဝင်ရောက်ခဲ့သည်ကို တွေ့ရလေသည်။ ယခုအခါကာလတွင် အနောက်တိုင်းနိုင်ငံအသီးသီး၌ပင် တိဗက်ဗုဒ္ဓဘာသာ၏ ဂိုဏ်းပေါင်းစုံမှ လားမား ဆရာအရှင်များ ရဟန်းတော်များ ဓမ္မဆရာများ အာရှအရှေ့ဖျားမှ သုဒ္ဓဘူမိဗုဒ္ဓဘာသာနှင့် ဇာန်ဗုဒ္ဓဘာသာ အဖွဲ့အစည်းများသည် မဟာသမုဒ္ဒရာကြီးနှင့် ပမာတူသော မဟာယာနဗုဒ္ဓဓမ္မ တရားတော်တို့ကို ကမ္ဘာကုန်ကျယ်သရွေ့ ဖြန့်ဖြူးနေကြ၏။ ဤသို့ ဓမ္မသမုဒ္ဒရာ၏ ရေစက်ရေပေါက်များ မည်မျှထွေပြားစုံလင်သည်ဖြစ်စေ ဗုဒ္ဓဓမ္မဂိုဏ်း ဂဏအားလုံး၏အရသာမှာ တစ်ခုတည်းသော ဧကဓမ္မရသဖြစ်သည့် လွတ်မြောက်ခြင်းအရသာ (ဝိမုတ္တိရသ) သာလျှင် ဖြစ်လေသည်။

□ □ □



နောက်ဆက်တွဲ ကဏ္ဍ

နောက်ဆက်တွဲ (က)

ထေရဝါဒ နှင့် မဟာယာန ကွာခြားမှုအချက် (၁၅) ချက် အကြောင်း

(ကိုမင်း နှင့် ကိုလင်း ဆွေးနွေးခန်း)

ကိုလင်း။ ။ ဟော ကိုမင်း ပါလား။ ဘယ်ကလှည့်လာတုန်း။

ကိုမင်း။ ။ ခင်ဗျားဆီကိုပဲ တည့်တည့်လာခဲ့တာ ကိုလင်းရေ။ ကိုလင်းနောက် ဆုံးထုတ်တဲ့ မဟာယာန ဗုဒ္ဓဘာသာ စာအုပ်ကို ဖတ်ပြီးတော့ မရှင်းတာတွေ မေးဖို့ရယ် နောက်ပြီး ထေရဝါဒနဲ့ မဟာယာန တို့ကြားမှာ ဘာတွေ တူညီတယ်၊ ဘာတွေ ကွာခြားတယ်ဆိုတာ လေးတွေလဲ သိချင်လို့ အရောက်လာရတာပဲ။

ကိုလင်း။ ။ ကောင်းပါလေ့ ကိုမင်းရေ။ ကျွန်တော်ကလဲ ကိုယ်သိသလောက် နားလည်မိသလောက် ဆွေးနွေးဖို့၊ မျှဝေဖို့ အဆင်သင့်ပါပဲဗျာ။ တစ်ခုတော့ ကြိုတင်ပြောပါရစေဗျာ။ ဘာသာရေးဂိုဏ်းကွဲ နှစ်ခု အကြားမှာ နှိုင်းယှဉ်လေ့လာတဲ့ အတတ်နိုင်ဆုံး အဂတိကင်းကင်းနဲ့ ပကတိအရှိတရားအတိုင်း ဆွေးနွေးဖို့ လေ့လာဖို့တော့ လိုတယ်ဗျ။ ဘယ်ဟာက အမှား၊ ဘယ်ဟာက အမှန်ဆိုတာတွေကို စောကြောဝေဖန်တာထက် သက်ဆိုင်တဲ့ အကြောင်းအရာတွေမှာ ဘယ်

ပုံဘယ်နည်း အယူအမြင် ကွဲပြားတယ်ဆိုတဲ့ အကြောင်းတွေကို ဆွေးနွေးကြတာက ပိုလို့ အကျိုးရှိမယ်လို့ ထင်တယ်ဗျာ။ ကျွန်တော့ အတွေ့အကြုံအရဆိုရရင်တော့ မြန်မာနိုင်ငံမှာ မဟာယာန ဆိုတဲ့ ဝေါဟာရစကားလုံးဟာ အမြဲနှိမ်ချ ခွဲခြားဆက်ဆံခံခဲ့ရတဲ့ စကားလုံးတစ်လုံးလို ဖြစ်နေခဲ့တယ်ဗျ။ မဟာယာန ဗုဒ္ဓဘာသာဆိုတာ ဘာမှန်းမသိသေးဘဲ မျက်စိပိတ်ပြီး ဇွတ်နှာခေါင်းရှုံ့ချင်တဲ့ လူတွေက တယ်များမဟုတ်လား ကိုမင်းရေ။

ကိုမင်း။ ။ ထောက်ခံပါတယ်ဗျာ။ ကိုယ်တကယ် ခြေခြေမြစ်မြစ် မသိသေးတဲ့ အကြောင်းအရာတွေ ဘာသာရပ်တွေကို တစ်ဖက်သတ် ဇွတ်ဝေဖန်အပြစ်ပြောတာဟာ အဆိုးဝါးဆုံး လုပ်ရပ်ပဲဗျ။ ကိုယ်မသိတဲ့ အကြောင်းအရာအပေါ်မှာ ပြစ်တင်ဝေဖန် ဆုံးဖြတ်ပြောဆိုတဲ့အခါမှာ သက်ဆိုင်သူတွေမှာ နစ်နာကြရပါတယ်။ ဒီလိုပဲ ကိုယ့်အတွက်လည်း ကိုယ်မသိသေးနဲ့ အကြောင်းအရာတွေကို တိုးတက်ပြီး သိရှိခွင့် ပိတ်ဆို့သွားရပါတယ်။ သူနိုင်ငါနိုင် ငြင်းချင်တော့ ငါမှန် သူမှားတွေ ဇွတ်လုပ်ပစ်ကြတဲ့အခါမှာ အသိအလင်းရောင်ဆီကိုလည်း မရောက်ဘဲ အမှန်းမီးပွားရတာပဲ အဖတ်တင်ကျန်ရစ်ပါတယ်။ တကယ်တော့ ဘာသာရေးအယူအဆတွေ သူမှန်ငါမှန် ငြင်းခုံနေတာဟာ အဓိပ္ပာယ်မရှိကြောင်းနဲ့ လက်တွေ့အကျိုးမရှိကြောင်းကို ရှင်တော်ဗုဒ္ဓကလဲ ကလဟဝိဝါဒသုတ်မှာ ဟောတော်မူထားတယ် မဟုတ်လား။ ဒါကြောင့် အရှိကိုအရှိအတိုင်းပဲ ကိုယ်သိသလောက် ဆွေးနွေးကြမယ်လေ။ ဘယ်အကြောင်းအရာကနေ စကြမလဲ ကိုလင်းရေ။

(၁) ပထမ ကွဲပြားခြားနားချက် (ရှိမှုဗေဒအမြင်)

ကိုလင်း။ ။ အခြေခံအကျဆုံးကနေ စကြရင်ကောင်းမယ်ဗျ။ ဘာသာရေးဒဿနအမြင်တွေမှာ ရှိမှုဗေဒအမြင်က အခြေခံအကျဆုံးပါပဲ။ အရှိတရား ရဲ့ အခြေခံအကျဆုံး အခြင်းအရာတွေကို စပြီး ဆွေးနွေးကြရအောင်။ ကိုမင်း သိသလောက် ထေရဝါဒ ဗုဒ္ဓဘာသာရဲ့ ရှိမှုဗေဒအမြင်မှာ အရှိတရား ရဲ့ အခြေခံအကျဆုံး အခြင်းအရာတွေက ဘာတွေများတုန်းဗျာ။

ကိုမင်း။ ။ ထေရဝါဒ အဘိဓမ္မာအမြင်အရ ဆိုရင်တော့ အရှိတရား၊ အခြေခံ အကျဆုံး အခြင်းအရာတွေကို ပရမတ္ထသစ္စာတွေ ပရမတ် အရှိတရား တွေလို့ ခေါ်တယ်။ ပရမတ္ထတရား (၄) မျိုး ရှိတယ်လို့ ဆိုပါတယ်။ ဒါတွေကတော့ ရုပ် စိတ် စေတသိက်နဲ့ နိဗ္ဗာန်စတဲ့ ပရမတ်အရှိ တရားတွေ ဖြစ်တယ်။ ရုပ်ကတော့ ဖောက်ပြန်တတ်တဲ့ သဘာဝဖြစ် တယ်။ ၂၈ မျိုး ရှိတယ်လို့ ဆိုပါတယ်။ စိတ်ဆိုတာတော့ သိတတ် တဲ့ သဘာဝဖြစ်ပြီး အကျဉ်းအားဖြင့် ၈၉ အကျယ်ချဲ့ရင် ၁၂၁ မျိုး ရှိတယ်လို့ ဆိုပါတယ်။ စိတ်မှာယှဉ်ပြီး အတူဖြစ်တဲ့စိတ်ကို အရောင်ဆိုးပေးတတ်တဲ့ စေတသိက်တရားတွေကတော့ ၅၂ ပါး ရှိတယ်လို့ ဆိုပါတယ်။ နိဗ္ဗာန်ကတော့ လောကုတ္တရာဓမ္မဖြစ်ပြီး သခ်ၤါရတရားတွေရဲ့ အဖြစ်ငြိမ်းမှုအနေနဲ့ တစ်ပါးတည်းရှိတယ် လို့ ဆိုပါတယ်။ ဒီတော့ ထေရဝါဒ အလိုအရ ပရမတ်တရားတွေ ဟာ အကျဉ်းအားဖြင့် အပါး (၁၇၀) ရှိပြီး အကျယ်ချဲ့ရင်တော့ (၂၀၂) ပါး လောက်ရှိတယ်ဗျ။

ကိုလင်း။ ။ အခုလို အသေးစိတ် အကျယ်ချဲ့ပြီး ရှင်းပြတာ ကျေးဇူးပါပဲဗျာ။ ဒါနဲ့ ထေရဝါဒမှာ ပရမတ်ကို ဘယ်လိုအနက်ဖွင့်သလဲဗျ ကိုမင်း။

ကိုမင်း။ ။ ပရမော ဥတ္တမော အဝိပရီတဝေသန အတ္ထောလို့ အဆိုရှိတော့ ထေရဝါဒ အလိုအရ ပရမတ်ဆိုတာ မိမိရဲ့ ပင်ကိုယ်သဘာဝ ကနေ မဖောက်ပြန်တဲ့ မိမိသဘောမိမိ အမြဲဆောင်တဲ့ အရှိတရား တွေပါပဲဗျာ။ ဒီနေရာမှာ မေးစရာရှိတာကတော့ ပရမတ်ဟာ မဖောက်ပြန်ဘူးဆိုတော့ ပရမတ်ဟာ ထာဝရတည်မြဲနေတဲ့ သဘော မျိုးတွေလား လို့ အငြင်းပွားစရာဖြစ်တယ်။ တကယ်တော့ ဒီနေရာ မှာ မြန်မာစကားလုံးဖြစ်တဲ့ မဖောက်ပြန်သောသဘော ဆိုတာ ကြောင့် ဒီလိုအငြင်းပွားစရာ ဖြစ်ရတာပါပဲ။ ပါဠိမှာတော့ မဖောက် ပြန်သောဆိုတဲ့ အနက်ရှိတဲ့ ဝေါဟာရနှစ်ခုရှိတယ်။ တစ်ခုက အဝိ ပရိဏာမပါ။ ဒါကတော့ ဆန့်ကျင်ဘက် သဘောတရားတွေနဲ့ တွေ့တဲ့အခါမှာ ပျက်စီးရွေ့လျောနိုင်တဲ့ အရာတွေကို ဝိပရိဏာမ တရားတွေလို့ ဆိုတဲ့အတွက် ဒီလိုမဖောက်ပြန် မပျက်စီးတာကို အဝိပရိဏာမလို့ ဆိုပါတယ်။ ရုပ်နာမ်တရားတွေဟာ တစ်မဟုတ် မှာ ရုပ်တရားဆိုရင် ကုဋေငါးထောင်စိတ်ဆိုရင် ကုဋေတစ်သိန်း

တောင် ဖြစ်ပျက် ပြောင်းလဲနေကြတဲ့အတွက်ကြောင့် ရုပ်နာမ် ပရမတ်တရားတွေဟာ ဝိပရိဏာမတရားတွေပါ။ နိဗ္ဗာန်တစ်ခုတည်း မဖောက်ပြန် မပျက်စီးလို့ အဝိပရိဏာမလို့ ဆိုနိုင်ပါတယ်။

ကိုလင်း။ ။ ဒါဆိုရင် ပါဠိလို မဖောက်ပြန်သောသဘောရဲ့ ဒုတိယဝေါဟာရဟာ ဘာလဲဆိုတာ ဆက်ရှင်းပြပါဦး ကိုမင်းရေ။

ကိုမင်း။ ။ နောက်ထပ် ဝေါဟာရတစ်ခုကတော့ အဝိပရိတ= မိမိ၏ ပင်ကိုယ်သဘာဝကနေ မတိမ်းချော် မဖောက်ပြန်တဲ့သဘာဝ ဖြစ်တယ်လို့ ဆိုတယ်။ ဥပမာ- ပထဝီဓာတ်ဟာ ခက်မာတဲ့သဘာဝ ရှိတယ်ဆိုရင် ဒီသဘာဝဟာ ပထဝီဓာတ်ရဲ့ ကိုယ်ပိုင် သဘာဝလက္ခဏာ ဖြစ်တယ်။ ပထဝီဓာတ်ဟာ ဘယ်တော့မှ မိမိရဲ့ ပထဝီသဘာဝ (ခက်မာခြင်းသဘော) ကနေ မရွေ့လျော မဖောက်ပြန်သွားဘူး ဆိုတာက အဝိပရိတသဘော ဖြစ်ပါတယ်။ ဒီတော့ ရုပ်နာမ်သင်္ခါရတရားတွေဟာ ဝိပရိဏာမ ဖြစ်တဲ့ အဝိပရိတ ပရမတ္ထတရားတွေလို့ ဆိုနိုင်သလို နိဗ္ဗာန်ကတော့ အဝိပရိဏာမလဲ ဖြစ်တဲ့ အဝိပရိတ ပရမတ္ထတရားလို့ ဆိုနိုင်ပါလိမ့်မယ်။

ကိုလင်း။ ။ ဟုတ်ပါပြီဗျာ။ ရှင်းသွားပါပြီ။ ဒီနေရာမှာ မဟာယာနဗုဒ္ဓဘာသာရဲ့ ပရမတ္ထ သစ္စာအမြင်နဲ့ မတူကွဲပြားပုံကလေးကို တွေ့မြင်ရပါတယ်။ မဟာယာနဗုဒ္ဓဓမ္မရဲ့ အခြေခံဒဿနဟာ အရှင်နာဂဇုန်ရဲ့ မဇ္ဈိမိက ဒဿနအမြင် ဖြစ်ပါတယ်။ ဒီအမြင်ဟာ သဗ္ဗတ္ထိဝါဒ အာဘိဓမ္မာရဲ့ ဓမ္မအရှိတရားဝါဒကို ဝေဖန်ဆန်းစစ်ရင်းနဲ့ ပေါ်ပေါက်လာခဲ့တာ ဖြစ်တယ်။ ထေရဝါဒနဲ့ သဗ္ဗတ္ထိဝါဒတွေဟာ ရှေးအကျဆုံး ထာဝရဝါဒဂိုဏ်းကနေ ဆင်းသက်လာကြတာဖြစ်လို့ အာဘိဓမ္မာအယူအဆတွေ နီးစပ်မှု ရှိပါတယ်။ မိမိတို့ရဲ့ ကိုယ်ပိုင် ဂုဏ်သတ္တိတွေနဲ့ ပကတိတည်ရှိနေတဲ့ ပရမတ္ထ ဓမ္မတရားတွေကို လက်ခံပုံခြင်းလည်း တူပါတယ်။ သဗ္ဗတ္ထိဝါဒကတော့ ပရမတ္ထတရားကို (၇၅) ပါး ရှိတယ်လို့ ရေတွက်ခဲ့တယ်။ ထေရဝါဒနဲ့ သဗ္ဗတ္ထိဝါဒတို့ အမြင်မတူတာကတော့ သဗ္ဗတ္ထိဝါဒက အဲဒီ ပရမတ္ထတရားတွေဟာ အတိတ်ပစ္စုပ္ပန် အနာဂတ်ကာလ သုံးပါးစလုံးမှာ ရှိနေတယ်လို့ ယူဆတာပဲဖြစ်တယ်။ ဒါကြောင့် အားလုံးအရှိ (သဗ္ဗတ္ထိဝါဒ) လို့ ခေါ်တာပါပဲ။ ဒီအချက်ကိုတော့ ထေရဝါဒက လက်မခံဘူးလို့

ဆိုပါတယ်။ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ရဲ့ ကထာဝတ္ထု ကျမ်းမှာ သဗ္ဗတ္ထိဝါဒကို အသေးစိတ် စေ့ငဝေဖန်ထားတာတွေ လေ့လာဖူးပါတယ် ကိုမင်း။

ကိုမင်း။ ။ အမှန်ပဲ ကိုလင်း။ ပရမတ္ထတရားတွေဟာ အတိတ်ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးစလုံးမှာ ရှိနေတယ်ဆိုတဲ့အမြင်ကို ထေရဝါဒက လက်မခံပါဘူး။ အတိတ်တရားတွေကလည်း မရှိတော့ဘူး အနာဂတ် တရားတွေကလည်း ဖြစ်မလာသေးဘူး ပစ္စုပ္ပန်တရားတွေသာ ဖြစ်ဆဲဖြစ်လို့ ရှိတယ်လို့ဆိုနိုင်ပေမဲ့ သူတို့ကလည်း အမြဲပျက်စီးနေတာပါပဲ မဟုတ်လား။ နိဗ္ဗာန်နဲ့ ပညတ်သာ ကာလဝိမုတ် (ကာလလွန်) ဖြစ်လို့ အပြောင်းအလဲ မရှိတဲ့တရားတွေ ဖြစ်ပါတယ် ကိုလင်း။ ဒီတော့ ထေရဝါဒရဲ့ အမြင်ကလည်း သန်ဒ်တရော အသန်ဒ်တ တရားတွေ အားလုံးဟာ အတ္တာမဟုတ်ဘူး၊ ငါ့ကိုယ် ငါဟာ မဟုတ်ဘူး -သဗ္ဗေ ဓမ္မာ အနတ္တာ ဆိုပြီး ဓမ္မပဒပါဠိတော်မှာ ဟောကြားတော်မူခဲ့ပါတယ် ကိုလင်းရေ။ အဲဒါက မဟာယာနရဲ့ မဇ္ဈိမိကအမြင်နဲ့ ဘယ်လိုများကွဲပြားနေပါသလဲ ဗျာ။

ကိုလင်း။ ။ အရှင်နာဂဇုန်ရဲ့ မဇ္ဈိမိကအမြင်ကတော့ ကျွန်တော့်စာအုပ်ရဲ့ အခန်း (၃) မှာ ဖော်ပြခဲ့ပြီးလို့ ကိုမင်းလည်း ဖတ်ပြီးလောက်ပြီ ထင်ပါတယ်။ ဒီနေရာမှာတော့ အကျဉ်းချုပ်လေးပဲ ပြန်ရွေးပါရစေ။ အရှင်နာဂဇုန်ရဲ့ မဇ္ဈိမိက အလိုအရ ပရမတ်တရားဟာ တစ်ခုတည်းပဲ ရှိပါတယ်။ အဲဒါကတော့ သုညတာဓမ္မပါပဲ။ အရာခပ်သိမ်းရဲ့ အစစ်အမှန်သဘောဟာ မိမိတို့ရဲ့ပင်ကိုယ်သတ္တိနဲ့ တည်ရှိနေနိုင်စွမ်းမရှိခြင်း၊ ကင်းဆိတ်ခြင်း (Emptiness of the Inherent Existence) သဘောပါပဲ။ သုညတာ မဟုတ်တဲ့ သဘောတရားတွေဟာ ပရမတ်တရားမဟုတ်လို့ အမှန်တကယ် မရှိကြတဲ့ အရှိယောင် တရားတွေ သမ္မုတိတရားတွေလို့ပဲ ဆိုပါတယ်။

ကိုမင်း။ ။ အဲဒီတော့ ထေရဝါဒ ပရမတ်အမြင်နဲ့ ဘယ်လို ကွဲပြားနေသလဲ ဗျ။ ရှင်းပြပါဦး။

ကိုလင်း။ ။ ဥပမာဆိုကြပါစို့ဗျာ။ ထေရဝါဒမှာ အရှိပရမတ်လို့ ယူဆတဲ့ ပထဝီဓာတ် ဆိုပါတော့ဗျာ။ ထေရဝါဒစာပေတွေရဲ့ အလိုအရ ပထဝီဓာတ်ဟာ ခက်မာခြင်းသဘော လက္ခဏာကို မိမိရဲ့ သဘာဝ

လက္ခဏာအဖြစ် ပိုင်ဆိုင်ပါတယ်။ မဇ္ဈိမိက ဒဿနရဲ့ အမြင်မှာ ပထဝီရဲ့ ကိုယ်ပိုင်သတ္တိဖြစ်တဲ့ ခက်မာခြင်း သဘော=ထဒ္ဓဌာ ပထဝီရဲ့ အပိုင်မဟုတ်ဘူးလို့ ယူဆတယ်။ ဘာလို့လဲဆိုတော့ ပထဝီဟာ ခက်မာတယ်လို့ ဆိုဖို့အတွက် အာပေါရဲ့ စေးဖွဲ့မှု ဝါယောရဲ့ ထောက်ကန်မှု တေဇောရဲ့ ရင့်ကျက်မှု စတဲ့ သဘာဝသတ္တိတွေရဲ့ အထောက်အကူ လိုအပ်ပါတယ်။ မိမိပြင်ပက တစ်ပါးသော အရာတွေရဲ့ အထောက်အကူကို လိုအပ်တဲ့အရာဟာ ကိုယ်ပိုင်သဘော မရှိပါဘူး။ ကိုယ်ပိုင်သဘောကနေ ကင်းဆိတ်တယ်=နိဿဘာဝ ဖြစ်တယ်လို့ အရှင်နာဂဇုန္နရဲ့ မဇ္ဈိမိက ဒဿနက သုံးသပ်ပါတယ်။ အသေးစိတ် ဆန်းစစ်ချက်တင်ပြချက်တွေကိုတော့ ကျွန်တော့်စာအုပ်ရဲ့ အခန်း (၃) ကိုပဲ ဖတ်ပါလို့ ပြန်လည် ရည်ညွှန်းလိုပါတယ် ကိုမင်းရေ။

ကိုမင်း။ ။ ဟုတ်ကဲ့ပါ ကိုလင်းရေ။ လောကကို သုညတအဖြစ် ရှုမြင်တဲ့ အမြင်ဟာ ရှေးပါဠိစာပေဖြစ်တဲ့ နိကာယ်ကြီးတွေမှာလည်း တွေ့မြင်ရပါတယ်။ ဥပမာ ပါရာယနဝဂ်နဲ့ မဇ္ဈိမနိကာယ် စုဠသုညတသုတ္တန်တို့မှာပေါ့။ အရှင်နာဂဇုန္နရဲ့ မဇ္ဈိမိက ဒဿနကလည်း ရှေးနိကာယ်ကြီးတွေရဲ့ လွှမ်းမိုးချက်တွေ ပါတယ်လို့ ကိုလင်းရေးထားတာ ဖတ်ရပါတယ်။

ကိုလင်း။ ။ အမှန်ပါပဲ ကိုမင်း။ အရှင်နာဂဇုန္နရဲ့ မဇ္ဈိမိက ဒဿနက ရှင်တော်ဗုဒ္ဓရဲ့ မူလအမြင်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒကို အခြေခံတာမို့ အနှစ်သာရက အတူတူပါပဲ။ နှောင်းကာလမှာ သဗ္ဗတ္ထိဝါဒ စတာတွေရဲ့ အာဘိဓမ္မာတွေမှာ ဓမ္မတရား အရှိဝါဒတွေ ခေတ်စားလာတာမို့ အရှင်နာဂဇုန္နရဲ့ ဝေဖန်ဆန်းစစ်ချက်တွေ ထွက်လာရတာပါပဲ။ နောက်ပိုင်းထေရဝါဒ ဋီကာအဋ္ဌကထာတွေမှာလည်း ဓမ္မတရား အရှိဝါဒတွေ လွှမ်းမိုးလာတဲ့အကြောင်းကို Noa Ronkin ရေးတဲ့ Early Buddhist Metaphysics ကျမ်းမှာ ဖတ်ရပါတယ်ဗျာ။ ဒီထက် ပိုရှင်းအောင် ပြောရရင်တော့ဗျာ ထေရဝါဒစာပေတွေမှာ ပုဂ္ဂိုလ်အတ္တမရှိကြောင်းကို လှည်းတစ်စီးနဲ့ ဥပမာပေး ရှင်းပြထားတာ ကိုမင်းသိမှာပေါ့။ လှည်းဆိုတာ အစိတ်အပိုင်းတွေ ပေါင်းထားလို့ ထင်ရှားနေတဲ့ အခေါ်အဝေါ်ပညတ်တစ်ခုပဲ ဖြစ်ပြီး တကယ်အရှိ

တရားအနေနဲ့. လှည်းဆိုတာ မရှိဘူး ဆိုတာလေ။ ဒီအထိတော့ မဟာယာနကလည်း လက်ခံတယ်ဗျ။ ဒါပေမဲ့ လှည်းကမရှိသော်လည်း လှည်းကိုဖွဲ့စည်းထားတဲ့ အစိတ်အပိုင်းတွေက ကိုယ်ပိုင်ဂုဏ်သတ္တိနဲ့. အဟုတ်ရှိ အမှန်ရှိတယ်လို့. ယူဆလာရင် ဒါဟာ ဓမ္မသုညတာကို မမြင်တဲ့သဘောပဲလို့. အရှင်နာဂဇုန္နကာ ထောက်ပြခဲ့တဲ့ သဘောပါပဲဗျာ။

သူ-ငါ-သတ္တဝါ-ယောကျ်ား-မိန်းမ စတဲ့ ပညတ်အာရုံတွေဟာ မရှိတဲ့တရားတွေအဖြစ် ရှုမြင်ဖို့က လွယ်ပါတယ်။ ဒါပေမဲ့ ဒီပညတ်အာရုံတွေကို အဟုတ်ရှိ တကယ်အစစ်အမှန် ရှိနေတယ်လို့. ဆိုတဲ့ ရုပ်နာမ်တရားတွေပေါ်မှာ အခိုင်အမာ ဆောက်တည်ထားသရွေ့ ယောဂီရဲ့ စိတ်ထဲမှာ အရှိတရားကို နှစ်သက်ယုံကြည်စွဲလန်းတဲ့ ဥပါဒါန်က အတော်လေး သိမ်မွေ့စွာရှိနေမှာပါပဲ။ ဒါကြောင့်မို့. ပညတ်တရားတွေရဲ့ မှိုရာတည်ရာ နိဿယဝတ္ထုဖြစ်တဲ့ ရုပ်နာမ် သန်္ဓတ အသန်္ဓတ ဓမ္မတရားတွေ အားလုံးဟာလည်း (အဲဒီ ပညတ်တွေလိုပဲ) အတွင်းအနှစ်သားဆိတ်သုဉ်းတဲ့ မရှိတရားတွေဘဲ ဖြစ်တယ်၊ အရှိယောင်တွေပဲ ဖြစ်တယ်ဆိုတာ ကြောင်ကြောင်ကြီးထိုးထွင်းသိမြင်မှသာ ကိလေသာ အစွဲဥပါဒါန်ဟူသမျှကို ထောက်တည်စရာ မရှိလောက်အောင် အပြီးအပြတ် ငြင်းပယ်ပြီးသား ဖြစ်ပါလိမ့်မယ်။

ကိုမင်း။ ။ ကိုလင်းရဲ့ တင်ပြချက်အရဆိုရင် မဟာယာနဗုဒ္ဓဘာသာမှာ နောက်ပိုင်း ပရမတ္ထအမြင်တွေ ပြောင်းလာတာကို တွေ့ရသလိုပဲနော်။ ယောဂါစာရဂိုဏ်းရဲ့ ဝိညတ္တိသက်သက် အယူအဆတွေ ဗုဒ္ဓသဘာဝနဲ့. တထာဂတဂဗ္ဘ အယူအဆတွေကစလို့. ဟွာယင်းဂိုဏ်းရဲ့ အရာခပ်သိမ်း ပေါင်းစည်းဆက်စပ်နေတဲ့ အမြင်တွေအထိ ပြောင်းလဲခဲ့တာကို မြင်ရပါတယ်။

ကိုလင်း။ ။ ဒီလို ဖြစ်ရတာကတော့ အရှင်နာဂဇုန္နရဲ့ မဇ္ဈိမက ဒဿနက သိပ်နက်နဲလွန်းတဲ့အခါ ဒီအပေါ်မှာ အနောက်ဖွင့်ဆိုချက်တွေက ထွေထွေရာရာ ဖြစ်လာရတဲ့ သဘောပဲလို့. စာပေပညာရှင်တွေက သုံးသပ်ကြပါတယ်။ သုညတာရဲ့ ပကတိသဘောပေါ်မှာ ဘာသာရေးကျင့်စဉ်နဲ့. ဓမ္မအမြင်တွေကို တည်ဆောက်ဖို့. ခက်ခဲလွန်းတာ

ကြောင့် သူညတာကိုပဲ ရှုထောင့်အသစ်တွေကနေ မြင်ပြဖို့ ကြိုး စားခဲ့ကြတယ်လို့ မြင်ပါတယ်။ ဒါကပဲ မဟာယာန ဗုဒ္ဓဒဿနရဲ့ ဆင့်ကဲတိုးတက်တဲ့ သမိုင်းဖြစ်လာခဲ့ပါတယ်။

ကိုမင်း။ ။ ဒါဆိုရင် မဟာယာန ဗုဒ္ဓဘာသာဟာ ဝိညာဏ်တော်ဝါဒ ဖြစ်တယ် ဖန်ဆင်းရှင်ဝါဒ ဖြစ်တယ်ဆိုတဲ့ စွပ်စွဲချက်တွေကို ကိုလင်း ဘယ်လို တုန့်ပြန်မလဲ။

ကိုလင်း။ ။ ကျွန်တော့်အဖြေကတော့ သူညတာဓမ္မပါပဲ။ မဟာယာနဗုဒ္ဓဝါဒီတိုင်းဟာ သဗ္ဗဓမ္မသူညတာဆိုတဲ့ ဓမ္မအမြင်ကို အခြေခံထားသူချည်းပဲဖြစ်လို့ ဝိညာဏ်တော်ဝါဒ ဖန်ဆင်းရှင်ဝါဒစတဲ့ တစ်စုံတစ်ရာ ကို အဟုတ်အမှန် အရှိတရားအဖြစ် အခိုင်အမာစွဲယူတဲ့ သဿတဝါဒမျိုးထဲကို မကျရောက်နိုင်ပါဘူးလို့ပဲ ဆိုပါရစေ။ အဟုတ်ရှိ အမှန်ရှိမဟုတ်တဲ့ သူညတာ-လောကကြီးအတွက် ဖန်ဆင်းရှင် ဘုရားသခင် ဆိုတာလည်း မလိုအပ်တော့ဘူး မဟုတ်လား။ တကယ်တော့ တရားအမြင်တိုင်းဟာ လူတွေအတွက် သင်ကြားမှု အထောက်အကူမျှပဲ အသုံးချစရာ လှောင်မျှပဲလို့ မြင်ထားသူတွေအတွက် ဒီအယူအဆတွေကို အခိုင်အမာ စွဲကိုင်ခံယူစရာလည်း မလိုအပ်တော့ပါဘူးဗျာ။ ဒီနေရာမှာ ဒလိုင်လားမားရဲ့ အဆိုအမိန့်တစ်ခုကို ကိုးကားချင်ပါတယ် ကိုမင်း။ မနူးမနပ် တိဗက် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ရတာထက် နူးနူးနပ်နပ်နဲ့ ဘာသာရေးကိုင်းရှိုင်းတဲ့ အခြားဘာသာဝင်တစ်ယောက် ဖြစ်ရတာက ပိုကောင်းလိမ့်မယ်လို့ ဆရာတော်ကြီးက ဆိုခဲ့ဖူးတယ်။ ဒီတော့ တချို့ လူသားတွေအတွက် ဖန်ဆင်းရှင် ဘုရားသခင်ရှိတယ်လို့ စွဲမှတ်ယုံကြည်ပြီးတော့ ဘဝကို ရိုးသားဖြူစင် ဖြောင့်မှန်ကောင်းမွန်စွာ အသက်ရှင်နေထိုင်နိုင်မယ်ဆိုရင် အဲဒီ ယုံကြည်မှုဟာ အဲဒီလူသားတွေအတွက်ရော ပတ်ဝန်းကျင် ကမ္ဘာကြီးအတွက်ပါ ကောင်းမွန်တဲ့၊ မင်္ဂလာရှိတဲ့ ယုံကြည်မှုတစ်ခု ဖြစ်မှာပါပဲလို့ မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့်မို့ မဟာယာန ဗုဒ္ဓဘာသာဟာ အယူဝါဒတွေကို လှောလို ဖောင်လိုပဲ သဘောထားပါတယ်။ စိတ်ပိုင်းဆိုင်ရာ အကျိုးရှိဖို့၊ လွတ်လပ်ဖို့၊ ငြိမ်းချမ်းဖို့က အဓိက ပန်းတိုင်ပဲ ဖြစ်ပါလိမ့်မယ်။

(၂) ဒုတိယကွဲပြားခြားနားချက် (ဘာသာရေးပန်းတိုင်အမြင်)

ကိုမင်း။ ။ ဟုတ်ပါပြီ ကိုလင်းရေ။ ဒုတိယမြောက် ကွဲပြားခြားနားချက် အကြောင်း ဆက်ပါဦး။

ကိုလင်း။ ။ ဒုတိယမြောက် ကွဲပြားခြားနားချက်ကတော့ အများသိပြီးသား ဖြစ်တဲ့ ဘာသာရေးကျင့်စဉ်ရဲ့ ပန်းတိုင်ပါပဲ။ ထေရဝါဒရဲ့ ပန်းတိုင်က ရဟန္တာဖြစ်ပြီး ဘဝသံသရာက လွတ်မြောက်မှုဖြစ်တယ်။ မဟာယာနရဲ့ပန်းတိုင်က ဗောဓိသတ္တအနေနဲ့ ပါရမီဖြည့်ကျင့်ပြီး ဝေနေယျသတ္တဝါတွေကို ကယ်တယ်ဖို့ ဖြစ်တယ်ဆိုတာပါပဲ။

ကိုမင်း။ ။ ကိုလင်းရေ ဒီနေရာမှာ ကျွန်တော် ထောက်ပြချင်တာကတော့ ဗောဓိသတ္တအနေနဲ့ ပါရမီဖြည့်ကျင့်ပြီး ဝေနေယျသတ္တဝါတွေကို ကယ်တင်ဖို့ဆိုတဲ့ သမ္မာသမ္ဗောဓိဆုဆိုတာ ဆုကြီးပန်လမ်းစဉ် တစ်ခုအနေနဲ့ ထေရဝါဒ ဗုဒ္ဓဘာသာမှာလည်း ရှိတယ်ဆိုတာပါပဲဗျာ။

ကိုလင်း။ ။ ဟုတ်တယ် ကိုမင်း။ ကျွန်တော် လက်ခံပါတယ်။ ဒါပေမဲ့ ကွဲပြားချက်လေးတွေတော့ ရှိသေးတယ်ဗျ။ ထေရဝါဒ အပါအဝင် အခြား (မဟာယာနမဟုတ်တဲ့) ရှေးဦးဗုဒ္ဓဘာသာကိုဏ်းတွေမှာ သာဝကယာန ပစ္စေကဗုဒ္ဓယာနနဲ့ သမ္မာသမ္ဗုဒ္ဓယာန ဆိုပြီးတော့ လမ်းကြောင်း (၃) သွယ်ရှိတယ်။ ရရှိတဲ့ ဗောဓိဉာဏ်တွေ မတူကြသလို ပါရမီဖြည့်တဲ့ အနုအရင့်တွေလည်း မတူကြဘူး။ ဒါပေမဲ့ မဟာယာနမှာတော့ ဒီ လမ်းကြောင်း (၃) သွယ်ဟာ သီးခြားလျှောက်နိုင်တဲ့ ယာန ၃ ခု မဟုတ်တော့ဘဲ အဆင့်ဆင့် လျှောက်ရမဲ့ တစ်ခုတည်းသော ဧကယာနရဲ့ အဆစ်အပိုင်းတွေ ဖြစ်လာလို့ပါပဲ။ ဒီနေရာမှာ တချို့ အယူအဆ လွဲချော်နေတာလေး ရှိတယ်ဗျ။ အချို့က ထေရဝါဒနဲ့ မဟာယာနကို ရပ်တည်ချက်ခြင်း လုံးဝဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တယ်လို့ တစ်လွဲမြင်နေကြတယ်။ ထေရဝါဒဟာ ဟီနယာနပဲလို့ လွဲမှားစွာ ကောက်ယူနေကြတယ်။ တကယ်တော့ ထေရဝါဒဟာ ဟီနယာနနဲ့ ထပ်တူမဟုတ်ကြောင်းကိုလဲ ကမ္ဘာဗုဒ္ဓဘာသာပေါင်းစုံ ညီလာခံတွေမှာ ဆွေးနွေး အတည်ပြုပြီးပါပြီ။ ထေရဝါဒရဲ့ ပိဋကတ်စာပေတွေထဲမှာ ဘုရားဖြစ်ရေး ဗောဓိသတ္တယာနကို ထည့်သွင်းလက်ခံထားတဲ့အတွက် ထေရဝါဒကို ဟီနယာန

လို့ မဆိုနိုင်တာ သေချာပါတယ်။ အထူးသဖြင့် စရိယာပိဋကတ်နဲ့ ဗုဒ္ဓဝင် အဋ္ဌကထာတွေမှာ ဗောဓိသတ္တယာနနဲ့ ပတ်သက်လို့ အခြေခံကျတဲ့ ဆွေးနွေးချက်တွေ ပါဝင်နေပါတယ်။ တစ်ခုတည်းသော ခြားနားချက်က ထေရဝါဒအတွက် ဗောဓိသတ္တလမ်းစဉ်ဟာ အနည်းငယ်မျှသော မဟာပုရိသ-ဥတ္တမပုရိသ လူစွမ်းကောင်းယောကျ်ားမြတ်တွေအတွက်ပဲ ဖြစ်တယ်လို့ ပိုင်းခြားသတ်မှတ်ထားတာ တစ်ခုပါပဲ။ ဒီလို သတ်မှတ်မှုမျိုးကို မဟာယာနဘက်မှာ မတွေ့ရဘဲ အားလုံးသော မဟာယာနဝါဒီတွေဟာ ဗောဓိသတ္တယာနကို တပြေးညီ လိုက်နာကျင့်သုံးကြရတယ် ဆိုတာပါပဲ ဗျာ။

ကိုမင်း။ ။ နောက်တစ်ခု ကျွန်တော် မရှင်းတာလေးရှိသေးတယ် ကိုလင်း။ မဟာယာနမှာ ဗောဓိသတ္တ ကိုးကွယ်မှုရှိပြီး ထေရဝါဒမှာတော့ ဗောဓိသတ္တကို အလေးအမြတ်ပြုစရာ စံထားစရာလို့ သတ်မှတ်တာကလွဲလို့ မကိုးကွယ်ကြပါဘူးဗျ။ အဲဒါ ဘာဖြစ်လို့ လို့ ထင်ပါသလဲ။

ကိုလင်း။ ။ ဒါကတော့ ဒီလိုပါဗျာ။ ဗောဓိသတ္တလို့ ခေါ်ပေမဲ့ အနက်သတ်မှတ်ချက် (connotation) တွေက မတူကြလို့ပါ။ မဟာယာန ဗုဒ္ဓဘာသာမှာ ဗောဓိသတ္တဆိုတာ ဘုရားအဖြစ် ပါရမီဖြည့်နေဆဲ သာဝကတွေကိုလည်းခေါ်သလို ဗောဓိဉာဏ် ရရှိပြီးတော့ ဝေနေယျတွေရဲ့ အကျိုးအတွက် အားလုံးကို ကူညီစောင့်ရှောက် ဖြည့်ဆည်းပေးနေတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ဗောဓိသတ္တတွေလို့ ခေါ်တာဖြစ်တယ်။ နောက်တစ်နည်းက သတ္တဝါတိုင်းရဲ့သန္တာန်မှာ ဗောဓိဉာဏ်ဓာတ် သဘာဝကိန်းနေလို့ ဗောဓိသတ္တလို့ ခေါ်တာမျိုးလည်း ရှိပြန်တယ်။ ဒါကြောင့် အဓိပ္ပာယ် ရောထွေးမှုတွေ ဖြစ်ရတာပါပဲ။

ကိုမင်း။ ။ ဒီနေရာမှာ သတ္တဝါတိုင်းရဲ့သန္တာန်မှာ ဗောဓိဉာဏ်ဓာတ်သဘာဝကိန်းနေတယ်ဆိုတော့ သတ္တဝါတိုင်း ဘုရားအဖြစ်ကို ရောက်ကြရမယ်လို့ မဟာယာနဗုဒ္ဓဘာသာက ဆိုချင်တာလား ကိုလင်းရေ။

(၃) တတိယကွဲပြားခြားနားချက် (ဗုဒ္ဓသဘာဝ အမြင်)

ကိုလင်း။ ။ ဒီလိုဆိုရင်တော့ တစ်ဝက်ပဲ မှန်မယ် ကိုမင်း။ မဟာယာနဗုဒ္ဓဘာသာမှာ သတ္တဝါတိုင်း ဘုရားအဖြစ်ကို ရောက်ကြရမယ်လို့ ဆိုတာဟာ

အပြည့်မမှန်ပါဘူး။ တကယ်တော့ သတ္တဝါတိုင်း ဘုရားအဖြစ်ကို ရောက်ကြပြီးသား သတ္တဝါတိုင်းဟာ အနာက်ရှိုင်းဆုံးအလွှာအမြင်မှာ ဘုရားတွေပဲဆိုတဲ့ အမြင်ဗျ။

ကိုမင်း။ ။ ဟုတ်လား။ ဒီလို သုံးသပ်ချက်မျိုး ကျွန်တော် မကြားဖူးပါဘူးဗျာ။ မထိတ်သာမလန့်သာ ရှိလှချေလား။

ကိုလင်း။ ။ အေးဗျ။ ဗုဒ္ဓကာယသုံးပါး အယူအဆနဲ့ တထာဂတဂဗ္ဘ အယူအဆတွေ ဗုဒ္ဓသဘာဝ အယူအဆတွေကို သတ္တုချလိုက်ရင် ဒီအဖြေပဲ ထွက်မှာပါပဲ။ မဟာယာနဗုဒ္ဓဘာသာမှာရှိတဲ့ ဗုဒ္ဓသဘာဝ =ဓမ္မကာယ= တထာဂတဂဗ္ဘ စတာတွေဟာ အချိန်ကာလ နေရာဒေသကို ကျော်လွန်နေတဲ့ ဓမ္မသဘောဖြစ်ပြီး ဒီဓမ္မသဘော ကိုယ်တိုင်က သတ္တဝါတွေအဖြစ် ထင်ရှားလာတဲ့ မူလသဘောတရားဖြစ်တယ်လို့ ခံယူထားလိုက်ပြီဆိုကတည်းက ဒီသဘောတွေနဲ့ ကင်းတဲ့သတ္တဝါဆိုတာ မရှိနိုင်ဘူး။ ဒီတော့ သတ္တဝါတိုင်းဟာ အနာက်ရှိုင်းဆုံး အလွှာအမြင်မှာ ဗုဒ္ဓသဘာဝ= ဓမ္မကာယ= တထာဂတဂဗ္ဘ စတာတွေပါပဲလို့သာ ဆိုစရာ ရှိတော့တယ်။

ကိုမင်း။ ။ ဒီလိုဆိုရင်တော့လည်း ဟုတ်တုတ်တုတ်ပဲ ကိုလင်းရေ။ ထေရဝါဒ အစဉ်အလာမှာတော့ ဗုဒ္ဓကို လူသားတစ်ယောက်အနေနဲ့ပဲ မြင်တာကို တွေ့ရတယ်။ အတုမရှိတဲ့ တန်ခိုးတော်နဲ့ ဂုဏ်သတ္တိအထူးတွေ ရှိတာကလွဲလို့ ဗုဒ္ဓဟာ မွေးတတ်သေတတ်တဲ့ လူသားတစ်ဦးအနေနဲ့ပဲ ဖော်ကျူးထားတာကို တွေ့ရပါတယ်။ ဒီနေရာမှာကော မဟာယာနနဲ့ ဘယ်လိုကွာခြားနိုင်သေးပါသလဲ ကိုလင်း။

ကိုလင်း။ ။ မဟာယာန ဗုဒ္ဓဘာသာမှာတော့ ဗုဒ္ဓရဲ့ ကာယသုံးပါးကို လက်ခံကြတယ်။ ဓမ္မကာယဆိုတာကတော့ အဆုံးစွန်သော ပရမတ္ထအရှိတရားသဘောကို ညွှန်းတဲ့အတွက် သဗ္ဗဓမ္မသုညတာ=တထတာ= ဗုဒ္ဓသဘာဝ စတာတွေနဲ့ အတူတူပါပဲ။ အရာခပ်သိမ်းနဲ့အတူတစ်ခဲနက် ပျံ့နှံ့ လွှမ်းခြုံတည်ရှိနေတဲ့အတွက် ဘူတတထတာလို့လဲ ခေါ်ဆိုကြပါတယ်။ ထေရဝါဒမှာလည်း ဓမ္မနိယာမဆိုတဲ့သဘောနဲ့ ခပ်ဆင်ဆင် ဖြစ်ပါလိမ့်မယ်။

ကိုမင်း။ ။ ဒါဆိုရင် သမ္ဘောဂကာယနဲ့ နိမ္မာနကာယ ဆိုတာတွေကရော ဘယ်လိုသက်ဆိုင်သလဲ ကိုလင်း။

ကိုလင်း။ ။ သမ္ဘောဂကာယ ဆိုတာကတော့ ဗောဓိသတ္တတွေပဲ မြင်နိုင်တဲ့ အလွန်နူးညံ့ သိမ်မွေ့လွန်းတဲ့ ဗုဒ္ဓကာယ ဖြစ်တယ်လို့ ဆိုပါတယ်။ မဟာယာနသုတ္တန်ဒေသနာတွေကို သမ္ဘောဂကာယနဲ့ ဟောတော်မူတယ်လို့လည်း ဆိုပါတယ်။ ဗုဒ္ဓရဲ့ ဉာဏ်တော်တွေ ပါရမီသမ္ဘာရတရားတွေရဲ့ တည်ရာလည်း ဖြစ်ပါတယ်။ နိမ္မာနကာယ ဆိုတာကတော့ ရိုးရိုး သာမန်ပုထုဇဉ်လူသားတွေ မြင်နိုင်တဲ့ ကိုယ်ကာယ ဖြစ်တယ်။ ထေရဝါဒကဆိုတဲ့ မဟာပုရိသလက္ခဏာ ၃၂ ပါး တည်တဲ့ ရူပကာယတော်ပါပဲ။ ဒါပေမဲ့ မဟာယာန ဗုဒ္ဓဘာသာမှာ မဟာပုရိသလက္ခဏာတွေဟာ သမ္ဘောဂကာယမှာ တည်တယ်လို့လဲ ဆိုပါတယ် ကိုမင်း။

ကိုမင်း။ ။ ဟုတ်ပါတယ်ဗျာ။ ထေရဝါဒမှာတော့ ရူပကာယနဲ့ ဓမ္မကာယ နှစ်မျိုးသာ ခွဲခြားထားတာရှိတယ်။ ရူပကာယကတော့ ကိုလင်း ဆိုသလိုပါပဲ။ ဓမ္မကာယလို့ဆိုရာမှာ ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူခဲ့တဲ့ ဓမ္မဒေသနာတော် အစုအဝေးကိုပဲ ဓမ္မကာယလို့ ဆိုလိုတာ ဖြစ်ပါတယ်။ မဟာယာနဗုဒ္ဓဘာသာရဲ့ ဓမ္မကာယ သဘောတရားနဲ့တော့ မတူပါဘူး။

ကိုလင်း။ ။ ဟုတ်ပါတယ် မဟာယာနဗုဒ္ဓဘာသာမှာ ဓမ္မကာယဆိုတာ အရာခပ်သိမ်းကို လွှမ်းခြုံနေတဲ့ မူလပကတိ သဘာဝအရှိတရားကို ညွှန်းလေတော့ ဓမ္မဒေသနာတော် အစုအဝေးတွေ ဆိုတာလည်း ဓမ္မ ကာယရဲ့ အကောင်းမြတ်ဆုံး ဖော်ဆောင်ချက်တွေ အနက်ကတစ်ခုဖြစ်နေတာပေါ့ ကိုမင်း။ တစ်ခုတော့ သတိထားဖို့ လိုလိမ့်မယ်ဗျ။ မဟာယာနဗုဒ္ဓဘာသာရဲ့ ဓမ္မကာယဆိုတာ ဘုရားရှိဝါဒီတွေရဲ့ ဖန်ဆင်းရှင် ဘုရားသခင်မျိုး ဟိန္ဒူဝေဒန္တဒဿနရဲ့ ဗြဟ္မာန်လို အရှိတရားမျိုးနဲ့ မရောထွေးဖို့တော့ လိုလိမ့်မယ်။ မဟာယာန ဗုဒ္ဓဘာသာမှာ ဓမ္မကာယဆိုတာ တရားကိုယ်အားဖြင့်ဆိုရင် သဗ္ဗဓမ္မသုညတာ (အရာခပ်သိမ်းမှာ အတွင်းသား အနှစ်သာရ ကင်းဆိတ်ခြင်း သဘာဝ) ကို ဆိုလိုတာပဲ ဖြစ်တယ်ဆိုတာကို မှတ်သားထားဖို့တော့ လိုပေလိမ့်မယ် ကိုမင်းရေ။

ကိုမင်း။ ။ ဒါဆိုရင် မဟာယာနဗုဒ္ဓဘာသာဟာ ဗုဒ္ဓကို ထာဝရဖန်ဆင်းရှင် ဘုရားသခင်လိုပဲ အသွင်ပြောင်းလက်ခံတဲ့ အယူအဆဖြစ်တယ်ဆို

တဲ့ စွပ်စွဲချက်ကိုရော ကိုလင်း ဘယ်လိုပြောချင်ပါသလဲ ဗျာ။

ကိုလင်း။ ။ ဒီနေရာမှာ ကျွန်တော် တိတိကျကျ ပြောချင်တာကတော့ မဟာယာန ဗုဒ္ဓဘာသာဟာ သမဏအစဉ်အလာကနေ ဆင်းသက်လာတဲ့ အိန္ဒိယက ဘာသာရေးဂိုဏ်းတွေ နည်းတူပဲ ဖန်ဆင်းရှင်ကို လက်မခံပါဘူး။ အထူးသဖြင့် ဆီးမိုက်ဘာသာတရားတွေရဲ့ ထာဝရ ဘုရားသခင်လို လောကကို ဖန်ဆင်းတဲ့ ဘုရားသခင် မာရ်နတ်နဲ့ စစ်ခင်းနေရတဲ့ ဘုရားသခင် လူသားတွေကို တမလွန်မှာ တရားအဆုံးအဖြတ်ပေးမဲ့ ဘုရားသခင်မျိုးကို အယုံအကြည် မရှိပါဘူး။ တကယ်တော့ မဟာယာန ဗုဒ္ဓဘာသာရဲ့ ဒဿနအမြင်အရ လောကကို အစစ်အမှန်အရှိတရားလို့ မယူဆတဲ့အတွက် လောကဟာ ယုန်ချိုလိပ်မွေး ပုဇွန်သွေးလို တကယ်အနှစ်သာရနဲ့ ရှိမနေတဲ့ သုညတဓမ္မပဲ ဖြစ်ပါတယ်။ အတွင်းသဘော သုညဖြစ်တဲ့ အရှိအယောင်ဆောင် လောကကို ဖန်ဆင်းဖို့ ဘုရားသခင် တန်ခိုးရှင်ဆိုတာမျိုး မလိုအပ်ဘူးလို့ မဟာယာန ဗုဒ္ဓဘာသာက ယူဆပါတယ်။

ကိုမင်း။ ။ အဲဒါဆို လောကဆိုတဲ့ အရှိယောင် အသွင်တရားတွေ ဖြစ်တည်လာဖို့အတွက် အခြေခံ သဘောတရား တစ်ခုခု မဟာယာန ဗုဒ္ဓဘာသာမှာ ခံယူထားတာမျိုး မရှိဘူးလား ကိုလင်း။

ကိုလင်း။ ။ ကျွန်တော့်စာအုပ်ထဲမှာ ကိုမင်းဖတ်ခဲ့ပြီးဖြစ်တဲ့ ဓမ္မကာယအယူအဆ တထာဂတဂဗ္ဘ အယူအဆတွေဟာ အဲဒီလို အခြေခံအရှိတရားတစ်ရပ်ရပ်ကို ညွှန်းဆိုနေသလိုပဲ ဖြစ်ပါတယ်။ ဟောဒီ မာယာလောကကြီးဟာ အဲဒီ အခြေခံအရှိတရားရဲ့ လှုပ်ရှားဖော်ဆောင်မှုတွေရောင်ပြန်ကွန့်မြူးမှုတွေအနေနဲ့ တင်ပြထားတာမျိုးတွေလည်း ရှိတယ်ဆိုပေမဲ့ ဒီသဘောဟာ ဆီးမိုက်ဘာသာတရားတွေရဲ့ ဖန်ဆင်းခြင်း အယူအဆနဲ့ အတော်လေးကွာခြားပါတယ်။

ပထမကွာခြားချက်က ဆီးမိုက်ဘာသာတရားတွေရဲ့ ဖန်ဆင်းရှင် ဘုရားသခင်ဟာ အသိစိတ်ရှိပြီး မိမိရဲ့ ရွေးချယ်မှုနဲ့ ဖန်ဆင်းတာဖြစ်ပါတယ်။ ဓမ္မကာယအယူအဆ တထာဂတဂဗ္ဘ အယူအဆတွေကတော့ ဒီလို ပုဂ္ဂိုလ်ဘာဝအသွင်ရှိတဲ့ ဘုရားသခင်မျိုးမဟုတ်ဘဲ နိယာမဓမ္မတရား သက်သက်ပဲဖြစ်ပါတယ်။ ဒုတိယကွာခြားချက်ကတော့ ဆီးမိုက်ဘာသာတရားတွေရဲ့ ဖန်ဆင်းရှင် ဘုရားသခင်ဟာ

လောကနဲ့ အတွင်းသဘော ဆက်စပ်မှုမရှိတဲ့အတွက် လောကရှိရှိ မရှိရှိ ဘုရားသခင်ကတော့ အမြဲရှိနေမဲ့သဘောဖြစ်တယ်။ ဆိုလို ချင်တာက ဘုရားသခင်ဟာ အနန္တဖြစ်ပေမဲ့ သူဖန်ဆင်းတဲ့ လောက ဟာ အစလည်း ရှိသလို အဆုံးလည်းရှိတဲ့ ကန့်သတ်ခံတရားတစ် ခုသာဖြစ်တယ်လို့ ယူဆကြပါတယ်။ ဒီအချက်က မဟာယာန ဗုဒ္ဓဘာသာနဲ့ အလွန်ကွာခြားပါတယ်။ မဟာယာနအမြင်မှာ ဓမ္မ ဓာတုဆိုတဲ့ အခြေခံအရှိတရားနှင့် လောကဓာတုလို့ခေါ်တဲ့ အသွင် သဏ္ဌာန်လောကကြီးကို သပ်သပ်စီရှိနေတဲ့ အရှိတရားနှစ်ခုလို့ မမြင်ပါဘူး။ ဒီတရားနှစ်ခုဟာ အတွင်းသဘောအရ ဆက်စပ်နေ တဲ့ နှစ်မျိုးနှစ်ခု မဟုတ်တဲ့ အဒွယတရားတွေဖြစ်ပြီး ဓမ္မဓာတု တည်ရှိသရွေ့ လောကဓာတုဆိုတာကလည်း တည်ရှိနေမယ် လောကဓာတုရှိနေသမျှလည်း ဓမ္မဓာတုက တည်ရှိနေမှာဖြစ်လို့ သူတို့ကို အတူတကွ အနန္တဖြစ်တဲ့တရားတွေ Co-eternalsတွေလို့ ဆိုနိုင်ပါတယ်။ တစ်ခါတစ်လေမှာတော့ အဲဒီ ဓမ္မကာယအရှိတရား ကို ပုဂ္ဂိုလ်အသွင် စကြဝဠာလောကဓာတုရဲ့ အရှင်သခင် ဘုရင် မင်းမြတ်အသွင်နဲ့ တင်စားရေးသားချက်တွေတော့ ရှိပါတယ်။ ဒါပေမဲ့ အနှစ်သာရသဘောကတော့ ဓမ္မတရား သက်သက်သဘော မျှသာပဲ ဖြစ်ပါတယ် ကိုမင်းရေ၊ တတိယကွာခြားချက်ကတော့ ဆီးမိုက်ဘာသာတရားတွေရဲ့ ဖန်ဆင်းရှင်ဘုရားသခင်ဟာ လူတွေ ရဲ့ ကောင်းမှုဆိုးမှု အမှား အမှန်ကို ဆုံးဖြတ်ပေးတဲ့သူ အပြစ်ဒဏ် နဲ့ ဆုလာဘ်ကိုပေးတဲ့ သူအနေနဲ့ ယူဆပါတယ်။ မဟာယာနအမြင် မှာတော့ ဒီလိုဇဟိုကနေ ချုပ်ကိုင်ပြဋ္ဌာန်းနေတဲ့ ပုဂ္ဂိုလ်မျိုးကို လက်မခံပါဘူး။ ဝေနေယျသတ္တဝါတိုင်းဟာ ကိုယ်ပြုတဲ့ ကမ္မတရား တွေ၊ ပါရမီဖြည့်ကျင့်မှုတွေအတိုင်းပဲ အကျိုးရလဒ်ကို ခံစားကြ ရတာဖြစ်ပါတယ်။ ထူးခြားချက်တစ်ခုကတော့ မဟာယာန ဗုဒ္ဓဘာ သာမှာ ကုသိုလ်ကံ ပါရမီတွေကို တစ်ပါးသူကို မျှဝေပေးလို့လည်း ရတယ်ဆိုတဲ့ အမြင်ပါပဲ။ ဒီလိုနည်းနဲ့ မဟာယာနရဲ့ ကမ္မနိယာမ အယူအဆဟာ ပိုလို့ ကျယ်ပြန့်သွားတာကို တွေ့ရပါတယ်။

ကိုမင်း။ ။ ဒါဆိုရင် အမိတာဘဗုဒ္ဓက ဖန်ဆင်းတည်ထောင်ထားတဲ့ သုခဝတီ ဘုံလို ဖန်ဆင်းမှုမျိုးကရော ဖန်ဆင်းရှင်ကို လက်ခံသလို ဖြစ်မနေ ဘူးလား ကိုလင်း။

ကိုလင်း။ ။ ဗုဒ္ဓခေတ်တစ်ခု (A Buddha-Field/A Buddha-Land)ဆိုတာက သက်ဆိုင်ရာ ရှင်တော်ဗုဒ္ဓတွေရဲ့ ဖြည့်ဆည်းခဲ့တဲ့ ပါရမီအထူအထည်ကို လိုက်ပြီး စိတ္တနိယာမသဘောအတိုင်း ကွန့်မြူးပေါ်ပေါက်လာရတဲ့ ဆန်းကြယ်တဲ့ လောကတွေပဲ ဖြစ်ပါတယ်။ ဒီလောကတွေဟာ သက်ဆိုင်ရာ ရှင်တော်ဗုဒ္ဓရဲ့ ပါရမီတွေက သန့်ရှင်းစင်ကြယ်သလောက် သန့်ရှင်းစင်ကြယ်ကြတယ်။ အစဉ်အလာ ဗုဒ္ဓဘာသာမှာ ရှိတဲ့ ကာမ ရူပ အရူပဆိုတဲ့ ဘုံနယ်ပယ်တွေနဲ့မတူတဲ့ ပါရမီသစ္စာ အဓိဋ္ဌာန်စွမ်းအားတွေ အလျှောက်ပေါ်ထွန်းဖြစ်တည်လာရတဲ့ လောကီလွန်ဘုံတွေလို့သာ ဆိုရပါလိမ့်မယ်။ ဒါကြောင့် ဆီးမိုက်ဘုရားသခင် ဖန်ဆင်းတဲ့ လောကမျိုး ထာဝရကောင်းကင်ဘုံလို အရှိတရားမျိုးနဲ့ မတူနိုင်ဘူးလို့ ဆိုရပါလိမ့်မယ် ကိုမင်းရေ။

(၄) စတုတ္ထကွဲပြားခြားနားချက် (ဓမ္မလမ်းစဉ်ဆိုင်ရာ အမြင်)

ကိုမင်း။ ။ ဟုတ်ပါပြီဗျာ။ မှတ်သားထားလိုက်ပါမယ်။ ဒါနဲ့ နောက်ထပ်နှိုင်းယှဉ်လေ့လာစရာ ဘာရှိသေးလဲဗျ။

ကိုလင်း။ ။ ကျွန်တော့်အမြင်ပြောရရင် မဟာယာနဗုဒ္ဓဘာသာမှာ ဓမ္မကျင့်စဉ်တွေကို ထူထောင်ကဲ့အခါမှာ ဗောဓိစိတ္တကို တည်ဆောက်ရတယ်။ ဗောဓိစိတ္တဆိုတာ လွယ်လွယ်ဆိုရရင် ဗောဓိဉာဏ်ပညာကို ရဖို့ သန္နိဋ္ဌာန်ချမှတ်တဲ့ စိတ်မြတ်စိတ်ထူးတစ်ခုပါပဲ။ ဗောဓိစိတ္တမှာ လောက သံသရာကနေ ထွက်မြောက်လိုစိတ်လို့ခေါ်တဲ့ ဝိရာဂ အရာရာရဲ့ အတွင်းသဘော ဆိတ်သုဉ်းမှု သုညတာဓမ္မနဲ့ ဝေနေယျတွေအတွက် ကြင်နာသနား ကယ်တင်လိုတဲ့ မဟာကရုဏာစတဲ့ အချက်တွေ ပါဝင်နေပါတယ်။

ကိုမင်း။ ။ ထေရဝါဒ ရှုထောင့်ကနေ သုံးသပ်ရရင်တော့ ပထမ အစိတ်အပိုင်းနှစ်ခုက သာဝကယာန ပစ္စေကယာန ဗုဒ္ဓယာန စတဲ့ ယာနအားလုံးနဲ့ သက်ဆိုင်တယ်လို့ မြင်တယ်။ နောက်ဆုံးအချက်ဖြစ်တဲ့ ဝေနေယျတွေအတွက် ကြင်နာသနား ကယ်တင်လိုတဲ့ မဟာကရုဏာ ဆိုတာကတော့ သဗ္ဗညုတ ဉာဏ်တော်ကို ရည်စူးကျင့်ကြံကြတဲ့ ရှင်တော်ဗုဒ္ဓတွေအတွက်ပဲ ဖြစ်ရမယ်လို့တော့ ဆိုပါတယ်ဗျာ။

ကိုလင်း။ ။ မဟာယာနဗုဒ္ဓဘာသာမှာတော့ တစ်ခုတည်းသော ဇကယာနကို ပဲ လက်ခံထားပြီးတော့ အဲဒါဟာလည်း ဗုဒ္ဓယာနပဲလို့ ဆိုပါတယ်။ သာဝကယာန ပစ္စေကယာနဆိုတာတွေကတော့ နောက်ဆုံးဗုဒ္ဓ ယာနကို ရောက်ရှိဖို့အတွက် တင်ကြိုဖြတ်သန်း ပြီးမြောက်ရတဲ့ အဆင့်တွေလို့ ဆိုပါတယ်။ ဒါကြောင့်မို့ မဟာကရုဏာ တရားဟာ မဟာယာနဗုဒ္ဓဘာသာမှာ အရေးအပါဆုံး အခြေခံတစ်ခု ဖြစ်နေတာ ပါပဲဗျာ။ ဓမ္မကျင့်စဉ်ကို စတင်ချိန်ကစလို့ ဗောဓိသတ္တ အဓိဋ္ဌာန်ကို တည်ဆောက်ရတယ်။ ဒီ အဓိဋ္ဌာန်ထဲမှာ (၁) ဆည်းပူးစရာရှိတဲ့ ပါရမီတွေ ဘယ်လောက်ပင်များများ ငါဆည်းပူးမယ် (၂)ပယ်သတ်ရမဲ့ ကိလေသာတွေ ဘယ်လောက်များများ ငါကြိုးစားပယ်သတ်မယ် (၃) လေ့လာရမဲ့ တရားဓမ္မတွေ ဘယ်လောက်များများ ငါလေ့လာမယ် (၄) ကယ်ချတ်ရမဲ့ သတ္တဝါတွေ ဘယ်လောက်များများ ငါကယ်ချတ်မယ်ဆိုတဲ့ မဟာအဓိဋ္ဌာန် လေးချက်ကိုတော့ တွေ့ရပါတယ်။

ကိုမင်း။ ။ ဒါကြီးက လူတိုင်းအတွက်ဆိုရင် များလွန်းတယ်လို့ မထင်ဘူးလို့ ကိုလင်း။ ကျွန်တော်တို့ ထေရဝါဒမှာတော့ မိမိတစ်ဦးတည်း လွတ်မြောက်ခြင်း သာဝကယာနလမ်းစဉ်မှာတောင် အလွယ်ကူဆုံးနဲ့ အဖြစ်နိုင်ဆုံး ပကတိသာဝက လမ်းစဉ်ကိုပဲ လိုက်စားကြဖို့ ဆရာတော်တွေက ဟောပြောဆုံးမကြပါတယ်။

ကိုလင်း။ ။ ကျွန်တော်လေ့လာကြည့်သလောက်တော့ ဒီအချက်က မဟာယာန မှာ ဈေးဆစ်လို့မရတဲ့ အချက်ပဲဗျ။ မဟာယာနဗုဒ္ဓဘာသာဆိုတာ တစ်ကယ်တော့ လောကအမြင်လဲ မဟုတ်ဘူး၊ ဒဿန အယူအဆလည်း မဟုတ်ဘူး။ ဒုက္ခဆင်းရဲခြင်းတွေ ခံစားနေကြရတဲ့ ဝေနေယျသတ္တဝါတွေကို သံသရာဘောင်ကနေ ထုတ်ဆောင်ကယ်တင်မယ်ဆိုတဲ့ ကရုဏာနဲ့ပြည့်တဲ့ နှလုံးသားပါပဲ။ ဒီရွှထောင့်ကကြည့်ရင် ထေရဝါဒ ဗုဒ္ဓဘာသာ အယူအဆကို လက်ခံထားပြီး ဘုရားဆုကို ပန်ဆင် ကျင့်ကြံနေကြသူတွေ အားလုံးဟာလည်း မဟာယာနဗုဒ္ဓဘာသာဝင်တွေပါပဲ ကိုမင်းရေ။ ထူးခြားချက်ကတော့ မဟာယာနဗုဒ္ဓဘာသာမှာ စလုံးရေစလို့ ဓမ္မခရီးလမ်းကို စတင် လျှောက်လှမ်းပြီဆိုကတည်းက အဲဒီမဟာကရုဏာ စိတ်မြတ်ကို မွေးမြူထူထောင်ရတာပါပဲ။

ကိုမင်း။ ။ ဟုတ်ပါပြီဗျာ။ နားလည်ပါပြီ ကိုလင်း။ နောက်ထပ် နှိုင်းယှဉ် လေ့လာချက်ကိုပဲ ဆက်ပါတော့ဗျာ။

(၅) ပဋ္ဌမကွဲပြားခြားနားချက် (ပိဋကတ်စာပေ အမြင်)

ကိုလင်း။ ။ နောက်တစ်ချက်ကတော့ ထေရဝါဒနဲ့ မဟာယာန ဗုဒ္ဓဘာသာတွေမှာ ရှိတဲ့ ပိဋကတ်ကျမ်းစာတွေနဲ့ ပတ်သက်ပါတယ်။ ဗုဒ္ဓဘာသာနှစ်ရပ်စလုံးဟာ မိမိတို့ရဲ့ သက်ဆိုင်ရာ ပိဋကတ်စာပေတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ကို ထိန်းသိမ်းကြပါတယ်။ ဒါပေမဲ့ စာပေကျမ်းဂန်အပေါ်မှာ ရှုမြင်ပုံခြင်း နည်းနည်းမတူဘူးလို့ ထင်မိပါတယ်။

ကိုမင်း။ ။ ဟုတ်ပါတယ်။ ထေရဝါဒ ဗုဒ္ဓဘာသာမှာတော့ ပိဋကတ်သုံးပုံဖြစ်တဲ့ သုတ် ဝိနည်း အဘိဓမ္မာတွေဟာ မူရင်း ပါဠိတော်အနေနဲ့ ရှိနေပါတယ်။ သီဟိုဠ်မူကနေ ဘာသာပြန်ထားတဲ့ ပါဠိအဋ္ဌကထာကျမ်းတွေလည်း ရှိပါတယ်။ ဒါတွေကို အခြေခံလို့ ထေရဝါဒနိုင်ငံတွေမှာ မိမိတို့ရဲ့ မိခင်ဘာသာစကားတွေကို ပြန်ဆိုထားချက်တွေလည်း ရှိပါတယ်။ ပါဠိပိဋကတ်ကို သန့်စင်အောင်လည်း ခြောက်ကြိမ်တိုင်အောင် စုပေါင်းရွတ်ဆိုပြီး သင်္ဂါယနာတင်ခဲ့တာ အားလုံးအသိပဲ မဟုတ်လား။

ကိုလင်း။ ။ ထူးခြားချက်တစ်ခုက မဟာယာနဗုဒ္ဓဘာသာဘက်မှာ အဲဒီလို သင်္ဂါယနာတင်ပွဲတွေကို ထေရဝါဒဘက်က လက်မခံတဲ့ ကနိရ္ဘကမင်းကြီး ဆောင်ရွက်ခဲ့တဲ့ စတုတ္ထသင်္ဂါယနာ နောက်ပိုင်းမှာ ဒီလို ထူးခြားတဲ့ ဆောင်ရွက်မှုမျိုး မတွေ့ရတော့တာပဲ ဖြစ်တယ်။ တကယ်တော့ ကနိရ္ဘကမင်းကြီး ဆောင်ရွက်ခဲ့တဲ့ စတုတ္ထ သင်္ဂါယနာဆိုတာလည်း မဟာယာနဗုဒ္ဓဘာသာဆိုတာထက် သဗ္ဗတ္ထိဝါဒီတွေရဲ့ ပိဋကတ်တော်တွေကို ရွတ်ဆိုမှတ်တမ်းတင်ခဲ့တာပဲ ဖြစ်ပါတယ်။

ကိုမင်း။ ။ ဘာလို့ ဒီလိုမရှိရတော့တာလဲလို့ ကိုလင်း ထင်သလဲဗျ။

ကိုလင်း။ ။ ဖြစ်နိုင်တဲ့အချက်တွေကတော့ အများကြီးပါပဲ။ မဟာယာန ပိဋကတ်တွေဟာ အိန္ဒိယနိုင်ငံပြင်ပကို ရောက်တဲ့အခါမှာ သက်ဆိုင်ရာ နိုင်ငံတွေရဲ့ ဘာသာစကားတွေကို ဘာသာပြန်ဆိုကြတယ်။ ဒါ

ကြောင့် ဒီကနေ့ ကမ္ဘာမှာ တရုတ် ပိဋကတ် တိဗက် ပိဋကတ်နဲ့ မွန်ဂိုလီယား ပိဋကတ်ဆိုပြီး အမျိုးမျိုး ကွဲပြားနေကြတာ ဖြစ်ပါတယ်။ မူရင်း သက္ကတပိဋကတ်ကတော့ ပျောက်ဆုံးသွားပါပြီ။

ဒါပေမဲ့ စိတ်ဝင်စားစရာကောင်းတာက သက္ကတပိဋကတ်ကို တိဗက်ဘာသာကို ပြန်ဆိုတဲ့အခါမှာ ဝေါဟာရစကားလုံး ဖလှယ်ချက်တွေကို အသေးစိတ်မှတ်တမ်းပြုထားတဲ့ မဟာဗျုပ္ပတ္တိ ဆိုတဲ့ အဘိဓာန်ကျမ်းကြီး ရှိတယ်ဗျ။ ဒီကျမ်းကို အခြေခံလို့ တိဗက်ပိဋကတ်ကို သက္ကတဘာသာအဖြစ် မလွဲချော်အောင် ပြန်လည် ဘာသာပြန်ယူလို့ ရနိုင်တဲ့ အခြေအနေတော့ ရှိတယ်။

ကိုမင်း။ ။ ဒါလဲ စိတ်ဝင်စားစရာ ကောင်းပါတယ်။ နောက်ထပ် ဘယ်လို အကြောင်းတရားတွေ ရှိနိုင်မလဲ ကိုလင်း။

ကိုလင်း။ ။ နောက်ထပ် အကြောင်းတရားတစ်ခုကတော့ မဟာယာန တိုင်းပြည်တွေမှာ သစ်သားပြားကိုထွင်းပြီး ပုံနှိပ်တဲ့ အတတ်ပညာကို တတ်မြောက်ကြတယ်။ ပိဋကတ်ကျမ်းစာတွေကို အဲဒီနည်းနဲ့ ပုံနှိပ်ကြတယ်။ အေဒီ ၉၆၇-၉၈၃ ကာလတွေမှာ တရုတ်ပြည် ဆွန်မင်းဆက်ဟာ မဟာယာနပိဋကတ်တွေကို သစ်ပြားပေါင်း ၁၃၀၀၀၀ ကျော်မှာ ရေးထွင်းလို့ ပုံနှိပ်ခဲ့တယ်လို့ သိရတယ်ဗျ။ အေးမြတဲ့ရာသီဥတုကြောင့် ဒီပိဋကတ် သစ်သားပြားတွေဟာ နှစ်ထောင်ချီပြီး ခံနေတဲ့အတွက် သင်္ဂီယနာ တင်တဲ့ကိစ္စကို စိတ်မဝင်စားခဲ့တာ ဖြစ်နိုင်ကောင်းပါတယ်။ နောက်တစ်ချက်ကတော့ မဟာယာန တိုင်းပြည်တွေမှာ ရှိခဲ့တဲ့ ဘုရင်တွေက ဒီလို သင်္ဂီယနာ ပွဲကြီးတွေ ကျင်းပဖို့ စိတ်ကူးမရှိတာရယ် မဟာယာန ဗုဒ္ဓဘာသာဝင်တွေကိုယ်တိုင်က စိတ်အား မထက်သန်တာတွေကြောင့်လည်း ဖြစ်နိုင်သဗျ။

ကိုမင်း။ ။ ဒါတော့ ကျွန်တော် ထောက်ခံပါတယ်။ ထေရဝါဒတိုင်းပြည်တွေမှာ ပါဠိပိဋကတ်ကို ပေရွက်လို အရာတွေပေါ်မှာပဲ ရေးသားမှတ်တမ်းတင်ရတယ်။ ပူနွေးစွတ်စိုပြီး မိုးများတဲ့ ရာသီဥတုကြောင့် ပေမူနဲ့ ပါဠိပိဋကတ် တွေဟာ ပျက်စီးကုန်တာ များပါတယ်။ အခုအချိန်အထိ အစောဆုံးလို့ သတ်မှတ်ထားရတဲ့ ပါဠိပိဋကတ် ပေမူဟာ ၁၅ ရာစုခေတ်က သီဟိုဠ်မူတစ်ခုဖြစ်လို့ နှစ်ပေါင်း ၆၀၀ ဝန်းကျင်

ပဲ ရှိပါသေးတယ်။ ဒါကြောင့်လဲ ထေရဝါဒ တိုင်းပြည်တွေမှာ ရှေးအစဉ်အလာအတိုင်း အာဂုံကျက်မှတ် ထိန်းသိမ်းတဲ့နည်းစနစ်နဲ့ လိုအပ်ချက်ရှိရင် ပြန်လည်စုပေါင်း ရွတ်ဆိုလို့ သင်္ဂါယနာတင်ကြရတဲ့ ဆောင်ရွက်မှုတွေမှာ အားသန်ကြတာဖြစ်တယ်။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်တဲ့ မင်းအစိုးရတွေက တက်တက်ကြွကြွ အားပေး ထောက်ပံ့တာတွေကြောင့်လည်း ဒီလိုဆောင်ရွက်နိုင်တာ ဖြစ်ပါလိမ့်မယ်။

ကိုလင်း။ ။ နောက်တစ်ခုကတော့ မဟာယာနဗုဒ္ဓဘာသာမှာ ကျမ်းဂန်စာပေကို တရားဓမ္မရဲ့ အထောက်အကူအဖြစ်လောက်ပဲ တန်ဖိုးထားတတ်တဲ့ အလေ့အထရှိလို့လည်း ဖြစ်နိုင်ပါတယ်။ လက်တွေ့ကျင့်သုံးအားထုတ်မှုဘက်ကို ပိုလို့ အာရုံစိုက်ပုံရတဲ့အတွက် ပရိယတ္တိစာပေလိုက်စားမှုဘက်မှာ သိပ်ပြီး နေရာမပေးတာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တိဗက်ဗုဒ္ဓဘာသာမှာတော့ လားမားဆောင်ခပ နောက်ပိုင်းမှာ ပရိယတ္တိစာပေလိုက်စားမှုဘက်မှာ ပိုပြီး အလေးထားလာတာကို တွေ့ရပါတယ်။ တိဗက် ရဟန်းတော်တွေဟာ ဂယ်ရှေ (Geshe) လို့ ခေါ်တဲ့ မဟာပဏ္ဍိတ ပညာရှင်ဘွဲ့ကိုရဖို့ နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံလို့ လေ့လာသင်ယူကြရပါတယ်။ အာရှအရှေ့ဖျား ဗုဒ္ဓဘာသာမှာတော့ သက်ဆိုင်ရာ သုတ္တန် ဒေသနာတော် တစ်ခုခုကို မဏ္ဍိုင်ပြုလို့ ဗုဒ္ဓဘာသာဂိုဏ်းတွေ ဖြစ်ပေါ်ခဲ့တာကို မြင်တွေ့ရပါတယ်။

ကိုမင်း။ ။ မဟာယာနဗုဒ္ဓဘာသာ သင်ရိုးတွေမှာ မူရင်းပိဋကတ်ထက် အဖွင့်ဋီကာ အဋ္ဌကထာ သျှတ္တရကျမ်းတွေက ပိုပြီးနေရာယူနေတယ်လို့ မြင်မိပါတယ် ကိုလင်းရဲ့ အယူအဆလေးကို ဆွေးနွေးပေးပါဦးဗျာ။

ကိုလင်း။ ။ ဒီနေရာမှာတော့ ထေရဝါဒနဲ့ မဟာယာန သိပ်ကွာခြားလိမ့်မယ်လို့ မမြင်မိဘူးဗျ။ စာသင်သားတွေအနေနဲ့က ပိဋကတ်ကို ချက်ချင်းတိုက်ရိုက်မချဉ်းကပ်ဘဲ သက်ဆိုင်ရာ အဖွင့်ဋီကာ အဋ္ဌကထာ သျှတ္တရကျမ်းတွေကနေတစ်ဆင့် ချဉ်းကပ်ကြရပါတယ်။ တိဗက်ဗုဒ္ဓဘာသာ ကျောင်းတိုက်တွေမှာဆိုရင်လည်း ယစ်ချာ (Yigcha) လို့ခေါ်တဲ့ သီးခြား ပြဋ္ဌာန်းစာအုပ်တွေရှိပြီး အဲဒီပြဋ္ဌာန်းကျမ်းပါ

သုတ်တွေကို အလွတ်အာဂုံဆောင်ပြီး လေ့ကျင့် သင်ကြားကြရပါတယ်။ အထူးသဖြင့် တိဗက်ဗုဒ္ဓဘာသာမှာ ပညာပါရမီတာ သုတ္တန်တွေ မဇ္ဈိမိကဒဿန ယောဂါစာရဒဿန စတာတွေ အဘိဓမ္မာယုတ္တိဗေဒနဲ့ ဝိနည်းစတာတွေကို အဆင့်ဆင့် သင်ကြားကြရပါတယ်။ တိဗက်ဗုဒ္ဓဘာသာသင်ကြားရေးရဲ့ ထူးခြားချက်ကတော့ အပြန်အလှန် ဆင်ခြေတက်ဝေဖန်ငြင်းဆိုတဲ့ ဒီဘိတ်နည်းကို အသုံးပြုကြတဲ့ အချက်ပါပဲ။ ထေရဝါဒမှာ ဒီလိုသင်ကြားမှုဟန်ကို မတွေ့ရသလောက်ပါပဲ။

ကိုမင်း။ ။ ထေရဝါဒ သင်ကြားရေးမှာတော့ အဆင့်မြင့်စာသင်သားတွေအတွက် မူလပါဠိနိကာယ်ကြီးတွေကို တိုက်ရိုက်ချဉ်းကပ် လေ့လာတဲ့ ကျမ်းကြီးပေါက် သင်ကြားနည်းဆိုတာမျိုးတွေ ရှိတယ်။ အလားတူ သင်ကြားရေးမျိုး မဟာယာန ဗုဒ္ဓဘာသာဘက်မှာရော ရှိပါသလား ကိုလင်းရေ။

ကိုလင်း။ ။ ရှိပါတယ်။ အရေးကြီးတဲ့ သုတ္တန်ကြီးတွေ ဖြစ်တဲ့ ပညာပါရမိတာသုတ္တန်၊ ဝဇိရစ္ဆေဒိကာသုတ္တန်၊ သုရဂ်မသုတ္တန်၊ လင်္ကာဝတာရသုတ္တန်၊ ဂန္ဓဗျူဟာသုတ္တန်၊ သံဓိနိမောစနသုတ္တန်၊ သိရီမာလာဒေဝီသုတ္တန် စတဲ့ ပိဋကတ်တော်လာ သုတ္တန်တွေကို ထဲထဲဝင်ဝင် လေ့လာသင်ကြားမှုတွေတော့ ရှိပါတယ်။ ဒါပေမဲ့ အဘိဓမ္မာစာပေပိုင်းမှာ ဆိုရင်တော့ ထေရဝါဒအစဉ်အလာက ပိုသာတယ်လို့ ပြောနိုင်ပါတယ်။ မဟာယာန ဗုဒ္ဓဘာသာဝင်တွေဟာ အရှင် ဝသုဗန္ဓု ရေးသားစီရင်တဲ့ အဘိဓမ္မာကောသနဲ့ ဒီကျမ်းရဲ့ အဖွင့်ဘာသာဋီကာကျမ်းကြီးတွေကိုပဲ လေ့လာကြတာ တွေ့ရတယ်။ မူရင်းသက္ကတ အဘိဓမ္မာ ပိဋကတ်ကတော့ ဘာသာမပြန်နိုင်သေးဘူးလို့ ဆိုပါတယ်။

ကိုမင်း။ ။ နောက်တစ်ချက် သိချင်တာ ရှိသေးတယ်ဗျ။ ထေရဝါဒ ပိဋကတ်သုံးပုံက ၅၂ ကျမ်း ရှိတဲ့အချိန်မှာ တိဗက် မဟာယာနပိဋကတ်ကကန်ဂျူ ၁၀၈ ကျမ်းနဲ့ တန်ဂျူ ၂၂၅ ကျမ်း စုစုပေါင်း ၃၃၃ ကျမ်းတောင်ဖြစ်နေတော့ ခြောက်ဆလောက်ကွာနေတာ ဘာကြောင့်လို့ ကိုလင်းထင်ပါလဲဗျ။

ကိုလင်း။ ။ ဒါကတော့ဗျာ ထေရဝါဒက အပိတ်စနစ်တစ်ခုဖြစ်တယ် မဟာယာန

က အပွင့်စနစ်တစ်ခု ဖြစ်တယ်ဆိုတာကြောင့်ပါ။ ဥပမာ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ စသည်တွေဟာ အပိတ်စနစ်တွေ ဖြစ်တယ် ဂျူးဘာသာ ဘဟာအီဘာသာလို အရာတွေကတော့ အပွင့်စနစ်ဖြစ်တယ် ဆိုတာမျိုးပေါ့။

ကိုမင်း၊ ။ အပိတ်တွေ အပွင့်တွေနဲ့. ဘာတွေလဲဗျ ကိုလင်းရေ။ ရှင်းလင်းပါဦး ဗျာ။

ကိုလင်း။ ။ ဒီလိုဗျ။ ထေရဝါဒ ပါဠိပိဋကတ်ဟာ တတိယသင်္ဂါယနာတင် ချိန်မှာ ပိတ်သွားပြီလို. ဆိုနိုင်တယ်။ ကျမ်းအသစ် ထပ်မတိုးတော့ဘူးပေါ့ဗျာ။ စတုတ္ထ သင်္ဂါယနာတင်ချိန်မှာ ပေထက်အက္ခရာပြောင်းတင်ခဲ့ပေမဲ့ ကျမ်းအသစ်မတိုးတော့ပဲ တတိယသင်္ဂါယနာမူကိုပဲ ပေထက်တင်ကြတယ်လို. ဆိုတယ်။ အဲဒီမူအတိုင်းပဲ မပြောင်းမလဲ တည်နေပြီး အခုနောက်ဆုံး ဆဋ္ဌသင်္ဂါယနာအထိ တောက်လျှောက် ဆင်းသက်လာတယ်လို. ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေက ယုံကြည်ကြတယ် မဟုတ်လား ကိုမင်း။

ကိုမင်း။ ။ ဟုတ်ပါတယ်။ ဒီအချက်ကို ထေရဝါဒကလည်း အထူး ဂုဏ်ယူပါတယ်။ ပါဠိပိဋကတ်ဟာ အပြောင်းအလဲမရှိတဲ့ သန့်စင်သော ဗုဒ္ဓမမ္မလို. ယုံကြည်ကြတယ် မဟုတ်လားဗျ။

ကိုလင်း။ ။ ဒီအချက်နဲ့. နှိုင်းယှဉ်ရင်တော့ မဟာယာနဗုဒ္ဓဘာသာရဲ့ ပိဋကတ်စာပေဟာ အပြီးပိတ်သွားတယ်ရယ်လို. မရှိဘူးဆိုတာ တွေ့ရတယ်။ ပါဠိပိဋကတ်လို အပြီးသတ်ပိတ်ထားတဲ့ မဟာယာန ပိဋကတ်မျိုးဟာ အိန္ဒိယမှာ မရှိခဲ့ပါဘူး။ တရုတ်နဲ့. တိဗက်ဘာသာပြန်မူ မဟာယာန ပိဋကတ်တွေဟာ အကြိမ်ကြိမ် စုဆောင်းတည်းဖြတ်ထားတဲ့ ခေတ်အဆက်ဆက် စာပေတွေဖြစ်ပြီး မဟာယာနဒဿန ပညာရှင်တွေရဲ့ သျှတ္တရကျမ်းတွေ ဋီကာ အဋ္ဌကထာကျမ်းတွေကိုလည်း ပိဋကတ်စာရင်းထဲမှာ ထည့်ထားတာ ဖြစ်ပါတယ်။ ခြားနားချက်ကတော့ ထေရဝါဒဟာ သမိုင်းဝင် လူသားဗုဒ္ဓရဲ့ ဟောပြော ညွှန်ပြချက်တွေကို မှတ်တမ်းတင်ထားတာဖြစ်လို. ပါဠိပိဋကတ်ဟာ အကန့်အသတ် ရှိနေတာ ဖြစ်တယ်။ ဒီလို ရှေးဦးဗုဒ္ဓဝါဒရဲ့ ပိဋကတ်စာပေမျိုးကိုလည်း သက္ကတဘာသာ အာဂမပိဋကတ်တွေအနေနဲ့. မဟာယာနမှာ စုဆောင်းထားပါတယ်။ ဒါတွေက သာဝကယာန လမ်းစဉ်ရဲ့ အခြေခံတွေအနေနဲ့ပဲ ဖြစ်ပါတယ်။ မဟာယာန သုတ္တန်

တွေကတော့ ဗျာနိဗုဒ္ဓတွေ ဗောဓိသတ္တတွေရဲ့ ဟောပြောချက်တွေ ဖြစ်တဲ့အတွက် အစဉ်အမြဲ ရှင်သန်နေတဲ့ စာပေ အစုအဝေးကြီး တစ်ရပ် ဖြစ်နေခဲ့တာပါပဲ။ သယမ္ဘူဗုဒ္ဓရာဏာလို့ အမည်ရတဲ့ နောက် အကျဆုံး ကျမ်းတစ်စောင်ကို ၁၆ ရာစု နီပေါနိုင်ငံမှာ စုဆောင်းခဲ့ပြီး ဖြစ်တယ်လို့လည်း မှတ်သားဖူးတယ် ကိုမင်းရေ။ ပိဋကတ်တော်တွေ အကြောင်းတော့ ဒီမှာ ခဏနားပြီး သံသရာအမြင်အကြောင်း ဆက်ကြရအောင်။ ထေရဝါဒရဲ့ သံသရာအမြင်ကို လင်းပြပါလား ဗျာ။

(၆) ဆဋ္ဌမကွဲပြားခြားနားချက် (သံသရာ အမြင်)

ကိုမင်း။ ။ ကျွန်တော်တို့ ထေရဝါဒအမြင်မှာတော့ ဘဝသံသရာကို စက်ဆုပ် ငြီးငွေ့ဖွယ်ကောင်းတဲ့ အခြေအနေတစ်ခုအဖြစ် မြင်ပါတယ်။ ဒုက္ခ သစ္စာရဲ့ အနက်ကို အချင်းအရာ ၄၀ နဲ့ ပုံဖော်ပြထားတာကို ကြည့်ရင် သံသရာရဲ့ ကြောက်လန့်ဖွယ်ကောင်းပုံကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အနိစ္စ ဒုက္ခ အနတ္တ စတဲ့ တရားတွေရဲ့ မပြတ်နှိပ်စက် ခြင်းကို ခံနေရတဲ့ အခြေအနေမျိုး ဖော်ကျူးထားပါတယ်။ မစင် တွင်းထဲမှာ အနှစ်သာရ တစ်စုံတစ်ရာ ရှာမရနိုင်သလို ဒီလောက သံသရာထဲမှာလည်း မြဲတဲ့၊ ခိုင်တဲ့၊ ထာဝရတန်ဖိုးရှိတဲ့၊ အနှစ် အသားရှိတဲ့ အရာရယ်လို့ တစ်ခုမှ မရှိဘူးလို့ မြင်ပါတယ်။ ဒီ ကိစ္စနဲ့ ပတ်သက်ပြီးတော့ မဟာယာနရဲ့ အမြင်လေးကိုလဲ ဖော်ပြ ဆွေးနွေးပေးပါဦး ကိုလင်းရေ။

ကိုလင်း။ ။ ဘဝသံသရာရဲ့အပြစ် အာဒီနဝကို မြင်ပုံမြင်နည်းချင်းကတော့ သိပ်မကွာလှပါဘူး ကိုမင်း။ မဟာယာနဗုဒ္ဓဘာသာရဲ့ ဘာဝနာ ကျမ်းတွေမှာလည်း ဘဝရဲ့ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းတဲ့ အခြေအနေတွေကို အသားပေးပြီး ဖော်ပြထားတာမျိုးတွေလည်း ရှိပါတယ်။ ဒါပေမဲ့ မဟာယာနဗုဒ္ဓဘာသာဟာ သဗ္ဗဓမ္မ သုညတာ အမြင်ကို လက်ခံတဲ့အတွက် သံသရာကို အဟုတ်ရှိ အမှန်ရှိနေတဲ့ သဘောတရားတစ်ခုအဖြစ် လက်ခံမထားပါဘူး။ ဘဝသံသရာ ကို အိပ်မက်လို တံလျှပ်လို မျက်လှည့်လို အတုအယောင်ဆောင် အရှိယောင်တရားအနေနဲ့ပဲ ဖော်ကျူးထားပါတယ်။

ကိုမင်း။ ။ ဟုတ်တယ် ကိုလင်း။ ပါဠိနိကာယ်စာပေတွေမှာလဲ ဖေဏပိဏ္ဍော်ပမသုတ္တန်ဆိုတာ ရှိတယ်။ ခန္ဓာ ၅ ပါး ကို ရေမြုပ် ငှက်ပျောတုံးမျက်လှည့် တံလျှပ် စသဖြင့် ဖော်ကျူးထားတာလည်း တွေ့ရပါတယ်။ မဟာယာနရဲ့ သဗ္ဗဓမ္မသုညတာအမြင်နဲ့ ထပ်တူပဲလို့ မြင်မိပါတယ်။

ကိုလင်း။ ။ ဒါထက်ပိုလို့ မဟာယာနအမြင်မှာ ဘဝသံသရာကို ပါရမီတရားတွေ ဖြည့်ကျင့်နိုင်တဲ့ နေရာအဖြစ် ဖော်ပြထားပါတယ်။ ဆင်းရဲဒုက္ခတွေဟာ အသုံးချတတ်သူအတွက်ဆိုရင် မိမိရဲ့ခန္ဓာတွေကို ပါရမီတရားတွေ ရင့်ကျက်ဖို့အတွက် အသွင်ပြောင်းအသုံးချလို့ ရနိုင်ပါတယ်။ မိမိကို နှိပ်စက်နေတဲ့ ရန်သူကိုတောင် မိမိရဲ့ ပါရမီရင့်ကျက်ဖို့အတွက် အသုံးဝင်တဲ့ မိတ်ဆွေအဖြစ် သဘောထားလို့ ရနိုင်ပါလိမ့်မယ်။

ကိုမင်း။ ။ ဒီသဘောမျိုးကို ထေရဝါဒ အပါဒါန်စာပေ ဗုဒ္ဓဝင်နဲ့ အဋ္ဌကထာကျမ်းတွေမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ အထူးသဖြင့် စရိယာပိဋကတ်မှာ ဘုရားလောင်းရဲ့ ပါရမီဖြည့်ပုံတွေကို ဖော်ပြထားပါတယ်။

ကိုလင်း။ ။ ဟုတ်ပါတယ်။ မဟာယာနဗုဒ္ဓဘာသာ ရှုထောင့်ကကြည့်ရင် ဒီစာပေတွေဟာ မဟာယာန စာပေတွေပါပဲ ကိုမင်းရေ။ ဝေနေယျသတ္တဝါအများရဲ့ အဆုံးစွန် အကျိုးစီးပွားအတွက် အနစ်နာခံ စွန့်လွှတ်မှုဟာ ဘယ်လိုနာမည်နဲ့ပဲ ခေါ်ခေါ် မဟာယာနဗုဒ္ဓဘာသာပါပဲလို့ ယူဆကြတယ်။

ကိုမင်း။ ။ ထေရဝါဒစာပေမှာ ထင်ရှားတဲ့ မြို့မိဆရာတော်ကြီး ရေးသားဖူးတာရှိတယ်ဗျ။ အတ္တကို ဖောက်ခွဲလျှင် ခန္ဓာကိုတွေ့ရမည်။ ခန္ဓာကို ဖောက်ခွဲလျှင် နိဗ္ဗာန်ကိုတွေ့ရမည်။ အတ္တ ခန္ဓာနှင့် နိဗ္ဗာန်တို့ သည် တစ်ခုမှတစ်ခု အစဉ်မကွဲမကွာသော တရားများ ဖြစ်ကြ လေ၏ တဲ့။ အရေးအသားက ဒီအတိုင်း အတိအကျ ဟုတ်ချင်မှ ဟုတ်မယ် ဒါပေမဲ့ ဆိုလိုချက်ကတော့ ဒီအတိုင်းပါပဲ။ ဒီအဆိုအမိန့်နဲ့ ပတ်သက်လို့ ကိုလင်း ဘယ်လိုယူဆပါသလဲဗျာ။

ကိုလင်း။ ။ ဒီလို ဆိုထားတယ်ဆိုရင်တော့ ဒီအဆိုအမိန့်ကို မဟာယာနဗုဒ္ဓဘာသာ ရှုထောင့်ကလည်း လက်ခံမှာ အမှန်ပါပဲ။ အရှင်နာဂဇုန

ရဲ့ အလိုမှာလည်း သံသရာနဲ့ နိဗ္ဗာန်ဟာ အမြဲထိစပ်နေတဲ့ သဘော တရားတွေအဖြစ် ဖော်ပြထားပါတယ်။ သံသရာရဲ့ အကန့်အသတ်ဟာ နိဗ္ဗာန်ရဲ့ အကန့်အသတ်ပါပဲလို့ ဆိုထားပါတယ်။ သံသရာရဲ့ အနှတ္တ သုညတ သဘောကို အဆုံးအထိ ထိုးထွင်းသိမြင်ခြင်းဟာ နိဗ္ဗာန်ကို ဆိုက်ရောက်ခြင်းပါပဲလို့ ဆိုပါတယ်။

ကိုမင်း။ ။ ဒါဆိုရင်တော့ ဒီအချက်က လုံးလုံးကွဲပြားခြားနားတဲ့ အမြင်တွေအဖြစ် မမြင်ဘဲ အသားပေး ဖော်ပြချက်တွေ မတူဘူးလို့သာ ဆိုရမှာပါ။ သံသရာအမြင်အကြောင်း ဆွေးနွေးပြီးပြီဆိုတော့ နိဗ္ဗာန်အပေါ် မြင်တဲ့အမြင်ကို ဆွေးနွေးပါဦး ကိုလင်း။

(၇) သတ္တမကွဲပြားခြားနားချက် (နိဗ္ဗာန်အမြင်)

ကိုလင်း။ ။ နိဗ္ဗာန်နဲ့ ပတ်သက်လို့ ပြောရရင်တော့ ဗုဒ္ဓဘာသာမှာ အငြင်းအပွားဆုံး အစိတ်အပိုင်းလို့ပဲ ဆိုချင်ပါတယ်။ အိန္ဒိယ ဒဿနပညာရှင် ဒေါက်တာ တီ အာရ် ဗီ မူရ်တိ က နိဗ္ဗာန်နဲ့ ပတ်သက်တဲ့ အယူအဆ အငြင်းပွားမှု သမိုင်းဟာ ဗုဒ္ဓဘာသာရဲ့ သမိုင်းပဲလို့တောင် ဆိုဖူးပါတယ်။ ဒီတော့ ထေရဝါဒနဲ့ မဟာယာနနှစ်ခုကြားထဲမှာ မပြောနဲ့၊ ဒီ ဂိုဏ်းအသီးသီးရဲ့ အတွင်းထဲမှာတောင် နိဗ္ဗာန်အယူအဆ အမျိုးမျိုး ရှိနိုင်ပါလိမ့်မယ်။ ဒီတော့ နိဗ္ဗာန်နဲ့ပတ်သက်တဲ့ ယေဘုယျအမြင်ကိုပဲ ဆွေးနွေးရင်တော့ ပိုပြီးသင့်တော်မယ်လို့ ထင်ပါတယ်။ ကိုမင်း နားလည်သလောက် ထေရဝါဒရဲ့ နိဗ္ဗာန်အယူအဆကို ရှင်းပြပေးပါလား။

ကိုမင်း။ ။ ကိုလင်းပြောတာကို ကျွန်တော် ထောက်ခံပါတယ်။ ထေရဝါဒထဲမှာတောင် နိဗ္ဗာန်အပေါ်မှာ ရှုမြင်ပုံ၊ လက်ခံပုံ အမျိုးမျိုး ရှိနိုင်ပါတယ်။ ဒီတော့ ကျွန်တော့်အနေနဲ့ အခြေခံအကျဆုံးနဲ့ အရိုးရှင်းဆုံး နိဗ္ဗာန်အယူအဆ တစ်နည်းပြောရရင် ထေရဝါဒီ အများစု လက်ခံထားတဲ့ ပင်မရေစီး နိဗ္ဗာန်အယူအဆကိုပဲ တင်ပြပါရစေ။ ထေရဝါဒ အလိုအရ ဘဝသံသရာရဲ့ မူလ အကြောင်းတရားတွေဟာ သစ္စာ (၄) ပါးကို မသိမှု အဝိဇ္ဇာနဲ့ တပ်မက်စွဲလမ်းမှု-တဏှာ ဥပါဒါန် တရားတွေပါပဲ။ ဒါတွေကို ကိလေသာပင်မ အရင်းအမြစ် အကြောင်းတရားတွေလို့ ဆိုနိုင်တယ်။ အကျယ်ချဲ့ရင်တော့ လောဘ

ဒေါသ မောဟ စတဲ့ ကိလေသဝဋ်ဒုတရားတွေ ဖြစ်ပါလိမ့်မယ်။ ဒီကိလေသာဝဋ်ကြောင့် သတ္တဝါတွေဟာ မိမိကြုံတွေ့ရတဲ့ အာရုံတွေအပေါ်မှာ ကုသိုလ် အကုသိုလ်ဆိုင်ရာ တုန့်ပြန်မှုတွေ ပြုကြတယ်။ ကောင်းမှု မကောင်းမှုဆိုတဲ့ ကမ္မဝဋ်ဒုတွေကို တည်ဆောက်ကြပါတယ်။ ဒီကမ္မဝဋ်ဒုတရားတွေရဲ့ ကမ္မသတ္တိအစွမ်းနဲ့ ဘဝသစ် ပဋိသန္ဓေ ဖြစ်စေပါတယ်။ ဒါကတော့ ကံရဲ့ အကျိုးဆက်ကို ရရှိတာမို့ ဝိပါကဝဋ်ပါပဲ။

ဒီ ဝဋ်သုံးပါး ကြောင်းကျိုးဆက်နွယ်ပြီး မရပ်နားစတမ်း တရစပ် လည်ပတ်နေတာဟာ ဘဝသံသရာရဲ့ ဒုက္ခသစ္စာပါ။ နိဗ္ဗာန်ဆိုတာကတော့ အဲဒီ ဝဋ်သုံးပါးရဲ့ ဒုက္ခသံသရာကို ဖြတ်တောက်နိုင်ခြင်း ရပ်တန့်နိုင်ခြင်းပါပဲ။ ဒီလို ဖြတ်တောက် ရပ်တန့်စေနိုင်တဲ့ အကြောင်းတရားကတော့ အင်္ဂါ ၈ ပါးရှိတဲ့ မဂ်အကျင့်လမ်းစဉ်ပဲ ဖြစ်တယ်။ မဂ်လမ်းရဲ့အစွမ်းနဲ့ ဘဝသံသရာရဲ့ မူလ အကြောင်းတရားတွေဖြစ်တဲ့ မသိမှု အဝိဇ္ဇာနဲ့ တပ်မက်စွဲလမ်းမှု-တဏှာဥပါဒါန်တွေ ရပ်တန့်ချုပ်ငြိမ်းရတဲ့အခါ မိမိပြုသမျှဟာ ကမ္မသတ္တိ မဖြစ်တော့ဘဲ ကြိယာသက်သက် ဖြစ်ရတော့တယ်။ ဘဝသစ်ကိုလည်း အကျိုးမပေးနိုင်တော့လို့ ဘဝသစ် ပဋိသန္ဓေဆိုတဲ့ ဝိပါကဝဋ်လည်း ရပ်တန့်ချုပ်ငြိမ်းပါတယ်။ ဒီလို ဝဋ်သုံးပါးစလုံး လည်ပတ်မှု ပြတ်တောက် ရပ်တန့်ချုပ်ငြိမ်းခြင်းဟာ နိဗ္ဗာန်ပါပဲလို့ ထေရဝါဒက လက်ခံထားပါတယ် ကိုလင်း။

ကိုလင်း။ ။ ဟုတ်ပါတယ် ကိုမင်း။ အဲဒီ နိဗ္ဗာန်အယူအဆကို မဟာယာနဗုဒ္ဓဘာသာမှာ သာဝကယာနနဲ့ ပစ္စေကယာနတွေရဲ့ ဆိုက်ရောက်အပ်တဲ့ နိဗ္ဗာန်အနေနဲ့ လက်ခံထားပါတယ်။ ဒါတွေနဲ့ မတူတဲ့ ဗောဓိသတ္တနိဗ္ဗာန် အယူအဆတစ်မျိုးလည်း ရှိနေတာကို တွေ့ရပါတယ်။ သာဝကယာနနဲ့ ပစ္စေကယာနတွေရဲ့ ဆိုက်ရောက်အပ်တဲ့ နိဗ္ဗာန်မှာ နောက်ဆုံးဘဝရဲ့ အကျိုးခန္ဓာ မပြတ်စဲခင်အချိန်အထိ ရဟန္တာပုဂ္ဂိုလ်ရဲ့ နာမကာယနဲ့ ထိတွေ့ခံစားနိုင်တဲ့ နိဗ္ဗာန်ကို ခန္ဓာအကြွင်းရှိသောနိဗ္ဗာန် (သဥပါဒိသေသနိဗ္ဗာန) လို့ လက်ခံပြီး နောက်ဆုံးဘဝရဲ့ အကျိုးခန္ဓာ ရပ်တန့်သေဆုံးသွားတဲ့ အခါ တစ်နည်းအားဖြင့် ပရိနိဗ္ဗာန်စံဝင်သွားတဲ့ အခြေအနေကိုတော့ ခန္ဓာအကြွင်း မရှိ

သောနိဗ္ဗာန် (အနုပါဒိ သေသနိဗ္ဗာန) ဆိုက်ရောက်တယ်လို့ ဆိုကြပါတယ်။ ဒီအချက်အထိတော့ ထေရဝါဒရော မဟာယာနပါ တူညီစွာ လက်ခံထားကြသလိုပဲ ဖြစ်ပါတယ်။

ကိုမင်း။ ။ ဒါဆိုရင် ဘာများထူးပါသလဲ ကိုလင်း။ ကျွန်တော် ကြားဖူးတာကတော့ မဟာယာနရဲ့ နိဗ္ဗာန်ဆိုတာ ကောင်းကင်ဘုံနန်းတစ်ခုလို သုခဘုံတစ်ခုလို ဖြစ်တယ်လို့ ဆိုတယ်။ ဒါကရော ဟုတ်မှန်ပါသလား ကိုလင်းရေ။

ကိုလင်း။ ။ မဟာယာနရဲ့ နိဗ္ဗာန်ဆိုတာ ကောင်းကင်ဘုံနန်းတစ်ခုလို ဟုတ်မဟုတ် ဆိုတာကိုတော့ ကျွန်တော့်ကျမ်းရဲ့ အခန်း (၈) သုဒ္ဓဘူမိဂိုဏ်း အကြောင်းမှာလည်း အကျယ်တဝင့် ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေရာမှာတော့ ဗောဓိသတ္တရဲ့ တည်မှီရာမဲ့နိဗ္ဗာန် (အပ္ပဋိဋ္ဌ နိဗ္ဗာန်) အကြောင်းကိုပဲ ပမာနထားပြီး ပြောပါရစေဗျာ။

ကိုမင်း။ ။ ဟုတ်ကဲ့ ကိုလင်း။ သိပါရစေ။

ကိုလင်း။ ။ မဟာယာနဗုဒ္ဓဘာသာ အလိုအရ သာဝကယာနနဲ့ ပစ္စေကယာနတွေရဲ့ ဆိုက်ရောက်အပ်တဲ့ နိဗ္ဗာန်ကို အဆုံးစွန်သော နိဗ္ဗာန်လို့ မယူဆပဲ ကြားစခန်း တစ်ခုလို့ ယူဆပါတယ်။ ဗောဓိသတ္တဟာ ဒီအဆင့်တွေကိုလဲ ဆိုက်ရောက်ဖြတ်သန်းလို့ ခရီးဆက်ရမယ်လို့ ဆိုပါတယ်။ ထေရဝါဒရဲ့ မဂ်ဖိုလ်လေးဆင့်ဟာ ဗောဓိသတ္တဘူမိ ဆယ်ဆင့်နဲ့ နှိုင်းယှဉ်လေ့လာမယ်ဆိုရင် ထေရဝါဒရဲ့ အမြင့်ဆုံး အရဟာတ္တမဂ်ကို ဆဋ္ဌမဘူမိအနေနဲ့ သတ်မှတ်ထားတာကို တွေ့ရပါတယ်။ ဒီအချက်ကတော့ ထေရဝါဒအမြင်နဲ့ အတော်လေး ကွာခြားနေလိမ့်မယ်လို ထင်ပါတယ် ကိုမင်း။

ကိုမင်း။ ။ အမှန်ပေါ့ ကိုလင်းရယ်။ ထေရဝါဒရဲ့ အမြင့်ဆုံး အရဟာတ္တမဂ် ဆိုတာ ယာနအားလုံး အဆုံးသတ်ရာ ပန်းတိုင်ပါပဲ။ သာဝကဖြစ်ဖြစ် ပစ္စေကဗုဒ္ဓဖြစ်ဖြစ် သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ဖြစ် နောက်ဆုံးတော့ ဒီနေရာကို ဆိုက်ရောက်လို့ ဘဝသံသရာ ချုပ်ငြိမ်းရတာပါပဲ။ အားလုံးဆိုက်ရောက်ရတဲ့ နိဗ္ဗာန်သစ္စာဟာ အတူတူပဲလို့ ယူဆပါတယ်။ သဗ္ဗညုတဉာဏ်တော် စတာတွေကတော့ ပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ ထူးခြားတဲ့ ပါရမီ ဖြည့်ဆည်းမှု အတိုင်းအတာတွေကို မူတည်ပြီး ကွဲပြားကြရတာဖြစ်ပါတယ်။ အနှစ်သာရအားဖြင့်တော့ အတူတူချည်းပါပဲ။

ကိုလင်း။ ။ ဟုတ်တယ်ဗျ။ ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းတွေမှာတော့ ဒီအချက်က အခုလောက် မထင်ရှားသေးပါဘူး။ သဒ္ဓမ္မပုဏ္ဏရိကာ သုတ္တန်လို မဟာယာနသုတ္တန်တွေ ပေါ်ထွန်းလာတဲ့အခါမှာ ဧကယာန အယူအဆကို လက်ခံလာကြပြီး ယာနသုံးခုကို သီးခြားလမ်းတွေအဖြစ် မရှုမြင်တော့ဘဲ အဆင့်ဆင့်မြင့်တက်ရမဲ့ အဆင့်အလွှာတွေအဖြစ် မြင်လာကြပါတယ်။ ဗောဓိသတ္တဟာ ဝေနေယျသတ္တဝါအားလုံးကို ကယ်တင်မယ်ဆိုတဲ့ ရည်စူးချက်ကြောင့် အောက်အဆင့်ယာနတွေနဲ့ ရုပ်တန့်လို့ မရနိုင်ဘူးလို့ ဆိုပါတယ်။ လိုအပ်နေတဲ့ ပါရမီသမ္ဘာရတရားတွေကို ဆက်လက်ဆည်းပူးဖြည့်ကျင့်ပြီး ဘူမိ ၁၀ ပါး၏ အဆုံး ဓမ္မမေဃဘူမိကိုရောက်တဲ့အထိ အားထုတ်လို့ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ကို ရောက်ရတယ်လို့ ဆိုတယ်။ မိမိရဲ့ တစ်ဦးတည်းချုပ်ငြိမ်းမှုကို ငြင်းပယ်လို့ ဝေနေယျတွေ အကျိုးအတွက် ဆက်လက် တည်ရှိနေတဲ့ သမ္မာသမ္ဗုဒ္ဓကို ဗောဓိသတ္တလို့ ခေါ်ဆိုပြန်တယ်။ ဒါကြောင့် မဟာယာန ဗုဒ္ဓဘာသာမှာရှိတဲ့ ဗောဓိသတ္တတွေဟာ သမ္မာသမ္ဗုဒ္ဓဘုရားတွေ အလားပါပဲ။

ကိုမင်း။ ။ နည်းနည်းတော့ စဉ်းစားစရာ ဖြစ်တယ် ကိုလင်းရေ။ ကိလေသာကုန်တဲ့ ဗောဓိသတ္တတွေဟာ ဘဝမချုပ်ငြိမ်းဘူးလား။ အနုပါဒိသေသနိဗ္ဗာန်ကို စံဝင်တော်မမူကြဘူးလားဗျာ။

ကိုလင်း။ ။ သူတို့ဟာ ကိလေသာရန်သူတွေကို အောင်နိုင်ပြီးဖြစ်လို့ သံသရာထဲမှာလဲ မရှိတော့ပါဘူး။ တစ်နည်းအားဖြင့်ဆိုရရင် ကိလေသာ-ကံ-ဝိပါက် ဝဋ်သုံးပါးလည်ပတ်နေတဲ့ စက်ဝန်းထဲက ထွက်မြောက်ပြီးသူတွေ ဖြစ်ကြလို့ သံသရာရဲ့ လွန်မြောက်ရာကို ရောက်ရှိနေပါပြီ။ ဒါပေမဲ့လည်း သူတို့ရဲ့ မဟာကရုဏာတော်အစွမ်း ဗောဓိစိတ္တ အဓိဋ္ဌာန်အစွမ်းတွေအားဖြင့်လည်း သူတို့ဟာ အနုပါဒိသေသနိဗ္ဗာန်ကို စံဝင်တော်မမူကြပါဘူး။ ဒီတော့ မဟာယာန ဗောဓိသတ္တတွေရဲ့ အနေအထားဟာ ပိုင်းဖြတ်ရ ခက်တဲ့ အနေအထားကိုရောက်ရှိနေတယ်။ သံသရာမှာလည်း မနေ၊ နိဗ္ဗာန်မှာလည်း မသေဆိုတဲ့ အခြေအနေကြောင့် ဒီအချင်းအရာကို တည်မှီနေရာမရှိတဲ့ နိဗ္ဗာန် (အပွင့်ဒီတနိဗ္ဗာန) လို့ အထူးဝိသေသပြုလို့ သတ်မှတ်ခေါ်ဆိုကြပါတယ်။

ကိုမင်း။ ။ ဒါဟာ ထေရဝါဒ အာဘိဓမ္မာအလို စိတ္တာနိယာမအရတော့ မဖြစ်နိုင်ဘူးလို့ ဆိုချင်တယ်ဗျ။ ကိလေသာကုန်ရင် အလိုအလျောက် ကံသစ်ကုန်တာပဲ။ ကံသစ်ကုန်ရင် အလိုအလျောက် ဘဝသစ်ချုပ်ငြိမ်းရတာပါပဲ။ ဒါက နိယာတရားပဲ မဟုတ်လား ကိုလင်း။

ကိုလင်း။ ။ ဒီ နိယာမတရားတွေဟာ ဓမ္မကာယရဲ့ ဖော်ဆောင်ချက်တွေ ဆိုတာကိုလည်း မမေ့နဲ့ဦး ကိုမင်းရေ။ ဗောဓိသတ္တဟာ ဓမ္မကာယကို ဆိုက်ရောက်ခဲ့ပြီမို့ သူ့ မဟာကရုဏာတရားရဲ့ အစွမ်းအတိုင်း အလိုပြီးပါတယ်။ လိုအပ်တဲ့ အချိန်၊ လိုအပ်တဲ့ နေရာတိုင်းမှာ မာယာဝိရူပလို့ ခေါ်တဲ့ စိတ်ဖန်ရုပ်သွင် ရူပကာယနဲ့ ဈာန်သန်ပြီး သတ္တဝါတွေအကျိုးကို ဆောင်ကြဉ်းနိုင်တယ်လို့ ယူဆကြပါတယ်။

ကိုမင်း။ ။ ရှိစေတော့လေ။ ကျွန်တော်အဖို့တော့ လက်ခံဖို့ခက်ခဲတဲ့ အယူအဆပါ။ ထေရဝါဒရဲ့ သင်ကြားချက်အရ ဘဝရဲ့ အသွင်တစ်ခုခု ရှိနေသေးတယ်ဆိုရင် ဒါလဲ ဒုက္ခနယ်ပယ်ထဲက မလွတ်သေးဘူးလို့ ကျွန်တော်တို့ ယူဆထားလို့ပါပဲ ဗျာ။

ကိုလင်း။ ။ ဟုတ်ပါပြီ။ လက်ခံ မခံက ကိုမင်းသဘောပါဗျာ။ မတူညီချက်ကို လင်းပြရတာပါပဲ။ မဟာယာန ဗုဒ္ဓဘာသာမှာ သံသရာနဲ့ နိဗ္ဗာန်ဟာ နောက်ဆုံး သဗ္ဗဓမ္မသုညတာပဲ ဆိုတာကို လက်ခံရင် ဒီအမြင်ကို လက်ခံဖို့ မဝေးတော့ပါဘူး။ ဗောဓိသတ္တဟာ သံသရာထဲမှာ နေပေမဲ့ သံသရာကို မစွဲလမ်းဘဲ လွတ်မြောက်နေသူ နိဗ္ဗာနမာတ်ရဲ့ ပြယုဂ်သာ ဖြစ်ပါတယ် ကိုမင်း။

ကိုမင်း။ ။ ကောင်းပြီဗျာ။ နိဗ္ဗာန်အကြောင်းတော့ တော်လောက်ပါပြီ။ နောက်ထပ် ခြားနားချက်ကို ဆက်ပါဦး။

(၈) အဋ္ဌမကွဲပြားခြားနားချက် (စိတ်အရှိုတရား အမြင်)

ကိုလင်း။ ။ ဟုတ်ကဲ့ ကိုမင်း။ နိဗ္ဗာန်နဲ့ ဆက်စပ်နေတဲ့ အကြောင်းကတော့ စိတ်နဲ့ ပတ်သက်တဲ့ အကြောင်းပဲလို့ ထင်ပါတယ်။ စိတ်အရှိုတရား အပေါ်မှာ ထေရဝါဒနဲ့ မဟာယာန ရှုမြင်သုံးသပ်ပုံလေးတွေ နည်းနည်း ကွဲပြားပုံလေးတွေ လေ့လာကြည့်ကြရအောင်လား ဗျာ။

ကိုမင်း။ ။ ကောင်းတယ် ကိုလင်း။ စိတ်ကို နားလည်မှုလည်း ကျန်တဲ့ ဓမ္မ

တရားတွေကို နားလည်မှာပါ။ စိတ်သည် လောကကို ဆောင်အပ်၏ အခြားတစ်ပါးသော တရားများသည် စိတ်၏ ဦးဆောင်ရာ နောက်သို့သာ အစဉ်လိုက်ပါကြရကုန်၏ဆိုတဲ့ ဗုဒ္ဓဝစနလည်း ရှိပေတယ် မဟုတ်ပါလား ဗျာ။

ကိုလင်း။ ။ ပထမဦးဆုံး ကိုမင်းပဲ ထေရဝါဒရဲ့ စိတ်ပိုင်းအမြင်ကို ရှင်းပြပါလား ဗျာ။

ကိုမင်း။ ။ ထေရဝါဒ အာဘိဓမ္မာရဲ့ စိတ်ပိုင်းအမြင်ကတော့ ရိုးရှင်းပါတယ်။ စိတ် ဟာ တစ်ပြိုင်နက်တည်း နှစ်ခုမဖြစ်ဘူး။ အာရုံမရှိပဲလည်း စိတ်မဖြစ်ဘူး။ စိတ်ဖြစ်တိုင်း ဖြစ်တိုင်းလည်း ဆိုင်ရာ စေတသိက် တရားတွေက အမြဲအတူယှဉ်တွဲပြီး ဖြစ်ရတယ်။ စိတ် အမျိုး အစားပေါင်း အကြမ်းအားဖြင့် ၈၉မျိုး ရှိပြီးတော့ ဗျာန်စိတ်နဲ့ ယှဉ်တဲ့ လောကုတ္တရာ မဂ်ဖိုလ်တွေကို ပေါင်းထည့်လိုက်ရင် စိတ် အမျိုးအစားပေါင်း ၁၂၁ မျိုးရှိတယ်လို့ ဆိုပါတယ်။ စိတ်နဲ့ အမြဲ ယှဉ်တဲ့ သဗ္ဗသာဓာရဏစေတသိက်တွေလည်း (၇) ပါးရှိတယ် စသည်ဖြင့်ပေါ့။ ဒါတွေက အခြေခံ အာဘိဓမ္မာသင်ရိုးတတ်တဲ့သူ တိုင်း အလွယ်တကူသိတဲ့ အကြောင်းအရာတွေပါ။

ကိုလင်း။ ။ စိတ်ရဲ့ အလွှာအဆင့်တွေကိုရော ဘယ်လိုခွဲပါသလဲ ဗျ။

ကိုမင်း။ ။ ကျက်စားတဲ့ အာရုံပေါ်ကိုလိုက်ပြီးတော့ ကာမစိတ် ရူပစိတ် အရူပစိတ် လောကုတ္တရာစိတ် ဆိုပြီးတော့ လေးလွှာလေးဆင့်ခွဲတယ် ဗျ။ ဒီလိုပဲ ဝီထိစိတ်နဲ့ ဘဝင်စိတ်ဆိုပြီး နှစ်လွှာ ခွဲပြန်ပါတယ်။ ပထမ စိတ်အလွှာ လေးခုဟာ ဝီထိစိတ်တွေ ပါပဲ။ အာရုံတစ်ခုက လာရောက်ရိုက်ခတ်တဲ့အခါ ဖြစ်ပေါ်လာတဲ့ တုန်ခါမှု ဝီထိလှိုင်းတွေ အနေနဲ့ အဆင့်ဆင့်ဖြစ်ပေါ်ပုံကို စိတ္တက္ခဏ ၁၇ ချက် နဲ့ အနုစိတ် ရှင်းပြပါတယ် ကိုလင်း။

ကိုလင်း။ ။ ဟုတ်တယ်ဗျ။ ဒီလိုရှင်းပြချက်ကတော့ ထေရဝါဒ အာဘိဓမ္မာစနစ်ရဲ့ အားသာချက်ပါပဲ။ ဒါနဲ့ ဘဝင်စိတ်ကိုရော ဘယ်လို သတ်မှတ်ပါသလဲ ကိုမင်းရေ။

ကိုမင်း။ ။ ဘဝင် ဆိုတာ ဘဝင်္ဂ် (ဘဝ+အင်္ဂ်) ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ ပါဠိသက်ဝေါဟာရပါ။ ဘဝရဲ့ မရှိမဖြစ်တဲ့ အစိတ်အပိုင်းလို့ ဆိုလိုချင်တာပါပဲ။ ဘဝင်စိတ်ဟာ အိမ်ရှင်စိတ်ဖြစ်ပြီးတော့ ဝီထိ

စိတ်တွေဟာ ဧည့်သည် စိတ်တွေ ဖြစ်ပါတယ်။ ပြင်ပက တိုက်ခတ်တဲ့ အာရုံမရှိရင် သတ္တဝါဟာ ဘဝင်ကျနေပါတယ်။ အာရုံသိမှု တစ်ခုနဲ့ တစ်ခုကြားမှာ ဝီထိတစ်ခုနဲ့ တစ်ခု အကြားမှာ ဘဝင်စိတ် အခိုက်လေးတွေ ကြားခံနေပါတယ်။ အဲဒီဘဝင်ဟာ ပဋိသန္ဓေကိစ္စနဲ့ စုတိကိစ္စလို့ခေါ်တဲ့ မွေးခြင်း သေခြင်း လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ရပါသေးတယ်။ ဒီ အခိုက်အတန့်တွေမလဲ ဘဝင်စိတ်က အာရုံပြုတဲ့အရာဟာ အတူတူပဲ လို့ဆိုပါတယ်။ ဘဝင်စိတ်ရဲ့ ထူးခြားချက်က သတ္တဝါတစ်ဦးရဲ့ သန္တာန်မှာ နိဗ္ဗာန်စံဝင်တဲ့အချိန် အထိ အပြတ်အတောက်မရှိဘဲ စီးဆင်းနေတဲ့သဘောပါပဲ။

ကိုလင်း။ ။ အဲဒီ ဘဝင်စိတ်အယူအဆဟာ ထေရဝါဒ အဘိဓမ္မာမှာ အေဒီ ၁၂ စု မှာ သီဟိုဠ်မှာ ရှင်အနုရုဒ္ဓါမထေရ် ရေးသားတဲ့ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ စတင်တွေ့ရှိရတယ်လို့ စာပေပညာရှင်တွေက ယူဆကြတယ်ဗျ။ ဒီထက်စောတဲ့ အထောက်အထားများ ကိုမင်း သိထားရင်လည်း မျှဝေပါဦး။ ပါဠိပိဋကတ်မှာတော့ အနုသယကိလေသာနဲ့ပတ်သက်တဲ့ အယူအဆတွေကို ဘီစီ ၃ ရာစုက ထွက်ပေါ်ခဲ့တဲ့ ကထာဝတ္ထုကျမ်းမှာ တွေ့ရတယ်လို့လဲ ဆိုပါတယ်။ စိတ်ဝင်စားစရာ ကောင်းတာက ဒီလို ဘဝင်စိတ်နဲ့ တူညီတဲ့ အာလယဝိညာဏ အယူအဆကို အေဒီ ၄ ရာစုမှာ ပေါ်ပေါက်ခဲ့တဲ့ ယောဂါစာရဒဿနအမြင်မှာ စတင် တွေ့မြင်ရတာပဲဖြစ်တယ်။

ကိုမင်း။ ။ ရှင်အနုရုဒ္ဓါမထေရ်ဟာ ယောဂါစာရဒဿနရဲ့ လွှမ်းမိုးမှုကိုခံခဲ့ရတယ်လို့ ကိုလင်းက ဆိုလိုချင်တာလား။

ကိုလင်း။ ။ တိုက်ရိုက်လွှမ်းမိုးတဲ့ အထောက်အထားမရှိပေမဲ့ နာလန္ဒာတက္ကသိုလ်လို ဗုဒ္ဓဘာသာတက္ကသိုလ်ကြီးတွေ ကြီးပွားတိုးတက်တဲ့ ကာလတွေမှာ အဲဒီ အာလယဝိညာဏ အယူအဆဟာ အိန္ဒိယပြည်မှာ အတော်လေးကို ပျံ့နှံ့နေလောက်ပြီလို့ ယူဆပါတယ်။ ဒါကြောင့် ရှင်အနုရုဒ္ဓါမထေရ်ဟာ ယောဂါစာရ ဒဿနရဲ့ လွှမ်းမိုးမှုကို ခံခဲ့ရတယ် ဆိုတာဟာလည်း လုံးလုံးမဖြစ်နိုင်တဲ့ ကိစ္စမျိုးတော့ မဟုတ်ပေဘူးပေါ့ ကိုမင်းရေ။

ကိုမင်း။ ။ ဒီကိစ္စ ထားလိုက်ပါတော့ ကိုလင်း။ အာလယဝိညာဏ်နဲ့ ယောဂါစာရဒဿန အကြောင်းပဲ ဆက်ပါဦး။

ကိုလင်း။ ။ ယောဂါစာရဒဿနနဲ့ ပတ်သက်လို့ ကျွန်တော့်ကျမ်းရဲ့ အခန်း (၄) မှာ ရေးသားထားတာ ကိုမင်းလည်း ဖတ်ပြီးလောက်ပြီလို့ ထင်ပါတယ်။ အဓိက ကျွန်တော်ပြောချင်တာကတော့ ယောဂါစာရဒဿနမှာ စိတ်ကို အလွှာ အဆင့် ၃ ဆင့် ခွဲပြီး ပြောထားတယ်ဆိုတာပါပဲ။ အကြမ်းစား စိတ်အလွှာ အနုစားစိတ်အလွှာနဲ့ အနုံးညံ့ အသိမ်မွေ့ဆုံး စိတ်အလွှာတွေပါပဲ။ အကြမ်းစားစိတ်အလွှာမှာတော့ ဝီထိစိတ်လို စိတ်မျိုးတွေ ပါဝင်တယ်။ အနုစားစိတ်အလွှာကတော့ ကိလိဋ္ဌမန သို့မဟုတ် သံကိလိဋ္ဌဝိညာဏ်လို့ ခေါ်တဲ့ ကိလေသာတွေနဲ့ ဖွဲ့စည်းထားတဲ့ စိတ်အလွှာပါပဲ။

ကိုမင်း။ ။ ဒါဆိုရင် အနုဆုံးအလွှာ က အာလယဝိညာဏ် ဖြစ်မှာပေါ့ ကိုလင်း။

ကိုလင်း။ ။ ဟုတ်ပါတယ်။ အာလယဝိညာဏ်ဟာ အာသဝတရားတွေ ကမ္မမျိုးစေ့တွေ ကိန်းဝပ်နေသလို ပါရမီ သမ္ဘာရတရားတွေလည်း ကိန်းဝပ်နေတဲ့ စိတ်အလွှာ ဖြစ်ပါတယ်။ ဒီအလွှာဟာ အညစ်အကြေးတွေနဲ့ ရောယှက်နေတဲ့အခါမှာ အာလယဝိညာဏ်လို့ ခေါ်ပေမဲ့ ဘာဝနာမဂ်ကြောင့် စိတ်ရဲ့ အနက်ရှိုင်းဆုံး အလွှာမှာ ပြောင်းလဲမှု ပရဝိထိ ဖြစ်တဲ့အခါမှာ အာသဝတရားတွေ ကမ္မမျိုးစေ့တွေကနေ စင်ကြယ်သွားတယ်။ ဒီလိုစင်ကြယ်သွားတဲ့ လွတ်မြောက်သွားတဲ့ အာလယဝိညာဏ်ကို အာလယ ဝိညာဏ်လို့ မခေါ်တော့ဘဲ အညစ်အကြေးမရှိတော့တဲ့ သန့်စင်သော ဝိညာဏ် (အမလ ဝိညာဏ) လို့ ပြောင်းလဲခေါ်ဝေါ်နိုင်ပါတယ်။

ကိုမင်း။ ။ အမလဝိညာဏ် ဆိုတာ ပကတိစိတ်သဘာဝလို့ ဆိုချင်တာလား ကိုလင်း။

ကိုလင်း။ ။ ဟုတ်ပါတယ်။ ယောဂါစာရဒဿနအမြင်မှာ အမလဝိညာဏ်ဟာ ဆုပ်ကိုင်သူ-အဆုပ်ကိုင်ခံအရာ ဆိုတဲ့ ဒွန္ဒသဘာဝတွေ မရှိတော့တဲ့အတွက် အာသဝတရားတွေ ကမ္မမျိုးစေ့တွေလည်း မတည်နိုင်တော့ပါဘူး။ သန့်ရှင်းစင်ကြယ် လွတ်မြောက်သွားတဲ့ စိတ်ဟာ တည်ရာမှီရာ ဘုံဘဝခန္ဓာတွေလည်း မလိုအပ်တော့ဘဲ မိမိရဲ့ သန့်ရှင်းသုခနဲ့ တစ်သားတည်းဖြစ်နေပါတော့တယ်။

ကိုမင်း။ ။ ထေရဝါဒ ရှုထောင့်ကကြည့်ရင်တော့ အမလဝိညာဏ ဆိုတာဟာ ဟိန္ဒူဒဿနရဲ့ အာတ္မာန်(Atman) ဆိုတာနဲ့ ဆင်ဆင်တူသလို

ဖြစ်နေလို့ လက်ခံမယ် မထင်ဘူးဗျ။ ထေရဝါဒမှာ စိတ်ဆိုတာလည်း ဘယ်စိတ်ပဲဖြစ်ဖြစ် အကြောင်း အထောက်အပံ့တရားနဲ့ ကင်းပြီး မဖြစ်နိုင်လို့ တစ်ချိန်မှာ ရုပ်တန့်ချုပ်ငြိမ်းရတာပါပဲ။ အာသဝတရား တွေ ကမ္မမျိုးစေ့တွေ မရှိတော့တဲ့ စိတ်သဘာဝဟာ တည်မှီရာ ရုပ်ခန္ဓာ ချုပ်ငြိမ်းတာနဲ့ အတူ သူလည်း ချုပ်ငြိမ်းရတာပါပဲ။ ဘာမှ မကျန်ရစ်တော့လို့ အနုပါဒိသေသ နိဗ္ဗာန်လို့ ခေါ်တာပဲ ဖြစ်တယ်။ ဆီမီးတောက်ဟာ လောင်စာဆီကုန်တဲ့အခါ ငြိမ်းချုပ်ရသလိုမျိုးလို့ ရှုပက အလင်္ကာနဲ့ တင်စားဖော်ပြကြပါတယ်။

ကိုလင်း။ ။ ဟုတ်ပါတယ်။ ဒီအချက်ကတော့ အဓိကခြားနားချက် ဖြစ်နိုင်ပါတယ်။ မဟာယာနဗုဒ္ဓဘာသာရဲ့ အမြင်မှာ စိတ်သဘာဝဟာ အစမရှိတဲ့ ဖြစ်စဉ်မို့ အဆုံးလဲ မရှိနိုင်ဘူးလို့ ယူဆကြတယ်။ သံသရာဟာ အစမရှိဘူး အဆုံးတော့ ရှိတယ်။ နိဗ္ဗာန်ဟာ အစရှိပေမဲ့ အဆုံးမရှိဘူး။ စိတ်သဘာဝဆိုတာကတော့ သံသရာနဲ့ နိဗ္ဗာန်တို့ရဲ့ အခြေခံပြုအရှိတရားဖြစ်လို့ တစ်နှည်းအားဖြင့် နိဗ္ဗာန်နဲ့ သံသရာတွေဟာ စိတ်သဘာဝရဲ့ ဆန့်ကျင်ဘက်အသွင်အပြင် အချင်းအရာတွေ ဖြစ်လို့ စိတ်သဘာဝဟာ အစမရှိ အဆုံးမရှိ အနာဒိ အနန္တဖြစ်တဲ့ ဓမ္မတရားလို့ အာသဝတရားတွေ ကမ္မမျိုးစေ့တွေကို အဆုံးသတ်လို့ ရပေမဲ့ စိတ်သဘာဝ ကတော့ အဆုံးမရှိဘူးလို့ ဆိုပါတယ်။

ကိုမင်း။ ။ စိတ်သဘာဝဟာ အစမရှိ အဆုံးမရှိဆိုတော့ ထာဝရတရား တစ်ခု ဖြစ်နေမှာပေါ့။ အာတ္မာန်နဲ့ တူနေမှာပေါ့ ကိုလင်း။

ကိုလင်း။ ။ အမလဝိညာဏ်မှာ အာတ္မာန်နဲ့ မတူတဲ့ အချက် နှစ်ချက် ရှိပါတယ်။ ပထမအချက်ကတော့ အာတ္မာန်ဟာ လောကမာယာရဲ့ အခြေခံတည်မှီရာ အရှိတရား ဖြစ်ပေမဲ့ အမလဝိညာဏ်က အတွင်းအနှစ်သားဆိတ်သုဉ်းတဲ့ သုညတာသဘောပဲဖြစ်တယ်။ သုညတာဖြစ်လို့လဲ အမလဝိညာဏ်ဟာ ဆုပ်ကိုင်သူ-အဆုပ်ကိုင်ခံအရာ ဆိုတဲ့ ဒွန္ဒသဘာဝတွေကနေကင်းဆိတ်နေတဲ့ အရှိတရားဖြစ်နေတာ ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အာတ္မာန်ဟာ အားလုံးအကြုံးဝင်လွှမ်းခြုံနေတဲ့ ယေဘုယျ အရှိတရား ဖြစ်ပေမဲ့ အမလဝိညာဏ်ကတော့ သီးခြားဝိသေသ သဘောတစ်ခုပဲဖြစ်တယ်။ ဆိုင်

ရာ သတ္တဝါနဲ့ပဲ သီးသန့်သက်ဆိုင်တဲ့ အခြင်းအရာ ဖြစ်ပါတယ်။ ကိုယ့်နိဗ္ဗာန်နဲ့ကိုယ်လို့ အချို့မြန်မာ ဆရာတော်တွေ မိန့်သလို သဘောတရားမျိုးနဲ့ ဆင်တူမယ်လို့ တွေးမိပါတယ် ကိုမင်း။

ကိုမင်း။ ။ ဟုတ်ကဲ့ ရှင်းပါတယ် ကိုလင်း။ နောက်ထပ် နှိုင်းယှဉ်ချက်တစ်ခု ပြောပါဦး။

(၉) နဝမကွဲပြားခြားနားချက် (ဆရာဂုရုဆိုင်ရာ အပြင်)

ကိုလင်း။ ။ နောက်တစ်ချက်ပြောလိုတာကတော့ ဆရာဂုရုရဲ့ အခန်းကဏ္ဍနဲ့ ဆိုင်တယ်ဗျ။ ထေရဝါဒနဲ့ မဟာယာန ဗုဒ္ဓဘာသာတွေမှာ ဆရာဂုရု အပေါ် ခံယူပုံနဲ့ ရှုမြင်ပုံတွေ မတူညီကြတာကို တွေ့ရပါတယ်။

ကိုမင်း။ ။ အဲဒါတော့ ဟုတ်တယ်။ ကိုလင်း ပြန်ဆိုရေးသားခဲ့တဲ့ တိဗက်ဘဝ နှင့်မရဏာဓမ္မ အလင်းပြကျမ်းကိုလည်း ကျွန်တော် ဖတ်ပြီးပါပြီ။ တိဗက်ဗုဒ္ဓဘာသာမှာ ဆရာဂုရုရဲ့ အခန်းကဏ္ဍက ဘယ်လောက် အရေးပါတယ်ဆိုတာနဲ့ ဂုရုယောဂအကြောင်းတွေ ဖတ်ခဲ့ရပါတယ်။ တပည့်ဖြစ်သူဟာ မိမိရဲ့ ပကတိ စိတ်သဘာဝကို ဆရာအရှင်ရဲ့ စိတ်သဘာဝနဲ့ တစ်သားတည်းဖြစ်အောင် ပေါင်းစည်းကျင့်ယူရတဲ့ ဂုရုယောဂ ကျင့်စဉ်တွေကို ဖတ်ခဲ့ရပါတယ် ကိုလင်း။

ကိုလင်း။ ။ ဟုတ်ပါတယ် ကိုမင်း။ အထူးသဖြင့် တိဗက်မဟာယာနမှာ ဆရာဂုရုရဲ့ အခန်းကဏ္ဍက အတော်လေးကို အရေးကြီးပါတယ်။ ဆရာအရှင်တစ်ယောက်ကို မရွေးချယ်ခင်မှာ စစ်ဆေးရမဲ့အချက်တွေကိုလည်း အသေးစိတ် သင်ကြားချက်တွေ ရှိပါတယ်။ ဆရာဂုရုဟာ တပည့်သာဝကကို ဓမ္မလမ်းခရီးကို ညွှန်ပြရုံတင်မဟုတ်ဘဲ အဆင့်တိုင်းမှာ အနီးကပ် အသေးစိတ် ကူညီစောင့်ရှောက်ပေးတဲ့ သဘာဝ ရှိပါတယ်။ တပည့်ကလည်း မိမိ ကိုယ်စိတ်နှစ်ပါးစလုံးကို ဆရာအရှင်ထံမှာ လုံးဝပုံပေးအပ်နှံလို့ ဆရာရဲ့ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရပါတယ်။ ဆရာအရှင်ကို ရှင်တော်ဗုဒ္ဓ ကိုယ်တော်တိုင်ကဲ့သို့ သဘောထားပြီး အလေးအမြတ် ဆည်းကပ်ပူဇော်ရပါတယ်။ ကွဲပြားချက်အနေနဲ့ကတော့ ထေရဝါဒမှာ ဆရာအရှင်ထက် မိမိကိုယ်ကို ပိုလို့ အားကိုးစေချင်ပုံ ရပါတယ်။ အတ္တာဟိ အတ္တာနော နာထောဆိုတဲ့ သင်ကြားချက်မျိုးတွေဟာ ဒီအချက်ကို မီးမောင်းထိုးပြနေပါတယ်။

ကိုမင်း။ ။ ဒါတင်မကသေးဘူးဗျ။ မဟာပရိနိဗ္ဗာန်သုတ်မှာ ဗုဒ္ဓက သူမရှိတော့တဲ့အခါ ဟောကြားထားခဲ့တဲ့ သုတ်ဝိနည်း တရားဓမ္မတွေဟာ သူ့ကိုယ်စားဆရာအဖြစ် ဆက်လက်တည်ရှိနေမယ်လို့ ရှင်အာနန္ဒာကို မှာကြားတော်မူခဲ့တာကို ထောက်ရင် ဆရာဂုရု ကိုးကွယ်မှုထက် ပရိယတ္တိစာပေ အစုအဝေးကိုပဲ ဘုရားရှင်ကိုယ်စား ဆရာသမားအဖြစ် တန်ဖိုးထား လေးစားလိုက်နာကြဖို့ ညွှန်ပြတော်မူခဲ့တယ် မဟုတ်လား။

ကိုလင်း။ ။ ဒါပေမဲ့လည်း ပါဠိပိဋကတ်ထဲမှာကိုပဲ ကလျာဏမိတ္တ (မိတ်ဆွေကောင်း) နဲ့တူတဲ့ ဆရာနဲ့ ဆုံတွေ့ရတာ အကျိုးစီးပွားအလုံးစုံပြီးမြောက်တယ်လို့ ဗုဒ္ဓက အရှင်အာနန္ဒာကို ဟောတော်မူတာလည်း ရှိပါတယ်။ နောက်တစ်ခုက ပထမမဟာနာမသုတ်လို့ ထင်ပါတယ် ရှင်တော်ဗုဒ္ဓရဲ့ ဂုဏ်ကျေးဇူးတော်တွေကို ရိုသေမြတ်နိုးကြည်ညိုကိုးစားခြင်းရဲ့ လောကီလောကုတ် အကျိုးတွေကို ဟောတော်မူထားတာတွေ ဖတ်ဖူးပါတယ် ကိုမင်း။

ကိုမင်း။ ။ ဒါတွေ ရှိတာကို လက်ခံပါတယ်။ ဒါပေမဲ့ ယေဘုယျ ထေရဝါဒရပ်တည်ချက်ကတော့ မိမိကိုယ်ကို မိမိ ကယ်တင်ရမယ်ဆိုတဲ့အမြင် ဆရာဆိုတာ လမ်းကို ညွှန်ပြရုံပဲ ညွှန်ပြနိုင်မယ်ဆိုတဲ့အမြင်တွေပါပဲ။

ကိုလင်း။ ။ မဟာယာနဗုဒ္ဓဘာသာမှာတော့ ဆရာဂုရုဆိုတာ ကျယ်ပြန့်နက်ရှိုင်းလွန်းတဲ့ ဓမ္မအစဉ်အလာ တစ်ခုလုံးကို ကိုယ်စားပြုထားသူဖြစ်တယ်။ ပွင့်ပြီးပွင့်ဆဲဘုရားတွေ ဗောဓိသတ္တာအရှင်တွေ စျာန်ဗုဒ္ဓတွေ၊ ဒေဝတာတွေ၊ ဒါကိနီတွေ အားလုံးနဲ့ ဆက်သွယ်ဖို့အတွက် တစ်ခုတည်းသော ဂိတ်တံခါးပေါက် ဖြစ်တယ်လို့ ယူဆတဲ့အတွက် ဆရာ-တပည့် ဆက်ဆံရေးဟာ ထေရဝါဒထက် ပိုလို့ အရင်းကျနီးကပ်တဲ့ ဆက်ဆံရေးမျိုး ဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။ ဆရာအရှင် ညွှန်ကြားသမျှကို ဦးလည်မသုန် လိုက်နာဆောင်ရွက်ဖို့လည်း လိုအပ်တယ်လို့ ဆိုပါတယ်။ လွတ်မြောက်ခြင်းနဲ့ အမြင့်ဆုံး ဗောဓိဉာဏ်ကို ဆရာဂုရုထံက တစ်ဆင့် မဟုတ်ရင် ဘယ်နည်းနဲ့မှ မရောက်နိုင်ဘူးလို့ ယူဆပါတယ်။ မိမိရဲ့ စိတ်သဘာဝကို ဆရာအရှင်ရဲ့ စိတ်သဘာဝနဲ့ တစ်ထပ်တည်းလို့ မြင်တဲ့အခါမှသာ

ဓမ္မလင်းပွင့်မှုကို ရနိုင်မယ်လို့ မဟာယာနတန္တရကျမ်းတွေက ဆို ထားပါတယ် ကိုမင်းရေ။

ကိုမင်း။ ။ ဟုတ်ကဲ့၊ ဒီအချက်ကတော့ ရှင်းပါပြီ ကိုလင်း။ နောက်တစ်ခုက တော့ သံဃာအဖွဲ့အစည်းနဲ့ ပတ်သက်လို့ ဘယ်လိုကွဲပြားခြားနား သလဲဆိုတာ သိချင်ပါသေးတယ်။

(၁၀) ဒသမကွဲပြားခြားနားချက် (သံဃာအဖွဲ့အစည်း ဆိုင်ရာအမြင်)

ကိုလင်း။ ။ ဒီအချက်ကို ဆွေးနွေးမယ်ဆိုရင်တော့ အရင်သိထားသင့်တဲ့ အချက် က မဟာယာနဗုဒ္ဓဘာသာဟာ ဂိုဏ်းကွဲတစ်ခု မဟုတ်ဘူးဆိုတဲ့ အချက်ပါပဲ ကိုမင်း။

ကိုမင်း။ ။ ကိုလင်းရေ ဒီအချက်ကတော့ အဆန်းပဲဗျ။ ကျွန်တော်တို့က အရင် တုန်းတည်းက မဟာယာနကို မြောက်ပိုင်း ဗုဒ္ဓဘာသာဂိုဏ်းလို့ သိထားခဲ့တာလေ။ အခု ကိုလင်း ပြောတာကို နားမလည်နိုင် တော့ဘူးဗျ။

ကိုလင်း။ ။ ဒီလိုဗျ။ ဗုဒ္ဓဘာသာမှာ ဂိုဏ်းကွဲတယ်ဆိုတာ ဝိနည်းအမြင်မတူ ချက်တွေအပေါ်ပဲ မူတည်ပြီး သံဃာဘေဒဖြစ်လို့ ဂိုဏ်းကွဲကြရ တာလေ။ မဟာယာနဝိနည်းရယ်လို့ သီးခြားမရှိပါဘူး။ မဟာယာန ဗုဒ္ဓဘာသာကို လက်ခံထားတဲ့ ဗုဒ္ဓဘာသာဂိုဏ်းတွေရဲ့ သီးခြား ဝိနည်းတွေပဲ ရှိပါတယ်။ ဥပမာပြောရရင် တရုတ် ကိုရီးယား ဂျပန် စတဲ့ မဟာယာနတွေဟာ ဓမ္မဂုတ္တကဂိုဏ်းရဲ့ ဝိနည်းကို အသုံးပြုကြသလို တိဗက်မဟာယာနဗုဒ္ဓဘာသာ ရဟန်းတွေက မူလသဗ္ဗတ္ထိဂိုဏ်းရဲ့ ဝိနည်းကို အသုံးပြုကြပါတယ်။ ဒီ ဂိုဏ်းတွေ ဟာ မဟာယာန မတိုင်ခင်တည်းကရှိခဲ့တဲ့ ရှေးဦးဗုဒ္ဓဘာသာ ဂိုဏ်းတွေ ဖြစ်ပြီးတော့ ရှေးအကျဆုံး ထာဝရဂိုဏ်းကနေ ကွဲထွက်ခဲ့တဲ့ ဂိုဏ်းတွေပါပဲ။ သူတို့ ဝိနည်းတွေဟာလည်း အလွန်ရှေးကျတဲ့ ဝိနည်း အစဉ်အလာတွေ ဖြစ်ပါတယ်။ ဒီတော့ တရုတ် ကိုရီးယား ဂျပန် စတဲ့ မဟာယာနရဟန်းတွေဟာ ဓမ္မဂုတ္တကရဟန်းတွေ ဖြစ်ပြီး တိဗက် မဟာယာနဗုဒ္ဓဘာသာ ရဟန်းတွေက မူလသဗ္ဗတ္ထိ ရဟန်းတွေလိုဆိုရင် မမှားဘူးပေါ့ ကိုမင်းရေ။ ဝိနည်းစည်းကမ်း အရေအတွက် အရဆိုရင်လည်း တိဗက်မဟာယာနဗုဒ္ဓဘာသာမှာ

ဘိက္ခုဝိနည်း ပညတ်ချက်(၂၅၈)ချက် ဘိက္ခုနီပညတ်ချက် (၃၅၄) ချက် တရုတ် ကိုရီးယား ဂျပန် စတဲ့ မဟာယာန ဗုဒ္ဓဘာသာ ရဟန်းတွေမှာ ဘိက္ခုဝိနည်းပညတ်ချက် အချက်(၂၅၀) ဘိက္ခုနီ ပညတ်ချက် (၃၄၈) ချက် လိုက်နာကျင့်သုံးရတယ်လို့ သိရပါတယ်။ ရဟန်းခံပုံ နည်းစနစ်တွေ ကလဲ မတိမ်းမယိမ်းပါပဲ။ ဒေါက်တာ ဂရီဂိုရီရှိုပင် ဘာသာပြန်ထားတဲ့ မူလသဗ္ဗတ္ထိရဟန်းခံပုံ မှတ်တမ်းကို ဖတ်ကြည့်ရင် ထေရဝါဒနဲ့ ဘာမှမကွာခြားဘူးဆိုတာ သိရတယ်ဗျ။ ရဟန်းဖြစ်ခွင့်ရှိသူရဲ့အရည်အချင်း သတ်မှတ်ချက်ထဲမှာ ရဟန်းခံမဲ့သူဟာ ပဉ္စာနန္တရိယ ကံကြီးမထိုက်သူ ဖြစ်ရမယ်ဆိုတဲ့ အချက်ပဲ ပိုတယ်လို့ ထင်ပါတယ်။

ကိုမင်း။ ။ ဒီလိုဆိုတော့လည်း စိတ်ဝင်စားစရာ ကောင်းသားပဲဗျ။ ဒါနဲ့ ထာဝရဂိုဏ်းကနေ ပထမဆုံးကွဲထွက်သွားတဲ့ မဟာသံဃိကဂိုဏ်းနဲ့ မဟိသာသကဂိုဏ်းတွေမှာလည်း ဝိနည်းပိဋကတ်တွေ သီးခြားစီ ရှိကြတယ်လို့ မှတ်သားဖူးတယ်ဗျ။ အဲဒီ ဂိုဏ်းဝိနည်းကို ကျင့်သုံးနေတဲ့ ရဟန်းတွေ ရောဒီခေတ်မှာ ရှိသေးလားဗျ။

ကိုလင်း။ ။ မဟာသံဃိကဂိုဏ်း နဲ့ မဟိသာသကဂိုဏ်းတွေရဲ့ ဝိနည်းပိဋကတ်တွေကတော့ ဆက်လက် မရှင်သန်တော့ဘူးလို့ ဆိုပါတယ်။ ဝိနည်းအစဉ်အလာအနေနဲ့ ပျောက်ကွယ်သွားပြီး သူတို့ရဲ့ ဓမ္မအယူအဆတွေကပဲ ယနေ့ ထေရဝါဒနဲ့ မဟာယာနဗုဒ္ဓဘာသာစာပေတွေမှာ စိမ့်ဝင်တည်ရှိနေပါတယ်လို့ပဲ ပြောနိုင်တော့မယ်ဗျ။

ကိုမင်း။ ။ ထေရဝါဒမှာတော့ ဒီနေ့အချိန်မှာ သံဃာလေးပါးအနက်က ဘိက္ခုသံဃာနဲ့ သာမဏေသံဃာ နှစ်ပါးပဲ ကျန်ရစ်တော့တယ်။ ဘိက္ခုနီသံဃာနဲ့ သာမဏေရီသံဃာတွေကတော့ အဆက်ပြတ်ခဲ့ပြီလို့ ဆိုတယ်။ မဟာယာနဖက်မှာရော ဒီသံဃာတွေ ရှိသေးလား သိချင်တယ်ဗျ။

ကိုလင်း။ ။ ဟုတ်ကဲ့။ မဟာယာနဗုဒ္ဓဘာသာမှာတော့ သံဃာ လေးပါးစလုံး ရှိနေပါတယ်။ တိဗက်မဟာယာနမှာ ဘိက္ခုသံဃာနဲ့ သာမဏေသံဃာနှစ်ပါးအပြင် သာမဏေရီသံဃာလည်း ရှိနေပါတယ်။ တရုတ် မဟာယာနမှာဆိုရင် ဘိက္ခုနီသံဃာတောင် ရှိနေသေးတယ်လို့ ဆိုတယ်။ အေဒီ ၄ ရာစုလောက်မှာ သီဟိုဠ်က ဘိက္ခုနီတွေ

ဟာ တရုတ်ပြည်မှာ ဘိက္ခုနီသံဃာရဲ့ မျိုးစေ့ကို ချခဲ့လို့ ယနေ့ အထိ ဘိက္ခုနီသံဃာ အနွယ်အဆက်တွေ ရှိနေတယ်လို့ သိရပါတယ်။

ကိုမင်း။ ။ ဟုတ်ကဲ့ သတိရပါပြီ။ တချို့ ထေရဝါဒ သီလရှင်တွေတောင် ဘိက္ခုနီပြုလုပ်ဖို့ ကြိုးစားကြပေမဲ့ ထေရဝါဒ ဘိက္ခုသံဃာဖက်က အသိအမှတ် မပြုဘူးလို့ ဖတ်ဖူးပါတယ် ကိုလင်း။ ဒါပေမဲ့ ခေတ်ပြိုင် ဘိက္ခုနီသံဃာ တစ်ရပ်ဟာ စတင် ပေါ်ထွန်းနေပြီလို့ လည်း နိုင်ငံတကာသတင်းတွေမှာ ဖတ်မိပါတယ်။ ဒါနဲ့ စကားမစပ် ကိုလင်းရေ မဟာယာနမှာ အိမ်ထောင်ပြုတဲ့ ဘုန်းကြီးတွေ ရှိတယ်ဆိုတာ အမှန်ပဲလား ဗျ။

ကိုလင်း၊ ။ အိမ်ထောင်ပြုတဲ့ ဘုန်းကြီးရယ်လို့တော့ ဘယ်ဘာသာမှာမှ မရှိနိုင်ပါဘူးဗျာ။ ဘုန်းကြီးရဟန်းဆိုတာ အိမ်ထောင်မပြုမှ ဘုန်းကြီးရဟန်း ဖြစ်မယ်မဟုတ်လား။ အိမ်ထောင်ပြုတဲ့ ဘာသာရေးဆရာ ဓမ္မဆရာ တရားဟောဆရာ ဝတ်ပြုကိုးကွယ်မှုတွေ ဆောင်ရွက်ပေးတဲ့ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်ဆိုတာမျိုးတော့ ရှိနိုင်တယ်။ မဟာယာနဗုဒ္ဓဘာသာ ရဟန်းတွေဟာလည်း ဓမ္မဂုတ္တာကဂိုဏ်းရဲ့ ဝိနည်းနဲ့ မူလသဗ္ဗတ္ထိဂိုဏ်းရဲ့ ဝိနည်းကို လိုက်နာကြရတာဖြစ်တဲ့အတွက် ထေရဝါဒ ရဟန်းတွေလိုပဲ အိမ်ရာမထောင်တဲ့အပြင် မေထုန်သံဝါသပြုရင် ပါရာဇိကကျတာချင်းလည်း အတူတူပါပဲ။

မဟာယာနမှာ အိမ်ထောင်ပြုတဲ့ ဘုန်းကြီးတွေ ရှိတယ်လို့ ဆိုကြတာ ဂျပန်နိုင်ငံက ဂျိုဒိုရှင်ရှူဂိုဏ်းကနေ စတင်ခဲ့တယ်လို့ ဆိုရမှာပါ။ ဒီဂိုဏ်းကို တည်ထောင်ခဲ့တဲ့ ရှင်ရန် (၁၁၇၃-၁၂၆၂) ရဲ့ အကြောင်းကိုလည်း ကျွန်တော့်ကျမ်းထဲမှာ ဖတ်ရမှာပါ ကိုမင်း။ ရှင်ရန်ဟာ သူ့ကိုယ်သူ လူဝတ်ကြောင်လည်း မဟုတ်၊ ရဟန်းလည်း မဟုတ်တဲ့ အနေအထားတစ်ခုမှာ ရှိနေတယ်လို့ ကြေညာခဲ့တယ်။ တရားဝင်လဲ အိမ်ထောင်ပြုခဲ့ပါသတဲ့။ ဒီတော့ နှစ်ခြင်းခရစ်ယာန်သင်းအုပ်ဆရာလို ပုံစံမျိုး ဖြစ်သွားခဲ့ရတယ်။ တစ်ချိန်ထဲမှာ ဒီအလေ့အထဟာ တခြား ဂျပန်ဗုဒ္ဓဘာသာ ဂိုဏ်းတွေမှာလည်း ကူးစက်ပြန့်ပွားပြီးတော့ အလယ်ခေတ် တစ်လျှောက်လုံး ဂျပန်နိုင်ငံမှာ ရှိတဲ့ ဗုဒ္ဓဘာသာ ရဟန်းတွေဟာ တရားဝင် လူသိရှင်ကြား

မဟုတ်ပေမဲ့ ဝိနည်းစည်းကမ်းကို စွန့်လွှတ်ပြီး အိမ်ယာထောင်ခဲ့တာတွေ ရှိလာခဲ့တယ်။ ၁၈၇၂ ခုနှစ်မှာတော့ မေကျီဘုရင်ဟာ ဗုဒ္ဓဘာသာကို ထိုးနှက်တဲ့အနေနဲ့ ဗုဒ္ဓဘာသာ ရဟန်းတွေ အိမ်ထောင်ပြုခွင့်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသတဲ့။ အဲဒီနောက်ပိုင်းမှာတော့ ဂျပန်နိုင်ငံမှာ ဘာသာရေး ပုဂ္ဂိုလ်တွေမှာ အိမ်ထောင်ပြုတဲ့ အလေ့အထက အတည်ဖြစ်သွားခဲ့တယ် ကိုမင်းရေ။ ဘုရားကျောင်းတွေကိုလည်း ဖခင်ကနေ သားဆီကို အမွေဆက်ခံတဲ့ပုံစံနဲ့ အရိုက်အရာ လွှဲအပ်ကြတယ်လို့ ဆိုတယ်။ ကျွန်တော့်အမြင်မှာတော့ သူတို့ကို ရဟန်းလို့ မခေါ်ထိုက်တော့ဘူးလို့ မြင်ပါတယ်။ အထက်မှာ ဆိုခဲ့သလို ဘာသာရေးဆရာ၊ ဓမ္မဆရာ၊ တရားဟောဆရာ ဝတ်ပြုကိုးကွယ်မှုတွေ ဆောင်ရွက်ပေးတဲ့ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်ဆိုတာမျိုးလို့ပဲ ခေါ်ဝေါ် သတ်မှတ်သင့်ပါတယ်။

ကိုမင်း။ ။ ဗဟုသုတရပါတယ် ကိုလင်း။ ရဟန်းသံဃာတွေနဲ့ ပတ်သက်လို့ နောက်ထပ်သိချင်တာ တစ်ခုကတော့ သက်သတ်လွတ်စားတဲ့ ကိစ္စပါပဲ။ ထေရဝါဒရဟန်းတွေကတော့ ဒါယကာတွေ ဒါယိကာမတွေ ချက်ပြုတ်လှူဒါန်းတဲ့ ဆွမ်းကို ဘဉ်းပေးနေကြရတာဆိုတော့ သက်သတ်လွတ်ဖြစ်ဖို့ ခက်ပါတယ်။ ဝိနည်းမှာလည်း တားမြစ်ထားတဲ့ အသားတွေနဲ့ အစားအသောက်တွေ ရှိပေမဲ့ သက်သတ်လွတ်မဖြစ်မနေ စားရမယ်လို့ ပြဋ္ဌာန်းထားချက် မရှိပါဘူး။ မိမိ အသက်ရှင်သန်ဖို့အတွက်ပဲ အာဟာရကို စားသုံးတဲ့အခါ တဏှာ မာန ဒိဋ္ဌိတွေ မဖြစ်အောင် ဆင်ခြင်ပြီး စားသုံးကြရမယ်။ စားတဲ့အခါမှာလည်း အတိုင်းအရှည်ကိုသိပြီး ရောင့်ရဲစွာ စားသုံးရမယ်လို့ပဲ ညွှန်ကြားပါတယ်။

ကိုလင်း။ ။ ဟုတ်ပါတယ်ဗျာ။ ရဟန်းဖြစ်ဖြစ် လူဖြစ်ဖြစ် မြင်သားကြားသား ရည်ရွယ်သားလို့ခေါ်တဲ့ အသားငါးတွေကို မစားသုံးရဘူးလို့ ထေရဝါဒစာပေတွေမှာ ဆိုထားတယ် မဟုတ်လား။ ယေဘုယျအားဖြင့်တော့ မဟာယာနဗုဒ္ဓဘာသာဝင်လို့ ဆိုလိုက်ရင် လူဖြစ်ဖြစ်၊ ဘုန်းကြီးဖြစ်ဖြစ် သက်သတ်လွတ်ပဲ စားကြတယ်လို့ အများအားဖြင့် ထင်နေကြတာဟာ အလုံးစုံ မမှန်ပါဘူး။ ဒေသအနေနဲ့ ပိုင်းပြီးပြောရင် အာရှ အလယ်ပိုင်း ဗုဒ္ဓဘာသာ (နီပေါ တိဗက် ဘူတန် လဒတ် မွန်ဂိုလီယား) တွေဟာ ထေရဝါဒလိုပဲ အပ်တဲ့

အသားဆိုရင် စားကြပါတယ်။ အာရှအရှေ့ဖျား ဗုဒ္ဓဘာသာ (တရုတ် ကိုရီးယား ဂျပန်) နိုင်ငံတွေမှာတော့ ရဟန်းတွေဟာ သက်သတ်လွတ် စားကြပါတယ်။

ကိုမင်း။ ။ ဘာဖြစ်လို့ ဒီလို ကွဲပြားနေတာလဲ ကိုလင်း။

ကိုလင်း။ ။ ကျွန်တော့်အထင်ကိုပြောရရင် မဟာယာနဗုဒ္ဓဘာသာမှာ သက်သတ်လွတ်အယူအဆကို အထူး ရှေ့တန်းတင်ပြီး ဟောတာကလက်ာ ဝတာရသုတ္တန်ပဲ ဖြစ်တယ်။ ဒီသုတ္တန်ရဲ့ နောက်ဆုံးအခန်းမှာ အသားစားခြင်းရဲ့ အပြစ်တွေကို အကျယ်တဝင့် ဖော်ပြထားတာကိုတွေ့ရတယ်။ လင်္ကာဝတာရသုတ္တန်ဟာ အာရှအရှေ့ဖျား ဗုဒ္ဓဘာသာလောကမှာ အလွန်တွင်ကျယ်ခေတ်စားခဲ့တာမို့ အဲဒီဒေသ တွေမှာ သက်သတ်လွတ်စားတဲ့ ဓလေ့ရှိနေတယ်လို့ မြင်ပါတယ်။ သက်သတ်လွတ်စားခြင်းဟာ သူ့အသက်သတ်ခြင်းကို ဆန့်ကျင်ရာရောက်တဲ့အတွက်လည်း မိမိရဲ့ ကရဏာအကျင့်မြတ်ကို ဖော်ထုတ်တဲ့အနေနဲ့ သက်သတ်လွတ်စားကြရတာလည်း ဖြစ်နိုင်တယ်။ နောက်တစ်ချက်က အာရှအရှေ့ဖျား ဗုဒ္ဓဘာသာမှာ ရဟန်းတွေဟာ ကျောင်းတိုက်အတွက် ပြင်ပလောကထဲမှာ အလုပ်လုပ်ရတာလည်း ရှိသလို မိမိကျောင်းတိုက်အတွက် စားမှုသောက်မှုကို ကိုယ်ဘာသာကိုယ် ဖန်တီးရတာလည်း ရှိပါတယ်။ အဲဒီအတွက် သက်သတ်လွတ် အစားအစာကိုပဲ စားသောက်တာဟာ ဝန်ပေါ့စေတယ် ဗုဒ္ဓဓမ္မနဲ့လည်း ညီတယ်လို့ သူတို့ ခံယူကြလို့ ဖြစ်ပါလိမ့်မယ်။

ကိုမင်း။ ။ တချို့ စာရေးဆရာတွေက ဒီလို သက်သတ်လွတ်သမားတွေကို ဒေဝဒတ် ဂိုဏ်းသားတွေလို့ စွပ်စွဲတာကိုရော ကိုလင်း ဘယ်လို ပြောချင်သလဲဗျ။

ကိုလင်း။ ။ အဲဒါကတော့ တစ်ဖက်သတ်စွပ်စွဲတာပဲလို့ မြင်ပါတယ်ဗျာ။ ဒေဝဒတ်က သက်သတ်လွတ်ဝါဒကို တင်ပြလာတာဟာ သံဃာအဖွဲ့အစည်းကို ဒုက္ခရောက်စေဖို့ ရည်ရွယ်ချက်ပဲ ဖြစ်တယ်။ မဟာယာန ရဟန်းတွေ သက်သတ်လွတ်စားတာက မိမိတို့ရဲ့ပါရမီကို ဖြည့်ကျင့်တဲ့ သဘော၊ ကရဏာတရားကို ထင်ဟပ်တဲ့ သဘောပဲ ဖြစ်ပါတယ်။ ဒါကြောင့် ရည်ရွယ်ချက် ဦးတည်ချက်တွေ မတူကြပါဘူး။ နောက်တစ်ချက်က ဗုဒ္ဓအတွက် သက်သတ်လွတ်အကျင့်ဟာ ဓုတင်အကျင့်လိုပါပဲ။ ရသာတဏှာကို တိုက်ဖို့အတွက်

အကျိုးရှိရင် ဉာဏ်နဲ့ယှဉ်လို့ ကျင့်သုံးလိုက ကျင့်သုံးနိုင်တယ်လို့ဆို နိုင်ပါတယ်။ ကျွန်တော့်အမြင်ကိုပြောရရင် ရည်ရွယ်ချက်မှန်မှန် နဲ့ သက်သတ်လွတ်စားတယ်ဆိုရင် သက်သက်လွတ်စားခြင်းကို လည်း သီလဗဟုတပရာမာသနဲ့ မစွဲလမ်းဘူးဆိုရင် ဒါကို ရှင်တော်ဗုဒ္ဓ က သာဓုခေါ်မဲ့ကိစ္စပဲ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ အခြေခံ လိုအပ်ချက်မဟုတ်လို့ ရဟန်းတိုင်း ကျင့်ကို ကျင့်ရမယ်လို့တော့ ဗုဒ္ဓက မပညတ်ခဲ့ပါဘူး။ ဒါပေမဲ့ ပါဠိပိဋကတ် အင်္ဂုတ္တိရ် နိကာယ်မှာ ဗုဒ္ဓက ကိုယ်တိုင် သတ်ဖြတ်တဲ့သူ၊ သူတစ်ပါးကို သတ်အောင် အားပေးသူနဲ့ သူတစ်ပါးသတ်ဖြတ်တာကို နှစ်သက် ချီးမွမ်းသူ ဒီ သုံးမျိုးသောလူတွေဟာ အပါယ်ငရဲကို ကျမယ်လို့ ဆိုထားတယ်ဗျ။ ဒီတော့ အသားကို သတ်ပြီးသား ဝယ်စားတယ်ဆို ပေမဲ့ ကိုယ်ဝယ်စားတဲ့ ပိုက်ဆံနဲ့ ရောင်းသူက ထပ်ဝယ်ပြီး သတ် မယ် ရောင်းမယ်ဆိုတော့ ဒါလည်း တစ်ဖက်လှည့်နဲ့ သူတစ်ပါးကို သတ်အောင် အားပေးနေသလိုတော့ ဖြစ်တာ အမှန်ပဲဗျ။ သတ်ဖြတ် ခြင်းကနေ လုံးလုံး ကင်းရှင်းချင်ရင်တော့ ဝယ်ပြီးမစားမှကို ဖြစ် မှာဗျ။ ကိုမင်းသိတဲ့အတိုင်း အချို့ ထေရဝါဒ ဆရာတော် ဘုရား ကြီးတွေလည်း မိမိတို့ရဲ့ဘာဝနာလုပ်ငန်း အစိတ်အပိုင်းအဖြစ် သီလစင်ကြယ်မှုနဲ့ ကျန်းမာရေး အထောက်အကူအဖြစ် သက်သတ် လွတ် စားကြတယ် မဟုတ်လားဗျာ။

ကိုမင်း။ ။ နောက်တစ်ခုသိချင်တာက မဟာယာနရဟန်းတော်တွေဟာ နေ့လွဲ ညစာ စားသုံးကြတယ်ဆိုတာ ဟုတ်သလားဗျ။

ကိုလင်း။ ။ ဟုတ်ပါတယ် ကိုမင်း။ ဂျပန်ဧာန် ဗုဒ္ဓဘာသာကျောင်းတိုက်တွေ မှာ ဂျပန်လို ယာကုဆေကီလို့ ခေါ်တဲ့ ဆန်ပြုတ်လို ယာကုလိုဟာမျိုး ကို စားကြပါတယ်။ ဒီစကားလုံးရဲ့ မူလအနက်က ဆေးကျောက် တုံးလို့ အဓိပ္ပာယ်ရတယ်။ ရာသီဥတုက အေးလွန်း ချမ်းလွန်းတော့ ဗိုက်ကလည်း အရမ်းဆာတဲ့အခါမှာ ကျောက်တုံးကို အပူပေးပြီး ဝမ်းဗိုက်မှာ ကပ်ထားရတယ်လို့ဆိုတယ်။ ၁၃ရာစု နောက်ပိုင်း မှာ ရှင်ဂီလို့ခေါ်တဲ့ ဝိနည်းမှာ ဒီအသုံးအနှုန်းကို စတွေ့လာရပါ တယ်။ ကျန်းမာရေးအတွက် ရည်ရွယ်ချက်နဲ့ ညနေစာကို စားကြ တယ်လို့ သိရပါတယ်။ ဘုရားလက်ထက်က ဂီလာနရဟန်းတွေကို ကျန်းမာရေးအတွက် အထူးအခွင့်အရေး ပေးသလိုမျိုးနဲ့ အခြေခံ

ခြင်း တူမယ်လို့ ထင်ပါတယ်။ တကယ်တော့ ဗုဒ္ဓဓမ္မဟာ ဘောဇနမတ္တညူလို့ခေါ်တဲ့ အစားအစာမှာ ချင့်ချိန်ပြီး အတိုင်းအရှည်ကို သိဖို့က အရေးကြီးတယ်လို့ပဲ မြင်မိပါတယ်ဗျာ။ ဘုရားရှင် ဝါတော် ၂၀ ကျမှ ဒီဝိနည်းတွေကို ပညတ်ရတာဖြစ်လို့ ဒီမတိုင် ခင်က ညဖက် ဆွမ်းစားတာတွေ ရှိနိုင်ပေမဲ့ အားလုံး ချင့်ချင့် ချိန်ချိန်နဲ့ နေထိုင်စားသောက်ကြမယ်လို့ပဲ ယူဆနိုင်ပါတယ်။

(၁၁) ကောဒသမကွဲပြားခြားနားချက် (ယဉ်ကျေးမှုဆိုင်ရာ အမြင်)

ကိုမင်း။ ။ ကိုလင်းရေ ကျွန်တော်တို့ ဆွေးနွေးလာတာလည်း အတော်တော့ ခရီးရောက်နေပါပြီ။ ထေရဝါဒနဲ့ မဟာယာနကြားထဲက ကွဲပြားခြားနားချက်တွေလည်း အတော်စုံလင်လို့ ပုံပေါ်လာပါပြီ။ ဒီ ဗုဒ္ဓဘာသာ နှစ်မျိုးရဲ့ ယဉ်ကျေးမှုတွေအပေါ် သက်ရောက်ပုံနဲ့ သဘောထားတွေ အကြောင်းလည်း ဆွေးနွေးပေးပါဦး။

ကိုလင်း။ ။ ဗုဒ္ဓတရားတော်ရဲ့ အနှစ်သာရက ဒုက္ခမှလွတ်မြောက်ခြင်း (ဒုက္ခနိရောဓ) ပါပဲ။ ဒါထက် အပိုအလိုမရှိဘူးလို့ ဆိုရမယ်။ ဒီတော့ ဗုဒ္ဓတရားတော်ဟာ ယဉ်ကျေးမှုတွေကို မထောက်ခံသော်လည်း တိုက်ရိုက် ဆန့်ကျင်မှုလည်း မရှိဘူး။ ဗုဒ္ဓဘာသာ ရောက်ရှိတဲ့ နေရာက ဒေသခံယဉ်ကျေးမှုတွေနဲ့ အလျော်ဖြစ်တဲ့ ပုံစံနဲ့ ပေါင်းစည်းကြတာပဲ တွေ့ရပါတယ်။ ဒီနေရာမှာ ထေရဝါဒက ပိုပြီး မိမိရဲ့ ကိုယ်ပိုင်အစဉ်အလာ ပုံသဏ္ဌာန်ကို ထိန်းသိမ်းတယ်ဆိုတာ တွေ့ရပြီး မဟာယာနကတော့ ပိုပြီး ပျော့ပျော့ပျောင်းပျောင်းနဲ့ ဒေသခံယဉ်ကျေးမှု စရိုက်တွေနဲ့ လိုက်လျောညီထွေ ဖြစ်အောင် ပေါင်းစပ်နိုင်တာ ကိုတွေ့ရပါတယ်။

ကိုမင်း။ ။ ဟုတ်တယ်ကိုလင်း။ ထေရဝါဒကို လက်ခံကျင့်သုံးတဲ့ နိုင်ငံတွေမှာ ပိဋကတ်စာပေရော ရဟန်းသံဃာတွေရဲ့ အသွင်အပြင်တွေရော အတော်ဆင်တူတယ်လို့ ဆိုနိုင်တယ်နော်။ ကျွန်တော်ဖတ်ဖူးသလောက်တော့ သီရိလင်္ကာနဲ့ အရှေ့တောင်အာရှဟာ ထေရဝါဒမရောက်ရှိခင်က ဟိန္ဒူဘာသာနဲ့ မဟာယာနဗုဒ္ဓဘာသာတွေ ရောက်ရှိခဲ့ပြီးပြီလို့ ဆိုတယ်ဗျ။ ဒါပေမဲ့ ထေရဝါဒရောက်ရှိလို့ လူအများ လက်ခံယုံကြည်တဲ့ ဘာသာတရား ဖြစ်သွားတဲ့အခါ

ဒေသခံယဉ်ကျေးမှုတွေနဲ့ ဆန့်ကျင်ဘက် ဖြစ်ရတာလည်း ရှိသလို အတူယှဉ်တွဲ လက်ခံထားရတာတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ထေရဝါဒရဲ့ စာပေနဲ့ ဘာသာရေး ရပ်တည်ချက်ထဲကို ဒီယဉ်ကျေးမှု နဲ့ လူထုသိမှတ်ခံစားချက်တွေက ဝင်ရောက်မလာဘဲ တစ်ကန့်စီ ရှိနေကြတာကို တွေ့ရတယ်။ ဥပမာ နတ်ကိုးကွယ်မှုလို အရာမျိုး လောကီ ဂုတ္တဝိဇ္ဇာ အတတ်ပညာရပ်လို အရာမျိုးတွေက ထေရဝါဒ နိုင်ငံတွေမှာ ဗုဒ္ဓသာသနာနဲ့ အတူယှဉ်တွဲ ရှိနေပေမဲ့ ထေရဝါဒ ရဲ့ အတွင်းသဘောထဲကို မဝင်ရောက် မပြောင်းလဲနိုင်ဘူးဆိုတာ တွေ့ရတယ်။ ဒါကြောင့်လဲ ဒီလို တူညီမှုတွေကို ထိန်းထားနိုင်တာ ဖြစ်မယ်လို့ ထင်ပါတယ်။

ကိုလင်း။ ။ ကိုမင်းရဲ့ ထင်မြင်ချက်ကို ကျွန်တော် ယေဘုယျအားဖြင့်တော့ ထောက်ခံပါတယ်။ ဒါပေမဲ့ ဒါတွေက အနုစိတ်ပြန်လည် ဆန်းစစ်ကြည့်ဖို့တော့ လိုလိမ့်မယ် ထင်တယ်။ အရှေ့တောင်အာရှဒေသမှာ ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားပုံ သမိုင်းကြောင်းနဲ့ ပတ်သက်လို့ သုတေသနပြု လေ့လာချက်တစ်ခု ရေးသားထုတ်ဝေဖို့လည်း ကျွန်တော့်မှာ စိတ်ကူးရှိတယ်ဗျ။ အခုတော့ ကိုမင်းပြောသလို ထေရဝါဒနဲ့ နွှိုင်းစာရင် မဟာယာနက ဒေသခံ ယဉ်ကျေးမှုတွေနဲ့ ကူးလူးဆက်ဆံမှုပြုတဲ့ နေရာမှာ ပိုမို လွတ်လပ်ပျော့ပျောင်းပြီး လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲခဲ့ဟန်တူတာကို တွေ့ရပါတယ်။ အဲဒါကြောင့်လည်း မဟာယာနဗုဒ္ဓဘာသာဟာ ရောက်ရှိတဲ့ တိုင်းပြည်လူမျိုးနဲ့ ယဉ်ကျေးမှုကိုလိုက်ပြီး အတော်လေး ထိန်းညှိပြောင်းလဲ နိုင်ခဲ့တာတွေကို တွေ့ရတယ်ဗျ။ ဥပမာ တရုတ်ပြည်မှာဆိုရင် တောက်ဝါဒ နဲ့ ဗုဒ္ဓဓမ္မ အပြန်အလှန် ကူးလူးဆက်နွယ်ပေါင်းစပ်မိတာမျိုး တိဗက်ပြည်မှာဆိုရင် ရိုးရာဘွန်ကိုးကွယ်မှုက မဟာယာန ဗုဒ္ဓဘာသာနဲ့ အပြန်အလှန် လွှမ်းမိုးခဲ့တာမျိုးတွေကို ကြည့်ရင် ဒီအချက်က သိသာပါတယ်။

ကိုမင်း။ ။ ဟုတ်တယ်ဗျ။ တရုတ်ပြည်မှာဆိုရင် အိန္ဒိယ ဗုဒ္ဓဘာသာဟာ တရုတ်တောက်ဝါဒနဲ့ ပေါင်းစပ်ပြီး ချန် ဗုဒ္ဓဘာသာ ဖြစ်လာတာမျိုး နောက်ပြီး ကွန်ဖြူးရှပ်ဝါဒီသစ်ဖြစ်တဲ့ ဝမ်ယန်မင်းတို့လို ပညာရှင်တွေ က ကွန်ဖြူးရှပ်အတွေးအခေါ်နဲ့ တောက်ဝါဒဒဿနတွေကို

မဟာယာနဗုဒ္ဓဘာသာ အခြေခံမှာ ပေါင်းစည်းလို့ အမြင်သစ်တွေ ဖော်ထုတ်ခဲ့တာမျိုးတွေကို တွေ့နိုင်ပါတယ်။

ကိုလင်း။ ။ တိဗက်မှာတော့ ဘွန်ကိုးကွယ်ယုံကြည်မှုဟာ ညိန်မပ ဗုဒ္ဓဘာသာနဲ့ ပေါင်းစပ်လို့ အသွင်သစ်တွေ ပေါ်ပေါက်လာသလို ဘွန်ဝါဒကိုယ်တိုင်ကလည်း ဗုဒ္ဓဘာသာအမြင်တွေ ကူးစက်လွှမ်းမိုးခံရတာတွေကို တွေ့ရပါတယ်။ အခုအခါမှာ မဟာယာနဗုဒ္ဓဘာသာဟာ အနောက်တိုင်းကို ရောက်တဲ့အခါမှာလည်း အနောက်တိုင်း ဒဿနနဲ့ လူမှုတန်ဖိုးတွေကို အခြေခံလို့ အသွင်သစ်တွေ ဖော်ဆောင်နိုင်တာကို တွေ့ရပါတယ်။ အထင်ရှားဆုံးကတော့ သံဃရတ္နိတရဲ့ အနောက်တိုင်းဗုဒ္ဓသံဃာ အဖွဲ့အစည်း (Western Buddhist Order) နဲ့ ဆရာတော် သစ်နက်ဟန်ရဲ့ လုံးစည်း ဗုဒ္ဓဝါဒသံဃာ အဖွဲ့အစည်း (Unified Buddhist Church) တွေပါပဲ။

ကိုမင်း။ ။ တော်တော် စိတ်ဝင်စားဖို့ကောင်းတယ် ကိုလင်းရေ။ နောက်ကျမှပဲ ဒီအကြောင်းတွေကို ကိုလင်းနဲ့ အသေးစိတ် ဆက်ဆွေးနွေးချင်ပါသေးတယ်။ အခုတော့ ဒီလောက်နဲ့ပဲ သံဃာအဖွဲ့အစည်းတွေကြပြားပုံက ပေါ်လွင်နေပြီမို့ နောက် အကြောင်းအရာတစ်ခုကို ဆက်ပြီး ဆွေးနွေးပေးပါဦး။

ကိုလင်း။ ။ ဟုတ်ကဲ့။ ဗုဒ္ဓဘာသာဂိုဏ်းကွဲတွေ အပေါ်မြင်တဲ့ အမြင်ကို ဆွေးနွေးရင် ကောင်းမလားဗျ။

ကိုမင်း။ ။ ကောင်းပါတယ် ကိုလင်း။

(၁၂) ဒွိဒသမကွဲပြားခြားနားချက် (ဗုဒ္ဓဘာသာဂိုဏ်းကွဲများ အပေါ် အမြင်)

ကိုလင်း။ ။ ပညာရှင်တွေရဲ့ အမြင်ကို အကြမ်းဖျင်းသုံးသပ်ရရင် ထေရဝါဒကို အစဉ်အလာထိန်းသိမ်းတဲ့ ဗုဒ္ဓဘာသာအဖြစ် မြင်ကြပြီး မဟာယာနကိုတော့ အစဉ်အလာကို တိုးတက်ချဲ့ထွင်တဲ့ ဗုဒ္ဓဘာသာအနေနဲ့ မြင်ကြပါတယ်။ ကျွန်တော့်အတွက်တော့ ဒီနှစ်မျိုးစလုံးကို တန်ဖိုးထားတဲ့အပြင် ရှိသင့်ရှိထိုက်တယ်လို့လည်း မြင်ပါတယ်။ ဗုဒ္ဓဓမ္မဟာ သမိုင်းစဉ်ထဲမှာ ပုံစံနှစ်မျိုးနဲ့ စမ်းသပ် ပျိုးထောင်ခံရသလို ဖြစ်ပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကတော့ မြောက်ပိုင်း ဗုဒ္ဓဘာသာလို့ဆိုလေ့ရှိတဲ့ မဟာယာန ဗုဒ္ဓဘာသာဟာ

အိန္ဒိယပြည် တောင်ပိုင်းမှာ အစပြုခဲ့သလို အရှင်နာဂဇုန အရှင် အရိယဒေဝ အရှင်စန္ဒကိတ္တိ အရှင်သန္တိဒေဝစတဲ့ ဆရာအရှင်မြတ် တွေဟာ အိန္ဒိယပြည် တောင်ပိုင်း အနွှရတိုင်းဖက်က ဖြစ်တယ် ဆိုတာပါပဲ။ နောက်မှ မြောက်ဖက်ကို ဆန်တက်ပြီး တိဗက်နိုင်ငံ ဘူတန်လဒတ် ဆစ်ကင်း ခိုတန် မွန်ဂိုလီယား တရုတ် ကိုရီးယားနဲ့ ဂျပန်စတဲ့ တိုင်းပြည်တွေကို ဆက်လက်ပျံ့နှံ့ ရောက်ရှိခဲ့တာပါပဲ။ ဒီလို ပြန့်နှံ့ရာမှာ အဓိက ကတော့ ကုန်းလမ်းကနေ ပြန့်ခဲ့တာပါပဲ။

ကိုမင်း။ ။ ဟုတ်တယ်ဗျ။ ထေရဝါဒရဲ့ ရှေးဦး သံဃာအဖွဲ့အစည်းတွေကလည်း အိန္ဒိယပြည်မြောက်ဖက်က အဝန္တိတိုင်း မဂဓတိုင်းစတဲ့ ဒေသတွေမှာ အခြေချလို့ တောင်ဖက်ကို ရွှေ့ခဲ့တယ်။ နောက်မှ သီဟိုဠ်မြန်မာ ထိုင်း ကမ္ဘောဒီးယား လာအို စတဲ့ နိုင်ငံတွေကို တစ်ဆင့်ခြင်း ရောက်ခဲ့ပါတယ်။ ရေလမ်းကြောင်းကို အခြေခံပြီး ပြန့်ပွားခဲ့တယ် လို့ ဆိုကြပါတယ်။

ကိုလင်း။ ။ ထေရဝါဒဗုဒ္ဓဘာသာဟာ အစဉ်အလာကို ပကတိအတိုင်းထိန်း သိမ်းဖို့ အားသန်တဲ့အကြောင်း ဆိုခဲ့သလိုပဲ ဒီလက္ခဏာ အချင်း အရာကို သမိုင်းတစ်လျှောက်လုံးမှာ တွေ့ခဲ့ရပါတယ်။ အထူး သဖြင့်တော့ အသောကမင်းကြီး လက်ထက်ကစလို့ ဓမ္မအရေးကို အာဏာစက်နဲ့ ကူညီပံ့ပိုးလို့ ဂိုဏ်းအယူဝါဒ သန့်စင်အောင် အထူးကြိုးပမ်းခဲ့တာတွေ တွေ့ရပါတယ်။ ဒီလို မင်းအာဏာစက်နဲ့ ဗုဒ္ဓဘာသာဂိုဏ်းတစ်ခုတည်းကို ရွေးချယ် ကာကွယ်ချီးမြှောက်တဲ့ အလေ့အထမျိုးကို မဟာယာန ဗုဒ္ဓဘာသာရဲ့ သမိုင်းမှာတော့ ထင်ထင်ရှားရှား မတွေ့ရပါဘူး။ မတူညီတဲ့ အမြင်နဲ့ မဟာယာန ဗုဒ္ဓဘာသာဂိုဏ်းတွေဟာ စင်ပြိုင် ရပ်တည်နေကြတာကိုပဲ တွေ့ရ တာများပါတယ်။

ကိုမင်း။ ။ အမှန်ပေါ့ ကိုလင်းရေ။ အဲဒီရှုထောင့်က ကြည့်ရင်တော့ ထေရဝါဒ ဟာ မိမိဂိုဏ်းဂဏရဲ့ အယူအမြင် သန့်စင်ရေးနဲ့ ဝိနည်းအကျင့် သန့်စင်ရေးတွေ အတွက် မတူတာတွေကို အဆိပ်အတောက်လို သဘောထားပြီး ဖယ်ရှားခဲ့ပါတယ်။ ထေရဝါဒအယူအဆနဲ့ ကိုက် ညီတာကို ဓမ္မမကိုက်ညီတာ သွေဖည်တာကို အဓမ္မလို့ပဲ ခွဲခြားသတ် မှတ်ပါတယ်။ လိုအပ်ရင် အာဏာစက်ရဲ့ အထောက်အကူကို ရယူ

ခဲ့ရတာတွေလည်း ရှိပါတယ်။ အဲဒါကတော့ ဘာသာရေးဒဿန မှာ သစ္စာမူပိုင်ဝါဒလို့ ဆိုနိုင်တဲ့ exclusivist viewလို့ မှတ်သား ဖူးပါတယ်ဗျ။

ကိုလင်း။ ။ ဟုတ်တယ်။ အဆုံးစွန်သော ဘာသာရေးအမှန်တရားတွေဟာ မိမိဘာသာ မိမိကိုးကားရာရဲ့ ဘောင်အတွင်းမှာပဲရှိတယ် ရနိုင် ရောက်နိုင်တယ်လို့ မြင်တာဟာ ဘာသာရေးသစ္စာ မူပိုင်ဝါဒပေါ့ ဗျာ။ အဲဒီ ရှုထောင့်ကကြည့်ရင် မဟာယာနဗုဒ္ဓဘာသာရဲ့ အမြင်က တော့ Inclusivist View လို့ ဆိုနိုင်တယ်ဗျ။ အဆင့်ခွဲ သိမ်းသွင်း ဘာသာရေးအမြင်လို့ မြန်မာမှုပြုလို့ ရမလားတော့ မသိဘူး။

ကိုမင်း။ ။ အဆန်းပါလား ကိုမင်းရေ။ အဆင့်ခွဲသိမ်းသွင်း ဘာသာရေးအမြင် ဆိုတာ အခုမှကြားဖူးပါတယ်။ အဓိပ္ပာယ်လေး ကိုလင်း စမ်းပါဦး။

ကိုလင်း။ ။ အဆင့်ခွဲသိမ်းသွင်း ဘာသာရေးအမြင်ဆိုတာကတော့ဗျာ ဘာသာ ရေး ဂိုဏ်းဂဏတွေရဲ့ အမှန်တရားတွေကို လှေကားထစ်လို အဆင့် အနိမ့်အမြင့်ခွဲပြီး ချဉ်းကပ်တဲ့ အမြင်ပေါ့ဗျာ။ ထေရဝါဒလို အမှန် နဲ့ အမှား ဓမ္မနဲ့ အဓမ္မဆိုပြီး မခွဲခြားဘဲ ဓမ္မရဲ့ အဆင့်အလွှာ အမျိုး မျိုးအနေနဲ့ ချဉ်းကပ်ပုံမျိုးကို ဆိုလိုပါတယ်။ အထူးသဖြင့် တိဗက် မဟာယာနဗုဒ္ဓဘာသာမှာ ဒီလို ချဉ်းကပ်မှုမျိုးကို တွေ့ရပါတယ်။ အနိမ့်ဆုံးအလွှာမှာ သာသနာပ အညတိတ္ထိယတွေရဲ့ လောကီအယူ ဝါဒ အမျိုးမျိုးကို တင်ပြတယ်။ ပြီးတော့မှ ဟီနယာနကိုးကွန်းတွေလို့ သတ်မှတ်တဲ့ ဝေဘာသိကဒဿနနဲ့ သုတ္တန္တိကဒဿနတွေကို ဖော် ပြတယ်။ ဒါတွေရဲ့ အထက်မှာတော့ မဟာယာနဒဿန အမြင်တွေ ဖြစ်တဲ့ ယောဂါစာရ (ဝိညတ္တိ မတ္တ) ဂိုးကွန်းနဲ့ မဇ္ဈိမိကဂိုးကွန်းတွေ ကို တင်ပြပါတယ်။ မဇ္ဈိမိကဂိုးကွန်းမှာတောင် သတန္တရနဲ့ ပရသင်္ကို ဆိုပြီး နှစ်ဆင့်ခွဲထားတယ် မဟုတ်လား။ ပရသင်္ကမဇ္ဈိမိကဂိုးကွန်း ရဲ့ ဓမ္မအမြင်ကိုတော့ မဟာယာနဗုဒ္ဓဘာသာရဲ့ အမြင့်ဆုံး ဓမ္မအမြင် အဖြစ် သတ်မှတ်ထားတာမျိုးပါ။ ဒီအမြင်တွေ အားလုံးဟာ ပရသင်္ကမဇ္ဈိမိကဂိုးကွန်းကလွဲလို့ လုံးဝအမှားလည်း မဟုတ်သလို လုံးဝအမှန်လည်း မဟုတ်ဘူး။ ပရသင်္ကမဇ္ဈိမိကဂိုးကွန်းအမြင်ကို စံထားရင် ဒီအမြင်နဲ့ အနီးအဝေး ရပ်တည်ချက်တွေအပေါ်မှာ မူတည်ပြီး လှေခါးထစ်လို အနိမ့်အမြင့် ကွာခြားသွားတယ်။ လှေ

ကား‌ရဲ့ အောက်ဆုံးထစ်မှာ လောကာယတ ရုပ်ဝါဒလို အယူအဆ မျိုး ရှိနေသလို လှေခါး‌ရဲ့ အပေါ်ဆုံးအထစ်ဟာ ပရသင်္ကမဇ္ဈိမိက ဂိုဏ်းအမြင်ပဲ ဆိုတာမျိုး ဖြစ်တယ်လို့ ခံယူကြပါတယ်။

အဲဒါရဲ့ အကျိုးဆက်ကတော့ မဟာယာနဗုဒ္ဓဘာသာ ထွန်းကားတဲ့ တိုင်းပြည်တွေမှာ ဗုဒ္ဓဘာသာ ဂိုဏ်းအမျိုးမျိုး၊ အသွင်အမျိုးမျိုး၊ ရုပ်တည်ချက်အမျိုးမျိုးနဲ့ ရင်ဘောင်တန်းတည်ရှိနေကြတာပဲ ဖြစ်တယ်။ ဓမ္မအယူအဆ မတူညီမှုအပေါ်မှာ ဒဿနပညာ ရှုထောင့်ကနေ ပြင်းထန်တဲ့ ရန်းကန်ငြင်းခုံမှုတွေ ရှိခဲ့ပေမဲ့ ဘာသာရေးအမြင်သက်သက်ကို အခြေခံတဲ့ ဖိနှိပ်မှုမျိုး ခွဲခြားဆက်ဆံမှုမျိုးတွေ မရှိသလောက်ပါပဲ။ ဘုရင်ဧကရာဇ်တွေ ပစား‌ပေးတဲ့ ဗုဒ္ဓဘာသာဂိုဏ်းတွေ ရှိနေတာကတော့ သဘာဝပါပဲ။ ဒါပေမဲ့ ရှေးအခါက အသောကမင်းတရား‌ကြီး‌ရဲ့ ထုံးကို နှလုံးမူလို့ ဂိုဏ်းဂဏ အသီးသီး‌ရဲ့ တည်ရှိမှုကို ခွင့်ပြုထား‌ကြပါတယ်။

ကိုမင်း။ ။ ဒါလည်း စိတ်ဝင်စား‌စရာ အင်မတန်‌ကောင်းတဲ့ ကွာခြား‌ချက်ပါပဲ။ ဆက်ပြီး‌ဆွေး‌နွေး‌ချင်စရာတွေ ရှိပေမဲ့ ကျွန်တော်တို့ စကား‌ဆက်ကို အဆုံး‌သတ်ရအောင်အတွက် နောက်ထပ် ကွာခြား‌ချက် တစ်ချက်ကို ထပ်ပြောပါဦး ကိုလင်း။

(၁၃) တရသမကွဲပြား‌ခြား‌နား‌ချက်
(အခြား ဘာသာတရား‌များ အပေါ် အမြင်)

ကိုလင်း။ ။ ဗုဒ္ဓဘာသာဂိုဏ်း‌ကွဲတွေ အပေါ်မြင်တဲ့ အမြင်လိုပဲ အခြား‌ဘာသာတရား‌တွေအပေါ်မြင်တဲ့ အမြင်လည်း ကွဲပြား‌နေမှာ အမှန်ပါပဲ။

ကိုမင်း။ ။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အရင်ကဗုဒ္ဓဘာသာဆိုတဲ့ အသုံး‌အနှုန်းမျိုး မရှိသေး‌ခင်မှာ မြန်မာတွေဟာ ကိုယ့်ကိုယ်ကို သမ္မာဒိဋ္ဌလူမျိုး တိုင်း‌တစ်ပါး‌သား ဘာသာခြား‌တွေကို မိစ္ဆာဒိဋ္ဌလူမျိုး‌ရယ်လို့ ခေါ်ဝေါ်သုံး‌နှုန်း‌တတ်တယ်လို့ ကြား‌ဖူး‌တယ်ဗျ။ ဒါကတော့ ဘာသာရေး‌ရဲ့ သဘောအတိုင်း အမြင်မှန်နဲ့ အမြင်မှား၊ ဓမ္မနဲ့ အဓမ္မ၊ သမ္မာနဲ့ မိစ္ဆာ၊ ဒီလိုပဲ ခွဲခြား‌ပြောဆိုတတ်တဲ့ သဘော ဖြစ်မယ် ထင်ပါတယ်။

ကိုလင်း။ ။ ဒီနေရာမှာ မိစ္ဆာဆိုတဲ့ အသုံး‌အနှုန်း‌က ယေဘုယျ အများသိကြတာ

က မကောင်းတဲ့ ယုတ်ညံ့တဲ့ သဘောဆိုတာမျိုး ဖြစ်နေတယ်။ ဘာသာခြားတွေကို မိစ္ဆာဒိဋ္ဌိလူမျိုးလို့ ပြောတာ အဲဒီသဘောမျိုးတော့ ဟုတ်ဟန်မတူဘူးဗျ။ မိစ္ဆာဆိုတာ ဒီနေရာမှာတော့ မှားယွင်းတယ် လွဲချော်တယ်ဆိုတဲ့ အနက်သဘောက ပိုကဲလိမ့်မယ်လို့ ထင်ပါတယ်။ လွဲချော်မှားယွင်းတဲ့ တရားတွေဆိုတာ ဒီ ဘာသာတရားလမ်းကို လိုက်စားသူတွေဟာ အဆုံးစွန်ပန်းတိုင်ဖြစ်တဲ့ မင်္ဂဖိုလ်နိဗ္ဗာန် လောကုတ္တရာဉာဏ်ပညာကို မရနိုင်ဘူးလို့သာ ဆိုလိုချင်တယ်လို့ ထင်မိပါတယ်။

ကိုမင်း။ ။ ဟုတ်တယ် ကိုလင်း။ မဟာပရိနိဗ္ဗာနသုတ်မှာ နောက်ဆုံး သာဝကဖြစ်တဲ့ သုဘဒ္ဒပရိဗိုဇ်ကိုလည်း ဟောတော်မူရာမှာ မဂ္ဂင် ၈ ပါး အကျင့်မြတ်ရှိတဲ့ သာသနာမှာသာလျှင် အရိယာသူတော်စင်တွေ ရှိနိုင်တယ်လို့ ဆိုပါတယ်။ နောက်ပြီး သုတ်နာမည်တော့ အသေအချာ မမှတ်မိဘူး ခဒိရပတ္တသုတ်လို့ ထင်ပါတယ်။ ဗုဒ္ဓရှင်တော်ကိုယ်တိုင် ဟောတော်မူခဲ့တာရှိတယ်။ သမန်းမြက် သျှစ်သွားရွက်လို အရာတွေဟာ ရေကို မဆောင်ယူနိုင်သလို အခြား တိတ္ထိတွေရဲ့ ဘာသာတရားတွေဟာလည်း ဝိမုတ္တိဉာဏ် အထူးကို မသယ်ဆောင်နိုင်ဘူး ကြာရွက်ဟာ ရေကို ဆောင်ယူနိုင်သလို ငါ ဘုရားရဲ့ သာသနာကပဲ ဝိမုတ္တိဉာဏ်အထူးကို သယ်ဆောင်နိုင်ပါတယ်လို့ ဟောကြားထားချက်တွေ ရှိတယ်ဗျ။

ကိုလင်း။ ။ အဲဒီ ရှုထောင့်ကကြည့်ရင်တော့ မဟာယာနဗုဒ္ဓဘာသာရဲ့ ရပ်တည်ချက်ကလည်း ထူးပြီး မခြားနားလှဘူးလို့ မြင်ပါတယ်။ သဒ္ဓမ္မပုဏ္ဍရိကာသုတ်မှာ ဘုရားအဖြစ် ရောက်ရှိရေးဆိုတဲ့ မဟာယာနလမ်းစဉ်သည်သာ တစ်ခုတည်းသောလမ်းစဉ်=ဧကယာန ဖြစ်တယ်လို့ ဆိုထားတယ် မဟုတ်လား။ ဒီတော့ မဟာယာန ဗုဒ္ဓဘာသာမှာလည်း နောက်ဆုံး တံခါးပေါက်ဟာ မဟာယာနကလွဲလို့ တခြား ထွက်ပေါက်မရှိဘူးလို့ ဆိုရာရောက်လေတယ် မဟုတ်လား။ ဒါပေမဲ့ ထူးခြားချက် ဝိသေသအမြင်လေးတွေတော့ ရှိတယ်။ ပထမအချက်က ကျွန်တော်ပြောခဲ့သလို မဟာယာနဆိုတာ အယူအဆ လောကအမြင်ဆိုတာထက် စိတ်နှလုံးသားနဲ့ ဘဝအမြင်ကို ပိုပြီး ရည်ညွှန်းပါတယ်။ လောကအတွက် ဦးတည်ဆောင်ရွက်တဲ့သူ မိမိ အတ္တ

အကျိုးကို စွန့်လွှတ်နိုင်တဲ့သူတိုင်းဟာ မဟာယာနဝါဒီတွေပဲလို့ ဆိုရိုးရှိတယ်။ ဒါက ပထမအချက်ပဲဖြစ်တယ်။ ဒီတော့ အယူအဆလောကအမြင် မတူတဲ့ အခြား ဘာသာတရားတွေ ဒဿနတွေမှာလည်း လောကအကျိုး အများဝေနေယျ သတ္တဝါတွေရဲ့အကျိုးကို ရှေးရှုတယ်ဆိုရင် ဒါဟာ မဟာယာနနဲ့ စိတ်နှလုံးသားနဲ့ ဘဝအမြင် မဆန့်ကျင်ဘဲ အလျော်ဖြစ်တယ်လို့ ယူဆနိုင်တယ်။ အခြားဘာသာတရားတွေက ကိုယ့်အတွက်အကျိုး စွန့်လွှတ်သူ သူတော်သူမြတ်တွေကိုလည်း မဟာယာန ဗုဒ္ဓဘာသာရဲ့ ဗောဓိသတ္တတွေလိုပဲ အလားတူ လေးမြတ်မှုကို ပေးနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။ ဒေါက်တာ အယ်လဘတ်ရွိုက်ဇာ လိုပုဂ္ဂိုလ်မျိုး မာသာထရီဇာလို ပုဂ္ဂိုလ်မျိုးတွေကိုလည်း မဟာယာန ဗုဒ္ဓဘာသာရဲ့ ဗောဓိသတ္တတွေအလား မှတ်ယူ လေးစားနိုင်ပါတယ်။

ကိုမင်း။ ။ ဒီအချက်ကတော့ စိတ်ဝင်စားစရာပဲဗျ။ ဒါပေမဲ့ ထေရဝါဒမှာလည်း ဒီလို ပုဂ္ဂိုလ်ထူးတွေကို ပါရမီဖြည့်ကျင့်နေတဲ့ ဘုရား အလောင်းတော်တွေလို့ ယူဆနိုင်ပါတယ်။ ဒါပေမဲ့ ဆုကြိုးပန် ပါရမီဖြည့်တဲ့ ဘုရားအလောင်းတော်တွေဟာ မဟာယာနဝါဒီတွေပဲလို့ ကိုလင်းက ဆိုဦးမှာလားဗျာ။

ကိုလင်း။ ။ ဆိုနိုင်တာပါပဲဗျ။ ဒီအချက်ကိုထောက်ရင် ထေရဝါဒ အယူအမြင်တွေထဲမှာ မဟာယာနအတွက် နေရာရှိနေတာလည်း အမှန်ပါပဲ။ ထူးခြားချက်က ထေရဝါဒမှာ ယာနလမ်းစဉ် ၃ခု စလုံးကို သီးခြားကျင့်သုံး ရောက်ရှိနိုင်တဲ့ လမ်းစဉ်တွေအဖြစ် ခံယူပြီးတော့ မဟာယာနမှာတော့ ဒီလမ်းစဉ်တွေဟာ တစ်ခုတည်းသော ဇကယာနရဲ့အဆင့်တွေအဖြစ် မြင်တာပဲ ဖြစ်ပါလိမ့်မယ်။

ကိုမင်း။ ။ ဒါဆိုရင် နောက်တစ်ချက်ကို ပြောပါဦး ကိုလင်း။

ကိုလင်း။ ။ နောက်တစ်ချက်ကတော့ မဟာယာနဟာ အပွင့်စနစ် တစ်ခုဖြစ်ပြီး ထေရဝါဒလို အပိတ်စနစ် တစ်ခုမဟုတ်တဲ့ အချင်းအရာပါပဲ။ ဒီအကြောင်းကို ပိဋကတ်တွေ နှိုင်းယှဉ်ချက်တုန်းကလည်း ပြောခဲ့ပြီးပါပြီ။ အဲဒီအတွက် အကန့်အသတ်ဘောင် အလွန်ကျယ်ဝန်းတဲ့ ရပ်တည်ချက်မျိုး ဖြစ်လာတာကို တွေ့ရတယ်။ ဝေနေယျသတ္တဝါတွေတိုင်းမှာ ဗောဓိဉာဏ်ရဲ့ အမတေဓာတ်ဖြစ်တဲ့ ဗုဒ္ဓသဘာဝ

ရှိတယ်လို့ ယူဆရင် အခြားဘာသာတရားတွေရဲ့ ဘာသာရေးခေါင်းဆောင်တွေ သူတော်သူမြတ်တွေ ပညာရှိသူတော်စင်တွေ အားလုံးမှာလည်း အဲဒီ ဗုဒ္ဓသဘာဝ ဉာဏ်မီးတောက်ဟာ အတိုင်းအတာတစ်ခုစီအထိ ထွန်းလင်း တောက်ပနေမှာ အမှန်ပဲလို့ယူဆလို့ ရနိုင်တယ်မဟုတ်လား။ ဝေနေယျသတ္တဝါတွေ သူ့စရိုက်နဲ့သူ ကိုက်ညီမဲ့ ဓမ္မတရားတွေကို ဘာသာအသီးသီးက ကိုယ်ရှုထောင့်နဲ့ ကိုယ်တင်ပြနေကြတာပဲ ဖြစ်တယ်လို့ မြင်နိုင်ပါတယ်။ ဒါကတော့ ကျွန်တော့်တွေးလုံးတစ်ခုပါ ကိုမင်း။ မဟာယာနဗုဒ္ဓဘာသာကျမ်းဂန်တွေမှာ တိုက်ရိုက်ဖော်ပြထားတာမျိုးတော့ မတွေ့ရှိသေးပါဘူး။

ကိုမင်း။ ။ ထေရဝါဒ အမြင်အရတော့ ဘုရားအလောင်းတော်တွေ တောင်အမြဲတမ်း ဗုဒ္ဓဘာသာဝင် မဖြစ်ခဲ့တော့ အခြားဘာသာတရားတွေက သူတော်စင် သူတော်မြတ်တွေကိုလည်း သူတို့ရဲ့ သီလ သမာဓိ ပညာအလျှောက် မကြည်ညိုမလေးစားစရာ အကြောင်းတော့ မရှိပါဘူး။ ဒါပေမဲ့ ထေရဝါဒ အလိုအရ အရိယာ သူတော်စင် ပုဂ္ဂိုလ်တွေဆိုတာကတော့ ဗုဒ္ဓဘာသာရဲ့ ဘောင်ထဲမှာပဲ ရှိနေတာ ဖြစ်တဲ့အတွက် ကျွန်တဲ့ သာသနာပသူတော်စင်တွေကို ပုထုဇဉ်အနွယ်တွေလို့သာ သတ်မှတ်ပါတယ် ကိုလင်း။ နောက်တစ်ချက် ကတော့ ဘုရားရှင်ဆီက တိုက်ရိုက်ဆင်းသက်လာတဲ့ သမ္မုတိသံဃာ အနွယ် အဆက်တွေကိုသာ ကောင်းမှု ကုသိုလ်စိုက်ပျိုးဖို့ အကောင်းဆုံးလယ်ယာ မြေကောင်းတွေအဖြစ် ထေရဝါဒီတွေက သဒ္ဓါဝေဖြိုးကြည်ညိုကိုင်းရှိုင်းကြပါတယ် ကိုလင်းရေ။

ကိုလင်း။ ။ ဟုတ်ပြီ ကိုမင်း။ နောက်ထပ် ခြားနားချက် ဘာများ သိချင်ပါသေးလဲဗျာ။

ကိုမင်း။ ။ တန္တရကျင့်စဉ်တွေအပေါ် ထေရဝါဒနဲ့ မဟာယာန အမြင်ကိုလည်း သိချင်ပါတယ် ကိုလင်း။

(၁၄) ဗုဒ္ဓသမကွဲပြားခြားနားချက် (တန္တရကျင့်စဉ်အပေါ် အမြင်)

ကိုလင်း။ ။ တန္တရကျင့်စဉ်တွေ အကြောင်းကို ကျွန်တော့်ကျမ်းရဲ့ နောက်ဆုံးအခန်းမှာ ကိုမင်း လေ့လာခဲ့ပြီး ဖြစ်မယ်လို့လည်း ထင်ပါတယ်။

ပထမဆုံး ပြောချင်တာက မဟာယာနဗုဒ္ဓဘာသာဟာ တန္တ္ရ ကျင့်စဉ်တွေကို လက်ခံသိမ်းသွင်းယူလိုက်တဲ့အခါမှာ ဝဇ္ဇရယာန ဗုဒ္ဓဘာသာဆိုတဲ့ အမည်သစ် ရလာပါတယ်။ အခြားတစ်ဖက်က ပြောလို့ရတာက အိန္ဒိယအလယ်ခေတ်မှာ တန္တ္ရကျင့်စဉ်တွေ ခေတ်စားပေါ်ထွန်းလာတဲ့အခါမှာ တန္တ္ရကျင့်စဉ်ကျင့်သူတွေက မဟာယာနဗုဒ္ဓဘာသာရဲ့ လောကအမြင်နဲ့ ဓမ္မဒဿန အမြင်တွေကို လမ်းညွှန်သဘောတရားတွေအဖြစ် ပေါင်းစည်းယူလာကြတယ်လို့ ဆိုချင်လည်း ဆိုနိုင်ပါသေးတယ်။ ဒီတော့ မဟာယာနက တန္တ္ရကို ဒဿန အခြေခံအမြင်တွေ ပေးတယ် တန္တ္ရက မဟာယာနကို ဗောဓိသတ္တမဂ်လမ်းစဉ်ကို အထိရောက်ဆုံး အထောက်အကူ ဖြစ်စေနိုင်မဲ့ တန္တ္ရယောဂ ကျင့်စဉ်တွေ ပေးတယ်။ ဒီလို အပြန်အလှန် အကျိုးပြုရင်းနဲ့ ဝဇ္ဇရယာန ဗုဒ္ဓဘာသာကို တည်ဆောက်နိုင်တယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့်မို့ တန္တ္ရအပေါ် မဟာယာနမြင်တဲ့ အမြင်က အကျိုးပြုတဲ့ နည်းစနစ်ဗေဒ အစုအဝေးလို့ မြင်ပါတယ်။

ကိုမင်း။ ။ ဒီနေရာမှာတော့ ထေရဝါဒအမြင်က လုံးဝကွဲပြားတယ်လို့ ထင်တယ် ကိုလင်း။ ဓမ္မကျင့်စဉ်နဲ့ ပတ်သက်ရင် ထေရဝါဒဟာ ရှေးနိကာယ်စာပေတွေနဲ့ အဋ္ဌကထာကျမ်းတွေကိုပဲ အခြေခံပါတယ်။ အထူးသဖြင့် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကျမ်းမှာလာတဲ့ သမထယာနိကဝိပဿနာကျင့်စဉ်ကို ကျင့်ချင်ကျင့်မယ်။ ဒါမှမဟုတ် မဟာသတိပဋ္ဌာနသုတ်ကို အခြေခံတဲ့ သုက္ခဝိပဿနာကျင့်စဉ် (သမထမပါ ဝိပဿနာသက်သက်ကျင့်စဉ်) ကို ကျင့်ချင်ကျင့်မယ်ပေါ့။ ဒီနှစ်မျိုးအပြင် တခြားနည်းစနစ်တွေကို လက်ခံထားတာတော့ မတွေ့ရပါဘူး။ အထူးသဖြင့် ထေရဝါဒကျင့်စဉ်တွေဟာ သီလဝိသုဒ္ဓိလို့ခေါ်တဲ့ ကိုယ်ကျင့်သီလရဲ့ စင်ကြယ်မှုကို အခြေခံရတဲ့ အတွက် တန္တ္ရကျင့်စဉ်တွေဟာ သီလဝိသုဒ္ဓိ မဖြစ်နိုင်ဘူးလို့ ယူဆတဲ့အတွက် ထေရဝါဒက လက်ခံမယ်လို့ မထင်ဘူးဗျ။

ကိုလင်း။ ။ ဟုတ်ပါတယ် ကိုမင်း။ တန္တ္ရကျင့်စဉ်တွေမှာ ထေရဝါဒရှုထောင့် သာဝကယာနရှုထောင့်တွေကနေ ကြည့်ရင် သီလဝိသုဒ္ဓိ မဖြစ်လောက်ဘူးလို့ မြင်နိုင်စရာတွေ ပါနေတာအမှန်ပါ။ ကိရိယတန္တ္ရ

မှာ သေရည်ငါးမျိုး အသားငါးမျိုး စတာတွေကို ဒါတဗွဝတ္ထုတွေ အနေနဲ့. ပူဇော်တာမျိုးတွေ အနုတ္တရ ယောဂတန္တရမှာ သက်ရှိကမ္မ မုဒြာကို အသုံးပြုတာမျိုးတွေဟာ ထေရဝါဒရှုထောင့် သာဝက ယာန ရှုထောင့်တွေကနေ ဘယ်လိုမှ လက်ခံနိုင်ဖွယ်မရှိဘူးဆိုတာ အမှန်ပဲ။ ဒီနေရာမှာ တန္တရရဲ့ ရပ်တည်ချက်ကိုပြောရရင် ဒီအရာ တွေဟာ လှလိုဖောင်လို အသုံးချတဲ့ နည်းလမ်းတွေ ကိရိယာတွေ ပဲ ဖြစ်တယ်ဆိုတာပါပဲ။ ခေတ်နဲ့ထင်ဟပ်တဲ့ ဥပမာကိုပေးရရင် ဓာတုအဆိပ်နဲ့. အနုမြူစွမ်းအင်တွေလိုပေါ့။ ဓာတုအဆိပ်ဆိုတာ မကောင်းတဲ့ဖက်မှာ အသက်ကိုသတ်ဖြတ်နိုင်တဲ့ အဆိပ်အတောက် အနေနဲ့. သုံးလို့.ရသလို ဒီအဆိပ်ကိုပဲ ဓာတုဗေဒနည်းနဲ့. ပြုပြင်နိုင် ရင် လူ့.ကျန်းမာရေးအတွက် အသုံးဝင်တဲ့ ရောဂါတွေ ပျောက်ကင်း စေနိုင်တဲ့ ဆေးဝါးအဖြစ် အသုံးချနိုင်တယ်။ အနုမြူစွမ်းအင် ဆိုတာလည်း ထိုနည်းတူပါပဲ မကောင်းတဲ့ဖက်မှာ အသက်ကို သတ်ဖြတ်နိုင်တဲ့ လူသတ်လက်နက်ကြီးတွေအဖြစ် ဖန်တီးနိုင်သလို အကျိုးပြုတဲ့ဖက်မှာဆိုရင်လည်း စျေးသက်သာပြီး အကျိုးကြီးတဲ့ စွမ်းအင် အရင်းအမြစ်တစ်ခုအဖြစ် အသုံးချနိုင်တယ် မဟုတ်လား။ ဒါပေမဲ့ ဒီစွမ်းအင်တွေကို အဖျက်ဖက်ကို မရောက်အောင် သတိ ဝီရိယနဲ့. ထိန်းဖို့.တော့ လိုလိမ့်မယ်။

တန္တရဟာလည်း လူသား‌ရဲ့. ပုန်းကွယ်နေတဲ့ စွမ်းအင်တွေကို အသုံးချဖို့. ကြိုးစားတာကြောင့် အန္တရာယ်ဆိုတာလည်း ရှိနေပါ တယ်။ အထူးသဖြင့် တန္တရယောဂတွေဟာ လူသား‌ရဲ့ အသိမ်မွေ့ ဆုံး ကုဏ္ဍလိနီ လိင်စွမ်းအင်ကို ကြိုးကိုင် အသုံးချပြီး ချက္ကရတွေ ပွင့်အောင် နဒီထဲကို ပရာဏမာတ်တွေ အားလုံး စီးဝင်ချုပ်ငြိမ်း အောင် အားထုတ်ရတဲ့အတွက် အလွန် အန္တရာယ်ကြီးနေရတာ ဖြစ်တယ်။ အမျိုးသမီး ကမ္မမုဒြာနဲ့. တွဲဖက်ကျင့်ရတယ်ဆိုတာက လည်း ဥပမာပေးရရင် မော်တော်ကားတစ်စီးမှာ အင်ဂျင်ကို နှိုးဖို့. အတွက် မော်တာလိုတယ် မော်တာကို လည်စေဖို့.အတွက် ဘက်ထရီ လိုတယ်ဆိုတာမျိုးပါပဲ။ တန္တရိကယောဂီဟာ မိမိရဲ့ ကုဏ္ဍလိနီ စွမ်းအင်တွေကို နှိုးဖို့.အတွက် ကမ္မမုဒြာရဲ့ နဒီ-ချက္ကရ-ကုဏ္ဍ လိနီ စွမ်းအင်တွေကို (မော်တာလို ဘက်ထရီလို ဥပမာနဲ့) အသုံး

ချတဲ့သဘောပဲ ဖြစ်ပါတယ်။ ဒီသဘောကို မမိရင် လိင်သုခစွမ်းအင်ကို ညစ်ညမ်းတဲ့ လောကီကိစ္စအနေနဲ့ အသုံးချသွားနိုင်ပါတယ်။ ဒီအတွက် တန္တရသီလလို့ သတ်မှတ်ထားတဲ့ သံဝရတရားတွေကို တန္တရကျင့်သူဟာ တင်းတင်းကြပ်ကြပ် စောင့်ထိန်းဖို့ လိုတယ်။ ဖောက်ဖျက်ကျူးလွန်မိရင်လည်း သာမန်ငရဲထက်အဆပေါင်းများစွာ ဆိုးတဲ့ ဝဇီရငရဲကို ကျပါစေသားလို့ ကျိန်ဆိုကတိပြုထားရတာတွေလည်း ရှိပါတယ်။

ကိုမင်း။ ။ ပါဠိပိဋကတ်မှာတောင် လွတ်မြောက်ခြင်းကိုရဖို့အတွက် မနက်ကိုလှံနဲ့ အချက်လေးရာ ညနေကို အချက်လေးရာ အနှစ်တစ်ရာပတ်လုံး အထိုးခံမှ လွတ်မြောက်ခြင်းကို ရမယ်ဆိုတောင် အထိုးခံသင့်ကြောင်း ဟောထားတာတွေရှိတယ်လို့ ကြားဖူးတယ်ဗျ။ ဒီတော့ လွတ်မြောက်ခြင်းဆိုတဲ့ ပန်းတိုင်အတွက် ရောက်ကိုရောက်မယ်ဆိုရင် အဆိုးဝါးဆုံး ဆင်းရဲဒုက္ခတွေနဲ့တောင် ရင်းပြီး ရယူသင့်တယ်လို့ ဆိုထားတာ ဖြစ်တယ်။ ဒီတော့ ဒီလို စွန့်စားမှုဟာလည်း တကယ့်လွတ်မြောက်မှုကို ကျိန်းသေပေါ့၊ ရမယ်ဆိုရင်တော့ စွန့်စားသင့်တာပေါ့ ကိုလင်းရေ။

ကိုလင်း။ ။ ဝဇီရယာနရဲ့ တန္တရကျင့်စဉ်ကို ကျင့်သူဟာ မဟာယာနဗောဓိသတ္တဆိုတာကိုလည်း မမေ့နဲ့ဦးဗျ။ ဗောဓိသတ္တရဲ့ အဓိဋ္ဌာန်တွေကို တည်ဆောက်ပြီးမှ တန္တရသမယလို့ခေါ်တဲ့ အဓိဋ္ဌာန်တွေကို တည်ဆောက်ယူရတာဆိုတော့ တန္တရိကပုဂ္ဂိုလ်ဟာ အများဝေနေယျ အကျိုးအတွက် ရည်စူးပြီး ကျင့်တဲ့သူပါပဲ။ အကြီးမားဆုံး စွန့်လွှတ်ပေးဆပ်မှုတွေ လုပ်နိုင်တဲ့သူတွေသာ ဒီလို ရဲဝံ့စွန့်စားနိုင်ပေလိမ့်မယ်လို့ ထင်ပါတယ်။ ဒီအတွက် အလွန်ကြီးမားတဲ့ ယုံကြည်ခြင်း ခွန်အားလည်း လိုပါတယ်။

ကိုမင်း။ ။ ဒီအချက်နဲ့ နှိုင်းယှဉ်ရင်တော့ ထေရဝါဒရဲ့ သမားရိုးကျ သမထဝိပဿနာ လမ်းတွေက ပိုပြီး ဘေးကင်း လုံခြုံသလိုတော့ ခံစားရပါတယ်။ အလျင်လိုရင် လမ်းအိုလိုက်ဆိုတဲ့ စကားပုံလို ကြာချင်ကြာပလေ့စေ သေချာပြီး အန္တရာယ်ကင်းတဲ့ လမ်းကိုတော့ ပိုပြီးနှစ်ခြိုက်မိသလိုပါပဲ။ ဒါနဲ့ စကားမစပ် ကိုလင်းရေ ဟိန္ဒူတန္တရနဲ့ ဗုဒ္ဓတန္တရတွေကရော အတူတူပဲလား ကွဲပြားခြားနားချက်တွေ ရှိသလားဆိုတာ ကျွန်တော် သိချင်တယ်ဗျာ။

ကိုလင်း၊ ။ ဒါကတော့ ကိုယ်ရွေးချယ်မှုနဲ့. ကိုယ်ပေါ့ဗျာ။ ဒီနေရာမှာ ကိုမင်းရဲ့ မေးခွန်းဖြစ်တဲ့ ဟိန္နူနဲ့. ဗုဒ္ဓ တန်ခိုးရတွေ တူ မတူဆိုတာနဲ့. ပတ်သက်လို့. အကျဉ်းအားဖြင့် ပြောရရင်တော့ တူတာတွေ တူတယ် ကွဲတာတွေ ကွဲတယ်လို့ပဲ ဆိုရမှာပဲဗျ။ ဘာတွေ တူသလဲလို့. မေးရင် ပရာဏယမကျင့်စဉ်ကို အသုံးပြုပြီးတော့ ကုဏ္ဍလိနီ (စဏ္ဍာလီ) စွမ်းအင်ကိုနှိုးပြီး အသုံးချပုံချင်းတော့ တူပါတယ်။ ကမ္မမုဒ္ဒြာကို သုံးတာချင်းလည်း တူလိမ့်မယ်။ နောက်ပြီးတော့ တန်ခိုးရယောဂရဲ့ စွမ်းအားနဲ့. ချက္ကရတွေကို ပိတ်ဆို့ထားတဲ့ ဗန္ဓတွေကို ချိုးဖြတ်ပယ်ရှားပြီး အမြင့်ဆုံး သမာဓိဆီကို ရောက်အောင်သွားပုံခြင်းတော့ တူပါတယ်။ မတူတာကတော့ နည်းစနစ်ပိုင်းထက် နောက်ခံရှိနေတဲ့ လောကအမြင် ဓမ္မအမြင်ပဲ ကိုမင်း။ ဟိန္နူ တန်ခိုးရမှာ သီဝကို အဖိုဓာတ်-အငြိမ်စွမ်းအင်အဖြစ် ယူဆပြီး ကာလီကို အမဓာတ်-အလှုပ်စွမ်းအင်အဖြစ် ယူဆတယ်။ အဲဒါနဲ့. ပြောင်းပြန် ဗုဒ္ဓတန်ခိုးရမှာ အမဓာတ်က သူညတာဖြစ်တယ် ပညာဉာဏ် ဖြစ်တယ် ဒါကြောင့်မို့. အငြိမ်စွမ်းအင်ဖြစ်တယ်။ အဖိုဓာတ်က ကရုဏာဖြစ်တယ်၊ နည်းဥပါယ်ဖြစ်တယ်၊ ဒါကြောင့်မို့. အလှုပ်စွမ်းအင်ဖြစ်တယ်။ ဒါတွေ ကွဲပါတယ်။ နောက်ပြီး ဟိန္နူတန်ခိုးရတွေဟာ ရုက္ကတီလို့ခေါ်တဲ့ မယ်တော်ရဲ့ စွမ်းအင်နဲ့ပေါင်းဖို့. နောက်ဆုံးပန်းတိုင်အဖြစ် ကြိုးစားတာဖြစ်တယ်။ ဗုဒ္ဓတန်ခိုးရတွေကတော့ သန့်ကြည်ဝင်းပစိတ်နဲ့. သူညတာကိုမြင်ပြီး ဘုရားဖြစ်ဖို့. ကြိုးစားတာ ဖြစ်တယ်။ ဒီလို မတူဘူးလို့. ပြောနိုင်ပါတယ်။

ကိုမင်း။ ။ နောက်တစ်ခုကတော့ ကိုလင်းရေ အများသူငါ ပြောနေကြတဲ့ မဟာယာန တန်ခိုးရဆိုတာ အင်းအိုင်ခါးလှည့် မန္တန်လက်ဖွဲ့တွေ လောကီဝိဇ္ဇာဓိရ် ပညာတွေနဲ့ ထွက်ရပ်ပေါက်ကျင့်စဉ်တွေပဲဆိုတဲ့ ပြောဆိုချက်နဲ့ ပတ်သက်လို့ ကိုလင်းရဲ့ အမြင်လေးကို သိချင်ပါတယ်ဗျာ။

ကိုလင်း။ ။ မြန်မာပြည်မှာ ကျင့်သုံးနေကြတဲ့ အင်းအိုင်ခါးလှည့် မန္တန်လက်ဖွဲ့တွေ လောကီဝိဇ္ဇာဓိရ်ပညာတွေနဲ့ ထွက်ရပ်ပေါက်ကျင့်စဉ်တွေဟာ ရှာမန်လောကီပညာ (Shamanism)ကနေ ဆင်းသက်လာတယ်လို့ ယူဆပါတယ်။ ရှာမန်လောကီပညာဟာလည်း မြန်မာနိုင်ငံတစ်

ခုတည်းမဟုတ်ဘဲ လူ့ယဉ်ကျေးမှု အဖွဲ့အစည်း တော်တော်များများမှာ ရှိနေတဲ့ ရှေးဟောင်းစိတ်ပိုင်းဆိုင်ရာ ကျင့်ထုံးတစ်ခုပါပဲ။ ရှာမန်လောကီပညာရဲ့ ဦးတည်ချက်ကလည်း လက်တွေ့ဘဝမှာ လူသားတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ လူမှုရေး ကျန်းမာရေး ပြဿနာတွေကို ဖြေရှင်းကျော်လွှန်ပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီပညာရပ်တွေထဲမှာ ဂုတ္တဝိဇ္ဇာ (Occult Sciences)တွေ မှော်ပဋ္ဌလက်တွေ (Magical Arts) နဲ့ ပယောဂကုတဲ့ ပညာ (Exorcism) ဆိုတာတွေ ပါဝင်နေပါလိမ့်မယ်။ ဒါတွေကို ဒေသတွင်းက ရိုးရာလက်ခံထားတဲ့ တန္တရလို့ ဆိုချင်ဆိုနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ မဟာယာနဝဇီရယာနတန္တရနဲ့တော့ အခြေခံလောကအမြင်လည်း မတူသလို ကျင့်စဉ်တွေနဲ့ ရရှိမှုတွေကလည်း မတူကြပါဘူး။ ထွက်ရပ်ပေါက်လို့ မအိုမနာ မသေရာ ဘဝကို ရှာဖွေတယ်ဆိုတာဟာလည်း အရှေ့တိုင်း အနောက်တိုင်းတွေမှာ ရှေးအခါက ထွန်းကားခဲ့တဲ့ အဂ္ဂိရတ်ပညာ (Alchemy) ရဲ့ ပန်းတိုင်တစ်ခုပါပဲ။ တရုတ်ရှေးဟောင်း တောက်ဝါဒမှာလည်း ဒီလိုအမတဘဝကို ရှာဖွေလိုက်စားမှုတွေရှိတော့ ဒီအယူအဆတွေဟာ ဆက်စပ်နေတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ အိန္ဒိယပြည် အလယ်ခေတ်မှာလည်း နာထ်ယောဂီတွေဟာ ဟဋ္ဌယောဂကျင့်စဉ်နဲ့ အဂ္ဂိရတ်ပညာတွေကို ရောစပ်ပြီး မအိုမနာ မသေတဲ့ ပြဒါးကိုယ်ခန္ဓာ (Mecuric Body) မျိုး ရရှိအောင် လုပ်ရပ်ပညာနဲ့ စီရင်ထားတဲ့ ပြဒါးကို ကိုယ်ခန္ဓာထဲသွင်းဖို့ ကြိုးစားခဲ့ကြတာတွေ ရှိတော့ ဒီကျင့်စဉ်တွေက မြန်မာပြည်ကိုလည်း ကူးစက်လာခဲ့တယ်လို့ မြင်မိပါတယ်။ အကြမ်းဖျင်း သိသလောက် ပြောရရင် မြန်မာထွက်ရပ်ပေါက် လောကီဝိဇ္ဇာမိုရ်ပညာဟာ အမတကိုယ်ခန္ဓာတစ်ခုကို ရရှိအောင် ကြိုးစားလို့ မိမိရဲ့သက်တမ်းကို ဆွဲဆန့်ပြီးတော့ နောင်ပွင့်မဲ့ အရိမေတ္တေယျဘုရားရှင်လောကမှာ ပွင့်တော်မူမဲ့အချိန်ကို စောင့်ဆိုင်းလို့နေကြတယ်လို့ ဆိုပါတယ်။ အဲဒီအယူအဆတွေဟာ ဝဇီရယာနတန္တရကျင့်စဉ်နဲ့ အပေါ်ယံ ဆင်တူသလို ထင်ရပေမဲ့ အနှစ်သာရချင်း မတူဘူးဆိုတာကိုတော့ ကိုမင်းလည်း ဖတ်ခဲ့ပြီးပြီမို့ ချိန်ဆ ဆုံးဖြတ်နိုင်ပါလိမ့်မယ်လို့ ထင်ပါတယ်။ ဝဇီရယာနတန္တရကျင့်စဉ်ဟာ နောင်ပွင့်မဲ့ဘုရားကို စောင့်တဲ့

ကျင့်စဉ်မဟုတ်ပါဘူး။ မိမိအတွင်းသန္တာန်မှာ ထာဝစဉ်ကိန်းနေတဲ့ ဗုဒ္ဓသဘာဝကို ပေါ်လွင်ထင်ရှားလာအောင် အားထုတ်ရတဲ့ ကျင့်စဉ်တည့်တည့်ပြောရရင် မိမိကိုယ်တိုင် ဘုရားအဖြစ်ကို ရောက်အောင် ကျင့်ရတဲ့ ကျင့်စဉ်ပဲ ဖြစ်ပါတယ်။

ကိုမင်း။ ။ ဒါဆိုရင် ပုဂံခေတ်ဦးပိုင်းကနေ ခေတ်နှောင်းပိုင်းအထိ တည်ရှိခဲ့တဲ့ အရည်ကြီးရဟန်းတွေကရော ဝဇီရယာနတန္တရတွေပဲလား ကိုလင်း။

ကိုလင်း။ ။ အရည်ကြီးရဟန်းတွေရဲ့ အယူအဆအကျင့်အကြံတွေနဲ့ ပတ်သက်လို့ ပြောရရင်တော့ အခုအထိ တစ်ဆင့်ပြော ပါးစပ်ရာဇဝင်တွေနဲ့ ထင်မြင်ချက်တွေကပဲ များနေပြီး သမိုင်းသုတေသနလုပ်ငန်းတွေ အများကြီး ထပ်လုပ်ကြရဦးမယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ စဉ်းစားစရာ တစ်ချက်ရှိတာကတော့ ပါလမင်းဆက်တွေလက်ထက် အိန္ဒိယပြည်မှာ ဝဇီရယာနဗုဒ္ဓဘာသာက ထွန်းကားခဲ့တာဆိုတော့ ပုဂံခေတ်ဦးပိုင်းနဲ့ ဆက်စပ်ခဲ့တာ ဖြစ်နိုင်ပါတယ်။ ဒေါက်တာရေးပြုစုတဲ့ Sanskrit Buddhism in Burma ကျမ်းလေးထဲမှာလည်း မြန်မာပြည်အလယ်ပိုင်းမှာ ကာလချက္ကရတန္တရနိုဒ္ဒေသ ကျမ်းတစ်စောင် ရှိခဲ့ဖူးတယ်ဆိုတဲ့ အထောက်အထားကို ဖော်ပြထားတော့ ဒီအချက်က ပိုလို့ ခိုင်မာလာပါတယ်။ အေဒီ (၇) ရာစုမှာ ပါလမင်းဆက်တွေက အိန္ဒိယကို စိုးစံခဲ့တဲ့ အချိန်ကစလို့ တန္တရဗုဒ္ဓဘာသာဟာ အိန္ဒိယပြည်ရဲ့ နိုင်ငံတော်ဘာသာ ဖြစ်လာခဲ့တယ်။ တန္တရဗုဒ္ဓဘာသာဟာ အိန္ဒိယကနေ အရှေ့တောင်ဖက်စွန်းစွန်းက ဆုမာတြား-ဂျာဗားဒေသအထိ ပျံ့နှံ့ရောက်ရှိခဲ့တာကြောင့် ဒီလမ်းကြောင်းပေါ်မှာ တည်ရှိနေတဲ့ ပုဂံနဲ့ မြန်မာပြည်အလယ်ပိုင်းမှာလည်း ရောက်ရှိခဲ့နိုင်တယ်ဆိုတဲ့ ကောက်ချက်ဟာ အလွန်ဖြစ်နိုင်ပါတယ်။ ကျွန်တော် ပုဂံကို ရောက်တုန်းက အရည်ကြီးတွေ တိမ်းရှောင်သွားတယ်ဆိုတဲ့ မင်းနန်သူရွာဖက်ကို ရောက်ခဲ့တယ်။ အရည်ကြီးတွေ တည်ထားခဲ့တယ်လို့ဆိုတဲ့ နန္ဒမညာဘုရား ဘုရားသုံးဆူဘုရား စတာတွေထဲကို ရောက်ခဲ့ပါတယ်။ အဲဒီမှာ တွေ့ရတဲ့ နံရံဆေးရေးပန်းချီတွေက ဗောဓိသတ္တာအရှင်မြတ်တွေနဲ့ ကြင်ယာတော်ဒေဝီပုံတော်တွေကို ဖော်ပြထားတာတွေ ရပေမဲ့ တန္တရဗုဒ္ဓဘာသာလို့

အပ်ချမတ်ချဆိုလောက်တဲ့ အသွင်သဏ္ဌာန်တွေကိုတော့ မတွေ့ခဲ့ရပါဘူး။ အပယ်ရတနာဘုရားရဲ့ နံရံဆေးရေးပန်းချီတွေမှာတော့ ဝဇီရသတ္တ ရုပ်ပုံတော်တွေကို တွေ့ရတဲ့အတွက် ပုဂံမှာ ဝဇီရယာန တန္တရ ဗုဒ္ဓဘာသာ ရောက်ရှိခဲ့တယ်လို့တော့ ယူဆနိုင်ပါတယ်။ နောက်ပြီး အာနန္ဒာဘုရားပြတိုက်ထဲမှာ ဒေဝတာနဲ့ ဒေဝီ ပွေ့ဖက်ထားဟန် ယက်ဘ်-ယုမ် ဆင်းတုတော်တစ်ဆူကို တွေ့ရတယ်လို့ ဒေါက်တာရေးက မှတ်တမ်းတင်ထားခဲ့တဲ့အတွက် တန္တရဗုဒ္ဓဘာသာရဲ့ အမှတ်သင်္ကေတတွေကို ရှေးခေတ်ပုဂံမှာ တွေ့ရှိရတယ်ဆိုတာ အမှန်ပါပဲ ကိုမင်း။

နောက်တစ်ချက်က ရှေးဦးမြန်မာတွေရဲ့ အစမူလဖြစ်တဲ့ နန်ကျောက် (Nanzhao)အင်ပါယာဆီမှာ ခြေရာကောက်လို့ ရမယ်လို့ထင်တယ်။ တချို့ သမိုင်းပညာရှင်တွေရဲ့ အလိုအရဆိုရင်တော့ ဒီကနေ့ ယူနန် ပြည်နယ်ထဲမှာရှိတဲ့ နန်ကျောက်ဒေသမှာ တန္တရဗုဒ္ဓဘာသာ ထွန်းကားခဲ့တယ်လို့ဆိုတော့ ဒီတန္တရအယူအဆတွေနဲ့ ကျင့်စဉ်တွေဟာ အနော်ရထာ မတိုင်ခင်ခေတ် ပုဂံတည်ထောင်ချိန်ကတည်းက ရှေးဦးမြန်မာတွေနဲ့အတူ ပါလာတဲ့ ဘာသာရေးအယူအဆတွေလည်း ဖြစ်နိုင်ပါသေးတယ်။

ကိုမင်း။ ။ အဲဒီ အရည်ကြီးတွေရဲ့ စက်ဆုပ်ဖွယ်ကောင်းတဲ့ ပန်းဦးလွှတ်တဲ့ ထုံးဓလေ့ကရော မဟာယာန ဝဇီရယာနနဲ့ ဆက်စပ်နေပါသလား ကိုလင်းရေ။

ကိုလင်း။ ။ ပန်းဦးပန်တဲ့ ထုံးဓလေ့နဲ့ ပတ်သက်လို့ ဦးကုလားရာဇဝင် သာသနာလင်္ကာရစာတမ်းစတဲ့ မြန်မာရာဇဝင်ကျမ်းတွေမှာ ဖော်ပြထားပေမဲ့ ခေတ်ပြိုင် အထောက်အထားတော့ မရသေးပါဘူး ကိုမင်း။ အရည်းကြီး ရဟန်းတွေနဲ့ ပတ်သက်ရင် သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်း တင်သွင်းတဲ့ **သျှင်မဟာကဿပဂိုဏ်း** ဆိုတဲ့ စာတမ်းကို လေ့လာစေချင်ပါတယ်။ ဒီစာတမ်းမှာ ကျောက်စာအထောက်အထားတွေကို အခြေခံပြီးတော့ ပုဂံခေတ်နှောင်းပိုင်းအထိ တွင်ကျယ်အင်အားကြီးနေတဲ့ အရည်းကြီးရဟန်းတွေရဲ့ အကြောင်းကို ဖော်ပြထားပါတယ်။ ဒေါက်တာသန်းထွန်းရဲ့ အလိုအရတော့ အရည်းရဟန်းတွေဟာ တောနေရဟန်းတွေဖြစ်ပြီး ဝိနည်းကျင့်သုံး

မှုမှာ လျော့လျဲကြတယ်။ သေအရက်နဲ့ အသားငါးကို စားသုံးတယ်။ မြေယာပိုင်ဆိုင်သူ မြေရှင်ကြီးတွေ ဖြစ်တယ်ဆိုတဲ့ အချက်တွေကို တွေ့ရပါတယ်တဲ့။ အေဒီ ၁၃ ရာစု ပုဂံပျက်ကာနီး ရေးထိုးထားတဲ့ ကျောက်စာတစ်ချပ်မှာ သျှင်မဟာကဿပ အမည်ရှိတဲ့ အရည်းကြီး ရဟန်းတစ်ပါးဟာ ဘုရင်နဲ့ မြေယာအမှုဖြစ်တာ သူနိုင်တဲ့အတွက် သေအရက် အမဲနဲ့ စားသောက်ပွဲကြီး ကျင်းပလို့ အောင်ပွဲခံတဲ့အကြောင်း ရေးထိုးထားတယ်လို့ ဆိုတယ်ဗျ။ တကယ်တော့ ရှေးအကျဆုံး ပုဂံကျောက်စာတွေထဲမှာ အရည်းကြီးတွေ တည်ရှိခဲ့တယ်ဆိုတဲ့ အထောက်အထားကိုတောင် မတွေ့ရပါဘူး။ ပန်းဦးလွှတ်တဲ့ ထုံးဓလေ့နဲ့ ပတ်သက်တဲ့ညွှန်းဆိုချက်တွေကိုလည်း မတွေ့ရပါဘူး။ ပန်းဦးလွှတ်တဲ့ ထုံးဓလေ့နဲ့ အဆင်ဆုံးက ဟိန္ဒူဘာသာ ဘုရားကျောင်းတွေမှာရှိတတ်တဲ့ ဒေဝဒါသီ (Devadasi) လို့ခေါ်တဲ့ ဘုရားကျောင်းက ကချေသည်တွေပါပဲ။ ဒီ မိန်းကလေးတွေဟာ ဘုရားကျောင်းကို လှူဒါန်းခံရပြီးတော့ နတ်ဘုရားကို အကနဲ့ ပူဇော်ဆက်ကပ်ရတဲ့သူတွေပါ။ သူတို့အပေါ်မှာ လိင်ပိုင်းအမြတ်ထုတ်မှုတွေ ရှိနေတယ်လို့ ခေတ်သစ် စစ်တမ်းတွေမှာ ဖတ် ရပါတယ်။ ဒီလိုအကျင့်အကြံတွေဟာ ဝဇီရယာနနဲ့ ဆက်စပ်မှု မရှိပါဘူး။ ဝဇီရယာနမှာ ရှိတဲ့ ကမ္မမုဒ္ဒြာဟာ မိမိကိုယ်တိုင်က တန္တရယောဂကို အဆင့်မြင့်မြင့် ပေါက်မြောက်အောင်မြင်ပြီးထားတဲ့ ယောဂီဖြစ်ပါတယ်။ ဒါကြောင့် ပန်းဦးလွှတ်တဲ့ ထုံးဓလေ့နဲ့ ဝဇီရယာနဟာ မဆီလေးရယ်တဲ့မှ အိုမဆိုင်လို့ပဲ ဆိုရမှာပါဗျာ။ ဖြစ်နိုင်တာတစ်ခုတော့ ရှိတယ်။ အဲဒီအရည်းကြီး ရဟန်းတွေဟာ တန္တရယောဂရဲ့ နက်ရှိုင်းတဲ့ အနှစ်သာရကို မသိဘဲနဲ့ နားမလည်တဲ့ ပြည်သူလူထုကို ဘာသာရေးဗန်းပြလို့ အမြတ်ထုတ်တဲ့ ဒေသတွင်း ဓလေ့ထုံးတမ်းတစ်ခုတော့ ဖြစ်နိုင်ပါသေးတယ်။ တန္တရဗုဒ္ဓဘာသာ လောကမှာ မတော်မတရားတဲ့ ဆရာတွေက လိင်မှု အမြတ်ထုတ်တာတာ်တာတွေ ရှိပေမယ့် ဒီလို စက်ဆုပ်ဖွယ်ကောင်းတဲ့ ဓလေ့မျိုးကို အခြားတန္တရ ယဉ်ကျေးမှုတွေမှာ မတွေ့ရလို့ဘဲ ဖြစ်ပါတယ်။

နောက်တစ်ချက်က အရည်းကြီးတွေဟာ ရေငုပ်မီးလှုံတုံးခုန်ဖယ်ခတ်ဆိုတဲ့ တပအကျင့်တွေကို ကျင့်ကြတယ်ဆိုထားတော့ ဒါတွေ

ဟာ မိမိကိုယ်ကို ညှဉ်းဆဲတဲ့ အကျင့်မျိုးတွေဖြစ်လို့ တန္တရယောဂနဲ့ လုံးလုံး မပတ်သက်ဘူးဆိုတာ ထင်ရှားပါတယ်။ ဝဇီရယာန တန္တရကျင့်စဉ်ဟာ ဒုက္ခကို အခြေခံတဲ့ ကျင့်စဉ်မဟုတ်ဘဲ သုခကို အခြေခံတဲ့ ခိပ္ပဘိညာသုခပဋိပဒါ ကျင့်စဉ်တစ်မျိုးပဲ ဖြစ်တယ်။ တန္တရယောဂရဲ့ အနှစ်သာရဟာ ပရာဏယာမ ကျင့်စဉ်နဲ့ နဒီကြောတွေထဲက ပရဏာဓာတ် (ကုဏ္ဍလိနီ) ကို ဗဟိုနဒီကြောထဲ သွင်းပြီးတော့ အလွန်သိမ်မွေ့နက်ရှိုင်းတဲ့ သန့်ကြည်ဝင်းပစိတ် သမာဓိနဲ့ မဟာသုခကို အခြေခံရရှိအောင် ကျင့်ရတဲ့ ကျင့်စဉ်ပဲ ဖြစ်တယ်။ ဒီလိုမျိုး ကုဏ္ဍလိနီယောဂရဲ့ အချင်းအရာတွေ မတွေ့ရတဲ့ အကြမ်းစား တပအကျင့်မျိုးတွေဟာ တန္တရကျင့်စဉ်တွေ မဟုတ်ဘူးလို့ မှတ်သားနိုင်ပါတယ် ကိုမင်းရေ။

ဒါတွေ အပြင် နောက်ထပ် ဘာနိုင်းယှဉ်ချင်သေးသလဲဗျ။ ကျွန်တော်တို့ အခုချိန်ထိ ဆွေးနွေးခဲ့တာ အကြောင်းအရာတွေကလဲ များအချိန်လည်း အတော်လင့်နေပြီမို့ နောက်ဆုံးအချက်တစ်ခု နှိုင်းယှဉ်ပြီးရင်တော့ ဆွေးနွေးမှုကို အဆုံးသတ်ရအောင်လား ကိုမင်းရေ။

ကိုမင်း။ ။ ဟုတ်ကဲ့။ ဒီကနေ့ခေတ်ကာလမှာ အမျိုးသမီးတွေ ရှေ့တန်းရောက်လို့ အမျိုးသားတွေနဲ့ ရင်ဘောင်တန်းလာနိုင်တဲ့ ခေတ်ဆိုတော့ ထေရဝါဒနဲ့ မဟာယာနမှာ အမျိုးသမီးတွေအပေါ် ဘယ်လို ရှုမြင်ကြသလဲဆိုတာလေး ဆွေးနွေးပေးပါဦး ကိုလင်း။

(၁၅) ပန္နာရသမကွဲပြားခြားနားချက် (အမျိုးသမီးများအပေါ် အမြင်)

ကိုလင်း။ ။ ထေရဝါဒနဲ့ မဟာယာနရဲ့ ယေဘုယျရပ်တည်ချက်တွေကို မြင်သလောက် ပြောရရင်တော့ဗျာ ထေရဝါဒက ကွန်ဆာဗေးတစ်ဖြစ်ပြီး မဟာယာနက လစ်ဘရယ်ဆန်တယ်လို့ အကြမ်းဖျင်း သုံးသပ်နိုင်ပါတယ်။ ဒီအချက်ကို ကိုမင်းလည်း သဘောတူပါလိမ့်မယ်။ ဒါပေမဲ့ ထေရဝါဒက ကွန်ဆာဗေးတစ် ဖြစ်တယ်လို့ ဆိုရာမှာ ထေရဝါဒမှာ အသစ်ဖန်တီးမှုတွေ မရှိဘူးလို့ ဆိုလိုတာ မဟုတ်သလို မဟာယာနက လစ်ဘရယ်ဆန်တယ်လို့ ဆိုရာမှာလည်း မဟာယာနဟာ အစဉ်အလာကို မထိန်းသိမ်းဘူးလို့ ဆိုလိုချင်တာ မဟုတ်ဘူးဆိုတာကိုလဲ သတိထားသင့်တယ်။

ကိုမင်း။ ။ ဟုတ်ပါတယ်။ ထေရဝါဒက ယေဘုယျအားဖြင့် ကွန်ဆာဗေးတစ် ဖြစ်တယ်ဆိုတာကို လက်ခံပါတယ်။ ထေရဝါဒရဲ့ အမျိုးသမီးတွေ အပေါ်မြင့်တဲ့ အမြင်ကလည်း ကွန်ဆာဗေးတစ် ဆန်ပြီးတော့ ကျမ်းဂန်စာပေက လာတဲ့အတိုင်းပဲ အမျိုးသမီးတွေကို ရှုမြင်ပါတယ်။ အဂုံတွိုရ်ပါဠိတော် ကမ္ဘောဇသုတ်မှာဆိုရင် အမျိုးသမီးတွေဟာ ပျင်းရိတယ် အသိပညာနည်းတယ်လို့ ယေဘုယျ ပြောထားတာမျိုးတွေ ရှိတယ်။

ကိုလင်း။ ။ ဒါအပြင် သိကြားမင်း ယမမင်း မာရ်နတ်မင်း စကြဝတေးမင်း အဂ္ဂမဟာသာဝက ပစ္စေကဗုဒ္ဓ သမ္မာသမ္ဗုဒ္ဓ စတဲ့ ရာထူးတွေ အဆင့်တွေကို အမျိုးသမီးတွေ ဘယ်တော့မှ မရောက်နိုင် မရနိုင်ဘူးလို့လဲ ဆိုထားသေးတယ် မဟုတ်လား ကိုမင်း။

ကိုမင်း။ ။ ဟုတ်ကဲ့ ဒီလို အဆင့်မြင့် အခြေအနေတွေကိုတော့ အမျိုးသမီးတွေ မရနိုင်ဘူးလို့ ဆိုပါတယ်။ ဘုန်းကံ ပါရမီနည်းလို့ ဒါမှမဟုတ် အတိတ်ဘဝရဲ့ အကုသိုလ်ကံ အကျိုးပေးကြောင်း အမျိုးသမီးဘဝကို ရောက်ရတယ်ဆိုတဲ့ ယုံကြည်မှုတွေကလည်း ရှိနေပါတယ်။ ဒါပေမဲ့ ခေမာထေရီတို့လို ဓမ္မဒိန္နာထေရီတို့လို အသိပညာထက်မြက်တဲ့ အမျိုးသမီးတွေ ဥပ္ပလဝဏ်ထေရီလို တန်ခိုး အာနုဘော်ကြီးတဲ့ အမျိုးသမီးတွေလည်း ထေရဝါဒစာပေတွေမှာ တွေ့ရပါတယ်။

ကိုလင်း။ ။ မဟာယာနရဲ့ အမျိုးသမီးတွေ အပေါ် ယေဘုယျအမြင်ကို ပြောရင်တော့ ထေရဝါဒ အပါအဝင် အခြားဘာသာတရားတွေနဲ့ သိပ်မကွာခြားလှဘူးလို့တော့ ဆိုနိုင်တယ်။ ဘာသာတရားတွေ အားလုံးဟာ အမျိုးသမီးတွေကို နှိမ်ခဲ့တဲ့ ပဒေသရာဇ်ခေတ်တွေမှာ ပေါ်ထွန်းခဲ့ကြတာဆိုတော့ ဘာသာရေးကဏ္ဍမှာ အမျိုးသမီးတွေ နေရာမရတာ နောက်တန်းရောက်နေရတာတွေဟာ ထူးပြီးမဆန်းလှဘူးလို့ ဆိုရမယ်ဗျ။ ဒါပေမဲ့ မဟာယာနဗုဒ္ဓဘာသာမှာ ယနေ့အချိန်အထိ ဘိက္ခုနီသံဃာ ရှိနေသေးတော့ အမျိုးသမီးတွေဟာ ဗုဒ္ဓဘာသာမှာ အဆင့်အမြင့်ဆုံးအထိ ပါဝင်ဆောင်ရွက်နိုင်နေသေးတယ်ဆိုတဲ့ အခွင့်အရေးတော့ ရှိနေတယ်ဗျ။

ကိုမင်း။ ။ ဒါတော့ ဟုတ်ပါတယ်။ ထေရဝါဒမှာတော့ လူလဲမက ဘိက္ခုနီလည်း

မကျတဲ့ ဆယ်ပါးသီလစောင့်ထိန်းတဲ့ သီလရှင်တွေအနေနဲ့ပဲ အမြင့်ဆုံး ရနိုင်ပါတယ်။ တချို့က သီလရှင်ကို ဘိက္ခုနီနဲ့ မှားထင်ကြသေးတယ်။ သီလရှင်ဆိုတာ အမျိုးသားတွေအနေနဲ့ဆို ဖိုးသူတော်လို၊ ရသေ့လို အဆင့်မျိုးသာ ဖြစ်တယ် မဟုတ်လား။

ကိုလင်း။ ။ မဟာယာနဗုဒ္ဓဘာသာမှာကတော့ အမျိုးသမီးတွေ ပါဝင်ဆောင်ရွက်ဖို့ ကဏ္ဍာတွေ ရှိပါတယ်။ တိဗက် ဗုဒ္ဓဘာသာမှာဆိုရင် ခန်ဒရိုလို့ ခေါ်တဲ့ အမျိုးသမီး ယောဂီဆရာသခင်တွေ ဂုရုတွေ တောင်ရှိတယ်။ အဖြူရောင်သံဃာလို့ သမုတ်ကြတဲ့ ငက်ဖန်း အစဉ်အလာ (Ngagphang) မှာလည်း အဖြူရောင်ဝတ်အမျိုးသမီး တန္တရိက ယောဂီတွေ ရှိကြပါတယ်။ ဒါ့အပြင် စျာန်ဗုဒ္ဓတွေ အမျိုးသမီး ဗောဓိသတ္တာတွေဟာ အမျိုးသမီးအသွင်နဲ့ ပေါ်လွင်လာတာတွေလည်း ထုနဲ့ထည်နဲ့ ရှိနေပါတယ်။ ထင်ရှားတာတွေကတော့ တာရာဒေဝီရဲ့ အသွင်တွေ ပညာပါရမီတာဒေဝီနဲ့ ဝဇ္ဇရယောဂိနီတို့ပါပဲ။ တန္တရ ဗုဒ္ဓဘာသာဝင်တွေဟာ အမျိုးသမီးတွေကို ဉာဏ်ပညာရဲ့ ပြယုဂ် အနေနဲ့ လေးစားမြတ်နိုးကြရပါတယ်။ တန္တရိကတွေဟာ အမျိုးသမီးတွေကို မထေမဲ့မြင် မပြုရဆိုတဲ့ တားမြစ်ချက်တစ်ခုလည်း တန္တရသံဝရ တရားတစ်ခုမှာ ပါဝင်နေတာကို တွေ့ရပါတယ်။ ယေဘုယျပြောရရင် မျက်မှောက်ခေတ် မဟာယာန ဗုဒ္ဓဘာသာမှာ သဘောတရားအရရော လက်တွေ့ဘဝမှာ ပါ အမျိုးသမီးတွေလည်း တက်ကြွစွာပါဝင်နေတာကို တွေ့ရပါ လိမ့်မယ်။

ကိုမင်း။ ။ ဟုတ်တယ်နော် ကိုလင်း၊ ကွမ်ရင်မယ်တော်ဟာ အရှေ့ဖျား ဗုဒ္ဓဘာသာနိုင်ငံတွေမှာ လူအများ အားထားကိုးကွယ်ကြတဲ့ ဗောဓိသတ္တာတစ်ဆူ ဖြစ်နေတာအမှန်ပါပဲ။ တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းက ဆန်ယမြို့မှာ ၁၀၈ မီတာ မြင့်တဲ့ ကွမ်ရင်မယ်တော် ရုပ်တုတော်ကြီးတစ်ဆူ တည်ထားခဲ့တာကိုပဲ ကြည့်ပါလား ဗျာ။

ကိုလင်း၊ ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ။ ထေရဝါဒမှာရော မဟာယာနမှာပါ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍက အမျိုးသားတွေနဲ့ တန်းတူတော့ ရင်ဘောင် မတန်းနိုင်သေးပါဘူး။ ကွာခြားမှုရှိရင်လည်း အနည်းအကျဉ်းလောက် ကွာခြားမှု ရှိနိုင်ပါတယ်လို့ပဲ ပြောချင်ပါတယ်။

ကိုမင်းရေ.. ကျွန်တော်တွေးမိသလောက် ထေရဝါဒနဲ့ မဟာယာန

ကွာခြားချက်တွေကတော့ ဒီလောက်ပါပဲ။ ဒီထက်ပိုတာတွေ ထပ် သိလာရင်လည်း ကိုမင်းကို မျှဝေပါဦးမယ်။

ထေရဝါဒ နှင့် မဟာယာန ဘုံတူညီချက် (၁၀) ချက်

ကိုမင်း။ ။ ဟုတ်ပါပြီ ကိုလင်းရေ။ ကွာခြားချက်တွေ အကြောင်းတော့ စုံလင်သွားပါပြီ။ ကျွန်တော်ကြားဖူးတာ ထေရဝါဒနဲ့ မဟာယာန အကြားမှာ ဘုံတူညီချက်တွေလည်း ရှိတယ်လို့ ဆိုတယ်ဗျ။ ကိုလင်း သိတာလေးရှိရင် ရှင်းပြပါဦး။

ကိုလင်း။ ။ သေချာတာပေါ့ ကိုလင်းရယ်။ တစ်ဖအေတည်းက မွေးလာတဲ့ သကျပုတ္တာသားသမီးတွေမို့ တူညီချက်တွေကတော့ အသေအချာရှိမှာ အမှန်ပါပဲ။ ကိုမင်းသိတဲ့အတိုင်း ကမ္ဘာမှာ ထေရဝါဒ မဟာယာန ဘယ်လိုပဲကွဲကွဲ အားလုံးရဲ့ သာသနာ့အလံတော်ကတော့ တစ်ခုတည်းပဲ မဟုတ်လား။ ထေရဝါဒ သာသနာ့အလံ မဟာယာန သာသနာ့အလံရယ်လို့ တစ်သီးတစ်ခြား ကွဲပြားမနေပါဘူး။ သန်း (၁၆၀၀) သော ဗုဒ္ဓဘာသာဝင်တွေ အားလုံးဟာ အဲဒီ ဗုဒ္ဓရှင်တော်ရဲ့ ခြောက်ရောင်ခြယ်သာသနာ့ အလံတော်အောက်မှာပဲ အတူတကွ ရပ်တည်နေကြတာ မဟုတ်ပါလား။ ဘုံတူညီချက်ကိစ္စကတော့ ဒီလိုဗျ။ ၁၉၆၆ခုနှစ် မေလ မှာ ပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာ သံဃကောင်စီ (First Congress of the World Buddhist Sangha Council-WBSC) ဆိုတာကို သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှာ ကျင်းပခဲ့တယ်ဗျ။ အဲဒီကောင်စီမှာ သီဟိုဠ်ထေရဝါဒ ဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိတပမ္မု ရေသောရတာမထေရ်က အထွေထွေ အတွင်းရေးမှူးချုပ်အနေနဲ့ ဆောင်ရွက်တော်မူပါတယ်။ ဘိက္ခု ဒေါက်တာ ဝါပိုလ ရာဟုလာ မထေရ်က ထေရဝါဒနဲ့ မဟာယာနအကြားမှာ ဘုံတူညီချက်တွေကို ထုတ်ပြန်ပေးဖို့ ဆရာတော်ကြီးကို လျှောက်ထားခဲ့တာနဲ့ ဆရာတော်ကြီးက ထုတ်ပြန်ခဲ့တယ်။ အဲဒီ အစည်းအဝေးကြီးက ဒီအချက်တွေကို တစ်ညီတစ်ညွတ်တည်း လက်ခံခဲ့ကြလို့ ထေရဝါဒနဲ့ မဟာယာန အကြားမှာ ဘုံတူညီချက်တွေအနေနဲ့ အခုအခါမှာ တစ်ကမ္ဘာလုံးမှာ လက်ခံထားကြပြီ ဖြစ်ပါတယ်။

ကိုမင်း။ ။ ဟုတ်လား။ ဒါကတော့ တကယ့် မဂ််လာသတင်းပါပဲဗျာ။ အခုလို ထေရဝါဒနဲ့ မဟာယာနအကြားမှာ ဘုံတူညီချက်တွေနဲ့ ညီညီ ညွတ်ညွတ် ဖြစ်သွားရတာ အားတက်စရာပါပဲဗျာ။

ကိုလင်း။ ။ ဟုတ်ပါတယ်။ တစ်ချိန်က ကမ္ဘာ့လူဦးရေရဲ့ ၇၀% လောက်ကို လွှမ်းမိုးခဲ့တဲ့ ဘာသာကြီးတစ်ခုအနေနဲ့ အခုလို ပြန်လည် စည်းလုံးရပ်တည်ကြတာဟာဖြင့် အလွန်သင့်မြတ်ပါပေတယ် ကိုမင်းရေ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်သူတော်စင်တွေ အားလုံးအတွက် တကယ် အားတက်စရာပါပဲဗျာ။

ကိုမင်း။ ။ ဒါနဲ့ ကိုလင်းရေ အဲဒီ အစည်းအဝေးမှာ ဆရာတော်ကြီးတွေ သဘောတူညီခဲ့တဲ့ ထေရဝါဒနဲ့ မဟာယာနအကြားမှာ ဘုံတူညီချက်တွေက ဘာတွေလဲဗျ။ အကျဉ်းလောက်ဖြစ်ဖြစ် ပြောပြပါလား။

ကိုလင်း။ ။ ဒီလိုဗျ။ မဟာယာနက ထေရဝါဒ လက်ခံတဲ့အရာတွေ အားလုံးကို လက်ခံတယ်။ ထေရဝါဒကသာ မဟာယာန လက်ခံတဲ့အရာတွေ အားလုံးကို လက်မခံတာပါ။ ဒီတော့ ထေရဝါဒလက်ခံတဲ့ အကြောင်းအရာတွေ အထဲကပဲ ဘုံတူညီချက်တွေကို ရွာခဲ့ကြပါတယ်။ တူညီချက် (၁၀)ချက် ရရှိခဲ့ကြပါတယ်။

ကိုမင်း။ ။ ဟုတ်ကဲ၊ ဒီလိုပဲ ဖြစ်သင့်ပါတယ်။ အဲဒီ အချက် (၁၀) ချက်ကို အကျဉ်းရုံးပြီး ခေါင်းစဉ်လောက် ဖြစ်ဖြစ် ပြောပြပါလား ကိုလင်း။

ကိုလင်း။ ။ ထေရဝါဒရော မဟာယာနရော ဂိုဏ်းနှစ်ခုစလုံးဟာ =


- (၁) သကျမုနိဗုဒ္ဓကိုပဲ ဆရာအရှင် အဖြစ်လက်ခံတယ်။
- (၂) ဗုဒ္ဓ ဓမ္မ သံဃ ဆိုတဲ့ ရတနာသုံးပါး (တြိသရဏ) ကို လက်ခံတယ်။
- (၃) လောကကို ထာဝရဘုရားသခင် ဖန်ဆင်းခြင်း အယူကို လက်မခံဘူး။
- (၄) ဗုဒ္ဓဓမ္မဟာ ပညာနဲ့ ကရုဏာကို ပေါင်းစပ်ကျင့်သုံးဖို့ ဆိုတာကို လက်ခံတယ်။
- (၅) သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးနဲ့ သိက္ခာသုံးပါး (သီလသမာဓိပညာ) ကိုလက်ခံတယ်။
- (၆) ကြောင်းကျိုးဆက်နွယ်ဖြစ်မှုသဘော (ပဋိစ္စသမုပ္ပါဒ) ကို လက်ခံတယ်။

- (၇) အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးကို လက်ခံတယ်။
- (၈) ဗောဓိပက္ခိယတရား (၃၇) ပါး ကို ဗောဓိဉာဏ်လင်း ပွင့်ရေး ကျင့်စဉ်အဖြစ် လက်ခံတယ်။
- (၉) သာဝကယာန ပစ္စေကယာန ဗုဒ္ဓယာနဆိုတဲ့ ယာနသုံးပါး စလုံးကို လက်ခံတယ်။
- (၁၀) နိဂ်ငံတကာမှာရှိတဲ့ ဗုဒ္ဓဝါဒ အသီးသီးရဲ့ ဗဟုသဘောကို လက်ခံသလို အနှစ်သာရ တူညီမှုကိုလည်း လက်ခံတယ်ဆိုတဲ့ အချက်တွေပါပဲ ကိုမင်းရေ။

ကိုမင်း။ ။ ဟုတ်ကဲ့၊ အခုလို သိရတာ အားရစရာကောင်းလိုက်တာဗျာ။ ဒီလို ဘုံတူညီချက်တွေပေါ်မှာ အခြေခံရင် တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း အပြန်အလှန် လေးစားနိဂ်ကြသလို ဗုဒ္ဓသာသနာတော်ကြီးတစ်ခုလုံး အတွက် ဓမ္မညီအကိုမောင်နှမတွေအနေနဲ့ အတူတကွ ပူးပေါင်း ဆောင်ရွက်နိဂ်ကြတာပေါ့ဗျာ။ အထူးသဖြင့်တော့ အခုလို ဂလိုဘယ် လိုက်ဇေးရှင်းခေတ်ကြီး အီလက်ထရွန်းနစ် မီဒီယာခေတ်ကြီး အင်တာနက်တွေ တွင်ကျယ်တဲ့ခေတ်ကြီးမှာ ထေရဝါဒနဲ့ မဟာယာန ဗုဒ္ဓဘာသာဝင်တွေဟာ ပိုလို့ ထိတွေ့ သိကျွမ်းခွင့် ပူးပေါင်း ဆောင်ရွက်ခွင့်တွေ ပိုမိုရရှိလာခဲ့ကြပါပြီ။ ကိုလင်းရဲ့ မဟာယာန ဗုဒ္ဓဘာသာအကြောင်း စာအုပ်လေးကလည်း အဲဒီလို တံခါးချပ်တွေ များစွာထဲက ဆွဲဖွင့်နိဂ်ခဲ့တဲ့ တံခါးတစ်ချပ်လို့ မြင်ပါတယ် ဗျာ။ ကျေးဇူးအထူးတင်ပါတယ် ကိုလင်းရေ။ အချိန်ပေးလိုက်ရပေမဲ့ အတော်လေး အကျိုးရှိပါတယ်။ အခုလို ကျွန်တော် မသိသေးတာ တွေသိလိုက်ရလို့ တော်တော်လေးလည်း ဗဟုသုတတွေ တိုးပွားရပါတယ်။ ကျွန်တော်ကို ပြန်ခွင့်ပြုပါဦးဗျာ။ နောင်များမှ ထပ်ဆုံကြဦးမယ်လေ။

ကိုလင်း။ ။ ကျွန်တော်ဖက်ကလည်း အခုလို ဆွေးနွေးခွင့်ရတာ ကျေးဇူးပါပဲဗျာ။ ဆုံကြဦးမယ်လေ။

❑ ❑ ❑





နောက်ဆက်တွဲ (၁)

ရှေးအကျဆုံး ပိဋကတ် ရှာပုံတော်

ဗုဒ္ဓဘာသာမှာ အခြားသော ဘာသာတရားများနဲ့မတူ ထူးခြားတဲ့ အချက်ရှိတယ်။ ဘာသာတရားတိုင်းမှာတော့ ဂိုဏ်းကွဲတွေ ရှိကြတာ အမှန်ပါပဲ။ ဒါပေမဲ့ ကျမ်းစာအရတော့ ဆိုင်ရာဂိုဏ်းကွဲတွေအားလုံးက တစ်ခုတည်းသော ကျမ်းစာကို လက်ခံကြတာပဲ များပါတယ်။ ဗုဒ္ဓဘာသာမှာ အခြားသော ဘာသာတရားများနဲ့ မတူတာက ဂိုဏ်းအသီးသီးမှာ မိမိတို့ ကိုယ်ပိုင် ပိဋကတ်စာပေတွေ သီးခြားစီရှိနေတာပဲ ဖြစ်တယ်။ ထေရဝါဒဂိုဏ်းမှာက ပါဠိပိဋကတ် ရှိနေပြီးတော့ မဟာယာနဗုဒ္ဓဘာသာမှာတော့ သက္ကတပိဋကတ်ကို ဘာသာပြန်ဆိုထားတဲ့ တိဗက်ပိဋကတ် တရုတ်ပိဋကတ် မွန်ဂိုလီးယား ပိဋကတ် စသဖြင့် ရှိနေပါတယ်။ ဂိုဏ်းကွဲတွေ အားလုံးကလည်း မိမိတို့ဂိုဏ်းရဲ့ ပိဋကတ်ဟာ မူလဘုရားဟော ပိဋကတ်ဖြစ်ကြောင်း အသန့်စင်အမွှန်မြတ်ဆုံး ဖြစ်ကြောင်း ယုံကြည်ကြတာပါပဲ။ ဒါဆိုရင် ဘယ်သူ့ ဗုဒ္ဓဘာသာအမှန်ဆုံးလည်းဆိုတဲ့ မေးခွန်း ဖြစ်ပေါ်လာပါတယ်။ ဘယ်သူ့ပိဋကတ်က မူလဘုရားဟောပိဋကတ် အစစ်အမှန်လဲဆိုတာ စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းတစ်ရပ် ဖြစ်လာခဲ့ပါတယ်။

ရှေးအကျဆုံး ပိဋကတ် ရှာပုံတော်

ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် အရေးတကြီး လိုအပ်နေတဲ့ အရာကတော့ ဒီပိဋကတ်တွေ အားလုံးရဲ့ မူလဆင်းသက်ရာ ရှေးအကျဆုံး ပိဋကတ်တော်ကို ရှာဖွေ

တွေ့ရှိနိုင်ဖို့ပါပဲ။ ဒါကြောင့် ဗုဒ္ဓစာပေပညာရှင်တွေနဲ့ ရှေးဟောင်းသုတေသန ပညာရှင်တွေဟာ ရှေးအကျဆုံး ပိဋကတ်ကို ရှာပုံတော်ဖွင့်ခဲ့ကြပါတယ်။ ဗုဒ္ဓစာပေတွေကို သစ်ပင်တစ်ပင်နဲ့နှိုင်းရင် အမြစ်ကတော့ ရှင်တော်ဗုဒ္ဓနဲ့ ရှေးဦးသာဝက ရဟန်းတော်တွေပဲ ဖြစ်တယ်။ တရားဓမ္မတွေဟူသမျှရဲ့ ဆင်းသက်ရာဟာ ဒီအရင်းအမြစ်တွေပါပဲ။ အခုရှိနေတဲ့ ဘာသာစကားပေါင်းစုံ ပိဋကတ်တော်တွေကတော့ အခက်အရွက် အသီးအပွင့်တွေနဲ့ တူပါလိမ့်မယ်။ ဒီလိုဆိုခဲ့ရင် ရင်းမြစ်နဲ့ အသီးအရွက် အကိုင်းအခက်တွေကို ဆက်သွယ်ပေးရမဲ့ ဗဟိုပင်စည်ကြီးတစ်ခုတော့ ရှိကိုရှိရတော့မယ်လို့ ပညာရှင်တွေက ကြံစည်ယူဆကြပါတယ်။ အဲဒီပင်စည်ဟာ ရှေးအကျဆုံး မှတ်တမ်းတင်ခဲ့တဲ့ ပိဋကတ်လည်း ဖြစ်ရမယ်။ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှာရှိနေတဲ့ ပိဋကတ်တွေနဲ့လည်း အတွင်းသဘောအရ ဆက်စပ်နေရမဲ့ ပိဋကတ်လည်းဖြစ်ရမယ်။ ဒီလို မူလပိဋကတ်ကို ရမှသာ ရှိနေတဲ့ ပိဋကတ်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး ဘယ်ဗုဒ္ဓဘာသာဂိုဏ်းရဲ့ ပိဋကတ်က မူရင်းနဲ့ အနီးစပ်ဆုံးဖြစ်သလဲ၊ အစစ်မှန်ဆုံးဖြစ်သလဲဆိုတာကို သိရှိရမှာ ဖြစ်ပါတယ်။

ရှေးအခါကတော့ ပညာရှင်တွေဟာ ပါဠိပိဋကတ်ကို ရှေးအကျဆုံးပိဋကတ်ကနေ တိုက်ရိုက်ဆင်းသက်လာတဲ့ ပိဋကတ်တစ်ခု ဖြစ်နိုင်တယ်လို့ ယူဆပြီးတော့ သုတေသနလုပ် ရှာဖွေခဲ့ကြတယ်။ ပါဠိပိဋကတ်ဟာ အကြိမ်ကြိမ် စိစစ် တည်းဖြတ် သုတ်သင်မှုတွေပြုထားတဲ့ လက်ရာချောတစ်ခုအသွင်ကို ဆောင်နေပေမဲ့ ရှေးအကျဆုံး ပိဋကတ်တစ်ခု ဖြစ်နိုင်ချေ အရှိဆုံး ပိဋကတ်တစ်ခုပါပဲ။ ဒါပေမဲ့ ရှေးအကျဆုံး ပါဠိစာပေကို မှတ်တမ်းတင်ခဲ့တဲ့ အချိန်ကာလဖြစ်တဲ့ စတုတ္ထသင်္ဂါယနာတင် ကာလဟာ ဘီစီ (၁) ရာစုဝန်းကျင်ဖြစ်လို့ အခုအချိန်ကနေ ရေတွက်ရင် နှစ်ပေါင်း(၂၂၀၀) နီးပါး ဖြစ်နေခဲ့ပါပြီ။ သီဟိုဠ်ကျွန်းမှာ ဝဋ္ဋဂါမဏိမင်းကြီးက ဒါယကာပြုလို့ ကျင်းပခဲ့တဲ့ စတုတ္ထသင်္ဂါယနာတင် ပွဲကြီးပြီးသွားတဲ့အခါ ပါဠိ ပိဋကတ်တော်တွေကို ပေပုရပိုက်တွေမှာ ရေးသား မှတ်တမ်းတင်ခဲ့တယ်လို့ ဆိုခဲ့ပေမဲ့ အဲဒီ ပါဠိပိဋကတ်ရဲ့ ရှေးဟောင်းသုတေသန အထောက်အထားကို ယနေ့အထိ ရှာဖွေမတွေ့ရသေးပါဘူး။ အစောဆုံးတွေ့ရတဲ့ သီဟိုဠ်မူ ပါဠိပိဋကတ်ဟာ အေဒီ (၁၅) ရာစုခေတ်ကဖြစ်လို့ ရှာဖွေနေတဲ့ မူလပိဋကတ်နဲ့တော့ အတော် အလှမ်းဝေးနေသေးတာ အမှန်ပဲဖြစ်ပါတယ်။

ထွန်းဟွမ် ပိဋကတ် နှင့် ဂီးလ်ဂစ် ပိဋကတ်များ

ဒီလိုမူလ ပိဋကတ်တော်ကို ရှာဖွေခဲ့ကြရာမှာ အတော်အတန် ရှေးကျတဲ့ဗုဒ္ဓဘာသာဆိုင်ရာ လက်ရေးမူတွေကို တွေ့ရှိခဲ့ကြဖူးပါတယ်။ တစ်ခုကတော့ တရုတ်ပြည်

အနောက်မြောက်ပိုင်းက တက်ကလာမာကန်သဲကန္တာရ(Taklatmakan Desert) အနီးမှာရှိတဲ့ ထွန်းဟွမ် (Dunhuang) အရပ်မှာ တွေ့ခဲ့တာပါ။ (၂၀) ရာစု အစပိုင်းလောက်မှာ ထွန်းဝမ်အရပ်က မိုဂေါင်လျှိုဏ်ဂူတွေ (Mogao Caves)ထဲမှာ တရုတ်ဘာသာစကား တိဗက်ဘာသာစကား စသည်တို့နဲ့ ရေးသားထားတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ လက်ရေးမူတွေ အမြောက်အများကို တာအိုဝါဒီဘုန်းတော်ကြီးတစ်ပါးဖြစ်တဲ့ ဝမ်ယွမ်လု (Wang Yuanlu) က ၂၅ ဂွန်လ ၁၉၀၀ မှာ စတင်တွေ့ခဲ့ပါတယ်။ ဒီ ဗုဒ္ဓဘာသာဆိုင်ရာ လက်ရေးမူတွေကတော့ အေဒီ (၅) ရာစု ကနေ အေဒီ (၁၂) ရာစုအတွင်း ရေးသားခဲ့ကြတာတွေဖြစ်ပြီး ၁၉၀၇ ခုနှစ်လောက်က စတင်လို့ ရှေးဟောင်းပစ္စည်း စုဆောင်းသူတွေဆီကို တစ်စတစ်စနဲ့ ရောက်ရှိခဲ့ပါတယ်။ ထွန်းဟွမ်မှာတွေ့ရတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ လက်ရေးမူတွေဟာ အများအားဖြင့် ရှေးဟောင်းတရုတ်ဘာသာစကား တိဗက်ဘာသာစကားတွေနဲ့ ရေးသားထားတာတွေဖြစ်ပြီး မဟာယာန ဗုဒ္ဓဘာသာ ဇာန်(ချန်) ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းဂန်တွေ တိဗက်ဇော့ချန် ယောဂကျင့်စဉ်နဲ့ဆိုင်တဲ့ အရေးအသားတွေ အမြောက်အများ ပါဝင်တယ်လို့ သိရပါတယ်။[၆၃၃]

အခုအခါမှာတော့ ရှေးဟောင်းသုတေသနပညာရှင် လျို့ကျန်းယုရဲ့ ကြိုးစားအားထုတ်မှုနဲ့ ဒီ လက်ရေးမူပုရပိုက်တွေဟာ တရုတ်နိုင်ငံတော် အမျိုးသားစာကြည့်တိုက်ရဲ့ မော်ကွန်းတိုက်ကို ရောက်ရှိ ထိန်းသိမ်းထားနိုင်ခဲ့ပြီလို့ သိရပါတယ်။ အင်္ဂလန်နဲ့ ပြင်သစ်နိုင်ငံက အမျိုးသားစာကြည့်တိုက်တွေကလည်း ဝယ်ယူစုဆောင်းတာတွေရှိပြီး အခုအခါမှာ နိုင်ငံတကာ ထွန်းဟွမ် စီမံချက် (International Tunhuang Project) ဆိုတဲ့ အမည်နဲ့ အွန်လိုင်းမှာ မှတ်တမ်းပြုလို့ တင်ဆက်ထားပါတယ်။[၆၃၄] ထွန်းဟွမ်ဟာ ပိုးလမ်းမပေါ်မှာ တည်ရှိတဲ့ နယ်စပ်စခန်းမြို့ဖြစ်တာကြောင့် အခြားဘာသာစကားမျိုးစုံနဲ့ ဖော်ပြထားတဲ့ ဘာသာရေးကျမ်းတွေ လောကီသိပ္ပံဝိဇ္ဇာပညာမျိုးစုံဖြစ်တဲ့ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်း၊ သမိုင်းကျမ်းတွေနဲ့ အပျင်းပြေကစားနည်း ကျမ်းမျိုးစုံကိုတောင် တွေ့ရတယ်။ အဲဒီအထဲက ဗုဒ္ဓဘာသာနဲ့ ဆိုင်တဲ့ ထွန်းဟွမ် ပိဋကတ်စာပေတွေဟာ တရုတ်ပြည်ကို မဟာယာန ဗုဒ္ဓဘာသာ ရောက်ရှိပြီးကာစ ခေတ်ဦးပိုင်းကို ထင်ဟပ်နေတဲ့ စာပေတွေဖြစ်လို့ မူလ ပိဋကတ်ကို ရှာဖွေနေသူတွေအတွက်တော့ မျက်စိကျစရာ မဟုတ်ခဲ့ပါဘူး။

ထိုနည်းတူပဲ ၁၉၃၁ နှစ်မှာ အခု ပါကစ္စတန်နိုင်ငံ ကာရာကိုရမ်တောင်တန်း

၆၃၃။ Giles, Lionel (1944). *Six Centuries at Dunhuang.*

၆၃၄။ *Tibetan Dunhuang Manuscripts in China* in The Bulletin of the School of Oriental and African Studies 65.1 (2002): 129–139.

တွေ့နားက ဂီးလ်ဂစ် (Gilgit) အရပ်မှာ ရှေးဟောင်း သက္ကတဘာသာနဲ့ ရေးသားထားတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ လက်ရေးမူတွေ တွေ့ရှိခဲ့ပါသေးတယ်။ ဂီးလ်ဂစ်ဒေသဟာလည်း ကမ္ဘာကျော်ပိုးလမ်းမကြီးပေါ်မှာ တည်ရှိနေခဲ့တဲ့ ရှေးဟောင်းဒေသတစ်ခုဖြစ်ပြီး တစ်ချိန်က မဟာယာနဗုဒ္ဓဘာသာ အကြီးအကျယ် ထွန်းကားခဲ့တဲ့နေရာ ဖြစ်ပါတယ်။ ၂၄ ဇူလိုင် ၁၉၃၁ ခုနှစ်မှာ အိန္ဒိယနိုင်ငံရဲ့ သက်တမ်းအရင့်ဆုံး သတင်းစာကြီး တစ်စောင်ဖြစ်တဲ့ The Statesman က (အဲဒီအချိန်အခါတုန်းက ရှေးအကျဆုံးလို့ ယူဆရတဲ့) ဗုဒ္ဓဘာသာ ပိဋကတ်တော်တွေကို (အခုပါကစ္စတန် မြောက်ပိုင်း) က ဂီးလ်ဂစ်အရပ် နိုက်ပူရ် ကျေးရွာလေးမှာ တွေ့ရှိခဲ့ရပြီ ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ နွားကျောင်းသား လူငယ်တစ်ယောက်က သစ်သားချောင်းတွေနဲ့ ကာထားတဲ့ ကျောက်ဂူအခန်းတစ်ခုထဲမှာ အဲဒီ ဗုဒ္ဓဘာသာပိဋကတ်တော်တွေကို တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဒီလက်ရေးမူတွေကတော့ အေဒီ (၆) ရာစု ဝန်းကျင် လက်ရာတွေလို့ ပညာရှင်တွေ သတ်မှတ်ကြပါတယ်။ အိန္ဒိယ အမျိုးသားမော်ကွန်းတိုက် (National Archives of India) က တွေ့ရှိခဲ့တဲ့ လက်ရေးမူ ပုရပိုက်ပေါင်း (၃၃၆၆) ရွက်ကို တာရှည်ရေစိုခံအောင် ပလပ်စတစ်လောင်းပြီး ထိန်းသိမ်းထားခဲ့တယ်။

အဲဒီ ဗုဒ္ဓဘာသာဆိုင်ရာ လက်ရေးမူဟာ ရှေးဟောင်းသက္ကတဘာသာ သိဒ္ဓမ်အက္ခရာ သာရဒါအက္ခရာတွေနဲ့ ရေးသားထားတာကို တွေ့ရပြီး အဲဒီအရေးအသားတွေထဲမှာ နာမည်ကျော် မဟာယာနဗုဒ္ဓဘာသာကျမ်းစာတွေဖြစ်တဲ့ ဝဇိရစ္ဆေဒိကာ ပညာပါရမိတာသုတ္တန် သဒ္ဒမ္မပုဏ္ဍရိကသုတ္တန် စတာတွေ ပါဝင်နေပါတယ်။ အိန္ဒိယ ရှေးဟောင်း သုတေသနပညာရှင် လောကော်ရှ်ချန္ဒရရဲ့ အလိုအရတော့ ဒီပိဋကတ်တွေကို အပြည့်အဝ အနက်ဖော်နိုင်ဖို့က နောက် နှစ်ပေါင်း (၅၀) လောက် လိုသေးတယ်လို့ ဆိုပါတယ်။ အဲဒီ ပိဋကတ်တွေဟာ ခေတ်ဦးမဟာယာန ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ သမိုင်းအထောက်အထားတွေအတွက် အများကြီး အကျိုးကျေးဇူးရှိပေမဲ့ သုတေသီတွေ ရှာဖွေနေတဲ့ မူလပိဋကတ်တော်တော့ မဟုတ်သေးပါဘူး။ ဒါကြောင့် ရှေးအကျဆုံး မူလပိဋကတ်တော်နဲ့ ပတ်သက်တဲ့ မေးခွန်းတွေက ရှုပ်ရှုပ်ထွေးထွေး ဝေဝေဝါးဝါး ဖြစ်နေဆဲ ရှိနေခဲ့ပါတယ်။ ရှာဖွေနေတဲ့ ရှေးအကျဆုံးမူလပိဋကတ်တော် ဆိုတာတောင် တကယ်ရှိခဲ့ရဲ့လားဆိုတဲ့ သံသယမေးခွန်းတွေသာ ပညာရှင်တွေအကြား ဝိဝါဒ ပြားနေခဲ့ကြပါတယ်။

ဂန္ဓာရဒေသ မှ ပေါ်တော်မူ ဓမ္မစာပေများ

ဒီမေးခွန်းတွေကို နောက်ဆုံးအဖြေပေးမဲ့ ရှေးဟောင်းသုတေသန တွေ့ရှိချက်တစ်ခုကို ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန် နယ်စပ်က ရှေးဟောင်းဂန္ဓာရဒေသမှာ တူးဖော်

တွေ့ရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ ကျော်လောက်က အဲဒီဒေသက ဗုဒ္ဓဘာသာဝင် ရဟန်းတော်တွေဟာ သစ်ခေါက်ပုရပိုက်တချို့မှာ ပိဋကတ်ကျမ်းစာတွေကို ရေးသားပြီး မြေအိုးတွေထဲမှာထည့်လို့ (အခု ပါကစ္စတန်နိုင်ငံ ဂန္ဓာရဒေသမှာ ရှိတဲ့) သဲကန္တာရထဲမှာ မြုပ်ထားခဲ့ပါတယ်။ သူတို့ ဘာရည်ရွယ်ချက်နဲ့ ဒီလို မြုပ်ထားခဲ့သလဲဆိုတာ ဘယ်သူမှ မသိပါဘူး။ မြင့်မြတ်တဲ့ ဓမ္မစာပေတွေကို အလေးအမြတ်ပြု စွန့်ထားခဲ့တာလား။ စေတီထူပါ တစ်ခုခုမှာပဲ ထည့်သွင်းဌာပနာဖို့ရန် စီစဉ်ခဲ့တာလား။ ရာစုများစွာကို ဖြတ်ပြီး ဗုဒ္ဓရှင်တော်ရဲ့ ဓမ္မတရားတွေကို ရာစုဓေတ်သစ်ကလူသားတွေဆီရောက်အောင် အချိန်စုဘူး(Time-Capsule) ထဲ ထည့်ပို့လိုက်တာ ဆိုရင်တော့ ဒီရဟန်းတော်တွေရဲ့ လုပ်ဆောင်ချက် အောင်မြင်တယ်လို့ပဲ ဆိုရမှာ ဖြစ်တယ်။ ဒီလုပ်ရပ်ဟာ ဘယ်လောက် ကြီးကျယ်ခမ်းနားတယ်ဆိုတာတောင် သူတို့ သိချင်မှ သိပေလိမ့်မယ်။

ဒီ ပေါ်တော်မူ ဓမ္မစာပေတွေကို ရှာဖွေတွေ့ရှိခဲ့ခြင်းဟာ ရှေးဟောင်းဗုဒ္ဓဘာသာ စာပေလေ့လာမှုဆိုင်ရာနယ်ပယ်ကို အကြီးအကျယ် ရိုက်ခတ်စေခဲ့တာကြောင့်ပဲ ဖြစ်တယ်။ ရှေးဟောင်းဗုဒ္ဓဘာသာ စာပေလေ့လာသူ ပညာရှင်တွေအတွက် အရင်က မှားယွင်းနေတဲ့ အမြင်ဟောင်းတွေကို အသစ်ပြန်လည် ပြန်ဆင်နိုင်ခွင့် ရလာခဲ့တယ်။ ထူးခြားတဲ့အမြင်သစ်တွေလည်း ရလာစေခဲ့ပါတယ်။ အရင်ကရှိခဲ့တဲ့ ဘာသာရေးဂိုဏ်းဂဏစွဲတွေနဲ့ ယူဆခဲ့တဲ့ အမှားတွေကိုလည်း ထောက်ပြလာနိုင်ခဲ့ကြပါတယ်။ ဒီလို အသစ်ရှာဖွေတွေ့ရှိချက်ဟာ ရှေးဟောင်းဗုဒ္ဓဘာသာ စာပေလေ့လာမှုဆိုင်ရာနယ်ပယ်ကနေ လက်တွေ့ဓမ္မကျင့်စဉ် အားထုတ်နေသူတွေအထိ ပျံ့နှံ့ရောက်ရှိလို့ အမြင်ပြောင်းစေခဲ့ပါတယ်။ ဗုဒ္ဓဘာသာ ဂိုဏ်းဂဏတွေ (ထေရဝါဒ မဟာယာန ဇာန် ဝဇိရယာန) အကြား ရှိနေတဲ့ အတွေစွဲတွေ ဂိုဏ်းဂဏစွဲ စိတ်တွေကို ပြောင်းလဲစေနိုင်ခဲ့ပါတယ်။ ဒီနေ့ခေတ်ရဲ့ ပို့စ်မော်ဒန်ယဉ်ကျေးမှု ဝန်းကျင်ကလည်း ဗဟုအမှန်တရားတွေ အပြိုင်လက်ခံနေကြရတဲ့ ကာလမှာ ဒီတွေ့ရှိချက်ဟာ ဂိုဏ်းဂဏစွဲသန်တဲ့ ဗုဒ္ဓဘာသာ လောကအတွက် အလင်းတစ်ချက် ပြိုးပျက်လိုက်သလိုပါပဲ။

အဲဒီ ပိဋကတ်ကျမ်းစာတွေ စတင်တွေ့ရှိခဲ့တာ ၁၉၉၄ ခုနှစ်လောက်က ဖြစ်ပါတယ်။ ဖောက်ထွင်းသူတစ်စုဟာ ရှေးဟောင်း ဗုဒ္ဓဘာသာ သစ်ခေါက်ပုရပိုက် (၂၉) ခုလောက် ပါတဲ့ မြေအိုးတွေကို အာဖဂန်နိုင်ငံ အရှေ့ပိုင်းနဲ့ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ထိစပ်ရာ ဒေသတစ်ဝိုက်မှာ တူးဖော်တွေ့ရှိခဲ့ကြတယ်။ ဒီနေရာက ရှေးအခါက ဂန္ဓာရတိုင်းလို့ခေါ်တဲ့ နေရာဒေသပဲ ဖြစ်တယ်။ ခရစ်နှစ်အစပိုင်း ရှေးအခါက ဗုဒ္ဓဘာသာ စာပေယဉ်ကျေးမှုတွေ အကြီးအကျယ် ထွန်းကားခဲ့တဲ့ နေရာလည်း ဖြစ်တယ်။ ဘီစီ (၄) ရာစု ကနေ အေဒီ (၃) ရာစု အထိ ဂန္ဓာရတိုင်း

မှာ ယဉ်ကျေးမှုတွေ လူ့အဖွဲ့အစည်းတွေ ဆက်တိုက်ထွန်းကားခဲ့တယ်။ အစပထမက ဒီဒေသဟာ အာခေမိနစ် အင်ပါယာ (Achaemenid Empire)ရဲ့ လက်အောက်ခံဒေသဖြစ်တယ်။ နောက်တော့ အလက်ဇန်းဒါးဘုရင်ရဲ့ မက်ဆီဒိုနီယန် အင်ပါယာ (Macedonian Empire) အောက် ကျရောက်တယ်။ ဂရိကိုလိုနီတွေ နဲ့ ဘက်ထရီရှား အိန္ဒိယတိုင်းရင်းသားတွေအကြား ကူးလူးဆက်ဆံမှုတွေ ဖြစ်ခဲ့တယ်။ ဘီစီ (၁) ရာစုလောက်ကစတင်လို့ ဆီသီယန် (Scythian) ပါသီယန်(Parthian) ကုရှန် (Kushan) မျိုးနွယ်တွေက ဒီ ဒေသကို လွှမ်းမိုးအုပ်စိုးခဲ့ကြပါတယ်။ နာမည်ကျော် ဂန္ဓာရ အနုပညာ လက်ရာတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ တူးဖော်တွေ့ရှိခဲ့တဲ့ ရှေးဟောင်းဗုဒ္ဓဘာသာ သစ်ခေါက်ပုရပိုက်တွေကို ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့တော်ရဲ့ ရှေးဟောင်း ပစ္စည်းဈေးကွက်မှာ စတင် တွေ့လာရပါတယ်။ ဒီအချိန်ဟာ တာလီဘန်အစွန်းရောက်တွေ အာဖဂန်နစ္စတန်နိုင်ငံ ဘာမီယန်ဒေသက ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဒိုင်းနမိုက်နဲ့ ဖြိုချတဲ့ ကာလလည်း ဖြစ်ပါတယ်။ ဗြိတိသျှ အမျိုးသားစာကြည့်တိုက်က ဒီရှေးဟောင်း ဗုဒ္ဓဘာသာ သစ်ခေါက်ပုရပိုက်တွေကို ဝယ်ယူစုဆောင်းခဲ့ပါတယ်။

အဲ့ဩစရာကောင်းလှတဲ့ အချက်ကတော့ အဲဒီ ဂန္ဓာရ ဗုဒ္ဓပိဋကတ်ကျမ်းစာတွေဟာ အခုအချိန်အထိ ရှာဖွေတွေ့ရှိခဲ့သမျှ ပိဋကတ်လက်ရေးမူတွေထဲမှာ အစောဆုံး သက်တမ်းအရင့်ဆုံး ဖြစ်ပါတယ်။ ဒီကျမ်းစာတွေကို ဘီစီ (၁) ရာစုကနေ အေဒီ (၃)ရာစု ကာလကြားလောက်က ရေးသားခဲ့တာ ဖြစ်လိမ့်မယ်လို့ ပညာရှင်တွေက ခန့်မှန်းကြပါတယ်။[၆၃၅] ဒီ ပိဋကတ်ကျမ်းစာတွေကို ဂန္ဓာရီအက္ခရာတွေနဲ့ ရေးသားထားပြီး ဘက်ထရီးယားနဲ့ အိန္ဒိယနိုင်ငံကကျမ်းတွေ ရှိရှိသမျှမှ အစောတက္ကာ အစောဆုံး အရေးအသားတွေလည်း ဖြစ်ပါတယ်။ ရှေးဟောင်းပစ္စည်း ဈေးကွက်ကနေ ဒီကျမ်းစာတွေကို ဥရောပနဲ့ ဂျပန်နိုင်ငံက တက္ကသိုလ်ကြီးတွေ တစ်သီးပုဂ္ဂလ စုဆောင်းသူတွေက ဝယ်ယူခဲ့ကြပြီးတော့ အခုအခါမှာ အတိုင်းတိုင်း အပြည်ပြည်က ပညာရှင်တွေက စူးစမ်း လေ့လာနေခဲ့ကြပါတယ်။ ကျမ်းစာတွေဟာ သစ်ခေါက်တွေပေါ်မှာ ရေးသားထားတာကြောင့် အလွန်ပျက်စီးယိုယွင်းနေပေမဲ့ ပြန်လည်ကိုက်ညီတည်ဆောက်လို့ ရနိုင်တဲ့ အခြေအနေမှာတော့ ရှိနေပါသေးတယ်။ ဒါကြောင့် အလားတူ ပိဋကတ်ကျမ်းစာတွေကို မှတ်တမ်းတင်ထားတဲ့ ပါဠိနဲ့ ဗုဒ္ဓစာပေ သက္ကတ အရော ဘာသာစကားတွေထဲက ကျမ်းတွေနဲ့ နှိုင်းယှဉ်လေ့လာ ကြည့်လို့ ရနိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ ရာစုနှစ် ၂ ခု အတွင်းမှာ

၆၃၅။ ***"UW Press: Ancient Buddhist Scrolls from Gandhara"***. **Retrieved 2008-09-04.**

အလားတူ ဂန္ဓာရပိဋကတ်တွေကို အမြောက်အများ ရှာဖွေတွေ့ရှိခဲ့ကြပေမဲ့ အခုအခါမှာ ပျောက်ဆုံးခဲ့ပြီလို့လည်း သိရပါတယ်။[၆၄၆] ဂန္ဓာရ ဗုဒ္ဓပိဋကတ် ကျမ်းစာဆိုင်ရာ ကျွမ်းကျင်တဲ့ပညာရှင် ဒေါက်တာ ရစ်ချတ် ဆော်လမွန် (Richard Salomon) ရဲ့ အလိုအရဆိုရင်တော့ ဒီကျမ်းစာတွေဟာ ရှေးဟောင်းဗုဒ္ဓဘာသာ ဂိုဏ်းတစ်ခုဖြစ်တဲ့ ဓမ္မဂုတ္တကဂိုဏ်းရဲ့ ပိဋကတ်တွေလို့လည်း ဆိုပါတယ်။[၆၄၇] ဗြိတိသျှအမျိုးသားစာကြည့်တိုက်က စုဆောင်းထားတဲ့ ဂန္ဓာရ ဗုဒ္ဓပိဋကတ် ကျမ်းစာတွေဟာဆိုရင် နာဂရာဟာရ (Nagarahara) မြို့တော်မှာရှိခဲ့တဲ့ ဓမ္မဂုတ္တကဂိုဏ်းရဲ့ ကျောင်းတိုက်ကြီးတစ်ခုက ပိဋကတ်တော်တွေရဲ့ အစိတ်အပိုင်းတွေ ဖြစ်တယ်လို့ ရစ်ချတ်ဆော်လမွန်က အတည်ပြုခဲ့ပါတယ်။[၆၄၈]

ဂန္ဓာရီဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာ စုဆောင်းမှုများ

အင်္ဂလန်ကို ရောက်ရှိလာတဲ့ ဒီ ရှေးဟောင်းဗုဒ္ဓဘာသာ သစ်ခေါက်ပုရပိုက်ကျမ်းစာအလိပ်တွေကို ရှေးဟောင်းပစ္စည်း လေ့လာသူ ပညာရှင်တွေက ဂရုတစိုက် ကိုင်တွယ်ဖြည်ထုတ်လို့ လေ့လာကြတဲ့အခါ သူတို့ တစ်ခါမှ မမြင်ဘူးတဲ့ ရှေးဟောင်းအက္ခရာတစ်မျိုးနဲ့ ရေးသားထားတာဖြစ်လို့ ဘယ်လိုမှ အဓိပ္ပာယ်မဖော်နိုင်အောင် ဖြစ်ခဲ့ကြတယ်။ ဒီ ရှေးဟောင်း အက္ခရာတစ်မျိုးဟာ ဂန္ဓာရတိုင်းမှာ ပေါ်ပေါက်ခဲ့ဖူးတဲ့ ဂန္ဓာရီအက္ခရာ (Gandhari Alphabets) ဖြစ်မယ်လို့ ထင်ကြတဲ့အတွက် ဒီကျမ်းစာတွေကို အနက်ဖွင့်ပေးနိုင်မဲ့ ပညာရှင်အနည်းငယ်ထဲက တစ်ဦးတည်းဖြစ်တဲ့ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်တက္ကသိုလ်က သင်္ကတနဲ့ ဗုဒ္ဓစာပေပညာရှင် ရစ်ချတ် ဆော်လမွန် (Richard Salomon) ဆီကို မိတ္တူကူးပြီး ပို့ပေးခဲ့ပါတယ်။

လေ့လာစစ်ဆေးချက်တွေအရ အဖြေထွက်လာတာကတော့ ဒီ ရှေးဟောင်းဗုဒ္ဓဘာသာ သစ်ခေါက်ပုရပိုက်ကျမ်းစာဟာ သိပြီးသမျှ ဗုဒ္ဓဘာသာဆိုင်ရာ စာပေတွေထဲမှာ ရှေးအကျဆုံး မှတ်တမ်းတင်ထားတဲ့ ပိဋကတ်စာပေ ဖြစ်တယ်ဆိုတာပါပဲ။ အခု ဒီကျမ်းစာတွေကို ဗြိတိသျှစာကြည့်တိုက် စုဆောင်းမှု (British Library

---

၆၃၆။ ***Between the Empires: Society in India 300 BCE to 400 CE*** **by Patrick Olivelle. Oxford University Press, 2006 pg 357**

၆၃၇။ **"The Discovery of 'the Oldest Buddhist Manuscripts'" Review article by Enomoto Fumio. *The Eastern Buddhist*, Vol NS32 Issue I, 2000, pg 160**

၆၃၈။ **Richard Salomon. *Ancient Buddhist Scrolls from Gandhāra: The British Library Kharosthī Fragments*, with contributions by Raymond Allchin and Mark Barnard. Seattle: University of Washington Press; London: The British Library, 1999. pg 181**

Collection) လို့ ခေါ်တွင်ပြီး ဒါတွေကို အင်္ဂလိပ်ဘာသာပြန်ဆိုတဲ့ လုပ်ငန်းကို ရှေးဦးဗုဒ္ဓဘာသာ စာပေလက်ရာများ ပရိဂျက် (Early Buddhist Manuscript Project) အမည်နဲ့ ဒေါက်တာဆော်လမွန်က ဦးစီးပြီး လုပ်ဆောင်နေပါတယ်။ နောင် ဆယ်စုနှစ်တစ်ခုအတွင်းမှာ ဒီလို ဂန္ဓာရီအက္ခရာနဲ့ ရေးသားထားတဲ့ ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာတွေ အလျှိုလျှိုထပ်မံ တွေ့ရှိလာပါတယ်။ ဒီကနေ့ အချိန်ထိဆို တစ်ကမ္ဘာလုံးမှာ ဂန္ဓာရီ အက္ခရာနဲ့ ရေးသားထားတဲ့ ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာ စုဆောင်းမှု ခြောက်ခုလောက်တောင် တွေ့ရှိခဲ့ပြီ ဖြစ်ပါတယ်။ ရာပေါင်းများစွာသော ပိဋကတ်ကျမ်းစာတွေ နောက်ထပ် ရာပေါင်းများစွာသော ဓမ္မစာပေ အပိုင်းအစတွေကို စုဆောင်းတွေ့ရှိခဲ့ပြီ ဖြစ်ပါတယ်။

အခုအချိန်အထိတော့ ကမ္ဘာပေါ်မှာ ဂန္ဓာရီဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာ စုဆောင်းမှု (၆) ခုလောက်ရှိတယ် သိရပါတယ်။

(၁) **ဗြိတိသျှစာကြည့်တိုက် စုဆောင်းမှု (British Library Collections)** က ၁၉၉၄ ခုနှစ်က စခဲ့တယ်။ ဂန္ဓာရီဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာ အစုအဝေး (၈) ခုလောက်ကို စတင် စုဆောင်းခဲ့တယ်လို့ သိရပါတယ်။ လက်ရေးမူတွေဟာ ဂန္ဓာရဒေသသုံး ခါရိဋ္ဌီ (Kharosthi) အက္ခရာတွေနဲ့ မှတ်တမ်းတင်ထားတာ ဖြစ်တယ်။ ရစ်ချတ်ဆော်လမွန်ရဲ့ အလိုအရ ဆိုရင်တော့ ဂန္ဓာရီ ပိဋကတ်တွေဟာ ရှေးဟောင်း ဓမ္မဂုတ္တကဂိဏ်းရဲ့ ကျမ်းစာတွေ ဖြစ်နိုင်တယ်လို့ မှန်းဆရပါတယ်။ ဗြိတိသျှစာကြည့်တိုက်က စုဆောင်းခဲ့တဲ့ ပုရပိုက်စာလိပ်တွေဟာ နာဂရာဟာရဒေသ အနီးရှိ ရှေးဟောင်း ဓမ္မဂုတ္တကဂိဏ်းရဲ့ စာကြည့်တိုက်က ဖြစ်နိုင်တယ်လို့ဆိုတယ်။ ကျမ်းစာတွေကို ထည့်ထားတဲ့ မြေအိုးပေါ်မှာ ရေးသားထားတဲ့ အိုးစာ အမှတ်အသားတွေမှာ ဒီဂိုဏ်းရဲ့ အမည်ကို ညွှန်းဆိုထားတာ တွေ့ရပါတယ်။ ဓမ္မပဒ အဝါဒါန သုတ္တတွေနဲ့ အဘိဓမ္မာဆိုင်ရာကျမ်းတွေ ပါဝင်ပါတယ်။ ခဂ္ဂဝိသာဏသုတ္တန်လို အလွန်ရှေးကျတဲ့ သုတ္တန်တွေ ပါဝင်နေတာကိုတွေ့ရပါတယ်။ စုဆောင်းမှုတွေထဲက အရေးအသားတစ်ခုမှာ (မဟာယာနသ) ဆိုတဲ့ ဝေါဟာရ ပါဝင်နေပေမဲ့ ဒါဟာ မဟာယာနကို ညွှန်းဆိုတာ မဟုတ်ဘူးလို့ ရစ်ချတ်ဆော်လမွန်က ကောက်ချက်ချပါတယ်။ ဒီစကားလုံးဟာ လူအများအပြားထံမှဆိုတဲ့ အနက်ပဲ ရှိတယ်လို့ သူကဆိုပါတယ်။[၆၃၉]

၆၃၉။ **Salomon, Richard. *A Gāndhārī Version of the Rhinoceros Sutra: British Library Kharoṣṭhi Fragment 5B* Univ. of Washington Press: Seattle and London, (2000), p-127**

(၂) **ဆီနီယာ စုဆောင်းမှု (The Senior Collections)** ကတော့ ဗြိတိသျှ လူမျိုး ရှေးဟောင်ပစ္စည်းစုဆောင်းသူ ဆီနီယာရဲ့ ဝယ်ယူစုဆောင်းမှုပါပဲ။ ပိဋကတ် တစ်ခုလုံးနီးပါး စုဆောင်းရရှိထားပါတယ်။ ဒီစုဆောင်းမှုမှာတော့ မြေအိုးတွေ အပေါ်မှာ မက်ဆီဒိုနီးယား အင်ပါယာ သုံးလအမည်တွေ ရေးထိုးထားပါတယ်။ ကုရုန်မင်းဆက်တွေနဲ့ ဆက်စပ်နေပါတယ်။ အဲဒီ (၁) ရာစုလောက်မှာ ပြုစုခဲ့တဲ့ ပိဋကတ်တွေ ဖြစ်မယ်လို့ ဆုံးဖြတ်ကြပါတယ်။ သက္ကဋပိဋကတ်ရဲ့ သံယုတ္တနိကာယ် တစ်ခုလုံးနဲ့ တိုက်ဆိုင်တူညီမှုရှိတဲ့ ပိဋကတ်ကို တွေ့ရပါတယ်။[၆၄၀]

(၃) **ရှိုယန်း စုဆောင်းမှု (The Schoyen Collections)** ကတော့ ဘာမီယန် ဒေသက လှိုဏ်ဂူတွေထဲက ရရှိခဲ့တာ ဖြစ်ပါတယ်။ နော်ဝေးလူမျိုး ရှေးဟောင်း ပစ္စည်းစုဆောင်းသူ မာတင်ရှိုယန်းက ဝယ်ယူစုဆောင်းခဲ့ပါတယ်။ အဲဒီ (၂) ရာစု လောက်မှာ ပြုစုခဲ့တဲ့ ပိဋကတ်တွေ ဖြစ်မယ်လို့ ဆုံးဖြတ်ကြပါတယ်။ ဒီ စုဆောင်းမှု မှာ နောက်ပိုင်း သက္ကဋ ပိဋကတ်တွေလည်း ပါဝင်နေပါတယ်။ အာဘိဓမ္မာ ဝိနည်းနဲ့ မဟာယာနသုတ္တန်တွေ ပါဝင်နေပါတယ်။[၆၄၁] ဓမ္မဂုတ္တကဂိုဏ်းရဲ့ ကျမ်းစာတွေလို့ ယူဆရတဲ့ ဒီပိဋကတ်တွေမှာ ပါရမီ (၆) ပါးနဲ့ ပတ်သက်တဲ့ အရေးအသားတစ်ခုကို တွေ့ရှိရပါတယ်။[၆၄၂]

(၄) **ဝါရှင်တန်တက္ကသိုလ် စုဆောင်းမှု (Washinton University Collections)** မှာတော့ ရှေးဟောင်း အာဘိဓမ္မာဂိုဏ်းတစ်ခုရဲ့ ကျမ်းတွေ ပါဝင်ပြီး ၂၀၀၂ မှာ တွေ့ရှိစုဆောင်းခဲ့တာ ဖြစ်တယ်။ အဲဒီ (၁) ရာစုနဲ့ (၂) စု ကြား အချိန်ကာလ မှာ ရေးသားခဲ့တဲ့ ကျမ်းစာတွေဖြစ်ကြောင်း ပညာရှင်တွေက ဆုံးဖြတ်ပါတယ်။

(၅) **ခိုတန် ဓမ္မပဒ (The Khotan Dharmapada)** ကတော့ ၁၈၉၂ ခုနှစ်မှာ တရုတ်နိုင်ငံအနောက်ပိုင်း ဆင်ကျန်ပြည်နယ် အရင်က ခိုတန်ပြည် ရှိခဲ့တဲ့ ဒေသမှာ ရှာဖွေတွေ့ရှိခဲ့ပါတယ်။ တချို့ အပိုင်းအစတွေက ရာရှားနိုင်ငံကို ရောက်ရှိ သွားပြီး တချို့ကတော့ ပြင်သစ်နိုင်ငံကို ရောက်ရှိသွားတယ်လို့ ဆိုပါတယ်။ အဲဒီ ကျမ်းစာတွေဟာ ဂန္ဓာရီပြာကရစ်ဘာသာနဲ့ ရေးထားတဲ့ ဓမ္မပဒဖြစ်ပြီး ၁၉၆၂ ခုနှစ်မှာ ဂျွန်ဘရိုး (John Brough) က ဘာသာပြန်ဆိုခဲ့ပါတယ်။

၆၄၀။ ***The Senior Manuscripts: Another Collection of Gandhāran Buddhist Scrolls*** **by Richard Salomon. Journal of the American Oriental Society, Vol. 123, No. 1 (Jan. - Mar., 2003), pp. 73-92**

၆၄၁။ ***Between the Empires: Society in India 300 BCE to 400 CE*** **by Patrick Olivelle. Oxford University Press, (2006) pg 356**

၆၄၂။ **Presenters: Patrick Cabouat and Alain Moreau (2004). "Eurasia Episode III - Gandhara, the Renaissance of Buddhism".** ***Eurasia*****. Episode 3. 11:20 minutes in. France 5 / NHK / Point du Jour International**

(၆) **အထွေထွေအရပ်ရပ် စုဆောင်းမှု (The Split Collection)** ကတော့ ၂၀၀၄ ခုနှစ်ကစတင်လို့ ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့မှ စတင်တွေ့ရှိခဲ့တဲ့ စုဆောင်းမှုတွေပါပဲ။ ပါကစ္စတန်နိုင်ငံနဲ့ အာဖဂန်နစ္စတန်နိုင်ငံ နယ်ခြားက မိုမန်အေဂျင်စီနဲ့ ဘာဂိူးဒေသတွေမှာလည်း သစ်ခေါက်ပုရပိုက် ပိဋကတ်တွေကို တွေ့ရှိခဲ့ရပါတယ်။ အနောက်တိုင်းက စုဆောင်းသူတွေဆီကို တချို့တစ်ဝက် ရောက်ရှိခဲ့သလို အစိုးရ ရှေးဟောင်း သုတေသနဌာနဆီကိုလည်း အချို့က ရောက်ရှိခဲ့ပါတယ်။[၆၄၃] ၂၀၁၂ ခုနှစ်မှာ ဟယ်ရီဖော့ခ်နဲ့ ဆေရှီ ကာရာရှိမတို့ နှစ်ဦးပူးတွဲပြီး အဲဒီပိဋကတ် အပိုင်းအစတွေကို သုတေသနပြုလို့ ခရောရှိဋ္ဌ လက်ရေးမူ မဟာယာနသုတ္တန် (အဋ္ဌသဟသရိကာ ပညာပါရမိတာ သုတ္တန်) အဖြစ်နဲ့ ထုတ်ဝေခဲ့ပါတယ်။[၆၄၄] အဲဒီ သစ်ခေါက်ပုရပိုက်တွေကို ကာဗွန်နည်းနဲ့ ရက်စွဲ သတ်မှတ်ကြည့်တဲ့အခါ အေဒီ (၇၅) ခုနှစ် ဝန်းကျင် ဖြစ်နေတာကို တွေ့ရပါတယ်။ ဒီသုတ္တန်တွေဟာ အေဒီ (၁၇၅) ခုနှစ်က လောကက္ခေမက တရုတ်ဘာသာကို ပြန်ဆိုခဲ့တဲ့ အဋ္ဌသဟ သရိကာ ပညာပါရမိတာ သုတ္တန်နဲ့ တိုက်ဆိုင် စစ်ဆေးနိုင်းယှဉ်ကြည့်တဲ့အခါ အလွန်နီးစပ်စွာ တူညီနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီသုတ္တန်ရဲ့ မိခင်ဘာသာစကားဟာ ဂန္ဓာရီဘာသာစကားပဲ ဖြစ်နိုင်တယ်လို့ ပညာရှင်တွေက ယူဆကြပါတယ်။

ဒီပိဋကတ်ကျမ်းစာတွေဟာ ဘီစီ (၁) ရာစု ကနေ အေဒီ (၃) ရာစု အထိ နှစ်ပေါင်း ၄၀၀ လောက်အတွင်း ဂန္ဓာရဒေသမှာ ရေးသား မှတ်တမ်းတင်ခဲ့ကြတဲ့ ကျမ်းစာတွေ ဖြစ်ပါတယ်။ ဂန္ဓာရီဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာတွေဟာ ရှေးအကျဆုံး ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာတွေတင်မကဘဲ တောင်အာရှဒေသတစ်ခုလုံးမှာ အခုထိတွေ့ရှိရသမျှ လူသားတို့ ပေထက်အက္ခရာတင် ရေးသားထားတဲ့ စာပေလက်ရာတွေထဲမှာလည်း ရှေးအကျဆုံး ဖြစ်ပါသတဲ့။ ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာတွေကို ပေထက် အက္ခရာတင် ရေးသားမှု စတင်တဲ့ အချိန်ကာလလောက်မှာပဲ ဒီ ဂန္ဓာရီဗုဒ္ဓဘာသာပိဋကတ်ကျမ်းစာတွေ ပေါ်ပေါက်ခဲ့လိမ့်မယ်လို့ ပညာရှင်တွေ ခန့်မှန်းကြပါတယ်။ ထွန်းဟွမ်နဲ့ ဂီးလ်ဂစ်ဒေသက ဗုဒ္ဓဘာသာဆိုင်ရာ လက်ရေးမူတွေနဲ့ နိုင်းယှဉ်ရင်တောင်ဆိုခဲ့တဲ့ ဂန္ဓာရီဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာတွေဟာ ရာစုနှစ်ပေါင်းများစွာ ရှေးကျနေတာကို တွေ့ရပါတယ်။

၆၄၃။ The 'Split' Collection of Kharoṣṭhī Text. Harry FALK (Berlin) ARIRIAB XIV (2011), 13-23.

၆၄၄။ A first-century Prajñāpāramitā manuscript from Gandhāra - parivarta 1 (Texts from the Split Collection 1) Harry FALK and Seishi KARASHIMA. ARIRIAB XV (2012), 19-61.

လေ့လာမှုအစပိုင်းမှာတော့ ဂန္ဓာရီဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာတွေဟာ အရင်က သိနှင့်ပြီးတဲ့ ပါဠိပိဋကတ်နဲ့ တိဗက် ပိဋကတ် တရုတ်ပိဋကတ် ဘာသာပြန်တွေထဲမှာ ပါပြီးသား ဓမ္မနဲ့ ဝိနယတွေကိုပဲ ဂန္ဓာရီဘာသာစကားနဲ့ ရေးထားတာပဲလို့ ထင်ခဲ့ကြတယ်။ ဒါပေမဲ့ နောက်ပိုင်းတွေ့ရှိချက်တွေအရ အရင်က မသိခဲ့တဲ့ အဘိဓမ္မာဆိုင်ရာ ကျမ်းစာတွေ၊ အခြား သုတ္တန်ဒေသနာကျမ်းတွေ၊ အဋ္ဌကထာကျမ်းတွေ၊ သျှတ္တရကျမ်းတွေကိုပါ တွေ့ရှိလာခဲ့ပါတယ်။ ဒီအထဲမှာ ခေတ်ပြိုင်ဂန္ဓာရဒေသရဲ့ သမိုင်းမှတ်တမ်းတွေပါ တွေ့ရတယ်။ နောက်ပြီး မဟာယာနဗုဒ္ဓဘာသာရဲ့ ရှေးအကျဆုံး ပညာပါရမီတာ သုတ္တန်ကျမ်းတွေနဲ့ အခြား မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းဂန်အများအပြားကို တွေ့ရပါတယ်။

ပိဋကတ်သမိုင်း အမြင်ပြောင်းလဲခြင်း

ဒီ ဂန္ဓာရီ ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာတွေကို ရှာဖွေတွေ့ရှိနိုင်ခဲ့ခြင်းဟာ ဗုဒ္ဓဘာသာ စာပေသမိုင်းလေ့လာမှုအတွက် ကြီးမားတဲ့ အထောက်အပံ့ ဖြစ်စေခဲ့ပါတယ်။ ကျွမ်းကျင်ပညာရှင်တွေရဲ့ အမြင်ကတော့ ဂန္ဓာရီဗုဒ္ဓဘာသာပိဋကတ် ကျမ်းစာတွေထဲမှာ ဗုဒ္ဓဓမ္မနဲ့ ပတ်သက်ပြီး အတွေးအမြင် အသစ်အဆန်း မပါရှိပါဘူး။ ပဌမမြောက် သစ္စာတရားတစ်ခု ထပ်တိုးထည့်ထားတာမျိုး မဂ္ဂင် (၈) ပါး လမ်းစဉ်မှာ နောက်ထပ် အင်္ဂါအသစ်တွေ တိုးထားတာမျိုးတွေတော့ မရှိပါဘူး။ ဂန္ဓာရီဗုဒ္ဓဘာသာပိဋကတ်ကျမ်းစာတွေဟာ အရင့်အရင်က ရှာဖွေတွေ့ရှိခဲ့တဲ့ ဗုဒ္ဓဘာသာ ပိဋကတ်စာပေတွေနဲ့ အနှစ်သာရ သင်ကြားမှုတွေက အတူတူပါပဲ။ ဒါပေမဲ့ ဗုဒ္ဓဘာသာပိဋကတ်စာပေ အုပ်စုအသစ်တစ်ခုကို တွေ့ရှိလိုက်ရတာဟာ ဗုဒ္ဓဓမ္မကို ကျင့်သုံးနေသူတွေအတွက်တော့ ထူးခြားလှတဲ့ အမြင်တွေကို ပေးပါတယ်။

ဗုဒ္ဓဘာသာ ပိဋကတ်စာပေ လောကမှာ ကိုယ့်ဂိုဏ်းရဲ့ ပိဋကတ်က မူလအစစ် သူ့ဂိုဏ်းရဲ့ပိဋကတ်က မူလအစစ်မဟုတ်ဆိုတဲ့ အငြင်းပွားမှုတွေ ရှိခဲ့တာတွေကို ဒီ တွေ့ရှိချက်က အဖြေတစ်ခု ပေးနိုင်လို့ပါပဲ။ ဘယ်လို အဖြေမျိုးပေးမယ် ထင်ပါသလဲ။ ဂိုဏ်းဂဏတစ်ခုခုရဲ့ ပိဋကတ်ကို အနိုင်ပေးလိုက်တာမျိုး မဟုတ်ဘဲ ဒီငြင်းခုန်မှုတွေရဲ့ အခြေခံ အနှမာန အယူအဆမှားကြောင်းကို ပြနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ရှင်တော် ဗုဒ္ဓဟာ မိမိဟောခဲ့ဩဝါဒကို ရရှိတော်မူပြီးတဲ့ အခါ (၄၅) ဝါ လုံးလုံး အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဂင်္ဂါမြစ်ဝှမ်းလွင်ပြင်မှာ တရားရေအေးတိုက်ကျွေးတော် မူခဲ့ပါတယ်။ တပည့်သာဝကတွေထဲက မှတ်ဉာဏ် အကောင်းဆုံး ရှင်အာနန္ဒာက ရှင်တော်ဗုဒ္ဓရဲ့ တရားတွေကို တစ်လုံးမကျန် တစ်သဝေမတိမ်း မှတ်သားခဲ့ပြီး

ဗုဒ္ဓပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် ပထမ သင်္ဂါယနာတင်တဲ့အခါ ဒီလို မှတ်သားခဲ့တာတွေကို ရှင်အာနန္ဒာက ပြန်လည်ရွတ်ဆိုပြပါတယ်။ ကျန်ရဟန်းတော် ၅၀၀ ကလဲ ထပ်မံ ရွတ်ဆိုကြပြီးတော့ တစ်ခုတည်းသော သန့်စင်မွန်မြတ်တဲ့ ဗုဒ္ဓဓမ္မရဲ့ ပိဋကတ်တွေကို မှတ်တမ်းတင်နိုင်ခဲ့တယ်လို့ ဆိုတယ်။

ဗုဒ္ဓဘာသာကိုဏ်းတွေ အားလုံးက မိမိတို့ရဲ့ဆိုင်ရာ ပိဋကတ်စာပေဟာ ဆိုခဲ့တဲ့ ပထမသင်္ဂါယနာတင်တဲ့အချိန်မှာ ရှိနေခဲ့တဲ့ မူလပိဋကတ်တွေဖြစ်တယ်လို့ပဲ အခိုင်အမာ ပြောဆိုကြပါတယ်။ ဗုဒ္ဓဘာသာကိုဏ်းတွေအားလုံးက အခုလက်ရှိ ပစ္စုပ္ပန်မှာ တည်ရှိနေတဲ့ မိမိတို့ရဲ့ ဆိုင်ရာ ပိဋကတ်စာပေဟာ ပထမသင်္ဂါယနာတင် ပိဋကတ်စာပေနဲ့ တစ်လုံးမကျန် တစ်သဝေမတိမ်း ထပ်တူဖြစ်ကြောင်းလည်း ယုံကြည်ကြပါတယ်။ ဒီလိုမှ မတူရင် မိမိတို့ရဲ့ ဆိုင်ရာပိဋကတ်စာပေဟာ ဘုရားဟောအစစ် မဖြစ်နိုင်တော့လို့ အားကိုးအားထား ပြုလောက်စရာလည်း မဖြစ်နိုင်ဘူးလို့ လည်း ယူဆကြပါတယ်။ ဒါကတော့ အံ့သြစရာကိစ္စပါပဲ။ အံ့သြစရာကိစ္စလို့ဆိုရာမှာ ဗုဒ္ဓဘာသာဟာ မတည်မြဲမှု အနိစ္စတရားကို တွင်တွင်ကြီး ဟောကြားပေမဲ့ မိမိတို့ရဲ့ ဆိုင်ရာ ပိဋကတ်စာပေဟာ သမိုင်းစဉ်တစ်လျှောက် ဝစ္စပေါက် တစ်လုံးသော်မှ အပြောင်းအလဲ မဖြစ်နိုင်ဘူးလို့ ထင်မြင်ယူဆကြတာကို ဆိုလိုပါတယ်။ ဗုဒ္ဓဘာသာဟာ အစိုးမရမှု အနတ္တတရားကို တွင်တွင်ကြီး ဟောကြားပေမဲ့ မိမိတို့ရဲ့ ဆိုင်ရာ ပိဋကတ်စာပေဟာ သမိုင်းစဉ်တစ်လျှောက် ရဟန်းတော်များက အစိုးရပိုင်နိုင်စွာ လုံးဝ မဖိတ်မစင် လက်ဆင့်ကမ်းနိုင်ခဲ့တယ်လို့ ထင်မြင်ယူဆကြတာကို အံ့သြစရာကိစ္စလို့ ဆိုလိုပါတယ်။

ဗုဒ္ဓဘာသာဝင်တွေက ဒီလို ယုံကြည်ကြပေမဲ့ သမိုင်းက အလုပ်လုပ်ပုံကတော့ တစ်မျိုးတစ်ဘာသာ ဖြစ်တယ်။ ဒီနေရာမှာ သမိုင်းရဲ့ အမှန်တရားတွေ အချက်အလက် အထောက်အထားတွေကို မျက်ကွယ်မပြုဘဲ ပကတိအရှိအတိုင်း မြင်အောင် ကြည့်နိုင်ခဲ့ရင် ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ တစ်ယူသန် ဂိုဏ်းဂဏအစွဲတွေကနေ လွတ်မြောက်ပြီးတော့ ဂိုဏ်းတွေ အကြားရှိနေတဲ့ ကွဲပြားခြားနားချက်တွေကိုလည်း သဘောထားကြီးကြီးနဲ့ လက်ခံနိုင်လာမှာ ဖြစ်တယ်။

ဗုဒ္ဓပိဋကတ် စာပေသမိုင်း ကို သစ်ပင်မိုဒယ်ဖြင့်ကြည့်ခြင်း

ရစ်ချတ်ဆော်လမွန်ရဲ့ အလိုအရဆိုရရင် အစဉ်အလာအရ ဗုဒ္ဓစာပေပညာရှင်တွေဟာ အရင်ကာလတည်းက ဗုဒ္ဓပိဋကတ် စာပေသမိုင်းကို သစ်ပင်မိုဒယ် (Tree Model) နဲ့ မြင်ယောင်ကြည့်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒီမိုဒယ်အရဆိုရင် အခက်

တွေကလိုက်ရင် အကိုင်းတွေကို ရောက်မယ်၊ အကိုင်းတွေက တစ်ဆင့်ဆက်လိုက်ရင် ပင်စည်ကို ရောက်မယ်၊ ပင်စည်ကနေ ဆက်လေ့လာရင် အမြစ်ဆီကို နောက်ဆုံး ရောက်မယ်ဆိုတဲ့ အမြင်ပါ။ အခုလက်ရှိ ရှိနေတဲ့ ထေရဝါဒဂိုဏ်းရဲ့ ပါဠိပိဋကတ် ပြီးတော့ မဟာယာနဗုဒ္ဓဘာသာရဲ့ သက္ကတပိဋကတ်ကို ဘာသာပြန်ဆိုထားတဲ့ တိဗက်ပိဋကတ် တရုတ်ပိဋကတ် မွန်ဂိုလီးယား ပိဋကတ်စသဖြင့်တွေဟာ အကိုင်း အခက်တွေလို့ သဘောထားလိုက်ရင် ဒီအကိုင်းအခက်တွေ အားလုံး ဆုံဆည်းရာ မူလပင်စည်သဖွယ်ဖြစ်တဲ့ ရှေးအကျဆုံး ပိဋကတ်တစ်ခု ရှိနေမယ်။ ဒီရှေးအကျဆုံး ပိဋကတ်တစ်ခုဟာ အမြစ်သဖွယ်ဖြစ်တဲ့ ရှင်တော်ဗုဒ္ဓရဲ့ တိုက်ရိုက် သွန်သင်ဆုံးမချက်တွေကနေ ဖြစ်ပေါ်လာတာပဲ ဖြစ်ရမယ်လို့ ပညာရှင်အများက သစ်ပင်မိုဒယ်ကို လက်ခံပြီး ဒီပိဋကတ်ကို တွေ့လိမ့်နိုးနဲ့ ရှာဖွေခဲ့ကြတာ ဖြစ်ပါတယ်။

ဒါဆိုရင် အခု ရှာဖွေတွေ့ရှိခဲ့တဲ့ ဂန္ဓာရီဗုဒ္ဓဘာသာပိဋကတ်ကျမ်းစာတွေဟာ ဒီ သစ်ပင်မိုဒယ်အရ ပင်စည်သဖွယ် မူလ ပိဋကတ်များ ဖြစ်နေလေရော့လား။ ပညာရှင်တွေဟာ ဂန္ဓာရီဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာတွေကို စေ့စေ့ငုငု လေ့လာကြည့်တဲ့အခါ သူတို့ မျှော်လင့်သလို ဒါဟာ ပင်စည်သဖွယ် မူလပိဋကတ် မဟုတ်တဲ့ အပြင် ဗုဒ္ဓစာပေရဲ့ သမိုင်းဟာ သူတို့ တွေးထင်ထားတဲ့ သစ်ပင်မိုဒယ်နဲ့လည်း အံမဝင်ဘူးဆိုတာ တွေ့ခဲ့ကြပါတယ်။ သူတို့ သိရှိခဲ့ရတဲ့ တွေ့ရှိချက်အသစ်ဟာ အရင်ခေတ်က ပိဋကတ်စာပေပညာရှင်တွေရဲ့ စိတ်ကူးစံအယူအဆကို ပြောင်းပြန်လှန်ပစ်လိုက်တဲ့ တွေ့ရှိချက်ပဲ ဖြစ်ပါတယ်။

ဗုဒ္ဓပိဋကတ် စာပေသမိုင်းကို မြစ်ဝကျွန်းပေါ် မိုဒယ်ဖြင့်ကြည့်ခြင်း

ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်စာပေဟာ တစ်ခုတည်းသော မူလရင်းမြစ်ကနေ ဆင်းသက်ဖြာထွက်ပြီးတော့ ပိဋကတ်စာပေ အသီးသီး ဖြစ်ထွန်းပေါ်ပေါက်လာတယ်ဆိုတဲ့ အနုမာန အယူအဆကို မှားမှန်း သဘောပေါက်လာကြပါတယ်။ အတိတ်သမိုင်းကို ပြောင်းပြန်ဆန်တက်ပြီး လေ့လာတဲ့အခါ မျှော်လင့်ထားသလို တစ်ခုတည်းသော မူလရင်းမြစ် ပိဋကတ်ကို မတွေ့ရဘဲ ရင်းမြစ်အမျိုးမျိုးကနေ စတင်လာတဲ့ ပိဋကတ် စာပေအသီးသီးရဲ့ အပြန်အလှန် ယှက်နွယ်ဆက်သွယ်နေမှုကိုပဲ တွေ့ရပါတော့တယ်။ အကိုင်းအခက်တွေ အချင်းချင်း လိမ်ယှက်ထွေးရှုပ်နေတဲ့ ခြုံတောပမာ ဒါမှမဟုတ် မြစ်သိမ်မြစ်မွှာ မြစ်လက်တက်ပေါင်းများစွာ ယှက်နွယ်ဆက်သွယ်နေတဲ့ မြစ်ဝကျွန်းပေါ်တစ်ခုပမာလိုပဲ ပိဋကတ်စာပေအသီးသီး အချင်းချင်းဟာ ဆက်သွယ်နေကြတာမို့ တစ်ခုတည်းသော မူလရင်းမြစ် ပိဋကတ် အနုမာနကို နောက်ဆုံး မြေမြုပ်သင်္ကြိုဟ်

လိုက်ရပါတော့တယ်။ အခုလက်ရှိ ရှိနေတဲ့ ထေရဝါဒဂိုဏ်းရဲ့ ပါဠိပိဋကတ် ပြီးတော့ မဟာယာနဗုဒ္ဓဘာသာရဲ့ သက္ကတ ပိဋကတ်ကို ဘာသာပြန်ဆိုထားတဲ့ တိဗက်ပိဋကတ်၊ တရုတ်ပိဋကတ်၊ မွန်ဂိုလီးယားပိဋကတ် စသဖြင့်တွေဟာ ဘယ်ဟာကမှ မူလပိဋကတ် ဖြစ်တယ်လို့ မပြောနိုင်တော့လိုပါပဲ။

ဒီလို အခြေအနေဟာ ဗုဒ္ဓဘာသာ ဂိုဏ်းအသီးသီးအနေနဲ့ ဘယ်သူ့ကိုမှ ဘယ်သူက သာတယ်နာတယ် မငြင်းသင့်တဲ့ အခြေအနေပါပဲ။ ရှေးဦး ဗုဒ္ဓဝါဒဟာ အာဂုံဆောင် ဓမ္မအစဉ်အလာ (Oral Tradition) တစ်ခုသာဖြစ်ပြီး ပိဋကတ်စာပေ မှန်သမျှရဲ့ အစကို ခြေရာကောက်တာတွေဟာ ဒီလိုပဲ သမိုင်းအချိုးအကွေ့ တစ်နေရာမှာ ဝေဝေဝါးဝါး ရပ်တန့်သွားရတာ မဆန်းဘူးလို့ ဒေါက်တာ ရစ်ချတ်ဆော်လမွန်က ဆိုပါတယ်။ ဒီလိုသမိုင်းရဲ့ အခြိုးအကွေ့တစ်နေရာမှာ ရဟန်းတော်တွေဟာ ရှင်တော် ဗုဒ္ဓရဲ့ တရားတော်တွေကို အာဂုံဆောင် ထိန်းသိမ်းလာရာကနေ ပိုလို့ ခိုင်မြဲတည်တံ့နိုင်တဲ့ စာပေမှတ်တမ်းအသွင်ကို ကူးပြောင်းခဲ့ကြတဲ့ကာလဟာ ထူးခြားတဲ့ အပြောင်းအလဲ တစ်ခုဖြစ်ပြီး ပိဋကတ်စာပေ မှန်သမျှရဲ့ အစလို့လည်း ဆိုနိုင်ပါတယ်။ ထေရဝါဒအစဉ်အလာရဲ့ အဆိုအရ ပါဠိပိဋကတ်ကို ဘီစီ (၁) ရာစုခန့်မှာ သီဟိုဠ်မှာ ပေထက် အက္ခရာတင်ခဲ့တယ်လို့ဆိုသော်လည်း ဒီကနေ့အထိ အစောဆုံး ရှာဖွေတွေ့ရှိထားတဲ့ ပါဠိပိဋကတ် လက်ရေးမူ အပြည့်အစုံတွေဟာ အေဒီ (၁၅) ရာစုထက် မစော ပါဘူး။ အခု ရှာဖွေတွေ့ရှိခဲ့တဲ့ ဂန္ဓာရီဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာတွေဟာ ဘီစီ (၁) ရာစုခန့်မှာ ရေးသားခဲ့တယ်လို့ သိရပြီဖြစ်တဲ့အတွက် ပါဠိပိဋကတ်ကို ဘီစီ (၁) ရာစုခန့်မှာ သီဟိုဠ်မှာ ပေထက် အက္ခရာတင်ခဲ့တယ်ဆိုတဲ့ ထေရဝါဒ အစဉ်အလာရဲ့ အဆိုဟာ ဖြစ်နိုင်ခြေရှိပါတယ်။ အိန္ဒိယရဲ့ နေရာဒေသတစ်ခုမှာ စာရေးသားခြင်းအတတ်ကို ကျင့်သုံးနေကြပြီဆို အခြားနေရာဒေသတွေမှာလည်း ခေတ်ပြိုင်အရေးအသားနဲ့ စာပေမှတ်တမ်းတင်မှုတွေ ရှိနေမှာ အမှန်ပါပဲ။

သမိုင်းကို ဆန်တက်၍ မူလပိဋကတ်ကိုရှာပုံတော်ဖွင့်ခြင်း

တကယ်လို့ တစ်ခုတည်းသော မူလရင်းမြစ် ပိဋကတ်ကိုသာ ရှာဖွေတွေ့ခဲ့မယ်ဆိုရင် အာဂုံဆောင်ရာကနေ စာပေအရေးအသားအဖြစ် စတင်မှတ်တမ်းတင်တဲ့ ကာလမှာပဲ ရှာတွေ့နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လဲ ဗုဒ္ဓစာပေပညာရှင်တွေဟာ ရှေးအကျဆုံး အရေးအသားဖြစ်တဲ့ ဂန္ဓာရီဗုဒ္ဓဘာသာပိဋကတ်ကျမ်းစာတွေကို တွေ့ရှိခဲ့ချိန်မှာ ဒါဟာ မူလပိဋကတ်များ ဖြစ်လေမလားရယ်လို့ တွေးထင်ခဲ့ကြတာ ဖြစ်တယ်။ ပညာရှင်တွေ အသုံးပြုတဲ့နည်းကတော့ ဂန္ဓာရီ ဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာတွေ

ကို ပါဠိ သက္ကတ တိဗက် တရုတ် စတဲ့ ပိဋကတ်မူတွေနဲ့ တိုက်ဆိုင်စစ်ဆေး နှိုင်းယှဉ်ကြည့်တဲ့နည်းပါပဲ။ ဒီလို နှိုင်းယှဉ်ကြည့်ခဲ့လို့ ရှိခဲ့ပြီး ပိဋကတ်မူတွေနဲ့ အများဆုံးတူညီနေတဲ့ အပိုင်းဟာ မူလပိဋကတ်ဖြစ်ပြီး ဒီပိဋကတ်ကို ဂန္ဓာရီဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာတွေထဲမှာ ရှာတွေ့နိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတာပဲဖြစ်တယ်။ ဒါပေမဲ့ မျှော်လင့်တဲ့အတိုင်း အဖြေကထွက်မလာဘဲ အထင်နဲ့ အမြင်လွဲခဲ့ပါတယ်။ ဆော်လမွန်က ဥပမာတစ်ခု ထုတ်ပြတယ်။ ဂန္ဓာရီဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာမှာပါတယ် ခဂ္ဂဝိသာဏသုတ်ကို ပါဠိ သက္ကတ တိဗက် တရုတ်စတဲ့ ပိဋကတ်မူတွေနဲ့ တိုက်ဆိုင်စစ်ဆေး နှိုင်းယှဉ်ကြည့်တဲ့အခါ ထူးခြားချက်တွေကို တွေ့လာရတယ်။

ဂန္ဓာရီဗုဒ္ဓဘာသာ ပိဋကတ်ကျမ်းစာမှာ ပါတဲ့ 'ခဂ္ဂဝိသာဏသုတ်' ဟာ အစီအစဉ်နဲ့ သုတ်ဖွဲ့စည်းတည်ဆောက်ပုံအရ ထေရဝါဒ ပါဠိပိဋကတ်လာ ခဂ္ဂဝိသာဏသုတ်ရဲ့ အစီအစဉ်နဲ့ သုတ်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ ဆင်တူတာကို တွေ့ရပါတယ်။ ဒါပေမဲ့လဲ အထဲမှာ ပါဝင်နေတဲ့ စာသားတွေနဲ့ ဝေါဟာရတွေက သက္ကတ ပိဋကတ်ရဲ့ ခဂ္ဂဝိသာဏသုတ်နဲ့ သွားပြီး တူညီနေတာကို တွေ့ရပါတယ်။ ဒီတော့ ဂန္ဓာရီပိဋကတ်ဟာ ပါဠိပိဋကတ်နဲ့ ပိုနီးစပ်သလား သက္ကတပိဋကတ်နဲ့ ပိုနီးစပ်သလား အပြတ်ဆုံးဖြတ်လို့ မရနိုင်တဲ့အသွင်ကို ဆောင်နေပါတယ်လို့ ဒေါက်တာဆော်လမွန်က ပြောပါတယ်။

အတိအကျပြောရရင်တော့ ဂန္ဓာရီပိဋကတ်ဟာ ပါဠိပိဋကတ် သက္ကတ ပိဋကတ် နှစ်ခုလုံးနဲ့ တစ်မျိုးစီ ဆင်တူနီးစပ်တယ်လို့ပဲ ဆိုနိုင်ပါလိမ့်မယ်။ နောက်ထပ် သုတ္တန် အများအပြားကို တိုက်ဆိုင်စစ်ဆေးကြည့်တဲ့အခါမှာလည်း အလားတူပဲ ဖြစ်နေတာကို တွေ့လာရတော့ နောက်ဆုံးပညာရှင်တွေ ကောက်ချက်ဆွဲလိုက်တာကတော့ ဂန္ဓာရီပိဋကတ်ဟာ ပါဠိပိဋကတ်၊ သက္ကတ ပိဋကတ်တွေထက် စောပြီး အရင်ရှိနေနှင့်တဲ့ မူလရင်းမြစ် ပိဋကတ်မဟုတ်ဘဲ နှစ်ပေါင်းများစွာ သမိုင်းရဲ့အံဝှက်ထဲမှာ ပျောက်ကွယ်နေခဲ့တဲ့ ပါဠိပိဋကတ်၊ သက္ကတ ပိဋကတ်တွေနဲ့ ခေတ်ပြိုင်ညီနောင်ပိဋကတ် တစ်ခုသာ ဖြစ်လိမ့်မယ်လို့ ယူဆခဲ့ကြပါတော့တယ်။ ဒီတွေ့ရှိချက်နဲ့အတူ ဗုဒ္ဓစာပေပညာရှင်တွေဟာ မူလရင်းမြစ် ပိဋကတ်တစ်ခုကို ဆုပ်ဆုပ်ကိုင်ကိုင် ရှာဖွေ တွေ့နိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ကို အပြီးတိုင် စွန့်ခဲ့ကြပါတော့တယ်။ မူလရင်းမြစ် ပိဋကတ်တစ်ခု ရှိခဲ့မယ်ဆိုလဲ ရှေးဦးအာဂုံဆောင်ကာလမှာ ရှိခဲ့တာပဲဖြစ်မယ်။ ရပ်ဝတ္ထု စာပေအမှတ်အသား အသွင်နဲ့တော့ ဘယ်အခါမှ မတွေ့နိုင်တော့ဘူးလို့သာ ကောက်ချက်ချခဲ့ကြပါတော့တယ်။

သူတို့တွေ့ရှိခဲ့တဲ့ အချက်ကတော့ ဘီစီ (၁) ရာစုမှာ ပါဠိပိဋကတ်နဲ့ အပြိုင်

အခြား ဘာသာစကားတစ်ခုနဲ့ ပိဋကတ်တစ်ခုက အိန္ဒိယပြည်ရဲ့ အခြားနေရာဒေသ တစ်ခုမှာ ရှိနေခဲ့တာဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ ဝါရှင်တန်တက္ကသိုလ်က သက္ကတ စာပေ ပါမောက္ခ ကောလက် ကောက်စ် (Collett Cox) ရဲ့ မှတ်ချက်ကတော့ လက်ရှိ ပိဋကတ်နှစ်ခု ရှာတွေ့ရင် ဘီစီ (၁) ရာစုမှာ ပါဠိပိဋကတ်နဲ့အပြိုင် အခြား ဘာသာစကားတွေနဲ့ အခြားသော ပိဋကတ်တွေ ရှိနေနိုင်တယ်လို့ ဆိုပါတယ်။ ၁၈၉၂ ခုနှစ်ကတည်းက ဂန္ဓာရီ ဘာသာစကားနဲ့ ရေးသားထားတဲ့ ဓမ္မပဒ လက်ရေးမူ တစ်ခုကို ရှာဖွေတွေ့ရှိပြီးလည်း ဖြစ်ပါတယ်။ အိန္ဒိယမှာ စာအရေးအသား စတင်ပေါ်ပေါက်ချိန်ကစလို့ ယဉ်ကျေးမှု ထွန်းကားတဲ့ တိုင်းဒေသတွေ အားလုံးမှာ ဒီလို အလားတူ ဘာသာကွဲတွေနဲ့ မှတ်တမ်းတင်ထားကြမဲ့ ပိဋကတ်တော်မူကွဲတွေ အများကြီး ရှိနေနိုင်မယ်လို့လည်း ကောက်စ်က မှန်းဆခဲ့ပါတယ်။

ရင်းမြစ် မူလ ပိဋကတ်စာပေ အနုမာနကျဆုံးခြင်း

ဒီတော့ ဒီအချက်က ဘာကိုညွှန်ပြနေသလဲ။ ဗုဒ္ဓဝါဒဟာ အစကတည်းက ရင်းမြစ်အမျိုးမျိုးနဲ့ ဒေသအသီးသီးမှာ ဆရာစဉ် သမားစဉ်အဆက်ဆက်နဲ့ မှတ်တမ်းတင်ထားခဲ့တဲ့ ပိဋကတ်စာပေတွေ အသီးသီးရှိနေနိုင်ပြီး ဒီ ဆရာစဉ် သမားစဉ်တွေ အားလုံးရဲ့ မူလရင်းမြစ်ဟာလည်း ရှင်တော်ဗုဒ္ဓရဲ့ သင်ကြားချက်တွေပဲ ဖြစ်လိမ့်မယ်။ ခေတ်ပြိုင် ဂျိန်းဘာသာဆိုင်ရာ စာပေမှတ်တမ်းတွေမှာလည်း ဒီသဘောမျိုး ဖော်ပြထားတာကို တွေ့ရတယ်။ ရှင်သာရိပုတ္တရာ ရှင်အာနန္ဒာစတဲ့ ဗုဒ္ဓရဲ့ သာဝကကြီးတွေကို သီးခြားသမဏ အစုအဖွဲ့တွေရဲ့ ခေါင်းဆောင်တွေအဖြစ် ရေးသား မှတ်တမ်းတင်ခဲ့တာတွေ ရှိပါတယ်။

ကမ္ဘာ့ထိပ်သီး ပါဠိစာပေပညာရှင် ဖြစ်တဲ့ အော်စကာ ဖွန် ဟိုင်နျူဘား (Oskar von Hinuber) က ဘယ်ပါဠိစာပေ ပညာရှင်မှ မူလရင်းမြစ်ပိဋကတ်တော် တစ်ခုရှိခဲ့မယ်ဆိုတဲ့ ထင်မြင်ယူဆချက်အနုမာန မရှိကြတော့ဘူးလို့ ဆိုပါတယ်။ ဟိုင်နျူဘားရဲ့ အမြင်အရဆိုရင် ပါဠိပိဋကတ်မှာ ဖော်ပြထားတဲ့ ပထမသင်္ဂါယနာပွဲဟာ ရှေးဦးသံဃာအဖွဲ့အစည်းအတွင်းမှာ အတွင်းပဋိပက္ခများ အားပြိုင်မှုများ ရှိနေနိုင်တယ်လို့ ဆိုပါတယ်။ အဓမ္မဝါဒတွေ အားမကောင်းခင် ဓမ္မနဲ့ ဝိနယကို ထိန်းသိမ်းစောင့်ရှောက်ဖို့အတွက် ပထမသင်္ဂါယနာပွဲကို ကျင်းပခဲ့ရတာလို့ ဆိုတဲ့ အတွက် အယူအဆရေးရာပိုင်းမှာ အမြင် မတူညီမှုတွေ ရှိနိုင်တယ်လို့လည်း ယူဆရပါတယ်။ ပထမသင်္ဂါယနာပွဲမှာ ပါဝင်ကြမဲ့ ရဟန်းတော် ၅၀၀ ကလွဲလို့ ကျန်တဲ့ ရဟန်းတွေ အားလုံးကို (သံဃာ ပျက်မှာစိုးတဲ့ အတွက်) ရာဇဂြိုဟ်ပြည်ကနေ

မင်းအာဏာနဲ့ နှင်ခဲ့တာကလည်း စိတ်ဝင်စားဖို့ကောင်းတဲ့ အဖြစ်အပျက်ပဲ ဖြစ်ပါတယ်။ (၄၅) နှစ်ပတ်လုံး ဗုဒ္ဓဟောကြားခဲ့သမျှတရား အကုန်လုံးကို ရဟန်းတော် ၅၀၀ က အသိအမှတ်ပြုခြင်း ဖြစ်နိုင်မဖြစ်နိုင် ဆိုတာကိုလည်း စဉ်းစားစရာအဖြစ် ဟိုင်နျူဘားက တင်ပြပါတယ်။ ပထမသင်္ဂါယနာပွဲအပြီး ဝါကျွတ်ချိန်မှာ ဒက္ခိဏာဂိရိ ဇနပုဒ်ကနေ ရာဇဂြိုဟ်ကို နောက်ပါ ရဟန်းတွေနဲ့အတူ ရောက်လာတဲ့ အရှင်ပုရာဏ မထေရ်က သင်္ဂါယနာတင်ထားတဲ့ ဓမ္မဝိနယတို့ကို မလေ့လာနိုင်တော့ဘဲ မိမိဘာသာ မိမိ ဘုရားရှင်ထံက ကြားသိခဲ့ရတဲ့အတိုင်း ဆောင်မယ်ပြောဆိုခြင်းကို ထောက်ရင် ပါဠိပိဋကတ်အပြင် အခြားအခြားသော ဘာသာစကားများနဲ့ အာဂုံဆောင်ထားတဲ့ ပိဋကတ်တွေလည်း ရှိနိုင်တယ်လို့ ယူဆစရာရှိပါတယ်။ အရှင်ပုရာဏမထေရ်ဟာ နောင်အခါမှာ မဟိသာသကဂိုဏ်းရဲ့ အကြီးအမှူးအဖြစ် ရပ်တည်လာခဲ့တာကို မြင်တွေ့ရပါတယ်။ အဲဒီအဖြစ်အပျက်လေးက အလွန်အရေးကြီးပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ ကိုယ်တိုင်က ရှေးအခါ ကာလကတည်းက ဗုဒ္ဓဘာသာမှာ ဒေသအလိုက် ဆရာအလိုက် ဂိုဏ်းကွဲ အမျိုးမျိုး ရှိနေနိုင်ကြောင်း လက်ခံထားကြတယ်ဆိုတာကို ဖော်ပြနေတယ်လို့ ဟင်နျူးဘားက ဆိုပါတယ်။ ဘာသာရေးမှာတော့ ဂိုဏ်းဂဏအစွဲဆိုတာ ရှိပါတယ် ကိုယ့်ဂိုဏ်းက ကျမ်းစာကမှ အစစ်ဆုံး အမှန်ဆုံးလို့ ယုံကြည်တတ်ကြတာ သဘာဝပါပဲ။ ဒါမှလဲ ဒီကျမ်းစာတွေဟာ အားကိုးလောက်တယ်လို့ ဘာသာဝင်တွေက လက်ခံကြမှာ ဖြစ်လို့ပါပဲ။ ဒီလိုယူဆလိုက်တဲ့အခါမှာ အခြားဂိုဏ်းတွေရဲ့ ပိဋကတ်ကျမ်းစာတွေက အတုအယောင်တွေ ပြင်ဆင် သွတ်သွင်းချက်တွေ အမှားတွေအဖြစ်လည်း ဆိုကြမှာပါပဲ။

သမိုင်းစဉ်အရဖြစ်ထွန်းလာရသော ပိဋကတ်စာပေ

တကယ်တော့ သမိုင်းလေ့လာမှုတွေက ဖော်ပြနေတဲ့ အမှန်တရားကတော့ ဒီပိဋကတ်စာပေတွေဟာ နှတ်ရေကန်ထဲက ထွက်ပေါ်လာသလို ဘွားခနဲ ဖြစ်ပေါ်တည်ရှိလာတာမျိုးမဟုတ်ဘဲ ခေတ်အဆက်ဆက် အထပ်ထပ် တည်းဖြတ်ရေးသား စုဆောင်းခဲ့ကြတဲ့ စာပေအစုအဝေးတွေပဲ ဖြစ်ပါတယ်။ သမိုင်းရဲ့ အလှည့်အပြောင်းမျိုးစုံကို ဖြတ်သန်းပြီးမှ ပေါ်ပေါက်လာတဲ့ စာပေတွေပဲ ဖြစ်ပါတယ်။ ဘာသာရေး အဖွဲ့အစည်းတွေ အနေနဲ့ကတော့ သမိုင်းဖြစ်စဉ်ကို မျက်ကွယ်ပြုလို့ မိမိရဲ့ ကိုယ်ပိုင် ပိဋကတ်ကိုပဲ အကောင်းဆုံးလို့ မြင်တတ်ကြတာ ဓမ္မတာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဗုဒ္ဓဘာသာ စာပေရဲ့သမိုင်းက နောက်ဆုံးမှာ ညွှန်ပြနေတဲ့ အမှန်တရားကတော့ ဒီလို

ပကတိ သန့်စင်ပြီး လူသားတို့ရဲ့ ဖန်တီးမှုတွေနဲ့ ကင်းတဲ့ မူလပိဋ္ဌကတ်တစ်ခုဆို တာဟာ စိတ်ကူးယဉ်အိပ်မက်တစ်ခုပဲ ဖြစ်တယ်လို့ စတန်းဖို့ဒ်တက္ကသိုလ်က ဘာသာရေးစာပေ ပါမောက္ခ ပေါလ် ဟာရစ်ဆန် (Paul Harrison) က ဆိုပါတယ်။ ရှေးဟောင်း ပိဋ္ဌကတ်စာပေတွေကို ဘာသာပြန်နေတဲ့ ပါမောက္ခ ဟာရစ်ဆန်က ဘာသာပြန်လုပ်ငန်းရဲ့ အခက်အခဲကိုလည်း ရှင်းပြတယ်။ ဘာသာပြန်သူတွေဟာ မူကွဲအမျိုးမျိုးဖြစ်နေတဲ့ လက်ရေးမူတွေကို တိုက်ဆိုင်ပြီး အပိုတွေကို ဖယ်ထုတ်ရင် စစ်မှန်တဲ့ အတွင်းသားအကြောင်းအရာက ကျဉ်းသထက် ကျဉ်းလာမယ် နောက်ဆုံး ဘာမှထပ်ပြီး ထုတ်ပယ်စရာ မလိုတော့တဲ့ အခြေအနေကိုရောက်ရင် ဒါဟာ မူလနဲ့ အနီးစပ်ဆုံးမူပဲ ဖြစ်မယ်လို့ ယူဆပြီးတော့ အလုပ်လုပ်ကြပါတယ်။ ဒါပေမဲ့ အလုပ် လုပ်ရင်း တွေ့ရှိလာရတာကတော့ ပို၍ ပို၍ ကွဲပြားမှုတွေပဲ ဖြစ်ပါသတဲ့။

ပါမောက္ခ ဟာရစ်ဆန်ရဲ့ အလိုအရဆိုရင် ဒီလို မတူကွဲပြား ဝေဝါးတဲ့ အခြေ အနေကို တွေ့ရတာကိုက ဗုဒ္ဓဓမ္မက ညွှန်ပြနေတဲ့ အနတ္တ အသာရ သုညတ သဘော တရားတွေပါပဲ။ လူရဲ့ အတွင်းစိတ်ထဲမှာ ခိုင်မာတဲ့ စစ်မှန်တဲ့ သန့်စင်တဲ့ ထူးခြားတဲ့ တစ်သီးတစ်သန့်ဖြစ်တဲ့ အတ္တကို စွဲနေတယ်။ မိမိရဲ့ ပိဋ္ဌကတ်ကလည်း ခိုင်မာတဲ့ စစ်မှန်တဲ့ သန့်စင်တဲ့ ထူးခြားတဲ့ တစ်သီးတစ်သန့်ဖြစ်တဲ့ အတ္တလိုပဲ တစ်ခုတည်း စစ်စစ်မှန်မှန်ကို ရှိရမယ်လို့ အထင်ရောက်နေပါတယ်။ သမိုင်းကပြတဲ့ အမှန်တရား ကတော့ ဒီလို အတ္တနဲ့တူတဲ့ မူလပိဋ္ဌကတ်တစ်ခု မရှိဘူးဆိုတာပဲ ဖြစ်တယ်လို့ ဟာ ရစ်ဆန်က သုံးသပ်ပါတယ်။ ဒီလို သမိုင်းက အနတ္တတရားကို ပြသနေပေမဲ့လည်း လူ့စိတ်သဘာဝမှာ အတ္တအစွဲက အနုသယအနေနဲ့ ကပ်ငြိနေတော့ ဒီအစွဲကို ချွတ်ရ အတော်ခက်ပါတယ်။

အရင်က သစ်ပင်မိုဒယ်ကို လက်ခံခဲ့ကြတဲ့ ပညာရှင်တွေဟာ အတိတ်က နေ အနာဂတ်ကို ပိဋ္ဌကတ်စာပေ စီးဆင်းတဲ့ ထောင်လိုက်တစ်လမ်းသွား ဖြစ်စဉ် (One-way vertical Influences) တွေကိုပဲ တွေးခဲ့ကြတယ်။ ခေတ်ပြိုင်ရှိနေတဲ့ ဗုဒ္ဓဘာသာဂိုဏ်းတွေ အချင်းချင်းအလျားလိုက် အပြန်အလှန် လွှမ်းမိုးဆက်သွယ်မှု ဖြစ်စဉ် (Cross-Horizontal Influences)တွေကိုတော့ ထည့်တွက်ပုံ မရဘူးလို့ ဟာရစ်ဆန်က သုံးသပ်ပါတယ်။ ဒါအပြင် ပိဋ္ဌကတ်စာပေမှု အသီးသီးကနေ ကူးရေး ကြတဲ့အခါ မရည်ရွယ်ဘဲနဲ့ မူသစ်တွေ ဖန်တီးနေမိတတ်တာတွေလည်း ဖြစ်နိုင်တယ် လို့ သူက ဆိုပါတယ်။

ဒါကြောင့် ရှေးဟောင်း ပိဋ္ဌကတ်လက်ရေးမူတွေကို လေ့လာတဲ့အခါ ပိုစော တာ နည်းနည်းနောက်ကျတာလို့တော့ ရှိနိုင်တယ်။ ဘီစီ (၂) ရာစုက ဂန္ဓာရီပိဋ္ဌကတ်

လက်ရေးမူတွေက အေဒီ (၁၈) ရာစု သီဟိုဠ် ပိဋကတ် လက်ရေးမူတွေတော့ ပိုရှေးကျလို့ ရှေးဦးဗုဒ္ဓဝါဒကို ပိုလို့ ထွန်းလင်းပြနိုင်မယ်လို့ပဲ ပြောလို့ရမယ် တစ်စုံတစ်ခုသော ပိဋကတ်လက်ရေးမူကိုပဲ မူလပိဋကတ် ဖြစ်ပါတယ်လို့ ပြောဖို့ ခိုင်မာတဲ့ အထောက်အထား မရှိဘူးလို့ ဟာရစ်ဆန်က ထောက်ပြပါတယ်။ သမိုင်းကို ဆန်တက်လို့ အတိတ်ကို ပြန်သွားတဲ့အခါ မဟာယာနနဲ့ မဟာယာနမဟုတ်တဲ့ ဂိုဏ်းတွေရဲ့အကြားမှာ အနှားသတ် ခွဲခြားထားတဲ့ မျဉ်းကြောင်းဟာ ဝေဝါးသထက် ဝေဝါးလို့ သွားပါတယ်။ မဟာယာနမဟုတ်တဲ့ ဂိုဏ်းတွေရဲ့ အကြားမှာလည်း အပြန်အလှန် လွှမ်းမိုးမှုတွေ ကူးစက်မှုတွေ အယူဝါဒ ဆင်တူမှုတွေ တွေ့လာရလို့ ဗုဒ္ဓစာပေရဲ့ သမိုင်းဟာ လှေကြီးထိုး ရိုးရိုးမဟုတ်ဘူးဘဲ ရှုပ်ထွေးပွေလီတဲ့ အသွင်ရှိတယ် ဆိုတာ တွေ့ရပါလိမ့်မယ်။

ပိဋကတ်စစ်မှန်လျှင် ဗုဒ္ဓဝစန (ဘုရားဟော)ဖြစ်ကြောင်း

တကယ်တော့ ရှင်တော်ဗုဒ္ဓကိုယ်တိုင်က မိမိရဲ့ သွန်သင်ဆုံးမချက်တွေကို လူသားအားလုံးအတွက် ရည်စူးခဲ့တာပဲဖြစ်လို့ လူမျိုးတစ်မျိုး ဒေသတစ်ခု ဘာသာစကားတစ်ခုရဲ့ ဘောင်ထဲမှာ အသေချုပ်နှောင်ထားချင်တဲ့ ဆန္ဒမျိုး မရှိခဲ့ပါဘူး။ ကောသလတိုင်း မဂဓတိုင်းနဲ့ အိန္ဒိယပြည် အရှေ့ပိုင်းတစ်ခွင်မှာ သာသနာပြုခဲ့စဉ်မှာ ဆိုင်ရာဒေသနဲ့ သင့်လျော်တဲ့ ဒေသိယဘာသာစကားတွေ (Dialects) ကို သုံးပြီး ပြောခဲ့မှာ အမှန်ပါပဲ။ ရှေးဦး သံဃာအဖွဲ့အစည်းကလည်း ဗဟိုချုပ်ကိုင်မှုမရှိဘဲ လွတ်လပ်စွာ ဖွဲ့စည်းထားတဲ့ ရွှေ့လျား သံဃာအဖွဲ့အစည်းမျိုး ဖြစ်ဟန်တူပါတယ်။ ရဟန်းတော်တွေဟာ မိမိတို့ ဥပနိဿယပြုရမဲ့ ဆရာတစ်ဆူဆူထံမှာ ဝန်းရံလို့ ဝိနည်းတော်အတိုင်း ကျင့်သုံးနေထိုင်ကြပြီး ဒုက္ခလွတ်မြောက်ရေး တရားတွေ အားထုတ်ခဲ့ကြတာ ဖြစ်ပါတယ်။

ရှင်တော်ဗုဒ္ဓ ကိုယ်တိုင်လည်း မိမိရဲ့သွန်သင်ချက်တွေ အသွင်အမျိုးမျိုးနဲ့ နေရာဒေသအသီးသီးမှာ ပုံနှံ့ ရောက်ရှိနေလိမ့်မယ်ဆိုတာ ကြိုတင်မြင်ခဲ့ဟန်တူပါတယ်။ ပါဠိပိဋကတ် အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်မှာပါရှိတဲ့ မဟာပဒေသတရား (၄) ပါး အရဆိုရင် ပေါ်ပေါက်လာသော တရားသစ်ဟူသမျှကို ချက်ချင်း လက်ခံခြင်း ငြင်းပယ်ခြင်းမပြုဘဲ ဘုရားရှင် ဟောတော်မူခဲ့ပြီးသော ဓမ္မဝိနယ ပိဋကတ်များတွင် သွတ်သွင်းတိုက်ဆိုင် စစ်ဆေးကြည့်ပြီးမှ လက်ခံခြင်း၊ ငြင်းပယ်ခြင်း ပြုကြရန် ဟောကြားချက်ရှိတာကို ထောက်လို့ ရှင်တော်ဗုဒ္ဓဟာ ပိဋကတ်စာပေနဲ့ ပတ်သက်လို့ တော်တော်လေး လစ်ဘရယ် ဖြစ်သူလို့ မြင်ရပါတယ်။ စာပေရဲ့

"၏ သည် မရွေ့" ဆိုတာထက် စာပေကပေးတဲ့ သင်ကြားမှု အနှစ်သာရကိုပဲ ဂရုစိုက်တော်မူပါတယ်။

အေဒီ (၈) ရာစုတွင် ပေါ်ထွန်းခဲ့တဲ့ မဟာယာနရဟန်းတော် ဒဿနပညာရှင် အရှင်သန္တိဒေဝရဲ့ သိက္ခာသမုစ္စယကျမ်းမှာလည်း ဘုရားဟော (ဗုဒ္ဓဝစန) ဖြစ်ကြောင်း လက်ခံရန် အကြောင်းတရား (၄) ပါးကို ဖော်ပြထားခဲ့တာကို အောက်ပါအတိုင်း တွေ့နိုင်ပါတယ်။

(၁) သစ္စာဓမ္မကိုညွှန်ပြခြင်း၊ မိစ္ဆာဓမ္မကို ပယ်ရှားခြင်း။

(၂) ဓမ္မဝါဒကို သင်ကြားခြင်း၊ အဓမ္မဝါဒကို မဟောကြားခြင်း။

(၃) ကိလေသာတရား ခေါင်းပါးရေးကို ညွှန်ပြခြင်း၊ ကိလေသာတရား ပွားစီးရေးကို မညွှန်ပြခြင်း။

(၄) နိဗ္ဗာန်နှင့် အလျော်ဖြစ်ခြင်း၊ သံသရာလည်မှုနှင့် ဆန့်ကျင်ခြင်း။

ဒီအချက်က ဂန္ဓာရီပဋိဋ္ဌကတ် ရာဖွေတွေ့ရှိမှုမှာ ထင်ရှားလို့နေပါတယ်။ မဟာယာနနဲ့ မဟာယာနမဟုတ်တဲ့ ဂိုဏ်းတွေရဲ့ စာပေတွေကို ဒီမှာ ရောထွေးပြီးတွေ့ရလို့ပါပဲ။ ဒီအချက်က ညွှန်ပြနေတာကတော့ ဒီပဋိဋ္ဌကတ်တွေ ရေးသားတဲ့ အချိန်တုန်းက မဟာယာနဗုဒ္ဓဘာသာဟာ သီးခြားဂိုဏ်းတစ်ခု မဟုတ်သေးဘဲ မဟာယာန မဟုတ်တဲ့ ဂိုဏ်းတွေရဲ့ အတွင်းထဲမှာ သန္ဓေတည်ရှိနေခဲ့မယ်ဆိုတာ ထင်ရှားနေပါတယ်။ မဟာယာနဗုဒ္ဓဘာသာ ကျင့်ကြံတဲ့ ရဟန်းတွေဟာ မဟာယာန မဟုတ်တဲ့ ဂိုဏ်းတွေရဲ့ ဝိနည်းတွေနဲ့အညီ နေထိုင်ကြလိမ့်မယ်လို့လည်း မှန်းဆနိုင်ပါတယ်။ ဟာရစ်ဆန်ရဲ့ အလိုအရဆိုရင် ဂန္ဓာရီပဋိဋ္ဌကတ်မှာပါတဲ့ မဟာယာနသုတ္တန်တွေဟာ တော်တော်လေး ဖွံ့ဖြိုးတိုးတက်တဲ့အဆင့်ကို ရောက်နေတာမို့ ဒီသုတ္တန်တွေရဲ့ ရှေးဦး အမွန်အစဟာ ဂန္ဓာရီပဋိဋ္ဌကတ်ထက်တောင် အလွန်ရှေးကျနိုင်ကြောင်း ယူဆပါတယ်။

ရှေးဦး မဟာယာနဗုဒ္ဓဘာသာဟာ ပညာရှင်တွေ တွေးထင်ယူဆကြတာထက်တောင် များစွာရှေးကျ ပေါ်ပေါက်လာနိုင်ပေမဲ့ ဟာရစ်ဆန်ရဲ့ အလိုအရ ဗုဒ္ဓလွန်ပြီးမှ မဟာယာနဗုဒ္ဓဘာသာ ပေါ်ပေါက်တာကိုတော့ လက်ခံရမယ်လို့ ဆိုပါတယ်။ လေ့လာကြည့်တဲ့အခါမှာ မဟာယာနဗုဒ္ဓဘာသာ သုတ္တန်တွေနောက်မှာ သာဝကယာန လမ်းစဉ်ရောနေတဲ့ သုတ္တန်တွေလည်း ရှိတာကို ကြည့်ရခြင်းအားဖြင့် ဒီကာလဟာ အယူအမြင်တွေ ကျင့်စဉ်တွေ ထွေပြားစည်ပင်ချိန် သီးပွင့်ဝေဆာချိန် ဖြစ်မယ်လို့ မှန်းဆရပါတယ်။ အသောကမင်းမတိုင်ခင် အချိန်အထိ အိန္ဒိယနိုင်ငံဟာ ဗဟိုလုံးစည်ချုပ်ကိုင်တဲ့ အင်ပါယာစနစ်မျိုး မရှိသေးတဲ့အတွက် ဗုဒ္ဓဘာသာ

ဟာ ဒေသအသီးသီးမှာ လွတ်လပ်စွာ ပွင့်လန်းနေတဲ့ ဂိုဏ်းဂဏပေါင်းစုံ ရှိနေမယ်လို့ မှန်းဆရပါတယ်။ ပညာပါရမီတာလမ်းစဉ် သုခဝတီလမ်းစဉ် ဗုဒ္ဓကို ကိုးကွယ်တဲ့ လမ်းစဉ်တွေ အစုံ ရှိနေချိန် ဖြစ်ပြီးတော့ ဒီ ဂိုဏ်းဂဏပေါင်းစုံ အားလုံး ပေါင်းစည်းမှု အဖြစ် မဟာယာနဗုဒ္ဓဘာသာ ပေါ်ပေါက်လာခဲ့တာ ဖြစ်တယ်လို့ ပညာရှင်တွေက ကောက်ချက်ချကြပါတယ်။

ဗုဒ္ဓဘာသာသမိုင်းကို လေ့လာကြည့်ရင် ဂိုဏ်းဂဏတွေနဲ့ သူတို့ အသီးသီး ဆောင်ထားကြတဲ့ ပိဋကတ်စာပေတွေဟာ မြစ်လက်တက်တွေ မြစ်မွှာတွေလို ကွဲထွက်လိုက် ပြန်ပေါင်းစည်းလိုက်နဲ့ ကွန်ယက်သဖွယ် စီးဆင်းနေတာပဲ ဖြစ်တယ်။ သစ်ပင်လို ဗဟိုချက်မ ရင်းမြစ်တစ်ခုတည်းက မဟုတ်ဘဲ ရင်းမြစ်များစွာကနေ စီးဆင်းလာတာမျိုးသာ ဖြစ်ပါတယ်။ မဟာယာနဗုဒ္ဓဘာသာ ပေါ်ပေါက်လာခဲ့တာဟာ ရှေးဦး ဗုဒ္ဓဘာသာကို အခြေခံ ဆင့်ကဲတိုးတက်လာခဲ့သော ဖြစ်စဉ်ရဲ့ သမိုင်းဆိုင်ရာ ယဉ်ကျေးမှုဆိုင်ရာ သမ္မုဟသဘော (Historical Cultural Synthesis) သာ ဖြစ်ပါတယ်။ နောက်ဆုံးတော့ ဗုဒ္ဓဘာသာရဲ့ အသွင်မှန်သမျှဟာ (ဝိမုတ္တိရသ) တစ်ခုတည်းဆီကိုပဲ ဦးတည်နေတာကိုပဲ တွေ့ရပါတော့တယ်။

ဘယ်သူ့ ဗုဒ္ဓဘာသာ အမှန်ဆုံးလဲ ဆိုတဲ့ မေးခွန်း အတွက်အဖြေ

အထက်မှာ တင်ပြခဲ့သလို ပိဋကတ်စာပေတွေဟာ ပြောင်းလဲတိုးတက်ပြီး အချင်းချင်း လွှမ်းမိုးကူးစက် ပေါင်းစပ်မှုတွေ ရှိခဲ့တဲ့အခြေအနေမှာ ဘယ်သူ့ ဗုဒ္ဓဘာသာ အမှန်ဆုံးလဲဆိုတဲ့ မေးခွန်းအတွက် တစ်ခုတည်းသော အဖြေမရှိနိုင်ပါဘူး။ ဒါပေမဲ့ ဂိုဏ်းဂဏစွဲ အယူအဆ (Sectarianism) က ဗုဒ္ဓရဲ့ နုတ်မြွက်တရားကို မိမိတို့သာ ပိုင်ဆိုင်တယ်လို့ ထင်နေပါတယ်။ ပိဋကတ်စာပေတွေဟာ ပြောင်းလဲတိုးတက် အချင်းချင်း လွှမ်းမိုးကူးစက် ပေါင်းစပ်မှုတွေ ဖြစ်ခဲ့တယ်ဆိုတာဟာ မြစ်တစ်ခု စီးဆင်းနေသလိုပါပဲ မိမိ ပိဋကတ်စာပေဟာ မြစ်အညာကလား မြစ်အကြေကလား ဒါတွေ အားလုံးရောစပ်နေတာလား မသိနိုင်ပေမဲ့ ဂိုဏ်းဂဏစွဲ အယူအဆ သန်သူတွေကတော့ မိမိ ပိဋကတ်စာပေဟာ မြစ်အညာက အသန့်စင် အကြည်လင်ဆုံးရေအဖြစ် ယူဆကြတာပါပဲ။ ဒီယုံကြည်မှုနဲ့ပဲ ပိဋကတ်စာပေတွေကို အသက်နဲ့လဲလို့ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းခဲ့ကြတာ ဖြစ်တယ်။

ဘာသာရေးဂိုဏ်းတွေက ဗုဒ္ဓရဲ့ နုတ်မြွက်တရားကို ဟောခဲ့တဲ့ ဝန်းကျင် (Context) ကနေ ဆွဲထုတ်ပြီး စကားလုံးဝေါဟာရ ပညတ်တင်ထားလိုက်ရင် ငြိမ်သက် တည်တံ့ခိုင်မာပြီး အပြောင်းအလဲမရှိသော အနှစ်အဓိပ္ပာယ်ကို ဆောင်နေ

မယ်လို့ ထင်ကြပါတယ်။ ဥပမာဆိုရရင် ဗုဒ္ဓရဲ့ နုတ်မြွက်တရားကို ရတနာသေတ္တာထဲမှာ ကျောက်မျက်ရတနာကို ထည့်သိမ်းထားသလို ဒီရတနာသေတ္တာကို မျိုးဆက်တစ်ခုပြီးတစ်ခု ပကတိမပြောင်းလဲဘဲ လက်ဆင့်ကမ်းသွားနိုင်လိမ့်မယ်လို့ ထင်မြင်ကြပုံပါပဲ။ တကယ်တော့ ဘာသာစကားက အလုပ်လုပ်ပုံက ဒီလောက်မရိုးစင်းပါဘူး။ သူတို့ထင်မြင်သလို နှမ်းဆီဟာ နှမ်းစေ့ထဲမှာ ကိန်းပြီး တည်ရှိနေသလို အနက်အဓိပ္ပာယ်တွေဟာ စကားလုံး ဝေါဟာရ ပညတ်တွေထဲမှာ ပကတိ မပြောင်းလဲဘဲ ထာဝရတည်နေတာမျိုး မဟုတ်ပါဘူး။ ဘာသာစကားရဲ့ အနက်အဓိပ္ပာယ်တွေဟာ ဆိုင်ရာ ယဉ်ကျေးမှု နောက်ခံ ဝန်းကျင်သမိုင်းနဲ့ လူမှုရေး အခြေအနေ နောက်ခံဝန်းကျင်တွေထဲမှာ ကြီးပြင်းလာရတဲ့ လူသားတွေရဲ့ စကားလုံး ဝေါဟာရ ပညတ်တွေကို အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်တွေသာ ဖြစ်တယ်။ ဆိုင်ရာယဉ်ကျေးမှု နောက်ခံဝန်းကျင်သမိုင်းနဲ့ လူမှုရေးအခြေအနေ နောက်ခံဝန်းကျင်တွေ ပြောင်းလဲနေသလို အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်တွေကလည်း လိုက်ပါပြောင်းလဲနေမှာ ဖြစ်တယ်။ ဗုဒ္ဓရဲ့ နုတ်မြွက်တရားကို ပိဋကတ်စာပေ အဖြစ် မှတ်တမ်းတင်ထားတဲ့တွက် ရှင်တော် ဗုဒ္ဓ ဟောခဲ့တဲ့ တရားတော်တွေကို သိရတယ်ဆိုတဲ့ ကျေးဇူးတော့ ရှိတာ အမှန်ပဲ။ ဒါပေမဲ့ ဒီတရားတွေရဲ့အနက်မှန်ကို သိဖို့ကတော့ ဒီတရားတွေကို ဟောခဲ့တဲ့ ဘီစီ (၅) ရာစု ကာလ အိန္ဒိယနိုင်ငံရဲ့ ယဉ်ကျေးမှု နောက်ခံဝန်းကျင်သမိုင်းနဲ့ လူမှုရေး အခြေအနေ နောက်ခံဝန်းကျင်တွေကို နားလည်မှသာ ဖြစ်နိုင်မယ်။ ဘီစီ (၅) ရာစု ကာလ အိန္ဒိယနိုင်ငံရဲ့ နောက်ခံ အခြေအနေတွေကို ပိုသိလေ ဒီတရားတွေရဲ့ အနက်မှန်ကို ပိုနားလည်နိုင်လေလေပါပဲ။ ဒါပေမဲ့ ယဉ်ကျေးမှု နောက်ခံဝန်းကျင်သမိုင်းနဲ့ လူမှုရေး အခြေအနေ နောက်ခံဝန်းကျင်တွေဆိုတာ အလွန်ကျယ်ဝန်း အပြန်အလှန် ဆက်နွယ်နေ တစ်ခဏပြီးတစ်ခဏ ပြောင်းလဲနေတဲ့ အနိစ္စတရား ခယဝယ တရားတွေပဲ ဖြစ်တယ်။ ဒါအပြင် ဗုဒ္ဓနဲ့ တရားနာသူတွေရဲ့ သီးသန့်ပုဂ္ဂလိက ဆက်နွယ်မှုတွေကလည်း ရှိနေပြန်တဲ့အခါ တရားကို ဟောအပြီးမှာ တရားတော်ရဲ့ အနက်စစ် အနက်မှန်ဟာ ဆက်သွယ်မှုဖြစ်ပွားပြီး နောက်ခံဝန်းကျင် ပြောင်းတာနဲ့ အတူ ပျောက်ကွယ်သွားပါတယ်။ ဘာသာရေးဂိုဏ်းတွေက ဒါကို ထိန်းချုပ်ဖို့အတွက် အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်တွေကို တရားသေဖြစ်အောင် ပြုလုပ်ထားတဲ့ အဋ္ဌကထာ ဋီကာ စာပေတွေနဲ့ ဗုဒ္ဓရဲ့ နုတ်မြွက်တရားကို ဘောင်ခတ်သတ်မှတ်ဖို့ ကြိုးစားခဲ့ကြတာကို တွေ့ရတယ်။ ဒီလိုကြိုးစားပေမဲ့လည်း အဋ္ဌကထာ ဋီကာ စာပေတွေကိုယ်တိုင်က စကားလုံး ဝေါဟာရပညတ်တွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပြီးတော့ ဒီ

စကားလုံး ဝေါဟာရ ပညတ်တွေ ကိုယ်တိုင်ကလည်း အနက်ဖွင့်ဆိုချက်တွေ ပြောင်းလဲနေမှာ ဖြစ်ပါတယ်။ အဋ္ဌကထာ ဋီကာ စာပေတွေဆိုတာ ကိုယ်တိုင်က ဂိုဏ်းဂဏအမြင်တွေကနေ ထွက်ပေါ်လာတဲ့ စာပေတွေဖြစ်လို့ ဂိုဏ်းဂဏ ရှုထောင့်မတူတဲ့ အမြင်တွေက လက်ခံမှာ မဟုတ်တော့ နိုင်းရရှုထောင့်အမြင်တွေသာ ဖြစ်နေပြန်ပါတော့တယ်။

ဒီတော့ ဘယ်သူ့ ဗုဒ္ဓဘာသာ အမှန်ဆုံးလဲဆိုတဲ့ မေးခွန်းအတွက် အဖြေကတော့ ဗုဒ္ဓညွှန်ပြခဲ့တဲ့ ဝိမုတ္တိရသကို ပေးတဲ့ တရားမှန်သမျှ အရှေ့ဖြစ်ဖြစ်၊ အနောက်ဖြစ်ဖြစ်၊ တောင်ဖြစ်ဖြစ်၊ မြောက်ဖြစ်ဖြစ် ၁၀၀% ပြည့် ဗုဒ္ဓဓမ္မပဲ ဖြစ်တယ်လို့ ဆိုရမှာပါပဲ။ ဗုဒ္ဓဘာသာရဲ့ ဂိုဏ်းကွဲအသီးသီးမှာ ရှင်တော်ဗုဒ္ဓရဲ့ တရားတော်အခြေခံတွေ ဖြစ်တဲ့ သစ္စာ(၄) ပါး၊ မဂ္ဂင် (၈) ပါး၊ ပဋိစ္စသမုပ္ပါဒနိဒါန (၁၂) ပါး၊ လက္ခဏာရေး (၃) ပါး၊ သတိပဋ္ဌာန် (၄) ပါး၊ ဗောဓိပက္ခိယတရား (၃၇) ပါး ဝိမုတ္တိတရား စတာတွေက အတူတူပဲ ဖြစ်ပါတယ်။ သမိုင်းနောက်ခံ ယဉ်ကျေးမှုနောက်ခံ အခြေအနေတွေကွဲပြားမှုကြောင့်သာ ဓမ္မကို ဖော်ဆောင်တဲ့ နည်းဗေဒတွေ ကျင့်စဉ်တွေ ကွဲပြားခြားနားနေကြတာ ဖြစ်ပါတယ်။

ဒီရှုထောင့်ကကြည့်ရင် ဗုဒ္ဓဘာသာရဲ့ ဂိုဏ်းကွဲအသီးသီးဟာ နေရာဒေသအသီးသီးမှာ တစ်ကွဲစီဖြစ်နေတဲ့ ညီနောင်တွေနဲ့ တူပါတယ်။ ညီနောင်တွေ အားလုံး မိမိ မျိုးရိုးရဲ့ ဂုဏ်လက္ခဏာတွေ တစ်ခုမဟုတ်တစ်ခုတော့ ပိုင်ဆိုင်နေကြတာပါပဲ။ မျိုးရိုးရဲ့ ဗီဇလက္ခဏာတွေဟာ ညီနောင်တွေ အားလုံးဆီမှာ ပုံနှံ့တည်ရှိနေတာကို ထောက်ပြီး အားလုံးဟာ တစ်အူတုံဆင်းပဲ ဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်။ ဒါကြောင့်မို့ မိမိဂိုဏ်းကသာ အစစ်မှန်ဆုံးဖြစ်တယ် မိမိတရားကသာ ရွှေစင်လက်ကောက်ဖြစ်တယ်။ အခြားသော ဂိုဏ်းတွေက အတုအယောင် အရောနှောတွေ ဖြစ်တယ် တန်ဖိုးမရှိတဲ့ ကြေးလက်ကောက်တွေ ဖြစ်တယ်လို့ ဘယ်ဂိုဏ်း ဘယ်ဂဏကမှ ပြောပိုင်ခွင့် မရှိသလို ဒီလို ပြောဆိုခြင်းဟာ ဗုဒ္ဓဘာသာ ပိဋကတ်စာပေတွေရဲ့ ဖြစ်ထွန်းတိုးတက်တဲ့ သမိုင်းကို မသိကျိုးကျွံ ပြုရာ ကျနေပါတယ်။

ဓမ္မတရားအမှန်ကို ဘယ်စံနဲ့ရှာကြမလဲ

ဗုဒ္ဓဝါဒရဲ့ ဓမ္မတရားအမှန်ကို ဘယ်လိုရှာကြမလဲဆိုတာ ရှင်တော်ဘုရားက ကာလာမသုတ်ထဲမှာ ညွှန်ပြထားတယ်။ ကာလာမသုတ်လို့ လူတကာပြောနေကြပေမဲ့ တကယ့်အမည်မှန်က ကေသမုတ္တိသုတ်ပါ။ ကောသလတိုင်းမှာရှိတဲ့ ကာလာမမင်း

တွေရဲ့ ကေသမုတ္တိရွာနိုဂုံးကြီးမှာ ဟောကြားတဲ့အတွက် ကေသမုတ္တိသုတ္တန်ဆိုတဲ့ အမည်ကို ပေးထားတာဖြစ်ပါတယ်။ ဗုဒ္ဓခေတ်က သမဏ ဗြဟ္မဏတွေဟာ ကေသမုတ္တိရွာနိုဂုံးကို ရောက်ရှိလာကြပြီး အယူဝါဒ အမျိုးမျိုးကို ဟောပြောကြတယ်။ ကိုယ့်အယူအမြင်သာ အမှန်ဖြစ်ပြီး ကျန်တဲ့ အယူအမြင်တွေက အမှားတွေလို့လည်း ပုတ်ခတ်ပြောဆိုကြပါတယ်။ အဲဒီအခါမှာ ဝါဒမှော်ရုံတောကြီးထဲမှာ လမ်းပျောက်နေတဲ့ ကာလာမမင်းတွေဟာ ဘယ်အယူဝါဒကျင့်စဉ်ဟာ အမှန် ဘယ်အယူဝါဒကျင့်စဉ်ဟာ အမှားဖြစ်သလဲဆိုတာကို ဝေခွဲဆုံးဖြတ်လို့ မရနိုင်အောင် ဖြစ်နေခဲ့ကြပါသတဲ့။ ဒါကြောင့် အမှန်အမှား မှတ်ကျောက်တင်ဆုံးဖြတ်နိုင်တဲ့ စံကို ရှင်တော်ဗုဒ္ဓထံ မေးလျှောက်ကြပါတယ်။ ဘုရားရှင်က အမှန်အမှား မှတ်ကျောက်တင် ဆုံးဖြတ်နိုင်တဲ့ စံကို မဟောခင်မှာ တစ်ထစ်ချ အမှန်လို့ မယူဆသင့်တဲ့ အသိပညာရင်းမြစ် (၁၀) ခုကို အရင်ဆုံး ခုလို ဟောပြတော်မူပါတယ်။

ကာလာမတို့... သင်တို့သည်

(၁) တစ်ဆင့်စကားကြားကာမျှဖြင့် မယူလင့်ဦး (မာ အနုဿဝေန)၊

(၂) အစဉ်အဆက် စကားမျှဖြင့်လည်း မယူလင့်ဦး (မာ ပရမ္ပရာယ)၊

(၃) ဤအရာသည် ဤသို့ဖြစ်ဖူးသတဲ့ဟူသော စကားမျှဖြင့်လည်း မယူလင့်ဦး (မာ ဣတိကိရာယ)၊

(၄) စာပေကျမ်းဂန်များနှင့် ညီညွတ်သည်ဟူ၍လည်း မယူလင့်ဦး (မာ ပိဋကသမ္ပဒါနေန)၊

(၅) တွေးတောကြံစည်ခြင်းဟူသော အကြောင်းမျှဖြင့်လည်း မယူလင့်ဦး (မာ တက္ကဟေတု)၊

(၆) နည်းယူဆင်ခြင်ခြင်းဟူသော အကြောင်းမျှဖြင့်လည်း မယူလင့်ဦး (မာ နယဟေတု)၊

(၇) အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း မယူလင့်ဦး (မာ အာကာရပရိဝိတက္ကေန)၊

(၈) အယူကို စူးစိုက်ဆင်ခြင်၍ နှစ်သက်လက်ခံရုံမျှဖြင့်လည်း မယူလင့်ဦး (မာ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ)၊

(၉) မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း မယူလင့်ဦး (မာ ဘဗ္ဗရူပတာယ)

(၁၀) မိမိတို့ လေးစားသော ရဟန်း၏စကားဖြစ်ကာမျှဖြင့် မယူလင့်ဦး (မာ သမဏော နော ဂရု)၊

(အံ-၃-၆၆၊ အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ မဟာဝဂ်၊ ကေသမုတ္တိသုတ်)

အဲဒီ အသိပညာရင်းမြစ် (၁၀) ခုကို လေ့လာကြည့်လိုက်ရင် ဟိုလူသည်လူ ပြောတာ ကြားဖူးတယ်။ အစဉ်အလာက ဒီလိုဆိုထားတယ် စတဲ့ အယူအဆတွေ ပါသလို စာပေပိဋကတ်ကျမ်းဂန်တွေကတော့ ဒီလိုဆိုထားတယ်ဆိုတဲ့ ကျမ်းကိုး အသိတွေကိုလည်း အမှန်လို့ တစ်ထစ်ချ မယူဆဖို့ ညွှန်ပြထားပါတယ်။ ဒါအပြင် သဘာဝယုတ္တိနဲ့ တက္ကဗေဒကို အခြေခံလို့ ကိုယ်ပိုင်ဉာဏ်နဲ့ တွေးတောစဉ်းစားဆင်ခြင်ထားတဲ့ အယူအဆတွေ ကိုယ်လေးစားကြည်ညိုအားထားတဲ့ ရဟန်းသံဃာနဲ့ ဆရာသမားတွေပြောတဲ့စကားဆိုပြီးတော့ မျက်စိမှိတ်လက်မခံဖို့ကိုလည်း ဖော်ပြထားတာ တွေ့ရပါတယ်။ အလားတူပဲ စင်္ကီသုတ်မှာလည်း ရှင်တော်ဗုဒ္ဓဟာ မှန်နိုင်မှားနိုင်တဲ့ တစ်ထစ်ချအပိုင်ယူလို့ မရတဲ့ အသိတရား၆ု့ ပမာဏတွေကို အခုလို ဖော်ပြခဲ့ပါတယ်။

ဘာရဒွါဇ··· ဤငါးပါးတို့သည် မျက်မှောက်၌ပင် (အမှန် အမှားဟူသော) အကျိုးနှစ်မျိုးရှိသည်။ အဘယ်ငါးပါးနည်း။

(၁) ယုံကြည်ခြင်း (သဒ္ဓါ)
(၂) နှစ်သက်ခြင်း (ရုစိ)
(၃) တစ်ဆင့်ကြားခြင်း (အနုဿဝ)
(၄) အခြင်းအရာကို ကြံစည်ခြင်း (အာကာရပရိဝိတက္က)
(၅) အယူကိုစူးစိုက်ဆင်ခြင်၍ နှစ်သက်လက်ခံခြင်း (ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ) တို့တည်း။

ဘာရဒွါဇ ကောင်းစွာ ယုံကြည်ထားသော်လည်း အချည်းနှီး အမှားဖြစ်တတ်သည်။ ကောင်းစွာ ယုံကြည်မထားသော်လည်း အဟုတ်အမှန် ဖြစ်တတ်သည်။ (···) ကောင်းစွာ စူးစိုက်ဆင်ခြင်၍ နှစ်သက်လက်ခံထားသော်လည်း အချည်းနှီး အမှားဖြစ်တတ်သည်။ ကောင်းစွာ စူးစိုက်ဆင်ခြင်၍ နှစ်သက်လက်ခံထားခြင်း မရှိသော်လည်း အဟုတ်အမှန် ဖြစ်တတ်သည်။ (···) ဘာရဒွါဇ ယောကျ်ားအား ယုံကြည်ခြင်းဖြစ်သော်လည်း "ဤသည်သာ မှန်၏။ အခြားသော အချည်းအနှီးတည်း" (ဣဒမေဝ သစ္စံ၊ မောဃမညန္တိ) ဟု တစ်ဖက်သတ် ဆုံးဖြတ်ခြင်းသို့ မရောက်။ "ငါသည် ဤသို့ ယုံကြည်၏" ဟုသာ ပြောဆို၍ သစ္စာစောင့်၏။ (···) ကောင်းစွာ စူးစိုက်ဆင်ခြင်၍ နှစ်သက်လက်ခံထားသော်လည်း "ဤသည်သာမှန်၏။ အခြားသည် အချည်းအနှီးတည်း" ဟု တစ်ဖက်သတ် ဆုံးဖြတ်ခြင်းသို့ မရောက်။ "ငါသည် ဤသို့ ကောင်းစွာ စူးစိုက်ဆင်ခြင်၍ နှစ်သက်လက်ခံထား၏" ဟုသာ ပြောဆို၍ သစ္စာစောင့်၏။ ဘာရဒွါဇ ဤမျှဖြင့် ငါတို့သည် သစ္စာစောင့်

ခြင်း (သစ္စာနုရက္ခဏာ) ကို သတ်မှတ်၏။ (မ-၂-၄၂၈၊ မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ၊ ဗြာဟ္မဏဝဂ်၊ စင်္ကီသုတ်)

ဒီတော့ ကေသမုတ္တိသုတ်လာ အသိတရားရင်းမြစ် (၁၀) ပါးနဲ့ စင်္ကီသုတ်လာ အသိပမာဏတရား (၅) ပါးတို့ဟာ ရှင်တော်ဗုဒ္ဓရဲ့ အမြင်မှာ မှန်ပြီ ဒါမှမဟုတ် ကျိန်းသေမှားပြီလို့ ယတိပြတ်သတ်မှတ်ဆုံးဖြတ်လို့ မရနိုင်တဲ့ မခိုင်မာသေးတဲ့ အကြောင်းအရာတွေ ဖြစ်ပါတယ်။ ဒါတွေဟာ မှန်နိုင်မှားနိုင်တဲ့ ဒွေဓာဝိပါကာတရားမျိုးတွေလည်း ဖြစ်ပါသတဲ့။ ဒါကြောင့် ဒီလို အသိရင်းမြစ်တွေကို တွေ့ကြုံရတဲ့အခါ ချက်ချင်းမှန်မှား မဆုံးဖြတ်သေးဘဲ သံသယနဲ့ ဆိုင်းငံ့ (ကခ်ီနိယ ဓမ္မ) ထားဖို့ပဲ ညွှန်ကြားတော်မူပါတယ်။ ရှင်တော်ဗုဒ္ဓရဲ့ အလိုအရ ဒီအသိရင်းမြစ်တွေရဲ့ အမှားအမှန်ကို ပိုင်းခြားဝေဖန်ဖို့ စံ (၃) ခုကို ကေသမုတ္တိသုတ္တန်မှာ ဟောပြတော်မူခဲ့တယ်။ အဲဒီသစ္စာတရားစံတွေကတော့-

အကြင် ဓမ္မတရားတစ်ရပ်ဟာ...

(၁) ကျင့်သုံးကြည့်တဲ့အခါ မိမိအတွက် ကုသိုလ်တွေ တိုးပွားပြီးတော့ အကုသိုလ်တွေကို လျော့ပါးစေရင်

(၂) လောကမှာရှိတဲ့ ပညာရှိသူတော်ကောင်းတွေက ချီးမွမ်းအပ်တဲ့ တရားဖြစ်ရင်

(၃) အဲဒီတရားကို ကျင့်သုံးဆောက်တည်ကြည့်တဲ့အခါမှာ မိမိသန္တာန် မှာ အစီးအပွားရှိခြင်းငှာ ဖြစ်စေရင်

ဒီဓမ္မတရားဟာ ကျင့်ဆောင်ထိုက်တဲ့ ဓမ္မတရားပဲ ဖြစ်တယ်။ အကြင် ဓမ္မတရားတစ်ရပ်ဟာ

(၁) ကျင့်သုံးကြည့်တဲ့အခါ မိမိအတွက် အကုသိုလ်တွေ တိုးပွားပြီး တော့ ကုသိုလ်တွေကို လျော့ပါးစေရင်

(၂) လောကမှာရှိတဲ့ ပညာရှိသူတော်ကောင်းတွေက ကဲ့ရဲ့အပ်တဲ့ တရားဖြစ်ရင်

(၃) အဲဒီတရားကို ကျင့်သုံးဆောက်တည်ကြည့်တဲ့အခါမှာ မိမိသန္တာန် မှာ အစီးအပွားမဲ့ခြင်းငှာ ဖြစ်စေရင်

ဒီ ဓမ္မတရားဟာ စွန့်ပယ်ထိုက်တဲ့ ဓမ္မတရားပဲ ဖြစ်တယ်လို့ ဟောတော်မူခဲ့ပါတယ်။

ဒီတော့ မေးစရာ ဖြစ်လာပါတယ်။ ကျင့်သုံးကြည့်တဲ့အခါ မိမိအတွက် ကုသိုလ်တွေ တိုးပွားပြီးတော့ အကုသိုလ်တွေကို လျော့ပါးစေတဲ့ ဓမ္မတရား

လောကမှာရှိတဲ့ ပညာရှိသူတော်ကောင်းတွေက ချီးမွမ်းအပ်တဲ့ ဓမ္မတရားဟာ ဘယ်လို ဓမ္မတရားမျိုး ဖြစ်လေမလဲ။ ဒီလို ဓမ္မတရားစစ်စစ်ရဲ့ ဂုဏ်လက္ခဏာ (၆) ခု ရှိတယ်လို့ ဟောကြားထားပါတယ်။

(၁) ပထမ ဂုဏ်လက္ခဏာကတော့ အစ အလယ် အဆုံး သုံးပါး၌ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသော ဓမ္မတရား (သွက္ခာတ ဓမ္မ) ဖြစ်ရမယ်။ ဓမ္မဆိုတာ ခရီးတစ်ခုလိုပဲ။ လမ်းဟာ အစ အလယ် အဆုံး အပိုင်းအား လုံးမှာ အပြစ်အနာအဆာ မရှိ အမှားအယွင်းမရှိဘဲ ပြည့်စုံနေတဲ့ ဓမ္မတရား ဖြစ်ရပါမယ်။

(၂) ဒုတိယဂုဏ်လက္ခဏာကတော့ လက်ငင်းလက်တွေ့ ကျင့်ကြံသိမြင်နိုင်တဲ့ တရား (သန္ဒိဋ္ဌိကဓမ္မ) ဖြစ်ရမယ်။ စစ်မှန်တဲ့တရားဟာ လေပေါမှာ စိတ်ကူးယဉ်ဆောက်ထားတဲ့ ဆင်စွယ်ရဲတိုက် မဟုတ်ဘူး။ လက်တွေ့ဘဝထဲမှာ ကျင့်ကြံပြီး ကျင့်သုံးမှုရဲ့ အကျိုးကို လက်ငင်းလက်တွေ့ ရရှိခံစားစေနိုင်ရမယ်။

(၃) တတိယ ဂုဏ်လက္ခဏာတော့ အချိန်မရွေး နေရာမရွေး ကျင့်ဆောင်နိုင်တဲ့ ဓမ္မတရား (အကာလိကဓမ္မ) ဖြစ်ရမယ်။ အ-ကာလိက ဆိုတာ ဘဝရဲ့ ဘယ်လို အချိန်မျိုးမှာဖြစ်ဖြစ် ဆင်းရဲချမ်းသာ သုခ ဒုက္ခ အမြင့်အနိမ့် အချိန်အခါ အမျိုးမျိုး ဘဝရဲ့ အယုတ်အလတ်အမြတ် အရွယ်မရွေး အမြဲကျင့်သုံးထိုက်တဲ့ တရားဖြစ်ရမယ် လို့ ဆိုချင်ပါတယ်။

(၄) စတုတ္ထဂုဏ်လက္ခဏာကတော့ လာပါ ရှုပါ စုံစမ်းပါဟု ဖိတ်ခေါ်ခြင်းငှာ ထိုက်တဲ့ ဓမ္မတရား (ဧဟိပဿိကဓမ္မ) ဖြစ်ရပါမယ်။ ဓမ္မတရားဟာ လျှို့ဝှက်နက်နဲပြီး လူတချို့လောက်ပဲ သိနိုင်တဲ့ စိတ်ကူးယဉ်လူလွန်တရားတွေ မဖြစ်ရဘူး။ မိမိ လူမျိုး မိမိ ယဉ်ကျေးမှုထဲမှာပဲ ကွက်ကွက်ကလေး ကျင့်သုံးနိုင်တဲ့ တရားမျိုးလည်း မဖြစ်ရဘူး။ အသိဉာဏ်ရှိတဲ့ စွမ်းနိုင်တဲ့ လူသားတိုင်း လက်တွေ့စမ်းသပ်ကြည့်လို့ ရပြီးတော့ ရလဒ်တွေ အချင်းချင်းလည်း တိုက်ဆိုင်စစ်ဆေး အဖြေထုတ်ကြည့်နိုင်တဲ့ ဓမ္မတရားဖြစ်ဖို့ လိုပါတယ်။

(၅) ပဉ္စမ ဂုဏ်လက္ခဏာကတော့ မိမိတို့၏စိတ်သန္တာန်၌ အမြဲဆောင်ထားကပ်ထားခြင်းငှာ တည်အောင်ကျင့်ခြင်းငှာ ထိုက်သော ဓမ္မတရား (ဩပနေယျိကဓမ္မ) ဖြစ်ရပါမယ်။ ဓမ္မတရားတစ်ခုဟာ ရိုးသေစွာ ကျင့်ဆောင်ခြင်း (သက္ကစ္စဓမ္မ) ဖြစ်ဖို့လိုသလို စဉ်ဆက်မပြတ် ကျင့်ဆောင်ခြင်း (သာတစ္စဓမ္မ) လည်း ဖြစ်ရပါမယ်။ မိမိစိတ်သန္တာန်ကို တရားနဲ့ အမြဲ ရွှဲစိုထုံမွမ်းထားအပ်တဲ့ ဓမ္မတရားမျိုးလည်း ဖြစ်ရပါမယ်။ ရံခါ ကျင့်လိုက် မကျင့်လိုက် ပူးလိုက်ကွာလိုက် ဖြစ်နေတဲ့ တရားမျိုး မဖြစ်စေရပါဘူး။

(၆) ဆဋ္ဌမ ဂုဏ်လက္ခဏာကတော့ ပညာရှိသူတို့သည် မိမိတို့၏ ဉာဏ်တို့ဖြင့် အသီးသီးကိုယ်ပိုင် ကိုယ်တိုင်သိအပ်သော ဓမ္မတရား (ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဓမ္မ) ဖြစ်ရပါမယ်။ ဓမ္မဟာ အဆင့်အမျိုးမျိုး၊ အလွှာအမျိုးမျိုး ရှိသလို ရှုထောင့် အမျိုးမျိုး နည်းလမ်းအဖုံဖုံလည်း ရှိပါလိမ့်မယ်။ ဓမ္မဟာ တစ်ခုတည်းသဘောဖြစ် သလို ဓမ္မဟာ အများသဘောကိုလည်း ဆောင်ပါတယ်။ မိမိအလွှာအဆင့် ရှုထောင့် အသီးသီးကနေ ဓမ္မရသကို မိမိ အတိုင်းအတာနဲ့ မိမိ ကိုယ်တိုင်ကိုယ်ကျ ထိသိခံစား (ကာယသစ္ဆိကရဏ) ဖြစ်နိုင်ပါတယ်။ ဉာဏ်ဖြင့် သက်ဝင်ကျက်စား (ဉာဏသစ္ဆိက ရဏ) ဖြစ်နိုင်ပါတယ်။

ဒီဂုဏ် လက္ခဏာတွေနဲ့ ပြည့်စုံသော ဓမ္မတရားဟာ အမှန်တကယ် လက်ခံ ကျင့်သုံးထိုက်တဲ့ ကျင့်သုံးကြည့်တဲ့အခါ မိမိအတွက် ကုသိုလ်တွေ တိုးပွားပြီးတော့ အကုသိုလ်တွေကို လျော့ပါးစေတဲ့ ဓမ္မတရား လောကမှာရှိတဲ့ ပညာရှိ သူတော် ကောင်းတွေက ချီးမွမ်းအပ်တဲ့ ဓမ္မတရားဖြစ်ကြောင်း ဘုရားရှင် ဟောတော်မူခဲ့ပါ တယ်။ ဒီအနက်ဖွင့်ချက်ကို လက်ခံနိုင်ရင်တော့ ဗုဒ္ဓဘာသာရဲ့ ဂိုဏ်းဂဏ အသီး သီးဟာ ရှင်တော်ဗုဒ္ဓရဲ့ တရားဝင် အမွေခံ သားသမီးတွေပဲ ဖြစ်ကြတယ်လို့ ဆိုနိုင်ပါ ကြောင်း တင်ပြလိုက်ရပါတယ်။ ။


ရည်ညွှန်း။

Linda Heuman, *Whose Buddhism is Truest?*, Tricycle Magazine, Summer 2011

Salomon, Richard. *Ancient Buddhist Scrolls from Gandhāra,* University of Washington Press, Seattle, 1999

Salomon, Richard. *A Gāndhārī Version of the Rhinoceros Sutra:* British Library Kharoṣṭhi Fragment Univ. of Washington Press: Seattle and London, 2000.





နောက်ဆက်တွဲ (၈)

မဟာယာနဗုဒ္ဓဘာသာ ခုနှစ်အလိုက် ဖြစ်စဉ်ပြဇယား

- ဘီစီ ၄၈၆/၃၆၈-ရှင်တော်ဗုဒ္ဓ မဟာပရိနိဗ္ဗာန်စံဝင်တော်မူခဲ့။ ပထမသင်္ဂါယနာ တင်ခဲ့။
- ဘီစီ ၄၅၀-၀၅၀-ရေးဦးဗုဒ္ဓဘာသာကိုဏ်းကွဲများ ပေါ်ထွန်းခဲ့။
- ဘီစီ ၃၈၃ -ဒုတိယသင်္ဂါယနာ-ကာဠာသောကမင်း ဝေသာလီပြည်။
- ဘီစီ ၂၅၀ ဝန်းကျင်-တတိယသင်္ဂါယနာ-အသောကမင်းကြီးနှင့် အရှင် မောဂ္ဂလိပုတ္တတိဿ-ကထာဝတ္ထုရေး-ပါဠိလိပုတ်ပြည်-ကျောက်စာရေးထိုး မှုများနှင့် သာသနာပြုစေလွှတ်မှုများရှိခဲ့။
- ဘီစီ ၂၅၀ ဝန်းကျင်-ခရော်ဋ္ဌီအက္ခရာဖြင့် ပိဋကတ်ကိုမှတ်တမ်းတင်ခဲ့။
- ဘီစီ ၂၂၀- ထေရဝါဒ သီဟိုဠ်သို့ရောက်ရှိ -ရှင်မဟိန္ဒ-ဒေဝါနံပိယတိဿမင်းကြီး
- ဘီစီ ၁၈၅ -ဆုန်ဂမင်းဆက် နန်းတက်-ပုဏ္ဏမိတြက မောရိယနန်းဆက်ကို ဖြုတ်ချ-ဗုဒ္ဓဘာသာနိပ်ကွပ်ခံရ။
- ဘီစီ ၁၈၀ ဂရိဘက်ထရိယာဘုရင် ဒီးမီထရိယပ်စ်က အိန္ဒိယကို ကျူးကျော်ဝင် ရောက်ပြီး ဂရိ နိုင်ငံ တည်ထောင် (ဘီစီ ၁၈၀-၁၀)=ဗုဒ္ဓဘာသာထွန်းကားခဲ့။
- ဘီစီ ၁၅၀- အင်ဒို-ဂရိဘုရင် ပထမ မိနန်ဒရိ.စ်-ရှင်နာဂသေနနှင့် တွေ့ပြီး ဗုဒ္ဓ ဘာသာကို ကူးပြောင်းခဲ့။
- ဘီစီ ၁၂၀-တရုတ်ကေရာဇ် ဟန်ဝူဒီ (ဘီစီ ၁၅၆-၈၇) ဗုဒ္ဓရွှေဆင်းတု ၂ ဆူ လက်ဆောင်ရရှိခဲ့ (ထွန်းဝမ်-မိုဂေါင်လှိုဏ်ဂူမှတ်တမ်း)

- ဘီစီ ၁၀၀ ဝန်းကျင်-ဆန်ချီစေတီတော် တည်ဆောက်ခဲ့။
- ဘီစီ-၂ တရုတ်ပြည်သို့ ဗုဒ္ဓဘာသာ ရောက်ရှိခဲ့။
- ဘီစီ ၁ ရာစု -အင်ဒိုဂရီ ဘုရင်ခံ သီအိုဒိုးရပ်စ် က ဗုဒ္ဓဓာတ်တော် ကို စေတီတည်။
- ဘီစီ ၂၉-ထေရဝါဒ စတုတ္ထသင်္ဂါယနာ-ပါဠိပိဋကတ်ကို ပေထက်အက္ခရာတင်ခဲ့-ဝဋ္ဋဂါမဏိမင်းကြီး (ဘီစီ ၂၉-၁၇)
- အေဒီ ၆၇ -ရဟန်းတော် ကဿပနှင့် ဓမ္မရက္ခတို့ကြောင့် တရုတ်ပြည်သို့ ဗုဒ္ဓဘာသာ ရောက်ရှိခဲ့။
- အေဒီ ၆၈-တရုတ်ပြည် မြင်းဖြူကျောင်းတိုက်ဆောက်လုပ်ခဲ့။
- အေဒီ ၇၈- တရုတ်စစ်သူကြီး ဘန်ချောင် သည် ခိုတန်ဗုဒ္ဓဘာသာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ခဲ့။
- အေဒီ ၇၈-၁၀၁= မဟာယာန စတုတ္ထသင်္ဂါယနာတင်=ကနိ၇္ကမင်းကြီး-ဇာလန္ဒာ အရပ်။
- အေဒီ ၁၀၀-ကြာပန်းသုတ္တန် (သဒ္ဓမ္မပုဏ္ဍရိကာ) နှင့် အခြားမဟာယာနသုတ္တန်များ စုဆောင်းမိခဲ့။
- အေဒီ ၁၁၆-ကနိ၇္ကလက်ထက် ကုရုန်အင်ပါယာကိုတည်ထောင်- ကက်ရှ်ဂါကို မြို့တော်ပြု= ခိုတန် ယာခန်း တာရင်း မြစ်ဝှမ်းကို စိုးမိုးခဲ့။
- အေဒီ ၁၄၈-ပါသီယန် ရဟန်းတော် အန်ရှိဂေါင် တရုတ်ပြည်သို့ရောက်-ပိဋကတ်ကို တရုတ်ဘာသာပြန်ခဲ့။
- အေဒီ ၁၇၈-ကုရုန်ရဟန်းတော် လောကက္ခေမ တရုတ်ပြည် လိုယန်မြို့သို့ ရောက်= မဟာယာနသုတ္တန်များ ကျ တရုတ်ဘာသာပြန်ဆိုခဲ့။
- အေဒီ ၁၈၅-ဝိမလကီတ္တိနိဒ္ဒေသသုတ္တန် ကို တရုတ်ဘာသာသို့ ပြန်ဆိုခဲ့။
- အေဒီ ၂၀၀- အရှင် နာဂဇုနမထေရ် က မဇ္ဈိမိကဂိုဏ်း၏ သုညတာဒဿနကို ထူထောင်ခဲ့။
- အေဒီ ၂၃၃-တိဗက်ဘုရင် တိုတိုရိ ညန်ဆန် ထံသို့ ဗုဒ္ဓဆင်းတုတော်နှင့် ပိဋကတ်ကျမ်းစာများ ရောက်ရှိ။
- အေဒီ ၂-၃ ရာစု= အိန္ဒိယ+အာရှအလယ်ပိုင်း ရဟန်းတော်များ ဗီယက်နမ်သို့ ရောက်ရှိခဲ့။
- အေဒီ ၂၉၆- အစောဆုံး တရုတ် ပိဋကတ်တွေ့ရှိ-ဒါလီယန် (၂၀၀၅ တွင် တွေ့ရှိ)
- အေဒီ ၃ ရာစု - ခရောရှ်ဋ္ဌီအက္ခရာဖြင့် ဂန္ဓာရီစာပေ ရေးသားမှု ရပ်တန့်ခဲ့။

- အေဒီ ၃-၄ ရာစု - ခရောရှ်ဋ္ဌီအက္ခရာ ဖြင့် စာရေးသားမှု ပိုးလမ်းတောင်ပိုင်း ခိုတန်ပြည်တွင် စတင်ခဲ့။
- အေဒီ ၃၂၀-အရှင် အသင်္ဂမထေရ်က ယောဂါစာရ ဗုဒ္ဓဒဿနကို တည်ထောင်ခဲ့။
- အေဒီ ၃၂၀ မှ ၅၅၀- ဂုပ္တတခေတ်တွင် ဗုဒ္ဓဘာသာ ထွန်းကားခဲ့။
- အေဒီ ၃၆၆-တရုတ်ပြည် တွန်းဝမ်တွင် ဗုဒ္ဓလှိုဏ်ဂုဘုရားများ တည်ထားခဲ့။
- အေဒီ ၃၇၂-မဟာယာနဗုဒ္ဓဘာသာသည် တရုတ်ပြည်မှ တစ်ဆင့် ကိုရီးယား ကိုဂျူရို နန်းတော်သို့ ရောက်ခဲ့။
- အေဒီ ၃၉၉-တရုတ်ရဟန်းတော် ဖရှန် (၃၃၇-၄၁၈) အိန္ဒိယသို့ ထွက်ခွာခဲ့။
- အေဒီ-၄ ရာစု- တရုတ်ရဟန်းတော် ၂ ပါး ကိုးရီးယားမှာ စတင်သာသနာပြုခဲ့ (ကိုဂျူရောင်း မင်းဆက်)
- အေဒီ ၃၂၀-၄၇၆- နာလန္ဒာတက္ကသိုလ် တွင်ရဟန်း ၃၀၀-၁၀၀၀၀ ထိရှိခဲ့။
- အေဒီ ၃၉၉ - ၄၁၄ တရုတ်ခရီးသည် ဖာဟီယန် အိန္ဒိယသို့ ရောက်ရှိခဲ့။
- အေဒီ ၄၀၀-၅၀၀- ထေရဝါဒ အဋ္ဌကထာဆရာကြီး ရှင်မဟာဗုဒ္ဓယောသ ပေါ်ထွန်းခဲ့။
- အေဒီ ၅ ရာစု ဖုနန်နိုင်ငံတော် (ခေတ်သစ် ကမ္ဘောဒီယား) တွင် ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်း ==မြန်မာပြည်တွင် အစောဆုံးတွေ့ရသော ပါဠိစာပေ ဖြင့် ကျောက်စာကိုတွေ့ရ==ဖုနန် တိုင်းပြည်မှာ ဗုဒ္ဓဘာသာ ကို စတင်မိတ် ဆက်= သီရိလင်္ကာတွင် ဒမ်ဘူလ စေတီတော် တည်ဆောက်ခဲ့။
- အေဒီ ၄၀၁- ယောင်ဇင်း ဘုရင်၏ ပင့်ဖိတ်ချက်အရ ကုမာရဇီဝမထေရ်သည် ချန်အန်သို့ရောက်ရှိလာပြီး ပိဋကတ် တရုတ်ဘာသာပြန်ခြင်းလုပ်ငန်း စတင်ခဲ့။
- အေဒီ ၄၀၂-တရုတ်ရဟန်းတော် ဟွီယွမ်က တရုတ်ပြည်တွင် သုဒ္ဓဘူမိဗုဒ္ဓ ဘာသာဂိုဏ်းကို စတင်ခဲ့။
- အေဒီ ၄၀၃- တရုတ်ရဟန်းတော်များ ဘုရင်ဧကရာဇ်ကို ဦးမညွှတ်ရန် ဟွီယွမ် က အရေးဆိုခဲ့
- အေဒီ ၄၀၅- ယောင်ဇင်းက ကုမာရဇီဝမထေရ် ကို ပူဇော်သက္ကာပြုခဲ့။
- အေဒီ ၄၂၅- ဆုမာတြာသို့ ဗုဒ္ဓဘာသာရောက်ရှိခဲ့။
- အေဒီ ၄၆၀-ယွန်ဂန် နှင့် လောင်မန်း ဗုဒ္ဓရုပ်ပွားတော်များ တည်ထားခဲ့။
- အေဒီ ၄၆၄- ဗုဒ္ဓဘဒ္ဒမထေရ် တရုတ်ပြည်သို့ သာသနာပြုရန်ရောက်ရှိခဲ့။
- အေဒီ ၄၉၅- ဗုဒ္ဓဘဒ္ဒမထေရ်ကို အကြောင်းပြု၍ ရှောင်လင်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း ဝေဝမ်ဧကရာဇ်က ကျောက်စာရေးထိုးခဲ့။

- အေဒီ ၄၈၅- ဂန္ဓာရရဟန်းတော် ၅ ပါးသည် ဖူဆန်ကျွန်းသို့ရောက်ရှိပြီး သာသနာပြုခဲ့။
- အေဒီ ၅၀၀-အင်ဒိနီးရှား ဆုမားတြားနှင့် ဂျာဗားကျွန်းများသို့ မဟာယာန ဗုဒ္ဓဘာသာရောက်ရှိခဲ့။ တရုတ် မဟာယာနဗုဒ္ဓဘာသာဂိုဏ်းများ စတင် ဖြစ်တည်ခဲ့။
- အေဒီ ၅၂၆- ဗောဓိဓမ္မအရှင်မြတ် တရုတ်ပြည် ဟီနန်ခရိုင်ရှိ- ရှောင်လင် ကျောင်းတော်သို့ ရောက်ရှိ
- အေဒီ ၅၃၀-၆၀၀- အရှင်ဓမ္မကတ္တိ၏ ဗုဒ္ဓယုတ္တိဗေဒဂိုဏ်း ပေါ်ထွန်းခဲ့။
- အေဒီ ၅၃၈- ဂျပန်နိုင်ငံသို့ မဟာယာနဗုဒ္ဓဘာသာ စတင်ရောက်ရှိခဲ့။
- အေဒီ ၆ ရာစု= တရုတ်ပြည်မှ ချန်ဆရာတော်များ ဗီယက်နမ် သို့ရောက်ရှိ= =ဇာတကနိပါတ်တော်များကို ပါရှန်း ဘာသာသို့ပြန်ဆိုခဲ့ (ပါရှားဘုရင် ပထမ ခိုရှရော လက်ထက်)
- အေဒီ ၅၅၂ သို့မဟုတ် ၅၃၈= ကိုရီးယားမှတစ်ဆင့် ဂျပန်နိုင်ငံသို့ ဗုဒ္ဓဘာသာနာရောက်ရှိခဲ့။
- အေဒီ ၆၀၇- ဂျပန်ဧကရာဇ်၏ စေလွှတ်မှုကြောင့် သံအဖွဲ့တစ်ဖွဲ့ တရုတ်ပြည် (ဆွီပြည်နယ်) သို့ ရောက်ရှိပြီး ဗုဒ္ဓဓမ္မကျမ်းစာများကို ဆောင်ယူခဲ့။
- အေဒီ ၆၁၈ မှ ၉၀၆ အထိ- တရုတ်ပြည် တန်မင်းဆက်စိုးစံ။ ဗုဒ္ဓဘာသာတိုးတက်မှု၏ အထွတ်အထိပ်ကို ရောက်ခဲ့။
- အေဒီ ၆၄၁-တိဗက်ဘုရင် ရွန်စံဂမ်ပို တိဗက်ကို စိုးစံ။ ဂျူခမ်း ဘုရားကျောင်း တည်ဆောက်ခဲ့။
- အေဒီ ၆၄၅- တရုတ်ရဟန်းတော် ရွှင်ကျန်သည် ချန်အန်မြို့တော်မှ အိန္ဒိယသို့ ရောက်ရှိပြီး ပိဋကတ်တော်များကို တရုတ်ပြည်သို့ ဆောင်ယူကာ တရုတ် ဘာသာသို့ ပြန်ဆိုခဲ့၏။ တိဗက်ဘုရင် ဆောင်တန်ဂမ်ပိုသည်လည်း သံတမန် တစ်ဖွဲ့ကို အိန္ဒိယသို့စေလွှတ်၍ ဗုဒ္ဓဓမ္မကျမ်းစာများကို ဆောင်ယူ။
- အေဒီ ၆၅၀ မှ ၉၅၀-ပါလမင်းဆက်များစိုးစံပြီး မဟာယာနဗုဒ္ဓဘာသာကို အထူးချီးမြှင့်မွေးကျောစားခဲ့။
- အေဒီ ၆၇၁-တရုတ်ခရီးသည် ယီချင်သည် အင်ဒိနီးရှားနိုင်ငံ ဆုမာတြာကျွန်း မှ သိရီဝိဇယ ဗုဒ္ဓဘာသာနိုင်ငံတော်သို့ ရောက်ရှိခဲ့။ ကိုရီးယားရဟန်းတော် ဥအိဆန်သည် တရုတ်ပြည်တွင် ဟွာယင်းဗုဒ္ဓဘာသာကို လေ့လာသင်ကြား ပြီး ကိုရီးယားသို့ ပြန်ခဲ့။
- အေဒီ ၆၇၃-ရဟန်းတော် ယီချင် အိန္ဒိယသို့ရောက်ရှိ။

- အေဒီ ၆၉၉-ဆရာတော် ဖဆန်မှ ဟွာယင်းဂိုဏ်း ကို ထင်ရှားစေခဲ့။
- အေဒီ ၇၁၀-ဂျပန်နိုင်ငံ၏ မင်းနေပြည်တော် နာရာမြို့ကို တည်ထောင်ပြီး ဗုဒ္ဓဘာသာဂိုဏ်း (၇) ဂိုဏ်း ထွန်းကားခဲ့။
- အေဒီ ၇၂၀ မှ ၁၂၀၀ ထိ- အိန္ဒိယတွင် တန္တရယာန ဗုဒ္ဓဘာသာ ပေါ်ပေါက် ထွန်းကားခဲ့။
- အေဒီ ၇၂၀-အိန္ဒိယ ဝဇီရယာန ရဟန်းတော်များဖြစ်သော ဝဇီရဗောဓိမထေရ်နှင့် အမောဃဝဇီရမထေရ်တို့ တရုတ်ပြည်သို့ ရောက်ရှိလာခဲ့ပြီး မိကျောင် (တန္တရ) ဂိုဏ်းကို တည်ထောင်ခဲ့။
- အေဒီ ၇၃၆ တွင် ကိုရီးယားမှ တဆင့် ဟွာယင်းဗုဒ္ဓဘာသာသည် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး တိုဒိုင်ဂျီး ကျောင်းတိုက်တွင် အခြေစိုက်ကာ ကိုဂွန်းဂိုဏ်း တည်ထောင်ခဲ့
- အေဒီ ၇၄၃-၇၅၄ တွင် တရုတ်ရဟန်းတော် ကျန်ချန်းသည် ဂျပန်နိုင်ငံသို့ ကူးရောက်ရန် (၁၁) ကြိမ်တိုင်တိုင် ကြိုးစားပြီး အေဒီ ၇၅၄ တွင် ရောက်ရှိခဲ့ပြီး ရစ်ဆု-ဝိနယဂိုဏ်းကို တည်ထောင်ခဲ့။
- အေဒီ (၈) ရာစု= ဇာတကဝတ္ထုများ ကို ဆီရီးယားနှင့် အာရေဗျ ဘာသာစကားများသို့ ပြန်ဆိုခဲ့။ ဒမ္မစကော်မြို့မှ ဂျွန်ဆိုသူက ဗုဒ္ဓဝင်ကို ဂရိဘာသာစကားသို့ ပြန်ဆိုခဲ့ပြီး ဘာလာမ်နှင့် ဂျူဆဖပ် ဇာတ်လမ်းအဖြစ် ခရစ်ယာန်များအကြားတွင် ရေပန်းစားခဲ့။
- အေဒီ ၇၆၀-အင်ဒိုနီးရှားတွင် ဗောရောဗုဓော ပုထိုးတော်ကြီး စတင်ဆောက်လုပ်ခဲ့ပြီး နောင် နှစ်ပေါင်း ၇၀ အကြာ (အေဒီ ၈၃၀) တွင် ဆောက်လုပ်ပြီးစီးခဲ့။
- အေဒီ ၇၇၅- တိဗက်ဘုရင် ခရီဆောင်ဒတ်ဆန်လက်ထက်၌ တိဗက်သို့ ဗုဒ္ဓဘာသာ စတင်ရောက်ရှိခဲ့။
- အေဒီ ၈၂၂-ရဟန်းတော် ဆိုင်ချိုသည် တရုတ်ပြည်မှ တိယင်တိုင်းဂိုဏ်းကို အခြေခံလျက် ဂျပန်နိုင်ငံတွင် တင်ဒိုင်း ဗုဒ္ဓဘာသာ ဂိုဏ်းကို တည်ထောင်ခဲ့။
- အေဒီ ၈၂၃-ဂျပန်ဧကရာဇ် ကမ္မုလက်ထက်တွင် ရဟန်းတော် ကုကိုင် သည် တရုတ်ပြည် ချန်အန်မြို့တော်သို့ ရောက်ရှိခဲ့ပြီး ဝဇီရာယာန ဗုဒ္ဓဘာသာကို သင်ယူကာ ဂျပန်တွင် ရှင်ဂွန်းဂိုဏ်းကိုတည်ထောင်ခဲ့။
- အေဒီ ၈၃၈-၈၄၇- တင်ဒိုင်းရဟန်းတော် အန်နင်သည် တရုတ်ပြည်သို့ လေ့လာရေးခရီး ၉ နှစ်ခန့် ရောက်ခဲ့ပြီး ချန်အန်မြို့တော်တွင်နှင့် ဝူတိုင်ရှန်းတောင်တို့ကို ရောက်ရှိခဲ့ပြီး ခေတ်ပြိုင်မဟာယာန ဗုဒ္ဓဘာသာကို သမိုင်းတင်ခဲ့။

- အေဒီ ၈၄၀-တိဗက်ဘုရင် လန်ဒါမားက ဗုဒ္ဓဘာသာကို ဖိနှိပ်ခဲ့။
- အေဒီ ၈၄၁-၈၄၆- တန်မင်းဆက်မှ ဘုရင် ဝူဇောင် စိုးစံပြီး တရုတ်ပြည်တွင် ဗုဒ္ဓဘာသာကို ဖိနှိပ်ခဲ့။
- အေဒီ (၁၀) ရာစု= တိဗက်တွင် ဗုဒ္ဓသာသနာ ပြန်လည်ထွန်းကားလာခဲ့။ တရုတ်ပြည်တောင်ပိုင်းတွင် လင်းချိသည် ကောင်းဒေါင်ဇာန်ဂိုဏ်းကို တည်ထောင်ခဲ့။
- အေဒီ ၉၇၁-တရုတ်ပြည်တွင် ဆွန်မင်းဆက်သည် ချန်ဒူးဒေသမှ သစ်ထွင်းပညာသည်များကို မဟာယာန ဗုဒ္ဓဘာသာ ပိဋကတ်တော်တစ်ခုလုံးကို သစ်ပြားများပေါ်တွင် ရေးထွင်းစေခဲ့ပြီး အေဒီ ၉၈၃ တွင် လုပ်ငန်းပြီးစီးခဲ့။ ပိဋကတ်တော်သစ်ထွင်းဘလောက်ပြား (၁၃၀၀၀၀) ခန့် အထိရှိခဲ့။
- အေဒီ ၉၉၁-တရုတ်ပြည်မှ ပုံနှိပ် ပိဋကတ်တော်တစ်စုံ ကိုရီးယားသို့ ရောက်ရှိခဲ့။
- အေဒီ ၉၉၉ မှ ၁၀၂၆- မိဟာမက် ဂိုရီသည် အိန္ဒိယပြည် မြောက်ပိုင်းကို တိုက်ခိုက်၍ ဗုဒ္ဓဘာသာ ကျောင်းတိုက်များကို ဖျက်ဆီးခဲ့။
- အေဒီ ၁၀၀၉-ဗီယက်နိုင်နိုင်ငံတွင် လိုင်မင်းဆက် စိုးစံပြီး မဟာယာနဗုဒ္ဓဘာသာကို အားပေးခဲ့။
- အေဒီ ၁၀၁၀- ကိုရီးယားနိုင်ငံတွင် ပထမဆုံး သစ်ထွင်းပိဋကတ်ဘလောက်များ စတင်ပြုလုပ်ခဲ့။
- အေဒီ ၁၀၂၅-စောဋမင်းတို့က ဆုမာတြားမှ သိရီဝိဇယနိုင်ငံတော်ကို ဝင်ရောက်တိုက်ခိုက်ခဲ့။ နိုင်ငံတော်သည် ပလမ်ဘန်းမှ ဂျမ်ဘီမာလ္လာယုသို့ ရွှေ့ပြောင်းခဲ့။
- အေဒီ ၁၀၃၉-တိဗက်ဘာသာပြန်ဆရာ မာပ (၁၀၀၂-၁၀၉၇) သည် အိန္ဒိယသို့ ရောက်ရှိပြီး နာရောပ(၁၀၁၆-၁၁၀၀) ထံတွင် တန္တရဗုဒ္ဓဘာသာကို လေ့လာသင်ယူခဲ့။ ကာဂျုပဂိုဏ်းကို တည်ထောင်ခဲ့။
- အေဒီ ၁၀၄၂-ဆရာတော် အတိရှ (ဒီပင်္ကရာသိရီဉာဏ) တိဗက်သို့ ရောက်ရှိပြီး ကဒမ်ပဂိုဏ်းကို တည်ထောင်။
- အေဒီ ၁၀၆၃-ခိုတန် ပိဋကတ်တစ်စုံသည် တရုတ်ပြည်မှ ကိုရီးယားသို့ ရောက်ရှိခဲ့။
- အေဒီ ၁၀၇၃-သကျပဂိုဏ်း၏ သကျကျောင်းတိုက် ကို တိဗက်တွင်တည်ထောင်။
- အေဒီ (၁၂) ရာစု= သင်္ကတဘာသာစကားသည် ဒေဝနာဂရီ အက္ခရာကို စတင် အသုံးပြုခဲ့။
- အေဒီ ၁၁၀၀-၁၁၂၅- ဆွန်မင်းဆက်မှ ဟွီဇောင် အုပ်စိုးသောကာလတွင် တောက်ဝါဒကို အားပေးရန်အတွက် ဗုဒ္ဓဘာသာကို နှိပ်ကွပ်ခဲ့။

- အေဒီ ၁၁၇၅-ဂျပန်နိုင်ငံတွင် ဟိုနန်သည် သုဒ္ဓဘူမိဗုဒ္ဓဘာသာဂိုဏ်းကို စတင်တည်ထောင်ခဲ့။
- အေဒီ ၁၁၈၁-သတ္တမမြောက် ဇယဝါမန်သည် ခမာနိုင်ငံတော်ကို စိုးစံခဲ့ပြီး မဟာယာနဗုဒ္ဓဘာသာကို အားပေးခဲ့။ အန်ကောဝပ်ကျောင်းတော်ကို တည်ဆောက်ပြီးစီး။
- အေဒီ ၁၁၉၇-မဟာယာနဗုဒ္ဓဘာသာ၏ ဗဟိုချက်မဖြစ်သော နာလန္ဒာ ဗုဒ္ဓဝိဟာရတက္ကသိုလ်ကြီး မီးတိုက်ဖျက်ဆီး လုယက်ခံခဲ့ရ။ ဗုဒ္ဓရဟန်းတော်များ တိဗက်နှင့် နီပေါ ပြည်များသို့တိမ်းရှောင်ခဲ့။
- အေဒီ ၁၂၀၂- အိဆိုင်၏ ရင်ဖိုင်းဇာန် ဗုဒ္ဓဘာသာကို ကာမာကူရ အစိုးရ၏ အကူအညီဖြင့် တည်ထောင်။
- အေဒီ ၁၂၂၂- နိုချိုရင် ဗုဒ္ဓဘာသာကို တည်ထောင်ခဲ့သူ နိုချိုရင် မွေးဖွား (၁၂၈၂ တွင်ကွယ်လွန်)။
- အေဒီ ၁၂၂၇- ဒိုဂန်ဇာန်ဂျီး(၁၂၀၀-၁၂၅၃) သည် ဆိုတိုဇာန်ဂိုဏ်းကို တည်ထောင်ခဲ့။
- အေဒီ ၁၂၄၄- ဒိုဂန်ဇာန်ဂျီး သည် အိဟိုင်ဂျီး ကျောင်းတိုက်ကို တည်ထောင်ခဲ့။
- အေဒီ ၁၂၄၇-မွန်ဂိုဧကရာဇ် ဂိုဒန်ခန် က သကျပဏ္ဍိတ (၁၁၈၂-၁၂၅၁) ကို တိဗက်ရဟန်းမင်း တင်မြောက်။
- အေဒီ ၁၂၅၃- နိုချိုရင် ဗုဒ္ဓဘာသာကို တည်ထောင်ခဲ့သူ နိုချိုရင် မွေးဖွား (၁၂၈၂ တွင်ကွယ်လွန်)။
- အေဒီ ၁၂၇၀- မွန်ဂို ယွမ်မင်းဆက် (၁၂၃၄-၁၃၆၈) သည် တိဗက်ဗုဒ္ဓဘာသာကို ချီးမြှောက်အားပေးခဲ့။
- အေဒီ ၁၂၈၅-အာဃာန် သည် အီလ်ခန်နိတ်တိုင်းပြည် ကို ဗုဒ္ဓဘာသာနိုင်ငံအဖြစ် ပြောင်းလဲခဲ့။
- အေဒီ ၁၂၉၅-မွန်ဂိုဧကရာဇ် ဃာဇန်ခန်သည် အစ္စလာမ်ဘာသာသို့ ကူးပြောင်းခဲ့။
- အေဒီ ၁၃၀၅-၁၃၁၆-ပါရှားပြည်မှ ဗုဒ္ဓဘာသာဝင်များသည် အူလ်ဂျိုင်တူခန်ကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ဆွဲဆောင်။
- အေဒီ ၁၃၂၁- ကိုင်ဇန်ဇာန်ဂျီးသည် ဆိုဂျိဂျို ကျောင်းတိုက်ကို တည်ထောင်ခဲ့။
- အေဒီ ၁၃၅၇-လားမားဆောင်ခပ(၁၃၅၇-၁၄၁၉) မွေးဖွား။ ဂီလုဂ်ပဂိုဏ်းကိုတည်ထောင်ခဲ့။

- အေဒီ ၁၃၉၁-၁၄၇၁- ပထမမြောက် ဒလိုင်လားမား ဂျယ်လဝ ဂန်ဒန် ဒရဗ်ပသည် တိဗက်ကို အုပ်စိုးခဲ့။
- အေဒီ ၁၅၇၈-မွန်ဂိုဧကရာဇ် အယ်လတန်ခန်သည် ဆိုနမ်ဂျက်ဆိုကို တတိယမြောက် ဒလိုင်လားမားအဖြစ် တင်မြောက်။
- အေဒီ ၁၆၁၄-ဂျပန်နိုင်ငံတွင် တိုယိုတိုမိ မိသားစုမှ ဟိုကိုဂျီး ဘုရားကျောင်း (ကျိုတို) တွင် မြတ်ဗုဒ္ဓရုပ်ပွား တော်ကြီး တစ်ဆူ လှူဒါန်း။
- အေဒီ ၁၆၁၅- အိုအိရတ်မွန်ဂိုမျိုးနွယ်များ တိဗက် ဂီလုဂ်ပဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းခဲ့။
- အေဒီ ၁၆၄၂-မွန်ဂိုဧကရာဇ် ဂူရှီခန်သည် ပဉ္စမမြောက် ဒလိုင်လားမားကို တိဗက်၏ ရဟန်းမင်းအဖြစ် တင်မြောက်။
- အေဒီ ၁၇၄၉-မွန်ဂိုလီးယား ပိဋကတ် တစ်ခုလုံးကို ဘာသာပြန်ပြီးစီးခဲ့။
- အေဒီ ၁၈၂၀-၁၈၄၁-ဗီယက်နမ်ကိုအုပ်စိုးခဲ့သော မင်းမန်သည် ဗုဒ္ဓဘာသာကို ဖိနှိပ်ခဲ့။
- အေဒီ ၁၈၈၂-ရုန်ဟိုင်းမြို့တွင် ကျောက်စိမ်းဗုဒ္ဓဘုရားကျောင်း တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံမှ ကျောက်စိမ်း ရုပ်ပွားတော် နှစ်ဆူကို ကိုးကွယ်ထားခဲ့။
- အေဒီ ၁၈၈၃-ကမ္ဘာ့ဘာသာပေါင်းစုံပါလီမန်ကို ချီကာဂိုတွင် ကျင်းပခဲ့။ မဟာယာနဗုဒ္ဓဘာသာဖက်မှ ဆိုယန်ရုကု တက်ရောက်ခဲ့။
- အေဒီ ၁၈၉၁-မဟာဗောဓိ အသင်းကြီးကို အနာဂါရိက ဓမ္မပါလ (၁၈၆၄-၁၉၃၃) က ထူထောင်ခဲ့။
- အေဒီ ၁၉၀၄-ဗြိတိသျှတပ်များ တိဗက်ပြည် လာဆာမြို့တော်သို့ ဝင်ရောက် သိမ်းပိုက်ခဲ့။
- အေဒီ ၁၉၀၇-ဒေါက်တာ ဆုဇူကီး၏ The Outlines of Mahayana Buddhism ကျမ်း ထွက်ခဲ့။
- အေဒီ ၁၉၁၂-တောရသမမြောက်ဒလိုင်လားမားက တိဗက်ပြည်ကို လွတ်လပ်သော တိုင်းပြည် အဖြစ်ကြေညာ။
- အေဒီ ၁၉၂၂-ပထမဆုံး ဆိုတိဇာန် ကျောင်းတိုက်ကို မြောက်အမေရိကတွင် တည်ထောင်ခဲ့။
- အေဒီ ၁၉၂၄-၃၅-ဂျပန်နိုင်ငံတွင် တိုင်ရှူ တရုတ်ပိဋကတ် တစ်စုံလုံး ပုံနှိပ် ထုတ်ဝေနိုင်ခဲ့။ အတွဲပေါင်း ၅၅ တွဲတွင် ကျမ်းစာပေါင်း (၂၁၈၄) ကျမ်း ပါဝင်ခဲ့။

- အေဒီ ၁၉၂၇-ဒေါက်တာ ဆူဇူကီး၏ ဇာန်ဗုဒ္ဓဘာသာ အက်ဆေးများ-ပထမစီးရီး ထွက်ခဲ့။
- အေဒီ ၁၉၃၀-နိုချိုရင်ဆိုက ဂက္ကိုင်ကို ဂျပန်နိုင်ငံတွင် စတင်တည်ထောင်ခဲ့။
- အေဒီ ၁၉၃၁-အိန္ဒိယနိုင်ငံ ဂီးလ်ဂစ်ဒေသ (ပါကစ္စတန်) တွင် ရှေးဟောင်း ပိဋကတ်စာပေများတွေ့ရှိခဲ့။
- အေဒီ ၁၉၃၅- စုဒ္ဒသမမြောက် ဒလိုင်းလားမား ဖွားမြင်ခဲ့။
- အေဒီ ၁၉၄၀-စုဒ္ဒသမမြောက် ဒလိုင်းလားမား ရဟန်းမင်းအဖြစ် ဘိသိက်ခံခဲ့။
- အေဒီ ၁၉၄၉-ဗုဒ္ဓဂယာမှ မဟာဗောဓိစေတီကို ဗုဒ္ဓဘာသာဝင်တို့ တစ်စိတ် တစ်ပိုင်း ပြန်လည်ရရှိ။
- အေဒီ ၁၉၄၉-တရုတ်ကွန်မြူနစ်ပါတီ၏ အောင်နိုင်မှုကြောင့် ဆရာတော် ရင်ရွှန်း (၁၉၀၆-) တိုင်ဝမ်သို့ ထွက်ပြေး။
- အေဒီ ၁၉၅၀-တရုတ်တပ်နီတော်မှ တိဗက်ကို ဝင်ရောက်သိမ်းပိုက်ခဲ့။
- အေဒီ ၁၉၅၂- World Fellowship of Buddhism ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် တည်ထောင်။
- အေဒီ ၁၉၅၆-အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဇာန်လေ့လာမှုအဖွဲ့ကို ထူထောင်။
- အေဒီ ၁၉၅၆- ဒေါက်တာ အမ်ဘေကာ (၁၈၉၁-၁၉၅၆) ဗုဒ္ဓဘာသာဝင် အဖြစ်ကူးပြောင်းခဲ့။ ဟိန္ဒူစာတ်နိမ့် ၃ သိန်းကျော် ဗုဒ္ဓဘာသာဝင်ဖြစ်လာခဲ့။
- အေဒီ ၁၉၅၇-ပီကင်းမြို့တော်အနီး ပိုင်တိုင်တောင်ပေါ်မှာ ဗုဒ္ဓဂုဟာများ ပြန်လည်ဖွင့်လှစ်။
- အေဒီ ၁၉၅၉-တိဗက်ပြည်မှ စုဒ္ဒသမမြောက် ဒလိုင်လားမား စွန့်ခွာထွက်ပြေးခဲ့။
- အေဒီ ၁၉၆၂-တိပိဋကတ်ဆရာတော် သမဏဆွမ်ဟွာ မှ ဓမ္မဓာတုဗုဒ္ဓဓမ္မ အဖွဲ့ကို တည်ထောင်။
- အေဒီ ၁၉၆၂- ဒေါက်တာ အမ်ဘေကာ အဖွဲ့ကို ဇာန်ဓမ္မဌာနကို တည်ထောင်ခဲ့။
- အေဒီ ၁၉၆၃-ရွှန်ရှ ဆူဇူကီး က ဆန်ဖရန်စစ္စကို ဇာန်ဓမ္မဌာနကို တည်ထောင်ခဲ့။
- အေဒီ ၁၉၆၃-ဗီယက်နမ် ရဟန်းတော် သစ်ကွမ်ဒတ် မိမိကိုယ်ကို မီးရှို့ဆန္ဒပြခဲ့။
- အေဒီ ၁၉၆၅-မော်စီတုန်း (၁၈၉၃-၁၉၇၆)၏ ယဉ်ကျေးမှုတော်လှန်ရေးက တရုတ်ဗုဒ္ဓဘာသာကို အားနည်းစေခဲ့။
- အေဒီ ၁၉၆၆-ပထမအကြိမ် ကမ္ဘာ့ဗုဒ္ဓသံဃကောင်စီ အစည်းအဝေးကို ကိုလံဘိုမြို့ (သီရိလင်္ကာ)တွင် ကျင်းပပြီး ထေရဝါဒနှင့် မဟာယာန တူညီချက် (၁၀) ချက်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့။

- အေဒီ ၁၉၆၇- ဘိကျွုသံဃရက္ခိတ မထေရ်က အနောက်တိုင်း ဗုဒ္ဓဘာသာ မိတ်ဆွေများ အစည်းအရုံးကို တည်ထောင်ခဲ့။
- အေဒီ ၁၉၆၈-အနောက်တိုင်းဗုဒ္ဓသံဃာကို ဘိကျွုသံဃရက္ခိတ မထေရ်က တည်ထောင်ခဲ့။
- အေဒီ ၁၉၆၉-ပြင်သစ်နိုင်ငံတွင် ဗီယက်နမ်ဇာန်ဆရာတော် သစ်နတ်ဟန်သည် Unified Buddhist Church ကိုတည်ထောင်ခဲ့။
- အေဒီ ၁၉၇၀- ဗောရောဗုဓော ပုထိုးတော်ကြီး ယူနက်စကို စာရင်းဝင်ခဲ့။
- အေဒီ ၁၉၇၄-ကော်လိုရာဒိုပြည်နယ်တွင် နာရောပအင်စတီကျု့ တည်ထောင်ခဲ့။
- အေဒီ ၁၉၇၅-လားမား ယက်ရှေရင်ပိုချီသည် မဟာယာန အစဉ်အလာ ထိန်းသိမ်းစောင့်ရှောက်ရေး ဖောင်ဒေးရှင်းကို နီပေါနိုင်ငံတွင် တည်ထောင်ခဲ့။
- အေဒီ ၁၉၇၆-ဘိကျွု ဟန်ရှူးသည် လော့စ်အိန်ဂျလိစ်မြို့မှ မန်ဒိစိန့်အထိ မိုင် ၆၀၀ ခရီးကို တိတ်ဆိတ်စွာဖြင့် ခြေသုံးလှမ်းတစ်ကြိမ် ဝတ်ပြုခြင်းဖြင့် လပေါင်း ၃၀ တိတိ ခရီး အောင်မြင်ခဲ့။
- အေဒီ ၁၉၈၃-ရန်ဟိုင်း ဗုဒ္ဓဓမ္မအင်စတီကျု့ တည်ထောင်ခဲ့။
- အေဒီ ၁၉၈၉-ဒလိုင်လားမား ကို ငြိမ်းချမ်းရေး နိုဘယ်ဆု ချီးမြှင့်ခဲ့။
- အေဒီ ၁၉၉၂-ဟိုက်ဒရာဘတ်တွင် တန်ချိန် ၃၅၀-၁၆ မီတာမြင့်သော ကျောက် သားဗုဒ္ဓရုပ်ပွားတော်ကြီး တည်ဆောက်ခဲ့။
- အေဒီ ၁၉၉၄-ရေးအကျဆုံး ဗုဒ္ဓစာပေဖြစ်သော ဂန္ဓာရီပိဋကတ်များ စတင်တွေ့ ရှိခဲ့။ The Journal of Buddhist Ethics စတင်ထွက်ရှိခဲ့။
- အေဒီ ၁၉၉၆-သကျဒီတျ ဘိကျွုနီသံဃာ တည်ထောင်ခဲ့။
- အေဒီ ၁၉၉၉-ပါဠိပိဋကတ်တစ်ခုလုံး အွန်လိုင်းပေါ်ရောက်ရှိခဲ့။
- အေဒီ ၂၀၀၀-သတ္တရသမမြောက် ကာမပ (သြဂျုန် ထရင်လေ ဒေါဂျေ) သည် တိဗက်မှ ထွက်ပြေးလွတ်မြောက်ခဲ့။
- အေဒီ ၂၀၀၁ (မေလ)-အာဖဂန်နစ္စတန်တွင် ဘာမီယန် ဗုဒ္ဓရုပ်ပွားတော်ကြီး နှစ်ဆူကို တာလီဘန်တို့ ဖျက်ဆီးခဲ့။
- အေဒီ ၂၀၀၅-တရုတ်နိုင်ငံ ဟိုင်နန်ကျွန်း ဆန်ယမြို့တွင် ဥဏ်တော် (၁၀၈ မီတာ-၃၅၄ ပေ) မြင့်သော ကွမ်ယင်ဗောဓိသတ္တ ရုပ်ပွားတော် (The Guanyin of the South Sea of Sanya) ကို ဆောက်လုပ်ပြီးစီးခဲ့။
- အေဒီ ၂၀၀၆-အိန္ဒိယနိုင်ငံ ဗီဟာရ်ပြည်နယ်တွင် နာလန္ဒာဗုဒ္ဓတက္ကသိုလ်သစ် ဆောက်ရန် စတင်ခဲ့။

- အေဒီ ၂၀၀၈-ကမ္ဘာ့အမြင့်ဆုံး ရုပ်တုနှင့် ဉာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်ကြီးဖြစ်သော မဟာဝေရောစနဗုဒ္ဓ ဆင်းတုတော်ကြီး (Spring Temple Buddha) (ဉာဏ်တော် ၁၂၈ မီတာ -၄၂၀ ပေ) ကို တရုတ်နိုင်ငံ ဟီနန်ပြည်နယ် လုရှန်ခရိုင်တွင် တည်ဆောက်ပြီးစီးခဲ့။

Sources

- Edward A. Irons, *Encyclopedia of Buddhism* (2008), Facts on Files Library
- Robert E. Buswell, Jr., *Encyclopedia of Buddhism* (2004), Thomson Gale

❐ ❐ ❐





Selected Bibliography

Early Buddhist Schools & Origin of Mahayana

- Akira, Hirakawa, Paul Groner, ed., *History of Indian Buddhism*, Translated by Paul Groner, (1993) Delhi: Motilal Banarsidass Publishers
- Burnouf, Eugene, *Introduction to the History of Indian Buddhism*. (2010) University of California Press.
- Dutt, N. *Buddhist Sects in India*. (1998) New Delhi: Motilal Banarsidass.
- Dutt, Sukumar, *Early Buddhist Monasticism*, (1924), London, Kegan and Paul.
- Lamotte, E. *History of Indian Buddhism*. (1976) Paris: Peeters Press.
- Nakamura, Hajime, *Indian Buddhism: A Survey with Bibliographical Notes*, 1987. Delhi: Motilal Banarsidass. First Edition 1980.
- Nance, Richard, *Speaking for Buddhas: Scriptural Commentary in Indian Buddhism*, (2012) New York: Columbia University Press.

- Obermiller, E., *History of Buddhism by Bu-Ston*, 2 volumes, 1931–32. Tokyo: Suzuki Research Foundation Reprint Series 5, Heidelberg: Harrassowitz.
- Ray, R. *Buddhist Saints in India: A Study in Buddhist Values and Orientations*, (1994) New York: Oxford University Press
- Reat, Nobel Ross. *Buddhism: A History*, (1994) Jain Publishing Company.
- Ryukan Kimura, *A Historical Study of the Terms Hinayana and Mahayana and the Origin of Mahayana Buddhism*, (1927) University of Calcutta,
- Sangharakshita, *A Survey of Buddhism*: *Its Doctrines and Methods Through Ages* (2001), New Delhi: Motilal Banarsidass
- Warder, A.K. *Indian Buddhism* (2004), New Delhi: Motilal Banarsidass

Madhyamaka Philosophy

- Arnold, Dan, *Buddhists, Brahmins, and Belief: Epistemology in South Asian Philosophy of Religion*, 2005, New York: Columbia University Press.
- Blumenthal, James, *The Ornament of the Middle Way: A Study of the Madhyamaka Thought of Śāntarakṣita*, (2013) Boston and London: Snow Lion.
- Candrakīrti, Lucid Exposition of the Middle Way: The Essential Chapters from the Prasannapadā of Candrakīrti, translated by Mervyn Sprung, T.R.V. Murti, and U.S. Vyas.(1979) Boulder, CO: Prajñā Press.
- ——, 1980. *Candrakīrti's Seven Fold Reasoning: Meditation on the Selflessness of Persons*, Dharamshala, India: Translation Bureau of the Library of Tibetan Works & Archives.
- Cowherds, The, *Moonshadows: Conventional Truth in Buddhist Philosophy*, (2011), Oxford: Oxford University Press.
- Della Santina, Peter, *Madhyamaka Schools in India: a Study of the Mādhyamaka Philosophy and of the Division of the*

System Into the Prāsangika and Svātantrika Schools, 1986. Delhi: Motilal Banarsidass.

- Dreyfus, Georges B. J., and Sara L. McClintock (eds.), 2002. *The Svātantrika-Prāsangika Distinction: What Difference Does a Difference Make?* Boston: Wisdom Publications.
- Eckel, Malcom David, 1987. Jñānagarbha's Commentary on the Distinction Between the Two Truths: an Eighth Century Handbook of Mādhyamaka, Albany: State University of New York Press.
- ——, 1992. To See the Buddha: *A Philosopher's Quest for the Meaning of Emptiness*, Princeton, NJ: Princeton University Press.
- Edelglass, William and Jay L.Garfield, *Buddhist Philosophy: Essential Readings*, (2009), New York; Oxford University Press.
- Hopkins, Jeffrey, *Meditation on Emptiness*. (2002) Snow Lion Publication
- Hopkins, Jeffrey, *Emptiness Yoga*. (2003) Snow Lion Publication
- Huntington, C. W., Jr. and Geshe Namgyal Wangchen, 1989. *The Emptiness of Emptiness: An Introduction to Early Indian Mādhyamika*, Honolulu: University of Hawai'i Press.
- Iida, Shotaro, *Reason and Emptiness: A Study in Logic and Mysticism*, 1980. Tokyo: Hokuseido Press.
- Lang, Karen, *Āryadeva's Catuḥśataka*, (1986), Copenhagen: Akademisk Forlag.
- Lopez, Donald S., Jr., *A Study of Svātantrika*, (1987) Ithaca, N.Y.: Snow Lion Publications.
- Napper, E., *Dependent Arising and Emptiness*, (1989) Boston/ London/Sydney: Wisdom Publications.
- Rizzi, Cesare, *Candrakīrti*, (1988)Dehli: Motilal Banarsidass.
- Ruegg, David Seyfort, *The Literature of the Mãdhyamaka School of Philosophy in India* (History of Indian literature, Volume 7, fasc. 1), (1981), Wiesbaden: Harrassowitz.
- ——, 2000. *Studies in Indian and Tibetan Madhyamaka*

Thought (Wiener Studien zur Tibetologie und Buddhismuskunde), Vienna: Arbeitskreis für Tibetische und Buddhistische Studien, Universität Wien.

- ——, 2010. *The Buddhist Philosophy of the Middle*: Essays on Indian and Tibetan Madhyamaka, Boston: Wisdom Publications.
- ——, 2007. *Buddhism as Philosophy: An Introduction*, Indianapolis: Hackett Publishing Company, Inc.
- Jay Garfield, *The Fundamental Wisdom of the Middle Way. Translation and Commentary of Nāgārjuna's Mūlamadhyamakakārikā*, Oxford: Oxford University Press, 2005.
- Joseph Loizzo, *Nāgārjuna's Reason Sixty (Yuktiṣaṣṭikā) with Chandrakīrti's Commentary*, New York: American Institute of Buddhist Studies, 2007.
- Peter Della Santina, *Causality and Emptiness*: *The Wisdom of Nāgārjuna*, Singapore: Buddha Dharma Education Association, 2002 [Available online].
- Jan Westerhoff, *The Dispeller of Disputes: Nāgārjuna's Vigrahavyāvartanī*, Oxford: Oxford University Press, 2009.
- Fernando Tola and Carmen Dragonetti, *Nāgārjuna's Refutation of Logic (Vaidalyaprakaraṇa)*, Delhi: Motilal Banarsidass, 1995.
- Jeffrey Hopkins, *Buddhist Advice for Living and Liberation: Nāgārjuna's Precious Garland*, Ithaca, NY: Snow Lion, 1998.
- Burton, David, *Emptiness Appraised: A Critical Study of Nāgārjuna's Philosophy*, 1999. Richmond: Curzon.
- Devitt, Michael, *Realism and Truth*, (1997), Princeton, NJ: Princeton University Press, second edition.
- Huntington, C.W., *The Emptiness of Emptiness. A Study of Early Indian Mādhyamika*, (1989) Honolulu: University of Hawaii Press.

- Priest, Graham and Jay Garfield, 2002. "Nāgārjuna and the limits of thought", in *Beyond the Limits of Thought*, Oxford: Clarendon Press, pp. 249–270.
- Robinson, R. H. *Early Madhyamika in India and China*, (1967) ,Madison, WI/Milwaukee,
- WI/London: University of Wisconsin Press.
- Ruegg, D. S. *The Literature of the Madhyamaka School of Philosophy in India*, (1981) Wiesbaden, Germany: Otto Harrassowitz.
- Ruegg, David Seyfort, "The use of the four positions of the catuṣkoṭi and the problem of the description of reality in Mahāyāna Buddhism". 1977. *Journal of Indian Philosophy*, 5: 1–171.
- ——, 1981. *The Literature of the Madhyamaka School of Philosophy in India*, Wiesbaden: Harassowitz.
- ——, 1986. "Does the Mādhyamika have a thesis and philosophical position?" in Bimal Krishna Matilal (ed.), *Buddhist Logic and Epistemology*, Dordrecht: D. Reidel, pp. 229–237.
- Siderits, Mark, *Personal Identity and Buddhist Philosophy*, (2003), Aldershot: Ashgate.
- Siderits, Mark and Shōryū Katsura, *Nāgārjuna's Middle Way. Mūlamadhyamakakārikā*, (2013), Boston: Wisdom Publications.
- Tillemans, Tom, "Metaphysics for Mādhyamikas", in Georges Dreyfus and Sara McClintock (eds.), The Svātantrika-Prāsaṅgika Distinction: *What Difference does a Difference make?* 2003. Boston: Wisdom, pp. 93–123.
- Tuck, Andrew P., *Comparative Philosophy and the Philosophy of Scholarship: on the Western Interpretation of Nāgārjuna*, 1990. Oxford: Oxford University Press.

- Walser, Joseph, *Nāgārjuna in Context. Mahāyāna Buddhism and Early Indian Culture*, (2005), New York: Columbia University Press.
- Westerhoff, Jan, *Nāgārjuna's Madhyamaka. A Philosophical Introduction*, (2009), Oxford: Oxford University Press.
- ——, 2010: *The Dispeller of Disputes: Nāgārjuna's Vigrahavyāvartanī*, Oxford University Press, Oxford.
- Wood, Thomas E., 1994. *Nāgārjunian Disputations. A Philosophical Journey through an Indian Looking-glass*, Honolulu: University of Hawaii Press.
- Ye, Shaoyong, *Mūlamadhyamakakārikā*, (2011) Research Institute of Sanskrit Manuscripts & Buddhist Literature, Beijing.

Yogacara Philosophy

- Anacker, Stefan, 1998. *Seven Works of Vasubandhu*, Delhi: Motilal Banarsidass. Originally Published 1984.
- Duerlinger, James, *Indian Buddhist Theories of Persons: Vasubandhu's 'Refutation of the Theory of a Self*,' (2003), London: Routledge Curzon.
- Frauwallner, Erich, *On the Date of the Buddhist Master of the Law Vasubandhu*, (1951), Rome: Istituto Italiano per il Medio ed Estremo Oriente.
- Hopkins, Jeffrey, *Reflections on Reality*. 2002, California University Press.
- Garfield, Jay, Empty Words: *Buddhist Philosophy and Cross-cultural Interpretation*, (2002), New York: Oxford University Press.
- Goodman, Charles, "Vasubandhu's *Abhidharmakośa*: The Critique of the Soul," in: William Edelglass & Jay Garfield (eds.), *Buddhist Philosophy: Essential Readings*, (2009) New York & Oxford: Oxford University Press, pp. 297–308.
- ——, 2009b. *Consequences of Compassion: An Interpretation and Defense of Buddhist Ethics*, New York: Oxford University Press.

- Griffiths, Paul J., *On Being Mindless: Buddhist Meditation and the Mind-Body Problem,* (1991), LaSalle: Open Court. Originally Published in 1986.
- ——, 1994. *On Being Buddha: The Classical Doctrine of Buddhahood*, Albany, NY: State University of New York Press.
- Kapstein, Matthew T., 2001*Reason's Traces*, Somerville, MA: Wisdom Publications, pp. 347–391.
- Kalupahana, David J. (1992), *The Principles of Buddhist Psychology*, Delhi: ri Satguru Publications
- Keenan, John P. *Yogācarā*. (1993). pp. 203–212 published in Yoshinori, Takeuchi; with Van Bragt, Jan; Heisig, James W.; O'Leary, Joseph S.; Swanson, Paul L.(1993). *Buddhist Spirituality*: *Indian, Southeast Asian, Tibetan, and Early Chinese*. New York City: The Crossroad Publishing Company. ISBN 0-8245-1277-4
- Kochumuttom, Thomas, *A Buddhist Doctrine of Experience: A New Translation and Interpretation of the Works of Vasubandhu the Yogācārin*, 1982, Delhi: Motilal Banarsidass.
- Lusthaus, Dan, *Buddhist Phenomenology*: *A Philosophical Investigation of Yogācāra Philosophy and the* Ch'eng Wei-shih lun, 2002, New York, NY: Routledge Curzon.
- Meyers, Karin, 2014. *"Free Persons, Empty Selves: Freedom and Agency in Light of the Two Truths,"* in Matthew R. Dasti & Edwin F. Bryant (eds.), *Free Will, Agency, and Selfhood in Indian Philosophy,* New York & New York: Oxford University Press, pp. 41–67.
- Mimaki, Katsumi, Musashi Tachikawa and Akira Yuyama (eds.), 1989. *Three Works of Vasubandhu in Sanskrit Manuscript: The Trisvabhāvanirdeśa, the Viṃśatikā with its Vṛtti, and the Triṃśikā with Sthiramati's Commentary*, Tokyo: The Centre for East Asian Cultural Studies.
- Nagao, Gadjin, *Mādhyamika and Yogācāra: A Study of Māhāyana Philosophies*, Leslie Kawamura (trans.), (1991), Albany: State University of New York Press.

- Norbu, Namkhai (2001), *The Precious Vase: Instructions on the Base of Santi Maha Sangha*. Shang Shung Edizioni. Second revised edition. (Translated from the Tibetan, edited and annotated by Adriano Clemente with the help of the author. Translated from Italian into English by Andy Lukianowicz.)
- Park, Sung-bae (1983), *Buddhist Faith and Sudden Enlightenment*, SUNY Press
- Patil, Parimal, 2009. *Against a Hindu God: Buddhist Philosophy of Religion in India*, New York: Columbia University Press.
- Pruden, Leo (trans.), *Abhidharmakośa Bhāṣyam by Louis de la Vallée Poussin*, 1988–1990. Berkeley, CA: Asian Humanities Press.
- Śāstrī, Dvārikādāsa, *The Abhidharmakośa & Bhāṣya of Acārya Vasubandhu with Sphutārthā commentary of Ācārya Yaśomitra*, 2 volumes, 2008. Varanasi: Bauddha Bhāratī, second edition.
- Schmithausen, Lambert, *On the Problem of the External World in the Ch'eng wei shih lun* (Studia Philological Buddhica Occasional Paper Series, XIII), 2005. Tokyo: The International Institute for Buddhist Studies.
- ——, 2007. *Ālayavijñāna: On the Origin and the Early Development of a Central Concept of Yogācāra Philosophy*, 2 volumes, reprint with Addenda and Corrigenda, Tokyo: International Institute for Buddhist Studies. Originally published in 1987.
- Shantarakshita & Ju Mipham (2005). *The Adornment of the Middle Way* Padmakara Translation of Ju Mipham's commentary on Shantarakshita's root versus on his synthesis.
- Siderits, Mark, 2003. *Personal Identity and Buddhist Philosophy: Empty Persons*, London: Ashgate.
- ——, 2007. *Buddhism As Philosophy: An Introduction*, Indianapolis/Cambridge: Hackett.

- Srivastava, R. P., 1973. *Contemporary Indian Idealism*, Delhi: Motilal Banarsidass.
- Stcherbatsky, Theodore (1936). *Mathyanta-Vibhanga, "Discource on Discrimination between Middle and Extremes"* ascribed to Bodhisattva Maiteya and commented by Vasubhandu and Sthiramathi, translated from the sanscrit, Academy of Sciences USSR Presss, Moskow/Leningrad.
- Tola, Fernando & Carmen Dragonetti, 2004. *Being as Consciousness: Yogācāra Philosophy of Buddhism*, Delhi: Motilal Banarsidass.
- von Rospatt, Alexander, 1995. *The Buddhist Doctrine of Momentariness: A Survey of the Origins and Early Phase of This Doctrine Up to Vasubandhu* (Alt- und Neu-Indische Studien 47), Stuttgart: Franz Steiner Verlag.
- Williams, Paul, 1998. *The Reflexive Nature of Awareness: A Tibetan Madhyamaka Defense*, London: Curzon.
- Wood, Thomas E., Mind Only: *A Philosophical and Doctrinal Analysis of Vijñānavāda*, (1991)Honolulu: University of Hawaii Press.
- Yao, Zhihua, *The Buddhist Theory of Self-Cognition* (Routledge Critical Studies in Buddhism), (2005)New York: Routledge.
- Zim, Robert , *Basic ideas of Yogacara Buddhism*. (1995). San Francisco State University. Source: [10] (accessed: October 18, 2007).

Buddha-Nature

- Brown, Brian Edward, *The Buddha Nature: A Study of the Tathagatabarbha and Alayavijnana*, Motilal Banarsidass Publishers (2004)
- Dutt, Nalinaksha, *Mahayana Buddhism*, Motilal Banarsidass, (1978)
- Hakeda, Y. S. *The Awakening of Faith*, (1967) New York: Columbia University Press
- Liebenthal, W. 'New Light on the Mahayana-Sraddhotpada shastra', *T'oung Pao* 46 (3–5) (1959)

- Wayman, A. and Wayman, H. (trans.) (1974) *The Lion's Roar of Queen Srimala: A Buddhist Scripture on the Tathagatagarbha Theory*, New York/London: Columbia University Press
- Zimmermann, M. *A Buddha Within: The Tathagatagarbha Sutra–The Earliest Exposition of the Buddha-Nature Teaching in India*, (2002) Bibliotheca Philologica et Philosophica Buddhica VI, Tokyo: The International Research Institute for Advanced Buddhology, Soka University.

Hua Yen Buddhism

- Chang, Garma, C. C. *The Buddhist Teaching of Totality*, (1971) University Park, PA: Pennsylvania State University Press:
- Cleary, T. *Entry into the Inconceivable*, (1983) Honolulu: University of Hawai'i Press.
- Cook, Francis H, *Hua-Yen Buddhism: The Jewel Net of Indra*, (1977)Penn State Press
- Hill, John E. *Through the Jade Gate to Rome: A Study of the Silk Routes during the Later Han Dynasty, 1st to 2nd Centuries* CE. (2009), John E. Hill. Book Surge, Charleston, South Carolina
- Gómez, L. O. (1967) 'Selected Verses from the Gauravyeha', unpubd doctoral thesis, Yale University.:
- Jerry Bentley, *"Old World Encounters: Cross-Cultural Contacts and Exchanges in Pre-Modern Times"* (New York: Oxford University Press, 1993
- Suzuki, D. T. *On Indian Mahayana Buddhism*, ed. E. Conze, (1968) New York: Harper Torchbook
- Williams, Paul. *Mahāyāna Buddhism: The Doctrinal Foundations*. (2008) Routledge.

Pure Land Buddhism

- Hisao Inagaki, Harold Stewart (transl.): *The Three Pure Land Sutras,* Berkeley: Numata Center for Buddhist Translation and Research 2003.

- Müller, F. Max (trans) *Buddhist Mahâyâna texts* Vol.2: The larger Sukhâvatî-vyûha, the smaller Sukhâvatî-vyûha, the Vagrakkedikâ, the larger Pragñâ-pâramitâ-hridaya-sûtra, the smaller Pragñâ-pâramitâ-hridaya-sûtra. The Amitâyur dhyâna-sûtra, translated by J. Takakusu. Oxford, Clarendon Press 1894.
- Halkias, Georgios: *Luminous Bliss: A Religious History of Pure Land Literature in Tibet,* with an annotated English translation and critical edition of the Orgyan-gling Gold manuscript of the short Sukhāvatīvyūha-sūtra. Hawaii: University of Hawai'i Press 2013.
- Shinko Mochizuki, Leo M. Pruden, Trans. *Pure Land Buddhism in China: A Doctrinal History, Chapter 1: A General Survey.* In: Pacific World Journal, Third Series, Number 1, 91-(1999).
- Shinko Mochizuki, Leo M. Pruden, Trans. (2001). *Pure Land Buddhism in China: A Doctrinal History, Chapter 2: The Earliest Period; Chapter 3: Hui-yuan of Mt. Lu; and Chapter 4: The Translation of Texts-Spurious Scriptures*. In: Pacific World Journal, Third Series, Number 3, 241-275.
- Shinko Mochizuki, Leo M. Pruden, Trans. *Pure Land Buddhism in China: A Doctrinal History, Chapter Five: The Early Pure Land Faith: Southern China, and Chapter Six: The Early Pure Land Faith: Northern China.* (2002). In: Pacific World Journal, Third Series, Number 4, 259-279. Shinko Mochizuki, Leo M. Pruden, Trans. (2000). Pure Land Buddhism in China: A Doctrinal History, Chapter 7: T'an-luan. In: Pacific World Journal, Third Series, Number 2, 149-165.
- Genshin, *The Teachings Essential for Rebirth : A Study of Genshin's Ōjōyōshū*, Allan A. Andrews, 1973. Tokyo: Sophia University.
- Gómez, Luis O., trans., *Land of Bliss : The Paradise of the Buddha of Measureless Light : Sanskrit and Chinese Versions of the Sukhāvatīvyūha Sutras*, 1996. Honolulu: University of Hawai'i Press.
- Hirota, Dennis, trans., 1989. Plain Words on the Pure Land

Way: Sayings of the Wandering Monks of Medieval Japan, Kyoto: Ryukoku University.

- Honen, *The Promise of Amida Buddha: Hōnen's Path to Bliss*, trans. Jōji Atone and Yūko Hayashi, 2011. Boston: Wisdom Publications.
- Shinran, *The Kyōgyōshinshō: The Collection of passages Expounding the True Teaching, Living, Faith, and Realizing of the Pure Land*, trans. Daisetsu Teitarō Suzuki, 1973. Kyoto: Shinshū Ōtaniha. Volume 2 includes major essays by Suzuki on Shin Buddhism.
- ——, 1982. *Tannishō: A Primer*, trans. Dennis Hirota, Kyoto: Ryukoku University. Phrase-by-phrase translation with romanization and original text.
- ——, 1997 [CWS]. *The Collected Works of Shinran*, Dennis Hirota et al., trans., Kyoto: Jōdo Shinshū Hongwanji-ha, 2 vols. Volume 1: Shinran's doctrinal writings. Volume 2: introductions, glossaries, and reading aids.
- Bloom, Alfred (ed.), *Living in Amida's Universal Vow: Essays in Shin Buddhism*, 2004. Bloomington: World Wisdom.
- Blum, Mark L. and Robert F. Rhodes (eds.), *Cultivating Spirituality: A Modern Shin Buddhist Anthology*, 2011. Albany: State University of New York Press.
- Hirota, Dennis (ed.), *Toward a Contemporary Understanding of Pure Land Buddhism*, 2000, Albany, N. Y.: State University of New York Press.
- Machida, Soho, 1999. *Renegade Monk: Hōnen and Japanese Pure Land Buddhism*, trans. and ed., Ioannis Mentzas, Berkeley: University of California Press.
- Payne, Richard K. and Kenneth K. Tanaka (eds.), 2004. *Approaching the Land of Bliss: Religious Praxis in the Cult of Amitābha*, Honolulu: University of Hawai'i Press.
- Suzuki, D. T., *Shin Buddhism*. 1970, New York: Harper and Row.
- Tanaka, Kenneth K. and Eisho Nasu (eds.), 1998. *Engaged Pure Land Buddhism: The Challenges of Jōdo-Shinshū in*

the Contemporary World, Berkeley, CA: WisdomOcean Publications.

- Tanaka, K. K. (1990) *The Dawn of Chinese Pure Land Buddhism: Ching-ying Hui-yüan's Commentary on the* Visualization Sutra, Albany, NY: State University of New York Press.
- Takeuchi, Yoshinori, *The Heart of Buddhism: In Search of the Timeless Spirit of Primitive Buddhism*, 1983.New York: Crossroad.
- Tanabe, Hajime, Philosophy as Metanoetics, 1986.Berkeley: University of California Press.
- Ueda, Yoshifumi and Dennis Hirota, *Shinran: An Introduction to His Thought*, 1989. Kyoto: Hongwanji International Center.
- van der Veere, Henny, *A Study into the Thought of Kōgyō Daishi Kakuban: With a Translation of His Gorin kuji myō himitsushaku*. 2000.Leiden: Hotei Publishing.

Zen Buddhism

- Abe, Masao,. *Zen and the Western Thought*, 1989, Honolulu: the University of Hawaii Press.
- Abe, Masao, and Normal Waddell (tr).*The Heart of Dōgen's Shōbōgenzō*, 2002. Albany: SUNY Press.
- Austin, James H.,*Zen and the Brain*, 1998, Cambridge, MA: MIT Press.
- Broughton, Jeffrey L., *The Bodhidharma Anthology: The Earliest Records of Zen*, 1999, Berkeley: University of California Press.
- ——, 2009, *Zongmi on Chan*, New York: Columbia University Press.
- Clearly, Thomas, et al., *The Blue Cliff Record*, 1977. Boulder: Shambala Press.
- Conze, Edward, 1972. *Buddhist Wisdom Books: The Diamond Sutra/The Heart Sutra, London*: George Allen & Unwin.
- Dumoulin, Heinrich, *Zen Buddhism: A History—India and China*, 1988.New York: Macmillan Publishing Company.

- ——, 1990. Zen Buddhism: *A History—Japan*, New York: Macmillan Publishing Company.
- Dumoulin, Heinrich, *Zen Enlightenment: Origins and Meaning*, (1979) Shambhala Publications.
- Faure, Bernard, *The Rhetoric of Immediacy: A Cultural Critique of Chan/Zen Buddhism*, 1991,Princeton: Princeton University Press.
- ——, 1993, *Ch'an Insights and Oversights: An Epistemological Critique of the Ch'an Tradition*, Princeton: Princeton University Press.
- Kasulis, T. P., *Zen Action/Zen Person*, 1981. Honolulu: the University of Hawai'i Press.
- Kim, Hee-Jin, *Dōgen Kigen: Mystical Realist,* 1987.Tuscon: University of Arizona.
- Heine, Steve (ed.), *Zen Kōans*, 2014.Honolulu: University of Hawai'i.
- Heine, Steven and Dale S. Wright, 2000, *The Kōan: Texts and Contexts in Zen Buddhism*, New York: Oxford University Press.
- Heisig, James W.,. *Philosophers of Nothingness*, 2001, Honolulu: University of Hawai'i.
- Herrigel, Eugen,. *Zen in the Art of Archery*, 1971, New York: Vintage Books.
- Hershock, Peter D., 1996, *Liberating Intimacy: Enlightenment and Social Virtuosity in Ch'an Buddhism*, Albany: State University of New York Press.
- ——, 2004, *Chan Buddhism Honolulu*: University of Hawaii Press
- Jia, Jinhua, 2006, *The Hongzhou School of Chan Buddhism: In Eighth- through Tenth-Century China*, Albany: State University of New York Press.
- McRae, John R., *Seeing through Zen: Encounter, Genealogy, and Transformation in Chinese Chan Buddhism*, 2003, New York: Cambridge University Press.
- Matsunaga, Reiho, *A Primer of Sōtō Zen: A translation of*

Dōgen's Shōbōgenzō Zuimonki, 1975. Honolulu: University of Hawaiõi.

- Nishitani, Keiji, *Religion and Nothingness*, 1982. Berkeley: University of California Press.
- Sakai, Naoki, *Translation and Subjectivity: On Japan and Cultural Nationalism*, 1997, Minneapolis: University of Minnesota Press.
- Sasaki, Ruth Fuller, *The Recorded Sayings of Ch'an Master Lin-chi Hui-chao of Chen Prefecture*, 1975.Kyōto: Institute for Zen Studies.
- Sasaki, Ruth Fuller and Thomas Yuho Kirchner (trans. and eds), *The Record of Linji,* 2011, Honolulu: University of Hawaii Press.
- Stone, Jacqueline I, 1999, *Original Enlightenment and the Transformation of Medieval Japanese Buddhism*, Honolulu: University of Hawaiōi Press.
- Suzuki, D.T.,*Zen and Japanese Culture*, 2010, Princeton: Princeton University Press.
- Suzuki, D.T., *Essays in Zen Buddhism* (1st series), 1961. New York:Grove Press.
- Suzuki, D.T., *Essays in Zen Buddhism* (2nd series), 1976. New York: Samuel Weiser Inc.
- ——, 1976. *Essays in Zen Buddhism* (3rd series), New York: Samuel Weiser Inc.
- ——, 1960. *Manual of Zen Buddhism*, New York: Grove Press.
- —— (tr.), 1932. *The Lankāvatā ra Sūtra*, Boulder: Prajñā Press.
- Thurman, Robert (tr.), *The Holy Teaching of Vimalakīrti*, 1976. University Park: The Pennsylvania State University Press.
- Yamada, Kōūn, *Gateless Gate,* 1979. Los Angeles: Center Publications.
- Yampolsky, Philip (tr.), *The Platform Sutra of the Sixth Patriarch*, 1976.New York: Columbia University Press.
- Wilson, W.S. (tr.), *Sōhō Takuan, The Unfettered Mind: Writings*

ဆေးပြင်းတရား၏ လျှို့ဝှက်နက်နဲမှုကို နားလည်ခံစားမိသူတိုင်း
ဘဝကို ဆေးနက်ဆွဲ ရှင်သန်လိုသူတိုင်း မဖတ်မဖြစ် ဖတ်သင့်သည့် စာအုပ်

တိဗက် ဘဝနှင့် မရဏ
စမ္မအလင်းပြကျမ်း

လင်းထက်ဇော



The Tibetan Book of Living and Dying

by Sogyal Rinpoche

edited by Andrew Harvey and Patrick Gaffney

ဖြန့်ချိရေး ➤ သိမ့်ထိုက်စာပေ ဖုန်း - ၀၉၅၀၅၉၂၁၄



ISBN 978-99971-63-04-2
9789997163042

မဟာယာနဗုဒ္ဓဘာသာသည် ကမ္ဘာ့လူဦးရေ၏ ခြောက်ပုံတစ်ပုံ (သန်း ၁၂၀၀ ခန့်) ကိုးကွယ်ယုံကြည်နေကြသော ကမ္ဘာ့ဘာသာတရားကြီးတစ်ခု ဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က အိန္ဒိယနိုင်ငံအလယ်ပိုင်း ဂင်္ဂါမြစ်ဝှမ်းဒေသတွင် စတင်ခဲ့သော မဟာယာနဗုဒ္ဓဘာသာသည် အာရှတိုက်၏ငါးပုံလေးပုံခန့်ကျယ်သော ဧရိယာကြီးတစ်ခုလုံးကို ပြန့်ပွားရောက်ရှိခဲ့၏။ အနောက်ဘက်တွင် ဗော်လဂါမြစ်ကြီးစီးဝင်ရာ ကက်စပီယန် ပင်လယ်အနီးမှ ဘူရိယတ်နိုင်ငံတော်အထိ အရှေ့ဘက်တွင် တရုတ်၊ကိုးရီးယားမှသည် ဂျပန်ကျွန်းစုများအထိ မဟာယာနဗုဒ္ဓဘာသာ၏ ဓမ္မရောင်ခြည်သည် ထိန်ထိန်လင်းခဲ့၏။ မြောက်သို့လားသော် တိဗက်ယဉ်ကျေးမှုနယ်မြေတစ်ခုလုံးဖြစ်သည့် ဟိမဝန္တာတောင်၏ မြောက်ပိုင်းနှင့် ခွန်လွန်တောင်တန်းတို့အကြား ကျယ်ပြန့်သောကုန်းမြင့်လွင်ပြင်ကြီးတစ်ခုလုံးတွင် မဟာယာနဗုဒ္ဓဘာသာ၏ အောင်လံတံခွန် လွှင့်ထူလျက်ရှိခဲ့၏။ တောင်ဘက်တွင်မူ ဆုမတြားဂျာဗား၏ သိရီဝိဇယနိုင်ငံတော်အထိအောင် မဟာယာန ဗုဒ္ဓဘာသာသည် ရောက်ရှိခဲ့ပါသည်။

ဤသို့သမိုင်းအစဉ်အလာနှင့် ဓမ္မအစဉ်အလာ ခန့်ထည်ကြီးမားသော မဟာယာနဗုဒ္ဓဘာသာနှင့် ပတ်သက်၍ မှန်ကန်လေးနက်သော အသိပညာ ဗဟုသုတများ ရရှိရန်အတွက် ဤ **မဟာယာနဗုဒ္ဓဘာသာ** ကျမ်းသည် သုတေသီတို့ မဖတ်မဖြစ် လေ့လာဖတ်ရှုရမည့် ကျမ်းတစ်စောင်ဖြစ်၏။ ဤကျမ်းကို ရှေးဦးဗုဒ္ဓဘာသာဂိုဏ်းကွဲများ စတင်ဖြစ်ထွန်း ပေါ် ပေါက်သောကာလမှ အစတည်၍ ဖော်ပြထားပါသည်။ ထို့နောက် ဘီစီ ၂ ရာစု ဝန်းကျင်မှစတင်၍ မဟာယာနသုတ္တန်များ ပေါ်ထွန်းလာပုံ မဟာယာန ဗုဒ္ဓဘာသာ လှုပ်ရှားမှုကြီး ထင်ထင်ရှားရှားဖြစ်တည်လာပုံကို ဖော်ပြထားပါသည်။

ထို့အပြင် မဟာယာနဗုဒ္ဓဘာသာ၏ အခြေခံဒဿန အမြင်များ ဖြစ်သည့် မဇ္ဈိမိကဒဿန ယောဂါစာရဒဿန ဟွာယင်းဒဿနနှင့် တထာဂတဂဗ္ဘ အယူအဆ ဗုဒ္ဓသဘာဝနှင့် ဗုဒ္ဓ၏ ကာယသုံးပါး အယူအဆများကိုလည်း ဤကျမ်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာရမည် ဖြစ်ပါသည်။ မဟာယာနဗုဒ္ဓဘာသာ၏ ဓမ္မကျင့်စဉ်များဖြစ်သော သုဒ္ဓဘူမိ ဗုဒ္ဓဘာသာ (Pure Land Buddhism) ဇာန်ဗုဒ္ဓဘာသာ (Zen Buddhism) ဝဇိရယာန-တန္တြရ ဗုဒ္ဓဘာသာ (Vajrayana Tantric Buddhism) တို့နှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအချက်များကို စုစည်းတင်ပြထားပါသည်။ မဟာယာန ဗုဒ္ဓဘာသာ၏ ခုနှစ်အလိုက်ဖြစ်ပွားခဲ့သော ဖြစ်ရပ်များကိုလည်း ထည့်သွင်းဖော်ပြထားသည်ဖြစ်ရာ မဟာယာန ဗုဒ္ဓဘာသာကို အလေးထား၍ လေ့လာဆည်းပူးလိုသူ သုတေသီနှင့် ဓမ္မဝိဟာရီသူတော်စင်တို့အတွက် အစဉ်အားကိုးထိုက်သော ရည်ညွှန်းကျမ်းတစ်စောင်အနေဖြင့် တည်ရှိနေမည်မှာ ကောန် အမှန်ပင်ဖြစ်ပါ၏။